# ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ

အင်ဒရူးဘာတဲလ်စ်စမစ်(Andrew Bartles-Smith)၊ ကိတ်ခရော့စ်ဘီ(Kate Crosby)၊

ပီတာဟာဗေး(Peter Harvey)၊ အသင်္ဃတီလာကာရတ်နေ(Asanga Tilakaratne)၊

ဒန်နီယယ်ရတ်သိုင်ဇယ်(Daniel Ratheiser)၊ နိုဝဲလ်မော်ရေးထရူး(Noel Maurer Trew)၊

စတေဖင်နီယာထရာဗက်ဂ်နင်(Stefania Travagnin)၊ အယ်လစ်ဇဘက်ဂျေဟယ်ရစ်(Elizabeth J. Harris)၊

မဟိန္ဒဒီးဂါလီ(Mahinda Deegalle)နှင့် ခရစ္စတီးနာအေခီလ်ဘီ(Christina A. Kilby)တို့ တည်းဖြတ်သည်။

ဤစာအုပ်သည် ရဟန်းတော်များ၊ စစ်တပ်များတွင် ဘာသာရေးဆိုင်ရာတာဝန်ထမ်းဆောင်ကြသော ဘုန်းတော်ကြီး များ၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို ကျွမ်းကျင်သူများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ အမျိုးမျိုးမှ ဗုဒ္ဓဘာသာကိုယ်ကျင့်သီလနှင့်ပတ်သက်၍ ကျွမ်းကျင်ကြသော အဆင့်မြင့်ပညာရှင်များအကြား ထူးခြား စွာ ပူးတွဲဆောင်ရွက်မှု ဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်သည် စစ်ပွဲဖြစ်ပွားသောကာလအတွင်း ဗုဒ္ဓဘာသာဝင် တို့၏ ကိုယ်ကျင့်သီလနှင့်ပတ်သက်သော လက်ရှိ အတွေးအခေါ်အယူအဆများကို မှတ်တမ်းတင်ဖော်ပြထားသော တန်ဖိုးရှိသည့် ကျမ်းစာတစ်စောင် ဖြစ်ပါသည်။ ဤစီမံကိန်းက ဤအရေးပါသော ခေါင်းစဉ်နှင့်ပတ်သက်ပြီး ယဉ်ကျေးမှုများအကြားနှင့် မတူညီသောရှုထောင့်တို့အကြား တစ်ခုနှင့်တစ်ခု ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ်မှုကို ဖော်ထုတ်ပေးထားပြီး ယင်းသည် ဤနယ်ပယ်တွင် လုပ်ကိုင်နေသူ မည်သူမဆိုအတွက် အခြေခံကျသော ဖွင့်ဆို ရှင်းလင်းချက် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းကျမ်းစာများတွင်ပါဝင်သကဲ့သို့ ဤကျယ်ကျယ်ပြန့်ပြန့် လေ့လာထားချက်များက ကျင့်ဝတ်နှင့်ညီသော စစ်ပွဲဆင်နွှဲခြင်းသည် စစ်ပွဲကိုကိုင်တွယ်ရာတွင်အရေးကြီးသကဲ့သို့ စစ်ပွဲကိုကာကွယ်တားဆီးရာတွင်လည်းအရေးကြီးသည်ဆိုသည့်အချက်ကို လက်ခံအသိအမှတ်ပြုထားပါသည်။

Stephen Jenkins, Professor Emeritus, Humboldt State University

(စတေဖင်န်ဂျဲန်ကင်စ်၊ ဂုဏ်ထူး ဆောင် ပါမောက္ခ၊ ဟမ်းဘို့လ်တ်ပြည်နယ်တက္ကသိုလ်)

ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ နှစ်ခုစလုံးတွင် လူသားတို့ခံစားရမည့် ဆင်းရဲဒုက္ခများ လျော့နည်းစေရန် ဟူသော ရည်ရွယ်ချက် တူညီကြသော်လည်း ICRC က ကူညီပေးသော ဤစာအုပ်သည် ထိုနှစ်ခုအား အတူတကွပေါင်းစပ်ရန် ပထမဆုံးကြိုးစားအားထုတ်မှုကို ကိုယ်စားပြုပါသည်။ ယခုအခါ နိုင်ငံတကာတွင် ထင်ရှားကျော်ကြားသော ဗုဒ္ဓဘာသာပညာရှင်များနှင့် IHL ပညာရှင်များသည် နယ်ပယ် နှစ်ရပ်ဖြစ်သော ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအကြား ပွင့်လင်းပြီး ဥာဏ်အလင်းရစေမည့် ဆွေးနွေးမှုများကို စတင်လုပ်ဆောင်ခဲ့ကြပြီး ဤကျမ်းစာက ယခုအထိ ၎င်းတို့၏ တွေ့ရှိထားသော အချက်များကို ဖော်ပြထားပါသည်။

Oxford Sayadaw Venerable Professor Khammai Dhammasami, Rector of Shan State Buddhist University and Executive Secretary of the International Association of Buddhist Universities

(အောက်စ် ဖို့ဒ်ဆရာတော် ပါမောက္ခ အရှင်ခမ်းမိုင်းဓမ္မသာမိ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအသင်း၏အမှုဆောင်အတွင်းရေးမှူး)

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေက စစ်ပွဲကာလအတွင်း ယေဘုယျ လူသားချင်းစာနာထောက်ထားမှုအယူအဆများနှင့် ရှောင်ကြဉ်ချုပ်တည်းထိန်းသိမ်းရန် လိုအပ်ချက်များကို အလေးအနက် ဖော်ပြပါသည်။ ဤအယူအဆများကို ကမ္ဘာတဝှမ်းလုံးရှိ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆုံးအမတရားများတွင် တွေ့ရှိရပါသည်။ "ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ" သည် ဘာသာရေးဆိုင်ရာ ကိုယ်ကျင့်သီလစည်းမျဉ်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစံနှုန်းများနှင့် IHL ၏ စည်းမျဉ်းစည်းကမ်းများအကြား ပို၍အားကောင်းသော ချိတ်ဆက်မှုကိုရှာဖွေရန် ရည်ရွယ်ကြိုးပမ်းနေကြသော ပညာရှင်များ၏ လေ့လာမှုများအတွက် ထူးခြားပြီး လိုအပ်နေသော အချိန်ကိုက် ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် IHL တို့အကြား ပေါင်းကူးဆက်သွယ်မှုကို စေ့ငုစစ်ဆေးခြင်း၊ ဗုဒ္ဓဘာသာသမိုင်းတွင်ရှိခဲ့သော စစ်ပွဲများကို အလေးအနက်စဉ်းစားဆင်ခြင်ခြင်းနှင့် IHL ကို ရှင်းပြရန်နှင့် သင်ကြားပေးရန် မတူညီသောနည်းလမ်းများကို ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ရာတွင် ဤအရေးပါသောစာအုပ်သည် လက်နက်ကိုင်ပဋိပက္ခကာလများ အတွင်း ဆင်းရဲဒုက္ခခံစားရခြင်းများကို လျှော့ချပေးရန် ရည်မှန်းချက်အတွက် တွန်းအားပိုမိုဖြစ်စေပါသည်။

Helen Durham AO, Board Member of Geneva Call, Senior Fellow of the Liever Institute, Capita Selecta Scholar, and Former Director of International Law and Policy at the International Committee of the Red Cross

(ဟယ်လင်ဒူရန်း အေအို၊ ဂျီနီဗာကောလ်ဘုတ်အဖွဲ့ဝင်၊ လီးဗဲရ်တက္ကသိုလ် အကြီးတန်း အုပ်ချုပ် ရေးအဖွဲ့ဝင်၊ ကက်ပီတာ စီလက်တာ ပညာရှင်နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မီတီ၏ ဥပဒေနှင့်မူဝါဒ ညွှန်ကြားရေးမှူးဟောင်း)

ငြိမ်းချမ်းရေးကိုဦးတည်သော ဘာသာရေးယုံကြည်မှုဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာတွင် စစ်ပွဲတိုက်ခိုက်ခြင်းနှင့် ပတ်သက်ပြီး ဟောပြောချက်အဆိုအမိန့် ရှိမရှိ ဟူသောကိစ္စသည် ပဟေဠိတစ်ခု ဖြစ်နေပါသည်။ ဤစာတမ်းတွင် ပါဝင်သော ဆောင်းပါးများပါ အချက်အလက်များစွာတို့က ဗုဒ္ဓဘာသာတွင် စစ်ပွဲတိုက်ခိုက်ခြင်းနှင့်ပတ်သက်ပြီး ဟောပြောချက်ရှိသည်ဟု ပြဆိုပါသည်။ ဗုဒ္ဓဘာသာအရင်းအမြစ်များမှစတင်ပေါ်ထွက်လာသော ကရုဏာတရား၊ ကြင်နာသနားမှုနှင့် သည်းခံခြင်း အယူအဆ အားလုံးတို့သည် စစ်မက်တိုက်ခိုက်ရာတွင် တိုက်ရိုက် ပါဝင်ခြင်းမရှိသူများကို အကာအကွယ်ပေးရန် ကူညီပေးနေသည့် ခွဲခြားခြင်း၊ စစ်ရေးဆိုင်ရာလိုအပ်ချက်၊ အချိုးအစားညီမျှခြင်းနှင့် ကြိုတင်သတိထားခြင်း တို့ကဲ့သို့သော IHL ၏ အဓိကစည်းမျဉ်းများကို ခိုင်မာအောင် အထောက်အကူပြုပါသည်။ ရှေ့ဆောင်ပထမဖြစ်သော ဤစာအုပ်သည် ဗုဒ္ဓဘာသာ၏ မဇ္ဈိမပဋိပဒါကျင့်စဉ်နှင့် သတိတရားပွားများမှုနည်းလမ်းတို့က စစ်ပွဲကို လူသားဆန်စေရန်နှင့် စစ်ပွဲ၏အဆိုးဆုံး အလွန်အကျွံဖြစ်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် လိုအပ်သော မိမိကိုယ်ကိုထိန်းချုပ်မှုနှင့် အစွန်းမရောက်သောခံစားမှုတို့ကို မည်သို့ ပြုစုပျိုးထောင်ပေးနိုင်သည်ကို ဖော်ပြထားပါသည်။

Vitit Muntarbhorn, Professor Emeritus at Chulalongkorn University, former UN Independent Expert and Member of UN Commissions of Inquiry on Human Rights, current UN Special Rapporteur, UN Human Rights Council, Geneva

(ဗီတစ် မွန်တာဘောန်၊ ချူလာလောင်ကွန်းတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ၊ ကုလသမဂ္ဂလွတ်လပ်သောကျွမ်းကျင်သူနှင့် လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂစုံစမ်းရေး ကော်မရှင်အဖွဲ့ဝင်ဟောင်း၊ လက်ရှိ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၊ ဂျီနီဗာ)

# ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ

# လူသားချင်းစာနာထောက်ထားမှုဥပဒေ

လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများနှင့် သတ်ဖြတ်ရမည့် သို့မဟုတ် သတ်ဖြတ်ခံရမည့် သို့မဟုတ် ၎င်းတို့၏ မိသားစုများ၊ ပြည်သူလူထု သို့မဟုတ် နိုင်ငံများကို တိုက်ခိုက်မှုမှ ကာကွယ်ပေးရသည့် စစ်ပွဲတိုက်ခိုက်နေသူများကို ဗုဒ္ဓဘာသာက မည်သို့သော လမ်းညွှန်မှု ပေးနိုင်သနည်း။ ထို့အပြင် ဗုဒ္ဓဘာသာကို တိုက်ပွဲဝင်စစ်သည် မဟုတ်သူများအား အကာအကွယ်ပေးပြီး စစ်ပွဲကြောင့်ဖြစ်ပေါ်စေသော ဆင်းရဲဒုက္ခများကို ကန့်သတ်နိုင်ရန် စစ်ပွဲတွင် အသုံးပြုသောလက်နက်များနှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများကို ကန့်သတ်သည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေဟု တနည်းအားဖြင့်သိကြသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ IHL နှင့် မည်သို့ နှိုင်းယှဉ်နိုင်ပါသနည်း။

ဗုဒ္ဓဘာသာဝင်တို့နေထိုင်ရာကမ္ဘာလောက၏ အစိတ်အပိုင်းအချို့တွင် လက်နက်ကိုင်ပဋိပက္ခများ ရှိနေသော်လည်း ဤမေးခွန်းနှင့်ပတ်သက်ပြီး ကိုင်တွယ်သည့် ခေတ်ပြိုင် လေ့လာချက် အနည်းငယ်မျှသာ ရှိပါသည်။ ဗုဒ္ဓဘာသာတွင် ပဋိပက္ခကာကွယ်တားဆီးခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း နည်းလမ်းတို့ များစွာ ကြွယ်ဝသော်လည်း အမှန်တကယ် စစ်ပွဲတိုက်ခိုက်ဆင်နွှဲခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၏ ဟောပြောချက်အဆိုအမိန့်တို့ကို ဂရုပြုခြင်း အလွန်ပင် နည်းလှပါသည်။ ထို့အတူ ဗုဒ္ဓဘာသာဝင်တို့အကြားတွင် IHL ကို သိရှိသူ အလွန်နည်းပါးလှသောကြောင့် ဗုဒ္ဓဘာသာဝင်များအဖြစ် ကိုယ်တိုင်သတ်မှတ်ထားပြီး ဗုဒ္ဓဘာသာ စည်းမျဉ်းစည်းကမ်းတို့၏ လမ်းညွှန်မှုကိုသာ ပိုမိုလိုက်နာလိုမှုရှိကောင်းရှိနိုင်ကြသော စစ်ပွဲတိုက်ခိုက်သူတို့၏ အမူအကျင့်များအပေါ် IHL သည် လွှမ်းမိုးမှု မရှိနိုင်ဘဲ ဖြစ်နေပါသည်။ ဤစတင်ပြုစုလိုက်သောစာတမ်းသည် ဗုဒ္ဓဘာသာနှင့် IHL စည်းမျဉ်းစည်းကမ်းတို့အကြား ဆက်နွှယ်မှုများကိုရှာဖွေခြင်းနှင့် IHL ကို လေးစားလိုက်နာမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဗုဒ္ဓဘာသာနှင့် တူညီသော စံနှုန်းများ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများကို ဗုဒ္ဓဘာသာရင်းမြစ်များအား ရှာဖွေဖော်ထုတ်သတ်မှတ်ခြင်းအားဖြင့် ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန် ကြိုးပမ်းသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ စီမံကိန်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ဗုဒ္ဓဘာသာ၊ ကိုယ်ကျင့်တရားအပြင် စစ်ပွဲနှင့် ပဋိပက္ခတို့ကို လေ့လာမှုများ ပြုလုပ်နေကြသော ကျောင်းသားများနှင့် သုတေသီများအတွက် များစွာ အကျိုးရှိပါမည်။ ဤစာအုပ်တွင် ပါဝင်သော အခန်းများကို မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ အထူးထုတ်အဖြစ် မူလက ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

အင်ဒရူးဘာတဲလ်စမစ်(Andrew Bartles–Smith)သည် အာရှတိုက်ရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ဘာသာရေးအသိုင်းအဝိုင်းတို့နှင့် နှစ်ပေါင်းများစွာ ထိတွေ့ဆက်ဆံသည့် အတွေ့အကြုံ ရှိပါသည်။ ၎င်းသည် IHL နှင့် ဘာသာရေးသင်ကြားမှုများနှင့်ပတ်သက်သော သုတေသနနှင့် ဆွေးနွေးမှုများကို အများပိုမိုသိရှိအောင် မြှင့်တင် ရန် ICRC ၏ ကြိုးပမ်းမှုများအား ရှေ့ဆောင်ခဲ့ပြီး ဗုဒ္ဓဘာသာနှင့် IHL နှင့်ပတ်သက်သော ဤစီမံကိန်းကို ဦးဆောင်ပါ သည်။ ၎င်းသည် လန်ဒန် ကင်းကောလိပ် (King's College London) မှ စစ်ပွဲများနှင့်သက်ဆိုင်သောလေ့လာမှုဖြင့် အမ်အေ (M.A) ဘွဲ့ကို ရရှိထားပါသည်။

ကိတ်ခရော့စ်ဘီ(Kate Crosby)သည် ယူကေနိုင်ငံ အောက်စဖို့တက္ကသိုလ် (UK Oxford University) ၏ ဗုဒ္ဓဘာသာ လေ့လာမှု နုမာတ ပါမောက္ခ (Numata Professor of Buddhist Studies) ဖြစ်ပါသည်။ ၎င်း၏စာအုပ်များတွင် အင်ဒရူးစခီလ်တန် - Andrew Skilton (1995) နှင့်အတူ ရေးသားသော Santideva's Bodhacryavatara (1995) ၊ Mahabharata's The Dead of Nights & The Women (2009) ၊ Therawada Buddhism: Continuity, Identity, Diversity (2014) နှင့် Esoteric Theravada: The Story of the Forgotten Meditation Tradition of Southeast Asia (2020) တို့ ပါဝင်ပါသည်။

ပီတာဟာဗေး(Peter Harvey)သည် ယူကေနိုင်ငံ ဆန်းဒါးလန်းတက္ကသိုလ် (University of Sunderland, UK) ၏ ဗုဒ္ဓဘာသာ လေ့လာရေး ဂုဏ်ထူးဆောင် ပါမောက္ခ (Emeritus Professor) ဖြစ်ပါသည်။ ၎င်း ရေးသားပြုစုခဲ့သော ကျမ်းစာ များမှာ The Selfless Mind: Personality, Consciousness and Nirvana in Early Buddhism (1995), An Introduction to Buddhism: Teachings, History and Practices (1990, 2013) နှင့် An Introduction to Buddhist Ethics: Foundations, Values and Issues (2000) တို့ ဖြစ်ပါသည်။

အသင်္ဃတီလာခရတ်နေ(Asanga Tilakaratne)သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုတက္ကသိုလ် (University of Colombo, Sri Lanka) မှ ပါဠိနှင့် ဗုဒ္ဓဘာသာလေ့လာရေး ဂုဏ်ထူးဆောင် ပါမောက္ခ (Emeritus Professor) ဖြစ်ပြီး Damrivi Foundation ၏ တည်ထောင်သူ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ၎င်းသည် ဗုဒ္ဓဘာသာဒဿန၊ လက်တွေ့ကျင့်သုံးရသော ကိုယ်ကျင့်သီလနှင့် ဗုဒ္ဓဘာသာအတွေးအခေါ်ပညာရပ်နှင့် အခြားဘာသာရပ်များနှင့်ပတ်သက်သည့် ကျမ်းစာများကို ရေးသားထုတ်ဝေခဲ့ပါသည်။ ၎င်းသည် သီရိလင်္ကာအစိုးရက ထုတ်ဝေသော ဗုဒ္ဓဘာသာစွယ်စုံကျမ်း ၏ အယ်ဒီတာချုပ် ဖြစ်ပါသည်။

ဒန်နီယဲလ်ရသိုင်းဇဲရ်(Daniel Ratheiser)သည် ICRC ၏ ဒေသဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဖြစ်ပါသည်။ ၎င်းသည် ဂျော့ချ်ဝါရှင်တန် တက္ကသိုလ် (George Washington University)၊ ဟိုက်ဒယ်လ်ဘာ့ဂ်နှင့် မားစထရစ်ချ် တက္ကသိုလ်တို့ (Universities of Heidelberge and Maastricht) တွင် စီးပွားရေးနှင့် ဘာသာရေးသိပ္ပံ တို့ကိုလေ့လာခဲ့ပြီး အိန္ဒိယနှင့် တရုတ်ပြည်တို့တွင် တိုင်ပင်ဆွေးနွေးခြင်းအခန်းကဏ္ဍ၌ထမ်းဆောင်ခဲ့ပြီး မက်ခ်စ် မြူးလာ ဘာဝမ် (Max Mueller Bhawan) တွင် သင်ကြားပို့ချပေးခဲ့ပါသည်။ ၎င်း၏ သုတေသနစာတမ်းသည် တရုတ်နှင့်အိန္ဒိယအကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်စပ်မှုကို အဓိကထားပါသည်။

နိုဝဲလ်မော်ရေးထရူး(Noel Maurer Trew)သည် ဗြိတိသျှကြက်ခြေနီ၏ အပြည်ပြည်ဆိုင်ရာဥပဒေအကြံပေး၊ အမေရိကန်လေတပ်၏ သုတေသန စိတ်ပညာရှင်ဟောင်းဖြစ်ပြီး အမေရိကန်လေတပ်အကယ်ဒမီ (USAF Academy) တွင် ဗုဒ္ဓဘာသာ ဝတ်ပြုဆောင်၏ စေတနာ့ဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ယူကေနိုင်ငံ အိတ်ခ်ဆက်တာတက္ကသိုလ် (University of Exeter, UK) မှ မဟာဗျူဟာနှင့် လုံခြုံရေးလေ့လာမှုတွင် ပါရဂူဘွဲ့ (Ph. D) ရရှိထားသူ ဖြစ်ပါသည်။

စတေဖင်နီယာထရာဗက်ဂ်နင်(Stefania Travagnin)သည် ယူကေနိုင်ငံ၊ လန်ဒန်တက္ကသိုလ် အက်စ်အိုအေအက်စ် (SOAS University of London, UK) တွင် တရုတ်ဗုဒ္ဓဘာသာ လက်ထောက်ပါမောက္ခ ဖြစ်ပါသည်။ ၎င်း ထုတ်ဝေပြီးသော စာအုပ်များတွင် တရုတ်နိုင်ငံရှိ ဘာသာရေးနှင့် သတင်းမီဒီယာများ (Religion and Media in China) (2016) နှင့် တရုတ်ဘာသာရေးများကို လေ့လာရာတွင် အသုံးပြုသော အယူအဆများနှင့် နည်းလမ်းများ (Concepts and Methods for the Study of Chinese Religions) (2019-2020) ဟူသည့် အခြားသူများနှင့်အတူ တည်းဖြတ်ထုတ်ဝေသော ကျမ်းစာသုံးခုတို့ ပါဝင်ပါသည်။ ၎င်းသည် မျက်မှောက်ခေတ် စီချွမ်ရှိ ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုများကို ပုံစံဖော်ထုတ်ခြင်း (Mapping Religious Diversity in Modern Sichuan) (CCKF Funding; 2017-2023) သုတေသနအစီအစဉ်၏ တွဲဘက်ညွှန်ကြားရေးမှူး (Co-Director) ဖြစ်ပါသည်။

အယ်လစ်ဇဘက်ဂျေဟဲရစ်(Elizabeth J. Harris)သည် ယူကေနိုင်ငံ၊ ဘာမင်ဂန်တက္ကသိုလ် (University of Birmingham, UK) ရှိ ဘာသာရေးကို အများပြည်သူ သိရှိနားလည်ရေးဆောင်ရွက်သည့် ကက်ဒ်ဘူရီ စင်တာ (Cadbury Centre for the Public Understanding of Religion) တွင် ဂုဏ်ထူးဆောင် ဝါရင့် သုတေသနအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်း စာပေရေးသားရာ ယူကေ ဗုဒ္ဓဘာသာလေ့လာရေးအသင်း (UK Association for Buddhist Studies) ၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ ၎င်း၏ နောက်ဆုံးရေးသားခဲ့သော စာတမ်းမှာ *သီရိလင်္ကာရှိ ဘာသာရေး၊ နေရာလပ်နှင့် ပဋိပက္ခ - ကိုလိုနီနှင့် ကိုလိုနီ ခေတ်လွန် အခြေအနေများ* (*Religion, Space and Conflict in Sri Lanka: Colonial and Postcolonial Contexts*) (2018) ဖြစ်ပါသည်။

အရှင်မဟိန္ဒဒီးဂါလီ(Ven. Mahinda Deegalle)သည် ယူကေရှိ ဘာ့သ်စပါး(Bath Spa) တက္ကသိုလ်တွင် ဘာသာရေး၊ ဒဿနနှင့် သီလအကျင့်တရားဆိုင်ရာ ဂုဏ်ထူးဆောင်ပါမောက္ခ၊ ယူကေရှိ ကင်းဘရစ်ချ်တက္ကသိုလ် (University of Cambridge)တွင် ဧည့်ပညာရှင်၊ သီရိလင်္ကာနိုင်ငံ ကန္ဒီ(Kandy) ရှိ ဗုဒ္ဓဘာသာလေ့လာရေး သုတေသနစင်တာ(Research Centre for Buddhist Studies)၏ အမှုဆောင်ဒါရိုက်တာ ဖြစ်ပါသည်။ ၎င်းသည် *လူကြိုက်များ တွင်ကျယ်လာနေသော ဗုဒ္ဓဘာသာ (Popularizing Buddhism)* ကို ရေးသားသူဖြစ်ပြီး အခြား စာအုပ်စာတမ်း များစွာအား တည်းဖြတ်သူအယ်ဒီတာ ဖြစ်ပါသည်။

ခရစ္စတီးနာအေခီလ်ဘီ(Christina A. Kilby)သည် အမေရိကန်နိုင်ငံ၊ ဟယ်ရီဆန်ဘုခ်ရှိ ဂျိမ်းစ် မက်ဒီဆန်တက္ကသိုလ် (James Madison University, Harrisonburg, USA)တွင် ဘာသာရေး တွဲဘက်ပါမောက္ခ ဖြစ်ပါသည်။ ၎င်းသည် အမေရိကန်နိုင်ငံ၊ ကင်းဘရစ်ချ်ရှိ ဟားဗတ်တက္ကသိုလ် (Harvard University, Cambridge, USA) မှ ဘာသာရေးလေ့လာမှု (Theological Studies) နှင့် ပတ်သက်ပြီး အမ်အေ (M.A) ဘွဲ့ကို ရရှိထားကာ အမေရိကန်နိုင်ငံ၊ ချားလော့စ်ဗီးလ်ရှိ ဗာဂျီးနီးယားတက္ကသိုလ် University of Virginia, Charlottesville, USA) မှ ဘာသာရေး များ၏ သမိုင်းကြောင်း (History of Religions) နှင့်ပတ်သက်ပြီး ပါရဂူဘွဲ့ (Ph.D) ရရှိထားပါသည်။ ၎င်းသည် တိဘက်အသိုင်းအဝိုင်းများအကြား ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းဆောင်ရွက်မှုများကို ပြုလုပ်ထားခဲ့ပြီး ၎င်း၏ လက်ရှိ လုပ်ဆောင်နေသော သုတေသနမှာ ဗုဒ္ဓဘာသာနှင့် အစားထိုးဝင်ရောက်လာခြင်းများ ဖြစ်ပါသည်။

# ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ

အင်ဒရူးဘာတဲလ်စ်စမစ်(Andrew Bartles-Smith)၊ ကိတ်ခရော့စ်ဘီ(Kate Crosby)၊

ပီတာဟာဗေး(Peter Harvey)၊ အသင်္ဃတီလာကာရတ်နေ(Asanga Tilakaratne)၊

ဒန်နီယယ်ရတ်သိုင်ဇယ်(Daniel Ratheiser)၊ နိုဝဲလ်မော်ရေးထရူး(Noel Maurer Trew)၊

စတေဖင်နီယာထရာဗက်ဂ်နင်(Stefania Travagnin)၊ အယ်လစ်ဇဘက်ဂျေဟယ်ရစ်(Elizabeth J. Harris)၊

မဟိန္ဒဒီးဂါလီ(Mahinda Deegalle)နှင့် ခရစ္စတီးနာအေခီလ်ဘီ(Christina A. Kilby) တို့ တည်းဖြတ်သည်။

ပထမအကြိမ် ထုတ်ဝေခြင်း ၂၀၂၄

by Routledge

4 Park Square, Milton Park, Abingdon, Oxon, OX14 4RN

and by Routledge

605 Third Avenue, New York, NY 10158

Routledge is an imprint of the Taylor & Francis Group, an Informa business

Preface, Introduction, Chapters 1–4, 6–15 and 17–19 © 2024 Taylor & Francis

Chapter 5 © 2022 Elizabeth J. Harris. Originally published as Open Access.

Chapter 16 © 2022 Michael W. Charney. Originally published as Open Access.

The Open Access version of this book, available at www.taylorfrancis. com, has been made available under a Creative Commons Attribution Non Commercial-No Derivatives (CC-BY-NC-ND) 4.0 license.

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မီတီ(ICRC)က ရန်ပုံငွေကျခံပါသည်။

Trademark notice: Product or corporate names may be trademarks or registered trademarks, and are used only for identification and explanation without intent to infringe.

British Library Cataloguing-in-Publication Data

A catalogue record for this book is available from the British Library

ISBN13: 978-1-032-57549-0 (hbk)

ISBN13: 978-1-032-57550-6 (pbk)

ISBN13: 978-1-003-43982-0 (ebk)

DOI: 10.4324/9781003439820

Typeset in Myriad Pro by codeMantra

**ထုတ်ဝေသူ၏အမှာ**

ဤစာအုပ်ကို ဂျာနယ်ဆောင်းပါးများ အတိအကျဆိုရလျှင် ဂျာနယ်အသုံးအနှုန်း ထည့်သွင်းခြင်းမှ စာအုပ်အခန်းများ အဖြစ်သို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်အတွင်း ဖြစ်ပေါ်ခဲ့နိုင်သော မည်သည့်ကွဲလွဲမှုအတွက်မဆို ထုတ်ဝေသူက တာဝန်ယူပါသည်။

**ကြေညာချက်**

ဤစာအုပ်ပါ ဆောင်းပါးများကို ပြန်လည်ပုံနှိပ်ရန် မူပိုင်ခွင့်ရှိသူများထံသို့ ၎င်းတို့၏ခွင့်ပြုချက်အတွက် ဆက်သွယ်ရန် ကြိုးပမ်းအားထုတ်မှုတိုင်းကို လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ဤနေရာတွင် ပြန်ကြားခြင်းမရှိသော မည်သည့် မူပိုင်ခွင့်ရှိသူထံမှမဆို ကြားသိရပါက ထုတ်ဝေသူများအနေဖြင့် ကျေးဇူးတင်ရှိမည် ဖြစ်ပါကြောင်းနှင့် ဤစာအုပ်အား နောင် တည်းဖြတ်ထုတ်ဝေမှုများတွင် မည်သည့်အမှားအယွင်းများ သို့မဟုတ် ချန်လှပ်ထားခြင်းများကိုမဆို ပြင်ဆင်မည် ဖြစ်ပါကြောင်း ကတိပြုပါသည်။

## မာတိကာ

ရည်ညွှန်းကိုးကားစာရင်း

စာရေးသူများ၏ ကိုယ်ရေးအကျဉ်း

ကျမ်းဦးစကား

*Andrew Bartles-Smith*

နိဒါန်း - ဗုဒ္ဓဘာသာကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် မည်သို့ နှိုင်းယှဉ်မည်နည်း။ ဗုဒ္ဓဘာသာက စစ်ပွဲတွင် လူသားဆန်မှုကို ဖြစ်စေနိုင်ပါသလား။

*Andrew Bartles-Smith*

**အပိုင်း (၁)**

**အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာရှုထောင့်များကို လေ့လာခြင်း**

၁။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ကို ထောက်ခံအားပေးရန် ဗုဒ္ဓဘာသာ၏ စေ့ဆော်မှု၊ စစ်ရေးဆိုင်ရာလုပ်ဆောင်ချက်ကြောင့် ဆင်းရဲဒုက္ခခံစားရသူများနှင့် ဆင်းရဲဒုက္ခဖြစ်စေသူများ နှစ်ဘက်လုံး၏ ထိခိုက်နစ်နာမှုများကို စိုးရိမ်မှုမှသည် နည်းနိုင်သမျှနည်းပါးစေရေးသို့

*Peter Harvey*

၂။ လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၌ ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်ရန် ဗုဒ္ဓဘာသာဆိုင်ရာ နိုင်ငံရေးကျင့်ဝတ်များ၏ ပါဝင်ပတ်သက်မှုများ

*P.D. Premasiri*

၃။ ဗုဒ္ဓဘာသာကျင့်သုံးမှု၏ ရှုထောင့်နှစ်ရပ်နှင့် ၎င်းရှုထောင့်နှစ်ရပ်၏ တိုင်းပြည်အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်မှုများ

*Asanga Tilakaratne*

၄။ ဗုဒ္ဓဘာသာဝင်စစ်သည်တို့အတွက် ဝေခွဲရခက်စေသောကိစ္စများ

*Daniel Ratheiser and Sunil Kariyakarawana*

၅။ ဗုဒ္ဓဘာသာ၏ လက်တွေ့ပေါ်အခြေခံသော ယထာဘူတအမြင်နှင့် လက်နက်ကိုင်ပဋိပက္ခလုပ်ဆောင်မှု

*Elizabeth J.Harris*

၆။ အခြေခံအသိပညာ၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ၏ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော အခြေခံမှုများအတွက် ဗုဒ္ဓဘာသာ၏ ကြောင်းကျိုးပြချက်

*Diane Denis*

**အပိုင်း (၂)**

**စစ်တပ်နှင့် စစ်ပွဲဆင်နွှဲခြင်း**

၇။  ဗုဒ္ဓဘာသာဝင်စစ်သည်၊ မဓျမက(Madhyamaka) စုံစမ်းမေးမြန်းခြင်း

*Dharmacārin Siṃhanāda*

၈။ တိုက်ပွဲဝင်စစ်သည်များ၏ အသက်အန္တရာယ်ဖြစ်နိုင်ခြေအလားအလာကို ကန့်သတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် ဗုဒ္ဓဘာသာတို့ကြား သဟဇာတဖြစ်မှုများ

*Vishakha Wijenayake*

၉။ "မသိခြင်းသည် အများဆုံးဖြစ်တတ်သောသဘောဖြစ်သည်" ကိုးအန်း(Kōan)ကျင့်သုံးမှုနှင့် စစ်ပွဲ၏ မသဲကွဲမှု

*Noel Maurer Trew*

၁၀။ ဝိုင်းရံပိတ်ဆို့စစ်နှင့် ရည်ရွယ်ချက်ရှိရှိ အရပ်သားများအား အစာရေစာငတ်ပြတ်စေမှုကို တားမြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားတို့ ပေါင်းဆုံခြင်း

*Nishara Mendis*

**အပိုင်း (၃)**

**ထိခိုက်နစ်နာမှုများကိုအနည်းဆုံးဖြစ်စေခြင်းနှင့် လက်တွေ့တန်ဖိုးထားမှုများ**

၁၁။ "အမုန်းတရားမှလွတ်မြောက်ခြင်း"၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ၏ လုပ်ဆောင်မှုကို ပြည့်စုံအောင်အားဖြည့်ပေးရာတွင် သည်းခံခြင်း(ခန္တီ)၏ အခန်းကဏ္ဍ

*Alex Wakefield*

၁၂။ စစ်ပွဲတွင် ချုပ်တည်းထိန်းသိမ်းခြင်းနှင့် အပ္ပမာဒတရား၊ မြတ်ဗုဒ္ဓ၏နောက်ဆုံးစကားအရ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေတွင် ဆက်စပ် ထိခိုက်ပျက်စီးမှုအယူအဆ

*Bhagya Samarakoon*

၁၃။ အကြောက်တရားကင်းခြင်းလက်ဆောင်၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအရ ဘေးအန္တရာယ်ကျရောက်လွယ်သူများကို အကာအကွယ်ပေးခြင်းအတွက် ဗုဒ္ဓဘာသာ မူဘောင်

*Christina A. Kilby*

၁၄။ ဗုဒ္ဓ၏ အနတ္တဒေသနာတော်နှင့် တရားအားထုတ်ခြင်းတို့ဖြင့် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်စေခြင်း အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း

*Charya Samarakoon*

၁၅။ စစ်အတွင်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာ ထောက်ထားမှုဥပဒေ၏ တန်ဖိုးများကို လက်တွေ့အကောင်အထည်ဖော်မှုအား ဗုဒ္ဓဘာသာတရားတော်၏မူများက ကူညီနိုင်မည့် နည်းလမ်းများ

*Ven. Kosgama Muditha, Ven. Koralegama Gnanawasa, Ven. Kirindiwela Pagngnawansa*

**အပိုင်း (၄)**

**ဗုဒ္ဓဘာသာ၏ သမိုင်းဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရှုထောင့်များ**

၁၆။ ဗုဒ္ဓဘာသာ၊ တော်ဝင်စိတ်ကူးများနှင့် စစ်ပွဲများတွင် ကန့်သတ်ချက်များ၊ နှေ့စဉ် စစ်သည်များအပေါ် ကိုလိုနီခေတ်မတိုင်မီ မြန်မာ့တော်ဝင်လှုပ်ရှားမှုများ၏ ဩဇာလွှမ်းမိုးသက်ရောက်မှု

Michael W. Charney

၁၇။ ယေဘုယျလူသားဆန်မှုနှင့် ဘက်လိုက်မှုအကြား - တောင်ကိုရီးယားစစ်တပ်၏ ချိုဂျီဗုဒ္ဓဘာသာ စစ်မှုထမ်း ဘုန်းတော်ကြီး လက်စွဲစာအုပ်နှင့် ၎င်း၏ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL) နှင့် ဆက်စပ်မှု

*Hyein Lee*

၁၈။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် နိချီရန်းဗုဒ္ဓဘာသာ

Daiki Kinoshita

၁၉။ လူမှုရေးတွင်ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း မူနှင့်ညီသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှု

Ha Vinh Tho, Edith Favoreu, Noel Maurer Trew

**ရည်ညွှန်းကိုးကားစာရင်း**

ဤစာအုပ်ပါ အခန်းများကို *မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ* (Contemporary Buddhism) ဂျာနယ် အတွဲ (၂၂)၊ အမှတ် (၁ -၂) (၂၀၂၁) တွင် မူလက ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ယင်းတို့ကို အကိုးအကားအဖြစ် အသုံးပြုသည့်အခါ ကျေးဇူးပြု၍ အောက်တွင်ဖော်ပြထားသည့်အတိုင်း မူရင်းစာမျက်နှာနံပါတ်များကို အသုံးပြုပါ။

**ကျမ်းဦးစကား**

*Andrew Bartles-Smith*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၁-၇။

**နိဒါန်း**

ဗုဒ္ဓဘာသာကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် မည်သို့ နှိုင်းယှဉ်မည်နည်း။ ဗုဒ္ဓဘာသာက စစ်ပွဲတွင် လူသားဆန်မှုကို ဖြစ်စေနိုင်ပါသလား။

*Andrew Bartles-Smith*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၈-၅၁။

**အခန်း(၁)**

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို ထောက်ခံအားပေးရန် ဗုဒ္ဓဘာသာ၏ စေ့ဆော်မှု၊ စစ်ရေးဆိုင်ရာလုပ်ဆောင်ချက်ကြောင့် ဆင်းရဲဒုက္ခခံစားရသူများနှင့် ဆင်းရဲဒုက္ခဖြစ်စေသူများ နှစ်ဘက်လုံး၏ ထိခိုက်နစ်နာမှုများကို စိုးရိမ်မှုမှသည် နည်းနိုင်သမျှနည်းပါးစေရေးသို့

*Peter Harvey*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၅၂-၇၂။

**အခန်း(၂)**

လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၌ ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်ရန် ဗုဒ္ဓဘာသာဆိုင်ရာ နိုင်ငံရေးကျင့်ဝတ်များ၏ ပါဝင်ပတ်သက်မှုများ

*P.D. Premasiri*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၇၃-၈၇။

**အခန်း(၃)**

ဗုဒ္ဓဘာသာကျင့်သုံးမှု၏ ရှုထောင့်နှစ်ရပ်နှင့် ၎င်းရှုထောင့်နှစ်ရပ်၏ တိုင်းပြည်အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်မှုများ

*Asanga Tilakaratne*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၈၈-၁၀၁။

**အခန်း(၄)**

ဗုဒ္ဓဘာသာဝင်စစ်သည်တို့အတွက် ဝေခွဲရခက်စေသောကိစ္စများ

*Daniel Ratheiser, Sunil Kariyakarawana*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၁၀၂-၁၄၃။

**အခန်း(၅)**

ဗုဒ္ဓဘာသာ၏ လက်တွေ့ပေါ်အခြေခံသော ယထာဘူတအမြင်နှင့် လက်နက်ကိုင်ပဋိပက္ခလုပ်ဆောင်မှု

*Elizabeth J.Harris*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၁၄၄-၁၆၃။

**အခန်း(၆)**

အခြေခံအသိပညာ၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ၏ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော အခြေခံမှုများအတွက် ဗုဒ္ဓဘာသာ၏ ကြောင်းကျိုးပြချက်

*Diane Denis*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၁၆၄-၁၈၉။

**အခန်း(၇)**

ဗုဒ္ဓဘာသာဝင်စစ်သည်၊ မဓျယမက(Madhyamaka) စုံစမ်းမေးမြန်းခြင်း

*Dharmacārin Siṃhanāda*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၁၉၀-၂၀၇။

**အခန်း(၈)**

တိုက်ပွဲဝင်စစ်သည်များ၏ အသက်အန္တရာယ်ဖြစ်နိုင်ခြေအလားအလာကို ကန့်သတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် ဗုဒ္ဓဘာသာတို့ကြား သဟဇာတဖြစ်မှုများ

*Vishakha Wijenayake*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၂၀၈-၂၂၂။

**အခန်း(၉)**

"မသိခြင်းသည် အများဆုံးဖြစ်တတ်သောသဘောဖြစ်သည်" ကိုးအန်း(Kōan)ကျင့်သုံးမှုနှင့် စစ်ပွဲ၏ မသဲကွဲမှု
*Noel Maurer Trew*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၂၂၃-၂၅၁။

**အခန်း(၁၀)**

ဝိုင်းရံပိတ်ဆို့စစ်နှင့် ရည်ရွယ်ချက်ရှိရှိ အရပ်သားများအား အစာရေစာငတ်ပြတ်စေမှုကို တားမြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားတို့ ပေါင်းဆုံခြင်း

Nishara Mendis

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၂၅၂-၂၈၀။

**အခန်း(၁၁)**

"အမုန်းတရားမှလွတ်မြောက်ခြင်း"၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ၏ လုပ်ဆောင်မှုကို ပြည့်စုံအောင်အားဖြည့်ပေးရာတွင် သည်းခံခြင်း(ခန္တီ)၏ အခန်းကဏ္ဍ

*Alex Wakefield*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၂၈၁-၂၉၈။

**အခန်း(၁၂)**

စစ်ပွဲတွင် ချုပ်တည်းထိန်းသိမ်းခြင်းနှင့် အပ္ပမာဒတရား၊ ဗုဒ္ဓ၏နောက်ဆုံးစကားအရ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေတွင် ဆက်စပ်ထိခိုက်ပျက်စီးမှုအယူအဆ

*Bhagya Samarakoon*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၂၉၉-၃၂၁။

**အခန်း(၁၃)**

အကြောက်တရားကင်းခြင်းလက်ဆောင်၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအရ ဘေးအန္တရာယ်ကျရောက်လွယ်သူများကို အကာအကွယ်ပေးခြင်းအတွက် ဗုဒ္ဓဘာသာ မူဘောင်

*Christina A. Kilby*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၃၂၂-၃၃၄။

**အခန်း(၁၄)**

ဗုဒ္ဓ၏ အနတ္တဒေသနာတော်နှင့် တရားအားထုတ်ခြင်းတို့ဖြင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်စေခြင်း အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း

*Charya Samarakoon*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၃၃၅-၃၅၄။

**အခန်း(၁၅)**

စစ်အတွင်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၏ တန်ဖိုးများကို လက်တွေ့အကောင်အထည်ဖော်မှုအား ဗုဒ္ဓဘာသာတရားတော်၏မူများက ကူညီနိုင်မည့် နည်းလမ်းများ

*Ven. Kosgama Muditha, Ven. Koralegama Gnanawasa, Ven. Kirindiwela Pagngnawansa*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၃၅၅-၃၆၆။

**အခန်း(၁၆)**

ဗုဒ္ဓဘာသာ၊ တော်ဝင်စိတ်ကူးများနှင့် စစ်ပွဲများတွင် ကန့်သတ်ချက်များ၊ နှေစဉ် စစ်သည်များအပေါ် ကိုလိုနီခေတ်မတိုင်မီ မြန်မာ့တော်ဝင်လှုပ်ရှားမှုများ၏ ဩဇာလွှမ်းမိုးသက်ရောက်မှု

*Michael W.Charney*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၃၆၇-၃၇၉။

**အခန်း(၁၇)**

ယေဘုယျလူသားဆန်မှုနှင့် ဘက်လိုက်မှုအကြား - တောင်ကိုရီးယားစစ်တပ်၏ ချိုဂျီဗုဒ္ဓဘာသာ စစ်မှုထမ်းဘုန်းတော်ကြီး လက်စွဲစာအုပ်နှင့် ၎င်း၏ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL) နှင့်ဆက်စပ်မှု

*Hyein Lee*

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၃၈၀-၃၉၇။

**အခန်း(၁၈)**

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် နီချီရန်းဗုဒ္ဓဘာသာ

Daiki Kinoshita

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၃၉၈-၄၁၃။

**အခန်း(၁၉)**

လူမှုရေးတွင်ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း မူနှင့်ညီသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှု

Ha Vinh Tho, Edith Favoreu, Noel Maurer Trew

*မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* အတွဲ (၂၂)၊ အမှတ် (၁ -၂)၊ (၂၀၂၁)၊ နှာ - ၄၁၄-၄၃၆။

အသုံးပြုရန် ခွင့်ပြုချက် တောင်းလိုပါက - http://www.tandfonline.com/page/help/permissions

## စာရေးသူများ၏ ကိုယ်ရေးအကျဉ်း

**Andrew Bartles-Smith** သည် အာရှတိုက်ရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ဘာသာရေး အသိုင်းအဝိုင်းတို့နှင့် နှစ်ပေါင်းများစွာ ထိတွေ့ဆက်ဆံလျက်ရှိသည့် အတွေ့အကြုံ ရှိပါသည်။ ၎င်းသည် IHL နှင့် ဘာသာရေးသင်ကြားမှုများနှင့်ပတ်သက်သော သုတေသနနှင့် ဆွေးနွေးမှုများကို အများပိုမိုသိရှိအောင်မြှင့်တင်ရန် ICRC ၏ ကြိုးပမ်းမှုများအား ရှေ့ဆောင်ခဲ့ပြီး ဗုဒ္ဓဘာသာနှင့် IHL နှင့်ပတ်သက်သော ဤစီမံကိန်းကို ဦးဆောင်ပါသည်။ ၎င်းသည် လန်ဒန် ကင်းကောလိပ် (King's College, London) မှ စစ်ပွဲများနှင့်သက်ဆိုင်သောလေ့လာမှုဖြင့် အမ်အေ (M.A) ဘွဲ့ကို ရရှိထားပါသည်။

**Michael W. Charney** သည် မျက်မှောက်ခေတ်အကြိုကာလနှင့် မျက်မှောက်ခေတ် နှစ်ခုစလုံးတွင် အရှေ့တောင်အာရှရှိ စစ်ရေးနှင့်အင်ပါယာဆိုင်ရာ သမိုင်းပညာရှင်တစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ၁၉၉၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၊ အန်းအာဘာရှိ မီချီဂန်တက္ကသိုလ် (University of Michigan, Ann Arbor, USA) မှ ပါရဂူ (Ph.D) ဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် စင်္ကာပူနိုင်ငံ၊ စင်္ကာပူအမျိုးသားတက္ကသိုလ် (National University of Singapore) ရှိ အဆင့်မြင့်လေ့လာမှုစင်တာ (Centre for Advanced Studies) တွင် ဒေါက်တာဘွဲ့လွန် သုတေသနအဖွဲ့ဝင် အဖြစ် ၂ နှစ် တာဝန်ယူခဲ့ပြီး (၁၉၉၉-၂၀၀၁) နောက် ယူကေနိုင်ငံ၊ လန်ဒန်တက္ကသိုလ် (University of London, UK) ရှိ အာဖရိကန်နှင့် အရှေ့တိုင်းပညာလေ့လာမှုဌာန (School of African and Oriental studies) တွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

**Kate Crosby** သည် ယူကေနိုင်ငံ အောက်စဖို့တက္ကသိုလ် (UK Oxford University) ၏ ဗုဒ္ဓဘာသာလေ့လာမှု နုမာတ ပါမောက္ခ (Numata Professor of Buddhist Studies) ဖြစ်ပါသည်။ ၎င်း၏စာအုပ်များတွင် Andrew Skilton (1995) နှင့်အတူ ရေးသားသော *Santideva's Bodhacryavatara* (1995) ၊ *Mahabharata's The Dead of Nights & The Women* (2009) ၊ *Therawada Buddhism: Continuity, Identity, Diversity* (2014) နှင့် *Esoteric Theravada: The Story of the Forgotten Meditation Tradition of Southeast Asia* (2020) တို့ ပါဝင်ပါသည်။

**Ven. Mahinda Deegalle** သည် ယူကေနိုင်ငံ၊ ဘာ့သ်စပါးတက္ကသိုလ် (Bath Spa University, UK) ရှိ ဘာသာရေး၊ ဒဿနိကဗေဒနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်ပြီး ယူကေနိုင်ငံ၊ ကင်းဘရစ်ချ်တက္ကသိုလ် (University of Cambridge UK) တွင် ဧည့်ပညာရှင်၊ သီရိလင်္ကာနိုင်ငံ၊ ကန္ဒီ (Kandy, Sri Lanka) ရှိ ဗုဒ္ဓဘာသာလေ့လာရေးသုတေသနစင်တာ (Research Centre for Buddhist Studies) ၏ အမှုဆောင် ဒါရိုက်တာ ဖြစ်ပါသည်။ ၎င်းသည် *Popularizing Buddhism* ကို ရေးသားသူဖြစ်ပြီး အခြားစာတမ်းများစွာကို တည်းဖြတ်သူ အယ်ဒီတာ ဖြစ်ပါသည်။

**Diane Denis** သည် နီပေါနိုင်ငံ၊ ခတ္တမန္ဒူတက္ကသိုလ် (Kathmandu University, Nepal) တွင် ဗုဒ္ဓဘာသာလေ့လာရေးနှင့် ဘာသာစကားများဆိုင်ရာ လက်ထောက်ပါမောက္ခတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် တက်ကြွသောပညာရှင်၊ ဘာသာပြန်ဆိုသူ၊ ဒဿနပညာရှင် ဖြစ်ပြီး လူမှုရေးနှင့် ပတ်သက်ပြီး ကြောင့်ကြထားသူ တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်း၏ သုတေသနပိုင်း စိတ်ဝင်စားမှုများတွင် အိန္ဒိယနှင့် တိဘက် ဗုဒ္ဓဘာသာအတွေးအခေါ် ဒဿန အထူးသဖြင့် မေတ္တေယျ (Maitreya) ပြုစုခဲ့သောကျမ်းများနှင့် ယနေ့ကမ္ဘာတွင် ၎င်းတို့အား လက်တွေ့ကျင့်သုံးမှု ပါဝင်ပါသည်။ ၎င်းတွင် နီပေါ၊ အိန္ဒိယနှင့် တိဘက်တို့၌ နှစ်ရှည်လများ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့သော အတွေ့အကြုံ ရှိပြီး ၎င်း၏ အမှန်တကယ် စာပေသင်ကြားသောကာလသည် နီပေါ၊ ပြင်သစ်နှင့် ကွီးဘက်တို့အကြား မျှဝေပါဝင်ပါ သည်။

**Edith Favoreu** သည် ဂျီနီဗာစီမံခန့်ခွဲမှုတက္ကသိုလ် (Geneva Management School) ရှိ 'အဖွဲ့အစည်းများအတွင်း ပျော်ရွှင်မှု' အဆင့်မြင့်လေ့လာမှုလက်မှတ်ရအစီအစဉ် (Certificate of Advanced studies 'Happiness in Organisations') ၏ တွဲဘက်ညှိနှိုင်းရေးမှူးဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံရှိ 'ပျော်ရွှင်ဖွယ်ရာကျောင်းများ' (Happy Schools) စီမံကိန်းကို ဦးဆောင်သူ ဖြစ်ပါသည်။ ၎င်းသည် ပျော်ရွှင်မှုနှင့် ကောင်းကျိုးသုခအတွက် ယူရေးရှား (ဥရောပအာရှ) သင်ယူလေ့လာမှု အင်စတီကျု (Eurasia Learning Institute for Happiness and Wellbeing) တွင် အကြီးတန်း စီမံကိန်းအကြံပေး၊ လေ့ကျင့်သင်တန်းပေးသူနှင့် ဖြစ်မြောက်အောင်ပံ့ပိုးပေးသူ ဖြစ်ပါသည်။ ၎င်းသည် ပျက်စီးလွယ်သောအခြေအနေများနှင့် ပဋိပက္ခဖြစ်ပွားပြီးသောဒေသများ၌ ဖွံ့ဖြိုးရေးအကူအညီပေးမှုတွင် ၁၆ နှစ်ကျော်ကြာ လုပ်ကိုင်ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များ (NGOs) နှင့် ယူနက်စကို (UNESCO) တို့အတွက် ကွင်းဆင်းအခန်းကဏ္ဍနှင့် ဌာနချုပ်အခန်းကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**Ven. Koralegama Gnanawasa** သည် ပီရဒီနိယတက္ကသိုလ် (University of Peradeniya) မှ ဗုဒ္ဓဘာသာ လေ့လာရေးတွင် ဘီအေဘွဲ့ကို ရရှိထားပြီး (၂၀၁၈) ၎င်းသည် ယခုအခါ သီရိလင်္ကာနိုင်ငံ၊ ပီရဒီနိယ တက္ကသိုလ် (University of Peradeniya, Sri Lanka) ၌ လူမှုဘာသာရပ်များနှင့်လူမှုရေးသိပ္ပံ ဘွဲ့လွန်သင်တန်း အင်စတီကျု (Postgraduated Institute of Humanities and Social Science) တွင် မဟာဒသသနဘွဲ့အတွက် လေ့လာ ဆည်းပူးလျက်ရှိပါသည်။

**Elizabeth J. Harris** သည် ယူကေနိုင်ငံ၊ ဘာမင်ဂန်တက္ကသိုလ် (University of Birmingham, UK) ရှိ ဘာသာရေး ကို အများပြည်သူ သိရှိနားလည်ရေးဆောင်ရွက်သည့် ကက်ဒ်ဘူရီ စင်တာ (Cadbury Centre for the Public Understanding of Religion) တွင် ဂုဏ်ထူးဆောင် အကြီးတန်းသုတေသနအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်း စာပေ ရေးသားရာ ယူကေ ဗုဒ္ဓဘာသာလေ့လာရေးအသင်း (UK Association for Buddhist Studies) ၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ ၎င်း၏ နောက်ဆုံးရေးသားခဲ့သော စာတမ်းမှာ *သီရိလင်္ကာရှိ ဘာသာရေး၊ နေရာလပ်နှင့် ပဋိပက္ခ - ကိုလိုနီနှင့် ကိုလိုနီ ခေတ်လွန် အခြေအနေများ* (*Religion, Space and Conflict in Sri Lanka: Colonial and Postcolonial Contexts*) (2018) ဖြစ်ပါသည်။

**Peter Harvey** သည် ယူကေနိုင်ငံ ဆန်းဒါးလန်းတက္ကသိုလ် (University of Sunderland, UK) ၏ ဗုဒ္ဓဘာသာ လေ့လာရေး ဂုဏ်ထူးဆောင် ပါမောက္ခ (Emeritus Professor) ဖြစ်ပါသည်။ ၎င်း ရေးသားပြုစုခဲ့သော ကျမ်းစာ များမှာ *The Selfless Mind: Personality, Consciousness and Nirvana in Early Buddhism* (1995)*, An Introduction to Buddhism: Teachings, History and Practices* (1990, 2013) *နှင့် An Introduction to Buddhist Ethics: Foundations, Values and Issues* (2000) တို့ ဖြစ်ပါသည်။

**Sunil Kariyakarawana** သည် ဗုဒ္ဓဘာသာ၊ ဒဿနိကဗေဒ၊ ဘာသာဗေဒသီအိုရီဆိုင်ရာနှင့် သိမြင်ခံစားမှုဆိုင်ရာ သိပ္ပံပညာတို့ကို သီရိလင်္ကာနိုင်ငံ၊ ကီလနိယတက္ကသိုလ် (University of Kelaniya, Sri Lanka)၊ ယူကေနိုင်ငံ၊ လန်ဒန်စီးတီးတက္ကသိုလ် (City University of London, UK)၊ ယူကေနိုင်ငံ၊ ဝေလရှိ ကားဒစ်ဖ် တက္ကသိုလ် (Cardiff University in Wales, UK)၊ ယူကေနိုင်ငံ၊ လန်ဒန်ယူနီဗာစတီကောလိပ် (University College London, UK)၊ အမေရိကန်နိုင်ငံ၊ ကောနဲလ်တက္ကသိုလ် (Cornell University, USA) နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ ရစ်ခရော့ တက္ကသိုလ် (Rikkyo University, Tokyo, Japan) အပါအဝင် တက္ကသိုလ်ပေါင်းများစွာတို့တွင် နှစ်ပေါင်း (၂၀) ကျော် သင်ကြားပို့ချပေးနေသူဖြစ်ပါသည်။ ၎င်းသည် ယူနိုက်တက်ကင်းဒမ်းတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြား အစိုးရဌာနများအား ဘာသာရေး/လူမှုရေးထိန်းကျောင်းမှုနှင့်ပတ်သက်သော အကြံဉာဏ်နှင့် လမ်းညွှန်မှု ပေးပါသည်။

**Christina A. Kilby** သည် အမေရိကန်နိုင်ငံ၊ ဟယ်ရီဆန်ဘုခ်ရှိ ဂျိမ်းစ် မက်ဒီဆန်တက္ကသိုလ် (James Madison University, Harrisonburg, USA) တွင် ဘာသာရေး တွဲဘက်ပါမောက္ခ ဖြစ်ပါသည်။ ၎င်းသည် အမေရိကန်နိုင်ငံ၊ ကင်းဘရစ်ချ်ရှိ ဟားဗတ်တက္ကသိုလ် (Harvard University, Cambridge, USA) မှ ဘာသာရေးလေ့လာမှု

(Theological Studies) နှင့် ပတ်သက်ပြီး အမ်အေ (M.A) ဘွဲ့ကို ရရှိထားကာ အမေရိကန်နိုင်ငံ၊ ချားလော့စ်ဗီးလ်ရှိ ဗာဂျီးနီးယားတက္ကသိုလ် University of Virginia, Charlottesville, USA) မှ ဘာသာရေးများ၏ သမိုင်းကြောင်း (History of Religions) နှင့်ပတ်သက်ပြီး ပါရဂူဘွဲ့ (Ph.D) ရရှိထားပါသည်။ ၎င်းသည် တိဘက် အသိုင်းအဝိုင်းများ အကြား ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းဆောင်ရွက်မှုများကို ပြုလုပ်ထားခဲ့ပြီး ၎င်း၏ လက်ရှိ လုပ်ဆောင်နေသော သုတေသနမှာ ဗုဒ္ဓဘာသာနှင့် အစားထိုးဝင်ရောက်လာခြင်းများ ဖြစ်ပါသည်။

**Daiki Kinoshita** သည် စိုးခဂတ်ခိုင်း (Soka Gakkai) ၏ ပြည်သူ့ဆက်ဆံရေးရုံးတွင် တာဝန်ထမ်းဆောင်နေပြီး ပညာရေးနှင့်ပတ်သက်သောအရေးအရာကိစ္စရပ်များကို တာဝန်ယူရပါသည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှစတင်၍ ဂျပန် ဘာသာရေးနှင့် လူ့ဘောင်အဖွဲ့အစည်း လေ့လာရေးအသင်း (Japanese Association for the Study of Religion and Society) ၏ တွဲဖက်အဖွဲ့ဝင်တစ်ဦးအဖြစ်ဆောင်ရွက်နေပြီး ၂၀၁၉ ခုနှစ်မှစတင်ကာ အင်ဒို-ပစိဖိတ်ရေးရာ သုတေသနအင်စတီကျူ (Research Institute for Indio-Pacific  Affairs) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကာ ၂၀၂၁ ခုနှစ် မှစတင်ကာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအသင်း (International Human Right Law Association) ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

**Hyein Lee** သည် ဂျာမနီနိုင်ငံ၊ ဘာလင် ဖရိုင်းအီး တက္ကသိုလ် (Freie University Berlin, Germany) ရှိ အရှေ့အာရှ လေ့လာရေး ဘွဲ့လွန်သင်တန်း (Graduate School of East Asian Studies) တွင် ပါရဂူဘွဲ့သင်တန်းသား ဖြစ်ပါသည်။ ၎င်းသည် ကိုးရီးယား လေ့လာမှုအကယ်ဒမီ (Academy of Korean Studies) ရှိ ကိုးရီးယား လေ့လာမှု ဘွဲ့လွန်သင်တန်းကျောင်း (Graduate School of Korean Studies) မှ မဟာဝိဇ္ဇာဘွဲ့ကိုရရှိထားပြီး တောင်ကိုးရီးယား၊ ဆိုးလ် အမျိုးသား ပညာရေးတက္ကသိုလ် (Seoul National University of Education) မှ ဘီအေ (B.A) ဘွဲ့ကို ရရှိထားပါသည်။ ၎င်း၏ သုတေသန စိတ်ဝင်စားမှုများတွင် စစ်ဘက် ဘာသာရေးဝန်ထမ်း ဗုဒ္ဓဘာသာ ဘုန်းကြီး၊ ဗုဒ္ဓဘာသာဝင် ပြည်သူ့စစ်နှင့် မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းအတွင်း ဗုဒ္ဓဘာသာ အယူအဆများ အခြေတည်မှုဖြစ်စဉ် တို့ ပါဝင်ပါသည်။

**Nishara Mendis** သည် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုတက္ကသိုလ် (University of Colombo, Sri Lanka) ရှိ ဥပဒေပညာ မဟာဌာနတွင် အများပြည်သူဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေဌာန၏ အကြီးတန်းကထိကဖြစ်ပြီး ဥပဒေအကျိုးဆောင်ရှေ့နေလည်း ဖြစ်ပါသည်။ ၎င်းသည် လူ့အခွင့်အရေးလေ့လာရေးစင်တာအတွက် လူ့အခွင့်အရေး အွန်လိုင်းဒီပလိုမာ (E-Diploma) သင်တန်း၏ ပညာရေးဆိုင်ရာ တွဲဘက်ညှိနှိုင်းရေးမှူးလည်း ဖြစ်ပါသည်။ ၎င်းသည် ဘာသာရေးနှင့် ဥပဒေနှင့်ကိုယ်ကျင့်တရားစာပေတို့အကြား ပေါင်းကူးဆက်သွယ်မှုကို အလွန်စိတ်ဝင်စားပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေတို့နှင့်စပ်လျဉ်း၍ လက်နက်ကိုင် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား သင်ကြားပေးခဲ့ပြီး သုတေသနအကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

**Ven. Kosgama Muditha** သည် သီရိလင်္ကာနိုင်ငံ၊ ပီရဒီနိယတက္ကသိုလ် (University of Peradeniya, Sri Lanka) မှ ပါဠိဘာသာလေ့လာရေးတွင် ဘီအေဘွဲ့ကို ရရှိခဲ့ပြီး (၂၀၁၈) သီရိလင်္ကာနိုင်ငံ၊ ပီရဒီနိယတက္ကသိုလ်၌ ပါဠိနှင့် ဗုဒ္ဓဘာသာလေ့လာမှုဌာနတွင် ယာယီကထိကဖြစ်ခဲ့ကာ (၂၀၂၁) လက်ရှိအချိန်တွင် ဟောင်ကောင်ရှိ ဟောင်ကောင် တက္ကသိုလ် (University of Hong Kong) ၏ ဗုဒ္ဓဘာသာ လေ့လာရေးစင်တာ (Centre of Buddhist Studies) တွင် မဟာဘွဲ့အတွက် ကျမ်းပြုဖတ်ကြားလျက်ရှိပါသည်။

**Ven. Kirindiwela Pagngnawansa** သည် သီရိလင်္ကာနိုင်ငံ၊ ပီရဒီနိယတက္ကသိုလ် (University of Peradeniya, Sri Lanka) မှ ဗုဒ္ဓဘာသာလေ့လာရေးဖြင့် ဘီအေဘွဲ့ကိုရရှိခဲ့ပြီး လက်ရှိအချိန်တွင် သီရိလင်္ကာနိုင်ငံ၊ ပီရဒီနိယ တက္ကသိုလ်၏ လူမှုဘာသာရပ်များနှင့်လူမှုရေးသိပ္ပံဘွဲ့လွန်သင်တန်းအင်စတီကျူ (Postgraduate Institute of Humanities and Social Sciences) တွင် ၎င်း၏ မဟာဒဿနဘွဲ့အတွက် ကျမ်းပြုဖတ်ကြားလျက်ရှိပါသည်။

**P.D. Premasiri** သည် သီရိလင်္ကာနိုင်ငံ၊ ပီရဒီနိယတက္ကသိုလ် (University of Peradeniya, Sri Lanka) ၏ ပါဠိနှင့် ဗုဒ္ဓဘာသာလေ့လာရေးတွင် ဂုဏ်ထူးဆောင်ပါမောက္ခ ဖြစ်ပါသည်။ ၎င်းသည် ထိုတက္ကသိုလ်၏ လူမှုရေးသိပ္ပံနှင့် လူမှုဘာသာရပ်များ ဘွဲ့လွန်သင်တန်း အင်စတီကျု (Postgraduate Institute of Social Sciences and Humanities) နှင့် သီရိလင်္ကာ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ အကယ်ဒမီ (အက်စ်အိုင်ဘီအေ) - Sri Lanka International Buddhist Academy (SIBA) တို့တွင် တာဝန်ထမ်းဆောင်ဆဲ ဖြစ်ပါသည်။ ၎င်းသည် ဗုဒ္ဓဘာသာ အတွေးအခေါ်ဒဿန၊ ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၊ ဗုဒ္ဓဘာသာစိတ်ပညာနှင့် နှိုင်းယှဉ်ဒဿနတို့နှင့်ပတ်သက်သော နယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

**Daniel Ratheiser** သည် ICRC ၏ ဒေသဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဖြစ်ပါသည်။ ၎င်းသည် ဂျော့ချ်ဝါရှင်တန် တက္ကသိုလ် (George Washington University) ၊ ဟိုက်ဒယ်လ်ဘာ့ဂ်နှင့် မားစထရစ်ချ် တက္ကသိုလ်တို့ (Universities of Heidelberge and Maastricht) တွင် စီးပွားရေးနှင့် ဘာသာရေးသိပ္ပံ တို့ကိုလေ့လာခဲ့ပြီး အိန္ဒိယနှင့် တရုတ်ပြည် တို့တွင် တိုင်ပင်ဆွေးနွေးခြင်းအခန်းကဏ္ဍ၌ထမ်းဆောင်ခဲ့ပြီး မက်ခ်စ် မြူးလာ ဘာဝမ် (Max Mueller Bhawan) တွင် သင်ကြားပို့ချပေးခဲ့ပါသည်။ ၎င်း၏ သုတေသနစာတမ်းသည် တရုတ်နှင့်အိန္ဒိယအကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်စပ်မှုကို အဓိကထားပါသည်။

**Bhagya Samarakoon** သည် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုရှိ မူဝါဒရွေးချယ်စရာများ စင်တာ (Centre for Policy Alternatives) တွင် တွဲဖက်ထားသော သုတေသီတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ၂၀၂၀ ပြည့်နှစ်တွင် ကိုလံဘို တက္ကသိုလ် (Universtiy of Colombo) ၏ ဥပဒေပညာမဟာဌာနမှ ဥပဒေဘွဲ့ (LLB) ရရှိခဲ့ပါသည်။ ဥပဒေပညာ မဟာဌာန၏ ကျောင်းသူတစ်ဦးအဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ဘာလီ၊ ဒင်ပါဆာ (Denpaser) တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့်သက်ဆိုင်သည့် ယွမ်ပစ်တေး (Jean Pictet) ပြိုင်ပွဲ (၃၄ ကြိမ်မြောက် အစီအစဉ်) တွင် ဆီမီးဖိုင်နယ်ရောက် အသင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုတက္ကသိုလ်၊ ဥပဒေပညာမဟာဌာနတွင် ကိုလံဘိုဥပဒေရီဗြူး ၂၀၁၉ (Colombo Law Review 2019) အတွက် အယ်ဒီတာ၏ လက်ထောက်လည်း ဖြစ်ပါသည်။ ၎င်း၏ ရေးသားထုတ်ဝေမှုများတွင် ကိုလံဘိုဥပဒေရီဗြူး (Colombo Law Review) နှင့် ကိုလံဘိုဥပဒေဂျာနယ် (Colombo Law Journal) ပါ ဆောင်းပါးများ ပါဝင်ပါသည်။

**Charya Samarakoon** သည် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုတက္ကသိုလ် (University of Colombo) ရှိ ဥပဒေပညာ မဟာဌာနမှ ဥပဒေဘွဲ့ကို ရရှိခဲ့ပြီး မူဝါဒရွေးချယ်စရာများစင်တာ (Centre for Policy Alternatives) တွင် သုတေသနနှင့် အားပေးထောက်ခံမှု (Research and Advocacy) အဖွဲ့၏ သုတေသီ တစ်ဦး ဖြစ်ပါသည်။

**Dharmacarin Simhanada** သည် ဗုဒ္ဓဘာသာကို လက်တွေ့ကျင့်သုံးသူဖြစ်ပြီး ဆရာတစ်ဦး ဖြစ်ပါသည်။ ၎င်း၏ အဓိက စိတ်ပါဝင်စားမှုများတွင် ယုတ္တိဗေဒ (dialectics)၊ ဆန့်ကျင်ဒဿန (Anti-Philosophy) အဖြစ် မဇ္ဈမက (Madyamaka) နှင့် ယောဂါစာရ-မဇ္ဈယမက (Yogarcara-Madyamaka) ပေါင်းစပ်ခြင်းတို့ ပါဝင်ပါသည်။ လောကီရေးရာကျွမ်းကျင်ပညာရှင်အနေဖြင့် ၎င်းသည် သုတေသီ၊ စိတ်ပိုင်းဆိုင်ရာစမ်းသပ်စစ်ဆေးမှု စိတ်ပညာရှင် (psychometrician)၊ ဆရာ၊ နည်းပြများကို လေ့ကျင့်ပေးသူ၊ စီးပွားရေးပညာသင်ကျောင်း ကထိက၊ အဖွဲ့ကိုလမ်းညွှန်ကူညီပေးသူ၊ တက်ကြွလှုပ်ရှားသူ၊ အပြောင်းအလဲကိုအားပေးသူနှင့် အဖွဲ့အစည်းများဖွံ့ဖြိုးရေး (OD) နယ်ပယ်တွင် စီမံခန့်ခွဲရေးအတိုင်ပင်ခံအဖြစ် ကဏ္ဍမျိုးစုံတွင် နှစ်ပေါင်း ၄၀ကျော်ကြာ ကျယ်ပြန့်သော အတွေ့အကြုံရှိသူ ဖြစ်ပါသည်။ ဤနယ်ပယ်များတွင် အစဉ်အလာ ဗုဒ္ဓဘာသာ ကျင့်သုံးမှုနှင့်အတူ အခြားနယ်ပယ်မှ အယူအဆကို ယှဉ်တွဲသုံးစွဲရန် ၎င်း၏ ကြိုးပမ်းမှုများတွင် မဇ္ဈမကကို ပြဿနာဖြေရှင်းခြင်း နည်းစံနစ်တစ်ခုအဖြစ် အသုံးချခြင်း ပါဝင်ပါသည်။

**Asanga Tilakaratne** သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုတက္ကသိုလ် (University of Colombo, Sri Lanka) မှ ပါဠိနှင့် ဗုဒ္ဓဘာသာလေ့လာရေး ဂုဏ်ထူးဆောင် ပါမောက္ခ (Emeritus Professor) ဖြစ်ပြီး Domrivi Foundation ၏ တည်ထောင်သူ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ၎င်းသည် ဗုဒ္ဓဘာသာဒဿန၊ လက်တွေ့ကျင့်သုံးရသော ကိုယ်ကျင့်သီလနှင့်

ဗုဒ္ဓဘာသာအတွေးအခေါ်ပညာရပ်နှင့် အခြားဘာသာရပ်များနှင့်ပတ်သက်သည့် ကျမ်းစာများကို ရေးသားထုတ်ဝေခဲ့ပါသည်။ ၎င်းသည် သီရိလင်္ကာအစိုးရက ထုတ်ဝေသော ဗုဒ္ဓဘာသာစွယ်စုံကျမ်း၏ အယ်ဒီတာချုပ် ဖြစ်ပါသည်။

**Stefania Travagnin** သည် ယူကေနိုင်ငံ၊ လန်ဒန်တက္ကသိုလ် အက်စ်အိုအေအက်စ် (SOAS University of London, UK) တွင် တရုတ်ဗုဒ္ဓဘာသာ လက်ထောက် ပါမောက္ခ ဖြစ်ပါသည်။ ၎င်းထုတ်ဝေပြီးသော စာအုပ်များတွင် *တရုတ်နိုင်ငံရှိ ဘာသာရေးနှင့် သတင်းမီဒီယာများ (Religion and Media in China)* (2016) နှင့် *တရုတ်ဘာသာရေးများကို လေ့လာရာတွင် အသုံးပြုသော အယူအဆများနှင့် နည်းလမ်းများ (Concepts and Methods for the Study of Chinese Religions)* (2019-2020) ဟူသည့် အခြားသူများနှင့်အတူ တည်းဖြတ်ထုတ်ဝေသော ကျမ်းစာသုံးခုတို့ ပါဝင်ပါသည်။ ၎င်းသည် *မျက်မှောက်ခေတ် စီချွမ်ရှိ ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုများကို ပုံစံဖော်ထုတ်ခြင်း (Mapping Religious Diversity in Modern Sichuan)* (CCKF Funding; 2017-2023) သုတေသနအစီအစဉ်၏ တွဲဘက်ညွှန်ကြားရေးမှူး (Co-Director) ဖြစ်ပါသည်။

**Noel Maurer Trew** သည် ဗြိတိသျှကြက်ခြေနီ၏ အပြည်ပြည်ဆိုင်ရာဥပဒေအကြံပေး၊ အမေရိကန်လေတပ်၏ သုတေသန စိတ်ပညာရှင်ဟောင်းဖြစ်ပြီး အမေရိကန်လေတပ်အကယ်ဒမီ (USAF Academy) တွင် ဗုဒ္ဓဘာသာဝတ်ပြုဆောင်၏ စေတနာ့ဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ယူကေနိုင်ငံ အိတ်ခ်ဆက်တာတက္ကသိုလ် (University of Exeter, UK) မှ မဟာဗျူဟာနှင့် လုံခြုံရေးလေ့လာမှုတွင် ပါရဂူဘွဲ့ (Ph. D) ရရှိထားသူ ဖြစ်ပါသည်။

**Ha Vinh Tho** သည် ပျော်ရွှင်မှုနှင့် ကောင်းကျိုးသုခအတွက် ယူရေးရှား (ဥရောပအာရှ) သင်ယူလေ့လာမှုအင်စတီကျု (Eurasia Learning Institute for Happiness and Wellbeing) ကို တည်ထောင်သူဖြစ်ပြီး ယူရေးရှားဖောင်ဒေးရှင်း (Eurasia Foundation) ၏ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ၎င်းသည် ဘူတန်နိုင်ငံ အမျိုးသား ပျော်ရွှင်မှု စင်တာ - Gross National Happiness (GNH) Center Bhutan ၏ အစီအစဉ် ညွှန်ကြားရေးမှူးဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတွင် လေ့ကျင့်ရေး၊ သင်ယူရေးနှင့် ဖွံ့ဖြိုးရေး အကြီးအကဲဟောင်း ဖြစ်ပါသည်။ ၎င်းသည် ဗီယက်နမ် ဇင်ထုံးတမ်းအစဉ်အလာတွင် လူဝတ်ကြောင် ဗုဒ္ဓဘာသာဆရာ (Thich Nhat Hanh) ဖြစ်ပါသည်။

**Alex Wakefield** သည် စာရေးဆရာနှင့် သုတေသီတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ယူကေနိုင်ငံ၊ လန်ဒန်တက္ကသိုလ် အက်စ်အိုအေအက်စ် (SOAS University of London, UK) မှ ဗုဒ္ဓဘာသာလေ့လာမှုတွင် ဗုဒ္ဓဘာသာနှင့် ရှေးဟောင်း အိန္ဒိယ စကြာဝဠာဗေဒကို အထူးပြုထားသော သုတေသနဖြင့် မဟာဘွဲ့ ရရှိထားပါသည်။ ၎င်းသည် ယူကေနိုင်ငံ၊ ဂရင်းဝစ်ချ်တက္ကသိုလ် (University of Greenwich, UK) တွင် ဧည့်ကထိကအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ယူကေနိုင်ငံတွင် ဗုဒ္ဓဘာသာစင်တာများအတွက် ပညာရေးအစီအစဉ်များကို ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက် ရှိပါသည်။

**Vishaka Wijenayake** သည် ကနေဒါနိုင်ငံ၊ မွန်ထရီရယ်လ် မက်ဂီးလ်တက္ကသိုလ်၏ ဥပဒေပညာမဟာဌာန (McGill University's Faculty of Law, Montreal, Canada) တွင် ပါရဂူသင်တန်းတက်ရောက်နေသူဖြစ်ပြီး အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို အထူးပြုလေ့လာလျက်ရှိပါသည်။ Mc Gill တွင် ၎င်းသည် လူ့အခွင့်အရေးနှင့် မတူကွဲပြားမှုများအတူတကွယှဉ်တွဲနေမှုစင်တာ (Centre for Human Rights and Pluralism) သို့ တွဲဖက်ထားသော အိုဘရိုင်ယန် (O' Brien) အဖွဲ့ဝင် တစ်ဦးလည်းဖြစ်ပြီး Fonds de recherché du Quebec ၏ ထောက်ပံ့ကြေးကို ရရှိထားသူ ဖြစ်ပါသည်။ ၎င်း၏ရေးသားထုတ်ဝေမှုများတွင် ကြက်ခြေနီ အပြည်ပြည်ဆိုင်ရာ ရီဗြူး (International Review of Red Cross) ကဲ့သို့သော ဂျာနယ်များတွင် အရည်အချင်းတူသူများက ပြန်လည်သုံးသပ်ထားသော ဆောင်းပါးများ ပါဝင်ပါသည်။ ၎င်းသည် ဂျီနီဗာသဘောတူညီချက်လေးခုနှင့် အိုင်စီအာရ်စီ၏ ဓလေ့ထုံးတမ်း IHL လေ့လာမှုအတွက် အိုင်စီအာရ်စီက နောက်ဆုံးထုတ်ဝေသော ရှင်းလင်းချက်များအတွက် သုတေသနပြုလုပ်ရာတွင်လည်း ပါဝင်ခဲ့ပါသည်။ ၎င်း၏ သုတေသန စိတ်ဝင်စားမှုများတွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ၊ လိင်နှင့်ပတ်သက်သောလေ့လာမှုများနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ ဥပဒေအမျိုးမျိုးကို လေ့လာခြင်းတို့ ပါဝင်ပါသည်။

## ကျမ်းဦးစကား

Andrew Bartles–Smith

လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများနှင့် သတ်ဖြတ်ရမည့် သို့မဟုတ် သတ်ဖြတ်ခံရမည့် သို့မဟုတ် ၎င်းတို့၏ မိသားစုများ၊ ပြည်သူလူထု သို့မဟုတ် နိုင်ငံများကို တိုက်ခိုက်မှုမှ ကာကွယ်ပေးရသည့် စစ်ပွဲတိုက်ခိုက်နေသူများကို ဗုဒ္ဓဘာသာက မည်သို့သော လမ်းညွှန်မှု ပေးနိုင်သနည်း။ ထို့အပြင် ဗုဒ္ဓဘာသာကို တိုက်ပွဲဝင်စစ်သည် မဟုတ်သူများအား အကာအကွယ်ပေးပြီး စစ်ပွဲကြောင့်ဖြစ်ပေါ်စေသော ဆင်းရဲဒုက္ခများကို ကန့်သတ်နိုင်ရန် စစ်ပွဲတွင်အသုံးပြုသောလက်နက်များနှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများကို ကန့်သတ်သည့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာဥပဒေဟု တနည်းအားဖြင့်သိကြသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ IHL နှင့် မည်သို့ နှိုင်းယှဉ်နိုင်ပါသနည်း။

ဗုဒ္ဓဘာသာဝင်တို့နေထိုင်ရာကမ္ဘာလောက၏ အစိတ်အပိုင်းအချို့တွင် လက်နက်ကိုင်ပဋိပက္ခများ ရှိနေ သော်လည်း ဤမေးခွန်းနှင့်ပတ်သက်ပြီး ကိုင်တွယ်သည့် ခေတ်ပြိုင် လေ့လာချက် အနည်းငယ်မျှသာ ရှိပါသည်။ ဗုဒ္ဓဘာသာတွင် ပဋိပက္ခကာကွယ်တားဆီးခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်း နည်းလမ်းတို့ များစွာ ကြွယ်ဝသော်လည်း အမှန်တကယ် စစ်ပွဲတိုက်ခိုက်ဆင်နွှဲခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၏ ဟောပြောချက်အဆိုအမိန့်တို့ကို ဂရုပြုခြင်း အလွန်ပင် နည်းလှပါသည်။ ထို့အတူ ဗုဒ္ဓဘာသာဝင်တို့အကြားတွင် IHL ကို သိရှိသူ အလွန်နည်းပါးလှသောကြောင့် ဗုဒ္ဓဘာသာဝင်များအဖြစ် ကိုယ်တိုင်သတ်မှတ်ထားပြီး ဗုဒ္ဓဘာသာ စည်းမျဉ်းစည်းကမ်းတို့၏ လမ်းညွှန်မှုကိုသာ ပိုမို လိုက်နာလိုမှုရှိကောင်းရှိနိုင်ကြသော စစ်ပွဲတိုက်ခိုက်သူတို့၏ အမူအကျင့်များအပေါ် IHL သည် လွှမ်းမိုးမှု မရှိနိုင်ဘဲ ဖြစ်နေပါသည်။

လက်နက်ကိုင်ပဋိပက္ခကြောင့် ဒုက္ခရောက်သူများကို အကာအကွယ်ပေးရန်နှင့် အကူအညီပေးရန်အပြင် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို ပိုမိုလေးစားလိုက်နာလာစေရန် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် ဤအကြောင်းများကြောင့် ၂၀၁၇ ခုနှစ်တွင် ဗုဒ္ဓဘာသာနှင့် IHL တို့နှင့်ပတ်သက်သော စီမံကိန်းတစ်ခုကို စတင် ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာတဝှမ်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ ပညာရှင်များ၊ ဥပဒေကျွမ်းကျင်သူများ၊ စစ်ဘက်ဆိုင်ရာအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေသည့်အဖွဲ့များထံ ဆက်သွယ်ပြီးနောက် ၂၀၁၉ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ဒမ္ဗူလမြို့၌ “လက်နက်ကိုင်ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခလျှော့နည်းစေခြင်း - ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေတို့အကြား ဆက်သွယ်မှု” ဟူသည့် ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ခုတွင် ဆွေးနွေးခဲ့ကြပြီး ဤစီမံကိန်း၏ ပထမအဆင့် ပြီးဆုံးခဲ့ပါသည်။ ဤစာအုပ်တွင် ပါဝင်သော ဆောင်းပါးများ၏ ပထမမူကြမ်းကို ဤညီလာခံသို့ တင်ပြခဲ့ပါသည်။[1] ထိုညီလာခံတွင် ရှုထောင့်အမြင် စာတမ်း (position paper) အဖြစ် တင်သွင်းခဲ့သော အစောဆုံးမူကြမ်းဖြစ်သည့် ဗုဒ္ဓဘာသာနှင့် IHL နှစ်မျိုးလုံးကို လေ့လာခြင်းနှင့် ထိုလေ့လာမှု၏ ဖြစ်နိုင်ခြေရှိသော လက်တွေ့အသုံးချမှုများနှင့်ပတ်သက်၍ ဤနယ်ပယ်ကို မျက်ခြည်မပြတ်လေ့လာထားသည့် အလားတူအမည်နှင့် စုပေါင်းရေးသားထားသော အဓိကဆောင်းပါး (Bartles-Smith et al. 2020) ကိုလည်း ယခင်စာအုပ် *မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ* (၂၁း၁-၂) - *Contemporary Buddhism* (21:1-2) တွင် ထုတ်ဝေပြီး ဖြစ်ပါသည်။[2]

ဤစာအုပ်နှင့် ဤစာအုပ်က တစ်စိတ်တစ်ပိုင်းပါဝင်နေသော ဤစီမံကိန်းတွင် ရည်ရွယ်ချက် အများအပြား ရှိပါသည်။ ပထမဆုံးအချက်မှာ ဗုဒ္ဓဘာသာဝင် စစ်တိုက်နေသူများ ပိုမိုအကျွမ်းတဝင် ရှိနိုင်မည့် စစ်ပွဲဆင်နွှဲမှုနှင့် သက်ဆိုင်သော ဗုဒ္ဓဘာသာအဆုံးအမနှင့် အယူအဆများကို စေ့ငုဆန်းစစ်ခြင်းအားဖြင့် ဗုဒ္ဓဘာသာနှင့် IHL အကြား အလားသဏ္ဍာန်တူသည့်ဆက်နွှယ်မှုကို ၎င်းက ဖော်ထုတ်ပေးပါသည်။ ဗုဒ္ဓဘာသာနှင့် IHL ကို ပေါင်းစည်းချိန်ညှိနိုင်သလောက်နှင့် ဗုဒ္ဓဘာသာအခြေခံသဘောတရားများနှင့် IHL စည်းမျဉ်းများ အလားသဏ္ဍာန်တူနိုင်သလောက် ဗုဒ္ဓဘာသာဝင်အများစုရှိသည့် အခြေအနေများတွင် IHL အား လေးစားလိုက်နာမှုကို တရားဝင်ဖြစ်စေရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဤဆန်းစစ်မှုက အထောက်အကူပြုနိုင်သည့်အပြင် IHL ပညာရေးနှင့် စစ်သင်တန်းအစီအစဉ်များတွင် ယင်းကို ပေါင်းစပ်နိုင်ပေလိမ့်မည်။ ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာနိုင်ငံများရှိ စစ်တပ်များက အနောက်တိုင်းလေ့ကျင့်ရေးပုံစံများကို လက်ခံကျင့်သုံးလေ့ရှိသည့်အတွက် ဤစီမံကိန်းသည် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များအနေဖြင့် စစ်ပွဲအတွင်း၌ ချုပ်တည်းရှောင်ကြဉ်ထိန်းသိမ်းရမည့် ဗုဒ္ဓဘာသာ၏အမွေအနှစ်များအား ထုတ်ယူအသုံးပြုမှုကိုလည်း ဖြစ်စေနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံအတော်များများတွင် ဗုဒ္ဓဘာသာ

ဘုန်းတော်ကြီးများကို ၎င်းတို့၏ ရပ်ရွာလူထုများ၊ နိုင်ငံအစိုးရများ၊ စစ်မှုထမ်းများ၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ဝင်များက အလွန်လေးစားကြသောကြောင့် စစ်မက်တိုက်ခိုက်ခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာ၏ လမ်းညွှန်ချက်များကို IHL နှင့် ဆက်စပ်လိုက်ခြင်းအားဖြင့် ၎င်းတို့အကြားတွင် သိသိသာသာ ပိုမိုခိုင်မာအားကောင်း လာနိုင်ပါသည်။

IHL နှင့် ဗုဒ္ဓဘာသာအခြေခံသဘောတရားများအကြား အလားသဏ္ဍာန်တူသည့်ဆက်စပ်မှုများကို ကျော်လွန်၍ IHL နှင့် တူညီသော ဗုဒ္ဓဘာသာစံနှုန်းများ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစံနှုန်း များကို ဆန္ဒအလျောက် လေးစားလိုက်နာမှု ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် IHL နှင့် IHL ကို လက်တွေ့ အကောင်အထည်ဖော်ကျင့်သုံးခြင်းတို့အကြား ကွာဟမှုကို အထိုက်အလျောက် ပေါင်းကူးဆက်သွယ်ပေးခြင်းဖြင့် ဗုဒ္ဓဘာသာအကျင့်တရားများနှင့် စိတ်ခွတ်အင်အားများကို မည်သို့မည်ပုံ ညွှန်ကြားပြသနိုင်သည်ကို ဤစာအုပ်က စူးစမ်းလေ့လာဖော်ထုတ်ထားပါသည်။

ဗုဒ္ဓဘာသာသည် စိတ်ကိုလေ့ကျင့်ပေးခြင်းအပေါ် ဗဟိုပြုပြီး ၎င်း၏ ထူးခြားသော သတိပဋ္ဌာန်နည်းလမ်းက စစ်သင်တန်းတွင် ဒဏ်ခံနိုင်စွမ်း၊ မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းနှင့် ဖိအားကြီးမားသောပဋိပက္ခအခြေအနေများတွင် စစ်မြေပြင်နေရာ၏ အခြေအနေမှန်အား နားလည်သဘောပေါက်နိုင်စွမ်းတို့ကို မြင့်မားစေရန် မြှင့်တင်ပေးနိုင်ပြီး တိုက်ပွဲဝင်စစ်သည်များကို တိတိကျကျနှင့် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်နိုင်စေရန် ပိုမိုကောင်းမွန်သော စိတ်ခွတ်ရေးရာပြည့်စုံမှုကို ဖြစ်စေပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်သော ရှုထောင့်အမြင်စာတမ်းများ (position papers) ၏ ကနဦးမူကြမ်း များကို Professor Peter Harvey ၊ Professor P.D Premasiri နှင့် Professor Asanga Tilakaratne တို့က ရေးခဲ့သည့်အချိန်သည် ပထမဦးဆုံးသော အောင်မြင်မှုမှတ်တိုင်ကိုရရှိခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသည် နောက်ပိုင်း တွင် ဖွံ့ဖြိုးလာခဲ့သောကြောင့် ရှုထောင့်အမြင်စာတမ်းကို အသိပေးပြီး ဒမ္မုလည်းလာခံအတွက် စာတမ်းများကို ခေါ်ယူကာ ဤအောင်မြင်မှုမှတ်တိုင်က သုတေသနအတွက် မူဘောင်တစ်ခုကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။[3]

ဤစာအုပ်ပါ ဆောင်းပါးများအား *မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ (Contemporary Buddhism)* စာတမ်းကို တည်းဖြတ်ခဲ့ကြသော အယ်ဒီတာအဖွဲ့နှင့် IHL ကျွမ်းကျင်သူတို့ ပါဝင်သည့် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြားဝင်ကာ အချိန်ကာလတစ်ခုကြာ ပြန်လည်သုံးသပ်ခဲ့ကြပြီး ပိုမိုကောင်းမွန်အောင် မွမ်းမံခဲ့ကြပါသည်။ ထိုဆောင်းပါးများတွင် ဗုဒ္ဓဘာသာပညာရှင်များနှင့် ဥပဒေပညာရှင်များအပြင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာလက်တွေ့ဆောင်ရွက်နေသည့်ကျွမ်းကျင်သူများနှင့် အခြားသောကျွမ်းကျင်သူများထံမှ ဆောင်းပါးများပါ ပါဝင်သည်ဖြစ်ရာ ယင်းတို့သည် ပညာရပ်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှု သက်သက်မျှသာ မဟုတ်တော့ပေ။

ဤစာအုပ်ကို Andrew Bartles-Smith ၏ ဗုဒ္ဓဘာသာနှင့် IHL တို့နှင့်ပတ်သက်သော နိဒါန်း ဆောင်းပါး နှင့် စဖွင့်ထားပါသည်။ ထိုဆောင်းပါးက ဤစီမံကိန်း၏ အခြေခံအကြောင်းတရားအတော်များများကို အကျဉ်းမျှ ဖော်ပြ ထားပြီး တရားမျှတသောစစ်ပွဲသည် IHL ပေါ်ထွက်ခဲ့ခြင်းမှ အစပြုကြောင်း အပါအဝင် ဗုဒ္ဓဘာသာနှင့် IHL တို့၏ စည်းမျဉ်းသတ်မှတ်ချက်များ စံနှုန်းများအကြား ကွဲပြားခြားနားမှုများကိုလည်း နှိုင်းယှဉ်ထားပါသည်။ ထို့နောက် ထိုဆောင်းပါးသည် စစ်မှုထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း အပါအဝင် လက်နက်ကိုင်ပဋိပက္ခ၏စည်းမျဉ်း များနှင့် အများဆုံးအကျုံးဝင်သက်ဆိုင်သော ဗုဒ္ဓဘာသာ၏ရှုထောင့်များကို ဖော်ထုတ်ပေးသည့်အပြင် စစ်ပွဲဆင်နွှဲ သည့်အခါ လူသားဆန်စေရေးအတွက် ဗုဒ္ဓဘာသာနှင့် IHL တို့ ဖြည့်ဖက်အဖြစ်ဖြည့်စွက်ပေးနိုင်မှု၊ တစ်ခုနှင့်တစ်ခု အားဖြည့်ပေးမှု အတိုင်းအတာများကိုလည်း စူးစမ်းလေ့လာထားပါသည်။

IHL နှင့်ပတ်သက်သော ဗုဒ္ဓဘာသာရှုထောင့်များကို လေ့လာခြင်းဟူသည့် ဤစာအုပ်၏ပထမပိုင်းတွင် ဤခေါင်းစဉ်နှင့်ပတ်သက်သော အခြေခံသဘောတရားအချို့ကို တင်ပြထားသော ဆောင်းပါးများ ပါဝင်ပါသည်။ ဤအပိုင်းကို Peter Harvey ၏ ဆောင်းပါးနှင့် စဖွင့်ထားပါသည်။ ၎င်းက ထောက်ခံပြောဆိုထားသည်မှာ ဗုဒ္ဓ ဘာသာတရားတော်လာ ကရုဏာတရားနှင့် တစ်ဦးတစ်ယောက်၏ပြုလုပ်မှုကံတရားတို့၏ မကောင်းကျိုးပေးမှု များကို ကန့်သတ်ရန် အလေးထားခြင်းသည် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များ၏ အကျိုးကျေးဇူးအလို့ငှာ လူသားချင်းစာနာထောက်ထားမှု၊ စစ်ရေးဆိုင်ရာလိုအပ်ချက်၊ ခွဲခြားမှု၊ အချိုးအစားညီမျှမှုနှင့် ကြိုတင်သတိထားမှု ဟူသော IHL ၏ မူများနှင့်အညီ တင်းတင်းကျပ်ကျပ် လက်နက်ကိုင်ပဋိပက္ခအတွင်း ၎င်းတို့၏ရည်ရွယ်ချက်ကို စည်းမျဉ်းစည်းကမ်းနှင့်ထိန်းကျောင်းရန်အပြင် ၎င်းတို့ကြောင့် ဖြစ်ပေါ်စေသည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံး ဖြစ်စေရန်ဟု ဆိုလိုပါသည်။ IHL က လိုက်နာကျင့်သုံးရမည့်စည်းမျဉ်းများကို ချမှတ်ပေးစဉ် ဗုဒ္ဓဘာသာကလည်း စစ်သင်တန်းများတွင် ပေါင်းစပ်ထည့်သွင်းနိုင်သော ကိုယ်ကျင့်တရားဆိုင်ရာ မူသဘောတရားများနှင့် စိတ်ခွတ်

လုံ့ဆော်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အလေးထားဖော်ပြပြီး IHL ကို ပိုမိုလေးစားလိုက်နာစေရန် ပါဝင်ထောက်ကူပေးကြောင်း Harvey က ရှင်းပြထားပါသည်။

ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရား အခြေခံမှုများသည် စစ်ပွဲအတွင်း ဆင်းရဲဒုက္ခ အနည်းဆုံး ဖြစ်စေရေးကို အလေးထားပြီး လက်နက်ကိုင်ပဋိပက္ခ၏ အတွင်းအဇ္ဈတ္တ အခြေခံအကြောင်းတရားများကို ထင်ဟပ်သုံးသပ်ထားကြောင်း P.D. Premasiri က သဘောတူပါသည်။ Premasiri က နိုင်ငံရေးကိုယ်ကျင့်သီလနယ်ပယ်ကို အထူးပြုပြီး ပါဠိစာပေများတွင် ပါဝင်သော စစ်ပွဲဆင်နွှဲခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၏ နိုင်ငံရေးဦးဆောင်မှုစံနှုန်းများကို စေ့ငုဆန်းစစ်ပြီး ဇာတ်တော်လာ (ဇာတက) ပုံဝတ္ထုများနှင့် သိကြားမင်းနှင့်ပတ်သက်သော ပုံဝတ္ထုများတွင် ပါရှိသော ဗုဒ္ဓဘာသာ၏ ချုပ်တည်းရှောင်ကြဉ်ထိန်းသိမ်းရမည့်စည်းမျဉ်းစည်းကမ်းများကို ဥပမာများပေးကာဖော်ပြသည့်အပြင် ဧကရာဇ်မင်းကြီး အသောက၏ အမိန့်ပြန်တမ်းများနှင့် သီရိလင်္ကာ မဟာဝံသဇာတ်လမ်းများကိုလည်း ထုတ်နှုတ် ဖော်ပြထားပါသည်။

Asanga Tilakaratne က စစ်ပွဲအခြေအနေတွင် မည်သည့်နေရာ၌မဆို သံသရာမှလွတ်မြောက်ရေးကို သို့မဟုတ် အရဟတ္တမဂ်ဉာဏ်ရရှိရေးကို ဦးတည်သော ရဟန်းတော်တို့၏ ကိုယ်ကျင့်တရားဆိုင်ရာ မျှော်မှန်းချက်များကို တမလွန်ကာလ၌ ပိုမိုကောင်းမွန်သည့် ဘဝသစ်ပြန်လည်မွေးဖွားခြင်းမျှကိုသာ မျှော်မှန်းသည့် ရည်မှန်းချက်နည်းပါးသူ သာမန် ဗုဒ္ဓဘာသာဝင် စစ်တိုက်နေသူများ၏ မျှော်မှန်းချက်များမှ ခွဲခြားသိမြင်ရမည်ဟု ဆိုပါသည်။ သာမန် ဗုဒ္ဓဘာသာဝင်များသည် ၎င်းတို့၏ လောကီဆိုင်ရာတာဝန်များဖြစ်သော အထူးသဖြင့် ၎င်းတို့ ချစ်ခင်မြတ်နိုးသူများ၊ ပြည်သူလူထုနှင့် နိုင်ငံများအား တိုက်ခိုက်ခြင်းမှ ကာကွယ်ခြင်းကို ဗုဒ္ဓဘာသာ၏ အကောင်းဆုံးစံများနှင့် လက်တွေ့ကျကျ ဟန်ချက်ညီအောင် လုပ်ဆောင်ရပါသည်။ လောကီစံနှုန်းအားဖြင့် အတိုင်းအတာတစ်ခုအထိ ကျွမ်းကျင်လိမ္မာသော ကုသိုလ် (*ကုသလ*) ဖြစ်သော်လည်း 'ချီးမွမ်းထိုက်သော' (*ပုည*) ကုသိုလ် လုပ်ရပ်များသည် နိဗ္ဗာန်ရအောင်ကြိုးပမ်းသူ၏ ကုသိုလ် (*ကုသလ*) လုပ်ရပ်များနှင့် မတူညီဟု Tilakaratne က ဆိုပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာအနေဖြင့် ကံမကောင်းအကြောင်းမလှသော်လည်း ခုခံသောစစ်ပွဲ သို့မဟုတ် အကာအကွယ်ပေးသောစစ်ပွဲကို ရံဖန်ရံခါတွင် မလွှဲမရှောင်သာတိုက်ရပြီး သာမန် ဗုဒ္ဓဘာသာဝင် စစ်တိုက်သူများသည် IHL နှင့်အညီ စစ်ရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်များကို ဗုဒ္ဓဘာသာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများနှင့် ဟန်ချက်ညီအောင်ဆောင်ရွက်ကြရမည်ဟု သိရှိနားလည်ထားပါသည်။

Daniel Ratheiser နှင့် Sunil Kariyakarawana တို့က ဗုဒ္ဓဘာသာနှင့် စစ်တပ်အကြား ထင်ရှားသည့် ဆန့်ကျင်ဘက် ဝိရောဓိသဘောတရားများကို ဆန်းစစ်ထားပါသည်။ ဗုဒ္ဓစာပေကျမ်းဂန်လာ အဆုံးအမများနှင့် တကွ သံဃာတော်များနှင့် စစ်ရေးတွင်ပါဝင်နေရသော ဗုဒ္ဓဘာသာဝင်တို့၏ ပြောကြားချက်များကို အရင်းခံလျက် ဗုဒ္ဓဘာသာ၏ အဟိံသတရား၊ ကံတရား (ကာမ) နှင့် ကျွမ်းကျင်လိမ္မာသော (*ကုသလ*) ကုသိုလ်လုပ်ဆောင်ချက်တို့နှင့် အံမဝင်သော်လည်း စစ်တပ်တွင် တာဝန်ထမ်းဆောင်ခြင်းသည် မရှောင်လွှဲနိုင်သောအချက်ဆိုသည့် အယူအဆကို ၎င်းတို့က စောဒကတက်ထားပါသည်။ ထို့နောက် ၎င်းတို့သည် ဗုဒ္ဓဘာသာအဆုံးအမများက စစ်သည်များအား မည်သည့်လမ်းညွှန်ချက်ပေးသည်နှင့် စစ်သင်တန်းလေ့ကျင့်မှုတွင် ထိုအဆုံးအမလမ်းညွှန်ချက်၏ပါဝင်ပတ်သက်မှုများ၊ ကောင်းမြတ်သည့်အရာတို့ကိုကာကွယ်ရန် စည်းကမ်းရှိသော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ ကျွမ်းကျင်သော စစ်တပ်အား ထိန်းသိမ်းထားခြင်းကို ဗုဒ္ဓဘာသာက ထောက်ခံသည်ဆိုသော အချက်တို့ကို ၎င်းတို့က စူးစမ်းလေ့လာပါသည်။

သုတ္တန်ပိဋကတ်လာ ဥပမာများကို ထုတ်နှုတ်လျက် Elizabeth Harris က အများကြိုက် အမြင်နှင့် မတူဘဲ စက္ကဝတ္တိသီဟနာဒသုတ် (Dn.26)၊ မဟာဒုက္ခန္ဓသုတ် (Mn.13) နှင့် မဟာနိဒါနသုတ် (Dn.15) တို့ကဲ့သို့သော အစောပိုင်း ဗုဒ္ဓဘာသာ၏ ပါဠိစာပေများသည် စစ်ပွဲ၏ မနှစ်မြို့ဖွယ်ရာ အမှန်တရားများကို နက်နက်ရှိုင်းရှိုင်း ဖော်ထုတ်အသိပေးထားသော လက်တွေ့မျက်မြင်ကိုအခြေခံသည့် သရုပ်မှန်အမြင်ဖြင့် ထူးခြားသည့်သွင်ပြင်လက္ခဏာဆောင်သည်ဟု ဖော်ပြထားပါသည်။ ဤသုတ္တန်များတွင် လက်နက်ကိုင်ပဋိပက္ခကို ဖြစ်ပွားစေသော စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကြောင်းတရားများအပြင် ယင်း၏ နားလည်ရခက်သော သဘာဝကို ခေတ်မီဆန်းပြားစွာ ခွဲခြမ်းစိတ်ဖြာလေ့လာထားပြီး ပပဉ္စတရား သို့မဟုတ် တဟုန်ထိုးတိုးပွားလာသောအမြင်များဖြင့် လွှမ်းမိုးသော လူ့အသိုင်းအဝိုင်းတွင် လောဘ၊ ဒေါသနှင့် မောဟတရားတို့က လက်တွေ့ဘဝ၏ မတူညီသော တည်ဆောက်မှုပုံစံများအား မည်သို့ ဖန်တီးသွားသည်တို့လည်း ပါဝင်ပါသည်။ ဤတည်ဆောက်မှုပုံစံများက လက်နက်ကိုင်ပဋိပက္ခ၏ ခါးသီးမှုကို မည်သို့ ပိုမိုဆိုးရွားစေသည်နှင့် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များက IHL ကို လေးစားလိုက်နာခြင်းအား ဆန့်ကျင်နိုင်သည့် သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များ၏ လုပ်ငန်းများကို ဟန့်တားနိုင်သည့် အလားအလာ မည်သို့ တိုးပွားလာသည်တို့ကို Harris က ဖော်ပြထားပါသည်။

Diane Denis ၏ ဆောင်းပါးက IHL နှင့် ယောဂါစာရဂိုဏ်းနှင့်ဆက်စပ်မှုရှိသော ရှေးဟောင်း အိန္ဒိယ မြောက်ပိုင်း မဟာယာန ဗုဒ္ဓဘာသာကျမ်းစာတစ်ခုဖြစ်သော ဓမ္မဓမ္မတာဝိဘာဂ (DDV) တို့အကြား ဆက်သွယ်မှုကို စူးစမ်းလေ့လာထားပါသည်။ ဤဆောင်းပါးတွင် ယင်းကျမ်းစာများသည် IHL က ပုံဖော်ထားသည်ဆိုသော ကမ္ဘာ တစ်ဝှမ်းလုံးနှင့် သက်ဆိုင်သည့် အခြေခံမူတို့၏သဘောသဘာဝအတွင်းသို့ ထိုးဖောက်သိမြင်နိုင်စွမ်းကို မည်သို့ ပေးစွမ်းနိုင်ကြောင်းနှင့် ယင်းကျမ်းစာများသည် IHL ၏ အလေးထားမှု တစ်ခုချင်းနှင့် အလေးထားမှုအစုစုတို့ကို ဖော်ပြထားသည့် လက်နက်ကိုင်ပဋိပက္ခနှင့်ပတ်သက်ပြီး တစ်ဦးချင်း စိတ်နေသဘောထားများ၏ အတွင်းအဖွဲ့တွင် လုပ်ဆောင်နေမှုများနှင့် မည်သို့ဆက်စပ်နိုင်သည်ကို စူးစမ်းလေ့လာထားပါသည်။ DDV အရ သက်ရှိအားလုံးတို့၏ သဘာဝသည် ကရုဏာတရားနှင့်ခွဲထုတ်၍မရသော အခြေခံကျသည့် ဉာဏ်ပညာအမြော်အမြင် သို့မဟုတ် အသိဉာဏ် ဖြစ်ပြီး ဤအတွေးအခေါ်က လက်နက်ကိုင်ပဋိပက္ခအတွင်းမှာပင်လျှင် အခြားသူများကို စောင့်ရှောက် ရန်နှင့် ကျင့်ဝတ်နှင့်အညီပြုမူရန် တစ်ဦးချင်းစီ၏ဆန္ဒအား မည်သို့မည်ပုံ ဖွံ့ဖြိုးစေနိုင်သည်ကို Denis က စူးစမ်း ထားပါသည်။

*စစ်တပ်နှင့်စစ်ပွဲဆင်နွှဲခြင်း* ဟူသော ဤစာအုပ်၏ဒုတိယအပိုင်းသည် အထူးသဖြင့် တိုက်ပွဲဝင်စစ်သည်များ အတွက် ဗုဒ္ဓဘာသာတရားတော်၏ လမ်းညွှန်ချက်နှင့် စစ်မက်တိုက်ခိုက်မှုပြုလုပ်ရာတွင် ပိုမိုတိုးတက်ကောင်းမွန် လာစေရန် ဗုဒ္ဓဘာသာက မည်သို့အကျိုးပြုနိုင်သည်ကို အဓိကဖော်ပြထားပါသည်။ ဤအပိုင်းကို ဓမ္မစာရီသီဟနာဒ ရေးသားသောဆောင်းပါးဖြင့် အစပြုထားပါသည်။ ဗုဒ္ဓဘာသာဝင်စစ်သည်များသည် အကြမ်းမဖက်ရေး သို့မဟုတ် မညှဉ်းဆဲရေးကို မဏ္ဍိုင်ပြုထားသော ဗုဒ္ဓဘာသာ၏ (*အဟိံသ*) တရားတော်နှင့် တစ်စုံတစ်ရာ ဆန့်ကျင်နေသည်ဟု အချို့က ရှုမြင်ကြသည့် အတွေးအခေါ်ကို ၎င်းက ဆန်းစစ်ပါသည်။ ဗုဒ္ဓဘာသာ အခြေခံမူ သဘောတရား များကို စစ်ရေးဆိုင်ရာအခြေအနေတွင် မည်သို့အသုံးချနိုင်သည်ကို လေ့လာခြင်းထက် ဗုဒ္ဓဘာသာ အတွေးအခေါ် အယူအဆ နည်းလမ်းများကို အသုံးပြုပြီး ဗုဒ္ဓဘာသာဝင်စစ်သည်ဟူသည် မည်သို့သဘောရှိနိုင်သနည်း ဟူသည့် အချက်ကို နားလည်အောင်ကြိုးစားရန် မဂျမက (မဟာယာန) အစဉ်အလာရှုထောင့်မှ ချဉ်းကပ်လေ့လာမှုကို သီဟနာဒက ရွေးချယ်ပါသည်။

Vishakha Wijenayake က ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုလုံးသည် လက်နက်ကိုင်ပဋိပက္ခအတွင်း အထူးသဖြင့် တိုက်ပွဲဝင်စစ်သည်များ၏အသက်ကို *အကာအကွယ်ပေးရန်* နှစ်ဘက်စစ်သည်များအား အပြန်အလှန် ချုပ်တည်း ကာ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် မည်သို့ တိုက်တွန်းအားပေးကြောင်းကို လေ့လာဆန်းစစ်ထားပါသည်။ ၎င်းက ဤကိစ္စနှင့်ပတ်သက်ပြီး IHL နှင့်အတူ ဗုဒ္ဓတရားတော်များ အထူးသဖြင့် (*ဇာတက*) ဇာတ်တော် ပုံဝတ္ထုများ ကို လေ့လာပြီး အထူးသဖြင့် သေယျဇာတက (အမှတ် ၂၈၂) တွင် ပါရှိသော IHL ၏ လက်နက်ချအညံ့ခံခြင်း စည်းမျဉ်းဖြင့် တိုက်ပွဲဝင်စစ်သည်များအပေါ် မလိုလားအပ်သောအန္တရာယ်ကျရောက်မှုအား မည်သို့ လျှော့ချနိုင် သည်ကို လေ့လာပါသည်။

ပစ်မှတ်ထားခြင်းနှင့်ပတ်သက်ပြီး လေးစားလိုက်နာရန်မှာ တိုက်ပွဲဝင်စစ်သည်များအနေဖြင့် စစ်မြေပြင် နေရာ၌ ဖြစ်ပျက်နေသည်များကို မှန်ကန်စွာနားလည်ရန် လိုအပ်သောကြောင့် လက်တွေ့အခြေအနေတွင် ပစ်မှတ် ထားခြင်းနှင့်ပတ်သက်ပြီး IHL ကို ကျင့်သုံးရန် ခက်ခဲလှသည့် ပြဿနာကို အာရုံစိုက်စဉ်းစားရသည့် ပုံတိုပတ်စများ နှင့် ပဟေဠိများပါဝင်သော ကမ္မဋ္ဌာန်းအကျင့်ပုံစံတစ်မျိုးဖြစ်သည့် ဇင်ကိုရန်ကျင့်စဉ်က မည်သို့ လွယ်ကူလာအောင် ကူညီပေးနိုင်ကြောင်းကို Noel Trew က လေ့လာထားပါသည်။ ကိုရန်ကျင့်စဉ်သည် တိုက်ပွဲဝင်စစ်သည်များအား ဒွိဟဖြစ်စေသော သတင်းအချက်အလက်များပေါ် အခြေခံ၍ အရေးကြီးသော ဆုံးဖြတ်ချက်များကိုပြုလုပ်နိုင်ရန် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်စေသည့်အပြင် ၎င်းတို့၏ အတွေး သို့မဟုတ် အမြင်တွင် မှားယွင်းမှုများ ရှိနေပါက ပြင်ဆင်နိုင်စေသည်ဖြစ်ရာ ဤနည်းအားဖြင့် ၎င်းတို့အား စစ်ပွဲ၏မပီဝိုးတဝါးမသဲမကွဲဖြစ်မှု အခြေအနေများကို ထွင်းဖောက်သိမြင်စေသည်ဟု ၎င်းက ဆိုပါသည်။

ဝိုင်းရံပိတ်ဆို့တိုက်ခိုက်ခြင်းသည် လူ့ယဉ်ကျေးမှုစတင်သည့်ကာလမှ စတင်တည်ရှိခဲ့ပြီး မျက်မှောက်ခေတ် စစ်ပွဲများတွင်လည်း မကြာခဏတွေ့ရသော စိတ်ပျက်ဖွယ်ရာ သွင်ပြင်လက္ခဏာတစ်ခု ဖြစ်ပါသည်။ Nishara Mendis က ဥမ္မဂ္ဂဇာတ်တော် (အမှတ် ၅၄၆) နှင့် အသာတရူပဇာတ်တော် (အမှတ် ၁၀၀) တို့ကို ပုံဆောင်ပြကာ ဝိုင်းရံပိတ်ဆို့တိုက်ခိုက်ခြင်းကို စည်းမျဉ်းစည်းကမ်းဖြင့်ထိန်းကျောင်းရန်နှင့် အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်မွတ်စေခြင်းကို ကာကွယ်တားဆီးရန်အတွက် IHL ကို ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားများက မည်သို့ ထောက်ကူပေးနိုင်သည်ကို ဆန်းစစ်လေ့လာပြီး ဤရှေးဟောင်း ဖြစ်ရပ်လေ့လာမှုများ၏ ခက်ခဲရှုပ်ထွေးမှုက ဥပဒေ သို့မဟုတ် စစ်သင်တန်းပေးလေ့ကျင့်မှုနှင့် ပညာရေးတို့တွင် ယင်းတို့ကို အသုံးပြုမှု ဖြစ်နိုင်ခြေအလားအလာကို ပြဆိုနေသည်ဟု ၎င်းကဆိုပါသည်။

*ထိခိုက်နစ်နာမှုများကိုအနည်းဆုံးဖြစ်စေခြင်းနှင့် လက်တွေ့တန်ဖိုးထားမှုများ* ဟူသော ဤစာအုပ်၏ တတိယပိုင်းက လက်နက်ကိုင်ပဋိပက္ခအတွင်း ထိခိုက်နစ်နာမှုများကို လက်တွေ့ အနည်းဆုံးဖြစ်စေခြင်းနှင့် သက်ဆိုင်သော တိကျသည့် ဗုဒ္ဓဘာသာ အရည်အသွေးများ၊ အယူအဆအမြင်သဘောထားများနှင့် အကျင့်တရားများကို အထူးပြုလေ့လာပါသည်။ Alex Wakefield က ဗုဒ္ဓဘာသာ အရည်အသွေးဖြစ်သော စိတ်ရှည်ခြင်း၊ အောင့်အည်းထိန်းချုပ်နိုင်ခြင်း သို့မဟုတ် သည်းခံခြင်း သဘောဖြစ်သော ခန္တီတရားက စစ်ပွဲအတွင်း မသင့်လျော် မကျွမ်းကျင်သော အမူအကျင့်များကို လျှော့ချခြင်းအားဖြင့် IHL ကို မည်သို့ အထောက်အကူပေးနိုင်သည်ကို ဦးစွာ ဆန်းစစ်ပါသည်။ ခန္တီတရားသည် မုန်းတီးမှုနှင့် ဒေါသတို့၏ ဆန့်ကျင်ဘက် ဖြစ်ပြီး လက်တုံ့မပြန်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ လွှမ်းခြုံထားသောကြောင့် ၎င်းသည် အထူးသဖြင့် စစ်ပွဲဆင်နွှဲခြင်း၊ ဒုက္ခရောက်ရသည့်အခြေအနေနှင့် လက်စားချေလိုခြင်းတို့က စေ့ဆော်ပေးလိုက်သည့် ရက်စက်ကြမ်းကြုတ်မှုများ အပါအဝင် ဒေါသနှင့် အင်အား အလွန်အကျွံ အသုံးပြုခြင်းကို အကျိုးဆက်ဖြစ်စေနိုင်သော မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းပျောက်ဆုံးခြင်းတို့ကို ငြင်းဆန်ခြင်းနှင့် သက်ဆိုင်ပါသည်။ ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းကို ခန္တီတရားတိုးပွားအောင် ကျင့်သုံးနိုင်ပြီး စစ်သင်တန်း လေ့ကျင့်ပေးမှုနှင့် IHL အား လေးစားလိုက်နာမှုတို့ကို အားဖြည့်ပေးရန် ယင်းကမ္မဋ္ဌာန်းကို မေတ္တာဘာဝနာနှင့် အနတ္တဖြစ်ကြောင်းဆင်ခြင်သုံးသပ်မှုတို့နှင့် ပေါင်းစပ်နိုင်သည်ဟု Wakefield က ဆိုပါသည်။

Bhagya Samarakoon သည် ဗုဒ္ဓဟောကြားသော တရားတော်များတွင် အကြိမ်များစွာ ပါဝင်ပြီး ဗုဒ္ဓ၏ နောက်ဆုံးစကားတွင် အပါအဝင်ဖြစ်သော *အပ္ပမာဒ* ဟုခေါ်သည့် သတိတရားသည် စစ်ပွဲများတွင် ထိန်းထိန်း သိမ်းသိမ်းရှိစေရန်နှင့် ဆက်စပ်ထိခိုက်ပျက်စီးမှုများလျော့နည်းစေရန် မည်သို့ ပါဝင်နိုင်သည်ကို ဆန်းစစ်လေ့လာပါသည်။ အရပ်သားများကို ထိခိုက်နစ်နာမှုဖြစ်စေနိုင်သော တိုက်ခိုက်မှုတစ်ခုကို ပြုလုပ်ရန် ဆုံးဖြတ်ချက်သည် တိတိကျကျသတ်မှတ်ထားသည့်ဖြစ်စဉ်တွင် စစ်ဘက်ကွပ်ကဲသူ၏ အသိအမြင်၊ တန်ဘိုးထားမှုများနှင့် စိတ်စေတနာကောင်းတို့ပေါ် မူတည်ပြီး IHL ၏ ကြိုတင်သတိထားမှု အခြေခံမူနှင့် ကြီးမားစွာသက်ဆိုင်သည့်အတွက် ဤအပ္ပမာဒတရားသည် အလွန်အရေးကြီးပါသည်။ ဤအယူအဆတွင် ကိုယ်ကျင့်တရားရှုထောင့် ပါဝင်ပြီး ယင်းသည် စစ်ပွဲ၌ ပါဝင်တိုက်ခိုက်နေရသော ဗုဒ္ဓဘာသာဝင်တို့ ဆုံးဖြတ်ချက်ချရသောအခါများတွင် အသုံးဝင်ပြီး စစ်သည်တို့၏ စိတ်သန္တာန်တွင် ဤအရည်အသွေးကို တရားလေ့လာနာယူသင်ကြားခြင်းနှင့် သတိပဋ္ဌာန် ပွားများ ကျင့်သုံးခြင်းတို့ဖြင့် ရရှိနိုင်သည်ဟု ၎င်းက ဆိုပါသည်။

Christina Kilby က လက်နက်ကိုင်ပဋိပက္ခကာလအတွင်း အကြမ်းဖက်မှု၊ အထိတ်တလန့်ဖြစ်မှု သို့မဟုတ် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုတို့ကြောင့် အန္တရာယ်ကျရောက်လွယ်သော လူထုကို အကာအကွယ်ပေးရန်အတွက် ဗုဒ္ဓဘာသာ၏ မူဘောင်တစ်ခုအဖြစ် 'ကြောက်ရွံ့ခြင်းကင်းမှု လက်ဆောင်' ဟူသည့် *အဘယဒါန*ကို တင်ပြထားပါသည်။ ဤအဘယဒါနတရားသည် ယခုခေတ်အခါ၌ ဗုဒ္ဓဘာသာဝင်တို့ ကျင့်သုံးမှုနည်းပါးသွားသည့် ရှေးခေတ် အိန္ဒိယအယူဝါဒဖြစ်သော်လည်း အဘယဒါန သဘောသည် IHL တွင် ထည့်သွင်းပြဋ္ဌာန်းထားသော အကာအကွယ်ပေးခြင်း အခြေခံမူများကို ပြည့်စုံအောင်ဖြည့်စွက်ပေးပြီး အားဖြည့်ပေးသော ဗုဒ္ဓဘာသာ၏ ပဓာနကျသော အကာအကွယ်ပေးခြင်း အခြေခံမူသဘောတရားတစ်ခုဖြစ်ပြီး အစိုးရများနှင့် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များကို ၎င်းတို့အုပ်ချုပ်ရန်ရည်ရွယ်သူများအား အကာအကွယ်ပေးရန် ၎င်းတို့၏တာဝန်ကို သတိရစေရန် နှိုးဆော်သတိပေးသည်ဟု ၎င်းက ဆိုပါသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများ ရှိနေသော်လည်း စစ်ပွဲများတွင် ပဋိပက္ခနှင့်နီးနွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပျံ့နှံ့ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ဤပြဿနာကို ကူညီဖြေရှင်းရန် ဗုဒ္ဓဘာသာတရားတော်နှင့် အကျင့်တရားများက IHL အား ပိုမိုပြည့်စုံအောင် မည်သို့ ဖြည့်စွက်ပေးနိုင်မည်ကို Charya Samarakoon က ဆန်းစစ်ထားပါသည်။ အထူးသဖြင့် တိုက်ပွဲဝင်စစ်သည်များအတွက် ကမ္မဋ္ဌာန်းတရားထိုင်သင်တန်း အသုံးပြုခြင်းနှင့် အနတ္တလက္ခဏသုတ် (Sam.22.59) တွင် အသေးစိတ်ဟောကြားခဲ့သည့်အတိုင်း ထာဝရတည်မြဲသောအတ္တမရှိဟူသည့် ဗုဒ္ဓဒေသနာ၏အရေးပါမှုတို့ကို ၎င်းက အဓိကဖော်ပြထားပြီး ထိုနည်းလမ်းဖြင့် စစ်သည်တို့၏ စာနာမှုနှင့် ကရုဏာတရားထားနိုင်စွမ်းတို့ကို ပိုမိုအားကောင်းစေနိုင်သည်ဟု ဆိုပါသည်။ ဗုဒ္ဓဘာသာ၏ ဤသဘောတရားရင်းမြစ်များသည် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ပိုမိုဆိုးရွားစေနိုင်သော အဆိပ်အတောက်ဖြစ်သည့် အင်အားနှင့် လိင်ဆိုင်ရာ သဘောထားခံယူချက်တို့ကို ပပျောက်စေနိုင်သည့် လက်တွေ့ကျသော နည်းလမ်းများဖြစ်သည်ဟု Samarakoon က ဆိုပါသည်။

Ven. Kosgama Muditha ၊ Ven. Koralagama Gnanawasa နှင့် Ven. Kirindiwela Pagngnawansa တို့ကလည်း ဗုဒ္ဓဘာသာသည် ပဋိပက္ခများ၏ အရင်းအမြစ်ဖြစ်သော စိတ်အတွင်းရှိ ကိလေသာ အညစ်အကြေးတို့ကို ပိုမိုသတိပြုမိစေခြင်းအားဖြင့် IHL ကို လက်တွေ့ကျင့်သုံးရာ၌ မည်သို့ လွယ်ကူချောမွေ့စေနိုင်ပြီး စစ်ပွဲတွင်

ဆင်းရဲဒုက္ခခံစားရမှုကို မည်သို့ လျှော့ချပေးနိုင်သည်ကို ဆန်းစစ်လေ့လာသုံးသပ်ထားပါသည်။ ဗုဒ္ဓအဆုံးအမ တရားတော်တို့သည် စစ်မက်တိုက်ခိုက်နေသူများကို လိုအပ်သော မိမိကိုယ်ကိုထိန်းချုပ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် စစ်ပွဲအတွင်းဖမ်းဆီးရမိသူများကို လူသားဆန်စွာ ခွဲခြားမှုမရှိဘဲ ဆက်ဆံရန် တာဝန်တို့ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုနိုင်ကြောင်း ဝေပစိတ္တသုတ် (Sam.11.4) ကို အထူးသဖြင့် ရည်ညွှန်းပြီး မဟာစိတ္တာရီသကသုတ် (Mn.117) တွင် ပေးထားသော လုပ်နည်းစနစ်က ဤအရည်အချင်းများကို လက်တွေ့အသုံးချရာတွင် အကူအညီ ဖြစ်နိုင်သည်ဟု အကြံပြုထားကြောင်း ၎င်းတို့က ဆိုပါသည်။

*ဗုဒ္ဓဘာသာ သမိုင်းနောက်ခံနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရှုထောင့်* ဟူသော ဤစာအုပ်၏ စတုတ္ထနှင့်နောက်ဆုံးပိုင်းတွင် စစ်ပွဲနှင့်ပတ်သက်၍ လက်တွေ့ကျင့်သုံးနေသည့် ဗုဒ္ဓဘာသာ အခြေခံမူ သဘော တရားများတွင် သမိုင်းနောက်ခံဥပမာများနှင့်ပတ်သက်၍ အဓိကတင်ပြထားပြီး လက်နက်ကိုင်ပဋိပက္ခများကို ဗုဒ္ဓဘာသာ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ပုံတို့နှင့်ပတ်သက်၍ အဓိက တင်ပြထားပါသည်။ Michael Charney က တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို အကာအကွယ်ပေးခြင်းအတွက် IHL ၏ စည်းမျဉ်းများ သည် ယေဘုယျအားဖြင့် အနောက်တိုင်းမှအစပြုခဲ့သည်များဖြစ်သော်လည်း စစ်ပွဲဆင်နွှဲရာ၌ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခြင်းကို အနောက်တိုင်းမဟုတ်သော လူ့ဘောင်အဖွဲ့အစည်းအများအပြားက လက်ကိုင်ပြု ကျင့်သုံးကြ ကြောင်း တင်ပြထားပြီး မြန်မာနိုင်ငံ ကိုလိုနီမဖြစ်မီက ဘုရင့်နန်းတော်တွင် စစ်ပွဲများနှင့်ပတ်သက်ပြီး ဗုဒ္ဓဘာသာ စေ့ဆော်မှုဖြင့် ၎င်းတို့၏ ကိုယ်ပိုင် ကန့်သတ်ချက်များအား မည်သို့ ဖော်ဆောင်ခဲ့သည်ကို ဖော်ပြထားပါသည်။ မြန်မာဘုရင်အား ဗြိတိသျှတို့နန်းချပြီးနောက် အမြဲတမ်းစစ်တပ်ပြိုကွဲသွားကာ နောက်ဆက်တွဲ ထကြွသောင်းကျန်း မှုကို ရက်ရက်စက်စက် နှိမ်နင်းခဲ့သည့်လုပ်ရှားမှုကြောင့် ဤပုံစံကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားခဲ့ပြီး အစောပိုင်း ကာလ ဗုဒ္ဓဘာသာစေ့ဆော်မှုဖြင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှု မှတ်သားထားချက်များ ကွယ်ပျောက်သွား ကြောင်း ၎င်းက ဆက်လက်ရှင်းပြထားပါသည်။

Hyein Lee က ကိုးရီးယားဗုဒ္ဓဘာသာ၏ ချိုဂျီ (Chogye) ဂိုဏ်းကရေးသားစီရင်ပြီး တောင်ကိုးရီးယား စစ်စခန်းများတွင် ဖြန့်ဝေသည့် "လက်နက်ကိုင်တပ်ဖွဲ့အတွက် မရှိမဖြစ်လိုအပ်သော အခြေခံ ဗုဒ္ဓအဆုံးအမများ" ဟူသော ခွတ်ခွန်း ပိုဗျော့ ချစ်ပ် (Kukkun Pobyo Chip) ဟူသည့် ဗုဒ္ဓဘာသာ စစ်မှုထမ်းဘုန်းတော်ကြီးများအတွက် လက်စွဲကို ဆန်းစစ်လေ့လာထားပါသည်။ စစ်မှုထမ်းဘုန်းတော်ကြီးများအား ဗုဒ္ဓဘာသာဒေသနာအကြောင်းအရာ များနှင့် လက်တွေ့အကြောင်းအရာများ အပြင် ဈာပနကိစ္စများနှင့် အခြားအရေးပါသော ဘာသာရေး ရိုးရာဓလေ့ များအတွက် လမ်းညွှန်ချက်ပေးရန် ဗုဒ္ဓဘာသာစာပေကျမ်းဂန်များနှင့်အဆုံးအမများပေါ်တွင် ဤလက်စွဲက မည်သို့ ထုတ်နှုတ်ယူထားကြောင်းကို ၎င်းက ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာအယူအဆများကို ကိုးရီးယား အမျိုးသားရေး ဝါဒနှင့် ပေါင်းစပ်ထားပြီး ယင်းက ဗုဒ္ဓဘာသာနှင့် IHL ကို အတိအလင်း ရည်ညွှန်းထားခြင်း မရှိသည့်တိုင် IHL နှင့် သဘောတရားချင်းကိုက်ညီသော စစ်ရေးဆိုင်ရာလိုအပ်ချက်တို့အကြား တင်းမာမှုကိုလည်း ထင်ဟပ်ဖော်ပြထားပါ သည်။ ထို့ကြောင့် ကိုးရီးယား ဘာသာရေး စစ်မှုထမ်းဘုန်းကြီးအလုပ်ဖြင့် IHL ၏ တန်ဘိုးထားမှုများနှင့် ဖြည့်ဖက် ဖြစ်သော ဗုဒ္ဓဘာသာတို့နှင့်ပတ်သက်၍ ပညာရေးဖော်ဆောင်ရန် အလားအလာရှိသည်ဟု Lee က အကြံပြုထားပါ သည်။

Daiki Kinoshita က တရုတ်ပြည်တွင် ကျိရီ (Zhiyi) ကလည်းကောင်း၊ ဂျပန်တွင် နီချိရန်း (Nichiren) နှင့် စိုးခ ဂတ်ခိုင်း (Soka Gakkai) တို့ကလည်းကောင်း *ကြာပန်းသုတ္တန်* (*Lotus Sutra*) ကို မဟာယာနရှုထောင့်မှ မည်သို့အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို IHL ၏ အဓိက အခြေခံမူများနှင့်ဆက်နွှယ်ပြီး စူးစမ်းလေ့လာထားပါသည်။ ၎င်းက ဤကိစ္စနှင့်ပတ်သက်ပြီး စိုးခ ဂတ်ခိုင်း အဓိက ဒေသနာ သုံးပုဒ်ကို ဆန်းစစ်လေ့လာထားပြီး အထူးသဖြင့် နျူးကလီးယားလက်နက်များ တားမြစ်ရေးနှင့် ပတ်သက်၍ ယနေ့ခေတ်တွင် IHL အား လေးစားလိုက်နာမှုကို ဗုဒ္ဓဘာသာအဖွဲ့အစည်းများက မည်သို့ ပိုမိုတိုးတက်အောင် မြှင့်တင်လုပ်ဆောင်ပေးနိုင်သည်ကို ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်ထားပါသည်။

ဤစာအုပ်ကို လူမှုရေးတွင်ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်း နီလှုပ်ရှားမှုက အစပြုချမှတ်ခဲ့သည့် လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်းနှင့် လွတ်လပ်ခြင်း ဟူသော အဓိက မူများအကြား ဆက်သွယ်မှုများကို မီးမောင်းထိုးဖော်ပြထားသော Ha Vinh Tho၊ Edith Favoreu နှင့် Noel Trew တို့၏ ဆောင်းပါးနှင့် အဆုံးသတ်ထားပါသည်။ IHL ၏ အစိတ်အပိုင်း မဟုတ် သော်လည်း ဤအခြေခံမူများသည် IHL နှင့် အကျုံးဝင်သက်ဆိုင်သော လက်နက်ကိုင်ပဋိပက္ခ အခြေအနေများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုအတွက် ကြားနေသော၊ ခွဲခြားမှုမရှိသော၊ လွတ်လပ်သော

ချဉ်းကပ်မှုနည်းလမ်းကို အခိုင်အမာကျောထောက်နောက်ခံပြုထားပြီး အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းအများအပြား၏ လုပ်ငန်းကိုလည်း လမ်းညွှန်ပေးပါသည်။

ဤ IHL နှင့် ဗုဒ္ဓဘာသာ စီမံကိန်းအတွက် ကျေးဇူးတင်ရမည့် တန်ဖိုးမဖြတ်နိုင်သော ပါဝင်ကူညီပံ့ပိုးမှုပေးခဲ့သူတို့၏ စာရင်းကို ဤနေရာတွင် ထည့်သွင်းဖော်ပြရန်မှာ အလွန်ပင် ရှည်လျားပေလိမ့်မည်။ ဤစာအုပ်ကို ရေးသားကြသူများ၊ တည်းဖြတ်ကြသူများနှင့် ဒမ္မုလညီလာခံတွင် ပါဝင်ခဲ့ကြသူများအပြင် ဒိုင်ခံ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသူများနှင့် ဤစာအုပ်ကို စီစဉ်ရာတွင် ပါဝင်ခဲ့ကြသည့် များစွာသော ICRC လုပ်ဖော်ကိုင်ဘက်များ မပါဘဲ ဤစီမံကိန်း ဖြစ်လာနိုင်မည် မဟုတ်ပေ။ ဗုဒ္ဓဘာသာနှင့် IHL ဆောင်းပါးများ၊ လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်သော နောက်ထပ် သတင်းအချက်အလက်များနှင့် အခြားသော ကိုးကွယ်ရာဘာသာများနှင့်ပတ်သက်သည့် ICRC ၏ အလားတူ စီမံကိန်းများကို ICRC ၏ ဘာသာရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာမူများ အင်တာနက်စာမျက်နှာ website ဖြစ်သည့် https://blogs.icrc.org/religion-humanitarianprinciples တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

## မှတ်စုများ

1.https://blogs.icrc.org/religion-humanitarianprinciples/project-on-the-interface-between-buddhism-and-ihl/. ကို ကြည့်ပါ။

2. https://blogs.icrc.org/religion-humanitarianprinciples/contemporarybuddhism-publishes-icrc-article-exploring-interface-between-buddhism-andihl/. ကို ကြည့်ပါ။

3. ဗုဒ္ဓဘာသာနှင့် IHL စီမံကိန်းများအတွက် https://blogs.icrc.org/religion-humanitarianprinciples/project-on-the-interface-between-buddhim-and-ihl/. ကို ကြည့်ပါ။

## အတိုကောက်ကျမ်းညွှန်းစကားလုံးများ

ပါဠိကျမ်းအကိုးအကားများအတွက် အသုံးပြုထားသော အတိုကောက်စကားလုံးများသည် PTS မူအတွက် ဖြစ်ပါသည်။ အခြားကျမ်းအကိုးအကားများအတွက် အသုံးပြုထားသော အတိုကောက်စကားလုံးများသည် ဤနေရာတွင် ဖော်ပြထားသော တည်းဖြတ်မှု (သို့) ဘာသာပြန်မှုများအတွက် ဖြစ်ပါသည်။

**Dn.** ဒီဃနိကာယ် - *Dīgha Nikāya.* Translated by M. Walshe. [1987] 1995. *The Long Discourses of the Buddha: A Translation of the Dīgha Nikāya.* Boston: Wisdom.

**Mn.** မဇ္ဈိမနိကာယ် - *Majjhima Nikāya*. Translated by Bhikkhu Ñāṇamoli and Bhikkhu Bodhi. 1995. *The Middle Length Discourses of the Buddha: A Translation of the Majjhima Nikāya.* Boston: Wisdom.

**Sam.** သံယုတ်နိကာယ် - *Saṃyutta Nikāya.* Translated by Bhikkhu Bodhi. 2000. *The Connected Discourses*
*of the Buddha: A Translation of the Saṃyutta Nikāya.* Boston: Wisdom.

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

**နိဒါန်း - ဗုဒ္ဓဘာသာကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် မည်သို့နှိုင်းယှဉ်မည်နည်း။ ဗုဒ္ဓဘာသာက စစ်ပွဲတွင် လူသားဆန်မှုကို ဖြစ်စေနိုင်ပါသလား။**

Andrew Bartles-Smith

**ဆောင်းပါးအနှစ်ချုပ်**

ဤဆောင်းပါးတွင် စစ်ပွဲကိုထိန်းကျောင်းသည့်စည်းမျဉ်းစည်းကမ်းများနှင့်သက်ဆိုင်သော ဗုဒ္ဓဘာသာအဆုံးအမများကို ဆန်းစစ်လေ့လာပြီး ယင်းတို့ကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့်လည်းကောင်း၊ IHL ကို သင်ကြားပေးခြင်းဖြင့် တရားမျှတသော စစ်ပွဲအစဉ်အလာတို့နှင့်လည်းကောင်း နှိုင်းယှဉ်ပါသည်။ ဗုဒ္ဓဘာသာ၏ကိုယ်ကျင့်တရားများသည် စစ်ပွဲအတွင်း ဖြစ်ပေါ်သော ထိခိုက်နစ်နာမှုကို အနည်းဆုံးဖြစ်စေရန် IHL ၏ စည်းမျဉ်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီမှု ရှိပြီး ဗုဒ္ဓဘာသာ၏ စိတ်ဓာတ်ရေးရာရင်းမြစ်များက ယေဘုယျ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို လေးစားလိုက်နာမှု ပိုအားကောင်းလာအောင် IHL အား ကူညီထောက်ပံ့ပေးနိုင်ပါသည်။ ဗုဒ္ဓဘာသာ သတိပဋ္ဌာန် နည်းလမ်းသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော တိုက်ပွဲဝင်စစ်သည်များကိုပင်လျှင် စိတ်ပိုင်းဆိုင်ရာခံနိုင်ရည်ရှိမှု၊ ကျွမ်းကျင်မှုနှင့် ထိန်းထိန်းသိမ်းသိမ်း တိုက်ခိုက်နိုင်စွမ်းကို အထောက်အကူဖြစ်စေနိုင်ပါသည်။ IHL သည် အချို့သော အခြေအနေများတွင် ဖြစ်ပေါ်သော အကြမ်းဖက်မှုများကို တရားဝင်ဖြစ်အောင်ဆောင်ရွက်ပေးသည့် ဥပဒေနစ်ဖြစ်ပြီး နိုင်ငံတကာက အတည်ပြုလက်ခံသော စည်းမျဉ်းများကို ချမှတ်ပေးသလို ဗုဒ္ဓဘာသာသည် အခြေခံအားဖြင့် အပြုအမူများကို ဖြစ်စေသော စေ့ဆော်မှုများနှင့် အတွင်းအဇ္ဈတ္တအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းသည့် ကိုယ်ကျင့်သီလနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ စနစ်တစ်ခုဖြစ်ရာ နည်းလမ်းအမျိုးမျိုးဖြင့် နားလည်သဘောပေါက်နိုင်ပြီး အနက်အဓိပ္ပါယ်ကောက်ယူနိုင်ပါသည်။ ယင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာသည် စစ်ရေးဆိုင်ရာ ကိုယ်ကျင့်တရားနယ်ပယ်နှင့် ထပ်တူညီမှုရှိနေပြီး စစ်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို ပိုမိုကောင်းမွန်စေရန် ပါဝင်အကျိုးပြုနိုင်ပါသည်။ သို့သော်လည်း မညွင်းဆဲရေး (*အဟိံသ*) ကို မဏ္ဍိုင်ထားသော ဗုဒ္ဓဘာသာက စစ်ပွဲကို ကာကွယ်တားဆီးရန် သို့မဟုတ် စစ်ပွဲကြောင့် ဖြစ်ပေါ်သော ထိခိုက်နစ်နာမှုကို အနည်းဆုံးဖြစ်စေရန် - ဤနည်းအားဖြင့် အလွန်အမင်း ထိန်းချုပ်မှုမရှိသော IHL ၏ အနက်အဓိပ္ပါယ်များကို စစ်ဆေးရန် - အထူးတလည် ကြိုးပမ်းအားထုတ်မှုများကို ပြုလုပ်သင့်ကြောင်း ဟောကြားပါသည်။ ဗုဒ္ဓဘာသာ၏ အကျိုးဆက်ဖြစ်သော တရားဝင်ဖြစ်အောင်လုပ်ရန်နှင့် ဤနည်းအားဖြင့် စစ်ပွဲကို အတည်တကျ သတ်မှတ်ပြဋ္ဌာန်းရန် မလိုလားခြင်းနှင့် ယင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာအဆုံးအမတရားများ၏ အနက်ထွေပြားခြင်းက စစ်တိုက်နေသူများအတွက် လိုက်နာရန် တရားသောစစ်ပွဲ လမ်းညွှန်ချက်များကို ရှင်းရှင်းလင်းလင်း ဖော်ဆောင်ခြင်းမှ ယင်းကို ယေဘုယျအားဖြင့် ဟန့်တားပိတ်ပင်ခဲ့ပြီး စစ်မက်တိုက်ခိုက်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဗုဒ္ဓဘာသာ ကျမ်းစာရင်းမြစ်များကို အဓိကအားဖြင့် အသုံးမပြုရသေးပေ။

ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ၏ သမားရိုးကျ အစဉ်အလာများကိုလည်း ပို၍နက်နဲပြီး ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့မှုမရှိသော ယုံကြည်မှုများနှင့် ကျင့်သုံးပုံများမှလည်းကောင်း၊ တူညီသော ရှောင်ကြဉ်ထိန်းသိမ်းမှု အတိုင်းအတာ သေချာပေါက် ပါဝင်ခြင်းမရှိသည့် သာမန် ဗုဒ္ဓဘာသာဝင်အများစု အကျွမ်းတဝင်ရှိပြီး ကျင့်သုံးနေကြသော ဗုဒ္ဓဘာသာအကျင့်တရားများမှလည်းကောင်း ခွဲခြားနားလည်သင့်ပါသည်။ ထို့ကြောင့် စစ်မက်တိုက်ခိုက်နေကြသူများတွင် ၎င်းတို့၏ ယဉ်ကျေးမှုအစဉ်အလာနှင့် အခြေအနေအချိန်အခါအရ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ကွဲပြားခြားနားသော အယူအဆများ သို့မဟုတ် မျှော်လင့်ချက်များ ရှိကောင်းရှိနိုင်ပေမည် သို့မဟုတ် စစ်ပွဲဆင်နွှဲခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာက မည်သို့ဆိုထားသည်ကို မရှင်းမလင်းဖြစ်ကောင်းဖြစ်နိုင်ပေမည်။

**နိဒါန်း**

ယခုအခါ အများစုအတွက် *ယုစ်အင်ဘဲလို - jus in bello* နှင့် အဓိပ္ပါယ်တူသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) သည် စစ်ပွဲဆင်နွှဲခြင်းအပေါ် လွှမ်းမိုးထိန်းချုပ်သော အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ ခက်မတစ်ခု ဖြစ်ပါသည်။ IHL ၏ အဓိကစာချုပ်များကို ကမ္ဘာ့နိုင်ငံအားလုံးက အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည့်တိုင် IHL သည် စစ်ပွဲ၏အကျိုးသက်ရောက်မှုများကို ကန့်သတ်ရန် ယခုအထိ ဖွံ့ဖြိုးလာခဲ့သော အထိရောက်ဆုံးနည်းလမ်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ယင်းကို အကောင်အထည်ဖော်ရန်နှင့် အာဏာသက်ရောက်စေရန် လွန်စွာခက်ခဲပါသည်။ (Sassòli 2007, 46-47; Bartles – Smith 2022, 1726) ထို့အပြင် လက်နက်ကိုင်ပဋိပက္ခ၏ ပြင်းထန်သော အခြေအနေများသည် ပင်ကိုအားဖြင့် မင်းမဲ့စရိုက်ဖြစ်သည့်အပြင် စစ်မက်

တိုက်ခိုက်နေသူများ၏ စိတ်ခံစားကြွခိုင်မှုနှင့် ၎င်းတို့ကိုယ်၎င်းတို့ ထိန်းကျောင်းနိုင်စွမ်းကို ဆုတ်ယုတ်စေပါသည်။ လက်နက်ကိုင်ပဋိပက္ခများကို ထိန်းကျောင်းရန်အတွက် ဥပဒေသည် လိုအပ်သည့်အခြေအနေတစ်ရပ် ဖြစ်သော်လည်း ယင်းသည် အမြဲတစေ လုံလောက်မှုမရှိသောကြောင့် ယင်းကို လေးစားလိုက်နာမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် နောက်ထပ် ဥပဒေဆိုင်ရာ နည်းလမ်းများကို ရှာဖွေကြရပါမည်။ (Sassòli 2007; 52,73; Bartles – Smith 2022, 1727)

မကြာသေးမီနှစ်များအတွင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကဲ့သို့သော အဖွဲ့အစည်းများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယေဘုယျ စံနှုန်းများအား လေးစားလိုက်နာမှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် IHL နှင့် ဘာသာရေးအစဉ်အလာများအကြား ဆက်သွယ်မှုနှင့်ပတ်သက်သော ဆွေးနွေးပွဲများကို စတင်ကျင်းပခဲ့ကြပါသည်။ (ICRC 2021a; Bartles–Smith et al. 2020) ဗုဒ္ဓဘာသာလောက၏ အစိတ်အပိုင်းများတွင် IHL ကို ပြင်းပြင်းထန်ထန် ချိုးဖောက်မှုများ ဆက်တိုက်ဖြစ်ပွားလာပြီး ဗုဒ္ဓဘာသာဝင်များသည် အခြားနိုင်ငံအတော်များများ၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် ပါဝင်လာကြသောကြောင့် ICRC က ၂၀၁၇ခုနှစ်တွင် ဗုဒ္ဓဘာသာနှင့် IHL တို့နှင့်ပတ်သက်သော စီမံကိန်းကို စတင်ခဲ့ပါသည်။ (ICRC 2019a) မျက်မှောက်ခေတ် စစ်ပွဲဆင်နွှဲခြင်းအား အကြံပေးပြောဆိုရန် ဗုဒ္ဓဘာသာ၏ စွမ်းပကားကို အံ့သြဖွယ်ရာပင် ယခုတိုင် စိုးစဉ်းမျှ သတိမထားမိကြချေ။ (Bartles–Smith et al. 2020, 370-372) ဗုဒ္ဓဘာသာဝင်တို့ စစ်ပွဲများ တိုက်ခိုက်ခဲ့ကြသည်မှာ နှစ်ပေါင်း (၂၅၀၀) ရှိခဲ့ပြီ ဖြစ်သော်လည်း ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာနှင့် စစ်ပွဲကို ပြဒါးတစ်လမ်းသံတစ်လမ်း မသက်ဆိုင်သကဲ့သို့ မှတ်ယူခဲ့ကြပြီး ထို့ကြောင့်လည်း စစ်ပွဲများကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် ဗုဒ္ဓဘာသာအဆုံးအမရင်းမြစ်များကို မတွေ့ရှိခဲ့ကြချေ။ (Harris 2003, 93-94)

ဤဆောင်းပါးတွင် ဗုဒ္ဓဘာသာကို IHL နှင့် ယင်းကို သင်ကြားပေးခြင်းဖြင့် အနောက်တိုင်း၏ တရားမျှတသော စစ်ပွဲအစဉ်အလာတို့နှင့် နှိုင်းယှဉ်ထားပြီး ဗုဒ္ဓဘာသာက စစ်ပွဲများဆင်နွှဲရာတွင် လူသားဆန်စေရေးအတွက် IHL ကို အထောက်အကူပြုနိုင်မည်လားဟု စူးစမ်းလေ့လာထားပါသည်။ ဗုဒ္ဓဘာသာသည် IHL နှင့် ကျယ်ကျယ်ပြန့်ပြန့်တူညီမှုရှိပြီး ဗုဒ္ဓဘာသာကိုယ်ကျင့်သီလဆိုင်ရာ အခြေခံမူသဘောတရားများသည် စစ်မက်တိုက်ခိုက်နေသူများ၏ အကျိုးစီးပွားအလို့ငှာ ၎င်းတို့ကြောင့် အခြားသူများအပေါ် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန်နှင့် ၎င်းတို့ကိုယ်တိုင်အတွက် ကံအကျိုးဆက်များ အနည်းဆုံးဖြစ်စေရန်ဟု ဆိုလိုသည်ဖြစ်ရာ IHL ၏ အခြေခံမူများနှင့် များစွာသဘောချင်းထပ်တူဖြစ်သည်ဟု ဤဆောင်းပါးက ထောက်ခံထားပါသည်။ (Harvey 2021, ဤစာအုပ်တွင် ပါဝင်သည်) ထို့ကြောင့် ဗုဒ္ဓဘာသာအဆုံးအမများသည် IHL စည်းမျဉ်းများနှင့် ဆက်စပ်မှုရှိပြီး ယင်းတွင် ချုပ်တည်းမှု ထိန်းသိမ်းနိုင်မှုနှင့်ပတ်သက်သော ဥပမာပုံဆောင် ဇာတ်လမ်းများနှင့် ပုံဝတ္ထုများ ပါဝင်ပါသည်။ (Bartles–Smith et al. 2020)

သို့သော်လည်း ဗုဒ္ဓဘာသာနှင့် IHL ကို နှိုင်းယှဉ်ခြင်းသည် တူရာ တူရာချင်းကို နှိုင်းယှဉ်ခြင်းမျိုး မဟုတ်ဘဲ စံအဖြစ် သတ်မှတ်ထားသော မတူကွဲပြားသည့်စနစ်နှစ်ခု၏ အားသာချက်များနှင့် အားနည်းချက်များကို နှိုင်းယှဉ်ဆန်းစစ်ခြင်း ဖြစ်ပါသည်။ အမှန်စင်စစ် ဤမတူကွဲပြားမှုများသည် တူညီသောအချက်များကဲ့သို့ပင် သိသာထင်ရှားပြီး စစ်ပွဲဆင်နွှဲခြင်းကို မည်သို့ ပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်မည်ကို ပြသပါသည်။ IHL တွင် ပါဝင်သော အချက်များနှင့် ၎င်း၏ စီရင်ပိုင်ခွင့်နယ်ပယ်သည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ရန် ရည်ရွယ်သော်လည်း ၎င်းသည် အနောက်တိုင်းပုံစံဖြစ်သော်လည်း ဗုဒ္ဓဘာသာနှင့်ဆက်စပ်မှုက ၎င်းကို IHL အထူးသဖြင့် အာရှနိုင်ငံအများအပြားထံ ပိုမိုလက်လှမ်းမီရောက်ရှိစေရန် ပြုလုပ်ပေးနိုင်ပါသည်။ (Caserta 2021; Kindella and Mantilla 2020: Bartles- Smith 2022, 1731)

IHL သည် စစ်မက်တိုက်ခိုက်နေသူများ လိုက်နာရန် စနစ်တကျ စီစဉ်ပေါင်းရုံးထားသော စည်းမျဉ်းများကို ချမှတ်ထားသည့် လောကီနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေစနစ်တစ်ခု ဖြစ်သော်လည်း ဗုဒ္ဓဘာသာသည် ကိုးကွယ်မှုဘာသာအယူဝါဒ၊ အတွေးအခေါ်ဒဿနနှင့် လူသားဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့လမ်းကြောင်းတစ်ခုဖြစ်ပြီး ယင်းကို နည်းလမ်းအမျိုးမျိုးဖြင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုထားသော မတူကွဲပြားသည့် ဓလေ့ထုံးစံအစဉ်အလာများကို ဝန်းရံလွှမ်းခြုံထားပါသည်။ (Gethin 1998, 1; Jerryson 2010,5) ဤအကြောင်းကြောင့် ပညာရှင်အတော်များများက ဗုဒ္ဓဘာသာဟူသောဝေါဟာရကို ဗဟုဝုစ်ကိန်းဖြင့် အသုံးပြုရန် ပိုမိုလိုလားကြပါသည်။ (Gethin 1998,1) မည်သို့ပင်ဖြစ်စေ အဓိကကျသောဂိုဏ်းများသည် ဗုဒ္ဓအဆုံးအမ၏ ပင်မဖြစ်သော အတွေးအခေါ် ယုံကြည်မှုတွင် တူညီကြပြီး ဤဆောင်းပါးက ထုတ်နှုတ်ယူမည့်အကြောင်းအရာသည် ဤ ကိုယ်ကျင့်သီလဆိုင်ရာနှင့် စိတ်ပညာဆိုင်ရာ အနှစ်သာရတို့အပေါ်တွင် အခြေခံထားခြင်းဖြစ်ပါသည်။ (Keown 2005, 3)

အခြားသော ဘာသာရေးနှင့် ဒဿနသဘောတရားများကဲ့သို့ပင် စစ်ပွဲအကြောင်းအရာနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာသည် စစ်မက်တိုက်ခိုက်မှုကိုသာ အလေးထားသည်မဟုတ်ဘဲ စစ်ပွဲကိုအားကိုးအားထားပြုခြင်းသည် ကြောင်းကျိုးဆီလျော်ပါ၏လောဆိုသည့် အချက်ကိုလည်း အလေးထားပါသည်။ ဤအချက်ကို *ယုစ်အက်ဒ်ဘဲလမ် - jus ad bellum* ဟူသော အပြည်ပြည်ဆိုင်ရာဥပဒေ အခြားခက်မတစ်ခုက လွှမ်းမိုးထိန်းချုပ်ထားပြီး ယခုအခါ ၁၉၄၅ခုနှစ်၊ ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပါဝင်ကာ ဤစာတမ်းက မိမိကိုယ်ကိုခုခံကာကွယ်ရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုသောအခါ တို့မှလွဲ၍ စစ်ပွဲကို တားမြစ်ထားပါသည်။ (Melzer 2016, 27) ထို့ပြင် ဗုဒ္ဓဘာသာသည် ဥပဒေနယ်ပယ်ကိုကျော်လွန်ပြီး ယင်းကို ကျောထောက်နောက်ခံပြုထားသော ကိုယ်ကျင့်သီလဆိုင်ရာနှင့် စိတ်ကိုတွန်းအားပေးလှုံ့ဆော်မှုဆိုင်ရာမူဘောင်များအထိ အကျုံးဝင်ပါသည်။ ဤနှစ်ခုလုံးနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာတွင် မူလဘူတဖြစ်သော ယုစ်အက်ဒ်ဘဲလမ် jus ad bellum နှင့် ယုစ်အင်ဘဲလို jus in bello တို့၏ အဓိကအယူအဆများနှင့် စစ်မက်တိုက်ခိုက်သူတို့၏ ရည်ရွယ်ချက်များနှင့် အတွင်းအဇ္ဈတ္တဘဝတို့နှင့် အလားတူသက်ဆိုင်သည်တို့မှလာသော အနောက်တိုင်း တရားမျှတသည့် စစ်ပွဲအစဉ်အလာနှင့် ခပ်ဆင်ဆင်တူသောအချက်များ ပါဝင်ပါသည်။ (Whetham 2011b, 71-72) စင်စစ်အားဖြင့် အနောက်တိုင်းအစဉ်အလာအတွက် ခရစ်ယာန်အယူဝါဒ၏ အရေးပါမှုနှင့် ဆင်းရဲဒုက္ခကိုဥပေက္ခာပြုမှုဒဿန (Stoic Philosophy) နှင့် ရောမဥပဒေ (Roman Law) တို့၏ လွှမ်းမိုးမှုတို့ကြောင့် အစောပိုင်းကာလ ဗုဒ္ဓဘာသာ ပါဠိစာပေ ကျမ်းရင်းများတွင်ပါဝင်သော အရင်းအမြစ် ဖြစ်သော အခြေခံအားဖြင့် အကြမ်းမဖက်ရေး အဟိံသဝါဒနှင့် ဓမ္မသစ်/ပညတ်တော်အသစ် ကြားတွင်လည်းကောင်း ဗုဒ္ဓတရားတော်ဓမ္မအတွေးအခေါ်အယူအဆနှင့် သဘာဝဥပဒေသတို့ ကြားတွင်လည်းကောင်း အဓိပ္ပါယ်ပြည့်ဝသောတူညီမှုများကို ထုတ်နှုတ်ယူနိုင်ပါသည်။ တရားမျှတသောစစ်ပွဲအစဉ်အလာ ဖွံ့ဖြိုးတိုးတက်မှုတွင် St Thomas Aquins ကဲ့သို့သော သာသနာ့ဘောင်မှသူတော်စင်များ (monastics) ၏ ပါဝင်မှုကလည်း သာသနာ့ဘောင်အသိုင်းအဝိုင်း၊ သံဃာ၊ ဗုဒ္ဓဘာသာတို့ကို ဗဟိုပြုကာ စစ်ပွဲအား ယင်း၏ တုံ့ပြန်မှုကို ဘောင်ခတ်ရာ၌ အဆက်အစပ်ရှိသောစဉ်းစားဆင်ခြင်သုံးသပ်မှု ဖြစ်ပါသည်။

ယင်း၏ ပင်မဗဟိုချက်တွင် ဗုဒ္ဓဘာသာသည် ကောင်းသောပြုလုပ်မှုကို အတွင်းသန္တာန်၌ တည်ဆောက်ရန်နှင့် ပြင်ပဒဏ်ခတ်မှုများကြောင့် လိုအပ်ချက်ကို လျှော့ချနေစဉ် ကောင်းသောပြုလုပ်မှုကို အထောက်အကူပေးရန်အတွက် အပြုအမူများ၏ အတွင်းအဇ္ဈတ္တအကြောင်းရင်းဇာစ်မြစ်များကို ကိုင်တွယ်ဖြေရှင်းသည့် ကိုယ်ကျင့်သီလဆိုင်ရာနှင့် စိတ်ပညာဆိုင်ရာ စနစ်တစ်ခု ဖြစ်ပါသည်။ (Keown 2005, 31; Gethin 2004, 190) ဤအကျဉ်းချုပ်ဖော်ပြချက်သည် အာဏာသက်ရောက်စေရန်ခက်ခဲသော IHL ၏ စည်းမျဉ်းများကိုပိုမိုပြည့်စုံအောင်ဖြည့်စွက်ပေးမည့်ပုံပေါ်ပြီး ထိုသို့သောအကြောင်းကြောင့် IHL သို့မဟုတ် တူညီသော ဗုဒ္ဓဘာသာစံနှုန်းများကို ဆန္ဒအလျောက် လေးစားလိုက်နာမှု ပိုမိုတိုးတက်ကောင်းမွန်ရေးတွင် ဗုဒ္ဓဘာသာက ပါဝင်ဆောင်ရွက်နိုင်မည့် အလားအလာအခန်းကဏ္ဍမှာ အရေးပါ ပါသည်။ (Terry and McQuinn 2018; Bartles – Smith et al. 2020, 388) ဗုဒ္ဓဘာသာအရ မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းအပြင် စိတ်ကိုစည်းကမ်းသတ်မှတ်ခြင်းနှင့် စိတ်ကိုထိန်းချုပ်ခြင်းတို့ဖြင့်သာ ပဋိပက္ခ၏ ဇာစ်မြစ်အကြောင်းရင်းများနှင့် သရုပ်သကန်တို့ကို အမြဲထာဝရ ပြောင်းလဲနိုင်ပေမည်။ ဗုဒ္ဓတရားတော်များသည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ထိန်းသိမ်းရန် အကြိမ်ကြိမ် ထပ်ခါထပ်ခါ ထပ်တလဲလဲ ပြောဆိုထားပါသည်။ စင်စစ်အားဖြင့် အကောင်းဆုံးစစ်သည်များသည် အမြင့်မားဆုံး အကောင်းဆုံး ချုပ်တည်းထိန်းသိမ်းမှုနှင့် ကိုယ်တိုင်စွန့်လွှတ်အနစ်နာခံခြင်းတို့ကို သာသနာ့ဘောင်စည်းကမ်းအားလုံးနီးပါးနှင့် ပေါင်းစပ်ပါသည်။ (Jenkins 2010a , 67; Sugiki 2020a; Tomas 2019, 544)

စစ်ပွဲ၏ရှုပ်ထွေးသောသဘော၊ ဆုံးဖြတ်ရခက်သောသဘောနှင့် စစ်ပွဲကပေးသော စိတ်ဒဏ်ရာတို့အကြားတွင် ပင်ပန်းနွမ်းနယ်မှု၊ စိတ်ဖိစီးမှုနှင့် ပြင်းထန်သောစိတ်ခံစားချက်တို့က တိုက်ပွဲဆင်နွှဲသူတို့၏ အာရုံယူနိုင်စွမ်း၊ လုပ်ဆောင်နိုင်စွမ်းနှင့် အမှားအမှန်ဆုံးဖြတ်နိုင်စွမ်းတို့ကို အားလျော့စေသောအခါ မိမိကိုယ်ကိုထိန်းသိမ်းနိုင်စွမ်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာဆင်ခြင်သုံးသပ်မှုတို့သည် အရေးပါလာပါသည်။ (Van Baarda 2011, 157; Mallon and Nichols 2010; Whetham 2011a) ထို့အပြင် ဗုဒ္ဓဘာသာ၏ သတိပဋ္ဌာန်ပွားများမှုကျင့်စဉ်နည်းလမ်းများသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် တိုက်ပွဲဝင်စစ်သည်များကိုပင် ခံနိုင်ရည်နှင့် စိတ်စွမ်းအင်တို့ကို ပိုမိုကောင်းမွန်စေပြီး တိကျမှုနှင့် ချုပ်တည်းထိန်းသိမ်းမှုတို့ဖြင့် ၎င်းတို့၏ ဆောင်ရွက်နိုင်စွမ်းကို မြင့်မားစေပါသည်။ (Stanley el al. 2011; Jha et al. 2015) ယင်းတို့နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာသည် စစ်ရေးဆိုင်ရာကိုယ်ကျင့်တရားနယ်ပယ်တွင် ထပ်တူညီသည်များရှိပြီး စစ်သင်တန်းလေ့ကျင့်မှုများတွင် များစွာ အထောက်အကူပြုနိုင်ပေသည်။

ထို့အပြင် ဗုဒ္ဓဘာသာသဘောတရားအရ စစ်ပွဲဟူသည် ပြင်ပစစ်ပွဲများကဲ့သို့ပင် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် မိမိရှုထောင့်မှ ကြည့်တတ်သောသဘာဝဖြစ်ရပ်ဟု သိရှိနားလည်ရပါသည်။ ထို့ပြင် မိမိတို့၏အတွင်းသန္တာန်၌ သန့်ရှင်းကောင်းမွန်သောသွင်ပြင်သဘောတို့ ရှိနေသော်လည်း ကျွန်ုပ်တို့အားလုံးသည် မိမိတို့၏အတွင်းသန္တာန်၌

အာရုံအချို့တွင် စစ်ပွဲဆင်နွှဲနေရသည်သာ ဖြစ်ပေသည်။ (Sinclair 2014, 160; Harris 2021, ဤစာအုပ်တွင် ပါဝင်သည်) ဗုဒ္ဓဘာသာ၌ သက်ရှိအားလုံး၏ အတွင်းသန္တာန်တွင် ဖြစ်ပေါ်နေသော အတွင်းအရွှတ္တာပဋိပက္ခကို ဖော်ပြရန် အသုံးပြုသော ဝေါဟာရများတွင် စစ်ရေးနှင့် ပတ်သက်သော ဥပမာပုံဆောင်တင်စားသော စကားများနှင့် နှိုင်းယှဉ်ချက်များ ပါဝင်ပါသည်။ (Kosuta 1997) ဗုဒ္ဓဘာသာတွင် မူလအကျဆုံးစစ်ပွဲမှာ ဗောဓိပင်အောက်တွင် တရားရှာဖွေနေသော သိဒ္ဓတ္ထနှင့် စိတ်ကိုလှည့်ဖျားပြီးမကောင်းမှုသို့ဆွဲဆောင်တတ်သော မာရ်နတ်တို့၏စစ်ပွဲ ဖြစ်ပါသည်။ မာရ်နတ်ဟူသည် မကောင်းသော စိတ်သဘောတို့ကို ပုဂ္ဂိုလ်အဖြစ် ပုံဖော်ထားခြင်း ဖြစ်ပါသည်။ သတိတရားဖြင့် စောင့်ကြည့်သုံးသပ်ခြင်းနှင့် ဤမကောင်းသော စိတ်သဘောတို့ကို ဟန့်တားပယ်ဖျက်ခြင်း တို့ကြောင့် ရရှိသော သိဒ္ဓတ္ထ၏ အောင်ပွဲက ၎င်းကို အရဟတ္တမဂ်ဉာဏ်ရပြီး ဗုဒ္ဓအဖြစ်သို့ရောက်စေခဲ့ပါသည်။ (Dn.11. 104; Whitaker နှင့် Smith 2017, 70; Singh 2017, 261) ထို့အပြင် မဟာယာနဗုဒ္ဓဘာသာ၌ ကြမ်းကြမ်း တမ်းတမ်း လက်နက်ကိုင်စွဲထားသည့် ဗောဓိသတ္တ (ဘုရားအလောင်းတော်) ကို သရုပ်ဖော်ထားမှု အမြောက်အများ ရှိပြီး ဗုဒ္ဓဘာသာဂိုဏ်းအားလုံးတွင် တရားအားထုတ်သူများကို ရန်ပြုသော အကုသိုလ်စိတ်သဘောများကို ဥပမာ ပုံဆောင်သည့် မာရ်နတ်စစ်သည်များ၏ရန်မှ ကာကွယ်ပေးသော နတ်ကောင်းနတ်မြတ်များ ပါဝင်ပါသည်။ (Jerryson 2017, 58) စစ်ပွဲများတွင် အနိုင် သို့မဟုတ် အရှုံးနှင့် စစ်ပွဲများကို မည်သို့ဆင်နွှဲသည်ဆိုသည့်အချက်သည် မည်သည့်စစ်ပွဲ၏ ရုပ်ပိုင်းဆိုင်ရာရလဒ်ထက်မဆို စိတ်ဓာတ်ကသာ ပိုမိုအရေးကြီးလေ့ရှိသောကြောင့် အပြင်ရန် များကဲ့သို့ပင် တိုက်ပွဲဝင်သူကာယကံရှင်၏ စိတ်အနေအထားပေါ်တွင် များစွာ မူတည်ပါသည်။

သို့သော်လည်း အကြမ်းမဖက် သို့မဟုတ် မထိခိုက်စေသော (*အဟိံသ*) တရားသည် ဗုဒ္ဓဘာသာအတွက် နဂိုကပင်မှန်ကန်သောတရားဖြစ်ပြီး အဟိံသတရားက ဆင်းရဲဒုက္ခဖြစ်စေခြင်းကိုရှောင်ကြဉ်ရန် အထူးတလည် ကြိုးပမ်းအားထုတ်သင့်သည်ဟု ဟောကြားထားသော်လည်း ဗုဒ္ဓဘာသာ၏ အကျိုးဆက်ဖြစ်သော စစ်ပွဲကို ထောက်ခံရန် ဝန်လေးတွန့်ဆုတ်မှု၊ ယင်းနှင့်ပတ်သက်၍ တရားအဆုံးအမများအပေါ် လိုသလိုအဓိပ္ပာယ်ကောက်ယူ နိုင်သည့် မရေရာမှုနှင့် အမြင်ပေါင်းစုံအသံမျိုးစုံရှိမှုတို့ကြောင့် လက်တွေ့တွင် စစ်ပွဲကို လူသားဆန်စေရန် အလားအလာကို အားနည်းစေပါသည်။ ( Frydenlund 2013, 2017b, 209; Bartles-Smith et. al. 2020, 420)

IHL သည် တရားမျှတသောစစ်ပွဲအစဉ်အလာမှ ဆင့်ကဲပြောင်းလဲ ဖြစ်ပေါ်လာပြီး နိုင်ငံများက စစ်ပွဲကို မတတ်သာသည့်အဆုံး တရားဝင်ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ကြောင်းနှင့် မည်သို့ တိုက်ခိုက်နိုင်ကြောင်းတို့အရ စံနှုန်းများကို သတ်မှတ်သော်လည်း ဗုဒ္ဓဘာသာကမူ ခုခံစစ်ပွဲကိုပင် မှန်ကန်တရားမျှတကြောင်းပြသရန်နှင့် တရားဝင် သတ်မှတ်ပြဌာန်းရန် ဝန်လေးတွန့်ဆုတ်နေပါသည်။ (Harris 2003, 93; Bartles- Smith et al. 2020, 420) ထို့ကြောင့် တရားမျှတသောစစ်ပွဲ၏ ဝိသေသလက္ခဏာကို ရံဖန်ရံခါ ခြေရာခံကောက်ကြောင်းလိုက်ခဲ့သော် လည်း တရားမျှတသောစစ်ပွဲအစဉ်အလာဟူသည် ဗုဒ္ဓဘာသာ၌ မရှိချေ။ (Frydenlund 2017b, 206; Harris 2003)

ဤသို့ တရားမျှတသော စစ်ပွဲနှင့်ပတ်သက်သည့် ကန့်သတ်ချက်မူဘောင် အတိအကျ မရှိခြင်းအတွက် ကောင်းသည့်အချက်လည်းရှိသလို မကောင်းသည့်အချက်လည်းရှိပါသည်။ တစ်ဘက်မှကြည့်လျှင် တရားမျှတမှုပင် ဖြစ်စေ၊ ခုခံစစ်ပင်ဖြစ်စေ တရားဝင်ဖြစ်သည်ဟုဆိုရန် ဗုဒ္ဓဘာသာအနေဖြင့် ဝန်လေးတွန့်ဆုတ်ရခြင်းမှာ ဒေသနာ တရားသဘောအရ ဗုဒ္ဓဘာသာသည် အခြားအစဉ်အလာများထက် စစ်ပွဲကြောင့်ဖြစ်ရသော ထိခိုက်နစ်နာမှုကို အနည်းဆုံးဖြစ်စေရန် ပိုမိုဆန္ဒရှိသည့်အတွက် ထိန်းချုပ်မှုအလွန်နည်းပါးသော IHL ၏ အနက်အဓိပ္ပါယ် ဖွင့်ဆိုချက် များကို ဤနည်းအားဖြင့် စစ်ဆေးကြည့်ခြင်းကို ဆိုလိုပါသည်။ အခြားတစ်ဘက်တွင်လည်း ကန့်သတ်ချက်မူဘောင် အတိအကျမရှိခြင်းက စစ်မက်တိုက်ခိုက်နေသူတို့ လိုက်နာရန် လက်တွေ့ကျသည့် တရားမျှတသော စစ်ပွဲလမ်းညွှန် ချက်များ ဖွံ့ဖြိုးဖော်ဆောင်မှုကို ကြိုတင်ဟန့်တားထားပြီး ထိုလမ်းညွှန်ချက်များကို ၎င်းတို့၏အခန်းကဏ္ဍတွင် အထောက်အကူပေးနိုင်သည့် ဗုဒ္ဓကျမ်းဂန်လာအချက်အလက်များကို လုံးဝ မဖော်ထုတ်ရသေးပေ။ (Bartles – Smith et al. 2020, 420) ဤအချက်က အချို့သော စစ်မက်တိုက်ခိုက်နေသူများအား ဗုဒ္ဓဘာသာသည် စစ်ပွဲကို လက်မခံဟု ယူဆသွားစေနိုင်ပြီး စစ်ပွဲနှင့်ပတ်သက်ပြီး လိုက်နာရမည့်စည်းမျဉ်းများ ဗုဒ္ဓဘာသာတွင် လုံးဝ မရှိဟု ယူဆသွားစေနိုင်ပေသည်။ သမိုင်းတွင် စစ်ပွဲဆင်နွှဲခြင်းကို ချုပ်တည်းမှုဖြင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် ဗုဒ္ဓဘာသာအား ရံဖန်ရံခါ အသုံးပြုခဲ့သော်လည်း ထို့ကြောင့်ပင် ထိန်းထိန်းသိမ်းသိမ်းမရှိသော အကြမ်းဖက်မှုများ ဖြစ်နိုင်သောအခါတွင် ယင်းကို အသုံးချခဲ့သည်များရှိပေသည်။ (ဤစာအုပ်မှ Jayatilleke 1967, 555-557; Charney 2021; Schmithausen 1999, 62,63; Victoria 2022)

ခေတ်ပြိုင်ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရား အစဉ်အလာများ၊ နက်နဲသော အယူအဆ အကျင့်တရားများနှင့် အများပြည်သူ ကျင့်သုံးကြသောအယူအဆနှင့် အကျင့်တရားများ၊ သာမန်ဗုဒ္ဓဘာသာဝင်အများစု ကျင့်သုံး နားလည် ကြသော ဗုဒ္ဓဘာသာသဘောတရားများ အကြား ကွဲပြားခြားနားမှုများကလည်း စစ်မက်တိုက်ခိုက်နေသူများသည်

တူညီသောနည်းလမ်းဖြင့် ဗုဒ္ဓဘာသာကို နားမလည်နိုင် သို့မဟုတ် မကျင့်သုံးနိုင်ဟု ဆိုလိုပါသည်။ (Stanford and Jong 2019; Van Schaik 2020; Spiro 1970) စင်စစ်အားဖြင့် ရုံဖန်ရံခါ အမျိုးမျိုးသော ဗုဒ္ဓဘာသာ၏ အယူအဆများ၊ မျှော်မှန်းချက်များနှင့် ဗုဒ္ဓဘာသာလောကရှိ စစ်ပွဲ၏ လက်တွေ့ကျမှုများအကြားတွင် အဆက်အစပ် မရှိသည်ကို မြင်ရပါသည်။ (Schmithausen 1999, 53) အချို့သောဗုဒ္ဓဘာသာဝင်များက စစ်ဆန့်ကျင်ရေး ရပ်တည်ချက်ပေါ်တွင် ပြောင်းလဲရပ်တည်ကြပြီး၊ ကရုဏာတရားကြောင့်သော်လည်းကောင်း လူအများ၏ အကျိုး အတွက်သော်လည်းကောင်း စေ့ဆော်မှုကြောင့် တိုက်ခိုက်ရသည့် တရားသောစစ်ပွဲများ အထိုက်အလျောက် ရှိနိုင် သည်ဟု ဝန်ခံသော ဒလိုင်းလားမားကဲ့သို့ ပုဂ္ဂိုလ်များရှိကြသော်လည်း အခြားသူများကမူ ဗုဒ္ဓတရားတော်နှင့် IHL ၏ စံနှုန်းများကို ကြီးလေးသော ချိုးဖောက်မှု ကျူးလွန်သည့် စစ်ပွဲများကို ထောက်ခံရန် ဗုဒ္ဓဘာသာကို ထိန်းချုပ် အသုံးချခဲ့ကြပါသည်။

ဗုဒ္ဓဘာသာဝင် စစ်မက်တိုက်ခိုက်နေသူ အတော်များများက ဗုဒ္ဓဘာသာကိုယ်ကျင့်သီလကို လိုက်နာပြီး ၎င်းတို့ကြောင့် ဖြစ်ပေါ်သည့် အကြမ်းဖက်မှုများကို နည်းနိုင်သမျှနည်းအောင် ကြိုးစားသော်လည်း စစ်ပွဲဟူသည် လူအများစုပေါင်းပါဝင်လုပ်ဆောင်မှုဖြစ်ရာ ၎င်းတို့၏အစုအဖွဲ့ အမူအကျင့်များ အပေါ် ကောင်းစွာလွှမ်းမိုးမှုရှိစေရန် စစ်ရေးဆိုင်ရာမူသဘောတရားများနှင့် လေ့ကျင့်ရေးအစီအစဉ်များတွင် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလကိုလည်း ပေါင်းစပ်ထည့်သွင်းရပါမည်။ (Munoz – Rojas and Fresard 2004) ဗုဒ္ဓဘာသာသည် အချို့အခြေအနေများတွင် စစ်ရေးဆိုင်ရာဘဝ၏ အစိတ်အပိုင်းဖြစ်သော်လည်း ဘုန်းတော်ကြီးများသည် စစ်သည်များ၏ ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ရေးရာပိုင်းကို မြှင့်တင်ပေးရန် အရေးပါသောအခန်းကဏ္ဍတွင် ရှိနေကြသော်လည်း စစ်သင်တန်း လေ့ကျင့်မှုတွင် အမှန်တကယ်ပါဝင်သည်များမှာ လောကီရေးရာလွှမ်းမိုးပြီး ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ လုံးဝ ပါဝင်ခြင်းမရှိပါ။ (Selth 2021; Kent 2008; ICRC 2021c) ထို့ကြောင့် ဗုဒ္ဓဘာသာကို IHL နှင့် ပေါင်းစည်းနိုင်ရန်အယူအဆနှင့် စစ်မက်တိုက်ခိုက်မှုကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန်အတွက် ဗုဒ္ဓဘာသာကို လက်တွေ့အသုံးချရန်အယူအဆတို့ကို နက်နက်ရှိုင်းရှိုင်း အတည်တကျ ပြဋ္ဌာန်း သတ်မှတ်နိုင်ခြင်း မရှိသေးပေ။

ဗုဒ္ဓဘာသာသည် IHL ကို တရားဝင်ဖြစ်အောင်၊ ပိုမိုကောင်းမွန်အောင်၊ ပြည့်စုံအောင် အကူအညီပေးနိုင် ကြောင်းနှင့် IHL က မျက်မှောက်ခေတ်စစ်ပွဲကို ထိန်းကျောင်းမှုနှင့်သက်ဆိုင်သည့် ဗုဒ္ဓဘာသာ ဒေသနာရင်းမြစ်များ အား စွမ်းအားသစ်ပေးနိုင်ကြောင်း တညီတညွတ်အများဆန္ဒ ကြီးထွားလာသော်လည်း ဤကိစ္စ၏ဖြစ်နိုင်ခြေမှာ လုံးဝ အလှမ်းကွာနေဆဲဖြစ်ပါသည်။ (ICRC 2019b, 2020, 2021b)

### *ပါဝင်သည့်အကြောင်းအရာများနှင့် ဖွဲ့စည်းထားမှု*

ဤနိဒါန်းဆောင်းပါးသည် အဓိကအားဖြင့် IHL နှင့် အနောက်တိုင်း တရားမျှတသော စစ်ပွဲအစဉ်အလာ တို့ကို အစထား၍ စစ်ပွဲဆင်နွှဲခြင်းကို ထိန်းထိန်းသိမ်းသိမ်းချုပ်တည်းလုပ်ဆောင်ရန် ဗုဒ္ဓဘာသာတွင် ပါဝင်သော အချက်အလက်များကို စစ်ဆေးလေ့လာထားပါသည်။ ဤဆောင်းပါးသည် အထူးသဖြင့် ခိုင်လုံသည်ဟု ယူဆကြ သော အစောပိုင်းကာလ အိန္ဒိယ ဗုဒ္ဓဘာသာ အဆုံးအမတရားများပေါ်တွင် အဓိကအခြေခံကာ ကောက်နှုတ် ယူထားခြင်း ဖြစ်ပါသည်။ ဤဆောင်းပါးတွင် ယခုအခါ၌ သီရိလင်္ကာနှင့် အရှေ့တောင်အာရှတွင် ထွန်းကားသော ထေရဝါဒဂိုဏ်း၏ ပါဠိကျမ်းစာများနှင့် အာရှအရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ထွန်းကားသော မဟာယာနနှင့် ဝဇိရာယာနဂိုဏ်းတို့၏ အဓိကကျသော အဆုံးအမတရားများ ပါဝင်ပါသည်။ ထို့အပြင် ဤဆောင်းပါး၌ ယခုခေတ် တွင် သက်ရှိထင်ရှားရှိသော ဘာသာရေးခေါင်းဆောင်များ၏ ရှင်းလင်းချက်များကိုလည်း ထည့်သွင်းပေါင်းစပ်ထား ပါသည်။

ဤဆောင်းပါး၏ အပိုင်း(၁)က IHL နှင့် ၎င်း၏ ကန့်သတ်ချက်များကို ဆန်းစစ်ထားပြီး ၎င်း၏ ဘာသာရေးဆိုင်ရာအရင်းအမြစ်များနှင့် ပြန်လည်ဆက်စပ်မှုက ယေဘုယျ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံများအား လေးစားလိုက်နာမှုကို မည်သို့ ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည်ကို ဆွေးနွေးထားပါသည်။ ထို့နောက် တွင် ဤဆောင်းပါးက အနောက်တိုင်း တရားမျှတသော စစ်ပွဲအစဉ်အလာနှင့် ဗုဒ္ဓဘာသာ ပေါ်ထွန်းခဲ့ရာ မူလဘူတ ဖြစ်သော အိန္ဒိယအစဉ်အလာတို့ကို မိတ်ဆက်ပေးထားပါသည်။ အပိုင်း(၂)တွင် ဗုဒ္ဓဘာသာစတင်ပေါ်ထွန်းလာချိန် ကတည်းကအစပြုပြီး ဗုဒ္ဓဘာသာနှင့် စစ်ပွဲတို့အကြားဆက်စပ်မှုကို ပြန်လည်သုံးသပ်ထားပြီး စစ်ပွဲဆင်နွှဲခြင်းနှင့် သက်ဆိုင်သော ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလများ၏ စိတ်ပညာဆိုင်ရာသဘာဝနှင့် ဆောင်ရွက်ချက်များကို ဖော်ထုတ်ထားပါသည်။ အပိုင်း(၃)တွင် စစ်ပွဲကိုကာကွယ်တားဆီးရန်နှင့် စစ်ပွဲ၏ဆင်းရဲဒုက္ခများကို အနည်းဆုံး ဖြစ်စေရန်အတွက် ဗုဒ္ဓဘာသာလမ်းညွှန်မှုဖြင့် မည်သို့ အကောင်အထည်ဖော်နိုင်ကြောင်း ဖော်ပြထားပြီး အချို့သော

ဗုဒ္ဓဘာသာအစဉ်အလာများတွင် တရားသောစစ်ပွဲ၏ဝိသေသလက္ခဏာများ မည်သို့ ဖွံ့ဖြိုးခဲ့ကြောင်း ရှင်းပြထားပါသည်။ ထို့နောက် အပိုင်း(၄)တွင် အမှန်တကယ်စစ်ပွဲဆင်နွှဲမှုကို ထိန်းထိန်းသိမ်းသိမ်းရှိစေရန် ဗုဒ္ဓဘာသာနှင့် IHL တို့ တစ်ခုနှင့်တစ်ခု မည်သို့ ဖြည့်စွက်ပေးနိုင်ကြောင်းနှင့် ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်သီလနှင့် သတိတရားပွားများမှု နည်းလမ်းများက စစ်သင်တန်းလေ့ကျင့်မှုကို မည်သို့ ပိုမိုကောင်းမွန်စေနိုင်ကြောင်း ဆန်းစစ်ထားပါသည်။ နောက်ဆုံး အပိုင်း(၅)တွင် ဗုဒ္ဓဘာသာဝင် စစ်မက်တိုက်ခိုက်သူများက ရံဖန်ရံခါ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလကို လက်တွေ့ ကျင့်သုံးရန် မည်သို့ ပျက်ကွက်ကြကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများကို ဖောက်ဖျက်ရန် ဗုဒ္ဓ၏တရားတော်များကို မှားယွင်းစွာ မည်သို့ လိမ်လည်ဖော်ပြကြကြောင်းကို ရှင်းပြထားပါသည်။

**အပိုင်း (၁)၊ IHL ၊ ဘာသာရေးနှင့် တရားမျှတသောစစ်ပွဲ**

***IHL နှင့် ၎င်း၏အကန့်အသတ်များ***

IHL ၏ အဓိက စာချုပ်များမှာ တစ်ကမ္ဘာလုံးက လက်ခံအတည်ပြုခဲ့သော ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက် လေးခုနှင့် ၎င်းတို့၏ ၁၉၇၇ခုနှစ် နောက်ဆက်တွဲ သဘောတူညီချက်များ (နောက်ဆက်တွဲ ၁ နှင့် ၂) တို့ ဖြစ်ကြပါသည်။ ယင်းသို့သော စာချုပ်ဥပဒေ အပေါင်းအစုအပြင် ဓလေ့ထုံးတမ်း IHL (CIHL) တွင် ယဉ်ကျေးမှု ပေါင်းစုံအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ဥပဒေနှင့်မညီသော အင်အားအသုံးပြုခြင်းကို ဆန့်ကျင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများ ပါဝင်ထည့်သွင်းထားပါသည်။ ယင်းတို့ထဲမှ အချို့သည် မည်သည့်ရုပ်သိမ်းမှုကိုမျှ ခွင့်မပြု ဟူသော အပြည်ပြည်ဆိုင်ရာဥပဒေ၏အခြေခံမူများအဖြစ် မှတ်ယူထားသည့် *အပြီးအပြတ်ဖြစ်သော - ယုစ်ကိုဂင်န်စ် - jus cogens* – ('မဖြစ်မနေလိုက်နာရသည့်ဥပဒေ' - 'compelling law') စံနှုန်းများ ဖြစ်ပါသည်။ (Melzer 2016, 22; Henckaerts and Doswald-Beck 2005; Khen 2016, 34)

IHL တွင် လူသားချင်းစာနာထောက်ထားမှုနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့အကြား ဟန်ချက်ညီမှု ပါဝင်ပါသည်။ IHL သည် ၁၈၆၈ခုနှစ် စိန့်ပီတာစဘတ်ဂ် ကြေငြာစာတမ်းတွင် ဖော်ပြထားသည့် "စစ်ပွဲအတွင်း နိုင်ငံများက ဆောင်ရွက်ရမည့် တစ်ခုတည်းသော တရားဝင်ရည်မှန်းချက်မှာ ရန်သူ၏လက်နက်ကိုင်တပ်ဖွဲ့ကို အားနည်းသွားစေရန်နှင့် အရပ်သားလူထုနှင့် အရပ်သားတစ်ဦးချင်းစီသည် စစ်ဆင်ရေးများကြောင့် ပေါ်ပေါက်လာသော အန္တရာယ်များမှ ယေဘုယျ ကာကွယ်စောင့်ရှောက်မှုကို ရရှိစေရန်" ဟူသော သဘောတူညီမှုပေါ်တွင် အခြေခံပါသည်။ ထို့ကြောင့် IHL က စစ်ပွဲတွင် အသုံးပြုသည့် လက်နက်များနှင့် တိုက်ခိုက်ပုံနည်းလမ်းများအပေါ် ကန့်သတ်ချက်များ၊ အရမ်းကာရောမဆင်မခြင်ပြုလုပ်ခြင်းများ၊ မလိုလားအပ်သော ထိခိုက်မှုနှင့် ဆင်းရဲဒုက္ခဖြစ်စေခြင်း၊ သဘာဝ ဝန်းကျင်ကို အကြီးအကျယ် ထိခိုက်စေခြင်း သို့မဟုတ် ၎င်းတို့အားလုံးပေါင်းစပ်ပါဝင်သည်များအား တားမြစ်ခြင်း တို့ကို ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ (ICRC ၂၀၂၂၊ ၅-၆) လက်နက်ကိုင်ပဋိပက္ခအတွင်း ဒဏ်ရာရနှင့် ဖျားနာနေ သော တိုက်ပွဲဝင်စစ်သည်များ၊ အရပ်သားများနှင့် ဖမ်းဆီးထိန်းသိမ်းခံရသူများ အပါအဝင် စစ်မက်တိုက်ခိုက်ရာတွင် ပါဝင်ခြင်းမရှိသူများ သို့မဟုတ် ဆက်လက်မပါဝင်တော့သူများ၏ အသက်နှင့် ဂုဏ်သိက္ခာတို့ကိုလည်း IHL က အကာအကွယ်ပေးပါသည်။ (ICRC ၂၀၂၂)

စစ်မက်တိုက်ခိုက်မှုများကို စည်းမျဉ်းစည်းကမ်းဖြင့်ထိန်းကျောင်းရာတွင် IHL သည် တိုက်ပွဲဝင်စစ်သည် မဟုတ်သူများအတွက် ဆင်းရဲဒုက္ခခံစားရမှုနှင့် စစ်ပွဲ၏ဖျက်ဆီးမှုတို့ကို ကန့်သတ်ရန် *ခွဲခြားခြင်း၊ အချိုးအစား ညီမျှခြင်း* နှင့် *ကြိုတင်သတိထားခြင်း* ဟူသော အဓိက မူသုံးရပ်ပေါ် အခြေခံကာ ကြိုးပမ်းပါသည်။ (ICRC ၂၀၂၂၊ ၅-၆)။ ခွဲခြားခြင်းမူအရ 'လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များသည် အရပ်သားလူထုနှင့် တိုက်ပွဲဝင်စစ်သည်များအကြားတွင်လည်းကောင်း၊ အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာရည်မှန်းချက်များအကြားတွင်လည်းကောင်း အမြဲတစေ ခွဲခြားရန်နှင့် ၎င်းတို့၏ စစ်ဆင်ရေးများသည် စစ်ရေးဆိုင်ရာရည်မှန်းချက်များကိုသာ တိုက်ရိုက်ဦးတည်ရန်' လိုအပ်ပါသည်။ (နောက်ဆက်တွဲ ၁၊ အပိုဒ် ၄၈၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၁ နှင့် ၇၊ Melzer 2016, 18) အရပ်သားများ သို့မဟုတ် အရပ်ဘက်အဆောက်အအုံများအား မတော်တဆထိခိုက်မှုကို ရှောင်ရှားနိုင်ခြင်းမရှိသော တိုက်ခိုက်မှုများအတွက် ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များသည် မျှော်မှန်းထားသည့် ခိုင်မာသောတိုက်ရိုက်စစ်ရေးအသာစီးရမှုအကျိုးအမြတ်နှင့်နှိုင်းစာလျှင် အလွန်အကျွံဖြစ်နိုင်သည့် 'မတော်တဆ အရပ်သား အသက်ဆုံးရှုံးမှု၊ အရပ်သားများ ထိခိုက်မှု၊ အရပ်ဘက်အဆောက်အအုံများ ပျက်စီးမှု သို့မဟုတ် ယင်းတို့ ပေါင်းစပ်ပါဝင်မှု ဖြစ်စေရန် မျှော်လင့်နိုင်သော မည်သည့်တိုက်ခိုက်မှုမဆို' ကို ရှောင်ကြဉ်ရမည် ဟူသော အချက်အရ အချိုးအစားညီမျှခြင်းမူကို လိုက်နာရပါမည်။ (နောက်ဆက်တွဲ ၁၊ အပိုဒ် ၅၁(၅)(ခ) နှင့် ၅၇(၂)(က)(၃)နှင့်(ခ)၊

ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၁၄၊ ၁၈၊ ၁၉၊ Melzer 2016, 19) အလားတူပင် ကြိုတင်သတိထားခြင်းမူအရ 'အရပ်သားလူထု၊ အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများ'ကို တိုက်ခိုက်ခြင်းမပြုရန် အမြဲ သတိထားရမည် ဖြစ်ပြီး တိုက်ခိုက်သည့်တပ်ဖွဲ့နှင့် တိုက်ခိုက်ခံရသည့်အဖွဲ့ နှစ်ဘက်စလုံးက မတော်တဆ အရပ်သား သေဆုံးမှုနှင့် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဖြစ်နိုင်ခြေသည့်အစီအမံများအားလုံးကို လုပ်ဆောင်ရမည် ဟူသော အချက်ကို လိုအပ်ပါသည်။ (နောက်ဆက်တွဲ ၁၊ အပိုဒ် ၅၇(၁)နှင့် ၅၈၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၁၅နှင့် ၂၂၊ Melzer 2016, 18-19)

IHL ၏ ဥပဒေမူဘောင်သည် ၁၈၆၄ခုနှစ်တွင် ပထမဂျီနီဗာသဘောတူညီချက်ကို အရေးပါသော အပြည်ပြည်ဆိုင်ရာဥပဒေအပေါင်းအစုအတွင်း လက်ခံခဲ့သည်မှအစပြု၍ လျင်မြန်စွာ ကျယ်ပြန့်လာခဲ့ပါသည်။ သို့သော်လည်း အစိုးရများက IHL ကို ပြည်တွင်းဥပဒေ၊ ပညာရေးဆိုင်ရာနှင့် စစ်သင်တန်းလေ့ကျင့်ရေး အစီအစဉ်တို့တွင် ပေါင်းစပ်ရန် ၎င်းတို့၏တာဝန်ကို ပိုမိုဖြည့်ဆည်းကြသော်လည်း စစ်မက်တိုက်ခိုက်သူများ၏ အပြုအမူကို ထိန်းကျောင်းရာတွင် ယင်း၏ထိရောက်မှုကို မကြာခဏဆိုသလို သံသယဖြစ်ကြပါသည်။ အားကောင်းသော အာဏာသက်ရောက်မှုစနစ် မရှိသည့်အပြင် ၎င်းအား အကောင်အထည်ဖော်မှုအတွက် အခြားတစ်ဘက်တွင် မှီခိုနေရသော IHL အပေါ် နိုင်ငံတကာ၏ တစိတ်တဝမ်းရှိမှုသည် မကြာခဏ ယိုယွင်းယိုင်လဲမှု ဖြစ်ရပါသည်။ (Sassòli 2007, 52) မကြာသေးမီနှစ်များတွင် IHL ကို အများပိုမိုသိရှိစေရန် ချီးကျူးလောက်သော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့သော်လည်း ဥပမာ - လူ့အခွင့်အရေးဥပဒေနှင့်နှိုင်းယှဉ်လျှင် ယင်းကို အတော်လေး လူသိနည်းနေဆဲဖြစ်ရာ IHL ကို လူ့အဖွဲ့အစည်းက သိရှိနားလည်သဘောပေါက်မှုနှင့် ယဉ်ကျေးမှုပေါင်းစုံတို့က လက်ခံမှု ပိုမိုတိုးပွားလာအောင် အလုပ်ပိုလုပ်ရန် လိုအပ်ပါသည်။ ( Sassòli 2007, 47; Kaplan 2013; Bartles – Smith 2022, 1756)

စစ်မက်တိုက်ခိုက်နေသူများနှင့် ၎င်းတို့ကိုတာဝန်ယူထားရသောသူများသည် IHL စည်းမျဉ်းများကို အမြဲတစေ သိသင့်သလောက်မသိဘဲ အရေးမစိုက်သောကြောင့် ယင်းတို့ကို မကြာခဏ တမင်သက်သက် ဖောက်ဖျက်ရန် စေ့ဆော်လျက် ရှိပါသည်။ IHL ၏ အာဏာသက်ရောက်မှု အားနည်းသော်လည်း ဆန္ဒအလျောက် လေးစားလိုက်နာမှု ပိုမိုကောင်းမွန်စေရန်နှင့် စစ်ပွဲကာလ ခက်ခဲရှုပ်ထွေးသောအခြေအနေများတွင် ဤစည်းမျဉ်းများကို အသုံးချရန် တိုက်ပွဲဝင်စစ်သည်များအား ကူညီရန်အတွက် စစ်ရေးဆိုင်ရာ ကျင့်ဝတ်များကို ထိထိရောက်ရောက် လေ့ကျင့်သင်တန်းပေးမှုကလည်း ယေဘုယျအားဖြင့် မရှိချေ။ (Williams 2015, Wolfendale 2008)

### *ဘာသာရေးနှင့် တရားမျှတသောစစ်ပွဲ*

အပြည်ပြည်ဆိုင်ရာဥပဒေကို တစ်ကမ္ဘာလုံးကလက်ခံလာရန် လောကီရေးရာဖြစ်ရမည် ဆိုသော်လည်း ဥပဒေပညာလေ့လာမှုတွင် အကောင်းမြင်ဝါဒီနှင့် ဘာသာရေးမှကင်းလွတ်သောလောကီရေးရာသဘောထားများသည် ဘာသာရေးနှင့် ဥပဒေတို့အကြား ဆက်သွယ်မှုနှင့် ဥပဒေအယူအဆကို ယဉ်ကျေးမှုကဲ့သို့ အရေးမပါသည့်သဘော မေးမိန်သွားစေခဲ့ပြီး ဤအချက်က ဥပဒေကို ၎င်း၏ ကိုယ်ကျင့်သီလနှင့် ယဉ်ကျေးမှုဆိုင်ရာ ကျောထောက် နောက်ခံတို့မှ ဖယ်ခွာပစ်ခြင်း အန္တရာယ် ဖြစ်စေပါသည်။ (French and Nathan ၂၀၁၄၊ ၁၅၊ Stephens ၂၀၁၄)

အစဉ်အလာအားဖြင့် ဘာသာရေးတို့သည် ကိုယ်ကျင့်တရားဆိုင်ရာ အသိုင်းအဝိုင်းများတွင် လူအများကို အတူတကွ တစ်စုတစ်စည်း ချည်နှောင်တွယ်ကပ်ပေးခဲ့ပြီး ၎င်းတို့ကို ပြင်ပခြိမ်းခြောက်မှုများအား ဆန့်ကျင်ရေး ဆော်ဩစည်းရုံးရန် ထောက်ကူပေးလျက်ရှိပြီး အစုအဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေရန် မြှင့်တင်ပေးလျက်ရှိပါသည်။ (Haidt 2012, 246-273; Martin 2018, 8) ထို့ကြောင့် ၎င်းတို့သည် စစ်ပွဲဆင်နွှဲမှုအတွက် ထိရောက်သော စိတ်ဓာတ်ရေးရာလှုံ့ဆော်မှုနှင့်သက်ဆိုင်သည့် မူဘောင်တစ်ခုကိုပေးပြီး တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏ ကိုးကွယ်ရာဘာသာ၊ နိုင်ငံ သို့မဟုတ် အခြားသော ရေရှည်ထိန်းချုပ်ထားသည့် တရားမျှတမှုဆိုင်ရာ အကြောင်းရင်းတချို့အတွက် တိုက်ရဲခိုက်ရဲသေရဲစေရန် ၎င်းတို့၏တန်ခိုးစွမ်းအားကို ပေးပါသည်။ ဘာသာရေးများသည် တခါတရံ တစ်ဘက်ရန်သူများအပေါ် အကန့်အသတ်မရှိ အကြမ်းဖက်ခြင်းကို ဖြစ်စေရန် အားပေးသော်လည်း ၎င်းတို့သည် ယခုခေတ် IHL အဆောက်အအုံ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခဲ့မှု စတင်ရာ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သောမူသဘောတရားများ၊ အယူအဆများနှင့် စစ်ပွဲဆိုင်ရာစည်းမျဉ်းများကို အခြေချပေးခဲ့သည့် ဦးစီးရှေ့ဆောင်လည်း ဖြစ်ပါသည်။ (Bryant 2021; Juergensmeyer, Kitts and Jerryson 2017, 6) ထိခိုက်နစ်နာမှုများအတွက် ၎င်းတို့၏ အလားအလာကို ကြည့်ရှုစစ်ဆေးနေစဉ်မှာပင် IHL ကို အထောက်အပံ့ပေးရာတွင် ချုပ်တည်းထိန်းသိမ်းမှုကို အားပေးရန် ၎င်းတို့၏ အင်အားဆပွားမှုအလားအလာကို တနည်းနည်းဖြင့်

ဖော်ဆောင်နိုင်ပါသည်။ (Bartles- Smith 2022, 1735-1736) အမှုအကျင့်များအား စေ့ဆော်မှုပေးရာတွင် ကိုယ်ကျင့်တရားအပေါ် တန်ဖိုးထားမှုများသည် ဥပဒေစည်းမျဉ်းများထက် ပိုမိုအားကောင်းလေ့ရှိကြောင်းကို သုတေသနများက ပြသနေပြီး စစ်မက်တိုက်ခိုက်နေသူများသည် IHL က ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာများ၊ ကျင့်ဝတ်သီလစည်းမျဉ်းများနှင့် ကိုက်ညီလျှင် IHL ကို ပိုမိုလိုက်နာရန်အလားအလာ ရှိသောကြောင့် ၎င်းတို့က IHL ကို အထိုက်အလျောက် လူမှုအဖွဲ့အစည်းအတွင်း ဝင်ဆံ့စေရန်သွတ်သွင်းခြင်း သို့မဟုတ် လက်ခံခြင်း ပြုကြပါသည်။ (Terry and McQuinn 2018; Koh 2005; Kaplan 2013)

IHL ကို ခရစ်ယာန်ဘာသာနှင့် စစ်ပွဲတို့နှင့်အကြား အတွေးအခေါ်အမြင့်မားဆုံး စိန့်ဩဂုတ်စတင်း (၃၅၄-၄၃၀) ၏ အတွေးအခေါ်များမှ စတင်ပေါ်ပေါက်ခဲ့သည့် အနောက်တိုင်းတရားမျှတသောစစ်ပွဲအစဉ်အလာက နက်နက်ရှိုင်းရှိုင်းလွှမ်းမိုးထားပါသည်။ အရိုင်းအစိုင်းကျူးကျော်မှုများနှင့် တိတ္ထိများ တဟုန်ထိုးတိုးပွားလာမှုကြောင့် ခရစ်ယာန်လူ့ဘောင်အဖွဲ့အစည်းသည် အတ္တဘဝအမှန်ဝါဒ၏ ခြိမ်းခြောက်မှုများနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရပြီး ဩဂုတ်စတင်းက ခရစ်တော်၏ဘဝဇာတ်တော်ဖြစ်သော ဧဝံဂေလိတရားတော်(gospel)များ၏ အကြမ်းမဖက်ရေး ဝါဒကို အပြစ်မဲ့သူများအား တိုက်ခိုက်ခြင်းမှ ကာကွယ်ပေးရန် ရောမအင်ပါယာ၏တာဝန်နှင့် ညှိနှိုင်းပြေလည်စေခဲ့ ပါသည်။ (Whetham 2011b, 71; Neff 2005, 46-47) စိန့်သောမတ်စ် အကွီနာ့စ် St Thomas Aquinas (1225-1274)နှင့် ဟျူဂို ဂရိုရှပ်စ် Hugo Grotius (1583-1645) အပါအဝင် ဘာသာရေးကျွမ်းကျင်သူများနှင့် ဥပဒေ ပညာရှင် အဆက်ဆက်တို့က တရားမျှတသော စစ်ပွဲအစဉ်အလာကို လက်ရှိခေတ်ပုံစံဖြစ်အောင် အခြေခံအားဖြင့် ဖွံ့ဖြိုးစေခဲ့ပြီး ဤနည်းအားဖြင့် ယခုခေတ် အပြည်ပြည်ဆိုင်ရာဥပဒေ၏အခြေခံအုတ်မြစ်ကို ချမှတ်ပေးခဲ့ပါသည်။ (Whetham 2011b, 71; Bryant 2021, 88; Neff 2005, 46-48) ၎င်းတို့၏ အခြေခံအကြောင်းပြချက်ဖြစ်သည့် လူသားတို့သည် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုနှင့် အခွင့်အာဏာထက် ကျော်လွန်သော ကိုယ်ကျင့်တရားဆိုင်ရာ အသိတရားဝေမျှမှုကို ပိုင်ဆိုင်သည်ဖြစ်သောကြောင့် သဘာဝနိယာမတရား၏ ခိုင်မာနေပြီဖြစ်သော အတွေးအမြင် သည် ဤအဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်မှုအတွက် အခရာကျပြီး ပထမဦးစွာ ခရစ်ယာန်ဘာသာရေး ထို့နောက် သံသရာမှလွတ်မြောက်ခြင်းအယူအဆအပေါ် ဩဇာလွှမ်းမိုးသက်ရောက်ခဲ့ပါသည်။ (Boyel နှင့် Meyer 1998, 214-216; Neff 2005, 45; Traven 2021, 16)

အနောက်တိုင်း တရားမျှတသော စစ်ပွဲအစဉ်အလာအရ စစ်ပွဲများသည် အချို့သောစံနှုန်းများနှင့် ပြည့်စုံမှ သာလျှင် တရားမျှတသည်ဟု မှတ်ယူပါသည်။ အခွင့်အာဏာများ ကွဲပြားသော်လည်း စစ်ပွဲကို အားကိုးအားထား ပြုရန် အခြေခံဖြစ်သော ယုစ်အက်ဒ်ဘဲလမ် jus ad bellum စံနှုန်းများအရ စစ်ပွဲသည် နောက်ဆုံး အားထားစရာ နည်းလမ်းအဖြစ် "တရားမျှတသောအကြောင်းရင်း၊ တရားဝင်အခွင့်အာဏာလုပ်ပိုင်ခွင့်၊ မှန်ကန်သောရည်ရွယ်ချက်၊ အောင်နိုင်ရန်ယုတ္တိတန်သောအခွင့်အရေးတို့ ရှိရမည်ဖြစ်ပြီး အခြားသော လက်တွေ့ကျသည့် ရွေးချယ်စရာ နည်းလမ်းအားလုံး မရှိတော့ခြင်း” ဖြစ်ရပါမည်။ (Robinson 2003, 1) စစ်ပွဲဆင်နွှဲတိုက်ခိုက်ခြင်းအတွက် အခြေခံ ဖြစ်သော ယုစ်အင်ဘဲလို jus in bello စံနှုန်းအရ မည်သူ့အား ဦးတည်ပစ်မှတ်ထားတိုက်ခိုက်မည်ကဲ့သို့ ခွဲခြားခြင်း ကို ကျင့်သုံးရမည်ဖြစ်ပြီး အသုံးပြုသည့်အကြမ်းဖက်မှုအတိုင်းအတာသည် လိုချင်သည့် ရည်မှန်းချက်များနှင့် အချိုးအစားညီမျှရပါမည်(1)။ ဤအခြေခံများပေါ်တွင် IHL ၏ ခွဲခြားခြင်းနှင့် အချိုးအစားညီမျှခြင်း မူတို့ ဖွံ့ဖြိုးလာခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်း IHL နှင့် တရားမျှတသောစစ်ပွဲစည်းမျဉ်းများကို အခြား ဘာသာရေးများနှင့် ယဉ်ကျေးမှု အများအပြားတွင် တွေ့နိုင်ပါသည်။ (Bryant 2021; Fox နှင့် Sandler 2004, 167) ဗုဒ္ဓဘာသာအစပြုရာ ဖြစ်သော ရှေးဟောင်းအိန္ဒိယအစဉ်အလာတို့သည် ဤကိစ္စနှင့်ပတ်သက်၍ လွန်စွာဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ယနေ့ခေတ်တိုင် အောင်ပင် စစ်ပွဲတွင် လက်ခံနိုင်သောအရာများနှင့်ပတ်သက်သည့် စဉ်းစားချက်များကို ယှဉ်ပြိုင်စိန်ခေါ်လျက် ရှိပါသည်။ (Penna 1989; Draper 1995)။

## ***ရှေးဟောင်း အိန္ဒိယရှိ တရားမျှတသောစစ်***

စစ်ပွဲကို ရှေးဟောင်း အိန္ဒိယတွင် တွေ့ရလေ့ရှိပြီး စစ်ပွဲနှင့်ပတ်သက်၍ ကြောင်းကျိုးဆီလျော်သည့် အယူအဆ သီအိုရီ တစ်ခု သတ်သတ်မှတ်မှတ်မရှိသော်လည်း ၎င်းသည် မှတ်သားလောက်ဖွယ်ထူးထူးခြားခြား အတိုင်းအတာ တစ်ခုအထိ ပုံစံတကျဖြစ်ခဲ့ပါသည်။ (Singh 2017, 245,468; Brekke 2006; Armour 1922) ဗြဟ္မဏဝါဒ သို့မဟုတ် ဟိန္ဒူအစဉ်အလာတွင် ဓမ္မနှင့်ပတ်သက်သောအယူအဆ ပါဝင်ပြီး ထိုအယူအဆအရ အမျိုးဇာတ် (ဝါန) သို့မဟုတ် မွေးဖွားမှု (ဇာတိ) တစ်ခုစီ၌ လိုက်နာရမည့်တာဝန်များရှိပြီး လူမှုစနစ်အစီအစဉ်တွင် ဇာတ်တို့ကို အနိမ့်အမြင့်ခွဲခြား

သတ်မှတ်ထားပါသည်။ အိန္ဒိယသားတို့၏ တရားမျှတသောစစ်ပွဲနှင့်ညီမျှသည့် တရားဓမ္မနှင့်အညီ တိုက်ခိုက်ရသော ဓမ္မယုဒ္ဓ ခေါ် တရားသောစစ်ပွဲသည် ခတ္တိယ ခေါ် စစ်သည်တော်အမျိုးဇာတ်၏ ဖြစ်တည်မှုအကြောင်းရင်း ဖြစ်ပါသည်။ (Penna 1989, 338; Bryant 2021, 39) တရားနှင့်ညီသော ဓမ္မယုဒ္ဓစစ်ပွဲကို အခြားနည်းလမ်းများမရှိမှသာ နောက်ဆုံးနည်းလမ်းအဖြစ် တိုက်ခိုက်ခြင်း၏ ရည်ရွယ်ချက် မှန်ကန်ပြီး စစ်ခင်းခြင်းအတွက် သင့်လျော်သော စည်းမျဉ်းများကို လိုက်နာသည့်အခါ နှစ်ဘက်စလုံးကအသုံးပြုသည့် လက်နက်များနှင့် နည်းဗျူဟာများကို တားမြစ်ခြင်းမရှိဘဲ ခွင့်ပြုပါသည်။ (Bryant 2021, 39; Penna 1989)

ထို့ကြောင့်ပင် မဟာဘာရတ (C. 400 BCE 300CE) နှင့် ရာမာယန (C 700BCE – 300CE) ကဲ့သို့သော စစ်ပွဲဆင်နွှဲခြင်းဇာတ်လမ်းများနှင့် ဓမ္မသုတ္တ (C. 600-100 BCE)၊ မနုသမုတိ (C. 200BCE – 300 CE) နှင့် အတ္ထသျှတ္တရ (C. 200 BCE-300 CE) ကဲ့သို့သော စစ်ပရိယာယ် သို့မဟုတ် စစ်ဥပဒေများနှင့်ပတ်သက်သောကျမ်းစာများသည် မှတ်သားလောက်ဖွယ်ရာ အသေးစိတ်ကျကျ ဖော်ပြထားပြီး IHL နှင့် လိုက်ဖက်ညီသည့် သို့မဟုတ် ယင်းထက်ကျော်လွန်သည့် လူသားဆန်သော လုပ်ဆောင်မှုစည်းမျဉ်းများကို ဖော်ပြပါသည်။ (Penna 1989; Balkaran and Dorn 2022) ဤစည်းမျဉ်းများတွင် အရပ်သားများနှင့် ထိခိုက်ဒဏ်ရာရထားသော စစ်သည်များကဲ့သို့ မသန်မစွမ်းဖြစ်သွားသော သို့မဟုတ် မိမိကိုယ်ကိုကာကွယ်နိုင်စွမ်းမရှိသော ဆက်လက်တိုက်ခိုက်နိုင်ခြင်းမရှိသူ (*ဟော့စ် ဒီ ကွန်မ်ဘက်တ် - hors de combat*) စစ်သည်တော်များကို အကာအကွယ်ပေးရန် စည်းမျဉ်းများပါဝင်ပါသည်။ (Balkaran and Dorn 2022) ထို့အတူ အလွန်အမင်းဖျက်ဆီးအားကောင်းသော လက်နက်များကို အသုံးပြုခြင်းအပေါ် တားမြစ်ချက်များနှင့် ဆေးတပ်ဖွဲ့ဝင်များက ဒဏ်ရာရထားသော ရန်သူများကို စောင့်ရှောက်ရန်တို့လည်း ပါဝင်ပါသည်။ (Penna 1989, 340, 345) ဤစည်းမျဉ်းများကို အမှန်တကယ် မည်သည့် အတိုင်းအတာအထိ လိုက်နာသည်ဆိုသည့် အထောက်အထား အနည်းငယ်မျှသာရှိသော်လည်း Greek Megasthenes (C.350-290 BCE) ကဲ့သို့သော နိုင်ငံရပ်ခြား လေ့လာသူများက မောရိယခေတ် ထူးခြားသောသွင်ပြင်လက္ခဏာဆောင်သည့် စစ်ပွဲတွင် စစ်သားများအား လယ်သမားများကို ကိုယ်ထိလက်ရောက်စော်ကားခြင်းမပြုရန် အမိန့်ပေးထားသောကြောင့် လယ်သမားများသည် ၎င်းတို့၏ဒေသအနီးတဝိုက်တွင် စစ်ပွဲများ ဖြစ်နေသည့်တိုင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နိုင်ကြကြောင်းကို ဥပမာပေး ရှင်းပြထားပြီး ထူးခြားစွာ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုနှင့်ပတ်သက်၍ မှတ်ချက်ပြုခဲ့ပါသည်။ (Roy 2012, 50; Singh 2017, 266-67; Salomon 2007)။

ဓမ္မယုဒ္ဓအယူအဆအမျိုးမျိုးအရ တိုက်ခိုက်သောစစ်ပွဲသည် တရားဝင်သည် ဆိုသော်လည်း မဟာဘာရတနှင့် မနုသမုတိကဲ့သို့သောကျမ်းများတွင် တွေ့ရသော ရန်သူများကိုသတ်ဖြတ်ခြင်းသည် မကောင်းမှုမဟုတ် အကြမ်းဖက်မှုမဟုတ်ဘဲ အကောင်းဆုံးစွန့်လွှတ်ခြင်းဆိုသည်ကို အုပ်စိုးသူများနှင့် တိုက်ပွဲဝင်စစ်သည်များက ထူးထူးခြားခြား အတိုင်းအတာတစ်ခုအထိ သက်ဝင်ခဲ့ကြပါသည်။ (Singh 2017, 279) ဤအချက်ကို မဟာဘာရတတွင် အပေါ်ယံ အဓိပ္ပာယ်ကင်းမဲ့သည့် လူသတ်ပွဲ၌ ယုဒစ်သီရ (Yudhisthira) ကဲ့သို့သော ဘုရင်များနှင့် စစ်သည်တော်များက ဖော်ပြခဲ့သော မချိတင်ကဲဝေဒနာဖြင့် ထင်ဟပ်ဖော်ပြထားပါသည်။

အိန္ဒိယသမိုင်းတလျှောက်တွင် အကြမ်းဖက်ခြင်းနှင့် မညှင်းပန်းခြင်း(အဟိံသ)တို့ အကြား အားပြိုင်မှုသည် အိန္ဒိယ၏ ဘာသာရေးနှင့် နိုင်ငံရေးအကျယ်တဝင့်ဟောပြောရေးသားမှုများတွင် အဓိကဖြစ်နေပြီး ဟိန္ဒူဘာသာ၏ အစောဆုံးကျမ်းများဖြစ်သည့် စစ်ပွဲတွင်သေဆုံးသူများ နတ်ရွာလားသည်ဆိုသော ဝေဒကျမ်းများတွင်လာသည့် စစ်သည်တော် ကတိသစ္စာ သီးခြားလက္ခဏာနှင့် ဥပနိသျှ (C. 800 BCE မှစတင်ခဲ့) နှင့် နောက်ပိုင်း ပေါ်ထွန်းလာသော ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့တွင် တွေ့ရသည့် အကြမ်းမဖက်သော အကောင်းဆုံး စွန့်လွှတ်မှုများအကြား ဆန့်ကျင်ဘက်ဖြစ်မှုကို ထင်ဟပ်ထားပါသည်။ (Singh 2017, 480; Balkaran နှင့် Don 2022, 1766- 1767) မဟာဘာရတနှင့် ရာမာယနကဲ့သို့သောကျမ်းများတွင် ဤအစဉ်အလာနှစ်ခုကို ပေါင်းစပ်ပါဝင်ပါသည်။ (Balkaran and Dorn 2022, 1766-1767)

## အပိုင်း (၂)၊ စစ်ပွဲနှင့်သက်ဆိုင်သော ဗုဒ္ဓဘာသာကိုယ်ကျင့်တရား

### *စစ်ပွဲကို တစ်စိတ်တစ်ပိုင်းအကြောင်းပြုပြီး ပေါ်ပေါက်လာသော ဗုဒ္ဓဘာသာ*

ဗုဒ္ဓဘာသာသည် အိန္ဒိယတိုက်ငယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြားမှ ပေါ်ထွန်းခဲ့သောကြောင့် အစောပိုင်းဗုဒ္ဓဘာသာကျမ်းစာများတွင် စစ်ပွဲနှင့်စစ်ပွဲ၏အကျိုးဆက်များအကြောင်း အသေးစိတ်ဖော်ပြချက်များ ပါဝင်ပါသည်။ (ဤစာအုပ်မှ Harris 2021 ) ဗုဒ္ဓဖွားတော်မမူခင်ရာစုနှစ် အစဉ်အလာအားဖြင့် မှတ်ယူထားသော ဘီစီ ၅၆၃ - C.563 BCE သို့မဟုတ် ဘီစီ ၄၈၀ 480BCE တွင် အပြိုင်အဆိုင်ဖြစ်နေကြသော သက်ဦးဆံပိုင်ဘုရင်စနစ်

ကျင့်သုံးသောနိုင်ငံများ၏ တစ်စတစ်စ သိမ်းပိုက်ခြင်းကိုခံရသော မျိုးနွယ်စုပြည်နယ်များတွင် အထူးသဖြင့် ဆူဆူပူပူရုပ်ထွေးမှုများဖြစ်ပွားခဲ့ပြီး စစ်တပ်အဖွဲ့အစည်းသည် ပိုရှုံစနစ်တကျဖြစ်လာခဲ့ပါသည်။ (Singh 2017, 248; Bodhi 2014) ဗုဒ္ဓ၏ဘဝသက်တမ်းအတွင်း စစ်ပွဲကိုတွေ့ကြုံခဲ့ရသည့် သာကီဝင်တို့၏ နိုင်ငံသည် ကောသလ၏ လက်အောက်ခံ ဖြစ်လာခဲ့ပါသည်။ (Bodhi 2014) နိပါတ်တော်ဇာတ်လမ်းများအရ ဗုဒ္ဓ သက်တော်ကြီးရင့်လာချိန်တွင် ကောသလဘုရင် ဝိဍူဍဘသည် ယခုခေတ်စစ်ရာဇဝတ်မှုများနှင့် ဆင်တူသော အကြမ်းဖက် လူမျိုးတုန်းသတ်ဖြတ်မှု လုပ်ရပ်အဖြစ် 'နို့စို့ကလေးငယ်များကို အစထားပြီး' သာကီဝင်တို့ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ပါသည်။ (Jat. IV. 91-98; Bodhi 2014)

တဟုန်ထိုးအရှိန်မြင့်တက်လာသောစစ်ပွဲများ၊ အကြမ်းဖက်မှုများနှင့် ဗြဟ္မဏတို့ကျင့်သုံးသော တိရစ္ဆာန်များအား သတ်ဖြတ်ယဇ်ပူဇော်ခြင်းတို့ကို တုံ့ပြန်သည့်အနေဖြင့် ဗုဒ္ဓနှင့် ခေတ်ပြိုင် ဂျိန်းဘာသာကို တည်ထောင်သူ မဟာဝီရတို့သည် နိက္ခမ္မအကျင့်တရားနှင့် မိမိကိုယ်ကိုထိန်းချုပ်ခြင်းအကျင့်တို့ကို ဟောကြားခဲ့ပါသည်။ (Singh 2017, 248) ၎င်းတို့ နှစ်ဦးစလုံးသည် ခတ္တိယအမျိုးဇာတ်ဝင်များ ဖြစ်သောကြောင့် ဤအယူအဆများကို စစ်သည်တော် သီးခြားလက္ခဏာများပါဝင်သည့် အသုံးအနှုန်းများဖြင့် ဟောကြားခဲ့ကြပါသည်။ (Singh 2017, 248; Jerryson 2010, 10)။ ၎င်းတို့၏စွမ်းပကားများကို ပြင်ပစစ်ပွဲများမှ ၎င်းတို့၏အတွင်းသန္တာန်ပျိုးထောင်မှုသို့ ပြောင်းလဲခဲ့ကြသော ၎င်းတို့သည် စစ်သည်တော်အဖြစ်မှ လုံးဝရပ်တန့်ခဲ့ခြင်းမရှိကြသူများ ဖြစ်သည့်အလျောက် ၎င်းတို့နှစ်ဦးစလုံးအတွက် စစ်ပွဲဟူသည် ဥပမာတင်စားမှုထက် ပိုပါသည်။ (Jenkins 2017)

ဗုဒ္ဓက ဓမ္မယုဒ္ဓအယူအဆနှင့် စစ်ပွဲသည် မှန်ကန်ပြီး ကောင်းမြတ်သောအလုပ်ဖြစ်သည်ဆိုသော အစဉ်အလာ စစ်သည်တော် အတွေးအခေါ်ကို ဆန့်ကျင်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် စစ်ပွဲကိုကာကွယ်တားဆီးရန် သို့မဟုတ် ဆက်လက်ရှိနေဆဲဖြစ်သော စစ်ပွဲ၏အကြမ်းဖက်မှုကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် ၎င်းတို့၏ ပြဋ္ဌာန်းချက်များကို ထိန်းပေးပြီး လိုက်လျောညီထွေဖြစ်အောင်ပြင်ဆင်ညှိနှိုင်းပေးသည့် ဗြဟ္မဏ သို့မဟုတ် ဟိန္ဒူတို့၏ စစ်ပွဲစည်းမျဉ်းများကို ပြစ်တင်ဝေဖန်ခဲ့ပါသည်။ ကျမ်းစာအကိုးအကားများအရ ယင်းသည် ရှားရှားပါးပါး အရေးပါသည့် လူသားဆန်သောအကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ (Jayatilleke 1967, 544-577; Sugiki 2020b)

အရေးပါသည်မှာ ဗုဒ္ဓသည် စိတ်ဓာတ်ရေးရာစင်ကြယ်မှုအညွှန်းအဖြစ် ဗြဟ္မဏတို့၏ဇာတ်စနစ်ကို ပယ်ချခဲ့ပါသည်။ (An. VIII. 19; Gombirch 2006, 30) ဓမ္မကို သက်ရှိအားလုံးနှင့် ညီတူညီမျှသက်ဆိုင်သည့် လောကနိယာမနှင့် အမြဲတမ်းမှန်ကန်မှုသစ္စာတရားအဖြစ်သို့ ဗုဒ္ဓ၏ ပြောင်းလဲမှုသည် စကြဝဠာနှင့်သက်ဆိုင်သောသဘာဝတရားနှင့် ကိုယ်ကျင့်သီလအစီအစဉ်ကို ထိန်းကျောင်းပေးပြီး ယင်းသည် ဗုဒ္ဓ၏ အခြေခံစည်းမျဉ်း ဖော်ပြချက်၌ "ကြိုးတန်းပေါ်တွင် ထိတ်လန့်တုန်လှုပ်နေသော သတ္တဝါအားလုံး သေခြင်းတရားကို ကြောက်ရွံ့ကြသည် ဟူသော အထင်ရှားအကျော်ကြားဆုံး ဟောကြားမှုဖြင့် လူသားချင်းစာနာထောက်ထားမှုသမိုင်းတွင် အရေးပါသည့် ထူးခြားမှုတစ်ခုဖြစ်ခဲ့ပါသည်။ သတ္တဝါအားလုံးကို ကိုယ်နှင့်ယှဉ်ပြီး သူ့အသက်သတ်ခြင်းကိုသော်လည်းကောင်း၊ သေစေခြင်းကိုသော်လည်းကောင်း မပြုလုပ်သင့်ပေ"။ (Dhp. 129) ဗုဒ္ဓဘာသာ၏ တရားဓမ္မသည် သဘာဝနိယာမနှင့် တူညီသောကြောင့် အနောက်တိုင်းရှိ အပြည်ပြည်ဆိုင်ရာဥပဒေဖွံ့ဖြိုးမှုအတွက် အဓိကကျပါသည်။ (Keown 2005, 3) ယေဘုယျ လူသားဆန်မှုနှင့် လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုခြင်းတို့သည် ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုလုံးအတွက် အခြေခံဖြစ်ပြီး တစ်ဦးကိုတစ်ဦးလေးစားရန်နှင့် စစ်ပွဲကြောင့် ဒုက္ခရောက်သူများကို ခွဲခြားမှုမရှိဘဲ စောင့်ရှောက်ရန် စစ်မက်တိုက်ခိုက်သူများ၏တာဝန်ကို မီးမောင်းထိုးပြပါသည်။ (Bartles – Smith et al. 2020, 382 – 384)

ဗုဒ္ဓဘာသာ၏ အခြေခံရင်းမြစ်ဖြစ်သော သတ္တဝါအားလုံးတို့အပေါ် စာနာခြင်းသည် ယနေ့ကာလအထိ အရေးပါသည်ဟု ခံစားနေရဆဲဖြစ်ပြီး ကျွန်ုပ်တို့မျိုးစိတ်၏ ကန့်သတ်ချက်များကိုကျော်လွန်ကာ ယင်း၏ 'ယေဘုယျသတိရှိမှု' ကို အသိအမှတ်ပြုမှုက အမြင်ကျဉ်းမြောင်းမှုအတွက် လူသားချင်းစာနာထောက်ထားမှုကို ဖော်ထုတ်ပြသပါသည်။ (Bartles – Smith et al. 2020, 384) ဗုဒ္ဓဘာသာသည် လူသားဆန်မှု အခွင့်ထူးဖြစ်သည်နှင့်တပြိုင်နက်တည်းမှာပင် လူသားဘဝသစ်တဖန်ပြန်လည်မွေးဖွားခြင်းက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် ရတောင့်ရခဲ ရှားရှားပါးပါး အခွင့်အရေးကို ရရှိစေနိုင်သောကြောင့် ပုံစံသစ်ဖြင့် စဉ်ဆက်မပြတ် ပြန်လည်ရှင်သန်နေသော သတ္တဝါအားလုံးတို့၏ အပြန်အလှန်ဆက်နွယ်မှုကို အလေးအနက်ထားပါသည်။ ဤအချက်ကို ဗုဒ္ဓတရားဒေသနာဖြစ်သော သတ္တဝါအားလုံးတို့၌ ထာဝရတည်သော အတ္တမရှိခြင်း (အနတ္တ)၊ သတ္တဝါတို့ မည်သူမည်ဝါ ပုံသေအမြဲမရှိခြင်း ဟူသော မမြဲခြင်း (အနိစ္စ)၊ တန်းတူညီမျှခြင်း (သမတာ) တို့ဖြင့် အားဖြည့်ပေးပါသည်။ (Bartles – Smith et al. 2020, 382-383) မတူသည့်အချက်မှာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်သည့် IHL ၏ ပြဋ္ဌာန်းချက်များကို

ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်၏ ပေါင်းသတ်ဆေး ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှုကြောင့် မကြာသေးမီကမှ အလျင်အမြန် ထပ်မံဆောင်းထည့်ဖြည့်သွင်းထားခြင်း ဖြစ်ပါသည်။ (Murphy and Gieseken 2021)

### *ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ စိတ်ပိုင်းဆိုင်ရာအနှစ်သာရ*

ဗုဒ္ဓဘာသာတွင် ယဉ်ကျေးမှုအရ သင့်လျော်အောင်ပြုပြင်ထားသော နတ်ဘုရားအများအားကိုးကွယ်ယုံကြည်မှု၊ နတ်များ၊ မကောင်းဆိုးဝါးနတ်များနှင့် အခြားသော လူသားမဟုတ်သည့် သဘာဝလွန် သက်ရှိသတ္တဝါများ စကြဝဠာတွင် ရှိသည်ဟု ဖော်ပြသော်လည်း ဗုဒ္ဓဘာသာသည် နတ်ကိုးကွယ်သောဘာသာအယူဝါဒ မဟုတ်ချေ။ ဗုဒ္ဓဘာသာတွင် ဖန်ဆင်းရှင် သို့မဟုတ် လောကကိုထိန်းချုပ်သောနတ်ဟူ၍မရှိဘဲ ဩဇာအာဏာဖြင့် အတင်းအကျပ်ပြုသည့် ပညတ်တော်များ မရှိချေ။ (Skilton 2013, 341-342) စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ၏ သီလကျင့်သုံးမှု (သိက္ခာပဒ) အလေ့အကျင့်သည် မိမိကိုယ်တိုင်ဆန္ဒအလျောက်ကျင့်သုံးရသော အကျိုးရှိသည့် ပညတ်ချက်များ ဖြစ်ပါသည်။ ရဟန်းပြုကြသောသူတို့သည် ရုံဖန်ရံခါ ဗုဒ္ဓဘာသာဥပဒေ (ယင်းတွင် ဥပဒေပညာသဘောတရား နည်းပါးလွန်း) ဟု ရည်ညွှန်းသော သိက္ခာပုဒ်ပေါင်း(၂၀၀)ကျော်ပါဝင်သော သာသနာ့ဘောင်ရဟန်းဝိနည်းစည်းကမ်း အကျင့် (ဝိနယ) များကို တိတိကျကျလိုက်နာရသော်လည်း အစဉ်အလာမျိုးစုံတွင် ၎င်းတို့သည် ရဟန်းအဖြစ်မှ လူ့ဘဝသို့ မချိန်မရွေး ပြန်လည်ကူးပြောင်း လူဝတ်လဲနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ယေဘုယျအားဖြင့် ပညတ်ချက်များပေါ် အခြေခံသည့် စည်းမျဉ်းသတ်မှတ်သောစနစ်တစ်ခုထက် ကိုယ်ကျင့်တရားနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာစနစ်တစ်ခု အဖြစ် ဝိသေသလက္ခဏာရှိပြီး ကျင့်သုံးသူတို့၏ အမူအကျင့်ကို စည်းကမ်းတင်းကျပ်ပုံစံသွင်းခြင်းထက် ၎င်းတို့၏ အသိစိတ်အား ပြုပြင်ခြင်းကို ပို၍ အဓိကထားပါသည်။ (Cozort and Shield 2017; Keown 2005, 13) အနောက်တိုင်းအစဉ်အလာနှင့်နှိုင်းယှဉ်မည်ဆိုပါက ဗုဒ္ဓဘာသာသည် မိမိတို့၏ကိုယ်ပိုင်အကျိုးခံစားရသည့် အကျင့်ကောင်းကို အတွင်းသန္တာန်၌တည်စေရန် လေ့ကျင့်မှုနှင့် ကျွမ်းကျင်မှုပေါ် အလားတူ အလေးထားပြီး စစ်ရေးဆိုင်ရာ အကျင့်ကောင်းများနှင့်ပတ်သက်သည့် အနောက်တိုင်းစာပေအများစု၏ အခြေခံကျောထောက်နောက်ခံလည်းဖြစ်သော အရစ္စတိုတယ်၏ ကောင်းမွန်သောကိုယ်ကျင့်သီလပုံစံနှင့် အနီးစပ်ဆုံး ဆင်တူပါသည်။ (Olsthoorn 2019, 38; Keown 2005, 23-25; Gethin 1998, 36)

ဗုဒ္ဓဘာသာက ယင်း၏ အတွေးအမြင်ပဓာနဝိဉာဏဝါဒနှင့် လူသားတို့၏ အများအယွင်းကင်းစွာ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်စွမ်းတွင် ယုံကြည်မှုတို့နှင့်အတူတွဲ၍ လူသားတို့၏အခြေအနေအား လေးနက်တည်ငြိမ်စွာ ဆန်းစစ်လေ့လာမှုကို အရှိအတိုင်းလက်ခံသည့် ယထာဘူတဝါဒီ နိုင်ငံရေးအတွေးအခေါ်ပညာရှင်များအား မှျဝေပေး ပြီး ပဋိပက္ခဖြစ်စေသော စိတ်ပိုင်းဆိုင်ရာနှင့် လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ အကြောင်းတရားများနှင့် ယင်းတို့အား မည်သို့ လျော့ပါးစေနိုင်ကြောင်း လက်တွေ့ကျကျ ပိုင်းခြားစိစစ်ခြင်းကို ပေါင်းစပ်ထားပါသည်။ ဘဝဟူသည် မမြဲသောသဘော(အနိစ္စ)ဖြစ်ပြီး ဆင်းရဲခြင်း၊ နာကျင်ခြင်းနှင့် အလိုမပြည့်ခြင်းတို့ (ဒုက္ခ) ပြည့်နှက်နေကာ သက်ရှိသတ္တဝါတို့သည် မွေးဖွားခြင်း၊ ဒုက္ခခံစားခြင်း၊ သေဆုံးခြင်းနှင့် တဖန်ပြန်လည်မွေးဖွားခြင်း သံသရာ ဖြစ်လာပြီး ၎င်းတို့သည် အစဉ်မပြတ်လည်ပတ်နေသော သံသရာစက်ဝိုင်းတွင် ရုန်းမထွက်နိုင်အောင် ပိတ်မိနေကြပါသည်။ ကာယိကဒုက္ခနှင့် ပင်ပန်းဆင်းရဲခြင်းတို့သည် ဒုက္ခ၏အရေးပါသော အစိတ်အပိုင်းများ ဖြစ်ကြသော်လည်း ယင်းသည် အရင်းခံအားဖြင့် စိတ်ပိုင်းဆိုင်ရာသဘောသဘာဝဖြစ်ပြီး ယင်းကို ပြင်းပြသောတပ်မက်မှု (တဏှာ) က ဖြစ်စေပါသည်။ အဆိပ်သုံးမျိုး သို့မဟုတ် မကောင်းသောအမြစ်များဖြစ်သည့် အလိုကြီးခြင်း/တပ်မက်ခြင်း (လောဘ)၊ စိတ်ဆိုးခြင်း/မုန်းတီးခြင်း (ဒေါသ)နှင့် မသိနားမလည်ခြင်း/ယုံမှားခြင်း (မောဟ) ဟူသော အကုသိုလ် မူလတရားသုံးပါးတို့သည် တပ်မက်ခြင်း၏ မူလဘူတဖြစ်ပြီး ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့် အခြားသော အကုသိုလ်အမှုများအားလုံးကို ဖြစ်စေသော အကြောင်းတရား ဖြစ်ပါသည်။ (Harvey 2018) ထိုမှဆက်လက်၍ ဤအဆိပ်တို့သည် စစ်ပွဲများနှင့် စစ်ပွဲများအတွင်း ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများကို ဖြစ်စေသော အကြောင်းရင်းဇာစ်မြစ်ဖြစ်ပြီး ယင်းတို့ကို ကာကွယ်တားဆီးခြင်းသည် ထိုတရားများကိုတန်ပြန်သည့် သက်ဆိုင်ရာ ဖြေဖျောက်ပေးနိုင်သော ရက်ရောမှု သဒ္ဓါ၊ မေတ္တာနှင့် ပညာတို့ဖြင့် စိတ်ကို လေ့ကျင့်ပေးမှုပေါ်တွင် မူတည်ပါသည်။

မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးတရားလမ်းကြောင်းသည် ဗုဒ္ဓဘာသာဝင်တို့အား ဆင်းရဲဒုက္ခနှင့် ပဋိပက္ခတို့ကို လျော့ပါးစေခြင်းနှင့် အဆုံးသတ်ဖယ်ရှားခြင်းတို့ကို ဖြစ်စေနိုင်ပြီး သံသရာမှလွတ်မြောက်မှု သို့မဟုတ် နိဗ္ဗာန်ကို ရစေနိုင်သည့် နည်းလမ်း အနှစ်ချုပ် ဖြစ်ပါသည်။ လိုအပ်သောစည်းကမ်း၊ မိမိကိုယ်မိမိသတိပြုမိစေသည့် ကိုယ်ပိုင်အသိနှင့် အပြုအမူကိုပြောင်းလဲရန်အတွင်းသဘောတို့ ဖြစ်ပေါ်လာစေရေးအတွက် မဂ္ဂင်ရှစ်ပါးတရားတော်သည်

ကိုယ်ကျင့်တရား (သီလ) သို့မဟုတ် ဗုဒ္ဓဘာသာဝင်တို့၏သီလစောင့်ထိန်းမှုအလေ့အကျင့်နှင့်အတူ တရားထိုင်ခြင်း (သမာဓိ) နှင့် စဉ်းစားဉာဏ်ရင့်သန်လာစေရန်ပျိုးထောင်ခြင်း (ပညာ) တို့ကို ပေါင်းစပ်ထားပါသည်။

ဓမ္မ၏ ကိုယ်ကျင့်သီလဆိုင်ရာရှုထောင့်သည် တရားမျှတမှုနှင့် သူတော်ကောင်းတရားအယူအဆများကို ပေါင်းစပ်ထားပြီး ကာမနိယာမ (ကမ္မ) သို့မဟုတ် စေတနာပါသောလုပ်ရပ်တွင် ပေါ်လွင်ပါသည်။ (Harvey 2000, 251) ကုသိုလ်စေတနာနှင့် ကုသိုလ်ကံ (ကုသလ) အလုပ်တို့သည် ဓမ္မနှင့်အညီဖြစ်ပြီး ပျော်ရွှင်ခြင်း၊ ပြည့်စုံခြင်း ကောင်းကျိုးများကိုပေးနိုင်သော ကံမျိုးစေ့များကိုချပေးပြီး ထိုကုသိုလ်ကံများ ရေရှည်အားကောင်းလာပြီး တိုးပွား လာခြင်းဖြင့် သံသရာမှလွတ်မြောက်မှုကို ရရှိသည်အထိ ပိုမိုမြင့်မားသော သို့မဟုတ် ပိုမိုကောင်းမွန်သော အသစ် တဖန်ပြန်လည်မွေးဖွားမှုများကို ဖြစ်စေပါသည်။ အကုသိုလ်ကံစေတနာနှင့် အကုသိုလ်အလုပ် (အကုသလ) တို့သည် ဓမ္မနှင့်မညီဘဲ ထိုအကုသိုလ်တို့ အားကောင်းလာလျှင် ပိုပြီးနိမ့်ကျသော ဘဝများတွင် အသစ်တဖန် ပြန်လည်မွေးဖွားမှုများကို ဖြစ်စေပါသည်။

လုပ်ဆောင်ချက်တစ်ခု၏ နောက်ကွယ်ရှိ ရည်ရွယ်ချက် သို့မဟုတ် ဆန္ဒ (စေတနာ) သည် ကံဖြစ်ပြီး ထိုကံက ကံ၏အကျိုးဆက်များကို ဖြစ်စေရန်ပြဋ္ဌာန်းပေးပါသည်။ (Harvey 2018, 8) အရေးကြီးသောအချက်မှာ စေတနာဟူသည် လုပ်ဆောင်ချက်တစ်ခုကို ဖြစ်စေသော တဒင်္ဂအတွင်းရုတ်ချည်းဖြစ်ပေါ်လာသည့်ဆန္ဒကို ရည်ညွှန်းပြီး ဖြစ်ပေါ်လာသောစိတ်နှင့်အတူ ယှဉ်တွဲသည်ဖြစ်သောကြောင့် ယင်းကို ကြာရှည်အချိန်ယူရသော စေ့ဆော်မှုများ သို့မဟုတ် အစီအစဉ်များမှ ခွဲခြားသိမြင်ရပါမည်။ (Harvey 2018, 9; Kent 2008, 117) ဗုဒ္ဓဘာသာတွင် အခြားသူများကို ရည်ရွယ်ချက်စေတနာဖြင့် ထိခိုက်နစ်နာစေခြင်းသည် သမားရိုးကျလက်ခံထားမှု အရ ကိုယ်ကျင့်သီလအားဖြင့် မှားယွင်းသည့်အပြင် မကောင်းသောအကုသိုလ်စေတသိက်များက ယင်းကို ဖြစ်စေ သောကြောင့် ကိုယ်တိုင်အကြောင်းရင်းများလည်း ဖြစ်ပါသည်။ (Gethin 2004, 190) စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလသည် လူ့ကျင့်ဝတ်နှင့်ဆိုင်သောစနစ်ဖြစ်သည့်အားလျော်စွာ စိတ်၏အလုပ်လုပ်ပုံနှင့် ကျွန်ုပ်တို့အား လုပ်ဆောင်ရန် စေ့ဆော်နေသည့် စိတ်နှင့်သက်ဆိုင်သော သဘာဝဖြစ်စဉ်တို့ကို ဖော်ပြမှု ဖြစ်ပါသည်။ (Gethin 2004, 190)

ဗုဒ္ဓဘာသာသည် ကျွန်ုပ်တို့၏ ယေဘုယျ လူသားဆန်မှု စိတ်ပိုင်းဆိုင်ရာအခြေခံ စင်စစ်အားဖြင့် ဇီဝဗေဒ ပိုင်းဆိုင်ရာအခြေခံကို ခေတ်သစ် စိတ်ပညာနှင့် ဦးနှောက်နှင့်အာရုံကြောသိပ္ပံတို့ကဲ့သို့ပင် အခိုင်အမာ စိစစ်ထားပါ သည်။ (Wallace 2007) ဗုဒ္ဓဘာသာက ကျွန်ုပ်တို့၏ အတွေးများနှင့် စိတ်ခံစားချက်များအား နှိုင်းယှဉ်သည့် သဘော သဘာဝနှင့် ဓမ္မဓိဋ္ဌာန်မကျသည့်သဘောသဘာဝတို့ကို ထက်မြက်သော နားလည်သဘောပေါက်မှုသည် စစ်ပွဲများ ကို ကာကွယ်တားဆီးရန်နှင့် စစ်မက်တိုက်ခိုက်နေသူများ၏စိတ်ပိုင်းစေ့ဆော်မှုများနှင့် ၎င်းတို့၏အပြုအမူများကို ကာကွယ်တားဆီးရန် များစွာ သက်ဆိုင်မှုရှိပါသည်။ (ဤစာအုပ်မှ Harris 2021) အမှန်စင်စစ် ဗုဒ္ဓဘာသာ စိတ်ပညာ၏ ကျမ်းရင်းဖြစ်သော ထေရဝါဒ အဘိဓမ္မာကျမ်းစာများသည် စစ်ပွဲနှင့် စစ်ပွဲ၏အလွန်အကျွံကိစ္စများကို ဖြစ်စေသော အစစ်အမှန်သဘောတရားများနှင့် ယူဆချက်များကို တိုက်ဆိုင်စိစစ်ရန် ၎င်းတို့၏ ကြိုးပမ်းမှုတွင် အဓိက သီအိုရီသဘောတရားနှင့် အပြုသဘောဝါဒတို့နှင့် သဘောချင်းကိုက်ညီမှုရှိပြီး သိမြင်မှုလုပ်ငန်းစဉ်၊ စိတ်ပိုင်း ဆိုင်ရာအခြေအနေ (ကိလေသာ)၊ စုစည်းမှု (ခန္ဓာ)၊ စိတ်ပိုင်းဆိုင်ရာတည်ဆောက်မှု (သင်္ခါရ) တို့နှင့်ပတ်သက်၍ ၎င်းကျမ်းစာများတွင် ပါဝင်သည့် ဖော်ပြချက်များသည် ယခုနောက်ဆုံး စိတ်ပညာသုတေသနများနှင့် ထပ်တူညီပါ သည်။ (Lancaster 1997; Harvey 2018; Ronkin 2018)

### *ဗုဒ္ဓဘာသာ၏ အကြမ်းမဖက်ရေးနှင့် စစ်ပွဲအစစ်အမှန်*

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာတွင် စစ်ပွဲဆင်နွှဲခြင်းနှင့်သက်ဆိုင်သော ရှုပ်ထွေးသည့် စိတ်ပိုင်းဆိုင်ရာ ရင်းမြစ်များ ပါဝင်သည်ဆိုသော်လည်း မထိခိုက်စေရေး(အဟိံသ)မဏ္ဍိုင်က မည်သည့်အခြေအနေများအောက်တွင်မဆို စစ်ပွဲ၏ တရားဝင်မှုနှင့်ပတ်သက်ပြီး ထူးခြားစွာ ဆန့်ကျင်ကွဲလွဲမှုများရှိသည်ဟု ဆိုလိုပါသည်။ (Harris 2003, 93-94; Premasiri 2006, 81) ဥပမာအားဖြင့် ကျမ်းရင်းဖြစ်သော ထေရဝါဒကျမ်းစာများတွင် မည်သည့် အကြမ်းဖက်မှု မျိုးကိုမဆို ထောက်ခံမှု ပါဝင်ခြင်းမရှိပါ။ ထို့အပြင် စစ်ပွဲ၏အချည်းနှီးအကျိုးမဲ့ဖြစ်ခြင်းသဘောနှင့်ပတ်သက်ပြီး တူဖြစ်သူအဇာတသတ္တုအား နောက်ပိုင်းတွင် ရှုံးနိမ့်ပြီးနောက် ပသေနဒီဘုရင်အား ဟောကြားသောတရားတွင် ဗုဒ္ဓက တိုတိုနှင့်လိုရင်းအချုပ်ထုတ်ပြထားပါသည်။ "အောင်နိုင်ခြင်းက ရန်ငြိုးဖွဲ့ခြင်းကို ဖြစ်စေသည်။ ရှုံးနိမ့်သူသည် ချမ်းသာစွာမအိပ်ရ။ ငြိမ်းချမ်းသောသူသည် အောင်နိုင်ခြင်းနှင့်ရှုံးနိမ့်ခြင်းကို စွန့်လွှတ်ပြီး

သောကကင်းဝေးစွာ အိပ်ပျော်၏။" (Dhp. 201; Sam. 1. 83; Harvey 2000, 255; Bartles – Smith et al. 2020, 397-398)

တုတ်ကိုဆောင်ထားခြင်း သို့မဟုတ် တင်းပုတ်ဖြင့်ရိုက်ခြင်း ကဲ့သို့သော လက်တွေ့အစီအမံများအပြင် အတူတကွဖြင့် တိုက်ခိုက်သူများရန်မှ အနည်းဆုံး အကာအကွယ် သို့မဟုတ် အပာန့်အတားကိုပေးသည် ဆိုသော်လည်း ဗုဒ္ဓဘာသာရဟန်းတော်များသည် ပုရွက်ဆိတ်လေးတစ်ကောင်ကို သတ်ဖြတ်ရန်ပင် တားမြစ်ထားပါသည်။ (Vin. I. 97; Vin. IV. 124-125; Bartles–Smith et al. 2020, 380) ရဟန်းတော်များသည် ဘုရင်များ၊ ဓားပြများ၊ ဝန်ကြီးများ၊ စစ်တပ်များ၊ အန္တရာယ်များနှင့် စစ်ပွဲများ အပါအဝင် နိမ့်ကျသော သို့မဟုတ် မနှစ်မြို့စရာကောင်းသော အကြောင်းအရာများကို ရှောင်ကြဉ်ရမည်ဟု ဗုဒ္ဓက သတိပေးခဲ့ပါသည်။ ထို့ပြင် ထေရဝါဒဝိနည်းအရ ရဟန်းတော်များသည် စစ်တပ်စခန်းများသို့ အလည်အပတ်သွားခြင်း သို့မဟုတ် စစ်ပွဲများနှင့် စစ်သင်တန်းလေ့ကျင့်မှုများကို လေ့လာကြည့်ရှုခြင်းတို့ကို ချွင်းချက်ပြုထားသောအခြေအနေများအောက်မှလွဲ၍ မပြုလုပ်ရချေ။ (Dn. I. 7-8; Vin. IV. 104-107; Florida 2013, 332) မဟာယာနဗုဒ္ဓဘာသာ ဗြဟ္မဇာလသုတ်၌ ရဟန်းများနှင့် သာမန်ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များအတွက် ဗောဓိသတ္တဆုပန်ထားသူတို့သည် မည်သို့နည်းနှင့်မဆို စစ်ပွဲတွင် ပါဝင်ပတ်သက်ခြင်းကို သော်လည်းကောင်း၊ အထောက်အကူပေးခြင်းကိုသော်လည်းကောင်း မပြုလုပ်ရဟု အလားတူ ဖော်ပြထားပါသည်။ (Harvey 2000, 254)

သို့သော်လည်း ဗုဒ္ဓသည် စစ်ပွဲများကို ပိတ်ပင်တားမြစ်ခြင်း သို့မဟုတ် အုပ်စိုးသူများအား ၎င်းတို့၏ စစ်တပ်များကို ဖျက်သိမ်းရန် ပြောဆိုခြင်းမျိုး မလုပ်ခဲ့ပါ။ (Keown 2014, 668; Yu 2013, 195) ထို့အပြင် အုပ်စိုးသူတို့တွင် ၎င်းတို့၏ ပြည်သူများကိုအကာအကွယ်ပေးရန်နှင့် တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းရန် တာဝန်ရှိကြောင်းကို ဗုဒ္ဓက အလေးထားပြောဆိုခဲ့ပါသည်။ (An. III. 149; Dn. III. 58-79; Bartles–Smith et al. 2020, 393, Jayatilleke 1967, 540; Keown 2014, 668) စစ်မှုထမ်းခြင်းသည် မိစ္ဆာအာဇီဝတရား (၇)ပါး သို့မဟုတ် ကူးသန်းရောင်းဝယ်ရေး ပုံစံများတွင် မပါဝင်သော်လည်း လက်နက်ကုန်သွယ်ခြင်းသည်ကား မိစ္ဆာဇီဝဖြစ်၏။ ဗုဒ္ဓက စစ်သည်များအား ၎င်းတို့၏ စစ်မှုထမ်းခြင်းအလုပ်ကိုစွန့်ခွါရန် တိုက်တွန်းခြင်းမပြုခဲ့ပါ။ (An. III. 208; Bartles – Smith et al. 2020, 412; Jerryson 2010, 11; Keown 2014, 669) စင်စစ်အားဖြင့် ကျမ်းရင်းစာပေများစွာတို့တွင် ရဟန်းတို့ကို ပွင့်လင်းစွာ ချီးမွမ်းထားသော စစ်ရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် နှိုင်းယှဉ်ထားပါသည်။ (An. IV. 181; Keown 2014, 669) ကျူးကျော်စစ်ပွဲများသည် ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာအတွက် မနှစ်မြို့စရာဖြစ်သော်လည်း အစိတ်အပိုင်း နေရာအတော်များများအတွက် ခုခံတွန်းလှန်စစ်ပွဲများသည် ရံဖန်ရံခါ ပိုမိုကြီးမားသောဆင်းရဲဒုက္ခများကို ကာကွယ်တားဆီးရန် လိုအပ်နိုင်ကြောင်း ယင်းက ဝန်ခံပြောဆိုထားပါသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက် အကောင်းဆုံး မျှော်လင့်နိုင်သည်မှာ စစ်ပွဲ၏အနိဋ္ဌာရုံများကို ကန့်သတ်နိုင်ရန် ဖြစ်ပါသည်။ (Bodhi 2014)

ဗုဒ္ဓဘာသာဝင်အတော်များများက ၎င်းတို့ကိုယ်တိုင် စစ်ရေးစစ်ရာများမှ ထိုက်သင့်သည့်အားလျော်စွာ ဝေးဝေးနေလိုကြသည့်အချက်နှင့် စာပေကျမ်းဂန်လာအဆို၏ အရေးကြီးဆုံးအပိုင်းကိုရှာဖွေရန် သေချာပေါက် မလိုအပ်သည့်အချက်တို့ကြောင့် ဤအပေါ်ယံ သတင်းစကားမျိုးစုံတို့ကို အကြောင်းပြု၍ ပေါ်ထွက်လာသည့် ရှုပ်ထွေးမှုကို ပိုဆိုးစေပါသည်။ (Jenkins 2015) စင်စစ်အားဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် စစ်ပွဲအစစ်အမှန်ကို ထိပ်တိုက်ရင်ဆိုင်ခြင်းထက် အတွင်းသန္တာန်၌ငြိမ်းချမ်းမှုရရှိရေးကို ပိုမိုစိတ်နှစ်ပြီး နေထိုင်ရန်တိမ်းညွတ်ကြပါသည် သို့မဟုတ် စစ်ပွဲကို ၎င်းတို့၏ ပုံမှန် ဗုဒ္ဓဘာသာ ကျင့်သုံးမှုအလေ့အထမှ အကန့်ခွဲထားရန် တိမ်းညွတ်ကြပါသည်။

## *ရဟန်းတော်များ၏ဝိနည်းနှင့် သာမန်လူတို့၏သီလ*

ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ အရေးပါသောအချက်မှာ ဗုဒ္ဓဘာသာသည် သံဃာတော်များ၏ အကြမ်းမဖက်ရေးအတွေးအမြင်ဝါဒနှင့် ယင်းကို မိမိတို့၏လောကီရေးတာဝန်များ၊ လောကဝတ္တရားများနှင့် ဟန်ချက်ညီအောင် ဆောင်ရွက်ရမည့် သာမန်လူဝတ်ကြောင် ဒါယကာများ၏ ပိုမို၍ ယေဘုယျကျသည့် လက်တွေ့အကျိုးမျှော်ဝါဒတို့ အကြားတွင် ခွဲခြားထားခြင်းဖြစ်ပါသည်။ (ဤစာအုပ်မှ Tilakaratne 2021; Bodhi 2014) အရဟတ္တမဂ်ဉာဏ် ရရှိရေးလမ်းကို ရှေးရှု အားထုတ်နေသည့် သံဃာတော်များသည် အကြမ်းမဖက်ရေးအကျင့်ကို တိတိကျကျ ကျင့်သုံးရမည်ဖြစ်သော်လည်း သာမန်ဗုဒ္ဓဘာသာဝင်လူဝတ်ကြောင်တို့အနေဖြင့် သံသရာမှလွတ်မြောက်ရေးအတွက် ရဟန်းတော်တို့ကဲ့သို့ တူညီသော အလျင်အမြန်လမ်းကြောင်းကျင့်သုံးမှုမဟုတ်သည့်အတွက် ၎င်းတို့၏အခြေအနေနှင့် ဘာသာရေးရည်မှန်းချက်တို့အပေါ်မူတည်၍ သီလကို မည်ရွေ့မည်မျှ လက်တွေ့ စောင့်ထိန်းမည်ဆိုသည်ကို အခြေခံကျကျ ရွေးချယ်နိုင်ပေသည်။ (Lammerts 2018; ဤစာအုပ်မှ Tilakaratne 2021)

အကုသိုလ်ဖြစ်သောအလုပ်များမှရှောင်ကြဉ်သည့် ငါးပါးသီလ (ပဉ္စသီလ) သည် သာမန်ဗုဒ္ဓဘာသာဝင် အားလုံး လိုက်နာကျင့်သုံးရန် အားထုတ်ကြသော ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ အဓိကအနှစ် ဖြစ်ပါသည်။ စစ်ပွဲအတွင်း သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ကြောင်းဖြစ်သည့် ပထမဆုံးသီလမှာ ကျိုးပေါက်မည့်ပုံရှိပါသည်။ သာမန်လူများသည် ရံဖန်ရံခါ ၎င်းတို့ကိုယ်၎င်းတို့သော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း တိုက်ခိုက်ခြင်းမှ ကာကွယ်ရန် အင်အား သို့မဟုတ် အကြမ်းဖက်မှုနည်းလမ်း အသုံးပြုခြင်းတို့ကို ဗုဒ္ဓဘာသာက လက်ခံထားပါသည်။ သို့သော်လည်း ၎င်းတို့ ထိုသို့ပြုခြင်းကြောင့် တစ်ဘက်တွင်ဖြစ်ပေါ်မည့် ထိခိုက်နစ်နာမှုနှင့် အချိုးကျ ကံအကျိုးဆက်များကို ခံစားရပါမည်။ ဤအချက်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာသည် လူတစ်ဦးချင်းစီအား ၎င်းတို့၏ကံကြမ္မာကို၎င်းတို့ကိုယ်တိုင်ထိန်းချုပ်ခွင့်ပေးထားပြီး ဗုဒ္ဓဘာသာ၏စံများကို ဗုဒ္ဓဘာသာဝင် အများစုက မလိုက်နာကြသောကြောင့် မရရှိကြသော်လည်း ၎င်းတို့သည် ဗုဒ္ဓဟောကြားခဲ့သည့်အတိုင်း ရှိနေပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ၏ကိုယ်ကျင့်သီလတွင် ရဟန်းတော်တို့၏ အကြမ်းမဖက်ဝါဒကို ခြွင်းချက်မရှိ စံပြ ကျင့်သုံးခြင်းမှသည် ဗုဒ္ဓဘာသာစံများကို သာမန်စစ်မက်တိုက်ခိုက်နေသူများက နိုင်ငံရေးနှင့် (အမျိုးသား)လုံခြုံရေး လက်တွေ့အခြေအနေများနှင့် ညှိယူရသည့် လက်တွေ့ကျသည့် အပေးအယူညှိနှိုင်းမှုများ အကြား ကံတရားဆိုင်ရာ ဟန်ချက်ညီမှုအထိ အပြုအမူတစ်မျိုးမှတစ်မျိုးသို့ တဖြည်းဖြည်းချင်း ပြောင်းလဲမှုကို မျှော်မှန်းနိုင်သော မသိမသာ ပြောင်းလဲရေးဝါဒီအရည်အချင်း ရှိပါသည်။ Peter Harvey ၏ အဆိုအတိုင်း "အကယ်၍အကြမ်းဖက်ခြင်းကို အသုံးပြုခဲ့သည်ဆိုလျှင် ယင်းကို ဗုဒ္ဓဘာသာက တစ်စုံတစ်ရာနားလည်ပေးနိုင်သော်လည်း အမှန်တကယ် ထောက်ခံခြင်းမပြုပါ။" (Harvey 2000, 252)

စင်စစ်အားဖြင့် ဖော်ပြခဲ့သော ဗုဒ္ဓဘာသာ၏ရည်ရွယ်ချက်ပန်းတိုင်သည် ဆင်းရဲဒုက္ခကို လျှော့နည်းစေရန် ဖြစ်ပြီး အဟိံသတရားသည် အကြမ်းဖက်နိုပ်စက်ညှင်းဆဲခြင်းကို ရှောင်ကြဉ်ခြင်းသာမက သတ္တဝါအားလုံးတို့အပေါ် ဝီရိယစိုက်ထုတ်၍ ကရုဏာတရားပွားများခြင်းလည်းပါဝင်ပြီး စစ်ပွဲစတင်သောနေရာများတွင် ဤပန်းတိုင်သည် ရပ်တန့်သွားခြင်းမရှိပါ။ ဗုဒ္ဓကိုယ်တိုင်ပင်လျှင် ၎င်း၏ တပည့်သာဝကများအတွင်း စစ်ခင်းနေကြသောဘုရင်များနှင့် စစ်သည်တို့အကြား အငြင်းပွားမှုများကို ဖျန်ဖြေပေးခဲ့ပါသည်။ (Sn. 935-954; Florida 2013, 331) ဗုဒ္ဓသည် ဗုဒ္ဓဘာသာတရားတော်စံနှုန်းများကို သူ့ခေတ်သူ့အခါကရှိခဲ့သော လူမှုရေးနှင့်နိုင်ငံရေး အစစ်အမှန်အခြေအနေများ နှင့် ဟန်ချက်ညီအောင် လက်တွေ့ကျကျ လုပ်ဆောင်ခဲ့ပြီး ၎င်း၏ အဆုံးအမတရားများကို လူတိုင်းက တပြေးညီ လိုက်နာနိုင်စွမ်းမရှိကြောင်းနှင့် အကောင်းမြင်နိုင်စွမ်းမရှိကြောင်းကို သိရှိနားလည်ခဲ့ပါသည်။ (ဤစာအုပ်မှ Tilakaratne 2021) ဤအချက်သည် အထူးသဖြင့် ဗုဒ္ဓဘာသာစံနှုန်းများကို စစ်ပွဲ၏ မနှစ်မြို့ဖွယ်ရာ အစစ်အမှန် အခြေအနေများနှင့် ဟန်ချက်ညီအောင်လုပ်ဆောင်ရမည့် ဗုဒ္ဓဘာသာဝင်စစ်သည်များအတွက် အထောက်အထား ဖြစ်ပါသည်။

## အပိုင်း (၃)၊ စစ်ပွဲမဖြစ်ပွားမီနှင့် စစ်ပွဲဖြစ်ပွားပြီးနောက် အကြမ်းဖက်မှုများကိုကာကွယ်တားဆီးခြင်း

### *ဗုဒ္ဓဘာသာ၏ နိုင်ငံရေးဦးဆောင်မှုနှင့် စစ်ကိုကာကွယ်တားဆီးခြင်း*

စစ်ပွဲဆင်နွှဲခြင်းကိုစည်းမျဉ်းဖြင့်ထိန်းကျောင်းရန်လုပ်ဆောင်ရာတွင် ဗုဒ္ဓဘာသာက မည်သို့ကူညီပေးနိုင်သည်ကို နားလည်သဘောပေါက်နိုင်ရန်အတွက် ပထမဦးစွာ စစ်ပွဲဆင်နွှဲခြင်းကို အားကိုးအားထားပြုခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာက မည်သို့ဆိုထားသည်ကို နားလည်ရန် အရေးကြီးပါသည်။ စင်စစ်အားဖြင့် ဗုဒ္ဓဘာသာသည် ပဋိပက္ခမဖြစ်အောင် ကာကွယ်တားဆီးခြင်းနှင့် အဓိက သက်ဆိုင်ပါသည်။

၎င်းတို့၏ပြည်သူများကို အုပ်ချုပ်ရန်နှင့် အကာအကွယ်ပေးရန် တာဝန်များသည် ရံဖန်ရံခါ စစ်ပွဲကို လိုအပ် ပြီး ထိုတာဝန်ရှိသည့် အုပ်စိုးသူများနှင့် တိုက်ပွဲဝင်စစ်သည်များ၏ စိတ်ပိုင်းဆိုင်ရာအရ ဆုံးဖြတ်ရခက်ခဲသော မရေရာမှုကို ဗုဒ္ဓက ပွင့်ပွင့်လင်းလင်း ဟောကြားခဲ့ပါသည်။ (Jenkins 2017, 161) ဤသို့သောပြဿနာမျိုးကို သေယျဇာတ်တွင် ဘုရားလောင်း ဗောဓိသတ္တမင်းက "ဒုက္ခဆင်းရဲကို ဖြစ်အောင်ပြုပြီးမှ ပိုင်ဆိုင်ရသည့်နိုင်ငံကို ငါမလိုချင်"ဟု ဆိုကာ ကျူးကျော်တိုက်ခိုက်လာသော ရန်သူ့တပ်များအတွက် ၎င်း၏ မြို့တော်တံခါးများကို ဖွင့်ရန် အမိန့်ပေးသည်ဟု အကျဉ်းမျှ ပြဆိုထားပါသည်။ (Jat. II. 273-274)။

အစောပိုင်းဗုဒ္ဓဘာသာတွင် ဗုဒ္ဓဘာသာဝင်တို့၏ နိုင်ငံရေးလုပ်ဆောင်ချက်များကို အဓိကနှင့် အများဆုံး သရုပ်ဖော်ထားသော ရင်းမြစ်များသည် အစဉ်အလာဂိုဏ်းအားလုံးတွင်တွေ့ရသည့် ဇာတကကျမ်းလာ ဇာတ်တော် များဖြစ်ပြီး ယင်းတို့သည် အထင်ရှားဆုံးနှင့် နားလည်ရန်အလွယ်ဆုံး ကျမ်းရင်းဖြစ်သော ထေရဝါဒစာပေများလည်း ဖြစ်ပါသည်။ (ဤစာအုပ်မှ Jenkins 2017, 162; Premasiri 2021) ဤဇာတ်တော်များတွင် သာမန် ဗုဒ္ဓဘာသာဝင်

များ၏ တာဝန်များနှင့် အလေးထားမှုများမှ ရှန်းမထွက်နိုင်အောင်ရှိနေခဲ့သည့် ဗုဒ္ဓ၏ ယခင်က အဖန်ဖန်ပြန်လည် မွေးဖွားခဲ့သည့် ဘုရားလောင်းဘဝဖြစ်စဉ်များ ပါဝင်ပါသည်။ ဘုရားလောင်းသည် မကြာခဏပင် ဘုရင်အဖြစ်သော်လည်းကောင်း၊ မှူးမတ်အဖြစ်သော်လည်းကောင်း၊ စစ်သည်တော်အဖြစ်သော်လည်းကောင်း ပြန်လည်မွေးဖွားခဲ့သောကြောင့် စစ်ပွဲကို ထိုးထွင်းဉာဏ်ဖြင့် မည်သို့မည်ပုံ ကာကွယ်တားဆီးနိုင်ကြောင်း သို့မဟုတ် အဆိုးရွားဆုံးအခြေအနေများမှာပင် စစ်ပွဲ၏ရက်စက်ကြမ်းကြုတ်မှုကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း ဇာတကဇာတ်တော်များက ညွှန်ပြနေပါသည်။ (ဤစာအုပ်မှ Jenkins 2017, 166-167; Premasiri 2021; ဤစာအုပ်မှ Mendis 2021)

ဗုဒ္ဓဘာသာ၏ နိုင်ငံရေးဦးဆောင်မှု အယူအဆအတော်များများကို တိုင်းသူပြည်သားများနှင့် ၎င်းတို့ကို အုပ်စိုးသူမင်းများ၏ အခွင့်အရေးများအကြောင်း အသေးစိတ်ဖော်ပြထားသည့် 'ကြီးမြတ်သောရွေးကောက်ခံ' *မဟာသမ္မတ* ဟု ခေါ်သော ဤဘဒ္ဒကမ္ဘာ၏ ပထမဆုံးဘုရင်အကြောင်းဖော်ပြသည့် ထေရဝါဒကျမ်းစာများတွင် အတိုချုပ်ဖော်ပြထားပါသည်။ (Dn. III. 93; Jerryson and Juergensmeyer 2010, 11-12) ဗုဒ္ဓဘာသာတွင် စံပြထိုက်သော အုပ်ချုပ်သူမင်းသည် တရားနှင့်အညီအုပ်စိုးသော စက္ကဝတ္တိမင်းဖြစ်ပြီး ဗုဒ္ဓကိုယ်တိုင် အတိတ်ဘဝများ၌ စက္ကဝတ္တိမင်း ဖြစ်ခဲ့ပါသည်။ (An. IV. 89-90, cf. Dn. I. 88-89; Dn.III. 59; Harvey 2000, 252) အချုပ်အခြာအာဏာဟူသည် အုပ်စိုးသူထံတွင် အခြေခံအားဖြင့် ရှိမနေသော်လည်း ဓမ္မနှင့်လျော်ညီသည့် ကိုယ်ကျင့်တရားအခြေခံမှုများကို လိုက်နာရမည်ဖြစ်ပြီး ယင်းသည် အုပ်စိုးသူက 'တိုင်းသူပြည်သားအားလုံးကို တရားနှင့်အညီ စောင့်ရှောက်ခြင်း၊ တားဆီးကာကွယ်ခြင်း၊ အကာအကွယ်ပေးခြင်း' (စောင့်ရှောက်ခြင်းဆိုရာတွင် စစ်ပွဲကိုစောင့်ရှောက်ခြင်းလည်းအပါအဝင်) တို့ လုပ်ဆောင်ပေးရန် လူမှုပဋိညာဉ်အဖြစ်ဖြင့် အုပ်စိုးသူအား စည်းနှောင်ထားကာ တာဝန်ရှိစေပါသည်။ (An. III. 149; Dn. III. 58-79; Bartles–Smith et al. 2020, 393; Jayatilleke 1967, 540)

ဦးစွာ ဗုဒ္ဓဘာသာက အုပ်စိုးသူမင်းတို့ကို မည်သို့တရားမျှတစွာ အုပ်ချုပ်ရမည်၊ အခြားနိုင်ငံများနှင့် ဆက်ဆံရေးကောင်းအောင် မည်သို့ပြုလုပ်ရမည်ကို လမ်းညွှန်မှုပေးပြီး ဤနည်းအားဖြင့် ပြည်တွင်း ပြည်ပ ဆူပူမငြိမ်သက်မှု အလားအလာမရှိစေရန်လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ အုပ်စိုးသူမင်းက ၎င်း၏တိုင်းသူပြည်သားများကို အကျယ်ပြန့်ဆုံး လုံခြုံမှုပေးရန်တာဝန်ကို 'အကြောက်တရားကင်းခြင်းလက်ဆောင်'(အဘယဒါန - အိန္ဒိယအစဉ်အလာ အတော်များများတွင် တွေ့ရသော အယူအဆ)ဟုလည်း ဖော်ပြထားပါသည်။ အုပ်စိုးသူမင်းက ၎င်း၏ပြည်သူများကို ပေးသည့် ဤလက်ဆောင်သည် ငြိမ်းချမ်းရေးထက်ပင် ပိုမိုကြီးမားသည့်တန်ဖိုးရှိသည်ဟု ဆိုပါသည်။ (ဤစာအုပ်မှ Kilby 2021) နိုင်ငံနှင့် လူမှုအဖွဲ့အစည်းအဆင့်တွင် စစ်ပွဲဟူသည် အုပ်စိုးသူတို့က ဤလက်ဆောင်ကိုပေးရန် ပျက်ကွက်ခြင်းအဖြစ် မှတ်ယူပါသည်။ ထိန်းမနိုင်သိမ်းမရလောက်အောင် ဆင်းရဲနွမ်းပါးမှု၊ အကျင့်ပျက်ခြစားမှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုတို့သည် ပဋိပက္ခကိုမီးထိုးပေးနိုင်သော ရာဇဝတ်မှုနှင့် လူထုကြား သဘောထားကွဲလွဲမှုတို့၏ အဓိက အကြောင်းရင်းများအဖြစ် ဖော်ထုတ်ထားပါသည်။ စက္ကဝတ္တိသီဟနာဒသုတ်လာ ဒဏ္ဍာရီဇာတ်လမ်းတစ်ပုဒ်တွင် အုပ်စိုးသူမင်း၏ တာဝန်များထဲမှ တစ်ခုကို လျစ်လျူရှုခြင်းကြောင့် ဆင်းရဲမွဲတေမှုများဖြစ်ပွားလာပြီး ဤနည်းအားဖြင့် စစ်ပွဲအထိ ဆင့်ကဲအကျိုးဆက်များကို ဖြစ်စေနိုင်ပုံကို ဖော်ပြထားပါသည်။ (Dn. III. 64; ဤစာအုပ်မှ Harris 2021)

နိုင်ငံခြားဆက်ဆံရေးတွင် အုပ်စိုးသူမင်းသည် အိမ်နီးချင်းနိုင်ငံများနှင့် သာတူညီမျှခံစားရန် ကောင်းမွန်သော အလုပ်များကို ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပြီး ယခုခေတ် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ဆင်တူသည့်အချက်ဖြစ်သော အိမ်နီးချင်းနိုင်ငံများနှင့် ကျူးကျော်တိုက်ခိုက်ခြင်း မပြုရန်လည်း တာဝန်ရှိပါသည်။ (Jayatilleke 1967; 557; Dias and Gamble 2010, 18) စက္ကဝတ္တိမင်းသည် အင်အားကြီးသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော စစ်တပ်ရှိသော်လည်း အလားအလာရှိသော ရန်သူများကို အကြမ်းဖက်သောနည်းလမ်းဖြင့် အနိုင်ယူခြင်းကို ရှောင်ကြဉ်ပြီး ဆွဲဆောင်မှုရှိသောတရားမျှတခြင်း အစွမ်း (ပါဝါအပျော့) ဖြင့် အောင်နိုင်ခဲ့ပါသည်။ (Dn. III. 58-79; Bartles–Smith et al. 2020, 393-394) သို့သော်လည်း ဤဒဏ္ဍာရီလာ စံနှုန်းများကို လူသားအားလုံး တရားနှင့်အညီကျင့်ကြံကြသော ယခင်အခါ ရွှေခေတ်တွင်သာရရှိနိုင်ပြီး ကျွန်ုပ်တို့နေထိုင်ရာ တရားဓမ္မကျင့်သုံးမှု လျော့ကျလာသောခေတ်တွင် မဖြစ်နိုင်ဟု ဗုဒ္ဓဘာသာက ဝန်ခံထားပါသည်။ (Sugiki 2020; Natlier 1991) ထို့ကြောင့် အုပ်ချုပ်သူအစိုးရမင်းတို့သည် ရံဖန်ရံခါတွင် ဆင်ဆင်ခြင်ခြင်ဖြင့် အင်အားအသုံးပြုခြင်း၊ အကြမ်းပတမ်းပြုရခြင်း၊ ခြိမ်းခြောက်ရခြင်းတို့ကို ၎င်းတို့၏ ပြည်သူအများအားကာကွယ်ရန် မဖြစ်မနေလုပ်ဆောင်ရပြီး အဟန့်အတားဖြစ်စေရန်နှင့် မတတ်သာသည့်အဆုံး နောက်ဆုံးနည်းလမ်းအဖြစ် အသုံးပြုရန် အမြဲတမ်းစစ်တပ်ကို ထားရှိရန် မျှော်လင့်ခြင်းကို ဗုဒ္ဓဘာသာက သိရှိနားလည်ထားပါသည်။ (Jenkins 2017, 162; Keown 2014, 666) ထို့ကြောင့် ထိုးစစ်ဆင်သောစစ်ပွဲမျိုးကို ပြစ်တင်ရှုံ့ချသော်လည်း ခုခံကာကွယ်သောစစ်ရေးစွမ်းဆောင်နိုင်မှုကိုမူ လိုလားပါသည်။ ထို့အပြင် စစ်ပွဲဆင်နွှဲခြင်းနှင့်ပတ်သက်သည့် ထေရဝါဒသုတ္တန်များတွင် တွေ့ရသော အုပ်စိုးသူ

မင်းကောင်းမင်းမြတ်တစ်ဦး၏ ဂုဏ်ရည်ဆယ်ပါးဖြစ်သော ပေးကမ်းစွန့်ကြဲခြင်း၊ သီလစောင့်ထိန်းခြင်း၊ ရက်ရောခြင်း၊ ရိုးသားခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဘာသာရေးကိုကျင့်သုံးခြင်း၊ ဒေါသထိန်းနိုင်ခြင်း၊ သနားခွင့်လွှတ်ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို Gethin က ဖော်ထုတ်ထားပါသည်။ (Gethin 2014, 73)

ဗုဒ္ဓဘာသာနှင့် ရှေးခေတ်အိန္ဒိယနိုင်ငံရေးဦးဆောင်မှုတွင် ယေဘုယျအားဖြင့် တင်းမာမှုများ မြင့်တက်လာသည့်အခါများတွင် သိသာထင်ရှားသောလက္ခဏာတစ်ခုမှာ စစ်ပွဲအလားအလာကို မလိုလားခြင်းသည် ပထမနေရာ၌ရှိပြီး ဖြစ်နိုင်သ၍ စစ်ပွဲကိုရှောင်လွှဲနိုင်မည့် ရွေးချယ်စရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေ ကြိုးပမ်းခြင်း ဖြစ်ပါသည်။ (Jenkins 2017, 161; Singh 2017, 321) Kautilya ၏ သက္ကတနိုင်ငံရေးကျမ်း အာသသျှတ္တရ (Arthaśāstra) တွင် ပြည်နယ်အချင်းချင်း တင်းမာမှုများကို ဖြေရှင်းရန် သင့်လျော်သော ဥပါယ်နည်းလမ်းများ (ဥပယ) ကို (၄)မျိုး ခွဲပေးထားပါသည်။ ထိုလေးခုထဲတွင် တစ်ခုတည်းကသာ အင်အားသုံးခြင်း ပါဝင်ပြီး ယင်းတို့မှာ ရင်ကြားစေ့ဖျန်ဖြေခြင်း(သာမ)၊ ပေးကမ်းခြင်း(ဒါန)၊ အင်အားသုံးခြင်း(ဒဏ္ဍ) နှင့် ဖြိုခွဲပစ်ခြင်း(ဘေဒ)တို့ ဖြစ်ပါသည်။ (Singh 2017, 310; Sugiki 2020b, 15) ထိုနည်းလမ်း(၄)သွယ် အတူပေါင်းကာ သံခင်းတမန်ခင်းနှင့် သူလျှိုလုပ်ခြင်း အပါအဝင် နည်းလမ်းများစွာကို လွှမ်းခြုံအကျုံးဝင်စေပြီး လက်နက်ကိုင်ပဋိပက္ခကိုမသုံးဘဲ ပြဿနာများကို ဖြေရှင်းရန် ယခုခေတ်တွင် နိုင်ငံအတော်များများက ယင်းတို့ထဲမှအချို့ကို ပေါင်းစပ်၍မျိုးကွဲအဖြစ် သို့မဟုတ် စစ်ပွဲမျိုးဆက်သစ်အဖြစ် မျှော်မှန်း အသုံးပြုနေကြပါသည်။

စစ်ပွဲအခြေအနေတည်ရှိမှု မတိုင်မီနှင့် ဖြစ်ပွားပြီးနောက်တို့တွင် အကြမ်းဖက်မှုနောက်ဆုံးနည်းလမ်းမပါဘဲ ရည်မှန်းချက်များရရှိရေးအတွက် ကရုဏာနှင့်ပညာကို မည်သို့အသုံးပြုနိုင်ကြောင်း ပြသရန် ဗုဒ္ဓကျမ်းစာများက ဤလက်တွေ့အသုံးတည့်သောနည်းလမ်းများကို ပြုပြင်မွမ်းမံပြီး အခြားရည်ရွယ်ချက်ဖြင့်အသုံးပြုရန် ညှိယူဖန်တီးပါသည်။ (Sugiki 2020b, 17) စစ်ပွဲကိုရှောင်ရှားရန် အုပ်စိုးသူမင်းသည် ရဟန်းပြုနိုင်ပါသည်။ ထွက်ပြေးခြင်းကို ရွေးချယ်နိုင်ပါသည်။ စစ်ကိုရှောင်ရန် လက်နက်ချအညံ့ခံနိုင်ပါသည်။ (Sugiki 2020b, 4; Jenkins 2010a, 65; Jat. II. 224-226) ပြင်းထန်မှုနည်းပါးသော ရွေးချယ်စရာနည်းလမ်းများထဲတွင် ရန်သူနှင့်မိတ်ဆွေဖွဲ့ခြင်း၊ လက်ဆောင်ပဏ္ဍာပေး၍ ပြေငြိမ်းစေခြင်း၊ အင်အားကောင်းသောစစ်တပ်ဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် အခြားသောနိုင်ငံများနှင့် အခိုင်အမာ မဟာမိတ်ပြုခြင်းတို့ ပါဝင်ပါသည်။ (Jenkins 2010a, 66) အုပ်စိုးသူမင်း၏ တရားမျှတမှု ဂုဏ်သတင်းကလည်း ရန်သူကို အလားတူ ရှိန်သွားစေနိုင်ပြီး တိုက်ခိုက်မှုပြုမလာအောင် ဖျောင်းဖျတားဆီးနိုင်ပေသည်။ သို့မဟုတ် တန်ခိုးကြီးသောနတ်များကဲ့သို့ သဘာဝလွန်အင်အားစုများ၏ ဝန်းရံကူညီမှုကိုရယူနိုင်သည့်အပြင် တရားမျှတသောမင်းသည် မိမိရန်သူကို ၎င်း၏နည်းလမ်းများမှားယွင်းနေကြောင်းကိုပြသပြီး တရားပင် ဟောကြားနိုင်ပါသည်(Sugiki 2020b, 6-8)

### *အသောကမင်းအကြောင်းဥပမာများ*

အချို့သောအုပ်စိုးသူမင်းများသည် စက္ကဝတ္တိမင်းကို အတုယူကျင့်သုံးရန် အခြားသူများထက် ပို၍ အထူး ကြိုးပမ်းခဲ့ကြပါသည်။ သို့မဟုတ် ထိုသို့ လုပ်ဆောင်သည်ကို တွေ့ရပါသည်။ ဘီစီသုံးရာစုတွင် ဗုဒ္ဓဘာသာပြန့်ပွားအောင် အကြီးအကျယ် ဆောင်ရွက်ခဲ့သော အသောကမောရိယမင်း(C. 304 -232 BCE)ကို သမိုင်းတွင် အထူးတလည် စံပြုထိုက်သော ဗုဒ္ဓဘာသာဝင်ဘုရင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူခဲ့ကြပါသည်။ (Harvey 2000, 253) လူတစ်သိန်းကျော် အသတ်ခံရပြီး တစ်သိန်းခွဲ အိုးပစ်အိမ်ပစ်ထွက်ပြေးခဲ့ရသော ဘီစီ(၂၆၂)တွင် ဖြစ်ပွားခဲ့သည့် ကာလိင်္ဂစစ်ပွဲ(ယခုခေတ် ဩရိဿ)ကို အောင်နိုင်ပြီးနောက် အသောကမင်းသည် နောက်ထပ် ကျူးကျော်အောင်နိုင်မှုကိုစွန့်လွှတ်ကြောင်း လူသိရှင်ကြား ကြေငြာခဲ့ပြီး ၎င်း၏ လူသိများထင်ရှားသော (၁၃)ခုမြောက် ကျောက်စာတိုင်သည် ဆိုးရွားလှသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျိုးဆက်များအတွက် ၎င်း၏ နောင်တနှင့် သက်ဆိုင်ပါသည်။ (Roy 2012, 50; Singh 2017, 268-270)

အသောကမင်း၏ စစ်ပွဲကိုစွန့်လွှတ်လိုက်ခြင်းသည် အကြွင်းမဲ့မဟုတ်ချေ။ ၎င်းသည် အင်အားကြီးမားသော စစ်တပ်ကြီးကို ဆက်လက်ထားရှိပြီး တောတွင်းသားများအား နိုင်ငံကိုဒုက္ခပေးခြင်း မပြုလုပ်ရန်နှင့် လုပ်ခဲ့လျှင် လက်တုံ့ပြန်နှိမ်နင်းမည်ဖြစ်ကြောင်း ပြင်းပြင်းထန်ထန်သတိပေးခဲ့ပါသည်။ (Singh 2017, 270) ထို့အပြင် ယခင်က ၎င်းတိုက်ခိုက်ခဲ့သောစစ်ပွဲများနှင့် အိန္ဒိယတိုက်ငယ်တစ်ခုလုံးနီးပါးကို ၎င်း၏ဩဇာအောက်သို့ ရောက်ရှိစေခဲ့သည့် ၎င်း၏အမိန့်ပေးကွပ်ကဲမှုအောက်ရှိ အင်အားကြီးမားလှသော စစ်တပ်ကြီးတို့ကြောင့်သာလျှင် ၎င်းကို သနားကြင်နာတတ်သော အာဏာရှင်တစ်ဦးအဖြစ် ပုံရိပ်တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပုံရပါသည်။ (Jenkins 2017, 172-173)

အသောကဏ်ကျောက်စာများတွင် ဘာသာရေးနှင့်ပတ်သက်သော သည်းခံနိုင်စွမ်းနှင့် အခြားသော လူများနှင့် တိရစ္ဆာန်များ၏ ဆင်းရဲဒုက္ခခံစားရမှုအပေါ် စိတ်ထိခိုက်ခံစားလွယ်မှုတို့ကိုလည်း ဖော်ပြထားပါသည်။ (Draper 1995, 196-197) အသောကမင်းသည် ဗုဒ္ဓဘာသာနှင့် အခြားသော ကျယ်ပြန့်သည့် အိန္ဒိယကိုယ်ကျင့်သီလတို့ကို အင်ပါယာဥပဒေများအတွင်း စနစ်တကျ စုစည်းပေါင်းရုံးခဲ့ပါသည်။ ဤတရားတို့သည် ရေရှည်တည်တန့်ခိုင်မြဲခဲ့ခြင်း မရှိဘဲ သက်တမ်းတိုတောင်းခဲ့သော်လည်း ပြည်တွင်း ပြည်ပဆက်ဆံရေးတို့အပေါ် လွှမ်းမိုးခဲ့ပြီး လူသားတို့နှင့် တိရစ္ဆာန်တို့၏ မွန်မြတ်သန့်စင်သောဘဝကို လေးစားမှုရှိရန်အပြင် အားလုံးအပေါ် လူသားဆန်စွာနှင့် တရားမျှတ စွာ ဆက်ဆံရန် ပြဋ္ဌာန်းခဲ့ပါသည်။ (197) အသောကမင်း၏ ကျောက်စာများတွင် စစ်ပွဲဆင်နွှဲခြင်းနှင့်ပတ်သက်သော စည်းမျဉ်းများမပါရှိသော်လည်း ၎င်းသည် ဗုဒ္ဓဘာသာနှင့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော အခြေခံမူသဘောတရား များဖြစ်သည့် လူသားချင်းစာနာထောက်ထားမှု၊ ခွဲခြားမှုမရှိခြင်းတို့ကို ရှေ့ဆောင်အဖြစ် စတင်ကျင့်သုံးခဲ့သူဖြစ်ပြီး ထိုမူများပေါ်အခြေခံကာ ယနေ့ခေတ် IHL နှင့် လူ့အခွင့်အရေးစနစ်တို့ကို တည်ဆောက်ထားသည်ဖြစ်ရာ ၎င်းသည် ယနေ့တိုင် အာရှတလွှားနှင့် စင်စစ်အားဖြင့် ကမ္ဘာတဝှမ်းရှိနိုင်ငံများနှင့် သက်ဆိုင်နေဆဲ ဖြစ်ပါသည်။ (205-206)

နိုင်ငံအစိုးရများသည် ၎င်းတို့ကိုယ်တိုင်လိုက်နာရမည့် IHL စည်းမျဉ်းများကို အတည်ပြုလက်မှတ်ထိုးခြင်း၊ အများသိရှိအောင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အပြင် ၎င်းတို့၏ ဥပဒေစနစ်များတွင် ယင်းကို ပေါင်းစပ်ခြင်းအတွက် အဓိက တာဝန်ရှိသောကြောင့်လည်းကောင်း၊ ဗုဒ္ဓဘာသာသည် အာရှနိုင်ငံများ၏ အစိုးရများနှင့် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့ အများအပြားအပေါ်တွင် အရေးပါသော လွှမ်းမိုးမှု ဆက်လက်ရှိနေသည် ဆိုသောအချက်ကြောင့်လည်းကောင်း အာရှနိုင်ငံဖွဲ့စည်းမှုတွင် ဗုဒ္ဓဘာသာ၏အရေးပါမှုသည် အလွန် သက်ဆိုင်နေပါသည်။ (Frenth 2015; 383; Jayatilleke 1967, 544-448) စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်းသည် ကမ္ဘာတွင် ရှေးအကျဆုံးနှင့် အဓွန့်အရှည်ဆုံး အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ (Jayatilleke 1967, 451) ဒိုမီနီကန်တို့ကဲ့သို့သော ဘာသာရေးဂိုဏ်းများအပါအဝင် ကက်သလစ်ဘုရားကျောင်းများသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံအုတ်မြစ်များနှင့် IHL တွင် ပါဝင်သည့် တရားမျှတသောစစ်ပွဲ အခြေခံမူများကို ချမှတ်ရာတွင် အကူအညီပေးခဲ့သကဲ့သို့ သံဃာ့အဖွဲ့အစည်းသည် နိုင်ငံရေးဦးဆောင်မှုတွင် ဗုဒ္ဓဘာသာ၏ အခြေခံမူ သဘောတရားများကို အပြည်ပြည်ဆိုင်ရာအဆင့်ရောက်အောင်ဆောင်ရွက်ရာ၌ ကမ္ဘာအနှံ့ဖြစ်စဉ်၏ အစောပိုင်း ကာလ အဆင့်တစ်ခုကို ရှေ့ဆောင်ခဲ့သော အဖွဲ့အစည်း ဖြစ်ပါသည်။(Jayatilleke 1967, 549, 557; Dias and Gamble 2010, 16)

### *ဗုဒ္ဓဘာသာဂိုဏ်းအချို့၏ စစ်ပွဲများအတွက် ပိုမိုကိုက်ညီသောအချက်များ*

ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ၏ အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်ခွာတောထွက်ကျင့်သုံးခြင်း မူလသဘောမှ စတင်ပြီး အာရှတိုက်၏အရေးအပါဆုံး ဘာသာရေးအဖြစ်သို့ ကျယ်ပြန့်လာသကဲ့သို့ ဗုဒ္ဓဘာသာသည် အစောပိုင်း ထေရဝါဒ ပါဠိကျမ်းစာများတွင်တွေ့ရသော အဆုံးအမဗဟိုချက်နှင့် ခေတ်ပြိုင်ဂိုဏ်းများ၏ ကျမ်းစာများမှ စတင်လာပြီး ဘာသာရေး၊ ဒဿနနှင့် ယဉ်ကျေးမှု အပြောင်းအလဲအမျိုးမျိုးရှိသည့် မဟာယာနနှင့် ဝဇီရယာနဂိုဏ်း ရေစီးကြောင်းများစွာအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲသွားခဲ့ပါသည်။ (French 2015, 835-836) မဟာယာနနှင့် ဝဇီရယာန ဗုဒ္ဓဘာသာသည် ထေရဝါဒဗုဒ္ဓဘာသာထက် ပို၍ အချို့အပိုင်းများတွင် လူမှုရေးနှင့် နိုင်ငံရေးအရ ဖောင်းပေးမှုများ ရှိသောကြောင့် တစ်ခုတည်းသောတန်ဖိုးထားမှုစနစ်အတွင်း အကြမ်းမဖက်သည့်သံဃာ့စံနှုန်းနှင့် စစ်ရေးဆိုင်ရာ လိုအပ်ချက်များအကြား တင်းမာမှုကို ဤနည်းလမ်းဖြင့် ဖြေရှင်းပေးခဲ့ပါသည်။ (Schmithausen 1999, 62; Sinclair 2014, 152) ဤနည်းအားဖြင့် သာမန် ဗုဒ္ဓဘာသာဝင်များနှင့် အထူးသဖြင့် အုပ်စိုးသူမင်းများအား ပိုမိုပွင့်လင်းသော တရားဝင်ဖြစ်စေခြင်းနှင့်အတူ စစ်ရေးလှုပ်ရှားမှုများကို နှစ်မြှုပ်ပြီး ပိုမိုတက်ကြွသည့် ဘာသာရေး အခန်းကဏ္ဍကို ရရှိစေခဲ့ပါသည်။ (Schmithausen 1999, 62) သာဓကအားဖြင့် ကိုးရီးယားတွင် ရဟန်းတော် Won Gwang(c. 541-530) က သာမန်လူများအတွက် စစ်ရေးနှင့် ပတ်သက်သော ကျင့်သုံးရန်သီလ(၅)ခုကို ဟောကြားခဲ့ရာ "ပထမဦးဆုံးအချက်မှာ ဘုရင်အပေါ် သစ္စာရှိစွာ အမှုထမ်းရန်၊ … စတုတ္ထမြောက်အချက်မှာ စစ်ပွဲတွင် ဆုတ်ခွာ ခြင်းမပြုရန်နှင့် ပဉ္စမမြောက်အချက်မှာ လက်လွတ်စပယ် မဆင်မခြင် သတ်ဖြတ်ခြင်းမပြုရန်"တို့ ဖြစ်ပါသည်။ (Ahn 1989, 19; Schmithausen 1999, 54-55)

အချို့ဘုန်းတော်ကြီးဂိုဏ်းများသည် စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ခြင်းပင်ရှိပြီး ကိုယ်ခံပညာဖွံ့ဖြိုးတိုးတက်မှုတွင် ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့ကြပါသည်။ (Lorge 2011) ကျူးကျော်မှု၊ စစ်ပွဲများနှင့် လုယက်တိုက်ခိုက်မှုများကို တုံ့ပြန်ရန် ဘုန်းတော်ကြီးတိုက်ခိုက်ရေးတပ်များသည် အလယ်ခေတ်တွင် တရုတ်၊ ဂျပန်၊ ကိုးရီးယားနှင့် တိဘက်တို့

အပြင် ဥပမာ - များမကြာသေးမီက တရုတ်-ဂျပန်(Sino- Japanese)စစ်ပွဲအတွင်း ပေါ်ပေါက်လာခဲ့ပါသည်။ (Jerryson, 2017, 60; yu 2013; Schmithausen 1999, 52)

အနောက်တိုင်း၏တရားမျှတသောစစ်ပွဲအစဉ်အလာနှင့် နောက်ပိုင်းပေါ်ပေါက်လာသော IHL တို့သည် အချိန်ကာလကြာညောင်းလာသည်နှင့်အမျှ ယေဘုယျအားဖြင့် အထိန်းအချုပ်လျော့ရဲမှုနည်းပါးလာသော်လည်း ဗုဒ္ဓဘာသာတွင် စစ်အင်အားအသုံးပြုခြင်းနှင့် တရားမျှတသောစစ်ပွဲအယူအဆတို့နှင့်ပတ်သက်ပြီး ရံဖန်ရံခါ ပိုမိုပွင့်လင်းလာပါသည်။

### *ဗုဒ္ဓဘာသာတွင် တရားမျှတသောစစ်ပွဲ၏ဝိသေသလက္ခဏာများ*

ဗုဒ္ဓဘာသာလာ တရားမျှတသောစစ်ပွဲဝိသေသလက္ခဏာများနှင့်ပတ်သက်၍ တွေးခေါ်သုံးသပ်ခြင်းသည် ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ကြသော နိုင်ငံများနှင့် ဗုဒ္ဓဘာသာနှင့်ပိုမိုနီးစပ်ကြသောနိုင်ငံများတွင် ဖွံ့ဖြိုးခဲ့ပါသည်။ (Jerryson 2010; Prydenlund 2017c, 27) ဤသို့တွေးခေါ်ခြင်းသည် ဩဂုတ်စ်တင်း(Augustine) သက်ရှိထင်ရှားရှိခဲ့သောကာလက ခရစ်ယာန်များကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်များက ၎င်းတို့ကိုယ်၎င်းတို့ အခြားနိုင်ငံများမှ ကျူးကျော်ခြင်း သို့မဟုတ် ကိုလိုနီပြုကျူးကျော်ခြင်းစသည့် ၎င်းတို့၏ရှင်သန်ရပ်တည်မှုအပေါ် ခြိမ်းခြောက်မှု ကျရောက်လာပြီဟု မြင်ကြသောအခါ စစ်အင်အား အသုံးပြုခြင်းအတွက် ဘာသာရေးအရ တရားဝင်မှုကို ရှာဖွေလေ့ရှိတတ်ကြသောကြောင့် ဖြစ်ပါသည်။ (Frydenlund 2017c, 29) ထို့အပြင် ဤတွေးခေါ်စဉ်းစားခြင်းက ပထမဆုံးသီလသိက္ခာပုဒ်ကို ချိုးဖောက်ခြင်းကြောင့် ရလာမည့် အကုသိုလ်ကံ၏အကျိုးရလဒ်များကို ထေပစ်ရန် ညွှန်ကြားချက်များနှင့် သိက္ခာပုဒ်ကိုယ်တိုင်ကို နှိုင်းယှဉ်ပြုလုပ်သည့်ရလဒ်ပေါ်တွင်လည်း ကြီးမားသော အလေးထားမှုကို ဖြစ်စေခဲ့ပါသည်။ (Schmithausen 1999, 56-57)

အစောပိုင်းခေတ်၏ စစ်ပွဲအတွက် ကြောင်းကျိုးဆီလျော်ကြောင်းအကြောင်းပြချက်များကို သီရိလင်္ကာ ဆင်ဟားလီ ဗုဒ္ဓဘာသာဝင် သူရဲကောင်း ဒုဋ္ဌဂါမဏိမင်း(161-137 BCE)က ဗုဒ္ဓဘာသာကိုကာကွယ်ရန်ဆိုကာ တမီးလ်ဘုရင် ဧဠာရမင်းနှင့် စစ်ခင်းမှု သမိုင်းမှတ်တမ်းများဖြစ်သည့် ငါးရာစုတွင် ပေါ်လာခဲ့သော မူရင်းပါဠိကျမ်းဂန်မဟုတ်သော မဟာဝံသ၌ ဖော်ပြထားပါသည်။ (Harvey 2000, 255-256) ဥပမာအားဖြင့် ဒုဋ္ဌဂါမဏိမင်းသည် သူ၏တပ်ကို အနုရာဓပူရ မြို့သို့ စစ်ချီသည့်အခါ ရဟန်းငါးရာကိုပါ ၎င်းနှင့်အတူပင့်ဆောင်သွားပြီး ၎င်း၏လှံထဲတွင် ဗုဒ္ဓ၏ဓာတ်တော်ကို ထည့်သွင်း မြုပ်နှံထားကြောင်း ဆိုပါသည်။ (Singh 2017, 469)

မဟာယာနနှင့်ဝဇီရယာန ဗုဒ္ဓဘာသာသည် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလသိက္ခာပုဒ်များကို ကြုံတွေ့ရသည့် အခြေအနေပေါ်မူတည်၍သော်လည်းကောင်း၊ လက်တွေ့အကျိုးကိုတွက်ဆ၍သော်လည်းကောင်း အဓိပ္ပါယ်ဖွင့်ကြသောကြောင့်ထေရဝါဒဗုဒ္ဓဘာသာထက် အကြမ်းဖက်မှုကို အသုံးပြုခြင်းများနှင့်ပတ်သက်လျှင် ပိုမို လွတ်လပ်သည့် အယူဝါဒ ဖြစ်ပါသည်။ (Keown 2005, 18) ၎င်းတို့၏ကျမ်းစာများတွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လိုသော ဘုရားလောင်း ဗောဓိသတ္တ၏ ကရုဏာနှင့်ယှဉ်သော သို့မဟုတ် ကိုယ်ကျိုးမဖက်သောသတ်ဖြတ်ခြင်း အယူအဆ ပါဝင်ပြီး၊ ဤအယူအဆသည် တစ်စုံတစ်ဦး၏ အိမ်နီးချင်းကိုချစ်မြတ်နိုးမှုကြောင့် မတော်မတရားပြုသူတို့အပေါ် သေစေလောက်သောအင်အားကို အသုံးပြုခြင်းသည် ကြောင်းကျိုးဆီလျော်နိုင်သည်ဆိုသော အစောပိုင်းကာလ ကက်သလစ်တို့၏ တရားမျှတသောစစ်အတွေးအခေါ်နှင့် ဆင်တူယိုးမှား ဖြစ်ပါသည်။ (Jayasuriya 2009, 424)

ကရုဏာကိုအခြေခံ၍သတ်ခြင်းအမှုပြုခြင်းကို အစောပိုင်း မဟာယာနလာ သြဇာကြီးမားသော ဥပါယ-ကုသလသုတ် (Upāya-kauśalya Sūtra, Skill-in-Means Sutra)တွင် ဖော်ပြထားသည်ကို လူသိများကြပါသည်။ ထိုဥပါယ-ကုသလသုတ်တွင် ဘုရားလောင်းသည် ပင်လယ်ရေကြောင်းသွားသင်္ဘော၏ မာလိန်မှူးဖြစ်ပြီး သင်္ဘောတွင်လိုက်ပါလာသော ခရီးသည်များနှင့် သင်္ဘောသားများကိုသတ်မည့် လူသတ်သမားတစ်ယောက်ကို သတ်ခဲ့သည်။ ဤသို့သတ်ခြင်းကြောင့်ရလာမည့် အကုသိုလ်ကံ၏အပြစ်များကို ၎င်းကခံယူလိုက်ပြီး လူသတ်မှုကျူးလွန်တော့မည့် လူသတ်သမားကိုလည်း ပို၍ဆိုးရွားသော မကောင်းမှုများ မပြုလုပ်နိုင်ရန် ကယ်တင်ခဲ့ပါသည်။ (ဤစာအုပ်မှ Harvey 2021) အခြားသူများကိုကယ်တင်ရန် သင်္ဘောမာလိန်မှူးသည် ၎င်း ငရဲကျနိုင်ခြေကို လက်ခံခဲ့ခြင်းနှင့် ထိုသို့ စိတ်ပိုင်းဖြတ်မှုကြောင့် ၎င်း၏စိတ်သည် အကုသိုလ်တရားတို့မှ ကင်းရှင်းနေသည့်အတွက် ၎င်းသည် ငရဲကိုမကျခြင်း သို့မဟုတ် ကျလျှင်လည်း ခေတ္တမျှသာ ဖြစ်ပေသည်။

အခြားသောမဟာယာနကျမ်းစာများက ပိုပြီးတည့်တည့်ရှင်းရှင်း ဆိုပေသည်။ (Schmithausen 1999, 57-59) ဥပမာ - လူသိများထင်ရှားသော မဟာနိဗ္ဗာနသုတ်တွင်ပြဆိုသည်မှာ မဟာယာနဘာသာဝင်တို့သည် ဗုဒ္ဓ

ဘာသာကို ကာကွယ်ရန်အတွက် လက်နက်များသုံးပြီး သတ်ဖြတ်ခြင်းပြုရမည်ဆိုလျှင်ပင် သိက္ခာပုဒ်များကို လိုက်နာခြင်းထက် ဗုဒ္ဓဘာသာကိုကာကွယ်ရန်က ပိုအရေးကြီးသည်ဟု ဆိုပါသည်။ (Schmithausen 1999, 57-58, Bictoria 2022)

ဗုဒ္ဓဘာသာ၏ တရားမျှတသောစစ်နှင့်ပတ်သက်ပြီး အရှင်းလင်းဆုံး၊ လိုရင်းအကျဆုံးရှင်းလင်းချက်ကို လေးရာစုနှင့် ခြောက်ရာစုနှစ်များအတွင်း အိန္ဒိယတွင်ရေးသားခဲ့သော မဟာယာန အရိယသစ္စကပရိဝတ္တ(Ārya-satyaka–parivarta, သစ္စာစကားပြောသူ၏ မြင့်မြတ်သောတရားတော်)တွင် တွေ့ရပါသည်။ (Sugiki 2020a, 2; Bartles – Smith et al. 2020, 374) စစ်ပွဲလမ်းညွှန်ချက်နှင့်ပတ်သက်သော ဗုဒ္ဓဘာသာတရား အများစုသည် ကျယ်ပြန့်ပြီး စုစည်းရခက်သော ကျမ်းဂန်တို့တွင် ပျံ့နှံ့နေပြီး အရိယသစ္စကပရိဝတ္တသုတ်တွင် အုပ်စိုးသူမင်းများအတွက် နိုင်ငံခြားကျူးကျော်စစ်ကို မည်သို့ရင်ဆိုင်ရမည်ကို စာပိုဒ်အတိုအနည်းငယ်မျှနှင့် အကြံပြုဖော်ပြထားပါသည်။ ဇာတကဇာတ်တော်များနှင့် အခြား ကျမ်းရင်း ပိဋကတ်ကျမ်းဂန်များအတိုင်း စစ်ပွဲကိုကာကွယ်တားဆီးရန် တရားစောင့်သောမင်းသည် ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်ခြင်း၊ ရန်သူတို့အား လက်ဆောင်ပဏ္ဏာများပေးခြင်း၊ အခြားနိုင်ငံများနှင့် မဟာမိတ်ပြု၍ ထိုရန်သူအား ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်ရန် အကြံပြုထားပါသည်။ ( Sugiki 2020a, 11; Zimmermann 2000, 190-191)

ဝဇီရယာန၏ ကာလစကြတန္တရ Kālacakra-tantra ကလည်း တရားသောစစ်နှင့်ပတ်သက်သော အတွေးအခေါ်အချို့ကို ရှင်းလင်းစွာပြဆိုထားပါသည်။ (၁၁)ရာစု အိန္ဒိယနိုင်ငံတွင် ရေးသားခဲ့သော ဤကျမ်းစာတွင် ဗုဒ္ဓဘာသာသည် မူဆလင်ကျူးကျော်သူတို့၏ ခြိမ်းခြောက်မှုအန္တရာယ်အောက်ကျရောက်ခဲ့ချိန် ဒဏ္ဍာရီလာ ရှမ်ဘလ (Shambhala) ဟိမဝန္တာဘုရင့်နိုင်ငံကို တိုင်းတပါး မလက်ချ (*mleccha*) စစ်တပ်၏ ကျူးကျော်မှုကြိုတင်ဟောကိန်းထုတ်ထားပြီး စက္ကဝတ္တိမင်းက ကျူးကျော်သူများအား ချေမှုန်းအောင်နိုင်ပုံနှင့် ဗုဒ္ဓဘာသာအား စောင့်ရှောက်ပုံတို့ကို ဖော်ပြထားပါသည်။ (Sinclair 2014, 158; Schmithausen 1999, 58) တန္တရဗုဒ္ဓဘာသာတွင် ဇာတကဇာတ်တော်များနှင့် အရိယသစ္စကပရိဝတ္တသုတ်တို့တွင် ပါဝင်သကဲ့သို့ စစ်အင်အား အသုံးပြုရန်အတွက် လိုအပ်သည့် ကြိုတင်သတ်မှတ်ချက်များ ပါဝင်ပါသည်။ စစ်ပွဲကို ဖြေရှင်း၍မရအလွန်ခက်ခဲ သော အကြမ်းဖက်လာသည့်ရန်သူအား နောက်ဆုံးသုံးရသည့်နည်းလမ်းအဖြစ်သာ တိုက်ခိုက်ရမည်ဖြစ်ပြီး ရန်သူကို မုန်းတီးခြင်း သို့မဟုတ် ၎င်းတို့၏ စည်းစိမ်ဥစ္စာများကို လုယူလိုစိတ်ကြောင့်မဟုတ်ဘဲ တိုင်းပြည်ကို ကာကွယ်လိုသော ဆန္ဒ၏ စေတနာစေ့ဆော်မှုသက်သက်သာ ဖြစ်ရပါမည်။ (Sinclair 2014, 160) ထို့ကြောင့် မဟာယာနနှင့် ဝဇီရယာန ကျမ်းစာများသည် ဗုဒ္ဓဘာသာဝင်စစ်မက်တိုက်ခိုက်သူများ၏စိတ်ကို ပို၍လွှမ်းမိုးထားနိုင်ပေသည်။

စစ်ကိုကာကွယ်တားဆီးရန် လမ်းညွှန်ထားသည့် ဗုဒ္ဓဘာသာကျမ်းစာများသည် နက်နဲသော ယုံကြည်မှုများနှင့် ကျင့်သုံးမှုအလေ့အထများအထိ ကျယ်ပြန့်ပါသည်။ ဥပမာအားဖြင့် အိန္ဒိယဝဇီရယာနဗုဒ္ဓဘာသာတွင် စစ်ပွဲနှင့်ပတ်သက်သောစာပေများသည် တန္တရဗုဒ္ဓဘာသာမဟုတ်သောကျမ်းစာများ၌ အကျယ်တဝင့်ရေးသားထားချက်များနှင့် မွန်ဂိုတို့၏ခြိမ်းခြောက်မှုရန်ကိုတွန်းလှန်ရန် ဘာသာရေးကျင့်စဉ်အစီအမံများကို အသေးစိတ်ပြင်ဆင်ပြုလုပ်ခဲ့သောကြောင့် Sokdokpa(မွန်ဂိုတွန်းလှန်သူ)ဟုသိကြသော တိဘက်ရေးရာကျွမ်းကျင်သူတစ်ဦးဖြစ်သည့် Lodro Gyeltsen (1552-1624) တို့ထက် များစွာ သာလွန်ပါသည်။ (Sinclair 2014, 150; Dalton 2011, 133-134) အကြမ်းမဖက်သည့်နည်းလမ်းများသည် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလများနှင့် သဟဇာတဖြစ်ကာ တွဲဖက်အသုံးပြုနိုင်သောကြောင့် အကြမ်းမဖက်သည့်နည်းလမ်းများကိုအသုံးပြုခြင်းသည် အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များကို ဆွဲဆောင်မှုရှိပြီး စစ်ပွဲကိုတားဆီးကာကွယ်ရန် အသုံးတည့်သောနည်းလမ်းများတွင် မှော်ဆန်သော သို့မဟုတ် သဘာဝလွန် အင်အားများကို အသုံးပြုခြင်းတို့ ပါဝင်ပါသည်။ (Debreczeny 2019; Van Schaik 2020, 89)

## အပိုင်း (၄)၊ ဗုဒ္ဓဘာသာနှင့် IHL တို့အရ စစ်ပွဲအတွင်း အကြမ်းဖက်မှုအနည်းဆုံးဖြစ်စေခြင်း

### *စစ်ပွဲအတွင်း ကံနှင့် စေတနာ*

စစ်ပွဲကိုကာကွယ်တားဆီးခြင်းနှင့် စစ်ပွဲသည် မတတ်သာသည့်အဆုံး နောက်ဆုံးနည်းလမ်း (ယုစ်အက်ဒ်ဘဲလမ်) တို့နှင့်ပတ်သက်ပြီး ဗုဒ္ဓဘာသာက မည်သို့ဆိုထားသည်ကို ဆန်းစစ်ပြီးသည့်နောက် ဤဆောင်းပါး၏ ဒုတိယတစ်ဝက်က စစ်ပွဲဆင်နွှဲခြင်း (ယုစ်အင်ဘဲလို သို့မဟုတ် IHL) နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာက မည်သို့ဆိုထားသည်နှင့် စစ်သည်များ ကိုယ်တိုင် ရင်ဆိုင်တွေ့ကြုံရသော အကျပ်အတည်းပြဿနာများကို လေ့လာထားပါသည်။

ဗုဒ္ဓဘာသာဝင်စစ်သည်များ၏ အဓိကစိုးရိမ်ကြောင့်ကြမှုမှာ စစ်ပွဲအတွင်း ၎င်းတို့တွင် အကုသိုလ်ကံများ တိုးပွားလာနိုင်ခြင်း ဖြစ်ပါသည်။ ထိခိုက်နာကျင်အောင်လုပ်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းတို့ကြောင့် ဖြစ်လာသော

အကုသိုလ်ကံ၏ပမာဏသည် ထိခိုက်နာကျင်စေလိုသောဆန္ဒ၏ပြင်းပြမှု၊ အသုံးပြုသည့်အားစိုက်ထုတ်မှုပမာဏ အပါအဝင် လုပ်ဆောင်မှု၏သဘာဝနှင့် ထိုလုပ်ဆောင်မှုကိုခံလိုက်ရသူ၏သဘာဝ နှစ်ခုလုံးတို့အပေါ်တွင် မူတည်ပါသည်။ (Singh 2017, 254) အကျယ်တဝင့်ယေဘုယျပြောရလျှင် သူတော်ကောင်းတစ်ဦးကို ထိခိုက်နာကျင်အောင်ပြုခြင်းက လူဆိုးတစ်ဦးကို ထိခိုက်နာကျင်အောင်ပြုလုပ်ခြင်းထက်၊ လူသားတစ်ဦးကိုထိခိုက်နာကျင်အောင်ပြုခြင်းက တိရစ္ဆာန်တစ်ကောင်ကို ထိခိုက်နာကျင်အောင်ပြုခြင်းထက်၊ ကြီးမားသောတိရစ္ဆာန်ကို နာကျင်အောင်ပြုခြင်းက သေးငယ်သောတိရစ္ဆာန်ကို နာကျင်အောင်ပြုခြင်းထက် ရည်ရွယ်ချက်စေတနာ ပြဋ္ဌာန်းမှုနှင့် ပိုမိုကြီးမားသော အားထုတ်ကြိုးပမ်းမှုတို့ကြောင့် ပို၍ဆိုးပါသည်။ (ဤစာအုပ်မှ Harvey 2021) ရန်သူ၏ စစ်မှန်သော သို့မဟုတ် တွေ့မြင်ရသော ကိုယ်ကျင့်တရားဇာတိရုပ်သည် စစ်ပွဲတွင် အမှန်တကယ် များစွာ သက်ဆိုင်မှုရှိပါသည်။ ဇာတက ဇာတ်တော်များတွင် ဘီလူးများ သို့မဟုတ် မကောင်းဆိုးဝါးများကို သတ်ဖြတ်ခြင်းအတွက် တစ်စုံတစ်ရာဖော်ပြခြင်း မရှိဘဲ ဆိတ်ဆိတ်နေခြင်းသည် ၎င်းတို့၏ နိမ့်ကျလွန်းလှသော ကျင့်ဝတ်သီလအဆင့်အတန်းကြောင့် ဖြစ်ပုံရပြီး ဗုဒ္ဓဘာသာဝင်များသည် ရုံဖန်ရံခါ အခြားသူများကဲ့သို့ပင် လက်တွေ့ဘဝတွင် ရန်သူများအပေါ် အကြမ်းဖက်မှု ဖြစ်နိုင်ရန် မကောင်းဆိုးဝါးပူးကပ်သည့်မျိုး သို့မဟုတ် လူမဆန်ခြင်းမျိုး ဖြစ်လေ့ရှိနိုင်သည်ဆိုသည့်အချက်ကို အကြံပြုထားပါသည်။ (Jenkins 2017, 163-164)

အရေးပါသည်မှာ စစ်မက်တိုက်ခိုက်သူများအတွက် ကံအကျိုးဆက်သည် ၎င်းတို့၏ တိုက်ခိုက်ရန် စေ့ဆော်သည့်အရင်းခံအကြောင်းတရားများနှင့် ဥပမာ ရန်သူကို မသန်မစွမ်းဖြစ်စေလိုခြင်းလော သို့မဟုတ် သေစေလိုခြင်းလော ဟူသည့် ၎င်းတို့ အင်အားအသုံးပြုသည့်အခိုက်အတန့်တွင် ထားရှိသော တိကျသည့် စေတနာရည်ရွယ်ချက် နှစ်ခုလုံးအပေါ် မူတည်ပါသည်။ ထိုနည်းတူစွာ ဗုဒ္ဓဟောကြားခဲ့သည့်အတိုင်း တိုက်ပွဲဝင်စစ်သည်တစ်ဦး၏ သေခါနီးဖြစ်သောစိတ်(မရဏစိတ္တ)သည် ၎င်းအား မည်သည့်ဘဝ၌ ပြန်လည်မွေးဖွားမည်ဆိုသည့် လာမည့် နောက်ဘဝနှင့် ပတ်သက်၍ အလွန်အရေးပါပေသည်။ (Jenkins 2017, 144) စစ်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်များသည် သက်ရှိတစ်စုံတစ်ဦးကို သေစေရန် သို့မဟုတ် ထိခိုက်နစ်နာစေရန် ပြုရတော့မည်ဆိုလျှင် စင်ကြယ်နိုင်သမျှစင်ကြယ်ပြီး အတတ်နိုင်ဆုံး ကိုယ်ကျိုးမငဲ့သောစေတနာရည်ရွယ်ချက်များဖြင့် ပြုလုပ်ရမည်ဖြစ်ရာ တိုက်ပွဲဝင်စစ်သည်များအတွက် ရွေးချယ်စရာအကန့်အသတ်နှင့် အလွန်အမင်းစိတ်ဖိစီးမှုကြီးမားပြီး ပြင်းထန်သောစိတ်ခံစားမှုများနှင့် လုပ်ကိုင်ရသည့် ပဋိပက္ခအခြေအနေများတွင် ဤသို့ပြုလုပ်ရန် ခက်ခဲပါသည်။

ထင်ရှားသည့်သုတ္တန်တစ်ခုတွင် ယောဓာဇီဝ ခြေလျင်တပ်သား သို့မဟုတ် ကြေးစားစစ်သား တစ်ဦးက ဗုဒ္ဓကို ဟိန္ဒူဝါဒလာအယူအဆအတိုင်း စစ်ပွဲတွင် ၎င်း သေခဲ့လျှင် နတ်ပြည်သို့ ရောက်မည်လော ဟုမေးသည့်အခါ အကယ်၍ ၎င်း၏စိတ်သည် နိမ့်ကျ၊ ယုတ်မာပြီး သူ၏အတွေးတွင် "ဤသက်ရှိသတ္တဝါများ သေပါစေ၊ ချုပ်နှောင်ခံရပါစေ၊ ပျက်စီးပါစေ၊ မတည်တံ့ပါစေနှင့်တော့" ဟု (တွေးပြီး) ပြုလုပ်လျှင် စစ်ပွဲ သတ်ဖြတ်သော ငရဲသို့ ရောက်ရပေမည်ဟု ဗုဒ္ဓက ဖြေကြားခဲ့ပါ။ (Sam. IV. 308-9; Sugiki 2020a, 8)

ဗုဒ္ဓဘာသာတွင် စစ်မက်တိုက်ခိုက်သူများသည် စစ်ပွဲအတွင်း ၎င်းတို့၏စိတ်ကို အကုသိုလ်ဝင်ရောက်ခြင်းမှ အမှန်တကယ် ကာကွယ်တားဆီးနိုင်ရန်နှင့် ထိုသို့တားဆီးခြင်းက မကောင်းသောကံအကျိုးဆက်များကို ဖြေဖျောက်ပေးနိုင်သည် ဟူသည့် အယူအဆနှင့်ပတ်သက်ပြီး အတိုင်းအတာတစ်ရပ်အထိ ကွဲပြားသောအမြင်များ ရှိပါသည်။ (Keown 2014, 657, 670-671) ထေရဝါဒ အဘိဓမ္မာကျမ်းစာများအရ ကိုယ်ကျိုးမငဲ့သည့်ဖြစ်ရပ်အများစု ၌ပင် ငုပ်နေသော အကုသိုလ်အစိတ်အပိုင်း ပါဝင်နေသောကြောင့် တစ်စုံတစ်ယောက်ကို ကုသိုလ်စေတနာသက်သက်ဖြင့် သေစေရန်မှာ မဖြစ်နိုင်ပါ။ (Gethin 2004, 190) သို့သော်လည်း မဟာယာနကျမ်းစာ အတော်များများက စစ်မက်တိုက်ခိုက်သူများသည် ရုံဖန်ရံခါ ဥပေက္ခာဖြစ်သော သို့မဟုတ် ကုသိုလ်စိတ်ဖြင့် သတ်နိုင်သည်ဟု ခံယူထားပါသည်။ (Sugiki 2020a, 6-8) မည်သို့ဆိုစေ ဗုဒ္ဓဘာသာဝင်စစ်မက်တိုက်ခိုက်သူများ၏ အကျိုးငှာ ၎င်းတို့ကြောင့် ဖြစ်စေသော ထိခိုက်နစ်နာမှုများကို IHL နှင့်အညီ တတ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ဆိုသည့် အချက်မှာ ရှင်းပါသည်။

IHL အရ စစ်သည်များသည် ၎င်းတို့၏ လုပ်ဆောင်မှုများအတွက် တစ်ဦးချင်းစီတွင်တာဝန်ရှိသကဲ့သို့ ၎င်းတို့ ပြုသည့်ကံအတွက်လည်း တစ်ဦးချင်းတွင် တာဝန်ရှိပါသည့်အပြင် ဥပဒေနှင့်မညီသောအမိန့်များကို လိုက်နာခြင်းသည် အကြောင်းပြချက်ဆင်ခြေတစ်ခုမဟုတ်ချေ။ (နောက်ဆက်တွဲ ၁၊ အပိုဒ် ၈၆(၁))

ကံဟူသည် စေတနာဖြစ်သောကြောင့် ဗုဒ္ဓဘာသာ သီလများကို ချိုးဖောက်ရန် အမိန့်ပေးသူတို့သည် ကံ၏ အကျိုးဆက်ရလဒ်များအတွက် တာဝန်ရှိပြီး တနည်းအားဖြင့် ထိုသို့တာဝန်ရှိမှုသည် ၎င်းတို့၏အမိန့်ကို လက်တွေ့လုပ်ဆောင်သော စစ်သည်များ၊ ကွပ်ကဲမှုအဆင့်ဆင့်တွင်ပါဝင်နေသူများအားလုံးတို့ထက် ပိုပြီးကြီးမားပါသည်။ (Mn. II. 188; Harvey 1999, 280) စင်စစ်အားဖြင့် လေးရာစုနှစ်က ဂန္ဓာရီ ရဟန်း ဝသုဗန္ဓု၏အဆိုအရ

စစ်တပ်တွင်းရှိ စစ်သားများအားလုံးတွင် အုပ်စုလိုက်ပြုလုပ်သောကံရှိသည် ဖြစ်သောကြောင့် သတ်ဖြတ်ခြင်း အတွက် ၎င်းတို့ မျှဝေ တာဝန်ရှိကြပါသည်။ (Harvey 2000, 254; Bartles – Smith et al. 2020, 401)

ဗုဒ္ဓဘာသာတွင် စစ်သည်များ၏ ရည်ရွယ်ချက်စေတနာပေါ် အခြေခံသော မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်မှု သည် အနောက်တိုင်း တရားမျှတသောစစ်ပွဲအစဉ်အလာ အပါအဝင် အခြားဘာသာရေးများနှင့် ကိုယ်ကျင့်သီလ စနစ်တို့၏ ဝိသေသလက္ခဏာ ဖြစ်ပါသည်။ (Whetham 2011b, 71-72; Bartles – Smith 2022, 1745) စစ်သည်တို့၏ လုပ်ရပ်နောက်ကွယ်မှရည်ရွယ်ချက်စေတနာ မှားယွင်းနေလျှင် စည်းမျဉ်းများကို သေချာပေါက် လိုက်နာစောင့်ထိန်းလိမ့်မည်မဟုတ်ဟု Aquinas က သိရှိနားလည်ထားခဲ့ပြီး ယင်းအချက်သည် လုပ်ရပ်တစ်ခု၏ နောက်ကွယ်ရှိ စေ့ဆော်မှုအကြောင်းရင်း သို့မဟုတ် ရည်ရွယ်ချက်စေတနာဖြစ်ပြီး အပြုအမူ၏ အရေးပါဆုံးသော အဆုံးအဖြတ်နှင့် နိမိတ်လက္ခဏာ ဖြစ်သောကြောင့် ယင်းအချက်က ဗုဒ္ဓဘာသာကဲ့သို့ပင် ၎င်း၏ တရားမျှတသောစစ်ပွဲ သီအိုရီအယူအဆသည် စစ်ပွဲဆင်နွှဲခြင်းကိုထိန်းချုပ်သော ယုစ်အင်ဘဲလို (jus in bello) အသေးစိတ် စည်းမျဉ်းများထက် ယေဘုယျ အခြေခံမူသဘောတရားများကိုသာ ပေးရသည့် အကြောင်းရင်းကို တစိတ်တပိုင်း ရှင်းပြနိုင်ပါသည်။ (Whetham 2011b, 71-72)

### *စစ်ပွဲဆင်နွှဲရာတွင် ဗုဒ္ဓဘာသာနှင့် IHL ကို ကျင့်သုံးခြင်း*

စစ်ပွဲကို ကာကွယ်တားဆီးရန် အသုံးပြုသော လှည့်ကွက်များနှင့် ပရိယာယ်များအပြင် ဇာတကဇာတ်တော် များကဲ့သို့သော ဗုဒ္ဓဘာသာကျမ်းစာများက အကယ်၍ စစ်ပွဲဖြစ်ပွားမည်ဆိုလျှင် အကြမ်းဖက်မှုများကို အနည်းဆုံး ဖြစ်စေရန် မည်သို့ ထိုးထွင်းလုပ်ဆောင်နိုင်ကြောင်းကိုလည်း ပြပါသည်။ ဗုဒ္ဓသည် အတိတ်ဘဝများတွင် စစ်ပွဲကာလ ရှင်ဘုရင်၊ မှူးမတ် သို့မဟုတ် လူသားအသွင်စစ်သည်တော် သို့မဟုတ် ဥပမာအားဖြင့် ဉာဏ်ပညာ၊ ရဲစွမ်းသတ္တိနှင့်ယှဉ်သောကရုဏာနှင့် မိမိကိုယ်ကို စွန့်လွှတ်အနစ်နာခံမှုတို့ ပေါင်းစပ်ထားသော စစ်မြင်းကဲ့သို့ တိရစ္ဆာန်ပုံစံ စစ်သည်တော် အဖြစ် မကြာခဏ ပြန်လည်မွေးဖွားခဲ့ပါသည်။ (Jenkins 2017, 166-167) ဤအတိတ်ဘဝများတွင် ဘုရားလောင်း ဗောဓိသတ္တအဖြစ် စစ်ပွဲ၏ အကြမ်းဖက်မှုကို လျှော့ချရန် ၎င်း၏ ကြိုးပမ်းမှုသည် တကယ့်စစ်သည်များအတွက် အတုယူရန် ကြိုးပမ်းနိုင်သည့် စံနမူနာပြ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်မှု၏ ဖြစ်ရပ်လေ့လာမှုကို ပြဋ္ဌာန်းပေးပါသည်။ ထို့အပြင် ဤသို့သော ဇာတက ဇာတ်တော်များကို ဘုရားစေတီများနှင့် ဘုန်းကြီးကျောင်းနံရံများတွင် ထွင်းထုထားပြီး တစ်ကမ္ဘာလုံးမှ ဗုဒ္ဓဘာသာဝင်များ သိရှိကြပြီး နှစ်ခြိုက်ကြသည်ဆိုသောကြောင့် IHL စည်းမျဉ်းများကို အသိပညာပြန့်ပွားအောင် မည်သို့ဖြန့်ဝေနိုင်ကြောင်း နည်းလမ်း ရရှိနိုင်ပါသည်။ (ဤစာအုပ်မှ Mendis 2021; ဤစာအုပ်မှ Wijenayake 2021)

လက်တွေ့မကျဟုဆိုလျှင်ဆိုနိုင်သော်လည်း စစ်ပွဲတွင် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုနှင့် ပတ်သက်၍ ထင်ရှားသော ဗုဒ္ဓဘာသာကျမ်းလာ ဥပမာတစ်ခုမှာ ဗုဒ္ဓဘာသာဝင်သိကြားမင်း သက္က၏ ဇာတ်လမ်းဖြစ်ပါသည်။ အသုရာတို့ထံမှ ဆုတ်ခွာခဲ့သောအခါ သိကြားမင်းသည် အချို့ငှက်ကလေးများ၏အသိုက်များကို သူ၏လှည်းဝင်ရိုး နှင့် ထိခိုက်မိနိုင်သည့်အန္တရာယ်ကိုစိုးရိမ်၍ ၎င်း၏စစ်တပ်ကို ပြန်လှည့်ပြီး ရန်သူကိုပြန်လည်ရင်ဆိုင်ရန် အမိန့်ပေးခဲ့ ပါသည်။ (Sam. I. 224) ဤနေရာ၌ ကရုဏာတရားနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့အကြား ဟန်ချက်ညီ အောင်ဆောင်ရွက်သည့်အခါတွင် ကရုဏာတရားက ပို၍အရေးပါပြီး အပြစ်မဲ့သူတို့၏ အသက်ကို အလေးထားခြင်း သည် IHL နှင့်အညီဖြစ်ကာ ယင်းတွင် လက်တွေ့ကျသော စစ်ရေးဆိုင်ရာနှင့် မဟာဗျူဟာကျသော ရည်ရွယ်ချက်တို့ ပါရှိပါသည်။ (Jenkins 2017, 171) စင်စစ်အားဖြင့် ကရုဏာတရားကြီးမားသော အင်အားအသုံးပြုခြင်းသည် ရည်ရွယ်ချက်စေတနာပိုမိုကောင်းမွန်သည်သာမက သတိနှင့်ယှဉ်ရာလည်းရောက်သောကြောင့် ကရုဏာတရားကို ပြုစုပျိုးထောင်ခြင်းသည် စစ်သည်များကို မလိုလားအပ်သည့် ထိခိုက်နစ်နာမှုများ မဖြစ်အောင် ရှောင်ကြဉ်နိုင်ရန် အထောက်အကူပြုနိုင်ပါသည်။ (165) ထို့ကြောင့် သတိကြီးစွာဖြင့် အမှတ်အသားပြုခြင်းနှင့် ပစ်မှတ်ထားခြင်းတို့ ပိုမို ဖြစ်နိုင်ခြေရှိပါသည်။

ဗုဒ္ဓကျမ်းစာများတွင် စစ်ပွဲ၌ပင် ရန်သူတပ်များကို သတ်ဖြတ်ခြင်းမှရှောင်ကြဉ်သော စစ်သည်တော်များ၏ ဇာတ်လမ်းများ ပါဝင်ပါသည်။ ယင်းတို့တွင် ရန်သူကိုအရှင်ဖမ်းဆီးခြင်းနှင့် ၎င်းတို့ကို ပြန်မလွှတ်မီ ၎င်းတို့၏ မုန်းတီး မှုကို အဆုံးသတ်စေရန် သစ္စာဆိုစေခြင်းတို့ ပါဝင်ပါသည်။ (Sugiki 2020b, 17) ထိုနည်းတူစွာ မဟာယာန မဟာပရိနိဗ္ဗာနသုတ်တွင် သတ်ဖြတ်ခြင်းမပြုဘဲ ရန်သူ့တိုက်ခိုက်မှုများကိုဟန့်တားရန် လက်နက်များအသုံးပြုခြင်း ကို ထောက်ခံထားပါသည်။ စစ်ပွဲကိုရှောင်ရှားရန် ဝန်ရံပိတ်ဆို့ထားမှုအား အသုံးပြုခြင်းကို အနည်းအကျဉ်းသာ ထောက်ခံခဲ့ပါသည်။ အသာတရူပဇာတ်တွင် မင်းသားနှင့်၎င်း၏မိခင်တို့သည် ဗာရာဏသီပြည်ကို အစာရေစာနှင့်

လောင်စာဖြတ်တောက်ရန်နည်းလမ်းကို အသုံးပြုခဲ့ကြသော်လည်း ၎င်းတို့၏အကုသိုလ်ကံ အကျိုးဆက်ကို ဆင်းရဲခြင်းကြီးစွာ ခံစားခဲ့ကြရပါသည်။ ယင်းသည် ဇာတကဇာတ်တော်ထဲတွင် ပါဝင်သော်လည်း ဗုဒ္ဓ၏ ဘုရားလောင်း အတိတ်ဘဝဖြစ်စဥ် မဟုတ်ပေ။ (Jat. I. 242- 43; Sugiki 2020b, 11)

အရိယသစ္စကပရိဝတ္တသုတ် (Ārya-satyaka–parivarta) တွင် ပို၍ လက်တွေ့ကျသော လမ်းညွှန်မှုကို ပေးထားပြီး စစ်တပ်ကို အထိရောက်ဆုံး မည်သို့ခေါင်းကျင်းနိုင်သည်ကိုလည်း ဖော်ပြထားပါသည်။ (Jamspal and Hackett 2010, 61) ထို့အပြင် ဤသုတ်က စစ်ပွဲအတွက် အသင့်ဖြစ်နေချိန်တွင် တရားနှင့်ညီသော အုပ်စိုးသူတို့ စိတ်တွင်ထားရမည့် အချက်သုံးချက်ဖြစ်သည့် ၎င်း၏ပြည်သူများကို အပြည့်အဝ အကာအကွယ်ပေးရန်၊ ရန်သူကို အနိုင်ယူရန်နှင့် ရန်သူကို အရှင်ဖမ်းဆီးရန်တို့ကို ညွှန်ကြားထားပါသည်။ (Sugiki 2020a, 14; Jenkins 2010a, 67)

ထူးထူးခြားခြား ထိုအရိယသစ္စကပရိဝတ္တသုတ်က တရားနှင့်ညီသော အုပ်စိုးသူမင်းသည် ရန်သူ့တပ်များကို သတ်ဖြတ်ခြင်းနှင့် ဒဏ်ရာရစေခြင်း၏ အကုသိုလ်ကံအကျိုးဆက်ကိုရှောင်ရှားနိုင်ပြီး အောက်ပါအခြေအနေများတွင် အတိုင်းမသိ ကုသိုလ်ရနိုင်ကြောင်းကို အခြားကျမ်းများထက် ပိုပြီးရှင်းလင်းစွာဖော်ပြထားပါသည်။ ယင်းတို့မှာ ၎င်းသည် စစ်ပွဲကိုရှောင်ရှားရန် ဖြစ်နိုင်သမျှအားထုတ်ကြိုးပမ်းမှုများကို ယခင်က လုပ်ခဲ့ပြီးဖြစ်ခြင်း၊ ကရုဏာနှင့် သတိတရားတို့က အခြေခံအကြောင်းတရားအဖြစ် ၎င်းအား စေ့ဆော်မှုပေးခြင်းနှင့် ၎င်း၏တိုင်းသူပြည်သားများအား အကာအကွယ်ပေးရန်အတွက် ၎င်း၏အသက်နှင့် ၎င်း၏စည်းစိမ်တို့ကို စွန့်လွှတ်ရန် အဆင်သင့်ရှိခြင်းတို့ပင် ဖြစ်ပါသည်။ (Sugiki 2020a, 14; Jenkins 2017, 173) သို့သော် ဤအချက်များသည် သမားရိုးကျခံစားမှုအနေဖြင့် ရည်ရွယ်ချက်ကောင်းသော်လည်း စစ်သည်များကို စစ်ပွဲအတွင်း ၎င်းတို့ပြုလုပ်သည့် ထိခိုက်နစ်နာစေသောလုပ်ရပ်များအတွက် အသက်ရှူပေါက်ချောင်စေရန် ယေဘုယျအားဖြင့် ခွင့်မပြုသည့် ဗုဒ္ဓဘာသာ၏ အနှစ်ချုပ်ဖော်ပြချက် ဖြစ်ပါသည်။

အရိယသစ္စပရိဝတ္တသုတ်က စစ်ပွဲနှင့်သက်ဆိုင်သော်လည်း စစ်ပွဲအကြောင်းဆွေးနွေးချက်မှ တသီးတခြား အကြောင်းအရာအဖြစ် IHL ၏ ပြဌာန်းချက်များနှင့် ကျယ်ကျယ်ပြန့်ပြန့်ကိုက်ညီသည့် တရားနှင့်ညီသော အုပ်စိုးသူမင်းသည် 'သက်ရှိသတ္တဝါများနှင့် ၎င်းတို့၏နေထိုင်ရာပတ်ဝန်းကျင်ကို မည်သို့အကာအကွယ်ပေးရမည်' ကိုလည်း ဖော်ပြထားပါသည်။

> … အုပ်စိုးသူမင်းသည် သက်ရှိသတ္တဝါများကို ၎င်းတို့၏ နေထိုင်ရာပတ်ဝန်းကျင်အား မီးရှို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း စသည်တို့ မပြုလုပ်ဘဲ အကာအကွယ်ပေးရမည်။ အုပ်စိုးသူမင်းသည် ၎င်း၏ဒေါသကို ထွက်ပေါက်ရာသည့်အနေဖြင့် မြို့များ၊ ရွာများ၊ ရေလှောင်ကန်များကို ဖျက်ဆီးခြင်း၊ နေအိမ်များကို ဖျက်ဆီးခြင်း၊ သီးပင်များကို ခုတ်လှဲပစ်ခြင်း သို့မဟုတ် ကောက်ပဲသီးနှံများကို ဖျက်ဆီးခြင်း စသည်တို့ မပြုလုပ်ရပါ။ အတိုချုပ်ဆိုရလျှင် ကောင်းစွာ ပြင်ဆင်ထားသော၊ ကောင်းစွာတည်ဆောက်ထားသော၊ ကောင်းစွာတိုးချဲ့ထားသောဒေသများကို ဖျက်ဆီးပစ်ခွင့် မရှိပါ။ ဤအရာများသည် အပြစ်မရှိသော သက်ရှိသတ္တဝါများ အသက်ရှင်သန်ရေးအတွက် ယေဘုယျ စုပေါင်း အသုံးပြုလျက်ရှိသော ရင်းမြစ်များ ဖြစ်ပါသည်။ (Jamspal and Hockett 2010, 56)။

ငါးပါးသီလသည် သာမန်ဗုဒ္ဓဘာသာဝင်များ၏ ကိုယ်ကျင့်သီလအတွက် အခြေခံဖြစ်ပြီး စစ်ပွဲဆင်နွှဲခြင်းအတွက် အခြေခံလည်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်စစ်သည်များအနေဖြင့် သူ့အသက်သတ်ခြင်းကိုရှောင်ကြဉ်ရန် စောင့်ထိန်းသော ပထမဦးဆုံးသီလကို ချိုးဖောက်ရသည်ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် သီလကို ထိန်းသိမ်းရန် မဖြစ်နိုင်သည့် ကြားမှာပင် အဆက်မပြတ် ပြန်လည်စောင့်ထိန်းရန် အရေးကြီးပေသည်။ (ဤစာအုပ်မှ Trew 2021) စင်စစ် IHL ကို ထောက်ခံသော ကျန်သီလသိက္ခာ(၄)ပါးကို ချိုးဖောက်ရန် ၎င်းတို့အတွက် အကြောင်းပြချက် မရှိချေ။ သူ့ဥစ္စာကိုခိုးယူခြင်းမပြုရန်စောင့်ထိန်းသော ဒုတိယသိက္ခာပုဒ်သည် ပြည်သူတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို လုယက်ဖျက်ဆီးခြင်း၊ သိမ်းယူခြင်းမပြုရန် IHL ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါသည်။ လိင်ပိုင်းဆိုင်ရာ ကျင့်ဝတ် ပျက်ပြားသည့် ကာမေသုမိစ္ဆာစာရအမှုကျူးလွန်ခြင်းကို ရှောင်ကြဉ်ရန် သိက္ခာပုဒ်သည် မုဒိန်းမှုကျူးလွန်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများနှင့်ပတ်သက်၍ IHL ၏ တားမြစ်ချက်များနှင့် ကိုက်ညီပါသည်။ (ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၅၁နှင့် ၅၂၊ Bartles – Smith et al. 2020, 414- 415) လိမ်ညာမုသား ပြောဆိုခြင်းမှ ရှောင်ကြဉ်သည့် စတုတ္ထမြောက်သီလသည် သစ္စာမဲ့မှု(IHL ၏ အကာအကွယ်ပေးမှုကို အလွဲသုံးစားလုပ်ခြင်း)နှင့် ရက်စက်သော၊ လူမဆန်သော၊ သိက္ခာမဲ့စေသောနှိမ့်ချဆက်ဆံမှုမျိုးဖြစ်စေသည့် အညှိုးထားသော သို့မဟုတ် စော်ကားသောစကားများကိုပြောဆိုခြင်းနှင့်ပတ်သက်သည့် IHL တားမြစ်ချက်များနှင့် သက်ဆိုင်ပါသည်။ (ဓလေ့ ထုံးတမ်း IHL စည်းမျဉ်း ၆၅နှင့် ၉၀) ထို့ပြင်

မူးယစ်စေတတ်သော အရာများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ရမည့် ပဉ္စမ မြောက် သီလသိက္ခာပုဒ်သည် IHL စည်းမျဉ်းများကို လိုက်နာကျင့်သုံးနိုင်ရန် လိုအပ်သော စိတ်၏ရှင်းလင်းမှုကို ဖြစ်စေပါသည်။ (ဤစာအုပ်မှ Kilby 2021)

ဗုဒ္ဓဘာသာ၏ ရွတ်ဖတ်ခြင်းများ၊ ပူဇော်ပသခြင်းများနှင့် ဘာဝနာအားထုတ်နည်းများကိုလည်း ရန်သူ တပ်ဖွဲ့များအား နှိမ်နင်းရာတွင် လူ့အသက်မသေစေသည့် ဘာသာရေးဆိုင်ရာစစ်ပွဲပုံစံများအဖြစ် ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြပါသည်။ (Sinclair 2014) ဥပမာအားဖြင့် ဝဇိရယာနပူဇော်ပသခြင်းလက်စွဲ သို့မဟုတ် ကြိယတန္တရ (kriya-tantras)တို့တွင် ရန်လိုနေသောစစ်တပ်ကို ကြက်သေသေသွားစေရန်၊ ရပ်တန့်သွားစေရန် သို့မဟုတ် လူစု ကွဲစေရန် သို့မဟုတ် လက်နက်ချအညံ့ခံစေရန် မန္တာန်ရွတ်ဆိုခြင်းကို အသေးစိတ်ညွှန်ကြားပေးခြင်းများ၊ စိတ်ကူး အတွေးများနှင့် ယောဂကျင့်စဉ်တို့ ပါဝင်ပါသည်။ (Sinclair 2014, 152-153) ထိုနည်းလမ်းအချို့၏ ထိရောက်မှုကို သံသယဖြစ်နိုင်သော်လည်း ထိုနည်းလမ်းများ၏ ရည်ရွယ်ချက်သည် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလနှင့် IHL တို့နှင့်ပါ လုံးဝ ကိုက်ညီနေပါသည်။

အလားတူနည်းလမ်းများကို တိုက်ပွဲဝင်စစ်သည်များနှင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို အကာအကွယ်ပေးရန် အသုံးပြုကြပါသည်။ လက်ဖွဲ့အဆောင်များဝတ်ဆင်ခြင်း၊ ကျမ်းဂန်လာ အကာအကွယ် ပေးသော ဂါထာများနှင့် ပိဋကတ်ကျမ်းစာ (ပရိတ်တရား) များကို ရွတ်ဆိုခြင်းက ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ အကြားတွင် အများသူငါ အသုံးပြုကြသည့် နည်းလမ်းများ ဖြစ်ပါသည်။ (Frydenlund 2017c, 37) ထိုနည်းတူပင် ဘေးအန္တရာယ်မှကာကွယ်ရန် ကရုဏာတရားသည် သဘာဝလွန်စွမ်းအားတစ်ခုဟု ယူဆကြသည်က များပါသည်။ (Jenkins 2010a, 65) ဤသို့သော ယုံကြည်မှုများနှင့် ကျင့်စဉ်များက စစ်ပွဲ၏ အရေးပါသော စိတ်ပိုင်းဆိုင်ရာ ရှုထောင့်တစ်ခုကို ထင်ဟပ်စေပြီး အကျိုးရှိသောသက်ရောက်မှုများကို သိပ္ပံနည်းကျ သက်သေပြထားပြီးဖြစ်သည့် တရားထိုင်ခြင်းကဲ့သို့သော ဗုဒ္ဓဘာသာကျင့်စဉ်များနှင့် တထပ်တည်းကျပါသည်။ (Dalton 2011, 137)

### *ဗုဒ္ဓဘာသာနှင့် IHL အခြေခံမူများ*

ထို့ကြောင့် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ အခြေခံမူသဘောတရားများသည် IHL ၏ အဓိကအခြေခံမူများဖြစ်သော ခွဲခြားခြင်း(distinction)၊ အချိုးအစားညီမျှခြင်း(proportionality)နှင့် ကြိုတင်သတိထားခြင်း(precaution) တို့နှင့် အညီ စစ်ပွဲတွင်ပါဝင်တိုက်ခိုက်နေသူတို့၏အကျိုးငှာ ၎င်းတို့ကြောင့် ဖြစ်ပေါ်ရသည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်စေရန် ပြဋ္ဌာန်းသတ်မှတ်ပေးပါသည်။ (ဤစာအုပ်မှ Harvey 2021) ထို့အပြင် ဗုဒ္ဓဘာသာ၏ တိကျရှင်းလင်းသော အဆုံးအမများသည် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို အကာအကွယ်ပေးခြင်း၊ ဒဏ်ရာရ သူများကို ပြုစုစောင့်ရှောက်ခြင်းနှင့် အကျဉ်းသားများ သို့မဟုတ် ရှုံးနိမ့်သွားသောရန်သူများကို လူသားဆန်စွာ ဆက်ဆံခြင်းဟူသည့် IHL စည်းမျဉ်းများနှင့်လည်း ကိုက်ညီပါသည်။ (Tilakaratne et al. 2021; Bartles–Smith et al. 2020, 405)

IHL တွင် လူသားချင်းစာနာထောက်ထားမှုနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့အကြား ချိန်ခွင်လျှာညီမျှမှု ရှိသကဲ့သို့ ဗုဒ္ဓဘာသာတွင်လည်း စစ်ရေးဆိုင်ရာလုပ်ဆောင်ချက်တစ်ခုချင်းနှင့် စစ်ရေးလုပ်ဆောင်ချက်တိုင်းသည် စစ်ရေးမဟုတ်သော ရွေးချယ်စရာများ အပါအဝင် အခြားနည်းလမ်းများအရ လုံးဝ လိုအပ်သည်၊ မလိုအပ်သည်ကို စိစစ်ပါသည်။ ဗုဒ္ဓဘာသာ၏ စစ်ရေးဆိုင်ရာလိုအပ်ချက်ရှိမှုအပေါ် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် အလွန်တိကျပြီး ရှင်းလင်းပါသည်။ အစောဆုံး စစ်ရေးအစီအစဉ်များရေးဆွဲနေချိန်မှစ၍ ထိခိုက်နစ်နာမှုမဖြစ်စေနိုင်သည့် အခြား ရွေးချယ်စရာများကို ပထမဦးစွာ ရှာဖွေဖော်ထုတ်ရပါသည်။ ထိုသို့မလုပ်ဖြစ်လျှင် အင်အားအသုံးပြုခြင်းကို ထိန်းထိန်းသိမ်းသိမ်းရှိစေရမည်ဖြစ်ပြီး လတ်တလောခြိမ်းခြောက်နေသည့် တိုက်ပွဲဝင်စစ်သည်များ သို့မဟုတ် စစ်ရေးနှင့်သက်ဆိုင်သောအရာများကိုသာ ပစ်မှတ်ထားရန် တတ်နိုင်မျှ ညွှန်ကြားရပါမည်။ ဖြစ်နိုင်သည့်အခါတိုင်း ရန်သူ့စစ်သားများကို သတ်ဖြတ်ခြင်း၊ ထိခိုက်မှုဖြစ်စေခြင်းထက် အင်အားချိနဲ့အောင် သို့မဟုတ် တိုက်ပွဲဝင်နိုင်စွမ်း မရှိအောင် လုပ်ရမည်ဖြစ်ပြီး ဤအချက်သည် စစ်နည်းဗျူဟာနှင့် အသုံးပြုသည့်လက်နက်များရွေးချယ်မှုအတွက် လည်း လမ်းညွှန်ပေးပါသည်။

အရပ်ဘက်အဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ၊ အသက်ဝမ်းကျောင်းလုပ်ငန်းများ၊ တိရစ္ဆာန် များနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပျက်စီးစေမှု အနည်းဆုံးဖြစ်စေရမည့်အပြင် ပြီးခဲ့သော ပျက်စီးသွားခဲ့ပြီးသည် များကိုလည်း ပြင်ဆင်ရန် အစွမ်းကုန်ကြိုးစားအားထုတ်ရပါမည်။ (Scorsine 2014, 123) တမင်ရည်ရွယ်ခြင်း မဟုတ်နိုင်သော်လည်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို သတ်ဖြတ်ခြင်းကဲ့သို့သော အမှားအယွင်းများသည် IHL

၏ ကြိုတင်သတိထားခြင်းမှုနှင့်အညီ သတိ (အပ္ပမာဒ) မရှိခြင်း သို့မဟုတ် ဂရုတစိုက်မရှိခြင်းကြောင့် ဖြစ်သည့်အတွက် မည်သို့ဆိုစေ ယင်းတို့ကို ဆန်းစစ်ဝေဖန်ရပါမည်။ (ဤစာအုပ်မှ Samarakoon 2021) ဤသို့သော စိတ်ဖိစီးမှုမြင့်မားလှသည့် တိုက်ပွဲအခြေအနေများတွင် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်နိုင်မှုအတိုင်းအတာသည် တစ်ကိုယ်ရည် ရဲစွမ်းသတ္တိ၊ အခြားသူများအတွက် မိမိအသက်ကိုပေးနိုင်သည့်ဆန္ဒတို့ မြင့်မားရန်လိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များအတွက် လိုအပ်သည့် မိမိကိုယ်ကို စွန့်လွှတ်အနစ်နာခံမှု အဆင့်သည် အထူးသဖြင့် မြင့်မားလှပါသည်။ (Jenkins 2010a, 67)

စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် အချိုးအစားညီမျှခြင်း အယူအဆတို့သည် IHL ကို လက်တွေ့ ကျင့်သုံးရာတွင် အဓိကကျပါသည်။ အလွန့်အလွန် ပြောင်းလွယ်ပြင်လွယ်မရှိလှသော်လည်း စစ်ရေးဆိုင်ရာရည်မှန်းချက်၏ အရေးပါမှုနှင့် လက်ခံနိုင်လောက်သော တိုက်ပွဲဝင်စစ်သည်မဟုတ်သူတို့အား ဆက်စပ်သေဆုံးစေမှုအတိုင်းအတာ ပမာဏ သတ်မှတ်ချက်သည် အမိန့်ပေးကွပ်ကဲသူတို့၏ ကိုယ်ပိုင် ပုဂ္ဂလဓိဋ္ဌာန်ခံစားချက်ဖြင့် ချင့်ချိန်ဆုံးဖြတ်ချက်ပေါ်တွင် မူတည်သောကြောင့် ထိုမှုများသည် အမိန့်ပေးကွပ်ကဲသူများကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အတိုင်းအတာတစ်ခု ပေးထားပါသည်။ (Khen 2016; 36; Gisel 2016, 23) 'လက်တွေ့ကျသော စစ်မိန့်ပေးကွပ်ကဲသူ' စံနှုန်းကဲ့သို့သော (သီးခြားအခြေအနေတွင် 'လက်တွေ့ကျသော' ကွပ်ကဲသူတစ်ဦးက အဓိက ဘာလုပ်မည်ဆိုသည့်) ဤအခက်အခဲ ပြဿနာ ပြန့်သွားရန် ဖြေရှင်းချက်များကို အဆိုပြုခဲ့ပြီးဖြစ်သော်လည်း ယင်းက မတူညီသော စစ်ဆင်ရေး အခြေအနေများတွင် အယူအဆနောက်ခံများ မတူညီကြသောခေါင်းဆောင်များအကြား 'လက်တွေ့ကျသော' ကို မည်သို့ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်နိုင်သည်ဆိုသည့်မေးခွန်း အထင်အရှား ပေါ်ပေါက်လာခဲ့ပါသည်။ (Henderson and Reece 2018)[1] စစ်သည်တို့သည် စစ်ပွဲနှင့်ဆက်စပ်ထိခိုက်သေကြေပျက်စီးမှုများကို ကာကွယ်တားဆီးခြင်း သို့မဟုတ် နည်းနိုင်သမျှအနည်းဆုံးဖြစ်စေခြင်း တို့ကို ပိုမိုအားစိုက်လုပ်ဆောင်လာစေရန်အတွက် စစ်သည်တို့၏ လုပ်ဆောင်မှုနောက်ကွယ်ရှိ ရည်ရွယ်ချက်စေတနာထက်သန်မှုအပေါ် အဓိကအလေးထားသည့် ဗုဒ္ဓဘာသာက IHL အခြေခံမူများကို အလွန်တရာလျှော့တိလျှော့ရဲမရေမရာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှ ကာကွယ်တားဆီးရန် အထောက်အကူ ဖြစ်နိုင်ပါသည်။ ဗုဒ္ဓဘာသာဝင် 'လက်တွေ့ကျသောအမိန့်ပေးကွပ်ကဲသူ' တစ်ဦးအတွက် ဗုဒ္ဓဘာသာကျမ်းစာများကိုအသုံးပြုပြီး ချင့်ချိန်ဆုံးဖြတ်ခြင်းသည် စစ်အင်အားအသုံးပြုမှုတွင် အကန့်အသတ်များပြားလွန်းပြီး ကရုဏာ၊ ဉာဏ်ပညာနှင့် နည်းဗျူဟာအမြင်အပြင် အမှန်တကယ် ဖြစ်နိုင်သည့်အခါတိုင်းတွင် စစ်ရေးမဟုတ်သည့်နည်းလမ်းများအပါအဝင် ထိခိုက်နစ်နာမှုမရှိစေသည့်နည်းလမ်းများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် လုပ်ပိုင်ခွင့်တို့ လိုအပ်ပါသည်။ ယခုခေတ် စစ်ရေးဆိုင်ရာစကားရပ်တွင် ယင်းသည် သမားရိုးကျမဟုတ်သော နှလုံးရည်နှင့် စိတ်ခါတ်စစ်ဆင်ရေး နည်းလမ်းနှင့် ပိုမို ဆက်စပ်မှု ရှိနိုင်ပြီး ၎င်းတွင် စစ်ရေးအရ ဆောင်ရွက်နိုင်စွမ်းသည် အကြမ်းမဖက်သောတုံ့ပြန်မှုမှလွဲ၍ အဟန့်အတားအဖြစ် သို့မဟုတ် နောက်ဆုံးနည်းလမ်းအဖြစ် အဓိကအားဖြင့် အသုံးပြုရသည့် အခြေခံသဘောတရားတစ်ခုမျှသာ ဖြစ်ပေသည်။ ဤအဟန့်အတားကို ထိရောက်မှုရှိစေရန် သစ်နက်ဟန်(Thich Nhat Hanh) အကြံပြုထားသကဲ့သို့ပင် စကြဝတေးမင်း၏ အင်္ဂါ(၄)ပါး ရှိသောစစ်တပ်ကဲ့သို့ အင်အားကြီးမားတောင့်တင်းသောစစ်တပ်ကို ထိန်းသိမ်းထားရှိရန် လိုလားအပ်ပေသည်။ (Keown 2014, 675)

စစ်သည်တစ်ဦး၏ အခန်းကဏ္ဍတွင် အခြေခံကျသောအပိုင်းမှာ ပြည်သူများကို အကာအကွယ်ပေးရန် ဖြစ်သောကြောင့် ၎င်းတို့သည်လည်း ဆင်းရဲဒုက္ခလျော့ပါးစေရန် အထူးအခွင့်အရေးရှိသည့် အနေအထားတွင် ရှိရန် လိုအပ်ပါသည်။ (ဤစာအုပ်မှ Harvey 2021; ဤစာအုပ်မှ Ratheiser and Kariyakarawana 2021) IHL ၏ စည်းမျဉ်းများသည် စစ်ပွဲကြောင့် ပေါ်ပေါက်လာသော ထိခိုက်နစ်နာမှုများကို ကန့်သတ်ရုံသာမက စစ်ပွဲကြောင့် ဒုက္ခရောက်ရသူများအတွက် စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုကိုလည်း သေချာစေရန်လည်း ရည်ရွယ်ပါသည်။ ထို့ကြောင့် စစ်သည်တို့သည် ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်နေသူများ၊ ဖမ်းဆီးခံထားရသူများ၊ အိုးပစ်အိမ်ပစ် နေရပ်စွန့်ခွာထွက်ပြေးရသူများနှင့် အခြား စစ်ပွဲကြောင့်ဒုက္ခရောက်ရသူများကို အကူအညီပေးခြင်းဖြင့် ၎င်းတို့၏ ကုသိုလ်ကံကို ပိုမိုကောင်းမွန်အောင် လုပ်ခွင့် ရှိပါသည်။

ဗုဒ္ဓဘာသာဝင်စစ်သည်တို့သည် စစ်ပွဲအတွင်း ၎င်းတို့ပြုလုပ်မိသော အကုသိုလ်ကံကို ထေမိစေရန် ကုသိုလ်ဖြစ်စေသောအလုပ်များကို ပြုလုပ်နေကြဆဲဖြစ်ပြီး ကုသိုလ်ကံသည် အကုသိုလ်ကံအသီးအပွင့် အကျိုးမပေးအောင် အကာအကွယ်မပေးနိုင်သော်လည်း မည်သို့ဆိုစေ ကုသိုလ်ကံ၏ကောင်းကျိုးများက အကုသိုလ်ကံ၏ဆိုးကျိုးများကို အထိုက်အလျောက် သက်သာစေပါသည်။ (Suhmithausen 1999, 53; Bartles – Smith et al. 2020, 393) သာမန်အားဖြင့် ကုသိုလ်လုပ်ခြင်းတွင် သံဃာတော်တို့ကို ဆွမ်းကပ်ခြင်း သို့မဟုတ် အခြားလိုအပ်သည့်အရာများ လှူဒါန်းခြင်း(ဒါန)အပြင် ဥပမာအားဖြင့် အစိုးရက ဘုရားကျောင်းကန်များသို့ ရက်ရက်ရောရောလှူဒါန်းခြင်းလည်း ပါဝင်ပြီး စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသူများက ပြုလုပ်သောအခါတွင် ထိုက်သည့်အားလျော်စွာ အဆိုးမြင်

ခံရနိုင်ပေသည်။ အလယ်ခေတ် ခရစ်ယာန်ဘာသာဝင်သူရဲကောင်းများ စစ်ပွဲမှပြန်လာသည့်အခါ အာပတ်ဖြေခြင်းကဲ့သို့ စစ်ပွဲစည်းမျဉ်းများကို လိုက်နာသူများသည် မိမိတို့အပေါ်ကျရောက်မည့် ကံ၏မကောင်းကျိုးအပြစ်များကို သတိပြုမိကာ ၎င်းတို့ကလည်း ဤကုသိုလ်ပြုခြင်းအမှုကို တူညီစွာ ပြုလုပ်ကြပါသည်။ (Verkamp 1988) ကုသိုလ်အမှုကိုပြုခြင်းသည် IHL နှင့်အညီ စစ်ပွဲကြောင့် ဒုက္ခရောက်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စောင့်ရှောက်မှုနှင့် အကူအညီပုံစံမျိုးလည်း ဖြစ်နိုင်ပါသည်။ (ဤစာအုပ်မှ Harvey 2021)

## *ဗုဒ္ဓဘာသာနှင့် စစ်ရေးဆိုင်ရာသီလကျင့်ဝတ်များ*

IHL စည်းမျဉ်းများနှင့် ဗုဒ္ဓဘာသာအခြေခံမူသဘောတရားဆိုင်ရာ အသိပညာဗဟုသုတများကို ပိုမိုပြည့်စုံစေရန် အလွန်ရှုပ်ထွေးပြီး စိတ်ဖိစီးမှုကြီးမားသော စစ်ပွဲအခြေအနေများတွင် ယင်းတို့ကို အဓိပ္ပါယ်ကောက်ယူရန်နှင့် လက်တွေ့အသုံးချရန် ကျွမ်းကျင်မှုဖြင့် ဖြည့်စွက်ရမည်ဖြစ်ပြီး အကောင်းဆုံးမှာ ယင်းတို့ကို စစ်မက်တိုက်ခိုက်မှုများ မတိုင်မီတွင် ကြိုတင်လေ့ကျင့်ထားရပါမည်။ (Whetham 2011a) ကုသိုလ်အပြုအမူ၊ အကုသိုလ်အပြုအမူအဖြစ် ကိုယ်ကျင့်သီလအပေါ် ဗုဒ္ဓဘာသာ၏ရှုထောင့်အမြင်နှင့် စိတ်ကိုလေ့ကျင့်ခြင်းနှင့် စည်းကမ်းလိုက်နာစောင့်ထိန်းခြင်း တို့အပေါ် ဗုဒ္ဓဘာသာ၏ အလေးထားမှုက ဤနေရာတွင် အလွန်အကျုံးဝင်ပါသည်။

စစ်တပ်နှင့်သံဃာ့အဖွဲ့အစည်းအကြား စည်းကမ်းများနှင့်လေ့ကျင့်မှုတို့တွင် တူညီသောသဘောကို သတိပြုမိကြသည်မှာကြာပြီဖြစ်ပြီး ယင်းမှာ အစောပိုင်းဗုဒ္ဓဘာသာကျမ်းစာများတွင် အဓိကဆိုလိုရင်းအာဘော်ဖြစ်ပါသည်။ (An. IV. 181; Sam. I. 98-99; Kent 2008, 98) စစ်ရေးဆိုင်ရာ အလေ့အထကောင်းများကို မိမိစိတ်အတွင်းသန္တာန်ရှိ မကောင်းဆိုးရွားများအား အောင်နိုင်ရန်ကြိုးပမ်းနေသော ဗုဒ္ဓဘာသာကျင့်သုံးသူများက အတုယူသကဲ့သို့ပင် ဗုဒ္ဓဘာသာ၏ စင်ကြယ်သောသီလ သူတော်ကောင်းတရား သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သဘောထားများသည်လည်း စစ်မှုထမ်းများအတွက် အကျိုးကျေးဇူးရှိစေပါသည်။ (Roebucle 2010, xlix) အကျင့်စရိုက်ဖြစ်ပေါ်မှုပုံစံပေါ် ဗုဒ္ဓဘာသာ၏ အလေးထားမှုကို စစ်သင်တန်းလေ့ကျင့်မှုတွင် ကောင်းစွာ လိုက်လျောညီထွေအသုံးပြုနိုင်ပြီး စစ်သည်တို့ ရံဖန်ရံခါ စည်းမျဉ်းများကို အဘယ့်ကြောင့် ချိုးဖောက်ကြသည် ဆိုသည်ကို ထိုးထွင်းသိမြင်လာနိုင်စေရန် စစ်သည်တို့၏ အပြုအမူနောက်ကွယ်မှ စိတ်ခံစားမှု၊ ခံယူချက် သဘောထားအမြင်နှင့် အာရုံစိုက်ခြင်း အကြောင်းရင်းများကို ဗုဒ္ဓဘာသာ၏ စိတ်ပိုင်းဆိုင်ရာအဆုံးအမ ရင်းမြစ်များကိုအသုံးပြု စစ်ဆေးနိုင်ပါသည်။ (Olsthoorn 2019, 38-39) ထို့ကြောင့် စစ်သည်များအတွက် မေးခွန်းသည် ရိုးရိုးစင်းစင်း "ငါဘာလုပ်သင့်သလဲ" မျှသာမဟုတ်ဘဲ "အဲဒါကိုလုပ်နိုင်တဲ့စစ်သားမျိုး ငါဘယ်လို ဖြစ်လာနိုင်မလဲ" ဟု ဖြစ်လာပါသည်။

ဗုဒ္ဓဘာသာက ကျွန်ုပ်တို့၏အပြုအမူများအပေါ်သက်ရောက်မှုရှိသည့် စိတ်ခံစားမှုများ၏စွမ်းအားကို အထူးအလေးအနက်ထားပါသည်။ (McCrae 2017, 336) မာရ်နတ်နှင့်တိုက်ခိုက်ရသော စစ်ပွဲကဲ့သို့ Kālacakra-tantra တွင် ဖော်ပြထားသည့် နောက်ဆုံးတိုက်ပွဲသည် စစ်သည်၏စိတ်အတွင်းသန္တာန်ရှိ ညစ်ညမ်းစေသော ကိလေသာများကို အဆက်မပြတ်တိုက်ခိုက်ရခြင်း ဖြစ်ပြီး ထို့အပြင် ဗုဒ္ဓဘာသာက တရားမျှတစွာ စစ်ပွဲဆင်နွှဲခြင်းသည် ပြင်ပအခြေအနေများပေါ်မူတည်သကဲ့သို့ပင် စစ်ပွဲဆင်နွှဲသူကာယကံရှင်၏ စိတ်အခြေအနေပေါ်တွင်လည်း မူတည်သည်ကို အသိအမှတ်ပြုထားပါသည်။ (Sinclair 2014, 160)

အေဒီ(၄)ရာစုမှ (၅)ရာစုအတွင်း ပေါ်ထွန်းခဲ့ကြသော ပညာရှင်ကြီးများဖြစ်ကြသည့် ဗုဒ္ဓဃောသနှင့် ဝသုဗန္ဓုကဲ့သို့သော ပုဂ္ဂိုလ်များ၏အဆိုအရ ဗုဒ္ဓဘာသာတွင် အကျင့်သိက္ခာအတွက် မိမိကိုယ်မိမိထိန်းသိမ်းခြင်း ဟုပို၍ တိကျစွာဘာသာပြန်ဆိုနိုင်သော ပါဠိအသုံးအနှုန်း 'သီလ'၏ ဝေါဟာရသမိုင်းတွင် 'ဦးခေါင်း'၊ 'အေးမြခြင်း' သို့မဟုတ် 'လန်းဆန်းတက်ကြွခြင်း' ဟူသော အဓိပ္ပါယ်ပါဝင်ပါသည်။ အကြောင်းမှာ ဗုဒ္ဓဘာသာတွင် ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သောအပြုအမူအနေအထိုင်သည် အေးချမ်းသော သို့မဟုတ် တည်ငြိမ်သော ဦးခေါင်းနှင့် ဆက်စပ်နေသောကြောင့် ဖြစ်ပါသည်။ (Whitaker နှင့် Smith 2017, 54) ဤအေးချမ်းတည်ငြိမ်မှုသည် ဒေါသ၊ မုန်းတီးမှုများနှင့် သောကအပူတို့ ပေါင်းစည်းမှုအတွက် ဖြေဖျောက်မှုဖြစ်ပြီး ထိုအေးချမ်းတည်ငြိမ်မှုသည် စစ်ပွဲ၏ ပူလောင်မှုအခြေအနေများတွင် အလွန်အရေးပါသော ထိန်းချုပ်မှု ဖြစ်ပါသည်။ (54)

ဗုဒ္ဓ ခွင့်ပြုသော သတ်ဖြတ်ခြင်းမျိုး ရှိပါသလားဟု မေးသည့်အခါ ဗုဒ္ဓက ဒေါသတရားကို အမြစ်ပါမကျန် သတ်ဖြတ်ပစ်ရန် ဟောကြားပါသည်။ (Sam. I. 41) ကာလိင်္ဂကျောက်စာ (၁) တွင် အသောက ဖော်ပြထားသကဲ့သို့ ခွဲခြားမှုမရှိသောစိတ်သဘောထားကို ပျိုးထောင်ရန်နှင့် အပြစ်မဲ့သူများအပေါ် ထိခိုက်မှုဖြစ်စေခြင်းမှ ကာကွယ်

တားဆီးရန်အတွက် အဒေါသ (မေတ္တာတရား)၊ တည်ငြိမ်မှုနှင့် စိတ်ရှည်သည်းခံမှုတို့၏ လက်တွေ့အရေးပါမှုကို အသောက မောရိယမင်း နားလည်သဘောပေါက်ခဲ့ပါသည်။

> ဥပဒေကိုလုံးဝလိုက်နာနေသည့်ကြားထဲမှ အချို့သူတို့သည် အကြောင်းမဲ့ ချုပ်နှောင်ခံရ၊ ကြမ်းတမ်းစွာဆက်ဆံခံရ၊ အသတ်ခံရခြင်းမျိုးပင် ရှိပါသည်။ ထို့ကြောင့် သင့် ရည်ရွယ်ချက်သည် ခွဲခြားမှုမရှိဘဲ လုပ်ဆောင်ရန် ဖြစ်ပါသည်။ မနာလိုမှု၊ ဒေါသ၊ ရက်စက်မှု၊ အမုန်းတရား၊ လျစ်လျူရှုမှု၊ ပျင်းရိမှု သို့မဟုတ် ပင်ပန်းနွမ်းနယ်မှုဟူသော တရားများကြောင့် ထိုသို့ လုပ်ဆောင်နိုင်ခြင်း မရှိချေ။ ထို့ကြောင့် သင့် ရည်ရွယ်ချက်မှာ "ဤတရားများ ငါ့သန္တာန်မှာ မရှိပါစေနှင့်" ဟု ဖြစ်သင့်ပါသည်။ ထို့ပြင် ဤသဘောထား၏ အရင်းခံမှာ အဒေါသ (မေတ္တာ)နှင့် သည်းခံခြင်း (ခန္တီတရား) တို့ ဖြစ်ပါသည်။ (Dhammika 1993, 30)

ဗြဟ္မဝိဟာရတရားလေးပါးဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားတို့ကဲ့သို့သော ကုသိုလ်တရားဖြစ်ပြီး ကောင်းကျိုးကိုပေးနိုင်သော စိတ်၏သဘောတရားများကိုပြုစုပျိုးထောင်ခြင်းက တိုက်ပွဲဝင်စစ်သည်များကို ဒေါသ၊ အမုန်းတရားနှင့် အကြမ်းဖက်မှုပြုလိုခြင်းကဲ့သို့သော ဖိစီးနှိပ်စက်တတ်သော စိတ်သဘောများကို ဖြစ်မလာနိုင်အောင် ကူညီပေးနိုင်သည့်အပြင် စစ်ပွဲများတွင် အပြုအမူများကို ထိန်းသိမ်းနိုင်စေရန် များစွာ အထောက်အကူပြုပါသည်။ (Gethin 1998; Bartles – Smith et al. 2020, 385) သည်းခံခြင်း သို့မဟုတ် စိတ်ရှည်ခြင်း (ခန္တီတရား) ကလည်း အားထုတ်မှု၊ လုံ့လဝီရိယ၊ သတ္တိနှင့် ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံမှုကဲ့သို့သော ပိုမို၍ သမားရိုးကျ စစ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ဆက်စပ်နေသည့် အရည်အသွေးဖြစ်သောကြောင့် အလွန်တန်ဖိုးရှိပါသည်။ (ဤစာအုပ်မှ Wakefield 2021; Bartles–Smith et al. 2020, 404-405)

***သတိတရားနှင့် စစ်သင်တန်းလေ့ကျင့်မှုများ***

ဗုဒ္ဓဘာသာ၏ သတိပွားများမှုကျင့်စဉ်နည်းလမ်းများသည် သီလကျင့်သုံးခြင်းကို ခိုင်မာအောင် အထောက်အပံ့ ပေးသည့်အပြင် တိုက်ပွဲဝင်စစ်သည်များ၏ စွမ်းဆောင်မှုကို ပိုမိုကောင်းမွန်စေသည့် အလားအလာ ရှိပါသည်။ စိတ်ပညာနှင့် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာသိပ္ပံပညာ၏ သုတေသနလုပ်ဆောင်ချက်များအရ တွေ့ရသည်မှာ ကမ္မဋ္ဌာန်းတရား ကျင့်သုံးအားထုတ်မှုသည် ဒဏ်ခံနိုင်စွမ်းရည်ကို ပိုမိုကောင်းမွန်စေပြီး တိုက်ပွဲဝင်စစ်သည်များ၏ စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည့်အပြင် စိတ်ဖိစီးမှုမြင့်မားသော စစ်ပွဲများတွင် ၎င်းတို့၏ သိမြင်နိုင်စွမ်းအာရုံများကို အနှောက်အယှက်ဖြစ်စေတတ်သော စိတ်အညစ်အကြေးများကို လျှော့ချပေးနိုင်ပြီး ဤနည်းအားဖြင့် ၎င်းတို့အား တိုက်ပွဲများတွင် မိမိကိုယ်ကို ပိုမိုထိန်းချုပ်နိုင်စွမ်း ရှိလာစေနိုင်ပါသည်။ (ဤစာအုပ်မှ Stanley et al. 2011; Jha et al. 2015; Braboszcz, Hahusseau and Delorme 2010; Barthles–Smith et al. 2020, 408) ယင်းတွင် စိတ်တည်ငြိမ်စွာဖြင့်အာရုံစူးစိုက်နိုင်စွမ်း၊ မျက်မှောက်တွင်ရှိနေသော အနေအထားတို့ကို သတိဖြင့်သုံးသပ်နိုင်စွမ်းနှင့် အလုပ်လုပ်သောမှတ်ဉာဏ်စွမ်းအားတို့အပြင် ဇဝေဇဝါကိစ္စများနှင့် ရှုပ်ထွေးသောကိစ္စများကို ကိုင်တွယ်ဆောင်ရွက်နိုင်စွမ်းကဲ့သို့သော စိတ်စွမ်းရည်သတ္တိများကို ပိုမို ကောင်းမွန်စေခြင်းတို့ ပါဝင်ပါသည်။ IHL စည်းမျဉ်းများအား ပိုမိုလိုက်နာလာစေရေးတွင် ဤနည်းလမ်းများက တိတိကျကျ မည်မျှအထိ ထိထိရောက်ရောက် ကူညီပေးနိုင်သည်နှင့်ပတ်သက်၍ သုတေသနများ ထပ်မံလုပ်ဆောင်ရမည်ဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စု ဆေးဝါးနှင့်ကျန်းမာရေးအကြံပေးအဖွဲ့(၄)၏ အစီရင်ခံစာတွင် ဒေါသ သို့မဟုတ် စိတ်ဖိစီးမှုအဆင့် ပိုမိုမြင့်မားနေသော သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများ ကြုံတွေ့နေရသော စစ်မှုထမ်းများသည် အီရတ်တွင် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို နှိပ်စက်ရန် ဖြစ်နိုင်ခြေ နှစ်ဆ ရှိသည်ဟု ဖော်ပြထားပါသည်။ (2006, 3-4)

အမေရိကန်စစ်တပ်အတွက် သတိတရားကိုအခြေခံပြီး စိတ်ကျန်းမာရေးကောင်းအောင် လေ့ကျင့်ပေးသည့် အလုပ်တွင် ဦးနှောက်အာရုံကြောဆိုင်ရာသိပ္ပံပညာရှင် Amishi Jha နှင့်အတူ လုပ်ကိုင်လျက်ရှိသော အမေရိကန် စစ်မှုထမ်းဟောင်း Elizabeth Stanley ၏ အဆိုအရ ဒဏ်ခံနိုင်မှုစွမ်းရည်သည် ထိန်းချုပ်မှုကောင်းသော အလိုအလျောက်အာရုံကြောစနစ်ပေါ်တွင် မူတည်ပါသည်။ ... ယင်းသည် မိမိ၏ ရည်မှန်းချက်ပန်းတိုင် သို့မဟုတ် တန်ဖိုးထားမှုများကို ဆန့်ကျင်ဆောင်ရွက်ခြင်း သို့မဟုတ် ထိန်းချုပ်ကန့်သတ်ထားသည့် နယ်ပယ်တလျှောက် တသီးတခြား ခွဲခြားခြင်း မရှိဘဲ စိတ်ဖိစီးမှုတွေ့ကြုံနေရစဉ်အတွင်း ပိုမို၍ ထိထိရောက်ရောက် လုပ်ဆောင်နိုင်သောကြောင့် တိုက်ပွဲဝင်စစ်သည်များက IHL စံနှုန်းများကို လိုက်နာနိုင်ရေးအတွက် အရေးကြီးသည်ဟု ဆိုလိုပါသည်။ (Stanley 2014) စစ်မှုထမ်းနေသူတို့၏ခံနိုင်စွမ်းရည်၏ အရေးပါမှုကို ဗုဒ္ဓဘာသာက သိရှိ

နားလည်သဘောပေါက်ပါသည်။ အင်္ဂုတ္တရနိကာယ်အရ အကုသိုလ်တွင် သာဓကအားဖြင့် ရဟန်းသည် မြွားစူးဝင်ခြင်းကဲ့သို့သော ကြောက်မက်ဖွယ်ရာ အသွင်သဏ္ဍာန်များ၊ အသံများ၊ အနံ့အသက်များနှင့် စစ်ပွဲ၏အထိအတွေ့ခံစားချက်များအပေါ် မိမိကိုယ်မိမိ စိတ်တင်းထားသော ဘုရင့်စီးတော်ဆင်ကဲ့သို့ ထိထိရောက်ရောက်တိုက်ခိုက်နိုင်ရန် ထိုကြောက်မက်ဖွယ်ရာ အာရုံများကို ခံနိုင်ရည်ရှိရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ (An.V. 139)

တိုက်ပွဲဝင်စစ်သည်တို့သည် အခြားသူများကို ထိထိရောက်ရောက် အကာအကွယ်မပေးနိုင်မီ ပထမဦးစွာ မိမိတို့ကိုယ်မိမိ အကာအကွယ်ပေးရမည်ဖြစ်ပြီး Amishi Jha က ဤသတိတရားပွားများမှုနည်းလမ်းများကို တိုက်ပွဲဝင်စစ်သည်များအတွက် 'စိတ်ပိုင်းဆိုင်ရာသံချပ်ကာ' ပုံစံအဖြစ် ဖော်ပြထားပါသည်။ (Senauke and Gates 2014; French 2017, 8,12) မိမိ လေးနက်စွာ စောင့်ထိန်းသော သီလကျင့်ဝတ်ကို ချိုးဖောက်သော ရက်စက်ကြမ်းကြုတ်မှုများကို မြင်တွေ့ရခြင်းကြောင့်သော်လည်းကောင်း၊ ကာကွယ်တားဆီးမပေးနိုင်ခြင်းကြောင့်သော်လည်းကောင်း၊ ကိုယ်တိုင်ကျူးလွန်မိသည့်အတွက်ကြောင့်သော်လည်းကောင်း ရက်ရွံ့မှုနှင့် အပြစ်ရှိသည်ဟုခံစားရမှု စိတ်ဒဏ်ရာများကို လျော့လာသည့် စိတ်ပညာသုတေသနက ဤသို့သောအကာအကွယ်ပေးမှု လိုအပ်ချက်ကို မီးမောင်းထိုးပြထားပါသည်။ (Hamrick, Kelley and Bravo 2020, 109; Frankfurt and Frazier 2016; Bartles – Smith 2022, 1755) စစ်ရေးနှင့်သက်ဆိုင်သောအခြေအနေများ၌ ဤသို့သောအတွေ့အကြုံများတွင် IHL ချိုးဖောက်မှုကို ဖြစ်စေနိုင်သည့် သတ်ဖြတ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ အပြင်းအထန်ဒဏ်ခတ်ခံရခြင်း၊ ခေါင်းဆောင်မှုပေးရန်ပျက်ကွက်ခြင်းနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများအပေါ် ဝေခွဲမရဖြစ်ခြင်းတို့ ပါဝင်ပါသည်။ (Hamirck, Kelley and Bravo 2020, 109) စိတ်ဒဏ်ရာရခြင်း၏လက္ခဏာများတွင် မိမိကိုယ်ကိုသော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း ခွင့်လွှတ်ရန်ခက်ခဲခြင်း၊ ဒေါသဖြစ်ခြင်း၊ လူ့အသိုင်းအဝိုင်းမှရှောင်ဖယ်နေခြင်းမှသည် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်း၊ ပရိဒေဝမီးတောက်လောင်ပြီး စိတ်မူမမှန်ခြင်း(PTSD)နှင့် မိမိကိုယ်ကိုသေကြောင်းကြံခြင်းတို့အထိ ပါဝင်ပါသည်။ (Hamirck, Kelley and Bravo 2020, 110; Shay 2010, 115) စစ်သည်အတော်များများအတွက် ကံ၏ရှုထောင့်မှသော်လည်းကောင်း၊ စိတ်ပညာသဘောသက်သက်အရသော်လည်းကောင်း ၎င်းတို့ကျူးလွန်ဖောက်ဖျက်မှုများ၏ အကျိုးရလဒ်များသည်လည်း အမှန်တကယ် ဖြစ်ကြပါသည်။

မကောင်းမှုပြုခြင်းကို ရှက်ခြင်း(ဟိရီ)နှင့် ထိုမကောင်းမှုပြုခြင်း၏ဆိုးကျိုးများကို ကြောက်ရွံ့ခြင်း(ဩတ္တပ္ပ) တို့သည်လည်း ဗုဒ္ဓဘာသာဝင်တို့ နှစ်သက်တန်ဖိုးထားသည့် အရည်အချင်းများ ဖြစ်ကြပါသည်။ (Bodhi 1993) ဟိရီတရားသည် ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ကျင့်သီလဆိုင်ရာ ဂုဏ်သိက္ခာနှင့် မိမိကိုယ်ကိုတန်ဖိုးထားမှုတို့ကို မည်သည့်အရာနှင့်မျှအပေးအယူအလဲအလှယ်မလုပ်ဘဲ စောင့်ရှောက်ခြင်းဖြစ်ပြီး ဩတ္တပ္ပတရားသည် နောင်တရသော မိမိကိုယ်ကို အပြစ်တင်မှု၊ အခြားသူများ၏ အပြစ်တင်ခံရမှု၊ ဥပဒေအရအရေးယူခြင်းခံရမှုအပါအဝင် နောင်ခံစားရမည့် အကုသိုလ်ကံအကျိုးပေးများကဲ့သို့သော ဂယက်ရိုက်မှုများကို ရှောင်ရှားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဥပဒေအရ အရေးယူခံရခြင်းတစ်ခုတည်းကို ကြောက်ရွံ့စိုးရိမ်မှုထက်ပို၍ မကောင်းသောအပြုအမူများကို ဟန့်တားရန် ပိုမိုအားကောင်းပါသည်။ (Grasmick, Bursik and Kinsey 1991; Bartles–Smith 2022, 1755-1756)

ဗုဒ္ဓဘာသာဝင်တို့သည် စိတ်အတွင်းသဏ္ဌာန်ကိုအကာအကွယ်ပေးသည့်သံချပ်ကာအတွက် လိုအပ်ချက်ကို သိရှိနားလည်ကြပြီး ယင်း၏ ထိရောက်မှုသည် မိမိ၏လုပ်ဆောင်မှုပေါ်တွင် မူတည်ကြောင်းကို ထေရဝါဒကျမ်းစာမှ ကောက်နုတ်ချက်က အောက်ပါအတိုင်း ပြဆိုပါသည် -

> ကာယကံ၊ ဝစီကံနှင့် မနောကံတို့ဖြင့် အကုသိုလ်ကိုကျူးလွန်သောသူတို့သည် ..... ၎င်းတို့ကို ဆင်တပ်ကြီးက အကာအကွယ်ပေးနိုင်သည်ဖြစ်စေ၊ မြင်းတပ်ကြီးက အကာအကွယ်ပေးနိုင်သည် ဖြစ်စေ ၎င်းတို့အတွက် မိမိကိုယ်မိမိ အကာအကွယ်မဲ့နေဆဲပင်ဖြစ်သည်။ အဘယ့်ကြောင့်နည်း။ ထိုအကာအကွယ်သည် ပြင်ပအကာအကွယ်ပေးမှုဖြစ်ပြီး စိတ်အတွင်းသဏ္ဌာန်အကာအကွယ်ပေးမှု မဟုတ်သောကြောင့် ဖြစ်သည်။ .... ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကုသိုလ်အမှုပြုကြသူတို့သည် မိမိတို့ကိုယ်မိမိတို့ အကာအကွယ်ပေးရာရောက်ပါသည်။ .... ထိုအကာအကွယ်သည် စိတ်အတွင်းသဏ္ဌာန်အကာအကွယ်ပေးမှုဖြစ်ပြီး ပြင်ပအကာအကွယ်ပေးမှု မဟုတ်သောကြောင့် ဖြစ်ပါသည်။...
>
> ဉာဏ်နှင့်ယှဉ်သောအသိစိတ်၊ မည်သည့်နေရာတွင်မဆို ချုပ်တည်းထိန်းချုပ်ခြင်းသည်
>
> အကြင်သူကို အကာအကွယ်ပေးသည်ဟု ဆိုပါသည်။ (Sam. I. 168-169)

အသိသတိနှင့် မိမိကိုယ်ကိုထိန်းသိမ်းခြင်းကို အလေးထားသော ဗုဒ္ဓဘာသာအခြေခံလှုံ့ဆော်မှုဖြစ်သည့် ကိုယ်လုံပညာနှင့်ပတ်သက်သည့် စွမ်းရည်ကို စနစ်တကျ လေ့လာရန် လိုအပ်နေပေသေးသည်။ ကိုယ်လုံပညာရပ်တို့၏ ဝိသေသလက္ခဏာသည် မိမိကိုယ်ကိုကာကွယ်မှု၊ ချုပ်တည်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာခွန်အားကို ကောင်းစွာထိန်းချုပ်မှု တို့အပေါ် အလေးထားသည့်သဘောဖြစ်ရာ IHL နှင့်အညီ ဖြစ်နေပါသည်။ (Lorge 2011; Bartles–Smith et al. 2020, 410-411) စင်စစ်အားဖြင့် ထိုကိုယ်လုံပညာများသည် လူငယ်များတွင် ရန်လိုသည့် ခိုက်ရန်ဒေါသစိတ်ကို လျှော့နည်းစေသည်ဟု သုတေသနများက ပြသနေပါသည်။ (Harwood , Lavidor and Rassovsky 2017) ကိုယ်လုံပညာ အတော်များများကို ကမ္မဋ္ဌာန်းနည်းလမ်းနှင့် တိုက်ခိုက်ရေးနည်းလမ်း နှစ်ခုလုံးအဖြစ် အသုံးပြုပါသည်။ ဥပမာအားဖြင့် ၎င်း၏ စစ်သည်တော်ဘုန်းကြီးများ၏ ကျွမ်းကျင်မှုစွမ်းရည်ကြောင့် ထင်ရှားကျော်ကြားသည့် ရှောင်လင်ကျောင်းတော်ဖြစ်သော မဟာယာနဇင်ဂိုဏ်းတွင် ဗုဒ္ဓဘာသာနှင့်ဆက်နွယ်မှုသည် အထူးသဖြင့် အရေးကြီးပါသည်။ (Shahar 2008) ကိုယ်လုံပညာကို စွမ်းရည်ပိုမိုထက်မြက်သော တိုက်ခိုက်ရေးသမားများ အလွယ်တကူ မွေးထုတ်ရန်အတွက် အမှန်တကယ် အသုံးချနိုင်ပြီး ဂျပန်ဆာမူရိုင်းတို့က အကြောက်တရားကို ဖယ်ရှားရန်နှင့် ဤတကယ့်ရည်ရွယ်ချက်အတွက် ပစ္စုပ္ပန်အပေါ်တွင် စိတ်ကို စူးစိုက်ထားနိုင်သည့် သမာဓိအား ကောင်းစေရန် ဇင်ဗုဒ္ဓဘာသာကိုအသုံးပြုခဲ့ပါသည်။ (Soho 2012; Mann 2012; Victoria 2022) သို့သော်လည်း သတိကပ်ခြင်းကို ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ အခြားသော အစိတ်အပိုင်းများနှင့် ပေါင်းစပ်သင့်သကဲ့သို့ပင် တိုက်ခိုက်ရေးစွမ်းရည်ပိုမိုကောင်းမွန်လာခြင်းကိုလည်း မိမိကိုယ်ကိုထိန်းချုပ်နိုင်စွမ်းနှင့် ပေါင်းစပ်ပေးရပါမည်။ အစဉ်အလာအားဖြင့် ကိုယ်လုံပညာများသည် လေ့ကျင့်ခန်းအဖြစ်သော်လည်းကောင်း၊ ဖျော်ဖြေရေးအတွက်သော်လည်းကောင်း အပန်းပြေစေနိုင်သောအခန်းကဏ္ဍ ရှိခဲ့ပြီး စစ်ပွဲတွင် ထိန်းသိမ်းသိမ်းထိန်းချုပ်တည်းနိုင်စွမ်းကို ပိုမိုကောင်းမွန်အောင် မည်သည့်အတိုင်းအတာအထိ ယခင်က ၎င်းတို့ကိုအသုံးပြုခဲ့ဘူးသည် ဆိုသည့် အချက်ကမူ မရှင်းလင်းလှပေ။ (Lorge 2011, 3; Bartles – Smith 2022, 1748)

## *တိုက်ပွဲဝင်စစ်သည်များအတွက် ရဟန်းတော်များ၏ အထောက်အကူ*

ဗုဒ္ဓနှင့် ၎င်း၏သာဝကရဟန်းတော်များက ဘုရင်များနှင့်စစ်သည်တော်များကို ဩဝါဒပေးသကဲ့သို့ပင် ယနေ့ခေတ်ရဟန်းတော်များကလည်း အစိုးရများ၊ စစ်တပ်များ သို့မဟုတ် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များကို ဩဝါဒဆက်လက်ပေးလျက်ရှိသည့်အပြင် ဘာသာရေးအခမ်းအနားများကို ဦးဆောင်ကျင်းပပေးခြင်းနှင့် ဘာသာရေးဆိုင်ရာ အထောက်အကူပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ (Kent 2008; Frydenlund 2017a, 18) စစ်မှုထမ်းများသည် အနီးအနားၣ်ရှိသော ဘုရားကျောင်းကန်များသို့ မကြာခဏ သွားရောက်ကြပြီး နေ့ထူးနေ့မြတ်အခါသမယများတွင် ရဟန်းတော်များက ၎င်းတို့အား တရားဟောကြားကြပါသည်။ (Kent 2008, Frydenlund 2017a, 18) စစ်တပ်တချို့ကလည်း ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကို ခန့်ထားကြပါသည်။ (ဤစာအုပ်မှ Bosco 2024; Lee 2021)

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်စစ်သားများစွာတို့သည် ၎င်းတို့ တိုးပွားစုပေါင်းရရှိလာနိုင်မည့် အကုသိုလ်ကံများနှင့်ပတ်သက်ပြီး စိုးရိမ်သောကဖြစ်ကြကြောင်းကို သီရိလင်္ကာတွင် ပြည်တွင်းစစ်အတွင်း ပြုလုပ်ခဲ့သော လေ့လာမှုများက ပြသခဲ့ပါသည်။ (Kent 2008, 3-4) ထို့ကြောင့် စစ်သည်တို့၏ ကောင်းမှုကုသိုလ်သည် အခြားသူများအပေါ် ၎င်းတို့ကြောင့်ဖြစ်ပေါ်စေသည့် ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေခြင်းပေါ်တွင် မူတည်နေကြောင်း သတိပေးရန် ရဟန်းတော်များကို ထားရှိပေးပြီး ၎င်းတို့က ဟောကြားသော တရားများ၏ ဆိုလိုရင်းမှာ ဒေါသကိုဖယ်ရှားရန်နှင့် စိတ်ကိုတည်ငြိမ်အောင်ထားရန်ဖြစ်ပြီး စစ်ပွဲအတွင်းမှာပင် မိမိတို့၏ လုပ်ဆောင်မှုများကို သတိပြုမိနေရန် ဖြစ်ပါသည်။ (Kent 2008, 131-158, 202) ရဟန်းတို့ကလည်း စစ်သားများအား ရသည့် အခွင့်အရေးကိုယူပြီး ကောင်းမှုလုပ်ခြင်းဖြင့် ကုသိုလ်စုဆောင်းရန် အကြံပြုကြပါသည်။ ပညာရှင်အချို့က သီရိလင်္ကာရဟန်းတို့သည် တရားမျှတသောစစ်ပွဲအယူအဆတွင် စိတ်ပါဝင်စားကြသည်ဟုထောက်ခံပြောဆိုကြသော်လည်း တွေ့ဆုံမေးမြန်းခဲ့သည့် ဘုန်းကြီးများအတွက် ဆွေးနွေးငြင်းခုံသည့်အကြောင်းအရာ ကွဲပြားကြပါသည်။ (Bartholomeusz 2005; Kent 2008, 200-201) ထိုရဟန်းတို့က စစ်ပွဲအား တရားမျှတမှုရှိကြောင်းကို ပြသရန် မကြိုးပမ်းဘဲ တိုက်ပွဲဝင်စစ်သည်များ၏ ကောင်းကျိုးနှင့် စိတ်ဓာတ်ရေးရာအခြေအနေအပြင် ၎င်းတို့၏ကံနှင့်ပတ်သက်သည့်အကြောင်းအရာများသည်သာ ထိုရဟန်းတို့နှင့် သက်ဆိုင်ပြီး အလေးထားပါသည်။ (Kent 2008, 200-201; Frydenlund 2017c, 29)

စစ်သည်များအား စေ့ဆော်မှုပေးခြင်း၏ အရေးပါသောလိုအပ်ချက်တစ်ခုမှာ ၎င်းတို့ကို အသတ်ခံရနိုင်ခြေနှင့်ပတ်သက်ပြီး ၎င်းတို့ ကိုယ်တိုင် ကံစီမံရာအဖြစ်လက်ခံထားရန် အချက်ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး

ဗုဒ္ဓဘာသာဘုန်းကြီးတို့၏ စိတ်ပိုင်းဆိုင်ရာအထောက်အကူပေးမှုက အရေးပါကာ တိုက်ပွဲဝင်စစ်သည်များကို စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ထိခိုက်မှုမရှိရအောင် လုပ်ဆောင်နိုင်စေပါသည်။ ကျဆုံးသွားသောစစ်သည်တို့၏ အသုဘကိစ္စတွင် ရဟန်းတော်များက ဦးဆောင်ကျင်းပပေးခြင်းသည်လည်း အရေးပါပြီး ၎င်းတို့ အချိန်မတိုင်မီ သေဆုံးရခြင်းနှင့်ပတ်သက်ပြီး သောကရောက်ရသူများကို ဖြေသိမ့်ပေးနိုင်ပါသည်။ (Kent 2008; Hassner 2016, 86-87) ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဘဝပြန်လည်မွေးဖွားခြင်းကို ယုံကြည်မှုက ဤကိစ္စနှင့်ပတ်သက်ပြီး စစ်သည်များကိုဖြေသိမ့်ပေးနိုင်ပြီး သီရိလင်္ကာနိုင်ငံတွင်ပြုလုပ်ခဲ့သော လေ့လာမှုများအရ တိုက်ပွဲစိတ်ဒဏ်ရာ ရရှိထားသော တိုက်ပွဲဝင်စစ်သည်များ၏ စိတ်သောကထပ်မံ ဖြစ်ပွားရခြင်းကိုလည်း ကာကွယ်တားဆီးပေးပါသည်။ (Hassner 2016, 124-125)

### အပိုင်း (၅)၊ ဗုဒ္ဓဘာသာနှင့် IHL စံနှုန်းများကို လက်တွေ့အသုံးပြုနိုင်စွမ်းမရှိခြင်း

***အကြမ်းဖက်မှုကို ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်စွမ်းမရှိဟု ဗုဒ္ဓဘာသာကို သမိုင်းတွင် မှားယွင်းဖော်ပြမှု***

သမိုင်းအရ ဗုဒ္ဓဘာသာအဆုံးအမတရားတော်များနှင့်ရင်းမြစ်ကျမ်းဂန်များက ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုကို ပိုမိုကျယ်ပြန့်လာအောင်မြှင့်တင်ပေးရန်ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်များသည် ရံဖန်ရံခါ စစ်ပွဲကာလ ရက်စက်ကြမ်းကြုတ်မှုများအတွက်လည်း တာဝန်ရှိပါသည်။ (Jerryson 2010) ထို့ကြောင့် စစ်ပွဲအခြေအနေများတွင် ဗုဒ္ဓဘာသာအဆုံးအမတရားတော်များကို မည်သည့်အတိုင်းအတာအထိ လက်တွေ့ အသုံးပြုခဲ့သည် သို့မဟုတ် စနစ်တကျ နားလည်သဘောပေါက်ခဲ့သည် ဆိုခြင်းနှင့်ပတ်သက်၍ အခြေခံကျသော မေးခွန်းများရှိပါသည်။ စင်စစ်အားဖြင့် ရန်သူအုပ်စုများကို ထိန်းထိန်းသိမ်းသိမ်းမရှိဘဲ အကြမ်းဖက်နိုင်စေရန်အတွက် ဗုဒ္ဓဘာသာ၏ အဆုံးအမတရားအချို့ကို ပုံဖျက်ဟောပြောခြင်းများလည်း ရှိပါသည်။ (Victoria 2022)

အခြားသော လူမှုအဖွဲ့အစည်းများကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်တို့သည် ရံဖန်ရံခါတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သူများ၏ အသက်ကို ထည့်မတွက်ခြင်းမျိုးလည်း ဖြစ်လေ့ရှိပါသည်။ သီရိလင်္ကာမဟာဝံသသမိုင်းတွင် ဧဠာရဘုရင်အပေါ် အောင်နိုင်ရာတွင် ၎င်း သတ်ခဲ့သော သေဆုံးသူများစွာတို့အတွက် စိတ်သောကရောက်နေသော ဒုဋ္ဌဂါမဏိမင်းကို ရဟန္တာဟု ယူဆရသောသူအချို့က ပြောခဲ့သည်မှာ ဒုဋ္ဌဂါမဏိမင်းသည် စစ်တိုက်ရာတွင် မှားသောအယူကို ယူကြသော လူယုတ်မာများကိုသတ်ဖြတ်ခြင်း ဖြစ်သည့်အတွက် တိရစ္ဆာန်များကိုသတ်ခြင်းမျှလောက်သာ အပြစ်ရှိသည်ဟု ဟောပြောခဲ့သော မနုစ်မြို့ဖွယ်ရာ ဂါထာတစ်ခုရှိပါသည်။ (Gombrich 2006, 141; Singh 2017, 469) ဤအချက်ကို ပညာရှင်အတော်များများက မဖြစ်နိုင်ဟုယူဆကြသော်လည်း (ဤစာအုပ်မှ Harvey 2021) ထိုဂါထာကို ယခုခေတ်တွင် နာမည်ကျော်ကြားသော ရဟန်းတချို့အပါအဝင် ဗုဒ္ဓဘာသာဝင်အချို့က ပြန်လည် အသုံးပြုခဲ့ကြ ပါသည်။ (Fuller 2017)

မဟာယာန မဟာပရိနိဗ္ဗာနသုတ်၏ အပိုဒ်တစ်ခုတွင် မှားယွင်းသောတရားများကိုယုံကြည်ပြီး မဟာယာနကို ဆန့်ကျင်သော တွေဝေမိုက်မဲသည့်သတ္တဝါများဖြစ်သော ဣစ္ဆန္တိကများကို သတ်ဖြတ်ခြင်းသည် "သစ်ပင်များကိုခုတ်လှဲခြင်း၊ မြက်ရိတ်ခြင်း၊ လူသေကောင်ကို ခွဲစိတ်ဖြတ်တောက်ခြင်း"နှင့် အလားသဏ္ဍာန်တူသည်ဟု ဆိုပြီး ဝဇီရယာန Sarva – durgati – parisodhana – tantra ၏ အဆိုအရ " ရတနာသုံးပါးကို မုန်းတီးသော၊ ဗုဒ္ဓ၏ အဆုံးအမကိုစော်ကားသော၊ (ဝဇီရယာန)ဆရာတော်များကို စော်ကားပြောဆိုသောသူများကို” တွေ့သည့်နေရာတွင် သတ်သင့်သည်ဟု ဆိုပါသည်။ (Schmithausen 1999, 58) အခြားသော သက်ရှိသတ္တဝါများအတွက် ဗုဒ္ဓ၏ သဘာဝ ပင်ကိုမျိုးစေ့ မရှိဘဲ အရဟတ္တမဂ်ဉာဏ်ကို မရနိုင်သည့်အတွက်ကြောင့် ထိုသူတို့၏ အသက်ရှင်သန်မှုသည် အခြေခံအားဖြင့် အဓိပ္ပါယ်မရှိချေ။ (Victoria 2022; Jerryson 2017, 50; Singh 2017, 256; Jenkins 2017, 164; Yu 2013, 204-205) နှစ်ဆယ်ရာစု ဇင်ဗုဒ္ဓဘာသာဝင် စစ်ဝါဒီများ၏ အယူအဆအရ နိမ့်ကျသော ရန်သူ သက်ရှိသတ္တဝါများကို သတ်ဖြတ်ခြင်းသည် ကရုဏာနှင့်ယှဉ်သောအမှုဖြစ်သည်။ အကြောင်းမှာ ၎င်းတို့သည် ထပ်မံမွေးဖွားမည့်ပို၍ကောင်းမွန်သောဘဝတွင် ဗုဒ္ဓ၏သဘာဝကို ရရှိနိုင်မည်ဖြစ်သောကြောင့်ဟု ဆိုပြီး ထိုအဆိုက စစ်ရာဇဝတ်မှုများစွာကိုဖြစ်စေသော အင်ပါယာအယူဝါဒကို အားဖြည့်ကျားကန်ပေးပါသည်။ (Demieville 2010, 44-45)

ထို့ကြောင့် ကံနှင့် ဘဝသစ်၌တဖန်ပြန်လည်မွေးဖွားခြင်းဟူသော ဗုဒ္ဓဘာသာဝင်တို့၏ အဓိက အယူအဆကို စစ်ပွဲတွင် သေဆုံးခြင်းများအတွက် ရှောင်လွှဲမရနိုင်သော ကံတရားအရဝဋ်လည်ခြင်းဟုရှုမြင်သည့် အရာရာကို ကြိုတင်ပြဋ္ဌာန်းသတ်မှတ်ထားပြီးမရှောင်လွှဲနိုင်ဟူသော ယုံကြည်မှုနှင့် အနီးစပ်ဆုံးအရာကို အားပေးအားမြှောက်ပြုရန် မှားယွင်းစွာ ဖော်ပြခဲ့ကြပြီး ဤသဘောထားက ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားအချို့ အထူးသဖြင့် ခါမိခါဇေ

လေယာဉ်မှူးများ၏ အသေခံရဲစွမ်းသတ္တိတွင် မျက်မြင်တွေ့ရှိရသည့်အတိုင်း ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏အသက်ကို အလေးမထားစေရန်လည်း အားပေးခဲ့ပါသည်။

မာရ်နတ်ဟူသည် ဗုဒ္ဓဘာသာကိုကျင့်သုံးသူတို့ အောင်နိုင်ရမည့် မလိုလားအပ်သော စိတ်အတွင်းသန္တာန်၏ အရည်အသွေးများနှင့် ဖြားယောင်းသွေးဆောင်မှုများကို ကိုယ်စားပြုသည့် နတ်ဆိုးဖြစ်သော်လည်း ၎င်းကို ရုံဖန်ရံခါ တကယ့်ကို ဘီလူးသရဲစီးနေသော သို့မဟုတ် ၎င်းတို့အပေါ် လူမဆန်သော အကြမ်းဖက်မှုပြုလုပ်နိုင်သည့် တကယ်စင်စစ်ရှိနေသောရန်သူများအပေါ် မာရ်နတ်အဖြစ် လွှဲချခဲ့ကြပါသည်။ (Victoria 2022; Jenkins 2017, 163-164; French နှင့် Jack 2015) ဗုဒ္ဓဘာသာကို ပြန်လည်တည်ထောင်မည်ဟု ဟောကိန်းထုတ်ထားသော အနာဂတ်တွင် ပွင့်ထွန်းလာမည့်ဘုရား မေတ္တေယျဗုဒ္ဓအယူအဆက ဗုဒ္ဓဘာသာဝင်မဟုတ်သူများကိုလည်းကောင်း၊ မမှန်ကန်သော ဗုဒ္ဓဘာသာဝင်များကိုလည်းကောင်း နှစ်ပေါင်းထောင်ချီသည့် ဆူပူအုံကြွပုန်ကန်မှုများစွာကို အားပေးခဲ့ပါသည်။ ဥပမာအားဖြင့် တရုတ်ပြည်၌ အေဒီ(၆)ရာစုတွင် ရဟန်း Faqing က မာရ်နတ်ကို တိုက်ခိုက်သည့် အလွန် အရေးပါသောစစ်ပွဲတွင် ရန်သူဆယ်ဦးကိုသတ်သောသူတိုင်း မြင့်မြတ်သောဗောဓိသတ္တအဆင့်ကို ရလိမ့်မည်ဟုဆိုကာ ၎င်း၏ နောက်လိုက်များကို စေလွှတ်ရာတွင် သွေးရူးသွေးတန်းထိန်းမနိုင်သိမ်းမရ သတ်ဖြတ်ခြင်းဖြစ်စေသည့် မူးယစ်စေတတ်သောဆေးများကို အသုံးပြုခဲ့ပါသည်။ (Jerryson 2017, 60; Victoria 2022)

ဝဇီရယာနဗုဒ္ဓဘာသာရှုထောင့်တွင် ဗုဒ္ဓဘာသာဝင် သီလသိက္ခာပုဒ်များကို ဘာသာရေးကျွမ်းကျင်သူတို့၏ ရည်ရွယ်ချက်ရှိရှိ ဖောက်ဖျက်မှုများ ပါဝင်ပြီး ပြည့်စုံသောကျင့်သုံးသူ(siddhas)များသည် သမားရိုးကျ သီလသိက္ခာစံနှုန်းများ၏ အထက်တွင်ရှိသည်ဟု ယူဆကြပါသည်။ (Schmithausen 1999, 61) တန္တရကျမ်းစာ အတော်များများက အမှန်တကယ် အကြမ်းဖက်မှုများထက် ပုံဆောင်ခိုင်းနှိုင်းခြင်းများနှင့် သေစေနိုင်သောအင်အား အသုံးပြုခြင်းကို အနည်းဆုံးဖြစ်စေရန် တားမြစ်မှုများကို ဖော်ပြထားသော်လည်း ယင်းကိုကျင့်သုံးမှုများသည်လည်း ထိန်းချုပ်မှုများစွာမရှိဘဲ သတ်ဖြတ်ခြင်းဖြစ်စေရန် ရည်ရွယ်ခဲ့ပါသည်။ (Sinclair 2014, 161; Daltor 2011, 133-138) ဥပမာ အေဒီ(၈)ရာစုနှစ် ဟေဝဇီရ-တန္တရ Hevajra – tantra တွင် ရန်သူ့စစ်တပ်တစ်ခုလုံးနှင့် ၎င်းတို့၏နတ်များကို ဖျက်ဆီးရန် အသေးစိတ်စီမံထားသော ပူဇော်ပသမှုများ ပါဝင်ပါသည်။ (Debreczeny 2019) စင်စစ် မွန်ဂိုတို့သည် တကယ့်စစ်တပ်များကို ချေမှုန်းအောင်နိုင်ရေး၌ ၎င်းတို့ကို ကူညီရန် ဗုဒ္ဓဘာသာဝင်ကျွမ်းကျင်သူများကိုအသုံးချခဲ့ပြီး တရုတ်ပြည်တောင်ပိုင်း "ဆောဝ်မင်းဆက်"ကို ထူးခြားစွာအောင်နိုင်မှု၌ ကူဘလေခန်၏ တိဘက်လူမျိုးဆရာကို အသုံးချခဲ့ပါသည်။ (Debreczeny 2019; Dalton 2011, 136)

Kalacalera–tantra ကို ဒဏ္ဍာရီဟု လက်ခံထားသော်လည်း ယင်းက အနာဂတ် တကယ့်စစ်ပွဲတစ်ခုကဲ့သို့ သဘောထား ဖော်ပြထားပြီး ရှန်ဘဲလားဘုရင်က အရိုင်းအစိုင်းတပ်များကို နှိမ်နင်းသုတ်သင်ပြီး ၎င်းတို့၏ ကိုးကွယ်ရာဘာသာကို ဖျက်ဆီးပစ်မည်ဟု ဟောကိန်းထုတ်ခဲ့ပြီး (အဋ္ဌကထာတစ်ခုက ၎င်းသည် ရန်သူ့အသက်များကို သတ်မည်မဟုတ်ဟု ဆိုထားသော်လည်း) ယင်းသည် တိုကျိုမြေအောက်ရထားတွင် ၁၉၉၅ ခုက အုမ်းမ်ရှင်းရိကျို့ Aum Shinrikyo ၏ ဆာရင်းအဆိပ်ဓာတ်ငွေ့ဖြင့်တိုက်ခိုက်မှုနောက်ကွယ်ရှိ လှုံ့ဆော်အားပေးမှုတစ်ခု ဖြစ်ခဲ့ပါသည်။ (Jerryson 2010, 8; Sinclair 2014, 159-60; Schmithausen 1999, 61-62)

မှော်အတတ်နှင့် ဒေသတွင်းနတ်များကို ပူဇော်ပသမှုကဲ့သို့သော ကျင့်သုံးမှုအလေ့အထတချို့ကို စစ်တပ်နှင့် လက်နက်ကိုင်အုပ်စုဝင်များအပါအဝင် ဩဇာကြီးမားသောဗုဒ္ဓဘာသာဝင်အချို့က ယုံကြည်ကြပြီး သဘာဝလွန် နည်းလမ်းများဖြင့် ကံကို ၎င်းတို့လိုသလိုစီမံနိုင်ရန်နှင့် ဤနည်းအားဖြင့် ဖောက်ဖျက်ထားသော အကြမ်းဖက်များ၏ အကုသိုလ်ကံအကျိုးဆက်များကို ရှောင်ရှားနိုင်မည်ဟု ယုံကြည်ကြပါသည်။ (Pranke 2010; Van Schaik 2020, 98)

ဗုဒ္ဓဘာသာကို ပိုပြီးအထိန်းအချုပ်မရှိလွတ်လပ်စွာ အနက်အဓိပ္ပါယ်ကောက်ယူခြင်းများသည် နည်းလမ်းများတွင်ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကရုဏာအခြေခံသောအကြမ်းဖက်မှုကဲ့သို့သော အယူအဆများအား ရုံဖန်ရံခါ လက်နက်သဖွယ် အသုံးပြုခြင်းနှင့် အလွဲသုံးစားခြင်းတို့ကို ပြုလုပ်ခဲ့သော မဟာယာနနှင့် ဝဇီရယာနဗုဒ္ဓဘာသာလောကတို့တွင် ပိုမိုပျံ့နှံ့နေလေ့ရှိပါသည်။ (Schmithausen 1999, 46; Jenkins 2010b, 308-310) ဘုရားဖြစ်ခါနီး ဗောဓိသတ္တဘုရားလောင်းများသည်သာ ကိုယ်ကျိုးမငဲ့သောစေတနာဖြင့် သတ်ဖြတ်ခြင်းကို လုပ်နိုင်စွမ်းရှိသည်ဟု ယူဆကြသော်လည်း ဤအချက်ကို အမြဲတမ်း လိုက်နာကြသည်တော့ မဟုတ်ပေ။ (Schimithausen 1999, 46; Jenkins 2010b, 308, 310) ထို့အပြင် အမြဲတည်သော အတ္တမရှိခြင်း၊ အနိစ္စဖြစ်ခြင်းတို့နှင့်ပတ်သက်သည့် ဗုဒ္ဓ၏ အဆုံးအမတရားများနှင့် မဟာယာနဗုဒ္ဓဘာသာ၏ သုညတအယူအဆတို့ကို ပေါင်းစပ်လိုက်သောအခါ အရာအားလုံးတွင် ပင်ကိုယ်ဖြစ်တည်မှုကင်းမဲ့သောကြောင့် ထိုအယူအဆအရ လူ့ဘဝနှင့် သတ်ဖြတ်ခြင်းအလုပ်တို့ကို

အရေးပါမှုမရှိသောအသေးအဖွဲကိစ္စနီးပါးအဖြစ် အဆင့်လျှော့ချ ချောင်ထိုးခဲ့ကြပါသည်။ (၁၇)ရာစုတွင် Rinzai ဇင် ဘုန်းတော်ကြီး Jakuan က ရေးခဲ့သည်မှာ -

> မြှောက်ထားသောဓားတွင် စိတ်ဆန္ဒအလိုမရှိ။ ထိုအရာသည် သုညသဘောသာဖြစ်သည်..... အသတ်ခံရတော့မည့်သူသည်လည်း သုညတပင်ဖြစ်ပြီး ဓားကိုကိုင်စွဲထားသောသူသည်လည်း သုညတပင်ဖြစ်သည်။ အသတ်ခံရတော့မည့် 'ငါ' သည် လျှပ်တစ်ပြက်အတွင်း နွေဦးရာသီ၌ တိုက်ခတ်သောလေပြေက ခွဲလိုက်ခြင်းကဲ့သို့ပင် ဖြစ်သည်။ (Victoria 2003, 26)

ဂျပန်အင်ပါယာစစ်တပ်မှစစ်သူကြီး ဗိုလ်မှူး အိုးခုဘို ခိုးအိချိ (Ōkubo Kōichi) ၏ အဆိုအရ အမြဲတည်သော အတ္တ မရှိခြင်း ဟူသည် ‘စစ်သည်တစ်ယောက်သည် ၎င်း၏အထက်အရာရှိနှင့် တသားတည်းဖြစ်နေရမည် ... ၎င်းသည် ၎င်းလက်ခံရရှိသည့် အမိန့် ဖြစ်ရမည်’ ဟုလည်း ဆိုလိုပါသည်။ (Vicotria (1997) 2006, 103) ဤအချက်က စည်းကမ်းကိုတိတိကျကျလိုက်နာရန် အထောက်အပံ့ဖြစ်သော်လည်း သတ္တဝါတိုင်းသည် ၎င်းတို့ပြုသောကံအတွက် တာဝန်ရှိသည်ဆိုသော ဗုဒ္ဓဘာသာ၏ အနှစ်သာရတရားများနှင့်သော်လည်းကောင်း၊ တိုက်ပွဲဝင်စစ်သည်များသည် ဥပဒေနှင့်မညီသောအမိန့်များကို မလိုက်နာဘဲနေရန် တာဝန်ရှိသည်ဆိုသော IHL ၏ စည်းမျဉ်းများနှင့် ဆန့်ကျင်နေပါသည်။ (Melzer 2016, 286)

IHL စည်းမျဉ်းများအား ချိုးဖောက်မှုများအတွက် တရားမျှတမှုနက်ကန်ကြောင်း အကြောင်းပြချက်ပေးရန် ဗုဒ္ဓတရားတော်အချို့ကို မှားယွင်းစွာ အဓိပ္ပါယ်ကောက်ယူခြင်းနှင့် အယူတိမ်းလမ်းလွဲရောက်စေခြင်း၏ အန္တရာယ်မှာ အလွန်ထင်ရှားပါသည်။

### *မျက်မှောက်ခေတ်တွင် IHL နှင့် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလများကို လိုက်နာရန် ပျက်ကွက်ခြင်းများ*

မိမိကိုယ်မိမိ ဗုဒ္ဓဘာသာဝင်ဟုဆိုကြသော စစ်သည်များက ဗုဒ္ဓဘာသာ၏ အဓိက အဆုံးအမများကို သေချာပေါက် မလိုက်နာသည်မှာ ရှင်းပါသည်။ ဥပမာအားဖြင့် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလနှင့် ဆက်စပ်နေသည့် ကမ္မဋ္ဌာန်း အားထုတ်မှုကိုကြည့်လျှင် ထိုစစ်သည်များ ကမ္မဋ္ဌာန်းအားထုတ်သလား (များသောအားဖြင့် အားမထုတ်ပါ) ဆိုသည့် မေးခွန်းနှင့် သက်ဆိုင်လာပါသည်။ (Richmond 2012) ထို့အပြင် နိုင်ငံတော်ဘာသာဖြစ်ပြီး သာမန် ဗုဒ္ဓဘာသာဝင် အများစုကျင့်သုံးကြသောဗုဒ္ဓဘာသာများသည် လတ်တလော လောကီချမ်းသာအတွက် ကောင်းသောကုသိုလ်ကံ (ပုည)တို့ကို ပြုလုပ်ခြင်းပေါ်တွင် အဓိက စိတ်တိမ်းညွတ်ကြသော်လည်း တစ်ဦးတစ်ယောက်ချင်း၏ စိတ်ကို ပြုပြင် ပြောင်းလဲပေးရန် ပိုမိုမြင့်မားသောဗုဒ္ဓအဆုံးအမများကိုမူ စိတ်နှစ်လုပ်ဆောင်မှု နည်းပါးကြပါသည်။ (Standord and Jong 2019; Frydenlund 2017a; Bellah 1967)

ဗုဒ္ဓဘာသာနှင့် IHL စံနှုန်းများကို အပြင်းအထန်ချိုးဖောက်ခြင်းများသည် မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ လောက၏ အစိတ်အပိုင်းတို့ကို ပျက်စီးစေရန် ဆက်လက်ဖြစ်ပွားနေပြီး ယင်းတို့အများစုသည် ဗုဒ္ဓဘာသာဝင် အများစုရှိသော စစ်တပ်များ၏အပြုအမူနှင့် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလတို့အကြား ဆန့်ကျင်ကွဲလွဲသည့်ဝိရောဓိကို ဖြစ်စေပါသည်။ (Selth 2021; Deegalle 2006) စစ်မှုထမ်းအချို့က ကုသိုလ်ဖြစ်စေသော အလှူဒါနများသည် စစ် ရာဇဝတ်မှုများ၏ မကောင်းသောကံကို အစားထိုးပေးနိုင်သည်ဟုလည်းကောင်း၊ မကောင်းသောကံ ပွဲတင်ရိုက်ခတ် မှုမရှိဘဲ ၎င်းတို့၏ရန်သူများကို ၎င်းတို့ သတ်ဖြတ်နိုင်သည်ဟုလည်းကောင်း တထစ်ချ ယုံကြည်ကြပုံ ပေါ်ပါသည်။

သို့သော်လည်း စစ်တပ်အချို့နှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတို့ လူသိရှင်ကြား အပြန်အလှန်ဆက်ဆံရေး ရှိကြသော်လည်း သတိပြုသင့်သည်မှာ ၎င်းတို့၏ သမားရိုးကျ စစ်သင်တန်းလေ့ကျင့်မှု၏ သဘောသဘာဝနှင့် ယင်းတွင် ပါဝင်သည့် အကြောင်းအရာများသည် အဓိကအားဖြင့် အထူးသီးသန့်မဟုတ်လျှင် လောကီရေးဖြစ်ပြီး ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလများ လုံးဝပါဝင်ခြင်းမရှိ ဆိုသည့်အချက် ဖြစ်ပါသည်။ (Frydenlund 2017a, 14-15; ICRC 2021c) စစ်တပ်တော်တော်များများတွင် ဗုဒ္ဓဘာသာဘုန်းကြီးများကို ခန့်အပ်ထားသော်လည်း သံဃာနှင့်စစ်တပ်၏ဆက်ဆံရေးမှာ များသောအားဖြင့် နီးနီးကပ်ကပ်မရှိသည့်အပြင် စစ်တပ်နှင့် ပါဝင်ပတ်သက်မှု သိပ်များလာလျှင် လူများစု၏ ယုံကြည်မှုကို ဆုံးရှုံးနိုင်သည့် အန္တရာယ်ကြောင့် အချို့အခြေအနေများတွင် ရဟန်းကို စစ်ရေးစစ်ရာကိစ္စများမှ သီးခြားခွဲခြားထားသည့် ဝိနည်း(ဝိနယ)အမိန့်များဖြင့် ထိုလောကီရေး သီးခြားလက္ခဏာကို အားကောင်းစေပါသည်။ (Kend 2008, 42-43, 78; Frydenlund 2017a; ICRC 2021b) စစ်တပ်များ ကိုယ်တိုင်က ဤကန့်သတ်ချက်များကို အပြန်အလှန်သဘောပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဤအချက်က စစ်သင်တန်းလေ့ကျင့်မှုများတွင် ဗုဒ္ဓဘာသာဝင်ဘုန်းကြီးနှင့် အခြား ဘာသာများမှ ဘုန်းကြီးများ ရှိနေခြင်းကို အားမပေးသည့်သဘော ဖြစ်ပါသည်။ (ICRC 2021c) အချို့ရဟန်းများက စစ်မှုထမ်းများအား စစ်ပွဲတွင် ၎င်းတို့၏ လုပ်ဆောင်မှုနှင့်ပတ်သက်ပြီး အလွတ်

သဘော အကြံပေးခြင်းနှင့် အထောက်အကူပေးခြင်းတို့ ရှိကြသော်လည်း IHL နှင့် ဗုဒ္ဓဘာသာအဆုံးအမတို့အကြား ဆက်စပ်ပေးရန် ထိုရဟန်းအများစုမှာလည်း IHL အသိပညာဗဟုသုတ မရှိကြချေ။ (Kend 2008; Bartles – Smith et al. 2020)

အချို့စစ်တပ်များတွင် တပ်သားသစ်များကို လူမဆန်စွာနှိပ်စက်ခြင်းနှင့် တွေးခေါ်ဆင်ခြင်မှုကို ကင်းမဲ့စေသောတင်းကြပ်သည့်စည်းကမ်းများသည် ၎င်းတို့၏ အပြုအမူပေါ်တွင် အရေးပါသော သက်ရောက်မှုကို ရှိစေပါသည်။ မှန်ပါသည်။ အချို့သော ယခုခေတ်စစ်ရေးလေ့ကျင့်မှုကို တိုက်ပွဲဝင်စစ်သည်များအား လူမဆန်စေရန်နှင့် စစ်မှုထမ်းများအား လူမှုရေးစံနှုန်းများမှ သီးခြားခွဲထုတ်နိုင်ပြီး အခြားအုပ်စုများအပေါ် ရန်လိုမှုနှင့် မလိုမုန်းထားမှုတို့ ကိုမြင့်မားလာစေသည့် 'ငါတို့နဲ့ သူတို့' စိတ်ဓာတ် - 'us versus them' mentality - ကို သွတ်သွင်းရန် ပုံဖော်ရေးဆွဲထားပါသည်။ (Grossman 2014; French and Jack 2015; Inspector – General of the Austrelian Defence Force 2020) ဤအချက်သည် သတ်ဖြတ်ခြင်းအပေါ် တားမြစ်ချက်များကို လွှမ်းမိုးစေရန် ၎င်းတို့အား ပိုမို လွယ်ကူသွားစေပါသည်။

ဗုဒ္ဓဘာသာသီလကျင့်ဝတ်များသည် တစ်ဦးချင်းစစ်မှုထမ်းများစွာအပေါ် ကြီးမားသည့်ဩဇာရှိနေဆဲဖြစ်ပြီး တစ်ခါတစ်ရံ စံနမူနာပြလောက်သော စောင့်ထိန်းမှုသည် စိတ်ဝင်စားအားကျစရာဖြစ်သော်လည်း ၎င်းတို့ကို စစ်တပ်တစ်ခုလုံး၏ အုပ်ချုပ်မှုစနစ်အတွင်း ယေဘုယျအားဖြင့် ပေါင်းစပ်မှု နည်းသောကြောင့် စစ်တပ်တစ်ခုလုံး၏ စုပေါင်းထားသော အပြုအမူပေါ်တွင် သက်ရောက်မှု နည်းပါးနိုင်ပါသည်။ (ICRC 2019b, 2021b, 2021c) ဤအချက်က အချို့သောစစ်သည်များအား စစ်တပ်သည် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလနှင့် မသက်ဆိုင်သော သီးခြားနယ်ပယ်တစ်ခုဖြစ်သည်ဟူသော ယုံကြည်မှုကို ဖြစ်စေနိုင်ပြီး ၎င်းတို့သည် IHL နှင့် ညီသည့်တိုင် ဤအချက်က အခြားသူများအတွက် အထိန်းအကွပ်မဲ့ အင်အားအသုံးပြုခြင်းကို တရားဝင်အောင်လုပ်ဆောင်ပေးခြင်းအဖြစ် ဗုဒ္ဓဘာသာကို မှားယွင်းဖော်ပြစရာ ဖြစ်စေနိုင်ပါသည်။ (ICRC 2021b; Kariyakarawana 2011; Victoria [ 1997] 2006)

ဗုဒ္ဓဘာသာကျမ်းစာများနှင့် သမိုင်းမှတ်တမ်းများတွင် ရှေးယခင်က ဗုဒ္ဓဘာသာသည် စစ်ပွဲဆင်နွှဲရာ၌ လူသားဆန်ရန် အဆုံးအမများပါဝင်ကြောင်း ဖော်ပြချက်များ ရှိသော်လည်း ဤအမွေအနှစ်ကို သိရှိမှုလည်း လျော့နည်းလာခဲ့သည်ဟုဆိုနိုင်ပြီး အနောက်တိုင်းလှုံ့ဆော်မှု စစ်ရေးနည်းလမ်းများနှင့် စစ်ရေးမူဝါဒသဘောတရားများကို ရွေးချယ်လက်ခံကျင့်သုံးလာခြင်းသည် ရံဖန်ရံခါ ဗုဒ္ဓဘာသာလှုံ့ဆော်မှု သီလစောင့်ထိန်းခြင်းစံနှုန်းများ နေရာတွင် အစားထိုးဝင်ရောက်လာပါသည်။ (Jayatilleke 1967, 555- 557; ဤစာအုပ်မှ Charney 2021)

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာပါဠိစည်းမျဉ်းထက် အရိယသစ္စကပရိဝတ္တ(Ārya-satyaka–parivarta)ကဲ့သို့ စစ်ပွဲနှင့်ပတ်သက်သော လမ်းညွှန်ချက်များကို လိုရင်းတိုရှင်း၊ အသုံးပြုရလွယ်ကူစေရန် တစ်ပေါင်းတစ်စည်းတည်း စုစည်းထားသော ကျမ်းသည် ခြွင်းချက်အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ စင်စစ်အားဖြင့် IHL နှင့် ပတ်သက်ပြီး မျက်မှောက်ခေတ် စစ်သည်များအတွက် လက်တွေ့ကျပြီး ခိုင်လုံသော ဗုဒ္ဓဘာသာ အကြံပြုချက်များ ပေးရန် ဗုဒ္ဓဘာသာအဆုံးအမများကို စုစည်းပေါင်းရုံးခြင်းနှင့် လိုက်လျောညီထွေညှိနှိုင်းခြင်းတို့အတွက် ပြောရန် များစွာ ရှိပါသေးသည်။ (Little 2011; Peto 2014) တချိန်တည်းမှာပင် ဗုဒ္ဓဘာသာဝင်စစ်သည်အချို့က ဤကိစ္စကို ၎င်းတို့ ကိုယ်တိုင် အလွတ်သဘော စတင်လုပ်ဆောင်ခဲ့ကြပါသည်။

## **နိဂုံး**

အခြားဓလေ့ထုံးတမ်းအစဉ်အလာများအတွင်း သုတေသနလုပ်ဆောင်မှုများ ကျယ်ပြန့်လာခြင်း၊ အနောက်တိုင်း မဟုတ်သော နိုင်ငံများမှ IHL ကို လက်ခံမှုများ တိုးပွားလာခြင်းတို့ရှိသော်လည်း IHL နှင့် စစ်ပွဲကို လေ့လာမှုများသည် အနောက်တိုင်းလွှမ်းမိုးသော နယ်ပယ်များအဖြစ် ရှိနေဆဲဖြစ်ကာ အရှေ့တိုင်းတွင် စတင်လုပ်ဆောင်ခဲ့သည့် စစ်ပွဲအတွင်း "ရှောင်ကြဉ်ထိန်းသိမ်းခြင်း အသိပညာ"ကို လေ့လာရန် များစွာကျန်ရှိနေဆဲဖြစ်ပါသည်။ (Keegan 1994, 392)

အနောက်တိုင်းမဟုတ်သော၊ စစ်ရေးနှင့်အမှန်တကယ်မပတ်သက်သော အမြင်များသည် စစ်ပွဲစည်းမျဉ်းအပေါ် နားလည်ရလွယ်ကူစေရန်အထောက်အကူပေးနိုင်သည်ကို ဗုဒ္ဓဘာသာက ပြသနေပါသည်။ စင်စစ်အားဖြင့် ဗုဒ္ဓဘာသာနှင့် IHL အကြား ကွဲပြားခြားနားမှုများနှင့် တူညီမှုများကို ချိန်ဆလေ့လာခြင်းဖြင့်သာလျှင် တစ်ခုနှင့်တစ်ခု ပိုမိုပြည့်စုံအောင်ဖြည့်စွက်ပေးနိုင်စွမ်းနှင့်အထောက်အကူပေးနိုင်စွမ်းအလားအလာကို ပြသနိုင်ပေမည်။ ဗုဒ္ဓဘာသာနှင့် IHL တို့ကို နှစ်ဘက်စလုံး ပိုမို ရှင်းလင်းစွာနားလည်လာနိုင်သည်နှင့်အမျှ ယခုအခါ ဗုဒ္ဓစာပေရင်းမြစ်များကို

အနောက်တိုင်းစစ်တပ်အချို့က စတင်အသုံးပြုနေကြပြီဖြစ်သကဲ့သို့ ဤနားလည်နိုင်မှုသည် ဗုဒ္ဓဘာသာဝင်နိုင်ငံများ၌ IHL အပေါ်ထားရှိသည့်အမြင်နှင့် IHL အား အကောင်အထည်ဖော်မှုတို့အပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများလည်း ရှိပါမည်။ (Stanley 2014; ICRC 2021b)

စစ်ရေးဆိုင်ရာထင်ပေါ်ကျော်ကြားမှုအယူအဆများအရ ဝန်လေးစရာမရှိသည့်တိုင် သို့မဟုတ် စစ်ပွဲကို လက်ခံနိုင်သည်ဆိုသည့်တိုင် ယေဘုယျအများလက်ခံထားမှုတွင် တရားမျှတမှုသည် ကျင့်ဝတ်အရ အကြောင်းပြချက်ကောင်း ဖြစ်သော်လည်း စစ်ပွဲဟူသည် ပင်ကိုယ်အားဖြင့် မှားယွင်းသောလုပ်ရပ်ဖြစ်သည်ဟု ဗုဒ္ဓဘာသာက ရှင်းရှင်းလင်းလင်း ပြဆိုထားပါသည်။ အကြမ်းဖက်ခြင်းကို မည်သည့်အခါကမျှ တရားဝင်ဖြစ်စေခြင်း လုံးဝမရှိသောကြောင့် စစ်သည်များတွင် IHL စည်းမျဉ်းများနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန် ထပ်ထည့်ထားသည့် ဆွဲဆောင်မှုတစ်ခုရှိပါသည်။ ယင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာကို စစ်ပွဲ၏ သမိုင်းတွင်ဖြစ်ပျက်ခဲ့သော ထိတ်လန့်တုန်လှုပ်ဖွယ်ရာကိစ္စများကိုပင် သည်းခံနိုင်စွမ်း နည်းပါးလာသည့် မျက်မှောက်ခေတ် သိမြင်ခံစားနိုင်စွမ်းများနှင့် သဟဇာတဖြစ်စေပါသည်။

ဤမူများကို လက်တွေ့ကျင့်သုံးခြင်းသည် နောက်ကိစ္စတစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာဝင်စစ်သည်များသည် စောင့်ထိန်းရမည့် ဗုဒ္ဓဘာသာနှင့် IHL မူများကို ရံဖန်ရံခါ လိုက်နာရန် ပျက်ကွက်ခဲ့ကြပါသည်။ ဗုဒ္ဓက စစ်ပွဲဆိုင်ရာ စည်းမျဉ်းများအား စုစည်းပေါင်းရုံးရာတွင် ပါဝင်ခြင်းမရှိခဲ့ဘဲ စစ်ပွဲကိုမရှောင်လွှဲနိုင်သည့်အခါ အခြေခံဖြစ်သော ကိုယ်ကျင့်သီလဆိုင်ရာ မူသဘောတရားများကို စစ်သည်များအား လမ်းညွှန်နိုင်ရန်အတွက် လိုရင်းအချုပ် ဖော်ပြရန်ကိုသာ ကျေနပ်နှစ်သက်ခဲ့ပုံရပါသည်။ မည်သည့် ဗုဒ္ဓဘာသာ အခြေခံမူသဘောတရားများနှင့် ရင်းမြစ်တရားတော်များကို စစ်သင်တန်းလေ့ကျင့်မှုတွင် လက်တွေ့ကျကျ မည်မျှပေါင်းစပ်နိုင်မည်ကို မေးခွန်းထုတ်စရာ ရှိပါသည်။ (ဤစာအုပ်မှ Harvey 2021) ထေရဝါဒဗုဒ္ဓဘာသာကျမ်းရင်း၏ အဓိကအဆုံးအမဖြစ်သော ခြွင်းချက်မရှိ အကြမ်းမဖက်မှု-အဟိံသဝါဒ သို့မဟုတ် မဟာယာနနှင့် ဝဇီရယာနဗုဒ္ဓဘာသာတို့၏ အဆုံးအမများဖြစ်သည့် ပို၍ မသေချာသော လက်တွေ့အကျိုးမျှော်ဝါဒဖြစ်သည့် ဇာတက ဇာတ်တော်ပုံဝတ္ထုများနှင့် နည်းပရိယာယ်များ (skill-in-means teachings) သည် ပြည့်စုံမှုမရှိလှသော်လည်း ယင်းတို့ကို လိုက်နာခြင်းဖြင့် စစ်ပွဲကိုကာကွယ်တားဆီးနိုင်ခြင်း သို့မဟုတ် စစ်ပွဲ၏အနိဋ္ဌာရုံများကို ကန့်သတ်ပေးနိုင်ခြင်းတို့ ပိုမိုရရှိခဲ့သလားဆိုသည်မှာလည်း ရှင်းလင်းမှု မရှိပါ။ ဗုဒ္ဓဘာသာအစဉ်အလာဂိုဏ်းများက စစ်ပွဲကို မည်သည့်အတိုင်းအတာအထိ ထည့်သွင်းစဉ်းစားသည်ဖြစ်စေ အားလုံးသည် စစ်ပွဲဖြစ်ပွားသည်နှင့်တပြိုင်နက် စစ်ပွဲကြောင့်ဖြစ်ပေါ်သည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံးဖြစ်စေရမည်ဟူသော IHL နှင့် သဘောတရားချင်း ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီပါသည်။

စစ်သည်များကို IHL စည်းမျဉ်းများအား လိုက်နာရန် သာမန် ညွှန်ကြားနေရုံမျှဖြင့် မလုံလောက်ပေ။ စစ်ပွဲ၏ အလွန်အကျွံဖြစ်သောအခြေအနေများနှင့် IHL ၏ ထိရောက်မှုမရှိသည့်အကျိုးသက်ရောက်မှုတို့က စစ်သည်များသည် စိတ်နှင့်ပတ်သက်၍သတိထားမှုနှင့် မိမိတို့ကိုယ်မိမိတို့ ထိန်းကျောင်းနိုင်စွမ်းတို့ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြရမည်ဟု အဓိပ္ပာယ်သက်ရောက်စေပါသည်။ စစ်သည်များသည် ရံဖန်ရံခါ အဘယ်ကြောင့် မသင့်လျော်သော အပြုအမူများကို ပြုမူကြသနည်း ဟူသောအချက်ကို နားလည်စေနိုင်မည့် စိတ်ပိုင်းဆိုင်ရာ ထိုးထွင်းသိမြင်မှု သဘောတရားများနှင့် အဆုံးအမရင်းမြစ်များ ဗုဒ္ဓဘာသာထဲတွင် ပါဝင်နေသောကြောင့် ဤကဏ္ဍသည် ဗုဒ္ဓဘာသာအတွက် ကောင်းစွာ လိုက်လျောညီထွေညှိနှိုင်းပေးနိုင်မည့် အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ (ဤစာအုပ်မှ Harris 2021) Rupert Gethin ၏အဆိုကို တနည်းပြောရလျှင် ကျွန်ုပ်တို့သည် ဓမ္မနှင့်အညီ၊ IHL နှင့်အညီ မည်သို့ လုပ်ဆောင်ရမည်ကိုသိလိုလျှင် ကျွန်ုပ်တို့၏စိတ်ကို ကျွန်ုပ်တို့ ပထမဦးစွာ သိရှိနားလည်ရပေမည်။ (Gethin 2004, 72)

## မှတ်စု

1. 'လက်တွေ့ကျသော အမိန့်ပေးကွပ်ကဲသူ' စံနှုန်းကို နောက်ဆက်တွဲသဘောတူညီချက်(၁)အား ညှိနှိုင်းဆွေးနွေးမှုအတွင်း အလုပ်မဖြစ်နိုင်ဟု ပြတ်ပြတ်သားသား ပယ်ချခဲ့ပါသည်။

## အတိုကောက်ကျမ်းညွှန်းစကားလုံးများ

***ပါဠိတော်များ***

**An**. *အင်္ဂုတ္တရနိကာယ် - Aṅguttara Nikāya.* Translated by Bhikkhu Bodhi. 2012. *The Numerical Discourses of the Buddha: A Translation of the Anguttara Nikāya.* Boston: Wisdom.

**Dhp.** *ဓမ္မပဒ - Dhammapada.* Translated by Valerie J. Roebuck. 2010. *The Dhammapada. London: Penguin.* See also, translated by Acharya Buddharakkhita. 1996. *The Dhammapada: The Buddha's Path of Wisdom.* https://www.accesstoinsight.org/tipitaka/kn/dhp/index.html

**Dn.** *ဒီဃနိကာယ် - Dīgha Nikāya.* Translated by Maurice Walshe. [1987] 1995*. The Long Discourses of the Buddha: A Translation of the Dīgha Nikāya*. Boston: Wisdom.

**Jat.** *ဇာတက - Jātaka.* Translated by various hands under Edward Byles Cowell. 1895-1907. *The Jātaka or Stories of the Buddha's Former Births,* 6 vols. London: Pali Text Society. References by volume and page number.

**Mn.** *မဇ္ဈိမနိကာယ် - Majjhima Nikāya.* Translated by Bhikkhu Ñāṇamoli and Bhikkhu Bodhi. 1995. *The Middle Length Discourses of the Buddha: A Translation of the Majjhima Nikāya.* Boston: Wisdom.

**Sam.** *သံယုတ်နိကာယ် - Saṃyutta Nikāya.* Translated by Bhikkhu Bodhi. 2000. *The Connected Discourses of the Buddha. A Translation of the Saṃyutta Nikāya.* Boston: Wisdom.

**Sn.** *သုတ္တနိပါတ - Sutta Nipāta.* Translated by Kenneth Roy Norman. 1984. *The Group of Discourses (Sutta–Nipāta) Vol. 1, with alternative translations by IB Horner and Walpola Rahula.* London: Pali Text Society. Also, translated by Kenneth Roy Norman. 1992. *The Group of Discourses (Sutta-Nipātā) Vol. II, Revised Translation with Introduction and Notes.* London: Pali Text Society.

**Vin.** *ဝိနယပိဋက - Vinaya Piṭaka.* Translated by Isaline Blew Horner. 1938-1966. *The Book of the Discipline (Vinaya-piṭaka),* 6 vols. London: Pali Text Society. References by volume and page number.

***IHL ဆိုင်ရာများ***

**နောက်ဆက်တွဲ ၁ - AP I** (Additional Protocol I) Protocol additional to the Geneva Conventions of 12 August 1949, and relating to the Protection of Victims of International Armed Conflicts, 8 June 1977.

**နောက်ဆက်တွဲ ၂ - AP II** (Additional Protocol II) Protocol additional to the Geneva Conventions of 12 August 1949, and relating to the Protection of Victims of Non-International Armed Conflicts, 8 June 1977.

**ဘုံပြဋ္ဌာန်းချက်အပိုဒ် ၃ - Common Article 3** Article 3 common to the Geneva Conventions of 12 August 1949.

**ဓလေ့ထုံးတမ်း IHL - CIHL** Customary International Humanitarian Law, according to the ICRC study. https://ihl-databases.icrc.org/customary-ihl/eng/docs/home

**စိန့်ပီတာစဘတ်ဂ်ကြေညာစာတမ်း - St Petersburg Declaration** Declaration Renouncing the Use, in Time of War, of Explosive Projectiles Under 400 Grammes Weight, 29 November / 11 December 1868.

**ကျေးဇူးတင်လွှာ**

ဤစာတမ်းမူကြမ်းအမျိုးမျိုးအတွက် အထောက်အကူဖြစ်စေသော မှတ်ချက်များအတွက် စာရေးသူသည် Dr Stefania Travagnin, Professor Peter Harvey, Dr Elizabeth Harris, Professor Kate Crosby, Dr Noel Trew နှင့် Daniel Ratheiser တို့အား ကျေးဇူးတင်ရှိပါသည်။

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ

Ahn, K. H. 1989. “A Short History of Ancient Korean Buddhism.” In Introduction of Buddhism to Korea: New Cultural Patterns, edited by L. R. Lancaster and C. S. Yu, 1–27. Berkeley: Asian Humanities Press.

Armour, W. S. 1922. “Customs of Warfare in Ancient India.” Transactions of the Grotius Society 8: 71–88.

Balkaran, R., and W. Dorn. 2022. “Charting Hinduism’s Rules of Armed Conflict: International Humanitarian Law in Indian Sacred Texts.” International Review of the Red Cross 104 (920–921): 1762–1797. doi:10.1017/S181638312200056X.

Bartholomeusz, T. J. 2005. In Defense of Dharma: Just-War Ideology in Buddhist Sri Lanka. London: Routledge.

Bartles-Smith, A. 2022. “Religion and International Humanitarian Law.” International Review of the Red Cross 104 (920–921): 1725–1761. doi:10.1017/S1816383122000376.

Bartles-Smith, A., K. Crosby, P. Harvey, P. D. Premasiri, A. Tilakaratne, D. Ratheiser, M. Deegalle, N. M. Trew, S. Travagnin, and E. J. Harris. 2020. “Reducing Suffering During Conflict: The Interface Between Buddhism and International Humanitarian Law.” Contemporary Buddhism 21 (1–2): 369–435.

Bellah, R. N. 1967. “Civil Religion in America.” Journal of the American Academy of Arts and Sciences 96 (1): 1–21.

Bodhi, B. 1993. “The Guardians of the World.” BPS Newsletter, Cover Essay No. 23. Reprint Access to Insight (BCBS Edition). http://www.accesstoinsight.org/lib/ authors/bodhi/bps-essay_23.html

Bodhi, B. 2014. “War and Peace: A Buddhist Perspective.” Inquiring Mind, Spring 30: 2. https://www.inquiringmind.com/article/3002_5_bhodi-war-and-peace-a-buddhist perspective/

Bosco, R. M. 2014. “Battlefield Dharma: American Buddhists in American Wars.” Journal of Buddhist Ethics 21: 827–849.

Boyle, E. H., and J. W. Meyer. 1998. “Modern Law as a Secularized and Global Model: Implications for the Sociology of Law.” Soziale Welt 49 (3): 213–232.

Braboszcz, C., S. Hahusseau, and A. Delorme. 2010. “Meditation and Neuroscience: From Basic Research to Clinical Practice.” In Integrative Clinical Psychology, Psychiatry and Behavioral Medicine: Perspectives, Practices and Research, edited by R. Carlstedt, 755–778. New York: Springer.

Brekke, T. 2006. “Between Prudence and Heroism: Ethics of War in the Hindu Tradition.” In The Ethics of War in Asian Civilization: A Comparative Perspective, edited by T. Brekke, 113–144. London: Routledge.

Bryant, M. S. 2021. A World History of War Crimes: From Antiquity to the Present. 2nd ed. London: Bloomsbury.

Caserta, S. 2021. “Western Centrism, Contemporary International Law, and International Courts.” Leiden Journal of International Law 34 (2): 321–342.

Charney, M. W. 2021. “Buddhism, the Royal Imaginary and Limits in Warfare: The Moderating Influence of Precolonial Myanmar Royal Campaigns on Everyday Warriors.” Contemporary Buddhism 22. doi:10.1080/14639947.2022.2038029.

Cozort, D., and J. M. Shields. 2017. “Introduction.” In The Oxford Handbook of Buddhist Ethics, edited by D. Cozort and J. M. Shields, 1–4. Oxford: Oxford University Press.

Dalton, J. P. 2011. The Taming of the Demons: Violence and Liberation in Tibetan Buddhism. New Haven: Yale University Press.

Debreczeny, K. 2019. “War Magic: The Wizarding World of Tibetan Sorcery.” The Rubin. https://rubinmuseum.org/spiral/war-magic-the-wizarding-world-of-tibetan-sorcery

Deegalle, M. 2006. ”Introduction.” In Buddhism, Conflict and Violence in Modern Sri Lanka, edited by M. Deegalle. London: Routledge.

Demiéville, P. 2010. ”Buddhism and War.” In Buddhist Warfare, Translated by M. Kendall, edited by M. Jerryson and M. Juergensmeyer, 17–58. Oxford: Oxford University Press.

Dhammika, S. 1993. The Edicts of King Asoka: An English Rendering. Wheel Publication No. 386/387. Kandy: Buddhist Publication Society.

Dias, N., and R. Gamble. 2010. “Buddhism and Its Relationship with International Law.” Law & Justice- The Christian Law Review 164: 3–26.

Draper, G. I. A. D. 1995. “The Contribution of the Emperor Asoka Maurya to the Development of the Humanitarian Ideal in Warfare.” International Review of the Red Cross 35 (305): 192–206.

Fiske, A. P., and T. S. Rai. 2014. Virtuous Violence: Hurting and Killing to Create, Sustain, End, and Honor Social Relationships. Cambridge: Cambridge University Press.

Florida, R. 2013. ”State, Society, and the Buddhist Order.” In Human Rights and the World’s Major Religions: Condensed and Updated Edition, edited by W. H. Brackney. Westport: Praeger.

Fox, J., and S. Sandler. 2004. Bringing Religion into International Relations. New York: Palgrave Macmillan.

Frankfurt, S., and P. Frazier. 2016. “A Review of Research on Moral Injury in Combat Veterans.” Military Psychology 28 (5): 318–330.

French, R. R. 2015. “What is Buddhist Law: Opening Ideas.” Buffalo Law Review 63 (4): 833–880.

French, S. E. 2017. The Code of the Warrior: Exploring Warrior Values Past and Present. Lanham: Rowman & Littlefield.

French, S. E., and A. I. Jack. 2015. “Dehumanizing the Enemy: The Intersection of Neuroethics and Bioethics.” In Responsibilities to Protect: Perspectives in Theory and Practice, edited by D. Whetham and B. Strawser, 169–195. Leiden: Brill Nijhoff.

French, R. R., and M. A. Nathan. 2014. "Introducing Buddhism and Law." In Buddhism and Law: AnIntroduction, edited by R. R. French and M. A. Nathan, 1–28. Cambridge: Cambridge University Press.

Frydenlund, I. 2013. "Canonical Ambiguity and Differential Practices: Buddhism and Militarism in Contemporary Sri Lanka." In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by T. Brekke and V. Tikhonov, 95–119. New York: Routledge.

Frydenlund, I. 2017a. "'Operation Dhamma': The Sri Lankan Armed Forces as an Instrument of Buddhist Nationalism." In Military Chaplaincy in an Era of Religious Pluralism: Military-Religious Nexus in Asia, Europe, and USA, edited by T. Brekke and V. Tikhonov, 81–103. New Delhi: Oxford University Press.

Frydenlund, I. 2017b. "'Buddhism Has Made Asia Mild': The Modernist Construction of Buddhism as Pacifism." In Buddhist Modernities: Re-Inventing Tradition in the Globalizing Modern World, edited by H. Havnevik, U. Hüsken, M. Teeuwen, V. Tikhonov, and K. Wellens, 204–221. Abingdon: Routledge.

Frydenlund, I. 2017c. "Buddhist Militarism Beyond Texts: The Importance of Ritual During the Sri Lankan Civil War." Journal of Religion and Violence 5 (1): 27–48.

Fuller, P. 2017. "Sitagu Sayadaw and Justifiable Evils in Buddhism." New Mandala, November 13. https://www.newmandala.org/sitagu-sayadaw-justifiable-evils buddhism/

Fuller, P. 2021. An Introduction to Engaged Buddhism. London: Bloomsbury.

Gethin, R. 1998. The Foundations of Buddhism. Oxford: Oxford University Press.

Gethin, R. 2004. "Can Killing a Living Being Ever Be an Act of Compassion? The Analysis of the Act ofKilling in the AbhidhammaandPāliCommentaries."Journalof Buddhist Ethics 11: 166–202.

Gethin, R. 2014. "Keeping the Buddha's Rules: The View from the Sutra Pitaka." In Buddhism and Law, edited by R. R. French and M. A. Nathan, 63–77. Cambridge: Cambridge University Press.

Gisel, L. 2016. "The Principle of Proportionality in the Rules Governing the Conduct of Hostilities Under International Humanitarian Law." International Expert Meeting, Quebec, June 22–23. https://www.icrc.org/en/document/international-expert meeting-report-principle-proportionality

Gombrich, R. F. 2006. Theravāda Buddhism. 2nd ed. London and New York: Routledge.

Grasmick, H. G., R. J. Bursik, and K. A. Kinsey. 1991. "Shame and Embarrassment as Deterrents to Noncompliance with the Law: The Case of an Antilittering Campaign." Environment and Behavior 23 (2): 233–251.

Grossman, D. 2014. On Killing: The Psychological Cost of Learning to Kill in War and Society. New York: Open Road Media.

Haidt, J. 2012. The Righteous Mind: Why Good People are Divided by Politics and Religion. New York: Vintage Books.

Hamrick, H. C., M. L. Kelley, and A. J. Bravo. 2020. "Morally Injurious Events, Moral Injury, and Suicidality Among Recent-Era Veterans: The Moderating Effects of Rumination and Mindfulness." Military Behavioral Health 8 (1): 109–120.

Harris, E. J. 2003. “Buddhism and the Justification of War: A Case Study from Sri Lanka.” In Just War in Comparative Perspective, edited by P. Robinson, 93–108. Abingdon: Ashgate.

Harris, E. J. 2021. “Buddhist Empirical Realism and the Conduct of Armed Conflict.” Contemporary Buddhism 22. doi:10.1080/14639947.2022.2038025.

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

Harvey, P. 2018. “Karma.” In Oxford Handbook of Buddhist Ethics, edited by D. Cozort and J. M. Shields, 7–28. Oxford: Oxford University Press.

Harvey, P. 2021. “Buddhist Motivation to Support IHL, from Concern to Minimise Harms Inflicted by Military Action to Both Those Who Suffer Them and Those Who Inflict Them.” Contemporary Buddhism 22. doi:10.1080/14639947.2021.2037892.

Harwood, A., M. Lavidor, and Y. Rassovsky. 2017. “Reducing Aggression with Martial Arts: A Meta-Analysis of Child and Youth Studies.” Aggression and Violent Behavior 34: 96–101.

Hassner, R. E. 2016. Religion on the Battlefield. Ithaca: Cornell University Press.

Henckaerts, J. M., and L. Doswald-Beck, ed. 2005. Customary International Humanitarian Law, Vol. 1: Rules. Cambridge: Cambridge University Press.

Henderson, I., and K. Reece. 2018. “Proportionality Under International Humanitarian Law: The Reasonable Military Commander Standard and Reverberating Effects.” Vanderbilt Journal of Transnational Law 51: 835.

ICRC. 2019a. “Reducing Suffering During Armed Conflict: The Interface Between Buddhism and International Humanitarian Law (IHL).” ICRC Conference, Dambulla, Sri Lanka, September 4-6. https://www.icrc.org/en/document/reducing-suffering during-conflict-interface-between-buddhism-and-international

ICRC. 2019b. “Videos from the Buddhism and IHL Conference- Presentations.” ICRC Religion and Humanitarian Principles Blog, November 1. https://blogs.icrc.org/reli gion-humanitarianprinciples/videos-from-the-buddhism-and-ihl-conference presentations/

ICRC. 2020. “Project on the Interface Between Buddhism and IHL.” ICRC Religion and Humanitarian Principles Blog, March 3. https://blogs.icrc.org/religion humanitarianprinciples/project-on-the-interface-between-buddhism-and-ihl/

ICRC. 2021a. “Introduction.” ICRC Religion and Humanitarian Principles Blog. https://blogs.icrc.org/religion-humanitarianprinciples/about/

ICRC. 2021b. “Interview with the Buddhist Chaplain to Her Majesty’s (British) Armed Forces.” ICRC Religion and Humanitarian Principles Blog, April 5. https://blogs.icrc. org/religion-humanitarianprinciples/interview-with-the-first-buddhist-chaplain-to the-her-majesty-s-british-armed-forces/

ICRC. 2021c. “Sri Lanka: Discussions on Buddhism and IHL with the Security Forces.” ICRC Religion and Humanitarian Principles Blog, September 14. https://blogs.icrc.org/ religion-humanitarianprinciples/sri-lanka-discussions-on-buddhism-and-ihl-with the-security-forces/

ICRC. 2022. What is International Humanitarian Law. Geneva: ICRC. https://www.icrc.org/en/document/what-international-humanitarian-law

Inspector-General of the Australian Defence Force. 2020. The Inspector-General of the Australian Defence Force AfghanistanInquiryReport. Canberra:DepartmentofDefence. https://www.defence.gov.au/sites/default/files/2021-10/IGADF-Afghanistan-Inquiry Public-Release-Version.pdf

Jamspal, L., trans. 2010. The Range of the Bodhisattva, a Mahāyānasūtra (Ārya bodhisattva-gocara): The Teachings of the Nigrantha Satyaka, edited by P. G. Hackett. New York: American Institute of Buddhist Studies.

Jayasuriya, L. 2009. "Just War Tradition and Buddhism." International Studies 46 (4): 423–438.
Jayatilleke, K. N. 1967. "The Principles of International Law in Buddhist Doctrine." Académie de droit international: Recueil des cours 120 (1967–I): 441–567.

Jenkins, S. 2010a. "Making Merit Through Warfare and Torture According to the Ārya Bodhisattva-gocara-upāyavis _ aya-vikurvan _ a-nirdeśaSūtra." In Buddhist Warfare, edi ted by M. Jerryson and M. Juergensmeyer, 59–75. Oxford: Oxford University Press.

Jenkins, S. 2010b. "On the Auspiciousness of Compassionate Violence." Journal of the International Association of Buddhist Studies 33 (1–2): 299–331.

Jenkins, S. 2015. "Of Demon Kings and Protestant Yaks _ as." Religious Studies Project, May 21. https://www.religiousstudiesproject.com/response/of-demon-kings-and protestant-yak%e1%b9%a3as/

Jenkins, S. 2017. "Once the Buddha Was a Warrior: Buddhist Pragmatism in the Ethics of Peace and Armed Conflict." In The Nature of Peace and the Morality of Armed Conflict, edited by F. Demont-Biaggi, 159–178. London: Palgrave Macmillan.

Jerryson, M. 2010. "Introduction." In Buddhist Warfare, edited by M. Jerryson and M. Juergensmeyer, 3–16. Oxford: Oxford University Press.

Jerryson, M. 2017. "Buddhist Traditions and Violence." In Violence and the World's Religious Traditions, edited by M. Juergensmeyer, M. Kitts, and M. Jerryson, 37–69. Oxford: Oxford University Press.

Jerryson, M., and M. Juergensmeyer, ed. 2010. Buddhist Warfare. Oxford: Oxford University Press.

Jha, A. P., A. B. Morrison, J. Dainer-Best, S. Parker, N. Rostrup, and E. A. Stanley. 2015. "Minds 'At Attention': Mindfulness Training Curbs Attentional Lapses in Military Cohorts." Plos One 10 (2): e0116889.

Juergensmeyer, M., M. Kitts, and M. Jerryson. 2017. "Introduction: The Enduring Relationship of Religion and Violence." In Violence and the World's Religious Traditions, edited by M. Juergensmeyer, M. Kitts, and M. Jerryson, 1–6. Oxford: Oxford University Press.

Kaplan, O. 2013. "Nudging Armed Groups: How Civilians Transmit Norms of Protection." Stability: International Journal of Security and Development 2 (3): 1–18.

Kariyakarawana, S. 2011. “Military Careers and Buddhist Ethics.” International Journal of Leadership in Public Services 7 (2): 99–108.

Keegan, J. 1994. A History of Warfare. London: Victoria Books.

Kent, D. 2008. “Shelter for You, Nirvana for Our Sons: Buddhist Belief and Practice in the Sri Lankan Army.” PhD diss., Department of Religious Studies, University of Virginia. https://thecarthaginiansolution.files.wordpress.com/2011/08/buddhist belief-practise-in-sl-army.pdf

Keown, D. 2005. Buddhist Ethics: A Very Short Introduction. Oxford: Oxford University Press.

Keown, D. 2014. “The Role of Deterrence in Buddhist Peace-Building.” Journal of Buddhist Ethics 21: 655–678.

Khen, H. M. E. 2016. “Aidōs and Dikē in International Humanitarian Law: Is IHL a Legal or a Moral System?” The Monist 99 (1): 26–39.

Kilby, C. 2021. “The Gift of Fearlessness: A Buddhist Framework for the Protection of Vulnerable Populations Under International Humanitarian Law.” Contemporary Buddhism 22. doi:10.1080/14639947.2022.2038027.

Kinsella, H.M., andG.Mantilla. 2020. “Contestation Before Compliance: History, Politics, and Power in International Humanitarian Law.” International Studies Quarterly 64 (3): 649–656.

Koh, H. H. 2005. “Internalization Through Socialization.” Duke Law Journal 54 (4): 975–982.

Kosuta, M. 1997. “The Buddha and the Four-Limbed Army: The Military in the Pali Canon.” Religiologiques, Rituels Sauvages 16 (automne 1997): 105–112.

Lammerts, D. C. 2018. Buddhist Law in Burma: A History of the Dhammasattha Texts and Jurisprudence, 1250-1850. Honolulu: University of Hawaii Press.

Lancaster, B. L. 1997. “On the Stages of Perception: Towards a Synthesis of Cognitive Neuroscience and the Buddhist Abhidhamma Tradition.” Journal of Consciousness Studies 4 (2): 122–142.

Lee, H. 2021. “Between Common Humanity and Partiality: The Chogye Buddhist Chaplaincy Manual of the South Korean Military and Its Relevance to International Humanitarian Law.” Contemporary Buddhism 22. doi:10.1080/14639947.2021. 2089426.

Little, V. 2011. “Army’s First Buddhist Chaplain Serving 11th Engineer Bn.” US Army, December15. https://www.army.mil/article/70976/armys_first_buddhist_chaplain_ serving_11th_engineer_bn

Lorge, P. A. 2011. Chinese Martial Arts: From Antiquity to the Twenty-First Century. New York: Cambridge University Press.

Mallon, R., and S. Nichols. 2010. ”Rules.” In The Moral Psychology Handbook, edited by J. M. Doris and The Moral Psychology Research Group, 297–298. Oxford: Oxford University Press.

Mann, J. 2012. When Buddhists Attack: The Curious Relationship Between Zen and the Martial Arts. Rutland: Tuttle.

Martin, M. 2018. Why We Fight. Oxford: Oxford University Press.

McCrae, E. 2017. “The Psychology of Moral Judgement and Perception in Indo-Tibetan Buddhist Ethics.” In The Oxford Handbook of Buddhist Ethics, edited by D. Cozort and J. M. Shields, 335–358. Oxford: Oxford University Press.

Melzer, N. 2016. International Humanitarian Law: A Comprehensive Introduction. Geneva: ICRC. https://www.icrc.org/en/publication/4231-international humanitarian-law-comprehensive-introduction/

Mendis, N. 2021. “Siege Warfare and the Prohibition of Intentional Starvation of Civilians: The Convergence of IHL and Buddhist Ethics.” Contemporary Buddhism 22. doi:10.1080/14639947.2022.2080362.

Muñoz-Rojas, D., and J.-J. Frésard. 2004. The Roots of Behaviour in War: Understanding and Preventing IHL Violations. Geneva: ICRC. https://www.icrc.org/en/publication/ 0853-roots-behaviour-war-understanding-and-preventing-ihl-violations

Murphy, V., and H. O. Gieseken. 2021. “Fighting Without a Planet B: How IHL Protects the Natural Environment in Armed Conflict.” ICRC Law & Policy Blog, May 15. https:// blogs.icrc.org/law-and-policy/2021/05/25/fighting-without-planet-b/

Nattier, J. 1991. Once Upon a Future Time: Studies in a Buddhist Prophecy of Decline. Nanzan Studies in Asian Religions, No. 1. Berkeley: Asian Humanities Press.

Neff, S. C. 2005. War and the Law of Nations: A General History. Cambridge: Cambridge University Press.

Olsthoorn, P. 2019. “Military Virtues and Moral Relativism.” In Military Virtues, edited by M. Skerker, D. Whetham, and D. Carrick, 38–39. Havant: Howgate.

Penna, L. R. 1989. “Written and Customary Provisions Relating to the Conduct of Hostilities and Treatment of Victims of Armed Conflicts in Ancient India.” International Review of the Red Cross 29 (271): 333–348.

Peto, A. 2014. “The Buddhist Solider.” Alan Peto, June 22. https://alanpeto.com/buddhism/buddhist-soldier-military/

Pfanner, T. 2009. “Various Mechanisms and Approaches for Implementing International Humanitarian Law and Protecting and Assisting War Victims.” International Review of the Red Cross 91 (874): 279–328.

Pranke, P. 2010. “On Saints and Wizards– Ideals of Human Perfection and Power in Contemporary Burmese Buddhism.” Journal of the International Association of Buddhist Studies 33 (1–2): 453–488.

Premasiri, P. D. 2006. “A ‘Righteous War’ in Buddhism?” In Buddhism, Conflict and Violence in Modern Sri Lanka, edited by M. Deegalle, 78–85. London and New York: Routledge.

Premasiri, P. D. 2021. “Implications of Buddhist Political Ethics for the Minimisation of Suffering in Situations of Armed Conflict.” Contemporary Buddhism 22. doi:10.1080/ 14639947.2021.2037893.

Ratheiser, D., and S. Kariyakarawana. 2021. “The Paradox of the Buddhist Soldier.” Contemporary Buddhism 22.

Richmond, L. 2012. “Buddhism and Meditation: Why Most Buddhists in the World Don’t Meditate.” HuffPost, May 2. https://www.huffpost.com/entry/most-buddhists dont-medit_b_1461821

Robinson, P. 2003. Just War in Comparative Perspective, edited by P. Robinson. London: Routledge.

Roebuck, V. J. 2010. ”Introduction.” In The Dhammapada, translated and edited by V. J. Roebuck, xiv–lxv. London: Penguin Classics.

Ronkin, N. 2018. ”Abhidharma.” In Stanford Encyclopedia of Philosophy. Summer 2018 ed., edited by E. N. Zalta. Stanford: Metaphysics Research Lab, Stanford University. https://plato.stanford.edu/archives/sum2018/entries/abhidharma/

Roy, K. 2012. Hinduism and the Ethics of Warfare in South Asia: From Antiquity to the Present. Cambridge: Cambridge University Press.

Salomon, R. 2007. “Ancient India: Peace Within and War Without.” In War and Peace in the Ancient World, edited by K. A. Raaflaub, 52–64. Malden: Blackwell.

Samarakoon, B. 2021. “Restraint in Warfare and Appamāda: The Concept of Collateral Damage in International Humanitarian Law in Light of the Buddha’s Last Words.” Contemporary Buddhism 22. doi:10.1080/14639947.2021.2083397.

Sassòli, M. 2007. “The Implementation of International Humanitarian Law: Current and Inherent Challenges.” Yearbook of International Humanitarian Law 10: 45–73.

Schmithausen, L. 1999. “Aspects of the Buddhist Attitude to War.” In Violence Denied: Violence, Non-Violence and the Rationalization of Violence in South Asian Cultural History, edited by J. E. M. Houben and K. R. van Kooij, 45–67. Leiden: Brill.

Scorsine, J. M. 2014. “Reconciliation and Postbellum Restoration: The Buddhist Perspective.” In Buddhist Contribution to Global Peace-Building, edited by T. N. Tu and T. D. Thien, 117–131. Vietnam: Religion Press.

Selth, A. 2021. Myanmar’s Military Mindset: An Exploratory Survey. Griffith Asia Institute. https://blogs.griffith.edu.au/asiainsights/myanmars-military-mindset/

Senauke, A., and B. Gates. 2014. “Interview with Neuroscientist Amishi Jha: Mental Armor.” Inquiring Mind 30: 2. https://www.inquiringmind.com/article/3002_18_w_ jah-interview-with-neuroscientist-amishi-jha-mental-armor/

Shahar, M. 2008. The Shaolin Monastery. History, Religion, and the Chinese Martial Arts. Honolulu: University of Hawaii Press.

Shay, J. 2010. Achilles in Vietnam: Combat Trauma and the Undoing of Character. New York: Simon & Schuster.

Sinclair, I. 2014. “War Magic and Just War in Indian Tantric Buddhism.” In War Magic: Religion, Sorcery and Performance, editedbyD. S. Farrer, 149–164. New York: Berghahn.

Singh, U. 2017. Political Violence in Ancient India. Cambridge: Harvard University Press.

Skilton, A. 2013. “Buddhism.” In The Oxford Handbook of Atheism, edited by S. Bullivant and M. Ruse, 337–350. Oxford: Oxford University Press.

Soho, T. 2012. The Unfettered Mind: Writings from a Zen Master to a Master Swordsman. Translated by W. S. Wilson. Berkeley: Shambhala Publications.

Spiro, M. E. 1970. Buddhism and Society: A Great Tradition and Its Burmese Vicissitudes. New York: Harper & Row.

Stanford, M., and J. Jong. 2019. "Beyond Buddhism and Animism: A Psychometric Test of the Structure of Burmese Theravada Buddhism." Plos One 14 (12): e0226414.

Stanley, E. A. 2014. "Cultivating the Mind of a Warrior." Inquiring Mind 30 (2): 16–31. https://www.inquiringmind.com/article/3001_16_stanley-cultivating-the-mind-of-a-warrior/

Stanley, E. A., J. M. Schaldach, A. Kiyonaga, and A. P. Jha. 2011. "Mindfulness-Based Mind Fitness Training: A Case Study of a High-Stress Predeployment Military Cohort." Cognitive and Behavioral Practice 18 (4): 566–576.

Stephens, D. 2014. "Behaviour in War: The Place of Law, Moral Inquiry and Self-Identity." International Review of the Red Cross 96 (895–896): 751–773.

Sugiki, T. 2020a. "Compassion, Self-Sacrifice, and Karma in Warfare: Buddhist Discourse onWarfare as an Ethical and Soteriological Instruction for Warriors." Religions 11 (2): item 66.

Sugiki, T. 2020b. "Warriors Who Do Not Kill in War: A Buddhist Interpretation of the Warrior's Role in Relation to the Precept Against Killing." Religions 11 (10): item 530.

Terry, F., and B. McQuinn. 2018. The Roots of Restraint in War. Geneva: ICRC. https://www.icrc.org/en/publication/4352-roots-restraint-war

Thomas, J. 2019. "Case Study: Professionalism in the Military." In Military Virtues, edited by M. Skerker, D. Whetham, and D. Carrick, 538–562. Havant: Howgate.

Tilakaratne, A. 2021. "Two Dimensions of Buddhist Practice and Their Implications on Statecraft." Contemporary Buddhism 22. doi:10.1080/14639947.2022.2038024.

Tilakaratne, A., P. Harvey, S. Kariyakarawana, and A. Bartles-Smith. 2021. "GCIII Commentary: A Buddhist Perspective on the Treatment of Prisoners of War." ICRC Law and Policy Blog, January 19. https://blogs.icrc.org/law-and-policy/2021/01/19/ gciii-commentary-buddhist/

Traven, D. 2021. Law and Sentiment in International Politics: Ethics, Emotions, and the Evolution of the Laws of War. Cambridge and New York: Cambridge University Press.

Trew, N. M. 2021. "'Not Knowing is Most Intimate': Koan Practice and the Fog of War." Contemporary Buddhism 22. doi:10.1080/14639947.2022.2038026.

van Baarda, T. 2011. "The Ethical Challenges of a Complex Security Environment." In Ethics, Law and Military Operations, edited by D. Whetham, 148–172. London: Palgrave Macmillan.

van Schaik, S. 2020. Buddhist Magic: Divination, Healing, and Enchantment Through the Ages. Boulder: Shambala.

Verkamp, B. J. 1988. "Moral Treatment of Returning Warriors in the Early Middle Ages." The Journal of Religious Ethics 16 (2): 223–249.

Victoria, B. D. [1997] 2006. Zen at War. 2nd ed. Boulder: Rowman and Littlefield.

Victoria, B. D. 2003. Zen War Stories. London: Routledge Curzon.

Victoria, B. D. 2022. “Does Buddhism Hold the Instincts for War?” Buddhistdoor Global, May 18. https://www.buddhistdoor.net/features/does-buddhism-hold-the-instincts-for-war/

Wakefield, A. 2021. “‘Freedom from Hatred’: The Role of Khanti in Complementing the Work of International Humanitarian Law (IHL).” Contemporary Buddhism 22. doi:10. 1080/14639947.2022.2038030.

Wallace, B. A. 2007. Contemplative Science: Where Buddhism and Neuroscience Converge. New York: Columbia University Press.

Whetham, D. 2011a. “Ethics, Law and Conflict.” In Ethics, Law and Military Operations, edited by D. Whetham, 10–28. London: Palgrave Macmillan.

Whetham, D. 2011b. “The Just War Tradition: A Pragmatic Compromise.” In Ethics, Law and Military Operations, edited by D. Whetham, 65–89. London: Palgrave Macmillan.

Whitaker, J. S., and D. Smith. 2017. “Ethics, Meditation, and Wisdom.” In The Oxford Handbook of Buddhist Ethics, edited by D. Cozort and J. M. Shields, 51–73. Oxford: Oxford University Press.

Wijenayake, V. 2021. “Limiting the Risk to Combatants Lives: Confluences Between International Humanitarian Law and Buddhism.” Contemporary Buddhism 22.

Williams, G. 2015. “Seeing Through the Fog of War: The Need for Professional Military Ethics Education.” Strife, September 24. https://www.strifeblog.org/2015/09/24/see ing-through-the-fog-of-war-the-need-for-professional-military-ethics-education/

Wolfendale, J. 2008. “What is the Point of Teaching Ethics in the Military?” In Ethics Education in the Military, edited by P. Robinson, N. de Lee, and D. Carrick, 175–188. Abingdon: Ashgate.

Yu, X. 2013. Buddhism, War, and Nationalism: Chinese Monks in the Struggle Against Japanese Aggression 1931-1945. London: Routledge.

Yu, X. 2013. “Buddhism and the Justification of War with Focus on Chinese Buddhist History.” In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by T. Brekke and V. Tikhonov, 194–208. New York: Routledge.

Zimmermann, M. 2000. ”A Mahāyānist Criticism of Arthaśāstra: The Chapter on Royal Ethics in the Bodhisattva-Gocaropāya-Viśaya-Vikurvan _ anirdeśa-Sūtra”. InAnnual Report of the International Research Institute for Advanced Buddhology at Soka University for the Academic Year 1999, 177–211. Tokyo: Soka University.

## အပိုင်း (၁)

## အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့်ပတ်သက်သော ဗုဒ္ဓဘာသာရှုထောင့်များကို လေ့လာခြင်း

**အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ကို ထောက်ခံအားပေးရန် ဗုဒ္ဓဘာသာ၏ စေ့ဆော်မှု၊ စစ်ရေးဆိုင်ရာလုပ်ဆောင်ချက်ကြောင့် ဆင်းရဲဒုက္ခခံစားရသူများနှင့် ဆင်းရဲဒုက္ခဖြစ်စေသူများ နှစ်ဘက်လုံး၏ ထိခိုက်နစ်နာမှုများကို စိုးရိမ်မှုမှသည် နည်းနိုင်သမျှနည်းပါးစေရေးသို့**

Peter Harvey

**ဆောင်းပါးအနှစ်ချုပ်**

ဤဆောင်းပါးသည် တိုက်ပွဲအခြေအနေတွင် ပါဝင်နေသူများအား ၎င်းတို့၏ စစ်ရေးပန်းတိုင် သတ်မှတ်ချက်များ အတွင်း ၎င်းတို့ကြောင့် အခြားသူများအပေါ် ဖြစ်ပေါ်သည့် ထိခိုက်နစ်နာမှုများကို အနည်းဆုံး ဖြစ်စေရန် တွန်းအား ပေးမည့် အတွေးအခေါ်များနှင့် အခြေခံမှုများ ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားတွင် မည်သို့ပါဝင်သည် ဆိုသည့်အချက် ပေါ်တွင် အဓိကထားပါသည်။
ဤအပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၏အခြေခံမှုသည် အခြားသူများအပေါ် ကရုဏာထားခြင်းနှင့် ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းနှင့်ကိုယ်လက်အင်္ဂါဆုံးရှုံးစေခြင်းတို့ အတွက် တိုက်ပွဲဝင်စစ်သည်တို့ တန်ပြန်ခံစားရမည့် အကုသိုလ်ကံအကျိုးရလဒ်များကို ကန့်သတ်ရန် အလေးထား ခြင်း နှစ်မျိုးလုံးနှင့် ကိုက်ညီပါသည်။ သတ်ဖြတ်ခြင်းလုပ်ရပ်အတွက် လှုံ့ဆော်ပေးသည့်စေတနာသည် သတ်ဖြတ် ခြင်း၏ အကုသိုလ်ကံအကျိုးရလဒ်ကို ပိုဆိုးစေနိုင် သို့မဟုတ် ပိုနည်းစေနိုင်ပြီး ဒဏ်ရာရသူများကို ကူညီပေးခြင်း ကဲ့သို့ တိုက်ပွဲနှင့်မသက်ဆိုင်သော လုပ်ဆောင်ချက်များသည် အကုသိုလ်ကံအကျိုးပေးကို အားနည်းစေနိုင်သည့် ကုသိုလ်အကျိုးပေးကံကို ဖြစ်စေနိုင်သော်လည်း သတ်ဖြတ်သည့် အကုသိုလ်ကံအကျိုးပေးကိုမူ မချေဖျက်နိုင်ပေ။ ဖြစ်နိုင်သည့်အခါတိုင်းတွင် လူနှင့် လူမဟုတ်သူ နှစ်မျိုးစလုံးအား ထိခိုက်နစ်နာစေခြင်းကို ရှောင်ကြဉ်ရန် ဖြစ်သော် လည်း လူတစ်ဦးကို သတ်ဖြတ်ခြင်းသည် တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ခြင်းထက် ပိုမို ဆိုးရွားပါသည်။ မဟာဝံသကျမ်းလာ ဒုတ္ထဂါမဏိမင်း၏စစ်တပ်က သတ်ဖြတ်ခြင်းခံရသော စစ်သည်များနှင့် ပတ်သက်သည့် စာပိုဒ် တစ်ခုတွင် လူမပီသသူများကို သတ်ဖြတ်ခြင်းသည် အကုသိုလ်အနည်းငယ်သာဖြစ်သည် သို့မဟုတ် အကုသိုလ် လုံးလုံးမရှိ ဟူသည့် ကျမ်းဂန်အဆို စိတ်ပိုင်းဆိုင်ရာအရ ဥဏ်အလင်းရထားပြီးဖြစ်သော အရဟတ္တဖိုလ်ဆိုက် ရဟန္တာများ၏နှုတ်မှလာသောစကားဆိုသည်မှာ လုံးဝမဖြစ်နိုင်သော ဖော်ပြချက် ဖြစ်ပါသည်။

**ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL)[1]**

ဗုဒ္ဓဘာသာ၏ အဓိကအဆုံးအမ အခြေခံမှုသည် အကြမ်းမဖက်ရေးဖြစ်ရာ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း သို့မဟုတ် ဒဏ်ရာရစေခြင်းသည် ကျူးလွန်သူထံ အကုသိုလ်ကံအကျိုးရလဒ်များကို သယ်ဆောင်လာသည်ဟု မြင်သောကြောင့် ဗုဒ္ဓဘာသာဝင်စစ်သည်များသည် ခွဲခြားခြင်း (distinction)၊ အချိုးအစားညီမျှခြင်း (proportionality) နှင့် ကြိုတင်သတိထားခြင်း (precaution) ဟူသော IHL ၏ အခြေခံမှုများနှင့်အညီ ၎င်းတို့၏ စစ်ရေးအရ လုပ်ဆောင်သည့် အကြမ်းဖက်မှုများ၏ အကျိုးဆက်များကို ကန့်သတ်ရန် ပြင်းပြသော စိတ်စေတနာစေ့ဆော်မှု ရှိမည်မှာ သေချာပါသည်။ ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ နှစ်ခုလုံးသည် ထိခိုက်နစ်နာမှုနှင့် ဆင်းရဲဒုက္ခတို့ကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်ပြီး လက်နက်ကိုင်ပဋိပက္ခသည် ထိခိုက်နစ်နာမှု နှင့် ဆင်းရဲဒုက္ခအချို့ကို မလွဲမသွေဖြစ်စေသော်လည်း ဗုဒ္ဓဘာသာအခြေခံမှုများနှင့် IHL နှစ်ခုလုံးတို့က ယင်းတို့ကို "ပိုနည်းလေ၊ ပိုကောင်းလေ" ဟု မုချ သဘောတူလက်ခံကြပါသည်။ ထိုသဘောထားကို ဗုဒ္ဓအားကြည်ညိုသော သိကြားမင်း(သက္က)သည် အသူရာနတ်တို့နှင့် စစ်ခင်းရာတွင် ၎င်း၏စစ်ရထားများဖြတ်သန်းသွားမှုကြောင့် အသိုက် များထဲရှိ ငှက်များ မတော်တဆသေဆုံးကြရခြင်းကိုပင် ရှောင်ရှားရန် ကြိုးပမ်းခဲ့သည့် ပုံဝတ္ထုဖြင့် ဥပမာပေးကာ အခိုင်အမာ ဖော်ပြထားပါသည်။ (S.I.224)[2]

IHL တွင် နိုင်ငံအများက စုစည်းပေါင်းရုံးပြဋ္ဌာန်းထားသည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်း ဖော်ပြထားစဉ် ဗုဒ္ဓဘာသာတွင် ကျယ်ပြန့်သည့်ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမှုများနှင့် စိတ်စေတနာစေ့ဆော်မှု ဆိုင်ရာ မူဘောင်များကို အလေးပေးဖော်ပြထားပါသည်။ ဤအချက်က လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ဦး၏ဘဝနှင့်

သံဃာတစ်ပါး၏ဘဝတို့အကြား အလုပ်သဘောအရ ကျယ်ကျယ်ပြန့်ပြန့် တူညီမှုရှိသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ နှစ်ဦးစလုံးသည် ၎င်းတို့သက်ဆိုင်ရာအဖွဲ့အစည်း၏ တူညီသောရည်မှန်းချက်များအတွက် မျှဝေကာ တာဝန်ထမ်းဆောင်နေရသည့်အဖွဲ့ဝင်များ၏ စည်းကမ်းတကျဘဝမျိုးတွင် ရှင်သန်နေထိုင်နေကြရပါသည်။

သံဃာတော်တစ်ပါး၏ဘဝတွင် (လိုက်နာရမည့်)ဗုဒ္ဓဘာသာကိုယ်ကျင့်တရားဆိုင်ရာ ယေဘုယျအခြေခံမူသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဖော်ပြထားကာ ချဲ့ထွင်ပြီး အသေးစိတ် စုစည်းပေါင်းရုံးပြဋ္ဌာန်းထားပါသည်။ လက်နက်ကိုင်တပ်ဖွဲ့၏အဖွဲ့ဝင်တစ်ဦးတွင် စစ်စည်းကမ်း၏ ယေဘုယျစည်းမျဉ်းများ ရှိသည့်အပြင် "အင်အားကို မှန်ကန်စွာ အသုံးပြုရမည်" ဟူသော အယူအဆမှ "အင်အားသည်သာ အမှန်" ဟူသော အယူအဆသို့ ပြောင်းလဲဖြစ်ပေါ်လာခြင်းမရှိစေရန် ကာကွယ်တားဆီးပေးသည့် သက်ဆိုင်ရာ ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော စံနှုန်းများကို အထောက်အကူပြုသည့် IHL စည်းမျဉ်းများကို သိရှိခြင်း၊ လေ့ကျင့်ခြင်းနှင့် လိုက်နာရန် လိုအပ်ခြင်းတို့ ရှိပါသည်။

ထို့အပြင် ဗုဒ္ဓဘာသာအတွက် ငါးပါးသီလစောင့်ထိန်းသော သာမန်လူပုဂ္ဂိုလ်ဖြစ်စေ၊ ဝိနည်းစည်းကမ်း (၂၀၀)ကျော် စောင့်ထိန်းရသော သံဃာတစ်ပါးဖြစ်စေ ကျင့်သုံးမှုတွင် ယင်းသီလ၊ ဝိနည်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းရန် တိကျပြတ်သားသောသန္နိဋ္ဌာန်ဖြင့် စိတ်တွင် အမြဲအမှတ်ရခြင်း ရှိနေစေရန် ထိုစောင့်ထိန်းရသည့် သီလ၊ ဝိနည်းစည်းကမ်းများကို ပုံမှန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပါဝင်ပါသည်။ ဤတူညီသော ကျင့်သုံးမှုအလေ့အကျင့် သည် အနည်းဆုံးအားဖြင့် သီလများကို ရွတ်ဆိုလေ့ရှိသော ဗုဒ္ဓဘာသာဝင်တို့အတွက် IHL စည်းမျဉ်းများနှင့် ပတ်သက်၍လည်း အထောက်ကူပြုကောင်းပြုနိုင်ပါသည်။ အနည်းဆုံး ထေရဝါဒဗုဒ္ဓဘာသာအတွက် ကိုယ်ကျင့် သီလဆိုင်ရာ အခြေခံမူများကိုလိုက်နာစောင့်ထိန်းရန် ရံဖန်ရံခါ သတိလစ်ဟင်းမေ့လျော့သွားသည့်တိုင် ယင်းကို သိရှိပြီး ပြန်လည်လိုက်နာရန်ကြိုးစားခြင်းသည် ထိုသို့ ကြိုးစားခြင်းပင်မရှိတော့ဘဲ အကုသိုလ်ကံများကို ပြုနေခြင်း ထက် ပိုမို ကောင်းမွန်ပါသည်။ သို့သော်လည်း အခြားသော ဗုဒ္ဓဘာသာဂိုဏ်းအချို့က သီလစောင့်ထိန်းခြင်းသည် အလေးအနက်ကိစ္စဖြစ်သောကြောင့် သီးခြားသီလတစ်ခုကို မိမိစောင့်ထိန်းနိုင်မည်ဟု မယူဆသမျှ ထိုသီလကို မခံယူခြင်းက ပိုကောင်းသည်ဟု ယူဆကြပါသည်။ (Harvey 2000, 82-87) တိကျပြတ်သားသောသန္နိဋ္ဌာန်ဖြင့် သီလ စောင့်ထိန်းခြင်းသည် မိမိကိုယ်တိုင်အတွက်ကောင်းမွန်သကဲ့သို့ အကုသိုလ်ကံများကိုလည်း နည်းပါးစေပါသည်။ IHL စည်းမျဉ်းများအတွက်လည်း အလားတူ မလွဲမသွေ သက်ဆိုင်ပါသည်။ စည်းမျဉ်းများနှင့် ထိုစည်းမျဉ်းများကို ချိုးဖောက်မိပါက ဖြစ်ပေါ်လာမည့် ဆိုးကျိုးရလဒ်များကို နိုးနိုးကြားကြားသတိပြုမိနေခြင်းသည် အဖွဲ့အစည်းတစ်ခုအတွင်း ကိုယ်နှုတ်အပြုအမူဆိုင်ရာစံနှုန်းများ တဖြည်းဖြည်းယိုယွင်းကျဆင်းမလာစေရန် ကာကွယ်ခြင်းကို ကူညီပေးပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ *စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ခြင်း၏ အရင်းခံအကြောင်းတရားများ* (၂၀၁၈, ၉) - *The Roots of Restraint in War* (2018,9) လေ့လာမှုအစီရင်ခံစာတွင် ဖော်ပြခဲ့သည့်အတိုင်း -

> ဥပဒေချည်းသက်သက်ပေါ်တွင် အဓိကမဏ္ဍိုင်ပြုခြင်းသည် ဥပဒေနှင့် ထိုဥပဒေကို ကျောထောက်နောက်ခံပြုထားသော တန်ဖိုးထားမှုများအား ပေါင်းစပ်မှုလောက် (တစ်ဦးတစ်ယောက်၏) အပြုအမူပေါ် ဩဇာလွှမ်းမိုးရာတွင် ထိရောက်မှုမရှိချေ။ ဥပဒေကို ဒေသဆိုင်ရာစံနှုန်းများ၊ တန်ဖိုးထားမှုများနှင့် ချိတ်ဆက်ခြင်းသည် ထိုဥပဒေကိုလိုက်နာစေရန် ပိုမိုကြီးမားသော အင်အားဖြစ်စေပါသည်။ ဥပဒေ၏ အခန်းကဏ္ဍသည် စံနှုန်းများချမှတ်ရေးအတွက် အရေးပါသော်လည်း ယင်းသည် ထိုတန်ဖိုးထားမှုများကို ခံယူချက်၊ လုပ်ဆောင်ချက်အသွင်ဖြစ်ရန် တစ်ဦးချင်းစီကို တိုက်တွန်းအားပေးခြင်းဖြစ်ပြီး ထိုသို့တိုက်တွန်းအားပေးခြင်းသည် ချုပ်တည်းမှုဖြင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်းကို ပိုမို ကျင့်သုံးလာကြစေရေး မြှင့်တင်ပေးရာတွင် ပိုမို ရေရှည်ခံသည့် နည်းလမ်းဖြစ်သော အစမှအဆုံးတိုင် လူ့ဘောင်အတွင်း သွတ်သွင်းခြင်းကို ကိုယ်စားပြုပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များနှင့် ၎င်းတို့၏အစိုးရများသည် ၎င်းတို့ ကျူးလွန်ခဲ့ကြသည့် မည်သို့သော IHL ချိုးဖောက်မှုများကိုမဆို *ဖုံးကွယ်ခြင်း* ဖြင့် ၎င်းတို့၏ ဂုဏ်သတင်းကို ကာကွယ်ရန် မကြိုးပမ်းသင့်ဟု ထိုအချက်က ဆိုပါသည်။ အမှန်စင်စစ် အမှားကို ပွင့်လင်းစွာ ဝန်ခံခြင်းက အဖွဲ့အစည်း၏ဂုဏ်သိက္ခာကို ကာကွယ်နိုင်သည့် ပိုမိုကောင်းမွန်သော နည်းလမ်းဖြစ်ပြီး ဖုံးကွယ်ခဲ့သည့် ရှေးက ကျူးလွန်ထားသောအမှားများ ပေါ်လာလျှင် ယင်းဖုံးကွယ်ခဲ့မှု

အတွက် ထပ်ပေါင်း၍ ဂုဏ်သိက္ခာ ပိုမိုကျဆင်းမည် ဖြစ်ပါသည်။ သာဓကအားဖြင့် ဘာသာရေးအဖွဲ့အစည်းများတွင် ၎င်းတို့၏ ဘုန်းတော်ကြီးများအကြား လိင်ပိုင်းဆိုင်ရာအမှားအယွင်းပြုလုပ်မှုဖြစ်စဉ်များကို ဖုံးကွယ်ရန် ကြိုးစားခဲ့ရာမှ နောက်ပိုင်းတွင် လူသိရှင်ကြားဖြစ်ခဲ့ရသည်များကို တွေ့မြင်နိုင်ပါသည်။

### ဗုဒ္ဓဘာသာနှင့်သူ့အသက်သတ်ခြင်း

ဗုဒ္ဓဘာသာဝင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူသားများကို ၎င်းတို့က သတ်ဖြတ်နိုင်ရန် သို့မဟုတ် အနာတရ ဖြစ်စေနိုင်ရန်နှင့် ထိုသို့ပြုလုပ်ရာတွင် အခြားသူများကို အားပေးကူညီနိုင်ရန် အခွင့်အရေး အစဉ် ရရှိကြပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် (စောင့်ထိန်းသော) ငါးပါးသီလ၏ ပထမဆုံးသီလမှာ "ကျွန်ုပ်သည် သက်ရှိသတ္တဝါ(ပါဏာ - စာပေအလိုအရ အသက်ရှူသူများ) တို့အား သေစေခြင်း(အတိပါတာ) မှ ရှောင်ကြဉ်သော အကျင့်သီလသိက္ခာပုဒ်(သိက္ခာပဒံ) ကို တာဝန်ယူပါသည်" ဖြစ်ပြီး (Khp.1) ယင်းသည် ကိုယ်ကျင့်တရားနှင့်ဆိုင်သောစည်းကမ်း(သီလ)ကို ကောင်းစွာလုံခြုံသူတစ်ဦး မည်သို့ ပြုမူကြောင်း ဖော်ပြချက်ပေါ် အခြေခံထားခြင်း ဖြစ်ပါသည်။ (ပိုမိုဖတ်ရှုရန် - A.IV.284) "သက်ရှိသတ္တဝါတို့အား (သေချိန်မတိုင်ခင်) သေစေခြင်းမှ" ဆိုသည့်ပုဒ်ကို "သက်ရှိသတ္တဝါတို့အား ပျက်စီးအောင်ဖျက်ဆီးခြင်းမှ" ဟု ဝိဘင်္ဂအဋ္ဌကထာတွင် ရှင်းပြထားပြီး "သတ်ဖြတ်ခြင်းမှ" ဟူသော အဓိပ္ပာယ်ရပါသည်။ (Vibh-a.381) အခြားကျမ်းများတွင်လည်း အောက်ပါအတိုင်း ဖော်ပြထားသည် -

> သက်ရှိသတ္တဝါတို့အား သတ်ဖြတ်ခြင်းကို စွန့်လွှတ်ခြင်း - သက်ရှိသတ္တဝါအားလုံးတို့၏ ကောင်းကျိုးချမ်းသာအတွက် တုတ်၊ ဓားလက်နက်တို့ မပါဘဲ ရိုးသားဖြောင့်မတ်သော၊ မေတ္တာကရုဏာတရားကြီးမားသော စိုးရိမ်ထိတ်လန့်တုန်လှုပ်ခြင်းဖြင့် အကြင်သူသည် ဤအမှုကို မပြုဘဲရှောင်ကြဉ်သည်။ (M.I.345; အလားတူကြည့်ရန်D.I.4)
>
> သက်ရှိသတ္တဝါတစ်စုံတစ်ရာကို မသတ်သင့်ပေ(န ဟာနေ)။ (A.I.214 and 254)
>
> လောကရှိကြသည့် မတုန်လှုပ်သူ၊ ထိတ်လန့်တတ်သူ သတ္တဝါအားလုံးတို့သည် အကြမ်းဖက်ခြင်းကို စွန့်ပစ်၍ အကြင်သူသည် သက်ရှိသတ္တဝါတို့ကို ကိုယ်တိုင်လည်း မသတ်ရာ (န ဟာနေ)၊ သူတစ်ပါးတို့ကိုလည်း မသတ်စေရာ၊ သတ်ဖြတ်ကုန်သော သူတစ်ပါးတို့အားလည်း ခွင့်ပြုလိုက်လျော သဘောမတူရာ (ဟနတံ)။ (Sn.394)

ကိုယ်နှုတ်အမူအယာအားလုံးကို ဦးဆောင်လမ်းပြပေးသည့် အခြေခံသဘောတရားဖြစ်သော (ငါးပါးသီလထဲမှ) အဦးဆုံးသီလမှာ လူ သို့မဟုတ် တိရိစ္ဆာန် မည်သူကိုမဆို ရည်ရွယ်၍ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါမည်ဟု ကတိပြုခြင်း ဖြစ်ပါသည်။ (ထိုသို့ သီလခံယူထားသော်လည်း) သတိမမူမိဘဲ သီလကျိုးပေါက်နိုင်ပါသည်။ ထိုအခါ အကြင်သူသည် မိမိ သီလကျိုးပေါက်သွားကြောင်းကို အသိအမှတ်ပြုနှလုံးသွင်း(မှတ်သား) လက်ခံပြီး တချိန်တည်းတွင် ထိုသီလကို စောင့်ထိန်းရန် မိမိတို့၏ ကတိကဝတ်ကို ထပ်မံအတည်ပြုဆောက်တည်ရပါမည်။ သတ်ဖြတ်ခြင်းမဟုတ်ဘဲ ထိခိုက်ဒဏ်ရာရစေခြင်းသည် ထိုပထမသိက္ခာပုဒ်ကို ဆန့်ကျင်နေသော်လည်း အပြည့်အဝ ချိုးဖောက်ခြင်း မဟုတ်ပေ - သို့သော် အင်္ဂုတ္တရနိကာယ် (A.III.213) လာ ဂါထာတစ်ပိုဒ်အရ ဤသီလကို 'ထိခိုက်ဒဏ်ရာမရစေခြင်း' ဟု အလွယ်တကူ အဓိပ္ပာယ်ကောက်ယူနိုင်သည့်ပုံစံ ဖော်ပြထားပါသည် - 'မိမိလုံ့လကို အစွမ်းကုန်ပြု၍ သတ္တဝါတို့အား ထိခိုက်ဒဏ်ရာမရစေရာ (န ဟိံသေ ပါဏ-ဘူတာနိ) ….'။ တစ်စုံတစ်ယောက်၏ စေခိုင်းမှုကြောင့် တစ်စုံတစ်ဦးက တစ်ယောက်ယောက်ကို သတ်ဖြတ်လျှင်ပင် ဤပထမသီလ ကျိုးပေါက်ပြီး သတ်ဖြတ်ရန်စေခိုင်းသူရော၊ သတ်ဖြတ်သူပါ ဤသီလကို ချိုးဖောက်ခြင်း ဖြစ်ပြီး ရည်ရွယ်သူမဟုတ်ဘဲ သတ်ဖြတ်သူက မှားယွင်းသတ်ဖြတ်လျှင် သတ်ဖြတ်သူသာ သီလချိုးဖောက်မှုအတွက် တာဝန်ရှိပါသည်။ (Khp-a.29-30) ခြုံ၍သုံးသပ်ရလျှင် ပထမသီလသည် မဂ္ဂင်ရှစ်ပါး၏ ဒုတိယအင်္ဂါရပ်ဖြစ်သော သမ္မာသင်္ကပ္ပအားဖြင့် (စောင့်ထိန်းပါ့မည်ဟူသော) မှန်ကန်သော စိတ်ပိုင်းဖြတ်မှုနှင့်အတူ 'ထိခိုက်ဒဏ်ရာမရစေခြင်း - အဟိံသာ (သင်္ကပ္ပ)၊ အဝိဟိံသာ(ပါဠိ) (M.III.73)' ၏ တန်ဖိုးကို ဖော်ပြနေပါသည်။

ပထမသီလကို ချိုးဖောက်လျှင် ထိုကံ၏အကျိုးပေးချိန်တန်သည့်အခါ မနှစ်သက်ဖွယ် အကုသိုလ်ကံ အကျိုးပေးကို ဖြစ်စေတတ်ပါသည်။

> ရဟန်းတို့ သက်ရှိသတ္တဝါတို့အား သတ်ဖြတ်ခြင်းအမှုကို ကျင့်ခြင်း ၊ မွေးမြူခြင်း၊ ထပ်တလဲလဲ ပြုလုပ်ခြင်းတို့သည် ငရဲသို့လားစေခြင်း၊ တိရိစ္ဆာန်ဝမ်း၌ဖြစ်ရခြင်း၊ ပြိတ္တာဘုံ၌ဖြစ်ရခြင်း ဟူသော အကျိုးတို့ကိုရ၏။ သက်ရှိသတ္တဝါတို့ကို သတ်ဖြတ်ခြင်းကြောင့် အနိမ့်ဆုံးအကျိုးပေးသည်ပင် လူ့ဘဝတွင် အသက်တိုခြင်းဟူသော အကျိုးကိုဖြစ်စေသည်။ (A.IV.247)

> အချို့သော ယောက်ျား သို့မဟုတ် မိန်းမသည် သက်ရှိသတ္တဝါတို့အား သတ်ဖြတ်ပြီး ၎င်းသည် လူသတ်သော သွေးစွန်းသောလက်ပိုင်ရှင်ဖြစ်ကာ သတ္တဝါများအပေါ် အကြင်နာမဲ့စွာဖြင့် ထိုးနှက် သတ်ဖြတ်၍ ကြမ်းတမ်းစွာ ပြုမူ၏။ ထိုအမှုတို့ကို ကျူးလွန်ခြင်းကြောင့် ခန္ဓာကြေပျက်သောအခါ၊ သေလွန်ပြီးသည့်နောက် ဆင်းရဲချို့တဲ့သော၊ စိတ်မချမ်းမြေ့သောနှင့် ဒုက္ခဝေဒနာဖိစီးနှိပ်စက်ခံရ သော ငရဲသို့ကျရောက်သည် သို့မဟုတ် လူအဖြစ် ပြန်လည်မွေးဖွားသည့်အခါတိုင်းတွင် ၎င်းသည် အသက်တို၏။ (M.III.203)

ထို့ကြောင့် စစ်ပွဲအတွင်း သတ်ဖြတ်ခြင်းသည် ဆိုးရွားသည့် အကုသိုလ်ကံအကျိုးပေးသော ရနိုင်ကြောင်း ထင်ရှားစွာ မြင်နိုင်ပါသည်။ တစ်ခါက မြတ်စွာဘုရားကို စစ်သည်တော်အဖြစ် အသက်မွေးသူ(ယောဓာဇီဝ)မှ “သူကဲ့သို့ စစ်သည်တစ်ဦး တိုက်ပွဲအတွင်း အသက်ပေးခဲ့ရလျှင် ထူးထူးခြားခြား နတ်ပြည်သို့ ရောက်ရှိနိုင်မည်လား”ဟု မေးခွန်းထုတ်ခဲ့ပါသည်။ ဤနေရာတွင် ၎င်း ဆိုလိုသည်မှာ တာဝန်ထမ်းဆောင်နေသည့်စစ်သားလား သို့မဟုတ် ကြေးစားစစ်သားလား ရှင်းလင်းမှုမရှိပါ။ မြတ်စွာဘုရားသည် ဖြေတော်မမူခဲ့ဘဲ ဆိတ်ဆိတ်နေတော်မူခဲ့သော်လည်း ၎င်းက နှစ်ကြိမ်မက ထပ်မံမေးမြန်းရာ မြတ်စွာဘုရားက ထိုသူသည် အထူးသဖြင့် တစ်ပါးသူတို့အား သေစေလို သည့် မှားယွင်းသောစိတ်ထားဖြင့် သေဆုံးခြင်းဖြစ်သည့်အလျောက်  ထိုသူသည် အမှန်တကယ် ငရဲ သို့မဟုတ် တိရိစ္ဆာန်ဘုံတွင် ပြန်လည်မွေးဖွားကြောင်း ရှင်းပြတော်မူပါသည် -

> ယောဓာဇီဝ ခေါင်းဆောင် ..... စစ်မြေပြင်၌ အားထုတ်ကြိုးစား(တိုက်ခိုက်)သူ စစ်သည်သူရဲသည် “ဤသတ္တဝါတို့ အသတ်ခံကြရပါစေ၊ အသက်ပေါင်းများစွာ သတ်ဖြတ်ဖျက်ဆီးခံကြရပါစေ၊ အမြစ်ဖြတ်သုတ်သင်ခံကြရပါစေ၊ ပျက်စီးကြပါစေ၊ မျိုးပြုတ်ပါစေ” ဟူသော အတွေးကို ရှေးကပင် စွဲယူခဲ့ခြင်းကြောင့် ၎င်း၏စိတ်ထားသည် နိမ့်ကျ ယုတ်မာကာ လမ်းမှားသို့ရောက်နှင့်ခဲ့ပြီး ဖြစ်၏။ စစ်မြေပြင်၌ အားထုတ်ကြိုးစား(တိုက်ခိုက်)နေစဉ် တစ်ဖက် စစ်သည်တို့၏ ညှဉ်းဆဲသတ်ဖြတ်ခံရသော ထိုစစ်သည်သူရဲသည် ခန္ဓာပျက်ကြွေ သေဆုံးပြီးသည်မှနောက်၌ ‘စစ်ပွဲတိုက်ခိုက်သတ်ဖြတ်ခြင်း (ပရဇိတမည်သော) ငရဲ’ သို့ ရောက်ရ၏။[3]

ထိုအတွေးကြောင့် ယုတ်မာသော၊ လမ်းမှားပို့သော စိတ်ထားမျိုးဖြင့် သေလွန်သွားပြီးနောက် စစ်သည်တော်သည် စစ်ပွဲတိုက်ခိုက်သတ်ဖြတ်သည့် နတ်တို့၏ဘုံ(ပရဇိတနတ်ပြည်)တွင် ပြန်လည်မွေးဖွားလိမ့်မည်ဟူသော အယူကို အထက်ပါစာပိုဒ်တွင် ဆက်လက် ဖော်ပြထားပါသည်။ ဤနေရာတွင် ဗုဒ္ဓက (စစ်သည်သေဆုံးလျှင် စစ်ပွဲတိုက်ခိုက်သတ်ဖြတ်သည့် နတ်တို့၏ဘုံတွင် ပြန်လည်မွေးဖွားလိမ့်မည်ဟူသော) ထိုမှားယွင်းသောအယူကို ဆုပ်ကိုင်ထားခြင်းကပင် ငရဲတွင် သို့မဟုတ် တိရိစ္ဆာန်အဖြစ် ပြန်လည်မွေးဖွားခြင်းကို ဖြစ်စေနိုင်သည်ဟု ဆိုပါသည်။ (ဗုဒ္ဓ၏ ထိုစကားကို) မိုက်ကယ်ဂျယ်ရီဆင် (2018, 466)က ‘ယောဓာဇီဝကို သေဆုံးခါနီးအချိန်တွင် ထိုကဲ့သို့ နိမ့်ကျသော အတွေးကို ရှောင်ကြဉ်ရန် သတိပေးခြင်းသာဖြစ်ပြီး သတ်ဖြတ်ခြင်းအမှုကို ရှောင်ကြဉ်ရန်မလို’ ဟု ယူဆပါသည်။ ဗုဒ္ဓက စစ်သည်တော်တစ်ဦး စစ်ပွဲတွင်သေလွန်သည့်အခါ နတ်ပြည်တွင် ပြန်လည်မွေးဖွားမည်လား ဆိုသည့် မေးခွန်းကို ဖြေကြားခြင်းဖြစ်သည့်အတွက် မိုက်ကယ်ဂျယ်ရီဆင်၏ အဓိပ္ပာယ်ကောက် လွဲနေသည်မှာ ရှင်းပါသည်။ (ယောဓာဇီဝ၏)မေးခွန်းမှာ ၎င်းယူဆသကဲ့သို့ သေဆုံးခါနီးအချိန် ဖြစ်ပေါ်သည့် စိတ်အခြေအနေကို မေးမြန်းခြင်း မဟုတ်ပေ။ သေဆုံးချိန် ဖြစ်ပေါ်သောစိတ်အခြေအနေသည် ဒုဂ္ဂတိဘုံသို့ ရောက်စေနိုင်သည့် အကျိုးသက်ရောက်မှု အချို့ရှိမည်ဟု ဆိုမှသာ အဓိပ္ပာယ်ရှိပါမည်။

စစ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၏အလေးထားမှုကို ဥပမာနှစ်ခုတွင် ဖော်ပြထားပါသည်။ (Gethin 2007, 74-78) အိန္ဒိယဧကရာဇ် အသောကမင်း(268-239 BCE)ကို ဗုဒ္ဓဘာသာ လူမှု

ကိုယ်ကျင့်တရားများနှင့်ပတ်သက်၍ စံပြပုဂ္ဂိုလ်ကြီးတစ်ဦးအဖြစ် ဗုဒ္ဓဘာသာဝင်တို့ ကျယ်ကျယ်ပြန့်ပြန့် ရှိသေလေးစားကြပါသည်။ ဗုဒ္ဓဘာသာဝင်မဖြစ်ခင် သူ၏အစောပိုင်းနန်းစံကာလများတွင် သူသည် ကလိင်္ဂတိုင်းကို တိုက်ခိုက်အောင်နိုင်ခဲ့သော်လည်း ကလိင်္ဂကျောက်စာအမှတ်(၄)[4]တွင် ထိုအချိန်က ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက် လူသတ်ခြင်း၏ ကြောက်မက်ဖွယ်အနိဋ္ဌာရုံကို ဖော်ပြခဲ့ပါသည်။ ရှေးဟောင်းသီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)မှ ဗုဒ္ဓဘာသာဝင်မင်းဖြစ်သူ ဒုဋ္ဌဂါမဏိမင်း(သီဟိုဠ်ဘာသာဖြင့် ဒုဋ္ဌုဂမုဏု၊ 101-77 BCE)သည် သီဟိုဠ်ကျွန်းမြောက်ပိုင်းရှိ အိန္ဒိယတောင်ပိုင်း တမီးလ်ဘုရင်ကို ချေမှုန်းအနိုင်ရပြီးနောက် အလွန်များပြားလှသည့် အရေအတွက်/ စစ်တပ်ကြီးတစ်ခုလုံး(ပါဠိ-အက္ခောဟိနီ) အား သေဆုံးမှုများဖြစ်စေခဲ့သည့်အတွက် စိတ်သောကရောက်ခဲ့ရကြောင်း ဖော်ပြခဲ့ပါသည်(မဟာဝံသ - Mahāvaṃsa ch.XXV.103, 108; Geiger 1912 ကို ကြည့်ပါ။).

## လူ့ဘဝတန်ဖိုးနှင့် ၎င်း၏မတူညီသောအဆင့်အတန်းများ

စစ်ပွဲအတွင်း တစ်ဖက်ရန်သူကို မိမိနှင့် အခြေခံအားဖြင့်မတူညီသူ၊ ဘုံလူ့အကျိုးစီးပွားမျှဝေမှုမရှိသော 'လူတစိမ်း'၊ စင်စစ်အားဖြင့် လူထက်နိမ့်ကျသူဟု ရှုမြင်သောအခါ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို အလွဲသုံးစားပြုခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြေရှိပါသည်။ ICRC၏ စစ်ပွဲတွင်း အပြုအမူ၏ အရင်းခံအကြောင်းတရား များ (၂၀၀၄၊ ၁၀) - *The Roots of Behaviour in War* (2004,10) လေ့လာချက်တွင် ဖော်ပြထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို အလွဲသုံးစားပြုခြင်းသည် 'ကျင့်ဝတ်သွေဖည်ခြင်း' ကို ဖြစ်စေနိုင်ပါသည်။

> တိုက်ရိုက်သော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း ရန်သူကို အခြားသူများမှ အဆိုးမြင်အောင် လုပ်ဆောင်ပြီး အဖျက်သမားအဖြစ် မှတ်ယူစေပါသည်။ ထို့နောက် အဖျက်သမားကို အမြစ်ပြတ်သုတ်သင်ရမည်။ တခါတရံတွင် ရန်သူကို အမြစ်ဖြတ်ရန် လိုအပ်သော ရောဂါတစ်ခုအသွင် နှိုင်းယှဉ်တတ်သည်။ နိုင်ငံရေးသမားများ၊ သတင်းစာဆရာများ၊ သိပ္ပံပညာရှင်များ၊ တရားသူကြီးများနှင့် ပညာရှင်များက ရန်သူကို အဖျက်သမား (သို့) ဗိုင်းရပ်စ်နှင့် ခိုင်းနှိုင်းလိုက်သည်နှင့်တပြိုင်နက် စစ်သည်များအတွက် ရန်သူကို တိုက်ခိုက်ရန်အတွက်သာမက ၎င်းတို့အပေါ် အရက်စက်ဆုံးအပြုအမူများအတွက် ဆီလျော်သည့် အကြောင်းပြနိုင်ရန်နှင့် ထိုအပြုအမူများသည် တရားမျှတပြီး လိုအပ်ကြောင်း သိမ်းသွင်းစည်းရုံးရန်လည်း ပိုမို လွယ်ကူစေပါသည်။

ဗုဒ္ဓဘာသာသမိုင်းတွင် အထက်ပါအတွေးအခေါ်အတိုင်း ထပ်တူကျပုံပေါ်သည့် အာဘော်အနည်းငယ်မျှသာ ရှိသောကြောင့် ထိုအချက်ကို ဆန်းစစ်ဝေဖန်လေ့လာရန် လိုအပ်ပါသည်။ ယင်းနှင့်ပတ်သက်သည့် အထူးခြားဆုံးသော ဖော်ပြချက်သည် ဒုဋ္ဌဂါမဏိမင်းနှင့် ထပ်မံဆက်နွှယ်နေပါသည်။[5] ခရစ်နှစ် (၅)ရာစုနှောင်းပိုင်းတွင် ပေါ်ပေါက်ခဲ့သော မဟာဝံသ သီဟိုဠ်ကျမ်းစာ(XXV.109-11)တွင် ဒုဋ္ဌဂါမဏိမင်း၏ စိတ်သောကကို ဖြေဖျောက်ပေးရန် ရဟန္တာရှစ်ပါးသည် ကောင်းကင်မှ ဈာန်ဖြင့် ကြွလာခဲ့ကြပါသည်။

> ထိုလုပ်ရပ်သည် သင်၏ နတ်ပြည်သို့သွားရာလမ်းကို အဟန့်အတားမဖြစ်စေပါ။ အို … မင်းကြီး … သင်သည် လူတစ်ဦးနှင့်တစ်ဝက်မျှ၏ သေဆုံးခြင်းကိုသာ ဖြစ်စေခဲ့သည် (မနုဇာ)။ တစ်ဦးမှာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး တခြားတစ်ဦးမှာ ငါးပါးသီလကို ဆောက်တည်သူ ဖြစ်သည်။ ကျန်သည့်လူများမှာ ယုတ်မာသည့် အယူမှားရှိသူ(မိစ္ဆာဒိဋ္ဌိ စဒုဿီလာ)များဖြစ်ရာ ထိုသူများ၏ သေဆုံးခြင်းသည် သားရဲတိရိစ္ဆာန်ကောင်များ သေဆုံးခြင်းနှင့် ပမာတူသည်။ (တနည်း - ထိုသူများ၏ သေဆုံးခြင်းသည် သားရဲတိရစ္ဆာန် (ပသု[6]-သမာ)များ သေဆုံးခြင်းအဖြစ် မှတ်ယူနိုင်သည်။) သင်သည် ဗုဒ္ဓအဆုံးအမများကို နည်းလမ်းမျိုးစုံဖြင့် ထွန်းလင်းတောက်ပစေလိမ့်မည်ဖြစ်သောကြောင့် စိုးရိမ်ပူပန်မှုများ ထပ်မံမဖြစ်ပါလင့်။
> (ဘာသာပြန် Gombrich 2006, 141, ပါဠိနှင့်တကွ[7])

ယင်းကို ထိုဖြစ်ရပ်များပြီးသည့်နောက် ရာစုနှစ်များစွာအကြာတွင် ရေးသားခဲ့ပြီး အိန္ဒိယတောင်ပိုင်းမှ ခြိမ်းခြောက်မှုများ နောက်တစ်ဖန် ပေါ်ပေါက်လာသည့်အချိန်တွင် ယင်းက ဖော်ပြရန် ရည်ရွယ်ခြင်းဖြစ်ပြီး H.L. Seneviratne

(1999, 21)က "ဇာတ်လမ်းတစ်ခုလုံးသည် စိတ်ကူးယဉ် ဖြစ်နိုင်သည်"ဟုလည်းကောင်း၊ Rupert Gethin က "ဒဏ္ဍာရီ ဆန်လွန်းသည်"ဟုလည်းကောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ (2007, 75)။

လိမ်ညာပြောဆိုခြင်းမပြုနိုင်တော့သည့် သူတော်စင်များဖြစ်သောရဟန္တာ[8]ဟူ၍ မှတ်ယူထားသူများ၏ နှုတ်မှ ဤစကားကိုပြောကြားခဲ့သည်ဆိုခြင်းမှာ အံ့ဩဖွယ် ဖြစ်နေပြီး အကယ်၍ ထိုသို့ပြောကြားခဲ့သည်ဆိုလျှင် ထိုစကား ကိုပြောသူတို့မှာ ရဟန္တာမဟုတ်နိုင်ကြောင်း အခိုင်အမာ ညွှန်ပြနေပါသည်။ Gethin က ထိုရဟန္တာများ သို့မဟုတ် ၎င်းတို့ထက် ကျမ်းပြုသူ မဟာနာမကို "၎င်းတို့၏(သူတို့ကိုးကွယ်သည့်) ဗုဒ္ဓဘာသာအပေါ် လွဲမှားစွာယူဆနိုင်မည့် ဤအယူအဆများ မည်သို့ရောက်လာခဲ့ပါသနည်း" ဟု မှတ်ချက်ပြုခဲ့ပါသည်။ (2007, 63 and 76-77) ဒုဋ္ဌဂါမဏိမင်းသည် သူနှင့် သူ့စစ်တပ်တို့၏ လုပ်ရပ်ကြောင့် လူအများအပြား သေကြေရသည်ကို နောင်တရခဲ့ခြင်း သည် ဆီလျော်သော်လည်း ဤနေရာတွင် တကယ့်ပြဿနာမှာ သေဆုံးသူအများစုသည် လူသားစစ်စစ် သို့မဟုတ် လူအပြည့်အဝ မဟုတ်သည့်အတွက် ထိုသူများကို သတ်ဖြတ်ခြင်းတွင် ပြဿနာအနည်းငယ်သာရှိသည်ဟူသော အံ့ဩဖွယ်ရာ ပြောဆိုချက် ဖြစ်ပါသည်။ မဟာကမ္မဝိဘင်္ဂသုတ္တန်အရ မကောင်းမှုဒုစရိုက်ကျူးလွန်သူတစ်ဦးသည် သူ၏ မကောင်းမှုကံ အကျိုးမပေးသေးသရွေ့ သူ၏ လာလတ္တံ့သောနောက်ဘဝတွင် (ဒုတိယဘဝတွင်) သုဂတိဘုံ၌ ပြန်လည်မွေးဖွားနိုင်သေးသည်မှာ အမှန်ဖြစ်ပါသည်။ (M.III.209-215; Harvey 2000, 24-25) အခြား ခိုင်လုံသော ဗုဒ္ဓဘာသာကျမ်းဂန်များက တိရစ္ဆာန်တစ်ကောင်ကိုသတ်ဖြတ်ခြင်းထက် လူတစ်ယောက်ကိုသတ်ဖြတ်ခြင်းက အမြဲ တမ်း ပို၍ဆိုးကြောင်းနှင့် တိရစ္ဆာန်တစ်ကောင်ကိုသတ်ခြင်းသည်ပင် အကုသိုလ်ကံအကျိုးများကို ရရှိစေနိုင်သည် ဟု အခိုင်အမာဆိုထားပါသည်။

လူတစ်ယောက် သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ခြင်းသည် ပထမသီလတွင် အကျုံးဝင်ပြီး ထိုသီလအရ 'အသက်ရှုနေသူ' သို့မဟုတ် သက်ရှိသတ္တဝါ မည်သူ့ကိုမဆို ရည်ရွယ်၍ သတ်ဖြတ်ခြင်းကို ဆန့်ကျင်ပါ သည်။ သို့သော် သာသနာ့ဘောင်ဝိနည်းစည်းကမ်းအရမူ ရဟန်း သို့မဟုတ် သီလရှင် တစ်ပါးသည် လူတစ်ဦးကို ရည်ရွယ်၍ သတ်မိပါက သာသနာ့နွယ်ဝင်ဘဝ ဆုံးရှုံးသော်လည်း (Vin.III.73) တိရစ္ဆာန်တစ်ကောင် အနိမ့်ဆုံး ပုရွက်ဆိတ်တစ်ကောင်ကို သတ်မိခြင်းတွင်မူ အပြစ်လျော့နည်းပါသည်။ (Vin.IV.124-125) မည်သည့်လူမျိုးမဆို လူတစ်ယောက်သည် လူသားအဖြစ် ပြန်လည်မွေးဖွားရန်အတွက် အတိတ်ကပြုခဲ့သော ကောင်းမှုကုသိုလ်ရှိရမည် ဖြစ်ပြီး အတိတ်ကုသိုလ်ကံနည်းပါးမှုပေါ်အခြေခံပြီး ပိုမိုနိမ့်ကျသော တိရစ္ဆာန်တစ်ကောင်အဖြစ် ပြန်လည်မွေးဖွားရ မည် ဖြစ်ပါသည်။ ထို့အပြင် လူသားအဖြစ်မွေးဖွားလာခြင်းသည် စိတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးအတွက် ရှားပါးပြီး အဖိုးတန်သော အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ လူ့ဘဝရရှိရန် သို့မဟုတ် နတ်ဘဝရရှိရန် သို့မဟုတ် နှစ်ဘဝလုံး ဆက်တိုက်ရရှိရန် ခဲယဉ်းသည်ဟု ဆိုပါသည်။ (S.V.75-76; အလားတူကြည့်ရန် Dhp.182) အခြားဘုံဌာနများတွင် မွေးဖွားသူများနှင့် လူသားအဖြစ်မွေးဖွားသူတို့ကို နှိုင်းယှဉ်ရလျှင် အခြားဘုံဌာနများတွင် မွေးဖွားသည့်ပမာဏမှာ ကမ္ဘာမြေထုကြီးအလားဖြစ်ပြီး လူအဖြစ်မွေးဖွားသူတို့မှာ လက်မနှင့်လက်ညှိုးဖြင့် ညှပ်ယူ သည့်အခါ ပါလာသော သဲအရေအတွက်အလားဖြစ်ပါသည်။ (S.II.263) တနည်းအားဖြင့် အိန္ဒိယနိုင်ငံ၏ သာယာ လှပသောတောအုပ်လေးများနှင့် ကြမ်းတမ်းသောမြေပြင်တို့ကို နှိုင်းယှဉ်သကဲ့သို့ ဖြစ်ပါသည်။ (A.I.35) ငရဲသားတစ်ဦး၏ လူသားအဖြစ်ပြန်လည် မွေးဖွားနိုင်သော အခွင့်အရေးမှာ နှစ်(၁၀၀)ကြာမှ ရေမျက်နှာပြင်ပေါ်သို့ တက်လာသော လိပ်ကန်းကြီးတစ်ကောင်၏ဦးခေါင်းနှင့် ပင်လယ်ရေမျက်နှာပြင်ကိုဖြတ်၍ တိုက်သည့်လေကြောင့် မျောနေသော ကွင်းကြီးတစ်ခု စွပ်မိသွားနိုင်ခြေထက် နည်းပါးပါသည်။ (M.II.169; Bca.IV.20) ထို့ကြောင့် တိဗက် ဗုဒ္ဓဘာသာဝင်များက အဖိုးတန်လှသော လူ့အဖြစ်ကိုရခြင်းသည် စိတ်ဓာတ်ရေးရာမြင့်မားမှုအတွက် အံ့ဖွယ် အခွင့်အရေးတရပ်ဖြစ်ပြီး ယင်းကို အသိဉာဏ်ရှိစွာအသုံးချ၍ အခြားသူများအပေါ်တွင်လည်း (အခြားသူများ၏ လူ့အဖြစ်ကိုလည်း) အလေးထားသင့်သည်ဟု ဆိုပါသည်။ (Guenther 1959, 14-21)

ထေရဝါဒမှလွဲ၍ အချို့သော အစောပိုင်းဗုဒ္ဓဘာသာဂိုဏ်းခွဲများက အချို့အခြေအနေများတွင် တိရစ္ဆာန် တစ်ကောင်ကို သတ်ခြင်းသည် လူတစ်ဦးကိုသတ်ခြင်းထက် ပိုမိုဆိုးဝါးနိုင်သည်ဟု လက်ခံထားပုံရပါသည်။ အချို့သော အိန္ဒိယဝိနည်းအဋ္ဌကထာများနှင့် ကျမ်းဂန်များမှ ထုတ်နုတ်တင်ပြထားသော တရုတ်ဝိနည်း ဆရာတော် ဒေါင်ရွှမ်(Daoxuan 道宣) (၅၉၆-၆၆၇) ၏အမြင်များကို Ann Heirman (2020, အထူးသဖြင့် 31-34)က ဆွေးနွေး ထားပါသည်။ သူ့အသတ်သတ်ခြင်းနှင့်ပတ်သက်၍ ၎င်း၏ဆွေးနွေးမှု (T40 no.1804,49a9-14) တွင် ဘုန်းတော်ကြီး

ဒေါင်ရွှမ်သည် *Lü ershier mingliao lun*[9] ဟူသော သမ္မိတိယဂိုဏ်းဝင် အိန္ဒိယဘုန်းတော်ကြီး ဗုဒ္ဓတြာတ (*Buddhatrāta)၏ ဝိနည်းအဋ္ဌကထာကို ကိုးကားခဲ့ပါသည် -

> *Mingliao lun* တွင် ဖော်ပြထားချက်အရ တစ်စုံတစ်ယောက်သည် (လုပ်ရပ်တစ်ခုကို) ရည်ရွယ်၍ လုပ်ဆောင်ပါက ထိုလုပ်ရပ်၏ ကြီးမားသော အကုသိုလ်ကံ အကျိုးဆက်ကို ခံစားရမည် ဖြစ်ပါသည်။ ဤကျမ်းစာတွင် ရှင်းပြထားသည့်အတိုင်း (ရည်ရွယ်၍လုပ်ဆောင်ခြင်းသည်) အရှက်တရားကင်းမဲ့ခြင်းနှင့် နောင်တရခြင်း၏အစပင် မရှိသောကြောင့် ယင်းသည် အကျိုးမပြုသော စိတ်အခြေအနေဖြစ်ပါသည်။ ထို့ကြောင့် Chengshi lun[T32 no.1646, 291a11-13]ကျမ်းတွင် မကောင်းသောစိတ်ဖြင့် (ရည်ရွယ်၍) ပုရွက်ဆိတ်တစ်ကောင်ကို သတ်ခြင်းသည် သနားကရုဏာဖြင့် လူတစ်ယောက်ကို သတ်ခြင်းထက် ပိုဆိုးရွားသည်ဟု ဆိုထားပါသည်။ ထိုကံအကျိုးဆက်မှာ ကြီးမားမည် ဖြစ်သောကြောင့် ထိုသူသည် ပါစိတ္တိယပြစ်ဒဏ်[10] သင့်ပြီးသည့်တိုင်အောင် ထိုကံ၏ အကျိုးပေးမှုကို မလွဲမသွေ ခံစားရမည် ဖြစ်ပါသည်။ (Heirman 2020, 32)။

ဒေါင်ရွှမ် (T40 no.1804, 92c22-24) ကိုယ်တိုင်က ခရစ်နှစ် သုံးရာစုအလယ်တွင် အိန္ဒိယဘုန်းတော်ကြီး ဟရိဝါရမန် (Harivarman) စုစည်းခဲ့သည့် တတ္တဝသိဒ္ဓိ သျှတ္တရ (*Tattvasiddhi-śāstra) ကျမ်း၏ ဘာသာပြန် ဖြစ်သော Chengshi lun (T32 no. 1646, 318c12-14)ကျမ်းကို ကိုးကားထားပါသည်။

> [သဗ္ဗတ္ထိဝါဒအဘိဓမ္မာ]၏ ရှတ္ပါဒါဘိဓရမ (Saṭpādābhidharma) [liu zu pitan 六足毘曇] ကျမ်းများတွင် ဆိုထားသကဲ့သို့ အယူလွဲနေသူတစ်ဦးကိုသတ်ဖြတ်ခြင်းသည် ပိုးမွှားတစ်ကောင် (သို့) ပုရွက်ဆိတ် တစ်ကောင်ကို သတ်ခြင်းထက် ပို၍ အပြစ်ပေါ့ပါသည်။ အကြောင်းမှာ ထိုသို့သောသူသည် လောကကို ညစ်နွမ်းစေပြီး ထိခိုက်ပျက်စီးမှုများစွာ ဖြစ်ပေါ်စေခြင်းကြောင့်ပင်တည်း။

ဒေါင်ရွှမ်က 'ပုရွက်ဆိတ်တစ်ကောင်ကိုပင် ရည်ရွယ်၍သတ်မိခြင်း(hai xin 害心)သည် လူတစ်ဦးကို သနားကရုဏာဖြင့်(ci xin 慈心) သတ်ဖြတ်ခြင်းထက် ပိုမိုဆိုးရွားကြောင်းဖြင့် နိဂုံးချုပ်ထားပါသည်'။ (Heirman 2020,32) အထက်ပါကိုးကားချက် က သနားကရုဏာဖြင့်သတ်ဖြတ်ခြင်းကို ညွှန်ပြပုံပေါ်ပြီး ဒေါင်ရွှမ်တွင် ၎င်း၏စိတ်အတွင်း၌ မကောင်းသောလူသား ကို သတ်ဖြတ်ခြင်း ရှိနိုင်ပါသည်။ ၎င်းအတွက် မည်သည့်သေးငယ်သော ဝိနည်းအပြစ်မဆို သေစေလိုစိတ်ဖြင့် ပုရွက်ဆိတ်တစ်ကောင်ကို သတ်ခြင်းပင်လျှင် အကုသိုလ်ကံအကျိုးဆက်များမှာ ပြင်းထန်ပါ သည်။ (သေစေလိုစိတ်ဖြင့်ပုရွက်ဆိတ်တစ်ကောင်ကိုသတ်ခြင်းသည်) မကောင်းသောလူတစ်ယောက်ကို သတ်ခြင်း ထက် ကံအကျိုးပေး ပို၍ပြင်းထန်နိုင်မည်လား ဆိုသည်နှင့်ပတ်သက်၍ Heirman က "ဒီဖြစ်စဉ်မှာ ဒေါင်ရွှမ် ပြောတာ သိပ်များလွန်းသွားပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က သူ့စကားနဲ့ သူ့ကို ထိပ်တိုက်ရင်ဆိုင် မယ်ဆိုရင် သူ ဒီလောက်လွန်သွားမလား ဆိုတာ ငါတော့မသေချာဘူး။ တစ်ဖက်မှာလည်း သေစေလိုစိတ် (အမှုမဲ့ အမှတ်မဲ့အပြုအမူ အပါအဝင်) က အဓိကကျတဲ့ အချက်ဖြစ်နေပါတယ်"။ (Heirman 2020,32)

(ခရစ်နှစ် လေးရာစုဝန်းကျင်ခန့်က အိန္ဒိယ သို့မဟုတ် ဗဟိုအာရှဒေသတွင် ရေးသားခဲ့သော) မဟာယာန၏ မဟာပရိနိဗ္ဗာနသုတ္တန်တွင် အတိအလင်း ပြဆိုထားသည်မှာ "သက်ရှိတို့တွင် ယုံကြည်မှုသဒ္ဓါကဲ့သို့သော အခြေခံကောင်းခြင်းအကြောင်းတရား(၅)ဖြာရှိသော်လည်း ဣစ္ဆာန္တိကပုဂ္ဂိုလ်တွင် ထိုအခြေခံကောင်းများ ထာဝရကင်းမဲ့ပါသည်။ ထို့ကြောင့် ပုရွက်ဆိတ်တစ်ကောင်ကိုသတ်ခြင်းသည် အပြစ်ဖြစ်သော်လည်း ထိုဣစ္ဆာန္တိကပုဂ္ဂိုလ်ကို သတ်ခြင်းသည် အပြစ်မဟုတ်ပေ" ဟု ၎င်းက ဆိုပါသည်။ (Taishō 1, 562b) ဣစ္ဆာန္တိကဟူသည် ကယ်တင်ခြင်းငှာ မစွမ်းနိုင်သော မကောင်းမှုကိုပြုသူ၊ စစ်မှန်သောတရားကို ပုတ်ခတ်ပြောဆိုသော နောင်တရခြင်းအလျဉ်းမရှိသူ သို့မဟုတ် ပါရာဇိကစသော အကြီးလေးဆုံးဖြစ်သော ဝိနည်းစည်းကမ်းများကို ချိုးဖောက်သူ သို့မဟုတ် မိဘကိုသတ်ခြင်းစသည့် ပဉ္စာနန္တရိယကံငါးထဲမှ တစ်ပါးပါးကို နောင်တကင်းစွာ ကျူးလွန်သူ ဖြစ်သည်။ (Taishō 374, xvi, 459a-460b, Demiéville 1957,368 တွင် ကိုးကားထားသည့်အတိုင်း၊ Welch 1972, 281)

ပါဠိကျမ်းစာများတွင် ပုရွက်ဆိတ်တစ်ကောင်ကို သတ်မိခြင်းသည် ဆိုးရွားသည့်လူမိုက်တစ်ယောက်ကို သတ်ခြင်းထက် ပိုမိုဆိုးရွားသည်ဟု ဆိုထားသည်ကိုမူ မတွေ့ရသော်လည်း ဗုဒ္ဓဘာသာဂိုဏ်းကွဲများအကြား

လူတစ်ချို့ကို သတ်ခြင်းသည် အခြားလူများကို သတ်ခြင်းထက် ပိုမိုဆိုးရွားကြောင်းကိုမူ တူညီစွာလက်ခံကြပါသည်။ နောက်ဘဝတွင် ငရဲသို့အသေအချာရောက်စေမည့် အဆိုးရွားဆုံးသောပြစ်မှုတို့တွင် မိခင်၊ ဖခင် သို့မဟုတ် ရဟန္တာ တို့ကို သေစေလိုစိတ်ဖြင့် သတ်ဖြတ်ခြင်းတို့ ပါဝင်ပါသည်။ (Vibh.378, M-a.IV.109-110) ယင်းသည် တန်ဖိုးထား လေးစားသင့်သောသူများ (သို့) အကျင့်သီလစင်ကြယ်သူများကို အန္တရာယ်ပြုခြင်းသည် အလွန်ဆိုးရွားကြောင်း ညွှန်ပြနေပါသည်။[11] ထေရဝါဒအဋ္ဌကထာဆရာကြီး အရှင်ဗုဒ္ဓဃောသ(ခရစ်နှစ် ငါးရာစု)က ပထမသီလနှင့်ပတ်သက်၍ ယေဘုယျကျကျ ဤသို့ပြောဆိုခဲ့ပါသည် -

> ‘သက်ရှိသတ္တဝါအား သတ်ဖြတ်ခြင်း’ ဆိုရာတွင် (ထိုသူသည်) အသက်ရှင်လျက်ရှိသူဖြစ်ကြောင်း သိရှိခြင်း၊ (ထိုသူအား) သတ်ရန်ဆန္ဒရှိခြင်း (ဝဓစေတနာ)၊ (ထိုသူအားသတ်ရန်) ခန္ဓာကိုယ် အမူအယာ သို့မဟုတ် စကားတို့ဖြင့် ဖော်ပြခြင်း၊ (ထိုသူ) အသက်သေဆုံးစေရန် တိုက်ခိုက်မှုပြုခြင်းတို့ ပါဝင်ပါသည်။ ချီးမွမ်းအပ်သောတရား(ဂုဏ)များ (သီလစသည်) မရှိသော တိရစ္ဆာန်စသည်တို့ကို သတ်ဖြတ်ခြင်းနှင့်ပတ်သက်၍ ထိုလုပ်ဆောင်မှုသည် ၎င်းတို့၏ ခန္ဓာကိုယ် အရွယ်အစား သေးငယ်လျှင် နည်းသောအပြစ် (အပ္ပသာ ဝဇ္ဇော)ဖြစ်၍ ခန္ဓာကိုယ်ကြီးမားလျှင်မူ အပြစ်ကြီးပါသည်။ အဘယ်ကြောင့်နည်း။ (ခန္ဓာကိုယ်ကြီးမားလျှင် သတ်ရန်) ပိုမိုအားစိုက်ထုတ်ရခြင်းကြောင့် ဖြစ်ပါသည်။ အားထုတ်မှုတူညီသည့်အခါတွင်လည်း သတ်ဖြတ်ရာတွင်အသုံးပြုသည့် အရာ (ဝတ္ထု) (လုပ်ရပ်၏) (လက်နက်ကို ဆိုလို) ပိုကြီးလျှင် အပြစ်လည်းပိုကြီးပါသည်။ ချီးမွမ်းအပ်သောတရားများ (သီလစသည်) ရှိသော လူသား စသည်တို့ကို သတ်ဖြတ်ခြင်းနှင့်စပ်လျဉ်း၍ အသတ်ခံရသူသည် ထိုချီးမွမ်းအပ်သောတရား အနည်းငယ်ရှိသူဖြစ်လျှင် ထိုလုပ်ရပ်သည် အပြစ်ပိုနည်းပြီး ထိုချီးမွမ်းအပ်သောတရားများစွာရှိသူဖြစ်လျှင် အပြစ်ပိုကြီးပါသည်။ သို့သော် အရွယ်အစား သို့မဟုတ် ချီးမွမ်းအပ်သောတရားရှိသည့်အရည်အချင်း တူညီပါက သတ်ဖြတ်ခြင်းကိုဖြစ်စေသည့် တိုက်ခိုက်မှုနှင့် ကိလေသာစိတ်ညစ်ညမ်းမှု လျော့နည်းလျှင် ထိုလုပ်ရပ်၏ အပြစ်ပိုနည်းပြီး ၎င်းတို့ ပြင်းထန်သည်နှင့်အမျှ အပြစ်ပိုကြီးပါသည်။ (ပထမသီလကျိုးပေါက်ရန်) သက်ရှိသတ္တဝါဖြစ်ခြင်း၊ သက်ရှိသတ္တဝါဟုအမှန်သိခြင်း၊ သတ်ရန်စိတ်ကူး၊ တိုက်ခိုက်မှုနှင့် တိုက်ခိုက်မှု၏ရလဒ်အဖြစ် သေဆုံးခြင်း ဟူသည့် အချက်(၅)ချက် ပါဝင်ပါသည်။ (M-a.I.198, အလားတူကြည့်ရန် Khp-a.28-9 and As.97; and Gethin 2004, 71-2 ကို ကြည့်ပါ)

ထို့နောက် သတ်ဖြတ်သူ၏ စိတ်အခြေအနေကို သတ်ဖြတ်မှုလုပ်ရပ်၏ အကုသိုလ် အတိုင်းအတာပမာဏနှင့် သတ်ဖြတ်ခြင်းလုပ်ဆောင်မှု၏ ပြင်းထန်မှုအပေါ် သက်ရောက်မှုအဖြစ် တွေ့မြင်ရသည်ကိုလည်း မှတ်သားရပါမည်။

တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ခြင်းထက် လူတစ်ဦးကိုသတ်ခြင်းက ပိုမိုဆိုးရွားသည်၊ သီလနည်းသူ ကို သတ်ခြင်းထက် သီလများသူကိုသတ်ခြင်းက ပိုမိုဆိုးရွားသည် ဆိုသည့်အချက်သည် တိရစ္ဆာန်တစ်ကောင်ကို ပေးကမ်းသော ကောင်းမှုထက် လူတစ်ဦးကို ပေးကမ်းသောဒါနကောင်းမှု၊ သီလနည်းသူအပေါ် ပြုသောကုသိုလ်ထက် သီလများသူအပေါ် ပြုသောကုသိုလ်က ပို၍ ကောင်းကျိုးပေးနိုင်ကြောင်း ဟောကြားထားသည့် သုတ္တန်၏ အယူအဆနှင့် ကြေးမုံပုံရိပ်အသွင် မြင်ရပါသည်။

မဇ္ဈိမနိကာယ၊ အတွဲ (၃)၊ စာမျက်နှာ (၂၅၅)လာ ဒက္ခိဏဝိဘင်္ဂသုတ္တန်တွင် သက်ရှိများ၏စာရင်းကို ထိုသူတို့အား ပေးကမ်းသည့်ဒါန၏အကျိုးပေးအလိုက် ဖော်ပြထားရာ - (က) တိရစ္ဆာန်တစ်ကောင်ကို ပြုသောဒါနသည် အဆတစ်ရာ (ကောင်းကျိုးချမ်းသာတို့ကို)ပေးသည်၊ (ခ) လူသာမန်(ပုထုဇ္ဇန)[12] ဒုဿီလ(သီလမရှိသူ)ကို ပြုသော ဒါနသည် အဆတစ်ထောင် ကောင်းကျိုးချမ်းသာတို့ကိုပေးသည်၊ သီလစင်ကြယ်သော လူသာမန်ကို ပြုသော ဒါနသည် အဆ တစ်သိန်း ကောင်းကျိုးချမ်းသာတို့ကိုပေးသည်၊ ဗုဒ္ဓဘာသာဝင်မဟုတ်သော်လည်း ကာမဂုဏ်အာရုံများမှ လွတ်ကင်းသူကို ပြုသော ဒါနသည် အဆကုဋေတစ်သိန်း ကောင်းကျိုးချမ်းသာတို့ကို ပေးသည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် ကျင့်ကြံ၍ သောတာပန်တည်သူကို ပြုသောဒါနသည် မတိုင်းတာမရေတွက်နိုင်လောက်သည့် ကောင်းကျိုးချမ်းသာများရရှိပြီး သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာပုဂ္ဂိုလ်များကို ပြုသောဒါနသည် ထို့ထက်မကပင် ပိုမိုများပြားပါသည်။ ဆိုလိုသည်မှာ ထိုပုဂ္ဂိုလ်အမျိုးမျိုးတို့အား ထိခိုက်နစ်နာစေရန်အန္တရာယ်ပြုခြင်း၏ အကုသိုလ်အကျိုးပေးကံမှာလည်း ဤအတိုင်းအတာအတိုင်းပင် ကွဲပြားနိုင်ပါသည်။

စင်စစ်အားဖြင့် ဤအယူအဆကို ဝိဘင်္ဂအဋ္ဌကထာတွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ (Vibh-a.382-383) ဝိဘင်္ဂအဋ္ဌကထာတွင် တိရိစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ခြင်း၏အပြစ်သည် ၎င်းတို့၏ အရွယ်အစားပေါ်တွင် မူတည်ကာ ပိုရှ်တိုးကြောင်းကို ငယ်သောပုရွက်ဆိတ်၊ ကြီးသောပုရွက်ဆိတ်၊ သေးသောငှက်၊ ကြီးမားသောငှက် ဂဠုန်၊ ဖွတ်၊ ယုန်၊ သမင်၊ နွားထီး၊ မြင်းနှင့် ဆင်တို့ကို ဥပမာပေး၍ ဖော်ပြထားပါသည်။ လူကိုသတ်လျှင် ပိုဆိုးကြောင်း ထပ်မံ ပြဆိုထားပြီး အပြစ်အသေးအကြီးကို အသတ်ခံရသူအမျိုးအစားအလိုက် အစဉ်အတိုင်း ဖော်ပြထားရာ သီလမရှိသူ(ဒုဿီလ)၊ ကျွဲနွားကဲ့သို့ကျင့်သူ(ဂေါရူပ-သီလက)၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ယုံကြည်သူ၊ ငါးပါးသီလစောင့်ထိန်းသူ၊ သာမဏေ၊ သာမန်(ပုထုဇ္ဇန)ရဟန်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်နှင့် ရဟန္တာတို့ ဖြစ်ပါသည်။ ကျွဲနွားကဲ့သို့ကျင့်သူ (ဂေါရူပ-သီလက)ကို ဋီကာကျမ်းတွင် ပင်ကိုယ်အားဖြင့် ကောင်းမွန်သူ(ပကတိ-ဘဒ္ဒေါ)ဟု ဆိုထားပါသည်။ ဖြစ်နိုင်သည်မှာ ထိုသူ၏ နုံအသော၊ ထုံထိုင်းသော နေ့စဉ်ဘဝ ဖြတ်သန်းမှုကြောင့် သီလစောင့်သူဖြစ်လာသူဟူ၍ အဓိပ္ပာယ်ယူနိုင်ပါသည်။ ဆိုခဲ့သည့် အကြောင်းအရာနှင့် ပတ်သက်ပြီး ဆယ့်နှစ်ရာစုတွင် အာနန္ဒမထေရ်ရေးသားခဲ့သော ဥပသကာ-ဇနာလင်္ကာရကျမ်း (Upj.206) တွင် 'သို့သော် မည်သည့်သက်ရှိသတ္တဝါကိုမဆို သတ်ဖြတ်ခြင်း(အမျိုးအစား)အားလုံးသည် ကြီးမားသောပြစ်မှုကို ဖြစ်စေပါသည် (ပါဏာတိ ပါတောပိ မဟာ-သာဝဇ္ဇော ဝ)' ဟု ဖြည့်စွက်ကာ ထပ်တူဖော်ပြထားပါသည်။ ထိုကျမ်းစာက ခွေးတစ်ကောင်ကို ရေနှစ်သတ်ဖြတ်သောကြောင့် ငရဲသို့ကျရောက်ရသည့် အမျိုးသမီးတစ်ဦး၏ဇာတ်လမ်း(Dhp-a.III.41-42)ကို ကိုးကားထားပါသည်။ (Upj.209)

ထို့ကြောင့် တိရိစ္ဆာန်များကိုသတ်ဖြတ်ခြင်းမှရှောင်ကြဉ်နိုင်သည့်အခြေအနေမျိုးတွင် မသတ်ဘဲရှောင်ကြဉ်ခြင်းသည် လျော်ကန်မှုရှိသည်နှင့်တပြိုင်နက်တည်းမှာပင် စစ်ပွဲအခြေအနေတွင် လူများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် သို့မဟုတ် အနည်းဆုံးတော့ သတ်ဖြတ်ခြင်းကို နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန်သည် ပို၍ပင် အရေးကြီးပါသည်။ မိမိရန်သူများ၏ သီလအဆင့်အတန်းကို သိရှိရန် ခက်ခဲသော်လည်း မည်သည့်လူ့အဖွဲ့အစည်း၌ မဆို သီလကောင်းသူများ ပါဝင်မည်မှာ သေချာပေသည်။ ထိုသူတို့ကို သတ်ဖြတ်ရန် ပိုဆိုးသွားနိုင်သည့်အတွက် လူတစ်ဦး သီလပိုရှိသည်ကို တစ်စုံတစ်ဦးအနေဖြင့် သိရန်မလိုအပ် ဟု ထေရဝါဒက အနည်းဆုံး ယူဆပါသည်။ (သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထိုကံ၏အကျိုးဆက်ကို မုချပြန်လည်ခံစားရမည်ဖြစ်သည့်အတွက်) (မှတ်ချက် ၁၁ ကို ကြည့်ပါ။) ယနေ့ခေတ် ဖေ့စ်ဘွတ်ခ်(Facebook)ကဲ့သို့သော မီဒီယာများ၏အကူအညီဖြင့် ရန်သူ အသိုင်းအဝိုင်းအကြောင်း 'မကောင်းသတင်း' ကို သွေးကွဲစေသော မဟုတ်မမှန် အပုပ်ချခြင်းများနှင့် ဝါဒဖြန့်ခြင်း ပုံစံများဖြင့် မမှန်စကားများကို တစ်ဦးတစ်ယောက်အား အယုံသွင်းမည်ဆိုလျှင် ယင်းသည် ကြောင်းကျိုးဆီလျော်မှု မရှိချေ။ အခြားသူများအားကူညီရန် ရည်စူးထားသော ဆေးဝန်ထမ်းများထဲတွင် အကျင့်သီလ ပိုကောင်းသူများကို အသေအချာတွေ့နိုင်သော်လည်း တိုက်ပွဲဝင်စစ်သည်များမှာ အကျင့်ကောင်းမဟုတ်သော သတ်ဖြတ်ခြင်းများနှင့် ဆက်နွှယ်နေသူများ ဖြစ်သောကြောင့် သီလအရာတွင် နည်းပါးပါသည်။ ယေဘုယျအားဖြင့် ကလေးများသည် အရွယ်ရောက်ပြီးသူ လူကြီးများထက် ပို၍ အပြစ်ကင်းပါသည်။ အကာအကွယ်မဲ့သူများအပေါ် အကြမ်းဖက်ခြင်းသည် အထူးတလည် ဆိုးဝါးကြောင်း ညွှန်ပြသော ဂါထာများမှာ -

> အကြမ်းမဖက်သည့် အပြစ်မဲ့သူများအား အကြမ်းဖက်ခြင်ဖြင့် ထိခိုက်နစ်နာအောင် ပြုလုပ်သူမှာ အောက်ပါအခြေအနေ ဆယ်မျိုးမှ တစ်မျိုးမျိုးနှင့် သိပ် မကြာခင် အမုန်တကယ် ကြုံတွေ့ရမည် ဖြစ်ပါသည်။ ယင်းတို့မှာ ပြင်းထန်စွာနာကျင်မှု၊ သို့မဟုတ် သဘာဝဘေးအန္တရာယ်၊ ကိုယ်ခန္ဓာ ထိခိုက်ဒဏ်ရာရမှု၊ ပြင်းထန်သောအနာရောဂါ၊ သို့မဟုတ် စိတ်ဖောက်ပြန်ရူးသွပ်ပုံ့လွင့်ခြင်း၊ မင်းဘေးသင့်ခြင်း၊ သို့မဟုတ် အပြင်းအထန်စွပ်စွဲခံရခြင်းများ၊ ဆွေမျိုးများပျက်စီးခြင်း၊ သို့မဟုတ် စီးပွားပျက်ခြင်း၊ အိုးအိမ်များမီးလောင်ပျက်စီးခြင်းနှင့် ခန္ဓာကိုယ်ပျက်စီးသေဆုံးချိန်တွင် ထိုဉာဏ် ပညာကင်းမဲ့သောမိုက်မဲသူသည် ငရဲ၌မွေးဖွားရခြင်း တို့ ဖြစ်၏ (Dhp.137-140)။

ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသောသူများနှင့်ပတ်သက်၍ ဗုဒ္ဓက 'ငါဘုရားအား စောင့်ရှောက်ရန်ဆန္ဒရှိသူ မည်သူမဆို နာမကျန်းသူများကို စောင့်ရှောက်သင့်သည်' ဟု မိန့်တော်မူ၏။ (Vin.I.301)

ထိုသီလအဆင့်အတန်းများအပြင် လူသားတို့၏ ဆက်စပ်ပတ်သက်မှုနှင့် အကြင်နာတရားရောင်ပြန်ဟပ်ခြင်း ရှုထောင့်လည်း ရှိပါသည်။ လူမျိုး၊ မျိုးနွယ်စု၊ ယဉ်ကျေးမှုနှင့်/သို့မဟုတ် ကိုးကွယ်ရာဘာသာ မတူညီသူများကို အခြားသူ သို့မဟုတ် လူစိမ်း အနေဖြင့် ရှုမြင်နိုင်သော်လည်း ဗုဒ္ဓဘာသာ၏အဆုံးအမတရားတော် များအရ

ကျွန်ုပ်တို့အားလုံးတွင် မရေတွက်နိုင်သော အတိတ်ဘဝများစွာ ရှိခဲ့သည့်အတွက် အတိတ်ဘဝအချို့တွင် နီးစပ်စွာဆွေမျိုးမတော်ခဲ့သော၊ မိတ်ဆွေမဖြစ်ခဲ့သော၊ မိမိအပေါ် အလွန်ကောင်းသူ မဖြစ်ခဲ့သော လူတစ်ယောက် သို့မဟုတ် တိရိစ္ဆာန်တစ်ကောင်ကို ရှာဖွေရန် ခက်ခဲပါသည်။ (S.II.189-190) ထို့ပြင် လူတစ်ဦးသည် နောင်ဘဝတွင် ၎င်းက လက်ရှိ တိုက်ခိုက်နေသော တစ်ဖက်အုပ်စုတွင် ပြန်လည်မွေးဖွားနိုင်ပေသေးသည်။

IHL ၌ အကျင့်သီလပိုကောင်းသူများကို သတ်ဖြတ်ခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းက ပိုဆိုးသည် ဟူသော အကိုးအကား မရှိသော်လည်း ဒဏ်ရာရသူများ သို့မဟုတ် ဖမ်းဆီးထားသည့် တိုက်ပွဲဝင်စစ်သည်များ၊ ဆေးဝန်ထမ်းများ သို့မဟုတ် တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော အရပ်သားများအား ပစ်မှတ်ထားခြင်းကို IHL ၏ စည်းမျဉ်းများက လက်မခံပေ။ သန့်စွမ်းသူများ၊ လက်နက်ချအညံ့မခံသော ရန်သူတိုက်ပွဲဝင်စစ်သည်များနှင့် တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်နေသော အရပ်သားများအား ပစ်မှတ်ထားခြင်းကို ပိတ်ပင်ခြင်းမရှိ သို့မဟုတ် အနည်းဆုံး ချိန်ညှိပေးပါသည်။[13] အထက်တွင်ဖော်ပြခဲ့သော ပထမအုပ်စုတွင်ပါဝင်သူများကို သတ်ဖြတ်ခြင်းနှင့် မသန်မစွမ်းဖြစ်စေခြင်းသည် ဒုတိယအုပ်စုတွင်ပါဝင်သူများကို သတ်ဖြတ်ခြင်းနှင့် မသန်မစွမ်းဖြစ်စေခြင်းထက် ပိုမိုဆိုးရွားမှုအဖြစ် IHL က ရှုမြင်သည်ဆိုသည့်အချက်ကို ဆိုလိုကြောင်း တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် ရံဖန်ရံခါ မတူကွဲပြားသောမူများပေါ်အခြေခံပြီး လွယ်ကူအောင်ချိတ်ဆက်ထားသော်လည်း ဗုဒ္ဓဘာသာ၏ အလေးထားမှုများ သည် IHL ၏ ခွဲခြားခြင်း (distinction) မူနှင့် ကိုက်ညီနေပုံရပါသည်။

## တိုက်ပွဲအခြေအနေတွင် အခြားသူများနှင့် မိမိကိုယ်တိုင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေခြင်း

လက်နက်ကိုင်ပဋိပက္ခအတွင်း တိုက်ပွဲဝင်စစ်သည်တစ်ဦးအတွက် ဗုဒ္ဓဘာသာ၏ ပထမသီလသိက္ခာပုဒ်ကို ချိုးဖောက်မှုအချို့ ဖြစ်နိုင်ခြေ ရှိပါသည်။ သို့သော်ငြားလည်း ဤသီလသိက္ခာပုဒ်နှင့် ကိုက်ညီအောင် တတ်နိုင်သမျှ နှင့် ဖြစ်နိုင်သမျှ မကြာခဏဆိုသလို နေသင့်ပါသည်။ ယင်းသည် IHL ၏ စည်းမျဉ်းများဖြစ်သော စစ်ရေးဆိုင်ရာလိုအပ်ချက် - လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့များသည် 'ပဋိပက္ခ၏ တရားဝင် ရည်မှန်းချက်ကို ရရှိရန်အတွက် လိုအပ်သော အင်အား အတိုင်းအတာနှင့် အမျိုးအစား' ကိုသာ အသုံးပြုနိုင်သည်၊[14] အချိုးအစားညီမျှခြင်း - 'ကြိုတင်မျှော်မှန်းထားသော စစ်ရေးအသာစီးရမှုနှင့်နှိုင်းစာလျှင် အရပ်သားဆုံးရှုံးမှုများ သည် အလွန်အကျွံမဖြစ်ရန် မျှော်မှန်းထား [ပထမအကြိမ် သုံးသပ်ပြီး] မှသာလျှင် စစ်ရေးဆိုင်ရာရည်မှန်းချက်ကို တိုက်ခိုက်နိုင်သည်'[15] နှင့် ကြိုတင်သတိထားခြင်းများ - 'လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့သည် စစ်ဆင်ရေးများကိုပြုလုပ်ရာတွင် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများအား တိုက်ခိုက်ခြင်းမပြုရန် အမြဲတမ်း သတိထားရမည်' တို့နှင့်အညီ ဖြစ်ပါသည်။[16] ယင်းသည် (၁) ဖြစ်ပေါ်သည့် သေဆုံးမှုနှင့် ထိခိုက်မှုတို့ကို အနည်းဆုံးဖြစ်စေပြီး (၂) တိုက်ပွဲဝင်စစ်သည်၏ သီလချိုးဖောက်မှုအတွက် အကုသိုလ် ကံကို အနည်းဆုံး ဖြစ်စေ သည်ဟု အဓိပ္ပါယ်သက်ရောက်ပါလိမ့်မည်။

ဗုဒ္ဓဘာသာ၏ကျင့်ဝတ်သီလများသည် အခြားသူများအား ရည်ရွယ်၍ထိခိုက်စေရန်လုပ်ဆောင်ခြင်းကို ထိုလုပ်ဆောင်မှုကံ၏အကျိုးပေးရလဒ်အားဖြင့် ထိုလုပ်ဆောင်သူကိုယ်တိုင်ထံသို့ ထိခိုက်မှုကို သယ်ဆောင်ခြင်းဟု မြင်ပါသည်။ ထို့ကြောင့် ကာယကံအမှုမပြုခင်(ပြုဆဲနှင့် ပြုပြီးသည့်အခါများတွင်လည်း) အလေးအနက်ထား၍ စဉ်းစားဆင်ခြင်သင့်သည်ဟု ဆိုပါသည် -

> ကျွန်ုပ်ပြုလုပ်လိုသော ကာယကံမြောက်လုပ်ဆောင်မှုသည် ကျွန်ုပ်ကိုယ်တိုင်ကို ဒုက္ခဖြစ်စေမည် လား (-အတ္တဗျာဗာဓါယ) သို့မဟုတ် အခြားသူများကို ဒုက္ခဖြစ်စေမည်လား သို့မဟုတ် ကျွန်ုပ်ကို ရော အခြားသူများကိုပါ ဒုက္ခဖြစ်စေမည်လား။ နောက်ဆက်တွဲ ဒုက္ခဆင်းရဲ(ဒုက္ခုဒြယ-) ဖြစ်စေ မည့် မကောင်းသော ကာယကံမြောက်လုပ်ဆောင်မှုလား။ ဝိပါက်အကျိုးဆက်(ဒုက္ခဝိပါက-) ဖြစ်စေမည့် မကောင်းသော ကာယကံမြောက်လုပ်ဆောင်မှုလား။ (အမ္ဗလဋ္ဌိက ရာဟုလောဝါဒ သုတ် - Ambalaṭṭhikārāhulovāda Sutta, M.I.415)။

ဤသို့ဆင်ခြင်ပြီးလျှင် ထိုသို့သောလုပ်ဆောင်မှုသည် အခြားသူများအား ကိုယ်နှင့်စိတ်ကို ထိခိုက်နာကျင်စေသော ကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်၏ စိတ်ဓာတ်ရေးရာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေသောကြောင့် လည်းကောင်း ရှောင်ကြဉ်ရမည့် လုပ်ဆောင်မှုမျိုး ဖြစ်ပါသည်။

ထို့ကြောင့် သတိရှိခြင်းသည် မိမိကိုယ်ကို မှန်မှန်ကန်ကန်စောင့်ရှောက်ခြင်းနည်းလမ်းဖြင့် အခြားသူများအား စောင့်ရှောက်ခြင်းများကိုလည်း အထောက်အကူပြုသည်ဟု ဆိုပါသည်။ မိမိသန္တာန်၌ သူတော်ကောင်းစိတ်ကို မွေးမြူခြင်းသည် အခြားသူများအပေါ် စိတ်ရှည်သည်းခံခြင်း၊ အန္တရာယ်မပြုခြင်း၊ သနားကြင်နာခြင်းနှင့် ကရုဏာထားခြင်းတို့ဖြင့် မိမိက အခြားသူများကို ပိုမိုကောင်းမွန်စွာဆက်ဆံသည့်အချက်ဖြစ်ပြီး၊ ဤနည်းလမ်းသည် ထိုသူများကို တိုက်ရိုက်အကျိုးရှိစေသည့်နည်းတူ မိမိကိုယ်တိုင်အတွက်လည်း အကျိုးများစေသည့်အချက်ဖြစ်သည်ဟု ဆိုလိုပါသည်။ (S.V.169)

IHL မူများဆိုင်ရာ အသိပညာဗဟုသုတနှင့် သတိရှိမှုတို့အပြင် သက်ဆိုင်ရာလက်နက်ကိုင်တပ်ဖွဲ့အတွင်း ယင်းတို့ကို အလေးထားမှုတို့သည် အခြားသူတို့အပေါ် ထိခိုက်နစ်နာမှုကိုလျှော့နည်းစေခြင်းနှင့်ပတ်သက်၍ ပဓာနကျပါလိမ့်မည်။ သို့သော် ဗုဒ္ဓဘာသာဝင်စစ်သည်တို့၏ လက်တွေ့လုပ်ဆောင်သည့်အပြုအမူအပေါ် IHL စံနှုန်းများ၏ သက်ရောက်မှုအတိုင်းအတာကို ၎င်းတို့၏စိတ်တွင် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလစံနှုန်းများ စွဲမြဲနေမှုနှင့် (လိုက်နာမည်ဟူသော)သန္နိဋ္ဌာန်အားဖြင့် ပိုမိုအားကောင်းလာစေရန်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ပြီး သီလကျိုးပေါက်သည့်အတိုင်းအတာအလျှောက် အကုသိုလ်ကံ အကျိုးပေးသည်လည်း ကြီးမားလာမည် ဖြစ်ပါသည်။ ထိုကျင့်ဝတ်တန်ဖိုးများနှင့် စံနှုန်းများကို သတိပြုလိုက်နာခြင်းသည် တစ်ဦးချင်းစီ၏ အလေ့အကျင့်ဖြစ်လာသည့်အခါ ထိုသူတို့ကို နမူနာယူ၍ အခြားသူတို့သည်လည်း ပို၍ကောင်းမွန်လာနိုင်မည်မှာ သေချာပါသည်။ ဤနေရာတွင် လူ့ဘောင်အတွင်းသွတ်သွင်းခြင်း၏အခန်းကဏ္ဍနှင့် သက်ဆိုင်လာပါသည်။ ICRC ၏ *စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ခြင်း၏ အရင်းခံအကြောင်းတရားများ* (၂၀၁၈၊ ၂၅) - *The Roots of Restraint in War* (2018,25) အစီရင်ခံစာက ဆိုထားသည့်အတိုင်း -

> ဤနေရာတွင် ကျွန်ုပ်တို့ စိတ်ဝင်စားသော ဖော်ထုတ်သတ်မှတ်ထားသည့် လူ့ဘောင်အတွင်းသွတ်သွင်းခြင်း သုံးမျိုး ရှိပါသည်။ ပထမတစ်ခု(အမျိုးအစား သုည)တွင် စံနှုန်းများကို နှလုံးသွင်းလက်ခံကျင့်သုံးခြင်းမဟုတ်ဘဲ ဒဏ်ပေး သို့မဟုတ် ဆုပေး နည်းလမ်း အသုံးပြုမှုကြောင့် ယာယီစံနှုန်းအဖြစ်သာ လက်ခံခြင်း ပါဝင်ပါသည်။ ကျန်အမျိုးအစားနှစ်ခုတွင် မတူညီသော နှလုံးသွင်းလိုက်နာကျင့်သုံးမှု အတိုင်းအတာများ ပါဝင်ရာ အုပ်စုမျှော်မှန်းချက်များနှင့် အမူအကျင့်များကို ကိုက်ညီစေရန် စံနှုန်းတစ်ခုကို လေ့လာခြင်းနှင့် လိုက်နာခြင်း (အမျိုးအစား တစ်)နှင့် 'မှန်တာကို လုပ်ရန်' ဟူသော တစ်ဦးချင်းစီ၏ ကိုယ်ပိုင်လက္ခဏာ တစ်စိတ်တစ်ပိုင်း ဖြစ်လာစေရန် ထိုစံနှုန်းကို အပြည့်အဝ နှလုံးသွင်းလိုက်နာကျင့်သုံးမှု (အမျိုးအစား နှစ်)တို့ ဖြစ်ကြပါသည်။

ဤစာအုပ်ပါ အသင်္ဃ တီလခရတ်နေ (Asanga Tilakaratne) ၏ ဆောင်းပါးတွင် အဓိက အလေးပေး ဆွေးနွေးထားချက်ကို ဤနေရာတွင် ပြန်လည်သုံးသပ်သင့်ပါသည်။ ရဟန်းသံဃာနှင့် နိဗ္ဗာန်ရကြောင်း ကျင့်ကြံနေသောသာမန်လူပုဂ္ဂိုလ်တို့၏ ကျင့်ဝတ် သီလပိုင်းတွင် မည်သို့သော အကြမ်းဖက်ခြင်းမျိုးနှင့် သတ်ဖြတ်ခြင်းမျိုးအတွက်မျှ နေရာမရှိသော်လည်း ပြန်လည်မွေးဖွားခြင်းနယ်ပယ်ပေါ်အခြေခံသည့် သံသရာအတွင်း ပိုမိုချမ်းသာပျော်ရွှင်သော အခြေအနေကို ရှာဖွေကြသည့် ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်အများစု၏ ကျင့်ဝတ်သီလပိုင်းတွင် အကန့်အသတ်ရှိသောအကြမ်းဖက်မှုမျိုးအတွက် နေရာအချို့ရှိကြောင်း ၎င်းက ထောက်ပြထားပါသည်။ အမှန်စင်စစ် နောင်သံသရာတွင် ပိုမိုချမ်းသာပျော်ရွှင်ရမှုအပေါ် အလေးထားသည့် ဗုဒ္ဓဘာသာဝင်တစ်ဦး၌ IHL မူများကို ချိုးဖောက်ခြင်းတွင်ပါဝင်သည့် မကောင်းသောလုပ်ဆောင်မှုများသည် အကုသိုလ်ကံအကျိုးပေးကို သယ်ဆောင်လာမည် ဖြစ်သောကြောင့် ထိုမကောင်းသောလုပ်ဆောင်မှုများကို လုပ်ဆောင်ခြင်းမှရှောင်ကြဉ်ရန် ပြင်းပြသောစေ့ဆော်မှု ရှိပါသည်။ IHL မူများကို ချိုးဖောက်သည့် လုပ်ဆောင်မှုအမျိုးအစားများသည် မလိမ်မာသော/အပြစ်နှင့်တကွဖြစ်သော (အကုသလ)နှင့် 'အပြစ်ဖြစ်သော'(အပုည)၊ ယုတ်မာသော(ပါပ) လုပ်ဆောင်မှုများ ဖြစ်ပါသည်။

'ချီးမွမ်းထိုက်သော' (ပုည) လုပ်ဆောင်မှုများသည် များသောအားဖြင့် အကုသလ/ မကျွမ်းကျင်မလိမ္မာသော/ မကောင်းသော အကုသိုလ်ဖြစ်သည်ဟူသော Tilakaratne ၏အဆိုကို ကျွန်ုပ်အနေဖြင့် သဘောမတူသော်လည်း အချို့ ချီးမွမ်းထိုက်သော ပုညကုသိုလ်ကောင်းမှုကိုလုပ်ဆောင်ရန်ကြိုးစားရာ၌ လူတို့ ဆုပ်ကိုင်ထားနိုင်သော သဘောထားတွင် အကုသိုလ် (အကုသလ) အရိပ်အယောင်များ ပါရှိနိုင်သည်ကို အသိအမှတ်ပြုပါသည်။ ဥပမာအားဖြင့် 'ငါသည် ဤလုပ်ရပ်၏ကောင်းမှုကုသိုလ်ကံအကျိုးရလဒ်ကို ရရှိခံစားနိုင်ရန် ဤဒါနအလှူကို ငါပေးမည်'။ သို့သော် ကုသိုလ်ကောင်းမှုပြုရာတွင် စိတ်စေတနာအားနည်းပါက အထင်နှင့်ခြားနားစွာ ကုသိုလ်ကံအကျိုးပေး

လည်း အားနည်းတတ်ပါသည်။ (A.IV.60-63; Harvey 2000, 19-21) အလားတူပင် IHL ကို ချိုးဖောက်သည့် မကောင်းသောလုပ်ရပ်ကို ကရုဏာတရားအခြေခံကာ ရှောင်ကြဉ်ခြင်းသည် အကုသိုလ်၏မကောင်းကျိုးရလဒ်ကို သာမန်အားဖြင့် ရှောင်ရှားရန် မကောင်းမှုကို မပြုခြင်းထက် ပိုအားကောင်းသည့် စေ့ဆော်မှုတစ်ခု ဖြစ်ပါသည်။ သို့သော် ထိုစေ့ဆော်မှုသည် ဗုဒ္ဓဒေသနာတော်များနှင့် ဇာကန်မုချ များစွာ သက်ဆိုင်နေသည့် စိတ်ပိုင်းဆိုင်ရာ စေ့ဆော်တွန်းအားပေးသော အခြေခံအကြောင်းရင်းတစ်ခု ဖြစ်ပါသည်။

## ရန်သူ သေဆုံးမှုနှင့် ဒဏ်ရာရမှုကို အနည်းဆုံးဖြစ်စေခြင်း

ဒဏ်ရာရရန်သူကို သတ်ဖြတ်သည့်အခိုက် သို့မဟုတ် နှိပ်စက်သည့်အခိုက် သို့မဟုတ် ၎င်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထောက်ခံကူညီသည့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို ထိခိုက်အောင်ပြုလုပ်သည့်အခိုက် ကဲ့သို့သော အခြေအနေတွင် ဒေါသနှင့် အကြောက်တရားတို့သည် တိုက်ပွဲဝင်စစ်သည်တစ်ဦးကို လိုသည်ထက်ပို၍ သေစေလောက်သော အင်အားကို အသုံးပြုစေနိုင်သည့် အဓိက စိတ်ခံစားမှုအခြေအနေများ ဖြစ်ပါသည်။ ဤနေရာတွင် ဗုဒ္ဓဘာသာကျင့်စဉ်များက ပိုမိုကောင်းမွန်အောင်မြှင့်တင်ပေးသည့် စိတ်တည်ငြိမ်မှုနှင့် စိတ်ပိုင်းဆိုင်ရာ စည်းကမ်းစောင့်ထိန်းမှုသည် အကျိုးရှိသောအခန်းကဏ္ဍ ဖြစ်နိုင်ပါသည်။ ဗုဒ္ဓဘာသာသည် အမျက်ဒေါသနှင့် အမုန်းတရားကို လွန်စွာကဲ့ရဲ့ပြီး ဗုဒ္ဓဃောသ၏ 'ထိုတိုက်ခိုက်မှုနှင့် စိတ်ညစ်ညမ်းမှုကိလေသာအားတို့ မပြင်းထန်သောကြောင့် ထိုလုပ်ရပ်၏အပြစ်ပိုပေါ့ပြီး ယင်းတို့၏ပြင်းထန်မှုကြောင့် အပြစ်ပိုကြီးသည်' ဟူသောအဆိုကို ကျွန်ုပ်တို့ အထက်၌ တွေ့မြင်ပြီး ဖြစ်ပါသည်။

ပိုမိုသတိရှိခြင်းသည် မိမိစိတ်ခံစားမှုများ၏ သွေးဆောင်ရာသို့ လိုက်ပါခြင်းမရှိဘဲ မိမိကိုယ်ကိုစောင့်ထိန်းမှုအား အထောက်အကူပြုသည့်အပြင် နိုးကြားမှုနှင့် အာရုံစူးစိုက်မှုတို့ကိုလည်း ကူညီပေးပါသည်။ ညံ့ဖျင်းသော ထောက်လှမ်းရေးသတင်းများ သို့မဟုတ် တဖောက်ကန်းဆန်လွန်းခြင်းတို့အပေါ် အားကိုးအားထားပြုလိုသောဆန္ဒကြောင့် ပေါ်ပေါက်လာနိုင်သည့် ပစ်မှတ်ထားရာတွင် မဆင်မခြင်အလေးမထားမှုမှတဆင့် တိုက်ပွဲဝင်စစ်သည် မဟုတ်သူများအား ဆက်စပ်ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားရာတွင် သို့မဟုတ် လျှော့နည်းအောင်ပြုလုပ်ရာတွင် ဤအရည်အသွေးများသည် အထောက်အကူဖြစ်နိုင်ပါသည်။ အာရုံစူးစိုက်မှုကောင်းမွန်ခြင်းသည် တိကျသော ပစ်မှတ်ထားခြင်းကို ထောက်ကူနိုင်သော်လည်း သတ်ဖြတ်ရန် သို့မဟုတ် ဒဏ်ရာရစေရန် ရည်ရွယ်၍ လက်နက်ဖြင့် ပစ်ခတ်နေစဉ်အတွင်း သတိမရှိဘဲ လွဲမှားသော အာရုံစူးစိုက်မှုသာ[17] ဖြစ်ပေလိမ့်မည်။ တချိန်တည်းတွင် သတိရှိခြင်းသည် IHL စံနှုန်းများကို နှလုံးသွင်းထားရာတွင်နှင့် အချို့သော လူများကို ပစ်မှတ်မထားသင့်ဆိုသည့်အချက်တို့တွင် အထောက်အကူဖြစ်နိုင်ပါသည်။

စိတ်နိုးကြားသတိရှိခြင်းသည် နှစ်ဘက်လုံးတွင် အသေအပျောက်အနည်းဆုံးဖြင့် စစ်ရေးဆိုင်ရာရည်မှန်းချက်ကို ရရှိရေးအတွက် လိမ္မာပါးနပ်သောဗျူဟာများကို ကြံစည်တွေးတောနိုင်သည့် အကျိုးကျေးဇူးကိုလည်း ဆောင်ကြဉ်းပေးနိုင်ပါသည်။ (မဟာ)ဥမ္မဂ္ဂဇာတ်တော်[18]တွင် အတိတ်ဘဝတစ်ခု၌ ဘုရားလောင်းသည် ဘုရင့်အကြံပေးအဖြစ် သူလျှိုများ၊ အတတ်ပညာသုံးလက်နက်များနှင့် လှည့်စားမှုပရိယာယ်များကိုပင် အသုံးပြုခြင်းဖြင့် ဖြစ်ပွားအံ့ဆဲဆဲ လက်နက်ကိုင်ပဋိပက္ခကို ရှောင်ရှားစေခဲ့ပါသည်။

## တိုက်ပွဲဝင်စစ်သည်များကိုယ်တိုင်အပေါ် ကျရောက်မည့် မကောင်းမှုကံများကို အနည်းဆုံးဖြစ်စေခြင်း

တိုက်ပွဲဝင်စစ်သည်များကိုယ်တိုင်အပေါ် ကျရောက်မည့် မကောင်းမှုကံများကိုအနည်းဆုံးဖြစ်စေခြင်းနှင့်စပ်လျဉ်း၍ အပေါင်းပါဖြစ်သောစိတ်အခြေအနေသည် အမျက်ဒေါသ၊ အမုန်းတရားတို့ကဲ့သို့ အပြစ်နှင့်တကွဖြစ်သော၊ အပြစ်ဖြစ်သော(အပုညာ) အရည်အသွေးများဖြစ်သည့် အကုသိုလ်စေတသိက်တရားတို့ကို အနည်းဆုံးဖြစ်စေရန်ကဲ့သို့ ဖြစ်သင့်ပါသည်။ သူ့အသက်သတ်ခြင်းကဲ့သို့သော လုပ်ရပ်တစ်ခုမှ ပေါ်ထွက်လာသည့် မကောင်းမှုကံအကျိုးပေးသည် ကိုယ်ကျင့်သီလနှင့် စိတ်ပိုင်းဆိုင်ရာထိန်းသိမ်းမှု အဘက်ဘက်က ကောင်းမွန်သူတစ်ဦးအတွက် ထိုသို့ ကောင်းမွန်ခြင်း မရှိသူတစ်ဦးထက် ပိုမိုသက်သာသည်ဟုလည်း ဆိုပါသည်။ အင်္ဂုတ္တရနိကာယ၊ အတွဲ ၁၊ စာမျက်နှာ ၂၄၉-၂၅၁(ဆားတစ်ခဲသုတ္တန်)၌ ဗုဒ္ဓက အနည်းငယ်သောဆားကို ရေတစ်ခွက်အတွင်းသို့ထည့်ပါက သောက်မရသကဲ့သို့ ကာယဘာဝနာ[19]ကိုလည်း မပွားများ၊ သီလကိုလည်း မပွားများ၊ စိတ်ကိုလည်း မပွားများ၊ ပညာကိုလည်း မပွားများသောသူအတွက် ထိုသူပြုအပ်သော အနည်းငယ်မျှဖြစ်သော မကောင်းမှုကံသည် ထိုသူကို ငရဲသို့ရောက်

စေနိုင်သည်ဟု မိန့်တော်မူပါသည်။ အနည်းငယ်သောဆားသည် ဂင်္ဂါမြစ်ရေကို သောက်မရအောင် မလုပ်နိုင်သကဲ့သို့ တူညီသောလုပ်ရပ်သည် ကာယဘာဝနာကိုလည်း ပွားများ၊ သီလကိုလည်း ပွားများ၊ စိတ်ကိုလည်း ပွားများ၊ ပညာကိုလည်း ပွားများသောသူအတွက် မျက်မှောက်ဘဝတွင် မကောင်းမှုကံ အကျိုးပေး အနည်းငယ်မျှကိုသာ ဖြစ်စေပြီး နောင်ဘဝတွင် မည်သည့် အကျိုးပေးမျှ မရှိပေ။ စိတ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးပြည့်စုံနေသူတွင် သေးငယ်သော သီလကျိုးပေါက်မှုသည် ၎င်း၏ ပွားများထားသည့် စိတ်အရည်သွေးကောင်းများကြောင့် အားပျော့သွားပြီး အားနည်းသောအကျိုးပေးသာဖြစ်နိုင်မည်ဟု ဤအချက်က ဆိုလိုပုံပေါ်ပါသည်။ ဤနေရာတွင် 'နည်းပါးသေးသိမ်သော အကျင့်ရှိသူ'(ပရိတ္တ အပ္ပါတုမော)ဟု ဖော်ပြထားသော စိတ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးမှုမရှိသူအတွက် တူညီသောလုပ်ရပ်တွင် ပိုမိုကြီးမားသောအကျိုးသက်ရောက်မှုရှိပြီး '၎င်းသည် ဆင်းရဲဒုက္ခတွင်း၌ ဝဲလည်နေပါမည်'။ ယင်းသို့ ပွားများခြင်းသည် လူတစ်ဦး၏စရိုက်လက္ခဏာကို 'ပိုမိုကောင်းမွန်စေပြီး' ရှင်းအောင်ဆိုရလျှင် အခြား ယင်းသို့သော ပွဲတင်ရိုက်ခတ်မှုများနှင့်အတူ သဟဇာတလိုက်ဖက်မှုဖြင့် ထိုစရိုက်လက္ခဏာအတွင်း ပိုမိုကြီးမားအားကောင်းသော ပွဲတင်ရိုက်ခတ်မှုများကို ပျိုးထောင်နေခြင်း ဖြစ်ပါသည်။ သူတော်ကောင်းတစ်ယောက်သည် သူပြုခဲ့သည့် မကောင်း မှုအတွက် ဒုက္ခအနည်းငယ်သာ ခံစားရနိုင်သော်လည်း သူ၏လက်ရှိဘဝတွင် ကံအကျိုးပေး အများစု လာနေသော ကြောင့် ယခုအကျိုးပေးသည် ချက်ချင်း မပေါ်လွင်နိုင်ပေ။ ထိုလက်ရှိဘဝ အကျိုးပေးရလဒ်များတွင် နာကျင် စိတ်မချမ်းမြေ့စရာ နောင်တများ ပါကောင်းပါနေနိုင်ပါသည်။

ဤဆားတစ်ခဲသုတ္တန်ပါ စာပိုဒ်သည် စစ်ပွဲအတွင်း သတ်ဖြတ်ခြင်းကဲ့သို့မဟုတ်ဘဲ သေးငယ်သောမကောင်းမှုနှင့်သက်ဆိုင်သော်လည်း ကောင်းသောစရိုက်ရှိခြင်းသည် ယေဘုယျအားဖြင့် သီလချိုးဖေါက်မှုလုပ်ရပ်၏ ကံအကျိုးပေးကို လျော့နည်းစေသည့်အချက် ပါဝင်ပါသည်။ ထို့ကြောင့် မိမိတို့ပြုလုပ်သည့် မည်သို့သော သတ်ဖြတ်ခြင်း သို့မဟုတ် ဒဏ်ရာရစေခြင်းတို့၏ အကုသိုလ်ကံအကျိုးပေးများကို မပပျောက်စေသည့်တိုင် ထို (ဘာဝနာပွားများခြင်းဖြင့် ရရှိသော) အရည်အသွေးကောင်းများ၏ ကုသိုလ်ကံအားဖြင့် လျော့ပါးသွားစေရန် လက်နက်ကိုင် တပ်ဖွဲ့အတွင်းရှိနေသူတို့သည် ဤအရည်အသွေးများတွင် ကောင်းစွာဖွံ့ဖြိုးမှုရှိစေရေးကို ရည်မှန်းသင့်ပါသည်။ ထိုအရည်အသွေးကောင်းများကို စစ်မှုထမ်းဘဝ၏ အစိတ်အပိုင်းအနေဖြင့် အမှန်တကယ် ပျိုးထောင်နိုင်ပါသည်။ မည်သည့်ဘက်မှမဆို ဒဏ်ရာရထားသော တိုက်ပွဲဝင်စစ်သည်များနှင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအတွက် ပြုစုစောင့်ရှောက်မှုကို သေချာစေခြင်းနှင့် ၎င်းတို့အတွက် အစားအစာနှင့် ခိုလှုံစရာနေရာထိုင်ခင်း ရရှိမှုကို သေချာစေခြင်းကဲ့သို့သော IHL နှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက်များ မုချ ပါဝင်ပါသည်။ အခြား ယင်းသို့သော လုပ်ဆောင်ချက်များမှာ မျိုးနွယ်စုတစ်ခု၏အဖွဲ့ဝင်များက အခြားမျိုးနွယ်စုတစ်ခု၏အဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းကို ကာကွယ်တားဆီးခြင်း ပါဝင်နိုင်သည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၊ အုပ်စုတစ်ခုကို ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုအန္တရာယ်မှ အကာအကွယ်ပေးရန်နှင့် အခြားသူများအား ၎င်းတို့ကို ထိခိုက်နစ်နာစေခြင်းကြောင့် အကုသိုလ်ကံဖြစ်စေခြင်းမှ အကာအကွယ်ပေးရန်တို့ ဖြစ်ပါသည်။ အခြား ယင်းသို့သော လုပ်ဆောင်ချက်များမှာ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် အကူအညီပေးခြင်း၊ စေတနာအလျောက် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် သံဃာတော်များကို လှူဒါန်းခြင်းတို့ ဖြစ်ပါသည်။ ယခင်ကရန်သူဖြစ်ခဲ့သူများနှင့်ပတ်သက်သော အမုန်းတရား၊ အမျက်ဒေါသအာဃာတနှင့် အထင်အမြင်လွဲမှားခြင်းများကို စွန့်လွှတ်လိုက်ခြင်းသည်လည်း လူမှုသဟဇာတဖြစ်ရေးနှင့် စိတ်အေးချမ်းငြိမ်သက်မှုအတွက် နှစ်ဘက်စလုံးကို အကျိုးဖြစ်ထွန်းစေပါသည်။

ဗုဒ္ဓဘာသာတွင် မကောင်းသောလုပ်ဆောင်မှုများ၏အရင်းခံအကြောင်းတရားများမှာ လောဘ၊ ဒေါသနှင့် မောဟတို့ ဖြစ်သည်ဟု ဆိုသည်။ (M.I.47) မောဟ၏ ဖော်ပြချက်တစ်ခုမှာ သတ်ဖြတ်ခြင်း၌ မည်သည့်အမှားမျှမရှိ၊ တစ်ဘက်ရန်သူကို မိမိနှင့်ထပ်တူ အလေးထားစိုးရိမ်ပူပန်မှုများနှင့် စိတ်ပါဝင်စားမှုများရှိသည့် လူသားတစ်ဦးအဖြစ် လေးစားရန် ဟူသော အယူမှားကို ဆုပ်ကိုင်ထားခြင်း ဖြစ်ပါသည်။ ထိုအယူမှားဖြင့် လုပ်ဆောင်သော တိုက်ပွဲဝင်စစ်သည်အနေဖြင့် IHL ကို ချိုးဖောက်ပြီး အခြားသူများကို ပိုမိုထိခိုက်နစ်နာစေမည့်အန္တရာယ်ရှိပုံပေါ်သည် သာမက ၎င်းကိုယ်တိုင်အတွက်လည်း မကောင်းသောအကုသိုလ်ကံအကျိုးကို ပိုမိုဖြစ်စေနိုင်သည်ဟု ဤနေရာ၌ ဆိုလိုပါသည်။ 'ရန်သူ'၏ လူသားဆန်မှုလူ့သဘောသဘာဝကို နှိမ့်ချခြင်းသည် မည်သည့်လူသားမဆို လူသားတစ်ယောက်အဖြစ် ပြန်လည်မွေးဖွားခဲ့ရန် ကောင်းမွန်သည့် အတိတ်ကုသိုလ်ကံတစ်ခု ရှိရမည်ဆိုသည့်အချက်ကို လျစ်လျူရှုလိုက်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကျင့်ဝတ်၏ အခြေခံသည် 'သင့်အပေါ် မပြုလုပ်စေလိုသည့်အရာကို အခြားသူအပေါ်တွင် မပြုလုပ်ပါနှင့်' ဟူသော ရွှေစည်းမျဉ်းမူ ဖြစ်ပါသည်။ (Veḷudvāreyya Sutta, S.V.353-356) ထို့ကြောင့် အခြားသူတို့၏ စိတ်ပါဝင်စားမှုများ အကျိုးစီးပွားများကို ဖယ်ထုတ်ခြင်း သို့မဟုတ် လုံးလုံးလျားလျား လွှမ်းမိုးခြင်းမှာ မှားယွင်းပါသည်။ ဗုဒ္ဓဘာသာသီလများကို ဗုဒ္ဓဘာသာဝင်များက ချိုးဖောက်သည့်အခါ ထိုသီလချိုးဖောက်သူက မိမိသီလချိုးဖောက်မှုကို အမြဲတမ်း ဝန်ခံသင့်ပြီး အရေးမကြီးသကဲ့သို့ ပေါ့ပေါ့မထားသင့်ပေ။ မိမိစောင့်ထိန်းသည့် သီလများကို စိတ်တွင် စွဲမြဲစေရန်နှင့် (မကျိုးပေါက်စေရန်) အစဉ်သတိဖြင့် စောင့်ထိန်းရန် လိုအပ်ပါသည်။ တတ်နိုင်သမျှ လေးစားသမှုထားသင့်သည့် အခြားသူများ၏ စိတ်ပါဝင်စားမှုများ အကျိုးစီးပွားများကို ငြင်းပယ်ခြင်းသည် မောဟဖုံးလွှမ်းခြင်းနှင့် အယူမှားခြင်း ဖြစ်ပါသည်။

မိလိန္ဒပဉှာ(၈၄)တွင် 'မကောင်းမှုတစ်ခုကို မသိဘဲ ကျူးလွန်ခြင်း (အဇာနတော) သည် သိလျက်နှင့် ကျူးလွန်ခြင်းထက် ပို၍ဆိုးရွားသော ကံအကျိုးပေးကို ရစေသည်' ဟု ဆိုပါသည်။ ရဲရဲနီပူလောင်နေသောသံလုံးကို ကိုင်ထားသူသည် မသိဘဲ ယင်းကိုလုပ်မိလျှင် ပို၍ ပြင်းထန်စွာ အပူလောင်မည် ဟုဆိုကာ ယင်းကို သရုပ်ဖော်ထားပါသည်။ သူ့အသက်သတ်ခြင်းကဲ့သို့သောမကောင်းမှု(မိလိန္ဒ၊၁၅၈)သည် (မကျူးလွန်မိရန်) စောင့်ထိန်းခြင်းလည်း မရှိ၊ (ကျူးလွန်ပြီးနောက်) နောင်တရခြင်းလည်း မရှိလျှင် ပို၍အပြစ်ကြီးသည်ကို ဤအချက်က ဖော်ပြနေပါသည်။ မိမိပြုလုပ်လိုက်သည့်အမှုကို အမှားဟု လုံးလုံးမမြင်လျှင် ထိုအမှုကို ပြုလုပ်ရာတွင် ပါဝင်သည့် စိတ်ဇောကို တားဆီးထိန်းချုပ်နိုင်မည်မဟုတ်သည့်အချက်မှာ ကိစ္စဖြစ်ပါလိမ့်မည်။ မိလိန္ဒပဉှာ(၁၅၈)အဋ္ဌကထာ(၂၉)တွင် 'မကောင်းမှုဟု မသိခြင်း(ပါပ-အဇာနန)'ဟု ဆိုပါသည်။ ထိုသို့ မကောင်းမှုဟုမသိဘဲ ပြုလုပ်လိုက်သည့် လုပ်ဆောင်မှုတွင် IHL ၌ တားမြစ်ထားသည့် ခွဲခြားမှုမရှိသောမဆင်မခြင်သိမ်းကျုံးတိုက်ခိုက်မှုများနှင့် လိုသည်ထက်ပိုသောဒဏ်ရာရစေခြင်းတို့ ပါဝင်သည်ကို တွေ့မြင်နိုင်ပါသည်။ အမိန့်ကိုလိုက်နာသောအားဖြင့် ဤလုပ်ရပ်ကို ပြုလုပ်ရသည်ဆိုလျှင်ပင် ယင်းသည် ဗုဒ္ဓဘာသာကိုယ်ကျင့်တရားများတွင် သို့မဟုတ် IHL တွင် မထူးခြားပါ။

## ရည်ရွယ်ချက်များနှင့်စေ့ဆော်မှုများ အပြန်အလှန်အားပြိုင်မှု

တရားရုံးများရှိ ဥပဒေစီမံခန့်ခွဲမှုသည် လူတစ်ဦးအား စွဲချက်တင်ကြောင်း သို့မဟုတ် အပြစ်ရှိကြောင်း ဆုံးဖြတ်ရန်သာမက ပြစ်ဒဏ်အတိုင်းအတာကို ဆုံးဖြတ်ရာတွင်လည်း စေ့ဆော်မှုကို မကြာခဏ ရည်ညွှန်းလေ့ရှိကြပါသည်။ IHL တွင် ရာဇဝတ်မှုဆိုင်ရာ ပြစ်ဒဏ်သင့်သော ချိုးဖောက်မှုများဖြစ်သည့် 'ကြီးလေးသောချိုးဖောက်မှုများ (grave breaches)' ဟု သိကြသည်များကို အရေးယူသည့် သဘောတူညီချက်များ၏ ပြဋ္ဌာန်းချက်အပိုဒ်များတွင် လုပ်ရပ်တစ်ခု၏ရည်ရွယ်ချက်အား ထည့်သွင်းစဉ်းစားချက်များကို တွေ့ရပါသည်။ ဤနေရာတွင် "ကြံစည်ထားသော" စကားလုံးကို အသုံးပြုခြင်းသည် ပြစ်မှုကျူးလွန်သူ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေ၏ အရေးပါမှုကို ပြသပါသည်။ (ဥပမာ- ဂျီနီဗာသဘောတူညီချက် ၁၊ အပိုဒ် ၅၀၊ ဂျီနီဗာသဘောတူညီချက် ၂၊ အပိုဒ် ၅၁ နှင့် ဂျီနီဗာသဘောတူညီချက် ၃၊ ၁၃၀[20]) ထို့အပြင် တိုက်ပွဲဝင်စစ်သည်နှင့်/သို့မဟုတ် ၎င်း၏ အထက်မှကွပ်ကဲသူတို့၏ စိတ်အတွင်းရှိ စေ့ဆော်ပေးသည့်အကြောင်းအရာများက IHL ချိုးဖောက်မှုအား အနည်းနှင့်အများ ဖြစ်နိုင်ခြေအလားအလာကို လုပ်ဆောင်နိုင်ပါသည်။

ဗုဒ္ဓဘာသာအတွက် လုပ်ရပ်တစ်ခု၏ အဓိကအင်္ဂါရပ်မှာ ယင်း၏ကိုယ်ကျင့်တရားနှင့်ဆိုင်သောသဘောသဘာဝ/ကိုယ်ကျင့်တရားနှင့်သွေဖည်သောသဘောသဘာဝရှုထောင့်နှင့် ယင်းလုပ်ရပ်၏အကျိုးဆက်ဖြစ်သော ကံအကျိုးပေးရလဒ်များရှုထောင့်တို့အရ ထိုလုပ်ရပ်တွင်ပါဝင်သည့် စေ့ဆော်မှု-စေတနာပင် ဖြစ်ပါသည်။ "အို…ရဟန်းတို့ ယင်းသည် သဘောဆန္ဒ (စေတနာ) ဖြစ်ပြီး ထိုစေတနာကို ကံဟု ငါဘုရား ခေါ်သည်။ စိတ်ဆန္ဒရှိခြင်းဖြင့် အကြင်သူသည် ကိုယ်၊ နှုတ် သို့မဟုတ် စိတ်တို့မှတဆင့် လုပ်ဆောင်ပါသည်။" (A.III.415) စေတနာတွင် လုပ်ရပ်တစ်ခုကိုလုပ်ဆောင်ရန်အတွက် စေ့ဆော်မှုပါဝင်သော်လည်း အထူးသဖြင့် ယင်း၏ လတ်တလော ရည်ရွယ်ချက်နှင့် ဆက်စပ်လျက်ရှိသော လက်ငင်း ရုတ်တရက်ဖြစ်ပေါ်သည့်စိတ်တွန်းအားက ထိုလုပ်ရပ်ကို ဆက်လက်လုပ်ဆောင်စေပြီး တည်တံ့စေခြင်း ဖြစ်ပါသည်။ မှတ်သားရန်မှာ သတ်ဖြတ်ခြင်းတွင် ပါဝင်သည့် ရည်ရွယ်ချက်သည် မတူညီသော စေ့ဆော်မှုများမှ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပမာ- အမွေကိုလိုချင်သောလောဘ၏စေ့ဆော်မှု သို့မဟုတ် တစ်စုံတစ်ယောက်အား ထိခိုက်မည့်အန္တရာယ်မှ အကာအကွယ်ပေးလိုသောဆန္ဒ၏စေ့ဆော်မှု။ ပါဠိဘာသာစကား ဖြင့် 'ကမ္မ'၊ သက္ကတဘာသာစကားဖြင့် 'ကရ်မ'၊

သဒ္ဒါအလိုအရ 'ပြုလုပ်ခြင်း' ဟူသည် လုပ်ရပ်တစ်ခု၏ နောက်ကွယ် မှ အလုံးစုံသော စိတ်ပိုင်းဆိုင်ရာ ယုတ္တိတန်သည့် တွန်းအားတစ်ခုဖြစ်သည့်အပြင် ယင်းသည် ကံ'မျိုးစေ့'ကို စိုက်ပျိုး ပြီး ကံအသီးအပွင့်အဖြစ် အဆုံးသတ်ကိုဖြစ်စေသည့်အကြောင်းတရားများ၏ကွင်းဆက်ကို အသက်သွင်းကာ ဝိပါက်အကျိုးများကို ဖြစ်စေပါသည်။ သို့ဖြစ်သောကြောင့် ကံအသီးအပွင့် ဝိပါတ်အကျိုးပေးစေရန် လုပ်ဆောင်မှု များတွင် ရည်ရွယ်ချက် ရှိရပါမည်။ အင်းဆက်ပိုးမွှားများကို မတော်တဆ နင်းမိခြင်းအတွက် ယင်း အကျိုးသက် ရောက်မှု မရှိသော်လည်း ဂျိန်းဘာသာဝင်တို့ကမူ ထိုသို့ ဂရုမစိုက်အမှုမဲ့ပြုမိခြင်းတွင် ယင်း၏ကိုယ်ပိုင် မကောင်းသည့်ရည်ရွယ်ချက်မျိုး ပါဝင်သည်ဟု ယုံကြည်ကြပါသည်။ (Harvey 1999, 276-278)

စစ်ပွဲအတွင်း မဆင်ခြင်သော သို့မဟုတ် ဂရုမစိုက်သောအပြုအမူများ (ဥပမာ-တိုက်ခိုက်မှုတစ်ခုကို စီစဉ် ရာတွင် ဖြစ်နိုင်သည့် ကြိုတင်သတိထားမှုများအားလုံးကို လုပ်ဆောင်ရန်ပျက်ကွက်ခြင်းဖြင့်) သည် အားလုံးကို သိမ်းကျုံးကာသေကြေစေခြင်း သို့မဟုတ် ထိခိုက်စေခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ ယင်းသည် မိမိကိုယ်တိုင်နှင့် အခြားသူများအပေါ် သက်ရောက်မှု ရှိစေသည့် မိမိလုပ်ရပ်၏အကျိုးဆက်များကို အလေးမထားမှုနှင့် ယုံမှားခြင်း မောဟတို့မှ လာခြင်း ဖြစ်ပါသည်။ စစ်ပွဲအတွင်း အဆင်ခြင်မဲ့သည့်သဘောထားသည် အရပ်သားလူထုအတွက် အလွန့်အလွန်ကြီးမားသောဆင်းရဲဒုက္ခကို ဖြစ်စေပါသည်။ ဥပမာအားဖြင့် ပစ်မှတ်ကိုတိုက်ခိုက်မှုကြောင့် စစ်ရေး အသာစီးရမှုနှင့်နိုင်းယှဉ်ပါက အရပ်သားများအား သေကြေစေမှု သို့မဟုတ် ထိခိုက်စေမှုသည် အလွန်အမင်း ဖြစ်နေမည်မှာ ထင်ရှားလာနေသော်လည်း ကွပ်ကဲသူက တိုက်ခိုက်မှုကိုဆက်လက်လုပ်ဆောင်ခြင်းမျိုးဖြစ်ပါသည်။ ဤသည်မှာ မိမိ၏ကိုယ်ပိုင်ရည်မှန်းချက်များ(အောင်မြင်ရန်)ကို စွဲလန်းခြင်းနှင့် အရပ်သားလူထုအပေါ် ကျရောက်မည့် ကံကြမ္မာကို အတိုင်းအတာတစ်ခုအထိ လျစ်လျူရှုခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ ဗုဒ္ဓဘာသာ ရှုထောင့်အရ အထက်ပါအချက်နှစ်ချက်တွင် ထပ်တလဲလဲ ဂရုမစိုက် လျစ်လျူရှုခြင်းက အဆိုးဆုံးဖြစ်ပုံရသော်လည်း ယင်းသည် မောဟအားကောင်းခြင်းမှ ပေါ်ထွက်ခဲ့လျှင် မဆင်မခြင်စွဲလန်းခြင်းက ပိုဆိုးနိုင်ပါသည်။

မကောင်းသောအကုသိုလ်လုပ်ရပ်များအား လောဘ၊ ဒေါသနှင့်/သို့မဟုတ် မောဟတို့ကို အရင်းခံသည့် အရာများအဖြစ်ရှုမြင်ပြီး ယင်းလုပ်ရပ်တို့သည် မနှစ်သက်ဖွယ် ကံအကျိုးတရားအသီးအပွင့်များကို ဖြစ်စေပါသည်။ (M.I.47[21]) ကောင်းသောကုသိုလ်လုပ်ရပ်များအား အလောဘ (ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း)၊ အဒေါသ(အကြင်နာ၊ ကရုဏာ)နှင့်/သို့မဟုတ် အမောဟ(စိတ်ကြည်လင်ခြင်း၊ ဉာဏ်ပညာ)တို့ကို အရင်းခံသည့်အရာများအဖြစ်ရှုမြင်ပြီး ယင်းလုပ်ရပ်များသည် နှစ်သက်ဖွယ်ရာ ကံအသီးအပွင့်များကို ယူဆောင်လာပါသည်။ ထို့ကြောင့် လုပ်ရပ်တစ်ခု၏ ကံအကျိုးပေးများသည် ၎င်းတို့၏ စေတနာဆန္ဒအရင်းခံရာသဘာဝအရ ပြောင်းလဲပါလိမ့်မည်။

သတ်ဖြတ်ခြင်းနှင့်ပတ်သက်၍ Rupert Gethin က-

> သက်ရှိသတ္တဝါတစ်ဦးကိုသတ်ဖြတ်သည့်လုပ်ရပ်အား ကုသိုလ်စိတ်က စေ့ဆော်နိုင်သည်ဟူသော ဖြစ်နိုင်ခြေကို ဗုဒ္ဓဘာသာ အဘိဓမ္မာ စိတ်ပညာတွင် အလွယ်တကူ ခွင့်မပြုချေ။ အခြားသူတစ်ဦး ကို သတ်ရန် ရည်ရွယ်ချက်စေတနာတွင် မုန်းတီးခြင်း သို့မဟုတ် မနှစ်သက်ခြင်း သည် အမြဲတမ်း အဓိက ပါဝင်နေပါသည်။ (Gethin 2004) အချို့သော သတ်ဖြတ်မှု လုပ်ရပ်များသည် ပိုမို အားကောင်းပြီး ပိုမိုတင်းမာသော ဒေါသ၊ မုန်းတီးမှု သို့မဟုတ် မနှစ်သက်မှု ဖြစ်စဉ်တို့၏ သရုပ်သကန်များဖြစ်နိုင်သော်လည်း မည်သည့်သတ်ဖြတ်မှုမှန်သမျှ ယင်းတို့နှင့် လုံးလုံးလျားလျား မကင်းလွတ်နိုင်ချေ။ မည်သည့် သတ်ဖြတ်ခြင်းလုပ်ရပ်အတွက်မဆို လုံးဝအပြစ်ကင်းသကဲ့သို့၊ မနှစ်သက်မှု သို့မဟုတ် မုန်းတီးမှု အစွန်းအထင်း အလျဉ်းကင်းသကဲ့သို့ ကျိုးကြောင်းပြချက် မရှိနိုင်ချေ။ အဘိဓမ္မာစကားအရ သတ်ဖြတ်ခြင်းလုပ်ရပ်များကို အကုသိုလ် အနည်းအများ အဖြစ်သာ ရှင်းလင်းချက်ပေးနိုင်ပြီး ယင်းသည် သန့်စင်သောကုသိုလ် မည်သည့်အခါမျှ မဖြစ်နိုင်ပေ။ စစ်ပွဲတွင်သတ်ဖြတ်ခြင်းသည် မည်သည့်နည်းနှင့်မျှ ကုသိုလ် မဖြစ်နိုင်ပေ။ (Gethin 2007, 70-71)

သူတစ်ပါးကို အကာအကွယ်ပေးလိုသောယှဉ်ဘက်စေ့ဆော်မှုရည်ရွယ်ချက်ထက် (ဥပမာ) ဒေါသ၊ လက်စားချေလိုမှု သို့မဟုတ် ထင်ယောင်ထင်မှားဖြင့်ဘက်လိုက်မှုတို့ကို အဓိက အရင်းခံသည့်အခါ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း ၏ ကံအကျိုးပေးရလဒ်များသည် ပိုမိုဆိုးရွားနိုင်ပါသည်။ ယင်းသို့သောကိစ္စရပ်များတွင် သတ်ဖြတ်မှုလုပ်ရပ်၏ မကောင်းကျိုးများနှင့်အတူတွဲဖက်၍ သူတစ်ပါးကို အကာအကွယ်ပေးလိုသည့်စေ့ဆော်မှုသည် ယင်းနှင့်ဆိုင်သော ကောင်းကျိုးများကို ရရှိပါမည်။ စင်စစ်အားဖြင့်

တိုက်ပွဲဝင်စစ်သည်တစ်ဦးသည် ၎င်းတို့၏လုပ်ရပ်အချို့မှ မကောင်း သောအကုသိုလ်ကံအကျိုးပေး ဖြစ်ပေါ်စေသည်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် သူတပါးကို ထိခိုက်မည့်အန္တရာယ်မှ ကာကွယ်ပေးလိုသည့်ဆန္ဒကြောင့် ဤလုပ်ရပ်ကိုလုပ်ရန်၎င်းတို့၏ဆန္ဒကို အပြစ်စိတ်လုပ်ဆောင်မှုအဖြစ် ရှုမြင်နိုင်ပါသည်။

ဆိုးရွားသောအခြေအနေများတွင် ကရုဏာအပေါ်အခြေခံ၍ လူတစ်ဦးကိုသတ်ခြင်းသည် အမှန်တကယ် တရားမျှတကြောင်း အချို့သောမဟာယာနကျမ်းစာများက ဆိုပါသည်။ (Harvey 2000, 15-38) ဥပါယကုသလ သုတ္တန်တွင် ဗုဒ္ဓ၏အတိတ်ဘဝတစ်ခုတွင် ဘုရားလောင်း သင်္ဘောမာလိန်မှူးဖြစ်ခဲ့စဉ်က ၎င်း၏သင်္ဘောပေါ်တွင် ပါလာသော သူခိုးတစ်ဦးက အားလုံးသော ဘုရားလောင်းအဆင့်တချို့ရောက်နေပြီဖြစ်သည့် ခရီးသည်ငါးရာကို သတ်ဖြတ်ရန် စီစဉ်နေသည်ကို သိကြောင်း ဆိုထားပါသည်။ ထို့ကြောင့် ခရီးသည်ငါးရာကို ကယ်တင်ရန်၊ လူငါးရာကိုသတ်ဖြတ်ခြင်း မကောင်းမှုအကုသိုလ်ကံ ကျူးလွန်ခြင်းမှ သူခိုးအား ကယ်တင်ရန်၊ သူခိုး၏လျှို့ဝှက်အကြံအစည်ကို ခရီးသည်တို့ သိသွားခဲ့လျှင် ၎င်းတို့ကိုယ်တိုင် သူခိုးကို ဒေါသတကြီးသတ်ဖြတ်ခြင်း မကောင်းမှုအကုသိုလ်ကံကို ကျူးလွန်ခြင်းမှ ခရီးသည်များအား ကယ်တင်ရန် ထိုသူကို ကိုယ်တိုင်သတ်ဖြတ်ရန် ရွေးချယ်လိုက်ပါသည်။ (Tatz 1994, 73-76) သူခိုးကိုသတ်ဖြတ်ခြင်းသည် သူ့အား 'ကမ္ဘာတစ်သိန်း' ကြာ ငရဲတွင် ဘဝများစွာပြန်လည်မွေးဖွား ကျခံရနိုင်သည်ကို သိသော်လည်း သူတစ်ပါး၏ ဆင်းရဲဒုက္ခကိုကာကွယ်တားဆီးရန်အတွက် သူသည် ထိုဆင်းရဲကို သည်းခံရန် ဆန္ဒရှိပြီး သူ၏လုပ်ရပ်ကို 'မဟာကရုဏာနှင့် လိမ္မာပါးနပ်စွာ' ပြုလုပ်ခြင်း ဖြစ်ပါသည်။ ယင်းစိတ်စေတနာ၏ အကျိုးဆက်အဖြစ် ထိုကမ္ဘာတစ်သိန်းကြာ ငရဲခံရမည့် ပြန်လည်မွေးဖွားခြင်းစက်ဝန်း 'ပြတ်တောက်' သွားသော်လည်း ဘုရားအဖြစ် နောက်ဆုံးဘဝတွင် 'ထိုအကုသိုလ်ကံ၏ အကျိုးပေးအကြွင်းအကျန်' အဖြစ် ဆူးခက် ပေါ် နင်းခဲ့ရပါသည်။ (Tatz 1994, 76) ထိုဖော်ပြချက်အရ ကရုဏာစေ့ဆော်မှုမပါဘဲ ပြုလုပ်သလောက် မဆိုးရွား သော်လည်း ထိုလုပ်ရပ်တွင် မကောင်းသောအကုသိုလ်ကံအကျိုးဆက်များစွာ ရှိပုံရပါသည်။ အကယ်၍ မာလိန်မှူး သည် ထိုလုပ်ဆောင်ချက်အတွက် ဘဝများစွာ ငရဲကျနိုင်သည်ကို (ကျေနပ်စွာ) လက်မခံခဲ့လျှင်သော်လည်းကောင်း၊ ငရဲကျသည့် ဆင်းရဲဒုက္ခကို မလိုချင်ခဲ့လျှင်သော်လည်းကောင်း သူ၏လုပ်ရပ်သည် ကရုဏာ (နှင့်ပညာ) ကင်းမဲ့နေ သည့်အတွက် သူသည် ငရဲတွင် ကြာရှည်စွာ ဆင်းရဲဒုက္ခခံရပါလိမ့်မည်။ ဤနေရာတွင် သူတစ်ပါးအား ကူညီရန် လိုလိုလားလား စွန့်စားခဲ့မှုကြောင့် ငရဲ၌ကြာရှည်စွာ ခံစားရမည့်အဖြစ်ကို ရှောင်ကြဉ်နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ သို့တိုင် John Dunne[22]အဆိုအရ ခေတ်ပြိုင်တိဘက်အများစုက ထိုဇာတ်လမ်းပါဘုရားလောင်းသည် 'အသက်တစ်ချောင်းကိုသတ်မိသဖြင့် ငရဲကျခဲ့သော်လည်း ထိုအပြုအမူ၏နောက်ကွယ်ရှိ ကရုဏာတရားကို အခြေခံသော စိတ်သဘောထားကြောင့် ငရဲ၌ကြာရှည်စွာမခံစားခဲ့ရ' ဟု ဆိုပါသည်။

ကရုဏာတရားကြောင့်သတ်ဖြတ်ခြင်းအယူအဆကို အသေးစိတ်လေ့လာသည့် အိန္ဒိယမဟာယာနရေးသား ချက်များတွင် Stephen Jenkins က ဥပါယကုသလသုတ္တန်၏ ကျယ်ပြန့်စွာလွှမ်းမိုးပုံ(Jenkins [2010] 2011, 299)၊ မှတ်ချက်ပြုထားပြီး အိန္ဒိယ မဟာယာနအတွေးအခေါ်ရှင်ကြီးအများအပြားက ယင်းသုတ္တန်ကို ကိုးကားခဲ့ကြပြီး ကရုဏာအခြေခံသော အကြမ်းဖက်ခြင်းသည် မကောင်းသောအကုသိုလ်ကံအကျိုးပေးမရှိဘဲ မင်္ဂလာရှိသော ကုသိုလ်ရစေသည့် အခွင့်အရေးဖြစ်နိုင်သည်ဆိုသည့်အချက်ကို အများစုက သဘောတူညီကြကြောင်း မှုဝေကြ သည့် အပေါ် မှတ်ချက်ပြုထားပါသည်။ (Jenkins [2010] 2011, 300) Stephen Jenkins က ဤနေရာတွင် Asanga(လေးရာစု)၏ ရေးသားမှုများသည် ဩဇာလွှမ်းမိုးသော ရင်းမြစ်အထောက်အထားဖြစ်သည်ဟု မှတ်ချက်ပြု ပါသည်။ နောက်ပိုင်းတွင် ၎င်းက မြင့်မြတ်သောစိတ်ဓါတ်ရှိသည့် လူအများကိုသတ်လုဆဲဆဲဖြစ်သည့်သူခိုးကို ဘုရားလောင်းက သတ်လိုက်သည့် အကြောင်းကို ဖော်ပြထားပါသည် - (Jenkins [2010] 2011, 301)

> ဤကျရောက်အံ့ဆဲဆဲအဖြစ်ဆိုးကိုမြင်သော ဘုရားလောင်းသည် ထိုသူခိုးကို သူ သတ်လျှင် သူကိုယ်တိုင် ငရဲကျနိုင်သည်ကို သဘောပေါက်ပါသည်။ သို့သော် ယင်းသို့သော ကံကြမ္မာကို ခံစားရန် ထိုသူကို ခွင့်ပြု ခြင်းထက် သူ ငရဲသို့သွားခြင်းက ပိုကောင်းသည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

> ထိုစိတ်သဘောထားဖြင့် ဘုရားလောင်းသည် တည်ငြိမ်သော သို့မဟုတ် ကြည်လင်သောစိတ်[23] [ကုသလစိတ္တော]ဖြင့်၊ နောင်တတရားဖြင့် [ṛtīyamāna]၊ စာနာသောစိတ်[အနုကမ္ပါစိတ္တံ]ဖြင့်သာ ထိုသူ့အသက်ကိုသတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းလုပ်ရပ်သည် အပြစ်မဲ့[အနာပတ္တိကော]၍

များစွာသောကုသိုလ်[ပုည]ကိုသာ ဖြစ်ထွန်းစေသည်[ဗောဓိသတ္တဝဘူမိ - Bodhisattvabhumi 113.24-114.2]။

Jenkins က မဟာဥပါယကုသလသုတ္တန်[24]မှ ပုံဝတ္ထုတစ်ခုတွင် လှည်းသားငါးရာထဲမှတစ်ဦးသည် ငါးရာသော ခါးပြတို့ လွှတ်လိုက်သော သူလျှိုတစ်ဦးကို သူ၏မိတ်ဆွေဖြစ်သည့်တိုင် ခရီးသည်လှည်းသားငါးရာတို့ကို ဓားပြတို့ သတ်ခြင်းမှ ကာကွယ်တားဆီးရန် သို့မဟုတ် ခရီးသည်များက ထိုသူလျှိုကို သတ်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် သူကိုယ်တိုင် ထိုသူလျှိုကိုသတ်ခြင်းဟူသော မကောင်းမှုကိုပြုခဲ့ကြောင်း ဆိုပါသည်။ (Jenkins [2010] 2011, 314) 'မဟာယာန အတွေးအခေါ်တွင် ယေဘုယျပုံစံတစ်ခုရှိပြီး ယင်းမှာ ဘုရားလောင်းတစ်ဦး၏ ရည်ရွယ်ချက်သည် ငရဲသို့သွားရန် ပိုစင်ကြယ်လေလေ၊ သူ ထိုသို့လုပ်ရန် ဖြစ်နိုင်ခြေနည်းလေလေ ဖြစ်သည်။ . . . ငရဲ၏ဆင်းရဲများကို သည်းခံမည်ဟု ရည်ရွယ်ထားသူများသည် သူတို့ကိုယ်တိုင် လိုလားစွာလုပ်လိုသောဆန္ဒကြောင့် ငရဲသို့မကျရောက်ကြပါ' ဟု ၎င်းက ထောက်ပြထားပါသည်။ (Jenkins [2010] 2011, 319)

၎င်းက 'ကရုဏာဖြင့်သတ်သူသည် ယင်းကံ၏ မကောင်းသောအကျိုးဆက်ကိုခံစားရသည့် ဥပမာမျိုး မိမိ မတွေ့ရသေးပါ' ဟုဆိုကာ (Jenkins [2010] 2011, 320) ဗုဒ္ဓက သူ၏မကောင်းမှုကံအကျိုးပေးမဟုတ်သော်လည်း (Tatz 1994, 77) မကောင်းသောလုပ်ဆောင်မှုများတွင် မကောင်းမှုကံအကျိုးပေးများရှိကြောင်းကို အခြားသူများ အား သင်ကြားပြသရန်အတွက် ဆူးပေါ်နင်းပြခဲ့ခြင်းသာဖြစ်ကြောင်း ထောက်ပြထားပါသည်။ (Jenkins [2010] 2011, 317) သို့သော် ဤအချက်က ဗုဒ္ဓကို ရဟန္တာတို့အတွက်ပင် သက်ဆိုင်နေဆဲဖြစ်သည့် ကံအကျိုးပေး အားလုံး ထက် ကျော်လွန်နေသူအဖြစ် ဖော်ပြနေသည့်ပုံပေါ်နေပါသည်။ Jenkins က Bhāviveka (490-570) (Eckel 2008, 185) ကိုးကားထားသည့် အကြီးအကျယ်ဆိုးသွမ်းသူအဖြစ်မှ လူကောင်းအဖြစ်သို့ ပြောင်းလဲလာသူများဖြစ်သည့် လူများစွာကိုသတ်ခဲ့သည့် အင်္ဂုလိမာလ၊ အဖသတ်သူ အဇာတသတ်မင်းနှင့် ယုတ်မာဆိုးသွမ်းခဲ့သော အသောကမင်း တို့ ငရဲ၌ ခဏတာမျှသာခံစားခဲ့ရသည့် အကြောင်းကို ကိုးကားဖော်ပြထားပါသည်။ ဥပါယကုသလသုတ္တန်တွင် ဖော်ပြထားသည့် ကရုဏာကြီးသူ မာလိန်မှူး နှင့်ပတ်သက်၍ Bhāviveka က မာလိန်မှူးသည် သူ ငရဲသို့ ကျမည် သို့သော် ခဏမျှသာ ဖြစ်မည်ကို အသေအချာ သိခဲ့သည်ဟု ဆိုပါသည်။ (Jenkins [2010] 2011, 320, Eckel 2008, 188) ဤသဘောအတိုင်းပင် ခေတ်ပြိုင်တိဗက်ပညာရှင်တို့က ကရုဏာတရားအခြေခံပြီး သတ်ဖြတ်သူများသည် ငရဲတွင် အလွန့်အလွန်တိုတောင်းသော အချိန်အတိုင်းအတာမျှသာ ခံစားရသည်ဟု ရှုမြင်ကြပါသည်။ (Jenkins [2010] 2011, 321)

ဤအချက်သည် အားလုံး အလွန်ကောင်းပါသည်ဆိုသော်လည်း ဤနေရာတွင် ပြဿနာရှိပါသည် - ဤ 'ကင်းလွတ်ခွင့်' ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာကြလျှင် ယင်းသည် အလုပ်ဖြစ်နိုင်ပါတော့မည်လား။ ငရဲကျခြင်းမှ လွတ်မြောက်ရန်အတွက် ငရဲကျနိုင်မှန်းသိသော်လည်း သူတစ်ပါးကို ကရုဏာဖြင့်စွန့်စား၍ ကူညီခြင်းသည် စစ်မှန်ကြီးကျယ်သောစွန့်စားခြင်းဟု စိတ်ဝယ်ယုံကြည်ရပါမည်။ သို့သော် ထိုအယူအဆများနှင့် အကျွမ်းဝင်သော လူတစ်ဦးအတွက်မူ စစ်မှန်သောစွန့်စားမှု ဟုတ်၊ မဟုတ်ကို ဒွိဟဖြစ်နိုင်ပါသည်။ သို့သော် ယင်းသို့ ကရုဏာတရား ဖြင့် စတေးခံခြင်းကြောင့် ထပ်မံသတ်ဖြတ်ရမည့်အရေးကြုံလာလျှင်လည်း သတ်ဖြတ်သောသူသည် ငရဲမှတစ်ဖန် လွတ်မြောက်နိုင်ပေသည်။ သို့သော် ယင်းသည် အလွန်အင်မတန်စွန့်စားရာကျပါသည်။ ထို့ကြောင့် Jenkins (Jenkins [2010] 2011, 322-324) က ဥပါယကုသလသုတ္တန်၏ ကောက်နုတ်ချက်သည် သူ့အသက်သတ်ခြင်း ကြောင့် ရရှိမည့် ကံအကျိုးပေးများသည် မည်မျှဆိုးနိုင်ကြောင်း (စိတ်မပါဘဲလုပ်ရသည့် အလွန် ဘောင်ခတ်ထား သောအခြေအနေများတွင် အနည်းဆုံး ကရုဏာမရှိသော လူသတ်သမားအတွက်) အလေးထားဖော်ပြခြင်းဖြင့် သူ့အသက်သတ်ခြင်းအမှုကို ဟန့်တားခြင်းဖြစ်သည်ဟု ထောက်ပြပါသည်။

ဗုဒ္ဓဘာသာတွင် လုပ်ရပ်တစ်ခုသည် ကာယကံ၊ ဝစီကံ သို့မဟုတ် မနောကံ ဖြစ်နိုင်သည်ဟု ယူဆထားပြီး နောက်ဆုံးတွင် ကာယကံ သို့မဟုတ် ဝစီကံအလုပ်ကို ပြုလုပ်ရန် ရည်ရွယ်သောအတွေးကိုယ်တိုင်သည်ပင်လျှင် လုပ်ဆောင်မှုတစ်မျိုး ဖြစ်ပါသည်။[25] မကောင်းသည့်ဘက်မှကြည့်လျှင် တိုက်ပွဲဝင်စစ်သည်တစ်ဦးအတွက် နောင် ကြုံလာမည့်တိုက်ပွဲတွင် လိုအပ်ပါက သတ်ဖြတ်ရန် စိတ်ဆုံးဖြတ်ထားရခြင်းသည် မကောင်းသောအချက်တွင် ပါဝင်နေပြီး အနိမ့်ဆုံးအနေဖြင့် စစ်တပ်ထဲသို့ ဝင်စဉ်ကတည်းက ယေဘုယျအားဖြင့် ဖြစ်နိုင်သည့် နောင်အနာဂတ် သတ်ဖြတ်ခြင်းကို သဘောတူလက်ခံမှု ပါဝင်ပေလိမ့်မည်။[26] သို့သော် အကောင်းဘက်မှကြည့်လျှင် သတ်ဖြတ်ရန် လိုအပ်ချက်ကို ရှောင်ကြဉ်နိုင်ရန်နှင့် သတ်ဖြတ်ခဲ့ပြီးပါကလည်း နောင်တတရား ရရှိနိုင်ရန် မျှော်လင့်ခြင်း ပါဝင်နိုင်

ပါသည်။ မိမိအဖွဲ့အစည်း၊ မိမိရဲဘော်ရဲဘက်နှင့် စင်စစ် မိမိကိုယ်တိုင်ကိုလည်းကောင်း၊ ပဋိပက္ခအတွင်း နှစ်ဘက်လုံးမှ သို့မဟုတ် မည်သည့်ဘက်မှမပါသော တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကိုလည်းကောင်း ကာကွယ်ပေးလိုသည့်စိတ်ဆန္ဒလည်း ပါဝင်ပါသည်။ ဗုဒ္ဓဘာသာအတွက် စံနမူနာပြမင်းဖြစ်သော စက္ကဝတ္တိမင်း၏ တာဝန်များတွင် ပြဟ္မာဏပုဏ္ဏားမိသားစုများ၊ မြို့နေပြည်သူများ၊ တောနေပြည်သူများ၊ မြိုးခြံသောအကျင့်ကိုကျင့်သည့် တောထွက်သူများနှင့် (စွန့်လွှတ်သူ)ပြဟ္မာဏများ၊ တိရစ္ဆာန်များနှင့် ငှက်များအတွက် သင့်တော်မှန်ကန်သော (ဓမ္မိက) နားခိုရာ၊ အကာအကွယ်ပေးခြင်းနှင့် ကာကွယ်ရေး စီစဉ်ပေးရန်တို့ ပါဝင်သည်ဟု ဆိုကြောင်းကို မှတ်သားရန် ဖြစ်ပါသည်။ (D.III.61) ထိုတာဝန်များသည် လက်နက်ကိုင်တပ်ဖွဲ့ဝင်တစ်ဦးနှင့်လည်း မုချ သက်ဆိုင်ပါသည်။

သို့သော်လည်း တစ်စုံတစ်ဦးကို လက်နက်ဖြင့်ပစ်ခတ်နေစဉ် တဒင်္ဂစေတနာ သို့မဟုတ် ဆန္ဒ၏စေ့ဆော်မှုတွင် ထိုသူတို့အား ကာယကံမြောက် ထိခိုက်နာကျင်စေလိုသည့် မကောင်းသော ရည်ရွယ်ချက် ပါဝင်ပါမည်။ ယေဘုယျအားဖြင့် တိုက်ပွဲဝင်စစ်သည်တစ်ဦး လုပ်ဆောင်ရန် အမှန်တကယ် လုံးဝ လိုအပ်သည်မှာ မိမိဘက်ကို စစ်ရေးအရထိခိုက်မှုဖြစ်စေမည့် လုပ်ဆောင်မှုများတွင် ဆက်လက်ပါဝင်နိုင်ခြင်းမရှိစေရေးအတွက် တဖက်ရန်သူကို တိုက်ပွဲတွင် တိုက်ခိုက်နိုင်စွမ်းမရှိစေရန် ဖြစ်ပါသည်။ တခါတရံ ရန်သူကို သေစေလောက်သည့် သို့မဟုတ် ကိုယ်အင်္ဂါအစိတ်အပိုင်းချို့တဲ့စေလောက်သည့် ပြင်းထန်သော လုပ်ဆောင်မှုကို အခြေအနေက တောင်းဆိုပြီး ယင်းသည် ရည်ရွယ်ထားသော(စစ်ရေး)ရလဒ်၏ အစိတ်အပိုင်းဖြစ်လာပါသည်။ ထို့အပြင် လုပ်ဆောင်နေစဉ်တွင် နောက်ခံစေ့ဆော်မှု သို့မဟုတ် စိတ်အခြေအနေကိုလွှမ်းမိုးထားမှုသည် လက်စားချေခြင်း၊ ကြွားလုံးထုတ်ခြင်း - သို့မဟုတ် - ၎င်းတို့က မိမိဘက်ကို အမှန်တကယ် ထိခိုက်မှု မဖြစ်စေသည့်တိုင် - မိမိနှင့်မတူသော အခြားနိုင်ငံ အခြားလူမျိုးစု သို့မဟုတ် အခြားကိုးကွယ်ရာဘာသာမှ ရန်သူများကို ကာကွယ်တားဆီးရန်အတွက် လူသားများအဖြစ် ရှင်သန်နိုင်ခြင်းနှင့်ကြီးပွားတိုးတက်နိုင်ခြင်းတို့မှ ကာကွယ်တားဆီးရန်ဖြစ်လျှင် ဗုဒ္ဓဘာသာအရ ယင်းသည် ပိုဆိုးပြီး အကုသိုလ်ကံထိခိုက်မှု ပိုများပါသည်။ IHL တွင်လည်း လုပ်ရပ်တစ်ခု၏နောက်ကွယ်မှ ရည်ရွယ်ချက်သည် အထက်တွင်ဖော်ပြထားသကဲ့သို့ သက်ဆိုင်နိုင်ပါသည်။ သို့သော်လည်း IHL သည် ပိုမိုနက်နဲသော ကျောထောက်နောက်ခံစေ့ဆော်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ပုံမရပေ။ တိုက်ပွဲဝင်စစ်သည်တစ်ဦး၏လုပ်ဆောင်မှုသည် ဥပဒေနှင့်ညီပါက (ဥပမာ - ရန်သူတိုက်ပွဲဝင်စစ်သည်တစ်ဦးကို ဥပဒေနှင့်အညီသတ်ဖြတ်ခြင်း) ထိုလုပ်ဆောင်မှုသည် ၎င်း၏အပြုအမူပေါ်တွင် လက်စားချေခြင်း၊ ကြွားလုံးထုတ်လိုခြင်း သို့မဟုတ် ရန်သူကို ကြီးပွားတိုးတက်ခြင်းမှ ကာကွယ်တားဆီးလိုခြင်းတို့၏ စေ့ဆော်မှုရှိလား ဆိုသည့်အချက်နှင့် မသက်ဆိုင်ပေ။ ထို့ကြောင့် ဤနေရာတွင် ဥပဒေနှင့် ကိုယ်ကျင့်တရား/အကျင့်သိက္ခာသည် ဦးတည်ချက်များ တခြားစီကွဲသွားပြီ ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် စိတ်အခြေအနေကောင်းဖြစ်သော ကုသိုလ်တရားများသည် ဥပဒေအားလိုက်နာစေရေးကို ခိုင်မာစေရန် အထောက်အကူ ဖြစ်သော်လည်း ယင်းတို့သည် IHL အရ တရားဝင်လုပ်ဆောင်မှုအတွက် လိုအပ်သော ကြိုတင်သတ်မှတ်ချက် မဟုတ်ချေ။

**နိဂုံး**

ထို့ကြောင့် ဗုဒ္ဓဘာသာအမြင်နှင့်တန်ဖိုးများသည် ဗုဒ္ဓဘာသာဝင် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား IHL နှင့်အညီ လုပ်ဆောင်ရန် စေ့ဆော်မှုကို အထောက်အကူပြုမည့် အကြောင်းရင်းများစွာ ပံ့ပိုးပေးထားသည်ကို ကျွန်ုပ်တို့ တွေ့မြင်ရပြီး ထိုသို့ IHL နှင့်အညီလုပ်ဆောင်သည့်အတိုင်း ၎င်းတို့သည် ဗုဒ္ဓဘာသာတန်ဖိုးများနှင့်အညီလည်း လုပ်ဆောင်ကြလိမ့်မည် ဖြစ်ပါသည်။

၎င်းတို့၏အလုပ်သည် သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်းဟူသော ဗုဒ္ဓဘာသာ၏ ပထမသီလသိက္ခာပုဒ်ကို ၎င်းတို့ ကောင်းကောင်းကြီး ချိုးဖောက်နိုင်သည့်အလားအလာရှိသော်လည်း ၎င်းတို့၏ စစ်ရေးလုပ်ဆောင်မှုများကြောင့် အခြားသူများအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ၎င်းတို့ ကြိုးပမ်းနိုင်ဆဲဖြစ်ပြီး အကျိုးဆက်အဖြစ် ၎င်းတို့ကိုယ်တိုင်အပေါ် ကျရောက်လာမည့် အကုသိုလ်ကံအကျိုးပေးကိုလည်း လျှော့ချနိုင်ပါသည်။ ဗုဒ္ဓဘာသာ၏ အလေးထားမှုများသည် ၎င်းတို့၏ကိုယ်ပိုင်အုပ်စုနှင့် ယင်းကိုကျော်လွန်၍ လူဖြစ်စေ သို့မဟုတ် တိရစ္ဆာန်ဖြစ်စေ ကိုယ်ပိုင်အုပ်စုပြင်ပမှ အခြားသူများကို အကာအကွယ်ပေးခြင်းနှင့် အကူအညီပေးခြင်းတွင် ၎င်းတို့အား ကျင့်ဝတ်

နှင့်အညီ စည်းကမ်းလိုက်နာသူများအဖြစ်၊ သဘောထားကြီးပြီး တတ်နိုင်သလောက် အကူအညီပေးသူများအဖြစ် ဖြစ်လာစေရန်လည်း စေ့ဆော်မှု ပေးပါလိမ့်မည်။

**မှတ်စုများ**

1. IHL နိဒါန်းအကျဉ်းကို ဤစာအုပ်၏ မိတ်ဆက်အခန်းတွင် ကြည့်ရှုနိုင်ပါသည်။

2. ဤစာအုပ်ပါ Premasiri ၏ ဆောင်းပါးကို ကြည့်ရန်။ Dhp-a.I.279, Jat.I.202-03 တို့နှင့် ယှဉ်ကြည့်နိုင်ပါသည်။

3. ယောဓာဇီဝသုတ္တံ၊ S.V.308-09။ ဗုဒ္ဓသည် ဆင်တပ်စစ်သူကြီး(ဟတ္ထာရိုဟ)နှင့် မြင်းတပ်စစ်သူကြီး(အက်ဆာရိုဟ) တို့၏ အမေးကိုလည်း ထိုသုတ္တန်နည်းတူ ဖြေကြားခဲ့ပါသည်။

4. Nikam and McKeon (1959), 27-30.

5. ယခုစာပိုဒ်နှင့် မတူသောအမြင်ကို ဤစာအုပ်ပါ Tilakaratne ကို ကြည့်ပါ။ Premasiri ပါ ဆွေးနွေးချက်ကို လည်း ကြည့်ပါ။

6. ယေဘုယျအားဖြင့် 'ပသု'ဟူသော ပါဠိဝေါဟာရသည် ကျွဲနွားတိရစ္ဆာန်ဟု အဓိပ္ပာယ်ရပါသည်။

7. Deegalle (2002)ကို ကြည့်ပါ။ ထိုစာပိုဒ်တွင် Gombrich (1971, 257-258)က သီရိလင်္ကာ တောမီရဟန်းအချို့၏ အမြင်များကို ဆွေးနွေးထားပါသည်။

8. သို့သော်လည်း ထိုရဟန္တာများသည် စစ်ရှုံးသွားသော စစ်တပ်မှ စစ်သည်တစ်ဦးချင်းစီ၏ ကောင်းမှုအနည်းအများ ကို သိနိုင်စွမ်းသော တန်ခိုးဣဒ္ဓိပါဒ်လည်း ရှိကောင်းရှိနိုင်ပေမည်။

9. 律二十二明了論 (Treatise on the Elucidation of 22[Verses] on Vinaya), T24 no. 1461. (ဝိနည်းနှင့် ပတ်သက်သည့် လင်္ကာ ၂၂ပုဒ်အား အဓိပ္ပာယ်ဖွင့်ဆိုခြင်းကျမ်း)

10. ပါစိတ္တိယသည် ဝိနည်းဝေါဟာရများထဲတွင် လူတစ်ဦးကို သတ်ဖြတ်သည့်ပြစ်ဒဏ်လောက် မပြင်းထန်သော ပြစ်ဒဏ်ဖြစ်သည်။

11. မိဘတို့ကို သေစေလိုစိတ်ဖြင့်မဟုတ်ဘဲ သတ်ဖြတ်ခဲ့လျှင် ပြင်းထန်သောအကုသိုလ်ကံအကျိုးပေး မဖြစ်ချေ။ (Kv.593)။ သို့သော် ထေရဝါဒကျမ်းဂန် (Vin-a. 444-445, Upj.315, Harvey 1999, 275) တို့တွင် သေစေလိုစိတ် ဖြင့်သတ်ဖြတ်ခံရသူသည် တိရစ္ဆာန် သို့မဟုတ် (မိဘတို့မဟုတ်ဘဲ)အခြားသူဖြစ်လျှင်လည်း (သဗ္ဗတ္ထိဝါဒ AKB.iv.103d ကမူ ယခုအမြင်နှင့် ကွဲပြားပါသည်) သို့မဟုတ် မိဘဟုမသိဘဲ သတ်ဖြတ်မိလျှင်လည်း (မဟာယာန Uss.179 သည် ယခုအမြင်နှင့် ကွဲပြားပါသည်) ထိုမကောင်းမှုကံ၏အကျိုးပေးကို ခံစားရကြောင်း လက်ခံထားကြပါသည်။ Vin-a. 444-445 က သေစေလိုသည့်ရည်ရွယ်ချက်ကြောင့် (မကောင်းမှုကံ၏အကျိုးပေးကို ခံစားရခြင်း) ဖြစ်သည်ဟု ရှင်းပြထားပါသည်။ ထို့အပြင် (ထိုမကောင်းမှုကံ၏အကျိုးပေးကို ခံစားရခြင်းသည်) သတ်ဖြတ်ခံရသည့်ပုဂ္ဂိုလ်သည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို မသိခြင်းနှင့် မသက်ဆိုင်ကြောင်းလည်း ရှင်းပြထားပါသည်။

12. သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ မဟုတ်ဘဲ မဂ်ဖိုလ်မရသေးသော ပုဂ္ဂိုလ် သို့ မဂ်ဖိုလ်ရကြောင်း လမ်းစဉ်ကို ကျင့်ကြံနေသူ။

13. ICRC (2014, 6–7, 46–49).

14. ICRC (2014, 6).

15. ICRC (2014, 47).

16. ICRC (2014, 48).

17. ထေရဝါဒအဘိဓမ္မာအရ သတိသည် ကုသလစိတ်တို့တွင်သာ ဖြစ်နိုင်ပြီး(Bodhi 1993, 83-86) လက်နက်ဖြင့် သူတစ်ပါးကို ပစ်ခတ်စဉ်တွင် မှန်ကန်သောသတိ မဖြစ်နိုင်ပါ။ အခြားဗုဒ္ဓဘာသာဂိုဏ်းခွဲများအရမူ အကုသိုလ်စိတ်တို့တွင် အဆင့်နိမ့်သော မှန်ကန်သောသတိများ ဖြစ်နိုင်ပါသည်။ ထေရဝါဒသုတ္တန်များတွင် 'မှားယွင်းသော သတိ' ကို မှားယွင်းသတိရခြင်း (သို့) မှားယွင်းစွာ အမှတ်ရခြင်းဟု မှတ်ယူပါသည်။ (As.250; Gethin 2001, 42-44)

18. အမှတ် ၅၄၆၊ ဇာတက၊ ၆၊ ၃၂၉-၄၇၈။ မဟောသဓာဇာတက ဟုလည်း သိကြသည်။ Appleton နှင့် Shaw (2012-187-333)တို့မှ အသစ်ထပ်မံ ဘာသာပြန်ဆိုထားကြပါသည်။ Premasiri ၏ ဤစာအုပ်ပါဆောင်းပါးကို ကြည့်ပါ။

19. ကာယ - ဟူသည် တိုက်ရိုက်အနက်အားဖြင့် 'ကိုယ်ခန္ဓာ' ဖြစ်သည်။ သို့သော် အင်္ဂုတ္တနိကာယ အဋ္ဌကထာ (A-a.II.361)အရ ကာယဘာဝနာကို ဆိုလိုပါသည်။

20. ဂျီနီဗာသဘောတူညီချက် ၁၊ အပိုဒ် ၅၀ - စစ်မြေပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့အတွင်းရှိ ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်နေသူများ၏ အခြေအနေတိုးတက်ကောင်းမွန်ရေးအတွက် သဘောတူညီချက် (၁) ဂျီနီဗာ၊ ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ရက် - ၂၀၁၆ခုနှစ် ရှင်းလင်းချက်၊ အပိုဒ် ၅၀၊ ကြီးလေးသော ချိုးဖောက်မှုများ။ https://ihldatabases.icrc.org/applic/ihl/ihl.nsf/Comment.xsp?action=openDocument&documentId=21B052420B219A72C1257F7D00587FC3

ဂျီနီဗာသဘောတူညီချက် ၂၊ အပိုဒ် ၅၁ - ပင်လယ်ပြင်တွင် ဒဏ်ရာရသူ၊ နာမကျန်းဖြစ်သူနှင့် သင်္ဘောပျက်ရာတွင်ပါဝင်သူ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အခြေအနေတိုးတက်ကောင်းမွန်ရေးအတွက် သဘောတူညီချက် (၂)၊ ဂျီနီဗာ၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်၊ ၂၀၁၇ခုနှစ် ရှင်းလင်းချက်၊ အပိုဒ် ၅၁ - ကြီးလေးသော ချိုးဖောက်မှုများ။ https://ihldatabases.icrc.org/applic/ihl/ihl.nsf/Comment.xsp?action=openDocument&documentId=51B3435E776E06CEC1258115003EC277

ဂျီနီဗာသဘောတူညီချက် ၃၊ အပိုဒ် ၁၃၀ - စစ်သုံ့ပန်းများအပေါ် ပြုမူဆက်ဆံခြင်းနှင့်သက်ဆိုင်သော သဘောတူညီချက် (၃)၊ ဂျီနီဗာ၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်၊ ၂၀၂၀ပြည့်နှစ် ရှင်းလင်းချက်၊ အပိုဒ် ၁၃၀ - ကြီးလေးသော ချိုးဖောက်မှုများ။ https://ihl databases.icrc.org/applic/ihl/ihl.nsf/Comment.xsp?action=openDocument&documentId=B0BAF7DBF7E5B3FAC1258584004494BF

21. Harvey (1995, 2010 and 2000, 42-43, 46-49).

22. John Dunne, 'Precept Keeping' posting to 'Buddha-L' Internet discussion forum, July 1995, and 'Killing Hitler' posting, 21 March 1996.

23. ယင်းသည် သတ်ဖြတ်သူ၏စိတ်ကို ဆိုလိုသည်လား၊ သတ်ဖြတ်ခံရသူ၏စိတ်ကို ဆိုလိုသည်လားနှင့်ပတ်သက်ပြီး အခြေအတင်ငြင်းခုံမှုရှိပါသည်။ နှစ်ခုစလုံးက ဖြစ်နိုင်ခြေရှိသော်လည်း Jenkins က သတ်ဖြတ်သူ၏စိတ်ကို ဆိုလိုခြင်းဖြစ်သည်ဟူသော အဋ္ဌကထာဆရာ ဇိနပုတ္တရ Jinaputra ၏ အမြင်နှင့် တူပါသည်။ (Jenkins [2010] 2011, 303-304)

24. Demiéville (1957, 379), citing Taishō (156, vii, 161b–162a).

25. အကုသိုလ်စိတ်နှင့်ပတ်သက်ပြီး ဥပမာပေးပြောဆိုရာတွင် အထူးအားဖြင့် လောဘ၊ ဒေါသနှင့် မောဟတို့ကို ပြဆိုကြပါသည်။ (M.I.47) Heim(2014, 72,41) က ထိုကဲ့သို့သော စိတ်ဓာတ်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုတို့သည် တိကျသည့် အနာဂတ် လုပ်ဆောင်မှုကို လက်တွေ့ စီစဉ်နေသော လောဘနှင့် ဒေါသတို့နှင့်အတူ လောဘ၊ ဒေါသနှင့် မောဟ ဟူသော ယေဘုယျ စေ့ဆော်မှုအကြောင်းတရားများထက် ကျော်လွန်သွားသည့် လုံး၀ ဖွံ့ဖြိုးပြီး တက်ကြွလန်းဆန်းသော စိတ်အခြေအနေများ ဖြစ်သည်ဟု ရှင်းပြထားပါသည်။ အလားတူ As.77 တွင် နောင်အခါ အထူးလက်ဆောင်တစ်ခုပေးရန် တစ်စုံတစ်ယောက်က ဆုံးဖြတ်လိုက်သည့်အခါမျိုးတွင် ဒါနနှင့်စပ်သော မနောကံစေတနာ ဖြစ်သည်ဟု ရှင်းပြထားပါသည်။

26. တစ်စုံတစ်ယောက်သည် စစ်တပ်အတွင်းသို့ အတင်းအကြပ် စစ်မှုထမ်းရန် ဝင်ရောက်ရလျှင် 'မိမိအသက် အန္တရာယ်ရှိလာသည့်တိုင် သူတစ်ပါးအသက်ကို မသတ်ပါ' ဟု ကြိုတင် စိတ်ပိုင်းဖြတ်ထားခြင်းမရှိလျှင် အဖွဲ့ဝင် အားလုံးသည် တူညီသောဘုံရည်မှန်းချက်တစ်ခုကို မျှဝေရယူထားပြီး အချင်းချင်း တစ်ဦးကို တစ်ဦး လှုံ့ဆော်နေကြ သည်ဖြစ်သောကြောင့် ထိုသူသည် အခြားသူများပြုသည့် သတ်ဖြတ်မှုတိုင်း၏ အပြစ်ကို မျှဝေရယူရလိမ့်မည်ဟု Vasubandhu က Sarvāstivāda ရှုထောင့်မှ ဆိုပါသည်။ (AKB.iv 72c–d)

## အတိုကောက်ကျမ်းညွှန်းစကားလုံးများ

**A** အင်္ဂုတ္တရနိကာယ် - *Aṅguttara Nikāya*; tr. Bhikkhu Bodhi, *The Incremental Discourses of the Buddha*, Wisdom in 2012.

**A-a** အဋ္ဌကထာ - Untranslated commentary on A: *Manorathapūranī*.

**AK** အဘိဓမ္မကောသ - *Abhidharmakośa-bhāṣyam* (of Vasubandhu – mostly Sarvāstivāda); tr. L. M. Pruden (from L. de La Valleé Poussin's French translation), *Abhidharmakośabhāṣyam*, 4 vols., Berkeley, Asian Humanities Press, 1991.

**As** အဋ္ဌသာလိနီ - *Aṭṭhasālinī*; (tr. Pe Maung Tin), *The Expositor*, 2 vols., London, PTS, 1920 and 1921.

**Bca** သျှံတိဒေဝ၏ ဗောဓိကာရိယာဝတ္တာရ - *Bodhicaryāvatāra of Śāntideva*; tr. K. Crosby and A. Skilton, *Śāntideva: The Bodhicaryāvatāra*, Oxford and New York, Oxford University Press, 1995.

**D** ဒီဃနိကာယ် - *Dīgha Nikāya*; tr. M. Walshe, *Long Discourses of the Buddha*, 2nd revised edition, Boston, Wisdom, 1996, one vol.

**Dhp** ဓမ္မပဒ - *Dhammapada*; tr. K. R. Norman, *The Word of the Doctrine*, London, PTS, 1997; tr. V. Roebuck, *The Dhammapada*, London, Penguin, 2010. Buddharakkhita and Thānissaro translations on Access to Insight website.

**Dhp-a** ဓမ္မပဒအဋ္ဌကထာ - *Dhammapada Aṭṭhakathā*, commentary on Dhp; tr. E. W. Burlingame, *Buddhist Legends*, 3 vols., Harvard Oriental Series, Harvard University Press, 1921; repr. London, PTS, 1995.

**Jat** ဇာတက - *Jātaka with Commentary*; tr. by various hands under E. B. Cowell, *The Jātaka or Stories of the Buddha's Former Births*, 6 vols., London, PTS, 1895–1907. S. Shaw, *The Jātakas: Birth Stories of the Bodhisatta*, New Delhi: Penguin, 2006, translates 26 of the Jātakas.

**Khp** ခုဒ္ဒက - *Khuddaka-pāṭha*; tr. with its commentary, Bhikkhu Ñānamoli, *Minor Readings and Illustrator*, London, PTS, 1960.

**Khp-a** ခုဒ္ဒကအဋ္ဌကထာ - Commentary on Khp: see last item for translation.

**Kv** ကထာဝတ္ထု - *Kathāvatthu*; tr. S. Z. Aung and C. A. F. Rhys Davids, *Points of Controversy*, London, PTS, 1915.

**M** မဇ္ဈိမနိကာယ် - *Majjhima Nikāya*; tr. Bhikkhu Ñāṇamoli and Bhikkhu Bodhi, *The Middle Length Discourses of the Buddha*, Boston, Wisdom, 1995.

**M-a** ပပဉ္စသူဒနီ - Untranslated commentary on M: *Papañcasūdanī*.

**Mil** မိလိန္ဒပဥှ - *Milindapañha*; tr. I. B. Horner, *Milinda's Questions*, 2 vols., London, PTS, 1963 and 1964. PTS Pali Text Society.

**S** သံယုတ်နိကာယ် *Saṃyutta Nikāya*; tr. Bhikkhu Bodhi, *The Connected Discourses of the Buddha*, Boston, Wisdom, 2005, one vol.

**Sn** သုတ္တ-နိပါတ - *Sutta-nipāta*; tr. K. R. Norman, *The Group of Discourses*, in paperback *The Rhinoceros Horn and Other Early Buddhist Poems*, London, PTS, 1984; tr. K. R. Norman, *The Group of Discourses* Vol.II, London, PTS, 1992, revised translation with introduction and notes.

**Upj** ဥပါသကဇနာလင်္ကာရ - *Upāsaka-janālaṅkāra*; tr. Giulio Agostini, *The Ornament of Lay Followers: Upāsakajanālaṅkāra*, Bristol, Pali Text Society, 2015.

**Uss** ဥပါသက-သီလသုတ် - *Upāsaka-śīla Sūtra*; tr. Heng-ching Shih, *The Sutra on Upāsaka Precepts*, Berkeley, Numata Center for Buddhist Translation and Research, Bukkyō Dendō Kyōkai, 1994 (translation from Chinese of Taishō, vol. 24, text 1488). References are to translation pagination.

**Vibh** ဝိဘင်္ဂ - *Vibhaṅga*; tr. U. Thiṭṭila, *The Book of Analysis*, London, PTS, 1969.

**Vibh-a** ဝိဘင်္ဂအဋ္ဌကထာ - Commentary on Vibh., *Sammohavinodanī*; tr. Bhikkhu Ñāṇamoli, *The Dispeller of Delusion*, 2 vols., Oxford, PTS, 1996.

**Vin** ဝိနယပိဋက - *Vinaya Piṭaka*; tr. I. B. Horner, *The Book of the Discipline*, 6 vols., London, PTS, 1938–1966. Vin III and IV are translated respectively as *Book of the Discipline*, vols. I plus II (1-163), and II (164-416) plus III, with Vin. I and II as *Book of the Discipline*, vols. IV and V, and Vin V is *Book of the Discipline* VI.

**Vin-a** သမန္တပါသာဒိကာ - Untranslated commentary on Vin: *Samantapāsādikā*.

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ

Appleton, N., and S. Shaw. 2012. The Ten Great Birth Stories of the Buddha: The Mahānipāta of the Jātakavan _ n _ anā. Vol. 2. Chiang Mai: Silkworm.

Bodhi, B. 1993. A Comprehensive Manual of Abhidhamma: The Abhidhammattha Sangaha. Kandy: Buddhist Publication Society.

Deegalle, M. 2002. "Is Violence Justified in Theravada?" Current Dialogue 39: 8–17.

Demiéville, P. 1957. "Le Bouddhisme et la guerre: Postscriptum a L'Histoire des moines guerriers du Japon de G. Renondeau." Melanges publiés par L'Institut des Hautes Etudes Chinoises 1, 347–385. Reprinted in his 1973 Choix d'etudes bouddhiques (1929–1970), 261–299. Leiden: E. J. Brill. Translated as "Buddhism and War" by M. Kendall, in Buddhist Warfare, ed. M. K. Jerryson and M. Juergensmeyer, 17–57. Oxford: Oxford University Press.

Eckel, M. 2008. Bhāviveka and His Buddhist Opponents. Cambridge: Harvard University Press.

Geiger, W. 1912. The Mahāvam _ sa or Great Chronicle of Ceylon. London: Pali Text Society.

Gethin, R. 2001. The Buddhist Path to Awakening. Oxford: Oneworld.

Gethin, R. 2004. "Can Killing a Living Being Ever Be an Act of Compassion? The Analysis of the Act ofKilling in the Abhidhamma and Pāli Commentaries." Journal of Buddhist Ethics 11: 166–202. http://blogs.dickinson.edu/buddhistethics/files/2010/04/ geth0401.pdf

Gethin, R. 2007. "Buddhist Monks, Buddhist Kings, Buddhist Violence." In Religion and Violence in South Asia: Theory and Practice, edited by J. R. Hinnells and R. King, 62–82. London: Routledge.

Gombrich, R. 1971. Precept and Practice: Traditional Buddhism in the Rural Highlands of Ceylon. Oxford: Clarendon Press.

Gombrich, R. 2006. Theravāda Buddhism. 2nd ed. London and New York: Routledge.

Guenther, H. V. 1959. The Jewel Ornament of Liberation: SGam-po-pa. London: Rider.

Harvey, P. 1995. "Criteria for Judging the Unwholesomeness of Actions in the Texts of Theravāda Buddhism." Journal of Buddhist Ethics 2: 140–151. http://www.buddhis tethics.org/2/harvey.txt

Harvey, P. 1999. "Vinaya Principles for Assigning Degrees of Culpability." Journal of Buddhist Ethics 6: 271–291. http://www.buddhistethics.org/6/harvey991.pdf

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

Harvey, P. 2010. "An Analysis of Factors Related to the Kusala/Akusala Quality of Actions in the Pāli Tradition." Journal of the International Association of Buddhist Studies 33 (1–2): 175–209. https://www.academia.edu/21057483/An_analysis_

Heim, M. 2014. The Forerunner of All Things: Buddhaghosa on Mind, Intention, and Agency. Oxford: Oxford University Press.

Heirman, A. 2020. "Protecting Insects in Medieval Chinese Buddhism: Daoxuan's Vinaya Commentaries." Buddhist Studies Review 37 (1): 27–52. doi:10.1558/ bsrv.18495.

ICRC. 2004. The Roots of Behaviour in War: Understanding and Preventing IHL Violations. Edited by D. Muñoz-Rojas and J. Frésard. Geneva: ICRC. https://www.icrc.org/en/ publication/0853-roots-behaviour-war-understanding-and-preventing-ihl violations

ICRC. 2014. International Humanitarian Law: Answers to Your Questions, 6–7, 46–49. Geneva: ICRC. https://www.icrc.org/en/publication/0703-international humanitarian-law-answers-your-questions

ICRC. 2018. The Roots of Restraint in War. Geneva: ICRC. https://www.icrc.org/en/ publication/roots-restraint-war

Jenkins, S. [2010] 2011. "On the Auspiciousness of Compassionate Violence." Journal of the International Association of Buddhist Studies 33 (1–2): 299–331.

Jerryson, M. 2018. "Buddhism, War and Violence." In Oxford Handbook of Buddhist Ethics, edited by D. Cozort and J. M. Shields, 453–477. Oxford: Oxford University Press.

Nikam, N. A., and R. McKeon. 1959. The Edicts of Aśoka. Chicago and London: University of Chicago Press.

Seneviratne, H. L. 1999. The Work of Kings: The New Buddhism in Sri Lanka. Chicago and London: Chicago University Press.

Tatz, M. 1994. Skill in Means: Upāyakauśalya, Sūtra. Delhi: Motilal Banarsidass.

Welch, H. 1972. The Practice of Chinese Buddhism, 1900–1950. Cambridge: Harvard University Press.

## လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်စေရန်အတွက် ဗုဒ္ဓဘာသာ နိုင်ငံရေး ကျင့်ဝတ်များ၏ ပါဝင်ပတ်သက်မှုများ

P.D. Premasiri

### ဆောင်းပါးအနှစ်ချုပ်

ဤဆောင်းပါးတွင် ပါဠိကျမ်းစာများကို ထုတ်နုတ်၍ ဗုဒ္ဓဘာသာသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ၏ မူများနှင့်အညီ စစ်ပွဲဆင်နွှဲရာ၌ပင် ဆင်းရဲဒုက္ခ အနည်းဆုံးဖြစ်စေရေးအား အလေးထားကြောင်းကို မီးမောင်းထိုးဖော်ပြထားပါသည်။ ဤဆောင်းပါးသည် ပဋိပက္ခ၏ အတွင်းကျသည့်ဇာစ်မြစ်များကို ထင်ဟပ်ဖော်ပြထားပြီး အုပ်ချုပ်မှုနှင့် စစ်ပွဲဆင်နွှဲမှုဆိုင်ရာ အကောင်းဆုံးစံနမူနာများကို လေ့လာဖော်ထုတ်ထားပါသည်။ အထူးသဖြင့် ဇာတက ဇာတ်တော်လာပုံဝတ္ထုများ၊ သိကြားမင်းနှင့်ပတ်သက်သည့်ပုံဝတ္ထုများတွင် ပါရှိသည်များကို လေ့လာဖော်ထုတ်ထားသကဲ့သို့ ဧကရာဇ်အသောက၏အမိန့်တော်များနှင့် မဟာဝံသမှတ်တမ်းတို့တွင် ဖော်ပြချက်တို့ကို ထင်ဟပ်ဖော်ပြထားပါသည်။

### နိဒါန်း

လွန်ခဲ့သောရာစုနှစ်၏ ကမ္ဘာစစ်ပွဲနှစ်ခုသည် ခေတ်သစ်စစ်ပွဲက ဖြစ်ပေါ်စေခဲ့သည့် ခါးသီးသော ဆင်းရဲဒုက္ခအမှတ်တရများကို ချန်ထားရစ်ခဲ့သည်မှာ အထင်အရှား ဖြစ်ပါသည်။ ထိုကဲ့သို့သော ဆင်းရဲဒုက္ခများ၏ ကြီးမားသောအစိတ်အပိုင်းအား ပဋိပက္ခအခြေအနေအတွင်း၌ပင် လူမှုရေးအမူအကျင့်များအပေါ် လွှမ်းမိုးသင့်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများကို အလေးမထားခြင်း၏ အကျိုးဆက်အဖြစ် ရှုမြင်နိုင်ပါသည်။ စစ်ပွဲများသည် ယေဘုယျအားဖြင့် အချို့သော အခြေခံမူများနှင့် ဓလေ့ထုံးတမ်းများကို လိုက်နာရပါသည်။ ရှေးဟောင်းလူ့ယဉ်ကျေးမှုအဖွဲ့အစည်းများပင်လျှင် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် လိုက်နာရမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများ သို့မဟုတ် အခြေခံမူများကို အတိအလင်း သို့မဟုတ် သွယ်ဝိုက်၍ အသိအမှတ်ပြုခဲ့ကြပြီး ဖြစ်ပါသည်။ ရှေးယခင်က အဆိုပါအခြေခံမူများနှင့် ဓလေ့ထုံးတမ်းများကို တစ်ကမ္ဘာလုံးသဘောတူညီသည့် ဥပဒေများအဖြစ် အမြဲတစေ တစ်စုတစ်စည်းတည်း စနစ်တကျ စုစည်းပေါင်းရုံးခဲ့ခြင်း မရှိသော်လည်း လူမှုရေးနှင့်နိုင်ငံရေးကျင့်ဝတ်တို့၏ လိုအပ်သော ပြဋ္ဌာန်းသတ်မှတ်ချက်များအဖြစ် အသိအမှတ်ပြုကြပြီး ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များက အဆိုပါအခြေခံမူများနှင့် ဓလေ့ထုံးတမ်းများကို ယေဘုယျအားဖြင့် လေးစားလိုက်နာခဲ့ကြပါသည်။ လူသားချင်းစာနာထောက်ထားမှုဥပဒေကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စနစ်တကျစုစည်းပေါင်းရုံးခြင်းကိုပြုလုပ်ခဲ့သည့် ကြိုးပမ်းမှုများမှာ မကြာသေးမီ ဆယ့်ကိုးရာစုတွင်သာ ဖြစ်ပါသည်။

အထူးသဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ပြဿနာများကိုဖြေရှင်းရန် စစ်ပွဲကိုအသုံးချသောနည်းလမ်းသည် ရှောင်လွှဲ၍မရဟု အသိအမှတ်ပြုထားပြီးဖြစ်ပုံရပါသည်။ အစုလိုက်အပြုံလိုက် ဧကန်မုချ ဖျက်ဆီးနိုင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များကို ပိုမိုတိုးတက်ထုတ်လုပ်ခဲ့သည့် စက်မှုနည်းပညာသုံးစစ်ပွဲကြောင့် တိုက်ပွဲဝင်စစ်သည်များရော အရပ်သားများပါ နှစ်ဘက်စလုံး စစ်ပွဲ၏ ဆင်းရဲဒုက္ခကို ပိုမိုတိုးတက်ခံစားကြရပါသည်။ ထို့ကြောင့် နိုင်ငံတကာ သဘောတူအတည်ပြုသော သဘောတူလက်ခံမှုနှင့် လက်တွေ့အသုံးချမှု ပြုလုပ်နိုင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများ တစ်စုတစ်စည်း လိုအပ်မှု ရှိလာပါသည်။

လက်နက်ကိုင်ပဋိပက္ခအခြေအနေများနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၏ အဓိကအလေးထားသည့်ကိစ္စရပ်နှစ်ခုမှာ တိုက်ပွဲတွင် ပါဝင်ခြင်းမရှိသူများ သို့မဟုတ် ဆက်လက်ပါဝင်ခြင်းမရှိတော့သူများကို အကာအကွယ်ပေးခြင်းနှင့် စစ်ပွဲနည်းလမ်းများ အထူးသဖြင့် အသုံးပြုသည့် လက်နက်အမျိုးအစားများနှင့် စစ်ပွဲတွင်ကျင့်သုံးသည့် နည်းဗျူဟာများကို ကန့်သတ်ခြင်းတို့ ဖြစ်ပါသည်။ ဤအလေးထားသောနှစ်ချက်၏ ရည်ရွယ်သည့်အကျိုးဆက်မှာ ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်စေရေး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအစဉ်အလာတွင် အထူးသဖြင့် ၎င်း၏မူရင်းကျမ်းစာနှင့် အဖွင့်ကျမ်းများတွင် တာရှည်ထိန်းသိမ်းထားသော ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမူများနှင့် စစ်ပွဲဆင်နွှဲခြင်းနှင့်သက်ဆိုင်သောသဘောတူညီချက်များ များစွာပါရှိပြီး ဗုဒ္ဓဘာသာဝင်များအဖြစ် ဖွင့်ဟဝန်ခံထားသူများ၏ ရှေးဟောင်းကျင့်သုံးမှုအလေ့အထများတွင်လည်း ပုံရိပ်

ထင်ဟပ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာသမိုင်းတွင် ယင်းတို့ကို ဥပဒေများအဖြစ် စုစည်းပေါင်းရုံးထားခြင်း မရှိသော်လည်း ယင်းတို့ကို အလွန့်အလွန်အရေးပါသော ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမူများအဖြစ် အသိအမှတ်ပြုလက်ခံနိုင်ပြီး ယင်းတို့သည် နိုင်ငံတကာပါဝင်သောစစ်ပွဲ သို့မဟုတ် ပြည်တွင်းစစ် အခြေအနေများတွင် လူသားတို့၏ ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေရန်ရည်ရွယ်သည့် IHL စနစ်တစ်ရပ် ဖွံ့ဖြိုးလာစေရန် မည်သည့်ကြိုးပမ်းမှုအပေါ်မဆို အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ အောက်ဖော်ပြပါတင်ပြချက်သည် ထေရဝါဒဂိုဏ်းက အရှည်ထိန်းသိမ်းလာခဲ့သော အစောပိုင်း ဗုဒ္ဓဘာသာကျမ်းရင်းပုံစံများ၊ အဖွင့်ကျမ်းများနှင့် ထိုဂိုဏ်း၏မှတ်တမ်းများမှလာသော ပုံဝတ္ထုဇာတ်တော်များကို ဆန်းစစ်ခြင်းဖြင့်လည်းကောင်း၊ ဘီစီသုံးရာစုအလယ်က ဗုဒ္ဓဘာသာဝင်အသောကမင်း၏ အမိန့်တော်ပြန်တမ်းများ၌တွေ့ရသော အခြေခံမူသဘောတရားများကို ထည့်သွင်းစဉ်းစားခြင်းဖြင့်လည်းကောင်း၊ ထိုအခြေခံမူသဘောတရားများကို ရှင်းလင်းပြရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပါသည်။

## ဗုဒ္ဓဟောကြားသည့်ဒေသနာများ၊ သုတ္တန်များတွင် စစ်ရေးနှင့်ပဋိပက္ခအပေါ် ထင်ဟပ်ဖော်ပြချက်များ

ဗုဒ္ဓ၏ဖြစ်တော်စဉ်ကို ပြဆိုသော ကျမ်းစာများတွင် ဘုရားမဖြစ်မီ မင်းသားငယ်တစ်ပါးအဖြစ် ဗုဒ္ဓ၏စိတ်ဆန္ဒစေ့ဆော်မှုသည် အိမ်ယာတည်ထောင်လူ့ဘောင်ဘဝ၏ တဒင်္ဂသာယာမှုကိုစွန့်၍ အဆုံးစွန်ငြိမ်းချမ်းမှုရရှိစေမည့် နည်းလမ်းကို ရှာဖွေရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ဖော်ပြထားပါသည်။ (အနုတ္တရံ သန္တိဝရပဒံ၊ M.I.163) ဘုရားဖြစ်ပြီးနောက် တရားတော်၏ရည်ရွက်ချက်ကို မေးလျှောက်သည့်အခါ “တရားတော်သည် လောက၌ မည်သူနှင့်မဆို ပဋိပက္ခဖြစ်ခြင်း(ဝိဂ္ဂဟ)ကို ရှောင်ကြဉ်ရန်အတွက်ဖြစ်ပြီး အဆုံး၌ စစ်ပွဲများ သို့မဟုတ် ကြီးမားသော လက်နက်ကိုင်ပဋိပက္ခအသွင် ကြီးထွားလာနိုင်ပြီး ခိုက်ရန်ဒေါသဖြစ်ပွားစေသော အပြုအမူများပါဝင်သည့် လူ့စိတ်အတွင်းသန္တာန်ရှိ မကောင်းသော အညစ်အကြေးများကို အဆုံးသတ်ပယ်ရှားရန် ဖြစ်သည်ဟု မိန့်တော်မူပါသည်။” (ကလဟ ဝိဂ္ဂဟဝိဝါဒ …..ဒဏ္ဍာဒါန သတ္ထာဒါန M.I.108 f.) ဗုဒ္ဓ၏ တရားတော်အလိုအရ စစ်ပွဲများနှင့် ပဋိပက္ခများ၏ ရှောင်လွှဲ၍မရသော အကျိုးဆက်သည် လူသားတို့၏ အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကြောင့် လူသားများနှင့် အခြားသက်ရှိများကို ကြောက်မက်ဖွယ်ရာ ဆင်းရဲဒုက္ခရောက်စေပါသည်။ စစ်ပွဲအခြေအနေများတွင် တိုက်ပွဲဝင်စစ်သည်များ မျက်နှာချင်းဆိုင် ရင်ဆိုင်ကြခြင်းဖြင့် စစ်မြေပြင်တွင် အပြန်အလှန် ဆင်းရဲဒုက္ခများ ဖြစ်စေပုံကို ကွက်ကွက်ကွင်းကွင်း ဖော်ပြချက်ဖြစ်သည့် မဟာဒုက္ခက္ခန္ဓသုတ်တွင် ပြင်းထန်သော လက်နက်ကိုင်ပဋိပက္ခ အခြေအနေများ၌ ဖြစ်ပေါ်သော လူသားတို့၏ဆင်းရဲဒုက္ခများကို အကျယ်တဝင့်ဖော်ပြထားပါသည်။ (M.I.86) ဗုဒ္ဓက “ငါဘုရား၏ တရားဒေသနာသည် ဒုက္ခခပ်သိမ်း အမြဲချုပ်ငြိမ်းစေရန် ဖြစ်သည်”ဟု ထပ်တလဲလဲ ဟောတော်မူထား ပါသည်။ (M.I.140) ဗုဒ္ဓ၏တရားဒေသနာတော်သည် ယင်းကို အပြည့်အဝလိုက်နာကျင့်သုံးရန် သန္နိဋ္ဌာန်ပြုနိုင်သူ များအတွက် ကြမ်းတမ်း၍ထင်ရှားသည်ဖြစ်စေ သို့မဟုတ် သိမ်မွေ့သည်ဖြစ်စေ ဆင်းရဲဒုက္ခအပေါင်းကို နောက်ဆုံး ချုပ်ငြိမ်းစေပြီး ဆင်းရဲဒုက္ခကို လုံးဝဥဿုံကျော်လွှားနိုင်ရန် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ၌ ဆင်းရဲဒုက္ခကို ပင်ကိုယ်အားဖြင့် မကောင်းဟု မှတ်ယူသောကြောင့် ထိုဆင်းရဲဒုက္ခကို တတ်နိုင်သမျှ အဆင့်တိုင်းတွင် ရှောင်ရှားခြင်း၊ ကာကွယ်တားဆီးခြင်း သို့မဟုတ် အနည်းဆုံးဖြစ်စေခြင်း တို့ကို ဗုဒ္ဓဘာသာက အကြံပြုထားပါသည်။

ဤအချက်က ဗုဒ္ဓဘာသာသည် မွန်မြတ်သည့် အဖိုးတန်ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် တစ်စုံတစ်ဦး အနေဖြင့် ကြုံတွေ့ရမည့်ကျင့်စဉ်တွင် ရံဖန်ရံခါ ပါဝင်သည့် ဆင်းရဲဒုက္ခမျိုးကို ရှောင်ကြဉ်ရမည်ဟု မဆိုလိုပေ။ ဥပမာ - တရားထိုင်ရာ၌ အချို့သောအချိန်များတွင် ခန္ဓာကိုယ် မသက်မသာဖြစ်ခြင်းကဲ့သို့သော ဆင်းရဲကို ခံစားရခြင်းသည် မိမိကိုယ်တိုင်နှင့် သူတစ်ပါးကို ဆင်းရဲပင်ပန်းစေသော အကုသိုလ်တရားများနှင့် ဒုစရိုက်အားလုံး၏ စိတ်အရင်းခံများ ပပျောက်ရေးကို ရှေးရှုသည့်လုပ်ငန်းစဉ်၌ ဘေးထွက်အကျိုးသက်ရောက်မှုတစ်ခုသာ ဖြစ်ပါသည်။ တရားကျင့်ရာလမ်းကြောင်း၌ တွေ့ကြုံရသော ဆင်းရဲကို ထိုဆင်းရဲခြင်း၏အဆုံးသတ်အဖြစ် သဘောထားခြင်း မပြုဘဲ တစ်ဦးချင်းအဆင့်၌ ဆင်းရဲဒုက္ခအားလုံးချုပ်ငြိမ်းရေးလမ်းစဉ်၏ အစိတ်အပိုင်းအဖြစ် သဘောထားခြင်း ဖြစ်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ အရင်းခံသည့် လုပ်ဆောင်မှုသည် မိမိကိုယ်တိုင်ကို ဆင်းရဲဒုက္ခရောက်စေပြီး သူတစ်ပါးတို့ကို ထိခိုက်နစ်နာစေသော လုပ်ရပ်များဖြစ်ပေါ်ရန် ဦးတည်စေပါသည်။ တစ်နည်းအားဖြင့် မိမိဘဝကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားများဖြင့် ထုံမွှမ်းနေထိုင်ခြင်းသည် သူတစ်ပါးအား ဆင်းရဲဒုက္ခပေးခြင်းကို ရပ်စဲလိုက်ခြင်း ဖြစ်ပါသည်။

မြေငလျင်၊ မုန်တိုင်းနှင့် ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များအပြင် အိုခြင်း၊ နာခြင်းနှင့် သေခြင်း ဟူသော သဘာဝဖြစ်စဉ်များကြောင့် ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေပါသည်။ သတ္တဝါအားလုံး ယေဘုယျကြုံတွေ့ရသော ဆင်းရဲဒုက္ခအပြင် ဗုဒ္ဓဘာသာအလိုအရ လူသားတို့ကိုယ်တိုင် မကောင်းမှုပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခလည်း ရှိပါသည်။ ဗုဒ္ဓဘာသာအဆုံးအမဒေသနာတော်သည် လူသားများအနေဖြင့် လူတို့၏လုပ်ဆောင်မှု များအား မကောင်းမှုအကုသိုလ်ဖြစ်စေရန် စေ့ဆော်ပေးသော အရင်းခံအကြောင်းတရားများ ဖြစ်ကြသည့် လိုချင် တပ်မက်မှု(လောဘ)နှင့် မုန်းတီးမှု(ဒေါသ)တို့အပြင် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသည့် ထိုပထမ အကြောင်းတရား နှစ်မျိုး ပေါ်ပေါက်လာခြင်းကြောင့် အသိအမြင်ကိုလမ်းလွဲရောက်စေသော ယုံမှားခြင်း တနည်း မသိမှု(မောဟ) တို့ကို ထိုးထွင်းသိမြင်ခြင်းမရှိသောကြောင့် မိမိကိုယ်တိုင်နှင့် အခြားသူများအား ခံစားစေသည့် ဆင်းရဲဒုက္ခမျိုးနှင့် အဓိကအားဖြင့် သက်ဆိုင်ပါသည်။ လူတို့၌ ထိုးထွင်းသိမြင်နိုင်သောဉာဏ်၏ ရင့်ကျက်မှုသည်လည်းကောင်း၊ တည်ငြိမ်မှုနှင့် ထိုးထွင်းသိမြင်နိုင်သောဉာဏ်ကို ပျိုးထောင်ခြင်းအားဖြင့် လူအပေါင်း လိုလားနေသည့် ရရှိနိုင်သည့် နိမ့်ကျသော စိတ်ခံစားမှုများအား ပြောင်းလဲခြင်းအဆင့်တို့သည်လည်းကောင်း အမှန်တကယ်ပင် အမျိုးမျိုး အဖုံဖုံ ကွဲပြားမှု ရှိပါသည်။ ဤအချက်ကို ထည့်သွင်းစဉ်းစားလျက် အားလုံးသောလူ့ခပ်သိမ်းသည် လောကတွင် လုံးဝ ငြိမ်းချမ်းစွာနေထိုင်နိုင်စွမ်းရှိပြီး ဆင်းရဲဒုက္ခဖြစ်စေသော စိတ်ပိုင်းဆိုင်ရာအကြောင်းရင်းဇာစ်မြစ်များကို ကျော်လွှား နိုင်စွမ်းရှိသည်ဟု စိတ်ကူးကြည့်ရန် ဗုဒ္ဓသည် ထိုမျှ လက်တွေ့မဆန်သူ မဟုတ်ချေ။ သတ္တဝါတို့သည် ၎င်းတို့၏ သဘာဝအရ သဟဇာတဖြစ်စွာနှင့် ငြိမ်ချမ်းစွာ နေထိုင်လိုသော ဆန္ဒရှိနိုင်သော်လည်း မနာလိုခြင်း(ဣဿာ)နှင့် ဝန်တိုခြင်း(မစ္ဆရိယ)ဟူသော ပဋိပက္ခဖြစ်စေသည့် စွမ်းအားအကြီးမားဆုံး အကြောင်းတရားနှစ်ပါး၏ ဟန့်တား နှောက်ယှက်ခံနေရသောကြောင့် ထိုကဲ့သို့ မနေနိုင်ကြဆိုသည့်အချက်ကို ဗုဒ္ဓက အသိအမှတ်ပြု လက်ခံခဲ့ပါသည်။ (D.II.276) ရှေ့ပိုင်းတွင် မှတ်သားခဲ့သည့်အတိုင်း စစ်ပွဲအခြေအနေများတွင် မိမိရော သူတပါးကိုပါ ခံစားစေသည့် အဆိုးဆုံးသောဆင်းရဲဒုက္ခမျိုးစုံတို့ ဖြစ်ပေါ်ပါသည်။

ပြည်တွင်းစစ်ပွဲဟူသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလအတွင်း ကြုံတောင့်ကြုံခဲ ဖြစ်ရပ်မဟုတ်ခဲ့ချေ။ ဗုဒ္ဓနှင့် ရင်းနှီးကျွမ်းဝင်ပြီး ကိုယ်ကျင့်သီလဆိုင်ရာဘဝ၏ အခြေခံသဘောတရားများနှင့်ဆက်စပ်သည့် ကိစ္စရပ်များ အပေါ် ဗုဒ္ဓ၏ အကြံဉာဏ်နှင့် လမ်းညွှန်ချက်များကို အမြဲတစေ တောင်းခံကြသည့် ဘုရင်မင်းများသည်ပင် စစ်ပွဲများ တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။ ပါဠိကျမ်းစာရင်းမြစ်များတွင် ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်း ကိန်းအောင်း ဆင်ခြင်တော်မူသော ဗုဒ္ဓအား “ကိုယ်တိုင်လည်း မသတ်၊ သူတစ်ပါးကိုလည်း မသတ်စေ၊ စစ်ရေး အောင်ပွဲခံခြင်းကို ကိုယ်တိုင်လည်း မပြု၊ သူတစ်ပါးကိုလည်း မပြုစေ၊ ကိုယ်တိုင်လည်း မပူဆွေး၊ သူတစ်ပါးကိုလည်း မပူဆွေးစေဘဲ သီလကိုတိတိကျကျလိုက်နာပြီး တရားသဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရန် ဖြစ်နိုင်ပါသလော” ဟု ဤသို့သော စိတ်အကြံ ဖြစ်သည်ဟု ဆို၏။ (‘သက္ကာ နု ခေါ ရဇ္ဇံ ကာရေတုံ အဟနံ အဃာတယံ အဇိနံ အဇာပယံ အသောစံ အသောစာပယံ ဓမ္မေနာ’တိ S.I.116) ဤမေးခွန်းအတွက် တိကျသည့် အဖြေပေးမထားချေ။ ဤနည်းလမ်းဖြင့် လုပ်ဆောင်ခြင်းသည် အလွန်အမင်းခက်ခဲကြောင်းကို တွေ့မြင်သောကြောင့် ဖြစ်နိုင်ပေသည်။

ယခင်က နယ်မြေချဲ့ထွင်ရန် သို့မဟုတ် သယံဇာတများပိုမိုရရှိရန် ရည်ရွယ်ချက်ဖြင့် ပြင်းထန်သောစစ်ပွဲ များကို မကြာခဏ ဆင်နွှဲတိုက်ခိုက်ခဲ့ကြသော်လည်း ယနေ့ကမ္ဘာတွင် ယင်းသို့သောရည်ရွယ်ချက်များမှ အနည်းဆုံး ပေါ်ပေါ်ထင်ထင် စတင်ဖြစ်ပေါ်မလာတော့ဘဲ အခြားအကြောင်းတရားများမှ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှုများ သည် ပိုမိုရှုပ်ထွေးလာပါသည်။ မှန်ပေသည်၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် မကြာခဏဆိုသလိုပင် ကမ္ဘာကြီး၏ အကန့်အသတ်ရှိသော သယံဇာတရင်းမြစ်ပစ္စည်းများအတွက် ပြိုင်ဆိုင်မှုကြောင့် အချင်းချင်းအပြန်အလှန် အမြဲ သံသယစိတ်ကို ခံစားနေကြရပါသည်။ ပဋိပက္ခဖြစ်စေသည့် ဤအဓိကအကြောင်းရင်းအပြင် ဘာသာရေး သို့မဟုတ် လူမျိုးစု ကိုယ်ပိုင်လက္ခဏာများ၊ နယ်မြေကန့်သတ်ချက်များနှင့်ပတ်သက်သည့် အငြင်းပွားမှုများနှင့် ကမ္ဘာ့ အခင်း အကျင်းတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို ခြိမ်းခြောက်နိုင်သည့် နိုင်ငံရေးအယူဝါဒများနှင့်ပတ်သက် သော သဘောထားကွဲလွဲမှုများ စသည့် အခြားသော အကြောင်းများလည်း အများအပြား ရှိပါသေးသည်။ ပဋိပက္ခ အခြေအနေများတွင် မပြောင်းလဲသောတိမ်းညွှတ်မှုသည် ပါဝင်သည့်အဖွဲ့တစ်ဖွဲ့ချင်းစီ၏ ကိုယ်ပိုင်ရပ်တည်ချက် အတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာတရားမျှတကြောင်းအကြောင်းပြချက်ကို အခိုင်အမာပြောဆိုနိုင်ရန် ဖြစ်ပါသည်။ မျက်မှောက်ခေတ်လူသားမျိုးနွယ်တွင် ချီးကျူးထိုက်သောအောင်မြင်မှုများ အများအပြားရှိသော်လည်း ဖျက်ဆီး တတ်သော စစ်ပွဲများ ဖြစ်နိုင်ခြေကို ထည့်မတွက်ဘဲထား၍ မရနိုင်ပေ။ စစ်ပွဲကို လောဘ၊ ဒေါသနှင့် မောဟဟူသည့်

အကုသိုလ်အကြောင်းရင်းသုံးပါး၏ဖော်ပြချက်ဟု ဗုဒ္ဓဘာသာက မှတ်ယူသော်လည်း မတရားသောကျူးကျော်ရန်စ တိုက်ခိုက်မှုအား မိမိကိုယ်မိမိ ခုခံကာကွယ်ရန် တရားမျှတသည့်အဖွဲ့တစ်ခုကိုပင် လက်နက်ကိုင်ခုခံတော်လှန်ရေး အတွင်း ဆွဲသွင်းခြင်းခံခဲ့ရသည့် ဖြစ်နိုင်ခြေ ရှိပါသည်။ လူ့ဘောင်အဖွဲ့အစည်းအားလုံး၌ ကျင့်ဝတ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုများရှိကြသော်လည်း ၎င်းတို့သည် နိုင်ငံတကာပါဝင်သောစစ်ပွဲများနှင့် ပြည်တွင်းစစ်ပွဲများတွင်လည်း ပါဝင်ပတ်သက်နေကြသောကြောင့် ၎င်းတို့သည် ၎င်းတို့၏တန်ဖိုးထားမှုများအရ ၎င်းတို့ ပါဝင်ပတ်သက်နေသည့် မည်သို့သော လက်နက်ကိုင်ပဋိပက္ခနှင့်ပတ်သက်၍မဆို အလေးအနက်စဉ်းစားဆင်ခြင်ကြရန် လိုအပ်ပါသည်။ မျက်မှောက်ခေတ် ကမ္ဘာ့အခင်းအကျင်းတွင် စစ်ပွဲ၏ခြိမ်းခြောက်မှုအန္တရာယ် အမြဲမပြတ်ရှိနေသည့်အချက်အား ဝန်ခံခြင်းကို ရင်ဆိုင်ရသော်လည်း စစ်ပွဲနှင့်သက်ဆိုင်သည့် ကျင့်ဝတ်ဆိုင်ရာ ပြဿနာရပ်များကို ဖော်ထုတ်တင်ပြ နိုင်သည့်အပြင် ဖော်ထုတ်တင်ပြခြင်းလည်းပြုရပါမည်။ ဤအချက်နှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာ၏ ဘာသာရေး ထုံးတမ်းစဉ်လာသည် တန်ဖိုးရှိသည့် အထောက်အကူပေးခြင်းကို ပြုလုပ်နိုင်သည့် အနေအထားတွင် ရှိသည်ဟု ပြောရန် လုံလောက်သည့်အကြောင်းရှိပါသည်။

ဗုဒ္ဓဘာသာအဆုံးအမတရားတော်သည် 'တရားနှင့်အညီအုပ်စိုးသူ' (ဓမ္မရာဇ) အယူအဆကို မိတ်ဆက်ပေး ခဲ့ပြီး ထိုမင်းသည် ဤကမ္ဘာလောကတွင် တစ်ချိန်မဟုတ်တစ်ချိန် အခါအားလျော်စွာ ပေါ်ထွန်းလာသော တစ်ကမ္ဘာ လုံးကို ဩဇာဖြန့်ကြက်အုပ်စိုးသူ 'စကြဝတေးမင်း' (စက္ကဝတ္တိ) ဖြစ်ကာ ၎င်း၏ နိုင်ငံ့ဩဇာတည်ထောင်ခြင်းနှင့် အုပ်ချုပ်မှုလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်းတို့တွင် စစ်လက်နက်များအားအသုံးပြုခြင်းမှ ရှောင်ကြဉ်ပြီး တရားနှင့်အညီအုပ်ချုပ်သည့်စနစ်ကို ထိန်းသိမ်းသည့်မင်း ဖြစ်ပါသည်။ သို့ရာတွင် ယင်းကဲ့သို့သော အုပ်စိုးသူမင်း သည်ပင်လျှင် ရန်သူတပ်များကို သုတ်သင်ချေမှုန်းနိုင်စွမ်းရှိသည့် အင်္ဂါလေးရပ်နှင့်ပြည့်စုံသော လက်နက်ကိုင်တပ်မ ကြီးများနှင့် သွေးရင်းအလား အားထားရသော စစ်သည်တော်တစ်ထောင်ကျော်ပါဝင်သည့် အင်အားကြီးမားသော စစ်တပ်ကို ထိန်းသိမ်းထားရှိသည်ဟု ဆိုပါသည်။ (D.III.59) နိုင်ငံအုပ်ချုပ်ရာတွင် စစ်ပွဲသည် လုံးဝရှောင်လွှဲ၍ မရနိုင် ကြောင်းကို ဤအချက်က ပြသနေပါသည်။ ဗုဒ္ဓဘာသာက ကျူးကျော်တိုက်ခိုက်သောစစ်ပွဲများအား လောဘနှင့် သို့မဟုတ် ဒေါသ၏ သိသာထင်ရှားသောဖော်ပြချက်ဖြစ်ပြီး အကြွင်းမဲ့ ကျင့်ဝတ်ပျက်ပြားသောမကောင်းမှုဒုစရိုက် ဟု မှတ်ယူထားခဲ့ပါသည်။ သို့ရာတွင် အထက်၌မှတ်သားခဲ့သည့်အတိုင်း နိုင်ငံတော်သည် ၎င်း၏နိုင်ငံသားများအား ကျူးကျော်တိုက်ခိုက်သောရန်သူတပ်များ၏ရန်မှ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပြီး မတရားကျူးကျော် တိုက်ခိုက်မှုကို နိုင်ငံတော်ကခုခံရန် အခါအားလျော်စွာ လိုအပ်ချက် ပေါ်ပေါက်လာနိုင်ပါသည်။

## လက်နက်ကိုင်ပဋိပက္ခအတွင်း လုပ်ဆောင်မှုဆိုင်ရာ ဇာတက ဇာတ်ဝတ္ထုများ

ထိုသို့သောအခြေအနေများကို အသိအမှတ်ပြုခြင်းတွင် ရံဖန်ရံခါ စစ်တိုက်သော်လည်း ဆင်းရဲဒုက္ခ အနည်းဆုံး ဖြစ်စေနိုင်သော နည်းလမ်းများဖြင့်လုပ်ဆောင်သည့် ဘာသာတရားကိုအလွန်ရိုသေကိုင်းရှိုင်းသော ဗုဒ္ဓ၏ တပည့် သာဝကတစ်ဦး အဖြစ် ရှုမြင်ခံရသူ သိကြားမင်းအား သရုပ်ဖော်သည့်ကိစ္စမျိုးတွင်ကဲ့သို့ ဒဏ္ဍာရီဖြစ်ရပ်များကို မိတ်ဆက်ပေးခြင်းဖြင့် ဗုဒ္ဓဘာသာသည် စစ်ပွဲဆင်နွှဲခြင်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်ပိုင်းဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းထားပါသည်။ ဗုဒ္ဓဘာသာ၏ ပုံပြင်ဆန်သည်ဟုခေါ်ဆိုနိုင်သောစာပေ၏ အဓိကအပိုင်းဖြစ်သည့် ဇာတက ဇာတ်တော်များတွင် ဘုရားအဖြစ်ကိုရရှိရန် ပါရမီဖြည့်ကျင့်ခဲ့စဉ်အခါက ဗုဒ္ဓ၏အတိတ်ဘဝ ပုံဝတ္ထုများ ပါဝင်သည်ဟု ယူဆကြပါသည်။ ဇာတ်တော်များသည် တစ်ခါတစ်ရံစစ်ပွဲအခြေအနေများကို ကိုယ်တွေ့မျက်မြင် အဖြစ် တစ်ခါတစ်ရံ စစ်ပွဲတွင်တိုက်ရိုက်ပါဝင်သူအဖြစ် 'ဘုရားအလောင်းအလျာ'(ဗောဓိသတ္တ)ကို ကိုယ်စားပြုပါ သည်။ ယခုဆွေးနွေးချက်များနှင့်သက်ဆိုင်သည့် ဤအဓိကစာပေမှ ဇာတ်လမ်းအတော်များများကို အောက်တွင် စတင်ဖော်ပြထားပါသည်။ ယင်းသို့သောအခြေအနေများတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ် ပိုင်းဆိုင်ရာအခြေခံမှုများကို လုံးဝဥဿုံ အလေးဂရုပြုသော်လည်း ဗုဒ္ဓဘာသာကို ၎င်းတို့၏အယူဝါဒအဖြစ် ယုံကြည် ကိုးကွယ်သူတို့သည် စစ်ပွဲတွင်းတိုက်ရိုက်ပါဝင်ခဲ့ကြသည့် သာဓကဖြစ်ရပ်များလည်း ဗုဒ္ဓဘာသာသမိုင်းတွင် ရှိပါ သည်။ ဤဖြစ်ရပ်များသည် ပဋိပက္ခအခြေအနေများနှင့်သက်ဆိုင်သော အထူးသဖြင့် စစ်ပွဲကြောင့် ဒုက္ခရောက်ရ သည့် အပြစ်မဲ့သူများအား ပြုမူဆက်ဆံပုံ၊ စစ်ပွဲ၏ အလွန်ရက်စက်ကြမ်းကြုတ်သောနည်းလမ်းများကို ရှောင်ရှားပုံ၊ စစ်ရှုံးပြီးနှိမ်နင်းခံရသောရန်သူများကို ကရုဏာတရားဖြင့်ဆက်ဆံပုံ တို့နှင့်သက်ဆိုင်သော ကိစ္စရပ်များဆိုင်ရာ ကျင့်ဝတ်စံနှုန်းများကို ထင်ဟပ်ဖော်ပြထားပါသည်။ ရန်ငြိုးမထားခြင်းဖြင့် ရန်လိုခြင်းကို အောင်နိုင်ခြင်း၊ ကရုဏာ

ဖြင့် အမုန်းတရားကို အောင်နိုင်ခြင်း တို့ကို အလေးအနက်တိုက်တွန်းထားသည့် ဓမ္မပဒကဲ့သို့သော ဗုဒ္ဓဘာသာ ကျမ်းဂန်စာပေရင်းမြစ်များတွင် ရှင်းလင်းပြတ်သားစွာ ဖော်ထုတ်ထားသည့် ထိုအခြေခံ ကျင့်ဝတ်ဆိုင်ရာ ဩဝါဒ ဒေသနာများကို ထိုသာဓကဖြစ်ရပ်များတွင် ရှင်းလင်းစွာ ထင်ဟပ်ဖော်ပြထားပါသည်။ ထိုကျင့်ဝတ်များသည် မုန်းတီးမှု(ဒေါသ)နှင့် ရန်ငြိုးဖွဲ့မှု(ပဋိဃ)တို့ အဓိကအခန်းကဏ္ဍမှ ပါဝင်သော စစ်ပွဲအခြေအနေများနှင့် အထူးသဖြင့် သက်ဆိုင်ပါသည်။

ကျင့်ဝတ်အရအရေးပါသည့်မည်သို့သောအခြေအနေမျိုးတွင်မဆို ကျင့်ဝတ်ဆိုင်ရာအကဲဖြတ်ခြင်းအတွက် ရပ်တည်ချက်များနှင့်ပတ်သက်ပြီး အဓိက မေးခွန်းတစ်ခု ပေါ်ထွက်လာပါသည်။ ကျင့်ဝတ်သည် အမှန် အမှား၊ အကောင်း အဆိုး၊ လုပ်သင့် မလုပ်သင့် တို့နှင့် သက်ဆိုင်နေသည်ဖြစ်သောကြောင့် ယင်းကဲ့သို့သော ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အကြောင်းပြချက်များပြုလုပ်နိုင်သည့် ရှင်းလင်းချက်လိုအပ်ပါသည်။ ဗုဒ္ဓဘာသာအရ ကျင့်ဝတ်ဆိုင်ရာ ဝေဖန်ပိုင်းခြားနိုင်စွမ်းများသည် ဩဇာအာဏာ သို့မဟုတ် ထုံးတမ်းစဉ်လာများအပေါ် အတန်အသင့် အခြေမခံနိုင်ချေ။ ဗုဒ္ဓဘာသာသည် ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များပြုလုပ်ခြင်းအတွက် မည်သည့် ပညတ်ချက် သဘောတရားပုံစံမျိုးကိုမဆို ဘုရားသခင်ကပညတ်သည့်အယူအဆကိုပင် မထောက်ခံဘဲ စဉ်းစားဆင်ခြင်သုံးသပ်ခြင်းအတွက် ဗုဒ္ဓ၏သွန်သင်မှုကို လွန်စွာ လျော်ကန်သင့်မြတ်သော အလေးအနက်စဉ်းစားဆင်ခြင်မှုအဖြစ် ကေန်မုချ ရှုမြင်ရန် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအလိုအရ လူ့ကျင့်ဝတ်နှင့်ကိုက်ညီသည့်ကိုယ်ကျင့်တရားကောင်းများကို အခြေခံအားဖြင့် လူသားတို့ကိုယ်တိုင်က ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ အရေးကြီးသည်မှာ (ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည်သူတစ်ဦး ရှုမြင်သည့်အတိုင်း) 'ဘုရားသခင် ပညတ်သောအရာ' သည် အကောင်းလော အဆိုးလော ဆိုသည်မျိုး မဟုတ်ဘဲ 'ဘုရားသခင်ပညတ်ချက်များ' မှာ ကောင်းသည်မှန်သော်လည်း ဗုဒ္ဓဘာသာ၌ ကောင်းခြင်း၊ ဆိုးခြင်းကို လူသား၏ ကိစ္စရပ်အပေါ် အလေးအနက်စဉ်းစားဆင်ခြင်မှု ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်သာ ဆုံးဖြတ်သတ်မှတ်နိုင်ပါသည်။ ဗုဒ္ဓဘာသာအဆုံးအမတရားတော်၏ဆန်းစစ်မှုမှလာသည့် နေရာတိုင်းလူတိုင်းအားလုံးနှင့် သက်ဆိုင်သော ကျင့်ဝတ်စံနှုန်းအဖြစ် ချင့်ချိန်အကဲဖြတ်နိုင်ရန် လူသား၏အပြုအမူကြောင့် ထွက်ပေါ်လာနိုင်ခြေရှိသော မည်သည့်ကျင့်ဝတ်စံနှုန်းမဆို ပျော်ရွှင်မှုချမ်းသာသုခ သို့မဟုတ် ဆင်းရဲဒုက္ခကို ထည့်တွက်ရမည် ဆိုသည့် အချက်သည် ရှင်းရှင်းလင်းလင်း ဖြစ်လာပါသည်။

ကိုယ်ကျင့်သီလဆိုင်ရာ စဉ်းစားဆင်ခြင်မှုများ အရေးပါသည့် အခြေအနေအားလုံးတွင် ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေပြီး ချမ်းသာသုခကို အများဆုံးဖြစ်စေခြင်းသည် ကျွန်ုပ်တို့၏ အထင်ရှားဆုံး လူ့ကျင့်ဝတ် တာဝန်များ ဖြစ်သည် ဆိုသည့်အချက်ကို ဗုဒ္ဓဘာသာက အခိုင်အမာဆိုပါသည်။ ဤဗုဒ္ဓဘာသာကိုယ်ကျင့်သီလဆိုင်ရာ အကောင်းဆိုးစံနမူနာကို ethical သို့မဟုတ် unethical နှင့် moral သို့မဟုတ် immoral ဟူသည့် အင်္ဂလိပ်ဝေါဟာရအသုံးအနှုန်းများနှင့် အနီးစပ်ဆုံးတူညီသည့် ကိုယ်ကျင့်သိက္ခာရှိသော သို့မဟုတ် ကျွမ်းကျင်လိမ္မာသော (ကောင်းမှု)နှင့် ကိုယ်ကျင့်သိက္ခာမရှိသော သို့မဟုတ် ကျွမ်းကျင်လိမ္မာခြင်းမရှိသော (မကောင်းမှု)ဟု ယေဘုယျဘာသာပြန်ဆိုသည့် ကုသလနှင့် အကုသလတည်းဟူသော ပါဠိဝေါဟာရအသုံးအနှုန်းများ၏ အနက်အဓိပ္ပါယ်တွင် ထင်ဟပ်ထားပါသည်။ အကျင့်သီလမရှိသော အကုသိုလ်အမှုသည် မိမိတစ်ဦးတည်းသာမက တစ်ပါးသူများကိုပါ ရေရှည်ဆင်းရဲစေပြီး (ဒုက္ခုဒြယံ ဒုက္ခဝိပါကံ) ကုသိုလ်အမှုသည် မိမိကိုရော သူတပါးကိုပါ အရှည်ချမ်းသာ ပေးပါသည်။ (သုခုဒြယံ သုခဝိပါကံ) (M.II.114-115) ခပ်သိမ်းသောအခြေအနေများတွင် ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်စေရေး သည် လူသားတာဝန်တစ်ရပ်ဖြစ်သည်ဆိုသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုကို ဗုဒ္ဓဘာသာ ဝင်တို့၏ ကိုယ်ကျင့်သီလစနစ်တွင် ထင်ထင်ရှားရှား အသိအမှတ်ပြုထားပါသည်။ ဘုရားသခင်ကောင်းချီးပေးသည့် ပညတ်တော်ကဲ့သို့သော အခြားစံချိန်စံညွှန်းကို ဆင်းရဲဒုက္ခနည်းနိုင်သမျှနည်းပါးရေးမှုထက် ပိုမို ဦးစားမပေးပေ။ ထို့ကြောင့် ဤအခြေခံမှုသည် ဆင်းရဲဒုက္ခဖြစ်စေခြင်းသည် ကြောင်းကျိုးဆက်စပ်ကာ လိုအပ်သော နောက်ဆက်တွဲ အကျိုးဆက် ဖြစ်လာသည့် စစ်ပွဲဆင်နွှဲခြင်းအတွက် သွယ်ဝိုက်သောအားဖြင့် ပါဝင်ပတ်သက်မှုများ ရှိပါသည်။

ဗုဒ္ဓဘာသာစာပေကျမ်းဂန်၏ ကျမ်းရင်းခေတ်နှောင်းပိုင်းကာလအတွင်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရာ၌ လိုက်နာကျင့်သုံးအပ်သော မင်းကျင့်တရား(၁၀)ပါး (ဒသ-ရာဇ-ဓမ္မ)ဟု ရည်ညွှန်းသည့် နိုင်ငံရေးကိုယ်ကျင့်သီလများပါဝင်သည့် ကျင့်ဝတ်တစ်ခုကို ဗုဒ္ဓဘာသာ၌ ဖော်ထုတ်ခဲ့ပါသည်။ ထိုတရား(၁၀)ပါးတွင် ယခုဆွေးနွေးချက်ပါ အကြောင်းအရာအတွက် အမှန်တကယ် ထင်ရှားပေါ်လွင်သော ပါဝင်ပတ်သက်မှုများ ရှိပါသည်။ စစ်ပွဲအခြေအနေ

များတွင် ကျင့်ဝတ်ဆိုင်ရာအပြုအမူ အပြင်းထန်ဆုံး ချိုးဖောက်မှုများသည် စစ်ရှုံးရန်သူများအပေါ် လက်စားချေလက်တုံ့ပြန်ရန်ကြိုးပမ်းခြင်းနှင့် အပြစ်မဲ့သူများ၏ ဆင်းရဲဒုက္ခကို စာနာစိတ်ကင်းမဲ့စွာ လျစ်လျူရှုဥပေက္ခာပြုမှုကို ပြသခြင်း ရည်ရွယ်ချက်တို့ဖြင့် လုပ်ဆောင်သော အုပ်ချုပ်သူအစိုးရများအောက်တွင် ဖြစ်ပွားပါသည်။ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအစဉ်အလာက ယင်းကို သတိပြုမိခဲ့ပြီး ယင်းကဲ့သို့သော အပြုအမူများကို ကာကွယ်တားဆီးရန်အတွက် ကရုဏာတရားနှင့် ခွင့်လွှတ်ခြင်းတို့ကို ထောက်ခံအားပေးသည်နှင့်အညီ နိုင်ငံတော်အာဏာပိုင်များ ကတိကဝတ်ပြုကျင့်သုံးရမည့် ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမှုများကို ဖော်ထုတ်ခြင်းဖြင့် စစ်မှန်သော ကြိုးပမ်းမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာ၏ ဇာတ်တော်လာပုံဝတ္ထုများသည် သက်ဦးဆံပိုင်အုပ်စိုးသူမင်းများနှင့် နိုင်လိုမင်းထက်ပြုမူသောအုပ်စိုးသူမင်းများ၏ နိုင်ငံတော်အာဏာအလွဲသုံးစားပြုမှုနှင့်အတူ ဒွန်တွဲပါလာသည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် အလွန်အကျွံမှုများ၏ လူမှုဘဝအဖြစ်မှန်များကို သရုပ်ဖော်ထားပါသည်။ အာဏာရှင်ဆန်သောအုပ်စိုးသူအစိုးရမင်းများအပေါ်တွင် အာဏာအလွဲသုံးစားခြင်းများ ဖြစ်လိုဟန်ရှိမှုကို အသိအမှတ်ပြုလက်ခံခြင်း၏နောက်တွင် အင်အားကြီးသူသာအမှန် ဆိုသည့် မူသဘောတရားလိုက်ပါလာသည်ဖြစ်ရာ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအစဉ်အလာတွင် ဖိနှိပ်မှုနှင့်ရက်စက်ကြမ်းကြုတ်မှုလုပ်ရပ်များမှ ကာကွယ်စောင့်ရှောက်မှုများအဖြစ် နိုင်ငံတော်အာဏာကိုကျင့်သုံးရာတွင် လိုက်နာရန် ဤမင်းကျင့်တရား(၁၀)ပါးကို အတူတကွထားရှိခဲ့ပုံပေါ်ပါသည်။

ထိုတရား(၁၀)ပါးကို နန္ဒိယမိဂဇာတ်(ဇာတ်တော်အမှတ် ၃၈၅)တွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည်။ ယင်းဇာတ်တော်တွင် သမင်အုပ်တစ်ခု၏ ခေါင်းဆောင်ဖြစ်သော ဘုရားလောင်းသမင်မင်းသည် တောကစားခြင်းအတွက် သမင်လိုက်ရသည်ကိုနှစ်ခြိုက်သော ဘုရင်တစ်ပါးက သူ့အား ချိန်ရွယ်ထားသော မြှားကို ပစ်လွှတ်ခြင်းမှ ကာကွယ်တားဆီးရန် ၎င်း၏ ကိုယ်ကျိုးမငဲ့ ရဲစွမ်းသတ္တိကို အသုံးပြုထားသည့်အဖြစ်ကို သရုပ်ဖော်ထားပါသည်။ ထို့နောက် ထိုဘုရားအလောင်းသမင်မင်းသည် ဘုရင်ကြီးအား လူတို့ကျင့်သုံးအပ်သော ကိုယ်ကျင့်တရားနှင့် ဘုရင်၏တာဝန်တို့ကို အလေးအနက်ထားရန် တိုက်တွန်းနိုင်ခဲ့ပါသည်။ ဤဖြစ်ရပ်တွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့သည် မတရားသောအပြုအမူဖြစ်သည့် အဂတိတရားလေးပါးကင်းရှင်းစွာဖြင့် အုပ်ချုပ်သင့်ကြောင်းနှင့် မင်းကျင့်တရား(၁၀)ပါးကို တင်းကျပ်စွာ လိုက်နာသင့်ကြောင်းကို ထောက်ပြထားပါသည်။ (ဒသ-ရာဇ-ဓမ္မ၊ Jat.III.274) ၎င်းမင်းကျင့်တရားတို့မှာ -

(၁) ဒါန (အလှူပေးခြင်း)

(၂) သီလ (စင်ကြယ်သောအကျင့်)

(၃) ပရိစ္စာဂ (စွန့်လွှတ်ခြင်း)

(၄) အဇ္ဇဝ (စိတ်ထားဖြောင့်မတ်ခြင်း)

(၅) မဒ္ဒဝ (စိတ်ထားနူးညံ့ခြင်း)

(၆) တပ (အခါအားလျော်စွာ ဥပုသ်သီတင်းစောင့်ထိန်းခြင်း/ခြိုးခြံခြင်း)

(၇) အက္ကောဓ (မေတ္တာရှေ့ထား အမျက်မပွားခြင်း)

(၈) အဝိဟိံသ (တိုင်းသူပြည်သားတို့အား မနှိပ်စက် မညှဉ်းပန်းခြင်း)

(၉) ခန္တီ (သည်းခံခြင်း)

(၁၀) အဝိရောဓန (တိုင်းသူပြည်သားတို့နှင့်မဆန့်ကျင်ခြင်း/လက်တုံ့မပြန်ခြင်း)

ယင်းတို့တစ်ခုချင်းသည် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ဆင်းရဲဒုက္ခနည်းနိုင်သမျှအနည်းဆုံးဖြစ်စေရေးအတွက် တိုက်ရိုက်ပါဝင်ပတ်သက်မှုများ ရှိပါသည်။ ဗုဒ္ဓဘာသာ၏ပုံဝတ္ထုစာပေများကို လက်နက်ကိုင်ပဋိပက္ခတွင် နိုင်ငံတော်အာဏာကိုကျင့်သုံးသူများအား လမ်းညွှန်မှုအတွက်အပါအဝင် အချို့သော ကျင့်ဝတ်စံနှုန်းများတွင် ထည့်သွင်းအသုံးပြုသွန်သင်ရန် ဗုဒ္ဓဘာသာ၏နည်းလမ်းကိရိယာတစ်ခုအဖြစ် သိသာထင်ရှားစွာ အနက်အဓိပ္ပါယ်ကောက်ယူနိုင်ပါသည်။ ထိုအခြေခံမှုများတွင် ပါဝင်သော အကောင်းဆုံးကျင့်ဝတ်စံနှုန်းကို စစ်ပွဲတွင် ဗုဒ္ဓဘာသာဝင် နိုင်ငံခေါင်းဆောင်များ ပါဝင်တိုက်ခိုက်ခဲ့ကြသည့် အချို့သော တကယ့်သမိုင်းဖြစ်ရပ်များတွင်ပင် အတည်ပြုလက်ခံခဲ့ကြသည်ကိုလည်း မှတ်သားနိုင်ပါသည်။

သိသိသာသာ ပဓာနကျသည့် ရာဇဝင် မှတ်တမ်းအစစ်အမှန်တစ်ခု ဖြစ်ခဲ့ဟန်ရှိပြီး ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ အတော်များများတွင် ကျယ်ကျယ်ပြန့်ပြန့်အသိများသော ဝတ္ထုကြောင်းတစ်ခုမှာ မဂဓမင်း အဇာတသတ်နှင့် ပသေနဒီ ကောသလမင်းတို့အကြား တိုက်ခိုက်ခဲ့သည့်စစ်ပွဲများကို အကိုးအကားပြုထားပါသည်။[1](Jat.II.243, Jat.IV.343) အဇာတသတ်ကို ၎င်း၏ဘဝအစောပိုင်းငယ်ရွယ်စဉ်ကာလက ရက်စက်ကြမ်းကြုတ်သူဖြစ်ပြီး အဖကိုသတ်သည့်မင်းဖြစ်သောကြောင့် ပိတုဃာတကကံကို ကျူးလွန်ခဲ့သူအဖြစ် ဖော်ပြထားသည့်အပြင် ၎င်းသည် ဗုဒ္ဓဘုရားရှင်ကို တုပြိုင်ခဲ့သော ဒေဝဒတ်ရဟန်း၏ မကောင်းသဖြင့် လွှမ်းမိုးခြင်းကိုခံခဲ့ရသူ ဖြစ်ပါသည်။ ဤဖြစ်ရပ်များအရ ပသေနဒီကောသလမင်းကြီး၏ ညီမအရင်းသည် အဇာတသတ်မင်း၏ ခမည်းတော်ဖြစ်သော ဘုရင်ဗိမ္ဗိသာရ၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါသည်။ အဇာတသတ်၏ ရက်ရက်စက်စက် အစာအငတ်ထားသည့် လုပ်ရပ်ကြောင့် ဖခင်သေဆုံးခဲ့သည့်နောက် မိဖုရားကြီးမှာ ပရိဒေဝသောကဖိစီးကာ ကွယ်လွန်ခဲ့ရပါသည်။ ၎င်းတို့မင်္ဂလာအခမ်းအနားတွင် အစ်ကိုဖြစ်သူ ပသေနဒီမင်းက အသပြာတစ်သိန်းထိုက်တန်သော ဘဏ္ဍာစားရွာကို မိဖုရားခေါင်ကြီး၏ ခန်းဝင်ပစ္စည်းအဖြစ် ပေးခဲ့ရဖူး၏။ နှမတော်ကွယ်လွန်ပြီးနောက် ပသေနဒီကောသလဘုရင်က ထိုပေးဆောင်မှုကို ရုတ်သိမ်းခဲ့ပါသည်။ ယင်းကိစ္စကို အကြောင်းပြုကာ နှစ်နိုင်ငံအကြား စစ်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပါသည်။ ပသေနဒီကောသလမင်းသည် စစ်ပွဲတွင် ယခင်တိုက်ပွဲဝင်စစ်သူကြီးဟောင်းဖြစ်သော ဓနုဂ္ဂဟတိဿရဟန်းအထံမှ စစ်ဗျူဟာနှင့်စပ်သော အကြံများကို မထင်မှတ်ဘဲ ရရှိခဲ့ပြီးနောက် အဆုံးတွင် တိုက်ပွဲကို အောင်နိုင်ခဲ့လေသည်။ အဇာတသတ်ကို ထောင်သွင်းအကျဉ်းချကာ နှောင်ကြိုးများဖြင့် ချည်နှောင်ထားခဲ့ပါသည်။ ပသေနဒီကောသလမင်းသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကိုယ်ကျင့်သီလဆိုင်ရာအဆုံးအမများကို တိုက်ရိုက် လွှမ်းမိုးခြင်း ခံရသူဖြစ်လာခဲ့သောကြောင့် အဇာတသတ်အား ရက်အနည်းငယ်ကြာ အကျဉ်းချပြစ်ဒဏ်ပေးသော်လည်း နောက်ဆုံးတွင် နှစ်ဘက်ပြေလည်မှု ရရှိခဲ့ပါသည်။ ထို့မှုမက ပသေနဒီကောသလမင်းသည် ဝဇိရမည်သော သမီးအရင်းကိုပါ အဇာတသတ်မင်းသားနှင့် ထိမ်းမြား လက်ထပ်ပေးခြင်း၊ အငြင်းပွားခဲ့သောအခွန်စားရွာကိုပင် နဂိုအတိုင်း ‘ရေချိုးသကယ်မုန့်ဖိုး’ အဖြစ် လက်ဆောင်နှင်းခြင်း တို့ဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဤသည်ကို စိတ်ထားနူးညံ့ခြင်း(မဒ္ဒဝ)၊ အမျက်မထွက်ခြင်း(အက္ကောဓ)၊ မညှင်းပန်းမနှိပ်စက်ခြင်း(အဝိဟိံသ) စသော မင်းကျင့်တရား (၁၀)ပါးအောက်တွင် အခြေခံမှုများအဖြစ် သရုပ်ဖော်ထားသော သာဓကအဖြစ် ရှုမြင်နိုင်ပါသည်။

## သိကြားမင်း၏ ပဋိပက္ခအတွင်း စောင့်ထိန်းခြင်း

ဗုဒ္ဓဘာသာဒဏ္ဍာရီစာပေများတွင် သိကြားမင်းကို စစ်ပွဲတွင် အောင်နိုင်သောအဖွဲ့သည် အင်အားကြီးမားသော အနေအထားၨရှိနေသည့်အခြေအနေများတွင် ကျင့်ဝတ်နှင့်ပတ်သက်ပြီး အတုယူရမည့် စံနမူနာပြပုဂ္ဂိုလ်အဖြစ် ကိုယ်စားပြုဖော်ပြထားပါသည်။ သိကြားမင်းနှင့် ဝေပစိတ္တိအသူရိန်တို့အကြား တိုက်ခိုက်ခဲ့သောစစ်ပွဲများကို ကိုးကားထားသည့် သဂ္ဂသံယုတ်ခေါ် ကျမ်းစာစုတွင် ဤဒဏ္ဍာရီဆန်သောအခြေအနေတွင် ဖမ်းဆီးထားသော ရန်သူ၏ အပြင်းအထန်ရန်စခြင်းကိုခံရသောကာလ၌ပင်လျှင် စိတ်ထားနူးညံ့ခြင်း(မဒ္ဒဝ)၊ အမျက်ဒေါသမထွက်ခြင်း (အက္ကောဓ)၊ အနာတရမပြုခြင်း (အဝိဟိံသ)၊ သည်းခံခြင်း(ခန္တီ)၊ လက်တုံ့မပြန်ခြင်း(အဝိရောဓန)စသော မင်းကျင့်တရားအချို့အားကျင့်သုံးနိုင်ပုံကို သရုပ်ဖော်ထားပါသည်။ ဝတ္ထုကြောင်းအရ သိကြားမင်း၏ ဦးဆောင်မှုအောက်ရှိ တာဝတိံသာနတ်များသည် ဝေပစိတ္တအသူရိန်ဦးဆောင်သော အသူရာနတ်(စိတ်ယုတ်မာရှိသည့်နတ်အုပ်စု)တို့အား အောင်နိုင်ခဲ့ပြီး ဝေပစိတ္တနတ်မင်းကို သိကြားမင်းပိုင်ရာ တာဝတိံသာနတ်ပြည်သို့ နှောင်ကြိုးတည်း ဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။ သိကြားမင်း၏ သုဓမ္မာနတ်သဘင်အနီးရှိ အကျဉ်းခန်းတွင် အကျဉ်းချခံထားရသော ဝေပစိတ္တိအသူရိန်သည် သုဓမ္မာသဘင်သို့ ဝင်ထွက်သွားလာနေသော နတ်တို့သနင်းသိကြားမင်းကို ယုတ်မာကြမ်းတမ်းသော စကားတို့ဖြင့် ဆဲရေး တိုင်းထွာနေပါသည်။ ထိုအခါ သိကြားမင်း၏ ရထားထိန်းဖြစ်သော မာတလိနတ်သားသည် နတ်တို့သနင်း သိကြားမင်းကို လက်တုံ့ပြန်ရန် ပန်ကြား၏။ ဤဖြစ်ရပ်တွင် သိကြားမင်းက မာတလိအား “အမောင်မာတလိ အကြင်ပညာရှိသည် သူတစ်ပါး အမျက်ထွက်သည်ကိုသိ၍ သတိနှင့်ပြည့်စုံလျက် ငြိမ်းအေး၏၊ ဤသို့ ငြိမ်းအေးခြင်းကိုသာလျှင် သူမိုက်အား တားမြစ်ခြင်းဟူ၍ ငါမှတ်ယူ၏”ဟု ပြောဆိုကာ သိကြားမင်းသည် ၎င်း၏တည်ငြိမ်သောစိတ်ကိုထိန်းသိမ်းထားပြီး အင်အားကြီးမားသည့်နေရာတွင်ရှိနေသူသည် ဖမ်းဆီးထားသော ရန်သူကို သနားငဲ့ညှာမှုမပြသင့်ဟူသော မာတလိ၏အမြင်ကို မသင့်တော်ကြောင်း ထောက်ပြပါသည်။ အင်အားကြီးသောနေရာတွင်ရှိနေစဉ် ထိန်းထိန်းသိမ်းသိမ်းရှိခြင်းနှင့် သည်းခံခြင်းသည် ချီးကျူးထိုက်ဆုံးသော သည်းခံခြင်း

မျိုးဖြစ်သည်ကို သိကြားမင်းက ထောက်ပြပါသည်။ "တာဝတိံသာနတ်ပြည်၌ဖြစ်သော နတ်တို့ကိုအစိုးရသော အကြီးအမှူးဖြစ်သော မင်းတစ်ပါးဖြစ်လျက် သည်းခံခြင်းတရား၌ မွေ့လျော်ခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိတိ သေး၏" ဟု ဗုဒ္ဓမြတ်စွာက ဤဝတ္ထုနှင့် စပ်လျဥ်းပြီး သုံးသပ်ချက်အား ရဟန်းတို့ကို မိန့်ကြားပါသည်။ (S.I.121-122)။

အဆိုပါ သက္ကသံယုတ်လာ ဝတ္ထုဇာတ်ကြောင်းတူများထဲတွင် တိုက်ပွဲဝင်ရန်အသင့်ပြင်ဆင်ထားသော စစ်တပ်ကို ဆိုးဆိုးရွားရွားထိခိုက်စေသောအကျိုးဆက်များ ဖြစ်စေနိုင်သည့် စစ်ပွဲများ၌ပင်လျှင် အပြစ်မဲ့သူများ၏ အသက်ကို အကာအကွယ်ပေးခြင်းနှင့် ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်တို့အား အန္တရာယ်ကျရောက်အောင် လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော ဗုဒ္ဓဘာသာဝင်တို့၏ကျင့်ဝတ်သီလကို သရုပ်ဖော်မှုတစ်ခု ရှိပါသည်။ ဗုဒ္ဓဟောကြားချက်အရ အခါတပါးတွင် နတ်နှင့်အသုရာတို့ စစ်ဖြစ်ကြရာ ထိုစစ်ပွဲ၌ အသုရာတို့အောင်၍ နတ်တို့ ရှုံးကြကုန်ပြီး သိကြားမင်းဦးဆောင်သည့်နတ်တို့သည် ၎င်းတို့၏အသက်ခန္ဓာကို အကာအကွယ်ရရန် အတွက် စစ်မြေပြင်မှ ထွက်ပြေးကြကုန်၏။ ယင်းသို့ပြေးကြရာ ရထားဝင်ရိုးများသည် ဂဠုန်ငှက်တို့၏ အသိုက်များ နှင့်ငြိပြီး ဂဠုန်ငှက်ငယ်လေးများ သေကြေကုန်ကြ၏။ ဤအချင်းအရာကိုသိသော် နတ်တို့သနင်းသိကြားမင်းသည် နောက်မှထက်ကြပ်မကွာလိုက်လာသောရန်သူ့လက်တွင်း သူ၏စစ်သည်တော်များ အသက်အန္တရာယ် ကျရောက်အံ့ ဆဲဆဲ ဖြစ်နေသော်လည်း သူ၏စစ်တပ်ကို ပြန်လှည့်ရန် အမိန့်ပေးပါသည်။ ထိုသို့ ရထားဦးပြန်လှည့်သောအခါ၌ ဝေပစိတ္တအသုရာမင်း၏ အသုရာစစ်တပ်သည် သိကြားမင်း၏တပ်များက ၎င်းတို့ကိုတိုက်ခိုက်ရန် စစ်ကူများနှင့် အတူ ပြန်လှည့်လာသည်ဟု အောက်မေ့လျက် ထွက်ပြေးကြကုန်၏။ ၎င်းနောက် ဗုဒ္ဓက သိကြားမင်းသည် ၎င်း၏ မှန်ကန်သောလုပ်ဆောင်မှုကြောင့် အောင်ပွဲရခြင်း ဖြစ်ခဲ့ဖူးသည်ဟု ဟောတော်မူလေသည်။ (ဓမ္မနေဝ ဇယော၊ S.I.225) ဤဇာတ်ကြောင်းကို အရိပ်အမြွက်ရည်ညွှန်းသည့် ကုလာဝကဇာတ်(ဇာတ်တော်နံပါတ် ၃၁)၏ နိဒါန်းတွင် ဗုဒ္ဓက အောက်ပါအတိုင်း ဟောတော်မူပါသည် -

> ရဟန်းတို့၊ ရှေး၌ ဖြစ်ဖူးသည်ကား နတ်နှင့် အသုရာတို့၏ စစ်ပွဲသည် ရင်ဆိုင်မိဖူးပြီ၊ ရဟန်းတို့ ထိုစစ်ပွဲ၌ အသုရာတို့ အောင်၍ နတ်တို့ ရှုံးကုန်၏၊ ရဟန်းတို့၊ နတ်တို့သည် ရှုံးကုန်သည် ဖြစ်၍သာလျှင် မြောက်အရပ်သို့ လှည့်၍ ပြေးကုန်ရကား အသုရာတို့သည် ထိုနတ်တို့ကို ရှေးရှု လိုက်ကုန်သည်သာလျှင်တည်း၊ ရဟန်းတို့ ထိုအခါ နတ်တို့အရှင် သိကြားမင်းသည် အကူအညီ ဖြစ်သည့် မာတလိနတ်သားအား ဂါထာဖြင့် - "မာတလိ လက်ပံတော၌ (ဂဠုန်ငှက်တို့၏) အသိုက်တို့ ရှိကုန်၏၊ ထိုအသိုက်တို့ကို ရထားဦးမှ ရှောင်လွှဲပါလော့၊ ငါတို့သည် အသုရာတို့၌ အသက်ကို စွန့်ကြရစေကာမူ ဤ (ဂဠုန်) ငှက်တို့သည် အသိုက်မှ ကင်းကုန်သည် မဖြစ်စေ ကုန်လင့်"ဟု (ရွတ်ဆို၏)။[2] (Jat.I.198)

ဤဇာတ်တော်လာ အကြောင်းအရာသည် အခြားသောသတ္တဝါများကို မညှင်းဆဲမထိခိုက်စေသော 'အဝိဟိံသ' တရားနှင့်အတူ မိမိကိုယ်ကို စွန့်လွှတ်အနစ်နာခံမှု 'ပရိစ္စာဂ'တည်းဟူသော အဆင့်မြင့်ကိုယ်ကျင့်တရား(မင်းကျင့် တရား)ကို အထူးသဖြင့် သရုပ်ဖော်ပြသနေပါသည်။

## ဇာတကဇာတ်တော်များလာ နောက်ထပ်အကြောင်းအရာများ

ဇာတ်အဋ္ဌကထာများတွင် ဗုဒ္ဓဘာသာဝင်တို့၏ စစ်ပွဲဆိုင်ရာကျင့်ဝတ်များကို ထင်ဟပ်ဖော်ပြထားသော ခိုင်မာသည့် အကြောင်းအရာများ ပါဝင်သည့် ပုံဝတ္ထုပေါင်းများစွာ ပါဝင်ပါသည်။ အထက်တွင် ထောက်ပြခဲ့သည့်အတိုင်း မင်းကျင့်တရား(၁၀)ပါးအား ဖော်ထုတ်လာသည်ကို ဤစာပေများတွင် တွေ့ရပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ သူတော်ကောင်းတရားကို ဥပမာပေး ရာတွင် အဓိကသရုပ်ဆောင်အဖြစ် ပုံဖော်ထားသော ဘုရားအလောင်းတော် (ဗောဓိသတ္တ)နှင့် ပြိုင်ဘက်ဘုရင်များအကြား တိုက်ခိုက်ခဲ့သောစစ်ပွဲများကို ရည်ညွှန်းသည့် ဇာတ်တော်ပုံဝတ္ထု များစွာ ရှိပါသည်။ အချို့ဖြစ်ရပ်များတွင် ဘုရင်များအနေဖြင့် စစ်ပွဲများတွင် ၎င်းတို့ ပါဝင်သည့်အခါ ၎င်းတို့ မချိုးဖောက်သင့်သည့်ကျင့်ဝတ်စံနှုန်းများနှင့်ပတ်သက်၍ ၎င်းတို့ကို လမ်းညွှန်ချက်ပေးသော ပညာရှိတိရစ္ဆာန်များ (အချို့ကိစ္စရပ်များတွင် အဆိုပါ တိရစ္ဆာန်သည် ဘုရားလောင်းကိုယ်တိုင် ဖြစ်နေပါသည်) က ဘုရင်များကို မိန့်ဆို ပါသည်။ ဗောဇာဇာနိယဇာတ်(ဇာတ်တော်နံပါတ် ၂၃)သည် ယင်းသို့သောသာဓကတစ်ရပ် ဖြစ်ပါသည်။ အဆိုပါ

ဇာတ်တော်၌ ဘုရားအလောင်းတော်သည် အတိတ်ဘဝတစ်ခုတွင် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီး၏ ကောင်းစွာလေ့ကျင့်ပေးထားသော မင်္ဂလာမြင်းတော်တစ်စီးဖြစ်ခဲ့သည်။ ဗြဟ္မဒတ်မင်းကြီးသည် အိမ်နီးချင်း ခုနစ်ပြည်ထောင်မင်းတို့၏ စစ်ပြုရန်ခြိမ်းခြောက်မှုကိုရင်ဆိုင်ခဲ့ရပြီး ၎င်းတို့၏ပူးပေါင်းတပ်များဖြင့် ဝိုင်းထားခြင်းကို ခံခဲ့ရ၏။ စီးချင်းထိုးရန်အတွက် ဘုရားအလောင်းတော်မင်္ဂလာမြင်းကို မြင်းစီးသူရဲကောင်းက ရွေးချယ်သည်။ The ဘုရားအလောင်းတော်မင်္ဂလာမြင်းသည် သေလုမျောပါးဒဏ်ရာရထားသော်လည်း မင်းခုနစ်မင်းတို့၏ စစ်တပ်များကို အနိုင်တိုက်ခိုက်နိုင်ခဲ့သည်။ သေခါနီးတွင် ဘုရားအလောင်းတော် မင်္ဂလာမြင်းသည် ဗြဟ္မဒတ်မင်းကြီးအား စစ်ရှုံးမင်းတို့ကို မသတ်ရန်နှင့် ကျမ်းသစ္စာဆိုကာသစ္စာခံစေပြီး လွှတ်ပေးရန် လမ်းညွှန်ဆုံးမပါသည်။ (Jat.I.180)

မဟာသီလဝဇာတ်(ဇာတ်တော်နံပါတ် ၅၁)သည် အတိတ်ဘဝတစ်ခုတွင် ဗာရာဏသီပြည်ကို သည်းခံခြင်း (ခန္တီ)၊ ချစ်ခင်ကြင်နာခြင်း(မေတ္တာ)၊ သနားခြင်း(အနုဒ္ဒယာ)နှင့်အုပ်ချုပ်ခဲ့သော မဟာသီလဝ(အလွန်မွန်မြတ်သော) မင်းအဖြစ် မွေးဖွားခဲ့သော ဘုရားအလောင်းတော်၏ အဖြစ်အပျက်ကို ဇာတ်ကြောင်းပြန်ထားပါသည်။ (Jat.I.261) ထိုမင်းသည် ပြစ်မှုကျူးလွန်သူရာဇဝတ်သားများကိုပင် ကရုဏာဖြင့် ဆက်ဆံသည်။ ခိုးဆိုးလုယက်သူများအား အသက်မွေးဝမ်းကျောင်းပြုနိုင်သော ဓနဥစ္စာများရပြီးသည်နှင့် ၎င်းတို့ဘဝကို ၎င်းတို့ကိုယ်တိုင်ပြောင်းလဲစေနိုင်ရန် လက်ဆောင်ပစ္စည်းများ ပေးသည်။ မဟာသီလဝမင်းသည် လူတစ်ဦးကို ထိုသူ၏အပြစ်အတွက် တိုင်းပြည်မှ နှင်ထုတ်ခဲ့ပြီး ထိုနှင်ထုတ်မှုက ၎င်း၏ဘုရင့်နိုင်ငံအား ကောသလမင်း၏ နန်းသိမ်းအောင်ပွဲဖြစ်ရန် လှုံ့ဆော်မှု ဖြစ်စေပါသည်။ ကောသလဘုရင်အား လွယ်လင့်တကူအနိုင်ယူရန် အင်အားအလုံအလောက် ရှိသော်ငြားလည်း လူ့အသက် ထိခိုက်မည်ကို မနှစ်မြို့သည့်အတွက် မဟာသီလဝမင်းသည် ၎င်း၏ အင်အားကြီးမားသော စစ်တပ်ကို တိုက်ခိုက်ခြင်းမပြုရန် အမိန့်ပေးခဲ့သည်။ ကောသလမင်းသည် ဘုရင့်နိုင်ငံကို သိမ်းပိုက်ပါသည်။ သို့သော် မဟာ သီလဝမင်းကြီး၏ သီလနှင့်ကောင်းမှုစွမ်းအားတို့ကြောင့်လည်းကောင်း၊ အသက်ဘေးမထိခိုက်စေသော ဗျူဟာကို အသုံးပြုခဲ့ခြင်းတို့ကြောင့်လည်းကောင်း မိမိ၏ကျူးကျော်သိမ်းပိုက်မှုလုပ်ရပ်အမှားကို နောင်တရကာ သူ၏ ဘုရင့် နိုင်ငံကို သူ့ထံသို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။

အသာတရူပဇာတ်(ဇာတ်တော်နံပါတ် ၁၀၀)သည် စစ်ရေးဆိုင်ရာရည်မှန်းချက်များကိုရရှိနိုင်ရန် အရပ်သား လူထုကို ငတ်မွတ်စေခြင်းကဲ့သို့သော ကျင့်ဝတ်မဲ့စစ်ဗျူဟာများကို ဗုဒ္ဓဘာသာဝင်တို့က အားမပေးသည့် ဥပမာ ကောင်းတစ်ရပ် ဖြစ်ပါသည်။ ဘုရားအလောင်းဖြစ်သော သီလနှင့်ပြည့်စုံသော မင်းကောင်းမင်းမြတ်ဖြစ်သည့် ဗာရာဏသီမင်းကို သတ်ဖြတ်ကာ ထီးနန်းလုယက် နန်းတက်ခဲ့သော ကောသလမင်းအကြောင်းကို ဇာတ်ကြောင်း ပြန်ထားပါသည်။ ထိုအသတ်ခံရသော ဗာရာဏသီမင်း၏ သားသည် ထွက်ပြေးလွတ်မြောက်ခဲ့ပြီးနောက် တချိန်တွင် စစ်သည်ဗိုလ်ပါအင်အားကြီးမားသောစစ်တပ်ကို စုဆောင်းပိုင်ဆိုင်ခဲ့ပြီး နန်းလုမင်းအား စိန်ခေါ်ပါသည်။ မင်းသား ငယ်၏ မိခင်သည် စစ်မထိုးရဘဲ စစ်ပွဲကိုအနိုင်ရနိုင်ရေးအတွက် ထင်း၊ ရေနှင့် စားနပ်ရိက္ခာကဲ့သို့သော အသက်ရှင် ရန်လိုအပ်ချက်အားလုံးကို အရပ်သားလူထုမရစေရေးပိတ်ပင်ပြီး ပြိုင်ဘက်မင်း၏နယ်မြေအားပိတ်ဆို့သည့် ဗျူဟာ ကို နောက်ပိုင်းတွင် ချမှတ်ရန် အကြံပေးပါသည်။ ခုနစ်ရက်ကြာ ပိတ်ဆို့ပြီးနောက် ငတ်မွတ်နေသောလူထုသည် ကောသလမင်းအား ဆန့်ကျင်တော်လှန်ကြကာ ဘုရင်ကိုသတ်ပြီး ၎င်း၏ဦးခေါင်းကို မင်းသားထံသို့ ဆက်သကြပါ သည်။ ဗုဒ္ဓက ဤဇာတ်လမ်းနှင့်အတူ ခုနစ်နှစ်ကြာ ကိုယ်ဝန်ဆောင်ခဲ့ရပြီး မီးမဖွားနိုင်သည့်အတွက် ခုနစ်ရက်ပတ် လုံး ကြီးစွာသော မီးဖွားခြင်းဒုက္ခဝေဒနာကို နာကျင်စွာခံစားခဲ့ရသည့် အမျိုးသမီး ဥပါသိကာတစ်ဦးဖြစ်သော သုပ္ပဝါသာကိုရည်ညွှန်းကာ ဇာတ်ကြောင်းပြန်ဟောကြားထားသည်ကို မလေ့လာရသေးပါက ဤပုံဝတ္ထုသည် ဝိုင်းရံပိတ်ဆို့ခြင်းအား ကျင့်သုံးမှုကို ထောက်ခံသည့်ပုံပေါ်နေပါသည်။ ဗုဒ္ဓက မိခင်ရောဂကလေးပါ ကြီးစွာသော ဆင်းရဲဒုက္ခခံစားရခြင်းသည် အတိတ်ဘဝက အရပ်သားလူထုအား ငတ်မွတ်ခေါင်းပါးစေခြင်းပါဝင်သော ပိတ်ဆို့ သည့် ကျင့်ဝတ်နှင့်မညီသော စစ်ပွဲဗျူဟာကိုချမှတ်ခဲ့ခြင်း၏ မကောင်းသောအကုသိုလ်ကံအကျိုးဆက်အဖြစ် ရှင်းပြ ဟောကြားပါသည်။ (Jat.I.409) (အဋ္ဌကထာအလိုအရ သူမ၏ ဘုရားရှင်အပေါ် သဒ္ဓါတရား ယုံကြည်သက်ဝင်မှု သတင်းစကားကို ဗုဒ္ဓထံလျှောက်ထားပြီး ဗုဒ္ဓက သူမအား ကျန်းမာစေကြောင်း ဆုတောင်းမေတ္တာတုံ့ပြန်ပြီးနောက် ကိုယ်ဝန်ဆောင်ချိန်ဆုံးခန်းတိုင်ကာ ကောင်းစွာမွေးဖွားသည်ဟု ဆိုပါသည်။)

အလားတူ သတင်းစကားမျိုးကို ခေနသာခဇာတ်(ဇာတ်တော်နံပါတ် ၁၅၃)တွင် တွေ့ရပါသည်။ ယင်း ဇာတ်တော်သည် ညည်းပန်းနှိပ်စက်သောလုပ်ရပ်များကိုလုပ်ဆောင်ပြီး ၎င်း၏ရက်စက်မှုအကျိုးဆက်ကို ခံစားရ

သော ရက်စက်ကြမ်းကြုတ်သည့် မင်းတစ်ပါးဖြစ်သော ဗြဟ္မဒတ်မင်း (ဗြဟ္မဒတ္တကုမာရ) အကြောင်းကို ပုံဆောင်ပြထားခြင်း ဖြစ်ပါသည်။ ထိုမင်းသား နန်းတက်သည့်အခါ အိမ်နီးချင်းနိုင်ငံများအားလုံးကို ကျူးကျော်တိုက်ခိုက်ရန် အကြံဖြစ်၏။ မင်းပေါင်းတစ်ထောင်တို့ကို ဖမ်းဆီးပြီးနောက် တက္ကသိုလ်ပြည်ကြီး (တက္ကသီလာဘုရင့်နိုင်ငံ)ကိုပါ သိမ်းပိုက်ရန် ကြိုးစားသည်။ သူ၏ ကြိုးပမ်းမှု မအောင်မြင်သောအခါ သူ၏ ယုတ်ညံ့သော ပုရောဟိတ်ပုဏ္ဏားကြီးက ဖမ်းဆီးထားသော မင်းတို့၏ မျက်လုံးများကို ဖောက်ထုတ်ပြီး ၎င်းတို့၏အသားဖြင့် ယဇ်ပူဇော်ရန် အကြံပြုသည်။ ဇာတ်လမ်းအရ နောက်ဆုံးတွင် ထိုမင်းသည် သူပြုလုပ်သည့်ကံတရား၏နိယာမကို မလွန်ဆန်နိုင်ဘဲ သေပွဲဝင်ကာ ငရဲလားခဲ့ရရှာလေသည်။ (Jat.III.157)

အသဒိသဇာတ်(ဇာတ်တော်နံပါတ် ၁၈၁)တွင် ဘုရားအလောင်းတော်သည် စစ်ရေးစစ်ရာတွင် အလွန်ကျွမ်းကျင်ပြီး လက်တွေ့တွင် အသက်ဘေး ထိခိုက်မှုမရှိဘဲ ရန်သူကို အနိုင်ယူနိုင်စွမ်းရှိသော ဗာရာဏသီ ပြည့်ရှင်မင်းတစ်ပါးဖြစ်သည်။ မိသားစုထဲတွင် သူသည် နောင်တော်မင်းသားတစ်ပါး ဖြစ်သော်ငြားလည်း မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ညီတော်ကို ဦးစားပေးခဲ့သည်။ ညီတော်ဖြစ်သောမင်းသည် အပေါင်းအပါတို့၏ စကားကို နားယောင်ယုံကြည်ကာ နောင်တော်မင်းသားအား သစ္စာဖောက်ခဲ့သည်။ သို့သော်လည်း ဗာရာဏသီပြည်ကို သိမ်းပိုက်လိုသော ဆယ်ပြည်ထောင်မင်းတို့က ညီတော်ဖြစ်သောမင်းကို ဝိုင်းရံတိုက်ခိုက်လာသောအခါ လေးအတတ်ပညာ၌ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သော နောင်တော်ဘုရားအလောင်းသည် သူ၏လေးအတတ်စွမ်းရည်ကိုပြကာ သတိပေးရုံမျှဖြင့် ရန်သူတို့ကို မောင်းထုတ်နိုင်ခဲ့ပါသည်။ ဤဇာတ်တော်၏ ရည်ရွယ်ရင်းမှာ စစ်ပွဲအတွင်း သွေးချောင်းစီးခြင်းကို ရှောင်ကြဉ်ရန် ဖြစ်ပါသည်။ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အကျွမ်းကျင်ဆုံးနည်းလမ်းဖြင့် စွမ်းရည်ကို အသုံးပြုခဲ့ပါသည်။ ဤဖြစ်ရပ်တွင် ဘုရားအလောင်းတော်သည် လိုအပ်ချိန်တွင် ညီတော်အား ကူညီခြင်းဖြင့် ညီတော်၏ သစ္စာဖောက်မှုအပေါ် စိတ်မကွက်ဖွေမယူခဲ့ချေ။ (Jat.II.87)

ကုသဇာတ်(ဇာတ်တော်နံပါတ် ၅၃၁)သည် ရုပ်ဆင်းအင်္ဂါ လွန်စွာအကျည်းတန်သော မင်းသားတစ်ပါးအဖြစ် မွေးဖွားလာသော ဘုရားအလောင်း ကုသမင်းသားအကြောင်းကို ပြဆိုပါသည်။ ကုသမင်းသည် သူ၏ရုပ်အဆင်းကို ဖုံးကွယ်ထားကာ ထိုစဉ်အခါက အလှဆုံးမင်းသမီးဖြစ်သော ပဘာဝတီကို ကြင်ယာတော်အဖြစ် ပိုင်ဆိုင်ထားပါသည်။ သို့သော်လည်း သူ၏အဆင်းကို သတိထားမိသည့်အခါတွင် ပဘာဝတီသည် ကုသမင်းကို မကျေမချမ်းဖြစ်ပြီး စွန့်ပစ်ကာ ဖခမည်းတော်ကြီးမဒ္ဒမင်း၏ နေပြည်တော်သို့ ပြန်သွားခဲ့လေသည်။ အိမ်နီးချင်း ခုနစ်ပြည်ထောင်မင်းတို့သည် ပဘာဝတီကို ကိုယ်စီ ကြင်ယာအဖြစ် တောင်းဆိုခြင်းဖြင့် ခမည်းတော် မဒ္ဒမင်းကြီးအား စစ်ခင်းရန် စစ်ချီလာကြပါသည်။ မဒ္ဒမင်းကြီးသည် ထိုခုနစ်ပြည်ထောင်မင်းတို့ကို ချေမှုန်းအနိုင်ယူရန် ကုသမင်း၏ အကူအညီကို မဖြစ်မနေ ရယူခဲ့ရပါသည်။ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော ကုသမင်းသည် ခုနစ်ပြည်ထောင်မင်းတို့ကို အောင်နိုင်ခဲ့ပြီး ပဘာဝတီမင်းသမီးကိုပါ ရရှိပါသည်။ မဒ္ဒမင်းကြီးက ကုသမင်းကို ခုနစ်ပြည်ထောင်မင်းတို့အား သတ်ဖြတ်ရန် ခွင့်ပြုခဲ့သော်လည်း ကုသမင်းသည် သူတော်ကောင်းတရားရှိသော ဘုရားအလောင်းတော်ဖြစ်သည့်အတွက် စစ်ရှုံးခုနစ်ပြည်ထောင်မင်းတို့နှင့် ပြေလည်မှုရအောင်စေ့စပ်ညှိနှိုင်းပြီး ပဘာဝတီနှင့်မခြားပဘာဝတီနီးပါး လှပသည့် မဒ္ဒမင်းကြီး၏ အခြားသမီးတော် ခုနစ်ဖော်တို့နှင့် အသီးအသီး ထိမ်းမြားလက်ထပ်ပေးခဲ့ပါသည်။ (Jat.V.278)

ဥမ္မဂ္ဂဇာတ်(ဥမင်ဇာတ်၊ ဇာတ်တော်နံပါတ် ၅၄၆)သည် စစ်ပွဲအခြေအနေများတွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် ကိုယ့်ကျင့်သီလ သူတော်ကောင်းတရားကို သရုပ်ဖော်ထားသော ဗုဒ္ဓဘာသာဒီပနီပုံဝတ္ထုတို့အနက် အကောင်းဆုံး ဖြစ်ပါသည်။ ထိုဇာတ်တော်သည် ဝိဒေဟမင်းကြီး၏ ပညာရှိအမတ် မဟောသဓာ ဘုရားအလောင်း၏ ဇာတ်ကြောင်း ဖြစ်ပါသည်။ ဤဇာတ်လမ်းအရ ပညာရှိမဟောသဓာအမတ်ကို ဘုရင့်အကြံပေး အခြားသော အမတ်ကြီးလေးဦးတို့က မနာလိုမရှုစိမ့်ဖြစ်ကာ မုန်းတီးကြသည်။ ယင်းအမတ်ကြီးတို့က ဝိဒေဟမင်းကြီးနှင့် မဟောသဓာအမတ်တို့အကြား စိတ်ဝမ်းကွဲစေရန် ကြိမ်ဖန်များစွာ အားထုတ်ကြသည်။ အခါတပါးတွင် မင်းကြီးသည် သူနှင့် မဟောသဓာတို့အကြား သဘောထားကွဲလွဲမှုတစ်ခုဖြစ်စေရန် ထိုအမတ်ကြီးလေးဦးတို့က မမှန်သတင်း လျှောက်တင်လာသည်ကို သတိထားမိခဲ့သည်။ မင်းကြီးသည် ထိုအမတ်ကြီးလေးဦးတို့အား ကွပ်မျက်ခြင်းဖြင့် အပြစ်ပေးရန် အကြံဖြစ်သည်။ သို့သော်လည်း မဟောသဓာပညာရှိအမတ်က ယင်းသို့သော ပြင်းထန်သည့် အပြစ်မပေးရန် မင်းကြီးအားတောင်းပန်ပြီး သက်သာသောပြစ်ဒဏ်ကိုသာပေးရန် မင်းကြီးကို ဖြောင်းဖျပါသည်။ မင်းကြီးက သက်သာသောပြစ်ဒဏ်ပုံစံများကို အဆိုပြုခဲ့ပြီးနောက် နောက်ဆုံးတွင် မဟောသဓာပညာရှိအမတ်က

မင်းကြီးအား ၎င်းတို့အားလုံးကို ခွင့်လွှတ်ပေးရန်နှင့် မူလဝန်ကြီးရာထူးနေရာများတွင် ပြန်လည်ထားရှိပေးရန် နားချဖြောင်းဖျပါသည်။ (Jat.VI.389)

ယင်းဥမ္မင်္ဂဇာတ်တော်တွင် ဗြဟ္မဒတ်မင်းကြီးနှင့် သူ၏အမတ်ကေဝဋ္ဋတို့အကြောင်းလည်း ပါဝင်ပါသည်။ ကေဝဋ္ဋအမတ်သည် ဗြဟ္မဒတ်မင်းကြီးအား ဇမ္ဗူဒိတ်တစ်ကျွန်းလုံး (အိန္ဒိယ) ကို အစိုးရသော ဘုရင်ကြီးတစ်ပါး ဖြစ်လာစေရန် အိမ်နီးချင်းတိုင်းပြည်တို့အား သိမ်းပိုက်စိုးမိုးရေး အစီအစဉ်တစ်ခု ကြံစည်ပါသည်။ ကေဝဋ္ဋအမတ်သည် အင်အားနည်းသောမင်းများကို ပထမဦးစွာ ဖယ်ရှားရန် စီစဉ်ရာ ဝိဒေဟမင်းကြီးအား ပိုမိုကြီးမားသော စစ်ရေးအရပူးပေါင်းဆောင်ရွက်မှုတွင် ပထမဆင့်အဖြစ် ၎င်းတို့အားလုံးပေါင်း (၁၀၀) ကို အဆိပ်ခပ်သုတ်သင်ရန် လျှို့ဝှက်ကြံစည်ပါသည်။ နောက်ဆုံးတွင် ဘုရင့်အတိုင်ပင်ခံ ဘုရားလောင်း မဟော်သဓာပညာရှိအမတ်က လိမ္မာပါးနပ်သော သူလျှိုမှတဆင့် လျှို့ဝှက်အကြံအစည်ကို နှောက်ယှက်ဟန့်တားပါသည်။ ဝိဒေဟမင်းကို တိုက်ခိုက်ရန် ထိုမင်းငယ်များသည် ဗြဟ္မဒတ်မင်းနှင့် မဟာမိတ်ဖွဲ့ထားကြသည့်တိုင် ဘုရားအလောင်းသည် အဆိုပါမင်းပေါင်း (၁၀၀)တို့အား ရက်စက်စွာ သေဆုံးစေခြင်းဘေးမှ အကာအကွယ်ပေးရန် ကြားဝင်ဆောင်ရွက်ပါသည်။ ထိုဖြစ်ရပ်အပြီး ဗြဟ္မဒတ်မင်းသည် ကေဝဋ္ဋ သတိပေးနေပါသော်လည်း ယင်းကိုဆန့်ကျင်ကာ ဝိဒေဟမင်းကို အနိုင်ယူရန် စိတ်ပိုင်းဖြတ်ပြီး စစ်မြေပြင်သို့ ချီတက်သွားပါသည်။ ၎င်းနောက် မဟော်သဓာပညာရှိသည် ဗြဟ္မဒတ်မင်းကို ထောင်ချောက်ဆင်ဖမ်းဆီးရာတွင် အောင်မြင်သွားသော်လည်း ဗြဟ္မဒတ်မင်း၏အသက်ကို ချမ်းသာပေးပြီး အသက်ပေါင်းများစွာကို ဖျက်ဆီးအံ့ဆဲဆဲဖြစ်နိုင်သော စစ်ပွဲကို ရှောင်ကြဉ်ခဲ့ပါသည်။ နောက်ဆုံးတွင် မဟောသဓာသည် ဗြဟ္မဒတ်မင်းအား သူ၏အရည်အချင်းများကို ထုတ်ဖော်ပြသခဲ့ပြီး အကယ်၍ ၎င်းသာ ဇမ္ဗူဒီပတစ်ကျွန်းလုံး၏ဘုရင်ဖြစ်လိုသည့်ဆန္ဒရှိခဲ့ပါလျှင် ဖြစ်နိုင်ကြောင်း၊ သို့သော်လည်း တပါးသူများကို သတ်ဖြတ်ခြင်းအားဖြင့် ရရှိလာမည့် ဘုရင်မင်းတစ်ပါးအဖြစ်ကို ပညာရှိသူတော်ကောင်းများက လက်မခံကြကြောင်း ပြောပြသည်။ မဟော်သဓာပညာရှိအမတ်သည် ဘုရင်များအားလုံးကို ပြေလည်အောင်စေ့စပ်ညှိနှိုင်းပေးပြီး ၎င်းတို့အားလုံး ပျော်ရွှင်စွာဖြင့် စည်းလုံးမှုရသွားကြလေသည်။ (Jat.Vi.460)

**အသောကမင်း၏ ပြုမူဆောင်ရွက်ပုံ (သူ၏ကျောက်စာများမှ)**

အထက်တွင်ဆွေးနွေးခဲ့သော ဗုဒ္ဓဘာသာဒဏ္ဍာရီပုံဝတ္ထုများအပြင် စစ်ပွဲ၏ကျင့်ဝတ်များအပေါ် ဗုဒ္ဓဘာသာ အခြေခံသဘောတရားများ၏ လွှမ်းမိုးမှုကို သာဓကပြသော အထင်ကြီးဖွယ်ရာ သမိုင်းဖြစ်ရပ်မှန်များလည်း ရှိပါသည်။ အကောင်းဆုံးသာဓကမှာ ဘာသာတရားကို ကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာပြီးသည့်နောက် ၎င်း၏ အစောပိုင်းကာလက ရက်စက်ကြမ်းကြုတ်ပြီး စစ်ဝါဒီဆန်သော စိတ်နေသဘောထားတို့ကို စွန့်လွှတ်ခဲ့သည့် အိန္ဒိယ၏ ဘုရင် အသောကမင်း(BCE 268-39) ဖြစ်ပါသည်။ ယနေ့ခေတ် ဩရိသပြည်နယ် ဟုခေါ်သော ကလိင်္ဂတိုင်းတွင် စစ်ပွဲအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ အပါအဝင် ရက်စက်ကြမ်းကြုတ်သော စစ်အောင်နိုင်ခြင်းဖြင့် ၎င်း၏ အင်ပါယာကို တည်ထောင်ပြီးသည့်နောက် အသောကဘုရင်သည် စစ်ပွဲများအတွင်း လူတို့အပေါ် ၎င်းပေးခဲ့သော ဆင်းရဲဒုက္ခများနှင့်ပတ်သက်၍ နောင်တကြီးစွာ ရခဲ့ပါသည်။

ကျောက်စာအမှတ်(၁၃)တွင် အသောကသည် သူ၏နောင်တကို ဖော်ပြထားပြီး သူ့ကြောင့်ဖြစ်ခဲ့သော ပူပန်သောကများနှင့် ဆင်းရဲဒုက္ခများအတွက် ကြီးမားစွာ နောင်တရသည်ကို ဖော်ပြထားပါသည် -

> (၁) ကလိင်္ဂတိုင်းကို ပိယဒဿီ (အသောက) မင်းက သိမ်းပိုက်စိုးမိုးခဲ့ပါသည် ... ရှစ်နှစ်ကြာ ၎င်းကို သန့်ရှင်းစင်ကြယ်စေခဲ့ပြီးသောအခါ။ လူပေါင်းတစ်သိန်းငါးသောင်းကို သုံ့ပန်းအဖြစ် ခေါ်ဆောင်သွားခဲ့ကာ လူတစ်သိန်း သတ်ဖြတ်ခံခဲ့ရပြီး ထိုအရေအတွက်ထက် အဆများစွာ သေဆုံးခဲ့ပါသည်။
>
> (၂) ၎င်းနောက် ... ဒေဝါနံပိယ(အသောက)မင်းသည် ဓမ္မပါလန (တရား၏စောင့်ရှောက်ခြင်း)ကို လွန်စွာ သက်ဝင်ယုံကြည်လာပါသည် ....
>
> (၃) ကလိင်္ဂတိုင်းကို အောင်နိုင်သူ ဒေဝါနံပိယမင်းသည် သတ်ဖြတ်ခြင်း၊ သေဒဏ်ပေးခြင်း သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်းများ ရှိခဲ့သည့်အတွက် သူ၏အောင်နိုင်ခြင်းသည် စစ်မှန်သော

> အောင်နိုင်ခြင်းမဟုတ်ဟူသည့်အတွေးကြောင့် ယခုအခါ နောင်တ တဖန် ပူပန်ခဲ့ရပါသည်။ ... ထို့အတွက် လေးနက်သော ပူပန်သောကနှင့် နောင်တတို့ကို ပြင်းပြင်းထန်ထန် ခံစားနေရပါသည် ...
>
> (၆) ယခုအခါ ဒေဝါနံပိယမင်းသည် ကလိင်္ဂပြည်ကို အောင်ခဲ့စဉ်က သတ်ဖြတ်ခဲ့သော သို့မဟုတ် သေဆုံးခဲ့ကြသော သို့မဟုတ် သုံ့ပန်းခေါ်ဆောင်သွားခဲ့သော အသက်ပေါင်းများစွာ၏ တစ်ရာပုံ တစ်ပုံ သို့မဟုတ် တစ်ထောင်ပုံတစ်ပုံ ဆုံးရှုံးခြင်းကိုပင် ဝမ်းနည်းဖွယ်ဟု သဘောထားလာပါသည်။ (Murti and Aiyanger 1951, 39ff.)

ကလိင်္ဂကျောက်စာအမှတ်(၁)တွင် အသောကမင်း ပြောထားသည်မှာ .....

> ... လူအားလုံးသည် ကျွန်ုပ်၏ သားသမီးများဖြစ်ကြသည်။ ကျွန်ုပ်၏သားသမီးများကိုယ်စား ၎င်းတို့ကို ဤဘဝတွင်သာမက နောင်ဘဝတွင်ပါ ကိုယ်စိတ်ချမ်းသာမှုနှင့် ပျော်ရွှင်မှုအလုံးစုံကို အပြည့်အဝဖြည့်ဆည်းပေးရန် ဆန္ဒရှိသကဲ့သို့ အလားတူစွာ လူအားလုံးကိုယ်စား ၎င်းတို့အပေါ် တန်းတူ (ယခုဘဝရော နောင်ဘဝပါ ကိုယ်စိတ်ချမ်းသာမှုနှင့်ပျော်ရွှင်မှုပေးရန်) ဆန္ဒရှိပါသည်။ (Murti and Aiyanger 1951, 53-55)

ကျောက်စာအမှတ်(၂)တွင် သိမ်းပိုက်စိုးမိုးထားသောနယ်မြေများအတွင်းနှင့် နယ်စပ်ဒေသတို့တွင် အသောကမင်းသည် လူများရော တိရစ္ဆာန်များအတွက်ပါ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ထူထောင်ခြင်းကဲ့သို့သော အကျိုးပြုလုပ်ငန်းအစီအမံအများအပြားကို စတင်လုပ်ဆောင်ခဲ့သည်ဟု ဆိုပါသည်။ (Murti and Aiyanger 1951, 5) ကျောက်စာအမှတ်(၅)က လူတို့၏လိုအပ်ချက်များကိုစုံစမ်းရန်နှင့် လူနေမှုကျင့်ဝတ်ဆိုင်ရာအခြေခံမူသဘောတရားများနှင့်ပတ်သက်၍ ၎င်းတို့အား မှန်မှန်ကန်ကန်လမ်းညွှန်ခြင်းကို စောင့်ကြည့်ရန် ဓမ္မမဟာဝန်ကြီးများဟုခေါ်သော အရာရှိများခန့်အပ်ထားခြင်းကို ကိုးကားဖော်ပြထားပါသည်။ (Murti and Aiyanger 1951, 15) အထက်ပါကျောက်စာများတွင် ဖော်ပြထားသော ရပ်တည်ချက်သဘောထားများသည် အသောကမင်း အကျွမ်းတဝင်ရှိမှုကို ပြသပုံပေါ်သည့် ဗုဒ္ဓဘာသာကျမ်းဂန်အဆုံးအမများတွင်ပါရှိသော အကျင့်သီလနှင့်အညီ တရားသဖြင့် အုပ်စိုးသူမင်းကောင်းမင်းမြတ်(ဓမ္မိကော ဓမ္မရာဇာ)၏ အရိုန်အဝါကို သေချာပေါက် ထင်ဟပ်နေပါသည်။ ဓမ္မဟူသောဝေါဟာရသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးအတွေးအခေါ်စနစ်အားလုံးနီးပါးတွင် နိုင်ငံရေးအယူဝါဒ၏ ဆက်စပ်စဉ်းစားရမည့်အခြေအနေတွင် ယေဘုယျအသုံးများကြသော်လည်း ဓမ္မ၏ ဗုဒ္ဓဘာသာအယူအဆသည် ထူးထူးခြားခြားကွဲပြားခြားနားပါသည်။ ဗုဒ္ဓဘာသာတွင် ဓမ္မကို ယင်း၏ကျင့်ဝတ်ဆိုင်ရာအနက်ကင်းမဲ့သော "ဥပဒေ"သက်သက်မျှအဖြစ် အဓိပ္ပါယ်မကောက်ချေ။ ဤအချက်သည် ဗုဒ္ဓဘာသာက တိုင်းပြည်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဓမ္မသည် စစ်လက်နက်များ အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခကို ချန်လုပ်ထားသင့်ကြောင်း ပြလျက်ရှိသည် (ဆိုလိုသည်မှာ စစ်လက်နက်အသုံးမပြုခြင်း) ဆိုသည့်အချက်မှ လာသည်မှာ ရှင်းရှင်းလင်းလင်း ဖြစ်လာပါသည်။ ဓမ္မကို သစ္စာခံသော မင်းသည် လက်နက်ဖြင့်အနိုင်ယူအောင်ပွဲခံခြင်းမပြု၊ လက်နက်တပ်ဆင်ထားသောတပ်များအသုံးမပြုခြင်းဖြင့် အနိုင်ယူအောင်ပွဲခံသည်။ (အဒဏ္ဍေန အသတ္ထေန ဓမ္မေန အဘိဝိဇယ) အသောက၏ကျောက်စာများသည် ဗုဒ္ဓဘာသာ၏နောက်ပိုင်းကာလများ၌ ပြဋ္ဌာန်းသတ်မှတ်ခဲ့သော စံနှုန်း(၁၀)ခုစာရင်းတွင် မင်းကျင့်တရားများနှင့် လုံးဝဥဿုံ သိသိသာသာကိုက်ညီမှုရှိသည့် အတိုင်းအတာကိုလည်း ထင်ဟပ်လျက်ရှိပါသည်။

အသောက၏အပိုင်းတွင် ယင်းသို့သော ကျင့်ဝတ်အခြေခံမူများနှင့် ညီညွတ်လာခြင်းသည် ဗုဒ္ဓဘာသာ၏ အဆုံးအမလွှမ်းမိုးမှုဖြင့် ၎င်း၏စရိုက်ပြောင်းလဲလာခြင်းတည်းဟူသော ရလဒ်တစ်ခု ဖြစ်နိုင်ခြေ ရှိပါသည်။

**စစ်ပွဲအတွင်း လုပ်ဆောင်ခြင်းနှင့်သက်ဆိုင်သော သီရိလင်္ကာနိုင်ငံ၏ မဟာဝံသရာဇဝင်မှတ်တမ်း**

အသောကမင်းအုပ်စိုးစဉ်ကာလအတွင်း သီရိလင်္ကာနိုင်ငံသို့ ဗုဒ္ဓဘာသာကို စတင်မိတ်ဆက်ပေးခဲ့ပြီး သီရိလင်္ကာရာဇဝင်မှတ်တမ်းများနှင့် ဗုဒ္ဓဘာသာကျမ်းဂန်အဖွင့်ပါဠိအဋ္ဌကထာများအရ ထိုအဖွင့်ကျမ်းများ၏ မိတ်ဆက်နိဒါန်းများမှ ဗုဒ္ဓဘာသာကို ဩဇာတိက္ကမကြီးမားသောဘာသာ သို့မဟုတ် နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါ

သည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းတိုးတက်လာမှုဖြစ်စဉ်ကြောင့် နိုင်ငံအတွင်း 'ဆင်ဟာလိဗုဒ္ဓဘာသာ' (သီဟိုဠ်ဗုဒ္ဓဘာသာ) အဖြစ် ရည်ညွှန်းလာခဲ့သည့် ထင်ရှားသော အမျိုးဘာသာ ကိုယ်ပိုင်လက္ခဏာတစ်ရပ် ဖွံ့ဖြိုးလာခဲ့ပါသည်။ ဤကိုယ်ပိုင်လက္ခဏာကို ပုံဖော်စဉ်အတွင်း သီရိလင်္ကာနိုင်ငံသည် မတူညီသော မျိုးနွယ်စုနှင့် မတူညီသော ဘာသာရေးကိုယ်ပိုင်လက္ခဏာရှိသူများ အခြေချနေထိုင်ကြသော ၎င်း၏ အိမ်နီးချင်း အိန္ဒိယနိုင်ငံတောင်ပိုင်းမှ အဆက်မပြတ် ကျူးကျော်တိုက်ခိုက်မှုများ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်ခဲ့ရသည်ဟု သီရိလင်္ကာသမိုင်းမှတ်တမ်းများက ထင်ကြေးပေးကြပါသည်။[3] ထင်ရှားသည့် ဆင်ဟာလိဗုဒ္ဓဘာသာ အမျိုးဘာသာကိုယ်ပိုင်လက္ခဏာကို ဖန်တီးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သော မဟာဝံသရာဇဝင်ကျမ်းသည် သီရိလင်္ကာနိုင်ငံသို့ ဗုဒ္ဓဘာသာ စတင်ရောက်ရှိလာပြီး ရာစုနှစ် နှစ်ခုအတွင်း ဖြစ်ပွားခဲ့သော အကြီးစားခြိမ်းခြောက်မှု သန္ဓေတည်ခဲ့သည့် အကြောင်းကို မှတ်တမ်းပြုထားပါသည်။ ဤမှတ်တမ်းအရ နိုင်ငံ၏ အဓိကအချက်အချာမြို့တော်ကို သြဇာတိက္ကမကြီးမားသော အိန္ဒိယတောင်ပိုင်းနွယ်ဖွား အုပ်စိုးသူမင်းတစ်ပါးက သိမ်းပိုက်စိုးမိုးခဲ့ပါသည်။ ဤအချက်သည် ဆင်ဟာလိဗုဒ္ဓဘာသာကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းစောင့်ရှောက်ရန် အဓိကထားသူများက ခုခံတိုက်ခိုက်မှု ရလဒ်ဖြစ်ခဲ့ပြီး ဒုဋ္ဌဂါမဏိမင်းနှင့် ဧလာရ (ကျေးကုလား)တို့အကြား စစ်ပွဲအဖြစ် သမိုင်းတွင်ရစ်ပါသည်။ ယခင်တိုက်ခိုက်ခဲ့မှုသည် ၎င်း၏ နိုင်ငံရေးသြဇာအာဏာရရှိရန် တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ ဗုဒ္ဓဓမ္မ၏ဂုဏ်သိက္ခာအတွက် ကြွေးကြော်တိုက်ခိုက်ခဲ့ရခြင်းဖြစ်သည်ဆိုသော မဟာဝံသ၏ဖော်ပြချက်နှင့်အတူ ဤစစ်ပွဲတွင် ဒုဋ္ဌဂါမုနု(ပါဠိအမည်-ဒုဋ္ဌဂါမဏိ)မင်းသည် တိုင်းပြည်အတွင်း ဗုဒ္ဓဘာသာကို အကာအကွယ်ပေးလိုသောကြောင့် ကျေးကုလားတို့အား ရက်စက်သည့်စစ်ပွဲတစ်ခုကို တိုက်ခိုက်ခဲ့ရသည်ဟု ဆိုပါသည်။ (Geiger, 1912 Mahāvamsa, XXV, vv.2–3, 111)

ဗုဒ္ဓဘာသာကိုယ်ကျင့်သီလအခြေခံသဘောတရားများအရ ယင်းသို့သော ရက်စက်ကြမ်းကြုတ်မှုကို တရားမျှတမှန်ကန်ကြောင်း ကျိုးကြောင်းပြခြင်းပြဿနာနှင့်စပ်လျဉ်း၍ ခေတ်ပြိုင်ဆွေးနွေးမှု အများအပြား ရှိခဲ့ပါသည်။ အထက်ပါဆွေးနွေးချက်များအရ ဘုရားအလောင်း(ဗောဓိသတ္တ)ကိုယ်တိုင်သည်ပင်လျှင် စစ်ပွဲအခြေအနေများ၌ တိုက်ပွဲဝင်စစ်သည်တစ်ဦးအဖြစ် ဗုဒ္ဓဘာသာစာပေများတွင် ပုံခိုင်းထားသည်ကို မှတ်သားရပါသည်။ ဤနေရာတွင် အရေးကြီးသည့်အချက်မှာ စစ်ပွဲအတွက် ကျိုးကြောင်းပြချက်ပေးရေးကိစ္စမဟုတ်ဘဲ လောကီရေးရာ လူမှုဆက်ဆံရေးများတွင် စစ်ပွဲကိုရှောင်လွှဲ၍မရသော အခြေအနေများဖြစ်လာနိုင်သည်ဆိုသည့်အချက်ကို ဗုဒ္ဓဘာသာက အသိအမှတ်ပြုရေးအတွက် ဖြစ်ပါသည်။ ဤနေရာတွင် သက်ဆိုင်သည့်ကိစ္စရပ်မှာ ဤဆောင်းပါးတွင် လှစ်ဟထားသော အဓိကမေးခွန်းဖြစ်သည့် စစ်ပွဲဆင်နွှဲရာ၌ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာအခြေခံမှုများအကြောင်း ဖြစ်ပါသည်။ မဟာဝံသရာဇဝင်ကျမ်းပါ ဖြစ်စဉ်တွင် ဒုဋ္ဌဂါမဏိမင်းနှင့် ကျေးကုလားတို့အကြား ဖြစ်ပွားခဲ့သောစစ်ပွဲနှင့် စပ်လျဉ်း၍ အောင်နိုင်သူ ဒုဋ္ဌဂါမဏိမင်းက အမျက်မထွက်ခြင်း(အက္ကောဓ)ကဲ့သို့ အချို့သော ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလအခြေခံမှုများကို ကျင့်သုံးခဲ့သည် ဟူသော ညွှန်ပြချက်များ ရှိပါသည်။ ၎င်း၏ စစ်အောင်ပွဲပြီးသည့်နောက် ဒုဋ္ဌဂါမဏိမင်း ခံစားခဲ့ရဟန်ရှိသော နောင်တက လူ့အသက်များကို သတ်ဖြတ်ဖျက်ဆီးခဲ့ခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာကိုယ်ကျင့်သီလဆိုင်ရာအလေးထားမှုနှင့် မညှင်းဆဲခြင်း (အဝိဟိံသ)၏ ကိုယ်ကျင့်သီလတန်ဖိုးတို့ကို ထင်ဟပ်ဖော်ပြပါသည်။ ဤအခြေအနေကို မဟာဝံသကျမ်းစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည် -

> ထို့နောက် သင်းပျံ့သည့်ရနံ့အပြည့်နှင့်မွှေးကြိုင်သောဆီမီးများထွန်းညှိထားသည့်၊ နတ်သမီးကဲ့သို့ ဆင်မြန်းထားသည့်ကချေသည်များနှင့် ခမ်းနားထည်ဝါလှသော နန်းတော်ကြီး၏ နန်းရင်ပြင်တွင် ထိုင်ကာ အဖိုးတန် ကမ္ဗလာကော်ဇော ဖုံးအုပ်ထားသည့် အိစက်ညက်ညောသော ညောင်စောင်းထက်၌ အနားယူနေတော်မူစဉ် ကြီးကျယ်ခမ်းနားသော အောင်ပွဲကြီးကို ပြန်လည်တွေးတောကြည့်သောအခါ ထိုအောင်ပွဲသည် ကြီးမားသည်မှန်သော်လည်း သန်းပေါင်းများစွာသော သတ္တဝါတို့၏ ပျက်စီးခြင်းကို ဖြစ်ပေါ်စေခဲ့ကြောင်း အမှတ်ရအောက်မေ့လျက် အတွေးများ နှိပ်စက်ကာ မရွှင်လန်းနိုင်ဘဲ ဖြစ်ရ၏။ (Geiger, 1912, Mahāvamsa, XXV, vv.101–103)[4]

စစ်ပွဲနှင့်ပတ်သက်သော ရာဇဝင်မှတ်တမ်းများနှင့် ဆက်စပ်သော အခြားမှတ်သားဖွယ် ဖြစ်ရပ်တစ်ခုမှာ ဒုဋ္ဌဂါမဏိမင်းကြီး၏ စစ်ရှုံးရန်သူအပေါ် တုံ့ပြန်မှု ဖြစ်ပါသည်။ အောင်ပွဲရပြီးသောအခါ ရှုံးနိမ့်သွားသော ရန်သူကို အလေးထားလေးစားသမှုပေးခဲ့သည်ဟု ဆိုပါသည် -

> ဤသို့ဖြင့် စစ်ပွဲတွင် အောင်မြင်ခဲ့ပြီး သီရိလင်္ကာနိုင်ငံတော်ကြီးကို အုပ်စိုးသူမင်းတစ်ပါးတည်း၏ အုပ်ချုပ်မှုအောက်တွင် ပေါင်းစည်းညီညွတ်စေခဲ့ပြီးသောအခါ ၎င်းသည် ရထားတပ်၊ မြင်းတပ်၊

မြင်းစီးသူရဲများနှင့်တကွ မြို့တော်အတွင်းသို့ချီတက်ခဲ့ပါသည်။ ၎င်းသည် မြို့တော်အတွင်း စည်ကို တီးစေကာ တစ်ယူဇနာပတ်လည်ရှိသောအရပ်မှ လူများကို ဆင့်ခေါ်ခဲ့ပြီး ဋ္ဌောရာဘုရင်၏ ဈာပနပွဲ ကို ကျင်းပခဲ့ပါသည်။ ဘုရင့်ရုပ်အလောင်း ကျဆုံးခဲ့ရာနေရာ၌ အလောင်းစင်နှင့်အတူ ၎င်းက မီးရှို့ သင်္ဂြိုလ်ပေးခဲ့ပြီးနောက် ထိုနေရာ၌ အထိမ်းအမှတ်အဆောက်အအုံတစ်ခုတည်ဆောက်ပေးခဲ့ပြီး ဝတ်ပြုရန်စီမံပေးခဲ့ပါသည်။ ယနေ့ခေတ်အခါ၌ပင် သီရိလင်္ကာမင်းညီမင်းသားများသည် ထိုနေရာ အနီးသို့ရောက်လျှင် ဤဝတ်ပြုမှုကြောင့် ၎င်းတို့၏ဂီတသံများကို တိတ်ဆိတ်ငြိမ်သက်စေလေ့ရှိပါ သည်။ (Geiger, 1912, Mahāvamsa, XXV, vv.71–74)

**နိဂုံး**

ဤဆွေးနွေးချက်ကို နိဂုံးချုပ်ရသော် နယ်ချဲ့ရန်ရည်ရွယ်ချက်များနှင့် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းတစ်စိတ်တစ်ပိုင်း အပေါ် စစ်ရေးအရကျူးကျော်တိုက်ခိုက်မှု သာဓကဖြစ်ရပ်များသည် အိန္ဒိယနှင့်သီရိလင်္ကာတို့တွင် အလွန်ရှားပါးခဲ့ပြီး သမိုင်းအထောက်အထားမှုရရှိသည့် လုံလောက်သောသက်သေခံမှုနှင့်အတူ ယင်းကို ယေဘုယျလေ့လာမှုတစ်ခု အဖြစ် ထိန်းသိမ်းထားနိုင်ပါသည်။

ယင်းသို့သောသဘောထားကို ကိုယ်ကျင့်သီလဆိုင်ရာ အစွန်းအထင်းဖြစ်စေသည့် လုပ်ဆောင်မှု၏ စိတ်ပိုင်းဆိုင်ရာ အကြောင်းရင်းဇာစ်မြစ်များအပေါ် ဗုဒ္ဓဘာသာအဆုံးအမဒေသနာများတွင် အလေးအနက်ထားမှုအဖြစ်ရော မေတ္တာနှင့် ကရုဏာတို့ကို ထိုစနစ်အတွင်း ဦးစားပေးမှုများအဖြစ်ပါ မှတ်ယူနိုင်ပါသည်။ အထက်တွင် မှတ်သားခဲ့ရသည့်အတိုင်း လူသားတို့၏ လုပ်ဆောင်မှုနှင့် ပတ်သက်ပြီး ကိုယ်ကျင့်သီလဆိုင်ရာအရည်အချင်းကို ဆုံးဖြတ်သတ်မှတ်ရာတွင် ဗုဒ္ဓဘာသာ၌ ဦးစားပေးသော စံတစ်ရပ်မှာ အပြုအမူတစ်ခုခုကြောင့် ထွက်ပေါ်လာသည့် ရေရှည်ပျော်ရွှင်ချမ်းသာသုခ သို့မဟုတ် ရေရှည်ဆင်းရဲဒုက္ခ ဖြစ်ပါသည်။ ထို့ကြောင့် အဆုံးသတ်ရည်မှန်းချက်များ ဟု ခေါ်ဆိုနိုင်သည့်အရာများကို ရရှိရေးအတွက် ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်ခြင်းကို အသုံးပြုရန် လိုအပ်သည့် အခြေအနေများတွင်ပင်လျှင် ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေခြင်းနည်းလမ်းဖြင့် လုပ်ဆောင်ရန် ဩဇာနှင့် အခွင့်အာဏာကိုင်တွယ်သုံးစွဲသူများကို ဗုဒ္ဓဘာသာက မေတ္တာရပ်ခံပန်ကြားပါသည်။ ထို့အပြင် ယင်းကဲ့သို့ သောအပြုအမူ၏ ဥပမာသာဓကများစွာကို ဗုဒ္ဓဘာသာ အဆုံးအမဒေသနာများနှင့် ဗုဒ္ဓဘာသာသမိုင်းမှတ်တမ်းများ တွင် တွေ့နိုင်ပါသည်။

**မှတ်စုများ**

1. ဤစာအုပ်ပါ Cf. Harris ၏ ဆောင်းပါး

2. ယနေ့ခေတ်စာဖတ်သူများအတွက် အလိုက်သင့်ညှိထားသော ဘာသာပြန်

3. ၁၉၉၀ နှစ်များအတွင်း သီရိလင်္ကာပညာရှင်များက ၎င်းသည် နောက်ကြောင်းပြန်အဓိပ္ပါယ်ကောက်ယူခြင်း ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ အဆုံးတွင်မူ တမီးလ်ဗုဒ္ဓဘာသာဝင်များရှိခဲ့ပြီး ဗုဒ္ဓဘာသာဝင် ရှင်ရဟန်း ပြုလိုသူတစ်ဦး၏ မိခင်ဘာသာစကားဖြစ်နိုင်သော ဘာသာစကားများထဲမှတစ်ခုအဖြစ် အဋ္ဌကထာဆရာ အရှင် မဟာဗုဒ္ဓဃောသက တမီးလ်ကို မကြာခဏ ဖော်ပြလေ့ရှိသည်။ ဒုဋ္ဌဂါမဏိမင်း၏ စစ်တပ်ထဲတွင် မတူကွဲပြားသော လူမျိုးစုများ ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်ကိုလည်း ဆန်းစစ်လေ့လာမှုက ဖော်ပြခဲ့ပါသည်။

4. 'သန်းပေါင်းများစွာ' သည် 'စစ်တပ်တစ်ခုလုံး (သို့မဟုတ် ... သန်းပေါင်းများစွာ) အဖြစ် Cone (2001, 7–8) ရှင်းပြထားသော akkhohinī ကို ဘာသာပြန်ဆိုပါသည်။

**အတိုကောက်ကျမ်းညွှန်းစကားလုံးများ**

**D.** ဒီဃနိကာယ် - *Dīgha-nikāya*, edited by T. W. Rhys Davids and J. Estlin Carpenter, in 3 vols. London, Luzac and Co., 1890–1911. Reprinted, London: Pali Text Society.

**Jat** ဇာတက - *The Jātaka, Together with its Commentary*, edited by V. Fausboll, 6 vols. London, Luzac and Co. (vol.1), & Tibner and Co. (vols. 2–6), 1877–1896. The Pali, and English translations of all of them, are available at: https://jatakastories.div.ed.ac.uk. The translations are those done by various hands under E. B. Cowell, *The Jātaka or Stories of the Buddha's Former Births*, 6 vols., London: Pali Text Society, 1895–1907. Newer translations are the following: Naomi Appleton and Sarah Shaw, *The Ten Great Birth Stories of the Buddha; The Mahānipāta of the Jātakavaṇṇanā*, Chiang Mai: Silkworm, 2 volumes, 2015; this translates the final 10, and longest Jātakas: nos. 538–547. Sarah Shaw, *The Jātakas: Birth Stories of the Bodhisatta*, New Delhi: Penguin, 2006, translates 26 of the Jātakas: nos. 1, 9, 20, 37, 48, 55, 75, 94, 95, 99, 106, 108, 121, 128, 248, 273, 313, 316, 385, 402, 407, 476, 506, 538, 539, and 540. Nos. 385 and 546 are discussed above.

**M.** မဇ္ဈိမနိကာယ် - *Majjhima-nikāya*, edited by V. Trenkner and Robert Chalmers, 3 vols. London, Luzac and Co., 1888–1899. Reprinted, London: Pali Text Society.

**S.** သံယုတ်နိကာယ် - *Saṃyutta-nikāya*, edited by Leon Feer, 5 vols. London, Luzac and Co., 1884–1898. Reprinted, London: Pali Text Society.

## ကျေးဇူးတင်လွှာ

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ

Cone, M. 2001. Dictionary of Pāli. Vol. 1. Oxford: Pali Text Society.

Geiger, W. 1912. The Mahāvam _ sa, or the Great Chronicle of Ceylon. London: Pali Text Society.

Murti, G. S., and A. N. K. Aiyangar. 1951. Edicts of Aśoka (Priyadarśin), with English Translation. Adyar: Adyar Library.

## ဗုဒ္ဓဝါဒကျင့်သုံးမှု၏ ရှုထောင့်နှစ်ရပ်နှင့် ၎င်းတို့၏ တိုင်းပြည်အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်မှုများ

Asanga Tilakaratne

### ဆောင်းပါးအနှစ်ချုပ်

ဤဆောင်းပါးသည် ဗုဒ္ဓဝါဒအတွင်း၌ ဘဝသစ်တဖန်ပြန်လည်မွေးဖွားခြင်းစက်ဝန်းလည်ပတ်မှုအစဉ် (သံသရာ) တွင် ကျင်လည်စဉ်အတွင်း ပိုမိုကောင်းမွန်သော ဘဝသစ်ပြန်လည်မွေးဖွားခြင်းများကိုရရှိရန် ရည်ရွယ်သော ကိုယ်ကျင့်သီလအခြေခံသဘောတရားများနှင့် သံသရာမှလွတ်မြောက်၍နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ရည်ရွယ်သော ကိုယ်ကျင့်သီလအခြေခံတို့ကို ရှင်းလင်းစွာ ခွဲခြားသိမြင်သင့်ကြောင်း ဆွေးနွေးတင်ပြထားပါသည်။

ရဟန်းသံဃာနှင့် သီလရှင်များ အများစုဖြစ်ကြသည့် နိဗ္ဗာန်ရှာဖွေသူများ၏ ကိုယ်ကျင့်သီလတွင် စစ်ပွဲနှင့် အကြမ်းဖက်ခြင်းအတွက် နေရာမရှိပေ။ သို့သော်လည်း ပိုမိုရှုပ်ထွေးသောလောကီလူ့ဘောင်၌ကျင်လည်နေကြသော အခြားဗုဒ္ဓဘာသာဝင်များနှင့်သက်ဆိုင်သည့် ကိုယ်ကျင့်သီလတွင်မူ ဆင်းရဲဒုက္ခကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)နှင့်အညီ အနည်းဆုံးဖြစ်စေရန် ကြိုးပမ်းသော ခုခံစစ်ပွဲများတွင် အတန်အသင့် ပါဝင်ခွင့်ပြုထားပါသည်။

လူဝတ်ကြောင်ဗုဒ္ဓဘာသာဝင်များ၏ အလေးထားမှုသည် မကောင်းမှု(ပါပ)ကိုရှောင်ကြဉ်၍ ‘ကောင်းမှု’(ပုည)ကို ပြုလုပ်ခြင်းပေါ်တွင်အခြေခံပြီး ယခုဘဝနှင့် နောင်ဘဝတို့တွင် ပျော်ရွှင်ချမ်းသာသုခအကျိုးရရန် ဆိုလိုသည်ဟု ဤဆောင်းပါး၌ ဆွေးနွေးတင်ပြထားပါသည်။ ‘ပုည’သည် လောကီစံနှုန်းအရ ကောင်းမှုဖြစ်သော်လည်း နိဗ္ဗာန်ရှာဖွေသူတို့၏ ‘ကုသိုလ်’ (ကုသလ) အမှုတို့နှင့် မတူညီပေ။ နိဗ္ဗာန်ရှာဖွေသူတို့၏ ကုသိုလ်အမှုတို့သည် အခါခပ်သိမ်း အကြမ်းမဖက်ရေး ဖြစ်ပါသည်။ သို့သော်လည်း ဤအချက်သည် ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တစ်ဦးက အစစ်အမှန် ကုသိုလ်အမှုအချို့ကိုလည်း မလုပ်ဆောင်နိုင်ဟု ဆိုခြင်း မဟုတ်ပါ။

### နိဒါန်း

ဤဆောင်းပါး၏ အယူအဆသည် ဗုဒ္ဓဘာသာကျင့်သုံးရာတွင် ယေဘုယျအားဖြင့် တိုင်းပြည်အုပ်ချုပ်ခြင်း အတတ်ပညာအတွက် အထူးသဖြင့် တိုင်းပြည်အုပ်ချုပ်ခြင်းအတတ်ပညာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော စစ်ပွဲအတွက် မတူကွဲပြားသည့် သွယ်ဝိုက်ပါဝင်ပတ်သက်မှုများကို ဖြစ်စေသည့် ရှုထောင့်အမြင်(၂)မျိုးရှိသည်ဆိုသော အချက်ဖြစ်ပါသည်။ လောကီနှင့်လောကုတ္တရာဟူသော ရှုထောင့်(၂)မျိုးကြားတွင် ရှင်းရှင်းလင်းလင်း ခွဲခြားမှု မပြုလုပ်လျှင် စစ်ပွဲအပေါ် ဗုဒ္ဓဘာသာ၏ရပ်တည်ချက်အား နားလည်မှုလွဲမှားသည့်ရလဒ်ရှိကြောင်း ဤလေ့လာမှုက နောက်ထပ် အကြံပြုထားပါသည်။ ဤနားလည်မှုလွဲမှားခြင်းသည် ပဋိပက္ခများနှင့်စစ်ပွဲများ အမျိုးအစားအားလုံးအပါအဝင် စိတ်ဆင်းရဲခြင်းဝေဒနာနှင့်ဆင်းရဲဒုက္ခ၏ အရင်းခံဖြစ်သည့် လူ့စိတ်၏ လက္ခဏာသုံးခုဖြစ်သော တွယ်တာမှုသံယောဇဉ်၊ မနှစ်သက်မှုနှင့် ယုံမှားမှု (လောဘ၊ ဒေါသ၊ မောဟ) တို့နှင့် ပတ်လည်ဝိုင်းနေသော လောကတွင် ဗုဒ္ဓ၏အဆုံးအမများနှင့် သက်ဆိုင်မှုအပေါ် ဆိုးဝါးသော သက်ရောက်မှုများ ဖြစ်စေကြောင်းကို ဖော်ထုတ်ရန် လိုအပ်ပါသည်။

ဤဆောင်းပါးတွင် အဓိကကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့် ကိစ္စရပ်မှာ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)နှင့် ဗုဒ္ဓဘာသာတို့အကြား အပြန်အလှန်ဆက်စပ်နေမှု ဖြစ်ပါသည်။ IHLသည် စစ်ပွဲ၏လုပ်ဆောင်မှုများကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းရန် ရည်ရွယ်ပြီး ထိုနည်းလမ်းအားဖြင့် စစ်ပွဲတွင် ပါဝင်သော ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်သည့် မျက်မှောက်ခေတ် ‘စစ်ပွဲဆိုင်ရာစည်းမျဉ်းများ’ (ဆိုလိုသည်မှာ ယုစ်အင်ဘဲလို ခေါ် စစ်ပွဲအတွင်းလိုက်နာရန်စည်းမျဉ်းများ jus in bello) ဖြစ်ပါသည်။ IHL သည် စစ်ပွဲအတွင်း ဥပဒေနှင့်ညီညွတ်သော လုပ်ဆောင်မှုများနှင့်သာသက်ဆိုင်၍ ၎င်းသည် စစ်ပွဲအား နိုင်ငံရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် နည်းလမ်းတစ်ခုအဖြစ် ယေဘုယျအားဖြင့် စစ်ပွဲ၏ တရားဝင်မှုနှင့် ပတ်သက်၍လည်းကောင်း သို့မဟုတ် စစ်ပွဲတိုက်ခိုက်ရန် ဆုံးဖြတ်ချက်သည် တရားဝင် ဖြစ်သည် သို့မဟုတ် မဖြစ်သည်နှင့်ပတ်သက်၍လည်းကောင်း သို့မဟုတ် ထိုသို့စစ်ပွဲတိုက်ခိုက်ခြင်းအတွက် ရည်ရွယ်ချက်များသည် တရားဝင်

မဝင် (ဆိုလိုသည်မှာ ယုစ်အက်ဒ်ဘဲလမ် ခေါ် အင်အားအသုံးပြုခြင်းဆိုင်ရာဥပဒေ jus ad bellum) နှင့် ပတ်သက်၍ လည်းကောင်း မှတ်ချက်ပြုခြင်းမရှိပေ။ မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာဥပဒေ၏ ကိစ္စရပ်တစ်ခု အဖြစ် လက်နက်ကိုင်ပဋိပက္ခကိုကျင့်သုံးခြင်းအတွက် အကြောင်းရင်းများ၏ တရားဝင်မှုသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်းတွင် အကျုံးဝင်ပါသည်။ ထို့ကြောင့် IHL သည် စစ်ပွဲကို လျစ်လျူရှုခြင်းသော်လည်းကောင်း၊ ရှုတ်ချခြင်း သော်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခတစ်ခုချင်း၏ ရည်ရွယ်ချက်များ တရားမျှတမှု သို့မဟုတ် တရားဝင်မှု နှင့်ပတ်သက်၍ တစ်စုံတစ်ရာရပ်တည်ခြင်းသော်လည်းကောင်း မရှိဘဲ စစ်ပွဲဖြစ်နိုင်သည့်အလားအလာကို အမှန် အဖြစ်ယူဆပြီး လက်ခံပါသည်။[1] သို့သော်လည်း အောက်တွင် ဆွေးနွေးတင်ပြထားသကဲ့သို့ အင်အားအသုံးပြုခြင်း jus ad bellum နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာ၏ ရပ်တည်ချက်သည် လုံးဝ ဆီလျော်မှုရှိပါသည်။ အကြောင်းမှာ ထိုရပ်တည်ချက်သည် ဗုဒ္ဓဘာသာက စစ်ပွဲအတွင်းလိုက်နာရန်စည်းမျဉ်းများ jus in bello/IHL ၏ တရားဝင်မှုအား ရှုမြင်ပုံအပေါ် အကျိုးသက်ရောက်မှုရှိသောကြောင့် ဖြစ်ပါသည်။

IHL နှင့် ဗုဒ္ဓဘာသာအကြား ဆက်စပ်မှုကို စူးစမ်းရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းရာတွင် ဗုဒ္ဓဘာသာ၏ စစ်ပွဲ အပေါ် ရပ်တည်ချက်သဘောထားကို မူလအစကတည်းကပင် ရှင်းရှင်းလင်းလင်းရှိရန် အထူးအရေးကြီးပါသည်။ ဤအချက်နှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် 'အကောင်းဆုံးရပ်တည်ချက်' ဟုဆိုရမည့် ဗုဒ္ဓဘာသာဒဿနအရ ဗုဒ္ဓဘာသာသည် အကြွင်းမဲ့ ငြိမ်းချမ်းရေးဝါဒဖြစ်သောကြောင့် ဗုဒ္ဓဘာသာတွင် စစ်ပွဲအတွက် လုံးဝနေရာမရှိ ဟု အချို့က ဆုပ်ကိုင်ထားသည့် ရပ်တည်ချက်တစ်ခု ရှိပါသည်။[2] ဤရပ်တည်ချက် မှန်ကန်လျှင် IHL နှင့်ဗုဒ္ဓဘာသာ အကြား ဆွေးနွေးချက်သည် အုပ်စုနှစ်ခုအကြား အခြေခံအကျဆုံးပြဿနာနှင့် ပတ်သက်၍ ဘုံတူညီချက်နယ်ပယ် မရှိသောဆွေးနွေးချက်တစ်ခု ဖြစ်လာပါသည်။ ထို့ကြောင့် IHL နှင့် ဗုဒ္ဓဘာသာအကြား ဆက်စပ်မှုနှင့် သက်ဆိုင် သည့် ပိုမိုကျယ်ပြန့်သော ဆွေးနွေးမှုများအတွက် ရှေးဦးလိုအပ်ချက်တစ်ရပ်အဖြစ် ဤကိစ္စရပ်ကို ကျွန်ုပ်တို့ ရှင်းရှင်း လင်းလင်းနားလည်မှုရှိသည် ဆိုသည့်အချက်မှာ အရေးကြီးသည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသည်။ ဤဆောင်းပါး တွင် စစ်ပွဲနှင့်ပတ်သက်၍ IHL နှင့် ဗုဒ္ဓဘာသာအကြား ဘုံတူညီချက်နယ်ပယ်ရှိသောကြောင့် ဤအဆိုပြုထားသော ဆွေးနွေးချက်သည် ကြောင်းကျိုးဆီလျော်သည် ဆိုသည့်အချက်ကိုပြသရန် ကျွန်ုပ် မျှော်လင့်ပါသည်။

**စံနမူနာပြရပ်တည်ချက်**

စံနမူနာပြရပ်တည်ချက်ဟု ကျွန်ုပ်ခေါ်ဆိုမည့် ရပ်တည်ချက်သည် ရဋ္ဌပါလသုတ်ကဲ့သို့သော ဒေသနာများ၌ ဖော်ပြထားသည့် အခြေအနေအား မှန်ကန်စွာ နားမလည်ခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်နိုင်ပါသည်။ (M sutta 82) ငယ်ရွယ်ပြီး ချမ်းသာကြွယ်ဝသော လုလင် ရဋ္ဌပါလသည် ဗုဒ္ဓ၏တရားကို နာကြားပြီးနောက် တရား ဓမ္မကို အပြည့်အဝ ကျင့်ကြံအားထုတ်ခြင်းငှါ အိမ်ရာတည်ထောင်လူ့ဘောင်စည်းစိမ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ပါ သည်။ တရားပွဲမှ အခြားသော တရားနာကြားသူအားလုံး ထွက်ခွာပြီးသည့်အခါ ရဋ္ဌပါလက ဗုဒ္ဓထံပါး ချဉ်းကပ်၍ အောက်ပါအတိုင်း လျှောက်ထားခဲ့ပါသည် -

> အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားဟောတော်မူသည့် တရားတော်ကို ထိုက်သည့်အား လျော်စွာ သိပါ၏၊ ထိုသို့သိရသည့်အတိုင်း စင်စစ် လူ့ဘောင်၌နေသူသည် ပြည့်စုံစင်ကြယ်၍ ခရု သင်းပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ရန် မလွယ်ကူပါ၊ အရှင်ဘုရား အကျွန်ုပ် သည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ရောက်လိုပါသည်၊ အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားထံ၌ ရှင်ရဟန်း အဖြစ်ကို ရလိုပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုတော်မူပါလော့။ (M.II.55)

ရဋ္ဌပါလ၏အဖြစ်သည် သံသရာဝဋ်ဆင်းရဲမှအပြီးတိုင်လွတ်မြောက်ရန် အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်လွှတ် သူများအတွက် စံနမူနာပြ ဖြစ်ပါသည်။[3] ဗုဒ္ဓထံတော်၌ တရားနာကြားသူအားလုံးက ဗုဒ္ဓ၏အဆုံးအမကို လိုက်နာ ကျင့်ကြံရန် ရွေးချယ်ခဲ့ကြသောအဖြစ်မဟုတ်ဆိုသည့်အချက်ကို တွေးကြည့်လျှင် ဤသည်မှာ သဘာဝကျပါသည်။ ရဋ္ဌပါလကဲ့သို့သော ပုဂ္ဂိုလ်အချို့သည် အိမ်ရာစွန့်လွှတ်ရဟန်းပြုသူ ပဗ္ဗဇိတများ (ဗုဒ္ဓဘာသာဓလေ့တွင်ခေါ်ဆိုသည့် အတိုင်း အမျိုးသားဘိက္ခု၊ အမျိုးသမီးဘိက္ခုနီ) ဖြစ်လာခဲ့ကြသကဲ့သို့ အခြားပုဂ္ဂိုလ်များစွာတို့သည် 'လူဝတ်ကြောင်' အဆုံးအမခံယူသူများ(ဥပါသက၊ ဥပါသိကာမ)အဖြစ် ဗုဒ္ဓ၏အဆုံးအမကိုခံယူရန် ရွေးချယ်ခဲ့ကြပါသည်။ ဤအုပ်စု လေးခုတွင် ရဋ္ဌပါလဇာတ်လမ်းအရ ပထမအုပ်စုနှစ်ခုဖြစ်သည့် ဘိက္ခု၊ ဘိက္ခုနီအဖြစ် ခံယူကြသူများသည် ဒုတိယ အုပ်စုနှစ်ခုဖြစ်သည့် ဥပါသက၊ ဥပါသိကာအဖြစ်ခံယူကြသူများထက် အရေးအတွက် ပို၍နည်းကြောင်း ပြသနေပါ

သည်။[4] ရဋ္ဌပါလက တရားပွဲအပြီး တရားနာပရိသတ်အားလုံးထွက်ခွာသွားသည့်အခါမှသာ ဗုဒ္ဓထံပါးသို့ချဉ်းကပ်ခဲ့ခြင်းသည် ထိုကိစ္စရပ်မည်သို့ဖြစ်ခဲ့သည်ကို ဥပမာကောင်းပေးသကဲ့သို့ ဖြစ်ပါသည်။ ဤအချက်က ဤနေ့ရက်တွင် ရဋ္ဌပါလတစ်ဦးသာ ရဟာန်းပြုရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အခြားတရားနာသူများသည် ဘုရား၊ တရားနှင့် သံဃာတို့တွင် 'ခိုမှီရာအဖြစ်ဆည်းကပ်'သော သရဏဂုံသုံးပါးခံယူသူ လူဝတ်ကြောင် ဥပါသက၊ ဥပါသိကာမများ ဖြစ်ခဲ့နိုင်ကြောင်းကို ဖော်ပြနေပါသည်။

ဆိုခဲ့သည့် အုပ်စုလေးခုအပြင် ဗုဒ္ဓထံမှ တရားနာယူကာ အဆုံးအမလမ်းညွှန်ချက်အချို့ကိုခံယူပြီး သာမန်အိမ်နေသူများအဖြစ် သံဃာတော်များအား ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းကြသော်လည်း ဥပါသက၊ ဥပါသိကာမများပင် ဖြစ်မလာကြသော အရေအတွက် ပိုမိုများပြားသည့် အခြား အုပ်စုတစ်ခုလည်း ရှိခဲ့မည်ဟု ယူဆရန်ရှိပုံပေါ်ပါ သည်။ သုတ္တန်ဒေသနာများတွင် မကြာခဏတွေ့ရလေ့ရှိသည့် ဂဟဋ္ဌ(အိမ်နေသူများ)နှင့် ပဗ္ဗဇိတ(အိမ်ရာစွန့်လွှတ် ရဟာန်းပြုသူ) ဟူသော ပိုမိုကျယ်ပြန့်သည့်အုပ်စုတွင် ဤတတိယအုပ်စု၌ အိမ်နေသူလူအများ ပါဝင်ရာ ယင်းတို့ထဲ တွင် ဥပါသကနှင့်ဥပါသိကာမများ အုပ်စုငယ် အပါအဝင် ဖြစ်ပါသည်။ ဂဟဋ္ဌဆိုသည်မှာ သုတ္တန်ဒေသနာ များတွင် ကာမဂုဏ်ငါးပါး ခံစားသော၊ သားသမီးအပြည့်နှင့် နေအိမ်တွင်နေထိုင်သော၊ ကာသိတိုင်းထွက် စန္ဒကူးနံ့သာကို အသုံးပြုသော၊ ပန်းကုံးများ၊ ရေမွှေးရနံ့များနှင့် နံ့သာဆီများကို လိမ်းကြံဆင်မြန်းသော၊ ရွှေနှင့်ငွေတို့ကို လက်ခံရရှိ သော သူများအဖြစ် ဖော်ပြလေ့ရှိပါသည်။ (A.IV.281)

**ဗုဒ္ဓဘာသာကျင့်သုံးမှု၏ ရှုထောင့်နှစ်ရပ်**

ပဗ္ဗဇိတဟုခေါ်သော ဘိက္ခု၊ ဘိက္ခုနီတို့အတွက်ရည်ရွယ်သည့် စံနမူနာပြရပ်တည်ချက်နှင့် လူဝတ်ကြောင် ဥပါသက၊ ဥပါသိကာများ၏ ဘဝနေထိုင်ပုံတို့ကြား ကွဲပြားခြားနားမှုကို ဗုဒ္ဓ၏ တရားဒေသနာဟောပြမှုနည်းလမ်း၊ ဓမ္မ တရားတော်၏ ဖြည်းဖြည်းချင်း နက်ရှိုင်းသောသဘောလက္ခဏာ၊ ဗုဒ္ဓဘာသာ၌ တွေ့ရသည့် ကောင်းမှု၏ ကျယ်ဝန်းသော အယူအဆနှစ်ခုဖြစ်သည့် 'ချီးမွမ်းထိုက်သောအမှု' (ပုည) နှင့် 'ကျွမ်းကျင်လိမ္မာသောအမှု' (ကုသလ) တို့အကြား ကွဲပြားခြားနားမှု စသည်တို့ကဲ့သို့သော အရင်းခံအကြောင်းတရားများကို ရည်ညွှန်းကိုးကားခြင်းအားဖြင့် သရုပ်ဖော်ပြသနိုင်ပါမည်။

ဗုဒ္ဓသည် တရားတော်ကို ဖြည်းဖြည်းချင်းအစဉ်အတိုင်း ဟောပြတော်မူ၍ ထိုတရားတော်ကို ကျင့်ကြံအားထုတ်ခြင်းသည်လည်း ဖြည်းဖြည်းချင်းအစဉ်အတိုင်းဖြစ်သည်ဟု ဆိုပါသည်။ ဗုဒ္ဓ၏ အစဉ်အတိုင်း ဟောကြားသောဒေသနာကို "တစ်ဆင့်ချင်း တိုးတက်ဟောကြားသော ဒေသနာ" (အနုပုဗ္ဗိကထာ)ဟုခေါ်သည်။ ထေရဝါဒ ပါဠိတော်ကျမ်းဂန်များ၏ ဦးဆောင် အဖွင့်ကျမ်းဆရာ အရှင်ဗုဒ္ဓဃောသ၏အဆိုအရ အနုပုဗ္ဗိကထာဆိုသည်မှာ ပေးကမ်းခြင်း၊ သူတော်ကောင်းတရား၊ နတ်ပြည်ဘုံဌာန၊ ကျင့်စဉ်နည်းလမ်း (ဒါန၊ သီလ၊ သဂ္ဂ၊ မဂ္ဂ) ဟူ၍ အစဉ်အတိုင်း ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ဒေသနာစဉ်များ၏ သာဓကများစွာထဲမှ တစ်ခုကို ဥပါလိသုတ် (M. sutta 56) တွင် တွေ့ရပါသည် -

> ထို့နောက် မြတ်စွာဘုရားသည် ဥပါလိသူကြွယ်အား အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း၊ ဒါနနှင့်စပ်သော စကားကိုလည်းကောင်း၊ သီလနှင့်စပ်သော စကားကိုလည်းကောင်း၊ နတ်ပြည်နှင့်စပ်သော စကားကိုလည်းကောင်း၊ ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း၊ ယုတ်ညံ့ခြင်းကိုလည်းကောင်း၊ ညစ်ညူးခြင်းကိုလည်းကောင်း၊ (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ စွန့်လွှတ်ခြင်း၏အကျိုးကိုလည်းကောင်း ပြတော်မူ၏။ မြတ်စွာဘုရားသည် ဥပါလိသူကြွယ်၌ သင့်လျော်သောစိတ် သဘောပေါက်လက်ခံလွယ်သည့် နူးညံ့သောစိတ်၊ အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ်၊ တက်ကြွသောစိတ်နှင့် ယုံကြည်သော စိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင်ထုတ်ဖော်သိမြင်ပြီးသော 'ဆင်းရဲဒုက္ခ'၊ ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'၊ ဆင်းရဲချုပ်ရာ 'နိရောဓ'နှင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂ' (သာမုက္ကံသိက) အထူး တရားဒေသနာတော်ကို အသေးစိတ် ရှင်းလင်းဟောကြားတော်မူပါသည်။ (M.I.379-380)

ဤဖော်ပြချက်အရ ဗုဒ္ဓသည် ကုသိုလ်ကောင်းမှုပြုခြင်းအားဖြင့် နတ်ရွာကာမဂုဏ်ငါးပါးချမ်းသာကို ပြန်လည်ရရှိရန် ယုံကြည်တောင့်တသော သံသရာကိုကိုင်းညွှတ်သည့် သာမန်လူတို့အတွက် တရားဒေသနာကို စတင် ဟောကြားပါ

သည်။ ဗုဒ္ဓ၏ တရားဒေသနာကို နာယူကြသူများစွာမှာ ဤသိနားလည်မှုအဆင့်တွင် ရှိနေခဲ့မည်ဟု နားလည်နိုင်ပါသည်။ ဗုဒ္ဓက ကာမဂုဏ်အာရုံအပျော်အပါးများ၏ ငြီးငွေ့ဖွယ်အပြစ်ဘက်ကို သာမကပုံဆောင်ကာ အဆင့်ပြောင်း ဟောကြားတော်မူသည့်အခါ တရားနာပရိတ်သတ်အများစုသည် တရားပွဲမှ ထွက်ခွာသွားခဲ့မည် သို့မဟုတ် တရားပွဲတွင် လူက ဆက်ရှိနေခဲ့သည့်တိုင် တရားတော်သည် ၎င်းတို့၏ စိတ်ပျော်မွေ့ရာ လောကီဘောင်ကို ကျော်လွန်နေသောကြောင့် ဘုရားဟောကြားနေသည့်တရားဒေသနာကို နှလုံးသွင်းလိုက်နာခြင်းမရှိခဲ့မည်ကို မှန်းဆကြည့်နိုင်ပါသည်။ ဗုဒ္ဓက သူ၏တရားနာပရိသတ်သည် ပို၍အဆင့်မြင့်သောတရားဓမ္မကိုနာယူရန်အသင့်ရှိကြောင်း သိရှိတော်မူခဲ့မှသာလျှင် (အထက်တွင် 'အထူး' ဟု အနက်ဖွင့်သည့်) သံသရာဝဋ်ဆင်းရဲမှ ကောင်းစွာထုတ်ဆောင်တတ်သော တရားဟုရည်ညွှန်းလေ့ရှိသည့် 'အသိဉာဏ်မြင့်တင်ပေးသည့်(သံ+ဥက္ကံသ+ဣက)တရားဒေသနာ'ကို အဆင့်တက် ဟောကြားတော်မူပါသည်။ ဤသီးခြားဇာတ်လမ်းတွင် ဥပါလိသူကြွယ်သည် သာမန်နားလည်သဘောပေါက်ခြင်းအဆင့်ထက်ကျော်လွန်သွားရန် အသင့်ရှိခဲ့ပါသည်။ ရဋ္ဌပါလ၏ဇာတ်လမ်းတွင်မူ ၎င်းသည် ထို့ထက်ပို၍ပင် နက်နက်ရှိုင်းရှိုင်းသွားရန်နှင့် အိမ်ရာတည်ထောင်လူ့ဘောင်ကို စွန့်လွှတ်ရန် အဆင်သင့်ရှိခဲ့သူ ဖြစ်ပါသည်။

ဤအဆင့်ဆင့်သောဒေသနာစဉ်၏ နောက်ကွယ်ရှိ ယူဆချက်မှာ လူတို့တွင် မတူညီသော နားလည်သဘောပေါက်သိမြင်နိုင်စွမ်း အဆင့်ဆင့်ရှိသည်ဆိုသည့် သိသာထင်ရှားသောအချက် ဖြစ်ပါသည်။ သုတ္တန်ဒေသနာများ၌ တွေ့ရသော လူသိများသည့် အမျိုးအစားခွဲခြားမှုအရ လူတို့၏ဉာဏ်ရည် နှိုင်းယှဉ်ချက်ပေါ်မူတည်၍ အကျဉ်းပြကာမျှဖြင့် လျှင်မြန်စွာ တရားကိုသိမြင်နားလည်သူ (ဥဂ္ဃဋိတညူ)၊ တရားကို အသေးစိတ်ဟောကြားမှ သိမြင်နားလည်နိုင်သူ (ဝိပစ္စိတညူ)၊ တရားကိုသိမြင်နားလည်နိုင်ရန် မပြတ်လမ်းညွှန်ဆုံးမရန်လိုအပ်သူ (နေယျ)နှင့် စကားလုံးကိုသာ အမြင့်ဆုံး နားလည်နိုင်သူ (ပဒပရမ) ဆိုလိုသည်မှာ စကားလုံးများကို ကျော်လွန်၍ ထိုးထွင်းနားလည်သိမြင်နိုင်စွမ်းမရှိသူ ဟူ၍ လေးမျိုးရှိပါသည်။ (A.II.135) တန်းတူအရေးပါသော်လည်း ဉာဏ်ရည်နှင့်သက်ဆိုင်သော လူသိမများလှသည့် ပိုင်းခြားစိစစ်မှုဒေသနာတစ်ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် - အသင့်ဖြေဆိုတတ်၍ လျင်စွာမဖြေဆိုတတ်သောသူ၊ လျင်စွာဖြေဆိုတတ်၍ အသင့်မဖြေဆိုတတ်သူ၊ အသင့်လည်း ဖြေဆိုတတ် လျင်စွာလည်းဖြေဆိုတတ်သူနှင့် အသင့်လည်းမဖြေဆိုတတ် လျင်စွာလည်းမဖြေဆိုတတ်သူတို့ ဖြစ်ပါသည်။ (A.II.135) ပြဆိုခဲ့ပြီးသော ဤအမျိုးအစားလေးမျိုးအနက် နောက်ဆုံးအမျိုးအစားသည် ဓမ္မတရားဒေသနာ၏ အကျိုးကျေးဇူးကို ဉာဏ်ရည်အရ မည်သည့်နည်းနှင့်မျှ ရရှိနိုင်စွမ်းမရှိသူဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။

ဉာဏ်ရည်အလိုက်ခွဲခြားခြင်းအပြင် အခြား အလွန်အရေးပါသော လူများအကြား ခွဲခြားနည်းတစ်ခုရှိရာ ယင်းမှာ အတွင်းအဇ္ဈတ္တဖွံ့ဖြိုးမှုကိုရှေးရှုသည့် စိတ်ပိုင်းဆိုင်ရာအထုံဝါသနာ ကိုင်းညွတ်မှုအဆင့်အလိုက် ခွဲခြားခြင်း ဖြစ်ပါသည်။

> ဥပမာသော်ကား ဥပ္ပလကြာတော၌လည်းကောင်း၊ ပဒုမ္မာကြာတော၌လည်းကောင်း၊ ပုဏ္ဍရိက်ကြာတော၌လည်းကောင်း အချို့သော ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ပေါက်ကုန်၏၊ ရေ၌ ကြီးပွားကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေထဲ၌မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ အချို့သော ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ပေါက်ကုန်၏၊ ရေ၌ ကြီးပွားကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေနှင့်အညီ တည်ကုန်၏၊ အချို့သော ဥပ္ပလကြာ၊ ပဒုမ္မာကြာ၊ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွားကုန်၏၊ ရေပေါ်သို့ တက်၍ တည်ကုန်၏၊ ရေနှင့် မလိမ်းကပ်ကုန်။ ရဟန်းတို့ ဤအတူသာလျှင် ငါဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသူ (ပညာ) မျက်စိ၌ (ကိလေသာ)မြူများပြားသူ၊ ဣန္ဒြေရင့်ကျက်သူ၊ ဣန္ဒြေနုသေးသူ၊ ကောင်းသော အခြင်းအရာ ရှိသူ၊ မကောင်းသောအခြင်းအရာရှိသူ၊ သိစေရန်လွယ်ကူသူ၊ သိစေရန်ခက်ခဲသူ၊ တမလွန် လောကအပြစ်တို့ကို ဘေးဟု ရှုလေ့ရှိသူအချို့နှင့် တမလွန်လောကအပြစ်တို့ကို ဘေးဟု မရှုဘဲ နေလေ့ရှိသူ အချို့တို့ကို မြင်တော်မူခဲ့၏။ (M.I. 169, လေးနက်စေရန် ဖြည့်စွက်ထားသည်)။

ဤနေရာ၌ ရည်ညွှန်းထားသည့်ဖြစ်စဉ်မှာ ဗုဒ္ဓဘာသာလမ်းစဉ်၌ အရေးကြီးဆုံးဖြစ်၍ ယင်း၏အန္တိမပန်းတိုင်မှာ လောကီကာမဂုဏ်ဆန္ဒနှင့် တွယ်တာမှုသံယောဇဉ်အားလုံး အကြွင်းမဲ့ချုပ်ငြိမ်းရေးနှင့် ယင်းဆန္ဒနှင့် တွယ်တာမှုသံယောဇဉ်တို့ကြောင့် ဖြစ်ပေါ်သည့် ဆင်းရဲဒုက္ခအားလုံး ချုပ်ငြိမ်းရေး ဖြစ်ပါသည်။ တစ်စုံတစ်ယောက်သည် ဉာဏ်ရည်အရ တရားဓမ္မကို ထိုးထွင်းသိမြင်နားလည်ရန်စွမ်းသည့်တိုင် ထိုသူသည် ထိုသို့သိမြင်နားလည်ရန် အထုံ

ဝါသနာကိုင်းညွတ်ခြင်းမရှိပါက ထိုသူကို တရားဓမ္မလိုက်နာကျင့်ကြံအားထုတ်ရန် ဖျောင်းဖျနိုင်လိမ့်မည် မဟုတ်ပေ။

သို့သော်လည်း မြတ်ဗုဒ္ဓ၏ အဆင့်ဆင့်အစဉ်လိုက် ဟောကြားတော်မူသော ဒေသနာအစဉ်သည် နာယူသူ၏ ဉာဏ်ရည်နှင့် အတွင်းသန္တာန်အထုံဝါသနာကိုင်းညွတ်မှု ကွဲပြားချက်များကြောင့် လိုအပ်သည့် မြတ်ဗုဒ္ဓ၏ တရားဒေသနာဟောကြားမှုနည်းလမ်း၏ ယုတ္တိတန်မှုကိစ္စသက်သက်မျှသာ မဟုတ်ပေ။ ယင်းသည် ကျင့်ကြံအားထုတ်ရမည့်လမ်းစဉ်၏ တဖြည်းဖြည်းချင်း နက်နဲလာသောသဘောလက္ခဏာနှင့် တိုက်ရိုက်သက်ဆိုင်မှု ရှိပါသည်။ "မဟာသမုဒ္ဒရာသည် တဖြည်းဖြည်းချင်း အစဉ်အတိုင်း နိမ့်သကဲ့သို့၊ အစဉ်အတိုင်း ကိုင်းသကဲ့သို့၊ အစဉ်အတိုင်း ရှိုင်းသကဲ့သို့ စလျှင်စချင်း မတ်စောက်မသွားသကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယ 'သာသနာတော်'၌ အစဉ်အတိုင်း ကျင့်ရသောသိက္ခာရှိ၏၊ အစဉ်အတိုင်းပြုအပ်သော လုပ်ငန်းရှိ၏၊ အစဉ်အတိုင်းကျင့်အပ်သော အကျင့်ပဋိပဒါ ရှိ၏၊ စလျှင်စချင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိချေ"။ (A.IV.200-201) လူတို့၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် နှလုံးသွင်း မတူညီမှုတို့နှင့်အတူ ဤတရားဓမ္မ၏ တဖြည်းဖြည်းချင်း အစဉ်အတိုင်း နက်ရှိုင်းသွားသောသဘောလက္ခဏာသည် ဓမ္မနှင့်သက်ဆိုင်သော စံနမူနာပြု ရပ်တည်ချက်အနေဖြင့် ဓမ္မနောက်လိုက်ဘက်တော်သားများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် စိတ်ခံစားမှုပိုင်း မတူကွဲပြားမှု အရှိတရားကို သိမ်းဆည်းထားရန် အလွန်ကျဉ်းမြောင်းလွန်းသည်ဆိုသည့် အချက်ကို ပြသသင့်ပါသည်။

ဤအချက်ကို ဗုဒ္ဓဘာသာကိုယ်ကျင့်သီလနှင့်သက်ဆိုင်သည့် သုတ္တန်ဒေသနာရှိ အဓိက အသိသညာနှစ်ခုဖြစ်သော ကုသိုလ်နှင့်အကုသိုလ် (ကုသလနှင့်အကုသလ) စိတ်အခြေအနေများနှင့်လုပ်ရပ်များအပြင် 'ချီးမွမ်းထိုက်သော' သို့မဟုတ် ကျင့်ဝတ်အရ ကောင်းသောနှင့် ဆိုးယုတ်သော လုပ်ရပ်များ (ပုညနှင့်ပါပ) တို့ကို အကိုးအကားပြုလျက် အတွင်းကျကျ ထပ်မံရှင်းပြနိုင်ပါသည်။ အကုသိုလ်(အကုသလ)သည် တွယ်တာမှုသံယောဇဉ်(လောဘ)၊ မနှစ်သက်မှု အမျက်(ဒေါသ)နှင့် ယုံမှားမှု(မောဟ)တို့၏ စရိုက်လက္ခဏာရှိသည့်တရားများ ဖြစ်ကြပြီး ကုသိုလ်(ကုသလ)သည် အကုသိုလ်နှင့် ဆန့်ကျင်ဘက်စရိုက်လက္ခဏာများဖြစ်ကြသော တွယ်တာမှုသံယောဇဉ်မရှိခြင်း(အလောဘ)၊ အမျက်မထွက်ခြင်း(အဒေါသ)နှင့် ယုံမှားမှုမရှိခြင်း(အမောဟ) တရားများ ဖြစ်ကြပါသည်။ "ကုသလ" နှင့် "အကုသလ" ဝေါဟာရအသုံးအနှုန်းများသည် သုံးရိုးသုံးစဉ် အင်္ဂလိပ်ဝေါဟာရများဖြစ်ကြသော "skillful" "unskillful" (သို့မဟုတ် "wholesome" and "unwholesome") ဆိုသည့် ပြန်ဆိုချက်များကပေးသည်ထက် ပိုမိုနက်ရှိုင်းသော စိတ်ဓာတ်ရေးရာအရ ထူးခြားသည့်အဓိပ္ပာယ်ဆောင်ပါသည်။ ဗုဒ္ဓဘာသာ၏ စိတ်ကိုသရုပ်ခွဲမှုအရ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုရသေးသူ၏ အပြုအမူများကို အကုသိုလ်၏ အရင်းခံအကြောင်းတရားများဖြစ်သော တွယ်တာမှုသံယောဇဉ်(လောဘ)၊ မနှစ်သက်မှု(ဒေါသ)နှင့် ယုံမှားမှု(မောဟ)တို့က အရောင်ဆိုးပေးနေပါသည်။ ဤအကုသိုလ်၏ အရင်းခံအကြောင်းတရားများသည် ဒါန၊ သီလ စသည့် ကျင့်ဝတ်အရကောင်းသောအမှုများ သို့မဟုတ် ချီးမွမ်းထိုက်သောအမှုများဟုမှတ်ယူသည့် ကုသိုလ်များကို ပြုလုပ်နေစဉ်အတွင်း၌ပင်လျှင် မကြာခဏ ရှင်သန်နိုးကြားတက်ကြွနေနိုင်ပါသည်။

ကုသိုလ်၊ အကုသိုလ်၏ သဘောသဘာဝနှင့် ပုည၊ ပါပ တို့၏ သဘောသဘာဝကြားတွင် သိသာထင်ရှားသည့် ခြားနားချက် ရှိပါသည်။ ပုထုဇဉ် 'လောကီသားများ' သို့မဟုတ် 'သာမန်လူများ' နှင့် ကိလေသာအချို့ကို အကြွင်းမဲ့ပယ်ရှားပြီးသော စိတ်ပိုင်းဆိုင်ရာအရ 'မြင့်မြတ်သူ'များဖြစ်သည့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့နှင့် သံသရာဝဋ်ကိုတွယ်နှောင်ထားသည့် ကိလေသာအားလုံးကို အကြွင်းမဲ့ပယ်ရှားပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား ဗုဒ္ဓဘာသာ၏ ခွဲခြားထားမှုသည် ဤနေရာ၌ ဆီလျော်မှု ရှိပါသည်။ ပုထုဇဉ်လောကီသားတို့၏ စိတ်၌ အကုသိုလ်အရင်းအမြစ်တို့ အမြဲမပြတ် ရှိနေပါသည်။ ထို့ကြောင့် ၎င်းတို့ လုပ်သမျှအရာတိုင်းကို အနည်းနှင့်အများဆိုသလို ထို အရင်းအမြစ် စိတ်များက လှုံ့ဆော်ပေးနေပါသည်။ ၎င်းတို့ ကောင်းမှုကုသိုလ်များကို ပြုကြသည့်အခါ မကောင်းမှုသဘာဝဖြစ်စဉ်များကို ယာယီ ချိုးနှိမ်ထားခြင်းဖြင့်သာ ထိုသို့ ပြုကြခြင်း ဖြစ်ပါသည်။ သို့သော် ၎င်းတို့သည် နတ်ရွာသုဂတိ ကာမဂုဏ်ရရှိရေး ရည်မှန်းချက်ဖြင့် ချီးမွမ်းထိုက်သောကောင်းမှုပြုသည့်အခါတွင်ပင် ၎င်းတို့၏စိတ်သည် ယင်းသဘာဝဖြစ်စဉ်မှ လုံးဝမလွတ်မြောက်နိုင်ကြပေ။ ဤအကြောင်းကြောင့် အထက်တွင်ဖော်ပြခဲ့သော ရဋ္ဌပါလဇာတ်လမ်း၌ ရဋ္ဌပါလ၏ အိမ်ရာတည်ထောင်လူ့ဘဝကိုစွန့်ကာ ရဟန်းပြုမည့် ဆုံးဖြတ်ချက်ကြောင့် စိုးရိမ်ထိတ်လန့်သွားသော မိဘများက ရဋ္ဌပါလအား ထိုသို့အိမ်ရာတည်ထောင်လူ့ဘောင်ကိုစွန့်မည့်အစားအိမ်၌မိသားစုနှင့်အတူနေထိုင်ကာ ကာမဂုဏ်ခံစားရင်း ကောင်းမှုကုသိုလ်များပြုလုပ်ရန် မိဘတို့ပေးသည့်အကြံကို ရဋ္ဌပါလက လက်မခံခဲ့ခြင်းဖြစ်ကြောင်း ဤအချက်က ရှင်းပြနေပါသည်။ ပုည ဟုခေါ်သော ကောင်းမှုတို့သည် သံသရာနယ်အတွင်းသာ ဖြစ်သည်။ ကောင်းမှုတို့သည် သံသရာခရီးကို မွေ့လျော်ဖွယ် ဖြစ်စေသော်လည်း သံသရာ

တွင်း ကျင်လည်စေ၍ သံသရာကို ရှည်လျားစေပါသည်။ ထို့ကြောင့် သံသရာဝဋ်မှ ထွက်မြောက်ရန် ဆုံးဖြတ်ထား သူတစ်ဦးအတွက် ယင်းကို လက်မခံနိုင်သည်မှာ ရှင်းပါသည်။

ဆိုးယုတ်သောမကောင်းမှုများ(ပါပ)သည် အကုသိုလ်အကြောင်းတရားများ၏ စေ့ဆော်မှုကြောင့် လူမှုရေး အရ ထိခိုက်မှုဖြစ်စေသည့် အပြုအမူများလည်း ဖြစ်ပါသည်။ သာမန်လူသားတစ်ဦး၏ အပြုအမူသည် အနည်းနှင့် အများဆိုသလို အကုသိုလ် အကြောင်းတရားများက စေ့ဆော်သည့်တိုင် လူမှုရေးအရ ထိခိုက်မှုမဖြစ်သမျှကာလ ပတ်လုံး မကောင်းမှု(ပါပ) မဟုတ်ချေ။ တစ်နည်းဆိုရလျှင် မကောင်းသည့်အပြုအမူ(ပါပ)မှန်သမျှကို အကုသိုလ် အကြောင်းတရားများကစေ့ဆော်သော်လည်း အကုသိုလ်အကြောင်းတရားများက စေ့ဆော်သည့် အပြုအမူမှန်သမျှ သည် မကောင်းမှု(ပါပ) မဟုတ်ချေ။ နိဂုံးချုပ်ရလျှင် သာမန်ပုထုဇဉ်တစ်ဦးသည် အကုသိုလ်အကြောင်းတရားများမှ လွတ်မြောက်ရန် စတင်အားမထုတ်ရသေးသဖြင့် အကုသိုလ်အကြောင်းတရားများကျန်ရှိနေခြင်းကြောင့် သံသရာ ဝဋ်အတွင်း ဖြစ်တည်မှုမှာ ထင်ရှားလျက်ရှိပါသည်။ ဗုဒ္ဓဘာသာ ကျင့်စဉ်ကို ပုညနှင့်ပါပ၊ ကုသလနှင့်အကုသလ ဟူသော အမျိုးအစားနှစ်ရပ်မှ ရှုမြင်သုံးသပ်သည့်အခါ ဗုဒ္ဓဘာသာ၌ သံသရာရှုထောင့်နှင့် နိဗ္ဗာန်ရှုထောင့်ဟူသော ရှုထောင့်နှစ်ရပ်ရှိကြောင်း ထင်ရှားလာပါသည်။ အကျယ်အားဖြင့်ဆိုရလျှင် လူဝတ်ကြောင်များက သံသရာရှုထောင့် အတိုင်း လိုက်နာကျင့်ကြံပြီး ရဟန်းသံဃာများက နိဗ္ဗာန်ရှုထောင့်အတိုင်း လိုက်နာကျင့်ကြံသည်ဆိုသော်လည်း လက်တွေ့အားဖြင့်ကား ဗုဒ္ဓလက်ထက်တော်ကတည်းကပင် မြင့်မြတ်သော လူဝတ်ကြောင်အရိယာများ ရှိခဲ့ကြ သကဲ့သို့ (M.I.490-493) ပုထုဇဉ်ရဟန်းတော်များလည်း ရှိခဲ့ကြပါသည်။

**ဗုဒ္ဓဘာသာနှင့် စစ်ပွဲ**

နိဗ္ဗာန်(ကုသလ) ရှုထောင့်မှ ကြည့်လျှင် စစ်ပွဲကို လက်ခံနိုင်စရာမရှိပေ။ ဖြစ်နိုင်သည့် တစ်ခုတည်းသော စစ်ပွဲမှာ ဗုဒ္ဓဘာသာဓလေ့အရ အထက်တွင်ဆိုခဲ့သည့် လိုချင်တပ်မက်မှု၊ အမုန်းတရား၊ ယုံမှားမှု (လောဘ၊ ဒေါသ၊ မောဟ) ကိလေသာတရားများကို လူပုဂ္ဂိုလ်အဖြစ်တင်စားပုံဆောင်ခိုင်းနှိုင်းထားသည့် မာရ်နတ် သို့မဟုတ် မကောင်းသော စိတ်ဆိုးစိတ်ယုတ်နှင့်ဖြစ်သော စစ်ပွဲသာ ဖြစ်ပါသည်။ စစ်ပွဲ၌ပါဝင်ခြင်းကို ထားဘိ၊ ဘိက္ခု၊ ဘိက္ခုနီ ရဟန်းသံဃာ များအတွက် စစ်ပွဲအကြောင်း ပြောဆိုခြင်းကိုပင် တားမြစ်ထားခဲ့သည်ဖြစ်ရာ လူဆန်သောစစ်ပွဲ မေးခွန်းသည် ပင်ကိုယ်အားဖြင့် မပေါ်ပေါက်နိုင်ချေ။ ဝိနည်းပိဋကတ်[5]တွင် ဖော်ပြထားသည့်အတိုင်း သေဒဏ်ကျခံရသူကို ဝေဒနာအသက်သာဆုံးဖြစ်စေရန် ပါးကွက်သားအား သူ့အလုပ်ကို မြန်မြန်ဆန်ဆန်လုပ်ရန် အကြံပေးခဲ့သော ရဟန်းသည် သတ်ဖြတ်ခြင်းကို အားပေးကူညီရာရောက်သည့် အပြစ်ရှိကြောင်း တွေ့ရှိရသဖြင့် ရဟန်းအဖြစ်မှ ကြဉ်သော ပါရာဇိက ကံမြောက်ပါသည်။ (Vin.III.86) ဤဝိနည်းပညတ်ချက်အရ ရဟန်း သို့မဟုတ် ဘိက္ခုနီ တစ်ပါးသည် လူသားချင်းစာနာမှုဆိုင်ရာအကြောင်းပြချက်ပေါ်တွင်ပင် IHL ၏ ရှုထောင့်များအရ ခွင့်ပြုထားသည့် သတ်ဖြတ်ခြင်းကို သဘောတူညီခြင်းဖြင့် ပြင်းထန်သော ဝိနည်းအပြစ် အကျိုးဆက်များကို ရင်ဆိုင်ရနိုင်ပါသည်။

ဤအချက်က ၎င်းတို့၏ ကျင့်သုံးမှုအတွင်း သံသရာနှင့် နိဗ္ဗာန်ရှုထောင့် နှစ်ရပ်လုံးကို ပေါင်းစပ်ရန် ကြိုးပမ်းနေသော မျက်မှောက်ခေတ် ရဟန်း သို့မဟုတ် ဘိက္ခုနီ တစ်ပါးအပေါ် သက်ရောက်နိုင်မည် သို့မဟုတ် မည်သို့ သက်ရောက် နိုင်မည်ကို စဉ်းစားဆင်ခြင်သုံးသပ်ရန် ကျန်ရှိနေဆဲ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ သံသရာရှုထောင့်ကို ထည့်သွင်းစဉ်းစားမည်ဆိုပါက အထက်တွင် ဆိုခဲ့သော အချက်သည် တစ်ခုတည်းသော ဗုဒ္ဓဘာသာရပ်တည်ချက် မဟုတ်ကြောင်းကို ကျွန်ုပ်တို့ သိရှိရပါသည်။ ဗုဒ္ဓသည် လူဝတ်ကြောင်များအတွက် ဝိနည်းစည်းကမ်းများ ချမှတ်ခဲ့ခြင်းမရှိ ဆိုသည့်အချက်ကို လူအများသိကြပါသည်။ ဗုဒ္ဓဘာသာ၌ လူဝတ်ကြောင်များသည် လောကီတရားဥပဒေအောက်တွင်သာ အမြဲတမ်း ရှိခဲ့ကြပါသည်။ စစ်တပ်မှ စစ်ပြေးများ သံဃာ့အဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လိုသည့်အခါ (မှန်မှန်ကန်ကန်စွန့်လွှတ်ခြင်းမရှိပါက) ဗုဒ္ဓ၏ စည်းမျဉ်းအရ ၎င်းတို့ကို လက်မခံရန် ပညတ်တော်မူခဲ့ပါသည်။ (Vin.I.74) ဗုဒ္ဓသည် စစ်ပွဲကို မနှစ်သက် မလိုလား သော်လည်း နိုင်ငံ၏ဥပဒေစည်းမျဉ်းများအား အလေးထားသည်ကို ဤအချက်က ဖော်ပြနေပါသည်။ သို့သော်လည်း နိုင်ငံ၏ဥပဒေစည်းမျဉ်းများသည် ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ကမ္မနိယာမနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိပေ။ လူဝတ်ကြောင်ဘဝသည် လိင်ဆက်ဆံခြင်း၊ ငွေကြေးရှာဖွေရခြင်း၊ မိသားစုကိုကျွေးမွေးပြုစု ရခြင်း၊ စာမေးပွဲများအောင်မြင်ရန်ယှဉ်ပြိုင်ရခြင်း စသည်တို့ ပါဝင်သည်ဖြစ်ရာ အကုသိုလ်အမှုများနှင့် အကုသိုလ် စိတ်အခြေအနေတို့ ပါဝင်နိုင်ပါသည်။ နိုင်ငံ့ဥပဒေက ထိုလုပ်ဆောင်မှုများကို အခြားသူများအား ထိခိုက်နစ်နာမှု ကဏ္ဍများ အနည်းဆုံးဖြစ်စေရန် ထိန်းကျောင်းပေးသော်လည်း ထိုအကုသိုလ်ကဏ္ဍများသည် Max Weber ကဲ့သို့

သော ပညာရှင်များ ယူဆသကဲ့သို့ လူဝတ်ကြောင်များအား စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ၏ အစိတ်အပိုင်း မဟုတ်ဟု ဆိုလိုပါသလား။

သက်သေအထောက်အများက အခြားနည်း ဖော်ပြပုံရပါသည်။ ဝိနည်းပိဋကတ်၌ ဖော်ပြထားသော ယသ နှင့် အပေါင်းပါမိတ်ဆွေများ ဗုဒ္ဓ၏သာသနာပြုမှုအစဦးဆုံး၌ ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်းသို့ ဝင်ရောက်ခဲ့ခြင်းနှင့် ယသ၏မိဘများ (နှင့် အခြားသော မိသားစုဝင်များပါ ဖြစ်နိုင်ဖွယ်ရှိ) ဗုဒ္ဓ၏ လူဝတ်ကြောင် သာဝကများ တချိန်တည်းတွင် ဖြစ်လာခဲ့သည့်ပုံဝတ္ထုကို အလေးအနက်ထားမည်ဆိုလျှင် ဗုဒ္ဓ၏ တပည့်သာဝက လူဝတ်ကြောင်များသည် သံဃာ့အသိုင်းအဝိုင်းနှင့်အတူ တပြိုက်နက်နီးပါး ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ (Vin.I.15-18) နောက်ပိုင်းတွင် အမျိုးသားနှင့်အမျိုးသမီး လူဝတ်ကြောင်သာဝက(ဥပါသကနှင့် ဥပါသိကာမ)များသည် ဗုဒ္ဓဘာသာ၏ ပရိသတ်လေးပါးတွင် နှစ်ပါးအပါအဝင်ဖြစ်ခဲ့ပြီး အခြားပရိသတ်နှစ်မျိုးမှာ ဘိက္ခုနှင့်ဘိက္ခုနီတို့ ဖြစ်ပါသည်။

လူဝတ်ကြောင်တို့၏ လမ်းစဉ်သည် သံဃာများ၏လမ်းစဉ်နှင့် ခြားနားပါသည်။ ဤခြားနားချက်သည် ကျင့်ကြံသည့်နည်းလမ်းမဟုတ်ဘဲ ကျင့်ကြံသည့်အတိုင်းအတာ ဖြစ်ပါသည်။ အရောင်စုံသော်လည်း နှေးကွေးသည့် ဥဒေါင်းငှက်နှင့် ရိုးရှင်းသော်လည်း လျင်မြန်သည့်ဟင်္သာငှက်တို့ကို အကိုးအကားပြုကာ အဆိုပါခြားနားချက်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည် -

> အမောက်ရှိသော အပြာရောင်မျက်လုံးရှိသော ဥဒေါင်းငှက်သည် ကောင်းကင်ယံတွင် ပျံဝဲတက်ခြင်းသည် ဟင်္သာ၏ လျင်မြန်ခြင်းကို တစ်ရံတစ်ခါမျှ မမှီနိုင်သကဲ့သို့ ဤအတူ အိမ်နေသူလူသည် မုနိဟုဆိုအပ်သော ကိလေသာမှ ကင်းဆိတ်၍ တောင်၌ ဈာန်ဝင်စားလေ့ရှိသော ရဟန်း၏ လျင်မြန်ခြင်းကို အတုလိုက်၍ မပြုနိုင်။ (Sn.221)

အုပ်စုနှစ်စုသည် တူညီသောလမ်းစဉ်ကို မတူညီသောနှုန်းဖြင့် လိုက်နာကျင့်သုံးကြခြင်း ဖြစ်ပါသည်။ လူဝတ်ကြောင်၏ ကျင့်သုံးမှုသည် ကောင်းမှုပုညနှင့် တခါတရံ ကုသိုလ်ဖြစ်မှုပါဝင်သည့် အကုသိုလ်ကံတို့ဖြင့် ရောပြွမ်းသော သံသရာခရီးသည်၏ဘဝ ဖြစ်ပြီး ယင်းသည်ပင် လူဝတ်ကြောင် အများစုကြီးအတွက် ဖြစ်နိုင်သော ကျင့်သုံးမှု ဖြစ်ပါသည်။[6]

ဤလူဝတ်ကြောင်အမျိုးအစားအတွင်း အုပ်စိုးသူများနှင့် စစ်သည်များတွင် အုပ်စိုးသူများသည် စစ်ပွဲဆင်နွှဲရန် ဆုံးဖြတ်သူများဖြစ်ပြီး စစ်သည်များသည် စစ်ပွဲတိုက်ခိုက်ရသူများ ဖြစ်ပြီး အုပ်စိုးသူများအတွင်းမှာရော စစ်သည်များအတွင်းမှာပါ ဗုဒ္ဓ၏နောက်လိုက်တပည့်များ ရှိကြပါသည်။ ကျမ်းဂန်များအရ ဗုဒ္ဓသည် စစ်ပွဲကို ထောက်ခံခြင်း မပြုသည်မှာ ထင်ရှားပါသည်။ အခြားတစ်ဖက်တွင် စစ်ပွဲသည် လောကီကိစ္စများထဲမှတစ်ခုဖြစ်ရာ လောဘ၊ ဒေါသ၊ မောဟ တရားတို့၏ လုပ်ဆောင်ပုံကို အခြားသူအားလုံးတို့ထက် ကောင်းစွာသိတော်မူသည့် ဗုဒ္ဓသိတော်မမူ ဆိုသည်မှာ မဖြစ်နိုင်ပေ။ ဗုဒ္ဓသည် လူအများကို စစ်ပွဲမဖြစ်စေရေး ကာကွယ်တားဆီးရန်[7]ကြိုးပမ်းခဲ့သည့်နည်းတူ စစ်ပွဲဆီသို့ သွားရောက်ခဲ့သူများကိုလည်း ဟန့်တားပြီး ထိုသို့မလုပ်ရန်ဖျောင်းဖျခဲ့ပါသည်။[8] သို့သော်လည်း ဗုဒ္ဓသည် ရှင်ဘုရင်များအား ၎င်းတို့၏ စစ်တပ်များကို ဖျက်သိမ်းပစ်ရန် မိန့်တော်မမူခဲ့ပေ။[9]

ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ သံသရာနယ်ပယ်အတွက် ရင်းမြစ်ကောင်းတစ်ခုဖြစ်သော ဇာတက ဇာတ်တော်စာပေ[10] ၌ အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သည့် ဘုရားအလောင်းတော် (ဗောဓိသတ္တ သို့မဟုတ် နောင်အခါ ဘုရားဖြစ်မည့်သူ) သည် အုပ်စိုးသူရှင်ဘုရင် တစ်ပါး သို့မဟုတ် ရှင်ဘုရင်၏ အကြံပေးမှူးမတ် အဖြစ် အရေးကြီးသော နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍ၌ ပါဝင်ခဲ့သည့် ပုံဝတ္ထုများစွာ ရှိပါသည်။ ဤပုံဝတ္ထုများတွင် အထူးအလေးနက်ထားပြဆိုသည်မှာ စစ်ပွဲကိုရှောင်ရှားရန် ဖြစ်ပါသည်။ သို့သော်လည်း ဘုရားအလောင်း ရှင်ဘုရင်များသည် အများအားဖြင့် စစ်တပ်များကို ထားရှိကြပြီး ဩဇာအာဏာ၏ လိုအပ်ချက်ကို ဤပုံစံဖြင့် လက်ခံထားကြပါသည်။[11]

ဗုဒ္ဓ၏နိုင်ငံရေးဒဿနဟု ခေါ်ဆိုနိုင်မည့် ဟောကြားတော်မူချက်ကို တွေ့နိုင်သည့် သုတ္တန်ဒေသနာများတွင် စကြဝတေးမင်း(ရာဇာစက္ကဝတ္တိ)သည် စစ်တပ်တစ်တပ်ကို ပိုင်ဆိုင်ထားပြီး အခြားဘုရင်များအားလုံးကို ဤစစ်တပ်အင်အားဩဇာအာဏာ၏အကူအညီဖြင့် အကြမ်းဖက်ခြင်းကိုအသုံးမပြုဘဲ ၎င်း၏ တရားမျှတသော အုပ်ချုပ်မှုအာဏာစက်အောက်သို့ သိမ်းသွင်းပါသည်။ (စက္ကဝတ္တိသီဟနာဒသုတ်၊ D.III.58-79) သို့သော်လည်း ထိုလက်အောက်ခံဘုရင်များအနက် တစ်ပါးပါးသည် မိမိနယ်မြေအတွင်းသို့ စစ်ချီတက်လာသော စကြဝတေးမင်း၏ စစ်တပ်ကို ဆန့်ကျင်မည်ဆိုပါက နောက်ဆုံးရလဒ် မည်သို့ဖြစ်မည်ဆိုသည်မှာ တွေးကြည့်ရန် ခက်ပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယင်းသုတ္တန်များ၌ စစ်ပွဲတွင်း အပြုအမူကောင်းများ ဖော်ပြထားသည်ကို ရှာမတွေ့

ခြင်း ဖြစ်ပြီး ဖြစ်နိုင်ဖွယ်ရှိသည်မှာ စကြဝတေးမင်းသည် စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ရခြင်းမရှိဟူသော ရိုးရှင်းသည့် အကြောင်းရင်းကြောင့် ဖြစ်နိုင်ပါသည်။ သို့သော်လည်း စစ်နှင့်သက်ဆိုင်သည့် အချက်အလက်အချို့ကို သိကြားမင်းနှင့် သူ၏ရန်သူ အသုရာနတ်များ တိုက်ခိုက်ကြသည့် စစ်ပွဲများအကြောင်း ဖော်ပြထားသော သုတ္တန်များ၌ တွေ့ရပါသည်။[12] နှောင်းခေတ် အိန္ဒိယမဟာယာနဗုဒ္ဓဘာသာစာပေများ၌ စစ်ပွဲအတွင်းအပြုအမူကောင်းများနှင့် ပတ်သက်၍ တိကျသောလမ်းညွှန်ချက်အချို့ကိုလည်း ကျွန်ုပ်တို့ တွေ့ရပါသည်ဟု K.N. Jayatilleke က ဆွေးနွေးတင်ပြထားပါသည်။ (2009, 472)

စစ်ပွဲသည် အင်အားအသုံးပြုခြင်း သို့မဟုတ် အကြမ်းဖက်ခြင်း၏ သာဓကတစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓဘာသာသည် အချို့သော အခြေအနေများတွင် အင်အားအသုံးပြုခြင်းကို လက်ခံပုံ ရပါသည်။ အဘယရာဇကုမာရသုတ္တန် (M. sutta 58)ဒေသနာ၌ ပြဆိုထားချက်အတိုင်း ဗုဒ္ဓသည် မှန်ကန်ပြီး စိတ်ပိုင်းဆိုင်ရာအရ အသုံးဝင်မှုသာလျှင် ကြားနာသူ မနှစ်သက်ဖွယ်ဖြစ်သော စကားတို့ကို ရံခါ မိန့်တော်မူခဲ့ပါသည်။ (M.I.395)။ သုတ္တန်၌ ဖော်ပြထားသော ဥပမာ ဥပမေယျ အရ ဘုရင်သည် သူ့သားငယ်၏ လည်မျိုတွင်း၌ မျက်နေသောအရိုးကို ဖယ်ရှားရန် သားငယ်၌ နာကျင်မှု ခံစားရစေကာမူ အတင်းအကြပ်ပြုမူမည်ဖြစ်ကြောင်း ဖော်ပြထားရာ စိတ်ကောင်းစေတနာနှင့် အပြုခံသူအား အကျိုးရှိစေမည်ဆိုလျှင် အတင်းအကြပ်ပြုမှုသည် ခွင့်ပြုနိုင်ကောင်းသည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။ သံဃာ့အဖွဲ့အစည်းနှင့်သက်ဆိုင်သောကဏ္ဍကို ကိုင်တွယ်ဖြေရှင်းပြီး ကိုယ်ပိုင်သီလ(အကျင့်သိက္ခာ)နှင့် လွတ်မြောက်ခြင်းနှင့်ဆိုင်သည့်အကျင့်သီလတို့နှင့်ယှဉ်လျက် သံဃာ့အဖွဲ့အစည်း၏ဥပဒေစနစ်နှင့် လုပ်ဆောင်ရသည့် ဝိနည်းပိဋကတ်မှ သက်ဆိုင်သော ဥပမာတစ်ခုမှာ ဝိနည်းစည်းကမ်းကိုချိုးဖောက်သူများအတွက် အခြေခံအားဖြင့် စိတ်ဓာတ်ရေးရာနှင့်သက်ဆိုင်သော ပြစ်ဒဏ်များ (ဥပမာ - အပြစ်ကျူးလွန်သူကို အခေါ်အပြောမလုပ် စကားမပြောခြင်း) ထားရှိခြင်း ဖြစ်ပါသည်။ အတင်းအကြပ်ပြုခြင်းနှင့်ပတ်သက်၍ ဝိနည်းပိဋကတ်(Vin.II.12) (ကမ္မက္ခန္ဓက)၌ တွေ့ရသည့် အခြားသာဓကတစ်ခုမှာ ဗုဒ္ဓက အပြုအမူမမှန်ကန်သော ရဟန်းနှစ်ပါးဖြစ်သည့် အဿဇိနှင့် ပုနဗ္ဗကရဟန်းနှစ်ပါးကို နှင်ထုတ်ခြင်းပြစ်ဒဏ်(ပဗ္ဗာဇနီယကံ)ပေးရန် အဂ္ဂသာဝကနှစ်ပါး ဖြစ်တော်မူသည့် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်မထေရ်တို့ကို စေလွှတ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ ပြစ်ဒဏ်ပေးရမည့် ထိုရဟန်းနှစ်ပါးသည် ကြမ်းကြုတ်သောစရိုက်ရှိကြသူများဖြစ်သဖြင့် ဗုဒ္ဓက ၎င်း၏အဂ္ဂသာဝကနှစ်ပါးကို နောက်ပါသံဃာများစွာနှင့် အတူသွားရန် မိန့်တော်မူခဲ့ပါသည်။

သို့သော်လည်း စိတ်ဝင်စားဖွယ်ကောင်းသည့် ရဇ္ဇသုတ္တန်(S.I.116-117)တွင်မူ အတင်းအကြပ်ပြုခြင်းနှင့် ပတ်သက်၍ မည်သည့်အမေးပုစ္ဆာမျှရှိပုံမရပေ။ ဤသုတ္တန်၌ ဗုဒ္ဓမြတ်စွာက သတ်ဖြတ်ခြင်းနှင့် သတ်ဖြတ်စေခြင်းတို့မရှိဘဲသော်လည်းကောင်း၊ အနိုင်ယူခြင်းနှင့် အနိုင်ရစေခြင်းတို့မရှိဘဲသော်လည်းကောင်း တရားဓမ္မနှင့်အညီ တိုင်းပြည်အုပ်ချုပ်ရန် ဖြစ်နိုင်၊ မဖြစ်နိုင် ဆင်ခြင်တော်မူကြောင်းကို ရည်ညွှန်းဖော်ပြထားပါသည်။ ထိုအခိုက်တွင် မာရ်နတ်ရောက်လာကာ ဗုဒ္ဓကို တိုင်းပြည်အုပ်ချုပ်ရန် အောက်ပါအတိုင်း လှျောက်ထား၍ ဖြားယောင်းရန် ကြိုးစားခဲ့ပါသည်။ “အရှင်ဘုရား မြတ်စွာဘုရားသည် အလိုရှိတော်မူလတ်သော် ဟိမဝန္တာတောင်မင်းကို ရွှေဟု နှလုံးသွင်းလျှင် ရွှေဖြစ်ရာ၏” ထိုအခါ မြတ်စွာဘုရားက မာရ်နတ်ကို အောက်ပါအတိုင်း မိန့်တော်မူကာ တုံ့ပြန်တော်မူခဲ့ပါသည် -

> တောင်တစ်တောင်လုံးသည် ကောင်းသောအဆင်းရှိသော ရွှေတောင် ဖြစ်နိုင်ရာ၏။ (တစ်ခုသော တောင်ကား ရှိစေဦးတော့) နှစ်ဆကြီးသော ရွှေတောင်ကြီးသော်လည်း တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်အား (အလိုပြည့်အောင်) မစွမ်းနိုင်ရာဟု သိ၍ လျော်စွာကျင့်ရာ၏။

ဤဖော်ပြချက်သည် ကနဦးမေးခွန်းကို ဖြေဆိုမထားသော်လည်း ပိုမိုကျယ်ပြန့်သည့် အုပ်ချုပ်မှု၊ တန်းတူညီမျှမှု အခြေခံမှုကို အရိပ်အမြွက်ပြပါသည်။

‘ဓမ္မ’(တရားနည်းလမ်းကျမှု)နှင့် ‘သမ’(မျှတမှု) အယူအဆကို ဇာတ်တော်ပုံဝတ္ထုများတွင် မင်းကောင်းမင်းမြတ်များ၏ စည်းမျဉ်းဥပဒေသကိုဖော်ပြရာ၌ ရည်ညွှန်းလေ့ရှိပါသည်။ သို့သော်လည်း ဇာတ်တော်ပုံဝတ္ထုများ၌ ကျွန်ုပ်တို့ တွေ့ရသည့် ဤကျယ်ဝန်းသောမူသဘောတရားများကိုလိုက်နာပြီး အုပ်ချုပ်ခဲ့သည့် မင်းကောင်းမင်းမြတ်များသည် စစ်ပွဲကို ရံဖန်ရံခါ ရှောင်ရှားရန်ကြိုးစားလေ့ရှိကြသော်လည်း စစ်ပွဲဖြစ်နိုင်ခြေကို လုံးဝ ဖယ်ကြဉ်ခဲ့ခြင်းမရှိချေ။ ယင်းအယူအဆနှစ်ခုသည် ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာပေါ် မူတည်သည့်အပြင် သီးခြားအခြေအနေများပေါ်မူတည်ကာ ပိုမိုတိကျသည့် ဖော်ထုတ်မှုကို လိုအပ်သည်မှာ ရှင်းပါသည်။ ရဇ္ဇသုတ္တန်၌ ဗုဒ္ဓက ကိုယ်တော်တိုင်မေးတော်မူသည့်မေးခွန်းကို တိကျသောအဖြေမပေးဘဲ မဆုံးဖြတ်သည့်အချက်သည် အဓိပ္ပာယ်မဲ့မဟုတ်ချေ။[13] ထို့ကြောင့် ရဇ္ဇသုတ်သည် ဘုရားလက်ထက်တော်အခါက အုပ်စိုးသူများ၏ အုပ်ချုပ်မှုပုံစံနှင့်ပတ်သက်၍ ဗုဒ္ဓ၏

ဘဝင်မကျမှုအပြင် အုပ်စိုးသူများနှင့် ၎င်းတို့၏တိုင်းသူပြည်သားများ၏ သာမန်လောကီ(ပုထုဇဉ်) စိတ်သဘာဝကြောင့် စစ်ပွဲအားရှောင်လွှဲမရနိုင်ခြင်းကို သတိပြုမိတော်မူခြင်းအား ဖော်ပြမှုအဖြစ် ယူဆနိုင်ပါသည်။ တစ်ခါက ဗုဒ္ဓသည် မဂဓဘုရင်ကို စစ်ရှုံးခဲ့သော ကောသလမင်းကြီးကို “နိုင်သူ ရန်ပွားရ၍ ရှုံးသူမှာ ဆင်းရဲစွာ အိပ်စက်ရ၏။ အနိုင်အရှုံးတို့ကို စွန့်လွှတ်ပြီးသော ငြိမ်းအေးသော ရဟန္တာပုဂ္ဂိုလ်[14]သည် ချမ်းသာစွာ အိပ်စက်ရ၏” ဟု ဟောကြားတော်မူခဲ့ပါသည်။ ယင်းဂါထာသည် ကောသလမင်းကြီး၏ နားလည်နိုင်စွမ်းကိုကျော်လွန်သော နိုင်ခြင်း၊ ရှုံးခြင်းကို ကျော်လွန်သည့် စံနမူနာကို သွယ်ဝိုက်၍ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။ (ဓမ္မပဒ - Dhammapada 201) တိုင်းပြည်ကို အမှန်တကယ်အုပ်ချုပ်ခြင်း၏ လက်တွေ့အစစ်အမှန်အခြေအနေများသည် လွန်စွာရိုးရှင်းလွယ်ကူခြင်း မရှိသည်ကို မြတ်ဗုဒ္ဓ သိတော်မူခဲ့ကြောင်း ရဇ္ဇသုတ္တန်က ညွှန်ပြနေပုံပေါ်ပါသည်။

စစ်ပွဲသည် သံသရာဖြစ်တည်မှု၏ နယ်ပယ်ကဏ္ဍတစ်ခုအဖြစ် ဗုဒ္ဓသိတော်မူခဲ့သည်ဆိုပါက ဗုဒ္ဓသည် စစ်ပွဲကို ပိုမိုလူသားဆန်စေရန်အတွက် စည်းမျဉ်းဥပဒေသများကို အဘယ်ကြောင့် ဖော်ဆောင်ချမှတ်တော်မမူခဲ့သနည်းဟု မေးခွန်းထုတ်စရာရှိပါသည်။ ဤမေးခွန်းကို ဖြေဆိုရန်နည်းလမ်းတစ်ခုမှာ ဗုဒ္ဓက အုပ်စိုးသူမင်းများအား ထင်ရှားသော ‘မင်းကျင့်တရားဆယ်ပါး’[15] (ဒသ ရာဇဓမ္မ၊ ဥပမာ- Jat.I.260 and 399) နှင့် ‘စကြဝတေးမင်း၏ မွန်မြတ်သောတာဝန်ဝတ္တရားများ’(အရိယစက္ကဝတ္တိဝတ္တ၊ စက္ကဝတ္တိသီဟနာဒသုတ်၊ D.III.61) ကဲ့သို့သော မှန်ကန်တရားမျှတသည့် အပြုအမူနည်းလမ်းများနှင့်ပတ်သက်၍ ဟောကြားတော်မူခဲ့ပုံကို ပြသနိုင်ပါသည်။ ထိုကျင့်ဝတ်များကို လိုက်နာကျင့်ကြံပါက စစ်ပွဲများ မလိုအပ်တော့ဘဲ စစ်ပွဲဖြစ်ခဲ့လျှင်လည်း ဘုရင်သည် တရားနှင့်အညီ လူသားဆန်သည့်ပုံစံဖြင့် ပြုမူပေလိမ့်မည်။ စစ်ပွဲအတွင်းပြုမူပုံနှင့်ပတ်သက်သည့် စည်းမျဉ်းဥပဒေသများ ချမှတ်ပေးခြင်းသည် စစ်ပွဲကိုမလိုအပ်စေရန်ပြုလုပ်ခြင်းဟူသည့် ဗုဒ္ဓ၏ ရည်မှန်းချက်ပန်းတိုင်ကို အားပျော့သွားစေနိုင်သောကြောင့် ထိုသို့လုပ်ဆောင်ခြင်းထက် အုပ်စိုးသူမင်းများအတွက် တရားနှင့်ညီသောအပြုအမူများ၏ အခြေခံအုတ်မြစ်ဖြစ်သော မူသဘောတရားများအား လိုရင်းအချုပ်ဖော်ပြခြင်းကို ဗုဒ္ဓသည် အားရကျေနပ်တော်မူခဲ့ဟန်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေအပေါ် ဗုဒ္ဓဘာသာ၏ကျေးဇူးပြုမှုကို ဆွေးနွေးတင်ပြသည့်အခါ Jayatilleke (2009, 472-475)က ဟိန္ဒူစာပေရှိ စစ်ပွဲတွင် ပုံမှန်ကျင့်သုံးအပ်သော အပြုအမူဆိုင်ရာ စည်းမျဉ်း အစုပါဝင်သည့် မဟာဘာရတ စစ်ပွဲကဗျာရှည်တွင် ပါဝင်သော သျှံတိ ပရ်ဝန်(Shānti Parvan) (ငြိမ်းချမ်းရေးကျမ်း) ကို ရည်ညွှန်းကိုးကားထားပါသည်။ Jayatilleke က ဟိန္ဒူ နိုင်ငံ့ဦးဆောင်မှု၏ ဤနယ်ပယ်ကို လူသားဆန်မှု၊ အကြမ်းမဖက်မှု၊ သမာသမတ်ကျမှု ကဲ့သို့သော အုပ်စိုးသူမင်းများအတွက် ယင်းသို့သောသူတော်ကောင်းတရားပေါ် အလေးအနက်ပြု သည့် ဗုဒ္ဓဘာသာအတွေးအခေါ်၏ လွှမ်းမိုးမှုအောက်တွင် ပုံဖော်ထားပုံကို ဖော်ပြထားပါသည်။

## သမိုင်းဆိုင်ရာ ကျင့်သုံးမှု

ဗုဒ္ဓဘာသာပျံ့နှံ့ရောက်ရှိရာ တိုင်းပြည်များ၏ သမိုင်းအတွေ့အကြုံအရ ဗုဒ္ဓဘာသာဝင် အုပ်စိုးသူမင်းများသည် (ယေဘုယျအားဖြင့်) အခြားသော တိုင်းနိုင်ငံများ သို့မဟုတ် အခြားသော နိုင်ငံရေးအရ သီးခြားဖြစ်တည်မှုများနှင့် ဆက်ဆံရေးတွင် ကျူးကျော်ရန်စခြင်းမရှိသော အခြေခံရပ်တည်ချက်ကို လိုက်နာစောင့်ထိန်းလေ့ရှိခဲ့ကြပါသည်။ ထင်ရှားသော သာဓကမှာ ဘီစီသုံးရာစုအလယ်တွင်ပေါ်ထွန်းခဲ့သော အိန္ဒိယကေရာဇ် အသောကမင်း ဖြစ်ပြီး နောက်ပိုင်းခေတ် ဗုဒ္ဓဘာသာဝင်အုပ်စိုးသူမင်းများက ၎င်းကို သမိုင်းတလျှောက် စံနမူနာပြမင်းအဖြစ် မှတ်ယူခဲ့ကြပါသည်။ အသောကမင်းသည် ယနေ့ခေတ် ဩရိဿပြည်နယ်ဖြစ်သော ကလိင်္ဂတိုင်းကို သွေးချောင်းစီးစစ်ပွဲဆင်နွှဲအောင်မြင်ခဲ့ပြီးနောက် စစ်ပွဲကို စွန့်လွှတ်ခဲ့ပါသည်။ (ကလိင်္ဂကျောက်စာ၊ Nikam and Mckeon 1959, 27-30) သို့သော် ကျွန်ုပ်တို့အတွက် အသောကထံ၌ စစ်ပွဲအတွင်း ကျင့်သုံးမှုအလေ့အထကောင်းများ၏ အထောက်အထားမရှိဘဲ ရိုးရှင်းသောအကြောင်းပြချက်မှာ ၎င်းသည် ဗုဒ္ဓ၏အဆုံးအမကိုသက်ဝင်ကာ ဗုဒ္ဓဝါဒီဖြစ်လာခဲ့ပြီးနောက် စစ်ပွဲဆင်နွှဲမှု မရှိခဲ့ခြင်း ဖြစ်ပါသည်။

ဒုဋ္ဌဂါမဏိမင်း (101-77 BCE) သည် တိုင်းပြည်နှင့် ၎င်း၏ ယဉ်ကျေးမှု၊ ဘာသာတရားနှင့် စီးပွားရေး တို့ကို ကာကွယ်ရန် သီရိလင်္ကာနိုင်ငံအား ကျူးကျော်သိမ်းပိုက်သူ အိန္ဒိယတောင်ပိုင်းသား တမီးလ်တို့အား စစ်ခင်းရန် တာဝန်ရှိသည်ဟု ခံစားခဲ့သည့်အချက်ကို သီရိလင်္ကာနိုင်ငံ၌ ကျွန်ုပ်တို့ အတော်များများ ဆွေးနွေးခဲ့ကြပါသည်။ ။[16] ဒုဋ္ဌဂါမဏိအပေါ် ဗုဒ္ဓဘာသာ၏ ဩဇာလွှမ်းမိုးမှုကို ထင်ရှားစေသည့် ရှင်းလင်းသော သာဓကဖြစ်ရပ်နှစ်ခု ရှိပါသည်။ ပထမတစ်ခုမှာ အသက်သေကြေပျက်စီးမှုအနည်းဆုံးဖြစ်စေနိုင်ရန် ဆန့်ကျင်ဘက်ဘုရင်ဖြစ်သည့် ဧဠာရမင်းကို

တစ်ဦးချင်း စီးချင်းထိုးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ ကျန်တစ်ခုမှာ စစ်ပွဲကို အနိုင်ရပြီးသည့်နောက် ဒုဋ္ဌဂါမဏိမင်းသည် ဝမ်းသာခြင်းထက် နောင်တရခြင်းကို ခံစားခဲ့ရခြင်း ဖြစ်ပါသည်။ ဤသည်မှာ ဒုဋ္ဌဂါမဏိသည် မိမိပြုခဲ့သည့် အမှုမှာ ရက်စက်ကြမ်းကြုတ်ပြီး မနှစ်မြို့ဖွယ်ရာဆိုသည်ကို သိမြင်ခဲ့သည်ဟု ဆိုလိုပါသည်။ (မဟာဝံသ - Mahāvaṃsa XXV, v.103) သို့သော်လည်း အန္တရာယ်ဖြစ်နိုင်ခြေအမြောက်အမြားရှိနေခဲ့သောကြောင့် ၎င်းအနေဖြင့် စစ်ပွဲတိုက်ခိုက်ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ဒုဋ္ဌဂါမဏိသည် ကိုယ်ကျင့်တရားဆိုင်ရာ အကျပ်အတည်းတစ်ခုကို ကြုံခဲ့ရကြောင်း သိသာထင်ရှားပြီး ၎င်းသည် ခက်ခက်ခဲခဲဖြင့် စစ်ပွဲကိုရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ဒုဋ္ဌဂါမဏိသည် ဧဠာရအပေါ် ပုဂ္ဂိုလ်ရေးအာဃာတ တစ်စုံတစ်ရာမရှိဘဲ ၎င်း၏အုပ်ချုပ်မှုကြောင့် တိုင်းပြည်နှင့် ဘာသာတရားအပေါ် ဖြစ်ပေါ်စေသော ထိခိုက်ပျက်စီးမှုကို စိုးရိမ်သောကြောင့်သာ ဆိုသည့်အချက်ကို ဧဠာရမင်း ကျဆုံးပြီးသည့်နောက် ဒုဋ္ဌဂါမဏိက လေးစားသမှုဖြင့် သင်္ဂြိုလ်ခဲ့ခြင်းက ပြသနေပါသည်။ (မဟာဝံသ - Mahāvaṃsa XXIII, vv.9-10)

ရဟန္တာမထေရ်မြတ်တစ်စုက ဝမ်းနည်းနောင်တရနေသော ဒုဋ္ဌဂါမဏိမင်းအား ၎င်းသည် လူသားတစ်ဦးနှင့်တဝက်ကိုသာ သတ်ခဲ့သူဖြစ်သည်ဟု နှစ်သိမ့်တော်မူကြကြောင်း မဟာဝံသကျမ်း၌(Mahāvaṃsa XXV, vv.103-112)ဖော်ပြထားရာ ယင်းဖော်ပြချက်ကို ပညာရှင်များ အပြင်းအထန် အငြင်းပွားဆွေးနွေးခဲ့ကြပြီး ဖြစ်ပါသည်။[17] ဤဖြစ်ရပ်တွင် ရဟန္တာများဟု အခိုင်အမာဖော်ပြထားသောသံဃာတော်များ၌ ရွေးချယ်စရာနှစ်ခုရှိခဲ့ပုံပေါ်ပါသည်။ ပထမတစ်ခုမှာ ဒုဋ္ဌဂါမဏိသည် သူ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်ကြောင့် ငရဲကျမည်(နောင်ဘဝ သို့မဟုတ် အနာဂတ် ဘဝတစ်ခုခု၌)ဟု မိန့်ဆိုခြင်းဖြစ်၍ ဒုဋ္ဌဂါမဏိကို ပို၍စိတ်ပျက်ဝမ်းနည်းစေမည် ဖြစ်သည်။ ဒုတိယတစ်ခုမှာ ဒုဋ္ဌဂါမဏိသည် အခြားသူတို့၏ အကျိုးစီးပွားအတွက် ၎င်းကိုယ်တိုင် အကျင့်သီလအရ မေးခွန်းထုတ်နိုင်သည်ဟု အမှန်တကယ် မှတ်ယူထားသည့်အမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု နှစ်သိမ့်ပေးခြင်း ဖြစ်သည်။ 'ရဟန္တာမထေရ်မြတ်များ'က ဒုတိယတစ်ခုကိုလုပ်ဆောင်ရန် ရွေးချယ်ခြင်းကို ဖော်ပြထားပါသည်။ သံသယမရှိဟု အကြောင်းပြချက်ပေးခြင်းကို လက်ခံနိုင်ဖွယ် မရှိပေ။ သို့သော်လည်း သီဟိုဠ်နိုင်ငံ၏သမိုင်းတစ်ခုလုံး၌ ယခင်က မကြုံဖူးသေးသော ထိုဖော်ပြချက်အတွက် ဤတဝက်တပျက်သမိုင်းမှတ်တမ်းဖြစ်သော မဟာဝံသပါဠိဇာတ်လမ်းအတွင်းရှိ ဆက်စပ်စဉ်းစားရမည့် နောက်ခံအခြေအနေများကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ စစ်ပွဲ၌ သေဆုံးခဲ့သော စစ်သားတစ်ဦးသည် ငရဲကျမည်ဖြစ်ကြောင်းကို ဖြေကြားတော်မူရန်အတွက် ဗုဒ္ဓသည်ပင် အမေးသုံးကြိမ်တိတိ စောင့်ဆိုင်းတော်မူခဲ့သည့်ဖြစ်ရပ်ကို ဤနေရာတွင် ကျွန်ုပ်တို့ မမေ့အပ်ပေ။ (ယောဓာဇီဝသုတ်၊ S.IV.308-309)[18] ဗုဒ္ဓနှင့် ဒုဋ္ဌဂါမဏိဇာတ်လမ်းပါ ရဟန္တာမထေရ်မြတ်များဟုအခိုင်အမာဖော်ပြခဲ့သည့်သံဃာများသည် ဤသို့ခက်ခဲသော သီးခြား အခြေအနေများကို စနစ်တကျတုံ့ပြန်ဖြေဆိုရန် ဥပါယကောသလ္လ[19]၊ ဥပါယ်တံမျဉ်ကို သုံးတော်မူခဲ့ကြသည်ဟု နားလည်နိုင်ပါသည်။[20]

ဒုဋ္ဌဂါမဏိမင်းလက်ထက်ပြီးနောက် နောက်ပိုင်းသီရိလင်္ကာဘုရင်များသည် ကျူးကျော်သူတို့နှင့် စစ်ပွဲများဆင်နွှဲခဲ့ကြကြောင်း သမိုင်းမှတ်တမ်းများ ရှိပါသည်။ ဤဖြစ်ရပ်များ၌ ၎င်းတို့ကို ကျူးကျော်စစ်ဆင်နွှဲခဲ့ကြသူများဟု မယူဆကြဘဲ အုပ်စိုးသူမင်းများအဖြစ် ခုခံကာကွယ်ရန်တာဝန်ရှိသည့် ခုခံကာကွယ်သူများအဖြစ် မှတ်ယူခဲ့ကြပါသည်။ အလယ်ခေတ်တွင် သီဟိုဠ်ဘုရင်များက အိန္ဒိယတောင်ပိုင်း၏ဒေသများကို ကျူးကျော်ခဲ့ကြောင်း သာဓကအချို့ ရှိပါသည်။ (ဒုတိယ သေနမင်း 853-887, မဟာပရက္ကမဗာဟု 1153-1186, နိသန္ကက မလ္လမင်း 1187-1196, ပရက္ကမဗာဟု-၆ 1412-1467) မဟာဝံသအရ ဤဖြစ်ရပ်များအားလုံးကို တိုင်းတပါးကျူးကျော်မှု သို့မဟုတ် အမှားလုပ်ရပ်တို့အပေါ် ဤဘုရင်များ၏ တုံ့ပြန်မှုများအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော်လည်း ဤအချက်အရ သီရိလင်္ကာဘုရင်များသည် ၎င်းတို့အချင်းချင်းကြား အာဏာအတွက် ၎င်းတို့အတွင်းတိုက်ခိုက်မှုများနှင့်ရန်းကန်မှုများ မရှိခဲ့ဟု ဆိုလိုခြင်း မဟုတ်ပေ။

**နိဂုံး**

နိဗ္ဗာန်ရှုထောင့်မှကြည့်လျှင် ဆင်းရဲဒုက္ခကို အမြစ်ပြတ်သုတ်သင်ရှင်းလင်းခြင်း သို့မဟုတ် အပြီးတိုင်ဖယ်ရှားခြင်းသည် ဗုဒ္ဓဘာသာ၏ပန်းတိုင် ဖြစ်ပါသည်။ ဗုဒ္ဓက ၎င်း၏သားတော် ရာဟုလာအား မိမိကိုယ်တိုင်ကိုသော်လည်းကောင်း၊ သူတပါးကိုသော်လည်းကောင်း၊ မိမိနှင့်သူတပါးနှစ်ဘက်လုံးကိုသော်လည်းကောင်း နာကျင်မှုဖြစ်စေလျှင် ထိုသို့သောအမှုကိုမပြုသင့်ဟု ဟောတော်မူရာတွင် နာကျင်မှုအတိုင်းအတာကို အတိအကျ မိန့်တော်မူခြင်းမရှိခဲ့ပေ။ (အမ္ဗဋ္ဌရာဟုလောဝါဒသုတ်, M. sutta 61, M.I.414-20) မတူသည့်အချက်မှာ IHL ၏ ပန်းတိုင်ဖြစ်သော ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေခြင်းဆိုရာ၌ အချို့သောအခြေအနေများအောက်တွင် ဆင်းရဲဒုက္ခအချို့ဖြစ်စေခြင်းသည် မှန်ကန်ကြောင်းထင်ရှားပြသနိုင်ပြီး လက်ခံနိုင်သည်ဟူသော ယူဆချက်တွင် အခြေခံပါသည်။

ဗုဒ္ဓဝါဒနှင့်ပတ်သက်၍မူ ဤအချက်ကို သံသရာနှင့်ဆိုင်သောဗုဒ္ဓဘာသာ၏ရှုထောင့်မှသာ လက်ခံနိုင်ပါသည်။ သံသရာနှင့်ဆိုင်သောဗုဒ္ဓဘာသာ၏ရှုထောင့်သည် အကန့်အသတ်များအတွင်း အင်အားအသုံးပြုခြင်းနှင့် နာကျင်မှုဖြစ်စေခြင်းကို ခွင့်ပြုပြီး ဗုဒ္ဓဘာသာဝင်များကို ကာမဂုဏ်ပျော်ရွှင်မှုဆိုသော်လည်း အကျင့်သီလနှင့်ပြည့်စုံသောနေထိုင်မှုဘဝဖြစ်စေရန် လမ်းဖွင့်ပေးပါသည်။ နိဗ္ဗာန်နှင့်ဆိုင်သောဗုဒ္ဓဘာသာရှုထောင့်အရ ဆင်းရဲဒုက္ခကိုအပြီးတိုင်ဖယ်ရှားခြင်းဟူသော ယင်း၏ပန်းတိုင်မှ ဆင်းသက်လာသည့် ယေဘုယျအခြေခံမူသဘောတရားအဖြစ်သာလျှင် ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေခြင်းအား လက်ခံနိုင်သော်လည်း ရုပ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုဖြစ်စေသည့် အသုံးပြုခြင်းကို တရားမျှတကြောင်းလက်ခံမထားပေ။

IHL နှင့် ဗုဒ္ဓဘာသာအကြား ဆက်စပ်မှု အကြောင်းအရာကို ပြန်လည်ဆွေးနွေးရလျှင် IHL တွင် စစ်ပွဲဆင်နွှဲခြင်းနှင့်သက်ဆိုင်သည့် နိုင်ငံများကသဘောတူညီထားသော စည်းမျဉ်းများကိုစုစည်းထားသည့် စည်းမျဉ်းအစုပါဝင်ပါသည်။ ဗုဒ္ဓဘာသာတွင်မူ အလားတူ စည်းမျဉ်းများကိုစုစည်းထားခြင်းမျိုးမရှိဘဲ ယင်းတို့၏ အခြေခံသဘောတရားမျှသာ ရှိကြောင်းကို ကျွန်ုပ်တို့ သိရှိရပါသည်။ ပြဿနာမှာ ဗုဒ္ဓဘာသာစည်းမျဉ်းဥပဒေသများ၌ ယင်းကဲ့သို့ပြည့်စုံစွာဖော်ဆောင်ထားသည့်စနစ်တစ်ခုမရှိသဖြင့် ဗုဒ္ဓဘာသာဝင်များသည် IHL စည်းမျဉ်းများကို လက်ခံရမည်လော သို့တည်းမဟုတ် ငြင်းပယ်ရမည်လောဆိုသည့် အချက်ဖြစ်ပါသည်။ ဤဆောင်းပါးတွင် ဆွေးနွေးတင်ပြထားသော ရပ်တည်ချက်မှာ ဗုဒ္ဓဘာသာ၏ သံသရာရှုထောင့်အမြင်မှ IHL စည်းမျဉ်းများကို မူအားဖြင့် သဘောထားချင်းတိုက်ဆိုင်မှုတွင် အခက်အခဲမရှိဟူသော အချက်ဖြစ်ပါသည်။

ဤနေရာ၌ မြတ်ဗုဒ္ဓက တိုက်ရိုက်ဟောကြားတော်မူခဲ့ခြင်းမရှိသည့် သို့မဟုတ် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအစဉ်အလာတွင် မတွေ့ရသည့်အချက်ကို တစ်စုံတစ်ရာကောင်းသည်ဟု လက်ခံခြင်းအပေါ် ဆန့်ကျင်ကန့်ကွက်နိုင်ပါသည်။ အလားတူအခြေအနေများတွင် လိုက်နာရမည့်လမ်းညွှန်ချက်အချို့ ဗုဒ္ဓအဆုံးအမကိုယ်တိုင်၌ ရှိပါသည်။ ထိုလမ်းညွှန်ချက်များအနက် အဓိကမှာ ‘မဟာပဒေသတရား’ဟုခေါ်သော စံ ဖြစ်ပါသည်။ မဟာပဒေသတရားအရ အဆိုတစ်ရပ်သည် ဓမ္မနှင့်ဝိနယတို့နှင့် မဆန့်ကျင်လျှင် ဘုရားဟောအဖြစ် လက်ခံနိုင်သည် ဆိုသည့်အချက် ဖြစ်ပါသည်။[21] ဤစံ၏နောက်ကွယ်ရှိ အခြေခံမူသဘောတရားမှာ ဘုရားဟောနှင့်ညီညွတ်မှုဖြစ်၍ ဗုဒ္ဓ၏ဟောကြားချက်နှင့် ညီညွတ်သောအရာကို ဘုရားဟောအဖြစ် ယူနိုင်သည်ဆိုသော အချက်မှာ ရှင်းပါသည်။ အခြားထိုသို့ လမ်းညွှန်ချက်မှာ “မြတ်စွာဘုရားဟောတော်မူသမျှအားလုံးသည် ကောင်းစွာဟောကြားတော်မူသည်ချည်းဖြစ်သည်” (သဗ္ဗံ သုဘာသိတံ တဿ ဘဂဝတော ဝစနံ, A.IV.164)ဆိုသောအချက် ဖြစ်ပါသည်။ ကောင်းစွာ ဟောကြားတော်မူခြင်းဆိုသည်မှာ ဆင်းရဲဒုက္ခကို အပြီးတိုင်အမြစ်ပြတ်သုတ်သင်ဖယ်ရှားခြင်းနှင့် သက်ဆိုင်သည်ဟု နားလည်နိုင်ပါသည်။ ဤစံလမ်းညွှန်ချက်များက ကောင်းမွန်၍ လက်ခံနိုင်သည့်အရာများကို ယင်းတို့၏ အရင်းအမြစ်ကို ပဓာနမထားဘဲ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားရန် ခွင့်ပြုထားပါသည်။

ဤစံများပေါ် အခြေခံ၍ IHL သည် လူသားတို့၏ဆင်းရဲဒုက္ခနှင့် အခြားသော ဆင်းရဲဒုက္ခအဖုံဖုံကို နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရာတွင် ထောက်ကူသောကြောင့် IHL ကို လက်ခံနိုင်ပါသည်။ ထို့အပြင် အခြားအစဉ်အလာများမှ ကောင်းသောအရာတို့ကို လက်ခံသည့် သမိုင်းရှိသော ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအစဉ်အလာသည် အတွေးအခေါ်လွတ်လပ်မှု၏စေ့ဆော်မှုကြောင့် ယေဘုယျအားဖြင့် ခေတ်မီခြင်းတွင် ကောင်းသောအရာတို့ကို အထူးသဖြင့် ခေတ်သစ်သိပ္ပံနှင့်နည်းပညာတို့ကို လက်ခံရာတွင် ပြဿနာ တစ်စုံတစ်ရာ မရှိခဲ့ပေ။ အခြားဘာသာတရား အစဉ်အလာများနှင့်မတူဘဲ ဗုဒ္ဓဘာသာသည် သိပ္ပံနှင့် (ဆီလျော်မှုရှိသော)နည်းပညာတို့ကို ဆန့်ကျင်ကာ ကဏ္ဍကောစပြုစစ်ခင်းသည့် သမိုင်း မရှိပေ။ ဆိုလိုသည်မှာ ဗုဒ္ဓဘာသာသည် ရှေးခေတ်ဖြစ်စေ သို့မဟုတ် မျက်မှောက်ခေတ်ဖြစ်စေ ကောင်းသောအရာတို့နှင့် သဘောထားချင်းတိုက်ဆိုင်ရန် အခက်အခဲ မရှိခြင်း ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် IHL ကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းသည် ဗုဒ္ဓဘာသာ၏ စစ်ပွဲအပေါ် ရှုမြင်သည့်သဘောထားအမြင် သို့မဟုတ် တစ်နည်းဆိုရလျှင် ဗုဒ္ဓဘာသာသည် စစ်ပွဲဖြစ်နိုင်ခြေကို လက်ခံခြင်း/ လက်မခံခြင်းအပေါ် မူတည်ပါသည်။ စစ်ပွဲအပေါ် ဗုဒ္ဓဘာသာ၏သဘောထားအမြင်သည် ပြဿနာများအားဖြေရှင်းရာတွင် နည်းလမ်းတစ်ရပ်အဖြစ် အင်အားအသုံးပြုခြင်းအပေါ် ဗုဒ္ဓဘာသာ၏သဘောထားအမြင်ကို ချဲ့ထွင်ထားခြင်း ဖြစ်ပါသည်။ အထက်တွင် ဆွေးနွေးတင်ပြချက်များအရ ဗုဒ္ဓဘာသာတွင် သံသရာရှုထောင့်နှင့် နိဗ္ဗာန်ရှုထောင့်ဟူ၍ ပုံစံနှစ်မျိုးကွဲပြားမှုရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ရပြီး သံသရာရှုထောင့်အမြင်အရ စစ်ပွဲနှင့်အင်အားအသုံးပြုခြင်းတို့ကို ကန့်သတ်ချက်များအား လိုက်နာရသည့် ဗုဒ္ဓဘာသာ၏ဘောင်အတွင်း ထည့်သွင်းစဉ်းစားခဲ့ပါသည်။ ဤအချက်ကို လက်ခံလိုက်သည်နှင့်တပြိုင်နက် မလွှဲသာမရှောင်သာနောက်ဆုံးနည်းလမ်းအဖြစ် စစ်ခင်းကြသည့်အခါ စစ်ပွဲတွင်

ပါဝင်ကြသည့်အဖွဲ့များကို ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်စေမည့် အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းအချို့က လမ်းညွှန်ပေးရမည်ဆိုသည့်အချက်မှာ ပြောဖွယ်ရာမရှိပေ။

**မှတ်စုများ**

1. Jus in bello (IHL) နှင့် Jus ad bellum တို့ကြား ကွဲပြားခြားနားချက်ကို ပိုမိုသိရှိနိုင်ရန် https://www.icrc.org/en/document/what-are-jus-ad-bellum-and-jus-bello-0. ကိုကြည့်ပါ။ https://www.icrc.org/en/war-and-law/ihl-other-legal-regmies/jus-in-bellojus-ad-bellum. ကိုလည်းကြည့်ပါ။

2. အလားတူ ရပ်တည်ချက်အတွက် Rahula (1978, 84) ကို ကြည့်ပါ။

3. သတ္တဝါများ အဖန်တလဲလဲ မွေးဖွားရာနှင့် သေဆုံးရာဖြစ်သော သံသရာစက်ဝန်း။

4. မဟာဝစ္ဆဂေါတ္တသုတ် (M.I.490-493) တွင် ရဟန္တာဖြစ်သွားသော ရဟန်းများနှင့်ဘိက္ခုနီအရေအတွက်(အပါး ၁၀၀၀ကျော်)သည် အောက်မဂ်ဖိုလ်များ ရရှိသွားသော ဒါယကာ၊ ဒါယိကာမများ (ဦးရေ၂၀၀၀ ကျော်)ထက်စာလျှင် အရေအတွက်နည်းပါသည်။ S.V.406 တွင်လည်း အောက်မဂ်ဖိုလ်များ ရသွားသော ရဟန်းနှင့်ဘိက္ခုနီအရေအတွက် သည် ရဟန္တာဖြစ်သွားသော ရဟန်းနှင့်ဘိက္ခုနီအရေအတွက်ထက် ပိုမိုများပြားပါသည်။

5. ဝိနည်းဟူသည် ရဟန်းနှင့် ဘိက္ခုနီများနှင့်သက်ဆိုင်သည့် ဥပဒေစနစ်ဖြစ်ပြီး ယင်းဝိနည်းဖြင့် သံဃာထုအတွင်း သံဃာများက စီမံအုပ်ချုပ်ကြသည်။ ယင်းသည် ထေရဝါဒ၏ ပိဋကတ်သုံးပုံထဲမှ ဝိနယပိဋကတ် (စည်းကမ်းအပုံ) ထဲတွင် ပါဝင်သည်။

6. သို့သော် နိဗ္ဗာန်သို့ရောက်ကြောင်း မဂ်ဖိုလ်တရားများသည် ပုထုဇဉ်များအတွက် လုံးဝလက်လှမ်းမမှီဟု ဆိုလိုခြင်းမဟုတ်ပါ။ သုတ္တန်ဒေသနာများတွင် မဂ်ဖိုလ်ရသော အချို့သော လူဝတ်ကြောင်အမျိုးသားများနှင့် အမျိုးသမီးများကို ရည်ညွှန်းကိုးကားထားပါသည်။ ဥပမာ- မဟာဝစ္ဆဂေါတ္တသုတ်၊ M. sutta 73 (M.I.490-493)

7. ဥပမာ- အဇာတသတ်မင်း၏ မှူးမတ်ဝန်ကြီးများဖြစ်သော သုနီဓနှင့် ဝဿကာရတို့မှ ဝဇ္ဇီတို့နှင့် စစ်ခင်းရန် အသင့်ဖြစ်နေကြောင်း ဗုဒ္ဓအား လျှောက်ထားသဖြင့် ဗုဒ္ဓက ယင်းသည် ဉာဏ်ပညာနှင့်ပြည့်စုံသောဆုံးဖြတ်ချက် မဟုတ်ပါဟု ဖြောင်းဖျတော်မူခဲ့သည်။ (မဟာပရိနိဗ္ဗာနသုတ် - Mahāparinibbāna Sutta)

8. ဤစံနှုန်း၏ရင်းမြစ်မှာ Mahāparinibbāna Sutta, D. sutta 16, D.II. 72-76 မဟာပရိနိဗ္ဗာနသုတ် ဖြစ်ပါသည်။

9. ဥပမာ- သကျတိုင်းသားတို့နှင့် ကောလိယတိုင်းသားတို့ကြား ရောဟိနီမြစ်ရေနှင့်ပတ်သက်ပြီး စစ်ပွဲဖြစ်ပွားအံ့ ဆဲဆဲဖြစ်ရပ်။ (Jat.V.412–414)

10. ဗုဒ္ဓ၏ အလောင်းတော်ဘဝများအကြောင်းအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သော ဗုဒ္ဓဝင် ဗုဒ္ဓစာပေကျမ်းဂန်။

11. ဤစာအုပ်မှ Premasiri ၏ဆောင်းပါးကို ကြည့်ပါ။

12. ဤစာအုပ်မှ Premasiri ၏ဆောင်းပါးကို ကြည့်ပါ။

13. ဤစာအုပ်မှ Premasiri ၏ဆောင်းပါးကို ကြည့်ပါ။

14. ဗုဒ္ဓဘာသာ လွတ်မြောက်ရေးလမ်းစဉ်တွင် အမြင့်ဆုံးသောတရားထူးတရားမြတ်ရသောသူ။

15. ဤစာအုပ်မှ Premasiri ၏ဆောင်းပါးကို ကြည့်ပါ။

16. ဤစာအုပ်မှ Premasiri ၏ဆောင်းပါးကို ကြည့်ပါ။

17. ဥပမာ- Harvery (2000, 257).

18. ဤစာအုပ်မှ Harvey ၏ဆောင်းပါးကို ကြည့်ပါ။

19. ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် အခြေအနေနှင့် လက်တွေ့ကျမှုကို ထည့်သွင်းစဉ်းစားသည့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလအခြေခံသဘောတရား။

20. ဤပုံဝတ္ထုနှင့်ပတ်သက်သည့် မတူကွဲပြားသောမူအတွက် ဤစာအုပ်မှ Harvey ၏ဆောင်းပါးကို ကြည့်ပါ။

21. ဤစံ၏ရင်းမြစ်မှာ မဟာပရိနိဗ္ဗာနသုတ် - Mahāparinibbāna Sutta, D. sutta 16, D.II. 124-125 ဖြစ်သည်။

**အတိုကောက်ကျမ်းညွှန်းစကားလုံးများ**

**A.** အင်္ဂုတ္တရနိကာယ် - *Aṅguttara-nikāya* vol.I (1961, 2nd ed.), vol. II (1888, repr. 1976), edited by R. Morris. Vols. III, V (1897, 1899, 1900, repr. 1958), edited by E. Hardy. London: Pali Text Society, as translated by Bhikkhu Bodhi, *The Numerical Discourses of the Buddha*. Boston: Wisdom Publications, 2012.

**D.** ဒီဃနိကာယ် - *Dīgha-nikāya* vols. I–III, (1890, 1893, 1911, repr. 1976), edited by J. E. Carpenter. London: Pali Text Society, as translated by M. Walshe, *The Long Discourses of the Buddha*, Massachusetts: Wisdom Publications, 1995.

**D-a.** ဒီဃနိကာယ် အဋ္ဌကထာ - *Dīgha Nikāya Aṭṭhakathā,* vols. I–III, 2nd ed. (1968, 1971), Pali Text Society: __ commentary on *the Dīgha Nikāya*, untranslated, edited by T. W. R. Davids and J. E. Carpenter (I and II) and W. Stede (III).

**Jat.** ဇာတကနှင့် ၎င်း၏အဋ္ဌကထာ - *The Jātaka, Together with Its Commentary*, Ed. by V. Fausboll, 6 vols. London, Luzac and Co. (vol.1), & Tibner and Co. (vols 2–6), 1877–1896. The Pali, and English translations all of them are available at: https://jatakastories.div.ed.ac.uk. The translations are those done by various hands under E. B. Cowell, *The Jātaka or Stories of the Buddha's Former Births*, 6 vols., London: Pali Text Society, 1895–1907. Newer transla- tions are the following. N. Appleton and S. Shaw, *The Ten Great Birth Stories of the Buddha: The Mahānipāta of the Jātakavaṇṇanā*, Chiang Mai: Silkworm, 2 volumes, __ 2015; this translates the final 10 and longest Jātakas: nos. 538–547. S. Shaw, *The Jātakas: Birth Stories of the Bodhisatta*, New Delhi: Penguin, 2006, translates 26 of the Jātakas: nos. 1, 9, 20, 37, 48, 55, 75, 94, 95, 99, 106, 108, 121,128, 248, 273, 313, 316, 385, 402, 407, 476, 506, 538, 539, and 540.

**M.** မဇ္ဈိမနိကာယ် - *Majjhima-nikāya* I–III (1888, 1898, 1899, repr. 1979), edited by V. Trenckener. London: Pali Text Society, as translated by Ñāṇamoli Bhikkhu and Bhikkhu Bodhi. *The Middle Length Discourses of the Buddha*. Boston: Wisdom Publications, 2001.

**S.** သံယုတ်နိကာယ် - *Saṃyutta-nikāya* vols. I–V (1884–1898, repr. 1973–1976), edited by M. L. Feer. London:–Pali Text Society, as translated by Bhikkhu Bodhi. *The Connected Discourses of the Buddha*. Boston: Wisdom Publications, 2000.

**Sn.** သုတ္တနိပါတ - *Suttanipāta*, translated by N. A. Jayawickrama, *Suttanipāta: Text and Translation*. Colombo: Postgraduate Institute of Pali and Buddhist Studies, 2001.

**Vin.** ဝိနယပိဋက - *Vinaya-pitakam* vols. I–V, edited by H. Oldenberg. London: Pali Text Society, 1879–1883, repr. 1969. Translated by I. B. Horner as *The Book of the Disciplin*e, 5 vols., London: Pali Text Society, 1938–1966. References to Sn. are by verse number; those to the other texts above are

by the volume and page number of the Pali text, the page numbers being shown in their translations within square brackets. In the case of Vin., vols. I and II of the Pali are vols. IV and V in the translations.

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

Jayatilleke, K. N. 2009. “The Principles of International Law in Buddhist Doctrine.” In Facets of Buddhist Thought: Collected Essays, 371–482. Kandy: Buddhist Publication Society.

Nikam, N. A., and R. McKeon. 1959. The Edicts of Asoka. Chicago and London: University of Chicago Press.

Rahula, W. 1978. What the Buddha Taught. London: Gordon Fraser.

## ဗုဒ္ဓဘာသာဝင်စစ်သည်တို့အတွက် ဝေခွဲရခက်စေသောကိစ္စများ

Daniel Ratheiser and Sunil Kariyakarawena

### ဆောင်းပါးအကျဉ်းချုပ်

အပေါ်ယံအားဖြင့် စစ်မှုထမ်းဘဝနှင့် ဗုဒ္ဓဘာသာကျင့်သုံးခြင်းကို ပြဒါးတစ်လမ်းသံတစ်လမ်းကဲ့သို့ မြင်နိုင်ပါသည်။ ဗုဒ္ဓဘာသာသည် သီလဖြူစင်ခြင်းကို အမြင့်ဆုံး၌ထားရှိပြီး ဗုဒ္ဓဘာသာအဆုံးအမတွင် ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ခုခုဖြင့် ရက်စက်ကြမ်းကြုတ်စွာအကြမ်းဖက်ခြင်းကို အားပေးထောက်ခံသည့် အထောက်အထားတစ်စုံတစ်ရာကို မည်သည့်နေရာတွင်မျှ မတွေ့နိုင်ပေ။ ထို့ကြောင့် ဗုဒ္ဓဘာသာနှင့်စစ်ရေးတို့သည် မလိုက်ဖက်သောအတွဲဖြစ်ပြီး ဗုဒ္ဓဘာသာ၏ သီးခြားစရိုက်လက္ခဏာ၊ တန်ဖိုးနှင့် စံနှုန်းအဆင့်အတန်းများကို လိုက်နာကျင့်သုံးနေစဉ် စစ်တပ်တွင် စစ်မှုထမ်းခြင်းသည် အချို့က စိတ်ကူးကြည့်ရန် ခက်ခဲကြောင်းတွေ့နိုင်သည်ဟု ဆိုပါသည်။ ဤဆောင်းပါးက ဗုဒ္ဓဘာသာနှင့်စစ်ရေးတို့အကြား ဤအများကလက်ခံထားသောစိတ်ကူးကို စိန်ခေါ်ထားပြီး ဤထင်ရှားပေါ်လွင်သော ဝေခွဲရခက်မှုကို ဖြေရှင်းထားပါသည်။ ပါဠိအဋ္ဌကထာတို့တွင်ပါဝင်သော ဗုဒ္ဓဘာသာအဆုံးအမများပေါ်တွင်လည်းကောင်း၊ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းများ၏ ပြောဆိုချက်များကိုလည်းကောင်း သုံးသပ်ခြင်းဖြင့် ‘ဗုဒ္ဓဘာသာဝင်စစ်သည်’နှင့် ဗုဒ္ဓဘာသာ၏ အခြေခံအဆုံးအမဖြစ်သော အဟိံသ-ညှင်းပန်းနှိပ်စက်မှုမပြုခြင်း၊ ကမ္မ-ကံတရားနှင့် ကုသိုလ်(ကုသလ)အမှုများ၊ ဗုဒ္ဓဘာသာအဆုံးအမကို စစ်ဆန့်ကျင်ရေးဝါဒနှင့် တန်းတူသည်ဟု ဆိုခြင်း၊ စစ်သည်တို့၏တာဝန်နှင့် နိုင်ငံတော်က အကာအကွယ်ပေးရန်၊ စစ်မှုထမ်းခြင်းကို ‘သမ္မာအာဇီဝ’အဖြစ် ဆိုခြင်းနှင့် စစ်ရေးဆိုင်ရာအသက်မွေးဝမ်းကျောင်းမှုတွင် ကံ၏ပါဝင်နေမှုတို့နှင့် ပတ်သက်သည့် ထင်ရှားပြီး အဖြစ်များသော မှားယွင်းသည့်အယူအဆများကို ပိုမိုနားလည်လွယ်စေရန် ကျွန်ုပ်တို့ ရှင်းလင်းပါမည်။ ဆင်ခြင်တုံတရားပေါ်အခြေခံသော ရည်ညွှန်းကိုးကားချက်အဖြစ် စစ်ပွဲဆင်နွှဲခြင်းကို ထိန်းကျောင်းပေးသောအပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)ကို အသုံးပြုခြင်းဖြင့် ဗုဒ္ဓဘာသာတရားတော်က စစ်သည်များအား မည်သည့် လမ်းညွှန်မှုပေးပြီး စစ်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးရာ၌ အသုံးချခြင်း အပါအဝင် စစ်ပွဲများတွင် ဆင်းရဲဒုက္ခလျော့နည်းစေရေးကို ဦးတည်လုပ်ဆောင်ရာ၌ ၎င်းတို့ မည်သို့ပါဝင်နိုင်ပုံ အလားအလာတို့ကို ကျွန်ုပ်တို့ ရှာဖွေဖော်ထုတ်ထားပါသည်။ ကောင်းမြတ်သည်များကို အကာအကွယ်ပေးရန် စည်းကမ်းကောင်းပြီး အကျင့်သီလကောင်းမွန်သော ကျွမ်းကျင်သည့် စစ်တပ်များအား ထိန်းသိမ်းထားရှိခြင်း အယူအဆကို ဗုဒ္ဓဘာသာက ထောက်ခံပါသည်။ အချိန်တိုင်းမှာပင် အခြားသူများဆင်းရဲဒုက္ခမရောက်စေရန် ရည်ရွယ်ရမည်ဖြစ်သော်လည်း ပိုမိုဆိုးရွားသော ဆင်းရဲဒုက္ခများကိုပင် ကာကွယ်တားဆီးခြင်းအား အထိခိုက်ခံခြင်းမျိုး မည်သည့်အခါမျှ မဖြစ်စေရပါ။

### နိဒါန်း

အပေါ်ယံအားဖြင့် စစ်မှုထမ်းဘဝနှင့် ဗုဒ္ဓဘာသာကျင့်သုံးခြင်းကို ပြဒါးတစ်လမ်းသံတစ်လမ်းကဲ့သို့ မြင်နိုင်ပါသည်။ ဗုဒ္ဓဘာသာသည် သီလဖြူစင်ခြင်းကို အမြင့်ဆုံး၌ထားရှိပြီး ဗုဒ္ဓဘာသာအဆုံးအမတွင် ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ခုခုဖြင့် ရက်စက်ကြမ်းကြုတ်စွာအကြမ်းဖက်ခြင်းကို အားပေးထောက်ခံသည့် အထောက်အထားတစ်စုံတစ်ရာကို မည်သည့်နေရာတွင်မျှ မတွေ့နိုင်ပေ။ ဆန့်ကျင်ဘက်အားဖြင့် ဗုဒ္ဓဘာသာအဆုံးအမအားလုံးနှင့် ကျင့်သုံးမှုအားလုံးတို့သည် မိမိကိုယ်တိုင်နှင့် အခြားသူများ၏အကျိုးအတွက် အဟိံသ(ညှင်းပန်းနှိပ်စက်မှုမပြုခြင်း) အခြေခံသဘောတရားနှင့် လိုက်လျောညီထွေရှိပါသည်။

တာဝန်ထမ်းဆောင်ရာတွင် စစ်သည်များအား အသက်ဆုံးရှုံးစေခြင်းအပါအဝင် ခက်ခဲသောလုပ်ဆောင်မှုများကို အတင်းအကျပ် ခိုင်းစေနိုင်ပါသည်။ ကျွမ်းကျင်မှုရှိသောစစ်တပ်များသည် ပို၍ပို၍အထိခိုက်မခံနိုင်ဘဲ သတိထားလုပ်ဆောင်ရပြီး စည်းကမ်းကြီးကာ ဥပဒေများနှင့်ထိန်းကျောင်းထားသော်လည်း ရက်စက်သော စစ်ရေးလုပ်ဆောင်ချက်ဖြစ်ရပ်များကြောင့် ရံဖန်ရံခါ လက်နက်ကိုင်တပ်ဖွဲ့များအပေါ် မကောင်းမြင်မှု ရှိစေပါသည်။ ထို့ကြောင့်လည်း လူအများ အနေဖြင့် စစ်တပ်အား ဗုဒ္ဓဘာသာဝင်များ ကျင့်သုံးခြင်းအတွက် ‘မသွားရနယ်မြေ’ အဖြစ် မြင်ကြပြီး အချို့သူများက စစ်မှုထမ်းခြင်းကို ‘မှားယွင်းသောအသက်မွေးမှု’ အဖြစ်ပင် ဆိုကြပါသည်။ ဗုဒ္ဓဘာသာနိုင်ငံများအားလုံးတွင် စစ်တပ်များရှိသည့်အချက်ကို ထောက်ဆလျှင် ဤကွဲပြားခြားနားမှုများကို မည်သို့တည့်မတ်ပေးမည်နည်း သို့မဟုတ် ဤဝေခွဲမရမှုကို မည်သို့စေ့စပ်ညှိနှိုင်းပေးမည်နည်း။

စစ်ပွဲ၊ ဘာသာရေးယုံကြည်ချက်နှင့် သေခြင်းတရား၏အဓိပ္ပာယ်တို့သည် အလွန် အခြေခံကျသည့်အဆင့်၌ ဆက်စပ်မှုရှိနေပါသည်။ သေအံ့ဆဲဆဲဖြစ်နေသောစစ်သည်များသည် ၎င်းတို့၏ ဘာသာရေးနှင့်ဆိုင်သောထုံးတမ်းစဉ်လာများတွင် ရည်ရွယ်ချက်ကို ရှာဖွေခဲ့ကြပါသည်။ ဗုဒ္ဓဘာသာကိုယ်တိုင် ဤပတ်ဝန်းကျင်ထဲတွင် ပြောင်းလဲဖြစ်ပေါ်ခဲ့ပြီး စစ်ပွဲဟူသောအကြောင်းအရာနှင့် နီးနီးကပ်ကပ်ဆက်စပ်လာခဲ့ပါသည်။ ဗုဒ္ဓဘာသာက ဤလောကီဖြစ်တည်မှု(သံသရာ)အခြေအနေများတွင် စစ်ပွဲသည် ရှောင်လွှဲမရနိုင်အောင် ပေါ်ပေါက်လာနိုင်သည့်အခါ[2] အလွန်စပ်ဆိုင်သောအခြေအနေတွင် စစ်ပွဲဆင်နွှဲရခြင်းကို နားလည်အောင် လုပ်ရန်လိုသည်ဟု အသိအမှတ်ပြုပါသည်။

စစ်ပွဲဟူသည် ပဝေသဏီကာလကတည်းကပင် အချို့သောအခြေခံမှုများနှင့် ဓလေ့ထုံးစံများကို လိုက်နာခဲ့ရပါသည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၊ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေကို ဘာသာရေးအမွေအနှစ်နှင့် အတွေးအခေါ်ဒဿနအစဉ်အလာများပေါ်တွင် တည်ဆောက်ထားပါသည်။ IHL သည် စစ်ပွဲများမှန်ကန်မှုတမှုရှိမရှိ(ယုစ်အက်ဒ်ဘဲလမ် jus ad bellum)ဟူသောမေးခွန်းနှင့်မသက်ဆိုင်ဘဲ စစ်ပွဲတွင်းအပြုအမူ(ယုစ်အင်ဘဲလို jus in bello) ပေါ် အဓိကထားပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခအတွင်း စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအလေးထားစိုးရိမ်မှုတို့ကို ဟန်ချက်ညီစေခြင်းဖြင့် ဆင်းရဲဒုက္ခခံစားရမှုကို လျှော့နည်းစေရန် ဖြစ်ပါသည်။ (Melzer 2019, 17-56) IHL သည် ကျွန်ုပ်တို့အား ဆင်ခြင်တုံတရားပေါ်အခြေခံသော ရည်ညွှန်းကိုးကားချက်နှင့်အတူ စစ်မက်အခြေအနေတွင် ဗုဒ္ဓဘာသာကို နားလည်စေရန် ကြိုးပမ်းခြင်းအတွက် အထူးသဖြင့် အနှစ်သာရပြည့်ဝသော သရုပ်သကန်မြင်ကွင်းများကို ပေးပါသည်။ စစ်သည်အားလုံးသည် ဥပဒေအရ IHL နှင့်အညီ လုပ်ဆောင်ရန် လိုအပ်သည့်အတိုင်း ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များအတွက် IHL ကို ၎င်းတို့၏ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာရှုထောင့်မှကြည့်ပြီး တူညီသောအချက်များနှင့် ကွဲပြားခြားနားသောလက္ခဏာများကို ဖော်ထုတ်သတ်မှတ်ရန် သက်ဆိုင်မှုရှိပါသည်။ ပါဠိအဋ္ဌကထာတို့တွင်ပါဝင်သော ဗုဒ္ဓဘာသာအဆုံးအမများပေါ်တွင်လည်းကောင်း၊ သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းများ၏ ပြောဆိုချက်များကိုလည်းကောင်း သုံးသပ်ဆွဲယူခြင်းဖြင့် 'ဗုဒ္ဓဘာသာဝင်စစ်သည်' ၏ ပဟေဠိပုစ္ဆာကို ပိုမိုနားလည်လွယ်စေရန် ကျွန်ုပ်တို့ကြိုးစားမည်ဖြစ်ပြီး စစ်ရေးဆိုင်ရာလေ့ကျင့်သင်တန်းပေးရာ၌ အသုံးချခြင်းနည်းလမ်းအပါအဝင် စစ်ပွဲများတွင် ဆင်းရဲဒုက္ခလျှော့နည်းစေရေးကို ဗုဒ္ဓဘာသာအဆုံးအမများက မည်သို့ပါဝင်အထောက်အကူပြုနိုင်ပုံအလားအလာတို့ကို ကျွန်ုပ်တို့ ရှာဖွေဖော်ထုတ်ပါမည်။

လက်နက်ကိုင်တပ်ဖွဲ့များ၏ လက်ရှိတပ်ဖွဲ့ဝင်များနှင့် ယခင်တပ်ဖွဲ့ဝင်ဟောင်းများထံမှ ပြန်ပြောင်းဆင်ခြင်သုံးသပ်ချက်များနှင့်အတူ စစ်ပွဲ၏အစစ်အမှန်အခြေအနေများနှင့်ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံများက ဘာသာရေးအရလမ်းညွှန်မှုနှင့် စစ်ရေးဆောင်ရွက်မှုများအကြား ကွာဟမှုများကို ပေါင်းကူးပေးရန်အတွက် အသုံးဝင်သော ထိုးထွင်းအမြင်ကို ပေးပါသည်။

ဤဆောင်းပါးက ဗုဒ္ဓဘာသာနှင့်စစ်ရေးအကြား လုည့်စားတတ်သည့် သဟဇာတမဖြစ်ခြင်းသည် အဟိံသ (မညှင်းပန်းမနှိပ်စက်ခြင်း)၊ ကံနှင့် ကုသိုလ်အမှု ဟူသော ဗုဒ္ဓဘာသာအယူအဆများကို နားလည်သဘောပေါက်မှု လွဲမှားခြင်းနှင့် အကာအကွယ်ပေးရန် စစ်သည်၏တာဝန်ကို အသိအမှတ်ပြုရန် ပျက်ကွက်ခြင်းတို့မှ အရင်းခံသည် ဆိုသောအချက်ကို ထောက်ခံထားပါသည်။ ဗုဒ္ဓဘာသာတွင် ရန်လိုမှု သို့မဟုတ် ထိခိုက်စေရန် ရည်ရွယ်သည့် အခြားသော မည်သည့်အပြုအမူအတွက်မဆို နေရာမရှိသော်လည်း ကိုယ်ကျင့်သိက္ခာရှိသောရည်ရွယ်ချက်များအတွက် စစ်အင်အားအသုံးပြုခြင်းကို ဗုဒ္ဓဘာသာ၌ ထည့်မတွက်ဘဲမထားပေ။ ဗုဒ္ဓစာပေကျမ်းဂန်တို့တွင် ကောင်းမြတ်သည်တို့ကို အကာအကွယ်ပေးရန် စည်းကမ်းကောင်းပြီး ကိုယ်ကျင့်တရားကောင်းသော ကျွမ်းကျင်သည့် စစ်တပ်များအား ထိန်းသိမ်းထားရှိခြင်း အယူအဆကို ထောက်ခံပါသည်။ အချိန်တိုင်းမှာပင် အခြားသူများကို ဆင်းရဲဒုက္ခမရောက်စေရန် ရည်ရွယ်ရမည်ဖြစ်သော်လည်း ပိုမိုဆိုးရွားသော ဆင်းရဲဒုက္ခများကိုပင် ကာကွယ်တားဆီးခြင်းအား အထိခိုက်ခံခြင်းမျိုး မည်သည့်အခါမျှ မဖြစ်စေရပါ။

**အဟိံသတရား**

ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာကိုလိုက်နာကျင့်သုံးခြင်းတို့တွင် မတူကွဲပြားမှုများစွာရှိသော်လည်း အစဉ်အလာအားလုံးမှာ အကျင့်သီလဆောက်ရာတွင် တူညီကြပါသည်။ သီလအကျင့်တရားသည် မဂ္ဂင်ရှစ်ပါးအကျင့်တရားတွင်ပါသော (သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်) အစိတ်အပိုင်းသုံးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး နှိပ်စက်ညှင်းပန်းခြင်းကို ရှောင်ကြဉ်ခြင်း ဟူသည့် အဓိကစေ့ဆော်မှုနှင့်အတူ ကိုယ်တိုင်စောင့်စည်းထိန်းသိမ်းခြင်းကျင့်ဝတ်ကို ဖြည့်ဆည်း

ပေးပါသည်။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်လျှင် သီလအကျင့်တရားသည် အကျိုးတရားကိုဖြစ်စေပြီး ကံ(စာပေအလို 'လုပ်ဆောင်မှု')နှင့်အတူ ငုပ်နေသောအင်အားပါဝင်သည့် အနာဂတ်စေတနာ[3]အပေါ်လွှမ်းမိုးခြင်း အကျိုးဆက်ဖြင့် ပြုလုပ်သူ၏စိတ်တွင် အမှတ်အသား ကျန်ရှိစေပါသည်။ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလကို လုပ်ရပ်တစ်ခုသည် မိမိ သို့မဟုတ် အခြားသူများအပေါ် ထိခိုက်နိုင်ခြေရှိမရှိဆိုသည့်အချက်အား ပြုလုပ်သူ၏စေတနာကိုချင့်တွက်ခြင်းဖြင့် ထိုသူ၏လုပ်ဆောင်မှုများကိုအကဲဖြတ်သည့်အကျင့်သိက္ခာနှင့်အတူ ဆန်းစစ်ခြင်းဖြင့် အဓိက ထိန်းချုပ်ပါသည်။ ထိခိုက်စေသော လုပ်ဆောင်မှု ရလဒ်ဖြစ်စေသည့် မကောင်းသောအကုသိုလ် စိတ်အခြေအနေဖြစ်သောကြောင့် သူတော်ကောင်းတရားများ ပျိုးထောင်ခြင်းအပေါ် များစွာ အလေးအနက်ထားပါသည်။

ကမ္မတရားတော်က တစ်စုံတစ်ဦး၏ စေတနာရည်ရွယ်ချက်ပါသော အလုပ်များဖြင့် ထိုသူ၏ အနာဂတ်ကို ပုံဖော်နေသည်ဆိုသည့်အချက်ကို ရှင်းပြထားပါသည်။ (ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံဖြစ်စေ) ပြုလုပ်သောကံတွင် တကယ့်အပြုအမူနှင့် ထိုအပြုအမူ၏နောက်ကွယ်ရှိ ရည်ရွယ်ချက်စေတနာဟူသော အစိတ်အပိုင်း နှစ်ခု ပါဝင်ပါသည်။ ပြုလုပ်သောကံများ၏နောက်ကွယ်ရှိ စိတ်ဓာတ်ရေးရာလှုံ့ဆော်မှုများက 'ကံမျိုးစေ့များ' ကို ချပေးပြီး နောက်ဆုံးတွင် 'ကံအသီးအပွင့်များ' အဖြစ် အဆုံးသတ်သွားစေမည့် လှုပ်ရှားမှုအစဉ်ကို ဖြစ်စေပါသည်။[4] ပုံဖော်ရလျှင် ရည်ရွယ်ချက်မရှိဘဲမတော်တဆ ထိခိုက်မှုဖြစ်စေခြင်းက အကုသိုလ်ကံဆိုးကျိုးများကိုမပေးနိုင်သော်လည်း သက်ရှိသတ္တဝါတစ်ဦးကို တမင်တကာရည်ရွယ်ချက်ဖြင့် ထိခိုက်စေခြင်းသည် နောင်အနာဂတ်တွင် ဆိုးကျိုးရလဒ်များအဖြစ် သဘာဝအလျောက် ရင့်မှည့်လာမည့် မျိုးစေ့များကို ချပေးပါမည်။[5] သို့သော် ကံတစ်ခုတည်းကိုသာ ပုံပြီး ယုံကြည်ခြင်းသည်လည်း ကံနှင့်ပတ်သက်သောအယူအဆကို မှားယွင်းစွာနားလည်ခြင်း ဖြစ်ပေသည်။ လက်ရှိတွေ့ကြုံရသော နာကျင်မှုဝေဒနာနှင့် ပျော်ရွှင်မှုသုခတို့သည် ခန္ဓာကိုယ်တွင်းရှိ ဇီဝဆိုင်ရာအင်္ဂါအစိတ်အပိုင်းများကဲ့သို့သော အခြားအကြောင်းရင်းများကြားထဲမှ အတိတ်ကံနှင့်ပစ္စုပ္ပန်ကံတို့၏ အကျိုးဆက်များ ဖြစ်ပါသည်။ (Sn. 36 . 21) ဤအချက်က မိမိ၏လွတ်လပ်သောသဘောဆန္ဒအတိုင်း ကောင်းမွန်သော စေတနာဖြင့်လုပ်ဆောင်ရန်နှင့် အတိတ်ကံလုပ်ဆောင်မှုများ၏ ကံမျိုးစေ့များမှ ကံအကျိုးပေးသီးပွင့်မလာမီ ဆင်းရဲဒုက္ခအဆုံးသတ်ရန် ဖြစ်နိုင်ခြေအလားအလာကို ဖြစ်ပေါ်စေပါသည်။

> စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ - ကာယေန၊ ဝါစာယ၊ မနသာ - "ရဟန်းတို့ စေတနာကို ကံဟု ငါခေါ်သည်။ စေတနာနှင့်တကွ ကာယကံ၊ ဝစီကံ မနောကံတို့ကို ပြုသည်။" (An.6.63)

ဗုဒ္ဓက 'စေတနာသည် ကံ' ဖြစ်ကြောင်းနှင့် ထိုစေတနာသည် ကံအထုပ်အထည်စုဆောင်းမှုနှင့်လူ့ဆင်းရဲဒုက္ခများ၏ အဓိကအကြောင်းရင်းအဖြစ် စိတ်အတွင်း၌ဖြစ်စေလိုသည့်အရာကို ရည်ရွယ်ပြဋ္ဌာန်းခြင်းဟု ဟောကြားခဲ့ပါသည်။ စေတနာ[6]သည် စေတသိက်တရားဖြစ်ပြီး ၎င်းက စိတ်ကို တိကျသည့်ရည်ရွယ်ချက်ပန်းတိုင်တစ်ခုဆီသို့ သီးခြားလမ်းကြောင်းတစ်ခုဖြင့် တိုက်တွန်းပါသည်။ စေတနာသည် ၎င်း၏အကျင့်သီလအကောင်းအဆိုးခွဲခြားမှုကို ၎င်းနှင့်အတူ ယှဉ်တွဲဖြစ်လာသော မူလတရား(အရင်းအမြစ်များ)ဟုခေါ်သော စေတသိက်များမှတဆင့် ရရှိပါသည် - "ရဟန်းတို့ အကုသိုလ်ဖြစ်သော မူလတရားသုံးပါးရှိသည်။ အဘယ်သုံးပါးနည်း။ လောဘသည် အကုသိုလ်ဖြစ်သော မူလတရားတစ်ခုဖြစ်ပြီး ဒေါသသည် အကုသိုလ်ဖြစ်သော မူလတရားတစ်ခုဖြစ်ကာ မောဟသည် အကုသိုလ်ဖြစ်သော မူလတရားတစ်ခုဖြစ်သည်။" (မူလသုတ်၊ An. 3. 69)

မိမိပြုသောကံသည် အကျိုးကိုဖြစ်စေနိုင်သည့်အတွက် ကုသိုလ်ကံကိုပြုရပေမည်။ ကုသိုလ်နှင့်ယှဉ်သော စိတ်သည် ဆင်းရဲဒုက္ခကိုဖြစ်စေနိုင်သော အပြုအမူမျိုးကို ရှောင်ရှားသည်။ လူတို့၏လုပ်ဆောင်မှုများကို အကျင့်သီလပိုင်းအရအကဲဖြတ်ရာတွင်သုံးစွဲသော ဗုဒ္ဓဘာသာအသုံးအနှုန်းဝေါဟာရမှာ ကုသိုလ်နှင့်အကုသိုလ်ဖြစ်ပါသည်။ အကုသိုလ်လုပ်ရပ်များသည် အကုသိုလ်မူလသုံးပါး(အဆိပ်သုံးမျိုးဟုလည်းသိကြသည်) ဆိုလိုသည်မှာ လောဘ၊ ဒေါသနှင့် မောဟတို့ပေါ်တွင် အခြေခံနေသည်ဟု ရှုမြင်သည်ဖြစ်ရာ ထိုလုပ်ရပ်များကြောင့် မကောင်းသော ကံအကျိုးဆက်ရလဒ်များကို ဖြစ်စေပါသည်။ ကုသိုလ်အလုပ်သည် လှူဒါန်းပေးကမ်းလိုခြင်း/ငြိတွယ်မှုမရှိခြင်း (အလောဘ)၊ မေတ္တာအကြင်နာ/မုန်းတီးမှုမရှိခြင်း (အဒေါသ)နှင့် အသိဉာဏ်ပညာ/မောဟကင်းခြင်း (အမောဟ) ဟူသော ကုသိုလ်မူလ သုံးပါးအပေါ်အခြေခံနေသည်ဟု ရှုမြင်သောကြောင့် ကောင်းမွန်သော ကံအကျိုးတရားရလဒ်များကို ယူဆောင်ပါသည်။

ဥပဒေချိုးဖောက်ခြင်းကြောင့် ဥပဒေအရ အပြစ်ပေးခံရသည့်အကျိုးဆက်ရလဒ်ခံစားရခြင်းနှင့် အလားတူစွာပင် မလိုလားအပ်သော ဆင်းရဲဒုက္ခဖြစ်စေရန် ပြုလုပ်သည့်စေတနာသည် မကောင်းသောကံ၏အကျိုးဆက်များ

ရှိသော်လည်း ယင်းတို့ကို အပြစ်ဒဏ်များအဖြစ်မရှုမြင်ဘဲ သဘာဝအတိုင်း ကံစီမံရာရလဒ်များအဖြစ် ရှုမြင်ပါသည်။ ဗုဒ္ဓဘာသာတွင် ပို၍ပင် ကျယ်ပြန့်သော အမြင်ရှိပြီး မနောကံအားလုံးနှင့် ဝစီကံအားလုံးတို့တွင် ကံအကျိုးဆက်များ ရှိသည်ဆိုသည့်အချက်မှာ မှားယွင်းနိုင်ခြင်းမရှိဆုံးသော အမြင်မတူမှု ဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်သည် ရက်စက်ကြမ်းကြုတ်မှုအားလုံးက နောက်ဆုံးတွင် ၎င်းတို့၏မူလဘူတကိုသယ်ဆောင်ပြီး ဝစီကံဖြင့် သို့မဟုတ် ကာယကံဖြင့် အခြားသူများအပေါ်ဖြစ်စေသည့် ဆင်းရဲဒုက္ခများကိုကာကွယ်တားဆီးနိုင်ဆဲအဆင့်ကို ဦးတည်ပါသည်။

ဗုဒ္ဓဘာသာသည် တယူသန်မဆွဲသည့်ချဉ်းကပ်မှုနည်းလမ်းကိုလိုက်နာလျက် မူလတရားများနှင့် ဖြစ်လာနိုင်သော ပြုလုပ်မှုတို့၏ ကံအကျိုးဆက်များကို သတိထား ချိန်ဆပြီး အခြေအနေတစ်ခုချင်းပေါ်မူတည်ကာ မှန်ရာကုသိုလ်အမှုကိုလုပ်ရန် တစ်ဦးချင်းစီကို ခွင့်ပြုထားပါသည်။

ဗုဒ္ဓဘာသာတွင် ပညတ်တော်ဟူ၍ မရှိသော်လည်း သီလတရားနှင့် ပြုလုပ်မှုကိုလမ်းညွှန်ပေးရန် ရည်ရွယ်သည့် အခြေခံသဘောတရားများရှိပြီး မိမိနှင့်အခြားသူများကို ထိခိုက်စေခြင်းမှ ရှောင်ရှားရန် နည်းလမ်းများကိုပေးပါသည်။ သို့သော်လည်း ထူးခြားသောအခြေအနေများအောက်တွင် သီလချိုးဖောက်မှုအတွက်လည်း လက်ခံစဉ်းစားပေးပါသည်။ ငါးပါးသီလ(ပဥ္စသီလ)သည် သတ္တဝါတို့၏အသက်ကိုသတ်ခြင်း၊ ခိုးခြင်း၊ လိင်မှုကိစ္စဖောက်ပြန်ခြင်း၊ လိမ်လည်ခြင်းနှင့် မူးယစ်စေတတ်သောအရာများကိုသုံးစွဲခြင်းမှ ရှောင်ကြဉ်ရန် ကတိကဝတ်ပြုခြင်းတို့ ဖြစ်ပါသည်။

ဤငါးပါးသီလ၏အခြေခံမှာ အဟိံသ ဖြစ်ပါသည်။ အဟိံသတရားသည် ဓမ္မလမ်းကို လျှောက်လှမ်းရာတွင် ပထမဆုံးခြေလှမ်းဖြစ်ပြီး အကုသိုလ်မူလအဆိပ်သုံးပါးမှ လွတ်မြောက်ရန် လက်တွေ့ လိုအပ်ချက် ဖြစ်ပါသည်။ အဟိံသဟူသောစကားလုံးကို အင်္ဂလိပ်ဘာသာဖြင့် ‘အကြမ်းမဖက်ခြင်း’( non – violence)နှင့် (ဟိံသကို ‘အကြမ်းဖက်ခြင်း’ violence )ဟု အယူအဆလွဲမှားစရာကောင်းအောင် ဘာသာပြန်ဆိုကြလေ့ရှိသော်လည်း အဟိံသ၏ စစ်မှန်သောအဓိပ္ပါယ်မှာ သက်ရှိသတ္တဝါတစ်စုံတစ်ဦးကို မနောကံ၊ ဝစီကံ သို့မဟုတ် ကာယကံအမှုတို့ဖြင့် ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေခြင်းမှ ရှောင်ကြဉ်ခြင်း ဖြစ်ပါသည်။ (Jenkins 2011) ‘နာကျင်အောင်မပြုခြင်း’ (non-harming) ဟူသည့်ဝေါဟာရသည် သက်ရှိသတ္တဝါအားလုံးနှင့် အကျွမ်းတဝင်ရှိသော ဆက်ဆံရေးကို ကောင်းစွာ ဆွဲဆောင်ထားပြီး ထိခိုက်စေသည့် မည်သည့်အမှုမဆို မိမိကိုယ်ကိုလည်း ထိခိုက်စေပါသည်။ ထိခိုက်စေသော အကုသိုလ်စေတနာများကို လက်သင့်ခံပုန်းခိုခွင့်ပေးခြင်းသည် ဗုဒ္ဓဘာသာက ချိုးနှိမ်နိုင်ရန် ကြိုးစားနေသည့် အလွန်သိမြင်ခြင်းနှင့်ဆိုင်သော အခြေအနေများကို အားပေးမြှင့်တင်ပြီး ဤနည်းလမ်းဖြင့် မိမိကိုယ်တိုင်ကိုလည်း တိုက်ရိုက်ထိခိုက်စေပါသည်။

အင်္ဂလိပ်ဝေါဟာရ ‘violence’ (အကြမ်းဖက်ခြင်း)နှင့် ဗုဒ္ဓဘာသာအယူအဆဖြစ်သည့် ဟိံသ/အဟိံသတို့ကို ပေါင်းစပ်သည့်အခါ အခြေခံအကျဆုံး ပြဿနာတစ်ခု ပေါ်ပေါက်လာပါသည်။ ဟိံသနှင့်အဟိံသတို့၏ အဓိပ္ပါယ်သည် အင်္ဂလိပ်ဘာသာစကားတွင်ရှိသော violence အကြမ်းဖက်ခြင်းနှင့် အကြမ်းဖက်မှုမရှိခြင်းဟူသော အယူအဆတို့နှင့်[7] အခြေခံအားဖြင့် ကွဲပြားခြားနားပါသည်။ Oxford Dictionary (Lexico 2021) အောက်စ်ဖို့ဒ်အဘိဓာန် အလိုအရ  ‘violence’ ဟူသည် တစ်စုံတစ်ဦး သို့မဟုတ် တစ်စုံတစ်ခုကို ထိခိုက်စေရန်၊ ပျက်စီးစေရန် သို့မဟုတ် သတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိရှိ ကာယကံအားဖြင့်ပါဝင်သည့်အပြုအမူအဖြစ် ဖွင့်ဆိုထားပါသည်။[8]

သာမန်အားဖြင့် violence အကြမ်းဖက်ခြင်းဟူသောစကားကို တိတိကျကျမဟုတ်ဘဲ မိမိဆိုင်ရာရှုထောင့်မှ သတ်မှတ်ကြသည်။ ဤအဓိပ္ပါယ်အရ ရည်မှန်းချက်များကိုရှေးရှုခြင်းအပါအဝင် ကြည့်ရှုသူ၏အမြင်တွင် လက်ခံနိုင်ဖွယ်မရှိသော ကာယကံမြောက် အင်အားအသုံးပြုခြင်း ဟုဆိုနိုင်သော ကိုယ်ကျင့်တရားဆိုင်ရာ အပြစ်တင်ခြင်းယေဘုယျသဘော ပါဝင်ပါသည်။ (ဟိံသ၊ အဟိံသနှင့် အခြေခံအားဖြင့်ကွာခြားသော အခြားအချက်တစ်ခုမှာ ဟိံသ၊ အဟိံသသည် လူသားချင်းထက်ကျော်လွန်ကာ အခြား သက်ရှိသတ္တဝါများအပေါ်တွင်လည်း အကျုံးဝင်သလို ဝစီကံနှင့် မနောကံအားဖြင့် ကျူးလွန်ခြင်းလည်း အကျုံးဝင်ပါသည်။) အချို့သူများက လူမဆန်သောထိခိုက်ဒဏ်ရာအကြမ်းဖက်မှုဖြစ်စေနိုင်သည့် တက်ကြွသောကာကွယ်မှုကို ဤအဓိပ္ပါယ်တွင် ထည့်သွင်းယူနိုင်ပြီး ဤအချက်က ကြည့်ရှုသူ၏အမြင်ပေါ်တွင် မူတည်ပါသည်။ ဒဏ်ရာအနာတရဖြစ်စေခြင်းဟူသောနောက်ဆုံးရလဒ်ကို ကြည့်သောအခါ ဤသို့ဖြစ်စေခြင်း၏ ရည်ရွယ်ချက်စေတနာကို နားမလည်ဘဲ ဟိံသဖြစ်သည်ဟု မဆိုနိုင်ပေ။ ကရုဏာသက်သက်ဖြင့် လုပ်သောအလုပ်လည်း ဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံ ထိခိုက်မှုနည်းစေရန် ဒဏ်ရာအနာတရဖြစ်စေသည့် ပြင်းထန်သော ကာယကံအမှုတစ်ခုကို ရွေးချယ်လိုက်ရခြင်းလည်း ဖြစ်နိုင်ပါသည်။

အကြမ်းဖက်ခြင်း(violence)နှင့် ဟိံသတို့အကြား ကွဲပြားခြားနားမှုသည် သိမ်မွေ့သောကွဲပြားမှုထက်ပိုပြီး ပဋိပက္ခအခြေအနေများအား ဗုဒ္ဓဘာသာ၏ အမျိုးအစားခွဲခြားမှုများကို သိရှိနားလည်မှုအပေါ် ပြတ်ပြတ်သားသား သက်ရောက်မှုရှိပါသည်။[9] ဗုဒ္ဓဘာသာကျမ်းစာများတွင် အကြမ်းဖက်ခြင်းအတွက် မှန်ကန်မျှတကြောင်း အကြောင်း ပြချက်များကို လူအများက ရှာဖွေခဲ့ကြပြီး အပြင်ပန်းအားဖြင့် တွေ့ရှိခဲ့ကြသော်လည်း ထိုရှာဖွေတွေ့ရှိမှုများသည် မည်သည့်အခါကမျှ ဟိံသ၊ အဟိံသ နောက်ခံအခြေအနေအတွင်းမှ အကြောင်းပြချက်များ မဟုတ်ကြောင်း သို့မဟုတ် ထိခိုက်မှုဖြစ်စေလိုသော စေတနာအရင်းခံသည့် ပြုလုပ်မှုတစ်ခုခု၏ အကြောင်းပြချက်များ မဟုတ် ကြောင်းကို နားလည်ရန် အရေးကြီးပါသည်။ ဗုဒ္ဓဘာသာ အသုံးအနှုန်းတွင် အကြမ်းဖက်ခြင်းကို ကျိုးကြောင်း ဆီလျော်ကြောင်းပြသရန် ကြိုးစားခြင်းသည် ပင်ကိုယ်အားဖြင့် အဓိပ္ပာယ်မဲ့သော ကြိုးပမ်းမှု ဖြစ်ပါသည်။

ဗုဒ္ဓဘာသာအဆုံးအမတရားတော်များသည် အနှစ်သာရအားဖြင့် လက်တွေ့ကျသည့်အပြင် ကာယကံ မြောက် အင်အားသုံးရန် မဖြစ်မနေလုပ်ဆောင်ရနိုင်သော အခြေအနေများနှင့် ရင်ဆိုင်တွေ့ကြုံရခြင်းကဲ့သို့ ခက်ခဲ သော အခြေအနေများအောက်တွင် ဆုံးဖြတ်ချက်ချရခြင်း၏ နက်နဲရှုပ်ထွေးမှုကို အသိအမှတ်ပြုပါသည်။ စေတနာ ရည်ရွယ်ချက်မပါခဲ့သည့်တိုင် မည်သည့်အခြေအနေများအောက်တွင် အခြားသူများကို ဒဏ်ရာအနာတရ ဖြစ်စေနိုင် သည့်အလားအလာရှိသော အပြင်းအထန် ကာယကံမြောက်အင်အားအသုံးပြုမည်နည်းဟု လူတိုင်းနီးပါး ၎င်းတို့ ကိုယ်၎င်းတို့ မေးခွန်းထုတ်ကြည့်လျှင် ဥပမာ ၎င်းတို့ကိုယ်၎င်းတို့ သို့မဟုတ် ၎င်းတို့ချစ်ခင်ရသောသူတို့ကို အကာ အကွယ်ပေးရသည့်အခါများကဲ့သို့သော သီးခြားအခြေအနေများတွင် ထိုသို့ဖြစ်ပွားနိုင်သည်ကို မှန်းဆကြည့်နိုင်ပါ သည်။

မည်သည့်သက်ရှိသတ္တဝါကိုမဆို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသိက္ခာပုဒ်သည် တစ်ဦးတစ်ယောက် အတွက် အမြဲကျင့်သုံးဆောက်တည်ရမည့် သီလသိက္ခာပုဒ်ဖြစ်သော်လည်း လူသားတိုင်းသည် ၎င်းတို့၏ဘဝ သက်တမ်းအတွင်း သေးငယ်လှသောတိရစ္ဆာန်လေးများအား သေကြေပျက်စီးမှုကို ဖြစ်စေသောကြောင့် မည်သူမျှ အပြည့်အဝ လိုက်နာနိုင်ခြင်း မရှိပေ။ ဓမ္မအစဉ်အလာတွင် အကြင်သူသည် အလုပ်တာဝန်ဝတ္တရားများကြောင့် ဒဏ်ရာအနာတရကို ဖြစ်စေနိုင်ကြောင်း နားလည်သဘောပေါက်တွေ့ရှိရပါသည်။ လယ်ယာမြေအလုပ်ကိုလုပ်ကိုင် ကြသည့်အခါ သေးငယ်သောတိရစ္ဆာန်လေးများ ထိခိုက်ကြရသော်လည်း ဤသို့ဖြစ်စေရန် လယ်သမားများတွင် ရည်ရွယ်ချက်မရှိဘဲ ၎င်းတို့၏အလုပ်တာဝန်ကိုလုပ်ဆောင်နေစဉ် ဖြစ်ပွားသွားခြင်း ဖြစ်ပါသည်။[10] ဗုဒ္ဓဘာသာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ခြင်း သို့မဟုတ် အခြားအလုပ်တာဝန်များကိုဆောင်ရွက်ခြင်းသည် အဟိံသနှင့် ဆန့်ကျင်ဘက်တွင် ရပ်တည်ခြင်းဟု ပင်ကိုယ်အားဖြင့် မယူဆပါ။[11]

ဗုဒ္ဓဘာသာတွင် အဟိံသသည် စည်းမျဉ်းဥပဒေသမဟုတ်သော်လည်း အခြေခံသဘောတရားဖြစ်ပါသည်။ စည်းမျဉ်းဥပဒေသများနှင့် အခြေခံမူသဘောတရားများ နှစ်ခုစလုံးသည် ဆုံးဖြတ်ချက်ကို လမ်းညွှန်ပေးသော ထည့်သွင်းစဉ်းစားရသည့်အချက်များ ဖြစ်ပါသည်။ အခြေခံမူသဘောတရားသည် လုပ်ဆောင်မှုများအပေါ် ဩဇာ လွှမ်းမိုးသက်ရောက်သည့် အခြေခံကျသော ယုံကြည်မှု ဖြစ်ပါသည်။ အခြေခံမူသဘောတရားများသည် အနက် အဓိပ္ပာယ်ကောက်ယူခြင်း၊ မှန်ကန်သောလမ်းကြောင်းသို့ဦးတည်ရန်အချက်ပြလမ်းညွှန်ပေးခြင်း၊ ကောင်းမွန် မှန်ကန်ပုံရသောနည်းလမ်းဖြင့် လုပ်ဆောင်ရန် အတွင်းသန္တာန်အားဖြင့် စေ့ဆော်မှုပေးခြင်း တို့အတွက် အခွင့်အရေး ပေးပါသည်။ တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများသည် နားလည်ရန်၊ အကောင်အထည်ဖော်ရန်နှင့် အကျိုး သက်ရောက်မှုရှိစေရန် လွယ်ကူသော်လည်း ထူးခြားသောအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် ပြောင်းလွယ် ပြင်လွယ်မရှိချေ။ ယင်းအစား အခြေခံမူသဘောတရားများအတွက် ချွင်းချက်များပြုလုပ်နိုင်သည့်အချက်ကို အပြည့်အဝသိရှိထားသော်လည်း ၎င်းတို့ကိုလိုက်နာရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သောကြောင့် တစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်ကို ကျင့်သုံးနိုင်ရန် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ပေးထားခြင်း ဖြစ်ပါသည်။ ဤအချက်က ပိုမို၍မသိမသာကွဲပြားသော၊ စစ်ပွဲအတွင်း ပျံ့နှံ့လျက်ရှိသော ရှုပ်ထွေးသည့် ကိုယ်ကျင့်တရားဆိုင်ရာ အခြေအနေများကို ပိုမို ကောင်းမွန်စွာထင်ဟပ်သည့်အခြေအနေပေါ်မူတည်သော လုပ်ဆောင်မှုကို ခွင့်ပြုပါသည်။

## ဗုဒ္ဓဘာသာ၊ စစ်ပွဲနှင့်နိုင်ငံတော်

ဗုဒ္ဓဘာသာကို စစ်ဆန့်ကျင်ရေးဝါဒနှင့် တူညီသည်ဟု မကြာခဏ ဆိုကြပါသည်။ "ဤယုံကြည်မှုအရ စစ်ပွဲနှင့် အကြမ်းဖက်မှုများသည် လက်ခံနိုင်ဖွယ်မရှိသည့်အပြင် အငြင်းပွားမှုများအားလုံးကို ငြိမ်းချမ်းသော နည်းလမ်းများ ဖြင့် ဖြေရှင်းသင့်ပါသည်။" (Oxford Reference 2021) စစ်ဆန့်ကျင်ရေးဝါဒသည် အကြွင်းမဲ့စစ်ဆန့်ကျင်ရေးဝါဒ

(absolute pacifism) မှသည် ခြွင်းချက်သဘောဆောင်သောသီးသန့်စစ်ဆန့်ကျင်ရေးဝါဒအထိ (conditional and selective pacifism) ကျယ်ပြန့်သောနယ်ပယ်တစ်ခုလုံး အကျုံးဝင်ပါသည်။ (အကြွင်းမဲ့စစ်ဆန့်ကျင်ရေးဝါဒ Absolute pacifism ဟူသည် စစ်ရေးအရကာကွယ်ခြင်းအတွက်ပင်လျှင် လူ့အသက်ကိုသတ်ဖြတ်ခြင်းသည် မည်သို့မျှ တရားမျှတမှန်ကန်နိုင်ရန် အကြောင်းမရှိဆိုသည့် ယုံကြည်မှု ဖြစ်ပါသည်။) (ခြွင်းချက်သဘောဆောင်သော သီးသန့်စစ်ဆန့်ကျင်ရေးဝါဒ Conditional and selective pacifism သည် စစ်ရေးဆောင်ရွက်ချက်အား မကောင်းမှုအကုသိုလ်နည်းပါးသည်ဟု မှတ်ယူနိုင်သည့် အချို့သောအခြေအနေများ ရှိသည် ဆိုသည့်အချက်ကို လက်ခံပါသည်။) ပါဠိအဋ္ဌကထာကျမ်းစာများတွင်တွေ့ရသော ဗုဒ္ဓဘာသာအဆုံးအမများသည် လိုအပ်ပါက စစ်ရေးနည်းလမ်းများဖြင့် တိုင်းပြည်အားကာကွယ်ရန်ကိုပင် ခွင့်မပြုနိုင်သည့် အကြွင်းမဲ့စစ်ဆန့်ကျင်ရေးဝါဒနှင့် ကေန်မုချ တူညီမှု မရှိပေ။

အကြွင်းမဲ့စစ်ဆန့်ကျင်ရေးဝါဒီဖြစ်ရန် 'စစ်မှန်သောဗုဒ္ဓဘာသာ' အား နားလည်သဘောပေါက်ခြင်းသည် မျက်မှောက်ခေတ် အနောက်တိုင်းအယူအဆ အဓိပ္ပာယ်ကောက်ယူချက်ဖြစ်ပြီး[12] ယင်းအချက်ကို ဗုဒ္ဓဘာသာသမိုင်းနှင့်သာမက ဗုဒ္ဓဘာသာကျမ်းစာများနှင့်ပါ စောဒကတက်ထားပါသည်။ ဗုဒ္ဓဘာသာအတွေးအခေါ်တွင် ယဉ်ကျေးမှုဆိုင်ရာလားရာသစ်များတွေ့ရှိခြင်းနှင့် ပေါ်ထွက်လာသောကျင့်သုံးမှုတို့မှ အချက်အချို့သည် စစ်ဆန့်ကျင်ရေးဝါဒ၏ ပုံစံမျိုးစုံနှင့် တစ်သဘောတည်းဖြစ်နေသည်ဟု ဆိုကြပါသည်။ ယေဘုယျလမ်းညွှန်မှုသဘောတရားအဖြစ်ယူလျှင် စစ်ဆန့်ကျင်ရေးဝါဒသည် ဗုဒ္ဓဘာသာအဆုံးအမတရားတော်နှင့် ဆန့်ကျင်ခြင်းမရှိပါ။ ဗုဒ္ဓဘာသာသည် ပဋိပက္ခ အခြေအနေများအတွက် အချိန်တိုင်းတွင် မထိခိုက်စေသောဖြေရှင်းနည်းများရှာဖွေခြင်းကို ခွင့်ပြုထားပြီး လူသားတို့ ၏အသက်ပေါ်တွင်အဓိကထားသော ကျဉ်းမြောင်းသည့်အမြင်အား အခြားသောသက်ရှိဘဝမျိုးစုံကို အကာအကွယ် ပေးခြင်းအထိပင် ကျယ်ပြန့်စေပါသည်။

ပဋိပက္ခအခြေအနေများတွင် နိုင်ငံတော်နှင့် သံဃာတော်တို့ နီးနီးကပ်ကပ်နီးစပ်မှုရှိခြင်းသည် တစ်ခါတစ်ရံ ဗုဒ္ဓဘာသာက အကြမ်းဖက်ခြင်းကို သွယ်ဝိုက်၍ ထောက်ခံအားပေးနေသည်ဟူသောအမြင်ကို ဖြစ်စေပါသည်။ ဗုဒ္ဓဘာသာကို အကြွင်းမဲ့စစ်ဆန့်ကျင်ရေးဝါဒနှင့် တထပ်တည်းပေါင်းစည်းကြည့်မြင်သည့် လေ့လာသူများအတွက် သံဃာများထံမှ စစ်တပ်ကိုအားပေးထောက်ခံသည့် သဘောထားအသံများကို သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် ၎င်းတို့၏ လူ့အမှားလူ့အားနည်းချက်များကိုထင်ဟပ်ခြင်းအဖြစ် အဓိပ္ပာယ်ကောက်ယူရန် လွယ်ကူပါသည်။ ဥပမာအားဖြင့် သံဃာသည် နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ကြည်ညိုမှုကို ပိုမိုရရှိစေရေးအတွက် မျက်နှာသာပေးမှုရရန် ကြိုးစားနေသည်ဟု မကောင်းသောရည်ရွယ်ချက်နှင့် အကျင့်ပျက်ခြစားခြင်းတို့ကို ၎င်းတို့က ရှုမြင်ကြပါသည်။[13]

စစ်ပွဲများတွင် ဗုဒ္ဓဘာသာဝင်တို့ပါဝင်ပတ်သက်ခဲ့သောသမိုင်းကြောင်းနှင့် စစ်ရေးလုပ်ဆောင်ချက်မှန်လျှင် မည်သည့်ပုံစံကိုမဆိုဆန့်ကျင်သည်ဟု ရပ်တည်သော အကောင်းဆုံးစံနမူနာပြ ဗုဒ္ဓဘာသာတို့ကို ချိန်ညှိရန် ကြိုးစားသည့်အခါ အဘယ့်ကြောင့် ဗုဒ္ဓက နိုင်ငံရေးခေါင်းဆောင်များအား ဟောကြားသည့် ၎င်း၏ တရားဒေသနာများတွင် စစ်ပွဲကိုစွန့်လွှတ်ရန် မည်သည့်အခါကမျှအကြံမပေးခဲ့ခြင်းကိုရှင်းလင်းရန် အချို့က မဟာလက်တွေ့ပစာနနိုင်ငံရေး ဟု စွပ်စွဲကြပါသည်။ နိုင်ငံကို စစ်ရေးနည်းလမ်းဖြင့် ကာကွယ်ရန် တောင်းဆိုခြင်းများကဲ့သို့သော ၎င်းတို့ သဘောမတူနိုင်သည့် ဗုဒ္ဓဘာသာဝင်တို့၏လုပ်ဆောင်ချက်များကို ဗုဒ္ဓဘာသာ၏ ဖော်ပြချက်အစစ်အမှန်မဟုတ်ဘဲနှင့်/ သို့မဟုတ် ဗုဒ္ဓဘာသာ၏ ဖော်ပြချက်အမှားအယွင်းများအဖြစ် လူသိရှင်ကြားစွပ်စွဲရှုတ်ချခြင်းဖြင့်[14] ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းများကို ဂုဏ်သရေဖျက်သိက္ခာချနေစဉ် ၎င်းတို့၏ ကိုယ်ပိုင်အယူအဆကို အလေးအမြတ်ပြု ဂုဏ်တင်နေခြင်း ဖြစ်ပါသည်။ အခြားသော လူ့အဖွဲ့အစည်းများကဲ့သို့ပင် သံဃာ့အဖွဲ့အစည်းသည်လည်း လူသားတို့၏အမှားနှင့်အားနည်းချက်များမကင်းသော်လည်း အပြင်ပိုင်းလုပ်ရပ်များအပေါ် ဆုံးဖြတ်ချက်သက်သက်ဖြင့် မကောင်းသော အကုသိုလ်စိတ်စေတနာအကြောင်းတရားအဖြစ်မှတ်ယူသည့်အခါ တစ်စုံတစ်ယောက်အနေဖြင့် သတိထားရန် လိုအပ်ပါသည်။

အင်အားကြီးမားသော ကာယကံအမှုသက်သက်သည် ကုသိုလ်လည်းမဟုတ် အကုသိုလ်လည်း မဟုတ်ချေ။ ကိုယ်ကျင့်သီလ၏အရည်အသွေးဖြစ်သော ကုသိုလ်၊ အကုသိုလ်ကို ပေးသည်မှာ ပြုလုပ်မှု၏အရင်းခံဖြစ်သော စေတနာရည်ရွယ်ချက် ဖြစ်ပါသည်။ လူတို့သည် ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်ရန် အခွင့်ရှိသည်ဆိုလျှင် လူ့အဖွဲ့အစည်းတစ်ခုက ၎င်းကိုယ်၎င်း ကာကွယ်သည့်အခါ အကြမ်းဖက်ခြင်းဟု အဘယ့်ကြောင့် ခေါ်သနည်း ဟု မေးနိုင်ပါသည်။ ဤအချက်ကို ဘိက္ခုဗောဓိက သမိုင်းဆိုင်ရာရှုထောင့်မှ သုံးသပ်ထားပါသည် -

> ဗုဒ္ဓ၏အခြေခံမူသဘောတရားများပေါ်တွင်လည်းကောင်း၊ ထိုသဘောတရားတို့ကို အတိုင်းအတာကြီးကြီးမားမားချဲ့ကားခြင်းဖြင့်လည်းကောင်း တရားမျှတသောထိုးစစ် သို့မဟုတ် ကျူးကျော်ရန်စတိုက်ခိုက်သောစစ်ပွဲ အယူအဆကို မည်သည့်နည်းနှင့်မျှ မှန်ကန်မျှတကြောင်းပြသနိုင်သည် ဟုကျွန်ုပ်မယူဆပါ။ အငြင်းပွားနိုင်သော၊ အငြင်းပွားခဲ့နိုင်သော၊ အငြင်းပွားခဲ့ပြီးသော ဗုဒ္ဓဘာသာသမိုင်းတစ်လျှောက်တွင် ကျင့်သုံးခဲ့ကြသော ကိစ္စရပ်တစ်ခုမှာ ခုခံကာကွယ်ရသောစစ်ပွဲများတွင် ပါဝင်တိုက်ခိုက်ခြင်းသည် တရားမျှတမှန်ကန်သည်ဆိုသော အချက်ဖြစ်ပြီး တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအားလုံးနီးပါးသည် ဤသို့သောစစ်ပွဲမျိုးများတွင် ပါဝင်ဆင်နွှဲခဲ့ရသည် ဆိုသည့် အချက်ပင် ဖြစ်ပါသည်။ (ဘိက္ခုဗောဓိ - Bhikkhu Bodhi in Wright 2020)

ဗုဒ္ဓဘာသာသမိုင်းကိုရေးသားပြုစုရာတွင် စစ်ပွဲများကို အခြားသူများ၏ မတရားသောလုပ်ဆောင်မှုကို လိုအပ်သော တုံ့ပြန်မှုများအဖြစ် ထူးထူးခြားခြား ရှင်းပြထားပြီး တရားမျှတသောအုပ်စိုးသူမင်းများဘက်မှ ကရုဏာထားသော စေတနာရည်ရွယ်ချက်ကို အလေးအနက်ထားခြင်းဖြင့် ရှင်းပြထားပါသည်။ မပေးသောအရာကိုမယူရဟူသော (အဒိန္နာဒါန) သီလသိက္ခာပုဒ်အရ စစ်ပွဲများကို အောင်နိုင်ခြင်းသည် အခက်အခဲ စင်စစ် ဖြစ်ပါမည်။ သို့သော် ခုခံကာကွယ်ရသောစစ်ပွဲတစ်ခုတွင်ပါဝင်သည်များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အခြေအတင် ဆွေးနွေးရခြင်းသည် ပိုမိုရှုပ်ထွေးပါသည်။ ပိုမိုကောင်းမွန်သော ခုခံကာကွယ်မှုကိုပြုလုပ်ရန်နှင့် ပိုမိုပေါ်ပေါက်လာသော ဆင်းရဲဒုက္ခ များကိုကာကွယ်တားဆီးရန်အတွက် အစပျိုး တိုက်ခိုက်မှုတစ်ခုကို လိုအပ်လာသည့်အခြေအနေများအား မှန်းဆ ကြည့်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဗုဒ္ဓဘာသာတွင် (အခြားသော တရားဓမ္မအစဉ်အလာများတွင်ကဲ့သို့) စစ်မက် ကို အန္တရာယ်များသော ဆောင်ရွက်ပုံနည်းလမ်းအဖြစ် မှတ်ယူပြီး ၎င်း၏အကျိုးဆက်များကို ကြိုတင်ခန့်မှန်းရန် အလွန်ခက်ခဲပါသည်။ (ဝူ - Wu 2019)

သမိုင်းတလျှောက်ဖြစ်ပွားခဲ့သည့် စစ်ပွဲများတွင်ပါဝင်ခဲ့သော ဗုဒ္ဓဘာသာဝင်တို့၏ သာဓကအတော်များများ အပေါ် တစ်စုံတစ်ဦး၏ရပ်တည်ချက်ကို ထည့်သွင်းမစဉ်းစားလျှင် ဘာသာရေးသည် မျိုးနွယ်စုကိုယ်ပိုင်လက္ခဏာနှင့် မကြာခဏ ပြင်းပြင်းထန်ထန် တစ်ခုနှင့်တစ်ခုထပ်နေလေ့ရှိသော ပဋိပက္ခအတွင်းရှိ အကြောင်းရင်းများစွာထဲမှ တစ်ခုသာ ဖြစ်ပါသည်။

လေ့လာသူများက ‘ဗုဒ္ဓဘာသာဝင်စစ်ပွဲ’အကြောင်း မကြာခဏပြောကြသည့်အခါ ယင်းမှာ ပဋိပက္ခတွင် ပါဝင်သော အုပ်စုတစ်ခုက ၎င်းတို့ကိုယ်၎င်းတို့ ဗုဒ္ဓဘာသာဝင်အဖြစ် ဖော်ပြကြသောကြောင့် ဖြစ်ပါသည်။ မွန်မြတ်သော ကိုးကွယ်ယုံကြည်မှုများကျယ်ကျယ်ပြန့်ပြန့်ရှိသည့် လူ့အဖွဲ့အစည်းများအတွင်း၌ပင် သမိုင်းတလျှောက် အလွန်ထင်ရှားသော လူသားတို့၏အမှားအယွင်းပြစ်ချက်များကို အလားတူအတိုင်းအတာတစ်ရပ်အထိ တွေ့ရှိရပါသည်။ အဓိကဘာသာကြီးများအားလုံးတွင် အကြမ်းဖက်ခြင်းအပေါ်ဘာသာရေးဆိုင်ရာတားမြစ်ချက်များပါဝင်သော်လည်း ဤဘာသာကြီးများအားလုံးတွင် မကောင်းသောအကုသိုလ်လုပ်ရပ်များကို ဘာသာရေးအရ တရားမျှတမှန်ကန်ကြောင်းအကြောင်းပြချက်များပေးကာ ကျူးလွန်ကြသော ဘာသာဝင်များ ရှိကြပါသည်။ ကိုးကွယ်ယုံကြည်မှုတစ်ခုကို သဘောတူလက်ခံရုံမျှလက်ခံခြင်းနှင့် ထိုကိုးကွယ်ယုံကြည်မှုနှင့်အညီ အမှန်တကယ်လိုက်နာကျင့်သုံးခြင်းတို့အကြားတွင် အကြီးအကျယ် ကွဲပြားခြားနားမှု ရှိကြောင်းကို ဗုဒ္ဓဘာသာဝင် အတွေးအခေါ်ပညာရှင်များက အကြိမ်ကြိမ် အသိအမှတ်ပြုခဲ့ကြပါသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သည်ဆိုရုံမျှဖြင့် ထိုသူ၏လုပ်ရပ်များသည် ဗုဒ္ဓဘာသာဝင် သို့မဟုတ် ဗုဒ္ဓဘာသာကိုကိုယ်စားပြုသူဟု မဆိုလိုပေ။ ဗုဒ္ဓဘာသာအခြေခံမူသဘောတရားများအရ ဘဝကို နေထိုင်ရန်အတွက် အကျင့်သီလစောင့်ထိန်းမှုကိုကျင့်သုံးခြင်းဖြင့် မိမိကိုယ်ကို အမြဲထာဝရ ပျိုးထောင်နေရပါမည်။

လူသားမျိုးနွယ်၏ သမိုင်းတစ်လျှောက် စဉ်ဆက်မပြတ် လူတို့၏ လောဘ၊ ဒေါသနှင့် မောဟတို့ကြောင့် ဆိုလိုသည်မှာ အဆိပ်သုံးမျိုးတို့ကြောင့် ရေရှည်ဖြစ်ပွားသည့်လက်နက်ကိုင်ပဋိပက္ခအခြေအနေ၊ စစ်ပွဲဖြစ်ပွားခြင်းသည် အကြမ်းဖက်မှုက အကြမ်းဖက်မှုကိုဖြစ်စေပြီး စစ်ပွဲတစ်ခုပြီးဆုံးခြင်းက အခြားစစ်ပွဲများဖြစ်စေရန်အတွက် ကျွန်ုပ်တို့၏ သာမန်လောကီဘဝဟူသော သံသရာ၏ ခွဲခြားမရနိုင်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်မှာ ပေါ်လွင်ပါ သည်။ သံသရာသည် အမြဲတမ်း ဆင်းရဲဒုက္ခနှင့် ပြည့်နှက်နေမည်ဖြစ်ရာ ယင်းမှာ သစ္စာလေးပါးတွင် ပထမဦးဆုံး မြင့်မြတ်သောသစ္စာတရား ဖြစ်ပါသည်။

စစ်ပွဲသည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကာလတွင်လည်း သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စဖြစ်ခဲ့ပြီး ဘုရားဟောသုတ္တန်ဒေသနာများထဲ၌ စစ်ပွဲသည် ထပ်တလဲလဲပါဝင်သောအကြောင်းအရာတစ်ရပ် ဖြစ်ပါသည်။ “စစ်ရေးနှင့်သက်ဆိုင်သောသုတ္တန်များ၊ တရားတော်အပိုဒ်များအားလုံးကို ကျမ်းစာတစ်အုပ်တည်းတွင် အတူတကွစုစည်းမည်ဆိုလျှင် သီးသန့်စာမျက်နှာငါးရာကျော်ရှိသောကြောင့် သီးခြား ပိဋကတ်ကျမ်းစာအတွဲတစ်ခုပုံစံ ဖြစ်နိုင်ပါသည်”ဟု

ကိုစုတ - Kosuta (1997, para 11) က မှတ်ချက်ပြုပါသည်။ ပါဠိကျမ်းစာများတွင် စစ်ပွဲနှင့်ပတ်သက်ပြီး အကောင်းဘက်မှ ရှုမြင်သည့် အလင်္ကာမြောက်တင်စားချက်များ၏ အရေအတွက်မှာ အမှန်ပင် အံ့ဩဘနန်း ဖြစ်ပေသည်။ တိုက်ပွဲနှင့် စစ်ပွဲဆိုင်ရာဘာသာစကားအသုံးအနှုန်းများကို အရေးပါသော လောကုတ္တရာ ဟောကြားချက်များတွင် အကြိမ်ပေါင်း မြောက်များစွာ အသုံးပြုထားပါသည်။

ပါဠိကျမ်းစာများတွင် လူသားအချင်းချင်းဖြစ်ပွားသော စစ်ပွဲများအကြောင်း များစွာ တွေ့ရှိရသော်လည်း သံယုတ္တနိကာယ်ပါ နတ်ဒေဝါနှင့်အသုရာစစ်ပွဲ[15] အပြင် သေခြင်းတရားနှင့် အရဟတ္တမဂ်ဉာဏ်မရနိုင်အောင် ဆန့်ကျင်သည့်အဖျက်အင်အားများအားလုံးကို ပုဂ္ဂိုလ်အဖြစ်တင်စားထားသည့် သွေးဆောင်ဖြားယောင်းတတ်သော မာရ်နတ် - မာရ(စာပေအလိုအရ ‘သေစေခြင်း’၊ ‘သတ်ခြင်း’) နှင့် တိုက်ခိုက်သောစစ်ပွဲ ကဲ့သို့သော အခြားအဆင့်များတွင် တိုက်ခိုက်ကြသည့် စစ်ပွဲများကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ဓမ္မကိုကာကွယ်စောင့်ရှောက်ကြသော ၎င်းတို့၏ကိုယ်ပိုင် သီးသန့်ချပ်ဝတ်တန်ဆာများနှင့်လက်နက်များကို ပြည့်စုံစွာ ဆင်မြန်းကိုင်ဆောင်ထားကြသည့် နတ်စစ်သူကြီးများကဲ့သို့ လောကပါလနတ်များကိုလည်း တွေ့ရှိရပါသည်။

ဗုဒ္ဓ၏ အဂ္ဂသာဝကနှစ်ပါးအနက် ပထမတစ်ပါးဖြစ်ပြီး ပညာအရာနှင့် တရားဟောပြမှုတွင် ကျော်ကြားသော အရှင်သာရိပုတ္တရာမထေရ်သည် ဓမ္မသေနာပတိ(ဓမ္မစစ်သူကြီး)ဟူသော ဘွဲ့ထူးကိုရခဲ့သည်ဖြစ်ရာ ဘုရင်တစ်ပါး၌ စစ်သူကြီးတစ်ဦးရှိသကဲ့သို့ပင် ဖြစ်ပါသည်။ သူရဲကောင်းစစ်သည်တော်၏ပုံရိပ်သည် ချီးကျူးထိုက်သော လက္ခဏာများကို ထင်ရှားအောင်သရုပ်ဖော်သည့်အခါတွင် ထပ်တလဲလဲအသုံးပြုရသော အဓိကအရာ ဖြစ်ပါသည်။ ရဟန်းတော်တို့၏ ချီးကျူးထိုက်သောအရည်အချင်းတို့ကို စစ်သည်တို့၏အရည်အချင်းနှင့် နှိုင်းယှဉ်ပုံဆောင်ပြခြင်းက ဗုဒ္ဓဘာသာအစောပိုင်းကာလတွင် စစ်တပ်သည် လေးစားထိုက်သောအဖွဲ့အစည်းဖြစ်ခဲ့သည် ဟူသော သတင်းစကားကို ပေးပါသည်။

အမှန်စင်စစ် ကြီးကျယ်သောမဟာစစ်သည်တော်ကြီးများအလား ပုံဖော်ထားသူများစွာတို့က အဆင့်ဆင့်ပြောင်းလဲတိုးတက်ခဲ့သည့် ဗုဒ္ဓဘာသာ အဆုံးအမတရားတော်များကို တစ်ဖက်ကမ်းခပ်ကျွမ်းကျင်တတ်မြောက်ခဲ့ကြပြီး လက်ဆင့်ကမ်းဖြန့်ဝေပေးခဲ့ကြကာ အထောက်အပံ့ပြုခဲ့ကြပါသည်။ ဗုဒ္ဓကိုယ်တော်တိုင်သည်ပင် အုပ်စိုးသူမင်းတစ်ပါး၏သားတော်အဖြစ် မွေးဖွားလာပြီး (စစ်သည်တော်လူတန်းစား ခတ္တိယမျိုးနွယ်ဝင်အဖြစ် အသိအမှတ်ပြုခံရသူ) စစ်ရေးကျွမ်းကျင်မှုတွင် လေ့ကျင့်သင်ကြားပေးထားသည့် ဖြစ်တန်စွမ်းရှိခဲ့သည့်အပြင် ဘုရားအလောင်းအဖြစ် ရှိခဲ့သော အတိတ်ဘဝများတွင် အရေးပါသော စစ်တပ်အခန်းကဏ္ဍများကို ရယူပိုင်ဆိုင်ခဲ့ပြီး ထိုအချက်က နိဗ္ဗာန်သို့သွားရာ ၎င်း၏ခရီးလမ်းကြောင်းကို အဟန့်အတားမဖြစ်စေခဲ့ပါ။

ထို့ကြောင့် ဗုဒ္ဓသည် ဓမ္မလမ်းညွှန်ချက်များပေးရန် စစ်သည်တော်တို့နှင့် စစ်အောင်နိုင်မှု ဘာသာစကားဝေါဟာရများကို အသုံးပြုသည့်အခါ ၎င်း၏ကိုယ်ပိုင်အတွေ့အကြုံကိုအခြေခံ ဟောကြားခဲ့သော်လည်း စစ်ပွဲ၏ဆိုးရွားသော အနိဋ္ဌာရုံများကိုဖော်ပြသည့်အခါတွင်လည်း ၎င်း၏ကိုယ်ပိုင်အတွေ့အကြုံကိုအခြေခံ ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ မဟာဒုက္ခက္ခန္ဓသုတ် (ဒုက္ခဖြစ်ခြင်းနှင့်ပတ်သက်သည့် ရှည်လျားသောသုတ္တန်ဒေသနာ)တွင် စစ်ပွဲ၏အခြေအနေများနှင့် ထိုအခြေအနေများကိုဖြစ်စေသော အရင်းခံအကြောင်းတရားအချက်များကို ဗုဒ္ဓက ကွက်ကွက်ကွင်းကွင်း ဇာတ်ကြောင်းပြန် ဟောကြားခဲ့ပါသည် -

> ကာမဂုဏ်တရားများတွင် ပျော်ရွှင်မှုသုခများကိုခံစားရန်အတွက် ၎င်းတို့သည် ၎င်းတို့၏ ဓားနှင့်ဒိုင်းတို့ကို ဆင်မြန်းကြသည်။ ၎င်းတို့၏ လေးနှင့်မြှားများကို ခိုင်မြဲအောင်ချည်နှောင်ကြသည်။ ပုံ့သန်းနေသောမြှားများနှင့် လှံများ၊ အရောင်လက်နေသောဓားများဖြင့် ရွှဲစိုနေအောင် သရွတ်ကိုင်ထားသော ခံတပ်များကို တိုက်ခိုက်ကြသည်။ ဤနေရာတွင် ၎င်းတို့ကို တိရစ္ဆာန်မစင် သုတ်လိမ်းထားသော မြှားများနှင့်လှံများဖြင့် တိုက်ခိုက်ခြင်း၊ ဆူးချွန်ပါသောအတုံးများဖြင့်ဖိချေခြင်း၊ ၎င်းတို့၏ ဦးခေါင်းများကို ခုတ်ပိုင်းခြင်း ခံရပြီး သေဆုံးခြင်း သို့မဟုတ် သေလောက်အောင်နာကျင်ခြင်းတို့ကို ခံစားကြရသည်။ (Mn. 13; PTS 1. 86-87)

‘ဗုဒ္ဓဘာသာ လူမှု ပဋိညာဉ်’ ကို ဒီဃနိကာယ်တွင် အသေးစိတ်ရှင်းပြထားပါသည်။ ဤ လူ့ဘောင် အယူအဆတွင် တိုင်းသူပြည်သားများနှင့် ၎င်းတို့အားအုပ်စိုးသူမင်း၏ တာဝန်ဝတ္တရားများသည် ထွေးရောယှက်တင်ဖြစ်နေပါသည်။ အုပ်စိုးသူမင်းသည် တိုင်းသူပြည်သားများကိုအကာအကွယ်ပေးရန်နှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးရေးကိုထိန်းသိမ်းရန်တာဝန်ရှိပြီး ထိုတာဝန်ကပင် အုပ်စိုးသူမင်းအား အုပ်ချုပ်ရန် တရားဝင်မှုကို ပြန်ပေးပါသည်။ အဂ္ဂညသုတ်(‘အမြင့်ဆုံးအသိပညာ’)တွင် စစ်သည်တော်လူတန်းစား (ခတ္တိယအမျိုးအနွယ် - ‘လယ်ယာမြေ

တို့၏အရှင်’) ပေါ်ပေါက်လာခြင်းသည် လူအများက ၎င်းတို့ထဲမှ အကာအကွယ်ပေးသူအဖြစ် အစွမ်းဆောင်နိုင်ဆုံးသောသူများကို သတိတရားဖြင့် ရွေးချယ်မှုဖြစ်ကြောင်း ဗုဒ္ဓက ရှင်းပြခဲ့ပါသည်။ ‘ခတ္တိယမျိုးနွယ်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားမျိုးနွယ်မှ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပြီး ကွဲပြားခြားနားမှုမရှိဘဲ တရားသဘောနှင့်အညီ ထူးခြားမှုမရှိပါ’။ (Dn. 27; PTS Pali III.93)

နိုင်ငံတော်အစိုးရသည် နိုင်ငံသားများကိုကာကွယ်ရန်တာဝန်ရှိပြီး မိမိကိုယ်ကို ရုတ်ခြည်းကာကွယ်ခုခံမှုပြုရသည့်ကိစ္စမှလွဲ၍ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုအား တရားဝင်စီမံခန့်ခွဲမှု[16] ကို ချုပ်ကိုင်ထားပါသည်။ လောကီသီးသန့်ဝါဒနှင့်တူညီသော ဗုဒ္ဓဘာသာတွင် နိုင်ငံတော်အစိုးရနှင့် သံဃာတို့သည် တစ်ဘက်နှင့်တစ်ဘက် အချင်းချင်းအပြန်အလှန် အထောက်အကူပြုသော်လည်း ၎င်းတို့တွင် အလွန်တိကျသော သက်ဆိုင်ရာ တာဝန်များ ရှိကြပါသည်။ သံဃာက နိုင်ငံတော်အစိုးရကို ကောင်းချီးပေးပြီး နိုင်ငံတော်အစိုးရက သံဃာကို အပြန်အလှန်အားဖြင့် အကာအကွယ်ပေးပါသည်။ တပြိုင်နက်တည်းမှာပင် သံဃာက လူ့အဖွဲ့အစည်းကို ကိုယ်ကျင့်တရားပိုင်းဆိုင်ရာလမ်းညွှန်ချက်များပေးခြင်းဖြင့် နိုင်ငံတော်အစိုးရကို တာဝန်ခံမှုရှိစေရန် တိုင်းသူပြည်သားများက ပါဝင်ကူညီအကျိုးပြုပါသည်။

တရားဓမ္မနှင့်အညီအုပ်ချုပ်သောမင်းဖြစ်ပြီး မည်သည့်နေရာကိုမဆို စကြာယဉ်ဖြင့်သွားသည့် တရားဥပဒေစိုးမိုးရေးထိန်းသိမ်းရန်အဓိကအခန်းကဏ္ဍပိုင်ရှင် စက္ကဝတ္တိ (သက္ကတတွင် စက်ရဝရ်တိန်)ဟူသော စကြဝတေးမင်းကို ဗုဒ္ဓနှင့်လောကီနယ်ပယ်တွင် အဆင့်တူ အကောင်းဆုံးစံနမူနာပြ ခေါင်းဆောင်တစ်ဦးအဖြစ် ဖော်ပြထားပါသည်။ ၎င်း၏ စက္ကဝတ္တိရတနာခုနစ်ပါးအနက် နှစ်ပါးမှာ စစ်သည်အခင်းအကျင်းနှင့် ရှေးခေတ်အိန္ဒိယတွင် မြင်းနှင့်ဆင်ဟူသည့် စံပြလောက်သော စစ်စခန်းကြီးများ ဖြစ်ပါသည်။[17] ဘုရင်တစ်ပါးက ‘၎င်း ရရှိထားသည့်အောင်မြင်မှုကိုထိန်းထားရန်’ လိုအပ်သည့် အရည်အသွေးငါးပါးအနက် တစ်ပါးမှာ ‘သစ္စာရှိပြီးအမိန့်နာခံသော ဘုရင့်စစ်တပ်၏စစ်အင်္ဂါလေးပါးအင်အား’ ဖြစ်ပါသည်။ (An.5.134)

ဗုဒ္ဓကိုယ်တိုင် ရှေးဘဝများတွင် အကြိမ်ပေါင်းများစွာ ‘ကမ္ဘာမြေပြင်၏ အရပ်လေးမျက်နှာအဆုံးထိအောင်နိုင်ခြင်း၊ တိုင်းပြည်ကိုတည်ငြိမ်အောင် အုပ်ချုပ်နိုင်ခြင်း၊ ရတနာ(၇)ပါးကို ပိုင်ဆိုင်ပြီး’ ‘ရဲစွမ်းသတ္တိရှိသော၊ ကြံ့ခိုင်သော၊ ရန်သူကိုချေမှုန်းနိုင်သော သားရတနာပေါင်း တစ်ထောင်ကျော်’ ရှိခြင်း အင်္ဂါရပ်တို့နှင့် ပြည့်စုံသည့် စကြဝတေးမင်းဖြစ်ခဲ့ပါသည်။ (An. 7. 62) ဘုရင့်အကြီးဆုံးသားတော်အတွက် ထီးနန်းအရိုက်အရာကို ထိုက်ထိုက်တန်တန် ဆက်ခံရန် ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်နှင့် ဓားအတတ်ဟူသော အဘိသိက်ခံ မင်းတစ်ပါး တတ်မြောက်သင့်သည့်အတတ်တို့ကို သေချာကျနစွာ သင်ယူတတ်မြောက်ထားရန် လိုအပ်ပါသည်။ (An. 5. 135) စက္ကဝတ္တိမင်း၏ အုပ်ချုပ်မှုသည်ပင် ပျက်စီးတတ်ပြီး စစ်ရေးစွမ်းဆောင်မှုကို ပြသရန်အကြောင်းခိုင်လုံ စေပါသည်။ (Dn. 17, 26. PTS Pali 11. 172-173, 111. 63 -67)

စက္ကဝတ္တိကဲ့သို့သော သမိုင်းတွင်ထင်ရှားရှိသည့် အသောကသည်လည်း နိုင်ငံတော်လုံခြုံစေရန်အတွက် ၎င်း၏စစ်တပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် အသုံးမပြုဘဲထားခြင်းတို့ မလုပ်ခဲ့ပါ။ ၎င်း၏ကျောက်စာများတွင် အသောကမင်းက ၎င်း၏ စစ်တပ်အင်အားဖြင့် တောတွင်းလူမျိုးစုများကို သတိပေးပါသည်။ ကာယကံမြောက်အပြစ်ပေးခြင်းကိုလည်း ဆက်လက်ထိန်းသိမ်းပါသည်။ ၎င်းအား ဆက်ခံသူများကို နောက်ထပ်စစ်ပွဲအောင်နိုင်မှုကြိုးပမ်းသည့်အခါ ‘သည်းခံခြင်းနှင့် သက်သက်ညှာညှာအပြစ်ပေးခြင်း’တို့ကို လက်ကိုင်ထားရန် မှာကြားပါသည်။ (Eka -14)

မိမိ၏နိုင်ငံသားများကိုအကာအကွယ်ပေးရန် ကာကွယ်ရေးတပ်ဖွဲ့မရှိသည့် နိုင်ငံတော်၏အစွန်းရောက်မှုကို ပိဋကတ်ကျမ်းစာများတွင် ရွေးချယ်စရာအလားအလာအဖြစ် လုံးဝ ဆိုမထားပါ။[18] တနည်းအားဖြင့်ဆိုလျှင် နိုင်ငံသားများအား အကာအကွယ်ပေးရန် မိမိ၏တာဝန်ကို ကျေပွန်အောင် မဆောင်ရွက်ခြင်းက အုပ်စိုးသူမင်းများအတွက် မကောင်းသောကံ ဂယက်ရိုက်ခတ်မှုများ ရှိပါလိမ့်မည်။ လက်နက်ကိုင်တပ်ဖွဲ့မရှိပါက ပြည်သူများသည် ပြင်းထန်သော ပြည်တွင်းပဋိပက္ခများနှင့် ပြည်ပကျူးကျော်မှုများကို စိုးရိမ်မှုဖြင့် ရှင်သန်နေရပေလိမ့်မည်။ မလုံခြုံခြင်းသည် ကြောက်ရွံ့မှုဖြင့် လုပ်ဆောင်ရသည့်ဝန်းကျင်အနေအထားကိုဖြစ်စေပြီး ဆင်းရဲဒုက္ခနှင့် တိုးပွားလာသော အကုသိုလ်ကံများနှင့် တိုက်ရိုက်ဆက်နွယ်နေသောကြောင့် မိမိ၏ လမ်းကြောင်းပေါ်ရှိတိုးတက်မှုကို အဟန့်အတားဖြစ်စေပါသည်။ သာဓကအားဖြင့် အကာအကွယ်ပေးမှုကိုလိုအပ်နေသူများအတွက် အကာအကွယ်ပေးမှု၏ အာမခံ

ချက်ဖြစ်ရန် လက်ဆောင်ဟုယူဆထားသော အဘယဒါန ('အကြောက်တရားကင်းခြင်းလက်ဆောင်') အယူအဆတွင် ဤထင်ဟပ်ဖော်ပြချက်ကို တွေ့ရှိရပါသည်။[19]

## IHL နှင့် ဗုဒ္ဓဘာသာစည်းကမ်းဥပဒေများ

IHL တွင် လက်နက်ကိုင်ပဋိပက္ခကာလများအတွင်း ဆင်းရဲဒုက္ခလျော့နည်းစေရန်ရည်ရွယ်သည့် စည်းမျဉ်းအစုနှင့် အခြေခံဖြစ်သော မူသဘောတရားများ ပါဝင်ပါသည်။ IHL ၏ တိုက်ရိုက်ရင်းမြစ်များတွင် နိုင်ငံတကာသဘောတူစာချုပ်များ (အထူးသဖြင့် ဂျီနီဗာသဘောတူညီချက်များနှင့် ၎င်းတို့၏ နောက်ဆက်တွဲ သဘောတူညီချက်များ)၊ ဥပဒေ၏ယေဘုယျအခြေခံမူများနှင့် အခြားအရာအားလုံး၏ ရေသောက်မြစ်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေတို့ ပါဝင်ပါသည်။ စင်စစ်အားဖြင့် ဓလေ့ထုံးတမ်းဥပဒေသည် ကမ္ဘာပေါ်ရှိ ဘာသာရေး ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ကိုယ်ကျင့်တရားဆိုင်ရာအခြေခံမူများကို ပြည့်ပြည့်စုံစုံ စုစည်းသိမ်းထားရာနေရာဌာနတစ်ခု ဖြစ်ပါသည်။

ဓလေ့ထုံးတမ်း IHL ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မတူညီသောဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဘာသာရေးစံနှုန်းများနှင့် အခြေခံမူသဘောတရားများ၏ ဩဇာလွှမ်းမိုးသက်ရောက်မှုကို နားလည်သဘောပေါက်ခြင်းဖြစ်သည့် ဥပဒေနှင့်ညီသောတာဝန်သိစိတ်(opinio juris)ကို အခြေခံသော နိုင်ငံအစိုးရ၏ကျင့်သုံးမှုအလေ့အထများ(usus) ပေါ်တွင် မူတည်ပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် လူ့အသိုင်းအဝိုင်းများအပါအဝင် မတူညီသောယဉ်ကျေးမှုများက လက်နက်ကိုင်ပဋိပက္ခအား မည်သို့မည်ပုံနားလည်သည်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရာတွင် ပါဝင်ခြင်းဖြင့် ဤဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အခြေခံမူများအား စုစည်းထားမှုသည် တဖြည်းဖြည်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုး၍ ကျင့်သုံးလာနေကြသော IHL ဖြစ်လာပြီး ၎င်းသည် အနောက်တိုင်းမှသွတ်သွင်းသည့်စနစ်ဖြစ်သည်ဟူသော အမြင်ကို ကျော်လွှားရန်ဖြစ်ပြီး ဤနည်းအားဖြင့် IHL ကို ပိုမိုသတိပြုမိစေပြီး လိုက်နာကျင့်သုံးလာစေရန် ဖြစ်ပါသည်။

ဥပဒေချိုးဖောက်ခြင်း၏ဆိုးကျိုးကိုကြောက်သောသူတို့၏ဝန်းကျင်တွင် ဥပဒေစနစ်များသည် ကောင်းစွာအလုပ်ဖြစ်သော်လည်း လက်နက်ကိုင်ပဋိပက္ခအတွင်းတွင်မူ မကြာခဏဆိုသလို ဤသို့ အလုပ်မဖြစ်တတ်ချေ။ သို့ရာတွင် IHL သည်လည်း ကိုယ်ကျင့်တရားဆိုင်ရာစနစ်တစ်ခုကဲ့သို့ လုပ်ဆောင်ပါသည်။ "လူသားချင်းစာနာထောက်ထားမှု"ဟူသော ဝေါဟာရအသုံးအနှုန်းသည် ဤသဘောကို ဖော်ပြနေပါသည်။ အထိုက်အလျောက်အားဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း လုပ်ဆောင်မှုများကို ဥပဒေပြဋ္ဌာန်းရန်နှင့် ကန့်သတ်ရန် နိုင်ငံများက ဝန်လေးတွန့်ဆုတ်ကြခြင်းမှာ စစ်ပွဲ၏ထူးခြားသောသဘာဝနှင့် ၎င်းကြောင့်ဖြစ်လာနိုင်သည့် လူ့ဘဝနှင့်ဆိုင်သော ခြိမ်းခြောက်မှုအန္တရာယ်၌ အရင်းခံပါသည်။ စစ်ပွဲ၏ထူးကဲသောဝန်းကျင်နှင့် ဥပဒေ၏ပြဋ္ဌာန်းချက်အချို့ ကွေးညွှတ်လွယ်မှုတို့ကို ထည့်သွင်းစဉ်းစားပါက IHL ထိရောက်စွာ လုပ်ဆောင်နိုင်စေရန် (ဆိုလိုသည်မှာ လက်နက်ကိုင်ပဋိပက္ခကြောင့်ဖြစ်သော ဆင်းရဲဒုက္ခကို အမှန်တကယ် လျော့နည်းစေရန်) IHL ၏ အခြေခံကျသော ကိုယ်ကျင့်တရားရှုထောင့်များကို ပိုမိုခိုင်မာအားကောင်းစေရန်မှာ အလွန်အရေးကြီးပါသည်။

ဘုံသဘောတူညီမှုကိုရှာဖွေခြင်းနှင့် ဗုဒ္ဓဘာသာကဲ့သို့သော ကမ္ဘာပေါ်ရှိယဉ်ကျေးမှုနှင့် ဘာသာရေးထုံးတမ်းစဉ်လာများနှင့်ထိတွေ့ဆက်ဆံခြင်းဖြင့် တိုက်ပွဲဝင်စစ်သည်များအား ထိုသို့လုပ်ဆောင်ရန် အခြေအနေကတောင်းဆိုသည့် ဥပဒေအရနောက်ဆက်တွဲဆိုးကျိုးအလားအလာတစ်စုံတစ်ရာမရှိသည့်တိုင် ၎င်းတို့အနေဖြင့် ပိုမိုကောင်းမွန်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျိုးရလဒ်များ ဖြစ်ပေါ်စေမည့် ရွေးချယ်မှုများကို ပြုလုပ်နိုင်ရန် အတွက် ဥပဒေ၏ ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံအုတ်မြစ်ကို ခိုင်မာအောင်ပြုလုပ်နိုင်ပါသည်။

ဤနေရာတွင် အထူးသဖြင့် ရည်ညွှန်းကိုးကားမည့်တန်ဖိုးမှာ ဘိက္ခုနှင့် ဘိက္ခုနီတို့၏ ဘဝကို လွှမ်းမိုးထိန်းချုပ်ထားသော စည်းမျဉ်းများဖြစ်သည့် ဝိနည်း('စည်းကမ်း') ဖြစ်ပါသည်။ ဝိနည်းစည်းကမ်းကဲ့သို့သော 'ဗုဒ္ဓဘာသာစည်းကမ်းဥပဒေ'နှင့် IHL တို့သည် လူသားတို့ ရေးဆွဲသတ်မှတ်ထားခြင်းဖြစ်သောကြောင့် အခြေအနေပေါ်မူတည်ပြီး လိုက်လျောညီထွေရှိစေရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်စေရန် ပြုလုပ်နိုင်ပါသည်။ ဤအစဉ်အလာကို ဗုဒ္ဓက စတင်ခဲ့ပြီး မတူကွဲပြားသောဝိနည်းအစဉ်အလာတို့က ယင်းကို အထိုက်အလျောက် ဆက်လက် တည်တံ့စေခဲ့ပါသည်။ မဟာကစ္စာန[20]၏ တောင်းဆိုမှုကိုအကြောင်းပြု၍ ဗုဒ္ဓက အဝန္တိဒက္ခိဏာပထ(အိန္ဒိယ အလယ်ပိုင်း)နှင့်

အခြား နယ်စပ်ဒေသများမှ ရဟန်းတော်များ အဆင်ပြေစေရေးအတွက် သီးသန့်ဝိနည်းစည်းမျဉ်းများကို ပညတ်ခဲ့ပါသည်။ (Vin.1.197-198) ဥပမာ - ရဟန်းတော်များအနေဖြင့် မတူညီသောယဉ်ကျေးမှုနှင့် မတူညီသော ရာသီဥတုအခြေအနေတို့တွင် သင့်တော်သောအဝတ်ကိုဝတ်ရန် ခွင့်ပြုခြင်းမျိုး ဖြစ်ပါသည်။ ဝိနည်းသည် ရဟန်းတော်များအတွက် ရည်ရွယ်သော်လည်း ရဟန်းတို့နှင့်မသက်ဆိုင်သော တန်ဖိုးထားမှုများအတွက်လည်း လမ်းညွှန်မှုပေးပါသည်။ လူဝတ်ကြောင်များသည် ရဟန်းဝိနည်းများကို လိုက်နာရန် မဟုတ်သော်လည်း ဝိနည်း၏အခြေခံကျသော မူသဘောတရားများမှာ ၎င်းတို့နှင့် များစွာ သက်ဆိုင်ပါသည်။ လူဝတ်ကြောင်များနှင့် ရဟန်းတော်တို့သည် နောက်ဆုံးဦးတည်ရာပန်းတိုင်တစ်ခုတည်းသို့ တူညီသောလမ်းကြောင်းအတိုင်း မတူညီသည့်အမြန်နှုန်းဖြင့်သာ သွားနေကြခြင်း ဖြစ်ပါသည်။[21]

ဗုဒ္ဓဘာသာက ကာယကံမြောက် ထိခိုက်မှုမှ မိမိကိုယ်ကို အကာအကွယ်ပေးရန် ခွင့်မပြုဟု မည်သည့်နေရာတွင်မှ ဟောကြားဆုံးမထားခြင်း မရှိပေ။ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များသည်ပင်လျှင် တိုက်ခိုက်မှုများကို ကာကွယ်ရန် တုတ်ချောင်းကိုင်ဆောင်နိုင်သည်ဟု ခွင့်ပြုထားသော်လည်း မကောင်းသော အကုသိုလ်ရည်ရွယ်ချက်နှင့်မဟုတ်ပေ။[22] ဝိနည်းစည်းကမ်း ပါစိတ္တိယ-၇၄ (ဘိက္ခုဌာနိဿရော - Thanissaro Bhikkhu 1995)က ရဟန်းတစ်ပါးသည် ဒေါသဖြင့် အခြားရဟန်းအပေါ် အကြမ်းဖက်မှုပြုပါက ပါစိတ်အာပတ်သင့်သည်ဟု ဆိုပါသည်။ (ပါစိတ်အာပတ်သည် မိမိအပြစ်ကိုဝန်ခံခြင်း၊ ဒေသနာကြားခြင်းပြုရသော အငယ်စားချိုးဖောက်မှု အာပတ်ဖြစ်ပါသည်။) အကယ်၍ ဤသို့ပြုခြင်းသည် အခြားသက်ရှိသတ္တဝါအပေါ်၌ဖြစ်လျှင် (မှားယွင်းစွာပြုကျင့်ခြင်းဟူသော) ဒုက္ကဋ်အာပတ်သင့်ပါသည်။ ဒုက္ကဋ်အာပတ်ဟူသည် မသင့်တော်သောအမှုကိုပြုမိသောကြောင့် အငယ်ဆုံး အာပတ်သင့်မှု ဖြစ်ပါသည်။ ဒုက္ကဋ်အာပတ်သင့်လျှင် အခြားရဟန်းတစ်ပါးရှေ့မှောက်တွင် မိမိအပြစ်ကိုဝန်ခံရပါသည်။

သို့သော်လည်း 'အခက်အခဲတစ်ခုအတွင်း၌ ပိတ်မိနေသော ရဟန်းတစ်ပါးက "လွတ်မြောက်လိုသော ဆန္ဒဖြင့်" တစ်စုံတစ်ဦးကိုထိုးသတ်ခြင်း'သည် မည်သည့်အာပတ်မျှ မသင့်ချေ။ (ဘိက္ခုဌာနိဿရော - Thanissaro Bhikkhu 1995၊ ပါစိတ္တိယ-၇၄) ဤသို့ထိုးသတ်ခြင်း၌ မိမိ၏ခန္ဓာကိုယ်ဖြင့် တိုက်ခိုက်ခြင်း(လက်သီး၊ တံတောင်၊ ကန်ကျောက်ခြင်း စသည်)၊ ခန္ဓာကိုယ်တွင်ပါရှိလာသောအရာဖြင့် တိုက်ခိုက်ခြင်း(တုတ်၊ ဓား စသည်)၊ သို့မဟုတ် ပစ်လွှတ်နိုင်သောအရာဖြင့် တိုက်ခိုက်ခြင်း(ကျောက်တုံး၊ မြှားဖြင့်ပစ်ခြင်း စသည်)တို့ ပါဝင်သည်ဟု နားလည်အပ်ပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် မိမိကိုယ်ကိုခုခံကာကွယ်ရင်း အခြားသူကိုထိခိုက်စေလျှင် စိတ်တွင် ဒေါသပါသည့်တိုင် အာပတ်မသင့်ချေ။ အကယ်၍ မိမိအားတိုက်ခိုက်သူသေဆုံးသွားလျှင် သေစေလိုသော ရည်ရွယ်ချက်စေတနာ မပါရှိသောကြောင့် ပထမဆုံး သိက္ခာပုဒ်ကို ချိုးဖောက်ရာ မရောက်ပေ။ ဤဝိနည်းပညတ်ချက်များသည် ရဟန်းတော်များနှင့်သက်ဆိုင်သည့် ပညတ်ချက်စည်းမျဉ်းများဖြစ်သောကြောင့် အနည်းဆုံးအားဖြင့် လူဝတ်ကြောင်များကိုလည်း အကုသိုလ်စေတနာဖြင့် ပြုခြင်းမဟုတ်သမျှကာလပတ်လုံး ၎င်းတို့ကိုယ်၎င်းတို့ အကာအကွယ်ပေးရန် ခွင့်ပြုထားပါသည်။

သံဃာ့စည်းမျဉ်းစည်းကမ်း ဝိနည်းပညတ်ချက်များသည် လူကို ကိုယ်တိုင်သတ်ခြင်းဖြင့်ဖြစ်စေ၊ လူကို သေစေရန်စီစဉ်ခြင်းဖြင့်ဖြစ်စေ၊ လူကိုသေစေရန်လှုံ့ဆော်ခြင်းဖြင့်ဖြစ်စေ၊ သို့မဟုတ် သေဆုံးခြင်း၏ အကျိုးကျေးဇူးကို ဖော်ပြချီးမွမ်းခြင်းဖြင့်ဖြစ်စေ လူတစ်ဦး၏သေဆုံးမှုကို ရည်ရွယ်ချက်စေတနာဖြင့် ပြုလုပ်ခြင်းကို ပါရာဇိက('အဆုံးသတ်ခြင်း')ပြစ်မှု လေးပါးထဲမှတစ်ပါးအဖြစ်မှတ်ယူပြီး ရဟန်းဘောင်မှ ချက်ခြင်း ထုတ်ပစ်သည့် ရလဒ်ကို ဖြစ်စေပါသည်။ အခြားသတ္တဝါများကိုသတ်ခြင်းသည် ပိုမိုအားနည်းသောအာပတ် ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်အား အသက်ဆုံးရှုံးစေသော ရဟန်းတစ်ပါး၏ပြုလုပ်မှုသည် သေစေရန် ရည်ရွယ်ခဲ့လျှင် ပါရာဇိကအာပတ်သင့်၏။ အာပတ်သင့်/မသင့်ကိစ္စရပ်အားလုံးတွင် ရည်ရွယ်ချက်စေတနာပါဝင်ခြင်းသည် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ဤအချက်က IHL သည် မျက်မှောက်ခေတ် ပြစ်မှုဆိုင်ရာဥပဒေစနစ်နှင့် အလားသဏ္ဍာန်တူပြီး ယင်းစနစ်တွင် ပြစ်မှု (အပြစ်ရှိသောလုပ်ရပ် actus reus) မြောက်ရန် သက်သေပြရမည့် လိုအပ်ချက်နှစ်ခုတွင် ရည်ရွယ်ချက်(အပြစ်ရှိသောစိတ် mens rea)သည် လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ ဥပမာ - မိမိကိုယ်ကိုကာကွယ်ရင်း တပါးသူကိုသေစေခြင်းသည် သေသူအားသတ်ဖြတ်လိုသည့်ဆန္ဒဖြင့် လုပ်ဆောင်ခြင်း မဟုတ်သောကြောင့် လိုအပ်ချက်နှင့် ဆန့်ကျင်နေသည့်အတွက် ယင်းကို လူသတ်မှုအဖြစ် မယူဆပေ။

ဥပဒေတွင် လုပ်ဆောင်မှုတစ်ခု၏နောက်ကွယ်မှအကြောင်းရင်း(motive)နှင့် ရည်ရွယ်ချက်(intent)တို့ကို မတူကွဲပြားသောအယူအဆများအဖြစ် မကြာခဏ မှတ်ယူလေ့ရှိသော်လည်း ရည်ရွယ်ချက်များနှင့် စေ့ဆော်မှုများကဲ့သို့ ပိုမို၍အဆုံးစွန်ဖြစ်သော ရည်ရွယ်ချက်များအကြား သဘာဝကျသည့်ကျိုးကြောင်းဆီလျော်သော ခွဲခြားမှုကို မတွေ့မြင်နိုင်ပေ။[23] ဥပဒေကျင့်သုံးမှုတွင် တစ်ခုနှင့်တစ်ခုထပ်နေခြင်းမျိုး အမြဲရှိပြီး ဥပဒေသိပ္ပံကလည်း ဤ လုံးဝ

ကွဲပြားခြားနားသောသဘောကိုခွဲခြားရန် ပိုမို စူးစမ်းမှုပြုလုပ်ရာ ဤပြုလုပ်မှုသည် ဆယ့်ကိုးရာစုအတွင်း ရာဇဝတ် ဥပဒေကို ဓမ္မဓိဋ္ဌာန်မကျသောအတ္တစွဲသတ်မှတ်ချက်များမှ ဓမ္မဓိဋ္ဌာန်ကျသည့်ယုတ္တိတန်မှုဆီသို့ ဦးတည်ရွေ့ရှု ပြောင်းရွှေ့ခြင်း တနည်း ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများထက် သိပ္ပံနည်းကျစံနှုန်းများကို စတင်မိတ်ဆက်ရန် ကြိုးပမ်းမှုတွင် လေတစ်လုံးမိုးတစ်လုံးအပြောသက်သက်အဖြစ် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ (Binder 2002) အခြေခံကျသောစေ့ဆော်မှုများ၏ ကျင့်ဝတ်ဆိုင်ရာတန်ဖိုးကို စုစည်းပေါင်းရုံးရန်မှာ အမှုကိစ္စတစ်ခုချင်းအလိုက် ဆန်းစစ်လေ့လာသုံးသပ်ရမည်ဖြစ်သည့်အတွက် ထိုသို့လုပ်ဆောင်ရန်ခက်ခဲသောကြောင့် ဥပဒေများ၏ ကြိုတင် ခန့်မှန်းနိုင်စွမ်းကို အဟန့်အတားဖြစ်စေပြီး ကျူးလွန်သည်ဟုစွပ်စွဲခံရသူများကို အပြစ်ပေးရန်မှာ ၎င်းတို့၏လုပ်ရပ် ထက် ၎င်းတို့ ထင်မြင်သည့်စရိုက်လက္ခဏာကြောင့် အန္တရာယ်ရှိနိုင်သည့်အလားအလာ ရှိနေပါသည်။

IHL နှင့် ပြစ်မှုဆိုင်ရာဥပဒေတို့တွင်ကဲ့သို့ ပိုမိုကျယ်ပြန့်သော နောက်ခံအကြောင်းရင်းစေ့ဆော်မှုများကို အပြစ်ပေးသင့်မသင့် ဆုံးဖြတ်ရန် အဓိကအချက်အဖြစ် မှတ်ယူခြင်းမျိုး ဝိနည်း၌မရှိပါ။ စေ့ဆော်မှုအကြောင်းရင်း ကို သိရန် အခြားသူများ၏ စိတ်အစဉ်တို့ကို အသေးစိတ်သိနားလည်မှုနှင့် အတွင်းကျကျ ထိုးထွင်းသိမြင်မှု တို့ရှိရန် လိုသည့်အတွက်ကြောင့် ပြင်ပလေ့လာသူများက အကြောင်းရင်းအဖြစ်မှတ်ယူချက်သည် မှန်းဆချက် ဖြစ်ပါသည်။ မိမိ၏စိတ်အစဉ်ကို အောင်မြင်စွာစောင့်ကြည့်နေရန် ခက်ခဲသောကြောင့် ကျူးလွန်သူတရားခံကိုယ်တိုင်ပင်လျှင် ကောင်းစွာ သိချင်မှသိပေလိမ့်မည်။ အပြစ်မကင်းသည့်အပိုင်းအပေါ် အဓိကအာရုံစူးစိုက်ကြည့်ခြင်းဖြင့် မှန်းဆထား သည့် ပိုမိုကျယ်ပြန့်သော စေ့ဆော်မှုများနှင့်မသက်ဆိုင်ဘဲ ယုတ္တိတန်မှုစံနှုန်းများ ဆိုလိုသည်မှာ အမှန်တကယ် တားမြစ်ထားသော လုပ်ရပ်နှင့် ယင်းလုပ်ရပ်တွင်ပါဝင်ရန်ဆန္ဒရှိမှုတို့ဖြင့် ထိုအချက်ကို ပြသနိုင်ပြီး တစ်ဖက်သတ် ပြစ်ဒဏ်ပေးခြင်းကို နည်းပါးသွားစေနိုင်ပါသည်။ အမှားမကင်းသော လူသားတို့က ရေးဆွဲထားသည့်ဥပဒေဖြင့် အပြစ်ပေးသင့်မသင့်ကို ဆန်းစစ်လေ့လာဆုံးဖြတ်ရာတွင် အစွမ်းကုန် ဂရုစိုက်ရပါသည်။ ဤအချက်သည် လူတိုင်း အတွက် အစဉ်အမြဲ တရားမျှတမှုကိုပေးသော ကံ၊ ကံ၏အကျိုး ဥပဒေသနှင့် လွန်စွာ ကွဲပြားပါသည်။ IHL ကို ချိုးဖောက်ခြင်း အပါအဝင် ရာဇဝတ်မှုကျူးလွန်သူတို့ မကြာခဏဆိုသလို ဥပဒေအရ အရေးယူခြင်းမခံရလေ့ရှိသည့် ဤကမ္ဘာလောကတွင် ဤအချက်သည် ကျယ်ကျယ်လောင်လောင် ပဲ့တင်ထပ်နေပါသည်။

သံဃာနှင့် စစ်တပ်တို့တွင် လူ့ဘောင်အဖွဲ့အစည်းအတွက် ၎င်းတို့တစ်ဖွဲ့ချင်းနှင့်သက်ဆိုင်သော ကိုယ်ပိုင် တာဝန်များ ရှိပါသည်။ သံဃာ့ရှုထောင့်မှကြည့်လျှင် နိုင်ငံတော်ကို နိုင်ငံ၏စစ်အင်အား အပါအဝင်ဖြစ်သော အဖွဲ့ အစည်းအဖြစ် လက်ခံပါသည်။ လောကီရေးရာနှင့် ဓမ္မ၏စိတ်ဝိညာဏ်ပိုင်းဆိုင်ရာလမ်းညွှန်မှုတို့သည် အချင်းချင်း အကာအကွယ်ပေးမှုမှ အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ထာဝစဉ်ညီညွတ်သည့် ဆက်ဆံမှု ရှိပါသည်။ စစ်တပ် ၏ ကာယကံမြောက်အကာအကွယ်ပေးမှုကို ရဟန်းတော်များက အကျိုးခံစားရပြီး သံဃာ၏ ဘာသာရေးအရ ကာကွယ်စောင့်ရှောက်ပေးမှုကို စစ်တပ်က အကျိုးခံစားရပါသည်။ အရေးကြီးသည့်အချက်မှာ ၎င်းတို့လုပ်ရပ်များ၏ ကံအကျိုးဆက်ကို ရှောင်လွှဲမရအောင်ပူပန်နေရသည့် တိုက်ပွဲဝင်စစ်သည်တို့အား စိတ်ဓာတ်ရေးရာ အထောက်အပံ့ ပေးခြင်းကိုလည်း သံဃာထုက ပြုလုပ်ပေးရပါသည်။ ပင်ကိုယ်အားဖြင့် ဤနယ်ပယ်နှစ်ခုသည် မကြာခဏပင် အပြန်အလှန်အကျိုးသက်ရောက်ကျေးဇူးပြုပြီး စစ်သားများက ရဟန်းဖြစ်လာခြင်းနှင့် ရဟန်းများက စစ်သား ဖြစ်လာခြင်းမျိုးပင် ရှိပါသည်။

ရဟန်းသံဃာနှင့် စစ်တပ်အကြား ဆက်ဆံရေးကို ထိန်းကျောင်းပေးရာတွင် ဝိနည်းသည် အဓိကအခန်း ကဏ္ဍမှ၌ ပါဝင်ပါသည်။ ဘိက္ခုပါတိမောက်(သိက္ခာပုဒ်နံပါတ်၁၂၉-၁၃၁)နှင့် ပါစိတ်(၄၈-၅၀)အရ ဘိက္ခုနှင့် ဘိက္ခုနီ တို့သည် ၎င်းတို့၌ သင့်လျော်သော အကြောင်းရှိလျှင် တန်းပြည့်တာဝန်ထမ်းဆောင်နေသော စစ်တပ်ကို တွေ့ခွင့်ရှိ ပါသည်။ ၎င်းတို့သည် စစ်တပ်နှင့်အတူ နှစ်ည သို့မဟုတ် သုံးညပင် နေနိုင်သော်လည်း စစ်သည်များ တိုက်ပွဲဝင် နေစဉ်၊ တန်းစီလူစစ်နေစဉ် သို့မဟုတ် စစ်ရေးပြနေစဉ် တွေ့ခွင့်မရှိပါ။ ထိုသို့မဟုတ်ဘဲ တွေ့ပါက ဒုက္ကဋ်အာပတ် သင့်ပါသည်။ မဂဓတိုင်း၏ နယ်စပ်ဒေသများ ကသောင်းကနင်းဖြစ်နေစဉ်ကာလတွင် စစ်သည်များ သာသနာ့ ဘောင် သံဃာ့အဖွဲ့အစည်းအတွင်း ဝင်ရောက်ခြင်းဖြင့် တာဝန်မှစွန့်ခွာထွက်ပြေးကြခြင်းကို တားဆီးပေးပါရန် သေနိယဗိမ္ဗိသာရမင်းက ဗုဒ္ဓကို လျှောက်ထားတောင်းပန်ခဲ့ပါသည်။ စစ်တပ်တွင် လက်ရှိ စစ်မှုထမ်းနေသူများ သို့မဟုတ် အခြားဘုရင့်မင်းမှုထမ်းများ(ဥပမာ-အခွန်အတုပ်ကောက်ခံသူများ) မည်သူ့ကိုမျှ ရဟန်းပြုမပေးရန် ဝိနည်းပညတ်ခဲ့ပြီး ကျူးလွန်ပါက ဒုက္ကဋ်အာပတ်သင့်ပါသည်။ (Mahāvagga 40, Vin. I. 74) စစ်သားများ ရဟန်း ပြုခြင်းကို ကာကွယ်တားဆီးခြင်းဖြင့် ဗုဒ္ဓသည် စစ်သည်တို့၏တာဝန်နှင့် နိုင်ငံတော်ကို အကာအကွယ်ပေးရသော ဘုရင်၏တာဝန်တို့ကို ပင်ကိုယ်အားဖြင့် အသိအမှတ်ပြုခဲ့ပါသည်။

Wu(2019)က အဇာတသတ်မင်း၏ ဝဇ္ဇီတို့နှင့် စစ်ပွဲ၏ ဝိနည်းအကြောင်းကို ရှာဖွေခဲ့ပါသည်။ ဤလေ့လာချက်တွင် စစ်ပွဲများနှင့် ပဋိပက္ခနှင့်နီးနွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စရပ်များကို ဗုဒ္ဓဘာသာဝင် ဥပဒေပညာရှင်များက အသေးစိတ်ဖော်ပြခဲ့ကြပါသည်။ ဤဖြစ်ရပ်များသည် လက်တွေ့ဘဝတွင် အလေးထားစိုးရိမ်ရသောကိစ္စများဖြစ်ကြောင်း ပြသနေပါသည်။ စစ်ပွဲဇုန်များအတွင်း သွားလာနေကြချိန်တွင် ဘိက္ခုနီများ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်းခံရသော ရှေ့ပိုင်းသာဓကများကြောင့် ဝိနည်းအစဉ်အလာအတော်များများတွင် ဘိက္ခုနီတို့ကို လက်နက်ကိုင်ပဋိပက္ခ သက်ရောက်မှုရှိနေသောဒေသများသို့ သွားရောက်ခြင်းကို တားမြစ်ခဲ့ပါသည်။ ၎င်းတို့မှ ထွက်ပေါ်လာမည့်ရလဒ်ကို ခန့်မှန်းရန် အလွန့်အလွန် ခက်ခဲသော စစ်ပွဲများ၏ ရှုပ်ထွေးပြီး အစဉ်အမြဲပြောင်းလဲနေသော သဘာဝကိုလည်း ဤမှတ်တမ်းများမှ ကျွန်ုပ်တို့ လေ့လာသိရှိရပါသည်။ သို့သော်လည်း စစ်ပွဲမှ ပေါ်ထွက်လာမည့်ရလဒ်ကို ကြိုတင်ဟောကိန်းထုတ်ရန် ရဟန်းများအား ခွင့်ပြုထားခြင်းကို ဝိနည်းအားလုံးက သဘောတူလက်ခံပါသည်။

## အကာအကွယ်ပေးခြင်းနည်းလမ်းများ

နိုင်ငံသားများကို အကာအကွယ်ပေးနိုင်ရန် နိုင်ငံတစ်နိုင်ငံအတွက် လက်နက်များနှင့် ခံစစ်ပြင်ဆင်ခြင်းများကဲ့သို့သော ကြိုတင်ပြင်ဆင်မှုများနှင့် အကာအကွယ်ပေးမှုနည်းလမ်းများကို လုပ်ဆောင်ရပါမည်။ ဗုဒ္ဓဘာသာကျမ်းစာများတွင် အကျော်ကြားဆုံးကျမ်းစာတစ်ခုဖြစ်သည့် မိလိန္ဒပဥှ(မိလိန္ဒ၏မေးခွန်းများ)တွင် အချိန်မရွေး ကျရောက်လာနိုင်သောအန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက် စစ်တပ်ထားရှိရန် လိုအပ်သည် ဟူသော အချက်ကို တွေ့ရပါသည်။[24]

> "မင်းကြီး၊ ပြိုင်ဘက်မင်းတို့က သင့်အား ဆန့်ကျင်တိုက်ခိုက်ခဲ့ခြင်း ရှိဖူးပါသလော။"
>
> "ရှိဖူးပါသည်။"
>
> "ထိုသို့တိုက်ခိုက်လာသောအခါမှသာ သင်သည် စစ်ပွဲအတွက် ပြင်ဆင်သလော။"
>
> "လုံးဝမဟုတ်ပါ။ အနာဂတ်တွင်ဖြစ်လာနိုင်သော အန္တရာယ်ကို ကာကွယ်တားဆီးရန် အားလုံးကို ကြိုတင်ပြင်ဆင်ထားခဲ့ပါသည်။" (Mp. PTS I.81)

ထိခိုက်မှုမရှိအောင် အကာအကွယ်ပေးရန် စစ်ရေးလုပ်ဆောင်မှုအတွက် ဗုဒ္ဓကျမ်းစာအများအပြားမှ အခြေခံအုတ်မြစ်များကို ထိုင်းဘုရင့်နိုင်ငံ၏ အမြင့်ဆုံး အများကြည်ညိုလေးစားခြင်းခံရသော သံဃရာဇာ ဝဇိရဉာဏနှင့် သူ့မျိုးဆက်၏ ဦးဆောင်ပညာရှင် တပည့်ကြီးများက ၁၉၁၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော "နိုင်ငံတော် ကာကွယ်ရေးနှင့်စီမံအုပ်ချုပ်ရေးကိုဦးတည်သည့် ဗုဒ္ဓဘာသာ၏သဘောထား" ကျမ်းစာတွင် တင်ပြခဲ့ကြပါသည်။ ထိုကျမ်းစာတွင် အနာဂတ်ကိုမျှော်မှန်း၍ ကြိုတင်စီမံလုပ်ဆောင်ထားရန် လိုအပ်ကြောင်းကိုလည်း ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည် -

> ပြည်ပရန်သူများကို ကာကွယ်ခြင်းသည် အုပ်ချုပ်ရေးမူဝါဒများအနက် တစ်ခုဖြစ်ပြီး လျစ်လျူရှု၍ မရနိုင်သော အချက် ဖြစ်ပါသည်။ စစ်ပွဲဟူသည် များသောအားဖြင့် ရုတ်ခြည်းဖြစ်ပွားတတ်ပြီး လူအင်အား၊ လက်နက်အင်အားနှင့် ခဲယမ်းအင်အား ရှိရုံမျှဖြင့် အောင်ပွဲ မရနိုင်ပါ။ သေချာပေါက် အောင်ပွဲရရန်အတွက် စိတ်တည်ငြိမ်မှု(သတိ)၊ အသိတရားရှိမှု(ပညာ)၊ ရဲစွမ်းသတ္တိရှိမှု၊ အတွေ့အကြုံရှိမှု၊ အမိန့်နာခံရန်အသင့်ရှိမှုနှင့် တိုက်ခိုက်ရန်ကောင်းမွန်သည့်အနေအထားများရှိမှု စသည်တို့ပေါ်လည်း မူတည်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းနေစဉ်ကာလ၌ပင် စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရပါမည်။ ဤသို့ ပြင်ဆင်ထားခြင်းမရှိပါက လုပ်ဆောင်သင့်သည်များကို အချိန်မီ လုပ်ဆောင်နိုင်ခြင်းမရှိတော့ဘဲ တစ်ဘက်ရန်သူအား အလေးသာစေမည့် အားနည်းချက်ဖြစ်လာပေလိမ့်မည်။ (Vajiranana 1916, 19)

ထို့အပြင် နာဂရူပမသုတ်တွင် (နယ်စပ်ခံတပ်မြို့ကိုဥပမာပုံဆောင်ပြောသည်။ An.7.67) နယ်ခြားခံတပ်မြို့တစ်ခုကို မဖြိုဖျက်နိုင်အောင်လုပ်ဆောင်ရမည့် ကာကွယ်ရေးနည်းလမ်းခုနစ်သွယ်ကို ဗုဒ္ဓက ဟောကြားခဲ့ပါသည်။ နက်ရှိုင်းပြီး ခိုင်မာသော အုဋ်မြစ်ရှိခြင်း၊ ကျယ်ပြန့်ပြီး နက်ရှိုင်းသော ကျုံးဖြင့်ဝိုင်းပတ်ထားခြင်း၊ ကျယ်ပြန့်မြင့်မားသော လမ်းဖြင့် ဝိုင်းပတ်ထားခြင်း၊ အင်္ဂတေကိုင်အပ်သော မြင့်မားပြီးထူထဲသည့် မြို့ရိုးတံတိုင်းရှိခြင်း၊ ဉာဏ်ပညာရှိပြီး အရည်အချင်းရှိသော မြို့စောင့်တံခါးမှူးရှိခြင်း၊ လက်နက်များထားရှိသည့် ကြီးမားသော လက်နက်တိုက်ရှိခြင်း (ဒုံးလက်နက်များ၊ မြှားနှင့်လှံတို့ကဲ့သို့ အဝေးသို့ပစ်ခတ်ခြင်းနှင့် ဓားကဲ့သို့ လက်တွင်ကိုင်စွဲခြင်း)နှင့် အမျိုးမျိုးသော တပ်ဖွဲ့အမျိုးအစားများရှိခြင်းတို့ ဖြစ်ပါသည်။ မြင်းတပ်၊ ရထားတပ်နှင့် ဆင်တပ်တို့ကို စာရင်းပြုပြီးသောအခါ လေးသည်တော်များ၊ ရှေ့ဆောင်အထမ်းသမားများ၊ စစ်ပွဲအခင်းအကျင်းကိုစီစဉ်သောစစ်ဦးစီးများ၊ ထောက်ပံ့ရေး တပ်ဖွဲ့၊ အတွေ့အကြုံရှိသောမင်းညီမင်းသားများ၊ ရှေ့တန်းကွန်မန်ဒိုအသေခံများ၊ ဝါရင့်စစ်ပြန်သူရဲကောင်းများနှင့် ဒိုင်းကိုင်စစ်သားများ စသည့် ခြေလျင်တပ်သား အစိတ်အပိုင်းအမျိုးမျိုး ပါဝင်ဖွဲ့စည်းထားပုံကိုလည်း ကျွန်ုပ်တို့ လေ့လာတွေ့ရှိရပါသည်။

နယ်ခြားခံတပ်များသည် စစ်ပွဲများတွင် အဓိကအနေအထားၡ ရှိနေခဲ့ပါသည်။ ဤခံတပ်များသည် ငြိမ်းချမ်းသောတည်ရှိမှုကိုအားပေးသည့် အရေးကြီးသောအခြိမ်းအခြောက်အဟန့်အတားအဖြစ် လုပ်ဆောင်သည့်နည်းတူ လက်နက်ကိုင်တပ်ဖွဲ့များအတွက် ခိုလှုံရန်နေရာဖြစ်သည့်အပြင် ကျူးကျော်သူများ၏ အပြင်းအထန်တိုက်ခိုက်ခြင်းကို ရပ်တန့်စေပါသည်။ ပြတ်ပြတ်သားသားအနိုင်ရရန်အတွက် မဟာဗျူဟာကျသော ဤခံတပ်များကို သိမ်းယူနိုင်ရန် လိုအပ်ပြီး ခံတပ်ဂိတ်တံခါးများကို ဆင်များဖြင့် ဖြိုဖျက်ချိုးဖွင့်ကာ ယင်းလိုအပ်ချက်ကို ပြီးမြောက်စေပါသည်။ ဤသို့သော အပြင်းအထန်တိုက်ခိုက်မှုကို သင်္ဂါမာဝစရဇာတ်တွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ ဤဇာတ်တော်တွင် ဗုဒ္ဓသည် အတိတ်ဘဝတစ်ခု၌ ဘုရားလောင်းအဖြစ် မင်းစီးဆင်၏ ဆင်ထိန်း ဖြစ်ခဲ့ပါသည်။ ဗာရာဏသီကို တိုက်ခိုက်မှုအတွင်း ဆင်က ကြောက်ရွံ့လာသောအခါ ဘုရားလောင်းက ဤသို့ အားပေးခြင်းဖြင့် ထိုဆင်၏ ယုံကြည်မှုအောင်စိတ်ကို ပြန်လည်ရရှိစေခဲ့ပါသည် -

> အို... ရဲရင့်သူ အသင်ဆင် - စစ်မြေပြင်သည် သင့်နေအိမ်ဖြစ်တော့သည်။ ယခု သင့်ရှေ့မှာ ဂိတ်တံခါးပေါက် ရှိပေသည်။ သင ဘာကြောင့်ပြန်လှည့်ပြီး အလျှော့ပေးရသနည်း။ အမြန်လှုပ်ရှားလော့။ သံတိုင်များကို ချိုးဖျက်လော့။ တိုင်များကို ဖြိုလှဲလော့။ ဂိတ်များကို ချိုးခြေဖျက်ဆီး၍ဝင်လော့။ စစ်ပွဲကို အမြန် အပြီးသတ်ကာ မြို့အတွင်းသို့ ဝင်လော့။ (Jat.182)

ရှေးခေတ်အိန္ဒိယတွင် ဆင်များသည် စစ်တပ် တပ်မတစ်ခု၏အခြေခံအုတ်မြစ်ဖြစ်သည့် ထူးခြားသော ပေါင်းစပ်စစ်လက်နက်တစ်ခု(စစ်ပွဲသုံးတင့်ကားများ၏ ရှေ့ပြေးအဖြစ် မကြာခဏ တင်စားခေါ်ကြသည်)နှင့် အကာအကွယ်ပေးမှုအတွက် အဓိက လက်နက်များ ဖြစ်ပါသည်။ ဆင်များသည် ၎င်းတို့၏အသိဉာဏ်နှင့် လှုပတင့်တယ်မှုကြောင့် များစွာနှစ်သက်ခံရသော သက်ရှိသတ္တဝါများ ဖြစ်ကြပါသည်။ စစ်ပွဲတွင် ဆင်များကိုအသုံးပြုခြင်းသည် ဗုဒ္ဓ မတိုင်မီ ရာစုနှစ်များအတွင်း စတင်ပေါ်ထွန်းခဲ့ပြီး ထိုသို့အသုံးပြုခြင်းသည် စစ်ပွဲများအတွင်း မျှခြေကို လုံးဝ အပြောင်းအလဲဖြစ်စေပါသည်။[25] အိန္ဒိယစစ်ပွဲများတွင် ဆင်များသည် ဩဇာကြီးမားသောတပ်ဖွဲ့အဖြစ် လျင်မြန်စွာ ရောက်လာခဲ့ပြီး သေနတ်များပေါ်ထွန်းပြီးနောက်ပိုင်းအချိန်ထိတိုင် ဆက်လက်အသုံးပြုခဲ့ပါသည်။ (Trautmann 2015, 108-119)

အစောပိုင်းကာလ ဝေဒကျမ်းစာများ၌ သရုပ်ဖော်သည့်အခါ (c. 1500-1000 BCE) ဆင်တို့က အရေးမပါလှသော်လည်း စစ်ပွဲတွင်အသုံးပြုနိုင်အောင် ၎င်းတို့အားယဉ်ပါးစေခြင်းနှင့်ထပ်တူညီစွာ ဤအမြင်သည် တဟုန်ထိုးလျင်မြန်စွာ ပြောင်းလဲခဲ့ပါသည်။ (ထရောက်မန်း - Trautmann 2015, 95-102) စစ်တပ်(ဗလ)ကိုယ်တိုင်သည်ပင်လျှင် အခြေလေးချောင်းရှိသော(စတုရင်္ဂ)သတ္တဝါကဲ့သို့ ယူဆကြပြီး စတုရင်္ဂဗလဟူသည် အင်္ဂါလေးပါးဖြစ်သည့် ခြေလျင်စစ်သည်များ၊ ရထားစစ်သည်များ၊ မြင်းတပ်နှင့် ဆင်တပ်များ ဖြစ်ကြပါသည်။ စစ်ပွဲတွင် အင်အားအကောင်းဆုံး လက်နက်မှာ လေး ဖြစ်ပါသည်။ ဆင်များသည် လေးသည်တော်များအတွက် မြင့်မားသောစင်မြင့်ဖြစ်ပြီး[26] ဘုရင်နှင့် အခြားတပ်မှူးများအား ၎င်းတို့၏တပ်များကို ထိန်းချုပ်ကွပ်ကဲရန် ပိုမိုတပန်းသာစေပါသည်။ နင်းချေဖျက်ဆီးရန်နှင့် ခြောက်လှန့်ရန်၊ စစ်ပွဲပုံစံများကို ချိုးဖောက်ရန်၊ ရန်သူတပ်ဖွဲ့များနှင့် ၎င်းတို့၏ စစ်မြင်းများအကြား ရှိသေခန့်ညားမှုကို လှုံ့ဆော်ခြင်းနှင့် ကြောက်ရွံ့မှုကို ဖြစ်စေခြင်းအပြင် နဂရူပမသုတ်တွင် ကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သည့်အတိုင်း ရန်သူ့ခံတပ်များကို ရိုက်ချိုးဖျက်ဆီးရန်လည်း စစ်ပွဲသုံး တိုက်ဆင်များကို အသုံးပြုပါသည်။[27]

ပါဠိကျမ်းစာများတွင် ဆင်များကို အတော်ပင်အလေးအမြတ်ထားပြီး အခြားတိရစ္ဆာန်များထက် ဆင်များကို မကြာခဏ ပိုမိုညွှန်ပြလေ့ရှိပါသည်။ အခြားသောလက္ခဏာများစွာထဲတွင် ဆင်များ၏ အမူအကျင့်နှင့် ဆင်အမျိုးမျိုးအကြောင်း၊ တောထဲတွင် ဆင်များအား ခြေရာခံပုံ၊ လေ့ကျင့်ပေးရန်အတွက် ဖမ်းယူပုံ၊ ၎င်းတို့အား ယဉ်ကျေးအောင်

ပြုလုပ်ပုံ၊ ခံနိုင်ရည်လေ့ကျင့်ခန်းများနှင့် လှံများဖြင့်တိုက်ခိုက်မှုများအား တော်လှန်ပုံကိုပြသခြင်း တို့ဖြင့် တိုက်ပွဲအတွက် လေ့ကျင့်ပေးပုံအပြင် စစ်မြေပြင်တွင် ဆင်တို့၏အားနည်းချက်များကိုပင် ကျွန်ုပ်တို့ အသေးစိတ် လေ့လာသိရှိရပါသည်။ (ဓမ္မိက - Dhammika 2015)

... ဗုဒ္ဓနှင့်ရဟန်းများကို မကြာခဏပင် ဆင်များနှင့်ခိုင်းနှိုင်းလေ့ရှိပါသည်။ ဥပမာအားဖြင့် သောတာသုတ်(Sotar Sutta)တွင် ကြည်ညိုဖွယ်ဂုဏ်ရှိသော ရဟန်းတစ်ပါး၏ အရည်အချင်းတို့ကို ဘုရင့်စစ်ပွဲသုံးတိုက်ဆင်၏ အရည်အချင်းတို့နှင့် နှိုင်းယှဉ်ထားပါသည် -

> အင်္ဂါငါးရပ်ရှိသောကြောင့် မင်းစီးဆင်သည် ဘုရင်နှင့်ထိုက်တန်ကာ ဘုရင်၏ အဖိုးတန်ပစ္စည်းဖြစ်ပြီး ဘုရင်၏ ခြေလက်အင်္ဂါအဖြစ် မှတ်ယူသည်။ အဘယ်ငါးခုနည်း။ ဘုရင့်ဆင်တော်သည် နားထောင်တတ်သူဖြစ်၏၊ ဖျက်ဆီးတတ်သူဖြစ်၏၊ အကာအကွယ်ပေးတတ်သူဖြစ်၏၊ ခံနိုင်ရည်ရှိသူ ဖြစ်၏၊ ခရီးရှည်သွားနိုင်၏။
>
> ဘုရင်၏စီးတော်ဆင်သည် နာယူတတ်သူ အဘယ်သို့ဖြစ်သနည်း။ ဆင်ထိန်းက ယဉ်ကျေးအောင် လေ့ကျင့်ပေးနေသောဆင်ကို တာဝန်တစ်ခုပေးသည့်အခါတိုင်း ယခင်ကလုပ်ဖူးသည်၊ မလုပ်ဖူးသည်ကို မကြည့်ဘဲ အာရုံစိုက်၏၊ စိတ်ကိုမြှုပ်နှံလိုက်၏၊ နားလည်းထောင်၏။
>
> . . . ဘုရင်၏စီးတော်ဆင်သည် တိုက်ခိုက်ဖျက်ဆီးတတ်သူ အဘယ်သို့ဖြစ်သနည်း။ ဘုရင်၏ စီးတော်ဆင်သည် စစ်မြေပြင်တွင် ဆင်တစ်ကောင်ကို ဆင်ထိန်းနှင့်တကွ ဖျက်ဆီး၏။ မြင်းကို မြင်းစီးသူနှင့်တကွ ဖျက်ဆီး၏။ ရထားကို ရထားမောင်းနှင့်တကွ ဖျက်ဆီး၏။ ခြေလျင်စစ်သည်ကို ဖျက်ဆီး၏။
>
> . . . ဘုရင်၏စီးတော်ဆင်သည် ကာကွယ်တတ်သူ အဘယ်သို့ဖြစ်သနည်း။ ဘုရင်၏ စီးတော်ဆင်သည် စစ်မြေပြင်တွင် သူ၏ရှေ့ပိုင်းကို ကာကွယ်၏။ သူ၏နောက်ပိုင်းကို ကာကွယ်၏။ သူ၏ရှေ့ခြေ တို့ကို ကာကွယ်၏။ သူ၏နောက်ခြေကို ကာကွယ်၏။ သူ၏ဦးခေါင်းကို ကာကွယ်၏။ သူ၏ နားရွက်ကို ကာကွယ်၏။ သူ၏အစွယ်တို့ကို ကာကွယ်၏။ သူ၏နှာမောင်းကို ကာကွယ်၏။ သူ၏ အမြီးကို ကာကွယ်၏။ သူ၏ဆင်ဦးစီးကို ကာကွယ်၏။
>
> . . . ဘုရင်၏စီးတော်ဆင်သည် ကြံ့ကြံ့ခိုင်နိုင်သူ အဘယ်သို့ဖြစ်သနည်း။ ဘုရင်၏ စီးတော်ဆင်သည် စစ်မြေပြင်တွင် လှံ၊ ဓား၊ မြှားနှင့် ပုဆိန်တို့ဖြင့် ပစ်လွှတ်တိုက်ခိုက်ခြင်းကို ကြံ့ကြံ့ခံနိုင်၏။ စည်များ၊ လင်းကွင်းများ၊ ခရုသင်းများ၊ ဗုံရှည်များ၏ ပွဲတင်ထပ်မျှမြည်ဟည်းသံကို ကြံ့ကြံ့ခံနိုင်၏။
>
> . . . ဘုရင်၏စီးတော်ဆင်သည် သွားသူ အဘယ်သို့ဖြစ်သနည်း။ ဘုရင်၏ ယဉ်ပါးသော စီးတော်ဆင်သည် ၎င်းကို ဆင်ထိန်းက မည်သည့်ဦးတည်ရာသို့ စေလွှတ်သည်ဖြစ်စေ၊ ယခင်က သွားခဲ့ဖူးသည်ဖြစ်စေ၊ မသွားခဲ့ဖူးသည်ဖြစ်စေ မဆိုင်းမတွ သွား၏။ (An.5140)

ထိန်းချုပ်မထားသောစိတ်ကို အန္တရာယ်အများဆုံး လက်နက်ဖြစ်သော ဆင်ရိုင်းနှင့်နှိုင်းယှဉ်၏၊ ထိုဆင်ရိုင်းတို့သည် ယဉ်ပါးအောင်လေ့ကျင့်ထားသော စည်းကမ်းလိုက်နာသော မည်သည့်အဟန့်အတားကိုမဆို ဖျက်ဆီးပစ်ရန် ခိုင်းစေနိုင်သော ဘုရင့်စီးတော်ဆင်နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ လူ့စိတ်ကဲ့သို့ပင် ဆင်တို့၏ ဖျက်ဆီးနိုင်သော ခွန်အားကို ထိန်းချုပ်ရန် လိုပေ၏။ (Dhp 326)

ဓမ္မအစဉ်အလာများတွင် ဆင်များကို မြင့်မြတ်ခြင်းနှင့် နတ်တမျှခိုင်းနှိုင်းခြင်းသည် ၎င်းတို့ကို စစ်ပွဲများတွင် အသုံးပြုရန်အတွက် ယဉ်ပါးစေခြင်းနှင့်သင့်လျော်သောနည်းလမ်းဖြင့် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ တိုက်ဆင်များသည် ဘုရင်နှင့် ဘုန်းတန်ခိုးသြဇာတို့နှင့် အတွင်းကျကျ ဆက်စပ်နေပြီး အခမ်းအနားများနှင့် ဘုရင် တိုင်းခန်းလှည့်လည်ခြင်းတို့တွင် ပြသသည့် စစ်အင်အားကြီးမားမှု၏ အထင်ကြီးလောက်သော ပြယုဂ်သင်္ကေတ ဖြစ်ပါသည်။ (မျက်မှောက်ခေတ် စစ်ရေးပြများတွင် စစ်အင်အားပိုင်ဆိုင်မှု ပြသခြင်းမျိုးနှင့် အလားသဏ္ဍာန် တူညီပါသည်။) စင်စစ်အားဖြင့် ဆင်သည် ဘုရင့်ရတနာခုနစ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါသည်။

ဇာတကအတော်များများတွင် ဘုရားလောင်းသည် ဆဒ္ဒန်ဆင်ဖြူတော် ('အစွယ်ခြောက်ချောင်းရှိသည့်') မင်း ကဲ့သို့သော ဆင်ဘဝဖြင့် မွေးဖွားမှု ရှိပါသည်။ (Jat. 514) ဆင်ဖြူတော်သည် စစ်ပွဲအတွင်း နတ်တို့နှင့် ၎င်းတို့

ခေါင်းဆောင်များ၏ဘုရင်ဖြစ်သည့် ဣန္ဒြာ[28](သိကြားမင်း)၏ စီးတော်ယာဉ် နတ်ဆင်မင်း(ဧရာဝဏ်) အသွင်ဖြင့်လည်း ပေါ်ထွက်လာပါသည်။ (Snp. 379) ကျမ်းစာတို့တွင် ဣန္ဒြာကို သက္က(‘အင်အားကြီးသူ’)၊ တာဝတိံသာ (‘နတ်မင်းသုံးဆယ့်သုံးပါးတို့၏နေရာ’) နတ်ပြည်ကို အစိုးရသူ၊ အလွန်အားကောင်းသော ကုသိုလ်ကံများ စုပေါင်းမိခြင်း၏ အကျိုးဆက်အဖြစ် ရောက်ရှိနိုင်သည့် သံသရာတွင် လူအများ ပြန်လည်မွေးဖွားရန် ကြိုးပမ်းကြသည့် ဘဝကို ပိုင်ဆိုင်ထားသူအဖြစ် အများဆုံး ရည်ညွှန်းကိုးကားပါသည်။ သန့်ရှင်းစင်ကြယ်ခြင်း၏ အထိမ်းအမှတ်ဖြစ်သော ရှားပါးတန်ဖိုးရှိလှသော ဆင်ဖြူတော်သည် ဗုဒ္ဓအား ဖွားတော်မူသည့်ပုံဝတ္ထုတွင် မယ်တော်မာယာဒေဝီ က ၎င်းအား ဆင်ဖြူတော်ပုံစံဖြင့် နံဘေးသို့ ဝင်ရောက်သွားခဲ့သည်ဟု အိပ်မက် မြင်မက်သည်ဟု ပါရှိပါသည်။[29]

## စစ်သည်ဘဝနှင့် ‘မှန်ကန်သော အသက်မွေးမှု’ (သမ္မာအာဇီဝ)

ဗုဒ္ဓဘာသာသည် အကြွင်းမဲ့စစ်ဆန့်ကျင်ရေးကို ဟောကြားသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆထားမှုများကြောင့် ဗုဒ္ဓဘာသာဝင်များသည် စစ်ပွဲများပျံ့နှံ့နေသော ကမ္ဘာ့အခင်းအကျင်းဝန်းကျင်တွင် ဥပဒေနှင့်ညီပြီး လက်တွေ့ကျသော အလေးထားပူပန်စရာများကို လျစ်လျူရှုသည်ဟု အခြေအမြစ်မရှိဘဲ ဝေဖန်အပြစ်ပြောဆိုခြင်းကို ခံနေရပါသည်။[30] ဤအလားတူယူဆချက်များကြောင့် ဗုဒ္ဓဘာသာဝင်စစ်သည်များသည် ၎င်းတို့၏အသိုင်းအဝိုင်းအတွင်း အထင်လွဲခံရလေ့ရှိပြီး ဤအချက်က ၎င်းတို့ကို နောက်ထပ် စိတ်ဖိစီးမှု ဖြစ်စေပါသည်။ အမှန်စင်စစ်အားဖြင့် ကမ္ဘာတစ်ဝှမ်းစစ်တပ်များ၌ တာဝန်ထမ်းဆောင်နေသော ဗုဒ္ဓဘာသာဝင်များရှိကြပြီး၊ အခြားနိုင်ငံများကဲ့သို့ပင် ဗုဒ္ဓဘာသာနိုင်ငံများတွင် ၎င်းတို့၏နိုင်ငံသားများနှင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးရန် လက်နက်ကိုင်တပ်ဖွဲ့များ ထားရှိကြပါသည်။ ဥပမာအားဖြင့် ဘူတန်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့၏ စစ်တပ်များရှိ စစ်သည်အများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။

အချို့အဝန်းအဝိုင်းများအတွင်း၌ စစ်သည်တို့သည် ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်နိုင်ပါသလားဟူသည့် အချက်သည် အငြင်းပွားစရာအကြောင်းအရာတစ်ခု ဖြစ်နေပါသည်။ ဗုဒ္ဓဘာသာတွင် တစ်စုံတစ်ယောက်၏ အသက်ကိုသတ်ခြင်းသည် အလွန်တရာ ပြစ်တင်ရှုတ်ချထိုက်သည်ဟူသောအယူအဆကြောင့် ဗုဒ္ဓဘာသာဝင် အနည်းစု(များသောအားဖြင့် အနောက်နိုင်ငံများမှ)က လက်နက်ကိုင်တပ်ဖွဲ့တွင် စစ်မှုမထမ်းသင့်ဟုဆိုကြပါသည်။ ဤအချေအတင်ဆွေးနွေးငြင်းခုံမှုတွင် စစ်တပ်များ၏ ကျင့်ဝတ်ဆိုင်ရာသဘောသဘာဝကို မိမိတို့၏ ကိုယ်ပိုင်အမြင်များပေါ်မူတည်ပြီး ရပ်တည်ဆွေးနွေးကြပါသည်။ စစ်တပ်ကို ပင်ကို ယုတ်ညံ့မှုအဖြစ် ရှုမြင်သူများအတွက် စစ်မှုထမ်းခြင်းသည် ကိုယ်ကျင့်သီလအရ လက်မခံနိုင်သောကိစ္စဖြစ်လာသည်ဟု နားလည်ရန် လွယ်ကူပါသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအတွက် စစ်တပ် သို့မဟုတ် အခြား လက်နက်ကိုင်အဖွဲ့တစ်ခုတွင် အဖွဲ့ဝင်ဖြစ်ရခြင်း၌ ခက်ခဲသော သီလပိုင်းဆိုင်ရာ ပဟေဠိများမရှိမဟုတ်ဆိုသည်မှာ ရှင်းပါသည်။ စစ်သားတစ်ယောက်၏အခန်းကဏ္ဍတွင် အလုပ်တာဝန်အမျိုးမျိုး ပါဝင်နေသည်ဖြစ်ရာ လူ့အသက်များကိုသတ်ရခြင်း သို့မဟုတ် ထိုသို့လုပ်ဆောင်နေသော အခြားသူများကို အထောက်အကူပေးရခြင်းမျိုး ပါဝင်နိုင်ပါသည်။ မြင်သာသည့်အချက်မှာ ဗုဒ္ဓဘာသာနှင့်စစ်ရေးတို့သည် မလိုက်ဖက်သော အတွဲဖြစ်သည်ဟု အချို့ကဆိုပြီး ဗုဒ္ဓဘာသာ၏ သီးခြား စရိုက်လက္ခဏာ၊ တန်ဖိုးနှင့် စံနှုန်းအဆင့်အတန်းများကို လိုက်နာကျင့်သုံးနေစဉ် စစ်တပ်တွင် စစ်မှုထမ်းခြင်းသည် အချို့က စိတ်ကူးကြည့်ရန် ခက်ခဲကြောင်းတွေ့နိုင်သည်ဟု ဆိုပါသည်။

သို့ရာတွင် စစ်သားများသည် ဆင်းရဲဒုက္ခမပေါ်ပေါက်စေရေးကို ကာကွယ်တားဆီးရန် ကူညီရာ၌ အဓိက အခန်းကဏ္ဍတွင်လည်း ပါဝင်ကြသူများဖြစ်ရာ ၎င်းတို့ကို ကောင်းမြတ်သောကုသိုလ်ရည်ရွယ်ချက်များအတွက် အင်အားတစ်ရပ် ဖြစ်နိုင်ပေသည်။ စစ်တပ်သည် စစ်ပွဲဆင်နွှဲရန်တစ်ခုတည်းအတွက်သာမဟုတ်။ စစ်တပ်အနေဖြင့် အရေးပါသော အဟန့်အတားအဖြစ် လုပ်ဆောင်သည့်အပြင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ကူညီထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကဲ့သို့သော အခြားနေရာများတွင် ဒေသခံပြည်သူလူထုကို ကူညီပေးပါသည်။ စစ်တပ်များတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များသည် လူ့အဖွဲ့အစည်းကို အလုပ်အကျွေးပြုရန်၊ ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်းများ ဘေးကင်းလုံခြုံမှုကို ထိန်းသိမ်းပေးရန်၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရန်၊ ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန်နှင့် အခြား ကောင်းမြတ်သော ကြိုးပမ်းအားထုတ်မှုများကို လုပ်ဆောင်ရန် ၎င်းတို့၏ ရှင်းလင်းပြတ်သားသော ရည်ရွယ်ချက်များကို ယေဘုယျအားဖြင့် အတိအလင်း ထုတ်ပြန်ထားကြပါသည်။ စစ်တပ်များ၏ ရည်ရွယ်ချက်ကို နားလည်မှုလွဲမှားသည့်အခါ အချို့က စစ်သည်ဘဝသည် မကောင်းသောအသက်မွေးမှုဟု မြင်နိုင်သော်လည်း ၎င်းတို့သည်

ဤအသက်မွေးဝမ်းကျောင်းပြုသူများကပေးသော လုံခြုံမှုကို ခံစားကြရပါသည်။ စစ်တပ်ကိုဖျက်သိမ်းလိုက်ခြင်းဖြင့် လုံခြုံမှုကင်းမဲ့သွားမည်ဖြစ်ပြီး ဆင်းရဲဒုက္ခများ ပိုမိုပေါ်ပေါက်လာစေရန် အကြွင်းမဲ့ ခွင့်ပြုလိုက်သည့် ရလဒ်ပေါ်ထွက်လာပေလိမ့်မည်။

ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလအရ စစ်ဘက်ဆိုင်ရာအသက်မွေးမှုအပေါ်အမြင်ကို ဗြိတိန်၌ ကျင်းပခဲ့သော ပထမအကြိမ် လက်နက်ကိုင်တပ်ဖွဲ့ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းညီလာခံတွင်[31] အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ Ajahn Brahmavamso[32] က မည်သူမဆို အခြေအနေတစ်ရပ်ကို လက်တွေ့ကျကျ နားလည်ရန် လိုအပ်သည်ဟု ရှင်းလင်းပြောကြားပြီး ဗုဒ္ဓဘာသာအတွေးအခေါ်ဒဿနကို စစ်ဆန့်ကျင်ရေးဝါဒအဆင့်သို့ ဆွဲမချသင့်ဟု ကန့်ကွက်ပြောဆိုခဲ့ပါသည်။ တစ်စုံတစ်ဦး၏အသက်မွေးဝမ်းကျောင်းမှုတွင် ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်ချရသည့်အခါ မည်သည့်အသက်မွေးမှုဆိုသည်ထက် ထိုသူ၏ ရည်ရွယ်ချက်များက အရေးအကြီးဆုံး ဖြစ်ပါသည်။ အရေးကြီးသော မှတ်သားသင့်သည့်အချက်မှာ အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လုပ်ကိုင်ခြင်းသည်လည်း တသီးတခြား သတိကြီးကြီးဖြင့် လမ်းညွှန်အတိုင်းသွားရမည့် ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ ပဟေဠိများရှိသည်ဆိုသည့်အချက် ဖြစ်ပါသည်။

အများကလွန်စွာလေးစားကြရသော ဩဇာတိက္ကမကြီးမားသည့် ထိုင်းလူမျိုး ငြိမ်းချမ်းသောတပသီအကျင့် ကျင့်သုံးသူ ဗုဒ္ဓဒါသ ဘိက္ခုက ပြောခဲ့သည်မှာ "မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ - နိုင်ငံရေး၊ စီးပွားရေး သို့မဟုတ် စင်စစ်စစ်ပွဲပင် - အကျင့်သီလရှိစွာလုပ်ဆောင်ခဲ့မည်ဆိုလျှင် အရာရာအားလုံးသည် သဘာဝအတိုင်း သဟဇာတမျှတစွာ ဟန်ချက်ညီညီရှိနေပြီး သဘာဝလောကကြီး၏ မူလအစီအစဉ်နှင့် ညီညွတ်နေပေလိမ့်မည်။” (Buddhadāsa Bhikkhu 1986, 119-120)

ပါဠိကျမ်းစာများတွင် စစ်သားများ၏ ဘဝ၊ တာဝန် သို့မဟုတ် ကျင့်သုံးမှုအလေ့အထများကို အခြားသောသာမန် အသက်မွေးမှုအလုပ်များထက် ပို၍ ပြင်းထန်စွာ ဝေဖန်ခြင်းမရှိပါ။ ခတ္တိယအနွယ်ဝင်တို့၏ အထူးပြုနယ်ပယ်ဖြစ်သော စစ်ပွဲအယူအဆများကို တုံ့ပြန်သည့် ဣဿတ္တ(‘လေးအတတ်’)သုတ္တန်ထဲတွင် စစ်တပ်၏ လူသစ်စုဆောင်းခြင်းနှင့်ပတ်သက်၍ လူမှုရေးအလွှာထက် တိုက်ရည်ခိုက်ရည် အရည်အချင်းပေါ် အခြေခံကြောင်း ဗုဒ္ဓက ဟောကြားခဲ့ပါသည် -

> “မြတ်သောမင်းကြီး၊ သင့်တွင် တိုက်ခိုက်ရမည့် စစ်ပွဲတစ်ပွဲရှိ၏။ ထိုအချိန်မျိုးတွင် လေ့ကျင့်မှုရှိမထားသော၊ လေးအတတ်၌အတွေ့အကြုံမရှိသော၊ ကြောက်ရွံ့ပြီး စစ်မြေပြင်မှ ထွက်ပြေးမည်ဖြစ်သော စစ်သည်တော်လူငယ်များ ရောက်လာ၏။ ဤလူငယ်များကို သင်၏ တပ်သားအဖြစ်လက်ခံမည်လော။ ၎င်းတို့သည် ရည်ရွယ်ချက်အတိုင်း စစ်ကိုနိုင်အောင် တိုက်နိုင်ပါမည်လော။”
>
> “အရှင်ဘုရား၊ ၎င်းတို့ကို တပ်သားသစ်အဖြစ် တပည့်တော်လက်မခံပါ။ ၎င်းတို့သည် တပည့်တော်၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါ။” ...
>
> “ဤသို့ဆိုလျှင် ဗြဟ္မဏလူငယ်များ ... အိမ်ထောင်ရှိလူငယ်များ... အမျိုးဇာတ်ပျက်သူလူငယ်များ၊ လေ့ကျင့်ထားပြီး လေးအတတ်၌အတွေ့အကြုံရှိသော၊ မကြောက်တတ်ဘဲ စစ်မြေပြင်မှထွက်ပြေး မည် မဟုတ်သောလူငယ်များ ရောက်လာ၏။ ၎င်းတို့ကို သင်၏ တပ်သားသစ်အဖြစ် လက်ခံမည် လော။ ၎င်းတို့သည် ရည်ရွယ်ချက်အတိုင်း စစ်ကိုနိုင်အောင်တိုက်နိုင်ပါမည်လော။”
>
> “အရှင်ဘုရား၊ ၎င်းတို့ကို တပ်သားသစ်အဖြစ် တပည့်တော်လက်ခံပါမည်။ ၎င်းတို့သည် တပည့်တော်၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။” ...
>
> ထို့နောက် ဗုဒ္ဓက ဆက်မိန့်သည်မှာ “လေးအတတ်၌ ကျွမ်းကျင်လိမ္မာသော၊ အင်အားကြီးသော၊ တက်ကြွသော မည်သည့်လူငယ်ကိုမဆို စစ်ပွဲသို့သွားမည့်မင်းက ခန့်အပ်အသုံးပြုပေလိမ့်မည်။ - အရည်အချင်းမရှိသောသူတို့ကို ဇာတ်မြင့်သောကြောင့် ခန့်အပ်အသုံးပြုမည်မဟုတ်ပေ။” (Sn,3. 24)

ဗုဒ္ဓဘာသာဝင်လူဝတ်ကြောင်တို့ လိုက်နာကျင့်သုံးရမည့် သီလကို နားလည်သဘောပေါက်ရေးအတွက် ပြဆိုရာ၌ အရေးပါသော ဒီဃဇာဏုသုတ်(An.8.54) တွင် လူတို့အတွက် ယခုဘဝမှာပင် စည်းစိမ်ချမ်းသာနှင့် ပျော်ရွှင်မှုတို့

ရနိုင်ရန် ဗုဒ္ဓက လေးအတတ် (စစ်မှုထမ်းများ၏ အမြင့်ဆုံး သင်္ကေတဖြစ်သော) နှင့် အသက်မွေးဝမ်းကျောင်းမှုများ တွင် ဘုရင့်ထံပါးအမှုထမ်းခြင်း (ဥပမာ- အခွန်အတုတ်ကောက်ခံသူများလည်း ပါဝင်သည်)တို့ကို အတိအလင်း စာရင်းထည့်သွင်းခဲ့ပြီး ဤအသက်မွေးမှုများတွင် ကျွမ်းကျင်မှုရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပါသည်။

လေးသည်တော်များကို လေးနှင့်မြားထောက်ပံ့ပေးရန်အတွက် လက်နက်များထုတ်လုပ်ရန် လိုအပ်ပြီး ဤအချက်က မဂ္ဂင်ရှစ်ပါးတွင် ပဥ္စမအခြေခံအဖြစ် ပါဝင်သည့် “မှန်ကန်သောအသက်မွေးမှု”(သမ္မာအာဇီဝ)နှင့် ပတ်သက်၍ လက်နက်ကုန်သွယ်ခြင်းကို ပြစ်တင်ဝေဖန်ရှုတ်ချခြင်းသည် ကျွန်ုပ်တို့ထံ ပေးလိုက်သော နောက်ထပ် သက်ဆိုင်သည့် အကြောင်းအရာခေါင်းစဉ်တစ်ခု ဖြစ်ပါသည်။ ဝါဏိဇ္ဇသုတ် (‘ကုန်သွယ်မှု’ ‘ကုန်သွယ်လုပ်ငန်း’၊ ‘အသက်မွေးဝမ်းကျောင်းနည်းလမ်းတစ်ခုအဖြစ် ကုန်သွယ်လုပ်ငန်း’)တွင် “လူဝတ်ကြောင် ဒါယကာတစ်ဦးသည် ကုန်သွယ်လုပ်ငန်း ငါးမျိုးတွင် ပါဝင်မလုပ်ဆောင်သင့်ဟု ဖော်ပြထားပါသည်။ အဘယ်ငါးမျိုးနည်း။ လက်နက်၊ လူ၊ အသား၊ သေရည်သေရက်ကဲ့သို့မူးယစ်စေသောအရာများနှင့် အဆိပ်တို့ကို ရောင်းဝယ်ဖောက်ကားခြင်းတို့ ဖြစ်ပါသည်။” (An.5.177)[33] လက်နက်ကိုသော်လည်းကောင်း၊ လက်နက်ထုတ်လုပ်သူများကိုသော်လည်းကောင်း ပြစ်တင်ရှုတ်ချခြင်းမဟုတ်သော်လည်း သူ့အသက်သတ်ရာတွင် အသုံးပြုသည့် ကိရိယာများအား ဖြန့်ချိခြင်းကို ပြစ်တင်ရှုတ်ချခြင်း ဖြစ်ပါသည်။[34] လက်နက်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို တားမြစ်ခြင်းသည် အများပြည်သူ၏ဘေးကင်းလုံခြုံရေးကို သေချာစေရန်နှင့် အကာအကွယ်ပေးသောတပ်ဖွဲ့များကို ထားရှိရန် အုပ်စိုးသူမင်း၏တာဝန်နှင့် တိုက်ရိုက်ဆန့်ကျင်နေပေလိမ့်မည်။[35]

ဓားရှည်များ၊ အဲမောင်းလှံရှည်များ၊ ဓားတိုများ၊ မြားသွားများနှင့် လှံသွားများကဲ့သို့သော လက်နက်များကို ထုတ်လုပ်ခြင်းသည် စစ်သည်များကို လက်နက်တပ်ဆင်ပေးရန်နှင့် စစ်ပွဲဆင်နွှဲရန်အတွက် ဆောင်ရွက်ခြင်း ဖြစ်ပြီး ယင်းတို့ကို ပန်းပဲသမား(ကမ္မာရ)တို့က အဓိက လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ပန်းပဲသမားတို့ကို အဖွဲ့အစည်း အဖြစ် တင်းတင်းကျပ်ကျပ်ဖွဲ့စည်းထားပြီး ၎င်းတို့အဖွဲ့အစည်း၏ခေါင်းဆောင်များသည် ၎င်းတို့၏အရေးအရာများ ကို ဘုရင့်တော်ဝင်တရားရုံးနှင့် နီးနီးကပ်ကပ် ညှိနှိုင်းဆောင်ရွက်ရပါသည်။ ဗုဒ္ဓကိုယ်တိုင်ပင်လျှင် အလောင်း အလျာဘဝက ပန်းပဲဆရာတစ်ယောက် ဖြစ်ခဲ့ဖူးပြီး (သူစိဇာတက၊ Jat. 387) ဘုရားလောင်း ပန်းပဲဆရာက ‘ဘုရင်ချစ်ခင်သော’ (ရာဇဗာလဘာ) အခြားပန်းပဲဆရာတစ်ယောက်၏ သမီးကို လိုချင်ခဲ့ပါသည်။ သေတကေတု ဇာတ်(Jat 377)တွင် မင်းဆရာဘုန်းကြီးပုံစံဖြင့် ဘုရားလောင်းသည် လက်နက်ကိုင်လူဝတ်ကြောင်တို့အား ဒိုင်းများ နှင့် လက်နက်များ တပ်ဆင်ပေးကာ ထိုသူတို့ကို ဘုရင့်ထံ အမှုထမ်းရန် စေခိုင်းပါသည်။

မုဆိုးတစ်ယောက်၏ ဇနီးသည် မုဆိုး၏လက်နက်များကို အဆင်သင့်ပြင်ဆင်ပေးရခြင်းအတွက် ၎င်း၏ ခင်ပွန်းခိုင်းသည်ကို ဆောင်ရွက်ပေးရခြင်းသာဖြစ်သောကြောင့် အကုသိုလ်မဖြစ်ကြောင်း ဓမ္မပဒအဋ္ဌကထာ(Dhp-a.II.24-28)မှ လေ့လာသိရှိရပါသည်။ “ဒဏ်ရာမရှိသောလက်ဖြင့် အဆိပ်ကိုကိုင်ခြင်းကြောင့် အဆိပ်မမိသကဲ့သို့ အကုသိုလ်မလုပ်သောသူအတွက် အကုသိုလ်အကျိုးဆက်ကို မခံစားရပါ” (Dhp. 124) ဟူသော အဋ္ဌကထာ၏ အစိတ်အပိုင်းက လုပ်ရပ်တစ်ခုကိုလုပ်ခြင်း၏ စေတနာများကိုခန့်မှန်းအကဲဖြတ်နိုင်ရန်အတွက် အပြင်ပန်းအမြင် များနှင့်မသက်ဆိုင်ဘဲ အခြေခံကျသော တာဝန်များနှင့် စိတ်အခြေအနေကို နားလည်ရန် လိုအပ်ကြောင်း ဖော်ပြ ထားပါသည်။

“မှန်ကန်သောအသက်မွေးမှု”(သမ္မာအာဇီဝ) မေးခွန်းသည် ကမ္ဘာတစ်ဝှမ်း စစ်လက်နက်များကို ဖွံ့ဖြိုး တိုးတက်စေခြင်းနှင့် ထုတ်လုပ်ခြင်းတွင် ပါဝင်နေသည့် စစ်သည်များနှင့် တိုက်ရိုက် သက်ဆိုင်နေပါသည်။ စင်ကြယ်သောမြေဂိုဏ်း(Pure Land School)၏ ထင်ရှားကျော်ကြားသည့် ဆရာတစ်ဆူဖြစ်သော Master Chin Kung (Jing Kong) က ၎င်း၏ ဆွေးနွေးချက်တစ်ခုတွင် ဤအချက်ကို ဖြေရှင်းခဲ့သည်မှာ -

> ဒါက တရုတ်ပြည်က ဒါယကာတစ်ယောက် မေးတဲ့မေးခွန်းပါ။ သူပြောတာက "ဗုဒ္ဓဘာသာကို အမှန်တကယ် စိတ်ဝင်တစားလေ့လာတဲ့ သာမန်လူတစ်ဦးရှိတယ်။ ဒါပေမယ့် သူက စစ်သား တစ်ယောက်ဖြစ်ပြီး တိုက်ပွဲအစီအမံတွေနဲ့ လက်နက်ထုတ်လုပ်ရေးမှာ နေ့စဉ် ပါဝင်လုပ်ဆောင် နေရတယ်။ သူက ဒီအတွက် ဒွိဟာသံသယတွေဖြစ်ပြီး အရှင်ဘုရား - သနားသောအားဖြင့် ဟောပြ တော်မူပါ"တဲ့။
>
> ဒီအသက်မွေးမှုမှာ ပါဝင်လုပ်ဆောင်နေတာ အမှား မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ သင့်ရဲ့ အသက်မွေးမှု၊ သင့်ရဲ့အလုပ်က နိုင်ငံကိုအကာအကွယ်ပေးဖို့၊ အများပြည်သူတွေရဲ့ အသက်

> အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးဖို့ဖြစ်တယ်။ ဒါကို 'အကြောက်တရားကင်းခြင်း လက်ဆောင်' လို့ ခေါ်တယ်။ ဒါဟာ အမှားမဟုတ်ဘူး။ ကမ္ဘာမှာ နိုင်ငံတိုင်းဟာ ကာကွယ်ရေး အတွက် စစ်သားတွေရှိရတယ်။ စင်္ကာပူဟာ နိုင်ငံအသေးလေးဖြစ်ပေမယ့် သူ့ရဲ့ ကိုယ်ပိုင် စစ်တပ် ရှိပါတယ် ....
>
> နောက်တစ်နည်း ရှင်းပြရရင် - ကျွန်ုပ်တို့ဟာ အကြောင်းမဲ့ စစ်ပွဲဆင်နွှဲပြီး တခြားနိုင်ငံတွေကို ကျူးကျော်တာ ဘယ်တော့မှမလုပ်နိုင်ပါဘူး။ ဒါကမှန်ပါတယ်။ ဒီတော့ ကာကွယ်တဲ့စစ်ပွဲ၊ ခုခံ စစ်ပွဲ . . . အတွက် ဒါဟာမမှားဘူးဆိုတဲ့အချက်ကို ဗုဒ္ဓနဲ့ ဘုရားလောင်းတွေအားလုံးက သဘော တူကြတယ်။ အဲဒီအခါမှာ ထူးခြားတဲ့အခြေအနေတွေမှာ သူ့အသက်ကိုသတ်ရတာရှိတယ်။ ဒါက သီလကို ချိုးဖောက်[po jie 破戒]တာ မဟုတ်ဘဲ ရုပ်သိမ်း[kai jie 开戒]ထားလိုက်တာလို့ ဆိုလိုတာပါ။ သင်ဟာ ဘုရားလောင်းတို့ရဲ့သီလကိုကျင့်သုံးတဲ့ ဒါမှမဟုတ် ငါးပါးသီလကိုကျင့်သုံး တဲ့ စစ်သည်တစ်ယောက်အနေနဲ့ သင့်နိုင်ငံကိုကာကွယ်ရမယ်ဆိုရင် ရန်သူကိုရင်ဆိုင်ရမယ်ဆိုရင် သင် သူတို့ကို သတ်မှာလား၊ မသတ်ဘူးလား။ ဒီအချိန်မှာ "အို - သူ့အသက်မသတ်ဘူးလို့ သီလ ဆောက်တည်ထားခဲ့တယ်။ သူတို့ကို ငါသတ်ရင် ငါ့သီလကို ချိုးဖောက်ရာရောက်လိမ့်မယ်"လို့ သင်တွေးမှာလား။ ကောင်းပြီ။ ရန်သူတွေ ဝင်ရောက်လာရင် အကာအကွယ်ပေးဖို့တာဝန်ကို သင် ပျက်ကွက်တာကြောင့် ငါတို့ရဲ့မြို့၊ ငါတို့ရဲ့နိုင်ငံထဲမှာ လူတွေဘယ်လောက်များများသေမှာလဲ။ အဲဒီလိုဆိုရင် သင်ဟာ အရမ်းကြီးတဲ့အပြစ်ကို ကျူးလွန်မိသွားပြီ။ ဒါကြောင့် သင်ဟာ သင့်ရဲ့ဘဝ ကို စွန့်လွှတ်ရမယ်ဆိုရင်တောင် သင့်ရဲ့တာဝန်ကို ထမ်းဆောင်ရမှာပါပဲ။ သင့်အလုပ်က ရန်သူကို တိုက်ခိုက်တွန်းလှန်ဖို့ပါ။ ဗုဒ္ဓရဲ့အဆုံးအမတွေဟာ ကြောင်းကျိုးဆီလျော်ပြီး ယုတ္တိတန်ပါတယ်။ သင့်အသက်မွေးမှုက သင့်နိုင်ငံ၊ သင့်နယ်မြေကို အကာအကွယ်ပေးဖို့ပါ။ ဒါဟာ သင် ကျေပွန်ရမယ့်တာဝန်ပါပဲ။ သင့်မှာ လုံးဝ အပြစ်မရှိဘူးဆိုတာကို သံသယ မရှိပါနဲ့။ (Chin 2017)

ထို့ကြောင့် အစိုးရ၏ အနီးကပ်စောင့်ကြည့်မှုအောက်တွင် ဗုဒ္ဓဘာသာဝင်တို့သည် စစ်သည်များဖြစ်နိုင်ကြသလို စစ်လက်နက်ထုတ်လုပ်ရေးတွင်လည်း ပါဝင်နိုင်ပါသည်။ အကယ်၍ ၎င်းတို့၏ တာဝန်ဖြစ်သည်ဆိုလျှင် ၎င်းတို့၏ ရည်ရွယ်ချက်စိတ်စေတနာများက အကုသိုလ်အဆိပ်သုံးပါးတွင် အခြေမခံသမျှ ၎င်းတို့ကို အကုသိုလ်ကံတာဝန်ရှိမှု အဖြစ် မှတ်ယူမည်မဟုတ်ပါ။ သို့သော်လည်း ဤအချက်က လက်နက်များကို အလိုအလျောက် ထောက်ခံခြင်း မဟုတ်ပါ။ ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုလုံး၏ရှုထောင့်မှ ဇီဝ၊ ဓာတုနှင့် အနုမြူလက်နက်များကဲ့သို့သော လက်နက် ပုံစံများကြောင့် မလိုလားအပ်သည့် မည်သူ့ကိုမဆိုသိမ်းကျုံးထိခိုက်နိုင်သည့် ကာလရှည်ကြာစွာ ဆင်းရဲဒုက္ခဖြစ်စေ နိုင်သည့် လက်နက်များသည် အလွန်ကြီးကျယ်သော ပြဿနာများ ဖြစ်ပါသည်။[36]

IHL ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူက မည်သည့်ဘက်မဆိုတစ်ဘက်ဘက်၏ တရားဝင် ပဋိပက္ခရည်ရွယ်ချက် ပေါက်မြောက်ရေးအတွက် မလိုလားအပ်သော ဆင်းရဲဒုက္ခဖြစ်စေခြင်းကို တားမြစ် ထားပြီး ရန်သူ့လက်တွင်းသို့ကျရောက်သွားသောသူများကို အချိန်တိုင်းတွင် လူသားဆန်စွာဆက်ဆံရန် ပြဋ္ဌာန်း ထားပါသည်။ (Melzer 2099) ထို့အပြင် IHL သဘောတူစာချုပ်များစွာတွင် တွေ့ရသော လူသိများထင်ရှားသော Martens Clause က ဖော်ပြသည်မှာ -

> ဤနောက်ဆက်တွဲသဘောတူညီချက် သို့မဟုတ် အခြား အပြည်ပြည်ဆိုင်ရာသဘောတူညီချက် တို့တွင် အကျုံးမဝင်သည့်ကိစ္စရပ်များတွင် အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များသည် အခြေ ခိုင်နေပြီဖြစ်သော ဓလေ့ထုံးတမ်းများ (custom)၊ လူသားချင်းစာနာမှုအခြေခံမူများ (principles of humanity) နှင့် အများပြည်သူတို့၏ အမှားအမှန် ပိုင်းခြားတတ်သည့် အသိစိတ်၏လမ်းညွှန်ချက် (dictates of public conscience) တို့မှ ဆင်းသက်လာသော အပြည်ပြည်ဆိုင်ရာဥပဒေ၏ အခြေခံ မူများက ပေးသည့် အကာအကွယ်နှင့် ဩဇာအာဏာစက်အောက်တွင် ဆက်လက်ရှိနေပါသည်။[37]

ထို့ကြောင့် ပိုမိုတိကျသောဥပဒေများ၏ လွှမ်းခြုံမှုအောက်တွင် အကျုံးဝင်ခြင်းမရှိသော လက်နက်ကိုင်ပဋိပက္ခ အခြေအနေများအတွင်း၌ပင် လူသားချင်းစာနာမှုအခြေခံမူများ (principles of humanity) နှင့် အများပြည်သူတို့၏ အမှားအမှန် ပိုင်းခြားတတ်သည့် အသိစိတ်၏လမ်းညွှန်ချက် (dictates of public conscience) တို့က စစ်တိုက်နေ ကြသူများ၏ အပြုအမူကို ဆက်လက်လမ်းညွှန်ပေးရမည်ဖြစ်ပြီး အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအား အကာအကွယ်ပေးမှုကို အနိမ့်ဆုံးအဆင့် ဆက်လက်ပေးရပါမည်။

ဗုဒ္ဓဘာသာ၏အခြေခံမူသဘောတရားများသည် စစ်ပွဲရှိခြင်းမရှိခြင်းနှင့်မသက်ဆိုင်ဘဲ အချိန်တိုင်းတွင် ပို၍ပင် သက်ဆိုင်မှုရှိနေပြီး "စစ်ပွဲတွင် ဥပဒေအရ တားမြစ်ထားခြင်းမရှိသည့်အရာတိုင်းကို ခွင့်ပြုသည်" ဟူသောအမြင်နှင့်လည်း ဧကန်မုချ ဆန့်ကျင်နေပါသည်။ တနည်း အဟိံသတရားကို ကျင့်သုံးခြင်းအားဖြင့် အရာရာကို ဆင်းရဲဒုက္ခလျှော့နည်းစေခြင်းနှင့် လိုက်လျောညီထွေရှိစေပါသည်။[38] IHL နှင့် ဗုဒ္ဓဘာသာနှစ်ခုစလုံးက စစ်ပွဲ၏ ပကတိ အရှိတရားများကို အသိအမှတ်ပြုလက်ခံကြပြီး လက်နက်များကြောင့်ဖြစ်ရသော ဆင်းရဲဒုက္ခနှင့်ပတ်သက်သည့် ၎င်းတို့၏ အလေးထားစိုးရိမ်သောကများကို မျှဝေကြရာတွင် ဗုဒ္ဓဘာသာက စိတ်တွင်းလက်နက်ဖျက်သိမ်းခြင်းဖြစ်သည့် အထွတ်အထိပ် လက်နက်ဖျက်သိမ်းရေးကို ဦးတည်ပါသည်။

## စစ်သည်ဘဝ၏ ကံနှင့်ဆိုင်သောပါဝင်ပတ်သက်မှုများ

စစ်တပ်တာဝန်ထမ်းဆောင်သူ ဗုဒ္ဓဘာသာဝင်များအတွက် အရေးပါဆုံးနှင့် အများဆုံးဆွေးနွေးမှုများသည် တိုက်ပွဲမတိုင်မီ၊ တိုက်ပွဲတွင်းနှင့် တိုက်ပွဲပြီးနောက် စစ်သည်များ ရင်ဆိုင်ကြုံတွေ့ရသော ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ ကိစ္စများဖြစ်ပြီး အထူးသဖြင့် စစ်မှုထမ်းခြင်း၏ အကုသိုလ်ကံအကျိုးဆက်များနှင့်သက်ဆိုင်သည်များအပြင် သူ့အသက်သတ်ဖြတ်ခြင်းအပေါ် လူ့ကျင့်ဝတ်ဆိုင်ရာရှုထောင့်နှင့်ပတ်သက်သည်များ ဖြစ်ပါသည်။[39] ဗုဒ္ဓဘာသာနှင့် စစ်တပ်တို့ ဆုံရာတွင် တာဝန်ထမ်းဆောင်ပြီး စစ်တပ်ကိုယ်ကျင့်တရားကို ပညာပေးရာ၌ အရေးပါသောအခန်းကဏ္ဍများတွင် ဖြည့်ဆည်းပေးလျက်ရှိသည့် စစ်မှုထမ်းဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ဤနေရာ၌ ထူးခြားသော အမြင်တစ်ခုကို ပေးပါသည်။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ထိုင်းနိုင်ငံ အပါအဝင် အာရှနိုင်ငံအတော်များများတွင် တရားဝင် ခန့်အပ်ထားသော စစ်မှုထမ်းဗုဒ္ဓဘာသာဘုန်းကြီးများနှင့် တရားဝင်မဟုတ်သော အလွတ်သဘော စစ်တပ်အတွက် ဘာသာရေးဟောကြားပေးသော ဗုဒ္ဓဘာသာဘုန်းကြီးများ ရှိကြပါသည်။ မကြာသေးမီနှစ်များအတွင်း အနောက် နိုင်ငံ စစ်တပ်များကလည်း ဗုဒ္ဓဘာသာဘုန်းကြီးများကို စတင်စာရင်းသွင်းခန့်ထားလာကြပါသည်။ ရှေ့တန်း စစ်မျက်နှာမှ စိတ်ဝင်စားစရာကောင်းသော ဥပမာတစ်ခုကို ၂၀၀၉ ခုနှစ်တွင် အီရတ်၌ တပ်ဖြန့်ထားခဲ့သော အမေရိကန်စစ်တပ်တွင် ပထမဆုံး တာဝန်ထမ်းဆောင်သော ဗုဒ္ဓဘာသာဘုန်းကြီး ဗိုလ်ကြီး သောမတ်စ် ဒိုင်ယာ (Captain Thomas Dyer) က ကျွန်ုပ်တို့ကို ပြောပြခဲ့ပါသည် -

> အီရတ်တွင် ဖြစ်ပွားသောစစ်ပွဲတစ်ခုအတွင်း အမေရိကန်လူမျိုး ဗုဒ္ဓဘာသာဝင်စစ်သည်တစ်ဦးက အိမ်တစ်အိမ်၏ လသာဆောင်တွင်ဝပ်နေသော လက်နက်ကိုင်ဆောင်ထားသည့် သောင်းကျန်းသူတစ်ဦးကို ပစ်ခတ်ခဲ့ပါသည်။ ၎င်း၏ပစ်ခတ်ချက်များက ထိုသောင်းကျန်းသူကိုသေစေခဲ့ရုံသာမက အိမ်အတွင်းကိုပါရောက်ရှိသွားခဲ့ပြီး ထိုသောင်းကျန်းသူ၏ ကိုယ်ဝန်ဆောင်ဇနီးသည်နှင့်အတူ ခြောက်နှစ်အရွယ် သားကိုပါ သေဆုံးစေခဲ့ပါသည်။ ထိုစစ်သားက သောမတ်စ်ဒိုင်ယာထံ အကူအညီတောင်းရန် သွားရောက်ခဲ့ပါသည်။ ဒိုင်ယာက ပြန်လည်ပြောပြသည်မှာ “ထိုစစ်သားက သံယုတ္တနိကာယ်မှ သုတ်တစ်ခုကို အသေးစိတ်ပြောပြခဲ့ပါသည်။ အတိုချုံးရလျှင် စစ်သည်တော်တစ်ဦးသည် စစ်ပွဲတွင် ကိုယ်တိုင် အားထုတ်ကြိုးပမ်းနေစဉ် တစ်စုံတစ်ယောက်ကို သေစေလျှင် ထိုသူသည်သေပြီးသည့် နောက်ငရဲကျမည်ဟု ထိုသုတ်က ဆိုထားပါသည်။ စစ်တပ်တွင် တာဝန်ထမ်းရသော ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါးအနေဖြင့် ကျွန်ုပ် ဤဗုဒ္ဓဘာသာဝင်စစ်သားကို မည်သို့ အကူအညီပေးနိုင်မည်နည်း။ ကျွန်ုပ် ဘာပြောရမည်နည်း။” ဒိုင်ယာက စစ်သားကိုပြောခဲ့သည်မှာ “တိုက်ပွဲတွင် ဆိုးရွားသောအရာများ ဖြစ်ပွားသော်လည်း ဤလောကကြီးသည် အကာအကွယ်ပေးမည့် အင်အားစုများမရှိဘဲ သူ့ချည်း တည်တံ့နိုင်မည်မဟုတ်။ စစ်တပ်က လုပ်ခဲ့သည့် ကောင်းသောအရာများကို ကျွန်ုပ်တို့ ဆွေးနွေးခဲ့ကြသည်။ .... ထို့နောက် ၎င်း၏ အမှုထမ်းခြင်းသည် တန်ဖိုးရှိပြီး လိုလည်းလိုအပ်ကြောင်းနှင့် ... ၎င်းသည် မှန်ကန်သောလုပ်ရပ်ကို မှန်ကန်သော အချိန်တွင် လုပ်ခဲ့ခြင်းဖြစ်ကြောင်း သူ့အား သတိပေးပြောဆိုခဲ့ပြီး ၎င်းကို စစ်သည်တစ်ဦးအဖြစ် ကျွန်ုပ်က အခိုင်အမာရပ်တည်ပေးခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင် စစ်သည်တစ်ဦးအဖြစ် ၎င်း၏ စေတနာရည်ရွယ်ချက်များကောင်းလျှင် သူ၏ကံလည်း ကောင်းမည်သာ ဖြစ်သည်။” (Bosco 2014, 837)

မကြာခဏ ရည်ညွှန်းကြသော (အထက်၌ပြခဲ့သကဲ့သို့ မှားယွင်းဖော်ပြခဲ့ကြသော) ဂါမဏိသံယုတ်တွင် ဂါမဏိ (ရွာသူကြီးများ၊ ရပ်ရွာအသိုင်းအဝိုင်းခေါင်းဆောင်များ) အတော်များများကို ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်းများ ပါဝင်လုပ်ဆောင်ရသော အသက်မွေးမှုလုပ်ငန်းများ၏ ကံပါဝင်ပတ်သက်မှုနှင့်စပ်လျဉ်း၍ ဟောကြားခဲ့သော ဗုဒ္ဓ၏

တရားများ အကြောင်းပါဝင်ပါသည်။ အလားတူ သုတ္တန်သုံးခုဖြစ်သော ယောဓာဇီဝသုတ်(Sn. 42-3)၊ ဟတ္ထာရောဟသုတ်(Sn. 42-4)နှင့် အဿာရောဟသုတ်(Sn. 42-5)တို့တွင် ဗုဒ္ဓက ယောဓာဇီဝရွာသူကြီးနှင့် ဆင်ထိန်းများ၊ မြင်းသည်တော်များတို့ကို တရားဟောကြားခဲ့ပါသည်။ (သဒ္ဒါအလိုအရ ယောဓာဇီဝသည် "တိုက်ခိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ" ဟု အဓိပ္ပါယ်ရသောကြောင့် ကျွမ်းကျင်စစ်သည်တော်များကို ရည်ညွှန်းပါသည်။) ယောဓာဇီဝ ရပ်ရွာအသိုင်းအဝိုင်းသည် ၎င်းတို့၏ တိရစ္ဆာန်များနှင့် နီးနီးကပ်ကပ် အခြေချ နေထိုင်နေကြသည့် ၎င်းတို့၏ကျွမ်းကျင်မှုအရ လုပ်ကိုင်ရသော ဆင်ထိန်းများနှင့် မြင်းသည်တော်တို့နှင့် ကွဲပြားသောကြောင့် (ဆင်း - Singh 1989) ယောဓာဇီဝဟူသည် ဘုရင့်စစ်တပ်ရှိ ခြေလျင်စစ်သည်များ အကျုံးဝင်နိုင်ခြေရှိသည့် ကျယ်ပြန့်သော ဝေါဟာရ အသုံးအနှုန်း ဖြစ်ဟန်ရှိပါသည်။[40]

> "အကယ်၍ သူသည် (ယောဓာဇီဝ)တစ်ယောက်အဖြစ် စစ်ပွဲတွင် ကြိုးစားအားထုတ်ပြီး လုံ့လစိုက်ထုတ်မည်ဆိုလျှင် အကယ်၍ သူ၏စိတ်သည် 'ဤသက်ရှိသတ္တဝါတို့ အသတ်ခံရပါစေ၊ ချည်နှောင်ခံရပါစေ၊ သုတ်သင်ခံရပါစေ၊ ပျက်စီးပါစေ သို့မဟုတ် အသက်မဆက်ပါစေနှင့်တော့' ဟူသော အတွေးဖြင့် နိမ့်ကျပြီးသား၊ ယုတ်ညံ့ပြီးသားနှင့် လမ်းလွဲရောက်ပြီးသားဆိုလျှင် ထို့နောက်တွင် သူသည် ကြိုးစားအားထုတ်ပြီး လုံ့လစိုက်ထုတ်နေစဉ်အတွင်း အကယ်၍ အခြားသူတို့က (စစ်ပွဲအတွင်း) သူ့အား သတ်ဖြတ်ကြပြီး ဇာတ်သိမ်းသွားလျှင် ခန္ဓာပျက်သည့်ခြင်းနှင့်အတူ သေဆုံးပြီးသည့်နောက်တွင် သူသည် သရာဇိတ (Sarājita) အမည်ရသော ငရဲသို့ ကျရောက်ရပါသည်။" (Sugiki 2020, 8, n.28)

ဤအချက်ကို အချို့က စစ်ပွဲတွင် စစ်သည်တို့၏ စိတ်စေတနာသည် သေချာပေါက် သတ်ဖြတ်ရန်နှင့် အမြစ်ပြတ်သုတ်သင်ရန်သာ ဖြစ်သည်ဟူသော ၎င်းတို့၏ ယူဆချက်ပေါ်အခြေခံထားသောကြောင့် စစ်ပွဲတွင် သေဆုံးသော စစ်သည်အားလုံးတို့သည် စစ်ငရဲ(သရာဇိတ)[41]တွင် ကျရောက် အဆုံးသတ်ရသည့်သဘော နားလည်ကြပါသည်။ အမှန်စင်စစ် သုတ္တန်သုံးခုလုံး၌ သတ်ဖြတ်ရန်၊ အမြစ်ပြတ်သုတ်သင်ရန် ရည်ရွယ်သည့်စေတနာအတွေးတို့ အပေါ် အခြေပြုသော လမ်းလွဲစိတ်ဖြင့် သေဆုံးသောစစ်သည်တို့သည် စစ်ငရဲသို့ကျရောက်ကြောင်းနှင့် မကောင်းသော အပါယ်ဘုံသို့ ကျရောက်ခြင်းကို အကုသိုလ်စေတနာဆိုးက ဆုံးဖြတ်ခြင်း ဖြစ်သည်ဟု ဟောကြားထားပါသည်။

ဤသုတ္တန်သုံးခုထက်စောသည်မှာ တာလပုဋသုတ္တန်(Sn. 42. 2)ဖြစ်ပြီး ဤသုတ္တန်တွင် တာလပုဋ အမည်ရှိသော သဘင်သည်တို့၏ ခေါင်းဆောင်နှင့် စကားပြောသည့်အခါ ၎င်းတို့အားလုံး ရီမောခြင်းငရဲသို့ ကျရောက်လိမ့်မည်ဟု သိမ်းကျုံးပြောမည့်အစား ဗုဒ္ဓက လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ယစ်မူးနေသော၊ မိမိကိုယ်တိုင်လည်း သတိကင်းမဲ့ပြီး အခြားသူများကိုလည်း သတိကင်းမဲ့စေသော သဘင်သည်တို့သည် ရီမောခြင်းငရဲသို့ ကျရောက်လိမ့်မည်ဟု ဟောတော်မူခဲ့ပါသည်။

ထပ်၍ဆိုရလျှင် စိတ်အခြေအနေနှင့် စေတနာတို့မှာ အဓိက ဖြစ်ရာ သဘင်သည်တို့၏ ခေါင်းဆောင်ဖြစ်ခြင်းကြောင့် ၎င်းတို့၏ဖျော်ဖြေမှုများတွင် ကံအားဖြင့် ပါဝင်ပတ်သက်ခဲ့သော်လည်း တာလပုဋသည် ရဟန္တာတစ်ပါး ဖြစ်လာခဲ့ပါသည်။ (Thag. 19.1)

မဟာကမ္မဝိဘင်္ဂသုတ္တန်[42] (ကံအကြောင်းကို အကျယ်တဝင့်ဟောပြသောသုတ္တန်)တွင် သတ္တဝါ၏အသက်ကို သတ်ဖြတ်သူတစ်ဦးသည် နောက်ဘဝတွင် ငရဲသို့ မလွဲမသွေ ကျရောက်ခြင်းမရှိဘဲ နတ်ပြည်လောကသို့ပင် ရောက်နိုင်ကြောင်းကို ဗုဒ္ဓက အသေးစိတ်ရှင်းလင်းဟောကြားခဲ့ပါသည်။ လူ့စိတ်သဘောနှင့် ဘဝတလျှောက်တွင် စုဆောင်းမိလာသော ကံအမျိုးမျိုးတို့၏ ခက်ခဲနက်နဲရှုပ်ထွေးမှုဖြင့် ဤအချက်ကို ရှင်းပြထားပါသည်။ သေခါနီး အချိန်၌ နောက်ဆုံးဖြစ်သောစိတ်အခြေအနေ(မရဏာစိတ္တ)ကလည်း တစ်စုံတစ်ဦး၏ ပြန်လည်မွေးဖွားမည့်ဘဝအပေါ် ကြီးမားစွာ လွှမ်းမိုးသက်ရောက်မှု ရှိပါသည်။

အသက်မွေးမှုအလုပ်အကိုင်များက ကျွန်ုပ်တို့ကို ပြဋ္ဌာန်းသတ်မှတ်ခြင်းမဟုတ်၊ ကျွန်ုပ်တို့၏အလုပ်အား ကျွန်ုပ်တို့ မည်သို့မည်ပုံလုပ်သည် ဆိုသည်ကို ကျွန်ုပ်တို့က ပြဋ္ဌာန်းသတ်မှတ်ခြင်း ဖြစ်ကြောင်း ဤသုတ္တန်တို့က ဖော်ပြပါသည်။ ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်တို့သည် စစ်ပွဲတွင် တိုက်ခိုက်နေစဉ် ၎င်းတို့၏စိတ်အခြေအနေကို ဂရုတစိုက်စောင့်ကြည့်ရန်လိုပြီး အကယ်၍ ၎င်းတို့၏စိတ်စေတနာသည် သတ်ဖြတ်ရန်နှင့် ဖျက်ဆီးရန်ဖြစ်လျှင် မကောင်းသောကံအကျိုးပေးကိုဖြစ်စေသည့် မကောင်းသောအကုသိုလ်စိတ်အခြေအနေများ အစဉ်ထာဝရ ပါဝင်နေပါသည်။

ဗုဒ္ဓဘာသာကျမ်းစာများတွင် မိမိစစ်သည်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် လေးစားရန် နိုင်ငံတော်၏ တာဝန်ကိုလည်း ဟောကြားထားပါသည်။ စက္ကဝတ္တိ-သီဟနာဒသုတ္တန်တွင် "သင့်မိသားစု၊ စစ်တပ်အတွင်းရှိ သင့်စစ်သည်များ ----- အား တရားဓမ္မအရ စောင့်ကြပ်မှု၊ နယ်မြေ၊ အကာအကွယ်ပေးမှု တို့ကို တည်ထောင်သတ်မှတ်ပေးရန်" ဘုရင်တို့ကို အကြံပြုထားပါသည်။ (Dn.26; PTS Pali III. 61) သံဝရဇာတကတွင် စစ်တပ်၏ အပိုင်းကဏ္ဍများအားလုံးရှိ စစ်သည်များကို သင့်လျော်သောလုပ်အားခ[43] ချီးမြှင့်သည့်အတွက် ဘုရင်အား ချီးမွမ်းခဲ့ပြီး သာမဇာတကတွင် နတ်ပြည်လောကသို့ရောက်ရှိစေနိုင်သော ဘုရင်တို့၏ တာဝန်ဆယ်ရပ်တွင် ၎င်းတို့၏ စစ်သည်များအတွက်တာဝန်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။[44]

IHL တွင် မိမိ၏တပ်ဖွဲ့ဝင်များအတွက် တာဝန်အား အသိအမှတ်ပြုမှုကိုလည်း တွေ့ရှိရပါသည်။ မလိုလားအပ်သော ဆင်းရဲဒုက္ခများကိုကျရောက်စေသည့်အခါ စစ်ရာဇဝတ်မှုများ ဖြစ်ပေါ်လာပါသည်။ တရားဥပဒေနှင့် ဆင်ခြင်တုံတရားကို လိုက်နာခြင်းဖြင့် ထိုရာဇဝတ်မှုများတွင် မိမိတပ်ဖွဲ့ဝင်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများလည်း ပါဝင်သည့်အချက်ကို ထောက်ခံပြောဆိုနိုင်ပါသည်။ IHL အရ နစ်နာသူအား အကာအကွယ်ပေးမှုကို ငြင်းပယ်ရန်အတွက် ဘက်တစ်ဘက်တည်း၏တပ်ဖွဲ့ဝင်အချင်းချင်းဖြစ်သောကြောင့်ဆိုသည့်အချက်မှာ တရားဝင် အကြောင်းပြချက် မဖြစ်စေရပါ။[45] IHL က အချို့သောအခြေအနေများတွင် မိမိ တပ်ဖွဲ့ဝင်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့်ပတ်သက်၍သာ မှတ်ချက်ပေးသော်လည်း စစ်ဘက်ဥပဒေနှင့် လူ့အခွင့်အရေးဥပဒေတို့ ကဲ့သို့ သော ဆက်စပ်ဥပဒေများသည် မိမိတပ်ဖွဲ့ဝင်များ၏ ကောင်းကျိုးကို အာမခံရန် ဤတာဝန်ကိုလည်း ထင်ဟပ် ဖော်ပြပါသည်။

ဗုဒ္ဓဘာသာကိုယ်ကျင့်သီလ၏ ယေဘုယျ အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ အကယ်၍ ဥပဒေက တစ်စုံတစ်ဦးကို အတင်းအကျပ် စစ်မှုထမ်းစေမည်ဆိုလျှင် ထိုသူက မည်သို့မျှ ဆန့်ကျင်နိုင်ခြေမရှိဘဲ မည်သည့်စစ်ပွဲကိုမဆို ပါဝင်တိုက်ခိုက်ရန် အခြေခံအားဖြင့် ဆန့်ကျင်လျှင် တစ်စုံတစ်ဦးသည် သန္နိဋ္ဌာန်ချပြီး သံဃာ့ဘောင်သို့လည်း ဝင်ရောက်နိုင်ခြင်းမျိုးကဲ့သို့သော လုံခြုံမှု အခင်းအကျင်း သို့မဟုတ် ဥပဒေနှင့်ညီသောဝန်းကျင်ကို လွှမ်းမိုးရန် ကြိုးစားနိုင်ပါသည်။ ၂၀၁၉ ခုနှစ်တွင် သီရိလင်္ကာ၌ "လက်နက်ကိုင်ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခလျော့နည်းစေခြင်း - ဗုဒ္ဓဘာသာနှင့် IHL အကြား ဆက်သွယ်မှု"[46] ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပခဲ့သည့် ညီလာခံအတွင်း စစ်တပ်ဗိုလ်ချုပ်ဟောင်းတစ်ဦးက ဆုံးဖြတ်ချက်ချသည့် နိုင်ငံရေးသမားများအပေါ် ပိုမို အာရုံစိုက်ရန်လိုအပ်ကြောင်းကို အလေးထားပြောဆိုခဲ့ပါသည် -

> လူတို့သည် တိုက်ခိုက်သောလက်နှင့် ဆုံးဖြတ်သည့်ဦးနှောက်တို့အကြား ခွဲခွဲခြားခြား ပြုလုပ်ရန် ပျက်ကွက်ကြပါသည်။ တိုက်ခိုက်ရန်မှာ စစ်သည်တို့၏တာဝန်ဖြစ်ပါသည်။ လူတိုင်းက စစ်သည်အကြောင်းကို အမြဲပြောကြသည်။ ... သင်တို့သည် မူဝါဒချမှတ်သူများအကြောင်းကို စဉ်းစားရပါမည်။ .... အခြားသူတို့၏ ရဲရင့်မှုအတွက် အခြေခံအားဖြင့် လိုအပ်သည်မှာ အချို့သောသူတို့၏ ကျရှုံးမှုများ ဖြစ်ပါသည်။ စစ်သည်တို့၏ ရည်ရွယ်ချက်စေတနာမှာ အများပြည်သူတို့ကို ကယ်တင်ရန် ဖြစ်ပါသည်။ (ICRC 2019)

စစ်သည်တို့သည် နိုင်ငံကို အလုပ်အကျွေးပြုရန်တာဝန်ရှိပါသည်။

၎င်းတို့၏တာဝန်များနှင့် အခြေအနေများအရ ဆင်းရဲဒုက္ခကို ဖြစ်နိုင်သမျှ အနည်းဆုံးဖြစ်စေရန် ၎င်းတို့ ပြုသည့်ကံကို စီမံခန့်ခွဲပုံနှင့်ပတ်သက်၍ ရွေးချယ်မှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ သို့သော် IHL အရ အမိန့်များကို အဆင်ခြင်မဲ့စွာ လိုက်နာရန် တာဝန်မရှိပေ။ ဗုဒ္ဓဘာသာရှုထောင့်မှ တစ်စုံတစ်ဦးက အခြားတစ်ဦးကို ပြုလုပ်ရန် အမိန့်ပေးသည့်အခါ လုပ်ရပ်များမှပေါ်ထွက်လာသည့် အကျိုးရလဒ်အတွက် အမိန့်ပေးသူနှင့် အမိန့်ပေးခြင်းခံရသူနှစ်ဦးစလုံးတွင် တာဝန်ရှိပါသည်။[47] အမိန့်ပေးသူသည် ထိုနောက်ဆုံးလုပ်ရပ်ကို မလုပ်ခဲ့ခြင်းဟူသော အကြောင်းကြောင့် လုံးဝဥဿုံ တာဝန်မကင်းသလို အမိန့်ပေးခြင်းခံရသူသည်လည်း "အမိန့်များကိုနာခံရခြင်းသာ"ဟူသော အကြောင်းကြောင့် တာဝန်ကင်းသည်မဟုတ်ပါ။ အမိန့်ပေးသူတွင် ပိုမိုကြီးမားစွာ တာဝန်ရှိပြီး အမိန့်ပေးခြင်းခံရသူတွင် ကျင့်ဝတ်နှင့်မညီသော အမိန့်များကို မလိုက်နာဘဲ ငြင်းဆန်ရန် တာဝန်ရှိပါသည်။[48] ဤအချက်သည် ဥပမာ အရပ်သားများကို သတ်ဖြတ်ရန်အမိန့်များကဲ့သို့ ဥပဒေနှင့်မညီသောအမိန့်များကို လိုက်နာခြင်းမပြုရန် စစ်သားတစ်ဦးချင်းစီ၏ တာဝန်နှင့်ပတ်သက်သည့် IHL ၏ အလေးထားမှုနှင့် ကောင်းစွာ ညီညွတ်ပါသည်။ (Henckaerts and Doswald – Beck 2005, 563, Rule 154) မိမိတို့၏လက်အောက်ငယ်သားများက ကျူးလွန်နေသည့် စစ်ရာဇဝတ်မှုများကို သိရှိပြီး ၎င်းတို့ကို တားဆီးရန် မကြိုးပမ်းလျှင် သို့မဟုတ် ဖြစ်ရပ်ပြီးသည့်နောက် တာဝန်ရှိသူ

များကို အပြစ်မပေးလျှင် ကွပ်ကဲသူတပ်မှူးများ၌ တာဝန်ရှိသည်အထိလည်း ဤအချက်က ကျယ်ပြန့်သွားပါသည်။ (Henckaerts and Doswald – Beck 2005, 558, Rule 153)

ဗုဒ္ဓဘာသာဒဿနပညာရှင်တို့တွင် အရေးပါဆုံးသူများထဲမှ တစ်ဦးဟု ယူဆကြသော နာဂဇုန(နှစ်/သုံးရာစု CE) ရေးသားခဲ့သော ရာဇာပရိကထာ-ရတနမာလာ(ဘုရင်မင်းကြီးအတွက် အဖိုးတန်အကြံပြုပန်းကုံး) ကျမ်းက အုပ်ချုပ်သူအစိုးရကောင်းတွင် ပါဝင်ရမည့်အရာများကို အကြံပေးခဲ့ရာ၌ "သဘောထားကြီးစိတ်ထားမြင့်မြတ်သော၊ တပ်မက်မှုကင်းသော၊ ရဲရင့်သော၊ နူးညံ့သော၊ တည်ကြည်သော၊ သတိမြဲမြံပြီး ဓမ္မကိုလိုက်နာကျင့်သုံးသော သူတို့ကို လက်နက်ကိုင်တပ်များ၏ ခေါင်းဆောင်များအဖြစ် ခန့်အပ်လေလော့"ဟူသော အချက်ပါဝင်ပါသည်။ (Rpr. 3. 24)

နှစ်ဦးစလုံး ဗုဒ္ဓ၏တပည့်သာဝကများ ဖြစ်ကြသည့် စစ်သူကြီးများဖြစ်ကြသော လိစ္ဆဝီမျိုးနွယ်မှ အဇိတ ('အနိုင်မခံအရှုံးမပေးသော')နှင့် သီဟ('ခြင်္သေ့')တို့၏ ဖြစ်ရပ်များသည် ဤအခြေအနေနှင့်သက်ဆိုင်ပါသည်။ ၎င်းတို့ခေတ်အခါက စစ်မှုထမ်းရာတွင်[49] မကြာခဏ ဖြစ်ပွားလေ့ရှိသည့် သေစေလောက်သော ပဋိပက္ခ နောက်ကွယ်မှ တပ်မှူးများအဖြစ် ၎င်းတို့တွင် ကံနှင့်ဆိုင်သော တာဝန်အလွန်ကြီးသော်လည်း ၎င်းတို့သည် နတ်ပြည်နတ်ဘုံလောကသို့ ရောက်ရှိရန်အခွင့်အရေးရခဲ့ကြသည့်အပြင်[50] အရဟတ္တမဂ်ဉာဏ်ကိုပါ ရရှိခဲ့ကြပါသည်။ စစ်သူကြီးအဇိတသည် သေဆုံးပြီးနောက် ချက်ချင်း "သုံးဆယ့်သုံးပါးသောနတ်တို့"နှင့်အတူ နတ်ပြည်၌ ပြန်လည်မွေးဖွားခဲ့ပါသည်။ (Dn.24; PTS Pali III . 14. 15) အင်္ဂုတ္တရနိကာယ်တွင် ဗုဒ္ဓက စစ်သူကြီးသီဟကို စစ်တပ်မှထွက်ရန် အကြံပြုမည့်အစား ၎င်း၏တာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်ရန် မိန့်ကြားခဲ့ကြောင်း ကျွန်ုပ်တို့လေ့လာသိရှိခဲ့ရပါသည်။ ထို့နောက် သီဟသည် သောတာပန်တစ်ဦး ဖြစ်လာခဲ့ပါသည်။ (An. 8. 12) သောတာပန်ဟူသည် သဒ္ဒါအလိုအရ "အဆက်မပြတ်စီးဆင်းမှု(သောတ)အတွင်းသို့ ဝင်ရောက်သူ(အာပန္န)"ဟု အဓိပ္ပါယ်ရပြီး နိဗ္ဗာန်ဟူသည့် အပြောကျယ်သောသမုဒ္ဒရာအတွင်းသို့ စီးဝင်သော စမ်းချောင်းတစ်ခုအလား မဂ္ဂင်ရှစ်ပါး လမ်းကြောင်းကို တင်စားမှုအသုံးပြုထားခြင်း ဖြစ်ပါသည်။ (Sn. 55. 5) သောတာပန်ပုဂ္ဂိုလ်တစ်ဦးအတွက် အလွန်ဆုံး ခုနစ်ဘဝအတွင်း အရဟတ္တမဂ်ဉာဏ်ကို ရနိုင်ပြီး ကြိုးစားအားထုတ်လျှင် လက်ရှိဘဝတွင်ပင် အရဟတ္တမဂ်ဉာဏ်ကို ရနိုင်ပါသည်။

CE ငါးရာစုခန့်က ဂန္ဓာရရဟန်းတော် ဝသုဗန္ဓုရေးသားခဲ့သော အဘိဓမ္မကောသ-ကာရိကာ(အဘိဓမ္မရတနာသိုက်အကြောင်းဂါထာများ)၏ အဖွင့်အဋ္ဌကထာဖြစ်သော အဘိဓမ္မကောသ-ဗျာသ(အဘိဓမ္မာရတနာသိုက်အကြောင်းကိုဖွင့်ဆိုသော အဋ္ဌကထာ)ဟူသည့် ကျော်ကြားထင်ရှားသောကျမ်းစာကလည်း စစ်တပ်အလုပ်ကို ကံရှုထောင့်မှ ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းမရှိပေ။ တစ်စုံတစ်ယောက်သည် သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုခုသို့ ဝင်ရောက်သောအခါ ထိုအဖွဲ့အစည်းသည် တိရစ္ဆာန်များကို သတ်ဖြတ်ရန် ရည်ရွယ်သော မုဆိုးအုပ်စုဖြစ်စေ၊ လူ့အသက်ကို အမြစ်ပြတ်သုတ်သင်ရန် ရည်ရွယ်သော တိုက်ခိုက်ရေးတပ်ဖွဲ့ဖြစ်စေ၊ ထိုအဖွဲ့ထဲမှ တစ်ဦးတည်းက သတ်ခြင်းအမှုကို အမှန်တကယ်ပြုသည့်တိုင် ၎င်းတို့အားလုံးတွင် သတ်ဖြတ်ရန် ရည်ရွယ်ချက်စေတနာ အညီအညွတ်ရှိကြသည့်အတွက် ၎င်းတို့အားလုံးတွင် ပြုလုပ်သောကံအတွက် တန်းတူ တာဝန်ရှိပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ထိုသို့သောအဖွဲ့အစည်းမျိုးကို ဝင်ရောက်ရန် အတင်းအကျပ်စေခိုင်းခံရသည့်တိုင် မိမိအသက်ကို အကာအကွယ်ပေးရာ၌ပင် သူ့အသက်ကိုမသတ်ဟု သန္နိဋ္ဌာန်ချထားခြင်းဖြင့် ထိုအဖွဲ့အစည်း၏ သတ်ဖြတ်လိုစိတ်ရှိသော ရည်ရွယ်ချက်စေတနာကို ဆန့်ကျင်ကန့်ကွက်ခြင်း မပြုလျှင် ထိုကံအတွက် မိမိမှာလည်း တာဝန်ရှိပေသည်။[51] အခရာ ပြဋ္ဌာန်းခြင်းကိုပြုသည်မှာ ရည်ရွယ်ချက်စေတနာဖြစ်သည်ဟု ထပ်လောင်းပြောဆိုချင်ပါသည်။

စစ်တပ်၏တာဝန်ထမ်းဆောင်ရင်း ဖြစ်ပေါ်လာသော မည်သည့်သေဆုံးခြင်းအတွက်မဆို စစ်တပ်သို့ ဝင်ရောက်သူမည်သူမဆို ကံအရ တူညီစွာ တာဝန်ရှိသည်ဟူသော အနက်အဓိပ္ပါယ်ကောက်ယူမှုသည် စစ်တပ်ဆိုသည်မှာ သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် အညီအညွတ်ပြုထားသော သတ်ဖြတ်သည့်စက်များဖြစ်သည် ဟူသည့် နားလည်မှုလွဲမှားခြင်းပေါ်တွင် တည်ပါသည်။ အရည်အချင်းရှိသောစစ်သည်များကို တာဝန်ပေးအပ်သည့်အခါ ၎င်းတို့၏ စိတ်စေတနာသည် ယေဘုယျအားဖြင့် ကောင်းသောကုသိုလ်ဖြစ်ရန် ပိုများပေလိမ့်မည်။

အောက်ပါစကားများသည် ဗြိတိသျှစစ်တပ်ရှိ ဗုဒ္ဓဘာသာဝင် ဒုတိယဗိုလ်မှူးကြီးတစ်ဦး၏ အတွေးနယ်ချဲ့သော ထင်ဟပ်မှုများ ဖြစ်ပါသည် -

ကျွန်ုပ်တို့ အလွယ်တကူ လျစ်လျူရှု၍မရနိုင်သော အလေးအနက်ထားရမည့် စစ်ရေးပိုင်းရှိသည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ ယင်းမှာ ခက်ခဲသည့်အချက် ဖြစ်ပါသည်။ စစ်တပ်တွင် ကျွန်ုပ်တို့ ခွင့်မပြုနိုင်သည်မှာ ကျွန်ုပ်တို့၏စစ်သည်များ/အရာရှိများက စစ်မြေပြင်တွင် ချီတုံချတုံတွန့်ဆုတ်ဝန်လေးနေသည့်အခြေအနေ ဖြစ်ပါသည်။ . . . အမိန့်များက ဥပဒေနှင့်မညီလျှင် ထိုအမိန့်များကို ကျွန်ုပ်တို့ မျက်ကန်းသဖွယ်အဆင်ခြင်မဲ့ လိုက်နာရမည်ဟု ကျွန်ုပ်မဆိုလိုသော်လည်း စစ်သည်အားလုံးကို မည်သည့်ကိစ္စတွင်မဆို အမိန့်နာခံရန် သင်ကြားထားပါသည်။ အမိန့်က ဥပဒေနှင့်မညီလျှင် ယင်းမှာ မတူကွဲပြားသည့်အရာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ ထင်မြင်ချက်တွင် ကျွန်ုပ်၏အနေအထားကို မကြာခဏ ကိုယ်တိုင်ကိုယ်ကျ ဆင်ခြင်စဉ်းစားသည်မှာ -

ကျွန်ုပ်၏အစိုးရက ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့အသုံးပြုမှုအပေါ် စဉ်းစားဆုံးဖြတ်ခြင်းများတွင် စေ့ဆော်မှုအကြောင်းရင်း မှန်ကန်သည်ဟု ကျွန်ုပ်ယုံကြည်ပါသလော။ ကျွန်ုပ်တို့၏ စစ်တပ်သည် အတတ်နိုင်ဆုံး လူသားဆန်သော အလုပ်များကို လုပ်ပါသလော။ ကျွန်ုပ်တို့လုပ်ဆောင်နေဆဲအရာများတွင် ကောင်းကျိုးဆောင်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ကျွန်ုပ်ထင်မြင်ပါသလော။ ဤမေးခွန်းများအားလုံးကို ဟုတ်ပါသည်၊ မှန်ပါသည်ဟု ယုံယုံကြည်ကြည်ဖြင့် ကျွန်ုပ် ဖြေနိုင်မည်ဆိုလျှင် ဤအလုပ်တွင် ကျွန်ုပ်ဆက်ရှိနေနိုင်ခြင်းကို ကျွန်ုပ်ကျေနပ်ပေသည်။ သို့သော်လည်း ဤသည်မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြစ်ပါသည်။ ယင်းမှာ ကျွန်ုပ်၏ကံ ဖြစ်ပါသည်။ အကယ်၍ ဤမေးခွန်းများအပေါ် ကျွန်ုပ်၌ သံသယများ ရှိမည်ဆိုလျှင် ကျွန်ုပ် စစ်တပ်မှ ထွက်ရပေလိမ့်မည်။

သို့သော်လည်း သေချာသောအရာတစ်ခုရှိပါသည်။ ကျွန်ုပ်က စစ်တပ်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေပြီး အသက်သတ်ခြင်းပါဝင်သောအမိန့်ကို ကျွန်ုပ်က ဆောင်ရွက်ရန် သို့မဟုတ် ပေးရန် အချိန်ရောက်လာမည်ဆိုလျှင် ကျွန်ုပ် လုပ်ဆောင်ရမည်ဖြစ်သော်လည်း ထိုဆုံးဖြတ်ချက်ကို သတိအပြည့်ဖြင့်လုပ်ဆောင်ရမည့်အပြင် ထိုကံ၏အကျိုးဆက်များကိုလည်း အပြည့်အဝထည့်သွင်းစဉ်းစားရပါမည်။ သို့သော် ကျွန်ုပ် ချီတုံချတုံဖြစ်၍ မရပါ။ ကျွန်ုပ်၏ အလုပ်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ကျွန်ုပ် ထိုအခြေအနေသို့ မရောက်မီ ချမှတ်ရပါမည်။ စစ်မြေပြင်တွင် ယင်းသို့သောစဉ်းစားတွေးတောမှုများကို ပြုလုပ်နေရမည့်အချိန် မဟုတ်ပါ။

သို့သော်လည်း တစ်ချိန်တည်းမှာပင် ကျွန်ုပ်၏ဘာသာရေးယုံကြည်ချက်က ကျွန်ုပ်အား အခြားသူများ ဆင်းရဲဒုက္ခရောက်ခြင်းကို သတိပြုမိစေပါလိမ့်မည်။ ကျွန်ုပ်တတ်နိုင်သမျှ ဆင်းရဲဒုက္ခ လျော့နည်းစေရန် ကျွန်ုပ် ဆောင်ရွက်ပါမည်။ ဖြစ်နိုင်သောအချိန်တိုင်း အကြင်နာတရားနှင့် ကရုဏာတရားကို ကျွန်ုပ် ပြသပါမည်။ ကောင်းကျိုးဆောင်သည့် တပ်ဖွဲ့ဖြစ်စေရန် ကျွန်ုပ် အမြဲတမ်း ကြိုးစားနေပါမည်။ (Kariyakarawan and Gilberat 2011, 7 တွင် ဖော်ပြထားခဲ့သည်။)

## စစ်ပွဲတွင်း အပြုအမူ

ဗုဒ္ဓဘာသာအဆုံးအမသည် စစ်ပွဲတွင်းအပြုအမူနှင့်သက်ဆိုင်သည့် ရင်းမြစ်အကြောင်းအရာများစွာကို ပေးပါသည်။ သို့ရာတွင် လက်တွေ့ရှုထောင့်မှ စစ်ပွဲကို မည်သည့်အချိန်တွင် မည်ကဲ့သို့ဆင်နွှဲရမည်ဆိုသည်နှင့်ပတ်သက်၍ အကြံပြုရန် ဗုဒ္ဓအတွက် အဓိပ္ပာယ် မရှိပါ။ သီးသန့်အခြေအနေများတွင် ခွင့်ပြုနိုင်သည်ဟု စိတ်ကူးကြံစည်နိုင်သည့် အရာများကို ယေဘုယျသဘောခွင့်ပြု၍မရနိုင်သည့်အပြင် အကယ်၍ ဗုဒ္ဓက ကြိုတင်သတ်မှတ်ချက်အောက်တွင် တစ်စုံတစ်ယောက်သည် စစ်ပွဲသို့သွားနိုင်ရန် ရှင်းလင်းပြတ်သားသော စည်းမျဉ်းများကို ချမှတ်ပေးခဲ့မည်ဆိုလျှင် ဤသို့ချမှတ်ခြင်းက လူအများကို စစ်ပွဲတွင် ပါဝင်လာစေရန် လှုံ့ဆော်ခဲ့နိုင်ပေလိမ့်မည်။ စစ်ပွဲဆင်နွှဲပုံနှင့်စပ်လျဉ်း၍ တိကျသောလမ်းညွှန်ချက်ပေးခြင်းသည် စစ်ပွဲကိုရှောင်ရှားရန် အန္တိမရည်မှန်းချက်အား လမ်းကြောင်းပြောင်းသွားခဲ့စေပေလိမ့်မည်။

ယင်းအစား ဗုဒ္ဓဟောကြားခဲ့သည်မှာ မိမိ၏သန္တာန်တွင်ရှိသော အကုသိုလ်မူလအကြောင်းတရားများကို ဆန့်ကျင်တိုက်ထုတ်ရသည့် မတူကွဲပြားသော “စစ်ပွဲ”မျိုး ဖြစ်ပါသည်။

တရားတော်က ပို၍ကျယ်ပြန့်သော သီလပိုင်းဆိုင်ရာအခြေခံမှုများကို အဓိကထားသော်လည်း တိုက်ပွဲလုပ်ဆောင်မှုကို သည်းခံချုပ်တည်းပြီး ထိန်းထိန်းသိမ်းသိမ်းရှိစေရန် တိုက်ရိုက်သက်ဆိုင်သော လမ်းညွှန်ချက်ပေးခြင်းမပြုပါ။ ဥပမာအားဖြင့် ဝန်းရံပိတ်ဆို့တိုက်ခိုက်ခြင်းကို အပြစ်ပြပြောဆိုခြင်း[52]နှင့် လက်နက်မဲ့များအားတိုက်ခိုက်ခြင်းကို ရှောင်ကြဉ်ရန်တားမြစ်ခြင်းတို့ ဖြစ်ပါသည်။ ဝသလသုတ်တွင် "မြို့ရွာများကို ဖျက်ဆီးခြင်း သို့မဟုတ် အစာရေစာပြတ်အောင်ဝန်းရံပိတ်ဆို့ထားခြင်းပြုသူ မည်သူမဆို ... ထိုသူကို အပယ်ခံအဖြစ် သိထားရန်" (Snp. 118) ဗုဒ္ဓက ဟောကြားခဲ့သည်ကို ကျွန်ုပ်တို့ လေ့လာသိရှိရပါသည်။ ဓမ္မပဒက ဆိုသည်မှာ "အားလုံးက လက်နက်ဘေးကို စိုးရိမ်တုန်လှုပ်ကြသည်၊ အားလုံးက သေခြင်းတရားကို ကြောက်ရွံ့ကြသည်ချည်း ဖြစ်သည်။ ကိုယ်နှင့်ယှဉ်ထားကာ သူ့အသက်သတ်ခြင်းကိုသော်လည်းကောင်း အခြားသူများအား သတ်စေခြင်းကိုသော်လည်းကောင်း မပြုရ။" (Dhp. 129) ဤအချက်က မိမိကိုပြုမူဆက်ဆံစေချင်သည့်အတိုင်း အခြားသူများကို မိမိက ဆက်ဆံရသည်ဟူသော အပြန်အလှန်သဘော ကိုယ်ကျင့်တရား ရွှေရောင်စည်းမျဉ်း (Golden Rule) ၏ မူကွဲ တစ်ခု ဖြစ်ပြီး ပင်ကိုအားဖြင့် အဟိံသမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ မည်သူကမျှ အခြားသူများကို မိမိတို့အပေါ်တွင် မကောင်းသော ရည်ရွယ်ချက်စေတနာဖြင့် ပြုမူလုပ်ဆောင်စေလိုမည် မဟုတ်ပေ။ ဤတရားတွင် "လက်နက်မရှိသောသူများနှင့် ဒုက္ခမပေးနိုင်သောသူများကို လက်နက်ကိုင်ပြီး ထိခိုက်စေသူများ"အတွက် ပြန်လည်ခံစားကြရမည့် ပြင်းထန်သောကံ၏အကျိုးပေးရလဒ်များကိုလည်း စာရင်းဖြင့်ဖော်ပြထားပါသည်။ (Dhp. 137-140)

ပဋိပက္ခတွင် အမိန့်ပေးကွပ်ကဲသူတစ်ဦးအဖြစ် ထားရှိရမည့် ရည်ရွယ်ချက်သည် ထိခိုက်မှုဖြစ်စေရန် မဟုတ်ဘဲ တိုက်ပွဲများ အလျင်အမြန်ပြီးဆုံးစေရန် ဖြစ်ရပါမည်။ ထို့အပြင် ဆင်းရဲဒုက္ခဖြစ်စေမှုအနည်းဆုံးဖြင့် ပဋိပက္ခကို အဆုံးသတ်နိုင်မည်ဆိုလျှင် ပါဝင်သောအဖွဲ့အားလုံးအတွက် အကျိုးရှိပေမည်။ ဤအချက်ကို မိလိန္ဒပဥှတွင် ထင်ဟပ်ဖော်ပြထားပါသည် -

> နာဂသေန၊ ကြောက်မက်ဖွယ်ကောင်းသောတိုက်ပွဲအတွင်း ပါဝင်ရသည့်အခါ အလျင်မြန်ဆုံးဖြင့် သူ့ရန်သူတို့၏ဦးခေါင်းများကို သူ့ချိုင်းအောက်တွင်ထားပြီး ၎င်းတို့ကိုဒရွတ်တိုက်ဆွဲကာ ထိုရန်သူအကျဉ်းသားတို့ကို သူ့အရှင်သခင်ထံသို့ ဆောင်ယူလာနိုင်စွမ်းရှိသည့် သန်မာသောယောက်ျားအလား အစွမ်းနိုင်ဆုံးသူရဲကောင်းအဖြစ် လောကတွင် တံခွန်စိုက်ထူနိုင်သူဟုသတ်မှတ်ပြီး မြှား၊ လှံတို့ကို အမြန်ဆုံး ဆွဲနှုတ်ကာ ဒဏ်ရာကို အမြန်ဆုံးသက်သာစေသော ဆေးသမားအလား အတော်ဆုံးသူဟု မှတ်ယူသည်။ (Mp. PTS 293)

စစ်ပွဲတွင်ကျွမ်းကျင်လိမ္မာခြင်းဟူသည် မလိုလားအပ်သောထိခိုက်မှုများကိုမဖြစ်စေဘဲ အနာရောဂါကို လျင်မြန်စွာ ကျော်လွှားလွန်မြောက်နိုင်ခြင်းဟု ဆိုလိုပါသည်။[53]

အဆိုးဆုံးဖြစ်ရပ် အခြေအနေတစ်ခုတွင် တစ်စုံတစ်ဦး၏အမိန့်အရ အခြားသူများ၏အသက်ကို ယူငင်ရန် တာဝန် ဖိစီးနေသည့်အခါ ထိုစစ်သည်၏စိတ်စေတနာရည်ရွယ်ချက်ကို လုပ်ရပ်နှင့် ရလဒ်ကိုကြည့်ခြင်းဖြင့်သာလျှင် ဆုံးဖြတ်နိုင်ခြင်း မရှိပါ။ လက်နက်များနှင့်တိုက်ခိုက်နေကြသူနှစ်ဦးကို စောင့်ကြည့်လေ့လာခြင်းဖြင့် ၎င်းတို့၏ တိုက်ခိုက်မှုနောက်ကွယ်မှ ရည်ရွယ်ချက်များကို မှန်းဆခြင်း မပြုနိုင်ပါ။ အဓိက မဟာယာနသုတ္တန်များထဲမှ တစ်ခု ဖြစ်သော မဟာယာန မဟာပရိနိဗ္ဗာနသုတ်တွင် ဗုဒ္ဓက အကျယ်တဝင့် ရှင်းလင်းဟောကြားသည်မှာ -

> စိတ်ထားကောင်းသောဒါယကာ၊ ထပ်၍ဆိုရလျှင် ဤအရာသည် ဓား သို့မဟုတ် လှံ နှင့် တိုက်ခိုက်နေသူနှစ်ဦးကဲ့သို့ ဖြစ်၏။ တစ်ဦးက မိမိကိုယ်ကိုကာကွယ်ရန် ဓားကို အသုံးပြုခြင်းဖြင့် အခြားတစ်ဦး ဒဏ်ရာရပြီး ထိုသူကို သွေးထွက်စေခြင်းနှင့် သေစေခြင်း ရလဒ်များ ဖြစ်ပေါ်သည် ဆိုပါစို့။ ထိုသူ၌ သေစေရန်ရည်ရွယ်ချက်စိတ်စေတနာမရှိခဲ့လျှင် ထိုကံ၏ အကျိုးရလဒ်မှာ ပြင်းထန်မည် မဟုတ်ဘဲ ပေါ့ပါးသက်သာပေမည်။ ဗုဒ္ဓထံသို့ သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့်မဟုတ်ပဲ လာသူ တစ်ဦးအတွက် ဗုဒ္ဓကို သွေးထွက်စေခဲ့သည့်တိုင် ထိုကံ၏အကျိုးရလဒ်မှာ ကြီးလေးမည်မဟုတ်ဘဲ ပေါ့ပါးသက်သာပေမည်။ (Mm. 9.6)

လူသိများထင်ရှားသော သီရိလင်္ကာလူမျိုး ဗုဒ္ဓဘာသာ ရဟန်းပညာရှိ အရှင် ကေသရိ ဓမ္မနန္ဒ (Venerable K.Sri Dhammananda) က ဤအချက်ကို ပိုမိုကျယ်ပြန့်သော စစ်တပ်နှင့် ဆက်စပ်ကာ -

> ဗုဒ္ဓဘာသာဝင်တို့သည် ၎င်းတို့၏ကိုးကွယ်ရာဘာသာကိုဖြစ်စေ သို့မဟုတ် မည်သည့်အရာကိုမဆို ဖြစ်စေ အကာအကွယ်ပေးသည့်အခါ ရန်လိုစတင်တိုက်ခိုက်သူများ မဖြစ်သင့်ပါ။ ၎င်းတို့သည် အကြမ်းဖက်ရက်စက်သောလုပ်ရပ်များကို အတတ်နိုင်ဆုံး ရှောင်ရှားရပါမည်။ ရံဖန်ရံခါ ၎င်းတို့

> သည် ဗုဒ္ဓက သွန်သင်ဆုံးမဟောကြားသည့်အတိုင်း လူသားချင်း ညီနောင်ချစ်ခင်ရေး အယူအဆကို အလေးထားလေးစားခြင်းမရှိသူများက စစ်ပွဲသို့ အဓမ္မ စေလွှတ်ခြင်းကို ခံရကောင်းခံရနိုင်ပါသည်။ ပြည်ပကျူးကျော်မှုမှ ၎င်းတို့၏နိုင်ငံကို ကာကွယ်ရန် ဆင့်ခေါ်ခံရနိုင်သည့်အပြင် လူ့ဘောင် လောကကို မစွန့်ခွာသေးသမျှကာလပတ်လုံး ၎င်းတို့သည် ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေးအတွက် ရုန်းကန်မှုတွင် ပါဝင်ရန် တာဝန်ရှိပါသည်။ ဤအခြေအနေများအောက်တွင် စစ်သားများ ဖြစ်လာ ခဲ့ခြင်း သို့မဟုတ် ကာကွယ်ရေးတွင် ပါဝင်နေခဲ့ခြင်းတို့အတွက် ၎င်းတို့ကို အပြစ်မဆိုနိုင်ပါ။ ...
>
> သတ္တဝါတိုင်း မိမိကိုယ်ကိုကာကွယ်ရန်အတွက် ရုန်းကန်နေကြပြီး အခြားသူများကို တိုက်ခိုက်နေကြသည်မှာ သဘာဝ ဖြစ်သော်လည်း ရန်လိုတိုက်ခိုက်မှု၏ ကံအကျိုးဆက်သည် ၎င်းတို့၏စိတ်သဘောထားပေါ်တွင် မူတည်ပါသည်။ မိမိကိုယ်ကိုကာကွယ်ရန် ရုန်းကန်နေစဉ်အတွင်း လူတစ်ဦး သည် သတ်ရန်ရည်ရွယ်ချက်မရှိဘဲ ၎င်း၏ရန်သူကိုသတ်မိပါက ထိုသေဆုံးမှုအတွက် အကုသိုလ် ကံကို ကျူးလွန်ရာ မရောက်ပါ။ အခြားတစ်ဘက်တွင် မည်သည့်အခြေအနေမျိုးအောက်တွင်မဆို သတ်ရန်ရည်ရွယ်ချက်စိတ်စေတနာဖြင့် ထိုသူက အခြားလူတစ်ယောက်ကို သတ်ဖြတ်လျှင် ကံ၏ တန်ပြန်သက်ရောက်မှုမှ ထိုသူ မလွတ်မြောက်ဘဲ အကျိုးဆက်များကို ထိုသူ ခံစားရပါမည်။ (Dhammananda 2002, 383-390)

သေစေလောက်သောအင်အားအသုံးပြုခြင်း၏ ကိုယ်ကျင့်သီလများသည် အလွန် ရှုပ်ထွေးပါသည်။ မဟာယာန အစဉ်အလာတွင် သေစေလောက်သောအင်အားကို ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်း ပါဝင်သော အခြေအနေများတွင် ကျင့်သုံးသည့် ဥပါယ-ကုသလ (‘နည်းလမ်းများတွင် ကျွမ်းကျင်လိမ္မာခြင်း’) ဟူသော အယူအဆကို တွေ့ရှိရပါသည်။ ဥပါယ-ကုသလတွင် ဆင်းရဲဒုက္ခကို အနည်းဆုံးဖြစ်စေရန်နှင့် မကောင်းသောအကုသိုလ်ကံကို အကောင်းဆုံးကာကွယ်တားဆီးရန် လူအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးတို့နှင့် အံဝင်ခွင်ကျဖြစ်မည့် သင့်တော်သော နည်းလမ်းများကို အသုံးပြုခြင်း အယူအဆကို ဖော်ပြထားပါသည်။

စစ်မက်နှင့်ပတ်သက်ပြီး အကျယ်တဝင့်အဖြစ်ဆုံး ဟောကြားထားသည့် သုတ္တန်တစ်ခုကို (အစောပိုင်း မဟာယန) တွင် တွေ့ရှိရပြီး ယင်းမှာ Ārya-Satyakaparivarta (သစ္စာတရားပြောကြားသူ၏ မြင့်မြတ်သောသုတ္တန်) ဖြစ်ပါသည်။ ဤသုတ္တန်တွင် ဘုရင်များအတွက် ၎င်းတို့၏ပြည်သူများအား အကာအကွယ်ပေးရန် သင့်လျော်သော အစီအမံများကို အကောင်အထည်ဖော်ရာတွင် ကရုဏာတရားလိုအပ်ကြောင်း ဟောကြားဆုံးမထားပါသည်။ Jenkins (2010)နှင့် Sugiki (2020)တို့ တင်ပြထားသကဲ့သို့ ဤကျမ်းစာတွင် စစ်ပွဲကိုရှောင်ရှားရန်မူဝါဒများနှင့် ရန်သူ့တပ်ဖွဲ့များကို သတ်ဖြတ်ခြင်းမပြုဘဲ မည်သို့ရင်ဆိုင်နိုင်ပုံတို့နှင့်ပတ်သက်သောသုတ္တန်များ ပါဝင်ပါသည်။ သို့ရာတွင် လက်နက်ကိုင်ထိပ်တိုက်ရင်ဆိုင်ခြင်းကို ကာကွယ်တားဆီးရန် ကြိုးပမ်းမှုများအားလုံး မအောင်မြင်လျှင် ဘုရင်သည် ၎င်း၏ပြည်သူများကို အကာအကွယ်ပေးသည်၊ ရန်သူကိုအောင်နိုင်ပြီး ရန်သူ့တပ်ဖွဲ့များကို အရှင် ဖမ်းဆီးသည်ဆိုသည့် အတွေးသုံးခုကို ၎င်း၏စိတ်တွင် နှလုံးသွင်းပြီး စစ်ပွဲတွင် ပါဝင်သင့်ပါသည်။

> စစ်နည်းဗျူဟာများကိုကျွမ်းကျင်နှံ့စပ်ပြီး စစ်ရေးဗဟုသုတကြွယ်ဝသော မင်းသည် တိုင်းတပါး စစ်တပ် (၏ စစ်သည်တော်များ)ကို သတ်ဖြတ်ခြင်း သို့မဟုတ် ဒဏ်ရာရစေခြင်းကို ပြုသည့်တိုင် ထိုမင်းအတွက် အမှားနည်းပြီး အကုသိုလ်ဒုစရိုက်နည်းကာ ရရှိသည့် ကံအကျိုးဆက်သည်လည်း မသေချာပေ။ အဘယ့်ကြောင့်နည်း။ ၎င်းသည် ဤအလုပ်တာဝန်ကို စိတ်တွင် စွန့်လွှတ်ခြင်းမရှိသော ကရုဏာတရားဖြင့် ထမ်းဆောင်ခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းသည် ထိုအလုပ်တာဝန်ကို ၎င်းကိုယ်၎င်းနှင့် ၎င်း၏စည်းစိမ်ချမ်းသာကို လုံးဝ စွန့်လွှတ်ပြီး ၎င်း၏ တိုင်းသူပြည်သားများကို ကောင်းစွာအကာအကွယ်ပေးရန်အလို့ငှာလည်းကောင်း၊ ၎င်း၏သား၊ ဇနီးမယားနှင့် မျိုးနွယ်တို့အတွက်လည်းကောင်း ထမ်းဆောင်ခဲ့ခြင်းဖြစ်သည့်အတွက် တိုင်းဆ၍မရသော ကုသိုလ်လည်း ပွားများပါသည်။

ထို့ကြောင့် ဘုရင်တို့သည် ၎င်းတို့၏ တိုင်းသူပြည်သားများအပေါ်ထားရှိသော ကရုဏာတရားအပြင် အခြားသော နည်းလမ်းများ မရှိတော့သည့်နောက် စစ်ပွဲတွင်ပါဝင်သည့်အခါ လူသတ်သမားတစ်ယောက်ကဲ့သို့သော ကံအကျိုးပေးမျိုးကို ရမည်မဟုတ်ပေ။ Ārya- Satyakaparivarta တွင် ခွင့်ပြုနိုင်သော စစ်ပွဲပုံစံများကို ကန့်သတ်ဖော်ပြထားပြီး စစ်ပွဲအတွင်း အသက်သတ်ခြင်းအတွက် တင်းကျပ်သောစည်းကမ်းများ ချမှတ်ထားပါသည်။ ဤကျမ်းစာတွင်

စစ်သုံ့ပန်းများအား လူသားဆန်စွာ ဆက်ဆံရန် လိုအပ်ချက်နှင့် အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင်အား အကာအကွယ်ပေးခြင်းအကြောင်းတို့ကိုလည်း ဆွေးနွေးထားပါသည်။ ထို့အပြင် စစ်ပွဲကာလများမှာပင် ကောင်းမှုကုသိုလ် စုဆောင်းရန် အခွင့်အလမ်းများ ရှိပါသည်။

သို့ရာတွင် ဤနေရာ၌ စစ်ပွဲကိုယ်တိုင်က ကောင်းမှုကုသိုလ် ဆောင်ကြဉ်းပေးသည်ဟု ဖော်ပြခြင်းမပြုသော်လည်း အထူးပြုပြောသည်မှာ စစ်ပွဲကာလအတွင်းတွင် မိမိလူများကိုရော ရန်သူ့လူများကိုပါ ထိခိုက်မှုကို ကန့်သတ်ရန် ကရုဏာတရားနှင့်ပြည့်စုံသော ရည်ရွယ်ချက်စေတနာ ဖြစ်ပါသည်။

နည်းဗျူဟာ၌ကျွမ်းကျင်လိမ္မာခြင်းအဖြစ် သူ့အသက်သတ်ခြင်းအတွက် ထင်ရှားသော နောက် ဥပမာတစ်ခုကို ဥပါယ-ကုသလသုတ်[59]တွင် တွေ့ရှိရပါသည်။ အဆိုပါသုတ်တွင် ပို၍ မကောင်းမှုအကုသိုလ်နည်းပါးစေသော အခြားရွေးချယ်စရာနည်းလမ်းများမရှိတော့သည့်အတွက် သင်္ဘောတစ်စီး၏မာလိန်မှူး(ဘုရားလောင်းအဖြစ် ဗုဒ္ဓ၏ အတိတ်ဘဝတစ်ခု)က ခိုးသားဓားပြတစ်ဦးအား ကုန်သည်တစ်စုကို သတ်ဖြတ်ခြင်းကြောင့်ဖြစ်လာမည့် မကောင်းမှု အကုသိုလ်ကံ၏အကျိုးဆက်များ တိုးပွားလာခြင်းမှ ကာကွယ်တားဆီးရန်အတွက် ၎င်းကို သတ်ပစ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အကယ်၍ မာလိန်မှူးက ကုန်သည်များအား သတိပေးခဲ့မည်ဆိုလျှင် ဓားပြကို ၎င်းတို့ကိုယ်တိုင်သတ်ဖြတ်လိမ့်မည်ဖြစ်ပြီး ထိုမကောင်းမှုအကုသိုလ်ကံများ တိုးပွားပေလိမ့်မည်။ မာလိန်မှူးသည် အခြားသူများ ပိုဆိုးသော ကံကျရောက်ခြင်းမှ ကာကွယ်တားဆီးရန်၊ ဓားပြကိုရော ကုန်သည်တို့ကိုပါ ဤနည်းလမ်းဖြင့် ကယ်တင်ခြင်းကို မိမိကိုယ်မိမိ စွန့်လွှတ်အနစ်နာခံပြီး ကရုဏာနှင့်ယှဉ်သော စေတနာရည်ရွယ်ချက်ဖြင့် ဘဝပေါင်းများစွာ ငရဲခံရနိုင်သည့် လူ့အသက်သတ်ခြင်းဟူသော ကံပါဝင်ပတ်သက်မှုများကို မိမိသဘောဆန္ဒအတိုင်း ခံယူကာ ကိုယ်တိုင်အဆုံးစွန် ပြုခဲ့ခြင်း ဖြစ်ပါသည်။

အခြားသူများ အကုသိုလ်ကံပြုလုပ်ခြင်းမှကာကွယ်တားဆီးရန် ထိုအကုသိုလ်ကံကိုခံယူသည့် ဤဆန္ဒအား အမေရိကန်လေတပ်၏ ပထမဆုံး ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဘရက်ကမ့်ဘဲလ် - Brett Campbell ကလည်း သက်သေသာဓကေ ထင်ရှားပြသခဲ့ပါသည် -

> မည်သူ့ကိုမဆို ထိုသူ၏ လုပ်ရပ်များက ဆင်းရဲဒုက္ခဖြစ်စေသည့်တိုင် ကျွန်ုပ် ထိုသူကို အကူအညီပေးရန် ငြင်းမည်မဟုတ်ပါ။ . . . ကျွန်ုပ်သည် လေတပ်သားများအား စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိနေစေရန် ကူညီပေးခြင်းအားဖြင့် လေတပ်၏ တာဝန်ကို အထောက်အကူပေးပါသည်။ အကယ်၍ ဤပြုလုပ်မှုကြောင့် ကျွန်ုပ်၏ဘဝလမ်းတွင် အကုသိုလ်ကံအကျိုးတရားများ ရရှိမည်ဆိုလျှင်လည်း ရှိပါစေတော့။ ဤလေတပ်သားများ ဘာသာရေးအားဖြင့်လည်းကောင်း၊ စိတ်ဓာတ်ရေးရာအားဖြင့်လည်းကောင်း ကျန်းမာကြံ့ခိုင်ရေးကိုကူညီပေးရန် အခွင့်အရေးအတွက် ထိုကံအကြွေးကို ကျွန်ုပ် ဝမ်းမြောက်စွာ လက်ခံပါမည်။ (Thieme 2017)

ဗုဒ္ဓဘာသာအဆုံးအမများတွင် ငါးပါးသီလကို ချိုးဖောက်ပြီး လုပ်ဆောင်ခြင်းနှင့် မလုပ်ဆောင်ခြင်းတို့၏ ကံအကျိုးတရားများ အဘယ်က ပိုကြီးသည်ကို ချင့်ချိန်ရသည့် ခက်ခဲသော သီလပိုင်းဆိုင်ရာရွေးချယ်မှုများကို ဖော်ပြထားပါသည်။ မဟာယာနကျမ်းဂိုဏ်း၏ ခုနစ်ရာစုအတွင်းက ထင်ရှားရှိခဲ့သောပညာရှင် Candrakīrti က ချောက်ကမ်းပါးအစွန်းတွင် အငြင်းအခုံဖြစ်နေသော မုဆိုး၏သားနှစ်ယောက် ဥပမာကို ကိုးကားခဲ့ပါသည်။ ထိုသားနှစ်ယောက်အနက် တစ်ယောက်က နှစ်ယောက်စလုံး ချောက်ထဲကျရအောင် ရည်ရွယ်ချက်ဖြင့် အခြားတစ်ယောက်ကို ဆုပ်ကိုင်ထားသောအခါ ဖခင်ဖြစ်သူမှာ နှစ်ယောက်ထဲမှ အနည်းဆုံး တစ်ယောက်ကို ကယ်တင်နိုင်ရန် သားတစ်ယောက်ကို မြှားဖြင့်ပစ်ရန် ရွေးချယ်စရာတစ်ခုသာ ကျန်ပါတော့သည်။ (Jenkins 2011 , 314) ဤဥပမာတွင် ဒဏ်ရာအနာတရဖြစ်စေရန် လုပ်ဆောင်လိုက်ခြင်းထက် ဘာမျှမလုပ်ပဲနေခြင်းက ပိုမိုထိခိုက်စေပါမည်။ ဤကိစ္စတွင် အချိုးအစားညီမျှခြင်းနှင့် စုစုပေါင်းထိခိုက်မှုပမာဏတို့သည် ဗဟိုချက်ဖြစ်ရာ ဟိံသဟူသော နှိပ်စက်ညှဉ်းပန်းခြင်းကို မလုပ်ဘဲနေလျှင် ပေါ်ပေါက်လာနိုင်သော ပိုမို၍ပင် ကြီးမားသည့်ထိခိုက်မှုကို ကာကွယ်တားဆီးရန် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရဖြစ်စေရန် ရည်ရွယ်ချက်စေတနာဖြင့် လုပ်ရနိုင်ကြောင်းကို ဤအချက်က ထပ်မံပြသခြင်း ဖြစ်ပါသည်။ နှိုင်းယှဉ်စရာနောက်တစ်ခုမှာ အသက်ကယ်တင်ခြင်းကို မကြာခဏပြုလုပ်လေ့ရှိသော်လည်း သေစေလောက်သည်ဟု ယူဆရသော ခွဲစိတ်ကုသခြင်း ဖြစ်ပါသည်။

အဟိံသသည် ရည်ရွယ်ချက်စေတနာအပေါ် မူတည်သောကြောင့် ကြီးမားသော ကာယအင်အားကို ကျွမ်းကျင်စွာ အသုံးပြုခြင်းအတွက် ခွင့်ပြုသောနေရာများ ရှိပါသည်။ အရေးပါသောအချက်မှာ အဟိံသနှင့်အညီ လုပ်ဆောင်ခြင်းသည် တစ်ခါတစ်ရံတွင် ကြီးမားသောအင်အားအသုံးပြုခြင်းကို လိုအပ်နိုင်ပြီး တစ်ဘက်တွင် အင်အားအသုံးပြုခြင်းကို ထိန်းချုပ်ကန့်သတ်ထားခြင်းကြောင့် တစ်ခါတစ်ရံ ထိခိုက်စေနိုင်ပါသည်။ ဤနေရာတွင် သတ်ဖြတ်ခွင့်ပေးခြင်း မဟုတ်ပါ။ ယင်းနှင့်ပြောင်းပြန် အကုသိုလ်စေတနာ အနည်းငယ်မျှဖြင့် အသက်သတ်ခြင်းသည် ပင်ကိုယ်အရပင် မကောင်းချေ။ ထိခိုက်စေသော စိတ်သဘောထား မပါဘဲ သေစေနိုင်လောက်သည့် အလားအလာရှိသောအင်အားကိုအသုံးပြုရန် အတတ်နိုင်ဆုံး ကျွမ်းကျင်လိမ္မာရန် လိုအပ်ပါသည်။ သီလသိက္ခာပုဒ်များ အထူးသဖြင့် အရေးကြီးဆုံးဖြစ်သော သူ့အသက်မသတ်ခြင်းကို ဖောက်ဖျက်သည့်အခါတိုင်း ဖြစ်လာနိုင်ခြေရှိသည့် အကုသိုလ်ဆိုးကျိုးအလားအလာများကို သတိပြုထားရန် အရေးကြီးပါသည်။ ဤသတိပြုတတ်ခြင်းကိုယ်တိုင်သည်ပင် တစ်စုံတစ်ဦးကို ဂရုတစိုက်နှင့်သတိထားလုပ်ကိုင်စေသည့် နည်းလမ်း ဖြစ်ပါသည်။ အခြားသူများအား အကာအကွယ်ပေးခြင်းအတွက် အကုသိုလ်ကံကို ဆန္ဒအလျောက်ရယူသော မိမိကိုယ်ကိုစွန့်လွှတ်အနစ်နာခံခြင်းသည် အခြေခံအကြောင်းရင်းကို လျော့ပါးသက်သာစေသော ကောင်းမှုကုသိုလ် ဖြစ်ပါသည်။ သို့သော်လည်း သေစေလောက်သောအင်အားအသုံးပြုခြင်းဟူသော ကံပါဝင်ပတ်သက်မှုကို ကြိုတင်ခန့်မှန်းရန် ခက်ခဲသောကြောင့် အခြားနည်းလမ်းများ မရှိတော့သည့်နောက်မှသာလျှင် ယင်းကို လုပ်ဆောင်ခွင့် ရှိပါသည်။

အလားတူပင် လက်နက်ကိုင်ပဋိပက္ခအတွင်း IHL သည် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များအကြား ဟန်ချက်ညီအောင် ထိန်းညှိပေးပါသည်။ စစ်ရေးဆိုင်ရာလိုအပ်ချက်အခြေခံမူသည် "ပဋိပက္ခ၏ တရားဝင်ရည်မှန်းချက်ပေါက်မြောက်စေရန် ဆိုလိုသည်မှာ လူ့အသက်နှင့်ရင်းမြစ်အနည်းဆုံး သုံးစွဲခြင်းဖြင့် ရန်သူကို ဖြစ်နိုင်သမျှ အစောဆုံး လုံး၀ သို့မဟုတ် တစ်စိတ်တစ်ပိုင်း အညံ့ခံစေရန်အတွက် လိုအပ်သော အင်အားအမျိုးအစားနှင့်အတိုင်းအတာကိုသာ ခွင့်ပြုပါသည်။" (ICRC 2014, 6) (ICRC 2014, 6). ဤဟန်ချက်ညီမှုမှ အလွန်အကျွံထိခိုက်ဒဏ်ရာရမှုနှင့် မလိုလားအပ်သော ဆင်းရဲဒုက္ခခံစားရခြင်းတို့ကို တားမြစ်ချက် တိုက်ရိုက် မြစ်ဖျားခံဆင်းသက်လာပါသည်။

IHL ၏ ခွဲခြားခြင်းမူအရ လက်နက်ကိုင်ပဋိပက္ခတစ်ခုတွင် ပါဝင်သည့်အဖွဲ့များသည် အချိန်တိုင်းတွင် အရပ်သားနှင့် စစ်ရေးဆိုင်ရာပစ်မှတ်များအကြား ခွဲခြားရန် လိုအပ်ပြီး တိုက်ခိုက်မှုများသည် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များကိုသာ တိုက်ရိုက်ဦးတည်နိုင်ပါသည်။ ထို့အပြင် IHL အရ အရပ်သား မတော်တဆ သေကျေဒဏ်ရာရမှုများနှင့် အရပ်ဘက်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုတို့ကို ရှောင်ရှားရန် ဖြစ်နိုင်သည့် ကြိုတင်သတိထားကာကွယ်မှုများအားလုံးကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ (ICRC 2014, 48) အရပ်သားများနှင့်သဘာဝပတ်ဝန်းကျင်တို့ကို တမင်သက်သက် သို့မဟုတ် မည်သူမည်ဝါမခွဲခြားဘဲမဆင်မခြင်သိမ်းကျုံး ထိခိုက်စေခြင်းသည် အဟိံသတရားကို မုချ ချိုးဖောက်ရာလည်း ရောက်ပေလိမ့်မည်။

IHL ၏ အချိုးအစားညီမျှခြင်းမူသည် ခွဲခြားခြင်း၏ အကျိုးဆက်တစ်ခုဖြစ်ပြီး စစ်ရေးလုပ်ဆောင်မှုကြောင့်ဖြစ်ပေါ်လာသော မတော်တဆထိခိုက်မှုသည် မျှော်မှန်းထားသော ခိုင်မာသည့် စစ်ရေးအသာစီးရမှုနှင့် နှိုင်းစာလျှင် အလွန်အကျွံမဖြစ်စေရဟု ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ (ICRC 2014, 47) အချိုးအစားညီမျှခြင်းမူသည် ဥပဒေက ရှင်းရှင်းလင်းလင်းနှင့် တိုက်ရိုက်လမ်းညွှန်မှု မပေးသည့်အခါ ကိုယ်ကျင့်တရားဆိုင်ရာ ဝေဖန်ပိုင်းခြားနိုင်စွမ်းပေါ်အခြေခံပြီး ထည့်သွင်းစဉ်းစားရမည့်ကိစ္စများအပြိုင်ဖြစ်နေခြင်းနှင့် ခက်ခဲသောရွေးချယ်မှုတစ်ခုပြုလုပ်ခြင်းတို့ကို ချင့်ချိန်ခြင်းနှင့်ပတ်သက်ပါသည်။ စစ်ပွဲအတွင်း ထူးခြားသောအခြေအနေများအောက်တွင် သတ်ဖြတ်ခြင်း၏ တရားဝင်မှုကို မကြာခဏ ခွင့်ပြုပေးရန် တောင်းခံလေ့ရှိရာ ထိုသို့တောင်းခံမှုက ကိုယ်ကျင့်သီလနယ်ပယ်တစ်ခု ရှိရန် အဆုံးစွန် အရေးပါမှုကို ဖန်တီးပေးပါသည်။ ဗုဒ္ဓဘာသာတွင် ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ ခက်ခဲသောဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းနှင့် ပတ်သက်သည့်အဆိုအမိန့်များစွာရှိပြီး ဗုဒ္ဓဘာသာ၏ များပြားလှစွာသောအခြေခံမူသဘောတရားများဖြင့် ဗုဒ္ဓ ဘာသာက တိုက်ပွဲဝင်စစ်သည်များအတွက် လမ်းညွှန်ချက် အများအပြားပေးပါသည်။

မကာသ("ခြင်")ဇာတကတွင် အင်အားကို ဉာဏ်နှင့်ယှဉ်ပြီး အချိုးအစားညီမျှစွာ အသုံးပြုရန် လိုအပ်ခြင်းအတွက် ဥပမာကောင်းများ ပေးထားပါသည်။ ဘုရားအလောင်းသည် ဒဏ်ရာရနေကြသောလူများ၏ ရွာတစ်ရွာသို့ ရောက်သွားခဲ့ပြီး စုံစမ်းကြည့်လိုက်သောအခါ ထိုသူတို့သည် ခြင်ကိုက်ခြင်းကြောင့် စိတ်အနှောက်အယှက်ဖြစ်ပြီး လေးမြှားလက်နက်တို့အသုံးပြုကာ ခြင်များနှင့်စစ်ခင်းရန် ဆုံးဖြတ်ခဲ့ကြရာ ၎င်းတို့အချင်းချင်း ပစ်မိခြင်းဖြင့်သာ နိဂုံးချုပ်သွားပါသည်။ ထို့နောက် ဘုရားအလောင်းက လက်သမား၏သားဖြစ်သူသည် ၎င်း၏ဖခင်ကိုကူညီရန်

ခြင်မောင်းရာ၌ ခြင်ကိုခုတ်ရန်ရည်ရွယ်ချက်ဖြင့် ပုဆိန်ကိုအသုံးပြုခဲ့သော်လည်း ခြင်အစား ဖခင်၏ဦးခေါင်းကိုသာ ခုတ်မိသည့် အလားတူပုံဝတ္ထုကို ပြန်လည်ပြောပြပါသည်။ "လူအများ၏လက်စားချေခြင်းကိုကြောက်ရွံ့သူသည် လူတစ်ယောက်အား သတ်ဖြတ်ခြင်းကို တားမြစ်လိမ့်မည်ဖြစ်ရာ ထိုသို့သောအသိဉာဏ်ရှိသည့်ရန်သူသည် ဆိုခဲ့သည့် သားကဲ့သို့သော မိတ်ဆွေထက် ပိုကောင်းပေသည်။" (Jat. 44) ဤဖြစ်ရပ်နှစ်ခုစလုံးသည် ရည်ရွယ်သည့် ရလဒ်တစ်ခုအတွက် အချိုးအစားမညီမျှသောလက်နက်များကို အသိဉာဏ်ပညာမဲ့စွာ အသုံးပြုခြင်းနှင့် ဆိုင်သည့် ဥပမာများ ဖြစ်ပါသည်။ စေတနာရည်ရွယ်ချက်နှင့်မသက်ဆိုင်ဘဲ သန်မာသောကာယအင်အား၏ ဒုက္ခပေးသော သဘောသဘာဝသည် ဉာဏ်ပညာနှင့်ကျွမ်းကျင်လိမ္မာမှုတို့၏ ထိန်းချုပ်မှုကို လိုအပ်ပါသည်။

## ဗုဒ္ဓဘာသာနှင့် စစ်သင်တန်းပေးလေ့ကျင့်မှု

လေ့ကျင့်မှုသည် ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုစလုံး၏ အလယ်ဗဟိုအချက်အချာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုစလုံးက စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းကို လက်တွေ့အကောင်အထည်ဖော်မှုအတွက် လိုအပ်ချက်တစ်ခုအဖြစ် မှတ်ယူပါသည်။ ဗုဒ္ဓဘာသာရှုထောင့်မှ ကံတစ်ခုကိုထပ်ခါထပ်ခါပြုလုပ်ခြင်းကြောင့် စုဝေးမိလာသည့် ထိုကံ၏ ထင်ကျန်မှုများက အဆုံးသတ်တွင် အမူအကျင့်ဓလေ့စရိုက်များနှင့် တုံ့ပြန်မှုများကို ပုံသွင်းပေးပါသည်။ စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းက ပရမ်းပတာဖြစ်နေသော ပြင်ပပတ်ဝန်းကျင်များနှင့် တစ်စုံတစ်ဦး၏ခေါင်းထဲရှိ ပရမ်းပတာ အရှုပ်အထွေးများကို ရည်ညွှန်းသည့် အရှုပ်ထွေးဆုံးသော ပရမ်းပတာအခြေအနေများမှာပင် ထိုသူ၏ ကိုယ်ပိုင် အလုပ်လုပ်နိုင်စွမ်းကို ခိုင်မာအားကောင်းစေပါသည်။ သံဃာတော်များအား လေ့ကျင့်ပေးခြင်းကို ကုသိုလ်ရေး ရည်ရွယ်ချက်အတွက် ဖိအားပေးသောလုပ်ဆောင်ချက်၏ ဥပမာအဖြစ် ရှုမြင်နိုင်ပါသည်။ "ဆိန္ဒ သောတံ ပရက္ကမ္မ၊ ကာမေ ပနုဒ - ထကြွလုံ့လပြု၍ တဏှာရေအလျဉ်ကို ဖြတ်တောက်လော့၊ ကာမဂုဏ်အာရုံ၌ စွဲလမ်းခြင်းကို မောင်းနှင်ပစ်လော့"။ (Dhp. 383)

၂၀၀၉ခုနှစ် ဖြိတိန်၌ ကျင်းပသော လက်နက်ကိုင်တပ်ဖွဲ့များ၏ ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်း ညီလာခံ (Armed Forces Buddhist Community Conference) သို့ ဖိတ်ကြားခြင်းခံရသည်ကို ကျေးဇူးတင်ရှိကြောင်း သဝဏ်လွှာတွင် ဘုန်းတော်ကြီး ဒလိုင်းလားမား အရှင်သူမြတ်က စစ်သားများနှင့် ရဟန်းတော်များအကြား တူညီမှုများကို အချုပ်ဖော်ပြခဲ့ပါသည် -

> အခြားသူများအား ကာကွယ်ပေးရာတွင် လုပ်ဆောင်ရန် အသင့်ပြင်ဆင်ထားသူများကို ၎င်းတို့၏ ရဲစွမ်းသတ္တိနှင့် သန္နိဋ္ဌာန်အတွက် ကျွန်ုပ် အမြဲပင် ချီးကျူးခဲ့ပါသည်။ အမှန်စင်စစ်တွင် ရဟန်းများ နှင့် စစ်သားများ၊ သင်္ဘောသားများနှင့် လေတပ်သားများသည် ကနဦးထင်မြင်ထားသည်ထက် ပိုမို တူညီမှုများရှိသည်ဟု ကျွန်ုပ်က ထင်မြင်ကြောင်းပြောလျှင် သင်တို့ကို အံ့အားသင့်ကောင်း အံ့အား သင့်စေပေမည်။ တင်းကျပ်သောစည်းကမ်းသည် ကျွန်ုပ်တို့ အားလုံးအတွက် အရေးကြီးပါသည်။ ကျွန်ုပ်တို့အားလုံး တူညီဝတ်စုံဝတ်ကြရသည်။ ကျွန်ုပ်တို့သည် အတူနေအပေါင်းအဖော်များအပေါ် မှီခိုကြရပြီး၊ ကျွန်ုပ်တို့၏ရဲဘော်ရဲဘက်များအား ကူညီကြရပါသည်။
>
> ကာယအင်အားသည် အရေးအကြီးဆုံးအရာဖြစ်သည်ဟု အများက ထင်ကောင်းထင်ကြမည်ဖြစ် သော်လည်း ကျွန်ုပ်ယုံကြည်သည်မှာ စစ်သားကောင်း၊ သင်္ဘောသားကောင်း သို့မဟုတ် လေတပ် သားကောင်း တစ်ယောက် ဖြစ်စေသည့်အချက်မှာ ရဟန်းကောင်းတစ်ပါး ဖြစ်စေသည့်အချက် ကဲ့သို့ပင် အတွင်းစိတ်ခွန်အား ဖြစ်ပါသည်။ အတွင်းစိတ်ခွန်အားသည် ခိုင်မာသော အပြုသဘော စေ့ဆော်မှုအရင်းခံရှိခြင်းပေါ် မူတည်ပါသည်။ ခြားနားချက်မှာ သင်သည် အခြားသူများ၏ ကောင်းကျိုးချမ်းသာကို အခြေခံအားဖြင့် လိုလားသည် သို့မဟုတ် ၎င်းတို့ကို အကြောင်းမဲ့ ထိခိုက်စေလိုသည် ဆိုသည့်အချက် ဖြစ်ပါသည်။
>
> ပင်ကိုအားဖြင့် တစ်ခါတစ်ရံ အပေါ်ယံအမြင်၌ ကြမ်းတမ်းပုံ သို့မဟုတ် ခက်ထန်ပုံပေါ်သည့် လုပ်ဆောင်မှုများကို ကျွန်ုပ်တို့ လုပ်ရန် လိုအပ်သည့်အခါမျိုး ရှိတတ်သော်လည်း ကျွန်ုပ်တို့၏ အရင်းခံစေ့ဆော်မှု ကောင်းမည်ဆိုလျှင် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည် အမှန်တကယ် အကြမ်းဖက်ခြင်း ကင်းသည့် သဘော ရှိပါသည်။ အခြားတဖက်တွင်လည်း ကျွန်ုပ်တို့သည် လှည့်ဖျားရန်၊ ခေါင်းပုံဖြတ်ရန်နှင့် အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ချိုသာသောစကားများနှင့်

> ယဉ်ကျေးဖွယ်ရာသောအပြုအမူများကို အသုံးပြုလျှင် ကျွန်ုပ်တို့၏အပြုအမူသည် နှစ်လိုဖွယ်ရှိပုံပေါ်နိုင်သော်လည်း ကျွန်ုပ်တို့သည် အမှန်တကယ် လက်ခံနိုင်ဖွယ်ရာမရှိသော အကြမ်းဖက်မှုတွင် အမှန်စင်စစ် ပါဝင်နေခြင်း ဖြစ်ပေမည်။ (ဒလိုင်လားမား - Dalai Lama 2010)

စစ်သည်များကဲ့သို့ပင် ရဟန်းတို့သည်လည်း စဉ်ဆက်မပြတ်လေ့ကျင့်မှုနှင့် တင်းကျပ်သောစည်းကမ်းများကို လိုအပ်ပါသည်။ စစ်သည်များနှင့်ရဟန်းတော်များသည် ခက်ခဲသောအနေအထားများကို စိတ်ရှည်လက်ရှည် သည်းခံ ခြင်းနှင့် စိတ်ခံစားမှုလှိုင်းကို လွတ်ထွက်မသွားစေခြင်းတို့ကို အလေးထားရပါသည်။ မိလိန္ဒပဉှာတွင် ဤကိစ္စနှင့် ပတ်သက်၍ ပုံဆောင်ပြသော ဥပမာတစ်ခုမှာ -

> မြင့်မြတ်သောဘဝ၏ ချုပ်တည်းရခြင်းအမျိုးမျိုးကို ၎င်းတို့ မည်သို့ဖော်ပြကြသနည်း။ အို-မင်းကြီး သူရဲဘောကြောင်သူတစ်ဦးအနေဖြင့် စစ်မြေပြင်သို့သွားပြီး ရန်သူတပ်၏ ဘက်ပေါင်းစုံမှ ဝိုင်းရံခြင်းကိုခံရသောအခါတွင် သူ့အသက်သေဆုံးမည်ကို ကြောက်ရွံ့သဖြင့် ပြန်လှည့်ပြီး ပြေးသကဲ့သို့ပင် မိမိကိုယ်ကိုထိန်းသိမ်းချုပ်တည်းနိုင်စွမ်းမရှိသော၊ အရှက်မဲ့သော၊ သည်းခံနိုင်စွမ်းမရှိသော၊ တည်ကြည်ခြင်းမရှိသော မည်သူမဆို လူ့ဘောင်လောကကို စွန့်ခွာပြီးနောက် သီလအကျင့်တရားများစွာကို လိုက်နာကျင့်သုံးနိုင်စွမ်းမရှိသည့်အခါ ပိုမိုနိမ့်ကျသောအဆင့်သို့ ပြန်လည် ရောက်ရှိသွားတတ်ပါသည်။ (Mp. PTS 251)

ရဟန်းတော်တို့သည် မိမိကိုယ်မိမိ စည်းကမ်းထိန်းသိမ်းနိုင်စွမ်းရှိရန် လိုအပ်ပါသည်။[55] ဤသို့ရှိမှသာ လောဘ၊ ဒေါသနှင့် မောဟတို့ကို ဖယ်ရှားနိုင်ပြီး ၎င်းတို့၏ဆန့်ကျင်ဘက်များဖြစ်သော အလောဘ၊ အဒေါသနှင့် အမောဟတရားတို့ကို ပျိုးထောင်နိုင်မည် ဖြစ်ပါသည်။ ဓမ္မပဒတွင် ဥပမာ ဆောင်ထုတ်ပြသည်မှာ "စစ်မြေပြင်တွင် ဆင်တစ်ကောင်အနေဖြင့် လေးမှပစ်လွှတ်လိုက်သော မြှားဒဏ်ကို တောင့်ခံသကဲ့သို့ ငါသည်လည်း မတရားစော်ကားခြင်းကို သည်းခံပါမည်။ အမှန်စင်စစ်သော်ကား လူအများစုသည် ကိုယ်ကျင့်သီလစောင့်ထိန်းမှုမရှိကြပေ။"(Dhp. 320) စစ်တပ်တွင် စည်းကမ်းဟူသည် အရေးကြီးဆုံးအရာ ဖြစ်သည်ဟု ဆိုလေ့ရှိကြပါသည်။ အခြေခံအုတ်မြစ်ဟု မှတ်ယူထားရာ စည်းကမ်းလိုက်နာခြင်းဖြင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိလာသည်၊ ကြောက်ရွံ့ခြင်းကို ကျော်လွှား နိုင်အောင်ကူညီပေးသည်။ တည်ကြည်မှု သမာဓိကို မြှင့်တင်ပေးသည်။ ဤအရည်အသွေးအားလုံးက စစ်မက် တိုက်ခိုက်မှုများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသူတို့အား အကာအကွယ်ပေးမှုကို အစွမ်းကုန် မြှင့်တင်ပေးပါသည်။

စစ်ရေးလေ့ကျင့်မှုစနစ်များကို ဘာဝနာအားထုတ်မှုနည်းလမ်းအမျိုးမျိုးကဲ့သို့သော ဗုဒ္ဓဘာသာရှိ ရင်းမြစ်များစွာတွင် တွေ့ရှိရပါသည်။ အမေရိကန်စစ်တပ်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဗိုလ်ကြီး စိုးမြ မာလာသီရိ (Captain Somya Malasri) က ရှင်းပြသည်မှာ - "စစ်သားတွေရဲ့စိတ်ထဲမှာ တင်းကြပ်တဲ့ဖိစီးမှုရှိတယ်လို့ ကျွန်ုပ် ယူဆပါတယ်။ ဒါကြောင့် သူတို့ကို ဘာဝနာအကျင့်လုပ်စေခြင်းဖြင့် ကျွန်ုပ် ကူညီပေးနိုင်ပါတယ်။ သူတို့ကို ဘယ်လိုတရားဘာဝနာပွားများရမယ်၊ စိတ်ဖိစီးမှု၊ ဒေါသနဲ့ စိတ်သောကတွေကို ဘယ်လိုဖယ်ရှားရမယ် ဆိုတာ ကျွန်ုပ် သင်ကြားပေးနိုင်ပါတယ်။" (Bosco 2014, 834) သုတေသနများက ဘာဝနာအကျင့်ကို သင်ကြားလေ့ကျင့်ပေးခြင်းသည် ရန်လိုမှုများကို နိမ့်ပါးသွားစေခြင်းနှင့် စစ်တပ်အတွင်း စည်းကမ်းချိုးဖောက်မှုအရေအတွက်ကိုလည်း လျော့နည်းသွားစေခြင်းတို့တွင် ထိရောက်မှု မြင့်မားကြောင်း အမှန်တကယ် ဖော်ပြနေပါသည်။[56]

ဗုဒ္ဓဘာသာတွင် ဘာဝနာအားထုတ်ခြင်းသည် ကောင်းမွန်သောပြောင်းလဲမှု ဖြစ်စေနိုင်သည့် နည်းလမ်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဂိုဏ်းအမျိုးမျိုးသည် ဘာဝနာအားထုတ်ပုံနည်းအမျိုးမျိုးပေါ်တွင် အဓိကအာရုံစိုက်ပါသည်။ ဥပမာအားဖြင့် အစောဆုံးခေတ်ကျမ်းစာအချို့တွင်ပါဝင်သော အာနာပါနသတိ (ဝင်လေထွက်လေကိုအာရုံပြု၍ သတိတရားပွားများခြင်းနည်းလမ်း)သည် ထေရဝါဒ၊ ချန်တိုင်း Tiāntāi နှင့် ဇင် Chán (Zen/Seon/ Thiên) အစဉ်အလာတွင် အဓိက ဘာဝနာအားထုတ်နည်း အလေ့အထ ဖြစ်နေဆဲပင် ဖြစ်ပါသည်။ မတူညီသော ဘာဝနာ ကျင့်စဉ် နည်းလမ်းများက သတိ(သိနေခြင်း)၊ သမာဓိ(စူးစိုက်မှု)၊ သမထ(စိတ်ငြိမ်သက်မှု)နှင့် ဝိပဿနာ (ဉာဏ် အလင်းရခြင်း) ကဲ့သို့သော မတူညီသည့် ဝိသေသလက္ခဏာများကို ဖွံ့ဖြိုးတိုးတက်ပွားများစေရန် ရည်ရွယ်ပါသည်။ အရေးကြီးသည်မှာ ဘာဝနာအားထုတ်နည်းများအားလုံးကို မပွားများမီနှင့် ပွားများနေဆဲတို့တွင် ကုသိုလ်စိတ် အခြေအနေများ ဖွံ့ဖြိုးတိုးတက်လာခြင်းတွင် အထောက်အကူပြုသည့် သီလစောင့်ထိန်းမှုနှင့် မှန်ကန်သော လုံ့လ စိုက်ထုတ်မှုတို့ကဲ့သို့သော အလေ့အထများကို ဦးစွာ ရှေ့ပြေးကျင့်သုံးရန်နှင့် ပေါင်းစပ်ကျင့်သုံးရန် လိုအပ်ပါသည်။[57]

သတိတရားသည် ဗုဒ္ဓဘာသာကျင့်သုံးမှုတွင် မရှိမဖြစ်လိုအပ်သောအပိုင်း ဖြစ်ပါသည်။ သတိတရားသည် အရဟတ္တမဂ်ဉာဏ်၏ အင်္ဂါခုနစ်ပါးတွင် ပထမဆုံးအင်္ဂါရပ်ဖြစ်ပြီး၊ မှန်ကန်သောသတိရှိမှု "သမ္မာသတိ"သည် မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးအကျင့်တရားတွင် ခုနစ်ခုမြောက် အင်္ဂါရပ် ဖြစ်ပါသည်။ အကြမ်းအားဖြင့် ပြောရလျှင် သတိတရား ပွားများကျင့်သုံးခြင်းတွင် ပစ္စုပ္ပန်ကာလ၌ ဖြစ်ပျက်နေသည့်အရာတိုင်းကို သတိပြုမိသော အရည် အချင်းကို ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေသည့် လုပ်ငန်းစဉ် ပါဝင်ပါသည်။ ဗုဒ္ဓဘာသာတွင် သတိတရားကို ပွားများခြင်းနှင့် အကျင့်နှင့်သီလကိုပျိုးထောင်ခြင်းတို့အကြား တိုက်ရိုက်ဆက်သွယ်မှု ရှိပါသည်။ သတိတရားကင်းမဲ့ စွာ ပြုမူခြင်းသဘောမဖြစ်စေရေးတိုက်ဖျက်ရန်အတွက် သတိတရားသည် မရှိမဖြစ်ပဓာနဖြစ်ပြီး ဤသတိတရား ကြောင့် ကရုဏာနှင့်ယှဉ်သောအလုပ်များကို လုပ်စေနိုင်ပါသည်။

စိတ်ဖိစီးမှုအလွန်မြင့်မားသော တိုက်ပွဲအခြေအနေများတွင် ၎င်းတို့၏ စစ်ရေးဆိုင်ရာရည်မှန်းချက်များ ရရှိ အောင် ဆောင်ရွက်နေစဉ်မှာပင် ထိခိုက်မှုကိုအနည်းဆုံးဖြစ်စေရန်နှင့် IHL ချိုးဖောက်မှုများကို ကာကွယ်တားဆီး ရန် ကြိုးစားနေရသည့် စစ်သည်များအတွက် မိမိကိုယ်တိုင်နှင့် ကမ္ဘာလောကအတွင်းသို့ စိတ်ဖြင့် မှန်ကန်စွာ ထိုးဖောက်သိမြင်ရန်မှာ ဇေန်မုချ ပဓာနကျသောမရှိမဖြစ်လိုအပ်ချက် ဖြစ်ပါသည်။ သတိတရားကို ပွားများခြင်း အကျင့်က တိုက်ပွဲဝင်စစ်သည်များတွင် စိတ်ဓာတ်ကြံ့ခိုင်မှုကိုတည်ဆောက်ပေးပြီး စိတ်ကျန်းမာရေးပြဿနာများမှ ကာကွယ်တားဆီးပေးသော နည်းလမ်းများကိုလည်း ပေးပါသည်။ ကာယလေ့ကျင့်ခန်းက ကိုယ်လုံးကိုယ်ပေါက် ပြောင်းလဲမှုများကိုဖန်တီးပေးသကဲ့သို့ စိတ်လေ့ကျင့်ခန်းများသည် စိတ်ကို "ပိုမိုကြံ့ခိုင်စေသူ"ဖြစ်ပြီး ရှုပ်ထွေးသော အခက်အခဲများကို ပိုမိုကောင်းမွန်စွာ နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်စွမ်း ရှိလာစေပါသည်။

ဗြိတိန်စစ်တပ်မှ ဂေါ်ရခါးလူမျိုးအရာရှိဟောင်းဖြစ်သော ခါဂျီရှားပ - Kaji Sherpa က ၁၉၉၉ခုနှစ်တွင် အရှေ့တီမော၌ သိမ်မွေ့သော ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးအထူးတာဝန်တွင် ၎င်း၏ ပါဝင်ဆောင်ရွက်မှုကို ပြန်ပြောင်း ပြောပြရာတွင် ၎င်း၏သင်တန်း၌ ဗုဒ္ဓဘာသာသတိပဋ္ဌာန်လေ့ကျင့်ပွားများခြင်းက ၎င်းအား မြေပြင်ရှိ အလွန်တရာ မတည်ငြိမ်သောအခြေအနေများနှင့်ရင်ဆိုင်ရသည့်အခါ အခြေအနေကို ပိုမိုကောင်းမွန်စွာ နားလည် စေပြီး စိတ်ကို ပိုမိုအေးဆေးတည်ငြိမ်စေခဲ့ပါသည်။ ၎င်းက ရှင်းပြသည်မှာ "တိဘက်ဗုဒ္ဓဘာသာတွင် ပဋိပက္ခကာလ အတွင်း ကျွန်ုပ်တို့ အကြောက်ဆုံးသည် ကျွန်ုပ်တို့တိုင်းပြည်ကို ဆုံးရှုံးရမည့်ကိစ္စမဟုတ်၊ ကျွန်ုပ်တို့ ပိုကြောက်သည် မှာ ကျွန်ုပ်တို့၏ သနားကြင်နာတတ်သော ကရုဏာတရား ပျောက်ဆုံးသွားမည်ကိုပင် ဖြစ်ပါသည်။ (ICRC 2019) အမေရိကန်လေတပ်အရာရှိလောင်း ဗုဒ္ဓဘာသာဝင်တစ်ဦးကလည်း ကရုဏာတရားအတွက် ဤလိုအပ်ချက်ကို ထောက်ခံပြောဆိုခဲ့ပါသည် -

> စစ်ပွဲသည် ကျွန်ုပ်တို့ မလုပ်ချင်သောအရာ ဖြစ်သော်လည်း တစ်ခါတစ်ရံ စစ်ပွဲကို အကြွင်းမဲ့ လိုအပ်ပြီး သင့်နိုင်ငံ၊ သင့်မိသားစုနှင့် သင် အကာအကွယ်ပေးနေရသူများအတွက် ကရုဏာတရား လိုအပ်ကြောင်းကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ပါသည်။ ဗုဒ္ဓဘာသာတွင် နေရာတစ်ခု အတိအကျ ရှိသည်ဟု ကျွန်ုပ် ယူဆပါသည်။ ...(Bosco 2014, 843)

"သင့်ကိုယ်သင် သို့မဟုတ် သင့်မိသားစု သို့မဟုတ် နိုင်ငံ အား အကာအကွယ်ပေးရန် အကြမ်းဖက်ခြင်းကို အသုံးပြုရန် မှန်ကန်သောအခါများရှိပါသလား"ဟု ဗီယက်နမ် ဘုန်းတော်ကြီး တစ်ခ်နှက်ဟန်း(Veneralbele Thich Nhat Hanh)ကို မေးသည့်အခါ ၎င်းက ရှင်းပြသည်မှာ "ပစ်ခတ်ရန်၊ ဖျက်ဆီးရန် ကြိုးစားနေသောသူ တစ်စုံတစ်ဦး ကို သင် တွေ့လျှင် ၎င်းအား ထိုသို့မလုပ်နိုင်အောင် ကာကွယ်တားဆီးရန် သင် အတတ်နိုင်ဆုံး လုပ်ဆောင်ရမည်။ သင် မဖြစ်မနေ လုပ်ကိုလုပ်ရမည်။ သို့သော် ထိုသို့ လုပ်ရာတွင် ဒေါသကြောင့် လုပ်ခြင်းမဟုတ်ဘဲ သင့် ကရုဏာ၊ သင့် အကာအကွယ်ပေးလိုသောဆန္ဒဖြင့် လုပ်ရပါမည်။ ဤအချက်က အဓိက ဖြစ်ပါသည်။" မေးမြန်းသူက ဆက်၍ "ရဲအရာရှိတစ်ယောက်အတွက် တစ်ဘက်တွင် ဥပဒေကိုလိုက်နာစေရန်အတင်းအကျပ်ပြုရာ၌ တစ်ခါတစ်ရံ အကြမ်းဖက်ခြင်းကိုလုပ်ဆောင်ရန်လိုအပ်ခြင်းနှင့် အခြားတစ်ဘက်တွင် သင့် အဆုံးအမများအကြားက ဆန့်ကျင် ဘက် ဝိရောဓိဖြစ်မှုကို အချို့က မြင်ကြပါသည်။" ပြန်လည်ဖြေကြားရာတွင် "ကောင်းပါပြီ။ သင် သေနတ် ကိုင်ဆောင်ထားပေမယ့် သေနတ်ထဲမှာ ကရုဏာအပြည့်ထည့်ပြီး ကိုင်ဆောင်ဖို့ တကယ့်ကို ဖြစ်နိုင်ပါတယ်။ သင် သေနတ်ကိုင်ပြီး ပြောရမှာက "ခင်ဗျား ဒါကိုမလုပ်သင့်ဘူး၊ လုပ်ရင် ခင်ဗျားဒုက္ခရောက်သွားနိုင်တယ်။" ဒါပေမယ့် အဲဒီစကားဟာ ကရုဏာပါနိုင်တဲ့စကား ဖြစ်ပါတယ်။ (PBS 2003)

ဗုဒ္ဓဘာသာရှုထောင့်မှ ကရုဏာသည် ပြုစုပျိုးထောင်ပေးနိုင်သောအရာဖြစ်ပြီး သူတော်ကောင်း တရား သုစရိုက် ပွားများခြင်းကို ဦးတည်ရည်ရွယ်သည့် ကျင့်သုံးမှုအလေ့အထ အများအပြားကို တွေ့ရှိရပါ သည်။ ဥပမာအားဖြင့် ဗြဟ္မဝိဟာရတရားများဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော

ဗုဒ္ဓဘာသာ သူတော်ကောင်းတရားလေးပါးတို့အပြင် သတိပဋ္ဌာန်တရား ရှုမှတ်သည့်အလေ့အကျင့်တို့က ၎င်းတို့ကို ပြုစုပျိုးထောင်ပေးပါသည်။ စစ်သည်များကို တရားဟောကြားသည့်အခါ ၎င်းတို့၏ စစ်မှုထမ်းခြင်းမှ အကုသိုလ်ကံအကျိုးပေးရလဒ်ကို နည်းနိုင်သမျှနည်းပါးစေရေးအတွက် ၎င်းတို့ကို ကူညီပေးရန် ကရုဏာဘာဝနာကို ရဟန်းတော်တို့က အလေးထားဆုံးမပေးလေ့ရှိပါသည်။ အကုသိုလ်စိတ်အခြေအနေများသည် မိမိကိုယ်ကိုထိခိုက်စေသကဲ့သို့ ကရုဏာတရားသည် တိုက်ပွဲဝင်စစ်သည်များအား စစ်ပွဲ၏ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာအနိဋ္ဌာရုံများအလယ်တွင် မကောင်းသောစိတ်ခံစားမှုများ တိုးပွားလာခြင်းမှ အားကောင်းသော အကာအကွယ်ပေးမှုပုံစံတစ်ခုကို ပေးပါသည်။ ထို့အပြင် စစ်ပွဲကာလအတွင်းမှာပင် ကရုဏာနှင့်ယှဉ်သော စိတ်စေတနာက စစ်သည်များအား ကုသိုလ်ဖြစ်စေရန် အခွင့်အရေး ပေးပါသည်။

စစ်တပ်အတွင်း အသုံးချမှုတိုးပွားလာနေသည်ကိုတွေ့ရှိသကဲ့သို့ ကိုယ်ခံပညာရပ်များ၏အစဉ်အလာပုံစံများ[58]သည် ဗုဒ္ဓဘာသာနှင့် တိုက်ခိုက်ခြင်းတို့အကြား ဆုံမှတ်ဖြစ်သည့် နောက်ထပ်နယ်ပယ်တစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် ကိုယ်ခံပညာရပ်တို့အကြား ဆက်နွယ်မှုကို ချဲ့ထွင်ရန်နှင့် တန်ဆာဆင်ရန် သို့မဟုတ် ဆန့်ကျင်ဘက်အားဖြင့် ပုံပြင်သက်သက် သို့မဟုတ် မတော်တဆဖြစ်ရပ်သက်သက်ကဲ့သို့ ၎င်းတို့၏ တူညီမှုများကို ရှုမြင်ရန် မှတ်သားဖွယ် သဘောရှိပြီး စင်စစ်အားဖြင့် ထိုသဘောသည် ဗုဒ္ဓဘာသာနှင့် ကိုယ်ခံပညာရပ်များကို ဆက်စပ်ပေးသည့် အခြေခံအကျဆုံးအဆင့်တွင် သဘာဝအလျောက် ဆက်စပ်ပတ်သက်မှု ဖြစ်ပါသည်။ ကိုယ်ခံပညာရပ်များကို လေ့ကျင့်ကြသော တိုက်ပွဲဝင်စစ်သည်များသည် ၎င်းတို့၏ ကိုးကွယ်ရာဘာသာနှင့်သက်ဆိုင်သည်များကို အလွန်စိတ်ဝင်တစားရှိကြပြီး ထိုဘာသာရေးအဆုံးအမကို ၎င်းတို့၏အလုပ်တွင် မည်သို့အသုံးချရမည်ဆိုသည်ကို စိတ်ဝင်စားကြပါသည်။ ၎င်းတို့သည် ရည်ရွယ်ချက်ရှိခြင်း၊ ကိုယ်ကျင့်တရားစည်းကမ်းနှင့် ၎င်းတို့၏ အရှင်သခင်အတွက် စစ်ပွဲတွင် အသေခံရန် အသင့်ရှိခြင်း၊ သေခြင်းတရားကို ရင်ဆိုင်ရန် နည်းလမ်းတို့ လိုအပ်ပါသည်။ ဗုဒ္ဓဘာသာ၊ ကိုယ်ခံပညာရပ်များနှင့် တိုက်ပွဲနယ်ပယ်တို့သည် ရှောင်လွှဲမရအောင် အတွင်းကျကျ ရောယှက်နေကြပါသည်။

ကိုယ်ခံပညာရပ်များသည် အခြေခံအားဖြင့် ကြံ့ခိုင်သောကိုယ်ကာယအင်အားကို ထိန်းချုပ်နိုင်ရန်နှင့် ချုပ်တည်းနိုင်ရန် သင်ယူဆည်းပူးသော ပညာရပ် ဖြစ်ပါသည်။ အဆက်မပြတ်လေ့ကျင့်ခြင်းအားဖြင့် တစ်စုံတစ်ဦးက မိမိအား ရန်ပြုခြင်းကို ပြန်လည်ခုခံရန် လိုအပ်သော ကိုယ်ကာယအင်အားပမာဏကိုသာ အသုံးပြုခြင်းဖြင့် ထိခိုက်မှုကိုရှောင်ကြဉ်ရန် ဆန်းပြားရှုပ်ထွေးသောနည်းစံနစ်များအား အသုံးပြုနိုင်စွမ်းကို ဖွံ့ဖြိုးလာစေပါသည်။ သုတေသနလေ့လာချက်များက[59] သတိပဋ္ဌာန်ကဲ့သို့ပင် ကိုယ်ခံပညာရပ်များကလည်း လေ့ကျင့်သူများအား ၎င်းတို့ကိုယ်၎င်းတို့နှင့် ပတ်ဝန်းကျင်အခြေအနေ နှစ်ရပ်လုံးကို ထိန်းချုပ်နိုင်စွမ်း ပိုမိုကောင်းလာစေရန် အထောက်အကူပြုသည့်အပြင် မကောင်းသောစိတ်ခံစားချက်ဖြင့် တုံ့ပြန်မှုများကို ပိုမိုနည်းပါးလာစေပြီး အကြမ်းဖက်သော အပြုအမူများကို အလုံးစုံ လျော့နည်းသွားစေကြောင်း တညီတညွတ်တည်း ပြသကြပါသည်။

ဗုဒ္ဓဘာသာနှင့်ကိုယ်ခံပညာတို့ပေါင်းဆုံမှုအပေါ် အခြားရှုထောင့်တစ်ခုလည်း ရှိပါသေးသည်။ တရားရှုမှတ်သည့်အခါ ခန္ဓာကိုယ်မသက်မသာဖြစ်ခြင်းကြောင့် စိတ်ပျံ့လွင့်မှုမဖြစ်စေရန် အကောင်းဆုံး ကိုယ်နေဟန်ထားကို ထိန်းသိမ်းထားခြင်း၊ ဆွဲဆန့်ထားသောအချိန်ကာလအတွက် မိမိ၏အတွေးများနှင့် ထွက်လေဝင်လေရှူရှိုက်ခြင်းကို ထိန်းချုပ်ထားခြင်းတို့ကို တပြိုင်နက်တည်းလုပ်ဆောင်နိုင်ရန် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ဖွဲ့ နှစ်မျိုးလုံး လိုအပ်ပါသည်။[60] ကိုယ်ခံပညာလေ့ကျင့်ရေးတွင် သတိပဋ္ဌာန်အလေ့အကျင့်နှင့် အသေးစိတ်ကျသည့် လေ့ကျင့်ရေးစည်းကမ်းများအတွက် ခိုင်မာသောအခြေခံကို သတ်မှတ်ထားပါသည်။ ဗုဒ္ဓဘာသာ၏ မဂ္ဂင်ရှစ်ပါးလမ်းကြောင်းနှင့် ကိုယ်ခံပညာကျင့်သုံးမှုအစဉ်အလာ နှစ်ခုလုံးသည် အပြုအမူနှင့် စည်းကမ်းကို ဗဟိုပြုပါသည်။ နေ့စဉ် လေ့ကျင့်ခြင်းနှင့် စွဲစွဲမြဲမြဲ ထပ်တလဲလဲပြုခြင်းသည် စိတ်ကိုချုပ်တည်းနိုင်ရန် ဦးတည်ပါသည်။ အရိုးထဲအထိ ပြင်းထန်သော လေ့ကျင့်မှုကို စိမ့်ဝင်စေခြင်းဖြင့် အတွင်းရန်သူကို စစ်ခင်းခြင်းသည် သက်ရှိအားလုံး၏ အပြန်အလှန်ဆက်စပ်နေမှုကို သိနားလည်စေပြီး ယင်းက အခြားသူများအပေါ် သနားကရုဏာကို တိုးပွားစေပါသည်။

တိုက်ခိုက်မှုကို သဘာဝအလျောက်တုံ့ပြန်ခြင်းသည် ကြောက်စိတ်ဖြစ်ပြီး ယင်း၏နောက်တွင် လိုက်ပါလာတတ်သော ရန်လိုတိုက်ခိုက်ခြင်းနှင့်အတူ တစ်စုံတစ်ဦး၏ ထိရောက်စွာ တုံ့ပြန်နိုင်စွမ်းကို လွှမ်းမိုးသွားပါသည်။ မိမိ၏စိတ်အတွေးများတွင် ကြောက်ရွံ့မှုတွဲပါလာသည့်အခါ အများအားဖြင့် မလိုလားအပ်သော အင်အားနှင့်အတူ တုံ့ပြန်တတ်သည်ဖြစ်ရာ ကျင့်ဝတ်အရ သို့မဟုတ် ဥပဒေအရ အကြောင်းခိုင်လုံမှုထက် ကျော်လွန်ကာ တိုက်ခိုက်သူကို ပိုမိုကြီးမားသော ထိခိုက်မှု ဖြစ်စေပါသည်။ ကပ်ငြိမှုကို ကျော်လွှားနိုင်ခြင်းနှင့် မိမိကိုယ်ကိုယ်ကာကွယ်နိုင်စွမ်းအပေါ် ယုံကြည်မှုတိုးလာခြင်းဖြင့် မိမိ၏ကြောက်စိတ်နှင့် အခြားသော စိတ်၏ပင်ကိုစရိုက်များကို ပိုမိုကောင်းမွန်စွာ

ထိန်းချုပ်နိုင်ရန် သင်ယူရပါသည်။ စစ်ပွဲပြင်းထန်ချိန်တွင် ပဓာန အရေးပါမှုသည် စိတ်ရှုပ်ထွေးမှုများအားလုံးကို ကျော်လွှားနိုင်သော လက်ရှိပစ္စုပ္ပန်ကာလတွင် ရှိနေသည့် တည်ငြိမ်သော ငြိမ်သက်သော စိတ် ဖြစ်ပါသည်။ မကောင်းသောစေ့ဆော်မှုများအပေါ် လုပ်နိုင်စွမ်းမရှိခြင်းသည် တစ်စုံတစ်ယောက်အား ကောင်းသောကုသိုလ် ရည်ရွယ်ချက်စေတနာဖြင့် လုပ်ဆောင်ရန် ဖြစ်နိုင်စေပါသည်။

စည်းကမ်းသေဝပ်ခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်းနှင့် အခြားသူများကိုလေးစားခြင်း ကဲ့သို့သော အကျင့်စရိုက် တည်ဆောက်ခြင်းအခြေခံမှုများပေါ် ၎င်းတို့၏ အစဉ်အလာ အလေးထားမှုနှင့် ပေါင်းစပ်လိုက်သောအခါ ကိုယ်ခံ ပညာအလေ့အကျင့်များသည် စစ်တပ်အတွက်လည်း မုချ အကျိုးရှိနိုင်ပါသည်။ IHL ၏ ကျင့်ဝတ်နှင့်အညီပြုမူရန် အခြေခံမူသည် မိမိ၏စစ်သည်များကဲ့သို့ ပုဂ္ဂိုလ်ရေးမုန်းတီးမှုကြောင့်မဟုတ်ဘဲ တာဝန်သိစိတ်ဖြင့် တိုက်ခိုက်နေရ သည့် ဘုံတူညီသောအလုပ်ကိုလုပ်နေရသူများဖြစ်သည့် ရန်သူများအကြား တရားမျှတမှုနှင့် အချင်းချင်းလေးစားမှု တို့ကို အတိုင်းအတာတစ်ခုအထိ တောင်းဆိုပါသည်။ လေးစားသမှုရှိခြင်းသည် IHL ဖွံ့ဖြိုးတိုးတက်မှုအတွက် ပဓာန မရှိမဖြစ်လိုအပ်ပြီး ယင်းကို ယဉ်ကျေးမှုအမျိုးမျိုးနှင့် ခေတ်ကာလအဆက်ဆက် စစ်သည်တော်ကိုဥပဒေများမှ ကောက်နုတ်ဆွဲယူထားခြင်း ဖြစ်ပါသည်။ (အမေရိကန် ကာကွယ်ရေးဌာန - US Department of Defense 2016, 65-66) ဥပဒေ၏ ဘောင်ခတ်မှုကို ကျော်လွန်ပြီး မကြာခဏ IHL မသက်ရောက်နိုင်သောနည်းလမ်းဖြင့် လူတို့၏ ကိုယ်ပိုင်လက္ခဏာများနှင့် ငုပ်နေသော စေ့ဆော်မှုများအတွင်းသို့ ကိုယ်ကျင့်သီလနှင့်ဘာသာရေးနယ်ပယ်တို့က ထိုးဖောက်နိုင်ပါသည်။ IHL ကို ကျောထောက်နောက်ခံပြုထားသော ကျင့်ဝတ်တန်ဖိုးများကို ထောက်ကူရန် ဗုဒ္ဓ ဘာသာကဲ့သို့သော ဘာသာရေး အစဉ်အလာများအတွက် အရေးပါသော နေရာတစ်ခု ရှိပါသည်။

အခြေခံကိုယ်ကျင့်တရားများကို အလေးထားခြင်းနှင့် ပိုမိုနိုင်မာအားကောင်းစေခြင်းဖြင့် စစ်သည်များသည် IHL ကို ပြင်ပမှ ၎င်းတို့အပေါ် သတ်မှတ်ပြဋ္ဌာန်းသည့် ဥပဒေဆိုင်ရာ ကောက်နုတ်တောင်းဆိုမှုများဟုသာ ယူဆ သဘောထားခြင်းထက် ပိုမိုအဓိပ္ပာယ်ရှိသောနည်းလမ်းဖြင့် IHL နှင့် ချိတ်ဆက်နိုင်စေပါသည်။ ဤအချက်က ICRC လေ့လာမှုဖြစ်သော "စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်း၏ အရင်းခံအကြောင်းတရားများ"[61]တွင် တွေ့ရှိချက်များနှင့်လည်း တူညီပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးများသည် ဥပဒေကို ပိုမိုပြည့်စုံစေရန် ဖြည့်စွက်ပေးသည့် အားကောင်းသောဖြည့်ဖက်အခန်းကဏ္ဍတွင် ပါဝင်ပြီး မလိုလားအပ်သော အမူအကျင့်များကို အားမပေးခြင်းသည် "စည်းမျဉ်းများနှင့်ဆန့်ကျင်သောကြောင့်"သာမက ယင်းသည် "ကျွန်ုပ်တို့နှင့်ဆန့်ကျင်နေသော ကြောင့်"လည်း ဖြစ်ပါသည်။

အစောပိုင်းက ဖော်ပြခဲ့သော "ဗုဒ္ဓဘာသာနှင့် IHL တို့အကြား ဆက်သွယ်မှု"ညီလာခံ (ICRC 2019) ၌ အမှုထမ်းဆဲနှင့် အငြိမ်းစား စစ်ဘက်အရာရှိများက ၎င်းတို့၏ အလုပ်တွင် IHL အခြေခံမူများနှင့် ဗုဒ္ဓဘာသာ အဆုံးအမတို့ကို ၎င်းတို့ မည်ကဲ့သို့ကျင့်သုံးခဲ့ကြသည်ကို ပြန်လည်ပြောပြခဲ့ကြပါသည်။ ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့် သီလများနှင့် စစ်ဘက်တန်ဖိုးထားမှုများကို တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်အဖြစ် မမြင်ဘဲ ဖြည့်ဖက်များအဖြစ် ရှုမြင်ကြပါသည်။

ဗုဒ္ဓဘာသာတွင် လေ့ကျင့်ခြင်းနှင့် သူတော်ကောင်းတရားပျိုးထောင်ခြင်းတို့ကို အလေးထားပြီး ထို့နောက် ယင်းတို့မှ ကုသိုလ်လုပ်ရပ်များ ပုံပေါ်လာပါသည်။ မည်သို့ဆိုစေ ဗုဒ္ဓဘာသာဝင်စစ်သည်များတွင် IHL နှင့် ၎င်းတို့ ကိုးကွယ်ရာ ဘာသာတရား၏ ကျင့်ဝတ်ဆိုင်ရာ အဆုံးအမများနှင့် လေ့ကျင့်ပြီးဖြစ်လာရန် ကံတရားဆိုင်ရာ မက်လုံးများရှိပါ သည်။ သေရေးရှင်ရေးအပေါ် ဆုံးဖြတ်ချက်များပေးရန် တာဝန်ပေးအပ်ခြင်းခံရသည့်အလုပ်တွင် စည်းကမ်းရှိသော၊ မွန်မြတ်သော၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ်တွင် ကျွမ်းကျင်လိမ္မာခြင်းနှင့် ၎င်းတို့၏ ရည်ရွယ်ချက် စေတနာတို့ကို ကောင်းမှုကုသိုလ်ဖြစ်စေခြင်းတွင် ကျွမ်းကျင်လိမ္မာခြင်းတို့ နှစ်ခုလုံးပါဝင်သည့် ကျွမ်းကျင်သော တပ်ဖွဲ့ကို ထိန်းသိမ်းထားရန် အလွန့်အလွန်အရေးကြီးပါသည်။

## နိဂုံး

ဗုဒ္ဓဘာသာသည် အဟိံသတရားကဲ့သို့သော ယင်း၏မြင့်မားသော ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံမူသဘောတရား များကို ထိန်းသိမ်းရာတွင် လုံးဝ ယိမ်းယိုင်မှုမရှိသော်လည်း လက်တွေ့လောက၏အခြေအနေများနှင့် လိုက်လျော ညီထွေရှိစေရေး စဉ်ဆက်မပြတ်ညှိရန် လိုအပ်ချက်ကို အသိအမှတ်ပြုပါသည်။ အပြင်ဘက်မှ ယူဆလေ့ရှိကြသည် တို့နှင့်ဆန့်ကျင်ဘက်အားဖြင့် ကျမ်းစာများပါ အဟိံသအယူအဆကို လက်နက်ကိုင်တပ်ဖွဲ့ထားရှိခြင်းနှင့် လိုအပ်က စစ်ရေးနည်းလမ်းဖြင့် ကောင်းကျိုးချမ်းသာတို့ကိုအကာအကွယ်ပေးခြင်းတို့အား အတိုက်အခံပြုကာ ရပ်တည်ရန်

လုံးဝ နားမလည်ခဲ့ပါ။ ကောင်းသောရည်ရွယ်ချက်များအတွက် သေစေလောက်သောအင်အားအသုံးပြုခြင်းကို မည်သည့်အခါကမျှ ပစ်ပယ်ခြင်း အလျှင်းမရှိခဲ့ပါ။ စစ်ပွဲသည် အပြစ်အနာအဆာများနှင့်ရုပ်ပျက်နေသည့် သံသရာအတွင်း ရှောင်လွှဲမရနိုင်သော၊ လူသားတို့၏အမှားများမှပေါ်ထွက်လာသောအရာဖြစ်သည်ဟု ယူဆပါသည်။ အကာအကွယ်ပေးရေးအတွက် စည်းကမ်းရှိသော၊ ကောင်းမွန်သော၊ ကျွမ်းကျင်သော စစ်တပ်တစ်ခုကို လိုအပ်ချက်အဖြစ် ရှုမြင်ပြီး စစ်တပ်ရှိခြင်းသည် မကြာခဏဆိုသလိုပင် ပဋိပက္ခများကို ရှောင်ရှားရန် အကြောင်းဖြစ်ပြီး စစ်တပ်မရှိပါက လူတို့သည် ကြောက်ရွံ့စိတ်ဖြင့်နေရသောကြောင့် ဆင်းရဲဒုက္ခ ပိုမို ပေါ်ပေါက်ခြင်းကို ဖြစ်စေပါသည်။

အပြုအမူ၏ သီလအရည်အသွေးကို ဆုံးဖြတ်ရာတွင် ဆင်းရဲဒုက္ခလျှော့နည်းရေးကိုရှေးရှုလုပ်ဆောင်ရာ၌ ထိုအပြုအမူ၏ပါဝင်အထောက်အကူပြုမှုဖြင့် ဆုံးဖြတ်သည့် ဗုဒ္ဓဘာသာ၏ အလွန်လက်တွေ့ဆန်သော ရှုထောင့်တွင် သိသာသည်မှာ ကံပေါ်တွင်အရင်းခံသော ရည်ရွယ်ချက်စေတနာ၏ အမြင့်မားဆုံး အရေးပါမှု ဖြစ်ပါသည်။ ၎င်းသည် ဆန္ဒပေါ်အဓိကထားသောကြောင့် ကောင်းသောရည်ရွယ်ချက်များပေါ်အခြေခံသော စစ်ရေး ဆောင်ရွက်ချက်များအတွက် အဟိံသတရားက ခွင့်ပြုပါသည်။ ဆင်းရဲဒုက္ခ နည်းနိုင်သမျှနည်းပါးစေရန် မကောင်းသောစိတ်ကို ချုပ်တည်းရပါမည်။ ရှောင်လွှဲ၍မရနိုင်သော ရှားရှားပါးပါးဖြစ်ရပ်များတွင် ၎င်းက လက်နက်ကိုင်ပဋိပက္ခအဖြစ်ပင် ရလဒ်ပေါ်ထွက်နိုင်ပါသည်။ သို့သော်လည်း စစ်တပ်အင်အားကို အသုံးပြုခြင်းသည် ခန့်မှန်း၍မရနိုင်သောကြောင့် (စစ်ပွဲ၏ရလဒ်များကဲ့သို့) ထိခိုက်မှု ပိုမိုနည်းပါးသော အခြား ရွေးချယ်စရာများ မရှိမှသာ ၎င်းကို အသုံးပြုရမည် ဖြစ်ပြီး အကာအကွယ်ပေးသောရပ်တည်ချက်ဖြင့် အသုံးပြုရပါမည်။

ဤအချက်သည် အကြမ်းဖက်ခြင်းအတွက် ဗုဒ္ဓဘာသာ၏ အကြောင်းပြချက် မဟုတ်သော်လည်း ဆန့်ကျင်ဘက်အဖြစ် - အကြမ်းဖက်ခြင်းသည် ထိခိုက်မှုဖြစ်စေရန် ရည်ရွယ်ချက်စေတနာသဘောပါဝင်သော်လည်း ထိခိုက်မှုကို အလုံးစုံ အနည်းဆုံးဖြစ်စေရန် ဦးတည်သော ကုသိုလ်စေတနာသက်သက်ဖြင့် ထိုအင်အားကို ချုပ်တည်း ထိန်းသိမ်းရန် အမြင့်မားဆုံးသော အကျင့်သီလပိုင်းဆိုင်ရာ လိုအပ်ချက်ကို ဗုဒ္ဓဘာသာက တောင်းဆိုပါသည်။ ဤချုပ်တည်းမှုကို ရန်လိုသော ကာယကံအမှုများ ရလဒ်အဖြစ်ထွက်ပေါ်မလာနိုင်မီ ရှေ့ပြေးများဖြစ်ကြသော မနောကံနှင့် ဝစီကံအထိ ချဲ့ထွင်ကျင့်သုံးရန်ပင် ဖြစ်ပါသည်။ အကြမ်းဖက်ခြင်းက နောက်ထပ်အကြမ်းဖက်ခြင်းကို ဖြစ်စေသော ထပ်ခါတလဲလဲဖြစ်တတ်သည့် ကံ၏သံသရာလည်ပတ်မှုသဘောသဘာဝကြောင့် စစ်ပွဲအတွင်း တစ်စုံတစ်ဦး၏ လက်မခံနိုင်သောအပြုအမူက နောင်အနာဂတ်ကာလတွင် ပဋိပက္ခပေါ်ပေါက်စေရန် အခြေအနေများကို ဖန်တီးပေးနိုင်ပြီး ဤအချက်သည် လူတိုင်း၏ကိုယ်ကျိုးစီးပွားကို အဆုံးစွန် ဆွဲဆောင်နိုင်ပါသည်။

အဟိံသအကျင့်ကို လိုက်နာကျင့်သုံးခြင်းနှင့် စစ်တပ်တွင်အမှုထမ်းခြင်းတို့အကြား အခြေခံကျသော ဆန့်ကျင်ဘက်သဘော မရှိပါ။ အခြားအလုပ်အကိုင်များမှာကဲ့သို့ပင် အရေးအကြီးဆုံးအချက်မှာ မိမိ၏အလုပ်ကို မည်သို့လုပ်သည်နှင့် မိမိ၌ရှိသည့် ရည်ရွယ်ချက်စေတနာတို့ ဖြစ်ပါသည်။ အဆုံးအမတရားတော်တို့၌ စစ်ပွဲအတွင်း ပျံ့နှံ့နေသည့် သာမန်ထက်ထူးခြားသောအခြေအနေများနှင့် အကာအကွယ်ပေးရမည့် နိုင်ငံတော်၏တာဝန်နှင့် စစ်သည်၏တာဝန်တို့အား အသိအမှတ်ပြုမှုကို တွေ့ရှိရပါသည်။ တိုက်ပွဲတွင် စစ်သားတစ်ယောက်အနေဖြင့် မိမိ လျှောက်လှမ်းနေသောလမ်းကြောင်းပေါ်တွင် တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် သူ့အသက်မသတ်ခြင်း ဟူသော အခြေခံသီလကို ချိုးဖောက်ရခြင်း ရှိနိုင်ပါသည်။ မိမိ၏ ရည်ရွယ်ချက်စေတနာသည် လောဘ၊ ဒေါသ သို့မဟုတ် မောဟတို့ဖြင့် ညစ်ထေးမှုမရှိစေရန် သတိကြီးကြီး ထားရပါမည်။

ဗုဒ္ဓဘာသာဝင် စစ်သည်တို့အနေဖြင့် မကောင်းသောအတွေးအကြံ၊ မကောင်းသော အပြောအဆိုနှင့် မကောင်းသောလုပ်ရပ်များမှ ၎င်းတို့ကိုယ်၎င်းတို့ စောင့်ရှောက်ရန် လိုအပ်ရုံသာမက ပေးကမ်းစွန့်ကြဲမှု၊ မေတ္တာတရားနှင့် ဉာဏ်ပညာတို့ကဲ့သို့သော တန်ပြန်ဖြေဖျောက်မှု အလေ့အကျင့်များကိုလည်း လိုအပ်ပြီး ယင်းတို့ကြောင့် ကုသိုလ်ဖြစ်သောအလုပ်များကို လုပ်ပေလိမ့်မည်။ ရဟန်းတော်များကဲ့သို့ပင် စစ်သည်များသည်လည်း ကောင်းစွာ လေ့ကျင့်ထားရန် လိုအပ်ပါသည်။ စည်းကမ်းလိုက်နာမှု၊ မိမိကိုယ်ကိုထိန်းချုပ်မှု၊ သည်းခံမှု၊ ဇွဲရှိမှု၊ မိမိစိတ်ကို အမှန်အတိုင်းထိုးထွင်းသိမြင်မှု၊ ကျွမ်းကျင်မှု - ဤအကြောင်းရင်းအားလုံးသည် လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ဆင်းရဲဒုက္ခ လျှော့နည်းစေရန် အထောက်အကူပြုပါသည်။ အလွန်အရေးကြီးသောအချက်မှာ ဤတရားများသည် စစ်တပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်အားလုံးနှင့် သက်ဆိုင်ပြီး နိုင်ငံရေးအဆုံးအဖြတ်ပေးသူများအထိ သက်ဆိုင်ပါသည်။

ဗုဒ္ဓဘာသာက ကျွန်ုပ်တို့ကို ယခုခေတ် စစ်ပွဲများအားဆင်ခြင်သုံးသပ်ရန် တန်ဖိုးမဖြတ်နိုင်သော ရင်းမြစ် အချက်အလက်များ ပေးပါသည်။ ဗုဒ္ဓကျမ်းစာများတွင် စစ်ပွဲကိုရှောင်ရှားနိုင်မည့် နည်းလမ်းနှင့်ပတ်သက်သည့်

ပရိယာယ်များ၏ ဇာစ်မြစ်ကို ဖော်ပြထားသော်လည်း စစ်တပ်ကို တပ်ဖြန့်ချထားခြင်းသည် နောက်ဆုံးနည်းလမ်း အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ ဇာတ်ကြောင်းပြန်ခြင်းနည်းလမ်းဖြင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ အဆုံးအမများသည် စိတ်ပင်ပန်းမှုများနှင့် မပြတ်သားမှုများကို ထိန်းသိမ်းထားနိုင်စွမ်းရှိစေပြီး နာကြားသူများကို အခြေအနေအမျိုးမျိုး နှင့် မိမိရင်ဆိုင်ရမည့် အတွေ့အကြုံဖြစ်သည့် ရှုပ်ထွေးသောရွေးချယ်စရာများတွင် ၎င်းတို့ကိုယ်၎င်းတို့ နှစ်မြှုပ်ထား ရန် စိန်ခေါ်နိုင်စွမ်း ရှိစေပါသည်။

ဗုဒ္ဓဘာသာကို ပဋိပက္ခကာကွယ်တားဆီးရေးနှင့် ဖြေရှင်းရေး အခြေအနေများတွင် ကျယ်ပြန့်စွာ အသုံးချခဲ့ သော်လည်း စစ်ပွဲတွင်းအပြုအမူနှင့်သက်ဆိုင်သော အဆုံးအမများစွာကိုလည်း ဗုဒ္ဓဘာသာက ပေးပါသည်။ ထို့အပြင် ၎င်း၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရည်မှန်းချက်များကို တိုးတက်ပြန့်ပွားစေရန်အတွက် “လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ”၊ IHL အား နက်ရှိုင်းသော လှုံ့ဆော်မှုကို ဖြစ်စေပါသည်။ ဗုဒ္ဓဘာသာ အဆုံးအမတို့တွင် IHL နှင့်သက်ဆိုင်သည့်အကြောင်းအရာများစွာပါဝင်ပြီး စိတ်ဝိညာဏ်၌ တူညီမှုများစွာကို ပြသနေ ပါသည်။ ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုစလုံးက ပဋိပက္ခ၏အရိုတရားသဘောသဘာဝကိုလက်ခံပြီး ဆင်းရဲဒုက္ခ လျှော့နည်းစေခြင်းကို ဦးတည်သည့်လမ်းကြောင်းကို ရှာဖွေရန် ကြိုးစားကြပါသည်။

မည်သို့ဆိုစေ ၎င်းတို့တွင် ကျယ်ကျယ်ပြန့်ပြန့် ဘုံတူညီမှု များစွာရှိသော်လည်း ၎င်းတို့၏ ခြားနားချက်များ က ထိုးထွင်းအမြင်ရှိရန်လည်း သက်သေပြနေပါသည်။ ဗုဒ္ဓဘာသာအခြေခံမှုများသည် အချိန်တိုင်းတွင် ပို၍ပင် သက်ဆိုင်ပါသည်။ ထို့အပြင် ယင်းသည် စိတ်၏ လက်နက်ဖျက်သိမ်းခြင်းကို ဦးတည်သည့် မိမိသန္တာန်တွင်ရှိသော အကုသိုလ်အရင်းအမြစ်များကို တိုက်ခိုက်သည့်စစ်ပွဲဖြစ်ပြီး အဓိကနေရာတွင်ရှိသည့် နောက်ထပ် “စစ်ပွဲ” အမျိုးအစားတစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓဘာသာရှုထောင့်မှ အားကောင်းသော သီလပိုင်းဆိုင်ရာချုပ်တည်းမှုများဖြင့် ဥပဒေစည်းမျဉ်းများကို ပြည့်စုံအောင် ဖြည့်စွက်ရန် လိုအပ်ပါသည်။ IHL တွင် လုပ်ရပ်တစ်ခု၏နောက်ကွယ်ရှိ ရည်ရွယ်ချက်သည် သက်ဆိုင်မှုရှိသော်လည်း လက်စားချေခြင်းကဲ့သို့သော အကုသိုလ်စိတ်အခြေအနေများသည် ယင်းအားလေးစားလိုက်နာခြင်းတွင် တိုက်ရိုက်အခန်းကဏ္ဍ၌ ပါဝင်ခြင်းမရှိချေ။ ဤသို့သောဝန်းကျင်တွင် IHL ကို ထိရောက်မှုရှိစေရန်အတွက် IHL ၌ပါဝင်သော ကိုယ်ကျင့်တရားဆိုင်ရာစည်းမျဉ်းများကို စဉ်ဆက်မပြတ် ပျိုးထောင် ရန် လိုအပ်ပါသည်။

ပဋိပက္ခများ၏ သဘောသဘာဝအစစ်အမှန်ကို လျစ်လျူရှုသူတို့သည် စစ်တပ်ကို လူသိရှင်ကြား စွပ်စွဲ ရှုတ်ချကြပြီး ဗုဒ္ဓဘာသာဝင်များအား ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်ရန် ၎င်းတို့၏ တရားဝင်အခွင့်အရေးကို ငြင်းပယ် ကြပြီး လက်နက်ကိုင်ပဋိပက္ခတွင် ဆင်းရဲဒုက္ခလျှော့နည်းစေခြင်းကို ဗုဒ္ဓဘာသာအဆုံးအမ တရားတော်များက မည်သို့ ပါဝင်အထောက်အကူပြုနိုင်သည် ဆိုသည့်အချက်နှင့်သက်ဆိုင်သော အရေးပါသည့် ဆွေးနွေးပွဲများတွင် ပါဝင်ခြင်းမရှိဘဲခပ်ခွာခွာနေကြပါသည်။ စစ်သည်များကို ဝိုင်းပယ်ခြင်း သို့မဟုတ် ဘာသာရေးရှုထောင့်မှ ပြစ်တင် ဝေဖန်ခြင်းသည် စိတ်ဓာတ်ကောင်းမွန်ပြီး ကျွမ်းကျင်သော စစ်သည်များ ဖြစ်လာရန်လည်း အထောက်အကူ မဖြစ် သောကြောင့် အပြုအမူအပေါ် မကောင်းသော သက်ရောက်မှု ဖြစ်စေပါသည်။ ပြဆိုခဲ့ပြီးသကဲ့သို့ “ဗုဒ္ဓဘာသာဝင် စစ်သား”သည် ဝိရောဓိသဘောဖြစ်သော်လည်း ဆန့်ကျင်ဘက်သဘော မဟုတ်ချေ။ အပေါ်ယံအားဖြင့်ကြည့်လျှင် ဗုဒ္ဓဘာသာနှင့် စစ်တပ်တို့တွင် ဆန့်ကျင်ဘက်လက္ခဏာများထင်ဟပ်နေသောကြောင့် ယင်းကို နားလည်ရန် ခက်ပါ သည်။ သို့သော်လည်း ဤဝိရောဓိကပင် ဖုံးကွယ်နေသော အမှန်တရားကို ကျွန်ုပ်တို့အား ဖော်ပြနေပါသည်။

**မှတ်စုများ**

1. ဗုဒ္ဓဘာသာတွင် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ကိုးကွယ်ယုံကြည်မှုများနှင့် စိတ်ပိုင်းဆိုင်ရာကျင့်စဉ်များစွာ ပါဝင်ပါသည်။ ကျမ်းစာများအား အသုံးပြုပုံမတူခြင်း၊ ဗုဒ္ဓဘာသာအစဉ်အလာများကို မတူညီသောမျိုးရိုးစဉ်ဆက် သို့မဟုတ် မတူညီသောဆွဲဆောင်မှုတို့အရ အနက်အဓိပ္ပာယ်ကောက်ယူပုံ ကွဲလွဲခြင်းတို့ကြောင့် ဤမတူကွဲပြားမှုကို တစိတ်တပိုင်း ထင်ဟပ်ပြသနေပါသည်။ ဤဆောင်းပါးက ဗုဒ္ဓဘာသာဂိုဏ်းအသီးသီး၏ တူညီသော အခြေခံမှု သဘောတရားများနှင့် အားလုံးလက်ခံအသုံးပြုသောကျမ်းစာတို့ကို အဓိကထား လေ့လာသုံးသပ်နေစဉ် တပြိုင် တည်းတွင် ဤရှုပ်ထွေးသော ယဉ်ကျေးမှု၊ သမိုင်းနှင့် ဒဿနဆိုင်ရာမတူကွဲပြားမှုများကိုလည်း အသိအမှတ်ပြုပါ သည်။

2. ဤစာအုပ်ပါ အသင်္ဃတီလာခရတ်နေ - Asanga Tilakaratne ၏ ဆောင်းပါးကို ကြည့်ပါ။

3. “ရည်ရွယ်ချက်စေတနာ”ဟူသော အသုံးအနှုန်းတွင် တစ်စုံတစ်ခုကို ပြုလုပ်လာအောင် တွန်းအားပေးသော “စေ့ဆော်မှု”နှင့် ကျယ်ကျယ်ပြန့်ပြန့် ထပ်တူညီသောသဘောများ ပါဝင်ပါသည်။ ဤဝေါဟာရနှစ်ခုစလုံးက ပန်းတိုင်ကိုဦးတည်သော အပြုအမူ၏ နောက်ကွယ်ရှိ စိတ်ပိုင်းဆိုင်ရာအင်အားများကိုရည်ညွှန်းပြီး ယင်းတို့ကို အပြန်အလှန် အသုံးပြုလေ့ရှိပါသည်။ ဤအချက်သည် (“IHL နှင့် ဗုဒ္ဓဘာသာစည်းမျဉ်းဥပဒေသများ” ကဏ္ဍတွင် ဖော်ပြထားသကဲ့သို့) နှစ်ပိုင်းကွဲသွားခြင်းဟု မှားယွင်းယူဆစေနိုင်သည့် အလွန်ကျဉ်းမြောင်းသော ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့နှင့် ကွဲပြားခြားနားပါသည်။ သို့ရာတွင် တစ်စုံတစ်ခုပြုလုပ်စေသည့် စေ့ဆော်မှုသည် ပိုမို ကျယ်ပြန့်သောနောက်ခံအကြောင်းအရာနှင့် ဖုံးကွယ်နေသောအကြောင်းရင်းတို့နှင့်ဆက်စပ်၍ ကျင့်သုံးသော ပိုမို ကျယ်ပြန့်သည့် အယူအဆ ဖြစ်ပါသည်။ ဥပမာအားဖြင့် လောဘနှင့်ဒေါသတို့ကို စေ့ဆော်မှုများအဖြစ် မကြာခဏ ဖော်ပြလေ့ရှိသော်လည်း ရည်ရွယ်ချက်စေတနာတို့ကိုရည်ညွှန်းသည့်အခါ ထိုသို့ အသုံးမပြုပေ။

4. ဤစာအုပ်ပါ ပီတာဟာဗေး - Peter Harvey ၏ ဆောင်းပါးကို ကြည့်ပါ။

5. သို့သော်လည်း အပြစ်တင်ခံထိုက်သော ဂရုမစိုက်အလေးမထားသည့်ကိစ္စများလည်း ရှိနိုင်ပါသည်။

6. စေတနာ(သက္ကတ၊ ပါဠိ)ဟူသောဝေါဟာရကို ‘ရည်ရွယ်ချက်’၊ ‘စေ့ဆော်မှု’၊ ‘ဆန္ဒ’၊ ‘ရည်မှန်းချက်’၊ ‘စိတ်၏ဦးတည်ရာ’ သို့မဟုတ် ‘တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုပြုလုပ်ဖို့ရန် တွန်းအားပေးသောအရာ’ ဟု အများအားဖြင့် ဘာသာပြန်ကြပြီး ၎င်းတို့အားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော အယူအဆများ ဖြစ်ကြပါသည်။ ဤဆောင်းပါးတစ်ခုလုံးတွင် အသုံးပြုသော စေတနာဟူသည့်ဝေါဟာရ၏ အင်္ဂလိပ်စာလုံးဘာသာပြန်မှာ ‘intention’(“ရည်ရွယ်ချက်”)ဖြစ်ပါသည်။ စိတ်၏အာရုံပြုတတ်သောသဘောနှင့် ရည်ရွယ်ချက်ဦးတည်ရာရှိတတ်သော သဘောတို့သည် တစ်ခုနှင့်တစ်ခု ရောယှက်နေပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အပံ့ပေးနေသည် ဆိုသည့်အချက်ကို ထင်ဟပ်ပေါ်လွင်စေသောကြောင့် intention သည် အသင့်တော်ဆုံးအသုံးအနှုန်း ဖြစ်ပါသည်။

7. ဤအကြောင်းအရာနှင့်ပတ်သက်၍ ပိုမို အသေးစိတ်ဆွေးနွေးချက်များအား ပါမောက္ခ စတီဖင် ဂျန်ကင် (Prof. Stephen Jenkins) ၏ ဆောင်းပါး၌ ကြည့်ပါ။ - ဥပမာ- Jenkins (2011)

8. ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ‘ဒဏ်ရာအနာတရဖြစ်စေရန်၊ ညှင်းပန်းနှိပ်စက်ရန်၊ ပျက်စီးစေရန် သို့မဟုတ် ဖျက်ဆီးရန် ကာယအားကိုအသုံးပြုခြင်း’ ဆိုသည့် Merriam – Webster ကဲ့သို့ အခြားသော အဓိက အဘိဓာန်ကြီးများ၏ ဖော်ပြချက်နှင့်လည်း ကိုက်ညီပါသည်။ Merriam – webster တွင် (Merriam –Webster 2021)

9. အင်္ဂလိပ်ဘာသာစကားတွင် နေထိုင်ရန် ရဲစွမ်းသတ္တိရှိသော အားထုတ်မှု ဖြစ်သည့် အင်္ဂလိပ်ဝေါဟာရ Violence (အကြမ်းဖက်ခြင်း) အား ဗုဒ္ဓဘာသာတွင်အသုံးပြုပုံကို ဒလိုင်းလားမားအရှင်မြတ်က ဤသို့ အသေးစိတ် ရှင်းပြထားပါသည်။ “အကြမ်းဖက်ခြင်း - အကြမ်းမဖက်ခြင်း နယ်နိမိတ်အပိုင်းအခြားသည် စေ့ဆော်မှုနှင့် များစွာပတ်သက်ပါသည်။ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း အမျက်ဒေါသ ဖြင့်ပြုသောလုပ်ရပ်တချို့သည်ပင် လျှင် အခြားသူများ၏ကောင်းကျိုးချမ်းသာကိုလိုလားသောစိတ်ခံစားချက် ကရုဏာတရားက စေ့ဆော်ခြင်းဖြစ်ရာ ဤလုပ်ရပ်မျိုးသည် အခြေခံအားဖြင့် အကြမ်းဖက်ခြင်း မဟုတ်ချေ။ ထို့ကြောင့် ကာယကံအဆင့်၌ အကြမ်းဖက်ခြင်း ဖြစ်သော်လည်း ဤသို့သော အကြမ်းဖက်ခြင်းမျိုးကို ခွင့်ပြုနိုင်ပါသည်။ (Dalailama 2009)

10. ဥပမာအားဖြင့် Manu-smṛti ကိုကြည့်ပါ။ စိုက်ပျိုးရေးလုပ်ငန်းသည် ကောင်းသောလုပ်ငန်းဖြစ်သည်ဟု လူတို့ ယူဆကြပါသည်။ သို့သော်လည်း ဤအလုပ်သည် လူကောင်းတို့က အပြစ်တင်သောအလုပ်ဖြစ်နေပြန်ပါသည်။ သံထွန်သွားတို့ဖြင့် မြေကြီးကိုထွန်ယက်ခြင်းသည် မြေကြီးကိုပေါက်ပြဲစေသကဲ့သို့ မြေအောင်းသက်ရှိတို့ကိုလည်း ထိခိုက်စေပါသည်။ (Olivelle, 2004, 212)

11. စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ပိုမို အပြစ်ရှာသောအမြင်ကို ဂျိန်းဘာသာတွင် တွေ့ရပါသည်။

12. ဥပမာအားဖြင့် Frydenlund (2017) ကို ကြည့်ပါ။

13. ဥပမာအားဖြင့် Gethin (2007, 73-74) ကို ကြည့်ပါ။

14. ဥပမာအားဖြင့် Schmithausen (1999 , 53) က ဤအချက်ကို ဗုဒ္ဓဘာသာဝင်များသည် အပြောတစ်မျိုး အလုပ်တစ်မျိုးနေရာတွင် စိတ်ကစဉ့်ကလျားဖြစ်လုနီးပါးကဲ့သို့ “တန်ဖိုးထားမှုများကိုအကန့်ခွဲခြားခြင်း”ဟု ဖော်ပြပါသည်။

15. ဤစာအုပ်ပါ P.D Premasiri ၏ ဆောင်းပါးကို ကြည့်ပါ။

16. ဥပမာ - "ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကိုယ်လက်အင်္ဂါချို့တဲ့သည့်သေရာပါဒဏ်ရာရစေခြင်း တို့ကို စီမံနေသူများကို ဘုရင်များဟုခေါ်ပါသည်။" (Vin. III. 46-47)

17. ဥပမာ - Dn.17,26 . An. 7.62 . နှင့် Sn.SS. I တို့ကို ကြည့်ပါ။

18. သို့သော်လည်း အတွေ့ရများသော အထောက်အထားများအရ မိမိ၏လက်နက်ကိုင်တပ်ဖွဲ့ကိုအသုံးပြုခြင်းသည် ကျူးကျော်သူတို့ရန်မှ နိုင်ငံကိုကာကွယ်ရန် အကောင်းဆုံးနည်းလမ်း အမြဲတမ်း မဟုတ်ကြောင်းကို ကျွန်ုပ်တို့ အထောက်အထားများစွာ တွေ့ရှိရပါသည်။ သေယျဇာတ်(Jat.282)နှင့် မဟာသီလဝဇာတ်(Jat.SI) တို့တွင်ကဲ့သို့ တစ်စုံတစ်ဦးသည် ကောင်းသောအလုပ်သုစရိုက်ဖြင့်ဦးဆောင်နိုင်ပြီး သွေးချောင်းစီးမှုကို ကာကွယ်တားဆီးနိုင်မည်ဆိုလျှင် ထိုသူသည် ယင်းသို့ အမြဲ လုပ်သင့်ပါသည်။

19. ဤစာအုပ်ပါ Christina Kilby ၏ ဆောင်းပါးကို ကြည့်ပါ။

20. မဟာကစ္စာန(သက္ကတ - မဟာကာတျာယန)သည် ဗုဒ္ဓ၏တပည့်သာဝကကြီး(၁၀)ပါးတွင် တစ်ပါး အပါအဝင်ဖြစ်ပါသည်။

21. ဤစာအုပ်ပါ Asanga Tilakaratne ၏ ဆောင်းပါးကို ကြည့်ပါ။

22. ကိုးကားမှုများသော ကကစူပမသုတ္တန်(လွှဥပမာ)တွင်ပင် ရဟန်းတို့အား ကျွမ်းကျင်လိမ္မာမှုဖြင့် မိမိကိုယ်ကို ကာကွယ်ခုခံခြင်းကို တားမြစ်ခြင်းမရှိပါ။ "ရဟန်းတို့ အကယ်၍ ခိုးသားဓားပြတို့က သင်တို့အား လက်ကိုင်နှစ်ခုရှိသောလွှဖြင့် ခြေလက်အင်္ဂါအစိတ်အပိုင်းတို့ကို တစ်စစီဖြစ်အောင်ဖြတ်တောက်မည်ဆိုလျှင်ပင် သင်တို့ထဲမှ နှလုံးသားအား ဒေါသဖြစ်ခွင့်ပြုသူသည် ငါ၏ဆုံးမစကားကို နားထောင်ရာရောက်လိမ့်မည်မဟုတ်။ သင်တို့ကိုယ်တိုင် လေ့ကျင့်အားထုတ်သင့်သည်မှာ "ငါတို့၏စိတ်များသည် ဖောက်ပြန်လိမ့်မည်မဟုတ်၊ မကောင်းသော စကားတို့ကို ငါတို့ပြောလိမ့်မည်မဟုတ်။ ငါတို့သည် စာနာထောက်ထားသောစိတ်၊ စိတ်ကောင်းစေတနာနှင့် အတွင်းသန္တာန် ဒေါသကင်းကင်းဖြင့် နေကြမည်။ ငါတို့သည် ဤသူတို့အပေါ်၌ စိတ်ကောင်းစေတနာနှင့်ယှဉ်သောသတိတရားကို ပြန့်နှံ့စေပြီး ထိုသူတို့မှအစပြု၍ ကမ္ဘာလောကတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် အလျှံပယ်ဖြစ်သော၊ ကြီးမားသော၊ တိုင်းတာ၍မရသော၊ ရန်လိုခြင်းကင်းသော၊ စေတနာဆိုးများကင်းသော စိတ်ကောင်းစေတနာနှင့်ယှဉ်သည့် သတိတရားကို ပြန့်နှံ့စေပါမည်။" ဤသို့ သင်တို့ကိုယ်သင်တို့ လေ့ကျင့်သင့်၏။ (Mn. 21; PTS Pali 1. 129)

23. "တစ်စုံတစ်ခုကိုပြုလုပ်ရန်စေ့ဆော်ခြင်းသည် ဖုံးကွယ်ထားသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ရည်ရွယ်ချက် တစ်စုံတစ်ခုဖြင့်ပြုလုပ်သည့်အလုပ်တစ်ခုတွင် လုပ်ရသည့်အကြောင်းရင်း ရည်ရွယ်ချက်ကို ဆိုလိုပါသည်။ ရည်ရွယ်ချက်ကို စေ့ဆော်မှုမှ ခွဲထုတ်လိုက်သည့်အခါ ရည်ရွယ်ချက်သည် ပြုလုပ်ဆောင်ရွက်ပုံနည်းလမ်းနှင့် ဆက်စပ်ပြီး စေ့ဆော်မှုက ထိုအလုပ်၏အဆုံးသတ်နှင့်ဆက်စပ်ပါသည်။ သို့သော်လည်း ထိုအဆုံးသတ်သည် နောက်အဆုံးသတ်အတွက် နည်းလမ်းများ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် "ရည်ရွယ်ချက်"ဟူသော စကားရပ်သည် ထိုအလယ်အလတ်ဖြစ်သောအဆုံးသတ်ဟုဆိုလျှင် ဆီလျော်ပါသည်။ လူတို့၏ ပြုလုပ်မှုအများစုတွင် ရည်ရွယ်ချက်များ ထပ်ခါထပ်ခါ အစဉ်လိုက်ရှိသည့် ရည်ရွယ်ချက်ကွင်းဆက်တစ်ခု ပါဝင်နေပါသည်။" (Williams 1961, 48)

24. မြန်မာနိုင်ငံ ပါဠိပိဋကတ်အစီအစဉ်အရ ခုဒ္ဒကနိကာယ်၏ ဆယ့်ရှစ်အုပ်မြောက် ကျမ်းစာဖြစ်သော မိလိန္ဒပဉှာတွင် အရေးပါသော စိတ်ပိုင်းဆိုင်ရာ ဟောကြားချက်များ၌ စစ်တပ်ပုံရိပ် အသုံးပြုခြင်းအတွက် ဥပမာ အများအပြားပေးထားပါသည်။

25. နိုင်ငံရေးပရိယာယ်၊ စီးပွားရေးပညာနှင့် စစ်ရေးစစ်ရာများအတွက် အရေးပါသော အိန္ဒိယ၏ ရှေးဟောင်း မူလကျမ်းစာဖြစ်သော ၎င်း၏ အာသသျှတ္တရကျမ်း(Ārthasastra)ကျမ်းတွင် ကောက်တိလျ(Kautilya)က ဆင်များ၏ စစ်ရေးတွင် အလွန့်အလွန် အရေးပါမှုကို ထပ်တလဲလဲ အတည်ပြုခဲ့ပါသည်။ ဥပမာအားဖြင့် "ဘုရင်တစ်ပါး၏ အောင်ပွဲသည် ဆင်များပေါ်တွင် အဓိက မူတည်နေပါသည်။ ကြီးမားသောခန္ဓာကိုယ်နှင့် သတ်ဖြတ်ဖျက်ဆီးခြင်းများကိုလုပ်နိုင်စွမ်းရှိသော ဆင်များအတွက် ရန်သူ့စစ်သားများ၊ စစ်ပွဲအတွက်ပြင်ဆင်ထားသော စစ်တပ်ဖွဲ့စည်းမှုပုံစံများ၊ ခံတပ်များနှင့် စစ်စခန်းများကို အမြစ်ဖြတ်ချေမှုန်းနိုင်ပါသည်။" (As. 2. 2. 13-14)

26. ဥပမာအားဖြင့် အဇန္တ နံရံဆေးရေးပန်းချီများ(Ajanta frescoes) ဂူအမှတ်၁၇(Cave 17)တွင် ဆင်များထက်၌ လေးသည်တော် သုံးဦးကို တွေ့နိုင်ပါသည်။

27. ၎င်း သွားရာလမ်းရှိ မည်သည့်အရာကိုမဆို ရှင်းလင်းနိုင်ရန် ဆင်၏အင်အားကို ဟိန္ဒူဓလေ့ထုံးတမ်းများတွင်လည်း ထင်ဟပ်ဖော်ပြထားရာ ပိတ်ဆို့တားဆီးထားသောအဟန့်အတားတို့ကို ဖယ်ရှားသူအဖြစ် ဆင်ခေါင်း ရှိသော ဂဏေရှ်(Ganeśa)ကို တွေ့နိုင်ပါသည်။ (Vighneśvara)

28. အစောပိုင်းဝေဒခေတ်တွင် ဣန္ဒြာကို စစ်ရထားစီးလျှက်ပုံဖော်သော်လည်း ဝေဒခေတ်နောက်ပိုင်းတွင် Airavata ကို သူ၏ ဝဟန(vahana) (“သယ်ဆောင်သောအရာ၊ ဆွဲသောအရာ”)အဖြစ် ရရှိပါသည်။ မှတ်သားစရာကောင်းသောအချက်မှာ စစ်ပွဲများတွင် စစ်ရထားမသုံးတော့ဘဲ လက်နက်ကိုင်တပ်ဖွဲ့တွင် လက်ရွေးစင်တပ်အဖြစ် ဆင်တပ်ကြီးများကို ဆက်တိုက် အစားထိုးခဲ့ပြီး (မိမိဆင်ထက်ရှိ ဘုရင်တစ်ပါးအဖြစ်) ဆင်ပေါ်တွင် စီးနင်းရခြင်း၏ ဂုဏ်သိက္ခာသည်လည်း တိုးလာခဲ့ရာ ယင်းကို ကိုယ်ပိုင်စီးတော်ယာဉ်(ဝဟန) ရှိကြသော နတ်တို့ဖြင့် ဓမ္မနှင့်ဆိုင်သော သင်္ကေတများတွင် ထင်ဟပ်ဖော်ပြကြပါသည်။ (Trautmann 2015, 100)

29. ယနေ့ခေတ်တိုင် အရှေ့တောင်အာရှရှိ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသောနိုင်ငံတို့တွင် မွေးရာပါ အဖြူရောင်သို့မဟုတ် အထူးသဖြင့် အရေခွံဖြူသော ဆင်ဖြူများကို နိုင်ငံအတွက် တန်ခိုးသြဇာနှင့် ကံကောင်းခြင်း အမှတ်လက္ခဏာများအဖြစ် အစဉ်အလာကို ထိန်းသိမ်းထားကြဆဲ ဖြစ်ပါသည်။

30. မိမိနိုင်ငံ၏ နယ်မြေနှင့် လူဦးရေ တည်တံ့ခိုင်မြဲမှုကို ကာကွယ်စောင့်ရှောက်ခြင်းကဲ့သို့။

31. ၂၀၀၇ခုနှစ်တွင် ပထမဆုံးအကြိမ် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဗုဒ္ဓဘာသာသညီလာခံကို ယူကေရှိ Amport House ၏ Tri-service Armed Forces Chaplaincy Centre တွင် ကျင်းပခဲ့ပါသည်။

32. ထိုင်း တောရဆောက်တည်မှုအစဉ်အလာတွင် သင်ယူလေ့ကျင့်ခဲ့ပြီး ဩစတြေးလျရှိ ဗောဓိယနကျောင်းတိုက်၏ ကျောင်းထိုင်ဖြစ်သည့် ထင်ရှားသော ယူကေနိုင်ငံဖွား ရဟန်းတစ်ပါး။

33. တိုက်တိုက်ဆိုင်ဆိုင် ဤငါးချက်သည် ဂျိန်းကျမ်းစာနှစ်စောင်တွင်လည်း ပါဝင်ပြီး ယင်းတို့တွင် မဟာဝီရက ရောင်းဝယ်ဖောက်ကားခြင်းမပြုရန် တားမြစ်ထားသော ကုန်ပစ္စည်း(၁၅)မျိုးကို ပညတ်ခဲ့ပါသည်။ (Jaini 1979, 172).

34. မိလိန္ဒပဥှာကျမ်းစာအလိုအရ လက်နက်များလက်ဆောင်ပေးခြင်းကို ခွင့်မပြုပါ။ “နာဂသေန၊ ဤလောကတွင် လက်ဆောင်အဖြစ်ပေးရန် အများအားဖြင့် ခွင့်မပြုသည့် လက်ဆောင်(၁၀)မျိုး ရှိသည်။ အဘယ်ဆယ်မျိုးနည်း။ နာဂသေန၊ သေရည်သေရက်၊ မြင့်မားသောနေရာများတွင် ပွဲများကျင်းပပေးခြင်း၊ မိန်းမများ၊ ကျွဲများ၊ လိင်ကိစ္စကိုဆွဲဆောင်သောပန်းချီကား၊ လက်နက်များ၊ အဆိပ်၊ အနှောင်အဖွဲ့ကြိုး၊ ကြက်၄က်၊ ဝက်၊ ချိန်တွယ်ရာတွင်သုံးရန် အလေးချိန်မမှန်သော အလေးတုံးများနှင့် တိုင်းတာစရာများဖြစ်ပါသည်။” (Mp. PTS 278–279).

35. ဆယ့်ကိုးရာစုနှင့် နှစ်ဆယ်ရာစုများတွင် အဖျက်စွမ်းအား အလွန်ကြီးမားသော လက်နက်အသစ်အဆန်းများ ပေါ်ပေါက်ခဲ့ပါသည်။ Venturi (2014) ပိုင်းခြားစိစစ်ခဲ့သော ကျမ်းစာအတွဲများတွင် (၁၃)ဆက်မြောက် ဒလိုင်းလားမားက နိုင်ငံကိုကာကွယ်ရန် ခေတ်မီလက်နက်များထုတ်လုပ်ခြင်းနှင့် စစ်တပ်အင်အားတို့သည် မရှိမဖြစ်လိုအပ်သည် ဟူသော ၎င်း၏ခံယူချက်ကိုဖော်ပြရန် ဗုဒ္ဓဘာသာ အယူဝါဒအတော်များများကို အသုံးပြုထားပါသည်။

36. ဥပမာအားဖြင့် နျူးကလီးယားလက်နက်ဖျက်သိမ်းရေးကိုအားပေးသည့် Soka Gakkai ၏ ကာလကြာရှည်စွာ ရပ်တည်လုပ်ကိုင်ခဲ့မှု(ဤအကြောင်းအရာနှင့်ပတ်သက်၍ပိုမိုသိရှိရန် ဤစာအုပ်ပါ Daiki Kinoshita ၏ ဆောင်းပါး)ကို ကြည့်ပါ။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုက နျူးကလီးယားလက်နက်များ တားမြစ်ပိတ်ပင်ရေးအတွက် ၎င်း၏တောင်းဆိုမှုကို ၁၉၄၅ခုနှစ်တွင် စတင်ခဲ့ပါသည်။

37. ဤအချက်သည် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁)၏ အပိုဒ် ၁(၂)တွင် အသုံးပြုထားသော မာတင်စာပိုဒ် (Martens Clause) ဖြစ်ပါသည်။

38. လက်နက်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတွင် ထိခိုက်မှု နည်းနိုင်သမျှနည်းစေခြင်းသည်လည်း အဓိကကျသော ရည်ရွယ်ချက်ဖြစ်သည်ဟု မျှော်လင့်နိုင်ပါသည်။

39. ဥပမာအားဖြင့် Bosco (2014) နှင့် Kent (2008)တို့ကို ကြည့်ပါ။

40. သုတ္တန်တစ်ခုစီကို ယောဓာဇီဝသုတ္တန်(An.3.133,4.181,5.75,5.57)ဟုခေါ်သော အင်္ဂုတ္တရနိကာယ်ပါ သုတ္တန် လေးခုတွင် ဗုဒ္ဓသည် ရဟန်းများအတုယူထိုက်သော စစ်သားတို့တွင် တွေ့ရသည့် လိုလားအပ်သော လက္ခဏာတို့ကို ပြခဲ့ပါသည်။ "ရဟန်းတို့ စစ်သည်တော်တစ်ယောက်သည် အင်္ဂါရပ်လေးပါးနှင့်ပြည့်စုံလျှင် ဘုရင်ဖြစ်ထိုက်၏၊ ဘုရင်၏လက်စွဲဖြစ်ထိုက်၏၊ ဘုရင်ဖြစ်နိုင်သောလက္ခဏာရှိသည်ဟု ယူဆနိုင်၏။ မည်သည့် လေးပါးနည်း။ ဤတွင် စစ်သည်တစ်ဦးသည် နေရာဒေသများကိုကျွမ်းကျင်၏၊ အဝေးကိုပစ်နိုင်၏၊ ပစ်မှတ်ကိုထိအောင်ပစ်နိုင်၏၊ ကြီးမား သောခန္ဓာကိုယ်ကို ပိုင်းနိုင်၏။ ဤအင်္ဂါရပ်လေးပါးနှင့်ပြည့်စုံသည်ဆိုလျှင် စစ်သည်တစ်ဦးသည် ဘုရင်ဖြစ်ထိုက်၏၊ ဘုရင်၏လက်စွဲဖြစ်ထိုက်၏၊ ဘုရင်ဖြစ်နိုင်သောလက္ခဏာရှိ၏။"(An.5.75) ဗုဒ္ဓက အကျင့်တရားကို အောင်မြင်စွာ ကျင့်သုံးနိုင်သောရဟန်းအား ရန်သူကိုအောင်နိုင်သော စစ်သားနှင့် နှိုင်းယှဉ်ပြပါသည်။ "ဖုန်မှုန့်များ တိမ်ဖုံးသကဲ့သို့ ထူသောနေရာ၊ ရန်သူ၏အောင်လံတံခွန်နှင့် ဝရန်းသုန်းကား ရင်ဆိုင်တိုက်ပွဲများထိပ်ကို နှိမ်နင်းနိုင်၏။" (An.5.75) "ထို့ပြင် ၎င်း၏ဓားရှည်နှင့်ဒိုင်းကိုကိုင်စွဲလျက် ၎င်း၏လေးနှင့်မြှားကျည်တောက်ကိုလွယ်လျက် တိုက်ပွဲအတွင်းသို့ ဝင်သွား၏။"

41. ဤစာအုပ်မှ Peter Harvey ၏ ဆောင်းပါးကို ကြည့်ပါ။

42. "ယခု ဤနေရာတွင် သက်ရှိသတ္တဝါများကိုသတ်ဖြတ်ဖူးသောသူသည် ရှိ၏။ .... မှားယွင်းသော အမြင် ရှိ၏။ ခန္ဓာကိုယ်ပျက်သုဉ်းသေဆုံးပြီးသောအခါ သူသည် ပျော်ရွှင်ဖွယ်နတ်ပြည်လောကဘုံ၌သာနှ၍ ပြန်လည်မွေးဖွား၏။ သို့သော် (ဖြစ်နိုင်သည်မှာ) သူ၏ပျော်ရွှင်မှုကိုဖြစ်စေသော ကုသိုလ်ကံကို သူသည် အစောပိုင်းက ပြုလုပ်ခဲ့ခြင်း ဖြစ်နိုင်သည် သို့မဟုတ် သူ၏ပျော်ရွှင်မှုကိုဖြစ်စေသော ကုသိုလ်ကံကို သူသည် နောက်မှပြုလုပ်ခဲ့ခြင်း ဖြစ်နိုင်သည် သို့မဟုတ် သူသေဆုံးသောအချိန်၌ မှန်ကန်သောအမြင်ကို တာဝန်ယူခဲ့ခြင်းနှင့် ပြီးပြည့်စုံစေခဲ့ခြင်း ဖြစ်နိုင်ပါသည်။" (Mn.136;PTS.III.214)။

43. "ဆင်တပ်များနှင့်ရထားတပ်၊ ဘုရင့်ကိုယ်စောင့်တပ်၊ ခြေလျင်တပ်များကို - ကျွန်ုပ်သည် နေ့စဉ် ထောက်ပံ့ကြေး ကို ဆုံးရှုံးစေခြင်းမရှိသော်လည်း ၎င်းတို့အားလုံး၏ လုပ်ခကို ပေးပါသည်။" (Jat.462)

44. ထို့နောက် မဟာလူသားကပြောခဲ့သည်မှာ - "အို မင်းမြတ်၊ နတ်ပြည်လောကသို့ ရောက်ပြီး ထိုနတ်ပြည်တွင် ပျော်ရွှင်စွာခံစားနိုင်ရန် သင်သည် ဤတာဝန်ဆယ်ပါးကို ကျင့်သုံးရပါမည်။ စစ်သည်တော်မင်းကြီး၊ သင်၏တာဝန် ကို ကျေပွန်ရပါမည်။ ... သင်၏စစ်သားများကို လက်နက်အမျိုးမျိုး တပ်ဆင်ပေးရပါမည်။" (Jat. 540)

45. ရန်သူကဲ့သို့ပင် မိမိတပ်ဖွဲ့များအား တန်းတူ အချို့သော အထောက်အပံ့များကို မည်သို့ပေးနိုင်သည်ဆိုသည့် ဥပမာများကို ဤစာအုပ်ပါ Nicholson (2015) နှင့် Vishakha Wijenayake တို့၏ ဆောင်းပါးတို့ကို ကြည့်ပါ။

46. ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ(၄)ရက်နေ့မှ (၆)ရက်နေ့အထိ "လက်နက်ကိုင်ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခ လျော့နည်းစေခြင်း - ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) တို့အကြား ဆက်သွယ်မှု" နှင့်ပတ်သက်သော ညီလာခံအတွက် သီရိလင်္ကာနိုင်ငံ ဒမ္ဗူလတွင် ကမ္ဘာတဝှမ်းမှ တက်ရောက်သူ (၁၂၀)ခန့် စုဝေးခဲ့ကြပါသည်။ ဤညီလာခံကို တက္ကသိုလ်များအပြင် ထေရဝါဒ၊ မဟာယာနနှင့် ဝဇီရာယာနဂိုဏ်း တို့မှ ဗုဒ္ဓဘာသာဝင်ပညာရှင်များ၊ ရဟန်းများ၊ ဥပဒေရေးရာကျွမ်းကျင်သူများနှင့် စစ်တပ်အရာရှိများ အပါအဝင် အဖွဲ့အစည်းအများအပြားနှင့်ပူးပေါင်းကာ ICRC က ကျင်းပခဲ့ပါသည်။

47. ဤအချက်အားအသိအမှတ်ပြုမှုကို စစ်ပွဲများတွင်ပါဝင်ဖူးကြသော ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်များနှင့် စစ်သည် များသည် မကြာခဏပင် အကုသိုလ်ကံ၏ဆိုးကျိုးများကိုပယ်ဖျောက်ရန်အတွက် ဆွမ်းလှူခြင်း သို့မဟုတ် ဘုရား စေတီတည်ခြင်းကဲ့သို့သော ကုသိုလ်လုပ်ငန်းများဖြင့် အစားထိုးနိုင်အောင် လုပ်ဆောင်ကြသည် ဟူသောအချက်ဖြင့် ထင်ဟပ်ဖော်ပြထားပါသည်။

48. Vin. III. 53, 75 နှင့် Harvey (1999, 280) တို့ကို ကြည့်ပါ။

49. ဥပမာအားဖြင့် အဇာတသတ်မင်း၏ စစ်တပ်များကို ချေမှုန်းခဲ့သော သီဟစစ်သူကြီးအကြောင်းကို Wu(2019) တွင် ကြည့်ပါ။

50. ဂျိန်းဘာသာ၏ တင်းကျပ်သောအဟိံသအစဉ်အလာတွင်လည်း စစ်ပွဲတွင် ရန်သူကို တိုက်ခိုက်သတ်ဖြတ်ခဲ့သည့် စစ်သည်တော်များသည် ယင်းနောက်တွင် နတ်ပြည်လောကသို့ရောက်ခဲ့သော ဥပမာများကို တွေ့ရှိရပါသည်။ ဖြစ်ရပ်တစ်ခုတွင် "မိမိက စတင်တိုက်ခိုက်ခြင်းမဟုတ်ဘဲ မိမိကိုယ်ကိုကာကွယ်ခြင်းအဖြစ်သာ တိုက်ခိုက်ရန် ဟု စိတ်ပိုင်းဖြတ်ခြင်းကြောင့်ဖြစ်သည်ဟု ဆို၏။ (Wu 2015, 106)

51. Abhidharmakosa- bhasya IV. 72 c-d; La Vallee Poussin (1923- 1931) နှင့် Zhang (2009) တို့ကို ကြည့်ပါ။

52. ဇာတကများတွင်တွေ့ရသည့်အတိုင်း မြို့များ၊ ခံတပ်များကို ဝန်းရံတိုက်ခိုက်ခြင်းကို လေ့လာစူးစမ်းခြင်းအတွက် ဤစာအုပ်ပါ Nishara Mendis ၏ ဆောင်းပါးကို ကြည့်ပါ။

53. ယခုခေတ် စစ်ရေးဆိုင်ရာဝေါဟာရ အသုံးအနှုန်းဖြစ်သော "တိကျသောတိုက်ခိုက်မှု"('surgical strike') ခေါ် တရားဝင်စစ်ရေးပစ်မှတ်များကို ထိခိုက် ပျက်စီးစေပြီး ဆက်စပ်ထိခိုက်ပျက်စီးမှု မရှိစေရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ရည်ရွယ်သော စစ်ရေးဆိုင်ရာတိုက်ခိုက်မှုများကို ရည်ညွှန်းရာတွင် ခွဲစိတ်ဆရာဝန်များနှင့် နှိုင်းယှဉ်မှု ပြုလုပ်ခဲ့ပါသည်။

54. ဥပမာအားဖြင့် Tatz (1994, 73-76) ကို ကြည့်ပါ။

55. ဤအချက်ကို ဝိနယ("ဝိနည်းစည်းကမ်း")ဟူသော သံဃာတော်တို့လိုက်နာရသော စည်းမျဉ်းများ အမည်ဖြင့် ထင်ဟပ်ဖော်ပြထားပါသည်။

56. စစ်သင်တန်းလေ့ကျင့်ရေးတွင် သတိပဋ္ဌာန်အားထုတ်မှုကို အသုံးချခြင်းနှင့်ပတ်သက်၍ ပိုမို သိရှိနိုင်ရန်အတွက် ဤစာအုပ်ပါ Charya Samarakoon ၏ ဆောင်းပါးကို ကြည့်ပါ။

57. စစ်မှုရေးရာဖြစ်နေသောအခါများတွင် သတိပဋ္ဌာန်ဘာဝနာအားထုတ်မှုနှင့်ပတ်သက်သည့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရား၏ အခန်းကဏ္ဍနှင့် စစ်တပ်အဝန်းအဝိုင်းများတွင် ကိုအန်အကျင့်တရား အသုံးပြုပုံနှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန်အတွက် ဤစာအုပ်ပါ Noel Trew ၏ ဆောင်းပါးကို ကြည့်ပါ။

58. "ကိုယ်ခံပညာရပ်များ"ဟူသော ကျယ်ပြန့်သည့်ဝေါဟာရအသုံးအနှုန်းသည် တိုက်ခိုက်ရေးနည်းလမ်းများအဖြစ် လည်းကောင်း၊ အချို့သော စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ အရည်အသွေးများကို ပေါင်းစပ်ထားခြင်း အဖြစ်လည်းကောင်း စတင်ပေါ်ပေါက်ခဲ့သည့် စနစ်တကျစုစည်းပေါင်းရုံးထားသော ဓလေ့ထုံးတမ်းအစဉ်အလာများ လွှမ်းခြုံပါဝင်ပါသည်။ ဗုဒ္ဓဘာသာနှင့် ကိုယ်ခံပညာရပ်တို့အကြား သမိုင်းနောက်ခံ တူညီမှုနှင့်ပတ်သက်၍ ပိုမိုသိရှိ နိုင်ရန်အတွက် Bartles Smith el al. (2021)ကို ကြည့်ပါ။

59. ဥပမာအားဖြင့် Harwood, Lavidor နှင့် Rassovsky(2017) တို့ကို ကြည့်ပါ။

60. ဥပမာအားဖြင့် Mann(2012)ကို ကြည့်ပါ။

61. "ဥပဒေအပေါ် သီးသန့်အဓိကထားခြင်းသည် ဥပဒေနှင့် ဥပဒေကိုကျောထောက်နောက်ခံပြုထားသော တန်ဖိုး ထားမှုများကို ပေါင်းစပ်ခြင်းကဲ့သို့ အပြုအမူများအပေါ် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးသက်ရောက်မှု မရှိချေ။" (Tery and McQuinn 2018, 9)

**ကျေးဇူးတင်လွှာ**

ဤစာတမ်းကို ပြုစုရာတွင် ဝေဖန်အကြံပြုချက်များပေးကြသော Prof. Peter Gilbert, Mr Keith Munnings, Prof. Upul Ranjith Hewawitanagamage, Prof. Peter Harvey, Prof. Stephen Jenkins, Prof. Matthew Kosuta, Prof. Stefania Travagnin, Prof. Kate Crosby, Prof. Asanga Tilakaratne, Prof. Christina Kilby, Dr Noel J. M. Trew နှင့် Mr Andrew Bartles-Smith တို့အား ကျေးဇူး အထူးတင်ရှိပါ ကြောင်း မှတ်တမ်းတင်လိုပါသည်။ ဤဆောင်းပါး၏မူဘောင်အဖြစ် ပါဝင်သင့်သည့်အချက်အလက်များကို Dr.

Sunil Kariyakarawana က ပြုစုပေးပါသည်။ ဤဆောင်းပါးတွင် တင်ပြထားသော အမြင်အားလုံးသည် စာရေးသူ တစ်ဦးတည်း၏ အမြင်ဖြစ်ပြီး မည်သည့်ချို့ယွင်းအားနည်းချက်မဆို စာရေးသူ၏တာဝန်သာ ဖြစ်ပါသည်။

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## အတိုကောက်ကျမ်းညွှန်းစကားလုံးများ


**An.** *အင်္ဂုတ္တရနိကာယ် - Aṅguttara Nikāya. The Book of the Gradual Sayings, Aṅguttara Nikaya or More Numbered Suttas,* 5 vols. Tr. F.L. Woodward and E.M. Hare,Oxford: Pali Text Society, [1932–1936] 2001. Also: *The Numerical Discourses of the Buddha*. Bhikkhu Bodhi, Boston: Wisdom, 2012. An.5.140: *Sotar Sutta: The Listener.* Translated from the Pali by Thānissaro Bhikkhu, 1998. https://www.accesstoinsight.org/tipitaka/an/an05/an05.140.than.html

**As** အာသသျှတ္တရ - *Arthaśāstra. The Kautilīya Arthaśāstra.* 3 parts. R. P. Kangle, Bombay: University of Bombay, 1965–1972.

**Dhp** ဓမ္မပဒ - *Dhammapada. The Dhammapada: A Translation*. Tr. Thanissaro Bhikkhu, 1997. Also: *The Dhammapada: The Buddha's Path of Wisdom.* Translated from the Pali by Acharya Buddharakkhita with an introduction by Bhikkhu Bodhi, 1996. https://www.accesstoinsight.org/tipitaka/kn/dhp/index.html

**Dhp-a** ဓမ္မပဒ အဋ္ဌကထာ - *Dhammapada-aṭṭhakathā. Buddhist Legends.* 3 vols. Tr. E. W. Burlingame, Harvard Oriental Series, Cambridge: Harvard University Press, 1921.

**Dn** ဒီဃနိကာယ် - *Dīgha Nikāya. Long Discourses of the Buddha*. Tr. M. Walshe, 2nd revised edition, Boston: Wisdom, 1996.

**Eka** အသောကကျောက်စာများ - *Edicts of King Ashoka. The Edicts of King Asoka*. An English rendering by Ven. S. Dhammika. https://www.accesstoinsight.org/lib/authors/dhammika/wheel386.html

**Jat** ဇာတက - *Jātaka. The Jātaka or Stories of the Buddha's Former Births.* 6 vols. Translated by various hands under E. B. Cowell, London: Pali Text Society, 1895–1907.

**Mn** မဇ္ဈိမနိကာယ် - *Majjhima Nikāya. The Middle Discourses.* Tr. Bhikkhu Sujato, SuttaCentral, 2018: https://suttacentral.net/mn. Also: *The Middle Length Discourses of the Buddha: A Translation of the Majjhima Nikaya.* Ñāṇamoli Bhikkhu and Bhikkhu Bodhi, Somerville: Wisdom, 1995.

**Mm** မဟာယာန မဟာပရိနိဗ္ဗာနသုတ် - *Mahāyāna Mahāparinirvāna Sūtra. The Mahayana Mahaparinirvana Sutra.* Translated into English by K. Yamamoto, Taisho Tripitaka Vol. 12: 374, 1973. Also: Yamamoto, K., and T. Page. 2007. *The Mahayana Mahaparinirvana Sutra.* Tr. K. Yamamoto. Edited and revised by T. Page. http://lirs.ru/do/Mahaparinirvana_Sutra,Yamamoto,Page,2007.pdf

**Mp** မိလိန္ဒပဉှာ - Milinda Pañha. *The Debate of King Milinda*. Edited by Bhikkhu Pesala, published by Motilal Banarsidass in 1991, revised 1998, Inward Path: Penang, 2001. Online PDF edition updated in August 2021. http://www.aimwell.org/milinda.html. Also: tr. I. B. Horner, Milinda's Questions, 2 vols, London, Pali Text Society, 1969. Also: tr. T. W. Rhys Davids, *The Questions of King*

*Milinda*, 2 vols. Sacred Books of the East, 1890 and 1894. https://www.sacred-texts.com/bud/milinda.htm

**PTS** ပါဠိစာပေအသင်း - Pali Text Society.

**Thag** ထေရဂါထာ - *Theragāthā* (eighth book of the Khuddaka Nikāya). *The Verses of the Arahant Talaputa Thera.* Translated from the Pali with some reflections by Bhikkhu Khantipalo, Kandy, BPS, 1996.

**Rpr** ရာဇပရိကထာရတနမာလာ - *Rājaparikathā-ratnamālā.* Nagarjuna: Ratnavali. G. Tucci, Journal of the Royal Asiatic Society of Great Britain and Ireland, 1934, pp. 307–325; 1936, pp. 237–252, 423–435.

**Sn** သံယုတ်နိကာယ် - *Saṃyutta Nikāya. The Connected Discourses of the Buddha: A Translation of the Saṃyutta Nikāya*. Bhikkhu Bodhi, Boston: Wisdom, 2000.

**Snp** သုတ္တနိပါတ - *Sutta Nipāta* (sutta collection in the Khuddaka Nikāya). *Sutta-Nipata (Sacred Books of the East).* V. Fausböll, Oxford: Clarendon, 1881. Tr. K. R. Norman, *The Group of Discourses, London*, PTS, 1984. Also: tr. K. R. Norman, *The Group of Discourses* Vol.II, London, PTS, 1992, revised translation with introduction and notes.

**Vin** ဝိနယပိဋက - *Vinaya Piṭaka. The Book of the Discipline*. 6 vols. Tr. I. B. Horner, London: Pali Text Society, 1938–1966. Reference by volume and page number of Pali Text Society edition of the Pali text.

ဤဆောင်းပါးရှင်များသည် အထက်ဖော်ပြပါ ကျမ်းစာအုပ်များမှ ကိုးကားချက်များပေါ်အခြေခံသည့် ဘာသာပြန်ဆိုချက်များအား အသုံးပြုမှုအတွက် အပြည့်အဝ တာဝန်ယူပါသည်။ ထပ်ဆောင်းကျမ်းစာများနှင့် နှိုင်းယှဉ်ချက်အတွက် ဘာသာပြန်ဆိုမှုများကို ရှာဖွေရန် Wikipitaka – The Completing Tipitaka (https://tipitaka.fandom.com/) တွင်လည်း ကြည့်ပါ။

ရည်ညွှန်းကိုးကားချက်များ

Bartles-Smith, A., K. Crosby, P. Harvey, P. D. Premasiri, A. Tilakaratne, D. Ratheiser, M. Deegalle, N. M. Trew, S. Travagnin, and E. Harris. 2021. “Reducing Suffering During Conflict: The Interface Between Buddhism and International Humanitarian Law.” Contemporary Buddhism 21 (1–2): 369–435.

Binder, G. 2002. “The Rhetoric of Motive and Intent.” Buffalo Criminal Law Review 6 (1): 1–96. doi:10.1525/nclr.2002.6.1.1.

Bosco, R. 2014. “Battlefield Dharma: American Buddhists in American Wars.” Journal of Buddhist Ethics 21: 827–849.

Buddhadāsa Bhikkhu. 1986. “ASocialismCapable of Benefiting the World.” In Dhammic Socialism, edited by D. Swearer, 19–44. Bangkok: Thai Inter-Religious Commission for Development.

Chin, K. (淨空). 2017. “Are Soldiers Sinful to Kill Enemy? Buddhist Master Chin-Kung (淨 空法師)Speaks Dharma.” https://www.youtube.com/watch?v=0zheNeoksGw

Dalai Lama. 2009. “Educating the Heart.” Cambridge: Harvard Graduate School of Education and Harvard Divinity School. Memorial Church. April 30. https://www.youtube.com/watch?v=7Ycq5KUYIpw

Dalai Lama. 2010. “The Dalai Lama’s Message to the Armed Forces.” Buddhist Military Sangha: An Online Resource for Buddhists Associated with the United States Armed Forces, June 21. http://buddhistmilitarysangha.blogspot.com/2010/06/dalai-lamas message-to-armed-forces.html

Dhammananda, K. S. 2002. What Buddhists Believe. Expanded 4th ed. Kuala Lumpur: Buddhist Missionary Society Malaysia.

Dhammika, S. 2015. Nature and the Environment in Early Buddhism. Singapore: Buddha Dhamma Mandala Society.

Frydenlund, I. 2017. “‘Buddhism Has Made Asia Mild’: The Modernist Construction of Buddhism as Pacifism.” In Buddhist Modernities: Re-Inventing Tradition in the Globalizing Modern World, edited by H. Havnevik, U. Hüsken, M. Teeuwen, V. Tikhonov, and K. Wellens, 204–221. Abingdon: Routledge.

Gethin, R. 2007. “Buddhist Monks, Buddhist Kings, Buddhist Violence: On the Early Buddhist Attitudes to Violence.” In Religion and Violence in South Asia: Theory and Practice, edited by J. R. Hinnells and R. King, 62–82. London: Routledge.

Harvey, P. 1999. “Vinaya Principles for Assigning Degrees of Culpability.” Journal of Buddhist Ethics 6: 271–291. https://blogs.dickinson.edu/buddhistethics/2010/04/07/vinaya-principles-for-assigning-degrees-of-culpability/

Harwood, A., M. Lavidor, and Y. Rassovsky. 2017. “Reducing Aggression with Martial Arts: A Meta-Analysis of Child and Youth Studies.” Aggression and Violent Behavior 34: 96–101. doi:10.1016/j.avb.2017.03.001.

ICRC. 2005. Customary International Humanitarian Law. Volume I: Rules, edited by Henckaerts, J. and L. Doswald-Beck. Cambridge: Cambridge University Press.

ICRC. 2014. International Humanitarian Law: Answers to Your Questions. Geneva: ICRC. https://www.icrc.org/en/publication/0703-international-humanitarian-law-answers-your-questions

ICRC. 2019. Reducing Suffering During Armed Conflict: The Interface Between Buddhism and International Humanitarian Law (IHL). Conference in Dambulla, Sri Lanka. September 4-6.

Jaini, P. 1979. The Jaina Path of Purification. Berkeley: University of California Press.

Jenkins, S. 2010. “Making Merit Through Warfare and Torture According to the Ārya Bodhisattva-gocara-upāyavis_aya-vikurvan_a-nirdeśaSūtra.” In Buddhist Warfare, edited by M. Jerryson and M. Juergensmeyer, 59–75. New York: Oxford University Press.

Jenkins, S. 2011. “On the Auspiciousness of Compassionate Violence.” The Journal of the International Association of Buddhist Studies 33: 299–331.

Kariyakarawana, S., and P. Gilbert. 2011. “Military Careers and Buddhist Ethics.” The International Journal of Leadership in Public Services 7 (2): 99–108.

Kent, D. 2008. “Shelter for You, Nirvana for Our Sons: Buddhist Belief and Practice in the Sri Lankan Army.” PhD Thesis. Department of Religious Studies, University of Virginia. https://thecarthaginiansolution.files.wordpress.com/2011/08/buddhistbelief-practise-in-sl-army.pdf

Kosuta, M. 1997. “The Buddha and the Four-Limbed Army: The Military in the Pali Canon.” Religiologiques, Rituels Sauvages 16 (automne 1997): 105–112.

La Vallée Poussin, L. de, ed. 1923–1931. L’Abhidharmakosa de Vasubandhu. 6 volumes.

Paris: Paul Geuthner. Lexico. 2021. ”Violence.” Lexico Powered by Oxford. https://www.lexico.com/definition/Violence

Mann, J. 2012. When Buddhists Attack: The Curious Relationship Between Zen and the Martial Arts. Rutland: Tuttle.

Melzer, N. 2019. International Humanitarian Law: A Comprehensive Introduction. Geneva: ICRC. https://www.icrc.org/en/publication/4231-international-humanitarian-law-comprehensive-introduction

Merriam-Webster. 2021. “Violence.” Merriam-Webster Dictionary. https://www.merriam-webster.com/dictionary/violence

Nicholson, J. 2015. “Can War Crimes Be Committed by Military Personnel Against Members of Non-Opposing Forces?” International Crimes Database. http://www.inter nationalcrimesdatabase.org/upload/documents/20151209T150352-Nicholoson%20ICD%20Format.pdf

Olivelle, P. 2004. Manu’s Code of Law: A Critical Edition and Translation of the Manava Dharmaśastra (South Asia Research). New York: Oxford University Press.

Oxford Reference. 2021. Pacifism. New York: Oxford University Press. https://www.oxfordreference.com/

PBS. 2003. Religion & Ethics NewsWeekly: Thich Nhat Hanh. https://www.pbs.org/wnet/religionandethics/2003/09/19/september-19-2003-thich-nhat-hanh/

Schmithausen, L. 1999. “Aspects of the Buddhist Attitude Towards War.” In Violence Denied: Violence, Non-Violence and the Rationalization of Violence in South Asian Cultural History, edited by J. Houben and K. van Kooij, 45–67. Boston: Brill.

Singh, S. 1989. Ancient Indian Warfare: With Special Reference to the Vedic Period. Delhi: Motilal Banarsidass.

Sugiki, T. 2020. “Compassion, Self-Sacrifice, and Karma in Warfare: Buddhist Discourse on Warfare as an Ethical and Soteriological Instruction for Warriors.” Religions 11 (2): 66–88. https://www.mdpi.com/2077-1444/11/2/66

Tatz, M., trans. 1994. The Skill in Means (Upāyakauśalya) Sūtra.Delhi:MotilalBanarsidass.

Terry, F., and B. McQuinn. 2018. The Roots of Restraint in War. Geneva: International Committee of the Red Cross.

Thanissaro Bhikkhu. 1995. The Buddhist Monastic Code: The Patimokkha Training Rules.

Valley Center: Metta Forest Monastery. https://www.nku.edu/kenneyr/Buddhism/lib/modern/bmc/index.html

Thieme, B. 2017. “First Buddhist Chaplain in the U.S. Air Force: Brett Campbell.” Naropa Magazine. Fall. http://magazine.naropa.edu/2017-fall/features/first-buddhistchaplain-air-force-brett-campbell.php

Trautmann, T. 2015. Elephants and Kings: An Environmental History. Chicago: University of Chicago Press.

US Department of Defense. 2016. Law of War Manual. Washington, DC: US Government. https://dod.defense.gov/Portals/1/Documents/pubs/DoD%20Law%20of%20War%20Manual%20-%20June%202015%20Updated%20Dec%202016.pdf

Vajiranana (Prince Wachirayanawarorot, Son of Mongkut, King of Siam, Supreme Patriarch). 1916. The Buddhist Attitude Towards National Defence and Administration: A Special Allocution by His Holiness Prince Vajiranana. Bangkok.

Venturi, F. 2014. ”The Thirteenth Dalai Lama on Warfare, Weapons, and the Right to Self-Defense.” In Trails of the Tibetan Tradition: Papers for Elliot Sperling, edited by R. Vitali, 483–509. Dharamshala: Amnye Machen Institute.

Williams, G. 1961. Criminal Law: The General Part. 2nd ed. London: Stevens & Sons.

Wright, R. 2020. “Buddhism and War | Robert Wright & Bhikkhu Bodhi [The Wright Show].” YouTube. https://www.youtube.com/watch?v=fI3mADy46xQ

Wu, J. 2015. “Comparing Buddhist and Jaina Attitudes Towards Warfare: Some Notes on Stories of King Ajātaśatru’s/Kūn_ika’s War Against the Vr_jis and Related Material.”

Annual Report of the International Research Institute for Advanced Buddhology at Soka University (ARIRIAB) 18: 95–112.

Wu,J. 2019. “War as aBackdrop forLegislation: Stories of Ajātaśatru’s Warfare in Indian Buddhist Monastic Law Codes.” Indo-Iranian Journal 62 (4): 293–339.

Zhang, X., ed. 2009. **阿毗达磨俱舍**论梵汉对勘 Abhidharmakośabhās_ya, Sanskrit Text and Chinese Translations by Paramārtha and Xuanzang. Beijing: Research Institute of Sanskrit Manuscripts & Buddhist Literature, Peking University.

## ဗုဒ္ဓဘာသာ၏ လက်တွေ့ကိုအခြေခံသော ယထာဘူတအမြင်နှင့် လက်နက်ကိုင်ပဋိပက္ခဆင်နွှဲခြင်း

Elizabeth J. Harris

### ဆောင်းပါးအကျဉ်းချုပ်

ဤဆောင်းပါးသည် ပဋိပက္ခ၏မနှစ်မြို့ဖွယ်ရာလက်တွေ့ဘဝ သို့မဟုတ် ၎င်းကိုဖြစ်ပေါ်စေသည့် ဖုံးကွယ်နေသော အင်အားများကို ရှောင်လွှဲသည့် လက်တွေ့အခြေခံယထာဘူတအမြင်ဖြင့် ထူးခြားသောလက္ခဏာကိုဖော်ပြသည့် သုတ္တန်ပိဋကတ် ပါဠိတော်များမှ အဓိက ထုတ်နုတ်ထားသော ဥပမာများကို အသုံးပြုကာ တင်ပြထားခြင်း ဖြစ်ပါသည်။ စက္ကဝတ္တိ သီဟနာဒသုတ်နှင့် မဟာဒုက္ခက္ခန္ဓသုတ်ကဲ့သို့သော သုတ္တန်များသည် ဤယထာဘူတအမြင်၏ သိသာထင်ရှားသော ဥပမာများ ဖြစ်ပါသည်။ လူတစ်ယောက်ပြီးတစ်ယောက်ဆက်တိုက်သတ်ဖြတ်နေသော လူသတ်သမားတစ်ဦး၏ ဘဝဖြစ်စဉ်နှင့် ဆက်စပ်သော အင်္ဂုလိမာလသုတ်သည်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။ အခြားသော သုတ္တန်များသည် ကြောင်းကျိုးဆက်စပ်မှု ကို ဆန်းစစ်လေ့လာပြီး ဥပမာ မဟာနိဒါနသုတ်သည် ပဋိပက္ခနှင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း အခြားသော ကမောက်ကမဖြစ်မှုပုံစံများအတွက် ဗုဒ္ဓဘာသာ၏ ကြောင်းကျိုးဆက်စပ်မှုသဘောတရားများကို အသုံးပြုပါသည်။ အစစ်အမှန်တရားနှင့်ကွဲပြားသောအဓိပ္ပာယ်ထွက်စေပြီး ပပဉ္စတရားက ဖြည့်သွင်းပေးသောအတွေးများ တဟုန်ထိုးတိုးပွားလာကာ လူ့ယဉ်ကျေးမှုနှင့် လူ့အသိုင်းအဝိုင်းအတွင်း လောဘ၊ ဒေါသနှင့် မောဟများ ပါဝင်ဖွဲ့စည်းလာသည့် အခါ အားလုံးက လုံးဝနီးပါး ဖြေရှင်းရန်ခဲယဉ်းသော ပဋိပက္ခ၏သဘောသဘာဝအပေါ် အဓိကထားလာကြပါသည်။ အထက်ဖော်ပြပါသုတ္တန်များကဲ့သို့သော ကျမ်းစာများက ပြသသည့် လက်တွေ့ကိုအခြေခံသော ယထာဘူတအမြင် (empirical realism)သည် မျက်မှောက်ခေတ် ကမ္ဘာတွင် တိုက်ပွဲဝင်စစ်သည်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများ သို့မဟုတ် အရပ်ဘက် အသိုင်းအဝိုင်းများ၏အဖွဲ့ဝင်များအဖြစ် ရှိနေကြသော ဗုဒ္ဓဘာသာဝင်များ ကြုံတွေ့ရသော လက်နက်ကိုင်ပဋိပက္ခ ၏ ခါးသီးသည့်အခြေအနေတချို့ကို ဖော်ထုတ်ပေးနိုင်ကြောင်းကို ကျွန်ုပ် ဆွေးနွေးပါမည်။ ဥပမာ အရပ်သားများကို အကာအကွယ်ပေးရန်အပြင် ဓလေ့ထုံးတမ်းဥပဒေနှင့် ဂျီနီဗာသဘောတူညီချက်များနှင့် ယင်း၏နောက်ဆက်တွဲ သဘောတူညီချက်များကဲ့သို့သော နိုင်ငံတကာသဘောတူစာချုပ်များတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြည်ပြည် ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)အား လေးစားလိုက်နာစေရေးတိုက်တွန်းအားပေးရန် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများက လက်နက်ကိုင်ပဋိပက္ခဇုန်နယ်မြေသို့ ဝင်ရောက်ရန် ကြိုးပမ်း သည့်အခါ ပေါ်ပေါက်လာနိုင်သော အခက်အခဲများကို ၎င်းတို့က ထောက်ပြပါသည်။ ဒိဋ္ဌဘဝ၏ အဓိပ္ပာယ်များ အမျိုးမျိုးကွဲပြားနေခြင်း၏ အင်အားက IHL နှင့် ကရုဏာတရားအား လိုအပ်ချက်တို့သည်လည်း အခြားသော အလေးထားရမှုများနှင့်စာလျှင် အရေးမပါဟု အဓိပ္ပာယ်သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် ဤဆောင်းပါးတွင် ဗုဒ္ဓဘာသာသည် လက်နက်ကိုင်ပဋိပက္ခအခြေအနေများအတွင်း IHL ကို ထိထိရောက်ရောက် လိုက်နာရန်အတွက် နည်းလမ်းများကို သာမက အချို့သော လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် IHL ၌ ပါဝင်သည့် အခြေခံမှုများ အား ဆန့်ကျင်နေသည့် အကြောင်းရင်းကိုပါ နားလည်နိုင်စေရန်အတွက် ခွဲခြမ်းစိတ်ဖြာ လေ့လာသော နမူနာတစ်ခု ကိုလည်း ပေးပါသည်။ လက်နက်ကိုင်အမှုထမ်းများက ဗုဒ္ဓဘာသာစံနှုန်းများနှင့်အညီ စိတ်ပိုင်းဆိုင်ရာစောင့်စည်းမှု သတိတရားကို ပျိုးထောင်နိုင်ခြင်းမရှိသေးမီ IHL အား အလွဲသုံးစားပြုမှုကို စောင့်ကြပ်ကာကွယ်ပေးရာတွင် ပြင်ပ အာဏာပိုင်များအတွက် အခြေခံကျသည့် ကနဦးအခန်းကဏ္ဍကိုလည်း ဤဆောင်းပါးက အကြံပြုထားပါသည်။

### နိဒါန်း

လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော် ပါဠိကျမ်းကို ကောင်းစွာ စတင်ဖတ်ရှုခဲ့သောအခါ မြတ်စွာဘုရားဟောကြားခဲ့သည့် တရားတော်များသည် မည်မျှ လက်တွေ့ကျသည်ကို မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့်ခဲ့ရပါသည်။ ထိုအချိန်က မိမိသည် သီရိလင်္ကာနိုင်ငံတွင် နေထိုင်လျက်ရှိပြီး ဗုဒ္ဓဘာသာလေ့လာမှု ဘွဲ့လွန်သင်တန်း တက်ရောက် သင်ကြားနေချိန်ဖြစ်ပြီး နိုင်ငံ၏တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် အကြမ်းဖက်မှု ကြီးထွားလာခြင်းကို အလွန် စိုးရိမ် ပူပန်နေရချိန် ဖြစ်ပါသည်။ မြောက်ပိုင်းသည် တမီးလ်အီလမ် ကျား လွတ်မြောက်ရေးအဖွဲ့ (Liberation Tigers of Tamil Eelam, LTTE)နှင့် တိုက်ခိုက်နေသော အိန္ဒိယငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ (Indian Peacekeeping Force, IPKF)၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး တောင်ပိုင်းသည် စစ်သွေးကြွ ဆင်ဟာလလူငယ်လှုပ်ရှားမှု တစ်ခု

ဖြစ်သော ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (People's Liberation Front, JVP)၏ အကြမ်းဖက်ဝါဒကို တွေ့ကြုံနေခဲ့ရပါသည်။ ထို့ကြောင့် မိမိ၏ ဗုဒ္ဓဘာသာလေ့လာမှုမဟာဝိဇ္ဇာတွဲ၏ အစိတ်အပိုင်းအဖြစ် *"လူ့ဘောင်အဖွဲ့အစည်းအတွင်း အကြမ်းဖက်မှုနှင့် နှောင့်ယှက်ဖျက်ဆီးမှု - အစောပိုင်း ဗုဒ္ဓဘာသာကျမ်းများကို လေ့လာခြင်း"* ခေါင်းစဉ်ဖြင့် ကျမ်းတစ်စောင်ကို ရေးသားခဲ့ပါသည်။ ထိုကျမ်းကို နောက်ပိုင်းတွင် ကန္ဒီရှိ ဗုဒ္ဓဘာသာ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့(BPS) က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ (Harris 1994)

ဤဆောင်းပါးသည် အစောပိုင်းဗုဒ္ဓဘာသာလေ့လာမှုကို မှီငြမ်းထားသော်လည်း ၎င်းကို ထပ်မံချဲ့ထွင်ထားပါသည်။ ၎င်းကို အခြေခိုင်စေရန်ထောက်ကူထားသော အချက်သုံးချက်မှာ -

(၁) တည်ငြိမ်အေးချမ်းခြင်းနှင့် ဥာဏ်အလင်းရရှိခြင်းနှင့်ပတ်သက်သည့် ဗုဒ္ဓ၏အဆုံးအမတရားတော်များအတွက် မူတည်နေသည့် အခြေအနေများသည် စစ်ပွဲနှင့်ပဋိပက္ခဖြစ်နိုင်ခြေအလားအလာများ အပါအဝင် ဗုဒ္ဓလက်ထက် အိန္ဒိယပြည်၏ နိုင်ငံရေးနှင့်လူမှုရေးအရှိတရားများဖြစ်ပါသည်။ ထို့အပြင် အတိအကျ ဆိုရသော် သီအိုရီအယူအဆထက် လေ့လာမှုနှင့်အတွေ့အကြုံကို အလေးထားသော သိသိသာသာ လက်တွေ့ကျသည့် ယထာဘူတဝါဒနှင့်အတူ ပါဠိကျမ်းစာတို့တွင် ယင်းအရှိတရားများကို ကိုယ်စားပြုကြပါသည်။[1]

(၂) ဗုဒ္ဓဘာသာသည် ပဋိပက္ခ၏အကြောင်းရင်းများကိုသာမက ပဋိပက္ခအတွင်း အလုပ်ခွင်တွင် ပြောင်းလဲစေနိုင်သောအင်အားကိုလည်း အခြေခံကျကျ ထိထိမိမိ ဆန်းစစ်ခဲ့ပါသည်။

(၃) အစောပိုင်းဗုဒ္ဓဘာသာတွင် လက်တွေ့ကျသောယထာဘူတအမြင်(empirical realism)သည် ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) အကြား ဆက်စပ်မှုကို လေ့လာခြင်းအတွက် သက်ဆိုင်မှုရှိပြီး ၎င်းက ယနေ့ခေတ်ကမ္ဘာတွင် တိုက်ပွဲဝင်စစ်သည်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများ၊ အရပ်ဘက်အသိုင်းအဝိုင်းများ၏အဖွဲ့ဝင်များ အဖြစ် ပါဝင်နေကြသော ဗုဒ္ဓဘာသာဝင်များအတွင်း လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၏ အပေါ်ယံအားဖြင့် ခဲယဉ်းပုံရသော ခါးသီးမှုကို ယင်းက ဖော်ထုတ်ပေးနိုင်ပါသည်။ ဥပမာ အရပ်သားများကိုအကာအကွယ်ပေးရန်နှင့် အကူအညီအထောက်အပံ့ပေးရန်အပြင် ဓလေ့ထုံးတမ်းဥပဒေနှင့် ဂျီနီဗာသဘောတူညီချက်များနှင့် ၎င်း၏ နောက်ဆက်တွဲသဘောတူညီချက်များ ကဲ့သို့သော နိုင်ငံတကာသဘောတူစာချုပ်များတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)ကို လေစားလိုက်နာစေရေး တိုက်တွန်းအားပေးရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများက လက်နက်ကိုင်ပဋိပက္ခ ဇုန်နယ်မြေသို့ ဝင်ရောက်ရန် ကြိုးပမ်းသည့်အခါ ပေါ်ပေါက်လာနိုင်သော အခက်အခဲများကို ၎င်းက ရှင်းပြနိုင်ပါသည်။

ထို့ကြောင့် ဤအချက်များ ဖွံ့ဖြိုးလာစေရန် ဤဆောင်းပါးကို ကဏ္ဍလေးခုဖြင့် ပိုင်းခြားထားပါသည်။ ပထမဦးစွာ အကြမ်းဖက်ခြင်း၊ စစ်ပွဲနှင့် ပဋိပက္ခခေါင်းစဉ်တို့နှင့်စပ်ဆိုင်သည့် ပါဠိကျမ်းစာတို့၌ပါရှိသော မိမိသုံးနှုန်းထားခဲ့သည့် 'လက်တွေ့ကျသော ယထာဘူတအမြင်'ကို သိသာစေသည့် ဥပမာအချို့ ပေးပါမည်။ ဒုတိယအနေဖြင့် ဤယထာဘူတအမြင်ထားရှိမှုအတွင်း ကျမ်းဂန်သဘောတရားဆိုင်ရာမူဘောင်ကို စိစစ်လေ့လာသွားပါမည်။ တတိယအနေဖြင့် လက်နက်ကိုင်ပဋိပက္ခ၏အချို့အခြေအနေများအတွင်း ထိုပဋိပက္ခတွင်ပါဝင်ပတ်သက်သူ ဗုဒ္ဓဘာသာဝင်များဆီမှပင် ငြင်းဆန်ခြင်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများ တွေ့ကြုံရသည့် အကြောင်းရင်းနှင့် စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းမရှိနိုင်ရသည့်အကြောင်းရင်းတို့ကို သိရှိနားလည်နိုင်ရန်အတွက် ဗုဒ္ဓဘာသာ စံနမူနာတစ်ခု ထုတ်ဖော်နိုင်ခြင်းရှိမရှိကို စိစစ်လေ့လာရန် ဗုဒ္ဓဘာသာကျမ်းစာများကို ပိုမိုကျယ်ပြန့်စွာ ရွေးချယ်ထုတ်နုတ်သွားပါမည်။ စတုတ္ထအနေဖြင့် စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းရှိမှုကို အားပေးခြင်းနှင့် လက်တုံ့ပြန်မှုကို ထိန်းကျောင်းခြင်း တို့ အပါအဝင် လက်နက်ကိုင်ပဋိပက္ခ၏စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ဟောကြားထား သည့် ပါဠိကျမ်းဂန်တွင် ဖော်ပြထားသော ကျမ်းစာများအပေါ် ထင်ဟပ်တင်ပြသွားပါမည်။ ထို့ကြောင့် မိမိ၏ လေ့လာမှုသည် ပါဠိကျမ်းဂန်ပေါ် အလေးထားမှုနှင့်အတူ အဓိကအားဖြင့် ကျမ်းစာအချက်အလက်များ ဖြစ်သော် လည်း မိမိ အာရုံစိုက်သည်မှာ မျက်မှောက်ခေတ် စစ်ပွဲနှင့် ပဋိပက္ခအခြေအနေများတွင် ဤအချက်အလက်များကို အသုံးချမှု ဖြစ်ပါသည်။

**ပါဠိပိဋကတ်ကျမ်းစာများလာ လက်တွေ့ကျသောယထာဘူတအမြင်**

မဇ္ဈိမနိကာယ်မှ မဟာဒုက္ခက္ခန္ဓသုတ် (ဒုက္ခအစုအဝေးနှင့်ပတ်သက်၍ ပိုမိုကြီးမားသော အကျယ်တဝင့် ဟောကြားချက်)သည် ပဋိပက္ခ၊ စစ်ပွဲနှင့် ညှင်းပန်းနှိပ်စက်မှုအကြောင်းအရာများနှင့်ပတ်သက်၍ ပါဠိကျမ်းဂန်တွင် အသေးစိတ် အကျဆုံးကျမ်းစာများအနက်မှ တစ်ခု ဖြစ်ပါသည်။ (M.I.83-90) ဤသုတ္တန်သည် ကာမဂုဏ်အာရုံတို့၏ နှစ်သက် ဖွယ်ကောင်းကွက်နှင့် အန္တရာယ်များနှင့်သက်ဆိုင်သည့် မေးခွန်းတစ်ခုဖြင့် အစပျိုးကာ ဇာတ်ကြောင်းပြန် ဟော ကြားထားခြင်း ဖြစ်ပါသည်။ ဗုဒ္ဓက ဖြေကြားရာတွင် ကာမဂုဏ်အာရုံတို့အပေါ်တွင် ကပ်ငြိတွယ်တာသူတို့မှာ ၎င်းတို့၏ပိုင်ဆိုင်မှုများကိုတပ်မက်တွယ်တာပြီး ပျက်စီးဆုံးရှုံးမည်ကိုစိုးရိမ်ကြောက်ရွံ့ကြကြောင်းနှင့် ထိုကာမဂုဏ် အာရုံများကြောင့်ပင် အုပ်ချုပ်မင်းလုပ်သူအချင်းချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်းတို့အကြားတွင် ခိုက်ရန်များ ဖြစ်ပွားကြကြောင်း မိန့်တော်မူပါသည်။ ဗုဒ္ဓက ဆက်လက်၍ -

> "ရဟန်းတို့ ထို့ပြင်လည်း ကာမအထောက်အပံ့၊ ကာမအရင်းခံ၊ ကာမတည်ရာ၊ ကာမတို့ကြောင့် သာလျှင် သန်လျက်နှင့် သားရေကာကို ကိုင်စွဲ၍ လေးနှင့်မြှားတောင့်ကိုလွယ်၍ မြှားလုံတို့ကို ပစ်လွှတ်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ရမ်းနေကြစဉ်ပင် နှစ်ဖက်ရင်ဆိုင် တိုက်ရာ စစ်မြေပြင်သို့ တိုးဝှေ့ဝင်ရောက်ကြကုန်၏။ ထိုသူတို့သည် ထိုစစ်မြေပြင်၌ မြှားတို့ဖြင့် လည်း ပစ်ကြကုန်၏။ လှံဖြင့်လည်း ထိုးကြကုန်၏။ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြ ကုန်၏။ ထိုသူတို့သည် ထိုစစ်မြေပြင်၌ သေခြင်းကိုလည်း ရောက်ကြကုန်၏။ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ (M.I.86)

ထို့နောက် မြို့ပြ "ခံတပ်"များကို တဟုန်ထိုးတိုက်ခိုက်ရာတွင် မြို့တံတိုင်းအနီး တိုးဝှေ့လာသော စစ်တပ်များကို "အရည်ပူများဖြင့် သွန်းလောင်းခြင်း၊ လေးလံသော အရာများဖြင့်လည်း ပစ်ချခြင်းများ" ပြုကြသည်။ ၎င်းအပြင် အိမ်များကို ဖောက်ထွင်းခိုးယူခြင်း၌ ဖမ်းမိသောခိုးသူတို့ကို ဘုရင်က ညှင်းပန်းနှိပ်စက်ခြင်းနှင့်တကွ အပြစ်ဒဏ် ပေးခြင်းတို့ကိုလည်း ဟောကြားထား၏။ ညှင်းပန်းနှိပ်စက်ပုံများမှာ ယနေ့ခေတ် ရန့်ရင်းကြမ်းတမ်းသော အစိုးရ တို့၏ ညှင်းပန်းနှိပ်စက်မှုများကို ပြန်ပြောင်းသတိရစေသော 'ကိုယ်ကိုဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်ကာ မီးပန်းပမာ ရှို့မြှိုက်ခြင်း'၊ 'အရေအသားအကြောတို့ကို ငါးမျှားချိတ်ပမာ သံချိတ်ဖြင့် ချိတ်ဆွဲချခြင်း'နှင့် 'ဆီပူဖြင့်ပက်ခြင်း' သို့မဟုတ် 'အရှင်လတ်လတ် တံကျင်လျှိုခြင်း'များကို အသုံးပြုကြသည်။ (M.I.87) ယနေ့ကာလ စစ်ပွဲ၌ အသုံးပြုသောနည်းလမ်းများနှင့် အလွန်ကွာခြားသော်လည်း၊ ဤသုတ္တန်တွင် ပါရှိသော နည်းလမ်းများမှာ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင်ရှားစေပြီး ယခုတိုင်ပြောဆိုနေကြဆဲဟု မိမိ ဆိုချင်ပါသည်။

ဒီဃနိကာယ်၊ မဟာနိဒါနသုတ်(မူလအစနှင့်ပတ်သက်၍ အကျယ်တဝင့် ဟောကြားချက်ကြီး)တွင်လည်း မဟာဒုက္ခက္ခန္ဓသုတ်ကဲ့သို့ အလားတူ စကားလုံးအသုံးအနှုန်းကိုပင်အသုံးပြုထားပါသည်။ (D.II.55-71) ထိုသုတ်တွင် ပဋိစ္စသမုပ္ပါဒ်(မူလအကြောင်းတရားတို့ တစ်ခုနှင့်တစ်ခု မှီတည်ကြပုံ)ကို အသေးစိတ် ရှင်းလင်းဟောကြားထားပါ သည်။ တပ်မက်ခြင်းတဏှာကို ဖြစ်စေရန် ပြုပြင်ပေးတတ်သောအချက်များနှင့် ၎င်း၏ ပျက်စီးစေနိုင်သော အကျိုး ရလဒ်များကို ဥပမာများပေး၍ အသေးစိတ် ဤသို့ ရှင်းလင်းဟောကြားပါသည် -

> ဤသို့လျှင် အာနန္ဒာ (မြတ်စွာဘုရား၏ အနီးကပ်အလုပ်အကျွေး) ခံစားခြင်းဝေဒနာကို စွဲ၍ တပ်မက်ခြင်း တဏှာသည် ဖြစ်၏။ တပ်မက်ခြင်းကို စွဲ၍ ရှာမှီးခြင်းသည် ဖြစ်၏။ ရှာမှီးခြင်းကိုစွဲ၍ ရခြင်းသည် ဖြစ်၏။ ရခြင်းကိုစွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏။ စိတ်ပိုင်းဖြတ်ခြင်း ကို စွဲ၍ နှစ်သက်တပ်မက်ခြင်း ဆန္ဒရာဂသည် ဖြစ်၏။ ထိုနှစ်သက်တပ်မက်ခြင်းကို စွဲ၍ ငါ့ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ဖြစ်၏။ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်းသည် ဖြစ်၏။ သိမ်းပိုက်ခြင်းကို စွဲ၍ ဝန်တိုခြင်းသည် ဖြစ်၏။ ဝန်တိုခြင်းကို စွဲ၍ ဥစ္စာကိုစောင့်ရှောက်ခြင်းသည် ဖြစ်၏။ ဥစ္စာကို စောင့်ရှောက်ရခြင်းဟူသော အကြောင်းကြောင့် တုတ်၊ ဓားဆောင်ရခြင်း၊ ခိုက်ရန် ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်း၊ ငြင်းခုံခြင်းနှင့် မခံသာအောင်ပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ မဟုတ်မမှန် ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့သည် ဖြစ်ကုန်၏(D.II.58-59)။[2]

စစ်ပွဲအခြေအနေအတွင်း 'ပိုင်ဆိုင်မှုများ'တွင် မြေယာ၊ ကိုယ်ပိုင်လက္ခဏာ၊ ရာထူးအဆင့်အတန်းနှင့် အခွင့်အာဏာ တို့ ပါဝင်နိုင်ပါသည်။ သို့သော် မိမိအတွက် တိုက်ရိုက်အကျဆုံး အကျယ်တဝင့်ဟောကြားချက်သည် ယထာဘူတ

အမြင်အရ စက္ကဝတ္တိသီဟနာဒသုတ် ဖြစ်ပါသည်။ ထိုသုတ်တွင် "စကြာဝတေးမင်း" အတိအကျဆိုရလျှင် တရားဓမ္မနှင့်အညီ တော်တည့်ဖြောင့်မှန်စွာ အုပ်ချုပ်သောဘုရင်သည် 'မရှိဆင်းရဲသားတို့ကို ပစ္စည်းဥစ္စာပေးကမ်းမှုမရှိခြင်း' ကဲ့သို့ ၎င်း၏ တာဝန်တစ်ရပ်ကို မကျေပွန်သောအခါ လူ့ဘောင်အဖွဲ့အစည်းအတွင်း မည်သို့ ဖြစ်လာနိုင်သည်ကို သရုပ်ဖော်ထားသော ဗုဒ္ဓဟောကြားသည့် ရှေးဟောင်းဒဏ္ဍာရီတစ်ပုဒ် ပါဝင်ပါသည်။ (D.III.64) ဤသို့ စကြာဝတေးမင်းက မရှိဆင်းရဲသားတို့ကို ဥစ္စာပစ္စည်းပေးကမ်းရန် ပျက်ကွက်ခြင်း၏ လက်ငင်း အကျိုးတရားမှာ ဆင်းရဲနွမ်းပါးမှု တိုးပွားလာခြင်း ဖြစ်ပါသည်။ ထို့နောက် ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခံစားရသူတစ်ဦးက ခိုးမှု ကျူးလွန်သည်။ ဆင်းရဲချို့တဲ့မှုကြောင့် ထိုသူ ခိုးယူခြင်းဖြစ်ကြောင်း တွေ့ရှိသောအခါ ဘုရင်က ထိုသူကို ပစ္စည်းဥစ္စာပေးကမ်းသော်လည်း လူထုအတွင်း ဆင်းရဲချို့တဲ့မှုပြဿနာ ပိုမိုကျယ်ပြန့်လာခြင်းကို ကိုင်တွယ်အရေးယူခြင်း မရှိချေ။ ထိုအခါ ခိုးသူတို့ကို ဘုရင်က ပစ္စည်းဥစ္စာပေးသတဲ့ဟူသော ကောလာဟလသည် ရှောင်လွှဲမရဘဲ ပျံ့နှံ့သွား၏။ ထိုအခါ ခိုးမှုများ ထူပြောလာသည်။ ထို့နောက် ဘုရင်သည် ပြောင်းပြန်ပြုလုပ်ကာ အပြစ်သားများထဲမှ တစ်ဦးကို ခေါင်းဖြတ် သတ်စေ၏။ လူအများလည်း ယင်းကို အတုခိုး၍ ၎င်းတို့ ရှင်သန်ရန် လိုအပ်သည့်အရာကိုရရန် လူသတ်မှု စတင်ကျူးလွန်ကြ၏။ အကြမ်းဖက်မှုများ တိုးပွားလာခြင်းကြောင့် လူ့အဖွဲ့အစည်း၏ သက်တမ်းကျဆင်းလာပြီး ကိုယ်ကျင့်သီလလည်း ယေဘုယျအားဖြင့် ဆုတ်ယုတ်ယိုယွင်းလာပါသည်။ အကျိုးဆက်အဖြစ် လူတို့သည် အချင်းချင်း သားရဲတိရစ္ဆာန် အနေဖြင့် မှားယွင်းပြီး အဆင်ခြင်မဲ့စွာလက်လွတ်စပယ် သတ်ဖြတ်ကြသည့်အခါ တစ်ခါက စည်းကမ်းသေဝပ်ခဲ့သော လူ့ဘောင်အဖွဲ့အစည်းသည် အကြမ်းဖက်သော မင်းမဲ့စရိုက်အတွင်းသို့ သက်ဆင်းသွားပြီး ခုနစ်ရက်ပတ်လုံး 'ဓားခေတ်' ဟု ကျမ်းဂန်တွင် သုံးနှုန်းသည့် သတ္တန္တရကပ်ဆိုက်ရောက်သည်အထိ ဖြစ်သွားကြောင်း ထိုသုတ်တွင် ဖော်ပြထားပါသည်။ ထိုအချိန်တွင် လူ့အဖွဲ့အစည်းအတွင်း အချို့သည် အကြမ်းဖက်မှုအတွက် အခြားရွေးချယ်စရာ နည်းလမ်းတစ်ခုရှိနိုင်သည်ကို သဘောပေါက်ကြပြီး သစ်တောအုပ်များအတွင်းသို့ နောက်ထပ် ခုနစ်ရက်ကြာ ဝင်ရောက်ပုန်းအောင်းကြပါသည်။ ၎င်းတို့ ပြန်ရောက်လာသောအခါ ကိုယ်ကျင့်သီလဆောက်တည်သောလမ်းကို ရွေးချယ်ကာ သတ်ဖြတ်ခြင်းကို အဆုံးသတ်ရန် ကူညီပေးကြပါသည်။

ဤသုတ္တန်၌ မင်းမဲ့စရိုက်ဆီသို့ လျှောကျသွားရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလေးထား စိုးရိမ်မှုများကို အသားပေးထည့်သွင်းစဉ်းစားရန် ခဲယဉ်းသည်ကို တွေ့ရပါသည်။ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းတွင် ဘုရင်သည် ကျွမ်းကျင်မှုမရှိဘဲ အလွဲလွဲအချော်ချော် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း မအောင်မြင်ဘဲကျရှုံးရသည်ကို ပြသနေပါသည်။ နောက်ဆုံးကျမှသာ လူ့ဘောင်အဖွဲ့အစည်းဝင်အချို့သည် မတူကွဲပြားသောလမ်းကို ရွေးချယ်လိုက်သောအခါ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးထားမှုများကို ပြန်လည်ရရှိလာပါသည်။ ဤသုတ္တန်သည် ဒဏ္ဍာရီဆန်သော်လည်း ၎င်းသည် အခြေခံကျပြီး မည်သည့်ခေတ်ကာလ အခြေအနေတွင်မဆို မှန်ကန်သည်ဟု ပြောလိုပါသည်။ တိတိကျကျဆိုသော် တိုင်းသူပြည်သားများအားလုံး စားနပ်ရိက္ခာဖူလုံပြီး စည်းစိမ်ဥစ္စာလုံခြုံမှုဖြင့် နေနိုင်စေရန် ဆောင်ရွက်ပေးရမည့် နိုင်ငံအစိုးရ၏ တာဝန် ပျက်ကွက်မှုများကြောင့် ပဋိပက္ခ၊ စစ်ပွဲနှင့် လူ့အဖွဲ့အစည်းပြိုလဲမှုတို့ကို မကြာခဏဖြစ်ပေါ်စေနိုင်သည်ဟု ဆိုချင်ပါသည်။ ဒဏ္ဍာရီထဲမှ ယထာဘူတအမြင်သည် ယင်းကို ပထမဦးစွာ ဖတ်လိုက်ကတည်းက မိမိကို နက်နက်ရှိုင်းရှိုင်း ခံစားမိစေပါသည်။ ယနေ့ခေတ်ကမ္ဘာကြီးတွင် ဥပမာအားဖြင့် နှစ်ဆယ်ရာစု၏ အမှတ်အသားဖြစ်သော လူမျိုးတုံး သတ်ဖြတ်မှုများနှင့် ခါးသီးသောပြည်တွင်းစစ်တို့တွင် ယင်းကို ယှဉ်တွဲမြင်နိုင်ပါသည်။

စက္ကဝတ္တိသီဟနာဒသုတ်တွင် အကြမ်းဖက်မှု၏ အကြောင်းရင်းသည် နိုင်ငံအစိုးရကြောင့်ဖြစ်သော ဆင်းရဲမွဲတေမှုနှင့် ချို့တဲ့မှုတို့ ဖြစ်ပါသည်။ အင်္ဂုလိမာလသုတ်၌(M.II.97-105) ကောသလပြည်တွင် "ကျေးလက်တောရွာများ၊ မြို့များနှင့် ခရိုင်များ"တွင် လူတစ်ယောက်ပြီးတစ်ယောက်ဆက်တိုက်သတ်ဖြတ်သည့် အကြမ်းဖက် လူသတ်သမား တစ်ဦးမှစကာ အကြမ်းဖက်မှု ပေါက်ဖွားလာပါသည်။ ၎င်းကို "သွေးစွန်းသောလက်ရှိသောသူ၊ သတ်ဖြတ်ညှဉ်းဆဲမှု၌ စိတ်စောသူ၊ သတ္တဝါတို့၌ အသနားကင်းမဲ့သူ" ထို့အပြင် ၎င်း သတ်ခဲ့ပြီးသောသူများ၏ လက်ချောင်းများကို ပန်းကုံး သဖွယ် လည်ပင်းတွင်ဆွဲထားသူဟု ဖော်ပြကြပါသည်။ (M.II.98-99) နောက်ပိုင်း ပါဠိ အဋ္ဌကထာကျမ်းတွင် ၎င်း၏ အပြုအမူနှင့်ပတ်သက်သော နောက်ခံဇာတ်ကြောင်းကို ရှင်းလင်း ထားသော်လည်း ၎င်း မည်သို့ အကြမ်းဖက်သော လူတစ်ယောက် ဖြစ်လာပုံကို သုတ္တန်တွင် ဟောကြားထားခြင်း မရှိပါ။ ၎င်းကိုယ်တိုင် ကလေးဘဝက အကြမ်းဖက်မှု ကို ခံစားခဲ့ရသလား။ စစ်ပွဲကိုတွေ့ကြုံရသောကြောင့် စိတ်မမှန်

ဖြစ်လာခဲ့ရခြင်းလား။ မိမိတို့ မသိပါ။ ၎င်း မကြာခဏရောက်လာတတ်သည့်လမ်းများတလျှောက်တွင် လူတို့သည် အုပ်စုကြီးများဖွဲ့ကာ သာမန်အားဖြင့် သွားလာနေခဲ့ကြသော်လည်း ဤသို့သွားလာခြင်းသည်ပင်လျှင် ၎င်းတို့ကို လုံခြုံမှု မပေးခဲ့ပါဟု ဆိုကြပါသည်။ ဗုဒ္ဓသည် ရွာသားများ၏ လျှောက်ထားချက်ကို ဆန့်ကျင်ကာ ၎င်းကို ပက်ပင်းဆုံတွေ့ရန် ကြွသွားခဲ့ပြီး အင်္ဂုလိမာလ က ဗုဒ္ဓအား လိုက်လံဖမ်းဆီးခြင်းကို တားဆီးရန် တန်ခိုးအစွမ်းကို အသုံးပြုတော်မူပါသည်။ ထိုအခါ အင်္ဂုလိမာလက ဗုဒ္ဓကို 'ရပ်လော့'ဟု ပြောဆိုလေသည်။ သို့သော် ဗုဒ္ဓက 'ငါသည် အခါခပ်သိမ်း အလုံးစုံသောသတ္တဝါတို့၌ တုတ်၊ လှံတံကို ချပြီး ရပ်လျက်နေ၏၊ သင်သာ သတ္တဝါတို့အား သတ်ဖြတ်ညှဉ်းဆဲမှုကို ရပ်လော့'ဟု မိန့်တော်မူသည်။ (M.I.129) ထိုအခါ အင်္ဂုလိမာလသည် ဗုဒ္ဓတစ်ပါးတည်း မကြောက်မရွံ့ ကြွလာပြီး သူ့ကိုတရားပြဆိုဆုံးမသည်ကို အထင်ကြီးလေးစားသောကြောင့် တပည့်သာဝက အဖြစ်ခံယူကာ သတ်ဖြတ်ခြင်းကို ပယ်စွန့်ပြီး ရဟန်းပြုလေသည်။

ဗုဒ္ဓ၏ အဆုံးအမကို သရုပ်ပေါ်လွင်စေရန် အကြမ်းဖက်မှုတွင် အင်္ဂုလိမာလသုတ်နှင့် လိုက်ဖက်ညီသည်မှာ ကကစူပမာသုတ်(လွှဥပမာသုတ်၊ M.I.122-129)အတွင်းမှ အမြင် ဖြစ်ပါသည်။ ထိုသုတ်၏ ရည်ရွယ်ချက်မှာ ရဟန်းတို့ ကမ္မဋ္ဌာန်းအကျင့်ဖြင့် စိတ်ကို ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားရန်ဖြစ်ပြီး ၎င်းမှာ ထိုသုတ်၏ နောက်ဆုံးဥပမာ ဖြစ်ပါသည် -

> ရဟန်းတို့၊ ခိုးသူတို့သည် လက်ကိုင်နှစ်ဘက်ရှိသောလွှဖြင့် အင်္ဂါကြီးငယ်တို့ကို အကယ်၍ တိုက်ဖြတ် ကုန်ငြားအံ့။ ထိုသို့တိုက်ဖြတ်ရာ၌ စိတ်ပြစ်မှားသောသူသည် ထိုစိတ်ပြစ်မှားခြင်းဖြင့် ငါ၏အဆုံးအမကို ပြုကျင့်သူမဟုတ်။ ရဟန်းတို့၊ ထိုသို့တိုက်ဖြတ်ရာ၌လည်း သင်တို့သည် ဤသို့ကျင့်ရမည်။ "ငါတို့၏စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့။ ယုတ်မာသောစကားကိုလည်း မမြွက်ဆိုကြကုန်အံ့။ ၎င်းတို့၏ အကျိုးစီးပွားကို ငဲ့ညှာကာ မေတ္တာစိတ်ရှိကုန်လျက် ပြစ်မှားသော စိတ်မရှိဘဲ နေကြကုန်အံ့။" (M.I.129)

သုတ္တန်တစ်ပုဒ်၌လာသော ပုဏ္ဏအမည်ရှိရဟန်းတစ်ပါးအကြောင်းကို ဤစိတ်နေစိတ်ထား၏ဥပမာတစ်ခုအနေဖြင့် ယူနိုင်ပါသည်။ ထိုအရှင်ပုဏ္ဏ၏ ရည်ရွယ်ချက်မှာ ယခုမျက်မှောက်ခေတ် မြန်မာပြည်၏အစိတ်အပိုင်းဖြစ်သည့် နယ်မြေတစ်ခုဟု ယူဆနိုင်သော သုနာပရန္တတိုင်းသို့ သွားရန် ဖြစ်ပါသည်။ (S.IV.60-63) ထိုအရပ်တွင်နေထိုင်သူများ သည် "ရိုင်းစိုင်းပြီး ကြမ်းတမ်းခက်ထန်"သည်ဟု သိထားကြပါသည်။ ထို့ကြောင့် ဗုဒ္ဓက ပုဏ္ဏအား ထိုပြည်သားများ က တစ်ဆင့်ထက်တစ်ဆင့်တိုး၍ ပိုမိုဆိုးရွားသောတိုက်ခိုက်မှုများဖြင့် ၎င်းကို တိုက်ခိုက်လျှင် ၎င်းက မည်သို့ လုပ်မည်ကို မေးမြန်းရာ နောက်ဆုံးတွင် "အသင် ပုဏ္ဏ၊ အကယ်၍ သုနာပရန္တတိုင်းမှ လူများက ဓားထက်ထက်ဖြင့် သင့်အသက်ကို သတ်မည်ဆိုပါက သင်၏စိတ်သည် မည်သို့ ဖြစ်မည်နည်း။" ဤဖြစ်နိုင်သည့်အလားအလာနှင့် ကြုံရသည့်တိုင် ပုဏ္ဏသည် လက်တုံ့ပြန်စကားဆိုရန် ငြင်းဆန်ကာ ဤကိစ္စတွင် လူအချို့ရှာဖွေနေသော သေခြင်း တရားကို အဝေးသို့သွားရှာရန်မလိုဘဲ ၎င်းထံရောက်လာမည်ဖြစ်၍ ကျေးဇူးစကားကိုသာ ဆိုပါသည်။ "အရှင်ဘုရား၊ တပည့်တော်အား သုနာပရန္တတိုင်းသားများက ဓားထက်ထက်ဖြင့် သတ်ကြလျှင် တပည့်တော်အား ဤသို့ စိတ် ဖြစ်ပါလတ္တံ့။ ခန္ဓာကိုယ်မှ၎င်း၊ အသက်မှ၎င်း ငြီးငွေ့စက်ဆုပ်ကုန်သည်ဖြစ်၍ အသက်ကိုဆောင်တတ်သော ဓား လက်နက်ကိုရှာဖွေကြသော ဗုဒ္ဓ၏ တပည့်သာဝကတို့သည် ရှိကုန်၏။ ထိုအသက်ကိုဆောင်သော ဓားလက်နက်ကို ငါသည် မရှာဖွေဘဲလျှင်သာရအပ်၏ဟု စိတ်တွင် ဖြစ်ပါမည်"ဟု လျှောက်၏။ ထိုသုတ်အရ ပြီးနောက် အရှင်ပုဏ္ဏသည် သုနာပရန္တတိုင်းသို့သွားပြီး ဥပသကာ(၅၀၀)နှင့် ဥပသိကာမ(၅၀၀)တို့သည် ၎င်း၏ နောက်လိုက် သာဝကများ ဖြစ်လာကြပြီး ၎င်းသည် လွတ်မြောက်ရာအမှန် နိဗ္ဗာန်(နိဗ္ဗာန)ကို မျက်မှောက်ပြုတော်မူပါသည်။ ၎င်း ထိုအရပ်တွင် ပရိနိဗ္ဗာန်ပြုသော်လည်း အကြမ်းဖက်မှုကြောင့် ဟုတ်မဟုတ်ကိုမူ ဖော်ပြမထားပေ။

ဤဆောင်းပါးကိုရေးသားသော ရည်ရွယ်ချက်များအတွက် မိမိ အသားပေးဖော်ပြမည့် ဤသုတ္တန်များ၏ နောက်ကွယ်တွင် လက်တွေ့ဆန်သောယထာဘူတအမြင် ထပ်ရှိနေပါသည်။ မိမိတို့၏ မျက်မှောက်ကမ္ဘာကြီးသည် ဤအကြမ်းဖက်မှုနှင့် အကြမ်းဖက်ဝါဒအမျိုးအစားများ၊ ဤအကြမ်းဖက်မှုရောဂါဗေဒများတို့နှင့် အကျွမ်းတဝင် ရှိနေပါသည်။ ၎င်းတို့သည် ဓားလွတ်များနှင့်မြားတို့ကို ကိုင်ဆောင်ခြင်းမပြုတော့ဘဲ အသေခံဗုံးများ၊ ဓားများ သို့မဟုတ် အဆိပ်ပါဝင်သောအရာများကို ကိုင်ဆောင်လာကြပါသည်။ ၎င်းတို့က ဗုဒ္ဓ၏အဆုံးအမများသည် အကြမ်းဖက်မှုနှင့်အတူ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေတို့နှင့် ထပ်တူထပ်မျှဖြစ်သောအရာမှန်သမျှကို စွန့်ပစ်သည့် ဗုဒ္ဓဘာသာကိုးကွယ်သူ လူဝတ်ကြောင်နှင့် ရဟန်းသာဝကနောက်လိုက်တို့အား အသိအလိမ္မာ မြင့်မား

လာစေရန်သွေးပေးခြင်းနှင့် ဟောကြားပေးခြင်းဖြစ်ကြောင်း ပြသကြပါသည်။ ဗုဒ္ဓနှင့်၎င်း၏နောက်လိုက်သာဝက များသည် ၎င်းတို့အနီးဝန်းကျင်ရှိ ပဋိပက္ခအရှိတရားတို့မှ ခပ်ခွာခွာနေခဲ့ကြပါသည်။ ၁၉၉၄ခုနှစ်က မိမိရေးသားခဲ့သည့်အတိုင်း -

> [ဗုဒ္ဓ၏] လူသားတို့၏ အကျပ်အတည်းပြဿနာအတွက် စိုးရိမ်ပူပန်မှုသည် သူ့ပတ်ဝန်းကျင်ရှိ စီးပွားရေးနှင့်နိုင်ငံရေး အင်အားစုများအတွင်း အကြမ်းဖက်မှုဖြစ်နိုင်ခြေကို သူ့အား အထူးတလည် သိမြင်စေခဲ့သည်။ ကောသလနှင့်မဂဓတိုင်းတို့အကြား အားပြိုင်မှုများ သို့မဟုတ် သက်ဦးဆံပိုင် ဘုရင်စနစ်များပေါ်ထွန်းလာခြင်းနှင့်ရင်ဆိုင်ရသောအခါ ၎င်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများ နှင့် ၎င်းတို့၏လွတ်လပ်ရေးကို ထိန်းသိမ်းရန် မင်းသမ္မတနိုင်ငံများ၏ ရုန်းကန်အားထုတ်မှုစသည့် အိန္ဒိယမြောက်ပိုင်းရှိ ပြိုင်ဘက်မင်းသမ္မတနိုင်ငံများနှင့် မင်းဆက်များ၏ နိုင်ငံရေးဝန်းကျင်သည် ဗုဒ္ဓအဆုံးအမတရားတော်များ၏ နောက်ခံဖြစ်ပါသည်။ (Harris 1994, 6-7, drawing on Thaper 1966, chapter 3)

## ဗုဒ္ဓဘာသာအယူဝါဒမူဘောင်အတွင်းမှ ယထာဘူတအမြင် - တပ်မက်မှုတဏှာတွင်နှစ်နေသော လောက

ပထမကဏ္ဍတွင် ပါဠိကျမ်းများအရ ဗုဒ္ဓသည် ဘာသာရေးဆိုင်ရာ သစ္စာတရားကို လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများမှ ကင်းကွာသော အတွေးအခေါ်သက်သက်အဖြစ် ဟောကြားခဲ့ခြင်း မဟုတ်ကြောင်းကို မိမိ ပြသခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓသည် အခြေအနေအားလျော်စွာ ထိုသစ္စာတရားကို အိန္ဒိယလူ့အဖွဲ့အစည်းအတွင်း စွဲမြဲခိုင်မာနေစေခဲ့ပြီး သမိုင်းတစ်လျှောက် ထိရောက်ထက်မြက်သော ဆရာသမားများ၏ သင်ကြားပြသမှုကိုလိုက်နာသော အခြေခံမူသဘောတရားများအား အသုံးချခြင်းဖြင့် ထိုလူ့အဖွဲ့အစည်း၏ ဒိဋ္ဌဖြစ်ရပ်များဖြင့် ယင်းသစ္စာတရားကို သရုပ်ဖော်ခဲ့ပါသည်။ ဤအချက်သည် ဗုဒ္ဓဘာသာနှင့် IHL တို့၏ အဓိကဆိုလိုရင်းနှင့် အလွန်ဆီလျော်အပ်စပ်မှု ရှိပါသည်။ ဗုဒ္ဓ၏အဆုံးအမကို လိုက်နာသူများအတွက် အလုပ်တာဝန်တစ်ခုမှာ IHL အရ စစ်မက်တိုက်ခိုက်နေသူများအား စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများနှင့် စစ်ပွဲတွင်အသုံးပြုသည့်လက်နက်များကို ကန့်သတ်ရန်အပြင် အရပ်သားများနှင့် ဆက်လက်တိုက်ခိုက်နိုင်ခြင်းမရှိတော့သည့် တိုက်ပွဲဝင်စစ်သည်များ (hors de combat) ကို အကာအကွယ်ပေးရန် တာဝန်ရှိစေသည့် မျက်မှောက်ခေတ်စစ်ပွဲ အပါအဝင် အဆိုးဆုံးအကြမ်းဖက်သောအခြေအနေများတွင် မိမိတို့ကို ပြောပြပေးနိုင်ခြေအလားအလာရှိသည့် ဥပမာအသစ်များ၊ သာဓကအသစ်များကို ဖန်တီးပေးရန် ဖြစ်ပါသည်။

သို့သော် ထိုဥပမာအသစ်များနှင့် သာဓကအသစ်များသည် အတ္တဆန်သည့် တပ်မက်မှုတဏှာတွင် နစ်ဝင်ကာရုန်းမထွက်နိုင်ပိတ်မိနေသော လူ့ဘောင်အဖွဲ့အစည်းအား ဗုဒ္ဓဘာသာ၏ ခြုံငုံသုံးသပ်ခြင်းနှင့် ကိုက်ညီရပါမည်။ အင်္ဂုတ္တိုရ်နိကာယ်မှ စာပိုဒ်တစ်ပိုဒ်သည် ထိုအချက်ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည် -

> ရဟန်းတို့၊ အကြင်တဏှာသည် လွှမ်းမိုးဖျက်ဆီးအပ်၊ ထက်ဝန်းကျင် မေးယှက်အပ်သောကြောင့် ရက်ကန်းချည်ထွေးကဲ့သို့လည်းကောင်း၊ စာပေါင်းသိုက်ကဲ့သို့လည်းကောင်း၊ ဖူးဆံမြက်၊ ပြိန်းမြက် ကဲ့သို့လည်းကောင်းဖြစ်နေသော ဤသတ္တလောကသည် ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော သံသရာကို မလွန်မြောက်နိုင်၊ ကွန်ရက်နှင့်တူသော ရွှေ့ပြောင်းလှည့်လည်တတ်၊ ပျံ့နှံ့တတ်၊ ကပ်ငြိတတ်သော ထိုတဏှာကို သင်တို့အား ငါဘုရား ဟောကြားအံ့။ (A.II.211-212)

ဤသုတ်တွင် ဖော်ပြထားသော တဏှာများအနက် (၃၆)မျိုးသည် - "ငါသည်" ဟူသော အတ္တနှင့် ဆက်စပ်နေ၏ - "ငါသည်" ဤသို့အခြင်းအရာ ဖြစ်သလော၊ တစ်ပါးသောအခြင်းအရာဖြစ်သလော။ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် "ငါသည်" ဤသို့သောအခြင်းအရာအားဖြင့် ဖြစ်လတ္တံ့ဟု စွဲယူပြီး အတွင်းသန္တာန်ကို စွဲယူသော တဏှာဝိစရိုက်နှင့် အပသန္တာန်ကို စွဲယူသော တဏှာဝိစရိုက်အားလုံးတို့နှင့် ဆက်စပ်သည်။ သုတ္တနိပါတ်၌လာသော အတ္တဒဏ္ဍသုတ်သည် လူ့အဖွဲ့အစည်းကို ဤဆန်းစစ်လေ့လာမှု၏ အရေးပါသော နောက်ထပ် သာဓက တစ်ခု ဖြစ်ပါသည်။ ထိုသုတ်၏ ဇာတ်ကြောင်းပြောသူက လူအများအား "ရေနည်းငါးကဲ့သို့လည်းကောင်း"၊ "အချင်းချင်း ခိုက်ရန်ငြင်းခုံနေကြသည်ကိုလည်းကောင်း"၊ "အရပ်မျက်နှာများအားလုံးသို့ ပြေးလွှားနေကြသည်ကိုလည်းကောင်း" တွေ့မြင်ရပြီး ထိုသို့တွေ့မြင်ရခြင်းသည် "စိတ်နှလုံးကို မှီနေသည်ဖြစ်၍ မြင်နိုင်ခဲသော တဏှာနှင့် မောဟ မြှားငြောင့်"၊

တနည်း လူ့အဖွဲ့အစည်းကို ကမောက်ကမဖြစ်စေသော ဆူးငြောင့်ကို မမြင်မချင်း ကြောက်မက်ဖွယ်ဖြစ်ကြောင်း ဆိုပါသည်။ (Sn.935-939)

ထိုအင်္ဂုတ္တိုရ်နိကာယ်မှသုတ်နှင့် အတ္တဒဏ္ဍသုတ် နှစ်ပုဒ်ကို ချိတ်ဆက်လိုက်လျှင် တစ်ဦးတစ်ယောက်ချင်း အတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ ခြုံငုံအကျုံးဝင်ပါသည်။ တဏှာ"ဆူးချိတ်"သည် လူတစ်ဦးချင်း သာမက ဤ "လောက"အတွင်းရှိ လူအားလုံး၌ပါ စူးဝင်နေပါသည်။ လူတစ်ဦးချင်းစီနှင့် အသိုင်းအဝိုင်းများ နှစ်မျိုးလုံးတွင် အခြားသူများ မည်သို့ပင်ဆင်းရဲဒုက္ခရောက်ပါစေ၊ ငါ သို့မဟုတ် ငါတို့အတွက် တိကျသော အနာဂတ်၊ "ထာဝရ" ဖြစ်သော အနာဂတ်ကို ဖန်တီးရန် ပြဋ္ဌာန်းခြင်းမှလာသော "အတ္တ"စိတ်များ ရှိကြပါသည်။

ပါဠိပိဋကတ်ကျမ်းဂန်တို့အရ တစ်ဦးချင်းစီဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ 'ငါ' စွဲအတွက် ဖြေဆေးတစ်ခွက်မှာ အိုခြင်း၊ သေခြင်းနှင့် သေလွန်ပြီးနောက် ခန္ဓာကိုယ်၏ပုပ်သိုးဆွေးမြေ့မှုတို့အပေါ်တွင် တရားရှုမှတ်ခြင်း ဖြစ်သည်။ ထိုသို့ရှုမှတ်ခြင်းသည် တစ်ဦးချင်းစီနှင့် အသိုင်းအဝိုင်းများအား ၎င်းတို့ကိုအရှိအတိုင်း အတိအကျဆိုရသော် မမြဲခြင်း အနိစ္စအပြင် ပျက်စီးခြင်းနှင့် သေဆုံးခြင်းမရဏတို့ကိုလိုက်နာရခြင်းအဖြစ် ရှုမြင်နိုင်ရန် အထောက်အကူ ပြုနိုင်ပါသည်။ ဤစာအုပ်၏ခေါင်းစဉ်အတွက် အရေးပါသောအချက်မှာ ဤကမ္မဋ္ဌာန်းတရားများ၏ဖော်ပြချက်မှ ထွက်ပေါ်လာစေသည့် မြင်ကွင်းများဖြစ်သော ပဋိပက္ခနှင့် ပဋိပက္ခ၏နောက်ဆက်တွဲ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ လူမဆန်သောလုပ်ရပ် အထောက်အထားအဖြစ် သင်္ချိုင်းမြေပုံ အမြောက်အမြား ရှာဖွေတွေ့ရှိခြင်းကို တွေ့မြင်ရပါသည်။ ဤနည်းသည် ခန္ဓာ၏မမြဲခြင်းအနိစ္စကို ရှုမှတ်ပွားများရန် ရည်ရွယ်သည့် ကာယဂတာသတိသုတ်(M.III.88-98)မှ "အသုဘကမ္မဋ္ဌာန်းများ"အနက် တစ်ခု ဖြစ်ပါသည် -

> ရဟန်းတို့.. ထို့ပြင်လည်း ရဟန်းသည် သေ၍ တစ်ရက်ရှိသော သူသေကောင်၊ သေ၍နှစ်ရက်ရှိသော သူသေကောင်၊ သေ၍ သုံးရက်ရှိသော သူသေကောင်၊ ဖူးဖူးရောင်နေသော သူသေကောင်၊ ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်၊ ပြည်ကဲ့သို့ အပုပ်ရည်ယိုစီးနေသော သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်သကဲ့သို့ ထိုရဟန်းသည် "ဤကိုယ်သည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းယှဉ်ကာ ရုပ်အပေါင်းကို မမေ့မလျော့ ရှု၏။ ……ဤသို့လည်း ရဟန်းသည် ကာယဂတာသတိကို ပွားများ၏။

ထို့နောက် ကျီးတို့ စားအပ်သည်လည်းဖြစ်သော၊ စွန်ရဲ၊ လင်းတ၊ အိမ်ခွေး၊ ခွေးအနှင့် ပိုးအမျိုးမျိုးတို့ စားအပ်သည်လည်းဖြစ်သော၊ အသားအသွေးရှိသေးသော၊ အကြောတို့ဖြင့်ဖွဲ့ထားသော၊ အရိုးဆက်လျက်ရှိသေးသော၊ အသားအသွေးတို့ဖြင့်ပေကျံလျက် အကြောတို့ဖြင့်ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော၊ အသားအသွေးကင်းလျက် အကြောတို့ဖြင့်ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော၊ ဖွဲ့ခြင်းကင်းကုန်သော ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သော သင်္ချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်အစရှိသော နိမိတ်ပုံတို့ကို ဖြည့်စွက်ထားသည်။ (M.III.91-92) ဤသည်မှာ ဗုဒ္ဓဘာသာ၏တရားဒေသနာတော်အဆုံးအမဘောင်အတွင်း အဆုံးစွန်သော လက်တွေ့ပေါ်အခြေခံသည့် ယထာဘူတအမြင်ကို ကိုယ်စားပြုပုံရပါသည်။ ယနေ့ခေတ်ကာလတွင် မျက်မှောက်ခေတ် သင်္ဂြိုလ်ခြင်းအလေ့အထများသည် ဒိဋ္ဌအမှန်တရားများကို ဖုံးကွယ်ထားသော်လည်း စစ်ပွဲနှင့်ပဋိပက္ခများက ထိုအရှိတရားတို့ကို ပြန်လည်ဖော်ထုတ်ပေးပြီး ဤ"ပြန်လည်ဖော်ထုတ်မှု"သည် ဆိုရှယ်မီဒီယာလူမှုကွန်ရက်ပေါ် အပါအဝင် အသေခံဗုံးခွဲမှုများအပြီးတွင် ဆင်ဆာလုပ်စိစစ်ဖြတ်တောက်ထားခြင်းမရှိသော ဓာတ်ပုံများအဖြစ် အသေးစိတ်ပုံစံဖြင့် ဖြစ်နိုင်ပါသည်။ ဤမျက်မြင်ဒိဋ္ဌလက်တွေ့ဘဝအပေါ် တရားရှုမှတ်ဆင်ခြင်ခဲ့ပြီးဖြစ်သော ဗုဒ္ဓဘာသာဝင်အတွက် ရန်သူများ အပါအဝင် မွေးဖွားခြင်းနှင့် သေဆုံးခြင်း သံသရာအတွင်း ကျရောက်နေသော အားလုံးသော သတ္တဝါများအတွက် ကရုဏာတရားကို ဖြစ်စေပါသည်။ ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာကျမ်းစာတွင်ပါ လက်တွေ့ကျသော ယထာဘူတအမြင်သည် လူသားတို့ကို အတားအဆီးမဲ့ လောဘ၊ ဒေါသနှင့် မောဟတို့၏ အကျိုးဆက်များနှင့် မကြာခဏ ရောယှက်နေမှုအဖြစ် အရှိအတိုင်းမြင်စေရန် အားပေးပါသည်။

**အမုန်တရား ဖန်တီးခြင်းနှင့် စိတ်မသက်မသာဖြစ်ခြင်း**

မိမိဆောင်းပါး၏ တတိယကဏ္ဍတွင် လက်နက်ကိုင်ပဋိပက္ခ၏အချို့အခြေအနေများအတွင်း ထိုပဋိပက္ခတွင် ပါဝင်ပတ်သက်သူ ဗုဒ္ဓဘာသာဝင်များဆီမှပင် ငြင်းဆန်ခြင်းကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများ တွေ့ကြုံရသည့် အကြောင်းရင်းနှင့် စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းမရှိနိုင်ရသည့်အကြောင်းရင်းတို့ကို သိရှိနားလည်နိုင်ရန်အတွက် ဗုဒ္ဓဘာသာ စံနမူနာတစ်ခု ထုတ်ဖော်နိုင်ခြင်းရှိမရှိကို စိစစ်လေ့လာထားပါသည်။ ဗုဒ္ဓဘာသာသည် အကြင်နာ မေတ္တာနှင့် သနား ကရုဏာတို့ကို အလေးထားပြီး မျှဝေခံစားခြင်း မုဒိတာကို မြှင့်တင်ပေးပါသည်။ မျှဝေခံစားခြင်းကို အတိအကျဆိုရသော် မိမိတို့နှင့် သဘောထားကွဲလွဲသူများ အပါအဝင် အခြားသူများ၏ နေရာတွင် ဝင်ရောက်ခံစားကာ စာနာခြင်း ဖြစ်ပါသည်။ ထိုတရားတို့သည် ဗုဒ္ဓဘာသာဝင်များအကြား IHL ၏ ရည်မှန်းချက်များနှင့် အခြေခံမူများအား ချက်ချင်းလက်ငင်း အားပေးထောက်ခံရန် ရှေ့ဆောင်လမ်းပြသင့်ပါသည်။ သို့သော် ယင်းမှာ အကြောင်းကိစ္စ အမြဲဖြစ်နေသည် မဟုတ်ပါ။ မိမိဆောင်းပါး၏ ယခုအပိုင်းတွင် ထိုဗုဒ္ဓဘာသာ စံနမူနာတစ်ခုကို ပါဠိကျမ်းစာများမှတစ်ဆင့် ဖော်ထုတ်နိုင်ကြောင်း ဆွေးနွေးထားပါသည်။

ဤဗုဒ္ဓဘာသာစံနမူနာ၏ အဓိကသော့ချက်မှာ ပါဠိတော်လာ အဆုံးအမဖြစ်သည့် ဗောဓိဉာဏ် မရရှိသေးသော ပုထုဇဉ်လူသားများ၏စိတ်သည် အရာရာကို အရှိအတိုင်း ယထာဘူတကျကျ မြင်နိုင်စွမ်းမရှိကြရုံ သာမက ဗုဒ္ဓဘာသာအခေါ် ပယ်သတ်ရန်ခဲယဉ်းသော အာသဝေါတရားများနှင့် စိတ်၏အညစ်အကြေးများ (ကိလေသာများ) ဖြင့် ပြုပြင်ခြင်း ခံရသော အကြောင်းတရားများကို အခြေခံကာ "အမှန်တရား"ကို ဖန်တီးတည်ဆောက်ကြပါသည်။ အာသဝေါတရားလေးပါးရှိပါသည် - ကာမဂုဏ်အာရုံ(ကာမာသဝ)၊ ဘဝ၌တွယ်တာခြင်း(ဘဝါသဝ)၊ မှားယွင်းသော အယူ(ဒိဋ္ဌာသဝ)နှင့် မသိနားမလည်မှု(အဝိဇ္ဇာသဝ) တို့ ဖြစ်ကြပါသည်။ ကိလေသာ(၁၀)ပါးရှိပါသည် - တပ်မက်ခြင်း (လောဘ)၊ အမျက်ထွက်ခြင်း(ဒေါသ)၊ တွေဝေမိုက်မဲခြင်း(မောဟ)၊ ထောင်လွှားခြင်း(မာန)၊ အယူမှားခြင်း(ဒိဋ္ဌိ)၊ ယုံမှားခြင်း(ဝိစိကိစ္ဆာ)၊ စိတ်ထိုင်းမှိုင်းခြင်း(ထိန)၊ စိတ်၏ပျံ့လွင့်ခြင်း(ဥဒ္ဓစ္စ)၊ မကောင်းမှုမှမရှက်ခြင်း(အဟိရိက)နှင့် မကောင်းမှုမှမထိတ်လန့်ခြင်း(အနောတ္တပ္ပ)တို့ ဖြစ်ကြပါသည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို အဆိပ်များ (သို့) အကုသိုလ်ဟိတ်များ(မူလ)ဟူ၍ ပါဠိကျမ်းများတွင် ခွဲခြားသတ်မှတ်ထားပါသည်။ ပထမအာသဝ၏ အန္တရာယ်ကို မဟာဒုက္ခက္ခန္ဓသုတ်တွင် ဖော်ပြထားသကဲ့သို့ အကျဉ်းမျှဖော်ပြခဲ့ပြီးဖြစ်သည်။ အခြားသောသုတ္တန်များကိုလည်း တိုက်ရိုက်ကိုးကားနိုင်ပါသည်။ ဥပမာ - ပါတလိယသုတ်(M.I.359-368)တွင် အောက်ခြေက လှိုက်စားတတ်သော ကာမဂုဏ်အာရုံတို့အပေါ် တပ်မက်ခြင်းနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၌ကပ်ငြိတွယ်တာခြင်းတို့ကို အသားမရှိသောအရိုး၊ တောက်လောင်နေသော မီးရှူးမြက်ကိုကိုင်၍ လေညာသို့သွားသူ၊ မီးကျီးခဲများအပြည့်ရှိသော မီးကျီးတွင်းတို့နှင့် နှိုင်းယှဉ်ထားပါသည်။ (M.I.364-365) သဗ္ဗာသဝသုတ်သည်လည်း အာသဝေါတရားတို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။ (M.I.6-12) ဥပမာအားဖြင့် အတ္တဒိဋ္ဌိနှင့် ၎င်းနှင့်ပတ်သက်သော မှန်းဆချက်များကို ဤသို့ ပြဆိုထားပါသည် -

> ရဟန်းတို့၊ ဤမှားသောအမြင်ကို မိစ္ဆာဒိဋ္ဌိ၊ ဒိဋ္ဌိတောအုပ်၊ ဒိဋ္ဌိခရီးခဲ၊ ဒိဋ္ဌိဆူးငြောင့်၊ ဒိဋ္ဌိဖောက်ပြန်လှုပ်ရှားမှု၊ ဒိဋ္ဌိသံယောဇဉ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဒိဋ္ဌိသံယောဇဉ်နှင့်ယှဉ်သော အကြားအမြင် မရှိသော ပုထုဇဉ်သည် (ပဋိသန္ဓေနေခြင်း)ဖြစ်ခြင်း၊ အိုခြင်းနှင့် သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ နာကျင်ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်ပျက်အားငယ်ခြင်းတို့မှ .... စသော ထိုဆင်းရဲတို့မှ မလွတ်ဟု ငါဘုရားဟောတော်မူသည်။ (M.I.8)

အာသဝေါတရားနှင့် ကိလေသာတို့ကို ကျမ်းစာများတွင် လူတစ်ဦးတစ်ယောက်အတွက် ဒုက္ခဆင်းရဲဖြစ်ကြောင်းတရား၊ ချဲ့ရသော် လူ့ဘောင်အဖွဲ့အစည်းအတွက် ဆင်းရဲဒုက္ခဖြစ်ကြောင်းတရားများအဖြစ် ဖော်ပြထားပါသည်။ သို့သော် "ထိုတရားတို့၏အန္တရာယ်သည် ဗုဒ္ဓဘာသာအဆုံးအမတွင် ရှင်းရှင်းလင်းလင်းရှိသည်ဆိုပါက စစ်ပွဲ၌ ကရုဏာတရားနှင့်သက်ဆိုင်သောအခြေခံမူများကို ဗုဒ္ဓဘာသာဝင်များအကြားတွင်ပင် အကောင်အထည်ဖော်ရန် အဘယ့်ကြောင့် အတိုက်အခံ ဖြစ်ရသနည်းဟု မေးနိုင်ပါသည်။ ကျမ်းစာများတွင်ပေးထားသော အဖြေမှာ ၎င်းတို့၏ အလွန်ကြီးမားသောစွဲမြဲမှုနှင့်သာ သက်ဆိုင်ပါသည်။ ဗုဒ္ဓက မိန့်တော်မူသည်မှာ -

> ရဟန်းတို့၊ မကျန်းမာခြင်း(၂)မျိုးရှိသည်။ အဘယ်နှစ်မျိုးတို့နည်း။ ကိုယ်မကျန်းမာခြင်းနှင့် စိတ်မကျန်းမာခြင်းတို့ ဖြစ်သည်။ လူတို့သည် ကိုယ်ကျန်းမာခြင်းကို တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်အားဖြင့်သော်လည်းကောင်း၊ ဆယ်နှစ်၊ နှစ်နှစ်ဆယ်၊ နှစ်သုံးဆယ်၊ နှစ်လေးဆယ်၊

နှစ်ငါးဆယ်သော်လည်းကောင်း၊ နှစ်တစ်ရာကြာနှင့် ထို့ထက်ပို၍ပင် ခံစားကြသူများကို ရှာတွေ့နိုင်သည်။ သို့သော် အာသဝေါတရားကို အပြီးတိုင်ဖျက်ဆီးပြီးသူများမှလွဲ၍ တခဏမျှလောက်ပင် စိတ်ကျန်းမာရေးကောင်းမွန်သူကို ဤလောက၌ ရှာတွေ့ရန် ခဲယဉ်းသည်။ (A.II.142-143)

ထို့ကြောင့် အာသဝေါတရားတို့ကို အပြီးတိုင်ဖယ်ရှားရန်မှာ မလွယ်ကူပါ။ ၎င်းတို့၏ စွဲမြဲမှုအကြောင်းရှင်းပြပုံကို စူဠဒုက္ခက္ခန္ဓသုတ်(ဆင်းရဲဒုက္ခအစုအဝေးနှင့်ပတ်သက်၍ အတိုပဟောကြားချက်)တွင် ဖော်ပြထားပါသည်။ (M.I.91-95) အခါတစ်ပါး၌ ဗုဒ္ဓထံသို့ သာမန်လူတစ်ဦးလာရောက်၍ လျှောက်ထားသည်မှာ "အရှင်ဘုရား၊ တပည့်တော်သည် လိုချင်ခြင်း လောဘ၊ ပြစ်မှားခြင်း ဒေါသနှင့် တွေဝေခြင်း မောဟတို့သည် စိတ်၏ ညစ်ညူးကြောင်းတည်းဟု မြတ်စွာဘုရား ဟောတော်မူသော တရားကို ကြာမြင့်စွာကပင် သိပါ၏။ ထိုသို့သိပါသော်လည်း တပည့်တော်အား တစ်ရံတစ်ခါ လိုချင်မှုတရားတို့သည် စိတ်ကို ကုန်ခန်းစေ၍ တည်ပါကုန်၏။ ပြစ်မှားမှု၊ တွေဝေမှု.... တည်ပါကုန်၏။" ထိုအခါ ဗုဒ္ဓက "သင်၏သန္တာန်၌ လိုချင်မှု၊ ပြစ်မှားမှု၊ တွေဝေမှု တရားတို့ကို မပယ်ရသေးသောကြောင့် ဖြစ်သည်"ဟု မိန့်တော်မူသည်။ သင်၏သန္တာန်၌ ထိုတရားတို့ကို ပယ်ပြီးဖြစ်ငြားအံ့၊ သင်သည် အိမ်ရာတည်ထောင်၍ မနေရာ၊ ကာမတို့ကို မခံစားရာ၊ သွယ်ဝိုက်၍ဆိုသည်မှာ သူသည် အမှန်တကယ် ဗုဒ္ဓလမ်းစဉ်ကို တိုးတက်စေရန်ဆိုလျှင် သူကိုယ်တိုင် သာသနာ့ဘောင်သို့ဝင်ရောက်ကာ ရဟန်းအဖြစ်ကိုခံယူ၍ တရားရှုမှတ်သင့်သည်ဟု ဖြစ်သည်။ သို့သော် ဘုရားလက်ထက်မှာပင် သံဃာ့အသိုင်းအဝိုင်းသည် အစဉ်အမြဲ စံနမူနာအနေဖြင့် စိတ်သဘောထား ညီညွတ်မနေကြောင်း သို့မဟုတ် ကမ္မဋ္ဌာန်းတရားကို ပြင်းပြင်းထန်ထန် အားမထုတ်ကြကြောင်း ဖော်ပြထားသော သုတ္တန်များစွာရှိပြီး နောက်ပိုင်းကာလ ပါဠိကျမ်းစာများကိုစုစည်းသည့်အခါတွင်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။ ဥပမာ - ကောသမ္ဗိယသုတ်(M.I.320-325)တွင် ရဟန်းတစ်စုတို့ ငြင်းခုံကြ၊ ခိုက်ရန်ဖြစ်ကုန်ကြ၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်၏ဟု ဖော်ပြထားပါသည်။ (M.I.321) အနင်္ဂဏသုတ် (M.I.24-32) တွင် ရဟန်းသည် မိမိအပြစ်ကို ဖုံးကွယ်ပြီး မကောင်းသော အလိုဆိုးဖြင့် လူတို့ထံမှ အကြည်ညိုခံရအောင်ပြုသောအခါ သံဃာအသိုင်းအဝိုင်းအကြား မနာလိုမှုနှင့် အချင်းချင်းယှဉ်ပြိုင်မှုကို ဤဥပမာဖြင့် လမ်းညွှန်ပြရာတွင် -

> ငါ့ရှင်၊ ဥပမာသော်ကား ဈေးမှဖြစ်စေ၊ ပန်းတဉ်းသမားအိမ်မှဖြစ်စေ၊ စင်ကြယ်ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏။ ထိုကြေးခွက်ပိုင်ရှင်သည် မြွေကောင်ပုပ်ကိုဖြစ်စေ၊ ခွေးကောင်ပုပ်ကိုဖြစ်စေ၊ လူကောင်ပုပ်ကိုဖြစ်စေ ပြည့်အောင်ထည့်၍ အခြားကြေးခွက်ဖြင့် ဖုံးပိတ်ကာ ဈေးတွင်းသို့ သွားကြရာ၏။ လူအပေါင်းသည် ထိုကြေးခွက်ကို တွေ့မြင်သော် "အချင်း၊ အဘယ်ကြောင့် ဤအရာကိုသာလျှင် ကောင်းနိုးရာရာ လက်ဆောင်ကဲ့သို့ ယူဆောင် လာသနည်း" ဟုပြောဆိုပြီးလျှင် ထိုခွက်ကိုထ၍ ဖွင့်လှစ်ကြည့်ရှုရာ၏။ (ထိုအကောင်ပုပ်)ကို မြင်သည်နှင့် တပြိုင်နက် ထိုလူအပေါင်းမှာ မနှစ်မြို့စိတ်၊ ရွံရှာစိတ်၊ စက်ဆုပ်စိတ်သည် ဖြစ်ရာ၏။ ဆာလောင်နေသူတို့ပင် မစားချင်ရာ၊ အစာဝနေသူတို့ကား ဆိုဖွယ်ရာမရှိ။ (M.I.30)

ဤသာဓက၏ သင်ခန်းစာမှာ ကိလေသာအာသဝေါတရားတို့ သူ၏သန္တာန်၌ ရှိနေသေးသော်လည်း ပယ်စွန့်ပြီး သယောင်ပြုမူသော ရဟန်းသည် မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်တို့၏ အဆိပ်ကဲ့သို့ပင်ဖြစ်သည်။[3] ဒွေဓါဝိတက္က သုတ်(ဝိတက်အတွေးနှစ်မျိုးနှင့်ပတ်သက်၍ M.I.114-118)တွင် ဗုဒ္ဓသည် သူ၏သာဝကများကို တရားရှုမှတ်နေစဉ် အခါ၌ပင် ကိလေသာ၊ အာသဝေါတရားနှင့်ပတ်သက်သော အကုသိုလ်ဝိတက်တို့ ဆက်လက်ရှိနေသေးလျှင် မည်သို့ ပြုလုပ်ရမည်ဆိုသည်ကို သြဝါဒပေးထားပါသည်။ အကုသိုလ်ဝိတက်အား ထိန်းချုပ်ရန် နည်းလမ်းများကို လိုရင်း အနှစ်ချုပ် မိန့်မြွက်တော်မူပြီးနောက် ဗုဒ္ဓက နောက်ဆုံးအားကိုးရာနည်းလမ်းအဖြစ် "ရဟန်းသည် အံကိုတင်းတင်း ကြိတ်၊ လျှာကိုအာခေါင်တွင်ဖိထားပြီး စိတ်ကိုစိတ်ချင်း ရိုက်ချိုးဖျစ်ညှစ်ကြိတ်ချေကာ ကျင့်သင့်သည်" ဟု မိန့်တော်မူပါသည်။ (M.I.120) ဤသုတ္တန်က ထိုအဆင့်သို့ ရောက်ရှိခြင်းမှာ ထူးခြားမှုတစ်ခုမဟုတ်ဟု ဆိုထားပါသည်။ ကိလေသာအာသဝေါတို့နှင့် ဆက်စပ်သော အတွေးတို့သည် ပြင်းထန်ပြီး အလွယ်တကူဖြင့် အပြီးတိုင် မပယ်ရှားနိုင်ပါ။ အကယ်၍ ၎င်းကို ပယ်ရှားရန် ရဟန်းတို့အတွက်ပင် မလွယ်ကူလျှင် လောကီလူသားများအတွက် အဘယ်မျှ ပို၍ခက်ခဲလိမ့်မည်နည်း။ မောဟနသမိ ပဂါဠ္ဓေ- ပါဠိကျမ်းစာအရ တွေဝေမှု၊ စိတ်ရှုပ်ထွေးမှုသည် လူသားအများစုတွင် မကြာခဏခံစားရသောအရာ ဖြစ်ပါသည်။ ထို့အပြင် လူအများစုမှာ ထိုကဲ့သို့သော စိတ်အခြေအနေနှင့် အမြဲလိုပင် ယှဉ်တွဲနေရသောကြောင့် ကာမဂုဏ်ကိုကပ်ငြိတွယ်တာခြင်းနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ကို စုဆောင်းခြင်းတို့သည် အလားတူ ကပ်ငြိတွယ်တာမှုများနှင့်သာ မိတ်ဆွေဖွဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ဘဝအပေါ်ထားရှိသောသဘောထားနှင့် ၎င်းတို့၏ "ပုဂ္ဂလဓိဋ္ဌာန်အစစ်အမှန်အရှိတရားများ"ကို မည်သည့်အခါမျှ စိမ်ခေါ်လိမ့်မည် သို့မဟုတ် မေးခွန်းထုတ်လိမ့်မည် မဟုတ်ပါ။[4]

ပဋိပက္ခနှင့် စစ်ပွဲအခြေအနေတို့တွင် ကိလေသာနှင့်အာသဝေါတရားတို့၏ လွှမ်းမိုးမှုအောက်၌ မိမိတို့၏ "အစစ်အမှန်အရှိတရားများ"ကို ဖန်တီးတည်ဆောက်ကြပြီး အရာရာကို အရှိအတိုင်း ကိုယ်စားမပြုသည့် အချက်အလက်သည် IHL အား ဆွေးနွေးမှုတွင် အတိမ်းအစောင်းမခံသည့်အရေးပါသောအချက် ဖြစ်ပါသည်။ ပရိုတက်စတင့်ဘုရားကျောင်း(Mennonite) အဖွဲ့ဝင်၊ ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူ John Paul Lederach (2001) သည် (၉/၁၁)အမွှာမျှော်စင်တိုက်ခိုက်မှုနောက်ပိုင်းတွင် ရေးသားခဲ့သည်မှာ -

> အရှိတရားများအား ဖန်တီးတည်ဆောက်ထားသည်ကို အမြဲအမှတ်ရပါ။ ပဋိပက္ခသည် အခြားအရာများအနက် အရှိတရားအပေါ် အလွန်တရာကွဲပြားခြားနားသည့် အမြင်များနှင့် အဓိပ္ပာယ်ကောက်ယူမှုများကို ဖန်တီးတည်ဆောက်ခြင်းနှင့် ရေရှည်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ် ဖြစ်ပါသည်။ ဤအချက်မှာ မိမိတို့တွင် တချိန်တည်း၌ အရှိတရားမျိုးစုံကို ပဋိပက္ခတွင်းရှိအရာများဖြင့် ထိုအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ခဲ့ပြီးဖြစ်သည်ဟု ဆိုလိုပါသည်။[5]

၎င်းကို ဗုဒ္ဓဘာသာငြိမ်းချမ်းရေးလက်စွဲမှ ထုတ်နုတ်ထားခဲ့ခြင်း ဖြစ်နိုင်ပါသည်။ ၎င်းသည် မိမိ အကြမ်းဖျဉ်းဖော်ပြထားသော အယူအဆကို အလေးထားဖွယ် အသုံးပြုထားပါသည်။ Lederach က ဆက်လက်ရှင်းပြသည်မှာ လူထုအသိုင်းအဝိုင်းများသည် ၎င်းတို့အမြင်တွင် လုံးဝယုတ္တိတန်သည်ဟု ယူဆပုံရသည့် ဖန်တီးတည်ဆောက်ထားသော အရှိတရားကို စွဲကိုင်ထားနိုင်သော်လည်း ထိုအသိုင်းအဝိုင်း၏ ပြင်ပမှလူများအတွက်မူ ယုတ္တိမတန်ဘဲ မှားယွင်းပုံ သို့မဟုတ် အန္တရာယ်ရှိပုံ ပေါ်နိုင်ပါသည်။

အနောက်တိုင်း ဗုဒ္ဓဘာသာဝင်နှင့် သင်တန်းဆင်း စိတ်ပညာရှင်တစ်ဦးဖြစ်သူ Caroline Brazierက မိမိတို့၏ ဖန်တီးတည်ဆောက်ထားသော အရှိတရားကို စွဲလမ်းမှုဟူသောဝါဟာရဖြင့် ဖော်ပြပြီး ၎င်းကို ထောင်သွင်းအကျဉ်းချခြင်းအဖြစ် တင်ပြထားပါသည် -

> သို့သော် ဗုဒ္ဓဘာသာစိတ်ပညာတွင် ကျွန်ုပ်တို့လေ့လာနေသည့်အရာသည် စွဲလမ်းမှုစိတ်ပညာဖြစ်သည်ဆိုသောအချက်ကို ယခုထိ ကျွန်ုပ်တို့တွေ့မြင်သိရှိထားခဲ့ပြီးဖြစ်သည်များ (Brazier၏ ဗုဒ္ဓဘာသာဒဿနအပေါ်ရှင်းလင်းချက်)မှ ရှင်းရှင်းလင်းလင်း နားလည်ထားသင့်ပါသည်။ သို့သော် ကျွန်ုပ်တို့ ဘာကို စွဲလမ်းနေတာပါလဲ။ ကျွန်ုပ်တို့အများစုအတွက် စွဲလမ်းမှုသည် ကိုယ့်အတ္တကို စွဲလမ်းခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဖန်တီးထားသောအတ္တသည် ဘဝတွင်အခက်အခဲကြုံလာသောအခါ ထိုအတ္တကို လုံခြုံမှုနှင့် ကိုယ်စိတ်ချမ်းသာမှု၏ ဇာစ်မြစ်အဖြစ် ကျွန်ုပ်တို့က ပြောင်းလဲပစ်လိုက်ပါသည်။ ထို့အပြင် ဤ ခိုကိုးရာ အလေ့အထပုံစံသည် ထပ်တလဲလဲအဖြစ်နှင့် မည်သည့်အရာကိုမဆို စွဲလမ်းမှုအတိုင်း မှားယွင်းသောအခြေခံအဖြစ် ရှိနေပါသည်။ (Brazier 2003,33)

မဓုပိဏ္ဍိကသုတ်(M.I.108-114)က ဤနေရာနှင့်သင့်တော်သော ပါဠိစကားလုံး 'ပပဉ္စ'[6]ကို ဖော်ပြထားပါသည်။ များသောအားဖြင့် "တဟုန်ထိုးတိုးပွားလာခြင်း"ဟု ဘာသာပြန်လေ့ရှိကြသော်လည်း I.B. Horner က ၎င်းကို "ဥပါဒါန်အစွဲ"ဟု ပြန်ဆိုပါသည်။ ပပဉ္စသည် ပုထုဇဉ်တို့၏ စိတ်တွင် ချဲ့ထွင်တတ်သော အတွေးများ၊ ခံစားမှုများနှင့် အဆုံးအဖြတ်များ တဟုန်ထိုးတိုးပွားလာခြင်း ဖြစ်ပါသည်။ မဓုပိဏ္ဍိကသုတ်မှ ပပဉ္စတရားသည် လက်နက်စွဲကိုင်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဖက်ပြိုင်ခြင်း၊ အငြင်းပွားခြင်းနှင့် အသရေဖျက်ခြင်းကဲ့သို့သောအရာများ၏ အကြောင်းရင်းဖြစ်ပြီး ပပဉ္စကိုအနိုင်ယူခြင်းသည် ထိုကဲ့သို့သော လုပ်ရပ်များကို အဆုံးသတ်စေသည့် နည်းလမ်း ဖြစ်သည်ဟု အလေးအနက်ဆိုထားပါသည် -

> ရဟန်း၊ အကြင်အကြောင်းကြောင့် သတ္တဝါကို ချဲ့ထွင်မှု သညာအစုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ ဤအကြောင်း၌ အလွန်နှစ်သက်ခြင်း၊ စွဲလမ်းခြင်း၊ သက်ဝင်စွဲယူခြင်းသည် အကယ်၍ မရှိငြားအံ့၊ ဤသည်ပင် ရာဂါနုသယ(တပ်စွန်းမှုကိန်းဝပ်ခြင်း)တို့၏ အဆုံးတည်း။ ဤသည်ပင် ပဋိဃာနုသယ(ထိပါးမှုကိန်းဝပ်ခြင်း)တို့၏ အဆုံးတည်း။ ဤသည်ပင်

> ဒိဋ္ဌာနုသယ(မှားယွင်းသောအမြင် ကိန်းဝပ်ခြင်း)တို့၏ အဆုံးတည်း။ ဤသည်ပင် ဝိစိကိစ္ဆာနုသယ (တွေးတောယုံမှားမှု ကိန်းဝပ် ခြင်း)၊ မာနာနုသယ(မောက်မာမှုကိန်းဝပ်ခြင်း)၊ ဘဝရာဂါနုသယ(ဘဝကိုတပ်စွန်းမှု ကိန်းဝပ် ခြင်း)၊ အဝိဇ္ဇာနုသယ(မသိမှုကိန်းဝပ်ခြင်း)တို့၏ အဆုံးတည်း။ ဤသည်ပင် တုတ် ဆွဲယူခြင်း၊ ဓားလက်နက် ဆွဲယူခြင်း၊ ရန်ဖြစ်ခြင်း၊ သဘောထားကွဲလွဲခြင်း၊ ငြင်းခုံခြင်း၊ နင်ပဲငဆေအပြန်အလှန် စွပ်စွဲပြောဆိုခြင်း၊ ကုန်းချောခြင်း၊ မုသားပြောဆိုခြင်းတို့၏ အဆုံးတည်း....(M.I.109-110)။

ပပဉ္စတရား၏ အစောပိုင်း စိစစ်လေ့လာချက်ကို ဘိက္ခုဉာဏနန္ဒက ၁၉၇၁ခုနှစ် (“အယူအဆနှင့် လက်တွေ့ဘဝ” – ‘Conept and Reality’) တွင် ပြုလုပ်ခဲ့ပါသည်။ ၎င်းက ပပဉ္စကို မိမိတို့၏အတွေးများနှင့်ခံစားချက်များကို ထိန်းချုပ်မရတော့သည့်အခါ မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ သိမြင်မှုဖြစ်စဉ်များ၏ နောက်ဆုံးအဆင့်များ၌ ဖြစ်ပွားသော အယူအဆများပျံ့နှံ့မှုအဖြစ် ဖော်ပြခဲ့ပါသည်။ ထို့နောက် ၎င်းက ပါဠိသဒ္ဒါဖွဲ့စည်းပုံပေါ် အခြေခံသည့် စိတ်ဝင်စားစရာ အကောင်းဆုံးအချက်တစ်ခုကို ဖြည့်စွက်ခဲ့ပါသည်။ ဤ “ပျံ့နှံ့မှု” ဖြစ်ပွားသောအခါ မိမိတို့သည် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာစကားဆိုင်ရာ ဖန်တီးတည်ဆောက်မှုများ၏ သားကောင်များဖြစ်လာခဲ့ကြကြောင်း ၎င်းက ထောက်ပြခဲ့ပါသည်။ ထို့ကြောင့် ၎င်းက မဓုပိဏ္ဍိကသုတ်မှထုတ်နုတ်ပြီး အောက်ပါအတိုင်းရေးသားခဲ့ပါသည် -

> ကျားသေကို အသက်သွင်းသော မျက်လှည့်ဆရာကို ထိုကျားက ပြန်ကိုက်စားသော ဒဏ္ဍာရီပုံပြင်ကဲ့သို့ပင် ဘာသာစကားအစဉ်အလာများသည် ၎င်းတို့ကို အဆင့်ဆင့်ပြောင်းလဲစေသော လောကီလူသားကို ဒုက္ခပေးသည်။ အာရုံသိသညာ၏နောက်ဆုံးနှင့်အရေးကြီးသောအဆင့်တွင် အယူအဆသဘောထားသည် သူ့အရှိအတိုင်း ဓမ္မမိဋ္ဌာန်ကျသောလက္ခဏာတစ်ခုအဖြစ် ပြည့်ဝလာသည်။ (Ñāṇananda 1971,29; quoted in Harris 1994, 29)

၎င်း၏အထောက်အထားမှာ ဥပမာ - မြင်သိစိတ်နှင့်ဆက်စပ်၍ အာရုံနှင့် အာရုံသိစိတ်တို့ တိုက်ဆိုင်သောအခါ စိတ်တွင် ပေါ်လာသောအရာနှင့်စပ်လျဉ်းသည့် သုတ္တန်ဖော်ပြချက် ဖြစ်ပါသည် -

> ငါ့ရှင်တို့ မျက်စိကိုလည်းကောင်း၊ အဆင်းကိုလည်းကောင်း စွဲ၍ မြင်သိစက္ခုဝိညာဏ်စိတ် ဖြစ်၏။ ဤသုံးခုတို့၏ ပေါင်းဆုံခြင်းကြောင့် တွေ့ထိခြင်း-ဖဿ ဖြစ်၏။ တွေ့ထိခြင်း-ဖဿ ဟူသော အကြောင်းကြောင့် ခံစားခြင်း-ဝေဒနာ ဖြစ်၏။ ခံစားပြီးသောအာရုံကို မှတ်သား၏။ မှတ်သားပြီးသော အာရုံကို ကြံစည်၏။ ကြံစည်ပြီးသော အာရုံကို (ပပဉ္စ) ချဲ့ထွင်၏။ အာရုံကိုချဲ့ထွင်သော အကြောင်းကြောင့် သတ္တဝါကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော မျက်စိဖြင့် မြင်ရသော အဆင်းတို့၌ ချဲ့ထွင်မှု သညာအစုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ (M.I.111-112)

ဘိက္ခုဉာဏနန္ဒအဆိုအရ အထက်ပါကောက်နုတ်ချက်တွင် ‘ဒုက္ခဖြစ်စေသည်’ဟု ဘာသာပြန်ဆိုထားသော ပါဠိစကားလုံး ‘သမုဒါစရန္တိ’သည် ပုံမှန်စိတ်ဝီထိဖြစ်စဉ်၏ ပြောင်းပြန်သဘော သွယ်ဝိုက်ညွှန်းဆိုပါသည်။ အတွေးများသည် ၎င်းတို့၏ဘဝနှင့် ဆန့်ကျင်ကာ တွေးတောသူကို ဒုက္ခပေးသည်။ ဆိုလိုသည်မှာ ၎င်းတို့က တွေးသူကို သားကောင်ဖြစ်စေသည်။ တွေးသူသည် အတွေးကို မည်သို့မျှ ဆက်လက်၍ ထိန်းချုပ် သို့မဟုတ် ချုပ်တည်းနိုင်ခြင်း မရှိတော့ချေ။

ဘိက္ခုဉာဏနန္ဒက ပပဉ္စသည် ပုထုဇဉ်စိတ်တွင်ဖြစ်ပေါ်ပြီး တပ်မက်ခြင်း(တဏှာ)၊ ထောင်လွှားခြင်း(မာန-သင့်ကိုယ် သင် အခြားသူများ၏အထက်တွင် ရှိသည်ဟု အထင်ရောက်ခြင်း)တို့နှင့် အလုပ်လုပ်သည်ဟု အလေးအနက်ဆိုခဲ့ပြီး အတ္တကိုဗဟိုပြုသောစိတ်မှ စီးဆင်းလာသည်ဟု ရှုမြင်သုံးသပ်ပါသည်။ ၎င်းက တစ်ဦးချင်း၏စိတ် သို့မဟုတ် အစု အပေါင်း၏စိတ်တွင် - “ငါ ဒါကို ကြိုက်တယ်၊” “ငါ ဒါကို ရှင်းထုတ်ချင်တယ်၊” “ငါတို့ ဒါကို ကြိုက်တယ်၊” ဟူသော ပြုသူနှင့်အပြုခံရသူအကြား အကောင်းအဆိုးဆန့်ကျင်ဘက်တို့ဒွန်တွဲနေသောသဘောတရားကို ဖြစ်စေရန် ဖန်တီး ခြင်းဖြင့် ဤအချက်ကို ခိုင်မာစေရန် ကျားကန်ပေးသည့် ဘာသာစကားကိုလည်း အလေးထားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ပပဉ္စအကြောင်းနောက်ထပ်လေ့လာမှုကို အဖွဲ့အစည်းဆိုင်ရာစိတ်ပညာရှင်တစ်ဦးဖြစ်သူ မာယာ ရှိုးဘရွတ်ခ်(Maya Shobrook) က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ (Shobrook, *Helpless to Selfless*) ၎င်းသည် ပပဉ္စနှင့်

သိမြင်မှုဆိုင်ရာစိတ်ကုထုံးရှိ "အလိုအလျောက်အတွေးများ"ကို နှိုင်းယှဉ်ခြင်းဖြင့် ဘိက္ခုဉာဏနန္ဒ၏အတွေးကို ပိုမို၍ အတွင်းကျကျလေ့လာခဲ့ပြီး "ငါ" နှင့် "ငါ့ဥစ္စာ" ဟူသောအယူအဆမှတစ်ဆင့် တွေးတောခြင်း၏အန္တရာယ်အား ဖော်ထုတ်ထားသော ပိုင်းခြားစိတ်စိတ်သရုပ်ခွဲလေ့လာမှုတစ်ခုကို ပြသခဲ့ပါသည်။ ဘိက္ခုဉာဏနန္ဒကဲ့သို့ပင် သူမသည် ပပဉ္စ၏ လွှမ်းမိုးမှုအောက်တွင် မိမိတို့ "ကူရာကယ်ရာမဲ့"ဖြစ်လာသည်ကို ဖော်ပြထားပြီး မိမိတို့၏ "အတ္တ" အယူအဆ အသုံးပြုမှုနှင့် တလွဲသုံးမှုကို စောကြောခြင်း မပြုလျှင် မိမိတို့ကို ဒုက္ခဖြစ်စေသော ပြဿနာများအား ရှင်းရှင်းလင်းလင်း ဆန်းစစ်လေ့လာအကဲဖြတ်မှု ပြုလုပ်ရန် မျှော်လင့်နိုင်မည်မဟုတ်ဟု ဖော်ပြခဲ့ပါသည်။ (Shobrook, *Helpess to Selfless*)။

၁၉၉၄ ခုနှစ်တွင် ဘိက္ခုဉာဏနန္ဒ၏ အတွေးကို အသုံးပြုပြီး ပပဉ္စ၏ လွှမ်းမိုးမှုခံရသော အတွေးတို့၏ စိတ်အစဉ်သည် အကယ်၍ ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှုကို အားပေးလျှင် မည်သို့ဖြစ်နိုင်မည်ကို စိတ်ကူးကြည့်ခဲ့ပါသည်။ ၎င်းကို အောက်ပါအတိုင်း လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ထားပါသည် -

> ငါ ဒီအုပ်စု(ဒါမှမဟုတ် အသိုင်းအဝိုင်း ဒါမှမဟုတ် ကိုးကွယ်ရာဘာသာ)ကို မကြိုက်ဘူး။ ငါ့မှာ မကြိုက်ခွင့် ရှိတယ်။ ဒီအုပ်စုဟာ ကိုယ်ကျင့်တရားအရ စာရိတ္တ ပျက်ပြားတယ်။ (ဒါမှမဟုတ် နိမ့်ကျတယ် ဒါမှမဟုတ် အကြမ်းဖက်တယ်) အဲဒါကြောင့် ငါ့ရဲ့မနှစ်သက်မှုဟာ ဖြစ်ထိုက်တယ်။ ဒီ့ထက်ပိုပြောရရင် ဒီအုပ်စုက ငါ့ရဲ့ ဖြစ်တည်မှုကိုယ်ပိုင်လက္ခဏာကိုသာမက ငါ့အသိုင်းအဝိုင်း တစ်ခုလုံးရဲ့ ဖြစ်တည်မှုကိုယ်ပိုင်လက္ခဏာကိုပါ ခြိမ်းခြောက်နေပါတယ်။ ဒါ့ကြောင့် ငါ့ရဲ့ အသိုင်းအဝိုင်းကို အကာအကွယ်ပေးဖို့ ဒီအုပ်စုကို သုတ်သင်ရှင်းလင်းပစ်ရမယ်။ အဲဒီလိုမဖြစ်ဘူးဆိုရင် ငါ အသက်ရှင်ကျန်နိုင်မှာ မဟုတ်ဘူး။ ဒါ့ကြောင့် ငါ့အတွက်နဲ့ တခြားသူတွေအတွက် ဒီအုပ်စု (ဒါမှမဟုတ် နောက်ထပ်တခြားအရာ)ကို သုတ်သင်ရှင်းလင်းပစ်ဖို့အတွက် လုပ်ဖို့က ငါ့တာဝန်ဘဲ။

ဤဖြစ်စဉ်တွင် "ငါ မကြိုက်ဘူး" (ဒေါသ)က အရင်ဆုံး လာပါသည်။ ဒေါသသည် ကိလေသာဆယ်ပါးတွင် ဒုတိယမြောက် ကိလေသာ ဖြစ်ပါသည်။

၎င်းသည် အတွေ့အကြုံပေါ်၊ လေ့ကျင့်ပေးမှုပေါ်၊ ပုဂ္ဂလိကနှစ်သက်မှုများနှင့်မနှစ်သက်မှုများပေါ်တွင် အမှီပြုသော စိတ်ပိုင်းဆိုင်ရာအခြေအနေ ဖြစ်ပါသည်။ သို့သော် ဤအခြေအနေ၏ မူတည်သည့်သဘာဝသည် နောက်မှလိုက်ပါသော အတွေးစဉ်တန်းထဲတွင် ပျောက်ဆုံးသွားပြီး ဤသဘာဝက ထိုအခြေအနေကို အားလုံးနှင့်သက်ဆိုင်စေခြင်းဖြင့် ယင်းသည် လက်တွေ့မျက်မြင်ကိုအခြေခံသော စိစစ်အတည်ပြုပေးနိုင်သည့်အရာအဖြစ်နှင့်လည်းကောင်း၊ လုပ်ဆောင်ချက်အတွက်အရေးပါမှုအဖြစ်လည်းကောင်း ထိုနှစ်မျိုးလုံးကို ရှုမြင်ထားသည့် ခံယူချက် ဖြစ်လာစေပါသည်။ (Harris ၂၀၀၇)

ထို့နောက် ဤခံယူချက်နှင့် လုပ်ဆောင်ချက်အတွက်အရေးပါမှုတို့ကို ပါဠိပိဋကတ်ကျမ်းများရှိ သုတ္တန်များစွာတွင် ဝေဖန်ထားသည့် သဘောထားတစ်ခုဖြစ်သော "ဤတစ်ခုတည်းသာ အမှန်တရားဖြစ်သည်" ဟူသော စိတ်နေသဘောထားနှင့်အတူ စွဲမြဲစွာဖက်တွယ်ထားပါသည်။ အကြောင်းမှာ ပုထုဇဉ်တို့၏စိတ်တွင် ထိုသို့သော ပြောဆိုရေးသားပုံတို့သည် ထုံးစံအတိုင်း မသိနားမလည်မှုမောဟတွင် အမြစ်တွယ်နေသောကြောင့် ဖြစ်ပါသည်။[7] အကြမ်းဖက်သော ပဋိပက္ခအခြေအနေတွင် အခြားသောအုပ်စုများကလည်း "ဤတစ်ခုတည်းသာ အမှန်တရားဖြစ်သည်" ဟူသော သဘောထားအတိုင်း တူညီစွာ စွဲကိုင်ထားသည့် လုံးဝကွဲပြားခြားနားသော အာဘော်တစ်ခုကို ဖန်တီးတည်ဆောက်ခဲ့ပြီး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ ကန့်သတ်ထားသော လျှော့နည်းထစ်အမြင်များ(ဒိဋ္ဌိ)သည် လူတို့၏ အာရုံစိုက်မှုကို ကျဉ်းမြောင်းစေပြီး ၎င်းတို့အား လူ့အခြေအနေကို အတူတကွမျှဝေထားသော လောကကြီး အပေါ် ကွဲပြားခြားနားသောရှုထောင့်မှ ရှုမြင်ခြင်းကို ရပ်တန့်စေရန်ဟန့်တားပါသည်။

မိမိစဉ်းစားမိသည့် ဥပမာတွင် ကြောက်ရွံ့မှု၊ မနာလိုမှု၊ စိတ်ဆိုးမှု[8] သို့မဟုတ် ခြိမ်းခြောက်ခံရသော ခံစားမှုတို့ကို "မနှစ်သက်မှု" သို့မဟုတ် ဒေါသနှင့် အစားထိုးနိုင်ပါသည်။ ၂၀၁၇ခုနှစ်တွင် ဘိက္ခုဉာဏနန္ဒ၏ အတွေးကို ကိုးကား၍ ပပဉ္စ၏အန္တရာယ်များကို စူးစမ်းစစ်ဆေးနေစဉ်အချိန်က "အကယ်၍ မိမိတို့သည် ကျားသေကို အသက်သွင်းသော ပုံရိပ်ကို အလေးအနက်ထားအသုံးပြုလျှင် ဤအသုံးပြုမှုမျိုးတိုးတက်ပွားများလာခြင်းက တနည်းနည်းဖြင့် မိမိတို့ကို သတ်ဖြတ်နိုင်ပါသည် - မိမိတို့နှင့် မိမိတို့၏အသိုင်းအဝိုင်းများကို ဖျက်ဆီးနိုင်ပါသည် ဟု မိမိ ရေးသားခဲ့ပါသည်။ (Harris 2017)။ ၎င်းသည် IHL အား လေးစားလိုက်နာမှုကိုလည်း ဖျက်ဆီးပြီး အန္တရာယ်ပေးနိုင်ပါသည်။

### IHL ကို လေးစားလိုက်နာရန် ခြိမ်းခြောက်မှုတစ်ခုအဖြစ် "တည်ဆောက်ထားသောအမှန်တရားများ"

စစ်ပွဲနှင့် ပဋိပက္ခတို့တွင် အာသဝနှင့် ကိလေသာတရားတို့ အမြစ်တွယ်နေသော အခြေခံပေါ် မူတည်သည့် အတွေးများ တဟုန်ထိုးတိုးတက်ပွားများလာခြင်းသည် လူ့အသိုင်းအဝိုင်းများအားလုံးကို ထိခိုက်စေနိုင်သည်ဟု မိမိ အကြံပြုလိုပါသည်။ ဤတိုးတက်ပွားများလာမှုသည် နိုင်ငံနှင့် ဘာသာရေးဆိုင်ရာနေရာဌာနများအပေါ်၊ အသိုင်း အဝိုင်းအလိုက် သို့မဟုတ် လူမျိုးစုအလိုက် ကိုယ်ကျင့်တရားဆိုင်ရာ သာလွန်မှုရှိသည်ဟု အခိုင်အမာ ယူဆမှုအပေါ်၊ အတိတ်က ရှေ့ထီးဆောင်းခဲ့သည်ကို အမှတ်ရမှုအပေါ်နှင့် ဤကြီးကျယ်မှုများကို ပြန်လည်ရရှိလိုသောဆန္ဒအပေါ် သို့မဟုတ် စော်ကားမှုနှင့် သစ္စာဖောက်မှု အမြင်ကြောင့် ဖန်တီးသည့် အမျက်ဒေါသအပေါ် စွဲလမ်းမှု အကျိုးရလဒ် များကို ဖြစ်စေနိုင်ပါသည်။ ထိုကဲ့သို့သော တွယ်တာစွဲလမ်းမှုများအားလုံးကို ဗုဒ္ဓ၏အဆုံးအမက တဏှာ၏ အကျိုး ရလဒ်အဖြစ်လည်းကောင်း၊ တစ်ဦးချင်းစီ သို့မဟုတ် အသိုင်းအဝိုင်းအလိုက် "အတ္တကိုယ်ကျိုး"ကို ကပ်ငြိစွဲလမ်းမှု ပုံစံများအဖြစ်လည်းကောင်း ကဲ့ရဲ့ရှုတ်ချပါလိမ့်မည်။

ပပဥ္စတရား၏အင်အားဖြင့် အာသဝ သို့မဟုတ် ကိလေသာ တရားတစ်မျိုးမျိုးတွင် အမြစ်တွယ်သော စွဲလမ်းမှုသံယောဇဉ်များ ဖြစ်လာသောအခါ အသိုင်းအဝိုင်းတစ်ခုလုံးအတွက် လက်တွေ့ကျကျ အတည်ပြုပေးနိုင် သောအမှန်တရားများဟု ယူဆရသည့် ဖန်တီးတည်ဆောက်ထားသော အရိုတရား ပေါ်ပေါက်လာကာ ယင်းသည် အရာရာ ဖြစ်လာနိုင်ပါသည်။ သို့သော် စိမ့်မဝင်နိုင်သော အခြား အာဘော်များ သို့မဟုတ် "အရိုတရားများ" သည် ယခုအခါ ဆိုရှယ်မီဒီယာပေါ်တွင် မကြာခဏ ပျံ့နှံ့ခဲ့ပြီး ယင်းကို အချက်အလက်ရိုက်သွင်းလှံ့ဆော်သော "တောင်စဉ် ရေမရများ"ဖြင့် အားဖြည့်ပေးခဲ့ပါသည်။ ထိုကဲ့သို့ ဖန်တီးထားသော "အရိုတရားများ"သည် အစွန်းရောက် ဘာသာ ရေးအုပ်စုများ၊ အစိုးရတပ်ဖွဲ့များ၊ အများစုနှင့် အနည်းစု မျိုးနွယ်စုများအပြင် အခြား အသိုင်းအဝိုင်းမျိုးစုံ အတွင်း ရှိနိုင်ပါသည်။ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က လေ့လာထားသော လက်နက်ကိုင် အုပ်စုအဖွဲ့အစည်း အမျိုးအစားလေးမျိုးအတွင်း ရှိနိုင်ပါသည် - ၎င်းတို့မှာ ပေါင်းစည်းထားသော အစိုးရ လက်နက် ကိုင်တပ်ဖွဲ့များ၊ ဗဟိုချုပ်ကိုင်ထားသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ၊ ဗဟိုချုပ်ကိုင်မှုမရှိသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများနှင့် ဒေသခံလူထုကျောထောက်နောက်ခံပြုထားသည့် လက်နက်ကိုင် အုပ်စုများ ဖြစ်ကြပါသည်။ (ICRC 2018) ၎င်းတို့သည် စစ်ပွဲအခြေအနေများတွင် ရှိနေသောအခါ ဤဖန်တီးထား သော အရိုတရားများ၏အင်အားကြောင့် အရပ်သားများနှင့် အခြားဘက်မှ ဖမ်းဆီးရမိသော တိုက်ပွဲဝင်စစ်သည်များ ကို အကာအကွယ်ပေးမှုနှင့် လူသားဆန်သောဆက်ဆံမှု ကဲ့သို့သော IHL နှင့်ဆက်စပ်သော ထည့်သွင်းစဉ်းစားမှု တို့ကို မေ့လျော့စေနိုင်ပါသည်။ ဤဖန်တီးထားသောအရိုတရားများသည် လိုချင်သော အဆုံးသတ်ရရှိရေးအတွက် မြင့်မားသောကိုယ်ကျင့်တရားစံနှုန်းကိုပြသသောအပြုအမူဖြစ်သည့် ရန်သူဟုယူဆထားသူအပေါ် လူသားဆန်မှုကို ငြင်းပယ်နိုင်ပြီး အကြမ်းဖက်မှုပြုလုပ်နိုင်ပါသည်။ ၂၀၀၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ လေ့လာမှုတစ်ခုက ဥပမာအားဖြင့် "ရန်သူကို မကောင်းဆိုးဝါးနှင့်သကဲ့သို့ရှုမြင်ပြီး သားကောင်ဟု မှတ်ယူသည့်" အခါ "လုပ်ရပ်တစ်ခုသည် တရားမဝင်သော်လည်း ယင်းကို တရားဝင်သည်ဟု ထင်မြင်စေရန် ဆိုသည့်အချက်ကို အများပြည်သူသိစေရန်အတွက်" လုံးဝဥဿုံဖြစ်နိုင်ကြောင်း ထောက်ပြပါသည်။ (ICRC 2004, 9-10) ဗုဒ္ဓဘာသာက ၎င်းကို ပပဉ္စတရားဟု မှတ်ယူနိုင်ပြီး ၎င်းက "ဖန်တီးသောအရိုတရားများ"ကို အားပေးပါသည်။ ထို့ကြောင့် ပပဥ္စ တရား၏အင်အားဖြင့် စစ်မက်ပြုခြင်းကို ဖြစ်စေနိုင်ပြီး ရလဒ်အနေဖြင့် IHL ချိုးဖောက်မှုများကို သံသရာလည်စေပြီး ဥပဒေကိုလေးစားလိုက်နာမှုရှိစေရန်ကြိုးပမ်းသူများရှိမှုကို အတိုက်အခံပြုခြင်း သို့မဟုတ် ဆန့်ကျင်ခြင်း ဖြစ်စေပါ သည်။

ဤဆောင်းပါးတွင် ပဋိပက္ခများကို သီးသန့်အမည် မဖော်ပြတော့ပါ။ သို့သော် မိမိသည် ဘော့စနီးယား၊ အိုင်ယာလန်၊ အစ္စရေး/ပါလက်စတိုင်း၊ ပါကစ္စတန်နှင့် သီရိလင်္ကာတို့တွင် ပဋိပက္ခတို့ကို ကိုယ်တိုင် အတွေ့အကြုံ ရှိခဲ့ပြီး အာဖရိက နေရာအနှံ့အပြားတွင် ပဋိပက္ခနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေသော ကျောင်းသားများကို လည်း ကြီးကြပ်ခဲ့ဖူးပါသည်။ ဤအခြေအနေများအားလုံးတွင် ဖန်တီးတည်ဆောက်ထားသောအရိုတရားက ဖန်တီး နိုင်သည့် ကြီးစွာသောအပျက်အစီးကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့ဖူးပါသည်။ ဥပမာ - ရန်သူဟု ယူဆထားသူထံမှ အကြမ်းဖက်မှုနှင့် အကြမ်းဖက်ဝါဒအတွေ့အကြုံများတွင် ဤ"အရိုတရားများ"၌ ထုံးစံအတိုင်း အခြေခံအကြောင်း

တရားအချို့ အမှန်တကယ် ရှိပါသည်။ သို့သော် ဗုဒ္ဓဘာသာအမြင်သည် ပပဥ္စတရားက အခြားလူမျိုးစုများနှင့် ကိုးကွယ်ရာဘာသာတရားတို့အပေါ် စာနာခြင်းနှင့် အရှိအတိုင်းရှုမြင်ခြင်းတို့မှ တားဆီးထားသည့် အချက်များကို လှစ်ဟပြသနိုင်ပါသည်။ လူတို့က မိမိတို့၏လောကတွင် မိမိတို့၏ "အရှိတရားများ"အား မည်သို့ ဖန်တီးပုံကို လက်ခံ အသိအမှတ်ပြုခြင်းဖြင့် ထိုအယူအဆများနှင့် ပိတ်မိနေသော ထိုသူတို့ကို အတိုင်းအတာတစ်ခုအထိ လျော့ပါး သွားစေရန် ကူညီပေးနိုင်ပြီး ထိုသူတို့ကို အခြားသူများ၏ ဘဝရှင်သန်နေထိုင်မှုအတွေ့အကြုံများအား စိတ်ဝင်စား စေရန် ကူညီပေးနိုင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခ၏ဘက်ပေါင်းစုံတွင်ရှိသည့် "ဖန်တီးထားသောအရှိတရားများ"၏ ဖြစ်တည်မှုသည် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒုက္ခရောက်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများက လက်တွေ့အကူအညီပေးရန် ကြိုးပမ်းသည့်အခါတွင် ၎င်းတို့၏ အလုပ်ကိုလည်း အဟန့်အတားဖြစ်စေနိုင်ပါသည်။ ICRC အစီရင်ခံစာ "စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်း၏ အကြောင်းတရားများ"က လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရလက်နက်ကိုင်တပ်ဖွဲ့အပြင် လက်နက်ကိုင်အုပ်စုတို့အကြား ယုံကြည်မှု၏ အရေးကြီးမှုကို ပြောဆိုထားပါသည်။[9] အစိုးရလက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများသည် ICRC ကဲ့သို့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဘက်လိုက်သောရည်ရွယ်ချက်များဖြင့်မလုပ်ဆောင်ဘဲ ၎င်းတို့၏ကြားနေခြင်းကျင့်ဝတ်နှင့် လျော်ညီအောင်နေမည် ကို ယုံကြည်မှုရှိရန် လိုအပ်ပါသည်။ သို့သော် စစ်တိုက်နေသောနိုင်ငံများအကြား "ဖန်တီးထားသောအမှန်တရားများ" ၏တည်ရှိမှုသည် ယုံကြည်မှုကိုဦးတည်သည့် အဆုံးအဖြတ်များအပေါ် သြဇာလွှမ်းမိုးသက်ရောက်နိုင်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများ၏လုပ်ဆောင်မှုကို ပဋိပက္ခတွင်ပါဝင်သောအဖွဲ့တစ်ခုက ဘက်လိုက်သည်ဟုမြင်သောကြောင့် လက်တွေ့ပေါ်အခြေခံသော အထောက်အထားကို သက်သေပြနိုင်သည့်တိုင် ထိုအဖွဲ့အစည်းများကို ပဋိပက္ခဇုန်အချို့မှ တားဆီးဟန့်တားခဲ့ကြပါသည်။ "ဖန်တီးထားသောအရှိတရားများ"သည် လက်နက်ကိုင်ပဋိပက္ခဖြစ်စေရန် မောင်းခလုပ်ဖြုတ်နိုင်သည့် ပထမနေရာတွင်ရှိပြီး တိုက်ခိုက်မှုများပြုလုပ်ပုံနှင့် IHL ချိုးဖောက်မှုများ ဖြစ်မဖြစ် တို့အပေါ် သြဇာသက်ရောက်နိုင်ပါသည်။

## လက်နက်ကိုင်ပဋိပက္ခကိုထိန်းကျောင်းသောစည်းမျဉ်းစည်းကမ်းများ

ဤစာအုပ်တွင်ပါဝင်သော အခြားဆောင်းပါးများ[10]တွင် မိမိကိုယ်ကိုထိန်းကျောင်းမှု ဖြစ်ပေါ်နိုင်စေရန် ပဋိပက္ခ အခြေအနေများ၌ ၎င်းတို့၏စိတ်ကို ထိန်းချုပ်ရန်နှင့်/သို့မဟုတ် စင်ကြယ်စေရန်အတွက် တိုက်ပွဲဝင်စစ်သည်များကို အကူအညီပေးရန် ရည်ရွယ်ကာ ဗုဒ္ဓဘာသာ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်မှုပုံစံများကို စိစစ်လေ့လာထားပါ သည်။ ထိုဆောင်းပါးများက "အတွင်းသန္တာန်သက်ရောက်မှု"ဟု ခေါ်ဆိုနိုင်သည့်အရာများကို အဆိုပြုထားပြီး ဤနည်းအားဖြင့် တိုက်ပွဲဝင်စစ်သည်များသည် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ပျိုးထောင်မှု၏ အကျိုးကျေးဇူးကို လက်ခံ ရရှိကာ ယင်း၏အမှန်တရားကို သိမြင်ပြီး ဆီလျော်အောင်ပြုမူရန် ကြိုးပမ်းကြမည်ဖြစ်ရာ အင်အားအလွန်အကျွံ အသုံးပြုမှုကို လျော့နည်းသွားစေမည် ဖြစ်ပါသည်။ စင်စစ်အားဖြင့် တိုက်ပွဲဝင်စစ်သည်များနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်သားများအား ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးဆိုင်ရာ တန်ဖိုးထားမှုများ၏ လမ်းညွှန် မှုဖြင့် လွတ်လပ်သောကိုယ်ကျင့်သိက္ခာဆိုင်ရာ ကိုယ်စားပြုသူများ ဖြစ်လာစေရန် ဤမိမိကိုယ်ကိုစောင့်ထိန်းခြင်း နည်းလမ်းများဖြင့် လေ့ကျင့်ပေးရပါမည်။[11] သို့သော် ဤနေရာတွင် မိမိက ဗုဒ္ဓဘာသာ၏ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့် ပျိုးထောင်မှုအပေါ် အဓိကအာရုံစိုက်မည်မဟုတ်ပါ။ စစ်ပွဲအရှိန်မြင့်တက်ချိန်တွင် မိမိကိုယ်ကိုစောင့်စည်းထိန်းသိမ်း နိုင်မှုသည် သူ့အလိုအလျောက်ဖြစ်လာရန် ခဲယဉ်းပါသည်။ ထို့ကြောင့် ဤကဏ္ဍတွင် ပါဠိသုတ္တန်တို့၌ ပေါင်းရုံးပါဝင် နေသော အချက်အလက်တစ်ခုဖြစ်သည့် ပြင်ပသက်ရောက်မှုကို ရည်ညွှန်းသည့် အတိအကျဆိုရလျှင် ဘာသာရေး၊ နိုင်ငံရေးနှင့် စစ်ရေးနယ်ပယ်များတွင် အခွင့်အာဏာအပြည့်အဝဖြင့် ခေါင်းဆောင်မှုကို စူးစမ်းလေ့လာထားပါ သည်။

ဤပေါင်းရုံးပါဝင်နေသောအချက်အလက်များအတွင်း အခြေခံကျသော ကျမ်းစာမှာ အင်္ဂုတ္တရနိကာယ်ကြီးတွင်ပါသော ... ဖြစ်ပြီး (အစပြု ခြင်းများ၏ အသိပညာ D.III.80-98) ယင်းက အခြား ဒဏ္ဍာရီတစ်ခုအတွင်း အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေး ဆိုင်ရာလုပ်ထုံးလုပ်နည်းများ မရှိဘဲ လောလောလတ်လတ် အသစ်ဖွဲ့စည်းထားသော လူ့ဘောင်အဖွဲ့အစည်း အတွင်း တပ်မက်မှုတဏှာ၊ ပိုင်ဆိုင်လိုမှုလောဘ၊ ခိုးမှု၊ မုသားပြောဆိုမှုနှင့် လူအချင်းချင်းကြားအကြမ်းဖက်မှုတို့

တိုးပွားလာမှုကို ဖော်ပြထားပါသည်။ ဤ "ဆိုးယုတ်မှုများ" ပေါ်ပေါက်လာခြင်းသည် နောက်ဆုံးတွင် လူ့ဘောင်အဖွဲ့အစည်းဝင်အချို့အား "ဒေါသသင့်သောကြောင့် ဒေါသကိုပြသူ၊ ပြစ်တင်ဝေဖန်ထိုက်သူကို ပြစ်တင်ဝေဖန်သူနှင့် ပြည်နှင်ဒဏ်ပေးထိုက်သူများကို ပြည်နှင်ဒဏ်ပေးသူ" တစ်ဦး၏ အတင်းအကျပ်ပြုမှုအခွင့်အာဏာ လိုအပ်သည့် အချက်ကို အသိအမှတ်ပြုရန် ချက်ချင်း တုံ့ပြန်ပါသည်။ ၎င်းတို့သည် ပုဂ္ဂိုလ်ရေးအရ ဩဇာတိက္ကမနှင့်ပြည့်စုံပြီး လုပ်နိုင်စွမ်းရှိသော အကောင်းဆုံးအရည်အချင်းတို့နှင့်ပြည့်စုံသူဟု ယုံကြည်ရသူထံ သွားကြပြီးနောက် ဤရွေးချယ်ထားသောလုပ်ပိုင်ခွင့်ရှိသူက အာဏာစက်ရှိသည့်အမိန့်များကိုထုတ်ပြန်ခြင်းအတွက် အတုံ့အလှည့်အားဖြင့် အများပြည်သူက ထိုသူ၏ စားဝတ်နေရေးဘဝကို ထောက်ပံ့ပေးရန် လူမှုရေးပဋိညာဉ် အကျိုးဆက်အဖြစ်ပါလာပါသည်။ (D.III.92)

ဆိုးယုတ်မှုနှင့်ရင်ဆိုင်ရသောအခါ အပြစ်ပေးရန်အခွင့်အာဏာအပြည့်အဝရှိသူက အမျက်ထွက်ခြင်း(ကောဓ)ကို ပြသခြင်းသည် အရေးကြီးကြောင်းကို ဤသုတ္တန်တွင် ကျိုးကြောင်းသင့်ရှင်းပြထားပါသည်။ ပိုမိုကျယ်ပြန့်သော လူ့အသိုင်းအဝိုင်း၏ ကောင်းမွန်သောအခြေအနေကို အကာအကွယ်ပေးရန် ဆိုးယုတ်သည့်မကောင်းမှုပြုသူအား ပြည်နှင်ဒဏ်ခတ်ခြင်းကိုလည်း ထောက်ခံထားပါသည်။ ဗုဒ္ဓဘာသာကိုယ်ကျင့်တရားတွင် အမျက်ထွက်ခြင်းကို ထုတ်ဖော်ပြသမှုသည် မကောင်းမှု(အကုသိုလ်) ဖြစ်သော်လည်း[12] ဤပါဠိကျမ်းစာများအတွင်း ပေါင်းရုံးပါဝင်နေသောအချက်အလက်များက ယင်းကို ပဋိပက္ခကြောင့် စိတ်ဝမ်းကွဲသွားသော လူ့အဖွဲ့အစည်းများအတွင်း သင့်လျော်သော အာဏာကျင့်သုံးမှု၏ လိုအပ်ချက်အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှုမြင်ပါသည်။ အငြင်းပွားဖွယ် နောက်ထပ် ဥပမာဖြစ်သည့် ကောသလဘုရင် ပသေနဒီနှင့် မဂဓဘုရင် အဇာတသတ်တို့ ဖြစ်ပွားသော ပဋိပက္ခတွင် ဤအချက်ကို ပြသနေပါသည်။ အဇာတသတ်က ဦးစွာကျူးကျော်သူဖြစ်ပြီး ပသေနဒီက ၎င်း၏တိုင်းပြည်ကို စစ်မရှုံးစေရန်သာ ကာကွယ်ပါသည်။ ဤနေရာတွင် ဗုဒ္ဓက ဖြစ်ကြောင်းကုန်စင်ကို ကြားသိသောအခါ အောက်ပါအတိုင်း မိန့်တော်မူသည်ကို မှတ်တမ်းတင်ထားပါသည် -

> ရဟန်းတို့၊ မဂဓဘုရင် အဇာတသတ်မင်းသည် ယုတ်မာသော အဆွေခင်ပွန်းရှိ၏။ ယုတ်မာသော အပေါင်းအဖော်ရှိ၏။ ယုတ်မာသောသူတို့၌ ကိုင်းညွတ်သောစိတ်ရှိ၏။ ပသေနဒီကောသလမင်းသည်ကား ကောင်းသောအဆွေခင်ပွန်းရှိ၏။ ကောင်းသောအပေါင်းအဖော်ရှိ၏။ ကောင်းသောသူတို့၌ ကိုင်းညွတ်သောစိတ်ရှိ၏။ ရဟန်းတို့၊ ယနေ့၌သာလျှင် ပသေနဒီကောသလမင်းသည် စစ်ရှုံးသည်ဖြစ်၍ ဤညဉ့်ပတ်လုံး ဆင်းရဲစွာနေရလတ္တံ့။ (S.I.82; see Harris 1994, 18-19)

ပသေနဒီကောသလမင်းသည် ခံစစ်ကိုအသုံးပြုခဲ့သော်လည်း ထိုသို့လုပ်ဆောင်ရန် ၎င်း၏ဆုံးဖြတ်ချက်အား ဤနေရာ၌ အပြစ်တင်စရာ မရှိပေ။ သို့သော်လည်း စိတ်မကောင်းစရာမှာ ယင်းခံစစ်သည် ဘုရင့်အာဏာ သို့မဟုတ် နိုင်ငံ့အာဏာ ကျင့်သုံးမှု၏ တစိတ်တပိုင်း ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ သို့သော် နောက်စစ်ပွဲတွင် စစ်နိုင်သူမှာ ပသေနဒီမင်း ဖြစ်ပါသည်။ ၎င်းက အဇာတသတ်မင်း၏ အသက်ကို ချမ်းသာပေးသော်လည်း လွန်လွန်ကဲကဲ လက်တုံ့ပြန်သောအားဖြင့် အဇာတသတ်မင်း၏ စစ်သည်ဗိုလ်ပါများနှင့် ဆင်များ အားလုံးတို့ကို သိမ်းယူ၏။ ဗုဒ္ဓထံသို့ ထိုသတင်းရောက်သောအခါ ဗုဒ္ဓ၏ တုံ့ပြန်မှုမှာ ထူးခြားပါသည်။ စစ်ပွဲတွင် ကမ္မနိယာမကို အယူခံဝင်ခြင်းဖြင့် နှစ်ဖက်စလုံးကို အလုံးစုံ အကဲဖြတ်ခြင်းအဖြစ် ဗုဒ္ဓက အောက်ပါ ဂါထာကို ကျူးရင့်ပါသည် - "သူတစ်ပါးကို သတ်ဖြတ် ညှင်းဆဲသူသည် သူတစ်ပါး၏ သတ်ဖြတ်ညှင်းဆဲခြင်းကို ခံရ၏။ သူတစ်ပါးကို အောင်နိုင်သောသူသည် မိမိအား သူတစ်ပါး အနိုင်ခံရ၏။ သူတစ်ပါး ကို ဆဲရေးတတ်သော သူသည်လည်း မိမိအား သူတစ်ပါး ဆဲရေးခြင်းကို ခံရ၏။ သူတစ်ပါးကို ချုပ်ချယ်သောသူသည် မိမိအား သူတစ်ပါးချုပ်ချယ်ခြင်းကို ခံရ၏"။ (S.I.85) ပသေနဒီမင်းနှင့် အဇာတသတ်မင်း နှစ်ဦးစလုံး ဤဒုတိယစစ်ပွဲတွင် နှစ်နိုင်ငံအကြား သင့်လျော်သောအပြုအမူကိုလုပ်ဆောင်ရန် လိုအပ်ချက် ရှိပါသည်။

ထို့ကြောင့် ဤပါဠိကျမ်းများတွင် ပေါင်းရုံးပါဝင်နေသောအချက်အလက်များအရ ဘုရင်အဆင့် သို့မဟုတ် နိုင်ငံတော်အဆင့် အခွင့်အာဏာကျင့်သုံးမှုတွင် ကာကွယ်ခုခံသည့် အင်အားအသုံးပြုမှု ပါဝင်နိုင်ပါသည်။ ဗုဒ္ဓဘာသာတွင် အကြမ်းဖက်ခြင်းက အကြမ်းဖက်ခြင်းကိုသာ အမြဲတစေ မွေးဖွားပေး၏ ဟူသော အကောင်းဆုံး စံထားသည့် အယူအဆရှိသော်လည်း တဏှာဖုံးလွှမ်းနေသောလောကကြီးတွင် ယင်းသည်လည်း ဗုဒ္ဓဘာသာ၏ "လက်တွေ့ဆန်သော ယထာဘူတအမြင်" ၏ အစိတ်အပိုင်းဖြစ်သည်ဟု မိမိ ဆိုချင်ပါသည်။ သို့သော် ယင်းသို့သော အင်အားသည် အမြဲပင် ကမ္မနိယာမပေါ် မူတည်နေပြီး ပြစ်တင်ဝေဖန်ခံရမှုအောက်တွင် ရှိနေပါသည်။ သို့သော်

ပသေနဒီ/အဇာတသတ် ဥပမာအတိုင်း စစ်ပွဲအတွင်းပါဝင်လျှင် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာစံနှုန်းများကို မျှော်လင့်ပြီး မေးခွန်းထုတ်သည်မှာ - ပဋိပက္ခနှင့်စစ်ပွဲဖြစ်ပွားသည်နှင့်တပြိုင်နက် ပါဠိကျမ်းစာများတွင် ပေါင်းရုံးပါဝင်သောအချက်အလက်များအရ ပဋိပက္ခနှင့်စစ်ပွဲကို မည်သို့ ထိန်းကျောင်းရမည်နည်း၊ အထူးသဖြင့် သားကောင်ဖြစ်သွားသူကို မကြာခဏ အလွန်အကျွံအင်အားဖြင့် လက်တုံ့ပြန်အကြမ်းဖက်မှုကို မည်သို့ ထိန်းကျောင်းရမည်နည်း ဆိုသည့်အချက်ကို အကြံပြုထားပါသည်။

တိုက်ပွဲဝင်စစ်သည်တစ်ဦးချင်းစီအတွင်း မိမိကိုယ်ကိုစောင့်ထိန်းမှုသည် ရွေးချယ်စရာ နည်းလမ်းတစ်ခုဖြစ်ပါသည်။ သို့သော် အထက်တွင် အကြံပြုထားသကဲ့သို့ သေရမည်ကိုကြောက်ရွံ့စိတ်နှင့် "ရန်သူ"အား စိတ်ပိုင်းဆိုင်ရာ ကြိုတင်စဉ်းစားပူပန်မှုသည် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုပြုလုပ်ခဲ့စဉ်ထက် စစ်ပွဲပြင်းထန်နေချိန်တွင် ပိုမိုအားကောင်းလာသည်ကို သက်သေပြနိုင်ပါသည်။ ထို့ကြောင့် ပြင်ပသက်ရောက်မှုကို မိမိတို့ ထည့်သွင်းစဉ်းစားလာရပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ ပါဠိကျမ်းများက ဘာသာတရားနှင့်သက်ဆိုင်သော ပြင်ပသက်ရောက်မှု ဇာစ်မြစ်လေးခုကို (အဆုံးအမတရားတော် စစ်မှန်မှုအတွက်) မဟာပဒေသတွင် တိတိကျကျ ဖော်ပြထားသည်မှာ - ဗုဒ္ဓ၊ ဝါစဉ်ကြီးသော မထေရ်ကြီးတစ်ပါး ပါဝင်သော သံဃာ့အဖွဲ့အစည်း၊ စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်သော မထေရ်များအဖွဲ့နှင့် တစ်ပါးတည်းသောထေရ်ကြီးရဟန်းတို့ ဖြစ်ပါသည်။[13] သို့သော် စစ်ပွဲနှင့်ပဋိပက္ခတွင် အသိအမှတ်ပြုထားသော ပြင်ပဇာစ်မြစ်များကား အဘယ်နည်း။ မိမိအနေဖြင့် ၎င်းတို့ကိုယ်ကို ဓမ္မစည်းမျဉ်းများအား လိုက်နာသည်ဟု ရှုမြင်ရမည့် နိုင်ငံတော်နှင့် စစ်ဘက်ကွပ်ကဲသူတပ်မှူးများ (သေနာနာယက) ဖြစ်ပါက အကောင်းဆုံးဖြစ်သည်ဟု အကြံပြုပါသည်။

ပဋိပက္ခနှင့် အလွန်အကျွံလက်တုံ့ပြန်မှုတို့ကို ထိန်းကျောင်းခြင်းအတွက် ပြင်ပသက်ရောက်မှု၏ ဇာစ်မြစ်များအဖြစ် အသုံးပြုနိုင်သော ဗုဒ္ဓဘာသာ၏ အခြေခံစည်းမျဉ်း သို့မဟုတ် အဆုံးအမ သုံးခုရှိသည်ကို မိမိ အကြံပြုထားပါသည်။ ပထမစည်းမျဉ်းမှာ 'ကမ္မနိယာမ'[14] ဖြစ်ပြီး ယင်းကို IHL ချိုးဖောက်မှုများ သို့မဟုတ် အင်အား အလွန်အကျွံ အသုံးပြုခြင်းတို့အတွက် ဥပဒေအရရော ဘာသာရေးအရပါ ဒဏ်ခတ်မခံရခြင်းမျိုး မရှိနိုင်ဆိုသည့်အချက်ကို တိုက်ပွဲဝင်စစ်သည်များအတွင်း သွတ်သွင်းပေးရန် အသုံးပြုနိုင်ပါသည်။ တနည်းအားဖြင့် ချိုးဖောက်မှုများအတွက် အပြစ်ရှိသူများသည် ဥပဒေနှင့် ကမ္မနိယာမတို့၏ ရှေ့မှောက်တွင် တာဝန်ယူတာဝန်ခံရလိမ့်မည်ဆိုသည့်အချက်ကို တိုက်ပွဲဝင်စစ်သည်များအား လက်ခံယုံကြည်စေရန် စည်းရုံးသိမ်းသွင်းရပါမည်။ ဤသို့ပြုလုပ်ရာတွင် ဗုဒ္ဓ၏ ဒုတိယအဆုံးအမဖြင့် သိမ်းသွင်းဆွဲဆောင်မှု ပြုလုပ်နိုင်ပါသည်။ အတိအကျဆိုရလျှင် ကိုယ်ကျင့်သီလအရ မကောင်းမှုမှ ရှက်ခြင်း(ဟိရိ)နှင့် မကောင်းမှုကြောင့်ဖြစ်တင်ကဲ့ရဲ့ခြင်းနှင့် အခြားအကျိုးဆက်များမှ ကြောက်ခြင်း(ဩတပ္ပ)တို့သည် လူ့အဖွဲ့အစည်းအား လည်ပတ်လုပ်ဆောင်နိုင်စေသော အင်အားများ ဖြစ်ပါသည်။ ဗုဒ္ဓက ဤသို့ မိန့်တော်မူသည်ကို မှတ်တမ်းတင်ထားပါသည် -

> ရဟန်းတို့၊ ဖြူစင်သောတရားတို့သည် ဤ(၂)မျိုးတို့တည်း။ အဘယ်နှစ်မျိုးတို့နည်းဟူမူ မကောင်းမှုမှ ရှက်ခြင်းနှင့် မကောင်းမှုမှ ထိတ်လန့်ခြင်းတို့တည်း။ ဖြူစင်သော ထိုတရားနှစ်ပါးသာ လောကကို မစောင့်ရှောက်ကုန်ငြားအံ့ (ယင်းသို့မစောင့်ရှောက်သော်) ဤလောက၌ အမိဟူ၍ လည်းကောင်း၊ မိကြီးမိထွေးဟူ၍လည်းကောင်း၊ ဆရာ၏မယားဟူ၍လည်းကောင်း၊ ရိုသေ လေးစားအပ်သူတို့၏မယားသည်လည်းကောင်း မထင်ရှား၊ မသိသာကုန်ရာ။ (ယင်းသို့ မထင်ရှား မသိသာကုန်သော်) လောကသည် ဆိတ်များ သိုးများကဲ့သို့လည်းကောင်း၊ ကြက်ဝက်တို့ကဲ့သို့ လည်းကောင်း၊ အိမ်ခွေးတောခွေးတို့ကဲ့သို့လည်းကောင်း ရှက်ခြင်းသို့ ရောက်ရာ၏။ (A.I.52)

နောက်ထပ် ဗုဒ္ဓဘာသာ၏ "လက်တွေ့ကျသောယထာဘူတအမြင်"ကို တွေ့မြင်နိုင်ပါသည်။ စစ်ပွဲနှင့် ပဋိပက္ခတို့၏ နယ်ပယ်များကို လွှဲပြောင်းခဲ့ပြီး ဤလက်တွေ့ကျသောယထာဘူတအမြင်သည် မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှုတို့နှင့် ချဲ့ရလျှင် IHL ချိုးဖောက်မှုများအထိပါ တိုက်ရိုက်သက်ဆိုင်ပါသည်။ ပြင်ပသက်ရောက်မှု

IHL ချိုးဖောက်မှုများကို သည်းမခံသော စစ်ဘက်ယဉ်ကျေးမှုတစ်ခု ဖန်တီးခြင်းဖြင့် 'စစ်တပ်စံတန်ဖိုးများ' ထိခိုက်ခဲ့သောကြောင့် အရှက်ရခြင်း၊ အပြစ်တင်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းတို့ကို ကြောက်ရွံ့သည့် လူသားအားလုံး၏ ပင်ကိုအစွမ်းအစကို ထိန်းကျောင်းခြင်းမဟာဗျူဟာအဖြစ် အသုံးပြုနိုင်ပါသည်။[15]

ပါဠိကျမ်းစာတွင်ပါဝင်သော တတိယစည်းမျဉ်းမှာ စည်းကမ်းနှင့် တဖြည်းဖြည်းချင်း လေ့ကျင့်ပေးမှုပေါ်တွင် လွယ်ကူရိုးရှင်းစွာ ၎င်း၏အလေးထားမှု ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ကျင့်သုံးမှုတွင် စည်းကမ်းသည် သံသရာမှလွတ်မြောက်ရေးကို ရှေးရှုသော ဗုဒ္ဓဘာသာလမ်းစဉ်တွင် တိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပါသည်။ သို့သော် မိမိ မီးမောင်းထိုးပြသောကျမ်းစာများတွင် အုပ်ချုပ်မှုနှင့် အခွင့်အာဏာကျင့်သုံးမှုသည်လည်း မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါသည်။ ပါဠိကျမ်းများတွင် လေ့ကျင့်ထားသောစိတ်အတွက် လိုအပ်ချက်ကို ထင်ရှားပေါ်လွင်စေရန် စစ်ပွဲတွင် လေ့ကျင့်ထားပြီး စည်းကမ်းလိုက်နာသော တိရစ္ဆာန်၏ ဥပမာကို မကြာခဏ အသုံးပြုပါသည်။[16] ဥပမာ လေ့ကျင့်ထားသော၊ ရဲရင့်သော၊ အတွေ့အကြုံရှိသောသူများကို ၎င်း၏စစ်တပ်အတွက် အသုံးပြုရန် အုပ်စိုးသူတစ်ဦးအတွက် လိုအပ်ချက်ကို ဗုဒ္ဓက ၎င်းတို့၏စိတ်များကို လေ့ကျင့်ခဲ့ကြသူများ အတိအကျဆိုရလျှင် ရဟန်းသံဃာအသိုင်းအဝိုင်းကို လျှူဖွယ်ပစ္စည်းများ လျှူဒါန်းခြင်း၏တန်ဖိုးအား သာဓကအဖြစ် အသုံးပြုပါသည်။ (A.I.99) ပါဠိကျမ်းစာများသည် အခွင့်အာဏာရှိသူများ၏ ဦးဆောင်မှုနှင့် စစ်ပွဲအတွင်းရော ငြိမ်းချမ်းစဉ်၌ပါ လူ့ဘောင်အဖွဲ့အစည်းရှိ အလွှာတိုင်းတွင် စည်းကမ်းရှိသော စိတ်ပိုင်းဆိုင်ရာဘဝများနှင့် စည်းကမ်းတို့အကြား တိုက်ရိုက် အပြန်အလှန်ဆက်နွှယ်မှုကို ရှုမြင်ပါသည်။

ဤအချက်သည် စစ်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်များအား လေ့ကျင့်ရေးအတွက် ပါဝင်ပတ်သက်မှုများ ရှိပါသည်။ *စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်း၏ အကြောင်းတရားများ (The Roots of Restraint in War)* တွင် "လက်တွေ့ပေါ်အခြေခံသောလေ့လာမှုများက လေ့ကျင့်မှုသည် စစ်မြေပြင်တွင် ချုပ်တည်းထိန်းသိမ်းမှုကို တိုးပွားလာစေသည့်အချက်ကို ပြသခဲ့ပါသည်" ဟု ICRC က အလေးပေးဖော်ပြထားပါသည်။ (ICRC 2018, 28) လေ့ကျင့်ရေးသည် ဤဆောင်းပါး၏ အဓိကအချက်မဟုတ်ဘဲ အခြားသောသူများ ရေးသားသော ဆောင်းပါးများက လေ့ကျင့်ရေးကို ခြုံငုံမိပြီး ဖြစ်ပါသည်။ သို့သော် ပါဠိပိဋကတ်တွင် တဖြည်းဖြည်း လေ့ကျင့်ခြင်းကို အထိရောက်ဆုံး နည်းလမ်းအဖြစ် အားပေးထားပါသည်။ ၁၉၉၄ခုနှစ်တွင် မိမိအသုံးပြုခဲ့သော သာဓကတစ်ခုကို ထပ်မံ ကိုးကားရန် သင့်လျော်ပါသည်။

မဇ္ဈိမနိကာယ်ရှိ ဒန္တဘူမိသုတ်တွင် ဘုရင့်သားတော်နှင့် တရားဆွေးနွေးမှုတွင် မင်းသား၏ တုံ့ပြန်မှုနှင့်ပတ်သက်၍ မရှင်းမလင်းဖြစ်နေသော သာမဏေသည် ဗုဒ္ဓထံချဉ်းကပ်၍ လျှောက်ထားရာ ဗုဒ္ဓက "ဤကာမမှ ထွက်မြောက်ခြင်း နက္ခမ္မဖြင့် သိသင့်သော၊ မြင်သင့်သော၊ ရောက်သင့်သော၊ မျက်မှောက်ပြုသင့်သော စိတ်တည်ကြည်မှုကို မင်းသားသည် ကာမဂုဏ်တို့၏ အလယ်၌နေလျက် ကာမဂုဏ်တို့ကို သုံးဆောင်လျက်နေသောကြောင့် သိသင့်၊ မြင်သင့်၊ ရောက်သင့်၊ မျက်မှောက်ပြုသင့်သော တရားကို လက်မခံနိုင်ဖြစ်ရသည်"ဟု မိန့်တော်မူ၏။ ထူးထူးခြားခြား ဗုဒ္ဓက စစ်ပွဲမှ သာဓကတစ်ခုကို အသုံးပြုပါသည်။ အရေးကြီးသည့် အချက်မှာ "စစ်မြေပြင်သို့သွားရန် ဘုရင့်ဆင်တော်အား ဆူညံသံနှင့် စစ်လက်နက်များကို ကြံ့ကြံ့ခံနိုင်အောင် တဖြည်းဖြည်း လေ့ကျင့်ရသကဲ့သို့ လူသားများသည်လည်း အလားတူလေ့ကျင့်ရပါမည်။ ၎င်းတို့အား ဗုဒ္ဓ၏အဆုံးအမတရားတော်များကို တဖြည်းဖြည်း လေ့ကျင့်ပေးရပါမည်။ ထို့ကြောင့် ထိုသာမဏေသည် နေရာသစ်တစ်ခုတွင် စတင်ခဲ့လျှင် များစွာ ပိုမိုကောင်းမွန်ပါလိမ့်မည်။ (M.III.128-137; Harris 1994, 35-38)

တရားရှုမှတ်မှုလေ့ကျင့်ခြင်းနှင့်စတင်ပြီး ဒေါသ၊ အမုန်းတရား သို့မဟုတ် ကြောက်ရွံ့မှုတို့ လုံးဝကင်းစင်သွားသည်အထိ တိုက်ပွဲဝင်စစ်သည်များကို လေ့ကျင့်ပေးရန် ဤအချက်ကို အသုံးပြုခြင်းသည် မိုက်မဲရာကျနိုင်ပါသည် သို့မဟုတ် အကျိုးရလဒ်များကို မျှော်လင့်နိုင်လျှင် ဤသို့ပင် ဖြစ်နိုင်ပါသည်။ ချိုးဖောက်သူများကို IHL အပါအဝင် တရားဥပဒေစိုးမိုးရေးနှင့်စတင်ပြီး အမှန်တကယ်ဖြစ်နိုင်ခြေရှိသော အရေးယူမှုများနှင့် အပြစ်ပေးမှုများက ပိုမို ထိရောက်နိုင်ပါသည်။ ICRC က ၎င်း၏ အစောပိုင်း ထုတ်ဝေသောစာစောင်ဖြစ်သည့် စစ်ပွဲအတွင်း အပြုအမူများ၏ အရင်းခံအကြောင်းတရားများ *(The Roots of Behaviour in War)* ၌ ဤအချက်ကို အခိုင်အမာ ဖြစ်စေခဲ့ပြီး "အမိန့်ကိုလိုက်နာရန် မည်သည့်ပျက်ကွက်မှုကိုမဆို အရေးယူရမည်" ဆိုသည့်အချက်ကိုသာမက ယင်းကို တိုက်ပွဲဝင်စစ်သည်များအပေါ် ဩဇာလွှမ်းမိုးမှုရှိခဲ့သူများထံသို့ ရောက်ရှိရန်လည်း မဖြစ်မနေလိုအပ်ပြီး သို့မှသာ ၎င်းတို့၏ အမိန့်များသည် IHL နှင့် အညီ ဖြစ်ခဲ့မည်ဟု အလေးထားဖော်ပြခဲ့ပါသည်။[17] သို့သော် စာနာနားလည်မှုခံစားနိုင်စွမ်းကဲ့သို့သော တန်ဖိုးထားမှုများ ဖွံ့ဖြိုးတိုးတက်ရေးတွင် တဖြည်းဖြည်းလေ့ကျင့်မှုကိုလည်း အသုံးပြုနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်များအတွက် လုံးဝအကြမ်းမဖက်ရေးကို အားပေးထောက်ခံရန် အောက်ဖော်ပြပါ ဓမ္မပဒဂါထာကို မကြာခဏ အသုံးချလေ့ရှိပါသည် - "အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါ

တို့သည် မိမိတို့အသက်ကို ချစ်၏။ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ဖြတ် မညှင်းဆဲရာ။" (ဓမ္မပဒဂါထာ-၁၃၀) တိုက်ပွဲဝင်စစ်သည်တို့သည် သတ်ဖြတ်ခြင်းကိုရှောင်ကြဉ်ရန် ခဲယဉ်းသည့်တိုင် မည်သို့ပင်ဖြစ်စေ ဤဂါထာ တွင် ပါရှိသော "စာနာမှုနိယာမ"ကို လေ့ကျင့်ရေးတွင် အထူးသဖြင့် IHL အား ထည့်သွင်းစဉ်းစားရမည့်အခြေအနေ တွင် အသုံးချနိုင်ပြီး "တန်ဖိုးထားမှုအခြေခံသောစေ့ဆော်မှု"ကို ဖြစ်စေကာ "တိုက်ပွဲဝင်စစ်သည်၏ အပြုအမူအား စေ့ဆော်ပေးသူတန်ခိုးရှင်အဖြစ်လည်းကောင်း၊ ပြစ်ဒဏ်ပေးခြင်း၏ခြိမ်းခြောက်မှုအဖြစ်လည်းကောင်း ဖြစ်နိုင်ပါ သည်။ (ICRC 2018, 32) ထို့နောက် 'သတိပွားများခြင်း'ကို နောက်ပိုင်းတွင် လေ့ကျင့်နိုင်ပေမည်။

## နိဂုံးချုပ် အတွေးများ

ဤဆောင်းပါး၏ ပထမပိုင်းတွင် ဗုဒ္ဓလက်ထက် နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ လက်တွေ့ဘဝအရှိတရားများနှင့် စပ်လျဉ်းသည့်နောက်ခံအခြေအနေကို ၎င်းတို့၏ စစ်ပွဲနှင့်ပဋိပက္ခဖြစ်နိုင်ခြေအလားအလာနှင့်အတူ ဗုဒ္ဓက တင်စားမှုများ၊ ဥပမာများနှင့် သာဓကများကို အသုံးပြု၍ ဟောကြား ဆုံးမခဲ့သည်ကို အထင်အရှားပြသရန် မိမိ ကြိုးပမ်းခဲ့ပါသည်။ ဒုတိယပိုင်းတွင် ဤတင်စားမှုများနှင့် ဥပမာဥပမေယျများကို အသုံးပြုခြင်းသည် ဗုဒ္ဓ၏အဆုံးအမကို အထောက်အပံ့ဖြစ်စေခဲ့ပြီး တပ်မက်ခြင်းတဏှာစူးဝင်နေသော ဤကမ္ဘာလောကကြီးနှင့် ထိုအကျိုးဆက်တို့မှ တစ်ခုတည်းသော လွတ်မြောက်ရာသည် အတ္တဆန်သောတဏှာကို အပြီးတိုင် ပယ်သတ်ရေးနှင့် အရှိကိုအရှိအတိုင်း မြင်နိုင်စွမ်းရှိသော ထိုးထွင်းသိမြင်နိုင်သောဉာဏ်ကို ရရှိရေးဖြစ်သည်ဟု မိမိ အထင်အရှားပြသခဲ့ပါသည်။ ဤဆောင်းပါး၏တတိယပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခ၏အချို့အခြေအနေများတွင် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များသည်ပင်လျှင် စစ်မက်တိုက်ခိုက်မှုများလုပ်ဆောင်ရာတွင် IHL ကို ချိုးဖောက်ခဲ့ကြခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများသည် ၎င်းတို့၏အလုပ်ကို အတိုက်အခံလုပ်မှုများနှင့် တွေ့ကြုံခဲ့ရခြင်းတို့၏ အကြောင်းရင်းကို နားလည်သဘောပေါက်ရန်အတွက် မိမိသည် ဗုဒ္ဓဘာသာ ပိုင်းခြားစိစစ်လေ့လာမှု နမူနာပုံစံတစ်ခုကိုဖန်တီးခြင်းဖြင့် မိမိကိုယ်ကို စိန်ခေါ်မှုပြုလုပ်ခဲ့ပါသည်။ ပါဠိကျမ်းဂန်များကိုယ်တိုင်က စိတ်အတွင်းရှိ ပျက်စီးမှုများ(အာသဝေါ)နှင့် ညစ်ညမ်းမှုများ(ကိလေသာ) တို့၏ စွဲမြဲသော သဘောသက်သက်ကို ၎င်း၏အဆုံးအမ မှတစ်ဆင့် ယင်းကဲ့သို့နမူနာပုံစံတစ်ခုအား ပြဋ္ဌာန်းပေးနိုင်သည်ကို ထုတ်ဖော်ပြသခဲ့ပါသည်။ အထူးသဖြင့် အတွေးများသည် ကိလေသာများ သို့မဟုတ် အာသဝေါတရားများ အမြစ်တွယ်မှုကို အခြေခံပြီး အကျိုးရလဒ်အဖြစ် တွေးသူကို သားကောင်ဖြစ်စေသော တပဟုန်ထိုးပွားများလာသောအတွေးများဖြစ်သည့် ပပဉ္စတရားနှင့် တစ်ဦးချင်းကို ဖြစ်စေ၊ အသိုင်းအဝိုင်းများကိုဖြစ်စေ အရှိအတိုင်းသိမြင်ခြင်းမှ အလှမ်းဝေးကွာစေသည့် ရလဒ်အဖြစ် ဖန်တီးထားသော "အရှိတရားများ"ကို ဖြစ်စေသောအခါ စိတ်အတွင်းတွင် မည်သို့ဖြစ်ပေါ်မည်နှင့်ပတ်သက်၍ မိမိ အဓိက အာရုံစိုက်လေ့လာခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်များအပါအဝင် လူများစုသည် ဤဆောင်းပါး၌ သုံးနှုန်းထားသည့် "ဖန်တီးတည်ဆောက်ထားသောအရှိတရားများ"အပေါ် ယုံလွယ်သည့်သဘောရှိနေပါသည်။ စစ်ပွဲနှင့်ပဋိပက္ခတွင် ဤဖန်တီးထားသောအရှိတရားတို့သည် အန္တရာယ်အရှိဆုံးဖြစ်လာသည်ဟု မိမိ အကြံပြုလိုပါသည်။ ၎င်းတို့သည် IHL အား လေးစားလိုက်နာစေခြင်းကို မသိမသာ ဖျက်လိုဖျက်ဆီးလုပ်နေသော အတားအဆီးများထဲမှ တစ်ခုဖြစ်ပါသည်။ ဤဆောင်းပါး၏ နောက်ဆုံးအပိုင်းတွင် ဖန်တီးထားသောအရှိတရားများ ရှိနေသည့်တိုင် ပါဠိကျမ်းဂန် အစဉ်အလာက အကြမ်းဖက်ခြင်းကိုကာကွယ်ခုခံသော ကနဦးလုပ်ဆောင်မှုကို ထောက်ခံခြင်းရှိမရှိနှင့် ထိုဓလေ့ထုံးတမ်းအစဉ်အလာမှ အခြေခံမှုများနှင့် အဆုံးအမများကို စစ်မက်တိုက်ခိုက်ခြင်းလုပ်ဆောင်မှုနှင့် IHL ချိုးဖောက်ခြင်းမှ ကာကွယ်တားဆီးရန် အလွန်အကျွံလက်တုံ့ပြန်ခြင်းတို့ကို ပိုမိုကောင်းမွန်စွာ ထိန်းကျောင်းနိုင်ရန် အသုံးပြုနိုင်ခြင်းရှိမရှိတို့အပေါ် မိမိအနေဖြင့် ဆင်ခြင်သုံးသပ်ထားပါသည်။ အတွင်းသန္တာန်နှင့် ပြင်ပသက်ရောက်မှုတို့၏ ဇာစ်မြစ်များကို ထောက်ပြခဲ့ပြီး ဓမ္မစည်းမျဉ်းများကိုလိုက်နာသော ပြင်ပသက်ရောက်မှုသည် ပဋိပက္ခအတွင်း တရားဥပဒေစိုးမိုးရေးကို အာဏာတည်စေရန်လုပ်ဆောင်ရာ၌ အခန်းကဏ္ဍတစ်ခုကို ပိုင်ဆိုင်ပြီး အရေးယူမှုများနှင့် အပြစ်ပေးခြင်းတို့ကို သင့်တင့်လျောက်ပတ်စွာကျင့်သုံးခြင်းဖြင့် အပြစ်တင်ခြင်းနှင့် အရှက်ရခြင်းအား လူသားတို့၏ ကြောက်ရွံ့မှုကို အသုံးချရန် အဆိုပြုခဲ့ပါသည်။ ဤဆောင်းပါးသည် ဗုဒ္ဓဘာသာက အကြမ်းဖက်မှုနှင့် စစ်ပွဲပုံစံအားလုံးကို စံနမူနာပြ ပြစ်တင်ရှုတ်ချသည့်အချက်ကို အသိအမှတ်ပြုထားသော်လည်း အလွန်အကျွံ အင်အားအသုံးမပြုစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများ၏ အလုပ်ကို နှောက်ယှက်

ဟန့်တားခြင်းဖြင့် "ရန်သူ" လူထုကို ထိခိုက်မှုမဖြစ်ပေါ်စေရန် ပဋိပက္ခနှင့် ပဋိပက္ခအား ထိန်းကျောင်းမှုများကို နားလည်သဘောပေါက်စေရေးအတွက် စစ်မှန်ပြီး လက်တွေ့ကျသော နည်းလမ်းများကိုလည်း ပေးထားပါသည်။

**မှတ်စုများ**

1. လက်တွေ့ကျသောအလုပ်နှင့် လက်တွေ့ကျသောသုံးသပ်ချက်သည် သီအိုရီထက် တိုက်ရိုက်လေ့လာမှုနှင့် အတွေ့အကြုံအပေါ် အခြေခံပါသည်။ လက်တွေ့ကျသည်များမှတဆင့် အတိအကျဆိုရလျှင် အာရုံအသိများဖြင့် လေ့လာနိုင်သည်များမှတဆင့် အသေးစိတ်ကျပြီး တစ်ခါတစ်ရံ စိုးရိမ်စရာကောင်းသော ယထာဘူတဝါဒအဖြစ် ရလဒ်ပေါ်ထွက်လာစေသည့် အကြမ်းဖက်မှုနှင့် ပဋိပက္ခကို ကိုယ်စားပြုရန် ပါဠိကျမ်းစာများ၏အစွမ်းကို ညွှန်းဆိုရန် အတွက် ဤဆောင်းပါးတွင် 'လက်တွေ့ကျသော ယထာဘူတအမြင်'ဟူသော စကားစုကို သုံးထားခြင်းဖြစ်ပါသည်။

2. S.II.118 ကို ကြည့်ပါ။ အုံ့ကြွတတ်သော တဏှာ၏ အကြောင်းရင်းတစ်ခုဖြစ်သော အဝိဇ္ဇာ၏ နောက်ဆက်တွဲ အကျိုးဆက်များကိုဖော်ပြသော - "ရဟန်းတို့၊ သမုဒ္ဒရာရေ မြင့်တက်ခြင်းသည် မြစ်ရေကို မြင့်တက်စေသည်၊ မြစ်ရေ မြင့်တက်ခြင်း သည် စမ်းချောင်းရေကို မြင့်တက်စေသည်။ စမ်းချောင်းရေ မြင့်တက်ခြင်းသည် ကန်ရေမြင့်တက်ခြင်းကို ဖြစ်စေ သည်၊ ကန်ရေမြင့်တက်ခြင်းသည် ရေအိုင်ကို မြင့်တက်စေသည်။ ထိုနည်းတူပင် အဝိဇ္ဇာအုံ့ကြွခြင်းက သင်္ခါရကို ဖြစ်စေသည်၊ သင်္ခါရအုံ့ကြွခြင်းက ဝိညာဏ်ကို ဖြစ်စေသည်။ ဝိညာဏ်အုံ့ကြွခြင်းက နာမ်ရုပ်ကိုဖြစ်စေသည်။ နာမ်ရုပ်အုံ့ကြွခြင်းက သဠာယတနကို ဖြစ်စေသည် အစရှိသဖြင့် . . .။

3. သံဃာထုအတွင်း အကွဲအပြဲနှင့် ခိုက်ရန်ဖြစ်ပွားခြင်းကိုဖော်ပြသော သုတ္တန် အများအပြားကို ညွှန်ပြနိုင်ပါသည်။ ဥပမာ- သာမဂါမသုတ်(M.II.243-251)နှင့် ဥပက္ကိလေသာသုတ်။ (မပြည့်ဝခြင်းများ သို့မဟုတ် ပျက်စီးခြင်းများနှင့် ပတ်သက်၍ M.III.153-162)

4. ဥပမာ- သုနက္ခတ္တသုတ်ကိုကြည့်ပါ။ (M.II.252-261)

5. Lederach(2001)

6. မိမိသည် ပပဉ္စကို အရင်ရေးသားခဲ့ပြီး ဤဇာစ်မြစ်များမှ ထုတ်နုတ်ထားပါသည်။ Harris(1994, 27-30) နှင့် Harris(2007) တို့ကို ကြည့်ပါ။

7. "ဤတစ်ခုတည်းသာ အမှန်တရားဖြစ်၏"ဆိုသော အမြင်အား ဝေဖန်မှုအတွက် ဥပမာ အဂ္ဂိဝစ္ဆသုတ်(M.I.483-489)နှင့် ဒီဃနခသုတ်ကို ကြည့်ပါ။ (M.I.497-501) 7.

8. ဤဆောင်းပါးတွင် သုတ္တန်တစ်ပုဒ်က 'ဒေါသ'ကို အကျွမ်းတဝင်ရှိသော 'မြွေ'နှင့် သာဓကပြသရုပ်ဖော်ထားပါ သည်။ ဥပမာ - ဒေါသထွက်လွယ်သူတစ်ဦးဖြစ်သော်လည်း သူ့ဒေါသသည် မကြာရှည်သောကြောင့် အဆိပ်ရှိသော်လည်း ကြောက်မက်ဖွယ် အဆိပ်မပြင်းသောမြွေနှင့်တူပြီး ဒေါသမထွက်လွယ်သလို ဒေါသမကြာရှည်သူသည် ကြောက်စရာ မကောင်းသလို အဆိပ်မရှိသောမြွေနှင့်တူသည်။ (A.II.110-111) ထို့ကြောင့် ဒေါသကို မည်သည့် အခြေအနေနှင့် နိုင်ငံသားအစုအဝေးကိုမဆို အဆိပ်ခတ်သည့် အပျက်သဘောဆောင်သော အရည်အသွေးတစ်ရပ် အဖြစ် မြင်ကြပါသည်။

9. ICRC (2018, 67)

10. ဥပမာ- ဤစာအုပ်မှ Harvey နှင့် Trew တို့၏ ဆောင်းပါးများကို ကြည့်ပါ။

11. ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးနှင့် ဥပဒေ/အခွင့်အာဏာ နှစ်ခုလုံးပေါ် အခြေခံသော ကိုယ်ကျင့်တရား တန်ဖိုးထားမှုများ၏ အရေးပါမှုကို ICRC က အလေးထားဖော်ပြပါသည်။ (2018, e.g. 35 and 65)

12. ဥပမာ ဓမ္မပဒရှိ ကောဓဝဂ် (ဒေါသအခန်း) ကို ကြည့်ပါ။ (vv.221-234)

13. ဥပမာ မဟာပရိနိဗ္ဗာနသုတ် D.II.123-24 ကို ကြည့်ပါ။

14. ဥပမာ ဤစာအုပ်မှ Harvey ၏ ဆောင်းပါးကို ကြည့်ပါ။

15. ICRC (2018, 9 and 32) ကို ကြည့်ပါ။

16. ဥပမာ ဓမ္မပဒဂါထာ- ၃၂၁ ကို ကြည့်ပါ။ "ယဉ်ပါးပြီးသော ဆင်မြင်းကိုသာ တိုက်ပွဲသို့ဆောင်၏။ ယဉ်ပါးပြီးသော ဆင်မြင်းကိုသာ ဘုရင်စီး၏။ လွန်ကျူးစော်ကားသောစကားကို သည်းခံနိုင်သောသူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံးဖြစ်သည်။" (Dhp. 321)

17. ICRC (2004,16)

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## အတိုကောက်ကျမ်းညွှန်းစကားလုံးများ

**A.** အင်္ဂုတ္တရနိကာယ် - *Aṅguttara-nikāya*; as translated by Bhikkhu Bodhi, *The Numerical Discourses of the Buddha: A Translation of the Aṅguttara Nikāya*, Bristol: Pali Text Society, 2012.

**D.** ဒီဃနိကာယ် - *Dīgha-nikāya;* as translated by M. Walshe, *The Long Discourses of the Buddha*, Boston: Wisdom, 1995.

**Dhp.** ဓမ္မပဒ - *Dhammapada;* as translated by V. J. Roebuck, *The Dhammapada*, London: Penguin, 2010.

**M.** မဇ္ဈိမနိကာယ် - *Majjhima-nikaya;* as translated by Ñānamoli Bhikkhu and Bodhi Bhikkhu, *The Middle Length Discourses of the Buddha*. Boston: Wisdom, 1995.

**S.** သံယုတ်နိကာယ် - *Saṃyutta-nikāya*; as translated by Bhikkhu Bodhi, *The Connected Discourses of the Buddha: A Translation of the Saṃyutta Nikāya*. Boston: Wisdom, 2000.

**Sn.** သုတ္တနိပါတ - *Suttanipāta*, translated by K. R. Norman, *The Group of Discourses (Sutta Nipāta)*, 2nd ed. Oxford: Pali Text Society, 2001.

ဤဆောင်းပါးတွင် အသုံးပြုထားသော ပါဠိကျမ်းစာဘာသာပြန်များသည် အထက်ဖော်ပြပါ ကျမ်းများမှ ကိုးကားထားခြင်းဖြစ်သည်။ A., D., M. နှင့် S တို့သည် ပါဠိစာပေအသင်း Pali Text Society မူမှ စာမျက်နှာနှင့် အတွဲများ အတိုင်း ဖြစ်ပါသည်။ (ပါဠိစာမျက်နှာများကို ဘာသာပြန်နှင့်အတူ ကွင်းဖြင့်ပြထားပါသည်။) Dhp. နှင့် Sn. အတွက် ရည်ညွှန်းချက်ကို ဂါထာနံပါတ်ဖြင့် ပြသထားပါသည်။

## ရည်ညွှန်းကိုးကားချက်များ


Brazier, C. 2003. Buddhist Psychology: Liberate Your Mind: Embrace Life. London: Robinson.

Harris, E. 1994. Violence and Disruption in Society: A Study of the Early Buddhist Texts. Kandy: Buddhist Publication Society.

Harris, E. 2017. "Understanding Conflicts over Land: Insights from the Buddhist Tradition". Paper given at "Israel-Palestine and theology of Land", a conference held in Windsor. December. https://ctbi.org.uk/Israel-palestine-and-theology-of land/

ICRC. 2004. The Roots of Behaviour in War. Geneva:

ICRC. ICRC. 2018. The Roots of Restraint in War. Geneva: ICRC.

Lederach, J. P. 2001. “The Challenge of Terror: A Travelling Essay’. https://www.mediate.com/articles/terror911.cfm

Ñān _ ananda, B. 1971. Concept and Reality in Early Buddhist Thought. Kandy: Buddhist Publication Society.

Shobrook, M. 2015. From Helpless to Selfless: “Mine” and “I” in Papanca and Cognitive Therapy. Saarbrücken: Lambert Academic Publishing.

Thapar, R. 1966. A History of India. London: Pelican Books.

## အခြေခံအသိပညာ - အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၏ အခြေခံဖြစ်သော အားလုံးနှင့်သက်ဆိုင်သည့် အခြေခံမူများအတွက် ဗုဒ္ဓဘာသာ၏ ကြောင်းကျိုးပြချက်

Diane Denis


**ဆောင်းပါးအနှစ်ချုပ်**

အရပ်သားလူထုသည် ၎င်းတို့ မည်သည့်ဘက်တွင် ရပ်တည်သည်နှင့် မသက်ဆိုင်ဘဲ စစ်ပွဲကြောင့် ဧကန် အကြီးအကျယ် ထိခိုက်ခံစားရသည့်အချက်ကို ကျွန်ုပ်တို့အားလုံး သဘောတူကြပါသည်။ အရပ်သားလူထုသည် အလုပ်ခွင်တွင် ရုပ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ ဖိအားများသာမက ရင်းနှီးမှုဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ဖိအားများ၏ သားကောင်များလည်း ဖြစ်နေကြပါသည်။ တကယ်တမ်းတွင် ပဋိပက္ခ၌ပါဝင်သူတိုင်းသည် ၎င်း၏ကိုယ်ပိုင်စိတ်နှင့် ၎င်း၏ကိုယ်ပိုင်ပတ်ဝန်းကျင်တွင် ပရမ်းပတာအခြေအနေများနှင့် ပတ်သက်နေရပါသည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ဖော်ထုတ်ခြင်းကို တစ်ဦးချင်း သတိတရား၏ အတွင်းသန္တာန်လုပ်ဆောင်မှုများကို ရင်ဆိုင်ရန် မကြာခဏ ပျက်ကွက်လေ့ရှိသည့် လူမှုရေးအရအလေးပေးသောအသိဉာဏ်ဖွံ့ဖြိုးမှုက လွှမ်းမိုးထားခဲ့ပါသည်။ ဤနေရာ၌ ဗုဒ္ဓဘာသာ၏ ပါဝင်အထောက်အကူပြုမှုမှာ - ဒုက္ခကိုဖန်ဆင်းခြင်းနှင့် ဒုက္ခမှလွတ်မြောက်ခြင်း နှစ်ခုလုံးအတွက် အခြေခံဖြစ်သည့် သိမြင်မှုဖြစ်စဉ်အပေါ် ဗုဒ္ဓဘာသာ၏အခိုင်အမာရပ်တည်မှု ဖြစ်ပါသည်။ ပို၍တိတိကျကျ ဆိုရလျှင် ဤစာတမ်းသည် ရှေးခေတ် အိန္ဒိယမြောက်ပိုင်း ဗုဒ္ဓဘာသာကျမ်းစာဖြစ်သည့် ဓမ္မဓမ္မတာဝိဘာဂ-Dharmadharmatāvibhāga (DDV)ကို အဓိကထားလေ့လာထားပါသည်။ အကြောင်းမှာ ထိုသို့သော ရှေးဟောင်းကျမ်းစာအများအပြားသည် စိတ်၏အလုပ်လုပ်နေမှုများနှင့် လူသားတို့ကြားအပြန်အလှန်ဆက်ဆံမှုတို့တွင် 'အားလုံးနှင့်သက်ဆိုင်သော အခြေခံမူသဘောတရားများ'အတွင်းရှိ အသိအမြင်အချို့ကို ပေးခြင်းအားဖြင့် ကျွန်ုပ်တို့၏ မျက်မှောက်လောကကို အကျိုးပြုရန် အရေးပါသော တစုံတခုကို ပိုင်ဆိုင်ထားပါသည်။ ထို့နောက် ဤမေးခွန်း ရှိလာပါသည် - "လက်နက်ကိုင်ပဋိပက္ခများအတွင်း၌ပင် ကိုယ်ကျင့်တရားဆိုင်ရာအပြုအမူကို စောင့်ရှောက်ရန်နှင့် ရုပ်လုံးဖော်ရန် တစ်ဦးချင်းဆန္ဒဖွံ့ဖြိုးမှုအပေါ် ဤအသိအမြင်အတွေးအခေါ်များက မည်သို့ အထောက်အကူပြုနိုင်ပါသနည်း။"


### ဓမ္မဓမ္မတာဝိဘာဂ- Dharmadharmatāvibhāga (DDV)နှင့် 'ထောက်ပံ့ခြင်း'အယူအဆ[1]

ဤကျမ်းစာ၏ခေါင်းစဉ် - ဓမ္မဓမ္မတာဝိဘာဂ- Dharmadharmatāvibhāga-(DDV)[2]ကို "သဘာဝဖြစ်စဉ်များနှင့် ၎င်းတို့၏သဘောသဘာဝများကြား ခြားနားချက်"[3] ဟု ဘာသာပြန်ဆိုနိုင်ပါသည်။ DDVသည် လေးရာစု အိန္ဒိယ မြောက်ပိုင်း အချေအတင်ဆွေးနွေးမှုများ (အဘိဓမ္မာအဝန်းအဝိုင်းများအတွင်း)နှင့် ပြင်းထန်သော တရားအားထုတ်မှု ကျင့်စဉ်များ(ကမ္မဋ္ဌာန်း)တို့မှ ပေါ်ပေါက်လာသောကျမ်း ဖြစ်ပါသည်။ မူလရည်ရွယ်ထားသောပရိသတ်မှာ ကျင့်စဉ် ကို အဓိကထားသော(ယောဂါစာရ[4])ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ တိဗက် ပိဋကတ်ကျမ်းစာတွင် ဓမ္မဓမ္မတာဝိဘာဂ (DDV)ကို ဒဿနိကကျမ်းစာအဖြစ် သတ်မှတ်ထားပါသည်။[5] ဗုဒ္ဓတရားတော်များ(ဗုဒ္ဓဝစန)၏ အဋ္ဌကထာ(śāstra) ကျမ်းများတွင် ယင်းကျမ်းသည် ကရုဏာ[7] မှ ခွဲထုတ်မရနိုင်သော ပညာ[6] တိုးပွားခြင်းနှင့် ဆက်စပ်ပါသည်။ တိဗက် အစဉ်အလာသည် မေတ္တေယျ(Maitreya)နှင့်ပတ်သက်သော ယင်း၏စာစီကုံးမှုများနှင့် Asaṅgaနှင့်ပတ်သက်သော ယင်း၏ရေးသားချက်များကို မှတ်ယူပါသည်။ ဤခေါင်းစဉ်က ညွှန်ပြထားသည့်အတိုင်း ယင်း၏ရည်ရွယ်ချက်သည် နှစ်ခုခွန်တွဲပုံပေါ်နေသည့်အရာများ (Dualistic appearances) (ဥပမာ ပြုသူနှင့် အပြုခံရသူ၊ မိမိနှင့် သူတစ်ပါး၊ မိမိတို့နှင့် သူတို့)နှင့် ယင်းတို့သည် အခြေခံအားဖြင့် နှစ်ခုခွန်တွဲနေခြင်းမဟုတ်သောသဘာဝကို ခွဲခြားသိမြင်စေရန် ဖြစ်ပါသည်။ ယင်း၏ ဝေါဟာရအဓိပ္ပါယ်ရင်းမြစ်ဖွဲ့စည်းမှုအတွင်း၌ အားထားမှု(reliance) သို့မဟုတ် ထောက်ပံ့မှု (support) သို့မဟုတ်

အခြေခံ(basis) အယူအဆများ ရှိပါသည်။[8] အချုပ်အားဖြင့် လူသားဖြစ်တည်မှု၏ အခြေခံ သည် အခြေခံကျသည့် ဉာဏ်ရည်(fundamental intelligence)ဟု ဆိုကြသော်လည်း ပဋိပက္ခများအတွင်း ရှုပ်ထွေးမှုများကြောင့် ယင်းဉာဏ်ရည်၏ဖော်ပြမှုသည် မကြာခဏဆိုသလို မှေးမှိန်နေတတ်ပါသည်။[9]

## IHL နှင့် ယင်း၏ ဓမ္မဓမ္မတာဝိဘာဂ- Dharmadharmatāvibhāga (DDV)၏ ကြောင်းကျိုးပြချက်

IHL[10]သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC, 2014)က ဖော်ပြထားသည့်အတိုင်း အောက်ဖော်ပြပါ အချက်များ အပါအဝင် အချို့သောပင်မအခြေခံမှုများပေါ် အခြေခံ၍ စစ်မက်တိုက်ခိုက်မှုများအတွင်း လူတစ်ဦးချင်းစီ၏ ယေဘုယျအပြုအမူနှင့် အပြုအမူ၏ ထူးခြားသော အချို့အပိုင်းများကိုပင် လက်တွေ့ကျသောနည်းလမ်းဖြင့် ထိန်းကျောင်းပေးသည်ဟု ဆိုပါသည် - [. . .]

> IHLသည် ခွဲခြားခြင်း(distinction)၊ အချိုးအစားညီမျှခြင်း(proportionality)နှင့် ကြိုတင်သတိထားကာကွယ်ခြင်း (precaution)ဟူသည့် အဓိက အခြေခံမူသုံးရပ်ပေါ် အခြေခံ၍ စစ်မက်တိုက်ခိုက်မှုများ၏ ယေဘုယျ အပြုအမူကိုလည်း ထိန်းကျောင်းပေးပါသည်။ **ခွဲခြားခြင်းမူ**အရ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့များသည် တစ်ဘက်တွင် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများနှင့် အခြားတစ်ဘက်တွင် တိုက်ပွဲဝင်စစ်သည်များနှင့် စစ်ရေးဆိုင်ရာရည်မှန်းချက်များအကြား အမြဲတစေ ခွဲခြားရန်လိုအပ်ပြီး တိုက်ခိုက်မှုများသည် တိုက်ပွဲဝင်စစ်သည်များနှင့် စစ်ရေးရည်မှန်းချက်များကိုသာ ဦးတည်နိုင်ပါသည်။ ယင်း၏ရည်ရွယ်ချက်မှာ အရပ်သားတစ်ဦးချင်း၊ အရပ်သားပိုင်ပစ္စည်းဥစ္စာများနှင့် အရပ်သားလူထုတစ်ရပ်လုံးအား အကာအကွယ်ပေးရန် ဖြစ်ပါသည်။ ဤမူအရ ခွဲခြားမှုမရှိဘဲအားလုံးကိုသိမ်းကျုံး၍ မဆင်မခြင် တိုက်ခိုက်ခြင်းများကို တားမြစ်ထားပါသည်။ **အချိုးအစားညီမျှခြင်းမူ**သည် ခွဲခြားခြင်းမူ၏ ကြောင်းကျိုးဆက်စပ်မှုတစ်ခုဖြစ်ပြီး မတော်တဆ အရပ်သားအသက်ဆုံးရှုံးမှုနှင့် အရပ်သားပိုင်ပစ္စည်းဥစ္စာများဆုံးရှုံးမှု သို့မဟုတ် အရပ်သားများထိခိုက်ဒဏ်ရာရမှုသည် ကြိုတင်မျှော်မှန်းထားသည့် ခိုင်မာသော တိုက်ရိုက် စစ်ရေးအသာစီးရမှု(အကျိုးအမြတ်)နှင့် နှိုင်းစာလျှင် အလွန်အကျွံမဖြစ်စေရဟု ပြဋ္ဌာန်းထားပါသည်။ ပစ်မှတ်ထားခြင်းအပေါ် ကန့်သတ်ချက်များနှင့် တားမြစ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် **ကြိုတင်သတိထားကာကွယ်ခြင်းမူ**က လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များအားလုံးအနေဖြင့် တိုက်ခိုက်မှုတစ်ခုပြုလုပ်သည့်အခါ ပစ်မှတ်များသည် စစ်ရေးရည်မှန်းချက်များဖြစ်ကြောင်း သေချာအောင် စိစစ်အတည်ပြုရန် သို့မဟုတ် တိုက်ခိုက်မှုမတိုင်မီ အရပ်သားလူထုအား ထိရောက်သော သတိပေးမှုပြုရန် ကဲ့သို့သော သီးခြားကြိုတင်သတိထားကာကွယ်မှုများကို ပြုလုပ်ရန် လိုအပ်ပါသည်။ ၎င်းသည် တိုက်ခိုက်မှု တစ်ခု၏ အချိန်နှင့်တည်နေရာအပေါ် ကန့်သတ်ချက်များကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် [နောက်ဆက်တွဲသဘောတူညီချက်များ] နောက်ဆက်တွဲ(၁) - AP I ၏ အပိုဒ် ၃၅(၃) နှင့် ၅၅ တို့တွင် သဘာဝပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် ရေရှည်နှင့် အကြီးအကျယ် ပျက်စီးစေသည့် လက်နက်များ နှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများကို တားမြစ်ထားပါသည်။ တိုက်ပွဲလုပ်ဆောင်ခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းများသည် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများနှင့် ဝတ်ပြုရာနေရာများအပါအဝင် အချို့သောအရာများ (လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့လျှင် ယဉ်ကျေးမှုအဆောက်အအုံများအား အကာအကွယ်ပေးခြင်း အတွက် ၁၉၅၄ခုနှစ် ဟိဂ် သဘောတူညီချက်၊ နောက်ဆက်တွဲ(၁) အပိုဒ် ၅၃၊ နောက်ဆက်တွဲ(၂) အပိုဒ် ၁၆)၊ အရပ်သားလူထု အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများ (နောက်ဆက်တွဲ(၁) အပိုဒ် ၅၄၊ နောက်ဆက်တွဲ(၂) အပိုဒ် ၁၄)နှင့် "အန္တရာယ်ရှိသောစွမ်းအားစုများပါဝင်သော အလုပ်များနှင့် လုပ်ငန်းဌာနများ" (နောက်ဆက်တွဲ(၁) အပိုဒ် ၅၆၊ နောက်ဆက်တွဲ(၂) အပိုဒ် ၁၅) ကိုလည်း အထူးအကာအကွယ်ပေးပါသည်။ ယင်းကဲ့သို့သော အလုပ်များနှင့် လုပ်ငန်းဌာနများအပြင် ယဉ်ကျေးမှု

> အဆောက်အအုံများနှင့် မြို့ပြကာကွယ်ရေးဝန်ထမ်းများနှင့် အထောက်အကူပြုဌာနများကို သီးခြား သင်္ကေတများဖြင့် မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြနိုင်ပါသည်။ (2014, 3–4)

၎င်းတို့အားလုံးတွင် အသိပညာဗဟုသုတ၊ ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာရှိသောအပြုအမူတို့ ဖွံ့ဖြိုးတိုးတက်မှု ပါဝင်သည့် ခွဲခြားမှုလုပ်ငန်းစဉ် ပါဝင်ပါသည်။ သို့သော် ဗုဒ္ဓဘာသာအခြေခံမူသဘောတရားများက သင်ကြားပြသထားသော စံနမူနာပြအမူအကျင့်များသည် စိတ်အတွင်းသန္တာန်လေ့ကျင့်မှုလိုအပ်သော ပိုမိုကြီးမားသည့် တစ်ဦးချင်းတာဝန်ယူစိတ်ကိုပင် လိုအပ်နိုင်ပါသည်။

ရှေးဟောင်းယဉ်ကျေးမှုများနှင့် စစ်ရေးဒဿနများ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် လက်နက်ကိုင်ပဋိပက္ခ အပေါ် ကန့်သတ်ချက်များကို တွေ့ရသော်လည်း IHL ကို ၎င်း၏အစပိုင်းတွင် တစ်ဦးချင်း သိစိတ်၏ အတွင်းသန္တာန် လုပ်ဆောင်မှုများနှင့် ထူးခြားမှုများကို အသေအချာ ကိုင်တွယ်ရန်ထက် ဘုံ သို့မဟုတ် အားလုံးနှင့် သက်ဆိုင်သော တန်ဖိုးထားမှုများကို လက်ခံရန် ကြိုးပမ်းသော ခေတ်ကာလ၏ အသိဉာဏ်ဆိုင်ရာယဉ်ကျေးမှုက လွှမ်းမိုးခဲ့ပါသည်။[11] ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျီနီဗာသဘောတူညီချက်၏ နောက်ထပ်အသေးစိတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသူ ဆွစ်ဇာလန်ဥပဒေပညာရှင် Jean Pictet က အောက်ပါအတိုင်း ဆိုပါသည်[12] -

> ခေတ်သစ်ကမ္ဘာသည် ယင်း၏ မျှော်လင့်ချက်များကို နိုင်ငံတကာဝါဒ (internationalism) တွင် ထားရှိခဲ့ပြီး ယင်း၏အနာဂတ်တွင် မည်သည့် သံသယမျှ မရှိပေ။ ယခုအခါ နိုင်ငံတကာ ပတ်ဝန်းကျင်တွင် လူ့အခွင့်အရေးများသည် အားလုံးနှင့်သက်ဆိုင်သည့် လူမျိုးအားလုံး၏ အမျိုးသား (နှင့်အမျိုးသမီး)များကို အတူတကွ ဆောင်ကြဉ်းပေးနိုင်စွမ်းရှိသော စိတ်ကူးများပေါ်တွင်သာ အခြေခံနိုင်ပါသည်။ ….

Pictet က IHL နှင့်ပတ်သက်ပြီး ယဉ်ကျေးမှုများအကြား ဘုံသဘောတူညီမှုအတွက် လိုအပ်ချက်ကို မီးမောင်းထိုးပြပြီး အောက်ပါအတိုင်း ဆက်၍ ဆိုပါသည် -

> ဗဟုယဉ်ကျေးမှုများနှင့် ယင်းတို့ကို စိတ်ဝင်စားပြီး နက်နက်နဲနဲ လေ့လာရန် လိုအပ်ချက်ကို အသိအမှတ်ပြုပါသည်။ ဤအချက်က လူ့အသိုင်းအဝိုင်းများအားလုံးအတွက် ၎င်းတို့ရှိနေနိုင်သည့် နေရာတိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများသည် တူညီကြောင်းကို သတိပြုမိစေပါသည်။ မတူညီသော ဓလေ့ထုံးတမ်းများ၊ ကျင့်ဝတ်များနှင့် အတွေးအခေါ်များကို နှိုင်းယှဉ်ခြင်းအတွက် စုစည်းသည့်အခါနှင့် ၎င်းတို့ပေါင်းစည်းသွားသည့်အခါ ၎င်းတို့၏ ထူးခြား ချက်များကို ပယ်ပြီး ယေဘုယျတူညီမှုများကိုသာ ထုတ်ယူသည့်အခါ လူသားမျိုးနွယ်အားလုံး၏ အမွေအနှစ်ဖြစ်သည့် ဒြပ်စင်ကဲ့သို့ စင်ကြယ်သောအရာတစ်ခုသာ ကျန်ရစ်ပါသည်။ (1988,3–4)

ဥပဒေ၏နယ်ပယ်များစွာကဲ့သို့ပင် တစ်ဦးချင်း စေ့ဆော်မှုနှင့်ရည်ရွယ်ချက်များသည် IHL နှင့်သက်ဆိုင်နေပြီး ၎င်း၏ ချိုးဖောက်မှုများကို ဆင်ခြင်အကဲဖြတ်ရန် ဖြစ်ပါသည်။ သို့သော်လည်း နှစ်များကြာလာသည်နှင့်အမျှ IHL အား အကြွင်းမဲ့ "တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ခြင်း" အယူအဆကို ရံဖန်ရံခါ "အနောက်တိုင်း" နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ဘာသာရေးသမိုင်းတို့၏ ထုတ်ကုန်တစ်ခုအဖြစ်ပင် ဝေဖန်ရှုမြင်ခံခဲ့ရပါသည်။ IHL ၏ မူလအစနှင့် ပတ်သက်၍ တိကျသည်ဖြစ်စေ၊ မတိကျသည်ဖြစ်စေ "တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ခြင်း" အယူအဆကို ဆန့်ကျင်သည့် အငြင်းပွားမှုမှာ အယူအဆသည် အများနှင့်သက်ဆိုင်သည့်ဘုံသဘောတူညီချက်အတွက် ဖြစ်နိုင်ခြေများကို ဖန်တီးပေးသော်လည်း ၎င်းသည် ယဉ်ကျေးမှုဆိုင်ရာ သီးခြား သဘောထားကွဲလွဲမှုကို အစပျိုးပေးလိုက်ခြင်းလည်း ဖြစ်သည်ဆိုသည့်အချက် ဖြစ်ပါသည်။ တနည်းဆိုရသော် တစ်ဘက်တွင် လူသားတိုင်းနှင့် အကျုံးဝင်သက်ဆိုင်စေရမည့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့်နယ်ပယ်ကို ကြိုးပမ်းရာဖွေနေသည့် IHL နှင့် လူ့အခွင့်အရေးဥပဒေတို့ ကဲ့သို့သော အပြန်အလှန်ဖြည့်ဘက်ဖြစ်သည့် ဥပဒေများ မိမိတို့၌ ရှိနေပြီး အခြားတစ်ဖက်တွင်မူ ယဉ်ကျေးမှုအားလုံးနှင့် သက်ဆိုင်စေရန် "ကိုယ်ကျင့်တရား" သို့မဟုတ် "ကျင့်ဝတ်"ဆိုင်ရာ အခြေခံမူများကို မပြုလုပ်နိုင် ဆိုသည့် အယူအဆ ကျွန်ုပ်တို့တွင် ရှိနေပါသည်။[13] ဤဆန့်ကျင်ဘက်ဖြစ်နေမှုကို ရင်ဆိုင်နေရသော်လည်း Pictet ၏ အဆို

နှင့်အညီ ဤနိုင်ငံတကာဥပဒေနှစ်ခု၏ ရှုထောင့်အချို့သည် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုများကို ဖြစ်စေနိုင်သော်လည်း စစ်ပွဲအတွင်း ခွဲခြားမှုမရှိဘဲသိမ်းကျုံးကာ အဆင်ခြင်မဲ့လက်လွတ်စပယ်သတ်ဖြတ်ခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့တဲ့စေခြင်းတို့မရှိစေရန် အရပ်သားများအတွက်အခွင့်အရေးကို လူတိုင်းက ဧကန်မုချ အလေးထားလေးစားနိုင်မည်ဆိုသည့်အချက်ကို အဆိုပြုနိုင်ပါသည်။ သို့မဟုတ် တစ်ဖန် စစ်သည်များသည် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်မထားရပါ။ ဤအဆိုပြုချက်ကို DDV ရေးသားသူအပါအဝင် ဗုဒ္ဓဘာသာတွေးခေါ်ရှင်အများစုက သဘောတူကြပါလိမ့်မည်။ ဤနေရာတွင် IHL နှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများသည် သီးခြားစီဖြစ်သော်လည်း အပြန်အလှန်ဖြည့်ဘက်ပြုသောဥပဒေများ ဖြစ်ကြောင်းကိုလည်း သတိပြုရပါမည်။ IHL ၏ အတွေးအခေါ်ဆိုင်ရာ အရင်းခံဇာစ်မြစ်များသည် ရှေးကျပြီး ၎င်း၏ ရည်ရွယ်ချက်များမှာ စစ်ပွဲ၏ လူမဆန်မှုကြားတွင် လူသားဆန်မှုအချို့ကို အတန်အသင့် ထိန်းသိမ်းထားနိုင်ရန် ဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာဥပဒေသည် "အနောက်တိုင်း"ယဉ်ကျေးမှုတွင် အရင်းခံပြီး နိုင်ငံရေးခေါင်းဆောင်များက ပိုမို တောင်းဆိုကြပါသည်။ ထို့ကြောင့် လူ့အခွင့်အရေးအယူအဆနှင့်ပတ်သက်၍ နိုင်ငံတစ်ခုက အယုံအကြည်ကင်းမဲ့သည့်တိုင် IHL ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရံဖန်ရံခါ သဘောတူညီချက်ရရန် ဖြစ်နိုင်ပါသည်။ ဖြစ်ကောင်းဖြစ်နိုင်သည်မှာ IHL နှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေတို့တွင် မတူညီသော အတွေးအခေါ်ဆိုင်ရာ အရင်းခံဇာစ်မြစ်များရှိသည်ဆိုသော အချက်ကြောင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေထက်စာလျှင် IHL အတွက် မတူညီသော ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထိတွေ့ဆက်ဆံနိုင်ရန် ပိုမိုလွယ်ကူစေနိုင်ပါသည်။[14]

DDV ၏ ရှုထောင့်မှကြည့်လျှင် ဥပဒေပါအကြောင်းအရာများ သို့မဟုတ် အကျိုးများနိုင်သော နည်းလမ်းများကို ကြည့်ရုံသာမက သက်ရှိတိုင်းနှင့် အပြန်အလှန်အကျိုးပြုမှုအားလုံးအတွက်ပါ သွယ်ဝိုက်ပါဝင်သည့် အတွင်းသန္တာန်ပိုင်း "သိမြင်နားလည်ခြင်းလုပ်ငန်းဆောင်တာများ"ကို ကြည့်ခြင်းသည်လည်း ဤနေရာ၌ အထောက်အကူဖြစ်ပါလိမ့်မည်။ ဤအခြေအနေတွင် စကားလုံးများနှင့် အယူအဆများသည် သိမြင်နားလည်မှုဖြစ်စဉ်၏ အသုံးချခံများဖြစ်သည်မှာ ထင်ရှားပါသည်။ နိုးကြားနေသောအခါ တစ်ဦးချင်း၏ သိမြင်နားလည်ခြင်း "လုပ်ငန်းစဉ်" သည် လုပ်ဆောင်ချက်အစီအစဉ်တစ်ခုတွင် တိကျမှုများနှင့် ကွဲပြားခြားနားမှုများကို ဖော်ထုတ်သတ်မှတ်ခြင်းဖြင့် လုပ်ဆောင်ပါသည်။ အစောပိုင်း ဒဿနိကဗေဒဆိုင်ရာဖော်ပြချက်များအရ ပထမဦးစွာ အရာဝတ္ထုတစ်ခု၏ တိကျသောလက္ခဏာများကို ဖော်ထုတ်သည့်လုပ်ရပ်ဖြစ်သည့် သိမြင်မှတ်သားမှု(သညာ)ရှိပြီး ယင်းမှာ ဤအရာဝတ္ထုကို မြင်ထားခြင်း၊ ကြားထားခြင်း၊ အရသာခံထားခြင်း၊ အနံ့ခံထားခြင်း၊ ထိတွေ့ထားခြင်း သို့မဟုတ် တွေးကြံထားခြင်း ရှိမရှိ ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ ဤသိမြင်မှတ်သားမှုသည် သိသာရုံမျှသောသဘောတရား(ပရိကပ္ပ)၏ လုပ်ကြံဖန်တီးမှုဆီသို့ ဦးတည်သွားပြီး ယင်းသည် ခွဲခြားမှုလုပ်ရပ်ကိုခွင့်ပြုသည့် (ဝိကပ္ပ)ဟူသော ယင်းနှင့်မတူသောအရာမှ ဤသိမြင်မှတ်သားမှုကို ပြန်လည်၍ သီးခြားခွဲထုတ်ပြီးနောက် ထိုခွဲခြားမှုပေါ် အခြေခံ၍ ဂရုတစိုက်နှင့်အသေးစိတ်လုပ်ဆောင်ခြင်း(ပပဉ္စ) ဖြစ်ပျက်ပါသည်။[15] ဤတစ်ဦးချင်းနှင့်သက်ဆိုင်သော စိတ်များ၏ အတွင်းသန္တာန်ရှိ အလုပ်လုပ်ပုံများသည် ယဉ်ကျေးမှုများနှင့် လူ့အဖွဲ့အစည်းများ၏ အစိတ်အပိုင်း ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအားလုံးတွင် အပြုအမူဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို အသေးစိတ်ဖော်ပြရန် အလေ့အထရှိကြပြီး ဤသည်မှာ နေရာတိုင်းရှိ အလုပ်တွင် အခြေခံကျသော မူသဘောတရားတစ်ခု ဖြစ်ပါသည်။ အတွေးအခေါ်များအား အဓိကပြဋ္ဌာန်းပေးသူများ မှာ တစ်ဦးချင်း သိမြင်မှတ်သားမှုလုပ်ငန်းစဉ်များ ဖြစ်ပါသည်။ စိတ်ကူးစိတ်သန်းများနှင့် အတွေးအခေါ် အယူအဆ များသည် ကွဲပြားမှုများနှင့် ခွဲခြားဆက်ဆံမှုများပါဝင်သည့်ဖြစ်စဉ်မှ ပေါက်ဖွားလာခြင်းဖြစ်သောကြောင့် အချေ အတင်ဆွေးနွေးမှုနှင့် ယဉ်ကျေးမှုအရ သီးခြားသဘောတူညီမှု သို့မဟုတ် သဘောထားကွဲလွဲမှုတို့ ဖြစ်လာပါသည်။ ယဉ်ကျေးမှုနှင့် ဘာသာရေးယုံကြည်ချက်တို့ပေါ် အခြေခံသော စည်းမျဉ်းများသည် လူတစ်ဦးချင်းအကြား သဘော ကွဲလွဲမှုများကို မကြာခဏ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် IHL သည် သဘောတူညီချက်တစ်မျိုးမျိုးကို လူတိုင်း ရှာဖွေတွေ့ရှိနိုင်သည့် လက်နက်ကိုင်ပဋိပက္ခအနံ့တွင် "အများနှင့်ဆိုင်သောဘုံယဉ်ကျေးမှု"တစ်ရပ်ကိုဖန်တီးရန် နည်းလမ်းများစွာဖြင့် ကြိုးစားနေသည်ဟု ကျွန်ုပ်တို့ ပြောနိုင်ပါသည်။

သို့သော် Pictet ကြိုးပမ်းရှာဖွေသည့် "သန့်စင်သောအရာ"သည် စိတ်ကူးစိတ်သန်းများနှင့် "သိမြင်မှတ်သားမှုဖြစ်စဉ်" တို့၏ သဘောသဘာဝကြောင့် စိတ်ကူးသက်သက်ထဲတွင် တွေ့နိုင်ခြေ မရှိနိုင်ကြောင်းကို ဤနေရာတွင် ကျွန်ုပ် အကြံပြုလိုပါသည်။ သို့ဖြစ်လျှင် ဤ "သန့်စင်သောအရာ"ကို သက်ရှိအားလုံးတို့နှင့် သက်ဆိုင်သော သိမြင်မှုဖြစ်စဉ်အား အသိအမှတ်ပြုခြင်းဖြင့် ရှာဖွေတွေ့ရှိနိုင်ပါသလား။ အသိအမြင်၏ ဒွန်တွဲနေသော လုပ်ဆောင်မှုများကိုအသိအမှတ်ပြုခြင်းအပြင် ပြုသူနှင့်အပြုခံရသူတို့ဒွန်တွဲမနေခြင်းနှင့် သက်ရှိအားလုံးအတွက် မွေးရာပါဖြစ်သော အခြေခံကျသည့် အသိဉာဏ်၏ အတိုင်းအတာတစ်ခုအထိ IHL အရ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော အကာအကွယ်ပေးမှုများအတွက် ဗုဒ္ဓဘာသာ ကြောင်းကျိုးဖော်ပြချက်တစ်ခုကို နည်းလမ်းများစွာဖြင့် ပေးပါသည်။ ၎င်းသည် လူသားတို့၏ အခြေခံ လိုအပ်ချက်များအား ဖြည့်ဆည်းပေးခြင်းနှင့် IHL ၏ "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ" ရည်မှန်းချက်တို့အား ဖြည့်ဆည်းပေးခြင်းအတွက် ကျိုးကြောင်းပြချက်တစ်ခုကိုလည်း ပေးပါသည်။

Pictet က လူတို့သည် ကွဲပြားခြားနားကြသော်လည်း လူ့သဘောသဘာဝကား ကမ္ဘာပေါ်တွင် အတူတူပင်ဖြစ်သည်(1988, 3–4) ဟု အခိုင်အမာဆိုသည့်အခါ DDV က ၎င်းနှင့် သဘောထားချင်းတူညီသော်လည်း ပို၍ပင်နက်ရှိုင်းစွာ သွားပါသည်။ လူ့သဘာဝသည် ကမ္ဘာတဝှမ်းတူညီရုံသာမက သက်ရှိအားလုံးနှင့် သဘာဝပတ်ဝန်းကျင်သည် တူညီသော သဘောသဘာဝရှိပြီး အရာရာသည် လုံးဝ တသီးတခြားရှိမနေဘဲ အားလုံးနှင့် အရာရာတိုင်းသည် အပြန်အလှန်ဆက်စပ်နေပါသည်။ DDV ရှုထောင့်မှကြည့်လျှင် ဤအရာအားလုံး၏အဓိကအချက်မှာ ဒွန်တွဲမှုမဟုတ်ခြင်း (ပြုသူဟုမြင်ခြင်းနှင့် အပြုခံရသူဟုမြင်ခြင်းတို့၏ အပြန်အလှန်အမှီသဟဲပြုမှု) နှင့် အခြေခံအသိဉာဏ်တို့ ဖြစ်ပါသည်။ လူမှုရေးအရ သက်ဆိုင်သူများအဖြစ် ကျွန်ုပ်တို့၏လုပ်ငန်းတာဝန်သည် ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ယင်းကိုယ်တိုင်ကို ဖော်ပြရန် ယင်းအတွက် အခြေအနေများကို ဖန်တီးပေးရန် ဖြစ်ပြီး ဤသို့သွားနိုင်ရန် နည်းလမ်းများစွာ ရှိပါသည်။ အများနှင့်ဆိုင်သောဘုံတန်ဖိုးထားမှုများကို ကြိုးပမ်းရှာဖွေခြင်းသည် ယင်းနည်းလမ်းများထဲမှ တစ်ခု ဖြစ်ပါသည်။

မကြာသေးမီက ဘောဂဗေဒ၊ ဥပဒေနှင့် သဘာဝသိပ္ပံပညာရှင်(၁၅)ဦးသည် တွေးခေါ်ရှင်များအား လောကအမြင်ဖြစ်သည့် ပြုသူနှင့်အပြုခံရသူ ဆန့်ကျင်ဘက်သဘောခွဲခြားခြင်းအမြင်မှ ပြုသူ-ပြုသူအဆက်အသွယ်များအပြန်အလှန် မြှင့်တင်ခြင်းအား နားလည်ခြင်း "သက်ရှိတို့အိမ်ဂေဟာမြေကမ္ဘာ"[17]အမြင်သို့ ပြောင်းလဲရန် ဖိတ်ခေါ်ထားသည့် "လူသားမျိုးနွယ်အား ဖြစ်တည်မှု၏ ဇဟိုအဖြစ်သတ်မှတ်ထားခြင်းမှ အပြန်အလှန် တိုးတက်ကြီးပွားရေးသို့"[16]ဟူသော ဆောင်းပါးတစ်ပုဒ်ကို အွန်လိုင်းတွင် ထုတ်ဝေခဲ့ပါသည်။ ဤဆွေးနွေးမှုများနှင့်အတူ တသီးတခြားခွဲထုတ်ခြင်း၏ ဖြစ်တည်မှုပညာ(ontology)မှ ဆက်နွယ်မှုသို့လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းပိုင်း ဖွံ့ဖြိုးတိုးတက်မှု၏ တန်ဖိုးထားမှုပညာ(axiology) မှသည် ကမ္ဘာလောကအတွက်နှင့် အဓိပ္ပါယ်ဖော်ဆောင်မှုအတွက် တန်ဖိုးထားမှုများပြားခြင်းသို့လည်းကောင်း ကူးပြောင်းမှုကို ၎င်းတို့က မျှော်မှန်းကြပါသည်။ Jones (2003) သည် ၎င်း၏စာအုပ်ဖြစ်သော "ဗုဒ္ဓဘာသာ၏ လူမှုမျက်နှာ"(The Social Face of Buddhism)တွင် အပြန်အလှန်အမှီသဟဲပြုခြင်း၏ အမှတ်အသားအဖြစ်နှင့် သိမြင်မှုဖြစ်စဉ်၏ သဘောသဘာဝအဖြစ် ဒွန်တွဲမှုမဟုတ်သောအယူအဆကို ဆောင်ကြဉ်းခြင်းဖြင့် အလားတူ တောင်းဆိုမှုကို ပြုလုပ်သောကြောင့် တစ်ဦးချင်းနှင့်လူ့အဖွဲ့အစည်း၊ ပြုသူနှင့် အပြုခံရသူ၊ သက်ရှိများနှင့် ၎င်းတို့၏ပတ်ဝန်းကျင် တို့၏ ဆက်နွယ်မှုကို ပြန်လည်စဉ်းစားစေပါသည်။ ၎င်း၏ အဓိက စာတမ်းမှာ အတွင်းသန္တာန်လွတ်မြောက်မှုသည် အစုအပေါင်းနှင့် အရှည်တည်တံ့သော ပြင်ပလွတ်မြောက်မှုအတွက် အဆုံးစွန်သော မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်ဆိုသည့်အချက် ဖြစ်ပါသည်။[18] ဤသည်မှာ ဆင်းရဲဒုက္ခလျော့ပါးစေရန် ကြိုးပမ်းရာတွင် တစ်ဦးချင်းစရိုက်လက္ခဏာ၏ အတွင်းသန္တာန်ဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းစိုက်ရမည်ဟု သွယ်ဝိုက်ညွှန်းဆိုပါသည်။

အလားတူပင် DDV သည် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဆွေးနွေးမှုတွင် အထောက်အကူ ဖြစ်နိုင်ကြောင်းနှင့် IHL ကို အများသိစေရန်ဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သော ကြက်ခြေနီနှင့်လခြမ်းနီ၏လုပ်ငန်းကို ကူညီရန် အကြံပြုသည့် အကြောင်းရင်းများထဲမှ တစ်ခုမှာ ဤဆောင်းပါးသည် အထူးသဖြင့် ဤလောကတွင် ဖြစ်ခြင်း၏ လုပ်ရပ်၊ ဆက်ဆံရေးများတွင်ပါဝင်ခြင်းနှင့် ကိုယ်တွေ့ကြုံသူကိုယ်တိုင်(ဆိုလိုသည်မှာ ရောင်ပြန်ဟပ်သော

အသိအမြင်) ကြုံတွေ့ရခြင်းကို သိရှိစေရန် ရည်ရွယ်ပါသည်။ တနည်းဆိုရသော် ၎င်းတွင် ၎င်း၏ ပိုင်းခြားစိတ်ဖြာ လေ့လာမှုရှိ တစ်ဦးချင်းအတွေ့အကြုံများပါဝင်ပြီး ပဋိပက္ခအတွင်း ဤတစ်ဦးချင်းအတွေ့အကြုံ၏ အရေးပါမှုကို အလေးပေးထားပါသည်။ ဤဆောင်းပါးသည် ငြိမ်းချမ်းနေစဉ်ဖြစ်စေ ပဋိပက္ခအခြေအနေဖြစ်စေ ကြမ်းတမ်းသော မြေပြင်အတွေ့အကြုံကို လမ်းညွှန်ရန် ၎င်းတို့၏ မလွဲမရှောင်သာ ရှန်းကန်မှုတွင် လူတစ်ဦးချင်းစီအတွက် လေးနက်ပြီး မယိမ်းမယိုင် အထောက်အကူကို ဆောင်ကြဉ်းပေးရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဗုဒ္ဓဘာသာ ဒဿနိကကျမ်းစာများစွာကဲ့သို့ပင် အခြေအနေကို ဆန်းစစ်လေ့လာရာတွင် အထောက်အကူပြုရန်နှင့် လမ်းညွှန်မှု ပေးရန်အတွက် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်တစ်ခုကို ပေးခြင်းဖြင့် အတွေ့အကြုံ၏ အနေအထားကို မှတ်သားခြင်း ဖြင့် ၎င်းက သေချာပေါက် စတင်ပါသည်။

### အကဲဖြတ်ခြင်းနှင့် လမ်းညွှန်မှုအတွက် မူဘောင်သုံးခု

သိမြင်မှုအမှတ်သညာဖြစ်စဉ်ကို တစ်ဦးချင်းအား အသိပေးရန် ရည်ရွယ်ချက်ဖြင့် DDV သည် ယင်း၏အခန်း(၁၂)၊ ပထမပိုင်း၌ ယေဘုယျ အရေးအရာများ၏ အခြေအနေကို တင်ပြထားပါသည် - "သက်ရှိတို့သည် တစ်နေရာရာသို့ ပြောင်းရွှေ့သွားသောအခါတိုင်း အဆုံးမရှိသောဆင်းရဲဒုက္ခသံသရာကို ငြိမ်းစေသော အထောက်အကူများ ရှိပါသည်။ ဤအဆိုးသံသရာတွင် မှီခိုအားထားရန် "သက်ရှိများ"၏ အတွေ့အကြုံရှိသည့်အပြင် အထောက်အကူအဖြစ် ဖြည့်ဆည်းပေးနေသော ပတ်ဝန်းကျင် ရှိပါသည်။[19] (၁၂)

"အထောက်အကူ"(support)အယူအဆသည် - သက္ကတအသုံးအနှုန်းဝေါဟာရများအောက်တွင် āśraya (အခြေခံ)၊ sthana (ရပ်တည်မှု၊ နေရာ သို့မဟုတ် အခြေခံ)၊ pratistha (အမှီပြုခြင်း)[20]စသည်ဖြင့်လည်း တွေ့နိုင်ပါသည် - ဗုဒ္ဓဘာသာ အတွေးအခေါ် ထုံးတမ်းစဉ်လာများစွာကို စွဲလမ်းလုနီးပါးအထိ စိမ့်ဝင်ပျံ့နှံ့နေပါသည်။

၎င်းကို အသုံးချခံကိရိယာသဘောဖြင့် မကြာခဏအသုံးပြုလေ့ရှိပြီး (ဆိုလိုသည်မှာ သက်ရှိတို့ ရရှိသည့် အကျိုး) အခြားအချိန်များတွင် ပိုမိုအခြေခံကျသောခံစားမှုသဘောဖြင့်(ဆိုလိုသည်မှာ သက်ရှိများကို ထူးခြားသည့် အခြေအနေအား တွေ့ကြုံခံစားစေသောအရာများ) အသုံးပြုလေ့ရှိပါသည်။ ဤစွဲလမ်းမှုသည် ဗုဒ္ဓဘာသာ တစ်ခုထဲ သာမဟုတ်၊ လုံခြုံစိတ်ချရမှုအတွက် အခြေခံကျသော လူသားတို့၏ စိုးရိမ်မှုဖြစ်ပြီး ၎င်း၏အဓိပ္ပါယ်ကို စဉ်ဆက် မပြတ် ရှာဖွေရန်အတွက်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဗုဒ္ဓဘာသာ အခြေအနေတစ်ရပ် တွင် အထောက်အကူသဘောတရားသည် "အပြန်အလှန်အမှီသဟဲပြုခြင်း"နှင့် "အကြောင်းရင်း"တို့၏ အယူအဆ များနှင့် မလွဲသာမရှောင်သာ ဆက်စပ်နေပါသည်။

နှိုင်းယှဉ်ချက်အမှန်တရား၏ရှုထောင့်မှကြည့်လျှင် မည်သည့်အတွေ့အကြုံကိုမဆို အကြောင်းတရားများ မရှိသကဲ့သို့ သတ်မှတ်ချက်များမရှိဟု မမှတ်ယူသင့်ပါ။ ထို့အပြင် အကြောင်းတရားများနှင့် အခြေအနေများ အပြန်အလှန်အကျိုးသက်ရောက်မှုတွင် မည်သူမျှ အပြုခံရသူသက်သက် (passive receptor) မဟုတ်ပါ။ အမှတ် သညာသည် ဆုပ်ကိုင်ခြင်း၏လုပ်ဆောင်မှု(သက္ကတအားဖြင့် ဂရဟ) ကို သွယ်ဝိုက်ညွှန်းဆိုပါသည်။ ဤနေရာတွင် သညာ၏လုပ်ဆောင်မှုကို "လုပ်ငန်းစဉ်"နှင့် နှိုင်းယှဉ်နိုင်ပြီး၊ ၎င်းသည် ပုဂ္ဂိုလ်စွဲကင်းသော်လည်း အကျိုးဆက်နှင့် အတူ လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်နှင့် ၎င်း၏အကျိုးဆက်များကို မပြောင်းလဲသော အပြန်အလှန်အကျိုးပြုမှု၏ ရလဒ်အဖြစ် သို့မဟုတ် မရေမတွက်နိုင်သော အဖြစ်အပျက်များကြား သိမ်မွေ့သော စကားပြောဆိုမှုအဖြစ် ဖော်ပြနိုင်ပါသည်။ ၎င်းသည် လှုပ်ရှားမှုတွင် ပြောင်းလဲနိုင်သောအင်အားရှိပြီး အခြေအနေ အရဖြစ်ကာ တဒင်္ဂမျှသာဖြစ်ပြီး စဉ်ဆက်မပြတ် ဖြစ်ပါသည်။ အကြောင်းတရားများနှင့် အခြေအနေများတို့၏ ကွင်းဆက်သည် အလွန်ရှုပ်ထွေးသည်ဟုတွေးထင်သောကြောင့် အသိဉာဏ်ပညာအရ နားလည်သဘောပေါက်ခြင်း ကို ကျော်လွန်၍ မယုံကြည်နိုင်လောက်အောင် ဖြစ်ပါသည်။ ဤရှုထောင့်မှ ကြည့်လျှင် "ဖြစ်ခြင်း"၊ "သိမြင်ခြင်း"၊ "တွေးတောခြင်း"၏ ရိုးရှင်းသောအချက်သည် . . ဆုပ်ကိုင်ရန်(ဂဟ)၊ တည်ဆောက်ရန်(ကပ္ပန၊ ပါရိကပ္ပန၊ ဝိကပ္ပ) နှင့် အသေးစိတ်ချဲ့ထွင်ရန်(ပပဥ္စ) သဘာဝယိမ်းယိုင်မှုဖြင့် ဖြစ်ပေါ်ပါသည်။ ဤကမ္ဘာ၏ မူလအစ အပါအဝင် အရာ အားလုံးသည် အောက်ဖော်ပြပါ အတွေးများ၊ စိတ်ခံစားမှုများ၊ လုပ်ရပ်များ စသည်တို့၏ အစီအစဉ်အပေါ်

အကျိုးဆက်တစ်ခု ရှိပါသည်။ ၎င်း၏ နောက်တကျော့ ပေါက်ဖွားမှုဖြစ်စေသော စက်ဝိုင်းကဲ့သို့ အကန့်အသတ်မရှိ အဆုံးမဲ့။ . . .

ကံကိုယုံခြင်းနှင့် စိတ်ကူးသက်သက်ဖြစ်ခြင်းမှ ဝေးကွာသော ဤအမှတ်သညာဖြစ်စဉ်၏ ဤဗုဒ္ဓဘာသာ ဖော်ပြချက်တွင် "အထောက်အကူ"ဟူသော အတွေးအခေါ်သည် ယင်းကို ကြားသိလိုသူအားလုံးတို့အား လူတို့တွင် အသိရှိခြင်းကဲ့သို့ အချို့သောအရာများအပေါ် လက်တွေ့ကျပြီး ချက်ချင်းလက်ငင်း ကိုင်တွယ်နိုင်ခွင့်ရှိသည့်အချက် ကို သတိပေးပါသည်။ တနည်းဆိုရသော် ဤနေရာတွင် ဖိတ်ခေါ်မှုသည် စိတ်၏အတွင်းသန္တာန်လုပ်ဆောင်မှုများ အား လျစ်လျူရှုခြင်းကို ထပ်ခါတလဲလဲပြုလုပ်သည့်အလေ့အထတစ်ခုမှ သတိတရားနှင့် တစ်ဦးချင်း "တာဝန်ယူမှု" ဆီသို့ တဒင်္ဂပြောင်းလဲနိုင်သောအင်အားဆီသို့ ရွှေ့ပြောင်းရန် ဖြစ်ပါသည်။ ဤသည်မှာ ဗုဒ္ဓအား ရည်ညွှန်းသော ပထမဆုံးကျမ်းစာများမှဖြစ်ပြီး ဆိုလိုသည်မှာ ဓမ္မစက္ကပဝတ္တနသုတ္တန်နှင့် အနတ္တလက္ခဏာသုတ္တန်ဖြစ်ပြီး နောင်အခါ မဟာယာနကျမ်းများဖြစ်သည့် ပညာပါရမီကျမ်း (Astasāhasrikā Prajñāpāramitāsūtra)နှင့် "တစ်စုံတစ်ဦး မှီခို အားထားနိုင်သောအရာ"ကိစ္စကို ကိုင်တွယ်ဖြေရှင်းခြင်း သီးခြားတာဝန်ယူထားသော DDV ကဲ့သို့သော ကျမ်းစာများ ဖြစ်ပါသည်။ ကျွန်ုပ်၏အမြင်အရ ဤ "အထောက်အကူ"အတွေးအခေါ်သည် ဗုဒ္ဓဘာသာ[21]နှင့် IHL အကြား ဆက်စပ်မှုကို ဆန်းစစ်ရာတွင် အဓိကကျပါသည် - ၎င်းသည် လူသားတိုင်းတွင် အလုပ်ခွင်၌ ဖြစ်နိုင်သည့် "အားလုံး နှင့်သက်ဆိုင်သည့်ကမ္ဘာလုံးဆိုင်ရာအခြေခံမှု"ပေါ် ဗဟိုပြုထားသည့်အပြင် ၎င်းအား အကောင်အထည်ဖော်မှု အတွက် ကြောင်းကျိုးပြချက်ပေါ်လည်း ဗဟိုပြုထားပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာရှုထောင့်မှကြည့်လျှင် လက်နက်ကိုင်ပဋိပက္ခတွင် စိတ်၏ လုပ်ဆောင်မှုများကို အသိအမှတ်မပြုပါက လက်ရှိအခြေအနေအတွက် သင့်လျော်သောတုံ့ပြန်မှုကို မပေးနိုင်ပေ။ လုပ်လေ့လုပ်ထ ပုံမှန် အခြေအနေအတိုင်း မျက်ကန်း တုံ့ပြန်မှုများသည် မိမိကိုယ်ကို သို့မဟုတ်/နှင့် အခြားသူများအတွက် ဆင်းရဲဒုက္ခ ဖန်တီးရန် ချည်နှောင်ခံထားရခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်နည်း။ တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်းတို့သည် အခြေအနေတစ်ခု၏ တိကျမှုနှင့်အညီ မဟုတ်သောကြောင့် ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့်လည်း မှန်ပါသည်။

ဤရှေးဟောင်းကျမ်းစာများအရ အမှန်တကယ်ရှုပ်ထွေးပြီး လုပ်ကြံဖန်တီးထားသော အခြေအနေကို နားလည်လက်ခံနိုင်သောအခါ ကျင့်ဝတ်ဆိုင်ရာအပြုအမူသည် တိကျသောတုံ့ပြန်မှုတစ်ခုဖြစ်နိုင်ပြီး ဆင်းရဲဒုက္ခကို လျှော့ချခြင်းတွင် အဓိကသော့ချက် ဖြစ်နိုင်ပါသည်။

ဤအလားတူပုံသဏ္ဌာန်အတိုင်း ဇီဝဗေဒပညာရှင်၊ ဒဿနိကဗေဒပညာရှင်နှင့် အာရုံကြောသိပ္ပံပညာရှင် ဖရန်စစ္စကို ဗာရယ်လာ Francisco Varela[22](1999)သည် "ကိုယ်ကျင့်တရားနားလည်ကျွမ်းကျင်မှု၊ လုပ်ဆောင်မှု၊ အသိပညာနှင့် သိမြင် မှု"(Ethical Know-How, Action, Wisdom, and Cognition) အမည်ရှိ ၎င်း၏ တိုသော်လည်း စိတ်ဝင်စားဖွယ်ကောင်းသောစာအုပ်မှ ကိုယ်ကျင့်တရားဆိုင်ရာ အယူအဆကို တကျော့ပြန်စိစစ်ပြီးနောက် ကိုယ်ကျင့်သိက္ခာ အလိုအလျောက်သဘောသက်ဝင်ခြင်းတွင် လေ့ကျင့်ရေးကို တောင်းဆိုထားပါသည် -

> ပထမဆုံး နီးစပ်သောခန့်မှန်းချက်အဖြစ် ပညာရှိ(သို့မဟုတ် သီလရှိသူ)ဆိုသည်မှာ ကောင်းသော အရာကို သိရှိပြီး ကောက်ကာငင်ကာ ထိုကောင်းသောအရာကို လုပ်ဆောင်သူဟု ဆိုပါရစေ။ ယင်းသည် ကျွန်ုပ်တို့ အသည်းအသန် ဝေဖန်ဆန်းစစ်လိုသော သိမြင်မှတ်သားမှုအမှတ်သညာနှင့် လုပ်ဆောင်မှု၏ နီးစပ်မှု ဖြစ်ပါသည်။ ဤချဉ်းကပ်မှု သည် ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူကို စုံစမ်းစစ်ဆေးသည့် ပုံမှန်နည်းလမ်းနှင့် သိသိသာသာ ဆန့်ကျင်ဘက်သဘော ဖြစ်နေပြီး လုပ်ရပ် တစ်ခု၏ ရည်ရွယ်သောအကြောင်းအရာကို ပိုင်းခြားစိတ်ဖြာစိစစ်ခြင်းဖြင့် စတင်ကာ သီးခြား ကိုယ်ကျင့်သိက္ခာဆိုင်ရာဆင်ခြင်တုံတရားများ၏ ကျိုးကြောင်းဆီလျော်မှုကို အကဲဖြတ်ခြင်းဖြင့် အဆုံးသတ်ပါသည်။ (1999,4)

၎င်း၏တွေ့ရှိချက်များနှင့်အတူ ဗာရယ်လာက သင့်လျော်သော အသိပညာစံနှုန်းများပေါ် ဗဟိုပြုပြီး ရုတ်ခြည်း အမြင် (immediate perception)ပေါ် အခြေခံကာ ခိုင်မာသော ရှင်သန်နေသည့်တိုက်ရိုက်အတွေ့အကြုံအဖြစ်

ယင်းတို့ကို ဖွင့်ဆိုပါသည်။ Varela သည် ဤပုံဖော်ထားသည့် လုပ်ဆောင်မှုအတွေ့အကြုံများကို မွေးရာပါ ဉာဏ်ပညာ အမြော်အမြင်နှင့်အတူ ပေါင်းစပ်ထားပါသည်။ ဤနေရာတွင် ၎င်းက စဉ်းစားဆင်ခြင်ခြင်းနှင့် ပိုင်းခြားစိတ်ဖြာစိစစ်ခြင်း၏ အရေးပါမှုကို မငြင်းသော်လည်း ကိုယ်ကျင့်တရားနှင့်ပတ်သက်သည့် ဆွေးနွေးမှုများ တွင် သိမြင်မှုပုံစံနှစ်ခုလုံး (ပိုင်းခြားစိတ်ဖြာလေ့လာမှုနှင့် ချက်ချင်းလက်ငင်း)ကို ထည့်သွင်းစဉ်းစားရန် လိုအပ် ကြောင်း ၎င်းက အခိုင်အမာ ပြောဆိုပါသည် -

> တနည်းဆိုရသော် သိမြင်မှုဆိုင်ရာသိပ္ပံပညာ(cognitive science)သည် ထိုနေရာတွင်ရှိနေရုံ၊ ချက်ခြင်းဖြေရှင်းခြင်း၊ ရိုးရှင်းသော သို့မဟုတ် အလိုအလျောက်မှ အလှမ်းဝေးကွာသည် ဆိုသည့် ရိုးရှင်းသောအချက်ကို သတိပြုမိလာစေပါသည်။ ချက်ချင်းဖြေရှင်းခြင်းသည် စင်စစ်တွင် ဖွံ့ဖြိုး တိုးတက်လာရန် အချိန်အရှည်ကြာဆုံးယူသည့် ဆင့်ကဲပြောင်းလဲမှု ဖြစ်သောကြောင့် တကယ့် "ကြိုးစားအားထုတ်မှု" ဖြစ်ပါသည်။ အသေးစိတ်ခွဲခြမ်းစိတ်ဖြာမှုများအတွင်း ရည်ရွယ်ချက်ရှိရှိ ကျိုးကြောင်းဆီလျော်သော ပိုင်းခြားစိတ်ဖြာစိစစ်မှုများကို ပြုလုပ်နိုင်စွမ်းသည် ဆင့်ကဲဖြစ်စဉ်များ အရ မကြာသေးမီကမှသာ အလွန်လျင်မြန်စွာ ပေါ်ပေါက်ခဲ့ပါသည်။ (1999,18)

ဗာရယ်လာအတွက် ဗုဒ္ဓဘာသာအဆုံးအမများစွာ၏ချဉ်းကပ်မှုနှင့်အမြင်သည် သိပ္ပံနည်းကျသုတေသနများနှင့် လုံးဝ ကွဲပြားခြားနားသော်လည်း ၎င်း၏ အာရုံကြောသိပ္ပံဆိုင်ရာတွေ့ရှိချက်များနှင့်အညီဖြစ်သည်ဆိုသောအချက် ကို သံသယ မရှိပါ။ ၎င်းအတွက် ပိုအရေးကြီးသည်မှာ ဤဒေသနာတော်များသည် သဘာဝအလျောက် မွေးရာပါ အရည်အချင်းများကို အညစ်အကြေးကင်းစင်စေရာတွင် လေ့ကျင့်ရေးအတွက် ဖြစ်နိုင်သော လမ်းညွှန်များစွာထဲမှ တစ်ခုအဖြစ်လည်းကောင်း၊ သဘာဝကျသောလေ့ကျင့်မှုအမျိုးအစားတစ်ခုအဖြစ်လည်းကောင်း လုပ်ဆောင်နိုင်ပါ သည်။ ဤသည်မှာ IHL ပညာရှင်များအတွက် နောက်ထပ် သုတေသနပြုရန် ဖြစ်နိုင်သော လမ်းကြောင်းတစ်ခု ဖြစ်နိုင်ပါသည်။

အတိုချုပ်အားဖြင့် ဤအပိုဒ်၏ ပထမပိုင်းက အခြေအနေတစ်ခုအား စဉ်းစားဆင်ခြင်သောအခါ ထည့်သွင်း စဉ်းစားရန် အနည်းဆုံး အပြန်အလှန်အကျိုးပြုသော ဖြစ်စဉ်နှစ်ခုရှိသည်ဟု ဆိုထားပါသည်။ ဤအပြန်အလှန် အကျိုးသက်ရောက်သော ဖြစ်စဉ်နှစ်ခုသည် ဆန့်ကျင်ဘက်လက္ခဏာနှစ်ရပ်ဒွန်တွဲမှုနှင့်သက်ဆိုင်သော (dualistic) စဉ်းစားတွေးခေါ်မှုကို ဖော်ထုတ်ရန် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည် -

(၁) သက်ရှိတစ်ခုချင်းစီနှင့် ၎င်းတို့၏ 'သိမြင်မှုအမှတ်သညာ' ဖြစ်စဉ် (ပြုသူ - subject)

(၂) တစ်ဦးချင်းစီတို့အတွက် ပတ်ဝန်းကျင်က ယူဆောင်သောပုံစံ (အပြုခံရသူ - object)

ဤအချက်မှာ အစောပိုင်း အိန္ဒိယ အမြင်တူသူအုပ်စုများထံမှ အတုခိုးထားသော ဂန္ထဝင် အိန္ဒိယ တင်ပြပုံတစ်ခု ဖြစ်ပါသည် - အထောက်အကူအဖြစ် လုပ်ဆောင်နေသော ထည့်စရာ (ဥပမာ ပတ်ဝန်းကျင် သို့မဟုတ် သားအိမ်) ရှိပါသည်။ ထို့အပြင် အထောက်အကူပေးထားသောအရာအဖြစ် လုပ်ဆောင်ခြင်း (ဆိုလိုသည်မှာ သက်ရှိများ၊ မျိုးစေ့များ သို့မဟုတ် အလားအလာများ) ရှိပါသည်။[23] ယင်းကို စိတ်နှင့် အကြောင်းအရာ ဆိုလိုသည်မှာ တစ်ဦးချင်း ၏ စိတ်နှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်တို့အကြား ပိုင်းခြားမှု တစ်ခုအဖြစ်လည်း ကျွန်ုပ်တို့ မျှော်လင့်နိုင် သော်လည်း DDV သည် စိတ်၏ ယေဘုယျအရေးပါမှုအပေါ် အခိုင်အမာပြောပါသည်။ ဆင်းရဲဒုက္ခသည် ဤ ပြောင်းလဲစေနိုင်သောအင်အားရှိ တစ်ဦးချင်းပုဂ္ဂိုလ်များ၏ အတွေ့အကြုံအတွင်း၌ ဖြစ်ပွားပါသည်။ တနည်းဆိုရ သော် DDV ၏ရှုထောင့်မှကြည့်လျှင် သိမြင်မှတ်သားမှုသညာ၏ တက်ကြွသောလုပ်ငန်းစဉ်မရှိဘဲ ဤလောက၏ အတွေ့အကြုံ မရှိပါ။ သိမြင်မှုဖြစ်စဉ်မရှိဘဲ ဆင်းရဲဒုက္ခအတွေ့အကြုံ မရှိပါ။ တစ်စုံတစ်ဦး၏ပန်းတိုင်သည် ဆင်းရဲ ဒုက္ခလျှော့ချရန်ဖြစ်လျှင် သိမြင်မှုဖြစ်စဉ်ကို အခြားအရာအားလုံးအခြေပြုနိုင်သည့် "အဆောက်အအုံအကွက်" အဖြစ် ထည့်သွင်းစဉ်းစားရမည်ဟု အကြံပြုထားပါသည်။ ဤရှုထောင့်မှကြည့်လျှင် အတွင်းနှင့်အပြင်အကြား ပိုင်းခြားမှု (ဒွန်တွဲမှု)သည် အစစ်အမှန်အရှိတရားထက် ပိုမိုထင်ရှားပါသည်။ သိမှုဖြစ်စဉ်သည် အခြေအနေများ အားလုံးတွင် အဆုံးအဖြတ်ပေးသောအရာ ဖြစ်ပါသည်။ ထို့ကြောင့် အပိုဒ်(၁၂)၏ နောက်ဆုံးအပိုင်းတွင် DDV သည် သိမြင်မှုဖြစ်စဉ်ကို ရှုထောင့်နှစ်ရပ်အဖြစ် ပိုင်းခြားထားပါသည် - "စာပိုဒ်(၁၂)တွင် DDV သည် အသိအမြင်ဖြစ်စဉ်ကို

ရှုထောင့်နှစ်ရပ်အဖြစ် ထပ်မံခွဲခြားထားနိုင်ခြေရှိပါသည်။ "သက်ရှိတို့"၏ အတွေ့အကြုံသည် ၎င်းတို့က မှျဝေသည့် အရာများ (ဆက်နွှယ်ပေါ်ထွက်လာသည့်အရာများ)နှင့် ၎င်းတို့က မှျဝေခြင်းမရှိသည့် အရာများ (ရင်းနှီးကျွမ်းဝင်သောနှင့် ကိုယ်ပိုင်ဖြစ်သော)အဖြစ် ခွဲခြားနိုင်မှုအပေါ် မှီခိုနေပါသည်။[24]

အပိုဒ် (၁၂)၏ ပထမပိုင်းနှင့် နောက်ဆုံးအပိုင်းကို ပေါင်းစပ်လိုက်သောအခါ ယေဘုယျအားဖြင့် အခြေအနေများကို ဆန်းစစ်လေ့လာရန်အတွက် ကျွန်ုပ်တို့ မူဘောင်သုံးပိုင်းဖြင့် အဆုံးသတ်ထားပြီး အထူးသဖြင့် IHL အတွက် ဤနေရာတွင် ပိုမိုတိကျစွာ အဆုံးသတ်ထားပါသည် –

(၁) သက်ရှိတို့ မှျဝေပုံရသောအရာ (အပြုခံရသူ - object)

(၂) အပြန်အလှန်မှီခိုခြင်းဖြင့်မှျဝေသည့်အရာ (ဆက်သွယ်မှု)

(၃) မှျဝေခြင်းမရှိသောအရာ သို့မဟုတ် တစ်ဦးချင်းစီနှင့် အကျွမ်းတဝင်ရှိသောအရာ (ပြုသူ - subject)[25]

ဤမူဘောင်၏ ပထမအချက်သည် သဘာဝပတ်ဝန်းကျင်နှင့် ပြင်ပအခြေအနေများကို ရည်ညွှန်းပါသည်။ "ဖြစ်ဟန်တူသည်"ဟူသော အသုံးအနှုန်းသည် ဆင်းရဲဒုက္ခနှင့်ပတ်သက်သော အမှန်တရားကို အလေးထားပြီး စိတ်ကို ပထမဆုံးနေရာ၌ ထားပါသည်။ ပြင်ပအခြေအနေများ၏အတွေ့အကြုံသည် စိတ်ပေါ်မူတည်ပါသည်။ ဒုတိယအချက်မှာ အခြေအနေတစ်ခု၏ ဆက်နွှယ်မှုအရဖြစ်သောကဏ္ဍကို ရည်ညွှန်းပါသည်။ DDV သည် ဆက်နွှယ်မှုအရဖြစ်သော လုပ်ဆောင်မှုများအားလုံးကို အပြန်အလှန်အသွားအပြန်သဘော ဖြစ်ပေါ်စေပြီး အဆုံးအဖြတ်ပေးကြောင်း ဤနေရာတွင် ညွှန်ပြပါသည်။[26] ၎င်းတို့သည် အပြန်အလှန်အမှီသဟဲပြုနေပြီး တသီးတခြားမဟုတ်ဆိုသည့်အချက်ဖြင့် ၎င်းတို့သည် နှစ်ခုမဟုတ်ဆိုသည်ကို ကျွန်ုပ်တို့ ပြောနိုင်ပါသည်။ သိမြင်မှတ်သားမှုဖြစ်စဉ်ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှုရှိလာသည်အထိ ဆက်ဆံရေးများအားလုံးသည် ထပ်တလဲလဲပုံစံများဖြင့် အချင်းချင်း ချိတ်ဆက်နေပါသည်။ တတိယမြောက်လိုအပ်ချက်သည် အာရုံခံအသိစိတ်များ (အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့)ကို ရည်ညွှန်းပြီး ယင်းတွင် တွေးခေါ်မှုများနှင့် လေ့ကျင့်ပေးမှုအင်အားနှင့်အတူ အပြန်အလှန်အကျိုးပြုနေသည့် စိတ်ပိုင်းဆိုင်ရာသိမြင်စိတ်ကို ကျွန်ုပ်တို့ ထပ်ဖြည့်ထားပါသည်။ ဤမူဘောင်သုံးပိုင်း၏ တတိယလိုအပ်ချက်သည် ဤလောကနှင့် ပတ်သက်ဆက်နွှယ်မှုများ(ဆိုလိုသည်မှာ "သိမြင်မှတ်သားမှုဖြစ်စဉ်" ပေါ်တွင်)အား တစ်စုံတစ်ဦး တွေ့ကြုံရသည့်နည်းလမ်းပေါ် ဗဟိုပြုပါသည်။ တနည်းဆိုရသော် သံသရာလည်ရန် ၎င်းသည် အဆုံးအဖြတ်ပေးသောအရာ ဖြစ်ပါသည်။ ပဋိပက္ခကာလများတွင်ပင်လျှင် စိတ်သည် ပထမဆုံးနေရာ ဖြစ်ပါသည်။ ထို့ကြောင့် IHL အတွက် ဤအချက်သည် မည်သည်ကို ဆိုလိုသနည်း။ ဤ စိတ်အတွင်းပိုင်းလုပ်ငန်းစဉ်သည် လက်နက်ကိုင်ပဋိပက္ခအတွင်း အရပ်သားလူထုနှင့် စစ်သားများနှင့် မည်သို့သက်ဆိုင်သနည်း။

လက်နက်ကိုင်ပဋိပက္ခအခြေအနေတွင် ဗုဒ္ဓဘာသာလမ်းစဉ်နှင့်ပတ်သက်၍ ဖော်ဆောင်ရမည့် အရည်အသွေးများစွာရှိသည့်အနက် သည်းခံခြင်း(ခန္တီ) - အကြမ်းမဖက်သော ဆက်သွယ်ခြင်းပုံစံ သို့မဟုတ် လေ့ကျင့်မှုပုံစံသည် အထူးအရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ပါဠိအသုံးအနှုန်း "ခန္တီ"နှင့် တူညီသောအဓိပ္ပါယ်ကို ဆာဆာခီ(Sasaki)[27]က ၎င်းတို့၏ ပါဝင်ပတ်သက်မှုနှင့်အတူ မိမိကိုယ်တိုင် သို့မဟုတ် သူတစ်ပါးကိုမထိခိုက်စေဘဲ အရာရာတိုင်းနှင့်/သို့မဟုတ် အမြင်များအပေါ် အေးဆေးစွာ ထိတွေ့ဆက်ဆံရန် "စိတ်ဆန္ဒ"ဟု ဖော်ပြထားပါသည်။ ဤအသုံးအနှုန်းဖော်ပြချက်တွင် တစ်စုံတစ်ယောက်၏အမြင်များနှင့် လုပ်ဆောင်ချက်များ၏ အကျိုးဆက်များသည် ဤကိစ္စ၏ဗဟိုအချက်အချာတွင် ရှိပါသည်။ ဤနေရာ၌ မည်သည့်အမြင်တွင်မဆို ၎င်း၏အကျိုးဆက်များရှိပြီး နှစ်ခုခွဲ၍တွဲမနေသောအမြင်(non-duality)သည် အကောင်းဆုံး ရလဒ်များကိုထွက်ပေါ်စေမည်ဟု ထင်မြင်ယူဆပါသည်။ လက်တွေ့အားဖြင့် မိမိနှင့် အခြားသူများအကြား တသီးတခြားဖြစ်မှုအမြင်ကို အရှိတရားအဖြစ် ဆုပ်ကိုင်သောအခါ အကျိုးဆက်သည် ဆင်းရဲဒုက္ခ၊ စိုးရိမ်ပူပန်မှုတို့ ဖြစ်ပါသည်။ ယင်းကို လှည့်စားခြင်းဟု ရှုမြင်သောအခါ၌ သည်းခံခြင်းကိုကျင့်သုံးမှု၏အရေးပါမှု(ခန္တီ သို့မဟုတ် မည်သည့်အရာနှင့်မဆိုရှိနေသည်ဖြစ်စေ မတုန်လှုပ်ခြင်း)နှင့် "ကိုယ့်"ဘက်ကသူများအတွက်ရော "တခြား"ဘက်ကသူများအတွက်ပါ အကျိုးပြုမှု(မေတ္တာ)ကို လက်ခံလိုက်ခြင်း

က ပိုမိုကောင်းမွန်ပါသည်။ အဓိကအချက်သည် အကောင်းဆုံး ရလဒ် ထွက်ပေါ်စေသည့် အာရုံခံစားမှုတွင် စိတ်၏ လုပ်ဆောင်မှုများကို နားလည်သဘောပေါက်ခြင်းတွင် ရှိပါသည်။

DDV ၏ မူဘောင်တွင် လေ့ကျင့်ပေးမှုအင်အားသည် လက္ခဏာနှစ်ရပ်ဒွန်တွဲနေမှုအသွင်အပြင် (ဆိုလိုသည်မှာ ပြုသူနှင့် အပြုခံရသူကြား လုံးဝ တသီးတခြားဖြစ်မှု)သည် ယင်းပေါ်လာသည့်နည်းလမ်းအတိုင်း အမှန်တကယ် မတည်ရှိဟူသော ကောက်ချက်ဆီသို့ ဦးတည်စေပါသည်။ မည်သို့နည်း။ အမှတ်သညာဟူသောအရာကို သတိပြုမိစေရန် ဆောင်ကြဉ်းပေးသောအခါ အမှတ်သညာ၏ဖြစ်စဉ်သည်(ဆိုလိုသည်မှာ ဆုပ်ကိုင်ခြင်း၊ တည်ဆောက်ခြင်းနှင့် အသေးစိတ်ချဲ့ထွင်ခြင်း)ဖြစ်ပွားခဲ့ပြီးသားဖြစ်သည်ဟု ဆိုပါသည်။ အမှန်တကယ်တွေ့မြင်ရသောအရာ(ဥပမာ- ရန်သူ)သည် ဤနည်းလမ်းဖြင့်ပေါ်လာစေရန် စိတ်ပိုင်းဆိုင်ရာအရ စီစဉ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မြင်တွေ့နေရသောအရာသည် ထို"အရာဝတ္ထု"ကိုယ်တိုင်မဟုတ်ဘဲ ထို"အရာဝတ္ထု"၏ ဖွင့်ဆိုချက်တစ်ခုသာ ဖြစ်ပါသည်။[28] အမြင်အားလုံးမှာ လုပ်ဇာတ်များသာဖြစ်ပြီး ပေါ်လာသည့်ပုံပန်းသွင်ပြင်အားလုံးသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျှသာ ဖြစ်ပါသည်။[29] အမြင်များကို တစ်ဦးချင်း၏ ပင်ကိုယ်ဗီဇခံတတ်ခံများဖြင့် အဆိုးမြင်သဘောလွှမ်းမိုးပုံဖျက်ပြီး ယခင်အတွေ့အကြုံများက လုပ်ကြံဖန်တီးပြီး ပုံစံသွင်းကြပါသည်။

လက္ခဏာနှစ်ရပ်ဒွန်တွဲနေမှု၏ အသွင်အပြင်သည် တမင်တကာမလုပ်ဘဲ သူ့အလိုအလျောက် ဖြစ်ပေါ်လာသော်လည်း အမှတ်သညာသည် တစ်စုံတစ်ဦး၏ ကိုယ်ပိုင် သိမြင်မှတ်သားမှုဖြစ်စဉ်မှပေါ်ထွက်လာသည့် ရလဒ်ဖြစ်သောကြောင့် ယင်းသည် လှည့်စားခြင်း ဖြစ်ပါသည်။ ပြုသူနှင့် အပြုခံရသူအကြား ပိုင်းခြားမှု မည်သို့မျှ မဖြစ်နိုင်ပါ။ လက္ခဏာနှစ်ရပ်ဒွန်တွဲနေမှုသည် တံလျှပ်၊ စိတ်၏လှည့်စားမှု သို့မဟုတ် မျက်လှည့်ပြကွက်တစ်ခုအဖြစ် တစ်ဦးချင်းစီတွင် ပေါ်လာပါသည်။ ထို့ကြောင့် ဆင်းရဲဒုက္ခကိုလျှော့ချရန် စူးစမ်းရှာဖွေရာတွင် သံသယကင်းသော ယုံကြည်မှုနှင့် နှစ်ခုဒွန်တွဲနေသောအမြင်ပေါ်မှီခိုအားထားမှုတို့ကို ရန်လိုမှု/အဝိဇ္ဇာ၏ အသိမ်မွေ့ဆုံးသောပုံစံအဖြစ်လည်းကောင်း၊ ပဋိပက္ခများနှင့်ဆင်းရဲဒုက္ခအားလုံးတို့၏ အခြေခံအဖြစ်လည်းကောင်း သတ်မှတ်ပါသည်။ ဤပိုင်းခြားစိတ်ဖြာမှုနှင့် ဤနမူနာများနှင့်အတူ တစ်ဦးချင်းအနေဖြင့် ဒွန်တွဲနေသောအမြင်များနှင့် လုပ်ကိုင်ရန် ကျွန်ုပ်တို့အားလုံးကို ချည်နှောင်ထားကြောင်း နားလည်ထားသော်လည်း ၎င်း"ဖြစ်စဉ်"၏ လှည့်စားခြင်းကိုမခံရစေရန်အတွက် ကျွန်ုပ်တို့ လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်းကို နားလည်သဘောပေါက်ခြင်းဖြင့် အဆုံးသတ်ထားပါသည်။ မျက်လှည့်ဆရာ၏ဦးထုပ်ထဲမှ ယုန်တစ်ကောင်ထွက်လာသည်ကို မြင်သည့်အခါကဲ့သို့ ဖြစ်စဉ်တစ်ခုသည် လှည့်စားမှုနောက်ကွယ်တွင် ရှိနေသည်ကို နားလည်နိုင်ပါသည်။

ဇင်ဓလေ့ထုံးစံလွှမ်းမိုးသော ဗုဒ္ဓဘာသာလူမှုရေးသီအိုရီကိုရှာဖွေရာတွင် ဂျုန်းစ် - Jones (2003)သည် ထိုသို့သော ဖြစ်နိုင်ခြေ၏အကျိုးဆက်များကို ဤသို့ ဆန်းစစ်ထားပါသည် - "အတ္တ(ပြုသူ)က အားလုံးထံမှ ၎င်း၏ တသီးတခြားခွဲခြားခြင်းစိတ်ခံစားမှုကို အရှည်တည်တံ့စေရန် ၎င်း၏ ရုန်းကန်မှုကို စွန့်လွှတ်လိုက်သောအခါ အခြားသူ(အပြုခံရသူ)ကို တစ်သားတည်းအညီအညွတ် ဖြစ်စေပါသည်။ (2003, 14)[30] တနည်းအားဖြင့်ဆိုရသော် ဓမ္မဆိုင်ရာ အမြင်ကို ၎င်း၏ ညီညွတ်မှုနှင့် "မှန်ကန်မှု(သစ္စာ)"တို့အရသာမက တစ်ဦးချင်းနှင့် အပေါင်းအစုဖြစ်သော အရှိတရားများအပေါ်တွင် သွယ်ဝိုက်ပါဝင်ပတ်သက်မှုများနှင့် တန်ပြန်ဂယက်ရိုက်ခတ်မှုတို့အရ ဆန်းစစ်အကဲဖြတ်ထားပြီး အသိအမှတ်ပြုထားပါသည်။ အခြားသူများမှ၊ လောကမှနှင့် သဘာဝတရားတို့ထံမှ တသီးတခြားခွဲခြားသော စိတ်ခံစားမှုသည် အဓိပ္ပာယ်ကောက်လွဲမှားစေရုံသာမက တင်းမာမှု၊ ပဋိပက္ခနှင့် ဆင်းရဲဒုက္ခများ ဆီသို့လည်း မလွဲမသွေ ဦးတည်သွားစေပါသည်။ ထို့ကြောင့် ဩစတြေးလျဒဿနပညာရှင် ချက်ဒါ - Chadha(2018)က "ဤနေရာတွင် ဒွန်တွဲမှုမရှိခြင်း(အမှီအခိုကင်းသောအတ္တ/ပြုသူ(subject)၏ ဖြစ်တည်မှုမရှိခြင်း)နှင့်အတူ တွဲလျက်ရှိသော အပြန်အလှန်အမှီသဟဲပြုမှုအမြင်သည် ပိုင်းခြားစိတ်ဖြာစိစစ်မှုအတွက် ယုတ္တိတန်သော သုံးသပ်ချက်ဖြစ်သည်သာမက ပိုမိုနှစ်သက်ဖွယ်ရာ ကိုယ်ကျင့်တရားနှင့်ဆိုင်သော ရပ်တည်ချက်လည်း ဖြစ်ကြောင်း ဤသို့ဆိုပါသည် - "ဗုဒ္ဓဘာသာ၏ လောကကိုရှုမြင်ရာတွင် ပိုမိုကောင်းမွန်သော အတွေးအခေါ်နည်းလမ်းဖြစ်သည့် အဘိဓမ္မာတရားသည် အသိဉာဏ်ပညာအရလည်းကောင်း၊ ကိုယ်ကျင့်တရားအရလည်းကောင်း နှစ်သက်ဖွယ်ရာ အတ္တကင်းမဲ့သည့် လောကအမြင်ကိုပေးရန် ရည်ရွယ်ပါသည်။"(2018, 1) ဤနေရာတွင် ချက်ဒါသည် အဘိဓမ္မာအမြင်နှင့်ပတ်သက်၍ အထူးတလည် ရေးသားထားသော်လည်း အတ္တနှင့်ပတ်သက်သော ၎င်း၏

ဖော်ပြချက်သည် ဗုဒ္ဓဘာသာဂိုဏ်း အများစု၏ အတွေးအခေါ်များနှင့် သက်ဆိုင်ပါသည်။ ဥပမာအားဖြင့် DDV တွင် ဒွန်တွဲမှုမရှိခြင်း(non-duality)က ယင်းကို သိမြင်ထားသည့် ပြုသူ(subject)မရှိဘဲ အပြုခံရသူ(object)ဆိုသည့် အမြင်မရှိသည့်အပြင် အပြန်အလှန်အားဖြင့် ၎င်းတို့သည် အချင်းချင်းအပြန်အလှန်အမှီသဟဲပြုနေကြသည်ဟု ညွှန်ပြထားပါသည်။

ပို၍အရေးကြီးသည်မှာ ချက်ဒါက ကိုယ်ကျင့်တရားများသည် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုမှ တသီးတခြား ခွဲခြားထားခြင်းမဟုတ်(ဥပမာ - အပြန်အလှန်အမှီသဟဲပြုမှုအမြင်အား မှတ်မိစေသည့်မှတ်ဉာဏ်)ဟု ဆိုလိုပါသည်။ ဒီဃနိကာယ် (Dīgha Nikāya I.124) တွင် ကိုယ်ကျင့်သီလနှင့် ဉာဏ်ပညာသည် တစ်ဘက်နှင့်တစ်ဘက် ဆေးကြောနေသည့် လက်နှစ်ဘက်နှင့်တူသည်ဟု ဆိုပါသည်။ ဒွန်တွဲမှုမဟုတ်သော အသုံးအနှုန်းများတွင် ကိုယ်ကျင့်သီလကို အသိဉာဏ်ပညာ၏ တကယ့်သရုပ်သကန်အဖြစ် နားလည်သဘောပေါက်ထားပါသည်။ လောကတွင်ရှိနေခြင်း၏ အကောင်းဆုံးစံနမူနာပြနည်းလမ်းမှ ၎င်းသည် လုပ်ဆောင်ချက်တွင် သဘာဝအတိုင်း ရှင်သန်နေသော အတွေ့အကြုံတစ်ခုအဖြစ် အဆင့်ဆင့်တိုးတက် ဖြစ်ပေါ်လာပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူသည် ပေါ်လာသည့်အရာနှင့်အတူ ရှိနေလိုသော ဆန္ဒရှိမှုနှင့် သန္နိဋ္ဌာန် ဖြစ်ပါသည်။ ဤဆန္ဒရှိမှုနှင့်အတူ ၎င်းတို့ကို ငြင်းပယ်ခြင်းနှင့် နှိုင်းရအရှိတရားကိုလမ်းကြောင်းမပျောက်စေဘဲ သို့မဟုတ် ၎င်းတို့အပေါ် စိတ်စွဲလမ်းမှု ဥပဒါန်ဖြစ်ခြင်း (ဆိုလိုသည်မှာ ၎င်းတို့ကို ပုံသေသတ်မှတ်ထားသောအရှိတရားများဖြင့် ပုံဖော်ခြင်း) မရှိစေဘဲ အသွင်အပြင်များအားဖြင့် လှည့်စားခံထားရသည့် တစ်စုံတစ်ဦး၏ကိုယ်ပိုင်အမြင်များနှင့် စိတ်အာရုံမြင်ကွင်းများ အတွက် တာဝန်ယူမှု ဖြစ်လာပါသည်။ အကောင်းဆုံးဖြစ်စဉ်များတွင် ဤတင်ပြချက်သည် မည်သို့သော အနေအထားတွင်မဆို အကောင်းဆုံး အခြေအနေများအား ဖန်တီးမှု၌ ပါဝင်ဆောင်ရွက်ရာတွင် စင်ကြယ်သော အကျင့်သီလ ဖြစ်စေခြင်းကို ပါဝင်ထောက်ကူသော အနေအထားအား ပြန်ပြောင်းအမှတ်ရသည့်အမြင်ဖြင့် ဖော်ထုတ်ပြသနိုင်ပါသည် - တနည်းဆိုရသော် ခက်ခဲသော သဘောထားကွဲလွဲသော အခြေအနေများတွင် စံနမူနာပြဖြစ်သော ကိုယ်ကျင့်တရားဆိုင်ရာအပြုအမူကို ထင်ရှားစေခြင်းသည် အထူး အရေးကြီးပါသည်။

## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် လမ်းညွှန်ချက်

အထက်တွင်ပြထားသည့်အတိုင်း ဤမူဘောင်သုံးရပ်သည် တစ်ဦးချင်းစီအတွက် ၎င်းတို့၏ ကိုယ်ပိုင်အနေအထား ကို ဆန်းစစ်အကဲဖြတ်ရန် စိတ်ဝင်စားစရာကောင်းသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဤရှုထောင့်မှကြည့်လျှင် ဤဖော်ပြချက်သည် တစ်ဦးချင်းဆိုင်ရာ စရိုက်လက္ခဏာများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သော်လည်း တစ်ချိန် တည်းတွင် အဖွဲ့အစည်းများအတွက်လည်း ဆောင်ရွက်ပေးနိုင်ပါသည်။ အရပ်သားလူထု၏ အနေအထားကို အကဲ ဖြတ်သည့်အခါ အဖွဲ့အစည်းများသည် ဤတူညီသောမူဘောင်ကို အသုံးပြုနိုင်ပြီး ထည့်သွင်းစဉ်းစားနိုင်ပါသည် -

(၁) အရပ်သားလူထု၏ ပြင်ပအခြေအနေများနှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ၊

(၂) အရပ်သားလူထုနှင့် ပဋိပက္ခကိုယ်တိုင်၊ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် စစ်သားများနှင့် ဆက်နွယ်မှု၊

(၃) နောက်ဆုံးတွင် လူတစ်ဦးနှင့်တစ်ဦး ကျယ်ပြန့်စွာ ကွဲပြားနိုင်သော တစ်ဦးချင်း အတွေ့အကြုံ။ (စိတ်ပိုင်းဆိုင်ရာနှင့် အနာဂတ် စိုးရိမ်မှုများအပါအဝင်)

ထိုသို့သောအကဲဖြတ်မှုသည် အခြေအနေမှန်ကိုနားလည်ရန် ရိုးရှင်းစွာ ရည်မှန်းထားသော်လည်း တစ်ဦးချင်းစီနှင့် တစ်ဖွဲ့ချင်းစီ၏ ကောင်းကျိုးအတွက် အကောင်းဆုံးအခြေအနေများကို ဖန်တီးပေးလိုသောဆန္ဒဖြင့်လည်း စေ့ဆော် ပေးနိုင်ပါသည်။ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများသည် အုပ်ချုပ်ရေး၊ တရားဥပဒေနှင့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လမ်းညွှန်ချက်များကို ပေးရန် တစ်ခါတစ်ရံ ဤမူဘောင်ကို အသုံးပြုခဲ့ကြပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ အလယ်ပိုင်းတွင် ခရစ်မပေါ်မီ ဘီစီ၂၇၂–၂၃၆ ဝန်းကျင်၌ ဗုဒ္ဓဘာသာဝင်ဘုရင် အသောကမင်း လက်ထက်အတွင်း DDV သီကုံးမှုမတိုင်မီ ရာစုနှစ်များစွာ လည်ပတ်လုပ်ဆောင်ရန် ယင်းကို သတိပြုနိုင်ပါသည်။

အမိန့်ပြန်တမ်း ကျောက်စာနံပါတ် (၄)တွင် ပါရှိသည့်အတိုင်း (၁) လူမှုပတ်ဝန်းကျင်အတွက်၊ (၂) တစ်ဦးချင်းစီ၏ လက်တွေ့ဘဝအတွက် (၃) အသိစိတ်၏လုပ်ဆောင်မှုများနှင့် အနာဂတ်ကာလတွင် ၎င်း၏အကျိုးဆက်များ အပေါ် အဖင် ကိုယ်ရေးကိုယ်တာအခြေအနေနှင့် တစ်ဦးချင်းအတွေ့အကြုံတို့အတွက် အလေးထားစဉ်းစားရမည့် အချက်များ ရှိပါသည်။[31] ဟပ်လ်ချ် - Hultzsch(1925) ၏ ဘာသာပြန်ဆိုချက်သည် အောက်ပါအတိုင်း ဖြစ်ပါသည် –

> အောက်ဖော်ပြပါ ဆန္ဒသဘောထားရှိခြင်းကြောင့် တရားစီရင်ရေးတွင် တပြေးညီရှိမှုနှင့် ပြစ်ဒဏ်များတွင် ခွဲခြားမှုမရှိခြင်း နှစ်ရပ်စလုံးရှိရပါမည်။ (၁)
>
> ထို့အပြင် အကျဉ်းထောင်အတွင်း၌ ရှိနေကြသော ပြစ်ဒဏ်ချမှတ်ထားပြီးသူများ(နှင့်) သေဒဏ်ချမှတ်ထားသူတို့အား သုံးရက် အနားပေးရန် ကျွန်ုပ်က ခွင့်ပြု(ကြောင်း) ယခုချိန်ထိတိုင် ကျွန်ုပ်၏ အမိန့် (ရောက်ရှိစေသည်)။[32]
>
> (ဤနည်းဖြင့်) (၎င်းတို့၏) ဆွေမျိုးသားချင်းများက ၎င်းတို့(Lajukas)ကို အသက်ချမ်းသာ (ခွင့်ပေးရန်) ဖျောင်းဖျလိမ့်မည်(၂) သို့မဟုတ် (၎င်းတို့ကို) ဖျောင်းဖျမည့်သူမရှိလျှင် ၎င်းတို့သည် အခြားသော(လောက)ဘဝတွင် (ပျော်ရွှင်မှုချမ်းသာသုခရရှိစေရန်) အလှူအတန်းများ ပေးလိမ့်မည် သို့မဟုတ် ဥပုသ်သီလဆောက်တည်လိမ့်မည်။ (၃)
>
> ကျွန်ုပ်၏ ဆန္ဒသည် ဤသို့ဖြစ်သောကြောင့် ဤအချိန်ကာလ (အနားပေးမှု) ကုန်ဆုံးခဲ့ပြီးသည့်တိုင် ၎င်းတို့သည် အခြားသော (လောက)ဘဝ၌ (ပျော်ရွှင်မှုချမ်းသာသုခ)ကို ရရှိစေရမည်။ (၃)
>
> (ထို့ကြောင့်) လူတို့အကြားတွင် အမျိုးမျိုးသော ကိုယ်ကျင့်တရားကျင့်စဉ်များ၊ မိမိကိုယ်ကို ထိန်းချုပ်ခြင်း(နှင့်) အလှူအတန်းများဝေငှခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်တိုးမြှင့်လုပ်ဆောင်ပါသည်။ (၂)[33] (အလေးထားမှုအတွက် အမှတ်စဥ်များ ထည့်ထားပါသည်။)

နော်မန် - Norman (1975) သည် အထက်ဖော်ပြပါ အမိန့်ပြန်တမ်း၏ ဆိုလိုချက်ကို ပိုင်းခြားစိတ်ဖြာ လေ့လာခဲ့ပြီး သေဒဏ်ကို ရည်ညွှန်းချက် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအဖြစ်ကို မတွေ့ရှိရပါ။

> ထို့အပြင် ယခုတိုင်အောင်ပင် ဤသည်မှာ ကျွန်ုပ်၏ ကျင့်သုံးမှု ဖြစ်သည်။ ထောင်သွင်းအကျဉ်းချခံရသူများသည် ၎င်းတို့၏ပြစ်ဒဏ်များ ကုန်ဆုံးပြီးသည်နှင့်၊ ရိုက်နှက်မှုများကိုခံယူပြီးသည်နှင့် သုံးရက်ကြာ ခွင့်ပြုချက်ကို ကျွန်ုပ်က ပေးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းပြင် ၎င်းတို့၏ ဆွေမျိုးများက ၎င်းတို့၏အသက်ကို ကယ်တင်ရန် အားကိုးရာစဉ်းစားမှု (၎င်းတို့ကို) ပြုလုပ်ကြလိမ့်မည်။ သေခြင်းကို အမှန်ပင် (ဘဝ၏) အဆုံးသတ်အဖြစ် စဉ်းစားမှု ပြုစေခြင်းငှာ ၎င်းတို့သည် နောက်(လောက)ဘဝနှင့် ဆက်နွယ်သော အလှူတစ်ခုကို ပြုလုပ်ကြလိမ့်မည် သို့မဟုတ် ဥပုသ်သီလဆောက်တည်ခြင်းကို ပြုလုပ်ကြလိမ့်မည်။
>
> ကျွန်ုပ်၏ဆန္ဒမှာ (၎င်းတို့အတွက် ကျန်ရှိနေသော) လက်ကျန်အချိန်အကန့်အသတ်အတွင်း၌ပင် ဤနည်းဖြင့် ၎င်းတို့သည် နောက်(လောက)ဘဝသို့ ရောက်နိုင်နိုင်သည်။ (1975, 21)

ဘာသာပြန်ဆိုမှု ပြဿနာများ ဖြစ်နိုင်သော်လည်း ယဉ်ကျေးမှုမျိုးစုံပါဝင်သော အခြေအနေများတွင် လူသားအချင်းချင်း အပြန်အလှန်အကျိုးပြုမှုကို စုစည်းရန် ကြိုးပမ်းအားထုတ်မှုတွင် ဤမူဘောင်သုံးခုကို အသုံးပြုကြောင်း ဤနေရာ၌ သတိပြုမိနိုင်ပါသည်။ တစ်ဦးချင်းစရိုက်လက္ခဏာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာလေ့ကျင့်သင်ကြားမှုတွင် သီးခြားခွဲထုတ်မရသည့် အရည်အချင်းများဖြစ်သော ရက်ရောမှုစေတနာနှင့် စိတ်အတွင်းသန္တာန်စည်းကမ်းများကို အားပေးပါသည်။ အကျဉ်းသားများအား ဆက်ဆံပုံနှင့်ပတ်သက်သည့် ထုတ်ပြန်ချက်သည် မြေပြင်ရှိ ပေါ်လွင်ထင်ရှားသော အဖြစ်မှန်အရှိတရားများနှင့်သက်ဆိုင်ပြီး တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် တပြေးညီမှုအဖြစ် အကောင်းဆုံး ဖော်ပြခြင်း ဖြစ်နိုင်ပါသည်။

ကျင့်ဝတ်များနှင့် ရှင်းလင်းသောစည်းမျဉ်းများကို လူ့အဖွဲ့အစည်းတစ်ခု၏ ရှေ့နောက်ညီညွတ်သော လုပ်ငန်းဆောင်တာများကို အစီအစဉ်တကျစုစည်းခြင်းနှင့် တစ်ဦးချင်းစီ၏ သာယာဝပြောရေးအတွက် အခြေအနေကောင်းများ ဖန်တီးရာတွင် အဓိကအချက်အဖြစ် တင်ပြထားပါသည်။ ထို့အပြင် မိတ်ဆွေသူငယ်ချင်းများနှင့် မိသားစုများ၏ အခန်းကဏ္ဍကို ကြားဝင်ဆောင်ရွက်နိုင်ခြေရှိခြင်းအားဖြင့် လုပ်ပိုင်ခွင့် ပေးထားပါသည်။ ဤသည်မှာ တရားဥပဒေ၊ ကိုယ်ကျင့်တရားနှင့် ဘာသာရေးအရ စိတ်ကိုလွှမ်းမိုးထားသောအရာများသည် စောင့်ရှောက်မှုနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန် အတူတကွလုပ်ဆောင်မှု၏ ဥပမာတစ်ခု ဖြစ်ပါသည်။ သို့သော် DDV သည် ကိုယ်ကျင့်တရားဆိုင်ရာ ဉာဏ်ပညာ ဖွဲ့စည်းပါဝင်မှုဖြင့် လမ်းညွှန်မှုပေးရန် ၎င်း၏ကြိုးပမ်းအားထုတ်မှုတွင် ၎င်းထက် ပိုမိုသာလွန်ပါသည်။

## ကိုယ်ကျင့်တရား၏အုတ်မြစ်ဖြစ်သော အခြေခံအသိဉာဏ်

"ဆောင်ရန်"နှင့် "ရှောင်ရန်" ဟူသော အသုံးအနှုန်းများတွင် ကိုယ်ကျင့်သိက္ခာ/ကိုယ်ကျင့်တရားအား ကျွန်ုပ်တို့ ပုံမှန် စဉ်းစားမိသည့်တိုင် ကောင်းသောအပြုအမူနှင့် မကောင်းသောအပြုအမူတို့ ဖြစ်သော်လည်း အကျိုးဆက်အားဖြင့် ပဋိပက္ခကာလများတွင် ကောင်းသောအရာ(ကျွန်ုပ်တို့၏ ဓလေ့ထုံးတမ်း/ယဉ်ကျေးမှု)နှင့် မကောင်းသောအရာ (ယင်းကို ခြိမ်းခြောက်သည့်အရာများ) - ဗုဒ္ဓဘာသာရှုထောင့်က ရိုးရှင်းသော ဒွန်တွဲနေသော အနက်အဓိပ္ပါယ်ကောက်ယူမှုနှင့် တုံ့ပြန်မှုများကို ကာကွယ်တားဆီးပေးပါသည်။ စင်စစ် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းသည် ကောင်းမှု(ကုသိုလ်)နှင့် မကောင်းမှု(အကုသိုလ်)အကြား ခွဲခြားမှုပြုသော်လည်း ဒါမီယန် ခီယွန်း - Damien Keown ထောက်ပြသည့်အတိုင်း ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရား(သီလ)သည် စံအဖြစ် သတ်မှတ်ခြင်းမဟုတ်သော်လည်း လုပ်ဆောင်ချက်၏ အကြောင်းတရားများနှင့် အကျိုးတရားများတို့နှင့် သက်ဆိုင်ပါသည်။ (1996, 338) ယင်းက ဆွဲဆောင်မှု၊ မနှစ်သက်မှု၊ မသိနားမလည်မှု လုပ်ဆောင်ချက်တို့၏ အကြောင်းတရားဖြစ်သော ဇာစ်မြစ်များကို ကြည့်ပါသည်။ ယင်းက ထိုလမ်းစဉ်ကိုချမှတ်သည့်အခါ ၎င်းတို့၏ ဆန့်ကျင်ဘက်တရားများကို ကြည့်ပါသည်။ ယင်းက ဤလုပ်ဆောင်ချက်များ၏ အကျိုးရလဒ်များကိုလည်း အလေးပေးမှုတစ်ခုနှင့်အတူ ကြည့်ပါသည် -

- အနာဂတ်ရလဒ်အပေါ် (ရိုးရှင်းမှုမရှိသော ပစ္စုပ္ပန်အခြေအနေ)
- တစ်ဦးချင်း စရိုက်လက္ခဏာ၏ဖွဲ့စည်းမှုပုံစံအပေါ် (ဆိုလိုသည်မှာ လမ်းကြောင်း/ခရီး)
- လွတ်မြောက်မှု သို့မဟုတ် တရားထူးရခြင်းအပေါ်။

အလားတူပင် DDV တွင် ကိုယ်ကျင့်တရားသည် ပညာ(ကရုဏာမှ ခွဲမထုတ်နိုင်သော)နှင့် သေချာပေါက် ချိတ်ဆက်ထားပါသည်။ ဤအခြေခံမူက ကာယကံ၊ ဝစီကံနှင့် မနောကံ၏ လုပ်ဆောင်ချက်များသည် တစ်ဦးချင်းစီ၏ စိတ်ရေစီးကြောင်း (အတွင်းရေးဖြစ်သော တစ်ဦးချင်းအတွေ့အကြုံ) တွင် စွဲထင်စေသောအမှတ်အသားများကို ချန်ရစ်သည့် (ဆန္ဒနှင့်တွဲဖက်နေသောပင်ကိုသဘော) လုပ်ဆောင်ချက်များဖြစ်သည့် ဗုဒ္ဓဘာသာကိုယ်ကျင့်တရားဖြင့် လုပ်ဆောင်ရန် ဆိုပါသည်။ ထို့ကြောင့် ရလဒ်အဖြစ် ဤအမှတ်အသားများသည် အနာဂတ်ဖြစ်ရပ်များ၏အစီအစဉ်အပေါ် လွှမ်းမိုးထားသည့်အပြင် အဆက်အသွယ်များနှင့် လူ့အဖွဲ့အစည်းများ၏ ပြောင်းလဲစေနိုင်သောအင်အားကို လွှမ်းမိုးထားပါသည်။ လုပ်ဆောင်ချက်တစ်ခု၏ အနာဂတ်ရလဒ်များနှင့်ပတ်သက်သည့် အတွေးအခေါ်များသည် တစ်စုံတစ်ခုကို လုပ်ရန် သို့မဟုတ် မလုပ်ရန် ဆုံးဖြတ်ရာတွင် အစိတ်အပိုင်းတစ်ခုဖြစ်နိုင်သည့်တိုင် ဗုဒ္ဓဘာသာရှုထောင့်မှကြည့်လျှင် အတိတ်ဘဝနှင့် အနာဂတ်ဘဝများတွင် ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ လေ့ကျင့်ပေးမှု၏ ပြောင်းလဲနိုင်သောအင်အား ဖြစ်ပေါ်နေပါသည်။ တနည်းဆိုရသော် ၎င်းသည် ပုဂ္ဂိုလ်ရေးမဟုတ်၊ ယဉ်ကျေးမှုမဟုတ်ချေ။ ၎င်းသည် ကြိုက်ခြင်း သို့မဟုတ် မကြိုက်ခြင်းနှင့် မသက်ဆိုင်ပါ။ သို့မဟုတ် ၎င်းသည် တစ်ဦးချင်း၏ အသိစိတ် ဆန္ဒသက်သက်နှင့် မသက်ဆိုင်ပါ။[34] လက်နက်ကိုင်ပဋိပက္ခတစ်ခုအတွင်း တိုက်ပွဲဝင်စစ်သည်၊ အကျဉ်းသား သို့မဟုတ် အရပ်သား တစ်ဦးအတွက် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာအပြုအမူ လုပ်ဆောင်နေမှုများတွင် အတွင်းကျကျ သိမ်းဆည်းထားသော အတွင်းစိတ်သန္တာန်ရှိ စွဲထင်မှတ်သားမှုများနှင့် တွေ့ကြုံမှုသည် သေချာပေါက် ပါဝင်နေပါသည်။ တစ်ဦးချင်းက တွေ့ကြုံခဲ့သည့်အတိုင်း ပြင်ပပဋိပက္ခသည် မလွှဲမရှောင်သာသော

စိတ်အတွင်းသန္တာန် ခရီးတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် အသိစိတ်ဖြင့် နားလည်သဘောပေါက်ခဲ့သောအခါ တင်းမာပြီး ပရမ်းပတာဖြစ်နေသော အခြေအနေများအတွင်း အလုပ်လုပ်နိုင်ရန် ကိုယ်ပိုင်စွမ်းရည်ကို အားကောင်းစေခြင်းတွင် ဝင်ရောက်နှောက်ယှက်မှုတစ်ခု ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် ဤအချက်သည် IHL ၏ အခြေခံမှုများနှင့် ညီညွတ်သည့် အပြုအမူ သို့မဟုတ် ဆန့်ကျင်သည့် အပြုအမူကို မည်သို့လွှမ်းမိုးနိုင်မည်နည်း။ အသောက၏ အမိန့်ပြန်တမ်းနှင့် DDV က ပေးသော မူဘောင်သုံးရပ်တို့နှင့်အတူဖြစ်သည့်အတိုင်း ပြင်ပဥပဒေတစ်ခုသည် (တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် တပြေးညီမှု) ပဓာနကျသော်လည်း ၎င်းသည် အောင်မြင်မှုအတွက် ပါဝင်သည့်အရာများထဲမှ တစ်ခုသာ ဖြစ်ပါသည်။ တစ်ဦးချင်း စရိုက်လက္ခဏာများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားမှုနှင့် ဆက်စပ်နေသော အစစ်အမှန်အရိုတရားတို့အတွက် တစ်ဦးချင်းနှင့် အစုအဖွဲ့တို့၏ အလေးထားအာရုံစိုက်မှုသည်လည်း အရေးကြီးပါသည်။ ဤနေရာတွင် အလေးထားမှုအား ကွဲပြားခြားနားမှုကိုသိမြင်နိုင်သည့် တစ်ဦးချင်းစွမ်းရည်အပေါ်တွင် ထားရှိရန် ဖြစ်ပါသည်။[35] တရားသေဝါဒ(dogma)သို့ ဦးတည်သော ခွဲခြားသိမြင်မှုဖြစ်စဉ် (အကောင်းနှင့်အဆိုး၏ ရိုးရှင်းသော ဆန့်ကျင်မှုကို အခြေခံ၍ အားကောင်းသော အလေ့အထ အပြုအမူများ)နှင့် ပစ္စုပ္ပန်အခြေအနေတစ်ခု၏ရှုပ်ထွေးမှုကို ဆင်ခြင်နိုင်သောစွမ်းရည်နှင့်အတူ "ဘက်မလိုက်သော ယုတ္တိဗေဒ"[36] ကို ဦးတည်သည့် ခွဲခြားသိမြင်မှုဖြစ်စဉ်သည် ခြားနားမှု ရှိပါသည်။ ဤရှုထောင့်မှကြည့်လျှင် အမြင်များ၊ တန်ဖိုးထားမှုများ၊ စည်းမျဉ်းများနှင့် လေ့ကျင့်မှုများသည် သီးခြား အပြုအမူတစ်ခုအား ရိုးရှင်းစွာချမှတ်ရန်မဟုတ်ဘဲ ပင်ကို ခွဲခြားသိမြင်မှုဖြစ်စဉ်၊ လွတ်မြောက်ခြင်းအတွက် ဗီဇစွမ်းရည်ကို အသိပေးရန် ဖြစ်ပါသည်။

ထို့ကြောင့် ဤရှုထောင့်မှကြည့်လျှင် လူတစ်ဦးချင်းစီ၏ စရိုက်လက္ခဏာဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်သည့်အခါ အမြင်၊ စည်းမျဉ်း သို့မဟုတ် ဥပဒေသည် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို[37] ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အခြေခံ ဒဿနိကသဘောတရားများ ကျင့်သုံးနိုင်စွမ်းကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်မှုကို ဖွံ့ဖြိုးတိုးတက်စေရန် မူဘောင်တစ်ခုအဖြစ် ဆောင်ရွက်ပါသည်။ DDV တွင် အခြားသော ဗုဒ္ဓဘာသာ ဒဿနကျမ်းစာအများအပြား၌ တွေ့ရှိရသကဲ့သို့ ပေါ်လာသမျှ အရာအားလုံးသည် "အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်မျှသာ" ဖြစ်သည်ဟု ကြိမ်ဖန်များစွာ အမှတ်ရခြင်းအားဖြင့် ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်မှုသည် ဦးစွာပထမ ဖွံ့ဖြိုးတိုးတက်လာပါသည်။ ဤကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်မှုမျိုးတွင် လေ့ကျင့်ရန် နောက်တစ်နည်းမှာ မမြဲခြင်း၊ အပြန်အလှန်မှီခိုခြင်းနှင့်/သို့မဟုတ် ပေါ်လာသမျှအရာအားလုံး၏ ပေါင်းစပ်ဖွဲ့စည်းထားမှုကို အမှတ်ရနေရန် ဖြစ်ပါလိမ့်မည်။ "အဓိပ္ပါယ်ဖွင့်ဆိုချက်မျှသာ"ဟု ဆိုရာတွင် လေ့ကျင့်ခြင်းနှင့်အတူ အားသာချက်သည် အစစ်အမှန်အရိုတရားအား မိမိ၏ကိုယ်ပိုင် သိမြင်မှုအတွက် သွယ်ဝိုက်ညွှန်းဆိုသော တာဝန်ရှိမှုတွင် တည်နေခြင်းဖြစ်ပြီး ထိုအရိုတရားသည် "မိမိ၏ကိုယ်ပိုင်" သီးခြားသိမြင်မှုဖြစ်စဉ်က ယင်းကို ထိုသို့ပေါ်ပေါက်လာစေရန်လုပ်ဆောင်မှုကြောင့် ထိုကဲ့သို့သော နည်းလမ်းအားဖြင့် ပေါ်ပေါက်လာပါသည်။ ဤနေရာတွင် တာဝန်ရှိမှုအယူအဆသည် သဘာဝအရ နောက်ကြောင်း ပြန်ခြင်းသဘောမရှိဘဲ အမှားအယွင်းများ သို့မဟုတ် ကျရှုံးမှုများအတွက် ယင်းက အပြစ်တင်ခြင်း သို့မဟုတ် အပြစ်ရှိသည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ဆန့်ကျင်ဘက်အားဖြင့် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးတွင် ခိုင်မာသော ကျင့်ဝတ်ဆိုင်ရာ ပါဝင်ပတ်သက်မှုများနှင့်အတူ ကြိုတင်စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ယင်းသည် အလေ့အထ ဖြစ်သော ယိမ်းယိုင်မှုများ၏ ကြီးမားသောမူဘောင်များကို ပြောင်းလဲစေပါသည်။ ယင်းမှာ သိမှုဖြစ်စဉ်ကို ထည့်သွင်း စဉ်းစားခြင်းဖြင့် စိတ်ကို သူ့အလိုအလျောက် ပြောင်းလဲစေပြီး ယင်း၏ယိမ်းယိုင်မှုများမှ လွတ်မြောက်စေပါသည်။ သို့သော် အလေ့အထတစ်ခု သို့မဟုတ် အမြင်တစ်ခုကို အခြားတစ်ခုသို့ ရိုးရိုးရှင်းရှင်း ပြောင်းလဲခြင်းသည် ထို ကျမ်းစာများ၏ ရည်ရွယ်ချက်မဟုတ်ပေ။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ထို့ထက် ပို၍ များစွာ အခြေခံကျပါသည်။

နောက်အပိုဒ်တွင်[38] ပေါ်လာသမျှအရာတိုင်းကို ဓမ္မတာရှုထောင့်မှ စဉ်းစားဆင်ခြင်ရန် နောက်ထပ် ဖိတ်ခေါ် ပါသည်။ ဓမ္မတာဟူသောအသုံးအနှုန်းကို အများအားဖြင့် သဘာဝဖြစ်စဉ်၏ သဘောသဘာဝ၊ ပေါ်လာသမျှ အားလုံး တို့၏ သဘောသဘာဝ - တစ်နည်း တောင်များနှင့် သေနတ်များကဲ့သို့သော ပြင်ပအရာများ၏ သဘောသဘာဝ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ရန်သူများကဲ့သို့ ဆက်စပ်နေသော အစစ်အမှန်အရိုတရားများ၏

သဘောသဘာဝ၊ ကြောက်ရွံ့မှုနှင့် စိတ်သက်သာရာရမှုကဲ့သို့ အတွင်းသန္တာန်၏ သဘောသဘာဝအဖြစ် ဘာသာပြန်ဆိုလေ့ရှိပါသည်။ ထို့ကြောင့် ယင်းတွင် ရက်စက်မှုများသလောက် ကြင်နာမှုများ၊ မုန်းတီးမှုများသလောက် ချစ်ခြင်းမေတ္တာများနှင့် IHL ကဲ့သို့သော ဥပဒေများကို လိုက်နာခြင်း သို့မဟုတ် ချိုးဖောက်ခြင်း စသည့် အတွေ့အကြုံများ ပါဝင်ပါလိမ့်မည်။ - ပေါ်လာသမျှသောအရာရာတိုင်း၏ ကြီးမားသော သဘောသဘာဝသည် အရှိတရား၏မှန်ကန်သော သဘာဝ ဖြစ်ပါသည် (သက္ကတဖြင့် - တထတာ) – ထိုအရာတို့၏ ၎င်းတို့အတိုင်းရှိမှုကဲ့သို့ ပင်ကိုအတိုင်းရှိမှု ဖြစ်ပါသည်။ ထိုသို့သော သဘောသည် ကောင်းသည်လည်းမဟုတ် ဆိုးသည်လည်းမဟုတ်၊ “. . ပေါ်လာသမျှအားလုံး၏ သဘော သဘာဝသည် ဆုပ်ကိုင်ထားသော အပြုခံရသူ(object)နှင့် ဆုပ်ကိုင်ထားသော ပြုသူ(subject)တို့အကြား တသီးတခြား ခွဲခြားထားမှု မရှိသော သို့မဟုတ် ပညတ်ထားသောအရာနှင့် ထိုပညတ်ချက်တို့(အကြား)တသီးတခြား ခွဲခြားထားမှုမရှိသော သဘာဝပင်ကိုအရှိအတိုင်း ဖြစ်ပါသည်။[39](၆)။

ထို ပင်ကိုအတိုင်းရှိခြင်း အသုံးအနှုန်းကို လက္ခဏာနှစ်ရပ်ဒွန်တွဲမှုမဟုတ်သော၊ အတ္တကင်းမဲ့ခြင်း သို့မဟုတ် တစ်ကိုယ်ကောင်းမဆန်ခြင်း[40] သို့မဟုတ် ဘာမှမရှိခြင်းဟု နားလည်နိုင်ပါသည်။ တိကျခိုင်မာသော အသုံးအနှုန်း များတွင် ယင်းက အရာဝတ္ထုများ မည်သို့ပင် ပေါ်လာသည်ဖြစ်စေ ကိစ္စမရှိ။ အရှိတရားကို ပြုသူနှင့် အပြုခံရသူ အကြား ခြားနားမှုတစ်ခုသို့၊ ဆန့်ကျင်ဘက်နှစ်ရပ်ဒွန်တွဲနေသော အနက်အဓိပ္ပာယ်ကောက်ယူမှုတစ်ခု သို့ လျှော့ပစ် ၍မရနိုင်။ အရှိတရားကို စိတ်ကူးများသို့၊ စကားလုံးများသို့ သို့မဟုတ် ဤစကားလုံးများက ရည်ညွှန်းသည့်အရာသို့ လျှော့ပစ်၍မရနိုင်။ အရှိတရားကို မိတ်ဆွေများနှင့် ရန်သူများကြား ယတိပြတ် တသီးတခြား ခွဲထုတ်ခြင်းသို့ လျှော့ပစ်၍မရနိုင်ဟု ဆိုလိုပါသည်။

အင်တိုက်အားတိုက်တက်တက်ကြွကြွရှိသော လေ့ကျင့်ပေးမှုကို ကိုင်တွယ်ရန် ပထမခြေလှမ်းများသည် “ရည်ရွယ်ချက်” သို့မဟုတ် “စေ့ဆော်မှု”တို့အပေါ် အလေးထားရန် ဖြစ်ပါသည်။ ဤသည်မှာ အစဉ်အလာအားဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် တစ်နေ့တာလုံး စိတ်၏နိုးကြားနေသောအခြေအနေတွင် ဘုရား/တရား/သံဃာ၌ ခိုလှုံ ဆည်းကပ်ခြင်းဟု ဆိုလိုနိုင်ပါသည်။ ၎င်းသည် စိတ်ရှုပ်ထွေးမှုနှင့် ဆင်းရဲဒုက္ခများကင်းရှင်းရန် အလေးနက်ဆုံးသော ရည်မှန်းချက်အား မိမိကိုယ်ကိုသတိပေးရန် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဤနေရာ၌ ခိုလှုံဆည်းကပ်မှု စိတ်ကူး စိတ်သန်းသည် ကိုယ်ကျင့်သိက္ခာရှိလိုသော သို့မဟုတ် အသုံးဝင်လိုသော(ကုသိုလ်)ဆန္ဒနှင့်လည်း ဆက်စပ်နေပါ သည်။ ဤနေရာ၌ ဂျွန်မာ့ခ်ရန်စကီး John Makransky(2017) ကဲ့သို့သော လူများသည် အရှည်တည်တံ့သော ကရုဏာတရား ဖွံ့ဖြိုးစည်ပင်စေရန် နည်းလမ်းတစ်ခုအဖြစ် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများ၏ ထူးခြားမှုနှင့်ဆက်စပ် သည့်အရည်အသွေးများ၏ အပြင်ဘက်၌ဖြစ်သော ဤခိုလှုံဆည်းကပ်မှုစိတ်ကူးအား လက်တွေ့ဖော်ဆောင်နေကြ သည်မှာ သတိပြုမှတ်သားဖွယ်ရာ ဖြစ်ပါသည်။[41] အစဉ်အလာအားဖြင့် ဤစေ့ဆော်မှုကို ကျွန်ုပ်တို့ ဖော်ပြခဲ့သည့် သည်းခံခြင်း(ခန္တီ) အတွေးအခေါ်ထဲမှ အရည်အသွေးများစွာ ဖွံ့ဖြိုးတိုးတက်မှုအားဖြင့် နောက်ထပ် ပြုစုပျိုးထောင်မှု ကိုလည်း ဖြစ်စေပါသည်။ ယခု ပင်ကိုအတိုင်းရှိမှုနှင့်အတူ ဖွံ့ဖြိုးနေသော ဤအရည်အသွေးသည် သက်ရှိများကို လည်းကောင်း၊ အခြေအနေများကိုလည်းကောင်း ၎င်းတို့ ဖြစ်နိုင်သည့်အရာများကို ရှေးရှုသည့် ညီမျှသော စိတ်ထား (သမထ) ဖြစ်ပါသည်။ ဤအခြေအနေတွင် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုသည် ကိုယ်ကျင့်တရားဆိုင်ရာ အပြုအမူ လုပ်ဆောင်ချက်များ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ကူပေးပါသည်။ သတိနှင့်အသိရှိရန် ကနဦးသန္နိဋ္ဌာန်က ယင်းကို နောက်ထပ် ထောက်ကူပေးပါသည်။ ဤ “ညီမျှသောစိတ်” (သက်ရှိများအကြားနှင့် အခြေအနေများအကြား တန်းတူညီမျှမှုကို မြင်သော(သမထ)သဘောထား)သည် တစ်ဦးတစ်ယောက်၏ ဖြစ်နိုင်ခြေအလားအလာအား အပြည့်အဝဖော်ပြခြင်းကို ထောက်ကူပေးပါသည်။ ထို့ကြောင့် အရာဝတ္ထုများသည် တသီးတခြားကွဲပြားနေပုံ ပေါ်သော်လည်း ယင်းတို့၏အသွင်အပြင်သည် သိမြင်မှတ်သားမှုဖြစ်စဉ်မှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ မည်သည့် အနက်အဓိပ္ပာယ်ကောက်ယူမှုတွင်မဆို ယင်း၏အကန့်အသတ်များ ရှိပါသည်။ ဤသည်မှာ DDV အရ စကားလုံး များနှင့် စိတ်ကူးများအပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုကြောင့် တစ်စိတ်တစ်ပိုင်းတွင် ဤသို့ ဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၏ ကန့်သတ်ချက်ကိုသိရှိခြင်းသည် ရှင်းရှင်းလင်းလင်း တွေးခေါ်မှု၏ လက္ခဏာတစ်ရပ် ဖြစ်နှင့်ပြီးသား ဖြစ်ပါသည်။ ယင်း၏ကန့်သတ်ချက်များကို ရှင်းရှင်းလင်းလင်း

နားလည်နေချိန် တွင် မိမိ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ ဤအခြေအနေတွင် ထို ပင်ကိုအတိုင်း ရှိမှု အယူအဆသည် စိတ်ကူးစိတ်သန်းမဟုတ်သော၊ သဘာဝအလျောက်ဖြစ်သော၊ မွေးရာပါဖြစ်သော ကိုယ်ကျင့် တရားဆိုင်ရာ အသိပညာအတွက် တံခါးပေါက်တစ်ခု ဖြစ်လာပြီး အခြေခံ ဉာဏ်ရည်ဉာဏ်သွေးဟုလည်း ခေါ်ဆိုပါ သည်။ ယင်းသည် ပဋိပက္ခကာလအတွင်း အသက်ရှုချောင်စေရန်အတွက် လိုအပ်သောနေရာတစ်ခုကို ဖန်တီးပေးပါ သည်။

## အားလုံးနှင့်သက်ဆိုင်သော မူတစ်ခုအဖြစ် အခြေခံ အသိဉာဏ်

ယုံကြည်စိတ်ချရသော အခြေခံကို ဖော်ထုတ်ရန် ယင်း၏စူးစမ်းရှာဖွေမှုတွင် DDV သည် ဒွန်တွဲမှုမဟုတ်သော၊ အတွေးအမြင်အယူအဆမဟုတ်သော အခြေခံကျသောအသိဉာဏ်နှင့်အတူ ပင်ကိုအရှိအတိုင်းနှင့် ညီမျှပါသည်။[42] အခြားသောစာပေများနှင့် အကြောင်းအရာများတွင် ဤသည်ကို ဉာဏ်ပညာ(ဉာဏ သို့မဟုတ် ပညာ) သို့မဟုတ် ဗုဒ္ဓသဘာဝ(တထာဂတဂါဘဟ သို့မဟုတ် ဂုတ္တရ)ဟုလည်း ခေါ်ဆိုပြီး အခြေခံကောင်းခြင်း၊ ဘာမှမရှိခြင်း (သုညတ[43])အပြင် တောက်ပခြင်း(ပရဘာစဝရ[44])၊ ပညာနှင့်ပြည့်စုံခြင်း(ပညာပါရမိတာ) အစရှိသည်ဖြင့်လည်း ခေါ်ဆိုပါသည်။ အပိုဒ်(၃၃)တွင်[45] ယင်းကို သတ္တဝါတို့၏ အပြည့်အဝဖြစ်နိုင်ခြေအလားအလာကို အမှန်တကယ်ဖြစ် လာစေသည့် အခြေခံအဖြစ် သတ်မှတ်ပါသည်(ဆိုလိုသည်မှာ ဆင်းရဲဒုက္ခအလုံးစုံမှလွတ်ကင်းခြင်းနှင့် ထူးခြားသော ဂုဏ်ရည်များနှင့် ပြည့်စုံခြင်း)။ အပိုဒ်ရေ ၅၀.၂ တွင် ဤအခြေခံကို အောက်ပါနည်းလမ်းဖြင့် ဖော်ပြထားပါသည် -

> အတွေးအမြင်အယူအဆမဟုတ်သော အခြေခံကျသောအသိဉာဏ်သည် ဆန့်ကျင်ဘက် လက္ခဏာ နှစ်မျိုးဒွန်တွဲသော ကွဲပြားခြားနားခြင်း တစ်စုံတစ်ရာ မရှိဘဲ အကိုးအကားကင်းသည်။
>
> ၎င်းသည် မည်သည့်အကိုးအကားများကိုမျှ ထူးထူးခြားခြား အသုံးပြုထားခြင်းမရှိသောကြောင့် ၎င်းတွင် ဆုပ်ကိုင်ထားသော အပြုခံရသူ(object)နှင့် ဆုပ်ကိုင်ထားသော ပြုသူ(subject) တစ်ခုမျှ မပါဝင်ပါ။[46] (50.2)

ဤနေရာတွင် လက္ခဏာနှစ်ရပ်ဒွန်တွဲမှုမဟုတ်သော အခြေခံကျသောအသိဉာဏ်သည် ရိုးရှင်းစွာ တည်ရှိနေပြီး ယင်းသည် ပြုပြင်စီရင်မှုကင်းခြင်း(unconditioned)၊ အလုံးစုံခြုံငုံပါဝင်ခြင်း(all-encompassing)၊ အားလုံးသော သတ္တဝါတို့၏ သဘောသဘာဝ(natue of all beings) ဖြစ်သည်ဟု စဉ်းစားဆင်ခြင်လာပါသည်။ DDV ၏ ရှုထောင့်မှ ကြည့်လျှင် အခြေခံကျသော အသိဉာဏ်သည် အချိန်တိုင်းတွင် နားလည်လက်ခံရန် လွယ်ကူပါသည်။ ယင်းအချက် ကို သတိမထားမိနိုင်သော်လည်း ပင်ကိုအတိုင်းရှိခြင်း၏ ပြုပြင်စီရင်ခြင်းကင်းမဲ့သော နယ်ပယ်အား လက်လှမ်းမီ ခြင်းကို မည်သည့်အခါမျှ ကျော်လွန်မည် မဟုတ်ပေ။ "အသင်္ချေအနန္တတွင် ကန့်သတ်ချက်ဘောင် အကျုံးဝင်သည်" ဟု ဆိုနိုင်သကဲ့သို့ လက္ခဏာနှစ်ခုဒွန်မတွဲခြင်း(non-duality)သည် လက္ခဏာနှစ်ခု ဒွန်တွဲခြင်း(duality)ကို ထင်ရှား ပေါ်လွင်စေရန် အခြေခံအကြောင်းတရား ဖြစ်ပါသည်။

ထို့ကြောင့် တစ်စုံတစ်ဦးသည် ဆင်းရဲဒုက္ခနည်းပါးစေရန် အထောက်အကူပေးသောတစ်စုံတစ်ရာကို အားကိုးအားထားပြုမည်ဆိုလျှင် ဤအားကိုးအားထားပြုလောက်သော စဉ်းစားချင့်ချိန်တတ်သော အမှီအခိုကင်း သော အခြေခံအကြောင်းတရားကို အားကိုးအားထားပြုရန် လိုအပ်ပါသည်။ အခြေခံကျသောအသိဉာဏ်သည် ကျိုးကြောင်းသင့်ပြီး ရှေ့နောက်ညီညွတ်သောကြောင့် (စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဗာရယ်လာ၏ သုတေသန ကို ပဲ့တင်ပြန်သတိရစေပါသည်) ယင်းကို အားကိုးအားထားပြုလောက်ပါသည်။ ယင်းသည် ကိုယ်ကျင့်တရားနှင့် ဆိုင်သောအပြုအမူလုပ်ဆောင်ချက်များကို အထောက်အကူပြုသောကြောင့် ယင်းအခြေခံကျသောအသိဉာဏ် သည် စဉ်းစားဆင်ခြင်တတ်သောသဘောရှိပါသည်။ ထို့အပြင် သိသာထင်ရှားသော အကောင်းအဆိုးဆန့်ကျင်ဘက် လက္ခဏာနှစ်ရပ်ဒွန်တွဲမှုအပေါ် မှီခိုအားထားခြင်းမရှိသောကြောင့် ယင်းအခြေခံကျသောအသိဉာဏ်သည် အမှီအခို ကင်းပါသည်။ မဟာယာန၏ အခြေခံကျသောကျမ်းစာများအနက် တစ်ခုဖြစ်သည့် အာစတသာဟာသရီခါ ပညာ ပါရမိတာသုတ္တ (As _ tasāhasrikā Prajñāpāramitā-sūtra) ၏ ပထမအခန်းအရ အမှီအခိုကင်းသော အခြေခံ

အကြောင်းတရားသည် တိုက်ရိုက် သဘာဝ အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။ ယင်းသည် ယင်းကိုယ်တိုင်အားဖြင့် ကျွမ်းကျင်လိမ္မာသော နည်းလမ်းများ၏ ဖော်ပြချက် (ဆိုလိုသည်မှာ ကရုဏာတရား[47]) ဖြစ်ပါသည်။ ဤမွေးရာပါ ဇာတိပကတိဉာဏ်(innate wisdom)သည် အခြေခံကျသော၊ ကောင်းသောသာမန်အသိဉာဏ်နှင့် စဉ်းစားဆင်ခြင်နိုင်သောသဘောတို့နှင့် ဤနေရာတွင် ဆက်စပ်နိုင်ပြီး မဟာယာနရှုထောင့်မှကြည့်လျှင် ယင်းသည် သက်ရှိသတ္တဝါအားလုံးတွင် အလုပ်လုပ်ရာ၌ အားလုံးနှင့်သက်ဆိုင်သည့် မူတစ်ရပ် ဖြစ်နိုင်ပါသည်။ လက်တွေ့ကျကျဆိုရလျှင် အခြေအနေများကို အလုံအလောက်တုံ့ပြန်နိုင်ရန် မိမိ၏လုပ်နိုင်စွမ်းအပေါ်တွင် အသိအမှတ်ပြုတန်ဖိုးထားမှုနှင့် ယုံကြည်မှုတို့နှင့်အတူ မိမိ၏ပတ်ဝန်းကျင်တွင်လည်းကောင်း၊ မိမိ၏စိတ်တွင်လည်းကောင်း ပရမ်းပတာဖြစ်မှုများကို ရင်ဆိုင်ရန် ပိုမိုကောင်းမွန်စွာပြင်ဆင်ထားပြီးသားဖြစ်သည်ဟု ယင်းက ဆိုလိုပါသည်။ ပတ်ဝန်းကျင်ရှိ လူတိုင်းသည် ဤတူညီသောအခြေခံသဘောသဘာဝနှင့် ပြည့်စုံသည်ဟူသော အသိစိတ်နှင့်အတူ ဂုဏ်သိက္ခာရှိသော အပြုအမူလုပ်ဆောင်ချက်သည် ထင်ရှားပေါ်လွင်လာပါသည်။ ထို့ကြောင့် ဤအယူအဆသည် IHL ၏ ဆင်းရဲဒုက္ခနည်းပါးရေး ရည်ရွယ်ချက်ကို သရုပ်ဖော်ရန် ယခုထက်ပို၍ မည်သို့လုပ်ဆောင်ပေးနိုင်မည်နည်း။

### တစ်ဦးချင်းစရိုက်လက္ခဏာများ ပိုမိုဖွံ့ဖြိုးတိုးတက်မှု

မေးခွန်းများစွာရှိနေဆဲဖြစ်သော်လည်း အခြေခံကျသောအသိဉာဏ်ကို အားလုံးလက်လှမ်းမီသည့် အတွေးအခေါ်ပေါ် အခြေခံကာ ဗာရယ်လာ ညွှန်ပြသည့်အတိုင်း ဗုဒ္ဓဘာသာနည်းလမ်းအချို့သည် လူတစ်ဦးချင်းစီအတွက် လမ်းညွှန်ချက် တစ်ခု ဖြစ်နိုင်ပါသည်။ ၎င်းတို့သည် IHL အတွက် "အကျိုးမရှိသော" သို့မဟုတ် "ရိုးစင်းသော" အခြေခံကျသည့် ကျိုးကြောင်းပြချက်အဖြစ် အယုံအကြည်ကင်းမဲ့သူသံသယဝါဒီများက ထင်မြင်ယူဆနိုင်သည်ထက် ကျော်လွန်သည့် လက်တွေ့ကျသော အတွေးအခေါ်များနှင့် လေ့ကျင့်မှုများကို ပေးစွမ်းနိုင်ပါသည်။ ဤဆောင်းပါးတစ်လျှောက်လုံးတွင် လေ့ကျင့်နိုင်သော နည်းလမ်းအချို့ကို ကျွန်ုပ် အရိပ်အမြွက်ဖော်ပြခဲ့ပြီး[48] အဓိကတစ်ခုမှာ စိတ်တွင်ပေါ်လာသမျှ အရာအားလုံးသည် အနက်အဓိပ္ပာယ်ကောက်ယူခြင်း၏ ရလဒ်ဖြစ်သည်ဟူသော နားလည်သဘောပေါက်မှုပေါ်အခြေခံသည့် လက္ခဏာနှစ်ရပ်ခွန်တွဲခြင်းမဟုတ်သောအသိတရား (non-dual awareness) များ ဖွံ့ဖြိုးတိုးတက်လာခြင်းပင် ဖြစ်ပါသည်။

"အရာရာသည် အဓိပ္ပာယ်ကောက်ယူခြင်းမျှသာဖြစ်သည်"ဟူသော အမြင်ရှိလျှင် မထိန်းသိမ်းနိုင်လောက်အောင်ပြင်းထန်သော သမုတိသစ္စာဖြစ်သည့် "အခြားသောရွေးချယ်စရာအချက်များ"နှင့်အတူ အဆုံးသတ်သွားပြီး၊ လူ့အဖွဲ့အစည်းတစ်ခုအတွင်း သဘောတူညီရန် အခြေခံတူညီမှုမရှိဟု အယုံအကြည်ကင်းမဲ့သူများက အဆိုပြုခဲ့ပြီး ဖြစ်နိုင်ပါသည်။ ဤအကြောင်းပြချက်ကိုဆန့်ကျင်ကာ "အဓိပ္ပါယ်ကောက်ယူခြင်းမျှသာ"ဟူသော ဖော်ပြချက်သည် သိမြင်မှု/ အဓိပ္ပာယ်ကောက်ယူမှု/ အလားအလာခန့်မှန်းခြေ ဖြစ်စဉ်အပေါ် ခိုင်မာသောအလေးထားမှုဖြစ်ကြောင်း အစောပိုင်းအယူအဆများနှင့် တစ်ခုတည်းသောခြားနားချက်ဖြစ်သည့် အပြန်အလှန်မှီခိုမှုကိုပြောဆိုရန် နောက်တစ်နည်းဖြစ်သည်ဆိုခြင်းကို ထောက်ပြရန် ယင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ မည်သည့်အဓိပ္ပါယ် ကောက်ယူချက်များတွင်မဆို အကန့်အသတ်များရှိသည်ဟု ပြောဆိုရန် နည်းလမ်း ဖြစ်ပါသည်။ ယင်းကို သတိပဋ္ဌာန်သင်တန်း၏ အစိတ်အပိုင်းအဖြစ်လည်း အသုံးပြုပါသည်။

ဗုဒ္ဓဘာသာဂိုဏ်းများနှင့်ကျင့်စဉ်များအားလုံး၏ အဓိကဇဟိုချက်ဖြစ်သော ပြန်လည်ဆင်ခြင်အောက်မေ့ခြင်း၊ သတိရှိခြင်း(smrti-သို့မဟုတ်-anusmrti[49]) ကို ပြန်လည်အမှတ်ရအောက်မေ့ခြင်းလုပ်ရပ်၊ အတွေးစိတ်ကူးများ"လွင့်မျောခြင်း"မှ ကာကွယ်တားဆီးခြင်းလုပ်ရပ်၊ မေ့လျော့မှု၊ အမှုမဲ့အမှတ်မဲ့ဖြစ်မှုနှင့် စိတ်ရှုပ်ထွေးမှုတို့ကို တိုက်ဖျက်ခြင်းလုပ်ရပ်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ယင်းသည် အသိအမြင်များသော သတိထားစောင့်ကြည့်စူးစိုက်ဆင်ခြင်မှုနှင့်ဆက်စပ်နေပြီး သီလ၊ သမာဓိ၊ ပညာဟုဆိုသောသိက္ခာသုံးရပ်လေ့ကျင့်မှုအားလုံးနှင့် သက်ဆိုင်ပါသည်။ DDV တွင် "အဓိပ္ပါယ်ဖွင့်ဆိုခြင်းမျှသာ"ကဲ့သို့သော အမြင်တစ်ခုကို ပြန်လည်အမှတ်ရခြင်းသည် သတိပဋ္ဌာန်တရားကို လေ့ကျင့်အားထုတ်နေခြင်းပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ အသိအမြင်များသော အတွေ့အကြုံပေါ်အခြေခံသည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ ဖြစ်ပေါ်လာခြင်းနှင့်

ချုပ်ပျက်သွားခြင်း နည်းလမ်းအား တစ်စုံတစ်ဦး၏ ကြီးထွားလာသော နားလည်သဘောပေါက်မှုကို ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့သော ကျင့်စဉ်များ၏ အခြားဥပမာများကို ပေးရန်အတွက် အစောပိုင်းကျမ်းများနှင့် မကြာခဏ တွဲမြင်ရလေ့ရှိသော သတိပဋ္ဌာနသုတ် (မဇ္ဈိမနိကာယ် ၁၀)တွင် အလေးထားမှုကို ပေါ်နေခြင်းနှင့် ရပ်စဲခြင်း (ဖြစ်ခြင်းနှင့်ပျက်ခြင်း)ကို သတိထားစောင့်ကြည့်ရှုမှတ်ခြင်းပေါ်တွင် ထားရှိပါသည် -

> ဤနည်းအားဖြင့် သူမသည် စိတ်အဖြစ် အတွင်း၌ စိတ်ကို မပြတ်စောင့်ကြည့်ရှုမှတ်ကာ နေထိုင်၏ သို့မဟုတ် စိတ်အဖြစ်မရှိဘဲ စိတ်ကိုစောင့်ကြည့်ရှုမှတ်ကာ နေထိုင်၏ သို့မဟုတ် စိတ်အဖြစ် အတွင်း၌နှင့် စိတ်အဖြစ်မရှိဘဲ စိတ်ကိုစောင့်ကြည့်ရှုမှတ်ကာ နေထိုင်၏။ စိတ်၏ဖြစ်စဉ်တွင် ပေါ်လာသည့်အရာတို့၏ နည်းလမ်းကို စောင့်ကြည့်ရှုမှတ်ကာ နေထိုင်၏ သို့မဟုတ် စိတ်၏ဖြစ်စဉ်တွင် ပြီးဆုံးသွားသည့်အရာတို့၏ နည်းလမ်းကို စောင့်ကြည့်ရှုမှတ်ကာ နေထိုင်၏ သို့မဟုတ် စိတ်၏ဖြစ်စဉ်တွင် ပေါ်လာသည့်အရာနှင့် ပြီးဆုံးသည့်အရာတို့၏ နည်းလမ်းကို စောင့်ကြည့်ရှုမှတ်ကာ နေထိုင်၏။ ထို့အပြင် စိတ်ရှိသည်ဆိုသော သူမ၏သတိပဋ္ဌာန်ကို ထူထောင် ထားသည်ဖြစ်ရာ အသိပညာဗဟုသုတနှင့် ပြန်လည်အောက်မေ့သတိရခြင်းသည် အတိုင်းအတာ အပြည့်ဖြင့် ရှိနေပါသည်။ သူမသည် ဤလောကတွင် မည်သည့်အရာကိုမျှ ဆုပ်ကိုင်မထားဘဲ အမှီအခို ကင်းစွာ နေထိုင်ပါသည်။ ဤသို့ကျင့်သောသူသည် စိတ်အဖြစ် စိတ်ကို စောင့်ကြည့် ရှုမှတ်ကာ နေထိုင်ပုံ ဖြစ်ပါသည်။[50]

သဘောကျငြိကပ်တွယ်တာမှု သို့မဟုတ် မကျေမနပ်ငြင်းဆန်မှုသဘောများမပါဘဲ စိတ်အခြေအနေ၏ ဥပ္ပါဒဝယ- ဖြစ်မှုပျက်မှုသဘောတရားအား စူးစိုက်ဆင်ခြင်ရှုမှတ်သည့် ဤလေ့လာမှုသည် သံသရာမှလွတ်မြောက်ရေးလမ်းစဉ်တွင် မဖြစ်မနေလုပ်ဆောင်ရမည့်ပဓာနအချက် ဖြစ်ပါသည်။ စိတ်၏အဖြစ်အပျက်များကို တဒင်္ဂဖြစ်စဉ်များအဖြစ် ရှုမြင်ကာ စောင့်ကြည့်လေ့လာပြီး လေ့ကျင့်ပေးသည့်အပြင် ဤနေရာ၌ တရားထိုင်နေသူအား အရှိန်အဟုန်ဖြင့် ဖြစ်နေသော ဖြစ်ခြင်းပျက်ခြင်းသဘောကို စောင့်ကြည့်ရှုမှတ်ရန် တိုက်တွန်းထားပါသည်။ အစောပိုင်းကျမ်းများနှင့် နောက်ပိုင်းကျမ်းများကြားတွင် ဘုံတူညီသော သတိပဋ္ဌာန်တရား ဆက်စပ်မှုကို ကျွန်ုပ် တွေ့ရပါသည်။ နောက်ပိုင်းပေါ်ပေါက်လာသည့် ဗုဒ္ဓဘာသာကျမ်းများနှင့် အများဆုံးဆက်စပ်နေလေ့ရှိသည့် ပညာပါရာမိတာသုတ္တရ (Prajñāpāramitā-sūtra) ၏ ကဏ္ဍများစွာတွင် ထိုသတိပဋ္ဌာန်တရားနှင့်ပတ်သက်သော လမ်းညွှန်ချက်များကို တွေ့ရှိနိုင်ပါသည်။ Aṣṭa ၏ ကိစ္စရပ်တွင် အလေးထားမှုအား "မည်သည့်အရာကိုမျှ စွဲကိုင်မထားခြင်း" ပေါ်တွင် ထားရှိပါသည်။ ဤနေရာ၌ ပြန်လည်အောက်မေ့ဆင်ခြင်ခြင်း၏ လုပ်ရပ်ကို တွေ့ကြုံခဲ့ပြီးသော အဖြစ်အပျက်များအား "တစ်စုံတစ်ရာ"အဖြစ်ဖြင့် လုပ်ဆောင်ရန် တိမ်းညွတ်ခြင်းကို တိုက်ဖျက်ရန် အသိပေးထားပါသည် -

> ထိုအခါ သုဘူတိ(Subhuti)က သက္ကရ(Sakra) အား "ကဲ၊ ကောသိက(Kausika)၊ ယခု ကောင်းစွာ နာခံ မှတ်သားလော့။ ဘုရားလောင်းသည် ပြီးပြည့်စုံသောဉာဏ်ပညာဖြင့် မည်ကဲ့သို့ရပ်တည်ရ သည် ကို သင့်အား ငါ သင်ကြားပေးမည်။ .... ကြီးမားသောချပ်ဝတ်တန်ဆာနှင့် လက်နက် တပ်ဆင်ကာအသင့်ပြင်ဆင်ထားသော ဘုရားလောင်းသည် အလွန် ဖွံ့ဖြိုးတိုးတက်လာရသည် ဖြစ်သောကြောင့် "အသွင်သဏ္ဍာန် အစရှိသည်မှာ မြဲသည် သို့မဟုတ် မမြဲ"၊ "အသွင်သဏ္ဍာန်မှာ လွယ်ကူသည် သို့မဟုတ် ဆိုးယုတ်သည်"၊ "အသွင်သဏ္ဍာန်မှာ အစိုးရသည် သို့မဟုတ် အစိုးမရ"၊ "အသွင်သဏ္ဍာန်မှာ နှစ်သက်ဖွယ်ဖြစ်သည် သို့မဟုတ် ရွံရှာဖွယ်ကောင်းသည်"၊ "အသွင်သဏ္ဍာန် မှာ ဗလာနတ္ထိဖြစ်သည်" သို့မဟုတ် တစ်စုံတစ်ရာအဖြစ် သဘောပေါက်နားလည်သည်[51] ဆိုသည့် အတွေးအခေါ်များပေါ်တွင် ၎င်း၏ရပ်တည်ချက်ကို မယူပေ။

ဗုဒ္ဓဘာသာကျမ်းများအကြား အတွေးအခေါ်ဒဿနဆိုင်ရာ ငြင်းခုံမှုများနှင့်မသက်ဆိုင်ဘဲ ကိစ္စရပ်နှစ်ခုလုံးတွင် သတိဖြင့်နေထိုင်ခြင်းသည် မည်သည့်အရာကိုမျှ ဆုပ်ကိုင်ထားမှု မရှိခြင်းပင် ဖြစ်ပါသည်။ ဤနေထိုင်မှု နည်းလမ်းသည် အရာရာအား အရှိအတိုင်းရှုမြင်ခြင်းကို၊ နိဗ္ဗာန်ကို ဦးတည်သည်ဟု ဆိုပါသည်။ "အသိပညာဖြင့် စောင့်ကြည့်

ရှုမှတ်ခြင်း(informed watching)"ကဲ့သို့ အခြားသော ရလဒ် ဥပမာတစ်ခုကိုလည်း မဟာသိဒ္ဓိအစဉ်အလာနှင့် ဆက်စပ်၍ သတိပ(Śātipa)ဟု ကျော်ကြားသော အိန္ဒိယမှ တန္တရ(tantric) ပညာရှင် ရတ္တနာခရသန္တိ (Ratnākaraśānti)(CE 1000)က ဝေဝေဆာဆာဖော်ပြထားသည်ကို တွေ့ရှိရပါသည် - "ထို့နောက် လောကကြီး တစ်ခုလုံး ပေါ်ပေါက်လာရာဖြစ်သော တစ်စုံတစ်ဦး၏စိတ်တွင် ရောင့်ရဲခြင်းကင်းသော အဆုံးမရှိ ဇလာဟင်းလင်း ဖြစ်သော သရုပ်သကန်ရှိသည့် ဆောင်းဦးရာသီနေ့တစ်နေ့၏ မွန်းတည့်ချိန်၌ အစွန်းအထင်းမရှိသော ကောင်းကင် ကဲ့သို့ ရှိနေသည်ကို တွေ့မြင်ရပါသည်။[52]

ဤပြန်လည်ဆင်ခြင်အောက်မေ့ခြင်း/သတိရှိခြင်း အလေ့အကျင့်အများစု၏ ရည်ရွယ်ချက်သည် စိတ်အာရုံ မြင်ကွင်းနှင့် လက်တွေ့ဘဝအရှိတရားတို့နှင့်ပတ်သက်၍ ယေဘုယျစိတ်ကူးများ ထွက်ပေါ်ခွင့်ပြုခြင်းကို သင်ယူ ဆည်းပူးရန်ဖြစ်ပြီး ထိုအတိုင်းပင် တစ်စုံတစ်ဦး၏ကိုယ်ပိုင်အတွေ့အကြုံ၏ တိကျမှုနှင့် စေ့စပ်မှုကို အမှန်တကယ် တွေ့ကြုံခံစားကြည့်ရန် ဖြစ်ပါသည်။ ၎င်းသည် ခန့်မှန်းသုံးသပ်ချက်များ၊ အလေ့အထများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် များထက် ရှိနေသည်များမှ ထိုးထွင်းသိမြင်မှုကို ဆွဲယူရန် ဖြစ်ပါသည်။ DDV ၏ အပိုဒ်(၃၇)သည် ဤနားလည် သဘောပေါက်မှုကို အတွေ့အကြုံအဖြစ် ချိတ်တွယ်ရန် အကူအညီပေးခြင်းအတွက် ပိုမိုတိကျသော အဆင့်များကို ပေးပါသည် -

> အခြေခံကျသည့် အတွေးအမြင်အယူအဆမဟုတ်သော အသိဉာဏ်ကို ရရှိမှုသည် မှန်ကန်သော ကျင့်သုံးမှုအလေ့အကျင့်ကို အဆင့်လေးဆင့်ဖြင့် ထူထောင်ပါသည် -
>
> (၁) အမြင်နှင့် ကျင့်သုံးမှု - အနက်အဓိပ္ပာယ်ကောက်ယူခြင်းသာ(interpretation-only)
>
> (၂) အပြုခံရသူ(object) မရှိဘဲ ကျင့်သုံးမှု၊
>
> (၃) ပြုသူ(subject) မရှိဘဲ ကျင့်သုံးမှုနှင့်
>
> (၄) အကိုးအကားအဖြစ် ပြုသူ သို့မဟုတ် အပြုခံရသူ မရှိဘဲ ကျင့်သုံးမှု။[53](၃၇)

ယင်းအပိုဒ်သည် အဓိပ္ပာယ်မပေါ်လွင်သည့်ပုံရှိနိုင်သော်လည်း ဤအဆင့်လေးဆင့်သည် အလွန်တရာ အကျိုးများစေပါသည်။ ၎င်းတို့၏ အကျိုးများမှုသည် သီးခြား အမြင်တစ်ခု(ဆိုလိုသည်မှာ ထိုးထွင်းသိမြင်မှု ကို အထောက်အကူပြုသောအမြင်) ကို စွဲမြဲစေရန် ခိုင်မာသောသန္နိဋ္ဌာန်ပေါ် မူတည်ပါသည်။ ဦးစွာ တစ်ဦးချင်းသည် ပေါ်လာသမျှ အရာအားလုံးကို "အဓိပ္ပာယ်ကောက်ယူခြင်းမျှသာ" ဖြစ်သည် ဟူသော အမြင်ကို သဘောတူလက်ခံခြင်းဖြင့် လေ့ကျင့်ပေးပါသည်။(1) "အဓိပ္ပာယ်ကောက်ယူခြင်းမျှသာ" ဖြစ်သည်ဟူသော အမြင်ကို ထပ်ခါထပ်ခါအမှတ်ရနေခြင်း၏ ရိုးစင်းသောအချက်သည် အကြောင်းအရာ များ၏ သဘောသဘာဝကို ထိုးထွင်းသိမြင်နိုင်စေရန် ၎င်းကိုယ်တိုင်က အထောက်အကူဖြစ်စေပါသည်။ ဤလေ့ကျင့်မှုပုံစံများသည် ၎င်းကိုယ်တိုင်ကို ဖော်ပြရန်နှင့် နေ့စဉ်လုပ်ငန်းဆောင်တာများတွင်သာမက ခက်ခဲသောအခြေအနေများတွင်ပါ ဦးဆောင်နိုင်သော အင်အားကို ဖြစ်လာစေရန် အခြေခံကျသော အသိဉာဏ်အတွက် လိုအပ်သော အတွင်းသန္တာန်နေရာတစ်ခုကို ဖန်တီးပေးသည်ဟု ထင်မြင်ယူဆထားပါ သည်။ ဤပထမအဆင့်နှင့်အတူ ပြင်ပလောကနှင့် အခြေအနေများသည် ၎င်းတို့ပေါ်လာသည့်အတိုင်း အတိအကျ တည်ရှိနေခြင်းမဟုတ်ဆိုသည့်အချက်ကိုလည်းကောင်း၊ ယင်းတို့၏ အသွင်အပြင်များသည် သိမြင်မှတ်သားမှု အမှတ်သညာဖြစ်စဉ်မှ သီးခြားလွတ်လပ်စွာ တည်ရှိနေခြင်းမဟုတ်ဆိုသည့်အချက်ကို လည်းကောင်း အာရုံခံစားသိရှိနားလည်ထားခဲ့ပြီး ဖြစ်ပါသည်။ ဤထိုးထွင်းသိမြင်မှုပေါ် အမှီပြုခြင်း သို့မဟုတ် ဤထိုးထွင်းသိမြင်မှုအတွင်း တည်နေခြင်းသည် ဒုတိယအဆင့် ဖြစ်ပါသည်။ (2) ပြင်ပအပြုခံများ(objects)၏ ခိုင်မာတောင့်တင်းမှု နိမ့်ဆင်းသွားသည်ဟု ထင်ရသောအခါ အပြင်ပန်း ကြည့်လေ့ရှိသည့် ပြုသူ(subject)သည် အာရုံစိုက်မှု၏ အပြုခံရသူ(object) အလိုအလျောက် ဖြစ်လာပါ သည်။ အပြုခံရသူနှင့်အတူရှိသည့်အတိုင်း ပြုသူသည်လည်း "အဓိပ္ပာယ်ကောက်ယူခြင်းသာ" ဖြစ်ပါသည်။ အခြားသူများနှင့်တသီးတခြားခွဲခြားထားသော တစ်ဦးချင်း၏ ကိုယ်တိုင် ခံစားမှုအာရုံသည် အများစုမှာ

လုပ်ကြံဖန်တီးမှုတစ်ခုကဲ့သို့ ဖြစ်ပါသည်။ အခြားအရာ အားလုံးကဲ့သို့ ယင်းသည်လည်း အများစုမှာ အဓိပ္ပါယ်ဖွင့်ဆိုချက် သက်သက် ဖြစ်ပါသည်။ ဤထိုးထွင်းသိမြင်မှုကို အားကိုးအားထားပြုခြင်းသည် တတိယအဆင့် ဖြစ်ပါသည်(3)။ နောက်ဆုံးတွင် ဤသဘောပေါက်မှုသည် လက္ခဏာနှစ်ခုခွဲ၍ခွန်တွဲခြင်း မဟုတ်သော သတိတရား(non-dual awareness)အား နေရာပေးပါသည်(၄)။

ဤနေရာ၌ မွေးရာပါဖြစ်တည်မှုမရှိခြင်း၏ အစစ်အမှန်အရှိတရားနှင့်အတူ အထိုက်အလျောက်နေတတ် အောင်နေခြင်းသည် ဂရုမစိုက်ခြင်းနှင့် သီးခြားရှိခြင်းကို မဖြစ်စေနိုင်ပါ။ ဆန့်ကျင်ဘက်အားဖြင့် သိမှုဖြစ်စဉ်၏ လုပ်ဆောင်ချက်များကို လေးလေးနက်နက် သိမြင်သတိပြုမိလာသောအခါ တိုက်ရိုက်မသက်ဆိုင်သော စိတ်ပင်ပန်းမှုမှလွတ်မြောက်ပြီး အတွင်းသန္တာန် နေရာလပ်ကို ရရှိပါသည်။ ဤနေရာလပ်၌ မွေးရာပါဉာဏ်ပညာ သည် ၎င်းကိုယ်ကို ဖော်ပြနိုင်ပြီး စံနမူနာပြကျင့်ဝတ်အတွက် အခြေခံအုတ်မြစ် ဖြစ်လာနိုင်ပါသည်။ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများက လေ့လာသည်မှာ ဤအသိတရားသည် ဂရုစိုက်မှု၏ နက်ရှိုင်းသောအာရုံခံစားမှုကို ဆောင်ကြဉ်းပေးသည်ဟူသောအချက် ဖြစ်ပါသည်။ ၎င်းသည် လုပ်ဆောင်ချက်တွင် ပြည့်ဝသောအသိသတိအဖြစ် ပေါ်လွင်ထင်ရှားပြီး ၎င်းက လူအများအား လောကကြီးနှင့် ထိတွေ့ခြင်း၏ အာရုံခံစားမှုကို ဖြစ်ထွန်းစေပါသည်။ "ဂရုစိုက်ခြင်း" ၏ သဘာဝ လုပ်ရပ်သည် လက်တစ်ကမ်းရှိအခြေအနေနှင့် လုံးဝ တသီးတခြား ကွဲပြားမည် မဟုတ်ကြောင်း နားလည်သဘောပေါက်မှုမှ ဆင်းသက်လာပါသည်။ ယင်းသည် အခြေအနေကို တစ်စုံတစ်ဦး၏ ပြတ်သားသော အလွန်အရေးပါသည့် ဆန်းစစ်လေ့လာမှု၏ ရှင်းလင်းပြတ်သားမှုမှ လာပါသည်။[54]

ဗုဒ္ဓဘာသာချဉ်းကပ်မှုနည်းလမ်းအများစုကဲ့သို့ ဗာရယ်လာသည် သက်ရှိအားလုံး၏ သဘာဝအလျောက် သင်ယူမှုလုပ်ငန်းစဉ်အဖြစ် ထပ်ခါတလဲလဲထိတွေ့မှုအပေါ် အခိုင်အမာရပ်တည်ထားပါသည်။ "ကျွမ်းကျင်မှု" အယူ အဆနှင့် ပြောင်းလဲစေနိုင်သောအင်အားဆိုင်ရာ အထင်ကရ သီအိုရီများ၏ အဓိကအချက်မှာ အရှိအတိုင်း ထပ်တလဲလဲ ပြုလုပ်ခြင်းအားဖြင့် ကျွမ်းကျင်သူတစ်ဦး ဖြစ်လာသည်ဆိုသည့် အယူအဆ ဖြစ်ပါသည်။ စတင်သင်ယူသူ ဂီတသမားသည် ၎င်းတို့၏တူရိယာပစ္စည်းပေါ်တွင် သံစဉ်များကို ထပ်ခါထပ်ခါ တီးသကဲ့သို့ပင် ပင်ကိုသဘာဝမှ ထွက်ပေါ်လာသည့် အလိုအလျောက်လုပ်ဆောင်မှု၏ မြင့်မားသောအဆင့်တစ်ခုဖြင့် ကျွမ်းကျင်မှု ဖြစ်ပေါ်လာပါသည်။ ဤဖြစ်စဉ်တွင် ထပ်ခါတလဲလဲလုပ်ခြင်းနှင့်အတူ ကျင့်ဝတ်ဆိုင်ရာအမူအကျင့်ကိုဦးတည်သော အမြင်ကို ပေါင်းစပ်ပြီး အကောင်အထည်ဖော်ပါသည်။ တုံ့ပြန်မှုများသည် ပိုမိုသဘာဝကျလာပြီး လက်ရှိအခြေအနေ နှင့် ပိုမိုလိုက်လျောညီထွေ ဖြစ်လာပါသည်။

မိရိုးဖလာအသိုင်းအဝိုင်းများတွင် ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်သူ၊ ပညာရှိသူကို အများအားဖြင့် ရှင်းရှင်းလင်းလင်း သတ်မှတ်ထားလေ့ရှိပြီး ထိုသူသည် စံနမူနာပြအဖြစ် လုပ်ဆောင်နိုင်ကြောင်း ဗာရယ်လာက ဖော်ပြထားပါသည်။ ခေတ်သစ်လူ့အဖွဲ့အစည်းများတွင် ကျင့်ဝတ်ဆိုင်ရာစံနမူနာများကို ဖော်ထုတ်သတ်မှတ်ရန် ခက်ခဲလာခဲ့ပါသည်။ ယင်းသည် ပြဿနာ ဖြစ်ပါသည်။ (1999, 24) ဤအခြေအနေများကိုပြောင်းလဲရန် အချိန်တန်ပါပြီ။ ဘော့စတွန်ကောလိပ်မှ ဗုဒ္ဓဘာသာနှင့် နှိုင်းယှဉ်ဘာသာရေးလေ့လာမှုပညာ ပါမောက္ခနှင့် ကမ္ဘဋ္ဌာနစရိယဖြစ်သူ မာ့ခ်ရန်းစကီး(Makransky)အတွက် ဆက်သွယ်မှုသည် သော့ချက် ဖြစ်ပါသည်။ ၎င်းသည် ဆက်သွယ်မှုနှင့်ဉာဏ်ပညာတို့၏ ခွဲခြားမှုမရှိသော အာရုံခံစားမှုမပါဘဲ အကြမ်းဖက်မှုအတွက် စစ်မှန်သောအဖြေ မရှိဆိုသည့်အချက်ပေါ်တွင် အခိုင်အမာ ရပ်တည်ပါသည်။[55]

## နိဂုံး

အနှစ်ချုပ်ရလျှင် DDV ၏ ရှုထောင့်မှ ပဋိပက္ခကာလများတွင် ဆင်းရဲဒုက္ခများကိုလျှော့ချရန် ပထမသော့ချက်သည် အခြေအနေတစ်ရပ်ကို မှန်မှန်ကန်ကန် ဆန်းစစ်လေ့လာမှုမှ လာပါသည်။ မူဘောင်သုံးရပ်(ပြင်ပ၊ ဆက်စပ်မှုနှင့် အတွင်းပိုင်း အခြေအနေများ)နှင့် ဖွဲ့စည်းထားသော ဤဆောင်းပါး၏မူဘောင်သည် သိမှုဖြစ်စဉ်၏လုပ်ဆောင် ချက်များနှင့် ၎င်း၏ရလဒ်ဖြစ်သည့် လက္ခဏာနှစ်ရပ်ခွန်တွဲနေသောတွေးခေါ်မှုအပေါ် နားလည်သဘောပေါက်မှု ပေါ်တွင် မူတည်ပါသည်။ ဤရှုထောင့်မှကြည့်လျှင် မိမိနှင့်သူတပါးအကြား လုံးဝ တသီးတခြားခွဲခြားရာတွင်

ယုံကြည်မှုပေါ် အခြေခံသည့် သွင်ပြင်များသည် ရှင်းလင်းစွာသိမြင်နိုင်ရန် ကျွန်ုပ်တို့၏ လုပ်ဆောင်နိုင်စွမ်းတွင် ပါဝင်နေသည်ဆိုသည့် လွဲမှားနေသောအခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားသောအခါ IHL နှင့် ဗုဒ္ဓဘာသာအကြား အပြန်အလှန်ဆက်သွယ်မှုကို အကောင်းဆုံး ဖြည့်ဆည်းပေးပါသည်။ ဤထည့်သွင်းစဉ်းစားမှုပေါ် အခြေခံ၍ နောက်ထပ် အဓိကသော့ချက်တွင် မည်သည့်နေထိုင်မှုအခြေအနေ၌မဆို လုပ်ငန်းခွင်တွင် အခြေခံအကျဆုံးသော မူသဘောတရားများအဖြစ် လက္ခဏာနှစ်ရပ်ဒွန်တွဲမှုမရှိခြင်းနှင့် အခြေခံကျသောအသိဉာဏ်တို့ ပါဝင်ပါသည်။ တစ်စုံတစ်ယောက်သည် ဤအခြေအနေကို လက်ခံယုံကြည်ပါက အမြင်များ၊ တန်ဖိုးထားမှုများနှင့် စည်းမျဉ်းများသည် သီးခြားအပြုအမူတစ်ခုကို ချမှတ်ရန်မဟုတ်ဘဲ မွေးရာပါ ခွဲခြားဆက်ဆံခြင်းဖြစ်စဉ်ကို အသိပေးရန်နှင့် အခြေခံကျသောအသိဉာဏ်၏ သဘာဝကျသော ထုတ်ဖော်ပြသမှုကို ဖိတ်ခေါ်ရန် ဖြစ်သည်ဟု ရှုမြင်ပါသည်။ လက္ခဏာနှစ်ရပ်ဒွန်တွဲမှုမရှိခြင်း အယူအဆများနှင့် အခြေခံကျသောအသိဉာဏ်သည် တစ်ဦးချင်း စရိုက်လက္ခဏာများ ဖွံ့ဖြိုးရေးအတွက် အသုံးဝင်လျှင် ၎င်းတို့သည် IHL ၏ အရင်းခံဖြစ်သည့် အားလုံးနှင့်သက်ဆိုင်သော အခြေခံမှုများအတွက် ဗုဒ္ဓဘာသာ၏ ကျိုးကြောင်းပြချက်တစ်ခုကိုလည်း ပေးပါသည်။ ဤနေရာတွင် အလေးထားမှုသည် ပရမ်းပတာနှင့် ဆင်းရဲဒုက္ခတွေ့ကြုံမှုတို့၏ ကြမ်းတမ်းသော ပထဝီနေရာဒေသကို လမ်းညွှန်အတိုင်းသွားနေစဉ်၌ပင်လျှင် ၎င်းတို့၏ သက်ဆိုင်ရာ အသိုင်းအဝိုင်းများ (မဟာမိတ်များနှင့်ရန်သူများအပါအဝင်) အတွင်း အထိအခိုက်မဖြစ်စေရန် ဂရုတစိုက်လုပ်ဆောင်ခြင်းနှင့် ဂုဏ်သိက္ခာတို့ကို ပြသရန် လူတစ်ဦးချင်းစီ၏ သန္နိဋ္ဌာန်နှင့်ပတ်သက်၍ ဖြစ်ပါသည်။

ဤစာတမ်းတွင် ကျွန်ုပ်သည် လူနာ၏အသက်နှင့် ရည်မှန်းချက်ပန်းတိုင်များ၏ အရည်အသွေးကို အဓိက ထားသည့် ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုကို အထောက်အကူပေးသော အမြင်နှင့် စိတ်နေသဘောထားပေါ်တွင် အဓိကထားခဲ့ပါသည်။ ထို့ကြောင့် IHL နှင့်သက်ဆိုင်သည့်အခြေအနေတွင် လူ့ဂုဏ်သိက္ခာကို လေးစားမှုနှင့် တပြိုင်တည်းမှာပင် အကျိုးပြုသော စရိုက်လက္ခဏာ ထင်ရှားသောအမူအကျင့်များကို တည်ဆောက်ရာတွင် ထပ်တလဲလဲ လေ့ကျင့်ခြင်း၏ အရေးပါမှုကိုလည်း အလေးပေးထားပါသည်။ "ရန်သူများ"အဖြစ် အစဉ်အလာအရ သတ်မှတ်ခံရသူများကို ရင်ဆိုင်သည့် လက်နက်ကိုင်ပဋိပက္ခတွင်တက်ကြွစွာ လှုပ်ရှားနေသူများအတွက်သာမက လက်နက်ကိုင် ပဋိပက္ခအခြေအနေများတွင် ပါဝင်ပတ်သက်သူများ သို့မဟုတ် အလုပ်လုပ်ရသူများအတွက်ပါ တန်ဖိုးရှိနိုင်ပါလိမ့်မည်။

**မှတ်စုများ**

1. ဤစာတမ်းသည် Kate Crosby၊ Andrew Bartles-Smith နှင့် Peter Harvey တို့၏ ထက်မြက်ပြီး ထိုးထွင်းအမြင်ရှိသော မှတ်ချက်များနှင့် Charby Slemin ၏ အသေးစိတ်အသေအချာ ဖတ်ရှုပေးခြင်းတို့မှ အကျိုးကြီးမားခဲ့ပါသည်။ ၎င်းတို့အားလုံးကို စိတ်ရောကိုယ်ပါ ရိုးသားစွာ ကျေးဇူးတင်ရှိပါသည်။

2. ဤကျမ်းစာ၏ သက္ကတ မူရင်း အပြည့်အစုံကို မတွေ့ရှိခဲ့ပါ။ အပိုင်းအစများသာ ကျန်ရှိပါသည်။ စကားပြေ (DDV) နှင့် လင်္ကာအဖြစ်ပြောင်းလဲစပ်ဆိုထားသောမူများ (DDVK-*kārikā*) နှစ်ခုလုံး၏ ကျမ်းစာတစ်ခုလုံးကို တိဗက်ဘာသာဖြင့်ထုတ်ဝေမှု အများအပြား ရှိပါသည်။ တိဗက်ဘာသာဖြင့်ထုတ်ဝေမှုများကို အခြေခံထားသော မကြာသေးမီက တရုတ်ဘာသာပြန်များ ရှိပါသည်။ ဤစာတမ်းတွင် တိဗက်ဗုဒ္ဓဘာသာ၏ Kagyu ခါညုဂိုဏ်းတွင် အသုံးပြုလေ့ရှိသည့် Derge ဒါ့ဂျ် တိဗက် လင်္ကာအဖြစ် ပြောင်းလဲစပ်ဆိုထားသောမူ (DDVK) ပါ စာပိုဒ်အချို့၏ မူရင်းဘာသာပြန်ကို ကျွန်ုပ် တင်ပြထားပါသည်။ ၎င်း၏ မူရင်းပုံစံတွင် DDV သည် အလွန် နည်းစနစ်ကျနသောကြောင့် ကျွန်ုပ်တို့၏ရည်ရွယ်ချက်အတွက် ဤဘာသာစကားကို လိုက်လျောညီထွေဖြစ်စေရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ ဤစာပိုဒ်များ၏ ယုံကြည်အားထားလောက်သော ဘာသာပြန်ဆိုချက်များကို ရှင်းလင်းချက်များတွင် ဖော်ပြထားပါသည်။

3. ဤနေရာတွင် "သဘာဝဖြစ်စဉ်(phenomena)" ဟူသော အသုံးအနှုန်းသည် သက္ကတအရ တရားဓမ္မဟု အဓိပ္ပါယ် ရပါသည်။ ဤအသုံးအနှုန်းနှင့်ပတ်သက်၍ နောက်ထပ်အချက်အလက်များအတွက် Geiger နှင့် Geiger ([1920] 1973)၊ Stcherbatsky (1923)၊ Carter (1976၊ 1978)၊ Cox (2004)၊ Gethin (2004) နှင့် မကြာသေးမီက Denis (2017) တို့ကို ကြည့်ပါ။

4. ဓမ္မဓမ္မတာဝိဘာဂသည် ယောဂါစာရဂိုဏ်းနှင့် အများဆုံး ဆက်စပ်လေ့ရှိသော်လည်း ယေဘုယျ မဟာယာနကျမ်းဂန်လာ ပရညာပါရမိတ - *Prajñāpāramitā* ကျမ်းနှင့် ပို၍အတိအကျဆိုရလျှင် စာကြောင်းရေ ၈၀၀၀ ရှိသော အစတစာဟစရိခါ ပရညာပါရမိတသုတ္တရ - *Astasāhasrikā Prajñāpāramitā-sūtra* ၏ အခန်း ၁နှင့် ၂တို့နှင့် နီးကပ်စွာဆက်စပ်မှုအဖြစ် ၎င်းအား အကောင်းဆုံးတွေ့မြင်ရသည့် အချက်ကို မိမိ တွေ့ရှိပါသည်။ ဆက်စပ်မှုကို မီးခိုအားထားခြင်းအယူအဆဖြင့် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ (DDV-၏ ဖွဲ့စည်းမှုနှင့်ပတ်သက်သည့် ကျွန်ုပ်၏ နောင်လာမည့်ဆောင်းပါးကိုကြည့်ပါ)။ ထို့ကြောင့် ဤဆောင်းပါး၏ အဓိကမေးခွန်းမှာ - "ပဋိပက္ခကာလများအတွင်း၌ တစ်စုံတစ်ဦးသည် အဘယ်အရာကို အားကိုးနိုင်ပါသနည်း"။

5. ဤဗုဒ္ဓဘာသာ အခြေအနေတွင် ဒဿနိကဗေဒကို ဤလောကတွင် တစ်ဦးချင်း အတွေ့အကြုံအတွက် ရှောင်လွှဲမရသော အကျိုးဆက်တစ်ခုရှိသည် ဟူသောယူဆချက်တစ်ခုဖြစ်ကြောင်း အဓိပ္ပာယ်ရသည့် လုပ်ငန်းလုပ်ဆောင်သော အရာတစ်ခုအဖြစ် ရှုမြင်ပါသည်။

6. သက္ကတ - ပရာညာ(prajñā)၊ တိဗက် - shes rab. ၎င်း၏ အသုံးပြုမှုတွင် ဤအသုံးအနှုန်းတွင် ရှုထောင့်နှစ်ရပ်ရှိပါသည် - အစပိုင်းတွင် ၎င်းသည် (ကျမ်းစာများနှင့် ဆင်ခြင်ခြင်းအပေါ် အခြေခံသော) အယူအဆဖြစ်ပါသည်။ ပညာပြီးပြည့်စုံသောအခါ ယင်းသည် အယူအဆမဟုတ်သည့်အပြင် လက္ခဏာနှစ်ရပ်ဒွန်တွဲခြင်းမဟုတ်ပါ။

7. သက္ကတ- ကရုဏာ (Karuṇā)၊ တိဗက်- snying rje. ဤသက္ကတအသုံးအနှုန်းသည် မူလရင်းမြစ်စကားလုံး kṛ(လုပ်ရန်)နှင့် ဆက်စပ်နေပါသည်။ အဆိုပါ တိဗက်အသုံးအနှုန်းသည် နှလုံးသား၏ အမြင့်ဆုံး အကောင်းဆုံးအခြေအနေကို ရည်ညွှန်းပါသည်။

8. သက္ကတ- အာစရာယ(āśraya)၊ စသာန(sthāna)၊ တိဗက်- gnas, rten. ဤအသိဉာဏ်ဆိုင်ရာအစဉ်အလာတွင် နန်စီ(Nance) (2007, 149-150) မှတ်သားထားသည့်အတိုင်း အိန္ဒိယနှင့် တိဗက်ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများတွင် စာပေကျမ်းဂန်များနှင့် ယုတ္တိသဘောတရားများကိုကျော်လွန်၍ အတိုင်းအတာတခုအထိ တစုံတယောက်က တစ်စုံတစ်ခုသောအချက်ကို သေချာစွာ နားလည်သဘောပေါက်ခြင်းရှိမရှိကို ဆုံးဖြတ်နိုင်ရန်အတွက် အချင်းချင်း အပြန်အလှန်စစ်ဆေးရန် ညွှန်ကြားထားပါသည်။ (သက္ကတ - အာဂမ(āgama)၊ ယုတ္တိ(yukti)၊ တိဗက် - lung, rigs

pa အသီးသီး) ထုံးစံအားဖြင့် ဗုဒ္ဓဘာသာအယူဝါဒဆိုင်ရာတောင်းဆိုမှုများ၏ သီးခြား အနက်ဖွင့်ဆိုချက်များကို ထောက်ခံအားပေးရာတွင် ဤတရားဝင်အမိန့်ကို ကိုးကားထားပြီး သက္ကတကျမ်းများတွင် အသုံးအနှုန်းများကို အသံနှစ်မျိုးထွက်သော နာမ်များစုပေါင်းထားသည့် ရောနှောစကားလုံးအဖြစ် အများအားဖြင့် တွဲလျက် တွေ့ရှိရပါသည်။ ထို့ကြောင့် အာဂမနှင့် ယုတ္တိတို့ကို တစ်ခုနှင့်တစ်ခု ခွဲထုတ်ထားပြီး ခွဲခြားနိုင်သော အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့် နည်းလမ်းနှစ်ရပ်နှင့်/သို့မဟုတ် လုံလောက်သောအကြောင်းများအဖြစ် ပုံဖော်ထားပါသည်။ ဤခြားနားချက်ကို သတိပြုမိခြင်းဖြင့် မကြာသေးမီက ပညာရှင်များသည် တစ်ဘက်တွင် "တရားသေလက်ခံထားသောဝါဒ"နှင့် အခြားတစ်ဘက်တွင် "ဘက်မလိုက်သောယုတ္တိဗေဒ"တို့အကြား ခြားနားခြင်းပုံစံဖြင့် တစ်ခါတစ်ရံ ၎င်းကို ဖော်ထုတ်ခဲ့ပြီးဖြစ်ပါသည်။

9. သက္ကတ- nirvikalpa-jñāna; တိဗက်- nam par mi rtog pa ye shes. "အသိဉာဏ်" ဟူသော ဝေါဟာရကို တက်ကြွသောပြောင်းလဲခြင်းဖြစ်စဉ်ဟု မကြာခဏယူဆလေ့ရှိကြသော်လည်း ဤနေရာတွင် "မွေးရာပါအယူအဆမဟုတ်သော လက္ခဏာနှစ်မျိုးခွန်တွဲခြင်းမဟုတ်သော ပညာ" ဟု အဓိပ္ပါယ်ရသော nirvikalpajñāna ဟု ဘာသာပြန်လေ့ရှိပါသည်။

10. IHL သည် လက်နက်ကိုင်ပဋိပက္ခအတွင်း စစ်ရေးအရလိုအပ်ချက်များနှင့်စပ်လျဉ်း၍ လူသားများအတွက် ယေဘုယျ အလေးထားစိုးရိမ်မှုများမှ ဆင့်ကဲပြောင်းလဲခဲ့သည့်အချက်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ယင်းသို့သော ဥပဒေတစ်ခုအောက်တွင် ဖော်ပြထားသော အခြေခံစည်းမျဉ်းများအကြောင်း ကျွန်ုပ်တို့ကိုယ်ကို သတိပေးရန် အရေးကြီးနိုင်ပါသည်။ ဒေးဗစ် - David(2002, 921-922) ၏ အလိုအရ ယင်းတို့ကို အကျင့်သီလလေးပါးဖြင့် အနှစ်ချုပ်နိုင်ပါသည် - တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို မတိုက်ခိုက်ပါနှင့်။ တရားဝင်နည်းလမ်းများဖြင့် တိုက်ပွဲဝင်စစ်သည်များကိုသာ တိုက်ခိုက်ပါ။ သင့်အာဏာစက်အတွင်းရှိနေသူများကို လူသားဆန်စွာ ဆက်ဆံပါ။ ဒုက္ခရောက်သူများကို အကာအကွယ်ပေးပါ။ ဒေးဗစ်၏စာအုပ်ကို Sassòli etal တွင် ကိုးကားထားပါသည်။ (2020, I.921-922)

11. ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာ၌ အာရုံငါးပါးနှင့် စိတ်ဝိညာဉ်တစ်မျိုးတို့ကို ဟောကြားပါသည်။ DDV ကဲ့သို့ ကျမ်းဂန်များတွင် သတိပြုရမည့် ဤစွမ်းရည်ခြောက်ပါးတွင် လေ့ကျင့်ပေးမှုကို ပြောင်းလဲစေသောအင်အားအတွက် တာဝန်ရှိသူအဖြစ် အလုံးစုံအခြေခံသောသတိကို ပေါင်းထည့်ထားပါသည်။ ထို့အပြင် ကိလေသာစိတ် သို့မဟုတ် ဖိစီးနှိပ်စက်တတ်သောစိတ်ဟုခေါ်သည့် ဗုဒ္ဓဘာသာတွေးခေါ်သူများက 'ငါ'၊ 'ငါ့ကို'၊ 'ငါ့ဟာ' ဟူသောအာရုံ၏ တက်ကြွမှုအစား ယခုမှစ၍ 'ငါတို့'၊ 'ငါတို့ကို'၊ 'ငါတို့ဟာ' ဟု ဖော်ထုတ်သတ်မှတ်ရန် နည်းလမ်းတစ်ခုကို တွေ့ရှိခဲ့ပါသည်။

12. ဤကိုးကားချက်တွင် သိသာထင်ရှားသော လိင်ပိုင်းဆိုင်ရာဘာသာစကားကို ကျွန်ုပ် ပြောင်းလဲထားကြောင်း ဤနေရာတွင် သတိပြုပါ။

13. ကမ္ဘာတစ်ဝှမ်းပျံ့နှံ့ခြင်း(universality)နှင့်ပတ်သက်၍ နောက်ထပ်ဆွေးနွေးမှုများအတွက် https://www.globalpolicy.org/home/ 163- general/29441.html ကို ကြည့်ပါ။ အတိုချုပ်အားဖြင့် 'universality' ဟူသောအယူအဆကို လူမှုရေးအရ ဦးတည်ဝေဖန်သူများက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၁၉၄၈)တွင် ထည့်သွင်းထားသော အခြေခံမှုများသည် အနောက်တိုင်း နိုင်ငံရေးသမိုင်း၏ ထုတ်ကုန်ဖြစ်သည်ဟု စောဒကတက်ခဲ့ကြပါသည်။ ဤကြေငြာချက်၏မူလဇာစ်မြစ်များမှာ ဗြိတိန်၏ Magna Carta (1215)၊ ပြင်သစ်တော်လှန်ရေး(1789)နှင့် အမေရိကန်လူ့အခွင့်အရေးဥပဒေကြမ်း American Bill of Rights (1791)တို့ကဲ့သို့သော အနောက်နိုင်ငံသမိုင်း၏ နိုင်ငံရေးသမိုင်းမှတ်တိုင်များတွင် အရင်းခံပါသည်။ ဤရှုထောင့်မှကြည့်လျှင် နှိုင်းရဝါဒီ Relativist များက ကမ္ဘာတစ်ဝှမ်းလုံးဆိုင်ရာမူဝါဒသည် အခြားကမ္ဘာ့နိုင်ငံများသို့ အနောက်တိုင်းစံနှုန်းကို ချဲ့ထွင်ရန် သမိုင်းဝင်ကြိုးပမ်းမှုတွင် ယဉ်ကျေးမှုနယ်ချဲ့ဝါဒ၏ ပုံစံတစ်မျိုးဖြစ်သည်ဟု စောဒကတက်ကြပါသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ရဝမ်ဒါနှင့် ယခင်ယူဂိုဆလားဗီးယားနိုင်ငံတို့အတွက် ပဋိပက္ခလွန် အထူးခုံရုံးများနှင့် ၂၀၀၂ခုနှစ်တွင် နိုင်ငံတကာ ရာဇဝတ်တရားရုံးတို့ကို တည်ထောင်ခြင်းအား ကြည့်သောအခါ ပြဿနာမှာ အထူး

ထင်ရှားပါသည်။ ၎င်းတို့သည် “အစဉ်အလာ” သို့မဟုတ် တရားမျှတမှုအတွက် ဒေသဆိုင်ရာချဉ်းကပ်မှုနည်းလမ်းများတွင် မပါဝင်သောကြောင့် ထိုသို့ လုပ်ဆောင်ခြင်းသည် ပဋိပက္ခလွန် ပြန်လည်သင့်မြတ်ရေးတွင် ပိုမို ထိရောက်မှုရှိနိုင်ပြီး ယင်း၌ အနာဂတ်ကာလ သွယ်ဝိုက်ပါဝင်ပတ်သက်မှုများကိုလည်း ထည့်သွင်းစဉ်းစားပါသည်။

14. IHL ၏ ဒဿနဆိုင်ရာရင်းမြစ်များနှင့် လူ့အခွင့်အရေးဥပဒေဆိုင်ရာရင်းမြစ်များ၏ ဆွေးနွေးချက်အတွက် https:// international-review.icrc.org/sites/default/files/ S0020860400071539a.pdf.

15. အခြားအများအပြားထဲမှ Williams(1980) နှင့် Dreyfus(1997) တို့ကို ကြည့်ပါ။

16. ဤဟောပြောချက်တွင် လွှမ်းမိုးမှုအတွေးအခေါ်ပညာရပ်တစ်ခုမှ IHL နှင့်လည်း သက်ဆိုင်သည့် အသိပညာထုတ်ဖော်မှု၏ ပိုမို၍ သာတူညီမျှရှိသော ဆက်စပ်မှုရှိသော အယူအဆတစ်ခုသို့ ကူးပြောင်းမှုတစ်ခု ရှိပါသည်။ Roncancio et al ကို ကြည့်ပါ။ (2019)

17. ဤအသုံးအနှုန်းသည် ယဉ်ကျေးမှုသမိုင်းပညာရှင်နှင့် ကမ္ဘာ့ဘာသာတရားများ အထူးသဖြင့် အာရှထုံးတမ်းစဉ်လာများဆိုင်ရာပညာရှင် Thomas Berry(1914-2009) ကြောင့် လူသိများ တွင်ကျယ်လာခဲ့ပါသည်။ နောက်ပိုင်းတွင် ၎င်းသည် ကမ္ဘာမြေကြီးသမိုင်းနှင့် ဆင့်ကဲဖြစ်စဉ်ကို လေ့လာခဲ့ပြီး ဂေဟဗေဒဆိုင်ရာ အလေးထား စိုးရိမ်ပူပန်မှုများကို ဖော်ထုတ်ခဲ့ပါသည်။

18. Jones က ၎င်း၏စာအုပ်တွင် “လူမှုရေးကဏ္ဍအများစုတွင်၊ အလုပ်ခွင်နှင့်ကျောင်းတွင်၊ လမ်းပေါ်တွင်၊ နိုင်ငံရေးတွင်၊ အစိုးရနှင့် ဥပဒေတွင်၊ မီဒီယာသစ်တွင် အဆက်မပြတ်သတိပေးချက်များ၌ အကျပ်ကိုင်ခြင်းသဘောသည် မည်သည့်အခါမျှ အပေါ်ယံမျက်နှာပြင်၏ အောက်ခြေအဝေးတွင် မရှိပေ”ဟု ရေးသားထားပါသည်။ (2003,143) လက်နက်ကိုင်ပဋိပက္ခသည် ဤဖြစ်ရပ်မှန်အရှိတရားများ၏ နောက်ဆက်တွဲ ဖြစ်ပါသည်။ Jones ပြောသည့်အတိုင်း ဥပဒေသည် ကျိုးကြောင်းဆီလျော်သည်ဟု ယူဆသည့် လိုက်နာသူများကြောင့် သို့မဟုတ် အလေ့အထများနှင့် လေ့ကျင့်ပေးမှုကြောင့် သို့မဟုတ် ကံမကောင်းစွာ လူတို့ အာဏာလက်မဲ့ ခံစားချက်ရှိသည့်အခါ အခြားအချိန်များတွင် လိုက်နာခြင်းဖြင့် ဥပဒေတစ်ခုကို ခိုင်လုံသော ထိရောက်မှု ရှိစေပါသည်။ သို့သော် Jones ပြောသည့်အတိုင်း နားလည်သဘောပေါက်မှုနှင့်အတူ လက်ခံယုံကြည်ထားခြင်းမရှိပါက ဥပဒေသည် အပေါ်ယံသာလျှင် ဖြစ်ပေမည်။ (2003, 151)

19. အပိုဒ် (၁၂) ၏ ဤအပိုင်းကို အောက်ပါအတိုင်း တိုက်ရိုက် နားလည်ပါသည် - “သတ္တဝါတို့သည် တစ်နေရာရာတဝိုက်သို့ ရွေ့လျားသွားကြသည်နှင့်တပြိုင်နက် ၎င်းတို့လဲလျောင်းတည်ရာ အဆုံးမရှိခြင်း (ဆင်းရဲဒုက္ခသံသရာ) အပေါ် အထောက်အကူတို့သည် တည်ရှိကုန်၏။ [ဤဘီးတွင်]၊ “သတ္တဝါ” နှင့်လည်းကောင်း၊ “ထည့်စရာ” နှင့်လည်းကောင်း သက်ဆိုင်သော [အထောက်အကူများ] ရှိပါသည်။ တိဗက်၊ gang zhig gang du 'khor ba na / de ni kun tu gnas pas ste / sems can khams dang snod kyi khams / … .

20. တိဗက် gnas၊ gzhi၊ sten။

21။ “ဗုဒ္ဓဘာသာ” အသုံးအနှုန်းသည် ဘာသာတရားများကို လေ့လာခြင်းဖြင့် ဖန်တီးထားသော neologism ဟုခေါ်သော စကားလုံးအသစ် ဖြစ်ပါသည်။ ဤလေ့လာမှုနယ်ပယ်သည် ဆယ့်ကိုးရာစုအတွင်း ပုံမှန်ဘာသာရပ်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ ၎င်း၏နည်းလမ်းများနှင့် ချဉ်းကပ်မှုများကို မတူညီသောဘာသာရပ်များထံမှ ငှားရမ်းအသုံးပြုထားပါသည်။ ၎င်း၏အဓိကတာဝန်မှာ ဘာသာရေး၏သမိုင်းကြောင်း၊ မူလအစဇစ်မြစ်များနှင့် လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာရန် ဖြစ်ပါသည်။ ပညာရှင်အချို့အတွက် ကမ္ဘာတစ်ဝှမ်းအယူအဆသည် ဤရှာဖွေမှုအတွက် အဓိကကျပါသည်။ အခြားသူများသည် တူညီမှုများထက် ကွဲပြားမှုများကို ရှာဖွေတွေ့ရှိခြင်းဖြင့် အဆုံးသတ်သွားကြပါသည်။

22. Francisco Varela သည် သိပ္ပံနှင့် ဗုဒ္ဓဘာသာအကြား ဆွေးနွေးမှုတွင် ပါဝင်သည့် စိတ်နှင့်ဘဝအဖွဲ့အစည်း (Mind and Life Institute) ကို တည်ထောင်သူတစ်ဦး ဖြစ်ပါသည်။

23. တစ်ဦးချင်းသတ္တဝါများ (သက္ကတ - သတ္တလောက၊ တိဗက် - sems cangyi ‘jig rten)နှင့် သဘာဝပတ်ဝန်းကျင် သို့မဟုတ် “သီးခြားအရည်အချင်းရှိသူ” (Sk. bhājana-loka; Tib. snod kyi ‘jig rten)။

24. အပိုဒ်(၁၂)၏ ဤအပိုင်းသည် အောက်ပါအတိုင်း ပိုမို၍ လုံးစေ့ပတ်စေ့ ဆိုထားပါသည် - “သတ္တဝါများ”နှင့် သက်ဆိုင်သည်များကို ၎င်းတို့က မျှဝေသည်များ [ဆိုလိုသည်မှာ အပြန်အလှန်မှီခိုနေသည်များ သို့မဟုတ် ဆက်စပ်မှုအရ ထွက်ပေါ်လာသည်များ]နှင့် ၎င်းတို့ကမျှဝေခြင်းမပြုသည်များ (ဆိုလိုသည်မှာ- ရင်းနှီးသော သို့မဟုတ် ကိုယ်ရေးကိုယ်တာကိစ္စရပ်များ) ဟူ၍ ပိုင်းခြားနိုင်ပါသည်။ တိဗက် - sems can khams ni thun mong dang / yang na thun mong ma yin pa'o/။

25. အိန္ဒိယနှင့်တိဗက်နှစ်မျိုးလုံးသော အဋ္ဌကထာများတွင် ဤမူဘောင်သုံးရပ်သည် အခြားအရာများအနက်မှ ကာယကံ၊ ဝစီကံနှင့် မနောကံ သို့မဟုတ် ခန္ဓာငါးပါး - သွင်ပြင်(ခန္ဓာကိုယ်)၊ အာရုံခံစားမှု၊ သညာ၊ ဖွဲ့စည်းမှု(စကား)၊ သိမှု(စိတ်) တို့နှင့် ဆက်စပ်နေပါသည်။ ၁ ဤနေရာတွင် ခန္ဓာကိုယ်သည် သတ္တဝါတို့၏ ခန္ဓာကိုယ်၊ သဘာဝပတ်ဝန်းကျင်၊ ပြင်ပအခြေအနေ၊ အာရုံခံစားနိုင်စွမ်းနှင့်/သို့မဟုတ် ပြင်ပအရာများအားလုံးကို ရည်ညွှန်းနိုင်ပါသည်။ ဤလောကီသဘောတရားကို ပြန်လည်မွေးဖွားခြင်းနယ်ပယ် ပဋိသန္ဓေ ခြောက်ပါးဖြင့် တစ်ခုချင်းစီတိုင်း၌ တွေ့ကြုံခံစားရသော ဆင်းရဲဒုက္ခ အတိအကျကို သရုပ်ဖော်လေ့ရှိပါသည်။ ၂ ဝစီကံသည် ဆက်စပ်လုပ်ဆောင်မှု အမျိုးအစားအားလုံးကို ရည်ညွှန်းနိုင်ပါသည်။ (အတွင်းနှင့် အပြင် - အာရုံခံစားမှုများ၊ အမှတ်သညာများနှင့် ဖွဲ့စည်းဖြစ်ပေါ်မှုများ အပါအဝင်) ၃။ စိတ်သည် တွေ့ကြုံခံစားနိုင်သောစွမ်းရည်၊ သိမြင်နိုင်သောစွမ်းရည်၊ သတင်းအချက်အလက်နှင့် အထင်အမြင်များကို စုဆောင်းနိုင်သည့်စွမ်းရည်ကို ရည်ညွှန်းပါသည်။ ၎င်း၏ ပိုင်းခြားစိတ်ဖြာစိစစ်မှုတွင် DDV က အဆုံးတွင် တစ်ဦးချင်းစီ၏ သိမြင်မှုဖြစ်စဉ် (၃)သည် ဆက်ဆံရေးတိုးတက်ပြောင်းလဲလာပုံနည်းလမ်းတွင် လည်းကောင်း၊ ပြင်ပအခြေအနေများကို တွေ့ကြုံခံစားပုံနည်းလမ်းတွင်လည်းကောင်း အဓိကအချက် ဖြစ်ကြောင်း ကောက်ချက်ချပါသည်။

26. အပိုဒ်(၁၃)တွင် ဤသို့ ဆိုပါသည် – “ပတ်သက်မှုအရ ပို၍တိကျစွာ သက်ဆိုင်မှုရှိသည်မှာ ၁ - မွေးဖွားမှု အတွေ့အကြုံ [ဆိုလိုသည်မှာ အမိ၊ အဖနှင့် ကလေးတို့၏ အတွင်းဖြစ်တည်မှု]၊ ၂ - အစဉ်အလာများ [ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုများအတွက် လိုအပ်သော]၊ ၃-၄ - အကူအညီ သို့မဟုတ် အကျပ်ကိုင်မှု၊ ၅-၆ - အကျိုးကျေးဇူး သို့မဟုတ် ဖိနှိပ်မှု၊ ၇-၈ - နှင့် အရည်အသွေးများ သို့မဟုတ် အမှားအယွင်းများ [ဖြစ်ပေါ်လာခြင်း] တို့အားလုံးသည် အပြန်အလှန် ဖြစ်စေပြီး အဆုံးအဖြတ်ပေးပါသည်။ တိဗက် - de yang skye dang tha snyad dang / rjes su gzung dang tser gcod dan / phan pa dang ni gnod pa dang / yon tan skyon ni phan tshun du / bdag po nyid kyis phan tshun rgyu / yin pa'iong pir' thun o /.

27. Sasaki(1986, အထူးသဖြင့် 64၊ 133-140) ကို ကြည့်ပါ။

28. အတွေ့အကြုံများ၏တူညီမှုသည် လူတစ်ဦးချင်းစီ၏ ပင်ကို တူညီမှုမှ အရင်းခံဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။ အလားတူ ပင်ကိုသဘောများ ဩဇာလွှမ်းမိုးသောရလဒ် ရှိနေသည်ဟု ဆိုခြင်းသည် အတွေ့အကြုံ၏ ပါဝင်မှုအကြောင်းအရာအပေါ် အများပြည်သူတို့ သဘောတူသည်ဟု မဆိုလိုပါ။ ၎င်းက သိမှုဖြစ်စဉ်နည်းလမ်း ဖြစ်ပေါ်ရာတွင် တူညီမှုများရှိနေသည်ဟု ဆိုလိုပါသည်။ တူညီမှုများ မရှိခဲ့လျှင် ဖြစ်လေ့ဖြစ်ထရှိခြင်း သို့မဟုတ် ပဋိပက္ခများ ပေါ်လာမည်မဟုတ်ပါ။ ၎င်း ဖြစ်ပေါ်နိုင်မည်ပင် မဟုတ်ပါ။

29. သက္ကတ - vijñaptimātra; တိဗက် - rnam par rig tsam.

30. တိဗက်ဗုဒ္ဓဘာသာချဉ်းကပ်ပုံနှင့်မတူဘဲ ဂျုန်းစ်(Jones) ၏ လေ့လာမှုကို အတ္တနှင့်တစ်သားတည်းဖြစ်ခြင်း အယူအဆသည် ပြဿနာမဟုတ်ဟူသည့် ဇင်အစဉ်အလာဂိုဏ်းက လွှမ်းမိုးထားပါသည်။ အခြားသော ဗုဒ္ဓဘာသာဂိုဏ်းများသည် ဤအတွေ့အကြုံကို ဤတူညီသောနည်းလမ်းဖြင့် မည်သည့်အခါမျှ ရှင်းပြမည့်အလားအလာရှိမည် မဟုတ်ချေ။

31. ဤအမိန့်ပြန်တမ်းဖြင့် သရုပ်ဖော်ထားသော တရားဓမ္မချဉ်းကပ်မှုနည်းလမ်းသည် လူမှုရေးအခြေအနေတွင် ကျင့်သုံးသည့် မူဘောင်သုံးရပ်၏ အစောဆုံးဥပမာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

32. တီးခဲန် - Tieken (2002) က ဤနေရာတွင် ရှင်းလင်းစွာ သဘောပေါက်သည်မှာ ကွပ်မျက်ခြင်း၏ သုံးရက်ကြာ နေထိုင်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ဤအမိန့်ပြန်တမ်းတွင် ဘုရင်သည် "ဘဝလက်ဆောင်" နှင့် သက်ဆိုင်နေပါသည်။

33. ဘာသာပြန် ထုတ်ဝေခဲ့သော အသောကကျောက်စာ (၁၉၂၅၊ ၁၁၉) ပါ E. Hultzsch ၏ ထိုအမိန့်ပြန်တမ်း ဘာသာပြန်ကို ကျွန်ုပ်အသုံးပြုခဲ့သော်လည်း ဤစာကြောင်းများ၏ ဆိုလိုရင်းအဓိပ္ပါယ်နှင့် ပတ်သက်၍ ဆွေးနွေးမှုများစွာ ရှိခဲ့ပါသည်။ နော်မန် - Norman (1975) နှင့် ဟားမန်း တီးခဲန် - Herman Tieken (2002) တို့ကို ကြည့်ပါ။ အသောကမင်း၏ဇာတ်လမ်းအား စူးစမ်းရှာဖွေတွေ့ရှိချက်အပေါ် ပိုမိုသိရှိနိုင်ရန်အတွက် ချားလ်စ် အယ်လင် - Charles Allen (2014) ၏ ဆောင်းပါးကိုလည်း ကြည့်ပါ။

34. ဤနေရာတွင် ဆန္ဒ၏ အခန်းကဏ္ဍသည် စိတ်ဝင်စားစရာကောင်းပါသည်။ တစ်ဘက်တွင် ကံနှင့် အားထုတ်သည့်လမ်းစဥ် တိုးတက်မှုတို့၏ အင်အားတွင် အလုပ်ခွင်၌ "လှုံ့ဆော်မှု" နှင့် "ရည်ရွယ်ချက်စေတနာ" အယူအဆတို့ ရှိပါသည်။ သို့သော် ဆန္ဒသည် အရာဝတ္ထုများ ပေါ်ပေါက်လာမှုနှင့် အဆင့်ဆင့်ပြောင်းလဲလာမှု နည်းလမ်းအပေါ် အကျိုးဆက်ဖြစ်စေရန် တစ်ခုတည်းသောအချက် မဟုတ်ပေ။ ဆန္ဒအား ဗုဒ္ဓဘာသာ၏ ပိုင်းခြားစိတ်ဖြာမှုသည် အလွန်ရိုးရှင်းခြင်း မရှိချေ။

35. သက္ကတ - ဝိဘာဂ၊ တိဗက် - rnam par ‘byed pa.

36. နန်စီ - Nance (2007) ပြောသည့်အတိုင်း ပိုမိုကျယ်ပြန့်သော အမျိုးအစားများအတွင်း ပိုင်းခြားစိတ်ဖြာမှု (သက္ကတ - ယုတ္တိ၊ Tib. rigs pa)ကို ထားရှိရန် အသုံးဝင်နိုင်ပေမည်။

Vasubandhu ၏ Abhidharmakosabhāsya နှင့် အခြား နေရာများတွင် သရုပ်ခွဲလေ့လာမှုကို ဗုဒ္ဓဘာသာ အတွေးအခေါ်ရှင်များက "ဆင်ခြင်သုံးသပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခွဲခြားသိမြင်မှု"ဟုခေါ်ဆိုပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ထောက်ကူပေးခြင်းအဖြစ် ပုံဖော်ထားပါသည်။ ဤထိုးထွင်းသိမြင်မှုပုံစံသည် နားထောင်ခြင်း၊ ဆင်ခြင်ခြင်းနှင့် စိတ်ကိုငြိမ်းအေးအောင်လေ့ကျင့်ခြင်း(တရားထိုင်ခြင်း)မှရရှိလာသော ဉာဏ်သုံးဆင့်ပုံစံ၏ ဒုတိယအဆင့် ဖြစ်ပါသည်။ Vasubandhu ၏ အဆိုအရ ဝိတက်အားဖြင့် ရလာသောဉာဏ်သည်လည်း "ဆင်ခြင်တုံတရားဖြင့် ဆင်ခြင်ခြင်း"(yuktinidhyanaja)မှ ပေါ်ပေါက်လာသောအရာအောက်၌ ကျရောက်၏။ ရဟန်းတို့ ဤတရားသုံးမျိုးတို့ကို ပိုင်းခြား၍ သိအပ်ကုန်သော ရဟန်းတို့သည် ကမ္မဋ္ဌာန်းအာရုံ(သမာဓိ)၌ အဆင့်ဆင့်ဖြစ်ပေါ်လာကုန်၏ ဟု ဆိုအပ်ကုန်၏။ ထို့ကြောင့် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ရေးတွင် ဤလေ့ကျင့်မှုသုံးရပ်သည် ရှုပ်ထွေးစွာ ဆက်စပ်နေသည် သို့မဟုတ် တသီးတခြားခွဲခြား၍မရနိုင် ဟူသော အယူအဆဖြင့် ကျွန်ုပ်တို့ ဤနေရာတွင် အဆုံးသတ်ပါသည်။ ဤအချက်သည် ယေဘုယျအားဖြင့် ဘဝနှင့်လည်းကောင်း၊ တရားထိုင်နေစဥ်အတွင်း လေးနက်သော ထိုးထွင်းသိမြင်မှု(ဝိပဿနာ)၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်လည်းကောင်း သက်ဆိုင်ပါသည်။

37. သက္ကတ - ယုတ္တိ၊ တိဗက်- rigs pa. မကြာသေးမီက Jay L. Garfeild (2021) သည် ဗုဒ္ဓဘာသာရှုထောင့်မှ အတွေးအခေါ်ဒဿန/ပညာနှင့် ကိုယ်ကျင့်သီလတို့အကြား နီးကပ်သော ဆက်နွယ်မှုဆိုင်ရာ စာအုပ်တစ်အုပ်ကို ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ - ဒဿနဆိုင်ရာ စူးစမ်းရှာဖွေမှု ခေါင်းစဥ်ဖြင့် ထုတ်ဝေခဲ့ပါသည်။

38. အပိုဒ်(၃၅)သည် အဆင့်လေးဆင့်ရှိသည့် လမ်းစဥ်ပေါ်တွင် စွန့်ပစ်ရန်လိုအပ်သော စိတ်ကူးများစာရင်းကို ပေးထားပါသည်။ ဤအဆင့်များကို အဝိခါလပဒေသရာနီ(Avikalpadeśadhāranī)၌လည်း တွေ့ရပါသည်။ ပထမအဆင့်တွင် ကုထုံးများ အသုံးပြုခြင်းဖြင့် ဆန့်ကျင်ဘက်အကျိုးဖြစ်ထွန်းစေသောအရာများကို စွန့်ပစ်ခြင်း ပါဝင်ပါသည်။ (ဥပမာ - စွဲလမ်းစေသော အမူအကျင့်များအား ၎င်းတို့၏အရာဝတ္ထုများ၏ မကောင်းသော အရည်အချင်းများကို ကြည့်ခြင်းဖြင့် စွန့်ပစ်ခြင်း) ထို့နောက် အရှိအတိုင်းဖြစ်သော စိတ်ကိုဆုပ်ကိုင်ခြင်းဖြင့် ဤကုစားမှုများကို

စွန့်လွှတ်ရန် ဖိတ်ခေါ်ခြင်း (ဥပမာ - သဘာဝဖြစ်စဉ်တွင် အကောင်းအဆိုး နိယာမသဘောတရားတို့ကို မလိုလား အပ်ပါ) ပြီးနောက် ထိုအရှိအတိုင်းဖြစ်မှုကို စွန့်လွှတ်ခြင်း (ဥပမာ - အရှိအတိုင်းဖြစ်ခြင်းကို တစ်စုံတစ်ခုအဖြစ် ပြုလုပ်လိုက်သောအခါ ၎င်းသည် အတားအဆီးတစ်ခု ဖြစ်လာပါသည်။ နောက်ဆုံးတွင် တစ်စုံတစ်ဦးသည် လက်တွေ့ဘဝ၏ အယူအဆများအားလုံးကို စွန့်လွှတ်လိုက်ပါသည် - မျှော်လင့်ချက်များအားလုံးနှင့် အကြောက်တရားများ (ဥပမာ - အဆုံးတွင် တစ်စုံတစ်ရာ အကောင်အထည်ပေါ်လာရန် စိတ်ကူးသည် စွန့်လွှတ်ရန် သိမ်မွေ့သော အတားအဆီးတစ်ခု ဖြစ်လာပါသည်)။

39. တိဗက်ဘာသာပြန်ကျမ်းနှင့် ပိုနီးစပ်သောတစ်ပိုဒ်မှာ – "သဘာဝဖြစ်စဉ်၏သဘောသဘာဝသည် ဆုပ်ကိုင်ထားသည့်ပြုသူနှင့် ဆုပ်ကိုင်ထားသည့်အပြုခံရသူအကြား သို့မဟုတ် ပညတ်ထားသည့်အရာနှင့် ပညတ်ချက်တို့အကြား တသီးတခြားခွဲခြားမှုမရှိဘဲ အရှိအတိုင်းရှိနေခြင်း ဖြစ်သည်" ဟု ဆိုထားပါသည်။ တိဗက် - gzhan yang chos nyid mtshan nyid ni / gzung ba dang ni 'dzin pa dang / brjod par bya dang rjod par byed / khad med de bzhin nyid yin no /.

40. ပြင်သစ်တွင်နေထိုင်လျက်ရှိသော လက်ဘနွန်နွယ်ဖွား စာရေးဆရာ Amin Maalouf (2000) ၏ အတွေးအခေါ် ဒဿနနောက်ခံသည် ဗုဒ္ဓဘာသာမဟုတ်ချေ။ ၎င်း၏ Identités Meurtrières ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားသော စာတမ်းတိုဖြစ်သည့် "ကိုယ်ပိုင်လက္ခဏာ၊ အကြမ်းဖက်ခြင်းနှင့် ပိုင်ဆိုင်ရန် လိုအပ်ချက် အကြောင်းကြောင့်" *(In the Name of Identity, Violence and the Need to Belong)* ဟူသော ခေါင်းစဉ်အောက်၌ ၎င်းသည် မိမိနှင့် သူတပါး တသီးတခြားခွဲခြားခြင်းတွင် လေးနက်သော ရှုပ်ထွေးမှု၏ အရင်းခံဇာစ်မြစ်ကိုလည်း ရှုမြင်ထားပါသည်။

41. ဥပမာ - ရှင်သန်နိုးကြားသော ကရုဏာအတွက် အခြေခံအုတ်မြစ် – ပိုမိုကောင်းမွန်သောလောကကြီးအတွက် ပြောင်းလဲခြင်းဆိုင်ရာ ကျင့်သုံးမှုအလေ့အထများ၊ [https://foundationforactivecompassion.org/](https://foundationforactivecompassion.org/) ကြည့်ပါ။

42. သက္ကတ - nirvikalpajnana;  တိဗက် - rnam par mi rtog pa ye shes.

43. "အနတ္တ" ဟူသော ဝေါဟာရကို မဟာယာနနှင့် နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုပါသည်။ ပရာညာပါရမိတာ (Prajñāpāramitā)ကျမ်း၌ ယင်းသည် ရုံဖန်ရုံခါ အလယ်အလတ်လမ်းစဉ် (မဇ္ဈိမပဋိပဒါလမ်းစဉ်) ကို ရည်ညွှန်းပြီး "တည်ရှိခြင်းလည်းမဟုတ်၊ မတည်ရှိခြင်း လည်းမဟုတ်" ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

အဘိဓမ္မာကျမ်းကိုတုံ့ပြန်ရာတွင် ယင်းသည် ရုံဖန်ရုံခါ ပင်ကိုယ်ဖြစ်တည်မှု ဆဝဘာဟာဝ (svabhāva) ကင်းမဲ့ခြင်း ဟု ဆိုလိုပါသည်။ အချို့သော တထာဂတဂါဘဟ(Tathagatagarbha)ကျမ်းများတွင် "ဗုဒ္ဓ၏ သဘာဝ၌ ညစ်ညူးမှု မရှိခြင်း" ကို ရည်ညွှန်းပါသည်။ DDV ၌ ယင်းကိုသုံးလျှင် လက္ခဏာနှစ်ရပ်ဒွန်တွဲမှုမရှိခြင်း၊ အရှိအတိုင်း တထတာ (tathatā) နှင့် အခြေခံကျသော အယူအဆပေါ်အခြေတည်ခြင်းမဟုတ်သည့် အသိဉာဏ်/ဉာဏ်ပညာ နိရဝိကလ ပညာန(nirvikalpajñāna)ကို ရည်ညွှန်းပါမည်။

44. စိတ်၏တောက်ပမှုအား ရည်ညွှန်းကိုးကားချက်များကို အစောပိုင်း ကျမ်းစာများတွင် တွေ့ရသော်လည်း ပရညာ ပါရမိတ-သုတ္တရ(Prajñāpāramitā-sūtra)၊ လင်္ကာဝတရ-သုတ္တရ(Lankāvatāra-sūtra) စသည်တို့ ကဲ့သို့သော ကျမ်းဂန်များတွင် စတင်ပြီး ရှင်းလင်းစွာ ဖော်ထုတ်ထားပါသည်။

45. အပိုဒ် (၃၃) ၏ ဘာသာပြန်က အောက်ပါအတိုင်း ဆိုပါသည် - "တစ်စုံတစ်ဦး မှီခိုအားထားနေသောအရာသည် နောက်ခံအကြောင်းအရာ သို့မဟုတ် အခြေခံကို စဉ်းစားဆင်ခြင်ခြင်းအားဖြင့် ဆိုလိုသည်မှာ အခြေခံကျသော အယူအဆပေါ်အခြေမခံသည့် အသိဉာဏ်ခြောက်မျိုးဖြစ်သည့် - စိတ်ကိုဦးတည်သည့်(နည်းလမ်း)၊ စွန့်ပယ်အပ်သော ပင်ကိုအရည်အချင်းများ၊ မှန်ကန်သောအလေ့အကျင့်၊ ဤအသိဉာဏ်၏ဝိသေသလက္ခဏာများ၊ ၎င်း၏အကျိုး ကျေးဇူးများနှင့် [၎င်း၏သီးခြားလက္ခဏာ]များကို စေ့စေ့စပ်စပ်နားလည်သဘောပေါက်ခြင်းတို့ကို စဉ်းစားဆင်ခြင် ခြင်းအားဖြင့် အလွန်လေးနက်သော အပြောင်းအလဲကို ရရှိခြင်း ဖြစ်ပွားပါသည်"။ သက္ကတ အပိုင်းက အောက်ပါ အတိုင်း ဆိုပါသည် - āśrayo . . .praveśah ... sadākāranirvikalpajñānapraveśāt sadākārapraveśah punarāla_ mbanato n_im_ittaparivarjanatah samyakprayog_ at_o

laksanato_‘nuśamsatah parijñānataś ca (San. kṛtyāyana 1938, 163, note 1). တိဘက်ဘာသာပြန်က ဤသို့ဆိုပါသည် - gnas sam rten_ la 'jug pa ni /rnam par mi rtog ye shes la / 'jug pa rnam pa drug gis te / dmigs dang mtshan ma spangs pa dang / yang dag pa yi sbyor ba dang / mtshan nyid dang ni phan yon dang / yongs su shes la' jug pas so.

46. တိဗက် .. . .  de gnyis khyad par mi dmigs pa/ de ni rnam par mi rtogs pa'i/ ye shes yul med dmigs med pa/ mtshan ma thams cad mi dmigs pas/ rab phye ba ni yin phyir ro /.

47. ပရညာ ပါရမိတ(prajñā-pāramitā)နှင့် ဥပါယ ကောဆလျ(upāya-kauśalya)တို့၏ အပြန်အလှန်ဖလှယ်နိုင်မှုနှင့်ပတ်သက်၍ - “ပညာ၏ ပြီးပြည့်စုံခြင်း”နှင့် “အတတ်ပညာ” - de Breet(1992)ကို ကြည့်ပါ။

48. ဗုဒ္ဓဘာသာကျင့်သုံးမှုအလေ့အထများအားလုံးတွင်  စံနမူနာပြအပြုအမူတစ်ခု၏ကျင့်စဉ်ဖွံ့ဖြိုးလာရန်အတွက် အခြေခံမူနိယာမတရားသုံးပါးဖြစ်သော တရားနာခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းနှင့် တရားထိုင်ခြင်းတို့ လိုအပ်ပါသည်။ လေ့ကျင့်ခြင်းသည် အယူအဆများကိုလက်ခံခြင်း(ဆိုလိုသည်မှာ နားထောင်ခြင်း)နှင့်စတင်ပြီး တစ်စုံတစ်ဦး၏ ကိုယ်ပိုင်အတွေ့အကြုံ(ဆိုလိုသည်မှာ ဆင်ခြင်မှု)အရ ပိုင်းခြားစိတ်ဖြာခြင်းနှင့် ဆန်းစစ်ခြင်းသို့ သွားပါသည်။ အဆုံးတွင် စိတ်ကူးသည် အလေ့အထနှင့် ပေါင်းစည်းသွားပါသည်။ ဤနေရာတွင် တရားထိုင်ခြင်းကို အလေ့အထနှင့် ပျိုးထောင်ခြင်း(ဆိုလိုသည်မှာ ထပ်ခါတလဲလဲပွားများခြင်း) ဖြစ်စဉ်တစ်ခုအဖြစ် နားလည်သဘောပေါက်ထားပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များအတွက် မှတ်ချက် (၃၆)ကိုလည်း ကြည့်ပါ။

49. တိဗက် - dran pa.

50. ဤအချက်သည် “သတိပဋ္ဌာန်ထူထောင်ခြင်း” သုတ္တံ (၂၀၁၃) အား ရူပတ် ဂီသင် (Rupert Gethin) ၏ ဘာသာပြန်ဆိုချက် (2008,147) ကို လိုက်လျောညီထွေပြုလုပ်ထားခြင်း ဖြစ်ပါသည်။

51. ဤအချက်သည် အက်ဒွပ် ကွန်ဇီ (Edward Conze) ၏ ဘာသာပြန်ဆိုချက် (1973၊ 97) ကို လိုက်လျောညီထွေပြုလုပ်ထားခြင်း ဖြစ်ပါသည်။ ဝီလစ် (Willis) (2002) ၏ ဘုရားလောင်း (ဗောဓိသတ္တ) ဟူသော စကားလုံးကို ဖတ်ရှုနားလည်ပြီးနောက် ကျွန်ုပ်သည် ပုလ္လိင်နှင့် အပြန်အလှန်ဖလှယ်နိုင်သည့် ဣတ္ထိလိင်ကို အသုံးပြုခဲ့ပါသည် - note 114, p.63 ကိုကြည့်ပါ - ‘ဗောဓိသတ္တဟူသည် အန္တိမ တရားထူး(ဗောဓိ)ရရန် ရည်ရွယ်သည့် “သတ္တဝါ(sattva) တစ်စုံတစ်ဦး”ကို ဆိုလိုပါသည်။  အတိအကျဆိုရလျှင် ထိုကဲ့သို့သောသူ၏လိင်ပိုင်းဆိုင်ရာအသုံးအနှုန်းနှင့် ဆက်စပ်သည့် ကန့်သတ်ချက်မရှိပေ’။

52. Tomlinson (2018), 12 ကို ကြည့်ပါ။

53. အပိုဒ် (၃၇) က အောက်ပါအတိုင်း ပိုမို၍ လုံးစေ့ပတ်စေ့ ဆိုထားပါသည် - “အဆင့်လေးဆင့်ဖြစ်သော - [သဘာဝဖြစ်စဉ်အပေါ်] တစ်စုံတစ်ဦး၏ အာရုံစိုက်သတိကပ်ရန် [သီးခြားနည်းလမ်းတစ်ခု] အလေ့အကျင့်၊  တစ်စုံတစ်ဦး၏ အာရုံစိုက်သတိကပ်ရန်နှင့်ပတ်သက်၍[ဆုပ်ကိုင်ထားသောအပြုခံရသူ]မပါသည့် အလေ့အကျင့်၊ တစ်စုံတစ်ဦး၏ အာရုံစိုက်သတိကပ်ရန်နှင့်ပတ်သက်၍ သတိမရှိသော [ဆိုလိုသည်မှာ ဆုပ်ကိုင်ထားသောပြုသူမပါသည့်] အလေ့အကျင့်၊ သတိမရှိဘဲ အာရုံစိုက်သတိကပ်သည့် [ဆိုလိုသည်မှာ ပြုသူနှင့် အပြုခံရသူမပါသည့်] အလေ့အကျင့်တို့ဖြင့် မှန်ကန်သော ကျင့်သုံးမှုအလေ့အကျင့်အားဖြင့် [အခြေခံကျသော အယူအဆပေါ်အခြေမတည်သည့် အသိဉာဏ်ကို ထူထောင်ခြင်းဖြင့်] ကျင့်သုံးရန်အခွင့်အလမ်း”။ တိဗက် - yang dag pa yi sbyor ba la / 'jug pa yang ni rnam bzhi ste / dmigs pa yi ni sbyor ba dang / mi dmigs pa yi sbyor ba dang / dmigs pa mi dmigs sbyor ba dang / mi dmigs' d o။ ပြန်လည်ဖွဲ့စည်းခြင်း- atha samyakprayoge'pi pravrttis tu caturvidhā / ālambanaprayogaś ca nirālambaprayogitā // lambālambaprayog_ aś ca tathā nirlambayojanam / (Phuntsok 1990, 62).

54. ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအစဉ်အလာများအကြား အမျိုးမျိုးသော ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ စစ်သင်တန်းပေးလေ့ကျင့်မှု ဥပမာများ ရှိပါသည်။ ယင်းသည် ရန်လိုခြင်းမရှိဘဲ အကာအကွယ်ပေးသည့် တပ်ဖွဲ့တစ်ခုအဖြစ် မိမိကိုယ်မိမိ ရှုမြင်ပါသည်။ ယင်းသည် ၁၉၈၀ပြည့်လွန်နှစ်များအတွင်း အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင် ဖော်ဆောင်ခဲ့သည်များအနက်တစ်ခု ဖြစ်ပါသည် - ဤနေရာတွင် တိဗက်ရိုးရာအစဉ်အလာ တရားဓမ္မကာကွယ်သူများနှင့် ဆက်စပ်နေသော ခဆွန်း(Kasung)သင်တန်းဟု ကျွန်ုပ်ထင်မြင်ယူဆပြီး ၎င်းတို့၏ဝက်ဘ်ဆိုဒ်မှ ကျွန်ုပ်ကိုးကားခဲ့ပါသည် - “၎င်းတို့၏ ကျင့်သုံးမှုအလေ့အထ တစ်စိတ်တစ်ပိုင်းအဖြစ် ဒေါ်ဂျီ ခဆွန်း(Dorje Kasung) သည် ဆက်သွယ်ရန်အလို့ငှာ တူညီဝတ်စုံများကိုဝတ်ဆင်ကြပါသည်။ အတ္တကင်းစင်ခြင်း (လက္ခဏာနှစ်ရပ်ဒွန်တွဲမှုမရှိခြင်း) စည်းကမ်းသေဝပ်ခြင်းနှင့် ရိုးရှင်းမှုတို့ကို ခံမင်ကြပါသည်။ အသင့်ရှိနေခြင်းနှင့် အကူအညီရနိုင်ခြင်းဖြင့် အခြားသူများကို အလုပ်အကျွေးပြုပါသည်။ စဉ်ဆက်မပြတ် နိုးထခြင်း လမ်းစဉ်အတွက် သန္နိဋ္ဌာန်ရှိပါသည်။ ဂရုစိုက်မှုနှင့် ဂုဏ်သိက္ခာတို့ကို ပြသပါသည်။ ဒေါ်ဂျီ ခဆွန်(Dorje Kasung) စစ်ရေးပုံစံများသည် ရိုးရာအစဉ်အလာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း စည်းကမ်းများနှင့် ဆင်တူနေသောကြောင့် ဉာဏ်အလင်းရသော လူ့အဖွဲ့အစည်းကို ကျွန်ုပ်တို့ဖန်တီးတည်ဆောက်ကြမည်ဆိုလျှင် ရန်လိုမှုကိုပြောင်းလဲရန် ကျွန်ုပ်တို့ လိုအပ်ကြောင်းကို သတိပေးချက်တစ်ခုအနေဖြင့် ဒေါ်ဂျီ ခဆွန်(Dorje Kasung) အသုံးပြုသည့် စစ်ရေးပုံစံများကို ရွေးချယ်ခဲ့ပါသည်”။ Dorje Kasung – Montréal Shambhala ကမ္ဘဋ္ဌာန်းဌာန - [https://montreal.shambhala.org/kasung/?lang=en](https://montreal.shambhala.org/kasung/?lang=en) ကို ကြည့်ပါ။ စိတ်ကိုလေ့ကျင့်ပေးမှုပေါ်တွင် အလေးပေးထားပါသည် - ဤလေ့ကျင့်ပေးမှုသင်တန်းအမျိုးအစားတွင် ခေတ်မီစစ်လက်နက်များအား အသုံးပြုမှု ပါဝင်ခြင်းရှိမည်မရှိမည်မှာ မရှင်းလင်းပါ။

55. အွန်လိုင်းကို ကြည့်ပါ - [http://www.johnmakransky.org/summary.html.](http://www.johnmakransky.org/summary.html) မာ့ခ်ရန်းစကီး(Makransky) သည် ရှင်သန်နိုးကြားနေသော ကရုဏာပေါ် အခြေခံသည့် အမျိုးအစားများ၏ လေ့ကျင့်မှုတစ်ခုကို လက်ရှိတွင် ဖော်ဆောင်နေပါသည်။

**ကြေငြာချက်**

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

**ရည်ညွှန်းကိုးကားချက်များ**

Allen, C. 2014. *King Aśoka: The Search for India's Lost Emperor*. London: Abacus.

*Angulimāla Sutta*. 2013. M 86. Translated from Pāli by Thanissaro Bhikkhu. https://www.dhammatalks.org/suttas/MN/MN86.html

Carter, J. R. and J. Ross. 1976. “Traditional Definitions of the Term ‘Dhamma’.” *Philosophy East and West* 26 (3): 329–337. doi:10.2307/1397863.

Carter, J. R. 1978. *Dhamma. Western Academic and Sinhalese Buddhist Interpretations. A Study of a Religious Concept*. Tokyo: Hokuseido Press.

Chadha, M. 2018. “No-Self and the Phenomenology of Ownership.” *Australasian Journal of Philosophy* 96 (1): 14–27. doi:10.1080/00048402.2017.1307236.

Conze, E. 1973. *The Perfection of Wisdom in Eight Thousand Lines & Its Verse Summary*. Bolinas: Four Seasons Foundation.

Cox, C. 2004. "From Category to Ontology: The Changing Role of Dharma in *Sarvāstivāda* Abhidharma." *Journal of Indian Philosophy* 32 (5–6): 543–597. doi:10.1007/s10781-004-8635-4.

David, É. 2002. *Principes de droit des conflits armés*. Bruxelles: Bruylant. de Breet, J. A. 1992. "The Concept of 'Upāyakauśalya' in the *Astasāhasrikā Prajñāpāramitā Sūtra*." Vienna Journal of South Asian Studies 36: 203–216.

Denis, D. 2017. "La traduction du terme '*dharma*' (tib. chos) dans le contexte du *Dharmadharmatāvibhāga*, texte bouddhique de l'Inde du IVe siècle." *Laval Théologique et Philosophique* 73 (1): 3–29. doi:10.7202/1041631ar.

Doswald-Beck, L., and S. Vité. 1993. "International Humanitarian Law and Human Rights Law." *International Review of the Red Cross 293*. https://international review.icrc.org/sites/default/files/S0020860400071539a.pdf

Dreyfus, G. 1997. *Recognizing Reality*. New York: State University of New York Press.

Garfeild, J. L. 2021. *Buddhist Ethics: A Philosophical Exploration*. Oxford: Oxford University Press.

Geiger, W., and M. Geiger. [1920] 1973. "Pāli Dhamma vornehmlich in der kanonischen Literatur." *Kleine Schriften zur Indologie und Buddhismuskunde* 6: 101–228.

Gethin, R. 2004. "He Who Sees Dhamma Sees Dhammas: Dhammain Early Buddhism." Journal of Indian Philosophy 32 (5–6): 513–542. doi:10.1007/s10781-004-8633-6.

Gethin, R. 2008. "Establishing Mindfulness (Majjhima Nikāya 10)." In *Sayings of the Buddha: New Translations by Rupert Gethin from the Pali Nikāyas*, 141–151. Oxford: Oxford University Press.

Hultzsch, E. 1925. "Inscriptions of Asoka, New Edition." In *Corpus Inscriptionum Indicarum*, Vol. I. Oxford: Clarendon Press. https://archive.org/details/InscriptionsOfAsoka.NewEditionByE.Hultzsch/page/n291

International Committee of the Red Cross. 2014. *What is IHL?* https://www.icrc.org/en/download/file/4541/what-is-ihl-factsheet.pdf

Jones, K. 2003. *The New Social Face of Buddhism: An Alternative Sociopolitical Perspective*. Boston: Wisdom Publications.

Keown, D. 1996. “Karma, Character, and Consequentialism.” *Journal of Religious Ethics* 24: 329–350.

Maalouf, A. 2000. *In the Nameof Identity, Violence and the Need to Belong*. Translated by Barbara Bray. New York: Arcade Publishing.

Makransky, J. 2017. *Awakening Through Love: Unveiling Your Deepest Goodness*. Somerville: Wisdom Publication.

Nance, R. 2007. “What Do We Rely on When We Rely on Reasoning?” *Journal of Indian Philosophy* 35 (2): 149–167. doi:10.1007/s10781-007-9013-9.

Norman,K.R.1975.“Aśoka andCapitalPunishment.” *Journal of the Royal Asiatic Society* 107 (1): 16–24.

Pictet, J. 1988. “Humanitarian Ideas Shared by Different Schools of Thought and Cultural Traditions.” In *International Dimensions of Humanitarian Law*, 3–5. Paris: Unesco.

Phuntsok, T. 1990. *Dharmadharmatāvibhāgakārikā* (with Commentary by Vasubandhu– Tibetan Version, Sanskrit Restoration and Hindi Translation). Sarnath: Central Institute of Higher Tibetan Studies.

Roncancio, I. V., L. Temper, J. Sterlin, N. Smolyar, S. Sellers, M. Moore, R. Melgar-Melgar, et al. 2019. “From the Anthropocene to Mutual Thriving: An Agenda for Higher Education in the Ecozoic.” *Sustainability* (MDPI) 11 (12): 1–19. https://www.mdpi. com/2071-1050/11/12

Sān : kr _ tyāyana, R. 1938. “Search for Manuscript in Tibet.” *The Journal of the Bihar Research Society* 24 (4): 137–163.

Sasaki, G. H. 1986. *Linguistic Approach to Buddhist Thought*. Delhi: Motilal Banarsidass.

Sassòli, M., A. Bouvier, and A. Quintin, eds. 2020. *How Does Law Protect in War? Cases, Documents and Teaching Materials on Contemporary Practice in International Humanitarian Law*. 3rd ed. Vol. I, Outline of International Humanitarian Law. Brussels: ICRC.

*Shambala Kasung Training*. Centre de méditation Shambhala de Montréal. https://montreal.shambhala.org/kasung/?lang=en

Stcherbatsky, T. 1923. *The Central Conception of Buddhism and the Meaning of the Word “Dharma”*. Delhi: Motilal Banarsidass.

Tieken, H. 2002. “The Dissemination of Aśoka’s Rock and Pillar Edicts.” *Wiener Zeitschrift Für Die Kunde Südasiens/Vienna Journal of South Asian Studies* 46: 5–42.

Tomlinson, D. K. 2018. "The Tantric Context of Ratnākaraśānti's Philosophy of Mind." *Journal of Indian Philosophy* 46 (2): 355–372. doi:10.1007/s10781-018-9351-9.

Varela, F. J. 1999. *Ethical Know-How, Action, Wisdom, and Cognition*. Stanford: Stanford University Press.

Williams, P. 1980. "Some Aspects of Language and Construction in the Madhyamaka." *Journal of Indian Philosophy* 8 (1): 1–45. doi:10.1007/BF02539785.

Willis, J. 2002. *On Knowing Reality*. Delhi: Motilal Banarsidass.

# အပိုင်း (၂)

## စစ်တပ်နှင့် စစ်ပွဲဆင်နွှဲခြင်း

## ဗုဒ္ဓဝင်ဘာသာစစ်သည် - မဓျမက(Madhyamaka) စုံစမ်းမေးမြန်းခြင်း

Dharmacārin Siṃhanāda

### ဆောင်းပါးအကျဉ်းချုပ်

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)နှင့် ဗုဒ္ဓဘာသာအကြား အပြန်အလှန်ဆွေးနွေးမှုသည် ဗုဒ္ဓဘာသာဝင်စစ်သည်၏ သဘောသဘာဝနှင့် ကိုယ်ပိုင်လက္ခဏာတို့နှင့်ပတ်သက်သော စိန်ခေါ်မှုမေးခွန်းကို အာရုံစိုက်သတိပြုမိစေပါသည်။ ဤနေရာတွင် ဗုဒ္ဓဘာသာဝင်စစ်သည်ကို ရိုးရိုးရှင်းရှင်း ဆန့်ကျင်ဘက်အစုံဒွန်တွဲမှုအဖြစ် မမှတ်ယူနိုင်သော်လည်း ဗုဒ္ဓဘာသာအတွေးအခေါ်ကိုအသုံးပြုခြင်းအားဖြင့် ဖွင့်ဟဖော်ထုတ်နိုင်ပြီး စူးစမ်းရှာဖွေနိုင်ကာ နားလည်နိုင်သည့် ရှုပ်ထွေးပြီး အင်အားရှိသော ဝိရောဓိအဖြစ် မှတ်ယူနိုင်ပါသည်။ မဓျမက၏ အပြန်အလှန်တွေးခေါ်နိုင်စွမ်းကို အပြန်အလှန်ဖြစ်စဉ်အားပိုင်းခြားစိစစ်မှု (DPA) ဖြင့် ထိန်းချုပ်အသုံးချပါသည်။ DPA သည် မြေပုံများကဲ့သို့ အတော် နားလည်ရန်လွယ်ကူပြီး ရှင်းလင်းပီသသော အကွာအဝေးပုံစံဖြင့် ရှုပ်ထွေးပြီး အင်အားရှိသည့် အဆက်အသွယ်များကို ပြသသည့် နည်းလမ်း ဖြစ်ပါသည်။ DPA မြေပုံများကို ရှုပ်ထွေးပြီး အင်အားရှိသည့် စစ်ရေးဆိုင်ရာတာဝန်၏ သဘောသဘာဝ၊ တစ်ဦးချင်းတာဝန်ရှိမှုအဖြစ် စစ်သည်နှင့် လူမှုနိုင်ငံရေးအခြေအနေအတွင်းရှိစစ်သည်တို့ကို ပိုင်းခြားစိစစ်ရန် အသုံးပြုလေ့ရှိပါသည်။ ဘုရားလောင်း၏ မဟာယာနဗုဒ္ဓဘာသာစံနှင့် ဂျန်ဂျီယန်စစ်သည်တော်သူရဲကောင်းနမူနာပုံစံအကြား ချိတ်ဆက်မှုများကို စူးစမ်းလေ့လာခဲ့ပါသည်။ စစ်ရေးဆိုင်ရာရက်စက်မှုကိစ္စရပ်တွင် ကျင့်ဝတ်နှင့်ဥပဒေလိုက်နာရန်ပျက်ကွက်မှုပါဝင်သည့် စစ်ဆင်ရေးများ၏ ကျင့်ဝတ်ဆိုင်ရာ အပြုအမူလုပ်ဆောင်ချက်အတွက် IHL နှင့်အညီ နမူနာတစ်ရပ်ကို အဆိုပြုထားပါသည်။ ကျင့်ဝတ်များကို အရေးကြီးသောစမ်းသပ်မှုအတွက် “သဘာဝကျင့်ဝတ်များ”အဖြစ် ဗုဒ္ဓဘာသာနှင့်ရောပိုမိုယေဘုယျကျသည့် အသုံးအနှုန်းဖြင့်ပါ နှစ်မျိုးလုံးဖြင့် ဆွေးနွေးထားပါသည်။ အရေးကြီးသောစမ်းသပ်မှုသည် ကျဉ်းမြောင်းသော ဘာသာရေးဆိုင်ရာ ရေးရိုးစွဲအတွေးအခေါ်တချို့ အတွက်သာမဟုတ်ဘဲ ပဋိပက္ခနယ်ပယ်တွင် IHL အား လက်တွေ့ လေးစားလိုက်နာမှုအတွက်လည်း ဖြစ်ပါသည်။ ကျင့်ဝတ်နှင့်ဆိုင်သော စစ်သည်ဘဝ အလေ့အကျင့်တွင် အခက်အခဲများကြုံတွေ့နေရကြောင်း မှတ်သားရပါသည်။ သိသာထင်ရှားသော ပြောင်းလဲမှုမရှိဘဲ ယင်းတို့ကို ကျော်လွှားနိုင်မည်မဟုတ်သောကြောင့် စစ်ရေးဆိုင်ရာလေ့ကျင့်သင်တန်းပေးမှုတွင် စီမံခန့်ခွဲမှုပညာ၊ ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပါဝင်ပတ်သက်မှုများကို သတိပြုမှတ်သားရပါသည်။

### နိဒါန်းနှင့် ခြုံငုံသုံးသပ်ချက်

မကြာသေးမီနှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာ ထုံးတမ်းစဉ်လာ ကိုးကွယ်ရာဘာသာ ပြန်လည်ရှင်သန်နိုးထလာမှုက အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အား ကမ္ဘာ့ကိုးကွယ်ရာဘာသာများနှင့် IHL ၏ တူညီသည့် အနေအထားကို ဆန်းစစ်ရန် ရှေ့ဆောင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာတွင် ICRC သည် အထူးသဖြင့် အလားအလာကောင်းသော မိတ်ဖက်ကို တွေ့ရှိခဲ့ပါသည်။ ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုစလုံးသည် လူ့ဂုဏ်သိက္ခာကိုထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အကြမ်းဖက်ပဋိပက္ခဖြင့် အမှတ်အသားပြုထားသော ကမ္ဘာတွင် ဆင်းရဲဒုက္ခလျော့နည်းသက်သာစေရေးတို့နှင့် ပတ်သက်ဆက်နွယ်နေပါသည်။ ဗုဒ္ဓဘာသာတွင် လူကိုအဓိကထားသောမနုဿဝါဒနှင့် သာမန်လူတို့ဉာဏ်မမီနိုင်သော စိတ်ပိုင်းကိုအလေးပေးသည့်ရုပ်လွန်ဝါဒ ရှုထောင့် နှစ်မျိုးလုံးရှိသော်လည်း ၎င်း၏လူသားဝါဒရှုထောင့်အမြင်သည် ICRC ၏ မဟာဗျူဟာ တာဝန်နှင့် နီးကပ်စွာ လိုက်လျောညီထွေရှိပြီး ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလများသည် IHL ၏ စံချိန်စံညွှန်းများနှင့် ကောင်းစွာ ကိုက်ညီနေပါသည်။

လုပ်ငန်းစီမံကိန်းတစ်ခုလုံးသည် ခိုင်မာပြီး ယုတ္တိတန်သောအတွေးအခေါ်ရှိသည့် ဗုဒ္ဓဘာသာဝင် စစ်သည်ပေါ်တွင် မူတည်နေသောကြောင့် ဗုဒ္ဓဘာသာနှင့် IHL အကြားဆွေးနွေးမှုသည် ဗုဒ္ဓဘာသာဝင်စစ်သည် အယူအဆအပေါ် အထူးဂရုပြုအာရုံစိုက်ပါသည်။ တစ်ဘက်တွင် ဗုဒ္ဓဘာသာဝင်စစ်သည်များ အထင်အရှား ရှိနေသော်လည်း အခြားတစ်ဘက်တွင် ဗုဒ္ဓဘာသာဝင်စစ်သည်က ဆန့်ကျင်ဘက်အသွင်ဖြစ်နေသောကြောင့် ဤသည်မှာ ပြဿနာဖြစ်နေပါသည်။ ဤနေရာသည် ခက်ခဲသောကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဗုဒ္ဓဘာသာဝင်စစ်သည်

အား - အမျိုးဇာတိ သို့မဟုတ် ဘာသာပြောင်းသည်ဖြစ်စေ မပြောင်းသည်ဖြစ်စေ ပင်ကိုအားဖြင့် မှားယွင်းမှု အနေအထားတစ်ခုကို ရယူထားသည်ဟု ကောက်ချက် ချရမည်လော။ သို့မဟုတ်လျှင် ဗုဒ္ဓဘာသာ အကြမ်းမဖက်ခြင်းကို စစ်သည်၏အသက်မွေးမှုဖြစ်သော အကြမ်းဖက်ခြင်းနှင့် မည်ကဲ့သို့ အံဝင်ခွင်ကျဖြစ်စေမည်နည်း။ စစ်ရေး အခြေအနေအတွင်း ဗုဒ္ဓဘာသာ အခြေခံမူသဘောတရားများအား မည်ကဲ့သို့ကျင့်သုံးနိုင်ပုံကို ဥပမာများ ကြည့်ခြင်းထက် သိသာသော ဆန့်ကျင်ကွဲလွဲမှုဖြစ်သော်ငြားလည်း ဤဆောင်းပါးသည် ဗုဒ္ဓဘာသာဝင် စစ်သည်ကိုယ်တိုင်၏ မေးမြန်းချက်ကို ရှင်းလင်းသွားစေရန် ဖွင့်ပြရန်နှင့် ထုတ်ဖော်ဖွင့်ဟရန် ကြိုးပမ်းထားသည်ဖြစ်ရာ ဆင်းရဲဒုက္ခများ လျော့နည်းစေရန် အလားအလာရှိသည့် အပြုသဘောဆောင်သော ချဉ်းကပ်မှုနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ယင်းသည် ဗုဒ္ဓဘာသာဝင် စစ်သည်၏ နားလည်သဘောပေါက်မှုတစ်ခုကိုရှာဖွေရန် မချမကတွင် အခြေတည်သော စုံစမ်းမေးမြန်းမှုတစ်ခုကို လက်ကိုင်ပြုပြီး ဗုဒ္ဓဘာသာပြဿနာတစ်ခုကို ဗုဒ္ဓဘာသာနည်းလမ်းဖြင့် ချဉ်းကပ်ခြင်း ဖြစ်ပါသည်။

မချမကသည် မဟာယာနဗုဒ္ဓဘာသာအတွင်း ဖွံ့ဖြိုးလာသော ဗုဒ္ဓဘာသာအတွေးအခေါ်ဒဿနဆိုင်ရာ အစောဆုံးဂိုဏ်းတစ်ခု ဖြစ်ပါသည်။ ခရစ်သက္ကရာဇ် ဒုတိယရာစုဝန်းကျင်ခန့်တွင် တည်ထောင်ခဲ့ပြီး အတွေးအခေါ် ပညာရပ်အပြင် လက်ခံရရှိထားသောအမြင်များနှင့် တရားသေကိုင်စွဲထားသောအမြင်များကို စိန်ခေါ်ရန်အတွက် နည်းလမ်းများအပေါ် အကြီးအကျယ် အလေးအနက်ထားပါသည်။[1] ဤဆောင်းပါးတွင်ပါရှိသည့် စုံစမ်းမေးမြန်းမှုသည် မချမကထုံးတမ်းစဉ်လာအတွင်းမှ ပင်မအတွေးအခေါ်များကို ရွေးချယ်ပြီး မူရင်းအတိုင်း အသုံးပြုထားပါသည်။ ၎င်းသည် မချမကတွေးခေါ်မှု၏ အဓိကအင်္ဂါရပ်တစ်ခုပေါ်တွင်တည်ပြီး - ၎င်း၏စွမ်းရည်သည် သိသာသော ဆန့်ကျင်ဘက်များ၏ ဆက်နွှယ်မှုကို ပြသခြင်းအားဖြင့် အရှုပ်အထွေးများကိုရှင်းလင်းရန်၊ ဖြေရှင်းရန်နှင့် ဝိရောဓိကို ကျော်လွှန်ရန်တို့ ဖြစ်ပါသည်။[2] ဤအပြန်အလှန်ဆက်နွှယ်မှုကို ဘာရီ ဂျွန်ဆင် - Barry Johnson (1996) ၏ ဝိရောဓိဖြစ်မှု(ပဋိပက္ခဖြစ်မှု)ကို စီမံခန့်ခွဲခြင်း(Polarity management)မှ ကျွန်ုပ် ဖော်ဆောင်ခဲ့သည့် ရှုပ်ထွေးသော ယုတ္တိဗေဒနည်းကျ ကျိုးကြောင်းဆင်ခြင်၍ အမှန်တရားကိုဆန်းစစ်ရှာဖွေခြင်းအတွက် နည်းလမ်းကို အသုံးပြုကာ စူးစမ်းရှာဖွေခြင်းဖြစ်ပြီး ယင်းသည် အဖွဲ့အစည်းများအတွင်း ရှုပ်ထွေးသောအကျပ်အတည်းများကို စံနမူနာပြုလုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် ၎င်းက ရေ့ပြေးတီထွင်ခဲ့သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်သည် မချမကကို ထိန်းချုပ်အသုံးချရန်အတွက် ၎င်းတို့ကို ပိုမိုနားလည်သဘောပေါက်စေရန် သိသာသော ဆန့်ကျင်ဘက်များကို ဖွင့်ထုတ်ကာ ထုတ်ဖော်ပြသသည့် နည်းလမ်းတစ်ခုအနေဖြင့် အပြန်အလှန်ဖြစ်စဉ်အားပိုင်းခြားစိစစ်မှု (DPA) ကို ဖော်ဆောင်ခဲ့ပါသည်။ DPA သည် ဤနေရာတွင် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များအတွက် ဗုဒ္ဓဘာသာဝင်စစ်သည်၏ သဘောသဘာဝပြဿနာကိုကိုင်တွယ်ရန် အသေးစိတ်ပုံဖော်သည့်ပုံစံတစ်ခုကို ဖြည့်ဆည်းပေးပါသည်။ ဗုဒ္ဓဘာသာဝင်စစ်သည်ဆိုသည်မှာ ဆန့်ကျင်ဘက်နှစ်ခုဒွန်တွဲမှုမဟုတ်သော်လည်း ကျိုးကြောင်းဆင်ခြင်ဆန်းစစ်ရှာဖွေသည့် ကောင်းကျိုးနှင့် စူးစမ်းရှာဖွေရန်လိုအပ်သည့် ရှုပ်ထွေးသော ဆက်စပ်ဝိရောဓိဖြစ်မှုကို သရုပ်ဖော်ပြသခြင်းအားဖြင့် ထိုသို့ပြုလုပ်ခြင်း ဖြစ်ပါသည်။ DPA အလုပ်လုပ်ပုံများကို အောက်တွင် ဖော်ပြပါမည်။ ကျွန်ုပ်တို့၏ လက်ရှိ ပြဿနာအတွက် ယင်းကို ကျင့်သုံးရာတွင် ယေဘုယျစစ်သည်နှင့် အထူးသဖြင့် ဗုဒ္ဓဘာသာဝင်စစ်သည်ကို စံနမူနာပြအဖြစ်လည်းကောင်း၊ တစ်ဦးချင်းအဖြစ်လည်းကောင်း၊ လူမှုဘဝအခြေအနေတွင်ဟူ၍လည်းကောင်း ရှုထောင့်သုံးမျိုးမှ ရှုမြင်ပါသည်။ သမားရိုးကျစစ်သည်သူရဲကောင်းကဲ့သို့ စံနမူနာပြစစ်သည်ကို ဘုရားလောင်းလမ်းစဉ်အတိုင်း ပါရမီမြောက်သောအရည်အချင်းနှင့်လက္ခဏာရှိသည့်အလုပ်ကိုဖြည့်ကျင့်သူ "ပြီးပြည့်စုံမှု"ပါရမီရှိသည့် ဘုရားလောင်းကဲ့သို့သော စံနမူနာပြဗုဒ္ဓဘာသာဝင်နှင့် နှိုင်းယှဉ်ပါသည်။ တာဝန်ရှိသူတစ်ဦးအဖြစ် စစ်သည်၏တာဝန်ကို နိုးကြားတက်ကြွသောအစွန်းနှင့် လက်ခံရန်အသင့်ဖြစ်သောအစွန်းတို့ကြားတွင် အပြန်အလှန်အားပြိုင်မှုဖြင့် အသေးစိတ်ပုံဖော်ထားပါသည်။ လူမှုဘဝအခြေအနေအတွင်းရှိတာဝန်ကို ထောက်ခံမှုနှင့် စိန်ခေါ်မှု အစွန်းနှစ်ခုအကြား အပြန်အလှန်အားပြိုင်မှုအဖြစ် ပုံဖော်ထားပါသည်။ ယင်းအစွန်းများအကြောင်းကို အောက်တွင် ဆက်လက်ရှင်းပြပါမည်။ အပြန်အလှန်ဖြစ်သော ပြောင်းလဲပေးနိုင်သည့်အင်အားများကို ရှုပ်ထွေးသောလုပ်ငန်းစဉ်များ၏ရှင်းလင်းပီသမှုကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အမြင်အထောက်အကူပေးသည့် မြေပုံပုံစံဖြင့် တင်ပြထားပါသည်။

ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ဤမေးမြန်းမှု၏ သဘောလက္ခဏာသည် ပွင့်လင်းမြင်သာမှုရှိရမည်၊ သိချင်စိတ်ပြင်းပြရမည်၊ စူးစမ်းလိုစိတ်ပြင်းပြရမည် - ယင်းသည် ကောင်းမွန်သောမေးခွန်းများကိုမေးရန် ရည်ရွယ်ပြီး၊ ၎င်းတို့ထံမှ ထွက်ပေါ်လာသည့်အရာနှင့် ၎င်းတို့ဦးဆောင်သည့်နေရာကို သိမြင်ရန် ရည်ရွယ်ပါသည်။ ဗုဒ္ဓဘာသာဓလေ့

ထုံးတမ်းအစဉ်အလာကို ထိန်းသိမ်းခြင်းဖြင့် ယင်းက ခိုင်မာသောလက်တွေ့သာဓကဖြင့် ယေဘုယျစိတ်ကူးများကို အခြေပြုရန် ကြိုးပမ်းထားပါသည်။

## စံနမူနာပြစစ်သည်

ICRC နှင့် ဗုဒ္ဓဘာသာအစဉ်အလာတို့တွင် မြင့်မားသောစံနမူနာများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ရှာဖွေခြင်းတို့အတွက် တူညီသော ကတိကဝတ် ရှိကြပါသည်။ ဤစံနမူနာများသည် အချင်းချင်း ရှေ့နောက်ညီညွတ်ပါရဲ့လား။ စံနမူနာပြစစ်သည်ကို စံနမူနာပြဗုဒ္ဓဘာသာဝင်နှင့် မည်သို့နှိုင်းယှဉ်နိုင်မည်နည်း။

စံနမူနာပြစစ်သည်ကို ကားလ်ဂျန်း - Carl Jung (1991, [1933] 2001) က မူရင်းအဓိပ္ပါယ်ဖွင့်ဆိုခဲ့ပြီး နောက်ပိုင်းတွင် ဂျိုးဇက်ကမ့်ဘဲလ် - Joseph Campbell ([1949] 2012)၊ မိုးရ် - Moore နှင့် ဂျလက် - Gillette (1990)တို့အပါအဝင် ၎င်း၏ နောက်လိုက်များ (Jungians) က ဖွံ့ဖြိုးတိုးတက်စေခဲ့သည့်အတိုင်း သူရဲကောင်း စစ်သည်တော် ဗီဇပုံစံဖြင့် စံနမူနာထားနိုင်ပါသည်။ ဂျန်း၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုတွင် 'ဗီဇကိုယ်ရည်ကိုယ်သွေးပုံစံ(archetype)'ဟူသည် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အတွေးနှင့် လုပ်ဆောင်မှုအတွင်း တစ်ကိုယ်ရေအဆင့်တွင်တွေ့နိုင်သည့်ဖော်ပြချက်ဖြစ်သော 'နက်နဲသည့် ပုဂ္ဂိုလ်ရေးအရ ပြောင်းလဲနိုင်သည့်စိတ်အင်အား(deep transpersonal dynamics)' ဖြစ်ပါသည်။ မဟာယာနပေါ်ထွန်းလာချိန်မှစ၍ စံနမူနာပြဗုဒ္ဓဘာသာဝင်ကို ဘုရားလောင်းလမ်းစဉ်၏ ပါရမီများဖြည့်ကျင့်မှု ပါဝင်သည့်နည်းလမ်းပိုင်ရှင် ဗုဒ္ဓဘာသာဝင်ဘဝ၏ သူရဲကောင်းပုံစံဖြစ်သော ဘုရားလောင်း (Bodhisattva) ဟု ဖွင့်ဆိုပါသည်။[3] ဤစံနမူနာများ သည် သဟဇာတ ဆီလျော်မှု ရှိပါ၏လော။

ငင်းတို့သည် မုချ ဆီလျော်မှု ရှိပါသည်။ ဤအစဉ်အလာ၏ ပဂေသဏီအချိန်ကတည်းက ဗုဒ္ဓဘာသာနှင့် စစ်သည်ဘဝသည် ရဲဘော်ရဲဘက်များ ဖြစ်သည်မှာ ထင်ရှားပါသည်။ ဗုဒ္ဓကို ဘုရင့်သားတော်စစ်သည်တော်ဟောင်း တစ်ဦးအဖြစ် မြင်ခဲ့ကြပြီး၊ ဗုဒ္ဓသည် ၎င်း၏ အဆုံးအမတရားဒေသနာတော်များတွင် စစ်ရေးဆိုင်ရာ ဥပမာများကို အသုံးပြုကာ ဟောကြားခဲ့ပါသည်။ ဗုဒ္ဓဝင်အားပြန်ပြောင်းဟောကြားရာ၌ လူသိအများဆုံးဥပမာမှာ ထင်ရှားသော မြားဇာတ်တော်[4] ဖြစ်ပြီး အသက်ဘေးနှင့်ကျွမ်းကျင်အကူအညီအရေးတကြီးလိုအပ်နေသည့် စစ်မြေပြင်၌ ဒဏ်ရာရ စစ်သည်တစ်ဦးအဖြစ် လူသား၏အခက်အခဲကို ထိုဇာတ်တော်၌ ဟောကြားထားပါသည်။ ဗုဒ္ဓဘာသာသမိုင်း နောက်ပိုင်းတောက်လျှောက် စစ်ရေးဆိုင်ရာ သင်္ကေတအမှတ်လက္ခဏာများသည် ရည်ရွယ်ချက်ရှိရှိ အထင်အရှား ရှိနေဆဲ ဖြစ်ပါသည်။ တိဗက်သရုပ်ဖော်အနုပညာလက်ရာပန်းချီများနှင့်သင်္ကေတများထဲရှိ ထင်ရှားသော ဥပမာများတွင် Padmasambhava[6] ကိုင်ဆောင်ထားသော မဉ္ဇူသီရိ(Mañjuśrī)[5] ၏ စိန်ခားမီးတောက်၊ Vajrapāṇi[7] ကိုင်ဆောင်ထားသော ဝရဇိန်မိုးကြိုးသွားနှင့် ဝရဇိန်[8]ဘုရားလောင်းပြဇာတ်တို့ ပါဝင်ပါသည်။

ဇယား(၁)တွင် ဘုရားလောင်းလမ်းစဉ်၏ပါရမီများနှင့် ဂျန်း၏ စစ်သည်သူရဲကောင်း ဗီဇကိုယ်ရည်ကိုယ်သွေး (Moore နှင့် Gillette 1990)တို့ကို ခြားနားပေါ်လွင်အောင် ယှဉ်တွဲဖော်ပြထားပြီး၊ နီးစပ်သည့်ဆက်နွှယ်မှု အချို့ကို ဖော်ပြထားပါသည်။ စစ်သည်တော်သူရဲကောင်းဗီဇကိုယ်ရည်ကိုယ်သွေးပုံစံနှင့် ဘုရားလောင်းကြား ယင်းဆက်နွှယ်မှုက တိမ်မြုပ်နေသော လူသားတို့၏ တူညီသောအစွမ်းအစပေါ် အရင်းခံကြောင်း ညွှန်ပြနေပါသည်။

<u>**ဇယား ၁၊ ပါရမီ(၆)ပါးနှင့်ဆက်နွှယ်နေသော စစ်သည်တော်သူရဲကောင်း၏ အရည်အသွေး(၈)ပါး**</u>

| **စစ်သည်တော်သူရဲကောင်း၏ အရည်အသွေး** | | **ပါရမီ** | |
|---|---|---|---|
| ဖျက်ဆီးသူ | စွမ်းရည် ကန့်သတ်ခြင်း သို့မဟုတ် ပိတ်ဆို့ခြင်း ကို စွန့်လွှတ်နိုင်စွမ်းရှိသည်။ အထောက်အကူမဖြစ်သော ကန့်သတ်ချက်များ၊ တားမြစ်မှုများနှင့် အုပ်စု စံနှုန်းများကို ချိုးဖောက်သည်။ | **ဒါနပါရမီ** ပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း<br>*ဦးတည်မှု* ↓ | သင့်လျော်သော၊ စည်းကမ်းသတ်မှတ်မထားသော လက်ဆောင်များ (ရိက္ခာ၊ အချိန်၊ ဂရုစိုက်မှု၊ ငွေကြေးနှင့် အရေးကြီးဆုံး တရားဓမ္မ) ဆင်းရဲဒုက္ခနှင့် စိတ်ပိုင်းဆိုင်ရာ မသိမှုမောဟတို့ကို လျော့ပါးသက်သာစေရန် ရည်ရွယ်ချက်နှင့် ပေးကမ်းနိုင်သည်။ ကြောက်ရွံ့မှုကင်းခြင်း လက်ဆောင် အဘယနှင့် ကိုယ်ကျိုးစွန့် |

| | | | |
|---|---|---|---|
| | | | ခြင်း၏ အမြင့်မြတ်ဆုံးသော ရက်ရောမှုစာဂတို့ ပါဝင်သည်။ |
| မိမိကိုယ်ကို ထိန်းချုပ်မှု | အမြင်၊ ကျွမ်းကျင်မှုနှင့် အသိပညာပေါင်းစပ်မှု ဖွံ့ဖြိုးတိုးတက်ရန် လေ့ကျင့်မှုတွင် အပြည့်အဝ ပါဝင်သည်။ မိမိ၏လုပ်ဆောင်မှုများအတွက် တာဝန်ယူသည်။ | **သီလပါရမီ**<br>ကျင့်ဝတ်များနှင့် ပြည့်စုံခြင်း<br><br>*ဦးတည်မှု* ↓ | အခြေအနေအရ နက်ရှိုင်းသော သတိနှင့် သုညတအသိတို့မှ ထွက်ပေါ်လာသော လုပ်ဆောင်မှု။ အားလုံးအတွက် ပညာကအားပေးသော ကျွမ်းကျင်လိမ္မာပါးနပ်မှုနှင့် ဆီလျော်သော လုပ်ဆောင်မှု။ |
| နည်းဗျူဟာ သမား | ဖြစ်ပျက်နေခြင်းကို သုံးသပ်အကဲဖြတ်သည်။ ရည်မှန်းချက်များအောင်မြင်ရန် မဟာဗျူဟာများ ဖော်ဆောင်နိုင်သည်။ | | |
| အနိုင်မခံသော | စမ်းသပ်မှုများနှင့် အခက်အခဲများကို သည်းခံရန် စိတ်ဓာတ်ခွန်အား ရှိသည်။ မခံမရပ်နိုင်သည်များနှင့် မသိသည်များကို သည်းခံနိုင်စွမ်းရှိသည်။ | **ခန္တီပါရမီ**<br>သည်းခံခြင်းနှင့် ပြည့်စုံခြင်း<br><br>*ဦးတည်မှု* ↓ | သည်းခံခြင်းနှင့် ဒုက္ခအပါအဝင် အမှန်တရားကို မစွန့်သည့်စွမ်းရည်။<br>အခက်အခဲနှင့် မတူညီမှုတို့နှင့်ပတ်သက်ပြီး နေထိုင်နိုင်စွမ်း။ |
| တက်ကြွ ထက်သန် သော | နိုးကြားသည့်၊ အားစိုက်သည့်၊ တွန်းအားပေးသည့် အားထုတ်မှု ရှိသည်။ အမြဲတမ်း အခြေအနေနှင့် ဆီလျော်သည်။ | **ဝီရိယပါရမီ**<br>ကောင်းကျိုးကို ရှာဖွေသော အားထုတ်မှုနှင့် ပြည့်စုံခြင်း<br><br>*ဦးတည်မှု* ↓ | စွမ်းအားကို တိုက်ရိုက်နှင့် သင့်လျော်စွာ အသုံးပြုခြင်း။ အများအကျိုးအတွက် ထိန်းချုပ်ခဲ့ပြီး ကျွမ်းကျင်လိမ္မာပါးနပ်စွာ အသုံးပြုခဲ့ခြင်း။ |
| မိမိကိုယ်ကို သိခြင်း | မိမိကိုယ်ပိုင်အစွမ်းအစများနှင့် အကန့်အသတ်များကို သိသည်။ သေခြင်းတရား၏နီးကပ်မှုနှင့် ဘဝ၏ မခိုင်မြဲမှုအား သိခြင်းက လှုံ့ဆော်ပေးသည်။ | | |
| နိုးကြားခြင်း | တွေးခေါ်ခြင်း၊ လေ့လာခြင်းနှင့် နိုးကြားမှုတို့ဖြင့် ကြည်လင်ပြတ်သားမှုနှင့် ချင့်ချိန်နိုင်စွမ်း အမြော်အမြင်ကို အသုံးပြုသည်။ | **သမာဓိပါရမီ**<br>အလေးအနက် တွေးခေါ်ဆင်ခြင်မှုနှင့် ပြည့်စုံခြင်း<br><br>*ဦးတည်မှု* ↓ | အာရုံစူးစိုက်မှု၊ စိတ်တည်ကြည်မှု၊ သတိတရားနှင့်ပြည့်စုံမှုတွင် ကျွမ်းကျင်ခြင်း။ အတွေးများကို လမ်းညွှန်ပေးနိုင်မှုစွမ်းရည်နှင့် စိတ်ကြည်လင်ပြတ်သားမှုနှင့် ပြန်လည်သုံးသပ်နိုင်မှုအခြေအနေများ ဖြစ်ပေါ်စေနိုင်သည့် စွမ်းရည်။ |
| ပုဂ္ဂိုလ်ရေးအရကိုကျော်လွန်၍ သစ္စာရှိမှု | ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုသည် အမြင်နှင့် ပန်းတိုင် ဆက်စပ်မှုမှ ထွက်ပေါ်လာသည်။ ဘဝကို ပုဂ္ဂိုလ်ရေးအရထက်ကျော်လွန်၍ ဖြည့်ဆည်းမှုအဖြစ် ပေးဆပ်ခြင်း။ | **ပညာပါရမီ**<br>ပညာနှင့် ပြည့်စုံခြင်း<br><br>↑<br><br>*ဒါနဆီသို့ ‘ပြန်လည်’ ဦးတည်မှု* | အရာဝတ္ထုများအပေါ် ၎င်းတို့အရှိအတိုင်း ရှုမြင်ခြင်း။ အခြေခံအားဖြင့် မိမိနှင့်သူတစ်ပါးအား ထင်ယောင်ထင်မှား ဖြစ်စေသော သဘောသဘာဝရှိသော်လည်း အစဉ်အလာအရ အမှန်အမြင်။<br>အပြန်အလှန်ဆက်သွယ်မှုကို သိခြင်း။ အားလုံးနှင့်ဆိုင်သောအခြေအနေအား သိခြင်းကို သရုပ်ဖော်ခြင်း။ |

**အမှောင်ဘက်ခြမ်း**

ဤပုဂ္ဂိုလ်အဆင့်အတန်းနှင့် ကျင့်ဂတ်အရည်အသွေးများသည် မြင့်မြတ်ပြီး ကောင်းမွန်သည့် စံနမူနာပြ အနေအထားကို ကိုယ်စားပြုပါသည်။ ၎င်းတို့သည် ခိုင်မာသော ကိုယ်ကျင့်သီလဆိုင်ရာအခြေအနေတစ်ခုအတွင်း မှန်ကန် သောအမြင်နှင့် နားလည်ထားသည့်ရှုထောင့်အားလုံး မျှခြေအနေအထားတွင် ပေါင်းစည်းဆက်နွယ်နေမှသာလျှင် ပြီးပြည့်စုံမှုဆီသို့ ဦးတည်ရာလမ်းကြောင်းကို ကိုယ်စားပြုနိုင်ပါမည်။ သို့ရာတွင် ဤစံနမူနာပြအနေအထားက အရိပ်တစ်ခုကို ထိုးစေပါသည်။ ပုထုဇဉ်(လောက)အခြေအနေကို ဗုဒ္ဓဘာသာခွဲခြမ်းစိတ်ဖြာမှုအရ ကျွန်ုပ်တို့သည် အလားအလာကောင်းသောနေရာမှအစပြုပုံမရကြောင်း ညွှန်ပြနေသည်ကို ထင်ဟပ်နိုင်ရန် အလေးအနက်ဆင်ခြင် စေပါသည်။ စစ်သည်၏ဗီဇကိုယ်ရည်ကိုယ်သွေးနှင့်ပတ်သက်၍ မှားယွင်းစွာနားလည်ရန် ပိုမိုလွယ်ကူပါသည်။ အထူးသဖြင့် စစ်သည်၏ ဖျက်ဆီးသူနှင့် ရန်လိုသောသွင်ပြင်လက္ခဏာများသည် စစ်သည်တို့၏ ကျင့်ဝတ်ဆိုင်ရာဆက်စပ်စဉ်းစားရမည့် အကြောင်းအရာများကို ကွယ်ပျောက်စေနိုင်ပြီး၊ ပုံမှန်မဟုတ်ဘဲ “မြင့်မြတ်သောစစ်ပွဲ”(holy war)[9] အတွေးအခေါ်မှတဆင့် အကြမ်းဖက်မှုကို ကျိုးကြောင်းသင့်ရှင်းပြရန်နှင့် အမွှမ်းတင်ရန် ၎င်းတို့ကို အသုံးပြုလေ့ရှိပါသည်။ နိုးကြားအသိ ရှိလင့်ကစား ပုဂ္ဂိုလ်ရေးဆိုင်ရာဗီဇကိုယ်ရည်ကိုယ်သွေးစွမ်းအင်များသည် အမြဲတမ်းအလုပ်လုပ်နေပြီး၊ တစ်ဦးချင်း စိတ်သဘောဖြင့် သေချာပေါက် ထုတ်ဖော်ပြသနိုင်မည်ဖြစ်ကြောင်း Jung ၏ ခွဲခြမ်း

စိတ်ဖြာလေ့လာမှုက အဆိုပြုထားပါသည်။ သတိရှိသော၊ အခြေအနေကောင်းမွန်ပြီး ပေါင်းစည်းထားသော နည်းလမ်းဖြင့် စစ်သည်သူရဲကောင်း စွမ်းအင်နှင့်အတူ ပါဝင်တိုက်ခိုက်ရန် ပျက်ကွက်ခြင်းသည် စွမ်းအင်ကို "အရိပ်" ပုံစံ သရုပ်သကန်ဖြင့် မောင်းနှင်ထုတ်သည့် ဖိနှိပ်မှုရလဒ်ကို ဖြစ်စေပါသည်။ အရိပ်သရုပ်သကန်သည် အခြေခံအားဖြင့် ဟန်ချက်မညီခြင်းဖြစ်ပြီး၊ မမျှတခြင်းတစ်ခု ဖြစ်ပါသည်။ စွမ်းအင်သည် စိတ်အေးစေခြင်းနှင့် အခြားသော ဗီဇ ကိုယ်ရည်ကိုယ်သွေးပုံစံများ အထူးသဖြင့် ဘုရင်နှင့်ချစ်သူ - King and Lover (Moore and Gillette 1990) (ရင့်ကျက်တည်ငြိမ်သောအာဏာနှင့် နက်ရှိုင်းသောကရုဏာတရားချစ်ခြင်းမေတ္တာတို့အကြား ဟန်ချက်ညီစေခြင်း) ကဲ့သို့ အခြေအနေကောင်းမွန်ပြီး ဆက်နွယ်မှုရှိသည့် ဘဝ၏ တန်းတူညီမျှသောအခြေခံများ၏ လွှမ်းမိုးမှု ဟန်ချက်ညီခြင်းတို့မှ တသီးတခြားတည်ရှိခြင်း သို့မဟုတ် ကင်းကွာခြင်းတို့ ဖြစ်လာခဲ့သောကြောင့် ထိုအရိပ် သရုပ်သကန် အဓိကအားဖြင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဖိနှိပ်ခံရသော စွမ်းအင်သည် ယိုစိမ့်နေမည်ဖြစ်ပြီး သတိရတာချက်မရတာချက်ဖြင့်လည်းကောင်း၊ မသိစိတ်၏စေ့ဆော်မှုဖြင့်လည်းကောင်း၊ ထို့အပြင်/သို့မဟုတ် အသိစိတ်ကင်းမဲ့ကာ မသိဘဲနှင့်လည်းကောင်း စိတ်သဘောထားများနှင့် အပြုအမူများကို ပုံဖော်နေပေလိမ့်မည်။

**<u>ဇယား ၂။ စစ်သည်တော်သူရဲကောင်း၏ အရိပ်သွင်ပြင်များ (မိုးရ်နှင့် ဂျလက် ၁၉၉၀ - Moore and Gillette 1990 မှ ဆင်းသက်ခဲ့သော)</u>**

| **နာကျင်ဒုက္ခရောက်ခြင်း၌သာယာသော သရုပ်သကန်** | **ရက်စက်ခြင်း၌သာယာသော သရုပ်သကန်** |
|---|---|
| အထီးကျန်မှုနှင့် နက်ရှိုင်းသောစိုးရိမ်ပူပန်မှု၊ ပျက်ကွက်မှု သို့မဟုတ် ကင်းမဲ့မှုတို့မှ အရင်းခံသည့် အလွန်အမင်း အလုပ်လုပ်သူ။<br>လွဲအပ်ရန် သို့မဟုတ် စုပေါင်းလုပ်ဆောင်ရန်/ပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်နိုင်စွမ်းမရှိခြင်း။ ရိုးရိုးရှင်းရှင်း ဖြစ်ရန် အခက်အခဲရှိသည်။ | စိတ်ကူးထားသော မကျေနပ်ချက်ကို အားဖြည့်ပေးသည့် အရှက်တကွဲဖြစ်ခြင်းကို ခံစားရသည်။ ဒေါသ သို့မဟုတ် အကြောက်တရား၏ ဇာစ်မြစ်ကို အပြစ်ပေးလိုသော လက်စားချေစိတ်။ |
| စိတ်ပိုင်းနှင့် ရုပ်ပိုင်း ကောင်းကျိုးချမ်းသာအတွက် ကိုယ်တိုင်စောင့်ရှောက်မှု ပြုနိုင်စွမ်းမရှိခြင်း။ | အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့် ရက်စက်ခြင်းကို နှစ်သက်သည်။ |
| မိမိကိုယ်ကိုအထင်ကြီးလေးစားမှုလုံးဝမရှိခြင်း။ မိမိကိုယ်ကို ရှုံ့မုန်းခြင်း။ ကိုယ်ပိုင်အရည်အသွေးများနှင့် ရိုးရှင်းသော တည်ရှိမှုတို့၏တန်ဖိုးကို အသိအမှတ်ပြုနိုင်စွမ်းမရှိခြင်း။ | အားနည်းပြီး ခံနိုင်ရည်နည်းပါးသည့်ဘေးဖြစ်လွယ်သူတို့ကို မုန်းတီးခြင်း |
| မလုံခြုံသော အတွင်းသန္တာန် ကိုယ်ရည်ကိုယ်သွေးဖွံ့စည်းတည်ဆောက်မှုသည် ရေရှည်စွဲကပ်နေသော အတွင်းအရှုံ့တ္တချို့တဲ့မှု စိတ်ခံစားချက်နှင့် ပင်ကိုတန်ဖိုးတို့ကို အားပေးရန် ပြင်ပလှုပ်ရှားမှုနှင့် ပြင်ပအသိအမှတ်ပြုမှုများအပေါ် မှီခိုနေသည်။ အကြွင်းမဲ့ ချစ်ခြင်းမေတ္တာ ဆုံးရှုံးမှုတွင် မြစ်ဖျားခံသည် - ဖြစ်တည်မှုနှင့်တန်ဖိုးတို့ကို အခိုင်အမာပြောဆိုနိုင်ရန် လုပ်ဆောင်ရမည်။ *"ငါအလုပ်လုပ်တာကြောင့် ငါရှိတယ်။"* | ရင်းနှီးမှုနှင့် ဆက်နွယ်မှုနှင့်ဆိုင်သောဘဝတို့ကို ကြောက်ရွံ့မှုကြောင့် မိန်းမဆန်မှုအဖြစ် ဖော်ပြခံရခြင်းအပေါ် ဆန့်ကျင်ဘက်အစွန်းနှစ်ဘက်ဖြစ်ပေါ်ခြင်းနှင့် မုန်းတီးခြင်း။ |
| ပြီးပြည့်စုံမှု သို့မဟုတ် ကြီးကျယ်သောလုပ်နိုင်စွမ်း၏ ထင်ယောင်ထင်မှားဖြစ်စေသော စိတ်ကူးယဉ်မှုများ ပျက်ပြားသွားသောကြောင့် မိမိကိုယ်ကို အပြစ်ဒဏ်ပေးခြင်း အပြုအမူ။ *"အောင်မြင်မှုကိုစွဲလမ်းသူတွေ ကျရှုံးခဲ့ပြီးဖြစ်ပါတယ်။"* | မရေရာမှုနှင့် ကိုယ်ပိုင်အခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်အနီး ခြိမ်းခြောက်ခံရသည့်အခါ ဖျက်လိုဖျက်ဆီးလုပ်တတ်ပြီး ထိပ်တိုက်ရင်ဆိုင်တတ်သော။ |

ဇယား(၂)တွင် စစ်သည်တော်သူရဲကောင်းဗီဇအရည်အသွေး၏ အရိပ်ရှုထောင့်နှင့်စပ်လျဉ်း၍ အထင်ရှားဆုံးမြင်နိုင်သောပုံစံများဖြစ်သည့် ကိုယ်တိုင်နာကျင်ထိခိုက်ခြင်း၌သာယာမှု(မိမိကိုယ်ကိုထိခိုက်စေသည်)နှင့် အခြားသူများကို ရက်စက်ခြင်း၌သာယာမှု(သူတပါးကိုထိခိုက်စေသည်)ပုံစံများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ ဤသည်မှာ စစ်ရေးအရ ရက်စက်ကြမ်းကြုတ်မှု၏ စိတ်ရောဂါဗေဒ ပုံတူဖြစ်ပြီး၊ နက်နဲသည့် အပျက်သဘောဆောင်ပုံစံအတွင်းရှိ အခြေခံကျသော မညီမျှမှု ဖြစ်ပါသည်။ မချမက၏ စူးစမ်းလေ့လာခြင်းသည် မျှခြေဆုံးရှုံးမှုနှင့် မျှခြေပြန်လည် ရရှိစေခြင်း အနာဂတ်ဟောကိန်းထုတ်ရာတွင်လည်းကောင်း၊ စံနမူနာအဖြစ်သော်လည်းကောင်း အသုံးပြုနိုင်ပါသည်။ ပိတ်ဆို့ခံရသည့်အခါ ကောင်းသောဗီဇစွမ်းအင်ဖော်ပြချက်သည် ကနဦးတွင် ၎င်း၏ ဆန့်ကျင်ဘက်စွမ်းအင်များ အဖြစ်သို့ ပြောင်းလဲသွားသော်လည်း ဤအစဉ်မပြတ် တိုးတက်ပြောင်းလဲနေမှုသည် နောက်ဆက်တွဲအနေဖြင့်

နောက်ဆုံးတွင် မျှခြေကို ပြန်လည်ရရှိစေရန် ဦးတည်သည့် ပိုမိုကြီးမားသော လုပ်ငန်းစဉ်တစ်ခု၏ အစိတ်အပိုင်း ဖြစ်ပါသည်။ ဟန်ချက်ညီစွာနေထိုင်ခြင်းတွင် မတည်ငြိမ်ခြင်း၊ တုန်လှုပ်ခြင်းနှင့် ပြန်လည်ကောင်းမွန်လာခြင်းတို့ ပါဝင်ပါသည်။ ဂျုန်း(Jung)က ဤဆန့်ကျင်ဘက်သို့ကူးပြောင်းသွားခြင်း(enantiodromia)အား ဟန်ချက်ညီမှုကို ဆုံးရှုံးစေရန်၊ ဟန်ချက်ညီမှုကိုပြန်လည်ရရှိစေရန်နှင့် တန်ပြန်တွန်းအားများကိုဆန့်ကျင်သောအင်အားများဖြင့် ၎င်း၏ တသမတ်ပြောင်းလဲနေသည့်မျှခြေကို ထိန်းသိမ်းထားရန် ရှုပ်ထွေးသောစနစ်၏ယိမ်းယိုင်မှုဟု ခေါ်ဆိုခဲ့ပါသည်။[10]

### ဗုဒ္ဓဘာသာဝင်စစ်သည်ဖြစ်နေခြင်းသည် ပြဿနာတစ်ခုလား

ဤအချက်နှင့်ပတ်သက်သောငြင်းခုံမှုက ဗုဒ္ဓဘာသာနှင့်စစ်တပ်အကြား ဆက်စပ်မှုအများအပြားကို သမိုင်းကြောင်း အရသော်လည်းကောင်း၊ သင်္ကေတများအသုံးပြုခြင်းအားဖြင့်သော်လည်းကောင်း၊ စံနမူနာပြပုံစံများ တည်ဆောက်ခြင်းဖြင့်သော်လည်းကောင်း ဖော်ပြခဲ့ကြပါသည်။ ဆက်နွှယ်မှုအတွက် ထင်ရှားသောအထောက်အထား ရှိပါသည်။ သို့သော် ထိုဆက်နွှယ်မှုသည် ယခုထိတိုင် နှိုင်းယှဉ်ချက်များအား ဖော်ပြချက်တစ်ခုဖြစ်သည့် အပြုသဘောဆောင်သော ဆက်စပ်မှုတစ်ခုထက်မပိုပေ။ ယင်းသည် ဖော်ပြချက်ကိုကျော်လွန်ကာ ခွဲခြမ်းစိတ်ဖြာခြင်းသို့ ပြောင်းရွှေ့သွားရန်၊ ထိုနှိုင်းယှဉ်ချက်များကို ထဲထဲဝင်ဝင်စုံစမ်းစစ်ဆေးရန်နှင့် ၎င်းတို့အတွင်း တည်ရှိနေနိုင်သည်များကို စူးစမ်းရှာဖွေရန် ကျန်ရှိနေပါသေးသည်။ ဗုဒ္ဓဘာသာဝင်စစ်သည်ကို လုံးလုံးလျားလျားဆန့်ကျင်ခြင်းမဟုတ်သော်လည်း ယင်းအတွက် ပြဿနာကား ရှိနေဆဲဖြစ်ပါသည်။ သို့ဆိုပါက ယင်းသည် မည်သို့သော ပြဿနာမျိုးနည်း။

ဤမေးခွန်းကိုဖြေဆိုရာ၌ ပြဿနာများသည် သဘာဝအရ ကွဲပြားခြားနားကြောင်းကို အသိအမှတ်ပြုလက်ခံခြင်းဖြင့် စတင်ရပါမည်။ အဓိကခြားနားချက်မှာ ဒွန်တွဲမှုနှင့် ရှုပ်ထွေးသောပြဿနာတို့အကြား ဖြစ်ပါသည်။ ဒွန်တွဲမှုပြဿနာများသည် အခြေခံအားဖြင့် ပုံစံရိုးရှင်းပြီး "အဖြူနှင့်အမဲ" အစစ်အမှန် ဖြစ်ပါသည်။ ၎င်းတို့၏ တစ်ခုတည်းသော သဘာဝကျသည့် ဖွဲ့စည်းတည်ဆောက်မှုက အနိုင်-အရှုံးရလဒ်နှင့် ပြီးဆုံးမှုဆီသို့ ဦးတည်ရေးရှုသောကြောင့် ယင်းတို့ကို ဖြေရှင်းနိုင်၊ အပြီးသတ်နိုင်ပြီး သူ့အလိုအလျောက်ရပ်တန့်သွားစေနိုင်ပါသည်။ စစ်မှန်သော ဒွန်တွဲမှုနှင့်အတူ အနိုင်ရမှုတိုင်းသည် ၎င်းနှင့်အတူ အရှုံးကို ဆောင်ကြဉ်းသကဲ့သို့ သေဆုံးခြင်းနှင့် ရှင်သန်ခြင်းကြားတွင် အလယ်အလတ်လမ်း မရှိချေ။ ရှုပ်ထွေးသောပြဿနာများသည် ပိုမိုမြင့်မားသော စနစ်ကျနမှု ရှိကြပါသည်။ ၎င်းတို့တွင် "အမှားအမှန်ဆုံးဖြတ်ရန် ခက်ခဲသောအခြေအနေ" ပါဝင်နေပါသည်။ "နှစ်ဘက်စလုံးအား တစ်စုံတစ်ရာ ပြောရန်ရှိသည့်"အခါမျိုးတွင် သင်သည် ၎င်းတို့ထဲမှတစ်ဘက်နှင့် တွေ့ကြုံခဲ့ပြီးဖြစ်သော်လည်း နှစ်ဘက်စလုံးသည် ရင်ကြားစေ့ရန် ခက်ခဲကြောင်း ပြသနေသည်ကို သင် အသိပင် ဖြစ်ပါသည်။ ရှုပ်ထွေးသောပြဿနာများသည် အဆုံးတွင် ဖြေရှင်း၍မရနိုင်၊ အပြီးမသတ်နိုင်သည့်အပြင် သူ့အလိုအလျောက် ရပ်တန့်မသွားနိုင်ချေ။ ၎င်းတို့ အပါအဝင် နှစ်ဘက်စလုံး/နှင့် သဘာဝကျသော ဖွဲ့စည်းတည်ဆောက်မှုက အနိုင်-အနိုင် ရလဒ် ပေါ်ထွက်လာစေရန် သာမက ဒုက္ခရောက်စေနိုင်သော အရှုံး-အရှုံး အန္တရာယ်ဖြစ်နိုင်ခြေကိုလည်း ပေါ်ထွက်လာစေရန် အခွင့်အရေးပေးပါသည်။ ၎င်းတို့သည် သဘာဝအားဖြင့် ပွင့်လင်းမှု၊ ပြောင်းလဲနိုင်သောအင်အားနှင့် ဆက်နွှယ်မှု တို့ ရှိသောကြောင့် ၎င်းတို့ကို ဖြေရှင်းရာတွင် ဆန့်ကျင်ဘက် ဝိရောဓိဖြစ်သော်လည်း ဆက်စပ်နေသည့် အစွန်းများကို စီမံခန့်ခွဲခြင်း၊ ၎င်းတို့ကို ဟန်ချက်ညီစေရန် ထိန်းပေးခြင်းတို့ ပါဝင်ပါသည်။ သင့်စက်ဘီးပေါ်တွင် နေနေခြင်းသည် အလယ်အလတ်လမ်းစဉ် (မဇ္ဈိမပဋိပဒါလမ်းစဉ်) ကို လိုက်နာနေခြင်းဟု ဆိုလိုပါသည် - ဘယ်ညာနှစ်ဖက်စလုံးသို့ ယိမ်းယိုင်သွားခြင်း၊ ရံဖန်ရံခါ ဒယီးဒယိုင်တိမ်းစောင်းသွားခြင်း၊ ယိုင်တိယိုင်တိုင်တုန်ခါနေခြင်းနှင့် ပြန်လည်ငြိမ်သက်လာခြင်းဖြစ်စဉ် တို့သည် ဟန်ချက်ညီမှု၏ ပြောင်းလဲနိုင်သောအင်အားမျှခြေကို ထိန်းသိမ်းရန် ဖြစ်ပါသည်။ ညာဘက် သို့မဟုတ် ဘယ်ဘက် တစ်ဘက်ဘက်သို့ အလေးသာလိုက်မည်ဆိုလျှင် သင့်စက်ဘီးပေါ်မှ သင် ပြုတ်ကြပေလိမ့်မည်။




ပုံ(၁)၊ ဒီပီအေ(DPA) အခြေပြဇယား(၁) - ဖွဲ့စည်းပုံဇယား

ဗုဒ္ဓဘာသာဝင်စစ်သည်ဟူသည် ဆန့်ကျင်ဘက်နှစ်ခုဒွန်တွဲနေခြင်းမဟုတ်လျှင် ၎င်းသည် ရှုပ်ထွေးသော ဝိရောဓိ တစ်ခုလော။ ဤမေးခွန်းအပေါ် မရျမက၏ နည်းလမ်းကို အသုံးချရန်မှာ “ဗုဒ္ဓဘာသာဝင်”နှင့် “စစ်သည်”သည် စေ့စပ်ညှိနှိုင်းမရသော ဆန့်ကျင်ဘက်မဟုတ်သော်လည်း အပြန်အလှန်ဖြစ်သော ဝိရောဓိဖြစ်မှု ဆိုသည့်အချက်၏ ဖြစ်နိုင်ခြေကို လေ့လာရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ထိုအခေါ်အဝေါ်အသုံးအနှုန်းတစ်ခုချင်းသည် ဆန့်ကျင်ဘက် အစွန်းဖြစ်ပြီး နှစ်ခုလုံးသည် ဆန့်ကျင်ဘက်ဖြစ်ကာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြပါသည်။ အစွန်းနှစ်ဖက်ကြား ဆက်စပ်မှုတွင် ဆန့်ကျင်ဘက်ဖြစ်မှုနှင့် ဆက်နွယ်မှု နှစ်ခုလုံးကို ရှာဖွေတွေ့ရှိနိုင်သည့် အထောက်အထားရှိပါက ထိုဆက်စပ်မှုသည် အပြန်အလှန်သဘောဖြစ်ပြီး ပြဿနာမှာ ရှုပ်ထွေးသောဝိရောဓိတစ်ခု ဖြစ်ပါသည်။

DPA[11]သည် အခြေပြဇယားရေးဆွဲခြင်းဖြင့် ထိုရှုပ်ထွေးသောဝိရောဓိကို စုံစမ်းစစ်ဆေးရန် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အပြန်အလှန်ဖြစ်သော ဆန့်ကျင်ဘက်အစွန်းဆက်စပ်မှုအခြေပြဇယား မည်သို့ အလုပ်လုပ်သနည်း။ ဇယား ၁ သည် ဆန့်ကျင်ဘက်အစွန်းကြား အပြန်အလှန် ဆက်စပ်မှုကို သရုပ်ဖော်ပုံစံဖြင့် ယေဘုယျ ဖော်ပြထား သော အခြေပြဇယားတစ်ခု ဖြစ်ပါသည်။ ၎င်းသည် ရှုပ်ထွေးသောလုပ်ငန်းစဉ်များကို ကိုယ်စားပြုသောကြောင့် ရှုပ်ထွေးသော သရုပ်ဖော်ပုံတစ်ခု ဖြစ်ပါသည်။ နားလည်ရမည့် ပထမဆုံး အဓိကအချက်မှာ အပြုသဘောဆောင် သော အခြေအနေအားလုံးသည် ပုံ၏အပေါ်ပိုင်း လေးပုံတစ်ပုံတွင် တည်ရှိနေခြင်း ဖြစ်ပါသည်။

အပြုသဘောဆောင်နေခြင်းမှာ ထိုစနစ်၏ ကောင်းသော၊ ကျွမ်းကျင်သော(ကုသလ)အခြေအနေတွင် ၎င်းတို့ကြား သဟဇာတဖြစ်သည့် အဆက်မပြတ် ဟန်ချက်ညီမှုရှိနေသောကြောင့် ဖြစ်ပါသည်။ အောက်ပိုင်း လေးပုံ တစ်ပုံတွင် အပျက်သဘောဆောင်သောအခြေအနေများအားလုံး ပါဝင်ပါသည်။ အပျက်သဘောဖြစ်ရခြင်းမှာ ၎င်းတို့သည် အစွန်းနှစ်ဘက်ဖြစ်သော ဟန်ချက်မညီခြင်းမှ ပေါ်ထွက်လာသောကြောင့် ဖြစ်ပါသည်။ အမှန်တရား ကိုလက်ခံနိုင်ရန် တာဝန်ဝတ္တရား၏ ဆန့်ကျင်ဘက်များအကြားဆက်နွယ်နေမှုသဘာဝကို စိစစ်ခြင်းအားဖြင့် စိတ်ကူးသက်သက်အသုံးအနှုန်းမှ ခိုင်မာသည့်အသုံးအနှုန်းများအဖြစ် ဖော်ပြထားသည့် ပုံ(၂)ကို သုံးသပ်ကြည့်ပါ။ ၎င်း၏တိကျခိုင်မာသောပုံစံများကို ပုံ(၂ မှ ၄)တွင် ထည့်သွင်းစဉ်းစားထားသောကြောင့် သရုပ်ဖော်ပုံများသည် ပိုမိုအဓိပ္ပါယ်ရှိလာမည်ဖြစ်ပါသည်။ တာဝန်သည် အသုံးဝင်သည့်ဥပမာတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ယင်းသည် ရိုးစင်းသည့်နှစ်ခုဒွန်တွဲခြင်းမျိုးမဟုတ်ဘဲ ၎င်း၏သဘာဝအရ ရှုပ်ထွေး၊ ဆက်နွယ်ပြီး အပြန်အလှန် သက်ရောက်မှု ရှိသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ဤကြောင်းကျိုးဆက်စပ်မှုအရ IHL အောက်တွင် တာဝန်ထမ်းဆောင်နေသော စစ်သည်တစ်ဦးသည် တပြိုင်နက်တည်းမှာပင် ဥပဒေအရ တာဝန်ရှိသူတစ်ဦးဖြစ်သကဲ့သို့ လူမှုဘဝအခြေအနေ အတွင်း ပါဝင်လုပ်ဆောင်နေသူတစ်ဦးလည်း ဖြစ်ပါသည်။




ပုံ(၂)၊ ဒီပီအေ(DPA) အခြေပြုဇယား(၂) - ယုတ္တိဗေဒနည်းကျအမှန်တရားကိုဆန်းစစ်ရှာဖွေခြင်းအဖြစ် တာဝန်




ပုံ(၃)၊ ဒီပီအေ(DPA) အခြေပြုဇယား(၃) - တစ်ဦးချင်းတာဝန်ရှိမှုအဖြစ် စစ်သည်




ပုံ(၄)၊ ဒီပီအေ အခြေပြဇယား(၄) - လူမှုအခြေအနေအတွင်းရှိ စစ်သည်

ပုံ(၂)တွင် ပုဂ္ဂလအစွန်းနှင့် လူမှုဘဝအစွန်းနှစ်ခုကြား အဆက်မပြတ်တည်ငြိမ်မှုကို ထိန်းထားနိုင်စွမ်းရှိသည့် ဟန်ချက်ညီမှုအဖြစ် စစ်သည်တစ်ဦး၏ တာဝန်နှင့်ပတ်သက်သော ယုတ္တိတန်သည့်အဆိုများကို ရှာဖွေဖော်ထုတ်ထားပါသည်။ ထိုအစွန်းတစ်ခုချင်းစီကို တစ်လှည့်စီ အသေးစိတ် ထပ်မံ လေ့လာဆန်းစစ်ထားပါသည်။ ပုံ(၃)သည် စစ်သည်အား တာဝန်ရှိသူအဖြစ် ထုတ်ဖော်ပြသထားပြီး ပုံ(၄)သည် လူမှုဘဝအခြေအနေတွင်းရှိ စစ်သည်ကို ထုတ်ဖော်ပြသထားပါသည်။

## တာဝန်ရှိသူတစ်ဦးအဖြစ် စစ်သည်

ပုံ(၃)သည် အပြည့်အဝကျွမ်းကျင်လိမ္မာခြင်း(ကုသလ)၊ နည်းလမ်းပရိယာယ်တွင်ကျွမ်းကျင်လိမ္မာစွာကျင့်သုံးနေသူ (ဥပါယကောသလ္လ)၊ ပြုလုပ်ခြင်းနှင့်လက်ခံခြင်းပုံစံများကို ပေါင်းစပ်ခြင်းနှင့် ဟန်ချက်ညီစေခြင်းစသည်တို့ကို လုပ်ဆောင်သည့် စံပြဗုဒ္ဓဘာသာဝင်တစ်ဦးကဲ့သို့ နမူနာယူထိုက်သော ဗုဒ္ဓဘာသာဝင်စစ်သည်ကို ပုံဖော်ထားပါသည်။ ဥပါယကောသလ္လကျင့်သုံးမှုအလေ့အထတွင် မည်သည့်အခြေအနေ၌မဆို စိတ်ကူးဉာဏ်အကောင်းဆုံးနှင့် အသင့်လျော်ဆုံး ဆန်းသစ်သောတုံ့ပြန်မှု ပြုနိုင်ခြင်း ပါဝင်ပါသည်။ IHL ၏ အခြေခံမူများကဲ့သို့သော သက်ဆိုင်ရာ ပြင်ပယေဘုယျအယူအဆတင်ပြချက်ကို သိမြင်လေးစားမှုရှိသော်လည်း ၎င်းသည် ပြင်ပကျင့်ဝတ်စည်းကမ်းများကို တင်းတင်းကျပ်ကျပ်လိုက်နာမှု မည်သည့်အခါမျှ မပါဝင်ပါ။ ဥပါယကောသလ္လသည် မည်သည့်အခါမျှ မစဉ်းစားဘဲ နာခံခြင်းမဟုတ်သကဲ့သို့ ဆန္ဒအလျောက်မနာခံခြင်းလည်း မဟုတ်ပါ။ ၎င်းသည် ထိရောက်မှုနှင့် စွမ်းဆောင်ရည်တို့ကို အကောင်းဆုံး ပေါင်းစပ်ထားကာ မှန်ကန်သောအရာများကို လုပ်ဆောင်ခြင်းနှင့် ကျွမ်းကျင်စွာ လုပ်ဆောင်ခြင်းတို့ကို တသမတ်တည်း ရှိစေပါသည်။ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ကို အမြင့်မားဆုံးအသုံးချခြင်းသည် ညီညွတ်မှုကို ဆောင်ကြဉ်းပေးပါသည်။ ဥပမာအားဖြင့် ဩဇာတိက္ကမကြီးမားသော ရှေးခေတ် (ခရစ်တော်မပေါ်မီ ဘီစီခြောက်ရာစု)က တရုတ် စစ်မဟာဗျူဟာရှင် ဆွန်ဇူး(Sun Tzu) ၏ အဆိုအမိန့်ဖြစ်သည့် "တိုက်ခိုက်ခြင်းမပြုဘဲ အားလုံးကို အနိုင်ယူပါ"၊ "ကြီးမားသည့်အင်အားကိုရှောင်ပါ၊ အားနည်းချက်ကိုတိုက်ခိုက်ပါ၊ (အမာကိုရှောင်၊ အပျော့ကိုတိုက်)"။ (McNeilly 2003, vii)

ကျင့်ဝတ်စနစ်တစ်ခုအတွင်း အပြန်အလှန်ရပ်တည်ချက်ကို ကျင့်သုံးခြင်းသည် အားနည်းသူအပေါ် ကြင်နာစွာ ဆက်ဆံမှု၊ လေးစားမှုနှင့် စစ်သည်တော်ကျင့်ဝတ်တို့အပေါ် အငြင်းပွားမေးခွန်းထုတ်မှုများနှင့်ပတ်သက်သည့် ခက်ခဲသောပြဿနာများကို တစ်နည်းတစ်လမ်းဖြေရှင်းနိုင်ရန် ထိန်းကျောင်းပေးပါသည်။ Rain Liivoja (2012) က

မျက်မှောက်ခေတ် IHL တွင် အားနည်းသူများအားညှာတာသည့် အချို့သောအယူအဆများ ဆက်လက်တည်ရှိနေခြင်းကို ဖော်ပြထားသော်လည်း ဥပဒေပညာရှင်နှင့် စစ်သည်ဖြစ်သူ VanLandigham(2015) က "လူသားချင်းစာနာမှုအား မျှဝေခံစားခြင်း"ပေါ် အခြေခံသော IHL က အလေးထားသည့် အားနည်းသူများအားညှာတာသည့်အယူအဆကို တိုက်ခိုက်ပယ်ချပါသည်။ ထိုရပ်တည်ချက်သဘောထားနှစ်ခုစလုံးသည် ဘုံကိုယ်ကျင့်တရားအခြေခံမှုများအပေါ် မှီခိုအားထားသည့် အတိုင်းအတာအထိ ၎င်းတို့ကို စေ့စပ်ညှိနှိုင်းနိုင်ပါသည်။

အထူးသဖြင့် မဟာယာနဥ္ဇ ဥပါယကောသလ္လသည် အင်အားသုံးခြင်းအပေါ် ဗုဒ္ဓဘာသာ၏ ရပ်တည်ချက်ကို ကျော်ထောက်နောက်ခံပြုထားပါသည်။ ဗုဒ္ဓဘာသာကျင့်ဝတ်သည် မူအားဖြင့် လုံးဝအကြမ်းမဖက်ခြင်း ဖြစ်ပါသည်။ ပထမကျင့်ဝတ်သီလမှာ – ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံသမာဒိယာမိ – "သက်ရှိများအား အန္တရာယ်ပြုခြင်းမှ ရှောင်ကြဉ်ခြင်း ကျင့်သုံးရေးမူကို တာဝန်ယူရန်" ရည်ရွယ်ချက်ကို အခိုင်အမာကတိပြုခြင်း ဖြစ်ပါသည်။ သို့သော် ဤသည်မှာ တင်းကျပ်သော တယူသန် စစ်ဆန့်ကျင်ရေးဝါဒ မဟုတ်ချေ။ ဗုဒ္ဓဘာသာ ကျင့်ဝတ်သီလများသည် လုံးဝဒွိစုံ ပညတ်ချက်များမဟုတ်သကဲ့သို့ ၎င်းတို့သည်မည်သည့် ပညတ်တော်အမျိုးအစားမျှ မဟုတ်ချေ။ ၎င်းတို့သည် နေ့စဉ်လူနေမှုဘဝ၏ နေ့စဉ်လိုအပ်သော ခက်ခဲရှုပ်ထွေးမှုအတွင်း စိတ်ရင်းကောင်းဖြင့် ကျင့်သုံးရန် လက်တွေ့ကျသော ကျင့်သုံးရေး အခြေခံမူများဖြစ်ပြီး၊[12] စစ်ရေးအခြေအနေများသည် ရှုပ်ထွေးပြီး တောင်းဆိုမှုလိုအပ်ချက်များနှင့် စပ်ဆိုင်ပါသည်။ ဥပါယကောသလ္လသည် ရနိုင်သောအကောင်းဆုံးရလဒ်များကိုရှာဖွေရာတွင် ဤတောင်းဆိုမှုများ ကို ကျွမ်းကျင်စွာ စီမံခန့်ခွဲခြင်း ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သောအခြားရွေးချယ်စရာမရှိသောကြောင့် အနိမ့်ဆုံး အကြမ်းဖက်လုပ်ရပ်တွင် အသိစိတ်နှင့်ကျွမ်းကျင်လိမ္မာသောအင်အားသုံးခြင်းဖြင့် ငြိမ်းချမ်းရေးရှာဖွေမှုပါဝင်နိုင်ခြေ ရှိနိုင်ပါသည်။ ရပ်တည်ချက်မှာ လက်တွေ့ကျပါသည် - ရှုပ်ထွေးပြီး မသိမသာကွဲပြားခြားနားသည့် အင်အားရှိသော လက်တွေ့ဘဝအစစ်အမှန်အတွက် ရှုပ်ထွေးပြီး မသိမသာကွဲပြားခြားနားသည့် အင်အားရှိသော တုံ့ပြန်မှု။ ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများကို အပြန်အလှန် ဟန်ချက်ညီစေပါသည် - လုပ်ဆောင်ပိုင်ခွင့်သည် စောင့်ထိန်းရမည့် တာဝန်နှင့် အမြဲ ဒွန်တွဲနေပါသည်။ အခြေအနေများကိုကျွမ်းကျင်ပိုင်နိုင်စွာ သိရှိနားလည်ခြင်းမှ ရှေ့သို့ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဥပါယကောသလ္လသည် တရားဝင် ကာကွယ်ခုခံပိုင်ခွင့် ကျင့်သုံးခြင်းအဖြစ် သို့မဟုတ် ကျင့်ဝတ်အရ ကာကွယ်တားဆီးရန် တရားဝင်တာဝန်အဖြစ် ပေါ်လွင်ထင်ရှားစေနိုင်ပါသည်။ တရားဝင်အကျိုးစီးပွားများအား တရားဝင်အကာအကွယ်ပေးမှုတွင် ထိုက်သင့်သောအင်အားသုံးမှု သို့မဟုတ် ထိုက်သင့်သောကန့်သတ်ထိန်းချုပ်မှု တို့ ပါဝင်နိုင်ပြီး တရားဝင်ဖြစ်စေရန် IHL ၏ သတ်မှတ်စံနှုန်းများနှင့်လည်း ကိုက်ညီရမည် သို့မဟုတ် သာလွန်ရမည်။ နိုင်လိုမင်းထက်ပြုမှုကိုခုခံခြင်းသည် သမားရိုးကျစစ်ပွဲ၏ တိုက်ရိုက်အချိုးညီသော ထိပ်တိုက်ရင်ဆိုင်မှု သို့မဟုတ် ပြောက်ကျားခုခံမှု၏ သွယ်ဝိုက် အချိုးမညီသော ထိပ်တိုက်ရင်ဆိုင်မှုတို့ ပါဝင်နိုင်ပါသည်။ ဗုဒ္ဓဘာသာဝင် စစ်သားသည် အင်အားအနေအထားတစ်ခုမှ မည်သည့်အခါ၌ မည်သို့ညှိနှိုင်းရမည်ကိုလည်းကောင်း၊ ယာယီစစ်ပြေ ငြိမ်းရေးတောင်းဆိုရန်နှင့် ပြေလည်မှုရရှိရေးဆွေးနွေးရန် မည်သည့်အခါ၌ မည်သို့ညှိနှိုင်းရမည်ကိုလည်းကောင်း သိရှိပါသည်။ ရွေ့လျားပြောင်းလဲမှုအဖြစ် ဤအင်အားသည် ချာချီလ်(Churchill) ၏ ဆိုစကားအတိုင်း လိုရင်းတိုရှင်း ဆိုပါက - "စစ်ပွဲတွင် - ဆုံးဖြတ်ချက်၊ ရှုံးနိမ့်ခြင်းတွင် - အမိန့်မနာခံခြင်း၊ အောင်မြင်ခြင်းတွင် - သဘောထားကြီးခြင်း၊ ငြိမ်းချမ်းရေးတွင် - စိတ်စေတနာ" ဖြစ်ပါသည်။ IHL နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်စစ်သည်ကို ထည့်သွင်းစဉ်းစားသောအခါ အထူးသဖြင့် ဥပဒေအရ တစ်ဦးချင်းတာဝန်ယူမှုအားမေးခွန်းထုတ်မှုနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်ဘဝသည် စစ်မှန်သောတာဝန်ယူသူဖြစ်လာစေရန် အဓိကရည်ရွယ်သောကြောင့် ဗုဒ္ဓဘာသာဝင်ကျင့်ဝတ်များသည် တစ်ဦးချင်းတာဝန်ယူမှုအပေါ် အထူးအလေးထားကြောင်းမှတ်ယူရမည် ဖြစ်ပါသည်။ ဤသည်မှာ အဆင်ပြေသည့် အခါတိုင်းတွင် လူမှုရေးဆိုင်ရာသရုပ်မှန်အခြေအနေကိုရှောင်လွှဲနိုင်သော နိုင်ငံရေးသဘောသက်ရောက်ပြီး နှစ်ခြမ်းကွဲသော တသီးပုဂ္ဂလဝါဒသဘောတရားမျှသာမက လူသားများ၏ အလားအလာကို တစ်ပြိုင်နက်တည်းတွင် တစ်ဦးချင်းနှင့် လူမှုရေးဆိုင်ရာ အစစ်အမှန်လုပ်ဆောင်သည့်လုပ်ငန်းစဉ်အဖြစ် စစ်မှန်သော တသီးပုဂ္ဂလ အပြန်အလှန် အမြင်လည်း ဖြစ်ပါသည်။

စစ်သည်၏ တစ်ဦးချင်းရပ်တည်မှုရှုထောင့်နှင့် လူမှုဘဝရပ်တည်မှုရှုထောင့်တို့၏ အပြန်အလှန်အားပြိုင်မှုသည် ကျင့်ဝတ်ပညာရှင် ရှန်နွန်ဖရန့်ချ် - Shannon French (2017) ၏ စစ်သည်တော်ကျင့်ဝတ်အား ခွဲခြမ်းစိတ်ဖြာလေ့လာမှုတွင် ထင်ရှားမြင်သာပါသည်။ ဖရန့်ချ်၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုသည် လူသတ်ခြင်းကို စက်ဆုပ်ရွံရှာခြင်း

နှင့်လက်နက်ကိုင်ပဋိပက္ခ၏အကြမ်းဖက်ခြင်းတို့အကြား တင်းမာမှုကိုဖြေရှင်းရန်အားထုတ်မှုတစ်ခုအဖြစ် စစ်သည်ဘဝကျင့်ဝတ်ပုံစံသည် အကြွင်းမဲ့ အပြန်အလှန်ဖြစ်နေပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ကျင့်ဝတ်ဆိုင်ရာ ချုပ်တည်းထိန်းသိမ်းမှုကိုကျင့်သုံးခြင်းသည် ငြိမ်းချမ်းသောဖြေရှင်းမှုကို အမြန်ပြီးမြောက်စေရန်နှင့် ထောက်ကူရန် ထိန်းကျောင်းပေးကြောင်း ဖရန့်ချ်က မှတ်ချက်ပြုပါသည်။ IHL ကို လေးစားလိုက်နာခြင်းသည် အပြစ်မဲ့သူများကို အကာအကွယ်ပေးရန် ဖြည့်ဆည်းပေးသည်မှာ ရှင်းပြစရာမလိုသော်လည်း ဖရန့်ချ်က ဤထက်ပို၍ အတွင်းကျကျ ထိုးဖောက်ကာ စစ်သည်အနေဖြင့် သိသာထင်ရှားသော ကိုယ်ကျင့်တရားဆိုင်ရာအန္တရာယ်နှင့် စိတ်ခံစားမှုဆိုင်ရာ အရ စိတ်ဒဏ်ရာရနိုင်သည့်အန္တရာယ်တို့ကို ရင်ဆိုင်ရနိုင်ကြောင်း တွေ့မြင်ထားပါသည်။ "စစ်သည်တော်များ အတွက် ချုပ်တည်းထိန်းသိမ်းမှုကိုလက်ခံရန် အကောင်းဆုံးအကြောင်းရင်းမှာ ၎င်းတို့အနေဖြင့် ထိုသို့လုပ်ဆောင် ခြင်း မရှိလျှင် အတွင်းသန္တာန် ကိုယ်ကျင့်သိက္ခာ ထိခိုက်နိုင်ပြီး ပြင်းထန်သောစိတ်ခံစားမှုဆိုင်ရာထိခိုက်မှုကို ၎င်းတို့ ခံစားရနိုင်ပါသည်။"(67) ဖရန့်ချ်သည် ရှေး - Shay(1994) ၏ ဗီယက်နမ်စစ်ပြန်များကြား စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါနှင့်သက်ဆိုင်သည့်စာအုပ်ကို ကိုးကားထားပြီး အဆိုပါစာအုပ်သည် ကိုယ်ကျင့်တရား၏ ပြင်းထန်သော သက်ရောက်မှုများအပြင် ရုပ်ပိုင်းဆိုင်ရာ၊ အကြမ်းဖက်မှုတို့ကို မီးမောင်းထိုးပြထားပါသည်။

အားနွဲ့သူများအပေါ်ညှာတာခြင်းနှင့်ပတ်သက်သော ရိန်းလီးဗိုဂျာ(Rain Liivoja) ၏ အဆိုပြုချက်တစ်ခုအား ဆန်းစစ်ခြင်းဖြင့် ဤနယ်ပယ်ရှိ အပြန်အလှန် ပိုင်းခြားစိတ်ဖြာလေ့လာမှု၏ စွမ်းအားကို သရုပ်ဖော်ပြသနိုင်ပါသည်။ လီးဗိုဂျာ(၂၀၁၂)က "လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေတစ်ရပ်လုံးသည် အခြေခံအားဖြင့် ဆန့်ကျင်နေသော အယူအဆများဖြစ်သည့် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားဆန်မှုတို့ကြား သိမ်မွေ့သောဟန်ချက်ညီမှုကို ထင်ဟပ်သည်ဟူသော ရေပန်းစားသည့်အယူအဆကို မေးခွန်းထုတ်ရန်" ကြိုးပမ်းပါသည်။ "လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေသည် လုံးဝ ဆန့်ကျင်ဘက်ဖြစ်သော စေ့ဆော်မှုနှစ်ခုဖြစ်သည့် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထည့်သွင်းစဉ်းစားမှုများအကြား သိမ်မွေ့သောဟန်ချက်ညီမှုမျှခြေတစ်ခုပေါ်တွင် အလုံးစုံ အခြေခံနေသည်"ဟူသော ဒင်းစတိုင်း - Dinstein (2004, 16) ၏ အဆိုကို ဆန့်ကျင်ကာ လီးဗိုဂျာက "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ချုပ်တည်းထိန်းသိမ်းမှုကိုကျင့်သုံးခြင်းသည် အရပ်သားလူထုအကြား "စိတ်နှလုံး"ကို သိမ်းကြုံးရရှိရန် မဟာဗျူဟာမြောက် ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း အများသိကြသောကြောင့် အဆိုပါအင်အားများသည် သေချာပေါက် ဆန့်ကျင်ခြင်းမရှိကြောင်း" ငြင်းချက်ထုတ်ပါသည်။ သို့သော် လီးဗိုဂျာက ဤမျှဖြင့် ရပ်တန့်လိုက်ပါသည်။ ဒင်းစတိုင်း၏အဆိုတွင်ပါရှိသည့် "လုံးဝ ဆန့်ကျင်ဘက်" အပေါ် လီးဗိုဂျာက အောင်မြင်စွာချေပနိုင်သော်လည်း "သိမ်မွေ့သောဟန်ချက်ညီမှုမျှခြေ" ကိုမူ လွှတ်ပေးထားပါသည်။ ၎င်းက ယုတ္တိဗေဒနည်းဖြင့် ဆက်လက်စိစစ်ခြင်း မပြုတော့ပေ။

သို့သော် ယုတ္တိဗေဒအားဖြင့် ဆက်လက်စိစစ်ပါက အဘယ်အရာပေါ်ထွက်လာမည်နည်း။ အထက်တွင် ဖော်ပြထားသည့်အတိုင်း ယုတ္တိဗေဒနည်းကျစိစစ်မှုက အဆိုပြုသည်မှာ - အစွန်းများအကြား ဆက်စပ်မှုတွင် ဆန့်ကျင်ဘက်ဖြစ်မှုနှင့် ဆက်နွယ်နေမှု နှစ်ခုစလုံးကို တွေ့ရှိနိုင်ကြောင်း ထင်ရှားနေပါက ယင်းဆက်စပ်မှုသည် အပြန်အလှန်သဘောဖြစ်ပြီး ပြဿနာမှာ ရှုပ်ထွေးသောဝိရောဓိတစ်ခု ဖြစ်ပါသည်။ စစ်ရေးဆိုင်ရာလိုအပ်ချက်သည် တစ်ခါတစ်ရံ ဘုံသက်ဆိုင်သော လူသားဆန်မှုကို ခြိမ်းခြောက်ပြီး တစ်ခါတစ်ရံ ဘုံသက်ဆိုင်သော လူသားဆန်မှုနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။ အဓိကအချက်မှာ ရလဒ်နှစ်ခုလုံး ထွက်ပေါ်လာနိုင်ခြင်း ဖြစ်ပါသည်။

ဤအချက်ကို နားလည်သည်နှင့်တပြိုင်နက် ဒင်းစတိုင်း၏ "သိမ်မွေ့သောဟန်ချက်ညီမှုမျှခြေ"သည် ဆန့်ကျင်ဘက်နှစ်ခုအပြန်အလှန်ဆက်နွယ်နေသည့်ဖြစ်စဉ်နှင့် များစွာ အလားသဏ္ဌာန်တူပါသည်။

## လူမှုအခြေအနေအတွင်းရှိ စစ်သည်

ပုံ(၄)သည် တရားဝင်စစ်သည်ဘဝကို ထောက်ခံမှုနှင့် စိန်ခေါ်မှုတို့၏ လွတ်လပ်စွာ အပြန်အလှန်အားပြိုင်မှုအဖြစ် ပုံဖော်ထားပါသည်။ ဤနေရာတွင် "တရားဝင်စစ်သည်ဘဝ"ကို IHL နှင့်အညီ ဆောင်ရွက်သော စစ်ရေးကိစ္စ အဖြစ် သတ်မှတ်ထားပါသည်။ စစ်သည်ဘဝတစ်ခုလုံးတွင် လူမှုအခြေအနေအတွင်း သီးခြားလုပ်ဆောင်နေမှုများ ပါဝင်ပါသည်။ ဤနေရာတွင် တရားဝင်စစ်သည်ဘဝကို စစ်သည်က အလုပ်အကျွေးပြုပြီး အကာအကွယ်ပေးခြင်းခံရသော ပြည်သူပြည်သားများနှင့် စစ်မှန်သောကျင့်ဝတ်ဆိုင်ရာဆက်ဆံရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအဖြစ် နားလည်

ထားပါသည်။ ကျင့်ဝတ်ဆိုင်ရာစစ်မှန်မှုသည် အခွင့်အရေးများနှင့်တာဝန်များအကြား အပြန်အလှန်ဟန်ချက်ညီမှုကို လိုအပ်ပါသည်။ ဤသို့ဖြစ်လျှင် နိုင်ငံသားများသည် သက်ဆိုင်သည်များကို ထည့်သွင်းစဉ်းစားပြီးနောက် ဆုံးဖြတ်ချက်ပေါ်အခြေခံ၍လည်းကောင်း၊ အခြေအနေအရလည်းကောင်း ၎င်းတို့၏ လက်နက်ကိုင်တပ်ဖွဲ့၏ လုပ်ရပ်များကို ထောက်ခံရန်တာဝန် သို့မဟုတ် စိန်ခေါ်ရန်အခွင့်အရေးကို စုပေါင်း၍ဖြစ်စေ သို့မဟုတ် တစ်ဦးချင်းဖြစ်စေ ကျင့်သုံးရန် အဆင်သင့်ရှိပြီး ကျင့်သုံးရန်ဆန္ဒရှိနေသည့်အပြင် ကျင့်သုံးနိုင်စွမ်းလည်း ရှိပါသည်။ စစ်ရေးကိစ္စကြောင့် ထိခိုက်ခံစားရသူအားလုံး၏ကိုယ်စား ထောက်ခံမှု သို့မဟုတ် စိန်ခေါ်မှုပြုသည့် ဆုံးဖြတ်ချက်ကို ကျင့်သုံးရန် အလားတူ လွတ်လပ်မှုရှိသည့် သက်ဆိုင်ရာနယ်ပယ်၌ကျွမ်းကျင်သော လွတ်လပ်ပြီးအမှီအခိုကင်းသည့် ပြင်ပအဖွဲ့အစည်းများ (ဥပမာ နိုင်ငံတကာရာဇဝတ်တရားရုံး၊ အိုင်စီအာရ်စီ) ကိုလည်း လိုအပ်ပါသည်။ ထိုသို့သော လုပ်ရပ်သည် ထိခိုက်နစ်နာသောနိုင်ငံသားများ၏ မိခင်နိုင်ငံလက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် နိုင်ငံစုံတပ်ဖွဲ့ သို့မဟုတ် ကျူးကျော် သိမ်းပိုက်ထားသောတပ်ဖွဲ့များကဲ့သို့သော အခြားနိုင်ငံ၏လက်နက်ကိုင်တပ်ဖွဲ့များလည်း ဖြစ်နိုင်ပါသည်။ ထောက်ခံမှု သို့မဟုတ် စိန်ခေါ်မှုအားလုံး၏ တရားဝင်ဖြစ်မှုအတွက် အဓိကစမ်းသပ်မှုသည် IHL ၏ ပြဋ္ဌာန်းချက်များကို လိုက်နာမှုပင် ဖြစ်ပါသည်။ IHL ၏ ထိရောက်သော လုပ်ဆောင်မှုသည် ဤလွတ်လပ်မှုနှင့် ထိတွေ့ဆက်ဆံရန် အခွင့်အလမ်းပေါ် မူတည်ပါသည်။

စစ်မှုထမ်းခြင်းကဆောင်ကြဉ်းပေးသောအကျိုးကျေးဇူးများအား အမှန်တကယ်အသိအမှတ်ပြုမှုနှင့်အတူ စစ်မှုထမ်းတာဝန်၏အကျိုးကျေးဇူးကိုခံစားရသူ ထောက်ခံသောနိုင်ငံသားသည် စိတ်ကောင်းစေတနာနှင့် ကျင့်ဝတ်အတိုင်း လုပ်ဆောင်ပါသည်။ ဗုဒ္ဓဘာသာအသုံးအနှုန်းတွင် ယင်းတို့သည် ကတညုတာ ဖြစ်ပါသည် - ၎င်းတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်များကို သတိရကာ ကျေးဇူးတင်အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ ၎င်းတို့၏ ထောက်ခံမှုသည် လိုအပ်သည့်အခါ စိန်ခေါ်ရန်အခွင့်အရေးတွင် အရင်းခံသောကြောင့် စစ်မှန်ပြီး ခိုင်မာပါသည်။ ဤအခွင့်အရေးကို ပေါ့ပေါ့တန်တန် ကျင့်သုံးခြင်းမဟုတ်ဘဲ ၎င်းကို IHL ၏ စံနှုန်းများကဲ့သို့ တရားဝင်စံနှုန်းများအား သစ္စာစောင့်သိခြင်းနှင့် အယူခံခြင်းတို့ဖြင့် ဖော်ပြသည့်အခါ ထောက်ခံသောနိုင်ငံသားသည် ဒွန်တွဲနေသော ထောက်ခံရန်တာဝန်မှ ၎င်း၏ စိန်ခေါ်မှုကို ဆက်လက်လုပ်ဆောင်သည့် ဆန်းစစ်ဝေဖန်သော နိုင်ငံသားတစ်ဦး ဖြစ်လာပါသည်။ ထိုဆန်းစစ်ဝေဖန်သော နိုင်ငံသားများသည် အန္တရာယ်ရှိသောလက်နက်များနှင့် အလွန်ပြင်းထန်သော အတင်းအကျပ်ပြုနိုင်သည့် အာဏာများကို ကိုင်စွဲထားသူများအား ပဓာနကျသော ဟန်ချက်ညီစေသည့် တန်ပြန်အလေးသာမှုကို ပေးပါသည်။ ၎င်းတို့တွင် စစ်ရေးကိစ္စများကို ဆန်းစစ်ဝေဖန် ပိုင်းခြားစိတ်ဖြာတတ်သော အများအသိအမှတ်ပြုလေးစားခံရသည့် ကျင့်ဝတ်ဆိုင်ရာဇာစ်မြစ်(ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်)မှ လှုံ့ဆော်လေ့ရှိသည့် တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများနှင့် စာရေးဆရာများ ပါဝင်ပါသည်။ ယင်းကျော်ကြားသော ပုဂ္ဂိုလ်များတွင် သစ်ခ်နှက်ဟန်း(Thich Nhat Hanh) နှင့် ဂျော့ချ်အော်ဝဲလ်(George Orwell) တို့ ပါဝင်ပါသည်။

အပြန်အလှန်သဘောဟန်ချက်ညီနေမှုသည် နည်းလမ်းနှစ်မျိုးဖြင့် ပျက်စီးသွားနိုင်ပါသည်။ စိန်ခေါ်မှုမပါသော ထောက်ခံမှုအဖြစ် ဆန့်ကျင်သောအစွန်းနှစ်ရပ်အဖြစ်သို့ရောက်ရှိသွားခြင်းသည် ဝါဒဖြန့်ချိရေးသမားများ၏ အလုပ်ဖြစ်ပြီး သာမန်လူထုကိုကိုယ်စားပြုမည်ဟုကြွေးကြော်သောနိုင်ငံရေးသမား၏ လူကြားကောင်းရုံသက်သက် ပြောစကားဖြစ်ကာ အခြားသူများက တိုက်ပွဲဆင်နွှဲနေစဉ် လုံခြုံဘေးကင်းရာအဝေးမှ ဩဘာပေးသူများ၏ အသံ ဖြစ်ပါသည်။ အခြားတဖက်တွင် ထောက်ခံမှုမရှိသောစိန်ခေါ်မှုအဖြစ် ဆန့်ကျင်သောအစွန်းနှစ်ရပ်အဖြစ်သို့ရောက်ရှိ ခြင်းသည် စစ်မှုထမ်းခြင်းတာဝန်က ၎င်းတို့အား မည်သို့အကျိုးရှိစေသည်ကို နားလည်သဘောပေါက်ခြင်းမရှိသော စစ်မှုထမ်းခြင်းတာဝန်၏အကျိုးကျေးဇူးခံစားသူတစ်ယောက်ကို ရန်လိုသောနိုင်ငံသားအဖြစ် ပေါ်လွင်စေပါသည်။ ရန်လိုသောနိုင်ငံသားသည် ကျင့်ဝတ်ကင်းမဲ့ပြီး လိမ်ညာရန်ကြံရွယ်ချက်ဖြင့် ပြုမူလုပ်ဆောင်ပါသည်။ ဗုဒ္ဓဘာသာအသုံးအနှုန်းတွင် ယင်းသည် အကတညုတာ ဖြစ်ပါသည် - တစ်စုံတစ်ဦးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ခြင်းအား သတိရရန်နှင့် ကျေးဇူးတင်အသိအမှတ်ပြုရန် ပျက်ကွက်ခြင်း ဖြစ်ပါသည်။ ရန်လိုသောနိုင်ငံသားသည် ထောက်ခံရန်တာဝန်ကိုလျစ်လျူရှုကာ စိန်ခေါ်ပိုင်ခွင့်ကိုကျင့်သုံးခြင်းဖြင့် အခွင့်အရေးများနှင့်တာဝန်များ၏ ဟန်ချက်ညီမှုကို ဖျက်ဆီးပါသည်။ ဆန်းစစ်ဝေဖန်သောနိုင်ငံသားနှင့် ရန်လိုသောနိုင်ငံသားအကြား ခွဲခြားခြင်းသည် သက်သေပြရန် ခဲယဉ်းနိုင်သော်လည်း ရန်လိုသောနိုင်ငံသား၏ ထူးခြားသောလက္ခဏာမှာ အစွန်းရောက်သော အတွေးအခေါ်ဖြစ်သည့် အခြေအနေများအားလုံးအောက်တွင် စစ်သည်အား တရားဝင်မှုကို ငြင်းဆိုသည့်

သဘောတရားကို တင်းတင်းကျပ်ကျပ် လိုက်နာမှု ဖြစ်ပါသည်။ ဤနေရာ၌ တယူသန် စစ်ဆန့်ကျင်ရေးဝါဒကို တွေ့နိုင်ပါသည်။

ထိုစနစ်၏ ဟန်ချက်ညီပြီး ကောင်းမွန်သောအခြေအနေသည် ထိုစနစ်အတွင်းတွင် စစ်တပ်နှင့် ၎င်းက အလုပ်အကျွေးပြု အကာအကွယ်ပေးနေသည့် လူ့အဖွဲ့အစည်းတို့ ရင့်ကျက်သော အပြန်အလှန်ဆွေးနွေးမှုဖြင့် ပြောင်းလဲစေသည့်အင်အားတစ်ခု ဖြစ်ပါသည်။ စစ်သည်များသည် ၎င်းတို့၏ ပြည်သူပြည်သားများနှင့် အပြန်အလှန် ဆွေးနွေးခြင်းဖြင့် ၎င်းတို့၏တာဝန်ကို ထမ်းဆောင်ကြပါသည်။ ထိုတာဝန်၏ တရားဝင်မှုသည် ၎င်း၏ လူမှု အခြေအနေနှင့် အကျိုးသက်ရောက်မှုတို့နှင့်ပတ်သက်၍ ထိန်းသိမ်းစောင့်ရှောက်မှုပေါ်တွင် မူတည်ကြောင်းကို ၎င်းတို့ သိရှိသတိပြုမိကြပါသည်။ နိုင်ငံသားများသည် ၎င်းတို့၏ စစ်သည်များနှင့် အပြန်အလှန်ဆွေးနွေးကြဆဲ ဖြစ်ပြီး ထောက်ခံခြင်းနှင့် တစ်ချိန်တည်းမှာပင် လိုအပ်သောအခါ မေးခွန်းထုတ်ရန်နှင့် စိန်ခေါ်ရန် လွတ်လပ်စွာ ခံစားခြင်းဖြင့် ၎င်းတို့အား အပ်နှင်းသည့် အကျိုးကျေးဇူးများကို သိရှိနားလည်ကြပါသည်။ ဤသည်မှာ ဒီမိုကရေစီ လုပ်ဆောင်နေမှုအတွင်းရှိ စစ်ရေးကိစ္စအပေါ် ပါဝင်သူအားလုံး၏တူညီသောသဘောဆန္ဒအခြေခံ ဖြစ်ပါသည်။ ဆန့်ကျင်ဘက်နှစ်အုပ်စုကွဲထွက်သွားခြင်းသည် ရင့်ကျက်သော အပြန်အလှန်ဆွေးနွေးမှုနှင့် ဆုတ်ယုတ်သည့် ပဋိပက္ခဆန်သော ဆောင်ပုဒ်များအား ဖလှယ်မှုပေါ်တွင် မူတည်သော အချင်းချင်းယုံကြည်မှုကို ဖျက်ဆီးပစ်သည့် အတိုင်းအတာအထိ ထိုစနစ်သည် ဟန်ချက်မညီတော့ဘဲ ကောင်းမွန်ခြင်းမရှိတော့ချေ။ အရပ်ဘက်နိုင်ငံရေး ကျရှုံးသည့်အခါ အကူအညီပေးရန် ၎င်းတို့အပေါ်ကျရောက်ကြောင်း စစ်သည်များအားလုံးကလည်း သတိပြုမိကြပါ သည်။ "မျိုးချစ်စိတ်" ဟူသော ၎င်းတို့၏ လူကြားကောင်းရုံသက်သက်လေလုံးထွားမှုများကြောင့် သာမန်လူထုကို ကိုယ်စားပြုမည်ဟုကြွေးကြော်သည့်နိုင်ငံရေးသမား နှစ်ခြမ်းကွဲခြင်းမှ အကျိုးအမြတ်ရရန် ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ကိုယ်ကျိုးရှာအမြတ်ထုတ်သည့် နိုင်ငံရေးသမားများသည် ၎င်းတို့၏စစ်တပ်၊ ၎င်းတို့ ၏ ပြည်သူပြည်သားများနှင့် ဒီမိုကရေစီ၏အခြေခံတို့ကို ခြိမ်းခြောက်နေကြပါသည်။

## နိဂုံး

ဤစုံစမ်းမေးမြန်းမှု၏ ယေဘုယျရည်ရွယ်ချက်မှာ အားလုံး၏အကျိုးအတွက် ဗုဒ္ဓဘာသာဝင်စစ်သည်၏ အမြင် သဘောထားအယူအဆကို အသေးစိတ်စူးစမ်းလေ့လာရန် ကြိုးစားခြင်းဖြင့် IHL ၏ အကူအညီပေးမှုတွင် ဗုဒ္ဓ ဘာသာနှင့် အပြန်အလှန်ဆွေးနွေးမှုကို ပါဝင်အကြံပြုရန် ဖြစ်ပါသည်။ ဤသည်မှာ ဗုဒ္ဓဘာသာဝင်စစ်သည်နှင့် ပတ်သက်၍ နောက်ဆုံးစကားမဟုတ်သော်လည်း နားလည်ရန်ခက်ခဲသောပြဿနာတစ်ရပ်ကို ဗုဒ္ဓဘာသာရှုထောင့် မှ ဆန်းစစ်သောအခါ ရရှိနိုင်သည့်ရလဒ်များ၏ အရိပ်နိမိတ်အချို့ကို ပေးပါသည်။ ဗုဒ္ဓဘာသာ အယူအဆတွင် ပိတ်နေပုံရသည်ကို ဖွင့်ပေးနိုင်သည့် နည်းလမ်း ရှိပါသည်။ ဤနေရာတွင် နားလည်ရခက်သည့်ပဟေဠိကို လှစ်ဟ ဖော်ထုတ်ရန် ကြိုးပမ်းမှုအနေဖြင့် ဗုဒ္ဓဘာသာဝင်စစ်သည်ဆိုသည်မှာ ဆန့်ကျင်ဘက်ဝိရောဓိသာဖြစ်သည်ဆိုသော သာမည ရှုမြင်မှုထက်ကျော်လွန်၍ အချို့နည်းလမ်းကို ထိုးထွင်းသိမြင်နိုင်ရန် ဗုဒ္ဓဘာသာ မဇ္ဈိမကာဒဿန အတွေး အခေါ်ကို မူရင်းအတိုင်း အသုံးပြုခဲ့ပြီး ဖြစ်ပါသည်။ ရှုပ်ထွေးမှု၊ ထူးကဲမှုနှင့် အရေးပါမှုဖြစ်စဉ်ကို ထုတ်ဖော်ရန် ဗုဒ္ဓဘာသာဝင်စစ်သည်၏ ကြောက်မက်ဖွယ် ကနဦးအသွင်အပြင် ဖွဲ့စည်းတည်ဆောက်မှုကို လှစ်ဟထုတ်ဖော်ပြသ နိုင်ကြောင်း အပြန်အလှန်သဘောပိုင်းခြားစိတ်ဖြာလေ့လာမှုကိုအသုံးပြုခြင်းဖြင့် သရုပ်ဖော်ပြသခဲ့ပြီး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဒေသနာများနှင့် သင်္ကေတလေ့လာခြင်းတို့၏ အဓိကရှုထောင့်များအရ ဗုဒ္ဓဘာသာနှင့် စစ်တပ် ကြားတွင် နီးစပ်သောတူညီမှုများကို ထောက်ပြခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် စစ်တပ်သည် အပြန်အလှန် တသမတ်တည်းညီညွတ်မှုရှိသော အနက်အဓိပ္ပာယ်တူညီသည့် စံပြကိုယ်ရည်ကိုယ်သွေးနှင့်ပတ်သက်သော အမြင် များပင် ရှိကြောင်းကို ပြသခဲ့ပြီး ဖြစ်ပါသည်။ အပြန်အလှန်ဆက်နွယ်မှုသဘော ပိုင်းခြားစိတ်ဖြာလေ့လာခြင်းဖြင့် ထုတ်ဖော်ခြင်းသည် သီးခြားတစ်ဦးချင်းအစွန်းနှင့် လူမှုအစွန်းတို့အကြား ပြောင်းလဲနိုင်သောအင်အားရှိသည့် ဟန်ချက်ညီမှုအဖြစ် တာဝန်၏သဘောသဘာဝကို ဖော်ထုတ်ထားပြီး ဖြစ်ပါသည်။ လူမှုဆိုင်ရာတာဝန်ရှိမှု အခြေ အနေအတွင်း ကျင့်ဝတ်သိက္ခာပိုင်းအရ တာဝန်ယူမှုရှိသော သီးခြားတစ်ဦးချင်းလုပ်ဆောင်နေမှုအဖြစ် စစ်သည်၏ ယုတ္တိဗေဒနည်းကျအမှန်တရားရှာဖွေခြင်းကို စူးစမ်းလေ့လာရန် အဆိုပါ အစွန်းနှစ်ခုကို တစ်ခုချင်းစီ ဆက်လက် လေ့လာခဲ့ပြီး ဖြစ်ပါသည်။ ဟန်ချက်ညီမှုရှိခြင်း၏ အပြုသဘောဆောင်သော အကျိုးဆက်များနှင့် ဟန်ချက်မညီမှု အတွင်း ကျရောက်ခြင်း၏ ဆိုးကျိုးများကို ညွှန်ပြခဲ့ပြီး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာနှင့် IHL အကြောင်း လေ့လာသည့် ICRC လုပ်ငန်းစီမံကိန်းအတွက် ဤပုံစံသည် သေချာပေါက် အရေးကြီးပါသည်။ တရားဝင်စိန်ခေါ်မှုကို ဖွင့်ပေးထားသည့် တရားဝင်ထောက်ခံမှု၏ လူမှုအခြေအနေအတွင်း အစစ်အမှန် လက်တွေ့လုပ်ဆောင်နေသော စစ်သည်သူရဲကောင်းကိုယ်ရည်ကိုယ်သွေးဖြစ်သည့် စွမ်းအင်(ဝီရိယ) နှင့် သည်းခံခြင်း(ခန္တိ)တို့ကြား အပြန်အလှန်သဘော ဟန်ချက်ညီမှုတွင် လုပ်ဆောင်နေသောစစ်သည်အနေဖြင့် IHL ကို လိုက်နာစောင့်ထိန်းခြင်းအတွက် အကောင်းဆုံးအလားအလာကို ပေးပါသည်။ အလားတူနည်းလမ်းဖြင့် ဤ ဟန်ချက်ညီမှုများကို နားမလည်၊ တန်ဖိုးမသိ၊ ပြုစုပျိုးထောင်မှုမရှိဘဲ ထိန်းသိမ်းထားနိုင်မှုမရှိသောအခါ IHL အတွက် အလားအလာသည် အားရဖွယ်မရှိချေ။

ဤအချက်က ဗုဒ္ဓဘာသာဝင်စစ်သည်ကို စံနမူနာပြအကောင်းဆုံး စစ်သည်ဟု ဆိုလိုပါသလား။ ဗုဒ္ဓဘာသာ ၏ အကောင်းဆုံးစံနမူနာများနှင့် သမားရိုးကျအဆင့်တွင်စစ်တပ်အကြား တသမတ်ညီညွတ်မှုသည် ဤအဆုံးသတ် ဆီသို့ ဦးတည် ကိုင်းညွတ်သွားပါသည်။ အကောင်းဆုံးစံနမူနာပြ ဗုဒ္ဓဘာသာဝင်ကို စစ်သည်တော်သူရဲကောင်း အဖြစ် မြင်ခြင်းတွင် သာမန်ကာလျှံကာ ကိုယ်ပိုင်ဟန်ဖြစ်သော်လည်း အကောင်းဆုံး စံနမူနာပြ စစ်သည်တော် သူရဲကောင်းကို ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် မြင်ရန်မှာ ပို၍ ပင်ကိုမူရင်းဖြစ်ပြီး ICRC ၏ ဗုဒ္ဓဘာသာနှင့် IHL လုပ်ငန်း စီမံကိန်းအတွက် အရေးကြီးသော ပါဝင်ပတ်သက်မှုများ ရှိပါသည်။ သို့သော် ဗုဒ္ဓဘာသာဝင်စစ်သည်ကို အခြားသော ဘာသာရေးအယူဝါဒရှိသော (သို့မဟုတ် ဘာသာရေးအယူဝါဒမရှိသော) စစ်သည်တို့ထက်ပိုပြီး အထူးအခွင့်အရေး ပေးခြင်းသည် အလွန်ဆိုးပြီး အန္တရာယ်ရှိသော အမှားတစ်ခုဆိုသည်မှာ ရှင်းပါသည်။ ဗုဒ္ဓဘာသာ၏ သာမန်လူတို့ ဉာဏ်မမီနိုင်သည့်ရှုထောင့်နှင့် လူကိုပဓာနထားသောရှုထောင့်တို့နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင် တို့နှင့်မျှဝေသောတန်ဖိုးထားမှုများကိုပုံဖော်သူတို့ကြား ခွဲခြားခြင်းဖြင့် ထိုအမှားကို ရှောင်လွှဲနိုင်ပါသည်။ ဤစုံစမ်း မေးမြန်းမှုသည် ဤရှုထောင့်များအကြားခွဲခြားခြင်းနှင့် ဗုဒ္ဓဘာသာနှင့်လူသားကိုပဓာနထားသောရှုထောင့်အပေါ် အလေးထားသော IHL အကြား အပြန်အလှန်ဆွေးနွေးမှုအား အဆိုပြုခြင်းတို့ဖြင့် ဖွင့်ခဲ့ပြီး ဤကမ္ဘာလောကအတွင်း ကျင့်ဝတ်ဆိုင်ရာအပြုအမူအား မေးခွန်းထုတ်မှုများအပေါ် လွတ်လပ်စွာ အာရုံစိုက်ရန် ချန်ထားခြင်း ဖြစ်ပါသည်။ ကျင့်ဝတ်ဆိုင်ရာအပြုအမူသည် ဗုဒ္ဓဘာသာဝင်ကိုယ်ပိုင်လက္ခဏာအတွက် အခြေခံလိုအပ်ချက်ဖြစ်သောကြောင့် ဤအချက်က ဗုဒ္ဓဘာသာကို အားပျော့စေခြင်း မရှိပါ - ဗုဒ္ဓဘာသာဝင်တစ်ဦးကဲ့သို့ပြုလုပ်သူတစ်ဦးသည် အတိုင်း အတာတစ်ခုအထိ အမှန်တကယ် ဗုဒ္ဓဘာသာဝင်တစ်ဦးသာဖြစ်ကြောင်းကို ဓလေ့ထုံးတမ်းအစဉ်အလာအတွင်း အထူးတလည်သက်သေပြရန်မလိုချေ။ အလားတူစွာပင် တစ်စုံတစ်ယောက်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ခွဲခြားဖော်ထုတ်သတ်မှတ်ခြင်းမရှိဘဲ ဗုဒ္ဓဘာသာကျင့်ဝတ်အခြေခံမှုများကို တစ်ထပ်တည်း လုပ်ဆောင်နိုင်ပါသည်။ ကျင့်ဝတ်သီလဆိုင်ရာ အပြုအမူကသာ ပဓာနကျပါသည်။ ဗုဒ္ဓဘာသာ ကျင့်ဝတ်သီလ၏ သဘောသဘာဝက ဤနေရာတွင် အထောက်အကူ ဖြစ်ပါသည်။ တကယ့်သဘာဝအစစ်အမှန် ဖြစ်သည်နှင့်အညီ ဗုဒ္ဓဘာသာကျင့်ဝတ် ကို သဘာဝအတိုင်း ထိန်းသိမ်းထားပါသည်။ ထို့ကြောင့် DPA သရုပ်ဖော်ပုံပေါ်တွင် အပျက်သဘောဆောင်သော အောက်ဘက်အပိုင်းများသည် ကိုယ်ကျင့်သိက္ခာမဲ့သော ပြိုကွဲခြင်းဆီသို့ ခွဲထွက်သွားစဉ် အပြုသဘောဆောင်သော အထက်ဘက်အပိုင်းများသည် ဆုံစည်းပြီး ကျင့်ဝတ်အရပေါင်းစည်းခြင်းတစ်ခုသို့ ဦးတည်သွားပါသည်။ ထို့ကြောင့် ထိုအကောင်းဆုံးစံနမူနာပြစစ်သားသည် နိုးကြားသတိရှိလျက် တမင်ရည်ရွယ်သည်ဖြစ်စေ သို့မဟုတ် မရည်ရွယ် သည်ဖြစ်စေ၊ ဘာသာရေးအယူဝါဒတစ်ခုခု (သို့မဟုတ် ဘာသာရေးအယူဝါဒမရှိ) ကို ၎င်းတို့သည် ကိုးကွယ်ကောင်း ကိုးကွယ်နိုင်ပြီး ဗုဒ္ဓဘာသာအခြေခံမှုများနှင့်အညီ လုပ်ဆောင်သူဖြစ်ရာ ဗုဒ္ဓဘာသာအခြေခံမှုများနှင့်အညီ လုပ်ဆောင်ခြင်းအတွက် IHL နှင့်အညီ လုပ်ဆောင်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်ဟု ကောက်ချက်ချနိုင်ပါ သည်။

ဤအချက်က ဗုဒ္ဓဘာသာနှင့် IHL လုပ်ငန်းစီမံကိန်းတို့သည် ရေရှည်ရည်မှန်းချက်များနှင့်ဆက်စပ်၍ ၎င်း ကိုယ်တိုင် နှစ်ခု ချမှတ်ရန် စဉ်းစားနိုင်သည်ဟု အကြံပြုထားပါသည်။ အနိမ့်ဆုံးရည်မှန်းချက်မှာ လိုက်နာသည့် စစ်သည် ဖြစ်နိုင်ပါသည် - လိုက်နာသည့်စစ်သည်ဆိုသည်မှာ အလုပ်ဂတ္တရားလိုအပ်ချက်အတိုင်း IHL နှင့်အညီ လုပ်ဆောင်သည့် စစ်သည် ဖြစ်ပါသည်။ အမြင့်ဆုံးရည်မှန်းချက်မှာ ကျင့်ဝတ်လိုက်နာသည့်စစ်သည် ဖြစ်နိုင်ပါသည် - ကျင့်ဝတ်လိုက်နာသည့်စစ်သည်ဆိုသည်မှာ အလုပ်ဂတ္တရားလိုအပ်ချက်အရသာမက အနိမ့်ဆုံး ကျင့်ဝတ်ဆိုင်ရာ အပြုအမူစံနှုန်းအရပါ IHL နှင့်အညီ လုပ်ဆောင်သည့် စစ်သည် ဖြစ်ပါသည်။ အဆိုပါကျင့်ဝတ်များသည် ဗုဒ္ဓ

ဘာသာဖြစ်နိုင်သည့် သို့မဟုတ် ဗုဒ္ဓဘာသာမဖြစ်နိုင်သည့် ယုံကြည်လောက်သော ဇာစ်မြစ်မှ ဆင်းသက်လာခြင်း ဖြစ်ပြီး IHL နှင့် အံဝင်ခွင်ကျဖြစ်မဖြစ်မှာ စမ်းသပ်ချက်ဖြစ်ပါသည်။

ကျင့်ဝတ်လိုက်နာသည့်စစ်သည်သည် အလားအလာကောင်းသောအခြေအနေများကို မရင်ဆိုင်ရနိုင်ပါ။ အရာရာ လက်ရှိ တည်ရှိနေသည့်အတိုင်း သေချာသည်မှာ ဆန်းစစ်ဝေဖန်သောနိုင်ငံသားအတွက် ဘဝသည် ကြမ်းတမ်းနိုင်သော်လည်း ကျင့်ဝတ်လိုက်နာသည့်စစ်သည်၏အခြေအနေသည် ပို၍အန္တရာယ်များနေနိုင်ပါသေးသည်။ စစ်သည်ဘဝ၏ အဖွဲ့တွင်းအားပြိုင်မှုတွင် အခြေခံအကျဆုံးလိုအပ်ချက်မှာ အဆင့်ဆင့် အမိန့်ပေးကွပ်ကဲမှု ဖြစ်ပါသည်။

နိုင်ငံရေးနှင့် ကျင့်ဝတ်သည် ထိုရာထူးအဆင့်ဆင့်တွင် အတူတကွ လွယ်ကူစွာ ရှိနေသည်ဟု မှတ်ယူရန်မှာ နုံအရာကျပေလိမ့်မည်။ ပီတာဗွန်ဟာဂင်ဘာ့ခ် - Peter von Hagenbach (1474) ၏ သေဒဏ်စီရင်ခြင်းမှသည် နူရင်ဘာ့ဂ် အမှုစစ်ဆေးစီရင်မှုများ (1945) ကို ဖြတ်သန်း၍ ခါဖာရ်ကွာစင် - Kafr Qassim (1956) နှင့် မိုင်လိုင် - My Lai (1968) တို့တွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ အီရတ်စစ်ပွဲ(2003)အထိ အထက်အမိန့်များ၏ ကာကွယ်ရေး သမိုင်း (ဒင်းစတိုင်း - Dinstein 2012) သည် ကြောင်းကျိုးဆီလျော်ယုတ္တိတန်မှုအရ ရှေ့နောက်မညီညွတ်ခြင်းနှင့် နိုင်ငံရေးအရ လက်တွေ့အကျိုးဖြစ်စေရန် သင့်လျော်သလို မီးစင်ကြည့်က ဆောင်ရွက်ခြင်း ဖြစ်ပါသည်။[13] ဥပဒေနှင့်ဆန့်ကျင်သောအမိန့်များကိုနာခံခြင်းသည် ယင်းကိုယ်တိုင်က IHL ကို ချိုးဖောက်ခြင်း ဖြစ်သော်လည်း တစ်ဖက်တွင် ဥပဒေအရ သို့မဟုတ် ကျင့်ဝတ်အရ လုပ်ဆောင်နေရခြင်းနှင့် အခြားတစ်ဖက်တွင် အမိန့်နာခံရခြင်း အကြား ဝိရောဓိကို ရင်ဆိုင်နေရသည့် စစ်သည်အနေဖြင့် အပြင်းအထန်အခက်အခဲကြုံရဖွယ် ရှိပါသည်။ ကျင့်ဝတ်လိုက်နာသည့် စစ်သားသည် ထိုကဲ့သို့သောပတ်ဝန်းကျင်တွင် ကောင်းစားဖို့နေနေသာသာ ဖွံ့ဖြိုးတိုးတက်မှုပင် ရလိမ့်မည် မဟုတ်ပါ။

ကျင့်ဝတ်လိုက်နာသည့်စစ်သည်၏ လုပ်ဆောင်ချက်သည် ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာ၊ တာဝန်နှင့် စွမ်းရည်တို့ကို အပြည့်အဝနားလည်မှုတွင် အခြေခံပါသည်။ ထိုနားလည်မှု၏ အကျိုးသက်ရောက်မှုသည် အမျိုးမျိုး ကွဲပြားသော်လည်း စစ်သည်တစ်ဦးချင်းစီ၏စိတ်ထဲတွင်၊ ၎င်းတို့ တာဝန်ထမ်းဆောင်နေသော လက်နက်ကိုင်တပ်ဖွဲ့များ၏အဆင့်တိုင်းတွင်၊ ၎င်းတို့လုပ်ငန်းဆောင်ရွက်နေသည့် ပိုမိုကျယ်ပြန့်သော ယဉ်ကျေးမှုအခြေအနေအတွင်း၊ အရပ်ဘက်နှင့်အစိုးရအဖွဲ့အစည်းများအတွင်းနှင့် အိုင်စီအာရ်စီကဲ့သို့သော လွတ်လပ်သည့် ပြင်ပအဖွဲ့အစည်းများ အကြား စသည့် ဆက်စပ်နေသောနယ်ပယ်များတလျှောက် ခိုင်ခိုင်မာမာအတည်တကျဖြစ်ပြီး သွက်လက်ဖျတ်လပ် နိုးကြားတက်ကြွနေခြင်းအပေါ် မူတည်ပါသည်။ ယထာဘူတကျကျအပြန်အလှန်ဘက်ပေါင်းစုံ စဉ်းစားတွေးခေါ်ခြင်းကို ငြင်းပယ်သည့် စိတ်သဘောထားကို တုံ့ပြန်ရာ၌ ထောက်ပြနိုင်သည့် ရှုပ်ထွေးသော၊ လိုအပ်နေသော၊ အလျင်အမြန်ပြောင်းလဲနေသော အခြေအနေများတွင် ကျွမ်းကျင်သည့် ယထာဘူတကျကျ ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်မှုနှင့် လုပ်ဆောင်မှု၏ အကောင်းဆုံးဥပမာများတွင် ပရပ်ရှား စစ်မြေပြင်သေနာပတိ ဖီးလ်ဒ်မာရှယ်လ် ဟဲလ်မွတ်ဖွန်မော်လ်တ်ခဲ၏ စစ်မြေပြင်တွင် အဆက်မပြတ်ပေါ်ပေါက်လာသည့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ရာတွင် လှုပ်ရှားမှုမြန်ဆန်သည့် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို မရမကတောင်းဆိုခြင်း ပါဝင်ပါသည် - “ရန်သူ နှင့် ပထမဆုံးထိတွေ့လျှင် မည်သည့်လုပ်ဆောင်ချက်အစီအစဥ်မျှ အလုပ်မဖြစ်တော့ပေ။” (Hughes 1993, 92) အလားတူ နားလည်ခြင်းသည် ဆွန်ဇူး - Sun Tzu ၊ နပိုလီယန် ဘိုနာပတ် - Napoleon Bonapart (ကျွန်ုပ်မှာ စစ်ဆင်ရေးအစီအစဉ် ဘယ်တုန်းကမှ မရှိခဲ့ဘူး)[14] နှင့် ကားလ်ဖွန်ကလောက်စ်ဗစ်ဇ် - Carl von Clausewitz ([1832] 1989)တို့ကဲ့သို့ ကျော်ကြားသော စစ်ရေးမဟာဗျူဟာ အကျော်အမော်များအကြား ထင်ရှားပါသည်။

## လုပ်ဆောင်မှုအတွက် အစီအစဉ်

ကျင့်ဝတ်လိုက်နာသောစစ်သည်ကို ဖွံ့ဖြိုးစေခြင်းသည် အနာဂတ်အလားအလာကို ပျိုးထောင်နေခြင်း ဖြစ်ပါသည်။ ဤစိစစ်လေ့လာမှုသည် လုပ်ဆောင်မှုနှင့် ပြောင်းလဲမှုကို ရှေ့ဆောင်နိုင်ခြင်းမရှိပါက အမှန်တကယ် အသုံးဝင်မှု အနည်းငယ်မျှသာ ရှိပါလိမ့်မည်။ ဤအစီအစဉ်သည် ICRC ကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့ ဆက်ဆံမှုအတွင်း၌ရော စစ်ခေါင်းဆောင်များနှင့် နိုင်ငံရေးအရအဆုံးအဖြတ်ပြုလုပ်သူများအကြား၌ပါ အဖွဲ့အစည်း ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုလေ့လာသင်ယူခြင်းနှင့်စပ်လျဥ်း၍ ပင်ကိုမူရင်း စိတ်ကူးကောင်းပြီး တီထွင်

ဖန်တီးသည့် လုပ်ဆောင်ချက်အတွက် အစီအစဉ်တစ်ခု ဖြစ်ပါသည်။ နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အဓိက ကျွမ်းကျင်မှုအရည်အချင်းများတွင် DPA ခွဲခြမ်းစိတ်ဖြာမှုမှတစ်ဆင့် အဓိက ယုတ္တိဗေဒနည်းကျ အမှန်တရားကိုရှာဖွေခြင်းပုံစံများအပြင် စိတ်၏ဗီဇစွမ်းရည်ရှုထောင့်နှင့်အလုပ်လုပ်ရာတွင် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထား ဖွံ့ဖြိုးတိုးတက်မှုတို့ အပါအဝင် မည်သူမည်ဝါခွဲခြားသတ်မှတ်မှု၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် ရှုပ်ထွေးသောပြဿနာများအတွက်ဖြေရှင်းချက်တို့နှင့်ပတ်သက်သည့် စွမ်းဆောင်မှုအရည်အချင်းတို့ ပါဝင်ပါသည်။ ကျင့်ဝတ်လိုက်နာသောစစ်သည်နှင့် IHL ၏ စည်းမျဉ်းကို တိုက်ခိုက်ရန် မည်သည့်အခွင့်အရေးမျှ ပေးလိမ့်မည် မဟုတ်ပါ။

## မှတ်စုများ

1. မဇ္ဈိမက တည်ထောင်သူသည် နာဂဇုန (Nāgārjuna) ခရစ်နှစ် ၁၅၀-၂၅၀ ဖြစ်ပြီး၊ အားကိုးရသည့်တပည့်မှာ အာယဒေဝ (Āryadeva) ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအတွင်း နာဂဇုန၏အရေးပါမှုသည် ရံခါ “ဒုတိယဗုဒ္ဓ”တစ်ဆူအနေဖြင့် ကျော်ကြားပါသည်။ သို့သော်လည်း နာဂဇုနက ၎င်း၏အလုပ်သည် မူလဗုဒ္ဓဘာသာဓလေ့ထုံးတမ်းနှင့် လုံးဝကိုက်ညီကြောင်း အခိုင်အမာဆိုပြီး ယင်းက ပြန်လည်အသက်သွင်းရန် ကြိုးပမ်းပါသည်။ ဤသည်မှာ မဟာယာန၏ အဓိကအနှစ်သာရ ဖြစ်ပါသည်။ နာဂဇုန၏ မူလမဇ္ဈိမကကာရိကာသည် မဇ္ဈိမက၏ အခြေခံကျမ်းစာဖြစ်ပြီး ပါဠိစာပေမှ ကစ္စယာနဂေါတ္တသုတ္တန်ကို ကိုးကားထားပါသည်။ (Kaccayānagoota Sutta, Saṃyutta Nikāya 12.15; ဘာသာပြန်အတွက် Thanissaro Bhikkhu 1997 ကို ကြည့်ပါ) သုတ္တနိပါတ၏ အဋ္ဌကဝဂ္ဂနှင့် ပါရာယနဝဂ္ဂကဲ့သို့သော အခြားမူရင်းပါဠိ ရင်းမြစ်များနှင့် နာဂဇုန၏ ကိုက်ညီမှုကို ဥပမာအားဖြင့် ကာလုပါဟာန - Kalupahana (1994) က အလေးထားဖော်ပြထားပါသည်။ နာဂဇုနနှင့် မူလမဇ္ဈိမကကာရိကာတို့နှင့်စပ်လျဉ်း၍ ခိုင်လုံသောခေတ်ပြိုင်အဋ္ဌကထာအတွက် ဥပမာအားဖြင့် ဂါးဖီးလ်ဒ် - Garfield(1995) အပြင် ဆီဒါးရစ် - Siderits နှင့် ခါဆုရ - Katsura(2013) တို့ကို ကြည့်ပါ။

2. ထင်ရှားသည့်ဆန့်ကျင်ဘက်များအကြား အပြန်အလှန်ဆက်နွယ်မှုကို စူးစမ်းနိုင်စွမ်းသည် မဇ္ဈိမက အတွက်သာ ထူးခြားမှုမဟုတ်ဘဲ ယုတ္တိဗေဒနည်းကျတွေးခေါ်မှုအပေါ် အခြေခံသည့် မည်သည့်ဒဿနဆိုင်ရာ နည်းလမ်းအတွက်မဆို ယေဘုယျတူညီပါသည်။ မဇ္ဈိမက၏ထူးခြားချက်မှာ ၎င်း၏ ယုတ္တိဗေဒနည်းကျ အမှန်တရားကိုရှာဖွေခြင်းသည် သဘာဝဖြစ်စဉ်၏ အနှစ်မဲ့သော(သုညတ)သဘောသဘာဝအတွင်းသို့ ထိုးထွင်းသိမြင်ခြင်းတွင် အခြေခံသည် ဖြစ်သောကြောင့် ဤနေရာတွင် ယင်းကို ရွေးချယ်ခြင်း ဖြစ်ပါသည်။

3. ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတွင် ပါရမီများကို နည်းမျိုးစုံဖြင့် တစ်ခုချင်းစာရင်းတင်ကြပါသည်။ ပါဠိစာပေတွင် ဗုဒ္ဓဝံသ(ခုဒ္ဒကနိကာယ ၁၄) ၌ ပါရမီ(၁၀)ပါး စာရင်းပြထားပါသည်။ မဟာယာနထုံးတမ်းစဉ်လာတွင် ပရညာ ပါရမိတာသုတ္တရ၌ ပါရမီ(၆)ပါး စာရင်းပြထားပြီး ယင်းတို့ထဲတွင် သဒ္ဓမ္မပုဏ္ဍရိကသုတ္တန်(ကြာပန်းဖြူ)က သတ္တမမြောက် ကျွမ်းကျင်လိမ္မာသောပါရမီ(ဥပါယအရမိတ)ကိုထည့်ပေါင်းပါသည်။ ထေရဝါဒအဋ္ဌကထာဆရာ ဓမ္မပါလ (မည်သူမည်ဝါနှင့်ခုနှစ်သက္ကရာဇ်မသေချာ ခရစ်နှစ် ၁၂ ရာစုမတိုင်မီခန့်)သည် ပါရမီ(၁၀)ပါးနှင့်(၆)ပါးတို့ကို တန်းတူသဘောထားပါသည်။ ဗုဒ္ဓဘာသာဒေသနာတရားတော်စာရင်းများသည် ဗုဒ္ဓဘာသာ၏ အစောပိုင်းကာလ နှုတ်တက် ဆောင်သည့် ဓလေ့ထုံးစံအတွင်း အဆင့်ဆင့်ပြောင်းလဲလာသော သရုပ်ခွဲမှုကိုအခြေခံသည့် ပုံဖြင့်သရုပ်ဖော်မှု၊ မှတ်ဉာဏ်အထောက်အကူပြု ဆောင်ပုဒ်လင်္ကာများထက် ပိုလည်းမပို (လျော့လည်းမလျော့) ဖြစ်ပါသည်။ အကြောင်းအရာက အရေအတွက်ထက် ပို၍အရေးကြီးပါသည်။ ခေတ်ပြိုင်ဆွေးနွေးမှုအတွက် ဥပမာအနေဖြင့် ရိုက်ထ် - Wright(2009)ကို ကြည့်ပါ။

4. စူဠမာလုကျပုတ္တသုတ်(Cula-Malunkyovada Sutta)၊ မဇ္ဈိမနိကာယ် ၆၃။ ဘာသာပြန်အတွက် ဌာနိဿရောဘိက္ခု(၁၉၉၈) - Thanissaro Bhikkhu(1998) ကို ကြည့်ပါ။

5. မဉ္ဇုသီရိ (Mañjuśrī)၏ ပုံသင်္ကေတဥပမာများ -

https://www.google.co.uk/search?source=univ&tbm=isch&q=manjushri+images&sa=X&ved=2ahUKEwjZkJv8vLLtAhVDC-wKHVGaCK0QjJkEegQIAxAB&biw=2560&bih=1329.

6. ပဒမသံဘဝ (Padmasambhava) ၏ ပုံသင်္ကေတဥပမာများ -

https://www.google.co.uk/search?source=univ&tbm=isch&q=padmasambhava+images&sa=X&ved=2ahUKEwjG-oS4qd3tAhXHVsAKHSNlAbUQjJkEegQIBRAB&biw=2560&bih=1329&dpr=2.

7. ဝဇိရပါဏိ (Vajrapāṇi) ၏ ပုံသင်္ကေတဥပမာများ -

https://www.google.co.uk/search?source=univ&tbm=isch&q=vajrapani+images&sa=X&ved=2ahUKEwiY7YGzvrLtAhXKvKQKHRLqAQkQjJkEegQIAxAB&biw=2560&bih=1329.

8. ဝဇိရသတ္တဝါ (Vajrasattva) ၏ ပုံသင်္ကေတဥပမာများ -

https://www.google.co.uk/search?q=vajrasattva+images&tbm=isch&ved=2ahUKEwjyirq0vrLtAhWJiqQKHfKEDRAQ2cCegQIABAA&oq=vajrasattva+images&gs_lCgNpbWcQAzICCAA6BAgAEEM6BggAEAcQHlCV3QRY5ewEYljwBGgAcAB4AIABdIgB1wWSAQQxMC4xmAEAoAEBqgELZ3dzLXdpei1pbWfAAQE&sclient=img&ei=lDTJX_LwHImVkgXyibaAAQ&bih=1329&biw=2560.

9. "မြင့်မြတ်သောစစ်ပွဲ" သဘောတရားသည် အမိက ကမ္ဘာ့ကိုးကွယ်ရာဘာသာကြီးများအတွင်း အကျွမ်းတဝင်ရှိပြီးဖြစ်ပါသည်။

ဗုဒ္ဓဘာသာကို ချွင်းချက်အဖြစ် ရံဖန်ရံခါ ယူဆထားသော်လည်း ဂျပန်စစ်ဝါဒ၏ ဆောင်ရွက်မှုတွင် ဗုဒ္ဓဘာသာ ဒေသနာတရားတော်များအား မတော်တရော်ကပြောင်းကပြန်ပြုခြင်းကို သရုပ်ခွဲလေ့လာခြင်းအတွက် ဗိတိုရီယ - Victoria(2006)ကို ကြည့်ပါ။

10. ဂျုန်း - Jung(1990, စာပိုဒ် 709) က ဆန့်ကျင်ဘက်သို့အသွင်ပြောင်းခြင်း - enantiodromia ကို "အချိန်ကာလ တစ်ခုအတွင်း မသိစိတ်ဖြင့်မရည်ရွယ်ဘဲ ဆန့်ကျင်ဘက် ပေါ်ပေါက်လာခြင်းဟု ဖွင့်ဆိုပါသည်။ အစွန်းရောက်သော တစ်ဖက်သတ်စိတ်သဘောထားက အသိစိတ်ကို လွှမ်းမိုးသွားသောအခါ ဤဝိသေသလက္ခဏာရှိသော သဘာဝ ဖြစ်စဉ်သည် အမြဲတမ်း ဖြစ်ပေါ်ကာ - အချိန်တန်လျှင် တန်းတူစွမ်းပကားရှိသော တန်ပြန်အနေအထားတစ်ခုကို တည်ဆောက်ပြီး အသိစိတ် စွမ်းဆောင်မှုကို ပထမတွင် အဟန့်အတားပြုကာ နောက်ပိုင်းတွင် အသိစိတ်ထိန်းချုပ်မှုကို ထိုးဖောက်ကျော်လွှားသွားပါသည်။" ဂျုန်း - Jung(2014) မှတ်ချက်ပြုသည့်အတိုင်း ဤစဉ်းစားတွေးခေါ်ပုံသည် နောက်ကြောင်းပြန်ကာလ ဟီရာကလစ်တပ်စ်(Heraclitus) ကဲ့သို့ အနောက်တိုင်းအစဉ်အလာတွင် တွေ့ရပါသည်။ ပလေတို၏ ဖေးဒို(Phaedo)နှင့် ဆိုကရေးတီး၏ ယုတ္တိဗေဒနည်းကျအမှန်တရားကိုရှာဖွေခြင်း(အညမညနည်းဗေဒ) အပြင် ဗုဒ္ဓဘာသာနှင့် တာအိုဘာသာ ထုံးတမ်းစဉ်လာများအတွင်း အခြေခံများအဖြစ် ထင်ရှားပေါ်လွင်နေပါသည်။

11. မှတ်ချက်(၂)ကို ကြည့်ပါ။

12. ဥပမာအနေဖြင့် Sangharakshita (1986)ကို ကြည့်ပါ။

13. ဤအဖြစ်အပျက်များ၏ အသေးစိတ်အချက်အလက်များနှင့် 'အထက်အမိန့်များ ကာကွယ်ရေး' ('Superior Orders defence') အကြောင်းကို https://en.wikipedia.org/wiki/Superior_orders. တွင် ကြည့်ပါ။

14. ဖွန်မော်လ်တ်ခဲ - Von Moltke (Hughes 1993, 92) ၏ ကိုးကားချက်။

**ကြေငြာချက်**

ဤစာတမ်းကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

**ရည်ညွှန်းကိုးကားချက်များ**

Campbell, J. [1949] 2012. The Hero with a Thousand Faces. Collected Works of Joseph Campbell. 3rd ed. Novato: New World Library.

Dinstein, Y. 2004. The Conduct of Hostilities under the Law of Armed Conflict. Cambridge: Cambridge University Press.

Dinstein, Y. 2012. The Defence of Obedience to Superior Orders in International Law. Oxford: Oxford University Press.

French, S. E. 2017. "The Code of the Warrior: Ideals of Warrior Cultures Throughout History." Journal of Character & Leadership Integration 4 (1): 64–71.

Garfield, J. 1995. The Fundamental Wisdom of the Middle Way: Nāgārjuna's Mūlamadhyamakakārikā. New York: Oxford University Press.

Hughes, D. J., ed. 1993. Moltke on the Art of War: Selected Writings. New York: Presidio Press.

Johnson, B. 1996. Polarity Management: Identifying & Managing Unsolvable Problems. 2nd ed. Amhurst: HRD Press.

Jung, C. G. 1990. Psychological Types. London: Routledge.

Jung, C. G. 1991. The Archetypes and the Collective Unconscious. Collected Works of C.G. Jung. London: Routledge.

Jung, C. G. [1933] 2001. Modern Man in Search of a Soul. London: Routledge.

Jung, C. G. 2014. Two Essays on Analytical Psychology. London: Routledge.

Kalupahana, D. J. 1994. A History of Buddhist Philosophy. Delhi: Motilal Banarsidass.

Liivoja, R. 2012. "Chivalry without a Horse: Military Honour and the Modern Law of Armed Conflict." In The Law of Armed Conflict: Historical and Contemporary Perspectives, edited by R. Liivoja and A. Saumets, 75–100. Tartu: Tartu University Press.

McNeilly, M. 2003. Sun Tzu and the Art of Modern Warfare. New York: Oxford University Press.

Moore, R., and D. Gillette. 1990. King, Warrior, Magician, Lover: Rediscovering the Archetypes of the Mature Masculine. New York: HarperOne. Sangharakshita. 1986.

Sangharakshita, Alternative Traditions. Glasgow: Windhorse.

Shay, J. 1994. Achilles in Vietnam: Combat Trauma and the Undoing of Character. New York: Simon & Schuster.

Siderits, M., and S. Katsura. 2013. Nāgārjuna's Middle Way: Mūlamadhyamakakārikā. Boston: Wisdom.

Thanissaro Bhikkhu, trans. 1997. "Kaccayānagotta Sutta: On Right View. Sam _ yutta Nikāya 12.15." Access to Insight. https://www.accesstoinsight.org/tipitaka/sn/sn12/sn12.015. than.html

Thanissaro Bhikkhu, trans. 1998. "Cūḷa-Māluṅkyovāda Sutta: The Shorter Instructions to Māluṅkyā. Majjhima Nikāya 63." Access to Insight. https://www.accesstoinsight.
org/tipitaka/mn/mn.063.than.html

VanLandigham, R. 2015. “The Law of War Is Not about ‘Chivalry’.” Just Security. https://www.justsecurity.org/24773/laws-war-chivalry/

Victoria, B. D. 2006. Zen at War. 2nd ed. Lanham: Rowman & Littlefield.

vonClausewitz, C. [1832] 1989. On War (VomKriege). Edited by M. Howard and P. Paret. Princeton: Princeton University Press.

Wright, D. S. 2009. The Six Perfections: Buddhism and the Cultivation of Character. New York: Oxford University Press.

## တိုက်ပွဲဝင်စစ်သည်များ၏ အသက်အန္တရာယ်ဖြစ်နိုင်ခြေအလားအလာကို ကန့်သတ်ခြင်း - အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် ဗုဒ္ဓဘာသာတို့ကြား ပေါင်းဆုံမှုများ

Vishakha Wijenayake

### ဆောင်းပါးအကျဉ်းချုပ်

စစ်ပွဲအတွင်း စစ်သားတို့အပေါ်ထားရှိသည့် ၎င်းတို့၏အသက်အန္တရာယ်ဖြစ်နိုင်ခြေ မျှော်မှန်းချက်နှင့်ပတ်သက်၍ ဇာတကကျမ်းလာ ဗုဒ္ဓဝင်ဇာတ်တော်များနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)တို့က ရှုမြင်ပုံကို စူးစမ်းလေ့လာရန် ဗုဒ္ဓဝင်ဇာတ်တော်များနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေတို့ကို ဤဆောင်းပါးတွင် ယှဉ်တွဲဖော်ပြထားပါသည်။ ဤရည်ရွယ်ချက်အလို့ငှာ စစ်ပွဲတွင် နှစ်ဘက် အပြန်အလှန် အန္တရာယ်ဖြစ်နိုင်ခြေရှိမှု အယူအဆကို IHL ရှုထောင့်မှ နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေထားပြီး ယင်းသည် ထိန်းထိန်းသိမ်းသိမ်းနှင့် စစ်ပွဲကို ဆင်နွှဲခြင်းအတွက် အရေးပါလှကြောင်း ကျွန်ုပ် အဆိုပြုဆွေးနွေးထားပါသည်။ အကြမ်းမဖက်ခြင်းကို ရှေ့ဆောင်သော လူ့ကျင့်ဝတ်ဆိုင်ရာအခြေခံမှုအဖြစ် အပြန်အလှန်အပေးအယူပြုရသည့် သဘောတရား၏ အရေးပါပုံကို ဗုဒ္ဓဘာသာက အလားတူ အသိအမှတ်ပြုလက်ခံထားပါသည်။ တိုက်ပွဲဝင်စစ်သည်များ စစ်ပွဲအတွင်း တာဝန်ခံမှုတွင် အန္တရာယ်ဖြစ်နိုင်ခြေကို ကန့်သတ်ရာ၌ သေချာစေရန် IHL က ယင်း၏ လက်နက်ချအညံ့ခံခြင်းစည်းမျဉ်းဖြင့် ကြိုးစားပုံကို ကျွန်ုပ် သက်သေသာဓကနှင့် သရုပ်ဖော်တင်ပြထားပါသည်။ ကျွန်ုပ်သည် ဤတင်ပြချက်ကို လက်နက်ချအညံ့ခံသူအား အကြမ်းဖက်ခြင်း ရပ်ဆိုင်းရန် လိုအပ်ကြောင်း သရုပ်ဖော်ထားသော သေယျဇာတ်တော် (အမှတ် ၂၈၂)နှင့် နှိုင်းယှဉ်ထားပါသည်။ စစ်တပ်များက မိမိတို့၏ တိုက်ပွဲဝင်စစ်သည်များအပေါ် ပြုမူဆက်ဆံပုံနည်းလမ်းသည် အဓိပ္ပာယ်ရှိသော လက်နက်ချအညံ့ခံခြင်းကို ကျင့်သုံးမှုနှင့် ဤနည်းအားဖြင့် စစ်ပွဲအား ကန့်သတ်မှုများနှင့် ချုပ်တည်းထိန်းသိမ်းမှုများအတွက် အလွန်အရေးပါလှပါသည်။ ဗုဒ္ဓဘာသာကလည်း မိမိစစ်သည်များ၏အသက်ကို တန်ဖိုးထားရန်နှင့် မလိုအပ်ဘဲ အသက်အန္တရာယ်ကျရောက်မည့် စွန့်စားမှုမပြုလုပ်ရန် အုပ်စိုးသူများအား တိုက်တွန်းထားပါသည်။ စစ်ပွဲအတွင်း ကြုံတွေ့ရသော မိမိအန္တရာယ်ဖြစ်နိုင်ခြေကို ကန့်သတ်နိုင်ရန် တိုက်ပွဲဝင်စစ်သည်၏ ရွေးချယ်မှုကို များနိုင်သမျှများစေရန် IHL သည် စစ်တပ်များနှင့် လက်နက်ကိုင်အဖွဲ့များက ၎င်းတို့၏ တိုက်ပွဲဝင်စစ်သည်များအတွက် ထုတ်ပြန်ထားသော အမိန့်များအပေါ် ပိုမို အာရုံစိုက်သင့်ကြောင်း ကျွန်ုပ် သုံးသပ်ထားပါသည်။ ဗုဒ္ဓဘာသာအနေဖြင့် စစ်ပွဲအတွင်း မလိုလားအပ်သော အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် စွန့်စားမှုများကိုပြုလုပ်ရန် ၎င်းတို့၏စစ်သည်များအား အမိန့်ပေးရန် ဝန်လေးသော အုပ်စိုးသူများ၏ ပုံရိပ်ကောင်းများကို အရိပ်ထိုးပေးသောကြောင့် ဗုဒ္ဓဘာသာသည် ၎င်း၏အပိုင်းအတွက် စစ်မိန့်များအား အပြုသဘော အသုံးပြုခြင်းကို အဆင်ပြေအောင် ကူညီပေးနိုင်ပါသည်။

### နိဒါန်း

စစ်ပွဲဆိုသည်မှာ ဇာတ်ကြောင်းအမျိုးမျိုးဖန်တီးတည်ဆောက်ထားသည့်ဝန်းကျင်တွင် နိုင်ငံရေးအကြမ်းဖက်မှုကို ဘောင်ခတ်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ (Kahn 2013, 202) ယင်းသို့သောဇာတ်ကြောင်းတစ်ခုသည် သေခြင်းတရားနှင့် ဆက်စပ်နေပါသည်။ စစ်ပွဲကာလအတွင်းသေဆုံးခြင်းကို ငြိမ်းချမ်းစဉ်ကာလတွင်သေဆုံးခြင်းနှင့် တန်းတူ ရှုမြင်၍မရပေ။ ဤအချက်က တိုက်ပွဲဝင်စစ်သည်များ၏သေဆုံးမှုကို အရပ်သားသေဆုံးမှုများနှင့် နှိုင်းယှဉ်သည့် ရှုမြင်သုံးသပ်ပုံနှင့် ပို၍ပင် သက်ဆိုင်နေပါသည်။ ငြိမ်းချမ်းစဉ်ကာလတွင် အခြားတစ်ဦးကို သတ်ဖြတ်ခြင်းသည် ဥပဒေနှင့်မညီသော်လည်း စစ်ပွဲတွင် ရန်သူတိုက်ပွဲဝင်စစ်သည်တစ်ဦးကို သတ်ဖြတ်ခြင်းသည် ဥပဒေနှင့်ညီပေသည်။ (နောက်ဆက်တွဲသဘောတူညီချက် ၁၊ အပိုဒ် ၄၂) စစ်တပ်ထဲဝင်သူများသည် သေဆုံးရန် ဖြစ်တန်စွမ်းမြင့်မားသည်ဟု လက်ခံထားပါသည်။ ထို့အတူ စစ်ကာလအတွင်းနှင့် စစ်တပ်အတွင်း ကျင့်သုံးသည့် ကျင့်ဝတ်သည် အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ကျင့်သုံးသည့် ကျင့်ဝတ်နှင့် မတူချေ။ (Durkheim 1951, 198; McMahan 2009, 36)။[1] စစ်တပ်များနှင့် လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏ကိုယ်ပိုင်ပညတ်ချက်များကိုချမှတ်ပုံရပြီး ၎င်းတို့၏ ကိုယ်ပိုင်စံနှုန်းအဆင့်ဆင့်ကို သတ်မှတ်ပြဋ္ဌာန်းပုံရပါသည်။ (Cover 1983, 33) သို့သော်လည်း စစ်တပ်ကဲ့သို့ ဂိုဏ်းဂဏစွဲရှိသော အသိုင်းအဝိုင်းများ၏ နယ်ပယ်သည်ပင် စိမ့်ဝင်နိုင်ပါသည်။

စစ်တပ်အပါအဝင် အသိုက်အဝန်းတစ်ခု၏ လောကအမြင်ကို ထူထောင်ပေးသည့် အခြေခံမှုများက ၎င်းတည်ရှိရာ အတွင်းရှိ အသိုက်အဝန်း၏ ယဉ်ကျေးမှုဆိုင်ရာတည်ဆောက်မှုများကို ထင်ဟပ်လေ့ရှိပါသည်။ (Cover 1983, 33) တိုက်ပွဲဝင်စစ်သည်တစ်ဦးသည် ၎င်း၏သဘောထားကို စစ်တပ်လူချည်းသက်သက်အနေနှင့် သီးသန့်ထင်ဟပ်ရုံသာမက လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ဆက်သွယ်ပေါင်းစည်းမှုများ၏ လွှမ်းမိုးမှုများကိုလည်း ထင်ဟပ်နေပါသည်။ (Huntington 1957, 60) ထို့ကြောင့် လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့် မျှော်မှန်းချက်များသည် စစ်သားတစ်ဦး၏ ဘဝ၊ လုပ်ရပ်များနှင့် နောက်ဆုံး သေဆုံးခြင်း၏ တန်ဖိုးကို သတ်မှတ်ရာတွင် အခန်းကဏ္ဍတစ်ခုမှ ဆက်လက်ပါဝင်နေပါသည်။

ဗုဒ္ဓဘာသာက အကြမ်းဖက်မှုကို အားမပေးသည့်အပြင် စစ်ပွဲအပေါ် ၎င်း၏ အမြင်အရ စစ်ဆန့်ကျင်ရေးဝါဒီ ဖြစ်ပါသည်။[2] သို့သော်လည်း စစ်ပွဲနှင့်ပတ်သက်ပြီး ဗုဒ္ဓဘာသာဒေသနာတော်လာ ဇာတ်တော်များက လုံးဝ နှုတ်ဆိတ်နေခြင်းဟု မဆိုပါ။ ဥပမာအားဖြင့် ဗုဒ္ဓဟောတော်မူသော ဝဍ္ဎကိသူကရဇာတက ဇာတ်တော် အမှတ် ၂၈၃ (*Vaḍḍhakisūkara Jātaka*, no. 283) တွင် လိမ္မာပါးနပ်သော စစ်မဟာဗျူဟာမှူးအဖြစ် ဖော်ပြထားသော ဓနုဂ္ဂဟတိဿအမည်ဖြင့် ရဟန်းတစ်ပါး ပါဝင်ခဲ့သည့် ရလဒ် အခြေအနေများ။ ဥပမာအနေနှင့် ထိုဇာတ်တော်ကို ဗုဒ္ဓဟောတော်မူနေချိန်အတွင်း ကောသလမင်းကြီးသည် ဓနုဂ္ဂဟတိဿရဟန်းက ဥပတိဿရဟန်းအား ပြောပြသော စစ်ရေးမဟာဗျူဟာများကို ကြားသိရန် ဘုန်းကြီးကျောင်းများတစ်ဝိုက်သို့ သူလျှိုများကို စေလွှတ်ထားခဲ့ပါသည် -

> စစ်ပွဲတွင် ပဒုမဗျူဟာ၊ စက္ကဗျူဟာနှင့် သကဋဗျူဟာ ဆိုသည့် မဟာဗျူဟာ(၃)မျိုး ရှိပါသည်။ သဋကဗျူဟာမှာ တပ်ကို တစ်ဖက်စီတွင် နေရာချထားခြင်း၊ အချိန်တစ်ခုကြာအောင် တိုက်ခိုက်ပြီး ရုတ်တရက်ဆုတ်ခွာခြင်း၊ ထို့နောက် မာရ်နတ်၏စစ်တပ်ကဲ့သို့ ရန်သူစခန်းအလယ်သို့ တဟုန်ထိုးဝင်ရောက်တိုက်ခိုက်ခြင်းသည် စခန်းသိမ်းမဟာဗျူဟာတစ်ခု ဖြစ်ပါသည်။ တစ်စုံတစ်ဦးသည် ထိုတောင်နံဘေးတွင် ဤမဟာဗျူဟာကိုအသုံးပြုပြီး တိုက်ခိုက်လျှင် ရန်သူကို အလွယ်တကူ အနိုင်ယူချေမှုန်းနိုင်ပါသည်။ (Jat. II.404) (Obeyesekere 2016, 251)

သူလျှိုများက ဤမဟာဗျူဟာကို ၎င်းတို့၏ရှင်ဘုရင်ထံ အချိန်ကိုက် သတင်းပေးခဲ့ပါသည်။ ရှင်ဘုရင်က တဖန် စစ်ပွဲကာလကြိုတင်ပြင်ဆင်မှုများကို လိုအပ်သလို ပြုလုပ်ပြီးနောက် အဇာတသတ်မင်းကို လက်ရဖမ်းဆီးခဲ့ပါသည်။ (Obeyesekere 2016, 252)[3] ဤဇာတ်လမ်းသည် ရဟန်းက စစ်တိုက်ပုံတိုက်နည်းနှင့်ပတ်သက်ပြီး ရှင်ဘုရင်အား တိုက်ရိုက်အကြံဉာဏ်ပေးရာတွင် ပါဝင်မှုမရှိကြောင်း သိသာထင်ရှားသော်လည်း ဗုဒ္ဓဘာသာ ယုံကြည်မှုအစဉ်အလာများတွင် စစ်ပွဲအကြောင်းပြောဆိုမှု၊ စစ်ပွဲတွင် ပါဝင်ခြင်းမရှိသည့် လေ့လာအကဲခတ်သူ၏ ရှုထောင့်မှ စစ်ပွဲအပေါ် အမြင်တို့ကိုသုံးသပ်ပြထားသည့် ဇာတ်ကြောင်းများပါဝင်ကြောင်းဖော်ပြချက်သည် လျော်ကန်သင့်မြတ်သည့် သာဓကတစ်ခု ဖြစ်ပါသည်။ ယခုဆောင်းပါးတွင် ဇာတကဇာတ်တော်များမှတဆင့် တွေ့မြင်ရသည့်အတိုင်း ယင်းသို့သောအဖြစ်အပျက်များကို အဓိကလေ့လာရန် ရွေးချယ်ထားပါသည်။ ဘုရားဖြစ်စေနိုင်သော အရည်အချင်းများကို တစ်ဖက်ကမ်းခတ်ကျွမ်းကျင်ပိုင်နိုင်စေခဲ့သည့်အတောအတွင်းဖြစ်သော ဇာတကဇာတ်တော်များ သို့မဟုတ် ဗုဒ္ဓ၏အတိတ်ဘဝဇာတ်ကြောင်းပုံဝတ္ထုများက ဗုဒ္ဓဘာသာယုံကြည်မှုအစဉ်အလာ၏ အဓိကအခန်းကဏ္ဍ ကို ပုံဖော်ပေးပါသည်။ ဇာတကဇာတ်တော်များသည် မူလဇာစ်မြစ်အားဖြင့် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည်ချည်း မဟုတ် ဘဲ ပိုမိုကျယ်ပြန့်သော အိန္ဒိယနောက်ခံအကြောင်းအရာများမှ ထုတ်ယူထားခြင်း ဖြစ်ကောင်းဖြစ်နိုင်သည့်တိုင် ယင်းဇာတ်တော်များသည် ဗုဒ္ဓဘာသာ၏ လူသိများထင်ရှားသော အခန်းကဏ္ဍတစ်ခု ဖြစ်လာခဲ့သည်မှာ နှစ်ပေါင်း (၂၀၀၀)ကျော်ကြာရှိပြီဆိုသည့်အချက်ကို ထောက်ဆခြင်းအားဖြင့် ဤပုံဝတ္ထုဇာတ်လမ်းများကို လျစ်လျူရှုထားရန် မဖြစ်နိုင်ပေ။ (Appletaon 2010, 10) အလားတူ ယင်းဇာတ်တော်များသည် ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းများ ကြီးပြင်း လာရသည့် ပုံဝတ္ထုများဖြစ်ပြီး ထိုဗုဒ္ဓဘာသာအသိုင်းအဝိုင်းများ၏ ယဉ်ကျေးမှု ရသခံစားနိုင်စွမ်းကို ပုံဖော်ပေးပါ သည်။ (ရှုံဘာ - Schober 1997, 1) အထူးသဖြင့် ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် ဇာတကဇာတ်တော်များကို “ဘုရားကျောင်းများတွင် ရေးဆွဲထားသောသရုပ်ဖော်ပုံများ၊ တရားပွဲများ၊ ကလေးသူငယ်များ၏ ပုံပြင်စာအုပ်များ၊ ပြဇာတ် များ၊ ရုပ်သံအစီအစဉ်များ၊ ပြဇာတ်ရုံ၊ အကနှင့် ကဗျာများတွင် ရှိနေခြင်း” ဖြင့် လူတို့၏နေ့စဉ်ဘဝအတွင်း

ထည့်သွင်းထားသည်ဟု အက်ပဲလ်တန် - Appleton(2010,2) က ဖော်ပြထားပါသည်။ ယင်းပုံပြင်ဇာတ်လမ်းများသည် ဗုဒ္ဓဘာသာသာလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုရသခံစားနိုင်စွမ်းကိုသာမက ၎င်းတို့၏ လူ့ကျင့်ဝတ် အခြေခံမှုများအပေါ်တွင်ပါ လွှမ်းမိုးနေပါသည်။ ထို့ကြောင့် ဇာတကဇာတ်တော်များသည် စစ်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်များ၏ ပါဝင်ကြပုံများနှင့်ပတ်သက်ပြီး စစ်တပ်များ၏ ဆုံးဖြတ်ချက်ချပုံများအပေါ် လွှမ်းမိုးနိုင်စွမ်းရှိကြောင်းကို ထောက်ဆ လျှင် စစ်ပွဲနှင့် ၎င်းတို့ရေးဆွဲထားသည့် စစ်သည်ရုပ်ပုံတို့နှင့်ပတ်သက်ပြီး ထိုဇာတကဇာတ်တော်များကပေးသော သတင်းစကားများကို ဖော်ထုတ်ရန် ရှာဖွေခြင်းသည် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပေသည်။

ဤဆောင်းပါးသည် စစ်ပွဲ၌ သက်စွန့်ကြိုးပမ်းကြမည့် စစ်သည်များအပေါ် ထားရှိသည့် မျှော်မှန်းချက်ကို ထိုဇာတကဇာတ်တော်များ၏ ရှုမြင်ပုံအား စူးစမ်းလေ့လာရန် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေ(IHL)ကို ထိုဇာတကဇာတ်တော်များမှတဆင့် တွေ့မြင်ရသည့်အတိုင်း ဗုဒ္ဓဘာသာဒေသနာတော်လာ အဖြစ်အပျက်၊ ပုံဝတ္ထုများနှင့် နှိုင်းယှဉ်လေ့လာထားပါသည်။ ဤရည်ရွယ်ချက်အလို့ငှာ ပထမဦးစွာ စစ်ပွဲအတွင်း နှစ်ဘက်အပြန်အလှန်အန္တရာယ်ဖြစ်နိုင်ခြေအယူအဆကို IHL ရှုထောင့်မှ နိုက်နိုက်ချွတ်ချွတ် စူးစမ်းလေ့လာ ရှာဖွေထားပြီး စစ်ပွဲကို အကန့်အသတ်နှင့် ထိန်းထိန်းသိမ်းသိမ်း တိုက်ခိုက်ရန် အလွန်အရေးကြီးသည်ဆိုသည့် အချက်ကို ကျွန်ုပ် အဆိုပြုတင်ပြဆွေးနွေးထားပါသည်။ သို့သော်လည်း နှစ်ဘက်အပြန်အလှန်အန္တရာယ်ဖြစ်နိုင်ခြေ အယူအဆဟူသည် IHL ၏ အခြေခိုင်နေသည့် ဥပဒေစည်းမျဉ်းတွင်ပါဝင်သည့် ဖော်ပြချက်ကို ရှာဖွေရန်မဟုတ်ကြောင်းကို မှတ်သားထားရပါမည်။ အပြန်အလှန်ဆက်စပ်နေသော ကျင့်သုံးမှုအလေ့အထအဖြစ် စစ်ပွဲကို စူးစမ်းလေ့လာခြင်းအားဖြင့် ကျွန်ုပ်၏ အဆိုပြုတင်ပြဆွေးနွေးချက်မှာ စစ်ပွဲတွင် နှစ်ဘက်အပြန်အလှန်အန္တရာယ်ဖြစ်နိုင်ခြေသည် စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာ အပေါ်ယံမဟုတ်သော နက်ရှိုင်းသည့် IHL ၏ ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်နေသည်ဆိုသည့်အချက် ဖြစ်ပါသည်။ အလားတူစွာ ဗုဒ္ဓဘာသာက နှစ်ဘက်အပြန်အလှန်ဖြစ်မှု၏ အရေးပါပုံအား အကြမ်းမဖက်ခြင်းကိုဖြစ်စေသည့် ကျင့်ဝတ်ဆိုင်ရာ အခြေခံမှုအဖြစ် လက်ခံ အသိအမှတ်ပြုထားပါသည်။ ဒုတိယအချက်အနေဖြင့် တိုက်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်များ တာဝန်ခံပြုလုပ်ကြသည့် အန္တရာယ်ဖြစ်နိုင်ခြေစွန့်စားမှုကို IHL က ယင်း၏ လက်နက်ချအညံ့ခံခြင်းစည်းမျဉ်းဖြင့် ကန့်သတ်ခြင်းကို သေချာစေရန် ကြိုးစားပုံကို သက်သေသာဓကနှင့် ထင်ထင်ရှားရှားပြသထားပါသည်။ လက်နက်ချအညံ့ခံသည့် ကိစ္စ ရပ်များတွင် အကြမ်းဖက်ခြင်းကို ရပ်ဆိုင်းရန် လိုအပ်ချက်အား ဖော်ပြထားသည့် သေယျဇာတ်တော် (အမှတ် ၂၈၂)နှင့် ဤဆွေးနွေးတင်ပြချက်ကို နှိုင်းယှဉ်ထားပါသည်။ တတိယအချက်မှာ စစ်တပ်များအနေဖြင့် ၎င်းတို့၏ တိုက်ပွဲဝင်စစ်သည်များအပေါ် ပြုမူဆက်ဆံရာတွင် လက်နက်ချအညံ့ခံခြင်းကို အဓိပ္ပာယ်ရှိရှိ ကျင့်သုံးရန် လွန်စွာ အရေးပါကြောင်းနှင့် ထိုနည်းနှင့်ပင် စစ်ပွဲ၏ ကန့်သတ်ချက်များနှင့် ထိန်းထိန်းသိမ်းသိမ်းချုပ်တည်း လုပ်ဆောင်ရမှုများကို ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာကလည်း စစ်သည်များ၏အသက်ကို တန်ဖိုးထားရန်နှင့် မလိုအပ်ဘဲ အသက်စွန့်မှုများ မပြုလုပ်စေရန် စစ်ခေါင်းဆောင်များကို တိုက်တွန်းထားကြောင်းကို ဆွေးနွေးတင်ပြထားပါသည်။ စစ်ပွဲတွင် အရဲစွန့်ရသည့်အန္တရာယ်ကို ကန့်သတ်နိုင်ရန် တိုက်ပွဲဝင်စစ်သည်များအတွက် ရွေးချယ်ရန် အခွင့်အလမ်းများနိုင်သမျှများစေရန် IHL အနေဖြင့် စစ်တပ်များနှင့် လက်နက်ကိုင်အဖွဲ့များက ၎င်းတို့၏ တိုက်ပွဲဝင်စစ်သည်များအတွက် ထုတ်ပြန်ထားသော အမိန့်များကို ပိုမိုအာရုံစိုက်သင့်ကြောင်း သုံးသပ်ထားပါသည်။ ဗုဒ္ဓဘာသာသည် ယင်း၏အပိုင်းအတွက် စစ်ပွဲအတွင်း မလိုလားအပ်သောစွန့်စားမှုများ ပြုလုပ်ရန် ၎င်းတို့၏စစ်သည်များကို အမိန့်ပေးရန် ဝန်လေးသော အုပ်စိုးသူများ၏ အပြုသဘောဆောင်သည့် ပုံရိပ်ကောင်းများကို အခြားသူများထံ ချဲ့ထွင်ပြသခြင်းဖြင့် ဤအချက်ကို ကူညီပေးနိုင်ပါသည်။

## စစ်ပွဲအတွင်း တစ်ဘက်နှင့်တစ်ဘက်အပြန်အလှန်နှင့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်း

စစ်ပွဲဟူသည် သမိုင်းမတိုင်မီကာလများကတည်းက တစ်ဘက်နှင့်အပြန်အလှန်ဖြစ်သော လုပ်ငန်းတစ်ခု ဖြစ်ခဲ့ပါသည်။ (Keely 2012, 11) ရေနယ်ပရိုဗို့စ် - René Provost(2012)က အပြန်အလှန်ဖြစ်မှု အယူအဆသဘောတရားက အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)ကို အခြေခိုင်အောင် ကျောထောက်နောက်ခံပြုထားကြောင်း ဆွေးနွေးတင်ပြထားပါသည်။ အလယ်ခေတ်ဥရောပ၏ မြင့်မြတ်သည့်ကျင့်ဝတ်စည်းကမ်းများသည် ရန်သူ့ဘက်မှ သူရဲကောင်းများအပါအဝင် သူရဲကောင်းများကြားထားရှိသည့် အပြန်အလှန်ယုံကြည်မှုကို

အထောက်အကူပြုပါသည်။ ဤကျင့်ဝတ်များကို မျက်မှောက်ခေတ် စစ်ပွဲကာလ ကျင့်သုံးမှုအလေ့အထများနှင့် အံဝင်ခွင်ကျသဟဇာတဖြစ်စေခဲ့ပြီး ဖြစ်ပါသည်(Pilloud et al. 1987, 434) သို့ရာတွင် ၁၉၄၉ခုနှစ် ဂျီနီဗာ သဘောတူညီချက်များအား တစ်ကမ္ဘာလုံးက အတည်ပြုလက်ခံမှုအရ ပဋိပက္ခတွင်ပါဝင်သည့် ဆန့်ကျင်ဘက်နိုင်ငံများ အဖွဲ့များက IHL ကို လေးစားလိုက်နာခြင်း၊ မလိုက်နာခြင်းနှင့်မသက်ဆိုင်ဘဲ ယခုအခါ နိုင်ငံအားလုံးသည် IHL ကို လေးစားလိုက်နာရန် တာဝန်ရှိကြပါသည်။ (International Committee of the Red Cross 2016, 119; Provost 2012, 19; Dormann and Serralvo 2014; Megret 2013)။[4] ဤသဘောတူညီချက်များအား အလိုအလျောက် ကျင့်သုံးမှုကို အလေးအနက်ထားခြင်းအားဖြင့် ဂျီနီဗာသဘောတူညီချက်များ၏ ဘုံသဘောတူညီချက် အပိုဒ်(၁) တွင် "စာချုပ်ဝင်နိုင်ငံများသည် အခြေအနေအားလုံး၌ ဤသဘောတူညီချက်များကို လေးစားလိုက်နာကြရန်နှင့် လေးစားလိုက်နာမှုကို သေချာအောင် လုပ်ဆောင်ရမည်"ဟု ပြဌာန်းထားပါသည်။[5] ထို့ကြောင့် အပြန်အလှန်ဖြစ်မှုသည် စစ်မက်ဖြစ်ပွားနေသောနိုင်ငံများအား IHL စည်းမျဉ်းများကို ကျင့်သုံးရန် အတွက် ယခုအခါ သိပ်အရေးမပါဟု ကန့်ကွက်ကောင်း ကန့်ကွက်နိုင်ပါသည်။ ဤသို့ပြောင်းလဲမှုရှိသော်လည်း အပြန်အလှန်ဖြစ်မှုသည် တိုက်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်များ၏ အသက်အန္တရာယ်ဖြစ်နိုင်ခြေရှိပုံနှင့် သက်ဆိုင်နေဆဲဖြစ်သည်ဟု တင်ပြဆွေးနွေးထားပါသည်။ "တိုက်ပွဲအတွင်း အပြန်အလှန်အန္တရာယ်ရှိနိုင်သည့်စွန့်စားမှု"သည် ရန်သူများအကြား တွေ့ကြုံရသော နှစ်ဦးနှစ်ဖက် ဘေးအန္တရာယ်နှင့် အန္တရာယ်ကျရောက်နိုင်မှုတို့ကို အထင်အရှား သက်သေခံနေပါသည်။ (Kahn 2013, 218) ထို "နှစ်ဦးနှစ်ဖက် အန္တရာယ်ဖြစ်နိုင်ခြေ နှောင်ကြိုး" သည် သာမန် လူမှုဆက်ဆံရေးများ ယိုယွင်းပျက်ပြားမှုကို တွေ့ကြုံနေရသည့် စစ်ပွဲအတွင်း လူသားချင်း အပြန်အလှန်တုံ့ပြန်မှုကို ဆောင်ကြဉ်းပေးပါသည်။ (Megret 2013, 1310) ထို့ကြောင့် တိုက်ပွဲဝင်စစ်သည်များသည် စစ်မြေပြင်တွင် တစ်ဘက်နှင့်တစ်ဘက် ထိပ်တိုက်တွေ့ကြသောအခါ ၎င်းတို့သည် အပြန်အလှန်တုံ့ပြန်မှုဖြင့် ထိတွေ့တိုက်ခိုက်ကြပါသည်။ (Provost 2012, 36) ထို့ကြောင့် အပြန်အလှန် အန္တရာယ်ဖြစ်နိုင်ခြေစွန့်စားမှုသည် "တိုက်ပွဲအတွင်း အကျင့်သိက္ခာ"ကို သတ်မှတ်ပေးပြီး (Kahn 2013, 201) စစ်ပွဲတွင် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်းအတွက် လက်တွေ့ကျသော အသက်ရှင်ရပ်တည်မှု၏ အရေးကြီးဆုံးအကြောင်းရင်းအဖြစ် လုပ်ဆောင်ကြောင်းကို ထောက်ဆလျှင် ထိုအပြန်အလှန် အန္တရာယ်ဖြစ်နိုင်ခြေအား IHL ကို အားဖြည့်ပေးမှုအဖြစ် ရှုမြင်နိုင်ပါသည်။ (Evangelidi 2018, 100)

အပြန်အလှန်ဖြစ်မှုနှင့် စောင့်ထိန်းမှုတို့အကြား အချင်းချင်း အားဖြည့်ပေးသည့် ပတ်သက်ဆက်စပ်မှုမျိုးကို ဗုဒ္ဓဘာသာ ကျင့်ဝတ်သီလများတွင်လည်း တွေ့နိုင်ပါသည်။ (Scheible 2009, 212) ဓမ္မပဒပါဠိတော်၌ ဗုဒ္ဓဟောကြားထားသည်ဟုယူဆထားသော ဂါထာများ ပါဝင်ပြီး ယင်းတို့ကို သီရိလင်္ကာနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ပါဠိဘာသာဖြင့် အနှစ်ချုပ်စာညွှန့်ပေါင်းပုံစံ ထိန်းသိမ်းထားပါသည်။ ယင်းဓမ္မပဒကျမ်းစာမူကွဲများကို ဗုဒ္ဓဘာသာနယ်ပယ်အတွင်း ဘာသာစကားများစွာဖြင့် တွေ့ရှိနိုင်ပြီး ယင်းသည် ဗုဒ္ဓဒေသနာတော်များကို ကျစ်လျစ်ပြည့်စုံပြီး နားလည်ရလွယ်ကူသည့် တင်ပြချက်ဖြစ်သောကြောင့် အာရှမဟုတ်သော ဘာသာစကားများဖြင့် အများဆုံး ဘာသာပြန်ဆိုထားသော ဗုဒ္ဓဘာသာကျမ်းစာတစ်ခု ဖြစ်ပါသည်။ ပါဠိမူကို အောက်ပါအတိုင်း ဖော်ပြထားပါသည် (Carter and Palihawadana 1987, 202-203) -

သတ္တဝါမှန်သမျှတို့သည် အပြစ်ဒဏ်ကို ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။

သတ္တဝါမှန်သမျှတို့သည် သေခြင်းတရားကို ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။

ကိုယ်ချင်းစာတရားထား၍ သက်ရှိသတ္တဝါမှန်သမျှတို့ကို မညှင်းဆဲမသတ်ဖြတ်သင့်ပေ။

ညှင်းဆဲသတ်ဖြတ်ရန် မစေခိုင်းသင့်ပေ။

သတ္တဝါမှန်သမျှတို့သည် အပြစ်ဒဏ်ကို ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။

သတ္တဝါမှန်သမျှတို့သည် မိမိအသက်ကို ချစ်မြတ်နိုးကြကုန်၏။

ကိုယ်ချင်းစာတရားထား၍ သက်ရှိသတ္တဝါမှန်သမျှတို့ကို မညှင်းဆဲမသတ်ဖြတ်သင့်ပေ။

ညှင်းဆဲသတ်ဖြတ်ရန် မစေခိုင်းသင့်ပေ။

"မိမိကိုယ်ကို နှိုင်းယှဉ်စရာ ဥပမာထား၍"ဟူသော အသုံးအနှုန်းကို အသုံးပြုခြင်းသည် "ငါကဲ့သို့ အခြားသော သတ္တဝါတို့သည်လည်း အတူတူပင်တည်း"ဟု ဆိုလိုကြောင်းနှင့် သူတပါးကို ထိခိုက်နစ်နာစေခြင်းမှ မိမိကိုယ်ကို

ကာကွယ်တားဆီးခြင်းသည် သတ်မှတ် အတွေ့အကြုံတွင် ဖုံးကွယ်နေသော တစ်စိတ်တည်း တစ်သဘောတည်း ဖြစ်မှု သို့မဟုတ် တူညီမှုအား သိရှိသတိပြုမိခြင်းကို ညွှန်ပြခြင်း ဖြစ်ကြောင်း၊ ယင်းတို့ကို လုပ်ဆောင်မှုများအတွက် လမ်းညွှန်တစ်ခုအဖြစ် အသုံးပြုနိုင်ကြောင်း ချားလ်စ် ဟောလီဆေး - Charles Hallisey က ဖော်ပြထားပါသည်။ (Hallisey 2009, 136) "သူတပါးတို့ကို မိမိနှင့်နှိုင်းယှဉ်လျက်"ဟု ပြန်ဆိုခြင်းဖြင့် "မိမိကိုယ်ကို နှိုင်းယှဉ်စရာ ဥပမာထား၍"ဟု ရေးသားပြန်ဆိုထားသော တတိယမြောက်စာကြောင်းအတွက် ဘာသာပြန်နောက်တစ်နည်းကို နော်မန် - Norman (Norman 1997, 20) က အဆိုပြုထားပါသည်။ ထိုဘာသာပြန်ဆိုချက်သည် စိတ်နှလုံးကို အတွင်းကျကျ ကြည့်ရှုခြင်းအားဖြင့် သူတပါးတို့၏အတွေ့အကြုံအား ပိုမိုကောင်းမွန်စွာဆက်စပ်နိုင်ပုံနည်းလမ်းနှင့် ပတ်သက်သည့်အချက်ကို ပို၍ပင် ရှင်းလင်းသွားစေပါသည်။ ထို့အပြင် ငါးရာစု ပါဠိကျမ်းစာဖြစ်သည့် ဝိသုဒ္ဓိမဂ်တွင် ဓမ္မပဒပါဠိတော်လာဂါထာများကို ထင်ဟပ်ပုံဖော်ထားသော ကမ္မဋ္ဌာန်းဘာဝနာတစ်ခု အောက်ပါအတိုင်း ပါဝင်နေပါသည် -

> စိတ်ဖြင့် အရပ်မျက်နှာအားလုံးသို့ ကူးသန်းဖြတ်ကျော်သွားသောအခါ
>
> မိမိထက် ပို၍ချစ်မြတ်နိုးရသောသူကို မည်သည့်နေရာတွင်မှ မတွေ့ရနိုင်။
>
> ထိုနည်းတူစွာ လူတိုင်းလူတိုင်းသည် မိမိကိုယ်ကို အချစ်ဆုံးဟု မှတ်ယူကြကုန်၏။
>
> ထို့ကြောင့် မိမိကိုယ်ကို ချစ်မြတ်နိုးသောသူသည် သူတပါးတို့ကို ဒုက္ခမပေးသင့်ပေ။ (Ireland 1997, 62)

ဝိသုဒ္ဓိမဂ်နှင့် ဓမ္မပဒနှစ်ခုလုံးသည် မိမိကိုယ်ကို သူတပါးနေရာ၌ ထားရှိပြီး သူတပါးတို့ အပေါ် ကိုယ်ချင်းစာနာနိုင်စွမ်းကို ဆွဲဆောင်သည့် လူ့ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးချက်ကို တင်ပြထားပါသည်။ ခရစ်စ်တင် ရှိုင်းဘဲလ် (Kristin Scheible 2009, 122) ၏အလိုအရ ဤအချက်သည် မိမိ မည်သို့ဆက်ဆံခံချင်ပုံ သို့မဟုတ် မည်သို့ဆက်ဆံစေချင်ပုံကို သတ်မှတ်ရန်လိုအပ်ပြီး မိမိ၏ကိုယ်ပိုင်အကျိုးစီးပွားကို အခြားသူများအပေါ် လွှဲပေးသည့်အရည်အချင်း ပါဝင်ရန် လိုအပ်ပါသည်။

အလားတူ စစ်ပွဲ၌ အပြန်အလှန်ဖြစ်မှု အယူအဆသည် "ထိုနည်းအားဖြင့် အကျိုးကျေးဇူးရရှိကြောင်း အခြေခံပေါ်တွင် စံနှုန်းတစ်ခုဖြင့် တာဝန်ရှိကြောင်းကို သူလျှိုအများစုက သဘောတူမည့်အချက်ကို ထင်ဟပ်ဖော်ပြထားပါသည်။ (Provost 2012, 18) အလားတူပင် IHL သည် တိုက်ပွဲဝင်စစ်သည်များအား တိုက်ပွဲဝင်စစ်သည်တစ်ဦး၏ အထူးအခွင့်အရေးကို ပေးပါသည်။ ယင်းမှာ စစ်မြေပြင်တွင် အခြားတိုက်ပွဲဝင်စစ်သည်များကို တရားဝင်သတ်ဖြတ်ခွင့်ဖြစ်ပြီး ဤတိုက်ပွဲဝင်စစ်သည်များသည်လည်း ၎င်းတို့ကို ပစ်မှတ်ထားရန် တန်းတူအခွင့်အရေး ရှိမည်ဖြစ်ပါသည်။[6] IHL ကိုယ်တိုင်က အောက်ဖော်ပြပါနည်းလမ်းဖြင့် ဤသဘောတရားကို အတိအလင်း အကျယ်ချဲ့ရှင်းပြမထားသော်လည်း စစ်ပွဲပညာရှင် မိုက်ကယ် ဝယ်လ်ဇာ(Michael Walzer) ဆိုထားသည့်အတိုင်း - "သင် သေဖို့အသင့်ပြင်ဆင်မထားသေးပါက သင် မသတ်ဖြတ်နိုင်"ဟု ဖြစ်ပါသည်။ (Walzer 2004, 101) ဤအချက်သည် စစ်ပွဲ၏ အပြန်အလှန်တုံ့ပြန်သောသဘောသဘာဝကို ကျောထောက်နောက်ခံပြုသော အုပ်စုလက္ခဏာတစ်ရပ်အား အထင်အရှား သက်သေခံလျှက်ရှိပါသည်။ ထို့အတူ ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များ၏ နှစ်ဘက် အပြန်အလှန် သဘောရှိသော အပြုအမူသည် ထပ်တလဲလဲ အချိန်ကြာသည့်အခါ စစ်ပွဲတွင် အပြန်အလှန် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်မှု အလားအလာကို ဖြစ်ပေါ်စေနိုင်ကြောင်း ဘရိုင်ယန် ပီးလာ(Bryan Peeler) က တင်ပြဆွေးနွေးထားပါသည်။ (Peeler 2019, 23) ထိုကဲ့သို့သော စံသတ်မှတ်ချက်မရှိပါက ပဋိပက္ခကာလတွင် ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသော ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုများ ဆုံးရှုံးနိုင်ခြေရှိပြီး အလွန်အကျွံစစ်ပွဲများဆီသို့ ဦးဆောင်သွားပါမည်။ (Greenspan 1959, 319) ရန်သူကို ထိခိုက်နစ်နာစေခြင်းသည် တိုက်ပွဲဝင်စစ်သည်အတွက် မိမိကိုယ်မိမိ အလားတူ ထိခိုက်နစ်နာမှုအန္တရာယ်ဖြစ်နိုင်ခြေရှိသည်ကို လက်ခံရန် နားလည်သဘောပေါက်ခြင်းသည် မထိန်းသိမ်းနိုင်လောက်အောင်ပြင်းထန်သော အကြမ်းဖက်မှု မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးပေးပါသည်။ (Robinson 1999, 682)။ တနည်းအားဖြင့် ကျွန်ုပ်၏တင်ပြဆွေးနွေးချက်သည် တိုက်ပွဲတွင် နှစ်ဘက် အပြန်အလှန် အန္တရာယ်ဖြစ်နိုင်သည့်စွန့်စားမှုသည် IHL တွင် အတိအလင်းဖော်ပြထားသော စည်းမျဉ်းမဟုတ်သော်လည်း စင်စစ်အားဖြင့် စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုများကို ထိန်းသိမ်းစောင့်ရှောက်ပုံပေါ် အခြေခံသော သဘောတရားတစ်ခု ဖြစ်ပါသည်။ ဤညီမျှခြင်း၏ ကြောင်းကျိုးဆက်စပ်ဆင်ခြင်၍ရသောအချက်မှာ ရန်သူက

ခြိမ်းခြောက်မှုမပြုသည့်အခါ အပြန်အလှန်သဘော ခြိမ်းခြောက်မှုပေါ် အခြေခံထားသည့် မိမိရန်သူအား ပစ်မှတ်ထားခြင်း၏ တရားဝင်မှုသည်လည်း ရပ်ဆိုင်းသွားပေလိမ့်မည်။ ဤနှစ်ဘက်အပြန်အလှန် ကျင့်သုံးမှု အလေ့အထ လုပ်နည်းလုပ်ဟန်ပုံစံသည် စစ်မြေပြင်၌ လက်နက်ချအညံ့ခံပုံနည်းလမ်းကို အကောင်းဆုံး ပြသသည့် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်မှုကို ဦးတည်စေပါသည်။

## လက်နက်ချအညံ့ခံခြင်းဖြင့် တိုက်ပွဲဝင်စစ်သည်များ၏ အသက်အန္တရာယ်ဖြစ်နိုင်ခြေကို ကန့်သတ်ခြင်း

တာဝန်ဝတ္တရားများသည် "သူတပါးတို့နှင့်ပတ်သက်ဆက်နွယ်နေသည့် တာဝန်ဝတ္တရားများ၏ဖြစ်တည်မှု" ပေါ်တွင် မူတည်လျှင် ထိုတာဝန်ဝတ္တရားများသည် အပြန်အလှန်သဘော ဖြစ်ပါသည်။ (Provost 2002, 121) ထို့ကြောင့် လက်နက်ချအညံ့ခံခြင်းသည် တိုက်ခိုက်မှုကိုရပ်စဲလိုက်သည့် တိုက်ပွဲဝင်စစ်သည်၏ကိစ္စတွင် အဖွဲ့တစ်ဖွဲ့အပေါ် အခြားအဖွဲ့က ပြုမူဆက်ဆံပုံဆက်ဆံနည်းအား အပြန်အလှန်နားလည်မှုအပေါ်မူတည်သော ကျင့်သုံးမှုအလေ့အထ တစ်ခု ဖြစ်ပါသည်။ လက်နက်ချအညံ့ခံခြင်းသည် စစ်ပွဲတွင် တိုက်ပွဲဝင်စစ်သည်တစ်ဦးက ပြုလုပ်လိုသည့် စွန့်စားမှု အန္တရာယ်အား ကန့်သတ်မှုကို သိစေပါသည် - "သင်သည် လက်နက်ချအညံ့ခံမည်မဟုတ်လျှင် သို့မဟုတ် အကျဉ်း သားအဖြစ် အဖမ်းခံမည်မဟုတ်လျှင်၊ သင့်ထံသို့ လက်နက်ချအညံ့ခံလာသူများကို နှိပ်စက်ညှင်းပန်းမည် သို့မဟုတ် သတ်ဖြတ်မည်ဆိုလျှင် သင်၏ရန်သူများကလည်း သင့်ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခံခွင့် သို့မဟုတ် လက်နက်ချခွင့် ပြုမည်မဟုတ်ပေ။ (Keely 2012, 10)

ဗုဒ္ဓဘာသာဒေသနာတော်လာ ဇာတ်တော်ပုံဝတ္ထုများကို စူးစမ်းလေ့လာချက်တစ်ခုတွင် လက်နက်ချအညံ့ခံခြင်း လုပ်ရပ်များဖြင့် စစ်ပွဲတွင် တိုက်ခိုက်ရန် ငြင်းဆိုကြသူများကို သက်ညှာခွင့်ပြုရန် ဤလိုအပ်ချက်ကို ထပ်လောင်း သရုပ်ဖော်ပြသထားပါသည်။ သေယျဇာတ်တော်(အမှတ် ၂၈၂)တွင် ဗာရာဏသီပြည်၏မင်းအဖြစ် မွေးဖွားလာသော ဘုရားလောင်းသည် ကရုဏာ ဘာဝနာကို ပွားများကျင့်သုံးခြင်းဖြင့် ၎င်း၏ရန်သူကို ကျော်လွှားအောင်နိုင်ခဲ့ပါသည်။ ပြည်ပစစ်တပ်သည် ၎င်း၏ဘုရင့်နိုင်ငံကို ကျူးကျော်ဝင်ရောက်လာသောအခါ ၎င်း၏မြို့တော်အတွင်း စစ်သည်များ သည် ကောသလမင်း ရောက်ရှိနေကြောင်းကို ၎င်းထံအသိပေးလျှောက်တင်ကြပြီး ကောသလမင်းကို စစ်ဆင်နွှဲရန် ပန်ကြားကြပါသည်။ ဗာရာဏသီမင်းက စစ်မတိုက်ရန် ၎င်း၏စစ်သည်များကို အမိန့်ပေးပြီး နန်းတော်ဝင်ထွက် ပေါက်တံခါးများကို ဖွင့်ထားရန် အမိန့်ပေးတော်မူပါသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိသော ကောသလမင်း သည် ဗာရာဏသီမင်းနှင့်မိဖုရားတို့အား ဖမ်းဆီးပြီး ထောင်သွင်းအကျဉ်းချထားလေသည်။ ထောင်ထဲရှိနေစဉ်တွင် ဘုရားလောင်းတဖြစ်လဲ ဗာရာဏသီမင်းသည် ကရုဏာဘာဝနာကို ပွားများအားထုတ်လေသည်။ ထိုသို့ပွားများ အားထုတ်ခြင်းကြောင့် ကောသလမင်း၏ ခန္ဓာကိုယ်၌ မခံမရပ်နိုင်အောင် ပူလောင်လာသည်။ ဤသို့ဖြစ်ရခြင်းမှာ ကရုဏာပေါ်အခြေခံသော ကမ္မဋ္ဌာန်းဘာဝနာကို ပွားများအားထုတ်သည့် ရှင်ဘုရင်အုပ်ချုပ်သော ဘုရင့်နိုင်ငံကို သိမ်းပိုက်သည့် အတွက်ကြောင့် ဖြစ်ပါသည်။ ထိုအခါ ကောသလမင်းသည် ဗာရာဏသီမင်းနှင့် အခြားသော ဖမ်းဆီးခံအကျဉ်းသားတို့ကို လွှတ်ပေးလေသည်။ ဘုရားလောင်းသည် မှူးမတ်အပေါင်းခြံရံလျက် ကရုဏာနှင့်ယှဉ်သော စိတ်၊ မေတ္တာနှင့်ယှဉ်သောစိတ်တို့၏ အစွမ်းအာနုဘော်ကြောင့် ၎င်းသည် မိမိအသက်ကိုသာမက သူတပါးတို့၏ အသက်များကိုလည်း ကယ်တင်နိုင်ခဲ့သည်ဟု မှူးမတ်အပေါင်းအား ပြောပြလေသည်။ (Obeyesekere 2016, 249-250)

ဘုရားလောင်း ဗာရာဏသီမင်း၏လုပ်ရပ်များမှတစ်ဆင့် ဗုဒ္ဓဘာသာဒေသနာတော်လာပုံဝတ္ထုများသည် လက်နက်ချအညံ့ခံခြင်းကို စစ်ပွဲ၌ တရားဝင်ကျင့်သုံးနိုင်သည့် ရွေးချယ်မှုတစ်ခုအဖြစ် လက်ခံထားပါသည်။ စစ်ပွဲအတွင်း အကြမ်းဖက်မှုအတွက် အပြန်အလှန်ပြုရမည့် လိုအပ်ချက်များကို သေယျဇာတ်တော်က ဖော်ပြထားပါသည်။ ထို့ကြောင့် တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် အဖွဲ့တစ်ဖွဲ့က ငြင်းဆိုသောအခါ အကြမ်းဖက်မှုသည် ရပ်တန့်သွားရပါမည်။ သေယျဇာတ်တော်သည် စစ်ပွဲတွင် လက်နက်ချမှုကျင့်သုံးခြင်းကို ထောက်ခံရုံသာမက စစ်နိုင်သူက ထိုသို့ တစ်ဖက်ရန်သူမှလက်နက်ချခြင်းအား လေးစားရန်ကိုလည်း တောင်းဆိုထားလေသည်။ ထို့အတူ ၎င်း၏

ခန္ဓာကိုယ်၌ ပူလောင်မှုဝေဒနာများကို ခံစားရသော ကောသလမင်းက လက်နက်ချအညံ့ခံလာသည့်အဖွဲ့ကို ထိခိုက်နစ်နာအောင် အန္တရာယ်မပြုရန် တာဝန်ဝတ္တရားကို နှီးဆော်ထားပါသည်။ ပဋိပက္ခတွင်ပါဝင်သောအဖွဲ့တစ်ဖွဲ့သည် လက်နက်ချအညံ့ခံလာသူများကို သက်ညှာခွင့်မပေးပါက ဆိုးရွားသော ဂယက်ရိုက်မှုများကို တာဝန်ယူရလိမ့်မည် ဖြစ်ကြောင်း ဤအချက်က ညွှန်ပြခြင်း ဖြစ်ပါသည်။ ဤဇာတ်တော်သည် ထိုသက်ရောက်မှုများကို လက်ငင်း ခံစားရသည့် ဆိုးရွားသော ကာယကံမြောက် တန်ပြန်မှုတစ်ခုအဖြစ် တင်ပြထားသည်နှင့် တပြိုင်တည်းမှာပင် အားလုံးနှင့် ပိုမို သက်ဆိုင်ပြီး လက်တွေ့ကျသည့်အဆင့်တွင် အနာဂတ်၌ လေးစားမှုကိုမပြသသည့်အဖွဲ့အပေါ် ဥပမာအားဖြင့် ဆိုးဝါးသောဂယက်ရိုက်မှု ရှိနိုင်ကြောင်းကို တင်ပြထားပါသည်။ ထို့ကြောင့် လက်နက်ချအညံ့ခံလာသူတို့အား သက်ညှာခွင့်ပြုရန် ငြင်းဆန်ခြင်းသည် အပြန်အလှန်သဘော ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှု၏ အခြေခံများကို ပြိုလဲပျက်စီးစေပါလိမ့်မည်။ ဘုရားလောင်းဘုရင်ကြီးသည် ၎င်း၏စစ်သည်များ ထိခိုက်နစ်နာမည့်အန္တရာယ်ကို ကန့်သတ်ရန် လိုအပ်ကြောင်း သတိထားမိပုံကို ဤဇာတ်တော်၏ နောက်ရှုထောင့်တစ်ခုက အထင်အရှား ဖော်ပြထားပါသည်။ ဘုရင်ကြီးသည် စစ်ပွဲဆင်နွှဲရန် ရှောင်ကြဉ်ခြင်းနှင့် ကရုဏာတရားကို လက်တွေ့ကျင့်သုံးခြင်းအားဖြင့် ၎င်း၏စစ်သည်များအပါအဝင် မှုးမတ်များအားလုံး၏အသက်ကို ကယ်တင်နိုင်ခဲ့သည်ဟု ဖော်ပြထားပါသည်။ ဤအချက်က ဘုရားလောင်းသည် ၎င်း၏ကိုယ်ပိုင်ဖြစ်သော စစ်သည်များ၏အသက်ကို တန်ဖိုးထားကြောင်းနှင့် စစ်သည်များသည် စစ်ပွဲ၌ပါဝင်တိုက်ခိုက်ရမည်ဆိုလျှင် လက်နက်ချအညံ့ခံခြင်းသည် ၎င်းတို့ပြုလုပ်ရမည့် စွန့်စားမှုအား ကန့်သတ်ပေးလိမ့်မည်ကို သိရှိကြောင်း အသိအမှတ်ပြုမှု ဖြစ်ပါသည်။ ကန့်သတ်စစ်ပွဲ၏သဘောတရားသည် အဖွဲ့တစ်ဖွဲ့က ၎င်း၏ရန်သူများအပေါ် သဘောထားပြမှုဆက်ဆံပုံနည်းလမ်းပေါ်တွင်သာမက စစ်တပ်တစ်ခုက ၎င်း၏ ကိုယ်ပိုင်ဖြစ်သော စစ်သည်တို့၏အသက်များအပေါ် သဘောထားပြမူသည့်ဆုံးဖြတ်ပုံနည်းလမ်းအပေါ်တွင်လည်း အမှီပြုနေကြောင်းကို ဤအချက်က ပြသနေပါသည်။

ယင်း၏ဖွံ့ဖြိုးတိုးတက်မှုတွင် IHL သည် လက်နက်ချအညံ့ခံခြင်းကို လက်ခံသောအဖွဲ့နှင့်စပ်လျဉ်း၍ ထိုသို့လက်နက်ချအညံ့ခံခြင်းအားလက်ခံရန် တာဝန်ဝတ္တရားများကို ပြဋ္ဌာန်းပေးထားပါသည်။ ဒဏ်ရာရထားသဖြင့် စစ်ဆက်မတိုက်နိုင်တော့သည့် ရန်သူတစ်ဦးကို ကာကွယ်စောင့်ရှောက်မှုပေးရန် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁) အပိုဒ် ၄၁တွင် ဆိုထားပါသည်။ ရန်သူအဖွဲ့နှင့်ပတ်သက်သည့် တာဝန်မှာ လက်နက်ချရန်ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ဆက်သွယ်လာသည့်အပေါ် ချက်ချင်း အပစ်အခတ် ရပ်စဲရန် ဖြစ်ပါသည်။ ထို့ကြောင့် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁)အရ လက်နက်ချအညံ့ခံခြင်းသည် ခြွင်းချက်မရှိ ဖြစ်ပါသည်။ လက်နက်ချရန်ကမ်းလှမ်းချက်အား ငြင်းဆန်ခြင်းကို တားမြစ်ထားပြီး ထိုကဲ့သို့ပြုလုပ်ရန် "စစ်ရေးဆိုင်ရာလိုအပ်ချက်အရ မည်သည့်အကြောင်းပြချက်မျှ ကိုးကား၍မရနိုင်ပါ။" (Pilloud et al. 1987, 488) IHL တွင် စစ်တိုက်နေသောအဖွဲ့သည် ၎င်း၏ တိုက်ပွဲဝင်စစ်သည်များ၏ လက်နက်ချအညံ့ခံရန် ကမ်းလှမ်းချက်များကို ရန်သူက လက်ခံပုံနည်းလမ်းပေါ်မူတည်၍ စစ်မက်ဖက်ပြိုင်နေသောအဖွဲ့၏ လက်နက်ချအညံ့ခံခြင်းအား လက်ခံ၊ မခံဆိုသည်ကို ရွေးချယ်ပိုင်ခွင့်မရှိပေ။ တနည်းအားဖြင့် စစ်တိုက်နေသောအဖွဲ့များသည် ရန်သူက ဤကျင့်သုံးမှုကို အပြန်အလှန်ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ၊ လက်နက်ချအညံ့ခံခြင်းကို လက်ခံရန် တာဝန်ရှိပါသည်။ IHL သည် လက်နက်ချအညံ့ခံမှုကျင့်သုံးခြင်းကို အပြန်အလှန်သဘော နည်းပါးစေရန် ကြိုးပမ်းအားထုတ်ထားသည့်တိုင် သို့သော်လည်း နှစ်ဘက်အပြန်အလှန်ဖြစ်မှုကမူ စစ်ပွဲတွင် လက်နက်ချအညံ့ခံပုံနည်းလမ်း၌ အခန်းကဏ္ဍတစ်ခုအနေနှင့် ဆက်လက်ပါဝင်နေပါသည်။ "စစ်ပွဲဆိုင်ရာစည်းမျဉ်းများမှ အကျိုးကျေးဇူး မရရှိဘဲ စစ်ပွဲဆိုင်ရာစည်းမျဉ်းများဖြင့် တစ်ဘက်ကို စည်းနှောင်တာဝန်ရှိစေပြီး အခြားဘက်သည် ထိုစည်းမျဉ်းများ၏ စည်းနှောင်တာဝန်ရှိမှုကိုမခံရဘဲ ၎င်းစည်းမျဉ်းများမှ အကျိုးကျေးဇူးရရှိလိမ့်မည်ဟူသော စစ်မက်တိုက်ခိုက်ပုံကို ပုံဖော်ကြည့်ရန်မဖြစ်နိုင်"ဟု ဟာ့ရှ် လောက်တာပက်ချ်တ်(Hersch Lauterpacht)က အခိုင်အမာဆိုထားပါသည်။ ဤကိစ္စတွင် အကျိုးကျေးဇူးများနှင့် တာဝန်ဝတ္တရားများကို ရန်သူ၏ပြုလုပ်မှုမှ ဆင်းသက်လာခြင်းအဖြစ် ၎င်းက ရှုမြင်ပါသည်။ လက်နက်ချအညံ့ခံခြင်းကိစ္စ၌ မိမိစစ်တပ်၏ တပ်တွင်းစည်းမျဉ်းများဖြင့် လက်နက်ချအညံ့ခံနိုင်ခြင်းမှ တားဆီးပိတ်ပင်ခံထားရသော ယင်းအဖွဲ့၏တိုက်ပွဲဝင်စစ်သည်များကြောင့် လက်နက်ချအညံ့ခံမှုအားလက်ခံခြင်းကို ပဋိပက္ခတွင်ပါဝင်သောအဖွဲ့သည် ငြင်းဆန်နိုင်သည်ဟု ဤဆောင်းပါး၏ နောက်ပိုင်းကဏ္ဍတွင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ စစ်ပွဲတွင် ကျင့်သုံးရမည့် အမိပ္ပါယ်ပြည့်ဝသော နှစ်ဘက်အပြန်အလှန်ဖြစ်မှုနှင့် ထိန်းထိန်း

သိမ်းသိမ်းလုပ်ဆောင်မှုအတွက် စစ်တပ်များသည် မိမိတို့၏ စစ်သည်များအား တိုက်ပွဲတွင် ၎င်းတို့၏အသက်များကို စွန့်ကြရန် မည်သည့်အတိုင်းအတာအထိ မည်သို့တောင်းဆိုထားပုံကို စုံစမ်းစစ်ဆေးရန် အရေးကြီးပါသည်။

### စစ်ပွဲတွင် ကန့်သတ်ထားသောစွန့်စားမှုအတွက် စစ်တပ်က မိမိတပ်ဖွဲ့အပေါ် ပြုမှုဆက်ဆံပုံ၏ အရေးပါမှု

သမိုင်းကြောင်းများအရ တိုက်ပွဲဝင်စစ်သည်များအတွက် လက်နက်ချအညံ့ခံမှုကိုကျင့်သုံးရန် အခက်အခဲဖြစ်စေခြင်းဖြင့် လက်နက်ကိုင်အဖွဲ့များသည် စစ်ပွဲတွင် မျှော်မှန်းထားသည့် မိမိတို့ တိုက်ပွဲဝင်စစ်သည်များ၏ အန္တရာယ်ဖြစ်နိုင်ခြေအတိုင်းအတာကို မကြာခဏ အဆုံးအဖြတ်ပေးလေ့ရှိပါသည်။ ဥပမာအားဖြင့် စစ်သည်များ တပ်ဖွဲ့အလိုက် တိုက်ခိုက်ရပြီး စည်းလုံးမှုကို ထိန်းသိမ်းရန် ကြိုးပမ်းရသော အက်ဇ်တက်ခ်(Aztec) တိုက်ပွဲ၌ တစ်ဦးချင်းစီ ရန်သူ့ထံတွင် ကိုယ်တိုင်ကိုယ်ကျ သီးခြားခွဲ လက်နက်ချအညံ့ခံရန် ခက်ခဲပါသည်။ (Hassing 2012, 116-117) လက်နက်ချအညံ့ခံသော မည်သည့် ရောမလူမျိုးမဆို ၎င်းကိုယ်တိုင်နှင့် ၎င်း၏မိသားစုအတွက် ဂုဏ်သိက္ခာညှိုးနွမ်းမှုကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ (de Libero 2012, 33) ထို့ကြောင့် စစ်သည်တစ်ဦးသည် လက်နက်ချအညံ့ခံခြင်းထက် အသက်စွန့်ရန်ကို မျှော်လင့်ကြပါသည်။ (Kortum 2012, 43) ယနေ့ခေတ် ဥပဒေလွှမ်းမိုးထိန်းချုပ်သော စစ်စည်းကမ်းတွင် လက်နက်ချအညံ့ခံခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ပိတ်ပင်ခြင်းများ မပါဝင်ပေ။ သို့သော်လည်း လက်နက်ချအညံ့ခံခြင်းကို မကြိုက်မနှစ်သက်သည့် သမိုင်းကြောင်းဆိုင်ရာ ကျင့်သုံးမှုအလေ့အထ အကြွင်းအကျန်များ ဆက်လက်ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ယင်းကို အချို့နိုင်ငံများတွင် လက်ရှိဥပဒေများသည် လက်နက်ချအညံ့ခံခြင်းကို နောက်ဆုံးနည်းအဖြစ် အသုံးပြုရန်သာ သေချာအောင်ကြိုးစားသည့်အချက်တွင် တွေ့မြင်ရပါသည်။ အမိန့်ပေးကွပ်ကဲမှုနှင့် ခေါင်းဆောင်မှုတို့သည် စစ်သည်များ လက်နက်ချအညံ့ခံခြင်းတွင် ပါဝင်နိုင်ခြင်းရှိမရှိကို အခိုင်အမာသက်သေထူရာ၌ အဓိက အခန်းတွင် ပါဝင်ပါသည်။ ထို့ကြောင့် စစ်သည်တစ်ဦး တိုက်ခိုက်ခြင်းကို စွန့်လွှတ်နိုင်သော အချိန်အခါနှင့်ပတ်သက်သည့် တပ်တွင်းစစ်ဘက်စည်းမျဉ်းများသည် ကွပ်ကဲသူတပ်မှူးများနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။[7] အောင်မြင်စွာ ခုခံကာကွယ်မှုပြုရန် မဖြစ်နိုင်တော့သည့် အခြေအနေမျိုးတွင် ကျင့်သုံးခဲ့လျှင်သာ လက်နက်ချအညံ့ခံခြင်းကို ခွင့်ပြုပါသည်။ လက်နက်ချအညံ့ခံရန် ဆုံးဖြတ်ချက်ကို နောက်ဆုံးနည်းလမ်းအဖြစ်သာ ကျင့်သုံးနိုင်ပြီး မိမိတပ်ဖွဲ့များ အကြီးအကျယ် အန္တရာယ်ကျရောက်နေသည့်အခါ၌ပင် ထိုဆုံးဖြတ်ချက်ကို ပေါ့ပေါ့တန်တန် မလုပ်ရန် ကွပ်ကဲသူတပ်မှူးများအား ယင်းဥပဒေများက ညွှန်ပြထားပါသည်။

ထို့အပြင် ပြည်တွင်းဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များသည် လက်နက်ချအညံ့ခံခြင်းကို ဖြစ်ပေါ်စေနိုင်သည့် လုပ်ရပ်တို့တွင် ပါဝင်ခြင်းကို ပြစ်မှုသတ်မှတ်ပါသည်။

ဥပမာအားဖြင့် ရန်သူထံသို့ အတိုက်အခိုက်ရပ်စဲလိုကြောင်းဖော်ပြသည့်အလံဖြူ အချက်ပြသူ မည်သည့် စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်မဆိုအတွက် ပြစ်မှုသတ်မှတ်ကြောင်း သီရိလင်္ကာနိုင်ငံ၏ ၁၉၄၉ခုနှစ် စစ်တပ်အက်ဥပဒေ (ပြင်ဆင်ချက်အတိုင်း) တွင် ပြဋ္ဌာန်းထားပါသည်။ ထိုဥပဒေတွင် အလံဖြူကို အသုံးပြုသော တိုက်ပွဲဝင်စစ်သည်၏ ရည်ရွယ်ချက် သို့မဟုတ် အလံဖြူကို အသုံးပြုရသော အခြေအနေများကို အတိအလင်း ဖော်ပြမထားပေ။ အိုင်ယာလန်နိုင်ငံဥပဒေသည် ရန်သူ့ထံသို့ အတိုက်အခိုက်ရပ်စဲလိုကြောင်းပြသသည့်အလံကို သစ္စာဖောက်ပြီး သို့မဟုတ် အမိန့်မရဘဲ အချက်ပြသော တိုက်ပွဲဝင်စစ်သည်များကို ပြစ်ဒဏ်ပေးပါသည်။[8] သို့သော်လည်း ဤပြဋ္ဌာန်းချက်သည် အမိန့်အရ အလံဖြူအသုံးပြုခြင်းကိုပြုလုပ်သည့်အခါ လက်နက်ချအညံ့ခံရန် အလံဖြူကို အသုံးပြုနိုင်သည့် အခြေအနေကို ကြိုတင်မှန်းဆထားပါသည်။ နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခများအတွင်း လက်နက်ချအညံ့ခံသူများ တောင်းဆိုနိုင်သော အဓိကအခွင့်အရေးသည် စစ်သုံ့ပန်းများအဖြစ် ပြုမှုဆက်ဆံခံရရန် ဖြစ်ပါသည်။ (Pilloud et al. 1987, 488)[9] အချို့သောဥပဒေများသည် ရန်သူ၏ဖမ်းဆီးခံရခြင်းကို တားမြစ်ထားသော စည်းမျဉ်းများဖြင့် အတိုက်အခိုက်ရပ်စဲရန် စစ်တပ်တစ်ခုက မိမိစစ်သည်များ၏ လုပ်ဆောင်နိုင်စွမ်းကို ကန့်သတ်ထားပါသည်။[10] ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များ၏ အကျိုးဆက်အနေဖြင့် စစ်သည်များအတွက် ဥပဒေနှင့်အညီ လက်နက်ချအညံ့ခံမှုကို ကျင့်သုံးရန် IHL အရ ခွင့်ပြုထားသော အစီအမံများကို လုပ်ဆောင်ခြင်းမှ တစ်ဦးချင်း စစ်သည်များကို တားမြစ်ပိတ်ပင်ထားပါသည်။ ထို့ကြောင့် လက်နက်ချအညံ့ခံခြင်း ရည်ရွယ်ချက်ကို အတိအလင်း ဖော်ပြလိုက်သည်နှင့်တပြိုင်နက် ရန်သူသည် ယင်းကို လေးစားရန်တာဝန်ရှိသည်ဟု IHL က တရားဝင် ပြဋ္ဌာန်းထား

သော်လည်း အထက်ဖော်ပြပါ ပြဌာန်းချက်များသည် လက်နက်ချအညံ့ခံရန် ကမ်းလှမ်းချက်ကို အဦးဆုံး ပြုလုပ်ခြင်း အတွက် တိုက်ပွဲဝင်စစ်သည်ကို ပြစ်ဒဏ်ပေးပါသည်။

လက်နက်ချအညံ့ခံခြင်း သို့မဟုတ် စစ်သုံ့ပန်းအဖမ်းခံရခြင်းကို ဤကဲ့သို့ တားမြစ်ခြင်းသည် အသက် သေဆုံးမှုအန္တရာယ်ကို ကန့်သတ်ခြင်းပေါ်အခြေခံသည့် လက်နက်ချအညံ့ခံမှုကျင့်သုံးခြင်းနှင့် ဆက်စပ်နေသော ကြောင့် နှစ်ဘက်အပြန်အလှန်အပေးအယူသဘောကို ကျိုးပျက်စေပါသည်။ အသက်သေဆုံးသည်အထိ တိုက်ခိုက် ရန် အမိန့်ပေးခြင်းခံထားရသော သို့မဟုတ် လက်နက်ချအညံ့ခံခွင့်မရှိသော သို့မဟုတ် လက်နက်ချအညံ့ခံခွင့်ကို အကန့်အသတ်ဖြင့်ရွေးချယ်ရသော တိုက်ပွဲဝင်စစ်သည်အတွက် ၎င်း၏အသက်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် တိုက်ခိုက်မှုအားစွန့်လွှတ်လိုသူကို စာနာထောက်ထားရန် မည်သို့သော အားပေးမှုများရှိပါသလဲ။ တိုက်ပွဲအတွင်း နှစ်ဘက်အပြန်အလှန်အန္တရာယ်ဖြစ်နိုင်ခြေသဘောတရားတွင် ပါဝင်သော ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုသည် တိုက်ပွဲဝင်စစ်သည်တစ်ဦးက ခြိမ်းခြောက်မှုကို ရပ်တန့်လိုက်သည့် အခိုက်အတန့်တွင် ၎င်းက ပစ်မှတ်ထားမည့် အန္တရာယ် နောက်ထပ်မရှိတော့ကြောင်းကို အဖွဲ့နှစ်ဖွဲ့လုံးက နားလည်သဘောပေါက်ခြင်းအပေါ် တည်မှီပါသည်။ သို့သော်လည်း အသက်ဆုံးရှုံးရန် သေချာသောအခါတွင် တိုက်ပွဲဝင်စစ်သည်တစ်ယောက်သည် အခြားဘက်က ခြိမ်းခြောက်မှု ရပ်ဆိုင်းမည့်အခိုက်အတန့်ကို ကြိုတင်မှန်းဆ၍မရနိုင်ပေ။ ထို့ကြောင့် စစ်တပ်များနှင့် လက်နက် ကိုင်အဖွဲ့များ၏ တပ်တွင်းဖွဲ့စည်းတည်ဆောက်ပုံများနှင့် အုပ်စုလက္ခဏာများတွင် မိမိတို့ တပ်ဖွဲ့ဝင်စစ်သည်များ ၏ အသက်အန္တရာယ်ဖြစ်နိုင်ခြေကို နည်းနိုင်သမျှနည်းအောင် သို့မဟုတ် များအောင်ပြုလုပ်သောပုံစံသည် IHL နှင့် သက်ဆိုင်နေပါသည်။

မတူကွဲပြားသော ယဉ်ကျေးမှုများက စစ်ပွဲတွင် အသက်အန္တရာယ်ဖြစ်နိုင်ခြေအတွက် ကန့်သတ်ချက်များကို ပုံဖော် ရေးဆွဲရန် ဆုံးဖြတ်ချက်ချပုံနှင့်စပ်လျဉ်း၍ အန္တရာယ်ဖြစ်နိုင်ခြေ၏ နှစ်ဘက်အပြန်အလှန်ဖြစ်မှု အယူအဆကို ဆန်းစစ်လေ့လာရပါမည်။ ဝါလ်ဇာ(Walzer 2006, 23)၏အလိုအရ စစ်ပွဲတွင် လိုက်နာရသော ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်မှုများကို လူ့အဖွဲ့အစည်းတစ်ခုချင်းက ဆုံးဖြတ်ပေးပါသည်။ ယဉ်ကျေးမှုဆိုင်ရာ အခြေအနေ အသီးသီး က "မည်သူတွေတိုက်ခိုက်နိုင်သည်၊ မည်သည့်စစ်နည်းဗျူဟာများကိုလက်ခံနိုင်သည်၊ စစ်ပွဲကို မည်သည့်အချိန်တွင် ရပ်ဆိုင်းရမည်နှင့် စစ်ပွဲသဘောတရားကိုယ်တိုင်တွင် အောင်ပွဲနှင့်အတူ မည်သည့်ကိုယ်ပိုင်အခွင့်အာဏာများ တွဲဖက်ပါဝင်မည်"ဆိုသည်ကို အဆုံးအဖြတ်ပေးလေ့ရှိပါသည်။ စစ်ပွဲကို ကန့်သတ်လေ့ရှိသော်လည်း စစ်ပွဲကို ကန့်သတ်ပုံနှင့် ထိုကန့်သတ်ချက်များ၏ အတိုင်းအတာပမာဏသည် အချိန်ကာလနှင့် နေရာဒေသ အသီးသီးတွင် သီးခြားသတ်သတ်မှတ်မှတ်ဖြစ်ကြောင်း ဝါလ်ဇာ(Walzer 2006, 24-25)က ဆွေးနွေးတင်ပြထားပါသည်။ ထို့ကြောင့် စစ်တပ်က မိမိ၏စစ်သည်များအား ပြုမူဆက်ဆံသင့်ပုံပြဿနာကို ဗုဒ္ဓဘာသာဒေသနာတော်လာ ဇာတ်တော်များမှတစ်ဆင့် ယဉ်ကျေးမှုဆိုင်ရာအခြေအနေများက ဖန်တီးထားပုံကို ချဉ်းကပ်မှုနည်းလမ်းများအား စူးစမ်းလေ့လာရန် ဆီလျော်ပါသည်။

ဗုဒ္ဓဘာသာသည် မိမိ၏တပ်ဖွဲ့ဝင်စစ်သည်များအား ပြုမူဆက်ဆံသည့်ပုံစံကို ခိုင်ခိုင်မာမာ ဟောကြားထား ပါသည်။ ဥပမာအားဖြင့် "စကြဝတေးမင်း" သို့မဟုတ် ကမ္ဘာကိုအုပ်စိုးသည့်ဘုရင်သည်[11] ၎င်း၏လက်နက်ကိုင် တပ်ဖွဲ့များကို ကောင်းမွန်သောအခြေအနေတွင် ထားရှိသည်ဟု ဆိုပါသည်။ ထိုပြုမူဆက်ဆံပုံအပေါ် ဗုဒ္ဓဘာသာ၏ ချဉ်းကပ်ပုံနည်းလမ်းသည် မိမိ၏တပ်ဖွဲ့အား အခြေအနေကောင်းမွန်ရေးသေချာစေရန် ကောင်းကျိုးပြုမှုရေးရှုသော လိုအပ်ချက်သက်သက်အတွက် ကန့်သတ်ခြင်းသာမက အားလုံးအပေါ် ကရုဏာတရားကိုပြသမည်လည်းဖြစ်သည့် အပြင် အားလုံးကို လေးစားထိုက်သောအရည်အချင်းကိုလည်း ပေးအပ်မည် ဖြစ်ပါသည်။ ဇာတ်တော်များအရ ဗုဒ္ဓ သည် စစ်သည်များကိုစွန့်လွှတ်ရပါက မည်မျှဆုံးရှုံးရသည်ကို အသိအမှတ်ပြုစေရန် ထိုစစ်သည်များအား တိုက်တွန်း ခြင်းအားဖြင့် မိမိတို့စစ်သည်များ၏အသက်များတွင်ရှိသည့်တန်ဖိုးကို သိမြင်စေရန် မြင့်မြတ်သူစစ်သည်ရဲမက်များ အား တိုက်တွန်းတော်မူခဲ့ပါသည်။ ဥပမာအားဖြင့် စူဠကာလိင်္ဂဇာတ်တော်(အမှတ်၃၀၁)တွင် နန္ဒိသေနအမတ်သည် ရှင်ဘုရင့်ကိုယ်ရံတော်အစောင့်တပ်သားတစ်ထောင်ကို ချောက်ကမ်းပါးပေါ်သို့ ခေါ်ဆောင်သွားပါသည်။ ထို့နောက် ဘုရင့်အသက်ကို ကယ်တင်ရန် ချောက်ကမ်းပါးမှခုန်ချပြီး အသက်စွန့်ရန် အသင့်ဖြစ်မဖြစ် ၎င်းက ထိုအစောင့် တပ်သားတို့အား မေးလေ၏။ ဤအမေးကို စစ်သည်များက အသင့်ဖြစ်ကြပါပြီဟု မဆိုင်းမတွ ချက်ချင်း အဖြေပေး ကြလေ၏။ (Obeyesekere 2016, 305) သို့သော်လည်း ထိုအမတ်က "ဤချောက်ကမ်းပါးမှ ပြုတ်ကျခြင်းဖြင့် ဘာ အသုံးကျမည်နည်း။ နောက်ပြန်မဆုတ်ဘဲ ရှေ့တက် တိုက်ခိုက်ပြီး ငါတို့ဘုရင်၏အသက်ကို ကယ်တင်ကြလော့"ဟု

ဆိုလေ၏။ (Obyesekere 2016, 306) ဤပုံဝတ္ထုက စစ်ပွဲမှနောက်ပြန်ဆုတ်ခြင်းကို အားမပေးသော်လည်း ဗုဒ္ဓဘာသာသည် မိမိအသက်ကို တန်ဖိုးမထားသည့် အစွန်းရောက်ကိုယ်ကျိုးမငဲ့ခြင်းကို မထောက်ခံကြောင်းလည်း ညွှန်ပြထားပါသည်။[12] ဤဇာတ်တော်သည် တာဝန်ဝတ္တရားအား အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်ခြင်းကို အသက်သေသည်အထိ မဆင်မခြင်တိုက်ခိုက်ရန်တာဝန် ပေးအပ်သည်ဟု အဓိပ္ပါယ်မကောက်ယူနိုင်သည့် IHL အခြေခံမှုများကို ထင်ဟပ်ဖော်ပြပါသည်။ ယနေ့မျက်မှောက်ခေတ် ဥပဒေတွင် "အလွန်အကျွံ ကြိုးပမ်းအားထုတ်မှု" ဟူသော အသုံးအနှုန်းသည် တိုက်ခိုက်မှုကို တရားဝင် စွန့်လွှတ်နိုင်ခြင်းမရှိမီ စစ်သည်တစ်ဦး ပြုလုပ်ရန် မှတ်ယူထားသည့် စွန့်စားမှုအတိုင်းအတာကို ပြဆိုပါသည်။ ကနေဒါနိုင်ငံ၏ အမျိုးသားကာကွယ်ရေးအက်ဥပဒေ ပုဒ်မ(၇၄)တွင် စစ်ဆင်ရေးဆောင်ရွက်ရန် အမိန့်ပေးခြင်းခံရသောအခါ ထိုအမိန့်များကို ဆောင်ရွက်ရန် အစွမ်းကုန် ကြိုးပမ်းအားထုတ်မှုကို အသုံးပြုရန်ပျက်ကွက်သော မည်သည့်စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်မဆို ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ဤတရားဝင်ပြဋ္ဌာန်းချက်များကို IHL နှင့် ကိုက်ညီသောပုံစံဖြင့် အနက်အဓိပ္ပာယ်ကောက်ယူရပါမည်။ ဤရည်ရွယ်ချက်အလို့ငှာ ဥပဒေကို ဆန့်ကျင်ဖောက်ဖျက်ရာမရောက်စေရန် လက်နက်ချအညံ့ခံခြင်းဆိုင်ရာ စည်းမျဉ်းနှင့် IHL တွင်ရှိသည့် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှု၏ အခြေခံအယူအဆများနှင့်ပတ်သက်၍ အလွန်အကျွံ ကြိုးပမ်းအားထုတ်မှု အပိုဒ်ငယ်ကို အသေးစိတ်ထည့်သွင်းစဉ်းစားခြင်းဖြင့် အနက်အဓိပ္ပာယ်ကောက်ယူရပါမည်။

သုပတ္တဇာတ်တော်(အမှတ်၂၉၂)တွင် ဘုရင်အတွက် အသက်စွန့်လိုသည့် စစ်သည်၏ စိတ်ဆန္ဒဖြင့် ဘုရင်၏ အလေ့အထကောင်းကိုရော စစ်သည်၏အလေ့အထကောင်းကိုပါ အကဲဖြတ်ထားပါသည်။ (Obeyesekere 2016, 280-281) ဤပုံဝတ္ထုတွင် ဘုရားလောင်းသည် ကျီးအပေါင်း (၈၀၀၀၀)၏ အကြီးအမှူးဖြစ်သည့် သုပတ္တအမည်ဖြင့် ထင်ရှားသော ကျီးအမျိုး၌ ဖြစ်လေ၏။ ဘုရားလောင်း၏ ကျီးမိဖုရားခေါင်ကြီးသည် ရှင်ဘုရင်၏စားဖွယ်ကို ချင်ခြင်း တပ်လျက် ကိုယ်ဝန်ရင့်မာလာခဲ့၏။ ဘုရားလောင်းကျီးမင်း၏ စစ်သူကြီးဖြစ်သော သုမုခသည် စားဖိုအိမ်မှ မင်း၏ စားတော်ကို စားတော်ကဲ ဆောင်ယူလျက် ထွက်လာသောအခါ အောက်သို့ထိုးဆင်းပျံသန်းပြီး ခွက်အဖုံးတို့ကို ပုတ်ချရန် စီစဉ်ထားလေ၏။ ထို့နောက် အခြားသော ကျီးလေးကောင်တို့သည် ထမင်းကို ထိုးဆင်းသုတ်ချီကြလော့ ဟု စီမံထားလေ၏။ စစ်သူကြီးသည် အဖမ်းခံရမည်ကို သိသော်လည်း မိမိအဖမ်းခံရကြောင်းကို ကျီးမင်းနှင့် မိဖုရားတို့အား မပြောရန် အခြားကျီးတို့အား မှာကြားထားခဲ့၏။ (Obeyesekere 2016, 280) စစ်သူကြီးသုမုခသည် မိဖုရားအတွက် ရှင်ဘုရင်၏စားတော်ကိုရရှိရန် ၎င်း၏အသက်ကို စွန့်လွှတ်ခဲ့ကြောင်းကို ကျီးမင်းအား မသိစေချင်ခဲ့ ကြောင်းကို သတိပြုမှတ်သားရန် အရေးကြီးပါသည်။ ၎င်းတို့ သိရှိသွားပါက စားဖွယ်ကို သုံးဆောင်ရန် ငြင်းဆိုကြ လိမ့်မည်ဟု ၎င်းက ဆိုလေ၏။ ကျီးမင်းသည် ၎င်းအတွက် စစ်သည်များ ၎င်းတို့၏အသက်စွန့်ကြသည်ကို နှစ်သက်တော်မမူသည့်အပြင် ထိုသို့ပြုလုပ်ပေးရန် အမိန့်ပေးခဲ့လိမ့်မည်မဟုတ်ဆိုသည်ကို ဤအချက်က ပြသနေပါသည်။

အလားတူစွာ မလိုအပ်ဘဲ ၎င်းတို့၏ အသက်များကိုစွန့်လွှတ်ရန် မိမိတို့၏တပ်ဖွဲ့များကို ဦးဆောင်ခြင်းမှ စစ်ခေါင်းဆောင်များကို တားမြစ်ထားရန်ဟုအဓိပ္ပာယ်သက်ရောက်သည့်အချက်ကို IHL တွင် ဖြည့်စွက်ထည့်သွင်းသင့်ကြောင်း မိမိ ဆွေးနွေးတင်ပြထားပါသည်။ ထိုသို့ထည့်သွင်းခြင်းသည် တည်ဆဲပြဋ္ဌာန်းချက်များနှင့် ပြောင်းလဲတိုးတက်လာသည့် IHL ၏ ဦးတည်ချက်များနှင့် လုံးဝဆန့်ကျင်ဖီလာဖြစ်မည် မဟုတ်ပေ။ ဂျီနီဗာသဘောတူညီချက်များ၏ ဘုံပြဋ္ဌာန်းချက်အပိုဒ်(၁)သည် ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့များနှင့် ၎င်းတို့၏ကိုယ်စား လုပ်ဆောင်နေသော အခြားသူများနှင့် အဖွဲ့များ အပါအဝင် စာချုပ်ဝင်နိုင်ငံများကိုယ်တိုင်နှင့် ပထမဦးဆုံး သက်ဆိုင်သော IHL ကို လေးစားလိုက်နာစေရေး သေချာအောင်လုပ်ဆောင်ရမည့်တာဝန်ကို ထည့်သွင်းထားပါသည်။ (International Committee of the Red Cross 2016, 118)

ထို့အပြင် အစိုးရရှေ့နေနှင့် ဘော့စ်ကို နတဂန်ဒါ (၂၀၁၄)တို့၏အမှုတွင် နတဂန်ဒါသည် သူ၏ UPC/FPLC (Union des Patriotes Congolais/Forces Patriotiques pour la Liberation du Congo) ဟူသော လက်နက်ကိုင်အဖွဲ့ထဲသို့ အတင်းအကျပ် စစ်သားအဖြစ် စုဆောင်းခံရသော ကလေးသူငယ်များအပါအဝင် အဓမ္မကျင့်မှုနှင့် လိင်ကျွန်ပြုမှုဟူသော စစ်ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များအား နိုင်ငံတကာ ရာဇဝတ်တရားရုံး(အိုင်စီစီ)၏ အမှုစစ်ရုံး(Pre-Trial Chamber)က ကိုင်တွယ်ခဲ့ပါသည်။ ထိုစစ်ရာဇဝတ်မှုများသည်

မိမိတို့၏တပ်ဖွဲ့ဝင်များနှင့်ဆက်စပ်၍ လက်နက်ကိုင်အဖွဲ့များ၏ လုပ်ရပ်များအထိ ကျယ်ပြန့်သွားမည်ဖြစ်ကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့ပါသည်။[13] ဤအမှုတွင် ကလေးစစ်သားများကိုစုစည်းကျင့်သုံးသည့် ယင်းသို့ အကာအကွယ် ပေးမှုရှိသော်လည်း "ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များအားလုံးသည် အနိမ့်ဆုံးအနေဖြင့် ဘုံပြဋ္ဌာန်းချက်အပိုဒ်(၃) ပေါ် အခြေခံလျက် ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့များကို လူသားချင်းစာနာစွာ ပြုမူဆက်ဆံမှု ပေးရမည်"ဟု ဂျီနီဗာ သဘောတူညီချက်များ၏ ဘုံပြဋ္ဌာန်းချက်အပိုဒ်(၃)အား အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ နောက်ဆုံး ပြုစုထားသည့် ရှင်းလင်းချက်တွင် ဆွေးနွေးတင်ပြထားပါသည်။ (International Committee of the Red Cross 2016, 547-549) ထို့အပြင် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁) အပိုဒ်(၄၀)အရ ရန်သူကို အသက်ရှင်ကျန်ရစ်သူ မရှိစေရန် လုပ်ဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းကို တားမြစ်ထားပါသည်။ ဤအချက်ကို အပိုဒ်(၄၁) (လက်နက်ချအညံ့ခံခြင်းများကိုလက်ခံရန် စစ်တိုက်နေသူများအား တောင်းဆိုခြင်း) မှ သီးခြားအပိုဒ်အဖြစ် ပြုလုပ်ထားခြင်းသည် ၎င်းတို့ အင်အားရှိသည့်အတိုင်းအတာအထိ ၎င်းတို့ကိုယ်၎င်းတို့ ခုခံ ကာကွယ်သွားခဲ့ပြီး နောက်ဆုံးတွင် အညံ့ခံကာ လက်နက်ချခဲ့သော တိုက်ပွဲဝင်စစ်သည်များကို မသတ်ဖြတ်သင့် ဟူသော အခြေခံသဘောတရား၏အရေးပါပုံကို မီးမောင်းထိုးပြသည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ (Pilloud et al. 1987. 476) အပိုဒ်(၄၀)သည် ရန်သူ့လက်အတွင်းသို့ကျရောက်နေသူများ၊ ဆက်လက်မတိုက်ခိုက်နိုင်တော့သူ သို့မဟုတ် လက်နက်ချအညံ့ခံသူတို့နှင့်ပတ်သက်၍ ဆိုထားခြင်း ဖြစ်ပါသည်။ လက်နက်ချအညံ့ခံခြင်းအခြေခံမှုနှင့် တွဲ၍ အသက်ရှင်ခွင့်မပေးခြင်းကို တားမြစ်ထားသော စည်းမျဉ်းကို လေ့လာသောအခါ ဤပြဋ္ဌာန်းချက်များကို လက်တွေ့တွင် အဓိပ္ပာယ်ရှိစေရန်အတွက် စစ်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်များ တာဝန်ယူလက်ခံဆောင်ရွက်ရသည့် စွန့်စားမှုအန္တရာယ်များကို ရန်သူ၏လုပ်ရပ်များဖြင့်သာမက ၎င်းတို့နှင့်သက်ဆိုင်သော စစ်တပ်၏ တပ်တွင်းလေ့ကျင့်ပျိုးထောင်ထားသည်ယဉ်ကျေးမှုဖြင့်ပါ ကန့်သတ်ထားကြောင်းကို IHL တွင် သွယ်ဝိုက်ဖော်ပြရမည်ဟု ကျွန်ုပ် အဆိုပြုပါသည်။

## နိဂုံး

IHL က ရေးဆွဲထားသော စစ်ပွဲပုံစံသည် တိုက်ပွဲဝင်စစ်သည်များ၏အသက်အန္တရာယ်ဖြစ်နိုင်ခြေကို စစ်မက်တိုက်ခိုက်ရာ၌ပါဝင်ခြင်း၏ လုပ်ငန်းခွင်ဘေးအန္တရာယ်တစ်ခုအဖြစ် လက်ခံထားသော်လည်း စစ်ပွဲ၏ ကြိုတင်သတ်မှတ်ချက်တစ်ခုအနေဖြင့် စစ်ပွဲတွင် တိုက်ပွဲဝင်စစ်သည်တစ်ဦး သေချာပေါက် သေဆုံးရန် မျှော်လင့်မထားပေ။ သို့သော်လည်း စစ်ဘက်နှင့်ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာတွင် ရံဖန်ရံခါ အမိန့်နာခံမှု စံသတ်မှတ်ချက်များသည် အလွန်အားကောင်းသောကြောင့် လုပ်ဆောင်ရန် အမိန့်ပေးထားသည့် အမှုကိစ္စတို့ကို အကျင့်ပျက်မှု သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်မှုအဖြစ် မှတ်ယူသည့်တိုင် ၎င်းတို့သည် အာဏာပိုင်အား အမိန့်နာခံမှုသည် မှန်ကန်သည်ဟု ယူဆသောအရာကို ဖြစ်ပေါ်စေနိုင်ပါသည်။ (Osiel 2001, 55)[14] မြေပြင်တွင် စည်းကမ်းထိန်းသိမ်းရန်လိုအပ်မှုနှင့် စစ်သည်များကို စစ်ရာဇဝတ်မှုများတွင် ပါဝင်ခြင်းမှ တားမြစ်မှုတို့ကြား ဟန်ချက်ညီမျှမှုရှိရန် လိုအပ်သည် ဟူသောအချက်နှင့်စပ်လျဉ်း၍ အစုံလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများနှင့်ပတ်သက်သော သမိုင်းအတွေ့အကြုံများက အပြည်ပြည်ဆိုင်ရာဥပဒေကို မှန်ကန်စွာသိမြင်နိုင်ရန်အလင်းပြပေးပြီးဖြစ်ပါသည်။ (Ziv 2014, 20; Posner and Sykes 2007, 129) ယနေ့ခေတ်တွင် သိသိသာသာ ဥပဒေနှင့်မညီသည့်အမိန့်ကို မလိုက်နာရန်တာဝန်သည် အထက်အမိန့်ကို ထည့်သွင်းစဉ်းစားမနေဘဲ IHL ၏ အခြေခံမှုများကို လေးစားလိုက်နာသော တိုက်ပွဲဝင်စစ်သည်များ၏ ကိုယ်ပိုင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေ၏ စည်းမျဉ်းတစ်ခု ဖြစ်ပါသည်။ အလားတူစွာ အိုင်စီအာရ်စီ ဓလေ့ထုံးတမ်း IHL လေ့လာမှု၏ စည်းမျဉ်း(၁၅၄)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျူးလွန်ခဲ့လျှင် စစ်ရာဇဝတ်မှုမြောက်စေမည့်လုပ်ရပ်များကို သေချာပေါက် မလိုက်နာရဟု ဓလေ့ထုံးတမ်းဥပဒေက အကြံပြုလေ့ရှိပါသည်။ မည်သည့်အရာနှင့်မဆိုသက်ဆိုင်သော်လည်း စစ်ရာဇဝတ်မှုများကဲ့သို့သော ကမ်းကုန်သည့်အဆိုးရွားဆုံးပြစ်မှုများကို ထိုက်သင့်သောလိုက်နာမှုသည် သိသိသာသာ ဥပဒေနှင့်မညီသည့် အမိန့်များအား မလိုက်နာဘဲနေရန်တာဝန်ကို ချိုးဖောက်ခြင်းဖြစ်မဖြစ် ဤစည်းမျဉ်းက ရှင်းရှင်းလင်းလင်း ဖော်ပြမထားသေးပေ။ (Osiel 2001)

ထို့ကြောင့် တိုက်ပွဲဝင်စစ်သည်များအနေဖြင့် မည်သို့သောအမိန့်မျိုးသည် သိသိသာသာဥပဒေနှင့်မညီသည့်အမိန့်ဖြစ်ပြီး မည်သို့သောကိစ္စမျိုးတွင် ယေဘုယျ အပြည်ပြည်ဆိုင်ရာဥပဒေအရ ယင်းသို့သောအမိန့်များကို လိုက်နာခြင်းမပြုရန် တာဝန်ရှိသည်တို့ကို ဆုံးဖြတ်ကြရပါသည်။ တစ်ဘက်တွင် "ဥပဒေနှင့်ညီသော" အမိန့်ဖြစ်လျှင် ပြည်တွင်းဥပဒေလွှမ်းမိုးထိန်းချုပ်ထားသော စစ်စည်းကမ်းအရ ၎င်းတို့သည် ထိုကဲ့သို့သော အမိန့်ကို လိုက်နာရန် တာဝန်ရှိပါသည်။ တိုက်ပွဲဝင်စစ်သည်ကို အသက်သေဆုံးသည်အထိ တိုက်ခိုက်ရန် သို့မဟုတ် ၎င်းတို့ကိုယ်၎င်းတို့ အလွန်အကျွံအန္တရာယ်ရှိသည့်စွန့်စားမှုကို ပြုသစေရန် တောင်းဆိုသော အမိန့်သည် သိသိသာသာ ဥပဒေနှင့်မညီဆိုသည်မှာအခြေအတင်အငြင်းပွားစရာဖြစ်သော်လည်း ဤဆောင်းပါးတွင် ဆွေးနွေးထားသည့်အတိုင်း ထိုသို့သောအမိန့်သည် IHL တွင် ပါရှိသည့် လက်နက်ချအညံ့ခံခြင်းအခြေခံမှုကို မလိုအပ်သည့်အပို ဖြစ်သွားစေနိုင်ပါသည်။ သို့သော်လည်း မည်သည့်ကိစ္စတွင်မဆို တိုက်ပွဲဝင်စစ်သည်များအနေဖြင့် အသတ်ခံရနိုင်ခြေရှိသည်ကို ထောက်ဆလျှင် တိုက်ပွဲပြင်းထန်မှုနှင့်ကြာချိန် သို့မဟုတ် စစ်သည်များ၏ ဆင်းရဲဒုက္ခအား ကန့်သတ်ပေးသော မည်သည့်စည်းမျဉ်းကိုမဆို ကြိုဆိုရမည်ဖြစ်သော်လည်း ထိုကဲ့သို့သော စံသတ်မှတ်ချက်ကို ချိုးဖောက်ခြင်းသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော သဘောမတူညီမှု ရလဒ်ကို ဖြစ်စေလိမ့်မည်မဟုတ်ဟု ပညာရှင်အချို့က ငြင်းချက်ထုတ်ပါသည်။ (Walzer 2006, 42) ထို့ကြောင့် အသက်သေဆုံးသည်အထိတိုက်ခိုက်ရန်အမိန့်သည် တိုက်ပွဲဝင်စစ်သည်တစ်ဦး မလိုက်နာရန် တာဝန်ရှိသည့် အလွန် သိသိသာသာ ဥပဒေနှင့်မညီသည့်အမိန့် ဖြစ်ပုံမရချေ။ လက်နက်ကိုင်တပ်ဖွဲ့များသည် မိမိတို့၏ တိုက်ပွဲဝင်စစ်သည်များအပေါ် ပြုမူဆက်ဆံပုံနှင့်ပတ်သက်သည့် အထူးသဖြင့် အသက်သေဆုံးသည်အထိ တိုက်ခိုက်ရန်အမိန့်များကို အသုံးပြုခြင်းနှင့်ပတ်သက်သည့် အတိအလင်းဖော်ပြထားသော စည်းမျဉ်းများဖြင့် သို့မဟုတ် လက်နက်ချအညံ့ခံခြင်းကို တားမြစ်သောဥပဒေများဖြင့် ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသား သေချာမှုရှိစေရန် IHL အတွက် အဆင့်ဆင့်လုပ်ဆောင်ရမည့် လိုအပ်ချက်ကို ဤအချက်က မီးမောင်းထိုးပြနေပါသည်။

သို့သော်လည်း IHL စည်းမျဉ်းများက ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိသည့်အခါတွင် ဘာသာရေးပုံဝတ္ထုများကဲ့သို့ အခြားသောယဉ်ကျေးမှုဆိုင်ရာလွှမ်းမိုးမှုများ ပါဝင်လာနိုင်ပြီး စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုကို စိန်ခေါ်အကဲစမ်းသော ကျင့်သုံးမှုအလေ့အထများတွင် ပါဝင်ခြင်းမှ တိုက်ပွဲဝင်စစ်သည်များကို ဟန့်တားထားပါသည်။ စစ်ပွဲအတွင်း လူသားချင်းစာနာမှုကိုဆက်လက်ထိန်းသိမ်းထားရန် "ဥပဒေ"သက်သက်ထက် အခြားတစ်စုံတစ်ရာအား ဤသို့တောင်းခံခြင်းကို မာတန်စာပိုဒ်ငယ် (Martens Clause) အား လက်ခံခြင်းတွင် တွေ့မြင်နိုင်ပါသည်။ မာတန်စာပိုဒ်ငယ်သည် မြေပြင်စစ်ပွဲဆိုင်ရာဥပဒေများနှင့် ဓလေ့ထုံးတမ်းစဉ်လာများနှင့် စပ်လျဉ်းသည့် ၁၈၉၉ခုနှစ် ဟိဂ်သဘောတူညီချက်(၂)၏ နိဒါန်းတွင် အဦးဆုံးပေါ်ထွက်လာကတည်းက လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖွဲ့စည်းပါဝင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာဥပဒေ၏အခြေခံမှုများနှင့်လွှမ်းခြုံအကျုံးဝင်ခြင်းမရှိသည့်အခါ လုံခြုံဘေးကင်းရာအားကိုးအားထားအဖြစ် "အများပြည်သူတို့၏ အမှားအမှန်ပိုင်းခြားတတ်သည့်အသိစိတ်" ကို တောင်းခံထားပါသည်။ အများပြည်သူ၏ အမှားအမှန်ပိုင်းခြားတတ်သောအသိစိတ် အယူအဆသည် ကျောက်သားကျောက်တိုင်ကြီးတစ်ခုမဟုတ်ဘဲ မိမိနှင့်အသက်ဆိုင်ဆုံးဖြစ်သည့် အရာအပေါ် အများပြည်သူ၏ အကောင်း သို့မဟုတ် အဆိုး နားလည်ပုံနည်းလမ်းက တိုက်ပွဲဝင်စစ်သည်တစ်ဦး၏ လုပ်ဆောင်ရန် ရွေးချယ်မှုကို လွှမ်းမိုးထားပါသည်။ ဤအချက်သည် အထူးသဖြင့် ဥပဒေ၏ ပြဋ္ဌာန်းချက်များ သိသာထင်ရှားမှုမရှိသောအခါ (အထက်အမိန့်၏ဥပဒေနှင့်မညီမှုသည် အပြည့်အဝသိသိသာသာထင်ရှားခြင်းမရှိသောအခါကဲ့သို့) ကိစ္စရှိလာပါသည်။ ထို့ကြောင့် "ဓမ္မမိဋ္ဌာန်ကျသည့်စည်းမျဉ်းများက ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်မပေးသော အခြေအနေများတွင် လက်တွေ့ကျသော ဆုံးဖြတ်ချက်ကိုကျင့်သုံးရန်" ဘာသာရေးဆိုင်ရာ ပုံဝတ္ထုဇာတ်ကြောင်းများက တိုက်ပွဲဝင်စစ်သည်များအား အထောက်အကူပေးနိုင်ပါသည်။ (Walzer 2006, 37)

ဤဆောင်းပါးတွင် မီးမောင်းထိုးဖော်ပြထားသည့်အတိုင်း ဗုဒ္ဓဘာသာသည် စစ်သည်များအား ဖိစီးမှုပေးနိုင်သော အတ္တဘာဝအမှန်ဝါဒသဘောတရားနှင့်ဆိုင်သော လူ့ကျင့်ဝတ်ဆိုင်ရာ အမေးပုစ္ဆာပြဿနာများကို တုံ့ပြန်ဖြေရှင်းပေးပါသည်။ ဖြစ်နိုင်သမျှသောနေရာအားလုံးတွင် ၎င်းတို့တပ်ဖွဲ့ဝင်များ၏အသက်ကို ထိန်းသိမ်းစောင့်ရှောက်သောပုံစံဖြင့် စစ်မက်တိုက်ခိုက်မှုပြုလုပ်ရန် အမိန့်ပေးကွပ်ကဲသူများ၏ အပိုင်းနှင့်ပတ်သက်၍ စောင့်ရှောက်ရမည့်တာဝန်ရှိကြောင်းကို ဗုဒ္ဓဘာသာက အလေးပေးဖော်ပြထားပါသည်။ ဇာတ်တော်ပုံဝတ္ထုများတွင် ဘုရင်၏ တရားသဖြင့်တော်တည့်မှန်ကန်မှုနှင့် အလေ့အထကောင်းတို့ကို ၎င်း၏စစ်သည်များ၏အသက်များအား စွန့်လွှတ်စတေးရန် ၎င်း၏ဝန်လေးမှုဖြင့် အကဲဖြတ်ပါသည်။ IHL အတွင်း မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုများသည် ၎င်းတို့၏တပ်ဖွဲ့ဝင်များအပေါ် လူသားချင်းစာနာစွာနှင့် ဂုဏ်သိက္ခာရှိရှိ ပြုမူဆက်ဆံခြင်းကို လေ့လာရန်

ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များအား စည်းနှောင်တာဝန်ရှိစေသည့် စံသတ်မှတ်ချက်ကို ဖြစ်ပေါ်စေခြင်းဆီသို့ ဦးတည်နေကြောင်း ဤဆောင်းပါးက ဆွေးနွေးထားပါသည်။

သို့သော်လည်း တစ်ဦးချင်း တိုက်ပွဲဝင်စစ်သည်များက ကျင့်သုံးရသည့် ရွေးချယ်မှုအား ကန့်သတ်ထားသည်ကို ထောက်ဆလျှင် စစ်တပ်များသည် တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏ လက်နက်ချအညံ့ခံရန် ရွေးချယ်မှုကို ကျင့်သုံးခြင်းမှ တားမြစ်ပိတ်ပင်ခြင်း မပြုလုပ်နိုင်စေရန် ထိုနည်းဖြင့် ယင်းသို့သောတိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏အသက်များကို လွန်လွန်ကဲကဲစွန့်လွှတ်ကြရန် ဦးဆောင်ခြင်း မပြုလုပ်နိုင်စေရန် စစ်ပွဲတွင် စံအဖြစ်သတ်မှတ်ထားသော မူဘောင်များကို အားကောင်းအောင်ပြုလုပ်ရန် လိုအပ်ပါသည်။ ဗုဒ္ဓဘာသာသည် တိုက်ပွဲဝင်စစ်သည်၏ လူသားချင်းစာနာမှုကို ကြိုက်နှစ်သက်သော နိုင်ငံတကာရှေ့နေ၏ လှုံ့လပြုအားထုတ်မှုများအတွက် ယဉ်ကျေးမှုဆိုင်ရာ အများယုံကြည်လက်ခံနိုင်မှုကို အထောက်အကူပြုပါသည်။ စစ်ပွဲတွင် ပါဝင်ကြသူများအပေါ် လွှမ်းမိုးသက်ရောက်မှုရှိသော ပုံဝတ္ထုများကြောင့် တသီးတခြား ပိုင်းကန့်ခွဲခြား၍ မရနိုင်သကဲ့သို့ ဗုဒ္ဓဘာသာနှင့် IHL တို့အကြား ဤသို့အတူတကွသဟဇာတဖြစ်မှုသည် အထူးသဖြင့် အရေးပါနေပါသည်။ ၎င်းတို့သည် ရောယှက်နေကြပြီး ရည်မှန်းချက်ကွန်ရက်များကို ဖန်တီးပေးကြပါသည်။ IHL နှင့် ဗုဒ္ဓဘာသာတို့နှစ်ခုသည် စစ်ပွဲတွင် စစ်သည်များကို မည်သို့ပြုမူဆက်ဆံရမည်ဆိုသည်နှင့်ပတ်သက်၍ စစ်သည်များနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့်စစ်တပ်များက မိမိတို့၏ကိုယ်ပိုင်ရည်မှန်းချက်ကို ဖြစ်ပေါ်စေနိုင်သောအရာပေါ်တွင် အခြေခံထားသော ပုံဝတ္ထုများ ဖြစ်ကြပါသည်။ ထို့ကြောင့် IHL နှင့် ဗုဒ္ဓဘာသာတို့၏ ပူးပေါင်းမှုသည် လက်နက်ကိုင်တပ်ဖွဲ့များက ၎င်းတို့၏စစ်သည်များအပေါ် ပိုမိုကောင်းမွန်သော ပြုမူဆက်ဆံမှုကို ဖြစ်စေပါလိမ့်မည်။

**မှတ်စုများ**

1. McMahan(2009, 36) က "'စစ်ပွဲဟူသည် လူ့ကျင့်ဝတ်သိက္ခာနှင့်ပတ်သက်လျှင် အခြားသောပဋိပက္ခပုံစံများ၊ အခြားသောလုပ်ရှားလုပ်ဆောင်မှုအမျိုးအစားများနှင့် အခြေခံအားဖြင့် ကွဲပြားခြားနားသည်"ဟူသော ဆွေးနွေးတင်ပြချက်ကို လက်ခံထားပါသည်။

2. ဗုဒ္ဓဘာသာ၏ ငါးပါးသီလတွင် ပထမဆုံးသီလသည် သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်ပြီး စစ်ပွဲကာလများအတွက် ဤအခြေခံမှုကို ခြွင်းချက်ပေးမထားပေ။ သို့သော်လည်း ဤအတွေးအခေါ်ကို ဗုဒ္ဓဘာသာပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေပညာရှင်များက အခြေအတင်ဆွေးနွေးထားကြပါသည်။ ဤအခြေအတင်ဆွေးနွေးမှုနှင့်ပတ်သက်သည့် ပို၍ အသေးစိတ် ဖော်ပြရှင်းလင်းထားသော ဆွေးနွေးချက်များကို ဤစာအုပ်၏ အခြားသောဆောင်းပါးများတွင် တွေ့နိုင်ပါသည်။

3. ဤဆောင်းပါး၏ ကျန်သည့်အပိုင်းထဲမှ စာပေလက်ရာများကို ညွှန်းဆိုရာ၌ ကိုယ်ပိုင်အမည်၊ တစ်ဦးဆိုင်အမည်များကို ပါဠိပုံစံသို့ ပြောင်းလဲထားပါသည်။

4. IHL တွင် နှစ်ဘက်အပြန်အလှန်ဖြစ်မှု အခြေခံမှုမှ ဤပြောင်းလဲမှုကို တိုက်ခိုက်ရာတွင် လက်တုံ့ပြန်ခြင်းကို ထိန်းကျောင်းသော စည်းမျဉ်းများ၌ တွေ့နိုင်ပါသည်။ "ဓလေ့ထုံးတမ်း IHL - စည်းမျဉ်း ၁၄၅၊ လက်တုံ့ပြန်ခြင်း" 'Customary IHL – Rule 145. Reprisals'. https://ihl databases.icrc.org/customary-ihl/eng/docs/v1-rul-rule 145.

5. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မီတီ(ICRC)၊ မြေပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များရှိ ဒဏ်ရာရသူများနှင့် နာမကျန်းသူများ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် ဂျီနီဗာသဘောတူညီချက် (ပထမ ဂျီနီဗာသဘောတူညီချက်)၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်၊ 75 UNTS 31 at Art 1; အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ

ကော်မီတီ(ICRC)၊ ပင်လယ်ပြင်တွင် ဒဏ်ရာရသူများ၊ နာမကျန်းသူများနှင့် သင်္ဘောပျက်ရာတွင်ပါဝင်သူ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် ဂျီနီဗာသဘောတူညီချက် (ဒုတိယ ဂျီနီဗာသဘောတူညီချက်)၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်၊ 75 UNTS 85 at Art 1; အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မီတီ(ICRC)၊ ပင်လယ်ပြင်တွင် ဒဏ်ရာရသူများ၊ နာမကျန်းသူများနှင့် သင်္ဘောပျက်ရာတွင်ပါဝင်သူ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် ဂျီနီဗာသဘောတူညီချက် (ဒုတိယ ဂျီနီဗာသဘောတူညီချက်)၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်၊ 75 UNTS 85 at Art 1; အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မီတီ(ICRC)၊ စစ်ပွဲကာလအတွင်း အရပ်သားများအား အကာအကွယ်ပေးခြင်း နှင့်သက်ဆိုင်သော ဂျီနီဗာသဘောတူညီချက် (စတုတ္ထ ဂျီနီဗာ သဘောတူညီချက်)၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်၊ 75 UNTS 287 at Art 1.

6. တိုက်ပွဲဝင်စစ်သည်၏ အထူးအခွင့်အရေးသည် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခအခြေအနေများနှင့် အတိအကျ သက်ဆိုင်မှုမရှိပေ။ ပညာရှင်များက IHL ၏ အပြန်အလှန်သဘောရှိသော အခြေခံများနှင့်ပတ်သက်၍ တိုက်ပွဲဝင်စစ်သည်များအား အသိအမှတ်ပြုမှုတွင် ဤအချိုးမညီမှု၏ အကျိုးသက်ရောက်မှုများကို အခြေအတင်ဆွေးနွေးထားပါသည်။

7. အောင်မြင်စွာ ခုခံကာကွယ်နိုင်မည့်အလားအလာ မရှိတော့သည့် အခြေအနေမျိုးတွင် အသုံးပြုမှုသာလျှင် လက်နက်ချအညံ့ခံခြင်းကို ခွင့်ပြုထားပါသည်။ လက်နက်ချအညံ့ခံရန် ဆုံးဖြတ်ချက်ကို နောက်ဆုံး ရွေးချယ်စရာအဖြစ်သာ ကျင့်သုံးနိုင်သော်လည်း မိမိတပ်ဖွဲ့များ အကြီးအကျယ် ဒုက္ခရောက်နေသည့် အခါ၌ပင် ထိုဆုံးဖြတ်ချက်ကို ပေါ့ပေါ့တန်တန် မဆုံးဖြတ်နိုင်ဟု ဤဥပဒေက ကွပ်ကဲသူတပ်မှူးများအား ညွှန်ပြထားပါသည်။ ၂၀၁၉ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ခဲ့သည့် ကနေဒါနိုင်ငံ၏ ၁၉၈၅ခုနှစ် အမျိုးသားကာကွယ်ရေးအက်ဥပဒေ (National Defence Act, 1985 of Canada last amended in 2019, at 73)၊ အိုင်ယာလန်နိုင်ငံ၏ ၁၉၅၄ခုနှစ် ကာကွယ်ရေးအက်ဥပဒေ အမှတ်၁၈ (Defence Act No. 18 of 1954 of Ireland, at 124(b))၊ ဂမ်ဘီယာနိုင်ငံ၏ ၁၉၈၅ခုနှစ် ဂမ်ဘီယာ လက်နက်ကိုင်တပ်ဖွဲ့အက်ဥပဒေ (The Gambia Armed Forces Act, 1985 of Gambia, at 37(c))၊ အီရတ်နိုင်ငံ၏ ၁၉၄၀ပြည့်နှစ် စစ်တပ်ရာဇသတ်ကြီး (Military Penal Code, No. 13 of 1940 of Iraq, at 55)၊ ကင်ညာနိုင်ငံ၏ ၁၉၆၈ခုနှစ် လက်နက်ကိုင်တပ်ဖွဲ့အက်ဥပဒေ (Armed Forces Act, 1968 of Kenya, at 15(d))။

8. အိုင်ယာလန်နိုင်ငံ၏ ကာကွယ်ရေးအက်ဥပဒေ၊ note 9 at 125 (b) and (c). အိန္ဒိယနိုင်ငံ၏ ၁၉၅၀ပြည့်နှစ်၊ စစ်တပ်အက်ဥပဒေ 34(f) ကိုလည်း ကြည့်ပါ။

9. နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခများအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို စစ်သုံ့ပန်းအဆင့်အတန်း သတ်မှတ်ခွင့်မရှိသော်လည်း ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ ဘုံပြဋ္ဌာန်းချက် အပိုဒ်(၃)အရ ၎င်းတို့ကို လူသားချင်းစာနာစွာ ပြုမူဆက်ဆံရပါမည်။

10. မော်လ်တာနိုင်ငံ(Malta)၏ ၁၉၇၀ပြည့်နှစ်၊ လက်နက်ကိုင်တပ်ဖွဲ့အက်ဥပဒေ(Armed Forces Act, 1970 of Malta at 41 (1))၊ မလေးရှားနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့အက်ဥပဒေ(Armed Forces Act of Malaysia, note 16 at 43 (1))၊ စင်ကာပူနိုင်ငံ၏ ၁၉၇၂ခုနှစ်၊ လက်နက်ကိုင်တပ်ဖွဲ့အက်ဥပဒေ(Armed Forces Act, 1972 of Singapore)၊ ဘော့ဆွာနာနိုင်ငံ၏ ကာကွယ်ရေးတပ်ဖွဲ့အက်ဥပဒေ(Defence Force Act of Boswana, note 22 at 31 (1))၊ ကင်ညာနိုင်ငံ၏ ၁၉၆၈ခုနှစ်၊ လက်နက်ကိုင်တပ်ဖွဲ့အက်ဥပဒေ(Armed Forces Act, 1968 of Kenya at 21 (1))။

11. စကြဝတေးမင်းကို တစ်လောကလုံးအား တရားနှင့်အညီ ကရုဏာဖြင့် မင်းပြုစိုးစံတော်မူသော အကောင်းဆုံး စံနမူနာပြ ကမ္ဘာကိုအုပ်စိုးသည့်ဘုရင်တစ်ဆူဟု မှတ်ယူထားပါသည်။

12. မိုးခေါင်သောအချိန်တွင် မြစ်ရေခွဲဝေမှုဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်၍ အချင်းချင်းတိုက်ခိုက်တော့မည့် ဆဲဆဲဖြစ်ကုန်သော သာကီဝင်တို့နှင့်ကောလိယတို့အား ဗုဒ္ဓဘုရားရှင် ထိပ်တိုက်တွေ့တော်မူသော ကုဏာလဇာတ် (အမှတ်၅၃၆) ကိုလည်း ကြည့်ပါ။ "တန်ဖိုးအနည်းငယ်သာရှိသည့် ရေတည်းဟူသောအရာအတွက် မြတ်သော စစ်သည်ဗိုလ်ပါမင်းမျိုးတို့၏အသက်တည်းဟူသော တန်ဖိုးကြီးမားသည့်အရာကို သင်တို့ စွန့်လွှတ်သင့်သလား"ဟု ဗုဒ္ဓက မေးမြန်းတော်မူခဲ့ပါသည်။

13. အိုင်စီစီ၊ စွဲချက်များအားအတည်ပြုခြင်းဆိုင်ရာ နတာဂန်ဒါ ဆုံးဖြတ်ချက် (ICC, Ntaganda Decision on the Confirmation of Charges, 2014: 76-78), htt://www.icc-cpi.int/CourtRecords/CR2014_04750.PDF

14. အမေရိကန်ပြည်ထောင်စုနှင့် ဖွန်လိဘ်၊ ၁၁ နုရင်ဘတ် စစ်ခုံရုံး ၅၁၁ (၁၉၈၄) (အဆင့်မြင့်ကွပ်ကဲမှု စစ်ဆေးစီရင်ခြင်း) US v. von Leeb, 11 Nuremberg Military Tribunals 511 (1984) (the High Command Trial): "အချို့သော ကန့်သတ်ချက်များထဲတွင် စစ်သည်တစ်ဦးသည် မိမိအထက်အရာရှိများ၏အမိန့်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီမှုရှိကြောင်း မှတ်ယူခွင့်ရှိပါသည်။"

**ကျေးဇူးတင်လွှာ**

အစောပိုင်း စာမူကြမ်းများနှင့်ပတ်သက်၍ ၎င်းတို့၏ အထောက်အကူဖြစ်သော အကြံပြုဆွေးနွေးချက်များအတွက် Professor Rene Provost၊ Dr Noel Trew၊ Dr Elizabeth Harris၊ Professor Kate Crosby နှင့် Andrew Bartles-Smith တို့အား ကျေးဇူးတင်ရှိပါကြောင်း အသိအမှတ်ပြုဖော်ပြအပ်ပါသည်။

**ကြေညာချက်**

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

**ရည်ညွှန်းကိုးကားချက်များ**

Appleton, N. 2010. Jātaka Stories in Theravāda Buddhism: Narrating the Bodhisatta Path. Farnham: Ashgate.

Carter, J. R., and M. Palihawadana. 1987. The Dhammapada. NewYork: Oxford University Press.

Cover, R. 1983. "Nomos and Narrative." Harvard Law Review 97 (1): 4–68. deLibero,L.2012."SurrenderinAncientRome."InHowFightingEnds:AHistoryofSurrender, edited by H. Afflerbach and H. Strachan, 8–14. Oxford: Oxford University Press.

Dörmann, K., and J. Serralvo. 2014. "Common Article 1 to the Geneva Conventions and the Obligation to Prevent International Humanitarian Law Violations." International Review of the Red Cross 96 (895/896): 707–736. doi:10.1017/ S181638311400037X.

Durkheim, E. 1951. Suicide: A Study in Sociology. 2nd ed. London: Routledge.

Evangelidi, E. 2018. "Restraint in Bello: Some Thoughts on Reciprocity and Humanity." In International Humanitarian Law and Justice: Historical and Sociological Perspectives, edited by M. Deland, M. Klamberg, and P. Wrange, 100–113. Oxfordshire: Routledge.

Greenspan, M. 1959. The ModernLaw ofLandWarfare. Berkeley: University of California Press.

Hallisey, C. 2009. “The Golden Rule in Buddhism [II].” In The Golden Rule: The Ethics of Reciprocity in World Religions, edited by J. Neusner and B. D. Chilton, 129–145. London: Bloomsbury.

Hassig, R. 2012. “How Fighting Ended in the Aztec Empire and Its Surrender to the Europeans.” In How Fighting Ends: A History of Surrender, edited by H. Afflerbach and H. Strachan, 113–123. Oxford: Oxford University Press.

Huntington, S. P. 1957. The Soldier and the State: The Theory and Politics of Civil–Military Relations. Cambridge: Harvard University Press.

International Committee of the Red Cross. 2016. Commentary on the First Geneva Convention: Convention (I) for the Amelioration of the Condition of the Wounded and Sick in Armed Forces in the Field. Cambridge: Cambridge University Press.

Ireland, J., trans. 1997. The Udāna: Inspired Utterances of the Buddha. Kandy: Buddhist Publication Society.

Kahn, P. W. 2013. “Imagining Warfare.” European Journal of International Law 24 (1): 199–226. doi:10.1093/ejil/chs086.

Keely, L. H. 2012. “Surrender and Prisoners in Prehistoric and Tribal Societies.” In How Fighting Ends: A History of Surrender, edited by H. Afflerbach and H. Strachan, 7–13. Oxford: Oxford University Press.

Kortüm, H. 2012. “Surrender in Medieval Times.” In How Fighting Ends: A History of Surrender, edited by H. Afflerbach and H. Strachan, 41–54. Oxford: Oxford University Press.

Lauterpacht, H. 1953. “The Limits of the Operation of the Law of War.” British Year Book of International Law 30: 206–243.

McMahan, J. 2009. Killing in War. Oxford: Clarendon.

Mégret, F. 2013. “The Humanitarian Problem with Drones.” Utah Law Review 5: 1283–1319.

Norman, K. R. 1997. The Word of the Doctrine Dhammapada. London: Pali Text Society. Obeyesekere, R. 2016. The Revered Book of Five Hundred and Fifty Jataka Stories: Volume II. Translated from the 14th Century Sinhala Version. Colombo: Gunasena.

Osiel, M. J. 2001. Obeying Orders: Atrocity, Military Discipline and the Law of War. Somerset: Routledge.

Peeler, P. 2019. The Persistence of Reciprocity in International Humanitarian Law. Cambridge: Cambridge University Press.

Pilloud, C., Y. Sandoz, C. Swinarski, and B. Zimmermann. 1987. Commentary on the Additional Protocols of 8 June 1977 to the Geneva Conventions of 12 August 1949. Geneva: International Committee of the Red Cross.

Posner, E., and A. Sykes. 2007. “An Economic Analysis of State and Individual Responsibility under International Law.” American Law and Economics Review 9 (1): 72–134. doi:10.1093/aler/ahm001.

Provost, R. 2002. International Human Rights and Humanitarian Law. Cambridge: Cambridge University Press.

Provost, R. 2012. “Asymmetrical Reciprocity and Compliance with the Laws of War.” In Modern Warfare: Armed Groups, Private Militaries, Humanitarian Organizations, and the Law, edited by B. Perrin, 17–42. Vancouver: UBC Press.

Robinson, P. 1999. “‘Ready to Kill but Not to Die’: NATO Strategy in Kosovo.” International Journal: Canada’s Journal of Global Policy Analysis 54 (4): 671–682.

Scheible, K. 2009. “The Formulation and Significance of the Golden Rule in Buddhism [I].” In The Golden Rule: The Ethics of Reciprocity in World Religions, edited by J. Neusner and B. D. Chilton, 116–128. London: Bloomsbury.

Schober, J. 1997. Sacred Biography in the Buddhist Traditions of South and Southeast Asia. Honolulu: University of Hawaii Press.

Walzer, M. 2004. Arguing About War. New Haven: Yale University Press.

Walzer, M. 2006. Just and Unjust Wars: A Moral Argument with Historical Illustrations. 4th ed. New York: Basic Books.

Ziv, B. 2014. “The Superior Orders Defense: A Principal-Agent Analysis.” Georgia Journal of International and Comparative Law 41: 1–74.

# “မသိခြင်းသည် အကျွမ်းတဝင်အရှိဆုံးဖြစ်သည်” - ကိုးအန်း(Kōan)ကျင့်သုံးမှုနှင့် စစ်ပွဲ၏ မသဲကွဲမှု

**Noel Maurer Trew**

## ဆောင်းပါးအကျဉ်းချုပ်

ပစ်မှတ်ထားခြင်းနှင့်ဆက်စပ်သော အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၏ခက်မသည့် ဆုံးဖြတ်ချက်ချသူများအတွက် လက်တွေ့တွင် အသုံးချရန် များစွာ အခက်အခဲရှိနေပါသည်။ တိုက်ခိုက်မှုတွင် ခွဲခြားခြင်း၊ ကြိုတင်သတိထားကာကွယ်ခြင်းနှင့် အချိုးအစားညီမျှခြင်း စည်းမျဉ်းများသည် ပစ်မှတ်ထားခြင်းဥပဒေ ၏ အခြေခံအချက်ဖြစ်သော်လည်း ဤစည်းမျဉ်းများကို လေးစားလိုက်နာခြင်းသည် တိုက်ပွဲဝင်စစ်သည်များက စစ်မြေပြင်တွင် ဖြစ်ပျက်နေသည်တို့ကို မှန်မှန်ကန်ကန် သိမြင်နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် ဆုံးဖြတ်သော၊ စီစဉ်သော၊ အကောင်အထည်ဖော်သောသူများအနေဖြင့် ထိုတိုက်ခိုက်မှုကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို အမျိုးအစား မှန်မှန်ကန်ကန် သို့မဟုတ် ပမာဏ မှန်မှန်ကန်ကန် အမြဲတစေ မရနိုင်ချေ။ ထို့အပြင် ၎င်းတို့အနေဖြင့် မည်သည့် သတင်းအချက်အလက်မျိုး လိုအပ်သည်ကိုပင် မသိနိုင်ချေ။ မလုံလောက်သော ထောက်လှမ်းရေးသတင်းများနှင့် များပြားလွန်းသော သတင်းအချက်အလက်များကြောင့် ဖြစ်ပေါ်လာသည့် မရေရာမှုကိုထည့်သွင်းစဉ်းစားပါက တိုက်ပွဲဝင်စစ်သည်များသည် စစ်ပွဲ၏ မသေချာမရေရာသောအခြေအနေများကို အောင်မြင်စွာ ဖြတ်သန်းသွားရန် ၎င်းတို့ကိုယ်တိုင် မည်သို့ လေ့ကျင့်နိုင်မည်နည်း။ ဂျပန်ဇင်ဗုဒ္ဓဘာသာ(တရုတ်-ချန်ဗုဒ္ဓဘာသာ)တွင် လိုက်နာကျင့်သုံးသူများသည် ဖွင့်ထားသောအာရုံဟူသမျှကိုစောင့်ကြည့်ခြင်းနှင့် အာရုံစူးစိုက်ခြင်း အခြေခံသဘောတရားတို့ ပါဝင်သည့် ကမ္မဋ္ဌာန်းအားထုတ်မှုနည်းလမ်းများကို ထုံးစံအတိုင်း ကျင့်သုံးကြပါသည်။ ကိုးအန်းအကျင့်(Kōan practice)ဟု သိကြသော အာရုံစူးစိုက်သည့်ပုံစံတစ်ခုကို ရင်းဇိုင်း(Rinzai) နှင့် စိုးတိုး(Sōtō) ဇင်ဂိုဏ်းများက ကျင့်သုံးလေ့ရှိပါသည်။ (စိုးတိုးဂိုဏ်းက အသုံးနည်းပါသည်။) ကိုးအန်းတို့သည် “ဒွန်တွဲမှုမရှိခြင်း” အတွေ့အကြုံကဲ့သို့သော တိုက်ရိုက်ဆက်သွယ်ပြောဆိုမှုဖြင့်ဖော်ပြ၍မရနိုင်သော ဗုဒ္ဓဘာသာ ထိုးထွင်းသိမြင်စွမ်းသောဉာဏ်ကို ဆက်သွယ်ပြောဆိုရန် ဇင်ဆရာတို့ အသုံးပြုသော ပုံပြင်ဇာတ်လမ်းတိုများ ဖြစ်ပါသည်။ ကိုးအန်းတို့ကို စကားထာများ သို့မဟုတ် ပဟေဠိများအဖြစ် ဖော်ပြလေ့ရှိသော်လည်း ၎င်းတို့ကို ကြောင်းကျိုးဆက်စပ်သောနည်းဖြင့် အဖြေရှာရန် မရည်ရွယ်ပါ။ အတိအကျဆိုရလျှင် ကျင့်သုံးသူသည် ကိုးအန်းအပေါ် ၎င်းတို့၏ အာရုံကိုစူးစိုက်ထားပြီး ထိုကိုးအန်းကို “ဖြေရှင်းသည့်” ဘာသာစကားဆိုင်ရာနှင့် ကျိုးကြောင်းဆီလျော်သောနည်းလမ်းများ ပျောက်ကွယ်သွားသည့်အခါ မည်သို့ဖြစ်လာသည်ကို လေ့လာပါသည်။ သီးခြားအယူအဆများ သို့မဟုတ် ပြဿနာဖြေရှင်းလေ့ရှိသည့် နည်းလမ်းများအပေါ် စိတ်၏အစွဲများအား အသိအမှတ်ပြုလက်ခံရန် စိတ်ကိုလေ့ကျင့်ပေးခြင်းဖြင့် ဤကျင့်စဉ်ကို သင့်တော်သည့်အခြေအနေတွင် ကျင့်သုံးသောသူတို့သည် ဒွိဟဖြစ်ဖွယ်ရာ သတင်းအချက်အလက်များပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချရန် ပိုမို ကောင်းမွန်အောင်ကြိုတင်ပြင်ဆင်ရခြင်းနှင့် ယင်းသို့အလွန်အမင်းအရေးပါသောကိစ္စများကို ဆင်ခြင်စဉ်းစားရသည့်အခါ ၎င်းတို့၏အမြင် သို့မဟုတ် အတွေးများတွင် အမှားအယွင်းများကို ရှာဖွေတွေ့ရှိနိုင်ရန် ၎င်းတို့ကိုယ်တိုင် ရှာဖွေနိုင်ပါသည်။

သတိ။ “သင်ဘယ်ကလာခဲ့တာလဲ။” ဆရာကြီး ဂျိဇို(Master Jizo) က ဟိုဂန်(Hogen) ကို မေးသည်။ “ကျွန်ုပ် ဦးတည်ရာမဲ့ ဘုရားဖူးခရီးထွက်နေတာပါ” ဟိုဂန်က ဖြေသည်။ “သင့် ဘုရားဖူးခရီးစဉ်၏ အဓိကအကြောင်းက ဘာလဲ” ဂျိဇိုက မေးသည်။ “မသိပါ” ဟိုဂန်က ဖြေသည်။ “မသိခြင်းဆိုတာ အများဆုံးဖြစ်တတ်သည့် သဘောဖြစ်သည်” ဂျိဇိုက မှတ်ချက်ချသည်။ ထိုအခိုက်တွင် ဟိုဂန်သည် ကြီးမားသောအသိဉာဏ်အလင်းကို ရသွားသည်။ [The Book of Equanimity, Case 20) (Wick 2005, 63)]

## နိဒါန်း

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)[1] သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေသည် တိုက်ပွဲဝင်စစ်သည်များအား စစ်ပွဲတွင် မည်သူ့ကို သို့မဟုတ် မည်သည့်အရာကို ပစ်မှတ်ထားနိုင်သည်နှင့် မည်သူ့ကို သို့မဟုတ် မည်သည့်အရာကို အကာအကွယ်ပေးရမည်တို့နှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ရန် သတ်မှတ်ပြဋ္ဌာန်းပေးထားပါသည်။ လက်တွေ့တွင် ဤဥပဒေကို စိတ်ကောင်း

စေတနာဖြင့် ရိုးသားစွာ ကျင့်သုံးရန်မှာ အကောင်းဆုံးအချိန်များတွင်ပင် ခက်ခဲနိုင်ပါသည်။ စစ်မြေပြင်နေရာနှင့် ပတ်သက်၍ သတင်းအချက်အလက်မပြည့်စုံခြင်းကြောင့် သို့မဟုတ် သတင်းအချက်များပြားလွန်းသောကြောင့် မသေချာမရေရာဖြစ်ပုံပေါ်သည့် ပစ်မှတ်ထားခြင်းအခြေအနေများတွင် ယင်းကို အသုံးချရန် ပို၍ပင် ခက်ခဲပါသည်။

ကိုးကွယ်ရာဘာသာများနှင့် ယဉ်ကျေးမှုများစွာတို့က စစ်ပွဲအတွင်းမှာပင် အင်အားအသုံးပြုခြင်းကို ကန့်သတ်မှုများရှိသင့်ကြောင်း လွတ်လပ်စွာ ကောက်ချက်ချထားပြီးဖြစ်သည်ကို အလေးထားခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံပျံ့နှံ့သည့် ဥပဒေ၏အခြေခံမူများကိုမှီငြမ်းကိုးကားရန် နိဒါန်းဖြစ်သော IHL ပြဋ္ဌာန်းချက်များအတွက် ယင်းမှာ အဆန်းတကြယ်မဟုတ်တော့ဘဲ ရိုးလာခဲ့ပြီး ဖြစ်ပါသည်။[2] ဥပမာအားဖြင့် ဇင်ဗုဒ္ဓဘာသာသည် စစ်ပွဲတွင်းလိုက်နာရမည့်ဥပဒေ(jus in bello) (စနစ်တကျကျင့်သုံးခဲ့မည်ဆိုလျှင်)အတွက် "ဘာမဆိုလက်ခံသည်" ဟူသော ချဉ်းကပ်မှုနည်းလမ်းကို တားမြစ်ထားရုံသာမက ဇင် ကိုးအန်း ကျင့်သုံးမှုအလေ့အထသည် ကျင့်သုံးသူများကို ပစ်မှတ်ထားခြင်းဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုတို့အကြား ဟန်ချက်ညီမှုကို လမ်းပြကူညီပေးရာတွင် အထူးသဖြင့် အသုံးဝင်နိုင်ပါသည်။[3] ရာစုနှစ်နှင့်ချီ၍ ဇင်အကျင့်ကို ကျင့်သုံးသူများသည် မိမိကိုယ်မိမိပြန်လည်ဆန်းစစ်ခြင်း ကိုးအန်းကို အသုံးပြုခဲ့ကြပြီး ယင်းမှာ ကျင့်သုံးသူတို့သည် ဖြေရှင်း၍မရနိုင်သော ပြဿနာကို အာရုံပြုခြင်းဖြင့် ကမ္ဘဋ္ဌာန်းထိုင်သော အလေ့အကျင့်ဖြစ်ကာ ပြီးခဲ့သည့် ယုတ္တိကိုဆင်ခြင်စဉ်းစားတတ်သော၊ ပျံ့လွင့်နေသော အတွေးတို့ကို အဆုံးသတ်စေပြီး အလိုအလျောက် သိရှိနားလည်သဘောပေါက်သည့်အသိဉာဏ်အလင်းကို ရရှိရန် ဖြစ်ပါသည်။ ဤကျင့်သုံးမှုက ကျင့်သုံးသူကို လုပ်လေ့လုပ်ထဖြစ်နေသောစဉ်းစားတွေးခေါ်ပုံကိုအဆုံးသတ်စေပြီး ရှုထောင့်တစ်ခု သို့မဟုတ် အခြားတစ်ခုတွင် စိတ်ခံစားချက်အားဖြင့်လည်းကောင်း သို့မဟုတ် ဉာဏ်ပညာဖြင့်တွေးခေါ်စဉ်းစားဆင်ခြင်ခြင်းအားဖြင့်လည်းကောင်း ပါဝင်ခြင်းမရှိဘဲ ဆန့်ကျင်ဘက်ဖြစ်သောဝိရောဓိအမြင်ကို ရစေရန်လည်း အထောက်အကူပြုပါသည်။

ကိုးအန်း မိမိကိုယ်မိမိပြန်လည်ဆန်းစစ်ခြင်းသည် တိုက်ပွဲဝင်စစ်သည်များကို စိတ်ဖိစီးမှု သို့မဟုတ် မသေချာမရေရာမှုအခြေအနေများတွင် ဆုံးဖြတ်ချက်များပြုလုပ်ရာ၌ ပိုမိုကောင်းမွန်စေရန် အထောက်အကူပြုသည့်တိုင် ဤကျင့်သုံးမှုအတွက် ကန့်သတ်ချက်များရှိသည်ကို ဂရုပြုရန် အရေးကြီးပါသည်။ ပထမဆုံးအနေဖြင့် ယင်းသည် အချိန်တိုတစ်ခုအတွင်းသင်ယူနိုင်ပြီး ချက်ခြင်းအသုံးချ၍ရနိုင်သော ယေဘုယျနည်းလမ်းမျိုးမဟုတ်ပါ။ ဒုတိယအချက်မှာ ကိုးအန်းသင်ရိုးဖြင့်[4] တိုးတက်မှုသည် ဆရာနှင့် တပည့်ကြား ပုံမှန်ဆွေးနွေးမှုကို လိုအပ်ပါသည်။ နောက်ဆုံးအချက်မှာ ဗုဒ္ဓဘာသာအကျင့်သီလအခြေခံကောင်းမရှိဘဲ ကိုးအန်းအကျင့်တစ်ခုတည်းဖြင့် လူတစ်ဦးကို IHL နှင့် ဆန့်ကျင်သော ဆုံးဖြတ်ချက်များကို ပြုလုပ်သည့် ရလဒ်ဖြစ်စေနိုင်ပါသည်။ ယင်းမှာ ဤကျင့်သုံးမှုတွင် လွတ်လပ်သော ကျင့်ဝတ်သီလပိုင်းဆိုင်ရာ တွေးခေါ်မှု မရှိသောကြောင့် ဖြစ်ပါသည်။

ကိုးအန်းမိမိကိုယ်မိမိပြန်လည်ဆန်းစစ်ခြင်းသည် အမိန့်ပေးကွပ်ကဲသူများ၊ စစ်ရေးစီစဉ်သူများနှင့် ရှေ့တန်းတွင် တိုက်ခိုက်ကြသော တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏လုပ်လေ့လုပ်ထရှိသောတွေးခေါ်မှုနည်းလမ်းများကို မေးခွန်းထုတ်ရန်နှင့် မသေချာမရေရာမှုကို ပိုမိုလွယ်ကူစွာ ဖြေရှင်းရန် အထောက်အကူဖြစ်နိုင်ကြောင်း အထောက်အထားကောင်းရှိသော်လည်း ကိုးအန်းအလုပ် (သို့မဟုတ် အခြားသော မည်သည့် ကမ္ဘဋ္ဌာန်းနည်းလမ်းမဆို)ကို လောကီရေးအခြေအနေတွင် IHL ကို လေးစားလိုက်နာမှုရှိစေရန် အဓိကအသုံးတော်ခံသည့်နည်းလမ်းတစ်ခုအဖြစ် ကျွန်ုပ် သေချာပေါက် အကြံပြုရန် မလိုပါ။ အတိအကျဆိုရလျှင် ပစ်မှတ်ထားခြင်းဥပဒေအရ ၎င်းတို့၏ ကတိကဝတ်များကို ထိန်းသိမ်းထားနိုင်ရန် ဤအကျင့်ကို ကျင့်သုံးထားခဲ့သူများအတွက် ဗုဒ္ဓဘာသာသီလကျင့်စဉ်များနှင့် ယှဉ်တွဲကျင့်သုံးလျှင် ထိရောက်သောနည်းလမ်းဖြစ်ကြောင်း သက်သေပြနိုင်ပါသည်။

**မျက်မှောက်ခေတ် IHL တွင် ပစ်မှတ်ထားခြင်းနှင့်ပတ်သက်သော စစ်ပွဲတွင်းဥပဒေ(jus in bello) စည်းမျဉ်းများ အကျဉ်းချုပ်**

**ခွဲခြားခြင်း**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏အမြင်တွင် ၁၉၇၇ခုနှစ် သံတမန်ညီလာခံ၏ ဂုဏ်ကျက်သရေရှိသောအောင်မြင်မှုမှာ နောက်ဆက်တွဲသဘောတူညီချက်များ(APs)တွင် အရပ်သားလူထုအတွက် အချို့သော အကာအကွယ်ပေးမှုများကို လက်ခံပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ (Pilloud 1987, 583) အစဉ်အလာအားဖြင့် ဂျီနီဗာ

သဘောတူညီချက်များက စစ်မက်ကြောင့်ဒုက္ခရောက်သူများကိုအကာအကွယ်ပေးပြီး ဟိဂ်သဘောတူညီချက်များက စစ်မက်တိုက်ခိုက်မှုလုပ်ဆောင်ခြင်းများကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းခဲ့ပါသည်။ (Boothby 2012 , 5) သို့သော်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း အထူးသဖြင့် ဤဥပဒေများကို ရေးဆွဲစဉ်အခါက လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုမရှိသေးခြင်းနှင့်စပ်လျဉ်း၍ သင်ခန်းစာရခဲ့မှုများကို ထင်ဟပ်ရန် ဟိဂ်ဥပဒေကို နောက်ဆုံး အခြေအနေအထိ လုံလောက်စွာ ပြုပြင်ရေးဆွဲမှု မလုပ်ရသေးခြင်းကို ICRC က အလေးထားစိုးရိမ်ပါသည်။ ထို့ကြောင့် ICRC က နောက်ဆက်တွဲသဘောတူညီချက်များ(Aps)၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ခုတည်းသောဥပဒေမူဘောင် အတွင်းသို့ "IHL တွင် ပေါင်းရုံးပါဝင်နေသည့်အချက်နှစ်ခုကို အတူတကွ ဆောင်ကြဉ်းပေးခြင်း" အဖြစ် ရှုမြင်ပါသည်။ ထိုနှစ်ချက်မှာ တစ်ဘက်တွင် ဒုက္ခရောက်သူများကို အကာအကွယ်ပေးခြင်းဖြစ်ပြီး အခြားတစ်ဘက်တွင် စစ်မက်တိုက်ခိုက်မှုလုပ်ဆောင်သည့်အပြုအမူတို့ ဖြစ်ပါသည်။ (Boothby 2012, 5) အထူးသဖြင့် နောက်ဆက်တွဲ သဘောတူညီချက်(၁)(API)က ခွဲခြားခြင်းမူအပြင် တိုက်ခိုက်မှုတွင် အချိုးအစားညီမျှခြင်းနှင့် ကြိုတင်သတိထား ကာကွယ်ခြင်းစည်းမျဉ်းများကို အလွယ်တကူနားလည်စေရန် ရှင်းပြထားပါသည်။ ယင်းတို့ကို နောက်ဆက်တွဲ သဘောတူညီချက်(API) ၏အပိုင်း(၄)၊ ကဏ္ဍ(၁)တွင် အခြေခံစည်းမျဉ်းနှင့်အစပြုပြီး ပေါင်းရုံးစုစည်းထားပါသည် -

> အပိုဒ် ၄၈။ အရပ်သားလူထုနှင့် အရပ်ဘက်အဆောက်အအုံများကို လေးစားမှုနှင့် အကာအကွယ်ပေးမှုအား သေချာစေရန်အတွက် ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များသည် အရပ်သားလူထုနှင့် တိုက်ပွဲဝင်စစ်သည်များ အကြားအပြင် အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာရည်မှန်းချက်များအကြား အချိန်တိုင်း တွင် ခွဲခြားရမည်ဖြစ်ပြီး ၎င်းတို့၏ စစ်ဆင်ရေးများသည် စစ်ရေး ဆိုင်ရာရည်မှန်းချက်များကိုသာ တိုက်ရိုက် ဦးတည်ရမည်။

ဤအခြေခံစည်းမျဉ်းသည် မျက်မှောက်ခေတ် IHL ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ယင်းကို နိုင်ငံတကာပါဝင်သော လက်နက်ကိုင်ပဋိပက္ခ[5]နှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ(NIAC) နှစ်ခုလုံးအတွက် ဓလေ့ထုံးတမ်းအဆင့်အတန်းရရှိခဲ့ခြင်းအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။[6]

သီအိုရီသဘောတရားအရ ဤအခြေခံမူကို ကျင့်သုံးခြင်းသည် အရပ်သားလူထုနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်တို့အကြား သိသာထင်ရှားသောကွဲပြားခြားနားမှုရှိသည့်အခြေအနေများတွင် အခက်အခဲရှိမည် မဟုတ်ပေ။ သို့ရာတွင် API ကို ဘောင်သွင်းသူများက စစ်ရေးဆိုင်ရာရည်မှန်းချက်များသည် အရပ်သားများနှင့် အရပ်ဘက် အဆောက်အအုံများအနီးတွင် တည်ရှိနေသည့်အခါ အမိန့်ပေးကွပ်ကဲသူများအား တရားဝင်စစ်ရေးပစ်မှတ်များကို တိုက်ခိုက်နေစဉ် အရပ်သားလူထုအပေါ် လက်သင့်မခံနိုင်သောအန္တရာယ်ဖြစ်နိုင်ခြေအဆင့်သို့ ကျရောက်စေရန် ဆွဲဆောင်လာနိုင်သည့်အချက်ကို လက်ခံအသိအမှတ်ပြုခဲ့ပါသည်။ ဤစိုးရိမ်မှုများကို ဖြေရှင်းရန် အပိုဒ် ၅၁ က အရပ်သားလူထုအား တိုက်ရိုက်ဦးတည်တိုက်ခိုက်ခြင်းများကို တားမြစ်ထားရုံသာမက မဆင်မခြင်သိမ်းကျုံး တိုက်ခိုက်မှုများ သဘောသက်ရောက်သည့် စစ်ဆင်ရေးများကိုပါ တားမြစ်ထားပါသည်။ ထို့နောက် အပိုဒ် ၅၇ တွင် တိုက်ခိုက်သူများသည် အရပ်သားလူထုအပေါ် ၎င်းတို့စစ်ဆင်ရေးများ၏သက်ရောက်မှုများကို လျော့ပါးသက်သာ စေရန် အပြုသဘောဆောင်သောအဆင့်များကို လုပ်ဆောင်ရန် ပြဋ္ဌာန်းထားပါသည်။

## တိုက်ခိုက်မှုတွင် အချိုးအစားညီမျှခြင်း

တိုက်ခိုက်မှုတစ်ခုအား မဆင်မခြင်ပြုလုပ်ခြင်းဟု မှတ်ယူနိုင်ခြင်းရှိမရှိကို အဓိကစစ်ဆေးခြင်းသည် အချိုးအစား ညီမျှမှုစည်းမျဉ်း ဖြစ်ပါသည်။ အမိန့်ပေးကွပ်ကဲသူက ပစ်မှတ်နှင့်ပတ်သက်၍လည်းကောင်း၊ သီးခြားလက်နက် (သို့မဟုတ် လက်နက်များ)ကို အသုံးပြုခြင်း၏ သက်ရောက်မှုအလားအလာနှင့်ပတ်သက်၍လည်းကောင်း သိရှိထားသည်ဆိုသည့်အချက်ကိုထည့်သွင်းစဉ်းစားပါက ထိုတိုက်ခိုက်မှုနှင့်အတူ တွဲပါလာသည့် ဆက်စပ်ထိခိုက်ပျက်စီးမှု သည် ထိုပစ်မှတ်ကိုတိုက်ခိုက်ခြင်းမှ ရရှိလာမည့် စစ်ရေးအကျိုးအမြတ်အသာစီးရမှုနှင့် နှိုင်းစာလျှင် အလွန်အကျွံ ဖြစ်နေသလား ဆိုသည်ကို ဆန်းစစ်ခြင်းသည် အချိုးအစားညီမျှခြင်းစည်းမျဉ်း ဖြစ်ပါသည်။ ဤစည်းမျဉ်း၏ မျက်မှောက်ခေတ်အတွေးအမြင်ကို API ၏ အပိုဒ် ၅၁ တွင် ပြဋ္ဌာန်းရန် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပါသည် -

> အပိုဒ် ၅၁(၄)။ မဆင်မခြင်တိုက်ခိုက်ခြင်းများကို တားမြစ်ထားပါသည်။ .......(၅) အခြား တိုက်ခိုက်ပုံများထဲ တွင် အောက်ပါ တိုက်ခိုက်မှုအမျိုးအစားများကို မဆင်မခြင်အဖြစ် မှတ်ယူပါသည်။... (ခ) မတော်တဆ

အရပ်သားအသက်ဆုံးရှုံးမှု၊ အရပ်သားများ ဒဏ်ရာရရှိမှု၊ အရပ်ဘက် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု သို့မဟုတ် ထိုအရာများ အားလုံးပေါင်းစပ်ပါဝင်မှု ဖြစ်စေရန် မျှော်မှန်းနိုင်သော တိုက်ခိုက်မှုတစ်ခုသည် မျှော်မှန်းထားသော ခိုင်မာပြီး တိုက်ရိုက် စစ်ရေး အသာစီးရမှုထက် အလွန်အကျွံ ဖြစ်ပါလိမ့်သည်။

အမိန့်ပေးကွပ်ကဲသူ သို့မဟုတ် စစ်ရေးအစီအစဉ်ပြုလုပ်သူ နှိုင်းယှဉ်ရမည့် မျှော်လင့်ထားသော အရပ်သားဆုံးရှုံးမှု နှင့် မျှော်မှန်းထားသော စစ်ရေးအသာစီးရမှုတို့၏ တန်ဖိုးသည် အတိုင်းထက်အလွန်များပြားပြီး ကိန်းဂဏန်းဖြင့် တွက်ချက်၍မရနိုင်ဆိုသည့်အချက်ကို မှတ်သားရန်အရေးကြီးပါသည်။

### တိုက်ခိုက်မှုတွင် ကြိုတင်သတိထားကာကွယ်ခြင်းများ

API အပိုဒ် ၅၁(၅)(ခ)တွင် အချိုးအစားမညီသော တိုက်ခိုက်မှုများကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် တိုက်ပွဲဝင်စစ်သည်များအတွက် ပြောင်းပြန်သဘောဆောင်သောလိုအပ်ချက်ကို ပြဋ္ဌာန်းထားသော်လည်း အပိုဒ် ၅၇ တွင် ၎င်းတို့၏တိုက်ခိုက်မှုများသည် အချိုးအစားညီမျှကြောင်းသေချာစေရန် တိုက်ပွဲဝင်စစ်သည်များ လိုက်နာရမည့် ခိုင်မာပြီး အပြုသဘောဆောင်သော အစီအမံများကို ပြဋ္ဌာန်းထားပါသည် -

> အပိုဒ်ခွဲ ၅၇(၂)(က)။ တိုက်ခိုက်မှုတစ်ခုပြုလုပ်ရန် စီစဉ်သူများ သို့မဟုတ် ဆုံးဖြတ်သူများသည် - (၁) တိုက်ခိုက်ရမည့် ရည်မှန်းချက်များသည် အရပ်သားများ သို့မဟုတ် အရပ်ဘက် အဆောက်အအုံများ မဟုတ်ကြောင်းနှင့် အထူးအကာအကွယ်ပေးခြင်းခံရသည်များမဟုတ်ဘဲ စစ်ရေးဆိုင်ရာ ရည်မှန်းချက်များ ဖြစ်ကြောင်း သေချာစေရန် ဖြစ်နိုင်သည့်အရာတိုင်းကို လုပ်ဆောင်ပါ ....၊ (၂) တိုက်ခိုက်မှုတွင်အသုံးပြုမည့် လက်နက်များနှင့် တိုက်ခိုက်ပုံနည်းလမ်းများကို ရွေးချယ်ရာတွင် မတော်တဆ အရပ်သား အသက်ဆုံးရှုံးခြင်း၊ အရပ်သားများဒဏ်ရာရခြင်းနှင့် အရပ်ဘက်အဆောက်အအုံများပျက်စီးခြင်းတို့ကို ရှောင်ကြဉ်ရန် အမြင်နှင့် မည်သည့်ဖြစ်ရပ်တွင်မဆို နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန် ဖြစ်နိုင်သမျှ ကြိုတင်သတိထားကာကွယ်မှုများအားလုံးကို လုပ်ဆောင်ပါ၊ (၃) မတော်တဆ အရပ်သားအသက်ဆုံးရှုံးခြင်း၊ အရပ်သားများ ဒဏ်ရာရခြင်းနှင့် အရပ်ဘက်အဆောက်အအုံများပျက်စီးခြင်း သို့မဟုတ် ထိုအရာများ အားလုံးပေါင်းစပ်ပါဝင်မှုတို့ ဖြစ်စေနိုင်ရန် မျှော်လင့်နိုင်သော ကြိုတင်မျှော်မှန်းထားသည့် ခိုင်မာပြီး တိုက်ရိုက် စစ်ရေးအသာစီးရမှုနှင့်နှိုင်းစာလျှင် အလွန်အကျွံဖြစ်စေမည့် မည်သည့်တိုက်ခိုက်မှုကိုမဆို ပြုလုပ်ရန်ဆုံးဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ။

API အပိုဒ် ၅၇ တွင် ဖော်ပြထားသော တိုက်ခိုက်မှု၌ ကြိုတင်သတိထားကာကွယ်ရမည့်အချက်များတွင် ပစ်မှတ်၏ စစ်ရေးဆိုင်ရာသဘောသဘာဝကို သေချာအောင်လုပ်ဆောင်ခြင်းကဲ့သို့သော အချိုးအစားညီမျှမှုအား ဆန်းစစ်မှုကို မလုပ်ဆောင်မီ အမိန့်ပေးကွပ်ကဲသူများ သို့မဟုတ် စစ်ရေးအစီအစဉ်ရေးဆွဲသူများက လုပ်ဆောင်ရန် လိုအပ်သည့် လုပ်ဆောင်မှုများ ပါဝင်ပါသည်။ သို့သော်လည်း ထိုအချက်များတွင် ထိုဆန်းစစ်မှုကို ပြုလုပ်ပြီးသည့်နောက် လုပ်ဆောင်ရမည့် အရပ်သားလူထုအား ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းကဲ့သို့သော ဆက်စပ်ထိခိုက်ပျက်စီးမှုဖြစ်နိုင်ခြေအလားအလာကို နောက်ထပ် အနည်းဆုံးဖြစ်စေရန် လုပ်ဆောင်မှုများလည်း ပါဝင်ပါသည်။[8]

အမိန့်ပေးကွပ်ကဲသူ သို့မဟုတ် စစ်ရေးအစီအစဉ်ရေးဆွဲသူသည် တိုက်ခိုက်မှုအတွက် အချိုးအစားညီမျှမှုကို တိတိကျကျ တွက်ချက်မှု မလုပ်နိုင်မီ ၎င်းတို့ထံတွင် ထိုအခြေအနေနှင့်ပတ်သက်၍ အောက်ပါမေးခွန်းများကို ဖြေဆိုနိုင်ရန် လုံလောက်သောသတင်းအချက်အလက်များ ရှိရပါမည် -

(၁) ထိုပစ်မှတ်သည် တရားဝင် စစ်ရေးဆိုင်ရာရည်မှန်းချက် ဟုတ်ပါသလား။[9]

(၂) ထိုပစ်မှတ်ကိုတိုက်ခိုက်ခြင်းမှ မည်သို့သော စစ်ရေးအသာစီးအကျိုးအမြတ်ရရှိနိုင်မည်နည်း။[10]

(၃) အနီးအနားတွင် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများ၏ နီးနီးကပ်ကပ် တစ်စုတစ်ဝေးရှိမှုက မည်သို့ ရှိပါသနည်း။[11]

(၄) ထိုပစ်မှတ်ကိုတိုက်ခိုက်ရန် မည်သည့်လက်နက်များကို ရရှိနိုင်ပါသနည်း။[12] ထို့အပြင်

(၅) ထိုလက်နက်များကိုအသုံးပြုခြင်း၏ ဖြစ်နိုင်ခြေရှိသည့်အကျိုးဆက်များကား အဘယ်နည်း။[13]

ပထမ၊ ဒုတိယနှင့် စတုတ္ထမေးခွန်းများကို အမိန့်ပေးကွပ်ကဲသူ သို့မဟုတ် စစ်ရေးအစီအစဉ်ရေးဆွဲသူတို့ ချက်ခြင်းအဖြေများပေးနိုင်မည်ဖြစ်သော်လည်း တတိယနှင့် ပဥ္စမမေးခွန်းများကို အဖြေပေးရန် နောက်ထပ်စုံစမ်းမှုများကို လိုအပ်မည့်ပုံ ရှိပါသည်။ အဆိုပြုထားသော ပစ်မှတ်၏သဘာဝကို သေချာစေရန် ဖြစ်နိုင်သမျှအစီအမံများအားလုံးကို အသုံးပြုပြီးသည့်နောက် ၎င်း၏ဝိသေသလက္ခဏာအပေါ် သံသယရှိနေဆဲဖြစ်လျှင် အပိုဒ်၅၀(၁)နှင့် ၅၂(၃)တို့က ယင်းကို အရပ်သားအဖြစ် မှတ်ယူရမည်ဟု ဖော်ပြထားပါသည်။ နောက်ဆုံးစစ်ဆေးသုံးသပ်မှုအဖြစ် ရည်မှန်းချက်တာဝန်လုပ်ဆောင်နေစဉ်အတွင်း တိုက်ခိုက်မှုက ဆက်စပ်ထိခိုက်ပျက်စီးမှုကို အလွန်အကျွံဖြစ်စေနိုင်ကြောင်း ထင်ရှားလာလျှင် အပိုဒ် ၅၇(ခ) အရ ထိုတိုက်ခိုက်မှုကို ရပ်ဆိုင်းရန် သို့မဟုတ် ပယ်ဖျက်ရန် ပြဋ္ဌာန်းထားပါသည်။

## ဆင်ခြင်တုံတရားရှိသည့် စစ်ဘက်ကွပ်ကဲသူကို စမ်းသပ်ခြင်း

ယခင် ယူဂိုဆလားဗီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး(ICTY)သည် ဘော်လ်ကန်နိုင်ငံများမှ နယ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များ၏ လုပ်ဆောင်မှုများအပေါ် ၎င်း၏ဆုံးဖြတ်ချက်များအတွက် အကောင်းဆုံး သိထားကြသည်နှင့်တပြိုင်တည်းမှာပင် အစိုးရရှေ့နေရုံးအား စစ်ပွဲများအတွင်း မြောက်အတ္တလန်တိတ်စာချုပ်အဖွဲ့(NATO)၏ လေကြောင်းအင်အားအသုံးပြုခြင်းကို ဥပဒေနှင့်ညီကြောင်းကို စစ်ဆေးပေးရန် တောင်းဆိုခဲ့ပါသည်။ ၂၀၀၀ပြည့်နှစ်တွင် အစိုးရရှေ့နေရုံး(OTP)သို့ တင်သွင်းသည့်အစီရင်ခံစာ၌ NATO ၏ ဗုံးကြဲတိုက်ခိုက်မှုအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် ဖွဲ့စည်းတည်ထောင်ခဲ့သည့်ကော်မတီက ဤလေကြောင်းတိုက်ခိုက်မှုတွင်ပါဝင်ခဲ့သူတို့သည် အလွန်အကျွံ ဆက်စပ်ထိခိုက်ပျက်စီးမှုဖြစ်စေရန်မျှော်လင့်နိုင်သော တိုက်ခိုက်မှုများအား မပြုလုပ်ရန် ဟူသော ၎င်းတို့၏ တာဝန်ကို လိုက်နာခဲ့ခြင်းရှိမရှိ တိုင်းတာရန် “ဆင်ခြင်တုံတရားရှိသော စစ်ဘက်ကွပ်ကဲသူတပ်မှူး”တစ်ဦး၏ စံသတ်မှတ်ချက်ကို ဖော်ဆောင်ခဲ့ပါသည်။ ထိုကော်မတီက ဤသို့ အကြောင်းပြခဲ့ပါသည် -

> လူ့အခွင့်အရေးရှေ့နေတစ်ဦးနှင့် အတွေ့အကြုံရှိတိုက်ပွဲကွပ်ကဲသူတပ်မှူးတစ်ဦးတို့က စစ်ရေး အကျိုးအမြတ် အသာစီးရရန်နှင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများ ဒဏ်ရာရရန်တို့ကို တူညီသော နှိုင်းရတန်ဖိုးများ သတ်မှတ်မည့် အလားအလာ မရှိပေ။ ထို့အပြင် မူဝါဒသဘောတရားမတူဘဲ တိုက်ပွဲအတွေ့အကြုံအတိုင်းအတာ သို့မဟုတ် နိုင်ငံ့စစ်သမိုင်းမတူညီကြသော စစ်ဘက်ကွပ်ကဲသူတပ်မှူးများသည် ဝိဝါဒကွဲပြားစရာကိစ္စရပ်များတွင် အမြဲတစေ သဘောထားချင်းတိုက်ဆိုင်ရန် အလားအလာမရှိပေ။ နှိုင်းရတန်ဖိုးများကို ဆုံးဖြတ်သတ်မှတ်ခြင်းသည် “ဆင်ခြင်တုံတရားရှိသော စစ်ဘက်ကွပ်ကဲသူတပ်မှူး” ဖြစ်ရမည်ဟု အကြံပြုထားပါသည်။ ဝိဝါဒကွဲပြားစရာရှိသောကိစ္စရပ်များတွင် ငြင်းချက်ထုတ်ရန်အတွက် အခွင့်အရေးရှိမည် မှန်သော်လည်း ဆင်ခြင်တုံတရားရှိသော စစ်ဘက်ကွပ်ကဲသူတပ်မှူးများအနေဖြင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများ ဒဏ်ရာရရှိမှု သို့မဟုတ် အရပ်ဘက်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုတို့သည် ရရှိခဲ့သော စစ်ရေးအကျိုးအမြတ်နှင့် အချိုးအစားမညီမျှသည်မှာ သိသာထင်ရှားကြောင်း သဘောတူကြမည့် ကိစ္စရပ်များ အများအပြား ရှိပေလိမ့်မည်။ (ယခင် ယူဂိုဆလားဗီးယားနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး၊ 2000, para. 50)

ဤစံသတ်မှတ်ချက်ကိုစိတ်တွင်စွဲလျက် အဆိုပါကော်မတီသည် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နှင့် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ တို့ကဲ့သို့သော လူ့အခွင့်အရေးအဖွဲ့အစည်းများက အပြည်ပြည်ဆိုင်ရာဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်သည်ဟု တင်ပြထားသော လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း မစ်ရှင်တစ်ရပ်လုံးနှင့် သီးခြား တိုက်ခိုက်မှုများ နှစ်ခုလုံးကို ပိုင်းခြားစိတ်ဖြာစိစစ်သုံးသပ်ခဲ့ပါသည်။ အချို့ကိစ္စများတွင် အရပ်သားသေကြေထိခိုက်မှုမှာ မြင့်မားသည်ဟု မှတ်ယူနိုင်သော်လည်း အဆိုပါကော်မတီက ထိုတိုက်ခိုက်မှုများ၏ ကျိုးကြောင်းဆီလျော်မှုကို သေချာစေရန် သို့မဟုတ် စစ်ရာဇဝတ်မှုများအား တရားဝင်အမှုဖွင့်စုံစစ်ဆေးခြင်းကို လုပ်ဆောင်ရန် သက်သေအထောက်အထားမလုံလောက်ခြင်းကို အကြောင်းပြချက် ပေးခဲ့ပါသည်။

တိုက်ခိုက်မှုတွင် ကြိုတင်သတိထားကာကွယ်ခြင်းများနှင့် အချိုးအစားညီမျှခြင်း နှစ်ခုစလုံး၏ စည်းမျဉ်းများအား ကွပ်ကဲသူတပ်မှူး၏လိုက်နာမှုကိုသေချာစေရန် သင့်လျော်သောနည်းလမ်းအဖြစ် အခြားသော တရားရေးဆိုင်ရာနှင့် တရားရေးနှင့်မသက်ဆိုင်သောအဖွဲ့အစည်းများက ဆင်ခြင်တုံတရားရှိသောစစ်ဘက်ကွပ်ကဲသူတပ်မှူး

စံသတ်မှတ်ချက်ကို အစကတည်းကပင် အတည်ပြုတိုက်ရိုက်ကိုးကားခဲ့ပြီး ဖြစ်ပါသည်။[14] ထို့အပြင် အမေရိကန်ပြည်ထောင်စု စစ်ပွဲဆိုင်ရာဥပဒေလက်စွဲသည် "ဖြစ်နိုင်သော ကြိုတင်သတိထားကာကွယ်မှုများ"ကို "လက်တွေ့ကျသော ကြိုတင်သတိထားကာကွယ်မှုများ"မှ အဓိပ္ပါယ်အားဖြင့် ကွဲပြားခြားနားနေသည်ဟု ရှုမြင်ပုံမပေါ်ချေ။ (US Department of Defense 2016, 191-197)။[15] ပြီးပြည့်စုံမှုမရှိစေကာမူ ဤကျိုးကြောင်းဆီလျော်မှု စံသတ်မှတ်ချက် သည် ကွပ်ကဲသူတပ်မှူး၊ အစီအစဉ်ရေးဆွဲသူ သို့မဟုတ် ရှေ့တန်းတိုက်ပွဲဝင်စစ်သည်တစ်ဦးက တိုက်ခိုက်မှုတွင် အချိုးအစားညီမျှမှုနှင့် ကြိုတင်သတိထားကာကွယ်မှုများကို လွှမ်းမိုးထိန်းချုပ်ထားသော စည်းမျဉ်းများနှင့် စပ်လျဉ်း ၍ ဥပဒေနှင့်အညီလုပ်ဆောင်ခဲ့ခြင်းရှိမရှိကို ဆုံးဖြတ်ရန်အတွက် အကောင်းဆုံးစံကို ကိုယ်စားပြုပါသည်။

တုန်လှုပ်မှုကင်းသည့်စိတ်တည်ငြိမ်ခြင်း(ဥပေက္ခာ) သူတော်ကောင်းတရားပြုစုပျိုးထောင်နိုင်ရေးအတွက် ပွားများကျင့်ကြံသူများအား အထောက်အကူပြုရန် ဗုဒ္ဓဘာသာအစဉ်အလာအတွင်းရှိ ကမ္မဋ္ဌာန်းအလေ့အကျင့်များကို ပုံစံချစီစဉ်ထားခြင်း ဖြစ်ပါသည်။ (သက္ကတ - Upeksa; ပါဠိ - upekkhā) ဤဗုဒ္ဓဘာသာ အယူအဆကို ဆေးပညာအရ/သိပ္ပံနည်းကျ လေ့လာသူပရိသတ်အတွက် ဘာသာပြန်ဆိုရာတွင် Desbordes et al, (2015 ၊ ၃၅၇) က တုန်လှုပ်မှုကင်းသည့်စိတ်တည်ငြိမ်ခြင်းကို အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုပါသည် -

> အတွေ့အကြုံအားလုံး သို့မဟုတ် အာရုံအားလုံး၏ သက်ရောက်မှု (သာယာဖွယ်ရှိ၊ သာယာဖွယ်မရှိ၊ သာမန်) သို့မဟုတ် အခြေခံအကြောင်းက မည်သို့ပင်ဖြစ်စေကာမူ ထိုအတွေ့အကြုံနှင့် အာရုံများပေါ်တွင် ညီညွတ်အေးချမ်းအောင်ထားသောစိတ် သို့မဟုတ် ပင်ကိုသဘာဝအတိုင်းထားသောစိတ် ... ဥပေက္ခာ သဘောတရားတွင် ဘက်မလိုက်ခြင်းသဘောလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့် သာယာဖွယ်မရှိသော အတွေး သို့မဟုတ် ခံစားချက်ကို ချုပ်တည်းဖိနှိပ်ခြင်း၊ ဆန့်ကျင်ဖယ်ရှားလိုခြင်း၊ အကောင်းအဆိုး သတ်မှတ်ခြင်း၊ သို့မဟုတ် ရွံရှာမုန်းတီးခြင်းများ မရှိဘဲ ကြည့်ရှုနိုင်သောအရည်အသွေး ဖြစ်သည်။

ဤဥပေက္ခာဟူသောဝေါဟာရသည် စိတ်ခံစားချက်ကင်းမဲ့စွာ တသီးတခြားရှိသည့် သဘောကို မြင်စေသော်လည်း ဗုဒ္ဓဘာသာရှုထောင့်အရ ဥပေက္ခာသဘောသည် ဂရုမပြုလျစ်လျူရှုခြင်းဟူသော အဓိပ္ပါယ်မဟုတ်ပါ။ စင်စစ်မှာ ဤဝေါဟာရသည် တစ်စုံတစ်ဦးက သူ၏အတွေ့အကြုံကို အပြည့်အဝရှုမြင်သုံးသပ်သော်လည်း ထိုအာရုံတွင် ငြိကပ်တွယ်တာနေခြင်းမရှိသည့် တည်ငြိမ်သောစိတ်အခြေအနေကို ဖော်ပြပါသည်။ Desbordes နှင့် ၎င်း၏မိတ်ဆွေများက ဥပေက္ခာသဘောဖြင့် အာရုံခံစားခြင်းကို သုတေသနပြုသူများ တိုင်းတာနိုင်အောင် နည်းလမ်း(၃) ခု ဖော်ပြပါသည်။ ထိုနည်းလမ်းတို့မှာ မိမိကိုယ်ကို ပြန်လည်သုံးသပ်သည့်မေးခွန်းများ၊ စိတ်ပိုင်းဆိုင်ရာအမှတ်အသားများ(ဥပမာအားဖြင့် ထိတ်လန့်စရာကိစ္စများတွင်မိမိ၏တုံ့ပြန်မှုပမာဏ)နှင့် အာရုံကြောနှင့်ဆိုင်သော အမှတ်အသားများ(ဥပမာအားဖြင့် စိတ်ခံစားမှုဖြစ်ပေါ်လာစေနိုင်သော ဦးနှောက်အပိုင်းရှိ သက်ဝင်လှုပ်ရှားစေခြင်းစံနှုန်းများ)။ တည်ငြိမ်သောစိတ်၏ ဥပေက္ခာသဘောကို ဖော်ပြနေသောအချက်များအဖြစ် ဤသို့သော စံနှုန်းများကို အသုံးပြုပြီး ရှေးဦး ပြုလုပ်ခဲ့သောသုတေသနများကို လေ့လာခြင်းအရ ဘာသာရေးပင်ဖြစ်စေ၊ လောကီရေးပင်ဖြစ်စေ ကမ္မဋ္ဌာန်းအားထုတ်မှုနည်းအချို့သည် ကမ္မဋ္ဌာန်းအားထုတ်သူတို့၏ ဥပေက္ခာသဘောရှိသော စိတ်ကို ထိန်းထားနိုင်သည့် အရည်အသွေးကို တိုးတက်ကောင်းမွန်စေသည်ဟု မြင်တွေ့နိုင်ပါသည်။

ဆင်ခြင်တုံတရားရှိသော စစ်ဘက်ကွပ်ကဲသူတပ်မှူး အယူအဆသည် ဆုံးဖြတ်ချက်များချရာ၌ ဆင်ခြင်တုံတရားကို ရှေ့ထားပြီး သို့မဟုတ် စိတ်ရှင်းရှင်းဖြင့် ချနိုင်သောသူကို မဆိုလိုကြောင်း ရှင်းလင်းစွာနားလည်ရန် အရေးကြီးပါသည်။ ထို့အပြင် ဆင်ခြင်တုံတရားရှိသော စစ်ဘက်ကွပ်ကဲသူတပ်မှူးကို စမ်းသပ်ခြင်းသည် ရှေ့ကို ကြိုတင်စဉ်းစားဆင်ခြင်ခြင်းဖြစ်ပြီး ယင်းသည် ကိစ္စတစ်ခုကိုလွန်မှသိနိုင်သည့် အခြေအနေနှင့်သက်ဆိုင်သော အခြင်းအရာများကို ထည့်သွင်းစဉ်းစားခြင်းမပြုရပါ။ လက်တွေ့တွင် တရားသူကြီးများနှင့် အခြားသော တရားရေးဆိုင်ရာ လုပ်ဆောင်သူများသည် ဤစမ်းသပ်မှုကို ခိုင်မာသောယုံကြည်ချက်တစ်ခုက မှားယွင်းနေသည့်တိုင် ကောင်းမွန်သောယုံကြည်ချက်နှင့်ပြုလုပ်သောဆုံးဖြတ်ချက်များကို စစ်ဘက်ကွပ်ကဲသူတပ်မှူးများအား နှစ်သက်လက်ခံစေရန် ပမာဏကျယ်ကျယ်ပြန့်ပြန့်ပေးသည့် ပုံစံဖြင့် ကျင့်သုံးခဲ့ကြပါသည်။ (Threw 2017, 124 – 126) ဥပဒေက သေချာစွာ ပြဋ္ဌာန်းမထားသော်လည်း ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရသည့်အခါ ဥပေက္ခာသဘောကို ထိန်းသိမ်းထားနိုင်ရန်နှင့် ၎င်း၏ ပင်ကိုတွေးခေါ်ပုံအကျင့်စရိုက်ကို ကျော်လွှားနိုင်ရန် လေ့ကျင့်ထားသူသည် မည်သည့်အခြေအနေတွင်မဆို ယုတ္တိတန်သောဆန်းစစ်မှုပြုလုပ်ရန်နှင့် ထိုဆန်းစစ်မှုပေါ်အခြေခံကာ ပိုမို၍

ကြောင်းကျိုးဆီလျော်သောဆုံးဖြတ်ချက်များကိုပြုလုပ်ရန် အခြေအနေ ပိုမိုကောင်းမွန်နိုင်ပါသည်။ ဤအချက်က ဥပဒေအား လေးစားလိုက်နာမှုကို ပိုမို တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုနိုင်သည့်အပြင် IHL အား ချိုးဖောက်မှုများကိုဖြစ်စေနိုင်သော ဆုံးဖြတ်ချက်တွင် အမှားအမျိုးမျိုးကို ကာကွယ်တားဆီးပေးနိုင်ပါသည်။

## မျက်မှောက်ခေတ် စစ်ပွဲတွင် ပစ်မှတ်ထားခြင်း၏ အစစ်အမှန်အရှိတရား

### ပစ်မှတ်ထားခြင်း သုံးမျိုး

ပစ်မှတ်ထားခြင်းဥပဒေသည် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများ (သို့မဟုတ် ဆေးတပ်ဖွဲ့များ ကဲ့သို့ အခြားသော အကာအကွယ်ပေးထားသည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အရာဝတ္ထုများ) အား ပစ်မှတ်ထားခြင်းကို လုံးဝ ပိတ်ပင်တားမြစ်ခြင်း ဆိုလိုသည်မှာ ခွဲခြားခြင်းနှင့် အစပြုပါသည်။ အချိုးအစားညီမျှခြင်းနှင့် ကြိုတင်သတိထား ကာကွယ်ခြင်းစည်းမျဉ်းများက အရပ်သားများ သို့မဟုတ် အရပ်ဘက်အဆောက်အအုံများသည် စစ်ရေးဆိုင်ရာ ရည်မှန်းချက်အနီးရှိနိုင်သောအန္တရာယ်ရှိသည့်ကိစ္စရပ်များတွင် ခွဲခြားခြင်းအားလုပ်ဆောင်ပုံနည်းလမ်းကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

ဤစည်းမျဉ်းများကို လက်တွေ့ကျင့်သုံးရန်အတွက် ဆုံးဖြတ်ချက်ချသူများ (ဆိုလိုသည်မှာ ကွပ်ကဲသူတပ်မှူးများနှင့် စစ်ရေးအစီအစဉ်ရေးဆွဲသူများ)သည် စစ်မြေပြင်နေရာတွင် အမှန်တကယ် ဖြစ်နေသည်များနှင့် ၎င်းတို့ တိုက်ခိုက်မှုများ၏ သက်ရောက်မှုအလားအလာအပေါ် ယုံကြည်မှုတို့အား ဆန်းစစ်မှုများကို ကောင်းစွာ ဟန်ချက်ညီ အောင်ထိန်းညှိရပါမည်။ လက်နက်ကိုင်တပ်ဖွဲ့အတော်များများသည် ပစ်မှတ်ထားခြင်းလုပ်ငန်းစဉ်အမျိုးမျိုးကို အကြမ်းဖျဉ်းအားဖြင့် ရည်ရွယ်ပစ်မှတ်ထားခြင်း(deliberate targeting)၊ အရှင်လှုပ်ရှားပြောင်းလဲပစ်မှတ်ထားခြင်း (dynamic targeting) နှင့် ရင်ဆိုင်တိုက်ပွဲများ(combat engagements)ဟူ၍ အုပ်စုသုံးမျိုး ခွဲခြားထားပါသည်။

ရည်ရွယ်ပစ်မှတ်ထားခြင်းတွင် ကွပ်ကဲသူတပ်မှူးများနှင့် စစ်ရေးအစီအစဉ်ရေးဆွဲသူများ၌ တိုက်ခိုက်ရမည့် စစ်မြေပြင်နေရာနှင့်ပတ်သက်သည့် ထောက်လှမ်းရေးသတင်းအချက်အလက်များကို စုဆောင်းရန်နှင့် ပိုင်းခြား စိတ်ဖြာစိစစ်ရန်အပြင် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများအပေါ် အဆိုပြုထားသည့်တိုက်ခိုက်မှု၏ ဖြစ်လာနိုင်သောသက်ရောက်မှုကို စူးစမ်းရှာဖွေရန် အချိန် ပိုမိုရရှိပါသည်။ အမေရိကန်လေတပ်အရာရှိဟောင်း တစ်ဦး ပြန်လည်ပြောပြသကဲ့သို့ ရည်ရွယ်ပစ်မှတ်ထားခြင်းသံသရာသည် စီစဉ်ထားပြီးဖြစ်သည့်လုပ်ငန်းစဉ်အတိုင်း အများဆုံးလုပ်ဆောင်ရခြင်းဖြစ်ပြီး လုပ်ဆောင်သူမျိုးစုံထံမှ ပေးသည့်အချက်အလက်များ ပါဝင်ပါသည် -

> ပစ်မှတ်ထားခြင်းနှင့်အတူ ယင်းသည် ချမှတ်ထားသောစည်းကမ်းအတိုင်း လုပ်ဆောင်ရသည်က များပြီး နက်နက်နဲနဲစဉ်းစားတွေးတောရန် အချိန်များများမရှိပါ။ ယင်းသည် ဆောင်ရွက်ရန်စာရင်း ဖြစ်ပြီး အစီအစဉ်အတိုင်း လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်ဖြင့် ပါဝင်ဆောင်ရွက်သူ မျိုးစုံရှိပြီး ကိုက်ညီသော သို့မဟုတ် မကိုက်ညီသော စံနှုန်းသတ်မှတ်ချက်များ ရှိပါသည် ..... ။ ကျွန်ုပ်တို့ လုပ်နေခဲ့သည့် အရာအတော်များများတွင် ဥပဒေသမား ပါဝင်ပါသည် သို့မဟုတ် တိုက်ခိုက်မှု မျက်နှာပြင်ဧရိယာများ (ပစ်မှတ်စာရင်းများ)နှင့် စုစည်းစာရင်းပက်ကေ့ချ်များ ပါဝင်သည့် ဥပဒေဆိုင်ရာ သုံးသပ်ချက် ပါဝင်ပါသည်။ ထို့ကြောင့် ထိုသဘောဖြင့် “ထိုဆောင်ရွက်ရန်စာရင်းများနှင့် ထိုစံသတ်မှတ်ချက်များကို ဖန်တီးလုပ်ဆောင်ရာတွင် မည်သည်တို့ပါဝင်ခဲ့သည့်သနည်းနှင့် ၎င်းတို့ မည်သည့်နေရာက လာသနည်း” ကို သင်မေးရပါမည်။ ထိုအချက်ကို ကျွန်ုပ်မပြောနိုင်ပါ။ .. တိုက်ပွဲ ဇုန်နယ်မြေတွင် ရှိနေသူအများစု ဤကိစ္စကို တွေ့ကြုံဖူးမည်ဟု ကျွန်ုပ်ထင်ပါသည်...။ ၎င်းတို့သည် (လုပ်ငန်းစဉ်များကို) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတစ်ခုတည်း ဖြစ်ပါသည်။[16]

ဤသို့အကာအကွယ်ပေးထားမှုများရှိသော်လည်း ရည်ရွယ်ပစ်မှတ်ထားခြင်းတွင် ဆုံးဖြတ်ချက်ချသူများသည် အရာ ခပ်သိမ်းသိမြင်ကြသူများ သို့မဟုတ် အမှားကင်းကြသူများ မဟုတ်ကြပေ။ သီးခြားပစ်မှတ်တစ်ခုကို လုပ်ဆောင်ရန် ရရှိထားသောအချက်အလက်များပေါ် မူတည်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ ဆုံးဖြတ်ချက်ချရသောအခါများတွင်ပင် ပစ်မှတ်ထားခြင်းဆိုင်ရာသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(RoE)ကို

မှုကြမ်းရေးဆွဲသောအဆင့်တွင် ဘက်လိုက်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသေးသည်။ ယင်းသို့သော လုပ်ထုံးလုပ်နည်းများကို ထိုသို့အကောင်အထည်ဖော်ခြင်း၌ ပစ်မှတ်ထားခြင်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းရှိမရှိကို ဆုံးဖြတ်ခြင်းအတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အတိုင်းအတာတချို့လည်း ရှိပါသေးသည်။ သို့သော်လည်း အရှင်လှုပ်ရှား ပြောင်းလဲပစ်မှတ်ထားခြင်း သို့မဟုတ် ရင်ဆိုင်တိုက်ပွဲများနှင့်နှိုင်းယှဉ်လျှင် ရည်ရွယ်ပစ်မှတ်ထားခြင်းမစ်ရှင် လုပ်ဆောင်မှုများအတွင်း ဖြစ်ပေါ်စေသည့် နှိုင်းယှဉ်ချက်အရ ဆက်စပ်ထိခိုက်ပျက်စီးမှုမှာ အတော်နည်းပါးသည်ဟု ဆိုပါသည်။ (Human Rights Watch 2008, 29-33)

အရှင်လှုပ်ရှားပြောင်းလဲပစ်မှတ်ထားခြင်းတွင် အခွင့်ကြုံခိုက် တိုက်ခိုက်ရသော ပစ်မှတ်များ ပါဝင်ပါသည်။ ကွပ်ကဲသူတပ်မှူးများ၊ ထောက်ပံ့ရေးဝန်ထမ်းများနှင့် ရှေ့တန်းတပ်ဖွဲ့ဝင်စစ်သည်များအတွက် ရည်ရွယ်ပစ်မှတ်ထားခြင်းဖြစ်စဉ်များအတွင်းမှာကဲ့သို့ သတင်းအချက်အလက်များကို များနိုင်သမျှများများ စုဆောင်းရန် သို့မဟုတ် ပိုင်းခြားစိတ်ဖြာစိစစ်ရန် ယင်းသို့ အချိန်မရနိုင်ပေ။ သို့သော်လည်း ၎င်းတို့သည် အခြေအနေကို ၎င်းတို့ တွေ့ရသည့်အတိုင်း ၎င်းတို့ရသည့် သတင်းအချက်အလက်များကို အသုံးပြု၍ သင့်လျော်သလို ဆန်းစစ်ကြရပါမည်။

လိုအပ်ချက်အရ ရင်ဆိုင်တိုက်ပွဲများ (ဥပမာ - တပ်ဖွဲ့ဝင်များသည် ရန်သူနှင့် ပစ်ခတ်တိုက်ခိုက်မှုတွင် တိုက်ရိုက် ထိတွေ့ရင်ဆိုင်နေရချိန်များ)သည် ပို၍ပင် အခြေအနေအရ သင့်တော်သလိုလုပ်ဆောင်ရသည့် သဘောသဘာဝရှိပြီး ရည်ရွယ်ပစ်မှတ်ထားခြင်း သို့မဟုတ် အရှင်လှုပ်ရှားပြောင်းလဲပစ်မှတ်ထားခြင်းကဲ့သို့ တူညီသော လုပ်ငန်းစဉ်များပေါ် မူတည်ခြင်းမရှိချေ။ (NATO 2016, 1:2 – 1:3)[17] ရင်ဆိုင်တိုက်ပွဲများတွင် အနည်းငယ်မျှသော ထောက်ပံ့မှုလိုအပ်ချက်အကူအညီနှင့် ပစ်ခတ်ခံနေရသည့်တပ်ဖွဲ့သည် စစ်ဆင်ရေးလုပ်ဆောင်နေသောဝန်းကျင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းရမည်ဖြစ်ပြီး ထိုအချိန်၌ ရှိနေသော အခြေအနေအား ၎င်းတို့ အကောင်းဆုံးနားလည်သဘောပေါက်မှုပေါ်အခြေခံကာ ပစ်မှတ်များကို တိုက်ခိုက်ရပါမည်။

ကွပ်ကဲသူတပ်မှူးများ၊ စစ်ရေးအစီအစဉ်ရေးဆွဲသူများနှင့် ရှေ့တန်းတပ်ဖွဲ့ဝင်များအား စစ်နည်းဗျူဟာများ၊ နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများ (TTPs) အပြင် ခွဲခြားခြင်းဟူသော စစ်ပွဲတွင်းဥပဒေ (jus in bello) အခြေခံမူနှင့် ပစ်မှတ်ထားခြင်း အတန်းအစားတစ်ခုချင်းစီအတွက်ဆီလျော်သော တိုက်ခိုက်မှုတွင် အချိုးအစားညီမျှခြင်းနှင့် ကြိုတင်သတိထားကာကွယ်ခြင်းစည်းမျဉ်းများကိုထည့်သွင်းစဉ်းစားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (ROE) တို့ကို ပေးအပ်ပါမည်။ သို့တိုင် ထိုကိစ္စရပ်သုံးခုလုံးတွင် စကားပုံလာ စစ်ပွဲ၏မသေချာမရေရာမှု(fog of war)[18] သည် ပစ်မှတ်ထားခြင်းကို ပိုင်းခြားစိစစ်ရာတွင် ဇဝေဇဝါ ဖြစ်စေနိုင်ပြီး ထိုဖြစ်စဉ်အတွင်း အထူးသဖြင့် စိတ်ဖိစီးမှုများသော သို့မဟုတ် အချိန်လုရသောအခါများတွင် တစ်ဦးချင်းတို့အတွက် ၎င်းတို့၏ ကိုယ်ပိုင် ဘက်လိုက်မှုများကို ထည့်သွင်းလုပ်ဆောင်လာရန် အခွင့်အလမ်းများ ဖန်တီးပေးပါသည်။

**စစ်ပွဲ၏ မသဲကွဲမှု**

စစ်ပွဲအတွင်း တစ်ဦးချင်း သို့မဟုတ် တစ်ဦးချင်းတို့၏အစုအဖွဲ့အတွက်ပင် စစ်မြေပြင်နေရာနှင့်ပတ်သက်၍ မှန်ကန်သော သတင်းအချက်အလက်များကို အချိန်ကိုက် ရရှိနိုင်ရန် ခက်ခဲသောကြောင့် စစ်ပွဲ၏ မသေချာမရေရာမှုပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ထို့အပြင် ရန်သူက ရည်ရွယ်ချက်ရှိရှိထုတ်ပေးသော သတင်းအမှားက အခြေအနေတစ်ခုကို မှန်ကန်စွာ သိမြင်နိုင်ရန် တိုက်ပွဲဝင်စစ်သည်များ၏ အားထုတ်ကြိုးပမ်းမှုများကို ပို၍ ရှုပ်ထွေးစေပါသည်။ အစောပိုင်းကာလ စစ်ပွဲများတွင် ဆုံးဖြတ်ချက်ချရသူများအတွက် စစ်မြေပြင်နေရာနှင့်ပတ်သက်၍ လုံလောက်သော သတင်းအချက်အလက်များ(ဥပမာ - မှန်ကန်သောမြေပုံများ၊ ဓာတ်ပုံများ သို့မဟုတ် ပစ်မှတ်နှင့်ပတ်သက်၍ လူ ထောက်လှမ်းရေးသတင်းများ)ကို ရရှိရန် အခက်အခဲရှိနိုင်ပါသည်။ မျက်မှောက်ခေတ် လက်နက်ကိုင်ပဋိပက္ခများတွင် ခက်ခဲမှုအလားအလာရှိနေသေးသော်လည်း ယခုအခါ နောက်ထပ်တိုးလာသောပြဿနာမှာ ကွပ်ကဲသူတပ်မှူးများနှင့် ၎င်းတို့၏ဝန်ထမ်းများအနေဖြင့် အချိန်မီ သင့်တော်စွာ ပိုင်းခြားစိစစ်နိုင်သည်ထက် ပိုမိုများပြားသတင်းအချက်အလက်များကို ရရှိနေနိုင်ခြင်း ဖြစ်ပါသည်။

၂၀၁၁ခုနှစ်တွင် ဟိုးလေးတကျော်ဖြစ်ခဲ့သော အမေရိကန်တိုက်ခိုက်မှုတစ်ခုတွင် ဒရုန်းအော်ပရေတာတစ်ဦးသည် အနီးအနားရှိ ရန်သူ့တပ်ဖွဲ့များ၏ အန္တရာယ်ပေးနိုင်သည့်သတင်းများတွင် နစ်မြောနေခဲ့ပုံရပြီး ထိုနေရာတွင်ရှိနေသော ယာဉ်များနှင့် လူများသည် ရန်သူတပ်ဖွဲ့ဝင်များမဟုတ်ဘဲ အရပ်သားများဖြစ်ပုံရသည် ဆိုသည့်

သတင်းများကို သတိမပြုမိခဲ့ချေ။ ထိုယာဉ်များကို ပစ်မှတ်ထားမထား ဆုံးဖြတ်ရန် ဖိအားများလာသည့်အခါ ၎င်းတို့ကို ဘာလီဘန်တို့၏ယာဉ်တန်းဖြစ်သည်ဟု ယုံကြည်သောကြောင့် ထိုအော်ပရေတာက ရဟတ်ယာဉ်တစ်စီးကို ၎င်းတို့ပေါ်သို့ ပစ်ခတ်ရန် ခွင့်ပြုပေးခဲ့ပါသည်။ အာဖဂန်အရပ်သား (၂၃)ဦးကို သေစေခဲ့သော ဤချိုးဖောက်မှု၏ အကြောင်းရင်းသည် သတင်းအချက်အလက်များပြားလွန်းသောကြောင့်ဟု မှတ်ယူခဲ့ရပါသည် -

> ဤအမှုသည် စစ်ခုံရုံး၌ အဖြေမထွက်သေးသောကြောင့် အမည်မဖော်လိုကြောင်း ပြောဆိုခဲ့သည့် ထိုလေကြောင်းတိုက်ခိုက်မှုအား စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည့် အကြီးတန်း စစ်အရာရှိတစ်ဦးက "သတင်းအချက်အလက်များပြားလွန်းခြင်း - အတိအကျဖော်ပြချက်" ဟု ဆိုသည်။ "တကယ်လို့ ကျွန်တော်တို့ မှန်မှန်တွေးပြီး အရာရာကို အရှိန်လျှော့ချခဲ့မယ်ဆိုရင်" ဒီသေဆုံးမှုတွေကို ကာကွယ်တားဆီးခဲ့နိုင်မှာပါဟု ၎င်းက ပြောခဲ့ပါသည်"(Shanker and Richtel 2011) [My emphasis]

သတင်းအချက်အလက်များလွန်းခြင်းသည် မျက်မှောက်ခေတ် စစ်ပွဲတွင် ပစ်မှတ်ထားခြင်း၌ ပါဝင်သည့် တိုက်ပွဲဝင်စစ်သည်များအတွက် ယင်းကဲ့သို့ ကြီးမားသောအခက်အခဲကို ဖြစ်စေပါသည်။ ထို့အတွက် စစ်ဘက်သုတေသီအချို့က ဝင်လာသောသတင်းအချက်အလက်များကို ပြန့်နှံ့စေရန် အာရုံခံကိရိယာကို အသုံးပြုသူ၏ အာရုံခံလိုင်းအမျိုးမျိုးကို ဖြတ်သန်းစေနိုင်သော အာရုံခံစနစ်တုံ့ပြန်မှုကို တပ်ဖွဲ့များအား တပ်ဆင်ပေးထားရန် အဆိုပြုခဲ့ပါသည်။ (Elliott and Redden 2012) အခြားသူများကမူ ရုပ်ပုံဓာတ်ပုံ ပုံရိပ်များကို ခွဲခြမ်းစိတ်ဖြာပြီး တစ်စုံတစ်ရာ သာမန်မဟုတ်သည့်အခါတွင် လူသား အော်ပရေတာကို သတိပေးရန်သာ ဉာဏ်ရည်တုကို အသုံးပြုရန် အကြံပြုခဲ့ပါ သည်။ (ဥပမာအားဖြင့် Johnson နှင့် Wald 2017 တွင် ဖော်ပြထားသကဲ့သို့) အချို့က တိုက်ပွဲဝင်စစ်သည်များ၏ ဦးနှောက်လုပ်ဆောင်မှုကို တုံ့ပြန်ပြောင်းလဲပေးနိုင်သော ကွန်ပျူတာများ တည်ဆောက်ရန်ပင် အကြံပြုခဲ့ကြပါ သည်။ ယင်းမှာ စိတ်ပိုင်းဆိုင်ရာအရ စိတ်မရှည်တော့သည့် ကွန်ပျူတာက လူသားအော်ပရေတာဖြစ်နေသည်ကို ယုံကြည်ပုံနည်းလမ်းပေါ်အခြေခံကာ တင်ပြသော သတင်းအချက်အလက်ပမာဏကို အလိုအလျောက် ညှိယူခြင်း ဖြစ်ပါသည်။ (Lance and Mc Dowell 2012)

သတင်းအများကြောင့်ဖြစ်စေ၊ သတင်းအချက်အလက်မရခြင်းကြောင့်ဖြစ်စေ၊ သတင်းအချက်အလက် များလွန်းသောကြောင့်ဖြစ်စေ စစ်ပွဲ၏မသေချာမရေရာမှုသည် ပစ်မှတ်အလားအလာ၏ စစ်ရေးအသာစီးရမှုကို အပြည့်အဝနားလည်သဘောပေါက်ရန် သို့မဟုတ် အရပ်သားများ သို့မဟုတ် အရပ်ဘက်အဆောက်အအုံများအပေါ် အဆိုပြုထားသောတိုက်ခိုက်မှု၏ အကျိုးသက်ရောက်မှုများကို အားကိုးအားထားပြုနိုင်သော ကြိုတင်ခန့်မှန်းမှုပြုလုပ်နိုင်ရန် တိုက်ပွဲဝင်စစ်သည်များအတွက် အခက်အခဲဖြစ်စေသည့် ဇဝေဇဝါဖြစ်မှုနှင့် မသေချာမရေရာမှုခံစားချက်ကို အားဖြည့်ပေးနိုင်ပါသည်။ ယင်းသို့သောပတ်ဝန်းကျင်တွင် အထူးသဖြင့် စိတ်ဖိစီးမှုအောက်တွင် (Yu 2016) တိုက်ပွဲဝင်စစ်သည်များသည် ထိုအချိန်တွင် ရရှိသော သတင်းအချက်အလက်များအား ၎င်းတို့၏ အမြင်များဖြင့် ဆုံးဖြတ်ချက်များချနိုင်ရန် ကိုယ်တိုင်ရှာဖွေလေ့လာသင်ယူတတ်မြောက်နည်းနှင့် သိမြင်ခြင်းနှင့်ဆိုင်သော ဘက်လိုက်မှုများအပေါ် ပြန်လည်ကျရောက်သွားမည့်ပုံ ဖြစ်လာပါသည်။ သိမြင်ခြင်းနှင့်ဆိုင်သော စိတ်ပညာတွင် ကိုယ်တိုင်လေ့လာသင်ယူတတ်မြောက်ခြင်းသည် လုံ့လစိုက်အားထုတ်မှုပါသော ကျိုးကြောင်းသင့်တွေးခေါ်မြော်မြင်မှုထက် ဘက်လိုက်မှုနှင့် ဗီဇအသိစိတ်တို့ပေါ်တွင် ပို၍ အခြေခံသည့် အလိုအလျောက် စဉ်းစားတွေးတောခြင်းနည်းလမ်းများဖြစ်သော စိတ်၏ပင်ကိုယ်ဗီဇသဘောကို ရည်ညွှန်းပါသည်။ (Kahneman, Slovic and Tversky 1982) အလားတူပင် ယောဂါစာရ(Yogācāra) ဗုဒ္ဓဘာသာ စိတ်ပညာတွင် ပါရှိသော ဝါသနာ သဘောတရားသည် လူတစ်ယောက်အတွက် ၎င်းတို့၏ "စိတ်အတွင်းကိန်းအောင်းနေသည့်အတိတ်ကာလအတွေ့အကြုံနှင့် လုပ်ဆောင်မှု" တွင် စွဲထင်နေသည့်အရာများပေါ် အခြေခံပြီး အလိုအလျောက်ပုံစံဖြင့် စဉ်းစားတွေးတောရန် သို့မဟုတ် လုပ်ဆောင်ရန် အကျင့်ပါနေသော တိမ်းညွှတ်မှု သို့မဟုတ် ပင်ကိုစရိုက်ကို ဖော်ပြပါသည်။ (Keowl 2004: 212)

တွမ်မာဘရောက်ဒီ(Tomer Broude) နှင့် အက်ရှိလေဒိခ်စ်(Ashley Deeks) တို့၏ ကိုယ်တိုင် ရှာဖွေလေ့လာသင်ယူတတ်မြောက်နည်းနှင့် IHL တို့နှင့်ပတ်သက်သော အစောပိုင်းကာလ ရေးသားပြုစုမှုအပေါ် ထပ်ဆင့်၍ အမေရိကန်ရေတပ် ဥပဒေအကြံပေး လုခ်ဝှစ်တီမိုး - Luke Whittemore(2016) က ကိုယ်တိုင်ရှာဖွေလေ့လာသင်ယူတတ်မြောက်နည်းအနေဖြင့် ပစ်မှတ်ထားခြင်းဆုံးဖြတ်ချက်များ၏ အရည်အသွေးအပေါ် သက်ရောက်မှုရှိနိုင်သော နည်းလမ်းအတော်များများကို ပိုင်းခြားစိတ်ဖြာစိစစ်လေ့လာခဲ့ပါသည်။ ဥပမာအားဖြင့် ကိုယ်တိုင်ရှာဖွေသင်ယူ

တတ်မြောက်ခြင်းကို ရရှိထားခြင်းသည် တစ်ဦးချင်းအတွက် ပြန်လည်စဉ်းစားရန်ခက်ခဲသော သတင်းအချက်အလက်များထက် မှတ်ဉာဏ်အတွင်းမှ အလွယ်တကူ ရရှိနိုင်သည့် သတင်းအချက်အလက်များအပေါ် မူတည်လုပ်ဆောင်ရန် ဖြစ်တတ်ခြင်းကို ဖော်ပြပါသည်။ ဤကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်းက အကျိုးသက်ရောက်သည့်အခါ ကွပ်ကဲသူတပ်မှူး သို့မဟုတ် အစီအစဉ်ရေးဆွဲသူသည် မကြာသေးမီက သို့မဟုတ် စိတ်ခံစားမှုကို အဓိကထား တိုက်ခိုက်မှုများမှ ဆက်စပ်ထိခိုက်ပျက်စီးမှုနည်းပါးခြင်းသတင်းများကို ယေဘုယျအရပ်သားသေကြေထိခိုက်မှု မှန်မှန်တိုးလာနေသည့် သမိုင်းကြောင်းအရ အလားအလာရှိသည့်တိုင် နောက်တစ်ကြိမ် တိုက်ခိုက်မှုအတွက် ဆက်စပ်ထိခိုက်ပျက်စီးမှုနည်းပါးနိုင်ခြေဟု ညွှန်ပြရန် ပိုမိုမှတ်ယူနိုင်ပါသည်။ အလားတူ ဘက်လိုက် အတည်ပြုမှုသည် လူတစ်ယောက်က သတင်းအချက်အလက်ရှာဖွေရန်နှင့် လက်ခံရန်မည်သို့ ဖြစ်တတ်သည်ကို ဖော်ပြပါသည်။ ထိုသတင်းအချက်အလက်သည် ၎င်းကို အနှောက်အယှက် ဖြစ်စေမည့်သက်သေအထောက်အထားများကို ထည့်မတွက်ဘဲ တချိန်တည်းတွင် အခြေအနေတစ်ရပ်အား ၎င်းတို့၏ နားလည်သဘောပေါက်ခြင်းကို အတည်ပြုပေးပါသည်။ ဤကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်း၏ လွှမ်းမိုးခြင်းခံရသည့် စစ်ရေးအစီအစဉ်ရေးဆွဲသူများသည် မြို့ပြစစ်မြေပြင်နေရာတစ်ခု၏ ဒရုန်းဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံဗီဒီယိုများက ဖော်ပြသော လူတစ်စု၏ အပြုအမူ ဆိုပါစို့၊ ထိုအပြုအမူ၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ၎င်းတို့၏ သီအိုရီအယူအဆကို အတည်ပြုပေးမည့် သတင်းအချက်အလက်ကို ရှာဖွေရန် ကြိုးစားနိုင်ပါသည်။ ထိုအုပ်စုသည် အရပ်သားဖြစ်သည်ဟု ညွှန်ပြသော ဝိရောဓိဖြစ်သည့်အထောက်အထားများထက် ထိုအုပ်စုသည် တိုက်ပွဲများတွင်တိုက်ရိုက်ပါဝင်နေသည်ဟု ညွှန်ပြသည့် သတင်းအချက်အလက်များကို ပိုမိုကြီးမားလှစွာသော အလေးသာမှု ပေးစေနိုင်ပါသည်။ (အထက်၌ ဆွေးနွေးခဲ့သော ၂၀၁၁ခုနှစ် ဥပမာတွင်ကဲ့သို့)

စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်း၏ အရင်းခံအကြောင်းတရားများ - The Roots of Restraint in War (Terry and McQuinn 2018, 29) နှင့်ပတ်သက်သည့် ICRC ၏ လေ့လာမှုက တပ်မဖြန့်မီ တိုက်ရိုက် အသေးစိတ်ရှင်းလင်းမှာကြားခြင်းသည် စစ်ခေါင်းဆောင်များအတွက် တပ်ဖွဲ့ဝင်များအား IHL ၏ အခြေခံမူ ကောက်နုတ်ချက်များကို တစ်စုံတစ်ရာ ခိုင်ခိုင်မာမာ လက်တွေ့ကျင့်သုံးရတော့မည့်အချိန်မတိုင်မီ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရမည့်စံနှုန်းများကို ပိုမိုခိုင်မာအောင်အားဖြည့်ပေးရန် အဓိက အခွင့်အလမ်းရစေသည် ဟု အခိုင်အမာဆိုထားပါသည်။

ထိုနည်းတူစွာပင် ဝုစ်တီမိုး၏လေ့လာချက်က ကွပ်ကဲသူတပ်မှူးများ၏ IHL ကိုလိုက်နာရေးနှင့်ပတ်သက်သော မစ်ရှင်အကြို အသေးစိတ်ရှင်းလင်းပြောကြားမှုများ၏ အကျိုးသက်ရောက်မှုကို အလေးထား ဖော်ပြထားပါသည်။ ပစ်မှတ်ထားခြင်း ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ကွပ်ကဲသူတပ်မှူးများအား အကြံပေးရသော ၎င်း၏ အတွေ့အကြုံပေါ်တွင် တစ်စိတ်အပိုင်းအခြေခံ၍ ကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်းနည်းလမ်းနှစ်ခု အထူးသဖြင့် စဉ်းစားတွေးခေါ်ရာတွင် သိမြင်ခြင်းနှင့်ဆိုင်သော ဘက်လိုက်မှုနှင့် မိမိပိုင်အား တန်ဖိုးပိုမိုမြင့်တင်မှုတို့ကြောင့် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်းကို ၎င်းက အကြံပြုခဲ့ပါသည်။ အသေးစိတ်ကြိုတင် ပြင်ဆင်ခြင်းသည် လူတစ်ဦးအတွက် ရွေးချယ်စရာအမျိုးမျိုးကို ထိုရွေးချယ်စရာများနှင့်ပတ်သက်သော သတင်းအချက်အလက်များအား တင်ပြပုံနည်းလမ်းပေါ်တွင်သာ အခြေခံပြီး ဆွဲဆောင်မှု အနည်း သို့မဟုတ် အများကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပေါ်တတ်မှုကို ဖော်ပြပါသည်။ ဥပမာအားဖြင့် တိုက်ခိုက်မှုကို အသေးစိတ်ရှင်းလင်းပြောကြားသူက ကြိုတင်မျှော်မှန်းထားသည့် စစ်ရေးအသာစီးရမှု၏တန်ဖိုးကို အလေးအနက်ထားပြောကြားလျှင် အမိန့်ပေးကွပ်ကဲသူတပ်မှူးက လေကြောင်းတိုက်ခိုက်မှုကို ခွင့်ပြုရန် ပိုမိုဆန္ဒရှိနိုင်ပါသည်။ အပြန်အလှန်အားဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသူက မျှော်လင့်ထားသော ဆက်စပ်ထိခိုက်ပျက်စီးမှု၏ ဆိုးရွားပြင်းထန်မှုကို အလေးအနက်ထားပြောကြားလျှင် ၎င်းတို့ကို ခွင့်ပြုရန် အလားအလာ နည်းပါးနိုင်ပါသည်။ ဤကိစ္စရပ်နှစ်ခုအနက် မည်သည့်ကိစ္စတွင်မဆို ဖြစ်စဉ်၏ရည်ရွယ်ချက်အကြောင်းခြင်းရာများ မပြောင်းလဲခဲ့ဘဲ ကိစ္စရပ်နှစ်ခုလုံးတွင် အမိန့်ပေးကွပ်ကဲသူတပ်မှူးအား ကြိုတင်မျှော်မှန်းထားသော စစ်ရေးအသာစီးရမှုနှင့် မျှော်လင့်ထားသော ဆက်စပ်ထိခိုက်ပျက်စီးမှုတို့အတွက် တူညီသောတန်ဖိုးများကို မြင်သာအောင်ပြသရမည်ဖြစ်ပြီး တစ်ခုတည်းသော အပြောင်းအလဲမှာ တိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်လာမည့် နှိုင်းယှဉ်ချက်အရ အကျိုးအမြတ်များ သို့မဟုတ် ဆုံးရှုံးမှုများကို အသေးစိတ်ရှင်းလင်းပြောကြားသူ၏ အလေးအနက်ထားပြောကြားပုံနည်းလမ်းသာ ဖြစ်ပါသည်။

နောက်ထပ်အချက်တစ်ခုမှာ မိမိပိုင်အားတန်ဖိုးပိုမိုမြှင့်တင်မှု (endowment effect) ကြောင့် အမိန့်ပေး ကွပ်ကဲသူတပ်မှူးသည် ဆင်ခြင်တုံတရားကိုအခြေခံသည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းမှ လမ်းကြောင်းသွေဖည် သွားစေနိုင်ပါသည်။ မိမိပိုင်အားတန်ဖိုးပိုမိုမြှင့်တင်မှု (endowment effect) သည် လူတို့အတွက် အရာဝတ္ထု (သို့မဟုတ် အယူအဆ) တစ်ခုကို ၎င်းတို့ ကိုယ်ပိုင်ဖြစ်လာလျှင် ပိုမို တန်ဖိုးထားတတ်သော ဖြစ်တတ်သည့် တိမ်းညွတ်မှုကို ဖော်ပြပါသည်။ ဥပမာအားဖြင့် မစ်ရှင်အကြို အသေးစိတ်ရှင်းလင်းပြောကြားချက်ကို အမိန့်ပေး ကွပ်ကဲသူတပ်မှူးအား မစ်ရှင်အပြည့်အဝအောင်မြင်မှုကို ၎င်း၏အောင်မြင်မှုအဖြစ်ခံစားစေမည့်နည်းလမ်းဖြင့် ကြိုတင်ပြင်ဆင်ထားပါက မစ်ရှင်အလယ်တွင် မျှော်လင့်ထားသော ဆက်စပ်ထိခိုက်ပျက်စီးမှု အလွန်အကျွံဖြစ်နိုင် ကြောင်းသိသာထင်ရှားလာသည့်အခါ ၎င်းတို့သည် တိုက်ခိုက်မှုကို ဖျက်သိမ်းရန် အခက်အခဲတွေ့နိုင်ပါသည်။ ဝုစ်တီမိုး အလေးအနက်ထားဖော်ပြခဲ့သော ကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်းနှင့်ဆိုင်သော တွေးတော စဉ်းစားခြင်းသည် ကိစ္စရပ်အားလုံးတွင် သေချာပေါက် မှားယွင်းခြင်းမရှိချေ - စင်စစ်အားဖြင့် ဤအလျင်အမြန် ဆုံးဖြတ်ချက်ချခြင်း "တိုက်ရိုက်ညွှန်ကြားချက်များ"သည် အချို့အခြေအနေများတွင် အရပ်သားများအား အကာ အကွယ်ပေးမှုကို ပိုမို၍ပင် ချဲ့ထွင်ပေးနိုင်ပါသည်။ သို့ရာတွင် ကွပ်ကဲသူတပ်မှူး၏ မစ်ရှင်အကြို အသေးစိတ် ရှင်းလင်းပြောကြားခြင်း၏ ဖွဲ့စည်းမှုတွင် အနည်းငယ်မျှသော အပြောင်းအလဲများသည် စစ်ရေးအစီအစဉ်ပြုလုပ်သူ များနှင့်ဆုံးဖြတ်ချက်ချသူများကို "ဆင်ခြင်တုံတရားရှိသော စစ်ဘက်အမိန့်ပေးကွပ်ကဲသူတပ်မှူး" စံသတ်မှတ်ချက် ကို ပိုမိုနီးကပ်စွာ ဖြတ်တောက်ရန် ၎င်းက အကြံပြုခဲ့ပါသည်။

ကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်းနှင့်ဆိုင်သောစဉ်းစားတွေးခေါ်မှုကို စီမံခန့်ခွဲခြင်းအတွက် ယင်းသို့ လက်တွေ့ကျသော အစီအမံများအပြင် ကမ္မဋ္ဌာန်းအားထုတ်မှုနှင့် သတိတရားပွားများခြင်း ကျင့်သုံးမှုအလေ့အထ များက အထူးသဖြင့် စိတ်ဖိစီးမှုအောက်တွင် ပစ်မှတ်ထားခြင်းဆုံးဖြတ်ချက်များကို လုပ်နေရသူများ၏ အရည် အသွေး တိုးတက်ကောင်းမွန်စေရန် အထောက်အကူပေးခြင်းအတွက် ကတိတချို့ကိုလည်း ဆုပ်ကိုင်ထားပါသည်။

### မသေချာမရေရာမှုများကို ထွင်းဖောက်ဖြတ်တောက်ခြင်း - ကိုးအန်းနည်းဖြင့် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်း

### တိုက်ပွဲဝင်စစ်သည်များအတွက် ကမ္မဋ္ဌာန်းတရား၏ အကျိုးကျေးဇူးများ

ထောက်လှမ်းရေးသတင်းမလုံလောက်မှုနှင့် သတင်းအချက်အလက်များလွန်ခြင်း နှစ်ခုလုံးကြောင့် ဖြစ်စေသော မသေချာမရေရာမှုအပြင် မသေချာမရေရာသောအခြေအနေများတွင် စစ်ရေးအစီအစဉ်ရေးဆွဲသူများနှင့် ရှေ့တန်း တိုက်ပွဲဝင်စစ်သည်များအတွက် ခွဲမရအောင်တွဲပါလာသော ကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်းနည်းလမ်း အခြေခံ ကြောင်းကျိုးဆင်ခြင်မှုနှင့် ဘက်လိုက်မှုများအပေါ် ပြန်လည်ကျရောက်ခြင်းတို့ကို ထည့်သွင်းစဉ်းစားလျှင် စစ်ပွဲ၏မသေချာမရေရာမှုတလျှောက်လုံးကို ကူညီဖြတ်တောက်ရန် မည်သည်ကို လုပ်နိုင်မည်နည်း။ အစောပိုင်းက အဆိုပြုထားသော နည်းပညာပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းမှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများအပြင် ကမ္မဋ္ဌာန်းတရား အားထုတ်မှုက တိုက်ပွဲဝင်စစ်သည်များကို နိုးကြားအသိ ပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုကောင်းမွန်သော ဆုံးဖြတ် ချက်များပြုလုပ်နိုင်ရန် နည်းလမ်းပေးနိုင်ပါသည်။ စိတ်ပညာနှင့်အာရုံကြောသိပ္ပံပညာနယ်ပယ်များမှ လေ့လာမှု များက ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းတရားကျင့်သုံးမှုအလေ့အထများသည် စိတ်အပေါ် ထိရောက်သော သက်ရောက်မှုများ ရှိပြီး အတွေ့အကြုံရှိထားသူများ၏ကိစ္စတွင် ဦးနှောက်အတွင်း ဖွဲ့စည်းမှုဆိုင်ရာ အပြောင်းအလဲများကိုပင် ဖြစ်ပေါ် စေနိုင်သည်ဟု ပြသခဲ့ပါသည်။ (Austin 1999)

ဘရာဘော့ဇ်(Braboszcz)၊ ဟဟပ်စ်ရှောင်း(Hahusseau)နှင့် ဒီလောမ်း(Delorme)(2010)တို့၏ အဆိုအရ ကမ္မဋ္ဌာန်းတရားကျင့်သုံးမှုအလေ့အထများသည် ပြင်ပဖြစ်ရပ်များအပေါ် အသိအမြင်များကို ရှင်းရှင်းလင်းလင်း ဖြစ်စေနိုင်သည့်တချိန်တည်း၌ပင် စိတ်ပျံ့လွင့်ခြင်းသည် ယေဘုယျအားဖြင့် ပြင်ပလှုံ့ဆော်မှုတုံ့ပြန်သည့် လုပ်ငန်း စဉ်အား လုပ်ဆောင်နိုင်စွမ်းကို လျော့နည်းစေခြင်းနှင့်အတူ တွဲဖက်နေပါသည်။ ဤအဆိုများသည် အတွေ့အကြုံရှိ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်သူများအတွက် အံ့အားသင့်စရာ ဖြစ်ပုံမရသော်လည်း စိတ်ဝင်စားနိုင်မည့်အရာမှာ အချို့သောကျင့်သုံးမှုအလေ့အထများက သိမြင်မှု သို့မဟုတ် ဦးနှောက်ဖွဲ့စည်းပုံတွင် သီးခြား ဖွံ့ဖြိုးတိုးတက်မှုများ ကို အားပေးသည့်နည်းလမ်း ဖြစ်ပါသည်။ ဥပမာ "ပစ္စုပ္ပန်အခိုက်၌ပေါ်လာသောအာရုံတို့ကို စောင့်ကြည့်ခြင်း"

ကမ္မဋ္ဌာန်းအားထုတ်မှုပုံစံများ (ဝိပဿနာ သို့မဟုတ် ဇာဇန်ကဲ့သို့သော) ကို ကျင့်သုံးသူများသည် ၎င်းတို့၏ဝန်းကျင်အား နေသားကျအောင်ကျင့်ခြင်းကို ဆန့်ကျင်ခုခံရန် တိမ်းညွတ်မှုဖြစ်စေတတ်ပါသည်။ ထိုသူတို့သည် အာရုံများကို ပထမဆုံးတွေ့ကြုံရဖူးသကဲ့သို့ စဉ်ဆက်မပြတ် သိမြင်နိုင်စွမ်း ပိုမိုအားကောင်းပုံရှိပြီး ယင်းကြောင့် ကမ္မဋ္ဌာန်းအားထုတ်နေချိန်မဟုတ်သည့်တိုင် ၎င်းတို့၏အာရုံကို ပြောင်းလဲရာတွင် ပိုမိုကောင်းမွန်ပြီး ၎င်းတို့၏ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသောအပြောင်းအလဲများကို ပိုမိုလွယ်ကူစွာ ရိပ်စားမိပါသည်။ နှိုင်းယှဉ်ချက်အရ "တစ်ခုတည်းကိုသာ အာရုံပြုသော" ကမ္မဋ္ဌာန်းပုံစံများ(ကိုးအန်း မိမိကိုယ်မိမိပြန်လည်ဆန်းစစ်ခြင်းကဲ့သို့)ကို ကျင့်သုံးသူတို့သည် ၎င်းတို့ဝန်းကျင်တွင် ဖြစ်ပေါ်နေသောအပြောင်းအလဲများကို အာရုံယူရန် အဆင်သင့်မဖြစ်နိုင်သော်လည်း ၎င်းတို့သည် ပစ္စုပ္ပန်၌ ပေါ်လာသမျှအာရုံကို စောင့်ကြည့်သောအကျင့်ကို ကျင့်သုံးသူတို့ထက် စိတ်တွင် ဖြစ်ပေါ်လာသော ဆန့်ကျင်ဘက်သဘောလှုံ့ဆော်မှုများကို ပိုမိုလွယ်ကူစွာ ထိန်းထားနိုင်ပုံပေါ်ပါသည်။ ထို့အပြင် တစ်ခုတည်းကိုသာ အာရုံပြုသောကျင့်စဉ် (သမထကျင့်စဉ်)ကို အားထုတ်ထားသော အလေ့အကျင့်ရှိသူတို့အနေဖြင့် စတင်အားထုတ်သူများနှင့်နှိုင်းယှဉ်လျှင် အာရုံစူးစိုက်မှုကိုအရှည်ထိန်းသိမ်းထားမှုနှင့်ဆက်စပ်သော ဦးနှောက်၏နယ်ပယ်များတွင် ဇီဝကမ္မဆိုင်ရာလုပ်ဆောင်မှု လျော့ကျသွားသည်ကို ပြသနေပြီး ၎င်းတို့သည် အာရုံစူးစိုက်ခြင်းနှင့်သက်ဆိုင်သော ရင်းမြစ်များအား ပိုမို၍ အလိုအလျောက်နှင့်ထိထိရောက်ရောက် အသုံးပြုမှုကို ပိုင်ဆိုင်ကြောင်း တင်ပြထားပါသည်။

သတင်းအချက်အလက်များလွှန်းခြင်းအား အထောက်အကူပေးရာတွင် ကမ္မဋ္ဌာန်းထိုင်ခြင်းက ပြသသည့် အတိတ်နိမိတ်သည် စစ်ရေးသုတေသီများအပေါ် မျက်ခြည်မပြတ်ခဲ့ချေ။ ဥပမာအားဖြင့် အမေရိကန်စစ်တပ်က "သတိတရားအခြေပြု စိတ်ကျန်းမာရေးလေ့ကျင့်ခန်း" သို့မဟုတ် MMFT ဟု ခေါ်သည့် ကမ္မဋ္ဌာန်းနည်းစနစ်ကို စမ်းသပ်ခဲ့ပါသည်။ (Stanley et al. 2011) လောကီရေးရာကျင့်စဉ်ဖြစ်ပြီး ဗုဒ္ဓဘာသာနှင့်ဆက်စပ်မှုရှိ/မရှိ ရှင်းရှင်းလင်းလင်းမရှိသော်လည်း ဤနည်းစနစ်နှင့် ၎င်း၏ရလဒ် နှစ်မျိုးလုံးသည် ပစ္စုပ္ပန်အာရုံကို စောင့်ကြည့်သည့် ကမ္မဋ္ဌာန်း ဝိပဿနာ) ကျင့်စဉ်ပုံစံကို ကျင့်သုံးသော ဗုဒ္ဓဘာသာဝင်တို့နှင့် အကျွမ်းတဝင်ရှိနိုင်ပါသည် -

> "ကျွန်ုပ်တို့ မေးနေသောမေးခွန်းမှာ အာရုံပြုမှုစနစ်၏ လုပ်ဆောင်မှုကို သတိပဋ္ဌာန်တရားဖြင့် ပြန်လည်ကောင်းမွန်လာစေနိုင်သည်လား"ဟု ဂျော့ချ်တောင်းတက္ကသိုလ် လုံခြုံရေးလေ့လာမှု လက်ထောက်ပါမောက္ခတစ်ဦးဖြစ်သော အယ်လစ်ဇဘက် အေ စတန်လေ(Elizabeth A. Stanley) ဟူသည့် သုတေသီတစ်ဦးက ဆိုပါသည်။ ၎င်းသည် မကြာသေးမီက ရေတပ်အခြေစိုက်စခန်းတစ်ခုသို့ သင်တန်းပေးရန် ငွေကြေးအထောက်အပံ့ရခဲ့ပြီး မိုင်ယာမီတက္ကသိုလ်မှ အာရုံကြောသိပ္ပံပညာရှင် အာမိရှိဂျား(Amishi Jha) နှင့်အတူ ၎င်း ပြုလုပ်ခဲ့သော သက်ဆိုင်သည့် ရှေ့ပြေးလေ့လာမှုမှ ကနဦးရလဒ်များတွင် ကမ္မဋ္ဌာန်းအားထုတ်မှုကျင့်စဉ်က ရေတပ်သားတို့ကို အာရုံစူးစိုက်နိုင်အောင် အထောက်အကူပြုခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ (Shanker and Richtel 2011)

စစ်တပ်တွင် သတိပဋ္ဌာန်ပွားများမှုကိုအသုံးချခြင်းနှင့်ပတ်သက်သည့် အဆိုအချို့က ဤကျင့်စဉ်သည် တပ်ဖွဲ့များကို ပိုမို ထိရောက်စေရန် သို့မဟုတ် ခံနိုင်ရည်ရှိလာစေရန် အလားအလာရှိပုံများအပေါ် ဗဟိုပြုထားသည် ဆိုသော်လည်း[19] ဤကိစ္စနှင့် ပတ်သက်၍ သုတေသနပြုနေသူတို့က သတိပဋ္ဌာန်လေ့ကျင့်သင်တန်းပေးခြင်းသည် တပ်ဖွဲ့ဝင်စစ်သည်များအား ပစ်မှတ်ထားခြင်းအမှားများဖြစ်စေသည့် အလိုအလျောက်ပေါ်လာတတ်သော အတွေးမျိုးကို ရှောင်ရှားနိုင်အောင် အထောက်အကူပေးနိုင်ပုံကိုလည်း အလေးအနက်ဖော်ပြခဲ့ကြပါသည်။ အာရုံကြောသိပ္ပံပညာရှင် အာမိရှိဂျား(Amishi Jha) က ယခုကဲ့သို့ ဆိုထားပါသည် -

> စိတ်ဖိစီးမှုမြင့်မားသောအခြေအနေတွင်ရှိနေခြင်းသည် ချင့်ချိန်မြော်မြင်နိုင်စွမ်းကို နိမ့်ကျသွားစေပါသည်။ မြင့်မားသော စိတ်ဖိစီးမှုအောက်တွင် ဘာဖြစ်နေသည်ကို ကျွန်ုပ်တို့မမြင်ကြပါ။ ကျွန်ုပ်တို့သည် အလိုအလျောက်ပုံစံဖြင့် သွားနေကြပါသည်။ ကျွန်ုပ်တို့သည် သမားရိုးကျပုံစံဖြင့် တုံ့ပြန်ကြပါသည်။ ထို့ကြောင့် ဤလေ့ကျင့်သင်တန်းပေးမှုသည် စစ်သည်များအား ၎င်းတို့၏ ယူဆချက်များအစား ၎င်းတို့၏ ရှေ့မှောက်တွင် အမှန်တကယ်ရှိနေသော အခြင်းအရာများအပေါ် ၎င်းတို့၏ဆုံးဖြတ်ချက်များကို အခြေခံစေရန် အထောက်အကူပြုပါသည်။ ပိုမိုချင့်ချိန်မြော်မြင်နိုင်ခြင်းသည် ပိုမိုကောင်းမွန်သောစစ်သည် ဖြစ်လာ စေသည့်အဓိပ္ပာယ် ဖြစ်ပါသည်။ (Jha in Senauke and Gates 2014)

ဤနယ်ပယ်တွင် သုတေသနပြုမှုသည် သွက်လက်မြန်ဆန်ခဲ့ပြီး ဇာနက်စ်ကိုအက်အယ်(Zanesco et al) (2019)၏ မကြာသေးမီကလေ့လာမှု၌ အထူးတလည်ပြင်ဆင်ထားသော ပစ္စုပ္ပန်အာရုံများအားဆင်ခြင်ခြင်း ကမ္မဋ္ဌာန်းပုံစံသည်

လက်တွေ့စမ်းသပ်ခန်းတွင်း ရေရှည်အာရုံစူးစိုက်သည့်အလုပ်တွင် အထူးစစ်ဆင်ရေးတပ်ဖွဲ့များ၏ လုပ်ဆောင်မှုကို တိုးတက်ကောင်းမွန်စေခဲ့ကြောင်း ပြသခဲ့ပါသည်။ ဤအချက်က ပစ္စုပ္ပန်အာရုံမှုန်သမျှကိုဆင်ခြင်သည့် ဝိပဿနာ ကျင့်စဉ်နှင့် တစ်ခုတည်းအပေါ်အာရုံစူးစိုက်သည့်သမထကျင့်စဉ် ကမ္မဋ္ဌာန်းပုံစံနှစ်မျိုးလုံး၏ အကျိုးကျေးဇူးများကို စစ်မှုထမ်းအဖွဲ့ဝင်များအား ၎င်းတို့၏ပတ်ဝန်းကျင်ရှိအပြောင်းအလဲများကို ပိုမိုကောင်းမွန်စွာသိမြင်နိုင်စေရေးနှင့် လက်နက်ကိုင်ပဋိပက္ခတွင် ဆုံးဖြတ်ချက်ချခြင်းကို ပိုမိုတိုးတက်ကောင်းမွန်စေမည့်နည်းလမ်းအဖြစ် ၎င်းတို့၏အာရုံကို အောင်မြင်စွာစူးစိုက်လာနိုင်စေရေးတို့ကို အထောက်အကူပြုနိုင်ရန် ပေါင်းစပ်နိုင်ကြောင်း အဆိုပြုထားပါသည်။

မိုက်ကယ်စတုန်း - Michael Stone(2014)နှင့် ရိုဘာပါစာ - Rober Purser(2014) တို့ကဲ့သို့သော အနောက်တိုင်းဗုဒ္ဓဘာသာဝင်အချို့က လောကီဆိုင်ရာကမ္မဋ္ဌာန်းကျင့်စဉ်နှင့် MMFT ကဲ့သို့သော သတိပဋ္ဌာန်ပွားများမှု နည်းလမ်းများကို စစ်တပ်အတွက် Stone ပြောသည့်အတိုင်း “စီစဉ်ထားသောအကြမ်းဖက်မှုကို အသင့်တော်ဆုံး ဖြစ်အောင်ဆောင်ရွက်ရန်” ရည်ရွယ်ချက်ဖြင့် မိတ်ဆက်ပေးရန် ကြိုးပမ်းမှုများနှင့်ပတ်သက်ပြီး စိုးရိမ်မှုကို ဖော်ပြခဲ့ကြပါသည်။ Stoneနှင့် Purser တို့ နှစ်ဦးလုံး တင်ပြထားသည့် အဓိကဝေဘန်ထောက်ပြချက်တစ်ခုမှာ သတိပဋ္ဌာန်ပွားများမှုနှင့် ကမ္မဋ္ဌာန်းအားထုတ်မှုတို့ကို ရည်ရွယ်ချက်စေတနာဖြင့်သတ်ဖြတ်ခြင်းအား ကျင့်ဝတ်သီလအရ အပြင်းအထန် တားမြစ်ချက်များပါဝင်သည့် အဆုံးအမများကို ဖြစ်စေခဲ့သော ဘာသာရေးအဆုံးအမများမှ သီးသန့်ခွဲမထုတ်သင့် ဆိုသည့်အချက် ဖြစ်ပါသည်။ ဆက်စပ်ထိခိုက်ပျက်စီးမှုများကို ရှောင်ကြဉ်နိုင်ရန် စစ်ဘက်ဆုံးဖြတ်ချက် ချမှတ်သူများအား အထောက်အကူပြုရန်အတွက် ကမ္မဋ္ဌာန်းအားထုတ်မှုနှင့် သတိပဋ္ဌာန်ပွားများမှု တို့ကို အသုံးပြုရန် ဖြစ်နိုင်သည့်တိုင် မည်သို့သောသတ်ဖြတ်ခြင်းမျိုးကိုမဆိုဆန့်ကျင်သည့် ဗုဒ္ဓဘာသာ၏ ခိုင်မာအားကောင်းသော ကျင့်ဝတ်သီလဆိုင်ရာ ပညတ်ချက်က မည်သို့သော စစ်ရေးဆိုင်ရာလုပ်ဆောင်မှုနှင့်မျှအတူတကွတွဲဖက်၍ ယင်း၏ အဆုံးအမများအားအသုံးပြုခြင်းကို ဟန့်တားပိတ်ပင်ပေလိမ့်မည်ဟု Purser က အကြံပြုထားပါသည် -

> MMFT ကို ထောက်ခံသူများက ဤလေ့ကျင့်သင်တန်းပေးခြင်းသည် စစ်သည်များအား ၎င်းတို့၏ ကျင့်ဝတ်နှင့်ညီသောဆုံးဖြတ်ချက်ချမှုကိုပင် ပိုမိုတိုးတက်ကောင်းမွန်လာစေနိုင်သည့် စိတ်ခံစားမှုဆိုင်ရာ စည်းကမ်းအဆင့်များပိုမိုမြင့်မားလာခြင်းနှင့်အတူ တုံ့ပြန်မှုလွန်ကဲခြင်းနှင့် ခိုင်လုံမှုထက် ပိုမို၍ ယေဘုယျဆန်ဆန်ကောက်ချက်ချခြင်းမှ ကာကွယ်ပေးနိုင်သည့် မှတ်ဉာဏ်၏ အလုပ်လုပ်နိုင်စွမ်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေသောကြောင့် ယင်းကို “ထိခိုက်မှုလျှော့ချခြင်း” ပုံစံအဖြစ် ရှုမြင်ပါသည်။ သတိတရား ပိုမိုအားကောင်းလာခြင်းနှင့်အတူ စစ်သည်များသည် ၎င်းတို့၏ ပစ်မှတ်များကို ပိုမို၍ “ခွဲခွဲခြားခြားပြုလုပ်နိုင်စွမ်း” ရှိသည်ဟု ဆိုနိုင်သောကြောင့် “ထိခိုက်မှုကို လျှော့ချပေးခြင်း” .... ။ ဖြစ်ကောင်းဖြစ်နိုင်သည်မှာ “စစ်ရေးဆိုင်ရာကျင့်ဝတ်များ”၏ ဘောင်ခတ်ထားသောလောကအတွင်း သတ်မှတ်ထားသောရန်သူကို ပိုမိုကောင်းမွန်စွာ ဦးတည်ရည်ရွယ်ခြင်းနှင့် တပြိုင်တည်းမှာပင် အရပ်သားများ၏အသက်ကို မတိုက်ခိုက်ဘဲချမ်းသာပေးခြင်းသည် နမူနာယူဖွယ်ရာ အလေ့အထအဖြစ် မှတ်ယူပါသည်။ သို့သော် ယင်းသည် ထိခိုက်မှုမရှိစေခြင်း၊ ဒဏ်ရာမရစေခြင်း စေတနာများနှင့် သတ္တဝါအားလုံးအပေါ် ဖြန့်ကျက်ထားသော မေတ္တာနှင့် ကရုဏာတို့ပေါ် အခြေခံသည့် အကျင့်သီလနှင့်ဆိုင်သော ဆုံးဖြတ်ချက်ချသည့် ဗုဒ္ဓဘာသာကျင့်သုံးမှုနှင့် ကိုက်ညီပါသည်။

ယင်းသည် ဆေးဘက်ဆိုင်ရာကျင့်သုံးမှုအလေ့အထ၏ ကျမ်းကျိန်ခြင်းဖြစ်သည့် ထိခိုက်မှုမရှိအောင်လုပ်ရန်သည် ပထမဟူသောအချက်မှလည်း လွန်စွာအလှမ်းကွာပါသည်။ ဤအချက်သည် MBSR[20]၏ အခြေခံမှ တူညီသော အခြေအနေ ဖြစ်ပါသည်။ (Purser 2014)

ဤထောက်ပြချက်သည် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့် ဗုဒ္ဓဘာသာသီလကျင့်စဉ်ကို အဓိပ္ပါယ်ဖွင့်ဆိုပုံနှင့် ကိုက်ညီသော်လည်း ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်တစ်ယောက်အနေဖြင့် အခြားသိမ်းပိုက်မှုကိုရှာရန် ကြိုးစားခြင်းထက် လက်နက်ကိုင်ပဋိပက္ခတွင် ခက်ခဲသောအခြေအနေများ၌ မည်သို့မည်ပုံ ကျွမ်းကျွမ်းကျင်ကျင် လုပ်ဆောင်ရမည်ကို လမ်းပြခြင်းအတွက် လမ်းညွှန်ချက် အနည်းအကျဉ်းသာ ပေးထားပါသည်။

အမှန်စင်စစ် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလသည် အကြမ်းဖက်လုပ်ရပ်အသုံးပြုခြင်းကို ခွင့်လွှတ်ကြောင်း ပြောဆိုရန်မှာ ထောင်ကျနေသည့်ကာလ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ယေဘုယျအားဖြင့် IHL နှင့် အထူးသဖြင့် ပစ်မှတ်ထားခြင်းဥပဒေကို ကျောထောက်နောက်ခံပြုထားသော လိုအပ်ချက်နှင့် လူသားဆန်မှုအကြား အားပြိုင်မှုမျိုးကို ဖြစ်ပေါ်စေသည့် ဘီစီပထမရာစုက ပေါ်ထွန်းခဲ့သော မဟာယာနကျမ်းစာတစ်ခုဖြစ်သော နည်းပရိယာယ်၌

ကျွမ်းကျင်ခြင်း (ဥပါယကုသလ)သုတ်[21](Tatz 1994, 73-76)တွင် ပုံဝတ္ထုတစ်ခု ရှိပါသည်။ ဤသုတ်တွင် "ကရုဏာရှင်သင်္ဘောမာလိန်မှူး" ပုံဝတ္ထုသည် ကုန်သင်္ဘောတစ်စီး၏ "မဟာကရုဏာရှင်"အမည်ရသော မာလိန်မှူးဖြစ်ခဲ့စဉ်အခါက သကျမုနိဗုဒ္ဓ၏ ယခင်ဘဝကို ပြန်ပြောင်းပြောပြထားပါသည်။ ကုန်သွယ်ခရီးစဉ်တစ်ခုတွင် သင်္ဘောပေါ်၌ပါလာသောကုန်ပစ္စည်းများကို ခိုးယူလုယက်နိုင်ရန်အတွက် သင်္ဘောပေါ်ပါခရီးသည်(၅၀၀)လုံးကို သတ်ဖြတ်ရန်စီစဉ်ထားသော ခိုးသားဓားပြတစ်ဦး ခရီးသည်များထဲတွင် ပါလာသည်ကို မာလိန်မှူးက တွေ့ရှိသွားခဲ့ပါသည်။ အခြားသော ရွေးချယ်စရာများအားလုံးကို ပြီးပြည့်စုံအောင်လေ့လာပြီးသည့်နောက် ခိုးသားဓားပြအား ခရီးသည်ငါးရာလုံးကို သတ်ဖြတ်ခွင့်ပြုခြင်း၏ အကုသိုလ်ကံအကျိုးပေးသည် ဓားပြအတွက် ကြောက်မက်ဖွယ်ရာဖြစ်ပြီးငင်းအား ၎င်း၏အစီအစဉ်ကို ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် အခြားခရီးသည်များက ထိုခိုးသားဓားပြကို အငြိုးဖြင့်သတ်လိုက်ခြင်းထက် ကျွမ်းကျင်လိမ္မာစွာနှင့် ကရုဏာစိတ်ဖြင့် ခိုးသားဓားပြကိုသတ်လိုက်ခြင်းက ပိုကောင်းမည်ဟုမာလိန်မှူးက ကောက်ချက်ချခဲ့ပါသည်။ ဤသို့လုပ်လိုက်ခြင်းဖြင့် မာလိန်မှူးသည် လူ့အသက်ငါးရာကို ကယ်တင်ခဲ့ပြီး ခိုးသားဓားပြသည် လူသတ်မှုများကို ကျူးလွန်ရန်ခွင့်ပြုခဲ့ပါက ငရဲတွင် ကပ်ကမ္ဘာပေါင်းများစွာ ဒုက္ခဆင်းရဲခံစောင့်စားရမည့်ဘေးမှ ချမ်းသာရာရသွားခဲ့ပါသည်။ နောက်ဆုံးတွင် ဤဥပမာ၌ မဟာကရုဏာရှင်သည် ဤသို့ပညာနှင့်ယှဉ်ကာလုပ်ဆောင်ခဲ့ပြီး ၎င်းကိုယ်တိုင်သည် ခိုးသားဓားပြကိုသတ်ဖြတ်ခဲ့သောအကုသိုလ်ကံအကျိုးဆက်အများစုမှ ချမ်းသာရာရခဲ့ပါသည်။

ဤအထူးခြားဆုံးပုံဝတ္ထုတွင် ကရုဏာတရားကြီးမားသော မာလိန်မှူးအနေဖြင့် ၎င်း၏ ဖြစ်နိုင်ခြေရှိသောတုံ့ပြန်လုပ်ဆောင်မှုများအားလုံးသည် ၎င်းအတွက်သော်လည်းကောင်း၊ အခြားသူများအတွက်သော်လည်းကောင်းအကုသိုလ်ကံအကျိုးပေးများရှိသည့် အခြေအနေနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရပါသည်။ လုပ်ဆောင်ချက်တစ်ခုချင်း၏တန်ဖိုးကိုအလေးအပေါ့ချိန်ဆရာတွင် ယေဘုယျအားဖြင့် ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်စေမည့်အရာကို နောက်ဆုံးတွင် ၎င်းက ရွေးချယ်ခဲ့ပါသည်။ ယင်းသည် ဗုဒ္ဓဘာသာအမြင်တွင် ခိုးသားဓားပြကို သတ်ဖြတ်ရန် ပင်ကိုအားဖြင့်မကောင်းသော၊ မှန်ကန်တရားမျှတမှုမရှိသော၊ ဥပဒေနှင့်မညီသော လုပ်ရပ်ဖြစ်သောကြောင့် ဤကိစ္စသည် IHL တွင်ပါရှိသော အချိုးအစားညီမျှခြင်းမူဖြင့် မျှော်မှန်းခြင်းသည် တိကျသော ချိန်ခွင်လျှာညီစေရန်ချိန်ညှိယူ၍ရသောလုပ်ရပ်မျိုးမဟုတ်ပါ။ တကယ်တမ်းဆိုပါက တချိန်တည်းမှာပင် ခိုးသားဓားပြကို တရားဝင်ပစ်မှတ်ဖြစ်ကြောင်းနှင့်ဆက်စပ်ထိခိုက်ပျက်စီးမှုဖြစ်ကြောင်း မှတ်ယူရပါမည်။ ထို့အပြင် မာလိန်မှူးသည် အခြားလူ့အသက်ငါးရာကိုအကာအကွယ်ပေးရန်ရည်ရွယ်ချက်ထားသောကြောင့်သာ ခိုးသားဓားပြကို သတ်ဖြတ်ခြင်း၏ အကျိုးဆက်များမှလွတ်မြောက်ရန် မျှော်မှန်းမထားခဲ့သည့်အချက်ကို သတိပြုရန် အရေးကြီးပါသည်။ ဆိုလိုသည်မှာ မာလိန်မှူးသည်ထိုအကုသိုလ်ကံကို အနည်းအကျဉ်းမှအပ နောက်ဆုံးတွင် အမှန်တကယ် အကောင်အထည်မဖော်ခဲ့သည့်တိုင်၎င်း၏လုပ်ဆောင်ချက်နှင့်အတူတွဲပါလာမည့် အကုသိုလ်ကံကိုခံယူရန် ဆန္ဒရှိခဲ့ပါသည်။ အချို့သော အခြေအနေများတွင် လုပ်ဆောင်ချက်များအားလုံး (သို့မဟုတ် ဘာမျှမလုပ်ခြင်းများ) က မှားယွင်းသော သို့မဟုတ် ကံမကောင်းသော အကျိုးဆက်များကို ဖြစ်စေနိုင်ပါသည်။ သို့သော်လည်း လူတစ်ယောက်သည် ယေဘုယျ ဆင်းရဲဒုက္ခများကိုလျှော့ချရန် လိုအပ်နိုင်သည့် ထိုလုပ်ဆောင်ချက်ကို အဆုံးအဖြတ်ပေးရန် ချင့်ချိန်နိုင်စွမ်းအချို့ လိုအပ်နေဆဲ ဖြစ်ပါလိမ့်မည်။

ကရုဏာတရားကြီးမားသော သင်္ဘောမာလိန်မှူးပုံဝတ္ထု၏ အရေးပါမှုကို အလွန်အကျွံချဲ့ထွင်ရန် သို့မဟုတ်ကျွမ်းကျင်လိမ္မာသောနည်းလမ်းများ(skilful means)နှင့် ထိုသုတ်၏ကျန်အကျယ်တဝင့်ရေးသားဖော်ပြချက်များမှဆက်စပ်စဉ်းစားရမည့်အကြောင်းအရာကိုထုတ်နုတ်ရန် မဟုတ်သည်မှာ အရေးကြီးပါသည်။

သို့သော်လည်း ဤပုံဝတ္ထုသည် လက်နက်ကိုင်ပဋိပက္ခအတွင်း ပစ်မှတ်ထားခြင်းဆုံးဖြတ်ချက်များကို အခက်အခဲဖြစ်စေမည့်အနေအထားတွင် ၎င်းတို့ကိုယ်တိုင်ရောက်ရှိနေသော မဟာယာနဗုဒ္ဓဘာသာဝင်များအတွက် ကျင့်ဝတ်သီလနှင့်ဆိုင်သော မှတ်ကျောက်စံနှုန်းတစ်ခုကဲ့သို့ လုပ်ဆောင်နိုင်ပါသည်။

အချို့သော ဗုဒ္ဓဘာသာဝင်အတော်များများအနေဖြင့် လောကီရေးနှင့်ဆိုင်သော သတိပဋ္ဌာန်အားထုတ်မှုကိုလေ့ကျင့်သင်တန်းပေးမှုအစီအစဉ်များအား လက်နက်ကိုင်တပ်ဖွဲ့များ၏ အသုံးပြုမှုသည် အဓိကကျသော ဘာသာရေးအဆုံးအမများနှင့် ကိုယ်ကျင့်သီလပိုင်းဆိုင်ရာအဆုံးအမများကို ချန်လှပ်ထားနိုင်သည်ကို စိုးရိမ်နိုင်ကြပြီး အချို့သော ကိုယ်ကျင့်သီလကိုအထူးပြုလေ့လာသူတို့က သတိပဋ္ဌာန်အားထုတ်မှုကို ၎င်း၏ ဘာသာရေးဆိုင်ရာ မူလအရင်းအမြစ်များမှ သီးခြားခွဲထုတ်ရန် မဖြစ်နိုင်ဟု ဆန့်ကျင်ဘက် ကန့်ကွက်မှုကို ဖော်ပြကြပါသည်။ ဤရှုထောင့်

အမြင်တွင် လောကီဆိုင်ရာ သတိပဋ္ဌာန်ပွားများမှုလေ့ကျင့်သင်တန်းပေးခြင်းသည် နိုင်ငံတော် အဖွဲ့အစည်းများ၏ လွတ်လပ်သော ကြားနေမှုအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် အန်ဒရီစ်ရှမစ်တ် - Andreas Schmidt (2016, 451) က "စိုးရိမ်စရာကိစ္စရပ်တစ်စုံမှာ MBIs (သတိပဋ္ဌာန် အခြေခံသော ကြားဝင်ခြင်း)တွင် သီးခြားလောကအမြင် သို့မဟုတ် ဘဝနေနည်းကို တရားမဝင် အများသိစေရန်မြှင့်တင်ဆောင်ရွက်ခြင်း ပါဝင်မှုရှိမရှိကဲ့သို့သော မေးခွန်းနှင့်သက်ဆိုင်သည်"ကို မှန်ကန်သည်ဟု မှတ်ယူပါသည်။ ဤသို့ စိုးရိမ်သော်လည်း ဖြစ်စဉ်အများစုတွင် အစိုးရအဖွဲ့အစည်းများ၏ လောကီရေးသက်သက် သတိပဋ္ဌာန်ပွားများခြင်း လေ့ကျင့်သင်တန်း ပေးမှုကို အသုံးချခြင်းသည် လွတ်လပ်သော ကြားနေမှုနှင့် ယေဘုယျအားဖြင့် သဟဇာတဖြစ်လိမ့်မည်ဟု ရှမစ်တ်က ယူဆပါသည်။ ၎င်း၏အပိုင်းအတွက် အာမိရှိဂျား - Amishi Jha က ဤသို့ ဆိုပါသည် -

> ကျွန်ုပ်တို့ လုပ်ဆောင်နေသည်မှာ အဆင်ပြေကြောင်းကို အချို့သော ဗုဒ္ဓဘာသာဝင်များ လက်ခံအောင် ပြောရခြင်းထက် ပင်တဂွန်တွင် ဗိုလ်ချုပ်များကို ပြောရခြင်းက ပိုမို လွယ်ကူခဲ့ပါသည်။ ကျွန်ုပ်၏ သုတေသနအပေါ် ဒေါသအကြီးဆုံး အမျက်ချောင်းချောင်းဖြင့်တုံ့ပြန်မှုကို စစ်တပ်ထက် ဗုဒ္ဓဘာသာဝင်များ ထံမှ ရခဲ့ပါသည်။ ဤအချက်က ကျွန်ုပ်ကို အံ့အားသင့်စေပါသည်။ (Jha in Senauke and Gates 2014)

အစိုးရအဖွဲ့အစည်းများ၏ လောကီဆိုင်ရာ သတိပဋ္ဌာန်ပွားများမှုအား လေ့ကျင့်သင်တန်းပေးခြင်းကို အသုံးပြုမှုနှင့် ပတ်သက်ပြီး ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများသည် နိုင်ငံအစိုးရ၊ စစ်တပ်နှင့် အခြားသော လောကီ အဖွဲ့အစည်းများထက် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းထံမှ လာပုံပေါ်ကြောင်းကို ဤအချက်က ဖော်ပြနေပါသည်။

ရှင်းလင်းစွာဆိုရလျှင် ဤစာတမ်း၌ ကျွန်ုပ်၏ရည်ရွယ်ချက်သည် သိပ္ပံနည်းကျသုံးသပ်ထားသော လောကီဆိုင်ရာ သတိပဋ္ဌာန်ပွားများမှုအလေ့အထများအား အသုံးပြုမှုကို IHL အား လိုက်နာစေရေးကို တိုးချဲ့ရန်အတွက် ဗုဒ္ဓဘာသာဝင်မဟုတ်သူများအတွက် တင်ပြရန်မဟုတ်ပါ။ ဤရည်ရွယ်ချက်အတွက် ယင်းအားအသုံးပြုခြင်းကို ကျွန်ုပ်က အားမပေးခြင်းလည်း မဟုတ်ပါ။ ကျွန်ုပ်၏ အဓိကထောက်ပြသည့်အချက်မှာ လက်နက်ကိုင်တပ်ဖွဲ့များက ယင်းကိုအသုံးပြုခြင်း၏ ကိုယ်ကျင့်သီလနှင့်မသက်ဆိုင်ဘဲ စစ်တပ်တွင် လောကီဆိုင်ရာ သတိပဋ္ဌာန်ပွားများမှုကို လေ့ကျင့်သင်တန်းပေးခြင်းနှင့်ပတ်သက်၍ ယနေ့အထိ စုဆောင်းရရှိထားသော အထောက်အထားများအရ ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းအားထုတ်မှုအလေ့အကျင့်များသည် ဗုဒ္ဓဘာသာဝင်ဖြစ်နှင့်ပြီးသား တိုက်ပွဲဝင်စစ်သည်များအား IHL အရ ၎င်းတို့၏တာဝန်များကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်ရန်နှင့် လက်နက်ကိုင်ပဋိပက္ခတွင် ၎င်းတို့ ကိုယ်တိုင် ရှာဖွေတွေ့ရှိနိုင်ရန် အမှန်တကယ် အထောက်အကူပေးနိုင်ကြောင်းကို အခိုင်အမာဖော်ပြခြင်း ဖြစ်ပါသည်။

**ဇင်ဗုဒ္ဓဘာသာတွင် ကိုးအန်း မိမိကိုယ်ကိုသုံးသပ်စစ်ဆေးခြင်း၏ အခန်းကဏ္ဍ**

ဇင်ဗုဒ္ဓဘာသာတွင် လိုက်နာကျင့်သုံးသူများသည် ထုံးစံအတိုင်း ပစ္စုပ္ပန်၌ပေါ်လာသမျှသောအာရုံများကိုစောင့်ကြည့် ခြင်းနှင့် တစ်ခုတည်းကိုအာရုံစူးစိုက်ခြင်း အင်္ဂါရပ် အခြေခံ နှစ်မျိုးလုံးပါဝင်သော ကမ္မဋ္ဌာန်းအားထုတ်မှု ပုံစံများကို ကျင့်သုံးပါသည်။ ဇင်အတွက် ထူးခြားမှုဖြစ်သည့် တစ်ခုတည်းကိုအာရုံစိုက်ခြင်းကမ္မဋ္ဌာန်းအားထုတ်မှုပုံစံတစ်ခုကို ကိုးအန်း မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်းဟု သိကြပါသည်။ (ကိုးအန်းလေ့လာမှု သို့မဟုတ် ကျင့်သုံးမှုဟုလည်း သိကြပါသည်) ကိုးအန်း မိမိကိုယ်ကိုသုံးသပ်စစ်ဆေးခြင်းကို အထူးသဖြင့် ရင်းဇန်း(Rinzan) (တရုတ်ဘာသာဖြင့် လင်းကျီ - Linji)တို့က ကျင့်သုံးကြပြီး စိုးတိုးဇင်ဂိုဏ်းကလည်း အထိုက်အလျောက်အသုံးပြုပါသည်။ ဤကျင့်စဉ် သည် အနောက်တိုင်းတွင် ကျင့်သုံးသော Zen ဖွံ့ဖြိုးမှုအပေါ် ကြီးမားစွာလွှမ်းမိုးသည့် ဟာရဒ - ယစုတနိ(Harada – Yasutani) မျိုးရိုးအဆက်အနွယ်တွင် အထူးသဖြင့် လူသိများ ထင်ရှားပါသည်။

ကျွန်ုပ်၏ဆရာ ရိုရှိစာရားဘန်ဒါ(Roshi Sarah Bender) ရှင်းပြသကဲ့သို့ တရုတ်ပြည်တွင် မဟာယာနဗုဒ္ဓဘာသာ ဆရာတို့က ၎င်းတို့၏ သင်ကြားမှုနည်းလမ်းများကို ၎င်းတို့ကိုယ်တိုင်ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုနှင့် ဘာသာ စကားနှင့်ဆိုင်သော လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့နှင့် လိုက်လျောညီထွေကိုက်ညီအောင် ပြုလုပ်ခဲ့မှုကြောင့် ကိုးအန်း မိမိကိုယ်ကိုဆန်းစစ်မှုသည် တရုတ်ပြည်တွင် ဖွံ့ဖြိုးလာခဲ့ပါသည် -

> ထိုပါဠိကျမ်းဂန်များသည် တရုတ်တို့၏ ဓလေ့ထုံးတမ်းအစဉ်အလာမှ ပေါက်ဖွားလာခြင်း မဟုတ်ဘဲ အစပိုင်းတွင် ဘာသာပြန်ဆိုခြင်း ပြဿနာများ ရှိခဲ့ပါသည် .... ။ အိန္ဒိယမှ တရုတ်ပြည်သို့နှင့် တရုတ်ပြည်မှ ဂျပန်နှင့် အရှေ့တောင်အာရှသို့ ခုန်ပျံကျော်လွှားခြင်း တစ်ခုချင်းစီတွင် ကိုးအန်းများက အထူးသဖြင့် ဘာသာပြန်ဆိုမှုပြဿနာများကို ရံဖန်ရံခါ ညွှန်ပြကြပါသည်။ ကိုးအန်း သင်ရိုးညွှန်းတမ်း ယခုရှိခဲ့သည့်အတိုင်း အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခဲ့ခြင်း အကြောင်းများထဲမှ တစ်ခုမှာ သင်သည် သင် စကားပြောဆိုနေသူများ၏ ဘာသာရေးဆိုင်ရာဗဟုသုတပေါ် အားကိုးအားထားပြုနိုင်ခြင်းမရှိသောကြောင့်နှင့် ၎င်းတို့၏ ဘာသာစကားသည် အခက်အခဲဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ခရစ်နှစ် စီအီး ၇၀၀ မှ ၉၀၀ အထိ ကိုးအန်းဆရာဦးရေကြီးမားစွာပါဝင်သောအသုတ်သည် အထောက်အကူဖြစ်နိုင်ဖွယ်ရှိသောနည်းလမ်းများအဖြစ် လူတို့၏ ကိုယ်ပိုင်အတွေ့အကြုံဆီသို့ တိုက်ရိုက်သွားခဲ့သည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသည်။[22]

ဂျပန်ဝေါဟာရဖြစ်သော “ကိုးအန်း(Kōan)” သည် တရုတ်ဝေါဟာရဖြစ်သော “ဂွန်းအန်း(gong'an)” မှ လာခြင်းဖြစ်ပြီး တရားရုံးအမှုတွင်ဟု ဆိုသကဲ့သို့ “အများပြည်သူနှင့်ဆိုင်သောအမှု”ဟု အဓိပ္ပါယ်ရပါသည်။ ရှေးကဖြစ်ခဲ့သော ဥပဒေရေးရာအမှုကိစ္စများသည် စီရင်ထုံးများကို ချမှတ်ပေးခဲ့သည့်နည်းတူ အတော်များများတွင် ကိုးအန်းများသည် အစောပိုင်းကာလ ဇင်ဆရာများ ချမှတ်ခဲ့သော “ရှေးထုံးများ”၏ မှတ်တမ်း ဖြစ်ပါသည်။

ကိုးအန်းတစ်ခုစီသည် ဇင်ဆရာများက စာသင်သားများကို အချို့သော စကားလုံးဖြင့်ဖော်ပြ၍မရနိုင်သော ပြောပြ၍မရနိုင်သော ဗုဒ္ဓဘာသာထိုးထွင်းသိမြင်မှုများကို သင်ယူဆည်းပူးနိုင်ရေးအတွက် လမ်းညွှန်ရန် အသုံးပြုသော ပုံတိုပတ်စလေးများကို အသားပေးပါသည်။ ထိုပုံတိုပတ်စလေးများသည် စာသင်သားများအား ခဲန်းရှော (kenshō) ကို တွေ့ကြုံရန် ရှေ့ဆောင်နိုင်ပါသည်။ ပီတာဟာဗေးက ခဲန်းရှောကို ဤသို့ အဓိပ္ပါယ်ဖွင့်ဆိုပါသည် -

> လူတစ်ယောက်၏ ပင်ကိုစင်ကြယ်မှု အတွင်းသန္တာန်သဘာဝတွင်  ပျော်ရွှင်စရာ ချမ်းသာသုခနှင့် ပြည့်စုံသော အသိတရားဝင်လာခြင်းသည် လောကအပေါ် ထိုသူ၏အမြင်ကို ရုတ်တရက် ပြန်လည်စိစစ်နေခြင်းတွင် တိုက်ရိုက် သိမြင်လာခြင်း ဖြစ်ပါသည်။ အားလုံး ထင်ရှားစွာ ပေါ်လာပါသည်။ တစ်ခုချင်းစီသည် ကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းထားသော်လည်း တသီးတခြား ဖြစ်တည်ခြင်းမှ ကင်းလွတ်သည်ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းအားထုတ်သူအပါအဝင် အခြားအရာအားလုံးနှင့် တညီတညွတ်တည်း ရှိနေပါသည်။ ပြုသူနှင့် အပြုခံရသူဟူသော ကတ္တား၊ ကံ ကွဲပြားမှုကို ကျော်လွန်ကာ စကားလုံးဖြင့်ဖော်ပြ၍မရနိုင်သော ပင်ကိုအတိုင်းရှိသည့် ပကတိအရှိတရား ရှိပါသည်။ ပင်ကိုပကတိအရှိတရားသည် ပြောင်းလဲနေပြီး လောကအတွင်း အမြဲတည်ရှိပါသည်။ (Harvey  2013 , 369)

အနောက်တိုင်း လူသိများသောယဉ်ကျေးမှုတွင် ထင်ရှားသောကိုးအန်းတစ်ခုမှာ “လက်တစ်ဘက်တည်း တီးသည့် လက်ခုပ်သံကား အဘယ်နည်း” ဟူ၍ ဖြစ်သည်။ ကိုးအန်းများကို မကြာခဏဆိုသလို အမေးပုစ္ဆာစကားထာများ သို့မဟုတ် ပဟေဠိများအဖြစ် ဖော်ပြလေ့ရှိသော်လည်း ယင်းတို့ကို ယုတ္တိဗေဒသဘောအရ ဖြေရှင်းရန်မဟုတ်ပေ။ အတိအကျဆိုရလျှင် စာသင်သားသည် ၎င်းတို့၏အာရုံကို ကိုးအန်းအပေါ် စူးစိုက်ထားရန်နှင့် စိတ်က ယင်းကို “ဖြေရှင်းခြင်း” အတွက် ဘာသာစကားဆိုင်ရာနည်းလမ်းများနှင့် ယုတ္တိဗေဒဆိုင်ရာနည်းလမ်းများအား စွန့်ခွာလိုက်သည့်အခါ မည်သို့ဖြစ်ပေါ်သည်ကို လေ့လာရန် ဆိုလိုပါသည်။ ရိုရှိဂယ်ရီဝစ်ခ်(Roshi Gerry Wick) ရှင်းပြသကဲ့သို့ “ကိုးအန်းကို ထိုးထွင်းသိမြင်ရန်အတွက် စာသင်သားသည် ပုံရိပ်များ၊ ယုံကြည်မှုများနှင့် ခန့်မှန်းတတ်သောသဘောများကို လွှတ်ချရပေမည်”။ (2005,5) စာသင်သားများသည် ကိုးအန်းအကြောင်းကို စဉ်းစားဆင်ခြင်နေရမည်ဖြစ်သော်လည်း ကမ္မဋ္ဌာန်းအားထုတ်နေစဉ်အတွင်းနှင့် နေ့စဉ်ဘဝအတွင်း ယင်းကို ယုတ္တိဗေဒကျကျ ပိုင်းခြားစိတ်ဖြာနေခြင်းမှ ထိုးထွင်းသိမြင်သည့်ဉာဏ် ထွက်ပေါ်လာမည် မဟုတ်ပေ။

အကောင်းဆုံး ကိုးအန်း(၁၇၀၀)ခန့်ပါဝင်သည့် မှတ်တမ်းအပြည့်အစုံသည် ရာစုနှစ်များစွာကို ဖြတ်သန်းပြီး အကြောင်းအရာများစွာ လွှမ်းခြုံပါဝင်ပါသည်။ အနည်းဆုံး အပေါ်ယံတွင် အတော်များများသည် လက်ဘက်ရည်ပြင်ဆင်ခြင်း၊ ကိုယ့်သပိတ်ကိုယ်ဆေးခြင်းကဲ့သို့သော နေ့စဉ်ကိစ္စများအကြောင်း ဖြစ်ပါသည်။ အခြား ကိုးအန်းများသည် လက်နက်ကိုင်ပဋိပက္ခနှင့် ပိုမို သက်ဆိုင်ပုံရပါသည်။ ဥပမာ - ကိုးအန်းတစ်ခုက ကျင့်သုံးသူအား “မြစ်ကို ဖြတ်သန်း၍ တိုက်ခိုက်ခြင်းကို ရပ်ပါ”ဟု ပန်ကြားပါသည်။ များသောအားဖြင့် ဤပုံဝတ္ထုများတွင် ဇင်ဆရာတစ်ဦးနှင့် ရဟန်းတစ်ပါးတို့အကြား စကားပြောဆိုဆွေးနွေးမှု ပါဝင်ပါသည်။ ယင်းမှာ ဂျိုရှူး၏ မူ (Joshu's Mu) ဟူသော ကိုးအန်းကို စာသင်သားများ ပထမဆုံး ကြုံတွေ့ရသည့် ကိုးအန်းနှင့်အတူ ကိစ္စရပ် ဖြစ်ပါသည် -

“ဒီမှာခင်ဗျာ” ရဟန်းတစ်ပါးက ဆရာဂျို့ရှူးကို မေးပါသည်။ “ခွေးတစ်ကောင်မှာ ဗုဒ္ဓသဘာဝ ရှိပါသလား။” ဂျို့ရှူးက “ဟုတ်ကဲ့၊ ရှိပါတယ်” ဟု ပြန်ဖြေခဲ့ပါသည်။ ထို့နောက် ရဟန်းက “၎င်းတွင်ရှိသောကြောင့် ထိုသဘာဝသည် အရေပြားဟူသောထိုအိတ်အတွင်း မည်သို့ဝင်ရောက်သွားသနည်း” ဟု ဆိုသည်။ “သိလျက်နှင့် တမင်စော်ကားခဲ့ ခြင်းကြောင့်” ဟု ဂျို့ရှူးက ပြောသည်။ နောက်ထပ်အခါတစ်ပါးတွင် ရဟန်းတစ်ပါးက ဂျို့ရှူးကို “ခွေးတစ်ကောင်မှာ ဗုဒ္ဓသဘာဝ ရှိပါ သလား” ဟု မေးခဲ့ပါသည်။ ဂျို့ရှူက “မရှိပါ”ဟု ပြောခဲ့ပါသည်။ [ဂျပန်ဘာသာဖြင့် - မူ] ထို့နောက် ရဟန်းက “သက်ရှိသတ္တဝါအားလုံးတွင် ဗုဒ္ဓသဘာဝရှိသည်။ ဤခွေးမှာ ဘာကြောင့် ဗုဒ္ဓသဘာဝ မရှိသနည်း” ဟု ဆိုပါသည်။[23] ဂျို့ရှူးက “၎င်း၏ကံအကျိုးပေးနှင့်ဆိုင်သော အသိဉာဏ်ဦးနှောက် ရှိခြင်းကြောင့် ဖြစ်သည်” ဟု ပြောခဲ့ပါသည်။ (The Book of Equanimity, Case 18) (Wick 2005, 57)

ဆန့်ကျင်ဘက်ဝိရောဓိသဘောထင်ရှားနေသော်လည်း ဂျို့ရှူးက ရဟန်းတစ်ပါးချင်းအား ၎င်းတို့ ကြားလိုသည်ကို ပြောခဲ့ခြင်း ဖြစ်ပါသည်။ ဤကိုးအန်းနှင့်လုပ်ကိုင်နေစဉ် မကြာခဏပင် ဆရာများက စာသင်သားများကို ဟွာတို (huato) သို့မဟုတ် ဤကိစ္စရပ်တစ်ခုလုံးကို အကျဉ်းချုပ်ထားသော စကားစုအတိုဖြစ်သည့် ကိုးအန်း၏ “ဦးခေါင်း” ပေါ်တွင် အာရုံပြုခိုင်းပါလိမ့်မည်။ ဤဥပမာတွင် ဂျို့ရှူး၏ “ဟုတ်ကဲ့၊ ရှိပါတယ်” ဆိုသည်မှာ မည်သည့် အဓိပ္ပါယ် နည်း။ ၎င်း၏ “မူ” ဆိုသည်မှာ မည်သည့်အဓိပ္ပါယ်နည်း။

> ရိုရှိဘန်ဒါ(Roshi Bender) က ဤသို့ ဖော်ပြပါသည် -
>
> ကိုးအန်းအမျိုးအစား များစွာ ရှိပါသည်။ ၎င်းတို့အနက် အချို့သည် “ဒီဟာ ဘာလဲ”၊ “ငါက ဘာလဲ”၊ “ဒီမှာ အပေးအယူသဘောတူညီမှုက ဘာလဲ” ဟူသော အခြေခံကျသည့် သဘာဝပေါ်တွင်သာ ပိုမို အာရုံစိုက်ပါသည်။ ရိုရှိဘာနီးဂလပ်စ်မင်း(Roshi Bernie Glassman) ပြောသည့် အခြေခံကျသော ကိုးအန်းမှာ - ၎င်းတို့ အားလုံးသည် “ဒီမှာ အပေးအယူသဘောတူညီမှုက ဘာလဲ” သာ ဖြစ်ပါသည်။”[24]

သို့သော် ကိုးအန်း၏ပုံပြင်ဇာတ်လမ်းတွင် ပါဝင်သောအကြောင်းအရာသည် စာသင်သားက ယင်းနှင့်အလုပ်လုပ်ပုံ နည်းလမ်းလောက် သေချာပေါက် အရေးမကြီးပေ။ ကျွမ်းကျင်သောဆရာသည် ၎င်းတို့၏စာသင်သားကို ၎င်းတို့၏ ကျင့်သုံးမှုတွင် ထိုနေရာ၌ ၎င်းတို့ အများဆုံး ငြိကပ်နေပုံရသော စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အယူအဆပိုင်းဆိုင်ရာ အတားအဆီးခလုပ်ကန်သင်းပြဿနာများနှင့် အထိရောက်ဆုံးနပန်းလုံးနိုင်ရန် အထောက်အကူပြုမည့် ကိုးအန်းကို ရွေးချယ်ပါလိမ့်မည်။

အနည်းဆုံး ကနဦးတွင် ဤကျင့်သုံးမှုသည် ကျင့်သုံးသူထံမှ “ကြီးမားသော သံသယ”ကို နှိုက်ယူရန် ရည်ရွယ်ကြောင်း ရိုရှိဂျိမ်းစ်ဖို့ဒ်(Roshi James Fored) က ရှင်းပြပါသည် - “ကျွန်ုပ်တို့ကိုယ်တိုင်အပေါ် သံသယကို လှည့်ပြောင်းထားခြင်း၊ ပေါ်လာသမျှအတွေးတစ်ခုချင်းကို မေးခွန်းထုတ်ခြင်းဖြင့် ကျွန်ုပ်တို့ “သင်ထင်သလို အရာ အားလုံးကို မယုံကြည်ပါနှင့်” ဟူသော အချက်ကို ပြသရန် ကြိုးပမ်းပါသည်။ သို့ရာတွင် ဤနေရာ၌ “သင်ထင်သည့် မည်သည့်အရာကိုမဆို မယုံကြည်ပါနှင့်” ဟု ဆိုခြင်းက ပို၍ပင် အခြေခံကျပါသည်။ (2018, 92) ရိုရှိဘန်ဒါ(Roshi Bender) က မှတ်ချက်ပြုသည်မှာ ကိုးအန်းကျင့်စဉ်သည် -

> “ဝိရောဓိသဘောများကို ဆုပ်ကိုင်ပြီး လေ့ကျင့်သင်တန်းပေးခြင်းနှင့် တစ်ဘက် သို့မဟုတ် အခြားဘက်ပေါ် မကျရောက်ခြင်း၊ ရပ်တည်ချက်တစ်ခုကို ဆုပ်ကိုင်မထားသည့် အနေအထားကို သင်ယူဆည်းပူးခြင်း .... ကျင့်သုံးမှုတစ်ခုလုံးကို ကျောထောက်နောက်ခံပြုထားသည့် အခြေခံ ကိုးအန်းလမ်းစဉ်တစ်ခုမှာ “အနှောင်အဖွဲ့ကင်းခြင်းဖြင့် ပညာနှင့်ကရုဏာယှဉ်သော စိတ်နှလုံး ပေါ်ထွက်လာသည်” ဖြစ်ပါသည်။[25]

ဤသို့သောနည်းဖြင့် ဝိရောဓိများကို ဆုပ်ကိုင်ရန် ကိုးအန်း မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်းအား ကျင့်သုံးသူတို့၏ အစွမ်းကို မကြာသေးမီကပင် စိတ်ပညာကုသမှုဆိုင်ရာနယ်ပယ်မှ ယင်းကို ကုသမှုပိုင်းဆိုင်ရာတွင် အသုံးတည့်မည့် အလားအလာတချို့ရှိနိုင်ကြောင်း ယုံကြည်သူ လားစ်ဒီဒရစ်ခ်ဆန် - Lars Didrilesen(2018) ကဲ့သို့သော သုတေသီများက အသိအမှတ်ပြုခဲ့ပါသည်။ စိတ်လှုပ်ရှားမှုအခက်အခဲပြဿနာအတော်များများသည် အကူအညီမရသော တစ်ဦးတည်း စကားပြောမှု၊ ရှိနေသော အခြေအနေကို အကျပ်ရိုက်မှုအဖြစ် အဆင့်အတန်းသတ်မှတ်ခြင်းနှင့်/သို့မဟုတ် ဟန်ဆောင်ကာ ကန့်သတ်ဘောင်ခတ်ခြင်းတို့နှင့်အတူတွဲပါလာပါသည်။ သမ္မာရင့်ကျင့်သုံးသူတို့က ဇင်နှင့် ကိုးအန်း ကျင့်သုံးမှုတို့ကို စိတ်ပညာကုထုံးပုံစံအဖြစ် ရှုမြင်ခြင်းကို ဆန့်ကျင်သတိပေးသော်လည်း ထိုကျင့်သုံးမှု၏ အခြေခံ

သဘောတရားတချို့သည် အထောက်အကူမဖြစ်သော စဉ်းစားတွေးတောမှုပုံစံများကို အမှန်တကယ် ဖြတ်တောက်နိုင်ပါသည်။ ထို့အပြင် မှန်ကန်သည့် အခြေအနေများအောက်တွင် ကိုးအန်း မိမိကိုယ်ကိုဆန်းစစ်ခြင်းသည် ကုသမှုပေးသူများအား ၎င်းတို့၏လူနာများကို ကုသနိုင်ရန် အခြားနည်းလမ်း ပေးနိုင်ပါသည်။

Kōan ကျင့်စဉ်၏ အဓိကအချက်ကို စာသင်သားအား ခဲန်းရှောသို့ သွားရာလမ်းအဖြစ် ဝိရောဓိကို လက်ခံယုံကြည်စေရေးတွင် အထောက်အကူပေးခြင်းအဖြစ် ရဲဖန်ရံခါ တင်ပြထားသော်လည်း ဤအချက်သည် ကျင့်စဉ်တစ်ခုလုံးအလုံးစုံ မဟုတ်ပါ။ အတိအကျဆိုရလျှင် စာသင်သားသည် ကမ္မဋ္ဌာန်းအားထုတ်မှုအတွင်း အတွေ့အကြုံနှင့် ထိုလမ်းကြောင်းတလျှောက် ကောက်သင်းကောက်စုဆောင်းထားသော မည်သည့် ထိုးထွင်းသိမြင်မှုများကိုမဆို ၎င်းတို့၏ နေ့စဉ်ဘဝအတွင်းသို့ ပေါင်းစပ်နိုင်စွမ်းလည်း ရှိရပါမည်။ “ကိုးအန်း၏ တန်ဖိုးအပြည့်အဝမှာ ဤကျင့်စဉ်အား ဘဝနှင့်တသားတည်းကျအောင် နေထိုင်ပုံကို တွေ့မြင်သိရှိရန် ဖြစ်ပါသည်။ ဤအချက်ကို ကျွန်ုပ်အနေဖြင့် သိပ်အစွမ်းကုန် အသားမပေးနိုင်ပါ။ ကိုးအန်းနည်းလမ်းကို နားလည်လိုပါက အတိမ်းအစောင်း မခံပါ” ဟု ရိုရှိဖို့ဒ်က ဖော်ပြထားပါသည်။ (2018,117) သို့သော် တစ်ဘက် သို့မဟုတ် အခြားဘက်ပေါ်သို့ ကျရောက်မသွားဘဲ ဝိရောဓိကို ဆုပ်ကိုင်ထားသော ဤကျင့်စဉ်သည် စစ်ပွဲ၏မသေချာမရေရာမှုမျက်နှာစာတွင် ဆုံးဖြတ်ချက်များ (အထူးသဖြင့် ပစ်မှတ်ထားခြင်း ဆုံးဖြတ်ချက်များ) ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ရန် တိုက်ပွဲဝင်စစ်သည်များ ပြင်ဆင်ရာ၌ အထောက်အကူ ဖြစ်စေနိုင်ပါသလား။

## လက်နက်ကိုင်ပဋိပက္ခကာလတွင် ကိုးအန်း မိမိကိုယ်ကိုပြန်လည်သုံးသပ်ခြင်း

ဘူရှီဒို - Bushidō(“စစ်သူရဲကောင်းနည်းလမ်းများ”ဟု တိုက်ရိုက်ဘာသာပြန်ဆိုနိုင်သည်)သည် ဂျပန်ပဒေသရာဇ်ခေတ်ကာလအတွင်း ဖွံ့ဖြိုးခဲ့သော စစ်သည်တော်ကျင့်ဝတ် ဖြစ်ပါသည်။ ၎င်း၏ ဩဇာကြီးသော အခြေခံကျကျလေ့လာထားသည့် Bushido: The Soul of Japan (ဘူရှီဒို - ဂျပန်၏ စိတ်ဝိညာဉ်) ဟူသော ကျမ်းစာတွင် အီနာဇိုနိတိုဘေး - Inazo Nitobe (1908) က ဗုဒ္ဓဘာသာ - အထူးသဖြင့် ဇင်ဗုဒ္ဓဘာသာကို ဘူရှီဒို၏ အခြေခံဇာစ်မြစ်များထဲမှ တစ်ခုအဖြစ် မှတ်ယူခဲ့ပါသည်။ ထို့အပြင် ဆေးဆဲန်း ဖူအဲအိုခ(Seisen Fueoka) က ၎င်း၏ အဖွင့်နိဒါန်းကျမ်းဖြစ်သော A Zen Primer (ဇင် အခြေခံဖတ်စာ) တွင် ဤသို့ ဖော်ပြခဲ့ပါသည် -

> ဇင်ဗုဒ္ဓဘာသာသည် ဘူရှီဒို တန်ခိုးထွားခဲ့သည့်ကာလဖြစ်သော ကမာကူရခေတ် (၁၁၈၅-၁၃၃၃) အစပိုင်းတွင် ဂျပန်နိုင်ငံအတွင်းသို့ စတင်ရောက်ရှိခဲ့ပါသည်။ ဇင်၏ ရိုးရှင်းပြီး တိုက်ရိုက်ဦးတည်သော အဆုံးအမတရားများက ဆာမူရိုင်းစည်းကမ်း၏ ဖြောင့်မတ်ပြီး ပြတ်သားသော စိတ်ဓာတ်နှင့် ထပ်တူကျခဲ့ပါသည်။ အထူးသဖြင့် အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းတို့နှင့်ပတ်သက်သော ဇင် အဆုံးအမမှာ အလွန်ရှင်းလင်းပြီး အနုစိတ်ပါသည်။ ဆာမူရိုင်းသည် အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းကြား အစပ်တွင် ရပ်တည်နေသောကြောင့် ဤအဆုံးအမသည် ၎င်းတို့၏ လေ့ကျင့်ရေးအတွက် အလွန် သင့်လျော်ခဲ့ပါသည်။ ၎င်းတို့သည် ဇင်ကို အလွန်လျင်မြန်စွာ လေးစားမြတ်နိုး ဦးထိပ်ထားကာ ယုံကြည်ခဲ့ကြပါသည်။ (Seisen in Victoria 2006, 99-100)

ဇင်၏သမိုင်းနှင့် ၎င်း၏ ဘူရှီဒို(Bushido) နှင့် အပြန်အလှန်ဆက်သွယ်မှုအထောက်အထားတို့ကို ထောက်ဆလျှင် ဗုဒ္ဓဘာသာ၏ အခြားလမ်းကြောင်းများနှင့်နှိုင်းယှဉ်ပါက ၎င်းတွင် စစ်ပွဲနှင့်သတ်ဖြတ်ခြင်းတို့အပေါ် မတူကွဲပြားသော ချဉ်းကပ်ပုံနည်းလမ်းရှိနိုင်သည်မှာ အံ့သြဖွယ်မရှိပေ။

သို့သော် များမကြာသေးမီက ပြုလုပ်ခဲ့သော အိုလက်ဂ်ဘဲန်းနက်ရှ် - Oleg Benesh(2014) ၏ ဘူရှီဒိုနှင့်ပတ်သက်သည့် လေ့လာမှုက ဂျပန်သမိုင်းတွင် ဇင်နှင့် ဘူရှီဒိုတို့အကြား ဆက်စပ်မှု၏ အင်အားကို သံသယရှိစေပါသည်။ ဇင်နှင့် ဘူရှီဒိုတို့အကြား အပြန်အလှန်ဆက်သွယ်မှု၏ တိကျသောအဖြစ်အပျက်ကို ကိုယ်စားပြုခြင်းထက် ဘဲန်းနက်ရှ်က ဆယ့်ကိုးရာစုအနှောင်းပိုင်းနှင့် နှစ်ဆယ်ရာစုအစောပိုင်းကာလတို့အတွင်း ထိုအကြောင်းအရာအပေါ် အများစုရေးသားခဲ့ချက်များမှာ ချဲ့ကားထားခြင်း သို့မဟုတ် အချက်အလက်အထောက်အထားပေါ်အခြေမခံဘဲ တီထွင်ဖန်တီးထားခြင်းဟု ဆိုပါသည်။ ဇင်နှင့် ဘူရှီဒိုကို ချိတ်ဆက်ပေးသော တကယ့် အထောက်အထားတို့မှာ မခိုင်မာပါ။ သို့သော် ၁၈၀၀ပြည့်နှစ်များ၏ အလယ်ပိုင်းမှ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်အထိ ဂျပန် ဗုဒ္ဓဘာသာ ခေါင်းဆောင်များ - အထူးသဖြင့် ဇင်ဂိုဏ်းမှခေါင်းဆောင်များသည် ကမာကူရခေတ်အတွင်း ဇင်က ဘူရှီဒိုအပေါ်

(နှင့် ဘူရှီဒိုက ဇင်အပေါ်) ဩဇာလွှမ်းမိုးခြင်းယူဆချက်ကို တွင်ကျယ်လာအောင်မြှင့်တင်ခြင်းဖြင့် ၎င်းတို့၏ မျိုးချစ်စိတ်ကို ပြသရန် စိတ်အားထက်သန်ခဲ့ကြပါသည်။ (Benesch 2014, 135-140) သို့ရာတွင် ဇင်၏ ဂျပန်ကိုယ်ခံပညာဖွံ့ဖြိုးမှုအပေါ် လွှမ်းမိုးမှုက အမှန်မဟုတ်သည့်လံကြုပ်ဖြစ်သည့်တိုင် ဇင်လေ့ကျင့်မှု၏ “ထိရောက်မှု” ကို သေခြင်းတရားအား ကြောက်ရွံ့မှုကို ကျော်လွှားနိုင်ရန်နှင့် မျက်မှောက်ခေတ်စစ်ပွဲတွင် ၎င်းတို့၏ စစ်ဆင်ရေးဆိုင်ရာ ပြောင်မြောက်သည့်စွမ်းရည်ကို ပိုမိုတိုးချဲ့ရန် စစ်သည်များအား အထောက်အကူပြုသည့်နည်းလမ်းအဖြစ် ဘရိုင်ယန်ဗစ်တိုးရီးယား - Brian Victoria (2006) က ဒုတိယကမ္ဘာစစ်အတွင်း ဇင်ဂိုဏ်းများက ဂျပန်တို့၏ စစ်ပွဲကြိုးပမ်းအားထုတ်မှုတွင် အထောက်အကူပေးခဲ့ပုံကို ၎င်း၏ဆန်းစစ်ဝေဖန်မှုတွင် မှတ်သားဖွယ်ရာ ကောင်းစွာ မှတ်တမ်းတင်ထားပါသည်။

ယင်း၏လုပ်နိုင်စွမ်းကို မကောင်းသောရည်ရွယ်ချက်များအတွက် ရွေးချယ်လာနိုင်သော်လည်း စနစ်တကျ မှန်ကန်စွာကျင့်သုံးမည်ဆိုလျှင် ကိုးအန်း မိမိကိုယ်ကိုဆန်းစစ်ခြင်းအပါအဝင် ဇင်ကျင့်စဉ်သည် စစ်သည်တစ်ဦးကို စစ်ပွဲဆိုင်ရာစည်းမျဉ်းများအား ထိန်းသိမ်းလိုက်နာရန်လည်း ပြင်ဆင်ပေးနိုင်ပါသည်။ ရိုရှိဘဲန်ဒါ ပြောသည့်အတိုင်း “၎င်းတို့သည် တကယ့် လူသားဆန်ပုံနည်းလမ်းများ ဖြစ်ပါသည်။ စစ်ပွဲအတွင်း တစ်စုံတစ်ဦးအား လူသားဆန်မှု အနုပညာကို ကျင့်သုံးစေချင်ပါသလား”။ ဟုတ်ကဲ့၊ ကျင့်သုံးစေချင်ပါတယ်။[26] ကိုးအန်းကျင့်စဉ်က ဇင် စာသင်သားများအား “တစ်ခုမဟုတ် တစ်ခု” ကြောင်းကျိုးဆက်စပ်ဆင်ခြင်ခြင်းနည်းလမ်းများ၏ ကန့်သတ်ချက်ဘောင်များကို ရင်ဆိုင်နိုင်ရန် ဝိရောဓိများကို စဉ်းစားဆင်ခြင်စေပြီး ယင်းက စာသင်သားအား “နှစ်ခုစလုံး” ဟု ပြဿနာတစ်ခုကို နားလည်ခြင်းနည်းလမ်းများအား ၎င်းတို့ လက်ခံယုံကြည်သည့်အခါ မည်သည်တို့ ဖြစ်ပေါ်လာသည်ကို သိမြင်စေပါသည်။ (Didriksen 2018, 403-404) “နှစ်ခုစလုံး”ဟူသော စဉ်းစားတွေးတောခြင်းနည်းလမ်းများကို ဤစဉ်းစားဆင်ခြင်နိုင်စွမ်းက စာသင်သားအား ကမ္ဘာ့ဌာန်းအားထုတ်နေချိန်မဟုတ်သည့်တိုင် ဒွိဟဖြစ်မှုကို ပိုမိုကောင်းမွန်စွာ ဆုပ်ကိုင်ထားနိုင်စေပါသည်။ မည်သည့်နည်းလမ်းများနှင့်မဆို မလွဲနိုင်သော်လည်း တိုက်ပွဲတွင် မသေချာမရေရာသော အခြေအနေများနှင့် ကြုံတွေ့ရသည့် ဇင်ကျင့်သုံးသူများသည် ထိုလေ့ကျင့်မှုကိုရမထားသူများနှင့် နှိုင်းယှဉ်လျှင် လက်နက်ကိုင်ပဋိပက္ခတွင် ပိုမိုကြီးမားသော အမြော်အမြင်ချင့်ချိန်မှုနှင့်လုပ်ဆောင်နိုင်စွမ်း ရှိနိုင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခကာလများတွင် မသေချာမရေရာမှုကို လက်ခံနိုင်ရန်နှင့် ဘက်လိုက်မှု သို့မဟုတ် ကိုယ်တိုင်ရှာဖွေသင်ယူတတ်မြောက်ခြင်းနှင့်ဆိုင်သော စဉ်းစားတွေးတောမှုများကို ကျော်လွှားနိုင်ရန် ဇင်ကျင့်သုံးသူများဖြစ်သည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား အထောက်အကူပြုနိုင်သော ကိုးအန်းကျင့်သုံးမှု ဖြစ်နိုင်ခြေ နည်းလမ်းများကို ကျွန်ုပ် လေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် - အထူးသဖြင့် IHL ကို ပိုမို လေးစား လိုက်နာစေရန် ရည်ရွယ်ချက်ဖြင့် တပ်မှမထွက်မီ ရှေ့တန်းတာဝန်ချခံရပြီး ဇင်ကမ္ဘဌာန်းအားထုတ်မှုကို ကျင့်သုံးသော အမေရိကန်လေတပ်အရာရှိဟောင်းသုံးဦးပါအဖွဲ့၏အမြင်များကို စုံစမ်းကြည့်ခဲ့ပါသည်။ အောက်ပါအချက်များသည် အထက်၌ ဆွေးနွေးခဲ့သော သီအိုရီအယူအဆက လက်တွေ့ဘဝအတွေ့အကြုံကဲ့သို့ အသုံးမဝင်တော့ပုံကို ပြသရန် နည်းလမ်းတစ်ခုအဖြစ် ကိုးအန်း မိမိကိုယ်ကိုဆန်းစစ်မှုအား ကျင့်သုံးထားသော တိုက်ပွဲဝင်စစ်သည်များ၏ အတွေ့အကြုံများကိုမျှဝေရန် ရည်ရွယ်ပါသည်။ သိပ္ပံနည်းကျ သုံးသပ်ချက်တစ်ခုကို ကိုယ်စားပြုရန် မရည်ရွယ်ပါ။

ဤမေးမြန်းမှုတွင်ပါဝင်သူ သုံးဦးလုံးက ၎င်းတို့ရှေ့တန်းမထွက်မီ ဇာဇဲန်(Zazen)ကျင့်သုံးခြင်းနှင့် ကိုးအန်းကို စတင်လိုက်စားခြင်းသည် အထောက်အကူဖြစ်ကြောင်း သဘောတူကြပါသည်။ အရာရှိဟောင်းနှစ်ဦးက ဤသို့ ရှင်းပြခဲ့ပါသည် -

> ကိုးအန်းအလုပ်အတွက် … အဓိပ္ပာယ်မရှိသောမေးခွန်းတစ်ခုကို ထိုင်စဉ်းစားပြီး ထိုမေးခွန်းထဲတွင် အမှန်တရားကိုရှာဖွေရန် ကြိုးစားခြင်း - ဒါသည် စစ်ပွဲ၊ ဟုတ်ပါသလား။ အဓိပ္ပါယ်မရှိသည့် တစ်စုံတစ်ခုနှင့် ထိုင်နေသည့်လုပ်ငန်းစဉ်ဖြင့်သွားနေခြင်းဖြစ်ပြီး ၎င်းမှတဆင့် ဆန်းစစ်ရန် ကြိုးစားကာ ထိုမေးခွန်းအတွက် သီအိုရီအယူအဆသက်သက်ဖြစ်ပြီး လက်တွေ့နှင့်မသက်ဆိုင်သော၊ မိမိကိုယ်ကို အရှိန်အဝါကြီးမားစေသော အဖြေကို ရှာမတွေ့နိုင်သည်မှာ - သီအိုရီသဘောတရားအားဖြင့် စစ်ပွဲ၏ “ကိုးအန်း” တွင် ထိုင်နေသူ တစ်စုံတစ်ဦးအား အကူအညီပေးနိုင်သည့်အချက်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။[27]

ဝိရောဓိဇုန်အတွင်း သင် ရောက်သွားသည့်အခါ သင် စိတ်ကူးအများအပြား ရပါမည်။ ရင်ဆိုင်နေရသည့် ဝိရောဓိပမာဏပေါ်မူတည်ပြီး ထိုစိတ်ကူးများ အလွန်လျင်မြန်စွာ ပျောက်ကွယ်သွားပါလိမ့်မည်။ …. သင် ရှေ့ဆက်သွား

လျှင် အသိဉာဏ်ဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာ များစွာ နည်းပါးသည့် ငရဲသို့ ရောက်သွားပါမည် - ကောင်းပြီ၊ ကိုးအန်း အလုပ်ခွင်မှ ကြိုဆိုပါသည်။[28]

မဖြစ်နိုင်သောမေးခွန်းတစ်ခုနှင့်အတူ - အကြိမ်ကြိမ် ထပ်ခါထပ်ခါ - ထိုင်ခြင်းသည် မသေချာမရေရာမှု သို့မဟုတ် အဓိပ္ပာယ်ကင်းမဲ့မှုကို ကိုင်တွယ်ရန်အတွက် အခွင့်သာတိုင်း တစ်ကိုယ်ရေ စစ်ကစားသည့်လေ့ကျင့်ခန်းအလား စိတ်ကိုလေ့ကျင့်ပေးရန် နည်းလမ်းတစ်ခု ဖြစ်လာပါသည်။ သို့သော်လည်း ထိုအဖွဲ့တွင် ပါဝင်သူအဖွဲ့ဝင်တစ်ဦးက ဇင်ကို တိုက်ပွဲဇုန်နယ်မြေတစ်ခုတွင် အမှန်တကယ် ထမ်းဆောင်နေခြင်းအတွက် စိတ်ပိုင်းအရ အပြည့်အဝ ပြင်ဆင် ပေးနိုင်သည့် နည်းလမ်းတစ်ခုအဖြစ် ရှုမြင်ခြင်းမပြုရန် သတိပေးတားမြစ်ခဲ့ပါသည် -

> အလွန်လက်တွေ့ကျသော တစ်ဦးချင်းအဆင့် ဇင်ကျင့်စဉ်နှင့်ပတ်သက်သည့် ကောင်းကွက်မှာ စိတ်ပိုင်း ဆိုင်ရာကျင့်သုံးမှုတချို့ထက် ယင်းသည် ပုံမှန်လုပ်ရိုးလုပ်စဉ်ပုံစံဖြင့် ပိုမို မြုပ်နှံထားရန် တိမ်းညွတ်တတ် သောကြောင့် ယင်းသည် - ပြင်းထန်လှသော စိတ်ဖိစီးမှုအတွင်း လျှော့ကျလွမ်းရန် ကိုယ်ကာယအားဖြင့် လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း၊ ဘာသာရေးယုံကြည်မှုအားဖြင့်လည်းကောင်း သင် မည်မျှ ကျန်းမာကြံ့ခိုင်သနည်း ဟူသောမေးခွန်းကို အဖြေထုတ်ရန်နှင့် ဆင်တူပါသည်။ သို့သော်လည်း ကမ္ဘာပေါ် တွင် ကျန်းမာကြံ့ခိုင်ဆုံးသူပင်ဖြစ်နေပါစေ၊ သင့်ကို တိုက်ပွဲ သို့မဟုတ် စစ်ပွဲအတွက် အသင့်ပြင်ဆင်မပေး ပါ၊ လာမာတစ်ဦး သို့မဟုတ် ရိုရှိတစ်ဦးပင် ဖြစ်နေပါစေ၊ သင့်ကို စစ်ပွဲအတွက် ပင်ကိုဗီဇအားဖြင့် အသင့် ပြင်ဆင်မပေးပါ။[29]

အထက်တွင်ဖော်ပြခဲ့သော ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုနှင့် နှိုင်းယှဉ်ခြင်းမှာ ဆီလျော်ပါသည်။ ကိုးအန်း မိမိကိုယ် ကိုဆန်းစစ်မှုသည် လူတစ်ဦးအတွက် တစ်ရက်သင်တန်းအစီအစဉ်ဖြင့် သင်ယူတတ်မြောက်နိုင်သော ကျင့်စဉ်မျိုး မဟုတ်ပါ။ ကျွမ်းကျင်ပိုင်နိုင်ဆရာတစ်ဆူဖြစ်ရန် တစ်သက်လုံး လုပ်ဆောင်ရသည့်ကျင့်စဉ် ဖြစ်ပါသည်။ ပိုမို လေ့ကျင့်လေလေ ပိုမို "ကျန်းမာကြံ့ခိုင်"လေလေ ဖြစ်ပါသည်။

တပ်ဖြန့်ချထားစဉ် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်မှုကိုစတင်လိုက်စားခြင်းသည် အထောက်အကူ ဖြစ်မဖြစ် အပေါ် ထိုအဖွဲ့၏အမြင်များသည် ပိုမိုရှုပ်ထွေးပါသည်။ ယေဘုယျအမြင်မှာ စစ်ပွဲသို့မသွားမီ ပုံမှန် ကိုးအန်းကျင့်စဉ် ကို စတင်ခဲ့ခြင်းမရှိလျှင် တပ်ဖြန့်ချထားမှုအတွင်း စတင်လိုက်စားရန် အကောင်းဆုံး ဖြစ်တန်စွမ်း မရှိပါ။[22] အရာရှိဟောင်းတစ်ဦးက ဆိုသည့်အတိုင်း -

> ပဋိပက္ခဇုန်နယ်မြေအတွင်းသို့သွားခြင်းဖြင့် သင်သည် သင်၏ လုပ်ဆောင်နိုင်စွမ်းကို ယုံကြည်မှု ရှိရန် လိုအပ်ပြီး အချို့သောအရာများအား သင်လုပ်နိုင်သည်ကို သင် သိရန် လိုအပ်ပါသည်။ ထို့ကြောင့် လေ့ကျင့်ရေးသည် ပဓာန ဖြစ်ပါသည်။ ဘက်လိုက်ခြင်းများကို ဖယ်ရှားရန် သင့်တွင် "လူသစ်၏စိတ်" ရှိရန် လိုအပ်ပါသည်။ ကိုးအန်းအလုပ်သည် လူသစ်၏စိတ်နှင့်ပတ်သက်ပါသည်။ မိမိကိုယ်ကိုယုံကြည်မှု .... နှင့် လူသစ်၏စိတ်တို့အကြား ပင်ကို ဝိရောဓိ ရှိပါသည်။ အကောင်းဆုံး စစ်သည်တော်က ထိုနှစ်ခုကို ရောနှော နိုင်ခြေ ရှိနိုင်ပါသည် - ဆာမူရိုင်း သင်သိပါသည်။ သို့သော် သင်က ယင်းကို ပြုလုပ်ရန် ကြိုးစားပြီး သင့်တွင် ယင်းနှင့်ပတ်သက်၍ ယခင် အတွေ့အကြုံ မရှိသည့်အခါ ယင်းသည် စိတ်ကူးကောင်းတစ်ခုဖြစ်သည်ဟု ကျွန်ုပ် မထင်ပါ။[30]

တစ်စုံတစ်ဦး၌ ပုံမှန် ကိုးအန်းကျင့်စဉ် ရှိခဲ့ပြီးဖြစ်လျှင် မသေချာမရေရာမှုကို ကိုင်တွယ်လုပ်ဆောင်နိုင်ရန် တစ်စုံတစ်ဦး၏စွမ်းရည်ကို ပို၍ ဖွံ့ဖြိုးစေရန် အလွန်ကြီးမားစွာ အထောက်အကူ ဖြစ်နိုင်ပုံရသော်လည်း တိုက်ပွဲဇုန် နယ်မြေအတွင်း မည်သည့်ကိုးအန်းကို ယူရမည်နှင့်ပတ်သက်ပြီး အလွန်သတိထားရပါမည်။ အရာရှိဟောင်းတစ်ဦး ၏ အတွေ့အကြုံက ထုတ်ဖော်ပြသည့်အတိုင်း -

> ကိုးအန်းအလုပ်စခန်းအရ သင် လုပ်နေသော ကိုးအန်းအမျိုးအစားအစဉ်သည် အရေးကြီးကောင်း ကြီးနိုင် ပါသည်။ အဝေးတစ်နေရာတွင် ကိုးအန်းတစ်ခုကို ကျွန်ုပ် တက်တက်ကြွကြွ လုပ်နေခဲ့ပြီး [မြစ်ကိုဖြတ်ပြီး တိုက်ခိုက်ခြင်းကို ရပ်ပါ] ယင်းမှာ အလွန် ထူးဆန်းနေခဲ့ပါသည်။ အခြားတစ်ဖက်တွင် - ကျွန်ုပ် ရဲဘော်များ ၏ သို့မဟုတ် တိုက်ခိုက်နေသူများ၏ အကျိုးအတွက် သေချာပေါက် မဟုတ်ပေ - အထူးသဖြင့် ထိုကိုးအန်း နှင့် ကျွန်ုပ် ရှိနေသည့်နေရာတို့ကြောင့် ထိုကိုးအန်းထက် ပိုပြီး မည်သည့်ကိုးအန်းမဆို ကျွန်ုပ်အတွက် ပိုမို ရှင်းလင်းသော အတွေ့အကြုံရှိစေလိမ့်မည်ဟု ကျွန်ုပ် မထင်ပါ။ ... ကျွန်ုပ် မသွားမီ ယင်းနှင့်ပတ်သက်၍

အလွန်စိတ်ဝင်စားစရာကောင်းသော စိတ်ကူးအချို့ ကျွန်ုပ်တွင် ရှိခဲ့ပါသည်။ "ဟုတ်ပြီ၊ ကောင်းလိုက်လေခြင်း။ မြစ်ကိုဖြတ်ပြီး တိုက်ခိုက်တာ ငါ ရပ်ထားလိုက်မယ်။ မြစ်ကိုဖြတ်ပြီး တိုက်ခိုက်ပြီးတဲ့နောက် ငါ ရှင်းလင်းလိုက်မယ်။" ....

အနည်းဆုံး ကျွန်ုပ်တို့၏အစဉ်အလာအတွင်းရှိ အချို့သော ကနဦး ကိုးအန်းများနှင့် သင်သည် အန္တရာယ်လမ်းတွင် ရှိနေပြီး သင် လုပ်ရန်လိုသည့်အရာ ကိုလုပ်နေခြင်းသာ ဖြစ်သောကြောင့် - "အရေးကြီးဆုံးအရာက ဘာလဲ၊ အရေးကြီးဆုံးလူက ဘယ်သူလဲ။ အခိုက်အတန့်တစ်ခုမှာ အကောင်းဆုံးလုပ်ဆောင်မှုက ဘာလဲ။" ... စသည့် သင့်ဦးခေါင်းထဲရှိ အမှိုက်သရိုက် အားလုံးကို - သွားကြပါစေ - လွှတ်ချပစ်ခြင်း အယူအဆ အကြား တူညီမှုကို ကျွန်ုပ် သေချာစွာ တွေ့မြင်နိုင်ပါသည်။ ဘာဖြစ်သွားခဲ့သနည်းဆိုလျှင် ကျွန်ုပ် အိမ်ရောက်သည့်အခါ ကျွန်ုပ် ဒေါသထွက်နေခဲ့ပြီး တချိန်လုံး ဒေါသထွက်နေခဲ့ပါသည်။ ... ကျွန်ုပ် မှတ်မိသည်မှာ နောက်ဆုံး ကျွန်ုပ် အရုပ်ကြိုးပြတ် ဖြစ်သွားပြီး ကိုးအန်းအလုပ်ကို အမှန်တကယ် တုံ့ပြန်၍မရတော့ပါ။ သို့သော် ရိုရှိကို ဖုန်းဆက်ပြီး "ခင်ဗျား ကျွန်တော့်ကို ကူညီမှ ရမယ် - ကျွန်တော် ဒေါသထွက်နေတာ ရပ်လို့မရတော့ဘူး" ဟု ကျွန်ုပ်ပြောခဲ့ပါသည်။ ကျွန်ုပ်တို့ စကားပြောခဲ့စဉ် ကတည်းကဆိုလျှင် လအတော်ကြာခဲ့ပြီ ဖြစ်ပါသည်။ ၎င်းက ကျွန်ုပ်ကို "ဘယ် ကိုးအန်းကို လုပ်နေတာလဲ" ဟု မေးပါသည်။ ကျွန်ုပ် မှတ်မိသည်မှာ ကျွန်ုပ်က ၎င်းကို ပြောပြလိုက်သည့်အခါ ဖုန်းအခြားတစ်ဘက်မှာ ခေတ္တခဏ အသံတိတ်သွားပါသည်။ ၎င်း (ပါးစပ်မဖွင့်မီမှာပင်) စကားမစမီမှာပင် ဘာဖြစ်ခဲ့သည်ကို ကျွန်ုပ် သဘောပေါက်သွားပါသည်။ ၎င်းက "ပထမဆုံး ရပ်လိုက်ပါ၊ မင်း ကျော်လွန်သွားခဲ့ပြီးပြီ၊ ဒုတိယ မင်း အဲဒါကို လွှတ်ချဖို့ လိုတယ်၊ ... မင်း အဲဒါကို သွားခွင့်ပေးဖို့ လိုတယ်" ... ဟု ပြောပါသည်။ အဲဒါသည် (အနည်းဆုံးတော့ ကျွန်ုပ်အတွက်) အီရတ်ကို ယူသွားရမည့်အရာ မဟုတ်ချေ။ အိမ်အပြန် အကူးအပြောင်းသည် အတော့်ကို ပိုမိုခက်ခဲသောကြောင့်တည်း။ ဖြစ်နိုင်သည်မှာ ကျွန်ုပ်က ကိုးအန်းအလုပ်ကို အတွေ့အကြုံမရှိ၍ ဖြစ်မည်။ ကျွန်ုပ်က ကိုးအန်းကို လုပ်ဆောင်နေသော နေရာထက် ကိုးအန်းက ကျွန်ုပ်ကို လုပ်ဆောင်ပေးနေသောနေရာကို ကျွန်ုပ် သိလိုက်ရပါသည်။[31]

ကိုးအန်းသင်ရိုးဖြင့် စာသင်သားတစ်ဦးကို လမ်းညွှန်ပေးရာတွင် ဆရာ၏အခန်းကဏ္ဍကို အလုံအလောက် အလေး မထားနိုင်ပေ။ အလုမ်းကွာဝေးမှု (အထူးသဖြင့် အချိန်ဇုန် ပြောင်းလဲမှုရှိလျှင်) သို့မဟုတ် အလုပ်ချိန်နာရီ ရှည်ကြာမှု ကြောင့် ရှေ့တန်းအပို့ခံထားရသော ဇင်စာသင်သားသည် ၎င်းတို့၏ဆရာနှင့် ပုံမှန်တိုင်ပင်နိုင်စွမ်းမရှိသော်လည်း ဆက်လက်လေ့ကျင့်ရန် ကြိုးစားအားထုတ်နိုင်ပေသည်။ သို့သော် ကျင့်သုံးမှု၏ ခိုင်မာအားကောင်းမှုသည် မိမိ၏ ဆရာနှင့် ပုံမှန်ဆွေးနွေးမှုပေါ် မူတည်နေသောကြောင့် အထောက်အကူမပြုသော စိတ်အခြေအနေများ ဖွံ့ဖြိုး တိုးတက်လာခြင်း ကာကွယ်စောင့်ရှောက်နိုင်ရန် ဤနည်းလမ်းသည် မသင့်တော်ပေ။ ကိုးအန်းသင်ရိုးသည် ဆရာ များနှင့် စာသင်သားများ အတူနေထိုင်ကြပြီး မကြာခဏ ဆရာနှင့်တပည့် တစ်ဦးချင်းသင်ကြားပေးမှုများရှိသည့် ဘုန်းတော်ကြီးကျောင်းများတွင် မူလဘူတအားဖြင့် ဖွံ့ဖြိုးခဲ့ပါသည်။ ကိုးအန်း မိမိကိုယ်ကို ဆန်းစစ်သုံးသပ်ခြင်း အပါအဝင် ကမ္မဋ္ဌာန်းအားထုတ်သော မည်သည့်ကျင့်သုံးမှုမဆိုတွင် အတွေ့အကြုံတစ်ခုအတွက် မိမိကိုယ်ကို ဖွင့် ပေးထားခြင်း ပါဝင်ပြီး အထူးသဖြင့် ထိုအတွေ့အကြုံကိုလုပ်ဆောင်သည့်လုပ်ငန်းစဉ်တွင် ၎င်းတို့ကို ကူညီပေးရန် လုံလောက်သော အထောက်အကူပြု ဖွဲ့စည်းမှုမရှိသည့် လက်နက်ကိုင်ပဋိပက္ခသည် စာသင်သားအတွက် ထိုသို့ လုပ်ရန် အကောင်းဆုံးနေရာ မဟုတ်ချေ။ အရာရှိဟောင်းနောက်တစ်ဦးက မှတ်ချက်ပြုသည့်အတိုင်း -

စိတ်ပညာရှုထောင့်မှ ထိုအခိုက်အတန့်တွင် သင်သည် ပိုင်းကန့်ခွဲခြားရန် လိုပါသည်။ အကယ်၍ သင်သည် ထိုင်နေပြီး ဤအရာများပေါ်လာသည်ကို ခွင့်ပြုထားကာ ပေါ်လာသောအရာမှန်သမျှကို စီမံခန့်ခွဲရန် သင့်တွင် လက်ခံသိုမှီးသိမ်းဆည်းစရာမရှိလျှင် ယင်းသည် တကယ့်ကို အန္တရာယ်ရှိ လိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။ သင့်တွင် တကယ့် ဆရာကောင်း သို့မဟုတ် တကယ့် ရိုရှိကောင်း သို့မဟုတ် တိုက်ပွဲ စိတ်ဖိစီးမှုကိုကုသပေးသည့် တကယ့် ဆေးခန်းကောင်း မရှိလျှင် ဤနေရာ၌ ပိုင်းကန့်ခွဲခြားခြင်းသည် - သင့်စိတ်က လုပ်နေရမည့်အရာ - သင့် အကာအကွယ် ဖြစ်သည်ဟု ကျွန်ုပ် ထင်ပါသည်။ သို့သော်လည်း တိုက်ပွဲမဖြစ်မီနှင့် တိုက်ပွဲဖြစ်ပြီးနောက်တို့သည် - (ကိုးအန်း ကျင့်စဉ်) အထောက်အကူ ဖြစ်နိုင်ပါသည်။ တိုက်ပွဲအခိုက်အတန့်အတွင်းတွင် ယင်းသည် အမှန်တကယ် အန္တရာယ်သိပ်များသည်ဟု ကျွန်ုပ် ထင်ပါ သည်။[32]

ထို့ကြောင့် ကိုးအန်း မိမိကိုယ်ကိုပြန်လည်စစ်ဆေးခြင်းသည် ခက်ခဲသော သို့မဟုတ် ဝေခွဲရခက်သော အခြေအနေများတွင် အများဆုံးလိုအပ်သော အမြင်အချို့ကို ပေးနိုင်သော်လည်း ဤကျင့်စဉ်၏ အဓိကတန်ဖိုးမှာ တိုက်ပွဲဇုန်နယ်မြေတွင် သေချာပေါက် အကျိုးကျေးဇူးဖြစ်စေခြင်းထက် တစ်စုံတစ်ဦးကို စစ်မြေပြင်၌တပ်ဖြန့်ချထားခြင်းအတွက် အဆင်သင့်ဖြစ်စေရန် အထောက်အကူပေးခြင်း ဖြစ်ပုံရပါသည်။ အကယ်၍ စစ်မြေပြင်၌တပ်ဖြန့်ချထားစဉ် စာသင်သားက ကိုးအန်းအလုပ်ကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိလျှင် ထိုပတ်ဝန်းကျင်တွင် ၎င်းတို့အတွက် တာဝန်ထမ်းဆောင်ရန် အလားအလာရှိသော ကာလမတိုင်မီ ၎င်းတို့၏ဆရာနှင့်အတူ ကိုးအန်းတစ်ခုကို သဘောတူရန် ၎င်းတို့အတွက် နှိုင်းနှိုင်းချိန်ချိန်ဆင်ခြင်မြော်တွေးပုံရသည့်အပြင် စာသင်သားအတွက် စစ်မြေပြင်တပ်ဖြန့်ချထားသည့်ကာလတလျှောက်လုံးနှင့် တပ်ဖြန့်ချထားမှုပြီးဆုံးသည့်နောက် ချက်ခြင်း ဆိုသလို ၎င်းတို့၏ဆရာနှင့် ပုံမှန် တိုင်ပင်ဆွေးနွေးရန် ဖြစ်ပုံရပါသည်။

## ကျင့်ဝတ်နှင့်ဆိုင်သောကျောက်ဆူးကဲ့သို့ သီလများ

ကိုယ်ကျင့်သီလဆိုင်ရာ ချည်နှောင်ထိန်းချုပ်ထားမှုမရှိဘဲ ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်း အပါအဝင် ဇင်ဖွံ့ဖြိုးခဲ့သည့် “စိတ်ပိုင်းဆိုင်ရာနည်းလမ်းများ” ကို အသုံးပြုရန် ဖြစ်နိုင်သည့်အပြင် တပ်ဖွဲ့ဝင်များအား သေခြင်းတရားကို ကြောက်ရွံ့ခြင်းမှ အကာအကွယ်ပေးရန်သာ ၎င်းတို့ကို အသုံးပြုခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းတွင် ပိုမိုကောင်းမွန်လာစေရန် ၎င်းတို့ကို ပြုလုပ်ပေးခြင်း ဖြစ်နိုင်ပါသည်။ ယင်းသည် ဂျပန်တွင် ဇင်ဂိုဏ်းအဖွဲ့အစည်းများက ဒုတိယကမ္ဘာစစ်အတွင်း ၎င်းတို့ကိုယ်တိုင်နှင့် ဧကရာဇ်နှင့်စစ်ပွဲကြိုးပမ်းအားထုတ်မှုအား အထောက်အကူပြုရန် ၎င်းတို့၏အဆုံးအမများကို လိုက်လျောညီထွေညှိယူထားသည့် ဘုရင့်နိုင်ငံတော်ဇင်နှင့်အတူရှိခဲ့သည့် ကိစ္စရပ် ဖြစ်ပါသည်။ စစ်သည်များအား ဗုဒ္ဓဘာသာ ကျင့်ဝတ်သီလများကို ဆုပ်ကိုင်ကျင့်သုံးရန် တိုက်တွန်းအားပေးမှုကို အသုံးပြုခြင်းထက် ကိစ္စရပ်များစွာတွင် ဇင်သင်ကြားပြသသူများနှင့်ဇင်အကျော်အမော်ဆရာကြီးများက နိုင်ငံတော်ကို သစ္စာစောင့်သိခြင်းသည် စစ်သည်တစ်ဦးအဖို့ ဆန္ဒပြင်းပြနိုင်သည့် အမြင့်မားဆုံးသော “အကျင့်ကောင်း” အဖြစ် အားပေးမြှင့်တင်ခဲ့ပါသည်။ (Victoria 2006 , 95 -129)

ဇင်ဗုဒ္ဓဘာသာတွင် များစွာသော အဆုံးအမတရားတို့သည် “ပရမတ္ထ” (ဂျပန်ဘာသာ - ရီ) နှင့် “သမုတိ” (ဂျပန်ဘာသာ - ဂျီ) ဟူသော သစ္စာတရား၏ ရှုထောင့်နှစ်ခုကို ရည်ညွှန်းပါသည်။ ယင်းတို့သည် “သုညတ္တ” နှင့် “ပုံစံအသွင်” အသိသညာအယူအဆတို့နှင့် အသီးသီး ဆက်စပ်ပါသည်။ ဆရာကြီး ဆယ်ခိတို ခိဆဲန်း(Master Sekito Kisen) ၏ “သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့၏ ကိုယ်ပိုင်လက္ခဏာ”(ဂျပန်ဘာသာ - ဆန်းဒိုးခိုင်း) အပေါ် ရှင်းလင်းချက်တွင် စိုးတိုးဘုန်းတော်ကြီး ဒိုးမျော့ဘုရ်ခ်က ပရမတ္ထသစ္စာနှင့် သမုတိသစ္စာတို့အကြား ဆက်သွယ်မှုကို ကူညီရှင်းပြထားပါသည် -

> ကျွန်ုပ်တို့ ဘဝများ၏ ပရမတ္ထသဘောနှင့် သမုတိသဘော ရှုထောင့်တို့သည် တစ်ခုနှင့်တစ်ခု လွန်စွာတသီးတခြား ဖြစ်နေသကဲ့သို့ မကြာခဏ ခံစားရနိုင်ပါသည်။ စည်းလုံးညီညွတ်ခြင်း၊ တသီးတခြား မခွဲခြားခြင်း၊ အရာရာ သူ့သဘောသူဆောင်ခြင်း ဟူသည့် ပရမတ္ထသဘောတရားကို ကျွန်ုပ်တို့ အာရုံပြုသည့်အခါ သမုတိသဘောမှာ မေးမှိန်သွားပုံရပြီး ပင်ကိုလက္ခဏာ၊ ခွဲခြားခြင်း၊ လုပ်ဆောင်ချက်၊ လောကီအောင်မြင်မှု၊ ပဋိပက္ခ၊ ဆင်းရဲဒုက္ခ ဟူသည့် သမုတိသဘောတရား ဝင်လာသည့်အခါ ပရမတ္ထကမ္ဘာ ပျောက်ကွယ်သွားပုံရပါသည်။ သို့သော်လည်း အမှန်စင်စစ်တွင် အရာရာသည် ပရမတ္ထသဘောနှင့် သမုတိသဘောတို့ နှစ်မျိုးလုံး တပြိုင်တည်း တည်ရှိနေပြီး ဤသဘောတရားနှစ်ခုသည် တစ်ခုနှင့်တစ်ခု နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း လုံးဝ မရှိပါ။ အခိုက်အတန့်တစ်ခုတွင် ထိုရှုထောင့်နှစ်ခုအနက် တစ်ခုခုက ကျွန်ုပ်တို့၏ အတွေ့အကြုံတွင် ပိုပြီး အဓိကကျကောင်းကျနိုင်သော်လည်း ထိုနှစ်ခုတွင် တစ်ခုက ရှေ့တန်းရောက်ပြီး အဓိကကျနေသည့်အခါ နှစ်ခုလုံးသည် လုပ်ဆောင်ရန် ရပ်နားခြင်းမရှိသည်ကို ကျွန်ုပ်တို့ သိသင့်ပါသည်။
> (Burk 2018)

ဇင်လေ့ကျင့်မှုအတွင်း စာသင်သားတစ်ဦးအတွက် ပရမတ္ထရှုထောင့်တွင် “ကပ်ငြိ”လာပြီး လောကကို ငြင်းပယ်ခြင်း သို့မဟုတ် လောကကို သမုတိသဘောဖြင့် ဆက်လက်မရှုမြင်တော့ခြင်း ရံဖန်ရံခါ ဖြစ်နိုင်ပါသည်။ ဆန်းဒိုးခိုင်း၏ စတုတ္ထမြောက်ဂါထာတွင် ဆဲခိတိုက “တစ်စုံတစ်ရာကို ဆုပ်ကိုင်ထားခြင်း(ဆိုလိုသည်မှာ သစ္စာတရားကို သမုတိ

ရှုထောင့်သက်သက်မှ ရှုမြင်ခြင်း)သည် သေချာပေါက် ယုံမှားခြင်း မောဟ ဖြစ်ပါသည်။ ထိုနည်းတူပင် [ဆိုလိုသည်မှာ သစ္စာတရားကို ပရမတ္ထရှုထောင့်သက်သက်မှ ရှုမြင်ခြင်း]သည်လည်း အသိဉာဏ်အလင်းရခြင်း မဟုတ်သေးပါ ဟုဆိုကာ ဤအချက်ကို သတိပေးထားပါသည်။ (Sekito in Burk 2018)

တစ်ခါတစ်ရံ ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းသည် လူတစ်ယောက်အား ကိုယ်ကျင့်သီလ အဆုံးအမ တရားများကို ကျော်လွန်သောနည်းဖြင့် သစ္စာတရား၏ ပရမတ္ထရှုထောင့်ကို တွေ့ကြုံ(သို့မဟုတ် ကပ်ငြိ) နိုင်စေသောကြောင့် ဇင်ကိုလေ့လာသော တိုက်ပွဲဝင်စစ်သည်တစ်ဦးအတွက် ဤကျင့်စဉ်ကို အားမထုတ်မီနှင့် စတင်အားထုတ်နေစဉ်အတွင်း အခြေခံသီလကောင်းရန် အထူးသဖြင့် အရေးကြီးပါသည်။ ကျွန်ုပ်၏ အဓိကလေ့လာသည့် အဖွဲ့တွင် ပါဝင်သူတစ်ဦး သတိပေးထားသည့်အတိုင်း ကိုးအန်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းအား လုပ်ဆောင်နေသည့်အခါ ကိုယ်ကျင့်သီလများကို လုံခြုံအောင်ထိန်းသိမ်းရန် အလွန် အရေးကြီးပါသည် -

> အထူးသဖြင့် ကိုးအန်းအလုပ်အကြောင်းကို စဉ်းစားဆင်ခြင်ကြည့်သည့်အခါ ဤအကျင့်သည် ဇင် ရှိ အခြားသောမည်သည့်ကျင့်သုံးမှုရှုထောင့်နှင့်မဆို ဆင်တူသည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသည်။ အကယ်၍ ... သင်သည် ဒွန်တွဲမှုမရှိခြင်း၏ အာရုံခံစားမှုအမှားအချို့ဖြင့် သင့်ကိုယ်သင် အကာအကွယ်ပေးရန် ကြိုးပမ်းနေလျှင် ... “ကောင်းပြီ၊ နာကျင်ခံစားရတဲ့သူ မရှိတာကြောင့် တကယ့်ကို တစ်စုံတစ်ယောက်ကို ကျွန်ုပ် နာကျင်ခံစားရအောင် မလုပ်နိုင်ပါဘူး၊ သင် ဒါကို လုပ်နေတာ “မှားနေပြီ”။ ရိုရှိ အကျယ်တဝင့် ပြောမည့် အရာများအနက် တစ်ခုမှာ အားထုတ်သူတစ်ဦးအတွက် အန္တရာယ်အများဆုံးအချိန်များထဲမှတစ်ခုမှာ “အားလုံး အဆင်ပြေပါသည်” ဟု ခံစားသောကြောင့် ၎င်းတို့တွင် တကယ့်ကို ကောင်းမွန်၊ ခိုင်မာ၊ နက်ရှိုင်းသည့် ပွင့်လင်းမှု သို့မဟုတ် ခဲန်းရှော့ကို ရရှိခဲ့ချိန် ဖြစ်ပါသည်။ ... အကယ်၍ သင်သည် ဆာမူရိုင်းတစ်ဦးဖြစ်မည် သို့မဟုတ် သင်သည် စစ်သည်တစ်ဦးဖြစ်မည်ဆိုလျှင် ထိုနေ့ကို ဖြတ်သန်းရန် အထောက်အကူပြုသည့် ကြံ့ကြံ့ခံနိုင်မှု အတိုင်းအတာအချို့ကို ကျွန်ုပ် အသေအချာ တွေ့မြင်နိုင်ပါသည်။ ... သင်သည် ပရမတ္ထတွင် ငြိကပ်မနေလျှင် ... ယင်းက သင့်အား ကြီးမားသော အမြင်ရှင်းလင်းမှုကို ပေးပါမည်။ ယင်းက သင့်ကို အခိုက်အတန့်တစ်ခုတွင် မည်သူအရေးကြီးဆုံး၊ မည်သည့်အရာအရေးကြီးဆုံးကို ကိုင်တွယ်နိုင်သူ တစ်ဦးအဖြစ် သင့်လမ်းတွင် တွေ့ကြုံရမည့်အခိပ္ပာယ်မဲ့မှုများ နည်းနိုင်သမျှအနည်းဆုံးနှင့်အတူ အသင့်ပြင်ဆင်ပေးပါမည်။ ထို့ကြောင့် ဇင်ကျင့်စဉ် သို့မဟုတ် ကိုးအန်းအလုပ်သည် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေအပေါ် တိုက်ရိုက်သက်ရောက်မှု ကြီးကြီးမားမား ရှိသည်ဟု ကျွန်ုပ် သေချာပေါက် မမြင်ပါ။ သို့သော် မစ်ရှင်တာဝန်တစ်ခုကို ဝင်ရောက်ပြီး ထိုတာဝန်ကို သင်လုပ်ရမည်ထက် ပိုမိုထိခိုက်နာကျင်စေမှု တစ်စုံတစ်ရာ မဖြစ်စေဘဲ ပြီးစီးအောင်မြင်စေရန် ကြိုးစားနေသူအဖြစ် ... အကယ်၍ သင်သည် ထိုတာဝန်ကို မှန်မှန်ကန်ကန်လုပ်ဆောင်နေလျှင် ဇင်သည် ထိုကိစ္စအတွက် ကြီးမားစွာ အထောက်အကူ ဖြစ်နိုင်သည်ဟု ကျွန်ုပ် ထင်ပါသည်။ ... ဇင် အတွက် အန္တရာယ်ဖြစ်နိုင်ခြေမှာ အထူးသဖြင့် ... အမှားအယွင်းဖြစ်သွားရန် အတွက် ကြီးမားသော အန္တရာယ်လည်း ရှိသည်ဟု ကျွန်ုပ် ထင်ပါသည်။[33]

ဥပမာအားဖြင့် ၎င်းကိုယ်တိုင် ဓားသမားတစ်ဦးဖြစ်သော ဇင်အကျော်အမော်ဆရာကြီး တာကူအန် ဆိုဟို - Takun Soho(1573-1645)က ဆာမူရိုင်းတစ်ဦးအတွက် ၎င်း၏လမ်းညွှန်ချက်များကို တစ်ချိန်က ရေးပေးခဲ့သည်မှာ -

> မြှောက်ကိုင်ထားတဲ့ဓားမှာ သူ့ရဲ့ကိုယ်ပိုင်ဆန္ဒမရှိပါဘူး။ အားလုံးက ဗလာသုညသဘောပါပဲ။ အဲဒါ ဟာ လျှပ်စီးတစ်ပြက်ပါ။ ခုတ်ပိုင်းခံရတော့မည့်သူဟာလည်း ဓားကိုင်ထားသူလို ... သုညတပါပဲ။ သင် မြှောက်တင်လိုက်တဲ့ဓားနှင့်အတူ သင့်စိတ်ကိုမရပ်တန့်လိုက်ပါနှင့်။ သင်လုပ်နေတဲ့အရာကို မေ့ထားပြီးတော့ ရန်သူကို ခုတ်လိုက်ပါ။ သင့်ရဲ့စိတ်ကို သင့်ရှေ့ကလူအပေါ်မှာ မထားပါနှင့်။ အဲဒါတွေအားလုံးဟာ သုညတပါ။ ဒါပေမယ့် သင့်စိတ်ဟာ သုညတထဲမှာ ပိတ်မိနေတယ်ဆိုတာကို သတိပြုပါ။ (Takuan in Aitken 1948, 5)။

သုညတထဲတွင် ပိတ်မိနေခြင်းအပေါ် ဆရာကြီး တာကုအန်း၏ သတိပေးစကား ဆိုသော်လည်း ဤစာပိုဒ်ကို ဇင်ကျင့်စဉ်၏ “မှားယွင်းသွားခြင်း”၏ ဥပမာတစ်ခုအဖြစ် မြင်နိုင်ပါသည်။ ရိုရှိ ရောဘတ် အိုက်ခဲန်း(Roshi Robert Aitken) ရှင်းပြသကဲ့သို့ သုညတ နေရာ သို့မဟုတ် ပရမတ္ထ ရှုထောင့်မှ ဆိုလျှင် သေခြင်းဟု ခေါ်ဆိုရမည့်အရာ မရှိပါ (ထို့ကြောင့် သတ်ဖြတ်ခြင်း မရှိပါ) ဆိုသည့်အချက်မှာ ဆရာကြီး တာကုအန်း မှန်ပါသည်။ သို့သော်လည်း နေ့စဉ်လောကရှုထောင့်အသွင်မှ သတ်ဖြတ်ခြင်း၏အကျိုးဆက်များသည် အလွန် အစစ်အမှန် ဖြစ်သောကြောင့် ကျင့်ကြံ

အားထုတ်သူများသည် ပရမတ္ထသက်သက်ရှုထောင့်ကို မယူသင့်ကြောင်း အကြံပြုခြင်းဖြင့် ၎င်းက တာကုအန်း၏ အမှားကိုထောက်ပြပါသည် -

> တကယ်လို့ ဓားဆိုတာမရှိဘူးဆိုလျှင်၊ ဓားကိုလွဲခုတ်လိုက်ခြင်းမရှိဘူးဆိုလျှင်၊ ခေါင်းဖြတ်ခြင်း မရှိဘူးဆိုလျှင် သွေးတွေက ဘာတွေလဲ။ ကျန်ရစ်သူမုဆိုးမနှင့်ကလေးများ၏ ငိုကြွေး မြည်တမ်းခြင်းတွေက ဘာတွေလဲ။ ပရမတ္ထဘက်က ရပ်တည်ခြင်းဟာ သူ့ချည်းသက်သက်ဆိုလျှင် လူသားရဲ့ အသေးစိတ်သဘောတွေကို လုံးဝ ချန်ထားခဲ့ပါတယ်။ ဗုဒ္ဓဘာသာ အပါအဝင် အဆုံးအမ ဒေသနာတွေဟာ အသုံးပြုဖို့ ဖြစ်ပါတယ်။ အဲဒါတွေက ၎င်းတို့ရဲ့ကိုယ်ပိုင်သက်ရှိ ဖြစ်လာမယ်ဆိုလျှင် ၎င်းတို့က ကျွန်ုပ်တို့ကို အသုံးချမှာ ဖြစ်တဲ့အတွက် သတိထားပါ။ သန့်ရှင်းစင်ကြယ်၍ ကြည်လင်ပြတ်သားပြီး သုညတသဘောဖြစ်တဲ့ နိဗ္ဗာန်ဟာ အလုံးစုံငြိမ်းချမ်းမှုကို အနက်ရှိုင်းဆုံး သိမြင်ခြင်းမှာ မိမိရဲ့တွေ့ကြုံမှုအတွက် ကျွန်ုပ်တို့ပေးတဲ့ တူညီတဲ့အမည်နာမ ဖြစ်ပါတယ်။ သို့သော် လာခြင်းနဲ့ သွားခြင်းဆိုတဲ့ သမုတိလောက သံသရာမှာ ကျွန်ုပ်တို့တွေ့ကြုံနေရတဲ့ အထက်သို့တက်လာခြင်းနဲ့ အောက်သို့မြုပ်သွားခြင်းတို့ဟာ တူညီတဲ့ ပင်လယ်ဝဲသြဃ ဖြစ်ပါတယ်။ ရေမျက်နှာပြင်မှ ရေပြင်၏အနက်ကို ခွဲမထုတ်နိုင်သလို ရေပြင်၏အနက်မှ ရေမျက်နှာပြင်ကို ခွဲမထုတ်နိုင်ပေ။ အလွန်မြင့်မားသော စိတ်အခြေအနေဖြင့်ပြုသည့်တိုင် သတ်ဖြတ်ခြင်းကို ဆင်းရဲဒုက္ခမှ သီးခြားခွဲထုတ်၍ မရနိုင်ပါ။ (Aitken 1984, 17-18)

သတင်းအချက်အလက်များလွန်းခြင်းကိုသာမက သတ်ဖြတ်ခြင်းအတွက် မနှစ်သက်ခြင်း ဒေါသကိုပါ ကျော်လွှားနိုင်သော အဘက်ဘက်မှပြီးပြည့်စုံပြီး ကြောက်ရွံ့မှုကင်းသည့် စစ်သည်တစ်ယောက်ကို မွေးထုတ်ခြင်းထက် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းအား ကျင့်သုံးသူ တိုက်ပွဲဝင်စစ်သည်တစ်ဦးအတွက် ကိုယ်ကျင့်သီလများတွင် အသေးစိတ် စွဲမြဲအောင်ရိုက်သွင်းရန် လွန်စွာ အရေးကြီးကြောင်းကို ရိုရှိဘဲန်ဒါ(Roshi Bender) က ရှင်းပြပါသည် -

> သင်သည် တစ်စုံတစ်ဦးကို ကိုယ်ကျင့်သီလများကြောင့် အလွန် နက်ရှိုင်းစွာ စွန်းထင်းသည့်အပြင် - မဖြစ်နိုင်သည့်မေးခွန်းများကို ရင်ဆိုင်ပြီး လေ့ကျင့်ခြင်းကြောင့် - ချက်ချင်း နက်ရှိုင်းသော တည်ကြည်မှုသမာဓိ အတွင်းမှ ထွက်လာစေလိုသောဆန္ဒရှိပါသည်။ ကိုးအန်းကျင့်စဉ်က ထိုသို့ ဖြစ်စေသည်ဟု ကျွန်ုပ် ထင်မြင်ယူဆပါသည်။[34]

ဤနည်းတူပင် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းအပါအဝင် ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းအားထုတ်မှု မည်သည့်ကျင့်စဉ်မဆိုအတွက် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလကို လေ့လာသင်ယူခြင်းနှင့် ပေါင်းစပ်ယှဉ်တွဲခြင်းဖြင့် ကျင့်သုံးရန် အလွန်ပင်အရေးကြီးသည်ဟု ကျွန်ုပ် တင်ပြလိုပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း ဤသို့သော ကျင့်စဉ်များကို ကျင့်သုံးနေသော တိုက်ပွဲဝင်စစ်သည်များ၏ အပြုအမူလုပ်ဆောင်ချက်ကို ပဲ့ပြင်ထိန်းကျောင်းလမ်းညွှန်ပေးရန် ပထမဆုံးသော ကိုယ်ကျင့်သီလက အထူးသဖြင့် အရေးပါလာပါသည်။ ရိုရှိအိုက်ခဲန်း ရှင်းပြသကဲ့သို့ -

> ပထမဆုံးသီလသည် "မသတ်ရ" ဟု ဆိုလိုသည်မှာ ထင်ရှားပါသည်။ သို့သော် ဤသီလက လူမှုရေးဆိုင်ရာ စိုးရိမ်ပူပန်မှုကိုလည်း ဖော်ပြပါသည် - "အသက်ရှင်မှုကို ကျွန်ုပ်တို့ အားပေးကြပါစို့"။ ထို့အပြင် ဤသီလသည် "သတ်ဖြတ်ရန်စိတ်ကူးမရှိ" ဟူသောစိတ်နှင့် ဆက်စပ်နေပါသည်။ ကိုယ်ကျင့်သီလများအား အသိပေးသည့်အခါ ဇင်ဆရာများ အသုံးပြုသော အခြေခံသဘောတရား သုံးခုဖြစ်သည့် - မူရင်းအဓိပ္ပာယ်၊ ကရုဏာတရားနှင့် အခြေခံလိုအပ်ချက် ... တို့ ရှိပါသည်။ (Aitken 1984, 16)

သီလတစ်ခု၏ ကိုယ်ကျင့်အဓိပ္ပါယ်၊ ကရုဏာတရားနှင့် အခြေခံလိုအပ်ချက်ဆိုသော အခြေခံသဘောတရားများသည် ယေဘုယျအားဖြင့် အချင်းချင်းအပြန်အလှန် ကျားကန်ပေးပါသည်။ ဥပမာအားဖြင့် တစ်စုံတစ်ဦးသည် အသက်မသတ်ခြင်းဖြင့် အသက်ရှင်မှုကိုအားပေးရန်နှင့် သတ်ဖြတ်သည့်အတွေးမရှိသောစိတ်ကို ပြုစုပျိုးထောင်ရန် ကူညီပေးပါသည်။

သို့သော်လည်း ကရုဏာအခြေခံသဘောတရား (ဥပမာ - ကိုယ့်အသက်အပါအဝင် အသက်ရှင်သန်မှုကို အားပေးရန်) သည် မူရင်းအဓိပ္ပါယ် (ဥပမာ - သတ်ဖြတ်ခြင်းအား ပညတ်ချက်) နှင့် ဝိရောဓိ ဖြစ်လာသည့်အခါ မည်သည်ကို ပြုလုပ်ရမည်နည်း။ ပထမသီလအား ဤသို့နားလည်သဘောပေါက်ခြင်းကို တကယ့်ပြင်ပလောက အတွင်းတွင် ရှိနေသော ခွဲခြားဆုံးဖြတ်ရန် ခက်ခဲသည့်ကိစ္စများတွင် အသုံးပြုခြင်းဖြင့် အားထုတ်ကျင့်သုံးသူတစ်ဦးက အခြားသူ

များ၏အသက်များကို ဆက်လက်ထိန်းသိမ်းရန် သို့မဟုတ် အကာအကွယ်ပေးရန် အသက်တစ်ချောင်းကို သတ်ဖြတ်ရန်လိုအပ်သည်ဟု ယူဆနိုင်ပါသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် အသက်တစ်ချောင်းကို သတ်ဖြတ်ရန်လိုအပ်သည်ဟု ယူဆသည့်တိုင် - လက်နက်ကိုင်ပဋိပက္ခကာလများတွင် စစ်သည်တစ်ဦးအပါအဝင် - "အသက်ကို အလေးမထားခြင်း" ကို မည်သည့်အခါမျှ လျှော့မတွက်သင့်ပါ။ (Roshi George Burch in Emery 2007) ဗုဒ္ဓဘာသာဝင်အတော်များများအနေဖြင့် စစ်မှုထမ်းခြင်းကို လုံးဝ ရှောင်ကြဉ်ရန် ကြိုးပမ်းနိုင်သော်လည်း မိမိသဘောဆန္ဒအလျောက်သော်လည်းကောင်း စစ်မှုမထမ်းမနေရဥပဒေကြောင့်သော်လည်းကောင်း စစ်တပ်တွင်းသို့ အများအပြား ဝင်ရောက်ခဲ့ကြပြီးဖြစ်သလို ဆက်လက်၍လည်း ဝင်ရောက်နေကြပေလိမ့်မည်။ ယင်းသို့သောကိစ္စများတွင် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်တစ်ဦးအနေဖြင့် အသက်ရှင်သန်ရေးကို အထောက်အကူပေးရန်နှင့် သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ရန် - အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကာလများတွင် ထိန်းသိမ်းရန် မဖြစ်နိုင်သော အဓိဋ္ဌာန်တစ်ခု ဖြစ်လိမ့်မည်ဆိုသည့်အသိဖြင့် ၎င်းတို့၏ အဓိဋ္ဌာန်ဆီ မည်သို့ စဉ်ဆက်မပြတ် ပြန်လှည့်ရမည်ဆိုသည်ကို လေ့လာရပါမည်။ ဤဝိရောဓိကို အကြောင်းရှာရန် သို့မဟုတ် ပြေလည်စေရန် မဖြစ်နိုင်ပေ။ နည်းလမ်းတစ်ခုအဖြစ် လက်နက်ကိုင်ပဋိပက္ခတွင် ပထမကိုယ်ကျင့်သီလကိုထိန်းသိမ်းခြင်းအား ကျင့်သုံးမှုက ကိုးအန်းတစ်ခု ဖြစ်လာနိုင်ပါသည်။

နိဂုံး

ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းအပါအဝင် ကမ္မဋ္ဌာန်းကျင့်စဉ်များ၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ရရှိထားသော အထောက်အထားများအရ တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏ သိမြင်တတ်သော ဘက်လိုက်မှုများနှင့် ပစ်မှတ်ထားခြင်းနှင့်ဆက်စပ်၍ ပိုမိုကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်ပြုလုပ်နိုင်စေသည့် နည်းလမ်းဖြင့် မရေမရာအခြေအနေများအား ပိုမိုကောင်းမွန်စွာကိုင်တွယ်လုပ်ဆောင်မှုတို့ကို လက်ခံအသိအမှတ်ပြုရာတွင် ယင်းက အထောက်အကူပြုနိုင်ကြောင်း ဖော်ပြနေပါသည်။ သို့သော်လည်း ဤဆောင်းပါးသည် ဤအကြောင်းအရာတွင် အပေါ်ယံမျှလောက်သာ ဝင်ရောက်ဆွေးနွေးထားပြီး ဤသီးခြားကျင့်သုံးမှုက အမှန်တကယ် ခိုင်မာသော အကျိုးသက်ရောက်မှုရှိမရှိကို ဆုံးဖြတ်နိုင်ရန် နောက်ထပ်သုတေသနများက ပိုပြီးကောင်းမွန်ထင်ရှားသော လက်တွေ့မျက်မြင်ကိုအခြေခံသည့် အချက်အလက်များ ပေးနိုင်ပါလိမ့်မည်။

ယေဘုယျအားဖြင့် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းသည် တိုက်ပွဲဝင်စစ်သည်များ၏ ဆုံးဖြတ် ချက်များ ပြုလုပ်နိုင်စွမ်းကို IHL နှင့်အညီ အားထားလောက်အောင် မြှင့်တင်ပေးနိုင်သည့်တိုင် ဗုဒ္ဓဘာသာဝင်များ အတွက် ပင်လျှင် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းအား တစ်ခုတည်းသော လေးစားလိုက်နာစရာကျင့်စဉ် အဖြစ် အားပေးမြှင့်တင်မှုမပြုခြင်းမှာ နှိုင်းနှိုင်းချိန်ချိန်မြော်မြင်ရာရောက်နိုင်ပါသည်။ ၎င်းသည် အချိန်တိုသင်တန်း တစ်ခု အတွင်း သင်ကြားပေး၍ရနိုင်သော ကျင့်စဉ်မဟုတ်ဘဲ စစ်မြေပြင်မထွက်မီ နာရီအနည်းငယ်ကြာ လေ့ကျင့်၍ ရနိုင် သည့် ကျင့်စဉ်မဟုတ်သည့်အပြင် ပဋိပက္ခဇုန်နယ်မြေအတွင်း ပထမဆုံးအကြိမ်အတွက် ကိုးအန်း မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းအား စတင်လုပ်ဆောင်ခြင်းသည် အမြော်အမြင်မရှိရာ ကျပါလိမ့်မည်။ ထို့အပြင် ကိုးအန်း သင်ရိုးဖြင့် စာသင်သားတစ်ဦး၏ တိုးတက်မှုသည် ထိုစာသင်သားက ၎င်း၏ဆရာသမားနှင့် ပုံမှန်ဆွေးနွေးမှုရှိခြင်း အပေါ် အတိုင်းအတာကြီးမားစွာ တည်မှီနေရာ စစ်မြေပြင်၌တာဝန်ချထားစဉ်အတွင်း ယင်းကို ပုံမှန်ထိန်းသိမ်းနိုင် ရန် ခက်ခဲပါသည်။ နောက်ဆုံးအချက်အနေဖြင့် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းကို ၎င်း၏ ကိုယ်ကျင့် သီလပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အခြေခံရင်းမြစ်များမှ ခွဲထုတ်ခြင်း မပြုသင့်ပေ။ ခိုင်မာသော သီလ အခြေခံ မရှိဘဲ ကျင့်ကြံအားထုတ်သူတွင် သစ္စာတရား၏ ပရမတ္ထရှုထောင့်အား တွေ့သိမြင်နားလည်ထားခြင်း ဟူသော ခံနိုင်ရည်ကင်းသော ရှိနေလျှင် ၎င်းတို့သည် ထိုအတွေ့အကြုံအား IHL လိုက်နာခြင်းနှင့် လိုက်လျောညီထွေရှိနိုင်မည့် သီးခြား ကိုယ်ကျင့်သီလပိုင်းဆိုင်ရာနှင့် အသားကျမှုအတွင်းသို့ ပေါင်းစပ်ပေးနိုင်စွမ်းမရှိ ဖြစ်နိုင်ပါသည်။

သို့ရာတွင် စစ်ပွဲသို့မသွားမီ ၎င်းတို့၏ကိုးအန်းကျင့်စဉ်ကို ဖွံ့ဖြိုးလာအောင်ဖော်ဆောင်နေသော စစ်တပ်မှ ဇင် ကျင့်ကြံအားထုတ်သူများအတွက် စစ်မြေပြင်အား ၎င်း၏ နားလည်သဘောပေါက်မှုအတွင်း ထိုးထွင်းသိမြင်မှုများ ကို ထိုကျင့်စဉ်က ကူညီပေးနိုင်သည့်အပြင် လုပ်ဆောင်မှုတစ်ခုအပေါ် ဆုံးဖြတ်ချက်မချမီ တချိန်တည်းတွင် စိတ် အတွင်းရှိ အမြင်အမျိုးမျိုးကို ဆုပ်ကိုင်ထားရန် ယင်းက ကူညီပေးနိုင်ပါသည်။ ယင်းသို့သော လုပ်နိုင်စွမ်းက စစ်ပွဲ၏

မသေချာမရေရာမှုနှင့် ရင်ဆိုင်ရသည့်အခါ၌ပင် ပိုမိုကြောင်းကျိုးဆီလျော်သော ပစ်မှတ်ထားခြင်း ဆုံးဖြတ်ချက်များကို ပြုလုပ်နိုင်ရန် ၎င်းတို့ကို အထောက်အကူပေးနိုင်ပါသည်။

### ကျေးဇူးတင်လွှာ

ဗုဒ္ဓဘာသာနှင့် IHL အကြောင်းတင်ပြရာ၌ ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ရေးသားနိုင်ရန် ကူညီပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်ပါသည်။ သို့သော်လည်း ဤစာတမ်းပါ အကြောင်းအရာများကို စုစုစည်းစည်း အစီအစဉ်တကျဖြစ်စေရန် ကျွန်ုပ် လုပ်နိုင်စွမ်းမရှိသည်များကို ကူညီပေးသူများစွာရှိရာ ၎င်းတို့အကူအညီမပါဘဲ ဤစာတမ်းကို ကျွန်ုပ် စီစဉ်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်၏ ဆရာ ရိုရှိ(Roshi) ဖြစ်သူ ဆာရားဘဲန်းဒါး(Sarah Bender) အား ယေဘုယျအားဖြင့် ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းအပေါ်နှင့် စစ်ဘက်လုပ်ငန်းအတွက် ယင်းအား သီးခြားအသုံးချမှုများအပေါ် ၎င်း၏ထင်မြင်ချက်များကို ရှာဖွေရန် ကျွန်ုပ်အား ခွင့်ပြုခဲ့ခြင်းအတွက် အထူးကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏အပေါင်းအဖော် ဇင်ကျင့်ကြံအားထုတ်သူများနှင့် အမေရိကန်လေတပ်အရာရှိဟောင်းများဖြစ်ကြသော အင်ဒရူးဂဲလ်ဘရေ့သ်(Andrew Galbraith)၊ စတူးဝပ်လွိုက်(Stuart Lloyd)နှင့် အယ်ရင်းဝုဒ်ဆိုက်(Erinn Woodside) တို့ကိုလည်း ကမ္မဋ္ဌာန်းအားထုတ်မှု၊ ကိုးအန်း မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ခြင်းနှင့် စစ်ဘက်တာဝန်ချထားမှုတို့အပေါ် အမိကအာရုံစိုက်အဖွဲ့၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျွန်ုပ်၏မေးခွန်းများကို ဖြေကြားပေးခြင်းအတွက် ကျေးဇူးတင်ပါသည်။

ကျွန်ုပ်၏စာမူကြမ်းကို ဗုဒ္ဓဘာသာလေ့လာသင်ကြားရေးရှုထောင့်မှ လေ့လာသုံးသပ်ပြီး ပိုမိုကောင်းမွန်စေရန် တန်ဖိုးရှိသောအကြံပြုချက်များပေးခဲ့ကြသော ပါမောက္ခများဖြစ်ကြသည့် ကိတ်ခရော့စ်ဘီ(Kate Crosby) နှင့် ပီတာဟာဗေး(Peter Harvey)၊ ပါရဂူများဖြစ်ကြသော အယ်လစ်ဇဘက်ဟားရစ်(Elizabeth Harris)၊ ခရစ္စတီးနား အေခီလ်ဘီ(Christina A. Kilby)နှင့် စတက်ဖနီယာထရာဗဂ်နင်(Stefania Travagini) တို့အားလည်း များစွာ ကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေဖြင့် လောရင်ထရူး(Lauren Trew) အား ကျွန်ုပ် ဤစာတမ်းကို ရေးနေစဉ် ကျွန်ုပ်တို့၏ တရားဓမ္မဆွေးနွေးပြောဆိုမှုများ၊ သင်၏ စာမူစစ်ဆေးတည်းဖြတ်ပြုပြင်ပေးမှုများအပြင် သင့်သည်းခံမှုနှင့် မေတ္တာတရား တို့အတွက် ကျေးဇူးတင်ပါသည်။

### မှတ်စုများ

1. ဤစာတမ်း၌ပါဝင်သောအမြင်များသည် ကျွန်ုပ်၏ကိုယ်ပိုင်အစွမ်းဖြင့် ဖော်ပြထားသည့်အမြင်များဖြစ်ပြီး ကျွန်ုပ်၏ အဖွဲ့အစည်း၏ အမြင်များကို ထင်ဟပ်ထားခြင်းမဟုတ်ပါ။ ဗြိတိသျှကြက်ခြေနီအသင်းသည် ကူညီထောက်ပံ့ပေးသူများ၊ စေတနာလုပ်အားရှင်များနှင့် ကိုးကွယ်ရာဘာသာအားလုံး၏ အကျိုးကျေးဇူးခံစားရသူများ သို့မဟုတ် မခံစားရသူတို့အား ကြိုဆိုလျက်ရှိသော ဘာသာရေးအရ ဘက်လိုက်မှုမရှိဘဲကြားနေသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

2. ဥပမာ Solis (2010, 3 – 6 ) ကို ကြည့်ပါ။

3. ဤဆောင်းပါးတွင် ကျွန်ုပ် အသုံးပြုထားသည့် “ပစ်မှတ်ထားခြင်းဥပဒေ”ဟူသော စကားရပ်ကို ၎င်းတို့သည် ပစ်မှတ်ထားခြင်းနှင့် ပတ်သက်မှုအဖြစ် စစ်မက်တိုက်ခိုက်မှုလုပ်ဆောင်ချက်အပေါ် လွှမ်းမိုးထိန်းချုပ်သည့် IHL ၏ အခွဲတွင်ရှိသော အခြေခံမူများ သို့မဟုတ် စည်းမျဉ်းများ၏ အစိတ်အပိုင်းအချို့ကိုဖော်ပြရန် ဝီလျံဘုသ်ဘီ(Willian Boothby) ကဲ့သို့ ပုံစံတူဖြင့် သုံးထားခြင်း ဖြစ်ပါသည်။

4. တရုတ်ပြည်တွင် ဆယ်ရာစုကာလ စနစ်တကျ ကိုးအန်းလေ့လာမှု။ (Wick 2005,1) ရှေးဟောင်း ကိုးအန်းပေါင်းအကြမ်းဖျဉ်းအားဖြင့် (၁၇၀၀)ခန့်ရှိပြီး ၎င်းတို့အနက် (၅၀၀-၆၀၀)ကို ယနေ့ထိ ဆက်လက်အသုံးပြုနေကြဆဲဖြစ်ပါသည်။ (Schumaker and Woerner 1986, 182) ဤကိုးအန်းများအနက် အချို့ကို ကဗျာစုစာစုပုံစံဖြင့် စုစည်းခဲ့ပါသည်။ (နှစ်ဆယ်ရာစုတွင် ရေးသားခဲ့သော)the Blue Cliff Record(အပြာရောင်ချောက်ကမ်းပါးမှတ်တမ်း)၊ (ဆယ့်သုံးရာစုတွင်ရေးသားခဲ့သော)the Gateless Gate (ဝင်ပေါက်မရှိသောဝင်ပေါက်)၊ (ဆယ့်သုံးရာစုတွင် ရေးသားခဲ့သော)the Book of Equanimity(ဥပေက္ခာအကြောင်း ကျမ်းစာ)၊ (ဆယ့်လေးရာစုတွင် ရေးသားခဲ့

သော)Transmission of Light(အလင်းထုတ်လွှတ်ခြင်း)နှင့် (ဆယ့်ခုနစ် ရာစုတွင်ရေးသားခဲ့သော) Entangling Vines(ရှုပ်ထွေးနေသောနွယ်ပင်များ)တို့ ဖြစ်ကြပါသည်။ ပုံစံတကျ ကိုးအန်းလေ့လာမှု ပါဝင်သော ချန့်/ဇင် မျိုးဆက် တို့တွင် မတူကွဲပြားသည့်မျိုးဆက်များက မတူကွဲပြားသော အစီအစဉ်အတွဲများ သို့မဟုတ် "သင်ရိုး"ကို ဖော်ဆောင်ခဲ့ကြပြီး သီးခြားကိုးအန်းများ သို့မဟုတ် ကိုးအန်းအတွဲများကို စတင်ကျင့်ကြံခြင်း အတွက် အချို့သော ဇင်အဖွဲ့များက ထိုရှေးဟောင်း ကိုးအန်းကဗျာများအပြင် မကြာသေးမီက ဖွံ့ဖြိုးလာခဲ့သော ကိုးအန်းတို့ကို အသုံးပြုနိုင်ပါသည်။

5. အခြေခံစည်းမျဉ်းထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လက်ခံထားသော IHL တွင် အခြေခံမူတစ်ခုကို ရှာဖွေတွေ့ရှိရန် ခက်ခဲသောဖိအား ဖြစ်နိုင်ပါသည်။ နိုင်ငံများက ယင်းအား လက်ခံမှုအတွက် အထောက်အထားကို စစ်တပ်လက်စွဲ အမြောက်အများနှင့် ICRC ၏ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ(CIHL) လေ့လာမှု၏ စည်းမျဉ်း(၇)တို့တွင် တွေ့နိုင်ပါသည်။ (Henckaerts and Doswald – Beck 2005, 25-29) အလားတူ လေကြောင်းနှင့်ဒုံးလက်နက်စစ်ပွဲဆိုင်ရာ HPCR (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူဝါဒနှင့် ပဋိပက္ခ သုတေသနဆိုင်ရာ ဟားဗတ်အစီအစဉ်) လက်စွဲအတွက် စည်းမျဉ်း(၁၀)ကို မူကြမ်းရေးဆွဲခဲ့သော ကျွမ်းကျင်သူများ က ထိုအခြေခံစည်းမျဉ်းကို လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ၏ အခြေခံကျသော မူသဘောတရား ဖြစ်သည်ဟု မှတ်ယူကြပါသည်။ (Harvard Program on Humanitarian Policy and Conflict Research 2010, 83-86)

6. နောက်ဆက်တွဲသဘောတူညီချက် ၂ (နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ) - AP II(for NIACs) တွင် ရှင်းရှင်းလင်းလင်းထုတ်ဖော်ထားသော ခွဲခြားခြင်းမူသည် အခြေခံစည်းမျဉ်းတွင် ဖော်ပြထားသော မူလောက် အားမကောင်းပေ။

သို့ရာတွင် ICRC ၏ ဓလေ့ထုံးတမ်း IHL (CIHL) လေ့လာမှုက နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင် ပဋိပက္ခတွင် ဤအခြေခံစည်းမျဉ်း၏ အကျုံးဝင်သက်ဆိုင်မှုအတွက် လက်ခံယုံကြည်စေသော ကိစ္စရပ်တစ်ခုကို တင်ပြထားပါသည်။ နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခ(NIAC)အတွင်း ဤစည်းမျဉ်းအား နိုင်ငံများ၏ လက်ခံမှု အထောက်အထားအဖြစ် စာရေးသူများက စစ်ရေးဆိုင်ရာလက်စွဲများ၊ အချို့သော သမားရိုးကျ လက်နက်များဆိုင်ရာ သဘောတူစာချုပ်(NIAC နှင့် အကျုံးဝင်သက်ဆိုင်သော)၏ ပြင်ဆင်ချက် သဘောတူစာချုပ် ၂ နှင့် ၃ တို့တွင် ထိုစည်းမျဉ်းကို လက်ခံချမှတ်ခြင်းနှင့် ပြည်တွင်းဥပဒေတို့ကို ကိုးကားထားပါသည်။ (Henckaerts and Doswald–Beck 2005, 25-28) လေကြောင်းနှင့် ဒုံးလက်နက် စစ်ပွဲဆိုင်ရာ HPCR လက်စွဲ (2010, 83) က ဤအမြင်ကို အတည်ပြုခိုင်မာစေပါသည်။

7. ဥပမာ - ကန်နစ်ဇာရို - Cannizzaro (2014, 335)၊ ခို့လ်ဘ် - Kolb နှင့် ဟိုက်ဒ် - Hyde (2008, 136)၊ ဆိုလစ်စ် - Solis (2010, 273)၊ ဘုသ်ဘီ - Boothby (2012, 170)၊ ဟဲန့်ခါ့တ်စ်နှင့် ဒို့စ်ဝါးလ်ဒ် - ဘက်ခ် - Henckaerts and Doswald – Beck (2005, 46) တို့ကို ကြည့်ပါ။

8. ဆိုလိုသည်မှာ နောက်ဆက်တွဲ ၁၊ အပိုဒ် ၅၇(၂)(ဂ)

9. နောက်ဆက်တွဲသဘောတူညီချက် ၁ (API) အပိုဒ် ၄၈ နှင့် ၅၇(၂)(က)(၁)။ HPCR ကျွမ်းကျင်သူများအဖွဲ့က ဤသို့ ရှင်းလင်းတင်ပြထားပါသည် - "ပစ်မှတ်တစ်ခုသည် တရားဝင်ပစ်မှတ်ဖြစ်ပြီး တိတိကျကျ အကာအကွယ် ပေးခြင်းမှ အကျိုးကျေးဇူးမရရှိကြောင်း သေချာအောင်အတည်ပြုလုပ်ဆောင်မှုကို အထောက်အကူဖြစ်စေရန်၊ ကွပ်ကဲမှုအဆင့်ဆင့်သည် လိုသလိုအသုံးပြုနိုင်သော (ထောက်လှမ်းရေး၊ ကင်းထောက်ခြင်းနှင့် စောင့်ကြည့်စနစ် များကဲ့သို့သော) နည်းပညာဆိုင်ရာ အရင်းအနှီးများအားလုံးကို အသုံးပြုရပါမည်။ ဤအရင်းအနှီးများကို ရနိုင်သမျှ သင့်လျော်သော အတိုင်းအတာအထိ ၎င်းတို့ကိုအသုံးပြုခြင်းသည် အလုံးစုံ လေကြောင်းတိုက်ခိုက်မှုအခြေအနေ တွင် စစ်ရေးဆိုင်ရာအရ ကြောင်းကျိုးခိုင်လုံပါသည်"။ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူဝါဒနှင့် ပဋိပက္ခ သုတေသန ဟားဗတ်အစီအစဉ် 2010, 126)

10. ဤအချက်ကို အပိုဒ် ၅၇ (၂)(က)(၃) ဖြင့် ထပ်မံ ညွှန်ပြထားပါသည်။

11. ဤအချက်ကို အပိုဒ် ၅၇(၂)(က)(၃) ဖြင့် ညွှန်ပြထားပါသည်။

12. ဤအချက်ကို အပိုဒ် ၅၇(၂)(က)(၂) ဖြင့် ညွှန်ပြထားပါသည်။

13. အပိုဒ် ၅၇(၂)(က)(၂)။ HPCR ကျွမ်းကျင်သူများအဖွဲ့က ဤသို့ ရှင်းပြပါသည် - ဥပမာအားဖြင့် တိုက်ခိုက်သူတစ်ဦးသည် ပစ်မှတ်ကိုထိမှန်ရန်ပိုမိုကြီးမားသောတိကျမှု သို့မဟုတ် ပေါက်ကွဲအားပိုမိုနည်းပါးသော လက်နက်ကိုရွေးချယ်လျှင် ဆက်စပ်ထိခိုက်ပျက်စီးမှုဖြစ်နိုင်ခြေအလားအလာကို နည်းပါးစေနိုင်မည်ဖြစ်ပြီး ထိုရွေးချယ်မှုသည် စစ်ရေးအရ ဖြစ်နိုင်သည်ဟုယူဆပါက ထိုလက်နက်မျိုးကို ရွေးချယ်ရပါမည် ... .. ထိုနည်းတူစွာ တိုက်ခိုက်မည့်ရှုထောင့်သည် ပစ်မှတ်သို့မရောက်မီ သို့မဟုတ် ပစ်မှတ်ကိုကျော်လွန်ပြီး မြေပြင်သို့ ဖုံးကျနိုင်မည့်နေရာကို ဆုံးဖြတ်ရာတွင် အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ဥပမာ - ပစ်မှတ်၏အနောက်ဘက်တွင် တည်ရှိသော အဆောက်အဦကို မထိခိုက်အောင် မြောက်ဘက် သို့မဟုတ် တောင်ဘက်မှ တိုက်ခိုက်ရန် အကြံပြုနိုင်ပါသည်"။ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူဝါဒနှင့် ပဋိပက္ခသုတေသန ဟားဗတ်အစီအစဉ် ၂၀၁၀၊ ၁၂၇)

14. ဥပမာအားဖြင့် အစ္စရေးတွင် ညှဉ်းပန်းနှိပ်စက်မှုကိုဆန့်ကျင်သည့်ပြည်သူ့ကော်မတီနှင့် အစ္စရေးအစိုးရ (၂၀၀၆, ၅၁၂ - ၅၁၃)နှင့် ဂျာမန် ပြည်ထောင်စုအစိုးရရှေ့နေ (2010, 69) ကို ကြည့်ပါ။ တိုက်ခိုက်မှုတစ်ခုကိုခွင့်ပြုရန် "မသင့်တော်သော" ဆုံးဖြတ်ချက်ကို ရည်ညွှန်းကိုးကားမှုအတွက် အမေရိကန် ကာကွယ်ရေးဌာန (2015, 54) ကိုလည်း ကြည့်ပါ။ မတိုက်ခိုက်ခြင်းနှင့်ပတ်သက်သော စစ်ရေးဆုံးဖြတ်ချက်များအတွက် ဘိတ်ဆိုရိခ်ကျေးရွာကောင်စီနှင့် အစ္စရေးအစိုးရ - Beit Sourik Village Council v. the Government of Israel (2004, 27) ကို ကြည့်ပါ။

15. သံတမန်ညီလာခံ အလုပ်အဖွဲ့၏ အစီရင်ခံစာတင်သွင်းသူက - အချို့သောဝေါဟာရများ (မူကြမ်း အပိုဒ် (၅၀) တွင် (နောက်ပိုင်းတွင် နောက်ဆက်တွဲသဘောတူညီချက် (API) အပိုဒ်(၅၇) ဖြစ်လာသည်)) သည် အထူးသဖြင့် "ဖြစ်နိုင်သော"ဟူသောဝေါဟာရနှင့် "သင့်တော်သော"ဟူသော ဝေါဟာရတို့ကြားတွင် ပြဿနာများကို ဖြစ်စေပါသည် ... - ဟု ရှင်းပြခဲ့သည့်အတိုင်း အချို့ဝေါဟာရများသည် နောက်ဆက်တွဲသဘောတူညီချက်များ (APs) အား ညှိနှိုင်းသည့်ကာလတွင် "ဖြစ်နိုင်သော"ဟူသည့် ဝေါဟာရအား နားလည်မှုကို အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့ကြပါသည်။ အလုပ်အဖွဲ့ကရွေးချယ်ခဲ့သည့် "ဖြစ်နိုင်သော"ကို အစီရင်ခံစာတင်သွင်းသူက လက်တွေ့ကျသော သို့မဟုတ် လက်တွေ့ကျကျဖြစ်နိုင်သော အဓိပ္ပာယ် နားလည်ပါသည်။ "သင့်တော်သော" အသုံးအနှုန်းသည် ဓမ္မဓိဋ္ဌာန်မကျဟု ကိုယ်စားလှယ်အများအပြားအား ရိုက်ခတ်သွားခဲ့ပါသည်။

16. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အမိက လေ့လာသူအဖွဲ့(06 July 2019)

17. ဤဖြစ်စဉ်တွင် လွယ်ကူစေရန်အတွက် နေတိုး(NATO) ပစ်မှတ်ထားခြင်း မူသဘောတရားသည် (အနောက်) နိုင်ငံအတော်များများ၏ လုပ်ငန်းစဉ်များကို လွှမ်းခြုံအကျုံးဝင်နေသောကြောင့် ဤမူသဘောတရားကို ကျွန်ုပ်က ရည်ညွှန်းကိုးကားပါသည်။ သို့သော်လည်း အခြားနိုင်ငံများက ၎င်းတို့၏ IHL ပစ်မှတ်ထားခြင်းဥပဒေ တာဝန်များကို မတူညီသောပုံစံဖြင့် အသုံးပြုကောင်းပြုနိုင်သည်ဆိုသည့်အချက်ကို မှတ်ယူထားရန် အရေးကြီးပါသည်။

18. "စစ်ပွဲ၏မသေချာမရေရာမှု" (Fog of war - စစ်ပွဲမြူဆိုင်းမှု) စကားရပ်ကို ၎င်းကအသုံးမပြုခဲ့သော်လည်း ဤတင်စားမှု၏ မူလအစမှာ ဆယ့်ကိုးရာစု ပရပ်ရှားလူမျိုး မဟာဗျူဟာမြောက်အတွေးအခေါ်ပညာရှင် ကားလ် ဖွန် ကလောက်စ်ဗစ်စ် (Carl Von Clausewitz) ဟု အများ ယုံကြည်လက်ခံထားကြပါသည်။ ၎င်းက ပြောခဲ့သည်မှာ "စစ်ပွဲသည် မသေချာမရေရာမှု နယ်ပယ် ဖြစ်ပါသည်။ စစ်ပွဲတွင် လုပ်ဆောင်မှုနှင့်ပတ်သက်၍ အခြေခံအကြောင်းရင်း လေးပုံသုံးပုံသည် အနည်းနှင့်အများ မြူပိတ်ဖုံးထားသကဲ့သို့ မသေချာမရေရာမှုပေါ် အခြေခံနေပါသည်။ အတိမ်းအစောင်းမခံသော ဆုံးဖြတ်နိုင်စွမ်းရှိသည့် ဆင်ခြင်တုံတရားအတွက် အမှန်တရားကို အနံ့ခံရန် ကျွမ်းကျင်သော လျှို့ဝှက်စုံစမ်းထောက်လှမ်းမှုကို လိုအပ်ပါသည်(1976, 101)

19. ဥပမာ - ကာတာ - Carter နှင့် မော့တ်လော့ခ် - Mortlock(2019)နှင့် စတန်လေ - Stanley နှင့် ဂျဟ - Jha(2009) ကို ကြည့်ပါ။

20. MBSR သည် "သတိပဋ္ဌာန်ကျင့်စဉ်ကို အခြေခံသော စိတ်ဖိစီးမှု လျှော့ချခြင်း" ဖြစ်ပါသည်။ ဤကျင့်စဉ်သည် ဆေးကုသမှုနောက်ခံတွင်အသုံးပြုသော လောကီဆိုင်ရာ သမထနည်းလမ်း ဖြစ်ပါသည်။

21. မဟာကရုဏာရှင် မာလိန်မှူး ပုံဝတ္ထုအပေါ် ပိုမို အသေးစိတ် ရှင်းလင်းချက်နှင့် မဟာယာန ကိုယ်ကျင့်သီလများတွင် ဥပါယကုသလကို ပဓာနကျသောသီလများအဖြစ် အချို့သောအခြေအနေများ၌ မည်သို့ တွေ့မြင်နိုင်ပုံအား Harvey (2000, 134-138) ကို ကြည့်ပါ။

22။ ဘဲန်ဒါ(Bender)၊ ဆာရား(Sarah)၊ ၂၀၁၉။ နိုဝဲလ်ထရူးက တွေ့ဆုံမေးမြန်းသည်။ ဇူလိုင် ၀၇

23။ "ဗုဒ္ဓသဘာဝသည် ယခုတည်ရှိနေသည့် စကြာဝဠာတစ်ခုလုံးတွင် ပျံ့နှံ့နေသည်" ဆိုသည့် ဤအချက်က အရှေ့အာရှ မဟာယာနဗုဒ္ဓဘာသာ၏ အဓိကသက်ဝင်ယုံကြည်မှု ဖြစ်ပါသည်။

24. ဘဲန်ဒါ(Bender)၊ ဆာရား(Sarah)၊ ၂၀၁၉။ နိုဝဲလ်ထရူးက တွေ့ဆုံမေးမြန်းသည်။ ဇူလိုင် ၀၇

25. ဘဲန်ဒါ(Bender)၊ ဆာရား(Sarah)၊ ၂၀၁၉။ နိုဝဲလ်ထရူးက တွေ့ဆုံမေးမြန်းသည်။ ဇူလိုင် ၀၇

26. ဘဲန်ဒါ(Bender)၊ ဆာရား(Sarah)၊ ၂၀၁၉။ နိုဝဲလ်ထရူးက တွေ့ဆုံမေးမြန်းသည်။ ဇူလိုင် ၀၇

27. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

28. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

29. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

30. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

31. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

32. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

33. နိုဝဲလ်ထရူး(Noel Trew) က တွေ့ဆုံမေးမြန်းခဲ့သော အမေရိကန်လေတပ်မှ ဇင်ကျင့်ကြံအားထုတ်သူများ ပါဝင်သည့် အဓိက လေ့လာသူအဖွဲ့(06 July 2019)

34. ဘဲန်ဒါ(Bender)၊ ဆာရား(Sarah)၊ ၂၀၁၉။ နိုဝဲလ်ထရူးက တွေ့ဆုံမေးမြန်းသည်။ ဇူလိုင် ၀၇

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ

Aitken, R.1984. The Mind of Clover: Essays in Zen Buddhist Ethics. NewYork: North Point Press.

Austin, J. 1999. Zen and the Brain: Toward an Understanding of Meditation and Consciousness. Cambridge: MITPress.

Beit Sourik Village Council v. the Government of Israel. 2004. HCJ 2056/04. Israeli High Court of Justice.

Benesch, O. 2014. Inventing the Way of the Samurai. Oxford: Oxford University Press.

Boothby, W. 2012. The Law of Targeting. Oxford: Oxford University Press.

Braboszcz, C., S. Hahusseau, and A. Delorme. 2010. "Meditation and Neuroscience: From Basic Research to Clinical Practice." In Handbook of Integrative Clinical Psychology: Perspectives, Practices and Research, edited by R. Carlstedt, 1910–1929. New York: Springer.

Burk, D. "Sekito Kisen's Sandokai: The Identity of Relative and Absolute– Part 1." 27 September 2018. https://zenstudiespodcast.com/sandokai-1/

Cannizzaro, E. 2014. "Proportionality in the Law of Armed Conflict." In The Oxford HandbookofInternational Law in Armed Conflict, edited by P. Gaeta and A. Clapham. Oxford: Oxford University Press.

Carter, A., and J. Tobias Mortlock. 2019. Mindfulness in the Military: Improving Mental Fitness in the UK Armed Forces Using Next Generation Team Mindfulness Training. Brighton: Institute of Employment Studies.

Desbordes, G., T. Gard, E. A. Hoge, B. K. Hölzel, C. Kerr, S. W. Lazar, A. Olendzk and D. R. Vago. 2015. "Moving beyond Mindfulness: Defining Equanimity as an Outcome Measure in Meditation and Contemplative Research." Mindfulness 6: 356–372. doi: 10.1007/s12671-013-0269-8.

Didriksen, L. 2018. "A Paradox of Koan Study and Why Psychology Should Take Note." Human Arenas 1 (4): 396–408. doi:10.1007/s42087-018-0036-4.

Elliott, L., and E. Redden. 2012. "Reducing Workload: A Multisensory Approach." In Designing Soldier Systems: Current Issues in Human Factors, edited by P. Savage Knepshield, J. Martin, J. Lockett and L. Allender, 69–96. New York: Ashgate.

Emery, E. "A Place to Find Peace." The Denver Post. 29 October 2007. https://www.denverpost.com/2007/10/29/a-place-to-find-peace/

Ford, J. 2018. Introduction to Zen Koans: Learning the Language of Dragons. Somerville: Wisdom.

German Federal Prosecutor. 2010. Investigation against Col Klein and Sgt W. on Suspicion of a Criminal Offense under the International Crimes Code and Other Offenses.

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

Harvey, P. 2013. An Introduction to Buddhism: Teachings History and Practices. 2nd ed. Cambridge: Cambridge University Press.

Harvard Program on Humanitarian Policy and Conflict Research. 2010. Commentary on the HPCR Manual on International Law Applicable to Air and Missle Warfare. Cambridge.

Henckaerts, J.-M., and L. Doswald-Beck. 2005. Customary International Humanitarian Law- Rules. Vol. 1. Cambridge: Cambridge University Press.

Human Rights Watch. 2008. Troops in Contact: Airstrikes and Civilian Deaths in Afghanistan.

International Criminal Tribunal for the Former Yugoslavia. 2000. "Final Report to the Prosecutor by the Committee Esatblished to Review the NATO Bombing Campaign against the Federal Republic of Yugoslavia." The Hague.

Johnson, T., and C. Wald. “The Military Should Teach AI to Watch Drone Footage.” Wired. 26 November2017. https://www.wired.com/story/the-military-should-teach ai-to-watch-drone-footage/

Kahneman, D., S. P. Slovic, and A. Tversky. 1982. Judgement under Uncertainty: Heuristics and Biases. Cambridge: Cambridge University Press.

Keown, D. 2004. A Dictionary of Buddhism. Oxford: Oxford University Press.

Kolb, R., and R. Hyde. 2008. An Introduction to the International Law of Armed Conflicts. Portland: Hart.

Lance, B. J., and K. McDowell. 2012. “Future Soldier-System Design Concepts: Brain Computer Interaction Technologies.” In Designing Soldier Systems: Current Issues in Human Factors, edited by P. Savage-Knepshield, J. Martin, J. Lockett and L. Allender, 249–274. New York: Ashgate.

NATO. 2016. Allied Joint Doctrine for Joint Targeting. No. AJP-3.9. Nato Standardization Office.

Nitobe, I. 1908. Bushido: The Soul of Japan. 13th ed.

Pilloud, C. 1987. Commentary on the Additional Protocols of 8 June 1977 to the Geneva Conventions of 12 August 1949. Edited by C. Swinarski, Y. Sandoz and B. Zimmerman. Leiden: Martinus Nijhoff.

Public Committee against Torture in Israel v. Government of Israel. 2006. Government of Israel. HCJ 769/02. Israeli High Court of Justice.

Purser, R. 2014. “The Militarization of Mindfulness.” Inquiring Mind 30 (2). https://www.inquiringmind.com/article/3002_17_purser-the-militarization-of-mindfulness/

Schmidt, A. 2016. “The Ethics and Politics of Mindfulness-based Interventions.” J Med Ethics 42 (7): 450–454. doi:10.1136/medethics-2015-102942.

Schumaker, S., and G. Woerner. 1986. The Rider Encyclopedia of Eastern Philosophy and Religion: Buddhism, Hinduism, Taoism, Zen. London and Melbourne: Rider Books.

Senauke, A., and B. Gates. 2014. “Interview with Neuroscientist Amishi Jha: Mental Armor.” Inquiring Mind 30 (2). https://www.inquiringmind.com/article/3002_18_w__jah-interview-with-neuroscientist-amishi-jha-mental-armor/

Shanker, T., and M. Richtel. “In New Military, Data Overload Can Be Deadly.” The New York Times, 16 January 2011.

Solis, G. 2010. The Law of Armed Conflict: International Humanitarian Law in War. New York: Cambridge University Press.

Stanley, E., and A. Jha. 2009. “Mind Fitness: Improving Operational Effectiveness and Building Warrior Resilience.” Joint Forces Quarterly 55: 145–151.

Stanley, E., J. Schaldach, A. Kiyonaga, and A. Jha. 2011. “Mindfulness-Based Mind Fitness Training: A Case Study of a High-Stress Predeployment Military Cohort.” Cognitive and Behavioral Practice 18 (4): 566–576. doi:10.1016/j.cbpra.2010.08.002.

Stone, M. 2014. “Abusing the Buddha: How the U.S. Army and Google Co-opt Mindfulness.” Salon, March 18. https://www.salon.com/2014/03/17/abusing_the_buddha_how_the_u_s_army_and_google_co_opt_mindfulness/

Tatz, M., trans. 1994. The Skill in Means (Upayakausalya) Sutra. Delhi: Motilal Banarsidass.

Terry, F., and B. McQuinn. 2018. Roots of Restraint in War. Geneva: ICRC.

Trew, N. 2017. Dead Letter Law Arising from Strategic Choices: The Difficulty of Achieving Accountability for the Jus in Bello Rules on Proportionality and Precautions in Attack. Exeter: University of Exeter. https://ore.exeter.ac.uk/repository/handle/10871/ 33168

US Department of Government Defense. 2016. Law of War Manual (2016 Update). Washington, D.C.

US DepartmentofDefense. “Investigation Report of the Airstrike on the Médecins sans Frontières/Doctors Without Borders Trauma Center in Kunduz, Afghanistan.” 3 October 2015.

Victoria, B. D. 2006. Zen at War. Lanham: Rowman & Littlefield.

Von Clausewitz, C. 1976. On War. Translated by M. Howard and P. Paret. Princeton: Princeton University Press.

Whittemore, L. 2016. “Proportionality Decision Making in Targeting: Heuristics, Cognitive Biases and the Law.” Harvard National Security Journal 3: 577–636.

Wick, G. S., trans. 2005. The Book of Equanimity. Sommerville: Wisdom.

Yu, R. 2016. “Stress Potentiates Decision Biases: A Stress Induced Deliberation-to Intuition Model.” Neurobiology of Stress 3: 83–95.

Zanesco, A., E. Denkova, S. Rogers, W. MacNulty and A. Jha. 2019. “Mindfulness Training as Cognitive Training in High-Demand Cohorts: An Initial Study in Elite Military Servicememebers.” Progress in Brain Research 244: 323–354.

## ဝိုင်းရံစစ်နှင့် ရည်ရွယ်ချက်ရှိရှိ အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို တားမြစ်ချက် - အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားတို့ ပေါင်းဆုံခြင်း

Nishara Mendis

### ဆောင်းပါးအကျဉ်းချုပ်

ဝိုင်းရံထားခြင်းနှင့် အဝိုင်းခံထားရသောလူထုအား အစာရေစာငတ်ပြတ်မှုနှင့်ခြိမ်းခြောက်ခြင်းသည် လူ့ဘောင်အဖွဲ့အစည်း သက်တမ်းအတိုင်း ရှိခဲ့သော စစ်ပွဲနည်းလမ်းများ ဖြစ်ပါသည်။ ဝိုင်းရံခြင်းကို အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)အရ အထင်အရှား တားမြစ်ထားခြင်းမရှိသော်လည်း စစ်ရေးနည်းလမ်း တစ်ခုအဖြစ် အရပ်သားများအားအစာရေစာငတ်ပြတ်စေခြင်းကို ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များနှင့် ၁၉၇၇ခုနှစ် နောက်ဆက်တွဲသဘောတူညီချက်တို့က စတင် တားမြစ်ထားခဲ့ပြီးဖြစ်ပါသည်။ ဤဆောင်းပါးတွင် ထိုကိစ္စအပေါ် IHL ၏ လက်ရှိ လမ်းညွှန်ချက်ကို ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားက ပါဝင်ဖြည့်ဆည်းပေးနိုင်ခြင်း ရှိမရှိ နှင့် ပိုမိုတိုးမြှင့်ပေးနိုင်ခြင်း ရှိမရှိကို ဆွေးနွေးထားပါသည်။ ဗုဒ္ဓဘာသာကျမ်းစာများနှင့်ဒဿနအတွေးအခေါ်တို့က မိမိကိုယ်ကို သို့မဟုတ် အခြားသူများကို ဆင်းရဲဒုက္ခဖြစ်စေသည့်လုပ်ရပ်များအား ရှောင်ရှားရမည်ဖြစ်ကြောင်းနှင့် “ထိခိုက်မှုမရှိရေး”(အဟိံသ) အခြေခံမူသည် စစ်ပွဲအတွင်းမှာပင် အကျုံးဝင်သက်ဆိုင်ကြောင်းတို့ကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဗုဒ္ဓ၏ဘုရားလောင်းဘဝဖြစ်စဉ်များပါဝင်သည့် ဗုဒ္ဓဝင်လာ ဇာတက ဇာတ်တော်ပုံဝတ္ထုများနှင့် အခြားသော

ရုပ်ပုံများက မှားယွင်းသောလုပ်ရပ်နှင့် ယင်း၏ ကံအကျိုးဆက်များကို သရုပ်ဖော်ထားပါသည်။ ဤဆောင်းပါးသည် ဇာတကပုံဝတ္ထုနှစ်ခုဖြစ်သော ဘုရားလောင်းမဟောသဓာ အသုံးပြုသည့် ဝိုင်းရံနိုင်ခြေအလား အလာနှင့် ထိုနည်းဗျူဟာကို ရှောင်လွှဲနိုင်ရန် ဖော်ပြထားသော ဥမ္မင်္ဂဇာတ်တော်(အမှတ် ၅၄၆)နှင့် သုပ္ပာဝါသနှင့် သားဖြစ်သူ ရဟန္တာ(အသိဉာဏ်အလင်းရသော သူတော်စင်) ရှင်သီဝလိလောင်းလျာတို့၏ အတိတ်ဘဝတွင် ဝိုင်းရံ စစ်ကို အမှန်တကယ်အသုံးပြုခဲ့ခြင်းအပေါ် ကိုယ်ကျင့်တရားဆိုင်ရာ အကဲဖြတ်မှုပေးသော အသာတရူပဇာတ်တော် (အမှတ် ၁၀၀)တို့ကို ပိုင်းခြားစိတ်ဖြာစိစစ်ထားပါသည်။ ထိုဇာတ်ကြောင်းပြန်ပုံပြင်များသည် တစ်စုံတစ်ယောက်၏ လုပ်ဆောင်မှုများအတွက် တာဝန်ရှိမှုကိုသာမက စေတနာရည်ရွယ်ချက်အယူအဆပေါ်အခြေခံပြီး စိတ်ဝိညာဉ် ဆိုင်ရာ တိုးတက်မှုအတွက် စိတ်ဓာတ်ရေးရာမျှော်လင့်ချက်ကိုပါ ပေးသောကြောင့် အထူးသဖြင့် ဗုဒ္ဓဘာသာဝင် လူ့ဘောင်အဖွဲ့အစည်းများအတွင်း IHL အား ဆွေးနွေးခြင်းနှင့် သင်ကြားခြင်းပေးများအတွက် အသုံးဝင်ပါသည်။

## IHL နှင့် ဗုဒ္ဓဘာသာအကြား ပေါင်းဆုံခြင်း

ဗုဒ္ဓဘာသာတစ်ခုလုံးအနေဖြင့် မိမိကိုယ်တိုင်နှင့် အခြားသူများ၏ ဆင်းရဲဒုက္ခခံစားရမှုကို အနည်းဆုံးဖြစ်စေရန်နှင့် စစ်ပွဲကာလအတွင်း "ရန်သူများ"အပါအဝင် သက်ရှိအားလုံးအပေါ် ကရုဏာတရားပိုမိုထားခြင်းကို ဦးတည်သည်ဟု ယေဘုယျအားဖြင့် အသိအမှတ်ပြုလက်ခံကြပါသည်။ အဟိံသ အယူအဆ သို့မဟုတ် ထိခိုက်နစ်နာမှု သို့မဟုတ် ဒဏ်ရာအနာတရမဖြစ်စေခြင်းနှင့် သူ့အသက်မသတ်ခြင်းဟူသော ပထမဆုံးသီလသိက္ခာပုဒ်ကို စစ်ပွဲအတွင်း အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့နှင့် ပေါင်းစပ်၍ မရနိုင်ပါ။ ဓမ္မပဒတွင်လည်း အခြားသူများအပေါ် အကြမ်းဖက်ခြင်းမပြုရန်နှင့် အကြမ်းဖက်ခြင်းကို အားမပေးရန် သတိပေးချက်အား ဂါထာများတွင် ဖော်ပြထားပါသည်။ ဥပမာအားဖြင့် -

---

အန္တိမရည်မှန်းချက်သည် ထောင်ထဲတွင် ဗီလိန်လူကြမ်း ထည့်ထားခြင်း မဟုတ်သော်လည်း အစာရေစာငတ်ပြတ်မှု ဖြစ်စေခြင်းသည် ကျင့်ဝတ်နီတိအရ အလွန် အဆိပ်အတောက်ဖြစ်စေသောကြောင့် မစဉ်းစားနိုင်လောက်အောင် ဖြစ်စေပါသည်။ (Alex de Waal 2019)

-------------------

> ဓမ္မပဒ ဂါထာ ၁၂၉၊ သတ္တဝါတိုင်းသည် အင်အားသုံး တိုက်ခိုက်ခြင်းကို ကြောက်ရွံ့စိုးရိမ်ကြသည်။ သေခြင်းတရားသည် သတ္တဝါတိုင်းကြောက်သော အရာဖြစ်သည်။ အခြားသူများကို မိမိကိုယ်နှင့် တန်းတူထားပြီး သတ်ဖြတ်ခြင်း သေစေခြင်းတို့ကို မပြုရ။

> ဓမ္မပဒ ဂါထာ ၄၀၅၊ ကြောက်တတ်သောသတ္တဝါများနှင့် မကြောက်တတ်သော ရဟန္တာ[1]များ အားလုံးတို့အပေါ် အင်အားသုံးနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ပြီး မိမိကိုယ်တိုင်လည်း သတ်ဖြတ်ခြင်း ကိုမပြု၊ အခြားသူများကို သတ်ဖြတ်စေခြင်းလည်း မပြုသူကို ဗြဟ္မဏ(မြင့်မြတ်သူ)ဟု ခေါ်ဆို သည်။[2]

ဂါထာအမှတ် ၄၀၅သည် လူဝတ်ကြောင်များထက် ဘိက္ခုရဟန်းနှင့် ဘိက္ခုနီမတို့၏ အပြုအမူကို အထူးပြု ဟောကြားထားသော်လည်း[3] ဓမ္မပဒဂါထာများသည် အားလုံးနှင့်ယေဘုယျသက်ဆိုင်သည့်အတွက် လူဝတ်ကြောင် များအတွက် သတိပေးချက်အဖြစ်လည်း ယူဆနိုင်ပါသည်။ ထို့အပြင် ငြိမ်းချမ်းနေသည်ဖြစ်စေ၊ စစ်ပွဲဖြစ်နေသည် ဖြစ်စေ မထိခိုက်စေခြင်းအခြေခံမူ အပြောင်းအလဲမရှိခြင်းသည် မည်သည့်အခြေအနေအတွက်မဆို အကျုံးဝင် သက်ဆိုင်နိုင်ပါသည်။ ဗုဒ္ဓဘာသာသည် အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့အား ကျင့်သုံးနိုင်ခြင်းအပေါ် တားမြစ်ချက်များကို ချွင်းချက်များ သို့မဟုတ် သက်ညှာခွင့်များရှိသည့် အခြေအနေများအဖြစ် အရေးပေါ် အခြေ အနေများ သို့မဟုတ် စစ်ပွဲကို အသုံးပြုနိုင်သည်ဟု တိတိကျကျသတ်မှတ်ထားခြင်းမရှိပါ။

ထိခိုက်နစ်နာမှုကို ရှောင်ကြဉ်ရန် ဤအားလုံးနှင့်သက်ဆိုင်သောလမ်းညွှန်ချက်သည် ဗုဒ္ဓဘာသာတွင် စစ်ပွဲကာလအတွက် သက်ဆိုင်မှုမရှိသော်လည်း ငြိမ်းချမ်းစဉ်အတွင်းသာ သက်ဆိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်သည်ဟု အချို့က ဆိုနိုင်ပါသည်။[4] ဤအချက်ကိုလည်း ငြင်းချက်ထုတ်နိုင်ပါသည်။ ဗုဒ္ဓဘာသာအရ စစ်ပွဲအား စတင်တိုက်ခိုက်ခြင်းကို တားမြစ်ထားသောကြောင့် ဤအဆုံးအမသည် "ကျူးကျော်သော ရာဇဝတ်မှု[5] အား တားမြစ်ချက်အပြင် အင်အားသုံးခြင်းအား စည်းမျဉ်းသတ်မှတ်ထိန်းကျောင်းသည့် လက်ရှိ ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်မူဘောင်နှင့် ကိုက်ညီနေပါသည်။ သို့သော် ဗုဒ္ဓဘာသာတွင် မိမိကိုယ်ကိုခုခံကာကွယ်ခြင်းအား လုံးဝ တားမြစ်ချက်လည်း မရှိသည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ မိမိကိုယ်ကိုကာကွယ်ခုခံမှုအပေါ် ဗုဒ္ဓဘာသာ၏ ကန့်သတ်ချက်များသည် မိမိကိုယ်ကို ကာကွယ်ခုခံမှုနှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင် သို့မဟုတ် လက်ရှိ အင်အားအသုံးပြုခြင်းကို တားမြစ်သည့်ဥပဒေ ယုစ်အက်ဒ်ဘဲလမ်း(jus ad bellum) စည်းမျဉ်းများအပြင် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်လည်း အလားတူသည်ဟု ဆိုနိုင်ပါသည်။

လက်ရှိဖြစ်နေသော စစ်ပွဲအခြေအနေတွင် ဆုံးဖြတ်ချက်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ယုစ်အင်ဘဲလို - jus in bello (စစ်ပွဲတွင်းဥပဒေများ) သို့မဟုတ် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (ဤမှနောင်တွင် IHL) စည်းမျဉ်းများမှာ အရေးပါလာပါသည်။ ဗုဒ္ဓဘာသာသည် ဆင်းရဲဒုက္ခရောက်စေခြင်းနှင့် သတ်ဖြတ်ခြင်းကို ဆန့်ကျင်နေသော်လည်း ပဋိပက္ခဖြစ်နေဆဲအချိန်တွင် ဥပမာ - အရပ်သား ဆက်စပ် သေဆုံးခြင်းများကို ရှောင်ကြဉ်ခြင်းဖြင့် ဆင်းရဲဒုက္ခအနည်းဆုံးဖြစ်စေရန် လိုအပ်ချက် ပေါ်ပေါက်လာသည်ကို အသိအမှတ်ပြုကြောင်း ယူဆနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတွင် - လက်နက်ကိုင်တပ်ဖွဲ့၏ စစ်သည်တစ်ဦး သို့မဟုတ် ကွပ်ကဲသူတပ်မှူးတစ်ဦးအဖြစ် အရပ်သားဆုံးဖြတ်ချက်ချသူများနှင့် အကြံပေးများအတွက်လည်း - သတ်ဖြတ်ခြင်း သို့မဟုတ် ထိခိုက်နစ်နာမှုဖြစ်စေခြင်း၏ ကိုယ်ကျင့်သီလများနှင့် ကံအကျိုးဆက်များနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ပြောရန်ရှိလာပါသည်။ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလနှင့် IHL အကြား ပေါင်းဆုံခြင်းသည် နှစ်ခုစလုံးတွင် အခြေခံအဖြစ် ပါဝင်သော အဓိကတန်ဖိုးထားမှုများနှင့် လုပ်ရပ်ရွေးချယ်မှုတို့အပေါ် အဓိက အာရုံစိုက်ခြင်းအတွက် အရေးပါ လာနိုင်သည်ဆိုသည့်အချက်မှာ အခြေအတင်ဆွေးနွေးသည့်အခါ နည်းလမ်းနှင့် ဥပဒေကြောင်းအတိုင်းလိုက်လွှန်းသကဲ့သို့ ဖြစ်လာပါသည်။ ဤလေ့လာမှုသည် IHL တွင် သီးခြားကိစ္စရပ်ဖြစ်သော လက်နက်ကိုင်ပဋိပက္ခအတွင်း ဝိုင်းရံခြင်းအပေါ် အဓိကအာရုံစိုက်ခြင်းဖြင့် ဗုဒ္ဓဘာသာက မည်သို့ အထောက်အကူပြုနိုင်သည်ကို ထည့်သွင်းစဉ်းစားပါသည်။ ဗုဒ္ဓဘာသာကျမ်းဂန်များ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ဝိုင်းရံသည့်အခြေအနေများနှင့် သက်ဆိုင်သော ဇာတကပုံဝတ္ထုများသည် လက်ရှိ IHL ၏ အဓိကအယူအဆများကို မည်သည့်အတိုင်းအတာအထိ ၎င်းတို့က အထောက်အကူပေးသည် ဆိုသည့်အချက်နှင့် ခက်ခဲသောအခြေအနေတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးထားမှုများနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့ကို ဟန်ချက်ညီစေရန် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလက မည်သို့ပါဝင်ထောက်ကူနိုင်သည်ကို သိရှိနိုင်စေရန် စူးစမ်းရှာဖွေလေ့လာထားပါသည်။

## ဝိုင်းရံစစ်၊ ပိတ်ဆို့ခြင်းနှင့် အစာရေစာငတ်ပြတ်ခြင်းတို့ကို သမိုင်းရှုထောင့်ဖြင့် မိတ်ဆက်တင်ပြခြင်း

ယနေ့ခေတ်အခါတွင် "ဝိုင်းရံခြင်း" (siege) နှင့် "အစာရေစာငတ်ပြတ်ခြင်း" (starvation) ဟူသော အသုံးအနှုန်းတို့သည် ကျူးကျော်လာသော စစ်တပ်တို့၏ ကာလကြာရှည် တိုက်ခိုက်မှုကို ရင်ဆိုင်နေကြရသော ကျောက်မြို့ရိုးနောက်ကွယ်မှ နိုင်ငံသားများနှင့်အတူ ရှေးခေတ်နှင့် အလယ်ခေတ် စစ်ပွဲ၏ပုံရိပ်တို့ကို ဖော်ထုတ်ပေးသည့်အလားဖြစ်ပါသည်။ သို့သော် လက်ရှိပဋိပက္ခများ၏ သတင်းအစီရင်ခံချက်များတွင် အလားတူကိစ္စများကို ကျွန်ုပ်တို့ ကြားရနိုင်သောကြောင့် ဤနည်းလမ်းများသည် မျက်မှောက်ခေတ်စစ်ပွဲမှ လုံးဝ ပျောက်ကွယ်သွားခြင်း မဟုတ်ပါ။ ယီမင်၊ ဆီးရီးယားနှင့် တောင်ဆူဒန်တို့တွင် ဖြစ်ပွားလျက်ရှိသော နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံတကာဖြစ်လာသော ပဋိပက္ခများအတွင်း မကြာသေးမီကနှင့် ဆက်လက်၍ ပေါ်ပေါက်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖြစ်ဆိုးများက သက်ဆိုင်ရာ IHL အား အကောင်အထည်ဖော်မှုကို

ပြန်လည်သုံးသပ်ရန်နှင့် ခိုင်မာအောင်လုပ်ဆောင်ရန် လိုအပ်ချက် ရှိကြောင်း ပြသနေပါသည်။ ထို့ကြောင့် စစ်ပွဲနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေခြင်းအား တားမြစ်ချက်နှင့်ဆက်စပ်၍ ဖွံ့ဖြိုးတိုးတက်စေခဲ့သည့် မျက်မှောက်ခေတ် IHL ရှိ အခြေခံမူများနှင့် တာဝန်များအရ ဝိုင်းရံခြင်းနှင့် ပိတ်ဆို့ခြင်းတို့အား ဥပဒေနှင့်အညီဖြစ်မှုကို ဆွေးနွေးရန် လိုအပ်ချက် ရှိပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)ကို ကိုယ်စားပြုသည့် ကျွမ်းကျင်သူများ၏ ရှင်းလင်းချက်အရ "ဝိုင်းရံခြင်း" အား "ရန်သူတည်ရှိသည့်နေရာကို ဝိုင်းထားခြင်း၊ ၎င်းတို့လက်နက်ချအညံ့ခံမှုဖြစ်ပေါ်လာစေရန် အတွင်းထဲရှိ ၎င်းတို့ကို မည်သည့်အဆက်အသွယ်မဆို မရှိစေရန် ဖြတ်တောက်ခြင်း"ဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။[6]

ဝိုင်းရံခြင်း (siege) နှင့်ဆက်စပ်သည့်အသုံးအနှုန်းမှာ "ပိတ်ဆို့ခြင်း" (blockade) ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ရေကြောင်းကုန်သွယ်ရေး သို့မဟုတ် ထိုနိုင်ငံ၏ ကမ်းရိုးတန်းပြည်နယ်တစ်ခုအား ဖြတ်တောက်ခြင်း ပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။[7] ၎င်း၏ ပင်ကိုသဘာဝအရ ပိတ်ဆို့ခြင်းနည်းဗျူဟာသည် IHL ၏ အရေးပါသော ခွဲခြားခြင်း အခြေခံမူ (ဆိုလိုသည် မှာ တရားဝင်ပစ်မှတ်များနှင့် တရားမဝင်ပစ်မှတ်များအကြား ခွဲခြားခြင်း) ကို ကျင့်သုံးရန် ထုံးစံအတိုင်း ပျက်ကွက်လေ့ရှိပါသည်။ ပိတ်ဆို့ခြင်းသည် အစာရေစာနှင့်ဆေးဝါးတို့အပြင် လောင်စာဆီနှင့် စစ်ရေး ဆိုင်ရာအထောက်အပံ့များရရှိခြင်းအား ကာကွယ်တားဆီးခြင်း စစ်ရေးဆိုင်ရာရည်မှန်းချက်များ အပေါ်တွင်ပါ အကျိုးသက်ရောက်လေ့ရှိသောကြောင့် ထိုသို့လုပ်ဆောင်ရန် ဤနည်းဗျူဟာကိုအသုံးပြုသူတို့သည် စစ်ရေးဆိုင်ရာ အထောက်အပံ့နှင့် အရပ်သားအထောက်အပံ့များကို ခွဲခြားရန် လိုအပ်ပါမည်။ ပိတ်ဆို့ခြင်းသည် ပင်ကိုသဘာဝအရ ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသော်လည်း နိုင်ငံတစ်နိုင်ငံက မည်မျှ ဖြစ်မြောက်ရန် ခွင့်ပြုနိုင်သည်ဆိုသည့် ကန့်သတ် ချက်များအပေါ် မူတည်ပေသည်။ ဆန်ရီမိုလက်စွဲအရ အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ အစာရေစာ ငတ်ပြတ် စေခြင်းသည် တစ်ခုတည်းသော ရည်ရွယ်ချက်ဖြစ်လျှင် ပိတ်ဆို့မှုကို တားမြစ်ပါသည်။[8] ထို့အပြင် ပိတ်ဆို့မှု စတင် လုပ်ဆောင်ခြင်းနှင့် ဆက်လက်လုပ်ဆောင်ခြင်းတို့အတွက် အချိုးအစားညီမျှခြင်း အခြေခံမူကို ကျင့်သုံးရပါမည်။ ထို့ကြောင့် မြေပြင်ပေါ်နှင့် ပင်လယ်ပြင်တွင် နှစ်ခုလုံးနှင့်သက်ဆိုင်သော စစ်ပွဲဆိုင်ရာဥပဒေများ၏ ထည့်သွင်းစဉ်းစားရမည့်အကြောင်းအရာတွင် အရပ်သားလူထုအတွက် အစားအစာ၊ ရေနှင့် ဆေးဝါးများကို ဆက်လက်ရရှိနေသည့်အပြင် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားဆန်မှုတို့ ဟန်ချက်ညီနေခြင်းကြောင့် ဝိုင်းရံခြင်းနှင့် ပိတ်ဆို့ခြင်းကို IHL ၏ မူဘောင်အတွင်း လုပ်ဆောင်နိုင်သည်ဟု ငြင်းချက်ထုတ်နိုင်ပါသည်။

"အစာရေစာငတ်ပြတ်ခြင်း"ဟူသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး IHL ကျွမ်းကျင်သူများက - "အစာရေစာငတ်ပြတ်ခြင်း" အသုံးအနှုန်းသည် "လူအများကိုငတ်မွတ်ခေါင်းပါးစေရန်၊ ဆိုလိုသည်မှာ စားနပ်ရိက္ခာ အလွန်အမင်းနှင့် အထွေထွေရှားပါးမှု ခံစားရစေသည့် လုပ်ဆောင်မှု" ဖြစ်သည်ဟု ဆိုလိုကြောင်း ဖော်ပြခဲ့ပါသည်။[9] ၎င်းတို့က ထပ်မံ၍ "ယင်းကိုစစ်ရေးနည်းလမ်းအဖြစ်သုံးရန်မှာ လူထုကို အငတ်ဘေးခံစားရစေရန် အထူးသဖြင့် စားနပ်ရိက္ခာ သို့မဟုတ် ထောက်ပံ့ပစ္စည်း အရင်းအမြစ်များကို ပိတ်ပင်ခြင်းအားဖြင့် (ဖြည့်စွက် အသားပေးဖော်ပြချက်) ယင်းကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ရပေမည်ဟု ရှင်းပြပါသည်။[10]

သိမ်းပိုက်ထားသော သို့မဟုတ် ကိုလိုနီလက်အောက်ခံပြုထားသော နယ်မြေများတွင် အစာရေစာငတ်ပြတ်စေခြင်းကို နိုင်ငံရေးအရ ဖိနှိပ်မှုနည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့ပြီး စစ်ပွဲကာလအတွင်း ဝိုင်းရံခြင်း အခြေအနေနှင့် ကျိန်းသေ ဆက်စပ်မှုမရှိချေ။ (de Waal 2017) ၁၉၃၂ မှ ၁၉၃၄ ကာလအတွင်း ယခုခေါ်ဆိုသည့် ယူကရိန်း၏ စတာလင်အငတ်ဘေး (Wolny 2017၊ Graziosi, Hajda နှင့် Hryn 2013 တို့ကိုကြည့်ပါ) ကဲ့သို့ ၁၈၄၀ ပြည့်လွန်နှစ်များအတွင်း အိုင်ယာလန်၌ (Kelly 2012, Coogan 2013 ကို ကြည့်ပါ) "ဂေါ်တာမော" - Gorta Mor (အိုင်းရစ်ဘာသာစကားဖြင့် "မဟာ အငတ်ဘေး")၊ "ဟိုလိုဒိုမော" - Holodomor ယူကရိန်းဘာသာစကားဖြင့် "အငတ်ထား သတ်ဖြတ်ခြင်း"၊ ၁၉၄၃ခုနှစ် ဘင်္ဂလားအငတ်ဘေး (Mukerjee 2018 ကို ကြည့်ပါ) တို့ကို "နိုင်ငံရေး အငတ်ဘေးများ" အဖြစ် သတ်မှတ်နိုင်ပါသည်။ ၎င်းတို့သည် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော မြေများနှင့် ရရှိနိုင်သော စားနပ်ရိက္ခာတို့ကို အင်ပါယာနှင့်ဆိုင်သော သို့မဟုတ် သိမ်းပိုက်ထားသော နိုင်ငံများထံသို့ လွှဲပြောင်းပေးနိုင်ရန် လူထုများအား ၎င်းတို့ကို မရရှိစေရေး ပိတ်ပင်ရန် နိုင်ငံရေးအရ ပြုလုပ်သော ဆုံးဖြတ်ချက်များ၏ တိုက်ရိုက်အကျိုးရလဒ် ဖြစ်ပါသည်။ သို့ရာတွင် ဤဆောင်းပါးသည် ဤသို့သော ငတ်မွတ်ခေါင်းပါးမှုမျိုးများအပေါ် အာရုံစိုက်

မည်မဟုတ်ဘဲ ဝိုင်းရံစစ် သို့မဟုတ် ပိတ်ဆို့ခြင်းနှင့် ဆက်စပ်နေသည့် အစာရေစာငတ်ပြတ်မှု နည်းဗျူဟာများအား အသုံးပြုခြင်းအပေါ် အဓိက အာရုံစိုက်သွားမည် ဖြစ်ပါသည်။

ဝိုင်းရံခြင်းနှင့် အစာရေစာငတ်ပြတ်ခြင်း နည်းဗျူဟာများသည် ဒုတိယကမ္ဘာစစ်အတွင်း ရန်သူအဝိုင်းခံထားရသော မြို့ကြီးများရှိ အရပ်သားများ၏ ဝမ်းနည်းဖွယ်ရာ ဆင်းရဲဒုက္ခခံစားရမှု၏ အစိတ်အပိုင်း ဖြစ်ပါသည်။ နာဇီတို့၏ အင်တော်ဘေးအစီအမံသည် သိမ်းပိုက်ထားသောနယ်မြေများ အထူးသဖြင့် ဆိုဗီယက်ယူနီယံ (Gerhard 2015) တွင် အကောင်အထည်ဖော်ခဲ့သည့် အရပ်သားများနှင့် စစ်သုံ့ပန်းများအပေါ် အစီအစဉ်ချထားခဲ့သော အစာရေစာငတ်ပြတ်စေခြင်း နည်းဗျူဟာ ဖြစ်ပါသည်။ ယခုအခါ၌ မြို့ကြီးတစ်မြို့ကို ဝိုင်းထားခြင်းဖြင့် လူထုအား အစာရေစာငတ်ပြတ်စေခြင်းကို စစ်ပွဲဆိုင်ရာဥပဒေများအရ အတိအလင်း တားမြစ်ထားခြင်း မရှိပါ။ အမေရိကန်ပြည်ထောင်စုနှင့် ဗီးလ်ဟဲလ်မ်ဖွန်လိဘ်နှင့်အခြားသူများ အဆင့်မြင့်ကွပ်ကဲမှုအမိန့်အမှု (High Command Case) တွင် အမေရိကန်စစ်ပြီးကာလ စစ်ကော်မရှင်သည် ဝိုင်းရံထားခြင်းနှင့် "ထောက်ပံ့ရေးရင်းမြစ်တိုင်းကို ဖြတ်တောက်ခြင်း" သည် ထိုအချိန်က စစ်ပွဲဆိုင်ရာဥပဒေများအရ တရားမဝင် မဟုတ်သောကြောင့် ဂျာမန် ဗိုလ်ချုပ်ကြီး ဖီးလ်ဒ်မာရှယ် ဗီးလ်ဟဲလ်မ်ဖွန်လိဘ် (Field marshall Wilhelm von Leeb) ကို ၁၉၄၁ခုနှစ် စက်တင်ဘာလမှ ၁၉၄၄ခုနှစ် ဇန်နဝါရီလအတွင်း ရုရှားအရပ်သား အနည်းဆုံး သန်းတစ်ဝက်ကို အစာရေစာငတ်ပြတ်သေစေခဲ့သော လီနင်ဂရက်အား ဝိုင်းထားရာတွင် ၎င်း၏အခန်းကဏ္ဍအတွက် အပြစ်မရှိကြောင်း တရားသေလွှတ်ပေးခဲ့ပါသည်။[11] ဤဆုံးဖြတ်ချက်က ဤသို့ ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည် -

> အစာရေစာငတ်ပြတ်မှုဖြင့် ယင်းကို (လီနင်ဂရက်လူထုကို) လျော့နည်းသွားစေရန် ကြိုးပမ်းမှုအား လျော်ကန်သင့်မြတ်မှုရှိမရှိ မေးခွန်းထုတ်စရာမရှိပါ။ … ကျွန်ုပ်တို့က ထိုဥပဒေနှင့် ဆန့်ကျင်သည့် ဆန္ဒရှိကောင်းရှိနိုင်သော်လည်း ကျွန်ုပ်တို့ တွေ့ရှိသည့်အတိုင်း စီမံဆောင်ရွက်ရပေမည်။ ထို့ကြောင့် ဤစွဲချက်အပေါ် ဥပဒေနှင့်ငြိစွန်းမှုမရှိဟု ကျွန်ုပ်တို့ ယူဆပါသည်။[12]

လီနင်ဂရက်တွင် အစာရေစာငတ်ပြတ်မှုအတိုင်းအတာကို မိုက်ကယ်ဝေါ်ဇာ (Michael Walzer) က "ဟမ်းဘုတ်၊ ဒရက်စ်ဒိန်း၊ တိုကျို၊ ဟီရိုရှီးမားနှင့် နာဂါဆာကီတို့တွင် မီးဟုန်းဟုန်းတောက်မှုအတွင်း သေဆုံးခဲ့ရသောဦးရေထက် လီနင်ဂရက်ကို ဝိုင်းရံထားမှုကြောင့် သေဆုံးခဲ့ရသော အရပ်သားဦးရေက ပိုမိုများပြားကြောင်း" ကို ဖော်ပြခြင်းဖြင့် အလေးပေးဖော်ပြခဲ့ပါသည်။ (Walzer 2015, 160) ထို့ကြောင့် အစာရေစာငတ်ပြတ်စေခြင်းသည် မီးလောင်ဗုံးကြဲခြင်းနှင့် နျူးကလီးယားလက်နက်များအားအသုံးပြုခြင်းကဲ့သို့ မျက်မှောက်ခေတ်စစ်ပွဲ၏ ကြောက်မက်ဖွယ်ရာ ကြီးမားသောအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အား အောင်နိုင်ခဲ့သော မဟာမိတ်တပ်များသည်ပင် ရန်သူ အရပ်သားများအပေါ် အစာရေစာငတ်ပြတ်စေသည့်နည်းဗျူဟာများကို အသုံးပြုခဲ့ပါသည်။ ၁၉၄၅ခုနှစ်တွင် အမေရိကန်က ဂျပန်အား ပိတ်ဆို့မှုကို "အစာရေစာငတ်ပြတ်မှုစစ်ဆင်ရေး"(Operation Starvation) ဟု လျှို့ဝှက်အမည် ပေးခဲ့ပါသည်။ စားနပ်ရိက္ခာနှင့် လောင်စာဆီ တင်သွင်းမှုကို တားဆီးရန် ဆိပ်ကမ်းများအတွင်းသို့ မိုင်းများချသည့် ကောင်းကင်မိုင်းဗုံးတိုက်ပွဲအစီအစဉ်ဖြင့် ယင်းကို လုပ်ဆောင်ခဲ့ပါသည်။ (Mason 2002) စာရင်းအင်းအချက်အလက်များကွဲလွဲနေသည့်အပြင် လပေါင်းများစွာမကြာမီ ဂျပန်တို့ ချွင်းချက်မရှိလက်နက်ချခဲ့သောကြောင့် ဤပိတ်ဆို့မှုကိုအကြောင်းပြု၍ ဂျပန်အရပ်သားများ၏ ဆင်းရဲဒုက္ခခံစားရမှုနှင့် အစာရေစာငတ်ပြတ်မှု အတိုင်းအတာ မည်မျှဆိုသည်မှာ ရှင်းရှင်းလင်းလင်း မရှိချေ။

ယီမင်တွင် စစ်ပွဲအတွင်း ဆက်လက်ဖြစ်ပွားနေသည့် များပြားလှသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများ၊ တောင်ဆူဒန်တွင် အသုံးပြုခဲ့သော အစာရေစာငတ်ပြတ်စေခြင်း၊ ဆီးရီးယားနှင့် မကြာသေးမီက အီရတ်တွင် အစ္စလာမ်မစ်နိုင်ငံတော်တပ်ဖွဲ့များနှင့် ပဋိပက္ခတို့တွင် မြို့ကြီးများအား ဝိုင်းရံခြင်း နည်းလမ်းများ အသုံးပြုခြင်းတို့ကို လေ့လာကြည့်လျှင် ဝိုင်းရံခြင်းနှင့် အစာရေစာငတ်ပြတ်စေခြင်းကို စစ်ပွဲ၏ နည်းဗျူဟာများအဖြစ် အသုံးပြုခြင်းသည် နောက်ထပ် တိုးလာနေပုံ ရှိပါသည်။ (Todman 2017; de Waal 2009; Ferguson 2018) အကူအညီပေးရေးအဖွဲ့များသည် ဆိုးဝါးသောအခြေအနေများတွင် ရှိနေကြသော အရပ်သားများကို အကူအညီအထောက်အပံ့ အလုံအလောက်ပေးရေးဆိုင်ရာ လက်တွေ့ကဏ္ဍများနှင့် ရှန်းကန်နေရစဉ် ပညာရှင်များနှင့် မူဝါဒချမှတ်သူများသည် ပညာရှင်အဆင့်တွင် ဤနည်းလမ်းများ၏ တရားဝင်မှုနှင့် နပန်းလုံးနေကြပါသည်။

ဥပမာအားဖြင့် ဆီးရီးယားရှိ အခြေအနေအပေါ် အလေးထားအာရုံစိုက်ပြီး ဝိုင်းရံစစ်အတွင်း အရပ်သားများအား အစာရေစာငတ်ပြတ်စေမှုကို စစ်ရာဇဝတ်မှုအဖြစ် တရားစွဲဆိုနိုင်ခြင်းရှိမရှိကို စူစန်ပါဝါက ထည့်သွင်းစဉ်းစားခဲ့ပါ

သည်။ စားနပ်ရိက္ခာနှင့် အသက်ရှင်သန်မှုအတွက် အခြား လိုအပ်သောအခြေအနေများကို သေစေလိုသော စေတနာဖြင့် ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်ခြင်းသည် IHL အား ကြီးလေးသောချိုးဖောက်မှုများအရ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း သဘောသက်ရောက်လိမ့်မည်ဟု ၎င်းက ကောက်ချက်ချပါသည်။ (Power 2016 / Mikos Skuza 2018 ကိုလည်း ကြည့်ပါ) စစ်ပွဲ၏ နည်းလမ်းတစ်ခုအဖြစ် ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်ပြတ်စေခြင်းသည် လူမျိုးတုံးသတ်ဖြတ်မှုနှင့်နှိုင်းယှဉ်သင့်သည့် "အငတ်ဘေးရက်စက်မှုအသစ်" အဖြစ် ဒီဝါးလ်(De Waal) က ဆက်လက်၍ ဖော်ပြထားပါသည်။ (de Waal 2018)

အကူအညီပေးရေးအဖွဲ့များက ယီမင် နိုင်ငံသားအမြောက်အများသည် အစာရေစာငတ်ပြတ်ခြင်းအပြင် ယင်းနှင့်ဆက်စပ်နေသော ရောဂါများကို ခံစားနေ ကြရပြီး စစ်ပွဲအတွင်း သို့မဟုတ် လေကြောင်းတိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သည့်ဦးရေထက် သိသိသာသာ ပိုမိုများပြားကြောင်း အစီရင်ခံတင်ပြထားခြင်းနှင့်အတူ ယီမင်တွင်လည်း အခြေအနေမှာ ကြောက်မက်ဖွယ်ရာ ဖြစ်ပါသည်။ ၂၀၁၄ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ယီမင်နိုင်ငံအတွင်း ပဋိပက္ခတွင်ပါဝင်သည့်အချို့သောအဖွဲ့များနှင့်ပတ်သက်၍ အထူးသဖြင့် အယ်လ် ဟိုဒိုင်းဒါး(al-Hoedaida) ၏ ပင်လယ်နီဆိပ်ကမ်းအား သက်ရောက်မှုရှိသည့် လက်နက်ကုန်သွယ်မှုပိတ်ပင်ခြင်းကို အတည်ပြုခဲ့ပြီး သက်တမ်းတိုးပေးခဲ့ပါသည်။[13] ဤလက်နက်ကုန်သွယ်မှုပိတ်ပင်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် စားနပ်ရိက္ခာထောက်ပံ့မှုတို့အပေါ် ဆိုးကျိုးသက်ရောက်မှု မရှိစေရဟု ၎င်းတွင် ဖော်ပြထားပါသည်။ ယီမင်အရပ်သားများထံသို့ အဓိကကျသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စားနပ်ရိက္ခာ အကူအညီရောက်ရှိနိုင်ရန်အတွက် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များသည် ၂၀၁၈ခုနှစ် ဒီဇင်ဘာလ စတော့ဟုမ်း သဘောတူညီချက်တွင် သဘောတူခဲ့သည့်အတိုင်း ဟိုဒိုင်းဒါးမှ ၎င်းတို့၏ တပ်ဖွဲ့များကို ပြောင်းရွှေ့ချထားရန် သဘောတူညီခဲ့ကြပါသည်။[14] ဟိုဒိုင်းဒါးသဘောတူညီချက် အထောက်အကူပြု ကုသမဂ္ဂမစ်ရှင်(UNMHA) သည် ထိုစဉ်ကတည်းက ဤကိစ္စကို လုပ်ဆောင်နေခဲ့ပြီး လုံခြုံရေးကောင်စီသည် ၂၀၂၀ပြည့်နှစ် ဇူလိုင်လ ၁၄ရက်နေ့တွင် ဆုံးဖြတ်ချက် ၂၅၃၄ ကို ချမှတ်ပြီး UNMHA အား အပ်နှင်းထားသည့် လုပ်ငန်းဆောင်ရွက်ပိုင်ခွင့်ကို ၂၀၂၁ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့အထိ သက်တမ်းတိုးပေးခဲ့ပါသည်။ ယီမင်ပဋိပက္ခတွင် ဆော်ဒီအာရေးဘီးယား (အမေရိကန်ပြည်ထောင်စုနှင့် ယူနိုက်တက်ကင်းဒမ်းတို့မှ ထောက်ခံမှုဖြင့်) နှင့် စွပ်စွဲချက်အရ အီရန်တို့၏ ပါဝင်ပတ်သက်မှုသည် နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနှင့် အစာရေစာငတ်ပြတ်မှုတို့ကို ရင်ဆိုင်နေရသော အရပ်သားများ၏ လိုအပ်ချက်များအပေါ် ကံဆိုးစွာ လွှမ်းမိုးသွားခဲ့ပြီး စွပ်စွဲချက်အရ ထိုပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တုံ့ပြန်ရန် နှုတ်ဆိတ်နေခဲ့ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ သိရသရွေ့ တစ်လလျှင် လူဆယ်သန်းကျော်ကို ကျွေးမွေးနေသည့် စားနပ်ရိက္ခာ အကူအညီ ယီမင်သို့ ထောက်ပံ့ပေးနေသော်လည်း ဤအကူအညီဖြန့်ဝေမှုသည် အထိခိုက်မခံပျက်စီးလွယ်သော လုပ်နည်းစနစ်ယန္တရားတစ်ခု ဖြစ်ပါသည်။[15] ၂၀၂၀ပြည့်နှစ် အောက်တိုဘာနှင့် နိုဝင်ဘာတို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တို့က ယီမင်တွင် ငတ်မွတ်ခေါင်းပါးမှု၏ အန္တရာယ်များနှင့်ပတ်သက်ပြီး ကြေငြာချက် ထပ်မံထုတ်ပြန်ခဲ့ပါသည်။[16]

ဆီးရီးယားပဋိပက္ခ၏ အခြေအနေတွင် "တိုက်ပွဲနည်းလမ်းတစ်ခုအဖြစ် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို အပြည့်ပြည့်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကတားမြစ်ထားကြောင်း ပြန်လည်သတိရစေခြင်းဖြင့်" ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ၂၀၁၄ခုနှစ်တွင် "လူနေထူထပ်သည့်ဒေသများအား ဝိုင်းရံထားမှု"အားလုံးကို ချက်ချင်းရုပ်သိမ်းပေးရန် တောင်းဆိုခဲ့ပြီး "ပါဝင်သည့်အဖွဲ့အားလုံးတို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးပို့ခြင်းကို ခွင့်ပြုရန် ... ထို့အပြင် နေရပ်မှထွက်ခွာရန်ဆန္ဒရှိသော အရပ်သားများအားလုံးကို အဟန့်အတားမရှိ လုံခြုံဘေးကင်းစွာ အမြန် ဘေးကင်းရာသို့ရွှေ့ပြောင်းမှုကို ထောက်ကူပေးရန် တောင်းဆိုခဲ့ပါသည်။ [17] တဖန် ၂၀၁၅ခုနှစ်တွင် "လူနေထူထပ်သောဒေသများအား ဝိုင်းရံထားခြင်းအပါအဝင် တိုက်ပွဲနည်းလမ်း အဖြစ် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို အသုံးပြုခြင်း ... " နှင့်ပတ်သက်ပြီး IHL အရ ပါဝင်သောအဖွဲ့များ၏ ဥပဒေဆိုင်ရာတာဝန်ကို ပြန်လည်သတိရစေရန် အသိပေးခဲ့ပါသည်။[18] ၂၀၁၈ခုနှစ်တွင် အဖွဲ့ဝင်(၁၅)ဦးပါ လုံခြုံရေးကောင်စီက ပဋိပက္ခနှင့်ဆက်စပ်သော စားနပ်ရိက္ခာမဖူလုံမှု နှင့်စပ်လျဉ်း၍ အရေးပါသော ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့ပါသည်။[19] ဤဆုံးဖြတ်ချက် ၂၄၁၇(၂၀၁၈) သည် လက်နက်ကိုင်ပဋိပက္ခနှင့် ပဋိပက္ခကြောင့်ဖြစ်ပေါ်သော စားနပ်ရိက္ခာမဖူလုံမှုတို့အကြား ဆက်စပ်မှုနှင့် ငတ်မွတ်ခေါင်းပါးဘေး၏ခြိမ်းခြောက်မှုတို့ကို ဖောင်းပေးထားသည့်အပြင် စစ်ရေးနည်းလမ်းတစ်ခုအဖြစ် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကိုအသုံးပြုမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသွားရောက်ခွင့်အား ဥပဒေမဲ့

ငြင်းဆန်ခြင်းတို့ကို IHL အား ချိုးဖောက်မှုများအဖြစ် "ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့ပါသည်"။[20] ထိုဆုံးဖြတ်ချက် စာပိုဒ် ၁၀တွင် "ကာကွယ်တားဆီးသောအစီအမံများကို ခိုင်မာအားကောင်းစေရန်အမြင်ဖြင့်" သာမက "တာဝန်ခံမှုကို သေချာစေရန်" စစ်ရေးနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေခြင်းကို အသုံးပြုမှုအတွက် တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးရန်နှင့် အရေးယူရန် လုံခြုံရေးကောင်စီက နိုင်ငံများကို "အပြင်းအထန်တိုက်တွန်းခဲ့ပါသည်" ဟု ဖော်ပြခဲ့ပါသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)က ဆုံးဖြတ်ချက် ၂၄၁၇ ကို ထောက်ခံရာတွင်လည်း ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ထိခိုက်ခံစားနေရသူဦးရေမှာ ပြီးခဲ့သောဆယ်စုနှစ်တွင် လျော့ကျသွားခဲ့သော်လည်း မကြာသေးမီနှစ်များတွင် ပြန်လည်မြင့်တက်လာနေသည်ဟု ဖြည့်စွက်ခြင်းဖြင့် မှတ်ချက်ပြုခဲ့ပါသည်။ "ဤအနေအထား ပြောင်းပြန်ဖြစ်သွားခြင်း၏ အဓိကမောင်းနှင်သူ" အဖြစ် လက်နက်ကိုင်ပဋိပက္ခကို သတ်မှတ်ခဲ့ပါသည်။[21] FAO နှင့် WFP တို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ မကြာသေးမီက ပူးတွဲအစီရင်ခံစာတစ်ခုတွင် နိုင်ငံ(၁၆)နိုင်ငံအတွက် စားနပ်ရိက္ခာမဖူလုံမှုသည် လောလောဆယ်တွင် အဓိကပြဿနာဖြစ်နေကြောင်း အကြောင်းကြားခဲ့ပါသည်။ ထိုနိုင်ငံများမှာ အာဖဂန်နစ္စတန်၊ ဘူရွန်ဒီ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ ဂီနီ-ဘစ်ဆော၊ ဟေတီ၊ အီရတ်၊ ဆီးရီးယား ဒုက္ခသည်များနှင့်သက်ဆိုင်သည့် လက်ဘနွန်၊ လိုက်ဘေးရီးယား၊ မာလီ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်၊ ဆီးရီးယန်းအာရပ်သမ္မတနိုင်ငံ၊ ယူကရိန်း၊ ယီမင်နှင့် ချဒ်ရေကန်ချိုင့်ဝှမ်းနယ်နိမိတ်တို့ ဖြစ်ပါသည်။[22] ဤစာရင်းမှ တွေ့မြင်နိုင်သည့်အတိုင်း အများစုသည် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားနေကြရပါသည်။ လက်ရှိအချိန်တွင် တောင်အာရှနှင့် အရှေ့အာရှ နိုင်ငံများမှာ ဤစာရင်းတွင် မပါဝင်ပါ။ သို့သော် ဗုဒ္ဓဘာသာအမွေအနှစ်ကြွယ်ဝသောနေရာဖြစ်သည့် တောင်ပိုင်း ဗဟိုအာရှ မူဆလင် နိုင်ငံတစ်ခုဖြစ်သော အာဖဂန်နစ္စတန် ပါဝင်ပါသည်။

### အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို IHL ၏ တားမြစ်ချက်

အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို စစ်ပွဲဆိုင်ရာဥပဒေများနှင့် ဓလေ့ထုံးတမ်းများနှင့် ဆန့်ကျင်နေသောလုပ်ရပ်အဖြစ် တဖြည်းဖြည်းချင်းအသိအမှတ်ပြုလက်ခံလာခဲ့သည်မှာ လွန်ခဲ့သောနှစ်(၁၀၀)အတွင်းသာ ရှိပါသေးသည်။ မျက်မှောက်ခေတ် IHL စာချုပ်စာတမ်းများ၏ အစောပိုင်းတစ်ခုဖြစ်သော လီဘာကုဒ်ဥပဒေ(Lieber Code) က စစ်ပွဲနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေခြင်းကို တားမြစ်ပိတ်ပင်ခဲ့ခြင်းမရှိပါ။ စင်စစ် ၁၈၆၃ခုနှစ် လီဘာကုဒ်ဥပဒေ၏ အပိုဒ် ၁၈တွင် ဤသို့ပင် ဖော်ပြထားပါသည် -

> ဝိုင်းရံထားသောဒေသ၏ ကွပ်ကဲသူတပ်မှူးတစ်ဦးသည် ၎င်းသိုလှောင်ထားသည့် ပစ္စည်းများကို သုံးစွဲသူဦးရေလျော့နည်းစေရန် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို နှင်ထုတ်သည့်အခါ အမြန်လက်နက်ချစေရန် ၎င်းတို့ကို ပြန်လာစေရန်မောင်းသွင်းခြင်းမှာ အစွန်းရောက်အစီအမံဖြစ်သော်လည်း ယင်းသည် ဥပဒေနှင့် ညီသည်။

ဤအချက်သည် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား အစာရေစာငတ်ပြတ်မှုဖြစ်စေနိုင်သည့် မဟာဗျူဟာများကို ကံဆိုးသည်ဟု မှတ်ယူနိုင်သော်လည်း ယင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း မရှိဟု သွယ်ဝိုက်ညွှန်းဆိုပါသည်။[23] သို့သော်လည်း ထိုမဟာဗျူဟာများကို လျှော့ပေါ့ပေးခြင်း သို့မဟုတ် တားမြစ်ခြင်းအတွက် ဆွေးနွေးရာတွင် အချိုးအစားညီမျှရေးအခြေခံမူကို ကျင့်သုံးရမည်ဖြစ်ကြောင်း မှတ်သားသင့်ပေသည်။ စင်စစ် မျက်မှောက်ခေတ် IHL သည် အရပ်သားများ အစာရေစာငတ်ပြတ်စေခြင်းအား တားမြစ်ချက်ကို သဘောတူစာချုပ်နှင့် ဓလေ့ထုံးတမ်းဥပဒေတို့တွင် အတိအလင်း သတ်မှတ်ရန်အထိ အချိုးအစားညီမျှရေးအား ကျင့်သုံးမှုသက်သက်ထက် ပိုပါသည်။

စစ်ရေးနည်းလမ်းတစ်ခုအဖြစ် အစာရေစာငတ်ပြတ်စေခြင်းကို တားမြစ်ခြင်းအား ထောက်ခံရာတွင် ပထမဦးဆုံးစာချုပ်စာတမ်းမှာ ပထမကမ္ဘာစစ်ပြီးသည့်နောက် တာဝန်ရှိမှုဆိုင်ရာကော်မရှင်၏ ၁၉၁၉ခုနှစ် အစီရင်ခံစာ၌ "အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်ပြတ်စေခြင်း" ကို စစ်ပွဲဆိုင်ရာဥပဒေများနှင့် ဓလေ့ထုံးတမ်းများအား ချိုးဖောက်မှုအဖြစ် ဖော်ပြခဲ့ပြီး ထို့အပြင် တရားရုံးများတွင် တရားစွဲဆိုသင့်သည့် ရာဇဝတ်မှုအဖြစ် မှတ်ယူ

ရန် အကြံပြုခဲ့သည့်အချိန်က ဖြစ်ကြောင်း ကိုးကားပြနိုင်ပါသည်။[24] သို့သော် ၁၉၄၉ခုနှစ်[25] ဂျီနီဗာသဘောတူညီချက်(၄)တွင် ရှိပြီးဖြစ်သော ပြဋ္ဌာန်းချက်အချို့ပေါ် ပိုမိုဖွံ့ဖြိုးစေခဲ့သည့် နောက်ဆက်တွဲသဘောတူညီချက်များအရ IHL တွင် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို ထင်ထင်ရှားရှား တားမြစ်ခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ပြီးအခြေအနေတွင်သာ ဖြစ်ပါသည်။ အရပ်သားများအား ပြမူဆက်ဆံခြင်းနှင့်သက်ဆိုင်သော ဂျီနီဗာသဘောတူညီချက်(၄)တွင် ဝိုင်းရံခြင်းကို ၎င်းကိုယ်တိုင်က သေသေချာချာ တားမြစ်ခြင်း မပြုခဲ့သော်လည်း ယင်း၏ အကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေနိုင်သည့် အစီအမံများကိုသာ သတ်မှတ်ပေးခဲ့ပါသည်။ နောက်ဆက်တွဲသဘောတူညီချက်(၁)၏ အပိုဒ် ၅၄(၁)တွင် စစ်ရေးနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေခြင်းကို အတိအလင်းတားမြစ်ခဲ့ပြီး နောက်ဆက်တွဲသဘောတူညီချက်(၂)၏ အပိုဒ် ၁၄တွင် အပိုဒ် ၅၄(၂)၏ "စစ်ရေးနည်းလမ်းအဖြစ် အရပ်သားများကို အစာရေစာငတ်ပြတ်စေခြင်းကို အသုံးပြုခြင်းကို တားမြစ်သည်" ဟူသော စာသားများ ပါဝင်ပါသည်။

... နောက်ဆက်တွဲသဘောတူညီချက်(၂)၏ အပိုဒ် ၁၄တွင် ထပ်မံဖော်ပြသည်မှာ (နောက်ဆက်တွဲသဘောတူညီချက်(၁)၏ အပိုဒ် ၅၄(၂)၏ စာသားအတိုင်း) -

> ထို့ကြောင့် စားနပ်ရိက္ခာ၊ စားနပ်ရိက္ခာထုတ်လုပ်မှုအတွက် စိုက်ပျိုးရေးဒေသများ၊ ကောက်ပဲသီးနှံများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ သောက်သုံးရေထုတ်လုပ်မှုလုပ်ငန်းနှင့် သောက်သုံးရေပေးဝေခြင်း၊ ဆည်မြောင်းသွယ်တန်းခြင်းလုပ်ငန်းများကဲ့သို့ အရပ်သားလူထု အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို ထိုရည်ရွယ်ချက်အလို့ငှာ တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် အသုံးပြု၍မရအောင်လုပ်ခြင်းတို့ကို တားမြစ်သည်။

> ၁၉၈၇ခုနှစ် ICRC ၏ ရှင်းလင်းချက်က ဤအပိုဒ်သည် နောက်ဆက်တွဲသဘောတူညီချက်(၁)၏ အပိုဒ် ၅၄ ကို လွယ်ကူရိုးရှင်းသောပုံစံပြုလုပ်ထားခြင်းဖြစ်ကြောင်း အထူးတလည် ဖော်ပြခဲ့ပါသည်။[26] ယင်းက ဤပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်မှာ "ယင်းသို့သောအခြေအနေအား (အစာရေစာငတ်ပြတ်စေခြင်းအား) ရည်ရွယ်ချက်ရှိရှိ ဖြစ်ပေါ်စေခြင်းကို တားမြစ်ရန်နှင့် အရပ်သားများ၏ အသက်ရှင်ရပ်တည်ရေး ဝမ်းစာဖူလုံမှုနည်းလမ်းများကို အရှည်သဖြင့်ထိန်းသိမ်းထားရန်ဖြစ်ကြောင်းကိုလည်း ရှင်းပြထားပါသည်။[27] ဤရှင်းလင်းချက်က အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်း အသုံးပြုမှုအပေါ် တားမြစ်ချက်သည် ရုပ်သိမ်း၍မရသောစည်းမျဉ်း (non-derogable rule) (အလွန်အရေးကြီးသော စစ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖော်ပြထားခြင်း မရှိသည့်အတွက်) ဖြစ်ကြောင်း ဆိုလိုသည်မှာ ထိုစည်းမျဉ်းအတွက် ချွင်းချက် မရှိနိုင်ကြောင်းကိုလည်း ရှင်းပြထားပါသည်။[29] အရပ်သားလူထုအား ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်ပြတ်စေခြင်းကို အမြဲတစေ တားမြစ်ထားပါသည်။ သို့သော် ၎င်းတို့သည် တိုက်ပွဲဝင်စစ်သည်များအား သီးသန့်တိုက်ရိုက်ဦးတည်လျှင် စစ်ရေးနည်းလမ်းများအဖြစ် ဝိုင်းရံခြင်းနှင့် ပိတ်ဆို့ခြင်း နှစ်ခုလုံးကို အသုံးပြုခြင်းသည် တရားဝင်နေဆဲ ဖြစ်နိုင်ပါသည်။[30] ဝိုင်းရံခြင်း သို့မဟုတ် ပိတ်ဆို့ခြင်း၏ ရည်ရွယ်ချက်သည် တိုက်ပွဲဝင်စစ်သည်များကို တိုက်ရိုက်ဦးတည်သည့်အခါ အရပ်သားများအပေါ် အစာရေစာငတ်ပြတ်မှု၏ မတော်တဆ သက်ရောက်မှု တစ်စုံတစ်ရာ ဖြစ်ပွားနိုင်ပြီး ယင်းကို IHL အား ချိုးဖောက်ခြင်းဟု မှတ်ယူ၍မရပါ။ အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီနှင့်စပ်လျဉ်း၍ ICRC ၏ ရှင်းလင်းချက်က "ကယ်ဆယ်ရေးလုပ်ဆောင်မှုများ သို့မဟုတ် ကယ်ဆယ်ရေးပစ္စည်းပေးပို့ခြင်းများကို ငြင်းဆန်နိုင်ခြေသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မဟုတ်သောကြောင့် ယင်းသို့သောငြင်းဆန်မှုများသည် ထူးခြားသောကိစ္စရပ်အဖြစ် ဆက်လက်ရှိနေရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြထားပါသည်။[31]

အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေနှင့်စပ်လျဉ်း၍ ICRC လေ့လာချက်အရ ဓလေ့ထုံးတမ်းစည်းမျဉ်း ၅၃သည် နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခများ နှစ်ခုလုံးအတွက် အကျုံးဝင်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေတွင် စစ်ရေးနည်းလမ်းအဖြစ် အရပ်သားလူထုအား အစာရေစာငတ်ပြတ်စေခြင်း အသုံးပြုမှုကို တားမြစ်ထားကြောင်း ဖော်ပြထားပါသည်။[32] ထို့ကြောင့် တိုက်ပွဲဝင်စစ်သည်များအား အစာရေစာငတ်ပြတ်စေခြင်း နည်းဗျူဟာများသည် ဤပြဋ္ဌာန်းချက်တွင် အကျုံးမဝင်သောကြောင့် မည်သည့် ပဋိပက္ခပုံစံမျိုးတွင်မဆို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအရ တားမြစ်ထားခြင်း မရှိပါ။

အစာရေစာငတ်ပြတ်စေခြင်း နည်းဗျူဟာများအသုံးပြုခြင်းအတွက် တစ်ဦးချင်းတာဝန်ရှိမှုနှင့် ကွပ်ကဲမှုတာဝန်ရှိမှုတို့အရ ၁၉၉၈ ခုနှစ် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး(ICC)၏ စတက်ကျူ ဥပဒေ၏ မူလ အပိုဒ် ၈(၂)(ခ)(၂၅)တွင် "စစ်ရေးနည်းလမ်းအဖြစ် အရပ်သားများအား အစာ ရေစာငတ်ပြတ်စေခြင်းကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်း"သည် နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခများတွင်သာ စစ်ရာဇဝတ်မှုဖြစ်ပြီး နိုင်ငံတကာ အရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခများတွင် စစ်ရာဇဝတ်မှုမမြောက်ဟု ပြဋ္ဌာန်းထားကြောင်းကို မှတ်သားနိုင်ပါသည်။[33] ယင်းကို ၂၀၁၉ခုနှစ်တွင် ပြင်ဆင်ချက်ဖြင့် အပြောင်းအလဲပြုလုပ်ခဲ့ပြီး နိုင်ငံတကာ အရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခအတွက်လည်း အစာရေစာငတ်ပြတ်စေခြင်းကို စစ်ရာဇဝတ်မှုအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။[34] လောလောဆယ်တွင် ဤသဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးထားသော နိုင်ငံ ငါးနိုင်ငံသာ (အန်ဒိုရာ၊ ခရိုအေးရှား၊ နယ်သာလင်၊ နယူးဇီလန်နှင့် နော်ဝေး) ရှိသော်လည်း ဤအချက်သည် နိုင်ငံသားနိုင်ငံများ အငြင်းပွားစရာမရှိသော ပြင်ဆင်ချက် ဖြစ်သောကြောင့် မကြာမီ အခြားနိုင်ငံများပါ ပါဝင်လာနိုင်ခြေ ရှိပါသည်။ ဤ သီးခြားချိုးဖောက်မှုအမျိုးအစားနှင့်ပတ်သက်၍ ICC တွင် တရားစွဲဆိုမှု မရှိသေးပေ။ သို့သော်လည်း ခရိုအေးရှား ပြစ်မှုဆိုင်ရာ ဥပဒေအရ ခရိုအေးရှား ဇဒါးခရိုင်တရားရုံး၏ ဆုံးဖြတ်ချက်တစ်ခုက နောက်ဆက်တွဲ သဘောတူညီချက်(၂)၏ အပိုဒ် ၁၄ကို ရည်ညွှန်းကိုးကားထားသော အစိုးရရှေ့နေနှင့် ပယ်ရစ်စစ်နှင့် အခြားသူများ အမှု ဥပမာ ရှိပါသည်။[35]

ပညာရှင်တို့ပြန်မှုများအရ စစ်ရေးမဟာဗျူဟာရှုထောင့်မှ တင်းကျပ်သော IHL စံနှုန်းအား ဆန်းစစ်ဝေဖန်မှုများ ရှိပါသည်။ ယိုရမ်ဒင်းစတိုင်း(Yoram Dinstein) က ဝိုင်းရံခြင်းသည် တန်ဖိုးရှိသော စစ်နည်းဗျူဟာ ဖြစ်သော်လည်း ယင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရန် မဖြစ်နိုင်သောကြောင့် နောက်ဆက်တွဲသဘောတူညီချက်များ၏ တားမြစ်ချက်များကို ဝေဖန်ခဲ့ပါသည်။ (Dinstein 1991, 150-151) ရှောင်ဝပ်တ်စ်(Sean Watts)က ဒင်းစတိုင်းနှင့် လောလောဆယ် IHL သည် "ဝိုင်းရံစစ်ဆင်ရေးများကို ရှေးမှုအတိုင်း စိတ်ကူးလုပ်ဆောင်ခြင်းအဖြစ် အကြီးအကျယ် ဘောင်ခတ်ထားသည့်" အတိုင်းအတာအထိ သဘောတူညီပါသည်။ (Watts 2014, 20) သို့သော် ဝပ်တ်စ်သည် ဒင်းစတိုင်းလောက် IHL မူဘောင်အား ဝေဖန်ခြင်းမရှိသည့်အပြင် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုတို့ ဟန်ချက်ညီမှုအတွက် ခွင့်ပြုပေးသည့်မူဘောင် (အထူးသဖြင့် နောက်ဆက်တွဲ သဘောတူညီချက်(၁)အရ) ပိုမိုလူသားဆန်စေရန် ဝိုင်းရံထားစဉ်အတွင်း အရပ်သားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းကို တိုက်တွန်းအားပေးမှုတစ်ရပ် ပေါ်ထွက်လာပုံရကြောင်း ၎င်းက မှတ်ချက်ပြုပါသည်။ ၂၀၁၉ခုနှစ် ချက်သမ်ဟောက်စ်(Chatham House) အသေးစိတ်ရှင်းလင်းပွဲတွင် အီမန်နျူအဲလချီအာရ ဂီးလ်လာ့ဒ်(Emanuela– Chiara Gillard) က IHL ကို လိုက်နာလျှင် ဝိုင်းရံခြင်း၏ စစ်ရေးဆိုင်ရာရည်မှန်းချက်များ အောင်မြင်မှုကို အချိန်ဆွဲရွှေ့ဆိုင်းထားနိုင်ကြောင်း မှတ်ချက်ပေးသည့်အပြင် ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များသည် အရပ်သားများအပြင် ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် သဘောတူညီချက်များ ချုပ်ဆိုရန် ကြိုးပမ်းသင့်သည်ဟု ၎င်းက ကောက်ချက်ချပါသည်။ (Grillard 2019) ဂီးလ်လာ့ဒ်က နောက်ဆက်တွဲ သဘောတူညီချက်(၁)၏ အပိုဒ် ၅၄တွင်ပါဝင်သော စံနှုန်းကို အနက်အဓိပ္ပာယ်ကောက်ယူခြင်းက အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်ပြတ်စေခြင်းကိုသာ တားမြစ်ထားခြင်းဖြစ်ပြီး အချိုးအစားညီမျှခြင်းအခြေခံမှုနှင့် အကျုံးဝင်သက်ဆိုင်သော အခြေအနေများတွင် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းသည် ဝိုင်းရံခြင်း၏ ရည်ရွယ်ချက် မဟုတ်သော်လည်း ကြိုတင်ခန့်မှန်းနိုင်ပြီး မတော်တဆဖြစ်ပေါ်ခြင်းဟု အကြံပြုထားပါသည်။ ဂလိုရီယာ ဂက်ဂီအိုလီ(Gloria Gaggioli) ၏ ပညာရှင်ဘလော့ဂ်ပို့စ်တစ်ခုတွင်လည်း ဝိုင်းရံမှုများအားလုံးကို လုံးဝ တားမြစ်ခြင်းထက် မတော်တဆ အစာရေစာငတ်ပြတ်စေမှုများကို ဖြစ်စေသော ဝိုင်းရံမှုများအား ကန့်သတ်မှုအတွက် IHL ၏ အချိုးအစားညီမျှခြင်း အခြေခံမှုကို ကျင့်သုံးရမည်လားဟု မေးခွန်းထုတ်ထားပါသည်။ (Gaggioli 2019) အမေရိကန် နိုင်ငံခြားရေးဌာနတွင် စစ်ရာဇဝတ်မှုကိစ္စရပ်များအတွက် ယခင် ဒုတိယ အမေရိကန်သံအမတ်ကြီးဖြစ်သူ ဘက်သ်ဗန်ရှာ့ခ်(Beth Van Schaack) က ကွပ်ကဲသူတပ်မှူးတစ်ဦးအတွက် အောင်မြင်ပြီး ဥပဒေနှင့်ညီသည့် ဝိုင်းရံခြင်းကို ဆောင်ရွက်ရန် အခက်အခဲကို ထောက်ခံပြောဆိုသော်လည်း အရပ်သားများအား ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်ပြတ်စေသည့် ပြုမှုလုပ်ဆောင်မှုနည်းလမ်းကို စစ်ရာဇဝတ်မှုအဖြစ် ထောက်ခံထားပါသည်။ (Van Schaack 2016) ထို့ကြောင့် လက်တွေ့တွင် ဝိုင်းရံခြင်းသည် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းအပေါ် IHL တားမြစ်ချက်ကို ချိုးဖောက်မှုမရှိသည်ထက် မကြာခဏ ချိုးဖောက်နိုင်သောကြောင့် ဝိုင်းရံစစ်ပွဲကို အလုံးစုံ တားမြစ်ချက် ထားသင့်မသင့် သို့မဟုတ် အဝိုင်းခံထားရသောနေရာများသို့ လူသားချင်းစာနာထောက်ထား

မှုဆိုင်ရာအကူအညီပေးခြင်းဖြင့် ဝိုင်းရံမှုများကို တရားဝင် ဆောင်ရွက်နိုင်ခြင်းရှိမရှိ ကဲ့သို့ ဖော်ထုတ်တင်ပြချက်များ အပေါ် ပညာရပ်ဆိုင်ရာအခြေအတင်ဆွေးနွေးမှုအချို့ရှိနေပုံပေါ်ပါသည်။

လက်ရှိ IHL စံနှုန်းသည် ဝိုင်းရံခြင်းနှင့် အစာရေစာငတ်ပြတ်ခြင်းကို ချဉ်းကပ်ရန်နည်းလမ်း၏ တစ်ခုတည်းသော အစီအမံဖြစ်ရန် မလိုအပ်ပါ။ ယီမင်(၂၀၁၆မှ ၂၀၁၈ထိ)နှင့် ဆူဒန်(၂၀၁၄မှ ၂၀၁၆ထိ)တို့နှင့် သက်ဆိုင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကျွမ်းကျင်သူများအဖွဲ့အတွက် ယခင် IHL ကျွမ်းကျင်သူ ရူဝမ်သီကာ ဂူနာရတ်နေ (Ruwanthika Gunaratne) က အရပ်သားများအား အစာရေစာငတ်ပြတ်မှု ဖြစ်စေရာတွင် ပါဝင်သော လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ သီးခြား သတ်မှတ်ချက် စံနှုန်းများ ရှိသင့်သော်လည်း IHL သတ်မှတ်အဆင့်သို့မရောက်ဟု ဆိုပါသည်။ ထို့အပြင် "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးပို့ခြင်းနှင့် ဖြန့်ဝေခြင်း" အား နှောက်ယှက်ဟန့်တားမှုများကို စစ်ရေးနည်းလမ်းတစ်ခုအဖြစ် ရည်ရွယ်ချက်ရှိရှိ အစာရေစာငတ်ပြတ်စေမှုကို IHL စံနှုန်းနှင့် မသက်ဆိုင်သည့်လွတ်လပ်သော သီးသန့်စံနှုန်းအဖြစ် ရှုမြင်သော ဖြစ်ရပ်နမူနာများ ကုလသမဂ္ဂ၏ အရေးယူမှုစနစ်တွင် ရှိသည်ဟု မှတ်ချက်ပြုပါသည်။ (Gunaratne 2018, 2019) နောက်ဆက်တွဲ သဘောတူညီချက်(၂)၏ အပိုဒ် ၁၄ အပေါ် ရှင်းလင်းချက်တွင် ဖော်ပြထားသည့်အတိုင်း ICRC ကျွမ်းကျင်သူများ၏ ရပ်တည်ချက်အရ တရားဝင်မှုသည် အစာရေစာငတ်ပြတ်မှုအခြေအနေအား တုံ့ပြန်လုပ်ဆောင်သည့် တစ်ခုတည်းသော အစီအမံ မဟုတ်ကြောင်း ဂရုပြုမိပါသည် -

> သတိပြုသင့်ပါသည်။ အစာရေစာငတ်ပြတ်စေခြင်းကို တရားဝင် ဥပဒေအရ တားမြစ်ချက်အား မလိုက်နာခဲ့သည့်တိုင် ယင်း မည်သို့ပေါ်ပေါက်လာပုံ (သဘာဝဘေးအန္တရာယ် သို့မဟုတ် လူ့ပယောဂကြောင့်)နှင့် မသက်ဆိုင်ဘဲ ယနေ့ခေတ်တွင် ယင်းသည် လက်ခံနိုင်သော ဖြစ်စဉ် မဟုတ်တော့ချေ။ အများပြည်သူ၏ အယူအဆနှင့် အများပြည်သူ၏ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သည့် အသိစိတ်တို့က အစိုးရများအား ၎င်းတို့၏တာဝန်ယူမှုများကိုရင်ဆိုင်ရန် တိုးပြီး ဖိအားပေးခဲ့ကြသည့်အပြင် နိုင်ငံတကာအသိုင်းအဝိုင်းအား ကမ္ဘာတစ်ဝှမ်းပြဿနာအတိုင်းအတာအရကြည့်လျှင် လုံလောက်မှုမရှိသော်လည်း ကယ်ဆယ်ရေးလုပ်ဆောင်မှုများကိုစီစဉ်လုပ်ဆောင်ရန် လှုံ့ဆော်ခဲ့ကြပါသည်။[36]

အထက်ပါအချက်များက စစ်ရေးနည်းလမ်းအဖြစ် ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် အခြားအကြောင်းများကြောင့် ဖြစ်စေသော အစာရေစာငတ်ပြတ်မှုဖြစ်ရပ်အား တုံ့ပြန်ရာတွင် အသိစိတ်၏အခန်းကဏ္ဍကို အသားပေး ဖော်ပြထားပါသည်။ ICRC ကျွမ်းကျင်သူများ၏ ရပ်တည်ချက်ကလည်း မာတန်စာပိုဒ်ငယ်(Martens Clause) ၏ ဖော်ပြချက်ကို ပြန်လည်ထောက်ပြသည်မှာ ဥပဒေတွင် ဟာကွက်များ ရှိနေသော်လည်း အများပြည်သူ၏ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သည့်အသိစိတ်ဖြင့် ပြည်သူများကို လူသားချင်းစာနာထောက်ထားမှုအခြေခံမှုဖြင့် အကာအကွယ်ပေးရပါမည်။[37] ဤ လုပ်ဆောင်မှုဟာကွက်နှင့် ဆင်းရဲဒုက္ခများကိုတုံ့ပြန်ရန် တို့အတွက် ကိုးကွယ်ရာဘာသာ အထူးသဖြင့် ဗုဒ္ဓဘာသာသည် အရေးပါသော အထောက်အကူပေးမှုကို ပြုလုပ်နိုင်ပါသည်။

**ဝိုင်းရံခြင်းနှင့် အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းတို့ ပါဝင်သောဗုဒ္ဓဘာသာ ဇာတကပုံဝတ္ထုများ**

ဗုဒ္ဓဘာသာအစဉ်အလာနှင့် အတွေးအခေါ်ဒဿနတို့က ခက်ခဲသောအခြေအနေများတွင် ဘဝ၏ ရှုပ်ထွေးမှုနှင့် ပြည်သူတို့၏ လုပ်ဆောင်မှုများကို လက်ခံအသိအမှတ်ပြုပါသည်။ တစ်စုံတစ်ဦး၏ လုပ်ဆောင်မှုများအတွက် အကျိုးဆက်တို့ရှိသောကြောင့် တစ်စုံတစ်ဦးအနေဖြင့် ဆုံးဖြတ်ချက်များပြုလုပ်ခြင်းနှင့် အရေးယူလုပ်ဆောင်ခြင်းတို့တွင် "ကျွမ်းကျင်လိမ္မာပါးနပ်မှု"ကို ပြသရပါမည်။ ဤနေရာတွင် ကုသလ(ကုသိုလ်)နှင့် အကုသလ(အကုသိုလ်) ဗုဒ္ဓဘာသာ အယူအဆများ အရေးပါလာပါသည်။[38] ဗုဒ္ဓဘာသာ၏ အနှစ်သာရသည် ဓမ္မပဒ ဂါထာအမှတ် ၁၈၃ တွင် ဖော်ပြထားသည့်အတိုင်း ဤသို့ စင်စစ် ဖြစ်ပါသည် - မကောင်းမှုကိုမလုပ်ရန်၊ "ကောင်းမှုကုသိုလ်" (ကုသလဿ

ဥပသမ္ပဒါ)ကို ပြုစုပျိုးထောင်ရန်၊ မိမိ၏စိတ်ကိုသန့်ရှင်းစင်ကြယ်စေရန်၊ ဤသည်မှာ ဗုဒ္ဓတို့၏ အဆုံးအမတရား ဖြစ်ပါသည်။[39]

ဗုဒ္ဓဘာသာအရ အကုသိုလ်ဖြစ်သော အလုပ်များသည် အကုသိုလ်မူလစေတသိက်သုံးခုဖြစ်သော လောဘ၊ ဒေါသနှင့် မောဟကို အခြေပြုပါသည်။ ကုသိုလ်အလုပ်များသည် ဤစေတသိက်သုံးခုနှင့် ဆန့်ကျင်ဘက်ဖြစ်သော တရားတို့အပေါ်တွင် အခြေခံပါသည်။ ဝိုင်းရံစစ်ဖြင့် တိုက်ခိုက်ရန် သို့မဟုတ် မတိုက်ခိုက်ရန် ဆုံးဖြတ်ရာတွင် အကုသိုလ်ကံကို ရှောင်ကြဉ်ပြီး ကုသလ သို့မဟုတ် ကုသိုလ်စိတ်ဖြင့် ဆုံးဖြတ်ချက်ချခြင်းကို ဆွေးနွေးရန် အသုံးဝင်နိုင်ပါသည်။

ဗုဒ္ဓဘာသာ ဇာတကပုံဝတ္ထုများသည် အတိတ်ဘဝများနှင့် ကံ(လုပ်ဆောင်မှု)၏အကျိုးတို့ကို ဖော်ပြပြီး ကုသိုလ်နှင့် အကုသိုလ်ကံတို့၏ အကျိုးဝိပါက်များကို အထင်အရှားရှင်းပြသောကြောင့် ကျင့်ဝတ်နီတိဆိုင်ရာ ကိစ္စရပ်များကို ဆင်ခြင်သုံးသပ်ရန် လွန်စွာ သင့်တော်ပါသည်။ ဇာတကပုံဝတ္ထုများသည် လက်တွေ့အခြေအနေများ၌ ကျင့်သုံးခြင်းမှတဆင့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလကို သတ်မှတ်ပြီး ဖွံ့ဖြိုးတိုးတက်စေပါသည်။ ဤအခြေအနေများကို ဗုဒ္ဓ၏အတိတ်ဘဝများမှ ဖြစ်ရပ်များအဖြစ် ဖော်ပြပြီး တစ်ခါတစ်ရံ သမိုင်းတွင် ထင်ရှားရှိခဲ့သော အခြားသူများ၏ အတိတ်ဘဝများ ပါဝင်ပါသည်။ ဤပုံဝတ္ထုများသည် ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားအား ကျင့်သုံးမှုကို သင်ကြားပေးရာ၌ “ဖြစ်စဉ်လေ့လာမှုနည်းလမ်း” (case study approach) တစ်ခု ရှိသည်ဟု ဆိုနိုင်ပါသည်။ အတိတ်တွင် ဇာတ်အိမ်တည်ပြီး ထိုဇာတ်လမ်းအများစုသည် ပိုမိုကျယ်ပြန့်သော အခြေအနေများရှိ လူနှင့်တိရစ္ဆာန်တို့ကို ရည်ညွှန်းကိုးကားထားသောကြောင့် ထိုဇာတ်လမ်းများက သီးခြားအခြေအနေဖြစ်သော ဗုဒ္ဓဘာသာ ရဟန်းတော်များ ကျင့်သုံးရသည့် ဝိနည်းထက် ကျော်လွန်သည့် ဗုဒ္ဓဘာသာ ဘဝအမြင်ကို ကျွန်ုပ်တို့အား မကြာခဏ ပြသပေးပါသည်။ ထို့အပြင် ပီတာဟာဗေး(Peter Harvey) မှတ်ချက်ပြုခဲ့သည့်အတိုင်း “ဘဝသံသရာအယူအဆက အခြားသက်ရှိသတ္တဝါများအပေါ် စာနာမှုနှင့် အလေးဂရုပြုမှုကို ထောက်ကူပေးသော ဘဝနှင့်ပတ်သက်သည့်ရှုထောင့်ကိုလည်း ပေးပါသည်။ သံသရာတွင် သက်ရှိသတ္တဝါအားလုံးတို့သည် ဘဝသံသရာတစ်ခုတည်း၏ အစိတ်အပိုင်းများ ဖြစ်ကြပါသည်။” (Harvey 2000, 29)

ဇာတကဇာတ်တော်ပုံဝတ္ထုများကို မတူညီသည့် အချိန်ကာလများနှင့် နေရာဌာနများအလိုက် ဇာတ်အိမ်တည်ထားပါသည်။ ပုံဝတ္ထုများတွင် “ပစ္စုပ္ပန်” သည် လက်ရှိ ဖြစ်ရပ် သို့မဟုတ် ပြဿနာအချို့ကို အတိတ်က အလားတူဖြစ်ရပ်အပေါ် ထင်ဟပ်ခြင်းဖြင့် ဗုဒ္ဓက တုံ့ပြန်သော ရဟန်းတို့နေထိုင်ရာကျောင်း(များသောအားဖြင့် ဇေတဝန်နှင့် သာဝတ္ထိပြည်) ဖြစ်ပါသည်။ “အတိတ်” သို့မဟုတ် ဘဝဟောင်းပုံဝတ္ထုများသည် အတိတ်ကာလ ဘုရင်၊ မြို့၊ နိုင်ငံတို့ကို ရည်ညွှန်းပြီး များသောအားဖြင့် ဗာရာဏသီ သို့မဟုတ် ကာသိတိုင်းဘုရင် ဗြဟ္မဒတ္တကို ရည်ညွှန်းပါသည်။ (Roy 1996) ယင်းကို ရဟန်းတို့၏ကျောင်းများနှင့် လောကီနေရာများ နှစ်ခုလုံးပါဝင်သော ဤပုံဝတ္ထုများ၏ ဇာတ်အိမ်တည်ဆောက်ပုံနှင့် အချိန်ကာလအားဖြင့်ဝေးကွာမှုသည် မည်သည့်ခေတ်ကာလတွင်မဆို လူဝတ်ကြောင်များအတွက် မည်သည့် သင့်တော်သော လောကီ နိုင်ငံရေးဆိုင်ရာ၊ သမိုင်းကြောင်းဆိုင်ရာ သို့မဟုတ် ဥပဒေကြောင်းဆိုင်ရာအခြေအနေမဆို ဤပုံဝတ္ထုများတွင် ဇာတ်ကြောင်းပြန်ဟောကြားသည့် ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံမှုများကို ကျင့်သုံးခွင့်ရစေသည့်အချက်ကို ဆွေးနွေးနိုင်ပါသည်။

ဤနေရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာ အစဉ်အလာတွင် ရဟန်းဝိနည်းစည်းမျဉ်းများ ဖြစ်ပေါ်လာပုံနှင့်ပတ်သက်ပြီး အော်စကာဖွန်ဟီနူဘာ(Oskar Von Hinuber) ၏ လေ့လာချက်များကို ဂရုပြုရန် သက်ဆိုင်ပါသည် -

> … ဝိနယသိက္ခာပုဒ်များသည် ကိုယ်တွေ့အတွေ့အကြုံမှ ဆင်းသက်လာပြီး အနာဂတ်ကာလတွင် အချို့သော အပြုအမူပုံစံများအား ရှောင်ကြဉ်ရန် လက်တွေ့လိုအပ်ချက်ပေါ်အခြေခံပါသည်။ ဆိုလိုသည်မှာ တချိန်တည်းတွင် ဝိနည်းသိက္ခာပုဒ်တစ်ခုကို ပညတ်ခြင်းသည် အမြဲတစေ တစ်စုံတစ်ယောက်သောသူ၏ မှားယွင်းသော အပြုအမူကြောင့် ဖြစ်ပါသည်။ (Von Hinuber 1995, 22)

ဤလက်တွေ့ကျသောရှုထောင့်သည် မှားယွင်းသောအပြုအမူကို အနာဂတ်ကာလတွင် ထပ်တလဲလဲမဖြစ်စေရန် ကာကွယ်တားဆီးသည့်အမြင်ဖြင့် တုံ့ပြန်ရာ၌ ဖန်တီးထားသော IHL နှင့် အလားသဏ္ဌာန်တူညီပါသည်။ ဝိနည်းစည်းကမ်းများ၊ ကိုယ်ကျင့်သီလများနှင့်အပြုအမူများကို ဗုဒ္ဓဘာသာဝင်ရဟန်းတော်များနှင့် လူဝတ်ကြောင်များအား သင်ကြားပေးရာ၌ အသုံးပြုသော ဗုဒ္ဓဝင်ဇာတ်တော်များ၏ အရေးပါမှုသည် ဝိနည်းစည်းမျဉ်းများ၊ ကိုယ်ကျင့်သီလ

များနှင့် မျှော်လင့်ထားသောအပြုအမူများကို လိုက်နာမှုမရှိသော အခြေအနေများနှင့် ပေါ်ထွက်လာသော ရလဒ်အကျိုးဆက်များကို ဖော်ပြမှု မကြာခဏရှိခြင်း ဖြစ်ပါသည်။ ဤအကျိုးဆက်များသည် သံဃာ့ဥပဒေ၊ (လောကီဆိုင်ရာ) "နိုင်ငံတွင်း အခြေခိုင်နေပြီးဖြစ်သည့် ဥပဒေ" ကျင့်သုံးမှု သို့မဟုတ် "ကံနှင့်ဆိုင်သောနိယာမ" ၏ လုပ်ဆောင်မှုတို့အောက်ရှိ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ဖြစ်ပွားပေါ်ပေါက်ပါသည်။

ဇာတ်တော်ပုံဝတ္ထုများသည် သံဃာ့လုပ်ထုံးလုပ်နည်းအရ သို့မဟုတ် "နိုင်ငံတွင်း အခြေခိုင်နေပြီးဖြစ်သည့် ဥပဒေ"အရ ပြစ်ဒဏ်ပေးမှုဖြစ်နိုင်ခြေထက် ကံအကျိုးဆက်များကို မကြာခဏ အလေးထားဖော်ပြလေ့ရှိပါသည်။ သို့သော် ပုံဝတ္ထုများတွင် သရုပ်ဖော်သည့်အခါ ကိုယ်ကျင့်သီလစံနှုန်းများကို အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုပြုလုပ်သည့် "နိုင်ငံတွင်း အခြေခိုင်နေပြီးဖြစ်သည့်ဥပဒေ"၏ ဖြစ်နိုင်ခြေကို ချန်လှပ်ထားခြင်းမရှိပါ။ လက်ရှိပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေခြင်း၊ လက်ရှိတည်ဆဲမူဘောင်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ဖြစ်ရပ်များနှင့်အပြုအမူအသစ်များအား တုံ့ပြန်ခြင်းတို့သည် IHL က စစ်ပွဲတွင်အသုံးပြုသော လက်နက်များနှင့်စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်း အသစ်များအား တုံ့ပြန်လုပ်ဆောင်ရန်ကြိုးပမ်းသည့်နေရာတွင် လုပ်ငန်းစဉ်အားဖြင့် ဗုဒ္ဓဘာသာနှင့် IHL တို့အကြား ဆက်သွယ်မှုကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသည်ဟု ဆိုလိုပါသည်။ ဤနေရာတွင် လက်ရှိတည်ဆဲဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာကမ္မနိယာမတို့အကြားတွင် ၎င်းတို့၏တူညီသောလုပ်ငန်းစဉ်များနှင့်အတူ ဗုဒ္ဓဘာသာနှင့် IHL တို့သည် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုတို့တွင် ပေါင်းဆုံမှုများကို အားကောင်းစေရန် အတူတကွပူးပေါင်းလာနိုင်ပါသည်။ ယခု သာဓကများအဖြစ် သီးသန့် ဇာတ်တော်များဘက် လှည့်ပါရစေ။ (အချို့ပုံဝတ္ထုများတွင် ဘုရားအလောင်းတော်သည် ပြုမူလုပ်ဆောင်မှုကိုလေ့လာသော အဓိကမဟုတ်သည့် သာမန်ဇာတ်ကောင် သို့မဟုတ် ပုံဝတ္ထုထဲတွင် အမူအကျင့်ပြောင်းလဲလာသည့် ဆိုးသောဇာတ်ကောင် ဖြစ်သော်လည်း) ဇာတကဇာတ်တော်တွင် ဘုရားအလောင်းတော်သည် များသောအားဖြင့် ဘုရားဖြစ်ရန်အတွက် ပါရမီဖြည့်ကျင့်ရာလမ်းတွင် ၎င်းအတွက်ပြီးပြည့်စုံရမည့် အထူးသဖြင့် သူတော်ကောင်းတရားကို ပြသရာ၌ သူရဲကောင်း သို့မဟုတ် အဓိကဇာတ်ဆောင် ဖြစ်ပါသည်။

**ဥမ္မဂ္ဂဇာတ်တော် (အမှတ် ၅၄၆)**

ဥမ္မဂ္ဂဇာတ်တော်(မဟောသဓာဇာတ်တော်ဟုလည်း သိကြသည်)တွင် ဝိုင်းရံမှုအား အသေးစိတ်ကျကျ ဖော်ပြမှုသည် လူသိများသည့်ပုံဝတ္ထုဖြစ်ပြီး သူရဲကောင်း၏ ဉာဏ်ပညာအသုံးပြုဆုံးဖြတ်နိုင်စွမ်းကို နမူနာပေးထားပါသည်။ ဤဇာတ်တော်တွင် ပဥ္စာလတိုင်းဘုရင် ဆူလနီဗြဟ္မဒတ္တနှင့် မဟာမိတ်မင်းသား (၁၀၁)ပါးတို့က မိထိလာပြည်အား ဝိုင်းရံပုံကိုဖော်ပြထားပါသည်။ ဤဇာတ်တော်၏ အဓိကသူရဲကောင်းမှာ မိထိလာပြည့်ရှင် ဝိဒေဟမင်းကြီး၏ အကြံပေးအမတ်ချုပ် ဘုရားအလောင်းတော် မဟောသဓာ ဖြစ်ပါသည်။ ဤဇာတ်တော်၌ အလွန်အင်အားကြီးမားသော စစ်တပ်က မိထိလာကို "အရပ်မျက်နှာအားလုံးတွင် ကြယ်များဝန်းရံနေသကဲ့သို့" ဘက်အားလုံးတွင် ဝိုင်းရံထားခြင်း အဖြစ် ဖော်ပြပါသည်။[40]

ဤသို့ဆိုးဝါးလှသောအခြေအနေတွင် မဟောသဓာသည် မြို့သူမြို့သားများအား "အကြီးအကျယ် သောက်စား၊ သီဆို၊ ကခုန်၊ မြူးတူးပျော်ပါးစေပြီး အော်ဟစ်၊ သြဘာပေး၊ လက်ဖျောက်တီးကြရန် ပြောဆိုခြင်းဖြင့် တုံ့ပြန်လုပ်ဆောင်ခဲ့ပါသည်။[41] ထိုအခါ ဝိုင်းရံထားသောစစ်တပ်များသည် မြို့တွင်းသို့မဝင်နိုင်ဘဲ မြို့တော်အတွင်း၌ အစားရေစာဖူလုံသည်ထက် ပိုမိုနေသောကြောင့် အထင်အရှားပျော်ရွှင်မြူးတူးမှုဟု အထင်ရောက်စေပါသည်။ မဟောသဓာသည် ဝိုင်းရံမှုအတွက် ပြင်ဆင်ရာတွင် ဆန်ရေစပါးနှင့် ထင်းတို့ကို သိုလှောင်ရန် ဆင်ခြင်တုံတရားနှင့် ကျွမ်းကျင်သောလှည့်စားမှုများကို အသုံးပြုပြီး သူလျှိုများအပြင် သတင်းမှားများဖြင့် ၎င်း၏မြို့တော်ကို ဝိုင်းရံထားသူများက မြို့တွင်း၌ သိုလှောင်ထားသော စားနပ်ရိက္ခာနှင့်ထင်းများ အလျှံပယ်များပြားလွန်းသောကြောင့် လူထုအား အစားရေစာတင်ပြတ်စေခြင်းဖြင့် ၎င်းတို့ အလွယ်တကူ အောင်မြင်မှုမရနိုင်ကြောင်းကို ယုံကြည်လာစေပြီး ဤနည်းအားဖြင့် ၎င်းတို့၏အစီအစဉ်ကို စွန့်လွှတ်ရန် ၎င်းတို့ကို လှုံ့ဆော်ခြင်း ဖြစ်ပါသည်။ မဟောသဓာက မြို့တော်အတွင်း အလွန်နက်သော ရေကန်များနှင့် ရေတွင်းများ ရှိသည်ဆိုသည့် သတင်းမှားများကို အသုံးပြုသောအခါ မြို့တော်သို့ ရေပေးဝေမှုကို ဖြတ်တောက်ရန် အစီအစဉ်သည်ပင်လျှင် အားနည်းသွားခဲ့ပါသည်။

နောက်ဆုံးတွင် စူဠနီဗြဟ္မဒတ္တမင်း၏ အကြံပေး ကေဝဋ္ဋဗြဟ္မဏက မိထိလာကို အနိုင်ရရန် စစ်တပ်များဖြင့် စစ်ပွဲဆင်နွှဲမည့်အစား အကြံပေး သို့မဟုတ် ပညာရှိ နှစ်ဦးဖြစ်သော မဟောသဓာနှင့် ကေဝဋ္ဋဗြဟ္မဏတို့ ဓမ္မယုဒ္ဓ (“ဓမ္မစစ်ပွဲ”၊ “တရားမျှတမှုစစ်ပွဲ”) ဆင်နွှဲရန် အကြံပြုပါသည်။ မျှော်လင့်ထားသည့်အတိုင်းပင် ဘုရားအလောင်း ဆိုလိုသည်မှာ မဟောသဓာက ဗြဟ္မဏကို အနိုင်ရခဲ့ပြီး တိုင်းပြည်ကို စစ်ပွဲအစား ဉာဏ်ပညာနှလုံးရည်ဖြင့် ကာကွယ်ခဲ့ပါသည်။ အေတီ အရိယာရတ်နေ(A.T. Ariyaratne) ထောက်ပြသကဲ့သို့ ဥမ္မင်္ဂဇာတ်တော်သည် မဟောသဓာပညာရှိက စူဠနီမင်းအား ဝိဒေဟမင်းကိုယ်စား စစ်ပွဲဆင်နွှဲခဲ့ပြီး သွေးထွက်သံယိုမရှိဘဲ စစ်ပွဲ အောင်နိုင် ခဲ့ပုံကို ဖော်ပြထားပါသည်။ (Ariyaratne 2003, 11) ဤနည်းလမ်းကို အမှန်တကယ် အကြမ်းဖက်သော စစ်ပွဲ မဆင်နွှဲဘဲ တရားဓမ္မဖြင့် အောင်နိုင်ခြင်းဟုလည်း ယေဘုယျ ရည်ညွှန်းခဲ့ကြပါသည်။

ကာလကြာရှည်ဝိုင်းရံထားခြင်းကြောင့် ဖြစ်ပေါ်စေသည့် အခက်အခဲအပေါ် အကြောက်တရားသည် ဤဇာတ်တော် ဤအစိတ်အပိုင်းအတွက် ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာဖြစ်သော်လည်း ဝိုင်းရံစစ်ကိုယ်တိုင်အား အထူးတလည် ဝေဖန်ခြင်း မရှိပါ။ ဤဝိုင်းရံမှုကို ရှောင်ရှားခြင်းတွင် မဟောသဓာ၏ ကျွမ်းကျင်လိမ္မာမှုကို အသားပေးထားပါသည်။ ဥမ္မင်္ဂဇာတ်တော်တွင် ဝိုင်းရံစစ်ကို အဘယ်ကြောင့် မဝေဖန်ပါသနည်း။ ဇာတ်တော်ကို ဖတ်ရှုသူ သို့မဟုတ် နားထောင်သူသည် ဇာတ်တော်တွင်ပါဝင်သော မြို့တော်နှင့် အဝိုင်းခံလူထုကို ကာကွယ်သူ၏ ရှုထောင့်အမြင်မှ ဇာတ်လမ်းအတွင်း ချင်းနင်းဝင်ရောက်လာခြင်းနှင့်စတင်ပြီး ဝိုင်းရံထားသည့်အခြေအနေတွင် တိုက်ခိုက်သူ၏ ရှုထောင့်အမြင်မဟုတ်ပေ။ အကယ်၍ ဇာတ်လမ်းသည် ဒေသတစ်ခုနှင့် ထိုဒေသ၏ လူထုကို အကာအကွယ်ပေးခြင်းအမြင်ဘက်မှဆိုလျှင် ဝိုင်းရံခြင်းနှင့်အစာရေစာငတ်ပြတ်စေခြင်းနည်းလမ်းများကို အသုံးပြုခြင်း၏ တရားဝင်မှု သို့မဟုတ် ကျင့်ဝတ်နှင့်ညီမှု အပေါ် မှတ်ချက်ပေးရန် လိုအပ်လာမည် မဟုတ်ချေ။

ဝိုင်းရံခြင်းနှင့် အစာရေစာငတ်ပြတ်စေခြင်းနည်းဗျူဟာများကို သမိုင်းကြောင်းအရ ရှေးခေတ် အိန္ဒိယတွင် အသုံးပြုခဲ့ပြီး စစ်ပွဲနှင့်ပတ်သက်သော ဟိန္ဒူဘာသာရေးကျင့်ဝတ်များက တားမြစ်ခဲ့ခြင်း မရှိပေ။ ကောင်ရှစ်ခ်ရွိုင်း (Kaushik Roy) က “ဝေဒနှင့် အိန္ဒိယကဗျာလင်္ကာရှည်များတွင် ဝိုင်းရံစစ်၏ စစ်ရေးဆိုင်ရာကျင့်ဝတ်များအား ဆွေးနွေးမှု တစ်စုံတစ်ရာ မရှိခဲ့ပါ” ဟု ထောက်ပြထားပါသည်။ (Roy 2012, 38) ရွိုင်းက စစ်ပွဲအတွင်း ထိန်းထိန်း သိမ်းသိမ်းလုပ်ဆောင်မှုသည် ခိုင်မာနေပြီဖြစ်သော အသေးစိတ်ဖော်ပြထားသည့် ဥပဒေသများနှင့် စည်းမျဉ်းများ ကြောင့် ဝိုင်းရံစစ်၏ သေဆုံးမှုကို ကန့်သတ်ရန်အတွက် လုံလောက်သော စိတ်အားထက်သန်မှုရှိသည့်နေရာ၌သာ ဖွံ့ဖြိုးလာပြီး ၎င်း ဖော်ပြသကဲ့သို့ ဟိန္ဒူဘာသာ၏ သက္ကတယဉ်ကျေးမှုကို ဖြန့်ချိသူ “အာရိယန်တို့”သည် မူလက ကျေးလက်နေသူများဖြစ်ကြပြီး မြို့ပြဖြစ်လာသော ရန်သူလူထုများအား စစ်ပွဲတွင် ယင်းသို့သော ကန့်သတ်ချက် များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိတ်အားထက်သန်မှု သိပ်မရှိကြကြောင်း ရည်ညွှန်းခြင်းဖြင့် ဤသုံးသပ်ချက် ကို ရှင်းပြထားပါသည်။ ကျွန်ုပ်တို့လက်ခံနိုင်လောက်သော စစ်မဟာဗျူဟာများအား အခိုင်အမာညွှန်ပြမှုပေးသည့် ကောက်တီလျ (Kautilya) ၏ အုပ်ချုပ်မှုနှင့်သက်ဆိုင်သည့် ဘီစီသုံးရာစုကျမ်းစာဖြစ်သော အာသသျှတ္တရ (Arthaśāstra) စာအုပ်အမှတ်(၁၃) အခန်း(၄)တွင် “ခံတပ်တစ်ခုအား သိမ်းပိုက်ရန် မဟာဗျူဟာမြောက်နည်းလမ်း များ” ကို အကျယ်တဝင့်ဖော်ပြထားပါသည်။ ခံတပ်တစ်ခုအား သိမ်းပိုက်ရန် နည်းလမ်းငါးခုအဖြစ် လျှို့ဝှက်ကြံစည် ခြင်း၊ သူလျှိုများ၊ ရန်သူ့ဘက်တော်သားများအား ကိုယ့်ဘက်ပါအောင်စည်းရုံးသိမ်းသွင်းခြင်း၊ ဝိုင်းရံခြင်းနှင့် တိုက်ခိုက်ခြင်းတို့ကို ပြဆိုထားပါသည်။

ဝိုင်းရံခြင်းစစ်ဆင်ရေးများကို ရန်သူဘုရင် အင်အားချိနဲ့သည့်အခြေအနေတွင်နှင့် ထောက်ပံ့ပို့ဆောင်ရေး နိမ့်ပါးလာသောအခါတွင် စတင်သင့်ပါသည်။ ကောက်တီလျက အထူးသဖြင့် “(ရန်သူအား) လျှော့နည်းစေခြင်းက ဝိုင်းရံခြင်း မတိုင်မီ ဖြစ်ရမည်။ … အောင်နိုင်သူ၏ အားထုတ်မှုကို ပြည်သူက ခုခံသည့်အခါ ထို့နောက်တွင် အောင်နိုင်သူသည် ၎င်းတို့၏ သိုလှောင်ရုံများ၊ ကောက်ပဲသီးနှံများနှင့် စပါးကျီများအပြင် ရောင်းဝယ်ဖောက်ကားမှုများကို ဖျက်ဆီးနိုင် ကြောင်း” ဖော်ပြပါသည်။[42] စိုက်ပျိုးရေးထွက်ကုန်များနှင့် ကြီးထွားဆဲကောက်ပဲသီးနှံပင်များအား ဖျက်ဆီးခြင်းဖြင့် ထိုနိုင်ငံအတွင်း ထိုနိုင်ငံ၏ပြည်သူများအား အရေးကြီးသည့်အရာများမရအောင်ပိတ်ပင်သည့်ရလဒ်ပေါ်ထွက်နိုင်ပြီး စစ်ရေးနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေမှုကို ယေဘုယျအသုံးပြုမှုအတွက် ရှင်းရှင်းလင်းလင်း အထောက် အပံ့ပေးနိုင်ကြောင်း စာအုပ်(၁၃)တွင် နောက်ထပ် အကျယ်တဝင့် ရှင်းလင်းဖော်ပြထားပါသည်။

ဤနည်းလမ်းများသည် ဥမ္မင်္ဂဇာတ်တွင် စူဠနီဗြဟ္မဒတ်မင်းကို ကေဝဋ္ဋပုဏ္ဏားကပေးသော အကြံနှင့် အလားတူပါသည်။ ကေဝဋ္ဋပုဏ္ဏား၏စရိုက်လက္ခဏာမှာ ရိုးသားဖြောင့်မတ်မှုမရှိသူ၊ ပြက်ရယ်ပြုစရာ လှောင်ပြောင်

စရာလည်းဖြစ်ပြီး ဗုဒ္ဓ၏တန်ခိုးအရှိန်အဝါအား ပြိုင်ဆိုင်သူနှင့် မနာလိုသူ ဗုဒ္ဓ၏ဝမ်းကွဲညီ ဒေဝဒတ်၏ အတိတ်ဘဝ တစ်ခုအဖြစ် ဖော်ပြထားပါသည်။ ထို့အပြင် အာသသ္သဇာတ္တရတွင် ဖော်ပြထားသော ဤနည်းဗျူဟာများသည် အစာရေစာငတ်ပြတ်စေခြင်းအား အသုံးပြုခြင်းကို ထောက်ခံအားပေးသော ထိုးစစ်နည်းဗျူဟာများအားလုံးဖြစ်ပြီး ဝိုင်းထားသောစစ်တပ်များကို လမ်းကြောင်းလွှဲရန် သူလျှိုများနှင့် သတင်းမှားများ အသုံးပြုပြီး ပြည်သူကို အကာအကွယ်ပေးသော မဟော်သဓာ၏ ခံစစ်နည်းဗျူဟာများနှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဥမ္မဂ္ဂဇာတ်တော်၌ ဘုရားလောင်းကို စစ်ရေးအခြေအနေတွင် ခုခံသူတစ်ဦးအဖြစ် ထားရှိပြီး ထိုနည်းအားဖြင့် မိထိလာပြည်သူများနှင့်အတူ ဗုဒ္ဓဘာသာဝင် စာဖတ်သူများ သို့မဟုတ် နားထောင်သူများအား စာနာမှုများကို ဖြစ်ပေါ်စေလျက် ဝိုင်းရံစစ်အားအသုံးပြုခြင်းကို မသိမသာ ဝေဖန်ထားပါသည်။

အစောပိုင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအနုပညာတွင် ဝိုင်းရံစစ်ပွဲကိုလည်း ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။ ဘီစီ သုံးရာစုတွင် ဧကရာဇ် အသောကမင်းလက်ထက်က တည်ဆောက်ခဲ့သော ဆန်ချီစေတီတော်ပေါ်တွင် လွန်စွာ အနုစိတ် ဖော်ကျူးထားသော ရုပ်ကြွတစ်ခု ရှိပါသည်။ ဤရုပ်ကြွသည် ဘီစီငါးရာစုအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုဖြစ်သော မလ္လတိုင်းသားတို့က ၎င်းတို့၏မြို့တော် ကုသိနာရုကို ဝိုင်းထားသောစစ်တပ်များအား ဆန့်ကျင်ကာ ခုခံကာကွယ်ခြင်းကို ပြသပါသည်။ ဤဝိုင်းရံခြင်းသည် ဗုဒ္ဓဘာသာဝင်ဘုရင့်နိုင်ငံများက ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များအတွက် အငြင်းပွားမှုအခြေအနေတွင် ဖြစ်ပွားခဲ့ပြီး မဟာပရိနိဗ္ဗာနသုတ်တွင်ဖော်ပြသည့်အတိုင်း ဒဏ္ဍာရီအရ ဗုဒ္ဓသည် ကုသိနာရုံ(ကုသိနာဂရ)၌ မဟာပရိနိဗ္ဗာန် (နောက်ဆုံး နိဗ္ဗာန်မျက်မှောက်ပြုသည့် သေဆုံးခြင်း) စံဝင်ကာ မလ္လမင်းတို့က ဗုဒ္ဓ၏ဈာပနကို ကျင်းပခဲ့ကြပါသည်။ မျက်မှောက်ခေတ် ကုသိနဂရ နေရာဌာနသည် နှစ်ပေါင်း ၂၅၀၀ ကြာပြီးနောက်တွင် မျက်မှောက်ခေတ် ဗုဒ္ဓဘာသာ နေရာတစ်ခုအဖြစ် ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးပါသော ဘုရားဖူးနေရာတစ်ခု ဖြစ်လာပါသည်။ အခြားသော ဓာတ်တော်တောင်းခံသူ ခုနစ်ပြည်ထောင်မင်းတို့က ကုသိနဂရနှင့် စစ်ခင်းရန် အဆင်သင့်ဖြစ်နေခဲ့သောအခါ ဆန်ချီရုပ်ကြွတွင် ပုံဖော်ထားသော ဗုဒ္ဓ၏ဓာတ်တော်မွေတော်များကို ရလိုမှုဖြင့် စစ်ပွဲ ဖြစ်ပွားခဲ့သော်လည်း မှတ်တမ်းအရ ဒရောန(Droṇa) ဗြာဟ္မဏက ဗုဒ္ဓကိုယ်တော်တိုင် ပေးခဲ့ဖူးသည့် အကြံပေးမှုမျိုးကို ထင်ဟပ်ပြီး ဘုရင့်နိုင်ငံအားလုံးအကြား အကြမ်းမဖက်ဘဲ ဗုဒ္ဓ၏ဓာတ်တော်များကို အညီအမျှ ငြိမ်းချမ်းစွာ ခွဲဝေယူကြရန် အောင်မြင်စွာ အဆိုပြုခဲ့ကြောင်း မှတ်တမ်းတင်ထားပါသည်။ (Singh 2017, 260,261)

ဆန်ချီစေတီတော်တွင် ပုံဖော်ထားသော ဤဇာတ်လမ်းမှ အခိုင်အမာပြဆိုသော စစ်ပွဲတွင်းစည်းမျဉ်းများ ယုစ်အင်ဘဲလို(jus in bello)နှင့် ပတ်သက်၍ စစ်ရေးနည်းလမ်းတစ်ခုအဖြစ် ဝိုင်းရံခြင်း သို့မဟုတ် အစာရေစာငတ်ပြတ်စေခြင်းကို တိတိကျကျ တားမြစ်ချက် မရှိသည်မှာ ပဋိပက္ခ၏အစောပိုင်းအဆင့်တွင် အငြင်းပွားမှုများအား ငြိမ်းချမ်းစွာဖြေရှင်းခြင်းဟူသော ဗုဒ္ဓဘာသာအခြေခံမှုများကို အသုံးချခြင်းဖြင့် စစ်ပွဲကို ရှောင်လွှဲခြင်း ဖြစ်ပုံရသောကြောင့် ဖြစ်နိုင်ပါသည်။ ဆန်ချီတွင်သရုပ်ဖော်ထားသော ဤပုံဝတ္ထုကိုအသုံးပြုခြင်းသည် ၎င်း၏ခေတ်အတွင်း ဓာတ်တော်များကို အများသူငါကိုးကွယ်မှုအတွက် အရပ်ရပ်သို့ပျံ့နှံ့စေရန် ငြိမ်းချမ်းသော လွှဲပြောင်းပေးမှုအတွက် အသောကမင်း၏ ရပ်တည်ချက်ကို ထောက်ခံမှုအဖြစ် ယေဘုယျ တွေ့မြင်နိုင်ပေသည်။[43] ယင်းက ဓာတ်တော်များအတွက် ယခင်က စစ်ပွဲဖြစ်ခဲ့သော ဘုရင့်နိုင်ငံများနှင့် ဝိုင်းရံစစ်၏ အကျိုးဆက် ဖြစ်လာနိုင်သည့် ဆင်းရဲဒုက္ခကိုလည်း ထပ်လောင်းအမှတ်ရစေပါသည်။ ထို့ကြောင့် စစ်ပွဲတွင်းလိုက်နာရန်စည်းမျဉ်းများ (ယုစ်အင်ဘဲလို - jus in bello) အခြေအနေတွင် ဝိုင်းရံခြင်းနှင့်/သို့မဟုတ် အစာရေစာငတ်ပြတ်စေခြင်းအား တားမြစ်ချက်ကို ထောက်ခံသည့် ပိုမို တိုက်ရိုက်သက်ဆိုင်သည့် ဇာတကဇာတ်တော် သို့မဟုတ် အခြားသော ဗုဒ္ဓဘာသာ ပုံဝတ္ထုတစ်ခုခု ရှိမရှိ တွေ့မြင်နိုင်ရန် လိုအပ်ပါသည်။

**အသာတရူပဇာတ်တော် (အမှတ် ၁၀၀)**[44]

ဝိုင်းရံစစ်ပွဲဆင်နွှဲခြင်း၏ကျင့်ဝတ်များအား ပိုမိုပြောဆိုသော ဆွေးနွေးမှုကို အသာတရူပဇာတ်တော်တွင် တွေ့ရှိနိုင်ပါသည်။ ဤဇာတ်တော်သည် ဥမ္မဂ္ဂဇာတ်တော်ထက် IHL နှင့် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ဥပဒေ၏ အခြေခံမှုများနှင့်စည်းမျဉ်းများကို ဗုဒ္ဓဘာသာရှုထောင့်မှချဉ်းကပ်ပုံနည်းလမ်းအား ထည့်သွင်းစဉ်းစားခြင်းအတွက် ပိုမိုကောင်းမွန်သော ဇာစ်မြစ်ကို ပေးပါသည်။ အသာတရူပဇာတ်တော်သည် အရေးပါပြီး လွန်စွာ အလေးအမြတ်ထားသော ဗုဒ္ဓ၏ သာဝက အရှင်သီဝလိ ဖွားတော်မူခဲ့ပုံကို ရှင်းပြထားပြီး ဤသို့ရှင်းပြခြင်းဖြင့် စစ်ခေါင်းဆောင်များနှင့် ၎င်းတို့၏

အကြံပေးများ၏ ဆုံးဖြတ်ချက်များအတွက် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများနှင့် ကံအကျိုးဆက်များနှင့်ပတ်သက်သော ရှားပါးသည့် ဗုဒ္ဓဘာသာပုံဝတ္ထုတစ်ခုကို ဖြည်းဆည်းပေးပါသည်။

ဤဇာတ်လမ်းသည် ဗုဒ္ဓလက်ထက်တော်ကာလအတွင်း ကောလိယမင်း၏ သမီးဖြစ်သူ သုပ္ပဝါသ၏ မွေးဖွားအံ့ဖြစ်သော သားတော်လေးနှင့် စတင်ပါသည်။ ၎င်းသည် ခုနစ်နှစ်ကြာ ကိုယ်ဝန်ဆောင်ခဲ့ရပြီး မီးဖွားရန်အချိန် ခုနစ်ရက်ကြာကာ ထိုကာလအတွင်း ၎င်းက ၎င်း၏ခင်ပွန်းကို ဗုဒ္ဓထံသို့စေလွှတ်ခဲ့ပြီး ၎င်း၏ မချိတင်ကဲ ခံစားရသည့်ဝေဒနာအကြောင်းကို လျှောက်ထားစေကာ ဗုဒ္ဓ၏ကောင်းချီးပေးမှုကို တောင်းခံစေခဲ့ပါသည်။ ကျန်းမာသော ကလေးကို မွေးဖွားခဲ့ပြီး ထိုကလေးသည် မွေးဖွားပြီး ခုနစ်ရက်အကြာတွင် အရှင်သာရိပုတြာအား မိခင်၏ ဝမ်းကြာတိုက်အတွင်း ခုနစ်နှစ်ကြာ ၎င်းခံစားခဲ့ရသော ဆင်းရဲဒုက္ခများကို လျှောက်ထားခဲ့ပါသည်။ နောက်ပိုင်းဘဝတွင် အရှင်သီဝလိသည် သူတော်စင် ရဟန္တာတစ်ပါး ဖြစ်လာခဲ့ပြီး ဉာဏ်ပညာနှင့် ဘုန်းကံအကြီးမားဆုံးသူအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ၎င်း၏မွေးဖွားမှုအခက်အခဲ (ဝမ်းကြာတိုက်အတွင်း မွေးလမ်းကြောင်း ပိတ်နေခြင်း)[45]မှာ ၎င်း၏ သီတင်းသုံးဖော်ရဟန်းတို့၏ ဆွေးနွေးစရာကိစ္စ ဖြစ်ခဲ့ပါသည်။ ဤသို့ဆွေးနွေးကြသည်ကို အခြားရဟန်းများက ဗုဒ္ဓထံသို့ လျှောက်ထားခဲ့ရာ ဗုဒ္ဓက အရှင်သီဝလိနှင့် သုပ္ပဝါသတို့၏ အတိတ်ဘဝ ဇာတ်လမ်းကို ပြန်ပြောင်းပြောပြရန် ဆုံးဖြတ်ခဲ့ပါသည်။

ဤအတိတ်ဘဝဇာတ်လမ်းတွင် ဗုဒ္ဓသည် ကောသလမင်း၏ ကျူးကျော်မှုအတွင်း သတ်ဖြတ်ခံခဲ့ရသည့် ဗာရဏသီမြို့တော်၏ ကွယ်လွန်သွားခဲ့သော ဘုရင်ဖြစ်ပြီး သုပ္ပဝါသသည် ဗာရဏသီမင်း၏ မိဖုရားဖြစ်ကာ သီဝလိသည် သူမ၏သား တိုင်းပြည်ပြင်ပရောက် မင်းသားငယ် ဖြစ်ပါသည်။ မင်းသားငယ်သည် ၎င်း၏စစ်တပ်နှင့်အတူ ပြန်လာပြီး စခန်းချကာ ကောသလမင်းကို လက်နက်ချအညံ့ခံမည်လော သို့တည်းမဟုတ် စစ်ခင်းမည်လောဟု သဝဏ်လွှာပေးပို့ခဲ့ရာ ကောသလမင်းက စစ်တိုက်ရန်အဆင်သင့်ရှိကြောင်း အကြောင်းပြန်ခဲ့ပါသည်။ မင်းသား၏မိခင်က စစ်ခင်းမည့်အစား မြို့တော်ကို ဝိုင်းရံထားရန် အကြံပြုပါသည်။ သူမ၏ အဆိုပြုချက်မှာ မြို့တော်ကို ဝိုင်းရံထားပြီး အစားအစာ၊ ရေနှင့် ထင်း အရန်ထားရှိသည်များ ကုန်စင်ပြတ်လတ်သွားသည်အထိ စောင့်ဆိုင်းနေခြင်းဖြင့် ပြည်သူအများ အစာရေစာငတ်ပြတ်ပြီး စစ်ခင်းစရာမလိုဘဲ မြို့ကိုသိမ်းယူနိုင်မည်ဟု ဖြစ်ပါသည်။ မင်းသားသည် ၎င်း၏မယ်တော်ပေးသောအကြံကို လိုက်နာကာ ခုနစ်ရက် အဝိုင်းခံထားရခြင်း ဆင်းရဲဒုက္ခရောက်ပြီးသည့်နောက် ဗာရာဏသီပြည်သူတို့က သိမ်းပိုက်ထားသောစစ်နိုင်ကောသလမင်းကို ခေါင်းဖြတ်ကွပ်မျက်ရန်ဆုံးဖြတ်ပြီး မြို့တော်တံခါးများကို ဖွင့်ပေးခဲ့ရာ မင်းသားသည် ၎င်း၏ဘုရင့်နိုင်ငံကို ပြန်လည်ရရှိပါသည်။ မြို့တော်၏ လူအများဆင်းရဲဒုက္ခရောက်စေခဲ့သည့် ဝိုင်းရံခြင်းအား အကြံပေးခြင်းနှင့် ဆောင်ရွက်ခြင်းတို့ကို ကိုယ်စီပြုမိသည့်အတွက် သုပ္ပဝါသနှင့် သီဝလိတို့သည် ၎င်းတို့၏ အနာဂတ်ဘဝတွင် ဆင်းရဲဒုက္ခခံစားရခြင်း ဖြစ်ပါသည်။

ဤဇာတ်တော်ပုံဝတ္ထုတွင် စိတ်ဝင်စားစရာကောင်းသော အခြေခံသဘောတရားများစွာ ပါဝင်ပါသည်။ ဆင်းရဲဒုက္ခရောက်သူများသည် “ရန်သူ” မဟုတ်သော်လည်း မင်းသား၏ပြည်သူများဖြစ်သည်ဆိုသည့် အချက်မှာ အရေးပါသလော သို့မဟုတ် မသက်ဆိုင်သလော။ ဤအချက်က အစာရေစာငတ်ပြတ်မှု၏ သက်ရောက်မှုသည် မိမိနိုင်ငံ၏ နိုင်ငံသားများအပေါ် ကျရောက်သည့် နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခ ကိစ္စကို အသေအချာ ဖော်ပြထားသောကြောင့် ယင်းသည် ယီမင်၊ ဆီးရီးယားနှင့် တောင်ဆူဒန်တို့ရှိအခြေအနေများနှင့် ပိုမိုနီးစပ်ပါသည်။ ဗာရာဏသီနှင့် ကောသလတို့အကြား ပဋိပက္ခသည် အမှန်တကယ် နိုင်ငံတကာရှုထောင့်ဖြစ်ပြီး ယီမင်နှင့် ဆီးရီးယားတို့တွင် ပဋိပက္ခများ၏ နိုင်ငံတကာပါဝင်လာမှုမှာ ရှင်းလင်းပါသည်။

ဗာရာဏသီမင်းသား၏ ရှေ့မှောက်တွင် ရွေးချယ်စရာများမှာ (၁) စစ်ပွဲတွင် ၎င်းကိုယ်တိုင်နှင့် ၎င်း၏စစ်သည်များ၏ အသက်များကို အန္တရာယ်အဖြစ်ခံစွန့်စားရန်၊ (၂) ၎င်း၏မိခင်ပေးသည့် အကြံကို လိုက်နာပြီး မြို့နေပြည်သူများအပေါ် ဖိအားပေးရန်တို့ ဖြစ်ပါသည်။ စစ်တပ် ကွပ်ကဲသူတပ်မှူး၏ရှုထောင့်မှကြည့်လျှင် စစ်ရေးဆိုင်ရာ ရည်မှန်းချက်မှာ မြို့ကြီး၊ မြို့ သို့မဟုတ် နယ်မြေတစ်ခုအား ထိန်းချုပ်မှုကိုရရှိရန်ဖြစ်လျှင် စစ်ရေးမဟာဗျူဟာတွင် မိမိစစ်သည်များ အထိအခိုက်အကျအဆုံး အနည်းဆုံးဖြင့် ရည်မှန်းချက်ရရှိရန် မည်သို့ လုပ်ဆောင်မည်ဆိုသည့် နည်းလမ်း ပါဝင်ရပါမည်။ ရှောင်ဝတ်စ် မှတ်ချက်ပြုသကဲ့သို့ -

> သမိုင်းတလျှောက် ကွပ်ကဲသူတပ်မှူးများသည် မြို့ပြဒေသများအတွင်းသို့ ချီတက်ရန် ငြင်းဆန်ခဲ့ကြပြီး ယင်းအစား ဝိုင်းပတ်ထားခြင်းနည်းလမ်းဖြင့် ရန်သူ၏ခုခံမှုကို လျော့ကျသွားစေရန် သို့မဟုတ် လက်နက်ချအညံ့ခံမှုကို တွန်းအားပေးရန် ဝိုင်းရံခြင်းသည် အံ့သြဖွယ်ရာမဟုတ်ချေ။ အရေအတွက်အရလည်းကောင်း၊ နည်းပညာအရလည်းကောင်း သာလွန်သောတပ်ဖွဲ့များအတွက် ပင်လျှင် ဝိုင်းရံခြင်းသည် နည်းဗျူဟာအရနှင့် မဟာဗျူဟာအရ အကျပ်ကိုင်နိုင်ပါသည်။ ဝိုင်းရံစစ်ဆင်ရေးများသည် မြို့ပြတိုက်ပွဲနှင့်အတူတွဲ၍ဖြစ်ပေါ်သော တိုက်ခိုက်ရေးတပ်ဖွဲ့ အထိအခိုက်အကျအဆုံးမြင့်မားမှုကို ရှောင်ကြဉ်ရန် မကြာခဏ လိုအပ်ပါသည်။ ... (Watts 2014, emphasis added)

IHL ကို စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုတို့ကို ဟန်ချက်ညီစေရန် ကြိုးပမ်းမှုတစ်ခုအဖြစ် ဖော်ပြလေ့ရှိကြပါသည်။ စစ်ရေးဆိုင်ရာလိုအပ်ချက်သည် ဝိုင်းရံစစ်အား စစ်ပွဲကိုရှောင်ရှားနိုင်ရန်နှင့် စစ်သည်များ၏ အသက်များကို ကယ်တင်နိုင်ရန် မဟာဗျူဟာ သို့မဟုတ် နည်းဗျူဟာအဖြစ် ထောက်ခံသော်လည်း IHL တွင် “လူသားချင်းစာနာထောက်ထားမှု” အယူအဆသည် အရပ်သား ဆင်းရဲဒုက္ခနှင့် သေဆုံးမှု ဖြစ်စေခြင်းထက် စစ်သည်များ၏အသက်ကိုကယ်တင်ရန်ဟူသော စစ်ဘက်ကွပ်ကဲသူတပ်မှူးများ၏ ဆုံးဖြတ်ချက်သည် အကျုံးဝင်ခြင်း မရှိပါ။ မျက်မှောက်ခေတ် လူသားချင်းစာနာထောက်ထားမှုဥပဒေသည် ယင်းသို့သောအခြေအနေတွင် စစ်သည်များ၏အသက်ထက် အရပ်သားများ၏ အသက်အား အကာအကွယ်ပေးရေးကို ဦးစားပေးပုံရှိသည် ဖြစ်ရာ ယင်းသည် ဆုံးဖြတ်ချက်ချရသူများအတွက် အကျပ်ရိုက်စေပါသည်။

ဇာတ်တော်များတွင် ပါရှိသော တရားမျှတမှုအယူအဆများကို ဆန်းစစ်ပြီး ခွန်ခွန်ရွိုင်း(Kum Kum Roy) က ၎င်းတို့သည် ရေးရိုးရာပုံပြင်များသက်သက်ထက် ပိုသည့်အပြင် အကျိုးစီးပွားများဆန့်ကျင်နေသော လက်ရှိရှုပ်ထွေးသည့်ကိစ္စရပ်များကိုပါ မကြာခဏ တင်ပြထားသည်ဟု ကျွန်ုပ်တို့ကို ထပ်လောင်းအသိပေးထားပါသည်။ (Roy 1996, 27) ဤအချက်က မင်းသားငယ် ရင်ဆိုင်ရသော ရွေးချယ်မှုတွင် သိသာထင်ရှားပါသည်။ ၎င်း၏ စစ်သည်များသာမက အဝိုင်းခံထားရသော မြို့တော်အတွင်းရှိ ၎င်း၏နိုင်ငံသားများပါ ထိခိုက်သေဆုံးမှုများ ရလဒ်ဖြစ်နိုင်သည့် သွေးထွက်သံယိုများကို ပွင့်ပွင့်လင်းလင်း ရှောင်ရှားခြင်းတွင် ဝိုင်းရံထားစဉ်အတွင်း အရပ်သားများကိုသာ သက်ရောက်စေမည့် အစာရေစာငတ်ပြတ်စေခြင်းနည်းဗျူဟာများကို ယင်းအစား အသုံးပြုရန် ၎င်းက ရွေးချယ်ပါသည်။ မင်းသားသည် ပိုမိုကောင်းမွန်သောရွေးချယ်မှုကို ပြုလုပ်ခြင်းရှိမရှိ မေးခွန်းထုတ်စရာ ဖြစ်နိုင်သော်လည်း ဗုဒ္ဓဘာသာကိုယ်ကျင့်တရားအရ စစ်ပွဲတွင် ယင်းကဲ့သို့ မှန်ကန်သည့်ရွေးချယ်မှုမရှိ - မတူညီသောနည်းလမ်းများနှင့် မတူညီသောကံအကျိုးဆက်များကိုသာ လိုက်ဖက်ညီစေရန်ဖြစ်သည်ဟု အဖြေပေးကောင်းပေးနိုင်ပါသည်။

အသာတရူပဇာတ်တော်သည် ကာလအားဖြင့်တိုတောင်းသော ခုနစ်ရက် ဝိုင်းရံထားခြင်းကို အလေးထား ဖော်ပြပါသည်။ အလွန်ရှုပ်ထွေးသောအခြေအနေ၊ ရေရှည်ပဋိပက္ခအခြေအနေများတွင် ဤပုံဝတ္ထုကို အသုံးပြုနိုင်ကျင့်သုံးနိုင်မည်လား။ “ကာလတာရှည်ဖြစ်ပွားနေသောပဋိပက္ခများ”အဖြစ် မကြာခဏရည်ညွှန်းလေ့ရှိသည့် - နှစ်များစွာကြာ ဆက်လက်ဖြစ်ပွားနေသော နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခများနှင့် ကျွန်ုပ်တို့ အကျွမ်းတဝင်ရှိကြပါသည်။ ယေဘုယျအားဖြင့် ဇာတက ပုံဝတ္ထုနှင့် IHL နှစ်ခုလုံးတွင် အလေးထားဖော်ပြသည့် ပိတ်မိနေသောပြည်သူများ၏ အဆုံးစွန် ဆင်းရဲဒုက္ခ ဖြစ်သောကြောင့် ဝိုင်းရံခြင်း(သို့မဟုတ် ပိတ်ဆို့ခြင်း သို့မဟုတ် အရေးယူပိတ်ဆို့မှုများပင်) ၏ ကာလအတိုင်းအတာသည် IHL အရလည်းကောင်း၊ တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ ကွပ်ကဲသူတပ်မှူးများနှင့် ၎င်းတို့၏အကြံပေးများ၏ ဆုံးဖြတ်ချက်ပြုလုပ်ခြင်းအား အကဲဖြတ်သုံးသပ်ခြင်းအရလည်းကောင်း ပြဿနာမရှိသည့်အချက်ကို ရည်ညွှန်းနိုင်ပါသည်။

သိသာထင်ရှားစွာ မင်းသား၏တိုင်းသူပြည်သားများဖြစ်ကြသော ပိတ်မိနေသူတို့အပေါ် စာနာမှုကို ဖွံ့ဖြိုးလာအောင်တည်ဆောက်ယူရာတွင် ဤပုံဝတ္ထုသည် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေပါသည်။ ၎င်းတို့သည် “ရန်သူ” မဟုတ်သော်လည်း အုပ်စိုးသူမင်းနှစ်ပါးအကြား ကြားညှပ်သူများသာ ဖြစ်ကြပါသည်။ ထိုပြည်သူတို့က မြို့ကို ထိန်းချုပ်ထားသော ကောသလမင်းအား ကွပ်မျက်ရန်နှင့် ၎င်းတို့၏မင်းသားအတွက် တံခါးများကိုဖွင့်ပေးရန် ၎င်းတို့ကိုယ်တိုင် အားထည့်လုပ်ဆောင်ခဲ့သည့်အချက်မှာ စိတ်ဝင်စားစရာကောင်းပါသည်။ ၎င်းတို့သည်လည်း ၎င်းတို့၏ ကိုယ်တိုင်ခံစားရသည့်ဆင်းရဲဒုက္ခ သို့မဟုတ် အခြားလူသားတစ်ဦးကိုသတ်ဖြတ်ရန်ဟူသော မကောင်းမှုနှစ်ခုတို့အကြား ရွေးချယ်ရသည့် ခက်ခက်ခဲခဲအခြေအနေတွင် ပိတ်မိနေခဲ့ကြပါသည်။ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလအရ

သတ်ဖြတ်ခြင်းအတွက် မှန်ကန်မျှတကြောင်း အကြောင်းပြ၍မရပေ။ ဤဇာတ်တော်သည် ထိုပြည်သူတို့အပေါ် ကျင့်ဝတ်ဆိုင်ရာဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နှုတ်ဆိတ်နေပြီး အကြံပြုထားသောလိုအပ်ချက်ဆိုသည့် ကျိုးကြောင်းဆီလျော်မှုအကြောင်းပြချက်ရှိသော်လည်း သေချာပေါက် ဗုဒ္ဓဘာသာ ကျိုးကြောင်းပြချက် မဟုတ်ချေ။

ဤပုံဝတ္ထုသည် အရှင်သီဝလိနှင့် သုပ္ပဝါသာတို့၏ အတိတ်ဘဝများနှင့် ၎င်းတို့၏လက်ရှိဘဝတွင် ၎င်းတို့ခံစားရသော ဆင်းရဲဒုက္ခများကိုသာ အဓိကအလေးထားသောကြောင့် ဤဇာတ်တော်သည် ၎င်းတို့၏ရွေးချယ်မှုအတွက် ကံအကျိုးဆက်များကို ပြောဆိုထားခြင်းမရှိချေ။

## အမိန့်ပေးကွပ်ကဲသူတပ်မှူးများနှင့် အကြံပေးတို့၏ တာဝန်များ

အရှင်သီဝလိအလောင်းအလျာဖြစ်သောမင်းသားနှင့် သုပ္ပဝါသာအလောင်းအလျာဖြစ်သောမိဖုရားတို့ နှစ်ဦးလုံးကို သီလကြောင်းအရ အရေးပါသည့် အပြစ်တင်ခြင်း ရှိသောကြောင့် အသာတရူပဇာတ်တော်အား ပိုင်းခြားစိတ်ဖြာစိစစ်လေ့လာရန် အထူးသဖြင့် စိတ်ဝင်စားစရာကောင်းပေသည်။ ဝမ်းကြာတိုက်အတွင်း ကလေးငယ်သီဝလိ၏ ဆင်းရဲဒုက္ခကို ဖော်ပြသည့် တစ်ကြောင်းတည်းသော ဝါကျတိုနှင့် နှိုင်းယှဉ်လျှင် ခက်ခက်ခဲခဲနှင့် လက်တွေ့တွင် မဖြစ်နိုင်သော ကာလကြာရှည် ကိုယ်ဝန်ဆောင်ရခြင်းနှင့် မီးဖွားခြင်းဝေဒနာများအား မချိမဆန့် ခံစားရသည့် သုပ္ပဝါသာ၏ ဆင်းရဲဒုက္ခကို ဖော်ပြထားသော စာသားပမာဏအတိုင်းအတာအရ အရေးပါမှု အတန်ငယ် ပိုမိုပေးထားပုံပေါ်ပါသည်။[46] သို့သော်လည်း အရှင်သီဝလိ၏ သားအိမ်အတွင်း "မီးနေခြင်း"သည် ပြည်သူအများကို ဝိုင်းထားသော လှုပ်ရှားသွားလာမှုအားကန့်သတ်မှုနှင့် နီးကပ်စွာ လိုက်ဖက်မှုရှိပါသည်။ ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းဝေဒနာနှစ်ခုလုံးနှင့် သန္ဓေသား၏ ဖွားမြင်ရန် ရုန်းကန်မှု အတွေ့အကြုံအားကြောက်ရွံ့ခြင်းတို့အပြင် အဝိုင်းခံခဲ့ရသော ပြည်သူတို့၏ ကြောက်ရွံ့မှုနှင့် ဆင်းရဲဒုက္ခတို့ကိုလည်း ဇာတ်တော်က ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ကူရာကယ်ရာမဲ့နေသောမိခင်နှင့် သန္ဓေသားတို့၏ ဤသီးသန့် ပုံရိပ်များထက် မည်သည်ကို ပို၍ ပြန်လည်အမှတ်ရနိုင်ပါသနည်း။ ဤပုံဝတ္ထုတွင် အရှင်သီဝလိ၏ ခက်ခဲသော ဖွားမြင်မှုကို သိကြသော ရဟန်းတော်တို့က "မိခင်နှင့်ကလေးတို့၏ ပင်ပန်းဆင်းရဲခြင်းဒုက္ခဝေဒနာ အလွန်တရာ ကြီးမားခဲ့ပေအံ့။ အဘယ်ကံကြောင့် ၎င်းတို့၏ ဆင်းရဲဒုက္ခဝေဒနာ ဖြစ်ရပါသနည်း"ဟု မေးခွန်းထုတ်ပါသည်။ (Chalmers 1895)

> အသာတရူပဇာတ်တော်နှင့်ဥမ္မင်္ဂဇာတ်တော်နှစ်ခုလုံးတွင် ဘုရင်များနှင့် မင်းသားများ၏ အကြံပေးများအား အထင်ကရ ပြဆိုထားခြင်းကိုလည်း ဂရုပြုနိုင်ပါသည်။ ဥမ္မင်္ဂဇာတ်တော် အတိတ်ဘဝဇာတ်လမ်းတွင် စူဠနီ ဗြဟ္မဒတ် မင်းကို ပညာရှိ တလထာဒေဝီမိဖုရားနှင့် ကေဝဋ္ဋဗြဟ္မဏတို့က အကြံပေးပါသည်။ ဥမ္မင်္ဂဇာတ်တော်တွင် တလထာဒေဝီမိဖုရားအား တရားရေးဆိုင်ရာကိစ္စရပ်များ၌ ၎င်း၏ဉာဏ်ပညာကြီးကျယ်မှုကို ဖော်ပြသောစာပိုဒ်ပင် ရှိပါသည်။ အကြံဉာဏ်ကောင်းသည် အဖိုးတန်ပြီး တန်ဖိုးရှိသည့်အကူအညီ ဖြစ်သော်လည်း အကြံပေးတစ်ဦးအဖြစ် အုပ်စိုးသူ သို့မဟုတ် စစ်ဘက်ကွပ်ကဲသူတပ်မှူးအား သီလ သို့မဟုတ် ကိုယ်ကျင့်တရားစံနှုန်းများကိုချိုးဖောက်စေသောအခါ မှားယွင်းသောလုပ်ဆောင်မှုအတွက် ကံနှင့်ဆိုင်သော တာဝန်ရှိကြောင်းကို ဤဇာတ်တော် နှစ်ခုလုံးက ရှင်းလင်းစွာ ပြဆိုထားပါသည်။ ထုံးစံအတိုင်း အရပ်သားအကြံပေးများကို သာမန်ပြည်သူများက မျက်မှောက်ခေတ် IHL ကို ချိုးဖောက်သူများ အဖြစ် မမြင်သော်လည်း (စစ်တပ်အရာရှိများနှင့် စစ်သည်များနှင့် နှိုင်းယှဉ်လျှင်) အသာတရူပ ဇာတ်တော် ပုံဝတ္ထုက စစ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ပြုလုပ်ရာတွင် "ဖြစ်ရပ်များနောက်ကွယ်" ၌ ရှိနေသူများ၏ အခန်းကဏ္ဍကို အလေးထား ဖော်ပြပါသည်။ ထိုနည်းတူစွာ IHL သည် စစ်မှုထမ်းများသာမက အရပ်သား အမှုထမ်းများကိုပါ လွှမ်းခြုံအကျုံးဝင်ပြီး IHL ကို ချိုးဖောက်မှုများကြောင့် အကျိုးဆက်ဖြစ်သည့် ပြစ်မှုဆိုင်ရာစွဲဆိုချက်များနှင့်ပတ်သက်ပြီး စွပ်စွဲခံရသူ၏ ကျား/မ ဖြစ်မှုသည် အရေးမပါချေ။

အသာတရူပဇာတ်တော်တွင် ဝိုင်းရံမှုဇာတ်လမ်းသည် လုံးဝနီးပါး မဖြစ်နိုင်လောက်အောင် တိုတောင်းလွန်းလှသော အချိန်ကာလအားဖြင့် ခုနစ်ရက်မျှသာ ဖော်ပြထားသော်လည်း ဤကံနှင့်ဆိုင်သော အကျိုးဆက်များကား အရှင်သီဝလိမှာ မိခင်ဝမ်းကြာတိုက်အတွင်း၌ ဖွားမြင်ရန် ခုနစ်ရက် ကြာခဲ့ပြီး သုပ္ပဝါသာ၏ ခုနစ်နှစ်ကြာ ကိုယ်ဝန်ဆောင်မှုနှင့်အတူ မဖြစ်နိုင်လောက်အောင် ရှည်လျားလှပေသည်။ "ခုနစ်များ" ၏ ဤပုံစံသည် ကံနှင့်ဆိုင်သော တာဝန်အားဖြင့် အတိုင်းအတာတစ်ခုကို ဖော်ပြခြင်း ဖြစ်မည်လားဟု စူးစမ်းရှာဖွေနိုင်ပါသည်။ မိခင်ပေးသောအကြံ

ကို လိုက်နာပြီး စဉ်းစားတွေးတောမှုအနည်းအကျဉ်းမျှဖြင့် လုပ်ဆောင်မှုများကို ပြုလုပ်နိုင်ခဲ့သည့် မင်းသားသည် နောက်ကျဖွားမြင်ခြင်းကိုခံစားရသော်လည်း ဤလုပ်ဆောင်မှုနည်းလမ်းများကိုအသုံးပြုခြင်းအား သေသေချာချာ စဉ်းစားတွေးတောခြင်းဖြင့် ဤလုပ်ဆောင်မှုကို အကြံပေးသူမိဖုရားထက် အချိန်ပိုမိုတိုတောင်းစွာနှင့် ဆင်းရဲဒုက္ခဝေဒနာ အနည်းအကျဉ်း ခံစားရပါသည်။[47]

၁၉၉၈ခုနှစ် အိုင်စီစီ(ICC)စတက်ကျူဥပဒေ အပိုဒ် ၂၅(၃)က-ဂ အရ ရာဇဝတ်မှုတစ်ခုကို တစ်ဦးတည်းဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ တစ်ဦးချင်းက အောက်ဖော်ပြပါအတိုင်း ကျူးလွန်လျှင် တစ်ဦးချင်း ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှု ပေါ်ပေါက်လာနိုင်ပါသည် - “ယင်းသို့သော ရာဇဝတ်မှုအား ကျူးလွန်ခြင်းကို အမိန့်ပေးလျှင်၊ တောင်းဆိုလျှင် သို့မဟုတ် တိုက်တွန်းလျှင်သော်လည်းကောင်း”၊ “ထိုသို့ကျူးလွန်ခြင်းအတွက် နည်းလမ်းများပေးခြင်း အပါအဝင် ထိုသို့ကျူးလွန်ခြင်းတွင် သို့မဟုတ် ထိုသို့ကျူးလွန်ခြင်းကို ကြိုးပမ်းရာတွင် အထောက်အကူပြုလျှင်၊ အားပေးကူညီလျှင် သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ကူညီလျှင်သော်လည်းကောင်း”၊ သို့မဟုတ် “တူညီသော ဘုံရည်မှန်းချက်ဖြင့် လုပ်ဆောင်နေသော လူတစ်စုက ယင်းသို့သော ရာဇဝတ်မှုကိုကျူးလွန်ခြင်းတွင် သို့မဟုတ် ကျူးလွန်ခြင်းကိုကြိုးပမ်းရာတွင် အခြား နည်းလမ်းတစ်ခုခုဖြင့် ပါဝင်လျှင်သော်လည်းကောင်း”။ တွေ့မြင်နိုင်သည့်အတိုင်း ဤအချက်က အပြည်ပြည်ဆိုင်ရာဥပဒေနှင့်ဆန့်ကျင်သည့် ရာဇဝတ်မှုအား ဆောင်ရွက်ရန် အမိန့်ပေးသူကို သာမက အရပ်သားအကြံပေးများပါဝင်နိုင်သည့် ဆုံးဖြတ်ချက်ပြုလုပ်ရာတွင် ပါဝင်ပတ်သက်သူများကိုပါ ရည်ညွှန်းဖော်ပြထားပါသည်။

IHL ချိုးဖောက်မှုများ (စစ်ရာဇဝတ်မှုများ) မဟုတ်သည့် ဥပမာတစ်ခုဖြစ်သော်လည်း လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ[48] ဖြစ်သည့် ၂၀၁၀ - ၂၀၁၁ခုနှစ်တွင် အိုင်ဗရီကို့စ်၌ ရွေးကောက်ပွဲလွန်ကာလ အကြမ်းဖက်မှုအတွင်း ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများ၏ သီးခြားစွဲချက်လေးခုအပေါ် သွယ်ဝိုက်ကျူးလွန်သူပူးတွဲတရားခံတစ်ဦးအဖြစ် ဆိုင်မွန်ဂဘက်ဘို (Simone Gbagbo) အတွက် ၂၀၁၂ခုနှစ်တွင် ထုတ်ခဲ့သော ဖမ်းဝရမ်းမှာ ဤနေရာတွင် စိတ်ဝင်စားစရာကောင်းသောအမှု ဖြစ်ပါသည်။[49] မစ္စစ်ဂဘက်ဘို(Mrs Gbagbo)သည် အိုင်ဗရီကို့စ် သမ္မတဟောင်း လောရင့် ဂဘက်ဘို၏ဇနီး ဖြစ်ပြီး အိုင်စီစီ ရှေ့နေက ဖော်ပြခဲ့ပါသည်။ မစ္စစ်ဂဘက်ဘို အပါအဝင် မစ္စတာဂဘက်ဘိုနှင့် ၎င်း၏အတွင်းပိုင်းအဝန်းအဝိုင်းက ကြိုတင်ပြင်ဆင် ထားခဲ့သော စွပ်စွဲထားသည့်ရာဇဝတ်မှုများအား ကျူးလွန်စေသည့် အစီအမံ၏ အထောက်အထား လုံလုံလောက် လောက်ရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေကိုဆန့်ကျင်၍ ပြစ်မှုများကို စီစဉ်ရန်နှင့် ဆောင်ရွက်ရန် အကြံပေးကြသော အနီးကပ်လုပ်ဖော်ကိုင်ဖက်များ၊ အကြံပေးများနှင့် မိသားစုဝင်များသည်ပင်လျှင် အိုင်စီစီတွင် ရာဇဝတ်ကြောင်းအရ တာဝန်ရှိနိုင်ပါသည်။ ပြည်တွင်းတရားရုံးများသည် ၎င်းတို့၏ ပြစ်မှုဆိုင်ရာဥပဒေတွင် ဤစံနှုန်းကို လိုက်နာရန်လည်း ရွေးချယ်နိုင်ပါသည်။ ဆိုင်မွန်ဂဘက်ဘိုကို အိုင်စီစီထံ လွှဲပြောင်းပေးအပ်ခြင်း မပြုခဲ့သော်လည်း ၂၀၁၅ခုနှစ်တွင် အိုင်ဗရီကို့စ်၏ ပြည်တွင်းတရားရုံးများတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ၎င်းအား ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ပါသည်။ ၎င်းသည် ၎င်း၏နိုင်ငံအတွင်း ထောင်ဒဏ် နှစ် ၂၀ အနက် သုံးနှစ်ကျခံခဲ့ပြီးနောက် ၂၀၁၈ခုနှစ်တွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အရ ၎င်းအား နောက်ဆုံး၌ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါသည်။ စစ်ပွဲကာလအတွင်း အရပ်သားများအား အစာရေစာငတ်ပြတ်မှုကို စီစဉ်သည့် အသာတရူပဇာတ်တော်နှင့် နှိုင်းယှဉ်နိုင်သော လက်တွေ့ဘဝ ဖြစ်ရပ် ရှိခဲ့လျှင် အလားတူအခြေအနေ ဖြစ်ပေါ်နိုင်ပြီး စစ်ဘက်ကွပ်ကဲသူတပ်မှူးများအတွက် အရပ်သားအကြံပေးများသည် အပြည်ပြည်ဆိုင်ရာတရားရုံး၌ဖြစ်စေ ပြည်တွင်းတရားရုံးများ၌ဖြစ်စေ စစ်ရာဇဝတ်မှုများအတွက် ဥပဒေအရတာဝန်ရှိနိုင်ပါသည်။

စစ်သည်များနှင့် ကွပ်ကဲသူတပ်မှူးများသည် ပြည်သူအများ အစာရေစာရရှိစေရေးအတွက် အကာအကွယ်ပေးရန် ကိုယ်ကျင့်တရားအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း တာဝန်ရှိသည်ဆိုသည့်အချက်ကို ဂရုပြုသင့်ပါသည်။ အသုံးဝင်သည့်သာဓကမှာ သီရိလင်္ကာနိုင်ငံ၏ ၁၉၄၉ခုနှစ် တပ်မတော်အက်ဥပဒေအမှတ် ၁၇၊ ပုဒ်မ ၂၃(၁) ဖြစ်ပါသည်။ ဤဥပဒေပြဋ္ဌာန်းချက်အရ သီရိလင်္ကာပြည်သူများအား သို့မဟုတ် ၎င်းတို့ထဲမှ အစိတ်အပိုင်း အများအပြားတို့အား “အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော အစားအသောက်၊ ရေနှင့် လောင်စာ ... ထောက်ပံ့ခြင်းနှင့် ဖြန့်ဝေခြင်းကို နှောက်ယှက်ဟန့်တားခြင်းဖြင့်” ပိတ်ပင်ရန် မည်သည့်လုပ်ဆောင်မှု သို့မဟုတ် ခြိမ်းခြောက်မှုများကိုမဆို သီရိလင်္ကာသမ္မတက တွေ့ရှိလျှင် “၎င်းသည် လူထု၏ အသက်ရှင်ရပ်တည်မှုအတွက်

မရှိမဖြစ်လိုအပ်သော ထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများကို ဆက်လက်ထိန်းသိမ်းထားရေးအတွက် လိုအပ်သည်ဟု ထည့်သွင်းစဉ်းစားနိုင်သောကြောင့် စစ်ရေးမဟုတ်သည့် သဘောသဘာဝရှိသည့် ယင်းသို့သောတာဝန်များကို ထမ်းဆောင်ရန်” လက်နက်ကိုင်တပ်ဖွဲ့ဝင်များအားလုံး သို့မဟုတ် မည်သည့်တပ်ဖွဲ့ဝင်ကိုမဆို အမိန့်ပေးနိုင်ပါသည်။ (ဖြည့်စွက်ထားသည့် အလေးထားမှု) ဤပြဋ္ဌာန်းချက်သည် ငြိမ်းချမ်းစဉ်ကာလနှင့် စစ်ကာလအခြေအနေများနှင့် အကျုံးဝင်သက်ဆိုင်ပါသည်။

သီရိလင်္ကာနိုင်ငံကဲ့သို့ အများစု ဗုဒ္ဓဘာသာဝင်ဖြစ်သော နိုင်ငံတစ်နိုင်ငံတွင် အမှန်တကယ် စစ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ပြုလုပ်ခြင်းအပေါ် အရပ်သားများအတွက် အစားအစာနှင့် ရေ ရိက္ခာဖြည့်တင်းရေးနှင့်ပတ်သက်ပြီး ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သဘောထားများ၏ လွှမ်းမိုးမှုရှိမရှိနှင့်ပတ်သက်ပြီး လေ့လာမှုအတော်များများ သို့မဟုတ် အဓိက တွေ့ဆုံမေးမြန်းမှုများကိုအတွဲလိုက် ဆောင်ရွက်မည်ဆိုလျှင် ဤဆောင်းပါး၌ တင်ပြထားသော ပိုင်းခြားစိတ်ဖြာလေ့လာမှုအတွက် စိတ်ဝင်စားစရာကောင်းသော နောက်ဆက်တွဲလေ့လာမှု ဖြစ်ပါလိမ့်မည်။ သီရိလင်္ကာစစ်တပ်အရာရှိအများအပြားနှင့် စာရေးသူတို့ စကားပြောဆိုမှုများမှ ရရှိသောအထောက်အထားများအရ အားလုံးအတွက် အစားအစာနှင့် ရေ ထောက်ပံ့သည့် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလသည် အပြုသဘောဆောင်သော အခန်းကဏ္ဍ အမှန်တကယ် ရှိခဲ့ကြောင်း အထူးသဖြင့် သီရိလင်္ကာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာ ပြည်တွင်းစစ်၏ နောက်ဆက်တွဲကာလအတွင်း ၂၀၀၉ခုနှစ် မေလအတွင်းနှင့် နောက်ပိုင်းသည် စစ်တပ်က နေရပ်စွန့်ခွာရွှေ့ပြောင်းသည့်လူထုများအတွက် စားနပ်ရိက္ခာ၊ ရေနှင့် အမိုးအကာများကို ထောက်ပံ့ပေးခဲ့သည့်ကာလ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဂေါ်ဒွန်ဗိုက်စ်(Gordon Weiss)နှင့် အေအာရ်ရှရီစကန္ဒာရာဂျာ(A.R. Sriskanda Rajah) တို့ကဲ့သို့သော သူများ၏ ဆန့်ကျင်ဘက်အမြင်များက ၎င်းတို့၏နေအိမ်များမှ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် စစ်ပွဲ၏ နောက်ဆုံးအဆင့်များအတွင်း ဗန်နီဒေသရှိ တောကြီးမျက်မည်းများသို့ ဆုတ်ခွာသွားသော တမီအီလမ် လွတ်မြောက်ရေးကျားအဖွဲ့(အယ်လ်တီတီအီး) ကေဒါများနှင့်အတူ လိုက်ပါသွားခဲ့ကြသည့် တိုက်ပွဲဝင်စစ်သည် မဟုတ်သော အရပ်သားလူထုများ၏ အရေအတွက်ကို သီရိလင်္ကာအစိုးရက ရည်ရွယ်ချက်ရှိရှိ လျှော့ပေါ့ ခန့်မှန်းခဲ့ သည်ဟု ဆိုပါသည်။ (Sriskanda Rajah 2017,123,128; weiss 2011) လူသားချင်းစာနာထောက်ထားမှုအကူအညီ ပေးသည့်ပမာဏကို လျှော့ချရန်နှင့် သီရိလင်္ကာလက်နက်ကိုင်တပ်ဖွဲ့များက ဝိုင်းထားသော အရပ်သားနှင့် စစ်သည် လူထုနှစ်ရပ်ပေါင်းတို့အား အစာရေစာငတ်ပြတ်စေခြင်းကို နည်းဗျူဟာတစ်ခုအဖြစ် အသုံးပြုခဲ့သည်ဟု ၎င်းတို့က စွပ်စွဲပါသည်။[51]

နှစ်ပေါင်း ၃၀ကြာ သီရိလင်္ကာပဋိပက္ခအတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးအပါအဝင် အခမဲ့ အများပြည်သူဝန်ဆောင်မှုများကို အယ်လ်တီတီအီး အချိန်အတော်ကြာ ထိန်းချုပ်ထားသော နယ်မြေများ ဖြစ်သည့် မြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များအပါအဝင် နိုင်ငံအစိတ်အပိုင်းအားလုံးသို့ သီရိလင်္ကာအစိုးရက ထောက်ပံ့ပေးခဲ့ပါသည်။ သို့ရာတွင် လက်နက်ကိုင်ပဋိပက္ခတစ်ခု၏ အဆုံးသတ်စစ်ပွဲများဖြစ်ပွားနေသော တောကြီးမျက်မည်းအတွင်း အရပ်သား လူသားဒိုင်းများထံ စားနပ်ရိက္ခာနှင့် ဆေးဝါးများထောက်ပံ့ဖြည့်ဆည်းပေးပို့ခြင်းနှင့် လုပ်ဆောင်ရသည့်နည်းလမ်းသည် အဆင့်အများအပြားတွင် အလွန်ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဆိုသည်မှာ ရှင်းပါသည်။ ဤအခြေအနေတွင် ကွပ်ကဲသူတပ်မှူးများနှင့် အကြံပေးများသည် ၎င်းတို့၏ ဘုရင့်နိုင်ငံနှင့် ၎င်းတို့၏ပြည်သူများကို ပြန်လည်ရရှိရေး အနိုင်ရရန်နှင့် တချိန်တည်းမှာပင် ၎င်းတို့၏စစ်သည်များနှင့် အရပ်သားများ၏ အသက်များကိုလည်း ထည့်သွင်းစဉ်းစားနေရသည့် ဗာရဏသီမင်းသားနှင့် ၎င်း၏မိခင်(သီဝလိနှင့် သုပ္ပဝါသတို့၏ ယခင်ဘဝများ) တို့ ကြုံတွေ့ခဲ့ရသော အကျပ်အတည်းနှင့် နှိုင်းယှဉ်နိုင်သည့် အကျပ်ရိုက်မှုကို ရင်ဆိုင်တွေ့ကြုံနေကြရပါသည်။

အသာတရူပဇာတ်တော်ကို စစ်တပ်အရာရှိများ သို့မဟုတ် IHL ကို လေ့လာဆည်းပူးသင်ယူနေကြသော အရပ်သားများအား တင်ပြရန်နှင့် သီရိလင်္ကာတွင် စစ်ပွဲ၏ နောက်ဆုံးအဆင့်များ အတွင်းကဲ့သို့ စားနပ်ရိက္ခာနှင့် သန့်ရှင်းသောရေ မရရှိသောနယ်မြေတစ်ခု၌ အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအား ကန့်သတ်ထားသည့် အခြေအနေတွင် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားဆန်မှုတို့ကို ဟန်ချက်ညီစေခြင်းတွင် ပါဝင်သည့် ခက်ခဲသော နည်းဗျူဟာဆိုင်ရာနှင့် မဟာဗျူဟာဆိုင်ရာ ရွေးချယ်မှုများကို ဆွေးနွေးရန် စိတ်ဝင်စားစရာ ကောင်းပေလိမ့်မည်။ စစ်ပွဲကာလအတွင်း လုပ်ဆောင်မှုများ၏ ကံအကျိုးဆက်များကို ဆွေးနွေးခြင်းသည် ဗုဒ္ဓဘာသာဝင် အရာရှိများအတွက် ၎င်းတို့၏ စေတနာရည်ရွယ်ချက်နှင့်မသက်ဆိုင်ဘဲ မကောင်းသောကံအကျိုးရလဒ်များမှ ဤဘဝတွင် သို့မဟုတ် နောင်လာမည့်ဘဝတွင် ဆင်းရဲဒုက္ခရောက်လိမ့်မည်ဟု ၎င်းတို့ခံစားရလျှင် စိတ်သောက

ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဒုက္ခဆင်းရဲရောက်စေသည့် ရည်ရွယ်ချက်စေတနာသည် ကံအကျိုးပေး၏ အစိတ်အပိုင်းဖြစ်ကြောင်းကို အလေးပေးရန် အရေးကြီးသည်ဖြစ်သောကြောင့် ယင်းသည် (ပြစ်မှုဆိုင်ရာဥပဒေတွင်ကဲ့သို့) ဗုဒ္ဓဘာသာနှင့် သက်ဆိုင်နေပါသည်။ ဓမ္မပဒ၏ ဂါထာ ၄၁၄ (ဗြဟ္မဏဝဂ္ဂရှိ သီဝလိတ္ထေရဝတ္ထု)နှင့် ဆက်စပ်ပြီး သီဝလိဇာတ်လမ်း အား ဖော်ပြထားပုံကို ပြန်လည်အမှတ်ရစေရန်မှာ စိတ်ပညာရှုထောင့်အရ အသုံးဝင်နိုင်ပေသည်။ ဤဇာတ်တော်က သီဝလိသည် "၎င်း၏ဦးခေါင်းကိုရိပ်ပြီးသည်နှင့်တပြိုင်နက်" ရဟန္တာဖြစ်သွားခဲ့ပြီး ၎င်းသည် အစာရေစာနှင့် သီတင်းသုံးရန်အမိုးအကာ လာဘ်လာဘအလှူများကိုရရှိခြင်းတွင် အားလုံးသောရဟန်းများအကြား အထင်ရှားဆုံး ဧတဒဂ်ဟု ဖော်ပြပါသည်။ ဂါထာ ၄၁၄ တွင် သီဝလိနှင့်ပတ်သက်ပြီး ဗုဒ္ဓက ဤသို့ ဟောကြားပါသည် -

> အန္တရာယ်များသော (ကိလေသာများဖြင့် ပြည့်လျှံနေသော) ဤနွံအိုင်ကို (ကိလေသာဖြင့် ပြည့်နေသော) ဤခက်ခဲသောလမ်းကို၊ ဘဝ(သံသရာ)ပင်လယ်သမုဒ္ဒရာကို၊ (မောဟ)အမှောင်ထုကို၊ အဆင့်လေးခုရှိသော ရေအလျင်ကို ဖြတ်ကူးပြီး ဟိုမှာဘက်ကမ်း(နိဗ္ဗာန်)ကို ရောက်ပြီးသော၊ အေးချမ်းမှုနှင့် ဝိပဿနာကိုလေ့ကျင့်သော၊ တဏှာနှင့်သံသယမှကင်းသော၊ မည်သည့်အရာပေါ်တွင်မှ ငြိကပ်ခြင်းမရှိသော ပြည့်စုံကောင်းမြတ်သော ငြိမ်းချမ်းမှုတွင်နေသောသူကို ဗြဟ္မဏဟု ငါခေါ်သည်။ [52]

ယခင်ဘဝဟောင်းတွင် ပြုလုပ်ခဲ့သောရွေးချယ်မှုများအတွက် ရှင်သီဝလိသည် ၎င်း၏အစောပိုင်း ဘဝသက်တမ်းအတွင်း မိခင်၏ဝမ်းကြာတိုက်တွင် ဒုက္ခခံရခြင်းဟူသောကံအကျိုးဆက်ကို ရင်ဆိုင်ခဲ့ရသော်လည်း တနည်းအားဖြင့် ကျန်ဘဝသက်တမ်းခရီးတလျှောက်၌ အောင်မြင်ခဲ့ပြီး နောက်ဆုံး အရဟတ္တဖိုလ်ဆိုက် ရဟန္တာဖြစ်ခဲ့သောကြောင့် ၎င်း၏ဘဝသည် ကံကောင်းပြီး ကောင်းချီးမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည်ဟု မှတ်ယူနိုင်ပေသည်။ ဤနည်းဖြင့် ရှင်သီဝလိ ဘဝဇာတ်ကြောင်းတစ်ခုလုံး၏ စိတ်ခံစားရေးရာသက်ရောက်မှုကို (IHL အရ) အလွန်တင်းကျပ်သော ကျင့်ဝတ် စံနှုန်း အခင်းအကျင်း(အတွက် အသုံးပြုခဲ့ခြင်း)အဖြစ် တွေ့မြင်နိုင်ပြီး တချိန်တည်းတွင် နောက်ဆုံး၌ သံသရာမှလွတ်မြောက်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုသော ဗုဒ္ဓဘာသာဝင်များအတွက် မျှော်လင့်ချက်ကိုလည်း ပေးပါသည်။

**နိဂုံး**

ဥမ္မဂ္ဂဇာတ်တော်(အမှတ် ၅၄၆)သည် ဘုရားလောင်း မဟောသဓာ အသုံးပြုခဲ့သည့် ဖြစ်နိုင်ခြေအလားအလာရှိသော ဝိုင်းရံခြင်းနှင့်ထိုနည်းဗျူဟာကိုရှောင်ကြဉ်ရန် ဖော်ပြထားသော်လည်း အသာတရူပဇာတ်တော်(အမှတ် ၁၀၀)သည် ဝိုင်းရံစစ်အား လက်တွေ့အသုံးပြုမှုနှင့်အတူတွဲပါလာသော အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းအပေါ် ကံအကျိုးဆက်ပုံစံဖြင့် မကောင်းသောတန်ပြန်ရိုက်ခတ်မှုများနှင့်အတူ မကောင်းသောစိတ်အခြေအနေပေါ်အခြေခံ သည့် အကုသိုလ်လုပ်ရပ်အဖြစ် ပိုမိုရှင်းလင်းသော ကိုယ်ကျင့်တရားဆိုင်ရာ အကဲဖြတ်ချက်သဘောထား ရှိပါသည်။ ဤဇာတ်တော်တွင် သုပ္ပဝါသာသည် အတိတ်ဘဝတွင် ၎င်း၏သားတော် ရှင်သီဝလိအလောင်းတော်အား ဝိုင်းရံစစ်ပွဲ ဆင်နွှဲရန် ၎င်းပေးခဲ့သော အကြံဉာဏ်အတွက် ကံအကျိုးဆက်များကို ရင်ဆိုင်ရသကဲ့သို့ အလားတူစွာ ရှင်သီဝလိ အလောင်းတော်သည် ထိုအကြံဉာဏ်အတိုင်း လုပ်ဆောင်ခြင်း၏ ကံအကျိုးဆက်များကို ရင်ဆိုင်ရပါသည်။ ရဟန္တာ အရှင်သီဝလိသည် ၎င်း၏အတိတ်ဘဝတွင် ၎င်း၏မြို့တော်ကို လုယူသိမ်းပိုက်ခဲ့သောသူများလက်မှ ပြန်လည်ရရှိ ရန် ကြိုးပမ်းနေသော မတရားအသိမ်းပိုက်ခံရသည့်မင်းသားတစ်ပါးဖြစ်ခဲ့ပြီး အဝိုင်းခံခဲ့ရသောလူထုသည် ၎င်း၏ ပြည်သူများ ဖြစ်ခဲ့ပါသည်။ လူတို့သည် သူတပါး ဆင်းရဲဒုက္ခရောက်အောင် ၎င်းတို့ ပြုလုပ်မှုအတွက် တစ်ဦးချင်း တာဝန်ရှိကြောင်းနှင့် ထိုကံအတွက် အကျိုးဆက်ကို ၎င်းတို့ကိုယ်တိုင် ခံစားရမည်ဖြစ်ကြောင်း IHL အား ချိုးဖောက်မှုများအတွက် မျက်မှောက်ခေတ် နိုင်ငံတကာရာဇဝတ်ဥပဒေတွင် တစ်ဦးချင်းတာဝန်ရှိမှုအခြေခံမှုနှင့် ပတ်သက်မှု များတွင် နှိုင်းယှဉ်ချက်များရှိကြောင်းကို ဤပုံဝတ္ထုက ပြသနေပါသည်။ အသာတရူပဇာတ်သည် အစာရေစာ ငတ်ပြတ်မှုရလဒ်ဖြစ်စေသော ဝိုင်းရံစစ်ပွဲအား အလုံးစုံတားမြစ်ချက်ကို အခိုင်အမာထောက်ခံသည့်အပြင် ယင်းသို့ ပြုလုပ်ခြင်းအတွက် အကျိုးဆက်များရင်ဆိုင်ရမည့်မဟာဗျူဟာမျိုးကို အရပ်သားအကြံပေးများ အကြံပြုသည့်

သို့မဟုတ် ထောက်ခံသည့် အတိုင်းအတာအထိ အပါအဝင် စစ်ရာဇဝတ်မှုများအတွက် တစ်ဦးချင်းတာဝန်ရှိမှုနှင့် ကွပ်ကဲရေးတာဝန်ရှိမှုကို အားပေးထောက်ခံကြောင်းကို တင်ပြနိုင်ပါသည်။

အသာတရူပဇာတ်တော်ကဲ့သို့ ဘာသာရေးဆိုင်ရာပုံဝတ္ထုများကို မျှဝေခြင်းမှတဆင့် ဝိုင်းရံစစ်ကိုအသုံးပြုခြင်းဖြင့် အရပ်သားများအား ဆင်းရဲဒုက္ခဖြစ်စေခြင်းအတွက် ကိုယ်ကျင့်သီလနှင့် ကျင့်ဝတ်ဆိုင်ရာ တာဝန်ရှိမှုကို အလေးထားဖော်ပြနိုင်ပါသည်။ ခွန်ခွန်ရွိုင်း(Kum Kum Roy) ဖော်ပြသကဲ့သို့ "ဇာတ်တော်များသည် အသိပညာပေးရန် ဖြစ်ပါသည် - ၎င်းတို့ကို ကျွမ်းကျင်ပညာရှင်များအတွက်သာ သီးသန့် ထိန်းသိမ်းထားခြင်းအဖြစ် မှတ်ယူခြင်း မပြုရပါ"။ (Roy 1996,23) ဤပုံဝတ္ထုများသည် "လူသိများထင်ရှားသော အစဉ်အလာစကားများစုစည်းရာဇာစ်မြစ်" မှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာအဆုံးအမတရားတော်နှင့် လောကီနှုတ်ပြောစကားအစဉ်အလာများ နှစ်ခုလုံးတွင် ထိုပုံဝတ္ထုများကို တနည်းအားဖြင့် အသုံးပြုခဲ့သောကြောင့် ထိုပုံဝတ္ထုများသည် "ဇာတ်ကြောင်းပြန် အခြေအနေမျိုးစုံအတွင်းသို့ရောက်ရှိလာနိုင်သည့်နည်းတူ ယင်းတို့အတွင်းမှ ပျောက်ကွယ်သွားနိုင်ကြောင်း Roy က ဖြည့်စွက်ပြောဆိုထားပါသည်။ (Roy 1996,37)

ဤဇာတ်ကြောင်းပြန်များတွင် ဖော်ပြထားသော ဗုဒ္ဓဘာသာကိုယ်ကျင့်တရားများကို အရပ်သားများနှင့် စစ်တပ် နှစ်ခုလုံးအတွက် အလေ့အထကောင်းများခိုင်မာအားကောင်းစေရန်နှင့် IHL ချိုးဖောက်မှုများကို ကာကွယ်တားဆီးရန် လူသားချင်းစာနာထောက်ထားမှုဥပဒေသင်တန်းပေးလေ့ကျင့်မှုနှင့်အတူတွဲဖက်၍ တင်ပြပေးနိုင်မည်လား၊ သင်ကြားပေးနိုင်မည်လား။ ဗုဒ္ဓဘာသာယဉ်ကျေးမှုနောက်ခံရှိသည့်နိုင်ငံများအတွက် IHL အား အသိပညာဖြန့်ဝေခြင်းတွင် ဗုဒ္ဓဘာသာ ဘာသာရေးကျမ်းစာများနှင့် စာပေများအပြင် ယဉ်ကျေးမှုအလေ့အထများကိုပါ ရည်ညွှန်းကိုးကားမှုပြုလုပ်ခြင်းအတွက် ခိုင်ခိုင်မာမာအကြောင်းပြချက် ရှိပါသည်။ ဤကွင်းဆက်များကိုပြုလုပ်ခြင်း အထူးသဖြင့် ၎င်းတို့၏လုပ်ဆောင်ချက်များ၏ ကံအကျိုးဆက်နှင့်ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်အလေ့အထများကို ကျင့်သုံးနေကြသော စစ်သည်များ၊ ကွပ်ကဲသူတပ်မှူးများနှင့် စစ်ဘက်အကြံပေးများ၏ အလွန် လက်တွေ့ကျသည့် အလေးထားမှုကို ဤနေရာ၌ ထည့်သွင်းစဉ်းစားခြင်းသည် IHL စည်းမျဉ်းများနှင့် အခြေခံမှုများအား အသုံးပြုမှုကို ခိုင်မာအားကောင်းစေနိုင်သည့်အချက်မှာ ဖြစ်နိုင်ပါသည်။ ဗုဒ္ဓဘာသာသည် စစ်ပွဲအတွင်း အခြားသက်ရှိသတ္တဝါများအား ထိခိုက်နစ်နာစေသည့် လုပ်ဆောင်မှုများအတွက် ကင်းလွတ်ခွင့်မပေးပါ။ သို့သော် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလသည် စစ်ပွဲအတွင်း အတတ်နိုင်ဆုံး ဆင်းရဲဒုက္ခလျော့ပါးသက်သာစေရန်နှင့် အကြမ်းဖက်မှုသံသရာ ဆက်လက်ဖြစ်ပေါ်ခြင်းမှ ရပ်တန့်စေရန် ဆုံးဖြတ်ချက်ပြုလုပ်ခြင်းကို အထောက်အကူပြုနိုင်ပါသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း အစာရေစာငတ်ပြတ်မှုကို ဖြစ်စေသော လုပ်ဆောင်မှုများကို ရှောင်ကြဉ်ခြင်းနှင့် အရပ်သားများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခြင်းတို့သည် ယင်းသို့သော ကိုယ်ကျင့်သီလဆိုင်ရာ ဆုံးဖြတ်ချက်များ၏ သာဓကများ ဖြစ်ပါသည်။

IHL နှင့်ပတ်သက်သည့် ဆွေးနွေးမှုများ၏ ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာတွင် အသာတရူပဇာတ်တော်ကို အသုံးပြုခြင်းသည် စိတ်ဝင်စားဖွယ်ရာမေးခွန်းအတော်များများကို ဖြစ်စေပါသည်။ ပထမဦးစွာ ဝိုင်းရံခြင်းနှင့် ပိတ်ဆို့ခြင်း - အထူးသဖြင့် အရပ်သားလူထုအတွက် အစုလိုက်အပြုံလိုက် အစာရေစာငတ်ပြတ်မှု၊ ရေ၊ ဆေးဝါးနှင့် သန့်ရှင်းရေး ကင်းမဲ့မှု ရလဒ်ဖြစ်စေသော (မတော်တဆဖြစ်သည့်တိုင်) စစ်မဟာဗျူဟာများနှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများကို လုံးဝတားမြစ်ခြင်း တို့နှင့်သက်ဆိုင်သော စစ်ပွဲဆိုင်ရာဥပဒေအား နောက်ထပ်၍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလအတွက် အခန်းကဏ္ဍ ရှိနိုင်ပါသလား၊

ဒုတိယအချက်မှာ နိုင်ငံတကာပါဝင်သော သို့မဟုတ် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများတွင် ယင်းသို့သောနည်းလမ်းများကို ချမှတ်သော စစ်ဘက် သို့မဟုတ် အရပ်သား ဆုံးဖြတ်ချက် ပြုလုပ်သူများအတွက် တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုအတွက် ပညာရှင်ဆန်ဆန် အထောက်အကူ ပေးနိုင်ရန် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလကို အသုံးပြုသင့်ပါသလား။ တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုကို သတ်မှတ်ခြင်း မရှိဘဲ ရာဇဝတ်ကြောင်းအရ အပြစ်ပေးမှုကို ဤနည်းလမ်းဖြင့် ရှောင်လွှဲသည့်တိုင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မိမိလုပ်ဆောင်မှုများ၏ ကံအကျိုးဆက်များမှ မလွတ်မြောက်နိုင် ဆိုသည်အား နားလည်ကြကြောင်းကိုလည်း ဂရုပြုသင့်ပါသည်။ ဤနည်းဖြင့် ဗုဒ္ဓဘာသာဝင်များအတွက် တစ်ကိုယ်ရေတာဝန်ရှိမှုအား ဆွေးနွေးခြင်းသည် အဟန့်အတားဖြစ်စေသော သက်ရောက်မှုရှိနိုင်ပြီး နောင်အနာဂတ် ချိုးဖောက်မှုများကို ကာကွယ်တားဆီးနိုင်ပါသည်။ ဤနည်းအားဖြင့် IHL နှင့် ဗုဒ္ဓဘာသာကိုယ်ကျင့်တရားတို့နှင့်ပတ်သက်သည့် ဆွေးနွေးမှုသည် အာရှဒေသ

အတွင်းနှင့် အာရှကိုကျော်လွန်၍ အပြုသဘောဆွေးနွေးမှုများအပေါ် တုံ့ပြန်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်စေနိုင်သည့် အပြင် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလသည် IHL အရ စစ်ရေးနည်းလမ်းအဖြစ် ဝိုင်းရံခြင်းနှင့်သက်ဆိုင်သည့် ဥပဒေကို ပြန်လည်သုံးသပ်ရန် တွန်းအားပင် ပေးနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး တရားသူကြီးများ (အထူးသဖြင့် သီရိလင်္ကာ ဗုဒ္ဓဘာသာတန်ဖိုးထားမှုများနှင့် အခြေခံမှုများကို ၎င်း၏စီရင်ဆုံးဖြတ်ချက်များတွင်အသုံးပြုသော တရားသူကြီး ဝီးရာမန်ထရီ - Weeramantry) က ဘာသာရေးကို ရည်ညွှန်းကိုးကားအကြောင်းပြခြင်းအား ၎င်း၏ဆန်းစစ်လေ့လာမှုတွင် ကာရိုလင်းအီဗန်(Carolyn Evan) ၏ သုံးသပ်ချက်အတိုင်း "အပြည်ပြည်ဆိုင်ရာတရားဥပဒေစနစ်အတွင်း ဖွံ့ဖြိုးတိုးတက်လာသော တည်ဆဲ စံနှုန်းသတ်မှတ်ချက်များကို အထောက်အပံ့ပြုနိုင်သော နည်းလမ်းတစ်ခုအဖြစ် ဘာသာရေးကို အသုံးပြုရန်" ဖြစ်နိုင်ပါသည်။ (Evans 2005, 18) သို့ရာတွင် အီဗန်စ် မှန်ကန်စွာ မှတ်ချက်ပေးသည့်အတိုင်းလည်း ယင်းကဲ့သို့ ဘာသာရေးကို အပြည်ပြည်ဆိုင်ရာဥပဒေ၏ ဇာစ်မြစ်တစ်ခုအဖြစ် အသိအမှတ်မပြုသောကြောင့် ဘာသာရေးက အပြည်ပြည်ဆိုင်ရာဥပဒေ၏စံနှုန်းများနှင့် ဆန့်ကျင်သောနေရာများတွင် ဘာသာရေးကို မှီငြမ်းကိုးကားမှုများအဖြစ် အသုံးပြုရန်မသင့်တော်ချေ။ အီဗန်စ်က ဘာသာရေးကိုအသုံးပြုခြင်းသည် ဘာသာရေးကျမ်းစာများရှိ အခြားသော ကောက်နုတ်ချက်စာသားများသည် မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာဥပဒေအား ချိုးဖောက်မှုကို အားပေးခြင်း ရှိနိုင်သည့်နေရာများတွင် အသွားနှစ်ဘက်ပါသောဓားဖြစ်နိုင်သည်ဟုလည်း သတိပေးထားပါသည်။[53] သို့ရာတွင် ဤသို့ အသွားနှစ်ဘက်ရှိသောဓား၏ သဘာဝမျိုးသည် ဗုဒ္ဓဘာသာကျမ်းစာများအတွက် အကြောင်းမဟုတ်ဆိုသည့် အချက်နှင့် အထူးသဖြင့် အသာတရူပဇာတ်တွင် ဖော်ပြခဲ့သကဲ့သို့ ဝိုင်းရံစစ်နှင့် အရပ်သားများအား အစာရေစာ ငတ်ပြတ်စေခြင်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်မရှိဟု ငြင်းချက်ထုတ်နိုင်ပါသည်။ မကောင်းမှုအကုသိုလ်ကံပြုခြင်း အတွက် အကျိုးဆက်များကိုပြသည့် ဤသီးခြားပုံဝတ္ထုနှင့်အတူ ပေါင်းစပ်ထားသော "ထိခိုက်နစ်နာအောင်မလုပ်ရ" ဟူသော ဗုဒ္ဓဘာသာကိုယ်ကျင့်သီလသည် IHL အသိပညာပြန့်ပွားရေးနှင့်ဆွေးနွေးခြင်းအတွက်အပြင် ဤနယ်ပယ် တွင် ဤဥပဒေအား နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အသုံးဝင်ပေသည်။

**မှတ်စုများ**

1. အရဟတ္တ(ရဟန္တာ)သည် ဗုဒ္ဓ၏အဆုံးအမတရားတော်ကိုကျင့်သုံးခြင်းဖြင့် အရဟတ္တမဂ်ဉာဏ် ရရှိသူအတွက် ပေးသော အသုံးအနှုန်း ဖြစ်ပါသည်။ ဗုဒ္ဓသည် သစ္စာတရားကို ကိုယ်တိုင် ထပ်မံသိမြင်တွေ့ရှိပြီး အခြားသူများကို ကူညီရန် သင်ကြားပြသပေးပါသည်။

2. ဗုဒ္ဓ ဓမ္မ ပညာရေးအသင်း အင်ကော်ပိုရိတ် (Buddha Dharma Education Associaton Inc.,) ၏ဘာသာပြန်။ အွန်လိုင်းတွင် https://www. buddhanet.net/ ၌ ရနိုင်ပါသည်။

3. ဂါထာ ၁၂၉ သည် ဒဏ္ဍဝဂ်တွင် ပါရှိပြီး ဤဂါထာနှင့်အတူ အဋ္ဌကထာဖွင့်ဆိုချက်က ဇေတဝန် ကျောင်းတော်တွင် အခြားရဟန်းတစ်စုကို ရိုက်နှက်ခဲ့သည့် ဘိက္ခု(ရဟန်း)တစ်စုကို ဗုဒ္ဓက အပြစ်ဖော်ပြဆုံးမသော အဖြစ်အပျက်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ထိုသို့ဆုံးမပြီးနောက် ရဟန်းများက အခြားရဟန်းများအား ရိုက်နှက်ခြင်းကို တားမြစ် သည့် ဝိနည်းဥပဒေသကို ပညတ်ခဲ့ပါသည်။ ဂါထာ ၄၀၅ သည် ဗြာဟ္မဏဝဂ်တွင် ပါဝင်ပြီး လူဝတ်ကြောင်တစ်ဦးက ရဟန်းတစ်ပါးကို နားလည်မှုလွဲမှားခြင်းကြောင့် အပြင်းအထန် ရိုက်နှက်ခဲ့သော်လည်း လက်တုံ့ပြန်ခြင်း သို့မဟုတ် ဒေါသကိုပြသခြင်းမရှိသည့် ဇေတဝန်ကျောင်းတော်မှ ဘိက္ခု(ရဟန်း)တစ်ပါး၏ ဇာတ်လမ်းနှင့် သက်ဆိုင်ပါသည်။ ဗုဒ္ဓက ဤရဟန်းသည် ရဟန္တာတစ်ပါး၏ ဂုဏ်အရည်အချင်းများကို ပြသခဲ့သည်ဟု ဆိုပါသည်။

4. ဤအချက်နှင့်ပတ်သက်ပြီး နောက်ထပ် ဆွေးနွေးချက်ကို ပါမောက္ခ အာသန္ဂတီလာခါရတ်နေ(Prof Asanga Tilakaratne) ရေးသားသော ဤစာအုပ်ပါ ဆောင်းပါးတွင် ကြည့်ပါ။

5. ဤအယူအဆ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားမူဝါဒ၏ အသုံးချခံ နည်းလမ်းတစ်ခုအဖြစ် ရန်လိုသောစစ်ပွဲ ကို ကန့်ကွက်ရှုတ်ချထားသော ၁၉၁၉ခုနှစ် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ပဋိညာဉ်(The Covenant of the League of Nations)၏ အပိုဒ် ၁၀နှင့် ၁၉၂၈ခုနှစ် ကဲလော့ဘရိုင်ယန်စာချုပ်(The Kellogg-Briand Pact) တို့ကို နောက်ထပ် ကြည့်ပါ။ ရန်လိုကျူးကျော်စစ်ပွဲ ရာဇဝတ်မှု (crime of aggression) အတွက် အပြည်ပြည်ဆိုင်ရာဥပဒေအရ တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုကို နူရင်ဘာ့ဂ်ရှိ နိုင်ငံတကာစစ်ခုံရုံးတွင် ယင်း၏ အပိုဒ် ၆(ခ)တွင် ပထမ ဦးစွာ ထည့်သွင်းခဲ့ပြီး တိုကျိုရှိ နိုင်ငံတကာစစ်ခုံရုံးအတွက် ပဋိညာဉ် အပိုဒ် ၅(က)တွင် ထပ်မံထည့်သွင်းထားပါ

သည်။ နိုင်ငံတကာရာဇဝတ်တရားရုံး စတက်ကျူဥပဒေ (၂၀၁၈ခုနှစ်မှစ၍ လုပ်ငန်းဆောင်ရွက်)အတွက် ရန်လိုကျူးကျော် စစ်ပွဲရာဇဝတ်မှုကို ပြင်ဆင်ချက်အပိုဒ် ၈ ဘစ်စ်(၁) (bis (1))က အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါသည်။

6. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at. 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့်ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၇။

7. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at. 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့်ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၇။ ရေကြောင်းပိတ်ဆို့မှုအတွက် ၁၉၉၄ခုနှစ် ဇွန်လ ၁၂ရက်နေ့ ပင်လယ်ပြင်တွင်ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကျုံးဝင်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့်သက်ဆိုင်သော ဆန်ရီးမိုးလက်စွဲ(San Remo Manual) အပိုဒ် ၁၀၂ကို ဆက်လက်၍ ကြည့်ပါ။ ဝေဟင်ပိတ်ဆို့မှုအတွက် ၂၀၀၉ခုနှစ် မေလ ၁၅ရက်နေ့ လေကြောင်းနှင့် ဒုံးလက်နက်စစ်ပွဲနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့်သက်ဆိုင်သော လက်စွဲ အပိုဒ် ၁၅၇(က) ကို ကြည့်ပါ။

8. ၁၉၉၄ခုနှစ် ဇွန်လ ၁၂ရက်နေ့ ပင်လယ်ပြင်တွင်ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများနှင့် အကျုံးဝင်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့်သက်ဆိုင်သော ဆန်ရီးမိုးလက်စွဲ အပိုဒ် ၁၀၂ကို ကြည့်ပါ -

"ပိတ်ဆို့မှုကြေငြာချက် သို့မဟုတ် ပြဋ္ဌာန်းချက်ကို (က) အရပ်သားလူထုအား အစာရေစာငတ်ပြတ်စေရန် သို့မဟုတ် ၎င်းတို့၏အသက်ရှင်ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခြားအရာများအား ၎င်းတို့မရရှိစေရေး ငြင်းပယ်ရန် သက်သက် ရည်ရွယ်ချက်ရှိလျှင် သို့မဟုတ် (ခ) အရပ်သားလူထုကို ထိခိုက်ပျက်စီးစေလျှင် သို့မဟုတ် ထိုပိတ်ဆို့ခြင်းမှ မျှော်မှန်းထားသော ခိုင်မာပြီးတိုက်ရိုက်စစ်ရေးအသာစီးရမှုနှင့်နှိုင်းစာလျှင် အလွန်အကျွံဖြစ်နိုင်ကြောင်း မျှော်လင့်နိုင်လျှင် တားမြစ်သည်။"

9. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့်ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၇။

10. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့်ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၁) အပိုဒ် ၅၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၂၀၈၉။

11. အမေရိကန်ပြည်ထောင်စုနှင့် ဗီးလ်ဟဲလ်မ်ဖွန်လိဘ် - The United States of America v. Wilhelm von Leeb 12 LRTWC 1 at 59 (1948) အဆင့်မြင့်ကွပ်ကဲမှု (high Command Case) အမှုကိုကြည့်ပါ။ ကုလသမဂ္ဂစစ်ရာဇဝတ်မှုကော်မရှင်၊ စစ်ရာဇဝတ်ကောင်များကို စွဲဆိုသောအမှုများနှင့်ပတ်သက်သည့် ဥပဒေအစီရင်ခံစာ အတွဲ ၁၂၊ ဂျာမန် အဆင့်မြင့်ကွပ်ကဲမှု တရားစီရင်ရေးမှ အမှုတွဲအမှတ် ၇၂တွင်လည်း ရနိုင်ပါသည်။ အွန်လိုင်းတွင် https://www.loc.gov/rr/frd/Military_Law/pdf/Law-Reports_Vol-12.pdf ၌ ရနိုင်ပါသည်။

12. အမေရိကန်ပြည်ထောင်စုနှင့် ဗီးလ်ဟဲလ်မ်ဖွန်လိဘ် - The United States of America v. Wilhelm von Leeb 12 LRTWC 1 at 59 (1948) အဆင့်မြင့်ကွပ်ကဲမှု (high Command Case) အမှုကိုကြည့်ပါ။ ကုလသမဂ္ဂစစ်ရာဇဝတ်မှုကော်မရှင်၊ စစ်ရာဇဝတ်ကောင်များကို စွဲဆိုသောအမှုများနှင့်ပတ်သက်သည့် ဥပဒေအစီရင်ခံစာ အတွဲ ၁၂၊ ဂျာမန် အဆင့်မြင့်ကွပ်ကဲမှု တရားစီရင်ရေးမှ အမှုတွဲအမှတ် ၇၂တွင်လည်း ရနိုင်ပါသည်။ အွန်လိုင်းတွင် https://www.loc.gov/rr/frd/Military_Law/pdf/Law-Reports_Vol-12.pdf ၌ ရနိုင်ပါသည်။

13. ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၁၄၀။ အမျိုးသားအဆင့် ဆွေးနွေးပွဲရလဒ်များအား အကောင်အထည်ဖော်မှုကို အားပေးထောက်ခံခြင်း၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုအား အပြည့်အဝနှင့် အချိန်ကိုက် အကောင်အထည်ဖော်မှု လိုအပ်ချက်ကို ထပ်လောင်းအတည်ပြုခြင်းနှင့် ကုလသမဂ္ဂ ပဋိညာဉ် အခန်း(၇) အောက်ရှိ ဒဏ်ခတ်အရေးယူခြင်းများစနစ် တည်ထောင်ခြင်း S/RES / 2140 (2014) 2020

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၅၁၁ကိုကြည့်ပါ။ ယီမင်နိုင်ငံအပေါ် လုံခြုံရေး ကောင်စီဆုံးဖြတ်ချက် ၂၁၄၀ (၂၀၁၄) ဖြင့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့အထိ ချမှတ်ထားသော အရေးယူမှုများကို သက်တမ်းတိုးခြင်းနှင့် ကျွမ်းကျင်သူများအဖွဲ့အားအပ်နှင်းထားသည့် လုပ်ငန်းဆောင်ရွက်ခွင့်ကို ၂၀၂၁ခုနှစ် မတ်လ ၂၈ရက်နေ့အထိ တိုးမြှင့်ခြင်း၊ S/RES/2511(2020) နှင့် ၂၀၂၀ပြည့်နှစ် ဇူလိုင်လ ၁၄ရက်နေ့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၅၃၄၊ ဟိုဒိုင်းဒါးသဘောတူညီချက် (Hodeidah Agreement) (UNMHA) ကို အထောက်အကူပြုရန် ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့အားအပ်နှင်းထားသည့်လုပ်ငန်းဆောင်ရွက်ခွင့် (mandate) ကို ၂၀၂၁ခုနှစ် ဇူလိုင်လ ၁၅ရက်နေ့အထိ တိုးမြှင့်ခြင်း။ S/RES/2534 (2020)

14. ကုလသမဂ္ဂလုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ချက်၊ "ယီမင်နိုင်ငံ၌ ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များက ဟိုဒိုင်းဒါးဆိပ်ကမ်းမှ တပ်ဖွဲ့များ ပြန်လည်တပ်ဖြန့်ချထားမှုအတွက် လက်ခံခဲ့ပြီးဖြစ်သည်ဟု အထူးသံတမန်က လုံခြုံရေး ကောင်စီသို့ ပြောဆို" ၂၀၁၉ခုနှစ် ဧပြီလ ၁၅ရက်နေ့၊ ၈၅၁၂ကြိမ်မြောက် အစည်းအဝေး၊ SC/13780။ https://www.un.org/press/en/2019/sc13780.doc.htm.

15. "သန်းနှင့်ချီ အစာရေစာငတ်ပြတ်နေသောကြောင့် အကူအညီထိန်းချုပ်မှုအပေါ် ယီမင်နိုင်ငံ၏ ဟူသီများနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့ အငြင်းပွား" ၂၀၁၉ခုနှစ် ဇွန်လ ၄ရက်နေ့ကို ကြည့်ပါ။ https://www.reuters.com/article/us-yemen-security-wfp/yemenshouthis-and-wfp-dispute-aid-control-as-millions-starve-idUSKCN1T51YO.

16. ကုလသမဂ္ဂ "ယီမင်နိုင်ငံနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ချက်" ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၇ရက်နေ့၊ https://osesgy.unmissions.org/security-council-press-statement-yemen-1; ကုလသမဂ္ဂ "ယီမင်နိုင်ငံနှင့်ပတ်သက်၍ အတွင်းရေးမှူးချုပ်၏ ထုတ်ပြန်ချက်" ၂၀၂၀ပြည့်နှစ် နိုဝင်ဘာလ ၂၀ရက်နေ့၊ https://osesgy.unmissions.org/statement-secretary-general-%E2%80%93-yemen.

17. ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်နေ့တွင် လုံခြုံရေးကောင်စီက ၎င်း၏ ၇၁၁၆ကြိမ်မြောက် အစည်းအဝေးတွင် ချမှတ်ခဲ့သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၁၃၉ (၂၀၁၄)။ S/RES/2139 (2014)

18. ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၂၂ရက်နေ့တွင် လုံခြုံရေးကောင်စီက ၎င်း၏ ၇၅၉၅ကြိမ်မြောက် အစည်းအဝေးတွင် ချမှတ်ခဲ့သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၅၈ (၂၀၁၅)။ S/RES/2258 (2015)

19. ၂၀၁၈ခုနှစ် မေလ ၂၄ရက်နေ့တွင် လုံခြုံရေးကောင်စီက ၎င်း၏ ၈၂၆၇ကြိမ်မြောက် အစည်းအဝေးတွင် ချမှတ်ခဲ့သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၄၁၇ (၂၀၁၈)။ S/RES/2417 (2018)

20. အထက်ပါအတိုင်း၊ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၄၁၇ (၂၀၁၈)၊ စာပိုဒ် ၅နှင့် ၆။

21. အက်ဖ်အေအို/ဒဗလျူအက်ဖ်ပီ (၂၀၁၈)၊ ၂၀၁၈ခုနှစ် မေလ ၂၄ရက်နေ့၊ ရောမ၊ ငတ်မွတ်ခေါင်းပါးမှုနှင့် ပဋိပက္ခ အပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ကြိုဆို။ http://www.fao.org/news/story/en/item/1135838/icode/

22. အက်ဖ်အေအို/ဒဗလျူအက်ဖ်ပီ (၂၀၁၈)၊ "ပဋိပက္ခအခြေအနေများနှင့် နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံရေးကို စောင့်ကြည့်လေ့လာခြင်း - ကုလသမဂ္ဂလုံခြုံရေးကောင်စီအတွက် အက်ဖ်အေအို/ဒဗလျူအက်ဖ်ပီ ပူးတွဲတင်ပြချက်၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလ၊ ထုတ်ဝေမှုအမှတ် ၃" http://www.fao.org/3/I8386EN/i8386en.pdf

23. လီဘာကိုဥပဒေမှ ဤစာပိုဒ်များကို အဆင့်မြင့်ကွပ်ကဲမှု အမှုတွင်လည်း ကိုးကားထားကြောင်းကို သတိပြုပါ။ အမေရိကန်ပြည်ထောင်စုနှင့် ဗီးလ်ဟဲလ်မ်ဖွန်လိဘ် - The United States of America v. Wilhelm von Leeb 12 LRTWC 1 at 59 (1948) အထက်ပါမှတ်စု (၁၁) နှင့် (၁၂) ကို ကြည့်ပါ။

24. ပါရီငြိမ်းချမ်းရေးညီလာခံ (၁၉၁၉-၁၉၂၀)၊ စစ်ပွဲဖန်တီးသူများ၏တာဝန်ရှိမှုနှင့်ပတ်သက်သည့်ကော်မရှင်နှင့် ပြစ်ဒဏ်များအား အခိုင်အမာဖြစ်စေခြင်း - စစ်ပွဲဆိုင်ရာဥပဒေများနှင့်ဓလေ့ထုံးစံများအား ချိုးဖောက်ခြင်း၊ https://archive.org/stream/violationoflawsc00pariuoft/violationoflawsc00pariuoft_djvu.txt

25. ယေဘုယျ "လူသားဆန်စွာပြုမူဆက်ဆံခြင်း - humane treatment" စံနှုန်းသည် ဂျီနီဗာသဘောတူညီချက်(၄) ၏ ဘုံပြဋ္ဌာန်းချက်အပိုဒ် ၃ နှင့် ၂၇ တို့တွင် ပါဝင်ခဲ့ကြောင်း သတိပြုပါ။ လူသားဆန်စွာပြုမူဆက်ဆံခြင်း စံနှုန်းကို ချိုးဖောက်မှုဖြစ်စေမည့် စားနပ်ရိက္ခာ သို့မဟုတ် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ များအား ငြင်းပယ်မှု များပြားလာခြင်းတွင် ယင်းစံနှုန်းကို အသုံးပြုနိုင်ပါသည်။

26. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၂။

27. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၁။

28. နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပိုင်းဆိုင်ရာတာဝန်များနှင့်ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာတွင် ဤအချက်သည် မည်သည့်အခြေအနေအောက်တွင်မဆို ကန့်သတ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းမပြုနိုင်သော စည်းမျဉ်း သို့မဟုတ် အခွင့်အရေး သို့မဟုတ် ထိုစည်းမျဉ်းအားအသုံးချမှုအတွက် ခြွင်းချက်မရှိခြင်းကို ကျင့်သုံးနိုင်ကြောင်းကို ရည်ညွှန်းသည့် အသုံးအနှုန်း ဖြစ်ပါသည်။ In the context of a state's legal obligations, this is a term that refers to a rule or right that cannot be limited or suspended under any circumstance, or where no exception to the application of the rule can be applied.

29. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၅။

30. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက် စာပိုဒ် ၄၇၉၅။

31. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာသဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက် စာပိုဒ် ၂၈၀၈။

32. https://ihl-databases.icrc.org/customaryihl/eng/docs/v1_cha_chapter17_rule53#Fn_5496F01F_00014 ကို ကြည့်ပါ။

33. နိုင်ငံတကာရာဇဝတ်တရားရုံး(အိုင်စီစီ)စတက်ကျူဥပဒေ၏ အပိုဒ် ၈(၂)(ခ)(၂၅) – "ဂျီနီဗာသဘောတူညီချက်အရ ပြဋ္ဌာန်းထားသည့်အတိုင်း ကယ်ဆယ်ရေးပစ္စည်းများကို တမင်သက်သက်ရည်ရွယ်ချက်ရှိရှိ ဟန့်တားခြင်းအပါအဝင် အရပ်သားများအား ၎င်းတို့၏ အသက်ရှင်သန်မှုအတွက် မရှိမဖြစ်လိုအပ်သော အရာများကို ၎င်းတို့မရရှိစေရန် ပိတ်ပင်ခြင်းဖြင့် စစ်ရေးနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေခြင်းကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်း"။

34. နိုင်ငံတကာရာဇဝတ်တရားရုံး ရောမ စတက်ကျူဥပဒေ ပြင်ဆင်ချက် အပိုဒ် ၈၊ အရပ်သားများအား အစာရေစာငတ်ပြတ်စေခြင်းကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်း၊ ၂၀၁၉ခုနှစ် ဒီဇင်ဘာလ ၆ရက်၊ C.N.394.2020 TREATIES-XVIII.10.g., https://treaties.un.org/doc/Publication/CN/2020/CN.394.2020-Eng.pdf

35. အစိုးရရှေ့နေနှင့် ပယ်ရစ်စစ်နှင့်အခြားသူများ၊ ဇာဒါးခရိုင်တရားရုံး၊ ခရိုအေးရှား(ဟာ်ဗတ်စ်ခါ)၊ အမှုအမှတ် ကေ ၇၄/၉၆၊ ၁၉၉၇ခုနှစ် ဧပြီလ ၂၄ရက်၊ http://www.internationalcrimesdatabase.org/Case/1053 တွင် ရနိုင်ပါသည်။ ပယ်ရစ်စစ်(Perisic)နှင့် အခြားသူများအမှုတွင် "ဤသို့လုပ်ဆောင်ရန် စစ်ရေးဆိုင်ရာလိုအပ်ချက်မရှိဘဲ အနည်းဆုံး အရပ်သား ၃၀ သေဆုံးစေခဲ့ပြီး စီးပွားရေးနှင့် ယဉ်ကျေးမှုအရ အလွန်အရေးပါသော အဆောက်အအုံများနှင့် အရာဝတ္ထုများ အပါအဝင် မြို့၏အရေးပါသော အစိတ်အပိုင်းများကို ပျက်စီးမှုဖြစ်စေခဲ့သော" ဇာဒါးမြို့ကို ဝိုင်းထားမှုအတွက် တရားရုံးက ယူဂိုဆလပ် ပြည်သူ့တပ်မတော်(ဂျေအင်န်အေ)မှ အရာရှိ ၁၉ဦးကို မျက်ကွယ်တွင် စီရင်ချက်ချခဲ့ပါသည်။

အိုင်စီအာရ်စီ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ အချက်အလက်သိုမှီးသိမ်းဆည်းမှု (ဒေတာဘေ့စ်)၊ "ဓလေ့ထုံးတမ်းစည်းမျဉ်း ၅၃၊ စစ်ပွဲတိုက်ခိုက်သည့်နည်းလမ်းအဖြစ် အရပ်သားလူထုအား အစာရေစာငတ်ပြတ်အောင်

လုပ်ခြင်းကို တားမြစ်သည်” ကို အသေးစိတ် ဆက်၍ ကြည့်ပါ။ https://ihl-databases.icrc.org/customary-ihl/eng/docs/v1_cha_chapter17_rule53#Fn_5496F01F_00014

36. အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (Pilloud et at . 1987) ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ဂျီနီဗာ သဘောတူညီချက်များကို ဖြည့်စွက်သော ၁၉၇၇ခုနှစ် ဇွန်လ ၈ရက်နေ့ နောက်ဆက်တွဲသဘောတူညီချက်များနှင့် ပတ်သက်သည့် ရှင်းလင်းချက် နောက်ဆက်တွဲသဘောတူညီချက် (၂) အပိုဒ် ၁၄၊ အရပ်သားလူထု၏ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအရာများကို အကာအကွယ်ပေးခြင်း၊ စာပိုဒ် ၄၇၉၉။

37. “မာတန်စာပိုဒ်ငယ်” သည် မြေပြင်စစ်ပွဲဆိုင်ရာဥပဒေများနှင့်ဓလေ့ထုံးစံများနှင့်စပ်လျဉ်းသည့် ၁၈၉၉ခုနှစ် ဟိဂ်သဘောတူညီချက်(၂)၏ နိဒါန်းတွင် မူရင်းဖော်ပြထားသောအသုံးအနှုန်းကို ရည်ညွှန်းပြီး နောက်ပိုင်းတွင် IHL စာချုပ်စာတမ်းများနှင့် သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များတွင် အသုံးပြုခဲ့ပါသည် -

“စစ်ပွဲဆိုင်ရာဥပဒေ၏ ပိုမိုပြည့်စုံသောကျင့်ဝတ်စည်းကမ်းများကို ထုတ်ပြန်သည်အထိ စာချုပ်ဝင်နိုင်ငံများသည် ၎င်းတို့ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်ခြင်းမရှိသည့်ကိစ္စရပ်များတွင် လူထုနှင့် စစ်တိုက်နေသူများအနေဖြင့် ယဉ်ကျေးသောနိုင်ငံများအကြား အခြေခိုင်နေပြီဖြစ်သော အသုံးပြုမှုများမှလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများနှင့် အများပြည်သူ၏ အမှားအမှန်ပိုင်းခြားနိုင်သောအသိစိတ်၏ သတ်မှတ်ပြဋ္ဌာန်းချက်များမှလည်းကောင်း ပေါ်ထွက်လာသောရလဒ်အဖြစ် အပြည်ပြည်ဆိုင်ရာဥပဒေပါ မူများ၏ အကာအကွယ်ပေးမှုနှင့် လွှမ်းမိုးထိန်းချုပ်မှုအောက်တွင် ဆက်လက်ရှိနေကြောင်း ကြေညာခွင့်ကို စဉ်းစားဆင်ခြင်ပါသည်။”

၁၈၉၉ခုနှစ် ဟိဂ် ငြိမ်းချမ်းရေးညီလာခံတွင် ရုရှားကိုယ်စားလှယ် ဖီယိုဒို ဖီယိုဒိုရိုဗစ်ချ် မာတန် - Fyodor Fyodorovich Martens (၁၈၄၅-၁၉၀၉) ၏ ကြေညာချက်ကို အထက်ပါစာပိုဒ်အား မူကြမ်းရေးဆွဲရန် အသုံးပြုခဲ့ပြီးနောက် ယင်းကို ၎င်း၏အမည်ပေးခြင်း ဖြစ်ပါသည်။

38. ဘိက္ခူ သစ်ချ်နှက်တူ၊ “ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလစံနှုန်းများအဖြစ် ကုသလနှင့် အကုသလ” (Kusala and Akusala as Criteria of Buddhist Ethics), http://www.buddhivihara.org/kusala-and-akusala-as-criteria-of-buddhist-ethics/ ကို ကြည့်ပါ။ ပရီမာသီရိ (၁၉၇၆)၊ ပုညနှင့် ကုသလ အယူအဆများကို ဆွေးနွေးခြင်း (discussing the concepts of punna and kusala) နှင့် ဟာဗေး (၂၀၁၀) တို့ကိုလည်း ကြည့်ပါ။

39. ယင်းသည် (ဗုဒ္ဓဂင်တွင်ပါဝင်သော) အာနန္ဒဝတ္ထုရ-ပဟ ဂတ္ထု၏ သုံးဂါထာမှ ပထမဆုံးဂါထာ ဖြစ်ပါသည်။ “အခြေခံသင်ကြားပို့ချမှုအဆုံးအမများကား အဘယ်နည်း၊ ယင်းတို့သည် ဗုဒ္ဓအားလုံးက ဟောပြဆုံးမတော်မူသည့် သင်ကြားပို့ချမှုအဆုံးအမများနှင့်တူမတူ” ဟူသည့် အာနန္ဒာမထေရ်၏ အမေးကို ဗုဒ္ဓက ပြန်လည်ဖြေကြားထားခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးနှင့်ပတ်သက်ပြီး ပီတာဟာဗေးက “ကုသိုလ်ကောင်းမှုအား ကောင်းသောကံအကျိုးပေး ရလဒ်များကို ဆောင်ကြဉ်းပေးနိုင်သော လုပ်ဆောင်မှု၏ စွမ်းအားဖြစ်သည့် ပုညဟု ဘာသာပြန်လေ့ရှိကြပါသည်။ ကုသလဟူသည် ပြုလိုက်သောအမှုကိုယ်တိုင်နှင့် ပြုလုပ်ရန် စေ့ဆော်ပေးသည့် အရင်းခံအကြောင်းတရားများ၏ ကောင်းခြင်းနှင့် ပညာရှိခြင်း သဘောသဘာဝတို့နှင့် ပတ်သက်ပါသည်”ဟု ထောက်ပြခဲ့သောကြောင့် ၎င်း၏ မှတ်ချက်သည် ဤနေရာတွင် ထည့်သွင်းရန် အသုံးဝင်ပါသည်။

40. E. B. Cowell and W. H. D. Rouse, 1907, translation, The *Jātaka*, Vol. VI, first published by Cambridge University Press in 1895, http://www.sacred-texts.com/bud/j6/j6012.htm.

41. E. B. Cowell and W. H. D. Rouse, 1907, translation, The *Jātaka*, Vol. VI, first published by Cambridge University Press in 1895, http://www.sacred-texts.com/bud/j6/j6012.htm.

42. ကောက်တိလျ(Kautilya)၊ အာစာသျှတ္တရ(Arthashastra)၊ အခန်း(၄)တွင် “ခံတပ်ကိုသိမ်းရန် မဟာဗျူဟာနည်းလမ်းများ” (“ခံတပ်ကို ဝိုင်းရံခြင်းနှင့် စီးနင်းတိုက်ခိုက်ခြင်း စစ်ဆင်ရေး”)၊ စာအုပ်(၁၃)

43. ဗုဒ္ဓဓာတ်တော်များကို ခွဲဝေပေးခြင်းအား ဘာသာရေးနှင့် နိုင်ငံရေးရှုထောင့်များနှင့်ချိတ်ဆက်နေသည့် အသောကာဝဒါနနှင့် မဟာဝံသလာ ဇာတ်ကြောင်းပြန်ထားသည်များကို ကိုးကားထားသည့် စထရွန်း - Strong (၁၉၈၉) ၏ စိတ်ဝင်စားဖွယ်ရာ ပိုင်းခြားစိတ်ဖြာလေ့လာချက်ကို ဆက်၍ ကြည့်ပါ။

44. အဃာတာရူပဇာတကကဲ့သို့ ကျမ်းစာအချို့ကိုလည်း ရည်ညွှန်းကိုးကားခဲ့ပါသည် (သီရိလင်္ကာနိုင်ငံ၊ ဂျာယာဝါဒီနပူရတက္ကသိုလ်မှတဆင့် ရနိုင်သော ဆင်ဟာလ ဘာသာပြန်ကိုကြည့်ပါ။ https://www.sjp.ac.lk/buddhism/download-buddhist-555-jathaka-katha-freepdf/ တွင် ရနိုင်ပါသည်။) ထို့အပြင် ဇာတကပုံဝတ္ထုအမှတ် ၉၉ ကဲ့သို့ ပေါင်းချုပ်အချို့ကိုလည်း ရည်ညွှန်းကိုးကားခဲ့ပါသည်။ (Obeyesekera 2014 ကို ကြည့်ပါ။) သို့သော် ဤဆောင်းပါးတွင် ရည်ညွှန်းကိုးကားရန် ကျွန်ုပ် ရွေးချယ်သော အဓိကကျမ်းစာများနှင့် ပေါင်းချုပ်များသည် စာလုံးပေါင်းများနှင့် နံပါတ်စဥ်များကို ရည်ညွှန်းကိုးကားထားပုံရသည့်အတွက် အမှားအယွင်း များ ဖြစ်နိုင်ပါသည်။

45. Obeyesekera (2014, 393).

46. အမျိုးသားအား မှားယွင်းသောအကြံပေးသည့် အမျိုးသမီးကို အလားတူ သတိပေးဆိုဆုံးမမှုသည် သမ္မာကျမ်းစာထဲမှ ဧဝ၏ ဇာတ်လမ်း ဖြစ်ပါသည်။ အာဒံအား ဥာဏ်ပညာသစ်ပင်၏ အသီးကို စားရန် အကြံပေးခြင်းကြောင့် ဧဝကို ဂျူဒီယို-ခရစ်ယာန် ဘုရားသခင်က အပြစ်ပေးပါသည်။ “ငါသည် သင့်၏ ဝမ်းနည်းမှုနှင့် မီးဖွားရမှုတို့ကို အဆပေါင်းများစွာ တိုးပွားစေမည်။ ဝမ်းနည်းမှုဖြင့် သင်သည် မီးဖွားရလိမ့်မည်။” (Genesis 3:16-King James Version)

မှားယွင်းသောအကြံပေးမိသည့် ကံ၏အကျိုးဆက်အဖြစ် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်း ဆင်းရဲဒုက္ခကို ခံစားရသောလည်း (အမျိုးသားကို အကြောင်းပြု၍) အာဒံ၏ အပြစ်ဒဏ်ခံရမှုသည် အသက်ရှင်သန်ရန် ပင်ပန်းကြီးစွာအလုပ်လုပ်ရခြင်း (“အလုပ်ကြမ်း”) ဖြစ်ပါသည်။ ဤဇာတ်လမ်းသည် ယခင်ဘဝတွင် ၎င်း၏သားကို မှားယွင်းသောအကြံပေးမိသည့်အတွက် ခက်ခဲသည့် မီးဖွားခြင်းပုံစံဖြင့် ကံအကျိုးပေးအဖြစ် အပြစ်ပေးခံခဲ့ရသော သုပ္ပဝါသာနှင့် ဆင်တူပါသည်။

ဗုဒ္ဓဘာသာပုံဝတ္ထုများတွင် ကာလရှည်ကြာစွာကိုယ်ဝန်ဆောင်ရသည့်အကိုးအကားအတွက် တာတဲလ်မန်း - Tatelman(၁၉၉၆)ကို ဆက်၍ ကြည့်ပါ။ ၎င်း၏သုတေသနကျမ်းတွင် ယသော်ဓရာ (ဗုဒ္ဓ၏ဇနီး) ၏ မူလဇာတ်ကြောင်းတွင် ယသော်ဓရာ၏ “ခြောက်နှစ်ကြာ ကိုယ်ဝန်လွယ်ထားရခြင်း”နှင့် အခြားသောဆင်းရဲဒုက္ခများကို ဖြည့်စွက်ထားပုံရသည့် နီပေါဗုဒ္ဓဘာသာ ဇာတ်ကြောင်းပြန်တစ်ခုကို တာတဲလ်မန်းက ဆွေးနွေးထားပါသည်။

47. ကံအကျိုးပေးခြင်းနှင့်ပတ်သက်သည့် အခြားအဋ္ဌကထာဖွင့်ဆိုချက်များလည်း ရှိသေးကြောင်း သတိပြုပါ။ မှတ်သားသင့်သည်။ (ဗုဒ္ဓဃောသ)၏ ဓမ္မပဒအဋ္ဌကထာတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

“ကျေးတောသားတစ်ဦးသည် ပျားသလက်ကို အသပြာတစ်ထောင်ဖြင့် ဝယ်ယူလာကာ (ဝိပဿီ)မြတ်စွာဘုရားကို ကပ်လှူ၏။ ၎င်း၏ ပြီးခဲ့သောဘဝတွင် ၎င်းသည် ဗာရာဏသီမင်းအဖြစ် မြို့တော်ကြီးတစ်ခုကို ခုနစ်နှစ်နှင့် ခုနစ်လကြာ ဝိုင်းရံထားပါသည်။ ၎င်းသည် အဓိက မြို့တံခါးကြီးလေးခုကို ပိတ်ဆို့ထားပြီး မြို့တံခါးငယ်များကို ဖွင့်ထားကြောင်း သိရှိထားသော ၎င်း၏မယ်တော်က ထိုမြို့တံခါးငယ်များကိုပိတ်ရန်နှင့် မြို့တော်ကို လုံးဝပိတ်ဆို့ရန် ၎င်းထံသို့ သတင်းစကားပေးပို့ခဲ့ပါသည်။ ဘုရင်က ထိုအတိုင်း လုပ်ဆောင်ပါသည်။ ခုနှစ်ရက်မြောက်သောနေ့တွင် အဝိုင်းခံထားရသော မြို့သူမြို့သားများသည် ၎င်းတို့၏ဘုရင်ကိုသတ်ပြီး ဘုရင့်နိုင်ငံကို ကျူးကျော်သူထံသို့ လွှဲပြောင်းပေးပါသည်။ ရှင်သီဝလိသည် ၎င်း၏ ယခင်ဘဝတွင် ဘုရင်အဖြစ် ဤမြို့တော်ကို ဝိုင်းထားခဲ့သောကြောင့် ၎င်းသည် ငရဲကျပြီး ၎င်းသည် မြို့တံခါးငယ်များကိုပိတ်ခဲ့သောကြောင့် ၎င်းသည် မိခင်၏ဝမ်းကြာတိုက်အတွင်း ခုနစ်နှစ်၊ ခုနစ်လနှင့် ခုနစ်ရက် နေခဲ့ရပါသည်။ ၎င်းသည် ကျေးတောသားအဖြစ် ဝိပဿီမြတ်စွာဘုရားကို ပျားသလက် လှူဒါန်းခဲ့သောကြောင့် ၎င်းသည် ဂုဏ်သတင်းနှင့် အလေးအမြတ်ပြုခံရမှုတို့ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပါသည်။ (103-104) ဘာလင်ဂိမ်း၊ အီး.ဒဗလျူ၊ ၁၉၂၁။ ဗုဒ္ဓဘာသာ ဒဏ္ဍာရီပုံပြင်များ၊ ဓမ္မပဒအဋ္ဌကထာမှ ဘာသာပြန်ဆိုခဲ့ပါသည်။ ဟားဗတ်တက္ကသိုလ်ပုံနှိပ်တိုက်၊ http://www.columbia.edu/cu/lweb/digital/ collections/cul/texts/ldpd_6072311_001/ldpd_6072311_001.pdf

“ရှင်သီဝလိသည် မိခင်၏ဝမ်းကြာတိုက်အတွင်းတွင် ခုနစ်နှစ်၊ ခုနစ်လနှင့် ခုနစ်ရက် နေခဲ့ရသည်မှာ အခြားအကြောင်းကြောင့်မဟုတ်ဘဲ ၎င်း၏ယခင်ဘဝတွင် တစ်ခုသောမြို့ကို ပိတ်ဆို့ကာ မြို့သူမြို့သားများအား အစာရေစာငတ်မွတ်အောင် ပြုခဲ့သည့်အတွက်ကြောင့် ဖြစ်ပါသည်။” (33)

48. “ငြိမ်းချမ်းသည့်ကာလ”အတွင်း လူထုအား အစာရေစာငတ်ပြတ်အောင်ပြုလုပ်ခြင်းသည်လည်း လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုဟု မှတ်ယူနိုင်ကြောင်းကို သတိပြုရပါမည်။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို အဓိပ္ပာယ်ဖွင့်ဆိုထားသော အိုင်စီစီစတက်ကျူဥပဒေ ပြဋ္ဌာန်းချက်များသည် ကြိုတင်သတ်မှတ်ထားသည့်ကန့်သတ်ချက်မရှိသောကြောင့် မည်သည့် အရပ်သားလူထုကိုမဆို ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ရိုက်ဦးတည်တိုက်ခိုက်ခြင်းသည် ယင်း၏အဓိပ္ပာယ်ဖွင့်ဆိုမှုအောက်တွင် ကျရောက်နေပြီး အသီးသီး အကျုံးဝင်ပါသည် -

အပိုဒ် ၇(၁)(ခ) – “အမြစ်ပြတ်သုတ်သင်ခြင်း” – (၇(၂)(ခ)တွင် ဖွင့်ဆိုထားသည့်အတိုင်း “အသက်ရှင်သန်မှု အခြေအနေများအား ရည်ရွယ်ချက်ရှိရှိ ဒုက္ခပေးခြင်း၊ အခြားအခြေအနေများအနက် စားနပ်ရိက္ခာနှင့်ဆေးဝါး ရရှိမှုကို ပိတ်ပင်ခြင်း၊ လူထုအစိတ်အပိုင်းအား ဖျက်ဆီးမှုပြုရန် တွက်ချက်ထားခြင်း”၊

အပိုဒ် ၇(၁)(ဋ) – “ရည်ရွယ်ချက်ရှိရှိဖြင့် ကြီးမားသောဆင်းရဲဒုက္ခ သို့မဟုတ် ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာအနာတရ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်ကာယကျန်းမာရေးကို ပြင်းပြင်းထန်ထန် ဒဏ်ရာဒဏ်ချက် ဖြစ်စေ သော အလားတူစရိုက်လက္ခဏာရှိသည့် အခြား လူမဆန်သောလုပ်ရပ်များ”။

49. အစိုးရရှေ့နေနှင့် ဆိုင်မွန်ဂဘက်ဘို - *Prosecutor v. Simone Gbagbo*, ICC-02/11-01/12, https://www.icc-cpi.int/cdi/simone-gbagbo.

50. တမီလ်အီလမ်လွတ်မြောက်ရေးကျားအဖွဲ့သည် အထူးသဖြင့် အသေခံတိုက်ခိုက်ခြင်းများကိုအသုံးပြုခြင်း၊ အရပ်သားများအားပစ်မှတ်ထားခြင်း၊ လူမျိုးတုံးသုတ်သင်ခြင်း၊ နိုင်ငံရေးပြိုင်ဘက်များနှင့် ဝေဖန်ရေးသမားများအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ကလေးစစ်သားများအသုံးပြုခြင်းတို့ကြောင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ် ခြင်းကိုလည်း ခံထားရသည့် ခွဲထွက်ရေးလက်နက်ကိုင်အုပ်စုတစ်ခု ဖြစ်ပါသည်။ စစ်ပွဲအတွင်း နှစ်ဘက်လုံးအပေါ် စစ်ရာဇဝတ်မှု စွပ်စွဲချက်များ ပြုလုပ်ခဲ့ကြခြင်းနှင့် နှိုင်းယှဉ်လျှင် ထိုစွပ်စွဲချက်များကို တုံ့ပြန်ဆောင်ရွက်သည့် ပြည်တွင်းရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများနှင့် ပြစ်မှုထင်ရှားစီရင်မှုများသည် အရေအတွက်အနည်းငယ်သာ ရှိပါသည်။

51. ဗိုက်စ် (Weiss) သည် စစ်ပွဲ၏နောက်ဆုံးလများအတွင်း သီရိလင်္ကာနိုင်ငံရှိ ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဖြစ်ပါသည်။

52. ဒေါ်မြတင်၏ ဘာသာပြန်၊ ၁၉၈၆ခုနှစ်၊ ဓမ္မပဒ - လင်္ကာများနှင့် ပုံဝတ္ထုများ၊ မြန်မာနိုင်ငံ တိပိဋက အသင်း၊ ရန်ကုန်၊ https://www.tipitaka.net/tipitaka/dhp/verseload.php?verse=414.

53. အီဗန်စ် - Evans (၂၀၀၅၊ ၂၀) က အမ် ခတ်ဒူရီ - M. Khadduri - ၁၉၅၅ ၏ “ဂျီဟဒ်ပြုလုပ်သူများအား ရန်သူမြို့ကြီးများကို ဝိုင်းထားရန်” နှင့် ရေအရင်းအမြစ်များကို ညစ်ညမ်းစေရန် ခွင့်ပြုသည်ဟူသော အစ္စလာမ်ဥပဒေပါ စစ်နှင့် ငြိမ်းချမ်းရေးကို ကိုးကားဖော်ပြပါသည်။

**ကျေးဇူးတင်လွှာ**

ဤဆောင်းပါးနှင့်ပတ်သက်၍ တန်ဖိုးရှိသောမှတ်ချက်များအတွက်လည်းကောင်း၊ တည်းဖြတ်ပေးခြင်းအတွက် လည်းကောင်း ပီတာဟာဗေး၊ ကိတ်ခရော့စ်ဘီ၊ နိုဝဲလ်ထရူးနှင့် အင်ဒရူးဘာတဲလ်စ်စမစ် တို့ကို စာရေးသူအနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

**ကြေငြာချက်**

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

**အမှုတွဲဥပဒေ**

အမေရိကန်ပြည်ထောင်စုနှင့် ဗီးလ်ဟဲလ်မ်ဖွန်လိဘ် အဆင့်မြင့်ကွပ်ကဲမှု အမှုတွဲ - The United States of America v. Wilhelm von Leeb High Command Case. 12 LRTWC 1 at 59 (1948).

အစိုးရရှေ့နေနှင့် ဆိုင်မွန်ဂဘက်ဘို - The Prosecutor v. Simone Gbagbo, ICC-02/11-01/12. https://www.icc-cpi.int/cdi/ simone-gbagbo

အစိုးရရှေ့နေနှင့် ပယ်ရစ်စစ်နှင့်အခြားသူများ၊ ဇာဒါးခရိုင်တရားရုံး၊ ခရိုအေးရှား (ဟရဗတ်စ်ခါ) - The Prosecutor v Perisic and others, District Court in Zadar, Croatia (Hrvatska), case number K. 74/96, 24 April 1997. http://www.internationalcrimesdatabase.org/ Case/1053

## ရည်ညွှန်းကိုးကားချက်များ


Ariyaratne, A. T. 2003. "Buddhism and International Humanitarian Law." Sri Lanka Journal of International Law 15: 11–16.

Chalmers, R., trans. 1895. The Jātaka. Vol. I. Cambridge: Cambridge University Press. https://www.sacred-texts.com/bud/j1/j1103.htm

Coogan, T. P. 2013. The Famine Plot: England's Role in Ireland's Greatest Tragedy. New York: St. Martin's.

Cowell, E. B., and W. H. D. Rouse, trans. 1907. The Jātaka. Vol. VI. Cambridge: Cambridge University Press. https://www.sacred-texts.com/bud/j6/j6012.htm

de Waal, A. 2017. "Counter-Humanitarianism and the Return of Famine as a Weapon of War." London Review of Books 39 (12): 9–12. A more complete version is available online: https://sites.tufts.edu/reinventingpeace/files/2017/06/Operation Starvation-extended-20170616.pdf

de Waal, A. 2018. Mass Starvation: The History and Future of Famine. Cambridge: Polity.

de Waal, A. 2019. "Mass Starvation Is a Crime- It's Time We Treated It that Way." Boston Review, January 14. http://bostonreview.net/global-justice/alex-de-waal-mass-star vation-crime%E2%80%94its-time-we-treated-it-way (this is an adapted version of the Seventh Annual Overseas Development Institute lecture, given in London on 6 December 2018)

Dinstein, Y. 1991. "Siege Warfare and the Starvation of Civilians." In Humanitarian Law of Armed Conflict: Challenges Ahead: Essays in Honour of Frits Kalshoven, edited by A. J. M. Delissen and G. J. Tanja, 145–152. Leiden: Martinus Nijhoff.

Evans, C. 2005. "TheDouble-EdgedSword: Religious Influences on International Humanitarian Law." Melbourne Journal of International Law 6 (1): 1–32.

Ferguson, J. 2018. "Is Intentional Starvation the Future of War?" The New Yorker, July 11. https://www.newyorker.com/news/news-desk/is-yemen-intentional-starvation the-future-of-war

Gaggioli, G. 2019. "Joint Blog Series on International Law and Armed Conflict: Are Sieges Prohibited under Contemporary IHL?" EJIL:Talk!, January 30. https://www. ejiltalk.org/joint-blog-series-on-international-law-and-armed-conflict-are-sieges prohibited-under-contemporary-ihl/

Gerhard, G. 2015. Nazi Hunger Politics: A History of Food in the Third Reich. Lanham: Rowman and Littlefield.

Gillard, E.-C. 2019. "Sieges, the Law and Protecting Civilians." Chatham House Briefing 27 (June). https://www.chathamhouse.org/2019/06/sieges-law-and-protecting-civilians-0/iii-rules-international-humanitarian-law-particularly

Graziosi, A., L. A. Hajda, and H. Hryn, eds. 2013. After the Holodomor: The Enduring Impact of the Great Famine on Ukraine. Cambridge: Harvard University Press for the Ukrainian Research Institute.

Gunaratne, R. 2018. "Advocating for a Separate Designation Criterion on Starvation." Just Security, June 6. https://www.justsecurity.org/57480/advocating-separate-des ignation-criterion-starvation/

Gunaratne, R. 2019. "Humanitarian Assistance and Security Council Sanctions: Different Approaches to International Humanitarian Law." EJIL:Talk!, April 11. https://www.ejiltalk.org/humanitarian-assistance-a nd-security-council-sanctions different-approaches-to-international-humanitarian-law/

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

Harvey, P. 2010. “An Analysis of Factors Related to the Kusala/akusala Quality of Actions in the Pāli Tradition.” Journal of the International Association of Buddhist Studies 33 (1–2): 175–209.

Kelly, J. 2012. The Graves are Walking: The History of the Great Irish Famine. New York: Picador.

Mason, G. A. 2002. Operation Starvation. Report no. AU/AWC/2002-02. Maxwell Air Force Base: Air University, Air War College. https://apps.dtic.mil/dtic/tr/fulltext/u2/ a420650.pdf

Mikos-Skuza, E. 2018. “Siege Warfare in the 21 St Century from the Perspective of International Humanitarian Law.” Wroclaw Review of Law, Administration and Economics 8 (2): 319–330. doi:10.1515/wrlae-2018-0050.

Mukerjee, M. 2018. Churchill’s Secret War: The British Empire and the Ravaging of India during World War II. New Delhi: Penguin Random House India.

Obeyesekera, R., ed. 2014. The Revered Book of Five Hundred and Fifty Jātaka Stories, Volume I. Colombo: Gunasena.

Pilloud, C., Y. Sandoz, C. Swinarski, and B. Zimmermann. 1987. Commentary on the Additional Protocols of 8 June 1977 to the Geneva Conventions of 12 August 1949. Geneva: International Committee of the Red Cross.

Power, S. R. 2016. “Starvation by Siege: Applying the Law of Armed Conflict in Syria.” Amsterdam Law Forum 8 (2): 1–22. doi:10.37974/ALF.282.

Premasiri, P. D. 1976. “Interpretation of Two Principle Ethical Terms in Early Buddhism.” Sri Lanka Journal of the Humanities 2 (1): 63–74.

Roy, K. 1996. “Justice in the Jātakas.” Social Scientist 24 (4/6): 23–40. doi:10.2307/ 3517789.

Roy, K. 2012. Hinduism and the Ethics of Warfare in South Asia: From Antiquity to the Present. Cambridge: Cambridge University Press.

Singh, U. 2017. Political Violence in Ancient India. Cambridge: Harvard University Press.

Sriskanda Rajah, A. R. 2017. Government and Politics in Sri Lanka: Biopolitics and Security. Routledge Studies in South Asian Politics. Vol. 11. London and New York: Taylor & Francis.

Strong, J. S. 1989. The Legend of King Aśoka: A Study and Translation of the Aśokāvadāna. New Delhi: Motilal Banarsidass.

Tatelman, J. 1996. The Trials of Yashodharā: A Critical Edition, Annotated Translation and Study of Bhadrakalpāvadāna II–V, Part I: Text. Thesis submitted for the degree of Doctor of Philosophy, Wolfson College, University of Oxford. https://www.academia.edu/20955477/The_trials_of_Yasodhara_a_critical_edition_annotated_translation_and_study_of_Bhadrakalpavadana_II_V

Todman, W. 2017. “The Resurgence of Siege Warfare.” Georgetown University, Center for Contemporary Arab Studies’ Newsmagazine, Fall/Winter. https://issuu.com/georgetownsfs/docs/ccasnewsfw2017_final_issue

Van Schaack, B. 2016. “Siege Warfare and the Starvation of Civilians as a Weapon of War and War Crime.” Just Security. https://www.justsecurity.org/29157/siege-war fare-starvation-civilians-war-crime/

von Hinüber, O. 1995. “Buddhist Law according to the Theravada-Vinaya: A Survey of Theory and Practice.” Journal of the International Association of Buddhist Studies 18 (1): 7–45.

Walzer, M. 2015. Just and Unjust Wars: A Moral Argument with Historical Illustrations. Fifth ed. New York: Basic Books.

Watts, S. 2014. Under Siege: International Humanitarian Law and Security Council Practice concerning Urban Siege Operation. Harvard Law School Brookings Project on Law and Security: Counterterrorism and Humanitarian Engagement Project. http://blogs.harvard.edu/cheproject/files/2013/10/CHE-Project-IHL-and-SC Practice-concerning-Urban-Siege-Operations.pdf

Weiss, G. 2011. The Cage: The Fight for Sri Lanka and the Last Days of the Tamil Tigers. Sydney: Pan Macmillan Australia.

Wolny, P. 2017. Holodomor: The Ukrainian Famine-Genocide Bearing Witness: Genocide and Ethnic Cleansing. New York: Rosen Young Adult.

# အပိုင်း (၃)

## ထိခိုက်နစ်နာမှုများကိုအနည်းဆုံးဖြစ်စေခြင်းနှင့် လက်တွေ့တန်ဖိုးများ

# “အမုန်းတရားမှလွတ်မြောက်ခြင်း” - အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၏ လုပ်ဆောင်မှုကို ပြည့်စုံစေရန်ဖြည့်စွက်ပေးရာတွင် သည်းခံခြင်း(ခန္တီ)၏ အခန်းကဏ္ဍ

Alex Wakefield

## ဆောင်းပါးအနှစ်ချုပ်

ဤဆောင်းပါးသည် ဗုဒ္ဓဘာသာ၏အရည်အသွေးဖြစ်သော ခန္တီကို စူးစမ်းလေ့လာထားပါသည်။ ခန္တီကို သည်းခံခြင်း၊ စိတ်ရှည်ခြင်း သို့မဟုတ် ခံနိုင်ရည်ရှိခြင်း ဟု ဘာသာပြန်ဆိုပြီး ၎င်းတွင် လက်တုံ့မပြန်ခြင်းနှင့် ခွင့်လွှတ်ခြင်း အယူအဆများ ပါဝင်ပါသည်။ ဗုဒ္ဓဘာသာစာပေကျမ်းဂန်များမှပေးသော အသိပညာများအရ အမျက်ဒေါသနှင့် အမုန်းတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ခန္တီ (သည်းခံခြင်း) သည် စစ်ပွဲအခြေအနေတွင် လက်စားချေခြင်း၏ စေ့ဆော်မှုကြောင့် ဥပဒေမဲ့ လက်တုံ့ပြန်မှုများနှင့် အခြားသော ရက်စက်မှုများမှ ကာကွယ်တားဆီးပေးသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL) ၏ အစီအမံများအား အထောက်အကူပြုနိုင်ပါမည်။ IHL ကဲ့သို့ပင် ဗုဒ္ဓဘာသာသည် အားလုံးနှင့်သက်ဆိုင်သော ဆင်းရဲဒုက္ခများကို အသိအမှတ်ပြုခြင်းအားဖြင့် ယေဘုယျ လူသားဆန်မှုကို အလေးအနက်ထားပါသည်။ ဒေါသကိုယ်တိုင်အတွက် အတ္တမဟုတ်သော(အနတ္တ)အား ပိုင်းခြားစိတ်ဖြာလေ့လာခြင်းကို ခန္တီအတွက် အခြေခံအဖြစ် ကျင့်သုံးသည့် ဗုဒ္ဓဘာသာ ဇာတ်ကြောင်းပြန်ပုံဝတ္ထုများနှင့် စာပေကျမ်းဂန်များမှ ထုတ်နုတ်ခြင်းဖြင့် ခန္တီကို ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းရာ၌ အထူးသဖြင့် သင့်တော်သည်ဟုယူဆကြောင်းကို ဤဆောင်းပါးတွင် ဖော်ပြထားပါသည်။ ခန္တီသည် ပဋိပက္ခအတွင်း အကြမ်းဖက်မှုကြောင့် ဒုက္ခရောက်သူများ၏ စိတ်ပိုင်းဆိုင်ရာအရ ချက်ချင်းလက်ငင်း တုံ့ပြန်မှုများအား ဖြေရှင်းပေးသောကြောင့် ဆင်းရဲဒုက္ခခံစားရမှုကို ရုတ်ခြည်းသက်သာစေပြီး နောက်ထပ်၍ ဆင်းရဲဒုက္ခ ပိုမိုအရှိန်မြင့်ကျယ်ပြန့်မလာစေရန် ကာကွယ်တားဆီးပေးပါသည်။ ဤဆောင်းပါးတွင် ဗြဟ္မဝိဟာရတရား အထူးသဖြင့် မေတ္တာတရားသည် ခန္တီ၏ အရည်အသွေးကို လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်းကို အကြံပြုထားပါသည်။ သတိဦးစီးသော သတိပဋ္ဌာန်အားထုတ်ခြင်းများကို လောကီရေးရာနှင့် ကမ္ဘာလုံးဆိုင်ရာအခြေအနေများတွင် အသုံးချနေသကဲ့သို့ သည်းခံမှုတရား ရင့်သန်စေသော မေတ္တာတရားထားခြင်းကို IHL အား ပိုမိုလေးစားလိုက်နာလာစေသည့် စစ်ရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ လုပ်ငန်းများနှင့်အတူ ပူးတွဲလျက် အသုံးချနိုင်ပါသည်။

## နိဒါန်း

ဗုဒ္ဓဘာသာသည် ပြင်းထန်သော စစ်ဆန့်ကျင်ရေး ရပ်တည်ချက် ရှိသည်ဟု မကြာခဏ အသိမှတ်ပြုခံရသော်လည်း စစ်ပွဲသည် လူပေါင်းများစွာအတွက် ရှင်သန်နေသောအတွေ့အကြုံဖြစ်သည် ဆိုသည့်အချက်ကို ဗုဒ္ဓဘာသာက ငြင်းပယ်ရန်လည်း မကြိုးပမ်းချေ။ ပဋိပက္ခသည် ဘဝ၏ ရှောင်လွှဲမရနိုင်သောအချက်ဖြစ်သောကြောင့် ယင်းကို အဆုံးသတ်စေရေးအတွက် ဆက်လက် ငြင်းခုံနေခြင်းဖြင့် တန်ဖိုးရှိသောအချိန်နှင့် ရင်းမြစ်များကို အချည်းနှီးဖြစ်စေနိုင်ပြီး ယင်း၏အကျိုးဆက်များအား နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန် ကြိုးပမ်းမှုများက ပိုမိုအလုပ်ဖြစ်နိုင်ကြောင်း သက်သေပြနိုင်ပါသည်။ ဤအချက်သည် စစ်၏အကျိုးသက်ရောက်မှုများကို လျှော့ချရန် - ဆိုးရွားလှသော “လက်နက်ကိုင်ပဋိပက္ခများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျိုးဆက်များ”ကိုကန့်သတ်ရန် ရည်ရွယ်သည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL) ၏ ရပ်တည်ချက် ဖြစ်ပါသည်။(Melzer 2016, 17) ထို့ကြောင့် IHL ၏ ဥပဒေများသည် ဆင်းရဲဒုက္ခများ အထူးသဖြင့် စစ်ရေးဆိုင်ရာ လုပ်ဆောင်မှု၏ ရလဒ်ဖြစ်သည့် ဆင်းရဲဒုက္ခအား မည်သို့မည်ပုံ လျှော့ပါးသက်သာစေနိုင်မည်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဗုဒ္ဓဘာသာ အဆုံးအမများနှင့် အခြေခံတူညီမှုကို ရှာဖွေပါသည်။

ထိုသို့သော အဆုံးအမတစ်ခုမှာ ပါဠိဘာသာဖြင့် ခန္တီ(khanti)ဖြစ်ပြီး သက္ကတဘာသာဖြင့် ခစန္တိ(ksānti) ဖြစ်ပါသည်။ ယင်းသည် ဗုဒ္ဓဘာသာအယူအဆ သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့် ခံနိုင်ရည်ရှိခြင်း - လူအချင်းချင်း ဆက်ဆံရေးတွင် ဒေါသ၊ နာကြည်းမှုနှင့်ခါးသီးသောခံစားချက်များအား နှင်ထုတ်နိုင်စွမ်းအပြင် နားလည်လက်ခံခြင်းနှင့် ခွင့်လွှတ်ခြင်း အရည်အသွေးကို ပျိုးထောင်နိုင်စွမ်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာသည် ခန္တီကို သုစရိုက်နှင့် ယှဉ်တွဲနေသော ပါရမီတစ်ပါး သို့မဟုတ် ပြီးပြည့်စုံမှုတစ်ခုအဖြစ်လည်းကောင်း(ဇောဓိ ၁၉၇၈ ကို ကြည့်ပါ)၊ သီလကျင့်သုံးမှုလမ်းစဉ်၏ ပင်မရှုထောင့်အဖြစ်လည်းကောင်း ကာလကြာရှည်စွာ မှတ်ယူခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ ထူးခြားချက်မှာ မိမိသည် "အခြားတပါးသောသူများနှင့် အတွင်းကျကျ အပြန်အလှန်မှီခိုအားထားနေရသည်"ကို နားလည်သဘောပေါက်ခြင်း ဖြစ်ပါသည်။ ဂျိမ်းစ်ဝိုက်တ်ဟီးလ်(James Whitehill)က ဤအချက်ကို ပါရမီအား "လူ့အသိုင်းအဝိုင်းအတွင်းသို့ အဆင့်ပေါင်းများစွာတွင် ကာယကံ၊ ဝစီကံနှင့် မနောကံအရ သိမ်မွေ့သောနည်းလမ်းဖြင့် အပြန်အလှန်ဝိုင်းပတ်နေခြင်းကို သေချာပေါက် စီးဆင်းဝင်ရောက်စေခြင်းဟု ဖော်ပြပါသည်။ (Whitehill 2000, 26) ထို့ကြောင့် ဤကျင့်သုံးမှုများသည် တစ်ဦးချင်းအဆင့်တွင်ရော ပိုမိုကြီးမားသော လူ့ဘောင်လောကလူသားမျိုးနွယ်အတွက်ပါ နှစ်ခုလုံးတွင် အလုပ်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ခန္တီ အယူအဆနှင့် IHL ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံတို့အကြား အဆက်အစပ်ရှိသောကွင်းဆက်များကို ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ ဤဗုဒ္ဓဘာသာ သူတော်ကောင်းတရား၏ ထူးခြားသည့်အရည်အသွေးကို စူးစမ်းလေ့လာဖော်ထုတ်ခြင်းဖြင့် ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုလုံးက စစ်ပွဲကာလများတွင် ဘေးဒုက္ခအန္တရာယ်များအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းအသစ်များကို သိမြင်တွေ့ရှိနိုင်ပါမည်။

ဤစာတမ်းတွင် ဗုဒ္ဓဘာသာ ခန္တီအယူအဆနှင့် IHL ၏ အခြေခံမှုများအကြား သီအိုရီသဘောတရားအရ ကွင်းဆက်များကို စူးစမ်းလေ့လာဖော်ထုတ်သွားမည်ဖြစ်ပြီး IHL ၏ အခြေခံမှုများအား ခန္တီ၏အထောက်အကူပြုမှုအတွက် အချို့သော ကျင့်သုံးမှုများကို အဆိုပြုသွားပါမည်။ IHL ၏ နောက်ကွယ်ရှိ ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာနှင့် ဗုဒ္ဓဘာသာစာပေကျမ်းဂန်ဆိုင်ရာအစဉ်အလာတွင် ခန္တီအား နားလည်သဘောပေါက်ထားပုံတို့ကို စူးစမ်းလေ့လာဖော်ထုတ်မှုနှင့်စတင်ပြီး ဗုဒ္ဓဘာသာ အတွေးအခေါ်တွင် ဒေါသ၏ မဆီလျော်/မကောင်းသော အရည်အသွေးကို တုံ့ပြန်မှုအဖြစ် အဓိကအားဖြင့် သုစရိုက်တရား၏အခန်းကဏ္ဍကို စူးစမ်းလေ့လာဖော်ထုတ်ပါမည်။ နောက်ဆုံးတွင် IHL ၏ လုပ်ငန်းဆောင်တာအတွင်း အသုံးပြုမှုအလားအလာအတွက် သည်းခံခြင်း၏ အကျိုးကျေးဇူးများကို ထိန်းချုပ်အသုံးချမှုနည်းလမ်းအဖြစ် ဗြဟ္မဝိဟာရ (နှင့် အထူးသဖြင့် မေတ္တာ) ကမ္မဋ္ဌာန်းဘာဝနာနည်းလမ်း လေးခုဖြင့် ခန္တီကို ပျိုးထောင်ပွားများနိုင်ရန်အတွက် လက်တွေ့အသုံးချမှုကို အကြံပြုပါမည်။

## ခန္တီနှင့် IHL ၏ ကျင့်ဝတ်ဆိုင်ရာမူဘောင်

ခန္တီသူတော်ကောင်းတရားတွင် ကြံ့ကြံ့ခံသည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ ပါဝင်ပါသည်။ ဗုဒ္ဓဘာသာတွင် ယင်းသည် သူတော်ကောင်းစရိုက်လက္ခဏာဖြစ်သော ပါရမီ ခြောက်ပါး သို့မဟုတ် ဆယ်ပါးထဲမှ တစ်ခုဖြစ်ပြီး ဂျိမ်းစ်ဝိုက်တ်ဟီးလ် ကိုးကားခဲ့သည့်အတိုင်း မိမိတစ်ဦးတည်းကိုယ်တိုင်အတွက်သာမက ပိုမိုကျယ်ပြန့်သည့် လူထုအတွက်လည်း ကိုယ်ကျင့်သီလဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများကို သရုပ်ဖော်ပြနေခြင်း ဖြစ်ပါသည်။ (Whitehill 2000, 26) ပါရမီတစ်ပါးအဖြစ် ခန္တီသည် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ ကျင့်သုံးမှု၏ ဗဟိုအချက်အချာတွင် ၎င်း၏ အဓိက အနေအထားကို သက်သေပြပါသည်။

ထေရဝါဒ ပါဠိကျမ်းဂန် အဘိဓမ္မာ ပိဋကအပိုင်း၏ ပထမကျမ်းစာအုပ်ဖြစ်သော ဓမ္မသင်္ဂဏီ (အပိုင်း ၁၃၄၁) ၌ ဤပါရမီကို "ကြာမြင့်စွာဒုက္ခခံခြင်း၊ အလျှော့ပေးခြင်း၊ မောက်မာရိုင်းစိုင်းမှုနှင့် မပြေပြစ်မှုကင်းခြင်း၊ စိတ်နှလုံး၏ မိမိကိုမိမိအားရကျေနပ်မှု (အားရကျေနပ်ခြင်း အာရုံခံစားမှု၊ အတ္တမာနတ)" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤနေရာတွင် နောက်ဆုံး စကားသုံးလုံးသည် အမျက်ထွက်ခြင်း၊ မုန်းတီးခြင်းနှင့် မနှစ်မြို့ခြင်းတို့အကျုံးဝင်သည့် ဒေါသ(ပါဠိ) ၏ အနက်တူစကား၏ တိုက်ရိုက်ဆန့်ကျင်ဘက်အဓိပ္ပာယ်ဖြစ်ကြောင်း ကယ်ရိုလိုင်း အေအက်ဖ် ရိုင်းစ် ဒေးဗစ် (Caroline A.F. Rhys Davids) က မှတ်ချက်ပြုပါသည်။ (Rhys Davids 1974, 324) ဒေါသသည် မိမိကိုယ်တိုင်

သို့မဟုတ် အခြားသူတို့အတွက် ဆင်းရဲ(ပါဠိဘာသာဖြင့် ဒုက္ခ)ကို ဆောင်ကြဉ်းပေးသောကြောင့် ယင်းကို အကုသလ မူလ လုပ်ဆောင်မှု သုံးပါးထဲမှတစ်ခုဖြစ်သည်ဟု အကျဉ်းချုံးအဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ (Harvey 2000, 48) ဆန့်ကျင်ဖက်အနေဖြင့် ခန္တီသည် မုန်းတီးမှုမဟုတ်သော/ဒေါသမဟုတ်သော ယင်းရလဒ်များမှလွတ်ကင်းသော ကျင့်သုံးသူအား ယင်းသို့သော ဆင်းရဲဒုက္ခများမှ ကင်းဝေးသည့်အခြေအနေဆီသို့ ဦးတည်သွားစေသော ကောင်းမှု ကုသိုလ်လုပ်ရပ်များတွင် ပါဝင်ဖြည့်ဆည်းထောက်ကူပေးပါသည်။ (Harvey 2000, 48)

လူ့ဘဝ၏ အခြေခံကျသော အသိအမှတ်ပြုမှုသည် ကျွန်ုပ်တို့အတူတကွ ဖြတ်သန်းရသော သံသရာခရီး အပေါ် အခြေခံထားသော ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလ အဆုံးအမများတွင် တွေ့ရသော သဘောထားဖြစ်ပါသည်။ ဗုဒ္ဓကိုယ်တိုင် ဤအချက်ကို ဤသို့ ဆင်ခြင်သုံးသပ်ခဲ့ပါသည် -

> ရဟန်းတို့၊ ရှည်လျားလှသောသံသရာတွင် ဆွေမျိုးမတော်စပ်ဖူးသော မိခင် ... ဖခင် ... အကို ... အမ ... ညီမ ... သား ... သမီး ... တို့ကို ရှာဖွေရန် မလွယ်ကူချေ။ အဘယ်ကြောင့်နည်း။ ရဟန်းတို့၊ သံသရာ၏အစကိုပင် မသိနိုင်သောကြောင့် ဖြစ်သည် .... (SN 15. 14-19)

လူသား၏ သာမန် လူသားဆန်မှုအား အလားတူ နားလည်ခြင်းသည် IHL အား ၎င်း၏ ကျင့်ဝတ်ဆိုင်ရာမူဘောင်ကို အခြေခိုင်ခွင့်နှင့် ထိန်းသိမ်းခွင့် ရစေပါသည်။ IHL ၏ အချို့သောမူများ ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှု နှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့ ဟန်ချက်ညီမှု၊ ခွဲခြားမှု၊ အချိုးအစားညီမျှမှု၊ ကြိုတင်သတိထားကာကွယ်မှု၊ လူသားချင်းစာနာသောပြုမူဆက်ဆံမှုနှင့် မလိုလားအပ်သောဆင်းရဲဒုက္ခများအားတားမြစ်မှု တို့ကို လိုက်နာခြင်းဖြင့် ဆင်းရဲဒုက္ခခံစားရမှု အနည်းဆုံး ဖြစ်လာနိုင်ပါသည်။ (ICRC 2014) ၎င်းတို့သည် မည်သူ့ကိုပစ်မှတ်ထားနိုင်သည် သို့မဟုတ် မည်သူ့ကိုပစ်မှတ်မထားနိုင်၊ စစ်သုံ့ပန်းများအား လူသားချင်းစာနာသောပြုမူဆက်ဆံမှုနှင့် ဒဏ်ရာရသူ များအား လိုအပ်ချက်တစ်ခုတည်းပေါ်အခြေခံပြီး မည်သို့မည်ပုံ မခွဲခြားဘဲ အကူအညီပေးမှုကို စီမံခန့်ခွဲရန် တို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးပါသည်။ အကာအကွယ်ပေးထားသူများအား ဒဏ်ခတ်သည့်လုပ်ရပ် များနှင့် တိကျသောစစ်ရေးရည်ရွယ်ချက်အား ပြည့်မီစေခြင်းမရှိသောလုပ်ရပ်များကို တားမြစ်ပြီး IHL စည်းမျဉ်းများ အား လိုက်နာစောင့်ထိန်းခြင်းနှင့်စပ်လျဉ်း၍ အပြန်အလှန်လေးစားလိုက်နာသော ယဉ်ကျေးမှုကို အားပေးပါသည်။

လက်စားမချေခြင်း သို့မဟုတ် လက်တုံ့မပြန်ခြင်းသည် အခြေခံအားဖြင့် ဒေါသကို တုံ့ပြန်မှုနှင့်ပတ်သက်ပါ သည်။ ပဋိပက္ခတွင် (ဥပမာ - လိုသည်ထက်ပိုသော ဒဏ်ရာအနာတရဖြစ်စေသောကြောင့် တားမြစ်ထားသည့် လက်နက်များကို အသုံးပြုခြင်းဖြင့်) မလိုလားအပ်သော ဆင်းရဲဒုက္ခကြောင့် ဒေါသဖြစ်စေသည့် မှားယွင်းနေသော အဖွဲ့များက ဒဏ်ခတ်ခံရခြင်းကို ရွေးစရာအဖြစ် ရွေးချယ်နိုင်ပါသည်။ ဤတုံ့ပြန်မှုကို စစ်မှုထမ်းများအတွက် တခါတရံ ကန့်သတ်မထားချေ။ သားကို ဆုံးရှုံးခဲ့ရသော ဖခင်သည် ၎င်း၏သားကို သတ်ဖြတ်ခဲ့သည့် စစ်မှုထမ်း သို့မဟုတ် ကျူးလွန်သူနှင့်တွဲဖက်လုပ်ဆောင်သူများအား ကလဲ့စားချေရန် ကြိုးပမ်းနိုင်ပါသည်။ IHL သည် အချို့ အချက်များတွင် ဤဒဏ်ခတ်ခံရမှုသံသရာကို ဖြေဖျောက်ပေးမှုတစ်ခု ဖြစ်ပါသည် - ၎င်းသည် ပဋိပက္ခဖြေရှင်းရေး နှင့် အတိအလင်း မသက်ဆိုင်သော်လည်း ရက်စက်မှုများ သို့မဟုတ် သို့မဟုတ် IHL ကို ချိုးဖောက်မှုများ ပျံ့နှံ့မှုသည် တစ်ဘက်၏ ပြန်လည်တုံ့ပြန်မှုကို ထပ်မံဖြစ်စေပြီး ပဋိပက္ခကို ပိုမိုဆိုးရွားစေပြီး ကြာရှည်စေပါသည်။ (Muñoz-Rojas and Frésard 2004, 8)။ ယင်းသည် ဗုဒ္ဓဘာသာက မြင်သည့် ဒေါသ၏လုပ်ဆောင်မှုနှင့် တူညီပါသည်။ အမုန်းတရားအတွက် သေချာပေါက် အမုန်းတရားကို ပြန်လည်ရရှိရန် လွယ်ကူပါသည်။ ဆာလီဘီကင်းက ဤသို့ မှတ်ချက်ပြုပါသည် -

> ကမ္မနိယာမအရ အကြမ်းဖက်မှုက နောက်ထပ် အကြမ်းဖက်မှုကိုသာ မွေးဖွားပေးပါသည်။ ကြမ်းတမ်းသောလုပ်ရပ်များသည် ကံမျိုးစေ့များကိုစိုက်ပျိုးခြင်းဖြစ်ရာ မူလထိုးနှက်မှုကိုခံစားရသူ ထံမှ အကြမ်းဖက်လက်တုံ့ပြန်မှု အသီးအပွင့်ကို အကျိုးခံစားရပါမည်။ တစ်စုံတစ်ယောက်သည် ယနေ့ အနိုင်ရနိုင်ပြီး နောက်ပိုင်းတွင် ထိုရှုံးနိမ့်ခဲ့သူ၏ လက်စားချေခြင်းကို ခံစားရမည်သာ။ (King 2013, 633)

ဤအသိတရားကို ဓမ္မပဒလာဝါဂါထာက အကောင်းဆုံး အကျဉ်းချုံး ဖော်ပြထားပါသည်။ "ဤလောကတွင် အမုန်းကို အမုန်းဖြင့် အဆုံးမသတ်နိုင်။ အမုန်းမှ လွတ်မြောက်ခြင်းဖြင့်သာ ၎င်းတို့ အဆုံးသတ်နိုင်သည်။ ဤသည်မှာ ထာဝရအမှန်တရား ဖြစ်ပါသည်"။ (Dhp.5) ဒေါသ သို့မဟုတ် အမုန်းကို အရင်းခံသော ကလဲ့စားချေခြင်းသည် ဆက်တိုက် ကံဆိုးမှု အလားအလာ ဟူသော အသိဖြင့် ၎င်း၏ အကျိုးဆက်များကို အားနည်းသွားစေရန် လက်တွေ့ကျသည့်နည်းလမ်းများကို ချမှတ်နိုင်ပါသည်။ ချိုးဖောက်မှုသံသရာကို မြင့်တက်စေသည့် စိတ်ဓာတ်ရေးရာအခြေအနေနှင့်ပတ်သက်၍ အသေအချာမှတ်ချက်ပြုခြင်း မရှိသော်လည်း IHL ၏ အချို့သောစည်းမျဉ်းများသည် ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့များက ကျူးလွန်နိုင်သော အထူးသဖြင့် အရပ်သားလူထုကို ရည်ရွယ်သည့် ပါးကိုက်နားကိုက် ရက်စက်မှုများကို လျှော့ချနိုင်ပါသည်။ ဥပမာ - IHL သည် ကြီးမားသောလူထုအတွင်း အကြောက်တရား ဖြစ်ပေါ်စေရန်နှင့် လက်တုံ့ပြန်သောနည်းလမ်းဖြင့် အရပ်သားများအား တိုက်ခိုက်မှုများ ဖြစ်ပေါ်စေရန် အဓိက ရည်ရွယ်သော စစ်ရေးလုပ်ဆောင်မှုများကို တားမြစ်ထားပါသည်။ (Melzer 2016, 86)

ဒေါသနှင့် ယင်းကိုတုံ့ပြန်မှုအဖြစ်ခန္တီတို့အား ဗုဒ္ဓဘာသာဝင် နားလည်သဘောပေါက်မှုကို ပိုမိုနီးကပ်စွာ စူးစမ်းလေ့လာမှုကို အောက်တွင် ပေးထားမည်ဖြစ်သော်လည်း ဤသူတော်ကောင်းတရားသည် IHL နှင့် နီးကပ်စွာ ပေါင်းစည်းနေပုံကို သတ်မှတ်ရန် ဤအဆင့်တွင် လုံလောက်ပါသည်။ ဒေါသကို ဆက်လက်ရှိနေခွင့်ပေးခြင်းသည် ဥပဒေမဲ့ ဒဏ်ခတ်မှုလုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပြီး နောက်ထပ်ဥပဒေမဲ့ ဒဏ်ခတ်မှုလုပ်ရပ်များကို တုံ့ပြန်စေရန် လှုံ့ဆော်ပေးပါသည်။ ထိုလက်စားချေတုံ့ပြန်မှုများကို ကိုင်တွယ်ရန် သည်းခံမှု၊ ခံနိုင်ရည်ရှိမှုနှင့် ဖွဲ့တို့ကို ပျိုးထောင်ခြင်း လိုအပ်ပါသည်။ နောက်ထပ် အနာဂတ်တွင်ရော လတ်တလောလက်ရှိကာလတွင်ပါ ဒေါသ မည်သို့ ပေါ်လာမည်ကို စဉ်းစားဆင်ခြင်သည်ဖြစ်သောကြောင့် နှံ့စပ်မှုရှိသောရှုထောင့်အမြင် ဖွံ့ဖြိုးတိုးတက်ရန် လည်း လိုအပ်ပါသည်။ ဤသည်မှာ ဗုဒ္ဓဘာသာက ခန္တီတရားကို ဖြည့်ဆည်းခြင်းအဖြစ် မျှော်မှန်းသည့် အခန်းကဏ္ဍ ဖြစ်ပါသည်။

ဤနေရာတွင် စစ်မက်အတွင်း ယင်းသို့သောသည်းခံမှုအား တည်ဆောက်ခြင်း၏ သီးခြား အခြေအနေများ အကြောင်းကို စကားအနည်းငယ်ပြောရပါမည်။ နေ့စဉ်ဘဝတွင် ကြုံတွေ့ရသောအခက်အခဲများထက် ပဋိပက္ခ အတွင်း ကြုံတွေ့ရသော ဆင်းရဲဒုက္ခများမှာ အဆမတန်သာလွန်လာသည်ဖြစ်သောကြောင့် ခန္တီ၏သဘောသဘာဝ ကိုလည်း ဤမြင့်မားလာသော လိုအပ်ချက်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် ထိုသို့လိုက်၍ ပြောင်းလဲရပါမည်။ တပြိုင်တည်းမှာပင် ပဋိပက္ခဆက်ရှိနေဆဲ သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် လုံခြုံရေး ကင်းမဲ့မှု အန္တရာယ်များရှိနေဆဲတွင် ၎င်းသည် ဖြစ်နိုင်ခြေအလားအလာရှိသော လုပ်ငန်းစဉ် ဟုတ်မဟုတ် ပဋိပက္ခတွင်ပါဝင် သည့်အဖွဲ့များ (အရပ်သား သို့မဟုတ် အခြားသူများ)အား ခွင့်လွှတ်ခြင်းသဘောထားကို ပြုစုပျိုးထောင်ရန် မည်သည့် အတိုင်းအတာအထိ အားပေးတိုက်တွန်းရန် သင့်တော်မည်နည်းဟု မေးခွန်းထုတ်ရပါမည်။ ထို့ကြောင့် သူတော်ကောင်းတရားမွေးမြူခြင်းသည် တရားမျှတမှုအား ထည့်သွင်းစဉ်းစားခြင်းများမှ လုပ်ဆောင်သင့်ကြောင်း၊ ခန္တီ၏ လက္ခဏာသွင်ပြင်အဖြစ် "ခွင့်လွှတ်ခြင်း"တွင် စစ်အတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို လွတ်ငြိမ်း ချမ်းသာခွင့်ပေးခြင်းနှင့်ပတ်သက်ပြီး ပြောရန် အနည်းအကျဉ်းမျှသာရှိကြောင်းကို သတိပြုရန် အရေးကြီးပါသည်။ ဒဏ်ခတ်ခံရမှုအစီအမံအဖြစ် မကြာခဏ မြင်လေ့ရှိသော်လည်း တရားမျှတမှုရရှိခြင်းကို အလားတူ ရာဇဝတ်မှုများ ထပ်မံဖြစ်ပွားခြင်းမှ တားဆီးကာကွယ်ပေးခြင်းနှင့် သိသာထင်ရှားစွာ သက်ဆိုင်နေခြင်းအဖြစ် ရှုမြင်ရပါမည်။ ခံနိုင်ရည်ရှိခြင်းနှင့် ခန္တီ၏သည်းခံခြင်းတို့ကို စစ်အတွင်း နှစ်ဖက်ပြန်လည်သင့်မြတ်ခြင်းနှင့် တူညီသည်ဟု တန်းတူ မထားသင့်ပါ။ ပြန်လည်သင့်မြတ်ခြင်းသည် "မိတ်ဆွေအဖြစ် အခင်အမင်မပျက် ပြန်ဖြစ်ခြင်း အစား ... ယုံကြည်မှု ပြန်လည်တည်ဆောက်ခြင်းကို ပြဋ္ဌာန်းသတ်မှတ်ခြင်း" ဖြစ်သည်ဟု သာနစ်စာရို ဘိက္ခု(Thānissaro Bhikkhu 2011) က စဉ်းစားဆင်ခြင်သုံးသပ်ပါသည်။ ခန္တီအားကျင့်သုံးခြင်းကို ယင်းသို့သော ပြန်လည်သင့်မြတ်မှု မဖြစ်နိုင် သည့် အခြေအနေများတွင် မကြာခဏ မဖြစ်မနေ လုပ်ဆောင်ရပါမည်။ ထို့ကြောင့် ပြန်လည်သင့်မြတ်ခြင်းသည်

ခန္တီလုပ်ဆောင်ရန်အတွက် လိုအပ်ချက်တစ်ခု မဖြစ်စေရသကဲ့သို့ ယင်း၏ အဓိကအလေးထားစရာကိစ္စပင် မဖြစ်စေရပါ။ ထို့အပြင် ပြန်လည်သင့်မြတ်မှုသည် လက်နက်ကိုင်ပဋိပက္ခပြီးသည့်နောက် အကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်သောကြောင့် IHL ၏ တရားဝင်လုပ်ပိုင်ခွင့် ပြင်ပတွင် ကျရောက်နေပါသည်။

ထိုနည်းတူစွာ စစ်အတွင်း၌ ခန္တီအား လက်တွေ့အသုံးချခြင်းကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း အယူအဆမှလည်း ခွဲခွဲခြားခြား ပြုလုပ်ရပါမည်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများသည် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်းနှင့် ၎င်းတို့၏နောက်ဆက်တွဲပြစ်ဒဏ်များကို ထိရောက်စွာပယ်ဖျက်သည့်နေရာတွင် လုပ်ဆောင်သော ဥပဒေပြုဆုံးဖြတ်ချက်များ ဖြစ်ပါသည်။ (ICRC 2017) ဤအချက်သည် အနည်းဆုံး စစ်မက်တိုက်ခိုက်မှုများအတွက် အလျင်အမြန် ဖြေရှင်းချက် မဟုတ်သော်လည်း ဆီလျော်သော အရေးယူဆောင်ရွက်မှုတစ်ခုကို လုပ်ဆောင်နိုင်မည့် အကြောင်းတရားများစွာ ရှိပါသည်။ (ICRC 2017) သို့သော် တဖန် စစ်ကာလ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများ အသုံးပြုခြင်း၏ နောက်ကွယ်မှ ရည်ရွယ်ချက်အကြောင်းရင်းများကို ထည့်သွင်းမစဉ်းစားဘဲ စစ်ကာလ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအား ခွင့်လွှတ်ခြင်း သို့မဟုတ် သည်းခံခြင်းကို ရရှိထားပြီးဖြစ်ကြောင်း “သက်သေ”အဖြစ် အသုံးမပြုရပေ။ ဗုဒ္ဓဘာသာတွင် ခန္တီကို နားလည်သဘောပေါက်ပုံသည် ရာဇဝတ်မှုများကို ပြစ်ဒဏ်မှလွတ်ငြိမ်းစေခြင်း သို့မဟုတ် လက်ခံခြင်း နှင့်ပတ်သက်၍ လုပ်ဆောင်ရန်မရှိသလောက်နည်းပါးပြီး ပါဝင်ပတ်သက်သူတိုင်း သို့မဟုတ် အားလုံးကို ထိုရာဇဝတ်မှု၏အကျိုးဆက်များ၏ ဖြစ်နိုင်ခြေရှိသောအန္တရာယ်များအား ကန့်သတ်ခြင်းနှင့်ပတ်သက်၍ များစွာပိုမို လုပ်ဆောင်ရန် ဖြစ်ပါသည်။

သူတော်ကောင်းတရားဖြစ်သော ခန္တီနှင့် IHL ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလေးထားမှုအတော်များများတွင် တထပ်တည်းဖြစ်နေသည်မှာ ထင်ရှားပါသည်။ ဗုဒ္ဓဘာသာအဆုံးအမနှင့် ကျင့်သုံးမှုတို့တွင် ထိုသူတော်ကောင်းတရား၏ အစဉ်အလာအရ လုပ်ဆောင်ပုံကို ကျွန်ုပ်တို့ တွေးထင်ထားသည့်အတိုင်း ဗုဒ္ဓဘာသာရှုထောင့်မှ ဤအချက်ကို ယခု အသေးစိတ်ဖော်ပြရှင်းလင်းနိုင်ပါသည်။

## ဗုဒ္ဓဘာသာအတွေးအခေါ်တွင် ခန္တီ၏အခန်းကဏ္ဍ

ဗုဒ္ဓဘာသာအဆုံးအမတရားတော်များအားလုံးနှင့်အလားတူ ခန္တီကို ဆင်းရဲဒုက္ခအဆုံးသတ်မှုရရှိစေသည့် နည်းလမ်းအဖြစ် မျှော်မှန်းထားပါသည်။ သို့သော် ခန္တီ၏အခန်းကဏ္ဍကို ပိုမိုတိကျစွာဆိုရလျှင် ယင်းသည် ဒေါသနှင့် မုန်းတီးမှုတို့၏ အကုသိုလ်အရည်အသွေးအား တုံ့ပြန်မှုတစ်ခုအဖြစ် အရှင်းလင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဗုဒ္ဓဘာသာစာပေကျမ်းဂန်များတွင် ထပ်တလဲလဲတွေ့ရသော အယူအဆမှာ နောက်ပိုင်းတွင် အခြေအနေပိုဆိုးလာစေရန် ခွင့်ပြုခြင်းဖြင့် ဖြစ်ပေါ်လာသည့်အန္တရာယ် ဖြစ်ပါသည်။ ပါဠိနိကာယ်ကျမ်းများတွင် ဒေါသက ယူဆောင်လာသည့် အထူးသဖြင့် ပျက်စီးမှုအကျိုးရလဒ်များနှင့် ထိုဒေါသကိုပယ်ဖျောက်ရန် လိုအပ်ချက်တို့ကို မကြာခဏ အထူးအလေးထားဖော်ပြလေ့ရှိရာ သံယုတ်နိကာယ်တွင် ဖော်ပြထားသကဲ့သို့ -

ဒေါသကိုပယ်သတ်ခြင်းဖြင့် နှစ်ခြိုက်စွာအိပ်ပျော်သည်၊

ဒေါသကိုပယ်သတ်ခြင်းဖြင့် သောက မဖြစ်၊

ဒေါသကိုပယ်သတ်ခြင်းသည် ...

၎င်း၏ အဆိပ်လူးသောအမြစ်နှင့် ပျားရည်ဆမ်းသော ထိပ်ဖျားနှင့်အတူ၊

ယင်းသည် မြင့်မြတ်သောသူတော်စင်တို့ချီးမွမ်းသော ပယ်သတ်ခြင်းဖြစ်သည် ... ။ (SN.11.21)

ဒေါသနှင့် ခန္တီ ထိုနှစ်ခုအား တိုက်ရိုက်ဆန့်ကျင်ဘက်အဖြစ်ထားခြင်းဖြင့် ဒေါသ(ကောဓ)ကြောင့် ဖြစ်စေနိုင်သည့် ပျက်စီးမှုများကို အလေးပေးဖော်ပြရုံသာမက ဒေါသကိုထိန်းချုပ်ခြင်းဖြင့် ဒေါသကင်းသော သည်းခံခြင်းအဖြစ် ခန္တီ၏တန်ဖိုးကို ပြန်လည်၍ မီးမောင်းထိုးပေးပါသည်။ ဗုဒ္ဓဘာသာတွင် ဒေါသနှင့်ကောဓအား နားလည်သဘောပေါက်မှုအတွင်း ပိုမိုကျယ်ပြန့်သော ကိုယ်ကျင့်သီလမူဘောင်ကို ဤနေရာ၌ ထည့်သွင်းစဉ်းစားထိုက်ပါသည်။

**ကောင်းမှုနှင့် မကောင်းမှု (ကုသိုလ်/အကုသိုလ်) အမူအကျင့်များ**

ဒေါသ(သက္ကတတွင် ဒဝိသ) ဆိုလိုသည်မှာ အမုန်းတရား သို့မဟုတ် မနှစ်သက်ခြင်းသည် ယုံမှားခြင်း - မောဟနှင့် အလိုကြီးမှု - လောဘတို့နှင့် တွဲဖက်၍ အကုသိုလ်မူလရင်းမြစ် သုံးခုအနက် တစ်ခုအဖြစ် လုပ်ဆောင်ပါသည်။ (e.g. AN 3.69) ၎င်းတို့ကို အခြားသောကိလေသာအားလုံးတို့၏ မူလဇာစ်မြစ်အဖြစ် မှတ်ယူသောကြောင့် အသိတရား နိုးကြားလာစေရန်ဦးတည်သော ဗုဒ္ဓဘာသာလမ်းစဉ်နှင့်ပတ်သက်၍ အဓိကကျော်လွှားရမည့် ပြဿနာ ဖြစ်ပါသည်။ ဤမူလဇာစ်မြစ်များသည် "နိုးကြားသတိမရှိသောစိတ်လက္ခဏာရှိသည့် မိုက်မဲသောစိတ်အခြေအနေအားလုံးနှင့် ဘဝသံသရာတွင် ဉာဏ်အလင်းမရသေးသော ပုထုဇဉ်တို့အား ချည်နှောင်ထားသည့် အခြေခံများကို ပုံဖော်ထားပြီး ဗုဒ္ဓဘာသာဝင်တို့သည် ထိုကိလေသာတို့မှ လွတ်မြောက်မှုကို ရှာဖွေကြပါသည်။ (Crosby and Skilton 1998, xxxvii) ထိုမူလဇာစ်မြစ်သုံးခုထဲမှ တစ်ခု သို့မဟုတ် အများတို့မှ ပေါ်ပေါက်လာပြီး မိမိကိုယ်တိုင်နှင့်/သို့မဟုတ် တပါး သူတို့အပေါ် ချက်ချင်း သို့မဟုတ် နောက်ပိုင်း တစ်စုံတစ်ဦး၏ ကံနှင့်ဆိုင်သော အနာဂတ်တွင် ဆင်းရဲဒုက္ခရောက်စေ သည့် လုပ်ဆောင်မှုကို "မကောင်းမှု" ဟု မှတ်ယူပါသည်။ (Harvey 2000, 48) ယင်းမှာ ၎င်းတို့၏ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလမူဘောင်အတွင်း ကျင့်သုံးသူအတွက် မုချခံစားရမည့် အကျိုးဆက်ဟု သွယ်ဝိုက်ညွှန်းဆိုပါသည်။ "လုပ်ဆောင်ချက်တစ်ခုကို အကောင်းအဆိုး ဆုံးဖြတ်နိုင်မည့် အဓိကအချက်မှာ" ပြုလုပ်သူ၏ စိတ်သဘောထားမှာ ပဓာနကျပြီး အထူးသဖြင့် ထိုလုပ်ဆောင်မှု၏နောက်ကွယ်ရှိ စေတနာရည်ရွယ်ချက်ဖြစ်ကြောင်း ခရစ္စတိုဖာဂိုဝမ်စ် က အလေးထားဖော်ပြပါသည်။ (Gowans 2013, 435) ကောင်းမှုနှင့် မကောင်းမှုအကြား ခွဲခြားခြင်းကို တစ်ဦးချင်း အဆင့်တွင်ထက် ရလဒ်ပေါ်ထွက်လာသည့်လုပ်ဆောင်မှု၌ စိတ်နှင့်ဆိုင်သောအဆင့်တွင် သတ်မှတ်ခြင်းသည် ဗုဒ္ဓဘာသာ၌ လူတစ်ယောက်အား "အမုန်တကယ်ဆိုးယုတ်ခြင်း" အဖြစ် မည်သို့မျှ မှတ်ယူနိုင်ခြင်းမရှိဟု ဆိုလိုပါ သည်။ မည်သူ့ကိုမျှ မွေးရာပါပင်ကိုယ်ဗီဇအရ သို့မဟုတ် ပြုပြင်မရနိုင်လောက်အောင် ယုတ်မာဆိုးသွမ်းသူဟု မမြင်နိုင်သော်လည်း မကောင်းသောအကုသိုလ်မူလဇာတ်မြစ် တစ်ခု သို့မဟုတ် အများကြောင့် လုပ်ဆောင်နေခြင်း အဖြစ် မြင်နိုင်ပါသည်။ စင်စစ်အားဖြင့် နိကာယ်တရားတော်များ၌ ရာဇဝတ်မှုများကိုသာ ကျူးလွန်ခဲ့ပြီး ဗုဒ္ဓနှင့် ၎င်း၏အဆုံးအမတရားတော်များကို ရှာဖွေတွေ့ရှိနာကြားခြင်းဖြင့် နောက်ပိုင်းတွင် ပြောင်းလဲသွားသူ အများအပြား ကို ဖော်ပြထားပါသည်။ ယင်းတို့ထဲမှ အကျော်ကြားဆုံးမှာ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သတ်သော လူသတ်သမား အင်္ဂုလိမာလသည် ခက်ထန်သည့်ရာဇဝတ်သားဘဝမှ သံဃာတော်တစ်ပါးအဖြစ် ပြောင်းလဲရုံသာ မက ဉာဏ်အလင်းရသည်အထိ တိုးတက်မှုကို ပြသခဲ့ကာ သံသရာစက်ဝန်းကို ရပ်တန့်နိုင်သူ ဖြစ်လာပါသည်။ ယင်းမှာ ဗုဒ္ဓ စေ့ဆော်သည့် စိတ်နှင့် အမူအကျင့်၏ အခြေခံကျသော ပိုမိုတိုးတက်ကောင်းမွန်မှုကြောင့် ဖြစ်နိုင်ခြင်း ဖြစ်ပါသည်။ (MN.86) ဤနေရာတွင် ဆုံးဖြတ်ရန်မှာ လူကိုမဟုတ်ဘဲ ထိုသူ၏ ကိလေသာပြဋ္ဌာန်းနေသော အတွေးအခေါ်များနှင့် လုပ်ဆောင်မှုများ၏ အကျိုးဆက်များကိုသာ ဆုံးဖြတ်ရပါမည်။ ထိုသို့ဆုံးဖြတ်ခြင်းသည် လောဘ၊ ဒေါသနှင့် မောဟ အဓိကဇာစ်မြစ်သုံးပါးတို့ လွှမ်းမိုးထားသော ယင်းသို့ အမှားပြုလုပ်မှု၊ မကောင်းမှု အကုသိုလ်လုပ်ဆောင်မှုများ၏အစကို ဗုဒ္ဓဘာသာက အခြေခံအားဖြင့် ရှုမြင်ပါမည်။ သို့ဖြစ်ရာ မူလဇာစ်မြစ်များကို အားနည်းစေနိုင်ပြီး ဖျက်ဆီးနိုင်သည်ကို နားလည်သဘောပေါက်ခြင်းကြောင့် ခန္တီ၏အကျိုးကျေးဇူးများကို ဖြစ်ပေါ် စေနိုင်ရန် လုပ်ဆောင်နိုင်ပါသည်။ ဤနည်းအားဖြင့် ကျင့်သုံးသူအား ၎င်း၏ လုပ်ဆောင်မှုများတွင် စစ်မှန်သော အပြောင်းအလဲအတွက် အလားအလာကို လမ်းဖွင့်ပေးပါသည်။

အားအကောင်းဆုံးတွေ့မြင်ထားသော ဆိုးယုတ်ခြင်း အယူအဆရှိသည့် ယဉ်ကျေးမှုများနှင့် ထိုသို့မရှိသော ယဉ်ကျေးမှုများအကြား ခြားနားမှုသည် ခွင့်လွှတ်ခြင်းကိစ္စဆီသို့ ရောက်ရှိသွားကြောင်း မာတင်ဆောက်သ်ဝိုးလ်ဒ် (Martin Southwold) က ဆိုပါသည်။ (Southwold 2003, 430) "လူယုတ်မာ"နှင့် "အကုသိုလ်လုပ်ရပ်"တို့အကြား ကွဲပြားခြားနားမှုကို အခိုင်အမာပြသခြင်းအားဖြင့် ခန္တီသူတော်ကောင်းတရားလက်ကိုင်ထားရန်အတွက် လက်တွေ့ ကျသော အသိပညာကို လမ်းဖွင့်ပေးပါသည်။ ယင်းကို ကျူးလွန်သူ၏ အဓိက အစိတ်အပိုင်း မဟုတ်သောကြောင့် မကောင်းသော အပြုအမူဖြစ်စေသည့် အကြောင်းရင်းကို ဆွဲဆောင်ခြင်းဖြင့် ယင်းသို့သော သည်းခံမှုကို ဖြစ်ပေါ်စေ

နိုင်ရန် လုပ်ဆောင်နိုင်ပါသည်။ အင်္ဂုလိမာလသည် အကုသိုလ်လုပ်ဆောင်မှုများမှ ကုသိုလ်လုပ်ဆောင်မှုများသို့ ပြောင်းလဲရန်ရွေးချယ်ခြင်းဖြင့် အဆိုးဆုံးလူ့ဘောင်အဖွဲ့အစည်းမှ အကောင်းဆုံးလူ့ဘောင်အဖွဲ့အစည်းသို့ ရောက်ရှိသွားပါသည်။ IHL သည် ကမ္ဘာတဝန်းပျံ့နှံ့ခြင်းနှင့် ခန္တီတရား၏ အကျိုးကျေးဇူးများသည် အားလုံးအတွက် ဖြစ်ရမည်ဟု ကောင်းစွာသိရှိထားသည့်အကြောင်းအရာတို့ တူညီမှုရှိခြင်းကြောင့် ဤသဘောထားသည် IHL ကျင့်သုံးမှုနှင့် ကိုက်ညီပါသည်။

**ဒေါသကိုတုံ့ပြန်သည့် ခန္တီ**

ခန္တီကို ဒေါသ သို့မဟုတ် ခါးသီးသောခံစားချက်တို့၏ ဆန့်ကျင်ဘက်သဘောအဖြစ် ပါဠိတော်နှင့်အဋ္ဌကထာတို့တွင် မကြာခဏ အသေးစိတ်ရှင်းပြထားပါသည်။ ထို့ကြောင့် ခန္တီ၏ ဤအခန်းကဏ္ဍကို အမြင့်မားဆုံး အကျိုးပြုနိုင်သည့် အရည်အသွေးတစ်ခုအဖြစ် တွေ့မြင်နိုင်ပါသည် -

> သည်းခံခြင်း၊ ခံနိုင်ရည်သည် အမြင့်မားဆုံး မြိုးခြံသောအကျင့်ဖြစ်ပါသည်။ (Dhp. 184)
>
> လူတစ်ယောက်၏ အမြင့်မားဆုံးပန်းတိုင်တို့တွင် သည်းခံခြင်းထက် ပိုကောင်းသည့်အရာကို မတွေ့ရချေ။ (SN.11.4)

ဒေါသနှင့်ဆန့်ကျင်ဘက်ဖြစ်သော ခန္တီကို ကျင့်သုံးရာလမ်းကြောင်းတွင် အရိုးစွဲနေသော သူတော်ကောင်းတရားအဖြစ် ဖော်ပြပါသည်။ သို့သော် ဤနေရာတွင် ထိုဂုဏ်သိက္ခာကြီးမြင့်စေသော သည်းခံခြင်းသည် ယေဘုယျနှင့် ကောင်းမြတ်သော အရည်အသွေးအဖြစ် IHL ၏အလုပ်ကို ပြီးပြည့်စုံစေခြင်းတွင် လက်တွေ့ကျသော တန်ဖိုးထားမှုကို အနည်းအကျဉ်းသာ အထောက်အကူပေးနိုင်သည်ဟု အငြင်းပွားနိုင်ပေသည်။ စစ်ပွဲသည် ယင်းတွင် ပါဝင်နေသောအဖွဲ့တို့၏ သည်းခံမှု၊ အောင့်အည်းထိန်းချုပ်မှုနှင့် ခွင့်လွှတ်မှုတို့ကို အဆုံးစွန်အထိ မုချ စမ်းသပ်ပေလိမ့်မည်။ သို့သော် ထိုကဲ့သို့သော အကြမ်းဖက်သည့် အခြေအနေများ၌ ခန္တီ၏တန်ဖိုးကို အမှန်အားဖြင့် စာပေကျမ်းဂန်များမှတဆင့် စူးစမ်းလေ့လာထားပြီး ဖြစ်ပါသည်။

ခန္တီဝါဒီဇာတ်တော်(အမှတ် ၃၁၃) "သည်းခံမှုကို ဖွင့်ဟဝန်ခံသူ" ပုံပြင်ဇာတ်လမ်းတွင် ဘုရားလောင်းအား ကာသိတိုင်းဘုရင်၏ ဒေါသကို ရင်ဆိုင်တွေ့ကြုံရသူ ပညာရှိရသေ့အဖြစ် ဖော်ပြထားပါသည်။ (Horner 1957, 43-49) ဘုရားလောင်းရသေ့သီတင်းသုံးနေထိုင်သော ဥယျာဉ်အတွင်း၌ ဘုရင်ကြီး အိပ်မောကျနေစဉ် မောင်းမမိသံများသည် အခွင့်ရခိုက် ရသေ့ကြီးထံချဉ်းကပ်ပြီး တရားဟောပေးရန်တောင်းဆိုကြကာ တရားကို အာရုံစိုက် နာယူကြပါသည်။ ဘုရင်ကြီးနိုးလာသောအခါ ၎င်းအားဖျော်ဖြေသူများကို ၎င်းထံမှ ဘုရားလောင်းရသေ့က ခိုးယူခဲ့သည်ဟု ဒေါသထွက်ပြီး အဘယ်တရားကို ဟောကြားဆုံးမနေသနည်းဟု ဘုရားလောင်းရသေ့ကို မေးပါသည် - "ငါသည် သည်းခံခြင်းတရား(ခန္တီ)ကို ဟောကြားဆုံးမပါ၏။" ယင်းမှာ "... ရင့်သီးရိုင်းစိုင်း၊ ကြမ်းတမ်း၍ အသရေဖျက်သူများအပေါ် ဒေါသမထွက်ခြင်းသာ ဖြစ်သည်။" (Shaw 2006, 110) ယင်းကို ဆန့်ကျင်လျက် ဒေါသကို နမူနာပြခြင်းဖြင့် ဒေါသထွက်နေသော ဘုရင်ကြီးသည် ၎င်း၏ လက်ပါးစေပါးကွက်သားတို့ကို ဘုရားလောင်းရသေ့အား ဆူးချွန်နှင့် ရိုက်ခြင်း၊ ခြေလက်တို့ကိုဖြတ်တောက်ခြင်းနှင့် မျက်နှာကိုရုပ်ပျက်ဆင်းပျက်ဖျက်ဆီးခြင်း တို့ဖြင့် တဆင့်ပြီးတဆင့် အနာတရဖြစ်စေရန် အမိန့်ပေးစေခိုင်းပါသည်။ ဒဏ်ရာတစ်ခုရစေပြီးတိုင်း ဘုရားလောင်း ဟောကြားဆုံးမသော တရားကို ဘုရင်ကြီးသည် အာဃာတဖြင့် ထပ်မံ၍မေးမြန်းရာ ငါ၏တရားသည် အပေါ်ယံအရေပြား၌သာမဟုတ်ဘဲ ငါ့နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာ၌ အမြစ်တွယ်ခိုင်မာနေသည့် ခန္တီတရား" ဟူ၍သာ အမြဲတစေ တုံ့ပြန်ဖြေကြားခဲ့ပါသည်။ (Shaw 2006, 111)

ဤဇာတ်တော်တွင် ခန္တီ၏အဓိပ္ပာယ်သည် မယုံနိုင်လောက်သည့် နာကျင်မှုနှင့် ဆင်းရဲဒုက္ခကို ရင်ဆိုင်ရသည့်အခါတွင် တိကျသော ရည်ရွယ်ချက်ဖြင့် စိတ်ရှည်သည်းခံခြင်းနှင့် ခံနိုင်ရည်ရှိခြင်းပင် ဖြစ်ပါသည်။ "ထိုကဲ့သို့ ကြာမြင့်စွာ ကိုယ်အင်္ဂါဖြတ်တောက်ဖျက်ဆီးခံရခြင်းသည် ... ဘုရားအလောင်းတော်အား ၎င်း ဟောကြားဆုံးမသည့် သည်းခံခြင်းတရားသည် အပေါ်ယံ သို့မဟုတ် မရိုးမသားမမှန်မကန်မဟုတ် - ၎င်း၏ ခြေလက်၊ နား၊ နှာခေါင်းတို့၌

တည်နေသည် မဟုတ်ဘဲ နှလုံးသားထဲတွင် နက်နဲခိုင်မြဲနေခြင်းကို ကျွမ်းကျင်လိမ္မာစွာ အသုံးချခွင့်ရခြင်း ဖြစ်သည်” ဟု အန်ဒရူးစခစ်လ်တန်က မှတ်ချက်ပြုပါသည်။ (Skilton 2002, 121)

ထိုကြမ်းတမ်းသောနိမိတ်ပုံသည် ဤနေရာတွင် ခန္တီအား နက်ရှိုင်းစွာစွဲခိုင်နေသော အရေးကြီးသည့် အမြင်ကျယ်သော တရားအဖြစ် အလေးအနက်ထားရန် လိုအပ်ပါသည်။ သည်းခံခြင်းအစစ်သည် ခံနိုင်ရည်ရှိခြင်းဖြစ်ပြီး ဒေါသကိုအောင်မြင်စွာ ပယ်သတ်ပြီးသူများတွင် ခန္တီကို အလွယ်တကူ မဖျက်ဆီးဟု နားလည်ထားပါသည်။ အမုန်းတရားနှင့် အမျက်ဒေါသတို့က ထိုဘုရင်အား မှားယွင်းစွာလုပ်ဆောင်ရန် ပထမနေရာတွင် စေ့ဆော်ပေးသည့်အချက်ကို စာပေကျမ်းဂန်၌ ထည့်သွင်းစဉ်းစားခြင်းပြုသော်လည်း ဘုရားလောင်းသည် ရှင်ဘုရင်အား အမျက်ဒေါသကို မပေးချေ။ ထို့ကြောင့် စိန်ခေါ်မှုအစစ်သည် မတော်မတရားပြုသူထံသို့ ဦးတည်ရေးရှုခြင်းမရှိဘဲ ၎င်းတို့၏ လုပ်ဆောင်မှုကို လှုံ့ဆော်သည့် အမျက်ဒေါသထံသို့ ဦးတည်ရေးရှုပါသည်။

စာရေးသူ သန္တိဒေဝ(Śāntideva)က ၎င်း၏ ဗောဓိကာရိယာဝတ္တာရ(Bodhicaryāvatāra)တွင် ဆင်းရဲဒုက္ခ အထူးသဖြင့် အခြားသူများ၏ လုပ်ဆောင်မှုများကြောင့် ရလဒ်အဖြစ် ခံစားရသော ဆင်းရဲဒုက္ခကိုကြွံကြံ့ခံရာတွင် သည်းခံနိုင်မှုအတွက် ခန္တီ၏အစွမ်းကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ဤတူညီသောအချက်ကို ဖော်ပြပါသည်။ (Edelglass 2009, 390) ဤနေရာတွင် မတော်မတရားပြုသူ သို့မဟုတ် ၎င်းတို့၏လုပ်ဆောင်မှုကို ၎င်းတို့အား မဖြစ်မနေလုပ်ဆောင်စေသည့် အမျက်ဒေါသမှ တသီးတခြား ခွဲထားသည့် ထိုသူ ရရှိထားသော အဆုံးသတ်ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပိုင်းခြားစိစစ်မှုအားအသုံးပြုခြင်းဖြင့် ယင်းကို စစ်ဆေးပါသည် - “တုတ် သို့မဟုတ် အခြားလက်နက်ကဲ့သို့သော အဓိကအကြောင်းရင်းနှင့်မသက်ဆိုင်ဘဲ ယင်းကိုလှုံ့ဆော်သူအား ကျွန်ုပ်က အမျက်ဒေါသထားလာမည်ဆိုလျှင် ထိုသူသည်လည်း အမုန်းတရား၏စေ့ဆော်ခြင်းကို ခံရမည် ဖြစ်ပါသည်။ အမုန်းတရားကို မုန်းတီးခြင်းက ပို၍ ကောင်းပါသည်။ (Bca.VI.41)

သို့ဖြစ်ရာ မလိုမုန်းထားမှုကို လူပုဂ္ဂိုလ်အပေါ် တိုက်ရိုက်ဦးမတည်သင့်ပေ။ ထိုသူတို့ပြုမူနေခြင်းများ သည် ၎င်းတို့၏ ကိလေသာများအတွက် ယာဉ်များကဲ့သို့ ၎င်းတို့ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါသည်။ သန္တိဒေဝက တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်နေစဉ်အတွင်း၌ပင် ၎င်းတို့နှင့်သက်ဆိုင်နေသော ဘုံရန်သူကို ဖော်ထုတ်သတ်မှတ်ခြင်းဖြင့် မတော်မတရားပြုသူနှင့် မတော်မတရားအပြုခံရသူ နှစ်ဘက်စလုံးအတွင်းရှိ အမုန်းတရား၏ အကြောင်းရင်းဇာစ်မြစ်ကို ထောက်ပြထားပါသည်။ ထို့အပြင် စာရေးသူသည် ဤနေရာ၌ ကြောင်းကျိုးဆက်နွယ်မှုအား ၎င်း၏ နားလည်သဘောပေါက်ခြင်းနှင့်စပ်လျဉ်း၍ အနည်းငယ်ဖော်ပြထားပါသည်။ ယင်းသည် မတော်မတရားပြုသူကို လှုံ့ဆော်သည့် အမှီအခိုကင်းသော အခြားအခြေအနေများအဖြစ် ရန်လိုတိုက်ခိုက်သည့်လုပ်ရပ် (ဤနေရာတွင် တုတ်ဖြင့်ရိုက်ခြင်း)ကို ထည့်သွင်းစဉ်းစားရန် အမြင်ကျဉ်းနေဆဲ ဖြစ်ပါသည်။ သန္တိဒေဝက ဤအချက်ကို အောက်ပါအတိုင်း ရှင်းလင်းစွာ ဖော်ပြပါသည် -

> လူတစ်ဦးသည် “ငါ ဒေါသထွက်သင့်တယ်”ဟု ဆုံးဖြတ်ပြီးသည့်နောက် ဆန္ဒအလျောက် ဒေါသ မဖြစ်သကဲ့သို့ “ငါ ရုတ်တရက် ဒေါသထွက်နေပြီ”ဟု ဆုံးဖြတ်ခြင်း၏နောက်တွင် ရုတ်တရက် ဒေါသမထွက်ချေ။
>
> မည်သည့်အရာမဆို အမှီအခိုကင်းစွာ ပေါ်ပေါက်လာခြင်းမရှိသည်နှင့်တချိန်တည်းမှာပင် အကျင့်သီလဖောက်ဖျက်မှုများနှင့် ယုတ်မာကောက်ကျစ်သည့်လုပ်ဆောင်မှုမျိုးစုံတို့သည် ၎င်းတို့ကို ပြုစုပျိုးထောင်ပေးသည့် အခြေခံအကြောင်းများ၏ အစွမ်းကြောင့် အားလုံး ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ (Bca.Vi.24-25)

ထို့ကြောင့် အကြောင်းနှင့်အကျိုးဆက်စပ်မှုကို နားလည်သဘောပေါက်ခြင်းသည် လူတစ်ယောက်၏အမျက်ဒေါသကို ထိုလူပုဂ္ဂိုလ်များမှ တသီးတခြားခွဲထုတ်လာနိုင်ပါသည်။ အကျိုးဆက်အဖြစ် ခန္တီ၏ အရည်အသွေးများဖြစ်သော သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကို ပျိုးထောင်ရန် ပိုမိုလွယ်ကူလာပါသည်။ ထိုသူတော်ကောင်းတရားကို IHL အတွင်း အောင်မြင်စွာပေါင်းစပ်ထည့်သွင်းခြင်းအတွက် ယင်းတို့အား လိုအပ်ပုံကို အောက်တွင် တွေ့မြင်နိုင်ပါသည်။

ခန္တီဝါဒီဇာတ်တော်ကို ပြန်ဆက်ရလျှင် ဘုရားအလောင်းတော်၏ သန့်စင်သောစိတ်ဓာတ်သည် ဘုရင်၏ စိတ်ဓာတ်နှင့်ဆန့်ကျင်နေသောကြောင့် စိတ်ရှည်သည်းခံခြင်း၏စွမ်းရည်ကို ကြံ့ကြံ့ခံနိုင်ခြင်းအဖြစ် မီးမောင်းထိုးပြထားသည်ကိုလည်း တွေ့ရပါသည်။ ဒုက္ခနှင့်ရင်ဆိုင်ရာ၌ ဤသို့ ကြံ့ကြံ့ခံနိုင်မှုအား ဖော်ပြချက်သည် စာပေကျမ်းဂန်များတွင် နေရာအနှံ့အပြား ခိုင်မာသော အထောက်အထား ဖြစ်ပါသည်။ ကကစူပမာသုတ္တန်တွင် ဗုဒ္ဓက - "ရဟန်းတို့ ခိုးသားဓားပြတို့က သင်တို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအား တစ်ခုပြီးတစ်ခု လက်ကိုင်နှစ်ဖက်ရှိသော လွှဖြင့် ရက်စက်စွာ ဖြတ်တောက်နေသည့်တိုင် ထိုသူတို့အပေါ် အမုန်းစိတ်ပေါ်ပေါက်သော ရဟန်းသည် ငါ၏အဆုံးအမကို လိုက်နာသည်မမည်" ဟူ၍ ဆိုပါသည်။ (MN.I.129) ဤနေရာတွင် အစွမ်းထက်သည့်နိမိတ်ပုံအား ခန္တီကျင့်သုံးမှုကို အားဖြည့်ပေးသည့် ကြံ့ကြံ့ခံခြင်းနှင့် တုန်လှုပ်မှုကင်းခြင်းအဖြစ် အသုံးပြုနိုင်ပါသည်။ IHL နှင့် ခန္တီသည်းခံခြင်း၏ အကျုံးဝင်သက်ဆိုင်မှုနှင့်ဆက်စပ်၍ ယင်းကဲ့သို့ ပြင်းထန်သောဖြစ်ရပ်များအတွင်း၌ပင် ဤစိတ်အခြေအနေ ဖြစ်နိုင်ကြောင်း ခိုင်မာသော ဗုဒ္ဓဘာသာ ယုံကြည်မှုနှင့် သူတော်ကောင်းတရားက ကျင့်သုံးသူအတွက် ဆောင်ကြဉ်းပေးနိုင်သည့် ရေရှည်တန်ဖိုးတို့သည် ခိုင်မာသောအထောက်အထားဖြစ်ကြောင်းကို ဤနေရာ၌ အဖိုးတန်မှတ်သားစရာဖြစ်ပါသည်။ ထပ်မံ၍ ယင်းသည် ထိုသို့သောရာဇဝတ်မှုများအတွက် ဥပဒေအရ တရားမျှတမှုနှင့် တသီးတခြားဖြစ်သည်ကို မှတ်သားသင့်ပါသည်။ တကယ်တမ်းတွင် ခန္တီသည် ဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေခြင်းနှင့် နောက်ထပ် ဆင်းရဲဒုက္ခများအား ဖန်တီးခြင်းမှ ကာကွယ်တားဆီးခြင်းအတွက် စိတ်ပိုင်းဆိုင်ရာ နည်းလမ်းတစ်ခုအဖြစ် လုပ်ဆောင်ပါသည်။ အမျက်ဒေါသကိုပြန့်ပွားခွင့်ပေးခြင်းဖြင့် ဆင်းရဲဒုက္ခများကို ဖြစ်စေနိုင်ပြီး အမုန်းတရားသည် လက်ရှိအခိုက်အတန့်တွင် ရုပ်ပိုင်းဆိုင်ရာအရ ဒုက္ခပေးနိုင်သည်ထက် များစွာ ပိုမိုကြီးမားပါသည်။ ဤနည်းအားဖြင့် ခန္တီကို အနာကျင်ဆုံးသောအခြေအနေများတွင်ပင်လျှင် စိတ်၏ကြံ့ခိုင်မှုကိုထိန်းသိမ်းပြီး ဒုက္ခကိုထပ်မတိုးစေရန်ကာကွယ်တားဆီးပေးသည့် အစွမ်းထက်သောကျင့်သုံးမှုအဖြစ် နားလည်သဘောပေါက်ပါသည်။

**အတ္တမရှိခြင်း (အနတ္တ)**

အတ္တမရှိခြင်း အယူအဆ(ပါဠိ - အနတ္တ၊ သက္ကတ - အနတ်မန်) - အရာရာကို မြဲခြင်း၊ အဓိကပဓာနကျသည့် အတ္တသို့မဟုတ် အတ္တ၏ကိုယ်ပိုင်ဥစ္စာဟူ၍ မှတ်ယူရန် မသင့်တော်ခြင်း - ဗုဒ္ဓဘာသာသည် ခန္တီကို လက်တွေ့ရည်ရွယ်ချက်များအတွက် မည်သို့ အသုံးပြုနိုင်ပုံကို နားလည်သဘောပေါက်ခြင်းအတွက် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာကိုလည်း ပေးပါသည်။ အတ္တမရှိခြင်းသည် "သမားရိုးကျ ခိုင်လုံခြင်း"ကို ကျော်လွန်ပြီး မည်သည့်အရာမှ အစဉ် မတည်မြဲနိုင်၊ မပြောင်းလဲသောအတ္တ သို့မဟုတ် ပုဂ္ဂိုလ်ရေး မရှိဟု ဖော်ပြပါသည်။ (Bodhi and Ñāṇamoli 1995, 28) အစဉ်အလာအရ လူတစ်ယောက်ဟု ဖော်ပြနိုင်သည့်အရာမှာ - စင်စစ်အားဖြင့် ခန္ဓာအစုအဝေးဖွဲ့စည်းမှုဖြစ်ပြီး - စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်တို့၏ အပေါင်းအစုတို့က "အတ္တ" ၏ ရုပ်ပုံကို အတူတကွ ဖန်တီးပုံဖော်ထားခြင်း ဖြစ်ပါသည်။ သို့သော် ၎င်းတို့၏ အတွင်း သို့မဟုတ် သီးခြားလွတ်လပ်စွာ တည်ရှိနေသော အတ္တဟု ထင်မြင်ယူဆချက်သည် ပင်ကိုယ်အားဖြင့် မှန်ကန်ကြောင်းကျိုးကြောင်းပြချက်မရှိသည်ကို ထိုခန္ဓာအစုအဝေးက ဖော်ပြနေပါသည်။

အခြေခံကျသော"အတ္တ"အယူအဆများတွင် ကြာရှည်စွာ ပိတ်မိလာခြင်းက "ငါ ရှိတယ်" ဟူသော ပိုမိုနက်ရှိုင်းသည့် မရေရာသောခံစားမှုနှင့်သက်ဆိုင်ပြီး အတ္တ-ဗဟိုပြုမှု၊ မိမိကို အခြားသူများမှ တသီးတခြားခွဲခြားပေးသည့် သို့မဟုတ် ခြားနားသော အရေးပါမှုအဆင့်များပေါ်တွင် အခြားသူများကို ရှုမြင်ပေးသည့် အတ္တကို ဖြစ်ပေါ်လာစေပါသည်။ ထိုအစား အစဉ်အလာ အတ္တ ပါဝင်သော ခန္ဓာအစုအဝေးကို "သင့်ကိုယ်ပိုင်ဥစ္စာမဟုတ်"ဟု ကောင်းစွာမှတ်ယူပြီးနောက်မှသာ ပျော်ရွှင်မှုကို တသမတ်တည်း ရရှိသည်ဟု ဗုဒ္ဓက အတိအလင်း ဟောကြားခဲ့ပါသည်။ (MN.I.140-141) ဤအနတ္တဒေသနာသည် "ငါတို့ကို၊ သူတို့ကို"ဟူသော စိတ်ဓာတ်ကို သုတ်သင်ဖယ်ရှားပြီး ယင်းတို့အစား လူသားမျိုးနွယ်တစ်ခုလုံးအတွင်း အားလုံးနှင့်သက်ဆိုင်သော ပေါ်လွင်မှုကို စစ်ဆေးရန် နည်းလမ်းတစ်ခုကို အဆိုပြုပါသည်။ ဤနေရာတွင် ခွင့်လွှတ်ခြင်း ဗုဒ္ဓဘာသာ အယူအဆအတွက် အရေးကြီးသော အခြေခံလုပ်ငန်းကို

ပေးပြီး ယင်းသည် မိမိနှင့် သူတစ်ပါးတို့အကြား အခြေခံကျသော ကွဲပြားခြားနားမှုများကို ရှုမြင်ရန် ငြင်းဆိုမှုမှ လာသောနေရာဖြစ်သောကြောင့် ယင်းကို ရရှိပုံအတွက် နည်းလမ်းဖြစ်နိုင်ပါသည်။

ဗောဓိကာယာဝတာရ(Bodhicaryāvatāra)တွင် အတ္တမရှိခြင်းကိစ္စကို သန္တိဒေဝ၏ ခန္တီပါရမီဖြည့်ကျင့်မှု ဆွေးနွေးချက်အား ထောက်ခံရန် အလားတူပုံစံဖြင့် အသုံးပြုထားပါသည်။ စာရေးသူသည် လူကို ၎င်းတို့၏ဒေါသမှ တသီးတခြားခွဲခြားထားကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သော်လည်း စာရေးသူက ကျွန်ုပ်တို့ဒေါသ၏ အရင်းခံ အကြောင်းတရားဖြစ်သည်ဟု ကျွန်ုပ်တို့တွေးထင်ထားသော လူ၏အနှစ်သာရအား ကျွန်ုပ်တို့မှားယွင်းစွာ ထင်မြင်ထားသည်ကို ပိုင်းခြားစိတ်ဖြာခြင်းဖြင့် ပို၍ပင် အတွင်းကျကျ လေ့လာထားပါသည်။ သန္တိဒေဝက ဤသို့ ရှင်းပြပါ သည် - "အမျက်ဒေါသနှင့်အလားတူတို့ကြောင့် ပြင်းထန်သောဆင်းရဲဒုက္ခကိုခံစားရသည့်တိုင် အမျက်ဒေါသနှင့် အလားတူတို့ကို ဦးတည်ရေးရှုသည့် ဒေါသကို ငါမခံစား။ ငါသည် အဘယ်ကြောင့် သတ္တဝါကို ဒေါသဖြစ်ရမည် နည်း။ ၎င်းတို့တွင်လည်း ဒေါသအတွက် ၎င်းတို့၏အကြောင်းရင်းများ ရှိပေလိမ့်မည်"။ (Bca.VI.22)

ဤအချက်ကို ငါးရာစု အရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ္ဂပါဠိကျမ်းစာတွင် ထင်ဟပ်ဖော်ပြထားပြီး ၎င်းက အမျက်ဒေါသအား "ဓာတ်သဘောဖွဲ့စည်းမှုအခြေခံအတွင်း ဆုံးဖြတ်ခြင်း" ဖြင့် ချဉ်းကပ်ခြင်းနည်းလမ်းကို အကြံ ပေးကာ ကျင့်သုံးသူအား အခြားသူအပေါ်တွင် အမျက်ဒေါသဖြစ်ရမည့်အရာနှင့် တည်နေရာကို ကြိုးစားရှာဖွေရန် ပြောပါသည်။ "သင် သူ့ကို စိတ်ဆိုးသောအခါ သင် ဘာကို စိတ်ဆိုးတာပါလဲ။ ဦးခေါင်းရှိ ဆံပင်များကို သင် စိတ်ဆိုး တာလား သို့မဟုတ် ခန္ဓာကိုယ်ရှိ အမွေးအမျှင်တို့ကိုလား။ ... သူသည် သဘာဝအခြေခံဓာတ်သဘောများထဲတွင် ထိုအဖြေကိုရရန် ကြိုးစားပါက သူ့ဒေါသ၏တည်နေရာခြေကုပ်ကို တွေ့မည်မဟုတ်ချေ... ။"(Vism.IS.38)

ဤနားလည်သဘောပေါက်မှုနှင့်အတူ လူတစ်ဦးသည် အခြားတစ်ဦးပေါ်တွင် အမုန်းတရား၏ တိကျသော အရာကို ကြိုးစားရှာဖွေမရသောကြောင့် အမျက်ဒေါသ၏ ဆုပ်ကိုင်ရရက်သောသဘောသဘာဝကို ထိုသူ သဘော ပေါက်လာပါသည်။ အတ္တ-အနှစ်ကင်းမဲ့ခြင်းကိုပြသည့် ဗုဒ္ဓဘာသာအဆုံးအမတရားတော်ကိုအခြေခံ၍ ကြောင်းကျိုး ဆင်ခြင်ခြင်းသည် လူတစ်ဦးကို ထိုသူ့ဒေါသ၏ အထည်ကိုယ်မရှိမှုနှင့် ထိုနည်းအားဖြင့် အမျက်ဒေါသကိုယ်၌၏ အနှစ်မဲ့မှုကို စဉ်းစားဆင်ခြင်မိစေပါသည်။ သန္တိဒေဝက မကောင်းသောလုပ်ဆောင်မှုများ၏အကြောင်းရင်းများ အဖြစ် ထိုကိလေသာများ၏နေရာတွင် သည်းခံခြင်းတရားအား ဆောင်ကြဉ်းခြင်းနှင့် ၎င်းတို့ကို ပြန်လည်၍ ဒေါသ ဖြစ်လာစေခြင်းထက် ၎င်းတို့အားဖန်တီးသူကို စာနာသနားသည့်နည်းလမ်းအဖြစ် ခန္တီသူတော်ကောင်းတရားကို အကြံပြုတိုက်တွန်းခြင်းဖြင့် ဤအချက်ကို အသေးစိတ် ရှင်းပြပါသည်။ ခရော့စ်ဘီ(Crosby)နှင့် စခီလ်တန်(Skilton) (1998, 46)တို့ကလည်း ဤအချက်ကို အောက်ပါအတိုင်း အကျဉ်းချုံးတင်ပြထားပါသည် -

> "လူနှင့် အရာဝတ္ထုတို့၏ လုပ်ဆောင်မှုများအား အခြားသော အခြေအနေများ၏အဆက်အသွယ် ဖြင့် သတ်မှတ်မည်ဆိုလျှင် ဖြစ်ပေါ်လာသည့်အကျိုးဆက်အတွက် လူတစ်ဦးချင်း သို့မဟုတ် အရာဝတ္ထုတစ်ခုချင်းကို မည်သို့ အပြစ်တင်နိုင်မည်နည်း။ ထိုအချက်အရ အမျက်ဒေါသသည် မည်သို့ ကျိုးကြောင်းဆီလျော်မှန်ကန်နိုင်မည်နည်း။"

အမေးဖြစ်သည့် လူပုဂ္ဂိုလ်ကို ၎င်းတို့ယူဆောင်လာသော ဆင်းရဲဒုက္ခမှ တသီးတခြားခွဲထုတ်ခြင်းဖြင့် ခန္တီသည် များစွာ ပို၍ လက်တွေ့ယထာဘူတကျသော အကြံပြုချက် ဖြစ်လာပါသည်။ အမုန်းအားဖြင့် ဗောဓိကာယာဝတာရ က စစ်ပွဲအခြေအနေတွင် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်သော ပိုမိုတိုက်ရိုက်ကျသည့် ဥပမာကို ပေးပါသည် -

> "ယင်းတို့ကဲ့သို့ ထိုဆင်းရဲဒုက္ခများကို ဖန်တီးသူဖြစ်သောကြောင့် အမုန်းတရားကို ရန်သူအဖြစ် သဘောပေါက်သွားပြီး မလျှော့တမ်းဆက်တိုက် နှိမ်နင်းနေသူသည် ဤလောကနှင့် နောင်တွင်ပါ ပျော်ရွှင်မှုသုခကို ရရှိပါမည်။" (Bca.VI.6)

ဤကြောင်းကျိုးဆင်ခြင်မှုကြောင့် ဆန့်ကျင်ဖက်အခြမ်းကို "ရန်သူ"အဖြစ်မြင်စေရန် အားပေးထားခြင်းခံရသော စစ်သည်များရှိသည်ကို ထပ်လောင်းသတိပေးထားသော်လည်း ဤနေရာတွင် ဂါထာက

အမုန်းတရားပေါ်ပေါက်လာ ခြင်းကို ပြေငြိမ်းသွားစေရန်အတွက် ယင်းအစား အမုန်းတရားကိုယ်၌အား အစစ်အမှန်ရန်သူအဖြစ် အသိအမှတ်ပြု သင့်ကြောင်း အကြံပြုတိုက်တွန်းပါသည်။ ခန္တီ၏ သဘောသဘာဝဖြစ်သော သည်းခံခြင်း၊ ကြံ့ကြံ့ခံခြင်းနှင့် ခွင့်လွှတ် ခြင်းတို့ရယူသည့်နည်းဟန်ပုံစံ ယင်းတို့အားလုံးပါဝင်ပြီး သူတော်ကောင်းတရားပျိုးထောင်ပွားများမှုကို အခိုင်အမာ ထူထောင်ခြင်းသည် ပဋိပက္ခအတွင်း ပိတ်မိနေသူများ၏ ဆင်းရဲဒုက္ခကို လျော့နည်းစေနိုင်ပြီး လက်တုံ့မပြန်သည့် စိတ်ဓာတ်ကို စတင် အားပေးတိုက်တွန်းပါသည်။

## IHL အတွင်း ခန္တီတရားကို ပေါင်းစပ်ထည့်သွင်းခြင်း

IHL ချိုးဖောက်မှုများ အထူးသဖြင့် စစ်ရာဇဝတ်မှုများအား ကာကွယ်တားဆီးခြင်းနှင့် အပြစ်ပေးခြင်းအတွက် IHL က ဥပဒေမူဘောင်တစ်ခုကို သတ်မှတ်ပြဋ္ဌာန်းပေးပါသည်။ (ICRC 2002) သို့သော်လည်း ဥပဒေအရတရားမျှတမှုကို ရှာဖွေသည့်အခါ ဖြစ်စဉ်များစွာ ကျန်ရှိနေဦးမည်ဖြစ်ပြီး တရားမျှတမှုကို ရရှိခဲ့သည့်တိုင် မကျေနပ်မှုများ ကျန်ရှိနေပါဦးမည်။ ဥပဒေစကားရပ်အသုံးအနှုန်း၌ တရားမျှတမှုသည် ပဋိပက္ခတွင် လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်သည့် နာကျင်မှုနှင့် ဆင်းရဲဒုက္ခများကို အစားထိုးရန် မကြံ့စဖူးရှားပါးလှပါသည်။ အထူးသဖြင့် ဤဖြစ်စဉ် အများအပြားတွင် စစ်ပွဲဆက်လက်ဖြစ်ပွားနေနိုင်သည်ကို ထည့်သွင်းစဉ်းစားသည့်အခါ စိတ်ပိုင်းဆိုင်ရာအရ ပြိုကွဲသွားသော မိသားစုများနှင့် ပျံ့နှံ့နေသောစိတ်ဒဏ်ရာများကို ပြန်လည်ကောင်းမွန်စေရေးကုစားပေးရန် များစွာ အလှမ်းကွာဝေးနေသည်ကို သွားနိုင်ရန်သာ ရှိပါသည်။

ခန္တီသည် အနာဂတ်တွင် ဆင်းရဲဒုက္ခ၏သရုပ်သကန်ကိုရှောင်ရှားရန်အမြင်နှင့်အတူ ပစ္စုပ္ပန်အခိုက်အတန့်၌ စိတ်ပိုင်းဆိုင်ရာဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေပါသည်။ အမျက်ဒေါသ၏သရုပ်သကန်ကို ယင်း၏နဂိုမူလ ပင်ကိုယ်ဆန့်ကျင်မှုမှတဆင့်လည်းကောင်း၊ ထိုအမျက်ဒေါသဖြစ်စေသည့်အရာအား ယင်း၏စူးစမ်းသော ပိုင်းခြား စိတ်ဖြာလေ့လာချက်ကိုလည်းကောင်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်သောကြောင့် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင် သည့်အဖွဲ့များ၏ အပြန်အလှန်မှီခိုမှု သို့မဟုတ် ဘုံသက်ဆိုင်သည့် လူသားချင်းစာနာမှုကို အလေးထားခြင်းဖြင့် ဥပဒေနှင့်မညီသော လက်တုံ့ပြန်အကြမ်းဖက်ခြင်းကို အားမပေးခြင်းဖြင့် ခန္တီသည် IHL ကို ပြည့်စုံစေရန် ဖြည့်စွက် ပေးနိုင်ပါသည်။ စစ်ပွဲကာလအခြေအနေတွင် ဤသည်းခံခြင်း၏အရည်အသွေးကို ပါဠိနိကာယ်ကျမ်းများ၌ မကြာ ခဏ ထပ်မံဖော်ပြပါသည်။ သံယုတ်နိကာယ်ကို ပြန်ကြည့်ပါက အသူရာနှင့် ၎င်း၏စစ်ပွဲ၌အနိုင်ရသော နတ်တို့၏ အရှင်သခင် သိကြားမင်းက အသူရာတို့၏ခေါင်းဆောင် ဝေပစိတ္တိအား ဖမ်းဆီးခဲ့သည်ကို ကျွန်ုပ်တို့ ကြားသိရပါ သည်။ (SN.11.4) အောင်နိုင်သူပြုသမျှနုရမည်ဖြစ်သော်လည်း အကျဉ်းသားသည် ဒေါသတကြီးဖြင့် ၎င်းတို့ကို အသရေဖျက်လုပ်ကြံပြောဆိုသည်ကို သိကြားမင်းသည် တုံ့ပြန်ခြင်းမရှိဘဲ ကရုဏာဖြင့် သည်းခံလေသည်။ အကြောင်းရင်းကို မေးသောအခါ ၎င်း၏ ခန္တီကျင့်သုံးမှုအတွက် ဤအကြောင်းပြချက်ကို ပေးပါသည် -

> ဒေါသဖြစ်နေသူကို ဒေါသနှင့် ပြန်လည်တုံ့ပြန်သူအတွက် အရာရာ ပိုမိုဆိုးရွားသွားစေပါမည်။ ဒေါသဖြစ်နေသူကို ဒေါသနှင့် ပြန်လည်မတုံ့ပြန်ခြင်းက နိုင်ရန်ခက်ခဲသည့် စစ်ပွဲကို အနိုင်ရသူ ဖြစ်သည်။
>
> ၎င်းက သူကိုယ်တိုင်နှင့် အခြားသူ နှစ်ဦးနှစ်ဖက်ကောင်းကျိုးအတွက် ကျင့်သုံးခြင်းဖြစ်ပြီး ၎င်း၏ ရန်သူ ဒေါသဖြစ်နေကြောင်း သိသောအခါ ၎င်း၏ငြိမ်းချမ်းမှုကို သတိတရားဖြင့် ထိန်းသိမ်းပါ သည်။ (SN.11.4)

ဤတွေးခေါ်နိုင်စွမ်းဖြင့် ခန္တီကို ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များအားလုံးအတွက် အရာရောက်သော အကျိုးကျေးဇူး များကိုပိုင်ဆိုင်နိုင်ရန်ဟု နားလည်သဘောပေါက်ပါသည်။ ဤအချက်က ခွင့်လွှတ်ခြင်းကို ခန္တီ၏ အရည်အသွေး အဖြစ်လည်း ညွှန်ပြပါသည်။ ဤနေရာတွင် ခွင့်လွှတ်ခြင်းကို အခြားသူဆီသို့ဦးတည်သည့် တစ်စုံတစ်ဦး၏ အပျက် သဘောဆောင်သည့် မကောင်းသော စိတ်ခံစားမှုများကို သတိတရားဖြင့် သွားခွင့်ပေးလိုက်ခြင်းဟု ကျွန်ုပ်တို့

နားလည်နိုင်ပါသည်။ တစ်စုံတစ်ဦးသည် အမှားပြုမှုကြောင့် ဒုက္ခရောက်နေသည့်တိုင် ၎င်းသည် နောက်ပိုင်းတွင် မကြည်မလင်ဖြစ်နေသောစိတ်ကို ရှောင်ကြဉ်နိုင်ပေမည်။ ခန္တီ၏ ဤလက္ခဏာသည် နာကျင်မှုနှင့် အရှက်တကွဲ ဖြစ်မှုတို့အား ခိုအောင်းလက်သင့်ခံခြင်းကို ဖယ်ရှားပေးသည့်အပြင် ဒေါသကို သုတ်သင်ဖယ်ရှားခြင်းသည် စစ်တပ်တွင်ဖြစ်စေ သို့မဟုတ် အရပ်သားအခြေအနေတွင်ဖြစ်စေ လက်တုံ့ပြန်သည့်လုပ်ရပ်များဖြင့် တရားမျှတမှုအား ဖောက်ပြန်သောပုံစံဖြစ်အောင် ကြိုးပမ်းရန် ဆွဲဆောင်ခြင်း သို့မဟုတ် ဖြစ်နိုင်ခြေကို ဖယ်ရှားပေးပါသည်။ ခန္တီသည် ပဋိပက္ခတွင်ပါဝင်သည့် ဆန့်ကျင်ဘက်အဖွဲ့၏ ချိုးဖောက်မှုများကို ရင်ဆိုင်ရသည့်တိုင် ခွင့်လွှတ်ခြင်းအရည်အသွေးကို အားပေးခြင်းဖြင့် လက်တွေ့ကျသောနည်းလမ်းများမှတဆင့် (အောက်တွင် ကြည့်ပါ) IHL အား ထိန်းသိမ်းခြင်းကို အထောက်အကူပြုနိုင်ပါသည်။ တစ်ဘက်၏ လူသားချင်းစာနာထောက်ထားမှုဥပဒေအား ချိုးဖောက်ခြင်းသည် ၎င်းတို့၏ကိုယ်ပိုင်တာဝန်များမှ အခြားဘက်ကို လွတ်ငြိမ်းခွင့်ပေးခြင်း မဟုတ်ချေ။ (Melzer 2016, 17) အလားတူ သန္တိဒေဝ၏မှတ်ချက်အတိုင်း ခန္တီသည် ပစ်မှတ်ထားသော သိမြင်ထားသည့် မတရားဖိနှိပ်ခံရသောဒုက္ခရောက်သူတို့ လက်တုံ့ပြန်သော လုပ်ဆောင်မှုများအတွက် တွန်းအားကို နည်းပါးစေပြီး အမျက်ဒေါသကို တစ်ဦးချင်းစီမှ သီးခြားခွဲထုတ်ခြင်းဖြင့် နည်းလမ်းတစ်ရပ် သတ်မှတ်ပေးပါသည်။

လက်စားချေခြင်းသည် ခွင့်လွှတ်ခြင်းကို အားမပေးသည့်အခါ ဒေါသနှင့် ကောဓကို ခွင့်ပြုခြင်း၏ သဘာဝရလဒ်ဖြစ်သည်ဟု နားလည်ထားပါသည်။ ယင်း၏အကျိုးဆက်များအပေါ် သတိပေးချက်များကို စာပေကျမ်းဂန်များ ၌ အခိုင်အမာသက်သေပြနေပါသည်။ ဝိနည်းမဟာဝဂ္ဂတွင် ပြိုင်ဘက်ဗြဟ္မဒတ်မင်း၏လက်အတွင်း ၎င်း၏မိဘများ သေဆုံးမှုကို မျက်မြင်ဖြစ်သော မင်းသားဒီဃာယု၏ ဇာတ်လမ်းကို တွေ့ရှိရပါသည်။ (Mv 10.2.3-20, Thānissaro Bhikkhu 2013) ဤရာဇဝတ်မှုအား လက်စားချေရန် ကနဦး၌ အစီအစဉ်ချထားသော်လည်း "လက်တုံ့ပြန်ခြင်းကို လက်တုံ့ပြန်ခြင်းဖြင့် မဖြေရှင်းနိုင်၊ လက်တုံ့ပြန်ခြင်းကို လက်တုံ့မပြန်ခြင်းဖြင့်သာ ဖြေရှင်းနိုင်သည်"ဟူသော ၎င်း၏သားကို ပြောခဲ့သော ဘုရင်ကြီး၏ မှတ်သားစရာ နောက်ဆုံးစကားဖြင့် ထိုဇာတ်ကြောင်း၏ ကိုယ်ကျင့် သီလကို ဆွဲဆောင်ထားပါသည်။ မင်းသားဒီဃာယု၏ ဇာတ်လမ်းသည် လက်တုံ့ပြန်ခြင်းကိုဖြစ်စေသည့် အမျက် ဒေါသကိုချုပ်တည်းခြင်းဖြင့် ကလဲ့စားချေခြင်းအား ရှောင်ကြဉ်နိုင်ပုံ သာဓက ဖြစ်ပါသည်။ သည်းခံခြင်းအပေါ် ၎င်းဖခင်၏ ချီးကျူးစကားကို ပြန်ပြောင်းသတိရခြင်းသည် ငယ်ရွယ်နုပျိုသောမင်းသားအား ၎င်း၏အမျက်ဒေါသကို သုတ်သင်ရန် အားပေးပြီး ၎င်း၏လက်စားချေလိုသည့်ဆန္ဒကို ရှောင်နိုင်သောကြောင့် ကြောက်မက်ဖွယ်ကောင်း သောကံအကျိုးဆက်များဖြစ်စေမည့် လုပ်ရပ်တစ်ခုကို ကျူးလွန်ခြင်းမှ လွတ်မြောက်သွားပါသည်။ ဤနည်းအား ဖြင့် ထိုဇာတ်လမ်းသည် အမျက်ဒေါသလုပ်ရပ်များ၏ ထပ်တလဲလဲဖြစ်သောသဘာဝနှင့် စုပုံလာသောသဘာဝတို့ကို ရှင်းလင်းစေပြီး အမျက်ဒေါသကိုလျှော့ချခြင်းဖြင့်သာ ကလဲ့စားချေသည့်ဖြစ်ရပ်တသီတတန်းကို ရပ်တန့်စေနိုင်ကြောင်း ရှင်းလင်းစေပါသည်။ အကြမ်းဖက်မှုသံသရာကိုအဆုံးသတ်စေလိုသည့်ဆန္ဒသည် ပါဝင်သူအားလုံးကို အကျိုးရှိစေပါသည်။ ယင်းအား ခန္တီကိုကျင့်သုံးခြင်း၊ သည်းခံခြင်း၊ ခံနိုင်ရည်ရှိခြင်းနှင့် အဆုံးစွန် ခွင့်လွှတ်ခြင်းတို့ကို ထိန်းသိမ်းခြင်းဖြင့်သာ ရရှိနိုင်ပါသည်။

ထိုသူတော်ကောင်းတရားသည် ယင်းသို့သောအကြမ်းဖက်မှုအခြေအနေများအတွင်း အကျိုးကျေးဇူးများ ရှိသည်မှာ ထင်ရှားပါသည်။ ယင်းသို့သောအခြေအနေများအောက်တွင် သည်းခံခြင်းကို မည်ကဲ့သို့အားပေးနိုင်ပုံမှာ အခြားကိစ္စတစ်ခု ဖြစ်ပါသည်။ ဤနေရာတွင် ခန္တီကိုပြုစုပျိုးထောင်ခြင်းအတွက် လက်တွေ့နည်းလမ်းတစ်ခုပေးရန် ဗြဟ္မဝိဟာရဟုသိကြသော အရည်အချင်းများနှင့်ပတ်သက်သည့် ကမ္မဋ္ဌာန်းအားထုတ်မှုကို ကြည့်နိုင်ပါသည်။

## ဗြဟ္မဝိဟာရတရား

ဗြဟ္မဝိဟာရတရားတွင် ချစ်ခင်ကြင်နာခြင်း(မေတ္တာ)၊ စာနာသနားခြင်း(ကရုဏာ)၊ အကျိုးလိုလားဝမ်းမြောက်ခြင်း(မုဒိတာ)နှင့် တုန်လှုပ်မှုကင်းခြင်း(ဥပေက္ခာ)တရားများ ပါဝင်ပါသည်။ "ဗြဟ္မဝိဟာရ"အသုံးအနှုန်း၏ တိုက်ရိုက်အဓိပ္ပာယ်မှာ "ဗြဟ္မာများကဲ့သို့နေခြင်း" သို့မဟုတ် "ဗြဟ္မာများကဲ့သို့ ပြုမူခြင်း သို့မဟုတ် နေထိုင်ခြင်း" ဖြစ်ရာ

ဖြဟ္မာကြီးများနှင့်ယှဉ်သော ဖြဟ္မာ့ပြည်၏ စိတ်အခြေအနေကို ထင်ရှားစေပါသည်။ ဝိသုဒ္ဓိမဂ္ဂကျမ်းတွင် အရှင် ဗုဒ္ဓဃောသက ဖြဟ္မဝိဟာရနှင့်ပတ်သက်၍ ၎င်း၏ကျမ်းဦးအခန်းကို အမုန်းတရား(ဒေါသ)၏အန္တရာယ်များအား တုံ့ပြန်ရာတွင် သည်းခံခြင်း၏အကျိုးကျေးဇူးများကို အမွမ်းတင်ထားသည့် နိကာယ်တို့မှ အဆိုအမိန့်အစုဖြင့် အစပြုထားပါသည်။ (Vism.IX.2ff) ထို့ကြောင့် တစ်ဦးချင်းစီ၏ ကျင့်သုံးမှုများကို အထူးသဖြင့် မကောင်းသော စိတ်အခြေအနေများကို ဖြေဖျောက်ပေးမှုများအဖြစ် မြင်နိုင်သော်လည်း ဤနေရာ၌ ထိုပါဝင်ပတ်သက်မှုသည် ၎င်းတို့က ဒေါသနှင့် တိုက်ရိုက် ဆန့်ကျင်နေကြောင်း ထပ်မံဖော်ပြထားသည့် ခန္တီတရားအား ပိုမိုကြီးမားသော မူဘောင်တစ်ခုဖြစ်စေရန် ဖြည့်ဆည်းပေးပါသည်။

အခြေခံကျသောကျင့်သုံးမှုမှာ မေတ္တာ ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် "ချစ်ခင်ကြင်နာခြင်း" အဓိပ္ပာယ်သည် ရင်းနှီးဖော်ရွေခြင်း၊ နက်ရှိုင်းသောစိတ်ကောင်းစေတနာရှိခြင်းနှင့် ဂရုစိုက်အလေးထားခြင်းတို့ပါဝင်သည့် ပါဠိစကားလုံး၏ လေးနက်မှုအဆင့်သို့ မရောက်ရှိချေ။ မေတ္တာသည် အစွမ်းထက်သော ကျင့်သုံးမှုတစ်ခုဖြစ်ပြီး ၎င်းတို့ ကိုယ်တိုင်အပေါ်နှင့် အခြားသူများအပေါ်ထားရှိသည့် လူတစ်ယောက်၏ စိတ်အခြေအနေကို ကြီးမားစွာ ပြောင်းလဲစေနိုင်ပါသည်။ မေတ္တာသည် အမျက်ဒေါသပေါ်အခြေမခံဘဲ အခြားသူများနှင့်ဆက်ဆံရေးကို ပုံဖော်ပေးသောကြောင့် ခန္တီကိုပြုစုပျိုးထောင်ရန် အဆုံးစွန်အားဖြင့် အခြေခံကျသည့် ပို့ဆောင်ပေးသောအရာ ဖြစ်ပါလိမ့်မည်။ အီဒဲလ်ဂလာ့စ် (Edelglass) က အထူးသဖြင့် အမျက်ဒေါသ ကိလေသာ လျော့ပါးသက်သာစေရန် မေတ္တာကို အသုံးပြုကြောင်း၊ ထိုနည်းအားဖြင့် မေတ္တာသည် သည်းခံခြင်းတရား ဖွံ့ဖြိုးတိုးတက်ပွားများမှုအတွက် ကမ္မဋ္ဌာန်းထိုင်သောနည်းလမ်း ဖြစ်လာပြီး ယင်းကို ကမ္မဋ္ဌာန်းအဖြစ် ထောက်ပြပါသည်။ (Edelglass 2009, 391)

ကရုဏာတရားသည် ချစ်ခင်ကြင်နာခြင်းကပေးသောအခြေခံကို အားကောင်းစေပါမည်။ စင်စစ်အားဖြင့် ဤဖြဟ္မဝိဟာရကို ပို၍အခြေခံကျသောကိစ္စရပ်အဖြစ်ပင် တွေ့မြင်နိုင်ပါသည်။ အမှားကျူးလွန်သူတစ်ဦးအတွက် ၎င်းတို့ ပျော်ရွှင်နေဆဲဖြစ်သည့်တိုင် သို့မဟုတ် တန်ပြန်ရိုက်ခတ်မှုအကျိုးဆက်မှ လွတ်မြောက်နေသည့်တိုင် မည်သို့ ကရုဏာ ဖြစ်ပေါ်စေသင့်ကြောင်းကို အရှင်ဗုဒ္ဓဃောသက "ထိုသူသည် ကမ္မဋ္ဌာန်းအားထုတ်သူ၏ ကရုဏာနှင့် ထိုက်တန်ပါသည်။ ယင်းသို့သော အတိဒုက္ခရောက်မှု မရှိသည့်တိုင် ထိုသူသည် မည်သည့်ကိစ္စ၌မဆို အလားတူ လုပ်ဆောင်သည်ဖြစ်သောကြောင့် "စင်စစ်တွင် ထိုသူသည် ပျော်ရွှင်မည် မဟုတ်ပေ။" အကြောင်းမှာ ထိုသူသည် (ဖြစ်လာနေသော) သံသရာလည်ခြင်း၏ ဆင်းရဲဒုက္ခမှ ကင်းလွတ်ခွင့်မရသည့်အတွက် ဖြစ်သည်"ဟု ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။ (Vism.IX.81)

ထိုစကားအရ မကောင်းမှုပြုသူသည် ယခုချက်ချင်း ပြန်လည်ခံစားရသည့် မကောင်းကျိုး မရှိသေးသော်လည်း အနာဂတ်တွင် ဒုက္ခနှင့်ရင်ဆိုင်ရမည်သာ ဖြစ်ပါသည်။ (ဗုဒ္ဓဘာသာအမြင်အရ သူ၏မကောင်းမှုအတွက် မကောင်းသောအကျိုးကို ပြန်လည်ခံစားရမည်မှာ အသေအချာပင် ဖြစ်ပါသည်။) ထိုရှုထောင့်မှကြည့်လျှင် ကရုဏာတရားသည် ကျွန်ုပ်တို့ဝေမျှခံစားသည့်လူသားချင်းစာနာမှုတွင် အရင်းအနှီးတစ်ခုကို သာဓကပြခြင်းလည်း ဖြစ်ပါသည်။ ဤလောကတွင် မည်သူမဆို ဆင်းရဲဒုက္ခကို ရင်ဆိုင်ရမည်ဖြစ်ပြီး ၎င်းတို့သည် တုံ့ပြန်ရာတွင် ကရုဏာနှင့် ထိုက်တန်ပါသည်။ အရှင်ဗုဒ္ဓဃောသ မှတ်ချက်ပြုသည့်အတိုင်း လူတိုင်းကဲ့သို့ပင် မကောင်းမှုပြုသူသည် အခြေခံကျသော သစ္စာတရားတစ်ခုအဖြစ် အသစ်တဖန်ပြန်လည်မွေးဖွားခြင်းနှင့်အတူ သံသရာတွင် ဆက်လက်ရှင်သန်လည်ပတ်နေရမည် ဖြစ်သောကြောင့် ဒုက္ခမှ မလွတ်မြောက်ချေ။ ထိုနည်းတူစွာ ၎င်းတို့အများစုမှာ ပြန်လည်မွေးဖွားခြင်းသံသရာမှ မလွတ်မြောက်သည့်အချက်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် သက်ရှိသတ္တဝါအားလုံးအပေါ် ကရုဏာထားခြင်းမှာ သဘာဝကျပါသည်။

ကရုဏာတရားဖြင့် ကိုယ်ချင်းစာခြင်းသည် သူတစ်ပါး၏ တိုးတက်ကြီးပွားကောင်းစားခြင်းအပေါ်တွင် ပျော်ရွှင်မှုကိုဖြစ်စေသောကြောင့် အကျိုးလိုလားဝမ်းမြောက်ခြင်း(မုဒိတာ)သည် ကရုဏာနှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။ အကြင်သူသည် သူတစ်ပါး၏အောင်မြင်မှုများနှင့် ပျော်ရွှင်မှုများအပေါ် စိတ်ချမ်းသာပီတိဖြစ်သည့်အခါ (အမျက်ဒေါသပွားစေသည့်) မနာလိုခြင်း သို့မဟုတ် မကျေမချမ်းဖြစ်ခြင်းများကို ထိန်းသိမ်းထားနိုင်ပါသည်။ သန္တိဒေဝက ထိုမနာလိုမုန်းတီးခြင်းများသည် ကျင့်သုံးသူအား "အကျိုးလိုလားဝမ်းမြောက်ခြင်း(မုဒိတာ)ခံစားချက်"

မှ လှည့်စားနှောင့်ယှက်သည့် လက္ခဏာများဖြစ်ပြီး "အစွန်းရောက် မလိုလားအပ်သောအရာများ ရောက်ရှိလာသည့်တိုင်" မိမိ၏ ကျင့်သုံးမှုကို လမ်းမလွဲစေရဟု အကြံပြုပါသည်။ (Bca.VI.9) မကောင်းမှုနှင့် ရင်ဆိုင်နေရသည့် အခြေအနေမှာပင် မုဒိတာတရားကို ဆက်လက်တည်ရှိစေခြင်းသည် မိမိအပေါ် ကျူးလွန်သည့် ၎င်းတို့၏ မကောင်းမှုများကို အမှတ်မထားဘဲ သူတပါးအပေါ် အကောင်းမြင်စိတ်ကို ထားရှိစေပါသည်။ ဗြဟ္မဝိဟာရတရားများအားလုံးနှင့်အတူ ကျင့်သုံးသူအတွက် ဤကမ္မဋ္ဌာန်းတရားကျင့်သုံးမှုများမှတဆင့် ခံနိုင်ရည်ကိုထိန်းသိမ်းနိုင်ပြီး ထူးခြားသော ခံစားမှုစွမ်းအားကို သွယ်ဝိုက်ညွှန်းဆိုကြောင်း မှတ်သားသင့်ပါသည်။

ဥပေက္ခာတရားသည် ဤတလောကလုံးနှင့်သီးခြားသက်ဆိုင်သည့် မေတ္တာ၏တန်ဖိုးကို အသေးစိတ်ဖော်ပြ ရှင်းလင်းပြီး ပေါင်းစည်းပေးပါသည်။ ဉာဏပုဏ္ဏိက(Nyanaponika)မထေရ်က ဤသို့ ရှင်းပြပါသည် -

> ထိုးထွင်းသိမြင်သည့်ဉာဏ်တွင် အရင်းခံသည့် မတုန်မလှုပ်စိတ်တည်ငြိမ်ခြင်း(ဥပေက္ခာ)သည် အခြား မြင့်မြတ်သော အခြေအနေ သုံးခုအတွက် စွမ်းရည်ကို လမ်းညွှန်ပေးပြီး ထိန်းချုပ်ပေးပါသည်။ ယင်းသည် ၎င်းတို့အား ၎င်းတို့ယူရမည့်လမ်းကြောင်းကိုထောက်ပြပြီး ဤလမ်းကြောင်းအတိုင်း လိုက်နာသည်ကို တွေ့မြင်ကာ … ယင်းသည် သည်းခံခြင်းဟူသော ကြီးမြတ်သည့် သူတော်ကောင်းတရားနှင့်အတူ မေတ္တာ(ချစ်ခင်ကြင်နာခြင်း) အရည်အသွေးကို ဖြည့်ဆည်းပေးပါသည်။ (Nyanaponika Thera 1998, 23)။

စင်စစ်အားဖြင့် ဥပေက္ခာဆိုသည်မှာ အမျက်ဒေါသသည် အမှားလုပ်သူနှင့်အတူ စတင်ပေါ်ပေါက်ခြင်းမဟုတ်၊ အမှားလုပ်သူသည် အမျက်ဒေါသ၏ အဓိကအကြောင်းရင်းဆိုသည်ထက် ထိုလုပ်ဆောင်မှုအတွက် ပို့ဆောင်ပေးသည့် အရာထက်ပိုမိုကြောင်း ထည့်သွင်းစဉ်းစားသည့်အခါ ယုတ္တိတန်သော ကောက်ချက် ဖြစ်ပါသည်။ ဥပေက္ခာသည် ကျွန်ုပ်တို့အားလုံးကို ဗုဒ္ဓဘာသာတက္ကဗေဒ(အရှိတရားဖြစ်တည်မှုကိုလေ့လာခြင်း)၏ အလယ်ဗဟို အချက်အချာ ဖြစ်သော ရှုပ်ထွေးသည့် ကြောင်းကျိုးဆက်နွှယ်မှုတွင် အသုံးတော်ခံနေသူသရုပ်ဆောင်များအဖြစ် မှတ်ယူပါသည်။ ယင်းသို့ လူသားမျိုးနွယ်သည် ဤကြောင်းကျိုးဆက်နွှယ်မှုကွန်ယက်တွင် အတူတကွနှောင်ဖွဲ့မိနေကြသောကြောင့် အမျက်ဒေါသအား တစ်ဦး၏အယူအဆနှင့် အခြားတစ်ဦး၏အယူအဆတို့ ဆက်သွယ်ခြင်းတွင် အသုံးမဝင်ပေ။ ဥပေက္ခာသည် လူသားများ၏ လူအချင်းချင်းဆက်ဆံရေးအပေါ် ထင်မြင်သုံးသပ်ချက်တစ်ခုမျှထက် ပိုမိုပြီး အမျက်ဒေါသကဲ့သို့ မကောင်းသောအခြေအနေများ၏နောက်ကွယ်ရှိ ယေဘုယျ ကြောင်းကျိုးဆက်နွှယ်သော လေ့ကျင့်ပေးမှုအတွင်းသို့ ရောက်ရှိသော ထိုးထွင်းသိမြင်မှုကို ပေးပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ဗောဓိကာယာဝတာရ(Bodhicaryāvatāra)၏ လူအချင်းချင်းဆက်ဆံရေးများအပေါ် ပေးသည့်သုံးသပ်ချက်ထံ ပြန်သွားပါမည်။ သန္တိဒေဝက စဉ်းစားဆင်ခြင်သည်မှာ - "အရာရာသည် တစ်စုံတစ်ရာပေါ်တွင် အမှီသဟဲပြုနေသည်။ အသီးသီးက အမှီသဟဲပြုနေရသော အရာသည်ပင်လျှင် အမှီအခိုကင်းသည့်လွတ်လပ်မှုမရှိချေ။ မျက်လှည့်ပွဲအလား သဘာဝ ဖြစ်စဉ်များက လှုပ်ရှားမှုကို မစတင်သောကြောင့် အကြင်သူသည် မည်သည်ကို ဒေါသဖြစ်ရမည်နည်း … ။" (Bca.IV.31) ခန္တီသူတော်ကောင်းတရားသည် ဗြဟ္မဝိဟာရနှင့် တိုက်ရိုက်ချိတ်ဆက်နေနိုင်ပါသည်။ ဗြဟ္မဝိဟာရတရားသည် ချစ်ခင်ကြင်နာခြင်းနှင့်စတင်သောကြောင့် - အမျက်ဒေါသကို တုံ့ပြန်ရာတွင် သည်းခံခြင်းတရားနှင့် ပြည့်စုံခြင်းကို အားပေးရန် ကမ္မဋ္ဌာန်းထိုင်သော ကျင့်သုံးမှုများ ဖြစ်လာပါသည်။

## IHL အတွင်းရှိ မေတ္တာတရား

IHL အား ထိရောက်သော အသိပညာဖြန့်ဝေမှုသည် ယင်းဥပဒေ၏ စည်းမျဉ်းများနှင့် ရည်ရွယ်ချက်တို့အား ကမ္ဘာ့ပြည်သူများထံ အသိပေးသည့် ပညာပေးအစီအစဉ်များပေါ်တွင် မူတည်သည်။ IHL အကြောင်းကို ဤသို့ ကောင်းစွာ သိရှိခြင်းသည် "(IHL အား) အလေးထားလေးစားသည့် အနေအထား"တစ်ခုကို ဆက်လက်တည်ရှိစေပါသည်။ (ICRC 2003) ဤအစီအစဉ်များသည် ယင်းကို လိုက်နာရန်အတွက် အဆုံးစွန်အားဖြင့် အဓိက တာဝန်ရှိရမည့် လက်နက်ကိုင်တပ်ဖွဲ့များ၏ လေ့ကျင့်သင်တန်းပေးခြင်းတွင် ဤဥပဒေအားလေ့လာမှုကိုထည့်သွင်းရန် မကြာခဏ လုပ်ဆောင်ပါသည်။ သို့သော် နိုင်ငံများအကြား အစိုးရအာဏာပိုင်များက IHL ၏ သီးခြား ဥပဒေများအပါအဝင်

လူသားချင်းစာနာထောက်ထားမှုဥပဒေကို အရပ်သားလူထုက ကောင်းစွာနားလည်စေရန်ကိုလည်း လုပ်ဆောင်ရပါမည်။ အရပ်သားလူထုနှင့် စစ်တပ်လူထုများ IHL နှင့် အကျွမ်းတဝင်ရှိခြင်းသည် ထိုဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်ခြင်းနှင့် အလေးထားလေးစားခြင်းတို့အတွက် အထောက်အကူပြုပါသည်။ တိုက်ပွဲဝင်စစ်သည်များကို သာမန်နိုင်ငံသားများအဖြစ် မလွဲမသွေ စုဆောင်းရသည့်အခြေအနေများတွင် ထိုပဋိပက္ခအတွင်း တက်ကြွစွာပါဝင်သူများအကြား IHL အား သိရှိမှု တိုးများလာခြင်းနှင့်ပတ်သက်သည့် တိုက်ရိုက် အကျိုးဆက်များ ရှိပါသည်။ ခန္တီမှတဆင့်ဖော်ပြထားသည့်အတိုင်းနှင့် မေတ္တာ၏ လွယ်ကူချောမွေ့စေရန်ပံ့ပိုးမှုအတိုင်း ခွင့်လွှတ်ခြင်းနှင့် လက်တုံ့မပြန်ခြင်း ကျင့်သုံးမှုကို ယင်းသို့သော အစီအစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းပေးနိုင်ပြီး ထိုသို့ ပေါင်းစပ်ထည့်သွင်းခြင်းသည် ယင်း၏ အကျိုးကျေးဇူးများကို ဘာသာရေးအစဉ်အလာအားလုံး၏ လောကီပုဂ္ဂိုလ်များနှင့် လောကီမဟုတ်သည့်ပုဂ္ဂိုလ်များအတွက် လမ်းဖွင့်ပေးထားခြင်း ဖြစ်ပါသည်။ ပဋိပက္ခအတွင်း၌ မေတ္တာတရားသည် IHL အား သိရှိနားလည်သဘောပေါက်ခြင်းကို အဆင့်မြှင့်တင်ရန် ပို၍ပင်အရေးပါလာပြီး ဒုက္ခကို လျှော့နည်းစေရန် လုပ်ဆောင်နိုင်သည့်နည်းလမ်းများသည် ပို၍ပင် ဆီလျော်လာပါသည်။ ဤသို့ဖြင့် ချစ်ခင်ကြင်နာမှု မေတ္တာကမ္မဋ္ဌာန်းဘာဝနာကို ကျင့်သုံးခဲ့သကဲ့သို့ သည်းခံခြင်းဒေသနာ၏ အကြောင်းရင်းများကို အဆိုပြုခြင်း၊ ယင်းက မည်သည့်အတွက်ကြောင့်၊ မည်သို့လုပ်ဆောင်သည်ကို ထင်ထင်ရှားရှားပြသခြင်းသည် စစ်ပွဲအတွင်း နာကျင်မှု ဝေဒနာ ဒုက္ခများအတွက် အလားအလာများကို လျှော့နည်းစေခြင်းတွင် IHL ကို အထောက်အကူ ပေးနိုင်ပါသည်။

IHL ကို ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)သည် ပဋိပက္ခကြောင့် ဒုက္ခရောက်သူများကို အကူအညီပေးခြင်းနှင့်အတူ IHL အကြောင်းကို ပိုမိုသိရှိလာကြစေရန်နှင့် အကောင်အထည်ဖော်မှုကို မြှင့်တင်ရန် လုပ်ဆောင်ပါသည်။ (ICRC 2009, 6) ၎င်း၏လုပ်ငန်းကို နည်းလမ်းလေးခုဖြင့် ဆောင်ရွက်ပါသည်။ ယင်းတို့မှာ အကာအကွယ်ပေးခြင်းနည်းလမ်း (လက်နက်ကိုင်ပဋိပက္ခအောက်တွင် ဆင်းရဲဒုက္ခခံစားနေရသူများ၏ အသက်နှင့် ဂုဏ်သိက္ခာ နှစ်ခုလုံးကို အကာအကွယ်ပေးရန်)၊ အထောက်အပံ့ပေးခြင်းနည်းလမ်း (လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်များကို ကိုင်တွယ်ဖြေရှင်းခြင်းမှတဆင့် ဒုက္ခရောက်သူများကို အကူအညီပေးခြင်း)၊ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်း (လက်နက်ကိုင်ပဋိပက္ခအတွင်း ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း)၊ ကာကွယ်တားဆီးခြင်းနည်းလမ်း (IHL နှင့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူများအား အများပိုမိုသိရှိလာစေရန်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲဒုက္ခများကို ကာကွယ်တားဆီးနိုင်ရန် ကြိုးပမ်းမှု) တို့ ဖြစ်ပါသည်။ (ICRC 2009, 14-16) ကာကွယ်တားဆီးခြင်းနည်းလမ်းသည် “လက်နက်ကိုင်ပဋိပက္ခကြောင့် ဆိုးရွားစွာ ထိခိုက်ခံစားရနိုင်သူများ၏ အသက်နှင့် ဂုဏ်သိက္ခာကို လေးစားမှုဖြစ်ပေါ်စေသော ဝန်းကျင်တစ်ရပ်ကို အားပေးမြှင့်တင်ရန်” လုပ်ဆောင်ပါသည်။ (ICRC 2009, 16) ဤနည်းလမ်းတွင် ပဋိပက္ခအောက်၌ ဘဝရှင်သန်နေထိုင်နေသူများ၏ ကံကြမ္မာအပေါ် တိုက်ရိုက် သက်ရောက်မှုရှိနိုင်သော ဩဇာလွှမ်းမိုးသည့်အဖွဲ့များက IHL အား ပိုမိုသိရှိလာစေရေးမြှင့်တင်ဆောင်ရွက်ခြင်းနှင့် ပြန်ကြားဆက်သွယ်ခြင်းတို့ ပါဝင်ပါမည်။ ဤနေရာ၌ ကမ္မဋ္ဌာန်းအားထုတ်ခြင်းနှင့် ခန္တီတရားဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်သည့် ကြောင်းကျိုးဆက်နွှယ်မှုအား ရှင်းလင်းဖယ်ရှားခြင်းမျိုးဖြင့် ချစ်ခင်ကြင်နာခြင်း (မေတ္တာတရား) ကျင့်သုံးမှုကို ပေါင်းစပ်ထည့်သွင်းခြင်းသည် သည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်း၏တန်ဖိုးများကို အလားတူ လေးစားရန် အားပေးနိုင်ပါသည်။ ယင်းသည် မကြာခဏ လူသားချင်းစာနာထောက်ထားမှုဥပဒေအား နောက်ထပ် ချိုးဖောက်မှုများအတွက် တောင်းဆိုသော ကျိုးကြောင်းပြရှင်းလင်းချက်များကိုလှုံ့ဆော်သည့် မတရားဖိနှိပ်မှု၏ စိတ်ခံစားမှုနှင့်ဆိုင်သော ပုပန်သောက ဖြစ်ပါသည်။ (Muñoz-Rojas and Frésard 2004, 8-10) မေတ္တာတရားသည် ကျင့်သုံးသူအား အတားအဆီးမဲ့သော အမျက်ဒေါသကို ဘာအတွက်ဖြစ်ကြောင်း တွေ့မြင်စေရန် လမ်းညွှန်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေအား ချိုးဖောက်သည့် ဒဏ်ခတ်ခံရသော လုပ်ရပ်များအတွက် ကျိုးကြောင်းပြချက်များမရှိကြောင်း IHL ၏ သတင်းစကားကို ပြန်လည်အလေးထားဖော်ပြခြင်းဖြင့် လက်စားချေလိုသော စေ့ဆော်မှုကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။ မေတ္တာနှင့် ခန္တီမှတဆင့် ပစ္စုပ္ပန်တွင် ဆင်းရဲဒုက္ခကို လျှော့နည်းစေခြင်းဖြင့် အနာဂတ်ကာလ ဆင်းရဲဒုက္ခ၏ သရုပ်သကန်ကို ရှောင်ရှားနိုင်ပါသည်။ ယင်းသည် ပဋိပက္ခ၏အခြေအနေအမျိုးမျိုးတွင် ခွင့်လွှတ်ခြင်းယဉ်ကျေးမှုကို အားပေးသည့် ချဉ်းကပ်မှုနည်းလမ်းပေါင်းစုံ၏အစိတ်အပိုင်းကို အလွယ်တကူ ဖွဲ့စည်းပုံဖော်နိုင်ပါသည်။

စစ်ပွဲသည် စိတ်ဒဏ်ရာနှင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးမှု နှစ်ခုလုံးကို ဖြစ်စေသော်လည်း ထိုလွန်ကဲဆုံးသောအခြေအနေများ၌ပင်လျှင် သည်းခံခြင်းအား ပျိုးထောင်မှုသည် ဖြစ်နိုင်ပါမည်လောဟု ဗုဒ္ဓဘာသာက မေးခွန်းမထုတ်ပါ။ ကကစူပမသုတ်တွင် ဖော်ပြထားသည့်အတိုင်း ခန္တီကို မယိမ်းမယိုင်ခိုင်မာပြီး အရာရောက်သော အကျိုးကျေးဇူးများရှိခြင်းတရားအဖြစ် နားလည်သဘောပေါက်ပါသည်။ ခန္တီကို စစ်ပွဲအတွင်း ပစ်ပယ်ထားရန်မဟုတ်ချေ။ တကယ်တမ်း၌ သည်းခံခြင်း၏တန်ဖိုးကို လိုအပ်သည့်အခါ  စာပေကျမ်းဂန်များသည် အဆီလျော်ဆုံး သာဓကများအဖြစ် စစ်ပွဲကို အသုံးပြုပါသည်။ ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် ရရှိသည့် ပစ္စုပ္ပန်အခိုက်အတန့်အတွက် ခန္တီ၏ အကျိုးဆက်များသည် တာရှည်ခံသော အမျက်ဒေါသကို သုတ်သင်ဖယ်ရှားခြင်းနှင့် မပြတ်ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခသံသရာကို ရပ်တန့်အဆုံးသတ်ခြင်းတွင် အချိန်မရွေး ဆောင်ကြဉ်းပေးနိုင်ပါသည်။ ထို့ကြောင့် မေတ္တာကို IHL ၏ ပညာပေးအစီအစဉ်များနှင့်အတူ ပေါင်းစပ်ခြင်းသည် လက်ရှိဖြစ်ပွားလျက်ရှိသော အရေးအခင်းများနှင့် ရေရှည် အစီအစဉ် နှစ်ခုလုံးအတွက် အလားအလာရှိသည့် အသုံးချမှုကို ပေးစွမ်းပါသည်။ (2012, 354) အက်ပဲလ်ဘီ - Appleby (2012, 354) က ဤသို့ လေ့လာထားပါသည်။ “ပဋိပက္ခ ကာကွယ်တားဆီးခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် အကြမ်းဖက်မှုအလွန်ကာလ လူမှုဘဝ ပြန်လည်တည်ဆောက်ခြင်းတို့ လွှမ်းခြုံပါဝင်သည့် ငြိမ်းချမ်းမှုတည်ဆောက်ခြင်းသည် ရေရှည်အမြင်အရ လုပ်ဆောင်ပါသည်။ ကိုးကွယ်ရာဘာသာများ၊ ကျင့်သားရနေသည့် အတွေးအခေါ်များနှင့် အချိန်ကာလရှည်လျားစွာ ချမှတ်ပြဋ္ဌာန်းထားသည့် တာဝန်များသည် ဤအကျိုးပြုလုပ်ငန်းအတွက် ထူးခြားပြီး အရေးပါသော ရင်းမြစ်များကို ဆောင်ကြဉ်းပေးပါသည်။”

ဤနေရာတွင် လက်ရှိဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခကိုသာမက ထိုပဋိပက္ခ၏အဆုံးသတ်ကာလကို ကျော်လွန်၍  IHL ကျင့်သုံးသူတို့၏လုပ်ငန်းအား လွှမ်းမိုးရန်နှင့် အကူအညီပေးရန် ဗုဒ္ဓဘာသာ အဆုံးအမများနှင့် ကျင့်သုံးမှုများအတွက် အလားအလာကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည်။ ဤအယူအဆများသည် စိတ်ကူးစိတ်သန်းသက်သက်မျှသာမဟုတ်ဘဲ ဆင်းရဲဒုက္ခ လျော့ပါးသက်သာမှုအတွက် ဖန်တီးခဲ့သည့် မြင့်မားသော လက်တွေ့နည်းလမ်းများ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာက ပစ္စုပ္ပန်ကိုပြောင်းလဲခြင်းသည် အနာဂတ်ကို ပြောင်းလဲစေလိမ့်မည်ဖြစ်ကြောင်း အသိအမှတ်ပြုလက်ခံထားပါသည်။ IHL အား အသုံးချမှုတွင် မေတ္တာတရားဖြင့် ခန္တီကျင့်သုံးမှုကို ပေါင်းစပ်ခြင်းသည် ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခပျံ့နှံ့မှုကို အကြီးအကျယ် လျော့နည်းစေနိုင်ပါသည်။

**နိဂုံး**

ကိုးကွယ်မှုဘာသာအယူဝါဒနှင့် လူ့ကျင့်ဝတ်နှင့်ဆိုင်သော စနစ်တစ်ခုအဖြစ် ဗုဒ္ဓဘာသာသည် အကြမ်းဖက်ခြင်း၌ မည်သည့် ကောင်းကွက်ကိုမျှ မမြင်ကြောင်း ဆိုသည်မှာ မှန်ကန်ပါသည်။ သို့သော် စစ်ပွဲကို အပြောင်းအလဲမရှိဆန့်ကျင်သည့် ဗုဒ္ဓဘာသာ၏ လူသိများထင်ရှားသောအမြင်သည် ယင်းသို့သော အခြေအနေများအတွင်း ၎င်း၏တန်ဖိုးနှင့်ပတ်သက်သည့် မည်သို့သော အကျိုးဖြစ်ထွန်းစေသည့်ဆွေးနွေးမှုများကိုမဆို မကြာခဏ ပိတ်သိမ်းလေ့ရှိခြင်း ဖြစ်ပါသည်။ စစ်ပွဲကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစနစ်များ၏ ပြီးပြည့်စုံမှုကို အထောက်အကူပြုနိုင်ပြီး အထောက်အကူပြုမည့် ဗုဒ္ဓဘာသာကိုယ်ကျင့်တရားကို ကျွန်ုပ်တို့ ထူထောင်မည်ဆိုလျှင် ဤဖြစ်နိုင်ခြေနှင့်ပတ်သက်သော ဆွေးနွေးမှုများကို လိုအပ်နေပါဦးမည်။

စစ်ပွဲကာလအတွင်း ဆင်းရဲဒုက္ခများ၏ သက်ရောက်မှုကို နည်းပါးစေရေးတွင် ဗုဒ္ဓဘာသာ အဆုံးအမတရားသည် IHL ၏ ရည်ရွယ်ချက်များနှင့် အခြေခံမှုများနှင့် အပြန်အလှန်လိုက်လျောညီထွေရှိမှုကို ပြသနေပါသည်။ ခန္တီသုတ်တော်ကောင်းတရားကို အဆုံးစွန်ဒုက္ခနှင့်ရင်ဆိုင်နေရချိန်တွင် ရှင်းလင်းတိကျစွာ အကျိုးကျေးဇူးပြုမှုအဖြစ် ပါဠိကျမ်းဂန်၊ အဋ္ဌကထာ စာပေများက မကြာခဏဆိုသလို အလေးအနက်ထားဖော်ပြလေ့ရှိရာ ဗုဒ္ဓဘာသာ ဋီကာဆရာများသည် ပဋိပက္ခ၏ အရှိတရားများနှင့် လုံးထွေးနေခြင်းကို ပြသနေပါသည်။ အမျက်ဒေါသ၏ အကျိုးဆက်အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ရန်အတွက် ဤသုတ်တော်ကောင်းတရားကို အတ္တပဓာနဝါဒ၊ ကြောင်းကျိုးဆက်နွှယ်မှုအားဖွင့်ချခြင်းတို့ကို လက်မခံသော ဗုဒ္ဓဘာသာနှင့် မည်သည့်လုပ်ဆောင်မှုများသည် ကုသိုလ်ကောင်းမှုသို့မဟုတ် အခြားနည်းဖြစ်ကြောင်း အခိုင်အမာသက်သေထူသည့် ပိုမိုကြီးမားသော ကိုယ်ကျင့်တရားမူဘောင်တို့က

ထောက်ကူပေးပါသည်။ ခန္တီ၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း စိတ်ရှည်အောင့်အည်းထိန်းချုပ်ခြင်းတို့ အခြေခိုင်နေခြင်းသည် အမျက်ဒေါသ၏ မကောင်းသော အရည်အသွေးများနှင့် သိသာစွာ ဆန့်ကျင်ကွဲလွဲပါသည်။ ထို့ကြောင့် ခန္တီသည် ငုပ်နေသောအမျက်ဒေါသကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ဥပဒေနှင့်မညီသော ဒဏ်ခတ်ခံရမည့် လုပ်ရပ်များကို အချိုးကျရောနှောသည့်နေရာ၌ လက်တုံ့မပြန်သော ဝန်းကျင်ဖြစ်လာစေရန် အားပေးခြင်းတွင် IHL ၏ လုပ်ငန်းဆောင်တာကို ပြီးပြည့်စုံစေနိုင်ပါသည်။

အမုန်းတရားနှင့် အမျက်ဒေါသတို့ကို ဖြေဖျောက်မှုအဖြစ် မေတ္တာတရားအား ဗုဒ္ဓဘာသာ အဆိုပြုချက်ကို ထည့်သွင်းစဉ်းစားခြင်း၊ အခြားသော ဗြဟ္မဝိဟာရတရားတို့၏ အထောက်အကူ၊ ချစ်ခင်ကြင်နာခြင်း မေတ္တာဘာဝနာကျင့်ကြံအားထုတ်ခြင်းတို့ဖြင့် ခန္တီ၏စွမ်းအား ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ဤစာတမ်းက အဆိုပြုခဲ့ပါသည်။ ယခုအခါတွင် သတိပဋ္ဌာန်ကျင့်သုံးမှုကို အထူးသဖြင့် ကမ္ဘာအရပ်ရပ်ရှိ စာသင်ကျောင်းများ၊ တက္ကသိုလ်များကဲ့သို့သော လောကီနယ်ပယ်များတွင် အကျိုးရှိကြောင်း တွေ့ရှိခဲ့ကြပြီး ဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်း ယင်း၏ အကျိုးကျေးဇူးများကို ပဋိပက္ခ၏သက်ရောက်မှုနည်းပါးစေရန်အတွက် စစ်တပ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအထိ ချဲ့ထွင်ခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း မေတ္တာတရားကို ဤဝန်းကျင်များတွင် စွမ်းဆောင်ရည်အလားအလာရှိသော နည်းလမ်းတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးလျက် ရှိနေပါသေးသည်။ “အကြင်နာတရားပြည့်ဝခြင်း” ဟု အချို့က ခေါ်ဆိုခဲ့ကြသည့် (Brahm 2016) တရားသည် သတိတရားပြည့်ဝခြင်းအတွက် ပြီးပြည့်စုံစေသည့် ဖြည့်ဖက်ကောင်း ဖြစ်ပါသည်။ အမျက်ဒေါသကို ချိုးနှိမ်ခြင်းတွင် ၎င်းအားသည်းခံခြင်းတရားကို ပြုစုပျိုးထောင်ခြင်းသည် စစ်ပွဲကာလအတွက် ၎င်းတွင် ရှိနိုင်သည့် အားသာချက်တစ်ခုသာဖြစ်ပါသည်။ ဤနယ်ပယ်တွင် နောက်ထပ် သုတေသနပြုခြင်းသည် IHL ၏ လုပ်ငန်းဆောင်တာအတွက် လက်တွေ့ကျသော တန်ဖိုးကို ထူထောင်ရာတွင် အသုံးဝင်သော သက်သေပြမှု ဖြစ်နိုင်ပါသည်။

**အတိုကောက်ကျမ်းညွှန်းစကားလုံးများ**

**AN** အင်္ဂုတ္တရ နိကာယ *Aṅguttara Nikāya*, Bodhi(2012) translation, cited by *nipāta* and *sutta*.

**Bca** ဗောဓိကာယာဝတာရ *Bodhicaryāvatāra*, Crosby and Skilton (1998) translation, cited by chapter and verse number.

**Dhp** ဓမ္မပဒ *Dhammapada*, Roebuck (2010) translation, cited by verse number.

**MN** မဇ္ဈိမ နိကာယ *Majjhima Nikāya*, Bodhi and Ñāṇamoli (1995) translation, cited by sutta number or volume and page number of Pali Text Society Pali edition.

**SN** သံယုတ္တ နိကာယ *Saṃyutta Nikāya*, Bodhi (2000) translation, cited by *saṃyutta* and *sutta* number.

**Vism** ဝိသုဒ္ဓိမဂ္ဂ *Visuddhimagga*, Ñāṇamoli (1991) translation, cited by chapter and section number.

**ကြေငြာချက်**

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

**ရည်ညွှန်းကိုးကားချက်များ**

Appleby, R. S. 2012. "Religion, Violence and the Right to Peace." In Religion and Human Rights, edited by J. Witte Jr. and C. M. Green, 346–359. New York: Oxford University Press.

Bodhi, B., trans. 2000. The Connected Discourses of the Buddha: A Translation of the Sam _ yutta Nikāya. Boston: Wisdom.

Bodhi, B., trans. 2012. The Numerical Discourses of the Buddha: A Translation of the Aṅguttara Nikāya. Boston: Wisdom.

Bodhi, B. 1978. "ATreatise on the Pāramīs." Translated from the Cariyāpit _ aka Commentary. In The Discourse on the All-embracing New of Views: The Brahmajāla Sutta and Its Commentaries, edited by B.

Bodhi, 254–330. Kandy: Buddhist Publication Society. Bodhi, B., and B. Ñān _ amoli, trans. 1995. The Middle Length Discourses of the Buddha: A Translation of the Majjhima Nikāya. Boston: Wisdom.

Brahm, A. 2016. Kindfulness. Boston: Wisdom.

Crosby, K., and A. Skilton, trans. 1998. Śāntideva: The Bodhicaryāvatāra. Oxford and New York: Oxford University Press.

Edelglass, W. 2009. "The Bodhisattva Path: Śāntideva's Bodhicaryāvatāra." In Buddhist Philosophy: Essential Readings, edited by W. Edelglass and J. A. Garfield, 388–399. Oxford and New York: Oxford University Press.

Gowans, C. W.2013."Ethical Thought in Indian Buddhism." In A Companion to Buddhist Philosophy, edited by S. M. Emmanuel, 429–451. Oxford: Wiley-Blackwell.

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

Horner, I. B. 1957. Ten Jātaka Stories, Each Illustrating One of the Ten Pāramitā with Pali Text. London: Luzac.

ICRC. 2002. Implementing International Humanitarian Law: From Law to Action. ICRC. https://www.icrc.org/en/document/implementing-international-humanitarian-law law-action

ICRC. 2003. The Obligation to Disseminate International Humanitarian Law. ICRC. https://www.icrc.org/en/document/obligation-disseminate-international humanitarian-law-factsheet

ICRC. 2009. The ICRC: Its Mission and Work. Geneva: ICRC.

ICRC. 2014. What is international humanitarian law? ICRC. https://www.icrc.org/en/document/what-international-humanitarian-law

ICRC. 2017. Amnesties and International Humanitarian Law: Purpose and Scope. ICRC. https://www.icrc.org/en/document/amnesties-and-ihl-purpose-and-scope

King, S. B. 2013. “War and Peace in Buddhist Philosophy.” In A Companion to Buddhist Philosophy, edited by S. M. Emmanuel, 631–650. Oxford: Wiley-Blackwell.

Melzer, N. 2016. International Humanitarian Law: A Comprehensive Introduction. Geneva: ICRC.

Muñoz-Rojas, D., and J. Frésard. 2004. The Roots of Behaviour in War: Understanding and Preventing IHL Violations. Geneva: ICRC.

Ñān _ amoli, B., trans. 1991. The Path of Purification (Visuddhimagga). Kandy: Buddhist Publication Society.

Nyanaponika Thera. 1998. The Four Sublime States: Contemplations on Love, Compassion, Sympathetic Joy, and Equanimity. Kandy: Buddhist Publication Society. https://www.accesstoinsight.org/lib/authors/nyanaponika/wheel006.html

Rhys Davids, C. A. F., trans. 1974 (2012 reprint). A Buddhist Manual of Psychological Ethics. 3rd ed. Bristol: Pali Text Society.

Roebuck, V., trans. 2010. The Dhammapada. London: Penguin Books.

Shaw, S., trans. 2006. The Jātakas: Birth Stories of the Bodhisatta. New Delhi and New York: Penguin Books.

Skilton, A. 2002. “An Early Mahāyāna Transformation of the Story of Ks _ āntivādin- ‘The Teacher of Forbearance’.” Buddhist Studies Review 19 (2): 115–136.

Southwold, M. 2003. “Buddhism and Evil.” In Philosophy of Religion: An Anthology, edited by C. Taliaferro and P. Griffiths, 424–431. Hoboken: Blackwell.

Thānissaro Bhikkhu. 2011. “Reconciliation, Right & Wrong.” Access to Insight (BCBS Edition). https://www.accesstoinsight.org/lib/authors/thanissaro/reconciliation.html

Thānissaro Bhikkhu, trans. 2013. “Dighavu-kumara Vatthu: The Story of Prince Dighavu.” Mv 10.2.3-20. Access to Insight (BCBS Edition). https://www.accesstoin sight.org/tipitaka/vin/mv/mv.10.02.03-20.than.html

Whitehill, J. 2000. “Buddhism and the Virtues.” In Contemporary Buddhist Ethics, edited by D. Keown, 17–36. Richmond: Curzon Press.

## စစ်ပွဲတွင် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်းနှင့် အပ္ပမာဒတရား - ဗုဒ္ဓ၏နောက်ဆုံးဩဝါဒစကားများအရ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေပါ ဆက်စပ်ထိခိုက်ပျက်စီးမှုအယူအဆ

Bhagya Samarakoon

### ဆောင်းပါးအကျဉ်းချုပ်

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)တွင် စစ်ပွဲအတွင်းပိတ်မိနေသော အရပ်သားများအား ဆက်စပ်ထိခိုက်မှုကို အချိုးအစားညီမျှခြင်းစည်းမျဉ်းဖြင့် ထိန်းချုပ်ထားပါသည်။ ဤအခန်း၏ ပထမပိုင်းတွင် ဤတိုးလာနေသော အငြင်းပွားစရာနယ်ပယ်သည် တိကျသောဖြစ်စဉ်တွင် စစ်ဘက်ကွပ်ကဲသူတပ်မှူး၏အမြင်များ၊ တန်ဖိုးထားမှုများနှင့် စိတ်ကောင်းစေတနာတို့အပေါ် မည်သို့တည်မှီနေသည်ကို ရှင်းပြထားပါသည်။ ဤခွဲခြားရခက် သောနယ်ပယ်တွင် မည်သည့်ဗုဒ္ဓဘာသာအဆုံးအမများက စိတ်ကိုလမ်းညွှန်ပေးနိုင်ကြောင်း

သတ်မှတ်ဆုံးဖြတ် ခြင်းတွင် "မမေ့မလျော့ခြင်းသတိတရား"ဟူသော အပ္ပမာဒတရား၏အရည်အချင်းမှာ အရေးကြီးပါသည်။ ဗုဒ္ဓသည် ဤအပ္ပမာဒတရားကို ၎င်း၏တရားဒေသနာများ(သုတ္တန်များ)တွင် ကြိမ်ဖန်များစွာ ရည်ညွှန်းဟောကြားထားပြီး အရေးကြီးဆုံးအဖြစ် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မမူခင် နောက်ဆုံးသြဝါဒစကားများတွင် ယင်းကို ထည့်သွင်း ဟောကြားခဲ့ပါသည်။ ဒုတိယပိုင်းသည် အပ္ပမာဒဟူသောစကားလုံးဖြင့် ဗုဒ္ဓက မည်သည်ကို ဆိုလိုကြောင်း စူးစမ်း ရှာဖွေထားပြီး စစ်ပွဲတွင်ပါဝင်တိုက်ခိုက်ရသော ဗုဒ္ဓဘာသာဝင်များအတွက် ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ ဤအပ္ပမာဒ အယူအဆတွင် အသုံးဝင်သော ကိုယ်ကျင့်တရားဆိုင်ရာရှုထောင့်ရှိကြောင်းကို တင်ပြဆွေးနွေးထားပါသည်။ တတိယပိုင်းတွင် နိဂြောဓရဟန်းတော်ဟောကြားသည့် အပ္ပမာဒဝဂ်တရားတော်ကိုနာယူခဲ့သော ဧကရာဇ်ဘုရင် အသောက အကြောင်းကို ဆွေးနွေးထားပါသည်။ ၎င်း၏ အမိန့်ပြန်တမ်း ကျောက်စာအများအပြားတွင် ဖော်ပြထား သည့်အတိုင်း ဧကရာဇ်အသောက၏ အုပ်ချုပ်မှုနှင့် အောင်နိုင်မှုတို့နှင့်ပတ်သက်သည့် ပုံစံတွင် ပြောင်းလဲမှုက ဗုဒ္ဓ ဘာသာတန်ဖိုးများကို သာသနာ့ဘောင်ရဟန်းတော်တို့မျှသာမဟုတ်ဘဲ လူဝတ်ကြောင်တို့ကပါ လက်တွေ့ကျကျ ကျင့်သုံးနိုင်သည်ကို သက်သေထူနေပါသည်။ စတုတ္ထပိုင်းတွင် စစ်ပွဲများ၌ ပါဝင်တိုက်ခိုက်ရသော ဗုဒ္ဓဘာသာဝင် တို့၏ စိတ်ကို အပ္ပမာဒတရားက မည်သို့ လမ်းညွှန်ပေးနိုင်သည်ကို ပိုင်းခြားစိတ်ဖြာလေ့လာထားပြီး ဤအတွက် တရားဒေသနာများ(ရည်ရွယ်ချက်စေတနာကို ပြုပြင်ပြောင်းလဲရန်)နှင့် ကမ္မဋ္ဌာန်းဘာဝနာပွားများမှု(ယင်းပြုပြင် ပြောင်းလဲမှုကို ကူညီရန်)ကို ကျင့်သုံးနိုင်ကြောင်း အဆိုပြုထားပါသည်။

## နိဒါန်း

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)သည် စစ်မက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းကို စည်းမျဉ်းသတ်မှတ်ထိန်းကျောင်းရာတွင် ကြီးမားသော တိုးတက်မှုများကို လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် လည်း IHL အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ၎င်း၏ အကောင်းဆုံးစံနှုန်းများကို စစ်မှန်သော ကတိကဝတ်သန္နိဋ္ဌာန်မရှိဘဲ အပြည့်အဝ အောင်မြင်မှုရမည် မဟုတ်ပါ။ ဤအချက်က IHL သည် မိမိနိုင်ငံနှင့် မသက်ဆိုင်သောပြင်ပဥပဒေတစ်ခုမဟုတ်ဘဲ လူသားချင်းစာနာမှုနှင့် ဆင်းရဲဒုက္ခလျော့နည်းစေသည့် ယင်း၏ အဓိကမူများကို ပြည်တွင်းရှိ ကိုးကွယ်ရာဘာသာတရားများတွင်လည်း တွေ့ရှိရကြောင်းကို အခိုင်အမာသက်သေ ထူရန် လိုအပ်လာပါသည်။ ဤကျယ်ပြန့်သောရည်ရွယ်ချက်အမြင်ဖြင့် ဤအခန်းတွင် ဗုဒ္ဓ၏အဆုံးအမတရားတော် များက ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းများကြားတွင် IHL အား ပိုမိုကြီးမားစွာ လိုက်နာမှုကို မည်သို့ သေချာအောင် လုပ်ဆောင်ပေးနိုင်သည်ကို ဆန်းစစ်လေ့လာခြင်းဖြင့် IHL နှင့် ဗုဒ္ဓဘာသာတို့အကြား ဆွေးနွေးပြောဆိုမှုတစ်ခုကို တည်ဆောက်ရန် ကြိုးပမ်းပါသည်။ ဤဆောင်းပါးကို အပိုင်းလေးပိုင်းဖြင့် တင်ပြထားပါသည်။ ပထမပိုင်းတွင် ဆက်စပ်ထိခိုက်ပျက်စီးမှု၊ ယင်း၏အငြင်းပွားဖွယ်ရာသဘောသဘာဝနှင့် IHL ရှုထောင့်မှ ပုဂ္ဂလဓိဋ္ဌာန် ကိစ္စရပ်တို့ကို ဆွေးနွေးထားပါသည်။ ဒုတိယပိုင်းတွင် အပ္ပမာဒ အယူအဆဖြစ်သည့် "မမေ့မလျော့ သတိတရားနှင့်ပြည့်စုံခြင်း"နှင့် ဤအပ္ပမာဒတရားက အရပ်သားများအား ဆက်စပ်ထိခိုက်မှုအလားအလာရှိသည့်ဖြစ်စဉ်များတွင် ဆုံးဖြတ်ချက် ပြုလုပ်ခြင်းကို မည်သို့ လမ်းညွှန်ပေးနိုင်ကြောင်း ဆွေးနွေးထားပါသည်။ တတိယပိုင်းတွင် စစ်ပွဲကာလအတွင်း ဗုဒ္ဓ ဘာသာ၏ အပြုသဘောဆောင်သောသက်ရောက်မှုများကို နိဂြောဓ ရဟန်း သို့မဟုတ် သာမဏေ ဟောကြားသည့် ထင်ရှားသော အပ္ပမာဒဝဂ်တရားတော်ကို နာကြားခဲ့ရသော ဧကရာဇ် အသောက၏ ပြောင်းလဲမှုနှင့် ဆက်စပ်ပြီး ဆွေးနွေးထားသည့်အပြင် စတုတ္ထပိုင်းတွင် မျက်မှောက်ခေတ်၌ တရားဒေသနာများ ဟောကြားခြင်းနှင့် ဆွေးနွေး ခြင်းများဖြင့် ဗုဒ္ဓဘာသာရဟန်းတော်တို့က စစ်ပွဲတွင် ပါဝင်တိုက်ခိုက်နေသော ဗုဒ္ဓဘာသာဝင်များအပေါ် ဩဇာ လွှမ်းမိုးရာတွင် ပါဝင်နိုင်သည့်အခန်းကဏ္ဍ မည်သို့ရှိသည်ကို စူးစမ်းလေ့လာထားပါသည်။ ဤပိုင်းခြားစိတ်ဖြာ လေ့လာမှုသည် သီရိလင်္ကာတွင် ကျင့်သုံးသည့်အတိုင်း ထေရဝါဒ ဗုဒ္ဓဘာသာ အဆုံးအမများနှင့် ကျင့်သုံးမှုများပေါ် အခြေခံထားပါသည်။

ဤဆောင်းပါး၏ ကျယ်ပြန့်သောရည်ရွယ်ချက်မှာ စစ်ပွဲအတွင်း ဆင်းရဲဒုက္ခလျော့နည်းစေရန် တိကျသော ဗုဒ္ဓဘာသာအယူအဆ သို့မဟုတ် အဆုံးအမတစ်ခုအား မည်သို့အနက်အဓိပ္ပာယ်ကောက်ယူနိုင်သည်ကို ဖော်ထုတ် သတ်မှတ်ရန် ဖြစ်ပါသည်။ ဤလေ့လာမှုတွင် အချို့သောကန့်သတ်ချက်များရှိနေသော်လည်း သေချာပေါက် တွေ့ရှိ ရသည့်အချက်မှာ ဤဘာသာရပ်နှစ်ခုလုံးသည် ကွဲပြားခြားနားသော်ငြားလည်း မတူညီသော ရှုထောင့်မှ လူသားတို့ ၏ ဆင်းရဲဒုက္ခကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ချက်ရှိကြသောကြောင့် ယင်းတို့သည် အချို့ တွေးခေါ်မှုအဆင့်နှင့် ပတ်သက်၍ အယူအဆချင်း ကိုက်ညီနိုင်ပါသည်။

## ဆက်စပ်ထိခိုက်ပျက်စီးမှု

***အယူအဆ***

ဤကဏ္ဍတွင် IHL ၌ တိုးပွားလာနေသော အငြင်းပွားဖွယ်ရာ အယူအဆတစ်ခုဖြစ်သည့် ဆက်စပ်ထိခိုက်ပျက်စီးမှုကို ကျွန်ုပ် ဦးစွာ ရှင်းပြရပါမည်။ IHL တွင် အသုံးပြုသော အသုံးအနှုန်းအား အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "ဆက်စပ်ထိခိုက်ပျက်စီးမှု" ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည် -

> တရားဝင် စစ်ရေးပစ်မှတ်ကို တိုက်ခိုက်ရာတွင် ယင်းသို့သော ထိခိုက်ပျက်စီးမှု၊ ဆုံးရှုံးမှု သို့မဟုတ် အနာတရဖြစ်မှုတို့ကို ကာကွယ်တားဆီးရန် သို့မဟုတ် နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန် လိုအပ်သော ကြိုတင်သတိထားကာကွယ်မှုများ အားလုံးကို ပြုလုပ်ထားသော်လည်း အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများအပေါ် ဖြစ်စေသည့် မတော်တဆ ထိခိုက်ပျက်စီးမှု၊ ဆုံးရှုံးမှု သို့မဟုတ် အနာတရဖြစ်မှု။ (ICRC 2009, 5)

စစ်ပွဲတွင်းလိုက်နာရမည့်စည်းမျဉ်း(ယုစ်အင်ဘဲလို)တွင် အချိုးအစားညီမျှမှုစည်းမျဉ်းသည် ဆက်စပ်ထိခိုက်ပျက်စီးမှုကို ဟန့်တားပေးပါသည်။ စစ်ရေးဆိုင်ရာရည်မှန်းချက်တစ်ခုအပေါ် တိုက်ခိုက်မှုတစ်ခုအတွက် မျှော်လင့်ထားသော အရပ်သားသေဆုံးမှုများ၊ အရပ်သားများဒဏ်ရာအနာတရဖြစ်မှုများနှင့် အရပ်ဘက်အဆောက်အအုံများထိခိုက်ပျက်စီးဆုံးရှုံးမှုသည် ထိုတိုက်ခိုက်မှုမှ ကြိုတင်မျှော်မှန်းထားသော စစ်ရေးအသာစီးရမှုအကျိုးအမြတ်နှင့် နှိုင်းစာလျှင် အလွန်အကျွံမဖြစ်စေရဟု သတ်မှတ်ထားသည်မှာ IHL ၏ မူတစ်ခု ဖြစ်ပါသည်။ (ICRC 2009,11) ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁) (AP 1)အား လက်ခံမှုကို အဓိက ဦးဆောင်ခဲ့သည့် သံတမန်ညီလာခံ၌ နိုင်ငံအတော်များများက အချိုးအစားညီမျှခြင်းမူသည် မတော်တဆ အရပ်သား အသက်ဆုံးရှုံးရခြင်းကို အချို့ဖြစ်စဉ်များတွင် မှန်ကန်တရားမျှတနိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်သောကြောင့် အဆိုပါမူတွင် အရပ်သားလူထုကို အကာအကွယ်ပေးမှုအတွက် အန္တရာယ်တစ်ခုပါဝင်နေကြောင်း စိုးရိမ်မှုကို ဖော်ပြခဲ့ကြသော်လည်း အလုပ်ဖြစ်နိုင်သည့် အခြားရွေးချယ်စရာ ဖြေရှင်းနည်းမရှိ၍ ခွင့်ပြုပေးခဲ့ကြပါသည်။ (ICRC 2005,46-47)

နောက်ဆက်တွဲ(၁) - AP 1 က အချိုးအစားညီမျှခြင်း စည်းမျဉ်းကို စနစ်တကျ စုစည်းပေါင်းရုံးထားပါသည်။ ယင်းက မည်သူမဆို ကြိုတင်မျှော်မှန်းထားသော ခိုင်မာသည့် တိုက်ရိုက်စစ်ရေးအသာစီးရမှုအကျိုးအမြတ်နှင့် နှိုင်းစာလျှင် အလွန်အကျွံဖြစ်မည့် မတော်တဆ အရပ်သားအသက်ဆုံးရှုံးမှု၊ အရပ်သားများဒဏ်ရာအနာတရဖြစ်မှု၊ အရပ်ဘက်အဆောက်အအုံများထိခိုက်ပျက်စီးမှု သို့မဟုတ် ယင်းတို့အားလုံးပေါင်းစပ်ပါဝင်မှု ဖြစ်စေရန် မျှော်လင့်နိုင်သော မည်သည့်တိုက်ခိုက်မှုကိုမဆိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ (အပိုဒ် ၅၁(၅)(ခ)) ယင်းဆက်စပ်လျက် AP 1 ၏ အပိုဒ် ၅၇ က မည်သည့်ဖြစ်ရပ်တွင်မဆို မတော်တဆ အရပ်သားများ ဆုံးရှုံးမှုကို ရှောင်ရှားနိုင်ရန်နှင့် နည်းနိုင်သမျှအနည်းဆုံး ဖြစ်စေရန် ဖြစ်နိုင်သည့် ကြိုတင်သတိထားကာကွယ်မှုများအားလုံးကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း လုပ်နည်းလုပ်ဟန်နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။ (ICRC 1977) နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်း၍ ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၂)တွင် အချိုးအစားညီမျှခြင်းမူကို ရည်ညွှန်းဖော်ပြခြင်းမရှိပေ။ (AP II) သို့ရာတွင် AP II ၏ ပြဋ္ဌာန်းချက်များ၌ ၎င်းသည် လူသားချင်းစာနာထောက်ထားမှုအခြေခံမူတွင် ရှိရင်းစွဲ ဖြစ်သည်ကို အတိအလင်း ဖော်ပြခဲ့ကြောင်း ငြင်းချက်ထုတ်ခဲ့ပြီး ဖြစ်ပါသည်။ (ICRC 2005, 48) ယင်းမှအပ မကြာသေးမီက ချုပ်ဆိုခဲ့ကြသော စာချုပ်ဥပဒေ (ဥပမာ - သမားရိုးကျလက်နက်များဆိုင်ရာ သဘောတူညီချက်၏ ပြင်ဆင်ထားသော သဘောတူစာချုပ်(၂))နှင့် စစ်တပ်လက်စွဲများ (ဥပမာ - ကနေဒါ၊ ခရိအေးရှား၊ ဂျာမနီ၊ တောင်အာဖရိကတို့၏) ကလည်း နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခများတွင် ဤမူ၏ အကျုံးဝင်သက်ဆိုင်မှုကို ထပ်လောင်းဖော်ပြထားပါသည်။ (ICRC 2005, 48)

နောက်ထပ်၍ ICRC ၏ IHL ဓလေ့ထုံးတမ်း လေ့လာမှု၏ စည်းမျဉ်း ၁၄ က နောက်ဆက်တွဲ(၁) - API အပိုဒ် ၅၁(၅)(ခ)၏ ပြဋ္ဌာန်းချက်များသည် နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်တို့နှင့် အကျုံးဝင်သက်ဆိုင်သော IHL ဓလေ့ထုံးတမ်းဥပဒေ၏ အခြေအနေကို ထင်ဟပ်ကြောင်း အခိုင်အမာ အတည်ပြုထားပါသည်။ (ICRC 2005, 46) IHL ဓလေ့ထုံးတမ်းဥပဒေသည် စာချုပ်ဥပဒေမှ အမှီအခိုကင်းကာသီးခြားလွတ်လပ်ပြီး ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့အားလုံးအပေါ် စည်းနှောင်ထားသောကြောင့် (အားလုံးက မဖြစ်မနေ လိုက်နာရသောကြောင့်) ဤအချက်မှာ အရေးကြီးပါသည်။ ဤစည်းမျဉ်း၏ ဓလေ့ထုံးတမ်း

သဘောသဘာဝကို နိုင်ငံတကာခုံရုံးအမျိုးမျိုး၏ ဥပဒေစနစ်အချို့တွင်လည်း ဖော်ပြထားခဲ့ပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် အာဂျင်တီးနား နိုင်ငံတော်အယူခံတရားရုံး၏ အာဏာသိမ်းစစ်အစိုးရအမှု ဆုံးဖြတ်ချက်နှင့် ယူဂိုဆလားဗီးယားအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTY) ၏ မားတစ်ချ်(Martic) အမှုတို့ကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ နောက်အမှုတွင် မားတစ်ချ်အား အခြားအမှုများထဲတွင် ရွာများကိုအကြောင်းမဲ့သက်သက်ဖျက်ဆီးမှုနှင့် အရပ်သားများကိုတိုက်ခိုက်မှုများအတွက် စွဲချက်တင်ခဲ့ပါသည်။ ဤဥပမာတွင် အမှုစစ်တရားရုံးက ခွဲခြားခြင်းနှင့် ဆက်စပ်ထိခိုက်ပျက်စီးမှုကဲ့သို့သော အယူအဆမျိုးနှင့်ဆက်စပ်၍ အချိုးအစားမညီမျှသော တိုက်ခိုက်မှုများသည် တရားမျှတမှန်ကန်မှုမရှိနိုင်ကြောင်းကို အလေးအနက်ထားဖော်ပြခဲ့ပါသည်။ (ICTY 2007, 29, 35)

"နျူးကလီးယားလက်နက်များဖြင့်ခြိမ်းခြောက်မှု သို့မဟုတ် နျူးကလီးယားလက်နက်များအားအသုံးပြုမှု၏ တရားဝင်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ 1996 a) ၏ ဆုံးဖြတ်ချက်"တွင် တရားရုံး၏ သဘောထားမှာ နျူးကလီးယားလက်နက်များဖြင့်ခြိမ်းခြောက်မှု သို့မဟုတ် နျူးကလီးယားလက်နက်များအားအသုံးပြုမှု၏ တရားဝင်မှုကိုဆုံးဖြတ်ရာ၌ အချိုးအစားညီမျှခြင်းအယူအဆကို ထည့်သွင်းစဉ်းစားဆင်ခြင်ပါသည်။ တရားသူကြီး ဝီးရမန်ထရီ - Weeramantry (ဗုဒ္ဓဘာသာနှင့် IHL အကြောင်းကိုလည်းရေးသားခဲ့သူ သီရိလင်္ကာနိုင်ငံဖွား ဥပဒေပညာရှင် ခရစ္စတိုဖာ ဂရီဂေါ်ရီ ဝီးရမန်ထရီ - Christopher Gregory Weeramantry 1926-2017) ၏ အခြားသူများနှင့် ဆန့်ကျင်ကွဲလွဲသည့် သဘောထားအမြင်မှာ နျူးကလီးယားလက်နက်များအားအသုံးပြုမှု သို့မဟုတ် နျူးကလီးယားလက်နက်များအားအသုံးပြုခြိမ်းခြောက်မှုသည် မည်သည့်အခြေအနေများတွင်မဆို မည်သို့မျှ တရားမဝင်ဘဲ ဥပဒေနှင့်ဆန့်ကျင်သည်ဟူသော အဆိုပြုချက်ပေါ်တွင် အခြေခံပါသည်။ (ICJ 1996, 433) ဤသဘောထားသည် ဤအခြေအနေကိုလွှမ်းမိုးသည့် လူသားချင်းစာနာထောက်ထားမှုဥပဒေ၏ အခြေခံမှုများကိုလည်းကောင်း၊ စစ်ပွဲ၏ ရက်စက်ကြမ်းကြုတ်မှုများနှင့်ပတ်သက်သည့် ယထာဘူတကျသောအမြင်ကို ထည့်သွင်းစဉ်းစားသည့် လူသားချင်းစာနာထောက်ထားမှုဥပဒေကို ရှေးဦးအစမှလည်းကောင်း၊ ထို့အပြင် လူသားချင်းစာနာမှုဆိုင်ရာ အသိတရား၏လမ်းညွှန်စေစားချက်နှင့်အညီ ၎င်းတို့ကို (နျူးကလီးယားလက်နက်များကို) ထိန်းချုပ်ရန်လိုအပ်ချက်ကိုလည်းကောင်း ထိန်းသိမ်းထားခဲ့ပါသည်။ တရားသူကြီး ဝီးရမန်ထရီ၏ သဘောထားသည် ကမ္ဘာအနှံ့အားလုံး သေဆုံးမှုအန္တရာယ် မဖြစ်ပေါ်စေဘဲ "သင့်ရဲ့ လူသားချင်းစာနာမှုကိုမမေ့မလျော့သတိရပြီး ကျန်တာကိုမေ့ထားလိုက်ပါ" ဟူသော ရပ်ဆဲလ်-အိုင်စတိုင်း မူဝါဒကြေငြာစာတမ်း (Russell-Einstein Manifesto) ပါ မေတ္တာရပ်ခံချက်ကို ရည်ညွှန်းကိုးကားချက်ဖြင့် အဆုံးသတ်ထားပါသည်။ (ICJ 1996 b, 554)

သို့ရာတွင် အချိုးအစားညီမျှခြင်းမူသည် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်းဥပဒေဖြစ်မဖြစ်ကို အချို့သောပညာရှင်များက ဆွေးနွေးငြင်းခုံနေကြသောကြောင့် နောက်ဆက်တွဲ(၁) - AP I အား အတည်ပြုလက်မှတ် ရေးထိုးမထားသော နိုင်ငံများအပေါ် ယင်း၏သက်ရောက်မှုမှာ မသေချာပေ။

### *အငြင်းပွားဖွယ်ရာများနှင့် စိန်ခေါ်မှုအသစ်များ*

ဆက်စပ်ထိခိုက်ပျက်စီးမှုအယူအဆကို IHL တွင် စိတ်ရှုပ်ဖွယ်ရာဇဝေဇဝါအဖြစ်ဆုံးနှင့် ယထာဘူတမကျဆုံးသောအယူအဆအဖြစ် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ (Sloane 2015, 301-302) ဤဆောင်းပါးတွင် အဓိကအချက်သုံးချက်ကြောင့် ဤနယ်ပယ်နှင့်သက်ဆိုင်စေရန်ပြုလုပ်ပေးနိုင်ခဲ့သည့် ဗုဒ္ဓဘာသာအဆုံးအမများကို ထည့်သွင်းစဉ်းစားထားပါသည်။ ပထမအချက်မှာ IHL က အချိုးအစားညီမျှခြင်းစည်းမျဉ်းအား လက်တွေ့အသုံးချမှုတွင် လမ်းညွှန်များကိုပေးထားသော်လည်း မလုံလောက်မှုအချို့ ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ဒုတိယအချက်မှာ မျက်မှောက်ခေတ် စစ်ပွဲများတွင် မထင်မှတ်ထားသော ဖြစ်ပေါ်တိုးတက်မှုများက ရှုပ်ထွေးမှုများကို ပေါင်းထည့်ပေးပါသည်။ တတိယအချက်မှာ အပြစ်မဲ့သော အသက်များအား ဆက်စပ်ထိခိုက်ပျက်စီးမှုဟု ဆိုခြင်းကို ကိုယ်ကျင့်တရားဆိုင်ရာ ရှုထောင့်အရ လက်ခံနိုင်ဖွယ်မရှိခြင်းသည် မူလအစကတည်းက နဂိုရှိရင်းစွဲကိစ္စရပ် ဖြစ်ပါသည်။

ပထမအချက်ကိုထည့်သွင်းစဉ်းစားလျှင် "လက်တွေ့ကျသောစစ်ဘက်ကွပ်ကဲသူတပ်မှူး" စံနှုန်းကို အဓိကထား စတင်ကျင့်သုံးခြင်းဖြင့် ထိုအယူအဆတွင် စွဲမြဲစွာအမြစ်တွယ်နေသော ပုဂ္ဂလဓိဋ္ဌာန်ကျမှုကို ကျွမ်းကျင်သူများက လျှော့ချရန် ကြိုးပမ်းခဲ့ကြသည်မှာ သိသာထင်ရှားပါသည်။ ဤစံနှုန်းသည် "ယူဂိုဆလားဗီးယားပြည်ထောင်စုသမ္မတနိုင်ငံအား နေတိုး၏ ဗုံးကြဲတိုက်ခိုက်ခြင်းလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ရန် ဖွဲ့စည်းထားသောကော်မတီက တရားလိုရှေ့နေထံ တင်သွင်းသော နောက်ဆုံးတင်ပြချက်"တွင် ဦးစွာ ပါလာဟန်ရှိပါသည်။ (ICTY 2000, 15) အဖြူအမဲသဲကွဲသောကိစ္စရပ်များတွင် မတော်တဆဆုံးရှုံးမှုကို လက်ခံနိုင်ခြင်းရှိမရှိ ဆုံးဖြတ်ရန် အလွန်လွယ်ကူမည်ဖြစ်သော်လည်း ဖြစ်ရပ်အများစုမှာ အဖြူအမဲမသဲကွဲပေ။ ဘက်ပေါင်းစုံထည့်တွက်ရမည့်ပြဿနာတွင် ကြိုတင်

ခန့်မှန်းခြင်း (ဖြစ်ရပ်မတိုင်မီ အမှန်တကယ်ရလဒ်များထက် ခန့်မှန်းချက်များပေါ်အခြေခံသော) နှင့် ဖိအားအောက်တွင် ပြုလုပ်ရသည့် အချိုးမညီသောမှန်းဆချက်ကို ကျွန်ုပ်တို့ ထပ်မံပေါင်းထည့်ရသည့်အခါ လက်ခံနိုင်သောဆုံးရှုံးမှုအား ဆန်းစစ်လေ့လာခြင်းသည် မလွယ်ကူချေ။ (Sloone 2015, 312) ထို့အပြင် အထက်ဖော်ပြပါ နောက်ဆုံးတင်ပြချက်တွင် ဖော်ပြထားသည့်အတိုင်း "မတူညီသော အယူဝါဒဆိုင်ရာ နောက်ခံများနှင့် တိုက်ပွဲအတွေ့အကြုံသို့မဟုတ် နိုင်ငံ့စစ်တပ်သမိုင်းများ၏ ကွဲပြားခြားနားသော အတိုင်းအတာများရှိကြသည့် ကွပ်ကဲသူတပ်မှူးများသည် နည်းလမ်းတစ်ခုထက်မကရှိသော အဆုံးအဖြတ်အတွက် အမြဲတစေ သဘောတူညီမှုရှိကြမည်မဟုတ်ပေ"။ (Fenrick 2009, 279) ဤပါဝင်ပတ်သက်မှုသည် ပုဂ္ဂလဓိဋ္ဌာန်ဘက်လိုက်မှုကို လျော့နည်းသွားစေရန် စတင်ကျင့်သုံးသည့် ကျိုးကြောင်းဆီလျော်ယုတ္တိတန်မှုစံနှုန်းကိုယ်၌က ဓမ္မဓိဋ္ဌာန်မကျသည့် ပုဂ္ဂလဓိဋ္ဌာန်ဘက်လိုက်မှုအချို့ပေါ် မူတည်နေသည့်အချက် ဖြစ်ပါသည်။

ကျွမ်းကျင်သူများသည်ပင် ဆက်စပ်ထိခိုက်ပျက်စီးမှုအတွက် တိကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍ သို့မဟုတ် အခြေအနေတစ်ရပ်တွင် ဆက်စပ်ထိခိုက်ပျက်စီးမှုအတွက် ပမာဏနှင့်စပ်လျဉ်း၍ သဘောမတူနိုင်ကြပေ။ အချိုးအစားညီမျှခြင်းမူနှင့်ပတ်သက်၍ ကွီဘက်တွင် ကျင်းပခဲ့သော ၂၀၁၆ခုနှစ် နိုင်ငံတကာကျွမ်းကျင်သူများအစည်းအဝေး၌ မည်သည့်အချိန်တွင် ထိခိုက်ပျက်စီးမှုသည် ခိုင်မာပြီး တိုက်ရိုက်ဖြစ်ကြောင်းနှင့် မည်သည့် အခြေအနေများတွင် ထိခိုက်ပျက်စီးမှုသည် အလွန်အကျွံဖြစ်သည်ဟုဆိုနိုင်ကြောင်းတို့နှင့်ပတ်သက်ပြီး အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ ပြဿနာများရှိနေသည်ကို သဘောတူညီခဲ့ကြပါသည်။ တန်ပြန်ရိုက်ခတ်ခြင်းအကျိုးဆက်များနှင့် ကြိုတင်စီစဉ်ထားသည့် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခြင်းနှင့် ဆန့်ကျင်ဘက်အဖြစ် လက်ရှိစစ်ဆင်ရေးအတွင်း အခွင့်အလမ်းအဖြစ် ပေါ်ထွက်လာသော ပစ်မှတ်ထားခြင်း ဖြစ်စဉ်များအား အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ဖော်ထုတ်သတ်မှတ်ခြင်းတို့တွင်လည်း အခက်အခဲများ ရှိပါသည်။ (ICRC 2016, 224) တန်ပြန်ရိုက်ခတ်ခြင်း သက်ရောက်မှုများသည် တိုက်ခိုက်မှုကြောင့် တိုက်ရိုက်နှင့် ချက်ခြင်းဖြစ်ပေါ်စေသော အကျိုးဆက်များမဟုတ်သော်လည်း မည်သို့ဆိုစေ ထိုတိုက်ခိုက်မှု၏ ရလဒ် ဖြစ်ပါသည်။ ရန်သူတပ်ဖွဲ့ကိုသတ်မှတ်ထားပြီးဖြစ်သည့်အတိုင်း လေကြောင်းချီတပ်လေယာဉ်ဆီသို့ ပစ်မှတ်များကို ဖြတ်သန်းသွားသောအခါ ကဲ့သို့သော ပစ်မှတ်တစ်ခုကို ကြိုတင်မျှော်မှန်းထားခြင်းမရှိခဲ့သည့်အခါ ကြိုတင်စီစဉ်ထားသည့် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခြင်းမဟုတ်ဘဲ လက်ရှိစစ်ဆင်ရေးအတွင်း အခွင့်အလမ်းအဖြစ် ပေါ်ထွက်လာသော ပစ်မှတ်ထားခြင်း ဖြစ်ပွားပါသည်။ ထိုနည်းလမ်းအားဖြင့် ပစ်မှတ်ကို ကျယ်ကျယ်ပြန့်ပြန့် ပိုင်းခြားစိတ်ဖြာစိစစ်ခြင်းအတွက် အခွင့်အလမ်းမှာ အကန့်အသတ်ဖြစ်သွားပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ပစ်မှတ်ကိုကြိုတင်မျှော်မှန်းထားပြီး ပိုမိုရှည်ကြာသောအချိန်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပိုင်းခြားစိတ်ဖြာစိစစ်ထားသော သတင်းအချက်အလက်များရှိသည့်အခါတွင် ကြိုတင်စီစဉ်ထားသော ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခြင်း ဖြစ်ပွားပါသည်။ (Schmitt 2009, 3; Roorda 2015, 158)

ဒုတိယအချက်အနေဖြင့် မျက်မှောက်ခေတ်စစ်ပွဲ၏ စစ်မျက်နှာအပြောင်းအလဲသည် အရပ်သား ဆုံးရှုံးမှုများ၏ ဖြစ်နိုင်ခြေကို ပိုပြီးတိုးလာစေပါသည်။ ဤတွင် သေချာပေါက် ပါဝင်နေသည့် အဓိကအချက်မှာ စစ်ပွဲသည် "ထုံးတမ်းစဉ်လာဖြစ်သော စစ်မြေပြင်များ" မှ လူနေထူထပ်သော မြို့ပြဒေသများသို့ ရွှေ့ပြောင်းလာနေခြင်း ဖြစ်ပါသည်။ ဤအချက်၏အရေးပါမှုကို အပြည့်အဝနားလည်နိုင်ရန် မကြာခင်က ဆီးရီးယားရှိ ပဋိပက္ခကို ကြည့်ရန်သာလိုပါသည်။ အခြားအကြောင်းတစ်ခုမှာ ဖြစ်ရပ်အများစုတွင် အစိုးရမဟုတ်သော စစ်တိုက်နေသည့်အဖွဲ့များက ပြောက်ကျားတိုက်ခိုက်ခြင်းနှင့် လူသားဒိုင်းအသုံးပြုခြင်းကဲ့သို့သော နည်းဗျူဟာများကို ရွေးချယ်အသုံးပြုကြပြီး ထိုနည်းဗျူဟာအားလုံးက စစ်ပွဲ၏အလယ်တွင် ပိတ်မိနေသည့် အရပ်သားလူထုကို ပိုမို ထိခိုက်လွယ် ဘေးဖြစ်လွယ်စေသည့် ရလဒ်နှင့်အတူ နိုင်ငံတကာအရေးအခင်းမဟုတ်သောလက်နက်ကိုင်ပဋိပက္ခများ (NIACs) နှင့် အခြားသော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ (နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခများထက်ပို၍) ပျံ့နှံ့လာခြင်း ဖြစ်ပါသည်။ (ICRC 2017)

တတိယအချက်အနေဖြင့် အရပ်သားများ သေဆုံးမှု၊ ဒဏ်ရာအနာတရဖြစ်မှုနှင့် ဆုံးရှုံးမှုများကို ဆက်စပ်ထိခိုက်ပျက်စီးမှုအဖြစ်ပင် သတ်မှတ်ရန် တရားမျှတဆီလျော်မှုရှိမရှိဆိုသည့် ပြဿနာ ဖြစ်ပါသည်။ IHL တွင်လည်း အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများအား သီသီသာသာ အကာအကွယ်ပေးထားပြီး အထူးသဖြင့် ခွဲခြားခြင်းမူဖြင့် တိုက်ခိုက်မှုတွင် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများကို လုံးဝ တိုက်ရိုက် ပစ်မှတ်မထားနိုင်ကြောင်း ဖော်ပြထားပါသည်။ (ICRC 2005, 3) ဤအချက်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သဘောထားကွဲလွဲမှုများရှိနေသော်လည်း ယင်းကို ကိုယ်ကျင့်တရားအရ လက်မခံနိုင် သို့မဟုတ် မှန်ကန်တရားမျှတမှုမရှိသည်နှင့် တချိန်တည်းမှာပင် လက်တွေ့အပိုင်းတွင် ယင်းကို လက်ခံနိုင်သည်ဟု တိုတိုတုတ်တုတ် ဖြေနိုင်ပါမည်။

အချိုးအစားညီမျှခြင်းစည်းမျဉ်းအား လက်တွေ့အသုံးချမှုကို ဆုံးဖြတ်ခြင်းသည် ၎င်းက ရလဒ်နှစ်မျိုးထွက်နိုင်သည့်အဖြေကို မပေးနိုင်သောကြောင့် ခဲယဉ်းပါသည်။ ချွတ်ယွင်းနိုင်ပြီး ပစ်မှတ်သို့မရောက်မီ အချိန်၏ ၅% တွင် ပြင်းထန်စွာ ပေါက်ကွဲနိုင်သည့် လက်နက်တစ်ခုကို ပစ်ရန်ဆုံးဖြတ်ခဲ့သည့် စစ်သည်တစ်ဦး၏ ဥပမာသည် ထိုသို့ ပစ်ခတ်မှုကြောင့် အရပ်သားအမြောက်အများ သေဆုံးနိုင်ကြောင်း ဤအခြေအနေကို သရုပ်ဖော်ထားပါသည်။ ဤနေရာတွင် ဆက်စပ်ထိခိုက်ပျက်စီးမှုပမာဏမြင့်မားနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေ နည်းပါးပါသည်။ ဆက်စပ်ထိခိုက်ပျက်စီးမှုပမာဏနည်းပါးသည့် အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသည့် ဆန့်ကျင်ဘက်အခြေအနေကိုလည်း ရရှိနိုင်ပါသည်။ (Sloane 2015, 314)

ဆက်စပ်ထိခိုက်ပျက်စီးမှုအယူအဆအား အငြင်းပွားဖွယ်ရာရှုထောင့်များရှိလင့်ကစား ဤဆောင်းပါးတွင် ဤအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် မကြိုးပမ်းပါ။ ယင်းအစား ဤအယူအဆတွင် စွဲမြဲခိုင်မာနေသော ပုဂ္ဂလဓိဋ္ဌာန်ဘက်လိုက်မှုကို ဤဆောင်းပါး၌ စစ်ဆေးသုံးသပ်ပါမည်။ အချိုးအစားညီမျှခြင်းစည်းမျဉ်းကို လက်တွေ့အသုံးချမှုတွင် ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ ပုဂ္ဂလဓိဋ္ဌာန်ဘက်လိုက်မှုအခြေခံရှိသည့်အချက်ကို မငြင်းနိုင်ပေ။ ထို့အပြင် ဖြစ်ရပ်အတော်များများတွင် အချိုးအစားညီမျှမှုသည် ဆုံးဖြတ်ချက်တန်ဖိုးတစ်ခု ဖြစ်နိုင်ပါသည်။ ဤအချက်ကို ရည်ညွှန်းထားသည့် နောက်ဆက်တွဲ(၁) - AP I အား ရှင်းလင်းချက်တွင် ဤသို့ ဖော်ပြထားပါသည် -

> ဤစည်းမျဉ်းများကို အသုံးပြုရမည့်သူများအတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် လူးသာလွန့်သာရှိစေသည့် အသိအမှတ်ပြုမှု ထားရှိရန် လိုအပ်ပုံပေါ်ခဲ့ပါသည်။ ထို့ကြောင့် ဤစည်းမျဉ်းများ၏ ထိရောက်မှုသည် စစ်တိုက်နေသောနိုင်ငံများ၏ စိတ်ကောင်းစေတနာရှိမှုနှင့် လူသားချင်းစာနာမှု ပြဋ္ဌာန်းသတ်မှတ်ချက်များကို လိုက်နာလိုသောဆန္ဒတို့အပေါ် များစွာ တည်မှီနေပါသည်။ (ICRC 1987, 589, ထပ်ပေါင်းထည့်ထားသည့် အလေးထားမှု)

ဤလူးသာလွန့်သာရှိမှုကိုလိုအပ်သော်လည်း အမှန်အားဖြင့် ဆုံးဖြတ်ချက်ပြုလုပ်ခြင်းအတွက် ပြတ်ပြတ်သားသား မရှိသောအပိုင်းအခြားတစ်ခုအဖြစ် ၎င်းကိုယ်တိုင် ပြောင်းလဲသွားနိုင်ပြီး ဆက်စပ်ထိခိုက်ပျက်စီးမှု (IHL တွင် အကြောင်းခိုင်လုံသော) သည် လုံးဝလက်ခံနိုင်စရာမရှိသော "အကြောင်းမဲ့ဖျက်ဆီးမှု" လွယ်ကူစွာ ဖြစ်လာနိုင်ကြောင်း တစ်ပြန်တစ်လှည့် အဓိပ္ပာယ်သက်ရောက်ပါသည်။ ဆက်စပ်ထိခိုက်ပျက်စီးမှုအယူအဆ ကိုယ်တိုင်က အငြင်းပွားစရာဖြစ်သော်လည်း ပို၍သံသယဖြစ်ဖွယ်မှာ ထိုအယူအဆတွင် ရှိရင်းစွဲ ပုဂ္ဂလဓိဋ္ဌာန် ဘက်လိုက်မှုက ဆက်စပ်ထိခိုက်ပျက်စီးမှုကို ရည်ရွယ်ချက်လှည့်စားမှုဖြင့် "အကြောင်းမဲ့ဖျက်ဆီးမှု" တိုးလာနေခြင်းအတွက် နည်းပေးလမ်းပြ ပြုလုပ်ပေးပါသည်။ (Bica 2007)

အကြောင်းမဲ့ဖျက်ဆီးမှုကို IHL တွင် စစ်ရေးဆိုင်ရာလိုအပ်ချက်မှုဖြင့် လျော်ကန်သင့်မြတ်ခြင်းမရှိသော အကြမ်းဖက်မှုအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ သို့ရာတွင် ယင်းသို့သော အကြမ်းဖက်မှုကို ဆက်စပ်ထိခိုက်ပျက်စီးမှုအဖြစ် ပုံမှားရိုက်ရန် ကြိုးစားခြင်းဖြင့် မှန်ကန်တရားမျှတကြောင်းပြသရန် စစ်တိုက်နေသောနိုင်ငံများက ကြိုးပမ်းသည့်ဖြစ်ရပ်များ ရှိခဲ့ပါသည်။ (Bica 2007) ဤသို့ အငြင်းပွားစရာများနှင့် ထုပြောလျက်ရှိသော နယ်ပယ်တွင် မည်သည့် ဗုဒ္ဓဘာသာအဆုံးအမက တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏ ဆုံးဖြတ်ချက်ပြုလုပ်ခြင်းတွင် လမ်းညွှန်ပေးနိုင်မည်ဆိုသည်ကို စူးစမ်းလေ့လာရန် လိုအပ်ချက် ရှိနေပါသည်။

**အပ္ပမာဒ - သတိတရားနှင့်ပြည့်စုံခြင်း**

***အပ္ပမာဒ အယူအဆ***

အပ္ပမာဒအယူအဆကို စူးစမ်းလေ့လာမှုက ဤတရားသည် အစောပိုင်းကာလ ဗုဒ္ဓဘာသာတွင် တသားတည်းဖြစ်သော အတွေးအခေါ် ဖြစ်ခဲ့ကြောင်းကို ဖော်ပြနေပါသည်။ ဤအပ္ပမာဒဟူသောဝေါဟာရကို သတိတရားနှင့်ပြည့်စုံခြင်း၊ တာဝန်သိတတ်ခြင်း၊ ဂရုစိုက်ခြင်း၊ မိမိဘာသာအားရကျေနပ်မှုမရှိခြင်းနှင့် ရံဖန်ရံခါတွင် မမေ့မလျော့ခြင်းဟု အမျိုးမျိုး ဘာသာပြန်ဆိုခဲ့ကြပြီး (Glossology s.v. appamāda) ဘိက္ခုဗောဓိက ၎င်း၏ သံယုတ္တနိကာယ် ဘာသာပြန်တွင် ယင်းကို "လုံ့လဝီရိယ" ဟု ပြန်ဆိုထားပါသည်။ (Bodhi 2000, 77, 179) ဤကွဲပြားခြားနားသော အသုံးအနှုန်းများက အင်္ဂလိပ်ဘာသာစကားတွင် အတိအကျတူညီသောဝေါဟာရကို ရှာဖွေတွေ့ရှိရန်ခက်ခဲသည့် အချက်ကို အလေးအနက် ပြသနေပါသည်။ ဘာသာပြန်တွင် တစ်စုံတစ်ရာ ပျောက်ဆုံးနေပါသည်။ ဗုဒ္ဓဘာသာ လေ့လာသူပညာရှင် အဲရ်နက်စ်ထ် ရှတိုင်းခဲလ်နယ်ရ် (Ernst Steinkellner) က ဤအယူအဆကို ဂျာမန်ဘာသာဖြင့် "ဗာ့ခ်ဇားမာ ဇောဂါ" (wachsame sorge) "ဂရုတစိုက်စောင့်ကြည့်ခြင်း/နိုးကြားသတိဝီရိယရှိသောဂရုစိုက်ခြင်း" ဟု ဘာသာပြန်ဆိုပါသည်။ (Batchelor 2005, 8 တွင် ကိုးကားသည်) ဤဝေါဟာရကို အပိုင်းလိုက်ခွဲခြားသည့်အခါ

'အ + (ပ်)ပ + မာဒ' ဟု ရပါသည်။ ရှေ့ဆက်ပုဒ် 'အ' သည် အရည်အသွေးမရှိခြင်းကိုဖော်ပြသည့် အပျက်သဘော ဆောင်သော လက္ခဏာ ဖြစ်ပါသည်။ ('(ပ်)ပမာဒ'၏ရှေ့တွင် အပျက်သဘောဆောင်သော 'အ' ကို ထည့်လိုက်သည့် အခါ 'ပမာဒ'၏ အရည်အချင်းမရှိကြောင်း ယင်းက ဖော်ပြပါသည်။) အရင်းခံဇာစ်မြစ် စကားလုံးသည် 'ယစ်မူး မေ့လျော့ခြင်း' ဟု အဓိပ္ပါယ် ရသော 'မက်ဒ်'(mad) ဖြစ်ပါသည်။ ဆက်စပ်သော စကားလုံးအချို့မှာ 'မတ္တ'(matta) (ရူးသွပ်စေသော၊ ယစ်မူးစေသော)နှင့် 'မဇ္ဇ'(majja) (ယစ်မူးခြင်း) တို့ ဖြစ်ပါသည်။ 'ပ' သည် လုပ်ဆောင်မှုကို လွန်ကဲ စွာ အစွန်းရောက်သည်အထိ လုပ်ဆောင်သည်ဟု ဖော်ပြသော ရှေ့ဆက်ပုဒ် ဖြစ်ပါသည်။ (Jayarava 2009) ထို့ကြောင့် ပမဇ္ဇသည် "မူးယစ်သောက်စားခြင်း"မျှသာမက ၎င်းသည် ပြစ်မှုငယ်များကိုကျူးလွန်ပြီး အခြားသူများ အတွက် အန္တရာယ်ဇာစ်မြစ်ဖြစ်သည့် အတိုင်းအတာအထိ "ဘာမှမမြင်အောင်အလွန်အကျွံမူးယစ်သောက်စားခြင်း" လည်း ဖြစ်ပါလိမ့်မည်။ ထို့နောက် အပ္ပမာဒသည် ဤပမဇ္ဇ၏ ဆန့်ကျင်ဘက်ဖြစ်ပြီး အဆိပ်ရှိသောမြွေ သို့မဟုတ် ဆာလောင်နေသောကျားနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ရသည့်အခါ ထိုသူတွင်ရှိနိုင်သည့် ဂရုတစိုက်ဖြင့်သတိထား စောင့်ကြည့်မှုအဖြစ် နောက်ထပ်၍ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း အသေးစိတ် ဖော်ပြထားပါသည်။ (Jayarava 2009) ဤဥပမာသည် အထူးသဖြင့် မိမိနှင့် အခြားသူများအပေါ် သက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များမပြုလုပ်မီ အချိန်တိုင်းတွင် လူတစ်ဦးအနေဖြင့် ကျင့်သုံးရန်လိုအပ်နေသည့် သတိတရားနှင့်ပြည့်စုံခြင်းကို ၎င်းကပြသနေသောကြောင့် ထူးခြားပါသည်။ စကားအရာတင်စားချက်အရ "အန္တရာယ်ရှိသောသားရဲ" သည် လူတစ်ဦး၏ စိတ်ကို ကြည်လင်မှုမရှိအောင် ပိတ်ဖုံးစေနိုင်သည့် တဏှာရာဂ၊ ဥပါဒါန်အစွဲအလမ်း၊ အမုန်းတရား၊ ကြည်လင်ပြတ်သားမှုမရှိခြင်း၊ စဉ်းစားဆင်ခြင် မှုကင်းမဲ့ခြင်းတို့ ဖြစ်ပါသည်။

***အပ္ပမာဒ အဘယ့်ကြောင့်နည်း။***

သို့သော် ဤဆောင်းပါး၏ ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာတွင် အပ္ပမာဒကို အဘယ့်ကြောင့် ထည့်သွင်း စဉ်းစားပါသနည်း။ အခြားသော ဗုဒ္ဓဘာသာအဆုံးအမတစ်ခုခု အဘယ့်ကြောင့် မဟုတ်သနည်း။ အပ္ပမာဒတရား၏ အရည်အသွေးသည် ပါဠိကျမ်းဂန်များ၌ ယင်းကို ထပ်တလဲလဲ ရည်ညွှန်းသည့်အတိုင်း ကျွန်ုပ်တို့၏ နေ့စဉ် လုပ်ဆောင်မှုများတွင် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုဆိုသည်မှာ ရှင်းပါသည်။ ဥပမာအားဖြင့် အပ္ပမာဒသုတ် (SN 3, 17, Thānissaro bhikkhu 2013) တွင် ပသေနဒီမင်းက ယခုဘဝနှင့် နောက်ဘဝ နှစ်ခုလုံးတွင် အကျိုး ကျေးဇူးကိုဆောင်ကြဉ်းပေးနိုင်သော အရည်အချင်းတစ်ခုခု ရှိမရှိ ဗုဒ္ဓအား မေးမြန်းခဲ့ပုံကို ဇာတ်ကြောင်းပြန်ထားပါ သည်။ ဗုဒ္ဓက ဤတစ်ခုသောအရည်အချင်းသည် အပ္ပမာဒဖြစ်ပြီး ဆင်ခြေရာသည် အခြားတိရစ္ဆာန်များအားလုံးတို့ ၏ခြေရာကို လွှမ်းခြုံနိုင်သကဲ့သို့ အပ္ပမာဒတရားသည် အရည်အချင်းများအားလုံးထဲတွင် ပါဝင်ကာ အထွတ်အထိပ် ဖြစ်ကြောင်း မိန့်ကြားခြင်းဖြင့် ဖြေကြားခဲ့ပါသည်။ (Batchelor 2005, 9)

ဓမ္မပဒ (v.21)၊ အပ္ပမာဒဝဂ်ဟုခေါ်သောအခန်းတွင် သတိတရားနှင့်ပြည့်စုံခြင်းသည် သေခြင်းကင်းရာသို့ သွားသောလမ်းဖြစ်သည်ဟု ဆိုပါသည် -

> တည်တံ့သည့် ထကြွလှုံ့လ၊ စည်းကမ်းနှင့် ကိုယ့်ကိုယ်ကိုထိန်းချုပ်မှုဖြင့် ပညာရှိယောက်ျားသည် ၎င်းအတွက် ရေကြီးရေလျှံမှုမရှိသော ကျွန်းတစ်ခု ပြုလုပ်ထားပါသည်။ [အဆင့်ပိုမိုမြင့်မားသော ကျွန်းပေါ်သို့ လိုချင်တပ်မက်မှုဆန္ဒ (ကာမ)၊ မှားယွင်းသောယုံကြည်မှုများ (ဒိဋ္ဌိ)၊ ဖြစ်တည်မှု အတွက်တဏှာ (ဘဝ)နှင့် မောဟ (အဝိဇ္ဇာ)ဟူသော အာရုံ ရေလွှမ်းမိုးမှုများကြောင့် ရေကြီးရေလျှံ မဖြစ်နိုင်ချေ။] (ဓမ္မပဒ v.25, နာရဒမထေရ်၏ ဘာသာပြန် 1954, 27)

နိဂြောဓရဟန်းတော်သည် ဧကရာဇ်မင်းကြီး အသောကအား အပ္ပမာဒဝဂ်ကို ဟောကြားခဲ့ပြီး ဤအယူအဆသည် နောက်ပိုင်းတွင်ဆွေးနွေးမည့်အတိုင်း ၎င်းအပေါ် နက်ရှိုင်းသောခံစားချက်ရစေရန် ပြုလုပ်ခဲ့ပုံပေါ်ပါသည်။ ထို့အပြင် သံယုတ္တနိကာယ်တွင် အပ္ပမာဒဝဂ်(SN. 45.139-148) သာမက အခြားသော အပ္ပမာဒနှင့်ပတ်သက်သည့် ပြန့်ကြဲနေ သည့် သုတ်အများအပြား ပါဝင်ပါသည်။ (SN.1.36; 3.17–18; 12.22; 20.1–2; 35.97; 35.134; 46.31; 48.56; 55.40)

ပိဋကတ်တော်တွင် အရှည်လျားဆုံးသုတ်ဖြစ်သော်လည်း မဟာပရိနိဗ္ဗာနသုတ်တွင် ဤအပ္ပမာဒ အရည် အချင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ဖော်ပြမထားဘဲ တချိန်တည်းတွင်း ဗုဒ္ဓ၏ဘဝ နောက်ဆုံးသုံးလကို လွှမ်းခြုံ ဖော်ပြထားပြီး ဤသုတ်၌ နောက်ထပ်၍ ဗုဒ္ဓ၏ နောက်ဆုံးသြဝါဒစကားများကို မှတ်တမ်းတင်ရာထားတွင် ဗုဒ္ဓက ဤအပ္ပမာဒအယူအဆကို ဟောကြားခဲ့သည့် ရည်ရွယ်ချက်အား ဤသို့ အလေးအနက်ဖော်ပြထားပါသည် -

> ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ

ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ရဟန်းတို့၊ နာယူကျင့်သုံးကြလော့၊ ငါသင်တို့အား ဟောကြားသည်။ သင်္ခါရတရားအားလုံးသည် ပျက်စီးရသည်ချည်းဖြစ်လေသည်။ သတိတရားဖြင့် ပြည့်စုံကြစေလော့။

(Mahāparinibbāna Sutta v. 324, DN 16, 6.8 (DN.II.156), translation by Sister Vajira and F. Story 1998) (မဟာပရိနိဗ္ဗာနသုတ်၊ သီလရှင် ဝဇီရ၏ ဘာသာပြန်)

၄၅နှစ်နီးပါး အတွေ့အကြုံရှိသော ဆရာတစ်ဆူဖြစ်သည့်အတိုင်း ဗုဒ္ဓသည် ဖြစ်အံ့သော ၎င်း၏ဘဝအဆုံးသတ်ကို သိရှိသတိပြုမိခဲ့ပြီး ၎င်း၏ နောက်ဆုံးဩဝါဒမှာစကားများတွင်ပါဝင်စေရန် ၎င်းဟောကြားခဲ့သည်များအားလုံးကို အလုံးစုံခြုံငုံမိသော တစ်ပေါင်းတစ်စည်းဖြစ်သည့်အယူအဆတစ်ခုကို ရှာဖွေခဲ့လိမ့်မည်ဟု ဘက်ချလာ(Batchelor) က သုံးသပ်ပါသည်။ (Batchelor 2005, 9) ထို့နောက် အဓိပ္ပါယ်ပြည့်ဝပြီး အရေးပါလှသော အပ္ပမာဒတရားကို နာရဒ မထေရ်က ဗုဒ္ဓဘာသာ၏ လူ့ကျင့်ဝတ်ဆိုင်ရာ အနှစ်သာရအဖြစ် အကျဉ်းချုပ်ဖော်ပြထားပါသည်။ (Narada Thera 1954, 24)

အပ္ပမာဒတရားသည် ထိန်းချုပ်နိုင်စွမ်းဟူသော အရည်အချင်းနှင့်လည်း ဆက်စပ်နေသောကြောင့် မိမိတို့သည် မိမိတို့၏ လုပ်ဆောင်မှုများနှင့် ထိုလုပ်ဆောင်မှုများ၏ အကျိုးဆက်တို့အပေါ်တွင် သတိတရားပွားများရန် အတွက် ပြုစုပျိုးထောင်နိုင်မည့် သက်ဆိုင်မှုအရှိဆုံးသော အရည်အချင်း ဖြစ်နိုင်ပါသည် -

အကြင်သူသည် စက္ခုပသာဒကို ထိန်းသိမ်းခြင်း(သံဝရ)နှင့်နေထိုင်နေလျှင် စိတ်သည် မျက်စိဖြင့် မြင်နိုင်သော ရူပါရုံတို့တွင် ညစ်ညမ်းခြင်းမဖြစ်ချေ။ စိတ်သည် ညစ်ညမ်းခြင်း မဖြစ်လျှင် ပျော်ရွှင်မှု ပေါက်ဖွားလာပါသည်။ ပျော်ရွှင်မှု ဖြစ်ပေါ်လာသောအခါ ပီတိ ပေါက်ဖွားလာပါသည်။ စိတ်ကို ပီတိက မြှင့်တင်ပေးသောအခါ ရုပ်ခန္ဓာသည် ငြိမ်သက်အေးချမ်းလာပါသည်။ ရုပ်ခန္ဓာတွင် ငြိမ်သက်အေးချမ်းသွားသူသည် ပျော်ရွှင်မှုကို ခံစားရပါသည်။ ပျော်ရွှင်နေသောသူ၏ စိတ်သည် စူးစိုက်မှုရှိလာပါသည်။ စိတ်သည် စူးစိုက်မှုရှိလာသောအခါ ရုပ်နာမ်သဘာဝဖြစ်စဉ်တို့ သိသာထင်ရှားပေါ်လွင်လာကာ [ဓမ္မာနံ ပါတုဘဝါ] ထိုသူကို “ဝီရိယနှင့်နေထိုင်နေသောသူ” ဟု လက်ခံထားပါသည်။ (Jayarava 2009)

ဤဆောင်းပါးတစ်ခုလုံး၌ ထိန်းသိမ်းထားသည့်အတိုင်း ဆက်စပ်ထိခိုက်ပျက်စီးမှုအယူအဆနှင့်သက်ဆိုင်သည့်ကိစ္စသည် အချိုးအစားညီမျှခြင်းစည်းမျဉ်းကို အသုံးချသူများအတွက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ထားပေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ အာရုံခံအင်္ဂါများနှင့်စိတ်ကို ချုပ်တည်းထိန်းသိမ်းခြင်းအား လိုအပ်ပြီး အရည်အချင်းတစ်ခုအဖြစ် အပ္ပမာဒတရားသည် တစ်ဦးချင်းသောလူတို့ကို ၎င်းတို့၏ကိုယ်ပိုင်ကောင်းမှုကုသိုလ် (ကောင်းသောကံ) အတွက် လမ်းညွှန်ပေးနိုင်သည့်အပြင် ဆင်းရဲဒုက္ခလျှော့ချပေးခြင်းဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများ နှစ်ဘက်လုံးကို အကျိုးကျေးဇူးရှိစေနိုင်ပါသည်။

ဆုံးဖြတ်ချက်ချရာတွင် စိတ်ကိုထိန်းချုပ်ခြင်းသည် အဓိကကျသောကြောင့် ဗုဒ္ဓဘာသာ တက္ကဗေဒသဘော တရား(ရုပ်လွှန်ပညာ)ရှိ စဉ်းစားတွေးတောမှုဖြစ်စဉ်အား ပိုင်းခြားစိတ်ဖြာသရုပ်ခွဲလေ့လာခြင်းသည် သက်ဆိုင်မှုရှိပါသည်။ ဇယား(၁)တွင် ပြထားသည့်အတိုင်း စိတ်အခြေခံအကြောင်းရင်း စုစုပေါင်း ၅၂ပါး (စေတသိက်) ရှိပြီး၊ ၎င်းတို့သည် ပုံစံအမျိုးမျိုးပေါင်းစပ်မှုများဖြင့် သိစိတ်ဖြစ်ပေါ်စေခြင်းတွင် ဦးဆောင်နိုင်ပါသည်။ ဤစေတသိက်များ အနက် ခုနစ်ပါးသည် သိစိတ်အားလုံးနှင့် ယှဉ်တွဲသောကြောင့် “သဗ္ဗစိတ္တသာဓာရဏ” (‘အားလုံးနှင့်သက်ဆိုင်သော စေတသိက်များ’ သို့မဟုတ် ‘ပဓာနကျသောအခြေခံစေတသိက်များ’) ဟု ခေါ်ဆိုပါသည်။ ထို့နောက် စေတသိက် နောက်ထပ် ခြောက်ပါးသည် သိစိတ်တွင် အစဉ်အမြဲ ယှဉ်တွဲခြင်း မရှိသောကြောင့် ထိုခြောက်ပါးကို “ပကိဏ္ဏက စေတသိက်” (‘သီးခြားဖြစ်သောစေတသိက်များ’) ဟု ခေါ်ဆိုပါသည်။ ၎င်းတို့သည် ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ်၏ အစိတ်အပိုင်းဖြစ်နိုင်ပြီး ၎င်းတို့ရှိခြင်းသည် သိစိတ်၏စွမ်းပကားကို ပြင်းထန်စေပါသည်။ နောက်တစ်အုပ်စုမှာ အကုသိုလ်စိတ်အခြေခံအကြောင်းရင်း ၁၄ပါး ဖြစ်ပြီး ဤစေတသိက်တို့က အထက်၌ ပြဆိုခဲ့သော (သဗ္ဗစိတ္တသာဓာရဏစေတသိက်များနှင့် ပကိဏ္ဏကစေတသိက်များ) စေတသိက် ၁၃ပါးတို့နှင့် ယှဉ်တွဲကာ ပုံစံအမျိုးမျိုး ပေါင်းစပ်မှုများဖြင့် ပုံ(၁)တွင် ပြထားသည့်အတိုင်း အကုသိုလ်စိတ်များကို ဖြစ်ပေါ်စေပါသည်။ (Baptist 2008, 2-5)။

ထို့နောက် နှစ်သက်ဖွယ်ဖြစ်သော သို့မဟုတ် ကုသိုလ်စိတ်အခြေခံအကြောင်းရင်း သောဘဏသာဓာရဏ စေတသိက် ၁၉ပါးနှင့် နောက်ထပ် နှစ်သက်ဖွယ်ဖြစ်သော သို့မဟုတ် ကုသိုလ်စိတ်အခြေခံအကြောင်းရင်း သောဘဏစေတသိက် ခြောက်ပါးတို့ ရှိပါသည်။ ဤစေတသိက် ၁၉ ပါးလုံးသည် နှစ်သက်ဖွယ် သို့မဟုတ် ကုသိုလ် စိတ် (သောဘဏစိတ်) ဖြစ်ပေါ်ရန် ရှိရပါသည်။ ပုံ(၂)တွင် ကျွန်ုပ်တို့ တွေ့မြင်နိုင်သည့်အတိုင်း ဤသောဘဏ ကုသိုလ်စေတသိက် ၂၅ပါး (သေချာပေါက်ရှိရမည့် ကုသိုလ်စေတသိက် ၁၉ပါးနှင့်အတူ) သည် ရှေ့တွင်ပြဆိုခဲ့သော သဗ္ဗစိတ္တသာဓာရဏစေတသိက်နှင့် ပကိဏ်းစေတသိက် ('အားလုံးနှင့်ဆိုင်သောစေတသိက်များ' နှင့် 'သီးခြားဖြစ် သောစေတသိက်များ') ၁၃ပါးနှင့်အတူ နည်းလမ်းအမျိုးမျိုးဖြင့် ပေါင်းစပ်သည့်အခါ ၎င်းတို့သည် ကုသိုလ်စိတ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ (Baptist 2008 2-5)

ဤပိုင်းခြားစိတ်ဖြာသရုပ်ခွဲမှုက အကုသိုလ်စိတ်ဖြစ်ရန်လိုအပ်သော စေတသိက်များ၏အရေအတွက်ထက် နှစ်သက်ဖွယ်ကောင်းသည့် သောဘဏစိတ်ဖြစ်ပေါ်ရန် စေတသိက်များကို ပို၍လိုအပ်ကြောင်း ပြသသည်ကို ဂရုပြု ရန် အရေးကြီးပါသည်။ ယင်း၏လိုအပ်သော ပါဝင်ပတ်သက်မှုက ကောင်းသောအရာ သို့မဟုတ် ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းသည် ပိုမိုခက်ခဲပြီး ပိုမိုအားထုတ်ကြိုးပမ်းမှုကို လိုအပ်လိမ့်မည်ဖြစ်ပြီး စင်စစ်အားဖြင့် အကုသိုလ်စိတ် ပေါ်ပေါက်ရန်အတွက် ပိုမိုလွယ်ကူပါသည်။

အပ္ပမာဒကို "သတိရှိခြင်း" အဖြစ်လည်းကောင်း၊ မနသိကာရ၊ ဧကဂ္ဂတာ၊ ဝီရိယ စသည်တို့နှင့် ဆက်စပ် နေသော စိတ်ပိုင်းဆိုင်ရာအရည်အချင်းတစ်ခုအဖြစ်လည်းကောင်း ဘာသာပြန်ဆိုနိုင်၊ နားလည်နိုင်သော်လည်း ဇယား(၁)တွင် ပေးထားသော စေတသိက (စိတ်အခြေခံအကြောင်းရင်း ၅၂ပါး) စာရင်းတွင် မပါဝင်ပါ။ ထို့ကြောင့် အပ္ပမာဒကို စေတသိက်များအား သတိတရားနှင့်ပြည့်စုံစေခြင်းဖြင့် လူတစ်ဦး၏စိတ်ကို ထိန်းချုပ်ရန် ဂရုတစိုက် ပြုစုပျိုးထောင်ရမည့် အရည်အချင်းတစ်ခု ဖြစ်ပါသည်။ အပ္ပမာဒကို သီးခြား စိတ်အခြေအနေတစ်ခုထက်ပို၍ သတိအား နှိုးဆွပေးရန် ကြိုးစားနိုင်သည့် အရည်အချင်းအဖြစ် အကောင်းဆုံး တွေ့မြင်နိုင်ပါသည်။ (Lomas 2015) အပ္ပမာဒတရား၏ အဓိကအရေးပါမှုသည် အပ္ပမာဒတရားက သတိပဋ္ဌာန်ပွားများကျင့်သုံးမှု (ဝိပဿနာအကျင့်) အတွက် ကိုယ်ကျင့်သီလရှုထောင့်အား စတင်မိတ်ဆက်ပေးသည့်အချက်ကို ဆိုခဲ့ပြီး ဖြစ်ပါသည်။ လူတစ်ဦးသည် ဖြစ်ပျက်နေသည့်အရာကို သတိပြုမိရုံသာမဟုတ် (ဆိုလိုသည်မှာ သတိ)၊ ကိုယ်ကျင့်သီလနှင့် အကျင့်သိက္ခာတို့နှင့် ပတ်သက်သည့် ဗုဒ္ဓဘာသာအဆုံးအမများနှင့် အတိအလင်း ဆက်စပ်နေပါသည်။ (Lomas 2015) သို့ဖြစ်ရာ အပ္ပမာဒ (သတိတရားရှိခြင်း) ၏ အရည်အချင်းသည် အကုသိုလ်စိတ် ပေါ်ပေါက်ခြင်းမှ လူတစ်ဦး၏ သိစိတ်ကို အားသွန်ခွန်စိုက် တားဆီးကာကွယ်စောင့်ကြပ်ပေးခြင်းတွင် အခရာ ဖြစ်ပါလိမ့်မည်။

***ဇယား (၁)၊*** *ထေရဝါဒအဘိဓမ္မာတွင် ပြဆိုသော စိတ်အခြေခံအကြောင်းရင်း (စေတသိက်) ၅၂ ပါး*

| | |
|---|---|
| *သဗ္ဗစိတ္တသာဓာရဏ (၇) ပါး* | *(၁) ဖဿ - အာရုံနှင့်စိတ်ကို ဆက်သွယ်ပေးသော စေတသိက်* |
| *(အဓိကများ သို့မဟုတ် အားလုံးနှင့်* | *(၂) ဝေဒနာ- ခံစားချက်* |
| *သက်ဆိုင်သည်များ)* | *(၃) သညာ - အာရုံကို မှတ်သားခြင်း* |
| | *(၄) စေတနာ - စေတနာ* |
| | *(၅) ဧကဂ္ဂတာ- အာရုံတစ်ခုတည်း၌ထားခြင်း* |
| | *(၆) ဇီဝိတိန္ဒြိယ- နာမ်အသက်* |
| | *(၇) မနသိကာရ - အာရုံပြုခြင်း* |
| *ပကိဏ္ဏက စေတသိက် (၆) ပါး* | *(၁) ဝိတက် - အာရုံကိုဦးစွာယူသော စေတသိက်* |
| *(သီးခြားများ)* | *(၂) ဝိစာရ - အာရုံကိုသုံးသပ်သော စေတသိက်* |
| | *(၃) အဓိမောက္ခ - ဆုံးဖြတ်ခြင်း* |
| | *(၄) ဝီရိယ - အားထုတ်ခြင်း* |
| | *(၅) ပီတိ - ကျေနပ်နှစ်သက်ခြင်း* |
| | *(၆) ဆန္ဒ - လုပ်လိုသော ဆန္ဒ သို့မဟုတ် လုပ်ရန်ရည်ရွယ်ခြင်း* |
| *အကုသိုလ်စေတသိက် (၁၄) ပါး* | *(၁) မောဟ - မကြည်လင်သော၊ အမှန်မမြင်သောသဘော* |
| | *(၂) အဟိရိက - မိမိကိုယ်ကိုသီလအားဖြင့် လေးစားမှုမရှိခြင်း* |
| | *(၃) အနောတ္တပ္ပ - လုပ်ဆောင်မှုများ၏ရလဒ်ကိုဂရုစိုက်မှုမရှိခြင်း* |
| | *(၄) ဥဒ္ဓစ္စ- ပျံ့လွင့်ခြင်း* |

(၅) လောဘ - လိုချင်တပ်မက်ခြင်း

(၆) ဒိဋ္ဌိ - မှားယွင်းသောအယူ

(၇) မာန - မာန

(၈) ဒေါသ - မုန်းတီးခြင်း

(၉) ဣဿာ - မနာလိုခြင်း

(၁၀) ထိန - ပျင်းရိခြင်း

(၁၁) မိဒ္ဓ - ထိုင်းမှိုင်းခြင်း

(၁၂) မစ္ဆရိယ - အတ္တကြီးခြင်း

(၁၃) ဝိစိကိစ္ဆာ- သံသယဖြစ်ခြင်း

(၁၄) ကုက္ကုစ္စ - ပူပန်ခြင်း

သောဘဏစေတသိက် (၁၉) ပါး
ပဓာနကျသော နှစ်သက်ဖွယ်
(ကုသိုလ်စေတသိက်)

(၁) သဒ္ဓါ - ယုံကြည်ခြင်း

(၂) သတိ - သတိ

(၃) ဟီရိ - မိမိကိုယ်ကိုလေးစားခြင်း၊ ဂုဏ်သိက္ခာရှိခြင်း

(၄) ဩတ္တပ္ပ - ပြုလုပ်သောအလုပ်၏ အကျိုးဆက်ကို သတိထားခြင်း

(၅) အလောဘ - လိုခြင်တပ်မက်မှုမရှိခြင်း

(၆) အဒေါသ - မုန်းတီးမှု မရှိခြင်း၊ ချစ်ခြင်း

(၇) တတြမဇ္ဈတ္တတာ - စိတ်၏မျှတခြင်း

အတွဲလိုက် (၆) မျိုး

(၈) ကာယပဿဒ္ဓိ - စေတသိက်တို့၏ ငြိမ်းချမ်းခြင်း

(၉) စိတ္တပဿဒ္ဓိ- စိတ်၏ ငြိမ်းချမ်းခြင်း

(၁၀) ကာယလဟုတာ - စေတသိက်တို့၏ ပေါ့ပါးခြင်း

(၁၁) စိတ္တလဟုတာ - စိတ်၏ပေါ့ပါးခြင်း

(၁၂) ကာယမုဒုတာ - စေတသိက်တို့၏ နူးညံ့ခြင်း

(၁၃) စိတ္တမုဒုတာ - စိတ်၏နူးညံ့ခြင်း

(၁၄) ကာယကမ္မညတာ - စေတသိက်တို့၏ ကြံ့ခိုင်ခြင်း

(၁၅) စိတ္တကမ္မညတာ - စိတ်၏ကြံ့ခိုင်ခြင်း

(၁၆) ကာယပါဂုညတာ - စေတသိက်တို့၏ ကျွမ်းကျင်ခြင်း

(၁၇) စိတ္တပါဂုတညတာ - စိတ်၏ကျွမ်းကျင်ခြင်း

(၁၈) ကာယုဇုကတာ - စေတသိက်တို့၏ ဖြောင့်မတ်ခြင်း

(၁၉) စိတ္တုဇုကတာ - စိတ်၏ဖြောင့်မတ်ခြင်း

နောက်ထပ် နှစ်သက်ဖွယ်
သောဘဏစေတသိက် (၆) ပါး

ဝိရတီစေတသိက် (၃) ပါး

(၁) သမ္မာဝါစာ - မှန်သောစကား

(၂) သမ္မာကမ္မန္တ - မှန်သောအလုပ်

(၃) သမ္မာအာဇီဝ - မှန်သော အသက်မွေးဝမ်းကြောင်း

အပ္ပမညာ (၂) ပါး

(၄) ကရုဏာ - သနားကြင်နာခြင်း

(၅) မုဒိတာ - ချီးကျူးစိတ်ဖြင့် ဝမ်းမြောက်ခြင်း

(၆) ပညာ- ပညာ




*(သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး + မဖြစ်မနေပါဝင်ရန်မလိုသော ပကိဏ်းစေတသိက်(၆)ပါး + အကုသိုလ် စေသိက် (၁၄) ပါး + အကုသိုလ်စိတ်)*

***ပုံ (၁)၊** အကုသိုလ်စိတ်တစ်ခု၌ပါဝင်သော စေတသိက်များကို စုပေါင်းပြခြင်း*




*(သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါး + အမြဲတမ်းယှဉ်စရာမလိုသော ပကိဏ်းစေတသိက်(၆)ပါး + ကုသိုလ်စိတ်များနှင့်အမြဲယှဉ်တွဲသော သောဘဏသာဓာရဏစေတသိက်(၁၉)ပါး + အချိန်အခါသင့်လျှင် ပေါ်လာတတ်သော နောက်ထပ် စေတသိက် ၆ ပါး + ကုသိုလ်စိတ်)*

***ပုံ (၂)၊** ကုသိုလ်စိတ်တစ်ခု၌ပါသော စေတသိက်များကို စုပေါင်းခြင်း*

**ဧကရာဇ်မင်းကြီးအသောက - ဝိသေသလက္ခဏာကို လေ့လာခြင်း**

***ဗုဒ္ဓဘာသာသို့ ပြောင်းလဲမှု (ပြောင်းလဲသွားသော ရည်ရွယ်ချက်စေတနာ)***

အသောက (ဘီစီ သုံးရာစုအလယ်ပိုင်း) သည် ၎င်း၏နိုင်ငံရေးအမြင် ရှုထောင့်အတော်များများအပေါ် လွှမ်းမိုးခဲ့သော ကိုးကွယ်သည့်ဘာသာနှင့်ပတ်သက်၍ ၎င်း၏ အမှတ်အသား ချန်ထားခဲ့သော ဗုဒ္ဓဘာသာဝင်မင်းများထဲမှ တစ်ပါး ဖြစ်သည်ကို မည်သူမျှ ငြင်းဆိုမည် မဟုတ်ပေ။ အသောကမင်းသည် - ဓမ္မဒူတ ခေါ် - သာသနာပြုအဖွဲ့များကို အစွန်အဖျားဒေသများနှင့် တိုင်းနိုင်ငံများသို့ စေလွှတ်ခဲ့ကြောင်း ၎င်းရေးထိုးခဲ့သောကျောက်စာများတွင် မှတ်တမ်း တင်ထားပြီး တချိန်တည်းတွင် သီရိလင်္ကာသမိုင်းမှတ်တမ်းများ၌ အသောကမင်းသည် ၎င်း၏သားတော် မဟိန္ဒ မထေရ်ကို သီရိလင်္ကာကျွန်းသို့ ထိုသို့ သာသနာပြုအဖြစ် စေလွှတ်ခဲ့ပုံကို ပြန်ပြောင်းပြောပြထားပါသည်။ (Guruge 1993, 157-160)

အချို့ပညာရှင်များက အိမ်နီးချင်းဒေသများတွင် ဗုဒ္ဓသာသာ - သို့မဟုတ် ပိုမိုကျယ်ပြန့်သောသဘောဖြင့် အနည်းဆုံး တရားဓမ္မ ထွန်းကားပြန့်ပွားစေရန် ဤကြိုးပမ်းမှုများတွင် သိမ်မွေ့သော နိုင်ငံရေးပုံစံ ရှိခဲ့သည်ဟု ယုံကြည်ကြပါသည်။ ဤအချက်သည် အထူးသဖြင့် သီရိလင်္ကာတွင် အဆက်အစပ်ရှိပုံရသည်မှာ သီရိလင်္ကာနိုင်ငံ၏ သမိုင်းမှတ်တမ်းများအရ ထပ်မံ၍ အသောကမင်းသည် ၎င်း၏မိတ်ဆွေဖြစ်သော သီရိလင်္ကာဘုရင် တိဿထံသို့ မောရိယမင်းမြောက်တန်ဆာကိုလည်း ပေးပို့ခဲ့ပြီး မောရိယထုံးတမ်းစဉ်လာအရ ဒုတိယအကြိမ် နန်းတက်ပွဲပြုလုပ်ရန်နှင့် ၎င်းကိုယ်တိုင် ပြုလုပ်ခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာကိုလက်ခံယုံကြည်စေရန် ဖိတ်ကြားခြင်း ပြုခဲ့ပါသည်။ (Guruge 1993, 407) အိမ်နီးချင်း ကျွန်းနိုင်ငံ၏ အုပ်စိုးသူမင်းကို အင်အားကြီးသော မောရိယဧကရာဇ်မင်းက ဤပုံစံဖြင့် ညွှန်ကြားခြင်း၏ရည်ရွယ်ချက်ကို အလေးအနက်ထား ဆန်းစစ်မည်ဆိုလျှင် တရားဓမ္မပြန့်ပွားစေရန် အသောကမင်း၏ ကြိုးပမ်းမှုများတွင် နိုင်ငံရေးပုံစံ ရှိခဲ့သည်ဆိုသော အထက်ပါအမြင်သည် သေချာပေါက် ပြီးပြည့်စုံခြင်းမဟုတ်သော်လည်း တစ်စုံတစ်ရာမှန်ကန်သည်ဟု သဘောတူကြပေလိမ့်မည်။ သို့ရာတွင် အသောကမင်း လုပ်ဆောင်ခဲ့သောချဉ်းကပ်ပုံနည်းလမ်းသည် အသောကမင်း၏ ဝိသေသလက္ခဏာနှင့် လောကအမြင်ပေါ်တွင် ရှိခဲ့သည့် ဗုဒ္ဓဘာသာ၏ သြဇာလွှမ်းမိုးမှုကိုလည်း ပြသနေပါသည်။ အစောပိုင်းက ၎င်းသည် ဒေသများကို အောင်နိုင်ရန် စစ်တပ်များ စေလွှတ်ခဲ့သည့်နေရာတွင် ယခုအခါ ၎င်းသည် သာသနာပြုအဖွဲ့များကို စေလွှတ်နေပါသည်။ အကြမ်းဖက်မှု

နှင့် ခြိမ်းခြောက်မှုတို့ဖြင့် အောင်နိုင်ခြင်းတည်းဟူသော ၎င်း၏ ယခင်မူဝါဒကို လိုက်နာခြင်းအစား နှစ်အနည်းငယ်အတွင်းတွင် ၎င်းသည် တရားဓမ္မဖြင့်အောင်နိုင်ခြင်း (ဓမ္မဝိဇယ) မူဝါဒသို့ ပြောင်းလဲခဲ့ပါသည်။ (Guruge 1993, 490-491) အသောကသည် အိမ်နီးချင်း အုပ်စိုးသူမင်းများအပေါ် ယင်းသို့သော အကြမ်းမဖက် နည်းလမ်းများဖြင့် လွှမ်းမိုးနိုင်သော အနေအထားသို့ ရောက်လာခဲ့ခြင်းမှာ အစောပိုင်းက ၎င်း ဆင်နွှဲခဲ့သော ကြောက်မက်ဖွယ်ရာ စစ်ပွဲများနှင့် ထိုစစ်ပွဲများပေါ်တွင် တည်ဆောက်ခဲ့သော ၎င်း၏ကြမ်းတမ်းရက်စက်သော ဂုဏ်သတင်းတို့ကြောင့်ဟု ငြင်းချက်ထုတ်နိုင်ပါသည်။ ဤဆောင်းပါးတွင် စစ်ပွဲများကို လုံးဝ ကာကွယ်တားဆီးသင့်သည်ဟူသောအမြင်ကို တင်ပြခြင်း မပြုသော်လည်း ဖြစ်ရိုးဖြစ်စဉ်အတိုင်းအတာအချို့အထိရှိသော လက်နက်ကိုင်ပဋိပက္ခများအတွင်း အကြမ်းဖက်မှုနှင့် ဆင်းရဲဒုက္ခများကို နည်းနိုင်သမျှအနည်းဆုံး ဖြစ်စေသင့်ပါသည်။ ဤအချက်က ဗုဒ္ဓဘာသာနှင့် IHL အား ကျွန်ုပ်တို့၏ ထည့်သွင်းစဉ်းစားမှုတွင် အသောကကို အရေးပါသောသူ ဖြစ်စေပါသည်။

စစ်ပွဲများတွင်ပါဝင်တိုက်ခိုက်နေသော ဗုဒ္ဓဘာသာဝင်များအပေါ် ဗုဒ္ဓဘာသာ အဆုံးအမတရားတော်များ၏ သက်ရောက်မှုကို ဆန်းစစ်ရာတွင် ဧကရာဇ်မင်းကြီးအသောက၏ ပြောင်းလဲမှုနှင့် ၎င်း၏ လောကအမြင်အပေါ် ထိုပြောင်းလဲမှု၏ သက်ရောက်မှုရှိခဲ့ပုံကို လေ့လာနိုင်ပါသည်။ မဟာဝံသ(v. 189)ကျမ်းအရ ၎င်း၏ ဆိုးယုတ်သော လုပ်ဆောင်ချက်များကြောင့် အသောကကို အစောပိုင်းက စဏ္ဍာသောက “ကောက်ကျစ်စဉ်းလဲသော အသောက” ဟု ခေါ်ခဲ့ကြပါသည်။ (Guruge 1993, 74) အခြားသော ဇာစ်မြစ်များက ထီးနန်းဆက်ခံမှုအတွက် ၎င်း၏ စစ်ပွဲများတွင် ဝမ်းကွဲညီအစ်ကို(၉၉)ယောက်ကို သတ်ဖြတ်သည့် ညီအစ်ကိုချင်းသတ်ဖြတ်မှုအတွက် ဤဝိသေသ ပုဒ်ကို ၎င်းအား အပ်နှင်းခဲ့ခြင်း ဖြစ်သည်ဟု ရှင်းပြထားပါသည်။ (Guruge 1993, 78-81) မြောက်ပိုင်း ဗုဒ္ဓဘာသာ ဇာစ်မြစ်များ (ဒိဗ္ဗာဝဒါန၊ တရုတ်နှင့် တိဘက် ဗုဒ္ဓဘာသာ ဇာစ်မြစ်များ) တွင် အသောကအား သရုပ်ဖော်ပြသမှုနှင့် သီရိလင်္ကာ၏ ပါဠိဇာစ်မြစ်များတွင် ဖော်ပြထားမှုတို့အကြား ကွဲပြားခြားနားမှုတစ်ခုရှိကြောင်း အာနန္ဒာ ဂုရုဂျ် (Anada Guruge) က ညွှန်ပြထားပါသည်။ ဗုဒ္ဓဘာသာ၏ ကရုဏာနှင့် ပညာကို မုချ ပေါ်လွင်ထင်ရှားစေရန်အလို့ငှာ မြောက်ပိုင်း ဗုဒ္ဓဘာသာ ဇာစ်မြစ်များတွင် အသောကမင်းကို ၎င်း၏ ဆိုးယုတ်သောလုပ်ဆောင်မှုအများအပြားကို အသေးစိတ်ပြန်ပြောပြထားပြီး အကြင်နာမဲ့သူနှင့် ရက်စက်သူအဖြစ် ပုံဖော်ထားပါသည်။ သို့ရာတွင် ဂုရုဂျ် (Guruge) အပါအဝင် ပညာရှင်အများအပြား ငြင်းချက်ထုတ်သည့်အတိုင်း ဤအဖြစ်အပျက်များသည် (သဘာဝလွန် တန်ဆာဆင်မှုများစွာနှင့်) ဖြစ်တန်ရာမရှိသောကြောင့် လွန်စွာ မယုံနိုင်စရာ ဖြစ်ပါသည်။ (Guruge 1993, 81-87) ဆန့်ကျင်ဘက်အနေဖြင့် ပါဠိဇာစ်မြစ်များတွင် အသောကသည် နိမ့်ကျသောလုပ်ဆောင်မှုများကို ကျူးလွန်ခဲ့သော်လည်း အမှန်နှင့်အမှားကို သိနိုင်စွမ်းရှိသူတစ်ဦးအဖြစ်လည်း သရုပ်ဖော်ထားပါသည်။ ဥပမာအားဖြင့် သီရိလင်္ကာသမိုင်းမှတ်တမ်းဖြစ်သော ဒီပဝံသကျမ်းတွင် အသောကသည် ၎င်းထီးနန်းတက်ပြီးနောက်ပိုင်းနှစ်များကို ယုံကြည်ကိုးကွယ်ရာဘာသာတွင် သစ္စာတရားကို ကြိုးစားရှာဖွေနေသော နှစ်များအဖြစ် ဖော်ပြထားပါသည်။ တရားဓမ္မကိုရှာဖွေရန် အသောကမင်းသည် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်အများအပြားကို နန်းတော်သို့ ပင့်ဖိတ်ပြီး ၎င်းတို့ကို မေးခွန်းများထုတ်ခဲ့ပါသည်။ သမန္တပါသာဒိကာ၏အဆိုအရ အသောကမင်း ဤသို့ပြုလုပ်ခဲ့ခြင်းသည် အန္တောသာရ (စိတ်အတွင်း အနှစ်သာရ)နှင့်ပြည့်စုံသူကို ရှာဖွေခြင်းလည်း ဖြစ်ပါသည်။ (Guruge 1993, 99) ဤကာလတွင် အသောကမင်းသည် နိဂြောဓရဟန်းနှင့်တွေ့ဆုံခဲ့ပြီး အသောကမင်းကို ၎င်းက ပြောင်းလဲပေးခဲ့ရာတွင် နည်းဟန်ပုံစံကို ဖော်ပြထားသည့် မူကွဲ နှစ်ခု ရှိပါသည်။ ပထမမူကွဲတွင် အပ္ပမာဒဝဂ်၊ သတိတရားနှင့်ပတ်သက်သောအခန်းအား ဟောကြားသည့်တရားကို နာယူပြီးနောက် ယင်းနေ့မှာပင် အသောကမင်းသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ့ အရိပ်တွင် ခိုလှုံကိုးကွယ်ဆည်းကပ်ခဲ့ကြောင်း ရှင်းပြထားပါသည် -

> မင်းကြီး၏ သိလိုစိတ်ပြင်းပြသည့် စကားများကို ကြားပြီး အင်္ဂါကိုးပါးရှိသော တရားဒေသနာတော်အား နားလည်တတ်ကျွမ်းမှုအရာတွင် ကောင်းစွာနောကျေနေသော နိဂြောဓသည် မြတ်နိုးအပ်သော အဖိုးထိုက်အဖိုးတန် ပိဋကတ်သုံးပုံအပေါ် သုံးသပ်ဆင်ခြင်ခဲ့ပါသည်။ ၎င်းသည် သတိတရား နှင့်ပတ်သက်၍ အကောင်းဆုံးသော အကျယ်တဝင့်ဟောကြားချက်ဖြစ်သည့် “သတိတရားသည် မသေရာဖြစ်သော အမတ (နိဗ္ဗာန်) သို့ ဦးတည်ရာလမ်းဖြစ်သည်။ သတိကင်းမဲ့ခြင်းသည် သေခြင်းတရားသို့ ဦးတည်သောလမ်း ဖြစ်သည်။
>
> သတိရှိသူသည် ဘယ်တော့မှမသေ၊ သတိကင်းမဲ့သူသည် သေသူနှင့်မခြား။” ဆိုသည်ကို တွေ့မြင်ခဲ့ပါသည်။
>
> (ဒီပဝံသ Dipavamsa VI 52-53, Guruge 1993, 101 တွင် ကိုးကားသည်။)

ဒုတိယမူကွဲတွင် ဆန့်ကျင်ဘက်အဖြစ် နိဂြောဓကို သာမဏေငယ်တစ်ပါးအဖြစ် ပုံဖော်ထားပြီး မင်းကြီးက နန်းတော်ပြူတင်းမှ လှမ်းမြင်သောအခါ သာမဏေ၏ ငြိမ်သက်သော အမူအယာအား ကျေနပ်နှစ်သက်ကြည်ညိုပြီး ဆွမ်းလှူဒါန်းရန် နန်းတော်သို့ပင့်ဖိတ်ခဲ့ပါသည်။

> ဆွမ်းစားအပြီးတွင် မင်းကြီးက "သင်၏ဆရာ သင့်ကိုဟောကြားသောတရား တစ်ခုခုကို သင်သိပါသလား" ဟု မေးခဲ့ပါသည်။
>
> "မင်းကြီး၊ တရားဒေသနာတစ်ခုမှ ငါသိထားပါသည်။" (သမန္တပါသာဒိကာ Samantapāsādikā, Guruge 1993 104 တွင် ကိုးကား)

ထို့နောက် ဤမူကွဲတွင် နိဂြောဓသာမဏေက ဓမ္မပဒ၏ အပ္ပမာဒဝဂ်ကို အသေးစိတ်ဟောကြားခဲ့ပုံနှင့် နိဂြောဓ၏ အပြုအမူအပြောအဆိုနေထိုင်ပုံနှင့် အကျင့်သီလတို့ကို ကျေနပ်နှစ်သက်ကြည်ညိုသွားသော အသောကအား ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ အသေးစိတ် အချိန်ယူကာ ပိုမိုဟောကြားပေးနိုင်သည့် အခြား ထေရ်ကြီးဝါကြီး ရဟန်းတော်များနှင့် မိတ်ဆက်ပေးခဲ့ပုံတို့ကို ဖော်ပြထားပါသည်။ မဟာဝံသတွင်လည်း (vv. 71 – 72) ထိုနေ့ တစ်ရက်တည်းတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် ဘုရင်ကြီး၏ပြောင်းလဲမှုကို ဖော်ပြထားခြင်း မရှိပေ။ (Guruge 1993, 102)

ဒေါက်တာ ဂုရုဂျ် (Dr. Guruge) က ရံဖန်ရံခါတွင် ဤရှေ့နောက်မညီသောဝိရောဓိအချက်များကို စဉ်းစားဆင်ခြင်ကြည့်ခြင်းအားဖြင့် မည်သည်က အမှန်တရားနှင့်ပိုမိုနီးစပ်ပြီး ပိုမိုဖြစ်နိုင်ခြေရှိကြောင်းကို ပထမဦးစွာ အချို့ ဇာစ်မြစ်များက အသောကသည် လုံးဝဆိုးယုတ်သူမဟုတ်ဟု ပုံဖော်ထားသောအချက်နှင့် ဒုတိယအချက်မှာ သာမဏေငယ်လေးတစ်ပါးက ဟောကြားသော တရားတစ်ပုဒ်ကိုနာယူခြင်းအားဖြင့် တစ်နေ့တည်းမှာပင် ၎င်းသည် မယုံနိုင်လောက်အောင်အံ့သြစရာ ပြောင်းလဲသွားခဲ့ခြင်း မဟုတ်ကြောင်းကို ဖော်ပြထားပါသည်။ ဤအချက်နှင့်ပတ်သက်၍ ဂုရုဂျ်က "ငယ်ရွယ်နုနယ်သေးသောသာမဏေငယ်တစ်ပါးအနေဖြင့် သိနိုင်လောက်ဆုံးသောကျမ်းစာမှာ ဓမ္မပဒ ဖြစ်ပါသည်။ ၎င်း ရွတ်ဆိုခဲ့သောဂါထာမှာ တရားဒေသနာတစ်ပုဒ်မှ ၎င်းသိသမျှအားလုံးဖြစ်သည်ဟူသော နိဂြောဓ၏စကားကို အသေအချာ နားလည်နိုင်ပါသည်" ဟု ရေးသားထားပါသည်။ (Guruge 1993, 105-108)

ဤအချက်သည် ယခုခေတ် စစ်တပ်များတွင် တွေ့ရမည့် သာမန်တစ်ဦးချင်း - လုံးဝ ဆိုးယုတ်သည်လည်း မဟုတ်၊ စင်ကြယ်သောသူတော်စင်လည်းမဟုတ်၊ ဤနှစ်ခုကြားတွင်ရှိသူတစ်ဦးနှင့်အများဆုံးတူသည့် ရိုးရိုးသာမန်လူများအပေါ်တွင်ရှိခဲ့သော ဗုဒ္ဓဘာသာ၏ အကျိုးသက်ရောက်မှုကို ယင်းက ပြသနေသောကြောင့် ဤဆောင်းပါး၌ တင်ပြသော ရည်ရွယ်ချက်အား ဖြည့်စွမ်းမှုအတွက် တကယ့်ကို အရေးကြီးပါသည်။ ဒုတိယမြောက်နှင့် ပိုပြီး အရေးကြီးသောအချက်မှာ အသောကမင်းသည် တစ်နေ့အတွင်းမှာပင် ဗုဒ္ဓဘာသာအဖြစ်သို့ ပြောင်းလဲခဲ့ခြင်း မဟုတ်သော်လည်း အမှန်နှင့်အမှားကို သိမြင်သတိထားမိမှု ပိုမိုအားကောင်းလာခြင်းမှ စတင်ကာ တဖြည်းဖြည်း တိုးတက်လာသည့် ဖြစ်စဉ် ဖြစ်ခဲ့ကြောင်း ယင်းက ပြသနေပြီး အဆိုပါရှုထောင့်ကို ၎င်း၏ အမိန့်ပြန်တမ်းများနှင့် ကမ္ပည်းကျောက်စာများ၏ အကြောင်းအရာတွင်ပါဝင်သည့် အပ္ပမာဒ၏ အရည်အချင်းအတွက် ဝိသေသလက္ခဏာ လေ့လာမှုတစ်ခုအဖြစ် ယခု ဆန်းစစ်သွားပါမည်။ အသောကမင်းအပေါ် ဗုဒ္ဓဘာသာအဆုံးအမတရားတော်များ၏ သက်ရောက်မှုကို အခြားသော သမိုင်းကြောင်းဆိုင်ရာဇာစ်မြစ်များထက် ဤကျောက်စာများတွင် ၎င်း ဖော်ပြခဲ့သည်များမှတဆင့် ပိုင်းခြားစိတ်ဖြာလေ့လာရန် အကောင်းဆုံး ဖြစ်ပါသည်။ အကြောင်းမှာ ဤကျောက်စာများက ၎င်းသည် မည်သို့သောသူ ဖြစ်ခဲ့သည် သို့မဟုတ် ရည်ရွယ်ချက်ကြီးမားခဲ့သည်ကို ၎င်း၏ကိုယ်ပိုင် စကားလုံးများတွင် ပြသနေသောကြောင့် ဖြစ်ပါသည်။ (၎င်း၏ကျောက်စာများတွင် အသောကမင်းက ၎င်း၏ ဗုဒ္ဓဘာသာသို့ ကိုယ်ပိုင် ပြောင်းလဲမှုသည် ကလိင်္ဂစစ်ပွဲအတွင်း ၎င်းမျက်မြင်ကြုံတွေ့ခဲ့ရသော အစုလိုက်အပြုံလိုက် လူသတ်ခြင်း အဓိက အကြောင်းကြောင့်ဟု ဖော်ပြထားသည်ကို မှတ်သားသင့်ပါသည်။)

### အသောကကျောက်စာများတွင် ဖော်ပြထားသော အပ္ပမာဒ

နိဂြောဓရဟန်းက ဧကရာဇ်မင်းကြီးကို ပထမဆုံးဟောကြားခဲ့သော တရားဒေသနာ၌ ဖော်ပြခဲ့သည့် အရည်အချင်း ဖြစ်သော အပ္ပမာဒသည် ဧကရာဇ်မင်းကြီး၏ စရိုက်တွင် သိသိသာသာ အပြောင်းအလဲ ဖြစ်စေခဲ့သည်ဟု ခိုင်လုံစွာ မဖော်ပြနိုင်ပေ။ ပိုမို၍ ဖြစ်နိုင်ခြေရှိသည်မှာ ဧကရာဇ်မင်းကြီးနှင့် စတင်ပတ်သက်ခဲ့သည့် ဗုဒ္ဓဘာသာ ရဟန်းတော်များ၏တရားအဆုံးအမများ ပေါင်းစပ်ခြင်းသည် ၎င်း၏စရိုက်ကို ပြောင်းလဲရာတွင် အခရာ ဖြစ်နိုင်ပေသည်။ သို့သော်လည်း ၎င်း၏ကျောက်စာများတွင် သတိတရားနှင့်အလားတူသော အတွေးအခေါ်များ မကြာခဏ ပေါ်လာခြင်းကြောင့် ဗုဒ္ဓတရားတော်၏ ဤ သီးခြား ဗုဒ္ဓဘာသာအယူအဆက အသောကအပေါ် နက်ရှိုင်းသောခံစားမှုကို ဖြစ်စေခဲ့ကြောင်း ငြင်းချက်ထုတ်နိုင်ပါသည်။

ဥပမာအားဖြင့် အသောကသည် ၎င်း၏ ပထမဆုံးသော အဓိက ကျောက်စာအမိန့်ပြန်တမ်း၌ နန်းတော်စားဖိုဆောင်များတွင် အစားအသောက်အလို့ငှာ သတ်ဖြတ်သည့် တိရစ္ဆာန်အရေအတွက်အား လျှော့ချခဲ့ပုံကို လည်းကောင်း၊ အာဟာရရည်ရွယ်ချက်အတွက် သတ်ဖြတ်ခြင်းကို ပြုလုပ်ခဲ့သည့်တိုင် အသောကသည် ၎င်း၏ ကိုယ်ပိုင်ဖြစ်သော လုပ်ဆောင်မှုကံများ၏အကျိုးဆက်များကို အလေးဂရုပြုခဲ့ပြီး သတ္တဝါတို့အား သတ်ဖြတ်ခြင်း အပေါ် ထိန်းထိန်းသိမ်းသိမ်းဟန့်တားခဲ့ပုံကို သိသာထင်ရှားစေခြင်းဖြင့်လည်းကောင်း ပြန်ပြောင်းပြောပြထားပါသည်။ နဝမမြောက် အဓိက ကျောက်စာအမိန့်ပြန်တမ်းတွင်လည်း သတ္တဝါအားလုံးအပေါ် ချုပ်တည်းထိန်းသိမ်းအပ်သည့် အပြုအမူကို ထောက်ခံပြောဆိုထားပါသည်။ ၎င်း၏ စတုတ္ထမြောက် အဓိက ကျောက်စာအမိန့်ပြန်တမ်း၌ သတိတရားတွင် စွဲခိုင်နစ်မြုပ်သည့် အတွေးအခေါ်ကို ဤသို့ ထင်ဟပ်ဖော်ပြထားပါသည် - အကြင်သူသည် မိမိ၏ ရည်ရွယ်ချက်စေတနာများကို အမြဲတစေ သတိပြုစောင့်ကြည့်ရမည်ဖြစ်ပြီး မကောင်းသောအတွေးများကို တားဆီးကာကွယ်ဟန့်တားရန် မအောင်မြင်သည့်အခါမျိုးတွင် ကျေနပ်အားရခြင်းမရှိစေဘဲ ထပ်ခါထပ်ခါ အကြိမ်ကြိမ်ကြိုးပမ်းရပါမည်။ အလားတူသဘောပင် ပဉ္စမမြောက် အဓိကကျောက်စာအမိန့်ပြန်တမ်းတွင် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းသည် ခက်ခဲကြောင်းကို ဖော်ပြထားပါသည်။ ကုသိုလ်စိတ်ဖြစ်ရန်သည် အကုသိုလ်စိတ်ဖြစ်ရန်ထက်များစွာပိုပြီး ဝီရိယစိုက်အားထုတ်ရပုံကို အစောပိုင်း ဆွေးနွေးခဲ့ပြီ ဖြစ်ပါသည်။ ဤကျောက်စာက ထိုထင်မြင်ချက်ကို ပြတ်ပြတ်သားသား အမိအရဖမ်းဆုပ်ထားပါသည်။

နောက်ထပ်၍ တိုသာလီ(Tosali)/သာမာပ(Samapa) ပြည်နယ်များမှ အရာရှိများနှင့် မြို့တော်တရားသူကြီးများအတွက် ပထမဆုံးသော သီးခြား အမိန့်ပြန်တမ်း (ဒေါင်လီ - Dhauli နှင့် ယောင်ဂါဒါ - Jaugada ၌ ရှိသည်) တွင် ဤသို့ ဖော်ပြထားပါသည် -

> သင်သည် သက်ရှိသတ္တဝါထောင်ပေါင်းများစွာကို တာဝန်ယူနေရသူ ဖြစ်သည်။ သင်သည် လူတို့၏ ချစ်ခြင်းမေတ္တာကို ရသင့်သည်။ လူအားလုံးသည် ငါ၏ သားသမီးများ ဖြစ်သည် ... အားလုံးအပေါ် သာတူညီမျှမခွဲခြားဘဲဆက်ဆံခြင်းကို ကျင့်သုံးရန် သင်ကြိုးစားအားထုတ်သင့်သည်။ သို့သော် ဤအကျင့်ကို မနာလိုဝန်တိုစိတ်၊ ဒေါသထွက်လွယ်ခြင်း၊ ခက်ထန်ကြမ်းတမ်းခြင်း၊ မဆင်မခြင်ပြုခြင်း၊ ခေါင်းမာခြင်း ၊ အလုပ်မလုပ် ပျင်းရိနေခြင်း သို့မဟုတ် ပျင်းရိပေါ့ဆခြင်း ဟူသော ဤအပြစ်အနာအဆာများအနက် တစ်ခုခုရှိနေသောသူသည် ကျင့်သုံးခြင်း မပြုနိုင်။ သင်သည် ယင်းသို့သော အပြစ်အနာအဆာများမှ ရှောင်ရှားနိုင်ရန် ဆန္ဒရှိသင့်သည်။ ဤအရာအားလုံး၏အရင်းအမြစ်မှာ ဒေါသစိတ်ပင်ဖြစ်ပြီး သင့်အလုပ်တွင် မဆင်မခြင် ကမူးရှူးထိုး မလုပ်ရန်ပင် ... (Thapar 1961, 257)

ဤကျောက်စာသည် အုပ်စိုးသူမင်းများနှင့် အုပ်ချုပ်ရေးအရာရှိများအား အကုသိုလ်အတွေးများမှ ကင်းဝေးစေရန် ဆိုဆုံးမပေးသောကြောင့် အရေးကြီးပါသည်။ အကုသိုလ်အတွေးများမှကင်းဝေးစေရန် ကြိုးပမ်း တားဆီးကာကွယ်စောင့်ရှောက်ခြင်းသည် စစ်တိုက်နေသူများအား ဒေါသ၊ ခေါင်းမာခြင်းနှင့် မုန်းတီးခြင်း ကဲ့သို့ အကုသိုလ်အကြောင်းရင်းစေ့ဆော်မှုများမှပေါ်ထွက်လာသော အလောတကြီးအလျင်စလို ဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းကို ကာကွယ်တားဆီးရန်အတွက် အရေးပါမည် ဖြစ်ပါသည်။

### ဗုဒ္ဓဘာသာ အယူအဆများကို လက်တွေ့ကျင့်သုံးခြင်း

### *အပ္ပမာဒတရားက ဆုံးဖြတ်ချက်ချမှတ်ခြင်းကို မည်သို့လမ်းညွှန်ပေးနိုင်ပါသနည်း။*

ဤအပိုင်းတွင် အချိုးအစားညီမျှမှုကို လက်တွေ့အသုံးချရာ၌ ပုဂ္ဂလဓိဋ္ဌာန်ကျခြင်းက ပြသနေသော ကျွမ်းကျင်လိမ္မာမှုနှင့် ဂရုတစိုက်ရှိမှုတို့ကို လမ်းကြောင်းတည်ပေးခြင်းအားဖြင့် စစ်ပွဲကာလအတွင်းတွင် ဆုံးဖြတ်ချက်ချခြင်းကို အပ္ပမာဒတရားက မည်သည့်ပုံစံဖြင့် လမ်းညွှန်ပေးနိုင်သည်ကို ကျွန်ုပ်တို့ ဆန်းစစ်ပါမည်။ လက်တွေ့တွင် အကြောင်းမဲ့တမင်သက်သက် အလေးမမူဂရုမစိုက်ခြင်းကြောင့်လည်းကောင်း၊ ဒေါသ၊ မုန်းတီးမှု၊ မလိုမုန်းထားမှု သို့မဟုတ် လက်စားချေလက်တုံ့ပြန်မှုကဲ့သို့ မကောင်းသောစိတ်အခြေအနေများကြောင့်လည်းကောင်း အချိုးအစားညီမျှမှုအယူအဆကို စစ်တိုက်နေသူများက အလွန် လွယ်ကူစွာ အလွဲသုံးစားပြုလုပ်နိုင်ပါသည်။

အချိုးအစားညီမျှမှုအား အသုံးချခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းကို လမ်းညွှန်ပေးရန် ဥပဒေရေးရာနယ်ပယ်၌ ယခုထိ ပါဝင်ခဲ့သော စံနှုန်းများမှာ စိတ်ကောင်းစေတနာအတွက် လိုအပ်ချက်၊ လူသားချင်းစာနာမှုသတ်မှတ်ချက်များနှင့်လိုက်လျောညီထွေဖြစ်လိုသောဆန္ဒနှင့် “လက်တွေ့ကျသော စစ်ဘက်ကွပ်ကဲသူတပ်မှူး”

စံနှုန်းတို့ ဖြစ်ပါသည်။ ဤစံနှုန်းများသည် မပြတ်မသားဖြစ်နိုင်သော်လည်း ယခုအချိန်တွင် ယင်းတို့သည် လက်ခံနိုင်ဖွယ် အကောင်းဆုံး စံနှုန်းများဖြစ်သည်ဟု ပညာရှင်များက သဘောတူကြပါသည်။ (Sloane 2015, 318)

ဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာမှုသည် ကျေနပ်ဖွယ်မရှိဘဲ ဥပဒေများကို မထေမဲ့မြင်ပြုသော အခြေအနေများတွင် မိမိ၏ကိုယ်ပိုင်လုပ်ဆောင်မှုများအား သတိတရားရှေ့သွားရှိအောင် အားပေးခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင် လူမှုအသိုင်းအဝိုင်းများနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာကို အလွန်စိတ်ဝင်စားစရာကောင်းသော အင်အားတစ်ခုဖြစ်နိုင်သလားဆိုသည်ကို ကျွန်ုပ်တို့လည်း စိတ်ဝင်စားပါသည်။ ဦးစွာ ဗုဒ္ဓဘာသာဝင်များအတွက် စိတ်ကောင်းစေတနာဆိုသည်မှာ ဘာကိုဆိုလိုသနည်းဟု မေးခွန်းထုတ်နိုင်ပါသည်။ စစ်တိုက်နေသူများတွင် စိတ်ကောင်းစေတနာသည် အချိုးအစားညီမျှခြင်းနှင့်ပတ်သက်သည့် ခက်ခဲသောအမေးပုစ္ဆာများအား ဆုံးဖြတ်ရာ၌ အရေးပါသောကြောင့်လည်းကောင်း၊ ဗုဒ္ဓဘာသာ အဆုံးအမတရားတော်များအား အကျဉ်းချုပ်ဖော်ပြရာတွင် အပ္ပမာဒ၏အရည်အချင်းအပေါ် အလေးထားမှုကို ထောက်ဆလျှင်လည်းကောင်း အပ္ပမာဒအယူအဆအား ဗုဒ္ဓဘာသာဝင်တို့အတွက် စိတ်ကောင်းစေတနာကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အသုံးပြုနိုင်ပါသည်။ အပ္ပမာဒတရားဟူသည် မိမိ၏ကိုယ်ပိုင်ဖြစ်သောစေတနာရည်ရွယ်ချက်များအား သိရှိသတိပြုခြင်းဟု အဓိပ္ပာယ်ရပြီး ထိုစေတနာရည်ရွယ်ချက်များသည် ဆိုးသလားသို့မဟုတ် ကောင်းသလား သို့တည်းမဟုတ် မိမိက ကုသိုလ်စိတ် ဖြစ်စေနိုင်သောနည်းဖြင့် စဉ်းစားတွေးတောနေသလားဆိုသည်ကို ဆွေးနွေးအငြင်းပွားနိုင်ပါသည်။

ဒုတိယအချက်မှာ "လူသားချင်းစာနာမှုသတ်မှတ်ပြဋ္ဌာန်းချက်များ"နှင့် လိုက်လျောညီထွေဖြစ်စေရန် ဗုဒ္ဓဘာသာဝင်တို့ မည်သို့ မဖြစ်မနေလုပ်ဆောင်ရမည်နည်းဆိုသည့်အချက် ဖြစ်ပါသည်။ ဤဖြစ်ရပ်တွင် လက်ခံနိုင်သော ကျင့်ဝတ်စံနှုန်းနှင့်ညီညွတ်စေရန် မလုပ်မနေလုပ်ရခြင်းသည် အတွင်းသန္တာန်ဆိုင်ရာကိစ္စ (ဗုဒ္ဓဘာသာ အဆုံးအမတရားတော်အား မိမိ၏ကိုယ်ပိုင်နားလည်သဘောပေါက်မှုမှ ပေါ်ထွက်လာခြင်းနှင့် ထိုအဆုံးအမတရားတော်များအား လိုက်နာရန်လိုအပ်ခြင်း) နှင့် လူမှုအသိုက်အဝန်းဆိုင်ရာကိစ္စ နှစ်ခုလုံး ဖြစ်ပါလိမ့်မည်။ ဤနေရာတွင် ဗုဒ္ဓဘာသာရဟန်းတော်တို့၏ အခန်းကဏ္ဍနှင့် လူဝတ်ကြောင်တို့အပေါ် ၎င်းတို့ အသုံးပြုသည့် ဩဇာလွှမ်းမိုးမှုမှာ အရေးကြီးပါသည်။ ဗုဒ္ဓဘာသာရဟန်းတော်များက စစ်ပွဲတွင်ပါဝင်တိုက်ခိုက်နေသူအား ၎င်းအနေဖြင့် မည်သို့ ပြုမူလုပ်ဆောင်သင့်သည်ဆိုသော နည်းလမ်းပုံစံကို အကြံပြုသည့်အခါ ဤအကြံပြုချက်သည် အများနှင့်သက်ဆိုင်သော ထင်မြင်ချက်ဖြစ်လာပြီး သိသိသာသာအလေးဂရုပြုခြင်းကိုခံရပါသည်။ နိုင်ငံရေးနှင့်စစ်ရေးအရ ကွပ်ကဲမှုအဆင့်များ နှစ်ခုလုံးတွင် လူသားချင်းစာနာမှုသတ်မှတ်ပြဋ္ဌာန်းချက်များအား ပြောင်ပြောင်တင်းတင်းဆန့်ကျင်ချိုးဖောက်ကာ လုပ်ဆောင်သော စစ်ပွဲတိုက်ခိုက်သူများသည် ၎င်းတို့အတွက် နိုင်ငံရေးအရလည်း ဆိုးရွားသောအကျိုးဆက်များ ဖြစ်စေနိုင်သည့် လူမှုအသိုက်အဝန်းဆိုင်ရာ စီရင်ဆုံးဖြတ်ချက်ကို လိုက်နာရပါလိမ့်မည်။

တတိယအချက်မှာ လက်တွေ့ကျသောစစ်ဘက်ကွပ်ကဲသူတပ်မှူးစံနှုန်းသည် ဗုဒ္ဓဘာသာဝင်တို့အတွက် မည်သို့သက်ဆိုင်သည်ကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။ လက်တွေ့ကျမှုသည် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေရေးရာ နယ်ပယ်နှစ်ခုလုံးတွင် လက်ခံနိုင်ပြီး မကြာခဏအသုံးပြုလေ့ရှိသော စံသတ်မှတ်ချက်ဖြစ်သည့်တိုင်ပုဂ္ဂလမိဋ္ဌာန်ဘက်လိုက်မှုလည်း ဖြစ်နိုင်ပါသည်။ Sloane က "ပထမနှစ် ဥပဒေ ကျောင်းသားတိုင်း သင်ယူရသကဲ့သို့ လက်တွေ့ကျသောသူ၏ အထူးရလဒ်ရရှိရန်အတွက် အသုံးပြုလေ့ရှိသည့် သီးခြားဥပဒေနည်းလမ်းက ထုတ်သောမေးခွန်းများ၏ အရေအတွက်နှင့် အမျိုးအစားသည် အလွန်များပြားသည့်အပြင် အဖြေများထက် ထိုမေးခွန်းများကိုထပ်မံပြောဆိုခြင်းသဘောရှိသည်" ဟု ရေးသားထားပါသည်။ (Sloane 2015, 318) ဤစံနှုန်းအရ ကွပ်ကဲသူတစ်ဦးကို စိတ်ကောင်းစေတနာနှင့်လုပ်ဆောင်ရန်အပြင် အကြောင်းပြချက်အတွင်း ဆင်ခြင်တုံတရားရှိသောနည်းဟန်ဖြင့် လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆိုနိုင်ပါသည်။ ဆင်ခြင်တုံတရားဖြင့်လုပ်ဆောင်ရာတွင်လည်း မိမိ၏စေတနာရည်ရွယ်ချက်အပေါ်ထားရှိသော သတိတရားသည် ဆုံးဖြတ်ချက်ချသူအား စိတ်တည်တည်ငြိမ်ငြိမ်ဖြင့် စဉ်းစားရန်၊ မကောင်းသောအတွေးများ၏ ဒုက္ခပေးမှုကင်းဝေးစေရန်နှင့် ပေးထားသောအခြေအနေများတွင် ထိုအခြေအနေနှင့်ပတ်သက်သည့်အချက်အလက်များကို တတ်နိုင်သမျှ သေချာအောင်လေ့လာစိစစ်ရန် ထိန်းကျောင်းပေးပါလိမ့်မည်။ ယင်းနှင့်ပတ်သက်၍ as if (အကယ်၍သာ) သီအိုရီ ဟုခေါ်သော သီအိုရီအသစ်တစ်ခုကို ဂရုပြုရန်လည်း အရေးကြီးပါသည်။ ဤသီအိုရီအရ စစ်ဘက်ကွပ်ကဲသူတပ်မှူးသည် အကယ်၍သာ အန္တရာယ်ရှိသည့် အရပ်သားများသည် ၎င်း၏သက်ဆိုင်သောနိုင်ငံ/အဖွဲ့ဘက်မှဖြစ်မည်ဆိုလျှင် ဆက်စပ်ထိခိုက်ပျက်စီးမှုအား လက်ခံနိုင်သော အဆင့်များကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပေးထားပါသည်။ (Sloane 2015, 232-331) လူမျိုးစုနှစ်ခုနှင့်သက်ဆိုင်သော စစ်တိုက်နေသူနှစ်ဘက်အကြား ပဋိပက္ခအခြေအနေတွင် ဥပမာ သီရိလင်္ကာအစိုးရနှင့် တမီးလ်လွတ်မြောက်ရေးကျားအဖွဲ့(LTTE)တို့အကြား ပြည်တွင်းစစ်တွင် ဆင်ဟားလိစ်အများစုဖြစ်သည့် သီရိလင်္ကာစစ်တပ်သည် တမီးလ်အရပ်သားများကို ဆင်ဟားလိစ်အရပ်သားများကဲ့သို့ပင် တန်းတူဆက်ဆံရပေလိမ့်မည်။ သီရိလင်္ကာတွင်

ဤတာဝန် မှာ လူမျိုးစုနှင့်မသက်ဆိုင်ဘဲ နိုင်ငံသားအားလုံးအတွက် တာဝန်ရှိသည်ဖြစ်သောကြောင့် မည်သည့်ကိစ္စတွင်မဆို အစိုးရနှင့် သက်ဆိုင်ပါသည်။

Sloan က ဤသီအိုရီတွင် တန်ဖိုးရှိသော်လည်း မည်သည့်စစ်တပ်ကမျှ ဤပုံစံဖြင့် လက်နက်ကိုင်ပဋိပက္ခကို လုပ်ဆောင်ခဲ့ခြင်းမရှိ သို့မဟုတ် ဤသို့လုပ်ဆောင်ရန် ဆန္ဒပြင်းပြမှုပင်မရှိဟု ရေးသားထားပါသည်။ (sloane 2015, 326) သို့သော် သေချာသည်မှာ ဤသီအိုရီသည် IHL ၏ မြင့်မားသောစံနှုန်းများနှင့်လည်းကောင်း၊ ကရဏီယ မေတ္တသုတ်တွင် ဟောကြားဆုံးမခဲ့သည့် မေတ္တာကဲ့သို့သော (ချစ်ခင်ကြင်နာခြင်း - “မိခင်တစ်ယောက်က ၎င်း၏ တစ်ဦးတည်းသောကလေးကို ၎င်း၏အသက်နှင့်ပင်ရင်းပြီး ကာကွယ်စောင့်ရှောက်မှုပေးသကဲ့သို့ သက်ရှိအားလုံး အပေါ် အကန့်အသတ်မဲ့အတိုင်းမသိ မေတ္တာတရား ပြုစုပျိုးထောင်ပေးခြင်း”) ဗုဒ္ဓဘာသာအဆုံးအမတရားတော်နှင့် လည်းကောင်း ကိုက်ညီပေသည်။ (ကရဏီယမေတ္တသုတ် - Karaṇīyametta Sutta, ပီယဒဿီမထေရ် ဘာသာပြန် translation Piyadassi Thera 1999)

ဤဆောင်းပါးတွင် အပ္ပမာဒတရားသည် ပြုစုပျိုးထောင်ပွားများခဲ့လျှင် ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခခံစားရမှု လျော့ပါးစေရန် ဆုံးဖြတ်ချက်ချခြင်းကို မည်သို့ လမ်းညွှန်ပေးနိုင်သည်ကို ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ စင်စစ် တိုက်ပွဲဝင်စစ်သည်များအတွက် အပ္ပမာဒ၏ အရေးပါပုံကို ယခုခေတ်(စီအီး) သုံးရာစုတွင် ဗုဒ္ဓဘာသာ ဒဿန အတွေးအခေါ်ပညာရှင် နာဂဇုနက အသိအမှတ်ပြုထားခဲ့ပြီး ဖြစ်ပါသည်။ နာဂဇုနသည် ၎င်း၏ ရတနာဝလီတွင် ဘုရင်ကိုဟောကြားရာ၌ အမြဲတမ်း(နိစ္စ) သတိထားခြင်း(အပရမတ္တ)ဟု အဓိပ္ပါယ်ရသော နိစ္စပရမတ္တ ဝေါဟာရ အသုံးအနှုန်းကို အသုံးပြုကာ ကွပ်ကဲသူတပ်မှူးများအတွက် လိုအပ်ချက်အဖြစ် သတိတရား(အပ္ပမာဒ၊ သင်္ကရိုက်တွင် အပရာမာဒ)ကို ရည်ညွှန်းထားပါသည် -

> စစ်တပ် ကွပ်ကဲသူတပ်မှူးအဖြစ် စိတ်ထားမြင့်မြတ်သော၊ သံယောဇဉ်ငြိတွယ်မှုကင်းသော၊ ရဲစွမ်း သတ္တိရှိသော၊ နူးညံ့သိမ်မွေ့သော၊ ယုံကြည်အားထားရသော၊ အမြဲတာဝန်ကျေပြွန်သတိရှိပြီး တရားဓမ္မအားလိုက်နာကျင့်သုံးသူတစ်ဦးကို ခန့်အပ်ပါ။ (translation by Tamas Agocs, in Harvey 2018, chapter 4, v.12)

သို့ရာတွင် အထူးသဖြင့် ဗုဒ္ဓ၏လမ်းစဉ်နှင့်ပတ်သက်သည့် စိတ်ကိုလေ့ကျင့်ခြင်းထက် ပြင်းထန်သော စစ်ရေး လေ့ကျင့်မှုအပေါ် ပိုမို အာရုံစိုက်ရန် လိုအပ်သည်ကို မငြင်းသာသော စစ်သည်များတွင် ဤအရည်အချင်းကို မည်သို့ ပျိုးထောင်နိုင်မည်နည်းဟု မေးစရာကျန်နေပါသေးသည်။ ဤအတွက် စစ်ပွဲမတိုင်မီ၊ စစ်ပွဲအတွင်းနှင့် စစ်ပွဲအပြီး၌ စစ်တပ်နှင့် ၎င်းတို့၏ အပြန်အလှန်ဆက်ဆံမှုများတွင် ဗုဒ္ဓဘာသာရဟန်းတော်များ ပါဝင်နေသည့် အရေးပါသော အခန်းကဏ္ဍကို နားလည်ရန် လိုအပ်ပါသည်။ ဒုတိယအချက်မှာ စိတ်ကူးစိတ်သန်းထက်မြက်စေသော ဗုဒ္ဓဘာသာ နည်းလမ်းအရ စဉ်းစားတွေးခေါ်ရာတွင် တရားဒေသနာတော်များနှင့် တရားရှုမှတ်အားထုတ်ခြင်း၏ တန်ဖိုးကို ဆန်းစစ်ရန် လိုအပ်ပါသည်။

### ဗုဒ္ဓဘာသာဘုန်းတော်ကြီးတို့၏ အခန်းကဏ္ဍ

စစ်ပွဲကာလအတွင်းတွင် ဗုဒ္ဓဘာသာရဟန်းတော်တို့သည် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေပါသည်။ အချို့က ရဟန်းတော်များသည် လူသူကင်းဝေးရာတွင် တစ်ကိုယ်ရေတစ်သီးတစ်ခြားဘဝကို ဦးတည်သင့်ပြီး စစ်သည် များနှင့် မဆက်စပ်မပတ်သက်သင့်ကြောင်း ယုံကြည်သောကြောင့် ဤအချက်ကို ရံဖန်ရံခါ “မှုမမှန်မှု” ဟု ယူဆကြ သော်လည်း တချိန်တည်းတွင် အခြားသူများက စစ်ပွဲတွင်ပါဝင်တိုက်ခိုက်နေသူများကို အကြံပေးခြင်းနှင့် လမ်းညွှန် ခြင်းတို့၌ ရဟန်းတော်များတွင် တက်ကြွသောအခန်းကဏ္ဍမှပါဝင်လုပ်ဆောင်ရန် အရည်အချင်းရှိသည်ဟု ယုံကြည် ကြပါသည်။ (Kent 2008, 77, 105) ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့်မသက်ဆိုင်ဘဲ ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာ့ အရိပ်တွင် ခိုလှုံကိုးကွယ်ရန် အစစ်အမှန် ကြိုးပမ်းကြသူများ (ဆိုလိုသည်မှာ လက်တွေ့ကျင့်သုံးသော ဗုဒ္ဓဘာသာ ဝင်များ) အား အကြံပေးရန်နှင့် လမ်းညွှန်ရန် ဗုဒ္ဓဘာသာ ရဟန်းတော်များအတွက် သေချာပေါက် တာဝန်ရှိပါသည်။ (Kent 2008, 121–122) ခံယူမည့် ရပ်တည်ချက်နှင့်မသက်ဆိုင်ဘဲ ရဟန်းတော်များသည် တိုက်ခိုက်နေသော ဗုဒ္ဓဘာသာဝင်များအပေါ် ဩဇာလွှမ်းမိုးရမည်ဖြစ်ပြီး ဆက်လက်၍ ဩဇာလွှမ်းမိုးပေမည်။ မလိုလားအပ်သော အကြမ်းဖက်မှုကိုလျှော့နည်းစေခြင်းအပြင် တည်ငြိမ်မှုနှင့် စစ်သည်၏ စိတ်တွင်းရှိ ရည်ရွယ်ချက်ကို ပိုမိုမြင့်မားလာ စေရန် မြှင့်တင်ပေးခြင်းတွင် ဗုဒ္ဓဘာသာရဟန်းတော်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခခံစားရမှု ကို လျှော့ချရန် ကြီးမားသော အလားအလာ ရှိပေသည်။ တိုက်ပွဲဝင်စစ်သည်၏လက်ထဲတွင် အခြားသူများအား ကြီးမားသော ဆင်းရဲဒုက္ခဖြစ်စေနိုင်သည့် သေစေနိုင်သောလက်နက် ရှိသောကြောင့် ပဋိပက္ခအတွင်း တိုက်ပွဲဝင်

စစ်သည်တစ်ဦး၏ စိတ်သည် အေးဆေးတည်ငြိမ်ရမည်ဖြစ်ပြီး ထိုလက်နက်ကို သတိလက်လွတ်အသုံးမပြုရပေ။ (Kent 2008, 129-134)

ဤဆောင်းပါး၏ ဤအပိုင်းပါ ကောက်ချက်ချမှုအများစုသည် ဒယ်နီယယ်ကင့်န်တ်(Daniel Kent)၏ Shelter for you, Nirvana for our Sons: Buddist Belief and Practice in the Sri Lankan Army- (သင့်အတွက် နားခိုရာ၊ ကျွန်ုပ်တို့၏သားများအတွက်နိဗ္ဗာန် - သီရိလင်္ကာစစ်တပ်အတွင်း ဗုဒ္ဓဘာသာ ယုံကြည်မှုနှင့် ကျင့်သုံးမှု) ဟူသော သီရိလင်္ကာတွင် ပြုလုပ်ခဲ့သည့် လက်တွေ့သုတေသနပေါ် အခြေခံပါသည်။ ဤသုတေသနကို ၂၀၀၉ခုနှစ် ပြည်တွင်းစစ်မပြီးဆုံးမီ (၂)နှစ် ၂၀၀၄ မှ ၂၀၀၇ ခုနှစ်များအတွင်း ဗုဒ္ဓဘာသာရဟန်းတော်များနှင့် စစ်သည်များကို တွေ့ဆုံမေးမြန်းခြင်းဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ (Kent 2008)

ဗုဒ္ဓဘာသာ တရားဟောကြားခြင်းအစဉ်အလာ၏ အခန်းကဏ္ဍကို ဘာသာရေးသမိုင်းဆရာများနှင့် ဗုဒ္ဓဘာသာကို လေ့လာသောပညာရှင်များက မကြာခဏ လျှော့တွက်ခဲ့ကြပါသည်။ (Deegale 1997, 429) သောတရားဒေသနာများ၏တန်ဖိုးကိုနားလည်ရန်မှာ ထိုတရားများကို "သင်ကြားပြသသွန်သင်ဆုံးမ ခြင်းသဘော ဟောပြောခြင်းထက် ရည်ရွယ်သောအကျိုးသက်ရောက်မှု ပေါ်ထွက်လာစေရန် အဓိပ္ပာယ်သက်ရောက်သည့် လုပ်ဆောင်မှုများအဖြစ်" ကြည့်မည်ဆိုလျှင် ပိုမိုလွယ်ကူပါသည်။ (Kent 2008, 93 - အလေးပေးဖော်ပြချက် ပေါင်းထည့်ထား) သို့ရာတွင် ဗုဒ္ဓဘာသာတရားတော်များ ဟောကြားခြင်း၏ ဆောင်ရွက်ပေးနိုင်သောအပိုင်းသည် ရှုထောင့်သုံးခုပေါ် မူတည်ပါသည်။ ပထမတစ်ခုမှာ မူရင်းဟောကြားသူ သို့မဟုတ် အလေးအမြတ်ထားသော တရားစကားများ၏ဇာစ်မြစ် - ဆိုလိုသည်မှာ ဗုဒ္ဓနှင့် ၎င်းအား ကြည်ညိုလေးစားရိုသေကိုင်းရှိုင်းမှု၊ ဒုတိယအချက်မှာ တရားဒေသနာသည် ယဉ်ကျေးမှုအမွေအနှစ် အထိမ်းအမှတ်သင်္ကေတဖြစ်လာနေသည့် အလေးအမြတ်ပြုသော အရာဖြစ်လာပုံနည်းလမ်း၊ တတိယအချက်မှာ တရားတော်များကို အာဂုံဆောင်နေသော ဘာသာရေး ကျွမ်းကျင်သူ၏ ဩဇာညောင်းမှုတို့ ဖြစ်ပါသည်။ (Kent 2008, 79) ဤအချက်သုံးခုအနက် ပထမဆုံးတစ်ချက်ကို ထည့်သွင်းစဉ်းစားလျှင် အပ္ပမာဒတရားသည် မဟာပရိနိဗ္ဗာနသုတ္တန်တွင် တွေ့ရသော လူသိများထင်ရှားသည့် ဗုဒ္ဓ၏ နောက်ဆုံးစကားများတွင် ထိုအယူအဆကို အလေးထားဖော်ပြသောကြောင့် အပ္ပမာဒက ဗုဒ္ဓဘာသာဝင်အားလုံးကို ရိုးစင်းစွာ ထူးထူးခြားခြား ဆွဲဆောင်မှု ရှိပါလိမ့်မည်။ (အထက် တွင်ကြည့်ပါ) ဤသုတ္တန်ကိုဖတ်ရှုသော မည်သည့် ဗုဒ္ဓဘာသာဝင်မဆို ကြီးမြတ်သောဆရာ၏ သေဆုံးမှုကြောင့် မလှုပ်ရှားနိုင်အောင် စိတ်ထိခိုက်ခံစားကြရမည်ဖြစ်ပြီး ဗုဒ္ဓ၏အနီးတွင်ရှိနေသော ရဟန်းသံဃာများအား ဗုဒ္ဓ၏ နောက်ဆုံးမှာကြားသည့်ဩဝါဒက နက်နက်ရှိုင်းရှိုင်း ခံစားမှုကို ဖြစ်စေပါသည်။ တရားတော်များတွင် ပြန်ပြောင်းပြောပြခြင်းနှင့် ပုံပြင်ဇာတ်လမ်းများကို အသုံးပြုခြင်းသည် လူဝတ်ကြောင်များအား ၎င်းတို့အပေါ်ခံစားမှုလည်း ပိုတိုးစေပါသည်။ (Kent 2008, 91-125) ဘာသာရေး ကျွမ်းကျင်သူများ၏ ဩဇာတိက္ကမနှင့်ပတ်သက်၍ တရားဟောကြားသော ဗုဒ္ဓဘာသာရဟန်းတော်တို့၏ ပုံပန်း အသွင်အပြင်၊ အမူအယာနှင့် အကျင့်သီလတို့သည် လူဝတ်ကြောင်တို့၏ ရိုသေလေးစားမှုကို ရရှိရေးတွင် တစ်ခန်း တစ်ကဏ္ဍ ပါဝင်နေမည်ဖြစ်ကြောင်းကို သတိပြုရန် အရေးကြီးပါသည်။ (Kent 2008, 115) အစောပိုင်းက ဆွေးနွေးခဲ့သည့်အတိုင်း ယင်းသည် ဧကရာဇ်အသောကမင်းကြီးက နိဂြောဓရဟန်းကို အလွန် ကြည်ညိုသွားခဲ့သော အကြောင်းတရားများအနက် တစ်ခု ဖြစ်ခဲ့ပါသည်။

ဤအချက်သုံးချက်အပြင် စံနမူနာထားလောက်သောတရားတွင် ကာလီနနှင့် ဥစ္စိတ (အချိန်ကိုက်ဖြစ်ခြင်း နှင့် ဆီလျော်ခြင်း) တို့ ဖြစ်ရပါမည်။ (Kent 2008 , 95) စစ်မြေပြင်၌ မသေချာမရေရာမှုအလယ်တွင် အရေးတကြီးလိုအပ်ချက်မှာ နိဗ္ဗာန်မဟုတ်ဘဲ စိတ်တည်ငြိမ်မှုနှင့် အကာအကွယ်ပေးမှုတို့ ဖြစ်ပါသည်။ ထို့ကြောင့် စစ်မြေပြင်သို့သွားကြရတော့မည့်သူများအတွက် ဟောကြားရမည့်တရား၏အကြောင်းအရာသည် ဗုဒ္ဓဘာသာ၏ ရှုထောင့်နှစ်ခုစလုံးကို ကြည့်သင့်သော်လည်း လောကုတ္တရာထက် လောကီကို ပို၍ အဓိကထားသင့်ပါသည်။ နိဗ္ဗာန်ရရှိရေးမှာ ရေရှည်ပန်းတိုင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ လမ်းကြောင်းပေါ်တွင် တိုးတက်မှုဖြစ်ပေါ်ခြင်းသည် ဖြည်းဖြည်းခြင်း ဖြစ်စဉ် ဖြစ်ပြီး ထို့အတွက်ကြောင့်ပင် ဤဘဝနှင့်သက်ဆိုင်သော သာမန်အကြောင်းအရာများကို ဟောကြားခြင်းသည်လည်း တရားဟောရာတွင် အရေးကြီးပါသည်။ (Kent 2008, 80-81, 126)

တရားတော်များ၏တန်ဖိုးကိုလေ့လာပြီးသည့်နောက် ဤတရားတော်များမှတဆင့် စစ်သည်တစ်ဦးတွင် အပ္ပမာဒတရား(သို့)မမေ့မလျော့ခြင်းသတိတရားကို မည်သို့ တိကျစွာ ဖွံ့ဖြိုးစေနိုင်ပါသနည်း။ ယခု ဆွေးနွေးမည့် အတိုင်း ရည်ရွယ်ချက်စေတနာကို ပြောင်းလဲခြင်းဖြင့် ဤအချက်ကို လုပ်ဆောင်ပါသည်။

နူရင်ဘတ်(Nuremberg)ရှိ နိုင်ငံတကာစစ်ခုံရုံး၏ ဆုံးဖြတ်ချက်က "အပြည်ပြည်ဆိုင်ရာဥပဒေကိုဆန့်ကျင် သော ရာဇဝတ်မှုများကို လူတို့က ကျူးလွန်ခြင်းဖြစ်ပြီး စိတ်ဖြင့်ကျူးလွန်ခြင်း မဟုတ်ဟု ဖော်ပြထားပါသည်။ (United Nations 2005, 374) ဗုဒ္ဓဘာသာရှုထောင့်မှ

ထိုရာဇဝတ်မှုများသည် လူတို့၏စိတ်များအတွင်း စတင်သည် ဟု ပြောဆိုခြင်းဖြင့် ဤအချက်ကို ချဲ့ထွင်နိုင်ပါသည်။ အလားတူ ဒယ်နီယယ်ကင့်န့်တ် (Daniel Kent) က စစ်သည်များနှင့်ပတ်သက်ပြီး တရားတော်များကို အသုံးပြုခြင်းနှင့်ပတ်သက်သော ၎င်း၏လေ့လာမှုတွင် ရဟန်း တော် မဒုလုဝဝဲ သောဘိတ မထေရ် (Maduluwawe Sobhita Thero) ၏ ရှင်းလင်းချက်ကို ဤသို့ ကိုးကား ထားပါသည် -

> "ဗုဒ္ဓဘာသာရပ်တည်ချက်အရ စစ်ပွဲအားလုံးကို လူတို့၏စိတ်နှလုံးများအတွင်း တိုက်ခိုက်ကြပါသည် ... လောဘ၊ ဒေါသနှင့် မောဟမရှိသောနေရာ၌ ပဋိပက္ခများ မရှိပေ။ စစ်ပွဲတစ်ပွဲ၏ အစစ်အမှန်အရှိတရားသည် မည်မျှကြောက်မက်ဖွယ်ကောင်းနိုင်သည်ဖြစ်စေ ကိစ္စမရှိချေ။ စစ်ပွဲတိုင်း၌ ဤအကုသိုလ် မူလအရင်းခံများအနက် တစ်ပါးသည် ယင်း၏ အဓိက အကြောင်းရင်း ဖြစ်ပါသည်။ ( Kent 2008, 10)

တစ်စုံတစ်ဦးသည် အမျက်ဒေါသ၊ မုန်းတီးမှုနှင့် လက်စားချေမှုတို့ကဲ့သို့သော မကောင်းသော စိတ်ခံစားချက်များနှင့် စစ်ပွဲတွင် ဝရန်းသုန်းကား ပါဝင်ဆင်နွှဲသည့်အခါ မကောင်းသောအကုသိုလ်ကံဖြစ်စေကြောင်းကို စစ်ပွဲတွင် ဗုဒ္ဓဘာသာဝင်များ ပါဝင်တိုက်ခိုက်ခြင်းကို မှန်ကန်ကြောင်းအကျိုးသင့်အကြောင်းသင့်ရှင်းပြသူများပင် မည်သူကမျှ ငြင်းပယ်မည်မဟုတ်ပါ။ ရဟန်းတော် အရှင်ဓမ္မလင်္ကာရ (Van. Dhammalankara) မိန့်ကြား သည့်အတိုင်း "အုပ်စုနှစ်ခုကြား စစ်ပွဲဖြစ်ပွားနေသော စစ်မြေပြင်တွင် နှစ်ဖက်စလုံးမှလူများ သေဆုံးကြသည်။ သို့သော်လည်း အပြစ်မဲ့သော တမီးလ်များ၊ မူဆလင်များ သို့မဟုတ် ဆင်ဟာလီများအား သတ်ဖြတ်ခြင်းကို ကျွန်ုပ်တို့ လျစ်လျူရှုခွင့်မလွှတ်နိုင်ပါ။ ကျွန်ုပ်တို့သည် ၎င်းတို့အား ယင်းသို့သောအရာများကို လုံးဝ မလုပ်ကြရန် ပြောပါသည်" ဟူသော စကားကိုလည်း ကင့်န့်တ်က ကိုးကားထားပါသည်။ (Kent 2008, 131)

ထို့ကြောင့် ဗုဒ္ဓဘာသာ သီအိုရီသဘောတရားနှင့် ဗုဒ္ဓဘာသာ လက်တွေ့ကျင့်သုံးမှုတို့ကြားတွင် ဆန့်ကျင်ကွဲလွဲမှု အတိုင်းအတာအချို့ကို တွေ့ရှိရပါသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် သီအိုရီသဘောတရားအရ အားလုံးအပေါ် အကြမ်းမဖက်ရေးနှင့် ချစ်ခင်ကြင်နာမေတ္တာထားရေးကို ဟောကြားပါသည်။ သို့သော် လက်တွေ့တွင် စစ်သည်များကို ဟောကြားရသည့်အခါ ရဟန်းတော်တို့သည် စစ်ပွဲ၏အစစ်အမှန်အရှိတရားကို အသိအမှတ်ပြုရန် အခြေအနေ၏ တောင်းဆိုမှုအရ သင့်လျော်သလို ဟောကြားရပါသည်။ ဤရှုထောင့်များကို အံဝင်ခွင်ကျဖြစ်စေရန် ညှိနှိုင်းရသည့် ခက်ခဲသောအလုပ်တွင် ဗုဒ္ဓဘာသာ ရဟန်းတော်များသည် စိတ်အညစ်အကြေးမရှိဘဲ တိုက်ခိုက်နေသည့် တစ်ကိုယ်ကောင်းမဆန်ကိုယ်ကျိုးမငဲ့သော စစ်သည်အနေဖြင့် ၎င်းကိုယ်တိုင်နှင့် အခြားသူများကို အန္တရာယ်မှကာကွယ်ရန်အတွက် တိုက်ခိုက်ရန် လိုအပ်ခြင်းကြောင့်သာဖြစ်ပြီး အမျက်ဒေါသ သို့မဟုတ် လက်စားချေရေး ခံစားချက်များကြောင့်မဟုတ်ဟူသော "ဗုဒ္ဓဘာသာကျင့်သုံးမှု" တွင် "အကောင်းဆုံး စံနမူနာပြ"ကို ဟောကြားပါသည်။ (Kent 2008, 73) စိတ်ဝင်စားစရာကောင်းသောအချက်မှာ စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုတို့အကြား ဟန်ချက်ညီမှုပေါ် အခြေခံသော IHL ၏ အကောင်းဆုံးစံနှုန်းသည် အလားတူနေခြင်း ဖြစ်ပါသည်။ IHL က မျှော်မှန်းသည်မှာ စစ်သည်တစ်ဦးသည် စစ်ရေးဆိုင်ရာလိုအပ်ချက်အရ လိုအပ်သည့်အတိုင်းအတာအထိသာ တိုက်ခိုက်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စဉ်းစားဆင်ခြင်မှုကို အမြဲတမ်းထည့်သွင်းစဉ်းစားခြင်း ဖြစ်ပါသည်။ ဤအချက်သည် ဤအယူအဆနှစ်ခုကို လက်တွေ့ကျင့်သုံးရာတွင် ကျိန်းသေဆုံနိုင်သည့်နေရာ ဖြစ်ပါသည်။

လက်တွေ့ကျင့်သုံးမှုတွင် ဗုဒ္ဓဘာသာရဟန်းတော်များသည် စစ်သည်များအား တရားဓမ္မဟောကြားသည့်အခါ စစ်ပွဲသည် မှန်ကန်တရားမျှတခြင်းရှိမရှိမှာ ၎င်းတို့နှင့် သက်ဆိုင်ခြင်းမရှိပေ။ အဓိကအာရုံစိုက်သည်မှာ လူတစ်ဦး၏ လုပ်ဆောင်မှုများ၏ ကံတစ်ခုချင်းနှင့် သက်ဆိုင်ပါသည်။ (Kent 2008, 134) ဗုဒ္ဓဘာသာဝင် ရဟန်းတော်များနှင့် စစ်သည်အများစုတို့က စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ရသည့်အခါ မကောင်းသော အကုသိုလ်ကံအချို့ကို သေချာပေါက် ဖြစ်စေကြောင်း ယုံကြည်ကြပြီး ထိုအကြောင်းကြောင့် ရဟန်းတော်များသည် မလိုလားအပ်သော အကြမ်းဖက်မှုနှင့် မကောင်းသောအကုသိုလ်ကံအကျိုးဆက်တို့ကို လျော့နည်းသွားစေရန် ၎င်းတို့၏ တရားဓမ္မဟောကြားခြင်းနှင့် တရားဒေသနာများမှတဆင့် ပိုမိုကြီးမားသောအပိုင်းအတွက် အားထုတ်မှု ပြုလုပ်ပါကြသည်။ အကုသိုလ်စိတ်ခံစားချက်များ သို့မဟုတ် အတွေးများဖြင့် ညစ်ညူးနေသောစိတ်ဖြင့် သတ်ဖြတ်ခြင်းမဖြစ်စေရန် ရည်ရွယ်ချက်စေတနာကို ပြောင်းလဲခြင်းဖြင့် ယင်းကို ပြုလုပ်ပါသည်။ (Kent 2008, 59) ဤအချက်သည် ကျွန်ုပ်တို့၏ရည်ရွယ်ချက်စေတနာများနှင့်စပ်လျဉ်း၍ ဂရုစိုက်သတိထားသည့် အပွမာဒ၏ အရည်အချင်းနှင့် ကိုက်ညီမှုရှိပါသည်။ မကောင်းသောအကုသိုလ်ရည်ရွယ်ချက်စေတနာများသည် "ဆာလောင်သောကျား"နှင့် "အဆိပ်ရှိသောမြွေ" ဖြစ်ပြီး ယင်းတို့က အခြားသူများအပေါ် မလိုလားအပ်သော ဆင်းရဲဒုက္ခဖြစ်စေခြင်းဖြင့် မိမိကိုယ်တိုင် ထိခိုက်မှုဖြစ်စေသည့် မကောင်းသော အကုသိုလ်ကံကို ဖြစ်ပေါ်စေပါသည်။

**ကမ္မဋ္ဌာန်းထိုင်ခြင်း - စိတ်ကိုလေ့ကျင့်ပေးခြင်း**

ကမ္ဘာတစ်ဝှမ်းလုံးမှ ဗုဒ္ဓဘာသာဝင်များ အကျွမ်းတဝင်ရှိသည့် ကျင့်သုံးမှုတစ်ခုအဖြစ် ကမ္မဋ္ဌာန်းထိုင်ခြင်းသည် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းများမှ လူများ၏ နားလည်သဘောပေါက်မှုနှင့် အပြုအမူတို့ကို ပုံသွင်းရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ခု ရှိပါသည်။ ဟောကြားသောတရားများအပြင် သတိထားရှုမှတ်သည့် ကမ္မဋ္ဌာန်းထိုင်ခြင်းအား ရည်ရွယ်ချက်စေတနာကိုပြောင်းလဲရာတွင် ဟောတရားများ၏လုပ်ငန်းဆောင်တာကို ပြည့်စုံအောင်ဖြည့်စွက်ပေးသည့် စိတ်ကိုလေ့ကျင့်ပေးသော နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

ဗုဒ္ဓဘာသာတွင် သတိထားရှုမှတ်သည့် ကမ္မဋ္ဌာန်းအားထုတ်မှုကျင့်စဉ်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်သော သတိတရား၏ ပုံစံများ သို့မဟုတ် အဆင့်များကို သုံးမျိုးသတ်မှတ်ထားပါသည်။ ပထမတစ်ခုမှာ သတိ သို့မဟုတ် ပြန်လည်အမှတ်ရသည့်စိတ်လွှမ်းခြုံသော သတိပြုမိခြင်း ဖြစ်ပါသည်။ ယင်းတွင် မိမိ၏ လက်ရှိ ပစ္စုပ္ပန်အခိုက်အတန့်ကို သတိပြုခြင်း သို့မဟုတ် မိမိ၏ ကိုယ်ပိုင်အတွေးများ၊ ခံစားချက်များနှင့် လုပ်ဆောင်မှုများ အပေါ် သတိရှိနေခြင်း ပါဝင်ပါသည်။ သတိ၏ ဒုတိယအဆင့်မှာ အပ္ပမာဒ ဖြစ်ပါသည်။ အပ္ပမာဒသည် ကိုယ်ကျင့်သီလနှင့် ဆိုင်သော ဂရုစိုက်မှုစိတ်လွှမ်းခြုံပျံ့နှံ့သည့် သတိတရား ဖြစ်ပါသည်။ သတိ၏ တတိယအဆင့်မှာ သမ္ပဇဉ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာတိုးတက်မှုအာရုံလွှမ်းမိုးပျံ့နှံ့သော သတိတရား ဖြစ်ပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့ကို စိတ်ဝင်စားစေသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း တိုက်ပွဲဝင်စစ်သည်များ၏ ဆုံးဖြတ်ချက်ပြုလုပ်ခြင်း စံနှုန်းကို ပိုမိုတိုးတက်ကောင်းမွန်စေသည့် အပ္ပမာဒ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းတို့ထဲမှ ဒုတိယဆင့် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ အဆုံးအမတရားတော်များအရ အပ္ပမာဒတရား (ကိုယ်ကျင့်သီလဆိုင်ရာ ဂရုစိုက်မှုနှင့် ပြည့်စုံနေသော သတိတရား) ကို သတိထားရှုမှတ်သည့် ကမ္မဋ္ဌာန်းအားထုတ်မှုကျင့်စဉ်များဖြင့် ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ (Lomas 2015) သတိထားရှုမှတ်သည့်ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် အပ္ပမာဒ၏အရည်အချင်းကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားထုတ်သူသည် လက်ရှိဖြစ်ပျက်နေသည်များအား သတိပြုမိရုံသက်သက်မျှထက် ကျော်လွန်၍ သွားရမည်ဖြစ်ပြီး ယင်းကို ဗုဒ္ဓဘာသာ၏ ကိုယ်ကျင့်သီလနှင့် အကျင့်သိက္ခာတို့နှင့်ပတ်သက်သော ဗုဒ္ဓဘာသာ အဆုံးအမတရားတော်များနှင့် ဆက်စပ်ရပါမည်။

ထို့ကြောင့် အပ္ပမာဒ၏ အရည်အချင်းကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတိထားရှုမှတ်သည့် ကမ္မဋ္ဌာန်းအားထုတ်မှုကိုလေ့ကျင့်ခြင်းသည် မိမိ၏အတွေးများ၊ ခံစားမှုများနှင့် လုပ်ဆောင်မှုများကို ရိုးရိုးစင်းစင်း သတိပြုမိခြင်းထက် ကျော်လွန်သွားရမည်ဖြစ်ပြီး မိမိ၏လုပ်ဆောင်မှုများသည် ကိုယ်ကျင့်သီလအရ ကြောင်းကျိုးခိုင်လုံခြင်းရှိမရှိနှင့် စပ်လျဉ်း၍ ထင်ဟပ်ပေးနိုင်ရပါမည်။ ယင်းသို့ လေ့ကျင့်ပေးခြင်းမှ ကောင်းသောရည်ရွယ်ချက်စေတနာတွင် အရင်းခံသည့် ကောင်းသောကံတွင် သတိတရား အပြည့်အဝပါဝင်သော အပြုအမူဆိုင်ရာ လမ်းညွှန်များ ပေါ်ပေါက်လာပါသည်။ (Lomas 2015)

သုတေသနက သတိတရားကိုအခြေခံသော ကမ္မဋ္ဌာန်းအားထုတ်သည့်လေ့ကျင့်မှုသည် ကိုယ်ကျင့်တရားဆိုင်ရာကြောင်းကျိုးဆင်ခြင်မှု၊ ကိုယ်ကျင့်သီလဆိုင်ရာဆုံးဖြတ်ချက်ချမှု၊ သတိရှိသောအာရုံပြုမှု၊ စိတ်ခံစားမှုနှင့် ကောင်းကျိုးချမ်းသာသုခတို့ ပိုမိုတိုးတက်ကောင်းမွန်ခြင်းများတွင် အကျိုးရလဒ်များရှိကြောင်း လက်တွေ့မျက်မြင်ကိုအခြေခံသောအချက်အလက်များနှင့်အတူတကွ ထင်ရှားစေခဲ့ပြီး ဖြစ်ပါသည်။ စိတ်ပညာရှင်များ၏အဆိုအရ ကိုယ်ကျင့်တရားဆိုင်ရာကြောင်းကျိုးဆင်ခြင်မှုတွင် အဓိကအစိတ်အပိုင်းလေးခု ပါဝင်ပြီး ၎င်းတို့မှာ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အထိမခံတုံ့ပြန်နိုင်မှု၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာ ဆုံးဖြတ်ချက်၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာ စေ့ဆော်မှုနှင့် သန္နိဋ္ဌာန်ရှိမှုတို့အပြင် ကိုယ်ကျင့်သိက္ခာဆိုင်ရာ စရိုက်လက္ခဏာနှင့် အရည်အချင်းတို့ ဖြစ်ပါသည်။ ပထမဆုံးအစိတ်အပိုင်းဖြစ်သည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အထိမခံတုံ့ပြန်မှုကို ၎င်းတို့၏ လုပ်ဆောင်မှုများ (ဘာမျှမလုပ်ဘဲနေခြင်းများ) နှင့် ၎င်းတို့၏အပြုအမူက အခြားသူများအပေါ် သက်ရောက်မှုရှိသည့် အလားအလာများနှင့် ပတ်သက်၍ လူတစ်ဦးတွင်ရှိသော သတိပြုမိခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ (shapiro, Jazaieri, and Goldin 2012, 2 ) ထို့ကြောင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ကြောင်းကျိုးဆင်ခြင်မှုအတွက် အခြေခံအုတ်မြစ်သည် သတိတရား သို့မဟုတ် အပ္ပမာဒပေါ်တွင် တည်ရှိနေပါသည်။ ကိုယ်ကျင့်သိက္ခာဆိုင်ရာဆုံးဖြတ်ချက်များနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာသန္နိဋ္ဌာန်တို့ ပြုလုပ်ရန်နှင့် ယင်းတို့ကြောင့် မိမိ၏ ကိုယ်ကျင့်သိက္ခာဆိုင်ရာစရိုက်လက္ခဏာဖွံ့ဖြိုးတိုးတက်ရန် လမ်းကြောင်းပေါ်တွင် ပထမအဆင့်မှာ နိုးကြားသတိရှိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကမ္မဋ္ဌာန်းအားထုတ်ခြင်းသည် စိတ်ကို ကြည်လင်ပြတ်သားစွာ စဉ်းစားတွေးတောခြင်း၊ အရေးပေါ်အခြေအနေများတွင် ကြည်လင်စေခြင်းနှင့် မိမိ၏ကိုယ်ပိုင်ဖြစ်သောရည်ရွယ်ချက်စေတနာများကို ရှင်းလင်းပြတ်သားစွာသတိပြုမိခြင်းနှင့်အတူ တုံ့ပြန်ခြင်းတို့ကို အထောက်အကူပြုလိမ့်မည်။ ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းများမှ တိုက်ပွဲဝင်စစ်သည်များအား ကိုယ်ကျင့်

တရားဆိုင်ရာ ကြောင်းကျိုးဆင်ခြင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို လမ်းညွှန်ရန်နှင့် အပ္ပမာဒ၏ အရည်အချင်းကို ကျင့်သုံးခြင်းဖြင့် ၎င်းတို့အား လက်တွေ့လေ့ကျင့်မှုပေးရန် ဤကမ္မဋ္ဌာန်းအားထုတ်ခြင်းကို အောင်မြင်စွာ အသုံးပြုနိုင်ပါသည်။

## နိဂုံး

ဗုဒ္ဓဘာသာအဆုံးအမများသည် စစ်ပွဲတွင် မလိုလားအပ်သော ဆင်းရဲဒုက္ခများကို အချိန်တိုင်းတွင် လုံးဝ ကာကွယ်တားဆီးပေးနိုင်မည်ဟု တွေးထင်ခြင်းသည် စိတ်ကူးယဉ်ဆန်လွန်းခြင်း ဖြစ်ပေလိမ့်မည်။ သို့သော်လည်း အထက်၌ ရှင်းလင်းစွာ ဆွေးနွေးခဲ့သည့်အတိုင်း ရံဖန်ရံခါ ဥပဒေများသည် ဩဇာလွှမ်းမိုးမှုကိုအသုံးပြုရန် ပျက်ကွက်သော (မအောင်မြင်သော) ဖြစ်ရပ်များတွင် ဗုဒ္ဓဘာသာအဆုံးအမများက အားကောင်းသော ချုပ်တည်းထိန်းသိမ်းမှုကို အသုံးပြုနိုင်သည်ဖြစ်ရာ ယင်းမှာ ဖြစ်နိုင်ပါသည်။

ပထမဦးစွာ ဤအချက်မှာ ကိုးကွယ်ရာဘာသာတရားသည် လူတို့၏ နှလုံးသားများနှင့်နီးစပ်ပြီး ၎င်းတို့၏ သဒ္ဓါတရား၊ ယုံကြည်မှုစနစ်များနှင့် ယဉ်ကျေးမှုအစဉ်အလာတို့ကို ကိုးကွယ်ရာဘာသာပေါ်တွင် တစ်စုံတစ်ရာ အခြေခံထားသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် တစ်စုံတစ်ခုသည် အထူးသဖြင့် ဥပဒေနှင့်မဆန့်ကျင်ဟု မိမိက ထင်ထားသည့်နေရာတွင်ပင် မိမိ၏ဘာသာရေးဆိုင်ရာအဆုံးအမများက ယင်းကိုတားမြစ်ထားပါက ထိုလုပ်ဆောင်မှုနှင့် တွဲလျက်ရှိသော ကိုယ်ကျင့်သိက္ခာဆိုင်ရာ ကဲ့ရဲ့ပြစ်တင်ခံရခြင်းက စစ်တိုက်သူများအား ယင်းကို ဆောင်ရွက်ခြင်းမှ ဟန့်တားလိမ့်မည်။ ဒုတိယအချက်မှာ ဥပဒေအားနားလည်သဘောပေါက်ခြင်းမှ လွတ်မြောက်ရန် မျှော်လင့်သည့်တိုင် ဗုဒ္ဓဘာသာဝင်များသည် မိမိ၏ ရည်ရွယ်ချက်စေတနာများနှင့် လုပ်ဆောင်မှုများ၏ ကံအကျိုးရလဒ်များမှ လွတ်မြောက်ခြင်းမရှိဟု ယုံကြည်ထားပါသည်။

ဤဆောင်းပါးတွင် ကျွန်ုပ်သည် အပ္ပမာဒ - သတိရှိခြင်း၏ အရည်အချင်းအပေါ် ဗုဒ္ဓလက်ထက်တော်အခါနှင့် ဧကရာဇ်မင်းကြီးအသောက၏ စရိုက်လက္ခဏာပြောင်းလဲခြင်း နှစ်ခုလုံးတွင် အခြေခံကျသော ဗုဒ္ဓဘာသာအဆုံးအမအဖြစ် ယင်း၏ အရေးပါမှုကို ပြသခြင်းဖြင့် အဓိကအာရုံစိုက်ခဲ့ပြီး ဖြစ်ပါသည်။ တွေးတောမှုဖြစ်စဉ်များ၏ အစိတ်အပိုင်းများအား အဘိဓမ္မာနည်းဖြင့် သရုပ်ခွဲမှုကို ကြည့်ခြင်းအားဖြင့် ကုသိုလ်စိတ်အတွေးဖြစ်စဉ်များသည် စင်စစ်တွင် ပိုမိုအားထုတ်မှုနှင့် ပိုမိုများပြားသော စိတ်အခြေခံစေ့ဆော်မှုအကြောင်းတရားဖြစ်သည့်စေတသိက်များ လိုအပ်သည်ကို ကျွန်ုပ် ရှင်းလင်းစွာပြသခဲ့ပြီး ဖြစ်ပါသည်။ ဆိုလိုသည်မှာ မကောင်းသောစေတနာရည်ရွယ်ချက်များနှင့် မကောင်းသောအကျိုးဆက်များ လုပ်ဆောင်ရန်မှာ ကောင်းသောအရာများထက် ပိုမိုလွယ်ကူပါသည်။ ယင်းက မကောင်းသောစေတနာရည်ရွယ်ချက်များဖြစ်ပေါ်မလာစေရေးအတွက် ကာကွယ်စောင့်ရှောက်ရာတွင် အပ္ပမာဒကို အထူးသဖြင့် အရေးပါစေပါသည်။ ဗုဒ္ဓဘာသာအဆုံးအမများတွင်လည်းကောင်း၊ လူ့ကျင့်ဝတ်ကိုသွေဖည်သော ပေါ့ပေါ့တန်တန်လုပ်ဆောင်မှုကို ဆန့်ကျင်ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း အပ္ပမာဒ၏ အခြေခံသဘောသဘာဝကြောင့် တိုက်ပွဲဝင်စစ်သည်များတွင် အပ္ပမာဒတရား၏ အရေးပါမှုအတွက် ထိုစဉ်က ကျွန်ုပ် တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာရဟန်းတော်များ ဟောကြားသောတရားများမှတဆင့် ထိုတရားများကို ထိရောက်မှုရှိစေမည့် အခြေခံအကြောင်းလေးချက်အား ဖော်ထုတ်သတ်မှတ်ခြင်းဖြင့် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းများမှ စစ်တိုက်နေသူများတွင် အပ္ပမာဒတရားကို ဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း ကျွန်ုပ် အဆိုပြုတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤအခြေခံအကြောင်းလေးချက်တွင် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ၎င်းတို့ဟောကြားသော တရားများအပေါ် ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းများက ထားရှိသော ကြည်ညိုလေးစားမှု ပါဝင်ပါသည်။ ထို့အပြင် သတိတရားအပေါ် ကမ္မဋ္ဌာန်းရှုမှတ်အားထုတ်မှုသည် ထိုဟောကြားသောတရားများတွင် ပါဝင်သည့် ကိုယ်ကျင့်သီလဆိုင်ရာ တန်ဖိုးများအရ လုပ်ဆောင်ရန် စစ်သည်များနှင့် ကွပ်ကဲသူတပ်မှူးများ၏ စိတ်များကို လေ့ကျင့်ပေးခြင်းဖြင့် အပ္ပမာဒကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်ပါသည်။ ထို့ကြောင့် စစ်တိုက်နေသူများ၏ ဆုံးဖြတ်ချက်ပြုလုပ်ခြင်း၌ အပ္ပမာဒအရည်အချင်းရှိခြင်းသည် အချိုးအစားညီမျှခြင်း IHL စည်းမျဉ်းတွင် နဂိုရှိရင်းစွဲဖြစ်သော ဓမ္မဓိဋ္ဌာန်မကျသည့် ပုဂ္ဂလဓိဋ္ဌာန်ဘက်လိုက်မှုနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်းဆိုင်ရာပြဿနာများကြောင့် ဖြစ်ပေါ်စေသောကွာဟချက်ကို အချို့အတိုင်းအတာတစ်ရပ်အထိ အထိုက်အလျောက် ဖြည့်ပေးနိုင်ပြီး ပဋိပက္ခအတွင်း အရပ်သားများ၏ မလိုလား အပ်သော ဆင်းရဲဒုက္ခများကို လျော့နည်းစေသည့်ဖြစ်နိုင်ခြေအလားအလာ ရှိနိုင်ပါသည်။ ယင်းအပ္ပမာဒတရားသည် အဆင့်အားလုံးတွင် စစ်ရေးဆိုင်ရာဆုံးဖြတ်ချက်ပြုလုပ်သူများအား အချိုးအစားညီမျှခြင်းကို ပိုမိုကောင်းမွန်သော ဆန်းစစ်မှုများ ပြုလုပ်စေခြင်းဖြင့် အကြောင်းမဲ့သက်သက်တမင်တကာဖျက်ဆီးခြင်း ပြဿနာကို လျော့နည်းသွား စေပါမည်။ အပ္ပမာဒကို ဗုဒ္ဓဘာသာနောက်ခံမှ လက်တွေ့ကျသော ကွပ်ကဲသူတပ်မှူးတစ်ဦးတွင် ရှိရန် မျှော်လင့်နိုင် သည့်

အရည်အချင်းတစ်ခုအဖြစ် နားလည်နိုင်သောကြောင့် ယင်းအပ္ပမာဒသည် ဗုဒ္ဓဘာသာအခြေအနေအတွင်း လက်တွေ့ကျသော ကွပ်ကဲသူတပ်မှူးတစ်ဦးတွင် ပါဝင်အပ်သည့် သဘောသဘာဝကို ဆန်းစစ်ရာ၌ တရားသူကြီး များကိုလည်း အထောက်အကူပေးနိုင်ပါမည်။ ဤသည်မှာ ယင်းသို့သောအခြေအနေတွင် ဗုဒ္ဓဘာသာ အခြေခံမူများ ကို အသုံးပြုခဲ့သည်မှာ ပထမဆုံးအကြိမ် မဟုတ်ပါ။ ဥပမာအားဖြင့် နျူးကလီးယားလက်နက်များဖြင့် ခြိမ်းခြောက် ခြင်း သို့မဟုတ် အသုံးပြုခြင်း၏ တရားဝင်မှုအပေါ် အကြံပေးချက်သဘောထားအမြင်နှင့် ၎င်း၏ အားလုံးနှင့် ဆန့်ကျင်ကွဲလွဲသောအမြင်တွင် တရားသူကြီး ဝီးရာမန်ထရီက နျူးကလီးယားလက်နက်များအားအသုံးပြုခြင်းကို ဆန့်ကျင်သောငြင်းချက်ထုတ်ရန် ဘာသာရေးဆိုင်ရာအခြေခံမူသဘောတရားများကို အသုံးပြုပါသည်။ ဤသဘော ထားအမြင်က ဗုဒ္ဓဘာသာ၏ စစ်ဆန့်ကျင်ရေးအစဥ်အလာသည် မည်သို့သောအခြေအနေများအောက်တွင်မဆို အဖျက်စွမ်းအားရှိသောလက်နက်များ - အနည်းဆုံး အချိုးအစားညီမျှခြင်းမူနှင့် ခွဲခြားခြင်းမူများကို ထည့်သွင်း စဥ်းစားခြင်း လုံးဝမရှိဘဲ ဖျက်ဆီးပစ်နိုင်သည့် နျူးကလီးယားဗုံးကဲ့သို့သောလက်နက်ကို ၎င်း၏ခွင့်ပြုချက်မပေးနိုင် ကြောင်း အသိအမှတ်ပြုထားပါသည်။

### ကျေးဇူးတင်လွှာ

ဤဆောင်းပါးကို ပြန်လည်ပြင်ဆင်တည်းဖြတ်ရာတွင် ဝေဖန်အကြံပြုချက်များနှင့် လမ်းညွှန်ချက်များ ပေးခဲ့ကြ သော Prof. Kate Crosby, Andrew Bartles-Smith, Dr Noel Trew နှင့် Daniel Ratheiser တို့ကို ကျေးဇူးတင်စွာ အသိအမှတ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ဤဆောင်းပါးတွင်ပါဝင်သော ဗုဒ္ဓဘာသာ အတွေးအခေါ်ဒဿနဆိုင်ရာ ရှုထောင့်များနှင့်စပ်လျဥ်း၍ ထိုးထွင်းသိမြင်မှုများနှင့် လမ်းညွှန်မှုပေးခဲ့သော Prof Asanga Tilakartne ကိုလည်း စာရေးသူအနေဖြင့် ကျေးဇူးတင်ပါသည်။

### ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

### ရည်ညွှန်းကိုးကားချက်များ

Baptist, E. 2008. Abhidhamma for the Beginner. Colombo: Buddhist Cultural Centre.

Batchelor, S. 2005. “The Buddha’s Last Word: Care.” Insight Journal Spring: 8–11. https://www.buddhistinquiry.org/article/the-buddhas-last-word-care/

Bica, C. 2007. “Collateral Damage: A Military Euphemism for Murder.” ZNET. https://zcomm.org/znetarticle/collateral-damage-a-military-euphemism-for-murder-by camillo-mac-bica/

Bodhi, B. 2000. The Connected Discourses of the Buddha (A New Translation of the Samyutta Nikaya). Vol. 1. Boston: Wisdom.

Deegalle, M. 1997. “Reconsidering Buddhist Preaching: Bana Tradition in Sri Lanka.” In Recent Researches in Buddhist Studies: Essays in Honour of Y. Karunadasa, edited by B. K. L. Dhammajoti, A. Tilakaratne, and K. Abhayawansa, 427–453. Colombo: Y. Karunadasa Felicitation Committee.

Fenrick, W. 2009. “Applying IHL Targeting Rules to Practical Situations: Proportionality and Military Objectives.” Windsor Yearbook of Access to Justice 27 (2): 271–283. doi:10.22329/wyaj.v27i2.4535.

Glossology. “Appamāda.” https://obo.genaud.net/backmatter/glossology/glossology/appamada.htm

Guruge, A. W. 1993. Aśoka, the Righteous: A Definitive Biography. Colombo: Central Cultural Fund.

Harvey, P., ed. 2018. Common Buddhist Text: Guidance and Insight from the Buddha. Ayutthaya: Mahachulalongkornrajavidyalaya University Press. http://www.icdv.net/ pdf/cbt_final_dec29%202015.pdf

ICRC. 1977. “Protocol Additional to the Geneva Conventions of 12 August 1949, and Relating to the Protection of Victims of International Armed Conflicts (Protocol I).” Accessed June 8 1977, entered into force 7 December 1978. 1125 UNTS 3. https:// ihl-databases.icrc.org/ihl/INTRO/470

ICRC. 1987. Commentary on the Additional Protocols of 8 June 1977 to the Geneva Conventions of 12 August 1949. Edited by Y. Sandoz, C. Swinarski and B. Zimmermann. Geneva: Martinus Nijhoff.

ICRC. 2005. Customary International Humanitarian Law. Volume I: Rules. Editedby J. Henckaerts and L. Doswald-Beck. Cambridge: Cambridge University Press. https://www.icrc.org/en/doc/assets/files/other/customary-international humanitarian-law-i-icrc-eng.pdf

ICRC. 2009. “Exploring Humanitarian Law: Glossary.” https://www.icrc.org/en/doc/ what-we-do/building-respect-ihl/education-outreach/ehl/ehl-other-language versions/ehl-english-glossary.pdf

ICRC. 2016. “International Expert Meeting Report: The Principle of Proportionality.” https://www.icrc.org/en/document/international-expert-meeting-report-principle proportionality

ICRC. 2017. “War in Cities: What Is at Stake?” https://www.icrc.org/en/document/war cities-what-stake-0

International Court of Justice (ICJ). 1996a. “Advisory Opinion of the International Court of Justice on the Legality of the Threat or Use of Nuclear Weapons, Advisory Opinion of 8 July 1996.” https://www.icj-cij.org/public/files/case-related/95/095 19960708-ADV-01-00-EN.pdf

International Court of Justice (ICJ). 1996b. “Advisory Opinion of the International Court of Justice on the Legality of the Threat or Use of Nuclear Weapons, 8 July 1996 (Dissenting Opinion of Judge Weeramantry).” https://www.icj-cij.org/public/files/ case-related/95/095-19960708-ADV-01-12-EN.pdf

International Criminal Tribunal for the Former Yugoslavia (ICTY). 2000. “Final Report to the Prosecutor by the Committee Established to Review the NATO Bombing Campaign against the Federal Republic of Yugoslavia.” International Criminal Tribunal for the Former Yugoslavia/United Nations International Criminal Tribunal for the Former Yugoslavia. https://www.icty.org/en/press/final-report-prosecutor committee-established-review-nato-bombing-campaign-against-federal

International Criminal Tribunal for the Former Yugoslavia (ICTY). 2007. “Prosecutor V. Milan Martić.” International Criminal Tribunal for the Former Yugoslavia/United Nations International Criminal Tribunal for the Former Yugoslavia. https://www.icty. org/en/case/martic

Jayarava, D. 2009. “The Last Words of the Buddha.” Jayarava.org. http://www.jayarava. org/buddhas-last-words.html

Kent, D. 2008. Shelter for You, Nirvana for Our Sons: Buddhist Belief and Practice in the Sri Lankan Army. PhD diss., University of Virginia. https://thecarthaginiansolution.files. wordpress.com/2011/08/buddhist-belief-practise-in-sl-army.pdf

Lomas, T. 2015. "Nourishment from the Roots: Engaging with the Buddhist Foundations of Mindfulness." In Mindfulness in Positive Psychology: The Science of Meditation and Wellbeing, edited by I. Ivtzan and T. Lomas, 265–279. London: Routledge.

Narada Thera. 1954. Dhammapada with Translation, Explanatory Texts and Notes. Reprint ed. Taiwan: Buddha Educational Foundation. https://archive.org/stream/ DhammapadaWithNotes/Dhammapada%20with%20notes_djvu.txt

Piyadassi Thera, trans. 1999. "Karan _ īyamettā Sutta, Sutta-nipāta 1.8." Access to Insight. https://www.accesstoinsight.org/tipitaka/kn/snp/snp.1.08.piya.html

Roorda, M. 2015. "NATO's Targeting Process: Ensuring Human Control Over (and Lawful Use of) 'Autonomous' Weapons." In Autonomous Systems: Issues for Defence Policymakers, edited by A. Williams and P. Scharre, 152–168. Norfolk: Headquarters Supreme Allied Commander Transformation.

Schmitt, M. 2009. "Targeting and International Humanitarian Law in Afghanistan." International Law Studies 85: 307–339. https://digital-commons.usnwc.edu/cgi/view content.cgi?article=1126&context=ils

Shapiro, S. L., H. Jazaieri, and P. Goldin. 2012. "Mindfulness-based Stress Reduction Effects on Moral Reasoning and Decision Making." The Journal of Positive Psychology 1: 1–12. https://www.researchgate.net/publication/233421440_Mindfulness based_stress_reduction_effects_on_moral_reasoning_and_decision_making

Sister Vajira and F. Story 1998. "Mahāparinibbānna Sutta: Last Days of the Buddha (DN 16)." Access to Insight (BCBS Edition). https://www.accesstoinsight.org/tipitaka/dn/ dn.16.1-6.vaji.html

Sloane, R. 2015. "Puzzles of Proportion and the Reasonable Military Commander: Reflections on the Law, Ethics and Geopolitics of Proportionality." Harvard National Security Journal 6: 299–343. https://papers.ssrn.com/sol3/papers.cfm? abstract_id=2613413

Thapar, R. 1961. Aśoka and the Decline of the Mauryas. New York: Oxford University Press.

Thanissaro Bhikkhu, trans. 2013. "Appamāda Sutta: Heedfulness (SN 3.17)." Access to Insight (BCBS Edition). https://www.accesstoinsight.org/tipitaka/sn/sn03/sn03.017. than.html

United Nations. 2005. "Principles of International Law Recognized in the Charter of the Nuremberg Tribunal and in the Judgment of the Tribunal with Commentaries (1950)." https://legal.un.org/ilc/texts/instruments/english/draft_articles/7_1_1950

# အကြောက်တရားကင်းမဲ့ခြင်းလက်ဆောင် - အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအရ ဘေးအန္တရာယ်ဖြစ်လွယ်သူများကို အကာအကွယ်ပေးခြင်းအတွက် ဗုဒ္ဓဘာသာ မူဘောင်

Christina A. Kilby

## ဆောင်းပါးအကျဉ်းချုပ်

ဤဆောင်းပါးတွင် ပဋိပက္ခကာလအတွင်း အကြမ်းဖက်မှု၊ အထိတ်တလန့်ဖြစ်မှု သို့မဟုတ် နေရပ်စွန့်ခွာရမှုများကို ခံနိုင်စွမ်းမရှိအန္တရာယ်ဖြစ်လွယ်သူ လူထုများအား အကာအကွယ်ပေးရန်အတွက် ဗုဒ္ဓဘာသာမူဘောင်တစ်ခုအဖြစ် အဘယဒါန (“အကြောက်တရားကင်းမဲ့ခြင်းလက်ဆောင်”) ကို ကျွန်ုပ် တင်ပြထားပါသည်။ အဘယဒါနသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဟိန္ဒူခေါင်းဆောင် မိုဟန္ဒတ်စ်ဂန္ဒီ လှုံ့ဆော်ခဲ့သော ရှေးဟောင်းအိန္ဒိယ လူ့ကျင့်ဝတ် တစ်ခု ဖြစ်ပါသည်။ ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်များက ကြုံတောင့်ကြုံခဲ မှီငြမ်းကိုးကားခြင်းပြုခဲ့သော်လည်း (ဒေါ်အောင်ဆန်းစုကြည်၏ ၁၉၉၉ခုနှစ်ထုတ် “အကြောက်တရားမှလွတ်မြောက်ရေး” အက်ဆေးတွင် ၎င်း၏ အဘယဒါနအား ဖော်ကျူးမှုသည် သတိပြုမိလောက်အောင်ထင်ရှားသည့် ခြွင်းချက်တစ်ခု ဖြစ်ပါသည်) အဘယဒါန သည် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ၌လည်း နက်ရှိုင်းစွာအမြစ်တွယ်နေပြီး အဘယဒါနသည် ပဋိပက္ခကာလများ အတွင်း ဘေးအန္တရာယ်ဖြစ်လွယ်သူများကို အကာအကွယ်ပေးရန် ဗုဒ္ဓဘာသာဝင်အများစု ပါဝင်သည့် လူ့အဖွဲ့အစည်းများက ၎င်းတို့၏ တာဝန်နှင့် ၎င်းတို့၏ ဗုဒ္ဓဘာသာဝင်ကိုယ်ပိုင်လက္ခဏာအား ရှုမြင်သည့်နည်းလမ်း ပြောင်းလဲခြင်းအတွက် ပဓာနကျသော စွမ်းရည်များကို ပိုင်ဆိုင်ထားပါသည်။ ဤဆောင်းပါးတွင် အပြည်ပြည် ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၌ ထည့်သွင်းထားသော အကာအကွယ်ပေးခြင်း အခြေခံမှုကို နည်းလမ်းများစွာဖြင့် ဖြည့်စွက်ပေးရာတွင်လည်းကောင်း၊ ခိုင်မာအားကောင်းစေရာတွင်လည်းကောင်း အဘယဒါန သည် အကာအကွယ်ပေးခြင်း၏ ဗုဒ္ဓဘာသာအခြေခံမှုကို ပေးစွမ်းကြောင်း ကျွန်ုပ် တင်ပြ ဆွေးနွေးထားပါသည်။

## ရှေးဂန္ထဝင်ကျမ်းလာ အကြောက်တရားကင်းမဲ့ခြင်းလက်ဆောင်

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၏ အုတ်မြစ်ဖြစ်သော အကာအကွယ်ပေးခြင်း အခြေခံမှုသည် အဘယဒါနအဖြစ် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတွင် ရှေးကတည်းက အမြစ်တွယ်လျက်ရှိပါသည်။ အဘယဒါနကို ဂန္ထဝင် ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာ ကျမ်းများတွင် ကာကွယ်စောင့်ရှောက်သူမရှိသော သူများနှင့် အကြမ်းဖက်မှုကို မခံနိုင်သောဘေးအန္တရာယ်ဖြစ်လွယ်သူများအတွက် အကာအကွယ်ပေးမှုလက်ဆောင် အဖြစ် နားလည်ထားပါသည်။ အကြောက်တရားကင်းမဲ့ခြင်း လက်ဆောင်ကြောင့် သက်သာရာရသွားသော အကြောက်တရားသည် အထူးသဖြင့် မိမိ၏အသက်အတွက် ကြောက်ရွံ့ခြင်း ဖြစ်ပါသည်။ ဒုက္ခသည်များအား အကာအကွယ်ပေးမှုကို တိုးချဲ့ပေးခြင်းနှင့် အသားစားရန်အတွက်မွေးမြူထားသော တိရစ္ဆာန်များအား ကံတရား အရ သနားညှာတာမှုပေးခြင်းတို့သည် ဤထုံးတမ်းစဉ်လာများက မှီငြမ်းကိုးကားသော အဘယဒါန၏ ယေဘုယျ ဥပမာများ ဖြစ်ပါသည်။[1] “အကြောက်တရားကင်းမဲ့ခြင်းလက်ဆောင်” အဖြစ် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုလေ့ ရှိသော်လည်း အဘယာဒါနကို “အကာအကွယ်ပေးခြင်းလက်ဆောင်”၊ “လုံခြုံမှုလက်ဆောင်” သို့မဟုတ် “ယုံကြည် မှုလက်ဆောင်” ဟုလည်း မှန်ကန်စွာ ဘာသာပြန်ဆိုနိုင်ပါသည်။[2] ဤလက်ဆောင်အား စေတနာသဒ္ဓါတရားကို ဖော်ပြရန်နှင့် အကြောက်တရားကို မောင်းထုတ်ရန် အပြင်ဘက်သို့ မျက်နှာမူထားသော လက်ဖဝါးတော်နှင့်တကွ လက်တော်ကို မြှောက်ထားတော်မူပုံဖြစ်သည့် အဘယမုဒြာဖြင့် သင်္ကေတ ပြုပါသည်။ ဗုဒ္ဓ၏အဆုံးအမတရား ဒေသနာတော်များသည် ဘဝ၏ မူလအခြေခံဖြစ်သော ဘေးမကင်းခြင်း၊ ဗုဒ္ဓဘာသာလမ်းစဉ်က လျော့ပါးသက်သာ စေရန် ရည်ရွယ်သည့် (ဘာသာပြန်လေ့ရှိသကဲ့သို့) “ဆင်းရဲဒုက္ခ”မျှကိုသာ မဆိုလိုဘဲ “မလုံခြုံခြင်း”ကိုလည်း ဆိုလို နိုင်သည့် ဒုက္ခကို ကျော်လွှားရန်အတွက် လမ်းစဉ်ကို ပေးသောကြောင့် ရံဖန်ရံခါ ဗုဒ္ဓကို အထွတ်အမြတ်ထားသော ဘာသာရေးပန်းချီအနုပညာတွင် အဘယမုဒြာဖြင့် သရုပ်ဖော်ရေးဆွဲပါသည်။ (Crosby 2014, 17)

ဗုဒ္ဓဘာသာသည် သရုပ်ခွဲစိတ်ပညာတွင် ဓလေ့ထုံးတမ်း ကြွယ်ဝသောကြောင့် အကြောက်တရားနည်းတူ ဆင်းရဲဒုက္ခ၊ မောဟနှင့် မဆင်မခြင်ပြုလုပ်နိုင်သော မုန်းတီးမှုတို့ကိုပါ သိရှိနားလည်သဘောပေါက်ခြင်းအား ဗုဒ္ဓဘာသာကျမ်းစာများတွင် အလေးအနက်ထားပါသည်။ IHL သည် သေလောက်သော အကြောက်တရားဖြစ်စေသည့် ကြီးမားသော ဆင်းရဲဒုက္ခခံစားရမှုများအတွက် အလေးထားစိုးရိမ်မှုကို ဝေမျှထားပါသည်။ လက်နက်ကိုင်ပဋိပက္ခနှင့်အတူ ပါရှိလာသော ဘေးအန္တရာယ်သက်သက်အပြင် အန္တရာယ်ကို ကြောက်လန့်ခြင်းမှ စစ်မက်တိုက်ခိုက်မှုများတွင် တိုက်ရိုက် ပါဝင်ခြင်းမရှိသူများ (သို့မဟုတ် ဆက်လက်မပါဝင်တော့သူများ) ကို သက်သာရာရစေရန် ရည်ရွယ်သော သဘောတူထားသည့် အကာအကွယ်ပေးမှု စံနှုန်းသတ်မှတ်ချက်တစ်ခုအဖြစ် IHL တစ်ခုလုံးကို ကောက်ချက်ချ အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာကြည်ခြေနီကော်မတီ၏ IHL ဓလေ့ထုံးတမ်း လေ့လာမှု၏ စည်းမျဉ်း(၂)က "အရပ်သားလူထုကြားတွင် ကြောက်ရွံ့ထိတ်လန့်မှုပျံ့နှံ့စေရန် အဓိကရည်ရွယ်သည့် အကြမ်းဖက်မှုလုပ်ရပ်များ သို့မဟုတ် ခြိမ်းခြောက်မှုများ" ကို တားမြစ်ထားပါသည်။[3] ဤဓလေ့ထုံးတမ်းစည်းမျဉ်းတွင် စစ်ပွဲကာလအတွင်း အရပ်သားများ၏ စိတ်ရောကိုယ်ပါ ဆင်းရဲဒုက္ခခံစားရခြင်းကို လျှော့ချရာ၌ IHL ၏ အခန်းကဏ္ဍကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည်။ ကြောက်ရွံ့ထိတ်လန့်မှုနှင့် သေလောက်သော အကြောက်တရားတို့သည် စိတ်ပိုင်းဆိုင်ရာ အနာတရ သို့မဟုတ် အားအင်ကုန်ခန်းစေသော အကျိုးသက်ရောက်မှုများကို ရေရှည် ကျန်ရှိနေစေနိုင်သည့် စိတ်ဒဏ်ရာကို ဖြစ်စေပါသည်။ တိုက်ခိုက်မှုများ၌ အချိုးအစားညီမျှမှုအား အကဲဖြတ်သုံးသပ်ခြင်းများတွင် အရပ်သားများ၏ စိတ်ကျန်းမာရေးထိခိုက်မှုအား ထည့်သွင်းစဉ်းစားမှုများကို အခြေခံသင့်သည်ဟုပင် နောက်ထပ်မကြာသေးမီက အိုင်စီအာရ်စီလေ့လာမှုက အကြံပြုထားပါသည်။ (Gillard 2018, 32-33)

ကြောက်ရွံ့ခြင်းနှင့် အကြောက်တရားကင်းမဲ့ခြင်းတို့တွင် ဗုဒ္ဓဘာသာ ထိုးထွင်းသိမြင်မှုများသည် IHL အားအသုံးချမှုများကို စစ်ပွဲကာလ ဆင်းရဲဒုက္ခခံစားရမှုများ၏ စိတ်ပညာရှုထောင့်များအထိ ချဲ့ထွင်နိုင်ပါသည်။ IHL သည် တိုက်ပွဲဝင်စစ်သည်မဟုတ်သည့် လူထုအား စိတ်ပိုင်းဆိုင်ရာအာမခံချက်အား ပိုမိုများစွာပေးရန် ရည်ရွယ်ထားပါသည် - အဓိကအားဖြင့် တိုက်ခိုက်မှုများအတွင်း ၎င်းတို့ကို ပစ်မှတ်ထားမည်မဟုတ်ကြောင်းနှင့် ၎င်းတို့၏မြေ၊ စားနပ်ရိက္ခာ၊ ဆေးကုသခွင့်၊ ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံနှင့် ၎င်းတို့၏အသက်ရှင်သန်မှုအတွက် မရှိမဖြစ်သော အခြားရင်းမြစ်များကို စစ်ရေးဆိုင်ရာလိုအပ်ချက်အရ ခွင့်ပြုသလောက် အကာအကွယ်ပေးရမည်ဟူသော အာမခံချက်များ ဖြစ်ပါသည်။ (ICRC 2005)[4] တိုက်ပွဲဝင်စစ်သည်မဟုတ်သူများသည် ပဋိပက္ခကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမှုများကို လေးစားလိုက်နာမည်ဆိုသောအချက်ကို ပိုမိုကောင်းမွန်စွာ ယုံကြည်စိတ်ချနိုင်သောအခါ စစ်ပွဲ၏ စိတ်ဒဏ်ရာကို လျော့နည်းသက်သာသွားစေရုံသာမက စိုက်ပျိုးရေးနှင့် ကုန်သွယ်မှုများ ပြတ်တောက်ပျက်စီးမှု နည်းပါးသည့်နည်းတူ လူများနေရပ်စွန့်ခွာရမှု အနည်းအကျဉ်းမျှသာ ဖြစ်ပွားပါမည်။[5]

သို့သော်လည်း အိန္ဒိယဓလေ့ထုံးတမ်းအစဉ်အလာတွင် အကြောက်တရားကင်းမဲ့ခြင်းလက်ဆောင်သည် စိတ်ခံစားမှုဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ခုကိုပေးသည့် လက်ဆောင်သာမက လူမှုနိုင်ငံရေးဆိုင်ရာ အခြေအနေတစ်ခုကိုပေးသည့် လက်ဆောင်လည်း ဖြစ်သည်ဟု မှတ်သားထားရန် အရေးကြီးပါသည် - သတ္တဝါများ ရှင်သန်နိုင်ပြီး သေလောက်သော အန္တရာယ်ကို ကြောက်ရွံ့ခြင်းမှ လွတ်ကင်းကာ ကြီးပွားတိုးတက်နိုင်ခြင်းဖြင့် ယင်းသည် အကာအကွယ်ပေးခြင်းနှင့် စိတ်ချလုံခြုံမှုအခြေအနေများကိုပေးသည့် လက်ဆောင် ဖြစ်ပါသည်။[6] "အစားအစာ၊ ဒိန်ခဲများ၊ ပျားရည်၊ အကာအကွယ်(= အကြောက်တရားကင်းမှု)၊ နွားမများ၊ မြေ၊ ရွှေ၊ မြင်းများနှင့် ဆင်များ" စသော "အမြတ်ဆုံးအလှူဒါနလက်ဆောင်(၉)မျိုး"ကို စာရင်းပြုထားသော ဟိန္ဒူသံခိပ်တို့၌ အဘယဒါန၏ ခိုင်မာသော သွင်ပြင်လက္ခဏာကို ရှင်းလင်းထင်ရှားစေပါသည်။ (Hibbets 1999, 441) အကြောက်တရားကင်းခြင်းသည် လက်ဆုပ်လက်ကိုင်ပြနိုင်သောအထည်ကိုယ်ဒြပ်ရှိဝတ္ထုပစ္စည်းများ၏စာရင်းတို့၌ မကြာခဏပေါ်လာသောကြောင့် အကြောက်တရားကင်းခြင်းကို စိတ်ချလုံခြုံမှု၏ စိတ်ပိုင်းဆိုင်ရာ အာရုံခံစားမှုအဖြစ်သာမက ကြက်ခြေနီရွက်ဖျင်တဲ သို့မဟုတ် နေထိုင်ခွင့်ပါမစ်ကဲ့သို့ လက်ဆုပ်လက်ကိုင်ပြနိုင်သော ဘေးကင်းလုံခြုံမှုအခြေအနေများကို ပေးအပ်သည့်လက်ဆောင်အဖြစ်လည်း ရိုးရှင်းစွာ နားလည်ထားသည့်အချက်အား ကျွန်ုပ်တို့ကို သတိရနေစေရန် ထပ်လောင်းသတိပေးနေပါသည်။ သူတစ်ပါး၏ စိတ်ချလုံခြုံမှု ခံစားချက်ကို ပျိုးထောင်ပေးရန်မှာ

အမြဲတစေ မဖြစ်နိုင်သော်လည်း သူတစ်ပါး၏လုံခြုံရေးအတွက် အခြေအနေများကို ပျိုးထောင်ပေးရန်မှာ လုံး၀ ဖြစ်နိုင်ပါသည်။ လူသား၏ ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာရှုထောင့်များ၏ ယှက်နွယ်မှုအား အခိုင်အမာ သိမြင်နားလည်သဘောပေါက်မှုကို လွှမ်းခြုံအကျုံး၀င်စေရန် အဘယဒါနနှင့် IHL တို့သည် အချင်းချင်း အပြန်အလှန် ဖြည့်ဖက်ပြုလျက်ရှိကြပါသည်။

## "လက်ဆောင်"ကို ပြန်လည်သုံးသပ်ခြင်း - လူသားချင်းစာနာမှု၊ ကမ္မနှင့် အာဏာကိုထိန်းသိမ်းချုပ်တည်းမှု

အကြောက်တရားကင်းခြင်းလက်ဆောင်သည် ဘေးအန္တရာယ်ဖြစ်လွယ်သူများအတွက် ၎င်းတို့၏အသက်များကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏အကြောက်တရားကို သက်သာရာရစေရန် လုံခြုံစိတ်ချရသော အခြေအနေများကို ဖန်တီးပေးသော ကျင့်သုံးမှု ဖြစ်သည်ဆိုလျှင် အဘယဒါနသည် ဤအခြေအနေများ ဖန်တီးပေးရန် အာဏာရှိသည့်နေရာများတွင်ရှိနေသူများအား အများဆုံး တိုက်ရိုက် ပြောဆိုသည့်အချက်ကို ယင်းက လိုက်နာပါသည်။ အစိုးရခေါင်းဆောင်များနှင့် စစ်မှုထမ်းများ၏ ဆုံးဖြတ်ချက်များသည် ကောင်းကျိုး သို့မဟုတ် ဆိုးကျိုးအတွက် လူပေါင်းများစွာ၏ စုပေါင်းထားသောအတွေ့အကြုံကို ပုံဖော်ပေးရာ စစ်ပွဲကာလများအတွင်း အဘယဒါနကျင့်၀တ်သည် အစိုးရခေါင်းဆောင်များနှင့် စစ်မှုထမ်းများနှင့် မြင့်မြင့်မားမား သက်ဆိုင်နေပါသည်။ မနုကျယ်ဓမ္မသတ်များကဲ့သို့သော ဟိန္ဒူရေးဟောင်းဂန္ထ၀င်ကျမ်းများတွင် မည်သူ့အား ရှင်စေ၊ မည်သူ့အား သေစေဟု ဆုံးဖြတ်ရန် အာဏာကို ရှင်ဘုရင်၏ရာထူးနေရာ လုပ်ပိုင်ခွင့်က ရှင်ဘုရင်ကို ပေးထားသောကြောင့် အကြောက်တရားကင်းခြင်း လက်ဆောင်ကို ရှင်ဘုရင်များအား အပ်နှင်းထားသော ကျင့်၀တ်သိက္ခာဆိုင်ရာ တာ၀န်တစ်ခုအဖြစ် သဘောထားပြုမူပါသည်။ ဤဟိန္ဒူကျမ်းများနှင့် ယင်းတို့အပေါ် အခြေခံထားသော ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာများသည် တရားမျှတမှန်ကန်သော သို့မဟုတ် တရားဓမ္မနှင့်ညီသော မင်းကို ဘေးကင်းလုံခြုံမှုအတွက် ၎င်းထံသို့ ရောက်လာသူများအား အကာအကွယ်ပေးသူအဖြစ်လည်းကောင်း၊ အလွန်အကျွံ သို့မဟုတ် အချိုးအစားမညီမျှသော အကြမ်းဖက်မှုမှ ရှောင်ကြဉ်သူအဖြစ်လည်းကောင်း (IHL ၏ အချိုးအစားညီမျှခြင်းမူအတွက် အရေးပါသောနည်းလမ်းများတွင် အပြန်အလှန် ဆက်နွယ်နေသော လက္ခဏာတစ်ခု) မျှော်မှန်းပါသည်။

အကြောက်တရားကင်းခြင်းလက်ဆောင်သည် ဘုရင် သို့မဟုတ် နိုင်ငံအစိုးရက စိတ်ကူးပေါက်ရာ ကျင့်သုံးနိုင်သော အထိခိုက်မခံနိုင်သည့် ကိုယ်ကျင့်သိက္ခာဖြစ်ကြောင်းကို သွယ်၀ိုက်ညွှန်းဆိုရန် တရားမျှတမှန်ကန်သော မင်းက ပေးသည့် "လက်ဆောင်"အဖြစ် အကာအကွယ်ပေးခြင်းအား ရှေးရိုးပုံစံ ဘောင်ခတ်ထားခြင်းကို နားလည်မှု မလွဲသင့်ပေ။ ဆန့်ကျင်ဘက်အားဖြင့် အကြောက်တရားကင်းခြင်းလက်ဆောင်သည် အကာအကွယ်မရှိသူများအား လူသားချင်းစာနာမှုအတွက် အဓိကကျသော မူလအခြေခံ ဖြစ်ပါသည်။ မာ့စ်လို(Maslow)၏ လူသိများသော ဘုံဆင့်လိုအပ်ချက်များ(1943)က ဆင်းရဲဒုက္ခနှင့် မသေချာမရေရာမှုမလုံခြုံမှုတို့ ကြီးမားပြင်းထန်သောအခါ ၎င်းတို့သည် လူသားများအဖြစ် ကျွန်ုပ်တို့၏အမှန်တရားရှာဖွေမှုနှင့် မိမိ၏စွမ်းရည်ဖြည့်ဆည်းမှုဖြစ်စဉ်ကို တားဆီးထားကြောင်း ဗုဒ္ဓဘာသာ၏ နားလည်သဘောပေါက်မှုကို ထင်ဟပ်ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏အသက်များဆုံးရှုံးမည်ကို ကြောက်ရွံ့သောအခါတွင် ကျွန်ုပ်တို့၏ လူ့စွမ်းရည်မြင့်မားမှုကို ထင်ဟပ်စေသော ရုပ်ပိုင်း၊ အသိဉာဏ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ ပို၍မြင့်မြတ်သော ရည်မှန်းချက်ပန်းတိုင်များနောက်မလိုက်နိုင်မီ ကျွန်ုပ်တို့၏ ဆက်လက်ရှင်သန်ရေးအတွက် အခြေခံအကျဆုံး အခြေအနေများကို ရှာဖွေရန် ကျွန်ုပ်တို့အား တွန်းအားပေးထားပါသည်။ အကာအကွယ်ပေးခြင်း "လက်ဆောင်" သည် အကြမ်းဖက်မှုကို အထူးတလည် ခံနိုင်စွမ်းမရှိသော အန္တရာယ်ဖြစ်လွယ်သူများအား ၎င်းတို့အတွက် လူသားချင်းစာနာမှုကို ပြန်လည်ရရှိစေနိုင်ပါသည် - ဗုဒ္ဓဘာသာအတွေးအခေါ် တွင် လွတ်လပ်မှုများနှင့် အကျိုးတရားများနှင့်အတူ ဘ၀၏ ပိုမိုပြည့်၀သော အတွေ့အကြုံဖြင့် ကြောက်ရွံ့ခြင်းနှင့် ထိတ်လန့်ခြင်းမှ ပြောင်းလဲခြင်းသည် တန်ဖိုးရှိသော လူသား မွေးဖွားမှု၏ ထူးခြားသည့်သွင်ပြင်လက္ခဏာကို ဖော်ပြ ပါသည်။ ခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်သူများ၏ အသက်နှင့် လူသားချင်းစာနာမှုကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရန်မှာ ဘုရင်၏တာ၀န် ဖြစ်ပါသည်။ IHL ကလည်း

၎င်း၏ဆွဲဆောင်နိုင်စွမ်းအတွက် စစ်ရေးဆိုင်ရာ လိုအပ်ချက်နှင့် ဟန်ချက်ညီစေပြီး လူသားချင်းစာနာမှုအခြေခံမှုကို တောင်းဆိုပါသည်။

ကျွန်ုပ်တို့၏အခြေအနေများသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်အတိတ်ကံလုပ်ဆောင်မှုများကြောင့် ရွေ့လျားမှု စတင်တွင် တစ်စိတ်တစ်ဒေသအားဖြင့် ဖြစ်ပေါ်စေသော အကြောင်းတရားများ၏ ရလဒ်များဖြစ်သည်ဟု သွန်သင်ထားသည့် ကံနှင့်သက်ဆိုင်သော ဗုဒ္ဓဘာသာဒေသနာတော်သည် ခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်သူများအား အကာအကွယ်ပေးရန် ခေါင်းဆောင်များကို ၎င်းတို့၏တာဝန်မှ လွတ်ငြိမ်းခွင့် မပေးချေ။ တပါးသူတို့အား ဒုက္ခပေးသောသူများကို ခွင့်လွှတ်သည့်နည်းလမ်းဖြင့် ၎င်းတို့ တောင့်ခံရသည့် ဆင်းရဲဒုက္ခများအား ရှင်းပြရန် ကံသဘောတရားကို သေချာပေါက် အသုံးပြုနိုင်သော်လည်း ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာက ဤကံတရားအား နားလည်မှုလွဲမှားခြင်းကို စောဒကတက်ထားပါသည်။ ပထမဦးစွာ မူရင်းပါဠိကျမ်းဂန်တွင် ဗုဒ္ဓသည် ကျွန်ုပ်တို့၏ လက်ရှိအခြေအနေများကိုဆုံးဖြတ်ရာ၌ ကံတရား၏ အချို့သောကန့်သတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ တွေ့ကြုံခံစားရမှုအားလုံးသည် အတိတ်ကံကြောင့်ဖြစ်သည်၊ တွေ့ကြုံခံစားရမှုအားလုံးသည် ဘုရားသခင်၏ ဖန်ဆင်းမှုကြောင့်ဖြစ်သည်နှင့် တွေ့ကြုံခံစားရမှုအားလုံးသည် အကြောင်းတိုက်ဆိုင်မှုသက်သက်ကြောင့်ဖြစ်သည် ဟူသော အပြဋ္ဌာန်းခံဝါဒ၏ သီအိုရီသဘောတရားသုံးခုကို ဗုဒ္ဓက ဆန်းစစ်ဝေဖန်ထားပါသည်။ (Harvey 2007, 57) ဆင်းရဲဒုက္ခနှင့် မလုံခြုံမှုတို့၏ အကြောင်းတရားများကို ကံတရားကြောင့်ဟု အတိအကျ မှတ်ယူ၍ မရနိုင်ပေ။ ထို့အပြင် “သီးခြားလုပ်ဆောင်မှုတစ်ခု၏ ကံအကျိုးဆက်ရလဒ်များကို အမှန်စင်စစ် အမျိုးမျိုး တွေ့မြင်ရသည် ဖြစ်သောကြောင့် အတိတ်ကံသည် ပုံသေအကျိုးရလဒ်တစ်ခုကို စက်ဖြင့်ထုတ်လုပ်သည့်နည်းလမ်းကဲ့သို့ တရားသေ အဆုံးအဖြတ်ပေးခြင်းမဟုတ်ပေ”။ (Harvey 2007, 59) ဗုဒ္ဓ သွန်သင်ပြသထားသည့်အတိုင်း ကံတရား၏ ရှုပ်ထွေးမှုသည် ကြိုဆ၍မရနိုင်ပေ။ (Harvey 2007, 60)

အတိတ်ကံကို တစ်စုံတစ်ဦး၏ ယခုလက်ရှိပစ္စုပ္ပန် ဆင်းရဲဒုက္ခအတွက် အကြောင်းတရားအဖြစ် နားလည်နိုင်သည့်တိုင် ချမ်းသာသုခ သို့မဟုတ် ဆင်းရဲဒုက္ခ ဖြစ်ပေါ်လာစေရန်အတွက် လက်ငင်း အခြေအနေများကို ပေးနိုင်သော အာဏာရှိသူများ၏ ကျင့်ဝတ်ဆိုင်ရာတာဝန်ကို ဤအတိတ်ကံက မဖယ်ရှားနိုင်ပေ။ မဟာယာနအစဉ်အလာတွင် တိဘက်အဋ္ဌကထာဆရာတစ်ဦးက ထိုရှင်းလင်းဖော်ပြသော ကံစွမ်းအားကို ၎င်းက ငြင်းချက်ထုတ်သည့်အခါ အောက်ပါအတိုင်း စောဒကတက်ပါသည် -

> မည်သည့်လောကနိယာမ၌မဆိုနှင့် လောကနိယာမတိုင်းတွင် လူတို့အပေါ် အစုအပေါင်းလိုက်ဖြစ်စေ၊ တစ်ခုချင်းအလိုက်ဖြစ်စေ နှစ်နည်းလုံးဖြင့် ကျရောက်သည့် အကောင်းနှင့်အဆိုးတို့သည် စင်စစ်အားဖြင့် ဝေမျှပိုင်ဆိုင်သည့် သို့မဟုတ် မပိုင်ဆိုင်သည့် ထိုကောင်းကံဆိုးကံတို့၏ ဖြစ်ထွန်းမှုအသီးအပွင့်များ ဖြစ်ပါသည်။ သို့သော်လည်း သမားရိုးကျပြောရလျှင် မည်သည့်နေရာ၌မဆို ဗုဒ္ဓ၏အဆုံးအမသာသနာ၏ ရောင်ဝါထွန်းလင်းမှုနှင့် မှေးမှိန်မှုသည်လည်းကောင်း၊ သတ္တဝါတို့၏ သက်ဆိုင်ရာ ပျော်ရွှင်မှု သို့မဟုတ် စိတ်ဒုက္ခရောက်မှုတို့သည်လည်းကောင်း ထိုတိုင်းပြည်၏ ဘုရင်များနှင့် မှူးမတ်ဝန်ကြီးများ၏ ဝစီကံပြောစကားနှင့် ကာယကံအလုပ်တို့၏ အကျိုးဆက်အဖြစ် အားလုံး အစဉ်လိုက်ဖြစ်ပွားပါသည်။ ထို့ကြောင့် [. . .] တိုင်းသူပြည်သားတို့အပေါ် ကျရောက်သော ကုသိုလ်နှင့်အကုသိုလ်တို့သည်လည်းကောင်း၊ ပျော်ရွှင်ခြင်းနှင့်စိတ်ဆင်းရဲခြင်းတို့သည်လည်းကောင်း ထိုနေရာ၏ ဩဇာအာဏာရှိသော အုပ်စိုးသူများ၏ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် အစဉ်တစိုက်လိုက်ပါခြင်းဖြစ်ပြီး ထိုကိစ္စရပ်မျိုးမဖြစ်သော နေရာဟူ၍ မရှိပေ။ (Sumpa Khenpo 2001, 471)

အာဏာသည် ကျင့်ဝတ်သိက္ခာဆိုင်ရာတာဝန်နှင့်အတူလာသောကြောင့် မိမိ၏ တိုင်းသူပြည်သားတို့ ဆင်းရဲဒုက္ခရောက်ရမှုများတွင် မိမိကိုယ်တိုင်၏အပြစ်မကင်းမှုကို နားလည်ရန်ပျက်ကွက်သော ဘုရင်သည် အကြောင်းနှင့် အကျိုးကို မှန်မှန်ကန်ကန် နားလည်ခြင်း မရှိပေ။

"လက်ဆောင်"(ဒါန)အဖြစ် အကြောက်တရားကင်းခြင်းအား ရှေးရိုးပုံစံ သိရှိနားလည်သဘောပေါက်ခြင်းသည် ကိုယ်ကျိုးအတ္တအတွက်မဟုတ်ဘဲ အများအတွက်ရည်ရွယ်သောအရာအဖြစ် ထိုအကြောက်တရားကင်းခြင်းကို ပြတ်ပြတ်သားသား နေရာပေးထားသည်မှာ အရေးပါလှပါသည်။ ကျွန်ုပ်၏အမြင်အရ ဒဏ်ခတ်မခံရခြင်း သို့မဟုတ် သူတစ်ပါးတို့အပေါ် ၎င်းတို့လုပ်ဆောင်မှုများ၏ အကျိုးသက်ရောက်မှုများကို အလေးမထားခြင်း အဓိပ္ပာယ်နှင့် အကြောက်တရားမရှိ လုပ်ဆောင်ရန် အုပ်စိုးသူများအတွက် ကျိုးကြောင်းပြချက်တစ်ခုအဖြစ် ဗုဒ္ဓဘာသာကျမ်းစာများတွင် အဘယဒါနကို မည့်သည့်နေရာတွင်မျှ အသုံးပြုထားခြင်းမရှိပေ။[7] အကြောက်တရားကင်းခြင်းသည် အာဏာပါဝါမရှိသူများအတွက် လက်ဆောင်တစ်ခုအဖြစ် အဓိပ္ပာယ်သက်ရောက်ပါသည်။ အာဏာရှိသူများအတွက် ဗုဒ္ဓဘာသာထုံးတမ်းအစဉ်အလာသည် ကရုဏာ၊ ပညာနှင့် ချုပ်တည်းထိန်းသိမ်းခြင်း သံဝရတရားတို့တွင် လေ့ကျင့်ခြင်းကို လမ်းညွှန်မှုပေးပါသည်။[8]

ကိုယ်ကျိုးအတ္တဘက်သို့ ပြောင်းလိုက်သောအခါ အကြောက်တရားကင်းခြင်းလက်ဆောင်ကို ပေးကမ်းမှု လက်ဆောင်(ဒါန)တစ်ခုအဖြစ်သာ ဘောင်ခတ်ထားခြင်းမဟုတ်ဘဲ လက်နက်တစ်ခု - မိမိ၏ ကိုယ်ပိုင်အတ္တနှင့် အလိုကြီးမှုလောဘကို ရင်ဆိုင်ရန် လက်နက်တစ်ခုအဖြစ်ပါ ဘောင်ခတ်ထားပါသည်။ ပေးကမ်းခြင်း(ဒါန)သည် "မကောင်းမှုအကုသိုလ်ကိုလှုံ့ဆော်ပေးသော မူလအကြောင်းရင်းဇာစ်မြစ်သုံးပါးအနက် ပထမဆုံးအကြောင်းတရားဖြစ်သော အလိုကြီးခြင်း(လောဘ)ကို ရင်ဆိုင်ရန် အကောင်းဆုံး လက်နက်ဖြစ်သောကြောင့်" အကြောက်တရားကင်းခြင်းကို ပေးခြင်းသည် အုပ်စိုးသူများအတွက် ထုံးစံအတိုင်း အလွန်အရေးကြီးသောတာဝန်တစ်ရပ် ဖြစ်ပါသည်။ (De Silva 1995, para 2) ထို့အပြင် "ဒေဝတာသံယုတ်တွင် ပေးကမ်းခြင်း(ဒါန)ကို စစ်ပွဲနှင့် တန်းတူထားပါသည်။ [. . .] တစ်စုံတစ်ဦးသည် လောဘဟူသော အကုသိုလ်တပ်ဖွဲ့များကို တိုက်ခိုက်ရပါသည်။ (De Silva 1995, para 3) ဤ ချဲ့ထွင်ထားသော စစ်ပွဲဥပမာတွင် အုပ်စိုးသူများသည် ၎င်းတို့၏လက်နက်အဖြစ် အကြောက်တရားကင်းခြင်း လက်ဆောင်ကို အသုံးပြုလျက် ၎င်းတို့၏ကိုယ်ပိုင်လောဘကို တိုက်ခိုက်ရပါမည်။ အကာအကွယ်ပေးမှုအား ကျင့်သုံးခြင်းကို စစ်ပွဲတစ်ပွဲနှင့် ပုံခိုင်းခြင်းအားဖြင့် ဒေဝတာသံယုတ်တွင် ဘုရင်တစ်ပါး၏ အကြောက်တရားကင်းမှုကိုပေးခြင်းသည် အကြမ်းဖက်မှုအတွက် ၎င်း၏စွမ်းရည်နှင့် တန်းတူအညီအမျှ (သို့မဟုတ် ယင်းထက် ပိုမိုကြီးမားခြင်း) ဖြစ်သင့်သည်ဟူသော အလွန်စိတ်ဝင်စားဖွယ်ရာ ကိစ္စရပ်တစ်ခုကို ဖော်ပြထားပါသည်။ အာဏာအတွက် မိမိ၏ကိုယ်ပိုင်အလိုလောဘကိုဆန့်ကျင်တိုက်ခိုက်ရသော စစ်ပွဲတွင် ပါဝင်ခြင်းအားဖြင့် ဘုရင်သည် မိမိ၏တိုင်းသူပြည်သားများအား အခြိမ်းခြောက်ဆုံးသော ရန်သူဖြစ်သည့် မိမိကိုယ်တိုင်ကို အောင်နိုင်လေ၏။ (Hibbets 1999) ဥပသကာ သီလများနှင့်သက်ဆိုင်သည့် သုတ္တန်က သတ္တဝါများ ကြောက်ရွံ့နိုင်သည့် အန္တရာယ်အများအပြားကို တစ်ခုချင်းစာရင်းလုပ်ရေတွက်သည့်အခါ ဘုရင်များသည် ထိုစာရင်းတွင် ပထမဆုံး ဖြစ်နေပါသည် - "ဘုရားလောင်းသည် ဘုရင်များ၊ ခြင်္သေ့များ၊ ကျားများ၊ ဝံပုလွေများ၊ ရေကြီးခြင်းများ၊ မီးလောင်ခြင်းများ သို့မဟုတ် ခိုးသားဓားပြများကို ကြောက်လန့်နေကြသည့် အသိရှိသောသတ္တဝါများအားမြင်တွေ့ပြီး ၎င်းတို့အားကယ်တင်လျှင် ယင်းကို အကြောက်တရားကင်းခြင်းကိုပေးခြင်းဟု ခေါ်ဆိုပါသည်"။ (Shih 1991, 107) စရိယာပိဋက အဋ္ဌကထာ တွင် အလားတူစာရင်း၏ရှေ့၌ ဘုရင်များကို ကျွန်ုပ်တို့ တွေ့ရှိရပါသည် - ဘုရင်များ၊ ခိုးသားများ၊ မီး၊ ရေ၊ ရန်သူများ၊ ခြင်္သေ့များ၊ ကျားများ၊ အခြားသော သားရဲကြီးများ၊ နဂါးများ၊ ဘီလူးများ၊ မကောင်းဆိုးဝါးများ၊ မှင်စာများ စသည် တို့ကြောင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်လာကြသောအခါ အကြောက်တရားကင်းခြင်းကိုပေးခြင်းသည် ထိုသူများ အား အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။ (Dhammapala 1978, para. 10) အဘယဒါနသည် အကာအကွယ် ပေးသူကင်းမဲ့နေသူများကို အကာအကွယ်ပေးပါသည်။ သို့သော် အဘယဒါနသည် အုပ်စိုးသူက အခြားသူတို့အား မတော်မတရားပြုခြင်းထက် ကာကွယ်စောင့်ရှောက်မှုပေးခြင်းဖြစ်သည်ကို သေချာစေခြင်းဖြင့် အကာအကွယ် ပေးသူကိုလည်း ဖန်တီးပေးပါသည်။

**အချုပ်အခြာအာဏာပိုင် တာဝန်အဖြစ် ဘေးကင်းလုံခြုံမှု**

အကြောက်တရားကင်းခြင်းသည် အကျပ်အတည်းကာလများ သို့မဟုတ် စစ်ပွဲကာလများအတွက် ရည်ရွယ်သော လက်ဆောင်(ဒါန)မျှသာမက ယင်းသည် "ဘုရင်များက ၎င်းတို့၏တိုင်းသူပြည်သားများ လုံခြုံစွာဖြင့် နေထိုင်နိုင်ရန် ၎င်းတို့က သေချာစေသည့်အခါ ပေးသည့်လက်ဆောင်"လည်း ဖြစ်ပါသည်။ (Hibbets 1999, 441; emphasis mine) အထူးသဖြင့် ဘုရင်သည် ၎င်း၏တိုင်းသူပြည်သားများအား ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း၊ ထောင်သွင်းအကျဉ်း ချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ ရိုက်နှက်ခြင်း၊ ခိုးဝှက်ခြင်းနှင့် အရှက်ရခြင်းတို့ကို ကြောက်ရွံ့ထိတ်လန့်ခြင်းမှ အကာအကွယ်ပေးရပါမည်။ (Heim 2004, 122) တစ်နိုင်ငံချင်းက ၎င်း၏ပြည်တွင်းရှိလူထုကို စစ်မှန်သည့်လုံခြုံမှုကို ပေးခဲ့မည်ဆိုလျှင် မည်သူမျှ အကာအကွယ်ပေးသူကင်းမဲ့မည်မဟုတ်ဆိုသည်ကို ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားသည့် အခါ လုံခြုံမှုနှင့် အကြောက်တရားကင်းမှုတို့အကြား ကျိုးကြောင်းဆီလျော်ယုတ္တိတန်သော ဆက်နွယ်မှုမှာ ပေါ်လွင်ထင်ရှားပါသည်။ ပြည်သူများ၏လုံခြုံမှုကို ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြင့် အကြောက်တရားကင်းခြင်း ကိုပေးသော ဘုရင်သည် အခြားတစ်နေရာရာတွင် အကြောက်တရားကင်းခြင်းလက်ဆောင်ကို ရှာဖွေကြရမည့် အသစ်အသစ်သော ခံနိုင်ရည်အားနည်းသည့်ဘေးဖြစ်လွယ်သူလူထုများကို ဖြစ်ပေါ်စေရန်ဖန်တီးခြင်းမှ ရှောင်ကြဉ် ပါသည်။ ကာကွယ်တားဆီးပေးသောလက်ဆောင်အဖြစ် လုံခြုံမှုပေးသောလက်ဆောင်အပေါ် ဤအလေးထားမှု သည် အကျပ်အတည်းကို တုံ့ပြန်မှုမျှသာမက နေရပ်စွန့်ခွာရမှုနှင့်ပတ်သက်၍ IHL ၏ သဘောထားအမြင်နှင့် ကောင်းစွာ ကိုက်ညီပါသည်။ ICRC ၏ IHL ဓလေ့ထုံးတမ်း လေ့လာမှုအရ ပဋိပက္ခတွင်ပါဝင်သောအဖွဲ့များသည် နေရပ်စွန့်ခွာရသူများကို အကာအကွယ်ပေးရန်တာဝန်ရှိပြီး (စည်းမျဉ်း ၁၃၁) ထိုနေရပ်စွန့်ခွာမှုကို ထိုလူထု၏ လုံခြုံရေး သို့မဟုတ် အရေးကြီးသော စစ်ရေးဆိုင်ရာရည်မှန်းချက်များအရ ဆောင်ရွက်ရန် လိုအပ်လာသည့်အခါမှ လွဲ၍ ပထမနေရာရှိ လူများကို မူလနေရာမှဖယ်ရှားခြင်းကို ရှောင်ကြဉ်ရန် တာဝန်ရှိပါသည်။ (စည်းမျဉ်း ၁၂၉) အကြောက်တရားကင်းခြင်းလက်ဆောင်သည် လုံခြုံမှုက လိုအပ်သည့် - ပြဿနာကို တုံ့ပြန်ရာတွင် အကာအကွယ် ပေးခြင်းသာမက စစ်မက်တိုက်ခိုက်ခြင်း၏ အကျိုးသက်ရောက်မှုများမှ ခံနိုင်ရည်နည်းသည့်ဘေးဖြစ်လွယ်သူများ ကို ပိုမိုယေဘုယျကျစွာ အကာအကွယ်ပေးနိုင်ရန်အတွက် ချုပ်တည်းကာ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုနှင့် ကြိုတင်သတိထားကာကွယ်မှုတို့အား ဖြစ်ပေါ်စေရန်ဖန်တီးသော ပျိုးထောင်မှုတို့အတွက် ခိုင်မာသောအမြင်ကို ပေးပါသည်။

မနုကျယ်ဓမ္မသတ်များတွင်(4.232) "အကြောက်တရားကင်းခြင်းကိုအပ်နှင်းသူသည်(အပြန်အလှန်အဖြစ်) အချုပ်အခြာအာဏာကို ရရှိသည်"ဟု ရေးသားထားပါသည်။ (Hibbets 1999, 442) အစဉ်အလာအားဖြင့် အုပ်စိုးသူ ၏ အုပ်ချုပ်ရန် အခွင့်အာဏာသည် လူထုအား အကြောက်တရားကင်းမှုကို ၎င်း၏ပေးစွမ်းနိုင်ခြင်းမှ လိုက်နာ ဖြစ်ပေါ်ပါသည်။ အကြောက်တရားကင်းခြင်း၊ မကြောက်ရွံ့ခြင်းသည် အုပ်ချုပ်မှုအတွက် မရှိမဖြစ်ရှိရမည့် လိုအပ် ချက်တစ်ခု ဖြစ်ပါသည်။ Hibbets ရှင်းပြထားသည့်အတိုင်း "ပြည်သူများအား အကာအကွယ်ပေးမှုကို သေချာ အောင်လုပ်ဆောင်နိုင်သူ မည်သူမဆိုသည် အုပ်ချုပ်ရန် အခွင့်ရှိပါသည် ... - ဘုရင်၏ အဓိက လုပ်ငန်းတာဝန်များ အနက်တစ်ခုမှာ ၎င်း၏တိုင်းသူပြည်သားများကို အကာအကွယ်ပေးခြင်းဖြစ်သောကြောင့် စင်စစ်အားဖြင့် ၎င်း၏ လုံခြုံမှုပေးခြင်း 'လက်ဆောင်' က ၎င်းအား လုပ်ပိုင်ခွင့်အာဏာ ပေးထားခြင်း ဖြစ်ပါသည်"။ (442) အကာအကွယ် ပေးခြင်းအား လက်တွေ့ကျင့်သုံးခြင်းသည် အရှိန်အဝါကြီးမားသော အချုပ်အခြာအာဏာပိုင် ခေါင်းဆောင်တစ်ဦး ၏ မရှိမဖြစ်လိုအပ်သောအရာ ဖြစ်ပါသည်။[9] လူ့ယဉ်ကျေးမှု၏ မူလအစများအကြောင်း ဇာတ်ကြောင်းပြန် ပြောပြသည့် ဖြစ်စဉ်တစ်ခုကို ဖော်ပြထားသော အဂ္ဂညသုတ္တန်တွင် (ဒီဃနိကာယ, သုတ္တ ၂၇၊ အတွဲ ၃၊ ၉၂-၉၃) စိတ်ဝင်စားဖွယ်ရာ နှိုင်းယှဉ်မှုတစ်ခုကို တွေ့ရှိနိုင်ပါသည်။ ထိုကျမ်းက ခိုးမှုကို အပြစ်ဒဏ်ပေးခြင်းအားဖြင့် စားနပ် ရိက္ခာဖူလုံမှုကို သေချာစေရန် ရည်ရွယ်ချက်အတွက် ပြည်သူက ရွေးချယ်တင်မြှောက်သူအဖြစ် ပထမဆုံး ဘုရင်ကို ဖော်ပြထားပါသည်။

ထို့နောက် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာကို နားလည်သဘောပေါက်ရန်အတွက်သော်လည်းကောင်း သို့မဟုတ် နိုင်ငံတစ်နိုင်ငံသည် ၎င်း၏လူထုအတွက် လုံခြုံမှုပေးရန် ၎င်း၏တာဝန်များကို ပျက်ကွက်ခဲ့သည့်အခါ တရားမျှတကြောင်းပြသော ကြားဝင်ဆောင်ရွက်မှုအတွက်သော်လည်းကောင်း အဘယဒါနကို မူဘောင်တစ်ခု

အဖြစ် အသုံးပြုနိုင်ပါသည်။ နိုင်ငံ၏ အချုပ်အခြာအာဏာကို ယာယီအားဖြင့် ပေးအပ်ခဲ့ရပြီး ဖြစ်သည်ဟု မှတ်ယူနိုင်သည့် နိုင်ငံ့နယ်စပ်များအတွင်း အစိုးရက ခံနိုင်ရည်အားနည်းသည့်ဘေးဖြစ်လွယ်သူများအား အကြောက် တရားကင်းခြင်းကို ပေးရန် မစွမ်းနိုင်ပေ။ မျက်မှောက်ခေတ် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များတွင် အကြောက် တရားကင်းမှုပြဋ္ဌာန်းချက်ကို ရံဖန်ရံခါ တောင်းဆိုရမည်ဖြစ်ပြီး ၎င်းတို့၏အသက်များအတွက် ကြောက်လန့်နေသူ များကို ငြင်းပယ်ခဲ့သည့်အခါ၌ပင်လျှင် ယင်းကို လက်မလွှတ်တမ်း အသုံးချရပါမည်။

သို့သော်လည်း အဘယဒါနဆိုင်ရာ ရှေးဟောင်းစာပေအဖွင့်များထဲတွင် နိုင်ငံရေးဆိုင်ရာအချုပ်အခြာ အာဏာကို ဖော်ကျူးဖျောင်းဖျခြင်းသည် ပြဿနာနိုင်ခြေအလားအလာကို ဖြစ်ပေါ်စေပါသည်။ ယင်းသည် သီးခြား လူအုပ်စုတစ်ခုကို နိုင်ငံမဲ့ဖြစ်စေပြီး အခြားတစ်နေရာရာတွင် အကာအကွယ်ပေးမှုကို ၎င်းတို့အား ရှာစေခြင်းဖြင့် ထိုအုပ်စုအပေါ်တွင်သာ အချုပ်အခြာအာဏာကို စွန့်လွှတ်ရန် ခေါင်းဆောင် သို့မဟုတ် အစိုးရအတွက် စောဒက တက်အကြောင်းပြချက် ပေးစေနိုင်ပါသည်။ ခံနိုင်ရည်နည်းသောဘေးဖြစ်လွယ်သူများအား အကာအကွယ်ပေးခြင်း ၏ ကောင်းကျိုးကို မြှင့်တင်ပေးခြင်းနှင့်တစ်ချိန်တည်းမှာပင် အကြောက်တရားကင်းခြင်းကို လုံခြုံမှုဆိုင်ရာ လက်ဆုပ်လက်ကိုင်ပြနိုင်သော အခြေအနေများနှင့် ချိတ်ဆက်ထားသော်လည်း အဘယဒါနသည် အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်ခုကို ထိုနိုင်ငံ၏အချုပ်အခြာအာဏာပိုင်နယ်မြေတလွှား သိရှိထားသည့် အပြင်လူများကို ထည့်သွင်းရန် လုံးဝ မဖြစ်မနေတောင်းဆိုခြင်း (ထိုကဲ့သို့ အဓိပ္ပာယ်ကောက်ယူစရာ သေချာပေါက် ရှိသော်လည်း) မရှိပေ။ ဤကွာဟချက်ကိုဖြည့်ရန် လက်တွေ့ကျင့်သုံးသူများသည် လူနည်းစုအုပ်စုများအတွက် အကာအကွယ် ပေးခွင့်ကို အထောက်အကူပြုနိုင်သော အခြား ဗုဒ္ဓဘာသာဒေသနာတော်များနှင့် ကျင့်သုံးမှုများကို မှီငြမ်းကိုးကား ရမည်ဖြစ်ပြီး ဗုဒ္ဓဘာသာ၏ လူ့အဖွဲ့အစည်းအတွင်း လူမျိုးစု၊ နိုင်ငံရေးအယူအဆ၊ ကိုးကွယ်မှုတို့ ကွဲပြားသော်လည်း ငြိမ်းချမ်းစွာယှဉ်တွဲနေနိုင်သည့်ဗဟုဝါဒ၏အောင်မြင်မှုများကို ပြသရပါမည်။

အဘယဒါနကို နိုင်ငံ့အချုပ်အခြာအာဏာနှင့် ဤချိတ်ဆက်မှုတွင် ပေါ်ပေါက်လာသည့် နောက်ထပ် အခက်အခဲတစ်ခုမှာ နိုင်ငံတကာပါဝင်သောလက်နက်ကိုင်ပဋိပက္ခများ(IACs)နှင့် နိုင်ငံတကာအရေးအခင်းမဟုတ် သောလက်နက်ကိုင်ပဋိပက္ခများ(NIACs)အကြား IHL တွင် ခွဲခြားမှု ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများတွင် အစိုးရများမဟုတ်သောအုပ်စုများနှင့် ၎င်းတို့ကိုယ်၎င်းတို့ အစိုးရများအဖြစ် အခိုင်အမာဆိုမထားသောအုပ်စုများ ပို၍ပို၍ ပါဝင်လာပါသည်။ အချုပ်အခြာအာဏာပိုင် ဘုရင် သို့မဟုတ် နိုင်ငံ၏ တာဝန်များအပေါ် အဓိကထား အာရုံစိုက်သည့် အဘယဒါနအား ရှေးရိုးအစဉ်အလာစာပေပုံစံ နားလည်သဘောပေါက်ခြင်းဖြင့် အစိုးရမဟုတ်သည့် အပြင် အတိအကျသတ်မှတ်ထားသောသီးခြားနယ်မြေတစ်ခုခု သို့မဟုတ် လူထုအပေါ် အချုပ်အခြာအာဏာကို အခိုင်အမာတောင်းဆိုခြင်းမရှိသော လက်နက်ကိုင်အဖွဲ့တစ်ခုကို လွယ်ကူစွာ ဆွဲဆောင်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတွင် အဘယဒါနသည် ဘုရင်များသာမက လူ့အဖွဲ့အစည်း အတွင်း အဆင့်တိုင်းတွင် လူတိုင်းနှင့်သက်ဆိုင်သော နယ်ပယ်လည်း ဖြစ်နေသောကြောင့် အဘယဒါန၏ အခြားသော ကိုယ်ကျင့်သိက္ခာနှင့် ကံတရားဆိုင်ရာ အလွန်အရေးကြီးသော အချက်များသည် ထိုလက်နက်ကိုင်အဖွဲ့ များနှင့် သက်ဆိုင်နေဆဲ ဖြစ်နိုင်ပါသည်။

**ဗုဒ္ဓဘာသာ ကိုယ်ပိုင်လက္ခဏာနှင့် ကျင့်သုံးမှုအတွက် အခြေခံအုတ်မြစ်ဖြစ်သော အဘယဒါန**

ဒါနပါရမီနှင့်ပတ်သက်၍ ပေးကမ်းခြင်းလက်ဆောင်ဒါနများအား - “ရုပ်ဝတ္ထုများကိုပေးကမ်းခြင်း(အာမိသဒါန)၊ အကြောက်တရားကင်းမှု(ဘေးကင်းမှု)ကိုပေးကမ်းခြင်း(အဘယဒါန)နှင့် တရားဓမ္မကိုပေးကမ်းခြင်း(ဓမ္မဒါန) ဟူ၍ သုံးမျိုးသုံးစားခွဲရာ၌ ဗုဒ္ဓဘာသာအဋ္ဌကထာကျမ်းများတွင် အဘယဒါနကို ထုံးစံအတိုင်း ဆွေးနွေးထားပါသည်။ (Dhammapala 1978, para.2) ဗုဒ္ဓဘာသာ အဋ္ဌကထာကျမ်းများတွင် အများဆုံး ဆွေးနွေးထားသည်မှာ တရားဓမ္မ ပေးကမ်းခြင်းများနှင့် ရုပ်ဝတ္ထုပစ္စည်းများပေးကမ်းခြင်းများ၊ အခြားသူများအတွက် မိမိ၏ခန္ဓာကိုယ်ကို စွန့်လွှတ်

အနစ်နာခံသော အဆုံးစွန် ပေးကမ်းလှူဒါန်းခြင်းတို့ ဖြစ်ပါသည်။[10] ရုပ်ဝတ္ထုပစ္စည်းများ ပေးကမ်းလှူဒါန်းခြင်းကို လူဝတ်ကြောင်အသိုင်းအဝိုင်း၏ တာဝန်အဖြစ် နားလည်ထားပြီး တရားဓမ္မပေးကမ်းလှူဒါန်းခြင်းကို ရဟန်းသံဃာ အသိုင်းအဝိုင်း၏ တာဝန်အဖြစ် နားလည်ထားပါသည်။ ထိုသို့ဆိုလျှင် အကြောက်တရားကင်းခြင်း(ဘေးကင်းခြင်း) လက်ဆောင်ကို မည်သူကပေးကမ်းလှူဒါန်းပြီး ဗုဒ္ဓဘာသာဝင်လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် ထိုပေးကမ်းခြင်း လက်ဆောင်(ဒါန)က မည်သို့ လုပ်ဆောင်ပါသနည်း။

ဟိန္ဒူဇာစ်မြစ်ကျမ်းစာများသည် အဓိကအားဖြင့် ဘုရင့်အရိုက်အရာ၏အကြောင်းအရာတွင် အဘယဒါနကို ဆွေးနွေးထားသော်လည်း ထိုရင်းမြစ်ကျမ်းစာများသည် သက်ရှိသတ္တဝါများအား အန္တရာယ်ပြုခြင်းမှ ရှောင်ကြဉ်ခြင်း စည်းကမ်းကို တာဝန်ယူကတိပြုသူယောဂီများအတွက်နည်းတူ အချို့သော တိရစ္ဆာန်များနှင့် အင်းဆက်ပိုးမွှားများ ၏ အသက်များကို အနည်းဆုံး အကာအကွယ်ပေးနိုင်သော သာမန်လူဝတ်ကြောင်များအတွက်လည်း အဘယဒါန ကျင့်သုံးမှုကို တိုးချဲ့ထားပါသည်။ (Hibbets 1999, 442) ဘုရင်များ၏ အခန်းကဏ္ဍကို ကျော်လွန်လျက် ခြိုးခြံသော အကျင့်ရှိသူများနှင့် လူဝတ်ကြောင်များအထိ အဘယဒါနကို ချဲ့ထွင်ခြင်းသည် မည်သို့သော အာဏာဆက်နွယ်မှု အတွင်း၌မဆို အကြောက်တရားကင်းခြင်းလက်ဆောင်ကို ဆက်စပ်ပြထားပါသည်။ အကြောက်တရားကင်းခြင်း လက်ဆောင်သည် မိမိတိုင်းသူပြည်သားများ၏ သေရေးရှင်ရေးအပေါ် ဩဇာအာဏာစွဲကိုင်ထားသည့် အုပ်စိုးသူများ အတွက် သို့မဟုတ် အသေးငယ်ဆုံးသော သက်ရှိသတ္တဝါများ၏ ကံကြမ္မာအပေါ်တွင်သာ ဩဇာအာဏာရှိသည့် သာမန်လူများအတွက် မိမိ၌ရှိသော အကြမ်းဖက်သည့်အလားအလာကို ချုပ်တည်းထိန်းသိမ်းခြင်းအား ကျင့်သုံးမှု ဖြစ်ပါသည်။ ဘုရင်၏အခန်းကဏ္ဍကို ကျော်လွန်လျက် ဟိန္ဒူဘာသာ၏ အဘယဒါနအား ချဲ့ထွင်မှုပြီးသည့်နောက် ဗုဒ္ဓဘာသာကျမ်းစာများက အဘယဒါနကို အထက်လွှာလူ့မလိုင် သို့မဟုတ် ဩဇာအာဏာအရှိန်အဝါရှိသူအတွက် သာမက လူတိုင်းအတွက် ကျင့်ဝတ်စည်းကမ်းတစ်ခုအဖြစ် ဖော်ပြပါသည်။ လူသိများသော တိဗက် အဋ္ဌကထာ ဆရာတစ်ဦးဖြစ်သည့် ပက်ထရူလ် ရင်ပိုချီ (Patrul Rinpoche) က အကြောက်တရားကင်းခြင်းလက်ဆောင်ကို အောက်ပါအတိုင်း မှတ်ချက်ပေးထားပါသည် -

> အခက်အခဲဖြစ်နေသူများကိုကူညီရန် သင် တတ်နိုင်သည့်အရာမှန်သမျှကို အမှန်တကယ် ပြုလုပ်ပေးခြင်း။ ယင်းတွင် ဥပမာအားဖြင့် ဘေးကင်းလုံခြုံသည့်နေရာမရှိသောသူများအတွက် ခိုလှုံရာပေးခြင်း၊ အကာအကွယ်ပေးသူမရှိဘဲကင်းမဲ့နေသူများအား အကာအကွယ်ပေးခြင်းနှင့် အခြား အပေါင်းအဖော် မရှိသောသူများနှင့် အတူရှိနေပေးခြင်းတို့ ပါဝင်ပါသည်။ ယင်းက အထူး သဖြင့် သင့်တွင် ထိုကဲ့သို့ ပြုလုပ်ရန် အခွင့်အာဏာရှိသောနေရာတိုင်းတွင် အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်းတို့ကို တားမြစ်ခြင်း၊ သတ်စားရန် သားသတ်ရုံသို့သွားရာလမ်းတွင် သိုးကို ပြန်ဝယ် ခြင်း၊ သေအံ့ဆဲဆဲ ငါး၊ တီကောင်များ၊ ယင်ကောင်များနှင့် အခြားသော သတ္တဝါများ၏ အသက်ကို ကယ်တင်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများကို ရည်ညွှန်းပါသည်။ (Patrul 1998, 238)

အဘယဒါနကိုဖြစ်စေသည့် ပက်ထရူးလ်၏လုပ်ဆောင်မှုစာရင်းအကျဉ်းချုပ်ထဲတွင် နိုင်ငံရေးအရအကာအကွယ် ပေးမှု၊ လူမှုရေးအထောက်အကူနှင့်သွေးစည်းညီညွတ်မှုပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်များကိုအကာအကွယ် ပေးခြင်းနှင့် အန္တရာယ်ရှိသောကျင့်သုံးမှုများတွင် ကြားဝင်ဆောင်ရွက်ရန် စီးပွားရေးအင်အားအသုံးပြုခြင်းတို့ ပါဝင် ပါသည်။ အရေးကြီးသည်မှာ ဤဖော်ပြချက်တွင် လူမှုရေးနှင့် နိုင်ငံရေးဩဇာအာဏာအရှိန်အဝါ ကွဲပြားခြားနား သောအဆင့်ရှိသူများ တာဝန်မယူနိုင်သော လုပ်ရှားဆောင်ရွက်မှုများ ပါဝင်ပါသည်။

မူရင်းပါဠိကျမ်းဂန်တွင် အကြောက်တရားကင်းခြင်းကိုလက်ဆောင်ပေးခြင်းအား ကျင့်သုံးမှုသည် ဗုဒ္ဓ ဘာသာ ကိုယ်ပိုင်လက္ခဏာ၏ အခြေခံအကျဆုံးနှင့် နေရာတကာတိုင်း၌တွေ့ရသော အမှတ်အသားများဖြစ်သည့် သူ့အသက်မသတ်ခြင်း၊ ပိုင်ရှင်မပေးသောပစ္စည်းဥစ္စာကိုမယူခြင်း၊ ကာမဂုဏ်တို့၌မှားယွင်းစွာမကျင့်ခြင်း၊ လိမ်ညာ မပြောဆိုခြင်းနှင့် မေ့လျော့ခြင်းကိုဖြစ်စေတတ်သော မူးယစ်သေစာများကိုမသုံးဆောင်မမှီဝဲခြင်း ဟူသော ငါးပါး

သီလကို စောင့်ထိန်းခြင်းနှင့် တန်းတူထားပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ အဌကထာဆရာတစ်ဦးက အောက်ပါအတိုင်း အနှစ်ချုပ်ဖော်ပြထားပါသည် -

> ရှေးခေတ်ကာလကတည်းက အရိယာပုဂ္ဂိုလ်များ အမြတ်တနိုး ထိန်းသိမ်းထားသော အမြတ်ဆုံး ပေးကမ်းခြင်းငါးမျိုးကို အင်္ဂုတ္တရနိကာယ်တွင် ဖော်ပြထားပါသည်။ [...] ဤအမြတ်ဆုံးဒါနတို့တွင် ငါးပါးသီလကို အတိအကျ စောင့်ထိန်းခြင်း ပါဝင်ပါသည်။ ထိုကဲ့သို့ စောင့်ထိန်းခြင်းအားဖြင့် မိမိက သတ္တဝါအားလုံးတို့အား အကြောက်တရားကင်းခြင်း၊ ချစ်ခြင်းမေတ္တာနှင့် စေတနာသဒ္ဒါတရား တို့ကို ပေးအပ်ခြင်း ဖြစ်ပါသည်။ လူသားတစ်ဦးသည် ၎င်း၏အပြုအမူဖြင့် အခြားသူတို့အား လုံခြုံမှုနှင့် အကြောက်တရားမှလွတ်မြောက်မှုတို့ကို ပေးအပ်နိုင်ပါက ၎င်းသည် လူသားမျိုးနွယ် အတွက်သာမက သက်ရှိသတ္တဝါအားလုံးအတွက်လည်း မိမိပေးစွမ်းနိုင်သော အမြင့်ဆုံး ဒါနပုံစံ ဖြစ်ပါသည်။ (De Silva 1995, para 10)

အလားတူ မဟာယာနထုံးတမ်းစဉ်လာမှ ဥပါသကာသီလများနှင့်ပတ်သက်သည့်သုတ္တန်သည် အဘယဒါနကို ငါးပါးသီလနှင့် တန်းတူထားခြင်းဖြင့် ၎င်းတို့ကိုယ်၎င်းတို့ ဗုဒ္ဓဘာသာဝင်များဟု ခေါ်ဆိုကြသူအားလုံးအတွက် ကျင့်ဝတ်နှင့်အတူ အကြောက်တရားကင်းခြင်းလက်ဆောင်ကို ငါးပါးသီလနှင့် တန်းတူထားပါသည်။ အဘယဒါနသည် ပထမဆုံးသီလ(သူ့အသက်မသတ်ခြင်း)နှင့် အနီးစပ်ဆုံးတူညီသော်လည်း ဤသုတ္တန်သည် ဤစာတမ်း၏ နောက်အပိုင်းတွင် သတ်မှတ်ထားသကဲ့သို့ ငါးပါးသီလတစ်ခုချင်းကို အကြောက်တရားကင်းခြင်း၏ သီးခြား အမျိုးအစားအဖြစ် နားလည်ထားပါသည်။ ယင်းသုတ္တန်က အောက်ပါအတိုင်း ဖော်ပြထားပါသည် -

> ချစ်သား၊ ပေးကမ်းခြင်းဒါနတို့တွင် အဘယဒါနသည် အမြတ်ဆုံးဖြစ်၏။ ထို့ကြောင့် မဟာဒါန ငါးမျိုးတို့ဟူသည် သတ္တဝါတို့အား ငါးပါးသောကြောက်ရွံ့ခြင်းတို့မှ ကင်းဝေးစေသော ငါးပါးသော သီလတို့ပင်တည်းဟု ငါဘုရား မိန့်တော်မူထား၏။ ထိုဒါနငါးမျိုးတို့သည် လက်တွေ့ကျင့်သုံးရန် လွယ်ကူ၏။ အကြောင်းကား ထိုငါးမျိုးတို့သည် မိမိကိုယ်ကို ဖျက်ဆီးခြင်းမှ ကင်းလွတ်စေခြင်း ကြောင့်သာမက မည်သည့်အဖိုးအခမျှ မကုန်ကျသောကြောင့်လည်း ဖြစ်သည်။ ထို့အပြင် ထိုဒါနငါးပါးတို့သည် ကျင့်သုံးသောသူများအား အတိုင်းအဆမရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် သူတော်ကောင်းတရားတို့ကို အကျိုးခံစားရစေ၏။ (Shih 1991, 151)

ထိုသုတ္တန်ဒေသနာတော်က "ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ထားပြီးသူသည် သတ္တဝါတို့ကို ကြောက်ရွံ့ခြင်းမှ အကာအကွယ်ပေးသင့်သည်ဟုလည်း ဖော်ပြထားပါသည်။ ၎င်းက အကြောက်တရားကင်းခြင်းကို ပေးနိုင်လျှင် ၎င်းသည် ဥပါသကာ သီလများနှင့် ပြိုင်ဘက်ကင်းသော အလုံးစုံ ထိုးထွင်းသိမြင်ခြင်းကိုပင် ရရှိပါမည်"။ (Shih 1991, 107) ဤကျမ်းတွင် အကြောက်တရားကင်းခြင်း - အဘယဒါနသည် ဗုဒ္ဓဘာသာ၏ကျင့်စဉ် ဖြစ်ပါသည်။ အဘယဒါန နှင့် ကင်းသော ခိုလှုံရာ၊ သီလနှင့် ထိုးထွင်းသိမြင်မှုဟူ၍ မရှိပေ။

ရုပ်ဝတ္ထုပစ္စည်းအလှူနှင့် ဓမ္မဒါနအလှူတို့ကဲ့သို့ ဗုဒ္ဓဘာသာကျမ်းစာများ၌ လူသိမများသော်လည်း သို့မဟုတ် မကြာခဏ ဆွေးနွေးခဲ့ခြင်းမရှိသော်လည်း အကြောက်တရားကင်းခြင်းလက်ဆောင်(အဘယဒါန)ကို ထေရဝါဒနှင့် မဟာယာန မူရင်းကျမ်းဂန် နှစ်မျိုးလုံးမှ ပိဋကတ်ဆိုင်ရာ ဇာစ်မြစ်များဖြင့် ဒါနသုံးမျိုးအနက် အရေးအကြီးဆုံးအဖြစ် - ဓမ္မဒါနထက် ပို၍ပင် အရေးကြီးသည်ဟု တင်ပြထားပါသည်။

၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာဘဝအတွက် အခြေခံကျသော အကာအကွယ်ပေးမှုနှင့် လုံခြုံမှုတို့မရှိဘဲ သတ္တဝါတို့သည် ရုပ်ပိုင်းဆိုင်ရာကြီးပွားတိုးတက်မှုဒါနလက်ဆောင် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကြီးပွားတိုးတက်မှုဒါနလက်ဆောင်ကို လွတ်လပ်စွာ မရရှိချေ။ အကြောက်တရားကင်းခြင်းလက်ဆောင်(အဘယဒါန)သည် အခြားသော ဒါနလက်ဆောင်နှစ်မျိုးကို ခိုင်မာစေပြီး ထောက်ကူပေးပါသည်။ လက်ခံရရှိသူအလှူခံပုဂ္ဂိုလ်အတွက် အကြောက်တရားကင်းခြင်းသည် အသက်ကိုပေးလှူသောဒါနလက်ဆောင်ဖြစ်ပြီး ပေးသူအလှူရှင်အတွက် အဘယဒါနသည် ပြီးပြည့်စုံသော လွတ်မြောက်မှုလမ်းစဉ်၏ အခြေခံ ဖြစ်ပါသည်။

အဘာယဒါနသည် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအတွင်း မြင့်မားသော အခွင့်ထူးခံနေရာတစ်ခုကို ဆုပ်ကိုင်ထားပါသည်။ အကာအကွယ်ပေးခြင်းဆိုင်ရာ ဤဗုဒ္ဓဘာသာအခြေခံမူသည် နိုင်ငံရေးသြဇာအာဏာရှိသူများ၏ စွမ်းဆောင်ရည်များနှင့် အထူးသဖြင့် သက်ဆိုင်နိုင်သော်လည်း အချိန်တိုင်းနှင့် အခြေအနေတိုင်းတွင် ဗုဒ္ဓဘာသာဝင်များအားလုံးအတွက် ဗုဒ္ဓဘာသာ လက်တွေ့ကျင့်သုံးမှုနှင့် ကိုယ်ပိုင်လက္ခဏာအတွက် အလွန် အခြေခံကျပါသည်။ ဤအချက်က မည်သည့် ဗုဒ္ဓဘာသာဝင်စစ်သည်၊ ဗုဒ္ဓဘာသာဝင်အစိုးရအရာရှိ သို့မဟုတ် ဗုဒ္ဓဘာသာဝင် အရပ်သားမဆို ၎င်းတို့၏ ဗုဒ္ဓဘာသာအား ကျင့်သုံးမှုကို လက်လွှတ်စရာမလိုဘဲ ပဋိပက္ခကာလများနှင့် အခက်အခဲကာလများတွင်ပင် ခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်သူများအား အကာအကွယ်ပေးခြင်း ကျင့်သုံးမှုကို မစွန့်လွှတ်နိုင်ဟု ဆိုလိုပါသည်။

## IHL အတွက် အဘာယဒါနအား အသုံးချခြင်းများ

IHL နှင့် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတို့၏ အပြန်အလှန်အလေးထားစရာကိစ္စများမှာ အများအပြား ရှိပါသည်။ IHL ၏ အခြေခံအုတ်မြစ်သည် စစ်ပွဲကာလအတွင်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို အကာအကွယ်ပေးခြင်းဖြစ်ပြီး အကာအကွယ်ပေးမှုအခြေခံမူသည် အိန္ဒိယနိုင်ငံမှ ဆက်ခံရရှိထားသည့်အတိုင်း အဘာယဒါန၏ ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလတွင် နက်ရှိုင်းစွာ ရှိနေပါသည်။ IHL နှင့် အဘာယဒါနအစဉ်အလာ နှစ်ခုလုံးသည် တာဝန်နှင့် ပတ်သက်သည့် IHL ၏ အသုံးအနှုန်းဖြင့်ဖြစ်စေ သို့မဟုတ် ဒါနလက်ဆောင်ပေးခြင်းဆိုင်ရာ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ၏အသုံးအနှုန်းဖြင့်ဖြစ်စေ အကြမ်းဖက်မှုအတွက် စွမ်းဆောင်ရည်နှင့်အတူပါဝင်သော တာဝန်များကို အလေးပေးပါသည်။ ကိစ္စရပ်နှစ်မျိုးလုံးတွင် အထက်အဆင့်ဆင့် သို့မဟုတ် အောက်ခြေအနိမ့်ပိုင်း၌ အကြမ်းဖက်မှုကို ကျင့်သုံးရန် အခွင့်အာဏာသည် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်မှုကို ပြဋ္ဌာန်းခြင်းဖြင့် ခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်သူများကို အကာအကွယ်ပေးရန် အချိုးညီသောတာဝန်နှင့်အတူ လာပါသည်။ IHL နှင့် အဘာယဒါန နှစ်မျိုးလုံးသည် အကြမ်းဖက်မှုအသုံးပြုခြင်းကို အလွန်အကျွံမဖြစ်အောင်ထိန်းရန်အတွက် ၎င်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ ကိုယ်ပိုင်အယူအဆများကို ဖော်ကျူးဖျောင်းဖျထားပါသည်။

IHL နှင့် အဘာယဒါနထုံးတမ်းစဉ်လာတို့သည် အကာအကွယ်ပေးခြင်းအတွက် ဆက်စပ်လွှမ်းခြုံနေသော မူဘောင်ကို မျှဝေထားသောကြောင့် ဤမူဘောင်ပါဝင်သော သီးခြားကျင့်သုံးမှုများတွင် ထိုနှစ်ခုတို့အကြား တူညီမှုများစွာရှိပါသည်။ အထူးအဖြင့် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာသည် IHL အား အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် အသုံးချမှုအတွက် အသုံးဝင်ကြောင်း သက်သေပြနိုင်သော ခံနိုင်ရည်အားနည်းသည့်ဘေးဖြစ်လွယ်မှုကို အမျိုးအစားခွဲခြားပေးပါသည်။ ဥပါသကာ သီလဆိုင်ရာသုတ္တန်က ငါးပါးသီလ၏တစ်ခုချင်းသည် ကြောက်ရွံ့မှု၏ သီးခြားအမျိုးအစား သို့မဟုတ် ခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်မှုနှင့် တူညီသည့် ကိစ္စရပ်ဖြစ်ပြီး အိုင်စီအာရ်စီ၏ လေ့လာမှုက ဖော်ပြထားသည့်အတိုင်း IHL ၏ ဓလေ့ထုံးတမ်းစည်းမျဉ်းများထဲမှ အများအပြားက ဤခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်မှုအမျိုးအစားများနှင့် ဆက်စပ်ပြပါသည်။

- ပထမဆုံးသီလ(သူ့အသက်မသတ်ခြင်း)သည် သေစေလောက်သော အကြမ်းဖက်မှုကို ခံနိုင်စွမ်းမရှိသူများအား အကာအကွယ်ပေးမှု လက်ဆောင်ဒါန ဖြစ်ပြီး “အသက်ကိုအကြမ်းဖက်မှု”အား တားမြစ်သည့် စည်းမျဉ်း ၈၉၊ “စစ်ပွဲနည်းလမ်းအဖြစ် အစာရေစာငတ်ပြတ်စေခြင်း”အား တားမြစ်သည့် စည်းမျဉ်း ၅၃၊ “လူသားဒိုင်းများအသုံးပြုမှု”အား တားမြစ်သည့် စည်းမျဉ်း ၉၇ တို့နှင့် အဆင်သင့် ဆက်စပ်နေပါသည်။[11]

- ဒုတိယသီလ(ပိုင်ရှင်မပေးသည့်ဥစ္စာကိုမယူခြင်း)သည် ခိုးမှုနှင့် ခေါင်းပုံဖြတ်မှုဆိုင်ရာ အကြမ်းဖက်မှုများအား ခံနိုင်စွမ်းမရှိသူများကို အကာအကွယ်ပေးခြင်းဖြစ်ပြီး ဤသီလသည် သိမ်းပိုက်ထားသောနယ်မြေတွင် “အလွန်အရေးကြီးသည့် စစ်ရေးဆိုင်ရာလိုအပ်ချက်အရ ထိုပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းဆည်းခြင်း ပြုလုပ်ရန် လိုအပ်သည့်အခါမှလွဲ၍ ပုဂ္ဂလိကပိုင်ပစ္စည်းများကို အလေးထားလေးစားရမည်

ဖြစ်ပြီး သိမ်းဆည်းခြင်းမပြုနိုင်”ဟု ပြဋ္ဌာန်းထားသော စည်းမျဉ်း ၅၁ နှင့်ဆက်စပ်နေပါသည်။ ဤသီလသည် “လုယက်တိုက်ခိုက်ခြင်း”ကို တားမြစ်သည့် စည်းမျဉ်း ၅၂၊ “ကျွန်အဖြစ်စေခိုင်းခြင်းနှင့် ကျွန်ကုန်ကူးခြင်း”ကို တားမြစ်သည့် စည်းမျဉ်း ၉၄၊ “အဓမ္မအလုပ်စေခိုင်းမှု”ကို တားမြစ်သည့် စည်းမျဉ်း ၉၅ တို့နှင့်လည်း ဆက်စပ်နေပါသည်။

- တတိယသီလ(ကာမဂုဏ်တို့၌မှားယွင်းစွာမကျင့်ခြင်း)သည် လူသားတို့၏ လိင်ပိုင်းဆိုင်ရာဖိုမလက္ခဏာများနှင့် မိသားစုဆက်ဆံရေးများအပေါ် သက်ရောက်မှုရှိသော ခံနိုင်ရည်အားနည်းမှုများကို အကြမ်းဖက်သော ခေါင်းပုံဖြတ်ခြင်းမှ အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။ ဤသီလသည် “အဓမ္မပြုကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ” ကို တားမြစ်သည့် စည်းမျဉ်း ၉၃၊ “လွတ်လပ်ခွင့်ပိတ်ပင်ခြင်းခံရသည့် အမျိုးသမီးများအတွက် နေရာထိုင်ခင်း” နှင့်သက်ဆိုင်သည့် စည်းမျဉ်း ၁၁၉၊ “အမျိုးသမီးများအား သီးခြားအကာအကွယ်ပေးမှု၊ ကျန်းမာရေးနှင့် အကူအညီလိုအပ်ချက်များ” နှင့်သက်ဆိုင်သည့် စည်းမျဉ်း ၁၃၄ တို့နှင့် ဆက်စပ်ပါသည်။ “မိသားစုဘဝကို အလေးထားရေး” နှင့်သက်ဆိုင်သည့် စည်းမျဉ်း ၁၀၅ နှင့်ဆက်စပ်ခြင်းဖြင့် ကလေးသူငယ်များ၏ သီးခြား အန္တရာယ်ဖြစ်လွယ်မှုများနှင့် ၎င်းတို့၏ မိသားစုများအပေါ် ၎င်းတို့၏ မှီခိုမှုကိုလည်း ဤသီလက ဖြေရှင်းပေးနိုင်ပါသည်။ “၎င်းတို့၏ လွတ်လပ်မှုပိတ်ပင်ခံရသည့် ကလေးသူငယ်များကို မိသားစုများအလိုက်နေနိုင်ရန် ပေးထားသောနေရာထိုင်ခင်းများမှ လွဲ၍ အရွယ်ရောက်ပြီးသူ လူကြီးများထားရာနေရာမှ သီးခြားနေရာများတွင် ထားရှိရမည်” ဟု ဖော်ပြထားသော စည်းမျဉ်း ၁၂၀၊ “နေရပ်စွန့်ခွာရသည့်ကိစ္စတွင် [. . .] တစ်မိသားစုထဲမှ မိသားစုဝင်များအား သီးခြားခွဲမထားရ” ဟု ပြဋ္ဌာန်းထားသည့် စည်းမျဉ်း ၁၃၁၊ ကလေးသူငယ်များအား ပိုမိုယေဘုယျကျစွာ “အထူးအလေးထားပြီး ကာကွယ်စောင့်ရှောက်မှုပေးရေး” နှင့်သက်ဆိုင်သည့် စည်းမျဉ်း ၁၃၅ တို့နှင့်ဆက်စပ်နေပါသည်။

- စတုတ္ထသီလ(မုသားစကားမပြောကြားခြင်း)သည် မဟုတ်မမှန်သော သို့မဟုတ် ပျက်စီးစေလိုသော စကား၏ ပြင်းထန်သောအကျိုးဆက်များအား ခံနိုင်စွမ်းမရှိသောသူများကို အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။ နိုင်ငံတကာသဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့် ဝါဒဖြန့်မှုတို့သည် စစ်ပွဲဆင်နွဲရန် အဓိကဖြစ်သောကြောင့် ဤသီလတွင် အထူးသဖြင့် IHL အတွက် ခိုင်မာသော ပါဝင်ပတ်သက်မှုများ ရှိပါသည်။ ဤသီလသည် “အရပ်သားလူထုအကြား အထိတ်တလန့်ဖြစ်စေရန် အဓိကရည်ရွယ်လုပ်ဆောင်သည့် အကြမ်းဖက်ခြိမ်းခြောက်မှုများ” ကို တားမြစ်သည့် စည်းမျဉ်း ၂၊ “အရှင်မထားဟု အမိန့်ပေးခြင်းများ သို့မဟုတ် ခြိမ်းခြောက်ခြင်းများ” ကို တားမြစ်သည့် စည်းမျဉ်း ၄၆ တို့နှင့် ဆက်စပ်ပါသည်။ ဤသီလသည် “ထိုသဘောတူညီချက်ကိုအမှီပြုပြီး ဆန့်ကျင်ဘက်ရန်သူအား ရက်တရက် တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်မှုရပ်ဆိုင်းသည့် သဘောတူညီချက်ရယူမှု” ကို တားမြစ်သည့် စည်းမျဉ်း ၆၄ နှင့် “သစ္စာမဲ့မှု” ကို တားမြစ်သည့် စည်းမျဉ်း ၆၅ အပြင် တိုက်ခိုက်မှုရပ်ဆိုင်းသည့်အလံဖြူ သို့မဟုတ် ကြက်ခြေနီနှင့် လခြမ်းနီ အမှတ်အသားများကဲ့သို့သော အမှတ်အသားများအား လျော်ကန်စွာအသုံးပြုခြင်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့်လည်း ဆက်စပ်နေပါသည်။ (ICRC 2005, Rule 58-63)

- ပဉ္စမမြောက်သီလ(စိတ်ကို မကြည်မလင်ဖြစ်စေသော အရက်သေစာကဲ့သို့ မူးယစ်စေသောအရာများကို မမှီဝဲမသုံးဆောင်ခြင်း)သည် ICRC လေ့လာမှု၏ ဓလေ့ထုံးတမ်း IHL စည်းမျဉ်းများနှင့် ဆက်စပ်ရန် ပိုမိုရှင်းလင်းသော ဖန်တီးနိုင်စွမ်းကို သတ်မှတ်ပြဋ္ဌာန်းပေးပါသည်။ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာတွင် ထိုပဉ္စမသီလကို စိတ်ကြည်လင်မှုမရှိခြင်းနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်း ဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်သော ထိခိုက်နစ်နာမှုကို လျော့ပါးသက်သာစေရန် ပုံဖော်ထားပါသည်။ ဓလေ့ထုံးတမ်း IHL နှင့် စပ်လျဉ်း၍ ခွဲခြားမှုနှင့် အသိတရားကြည်လင်ပြတ်သားမှုတို့ကို အလေးပေးသော စည်းမျဉ်းများနှင့် ကျင့်သုံးမှုများ အများအပြား ရှိပါသည်။ “အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များ အကြား ခွဲခြားခြင်းမှု”

နှင့်သက်ဆိုင်သည့် စည်းမျဉ်း ၁၊ "အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာရည်မှန်းချက်များ အကြား ခွဲခြားခြင်းမှု" နှင့်သက်ဆိုင်သည့် စည်းမျဉ်း ၇ နှင့် "ခွဲခြားခြင်းမရှိဘဲ မဆင်မခြင် သိမ်းကျုံး တိုက်ခိုက်ခြင်းများ" ကို တားမြစ်သည့် စည်းမျဉ်း ၁၁၊ ယင်းတို့အားလုံးသည် အုပ်ချုပ်မှုဆိုင်ရာ ရှင်းလင်း ပြတ်သားမှုအတွက် IHL ၏ အခြေခံဖြစ်သော အရပ်သားနှင့် စစ်ရေးဆိုင်ရာပစ်မှတ်များအကြား အလွန် အရေးပါသော ခွဲခြားမှုများဖြစ်သည့် သေချာစေရန် အသေးစိတ် စစ်ဆေးခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အတည်ပြုခြင်းများကို ပြုလုပ်ရန် လိုအပ်ပါသည်။ စစ်ဘက်နှင့် အရပ်သား ပစ်မှတ်များအကြား ရှင်းလင်း စွာ ခွဲခြားနိုင်စွမ်းကို ဆုံးရှုံးမှုသည် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား အလွန်ကြီးမားသော ထိခိုက် နစ်နာမှုအန္တရာယ်ကို ဖြစ်စေသောကြောင့် မြေမြှုပ်မိုင်းများ (စည်းမျဉ်း ၈၁-၈၃) နှင့် "ခွဲခြားမှုမရှိဘဲ သိမ်းကျုံးထိခိုက်စေသည့် သဘောသဘာဝရှိသော လက်နက်များ" (စည်းမျဉ်း ၇၁) အား အသုံးပြုခြင်းကို ကန့်သတ်ထားသော စည်းမျဉ်းများသည်လည်း ဤပဥ္စမသီလနှင့် သက်ဆိုင်နိုင်ပါသည်။ ဆန်းစစ်လေ့လာ အကဲဖြတ်ခြင်းတွင် ရှင်းလင်းပြတ်သားသည့် တင်းကျပ်သောစံနှုန်းမရှိပါက လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သူများသည် IHL ၏ အခြားသောအပိုင်းကဏ္ဍများအား အကောင်အထည်ဖော်ရန် ၎င်းတို့၏ လုပ်နိုင်စွမ်းများကို အကြီးအကျယ် ကန့်သတ်မှု ပြုလုပ်ကြပါသည်။

ဗုဒ္ဓဘာသာသာကျင့်သုံးမှု၏ အခြေခံဖြစ်သော ငါးပါးသီလသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခ ပုံစံမျိုးစုံမှ မလွတ်မြောက်နိုင်မှုကို အသားပေးထားခြင်းဖြင့် အခြေခံ အကြောက်တရား အမျိုးအစား ငါးပါးနှင့် အကြမ်းဖက်မှုကို ခံနိုင်ရည်မရှိသောဘေးဖြစ်လွယ်မှုတို့ဖြင့် IHL ၏ ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းများကို အထောက်အကူပြု ဘောင်ခတ်ပေးထားပါသည်။ ဗုဒ္ဓဘာသာ ဇာတ်မြစ်များကလည်း IHL ၏ အလေးထားစရာများအား လူ့လောကကို ကျော်လွန်ကာ လူသားနှင့်မသက်ဆိုင်သောလောကအထိ ဆက်နွယ်အကျုံးဝင်စေပါသည်။ IHL အတွက် အထူး အကာအကွယ်ပေးမှုလိုအပ်နေခြင်းအဖြစ် ဖော်ထုတ်သတ်မှတ်ထားသော တိုက်ပွဲဝင်စစ်သည်မဟုတ်သူလူထုထဲမှ ခံနိုင်ရည်မရှိသည့်ဘေးဖြစ်လွယ်သူအုပ်စုများတွင် သတင်းသမားများ၊ နေရပ်စွန့်ခွာရသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အိုမင်းမစွမ်းချည့်နဲ့သူများ၊ ဒဏ်ရာရသူများ၊ ဖျားနာသူများ၊ သင်္ဘောပျက်ရာတွင်ပါဝင်သူများနှင့် ဖမ်းဆီးခံရသည့်တိုက်ပွဲဝင်စစ်သည်များ၊ ဆေးဝန်ထမ်းများနှင့် ဘာသာရေးဝန်ထမ်းများအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်သားများ ပါဝင်ပါသည်။ (ICRC 2005, chapters I, II and V) ဤအုပ်စုများတွင်ပါဝင်သူအားလုံးတို့သည် စစ်ပွဲကာလအတွင်း တိုက်ခိုက်မှုတွင် မပါဝင်သူ များ ဖြစ်ကြသော်လည်း ၎င်းတို့၏အသက်များအတွက် သဘာဝကျစွာ ကြောက်ရွံ့နေနိုင်ပါသည်။ အဘယဒါန ထုံးတမ်းစဉ်လာ၏ ရှေးဂန္ထဝင်ကျမ်းများက ဤအုပ်စုတစ်ခုချင်းကို အမည်တပ်၍ ဖော်ပြမထားသော်လည်း ၎င်းတို့သည် အကာအကွယ်ပေးမှုမရှိသူများအတွက်လည်းကောင်း၊ (IHL အရ အထူးသဖြင့် အကာအကွယ် ပေး မထားသော) လူမဟုတ်သည့် တိရစ္ဆာန်များအတွက်လည်းကောင်း၊ ထို့အပြင် (စည်းမျဉ်း ၄၃-၄၅ တို့တွင် တွေ့မြင် ရသည့်အတိုင်း IHL အရ အစီအမံအချို့ဖြင့် အကာအကွယ်ပေးထားသော) သဘာဝပတ်ဝန်းကျင်အတွက် လည်းကောင်း အလေးအနက်ထား စိုးရိမ်ပူပန်မှု ပါဝင်ပါသည်။

## နိဂုံး

အကြောက်တရားကင်းခြင်းလက်ဆောင်(အဘယဒါန)သည် လက်နက်ကိုင်ပဋိပက္ခအခြေအနေတွင် လုံခြုံမှု၊ အချုပ်အခြာအာဏာ၊ အုပ်ချုပ်မှုနှင့် ကိုယ်ကျင့်တရားတို့အတွက် စံသတ်မှတ်ချက်များကို ကိုင်တွယ်ရန်အတွက် ဗုဒ္ဓဘာသာ မူဘောင်ကို သတ်မှတ်ပြဋ္ဌာန်းပေးပါသည်။ အကြောက်တရားကင်းခြင်းလက်ဆောင်(အဘယဒါန)၏ အမြတ်ဆုံးအကျိုးတရားမဟာကုသိုလ်တစ်ခုမှာ IHL ကဲ့သို့ ထိုအဘယဒါန၏ အောင်မြင်သော အကောင်အထည် ဖော်မှုသည် ဘုရင်များ သို့မဟုတ် နိုင်ငံအစိုးရများအပေါ် မူတည်သည့်နည်းတူ ရဟန်းသံဃာများနှင့် လူဝတ်ကြောင် ပြည်သူတို့အပေါ်တွင်ပါ မူတည်သည်ဆိုသည့်အချက် ဖြစ်ပါသည်။ နိုင်ငံအစိုးရများ သို့မဟုတ် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသည် ပိုမို၍ အာဏာရှိသောကြောင့် လူသားတို့၏ ချမ်းသာသုခအတွက် ပိုမို၍

တာဝန်ရှိသော်လည်း ငါးပါးသီလအား ဖော်ပြမှုအဖြစ် အဘာယဒါနသည် အယုတ်အမြတ်၊ ရဟန်းရှင်လူ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်း၏အဖွဲ့ဝင်တိုင်း အကျုံးဝင်ပါသည်။

အဘာယဒါနသည် အဆိုးဆုံးကာလများအတွင်းမှာပင် လူ့အဖွဲ့အစည်းဝင်တိုင်းက သတ်မှတ်ပြဋ္ဌာန်းထားသည့် ခံနိုင်ရည်အားနည်းသောဘေးဖြစ်လွယ်သူများအတွက် အကာအကွယ်ပေးမှုနည်းတူ တာဝန်ယူသောအုပ်ချုပ်မှုနှင့် ကျင့်ဝတ်နှင့်ညီသောလုပ်ဆောင်မှုတို့ဖြင့် ဆင်းရဲဒုက္ခကိုကာကွယ်တားဆီးမှုတို့ ပါဝင်သော မျက်မှောက်ခေတ် လူသားလုံခြုံမှုဆိုင်ရာ ဗုဒ္ဓဘာသာအမြင်အတွက် ဖြစ်နိုင်ခြေအလားအလာ အမြောက်အမြားကို ပိုင်ဆိုင်ထားပါသည်။

**မှတ်စုများ**

1. ဒုက္ခသည် ပြန်လည်နေရာချထားရေးဆိုင်ရာ နိုင်ငံရေးကျင့်ဝတ်အတွက် အဘာယဒါနကို အသုံးချမှုအတွက် Kilby (2019) ကို ကြည့်ပါ။

2. ဤမူကွဲဘာသာပြန်များကို အကြံပေးခြင်းအတွက် အမည်မဖော်လိုသော ဝေဖန်သုံးသပ်ပေးသူကို ကျွန်ုပ် ကျေးဇူး တင်ပါသည်။

3. ထိတ်လန့်ကြောက်ရွံ့မှုပျံ့နှံ့စေခြင်းအား တားမြစ်ချက်သည် အရပ်သားလူထုအား အကြမ်းဖက်ခြင်းနှင့်သာ သက်ဆိုင်ကြောင်းကို မှတ်သားထားသင့်ပါသည်။ တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ဆဲဖြစ်သော ရန်သူ့တပ်ဖွဲ့များအား ခြိမ်းခြောက်သည့် သို့မဟုတ် စိတ်ဓာတ်ကျဆင်းစေသည့် နည်းဗျူဟာများကို အသုံးပြုခြင်းသည် IHL အရ ဥပဒေနှင့် ညီပါသည်။ ထိုတားမြစ်ချက်သည် ထိတ်လန့်ကြောက်ရွံ့မှုပျံ့နှံ့စေရန် အဓိက ရည်ရွယ်သူ၏ အကြမ်းဖက်မှု လုပ်ရပ်များ သို့မဟုတ် ခြိမ်းခြောက်မှုများကိုသာ လွှမ်းခြုံအကျုံးဝင်စေပါသည်။ စစ်ရေးဆိုင်ရာရည်မှန်းချက်များအား တိုက်ရိုက်ဦးတည်တိုက်ခိုက်မှုများသည် အနီးရှိ အရပ်သားများအတွက် ထိတ်လန့်ကြောက်လန့်မှု ဖြစ်စေနိုင်သော်လည်း ယင်းကဲ့သို့သော ထိတ်လန့်ကြောက်လန့်မှုသည် တိုက်ခိုက်မှု၏ တရားဝင် အဓိက ရည်ရွယ်ချက်၏ အဆွယ်အပွား(ဆိုလိုသည်မှာ စစ်ရေးဆိုင်ရာရည်မှန်းချက်ကို ဖျက်ဆီးခြင်း)ဖြစ်သောကြောင့် ၎င်းတို့ကို ဥပဒေနှင့်မညီဟု မှတ်ယူခြင်းမရှိပေ။

4. အိုင်စီအာရ်စီ ဓလေ့ထုံးတမ်း IHL လေ့လာမှု(၂၀၀၅) စည်းမျဉ်းများ ၁၁၊ ၂၃၊ ၂၄၊ ၂၈၊ ၃၅၊ ၃၈၊ ၄၀၊ ၄၄၊ ၅၃ နှင့် ၅၄ တွင် ဤပြဋ္ဌာန်းချက်များကို အဓိက ကိုင်တွယ်ဖြေရှင်းထားပါသည်။ (ICRC Customary IHL Study (2005), Rules 11, 23, 24, 28, 35, 38, 40, 44, 53, and 54)

5. လူတို့ နေရပ်စွန့်ခွာရမှုတွင် အကြောက်တရား၏အခန်းကဏ္ဍကို ၁၉၅၁ခုနှစ် ဒုက္ခသည်သဘောတူညီချက်တွင် ကောင်းစွာ ထင်ဟပ်ဖော်ပြထားပါသည်။ ထိုသဘောတူညီချက်၌ ဒုက္ခသည်များကို နှိပ်စက်ညှင်းပန်းမှုအား "အခြေအမြစ်ရှိသောကြောက်ရွံ့မှု"ကြောင့် နိုင်ငံသားဖြစ်သည့် သို့မဟုတ် နေထိုင်နေသည့် ၎င်းတို့၏နိုင်ငံမှ ထွက်ပြေးကြသူများအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ (၁၉၅၁ခုနှစ် ဒုက္ခသည်များ၏ အဆင့်အတန်းဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက် - အခန်း ၁၊ အပိုဒ် ၁.က၂ - United Nations Convention Relation to the Status of Refugees, 1951; Chapter One, Article 1.A2) အပြည်ပြည်ဆိုင်ရာဒုက္ခသည်ဥပဒေသည် IHL မှ သီးခြား ဖြစ်သော ဥပဒေတစ်ခု ဖြစ်ကြောင်းကို

6. Kilby (2019) တွင် ဤအကြောင်းအရာကို မိမိ ယခင်က စူးစမ်းလေ့လာခဲ့ပြီး ဖြစ်ပါသည်။

7. အကြောက်တရားကင်းခြင်းလက်ဆောင်(အဘာယဒါန)သည် သာလွန်ထူးကဲသည့် သိမြင်သဘောပေါက်ခြင်း ပါဝင်သော ဗုဒ္ဓ၏ အကြောက်တရားကင်းခြင်းဖြင့် အေးချမ်းစွာနေရခြင်းတည်းဟူသော ဝေသာရဇ္ဇလေးပါးနှင့် ခြားနားပါသည်။ သို့သော် စရိယာပိဋကက အဋ္ဌကထာတွင် အကြောက်တရားကင်းခြင်းလက်ဆောင် (အဘာယဒါန)

နှင့် ဗုဒ္ဓဘုရားရှင်၏ အကြောင်းတရားကင်းခြင်း ဝေသာရဇ္ဇလေးပါးတို့သည် "အကြောင်းတရားမရှိခြင်းနှင့် အကြောင်း တရားကင်းခြင်းကိုပေးသူ" နှစ်မျိုးလုံးဖြစ်သော ဘုရားလောင်း၏ တန်ခိုးအရာနှင့် သုစရိုက်အရာတို့တွင် တစ်ထပ် တည်း တူညီပါသည်။

8. ဤစာအုပ်ပါ အပ္ပမာဒအပေါ် အက်စ်အမ်အမ်ပီ ဗားဂရာစာမာရာကွန်း(S.M.M.P. Bhagya Samarakoon)၏ ပါဝင်မှုကို ကြည့်ပါ။

9. နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်တွင်းရှိလူထုကို အကာအကွယ်ပေးရန် တာဝန်ပေါ်တွင် မူတည်သင့်သည်ဟူသော မျက်မှောက်ခေတ် အငြင်းပွားချက်အတွက် ဒိန်အက်တယ်လ် - Deng et al. (2010) ကို ကြည့်ပါ။

10. ဤဒါနလက်ဆောင်နှစ်မျိုးအကြား ဆက်စပ်မှုနှင့်ပတ်သက်၍ ရေးကိုအိုးနုမ(Reiko Ohnuma) ၏ ဆွေးနွေးချက်ကို ကြည့်ပါ။ (1998, 323-359)

11. စစ်ပွဲအခြေအနေတွင် ဤစည်းမျဉ်းသည် စစ်မက်တိုက်ခိုက်ရာ၌ တိုက်ရိုက်ပါဝင်နေသူများနှင့် မသက်ဆိုင်ပေ။

## ကြေငြာချက်

ဤစာတမ်းကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှ အထောက်အပံ့ပေးပါသည်။

This article has been supported by the International Committee of the Red Cross (ICRC).

## ရည်ညွှန်းကိုးကားချက်များ

Crosby, K. 2014. Theravada Buddhism: Continuity, Diversity, Identity. Oxford: Blackwell Wiley.

De Silva, L. 1995. "Giving in the Pali Canon." In Dana, the Practice of Giving, Selected Essays, edited by B. Bodhi. Published by Access to Insight. https://www.accesstoinsight.org/lib/authors/various/wheel367.html

Deng, F. M., S. Kimaro, G. Lyons, D. Rothchild, and I. W. Zartman. 2010. Sovereignty as Responsibility: Conflict Management in Africa. Washington, DC: Brookings Institution Press.

Dhammapāla, Ā. 1978 [n.d.]. Cariyāpit _ aka At _ t _ hakathā. Translated by Bhikkhu Bodhi in the Discourse on the All-Embracing Net of Views: The Brahmajāla Sutta and Its Commentaries, pp. 254–330. Kandy: Buddhist Publication Society. Extracts (pp. 289-96 and 322-23) in Dana: The Practice of Giving selected essays edited by Bhikkhu Bodhi. https://www.accesstoinsight.org/lib/authors/various/wheel367. html#perfect

Gillard, E. 2018. "Proportionality in the Conduct of Hostilities: The Incidental Harm Side of the Assessment." Research paper published by Chatham House: The Royal Institute of International Affairs. https://www.chathamhouse.org/sites/default/files/ publications/research/2018-12-10-proportionality-conduct-hostilities-incidental harm-gillard-final.pdf#page=33

Harvey, P. 2007. "'Freedom of the Will' in the Light of Theravāda Buddhist Teachings." Journal of Buddhist Ethics 14: 35–98.

Heim, M. 2004. Theories of the Gift in South Asia: Hindu, Buddhist, and Jain Reflections on Dāna. New York: Routledge. Hibbets, M. 1999. "Saving Them from Yourself: An Inquiry into the South Asian Gift of Fearlessness." Journal of Religious Ethics 27 (3): 435–462.

ICRC. 2005. "IHL Database: Customary IHL." https://ihl-databases.icrc.org/customary ihl/eng/docs/v1_rul

Kilby, C. 2019. "The Global Refugee Crisis and the Gift of Fearlessness." Journal of Buddhist Ethics 26: 307–327.

Maslow, A. H. 1943. "A Theory of Human Motivation." Psychological Review 50 (4): 370–396.

Ohnuma, R. 1998. "The Gift of the Body and the Gift of Dharma." History of Religions 37 (4): 323–359.

Patrul Rinpoché (dpal sprul O rgyan 'jigs med chos kyi dbang po). 1998 [19th c. original]. Words of My Perfect Teacher. Translated by the Padmakara Translation Group. Boston: Shambala.

Shih, H. (translator). 1991. Upāsakaśīlasūtra (The Sutra on Upāsaka Precepts). Berkeley: Bukkhyo Dendo Kyokai.

Sumpa Khenpo (sumpa mkhan po ye shes dpal 'byor). 2001 [18th c. original]. "paN+Di Ta Sum Pa Ye Shes Dpal 'Byor Mchog Gi Spyod Tshul Brjod Pa Sgra 'Dzin Bcud Len (Expressing the Conduct of the Supreme Pandita Sumpa Yeshé Penjor: Alchemy for the Ear)." Buddhist Digital Resource Center work ID W25006, 15–776. Beijing: Tibetan Civilization Publishing House of China (krung go'i bod kyi shes rig dpe skrun khang).

United Nations. 1951 Convention Relating to the Status of Refugees. Chapter One, Article 1.A.2.

## အမြဲတမ်းမရှိသောအတ္တ(အနတ္တ) နှင့် တရားအားထုတ်မှုလေ့ကျင့်ခြင်း ဗုဒ္ဓဘာသာ ဒေသနာတော်ဖြင့် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း

Charya Samarakoon

### ဆောင်းပါးအကျဉ်းချုပ်

ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု(CRSV)သည် အမျိုးသားနှင့် အမျိုးသမီး တိုက်ပွဲဝင်စစ်သည်နှစ်မျိုးလုံးနှင့် အရပ်သားများအတွက် ယင်းကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများရှိသော်လည်း ယင်းသည် စစ်ပွဲ၏ လက်တွေ့အရှိတရားအဖြစ် ကျန်ရှိနေဆဲ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)သည် လက်နက်ကိုင်ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ပြတ်ပြတ်သားသား ပြစ်တင်ရှုတ်ချထားပြီး IHL တွင် ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် တိကျသော အစီအမံများရှိပါသည်။ သို့သော်လည်း လက်နက်ကိုင်ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန် ဗုဒ္ဓဘာသာအဆုံးအမများနှင့် ကျင့်သုံးမှုများအား ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုထားခဲ့ခြင်းမရှိသော်လည်း လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပျံ့နှံ့ခြင်း၌ ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းများ ပါဝင်နေပါသည်။ ဤဆောင်းပါးသည် ဤအခက်အခဲကိုဖြေရှင်းခြင်းနှင့်သက်ဆိုင်သော ဗုဒ္ဓဘာသာ အဆုံးအမများနှင့် ကျင့်သုံးမှုများကို ၎င်းတို့က IHL နှင့် ကိုက်ညီသည့်နေရာကို ဖော်ထုတ်သတ်မှတ်ခြင်းနှင့် ဗုဒ္ဓဘာသာအဆုံးအမများက CRSV ၏ ဖြစ်နိုင်ခြေအလားအလာကို နည်းပါးသွားအောင် မည်သို့ လျှော့ချနိုင်ပုံကို အဆိုပြုခြင်းဖြင့် ဆန်းစစ်ထားပါသည်။ တရားအားထုတ်ခြင်းနှင့်အတူ အနတ္တလက္ခဏာသုတ်တွင် အသေးစိတ်ရှင်းပြထားသည့်အတိုင်း အခြေခံသဘောသဘာဝဖြစ်သော အတ္တ၏ အမြဲတမ်းမရှိခြင်းနှင့်ပတ်သက်သည့် ဗုဒ္ဓဘာသာအဆုံးအမများကို ထိုးထွင်းသိမြင်ခြင်းသည် လက်နက်ကိုင်ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား ပိုမိုဆိုးရွားစေသည့် အဆိပ်အတောက်ဖြစ်သော ကျား၊ မ ဖြစ်မှုဆိုင်ရာ သဘောထားခံယူချက်ကို ပပျောက်စေခြင်းနှင့် အခြားသူများအပေါ် ကရုဏာကြီးမားသောအပြုအမူကိုအားပေးသည့် လက်တွေ့ကျသောနည်းလမ်းဖြစ်သည် ဆိုသည့်အချက်ကို အဆိုပြုထားပါသည်။ မကြာသေးမီက ဦးနှောက်နှင့်အာရုံကြောဆိုင်ရာသုတေသန၏ တွေ့ရှိချက်အထောက်အထား အရ ဗုဒ္ဓဘာသာ တရားထိုင်ခြင်း အလေ့အကျင့်များသည် လူသားများတွင် အဖြစ်များသော "အတ္တ"ဗဟိုပြုအမြင်ကို နည်းပါးစေပြီး ကရုဏာထားနိုင်စွမ်း။ ရှင်သန်နိုးကြားတက်ကြွသောစာနာမှုနှင့် အခြားသူများ၏လွှမ်းမိုးမှုဖိအားများ အား ခံနိုင်ရည်ရှိမှုတို့ကို တိုးပွားလာစေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ဗုဒ္ဓဘာသာအဆုံးအမတရားတော်များ အား ရှင်းလင်းပြသခြင်း၏အထောက်အကူဖြင့် ဗုဒ္ဓဘာသာ တရားအားထုတ်မှုတွင် လေ့ကျင့်ပေးခြင်းသည် CRSV ၏အန္တရာယ်ကို လက်ရှိတွင် ပိုမိုဆိုးရွားစေသော ယဉ်ကျေးမှုနှင့် တစ်ဦးချင်း သဘောထားများကို သိသိသာသာ လျှော့ကျစေနိုင်ပါသည်။

### နိဒါန်း

ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)အကြား ဆက်သွယ်မှုနှင့်ပတ်သက်၍ ဤလေ့လာမှု၏ ရည်ရွယ်ချက်သည် အရေးပါသော ဗုဒ္ဓဘာသာကျမ်းစာများမှ စိစစ်ရွေးနုတ်ကိုးကားခြင်းဖြင့် ဘာသာရေးအုပ်စုတစ်ခု၏တန်ဖိုးများနှင့် ကိုက်ညီကြောင်း ပြသခြင်းဖြင့် IHL တန်ဖိုးများကို တရားဝင်ဖြစ်စေခြင်း မဟုတ်ပါ။ သို့သော်လည်း IHL တန်ဖိုးများ ဖွဲ့စည်းပါဝင်သည့် ဥပဒေ၏အခြေခံမှုများအား ချမှတ်ခြင်းသည် နိုင်ငံတကာသဘောတူစာချုပ်၊ ဓလေ့ထုံးတမ်းဥပဒေ သို့မဟုတ် ဥပဒေသိပ္ပံပညာတွင် ပါဝင်သည့်တိုင် ဤတန်ဖိုးများအား စွဲမြဲစေခြင်းတွင် ပထမအဆင့်သာဖြစ်ကြောင်းကို ကျွန်ုပ်တို့ သတိပြုရပါမည်။ (Mack and Pejic 2020)။ ထို့ကြောင့် ဤဆောင်းပါးသည် ဤဖော်ထုတ်မှုများအနေဖြင့် စာရွက်ပေါ်တွင် စကားလုံးများအဖြစ်သာ မကျန်ရှိကြောင်းကို သေချာစေရန် လိုအပ်ပြီး ဥပဒေနှင့် ယင်းအား အကောင်အထည်ဖော်မှုအကြား ကွာဟချက်ကို ပေါင်းကူးပေးရန် ကြိုးပမ်းပါသည်။ ဤကွာဟချက်ကို ပေါင်းကူးပေးခြင်းသည် လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်သော

အသွင်ကူးပြောင်းမှုတွင် ကျင့်သုံးမှုတစ်ခုဖြစ်ပြီး ထိုသို့သောအသွင်ကူးပြောင်းမှုသည်သာလျှင် ရှင်သန်နေသော ယဉ်ကျေးမှုဆိုင်ရာ အခြေအနေတစ်ခုအတွင်း ဖြစ်ပွားနိုင်ပါသည်။ (Fernando 1997)။ ဤအနေအထားကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ စစ်ပွဲအတွင်း ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခြင်း၏ အရင်းခံ အကြောင်းတရားများ (Roots of Restraint in War) လေ့လာမှု၏ တွေ့ရှိချက်များက ထောက်ခံထားပြီး ယင်းက အောက်ပါအတိုင်း ကောက်ချက်ချထားပါသည် -

> ဥပဒေအပေါ်တွင်သာ အထူးသီးသန့် အာရုံစူးစိုက်မှုသည် ဥပဒေနှင့် ထိုဥပဒေကို ကျောထောက်နောက်ခံပြုထားသောတန်ဖိုးများ၏ ပေါင်းစပ်မှုကဲ့သို့ လွှမ်းမိုးနေသောအပြုအမူတွင် မထိရောက်ပါ။ ဥပဒေကို ပြည်တွင်းစံနှုန်းများနှင့်တန်ဖိုးများတို့နှင့်ချိတ်ဆက်ခြင်းသည် ယင်းကို ပိုမိုကြီးမားသော ဆွဲအား ဖြစ်စေပါသည်။ စံနှုန်းများသက်မှတ်ရာတွင် ဥပဒေ၏အခန်းကဏ္ဍသည် အခရာဖြစ်သော်လည်း လူ့ဘောင်အတွင်းဝင်ဆံ့စေခြင်းဖြင့် ယင်းက ကိုယ်စားပြုသော ထိုတန်ဖိုးများကို ခံယူပွားများရန် တစ်ဦးချင်းကို အားပေးခြင်းသည် ချုပ်တည်းထိန်းသိမ်းမှုကို မြှင့်တင်ခြင်းအား ပို၍တာရှည်ခံစေသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ (ICRC 2018, 9)

ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု(CRSV)သည် သမိုင်းကြောင်းအရ ရှိခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခ၏ အစွန်းရောက် ဇာစ်မြစ်တစ်ခုအဖြစ် ကျန်ရှိနေပါသည်။ ထိုသို့သောပဋိပက္ခတွင် အာဏာနှင့် လွှမ်းမိုးချုပ်ကိုင်မှုတို့၏ ရည်ရွယ်ချက်များသည် အမျိုးသားများနှင့် အမျိုးသမီးများ နှစ်ဘက်လုံးကို ထိခိုက်လွယ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံဖြင့် ၎င်းတို့ကိုယ်တိုင် မကြာခဏ ပြသလေ့ရှိပါသည်။ ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ခံရသူ၏ အမှန်တကယ် ကျား/မ ဖြစ်မှုကို ထည့်သွင်းမစဉ်းစားဘဲ ဖိုသဘာဝ၏ စရိုက်လက္ခဏာသည် ကျူးလွန်သူအဖြစ်နှင့် မသဘာဝ၏ပင်ကိုယ်စရိုက်သည် ကျူးလွန်ခံရသူအဖြစ် မှတ်ယူပါသည်။ ကျား/မ လိင်အမျိုးအစားနှစ်ခု ပုံသေသတ်မှတ်ခြင်းသည် CRSV ၏ အဖြစ်မှန်အရှိတရားများကို နားလည်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် လုံလောက်မှုမရှိပါ။ အဓမ္မကျင့်ခြင်း၏ ရည်ရွယ်ချက်သည် အသက်ရှင်ကျန်ရစ်သူ အမျိုးသားအား "မိန်းမဆန်သောအမျိုးသား" အဖြစ် လျှော့ချခြင်းဖြင့် ၎င်း၏လူမှုအဆင့်အတန်းကို "နိမ့်ကျ" စေနိုင်ပါသည်။ မျိုးပွားနိုင်စွမ်းကို ဖယ်ရှားရန်အပြင် ကျူးလွန်ခံရသူ၏ ယောက်ျားဗီဇ သို့မဟုတ် ယောက်ျားပီသမှုကို ဖယ်ရှားရန် ပဋိပက္ခတွင် အမျိုးသားအင်္ဂါများကို သင်းကွပ်ခြင်းနှင့် အကြမ်းဖက်ခြင်းကို ပြုလုပ်နိုင်ပါသည်။ (Sivakumaran 2007, 253)

မကြာသေးမီအထိ CRSV အစိတ်အပိုင်း အများစုကို မှတ်တမ်းမတင်ခဲ့သောကြောင့် အရေးယူအပြစ်ပေးခြင်း မရှိခဲ့ပါ။ ၁၈၆၃ခုနှစ် လီဘာကိုဥပဒေ(Lieber Code)မှသည် ဂျီနီဗာသဘောတူညီချက်များ၏ ၁၉၇၇ခုနှစ် နောက်ဆက်တွဲသဘောတူညီချက်များအထိ IHL နှင့် သက်ဆိုင်သော ဥပဒေစာချုပ်စာတမ်းများသည် CRSV ကို အလေးထားခဲ့ကြပါသည်။ (Lyth 2001, 4) ထို့အပြင် ICRC သည် CRSV ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ စည်းမျဉ်းမြောက်များစွာကို ဖော်ထုတ်သတ်မှတ်ခဲ့ပါသည်။ ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ၏ စည်းမျဉ်း ၉၃ နှင့် ၉၄ တို့သည် အဓမ္မကျင့်မှုနှင့် လိင်ကျွန်ပြုခြင်းကဲ့သို့ အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို တားမြစ်ထားပါသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသည့် အမျိုးသမီးများ၏ အထူးသီးသန့်အကာအကွယ်၊ ကျန်းမာရေးနှင့် အကူအညီအထောက်အပံ့ လိုအပ်ချက်များကို အလေးထားလေးစားရမည်ဟု စည်းမျဉ်း ၁၃၄ တွင် ဖော်ပြထားသည်နှင့် တပြိုင်နက်တည်းတွင် စည်းမျဉ်း ၁၅၆ သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်ရာဇဝတ်မှုအဖြစ် အသိအမှတ်ပြုထားပါသည်။ (ICRC 2005) ၁၉၉၃ခုနှစ် ယခင် ယူဂိုဆလားဗီးယားနိုင်ငံအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTY) နှင့် ၁၉၉၄ခုနှစ် ရဝမ်ဒါနိုင်ငံအတွက် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTR) တို့၏ စတက်ကျူဥပဒေများကဲ့သို့ ဤအထူးခုံရုံးများ၏ ဥပဒေစနစ်သည် CRSV ကြောင့် ဖြစ်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲကို ရင်ဆိုင်ရာတွင် ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့ပါသည်။ (ICRC 2005, 326-327) ၎င်းတို့သည် CRSV ၏ ပုံစံအမျိုးမျိုးကို အသိအမှတ်ပြုမှု ပေးခဲ့ကြပြီး တာဝန်ခံမှုဆိုင်ရာ စီရင်ထုံးတစ်ခုကို အခိုင်အမာသက်သေထူခဲ့ပါသည်။

ခြုံငုံကြည့်သော် ကာကွယ်တားဆီးမှုနှင့် တာဝန်ခံမှုအတွက် လိုအပ်ချက်အား အသိအမှတ်ပြုမှု တိုးပွားလာနေပါသည်။ သို့သော်လည်း IHL ၏ အစီအမံအများအပြားသည် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ အကာအကွယ်ပေးခြင်းနှင့် တာဝန်ခံမှုကို သေချာစေခြင်းတို့နှင့်ပတ်သက်၍ ၎င်းတို့၏ အမြင့်ဆုံးစွမ်းဆောင်မှုကို ရရှိခဲ့ခြင်းမရှိသည့် ပုံပေါ်ပါသည်။ လက်တွေ့အကောင်အထည်ဖော်မှုနည်းလမ်းတွင် အတားအဆီးများကို ဖယ်ရှားရန်လိုအပ်ကြောင်း ဖော်ပြခြင်းဖြင့် ဤသီးခြားဦးတည်ရာလမ်းကြောင်းကို နိုင်ငံတကာ ဥပဒေပညာရှင်များက “ရည်ရွယ်ချက်အစစ်အမှန်ထက် အပေါ်ယံပုံစံပေါ်အခြေခံ၍သုံးသပ်ဆုံးဖြတ်ခြင်း” (a triumph of form over substance) ဟု ခေါ်ဆိုခဲ့ကြပါသည်။ (Gardam and Jarvis 2001, 29) ထို့အပြင် CRSV နှင့်ပတ်သက်၍ အလေးမထား ဂရုမစိုက်သော သဘောထားအမြင်များ၊ စိုးရိမ်ဖွယ်ရာအရေးကြီးပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော CRSV ဖြစ်စဉ်များ ဖြစ်ပွားသည့်နေရာတွင် မတော်မတရားပြုကျင့်မှုများအား စုံစမ်းစစ်ဆေးခြင်းနှင့်အတူ တရားစွဲဆိုထားသည့် ခုံရုံးများနှင့် အခြားသော ပြည်တွင်းအဖွဲ့အစည်းများက ထည့်မတွက်ခြင်းနှင့် ငြင်းပယ်ခြင်းတို့သည် (ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများနှင့်အတူ ကမ္ဘောဒီးယားနှင့် သီရိလင်္ကာ နှစ်နိုင်ငံလုံး၏ အမှုကိစ္စများတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း) လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဆန့်ကျင်သည့် IHL ၏ စည်းမျဉ်းများအား အကောင်အထည်ဖော်မှုတွင် အဓိက အဟန့်အတား ဖြစ်နေပါသည်။

နောက်ထပ် အဓိက အဟန့်အတားတစ်ခုမှာ CRSV နှင့်ဆက်စပ်နေသောအမည်းစက်ဖြစ်ပြီး CRSV မှ အသက်ရှင်ကျန်ရစ်သူများက ရှေ့ထွက်လာပြီး ပြစ်မှုကျူးလွန်သူများကို ဆန့်ကျင်ကာ သက်သေခံပေးရန် ဝန်လေးတွန့်ဆုတ်နေကြခြင်း ဖြစ်ပါသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့်ဆက်စပ်သော ကွဲရဲ့ပြစ်တင်ခြင်းနှင့် သက်သေအထောက်အထားများရရှိရေးတွင် ကပ်လျက်ပါလာသော အခက်အခဲများကြောင့် တရားရေးဆိုင်ရာနှင့် အခြားအဖွဲ့အစည်းများက စွဲချက်တင်ခြင်းနှင့်အတူ စုံစမ်းစစ်ဆေးနေသည့် ပဋိပက္ခနှင့်ဆက်နွယ်သော ပြစ်မှုများသည် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအဖြစ်မှန်ကို ဝန်ခံရန် ဝန်လေးတွန့်ဆုတ်နေခြင်းကို ပြသနေပါသည်။

ထိုသို့သောအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကွဲရဲ့ပြစ်တင်ခြင်းသည် (ဘဲန်ရှုဖ် ၂၀၁၄ - Benshoof 2014) ၎င်း၏အသက်ရှင်ကျန်ရစ်သူများထက် IHL ၏စည်းမျဉ်းများကို လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့်တရားဆိုင်ရာ အဝန်းအဝိုင်းအတွင်း ပေါင်းစပ်ခြင်းဖြင့်သာ ပြစ်မှုကျူးလွန်သူများက တာဝန်ခံသောသဘောထားရှိလာစေရန် ဆန္ဒ ရှိမှုကို ရရှိနိုင်မည် ဖြစ်ပါသည်။ (အိုက်ဇင်ဘရုခ် - Eisenbruch 2018b) ဤသို့လုပ်ဆောင်ခြင်း၏အဓိပ္ပါယ်မှာ IHL တန်ဖိုးများနှင့် ထိုလူမှုအဖွဲ့အစည်း၏ ရှိရင်းစွဲတန်ဖိုးစနစ်များအကြား တူညီမှုများကို ထောက်ပြရန် ဖြစ်ပါသည်။ ဤဆောင်းပါးသည် ဗုဒ္ဓဘာသာတရားဒေသနာများနှင့် ထုံးတမ်းစဉ်လာများနှင့် IHL တို့ မည်သည့်နေရာတွင် ကိုက်ညီသည်ကို သတ်မှတ်ရန်နှင့် CRSV ကို ကိုင်တွယ်ဖြေရှင်းရန်နေရာတွင် IHL အစီအမံများနှင့် သက်ဆိုင်သော ဗုဒ္ဓဘာသာအဆုံးအမများနှင့် ကျင့်သုံးမှုအလေ့အထများကို ဖော်ထုတ်ရန် ရည်ရွယ်သော ကြိုးပမ်းမှုတစ်ခုသာ ဖြစ်ပါသည်။ ပုံသေဖြစ်သော ကျား၊ မ နှစ်ခု ခွဲခြားမှုကို တိုက်ဖျက်ရန်နှင့် အခြားသူများနှင့် မိမိအတွက်ပါ ဆင်းရဲဒုက္ခ လျော့ပါးစေခြင်း၏ အရေးပါမှုကို ပိုမိုနားလည်သဘောပေါက်လာစေရန် ဗုဒ္ဓဘာသာအဆုံးအမများအား မည်ကဲ့သို့အသုံးချနိုင်ကြောင်း ဤဆောင်းပါးက နောက်ထပ် အဆိုပြုထားပါသည်။ တိုက်ပွဲဝင်စစ်သည်များ၏ ထိရောက်သော စစ်ရေးတာဝန်ကို ထမ်းဆောင်နေစဉ် ယင်းသို့သော တရားဒေသနာများအား နားလည်သဘောပေါက်မှု ပိုမိုမြင့်မားလာစေရန်နှင့် သူတစ်ပါးအကျိုးသယ်ပိုးလိုမှု၊ နီးကြားရှင်သန်သော ကရုဏာနှင့်ခံနိုင်ရည်ရှိမှုတို့ ဖွံ့ဖြိုးတိုးတက်လာစေရန် တရားထိုင်ခြင်းကို ကျင့်သုံးနိုင်ကြောင်း ဤဆောင်းပါးက နောက်ထပ် အကြံပြုထားပါသည်။ ဗုဒ္ဓဘာသာနှင့်ဆက်စပ်သောအကြောင်းအရာအတွင်း သက်ဆိုင်ရာ ဗုဒ္ဓဘာသာအဆုံးအမများနှင့် တရားထိုင်ခြင်းနည်းလမ်းများကို ပေါင်းစပ်လေ့ကျင့်ခြင်းသည် CRSV ဖြစ်နိုင်ခြေကို လျှော့ချရန် ယဉ်ကျေးမှုအရ စွဲခိုင်နေသောတန်ဖိုးများကို ထိန်းချုပ်အသုံးချသည့်နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ဤသုတေသနသည် CRSV နှင့်ပတ်သက်၍ ဓလေ့ထုံးတမ်းအပြင် သဘောတူညီချက်ကိုအခြေခံသည့် IHL စည်းမျဉ်းများပေါ် ဗဟိုပြုထားပြီး လက်ရှိဥပဒေ၏ ဖွံ့ဖြိုးတိုးတက်မှုအား သမိုင်းကြောင်းအရ သုံးသပ်ချက်အကျဉ်းချုပ် ပါဝင်ပါသည်။ ဤသုတေသနသည် CRSV ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် IHL အစီအမံများကို

တင်ပြရန် နိုင်ငံတကာရာဇဝတ်တရားရုံး (အိုင်စီစီ) နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးခုံရုံးများ၏ စတက်ကျူ ဥပဒေများနှင့် ဥပဒေသိပ္ပံပညာတို့ကိုလည်း ရည်ညွှန်းပါသည်။

CRSV ကို ကျူးလွန်သောသူများသည် လုံးဝ တိုက်ပွဲဝင်စစ်သည်များမျှသာမဟုတ်ကြောင်းနှင့် CRSV ကို တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကလည်း ကျူးလွန်သည့် သို့မဟုတ် မသိကျိုးကျွံပြုကာလက်ခံသည့် ဖြစ်ရပ်များ အများအပြားရှိကြောင်း ဤနေရာတွင် မှတ်သားထားရပါမည်။ သို့သော်လည်း ဆန့်ကျင်ဘက်အုပ်စု၏ အရပ်သား များအပေါ် အကြမ်းဖက်ရန် သို့မဟုတ် အရှက်ရစေရန် ရည်ရွယ်ချက်မှသည် သယံဇာတရင်းမြစ်များနှင့် နယ်မြေကို ထိန်းချုပ်ရန်၊ သတင်းအချက်အလက်ရရှိရန် သို့မဟုတ် လူမျိုးတုံးသုတ်သင်ခြင်း သို့မဟုတ် လူမျိုးတုံး သတ်ဖြတ် ခြင်း သက်ရောက်မှုအထိ လွှမ်းခြုံသည့် CRSV ကို ဖြစ်စေသော အကြောင်းရင်းအမျိုးမျိုး ရှိပါသည်။ တိုက်ပွဲဝင် စစ်သည်များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုကျူးလွန်ရန် ၎င်းတို့၏ ရာထူးအာဏာနှင့် ၎င်းတို့၏ တာဝန်ခံမှု ကင်းမဲ့ခြင်း အနေအထားတို့ကိုလည်း အခွင့်ကောင်းယူနိုင်ပါသည်။ ဤဆောင်းပါးသည် လက်နက်ကိုင်ပဋိပက္ခ အတွင်း တိုက်ပွဲဝင်စစ်သည်များက ကျူးလွန်ခြင်းအဖြစ် CRSV ကို ကိုင်တွယ်ဖြေရှင်းရန် ဗုဒ္ဓဘာသာ အခြေခံမူ သဘောတရားများနှင့် ကျင့်သုံးမှုအလေ့အထများကို အဓိကအလေးထား တင်ပြပါမည်။

## IHL တွင် CRSV ကို တဖြည်းဖြည်း အသိအမှတ်ပြုမှု

ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက ထိုကာလတွင် လက်နက်ကိုင်ပဋိပက္ခပေါင်း (၂၅၀) ကျော် ရှိခဲ့ပါသည်။ (Pettersson and Wallensteen 2015) ကာလရှည်ကြာသည့် ပြင်းထန်မှုနည်းပါးသော စစ်ပွဲများတွင် အကြမ်းဖက်သော ပဋိပက္ခသည် အိမ်နှင့်မိသားစုအတွင်းသို့ ကျူးကျော်ချင်းနင်းဝင်ရောက်သည့်ပုံစံဖြင့် လက်နက် ကိုင်ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏အဆင့်များကို ပြင်းထန်လာစေပါသည်။ (Manchanda 2001)

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို IHL အား "ကြီးလေးသောချိုးဖောက်မှု" ဖြစ်ကြောင်း အတိအလင်း အသိအမှတ်ပြုထားခြင်းမရှိသကဲ့သို့ လက်နက်ကိုင်ပဋိပက္ခအတွင်း လိုက်နာရမည့် အနိမ့်ဆုံးအကာအကွယ်ပေးမှု များကို ပြဋ္ဌာန်းထားသည့် ဂျီနီဗာသဘောတူညီချက်များ၏ ဘုံပြဋ္ဌာန်းချက်အပိုဒ် (၃) အောက်တွင် တိတိကျကျ ဖော်ပြမထားပါ။ အဓမ္မကျင့်မှုအား ကြီးလေးသောချိုးဖောက်မှုဟု မှတ်ယူရန်အတွက် ယင်းကို "ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လူမဆန်စွာပြုမူဆက်ဆံခြင်း" သို့တည်းမဟုတ် "ရည်ရွယ်ချက် ရှိစွာ ကြီးမားသောဆင်းရဲဒုက္ခဖြစ်စေခြင်း သို့မဟုတ် ခန္ဓာကိုယ်နှင့်ကျန်းမာရေးကို ပြင်းပြင်းထန်ထန် အနာတရ ဖြစ်စေခြင်း" ရာဇဝတ်မှုများအတွင်း ပါဝင်ခြင်းအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုရပါမည်။ သို့သော် ယခင် ယူဂိုဆလားဗီးယား တွင် ပဋိပက္ခအစောပိုင်း၌ "ရည်ရွယ်ချက်ရှိရှိ ကြီးမားသောဆင်းရဲဒုက္ခဖြစ်စေခြင်း သို့မဟုတ် ခန္ဓာကိုယ်နှင့် ကျန်းမာရေးကို ပြင်းပြင်းထန်ထန် အနာတရဖြစ်စေခြင်း" ဖြင့် ယင်းသည် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ အား ကြီးလေးသောချိုးဖောက်မှုတွင် ပါဝင်ကြောင်း ICRC က ကြေညာခဲ့ရာ အဓမ္မပြုကျင့်ခြင်းသာမက အမျိုးသမီး တစ်ဦး၏ ဂုဏ်သိက္ခာအပေါ် အခြား မည်သည့်တိုက်ခိုက်မှုမဆိုလည်း လွှမ်းခြုံပါဝင်သည်မှာ ထင်ရှားပါသည်။ (Gardam and Jarvis 2001, 29) စစ်ပွဲကာလအတွင်း အရပ်သားများအား အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင် သော သဘောတူညီချက် အပိုဒ် ၂၇ (စတုတ္ထဂျီနီဗာသဘောတူညီချက် - GC IV)၊ ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁) (နောက်ဆက်တွဲစာချုပ်-၁ - AP I) ၏ အပိုဒ် ၇၅( ၂ ) နှင့် ၇၆၊ ဂျီနီဗာ သဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၂) (နောက်ဆက်တွဲ စာချုပ်-၂ - AP II) ၏ အပိုဒ် ၄(၂)(င) တို့သည် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပြဿနာကို ကိုင်တွယ်ဖြေရှင်း ထားပါသည်။ ICRC ၏ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ လေ့လာမှု စည်းမျဉ်း ၉၃ နှင့် ၉၄ တို့သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အချို့ပုံစံများကို စစ်ရာဇဝတ်မှုအဖြစ် အသိအမှတ်ပြု ထားပါသည်။ (ICRC 2005) နိုင်ငံတကာရာဇဝတ်မှုဥပဒေ၏ ကိစ္စတစ်ရပ်အဖြစ် ယခင် ယူဂိုဆလားဗီးယားအတွက် နိုင်ငံတကာ ရာဇဝတ်ခုံရုံး ၁၉၉၃ နှင့် ၁၉၉၄ (ICTY 1993 နှင့် ICTY 1994) တို့၏ စတက်ကျူဥပဒေများသည် အဓမ္မ

ပြုကျင့်မှုကို လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုတစ်ခုအဖြစ် အတိအလင်း အသိအမှတ်ပြုခဲ့ပါသည်။ (Lyth 2001)

ဤနိုင်ငံတကာအဖွဲ့အစည်းများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပေါ် ထားရှိသည့် အာရုံစူးစိုက်မှုသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား မမြင်ရခြင်းကို အဆုံးသတ်ရန်နှင့် သက်ဆိုင်ရာ IHL စံနှုန်းများအား အဓိပ္ပါယ်ကောက်ယူမှုတွင် အရေးပါသော တိုးတက်ဖြစ်ထွန်းမှုအသစ်များ ဖြစ်ပေါ်စေရန် ပံ့ပိုးပေးပါသည်။ ဤအထူးခုံရုံးများ၏ အစဉ်အလာတန်ဖိုးကို လုံခြုံရေးကောင်စီ အစီအမံများကဲ့သို့ ၎င်းတို့၏ မူလဇာစ်မြစ်အားဖြင့်လည်းကောင်း၊ ထို့အပြင် ၎င်းတို့၏ ပထဝီနယ်ပယ်အားဖြင့်လည်းကောင်း နှစ်မျိုးလုံးဖြင့် ကန့်သတ်ထားသော်လည်း ဤပဏာမခြေလှမ်းများ၏ စံအဖြစ်သတ်မှတ်ထားသော သက်ရောက်မှုမှာ များစွာ ပိုမို ကျယ်ပြန့်ပါသည်။ (Lyth 2001)

သမိုင်းကြောင်းအရ IHL တွင် အမျိုးသမီးများကို အရပ်သားများ၏ ယေဘုယျ အမျိုးအစားအောက်တွင် ထည့်သွင်းထားခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခတွင် အမျိုးသမီးများ၏ ကွဲပြားခြားနားသောအတွေ့အကြုံကို အရေးမကြီးသောအရာအဖြစ် ထားရှိခဲ့ပါသည်။ လီဘာကိုဥပဒေ(Lieber Code) ကဲ့သို့သော အစောပိုင်းဥပဒေရေးရာနှင့် တရားရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဟိဂ်သဘောတူညီချက်များနှင့် နူရင်ဘာ့ဂ်(Nuremberg) နှင့် အရှေ့ဖျား (Far East) တွင် နိုင်ငံတကာစစ်ခုံရုံးသည် CRSV ကို ကိုင်တွယ်ဖြေရှင်းရာ၌ ရည်ညွှန်းကိုးကားမှုကို အကန့်အသတ်ပြုလုပ်ထားပါသည်။ (Lyth 2001) ၁၉၉၈ခုနှစ်တွင် ICRC သည် ကမ္ဘာတစ်ဝန်းရှိ လက်နက်ကိုင်ပဋိပက္ခကြောင့် အမျိုးသမီးများအပေါ် မည်သို့ ထိခိုက်မှုရှိသည်ကို ဆန်းစစ်ရန် လေ့လာမှုတစ်ခုကို စတင်ခဲ့ပါသည်။ ဤလေ့လာမှု၏ တွေ့ရှိချက်များသည် CRSV ကို တိုက်ဖျက်ရာတွင် ပါဝင်သည့်အဖွဲ့များအားလုံးအတွက် လမ်းညွှန်များအဖြစ် ဖြည့်ဆည်းပေးပါသည်။ (Suk and Skjelsbak 2010; Gardam and Jarvis 2001) သို့ရာတွင် သိပ်မကြာသေးမီက ပြုလုပ်ခဲ့သော သုတေသနအရ လက်နက်ကိုင်ပဋိပက္ခများ၏အခြေအနေတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံမျိုးစုံရှိနေကြောင်းနှင့် အမျိုးသမီးများသာလျှင် CRSV ၏ သားကောင်များမဟုတ်ကြောင်းကို ဖော်ထုတ်ခဲ့ပါသည်။ အမျိုးသားများနှင့် လိင်ပိုင်းဆိုင်ရာ ၌ အများတကာနှင့်မတူသည့် လူနည်းစုများတွင်ပါဝင်သူများသည်လည်း CRSV ၏ သားကောင်များ မကြာခဏ ဖြစ်တတ်ပြီး ပဋိပက္ခအခြေအနေများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ အဖြစ်မှန်များအား အသိအမှတ် ပြုမှုမရှိခြင်းအပေါ်အခြေခံ၍ ဤအသက်ရှင်ကျန်ရစ်သူများကို ဖော်ထုတ်ရန် အတားအဆီးများ ထပ်ရှိနေပါသည်။ ဤဆောင်းပါးတွင် တင်ပြထားသည့် ရပ်တည်ချက်ဖြစ်သော သတိကပ်တရားထိုင်သော လေ့ကျင့်မှုဖြင့် သိမြင်နားလည်မှုနှင့် ကရုဏာကို ပျိုးထောင်ခြင်းသည် လက်နက်ကိုင်ပဋိပက္ခအတွင်း လူအုပ်စုအမျိုးမျိုးအပေါ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဤပုံစံများအားလုံးကို လွှမ်းခြုံနိုင်လောက်သည်အထိ လုံလောက်စွာ ကျယ်ပြန့်ပါသည်။

## ကမ္ဘောဒီးယား၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့တွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ CRSV နှင့် IHL တန်ဖိုးများအား ယဉ်ကျေးမှုဆိုင်ရာ ပေါင်းစည်းမှုအတွက် လိုအပ်ချက်

ဥပဒေသည် ကျွန်ုပ်တို့၏လောကအားရှုမြင်ပုံကိုတည်ဆောက်ရာတွင် အားကောင်းသောအခန်းကဏ္ဍရှိပြီး CRSV ၏ အသက်ရှင်ကျန်ရစ်သူများ၏အနေအထားကို သိသိသာသာတိုးတက်စေခဲ့သော်လည်း အသိအမှတ်ပြုရန် ဝန်လေးတွန့်ဆုတ်ခြင်းနှင့် ယင်းကိုအကြောင်းပြု၍ ဖြေရှင်းရန်တွန့်ဆုတ်ခြင်းတို့သည် ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် လူမှုရေးအရ ဖယ်ကြဉ်ခံရခြင်း၏ ငုပ်လျှိုးနေသော အခြေခံအကြောင်းရင်းများဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ အသက်ရှင်ကျန်ရစ်သူများ တွေ့ကြုံရသည့် အခက်အခဲအများအပြားသည် IHL ၏ တရားဥပဒေဆိုင်ရာအကာအကွယ်များအား အကောင်အထည်ဖော်မှုအတွက် အတားအဆီးတစ်ခု ဖြစ်ပါသည်။ ဤကဲ့ရဲ့ပြစ်တင်ခြင်းသည် CRSV ၏ အသက်ရှင်ကျန်ရစ်သူများတွင် မကြာခဏဆိုသလို ကျူးလွန်ခံရမှုများကို ထုတ်ဖော်ပြောကြားရန်အတွက် တိတ်ဆိတ်မှုကိုဖြို့ခွင်းရန်နှင့် သက်သေခံချက်ပေးရန် ချီတုံချတုံဖြစ်နေတတ်သည့် ရလဒ်ကို ဖြစ်စေပါသည်။ ထို့အပြင်/သို့မဟုတ် တရားလိုရှေ့နေများက သက်သေမရှိခြင်းကြောင့် CRSV ကို တရားစွဲဆိုရန် ဝန်လေးတွန့်ဆုတ်နေသည့်ရလဒ်ကို ဖြစ်စေပြီး CRSV ကို ကာကွယ်တားဆီးရန်နှင့် တရားစွဲဆိုရန် နိုင်ငံ

တကာ တရားစီရင်ရေးလုပ်ငန်းစဉ်များသာမက ၎င်းတို့အား သမားရိုးကျနှင့် ဓလေ့ထုံးတမ်း IHL ၏ ထိရောက်မှုကို မေးခွန်းထုတ်စေပါသည်။ (Ministry for Foreign Affairs Sweden 2007; Goodley 2019)

ပြည်တွင်းအသွင်ကူးပြောင်းရေးကာလဆိုင်ရာ တရားမျှတမှုခုံရုံးများနှင့်လုပ်ငန်းစဉ်များ၏ အတွေ့အကြုံများသည် CRSV အပေါ် အထင်အမြင်သေးနိမ့်ချသောသဘောထားကို ထင်ဟပ်နေပါသည်။ မကြာသေးမီ ၂၀၁၁ ခုနှစ်အထိ ကမ္ဘောဒီးယားတွင် ခမာနီတပ်ဖွဲ့ဝင်များ ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အသိအမှတ်ပြုခြင်း သို့မဟုတ် တရားသဖြင့်ဖြစ်စေခြင်း မရှိခဲ့ပါ။ (Carmichael 2019; Eisenbruch 2018b) အသွင်ကူးပြောင်းရေးကာလဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် တည်ထောင်ခဲ့သည့် ကမ္ဘောဒီးယား တရားရုံးများရှိ အထူးအာဏာပေးထားသော တရားသူကြီးအခန်းများ (ECCC) သည် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများကို ပြန်လည်အစကောက်ပြီး အပြည့်အဝစဉ်းစားဆင်ခြင်းအတွက် အပြောင်းအလဲမရှိ တသမတ်တည်း ခုခံခဲ့ကြပါသည်။ (Carmichael 2019; Extraordi-nary Chambers in the Courts of Cambodia 2012) သီရိလင်္ကာတွင် ပြည်တွင်းစစ်အတွင်း CRSV အား တသမတ်တည်း အပြင်းအထန် စွပ်စွဲချက်များ ရှိသော်လည်း (လူ့အခွင့်အရေးမဟာမင်းကြီးရုံး ၂၀၁၅ - Office of the High Commissioner for Human Rights 2015; Fonseka 2015) အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ထုံးလုပ်နည်းများသည် ယင်းတို့ကို ဖြေရှင်းရန် မအောင်မမြင် ဖြစ်ခဲ့ရပါသည်။ ရရှိခဲ့သောသင်ခန်းစာများနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်အစီရင်ခံစာတို့သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (de Mel 2013) စွပ်စွဲချက်များကို လုံလောက်စွာ စူးစမ်းလေ့လာမှုမပြုခဲ့ခြင်းနှင့် သီရိလင်္ကာအစိုးရက ပြည်သူကို ကတိကဝတ်ပြုထားသော်လည်း CRSV မှ အသက်ရှင်ကျန်ရစ်သူများ၏ အစိတ်အပိုင်းနှင့်ပတ်သက်၍ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများ၏ သားကောင်ဖြစ်ရခြင်းနှင့်တွဲပါလာသည့် အမည်းစက်ကိုအကြောင်းပြု၍ မိမိကိုယ်တိုင် ဆန္ဒအလျောက်သက်သေခံရန် ဝန်လေးတွန့်ဆုတ်နေခြင်း၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရာဇဝတ်မှုများ ကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် နိုင်ငံရေးဆန္ဒကင်းမဲ့ခြင်း (International Crimes Evidence Project 2014; Fonseka and Woodworth 2016) အပြင် စော်ကားခံခဲ့ရသူများနှင့် သက်သေများအား အဆက်မပြတ် ခြိမ်းခြောက် မှု တို့ကြောင့် အဆိုပါ ကတိကဝတ်များကို လိုက်နာသည့် အခြားသော အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များသည်လည်း မအောင်မမြင် ဖြစ်ခဲ့ရပါသည်။ (Fonseka and Schulz 2018) များမကြာသေးမီက ၂၀၁၆ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးများအပေါ် CRSV ကျယ်ကျယ် ပြန့်ပြန့် ဖြစ်ပွားမှုပုံစံကို ကုလသမဂ္ဂက အစီရင်ခံခဲ့ပြီး တာဝန်ခံမှုနှင့် ထပ်မံဖြစ်ပွားမှုမရှိရေး သေချာစေရန် အနည်း အကျဉ်းသာ လုပ်ဆောင်ခဲ့ပါသည်။ (ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံး ၂၀၂၁ - Office of the Special Representative of the Secretary-General on Sexual Violence in Conflict 2021) အထက်ပါ ဖြစ်ရပ်များအားလုံးသည် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခဲ့ရာတွင် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများ ပါဝင်နေသော သာဓကများ ဖြစ်ပါသည်။

ဤအခြေအနေတွင် ရဟန္တာဖြစ်ပြီးသော ဥပ္ပလဝဏ်ထေရီမ၏ ဇာတ်ဝတ္ထုကိုဆင်ခြင်ရန် ဗုဒ္ဓဘာသာဝင်များအတွက် သင့်လျော်ပါသည်။ ဥပ္ပလဝဏ်ထေရီမသည် ဗုဒ္ဓ၏ လက်ဝဲတော်ရံ တပည့် ထေရီမတစ်ပါးအဖြစ် ဗုဒ္ဓက များစွာ ချီးကျူးသာဓုခေါ်ခဲ့ရသူ ဖြစ်ပါသည်။ ထေရီမ အဓမ္မပြုကျင့်ခံရသောအခါ သူမ၏ဆန္ဒလည်းမပါသောကြောင့် သူမသည် ကာမဂုဏ်အာရုံကိုပယ်ပြီးဖြစ်၍ ဝိနည်းလည်းမကျိုးပေါက်ခဲ့ကြောင်း ဗုဒ္ဓက မိန့်တော်မူပါသည်။ (*Vinaya* III.35, cf. *Dhammapada* commentary II. 47-52) ထေရီမကို အပြစ်မတင်ပါ တနည်း ထေရီမအပေါ် အမည်းစက် မထင်ခဲ့ပါ။

နိုင်ငံတကာသဘောတူစာချုပ် ပြဋ္ဌာန်းချက်များ၊ ဓလေ့ထုံးတမ်းဥပဒေနှင့် ဆက်စပ်သော နိုင်ငံတကာရာဇဝတ်မှုဥပဒေ အမိန့်များ အပါအဝင် IHL အစီအမံ အများအပြား ရှိနေသော်လည်း နိုင်ငံတကာ သို့မဟုတ် ပြည်တွင်းခုံရုံးများတွင် CRSV ကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းခြင်း မရှိပါ။ တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝှမ်းတွင် ဗုဒ္ဓဘာသာဝင် ဘီလျံထက်ဝက်ကျော်ရှိသော်လည်း မကြာသေးမီ ဆယ်စုနှစ်များအတွင်း ပြင်းထန်သော ပဋိပက္ခများကြောင့် ဗုဒ္ဓဘာသာအသင်းအဖွဲ့အများအပြား တစ်စစီပြိုကွဲခဲ့ပြီး ယခုတိုင် ဗုဒ္ဓဘာသာနှင့် IHL အကြား

ဆက်စပ်မှုကိုလေ့လာရန် စနစ်ကျနသော အာရုံစူးစိုက်မှု မရှိသေးပါ။ ထို့အပြင် အထက်ပါဥပမာများက ရှင်းလင်းစွာ ပြသထားသကဲ့သို့ CRSV ကို ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများက ကျူးလွန်ခဲ့ကြပြီး တစ်ခါတစ်ရံတွင် လူပြိန်းနှင့် သံဃာ့အဖွဲ့အစည်း နှစ်ခုလုံးကပင် မသိကျိုးကျွံပြုခဲ့ကြပါသည်။ (Lei 2019; Eisenbruch 2018a) ဤအခြေအနေတွင် CRSV ကို ကာကွယ်တားဆီးရန် ဗုဒ္ဓဘာသာအခြေခံမှုများအား မည်သို့အသုံးပြုနိုင်မည်ကို ကျွန်ုပ်တို့ မေးနိုင်ပါသည် - ဗုဒ္ဓဘာသာရှုထောင့်မှ တစ်စုံတစ်ယောက်သည် အဘယ်ကြောင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သင့်သနည်း။ ဤမေးခွန်းကို ကိုင်တွယ်ဖြေရှင်းရာတွင် CRSV ၏ သားကောင်များသည် အမျိုးသားရော အမျိုးသမီးပါ ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့ မှတ်သားထားရပါလိမ့်မည်။

## ကျား/မဖြစ်မှုနှင့်သက်ဆိုင်သော အတ္တမဟုတ်မှု(အနတ္တ)အပေါ် အဆုံးအမများနှင့် အတွေးအခေါ်ပြောင်းလဲမှု

ဤမေးခွန်းကိုဖြေရန် ပါဠိကျမ်းဂန်လာ ဗုဒ္ဓဘာသာအဆုံးအမတရားဒေသနာတော်များကို ကြည့်ရန် ကျွန်ုပ်တို့ ယခု ပြန်လှည့်ပါမည်။ CRSV နှင့် ပတ်သက်၍ IHL ၏ရပ်တည်ချက်နှင့် အထူးသဖြင့် ကိုက်ညီသော ဗုဒ္ဓဘာသာ ရှုထောင့်များမှာ ကရုဏာနှင့် သိမြင်နားလည်မှုတို့ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအဆုံးအမများအရ လူသား၏ လုပ်ဆောင်မှုများကို အခြေခံကျသော မူသဘောတရားနှစ်ခုဖြစ်သည့် စာနာသနားမှု(ကရုဏာ)နှင့် ဉာဏ်ပညာ/သိမြင်နားလည်မှု (ပညာ)တို့က လမ်းညွှန်ပေးပါသည်။ စင်စစ်အားဖြင့် ၎င်းတို့သည် ဘုရားလောင်း၏ဘဝဖြစ်စဉ်ကို လမ်းညွှန်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ သိမြင်နားလည်ခြင်းရှုထောင့်နှင့်ပတ်သက်၍ အရေးကြီးသောအဆုံးအမသည် “အတ္တမရှိခြင်း” အနတ္တဒေသနာတော်ဖြစ်ပြီး အနတ္တလက္ခဏာသုတ်(SN 22.59)တွင် အသေးစိတ်ရှင်းပြထားသကဲ့သို့ ကျွန်ုပ်တို့တွင် အဓိကအားဖြင့် အစွန့်ရှည်စွာတည်တံ့နေသော ဖြစ်တည်မှု ပုံသေမရှိ ဟူသော အယူအဆ ဖြစ်ပါသည်။[1] အနတ္တဒေသနာတော်ကို ထိုးထွင်းသိမြင်နားလည်ခြင်းသည် CRSV သို့ ဦးတည်စေသော အာဏာနှင့် ဘေးဖြစ်လွယ်မှုတို့ကို ဖန်တီးသည့် အန္တရာယ်ရှိသော ကျား/မ ဖြစ်မှုဆိုင်ရာ တိုက်ဆိုင်စိစစ်ခြင်းတွင် အထောက်အကူပြုပါသည်။

ထေရီဂါထာနှင့် ဘိက္ခုနီသံယုတ်[2] ကဲ့သို့သော ဗုဒ္ဓဘာသာကျမ်းစာများအား ပိုင်းခြားစိတ်ဖြာလေ့လာခြင်းဖြင့် ဗုဒ္ဓဘာသာအဆုံးအမများပါဝင်သည့် အနတ္တဒေသနာတော်သည် ကျား/မ ဖြစ်မှုအပေါ် မည်သို့ပတ်သက်နေပုံကို ဤအနေအထားက ခိုင်မာစေရန်အားဖြည့်ပေးပါသည်။

အနတ္တလက္ခဏာသုတ် သို့မဟုတ် “အတ္တမဟုတ်သောဝိသေသအပေါ်အကျယ်တဝင့်ဟောပြောချက်”သည် ဗုဒ္ဓ၏ ဒုတိယမြောက် အကျယ်တဝင့်ဟောကြားသည့်တရားတော်အဖြစ် အစဉ်အလာအားဖြင့် မှတ်တမ်းတင်ထားပါသည်။ “အတ္တမဟုတ်ခြင်း - အမြဲမရှိသောအတ္တ သို့မဟုတ် ယင်းသို့ယူဆသောအရာတွင်ပါဝင်သည့် မည်သည့်အရာမဆို”သည် ဖြစ်တည်မှု၏ ဝိသေသလက္ခဏာသုံးပါးထဲမှတစ်ပါးဖြစ်ပြီး အခြားနှစ်ပါးမှာ မမြဲခြင်း(အနိစ္စ)နှင့် အလိုမပြည့်ခြင်း(ဒုက္ခ)တို့ ဖြစ်ပါသည်။ ဤသုံးပါးသည် အပြန်အလှန်ဆက်နွှယ်နေပြီး တစ်ခုကို အခြားနှစ်ခုမှ သီးခြား ခွဲထုတ်၍ မရနိုင်ပေ။ အရာရာတိုင်းသည် အတ္တမဟုတ်ခြင်း(အနတ္တ) ဆိုသည်မှာ သက်ရှိ သို့မဟုတ် သက်မဲ့ မည်သည့်အရာတွင်မဆို တည်မြဲသော၊ မပြောင်းလဲသော အရာမရှိဟု ဆိုလိုခြင်း ဖြစ်ပါသည်။ အနတ္တလက္ခဏာသုတ်သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ စိတ် ဟူသော ခန္ဓာငါးပါး သို့မဟုတ် “အပေါင်းအစု” ပါဝင်နေမှု အဖြစ် သက်ရှိသတ္တဝါအားလုံး၏ ဖွဲ့စည်းထားမှုကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာထားပါသည်။ ခန္ဓာငါးပါးလုံးကို မမြဲခြင်း၊ အလိုသို့ မလိုက်ခြင်းနှင့် သက်ရှိသတ္တဝါတွင် ခိုင်မြဲသောအတ္တအနှစ်သာရတစ်ခု၏ပုံစံမရှိနိုင်ခြင်းတို့အဖြစ် ဖော်ထုတ်ထားပါသည်။

အနတ္တလက္ခဏဒေသနာသည် ဗုဒ္ဓဘာသာအသင်းအဖွဲ့အများအပြားတွင် ယဉ်ကျေးမှုအရ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သော်လည်း ဗုဒ္ဓဘာသာဝင်အတော်များများက ၎င်းကို နက်နက်နဲနဲ နားလည်ခြင်း မရှိကြချေ။ ဤသည်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ၎င်း၏နားလည်ရန်ခက်ခဲသည့်ရှုပ်ထွေးမှုကြောင့်သာမက လောကကြီးတွင် ဖန်တီးတည်ဆောက်မှုများကို လူအတော်များများက မီခိုအားထားစရာများအဖြစ် ရှုမြင်ထားကာ ထိုအခြေအနေကို

စွန့်လွှတ်ရန် ဆန္ဒမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ယင်းတို့သည် လူမှုစီးပွားအဆင့်အတန်း၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အရေးကြီးသည့် ကျား/မ လိင်ခွဲခြားမှုဆိုင်ရာ ဖန်တီးဖွဲ့စည်းတည်ဆောက်မှုများ ဖြစ်နိုင်ပါသည်။ ဗုဒ္ဓဘာသာ တရားရှုမှတ်ခြင်းအလေ့အကျင့်သည် စိတ်၏စွမ်းအားနှင့် စိတ်အတွင်းသန္တာန်တည်ငြိမ်မှုကို မြှင့်တင်ပေးပြီး နောက်ပိုင်းတွင် ယင်းသည် အနတ္တနှင့်စပ်လျဉ်း၍ သိမ်မွေ့သောအဆုံးအမတရားများတွင် ထိုးထွင်းသိမြင်မှုများကို လွယ်ကူစေရန်အထောက်ကူပြုသည့် ဗုဒ္ဓဘာသာအဆုံးအမတရားများတွင် ယင်းကို ကြာရှည် ထိန်းသိမ်းခဲ့ပါသည်။ (Harvey 1997; Kaszniak 2010; Goodman 2013, 561)

လက်နက်ကိုင်ပဋိပက္ခအတွင်း ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အများစု၏ အရင်းခံ အကြောင်းတရားတွင် အာဏာနှင့် ဘေးဖြစ်လွယ်မှုအား ကျား/မ လိင်ခွဲခြားသော လူမှုယဉ်ကျေးမှုဆိုင်ရာ ဖန်တီးတည်ဆောက်မှုများ ဖြစ်ပါသည်။ (Sivakumaran 2007) စွမ်းရည်နှင့် ဘေးကင်းလုံခြုံစိတ်ချရမှု အယူအဆများသည် ဖိုသဘာဝတည်ဆောက်ခြင်းအတွက် အဓိကမဏ္ဍိုင်ဖြစ်လေ့ရှိပြီး တစ်ချိန်တည်းတွင် ဘေးဖြစ်လွယ်မှုနှင့် လက်အောက်ခံ အယူအဆများက မသဘာဝတည်ဆောက်မှုကို မကြာခဏ သရုပ်ဖော်ပါသည်။ ဖိုသဘာဝနှင့် ဆက်စပ်သော စွမ်းရည်တည်ဆောက်မှုကို ဖျက်ဆီးရန်အလို့ငှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အမျိုးသားများ အပေါ် ကျူးလွန်ကြပါသည်။ ပိတ်ဆီးထားသော အမျိုးသားခန္ဓာကိုယ် တည်ဆောက်ထားခြင်းအား ထိုးဖောက်ခြင်းသည် ကျူးလွန်ခံရသူ၏ ယောကျ်ားပီသသော ကိုယ်ပိုင်လက္ခဏာအား ဆုံးရှုံးမှု အမြင်ဖြစ်စေသော သို့မဟုတ် ကျူးလွန်ခံရသူသည် “အမှန်အကန်” သို့မဟုတ် “အစစ်အမှန်” ယောကျ်ားတစ်ဦးမဟုတ်ကြောင်း အမြင်ဖြစ်စေခြင်းနှင့် ကျူးလွန်ခံရသူ အမျိုးသားအား ကျား/မ လိင်ခွဲခြားမှုဆိုင်ရာအရ ပြုသမျှနုရသော အမျိုးသမီးတစ်ဦး၏ ကိုယ်ပိုင်လက္ခဏာကို အကြောင်းတရားအဖြစ်မှတ်ယူခြင်းဖြင့် ကျား/မ ဖြစ်တည်မှု စံနှုန်းများကို အမြစ်မှလှန်၍ဖြိုလှဲဖျက်ဆီးပစ်ခြင်း ဖြစ်ပါသည်။ ရှင်သန်ကျန်ရစ်သူများထံမှ ထွက်ဆိုချက်သည် ဤမိမ်းမဆန်မှုဖြစ်စဉ်များ၏ တည်ရှိမှုကို အတည်ပြုပေးပါသည်။ (International Crimes Database 2016)

အမျိုးသား ကိုယ်ပိုင်လက္ခဏာအား ဤလျှော့ချမှုနှင့်အလားတူသော အမျိုးသားကိုယ်ပိုင်လက္ခဏာအပေါ် တိုက်ခိုက်မှုများသည် အမျိုးသမီးများအား ၎င်းတို့သက်ဆိုင်ရာအသိုင်းအဝိုင်းရှိ အမျိုးသားများ၏ လက်အောက်ခံနှင့် ပိုင်ဆိုင်မှုများအဖြစ် ရှုမြင်ကြပြီး ၎င်းတို့၏ အမျိုးသမီးများအား အကာအကွယ်ပေးရန်ပျက်ကွက်ခဲ့ကြသည့် အခြားအုပ်စု၏အမျိုးသားများအပေါ် အနိုင်ယူအောင်ပွဲခံမှုကိုပြသရန် ၎င်းတို့အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်ကြပါသည်။ ထို့အပြင် အမျိုးသမီးဂုဏ်သိက္ခာနှင့်အတူ လိင်ပိုင်းဆိုင်ရာ “စင်ကြယ်မှု”နှင့် ချိတ်ဆက်လျက်ရှိသော အမျိုးသားကြီးစိုးမှုအယူအဆများကို “အခြား”အုပ်စုမှ အမျိုးသမီးများအား အရှက်တကွဲဖြစ်စေရန်နှင့် ထိန်းချုပ်ရန်အတွက် ၎င်းတို့အပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တရားဝင်ဖြစ်စေရန် အသုံးပြုလေ့ရှိကြပါသည်။ (United Nations 2009) ထို့အပြင် မိန်းမပီသမှုနှင့်ဒွန်တွဲလျက်ရှိသော လက်အောက်ခံအဖြစ်နာခံမှုနှင့် ပြုသမျှနုမှုဟူသော တည်ဆောက်မှုများသည် ဆန့်ကျင်ဘက်ရန်သူကသာမက ၎င်းတို့၏ ဘက်တော်သားတိုက်ပွဲဝင်စစ်သည်များကပါ ကျူးလွန်သည့် CRSV ရလဒ်အဖြစ် အမျိုးသမီးများအား လိင်အသုံးချခံပစ္စည်း ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့် ရဝမ်ဒါလူမျိုးတို့၏ အင်ဆင်ဇီ (intsinzi) ကျင့်သုံးမှုဓလေ့သည် စစ်တပ်အား ၎င်းတို့၏ အောင်ပွဲကို ချီးကျူးဂုဏ်ပြုရန်အတွက် မိန်းကလေးငယ်များနှင့် အမျိုးသမီးများက ၎င်းတို့ကိုယ်၎င်းတို့ မဖြစ်မနေပေးအပ်ကြရပါသည်။ ၁၉၉၄ခုနှစ် ပြည်တွင်းစစ်အတွင်း ယင်းကိုလိုက်နာရန် ငြင်းဆိုခဲ့သူ အမျိုးသမီးများသည် ဖြုတ်ချခံရသောအစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သည်ဟု စွပ်စွဲခံရပြီး သေဒဏ်နှင့် ခြိမ်းခြောက်ခံခဲ့ရပါသည်။ (Dijkema 2001)

ဤအဆိပ်အတောက်ဖန်တီးတည်ဆောက်မှုများသည် အမျိုးသားများရော အမျိုးသမီးများပါ နှစ်ဘက်လုံးကို ထိခိုက်နစ်နာစေသောအန္တရာယ်ရှိပါသည်။ ၎င်းတို့အား တိုက်ဆိုင်စိစစ်ခြင်းကို ဗုဒ္ဓဘာသာ အနတ္တဒေသနာနှင့် တရားရှုမှတ်ခြင်း ဗုဒ္ဓဘာသာကျင့်သုံးမှုတို့ဖြင့် လမ်းညွှန်ပေးနိုင်ပါသည်။ ကျူးလွန်သူ၏ “အတ္တ”ပုံရိပ်နှင့်အတူ ချည်နှောင်ခြင်း၊ မိမိကိုယ်ကို အရှိန်အဝါရှိသကဲ့သို့ “ငါ” ပုံရိပ်ကို အထင်ကြီးအောင်ပြသခြင်း ဟူသည့် ဖျက်ဆီးတတ်သော ကျား/မ လိင်ဖြစ်တည်မှုအယူအဆများသည် ဤသိသာထင်ရှားသော အားကြီးသည့် “အတ္တ” ၏ ထင်ယောင်ထင်မှားဖြစ်စေသော သဘာဝတရားဖြစ်ကြောင်း နားလည်သဘောပေါက်ခြင်းနှင့်အတူ ပပျောက်သွားပါလိမ့်မည်။

စင်စစ်တွင် ခွန်အားအတွက် အစားထိုးရန်နှင့် ခွန်အားအယူအစွဲများအား စိတ်ဆန္ဒရိုင်းကိုအလိုဖြည့်ရန် ကြိုးပမ်းမှု၌ အမှန်တကယ် ထိခိုက်ပျက်စီးလွယ်သော အတ္တအယူအဆက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေရန် ထောက်ကူပေးနိုင်ပါသည်။ "အခြား"အုပ်စု၏ အမျိုးသားများနှင့် အမျိုးသမီးများ နှစ်ဘက်လုံးအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် တဏှာကြောင့်ကို အတ္တဟု ထင်ယောင်ထင်မှားအာရုံ ဖြစ်စေပြီး၊ အခြားအုပ်စု၊ နိုင်ငံ၊ လူမျိုး သို့မဟုတ် ကျား/မ လိင်ကွဲပြားမှုတို့ကို ဆန့်ကျင်ဘက်ပြုမှုတွင် မိမိကိုယ်တိုင်အပြင် မိမိ၏အနီးဆုံးအသိုင်းအဝိုင်းကို ဖော်ပြခြင်းဖြင့် တစ်စိတ်တစ်ပိုင်း ရရှိပါသည်။ (Bergsmo and Buis 2019) ဤ "အတ္တ"အား မည်သို့ တည်ဆောက်ထားပုံကို ပြသရန် ပုံသေဖြစ်သော၊ အခြေခံကျသည့်သဘောသဘာဝအဖြစ် အတ္တအား မည်သည့် ကိုယ်စားပြုမှုမဆို ၎င်းသည် ကျား/မ လိင်ကွဲပြားမှု၊ လူမျိုး၊ ကိုးကွယ်ရာဘာသာ သို့မဟုတ် နိုင်ငံသားဖြစ်မှုတို့အပေါ် အခြေခံခြင်း ရှိ/မရှိမှာ လှည့်ဖြားတတ်သော ယုံကြည်မှုသာ ဖြစ်ကြောင်းကို  တရားရှုမှတ်ခြင်းက လှစ်ဟပြသနေပါသည်။ (Engler 2003, 95) တစ်ဦးချင်းစီတွင် ပုံသေ အတွင်းသန္တာန်အနှစ်သာရမရှိခြင်းနှင့် အတ္တ၏ ကျား/မ လိင်ခွဲခြားသော အမြင်များသည် စိတ်ကူးသက်သက် မှတ်ယူမှုသာ ဖြစ်သည် ဆိုသည့်အချက်မှာ စင်စစ်အားဖြင့် အနတ္တဒေသနာ၏ ကြောင်းကျိုးဆက်စပ်ဆင်ခြင်၍ရသောအချက် ဖြစ်ပါသည်။ (Dharmasiri 1997, 152) အနတ္တဟူသော ဗုဒ္ဓဘာသာ အဆုံးအမများသည် အမျိုးသမီးဝါဒီ ပိုင်းခြားစိတ်ဖြာလေ့လာမှု၏ အထောက်အကူနှင့် အထူးသဖြင့် ပေါင်းစပ်လိုက်သောအခါ အန္တရာယ်ရှိသော ကျား/မ ဖြစ်မှု လိင်ခွဲခြားသော ဖန်တီးဖွဲ့စည်းတည်ဆောက်မှုများ ပပျောက်စေရေး အတွက် အားကောင်းသော နည်းလမ်းတစ်ခုကို ပေးပါသည်။ ဗုဒ္ဓဘာသာနှင့် အမျိုးသမီးဝါဒ နှစ်ခုစလုံးအတွက် စဉ်းစားတွေးခေါ်ခြင်းနှင့် သိမြင်ခြင်းဆိုင်ရာ သမားရိုးကျပုံစံများသည် ဆင်းရဲဒုက္ခ၏ဇာစ်မြစ် (Gross 1993, 153) ဖြစ်သော်လည်း ပိုမိုကောင်းမွန်ရေးအတွက် ယင်းတို့ကို ပြောင်းလဲနိုင်ပါသည်။

ထို့အပြင် အနတ္တဒေသနာသည် ကျား/မလိင်ကွဲပြားဖြစ်တည်မှုနှင့် သက်ဆိုင်ပုံကို ဗုဒ္ဓဘာသာ ဥပမာများ ပေးထားသည့် ထေရီဂါထာနှင့် ဘိက္ခုနီသံယုတ်[3]ကဲ့သို့ အမျိုးသမီးများအတွက် မှတ်ယူထားသော ဗုဒ္ဓဘာသာ ကျမ်းစာများအား ပိုင်းခြားစိတ်ဖြာလေ့လာမှုက ထိုကျား/မလိင်ခွဲခြားသော ဖွဲ့စည်းတည်ဆောက်မှုများသည် အဓိက ဗုဒ္ဓဘာသာ အဆုံးအမများနှင့် ထုံးတမ်းစဉ်လာများအတွက် လုံးဝဆန့်ကျင်ဘက်ဖြစ်နေကြောင်းကို ရှင်းလင်းစွာ ပြသနေပါသည်။  ဥပမာတစ်ခုမှာ ထေရီဂါထာနှင့်ဘိက္ခုနီသံယုတ်နှစ်ခုလုံးတွင် မှတ်တမ်းတင်ထားသည့် မာရ်နတ်၏ မေးခွန်းထုတ်မှုကို သောမာထေရီ၏ တုံ့ပြန်ဖြေဆိုမှု ဖြစ်ပါသည်။ မာရ်နတ်သည် ဗုဒ္ဓကို သဗ္ဗညုတဉာဏ်အလင်း ရရှိခြင်းမှ တားဆီးရန် ၎င်း၏ကြိုးပမ်းမှုအတွက် အများဆုံးသိကြပြီး သံသရာလည်ပတ်မှုအတွင်း  သွေးဆောင်ဖြားယောင်းခြင်းနှင့် သေဆုံးခြင်းကို ကိုယ်စားပြုပါသည်။ အောက်ဖော်ပြပါစာပိုဒ်တွင် သောမာထေရီအား အရဟတ္တဖိုလ်ရရှိရန် သူမ၏စွမ်းရည်တွင် သူမ၏ယုံကြည်မှုကိုလျှော့ပါးစေခြင်းဖြင့် ၎င်း၏သွေးဆောင်ဖြားယောင်းမှုအတွင်း ထားရှိရန် မာန်နတ်က မျှော်လင့်ထားပါသည် -

မာရ်နတ် - (က ပြောသည်)

အရဟတ္တဖိုလ်သည် ရရှိရန် အလွန်ခက်ခဲပြီး

ဗုဒ္ဓအစရှိသော ပညာရှိတို့သာ ရောက်နိုင်သည့်နေရာဖြစ်ပြီး၊

လက်နှစ်လုံးမျှလောက်သောပညာဖြင့်

အမျိုးသမီးတွေ အရဟတ္တဖိုလ်ကို မရနိုင်ပါဘူး။

သောမာထေရီ- (က ပြောသည်)

ဟယ်…မာရ်နတ်၊ စိတ်သည် ကောင်းစွာတည်ကြည်သည်ရှိသော်

အမျိုးသမီးဟူသောအဖြစ်သည် ငါတို့ကိုမတားဆီးနိုင်၊

အရဟတ္တဉာဏ်ဖြစ်ပေါ်နိုင်သည်ရှိသော်

ဓမ္မကို မှန်ကန်စွာမြင်နိုင်ပါသည်။

မိန်းမဖြစ်စေ၊ယောကျ်ားဖြစ်စေ၊

ထိုသို့စွမ်းနိုင်ပါက၊

အရာအားလုံးအတွက်သင့်တော်စွမ်းနိုင်ပါသည်[4]ဟု မာရ်နတ်ကိုဖြေကြားတော်မူခဲ့သည်(Bodhi 1997)

"ယောကျ်ား"နှင့်"မိန်းမ"ကဲ့သို့သောအသုံးအနှုန်းများအား ဒေသိယ သမားရိုးကျစကားပုံစံများ(ဇနပဒနိရုတ္တိ)အဖြစ် သတ်မှတ်သင့်ကြောင်း အမြင်ကို သီရိလင်္ကာတွင် (ငါးရာစု) အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ ထေရဝါဒဗုဒ္ဓဘာသာ ဒေသနာနှင့် ဝိပဿနာ လက်စွဲကျမ်းတစ်ခုဖြစ်သည့် ဝိသုဒ္ဓိမဂ်၌ ထည့်သွင်းစဉ်းစားထားပါသည်။ (commentary on XVII.24) (Ñān _ amoli Thera 2011, 538–539) (Ñā̄ṇamoli Thera 2011, 538-539) ယင်းကဲ့သို့သော အတွေးများကို စိတ်ဝင်စားသောသူတစ်စုံတစ်ဦးသာ တဏှာ၊ မာနနှင့် ဆန္ဒတို့၏သားကောင်ဖြစ်မည့် အကြောင်းကြောင့် "အတ္တ"အဖြစ် လူအများယူဆကြသည့်အရာသည် တစ်ခါတစ်ရံ သိမြင်မှုနှင့် တစ်ခါတရံ ရရှိသည့် အချို့သော ဝိပဿနာရှုမှတ်မှုအခြေအနေများ မည်သို့မည်ပုံ ဖြစ်သည်ကို ပိုင်းခြားစိတ်ဖြာလေ့လာသည့် ပေါတ္ထပါဒသုတ် (DN.I.185-195, 195-201) က "လောက၏ရာထူးစည်းစိမ်များ၊ လောက၏အသုံးအနှုန်းဖော်ပြချက်များ၊ လောက၏ပြောပုံဆိုပုံနည်းလမ်းများ၊ လောက၏ဖော်ပြမှုများ" ၏ လှည့်ဖြားခြင်းကိုလည်းကောင်း သို့မဟုတ် ယင်းတို့ကို သံယောဇဉ်ငြိတွယ်လာခြင်းကိုလည်းကောင်း သတိပေးပါသည်။ (Dharmasir 1997, 151)။[5]

ကျား/မ လိင်ကွဲပြားမှု နှစ်ခုကို ကျော်လွန် လှုပ်ရှားရန်[6] ဤကြိုးပမ်းအားထုတ်မှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်နယ်ပယ်တွင် ပိုမို နေရာရလာပါသည်။ CRSV ကို ကာကွယ်တားဆီးခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းဆီသို့ ရှေးရှုသည့် မကြာသေးမီက ချဉ်းကပ်မှုများသည် ကျား/မ တန်းတူညီမျှမှုမှ ကျား/မ ပါဝင်မှုဆီသို့ ရွှေ့ပြောင်းခြင်း၏အရေးပါမှုကို မီးမောင်းထိုးပြနေပါသည်။ ကျား/မ ကိုယ်ပိုင်လက္ခဏာများ အားလုံး ပိုင်ဆိုင်ထားသူများ ကွဲပြားခြားနားစွာ တွေ့ကြုံခံစားခဲ့ရသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံအမျိုးမျိုးကို အသိအမှတ်ပြုခြင်းနှင့် လိင်ပိုင်းဆိုင်ရာမဟုတ်သော ကျား/မ အခြေပြု အကြမ်းဖက်မှုပုံစံများကြောင့် ဖြစ်ပေါ်လာသော ထိခိုက်နစ်နာမှုများကိုအသိအမှတ်ပြုခြင်းသည် ဤကြိုးပမ်းမှုတွင် အရေးကြီးပါသည်။ (Dolan 2014)

အထက်တွင်ဆွေးနွေးခဲ့သော ဗုဒ္ဓဘာသာအဆုံးအမများသည် ဗုဒ္ဓဘာသာကို အပြည့်အဝ သာတူညီမျှရှိပြီး ကျား/မရေးရာနှင့်ပတ်သက်၍ ရိုးရိုးရှင်းရှင်းနေရာတွင် ပါဝင်နိုင်သော ဘာသာတစ်ခု ဖြစ်စေသည်ဟု ဆိုပါသည်။ ဗုဒ္ဓဘာသာအတွင်း ထုံးတမ်းစဉ်လာနှင့် ထိခိုက်နစ်နာစေသည့်အန္တရာယ်ရှိသော ကျား/မ လိင်ခွဲခြားသော ဖွဲ့စည်းတည်ဆောက်မှုများကို အားကောင်းစေသည့် အဆုံးအမများနှင့် ထုံးတမ်းစဉ်လာများ များစွာရှိပါသည်။ သို့သော် ဤအဆုံးအမများနှင့် ထုံးတမ်းစဉ်လာများအား ဗုဒ္ဓဘာသာ၏ အခြေခံတန်ဖိုးများနှင့် အမြင်တို့နှင့် ကိုက်ညီအောင် ပြန်လည်သုံးသပ်ရန်အတွက် အချိန်နှင့်နေရာပေါ်အမှီအခိုကင်းသည့်လွတ်လပ်သော ဗုဒ္ဓဘာသာ၏ အဓိက အခြေခံမူသဘောတရားဖြစ်သည့် အနတ္တဒေသနာတော်ကို အသုံးပြုနိုင်ပါသည်။ (Gross 1993; 3; Wachs 2003, 271; Collett 2006, 60)

### တရားထိုင်ခြင်းများနှင့် သက်ရောက်သောပြောင်းလဲမှု

အခက်အခဲမှာ အနတ္တသည် အလွယ်တကူနားလည်သဘောပေါက်မှုရရန်အတွက် ခဲယဉ်းသော သိသိသာသာ ရှုပ်ထွေးပြီး သိမ်မွေ့သော ဒဿနအတွေးအခေါ်ဆိုင်ရာ ဒေသနာတစ်ခု ဖြစ်သော်လည်း ဗုဒ္ဓဘာသာ တရားရှုမှတ်ခြင်း အလေ့အကျင့်သည် ယင်းအား အတွင်းကျကျ ထိုးထွင်းသိမြင်မှုများကို ပိုမိုကောင်းမွန်စေပါသည်။ တရားရှုမှတ်ခြင်းသည် ဗုဒ္ဓဘာသာတွင် မိမိကိုယ်ကို ပြောင်းလဲရေးအတွက် အဓိကနည်းလမ်းတစ်ခုဖြစ်ပြီး ယင်းကဲ့သို့ နည်းလမ်းဖြင့် တစ်ဦးချင်းစီတိုင်းက ၎င်း၏အခြေခံမူသဘောတရားများကို နားလည်သဘောပေါက်နိုင်ပြီး အကောင်အထည်ဖော်နိုင်ပါသည်။ ဗုဒ္ဓဘာသာအဆုံးအမများသည် အလေးပေးဖော်ပြပါသည်။ တရားရှုမှတ်သော အလေ့အကျင့်သည် ဆင်းရဲဒုက္ခအား တုံ့ပြန်သည့် ကရုဏာကိုတိုးပွားစေပြီး ရန်လိုမှုကို လျော့ကျစေပါသည်။ (Harvey 1997, 354; Kaszniak 2010) ဤဆက်စပ်မှုကို စူးစမ်းလေ့လာရန် ဤဆောင်းပါးသည်

ဦးနှောက်နှင့်အာရုံကြောသိပ္ပံပညာတွင် မကြာသေးမီက သုတေသနတွေ့ရှိချက်များနှင့် ဤအနေအထားကို လက်တွေ့အထောက်အထားနှင့်အတူ ထောက်ခံခြင်းနှင့် လက်တွေ့ပြခြင်းတို့ဖြင့် ကောက်နုတ်ဖော်ပြပါမည်။ (Condon et al. 2013) တိုက်ပွဲဝင်စစ်သည် များအကြား တရားရှုမှတ်သောလေ့ကျင့်မှုကိုအားပေးရန် လက်တွေ့ကျသော အစီအမံများအား သေချာအောင် လေ့လာစိစစ်ရန်အတွက် တရားထိုင်ခြင်းနှင့်ပတ်သက်သည့် စစ်ဘက်ဆိုင်ရာသုတေသနများကိုလည်း ကျွန်ုပ် ကောက်နုတ်ဖော်ပြပါမည်။

ဗုဒ္ဓဘာသာ တရားထိုင်ရှုမှတ်ခြင်း အမျိုးမျိုးရှိပါသည်။ (Harvey 1997) ဝိပဿနာ သို့မဟုတ် "သမထ" တရားထိုင်ခြင်းသည် "ငါ၊ ငါ့ကို၊ ငါ့ဥစ္စာ"ဟူသော ပုံစံထက် ဖြစ်ပျက်နေမှုများ၏ သင်္ခါရပုံစံများကို အရှိအတိုင်း ရှုမြင်ခြင်းနှင့် ခန္ဓာကိုယ်နှင့်စိတ်၏ ပြောင်းလဲမှုဖြစ်စဉ်များကို သတိကပ်ကာ သိရှိသတိပြုမှုကို အလေးထားပါသည်။ ဤသည်မှာ မိမိ၏ အတ္တပုံရိပ် ဖွဲ့စည်းတည်ဆောက်ထားသည့် သဘာဝအား နားလည်သဘောပေါက်ခြင်းကို ပိုတိုးစေခြင်းဖြင့် အတ္တမဟုတ်ခြင်း(အနတ္တ)တွင် ထိုးထွင်းသိမြင်မှုကို အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်စေသည့် လေ့ကျင့်မှုပုံစံ ဖြစ်ပါသည်။[7] သို့ရာတွင် ခံစားမှုကင်းသည့်ပုဂ္ဂိုလ်စွဲကင်းသောဖြစ်စဉ်များ၊ လူပုဂ္ဂိုလ်များကို သင်္ခါရအပေါင်းအစု အဖြစ်ရှုမြင်ခြင်း အားဖြင့် မိမိကိုယ်တိုင် သို့မဟုတ် အခြားသူများအတွက် ဂရုစိုက်မှုနှင့် အလေးထားစိုးရိမ်မှုတို့ မလျော့ပါးစေရန်အတွက် ဤတရားထိုင်ခြင်းပုံစံကို ဂရုတစိုက်သတိထား ကိုင်တွယ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် အခြားသော တရားထိုင်ခြင်းများဖြင့် ၎င်းကို အကောင်းဆုံး ပြည့်စုံစေရန် ဖြည့်စွက်ပေးပါသည်။ အခြားသူများကို သာမက မိမိကိုယ်တိုင်(နှင့် မိမိအသိုင်းအဝိုင်း)ကိုပါ တည်မြဲသောအတ္တ ကင်းမဲ့ခြင်းအဖြစ် ရှုမြင်ရန် အရေးကြီးပါသည်။ သို့မဟုတ်ပါက အခြားသူများနှင့် ၎င်းတို့၏စိုးရိမ်သောကများသည် မိမိနှင့် မိမိ၏စိုးရိမ်သောကများလောက် အဓိကမကျဟုလည်းကောင်း၊ ထို့အပြင် အခြားသူများနှင့် ၎င်းတို့၏ဆင်းရဲဒုက္ခများသည် အရေးမကြီး သို့မဟုတ် စင်စစ်အားဖြင့် တကယ်တမ်းမရှိဟုလည်းကောင်း ဆိုလိုရာရောက်ပြီး အနတ္တကို နားလည်မှု လွဲမှားနိုင်ပါသည်။ ဂျပန်နိုင်ငံတွင် ဤအငြင်းပွားမှု၏ မဟာယာနပုံစံတစ်ခုကို စစ်ပွဲနှင့်ပတ်သက်သည့် ဗုဒ္ဓဘာသာဆွေးနွေးပွဲ အချို့တွင် အကြမ်းဖက်မှုအတွက်မှန်ကန်တရားမျှတကြောင်းပြသရန် အမှန်တကယ် အသုံးပြုခဲ့ပါသည်။ (Jerryson and Juergensmeyer 2010, 20) ထို့ကြောင့် အနတ္တနှင့်ပတ်သက်သည့် အဆုံးအမများနှင့် တရားထိုင်ခြင်းတို့၏ အကျိုးရလဒ်ကို သေချာစေရန် မည်သူ့တွင်ပေါ်ပေါက်သည်နှင့်မသက်ဆိုင်ဘဲ ဆင်းရဲဒုက္ခလျော့နည်းစေရေးကိုသာ ဂရုစိုက်ပြုရန် လိုအပ်ပါသည်။

ကောင်းစွာပြုစုပျိုးထောင်ထားသော အနတ္တတွင် ဝိပဿနာရှုမှတ်သော ထိုးထွင်းသိမြင်မှုသည် ပိုမိုကြီးမားသောသတိရှိမှုနှင့် ငါ-ဗဟိုပြုစိတ်နည်းပါးခြင်းမှ ပိုမိုကျယ်ပြန့်သောစာနာစိတ်တို့ဖြင့်လုပ်ဆောင်ရန် အသိသတိကျယ်ပြန့်မှုကို ဖြစ်ခွင့်ရစေပါသည်။ (Harvey 1997) မိမိအတ္တနှင့် အခြားသူအကြား တည်ဆောက်ထားသော အတားအဆီးများကို ဖျက်သိမ်းရာတွင် အတ္တမဟုတ်ခြင်း(အနတ္တ)လက္ခဏာအား ကျွမ်းကျွမ်းကျင်ကျင် အသိအမှတ်ပြုခြင်းသည် စာနာမှုထက်ပိုကာ အခြားသူများအတွက် ကရုဏာတရားဖြစ်ထွန်းမှုကို ထောက်ကူပေးပါသည်။

သမထဟုခေါ်သော တရားထိုင်ခြင်းမျိုးသည် ဝင်သက်လေ၊ ထွက်သက်လေတို့၏ဖြစ်စဉ်(အာနာပါန)ကဲ့သို့သော အရာပေါ်တွင် သို့မဟုတ် ဘုရား၊ တရားနှင့် သံဃာ့ဂုဏ်တော်များပေါ်တွင် အားကောင်းသော သတိကို ပျိုးထောင်ခြင်းနှင့် အာရုံစူးစိုက်ရှုမှတ်ခြင်းအားဖြင့် ငြိမ်သက်မှု၊ တိတ်ဆိတ်ငြိမ်သက်မှုနှင့် အတွင်းအား သမာဓိကို ဖွံ့ဖြိုးတိုးတက်စေပါသည်။ တရားဓမ္မရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည်လည်း ငြိမ်သက်မှုနှင့် သမာဓိကိုဖွံ့ဖြိုးစေပြီး တရားထိုင်သော အရည်အသွေး ရှိနိုင်ပါသည်။ စင်စစ် သမထသည် လူတစ်ယောက်အား ပိုမိုတည်ငြိမ်ကာ မိမိကိုယ် မိမိယုံကြည်မှုပိုရှိပြီး ခံနိုင်ရည်ရှိအောင် ကူညီပေးသည့်အပြင် ဒေါသကဲ့သို့သော အန္တရာယ်ရှိသည့်စိတ်အခြေအနေများ၏ ထိန်းချုပ်နိုင်ခြေကို နည်းပါးစေရန် ကူညီပေးပါသည်။

လက်တွေ့အားဖြင့် တစ်စုံတစ်ဦးသည် ပုံသေတသမတ် မိမိကိုယ်ကို အနှစ်မရှိဟု အသိအမှတ်ပြုထားသော်လည်း လူတစ်ယောက်အား ပို၍သဟဇာတရှိရန်နှင့် "မိမိကိုယ်မိမိ"စောင့်ရှောက်ခြင်းကို တည်ဆောက်ရန် ဤသမထက ကူညီပေးပါသည်။

ချစ်ခင်ကြင်နာခြင်း(မေတ္တာ)နှင့် သနားခြင်း(ကရုဏာ)[8]တို့ကို ပြုစုပျိုးထောင်ခြင်းသည် အမျိုးမျိုးသော လူအားလုံးနှင့် အခြားသတ္တဝါများအပေါ် ဖြန့်ကြက်ထားသော ဤအရည်အသွေးများအပေါ် ငြိမ်သက်သော အာရုံစူးစိုက်မှုကို ဖွံ့ဖြိုးစေသော သီးခြား သမထ ကမ္မဋ္ဌာန်းအမျိုးအစားများ ဖြစ်ကြပါသည်။ မေတ္တာနှင့် ကရုဏာအပေါ် ရှုမှတ်ဆင်ခြင်သည့်ဘာဝနာသည် ကျင့်သုံးသူများကိုလည်း ကျွန်ုပ်တို့အားလုံး မျှဝေခံစားနေရပြီး လွတ်မြောက်ရန် တန်းတူဆန္ဒရှိသည့် ဆင်းရဲဒုက္ခများအား တရားသဘောဆင်ခြင်ရန် ကူညီပေးသည့်အပြင် လူတစ်ယောက်၏ စိုးရိမ်သောက သံသရာစက်ဝန်းကို ကျယ်လာစေရန် ကူညီပေးပါသည်။ (Rubin 2003, 399; Mendis 1978, 9; Harvey 1997)

ဗုဒ္ဓဘာသာ၏ သက်ဆိုင်သော အဓိက အပိုင်းမှာ ကျွန်ုပ်တို့အားလုံး ဆင်းရဲဒုက္ခကိုရှောင်ကြဉ်ရန် ကြိုးပမ်းသကဲ့သို့ မိမိအပေါ် မလုပ်စေလိုသည့်အရာကို အခြားသူတစ်ဦးအပေါ် ဒုက္ခမပေးသင့်ဆိုသော ယင်း၏ ကိုယ်ကျင့်သီလဆိုင်ရာ အခြေခံမူသဘောတရား ဖြစ်ပါသည်။ (Harvey 2000, 33-34) ယင်းအပြင် နောက်ထပ်၍ ကမ္မနိယာမ၏ အခြေခံမူသဘောတရားသည် မိမိက အခြားသူများအပေါ် ရည်ရွယ်ချက်ရှိရှိ ဆင်းရဲဒုက္ခပေးခဲ့လျှင် မိမိထံသို့ အနာဂတ် ဆင်းရဲဒုက္ခကိုဆောင်ကြဉ်းလာမည့် မျိုးစေ့ကို စိုက်ပျိုးခြင်း ဖြစ်ပါသည်။ (Harvey 2000, 14-16) ဤရှုထောင့်နှစ်ခုစလုံးသည် မည်သူ့ကိုမဆို လိင်ပိုင်းဆိုင်ရာအရ စော်ကားရန် မည်သည့် ရုတ်တရက်ဖြစ်ပေါ်လာသော ကာမဆန္ဒကိုမဆို ဆန့်ကျင်ရန် အလွန်စပ်ဆိုင်ပါသည်။

အစဉ်အလာ ဗုဒ္ဓဘာသာတရားထိုင်ခြင်း၏ ထိရောက်မှုကို အာရုံကြောသိပ္ပံနှင့်စိတ်ပညာတွင် လက်တွေ့မျက်မြင်သုတေသနက ထောက်ခံနေပါသည်။ ဤနယ်ပယ်များရှိ လေ့လာမှုအများအပြားက အချို့သော တရားထိုင်မှုပုံစံများသည် အများအကျိုးသယ်ပိုးလိုသည့်ပရဟိတအပြုအမူများကိုမြှင့်တင်ပေးပြီး ရန်လိုမှုကိုလျော့နည်းစေကြောင်း ပြသခဲ့ပြီးဖြစ်ပါသည်။ တရားထိုင်ခြင်းသည် တရားထိုင်သူများအား အတ္တဗဟိုပြုအမြင်မှ “တစ်ကိုယ်ကောင်းမဆန်သော”အမြင်သို့ ခွာခြင်းနှင့် စိတ်ခံစားမှုနှင့်ဆိုင်သော တုံ့ပြန်မှုများကို လိုက်လျောညီထွေစေခြင်းတို့ဖြင့် ယင်းကို လုပ်ဆောင်ပါသည်။ (Klimecki 2012)

ဆင်းရဲဒုက္ခကိုတုံ့ပြန်သည့် အချို့သောတရားထိုင်မှုပုံစံများသည် စာနာမှုကိုကျော်လွန်ကာ ရှင်သန်နိုးကြားသော ကရုဏာကို ပြုစုပျိုးထောင်သွားစေပါသည်။ အခြားသူများ၏ဆင်းရဲဒုက္ခအတွင်းသို့ ဝင်ရောက်နိုင်စွမ်းနှင့် မျှဝေခံစားနိုင်စွမ်းရှိရုံသာမက အခြားသူ၏ဆင်းရဲဒုက္ခ သက်သာစေရန် လုပ်ဆောင်နိုင်မည့်အရာကိုလည်း မေးမြန်းရန် လိုအပ်ပါသည်။ (Rubin 2003, 409; Singer and Bolz 2013, 466) လေ့လာမှုများစွာအရ အခြားသူများ၏ ဆင်းရဲဒုက္ခကို ဇီဝကမ္မပိုင်းဆိုင်ရာစိတ်ခံစားမှုနှင့်သက်ဆိုင်သော အလွန်အကျူး တုံ့ပြန်မှုသည် အပျက်သဘောဆောင်သောခံစားမှုများမှ မိမိကိုယ်ကိုကာကွယ်ရန် စွန့်ခွာသောအပြုအမူကို ဖြစ်စေသည့် အခြားသူများ၏ ဆင်းရဲဒုက္ခအပေါ် မနှစ်မြို့နှင့် အတ္တဗဟိုပြု စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုဖြစ်သော ဒုက္ခကိုမျှဝေခံစားသည့်စာနာမှုကို ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။ (Klimecki 2012, 9) လက်တွေ့ကျသော သံလိုက်ဓာတ်သုံး ပုံရိပ်ဖော်စက်(fMRI)ကို အသုံးပြုထားသော အာရုံကြောသိပ္ပံပညာတွင် လေ့လာမှုများက တရားထိုင်သူများနှင့် တရားမထိုင်သူများအကြား အခြားသူများ၏ ဆင်းရဲဒုက္ခကို တုံ့ပြန်ရာတွင် ကွဲပြားခြားနားမှုများကို ပြသပါသည်။ တရားမထိုင်သူများတွင် ယင်းသည် ကူညီပေးသောအပြုအမူများကို လျော့ပါးသွားစေနိုင်သည့် လွန်စွာ မနှစ်မြို့ဖွယ်ရာ အတွေ့အကြုံဖြစ်ကြောင်း သတင်းပေးပို့သည့် နာကျင်မှုဝေဒနာခံစားမှုအာရုံကြောစနစ်အတွက် စာနာမှုကို လှုံ့ဆော်ပေးခဲ့ပါသည်။ တရားထိုင်သူများတွင် အခြားသူများ၏ဆင်းရဲဒုက္ခသည် ကရုဏာနှင့်ဆက်စပ်သော အာရုံကြောစနစ်များအား လှုံ့ဆော်မှုကို ဖြစ်ပေါ်စေခဲ့ပြီး ၎င်းတို့သည် ပိုမိုအပြုသဘောဆောင်သော စိတ်ခံစားမှုများနှင့် အခြားသူများ၏ ဆင်းရဲဒုက္ခကိုလျော့ပါးသက်သာစေရန် အများအကျိုးသယ်ပိုးလိုသောပရဟိတအပြုအမူများတွင် ပါဝင်လိုစိတ်ရှိကြောင်းကို သတင်းပို့ခဲ့ကြပါသည်။ (Singer and Bolz 2013, 530-536)

တရားထိုင်ခြင်းတွင် ရက်အနည်းငယ် အလေ့အကျင့်သည်ပင် မိမိနှင့်မသိသူများအပေါ် ကိုယ်ကျိုးမငဲ့သော အပြုအမူများကိုတိုးပွားစေခဲ့ပြီး ကိုယ်ချင်းစာတရားဖြင့်တုံ့ပြန်မှုသည် ဂါရင့်တရားထိုင်သူများသာ ခံစားနိုင်သော အရာ မဟုတ်ကြောင်းကို သုတေသီများက ရှာဖွေတွေ့ရှိခဲ့ပါသည်။ (Singer and Bolz 2013, 530-536)

တရားထိုင်ခြင်းသည် ရန်လိုမှုကိုလျှော့ချပေးသည့်အပြင် လူမှုရေးဖိအားများကိုရင်ဆိုင်ရသည့်အခါ၌ပင် ထိုသို့လုပ်ဆောင်ခြင်းကိုရှောင်ရှားရန်နှင့် ဆင်းရဲဒုက္ခအား ကရုဏာနှင့်တုန့်ပြန်မှုများကို တိုးပွားစေပါသည်။ (Condon et al.2013, 21-27) ဤသည်မှာ CRSV ကိုကျူးလွန်ခြင်း နှင့်/သို့မဟုတ် မသိကျိုးကျွံပြုခြင်းအားဖြင့် အုပ်စုဖိအားအရ တိုက်ပွဲဝင်စစ်သည်များသည် အုပ်စု၏စံနှုန်းများကိုလိုက်နာရန် ရင်ဆိုင်ရနိုင်ကြောင်း အထူးသဖြင့် သိသိသာသာ တွေ့ရှိမှုတစ်ခု ဖြစ်ပါသည်။ စစ်သည်များအပေါ်လွှမ်းမိုးသည့် ဇာစ်မြစ်များအား နားလည်သဘော ပေါက်စေရန်နှင့် တိုက်ခိုက်ရေးသမားများအား လူမှုဆက်ဆံရေး၌သွတ်သွင်းထားသည့် (အသိုင်းအဝိုင်းတစ်ခု၏ စံနှုန်းများနှင့် စည်းမျဉ်းများကို လူတို့က လက်ခံချမှတ်သည့်လုပ်ငန်းစဉ်) သတ်မှတ်ပြဋ္ဌာန်းထားသော IHL ၏ အခြေခံမူများနှင့် စံနှုန်းများကို လေးစားလိုက်နာစေရန် ICRC က ပြုလုပ်ခဲ့သော ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင် ခြင်း၏ အရင်းခံအကြောင်းတရားများအား လေ့လာမှုသည် တိုက်ပွဲဝင်စစ်သည်များအပေါ်လွှမ်းမိုးသည့် အဓိက အကြောင်းရင်း ဖြစ်ပါသည်။ (ICRC 2018)

ဤတွေ့ရှိချက်များအရ တရားထိုင်ခြင်းသည် အထူးသဖြင့် မေတ္တာနှင့်ကရုဏာကို ပြုစုပျိုးထောင်ပွားများ သော ထိုပုံစံများသည် ပဓါနကျသော အတ္တ အမြဲမရှိခြင်းအပေါ်တွင် လည်းကောင်း၊ အခြားသက်ရှိများနှင့် ကျွန်ုပ်တို့ ၏နက်ရှိုင်းသောဆက်ဆံရေးအပေါ်တွင်လည်းကောင်း ဗုဒ္ဓဘာသာအဆုံးအမနှင့်လိုက်ဖက်ညီသော အတ္တဗဟိုပြု သည့် သံယောဇဉ်တွယ်တာမှုကိုဆန့်ကျင်ပြီး လူတစ်ဦး၏စာနာမှုများကိုကျယ်ပြန့်လာစေသည့် လက်တွေ့ကျပြီး ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ကြောင်း သက်သေပြနေပါသည်။ ထို့ကြောင့် ပုံသေ "အတ္တ"အဖြစ် ကျွန်ုပ်တို့ ယူဆထားသော ဤခန္ဓာကိုယ်-စိတ် အပိုင်းများ၏ အတ္တမဟုတ်ခြင်းကိုရှုမြင်ခြင်းနှင့် အကြင်နာမေတ္တာနှင့် ကရုဏာ တို့ ဖွံ့ဖြိုးစည်ပင်လာခြင်းတို့သည် လက်နက်ကိုင်ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခခံစားရမှုကို ကာကွယ်တားဆီးရန်နှင့် လျှော့နည်းစေရန် လုပ်ဆောင်မှုများတွင် ရလဒ်ဖြစ်နိုင်သော ဆင်းရဲဒုက္ခအပေါ် မေတ္တာကရုဏာကြီးမားသော တုံ့ပြန်မှုကို တိုးပွားလာစေရန် အတူတကွ လုပ်ဆောင်ပါသည်။ ၎င်းတို့ကို လက်နက်ကိုင်ပဋိပက္ခအတွင်း မသင့် တော်မလျော်ကန်သော အစွန်းရောက်ဆင်းရဲဒုက္ခခံစားရမှုကို ကာကွယ်တားဆီးရန် ရည်ရွယ်သောကြောင့် ဤ သည်မှာ CRSV ကို ကာကွယ်တားဆီးရန်နှင့် ဖြေရှင်းရန် IHL အစီအမံများ၏ ရည်ရွယ်ချက်ချက်များနှင့် တိုက်ရိုက် သက်ဆိုင်ပါသည်။

## တိုက်ပွဲဝင်စစ်သည်များ၏ တရားထိုင်သောလေ့ကျင့်မှုအပေါ် စစ်ဘက်သုတေသန

တရားထိုင်ခြင်းသည် သမိုင်းကြောင်းအရ အထူးသဖြင့် ဆာမူရိုင်းကဲ့သို့သော စစ်သည်တော် ထုံးတမ်းဓလေ့အချို့၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ မသက်ဆိုင်သောအတွေးများကို တစ်စိတ်တစ်ပိုင်း တားဆီးထားခြင်းအားဖြင့် တရားထိုင်ခြင်းသည် သမာဓိနှင့်အာရုံစူးစိုက်မှုကို တိုးတက်စေလိမ့်မည်ဟု ယုံကြည်ကြပါသည်။ အချို့သော တရားထိုင်ခြင်း ပုံစံများကို ကမ္ဘာပေါ်ရှိ လက်နက်ကိုင်အဖွဲ့အစည်းအများအပြားတွင် တိုက်ပွဲဝင်စစ်သည်များအား လေ့ကျင့်သင်တန်းပေးမှု၏ အစိတ်အပိုင်းအဖြစ် လက်ရှိ အသုံးပြုလျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဌာနသည် တိုက်ပွဲဝင်စစ်သည်များအား ကာလရှည်ကြာ စိတ်ဖိစီးမှုဒဏ်ခံရသည့်ကာလအတွင်း အရုပ် ကြိုးပြတ် ခြေကုန်လက်ပမ်းကျခြင်း သို့မဟုတ် ဆိုးဆိုးရွားရွားပြုမူခြင်းတို့မှ (တင်းမာမှု သို့မဟုတ် စိုးရိမ်ပူပန်မှုမှ သက်သာရာရစေရန်အလို့ငှာ ထိန်းချုပ်မှုလွတ်သွားသော ရန်လိုမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စိတ်လိုက်မာန်ပါ လုပ်ဆောင်မှုတို့ကို လွှတ်ပေးလိုက်ခြင်း) ကာကွယ်တားဆီးခြင်းဖြင့် ပဋိပက္ခအခြေအနေများတွင် တိုက်ပွဲဝင် စစ်သည်များ၏ ကြုံတွေ့ရသော စိတ်ဖိစီးမှုအား လျှော့ချရန်နှင့် ထိုသို့သောအခြေအနေများတွင် ဉာဏ်ပညာရှိစွာ လုပ်ဆောင်နိုင်ရန် တရားထိုင်ခြင်းကို ထိရောက်စွာ အသုံးပြုပါသည်။ (Johnson et al. 2014; Barnes et al. 2016) တရားထိုင်ခြင်းကို စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ ခံစားနေရသော အမေရိကန်စစ်မှုထမ်းဟောင်းများအကြား တွင်လည်း တွင်ကျယ်စွာ အသုံးပြုပါသည်။ တရားထိုင်သောအလေ့အကျင့်သည် စိတ်ဒဏ်ရာလွန် စိတ်ဖိစီးမှု ရောဂါရှိသော စစ်မှုထမ်းဟောင်းများကြားတွင် မိမိနှင့်တစ်ဘက်သားအပေါ် ကရုဏာတရား မြှင့်တင်ပေးကြောင်း များစွာသော လေ့လာမှုများက ပြသနေပါသည်။ (Kearney et al. 2014)

အချို့သော တရားထိုင်မှုပုံစံများသည် ရေရှည် စိတ်ဖိစီးမှုလျှော့ချရာတွင် ထိရောက်မှုရှိကြောင်း အိန္ဒိယစစ်တပ်၏ ရာထူးအဆင့်များအားလုံးမှ တိုက်ပွဲဝင်စစ်သည်များကြားတွင် ပြုလုပ်ခဲ့သောလေ့လာမှုတစ်ခုက အခိုင်အမာ သက်သေထူခဲ့ပါသည်။ ဤလေ့လာမှုအတွက် တိုက်ပွဲဝင်စစ်သည်များကို ကမ္ဘာ့ရှုးထိုးသွေးရူးသွေးတမ်းနှင့် ဒေါသတကြီးရမ်းကားနေသော စစ်သည်များ၏ မကြာခဏ အမှုများဖြစ်ပွားသည့် သောင်းကျန်းမှုထူပြောပြီး ခက်ခဲသော ဒေသများ (အာသံ၊ ဂျမ္မူးနှင့် ကက်ရှ်မီးယား) မှ ဆွဲထုတ်ခဲ့ခြင်း ဖြစ်ပါသည်။ လေ့လာမှုသည် စိတ်ဖိစီးမှုအပေါ် ဇီဝကမ္မပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုများကို စီမံခန့်ခွဲနိုင်ရန် တိုက်ပွဲဝင်စစ်သည်များ၏ နံနက်ခင်း ပုံမှန်လေ့ကျင့်ခန်းတွင် တရားထိုင်သောလေ့ကျင့်မှုအား ပေါင်းစပ်ထည့်သွင်းခြင်းကို အကြံပြုခဲ့ပါသည်။ (Cheema and Grewal 2013, 27) ဘရာဇီးတပ်ထိန်း(စစ်ပုလိပ်)တပ်ဖွဲ့တွင် သမထကျင့်စဉ် (မန္တာန်အပေါ် သမာဓိရအောင် အာရုံစူးစိုက်ခြင်း) အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းသည် စစ်မှုထမ်းများကြားတွင် ပိုမိုစိတ်အပန်းပြေခြင်း၊ နိုင်ငံနှင့် အဖွဲ့အစည်းများအပေါ် ပိုမိုလေးစားသမှုရှိခြင်း၊ စည်းကမ်းပိုင်းအရ အရေးယူမှုများတွင် လျော့နည်းခြင်းနှင့် အရာရှိများ၏ အခြားသော ရပ်ရွာလူထုအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် ဆက်ဆံရေး ပိုမိုးတိုးတက်ကောင်းမွန်ခြင်းတို့ကို ပြသခဲ့ပါသည်။ (Roset and Schuler 1990)

သုတေသနက တရားထိုင်လေ့ကျင့်မှုအချိန်တိုလေးအတွင်းမှာပင် ပိုမိုအဆင့်မြင့်သော သိမြင်မှုဖြစ်စဉ်များ (ရှုပ်ထွေးသောစိတ်ပိုင်းဆိုင်ရာဖြစ်စဉ်များနှင့် သိမြင်နိုင်စွမ်းများကို အသုံးပြု၍ ပန်းတိုင်ကို ဦးတည်သည့် အပြုအမူများ လုပ်ဆောင်နိုင်စွမ်း) တွင် ခွဲမရအောင်ဒွန်တွဲနေသောအပြောင်းအလဲတစ်ခုမျှမပါဘဲ ရန်လိုမှုကို သိသိသာသာ လျှော့ချနိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။ (DeSteno et al. 2018) ထို့ကြောင့် စစ်ရေးလေ့ကျင့်သင်ကြားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရားထိုင်သောလေ့ကျင့်မှုကို အသုံးပြုခြင်းသည် သိမြင်မှုစွမ်းအားနှင့် ကာယစွမ်းအားကို ကြီးကြီးမားမားလိုအပ်သော အလုပ်တာဝန်များကိုထမ်းဆောင်ရန် တိုက်ပွဲဝင်စစ်သည်များ၏စွမ်းရည်ကို မထိခိုက်စေသကဲ့သို့ ၎င်းတို့သည် အချိန်ကြာမြင့်စွာ တရားထိုင်ရန်လည်း လိုအပ်မည် မဟုတ်ပေ။ သို့သော် တရားထိုင်သောလေ့ကျင့်မှုသည် ဤအကျိုးသက်ရောက်မှုများကို တသမတ်တည်း ထိန်းသိမ်းထားကြောင်း သေချာစေရန်အတွက် ပုံမှန် ပါဝင်ရန် လိုအပ်ပါသည်။

တိုက်ပွဲဝင်စစ်သည်များအကြား တရားထိုင်သောအလေ့အကျင့်ကို စတင်ကျင့်သုံးခြင်းသည် စိန်ခေါ်မှုအခက်အခဲတစ်ခု ဖြစ်သည်ကို သက်သေပြနိုင်ပါသည်။ အပေါ်ယံအားဖြင့် တရားထိုင်ခြင်းကို စစ်ဓလေ့၏ သဘာဝကျသောအစိတ်အပိုင်းဟုမြင်မည်မဟုတ်ပါ။ တရားထိုင်ခြင်း၏သဘောသဘာဝသည် အာရုံစူးစိုက်ပြီး ရည်ရွယ်ချက် ရှိသော စူးစိုက်နှစ်မြှုပ်ထားမှုကိုလည်း လိုအပ်ပါသည်။ တာဝန်အရမဖြစ်မနေပါဝင်မှုပြုလုပ်ရခြင်းသက်သက်သည် တရားထိုင်ခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းခြင်း မမည်ပါ။ (Johnson et al. 2014) တိုက်ပွဲဝင်စစ်သည်များ သည် အာရုံစူးစိုက်ထမ်းဆောင်မှုအရ တရားထိုင်ခြင်း၏ သက်သေအကျိုးကျေးဇူးများအပေါ် အခြေခံပြီး ဆာမူရိုင်း ကဲ့သို့သော တရားထိုင်ခြင်းကို အသုံးပြုခဲ့သည့် လက်ရွေးစင်စစ်ရေးယဉ်ကျေးမှုများနှင့် နှိုင်းယှဉ် ပုံဖော်ခြင်းဖြင့် ယုံကြည်လက်ခံစေရပါမည်။

ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများတွင် တရားထိုင်ခြင်းအား ယဉ်ကျေးမှုအရ အကျွမ်းတဝင်ရှိမှုသည် (Maquet 1975, 555) ဗုဒ္ဓဘာသာဝင်တိုက်ပွဲဝင်စစ်သည်များအား စစ်ရေးလေ့ကျင့်သင်ကြားပေးမှုအတွင်းသို့ တရားထိုင်သောအလေ့အကျင့်ကို ထည့်သွင်းပေါင်းစပ်လိုက်သောအခါ အားသာချက်နှင့် အားနည်းချက် နှစ်ခုစလုံး ရှိပါသည်။ တရားထိုင်ခြင်းကို ဘာသာရေးကျင့်သုံးမှုအလေ့အထအဖြစ် ယဉ်ကျေးမှုအရ အကျွမ်းတဝင်ရှိမှုနှင့် လေးစားမှုသည် ဗုဒ္ဓဘာသာဝင်တိုက်ပွဲဝင်စစ်သည်များအား တရားထိုင်ခြင်းတွင် ပါဝင်လုပ်ဆောင်နေသည့်စိတ်ကူးစိတ်သန်းကို ပိုမိုလွတ်လပ်ပွင့်လင်းစေပါမည်။ သို့သော်လည်း ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်အချို့က တရားထိုင်ခြင်းကို အမြင့်မားဆုံးသော သတိတရားနှင့် အားစိုက်နှစ်မြှုပ်မှုတို့နှင့် ပါဝင်ကျင့်သုံးမှုထက် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည်ဟု ယူဆလေ့ရှိကြပါသည်။ ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများရှိ စစ်မှုထမ်းများအကြား တရားထိုင်ခြင်း အစီအစဉ်များကို အကောင်အထည်ဖော်သည့်အခါ ဤအချက်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထို့အပြင် အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဟန်ချက်ညီသောနည်းနှင့် ပါဝင်စေရန်အပြင် အခြားသူများအား လေးစားမှု

ကို ယုတ်လျော့မှုမရှိစေရန် အတ္တမဟုတ်ခြင်း(အနတ္တ)နှင့်စပ်လျဉ်း၍ တရားထိုင်ခြင်းများကို ဂရုတစိုက် သတိထား ကိုင်တွယ်ရန် လိုအပ်ပါသည်။[9]

### နိဂုံး

၁၉၉၀ပြည့်နှစ် အစောပိုင်းကာလများကတည်းက IHL အား အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် ဖွံ့ဖြိုးတိုးတက်မှုများသည် CRSV အား ချိုးဖောက်မှုတစ်ခုအဖြစ် ပိုမိုကြီးမားသော အသိအမှတ်ပြုမှုကို ဖြစ်စေခဲ့သော်လည်း ကြိုတင်ကာကွယ်တားဆီးမှု၊ အသိအမှတ်ပြုမှုနှင့် တာဝန်ယူတာဝန်ခံမှုပိုင်းဆိုင်ရာ ပြဿနာများ သိသိသာသာ ကျန်ရှိနေဆဲဖြစ်ကြောင်း ဤဆောင်းပါးတွင် အစီရင်ခံခဲ့ပြီး ဖြစ်ပါသည်။ CRSV အား အသုံးပြုခြင်း၏နောက်ကွယ်တွင် မည်ကဲ့သို့ ထိခိုက်နစ်နာစေသောအန္တရာယ်ရှိသည့် အခြေခံကျသော ကျား/မ လိင်ခွဲခြားမှု အယူအဆများ မကြာခဏ ရှိနေလေ့ရှိကြောင်းကို ကျွန်ုပ် ဆန်းစစ်လေ့လာခဲ့ပြီး ဖြစ်ပါသည်။ ဤအယူအဆများသည်လည်း ရှက်ကြောက်မှု၊ သတင်းပေးထုတ်ဖော်ပြောဆိုခြင်းမရှိမှုနှင့် ညံ့ဖျင်းသောပြစ်ဒဏ်ပေးမှုနှုန်းများတွင် အခြေခံပါသည်။ အုပ်စုယဉ်ကျေးမှု(group culture)နှင့် ဖိအားများသည် အဆိုပါဖြစ်ပွားမှုအား ပိုမိုဆိုးရွားစေနိုင်ကြောင်းကို ကျွန်ုပ်တို့ နောက်ထပ် သတိပြုမိခဲ့ပါသည်။

ဤပြဿနာများအား မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို အဆိုပြုရန် ဗုဒ္ဓဘာသာဇာစ်မြစ်နှစ်ခုထံသို့ ကျွန်ုပ် လှည့်ခဲ့ပြီး ဖြစ်ပါသည်။ ပထမတစ်ခုမှာ အန္တရာယ်ရှိသော ကျား/မခွဲခြားမှု အခြေခံအကြောင်းရင်းကို အားနည်းစေသည့် အနတ္တဒေသနာတော်၊ အတ္တမဟုတ်ခြင်း သို့မဟုတ် ပုံသေဖြစ်သော တစ်ဦးချင်းစရိုက်လက္ခဏာမရှိခြင်း ဖြစ်ပါသည်။ ဒုတိယမှာ တိုက်ပွဲဝင်စစ်သည်များရော တိုက်ပွဲဝင်စစ်သည်မဟုတ်သူများ အကြားတွင်ပါ အသိသတိနှင့် ကရုဏာတရားတို့ကို ဖန်တီးနိုင်ရန်သာမက သက်တူရွယ်တူတန်းတူများ၏ အနုတ်လက္ခဏာဆောင်သောဖိအားကို ပိုမိုခုခံနိုင်သူများဖြစ်စေရန် လေးလေးနက်နက်ဖြင့် တရားရှုမှတ်ပွားများခြင်းကို လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ သိမြင်မှုနှင့်စိတ်ပညာဆိုင်ရာလေ့လာမှုများအရ ခဏတာ တရားထိုင်ပြီးနောက်မှာပင် တရားထိုင်သူများအကြား ပိုမိုကြီးမားသော အများအကျိုးလိုလားသည့်ပရဟိတစိတ်နှင့် ပိုမိုခိုင်မာအားကောင်းသော တည်ကြည်သည့်သိက္ခာသမာဓိတို့ကို ရရှိကြောင်း ခိုင်မာစေခဲ့ပါသည်။ အချိန်တိုတိုနှင့်ပင် စီမံရလွယ်ကူသော တရားထိုင်ခြင်း၏ ထိရောက်မှုမှာ ယခင်က စစ်ရေးလေ့ကျင့်သင်ကြားမှုအပိုင်းတွင် သတိမမူမိခဲ့သော တရားထိုင်သည့် အလေ့အကျင့်သည် အရေးပါသောစစ်ရေးလေ့ကျင့်သင်ကြားမှုဖြစ်လာနိုင်ပြီး ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခများကို လျော့နည်းသွားစေရန် သိသိသာသာ ပါဝင်အကျိုးပြုနိုင်သည်ဟု ဆိုလိုပါသည်။ ဗုဒ္ဓဘာသာဝင်အသိုင်းအဝိုင်းများတွင် တရားထိုင်ခြင်းကို အမြဲတန်ဖိုးထားကျင့်သုံးနေသောကြောင့်(Maquet 1975) ယင်းအချက်က ပိုမိုရှုပ်ထွေးပြီး ရင်းနှီးကျွမ်းဝင်မှုနည်းပါးသည့် ဗုဒ္ဓဘာသာ အယူဝါဒနှင့် အစဉ်အလာများအပြင် ၎င်းတို့၏ IHL နှင့်သက်ဆိုင်သော သွယ်ဝိုက်ပါဝင်ပတ်သက်မှုများ၏ ထူးခြားမှုအား စစ်မှန်သည့်သိမြင်နားလည်သဘောပေါက်မှုကို ပိုမိုနီးကပ်စွာ ဆောင်ကြဉ်းပေးနိုင်မည့် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းများမှတဆင့် ထိရောက်သည့် ကနဦးစမှတ် ဖြစ်ပါလိမ့်မည်။

ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာနှစ်ခုလုံးသည် တရားထိုင်သောအလေ့အကျင့်ကို ဗုဒ္ဓဘာသာ ကျင့်သုံးမှု၏ ဗဟိုချက်တွင် ထားရှိပြီး မျက်မှောက်ခေတ်ဗုဒ္ဓဘာသာနှင့် ဆက်စပ်သည့်အကြောင်းအရာ အများအပြားတွင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကဲ့သို့သော အနည်းဆုံး ရိုးရိုးရှင်းရှင်းပုံစံများဖြင့် လူဝတ်ကြောင်ဖြစ်စေ သို့မဟုတ် သာသနာ့နွယ်ဝင်ဖြစ်စေ လူတိုင်းက ယင်းကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ကျင့်သုံးနိုင်ပါသည်။ (Goodman 2013, 55) သို့သော်လည်း ဗုဒ္ဓဘာသာဝင် အသိုင်းအဝိုင်းများအကြားတွင် တရားထိုင်ခြင်းကို အသုံးပြုမှုမှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ကျင့်သုံးနေသူများ သို့မဟုတ် ရိုးရာကျင့်သုံးမှုအလေ့အထများ၏အစိတ်အပိုင်းငယ်တစ်ခုအဖြစ် ထူးခြားသော အခါသမယများတွင် တစ်ကြိမ် အားထုတ်သူများ စသဖြင့် တပြေးညီတစ်ပုံစံတည်းမရှိချေ။ ဤဆောင်းပါးသည် CRSV ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် IHL အစီအမံများအား လက်တွေ့အကောင်အထည်ဖော်ရန် ဆောင်ရွက်ချက်များကို အခြေခံအကျဆုံး ပါဝင်အကျိုးပြုမည့် သက်ဆိုင်ရာတရားဒေသနာအယူအဆ၏ ရှင်းလင်းချက်များနှင့်ထောက်ခံထားသော တရားထိုင်ခြင်းကို တိုက်ပွဲဝင်စစ်သည်များ၏အပြုအမူအား သိမြင်တွေးခေါ်မှု

ဆိုင်ရာ စိတ်ခံစားမှုအပြောင်းအလဲဖြင့် လွှမ်းမိုးခြင်းအားဖြင့် ပဋိပက္ခအတွင်း ဆင်းရဲဒုက္ခများကို လျော့ပါးစေရန် နည်းလမ်းတစ်ခုအဖြစ် အောင်မြင်စွာအသုံးချနိုင်ကြောင်း အကြံပြုထားပါသည်။ သို့ရာတွင် CRSV ကို တိုက်ဖျက်ရာတွင် မည်သည့် "တရားထိုင်ခြင်း" အမျိုးအစား(များ)က ထိရောက်ကြောင်းနှင့် လက်တွေ့ပေါ်အခြေခံသော သုတေသန၏ သာဓကများဖြင့် မည်သည့် "တရားထိုင်ခြင်း" အမျိုးအစား(များ)အား လေ့လာခဲ့ကြောင်း တို့ကို ပိုမိုသတိပြုအာရုံစိုက်ရန် လိုအပ်ပါသည်။ ဤဆောင်းပါးတွင် မေတ္တာဘာဝနာပွားများမှုကျင့်စဉ်သည် ငြိမ်သက်ခြင်း၊ ကြင်နာခြင်းနှင့် ကရုဏာတို့အပြင် ကျား/မခွဲခြားမှုအပါအဝင် ဖွဲ့စည်းတည်ဆောက်ထားသော ကိုယ်ပိုင်လက္ခဏာ သဘောသဘာဝကို သိမြင်နားလည်သဘောပေါက်စေသည့် အထူးသဖြင့် ဝိပဿနာဘာဝနာပွားများမှုကျင့်စဉ်တွင် အလေးပေးထားသော သတိပဋ္ဌာန်ကို ပြုစုပျိုးထောင်ရန် အထူးသဖြင့် အဆိုပြုထားပါသည်။

ဖော်ပြခဲ့သော ဘာဝနာအားထုတ်မှုနှစ်မျိုး ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ယင်းတို့ကို ကျင့်သုံးနေသူများ၏ သိမြင်နားလည်သဘောပေါက်မှုနှင့် စိတ်ခံစားမှုတို့တွင် သိသာထင်ရှားသော အပြောင်းအလဲ ရလဒ်များကို ဖြစ်ပေါ်စေပါလိမ့်မည်။ လူတစ်ဦးချင်းစီတွင် ထိုကဲ့သို့သော သိမြင်တွေးခေါ်မှုနှင့် စိတ်ခံစားမှုသဘောထားအပြောင်းအလဲများကို ဆောင်ကြဉ်းပေးနိုင်ရန် တရားထိုင်ခြင်း၏စွမ်းရည်ကို ဗုဒ္ဓဘာသာတရားဒေသနာနှင့် ကျင့်သုံးမှုအပြင် အာရုံကြောသိပ္ပံပညာတွင် မကြာသေးမီကပြုလုပ်ခဲ့သော သုတေသနမှပေါ်ထွက်လာသည့် လက်တွေ့ အထောက်အထားများကို ကောက်ချက်ချခြင်းဖြင့် ဖော်ပြထားပါသည်။

**မှတ်စုများ**

1. *Anattalakkhaṇa Sutta, Saṃyutta Nikāya* 22.59. သုတ္တံပိဋကတ်ပါဠိတော်၏ အနတ္တလက္ခဏာသုတ်၊ သံယုတ်နိကာယ်။ ဘာသာပြန်အတွက် နာနာမောလိထေရ် Nanamoli Thera (2010) ကို ကြည့်ပါ။

2. ထေရီဂါထာ၏ဘာသာပြန်အတွက် Thanissaro Bhikkhu (2005) ကို ကြည့်ပါ၊ ဘိက္ခုနီ သံယုတ္တ၏ ဘာသာပြန်အတွက် https://www.acccesstoinsight.org/tipitaka/sn/index.html#sn5 ကို ကြည့်ပါ။

3. သောမသုတ်၊ ဘိက္ခုနီသံယုတ် Somā Suta, Bhikkhunī-saṃyutta SN 5.2 (Bodhi 1997) ကိုကြည့်ပါ၊ အသေးစိတ်ဆွေးနွေးချက် အတွက် ထေရီဂါထာ (Thanissaro Bhikkhu 2005) နှင့် Harvey 2000, 357-361 ကို ကြည့်ပါ။

4. သောမသုတ်၊ ဘိက္ခုနီသံယုတ် Somā Suta, Bhikkhunī-saṃyutta SN 5.2 (Bodhi 1997) ကိုကြည့်ပါ။ ထေရီဂါထာ၊ ၆၀၊၆၂ (Thanissaro Bhikkhu 2005) ကိုလည်း ကြည့်ပါ။

5. DN.I.202, Dharmasiri (1997) ဓမ္မသီရိတွင် ဆွေးနွေးချက်အတိုင်း။

6. ဗုဒ္ဓဘာသာသည် အစဉ်အလာအားဖြင့် (၁) ယောက်ျား (၂) မိန်းမ (၃) ကျား/မနှစ်မျိုးလုံးနှင့် (၄) ကျား/မနှစ်မျိုးလုံးမဟုတ် ဟူသည့် လိင်လေးမျိုးကို လက်ခံထားကြောင်း မှတ်သားသင့်ပါသည်။ (Harvey 2000,411-417)

7. Asanga Tilakaratne နှင့် ပုဂ္ဂိုလ်ရေးစာအဆက်အသွယ် 28 November 2019

8. မေတ္တာနှင့် ကရုဏာ မျက်မှောက်ခေတ် ဆွေးနွေးချက်အတွက် ဗုဒ္ဓရက္ခိတ၊ နာနာမောလိထေရ်၊ ဉာဏပုဏ္ဏိက ထေရ် Buddharakkhita (1989), Ñāṇamoli Thera (1994), Nyana-ponika Thera (1994) နှင့် သုဇီဝ Sujiva (1991) တို့ကို ကြည့်ပါ။ ဝိသုဒ္ဓိမဂ် အခန်း ၉ *The Visuddhimagga*, in Chapter IX (Ñāṇamoli Thera 2011, 288–319) တွင် သမထကျင့်စဉ်အဖြစ် မေတ္တာနှင့် ကရုဏာအပေါ် ဘာဝနာပွားများခြင်းကျင့်စဉ်များအား အမျိုးအစား ခွဲခြားဖော်ပြထားပါသည်။

9. စစ်တပ်အတွင်း ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလနှင့် ယှဉ်တွဲလေ့ကျင့်ပေးသည့်ကာလတစ်လျှောက်  တရားထိုင်ခြင်းကို အသုံးပြုခြင်းနှင့် ယင်း၏ ဖြစ်နိုင်ခြေရှိသောအကျိုးကျေးဇူးများအတွက် ဤစာအုပ်မှ Noel Trew ၏ ဆောင်းပါးကို ကြည့်ပါ။

### ကျေးဇူးတင်လွှာ

ဤဆောင်းပါးကို စိစစ်တည်းဖြတ်ရာတွင် Prof. Kate Crosby, Prof. Peter Harvey နှင့် Dr Noel Trew တို့ပေးသော မှတ်ချက်များနှင့် အကူအညီများကို ကျေးဇူးတင်စွာ အသိအမှတ်ပြုပါသည်။ ဤဆောင်းပါး၏ ဗုဒ္ဓဘာသာအတွေးအခေါ်ဆိုင်ရာရှုထောင့်များအပေါ် အမြင်များနှင့် လမ်းညွှန်မှုပေးခြင်းအတွက် Prof. Asanga Tilakaratne နှင့် ဤဆောင်းပါး၏ IHL ရှုထောင့်များအပေါ် လမ်းညွှန်မှုပေးခြင်းအတွက် Bhavani Fonseka နှင့် Zuleyka Piniella Mencia တို့ကိုလည်း ကျေးဇူးတင်ပါသည်။

### ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

### ရည်ညွှန်းကိုးကားချက်များ

Barnes, V. A., A. Monto, J. J. Williams, and J. L. Rigg. 2016. "Impact of Transcendental Meditation on Psychotropic Medication Use among Active Duty Military Service Members with Anxiety and PTSD." Military Medicine 181 (1): 56–63. doi:10.7205/ MILMED-D-14-00333.

Benshoof, J. 2014. "The Other Red Line: The Use of Rape as an Unlawful Tactic of Warfare." Global Policy 5 (2): 146–158. doi:10.1111/1758-5899.12140.

Bergsmo, M., and E. J. Buis, eds. 2019. Philosophical Foundations of International Criminal Law: Foundational Concepts. Brussels: Torkel Opsahl Academic Epublisher.

Bodhi, B., trans. 1997. "Soma Sutta: Soma (SN 5.2)." Access to Insight (BCBS Edition). 13 June 2010. http://www.accesstoinsight.org/tipitaka/sn/sn05/sn05.002.bodh.html

Buddharakkhita, A. 1989. Mettā: The Philosophy and Practice of Universal Love. Access to Insight (BCBS Edition). 30 November 2013. http://www.accesstoinsight.org//lib/ authors/buddharakkhita/wheel365.html

Carmichael, R. 2019. "Cambodia, War Crimes and Sexual Violence." International Bar Association. 1 October 2014. https://www.robertcarmichael.net/Robert_ Carmichael/Articles/Entries/2014/10/1_Cambodia%2C_war_crimes_and_sexual_ violence.html

Cheema, C. S. S., and C. D. S. Grewal. 2013. "Meditation for Stress Reduction in Indian Army– An Experimental Study." IOSR Journal of Business and Management 10 (2): 27–37. doi:10.9790/487X-1022737.

Collett, A. 2006. "Buddhism and Gender: Reframing and Refocusing the Debate". Journal of Feminist Studies in Religion 22 (2): 56–84. doi:10.2979/FSR.2006.22.2.55.

Condon, P., G. Desbordes, W. Miller, and D. Desteno. 2013. “Meditation Increases Compassionate Response to Suffering.” Psychological Science 24 (10): 2125–2127. doi:10.1177/0956797613485603.

de Mel, N. 2013. The Promise of the LLRC: Women’s Testimony and Justice in Post-War Sri Lanka. Colombo: International Centre for Ethnic Studies. http://www.ices.lk/wp content/uploads/2013/11/the-Promise-of-the-LLRC.pdf

DeSteno, D., D. Lim, F. Duong, and P. Condon. 2018. “Meditation Inhibits Aggressive Responses to Provocations.” Mindfulness 9 (4): 1117–1122. doi:10.1007/s12671-017 0847-2.

Dharmasiri, G. 1997. “Buddhism as the Greatest Ally of Feminism.” In Recent Researches in Buddhist Studies: Essays in Honour of Y. Karunadasa, edited by K. L. Dhammajoti, A. Tilakaratne, and K. Abhayawansa, 138–172. Colombo: Y. Karunadasa Felicitation Committee.

Dijkema, C. 2001. “Why Study Gender and Conflict Together?” Irénées: A Website of Resources for Peace. http://www.irenees.net/bdf_fiche-analyse-801_en.html

Dolan, C. 2014. “Letting Go of the Gender Binary: Charting New Pathways for Humanitarian Interventions on Gender-based Violence.” International Review of the Red Cross 96 (894): 485–501. doi:10.1017/S1816383115000120.

Eisenbruch, M. 2018a. “The Cultural Epigenesis of Gender-Based Violence in Cambodia: Local and Buddhist Perspectives.” Culture, Medicine and Psychiatry 42: 315–349. doi:10.1007/s11013-017-9563-6.

Eisenbruch, M. 2018b. “Violence against Women in Cambodia: Towards a Culturally Responsive Theory of Change.” Culture, Medicine and Psychiatry 42: 350–370. doi:10.1007/s11013-017-9564-5.

Engler, J. 2003. “Being Somebody and Being Nobody: A Re-examination of the Understanding of Self in Psychoanalysis and Buddhism.” In Psychoanalysis and Buddhism: An Unfolding Dialogue, edited by J. D. Safran, 35–100. New York: Simon & Schuster.

Extraordinary Chambers in the Courts of Cambodia. 2012. “Press Release by the Trial Chamber regarding Sexual Violence Crimes.” Extraordinary Chambers in the Courts of Cambodia. 5 June 2012. https://www.eccc.gov.kh/en/articles/press-release-trial chamber-regarding-sexual-violence-crimes

Fernando, B. 1997. “Harmonizing Asia’s Cultural Values and Human Rights: The Validity of the Approach– Sri Lankan Experience.” FOCUS, September 1997. https://www.hurights.or.jp/archives/focus/section2/1997/09/harmonizing-asias-cultural-values and-human-rights-the-validity-of-the-approach—sri-lankan-experience.html

Fonseka, B. 2015. Transitional Justice in Sri Lanka and Ways Forward. Colombo: Centre for Policy Alternatives. https://www.cpalanka.org/transitional-justice-in-sri-lanka and-ways-forward/

Fonseka, B., and E. Schulz. 2018. “Gender and Transformative Justice in Sri Lanka.” LSE Women, Peace and Security Working Paper Series. http://www.lse.ac.uk/women peace-security/assets/documents/2018/WPS18Fonseka.pdf

Fonseka, B., and A. Woodworth. 2016. Accountability and Reparations for Victims of Conflict Related Sexual Violence in Sri Lanka. Colombo: Centre for Policy Alternatives. https://www.cpalanka.org/wp-content/uploads/2016/07/CSV-paper June-2016.pdf

Gardam, J. G., and M. J. Jarvis. 2001. Women, Armed Conflict and International Law. The Hague: Kluwer Law International.

Goodley, H. 2019. "Ignoring Male Victims of Sexual Violence in Conflict is Short-sighted and Wrong." Chatham House. Last modified 10 January 2019. https://www.chatham house.org/expert/comment/ignoring-male-victims-sexual-violence-conflict-short sighted-and-wrong

Goodman, C. 2013. "Buddhist Meditation Theory and Practice." In A Companion to Buddhist Philosophy, edited by S. M. Emmanuel, 555–571. Hoboken: John Wiley & Sons.

Gross, R. M. 1993. Buddhism after Patriarchy: A Feminist History, Analysis, and Reconstruction of Buddhism. Delhi: Sri Satguru.

Harvey, P. 1997. "Psychological Aspects of Theravāda Buddhist Meditation Training: Cultivating and I-less Self." In Recent Researches in Buddhist Studies: Essays in Honour of Y. Karunadasa, edited by K. L. Dhammajoti, A. Tilakaratne, and K. Abhayawansa, amended version, 341–365. Colombo: Y. Karunadasa Felicitation Committee. https://sunderland.academia.edu/PeterHarvey

Harvey, P. 2000. An Introduction to Buddhist Ethics: Foundations, Values and Issues. Cambridge: Cambridge University Press.

ICRC. 2005. Customary International Humanitarian Law, Volume I: Rules. Edited by J. M. Henckaerts and L. Doswald-Beck. Geneva: ICRC. https://www.icrc.org/en/doc/ assets/files/other/customary-international-humanitarian-law-i-icrc-eng.pdf

ICRC. 2018. The Roots of Restraint in War. Geneva: ICRC. https://www.icrc.org/en/ publication/4352-roots-restraint-war

International Crimes Database. 2016. Gender Jurisprudence for Gender Crimes? International Crimes Database. The Hague: T.M.C. Asser Instituut. http://www.inter nationalcrimesdatabase.org/upload/documents/20160701T104109-ICD%20Brief% 2020%20-%20Ruiz.pdf

International Crimes Evidence Project. 2014. Island of Impunity? Investigation into International Crimes in the Final Stages of the Sri Lankan Civil War. Sydney: Public Interest Advocacy Centre. https://piac.asn.au/2014/02/12/island-of-impunity/

Jerryson, M., and M. Juergensmeyer. 2010. Buddhist Warfare. NewYork: Oxford University Press.

Johnson, D., N. J. Thom, E. A. Stanley, L. Haase, A. N. Simmons, P.-A. B. Shih, W. K. Thompson, et al. 2014. "Modifying Resilience Mechanisms in At-Risk Individuals: A Controlled Study of Mindfulness Training in Marines Preparing for Deployment." American Journal of Psychiatry 171 (8): 844–853. doi:10.1176/appi. ajp.2014.13040502.

Kaszniak, A. 2010. “Empathy and Compassion in Buddhism and Neuroscience.” Public Broadcasting Service. 17 March 2010. https://www.pbs.org/thebuddha/blog/2010/ Mar/17/empathy-and-compassion-buddhism-and-neuroscience-a/

Kearney, D. J., C. McManus, C. A. Malte, M. E. Martinez, B. Felleman, and T. L. Simpson. 2014. “Loving-Kindness Meditation and the Broaden-and-Build Theory of Positive Emotions among Veterans with Post traumatic Stress Disorder.” Medical Care 52 (12): 32–38. doi:10.1097/MLR.0000000000000221.

Klimecki, O. 2012. “Training the compassionate and the empathic brain.” PhD diss., University of Zurich.

Lei, Z. 2019. “Buddhist Nationalism as Social Movement in Political Transition: MaBaTha Movement in Myanmar.” International Relations and Diplomacy 7 (2): 66–75.

Lyth, A. 2001. “The Development of the Legal Protection against Sexual Violence in Armed Conflicts– Advantages and Disadvantages.” Kvinna till Kvinna Foundation, December 2001.

Mack, M., and J. Pejic. 2020. Increasing Respect for International Humanitarian Law in Non-international Armed Conflicts. Geneva: ICRC. https://www.icrc.org/en/publica tion/0923-increasing-respect-international-humanitarian-law-non-international armed-conflicts

Manchanda, R. 2001. “Where are the Womenin South Asian Conflicts?” In Women, War and Peace in South Asia: Beyond Victimhood to Agency, edited by R. Manchanda, 10–38. Michigan: Sage.

Maquet, J. 1975. “Meditation in Contemporary Sri Lanka: Idea and Practice.” Journal of Transpersonal Psychology 7 (2): 182–196.

Mendis, K. N. G. 1978. The Second Discourse of the Buddha on the No-Self Characteristic. Kandy: Buddhist Publication Society. Ministry for Foreign Affairs Sweden. 2007. International Expert Meeting: ‘Gender Perspectives on International Humanitarian Law’. Stockholm:

Ministry for Foreign Affairs Sweden. https://www.icrc.org/en/doc/assets/files/other/ihl_and_gender.pdf

Ñān _ amoli Thera, trans. 1994. The Practice of Loving-kindness (Metta). Access to Insight (BCBS Edition). 30 November 2013. http://accesstoinsight.org/lib/authors/nanamoli/ wheel007.html

Ñān _ amoli Thera, trans. 2010. “Anatta-lakkhana Sutta: The Discourse on the Not-self Characteristic.” Access to Insight (BCBS Edition). 13 June 2010. https://www.acces stoinsight.org/tipitaka/sn/sn22/sn22.059.nymo.html

Ñān _ amoli Thera, trans. 2011. The Path of Purification: Visuddhimagga. Kandy: Buddhist Publication Society. http://www.accesstoinsight.org/lib/authors/nanamoli/ PathofPurification2011.pdf

Nyanaponika Thera, 1994. “The Four Sublime States: Contemplations on Love, Compassion, Sympathetic Joy and Equanimity.” Access to Insight (BCBS Edition).30 November 2013. http://accesstoinsight.org/lib/authors/nyanaponika/wheel006. html

Office of the High Commissioner for Human Rights. 2015. "Report of the OHCHR InvestigationonSri Lanka." Human Rights Council. https://www.ohchr.org/EN/HRBodies/HRC/RegularSessions/Session30/Documents/A-HRC-30-2_en.doc

Office of the Special Representative of the Secretary-General on Sexual Violence in Conflict. 2021. Myanmar. Information Based on the Report of the Secretary-General to the Security Council (S/2021/312). Issued on 30 March 2021. https://www.un.org/sexualviolenceinconflict/countries/myanmar/

Pettersson, T., and P. Wallensteen. 2015. "Armed Conflicts, 1946–2014." Journal of Peace Research 52 (4): 536–550. doi:10.1177/0022343315595927.

Roset, J. L., and M. Schuler. 1990. "Implementing the Transcendental Meditation Programme in the Brazilian Military Police Forces: A Case Study." In International Meditation Society, Rio de Janeiro, Brazil, in Conjunction with Committee of Ayurvedic Medicine, edited by M. C. Dillbeck, 4073–4076. Brasilia: Secretary of Medical Services, Ministry of Social Welfare.

Rubin, J. 2003. "A Well-Lived Life: Psychoanalytic and Buddhist Contributions." In Psychoanalysis and Buddhism: An Unfolding Dialogue, edited by J. D. Safran, 387–427. New York: Simon & Schuster.

Singer, T., and M. Bolz. 2013. Compassion: Bridging Practice and Science. Leipzig: Max Planck Society.

Sivakumaran, S. 2007. "Sexual Violence against Men in Armed Conflict." European Journal of International Law 18 (2): 253–276. doi:10.1093/ejil/chm013.

Sujiva, V. 1991. Loving-kindness Meditation: Meditation on Loving Kindness and Other Sublime States. BuddhaNet eBooks. http://www.buddhanet.net/pdf_file/allmetta. pdf

Suk, C., and I. Skjelsbæk. 2010. "Sexual Violence in Armed Conflicts." PRIO Policy Brief. Vol. 1. Oslo: Peace Research Institute Oslo.

Thanissaro Bhikkhu, trans. 2005. "Therigatha: Verses of the Elder Nuns." Edited by Access to Insight. Access to Insight (BCBS Edition). 30 November 2013. http://www.accesstoinsight.org/tipitaka/kn/thig/index.html

United Nations. 2009. 15 Years of the United Nations Special Rapporteur on Violence Against Women (1994-2009)– A Critical Review. https://www.ohchr.org/Documents/Issues/Women/15YearReviewofVAWMandate.pdf

Wachs, M. 2003. "Buddhism and Women." In Pranamalekha, Essays in Honour of Ven. Dr. Madagama, edited by V. Wimalajothi, V. M. Pemananda, V. U. Ananda, and S. Nanayakkara, 259–277. London: London Buddhist Vihara.

Wood, E. J. 2014. "Conflict-related Sexual Violence and the Policy Implications of Recent Research." International Review of the Red Cross 96 (894): 457–478. doi:10.1017/S1816383115000077.

## ဗုဒ္ဓဘာသာ အခြေခံမူသဘောတရားများက စစ်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများနှင့်သက်ဆိုင်သော IHL တန်ဖိုးများအား လက်တွေ့အကောင်အထည်ဖော်မှုကို အထောက်အကူပြုနိုင်မည့် နည်းလမ်းများ

Ven Kosgama Muditha, Ven Koralegama Gnanawasa and Ven Kirindiwela Pagngnawansa

### ဆောင်းပါးအကျဉ်းချုပ်

လူ့ဘောင်အဖွဲ့အစည်းများအတွင်း စစ်ပွဲပေါ်ပေါက်ခြင်းသည် မလွဲမရှောင်နိုင်လောက်အောင်ဖြစ်နေသောကြောင့် ဖြစ်ပြီး IHL က စစ်ပွဲ လုပ်ဆောင်မှုကို ဖြစ်နိုင်သ၍ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းရန် ကြိုးပမ်းပါသည်။ ဗုဒ္ဓဘာသာအရ စိတ်ပိုင်းဆိုင်ရာ ညစ်ညူးမှုကိလေသာတို့သည် ပဋိပက္ခ၏အရင်းခံအကြောင်းတရားများ ဖြစ်သောကြောင့် တရားဓမ္မရှုထောင့်မှကြည့်လျှင် ဆင်းရဲဒုက္ခကို ထိထိရောက်ရောက် လျှော့ချနိုင်ရန် ကိလေသာများကို သတိပြုမိခြင်းမှာ အလွန်အရေးကြီးပါသည်။ ဤလေ့လာမှု၏ ရည်ရွယ်ချက်သည် မိမိကိုယ်ကိုထိန်းချုပ်မှု၊ စည်းကမ်းလိုက်နာမှုနှင့် တာဝန်ယူမှုတို့ကို တိုးတက်စေခြင်းဖြင့် ဆိုးကျိုးဖြစ်စေသော ခွဲခြားမှုများမရှိဘဲ ပဋိပက္ခအတွင်း ပိတ်မိနေသူများအား လူသားဆန်ဆန် ပြုမူဆက်ဆံမှုကို သေချာစေရာတွင် ဗုဒ္ဓဘာသာအဆုံးအမများအား အသုံးပြုခြင်းကို စစ်ဆေးရန် ဖြစ်ပါသည်။ ဝေပစိတ္တိသုတ်တွင် ဤသို့ပြုလုပ်ရန် လိုအပ်သော အကောင်းဆုံး စိတ်အရည်အသွေးတို့ကို ဖော်ပြထားပြီး ကျွန်ုပ်တို့က ထိုအရည်အသွေးများ၏ လက်တွေ့ပါဝင်ပတ်သက်မှုများကို မဟာစတ္တာရီသကသုတ်တွင် ရှင်းပြသည့်အတိုင်း ထောက်ပြထားပါသည်။ ကျွန်ုပ်တို့၏ အကြောင်းပြဆွေးနွေးချက်မှာ စစ်ပွဲအတွင်း အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) နှင့် ပတ်သက်ပြီး အထူးသဖြင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများနှင့်ပတ်သက်၍ ကျွန်ုပ်တို့ အစပြုထားသော လက်တွေ့လမ်းကြောင်းအရ စိတ်ကို ပျိုးထောင်ခြင်းသည် မိမိကိုယ်ကို ထိန်းချုပ်မှု၊ စည်းကမ်းရှိမှုနှင့် တာဝန်ယူမှုတို့ကို ဖြစ်စေသည်ဆိုသည့်အချက် ဖြစ်ပါသည်။

### နိဒါန်း

ဗုဒ္ဓဘာသာအဆုံးအမ၏ ရည်မှန်းချက်ပန်းတိုင်သည် ညစ်ညူးမှုကိလေသာအားလုံးကို အမြစ်ပြုတ်သုတ်သင်ပြီး အသိဉာဏ်ပွင့်လင်းမှု ဗောဓိဉာဏ်ရရှိရေး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာသည် စစ်ပွဲကို လုံးဝ ထောက်ခံအားပေးခြင်း မရှိပါ။ ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်မှာ အကြမ်းမဖက်ရေးနှင့် စစ်ပွဲ၏အကြောင်းရင်းတို့ကို အမြစ်ပြုတ်သုတ်သင်ရေး ဖြစ်ပါသည်။ စစ်ပွဲဖြစ်ပွားတော့မည်ဆိုလျှင် ဗုဒ္ဓဘာသာတွင် နှုတ်ဆိတ်နေရန် အကြောင်းမရှိပါ။ အခြားတစ်ဘက်တွင် လူတို့က ၎င်းတို့သည် ရန်လိုစိတ်ကင်းကင်း၊ အကြမ်းဖက်မှုကင်းကင်း၊ ယှဉ်ပြိုင်မှုကင်းကင်း၊ စိတ်ယုတ်မာကင်းကင်း ရှင်သန်နေထိုင်ကြပြီး ရန်လိုတိုက်ခိုက်ခြင်းကင်းသူများဟု တွေးကောင်းတွေးနိုင်သော်လည်း လက်တွေ့တွင် အရိယာပုဂ္ဂိုလ်တို့မှလွဲ၍ ဤသို့ မဖြစ်နိုင်ပါ။ လူအများစုသည် "မုန်းတီးမှု၊ ထိခိုက်နာကျင်မှု၊ ရန်လိုမှု သို့မဟုတ် မစ္ဆရိယစိတ်တို့ မရှိသည့်အပြင် မလိုမုန်းထားမှုမရှိဘဲ နေထိုင်ရန်" ဆန္ဒရှိကြသော်လည်း မအောင်မြင်ကြဘဲ အကြမ်းဖက်မှုနှင့် စိတ်ဆိုးစိတ်ယုတ်တို့နှင့် ပတ်သက်ဆက်နွှယ်သော ပြဿနာများမှ မလွတ်မြောက်နိုင်ကြချေ။ (*အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ ဝိဟရေမု အဝေရိနော*) (D.II.276) ထို့ကြောင့် လူ့ဘောင်အဖွဲ့အစည်းများအတွင်း၌ စစ်ပွဲပေါ်ပေါက်ခြင်းသည် မလွဲမရှောင်သာလောက်နီးပါး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအရ ကိလေသာတရားတို့သည် ပဋိပက္ခများ၏ အကြောင်းရင်း ဖြစ်သောကြောင့် စစ်ပွဲအတွင်း နာကျင်မှုကို လျှော့နည်းစေရန် တရားဓမ္မနှင့် ကိလေသာတို့၏ သဘောသဘာဝများကို သတိမူကြရန် အထူးလိုအပ်လှပေသည်။

ဂျီနီဗာသဘောတူညီချက်လေးခု၏ ဘုံပြဋ္ဌာန်းချက်အပိုဒ်(၃)၌ ဖော်ပြထားသည့်အတိုင်း -

> လက်နက်ချသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် နာမကျန်းဖြစ်ခြင်း၊ ဒဏ်ရာရခြင်း၊ ဖမ်းဆီးထိန်းသိမ်းအကျဉ်းချခံရခြင်း သို့မဟုတ် အခြား အကြောင်းတစ်ခုခုကြောင့် "တိုက်ပွဲဝင်နိုင်ခြင်းမရှိသူများ" အပါအဝင် တိုက်ပွဲများတွင် တက်တက်ကြွကြွ ပါဝင်ခြင်းမရှိသူများအား အခြေအနေအားလုံးတွင် လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ရာဘာသာ သို့မဟုတ် ယုံကြည်မှု၊ လိင်၊ မွေးဖွားမှု

ဇာတိ သို့မဟုတ် ဓနဥစ္စာ သို့မဟုတ် အခြားသော အလားတူ မည်သည့် သတ်မှတ်ချက်ပေါ်မဆို အခြေခံသော ဆိုးကျိုးဖြစ်စေသည့် ခွဲခြားမှုတစ်စုံတစ်ရာမရှိစေဘဲ လူသားချင်းစာနာစွာ ကရုဏာထား ပြုမူဆက်ဆံရပါမည်။[1]

ဗုဒ္ဓဘာသာအရ ယင်းသို့သော ဆိုးကျိုးဖြစ်စေသည့်ခွဲခြားမှုများကိုပြုလုပ်ခြင်းသည် ကိလေသာတို့၏ အကျိုးရလဒ်အဖြစ် ပေါ်ပေါက်စေပါသည်။ ဥပမာအားဖြင့် စစ်ပွဲတွင် အမုန်းကိလေသာ(ဒေါသ)သည် အခြေခံအကြောင်းရင်းဖြစ်နေစဉ် စစ်ပွဲဖြစ်လာခဲ့သောအခါတွင် ကိလေသာက သာမန်ကိုယ်ကျင့်တရားကို လွှမ်းမိုးအနိုင်ယူသွားသောကြောင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ချိုးဖောက်မှုများကို တစ်ပြန်တစ်လှည့် ဖန်တီးခြင်းအားဖြင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအပေါ် လူသားဆန်ဆန်ပြုမူဆက်ဆံမှုကင်းမဲ့ခြင်းကိုလည်း ဖြစ်စေပါသည်။ ကိလေသာအပေါ် အသိသတိရှိနေခြင်းသည် ပြဿနာဖြစ်စေသော အတွေးအခေါ်နှင့် အပြုအမူတို့အတွက် ဖြေဖျောက်မှုကို ပေးနိုင်ပါသည်။ အကယ်၍ စစ်ပွဲတွင် ပါဝင်နေသူတစ်စုံတစ်ဦးသည် ကိလေသာများအား မည်သို့ကိုင်တွယ်သင့်သည်ကို အလေးထားသတိပြုလိုလျှင် IHL ကို စစ်မြေပြင်နှင့် စစ်ပွဲအပြီးတို့တွင် ကျင့်သုံးရန် ပိုမိုလွယ်ကူစေပါသည်။ ငုပ်နေသော ကိလေသာများကို သတိထားခြင်းသည် အရေးကြီးသောအချက်ဖြစ်သည့် ဆန္ဒနှင့်အတူ မိမိကိုယ်ကိုထိန်းချုပ်မှု၊ စည်းကမ်းရှိမှုနှင့် တာဝန်ယူမှုတို့အပေါ် အာရုံစိုက်မှု လိုအပ်ပါသည်။ အကြောင်းမှာ ထိုဆန္ဒက လုပ်ဆောင်ချက်တစ်ခု၏ နောက်ကွယ်ရှိ အားလုံးသော စိတ်ပိုင်းဆိုင်ရာ စေ့ဆော်မှုကို ပေးသောကြောင့် ဖြစ်ပါသည်။ ရဟန်းတို့၊ “ဆန္ဒ(စေတနာ)ကို ကံ(လုပ်ဆောင်မှု)ဟု ငါဘုရားဟော၏။ တစ်စုံတစ်ယောက်သည် စေတနာနှင့်တကွဖြစ်သော ကာယကံ၊ ဝစီကံ သို့မဟုတ် မနောကံတို့မှ တဆင့် အမှုကိစ္စကို လုပ်ဆောင်၏”။ (A.III.415) ဗုဒ္ဓဘာသာသည် စိတ်(စေတနာ)သန့်ရှင်းစင်ကြယ်စေရေးကို အမြဲ ဦးတည်သည်ဟုဆိုရာ၌ စိတ်ကို လောဘ၊ ဒေါသ၊ မောဟ ကိလေသာတို့ဖြင့် မညစ်နွမ်းစေရေးကို သေချာအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ မည်သည့်အရာပေါ်မဆို မိမိစိတ်အား အသုံးချပုံသည် အောက်ဖော်ပြပါ စိတ်အခြေအနေ၊ ထို့နောက် လုပ်ရပ်နှင့် ၎င်းတို့၏အကျိုးရလဒ်တို့အပေါ်တွင် အဓိက အကျိုးသက်ရောက်မှု ရှိပါသည် -

> နာမ်ခန္ဓာလေးပါးတို့သည် စိတ်(မနော)လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင်အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ ပြောဆိုမှုသော်လည်းကောင်း၊ ပြုလုပ်မှုသော်လည်းကောင်း၊ ကြံစည်မှုသော်လည်းကောင်း ထို (ပြောဆိုမှု၊ ပြုလုပ်မှု၊ ကြံစည်မှု) ကြောင့် လှည်းဘီးသည် လှည်းကိုဆွဲသော နွား၏ခြေရာနောက်သို့ အစဉ်လိုက်ဘိသကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။ (Dhp.1)

ထို့ကြောင့် ဗုဒ္ဓဘာသာနှင့် IHL တို့၏ ပန်းတိုင်များအကြား ဆင်းရဲဒုက္ခနည်းပါးစေရေးတွင် တူညီမှုရှိသည်သာမက ယင်းဥပဒေအား ပြောင်ပြောင်တင်းတင်းဆန့်ကျင်ချိုးဖောက်မှုတွင် တစ်စုံတစ်ဦးကို လုပ်ဆောင်စေနိုင်သော စိတ်ပိုင်းဆိုင်ရာ ညစ်နွမ်းမှုကိလေသာများကို ဗုဒ္ဓဘာသာက နိုးနိုးကြားကြားသတိရှိသည်မှာ ထင်ရှားပါသည်။ အခြေအနေသစ်နှင့် တစတစ သဟဇာတဖြစ်လာခြင်းကြောင့် ယင်းသည် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ချိုးဖောက်မှုများကို တန်ပြန်ရန် အသိသတိ ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများကို ပေးပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာအဆုံးအမကို လက်တွေ့ကျသောပုံစံဖြင့် ကျင့်သုံးခြင်းသည် IHL အား ဖောက်ဖျက်မှုများကို နည်းနိုင်သမျှအနည်းဆုံးဖြစ်စေမည့် အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ဤလေ့လာမှုသည် စစ်ပွဲတွင်ပါဝင်နေသူများအနေဖြင့် မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်မှ ထုတ်နှုတ်ထားသော နည်းလမ်းသုံးသွယ်ဖြစ်သည့် ကြည်လင်ရှင်းလင်းသောအမြင်၊ မဆုတ်မနစ်သောလုံ့လနှင့် သတိရှိမှုတို့ကို အသုံးပြုခြင်းဖြင့် မိမိကိုယ်ကိုထိန်းချုပ်မှု၊ ကိုယ်တိုင်စည်းကမ်းရှိမှုနှင့် တာဝန်ယူမှုတို့ ဖွံ့ဖြိုးတိုးတက်မှုမှတဆင့် ဆိုးကျိုးဖြစ်စေသော ခွဲခြားဆက်ဆံမှုမရှိဘဲ လူသားဆန်ဆန်ပြုမူဆက်ဆံမှုကို သေချာအောင်လုပ်ဆောင်ရာတွင် ဗုဒ္ဓဘာသာ အဆုံးအမ၏ အသုံးတည့်မှုကို ထောက်ပြရန် ရည်ရွယ်ပါသည်။ ဤလေ့လာမှုကို ချဲ့ထွင်ရန် ခိုင်လုံသော ကျမ်းကိုးများကို ပါဠိကျမ်းရင်းမှ ကျွန်ုပ်တို့ ထုတ်နုတ်ပြသွားပါမည်။ ကျမ်းကိုးအတွက် မူလကျမ်းရင်းများမှာ သုတ္တနိပါတ်မှ ကလဟဝိဂါဒသုတ်နှင့် ဂါသေဋ္ဌသုတ်၊ သံယုတ်နိကာယ်မှ ဝေပစိတ္တိသုတ်၊ မဇ္ဈိမနိကာယ်မှ မဟာ

စတ္တာရီသကသုတ်နှင့် မဓုရသုတ်၊ ဒီဃနိကာယ်မှ မဟာသတိပဋ္ဌာနသုတ်နှင့် အင်္ဂုတ္တိုရ်နိကာယ် သောတာနုဂတ သုတ်တို့ ဖြစ်ကြပါသည်။ IHL နှင့်သက်ဆိုင်သော ဆက်စပ်သည့် အကြောင်းအရာအမျိုးအစားနှင့်ပတ်သက်သည့် ဗုဒ္ဓဘာသာ အဆုံးအမများကို ဤကျမ်းများမှ ကျွန်ုပ်တို့ ကောက်နုတ်ဖော်ပြသွားမည်ဖြစ်ပြီး IHL အား လေးစားမှု ပိုတိုးလာစေရန်အတွက် လက်တွေ့ကျသော ဗုဒ္ဓဘာသာ နည်းလမ်းနှင့် မိတ်ဆက်ပေးရန် ထိုအဆုံးအမများပေါ်တွင် အခြေခံတည်ဆောက်သွားမည် ဖြစ်ပါသည်။

ကလဟဝိဂါဒသုတ်တွင် ဖော်ပြသကဲ့သို့ တပ်မက်နှစ်သက်ဖွယ်ရာ(ပိယ)ဟု ထင်မြင်ယူဆသောအရာများ ကို လိုချင်မှုအာသာဆန္ဒသည် အလုံးစုံသော အငြင်းအခုံဖြစ်မှုတို့၏ အခြေခံအကြောင်းရင်းဖြစ်ပြီး လောဘနှင့် ဒေါသ သို့သော ကိလေသာတို့သည် စစ်ပွဲ၏ အရင်းခံ အကြောင်းတရားများ ဖြစ်ကြပါသည်။ (Sn.863) စိတ်အတွင်း ဤကိလေသာတို့ ပေါ်ပေါက်လာသောအခါ ၎င်းတို့သည် ခိုက်ရန်များနှင့် အငြင်းပွားမှုများကို ဖြစ်စေ သို့မဟုတ် ပိုမိုဆိုးရွားစေပါသည်။ ထိုသို့သော အခြေအနေများအတွင်း အာရုံစူးစိုက်မှုသမာဓိသည် အလွန်အရေးကြီးပါသည်။ မိမိ၏ကိလေသာများကို သတိပြုမိခြင်းသည် အငြင်းပွားမှုများမှ မိမိအား လွတ်မြောက်ရန် မည်သို့ ရှေ့ဆောင်နိုင်ပုံ ကို ကလဟဝိဂါဒသုတ်က သင်ကြားပေးသော်လည်း ဤနေရာတွင် ပြဿနာမှာ စစ်မြေပြင်တွင် အပါအဝင် စစ်ပွဲ အခြေအနေအတွင်း ဤကိလေသာများကို မိမိအနေဖြင့် မည်သို့မည်ပုံ သတိပြုရမည်ဆိုသည့်ကိစ္စ ဖြစ်ပါသည်။

#### ဝေပစိတ္တိသုတ်တွင် သိကြားမင်း၏ ငြိမ်သက်သောသည်းခံမှု

စစ်သို့ပန်းများအပေါ် သင့်လျော်သောပြုမူဆက်ဆံမှုကို ရှင်းပြနိုင်ရန် ဗုဒ္ဓဘာသာ၏ ရှေးအကျဆုံး ဇာစ်မြစ်များထဲမှ တစ်ခုဖြစ်သော ဝေပစိတ္တိသုတ်ကို တစ်ပြန်တစ်လှည့် အသုံးချနိုင်ပါသည်။ ထိုသုတ်အရ အခါတစ်ပါးတွင် နတ်များ နှင့် အသူရာ ခေါ် နတ်ဘီလူး သို့မဟုတ် နတ်မိစ္ဆာတို့အကြား စစ်မက် ဖြစ်ပွားခဲ့ပါသည်။ ဝေပစိတ္တိသည် အသူရာ နတ်မင်းကြီး ဖြစ်ပါသည်။ စစ်ပွဲအစမှာပင် ၎င်း၏ အသူရာစစ်သည်များအား စစ်ပွဲတွင် ၎င်းတို့အနိုင်ရပါက နတ်တို့ သနင်း သိကြားမင်းကို နှောင်ကြိုးတည်းချည်နှောင်ကာ အသူရာတို့၏ မြို့တော်သို့ ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေးထားခဲ့ပါသည်။ ထိုနည်းတူစွာ သိကြားမင်းကလည်း သူ၏နတ်စစ်သည်များအား ၎င်းတို့အနိုင်ရပါက ဝေပစိတ္တိကို ဖမ်းဆီးပြီး နတ်သဘင်အစည်းအဝေးခန်းမသို့ ပြန်လည်ခေါ်ဆောင်လာရန် အမိန့်ပေးထားခဲ့ပါသည်။

ခေါင်းဆောင်နှစ်ဦးလုံး၏ ဤတူညီသောကြိုတင်အစီအမံသည် စစ်ပွဲ၏အဓိကရည်မှန်းချက်ဖြစ်သော မိမိ၏ တစ်ဘက်ရန်သူကို အနိုင်ယူရန်၊ ဆန့်ကျင်ဘက်တပ်ဖွဲ့၏ နောက်လိုက်နောက်ပါအခြွေအရံများကို အချိုးအစား မညီမျှသော ထိခိုက်မှုမရှိစေဘဲ ပြဿနာတစ်ခု (သို့) ပြဿနာများကို ဖြေရှင်းရန်၊ မည်သည့်ခေါင်းဆောင်ကမျှ အခြားသူများကို သတ်ဖြတ်ရန် သို့မဟုတ် တစ်ဘက်ရန်သူ၏ တပ်ဖွဲ့ဝင်များကို အမြဲတမ်း အကျဉ်းချထားရန် ဆန္ဒ မရှိခဲ့ဆိုသည့် အခြေခံမှုအပေါ် ၎င်းတို့၏ လေးစားသမှုကို ပြသခြင်း ဖြစ်နိုင်ပါသည်။

ထိုသုတ်အရ စစ်ပွဲတွင် နတ်များက အနိုင်ရခဲ့ပြီး အသူရာတို့ စစ်ရှုံးခဲ့ပါသည်။ ထို့ကြောင့် နတ်များသည် ၎င်းတို့ကို ပေးထားသည့်အမိန့်အတိုင်း ဝေပစိတ္တိကို နတ်သဘင်အစည်းအဝေးခန်းမသို့ ခေါ်ဆောင်ခဲ့ပါသည်။ သိကြားမင်းက နတ်သဘင်ခန်းမကို ဝင်နေစဉ်နှင့် ထွက်နေစဉ်တို့တွင် ဝေပစိတ္တိသည် ၎င်းကို ရန့်ရင်းကြမ်းတမ်း သော စကားလုံးများဖြင့် ရိုင်းပြစော်ကားခဲ့ပါသည်။ ဗုဒ္ဓဘာသာရှုထောင့်မှ စစ်ပွဲကြောင့် ဒုက္ခရောက်သူတစ်ဦး၏ စိတ်နေစိတ်ထား ဥပမာတစ်ရပ်အဖြစ် ယခုအခါ ဝေပစိတ္တိသည် စစ်ပွဲတွင် တက်တက်ကြွကြွ ဆက်လက်ပါဝင်သူ မဟုတ်တော့သည့်အပြင် စိတ်ဓာတ်ရေးရာအရ ရှုပ်ထွေးနေခဲ့ပြီး စိတ်တိုဒေါသထွက်သောပုံစံဖြင့် ပြုမူနေခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်မှာ နတ်တို့ဘုရင်သိကြားမင်း၏ ဝေပစိတ္တိအပေါ် အပြုအမူကို ဗုဒ္ဓဘာသာဝင်စစ်စစ် နမူနာ တစ်ခုအဖြစ် ဖမ်းဆီးရမိသူအား မည်သို့ ပြုမူဆက်ဆံရမည်ဆိုသည်ကို ကျွန်ုပ်တို့အား လေ့လာခွင့်ရစေပါသည်။ ၎င်းအား ဆွပေးနေသော်လည်း သိကြားမင်းသည် ဝေပစိတ္တိကို တုံ့ပြန်ခြင်း သို့မဟုတ် ၎င်းကို တစ်စုံတစ်ရာ အရေးယူခြင်း မပြုလုပ်ခဲ့ချေ။ ဤအခြင်းအရာက မိမိကိုယ်ကိုထိန်းချုပ်မှု၊ စည်းကမ်းရှိမှုနှင့် တာဝန်ယူမှုတို့ကို

အားပေးထောက်ခံပုံနှင့် IHL ကို လိုက်နာနိုင်ရန် ထိုသူတော်ကောင်းတရားများ တသွေမတိမ်း လိုအပ်ကြောင်းကို ပြသနေပါသည်။

ဤဇာတ်လမ်းတွင် အဆင့်တစ်ခု၌ သိကြားမင်း၏ ရထားထိန်း မာတလိက သိကြားမင်းကို မေးခွန်းသုံးခု သို့မဟုတ် အကြံပြုချက်သုံးခု ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ မာတလိက သိကြားမင်းအား ဝေပစိတ္တိ၏ ရန့်ရင်းကြမ်းတမ်းသော စကားလုံးများကို သည်းခံခြင်းသည် အကြောက်တရားကြောင့်လော သို့မဟုတ် အားနည်းချက်ကြောင့်လောဟု မေးခဲ့ပါသည်။ သိကြားမင်းက “ငါ ဝေပစိတ္တိကို သည်းခံခြင်းမှာ အကြောက်တရားကြောင့်လည်း မဟုတ်၊ အားနည်းချက်ကြောင့်လည်း မဟုတ်။ ငါလို ပညာရှိတစ်ယောက်က သူလို ပညာမဲ့(ဗာလ)တစ်ယောက်နှင့် ဘယ်လိုလုပ်ပြီး စကားစစ်ထိုးရန် သင့်မလဲ” ဟု ပြန်ဖြေခဲ့ပါသည်။ (S.I.221) စစ်ပွဲတွင်သာမက စစ်ပွဲပြီးသည့်နောက်တွင်လည်း မဖြစ်မနေကျင့်သုံးရမည့် အရေးပါသော စိတ်အရည်အသွေးတစ်ရပ်ဖြစ်သည့် သည်းခံခြင်းကို သိကြားမင်းက ပြသခဲ့ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စစ်ပွဲ၏ရည်ရွယ်ချက်မှာ ပဋိပက္ခဖြစ်စေသော ပြဿနာများကို ဖြေရှင်းရန်အတွက်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရာတွင် သည်းခံခြင်းသည် အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အကျဉ်းသား၏ ဆဲရေးတိုင်းထွာမှုများအပေါ် ဒေါသနှင့် အငြိုးအာဃာတထားသော တုံ့ပြန်မှုသည် ထိုက်ထိုက်တန်တန် မည်သည့်တန်ဖိုးမျှ မရှိချေ။

မာတလိ၏ ဒုတိယအကြံပြုချက်မှာ ဝေပစိတ္တိကဲ့သို့သောသူများကို အပြစ်မပေးလျှင် ထိုအလားတူ အပြစ်မျိုးကို ၎င်းတို့သည် ထပ်တလဲလဲ ကျူးလွန်နေဦးမည်ဟူ၍ ဖြစ်ပါသည်။ သိကြားမင်း၏အဖြေမှာ “ထိုကဲ့သို့သော ပညာမဲ့မိုက်မဲသူကို ရပ်တန့်စေရန် တစ်ခုတည်းသောနည်းလမ်းမှာ သူတပါးအမျက်ဒေါသကို အသိအမှတ်ပြုသော်လည်း မိမိကိုယ်ကို သတိရှိနေစေပြီး စိတ်လှုပ်ရှားမှုမရှိခြင်း ဖြစ်သည်” ဆိုသောအချက် ဖြစ်ပါသည်။ (*သဗ္ဗော ဥပသမ္မာ တိတိ*) (S.I.222) ထို့ကြောင့် ဤနေရာတွင် သည်းခံခြင်း၊ သတိရှိခြင်းနှင့် စိတ်တည်ငြိမ်ခြင်းတို့အပေါ် အာရုံစူးစိုက်သမာဓိထားမှုအား မဖြစ်မနေကျင့်သုံးရမည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့ သိမြင်ရပါသည်။ စစ်မက်တိုက်ခိုက်မှု(တိုက်ပွဲများ)အလယ်တွင် တစ်စုံတစ်ဦးသည် သတိပဋ္ဌာန်နှင့် စိတ်တည်ငြိမ်မှုကို မည်သို့ ကျင့်သုံးနိုင်မည်နည်းဟူသော မေးခွန်းကို အောက်တွင် ကျွန်ုပ်တို့ ပြန်အစကောက်ကြပါမည်။

မာတလိ၏ တတိယအကြံပြုချက်မှာ အကယ်၍ သည်းခံသူကို ထိုပညာမဲ့မိုက်မဲသူက အကြောက်တရားကြောင့်ဟု အထင်မှားလျှင် တစ်စုံတစ်ဦးနောက်ကိုလိုက်သည့် နွားကဲ့သို့ ၎င်းသည် ကျွန်ုပ်တို့နောက်ကို ယခုထက်ပိုမိုခက်ခဲသည့်တိုင် လိုက်နေလိမ့်ဦးမည် ဟု ဖြစ်ပါသည်။ သိကြားမင်းက အောက်ပါအတိုင်း သုံးဂါထာဖြင့် လိမ္မာပါးနပ်စွာ ပြန်လည်ဖြေကြားလိုက်ပါသည် -

> “ဤသူကား ငါ့အား ကြောက်၍သည်းခံသည်” ဟု အကယ်၍ မှတ်ထင်သည်ဖြစ်စေ၊ မမှတ်ထင်သည်ဖြစ်စေ အကျိုးအားဖြင့် မိမိကောင်းဖို့သာ ဖြစ်သည်။ သည်းခံခြင်းထက် ပို၍ ကောင်းသော တရားသည်မရှိ။
>
> လူတစ်ယောက်သည် ခွန်အားရှိသူဖြစ်သော်လည်း မိမိထက် ခွန်အားနည်းသူကို သည်းခံ၏။ ထိုသည်းခံခြင်းကို မြတ်သောသည်းခံခြင်းဟုဆို၏။ ခွန်အားနည်းသူသည် အမြဲသည်းခံနေရ၏။
>
> လူမိုက်၏အားဆိုသော အားသည်ရှိ၏။ ထိုလူမိုက်၏အားသည် အားအစစ်မဟုတ်ဟု ပညာရှိတို့ဆိုကြ၏။ မည်သူတစ်ဦးကမျှ အားရှိလျက် တရားစောင့်သူတစ်ဦးကို ပြစ်တင်ပြောဆိုခြင်း မပြုနိုင်။ (S.I.322)

ဤအကြောင်းအရာကို IHL နှင့် နှိုင်းယှဉ်သောအခါ အထူးသဖြင့် စစ်သုံ့ပန်းများအား ပြုမူဆက်ဆံခြင်းနှင့် သက်ဆိုင်သည့် တတိယဂျီနီဗာသဘောတူညီချက်တွင်[2] စစ်ရှုံးသည့်ရန်သူအပေါ် ဆိုးကျိုးဖြစ်စေသော ခွဲခြားဆက်ဆံမှု တစ်စုံတစ်ရာမရှိဘဲ မည်သို့ ပြုမူဆက်ဆံသင့်ကြောင်း သိကြားမင်း၏ ဖြေကြားချက်က သရုပ်ဖော်ထားသည်ကို တွေ့မြင်နိုင်ပါသည်။ တစ်စုံတစ်ဦးသည် စစ်ပွဲအတွင်း၌ အရှည်သဖြင့် သည်းခံခြင်းကို ကျင့်သုံးသည့်အခါ မိမိကိုယ်ကို

ထိန်းချုပ်မှုနှင့် စည်းကမ်းရှိမှုတို့ကို ပိုမို လွယ်ကူစွာ ထိန်းကျောင်းနိုင်သည့်အပြင် မိမိ၏ လုပ်ဆောင်မှုများအတွက် ပိုမိုလွယ်ကူစွာ တာဝန်ယူနိုင်ပါသည်။

ဤသုတ်၏ အဓိကအတွေးအခေါ်ကို နောက်ထပ်ဂါထာနှစ်ပုဒ်ဖြင့် အောက်ပါအတိုင်း ဖော်ပြထားပါသည် -

အကြင်သူသည် အမျက်ထွက်သူကို ပြန်၍ အမျက်ထွက်၏။ ထိုသူအားသာလျှင် ထိုအမျက်ထွက်မှုကြောင့် ပိုမိုယုတ်မာ၏။ အမျက်ထွက်သူကို ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်၏။

အကြင်သူသည် သူတစ်ပါးအမျက်ထွက်သည်ကို သိပြီး၍ သတိနှင့်ပြည့်စုံလျက် ငြိမ်းအေး၏။ ထိုသို့ငြိမ်းအေးသူသည် မိမိ၊ သူတစ်ပါး အကျိုးစီးပွားကို ကျင့်သည်မည်၏။ (S.I.322-323)

ဤနေရာတွင် သိကြားမင်း၏ အမြင်သည် စစ်ပွဲအခြေအနေတွင် အထူးသဖြင့် စစ်သုံ့ပန်းများအား လူသားဆန်ဆန် ပြုမူဆက်ဆံခြင်းနှင့်ပတ်သက်၍ အကျုံးဝင်သက်ဆိုင်သည့် ကျယ်ပြန့်သော ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလများနှင့် အခြေခံမူသဘောတရားများကို ထင်ဟပ်နေပါသည် -

(၁) ရန်သူ၏ အမျက်ဒေါသအား သိရှိသတိပြုမိသည့်အချိန်တိုင် မိမိ၏ ငြိမ်းချမ်းမှုကို သတိရှိရှိ ထိန်းသိမ်းရန် အရေးကြီးခြင်း - သတိတရားနှင့် စိတ်ကြည်လင်ခြင်း သို့မဟုတ် အခြေအနေဆိုင်ရာ အသိသတိရှိမှု (သတိနှင့် သတိသမ္ပဇဉ)

(၂) အဆုံးစွန် သည်းခံခြင်းသည် အားနည်းသူတို့အပေါ်၌ သည်းခံခြင်းကို ပြသနေပါသည် - ကြံ့ကြံ့ခံ သည်းခံခြင်းသည် အမြင့်ဆုံးသော မြိုးမြိခြင်းကျင့်စဉ် ဖြစ်ကြောင်း နားလည်သဘောပေါက်ခြင်း (ခန္တီ ပရမံ တပေါ တိတိက္ခာ)

(၃) စိတ်တည်ငြိမ်မှု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အရေးပါမှု (ဥပသမ္မတိ) - အမျက်ဒေါသထွက်ခြင်းကို အမျက်ဒေါသမထွက်ခြင်း (မေတ္တာ) ဖြင့် ဖြေဖျောက်သည်။ (Dhp.5)

### သတိပဋ္ဌာန်နှင့် အသိသတိ၏ အရေးပါမှု

သတိသမ္ပဇဉ - "သတိတရားရှိမှု" နှင့် "အသိသတိရှိမှု" (သတိနှင့်သမ္ပဇဉ်) အတွဲ သို့မဟုတ် "အခြေအနေဆိုင်ရာ အသိသတိရှိမှု" သည် အခြေအနေတစ်ခုတွင် နိုးထလာစေရန် လိုအပ်သော စိတ်အခြေအနေကို ဖော်ပြနေပါသည်။ "သည်းခံခြင်း" ခန္တီသည် ငြိမ်းချမ်းရေးကို ရှေးရှုသော အဓိက အရည်အသွေး ဖြစ်ပါသည်။ ဥပသမ္မတိ "ပဋိပက္ခများမှ လွတ်မြောက်ရန်" သို့မဟုတ် "ငြိမ်းအေးစေရန်" သည် အခြားသူများနှင့် အေးအေးချမ်းချမ်း ကရုဏာတရားနှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်ရေးအတွက် စံထားလောက်သော နည်းလမ်း ဖြစ်ပါသည်။

မဟာသတိပဋ္ဌာန်သုတ်အရ အခြေအနေဆိုင်ရာ အသိသတိရှိမှု - ဆိုလိုသည်မှာ မိမိ၏ ကိုယ်နှုတ် လုပ်ဆောင်မှုများနှင့် ၎င်းတို့၏ အခြေအနေအား ရှင်းရှင်းလင်းလင်း အသိသတိရှိမှု - သည် လူသားတို့၏ လုပ်ဆောင်မှုများ အားလုံးတွင် ရှိနေသင့်ပါသည်။ (D.II.83) အင်္ဂုတ္တိုရ်နိကာယ်လာ သတိသမ္ပဇဉသုတ်တွင် အလားတူ အကြောင်းအရာအပေါ် ပိုမိုကျယ်ပြန့်သော ရှုထောင့်တစ်ခုကို ဤသို့ ပေးထားပါသည် -

အခက်အရွက်ပျက်စီးသော သစ်ပင်အား အပွေး အကာ အခေါက် အနှစ်တို့သည် ပြည့်စုံခြင်းသို့ မရောက်။ ထို့အတူ သတိသမ္ပဇဉ် ပျက်စီးသူအား ဟိရိဩတပ္ပသည် ပျက်စီး၏။

ဟိရိဩတပ္ပပျက်စီးသူအား ဣန္ဒြေစောင့်ထိန်းမှုသည် ပျက်စီး၏။ ဣန္ဒြေစောင့်ထိန်းမှု ပျက်စီးသူအား သီလသည် ပျက်စီး၏။ (A.IV.336)

ဤအခြေအနေက သတိသမ္မဇဉ်၊ သတိတရားရှိမှုနှင့် အခြေအနေဆိုင်ရာ အသိသတိရှိမှုသည် အခြေခံကျပြီး ငုပ်နေသည့် အောင်မြင်သော လုပ်ငန်းဆောင်ရွက်နေခြင်း၏ အပိုင်းများအများအပြားနှင့် ၎င်းတို့မပါဘဲ လုပ်ဆောင်နေခြင်းသည် ပြဿနာများနှင့် ကျရှုံးမှုများကို ဖြစ်ပေါ်စေကြောင်းကို ရှင်းလင်းစွာ ရှင်းပြထားပါသည်။ သတိသမ္မဇဉ် ဉာဏ်နှင့်ယှဉ်သော အတွေးသည် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးသော မှန်ကန်စွာတွေးတောကြံစည်မှုကို ဖြစ်စေပါသည်။ သတိသမ္မဇဉ်ဉာဏ်နှင့်မယှဉ်သော အတွေးသည် ပြဿနာများနှင့် ဆင်းရဲဒုက္ခတို့ကို ဆောင်ကြဉ်းပေးကာ မှားယွင်းသော ကြံစည်မှုကို ဖြစ်စေပါသည်။ သတိမပါဘဲ ပြောဆိုခြင်းသည် ရံဖန်ရံခါ မရိုးသားမှု ပါဝင်နေနိုင်ပါသည်။ ထို့ကြောင့် ပြောဆိုသည့် သို့မဟုတ် ဆွေးနွေးသည့် အရာနှင့်စပ်လျဉ်း၍ သတိသမ္မဇဉ်ဖြင့် ပြုလုပ်သင့်ပါသည်။ ထို့အပြင် သတိသည် စိတ်အတွင်းတည်ကြည်မှုသမာဓိကို ညွှန်းဆိုပြီး သမ္မဇဉ်သည် သမာဓိကို ထိန်းသိမ်းရာတွင် ပုံစံလေးမျိုးဖြင့် ကူညီပေးပုံကို မဇ္ဈိမနိကာယ် အဋ္ဌကထာ (Ps.I.252) တွင် ဖော်ပြသည့်အတိုင်း - ရည်ရွယ်ချက်နှင့်ဆိုင်သော အကျိုးရှိသည်ကိုသာ ပိုင်းခြားယူတတ်သော သာတ္ထကသမ္မဇဉ်၊ သင့်တော်သည်ကိုသာ ပိုင်းခြားယူတတ်သော သပ္ပါယသမ္မဇဉ်၊ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုအတွင်း မိမိဘာဝနာစိတ်ကို ကျက်စားစေသော ဂေါစရသမ္မဇဉ်နှင့် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း စသည်တို့၏ တရားသဘောကို တွေဝေမှုမရှိဘဲ သိခြင်း အသမ္မောဟသမ္မဇဉ်တို့ ဖြစ်ကြပါသည်။

စစ်ပွဲအတွင်း အခြေအနေနှင့်ဆိုင်သောအသိသတိရှိမှု သမ္မဇဉ်ကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ပါသည် - ၎င်းမှာ ပဋိပက္ခ၏ရည်ရွယ်ချက်ကို အမှတ်ရခြင်းဖြစ်ပြီး အတိအကျပြောရလျှင် အကြောင်းမဲ့ ထိခိုက်နာကျင်ပြီး ပျက်စီးဆုံးရှုံးမှု မရှိရန်သာမက ရန်သူကိုနှိမ်နင်းအနိုင်ယူခြင်းဖြင့် ပြဿနာကိုဖြေရှင်းရန် ဖြစ်ပါသည် - ဆောင်ရွက်သည့် အစီအမံသည် သဘောပေါက်နားလည်မှုနှင့် လိုက်လျောညီထွေ ဖြစ်ရပါမည်။ ထို့ပြင် ၎င်းသည် ထင်ယောင်ထင်မှား အယူအဆများဖြင့် ဖုံးလွှမ်းခြင်း မရှိဘဲ IHL ၏ တန်ဖိုးထားမှုများနှင့် သဘောချင်းကိုက်ညီရပါမည်။ ၎င်းအပြင် စိတ်အတွင်းသန္တာန်၌ပဋိပက္ခမဖြစ်ဘဲ လုပ်ငန်းများကို ဆောင်ရွက်ခြင်းအတွက် အဓိက စိတ်ပိုင်းဆိုင်ရာ အရည်အချင်းဖြစ်သည့် သတိသမ္မဇဉ်သည် စစ်ပွဲအတွင်း ပါဝင်နေသူများအား လူသားချင်းစာနာထောက်ထားသော ပြုမူဆက်ဆံမှုကို သေချာစေရန်အတွက် လိုအပ်သော အဆုံးစွန်သည်းခံခြင်းနှင့် စိတ်တည်ငြိမ်အေးချမ်းခြင်းတို့အပေါ် အာရုံစိုက်ရန် ယင်းကိုကျင့်သုံးနေသူများအား ဦးဆောင်လမ်းညွှန်ပေးပါသည်။

## မြင့်မြတ်သောမဂ္ဂင်ရှစ်ပါးလမ်းစဉ်နှင့် သက်ဆိုင်သောအင်္ဂါရပ်များ

စစ်ပွဲအတွင်း မိမိကိုယ်ကိုထိန်းချုပ်မှု၊ စည်းကမ်းရှိမှုနှင့် တာဝန်ယူမှုတို့ကို ထိန်းသိမ်းထားနိုင်ရန် ဤအရည်အသွေးများအား မည်သို့ ကျင့်သုံးနိုင်ပုံကို ယခုပင် စူးစမ်းစစ်ဆေးကြပါစို့။ မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်သည် ဗုဒ္ဓဘာသာလမ်းစဉ်ပေါ်တွင် အောင်မြင်မှုရစေသည့် အဓိက ဂုဏ်ရည်များအားလုံးတို့၏ အနှစ်ချုပ် ဖြစ်ပါသည်။ ဤကိစ္စတွင် သတိရှိမှုနှင့် မဂ္ဂင်ရှစ်ပါးလမ်းစဉ် (အဋ္ဌင်္ဂိကမဂ္ဂ)၊ သတ္တမမြောက် အင်္ဂါရပ်ဖြစ်သည့် မှန်ကန်စွာ သတိရှိမှု၊ သမ္မာသတိအကြား ဆက်စပ်မှုကို ကျွန်ုပ်တို့ တွေ့ရပါသည်။ မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးတွင် မှန်ကန်စွာသတိရှိမှုသည် ပစ္စည်းဥစ္စာတိုးပွားရေးနှင့် သံသရာမှလွတ်မြောက်ရေး နှစ်ခုစလုံးအတွက် လိုအပ်သော အင်္ဂါရှစ်ပါးထဲမှ နောက်ထပ်သုံးပါးဖြစ်သည့် မှန်ကန်စွာတွေးတောကြံစည်မှု(သမ္မာသင်္ကပ္ပ)၊ မှန်ကန်စွာပြောဆိုမှု(သမ္မာဝါစာ)နှင့် မှန်ကန်စွာလုပ်ဆောင်မှု(သမ္မာကမ္မန္တ) တို့နှင့် နီးကပ်စွာ အတူ ယှဉ်တွဲလျက်ရှိသည်ကို ယင်း၏ နေရာက ပြသနေပါသည်။ မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်သည် သံသရာမှ လွတ်မြောက်ရေးကို ရှေးရှုရုံသာမက ယေဘုယျအားဖြင့် ဘဝအောင်မြင်မှုအတွက်လည်း အရေးကြီးကြောင်း ယင်းအား ကျင့်သုံးခြင်း နည်းလမ်းနှစ်သွယ်ကိုဖော်ပြထားသည့် မဟာစတ္တာရီသကသုတ်(M.117)မှ အောက်ပါအတိုင်း ရှင်းလင်းစွာနားလည်စေပါသည် -

(၁) အာသဝေါတရားတို့၏ အာရုံဖြစ်သော ကောင်းမှု၏အဖို့ဖြစ်သော ခန္ဓာဟူသော အကျိုးကို ပေးတတ်သော လမ်းစဉ်(*သာသဝါ ပုညာဘာဂိယာ ဥပဓိဝေပက္ကာ*)။ (

(၂) အပြစ်ကင်းသော အာသဝေါတရားတို့၏ အာရုံမဟုတ်သော လောကကို လွန်မြောက်သော လောကုတ္တရာမည်၍ အရိယာမဂ်၏ အစိတ်အပိုင်းဖြစ်သော လမ်းစဉ် (အရိယာ အနာသဝါ လောကုတ္တရာ မဂ္ဂင်္ဂါ)(M.III.71)

ထိုသုတ်သည် ပထမနည်းလမ်းက သာမန်လူ၊ ဆိုလိုသည်မှာ "လောကသား" (ပုထုဇဉ်) တို့၏ ဘဝများကိုပင် မည်သို့ ပိုမိုတိုးတက်စေပုံကို ပြသကာ မဂ်လမ်းစဉ်၏ ဒုတိယအဆင့်မှာ မြင့်မြတ်သော အရိယာပုဂ္ဂိုလ်များ သို့မဟုတ် သူတော်စင်များနှင့် သက်ဆိုင်ကြောင်းကို ပြသခြင်းဖြင့် မဂ်၏ ပထမအင်္ဂါငါးပါးကို စူးစမ်းစစ်ဆေးထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤလက်ရှိဘဝ၏ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ကျင့်သုံးနိုင်သည့် သတိပဋ္ဌာန် နည်းလမ်းကို အာရုံစိုက်ရမည်ဖြစ်ပြီး စစ်ပွဲအတွင်း မိမိကိုယ်ကိုထိန်းချုပ်မှုကို ထိန်းသိမ်းထားခြင်းအတွက် ယင်းကို မည်သို့ အသုံးချနိုင်သည်ကို အာရုံစိုက်ရပါမည်။

မဟာစတ္တာရီသကသုတ်၌ ဖော်ပြထားသည့်အတိုင်း မှန်ကန်စွာသိမြင်မှု(သမ္မာဒိဋ္ဌိ)သည် လမ်းမှားနှင့် လမ်းမှန်ကို ခွဲခြားနားလည်နိုင်ခြင်းကို ဆိုလိုပါသည်။ မှန်ကန်စွာအားထုတ်ခြင်း(သမ္မာဝါယမ)သည် လမ်းမှားကို ရှောင်ကွင်း၍ လမ်းမှန်ရောက်အောင် အားထုတ်ခြင်းဖြစ်ပါသည်။ မှန်ကန်စွာအောက်မေ့ခြင်း(သမ္မာသတိ)သည် လမ်းမှားကို စွန့်ခွာကာ လမ်းမှန်သို့ သတိဖြင့် ဝင်ရောက်ပြီး လိုက်နာကျင့်သုံးခြင်း ဖြစ်ပါသည်။ ဤနည်းအားဖြင့် ဤအင်္ဂါရပ်သုံးပါး အစိတ်အပိုင်းများသည် အခြားအင်္ဂါရပ်အစိတ်အပိုင်းများအားလုံးကို ခြုံငုံမိစေပါသည်။ (M.III.72) တနည်းအားဖြင့် ဤသုတ်က ဖော်ပြထားသည့်အတိုင်း ၎င်းမှာ လောကီပန်းတိုင် သို့မဟုတ် လောကုတ္တရာပန်းတိုင် တစ်ခုခုသို့ ဆိုက်ရောက်ရန်အတွက် အခြားသောမဂ်အင်္ဂါများနှင့် ဆက်စပ်နေသော သာမန်လုပ်နည်းစနစ် ဖြစ်ပါသည်။ ထို့ကြောင့် မဟာစတ္တာရီသကသုတ်တွင် ဤလမ်းစဉ်၏ အခြားသော မဂ်အင်္ဂါ အစိတ်အပိုင်းများကို လေ့ကျင့်ပျိုးထောင်နိုင်ရန်အတွက် မှန်ကန်စွာသိမြင်မှု (သမ္မာဒိဋ္ဌိ)၊ မှန်ကန်စွာအားထုတ်မှု (သမ္မာဝါယာမ)နှင့် မှန်ကန်စွာ အောက်မေ့မှု (သမ္မာသတိ)တို့အကြား အချင်းချင်းခွဲခြားမရသည့် အဆက်အစပ်ကို ဖော်ပြထားပါသည်။

ယခု ကျွန်ုပ်တို့သည် ဤလုပ်နည်းစနစ်ကို အခြားသော မဂ်အင်္ဂါများ၊ ဆိုလိုသည်မှာ မှန်ကန်စွာကြံစည်မှု (သမ္မာသင်္ကပ္ပ)၊ မှန်ကန်စွာပြောဆိုမှု (သမ္မာဝါစာ)၊ မှန်ကန်စွာပြုလုပ်မှု (သမ္မာကမ္မန္တ)နှင့် မှန်ကန်စွာအသက်မွေးမှု (သမ္မာအာဇီဝ) တို့နှင့်တွဲဖက်၍ IHL အား လိုက်နာရန် တိုက်ပွဲဝင်စစ်သည်တစ်ဦး၏ အတွေးအမြင်သဘောထား အတွင်း မည်သို့ အသုံးချနိုင်သည်ကို အာရုံစိုက်လေ့လာကြပါမည်။

*သင်္ကပ္ပ* (စေတနာရည်ရွယ်ချက် သို့မဟုတ် တွေးတောမှု) သည် *ဝိတက္က* (တွေးတောမှု) နှင့် အဓိပ္ပါယ် ဆင်တူပါသည်။ *ဝိတက္က* သည် အဘိဓမ္မာတွင် စိတ်အခြေခံအကြောင်းတရားများ (စေတသိက်) အောက်၌ လာသည့် စိတ်အချို့နှင့်ရောပြွမ်း၍ယှဉ်သည့် ပကိဏ်းစေတသိက် ခြောက်မျိုးအနက် တစ်ခုဖြစ်ပြီး ကံနှင့်ဆိုင်သော ကုသိုလ်၊ အကုသိုလ် သို့မဟုတ် အဗျာကတ တစ်မျိုးမျိုး ဖြစ်နိုင်ပါသည်။ အဗျာကတ ဆိုသည်မှာ စိတ်၊ စေတသိက် တို့သည် ကံ၏အကျိုးကြောင့်သာလျှင်ဖြစ်သောစိတ် (ဝိပါက်စိတ်) သို့မဟုတ် ကံ၏အကျိုးသက်ရောက်မှုများကြောင့်မဟုတ်ဘဲ ပြုကာမျှသာဖြစ်သောစိတ်၏အစိတ်အပိုင်းဖြစ်သည့် ကြိယာစိတ် ဥပမာ - ဗုဒ္ဓမြတ်စွာ၏စိတ် ဟု ဆိုလိုပါသည်။ ကံနှင့်ဆိုင်သော အကုသိုလ် ဝိတက်သုံးမျိုးရှိရာ - ကာမနှင့်စပ်သောကြံစည်ခြင်း (ကာမဝိတက်)၊ မုန်းတီးမှုနှင့် စပ်သောကြံစည်ခြင်း (ဗျာပါဒဝိတက်) နှင့် ရက်စက်မှုနှင့်စပ်သောကြံစည်ခြင်း (ဝိဟိံသဝိတက်) တို့ ဖြစ်ပါသည်။ အပြန်အလှန်အားဖြင့် ကာမမှထွက်မြောက်မှု(စွန့်လွှတ်မှု)နှင့်စပ်သောကြံစည်ခြင်း (နေက္ခမ္မဝိတက်)၊ အမုန်းတရား ကင်းမဲ့ခြင်းနှင့်စပ်သောကြံစည်ခြင်း (အဗျာပါဒဝိတက်)၊ မထိခိုက်စေမှုနှင့်စပ်သောကြံစည်ခြင်း (အဝိဟိံသဝိတက်) တို့သည် ကံနှင့်ဆိုင်သော ကုသိုလ်ဝိတက်များ ဖြစ်ကြပါသည်။ (S.II.151-152; M.III.72) ရှေ့ဝိတက်သုံးခုသည် "မကောင်းသောကြံစည်မှု"ဖြစ်ပြီး နောက်သုံးခုမှာ မဂ်အင်္ဂါရှစ်ပါး၏ဒုတိယမြောက်ဖြစ်သော "မှန်ကန်စွာကြံစည်မှု" ဆိုလိုသည်မှာ သမ္မာသင်္ကပ္ပ ဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့သည် စစ်ပွဲအတွင်း ဤကွဲပြားခြားနားသော စေတနာရည်ရွယ်ချက်ဝိတက် အမျိုးအစားများ အား အသုံးချမှုကို စူးစမ်းလေ့လာဖော်ထုတ်ကြရပါမည်။ ကာမနှင့်စပ်သောတွေးတောကြံစည်မှုတွင် လှပသော ရုပ်ရည်ရူပကာယ၊ ချိုမြိန်သာယာသောအသံ စသည်တို့ကဲ့သို့သော ကာမဂုဏ်အာရုံသာယာမှုတို့ကို တွေးတောခြင်း

နှင့် ခံစားခြင်းတို့ ပါဝင်ပါသည်။ ယင်းသည် လောဘနှင့်အတူ ယှဉ်တွဲပါသည်။ အပြန်အားဖြင့် စွန့်လွှတ်မှု သို့မဟုတ် ကာမမှလွတ်မြောက်လိုသော ကြံစည်မှု (နေက္ခမ္မဝိတက်) သည် လောဘကို ပယ်သတ်ခြင်းနှင့် ဆက်စပ်ပါသည်။ သို့ဖြစ်ရာ စစ်ပွဲကိုယ်၌က လောဘ၊ ဒေါသပေါ် အခြေခံသောကြောင့် စစ်ပွဲတွင်ရှိသူတစ်ဦးထံမှ လောဘကို ပယ်သတ်ရန် မျှော်လင့်၍ မရနိုင်ပါ။ ဗုဒ္ဓဘာသာသည် ကိုယ်ကျင့်သိက္ခာမဲ့သည့် ကာမဂုဏ်အာရုံခံစားမှုကို လက်သင့်မခံပါ။ အကြောင်းမှာ ၎င်း၏ အကျိုးသက်ရောက်မှုသည် ခိုးမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် အခြားသော မသမာမှုများ ဖြစ်လာနိုင်သောကြောင့် ဖြစ်ပါသည်။ စစ်ပွဲအခြေအနေသို့ကူးပြောင်းသည့်အခါ တိုက်ပွဲဝင်စစ်သည်မဟုတ်သူများကို လိင်ပိုင်းဆိုင်ရာစော်ကားမှုကဲ့သို့ မလျော်ကန်သော ကိုယ်ထိလက်ရောက်ကျူးလွန်မှုနှင့် လူမဆန်သောပြုမူဆက်ဆံမှု မည်သည့်ပုံစံမဆိုမှ အကာအကွယ်ပေးမည်ဆိုလျှင် တိုက်ပွဲဝင်စစ်သည်များသည် ကာမဂုဏ်နှင့်ဆိုင်သော အတွေးများကို ကိုယ်ကျင့်သိက္ခာနှင့် သတိတရား ရှိစွာ ကိုယ်တွယ်နိုင်ရပါမည်။ ထို့ပြင် မှန်ကန်စွာကြံစည်မှုသည် စစ်ကြောင့်ဒုက္ခရောက်သူများအား ဆင်းရဲဒုက္ခမှ ကယ်တင်ရန် တွေးတောကြံစည်ခြင်းနှင့် သက်ဆိုင်သောကြောင့် အကာအကွယ်ပေးမှုအတွက် IHL ၏ တန်ဖိုးများကို တိုက်ရိုက်လမ်းညွှန်နိုင်ပါသည်။

*ဗျာပါဒ* သည် သူတစ်ပါးအား အနာတရဖြစ်ခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကို ဖြစ်စေနိုင်သည့် စိတ်ဆိုးစိတ်ယုတ်ကို ဆိုလိုပါသည်။ *ဝိဟိံသ* သည် သူတစ်ပါးအား နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် ညှဉ်းဆဲခြင်း ဖြစ်စေနိုင်သည့် စိတ်ဆိုးစိတ်ယုတ်ကို ဆိုလိုပါသည်။ ဤအတွေးနှစ်ခုကို အမုန်းတရားက လှုံ့ဆော်ပေးပါသည်။ လူတစ်ဦးတစ်ယောက်သည် မည်သည့်နည်းဖြင့်မဆို သတ်ဖြတ်ရန် သို့မဟုတ် ထိခိုက်နာကျင်စေရန် ကြံစည် သို့မဟုတ် စီစဉ်သည့်အခါ ယင်းကို *ဝိဟိံသဝိတက်* ဟု ခေါ်ပါသည်။ အခြားတစ်ဘက်တွင် *အဝိဟိံသ* ဆိုသည်မှာ စိတ်ဆိုးစိတ်ယုတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ထိခိုက်နာကျင်မှုကိုရှောင်ကြဉ်ရန်ဆန္ဒ၊ ဆိုလိုသည်မှာ ကရုဏာ သို့မဟုတ် သနားကြင်နာမှုဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့ကို အကြမ်းမဖက်လုပ်ရပ်မဖြစ်စေရန် ရှေ့ဆောင်ပေးသော အတွေးမှာ *အဝိဟိံသဝိတက်* ဖြစ်ပါသည်။ စစ်ပွဲအတွင်း၌ အခြားသူများကို လက်နက်များဖြင့် အနိုင်ယူခြင်းသည် ရည်မှန်းချက်ဖြစ်သည့်အခါ မုန်းတီးသော သို့မဟုတ် ရက်စက်သော အတွေးများကို အပြီးတိုင်အမြစ်ဖြုတ်ရန် မဖြစ်နိုင်ဘဲ ၎င်းတို့နေရာတွင် အမုန်းတရားမဟုတ်သော မေတ္တာနှင့် ကရုဏာတို့ဖြင့် အစားထိုးရပါမည်။ သို့သော်လည်း တိုက်ပွဲဝင်စစ်သည်များအနေဖြင့် အကြမ်းဖက်မှုကို နည်းနိုင်သမျှနည်းပါးစေသောအတွေးများဖြစ်သည့် *အဝိဟိံသ ဝိတက်* နှင့် ပတ်သက်၍ အထူးသဖြင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအပေါ် လက်တွေ့အကျဆုံး အာရုံစိုက်နိုင်ပါသည်။ *အဝိဟိံသဝိတက်* ကို ဤပုံစံဖြင့် IHL ချိုးဖောက်မှုများလက္ခဏာရှိသည့် မလိုလားအပ်သော အကြမ်းဖက်မှုနှင့် လူမဆန်သောပြုမူဆက်ဆံမှုတို့မှ ရှောင်ကြဉ်ရန် အထက်ဖော်ပြပါ နည်းလမ်းအား အသုံးချနိုင်ပါသည်။ ယင်းကို လုပ်ဆောင်ရန်မှာ တိုက်ပွဲဝင်စစ်သည်တစ်ဦး၏ အတွေးအမြင်သဘောထားသည် IHL အခြေခံမှုများပေါ်တွင် အာရုံစိုက်ရပါမည်။ ဆိုလိုသည်မှာ ၎င်း၏ မှန်ကန်စွာသိမြင်မှု (သမ္မာဒိဋ္ဌိ) - အပြင် ဆွေးနွေးခဲ့သကဲ့သို့ သတိရှိသော (သမ္မာသတိ) စေတနာရည်ရွယ်ချက်နှင့်အတူ ၎င်းသည် မှန်ကန်စွာလုံ့လစိုက်ထုတ်မှု (သမ္မာဝါယမ) ကို ပြုလုပ်ရပါမည်။ မကြာခဏ ကျင့်သုံးမှုနှင့်အတူ ၎င်းသည် IHL ကို ပိုမိုကောင်းမွန်စွာ လိုက်နာနိုင်မည် ဖြစ်ပါသည်။

မှန်ကန်စွာပြောဆိုမှုထံ တစ်ဆင့်တက်ခြင်းဖြင့် အခြားသူများနှင့်ထိတွေ့ဆက်ဆံရာတွင် စကားပြောဆိုမှုဆိုင်ရာ စည်းကမ်း၏ အခန်းကဏ္ဍကို ဗုဒ္ဓဘာသာရှုထောင့်အမြင်အမျိုးမျိုးမှ ကျွန်ုပ်တို့ ကောက်နုတ် အာရုံစိုက်ထားပါသည်။ ဗုဒ္ဓ၏ နောက်ဆုံးသိက္ခာပုဒ်အဖြစ် သိဒ္ဓတ္ထမင်းသား၏ရထားထိန်းဖြစ်ခဲ့ဖူးသော ဆန္နမထေရ်အား ဝိုင်းပယ် (ဗြဟ္မဒဏ်) ထားရန် ပညတ်မိန့်ထုတ်ပြီး မထေရ်အား ဆုံးမသွန်သင်ရန် ရဟန်းများအားလုံးကို မထေရ်နှင့် အဖော်ပြုခြင်းမှ တားမြစ်ခဲ့ပါသည်။ (D.II.151) ဆန္နမထေရ်သည် ဗြဟ္မဒဏ်ထားခြင်းခံရသည့်သတင်းရသောအခါ သုံးကြိမ်တိုင်တိုင် သတိလစ်မေ့မြောသွားခဲ့ပြီး အဋ္ဌကထာတွင် ဖော်ပြခဲ့သည့်အတိုင်း မထေရ်သည် နောက်ဆုံးတွင် ရဟန္တာဖြစ်လာခဲ့ပါသည်။ (Dhp-a.II.112) ဤအဖြစ်အပျက်သည် တစ်စုံတစ်ယောက်၏ အမူအကျင့်ကို ပြုပြင်ရန် စကား၏ အကျိုးသက်ရောက်မှု - သို့မဟုတ် အဓိပ္ပါယ်ရှိသောတိတ်ဆိတ်မှု - ကို ပြသနေပါသည်။ ဂါစာသုတ်အရ အင်္ဂါ(၅)ပါး နှင့်ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သော စကားမည်၏။ ယင်းတို့မှာ - အခါကာလအားလျော်စွာ၊ မှန်ကန် သောစကား၊ သိမ်မွေ့သောစကား၊ အကျိုးစီးပွားနှင့်စပ်သောစကားကို မေတ္တာစိတ်ဖြင့် ပြောဆိုအပ်ပါသည်။ (A.III.243–244; cf. M.I.395)

မဂ်လမ်းစဉ်၏ တတိယအင်္ဂါရပ်အနေဖြင့် မှန်ကန်စွာပြောဆိုခြင်းသည် လိမ်ညာပြောခြင်း (မုသာဝါဒ)၊ ချောပစ်ကုန်းတိုက်ခြင်း (ပိသုဏာဝါစာ)၊ ဆဲရေးတိုင်းထွာခြင်း (ဖရုသဝါစာ) နှင့် သိမ်ဖျင်းသောစကားကိုပြောဆိုခြင်း (သမ္ဖပ္ပလာပ) တို့မှ ရှောင်ကြဉ်ခြင်းကို ရိုးရိုးစင်းစင်း ဆိုလိုပါသည်။ ထို့အပြင် မှန်ကန်စွာကြံစည်မှုသည် မှန်ကန်သောစကားကို ဖော်ပြခြင်း၏ အခြေခံ ဖြစ်ပါသည်။ အကြောင်းမှာ ၎င်းသည် အလောဘ၊ အဒေါသ သို့မဟုတ် အမောဟ ကဲ့သို့သော မှန်ကန်သောအတွေးများ (ဝိတက္က) ကို ဖြစ်စေသောကြောင့် ဖြစ်ပါသည်။

တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား လူသားဆန်ဆန်ပြုမူဆက်ဆံရေးကိစ္စတွင် ၎င်းတို့သည် ကြောက်ရွံ့တုန်လှုပ်မှု၊ သောကပရိဒေဝ၊ ဒေါသ၊ စိတ်ပျက်ခြင်း သို့မဟုတ် အခြားသော မကောင်းသည့် စိတ်လှုပ်ရှားမှုများကို ခံစားနေရပြီး သာဓကအားဖြင့် ဝေပစိတ္တ်ကဲ့သို့လည်း ပြုမူနိုင်သောကြောင့် တိုက်ပွဲဝင်စစ်သည်များသည် ထိုသူတို့၏ စိတ်အခြေအနေကို သတိပြုရမည်ဖြစ်ပြီး စာနာရပါမည်။ (ဒုက္ခိသေတိ ပရာဇိတော Dhp.201=S.I.189) မှန်ကန်စွာပြောဆိုမှုကို ကျင့်သုံးရာ၌ ဖမ်းဆီးရမိသော တိုက်ပွဲဝင်စစ်သည်တို့နှင့် ဆက်ဆံသူတို့သည် ပြောဆိုမှုနှင့်ပတ်သက်၍ ရှင်းလင်းသောအမြင် (သမ္မာဒိဋ္ဌိ) ရှိရမည်ဖြစ်ပြီး တည်ငြိမ်သောစကားလုံးများနှင့်ပြောဆိုရန် အားထုတ်မှု (သမ္မာဝါယမ) ပြုလုပ်ရပါမည်။ ၎င်းတို့၏ စကားလုံးများကို သတိရှိမှု (သမ္မာသတိနှင့်အတူ) ဖြင့် ဖော်ပြရပါမည်။ ဤသည်မှာ စစ်ပွဲအပြီးတွင် တစ်စုံတစ်ဦးသည် မှန်ကန်စွာပြောဆိုမှုနှင့်အတူ သာမန်လုပ်နည်းလုပ်ဟန်ကို မည်သို့ အသုံးချနိုင်ပုံ ဥပမာ ဖြစ်ပါသည်။

စတုတ္ထအင်္ဂါရပ်ဖြစ်သော မှန်ကန်သည့်ကာယကံမြောက်လုပ်ဆောင်မှု (သမ္မာကမ္မန္တ) သည် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အပြုအမူသုံးခု ဖြစ်သော - သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းမှရှောင်ကြဉ်ခြင်းနှင့် သူတစ်ပါးသားမယားကိုကျူးလွန်ခြင်းမှရှောင်ကြဉ်ခြင်းတို့ကို ကိုယ်စားပြုရပ်တည်ပါသည်။ စစ်ပွဲအတွင်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန်မှာ ခက်ခဲပါသည် သို့မဟုတ် မဖြစ်နိုင်ချေ။ သို့သော်လည်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား စော်ကားခြင်း၊ ဆိုလိုသည်မှာ ၎င်းတို့ကို သတ်ဖြတ်ခြင်း၊ ၎င်းတို့၏ ပစ္စည်းဥစ္စာများကို ခိုးယူခြင်း သို့မဟုတ် အဓမ္မကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများအား ကျူးလွန်ခြင်းသည် လက်ခံနိုင်စရာမရှိပါ။ မှန်ကန်သောကာယကံမြောက်လုပ်ဆောင်မှုနှင့်ပတ်သက်၍ တိုက်ပွဲဝင်စစ်သည်တို့သည် ရှင်းလင်းသောအမြင် (သမ္မာဒိဋ္ဌိ)၊ အားထုတ်မှု (သမ္မာဝါယမ) နှင့် သတိ (သမ္မာသတိ) စသော အစိတ်အပိုင်းသုံးခုပါနည်းလမ်း ကို ထပ်မံ အသုံးချနိုင်ပါသည်။

ဤမဂ်လမ်းစဉ်၏ ပဥ္စမအင်္ဂါရပ်ဖြစ်သော မှန်ကန်စွာအသက်မွေးခြင်း (သမ္မာအာဇီဝ) သည် လက်နက်များ၊ မူးယစ်ဆေးဝါးများနှင့် အဆိပ်တို့ကို ကုန်သွယ်ရောင်းဝယ်ဖောက်ကားခြင်း၊ လူကုန်ကူးခြင်း၊ သားသတ်ခြင်း သို့မဟုတ် ငါးဖမ်းခြင်းနှင့် လှည့်ဖြားခြင်း၊ သစ္စာဖောက်ခြင်း၊ ရှေ့ဖြစ်ဟောခြင်း၊ အတိုးကြီးစား၍ငွေချေးခြင်း စသည်တို့အပါအဝင်ဖြစ်သည့် အလုပ်များကဲ့သို့သော ဖြောင့်မတ်မှန်ကန်ခြင်းမရှိသည့်အလုပ်အကိုင်များမှ ရှောင်ကြဉ်ခြင်းကို ဆိုလိုပါသည်။

စစ်ပွဲအခြေအနေတွင် လက်နက်များ ရောင်းဝယ်ခြင်းမှ ရှောင်ကြဉ်ခြင်းကို မုချ မမျှော်လင့်နိုင်သော်လည်း ဥပမာအားဖြင့် ဓာတုနှင့်ဇီဝလက်နက်များ၊ မြေမြှုပ်မိုင်းများနှင့် အမြင်အာရုံကိုထိခိုက်စေသော လေဆာလက်နက်များအား အသုံးပြုခြင်းကို တားမြစ်သည့် IHL သဘောတူညီချက်များနှင့်အညီ မလိုလားအပ်သောဆင်းရဲဒုက္ခ သို့မဟုတ် အလွန်အမင်းဒဏ်ရာရရှိခြင်းတို့ကို ဖြစ်စေသော လက်နက်များအား အသုံးပြုခြင်းနှင့် အမြောက်အမြားသိုလှောင်ခြင်းအပေါ် တားမြစ်ခြင်းကို ၎င်းက ပဲ့တင်ပြန်စေပါသည်။[3]

ယေဘုယျအားဖြင့် မှန်ကန်သောရည်ရွယ်ချက် (သမ္မာသင်္ကပ္ပ) ပုံစံဖြင့် ဆန္ဒ/ရည်ရွယ်ချက် (စေတနာ) သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လုပ်ဆောင်မှု (ကံ) ၏ မည်သည့်ပုံစံကိုမဆို အခြေခံသောကြောင့် မဂ်လမ်းစဉ်၏ အင်္ဂါရပ်အားလုံးကို ညှိနှိုင်းပေးသူအဖြစ် အဓိက အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။

### လူတို့အား တန်းတူညီမျှ ပြုမူဆက်ဆံခြင်း

လူမျိုးရေးဂါဒ၊ အသားအရောင်ခွဲခြားမှု သို့မဟုတ် မျိုးနွယ်စုများအကြားခွဲခြားမှု စသည်တို့ပေါ် အခြေခံသည့် မည်သို့သော ဆိုးကျိုးဖြစ်စေသည့်ခွဲခြားမှုပုံစံမျိုးကိုမဆို ဖယ်ရှားခြင်းအပေါ်တွင် ဗုဒ္ဓဘာသာ စဉ်းစားတွေးတောဆင်ခြင်မှုများကို သတိပြုအာရုံစိုက်ရန် ယခုသည် သင့်လျော်သောအချိန်အခါ ဖြစ်ပါသည်။ မြစ်ချောင်းများသည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ စီးဝင်ကြသည်ဟူသော ဥပမာဖြင့်သရုပ်ဖော်ထားသည့် ပဟာရဒသုတ်၌ ဖော်ပြထားသကဲ့သို့ ဗုဒ္ဓဘာသာတွင် အမျိုးဇာတ် သို့မဟုတ် လူမျိုးပေါ်တွင် အခြေခံသော မည်သည့် ခွဲခြားမှုမျိုးအတွက်မဆို နေရာမရှိပါ။ မြစ်ကြီးများသည် မဟာသမုဒ္ဒရာထဲသို့ စီးဝင်ရောက်ရှိသောအခါ ၎င်းတို့၏ ရှေးကအမည်နာမဂုဏ်တို့ မပါဝင်တော့ဘဲ မဟာသမုဒ္ဒရာဟု ရိုးစင်းစွာ ခေါ်ဆိုရသကဲ့သို့ အလားတူစွာ လူတို့တွင်လည်း သာသနာ့ဘောင်ဝင်ရောက်၍ သံဃာ့အဖွဲ့အစည်း၌ ရှင်ရဟန်းဖြစ်လာသောအခါ လူ့ဘဝတွင်ရှိခဲ့သောလူမှုလူတန်းစားဆိုင်ရာ ကျောထောက်နောက်ခံများသည် သက်ဆိုင်မှု မရှိတော့ပါ။ (A.IV.201) အလားတူ အယူအဆကို မစုရသုတ်တွင် ဗုဒ္ဓမိန့်မြွက်သောစကားဟု မှတ်တမ်းတင်ထားရာ "စင်စစ်အားဖြင့် ဤအမျိုးဇာတ်လေးပါးတို့သည် တူမျှကြပါကုန်၏ (သမသမာ)။ ဤအရာ၌ ဤအမျိုးလေးပါးတို့၏ ခြားနားခြင်း တစ်စုံတစ်ခုကိုမျှ ငါဘုရားမမြင်။"ဟု ဆိုထားပါသည်။ (M.II.87) ဤဗုဒ္ဓစကားတော်ကို အလေးအမြတ်ပြုကာ ဥပေက္ခာ၊ စိတ်တည်ငြိမ်အေးချမ်းမှုနှင့် သည်းခံမှုတို့ကို ကျင့်ကြံပွားများခြင်းသည် ဆိုးကျိုးဖြစ်စေသောခွဲခြားမှုများကို ဖိနှိပ်ခြင်းတွင် ဖြစ်နိုင်သည့် ဖြေရှင်းမှု ဖြစ်ပါသည်။ ဂါသေဋ္ဌသုတ်သည်(Sn.594-656) ဇီဝဗေဒဆိုင်ရာ (Jayatilleke 2006, 72)နှင့် အုပ်စု၊ အလွှာ၊ အတန်းအစား ခွဲခြားခြင်း ဆွေးနွေးချက်တို့ကို အသုံးပြုပြီး နည်းလမ်းနှစ်မျိုးဖြင့် ဥပေက္ခာကို ဆွေးနွေးထားပါသည်။ အပင်များနှင့် တိရစ္ဆာန်များအကြားတွင် ကွဲပြားခြားနားသော မျိုးစိတ်ပေါင်းများစွာ ရှိသော်လည်း လူသားတို့မှာ ဆံပင်၊ အသားအရောင်နှင့် ဦးခေါင်းပုံစံ စသော သွင်ပြင်လက္ခဏာတို့၌ လေ့လာတွေ့ရှိနိုင်သော အရေးမပါသည့်အသေးအဖွဲ ကွဲပြားခြားနားချက်တို့ ရှိသော်လည်း မျိုးစိတ်တစ်မျိုးတည်းဖြင့်သာ ဖွဲ့စည်းထားပါသည်။ (Sn.607) လူသားတို့အကြား ကွဲပြားခြားနားချက်များသည် ခိုင်မာနေသောဓလေ့ထုံးစံ၊ လူမှုရေးစံနှုန်းနှင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသော ကျင့်သုံးမှုအလေ့အထတို့၏ လွှမ်းမိုးမှုဖြစ်ပြီး အသက်မွေးမှု အလုပ်အကိုင်ပေါ် မူတည်နေသည့်အပြင် အမျိုးဇာတ် မဟုတ်ချေ။ (Sn.612-620)

IHL အရ တိုက်ပွဲဝင်စစ်သည်များသည် လူမျိုးစု သို့မဟုတ် လူမှုရေး အဆင့်အတန်း၊ အရှိန်အဝါ၊ အရေးပါမှုအဆင့်ဆင့်ပေါ် အခြေခံပြီး တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား စိတ်ဝမ်းကွဲစေသောနည်းလမ်းဖြင့် ဆက်ဆံရန် မည်သည့်အခြေခံမျှမရှိဆိုသည်ကို နားလည်သဘောပေါက်ရပါမည်။ စင်စစ် ဤအခြေအနေတွင် ၎င်းတို့ကို မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်ပါ မှန်ကန်စွာကြံစည်မှုနှင့်ဆက်စပ်နေနိုင်သည့် ဥပေက္ခာတရား၊ စိတ်တည်ငြိမ်ခြင်းနှင့် သည်းခံခြင်း ကဲ့သို့သော ကိုယ်ကျင့်သိက္ခာဆိုင်ရာအခြေခံမှုများနှင့်အညီ ပြုမူဆက်ဆံရပါမည်။ ထို့အပြင် သတိရှိမှု (သမ္မာသတိ) ကို ထိန်းသိမ်းပေးသော အားထုတ်မှု (သမ္မာဝါယမ) နှင့် တည်ကြည်မှုသမာဓိနှင့်တကွဖြစ်သော မှန်ကန်ရှင်းလင်းစွာသိမြင်မှု (သမ္မာဒိဋ္ဌိ) တို့သည် မဟာစတ္တာရီကသုတ်မှ ယူဆောင်ခဲ့သော ကျွန်ုပ်တို့ အကြံပြုခဲ့သည့် သာမန်လုပ်နည်းလုပ်ဟန်ကို အသုံးချသည့် လက်တွေ့ကျသောနည်းလမ်း ဖြစ်ပါသည်။

### နိဂုံး

မြင့်မြတ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို အခြေခံပြီး တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား လူသားဆန်ဆန် ပြုမူဆက်ဆံခြင်းအတွက် ကျွန်ုပ်တို့အဆိုပြုခဲ့သော ဗုဒ္ဓဘာသာ ချဉ်းကပ်ပုံနည်းလမ်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ ဆွေးနွေးမှုသည် ယခုအခါ ဆုံးခန်းတိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ပြည့်စုံလုံလောက်မှု မရှိသော အသိပညာဗဟုသုတ သို့မဟုတ် နားလည်သဘောပေါက်မှုတို့က IHL ချိုးဖောက်မှုများ၏ အဓိက အကြောင်းရင်း ဖြစ်နိုင်ပါသည်။ မကြာခဏ လေ့ကျင့်မှု ပြုလုပ်ခြင်းမရှိလျှင် လက်တွေ့ အကောင်အထည်ဖော်မှုသည် မဖြစ်နိုင်ပေ။ အကယ်၍ သင်ကြားပေးခြင်းလုပ်ငန်းစဉ်နှင့် ကျင့်သုံးမှုတို့ ပြီးပြည့်စုံလျှင် စစ်ရာဇဝတ်မှုများ

ရပ်စဲသွားမည်ဖြစ်ပြီး ဤဗုဒ္ဓဘာသာ ချဉ်းကပ်ပုံနည်းလမ်းသည် IHL လေ့ကျင့်မှုကို ထပ်လောင်းအားဖြည့်ပေးခြင်း၏ ဖြစ်နိုင်ခြေကို ဆက်လက်ထိန်းပေးပါလိမ့်မည်။




**ပုံ(၁)၊** စစ်ပွဲအတွင်း ဗုဒ္ဓဘာသာနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) ၏ တန်ဖိုးများအား လက်တွေ့အကောင်အထည်ဖော်မှု

ဤရည်ရွယ်ချက်အလို့ငှာ စစ်ပွဲအခြေအနေတွင် တိုက်ပွဲဝင်စစ်သည်များ၏ အတွေးအမြင်သဘောထားထဲ၌ IHL ကို စွဲမြဲစွာစူးနစ်စိမ့်ဝင်နေစေရန် ဤဆောင်းပါးအစတွင် ကျွန်ုပ်တို့ သတ်မှတ်ခဲ့သည့် ကြည်လင်ပြတ်သားသောအမြင်၊ ဖွဲလုံ့လနှင့် သတိရှိခြင်း အစိတ်အပိုင်းသုံးခုပါနည်းလမ်းကို အစိတ်အပိုင်းလေးခုပါဓမ္မကျင့်စဉ်ဖြင့်၊ ဆိုလိုသည်မှာ သောတာနုဂတသုတ်တွင် ဖော်ပြထားသည့် နာကြားခြင်း၊ ရွတ်ဆိုခြင်း၊ စိတ်ဖြင့်စူးစမ်းစစ်ဆေးခြင်းနှင့် ရှင်းလင်းစွာသိမြင်ခြင်းဖြင့် နားလည်သဘောပေါက်ခြင်းတို့ဖြင့် မြှင့်တင်ပေးနိုင်ပါသည်။ (*တဿ တေ ဓမ္မာ သောတာနုဂတာ ဟောန္တိ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ*) (A.II.185) ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ တိုက်ပွဲဝင်စစ်သည်တစ်ဦးအတွက် မဂ္ဂင်လမ်းစဉ်၏ အင်္ဂါလေးရပ်ဖြစ်သော - မှန်ကန်စွာကြံစည်ခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာကာယကံမြောက်လုပ်ဆောင်ခြင်းနှင့် မှန်ကန်စွာအသက်မွေးခြင်း - တို့အပြင် အထက်တွင် ဆွေးနွေးခဲ့သော ၎င်းတို့နှင့်သက်ဆိုင်သည့် IHL ၏ သီးခြားလက္ခဏာများကိုပါ လိုက်နာရန် အထူးသဖြင့် အရေးကြီးပါသည်။ အလွယ်တကူ အကောင်အထည်ဖော်မှုအတွက် အထက်ပါ အချက်အားလုံးကို ပြန်လည်ပေါင်းရုံးကာ ပုံ(၁)တွင် စစ်ပွဲအတွင်း IHL တန်ဖိုးများအား လက်တွေ့အကောင်အထည်ဖော်မှုကိုရှေးရှုသည့် ဤဗုဒ္ဓဘာသာ ချဉ်းကပ်ပုံနည်းလမ်းကို သရုပ်ဖော်ထားပါသည်။

အဆုံးသတ်ရလျှင် စစ်ပွဲအတွင်း၌ စစ်ပွဲကိုဦးတည်စေပြီး IHL ချိုးဖောက်မှုများကို ပိုမိုဆိုးရွားစေနိုင်သော ပြဿနာရှိသည့် ကိလေသာတို့အကြောင်းကို သုတ္တန်ကျမ်းများနှင့် အဘိဓမ္မာကျမ်းလာ ကိလေသာများနှင့် ၎င်းတို့၏ ဆန့်ကျင်ဘက်တရားများအား သရုပ်ခွဲလေ့လာမှုတို့အပေါ်မှ ထုတ်နုတ်ခြင်းဖြင့် ကျွန်ုပ်တို့ ကနဦး ဆွေးနွေးခဲ့ကြပါသည်။ လက်တွေ့တွင် IHL အား ထိန်းသိမ်းလိုက်နာမှု ပိုတိုးလာစေရန် မဂ္ဂင်ရှစ်ပါးလမ်းစဉ်အား အသုံးချမှုသို့ မသွားမီ စစ်ပွဲအတွင်း ဆင်းရဲဒုက္ခနည်းနိုင်သမျှနည်းစေရန် လိုအပ်သော စိတ်အရည်အသွေးကိုလည်း ကျွန်ုပ်တို့ စူးစမ်းစစ်ဆေးခဲ့ကြပါသည်။

ဤအင်္ဂါရပ်များကို စိတ်တွင်စွဲမှတ်လျက် IHL နှင့် အထူးသဖြင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား အကာအကွယ်ပေးမှုနှင့်ပတ်သက်၍ စစ်ပွဲအတွင်း မိမိကိုယ်ကိုထိန်းချုပ်မှု၊ စည်းကမ်းရှိမှုနှင့် တာဝန်ယူမှုတို့ ပိုမိုတိုးတက်ကောင်းမွန်စေရန် - ကြည်လင်ပြတ်သားသောအမြင်၊ ဖွဲလုံ့လနှင့် သတိရှိခြင်း - အစိတ်အပိုင်းသုံးခုပါ နည်းလမ်းအား အသုံးချမှုကို အကြံပြုထားပါသည်။ ထည့်သွင်းစဉ်းစားခဲ့သည့်အရာများအားလုံးဖြစ်သည့် ဗုဒ္ဓဘာသာ

အဆုံးအမများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရည်အချင်းများအား ပျိုးထောင်မှုသို့ ဦးတည်စေပါသည်။ အနည်းဆုံးတော့ စစ်ပွဲအတွင်းမျှသာမဟုတ်၊ ဤလောကရှိ အရေးအရာကိစ္စရပ်တို့၏ အခြေအနေကို ကျွန်ုပ်တို့၏ စိတ်အခြေအနေများက ပြဋ္ဌာန်းသတ်မှတ်ဆုံးဖြတ်ပေးနေသောကြောင့် စိတ် (စိတ္တ) ကို ပြုစုပျိုးထောင်ခြင်းသည် ပဓာနကျပါသည်။ (S.I.39)

**အတိုကောက်ကျမ်းညွှန်းစကားလုံးများ**

**A.** *Aṅguttara-nikāya*; as translated by Bhikkhu Bodhi, *The Numerical Discourses of the Buddha: A Translation of* the Aṅguttara Nikāya, Bristol: Pali Text Society, 2012.

**D**. *Dīgha-nikāya*; as translated by Maurice Walshe, *The Long Discourses of the Buddha*, Massachusetts: Wisdom, 1995.

**Dhp**. *Dhammapada*; our translations are based on that by Valerie J. Roebuck, *The Dhammapada*, London: Penguin, 2010.

**Dhp-a.** *Dhammapada aṭṭhakathā* commentary on Dhp., as translated by E. W. Burlingame, *Buddhist Legends*, 3 vols., Harvard Oriental Series, Harvard University Press, 1921; repr. London, PTS, 1995.

**M.** *Majjhima-nikāya*; as translated by Ñāṇamoli Bhikkhu and Bhikkhu Bodhi, *The Middle Length Discourses of the Buddha*, Boston: Wisdom, 1995.

**Ps.** *Papañcasūdanī*; commentary on M. (untranslated).

**S.** *Saṃyutta-nikāya*; as translated by Bhikkhu Bodhi, *The Connected Discourses of the Buddha: A Translation of the Saṃyutta Nikāya*, Boston: Wisdom, 2000.

**Sn.** *Suttanipāta*, translated by K. R. Norman, *The Group of Discourses (Sutta Nipāta)*, 2nd ed., Oxford: Pali Text Society, 2001.

A., D., M. နှင့် S. တို့ကို ကိုးကားချက်များသည် Pali Text Society မူ၏ အတွဲနံပါတ်နှင့် စာမျက်နှာနံပါတ်များဖြစ်ပြီး Dhp. နှင့် Sn., ကိုးကားချက်များသည် ဂါထာအမှတ်များဖြစ်ပါသည်။

**မှတ်စုများ**

1. အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ စစ်သုံ့ပန်းများအား ပြုမူဆက်ဆံခြင်းနှင့် သက်ဆိုင်သော သဘောတူညီချက်(၃)၊ ဂျီနီဗာ၊ ၁၉၄၉ခုနှစ်၊ ဩဂုတ်လ၊ ၁၂ရက်။ နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ၊ https://ihl-databases.icrc.org/ihl/WebART/375-590006.

2. အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ စစ်သုံ့ပန်းများအား ပြုမူဆက်ဆံခြင်းနှင့် သက်ဆိုင်သော သဘောတူညီချက်(၃)၊ ဂျီနီဗာ၊ ၁၉၄၉ခုနှစ်၊ ဩဂုတ်လ၊ ၁၂ရက်။ နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ၊ https://ihl-databases.icrc.org/ihl/WebART/375-590006.

3. ပိုမို အသေးစိတ်အချက်အလက်များကိုကြည့်ရှုရန် - https://www.icrc.org/en/war-and-law/weapons/conventional-weapons.

## ကျေးဇူးတင်လွှာ

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်


Jayatilleke, N. 2006. Dhamma Man and Law. Dehiwala: Buddhist Cultural Center.

# အပိုင်း (၄)

## ဗုဒ္ဓဘာသာ၏ သမိုင်းဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရှုထောင့်များ

## ဗုဒ္ဓဘာသာ၊ ဘုရင့်တော်ဝင်စိတ်ကူးများနှင့် စစ်ပွဲတွင် ကန့်သတ်ချက်များ - နေ့စဉ်စစ်သည်တော်များအပေါ် ကိုလိုနီခေတ်မတိုင်မီ မြန်မာဘုရင့်တော်ဝင်လုပ်ဆောင်မှုများ၏ သြဇာကျဆင်းလာခြင်း

Michael W. Charney

### ဆောင်းပါးအကျဉ်းချုပ်

အရပ်သားများနှင့် အခြားသော တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအပေါ် ပြုမူဆက်ဆံခြင်းဆိုင်ရာ စည်းမျဉ်းများသည် အနောက်တိုင်းဇာစ်မြစ်များ အထူးသဖြင့် ဥရောပ အသိအမြင်အတွေးအခေါ် ဖွံ့ဖြိုးတိုးတက်မှုမှ ပေါက်ဖွားလာ သော ပိုမိုတိုးပွား ကျယ်ပြန့်လာသည့် စာနာမှုစက်ဝိုင်းများဟု ယေဘုယျ မှတ်ယူလေ့ရှိကြပြီး နှစ်ဆယ်ရာစုတွင် နိုင်ငံတကာပါဝင်သော အကောင်အထည်ဖော်မှုကို တွေ့ရှိခဲ့ပါသည်။ သို့ရာတွင် ယင်းသို့သောကန့်သတ်ချက်များကို အနောက်တိုင်းမဟုတ်သော လူ့အဖွဲ့အစည်းများစွာကလည်း အထူးသဖြင့် ဌာနေအမေရိကန်များအကြားတွင် ဆက်လက် လုပ်ဆောင် သို့မဟုတ် အားပေးခဲ့ကြပါသည်။ ယခုဆောင်းပါးသည် မြန်မာနိုင်ငံကိစ္စရပ်နှင့် အုပ်ချုပ်ရေး တွင် အကြမ်းဖက်မှုအပေါ် ကန့်သတ်ချက်များနှင့် စစ်ပွဲအပေါ်ကန့်သတ်ချက်များအား မြန်မာ ဘုရင့်နန်းတော်က သတ်မှတ်ထားသည့် နည်းလမ်းများကို ဆန်းစစ်ထားပါသည်။ ဤကန့်သတ်ချက်များသည် အနောက်နိုင်ငံများ၏ သတ်မှတ်ချက်မဟုတ်သော်လည်း မြန်မာ-ဗုဒ္ဓဘာသာ သမိုင်းဆိုင်ရာအတွေ့အကြုံများအတွင်း လုံးလုံးလျားလျား ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း စစ်ပွဲများတွင် အကြမ်းဖက်မှုကို ကန့်သတ်ရန် အတွက် ယင်းတို့က ရှိရင်းစွဲ သိသာမြင်သာသော ဌာနေစံနမူနာတစ်ခုကို ပေးသည်ဟု ငြင်းချက်ထုတ်ကြပါသည်။ ဤစံနမူနာအား မေ့လျော့သွားခဲ့သည့်အကြောင်းရင်းကိုလည်း ဤဆောင်းပါးက ရှင်းပြထားပါသည်။ ဘုရင်ကို ဖယ်ရှားခြင်းနှင့် အမြဲတမ်းစစ်တပ် ပြိုကွဲသွားခြင်းနှင့်အတူ ၁၈၈၅ခုနှစ်တွင် ဒေသခံဌာနေတိုင်းရင်းသား အုပ်ချုပ်မှု အဆုံးသတ်ခြင်းသည် အရေးပါသော အတန်အသင့် သြဇာလွှမ်းမိုးမှုများကို ဖျက်သိမ်းဖယ်ရှားခဲ့ပြီး ၁၈၈၅ခုနှစ်မှ စတင်ကာ ရက်စက်ကြမ်းကြုတ်သော သောင်းကျန်းမှုနှိမ်နင်းရေးလုပ်ဆောင်မှု၏ အကြမ်းဖက်မှုသည် စစ်ပွဲအတွင်း ကန့်သတ်ချက်များရှိနိုင်သည်ဟူသော အတွေးအခေါ်အယူအဆကို မြန်မာ့လူမှုရေးမှတ်ဉာဏ်မှ ဖျောက်ဖျက်ပစ်ခဲ့ပါ သည်။

### နိဒါန်း

အနောက်တိုင်းမဟုတ်သောကမ္ဘာအပေါ် ခေတ်သစ်သမိုင်းလေ့လာမှုအရ ကျွန်ုပ်တို့၏ခေတ်မီပညာရပ်များကို အနောက်တိုင်းအသိပညာစနစ်များ၏ အခြေခံပေါ်တွင် ပုံဖော်ခဲ့ကြောင်း စွဲကိုင်ထားပါသည်။ စင်စစ် ဥရောပသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုပေါ်ထွန်းရေးအတွက် တစ်ခုတည်းသောဗဟိုချက်အဖြစ် ၎င်းအတွက် တစ်ပန်းသာသော နေရာတစ်ခုကို ထုဆစ်ဖန်တီးထားပါသည်။ လက်ရှိအချိန်ထိတိုင် ဥရောပထူးခြားမှုဝါဒတွင် ပညာရပ်ဆိုင်ရာ ယုံကြည်မှုသည် နိုင်ငံတကာဆက်ဆံရေးမှသည် လူ့အခွင့်အရေးသီအိုရီအယူအဆတိုင်အောင် နယ်ပယ်များစွာတွင် သြဇာလွှမ်းမိုးမှုရှိနေဆဲ ဖြစ်ပါသည်။ အနောက်တိုင်းမဟုတ်သော ခေတ်သစ်အတွေးအခေါ်၏ အနည်းငယ်မျှသော ဥပမာများကို နှိုင်းယှဉ်ကြည့်လျှင် ပိုမိုကျယ်ပြန့်သော အခြေအတင်ငြင်းခုန်မှုများဆီသို့ဆွဲခေါ်ရန် လုံလောက်သော တောင့်တင်းခိုင်မာမှုရှိနေသည်ဟု ရှုမြင်ပါသည်။ ဒီပက်ရှ် ချက်ခရာဘာတီ(Dipesh Chakrabarty) ၏ ဥရောပအား ပြည်နယ်ပြုလုပ်ရန် တောင်းဆိုမှုအပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာသည့်တိုင် ဤဘက်လိုက်မှုများသည် ပျံ့နှံ့နေဆဲ ဖြစ်ပါသည်။ (Chakrabarty 2008) သို့သော်လည်း ဥရောပအသိအမြင်အတွေးအခေါ်ဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်နိုင်သောဖြစ်စဉ်များသည် အကြမ်းဖျင်းအားဖြင့် တစ်ချိန်တည်းတွင် အခြားနေရာများ၌လည်း ဖြစ်ပွားခဲ့ပါသည်။ မြန်မာနိုင်ငံသည် အခြားသော အနောက်တိုင်းမဟုတ်သည့် နိုင်ငံများကဲ့သို့ ဥရောပ အသိအမြင်အတွေးအခေါ်ဖွံ့ဖြိုး တိုးတက်မှုနှင့် နှိုင်းယှဉ်ရာ၌ အသုံးဝင်နိုင်ဖွယ်ရှိသော ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၏ ဌာနေဖြစ်စဉ်တစ်ခုကို ဆယ့်ရှစ်ရာစုနှောင်းပိုင်းတွင် ကြုံတွေ့ခဲ့ရကြောင်း ပြသခဲ့ပြီး ဖြစ်ပါသည်။ (Charney 2006)

ဤနေရာတွင် စစ်ပွဲအတွင်း တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအပေါ် ဆက်ဆံပုံကဲ့သို့သောအရာများအပေါ် ထူးထူးခြားခြားနားလည်ခြင်းနှင့်အတူ ယင်းကို စီစဉ်ပေးမည်ဟူသော အတွေးအခေါ်တွင် ဥရောပ ထူးခြားမှုများကို ကျွန်ုပ်တို့ ငြင်းပယ်သင့်သည်ဟု အကြံပြုချက်ပေးရန်မရှိသော်လည်း ဤသည်တို့ကို ထူးထူးခြားခြားပြိုင်ဘက်ကင်းသော ဥရောပအဖြစ် ရှုမြင်ခြင်းထက် ကန့်သတ်စစ်ပွဲ မူဝါဒသဘောတရားနှင့် အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအား အကြမ်းဖက်မှုကျင့်သုံးခြင်းအပေါ် ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ဌာနေဇာစ်မြစ်များ ရှာဖွေခြင်းတွင် တန်ဖိုးရှိကြောင်းကို စောဒကတက်ဆွေးနွေးထားပါသည်။

လက်ရှိစာရေးသူ၏ ကိုလိုနီခေတ်မတိုင်မီ မြန်မာနိုင်ငံ စီရင်စု အုပ်ချုပ်ရေးနှင့် ၎င်း၏ အမြဲတမ်းစစ်တပ်အပေါ် မကြာသေးမီက သုတေသနပြုချက်အရ သမိုင်းမှတ်တမ်းများတွင် အကြီးအကျယ် ဖော်ထုတ်မှုနှင့် နန်းတော်အခင်းအကျင်း ဖော်ပြထားမှုများမှတဆင့် သာမန်အားဖြင့် နားလည်ထားသည့် ပိုမိုကြီးမားသောလုပ်ဆောင်မှုများတွင် ကျေးရွာသားများနှင့် ကျေးရွာများ၏ တိုက်ခိုက်ရေးနည်းလမ်းများ၏ အရေးပါမှုကို အလေးအနက်ဖော်ပြထားခဲ့ပြီး ဖြစ်ပါသည်။ (Charney 2017, 2020) သို့သော် အပေါ်ယံရှေ့မှုန်ကြဲ ဟန်ဆောင်ထားသည့် အမိန့်ပေးမှုနှင့် အမိန့်နာခံသောစစ်သည်စစ်သား၏အောက်တွင် ရေရှည် ဆက်ဆံရေးတင်းမာမှုတစ်ခု ဖြစ်ခဲ့ပါသည်။ တစ်ဖက်တွင် နန်းတော်၊ ၎င်း၏ စစ်ဗိုလ်ချုပ်များနှင့် မှူးမတ်ဝန်ကြီးများသည် မေတ္တာကရုဏာထားအုပ်စိုးမှု၊ ဗုဒ္ဓဘာသာ စံတန်ဖိုးများအပြင် အားလုံးသဟဇာတညီညွတ်မျှတမှု အခိုင်အမာထူထောင်မှုအပေါ် ကြိုတင်ခန့်မှန်းသော ဘုရင့်စိတ်ကူးနှင့်အညီ စစ်ပွဲနှင့် အုပ်ချုပ်ရေး ကန့်သတ်ချက်များကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းရန် ကြိုးပမ်းခဲ့ပါသည်။ အခြားတစ်ဖက်တွင် ဒေသခံတပ်မှူးများနှင့် ကျေးရွာစစ်သည်တော်များသည် ၎င်းတို့အား အပ်နှင်းထားသော ရည်ရွယ်ချက်များကိုရရှိရန် အကြမ်းဖက်မှုအပေါ် အားထားခြင်းဖြင့် အားနည်းသော အုပ်ချုပ်ရေးအဆောက်အအုံများကို ကိုင်တွယ်ဖြေရှင်းကြပါသည်။ စင်စစ် ရွာသူရွာသားများသည် အဓမ္မပြုကျင့်ခြင်း၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်း၊ သတ်ဖြတ်ခြင်းနှင့် ကျွန်အဖြစ်ရောင်းစားခြင်းတို့ကို ခံခဲ့ကြရပြီး အုပ်ချုပ်ရေးအရာရှိများနှင့် တပ်မှူးများသည် ဤလုပ်ဆောင်မှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ရာထူးမှဖယ်ရှားခြင်းနှင့် ကွပ်မျက်ခြင်းကိုပင် ခံခဲ့ကြရပါသည်။ သို့သော် ဗြိတိသျှကိုလိုနီသိမ်းပိုက်အောင်မြင်မှုနှင့်အတူ အစိုးရအပြောင်းအလဲ၏ အကြီးအကျယ်သက်ရောက်မှုကြောင့် ၁၈၈၅ခုနှစ်တွင် ဤအဆုံးသတ်သို့ ရောက်ရှိခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ အထူးသဖြင့် ကုန်းဘောင်မင်းဆက် (၁၇၅၁-၁၈၈၅) ၏ နောက်ဆုံးရာစုနှစ်တွင် ဗမာများ (လွှမ်းမိုးသော လူမျိုးစုအုပ်စု) သည် အကြမ်းဖက်မှုကန့်သတ်ချက်များနှင့်ပတ်သက်၍ ၎င်းတို့၏ကိုယ်ပိုင်မူဝါဒသဘောတရားများကို အဆင့်ဆင့် ပြောင်းလဲခဲ့ပါသည်။

ဤလက်ရှိဆောင်းပါးသည် အုပ်ချုပ်ရေးတွင် အကြမ်းဖက်မှုအပေါ် မြန်မာဘုရင့်နန်းတော်က သတ်မှတ်ထားသည့် ကန့်သတ်ချက်များနှင့် စစ်ပွဲအပေါ်ကန့်သတ်ချက်များအပြင် ဘုရင်ကိုဖယ်ရှားခြင်းနှင့် အမြဲတမ်းစစ်တပ်ပြိုကွဲမှုတို့၏ အကျိုးသက်ရောက်မှုနှင့်အတူ ၁၈၈၅ခုနှစ်တွင် ဒေသခံဌာနေတိုင်းရင်းသားအုပ်စိုးမှု အဆုံးသတ်သို့ ရောက်ရှိသွားခဲ့ခြင်းကို ဆန်းစစ်ထားပါသည်။ ဤအဖြစ်အပျက်များသည် အရေးပါသော အတန်အသင့် ဩဇာလွှမ်းမိုးမှုများကို ဖယ်ရှားခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် နောက်ဆက်တွဲ ဖြစ်ပေါ်လာသောအရာမှာ စစ်ပွဲနှင့် အကြမ်းဖက်မှုကို စည်းမျဉ်းစည်းကမ်းထိန်းကျောင်းမှုနည်းပါးသော ကိုလိုနီချဉ်းကပ်မှုနှင့် ဌာနေဒေသခံတို့၏ စစ်ပွဲများတွင် ကျေးလက်ဒေသတိုက်ပွဲ၏ ပိုမိုကြမ်းတမ်းသောဓလေ့ထုံးစံများကို နောက်ကြောင်းပြန် အသက်သွင်းခြင်းတို့ ဖြစ်ပါသည်။ အနောက်တိုင်း၏ ပြဋ္ဌာန်းသတ်မှတ်ချက်မဟုတ်သော်လည်း မြန်မာ-ဗုဒ္ဓဘာသာ သမိုင်းကြောင်းအတွေ့အကြုံအတွင်း လုံးလုံးလျားလျားပေါ်ထွက်ခဲ့သော စစ်ပွဲတွင် အကြမ်းဖက်မှုကို ကန့်သတ်ခြင်းအတွက် တည်ဆဲ စံနမူနာပုံစံတစ်ခုရှိကြောင်းကို ငြင်းချက်ထုတ်နိုင်ပါသည်။ ကံမကောင်းအကြောင်းမလှစွာပင် ၁၈၈၅ခုနှစ်မှ စတင်ခဲ့သည့် သောင်းကျန်းမှုနှိမ်နင်းရေးလုပ်ဆောင်မှု၏ အကြမ်းဖက်မှုသည် ဤအကြောင်းကို မြန်မာ့ လူမှုရေးမှတ်ဉာဏ်မှ ဖျောက်ဖျက်ပစ်ခဲ့ပါသည်။

**ကျေးလက်စစ်ပွဲတွင် ကန့်သတ်ချက်များကင်းမဲ့ခြင်း**

မြန်မာစစ်တပ်များသည် အရွယ်အစားမည်မျှ ကြီးမားသည်ဖြစ်စေ ကိစ္စမရှိ၊ ၎င်းတို့၏အရေအတွက်အများစုသည် လက်နက်ကိုင်ကျေးလက်ဒေသခံများ၏ အစုအဝေးအဖြစ် ကျန်ရှိနေခဲ့ပါသည်။ စစ်ကာလအတွက် အစောဆုံး ကျင့်သုံးမှုအလေ့အထသည် စစ်ပွဲအတွက် ဒေသန္တရလက်နက်များကိုင်ဆောင်ထားသော အဖွဲ့လိုက်လာမည့် ရွာသူ ရွာသားများကို ဆင့်ခေါ်ရန် ဖြစ်ပါသည်။

အထင်ကရဖြစ်သော ဒွတ္တဘောင်မင်း (ခရစ်မပေါ်မီ ဘီစီအီးငါးရာစုတွင် အုပ်စိုးခဲ့သည်ဆိုသော) သည် ဆယ်ပြု၊ ရာပြု၊ ထောင်ပြု စစ်မှုထမ်းဆင့်ခေါ်မှုအရ ၎င်းတို့၏ လူဦးရေအရွယ်အစား ပေါ်အခြေခံ၍ မတူညီသော မြို့များ (ခရိုင်များ) အား ခွဲတမ်းများသတ်မှတ်ခြင်းကို စတင်မိတ်ဆက်ပေးခဲ့ပြီး၊ ဤတူညီသော အတန်းအစားခွဲခြားမှုစနစ်ကို ပုဂံခေတ်နှောင်းပိုင်း (ဆယ့်တစ်ရာစုမှ ဆယ့်သုံးရာစုအထိ) ဆယ့်သုံးရာစုတွင် ပြန်လည်တွက်ချက်ထားသည့် ခွဲတမ်းအသစ်နှင့်အတူထားရှိခဲ့ကြောင်း မြန်မာ့တော်ဝင်အမိန့်ပြန်တမ်းများက အခိုင်အမာဆိုခဲ့ပါသည်။ ဤစစ်မှုထမ်းဆင့်ခေါ်မှုသည် အမြဲတမ်းစစ်တပ်နှင့်အတူ အနည်းငယ်သာ လုပ်ဆောင်ရန်ရှိခဲ့သော်လည်း ဤအခြေခံစနစ်သည် စစ်ကာလအတွင်း မင်းဆက်အဆုံးအထိ စီရင်စုအလိုက် စစ်မှုထမ်းဆင့်ခေါ်မှုများအတွက် ဆက်လက်ထားရှိခဲ့ပါလိမ့်မည်။ ထို့ကြောင့် ဘုရင့်တော်ဝင်စစ်တပ်မှ စစ်သည်တော်အများစုသည် ပထမတွင် သေချာပေါက် ကျေးလက်ဒေသခံများ ဖြစ်ကြပါသည်။ တိုက်ပွဲများအတွက် ၎င်းတို့ကို စုစည်းကြသောအခါ ၎င်းတို့သည် ကျေးလက်ဒေသခံများအဖြစ် လာရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကိုလိုနီခေတ်မတိုင်မီကာလနောက်ပိုင်းအထိ စစ်မှုထမ်းဆင့်ခေါ်မှုများအတွက် ဗဟိုမှချုပ်ကိုင်သည့် လေ့ကျင့်သင်တန်းပေးမှုစနစ် ပါဝင်ခြင်းမရှိသော ဘုရင့်တော်ဝင်စစ်တပ်တွင် ၎င်းတို့သည် ကျေးလက်ဒေသခံများအဖြစ် ရှိနေခဲ့ကြပါသည်။ ၎င်းတို့သည် စစ်မြေပြင်သို့ သွားရောက်ခဲ့သည့်အခါ ကျေးလက်ဒေသခံများအဖြစ် ၎င်းတို့က တိုက်ခိုက်ခဲ့ကြပါသည်။ အချို့သောကိစ္စရပ်များတွင် ၎င်းတို့ကို စစ်မြေပြင်သို့ သွားရာလမ်းခရီး၌ စစ်မှုထမ်းဆင့်ခေါ်မှုများအဖြစ် ခေါ်ဆောင်သွားခြင်းသာ ဖြစ်ပါသည်။ ရလဒ်အဖြစ် လက်နက်ကိုင် ကျေးလက်ဒေသခံများသည် မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် ၎င်းတို့ကို အကြမ်းဖက်မှုဆီသို့ ဦးတည်သွားစေသည့် ကျေးလက်အခြေချနေထိုင်သောကျေးရွာများအကြား သယံဇာတများ အပေါ် ယှဉ်ပြိုင်မှုပြုသည့်အခါတိုင်း ဒေသန္တရအဆင့်တွင် ဆင်နွှဲသည့် စစ်ပွဲပုံစံမျိုးကို ရန်သူထံသို့ ယူဆောင်ခဲ့ပြီး ထိုပုံစံမျိုးဖြင့် ရန်သူကို တိုက်ခိုက်ခဲ့ကြပါသည်။ (Charney 2017)

ဝ၈ရာစုနှောင်းပိုင်းနှင့် ဝ၉ရာစုတို့တွင် မြန်မာနိုင်ငံရှိ နိုင်ငံရေးဗဟိုချက်သည် ကာလများစွာ အားနည်းခဲ့ပြီး ဤအားနည်းသော သို့မဟုတ် မင်းဆက်ပြတ်သောကာလများအတွင်း လုံးဝ နိုင်ငံရေးပြိုလဲမှု ဖြစ်ပွားခဲ့ပြီး ပြည်တွင်း ပဋိပက္ခများသည် စိစစ်မှုအတွက် လက်လှမ်းမီလာခဲ့ပါသည်။ ယင်းသို့သော ဘုရင့်အာဏာစက်ကျဆင်းသည့်ကိစ္စရပ်များတွင် ၎င်းတို့က အချင်းချင်းစာရင်းရှင်းလင်းမှု ပဋိပက္ခ၏ ကျယ်ပြန့်သောအထောက်အထားများကို ပေးသော်လည်း အဆိုပါကာလများအားလုံးသည် အမှန်တကယ်တိုက်ပွဲများနှင့်ပတ်သက်၍ အချက်အလက်အများအပြားကို ဖော်ထုတ်ပေးနိုင်ခြင်း မရှိပါ။ ဤလူများထဲတွင် အလောင်းဘုရား (အုပ်စိုးနှစ် ၁၇၅၂-၁၇၆၀) ကဲ့သို့သော ကျေးလက်ခေါင်းဆောင်မျိုးကို ကျွန်ုပ်တို့ တွေ့မြင်ကောင်းတွေ့မြင်နိုင်သည်ဖြစ်ရာ ၎င်း ထီးနန်းအာဏာမရမီက ၎င်းသည် ရွာတစ်ရွာ၏ ရွာသူကြီးတစ်ဦးမျှသာဖြစ်ပြီး ၎င်း၏ဆွေမျိုးမိတ်သင်္ဂဟများအား ခေါင်းဆောင်ရာတွင် ကျေးလက်ဒေသမှ လက်ရုံးရည်နှင့်ပြည့်စုံသူတစ်ဦး ဖြစ်ခဲ့ပါသည်။ သို့သော်ငြားလည်း ကျေးလက်ဒေသပဋိပက္ခ နယ်ခံအဖြစ် ပေါ်ထွက်လာသော သက်သေအထောက်အထားကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသော်လည်း ပါဝင်သူများ ကိုယ်တိုင် သို့မဟုတ် တိုက်ရိုက်လေ့လာသူများ၏ ဖြစ်ပျက်ခဲ့သည်များအတွက် ယင်းကို ယုံကြည်လောက်သော အကြောင်းပြချက်ဖြစ်စေမည့် ရှင်းလင်းသောဖော်ပြချက်များ ကင်းမဲ့နေပါသည်။ သောင်းကျန်းမှုနှိမ်နင်းရေးလုပ်ဆောင်မှုများ (၁၈၈၆-၁၈၈၉) ဟုခေါ်သည့် ဗြိတိသျှ သောင်းကျန်းသူနှိမ်နင်းရေးလှုပ်ရှားမှုတွင် သူပုန်များကို ယေဘုယျအားဖြင့် သူခိုးဓားပြများ သို့မဟုတ် လွတ်လပ်သော မင်းညီမင်းသားများအဖြစ် ဥရောပ အစီရင်ခံစာများ (Ghosh ၂၀၀၀) ၌ ပုံဖော်ခဲ့ကြပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ဝ၉၂ဝခုနှစ်များမတိုင်မီက မြန်မာ့အစီရင်ခံစာများတွင် သူပုန်များကို ဘုရင့်နန်းတော်၌ အမြဲတွေ့နေရသူများ သို့မဟုတ် - ကိုလိုနီခေတ်နှောင်းပိုင်းကာလနှင့်နောက်ပိုင်းတွင် ဗမာ သမိုင်းသုတေသီတို့က အမျိုးသားရေးဝါဒီများအဖြစ် ရှုမြင်ကြပါသည်။ ယင်းကဲ့သို့သော အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုများသည်

မြန်မာနိုင်ငံတွင် ဆက်လက်ရှိနေသော ကျေးလက်စစ်သည်တော် ယဉ်ကျေးမှု အမွေအနှစ်ကို ကိုလိုနီခေတ်နှင့် ထိုကာလနောက်ပိုင်းရောက်သည့်တိုင် ကောင်းစွာ ဖုံးကွယ်ထားခဲ့ကြပါသည်။

ဤစစ်ပွဲမျိုးအတွက် အဆုံးအဖြတ်ပေးသည့် အခြေခံအကြောင်းရင်း နှစ်ချက် ရှိပါသည်။ ပထမတစ်ချက်မှာ မြေပြင်ရှိ လူဦးရေအချိုး နည်းပါးနေခဲ့ခြင်းဖြစ်ပြီး၊ ယင်းကြောင့် ကျေးလက်ဒေသ စစ်မှုထမ်းဆင့်ခေါ်မှုများအပေါ် အများအပြား မှီခိုနေရခြင်းကို ရှောင်ရှားနိုင်ရန် မည်သည့်နေရာတွင်မျှ လုံလောက်သော လူဦးရေသိပ်သည်းမှု မရှိဘဲ နည်းပါးနေခဲ့ခြင်း ဖြစ်ပါသည်။ ဒုတိယအချက်မှာ အားနည်းသော သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံကြောင့် အခက်အခဲစိန်ခေါ်မှုဖြစ်နေသော အလှမ်းဝေးသည့်နိုင်ငံ့ဗဟိုအချက်အခြာသည် ကျေးလက်ဒေသသားများအား စစ်ပညာလေ့ကျင့်သင်ကြားပေးနိုင်သော ဗဟိုမှချုပ်ကိုင်သည့် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းကို စီမံရာ၌ အခက်အခဲ ဖြစ်စေပါသည်။ စစ်ပွဲပြီးသည့်နောက် ရွာသားများသည် ၎င်းတို့၏ ဌာနေများသို့ ပြန်လာခဲ့ကြသောအခါ အတွေ့အကြုံနှင့် စစ်ပွဲတွင် သိမ်းယူရရှိသည့် ပစ္စည်းဥစ္စာများကို ယူဆောင်လာခဲ့ကြသည့်အပြင် ထို့နောက်တွင် ဒေသတွင်း ကျေးလက်ဒဏ္ဍာရီများနှင့် ဘုရင့်နန်းတော် စာတော်မှတ်များမသိသည့် ပါးစပ်ရာဇဝင်များကို ထည့်သွင်းခဲ့ကြပါသည်။ ထို့အပြင် အစိုးရအုပ်ချုပ်မှုအားနည်းသောအခါ သွယ်ဝိုက်သော သို့မဟုတ် ပျက်ကွက်သော ကာလအပေါ်တွင် သို့မဟုတ် ပုံမှန်လမ်းကြောင်းများမှတစ်ဆင့် အစိုးရထံမှ ဆိုးရွားသောဝင်ရောက်စွက်ဖက်မှုကို မျှော်လင့်ထားသည့်အခါ ဒေသတွင်း ကတောက်ကဆဖြစ်မှုများအပေါ် အချင်းချင်း စာရင်းရှင်းလင်းရန် ဆွဲဆောင်မှုတစ်ချို့ရှိခဲ့ပုံရပါသည်။

ဌာနေတိုင်းရင်းသားအစိုးရပြိုလဲပြီး မြေနိမ့်ဒေသကျေးလက်နေပြည်သူများ အပြည့်အဝ မြင်နိုင်လာခဲ့သောအခါ ၎င်းတို့၏တိုက်ပွဲပုံစံသည် ဘုရင့်နန်းတော်မှတ်တမ်းများတွင်တွေ့ရသည့် စစ်ပွဲဖော်ပြချက်များနှင့် အလွန်ကွဲပြားခြားနားသည့်အသွင် ပေါ်ခဲ့ပါသည်။ အရေးကြီးသည်မှာ အစောပိုင်း ကိုလိုနီကာလ သုံးသပ်ချက်တွင်ကဲ့သို့ အနှောင်းပိုင်း မြန်မာဘုရင့်နန်းတော်က ကျေးလက်ဒေသ တိုက်ပွဲနည်းလမ်းကို အကြမ်းစားဖြစ်သည်ဟု ယူဆခဲ့ပါသည်။ ၎င်း၏အကြမ်းဖက်မှု၊ မည်သူက တိုက်ပွဲဝင်စစ်သည်ဖြစ်ပြီး မည်သူက တိုက်ပွဲဝင်စစ်သည်မဟုတ်ဆိုသည့်အပေါ် ကန့်သတ်ချက်များ ၎င်း၌ ကင်းမဲ့မှု၊ စစ်ပွဲ၏စည်းမျဉ်းများကင်းမဲ့မှု၊ ဖမ်းဆီးရမိသူများအပေါ် ၎င်း၏ပြုမူဆက်ဆံမှု၊ သေဆုံးသူအား ကိုယ်လက်အင်္ဂါဖြတ်တောက်မှုနှင့် လုယက်ဖျက်ဆီးမှုများကို မှတ်သားခဲ့ပါသည်။ ကုန်းဘောင်နန်းဆက်အလယ်နှင့်နောက်ပိုင်းတိုင်အောင် အားလုံး သဟဇာတ ညီညွတ်မျှတမှုအစီအမံတစ်ခုအဖြစ် စနစ်တကျရှိခြင်းကို တွေ့မြင်ခဲ့ရသည့် ကျေးလက်စစ်ပွဲများသည်လည်း လက်ခံနိုင်ဖွယ်မရှိဘဲ ပရမ်းပတာ ဖြစ်နေခဲ့ပါသည်။ ဤမနှစ်သက်မှုသည် မင်းဆက်၏အစောပိုင်းနှစ်များတွင်[1] စစ်သည်တော် အထက်တန်းလွှာများ အဆင့်မြင့်လာခြင်း၊ ထိုအထက်တန်းလွှာများအပေါ် ရေးရိုး ထေရဝါဒဗုဒ္ဓဘာသာ၏ ဩဇာလွှမ်းမိုးမှုနှင့် ကျွမ်းကျင်သောစစ်သားပီသသည့် စစ်သည်စစ်သား - အမြဲတမ်းစစ်တပ် ပေါ်ထွန်းလာမှုတို့၏ အကျိုးဆက် ဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာ ရေးရိုးစွဲအတွေးအခေါ်ကို အတင်းအကျပ်လိုက်နာစေရာ၌ အကျိုးစီးပွားသည် ရဟန်းဘဝ သာသနာ့ဘောင်နှင့် ရိုးရာဓလေ့ကျင့်သုံးမှုတွင် တိုက်ရိုက်ဦးတည်နေပြီး ဥပမာ - ဘိုးတော်ဘုရားလက်ထက် (အုပ်စိုးနှစ် ၁၇၈၂-၁၈၁၉) ရှမ်း စီရင်စုဒေသများတွင် ကြက်များကို ယဇ်ပူဇော်ခြင်းကဲ့သို့ ထင်ရှားသော ကိုယ်ကျင့်သီလ ဖောက်ဖျက်မှုများကို တားမြစ်ခြင်း ပါဝင်ပါသည်။ သို့သော် ထိုမတိုင်မီက မြန်မာနိုင်ငံ၏ ဗမာနှင့် အခြားသော ကိုလိုနီခေတ်မတိုင်မီ ဘုရင်များသည်လည်း သေရည်ကို မိမိတို့အောင်နိုင်ခဲ့သော စစ်ရှုံးရန်သူ၏ ဦးခေါင်းခွံခွက်များတွင်ထည့်ကာ သောက်သုံးခဲ့ကြပါသည်။ ၎င်းတို့သည် ၎င်းတို့၏စစ်သည်စစ်သားများ စစ်မြေပြင်စစ်ပွဲဆီ အဝေးရောက်နေချိန်တွင် စစ်သည်စစ်သားတို့၏ဇနီးမယားများနှင့် မှောက်မှားကျူးလွန်ခဲ့ကြပါသည်။ ၎င်းတို့သည် ၎င်းတို့၏စစ်သည်တော်များအား ရန်သူ့ဦးခေါင်းများကို ယူဆောင်လာရန် တိုက်တွန်းခဲ့သည့်အပြင် သွေးသောက်ရဲဘော်စိတ်ကို မွေးမြူပေးရန် သွေးသောက်ခြင်းသည် မှုမမှန်သောဆက်ဆံရေးကို ဖြစ်စေနိုင်သော်လည်း လိုအပ်သောအခါ လူသားစားခြင်းကိုပင် အပြစ်မယူလျစ်လျူရှုခဲ့ကြပါသည်။ စစ်သည်စစ်သားများအကြား ညှဉ်းပန်းနှိပ်စက်ခြင်း၊ လုယက်ဖျက်ဆီးခြင်း၊ ခိုးယူခြင်းနှင့် အခြားသော အကြမ်းဖက်မှုနှင့် ကိုယ်ကျိုးရှာလုပ်ရပ်များကို အပြစ်မယူလျစ်လျူရှုပေးခဲ့ပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှာ လွန်စွာ အဖြစ်များခဲ့ပါသည်။ တနည်းအားဖြင့် ကုန်းဘောင်မင်းဆက် (၁၇၅၂-၁၈၈၅) ၏ အစောပိုင်းနှစ်များမတိုင်မီက မင်းနေပြည်တော်ဇုန်နယ်မြေအတွင်း မြန်မာ့လူနေမှုဘဝ၏ အခြားသော

နေရာဒေသများတွင် ဗုဒ္ဓဘာသာသြဇာလွှမ်းမိုးမှုနှင့်မသက်ဆိုင်ဘဲ စစ်ပွဲအတွင်း ကန့်သတ်ချက် အနည်းအကျဉ်း ရှိခဲ့ပုံ ပေါ်ပါသည်။

**ကျေးလက်ဒေသအုပ်ချုပ်ရေးတွင် အကြမ်းဖက်မှုအပေါ် ကန့်သက်ချက်များ**

ဆယ့်ကိုးရာစုအစောပိုင်းတွင် မြန်မာဘုရင့်နိုင်ငံတော်၏နယ်နိမိတ်များသည် ပထဝီဝင်အရ ကိုလိုနီမြန်မာနိုင်ငံနှင့် လွတ်လပ်သောမြန်မာနိုင်ငံတို့ လွှမ်းခြုံပါဝင်မှုကို အကြမ်းဖျင်းထည့်သွင်းရန် ဆွဲဆန့်ထားခဲ့ပြီး ယင်းတို့ကို ရှေးဦး ဗျူရိုကရေစီ၊ ရှေးဦး မျိုးသားယဉ်ကျေးမှုနှင့် အချိန်နှင့်အမျှ ကြီးထွားလာခဲ့သော ဗုဒ္ဓဘာသာ ရှေးရိုးစွဲအတွေးအခေါ် အား မျှဝေသည့် ခံစားမှုတို့က တစ်စိတ်တစ်ပိုင်းအားဖြင့် အတူတကွ ထိန်းထားခဲ့ပါသည်။[2] သို့သော် ဘုရင့် တော်ဝင် နိုင်ငံတော် စိတ်ကူးသည်လည်း အခြေခံကျပါသည်။ ဘုရင့်တော်ဝင်စိတ်ကူးထဲတွင် ဘုရင်မင်းမြတ်သည် ငြိမ်းချမ်း ရေးနှင့် သဟဇာတညီညွတ်မျှတမှုကို ထိန်းသိမ်းထားခဲ့ပြီး ရဟန်းတော်များ ကုသိုလ်အမျှပေးနိုင်ရန်နှင့် ၎င်းတို့၏ တရားထူးအတွက် မဂ်လမ်းကို ဆက်လက်လျှောက်လှမ်းနိုင်ရန် သံဃာကို ထောက်ပံ့ပေးခဲ့ပါသည်။ အလယ်ပိုင်း စီရင်စုဒေသများတွင် တွေ့မြင်နိုင်သည့်အရာထဲမှ ဘုရင့်နိုင်ငံတော်၏နယ်မြေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုတို့က ဤပုံရိပ်ကို ရေရှည်ခံစေရန်ထိန်းထားခဲ့ပါသည်။ နိုင်ငံတော်၏ ဗဟိုချက်မဖြစ်သော ဘုရင့်နန်းတော်၏ တိုက်ရိုက် လက်လှမ်းမီမှုအတွင်းရှိ ထိုနေရာများတွင် နိုင်ငံတော်သည် နက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့ပြီးဖြစ်သောကြောင့် ဘုရင့်နန်းတော်သည် ဥပဒေများကို အတင်းအကျပ်လိုက်နာစေရန် သို့မဟုတ် အခွန်အတုပ်များကိုကောက်ခံရန် အာဏာအရှိန်အဝါကို မှီခိုအားထားခြင်း မပြုတော့ပါ။ စပါးသီးနှံထုတ်လုပ်မှုကို အဓိကအာရုံစိုက်လုပ်ကိုင်ရန် ဖြစ်နိုင်သောနေရာ ဂျိမ်းစ်စကွတ် (James Scoot) အခေါ် “စပါးစိုက်ပျိုးရာအစိုးရဒေသ” (padi state) ဖြစ်သည့် လွယ်လင့်တကူအုပ်ချုပ်နိုင်သောမြေ “အစိုးရအာဏာစက်သက်ရောက်ရာနေရာ” (state space) အဖြစ် ဤနေရာ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပါသည်။ (Scott 2009, 13) ဘုရင့်နန်းတော်သည် ဤနေရာတွင် အုပ်ချုပ်ရေးအရ စိစစ်မှုကို ပိုမို၍ အနီးကပ် ကျင့်သုံးခဲ့ပါသည်။ ဤနေရာသည် နိုင်ငံ၏ နေ့ဥစ္စာချမ်းသာကြွယ်ဝမှုကို အဓိကအာရုံစိုက်ခဲ့သည့် နေရာ ဖြစ်ပါသည်။ ယင်းတွင် ဘုရင့်ထောက်ခံအားပေးမှုအောက်ရှိ ဘုန်းတော်ကြီးကျောင်းအများစု၊ ဘုရင့်ကျေးကျွန် အဓိက လက်အောက်ခံများနှင့် ဘုရင့်နိုင်ငံတော်၏ အကြွယ်ဝဆုံးသော စိုက်ပျိုးရေးဒေသများ ပါဝင်ပါသည်။

သို့သော် ကိုလိုနီခေတ်မတိုင်မီ မြန်မာနိုင်ငံ၏ လက်လှမ်းမီရောက်ရှိမှုနှင့် အုပ်ချုပ်ရေးစွမ်းရည်သည် ၁၉ရာစု အစောပိုင်းတွင်ပင် အစွန်အဖျားစီရင်စုဒေသများ၌ အားနည်းပြီး တစ်ဖက်စောင်းနင်းဖြစ်နေခဲ့ပါသည်။ ဘုရင့်နေပြည်တော်၏ အနီးဆုံး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝ၏ ပြင်ပဖြစ်သော ကုန်းမြင့်တောင်တန်း ဒေသများနှင့် ရွှံ့နွံများနှင့်စိမ့်ဒေသများဖြင့် ဖုံးလွှမ်းသော အစိုးရအာဏာစက်မသက်ရောက်သောနေရာများသည် အုပ်ချုပ်ရန်ခက်ခဲသော နေရာများ ဖြစ်ပါသည်။ ထိုဒေသများသို့ စေလွှတ်ခြင်းခံရသော ဗဟိုမှ အရာရှိများသည် ဒေသခံလူထုများအနေဖြင့် ဘုရင့်တော်ဝင်စိတ်ကူးကို ဘုရင့်နေပြည်တော်နှင့်ပိုမိုနီးစပ်သူများက လက်ခံသကဲ့သို့ လွယ်ကူစွာ လက်မခံကြောင်း တွေ့ရှိခဲ့ပါသည်။ အစိုးရအာဏာစက်သက်ရောက်ရာနေရာများတွင် နန်းတော်သို့ လူသိများသော တင်ပြမှုကို သေချာအောင်လုပ်ဆောင်သည့် တစ်ခုနှင့်တစ်ခုထပ်နေသော အုပ်ချုပ်ရေး၊ စီးပွားရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၏ ခက်ခဲရှုပ်ထွေးမှုများသည် အစိုးရအာဏာစက်မသက်ရောက်သော နေရာများတွင် လုံးဝနီးပါး မရှိခဲ့ချေ။ အဆိုပါဒေသများရှိကျေးရွာများသည် မြေနိမ့်ပိုင်းဒေသများရှိကျေးရွာများကဲ့သို့ သီးခြားမြေလွတ်များနှင့် အဆက်အစပ်မရှိသည့်အပြင် ၎င်းတို့ကို အမြဲတမ်းအခြေချနေထိုင်သည့်ကျေးရွာများ အဖြစ်ထက် ယာယီကုန်သွယ်ခြင်း၊ ငါးဖမ်းခြင်းနှင့် စိုက်ပျိုးရေး လုပ်ငန်းတူ လူအုပ်စုများအဖြစ် ပိုမို ရှုမြင်ခဲ့ကြပါ သည်။ အစိုးရ၏ တောင်းဆိုမှုများ ကြီးမားလွန်းလာခဲ့ပါက ဒေသဆိုင်ရာအာဏာပိုင်များက အင်အားမသုံးခဲ့လျှင် ထိုကျေးရွာများသည် အစိုးရလက်လှမ်းမမီသည့် ပိုမိုဝေးလံရာသို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ ကိုလိုနီခေတ် တရား ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေးရဲလုပ်ငန်းနှင့်ပတ်သက်၍ မာတင်သောမတ်စ် (Martin Thomas) လေ့လာခဲ့သည့်အတိုင်း “အတင်းအကျပ် မလျော်သြဇာသုံးသော တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းရေး ရဲလုပ်ငန်း (coercive policing) … သည် ကိုလိုနီခေတ် နိုင်ငံတော်အစိုးရ၏ လက်လှမ်းမီမှု

အကန့်အသတ်ကိုပြသည့် အားကောင်းသော ညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ (Thomas 2012, 75) အလှမ်းဝေးကွာသော ဘုရင့်နန်းတော်နှင့် စစ်သည်များ၏ ကျောထောက်နောက်ခံ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားများဖြင့်သာ ထောက်ကူပေးခဲ့ခြင်းဖြစ်ပြီး မြန်မာအရာရှိများသည် ဘုရင့်နန်းတော်မှလာသော အခွင့်အာဏာထက် စစ်သည်များ၏အင်အားအပေါ် မကြာခဏ မှီခိုအားထားလေ့ရှိကြပါသည်။

ထို့ကြောင့် ယင်းသို့သောအရာရှိများသည် ဘုရင့်စည်းရုံးလှုံ့ဆော်မှုများအတွက်၊ စစ်သည်များအတွက် ဆိုသော်လည်း အထူးသဖြင့် အခွန်ဘဏ္ဍာအတွက် ၎င်းတို့၏တောင်းဆိုမှုများအား စည်းကြပ်မှုပြုရာ၌ မကြာခဏ အညှာတာကင်းမဲ့လေ့ ရှိပါသည်။ အောက်မြန်မာပြည်ရှိ အခြေအနေကို ကန်းနင်း (Canning) ဖော်ပြထားသကဲ့သို့ -

> ဖော်ပြချက်တိုင်း၌ (ဟံသာဝတီ၏ဘုရင်ခံ) ဝန်ကြီးများနှင့် နောက်လိုက်များ၏ ထိန်းမနိုင်သိမ်းမရ အကြမ်းဖက်မှုနှင့် အာဏာသုံးတောင်းဆိုမှုများကို ပြည်သူတို့ ခံစားနေရပါသည်။ ဖိတ်ခေါ်မခံရသော ဤသို့ ပစ္စည်းဥစ္စာများအားအကြမ်းဖက်သိမ်းဆည်းမှုစနစ်သည် ဗမာအစိုးရ၏ သဘောသဘာဝတွင် ၎င်း၏ မည်သည့်အရာရှိကိုမျှ လစာမပေးခြင်းနှင့် အခြားတစ်ဘက်မှကြည့်လျှင် အစိုးရဌာနတွင် အဆင့်မြင့်သူထံမှ အတိအကျတောင်းဆိုခြင်းအပြင် ၎င်းတို့က တဖန် ၎င်းတို့၏ လက်အောက်တွင်ရှိနေသူများထံမှ ပမာဏအများအပြားကို ပြည်နယ်ဘုရင်ခံ သို့မဟုတ် စီရင်စု၏ အုပ်ချုပ်ရေးအကြီးအကဲမှသည် အနိမ့်ဆုံး စာရေးအထိ အစိုးရထံတွင်အမှုထမ်းသူအားလုံးက နှစ်စဉ်နှစ်တိုင်း ၎င်းတို့နှင့် သက်ဆိုင်သော အခြေအနေ၏ အကျပ်အတည်းအခက်အခဲအတွက် အာဏာ သို့မဟုတ် အခွင့်အလမ်း ရှိသည့်အခါတိုင်း မခွဲမခြား အစမ္မယပူငင်ရန် ခွင့်ပြုထားခြင်းဟူသော အစိုးရ၏ ဆင်ခြေကို တွေ့ရှိရပါသည်။ (IOR F/4/310, 29 November 1809, 64)

သို့သော်လည်း ဝေးကွာလွန်းခဲ့ပြီဖြစ်သော ထိုအကြမ်းဖက်မှု သက်သေအထောက်အထားသည် ဘုရင့် တော်ဝင်စိတ်ကူး၏ တရားဝင်ဖြစ်မှုကို ခြိမ်းခြောက်နိုင်စွမ်းတစ်ခု ဖြစ်ခဲ့ပါသည်။ ထောက်ပံ့ရေးပစ္စည်းများစီစဉ်ရန်၊ သင်္ဘောများတည်ဆောက်ရန်၊ စစ်မှုထမ်းဆင့်ခေါ်မှုများအားအုပ်စုများဖွဲ့စည်းရန် အစရှိသည်တို့အတွက် ဒေသတွင်းရင်းမြစ်များအား အသုံးပြုခြင်းနှင့်အတူ အခွန်တော်များ၊ ကောက်ပဲသီးနှံများ သို့မဟုတ် အလုပ်ကြမ်းအတွက် ရွာသားများအား စွန့်လွှတ်အနစ်နာခံမှုများပြုလုပ်ရန် အတင်းအဓမ္မခိုင်းစေမည့် အခြေအနေတစ်ရပ်ကိုဖန်တီးခြင်း တို့အတွက် တပ်မှူးများကို စွဲချက်တင်မည်ဖြစ်သောကြောင့် ယင်းသည် အထူးသဖြင့် ဘုရင့် တော်ဝင် စစ်ရေးလှုပ်ရှားမှုများအတွက် ကြိုတင်ပြင်ဆင်မှုများအတွင်း ပြဿနာတစ်ခု ဖြစ်ပါသည်။ အလားတူပင် ထုံးစံအတိုင်း တပ်မှူးသည် အထူးသဖြင့် မင်းနေပြည်တော်တွင် ၎င်း၏ အဖွဲ့သားနောက်လိုက်နောက်ပါများနှင့်မိသားစုများသည် အရွယ်အစားအားဖြင့် များပြားလျှင် သို့မဟုတ် ၎င်းတို့အား ဗိမ်ခံပစ္စည်းများကို ပေးထားလျှင် ၎င်း၏ ကိုယ်ပိုင် လိုအပ်ချက်များကိုလည်း တစ်ခါတရံ ပိုလျှံနေစေရန် ဖြည့်တင်းထားပါလိမ့်မည်။ ယင်းသည် ဤအခါသမယများတွင် ဖြစ်ခဲ့ပြီး ထိုအရာများသည် ဒေသတွင်း တောင့်ခံနိုင်မှုထက် များစွာကျော်လွန်သွားပုံရှိပြီး နိုင်ငံရေးပြိုင်ဘက်များ သို့မဟုတ် ရွာသားများကိုယ်တိုင်က သို့မဟုတ် နန်းတော်သို့ပြန်လည်တင်ပြခြင်း သို့မဟုတ် နန်းတော်အတွက် ပိုမိုဆိုးရွားသော ဒေသတွင်းသူပုန်ထမှုဆီသို့ ဦးတည်သွားစေခြင်းက ၎င်းအား အာရုံစိုက်မှုကိုလည်း ရယူနိုင်ပါလိမ့်မည်။ "ကျယ်ပြန့်သောအင်အား" များနှင့်အတူ ထားဝယ်သို့သွားရန် ၁၈၀၉ခုနှစ်၊ မေလတွင် ဘုရင့်အတွင်းဝန် (ပြည်ထဲရေးဝန်ကြီး) ကို မုတ္တမ (မာတဘန်) သို့ စေလွှတ်ပြီးနောက် နန်းတော်က အလေးထားလာခဲ့သည့်အခါ အထူးစစ်ချီတပ်တစ်ခုအတွက် ရင်းမြစ်များစုဆောင်းပြီးနောက် ထိုင်း (ယိုးဒယား) အား တိုက်ခိုက်မှုကို ဖြစ်ပေါ်စေသည်မှာ ဥပမာကောင်းတစ်ခု ဖြစ်ခဲ့ပါသည်။ (Anonymous 1962, 149; Koenig 1990, 155) ဘုရင့်နန်းတော်မှ ရှုမြင်ခဲ့သည်မှာ အတွင်းဝန်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသို့ တပ်ဖွဲ့ဝင်များတိုးမြှင့်ရန်နှင့် တပ်တော်တစ်ခု တည်ဆောက်ရန် စေလွှတ်ခြင်းခံရသော ဘုရင့်တော်ဝင်စစ်တပ်၏ တပ်မှူးတစ်ဦး ဖြစ်ခဲ့ပါသည်။ ထို့နောက်တွင် ထိုင်း (ယိုးဒယား) ကို တိုက်ခိုက်ကာ ဘုရင့်နိုင်ငံတော်၏ နယ်စပ်ဒေသများကို လုံခြုံစိတ်ချစေပြီး စစ်ပွဲတွင် သိမ်းယူရရှိသည့် ပစ္စည်းများကိုလည်း ဘုရင့်နန်းတော်သို့ ဆက်သမည်ဟု မျှော်လင့်ရပါသည်။ အတွင်းဝန်သည် ဤအခန်းကဏ္ဍကို အသုံးတော်ခံရန် ဟန်ဆောင်လှုပ်ရှားပြခဲ့ပုံရပါသည်။

သို့သော်လည်း ၎င်းအား ခန့်အပ်ခဲ့သည့် စီရင်စုနယ်မြေတွင် အခြေခံကာ အတွင်းဝန်သည် ၎င်းအား ထောက်ခံရန် လူအင်အားနှင့် ဓနအင်အားစုဆောင်းရယူခြင်းဖြင့် ၎င်း၏နိုင်ငံရေးအင်အား မြှင့်တင်ခြင်းကို ဦးစားပေးခဲ့ပါသည်။ ဘုရင့်တော်ဝင်စိတ်ကူး၏ အဓိက အခြေခံသဘောတရားသည် ဘုရင့်စည်းမျဉ်းဥပဒေသနှင့် လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုနှင့် သဘောကွဲလွဲမှုဖြစ်သည့် အကြမ်းဖက်မှုများစွာကို မကြာခဏ သယ်ဆောင်လာလေ့ရှိခြင်းဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများကို အဓိက တိုက်ရိုက်ဦးတည်နေခဲ့ပါသည်။ ဆက်လက်ဖြစ်ပွားနေသောစစ်ပွဲအတွက် အမျိုးသားများ စစ်မှုထမ်းဆင့်ခေါ်ခံရပြီးနောက် ကျေးရွာတွင် ကျန်ရစ်ခဲ့သော အမျိုးသမီးများသည် အဓိကဖြစ်သောကြောင့် အခမဲ့အဓမ္မလုပ်အားပေးဆင့်ခေါ်ခြင်းများနှင့် အခွန်အကောက်စည်းကြပ်သည့် တောင်းဆိုမှုများကို အမျိုးသမီးများက အများဆုံး တာဝန်ယူထမ်းဆောင်ခဲ့ရပါသည်။ အတွင်းဝန်၏ အရာရှိများက ကျေးရွာသူ အမျိုးသမီးများကို မုဒိန်းကျင့်ခြင်းဖြင့် အပြစ်ပေးခဲ့ကြသည့်အပြင် ၎င်းတို့ အခွန်မဆောင်နိုင်သောအခါ ၎င်းတို့၏ကလေးများကို ကျွန်အဖြစ် ရောင်းချခဲ့ကြပါသည်။ ဆန့်ကျင်သောအခါ အတွင်းဝန်သည် ကျေးရွာသားများကိုသတ်ရန် လက်မနှေးခဲ့ချေ။ ဤကာလ ဆယ့်ကိုးရာစုအစောပိုင်းက ဤတရားဝင် အပြုအမူမျိုးသည် အစွန်အဖျား စီရင်စုဒေသများတွင် အဖြစ်များခဲ့ပါသည်။ အစွန်အဖျားဒေသများဆီသို့ တာဝန်ထမ်း ဆောင်ရန် စေလွှတ်ခြင်းခံရသော ဗဟိုမှ ခန့်အပ်ခံရသူများသည် ၎င်းတို့၏ ရည်ရွယ်ချက်များအောင်မြင်စေရန် လက်ဖျားခါလောက်သော အကြမ်းဖက်မှုလက်ရာများတွင်ပါဝင်ရန်ကို လက်တွေ့အကျိုးဖြစ်စေသော နည်းလမ်း ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ အစိုးရအာဏာစက်မသက်ရောက်သောနေရာသည် အစိုးရအာဏာစက်သက်ရောက်ရာနေရာအဖြစ်သို့ မကူးပြောင်းသေးသည့်အတွက် စီရင်စုဒေသသည် ဗဟိုနှင့် နန်းတော်ဇုန်နယ်မြေပြင်ပတွင် လုပ်ငန်းလုပ်ဆောင်မှုအရ အားနည်းကျန်ရှိနေခဲ့သော်လည်း ဤသည်မှာ ၎င်းတို့၏အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အားနည်းချက်အတွက် လက်ငင်း အဖြေတစ်ခု ဖြစ်ခဲ့ပါသည်။

ပို၍အရေးကြီးသည်မှာ အကြမ်းဖက်မှုကို ဘုရင်ကခွင့်မပြုခြင်း ဖြစ်ပါသည်။ အထက်ဖော်ပြပါ ၁၈၀၉ခုနှစ်မှ ဥပမာတွင် အတွင်းဝန်သည် လူများစွာကို သေဆုံးစေခဲ့သောကြောင့် ယင်းအတွက် နန်းတော်၏အာရုံစိုက်ခြင်းကို ခံခဲ့ရပါသည်။ ဘုရင်သည် ချက်ခြင်းကြားဝင်ခဲ့ပြီး အတွင်းဝန် ဖမ်းဆီးထားသောအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်နှင့် အတွင်းဝန်သည် အဘယ့်ကြောင့် ကွပ်မျက်မှုပေါင်းမြောက်များစွာလုပ်ဆောင်ခဲ့သည်ကို စုံစမ်းစစ်ဆေးမှုစတင်ပြုလုပ်ရန် အမိန့်ပေးခဲ့ပါသည်။ အတွင်းဝန်၏အကြမ်းဖက်မှုသည် ရှင်ဘုရင်၏ဆန္ဒမဟုတ်ဘဲ ဘုရင်ကို အာခံခြင်း ဖြစ်ပါသည်။ ဘုရင့်နားတော်သို့ မရောက်သေးသမျှကာလပတ်လုံး အဝေးရောက်အရာရှိများနှင့် တပ်မှူးများသည် ဘုရင့် ရည်ရွယ်ချက်အတွက် အကြမ်းဖက်နည်းလမ်းများကို အမှန်တကယ် အားကိုးအားထားပြုနိုင်ပါသည်။ သို့သော် ၎င်းတို့သည် ဤခေတ်အခါက ရှင်ဘုရင်ချမှတ်ထားသည့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလဥပဒေ ဓမ္မသတ်စည်းမျဉ်းပေါ် အခြေခံသည့် ဘုရင့်တော်ဝင်စိတ်ကူး၏ လုပ်ငန်းဆောင်ရွက်မှုအခြေခံမူများကို ဖောက်ဖျက်သောအခါ ၎င်းတို့သည် နန်းတော်၏ ပြင်းထန်သောပြစ်ဒဏ်ပေးမှုအန္တရာယ်ရှိခဲ့ပါသည်။

တော်ဝင်သမိုင်းမှတ်တမ်းများဖြစ်သည့် ထိုနန်းတွင်းမှတ်တမ်းမှ ဖျောက်ဖျက်ပစ်သည့် ဤဖောက်ဖျက်မှုများကို အဓိကမဟုတ်သော စာပေများ[3]တွင် မှတ်တမ်းတင်ထားသော်လည်း အတော်များများသည် ဘုရင့်တော်ဝင်စိတ်ကူး၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ပါသည်။ ဘုရင့်တော်ဝင်စိတ်ကူးတွင် ရှင်ဘုရင် အုပ်ချုပ်သော လောက၌ ဗုဒ္ဓဘာသာ ဥပဒေအရ ဘုရင့် အရာရှိများနှင့် မင်းမှုထမ်းများသည် အဓမ္မပြုကျင့်မှု သို့မဟုတ် တစ်စုံတစ်ဦးအား သတ်ဖြတ်မှုတွင် ပါဝင်ရန် ၎င်းတို့၏ စွဲချက်တင်တရားစွဲဆိုခြင်းကို ခွင့်မပြုရချေ။ ယင်းသို့ လုပ်ဆောင်မှုများသည် ဘုရင့်တော်ဝင်စိတ်ကူးအတွက် ပြင်းထန်သောအနှောင့်အယှက်များကို ဆောင်ကြဉ်းပေးခဲ့ပြီး အားကောင်းမှုထက် အားနည်းမှု၏လက္ခဏာများနှင့် ကောင်းမြတ်ခြင်း၏ဆန့်ကျင်ဘက်အဖြစ် ညွှဲဖျင်းသောအုပ်စိုးမှုလက္ခဏာ ဖြစ်ပါသည်။ ယင်းသို့သော နိုင်ငံတော်အားအကြည်ညိုပျက်စေသည့်လုပ်ရပ်များတွင် ပါဝင်သူများကို ၎င်းတို့၏ အကျင့်ပျက်ယုတ်မာသောအပြုအမူအတွက် သေဒဏ်ပင်ချမှတ် အပြစ်ပေးခဲ့ပါသည်။

**စစ်ပွဲတွင်ကန့်သတ်ချက်များအပေါ် ဒေသခံတိုင်းရင်းသားစိတ်ကူးစိတ်သန်းအတွေးအခေါ်များ၏ အစနှင့်အဆုံး**

ကုန်းဘောင်မင်းဆက်မတိုင်မီနှင့် ကုန်းဘောင်မင်းဆက်အတွင်းမှာပင်လျှင် စစ်တပ်၏လူအင်အားဖွဲ့စည်းမှုသည် ပုဂံခေတ်နှင့် အစောပိုင်းက လူအင်အားအတိုင်း အားလုံးအတွက် တူညီသောပုံစံကို လိုက်ခဲ့ပါသည်။ ဤနည်းလမ်းသည် လူထုအသိုင်းအဝိုင်းတစ်ခုလုံးအတွက် သွေးသားတော်စပ်မှု(သွေးသောက်ဓလေ့ သို့မဟုတ် သွေးသောက်)၊ အမျိုးဇာတိတူနှင့် အလုပ်အကိုင်သီးသန့်ဖြစ်မှု (မျိုးရိုးဇာတိအလိုက် ကြိုတင်သတ်မှတ်ထားသော အလုပ်အကိုင် အပါအဝင်) တို့ကို အလေးပေးခဲ့ပါသည်။ လွတ်လပ်သောပြည်သူများသည် စစ်ပွဲအတွက် ယာယီစစ်စည်းရုံးခံခဲ့ရချိန်နှင့် ၎င်းတို့လက်နက်ကိုင်အဖြစ်လာခဲ့ချိန်မှအပ ထွန်ယက်စိုက်ပျိုးသူများဖြစ်သည့် လယ်သမားများ ဖြစ်ကြပါသည်။ အလားတူ စစ်သုံ့ပန်းများကို မြန်မာနိုင်ငံအနှံ့အပြားရှိ ကျေးရွာအသိုင်းအဝိုင်းသစ်များတွင် ဘုရင့်အလုပ်အကျွေးအဖြစ် ထည့်ထားပြီး ၎င်းတို့ ထွန်ယက်စိုက်ပျိုးနေခြင်းမရှိသောအခါ သီးခြားလက်နက်အမျိုးအစားအလိုက် ဓားခုတ်လှံထိုး သို့မဟုတ် မြင်းစီး သို့မဟုတ် နှစ်ခုလုံးတွင် ၎င်းတို့၏ကျွမ်းကျင်မှုများကိုထက်မြက်အောင်လေ့ကျင့်ရင်း ၎င်းတို့၏အချိန်ကို အသုံးချခဲ့ကြပါသည်။ အစောပိုင်းခေတ်သစ်ကာလတစ်လျှောက်မှ မြန်မာ့ဇာစ်မြစ်များက ဆယ့်ရှစ်ရာစုနှောင်းပိုင်းတွင် လူအင်အားဖွဲ့စည်းပုံအတွက် ဤနည်းလမ်းသည် မပြောင်းလဲခဲ့ကြောင်း ကောင်းစွာ ပြသနေပါသည်။ စစ်တပ်ဖွဲ့စည်းတည်ထောင်မှုတစ်လျှောက် နည်းပညာဆိုင်ရာအပြောင်းအလဲအတွက် အလွန်အရေးပါသော အဟန့်အတားတစ်ခုကိုလည်း ယင်းက ဖန်တီးခဲ့ပြီး အလွန်များပြားသော စမ်းသပ်လေ့လာမှုကို မဖိတ်ခေါ်ခဲ့ပေ။ ထို့ကြောင့် ဆယ့်ငါးရာစုတွင် မည်ကာမတ္တ တရုတ်သေနတ်များနှင့် ဆယ့်ခြောက်ရာစုတွင် ပိုမိုကောင်းမွန်သော ပေါ်တူဂီသေနတ်အမြောက်များနှင့် စတင်မိတ်ဆက်ခဲ့ခြင်းသည် အခြားနေရာများစွာတွင် ဖြစ်ခဲ့သည့်အတိုင်း မြန်မာ့စစ်ပွဲတွင် သို့မဟုတ် ကြည်းတပ် (သို့မဟုတ် ရေတပ်) တွင် လုံးလုံးလျားလျားပြောင်းလဲပစ်ခြင်းတော်လှန်မှုတစ်ခုကို ဆောင်ကြဉ်းခဲ့ခြင်းမရှိပါ။

ကြီးမားသောအပြောင်းအလဲသည် ၁၇၆၀ခုနှစ်များအတွင်း ဖြစ်ပွားခဲ့ပြီး ထို့နောက်တွင် မင်းဆက်၏ လက်ကျန်ကာလတစ်လျှောက်လုံး အရှိန်အဟုန်ကို ဆက်ထိန်းသိမ်းထားခဲ့ပါသည်။ မြန်မာစစ်တပ်သည် နည်းပညာအသစ်၊ စစ်နည်းဗျူဟာများ၊ ဖွဲ့စည်းမှုနှင့်အလားသဏ္ဍာန်တူသော စမ်းသပ်လုပ်ဆောင်မှုများကို ပုံမှန် စောင့်ကြည့်ကာ အမြဲတမ်း သို့မဟုတ် ကျွမ်းကျင်မှုရှိသော စစ်တပ်တစ်ခု ဖြစ်လာခဲ့ပြီး ပုံမှန် အခြေခံပေါ်တွင် ပြောင်းလဲခဲ့ပါသည်။ ဆယ့်ရှစ်ရာစုနှောင်းပိုင်းတွင် စစ်တပ်အပြောင်းအလဲအတွက် အဓိကတွန်းအားမှာ နည်းပညာဆိုင်ရာတီထွင် ဖန်တီးမှုမဟုတ်သော်လည်း တရုတ် ချင်မင်းက ပထမနှင့် ထို့နောက် ဗြိတိသျှတို့၏ နယ်မြေနှင့်ဩဇာချဲ့ထွင်ပြိုင်ဆိုင်မှု၏ ခြောက်လှန့်မှုနှင့် အောင်နိုင်မှုတို့ ဖြစ်ပါသည်။

ဤနယ်မြေဩဇာအာဏာချဲ့ထွင်သော ပြိုင်ဘက်နှစ်ဦးသည် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများအား ဖောက်ဖျက်ခြင်းမှ ၎င်းတို့ကို ဟန့်တားရန်ရှေးရှုသည့် မြန်မာနန်းတော်၏ စစ်တပ်တည်ထောင်မှုကို ဘုရင့်နေပြည်တော်အနီးတစ်ဝိုက်တွင် အမြဲတမ်းနှင့် အဆင်သင့်ရှိနေသော စစ်တပ်အဖွဲ့အစည်းတစ်ခု ဖန်တီးမှု လိုအပ်နေခြင်းဖြင့် လမ်းကြောင်း ပြောင်းလဲသွားစေရန် မြန်မာနန်းတော်ကို တွန်းအားပေးခဲ့ပါသည်။ မသေချာမရေရာသော နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေတွင် ဘုရင့်နိုင်ငံတော်အား တည်ငြိမ်မှုနှင့် လုံခြုံမှုပေးရန် လိုအပ်သော အစီအမံတစ်ခုအဖြစ် ထိုအချိန်ကနားလည်ခဲ့ပြီး ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်မှာ စစ်တပ်ကို ထွန်ယက်စိုက်ပျိုးသူ အရန်တပ်သားလူစုလူဝေးမှ ဘုရင့်နေပြည်တော်တွင် စုစည်းထားသော ပုံသေတပ်ရင်းများပါဝင်သည့် အမြဲတမ်းစစ်တပ်အဖြစ်သို့ ပြောင်းလဲရန် ဖြစ်ခဲ့ပါသည်။ ဤဆုံးဖြတ်ချက်တွင် တပ်ဖွဲ့များအတွင်း စစ်သည်များ၏ ဖွဲ့စည်းပုံ၊ ကွပ်ကဲမှု တည်ဆောက်ပုံ၊ ၎င်းတို့ တိုက်ပွဲဝင်ပုံနည်းလမ်း သို့မဟုတ် ၎င်းတို့အား လက်နက်တပ်ဆင်ပုံနည်းလမ်းတို့ကို ပြောင်းလဲခြင်းမပြုရန် ကနဦး ပါဝင်ခဲ့ပါသည်။ ဖြစ်ပွားခဲ့သည့် တစ်ခုတည်းသော ပြောင်းလဲမှုမှာ စီရင်စုဒေသများရှိ နယ်မြေများပေါ်တွင် တန်းပြည့်စစ်မှုထမ်းအဖြစ်မှထွက်ခွင့်ပြုထားပြီး တပ်စွဲထားမည့်အစား ၎င်းတို့ကို နေပြည်တော် အနီးတစ်ဝိုက်တွင် စစ်ပွဲအတွက် အမြဲတမ်း အဆင်သင့်ဖြစ်နေစေရေးအတွက် ထားရှိရန် ဖြစ်ပါသည်။ သို့သော်လည်း ဤတစ်ခုတည်းသောပြောင်းလဲမှုသည် သေးငယ်သော အပြောင်းအလဲများနှင့်အတူ ပင်ကိုအားဖြင့် ဖြစ်နိုင်သော စစ်တပ်ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်နိုင်သည့် စစ်တပ်တစ်ခုကို ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

ပေါ်ပေါက်လာသော အမြဲတမ်းစစ်တပ်ကို အမှုထမ်း သို့မဟုတ် ဘုရင့်အမှုတော်ထမ်းများ သို့မဟုတ် ကျေးကျွန်များ၏ အဆင့်များမှစ၍ ဖွဲ့စည်းခဲ့ပါသည်။ နည်းစနစ်အရ ၎င်းတို့သည် အချို့သော လက်နက်အမျိုးအစား

များ သို့မဟုတ် တိုက်ပွဲများတွင် အထူးကျွမ်းကျင်သည့် မျိုးရိုးအလိုက်ဘုရင့်ကျေးကျွန်များဖြစ်ကြပြီး ဘုရင့်အမှုတော်ထမ်းရန်အတွက် ဆင့်ခေါ်သည်အထိ စောင့်ဆိုင်းနေသော အမှုထမ်းအုပ်စုအမျိုးမျိုးကို ထားရှိသည့် အထူးကျေးရွာများတွင် နေထိုင်ကြသူများ ဖြစ်ပါသည်။ အမြဲတမ်းစစ်တပ်အားဖန်တီးမှု၏ ရလဒ်များစွာထဲမှ တစ်ခုမှာ အမှုထမ်းများသည် ကျေးလက်ဒေသမှ အသစ်ဆင်းသက်လာသော အထက်လွှာအဖြစ် ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ၎င်းတို့၏အဆင့်အတန်းမှာ အမှုထမ်းအဆင့်အတန်းဖြစ်သော်လည်း အမြဲတမ်းစစ်တပ်၏စစ်သည်များသည် နိုင်ငံပိုင်မြေများပေါ်တွင် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အခိုင်အမာပြောဆိုကာ ပုဂ္ဂလိကကဏ္ဍတွင် ကုန်သွယ်ခြင်းနှင့် အခြားအလုပ်တို့ဖြင့် ကြွယ်ဝချမ်းသာမှုကိုရရှိရန် ယင်းတို့ကို အသုံးချခဲ့ပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအတွက် ပိုမိုအရေးကြီးသည်မှာ ဤစစ်သည်များသည် ၎င်းတို့၏ကျေးရွာများနှင့် ဘုရင့်နေပြည်တော်ရှိ ၎င်းတို့၏အလုပ်များအကြား ပုံမှန် လှည့်ပတ်သွားလာနေခဲ့ကြပါသည်။ ဆယ့်ရှစ်ရာစုနှောင်းပိုင်းမှစတင်ကာ အမြဲတမ်းစစ်တပ်တွင် အမှုထမ်းများသည် ဘုရင့်နေပြည်တော်နှင့် ကျေးလက်ဒေသများရှိ ၎င်းတို့ကိုထားရှိသည့်ကျေးရွာများအကြား ၎င်းတို့၏အချိန်ကို နေပြည်တော်တွင် တစ်ကြိမ်လျှင် တာဝန်ချိန် ၁၀% နှင့် ကျေးရွာတွင်ရှိနေခြင်းကို အခြား ၉၀% ဟူ၍ ခွဲထားပါသည်။ ဘုရင့်နေပြည်တော်နှင့် နန်းတော်တို့တွင် အလုပ်တာဝန်ချထားခြင်းသည် နန်းတော်နှင့် ယင်း၏အထက်တန်းလွှာများ၊ အဓိကကျသော သံဃာ့အဖွဲ့အစည်းများနှင့် သင်္ကေတများ၏ ထုံးတမ်းစဉ်လာယဉ်ကျေးမှုအား အမြဲမပြတ် ထိတွေ့နေခြင်းကို ဆိုလိုပါသည်။ အမှုထမ်းတပ်၏ မတူသော ၁၀% ဖြင့် နှစ်စဉ် တာဝန်လဲပေးသည့် ဤလှည့်ပတ်မှုသည် ဤထိတွေ့မှုက ကျေးလက်ဒေသများတွင် ပုံမှန်ဖြစ်ပြီး ဩဇာလွှမ်းမိုးမှုကို အားဖြည့်ပေးခြင်း ရှိခဲ့ကြောင်း အဓိပ္ပာယ်သက်ရောက်ပါသည်။ အချိန်ကြာလာသောအခါ ဗဟိုမှယဉ်ကျေးမှုသည် ဤကျေးရွာများ၏ယဉ်ကျေးမှု ဖြစ်လာခဲ့ပြီး၊ ဤအမှုထမ်းများသည် ကျေးလက်ဒေသ၏ အသစ် ဆင်းသက်လာသော အထက်လွှာ ဖြစ်လာသောကြောင့် ဤယဉ်ကျေးမှုသည် ကျေးလက်လူ့အဖွဲ့အစည်း၏ "မြင့်မားသော" ယဉ်ကျေးမှု ဖြစ်လာခဲ့ပါသည်။ ယင်းတွင် စစ်တပ်နှင့်အရာရှိများက လေးစားလိုက်နာရမည့် စစ်ပွဲတွင် ကန့်သတ်ချက်များ ရှိသည်ဆိုသော မြန်မာ ဗုဒ္ဓဘာသာ ဘုရင့်တော်ဝင်စိတ်ကူး၏ မူဝါဒသဘောတရား ထည့်သွင်းပါဝင်ခဲ့ပါသည်။ အမှုထမ်းများသည် ယခုအခါ ဘုရင့်နိုင်ငံတော်ကို စိတ်ကူးတစ်ခုအဖြစ် ယေဘုယျသဘောအနေဖြင့်ရော ဘုရင့်နိုင်ငံတော်၏ အဓိက စီရင်စုဒေသများတွင် မြေပြင်ပေါ် လက်တွေ့အားဖြင့်ပါ မြို့စောင့်တပ်ချကာကွယ်ထားခဲ့ပါသည်။ စစ်ပွဲအပေါ်ကန့်သတ်ချက်များကို ယခုအခါ စစ်တပ်ကရော ဘုရင်ကပါ ခိုင်မာစေရန်အားဖြည့်ပေးခဲ့ပါသည်။

လူမှုရေးအရသဟဇာတညီညွတ်မျှတမှုနှင့် ငြိမ်းချမ်းသောနိုင်ငံတော်ဆက်ဆံရေးများကို ထိန်းသိမ်းထားသည့် ခိုင်မာအားကောင်းပြီး တက်ကြွသော ကိုယ်ကျင့်တရားစနစ်များရှိသည့် အနောက်ကမ္ဘာ မဟုတ်သော အခြားအစိတ်အပိုင်းများစွာတွင်ကဲ့သို့ ၎င်းတို့အား အရှည်တည်တံ့စေသည့် ထုံးတမ်းဓလေ့များကို ကိုလိုနီ အောင်နိုင်မှုက ဖျက်ဆီးပစ်ခဲ့ပါသည်။ ဗြိတိသျှတို့သည် ဧရာဝတီမြစ်ကြောင်းအတိုင်း မန္တလေးသို့ဆန်တက်ကာ ၎င်းတို့ ဆန်တက်ခဲ့စဉ် မြစ်ကမ်းများပေါ်ရှိ အီတာလျံတို့တည်ဆောက်ခဲ့သည့် ခံတပ်သုံးခုကို အမြောက်များဖြင့် ပစ်ခတ်ခဲ့ပြီး ၁၈၈၅ ခုနှစ် နိုဝင်ဘာလတွင် ရက်သတ္တသုံးပတ်အတွင်း သီပေါမင်းအား လက်နက်ချအညံ့ခံစေရန် အလုံးစုံ ဖိအားပေးခဲ့ပါသည်။ သီပေါမင်းသည် အမြဲတမ်းစစ်တပ်ကို လက်နက်ချရန်အမိန့်ပေးခဲ့ပြီး အများအပြားမှာ လက်နက်မချကြဘဲ နေပြည်တော်မှ ထွက်ပြေးခဲ့ကြသော်လည်း အမြဲတမ်းစစ်တပ်သည် လက်တွေ့အားဖြင့် အပြီးတိုင် ပြိုကွဲသွားခဲ့ပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို အိန္ဒိယလက်အောက်ခံအဖြစ် တိုက်ခိုက်သိမ်းပိုက်ပြီး သီပေါမင်းကို ပြည်နှင်ဒဏ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ဗြိတိသျှတို့သည် သီပေါမင်းနေရာကို မြေနိမ့်ဒေသရှိ (ကုန်းမြင့်တောင်တန်းဒေသတွင် စော်ဘွားများ ရှိနေဆဲဖြစ်သော်လည်း) အခြား ဒေသခံတိုင်းရင်းသား အုပ်စိုးသူနှင့် အစားမထိုးခဲ့ချေ။ အမြဲတမ်း စစ်တပ် ပြိုကွဲပျက်စီးသွားခဲ့သောကြောင့် ဗြိတိသျှတို့အား ခုခံမှုသည် ကျေးလက်စစ်ပွဲ၏ ကာလရှည်ကြာအသုံးပြုသော နည်းလမ်းများဖြင့် တိုက်ခိုက်ခဲ့သည့် ကျေးရွာသားများ လွှမ်းမိုးသော ဗဟိုချုပ်ကိုင်မှုမရှိသည့် အာဏာဖီဆန်မှုပုံစံ ဖြစ်ခဲ့ပါသည်။ ဘုရင့်တော်ဝင်စိတ်ကူးမှာ ရုတ်ခြည်း မေးမှိန်သွားခဲ့ပြီ ဖြစ်ပါသည်။ ပထမတွင် နန်းတော်အတွင်း မြန်မာဗုဒ္ဓဘာသာဓလေ့ထုံးတမ်းနှင့် ယင်းနောက် အမြဲတမ်းစစ်တပ်ပေါ်ထွက်လာခြင်းမှတဆင့် ကိုလိုနီခေတ်မတိုင်မီက ပေါ်ပေါက်ခဲ့သော စစ်ပွဲနှင့်ပတ်သက်၍ အဖွဲ့အစည်းအနေဖြင့် စုစည်းပေါင်းရုံးထားသည့်

ကန့်သတ်ချက်များကို ပယ်ဖျက်ခံခဲ့ရပါသည်။ ရှင်ဘုရင်ကိုဆုံးရှုံးခြင်းနှင့် အမြဲတမ်းစစ်တပ်ကိုဆုံးရှုံးခြင်းသည် နှစ်ခုလုံးက သရုပ်ဖော်သည့် ဗုဒ္ဓဘာသာ၏ အခန်းကဏ္ဍအပြင် စစ်ပွဲအတွင်း အကြမ်းဖက်မှုအပေါ် ၎င်းတို့ထားရှိသည့် ကန့်သတ်ချက်များနှင့် အုပ်ချုပ်ရေးကို ဆုံးရှုံးခြင်းဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ယင်းမှာ ဗုဒ္ဓဘာသာလွှမ်းမိုးမှုကို ပထမဦးစွာ ရဟန်းတော်များထံသို့သာအဆင့်လျှော့ချခဲ့ပြီး ထို့နောက် စစ်တပ်အဖွဲ့အစည်းပြင်ပတွင် ဗုဒ္ဓဘာသာအဖွဲ့အစည်းများကိုလည်း ထားရန်ဖြစ်သည်ဟု ဆိုလိုပါသည်။

စစ်ပွဲတွင်အကန့်အသတ်များရှိကြောင်းနှင့် လက်နက်မဲ့အရပ်သားများကိုသတ်ဖြတ်ခြင်းမှာမှားယွင်းသည် ဆိုသည့် အတွေးအခေါ်ကို နိုင်ငံတော်လုံခြုံရေးအတွက်အားထုတ်ရာ၌ စစ်တပ်သည် အကန့်အသတ်မဲ့ စစ်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်သည်ဟူသော ကိုလိုနီအတွေးအခေါ်ဖြင့် အစားထိုးခဲ့ပါသည်။ ထိုအချိန်က ကိုလိုနီတပ်ဖွဲ့များသည် အနောက်တိုင်းအတွေ့အကြုံနှင့် အနောက်တိုင်းအချိန်ဇယားပေါ်အခြေခံသည့် အကြမ်းဖက်မှုအပေါ် ပိုမိုအားနည်းသော ကန့်သတ်ချက်များကို ခွင့်ပြုခဲ့ပါသည်။ ယဉ်ကျေးမှုအဆောက်အအုံနှင့်လူမျိုးရေးဆိုင်ရာ ဟောပြောချက်များတွင်လည်း မြန်မာများကို ဥရောပသားများထက် နိမ့်ကျသည်ဟု သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့၏ ချမ်းသာသုခသည် ဥရောပတိုက်သားပြိုင်ဘက်များ၏ ချမ်းသာသုခထက် အလေးထားမှုနည်းနေခြင်း ဖြစ်ပေလိမ့်မည်။ ကိုလိုနီနယ်ချဲ့စစ်တပ်သည် သောင်းကျန်းမှုနှိမ်နင်းရေးလုပ်ဆောင်မှုနှင့် နောက်ပိုင်း ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးတော်လှန်မှုများအတွင်း သောင်းကျန်းမှုတန်ပြန်စစ်ဆင်ရေးများတွင် ဗမာများအပေါ် အကန့်အသတ်မဲ့ စစ်ပွဲကို ပြန်လည်စတင်ခဲ့ပါသည်။ ဤပဋိပက္ခများတွင် ကျေးရွာများ အဝိုင်းခံရပြီး ပြာကျသည်အထိမီးရှို့ဖျက်ဆီးခံရခြင်း၊ မြန်မာများ ခေါင်းဖြတ်ခံရခြင်းနှင့် အကျဉ်းသားများ ကွပ်မျက်ခံရခြင်းများ ရှိခဲ့ပါသည်။ ပိုဆိုးသည်မှာ ရန်သူအား ထောက်ခံသည် သို့မဟုတ် ရိက္ခာထောက်ပံ့ပေးသည်ဟု ယုံကြည်ပါက သို့မဟုတ် ၎င်းတို့၏ အပေါင်းအဖော် ရွာသားများ၏ ယင်းသို့သောအပြုအမူများကို သတင်းမပို့ဟု သံသယရှိပါကလည်း အရပ်သားများကို အပြစ်ပေးခြင်း ဖြစ်ပါသည်။ လူတိုင်း၏ ကိုယ်ပိုင် ပိုင်ဆိုင်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပါအဝင် ရွာများကို မီးရှို့ဖျက်ဆီးခြင်းသည် ထိုကိုလိုနီစစ်တပ်၏ လက်မတွန့်ဘဲ တာဝန်အရဆောင်ရွက်သည့် ပုံမှန် အစီအမံ ဖြစ်ပါသည်။[4]

ယခုအခါ မရှိတော့ပြီဖြစ်သော အမြဲတမ်းစစ်တပ်၏ ပြင်ပမှလာခဲ့သော ကျေးရွာသားများကို ဒေသခံတိုင်းရင်းသားခုခံမှုအဖြစ် ချန်ထားရစ်ခဲ့ပြီး ဘုရင့်နိုင်ငံတော်၏အစွန်အဖျားအစိတ်အပိုင်းများရှိ ကျေးလက်ဒေသများတွင် အမြဲတမ်းလေ့ကျင့်ခဲ့သောကြောင့် စစ်ပွဲ ကျင့်သားရနေသူများ (ဗဟိုအစိုးရ၏ အနီးကပ်အုပ်ချုပ်ရေးနှင့် အလှမ်းဝေးသော နယ်မြေများ) နှင့် အမြဲတမ်းစစ်တပ်ကို မူဝါဒသဘောတရားထည့်သွင်းထားခဲ့သော စစ်ပွဲအပေါ် ကန့်သတ်ချက်များသည် သက်သေအထောက်အထားမရှိတော့ပါ။ ဗမာများ၏ဖြစ်စဉ်များအပါအဝင် ဖြစ်စဉ်များအားလုံး၌ လက်နက်ကိုင်ဓါးပြများ သို့မဟုတ် တောပုန်းဓါးပြများအဖြစ် ဗြိတိသျှတို့က တံဆိပ်ကပ်ထားခြင်းခံရသူများဖြစ်သည့် ဗြိတိသျှတို့ကိုတိုက်ခိုက်သော ကျေးရွာအဖွဲ့များကလည်း ရွာများကိုမီးရှို့ဖျက်ဆီးခြင်း၊ အဖိုးတန်ပစ္စည်းများနှင့် အမျိုးသမီးများကို လုယက်ခြင်း/လုညပေါ်မှဆွဲချခြင်း၊ ပစ္စည်းဥစ္စာများအား အကြမ်းဖက်သိမ်းဆည်းခြင်းနှင့် ၎င်းတို့၏ အကျဉ်းသားများကို ကားစင်တင်သတ်ဖြတ်ခြင်းတို့ ရှိခဲ့ကြပါသည်။ ၎င်းတို့သည် ဗြိတိသျှတို့နှင့် ပူးပေါင်းဆောင်ရွက်သူများကိုလည်း ကိုယ်လက်အင်္ဂါများ ဖြတ်တောက်ခဲ့ပါသည်။ ပဋိပက္ခအတွင်း ဗမာအဖွဲ့တစ်ခု၏ အပြုအမူတစ်ခုကို ချားလ်စ်ခရော့သ်ဝိတ် (Charles Crosthwaite) က အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည် -

> ကျေးရွာများမှ ငွေကြေးနှင့် စားနပ်ရိက္ခာအပြင် အမျိုးသမီးများကို တောင်းဆိုခဲ့ပြီး ပေးရန် ငြင်းဆန်သူများကို ရက်ရက်စက်စက် အပြစ်ပေးခြင်း၊ ၎င်းတို့၏ပိုင်ဆိုင်မှုများကိုသိမ်းဆည်းခြင်း၊ ၎င်းတို့၏ကျေးရွာများကိုမီးရှို့ခြင်း၊ ၎င်းတို့၏အမျိုးသမီးများကို အသရေဖျက်အရှက်ခွဲခြင်းနှင့် ၎င်းတို့၏ကျွဲနွားတိရစ္ဆာန်များကို ရာနှင့်ချီ၍မောင်းထုတ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အထူး ရက်စက်ကြမ်းကြုတ်မှုများ၏ ရည်ရွယ်ချက်သည် ထိုတပ်ဖွဲ့ဝင်များကို တစ်နည်းနည်းဖြင့် အကူအညီပေးနေသူများ ဖြစ်ပါသည်။ ၎င်းတို့ကို ဖမ်း၍မရနိုင်သောအခါ ၎င်းတို့၏ ဖခင်များ သို့မဟုတ် ညီအစ်ကိုများကို ဖမ်းဆီးခဲ့ပါသည်။ ဗြိတိသျှတို့ကို ကူညီခဲ့သူတစ်ဦးနှင့် ဆွေမျိုးတော်စပ်သူသုံးဦးကို စခန်းရှေ့တွင် ကားစင်တင်၍ အဆုံးစီရင်ရန် အမိန့်ပေးခဲ့စဉ်အခါက ရာညွှန့်နှင့် အတူရှိနေခဲ့သော ၎င်း၏နောက်လိုက်များထဲမှတစ်ဦးက သက်သေထွက်ဆိုချက်ပေးခဲ့ပါသည်။

"သူတို့ကို ကားစင်တင်ပြီးတဲ့နောက် ခန္ဓာကိုယ်တွေကို ငါမြင်ခဲ့တယ်။ သူတို့ကို အရှင်လတ်လတ် ကားစင်တင်ပြီးတဲ့နောက် ပစ်သတ်ခဲ့တာပါ၊ သူတို့ရဲ့ နှလုံးတွေ ပြတ်သတ် ပွင့်ထွက်ကုန်ပါတယ်" ဟု ၎င်းက ပြောပါသည်။ (Crosthwaite 1912, 111)

ဤစစ်ပွဲတွင် နှစ်ဘက်စလုံးက အရပ်သားများအပေါ် ကျူးလွန်ခဲ့ကြသည့် ရာဇဝတ်မှုများက စစ်ပွဲအပေါ် ကန့်သတ်ချက်များနှင့် တိုက်ပွဲဝင်စစ်သည်မဟုတ်သူများအပေါ် အကြမ်းဖက်မှုတို့အား လက်ခံထားသည့်လူမှုမှတ်တမ်းမှ ဖယ်ရှားဖျောက်ဖျက်ပစ်ခဲ့ကြပါသည်။ နော့သင်မ်တန်မှပါလီမန်အဖွဲ့ဝင် မစ္စတာလာဘူးချီးယား (Mr. Labouchere) က ရှစ်လမျှသာရှိသော လုပ်ဆောင်မှုအတွင်း ၁၈၈၆ခုနှစ်၊ ဩဂုတ်လတွင် လူများစု အောက်လွှတ်တော်၌ အောက်ပါအတိုင်း ပြောကြားခဲ့ပါသည် -

> ထိုနိုင်ငံတွင် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည် ထိုပြည်သူများအပေါ် အနိုင်ယူရန်အလားအလာ ရှိသကဲ့သို့ မဟုတ်ပါ။ ၎င်းတို့အားသတ်ဖြတ်ခြင်းနှင့် ၎င်းတို့၏ရွာများအားမီးရှို့ခြင်းဖြင့် နေထိုင်သူများကို အပြစ်ပေးရန် ကျွန်ုပ်တို့၏ စစ်သည်များအား တစ်ရွာမှ တစ်ရွာသို့ စေလွှတ်ခဲ့သော်လည်း ယင်း၏အကျိုးဆက်အဖြစ် ယခုအခါ ထိုတိုင်းပြည်သည် နယ်ခံဓါးပြများ၏ အစိတ်အပိုင်းအပေါ် လူထု၏ပစ္စည်းဥစ္စာများကို အကြမ်းဖက်သိမ်းဆည်းရန် တံခါးဖွင့်ပေးထားသကဲ့သို့ ဖြစ်နေပါသည်။ (အောက်လွှတ်တော် ကြားနာပွဲများ - House of Commons Debates 1886 August 30)

ဤပဋိပက္ခမှစတင်၍ ဗြိတိသျှနှင့် ဌာနေတိုင်းရင်းသားလူထုများအကြား တစ်ဘက်နှင့်တစ်ဘက် ရက်ရက်စက်စက် တိုက်ခိုက်ခဲ့ကြပါသည်။[5]

## နိဂုံး

ဤဆောင်းပါးသည် မြန်မာနိုင်ငံတွင် ဘုရင့်နန်းတော်နှင့် အုပ်ချုပ်ရေးအတွင်း ပေါ်ပေါက်ခဲ့သည့် စစ်ပွဲနှင့် အုပ်ချုပ်ရေးတို့နှင့်သက်ဆိုင်သည့် ကျင့်ဝတ်စည်းကမ်း ရှိခဲ့ကြောင်းနှင့် ယင်းသည် ဆယ့်ရှစ်ရာစုအလယ်ပိုင်းမှစတင်ပေါ်ပေါက်ခဲ့ခြင်းကြောင့် ထို့နောက်ပိုင်းတွင် ယင်းကို အမြဲတမ်းစစ်တပ်၏ အဆင့်များအတွင်း ဖြည်းဖြည်းချင်း စိမ့်ဝင်အောင်သွတ်သွင်းပေးခဲ့ကြောင်းတို့ကို  တင်ပြထားပါသည်။ တဖြည်းဖြည်းချင်း စစ်ပွဲ (နှင့် ငြိမ်းချမ်းရေး) အတွင်း အကန့်အသတ်မဲ့ အကြမ်းဖက်မှုကို မူအရ ကန့်သတ်ခဲ့သည့်အပြင် - နန်းတော် သို့မဟုတ် စစ်တပ်က သိရှိခဲ့သည့်အခါ - လက်တွေ့အားဖြင့်လည်း ကန့်သတ်ခဲ့ပါသည်။ ဘုရင့်တော်ဝင်စိတ်ကူး တလျှောက်လုံးတွင် ဤကျင့်ဝတ်ကို သီအိုရီသဘောတရားအရ အာဏာသက်ဝင်စေခဲ့ပါသည်။ သို့သော်လည်း ဘုရင့်နိုင်ငံတော်၏ အစွန်အဖျား သာမန်လောက၌ နန်းတော်၏လက်တွေ့မြင်ကွင်းကိုကျော်လွန်သည့် ပြင်ပအစွန်အဖျားစီရင်စုဒေသများတွင် ကုန်းဘောင်ခေတ်အုပ်ချုပ်သူအရာရှိများသည် ရွာသူရွာသားများထံမှ ရင်းမြစ်ပစ္စည်းများအား ယူငင်ကြောင်း စွပ်စွဲချက်များနှင့်အတူ အစိုးရအာဏာစက်မသက်ရောက်သည့်နေရာများတွင် ဤကျင့်ဝတ်ကို လက်တွေ့အားဖြင့် ချိုးဖောက်ခဲ့ကြပါသည်။ ကျေးရွာများကိုမီးရှို့ခြင်းမှသည် အဓမ္မကျင့်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် ကွပ်မျက်မှုအထိ အမျိုးမျိုးသော အကန့်အသတ်မရှိသည့် အံ့မခန်းဖွယ်ရာ အကြမ်းဖက်မှုသည် မိသားစုများ၊ အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အလားတူ လူငယ်များကို ပစ်မှတ်ထားခဲ့ပါသည်။

ထိုသို့သောကျင့်ဝတ်ဖောက်ဖျက်မှုများကို နန်းတော်က ကြားသိသောအခါ ကျူးလွန်သူများကို ၎င်းတို့၏ရာထူးအဆင့် သို့မဟုတ် ဤအကြမ်းဖက်မှုတွင် ပါဝင်သည့်ရည်ရွယ်ချက်နှင့် မသက်ဆိုင်ဘဲ ရာထူးနှင့်စည်းစိမ်ဥစ္စာများကို ရုပ်သိမ်းခြင်း၊ အကျဉ်းချခြင်းနှင့် အသက်ဆုံးရှုံးခြင်းအထိပင် အပြစ်ပေးခဲ့ပါသည်။ ရှင်ဘုရင်၏ နယ်ပယ်တွင် စစ်ပွဲ၏အမည်နာမထဲတွင် လုပ်နိုင်သည့်အပေါ် ကန့်သတ်ချက်များ ရှိခဲ့ပါသည်။

၁၈၈၅ခုနှစ်တွင် ရှင်ဘုရင်အားဖြုတ်ချခြင်းနှင့် အမြဲတမ်းစစ်တပ်၏ပြိုလဲမှုတို့နှင့်အတူ စစ်ပွဲနှင့် အုပ်ချုပ်မှုဆိုင်ရာ ဤမြန်မာ့ကျင့်ဝတ်များကို ဖျောက်ဖျက်ဖယ်ရှားခဲ့ပါသည်။ အကန့်အသတ်မရှိသော ကျေးလက်စစ်ပွဲ၊ ဗုဒ္ဓ

ဘာသာအားသက်ဝင်ယုံကြည်မှုနှင့်တော်ဝင်အတွေ့အကြုံတို့၏ လွှမ်းမိုးမှုနည်းပါးသော ဒေသန္တရစစ်ပွဲ - ထို့နောက် ကျေးရွာရှိ ဗမာများအတွက် နည်းလမ်းကို ဆက်လက်သတ်မှတ်ခဲ့ပါသည်။ ရလဒ်အဖြစ် ဗြိတိသျှတို့ မိတ်ဆက်ပေးခဲ့သော အကန့်အသတ်မဲ့ကိုလိုနီစစ်ပွဲက တစ်စိတ်တစ်ပိုင်းအားဖြည့်ပေးခဲ့သည့် ကျေးလက်ပဋိပက္ခသည် နောက်ပိုင်းတွင် အကန့်အသတ်မရှိသော စစ်ပွဲ ပါဝင်ခဲ့ပါသည်။ တစ်ခုမှာ ဒေသခံတိုင်းရင်းသားများနှင့်ကျေးလက်ဒေသဖြစ်ပြီး၊ အခြားတစ်ခုမှာ ကိုလိုနီနှင့်တိုင်းတစ်ပါးဖြစ်သည့် ဤမတူကွဲပြားသော ဓလေ့ထုံးစံနှစ်ခုသည် စစ်ခင်းသင့်မခင်းသင့်နှင့်ပတ်သက်သည့် ရှိရင်းစွဲအမြွေကို လွှမ်းမိုးခဲ့ပါလိမ့်မည်။ ကိုလိုနီနမူနာနှင့် ကျေးလက်တောရွာစစ်ပွဲပုံစံများကို ရပ်ဆိုင်းခြင်းအပြင် ကုန်းဘောင်ခေတ်အလယ်ပိုင်းနှင့် နှောင်းပိုင်းတို့တွင် ၎င်းတို့ ဆင့်ကဲပြောင်းလဲခဲ့သောကြောင့် ဗုဒ္ဓဘာသာနှင့် နန်းတွင်းတော်ဝင်ဓလေ့ထုံးစံများကိုရှုမြင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် စစ်ပွဲအတွင်း ကန့်သတ်ချက်များကို နားလည်သဘောပေါက်စေသည့် ကိုလိုနီလွှမ်းမိုးမှုဖယ်ရှားခြင်းနည်းလမ်းကို ရရှိနိုင်ပါသည်။

### မှတ်စုများ

1. အစောပိုင်း မျက်မှောက်ခေတ် ပြင်သစ်နိုင်ငံတွင် နှိုင်းယှဉ်နိုင်သော အလားအလာတစ်ခုအတွက် အေးလိယက်စ် (၁၉၈၂) - Elias (1982) ကို ကြည့်ပါ။ မတူညီသောအမြင်အတွက် ကာရိုးလ် (၂၀၀၆) - Carroll(2006) ကို ကြည့်ပါ။

2. လီဘာမင်န် (၂၀၀၃၊ ၁၉၈၄) - Lieberman (2003, 1984) နှင့် ကိုးအင်းနစ် (၁၉၉၀) - Koenig (1990) ကို ကြည့်ပါ။

3. အစောပိုင်း ခေတ်သစ် မြန်မာနိုင်ငံမှ အမျိုးမျိုးသော ရပ်ဝတ္ထုပစ္စည်းမြောက်များစွာကို အစွန်အဖျားဒေသများမှ မြန်မာဘာသာနှင့် လူနည်းစုတိုင်းရင်းသားဘာသာစကားများဖြင့် မူရင်းအတိုင်းမပျက်စီးအောင်ထိန်းသိမ်းထားပြီး ယင်းတို့က ပြည်တွင်းသမိုင်းများနှင့် အချက်အလက်များကို မှတ်တမ်းတင်ထားပါသည်။ ဤလက်ရေးစာမူများထဲမှ အချို့သည် ဘုရားများ၏သမိုင်းများနှင့်သက်ဆိုင်သော်လည်း အခြားသောလက်ရေးမူများသည် ဒေသတွင်း ဒဏ္ဍာရီများ၊ စာပေ၊ ဒေသခံမိသားစုမျိုးရိုးအဆက်အနွယ်များ စသည်ဖြင့် သက်ဆိုင်ပါသည်။ အခြားအရေးကြီးသော ဒေသတွင်း သတင်းအချက်အလက်ရင်းမြစ်များမှာ အခွန်ဘဏ္ဍာ စုံစမ်းစစ်ဆေးမှုများ၊ သူကြီးများ၏ နန်းတော်သို့ အစီရင်ခံ တင်ပြချက်များ ဖြစ်ခဲ့ပါသည်။ ထိုရင်းမြစ်တစ်ချို့ကို ထရေဂါ(Trager)နှင့် ကိုးအင်းနစ်(Koenig) (1979) တွင် ဘာသာပြန်ဖြင့် ကူးယူထားပါသည်။ ဤရင်းမြစ်မျိုးပေါင်းများစွာကို ဘုရင့်တော်ဝင်စာကြည့်တိုက်တွင် စုဆောင်းထားသော်လည်း နောက်ထပ်များစွာကို ဒေသတွင်းဘုန်းတော်ကြီးကျောင်းစာကြည့်တိုက်များနှင့် တသီးပုဂ္ဂလကိုယ်ပိုင်စုဆောင်းမှုများတွင် ထိန်းသိမ်းထားရှိခဲ့ပြီး လက်ရှိအချိန်ထိ ၎င်းတို့၏ ရှင်သန်မှုကို ရှင်းပြရန် အထောက်အကူပေးလျက်ရှိပါသည်။

4. ဥပမာ - စတ်တန်ခိုးလ်ဒ်ဖီးလ်ဒ် ဒေသတွင်းသမိုင်းသုတေသနအဖွဲ့မော်ကွန်းတိုက် (Sutton Coldfield Local History Research Group Archive) ဗိုလ်မှူး ရစ်ချတ်ဟိုလီချေး (၁၈၅၀-၁၉၁၄) - Major Richard Holeche (1850-1914) ၏ အထက်မြန်မာပြည်အား ကိုယ်တွေ့ သတိရအောက်မေ့ခြင်း ၁၈၈၆-၇ (Personal Recollections of the Upper Burmah Campaign 1886-7) ပါ ဖော်ပြချက်များအပါအဝင် ထိုလုပ်ဆောင်မှု၏ အချက်အလက်များစွာဖြင့် ယင်းကို ထောက်ခံထားပါသည်။ https://sclhrg.org.uk/research/transcriptions/2182-personal-recollections-of-the-upper-burmahcampaign-1886-7-by-majorrichard-holbeche-1850-1914.html.

5. တိုက်ခိုက်ခံရသောကျေးရွာများတွင် အမျိုးသမီးများနှင့်ကလေးများ "အားလုံး"ကို သတ်ဖြတ်ခြင်းပါဝင်သော ၁၈၉၁ခုနှစ်တွင် တောင်ပေါ်သားများအား တိုက်ခိုက်ခြင်း သာဓကကို ကြည့်ပါ။ (Watson 1967, 8)

### ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ


Anonymous. 1962. "Wung-gyi-hmu-gyi-mya Akyaung." Journal of the Burma Research Society 45 (2): 147–162.

Carroll, S. 2006. Blood and Violence in Early Modern France. Oxford: Oxford University Press.

Chakrabarty, D. 2008. Provincializing Europe: Postcolonial Thought and Historical Difference. Princeton: Princeton University Press.

Charney, M. 2006. Powerful Learning. Buddhist Literati and the Throne in Burma's Last Dynasty, 1752–1885. Ann Arbor: University of Michigan Centre for Southeast Asian Studies.

Charney, M. 2017. "Armed Rural Folk: Elements of Pre-colonial Warfare in the Artistic Representations and Written Accounts of the Pacification Campaign (1886-1889) in Burma." In Warring Societies of Pre-colonial Southeast Asia: Local Cultures of Conflict within a Regional Context, edited by M. Charney and K. Wellen, 155–181. Copenhagen: NIAS.

Charney, M. 2020. "Both Benevolent and Brutal: The Two Sides of Provincial Violence in Early Modern Burma." In A Global History of Early Modern Violence, edited by C. Erica, M. H. Erica, and P. H. Wilson, 37–51. Manchester: Manchester University Press.

Crosthwaite, C. 1912. The Pacification of Burma. London: Edward Arnold.

Elias, N. 1982. The Civilizing Process Vol. 2. State Formation and Civilization. Oxford: Blackwell.

Ghosh, P. 2000. Brave Men of the Hills: Resistance and Rebellion in Burma, 1825-1932. London: C. Hurst.

Holbeche, R. "Personal Recollections of the Upper Burmah Campaign 1886-7 by Major Richard Holbeche (1850-1914)." Sutton Coldfield Local History Research Group Archive. https://sclhrg.org.uk/research/transcriptions/2182-personal-recollections-of the-upper-burmah-campaign-1886-7-by-major-richard-holbeche-1850-1914.html

"House of Commons Debates Hansard." 1886. 308: cc797–873. August, 30. IOR [India Office Records]. Board of Control Records 1784-1858 [F Series]. London: British Library, Asia and Africa Collection.

Koenig, W. 1990. The Burmese Polity, 1752-1819: Politics, Administration, and Social Organization in the Early Konbaung Period. Ann Arbor: University of Michigan Center for South & Southeast Asian Studies.

Lieberman, V. 1984. Burmese Administrative Cycles: Anarchy and Conquest, C. 1580 1760. Princeton: Princeton University Press.

Lieberman, V. 2003. Strange Parallels, Volume 1: Integration of the Mainland Southeast Asia in Global Context, C. 800–1830. Cambridge: Cambridge University Press.

Scott, J. 2009. The Art of Not Being Governed: An Anarchist History of Upland Southeast Asia. New Haven: Yale University Press.

Thomas, M. 2012. Violence and Colonial Order: Police, Workers and Protest in European Colonial Empires, 1918-1940. Cambridge: Cambridge University Press.

Trager, F., and W. Koenig. 1979. Burmese Sit-tans 1764-1826: Records of Rural Life and Administration. With the Assistance of Daw Yi Yi. Tucson: University of Arizona Press.

Watson, J. 1967. Military Operations in Burma, 1890-1892, edited by B. R. Pearn. Ithaca: Cornell University Southeast Asia Program.

**ယေဘုယျလူသားဆန်မှုနှင့် ခွဲခြားမှုအကြား - တောင်ကိုးရီးယားစစ်တပ်၏ ချိုဂျီဗုဒ္ဓဘာသာဘုန်းကြီးလက်စွဲနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် ၎င်း၏သက်ဆိုင်မှု**

Hyein Lee

**ဆောင်းပါးအကျဉ်းချုပ်**

ကိုးရီးယားဗုဒ္ဓဘာသာ၏ ချိုဂျီဂိုဏ်း (K. *Chogye chong or Jogyejong* 曹溪宗) သည် *Kukkun Pobyo chip* (လက်နက်ကိုင်တပ်ဖွဲ့အတွက် အခြေခံကျသော ဗုဒ္ဓဘာသာ တရားတော်များ - *Essential Buddhist Teachings for the Armed Forces*, 國軍法要集, ဤမှစ၍နောင်တွင် *EBTAF* ဟု ခေါ်ဆိုပါမည်) ဟုခေါ်သည့် စာအုပ်ငယ်ကို ပြုစုခဲ့ပြီး စစ်တပ်နှင့်ဆိုင်သော ဗုဒ္ဓဘာသာဘုရားကျောင်းများတွင် ဖြန့်ဝေခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းများ အတွက် ဤလက်စွဲသည် ၎င်းတို့ကို ဒေသနာတော်မူသဘောတရားနှင့် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ သတင်းအချက် အလက်နှင့် လမ်းညွှန်ချက် နှစ်မျိုးလုံးအပြင် စစ်မှုထမ်းဘုန်းကြီးများအတွက် အသုဘအခမ်းအနားများကဲ့သို့သော အရေးကြီးသည့် ထုံးတမ်းစဉ်လာများကို ဆောင်ရွက်ရန် ဆုတောင်းပတ္ထနာပြုခြင်းတို့ကို ဗုဒ္ဓဘာသာ ရှေးရိုး ကျမ်းစာ များနှင့် အဆုံးအမတို့အပေါ်မှ ထုတ်နုတ်ဆွဲယူ ပြဋ္ဌာန်းပေးထားပါသည်။ တချိန်တည်းမှာပင် *EBTAF* တွင် အချို့ ထူးခြားသော ကိုးရီးယားဗုဒ္ဓဘာသာ အကိုးအကားများနှင့် အတွေးအခေါ်များပါဝင်လျက် ကိုးရီးယား အမျိုးသားရေး ဝါဒ၏ အခြေခံသဘောတရားများနှင့် ပေါင်းစပ်ထားပါသည်။ ဤဆက်စပ်အကြောင်းအရာတွင် ဤဆောင်းပါးက (၁) *EBTAF*၌ အကြံပြုထားသော ဗုဒ္ဓဘာသာဝင်တိုက်ပွဲဝင်စစ်သည်တို့၏ စံနမူနာပြ လက္ခဏာများနှင့် အပြည်ပြည် ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (IHL) အား လေးစားလိုက်နာမှု၊ (၂) ယေဘုယျ လူသားဆန်မှုကို ထိန်းသိမ်းရန် ဗုဒ္ဓဘာသာဝင်စစ်သည်တို့၏ ဘာသာရေးရည်မှန်းချက်များနှင့် ၎င်းတို့၏ အစိုးရနှင့်နီးနွယ်မှုတွင် ရှိရင်းစွဲ ခွဲခြားမှုတို့အကြား လက်စွဲစာအုပ်ငယ်တွင် ဖော်ပြထားသည့် ပဋိပက္ခဖြစ်နေသော တန်ဖိုးထားမှုများနှင့် (၃) ကွဲပြားချက်အား ဖြေရှင်းရန် ဥပဒေပြဋ္ဌာန်းခြင်းတို့ကို ခွဲခြမ်းစိတ်ဖြာလေ့လာထားပါသည်။ *EBATF* သည် IHL အခြေခံမူများနှင့်ကိုက်ညီသော်လည်း တစ်ချိန်တည်းတွင် ယင်း၏ တချို့အစိတ်အပိုင်းများသည် ငြိမ်းချမ်းရေး အတွက် ဗုဒ္ဓဘာသာရည်မှန်းချက်များနှင့် နိုင်ငံ၏စစ်ရေးဆိုင်ရာလိုအပ်ချက်များအကြား အားပြိုင်မှုကို ထင်ဟပ် ဖော်ပြနေပါသည်။ *EBATF* တွင် IHL ကို အတိအလင်းဖော်ပြမထားသော်လည်း ကိုးရီးယားစစ်တပ် ဘာသာရေး ဝန်ထမ်း အလုပ်တွင် ဗုဒ္ဓဘာသာနှင့် IHL တန်ဖိုးများကို အပြန်အလှန်ဖြည့်ဖက်ပြုခြင်းအပေါ် စွဲမြဲခိုင်မာနေသော ပညာပေးမှုအတွက် အလားအလာရှိပါသည်။

**နိဒါန်း**[1]

ကိုးရီးယားဗုဒ္ဓဘာသာ၏ ချိုဂျီဂိုဏ်း[2]သည် Kanwha Sŏn (Ch. kanhua chan 看話禪) နှင့် Hwadu (Ch. huatou 話頭) တို့ကဲ့သို့ တရားအားထုတ်ခြင်းအလေ့အကျင့်ပေါ် အဓိကထားသော ကိုးရီးယား ဇင်ဂိုဏ်း ဖြစ်ပါ သည်။ ထိုဂိုဏ်း၏ ဇာစ်မြစ်အား သမိုင်းတွင် များစွာ နောက်ကြောင်းပြန် ခြေရာကောက်နိုင်သော်လည်း ချိုဂျီဂိုဏ်း ၏ လက်ရှိပုံစံကို ၁၉၆၂ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ၂၀၁၈ခုနှစ် သန်းခေါင်စာရင်းအရ ထိုဂိုဏ်းသည် ဘုရားကျောင်း ၃၁၈၅ကျောင်း၊ ဘုန်းတော်ကြီး ၁၃၃၂၇ပါးနှင့် ကိုးကွယ်သူ ၁၂,၀၀၀,၀၀၀ (ဆယ့်နှစ်သန်း) ရှိသည့် တောင်ကိုးရီးယားတွင် အကြီးဆုံးနှင့် သြဇာတိက္ကမအရှိဆုံး ဗုဒ္ဓဘာသာဂိုဏ်း ဖြစ်ပါသည်။ (ယဉ်ကျေးမှု၊ အားကစား နှင့် ခရီးသွား ဝန်ကြီးဌာန 문화체육관광부 2018, 101) လူမှုရေးထိတွေ့ဆက်ဆံမှုတွင် ယင်းအား စိတ်ဝင်စားမှု တိုးပွားလာမှုနှင့်အတူ လောလောဆယ် ထိုဂိုဏ်းသည် တောင်ကိုးရီးယား အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနနှင့် အတူ ပူးပေါင်းဆောင်ရွက်မှုဖြင့် စစ်တပ်ဝန်ထမ်းဘုန်းတော်ကြီးတာဝန်ထမ်းဆောင်ရာ၌ ပါဝင်သည့် ဘာသာရေး ဂိုဏ်း လေးဂိုဏ်း[3] တို့တွင် တစ်ဂိုဏ်း အပါအဝင် ဖြစ်ပါသည်။

အမေရိကန် ပရိုတက်စတင့် စစ်တပ်ဘုန်းတော်ကြီးအမှုထမ်းခြင်း၏ လွှမ်းမိုးမှုကြောင့် တောင်ကိုရီးယား နိုင်ငံ၌ စစ်တပ်ဘုန်းတော်ကြီးအဖွဲ့အစည်းကို ၁၉၅၁ခုနှစ်တွင် ကိုရီးယားစစ်ပွဲအတွင်း (၁၉၅၀-၁၉၅၃) ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ သို့သော် ဗုဒ္ဓဘာသာသည် ၁၉၅၀ခုနှစ်များက တောင်ကိုရီးယားနိုင်ငံသားများအကြား

အရေးပါဆုံးကိုးကွယ်ရာဘာသာဖြစ်ခဲ့သော်လည်း ခရစ်ယာန်ဘာသာကိုထောက်ခံသော ဆင်ဂ်မန်ရီး (Syngman Rhee) အစိုးရ (၁၉၄၈-၁၉၆၀) ကာလအတွင်း ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို စစ်တပ်ဘုန်းတော်ကြီး အမှုထမ်းရန် တရားဝင်တာဝန်ပေးအပ်ခြင်းမရှိခဲ့ချေ။ (Kang 2017)

ဆယ်စုနှစ် နှစ်ခုနီးပါးကြာ ကြည့်ထားမှုကာလပြီးသည့်နောက် တောင်ကိုရီးယားအစိုးရက နောက်ဆုံးတွင် ချိုဂျီဂိုဏ်းကို စစ်တပ်ဘုန်းတော်ကြီးအမှုထမ်း တရားဝင် အဖွဲ့ဝင်ဖြစ်လာစေရန် တတိယဘာသာရေးဂိုဏ်းအဖြစ် ၁၉၆၈ ခုနှစ်တွင် အသိအမှတ်ပြုခဲ့ပါသည်။ (ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းတော်ကြီးအယ်ဒီတာဘုတ်အဖွဲ့ - Editorial Board of Buddhist Chaplaincy 불교군종사 편찬위원회 2008, 16) တစ်နှစ်ထဲမှာပင် စစ်တပ်ဘုန်းကြီးသင်တန်းကို ရော စစ်တပ်၏ခြေလျင်သင်တန်းကျောင်းတွင် ရက်သတ္တဆယ်ပတ်ကြာစစ်သင်တန်းကိုပါ တက်ရောက်ပြီးစီးခဲ့သော စစ်တပ်ဘုန်းတော်ကြီးငါးဦးတို့ကို တပ်နေရာချထာဝန်ပေးအပ်ခဲ့ပါသည်။ ထိုငါးဦးထဲမှ သုံးဦးကို ဗီယက်နမ်စစ်ပွဲကာလ (၁၉၅၄-၁၉၇၅) အတွင်း ဗီယက်နမ်နိုင်ငံသို့ စေလွှတ်ခဲ့ပါသည်။ (Kim and Park 2020, 4)

ထိုစဉ်ကတည်းက ချိုဂျီဂိုဏ်းတွင် စစ်တပ်ဘုရားကျောင်းများအရေအတွက်သည် ၁၉၇၀တွင် ဘုန်းကြီးကျောင်း ၁၀ကျောင်း၊ ၁၉၉၀တွင် ၁၇၀၊ ထို့နောက် ၂၀၁၈ခုနှစ်တွင် ၄၁၆ကျောင်းအထိ သိသိသာသာ တိုးပွားလာခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၌ စစ်တပ်ဘုရားကျောင်းများသည် စစ်တပ်စခန်းများနှင့် ပူးတွဲ လုပ်ဆောင်ကြပါသည်။ စစ်မှုထမ်းများ အဆင်ပြေစေရန်အတွက် စစ်တပ်ဘုရားကျောင်းများသည် တပ်စခန်းများအတွင်း သို့မဟုတ် တပ်စခန်းများနှင့် နီးနီးကပ်ကပ်တွင် တည်ရှိကြပါသည်။ အားလပ်မှုပေါ်မူတည်ပြီး ဗုဒ္ဓဘာသာ စစ်တပ်ဘုန်းကြီးတစ်ပါးသည် တပ်စခန်းအတွင်း၌ နေထိုင်နိုင်ပါသည် သို့မဟုတ် စနေ၊ တနင်္ဂနွေနေ့များတွင် ဘုရားကျောင်းများအကြား လှည့်လည်သွားလာနိုင်ပါသည်။ စစ်တပ်ဘုရားကျောင်းများတွင် ဆောင်ရွက်သော လုပ်ငန်းများမှာ တရားဓမ္မဆွေးနွေးခြင်းနှင့် ဗုဒ္ဓဘာသာဓလေ့ထုံးစံများကိုပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။ ဗုဒ္ဓဘာသာဓလေ့ထုံးစံများတွင် သေဆုံးသွားသော စစ်သည်များအတွက် အသုဘအခမ်းအနားများ ပါဝင်ပါသည်။ ၂၀၀၈ခုနှစ်တွင် ပီဆောင်းဆာ (Pisung Sa) ဘုရားကျောင်းသည် တောင်ကိုရီးယားနှင့်အမေရိကန်ပြည်ထောင်စု ပူးပေါင်းဆောင်ရွက်သော စစ်ရေးလေ့ကျင့်မှု၊ အတိအကျပြောရသော် အာလ်ချိ လွတ်လပ်မှု ထိန်းသိမ်းစောင့်ရှောက်သူ (Ulchi Freedom Guardian) အတွက် အခမ်းအနားများ ကျင်းပခဲ့ပါသည်။ (ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းတော်ကြီး အယ်ဒီတာဘုတ်အဖွဲ့ - Editorial Board of Buddhist Chaplaincy 불교군종사편찬위원회 2008, 395)

စစ်တပ်ဘုရားကျောင်းများနှင့် စစ်တပ်ဝန်ထမ်းဘုန်းကြီးတို့အတွက် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံအတွက် လိုအပ်ချက်ကို ၁၉၉၀ခုနှစ်များတွင် ချိုဂျီဂိုဏ်း၌ ထက်ထက်သန်သန် ဆွေးနွေးခဲ့ကြပြီး (ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းတော်ကြီး အယ်ဒီတာဘုတ်အဖွဲ့ - Editorial Board of Buddhist Chaplaincy 불교군종사 편찬위원회 2018, 42) ၂၀၀၅ခုနှစ်တွင် ကိုးရီးယားဗုဒ္ဓဘာသာ ချိုဂျီဂိုဏ်း၏ ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းကြီးအသင်း (K. *Taehan pulgyo chogyejong kunjong t'ŭkpyŏlkyogu; Ch. dahan fojiao caoxizong junzong tebie jiaoqu* **大韓佛教曹溪宗 軍宗特別 教區**) ကို တည်ထောင်ခဲ့ပါသည်။ အသင်းဝင်ဘုန်းကြီးသည် ရွေးချယ်ထားသော ဆန္ဒပြင်းပြသည့် စစ်မှုထမ်းများနှင့် စစ်စခန်းများနှင့်အတူ ပူးပေါင်းလျက် ဆောင်ရွက်နေသော ဘုန်းကြီးကျောင်းများ၏ တာဝန်ခံ ဖြစ်ပါသည်။ ဂျောင်းအမ်း (Joong-ang) သံဃာ့တက္ကသိုလ်[4]နှင့် ဒေါင်းဂုခ် (Dongguk) တက္ကသိုလ်[5] နှစ်ခုတို့၏ အကူအညီနှင့်အတူ အသင်းဝင်ဘုန်းကြီးသည် ရည်ရွယ်ချက်ကြီးမားသော စစ်တပ်ဝန်ထမ်းဘုန်းကြီးများအား ပညာပေးခြင်းအတွက်လည်း တာဝန်ရှိသူ ဖြစ်ပါသည်။ ထို့အပြင် ၎င်းသည် ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းကြီးအမှုထမ်းခြင်းနှင့်သက်ဆိုင်သော ဖတ်ရှုစရာများနှင့်စာအုပ်ငယ်များကို ထုတ်ဝေသူ ဖြစ်ပါသည်။

စစ်တပ်ဘုန်းကြီးအမှုထမ်းခြင်းသည် လုံးဝအရပ်သား သို့မဟုတ် အရပ်သားတစ်ပိုင်း ဖြစ်သည့် နိုင်ငံအချို့နှင့် ဆန့်ကျင်ကွဲလွဲသည်မှာ တောင်ကိုရီးယားတွင် နိုင်ငံတော်အစိုးရ၏ညွှန်ကြားချက်အရ ဤအမှုထမ်းခြင်းကို ထိန်းသိမ်းထားခဲ့ပါသည်။ ထို့ကြောင့် ချိုဂျီဂိုဏ်းတွင် ဘုန်းကြီးများအဖြစ် ၎င်းတို့၏အဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားလျက် တစ်ချိန်တည်းတွင် ခန့်အပ်တာဝန်ပေးခံရသော ဗုဒ္ဓဘာသာဝင် ရဟန်းများနှင့် ရဟန်းမများ[6] သည် စစ်မှုထမ်းများ ဖြစ်ကြပါသည်။ စစ်တပ်ဘုရားကျောင်းများသည် အသင်းဝင်ဘုန်းကြီးတို့ဖြင့် လုပ်ဆောင်နေ

ကြပြီး ၎င်းတို့ထဲမှ အချို့သည် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်နှင့်အတူ ဗုဒ္ဓဘာသာဝင်ဒကာများ ထံမှ လှူဒါန်းမှုများဖြင့် ပြီးပြည့်စုံခဲ့ကြသည့်တိုင် တူညီသောပုံစံဖြင့် စစ်တပ်ဘုရားကျောင်းများသည် အခြေခံ အားဖြင့် စစ်ဘက်ဆိုင်ရာဌာနများ ဖြစ်ကြပါသည်။

ဤစာတမ်းအတွက် အခြေခံဇာစ်မြစ်မှာ ခွပ်ခွန်းပိုးဖျောချစ်ပ် (၁၉၉၇ခုနှစ်က စစ်တပ်အသင်းဝင်ရုံးက ထုတ်ဝေသော စစ်တပ်အတွက် အခြေခံဗုဒ္ဓဘာသာအဆုံးအမများ၊ *EBTAF* စစ်ဘက်ဆိုင်ရာဘုန်းတော်ကြီးအသင်း ရုံး၊ ၁၉၉၇ - Essential Buddhist Teachings for the Armed Foreces, EBTAF, Office of Military Ordinariate, 1997) တောင်ကိုးရီးယားရှိ စစ်တပ်ဗုဒ္ဓဘာသာဘုရားကျောင်းများတွင် ဖြန့်ဝေခဲ့သည့် စာအုပ်ငယ် ဖြစ်ပါသည်။ *EBTAF* သည် ၎င်းတို့၏တိုင်းပြည်အတွက် ၎င်းတို့ အမှုထမ်းဆောင်နေစဉ်အတွင်း ဗုဒ္ဓဘာသာ တရားဓမ္မ အဆုံးအမ များကို လိုက်နာရန် ဆန္ဒရှိသော ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းများအတွက် လမ်းညွှန်စာအုပ် ဖြစ်ပါသည်။ ဤလမ်းညွှန် စာအုပ်ကို ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းကြီးအသင်းရုံးကပြုစုပြီး တောင်ကိုးရီးယား၏ အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဝေခဲ့ပါသည်။ ၁၉၇၂ခုနှစ်တွင် ပထမဆုံး အုပ်ရေ ၁၀၀၀ကို ပုံနှိပ်ခဲ့ပါသည်။[7] ထိုအချိန် ကတည်းက *EBTAF* သည် လွန်ခဲ့သော ဆယ်စုနှစ်ငါးခုအတွင်း ပြင်ဆင်တည်းဖြတ်မှုများကို များစွာ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈ခုနှစ် နောက်ဆုံးထုတ်မှလွဲ၍ စာအုပ်ငယ်အဟောင်းအားလုံးတို့သည် ကွဲပြားခြားနားသော အာဘော်များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သည့် စာမျက်နှာလေးရာကျော် ရှည်သည့်စာအုပ်များ ဖြစ်ပါသည်။ ယင်းတို့တွင် ဗုဒ္ဓဘာသာဓလေ့ထုံးစံများ၊ အဓိကအဆုံးအမတရားဓမ္မများ၊ စစ်မှုထမ်းများအတွက် ဆီလျော်အံကိုက် သော တွေးခေါ်မှုစိတ်နေသဘောထားနှင့် စည်းကမ်းများအပြင် မိမိနိုင်ငံအတွက် မှန်ကန်သော သဘောထားများ ပါဝင်ပါသည်။ ဤဆောင်းပါး၌ ၁၉၉၇၊ ၂၀၀၀၊ ၂၀၁၀နှင့် ၂၀၁၈တို့မှ *EBTAF* မူကွဲများကို ခွဲခြမ်းစိတ်ဖြာလေ့လာထား ပါသည်။

ဤစာအုပ်ငယ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝါဒနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့အကြား အားပြိုင်မှုကို စွဲမြဲခိုင်မာစေပါသည်။ ဘုန်းကြီးများက ရေးသားပြုစုပြီး နိုင်ငံတော်အစိုးရက ခွင့်ပြုထားခဲ့သည့် ဗုဒ္ဓ ဘာသာဝင်တိုက်ပွဲဝင်စစ်သည်များအတွက် လမ်းညွှန်အဖြစ် ယေဘုယျလူသားချင်းစာနာမှုနှင့် မျိုးချစ်စိတ် နှစ်ခုတို့ သည် မလွဲသာမရှောင်သာ ဓားသွားနှစ်ဘက်အလား အတူတကွယှဉ်တွဲတည်ရှိနေကြပါသည်။ ဤအားပြိုင်မှုသည် စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာမှုတို့အား ထည့်သွင်းစဉ်းစားမှုများအကြား ဟန်ချက်ညီမှုပေါ်တွင် အခြေခံသည့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (ဤမှစ၍နောင်တွင် IHL) အတွက် ယထာဘူတပညာဆိုင်ရာ အခြေခံနှင့် အလားတူပြီး စစ်ပွဲတွင်အသုံးပြုသည့် လက်နက်များနှင့် စစ်ပွဲတိုက်ခိုက်ပုံ နည်းလမ်းများနှင့်ပတ်သက်၍ ကန့်သတ်မှုများပြုလုပ်ထားပါသည်။ (Melzer 2019, 17, 18) ထို့ကြောင့် ဤနှစ်ခု အား နှိုင်းယှဉ်ထားသော ခွဲခြမ်းစိတ်ဖြာလေ့လာမှုသည် ၎င်းတို့၏ စွမ်းရည်နှင့် အပြန်အလှန်ဖြည့်ဖက်ဖြစ်မှုတို့ကို ဖော်ထုတ်ပေးနိုင်ပါသည်။[8]

ဤလေ့လာမှုသည် ယင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေဆိုထားပါသည် - (၁) *EBTAF* တွင် အလေးထားဖော်ပြသည်မှာ မည်သည့် ဗုဒ္ဓဘာသာအဆုံးအမမျိုး ဖြစ်သနည်း။ (၂) *EBTAF* တွင် IHL နှင့် ချိန်ညှိမှုကို ဗုဒ္ဓဘာသာတန်ဖိုးများက ထောက်ခံအားပေးပါသလား။ (၃) *EBTAF* တွင် အတူတကွ ကိုင်တွယ် ဖြေရှင်းထားသော ဗုဒ္ဓဘာသာနှင့် မျိုးချစ်စိတ်တို့၏ အပေါ်ယံအမြင်အားဖြင့် ညှိ၍မရသော လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တန်ဖိုးထားမှုများသည် မည်သို့ ရှိပါသနည်း။ (၄) *EBTAF* သည် ကျမ်းစာ၌ပါသော ဗုဒ္ဓဘာသာနှင့် လက်တွေ့အရှိတရား ဗုဒ္ဓဘာသာတို့အကြား ကွာဟချက်ကို မည်သို့ထင်ဟပ်ဖော်ပြပြီး ပြေလည် အောင် ညှိပေးပါသနည်း။ (၅) လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းများ၏ ဗုဒ္ဓဘာသာနှင့် လူသားချင်းစာနာမှုတို့အား နားလည်သဘောပေါက်မှုအရ *EBTAF* တွင် မည်သည့် ပါဝင်ပတ်သက်မှု များ ရှိပါသနည်း။ ဤမေးခွန်းများကို ဖြေဆိုခြင်းဖြင့် ဤလေ့လာမှုသည် တောင်ကိုးရီးယားရှိ ဗုဒ္ဓဘာသာဝင်စစ်တပ် ၏ ရှင်သန်မှုဘဝများထဲတွင် ခွဲခြားမှုမရှိခြင်းနှင့် ခွဲခြားခြင်းတို့အား မည်သို့ အတူတကွ ထားရှိပြီး အတည်ပြုထား သည်ကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြင့် ဗုဒ္ဓဘာသာဝင်များ၏ ရှင်သန်နေသောလက်တွေ့အရှိတရားအား နားလည် သဘောပေါက်ရေး၌ ပါဝင်ကူညီပေးရန် ကြိုးပမ်းပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဤသုတေသနသည် ဗုဒ္ဓဘာသာဝင်

စစ်တပ်ဘုန်းတော်ကြီးအမှုထမ်းခြင်းနှင့် IHL ကို ကျင့်သုံးသူများ အကြား နောက်ထပ် ထိတွေ့ဆက်ဆံမှုတို့ကို ဖွင့်လှစ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့် ပါသည်။

## *EBTAF* ကို ခြုံငုံသုံးသပ်ခြင်း

*EBTAF* သည် စစ်ဘက်ဆိုင်ရာအခြေအနေများ၌ တိုက်ပွဲကြိုတင်ပြင်ဆင်မှုမှသည် ဗုဒ္ဓဘာသာဝင် နေ့စဉ် ကျင့်သုံးမှု အလေ့အထအထိ ဗုဒ္ဓဘာသာဝင်တစ်ဦး၏ဘဝအား ရှုထောင့်အမြင်အမျိုးမျိုးမှ ကိုင်တွယ်ဖြေရှင်းထားသည့် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များအတွက် လက်စွဲ ဖြစ်ပါသည်။ မာတိကာတွင် ကိုးရီးယားနှင့် ရှေးဟောင်း တရုတ်ဘာသာတို့ဖြင့် ရေးသားထားသော မဟာယာနနှင့် အစောပိုင်းဗုဒ္ဓဘာသာအဆုံးအမတရားတော်များ နှစ်ခုလုံးမှ ကျမ်းရင်းဆိုင်ရာ စာပေသီကုံးဖွဲ့နွဲ့မှုများ ပါဝင်ပါသည်။ ကျမ်းရင်းလာမဟုတ်သော အစိတ်အပိုင်းတို့ကို မျက်မှောက်ခေတ် ကိုရီးယားဘာသာဖြင့်သာ ပေးထားပြီး ၎င်းတို့၌ ကိုးရီးယားဗုဒ္ဓဘာသာဝင်စစ်သည်တို့အတွက် အံဝင်ခွင်ကျပြုစုထားသော နေ့စဉ်ဘဝအတွက် ကျမ်းစာအစိတ်အပိုင်းတို့၏ရှင်းလင်းဖော်ပြချက်များနှင့် ဘာသာပြန်ဆိုချက်များ သို့မဟုတ် လမ်းညွှန်များ ပါဝင်ပါသည်။

၁၉၉၇ခုနှစ်တွင် ထုတ်ဝေခဲ့သည့် *EBTAF* တွင် အခန်း ၁၀ခန်းနှင့် စာမျက်နှာ ၇၀၀ကျော် ပါဝင်ပြီး ၂၀၀၀ ပြည့်နှစ်ထုတ် မူကွဲ၌ အခန်းခြောက်ခန်းနှင့် စုစုပေါင်း စာမျက်နှာ ၄၈၀ ပါဝင်ကာ ၂၀၁၀ပြည့်နှစ်ထုတ် မူကွဲ၌ အခန်း ခြောက်ခန်းနှင့် စုစုပေါင်းစာမျက်နှာ ၄၃၈ခု ပါဝင်ပါသည်။ ၂၀၁၈ခုနှစ်မှ နောက်ဆုံး ပြင်ဆင်ချက်တွင် အခန်းသုံးခန်း နှင့် စုစုပေါင်းစာမျက်နှာ ၉၅ခု ပါဝင်ပါသည်။ ဘုန်းကြီးအသင်းတွင် ပညာရေးဆိုင်ရာ ညွှန်ကြားရေးမှူး၏ အဆိုအရ နောက်ဆုံးထုတ် *EBTAF* အား ဖြည့်စွက်ရန် နောက်ထပ် စာအုပ်သုံးအုပ်ဖြစ်သည့် - စစ်မြေပြင်များတွင် ဗုဒ္ဓဘာသာဝင် ဓလေ့ထုံးစံများ စုစည်းမှု၊ လူငယ်စစ်သည်များအတွက် ဗုဒ္ဓဘာသာသုတ္တန်များ၊ ဓလေ့ထုံးစံများနှင့် ဆုတောင်းသူများအတွက်လက်စွဲ - တို့ကို စီစဉ်ထားပါသည်။[9] ၂၀၁၈ ခုနှစ် မတိုင်မီက ပြင်ဆင်ချက်အများအပြားရှိသော်လည်း လွန်ခဲ့သောဆယ်စုနှစ်များစွာအတွင်း *EBTAF* ၏ မာတိကာများမှာ အရေးမပါသော ဖွဲ့စည်းမှုအပြောင်းအလဲများမှ လွဲ၍ အတူတူပင် ဖြစ်ပါသည်။ *EBTAF* ၏ မူကွဲလေးခု၏ အခန်းများစာရင်းကို ဇယား(၁)ဖြင့် ပေးထားပါသည်။

**ဇယား ၁**၊ လက်နက်ကိုင်တပ်ဖွဲ့အတွက် အခြေခံကျသော ဗုဒ္ဓဘာသာ အဆုံးအမများ (EBTAF) ၏ မူကွဲလေးမျိုး၏ မာတိကာများ

| ၁၉၉၇ | ၂၀၀၀ | ၂၀၁၀ | ၂၀၁၈ |
|---|---|---|---|
| ၁။ ဗုဒ္ဓဘာသာ အခမ်းအနားများ<br>၂။ နေ့စဉ်ဘဝအတွက် လမ်းညွှန်များ<br>၃။ ရဟန်းတော်များအတွက် ဆုတောင်းများ<br>၄။ အားလုံးအတွက် ဆုတောင်းများ<br>၅။ ဗုဒ္ဓဘာသာဝင်တို့၏ ကျင့်ဝတ်ထုံးတမ်းလောကဝတ်များ<br>၆။ ရိုးရာဓလေ့များ<br>၇။ ဗုဒ္ဓဘာသာအဆုံးအမများ<br>၈။ ရွတ်ဆိုပူဇော်မှုအတွက် သုတ္တန်များ<br>၉။ ဗုဒ္ဓဘာသာ စစ်တပ်ဘုရားကျောင်းများ၏ စစ်ဆင်ရေး စည်းကမ်း<br>၁၀။ ဗုဒ္ဓဘာသာ ဓမ္မတေးများ | ၁။ ဗုဒ္ဓဘာသာ အခမ်းအနားများ<br>၂။ ဆုတောင်းများ<br>၃။ ဗုဒ္ဓဘာသာ အဆုံးအမများ<br>၄။ ရွတ်ဆိုပူဇော်မှုအတွက် သုတ္တန်များ<br>၅။ ဗုဒ္ဓဘာသာကျင့်သုံးမှုအတွက် လမ်းညွှန်များ<br>၆။ ဗုဒ္ဓဘာသာ ဓမ္မတေးများ | ၁။ ဗုဒ္ဓဘာသာ အခမ်းအနားများ<br>၂။ ဆုတောင်းများ<br>၃။ ဗုဒ္ဓဘာသာ အဆုံးအမများ<br>၄။ ဗုဒ္ဓဘာသာနှင့် စတင်မိတ်ဆက်ခြင်း | ၁။ ဗုဒ္ဓဘာသာ အခမ်းအနားများ<br>၂။ ရွတ်ဆိုပူဇော်မှုအတွက် သုတ္တန်များ<br>၃။ ဗုဒ္ဓဘာသာ အခြေခံ အသိပညာ |

၂၀၀၀ပြည့်နှစ်နှင့် ၂၀၁၀ပြည့်နှစ် မူကွဲများတွင် ၁၉၉၇ခုနှစ် မူကွဲပါ အခန်း(၃)နှင့် အခန်း(၉)တို့ကို ဖယ်ထုတ်ခဲ့ပါသည်။ ဤမူကွဲနှစ်မျိုး၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် မာတိကာသည် အခန်း(၄)၏ ခေါင်းစဉ်တွင် အပြောင်းအလဲများရှိသော်လည်း ကြီးကြီးမားမား ခြားနားမှုမရှိပေ။ ၂၀၁၀ပြည့်နှစ် မူကွဲတွင် ရွတ်ဖတ်မှုများအတွက် သုတ္တန်များနှင့် အခြေခံကျသော ဗုဒ္ဓဘာသာအဆုံးအမတရားတော်များကို "ဗုဒ္ဓဘာသာကို စတင်မိတ်ဆက်ခြင်း" ခေါင်းစဉ်အောက်တွင် အတူတကွ အသေးစိတ်ရှင်းပြချက်နှင့်အတူ ထားရှိပါသည်။

အခန်း(၁)ရှိ မာတိကာများအကြား - ဗုဒ္ဓဘာသာအခမ်းအနားများ၊ သေဆုံးသူတို့အတွက် ဗုဒ္ဓဘာသာ ဓလေ့ထုံးစံတို့မှာ မှတ်သားစရာကောင်းပါသည်။ ၎င်း၏အခန်းခွဲများတွင် ဗုဒ္ဓဘာသာ သီလယူခြင်းအတွက်လည်းကောင်း၊ ဗုဒ္ဓဘာသာဥပုသ်သီလစောင့်ထိန်းခြင်းနေ့များ (Skt. ဥပဝသထ၊ Ch. busa 布薩) အတွက် အခမ်းအနားများကဲ့သို့သော အကြောင်းအရာခေါင်းစဉ်များ ပါဝင်ပါသည်။ ဆုတောင်းခြင်းအခန်းတွင် အမှုထမ်းစဉ်အတွင်း သည်းခံမှုနှင့် မဆုတ်မနစ်သောဇွဲလုံ့လဝီရိယအတွက် ဆုတောင်းခြင်းများ၊ ရဲစွမ်းသတ္တိအတွက် ဆုတောင်းခြင်းများ၊ သင်တန်းပေးလေ့ကျင့်နေသောစစ်သည်များအတွက် ဆုတောင်းခြင်းများ၊ စစ်ဆင်ရေးမဆောင်ရွက်မီ ဆုတောင်းခြင်းများနှင့် စစ်လေယာဉ်များမစေလွှတ်မီ ဆုတောင်းခြင်းများ အပါအဝင် စစ်တပ်က လိုအပ်နိုင်သည့် မတူကွဲပြားသော ဆုတောင်းခြင်းများကို စာဖတ်သူများ တွေ့ရှိနိုင်ပါသည်။

အခန်း(၃)နှင့် အခန်း(၄)တို့တွင် ဗုဒ္ဓဘာသာအဆုံးအမတရားတော်များနှင့် အဓိကသုတ္တန်များကို မာတိကာအား ရေးမူ တရုတ်နှင့် ကိုးရီးယားဘာသာတို့ဖြင့် ရှင်းပြချက်များနှင့်အတူ မိတ်ဆက်ထားပါသည်။ ဥပမာအားဖြင့် အခန်းခွဲများတွင် ကြာပန်းသုတ္တန် (Skt. သဒ္ဓမ္မပုဏ္ဍရိကသုတ် Ch. miaofa lianhua jing 妙法蓮華經)၊ ပန်းကုံးသုတ္တန် (Skt. အဝတံသကသုတ် Ch. dafangguang fohuayan jing 大方廣佛華嚴經) နှင့် စိန်သုတ္တန် (Skt. ဝဇိရဆေဒကပညာပါရမိတသုတ် Ch. jingang banruo boluomi jing 金剛般若波羅蜜經) တို့ကဲ့သို့သော အဓိက မဟာယာနဗုဒ္ဓဘာသာသုတ္တန်များကို မိတ်ဆက်ပေးထားပါသည်။ လူကြီးမိဘများအား မေတ္တာထားလေးစားမှုသုတ္တန် (Sūtra of *Filial Piety*) (Ch. fumu enzhong jing 父母恩 重經) ကဲ့သို့သော အစစ်အမှန်ဟုဒွိဟဖြစ်ဖွယ် ကျမ်းစာများလည်း အခန်း(၄)၌ ပါဝင်ပါသည်။ အခန်း(၅) - ဗုဒ္ဓဘာသာဝင် ကျင့်သုံးမှုအလေ့အထအတွက် လမ်းညွှန်ချက်များတွင် နေ့စဉ်ဘဝ၌ ဗုဒ္ဓဘာသာအား ကျင့်သုံးမှုနှင့်ပတ်သက်၍ လက်တွေ့ကျသော လမ်းညွှန်ချက်များကို စာဖတ်သူတို့ တွေ့ရှိနိုင်ပါသည်။ စာဖတ်သူတို့ကို အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာဘုရားကျောင်းသို့ ဝင်ရောက်ရန်နှင့် ဗုဒ္ဓဘုရားရှင်ကိုလှူဒါန်းရန် မှန်ကန်သောနည်းလမ်းအပါအဝင် လုပ်ဆောင်မှုစည်းမျဉ်းများနှင့် ပတ်သက်၍ အသိပေးထားပါသည်။

အခန်း(၆) - ဗုဒ္ဓဘာသာဓမ္မတေးသီချင်းများတွင် ဓမ္မတေး(၂၉)ပုဒ်နှင့် ဂီတစာရွက်တွင် ဂီတသင်္ကေတအပြည့်နှင့် သီချင်းစာသားတို့နှင့်အတူ တောင်ကိုးရီးယားနိုင်ငံ အမျိုးသားသီချင်းတို့ ပါဝင်ပါသည်။ ဓမ္မတေးများ၏ အဓိကတေးသွားတွင် ဓမ္မစည်တော်များတီးမှုတ်ခြင်းနှင့် ဗုဒ္ဓဘာသာဝင်စစ်သည်အသစ်များကို ကြိုဆိုခြင်းတေးသွားများ ပါဝင်ပါသည်။ ဓမ္မတေးလေးပုဒ်သည် သေဆုံးမှုနှင့် အသုဘအခမ်းအနားတို့နှင့် ဆက်စပ်နေကြောင်း မှတ်သားရပါသည်။

### ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များ၏ စံနမူနာပြလက္ခဏာနှင့် ၎င်းတို့၏ IHL အား လိုက်နာမှု

*EBTAF* ၏ မူကွဲများအားလုံးတွင် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များအား ၎င်းတို့၏ အမှုထမ်းနေစဉ်ကာလအတွင်း စိတ်ကိုတည်ငြိမ်အောင်ထားရန်နှင့် ကရုဏာထားရန် တိုက်တွန်းထားပါသည်။ *EBTAF* တွင် ဆုတောင်းခြင်းနှင့် ဗုဒ္ဓဘာသာအဆုံးအမတရားတော်များသည် စစ်စခန်းများတွင် ဗုဒ္ဓဘာသာကျင့်သုံးမှုမှတဆင့် ၎င်းတို့အား ကောင်းမွန်သောစိတ်နေသဘောထားများ အထူးသဖြင့် ခွဲခြားမှုမရှိခြင်း၊ ကရုဏာတရားနှင့် တစ်ကိုယ်ကောင်းဆန်မှုမရှိခြင်းတို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်သက်လိုလားအပ်သော ကိုယ်ရည်ကိုယ်သွေးလက္ခဏာများ ပျိုးထောင်ရေး

ကို ကူညီပေးရန် ရည်ရွယ်ပါသည်။ တစ်ပါးသူများ၏ပျော်ရွှင်မှုကို ထည့်သွင်းစဉ်းစားမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကိုလည်း မကြာခဏ ဆွေးနွေးလေ့ရှိပါသည်။ ဥပမာအားဖြင့် ဗြဟ္မဝိဟာရ စိတ်လေးပါး (Skt. အပ္ပမာဏာ၊ Ch. si wuliang xin 四無量心) ၏ ဆိုလိုရင်း အဓိပ္ပါယ်နှင့် ပါဝင်ပတ်သက်မှုများကို အောက်ပါအတိုင်း မိတ်ဆက်ပေးထားပြီး အပြည့်အစုံ ရှင်းပြထားပါသည် -

> ဗုဒ္ဓဘာသာအဆုံးအမများသည် မိမိအတွက်နည်းတူ အခြားသူများအတွက် ကောင်းကျိုးဆောင်ပေးခြင်းဖြင့် ဗုဒ္ဓဘာသာကျင့်သုံးမှုအား အဆုံးစွန် ပြီးပြည့်စုံမှုဆီသို့ ရောက်ရှိရန် လူတစ်ဦးတွင် အခြားသူများနှင့် ပတ်သက်ဆက်နွယ်မှုရှိခြင်းအပေါ် အလွန် အလေးထားပါသည်။ လူတစ်ဦးသည် အောက်ဖော်ပြပါ ဗြဟ္မဝိဟာရလေးပါးနှင့်အတူ အခြားသူများနှင့် အပြန်အလှန်ဆက်ဆံရပါမည် -
>
> ၁။ ချစ်ခင်ကြင်နာခြင်း မေတ္တာတရား - Cha muryangshim (ချစ်ခြင်း-ကြင်နာခြင်း၊ Skt. မေတ္တာ၊ Ch. ci wuliang xin 慈無量心) — ချစ်ခင်ခြင်း၊ ကြင်နာခြင်းသည် လူတိုင်းကို အကျိုးပြုလိုသောစိတ် စေတနာ နှင့် နွေးနွေးထွေးထွေး ပြုမူဆက်ဆံခြင်း ဖြစ်ပါသည်။
>
> ၂။ ကရုဏာတရား - Pi muryang shim (ကြင်နာသနားခြင်း၊ Skt. ကရုဏာ၊ Ch. bei wuliang xin 悲無量心) — ကရုဏာတရားဟူသည် တစ်စုံတစ်ဦး၏ အခက်အခဲဆင်းရဲများကို မိမိ၏ကိုယ်ပိုင် အခက်အခဲဆင်းရဲအဖြစ် ခံယူခြင်း ဖြစ်ပါသည်။ ဤစိတ်သည် ကျွန်ုပ်တို့အား ဆင်းရဲဒုက္ခခံစားနေရ သော သက်ရှိသတ္တဝါများအပေါ် ကရုဏာတရားကို ခံစားစေပါသည်။
>
> ၃။ မုဒိတာ - Hŭi muryang shim (ဝမ်းမြောက်ခြင်း၊ Skt. မုဒိတာ၊ Ch. xi wuliang xin 喜無量心) — ဤစိတ်ထားသည် ကျွန်ုပ်တို့အား အခြားသူများအတွက် မနာလိုဝန်တိုမှုအလျဉ်းမရှိဘဲ ပျော်ရွှင် မှုရှိစေရန် ကူညီပါသည်။
>
> ၄။ ဥပေက္ခာ - Sa muryang shim (လျစ်လျူရှုခြင်း၊ Skt. ဥပေက္ခာ၊ Ch.she wuliang xin 捨無量心) — လျစ်လျူရှုခြင်းနှင့်အတူ ကျွန်ုပ်တို့သည် မည်သူ့ကိုမဆို မိတ်ဆွေ သို့မဟုတ် ရန်သူဟုမခွဲခြား။ ကျွန်ုပ်တို့သည် မည်သည့်အရာနှင့်မျှ တွယ်တာငြိကပ်ခြင်းမရှိ သို့မဟုတ် စွဲလမ်းခြင်းမရှိဘဲ မျှတပါသည်။
>
> ဗုဒ္ဓဘာသာသည် - chabi - နူးညံ့နွေးထွေးခြင်းဟု အဆုံးစွန် ဆိုကြပါသည်။ (Ch: cibei 慈悲) နူးညံ့ နွေးထွေးမှုဟူသည် အမှန်စင်စစ် ဗြဟ္မဝိဟာရလေးပါးတွင် အထက်၌ရှင်းပြခဲ့သော ပထမနှင့် ဒုတိယစိတ်များဖြစ်သည့် မေတ္တာနှင့် ကရုဏာတို့၏ အပေါင်းအစု ဖြစ်ပါသည်။ တနည်းအားဖြင့် chabi သည် မိမိကိုယ်နှင့်ယှဉ်ထားပြီး အခြားသူများအား နူးညံ့မှုနှင့် နွေးထွေးမှုတို့နှင့်အတူ ပြုမူဆက်ဆံသည့် စိတ်နေသဘောထားကို ရည်ညွှန်းပါသည်။ (EBTAF 2010, 302-303)

ရန်သူနှင့်မိတ်ဆွေအကြား ခွဲခြားမှုကို ယင်းက ဆန့်ကျင် အငြင်းပွားထားသောကြောင့် *EBTAF* တွင် ဥပေက္ခာအား အနက်အဓိပ္ပါယ်ကောက်ယူသည့် နည်းလမ်းမှာ မှတ်သားဖွယ်ရာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ဗြဟ္မဝိဟာရလေးပါးဖြင့် ချီးကျူးထားသော သူတော်ကောင်းတရားတို့ကို *EBTAF* တွင် အပြည့်အဝ ရည်ညွှန်းကိုးကားပြီး ဘာသာပြန်ဆိုထားသည့် ပုပ္ဖဥယျာနသုတ်[10] (ပန်းကုံးသုတ္တန်) ပါ ကိုယ်ကျင့်သီလဆယ်ပါး နည်းလမ်းဖြင့် ထပ်မံ၍ ထင်ရှားစေပါသည်။ အထက်ပါ ဥပေက္ခာအား အနက်အဓိပ္ပါယ်ကောက်ယူခြင်းကဲ့သို့ အောက်ဖော်ပြပါ တွယ်တာကပ်ငြိမှုမရှိခြင်းနှင့်သက်ဆိုင်သော စာပိုဒ်သည် ယင်း၏ ဥပေက္ခာစိတ်ထားနှင့် ခွဲခြားမှုမရှိခြင်းအပေါ် ယင်း၏ အလေးထားမှုတွင် IHL ၏ အဓိက ပင်ကိုအရည်အချင်းများနှင့်အတူ ပဲ့တင်ပြန်စေပါသည် -

> ဘုရားလောင်းတို့၏ တွယ်တာမှုသံယောဇဉ်ကင်းခြင်းကို ကျွန်ုပ်တို့ မည်သို့ ခေါ်သနည်း။[11]
>
> ဤလောက၏ ညစ်ညမ်းမှုသည် ဘုရားလောင်းတို့တွင် အမှန်းတရားဒေါသကို နှိုးဆွခြင်းမရှိ။ ...

ဤသည်မှာ ဘုရားလောင်းတို့သည် အရာရာတိုင်းကို ဗုဒ္ဓ ဓမ္မအဖြစ် ရှုမြင်သောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ အရာရာတိုင်းသည် ဖြူစင်သည်ချည်းလည်းမဟုတ်၊ မည်းညစ်သည်ချည်းလည်း မဟုတ်။ လင်းသည်ချည်းလည်းမဟုတ်၊ မှောင်သည်ချည်းလည်းမဟုတ်။ သစ္စာချည်းလည်း မဟုတ်၊ မုသားချည်းလည်းမဟုတ်။ သက်သာချောမွေ့နေသည်ချည်းလည်းမဟုတ်၊ ရုန်းကန်နေရသည်ချည်းလည်း မဟုတ်။ အမှန်ချည်းလည်းမဟုတ်၊ အမှားချည်းလည်းမဟုတ်ပေ။

ဘုရားအလောင်းတို့သည် ငါဟူ၍လည်း စွဲယူသောဒိဋ္ဌိမရှိ။ ငါ့ဥစ္စာဟူ၍လည်း စွဲယူသော တဏှာ မရှိ။ ဖြစ်တည်ပျက်ခဏတာလေးမျှဖြင့် တည်ရှိနေသော ကမ္ဘာလောကတွင်ဖြစ်စေ၊ မိမိ၏ ကိုယ်ကာယတွင်မှုလည်းဖြစ်စေ၊ ဓမ္မအပေါ်မှာပင်ဖြစ်စေ၊ အတွေးအပေါ်မှာဖြစ်စေ၊ ဆန္ဒအပေါ်မှာ ဖြစ်စေ၊ သမာဓိအပေါ်မှာဖြစ်စေ၊ ဈာန်အပေါ်မှာဖြစ်စေ၊ ဘုရားအလောင်းတို့သည် တပ်မက်ခြင်း ကို မထားကြပေ။

ဘုရားအလောင်းတော်တို့သည် အရာအားလုံးအပေါ် အတ္တဇီဝမဟုတ်ဟု သိမြင်၍ သတ္တဝါအားလုံး လွတ်မြောက်ရေးအတွက်သာ ကြီးစွာသော မဟာကရုဏာကို ပွားများထားရှိကြလေ၏။ … ဘုရားအလောင်းတော်တို့သည် ၎င်းတို့၏ အပြုအမူများကြောင့်လည်း ညစ်နွမ်းမသွားပေ။ … ဘုရားအလောင်းတော်တို့သည် လူ့လောကတွင် ရှင်သန်တည်နေကြသော်လည်း လောကီလူ့ဘုံ ကို ကျော်လွန်တော်မူကြလေ၏။ ဤဆိုအပ်ပြီးသမျှသည်ကား ဘုရားအလောင်းတော်များ၏ မတပ်မက်ခြင်း ကျင့်စဉ်ပေတည်း။ (EBTAF 2000, 314–315)

ဤသို့ ကောင်းစွာတည်သော ဗုဒ္ဓဘာသာအရည်အသွေးများဖြစ်သည့် ကရုဏာ၊ ခွဲခြားမှုမရှိခြင်းနှင့် ဥပေက္ခာတရားတို့သည် ဖြဟ္မဝိဟာရစိတ်လေးပါးနှင့် *EBTAF* တွင် ဖော်ပြထားသော တွယ်တာတပ်မက်မှုသံယောဇဉ်ကင်းသည့် ဘုရားအလောင်းတို့၏ကျင့်စဉ်များတွင် ရောင်ပြန်ဟပ်နေပါသည်။ ဤဗုဒ္ဓဘာသာဝင်တို့၏ ပြင်းပြသောဆန္ဒများကို *EBTAF* ပါ မကြာခဏ ရွတ်ဆိုလေ့အရှိဆုံး ဆုတောင်းများထဲမှ တစ်ခုအတွင်းသို့ လမ်းကြောင်းဖော်ပေးပါသည်။ ဤဆုတောင်းတွင် စစ်သည်များအား အမှုထမ်းစဉ်အတွင်း ကရုဏာ၊ မေတ္တာနှင့် မခွဲမခြားတသားတည်းစိတ်ထား ရှိနေစေရန် တိုက်တွန်းအားပေးပါသည်။

ဆုတောင်းခြင်း နှစ်[12]

ငါသည် အံ့ချီးဖွယ်ရာ ဆရာအစစ်အမှန်ဖြစ်သော ဗုဒ္ဓအား ရိုသေလေးမြတ်စွာ ရှိခိုးပါ၏။ …

ငါ့တာဝန်နှင့် ငါ့အနီးဝန်းကျင်ရှိလူတိုင်းကို ကျေးဇူးသိတတ်ရန် ဆန္ဒရှိပါ၏။

ငါ၏ပျော်ရွှင်မှုထက် အခြားသူများ၏ပျော်ရွှင်ဝမ်းမြောက်မှုအတွက် ငါ ဆုတောင်းပေးအံ့။

ငါသည် ငါ့မိသားစု၊ ငါ့ရဲဘော်ရဲဘက်များနှင့် သက်ရှိခပ်သိမ်းတို့၏ ပျော်ရွှင်ချမ်းမြေ့မှုအတွက် သတ္တဝါခပ်သိမ်းနှင့် ငြိမ်းချမ်းမှုကို မေတ္တာဖြင့်ကာကွယ်စောင့်ရှောက်ပေးသူ ဖြစ်ရပါလို၏။

ငါ၏ တပ်ဖွဲ့ဝင်စစ်သည်တော်အားလုံး လုံခြုံဘေးကင်းကြပါစေ၊ မိသားစုတို့အကြား သဟဇာတ ညီညွတ်မှုရှိကြပါစေ။

ကမ္ဘာလောကကြီးတစ်ခုလုံး ဖြူစင်သန့်ရှင်းသောဘုံဌာနဖြစ်စေရန်အတွက် ငါသည် ငြိမ်းချမ်းမှုသို့ တက်လှမ်းရာ၌ လှေကားတစ်ထစ် ဖြစ်ရပါလို၏။ (EBTAF 2018, 20-21)

အထက်ပါ ဆုတောင်းလင်္ကာတွင် တွေ့ရှိရသော တန်ဖိုးများသည် IHL ၏ အဓိက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလေးထားမှုများနှင့် ကိုက်ညီနေပေသည်။ ဥပမာအားဖြင့် IHL အရ “ရန်သူ့လက်တွင်း ကျရောက်သွားသူအားလုံးသည် ၎င်းတို့၏ရာထူးအဆင့်အတန်းနှင့် ယခင်ထမ်းဆောင်ခဲ့သောတာဝန် သို့မဟုတ် လုပ်ဆောင်ခဲ့မှုများနှင့်မသက်ဆိုင်ဘဲ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ရာဘာသာ သို့မဟုတ် ယုံကြည်မှုတို့ပေါ်အခြေခံသည့် မည်သို့

သော ဆိုးကျိုးဖြစ်စေသည့်ခွဲခြားမှုမျှမပါရှိဘဲ လူသားဆန်သော ပြုမူဆက်ဆံမှုကို ရထိုက်ခွင့်ရှိပါသည်"။ (Melzer 2019, 20)[13] ထို့ကြောင့် IHL ၌ ခွဲခြားမှုမရှိသော လိုအပ်ချက်အရသာ ဦးစားပေးရမည့် ပြုမူဆက်ဆံမှုကို ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကယ်ဆယ်ရေးတို့နှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်တွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။[14]

IHL သည် လက်နက်ကိုင်ပဋိပက္ခအတွင်း သေဆုံးသွားသူ၏ဂုဏ်သိက္ခာ အပါအဝင် လူ့ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းပေးထားပါသည်။ ယင်းသည် သေဆုံးသူများနှင့်ပတ်သက်၍ လုပ်ဆောင်ရမည့်တာဝန်များကို သတ်မှတ်ပေးသည့်အပြင် သေဆုံးသူများ၏ ရုပ်ကြွင်းများအား လေးစားသမှုရှိကြောင်းကို သေချာစေရန်နှင့် ၎င်းတို့အား ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း သို့မဟုတ် ၎င်းတို့ထံမှပစ္စည်းများကိုလုယက်ယူငင်ခြင်း သို့မဟုတ် လုယက်တိုက်ခိုက်ခြင်းတို့ မလုပ်စေရေးအတွက် ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များသည် ဖြစ်နိုင်သော အစီအမံများအားလုံးကို လုပ်ဆောင်ရပါမည်။ (Melzer 2019, 159-160)။[15] *EBTAF* သည် ဤအကြောင်းအရာခေါင်းစဉ်ကို အနီးကပ်အလေးထားအာရုံစိုက်သည့်အပြင် စစ်မှုထမ်းစဉ်အတွင်း သေဆုံးသွားသူများအတွက် ဓလေ့ထုံးစံများ၏ အရေးပါမှုကို အလေးအနက်ထားပါသည်။ ယင်း၏နိဒါန်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ဓလေ့ထုံးစံများ၏ အရေးပါမှုကို အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ အကျိုးဆက်အနေဖြင့် အခန်း(၁)၌ အသုဘအခမ်းအနားများနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းအပြည့်အစုံ ပြဋ္ဌာန်းထားသော ဖော်ပြချက်အများအပြား ပါရှိပြီး နောက်ထပ်ဆုတောင်းခြင်းနှင့် ဓမ္မဂါထာများရွတ်ပွားခြင်းတို့မှာ အခန်း(၂)နှင့်(၆)တို့တွင် ပါရှိပါသည်။ ထို့ကြောင့် *EBTAF* ပါ ဗုဒ္ဓဘာသာအဆုံးအမများ၏ တန်ဖိုးများသည် သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို လေးစားသမှုနှင့် ကြင်နာသမှုတို့ဖြင့် ပြုမူရန်အပြင် IHL နှင့်အညီ လိုက်နာရန် စစ်သည်များအား လမ်းညွှန်ပေးပါသည်။

အချုပ်ဆိုရသော် *EBTAF* တွင် ကရုဏာတရား၊ ခွဲခြားမှုမရှိခြင်းနှင့် ဥပေက္ခာတရားတို့၏ ပါဝင်ပတ်သက်မှုများသည် စစ်ရေးအခြေအနေများအတွင်း ဆင်းရဲဒုက္ခလျော့ပါးသက်သာစေရေးအတွက် နှစ်ခွဖြစ်ပါသည်။

ပထမအချက်မှာ ယင်းတန်ဖိုးများသည် ပါဝင်နေသောစစ်မှုထမ်းများအား အလွန်အမင်း ဆိုးဆိုးရွားရွား စိတ်ခံစားမှုများမှ သက်သာစေနိုင်ပြီး ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးကို အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဒုတိယအချက်မှာ ယင်းတန်ဖိုးများက IHL အား လိုက်နာစေရန် ၎င်းတို့ကို အထောက်အကူပေးပါသည်။

## *EBTAF* တွင် ဝိရောဓိဖြစ်နေသော တန်ဖိုးများ

စစ်ရေးဆိုင်ရာလိုအပ်ချက်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတန်ဖိုးများ နှစ်ခုလုံးကို ထင်ဟပ်ဖော်ပြထားသော စာအုပ်ငယ်အဖြစ် *EBTAF* တွင် ထပ်တိုး ရှုထောင့်တစ်ခုဖြစ်သည့် - အမျိုးသားရေးဝါဒ ဖြစ်ပါသည်။ အခန်းခွဲများစွာက မျိုးချစ်စိတ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသုံးအနှုန်းများကို ထိုတူညီသောစာပိုဒ်တွင် အတွေးအခေါ်ဆိုင်ရာခွဲခြားမှုမရှိဘဲ ထားရှိပြီး ၎င်းတို့၏ ပါဝင်ပတ်သက်မှုစိတ်ကူး သို့မဟုတ် ယင်းသို့သော ထိုနှစ်ခု ရောစပ်ခြင်း သိမြင်မှုကွဲလွဲမှုအား အသိအမှတ်ပြုမှု ဖြစ်နိုင်ပါသည်။ ဥပမာအဖြစ် ဤစာအုပ်ငယ်ပါ ဆုတောင်းသည် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သောအငွေ့အသက်နှင့်အတူ အခြားသူများအား ကြီးမားသော စောင့်ရှောက်မှုနှင့် ကရုဏာထားမှုကို မကြာခဏ ပြသလေ့ရှိပါသည်။

အောက်ပါ ဆုတောင်းသည် ဘေးအန္တရာယ်ကျရောက်နေသော၊ နာမကျန်းဖြစ်နေသောနှင့် ပင်ပန်းနွမ်းနယ်ခြေကုန်လက်ပမ်းကျနေသော စစ်သည်များအတွက် စိုးရိမ်သောကများကို ဖော်ပြနေပါသည်။ တစ်ချိန်တည်းမှာပင် "အမိမြေ"နှင့်သက်ဆိုင်သောခံစားမှုကိုဖိတ်ခေါ်နေသည့် စာပိုဒ်တလျှောက်တွင် မျိုးချစ်စိတ်ရှိသော သဘောထားခံယူချက်များကို အထင်အရှားမြင်နိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်များ၏ စစ်ရေးလှုပ်ရှားလုပ်ဆောင်မှုများအား သမိုင်းကြောင်းအရ တရားဝင်မှုကို ဖြည့်စွက်ပေါင်းထည့်ရန်နှင့်ပတ်သက်၍ ကိုးရီးယားဗုဒ္ဓဘာသာ၏သမိုင်းတွင် အလွန်ရေးကျသော ဝိသေသလက္ခဏာတစ်ခုကိုလည်း ထုတ်သုံးပါသည်။ ဆီလ်လာ (Silla) ခေတ်လယ်ပိုင်းမှ ထင်ရှားသော ရဟန်းတော် ဝန်းဂွမ်း - Won'gwang 圓光 (555–638) သည် ၎င်း၏ဘုရင်အား ထောက်ခံရန်အတွက်

ကွန်ဖြူးရှပ်သူတော်ကောင်းတရားများကို အကျင့်သိက္ခာနှင့်ပတ်သက်သော ဗုဒ္ဓဘာသာအယူအဆများနှင့်အတူ ပေါင်းစပ်ခြင်းဖြင့် ဗုဒ္ဓဘာသာ ငါးပါးသီလသိက္ခာပုဒ်များကို ပြောင်းလဲပညတ်ခဲ့သည်ဟု ယုံကြည်ခဲ့ကြပါသည်။ (Yi 2014, 3)

၎င်းကို ဆီဆော့ခ်အိုကျဲ (လောကီ ပဉ္စသီလ) - sesok o kye 世俗五戒 (five worldly precepts) အမည်ရ ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်စည်းကမ်းကြောင့် လူသိများပါသည်။ ထိုငါးပါးသီလမှာ - sagun ich'ung 事君以忠 (ဘုရင်မင်းမြတ်အား သစ္စာရှိစွာ အမှုတော်ထမ်းခြင်း)၊ sach'in ihyo 事親以孝 (ရိုသေလေးစားစိတ်ဖြင့် မိဘတို့ကို လုပ်ကျွေးပြုစုခြင်း)၊ kyou isin 交友以信 (လူတိုင်းကို ယုံကြည်မှုနှင့် ရင်းနှီးခင်မင်ခြင်း)၊ imjŏn mut'oe 臨戰無退 (စစ်မြေပြင်မှ နောက်မဆုတ်ခြင်း)နှင့် salsaeng yut'aek 殺生有擇 (ချင့်ချိန်နိုင်စွမ်းနှင့် သတ်ဖြတ် ခြင်း) တို့ ဖြစ်ပါသည်။[16] ၎င်း၏ လောကီငါးပါးသီလကို ကိုးရီးယားရှိ နိုင်ငံတော်အစိုးရနှင့် ကိုးရီးယားဗုဒ္ဓဘာသာဝင် သံဃာတော်များတွင် နိုင်ငံတော်အစိုးရကို စစ်ရေးစစ်ရာစွမ်းဆောင်မှုများ၌ပင် အထောက်အကူပေးသည့် ရည်လျား သောသမိုင်းကြောင်းရှိသည်ကို အကြံပြုနေသည့် ဖွဲ့စည်းမှုအခြေခိုင်နေသော ဗုဒ္ဓဘာသာတို့ ပေါင်းဆုံခြင်းနှင့် သက်ဆိုင်သည့် ဟောပြောချက်များတွင် မကြာခဏဆိုသလို ကိုးကားဖော်ပြလေ့ရှိပါသည်။[17]

အရှေ့အာရှတွင် နိုင်ငံရေးနှင့် ဗုဒ္ဓဘာသာတို့၏ ယင်းကဲ့သို့ အတူတကွပေါင်းဆုံခြင်းအား နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သော ဗုဒ္ဓဘာသာ (J.gokoku bukkyō; K. hoguk pulgyo; ဤမှနောင်တွင် SPB ဟု သုံးပါမည်)[18]အဖြစ် မေဂျီ (Meiji) ခေတ် (၁၈၆၈-၁၉၁၂) အတွင်း ဂျပန်လူမျိုး ဗုဒ္ဓဘာသာအထူးပြုလေ့လာသူပညာရှင်များက ဘောင်ခတ်ခဲ့ပါသည်။ (Jorgensen 1997, 209-210) အဲဒတိုရှိအို - Eda Toshio(၁၈၉၈-၁၉၅၇) ကဲ့သို့ ဗုဒ္ဓဘာသာဝင်အသိပညာရှင်များသည် ကိုးရီးယားအား ဂျပန်တို့၏ကျူးကျော်သိမ်းပိုက်မှု (၁၉၁၀-၁၉၄၅) အတွင်း ကိုးရီးယားဗုဒ္ဓဘာသာကိုဖော်ပြရန် ဂိုးခိုခုဘွတ်ခယော (Gokoku Bukkyō) အကျယ်တဝင့်ရေးသားချက်များကို အသုံးချခဲ့ပါသည်။ (Eda 1977, 155–169; Kamada 1987)

ဆင်ဂ်မန်ရီး (Syngman Rhee) နှင့် ပတ်ချုံဟီး (Park Chunghee) (၁၉၄၈-၁၉၇၉) တို့၏ အာဏာရှင်ဆန်သော အစိုးရစနစ်များ၏ သဘောတရားများနှင့်ကိုက်ညီသော အယူအဆအဖြစ် ယင်းသည် အရေးပါမှုကို ပိုမိုတိုးပွားစေခဲ့သည့်အပြင် (Mohan 2006; Sorensen 2008) ၁၉၇၀ခုနှစ်များတွင် ယင်းကို နယ်ပယ်ပေါင်းစုံမှ ကိုးရီးယား ပညာရှင်တို့က သဘောတူလက်ခံခဲ့ကြပါသည်။ (Kim 2007, 10) ထို့ကြောင့် သံဃာများ၏ စစ်ရေးစစ်ရာ ပါဝင်မှုအပေါ် ဝေါင်းဝမ်း၏ စွပ်စွဲထားသော ရပ်တည်ချက်အတွက် ဤအယူအဆကို မကြာခဏဆိုသလို မှတ်ယူထားပါသည်။ အောက်ဖော်ပြပါ ဆုတောင်းတွင် ဝန်းဂွမ်း၏ သီလနှင့်အတူ SPB အယူအဆ ပေါ်ပေါက်လာပါသည်။

စစ်ဆင်ရေးများ မလုပ်ဆောင်မီ ဆုတောင်း

> အို၊ ကရုဏာတရားဖြင့် သတ္တဝါများကို လမ်းမှန်ညွှန်ပြသည့် ချစ်စွာသော မြတ်စွာဘုရား၊ တပည့်တော်တို့၏ နေထိုင်ရာအမိမြေတည်ရှိနေမှုနှင့် တပည့်တော်တို့၏ ခက်ခဲသော လေ့ကျင့်မှုများကြောင့် တပည့်တော်တို့၏ နေထိုင်ရာအမိမြေ၌ ငြိမ်းချမ်းမှုတည်ရှိနေခြင်းကြောင့်သာ တပည့်တော်တို့ ရှင်သန်တည်ရှိနေရကြောင်းကို နားလည်စေရန် တပည့်တော်တို့ကို ဖေးမကူညီတော်မူပါ။
>
> … ပိတ်ဖုံးဆီးတားမှုမရှိသော ဗုဒ္ဓမြတ်စွာ၏ အလွန်ထွန်းလင်းတောက်ပသည့်ဉာဏ်အလင်းကြောင့် အရာအားလုံး အောင်မြင်ပြီးမြောက်စေရန် တပည့်တော်တို့ ကိုယ်တိုင် ကြိုးစားခြင်းဖြင့် ကျော်လွှားခွင့်ပြုပါ။ "စစ်မြေပြင်တွင် နောက်မဆုတ်နှင့်" ဟူသော အရှင်မြတ် ဝန်းဂွမ်း၏ သွန်သင်ချက်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သော စိတ်ဓာတ်၏ ခွန်အားဖြင့် ရဲဘော်ရဲဘက်တိုင်း၏ နှလုံးသား၌ ရှင်သန်ခွင့်ပြုပါ။

... အို၊ အတိုင်းအဆမရှိသည့် သနားခြင်းကရုဏာနှင့် ပညာအလင်းအတွက် လမ်းစဉ်ကို ပြသပေးတော်မူသော ချစ်စွာသော မြတ်စွာဘုရား၊ တပည့်တော်တို့၏စစ်သည်တော်များ၊ တပည့်တော်တို့နောက်တွင်ချန်ထားရစ်ခဲ့ရသော မိဘများနှင့် မွေးချင်းညီအကိုမောင်နှမများအပေါ် မဟာကရုဏာ ဖြန့်ကျက်တော်မူပါ။ တပည့်တော်တို့၏ စွန့်လွှတ်အနစ်နာခံအသက်စတေးမှုများအား တန်ဖိုးရှိ အောင် စောင့်ရှောက်ပေးတော်မူပါ။ လေ့ကျင့်မှုအတွင်း နာမကျန်းဖြစ်ခဲ့ရသော တပည့်တော်တို့၏ နောက်ပါစစ်သည်တော်များကို ကုသပေးတော်မူပါ။ အောင်ပွဲသံများကို တပည့်တော်တို့ ကြားခွင့် ရစေရန် ဘေးအန္တရာယ်ကျရောက်နေသူများနှင့် ပင်ပန်းနွမ်းနယ်ခြေကုန်လက်ပမ်းကျနေသူများ အား ရဲစွမ်းသတ္တိကို ပေးသနားတော်မူပါ။ (EBTAF 2000, 152)

ကိုးရီးယား ဗုဒ္ဓဘာသာဝင်တို့၏ ကွဲပြားခြားနားသည့် ကိုးကားချက်များနှင့် အတွေးအခေါ်များအပြင် *EBTAF* တွင် ဆန့်ကျင်ဘက်ဝိရောဓိဖြစ်နေသောတန်ဖိုးများအား ထင်ဟပ်ဖော်ပြထားသည့် အခြားသော စကားအလင်္ကာ အမျိုးမျိုးကိုလည်း တွေ့ရှိရပါသည်။ အောက်တွင်ဖော်ပြထားသော ဆုတောင်းထဲတွင် "ကျွန်ုပ်တို့၏" စကားလုံး ထပ်တလဲလဲ ပါဝင်နေမှုသည် "၎င်းတို့ကို" ထဲမှ "ကျွန်ုပ်တို့ကို" အား ဝေါဟာရအရ တသီးတခြား ခွဲခြားထားပါသည်။ အပ္ပမာဏ (ဗြဟ္မဝိဟာရ) တရားလေးပါးနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဖော်ပြချက်ကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် စစ်သည်များအား ရန်သူ၊ မိတ်ဆွေ မခွဲခြားရန်နှင့် ထိုသို့ခွဲခြားခြင်းအစား ရန်သူနှင့်မိတ်ဆွေ နှစ်ဘက်လုံးကို မေတ္တာထားရန် တိုက်တွန်းထားသည်ဖြစ်ရာ ဤစကားအလင်္ကာပုံစံသည် အထူးသဖြင့် ဇဝေဇဝါ ရှုပ်ထွေးမှု ဖြစ်စေပါသည်။ တချိန်တည်းတွင် ဤဆုတောင်း၌ စစ်ရေးလုပ်ဆောင်မှုကို ပြည်သူများအား နှတ်ဆိုးပူးနေသည့် အတိအကျသတ်မှတ်မထားသောရန်သူများ၏အန္တရာယ်မှ အကာအကွယ်ပေးမှုပေါ် အဓိကအာရုံစိုက်ထားသည့် ကာကွယ်မှုအဖြစ် ဖော်ပြထားပါသည်။

စစ်လေယာဉ်များ မစေလွှတ်မီ ဆုတောင်း

အို-ချစ်စွာသော မြတ်စွာဘုရား၊ တောင်ကိုးရီးယားဝေဟင်ကို ကာကွယ်စောင့်ရှောက်သူဖြစ်သည့် ကျွန်ုပ်တို့ လေတပ်(၀၀၀)သည် ကျွန်ုပ်တို့၏ ရည်မှန်းချက်တာဝန်ကို မကြာမီ လုပ်ဆောင်ရန် ရှိပါသည်။ ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့၏ အမိနိုင်ငံရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ ဝေဟင်တွင် ကျွန်ုပ်တို့၏ ပြည်သူများ အခြေတည်ရာဖြစ်သည့် လှပသော တောင်တန်းများ၊ မြစ်ချောင်းများကို အပေါ်မှ ငုံ့ကြည့်လျက် ငှက်များသဖွယ် ကျွန်ုပ်တို့ ပျံသန်းနိုင်ကြပါသည်။ အောင်မြင်ခြင်းအတွက် ကျွန်ုပ်တို့ကို လမ်းညွှန်တော်မူပါ။ ကျွန်ုပ်တို့ အသက်ပေးကာကွယ်ရမည့် ကျွန်ုပ်တို့၏ သာယာလှပ သောနိုင်ငံကို ရန်သူများအား မတရားလုယူခွင့်ပြုမည် မဟုတ်သောကြောင့် စတုလောကပါလ နတ်မင်းကြီးလေးပါး၏ ရဲစွမ်းသတ္တိနှင့်ခွန်အားတို့ကို တပည့်တော်တို့အား ပေးသနားတော်မူပါ။

... အို—အဆုံးမရှိသော ရောင်ခြည်တော်ကို ဆောင်တော်မူပေသော မြတ်စွာဘုရား၊ ကျွန်ုပ်တို့၏ အလွန်လေးနက်ထက်သန်သော ဆုတောင်းကို ဖြေကြားပေးတော်မူပါ။ ကျွန်ုပ်တို့ကို မာန်မာန မမောက်ကြွားပါစေလင့် သို့မဟုတ် မေ့လျော့ပေါ့ဆ၍မနေပါစေလင့်၊ ကျွန်ုပ်တို့ချစ်သော အမိမြေသို့ ကျွန်ုပ်တို့၏ ရဲဘော်ရဲဘက်များနှင့်အတူ ပြန်လာခွင့်ပြုတော်မူပါ။ (EBTAF 2000, 154)

သို့ရာတွင် ရန်သူများနှင့်ပတ်သက်၍ အခြားဖော်ပြမှုတွင် အပ္ပမာဏတရားလေးပါး၌ အလေးအနက်ထားသော ခွဲခြားမှုမရှိခြင်းနှင့် ထိုကောက်နုတ်ချက်ပါ ခံစားချက်တို့အကြား ခြားနားချက်သည် ပိုမိုထင်ရှားလာပါသည်။ ၂၀၁၀ ပြည့်နှစ်ထုတ် *EBTAF* မူကွဲသည် ဗုဒ္ဓဘာသာ၌ မကောင်းမှုပြုရန်ဆန္ဒကိုသွေးဆောင်ဖြားယောင်းခြင်းနှင့် သံသရာကို ကိုယ်စားပြုပုံဖော်ထားသည့် နတ်ဆိုးဖြစ်သော မာရ်နတ်ကိုရည်ညွှန်းဖွဲ့ဆိုထားသည့် စစ်မြေပြင်ဓမ္မတေးဖြင့် အဆုံးသတ်ထားပါသည်။ အခန်း (၆)၏ အဆုံးပိုင်းလောက်တွင် တောင်ကိုရီးယား နိုင်ငံတော်သီချင်းနှင့်အတူ ထည့်သွင်းဖော်ပြထားသည့် ဓမ္မတေးသီချင်းတစ်ပုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

> နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သော ဗုဒ္ဓဘာသာဝင်စစ်တပ်များအတွက် သီချင်း
>
> ဒုက္ခရောက်နေသောနိုင်ငံကို အတူပေါင်းစည်းခဲ့ကြသည့် ဆီလာ၏ တစ်ခုတည်းသော ဗုဒ္ဓဘာသာကို စံနမူနာထား လိုက်နာခြင်းဖြင့် ပြန်လည်ပေါင်းစည်းခြင်းအလံတော်ကို မိုးယံတွင် မြင့်မြင့်မားမား လွှင့်ထူမည်။ ချီတက်ကြစို့။ အနီရောင် မကောင်းဆိုးဝါး စစ်သည်များကို ချေမှုန်းကြစို့။ ငါတို့သည် မာရ်နတ်ကို အနိုင်ယူချေမှုန်းမည့် စွမ်းအားကြီးမား စစ်သည်များဖြစ်သည်။
>
> လိုအပ်နေသောနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် ကိုလျောခေတ်(高麗, 918–1391)မှ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သော ဗုဒ္ဓဘာသာ စံနမူနာကို လိုက်နာခြင်းဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သောအလံတော်ကို လွှင့်ထူမည်။ (EBTAF 2000, 436)

ဤကောက်နုတ်ချက်တွင် မာရ်နတ်နှင့် ရန်သူအား ယှဉ်တွဲခိုင်းနှိုင်းမှုကို တန်းတူဖော်ပြထားပါသည်။ နိုင်ငံ ပြန်လည်ပေါင်းစည်းမှု၏အကောင်းဆုံးစံနမူနာနှင့်အတူ ကွန်မြူနစ်ဝါဒ၏ သင်္ကေတ အနီရောင်ကို ရည်ညွှန်းသည့် သီချင်းစာသားများသည် မြောက်ကိုရီးယားစစ်တပ်ကို မာရ်နတ်နှင့် ယှဉ်ထားပုံပေါ်ပါသည်။ ဒဏ္ဍာရီလာနတ်ဆိုးဖြစ်သည့် မာရ်နတ်ကို စစ်မက်ပြုခြင်းအား ထောက်ချင့်လျှင် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်အဖွဲ့များ သို့မဟုတ် လူမှုရေးအရ ဖွဲ့စည်းထားသော အခြားအဖွဲ့များအား[19] အစိုးရကခွင့်ပြုသည့်အကြမ်းဖက်မှုကို တရားမျှတကြောင်း အကြောင်းပြသည့်အခါ ယင်းသည် ဗုဒ္ဓဘာသာနိုင်ငံများတွင် အသုံးပြုသည့် ယေဘုယျ လုပ်နည်းစနစ်တစ်ခု ဖြစ်ပါသည်။ တနည်းအားဖြင့် *EBTAF*၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအငွေ့အသက်နှင့် ဆန့်ကျင်နေသည့် သတ်မှတ်ထားသော "အခြားအဖွဲ့များ" အပေါ် မုန်းတီးမှုကို ဤစမ္မတေးသီချင်းက အကြံပြုထားပါသည်။ ထိုသို့မဟုတ်လျှင် အပ္ပမာဏတရားလေးပါးအားဖြင့် လူအားလုံးကို တန်းတူထားရမည်ဟူသော စကားနှင့် ဖြောင့်ဖြောင့်ကြီးသာ ဆန့်ကျင်နေပေတော့မည်။ လူ့ဂုဏ်သိက္ခာကင်းမဲ့စေသည့်လူမဆန်မှုတွင် မာရ်နတ်အား တင်စားမှုကို မကြာခဏ အသုံးပြုလေ့ရှိခြင်းကြောင့် ဤတေးသီချင်းသည် ယေဘုယျ လူသားချင်းစာနာမှု အခြေခံမှုများနှင့် ဆန့်ကျင်နေပါသည်။ ထို့အပြင် SPB ၏ အယူအဆသည် ပြန်လည်ပေါ်ထွက်လာပြီး ဗုဒ္ဓဘာသာဝင်စစ်တပ်များ၏ ကိုယ်ပိုင်လက္ခဏာကို ဘောင်ခတ်ပေးပါသည်။ ထိုတေးသီချင်းသည် အတိတ်သမိုင်းဖြစ်ရပ်များနှင့်အတူ၊ ထို့အပြင် SPB တွင် အကျယ်တဝင့်ဖော်ပြထားသည့် ပိုမိုကြီးမားသော သုတ္တန်များနှင့်အတူ ဗုဒ္ဓဘာသာဝင်များ၏ လက်ရှိ စစ်ရေးဆိုင်ရာ ကျင့်သုံးမှုအလေ့အထများနှင့် ယှဉ်တွဲဆက်စပ်နေသည့် နည်းလမ်းသည်လည်း မှတ်သားဖွယ်ရာ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်၊ အမျိုးသားရေးနှင့် စစ်ရေးဆိုင်ရာ တန်ဖိုးများကို အတူပေါင်းစပ်ခြင်းဖြင့် *EBTAF* တွင် ဆန့်ကျင်ဘက်ဝိရောဓိဖြစ်နေသော သတင်းစကားများ ပါဝင်ပြီး ဤတေးသီချင်းများနှင့်ပတ်သက်၍ အယူအဆပိုင်းဆိုင်ရာ ရှင်းလင်းချက်ကို ပေးထားခြင်းမရှိချေ။

အချုပ်အားဖြင့် အမျိုးသားရေးနှင့်သက်ဆိုင်သော အသုံးအနှုန်းများနှင့်အတူတွဲဖက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အယူအဆများကို ထားရှိသည့် *EBTAF* မှ ဘာသာပြန်ဆိုထားသော အထက်ပါ အစိတ်အပိုင်းများသည် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များက ယင်းသို့သောစာသားများကို မည်သို့မည်ပုံ နားလည်သဘောပေါက်ကြပြီး ၎င်းတို့တိုက်တွန်းပြောဆိုသည့် သိမြင်ခြင်းနှင့်ဆိုင်သော သဘောထားကွဲလွဲမှုကို မည်သို့မည်ပုံ စီမံခန့်ခွဲကြသနည်းဟူသော မေးခွန်းကိုသာ တောင်းခံနေပါသည်။

## ဟာကွက်ကိုပိတ်ပေးသည့် စာပိုဒ်

သို့သော်လည်း အခြားနေရာတွင် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များ၏ ဘာသာရေးဆိုင်ရာ ရည်မှန်းချက်များနှင့် ၎င်းတို့၏ ခိုင်မာစွာအမြစ်တွယ်နေသော နိုင်ငံတော်အပေါ် သစ္စာရှိမှုတို့အကြား ကွာခြားချက်ကို EBTAF က ဝန်ခံ အသိအမှတ်ပြုထားပါသည်။ ၁၉၉၇ခုနှစ်ထုတ် မူကွဲတွင် လက်နက်ကိုင်ပဋိပက္ခများအတွင်း စစ်ပွဲနှင့် အသက်များ သေဆုံးခြင်းအပေါ် ဗုဒ္ဓဘာသာအမြင် ခေါင်းစဉ်ကို စာမျက်နှာ (၁၀)ခုကျော်ဖြင့် အသေးစိတ် ဆွေးနွေး

ထားပါသည်။ ဗုဒ္ဓဘာသာနှင့် စစ်ပွဲအပေါ် ဤဆွေးနွေးမှုသည် စစ်ပွဲများတွင် ပါဝင်လုပ်ဆောင်မှုအပေါ် ဗုဒ္ဓမြတ်စွာ၏ ရှုထောင့်အမြင်အား စာပေကျမ်းဂန်ဇာစ်မြစ်ကိုလိုက်ခြင်းဖြင့် စတင်ထားပါသည်။ *EBTAF* တွင် စစ်ပွဲအပေါ် ဗုဒ္ဓဘုရားရှင်၏ ရပ်တည်ချက်နှင့်ပတ်သက်၍ ရန်ဘက်နှစ်ဘက်တို့အကြား အကြမ်းဖက်မှုကိုဆန့်ကျင်သော မြတ်ဗုဒ္ဓက ပြေလည်မှုရအောင်ဖျန်ဖြေပေးသည့်အခိုင်အမာသာဓကများနှင့်အတူ အသေးစိတ်ရှင်းလင်းဖော်ပြထားသည့် အင်္ဂုတ္တရနိကာယ (Skt. Ekottaragama; Ch. zengyi ehan jing 增一阿含經) ကို ရည်ညွှန်းထားပါသည်။ (EBTAF 1997, 555–557) ဘိက္ခု(ရဟန်း)များအား စစ်စခန်းများသို့ သွားရောက်လည်ပတ်ခြင်း သို့မဟုတ် ထိုစစ်စခန်းများတွင် နှစ်ညထက် ပို၍ တည်းခိုနေထိုင်ခြင်း သို့မဟုတ် စစ်ပွဲဖြစ်ပွားရာနေရာများအား ကိုယ်တွေ့ မျက်မြင်သွားရောက်ခြင်းတို့ကို တားမြစ်ထားကြောင်း ပြသရန် ဓမ္မဂုတ္တကဝိနယ (Ch. sifen lü 四分律) မှ အကိုးအကားများကိုလည်း တင်ပြထားပါသည်။ ကျမ်းဂန်အကိုးအကားမြောက်မြားစွာနှင့်အတူ *EBTAF* တွင် မှတ်ချက်ပြုသုံးသပ်ထားပါသည်။ “သကျမုနိ ဘုရားရှင်သည် စစ်ပွဲအား သဘောကျနှစ်သက်ခြင်းမရှိကြောင်းနှင့် အသက်တစ်ချောင်း၏တန်ဖိုးကို အရေးကြီးဆုံး အတတ်နိုင်ဆုံးဦးစားပေးရန် အခိုင်အမာဆုပ်ကိုင်ထားပါသည်။ သူ့အသက်သတ်ခြင်းကို ပထမ သီလသိက္ခာပုဒ် နေရာတွင် ထားရှိခြင်းဖြင့် စစ်ပွဲအပေါ် မြတ်ဗုဒ္ဓ၏ရှုထောင့်အမြင်ကို ပြသနေပါသည်။ စစ်ပွဲသည် လူ့အသက်ကိုသတ်ခြင်းနှင့် တန်းတူဖြစ်သည်ဆိုသော အတွေးအခေါ်နှင့်အညီ အစောပိုင်း ဗုဒ္ဓဘာသာ ကာလများတွင် စစ်ပွဲကို ကိုယ်ကျင့်သီလဖောက်ဖျက်ကျူးလွန်မှုအဖြစ် မှတ်ယူခဲ့ပုံပေါ်ပါ သည်”။ (EBTAF 1997, 557) အနှစ်ချုပ်ရလျှင် ဤအခန်းငယ်၏ ပထမစာပိုဒ်အချို့တွင် ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းရေးကိုဦးတည်သည့်ဘာသာတရား ဖြစ်ကြောင်း အလေးအနက်ဖော်ပြထားပါသည်။

ဤစာပိုဒ်က စစ်ပွဲအပေါ် ဗုဒ္ဓဘာသာ၏အမြင်သည် အချိန်ကာလကြာညောင်းလာသည်နှင့်အမျှ ပြောင်းလဲသွားခဲ့ပြီးဖြစ်ကြောင်း ယှဉ်ပြိုင်ဆွေးနွေးခြင်းဖြင့် ရှေ့ဆက်ထားပါသည်။ ၎င်းက ကြီးမြတ်သောသမားတော်သုတ္တန် (Skt. ဘေသဇ္ဇဂုရုသုတ္တန်၊ Ch. yaoshi rulai benyuan jing 藥師如來本願經) [20] ပါ ခုခံစစ်ပွဲနှင့် ပြည်တွင်းဆူပူသောင်းကျန်းမှုကိစ္စရပ်တွင် လက်နက်ကိုင်ပဋိပက္ခများသည် ကြောင်းကျိုးဆီလျော် တရားမျှတသည် ဆိုသည့် အချက်ကို ကိုးကားထားပါသည်။ (EBTAF 1997, 559) ဓမ္မ သို့မဟုတ် သတ္တဝါများကို အကာအကွယ်ပေးသည့် ကိစ္စရပ်များတွင် စစ်ပွဲကို အပြစ်မယူလျစ်လျူရှုကြောင်း ငြင်းချက်ထုတ်ရန် နိဗ္ဗာနသုတ္တန်ဒေသနာ (Skt. မဟာယာန မဟာပရိနိဗ္ဗာနသုတ္တန်၊ Ch. daban niepan jing 大般涅槃經)[21]နှင့် ယောဂကျင့်သုံးမှုအဆင့်များနှင့် သက်ဆိုင်သည့်ကျမ်း (Skt. ယောဂစာရဘူမိသုတ္တန်၊ Ch. yujia shi di lun 瑜伽師地論)[22] တို့ကိုလည်း ကိုးကားထားပါသည်။ (EBTAF 1997, 559–560) “စစ်ပွဲတွင်ပါဝင်ခြင်းသည် ကရုဏာတရား အား ဖန်တီးယူသော ကျင့်သုံးမှုအလေ့အထ ဖြစ်နိုင်သည်”ဟု ဤအခန်းငယ်တွင် ကောက်ချက်ချထားပါသည်။ (EBTAF 1997, 558–559) *EBTAF* က အချို့ ကိစ္စရပ်များ၌ စစ်ပွဲတွင်ပါဝင်ခြင်းသည် ဗုဒ္ဓဘာသာတွင်ရှိသည့် အခြေခံအုဌ်မြစ်ဖြစ်သော အခြေခံမူသဘောတရားများနှင့် ဆန့်ကျင်ခြင်းမရှိကြောင်းကို ထောက်ခံအားပေးခြင်းဖြင့် ဗုဒ္ဓဘာသာတွင် ခိုင်မာစွဲမြဲနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအရည်အသွေးများနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့အကြား အားပြိုင်မှုကို ဖြေရှင်းပေးနိုင်ရန် ကြိုးစားထားပါသည်။

နောက်ဆုံးအနေဖြင့် ဗုဒ္ဓဘာသာနှင့် စစ်ပွဲတို့နှင့်သက်ဆိုင်သော ဤအခန်းငယ်သည် ကိုရီးယားဗုဒ္ဓဘာသာ၏ ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာတွင်ပါရှိသည့် သူ့အသက်သတ်ခြင်းနှင့် စစ်ပွဲ ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးပါသည်။ ဤအခန်း၌ အထက်တွင်ဖော်ပြခဲ့ပြီးသော ဝန်းဂွမ်းရဟန်းတော်၏ ကိုယ်ကျင့်သီလသိက္ခာပုဒ်များအပေါ် ရပ်တည်ချက်ကို အလေးထား ဖော်ပြထားပါသည်။ ထို့အပြင် ဤအခန်း၌ ဝန်းဂွမ်းရဟန်း၏ ခေတ်ပြိုင် အွီဂျော့ခ်(Uijok) ရဟန်းတော်၏ ကောင်းစွာလက်ခံထားသော ဗြဟ္မတရားကွန်ရက် (Skt. ဗြဟ္မဇာလသုတ်၊ Ch. fan wang jing 梵網經) အဖွင့်အဋ္ဌကထာတွင် စစ်သည်တော်များအတွက် စစ်ပွဲအတွင်း သတ်ဖြတ်ခြင်းကိစ္စများကိုလည်း အကျယ်တဝင့်ဖော်ပြထားပါသည်။ (EBTAF 1997, 560)[23] ကိုးရီးယားဗုဒ္ဓဘာသာသမိုင်းမှ ထင်ရှားလေးစားခံရသည့် ရဟန်းတော်နှစ်ပါးအကြောင်းကို စတင်မိတ်ဆက်ခြင်းနှင့်အတူ *EBTAF* သည် ဝန်းဂွမ်း ရဟန်းတော်၏

“လောကီနှင့်သက်ဆိုင်သည့်ငါးပါးသီလ” ကို အခိုင်အမာအတည်ပြုခြင်းနှင့်အတူ အဆုံးသတ်ထားပါသည်။ (EBTAF 1997, 562)

*EBTAF* တွင် ဝန်းဂွမ်းရဟန်းတော်ကို ဗုဒ္ဓဘာသာဝင်စစ်တပ်များအတွက်ရော အရပ်သားများအတွက်ပါ ကိုယ်ကျင့်သီလကျင့်ဝတ်များ သတ်မှတ်ပေးသည့် SPB ၏ ဘိုးဘေးအဖြစ် ဖော်ပြထားပါသည်။ (EBTAF 1997, 561–562) စစ်ရေးရည်ရွယ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ထိုသီလသိက္ခာပုဒ်များ ဤကိစ္စရပ်တွင် သူ့အသက်မသတ်ရန် ပထမသီလသိက္ခာပုဒ်အား ပြောင်းလဲခြင်းအဖြစ် ၎င်း၏ “ဆုံးဖြတ်နိုင်စွမ်းနှင့်သတ်ဖြတ်ခြင်း” ကို ကိုးကားထားပါသည်။ ၎င်း၏ လောကီနှင့်သက်ဆိုင်သောသီလသိက္ခာပုဒ်များကို ပညတ်ရန် ယင်းသို့သော သမားရိုးကျနည်းလမ်းသည် စံအဖြစ်သတ်မှတ်ထားသော ဗုဒ္ဓဘာသာကိုယ်ကျင့်သီလများနှင့် လက်တွေ့တွင် ကျင့်သုံးနေသော ဗုဒ္ဓဘာသာ၏ စစ်မှန်သောအရိုတရားအကြား ကွာဟချက်ကို နီးကပ်သွားစေရန် ၎င်းတို့ကို *EBTAF* ၏ အတိအကျ ဖော်ပြပုံ ဖြစ်ပါသည်။ သို့သော် *EBTAF* တွင် မှတ်သားဖွယ်ရာမှာ စာပိုဒ်တစ်ခုလုံးတွင် ပါရှိသည့် “ချင့်ချိန် ဆုံးဖြတ်နိုင်စွမ်းနှင့်သတ်ဖြတ်ခြင်း” ဟူသော လောကီနှင့်သက်ဆိုင်သည့်သီလသိက္ခာပုဒ်၏ အခြေအနေ အတိအကျအား ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည်ကို ၎င်းက ကိုးကားထားပါသည်။

> ဝန်းဂွမ်းရဟန်းတော်က ဤသို့ဖြေဆိုခဲ့ပါသည်။ “ဗုဒ္ဓဘာသာတွင် ဘုရားအလောင်း သီလသိက္ခာဆယ်ပါး ရှိသော်လည်း သင်သည် မင်းဖြစ်နေသောကြောင့် သင့်အနေဖြင့် ၎င်းတို့ကို စောင့်ထိန်းရန် ခက်ခဲနိုင်မည်ကို ငါ စိုးရိမ်၏။
>
> ... ယင်း (ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းနှင့်သတ်ဖြတ်ခြင်း) သည် ကိုယ်စိတ်နှစ်ပါး ဖြူစင်အောင် ဥပုသ်သီလ စောင့်ထိန်းရသောရက် ခြောက်ရက်တွင် သို့မဟုတ် နွေဦးနှင့် နွေလများတွင် သတ်ဖြတ်ခြင်း မမည်ဟု ဆိုလိုပါသည်။ မှန်ကန်သောအချိန်ကို ရွေးချယ်ရန် ဖြစ်ပါသည်။ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းနှင့် သတ်ဖြတ်ခြင်းသည် မြင်းများ၊ ကျွဲနွားတိရစ္ဆာန်၊ ကြက်ငှက်များ သို့မဟုတ် ခွေးများကဲ့သို့သော အိမ်မွေးတိရစ္ဆာန်များကို သတ်ဖြတ်ခြင်း မဟုတ်ဟု ဆိုလိုပါသည်။ တစ်လုပ်စာ ပြုလုပ်ရန် မကြီးမားသော သက်ရှိဇီဝရုပ်များသည် သတ်ခြင်းမမည်။ မှန်ကန်သည့်သက်ရှိများကို ရွေးချယ်ရန် ဖြစ်ပါသည်။ ထို့အပြင် လုံးဝလိုအပ်မှုကိုကျော်လွန်ခြင်းသည် သတ်ခြင်းမမည်စေရပါ။ ဤသည်တို့မှာ လောကီလူ့ဘောင်အတွက် ပြဋ္ဌာန်းချက်ပညတ်တော်များ ဖြစ်ပါသည်”။ (Ilyon, Memorabilia of the Three Kingdoms (三國遺事), v.4_342b 1–11)24

ဆမ်ဂုခ်ယူစာ - Samguk yusa 三國遺事 (ဘုရင့်နိုင်ငံသုံးခု၏ မှတ်တမ်း - Memorabilia of the Three Kingdoms) မှ “ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းနှင့်သတ်ဖြတ်ခြင်း”အတွက် ဆက်စပ်စဉ်းစားရမည့် အကြောင်းအရာက ဤသီလသိက္ခာပုဒ်နှင့် သံဃာ၏ စစ်ရေးဆိုင်ရာပါဝင်မှုအတွက် မည်သည့်တရားမျှတကြောင်းအကြောင်းပြချက်မဆိုနှင့်ပတ်သက်၍ ယုတ္တိတန်သော အထောက်အထားမဲ့ ခုန်ပျံကျော်လွှား ကောက်ချက်ချမှု ရှိနေကြောင်းကို ရှင်းလင်းစေပါသည်။ လောကီနှင့်သက်ဆိုင်သည့်သီလသိက္ခာပုဒ်များသည် စစ်ရေးလုပ်ဆောင်မှုအလိုက် ထောက်ခံချက် ဆိုသည်ထက် သာမန်လူဝတ်ကြောင်ဘဝတွင် ဘုရားအလောင်း သီလသိက္ခာပုဒ်များကို စောင့်ထိန်းရာ၌ အခက်အခဲမရှိစေရန် ကြိုးပမ်းမှုတစ်ခု ဖြစ်သည်ကို မူရင်းဆက်စပ်စဉ်းစားရမည့်အကြောင်းအရာက ပြသနေပါသည်။ ၎င်း၏ မူရင်းဆက်စပ်စဉ်းစားရမည့်အကြောင်းအရာအတွက် ထည့်သွင်းစဉ်းစားမှုမရှိသောကြောင့် သတ်ဖြတ်ခြင်းကို မှန်ကန်တရားမျှတကြောင်းပြသရန် “ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းနှင့်သတ်ဖြတ်ခြင်း” စကားရပ်အား ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ကောက်လွဲခဲ့ကြသော်လည်း ၎င်း၏ အဓိက အနက်အဓိပ္ပာယ်မှာ “လုံးဝလိုအပ်သည်ထက်ကျော်လွန်၍ သတ်ဖြတ်မှုမရှိစေရ” ဖြစ်သောကြောင့် ၎င်းသည် IHL နှင့် ကိုက်ညီနေပါသည်။

**နိဂုံး - ယေဘုယျလူသားဆန်မှုနှင့် ခွဲခြားမှုအကြား**

ယေဘုယျလူသားဆန်မှု - သို့မဟုတ် ဗုဒ္ဓဘာသာကိစ္စရပ်တွင် ယေဘုယျအာရုံခံစားနိုင်ခြင်း - နှင့် ခွဲခြားမှုမရှိခြင်းကို IHL နှင့် ဗုဒ္ဓဘာသာအဆုံးအမတရားတော်များ နှစ်ခုလုံးတွင် အလေးအနက်ထားပါသည်။ အခြေခိုင်နေသော ဗုဒ္ဓဘာသာနှင့် IHL တို့ နှစ်ခုတွင် ထပ်နေသည့် ယုံကြည်မှု ထောက်တိုင်ကြီးများသည် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများတွင် လက်နက်ကိုင်တပ်ဖွဲ့များကို လမ်းညွှန်ပေးနိုင်ပါသည်။ ဗုဒ္ဓဘာသာနှင့် IHL တို့ နှစ်ခုလုံးသည် စစ်မှုထမ်းများအား ၎င်းတို့၏ "ရန်သူများ" သည် မတူကွဲပြားသော လူမျိုးနှင့် အခြားသော ဆက်သွယ်ပေါင်းစည်းမှု တို့နှင့် မသက်ဆိုင်ဘဲ စင်စစ်တွင် ၎င်းတို့နှင့် ကွဲပြားခြားနားမှုမရှိကြောင်း ရှုမြင်ရန် လမ်းညွှန်ပေးခြင်းဖြင့် မလိုလားအပ်သောထိခိုက်မှုများမှ ကာကွယ်တားဆီးရေးနှင့် စစ်မှုထမ်းများကြုံနေရသည့် အန္တရာယ်အခက်အခဲများ အခြေအနေ တိုးတက်ကောင်းမွန်ရေးတို့အတွက် ကူညီပေးနိုင်ပါသည်။ ထိုသို့ လူကိုလူဟု မြင်သောအမြင်သည် ခါးသီးသော နာကျင်မှုများကို တားဆီးပေးနိုင်သော်လည်း လူအချင်းချင်း ခွဲခြားမှုမရှိစေဘဲ စိတ်အတွေးတွင် တူညီသောအမြင်ဖြင့် ပေါင်းစုသိမြင်ရမည်ဟုဆိုရာ အသေးစိပ် ခွဲခြားသိမြင်ဉာဏ်လည်း လိုအပ်နေပေသေးသည်။ ယင်းတန်ဖိုးများသည် အမှန်စင်စစ် *EBTAF* ၏ အရိပ်လက္ခဏာ ဖြစ်ပါသည်။ သို့သော် ၎င်း၏ ခွဲခြားမှုမရှိသော အမြင်သဘောထားအရ ကွာဟနေသော အယူအဆများကို အတူတကွ ရောနှောအသုံးပြုခြင်းသည် နောက်ထပ် ပိုင်းခြားစိတ်ဖြာလေ့လာမှုကို လိုအပ်စေပါသည်။

စစ်ပွဲအပေါ် ဗုဒ္ဓဘာသာ ရပ်တည်ချက်သည် ပြည့်စုံခိုင်လုံသောအပြီးသတ် မဟုတ်ချေ။ ဤသို့ ရှင်းလင်းမှု မရှိသည့် မတူကွဲပြားသော ယဉ်ကျေးမှု၊ နိုင်ငံရေးစနစ်များနှင့် မတူညီသောနိုင်ငံများ၏သမိုင်းမှတ်တမ်းများဖြင့် အစိတ်အပိုင်းများစွာဆက်စပ်ပါဝင်နေသောရှုပ်ထွေးမှုသည် စစ်ရေးလုပ်ဆောင်မှုနှင့် ထိုလုပ်ဆောင်မှု၏ ကိုယ်ကျင့် သိက္ခာတို့တွင် ဗုဒ္ဓဘာသာ ပါဝင်ပတ်သက်မှု နောက်ကွယ်ရှိ အကျိုးသင့်အကြောင်းသင့်စဉ်းစားတွေးခေါ်ခြင်း၏ ဆက်စပ်အခြေအနေပေါ်မူတည်သည့် အဓိပ္ပာယ်ကောက်ယူချက်များကို ထွက်ပေါ်စေပါသည်။ အတိအကျဆိုရလျှင် ဤကိစ္စအပေါ် ဆွေးနွေးမှု နည်းပါးသောကြောင့် ဗုဒ္ဓဘာသာဝင် စစ်မှုထမ်းဘုန်းတော်ကြီးများသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအခြေခံမှုများနှင့် အမျိုးသားရေးဝါဒတို့အကြား အယူအဆပိုင်းဆိုင်ရာ ရှင်းလင်းမှု မရှိ ခြင်းနှင့်ပတ်သက်၍ သို့မဟုတ် အစိုးရကခွင့်ပြုသောအကြမ်းဖက်မှုအပေါ် ဗုဒ္ဓဘာသာ၏ရပ်တည်ချက်သဘောထား ကို စစ်မှုထမ်းများထံမှ မေးခွန်းများ မေးမြန်းခံရဖွယ်ရှိပါသည်။ ဤသို့ ပြတ်ပြတ်သားသားနှင့် အတိအလင်း ဆွေးနွေးမှုနည်းပါးခြင်းသည် *EBTAF* ၏ အင်္ဂါရပ်များဖြစ်သော ယေဘုယျလူသားဆန်မှုနှင့် အမျိုးသားရေးဝါဒတို့၏ ရောထွေးမှုနှင့် ၎င်းတို့အားရောနှောထားသောဖြစ်စဉ်များကိုလည်း ရှင်းချက်ထုတ်ထားပါသည်။ ဤနေရာ၌ ဒဿန ဆိုင်ရာမေးခွန်းမှာ တစ်စုံတစ်ဦးသည် နိုင်ငံဟုဆိုရာတွင် ထိုနိုင်ငံ၏ ယဉ်တွဲလျက်ရှိသောတန်ဖိုးများနှင့် နိုင်ငံရေး ဦးတည်ချက်သဘောထားတို့ပါဝင်သည့် နိုင်ငံတစ်နိုင်ငံ၏ဝန်ထမ်းအဖြစ် မိမိ၏တာဝန်ကို သစ္စာရှိစွာထမ်းဆောင် နေစဉ် အားလုံးအပေါ် လုံးဝမခွဲခြားဘဲ အစဉ် တသားတည်း သဘောထားနိုင်၊ မထားနိုင်ဆိုသည့်အချက် ဖြစ်ပါ သည်။[25]

IHL သည် သတ်ဖြတ်ခြင်းသက်သက်ကိုတားမြစ်ရန် မကြိုးပမ်းသောကြောင့် ဤအချက်မှာ IHL အတွက် ဖြစ်နိုင်သော်လည်း ဗုဒ္ဓဘာသာတွင် ခွဲခြားမှုမရှိခြင်းကို ပိုမိုမြင့်မားသောအဆင့်၌ထားရှိသည့်အပြင် စာပေအရ လက်နက်ကိုင်ပဋိပက္ခအတွင်း၌ပင်လျှင် တစ်စုံတစ်ဦး၏ရန်သူကို မိမိကိုယ်တိုင်ကဲ့သို့ အလားတူ ထည့်သွင်းစဉ်းစား မှုနှင့်အတူ ပြုမူဆက်ဆံရန် လိုအပ်သောကြောင့် ဗုဒ္ဓဘာသာဝင် စစ်မှုထမ်းအဖွဲ့ဝင်တစ်ဦးအတွက် ယင်းမှာ ပို၍ အခက်အခဲ ရှိပါသည်။ ထို့အပြင် *EBTAF* ကိစ္စရပ်တွင် ရန်သူကို ဗုဒ္ဓဘာသာတွင် မူလ ကိုယ်စားပြုသည့် စိတ်ပိုင်း ဆိုင်ရာ ဘာသာရေးခရီး၌ ကျော်လွှားရမည့် ကျွန်ုပ်တို့၏ အတွင်းသန္တာန်အားနည်းချက်များဖြစ်သည့် ဒုက္ခာရီလာ ဆိုးယုတ်မှုကို ကိုယ်စားပြုသော မာရ်နတ်နှင့် တန်းတူသတ်မှတ်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ် သို့မဟုတ် အမျိုးသား ရေးစရိုက်လက္ခဏာနှင့် တိုက်ခိုက်လိုသောစိတ်ဆန္ဒတို့ နှစ်ခုလုံးသည် ဆန့်ကျင်ဘက်ရန်သူအပေါ် လူမဆန်သည့် အခြားနည်းလမ်းများအား အသုံးပြုခြင်းကို မကြာခဏ မီးငြိမ်းကိုးကားလေ့ရှိပါသည်။

*EBTAF* တွင် တင်ပြထားသော ဗုဒ္ဓဘာသာ သုတ်တော်ကောင်းတရားအများအပြားသည် IHL နှင့် ထပ်တူကျ သည့်အပြင် IHL ကို အထောက်အကူဖြစ်နေသည့်တိုင် သို့သော်လည်း *EBTAF* တွင် IHL ကို တိုက်ရိုက်ရည်ညွှန်းမှု

မရှိချေ။ ချိုဂျီဂိုဏ်း သို့မဟုတ် ယေဘုယျအားဖြင့် ကိုးရီးယားစစ်တပ်ဘုန်းတော်ကြီးအမှုထမ်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)တို့အကြား *EBTAF* တွင် ပါဝင်သည့် အကြောင်းအရာများ သို့မဟုတ် ဗုဒ္ဓဘာသာဝင်စစ်တပ်ဘုန်းတော်ကြီးများ၏ ရည်မှန်းချက်အတွက် သင်ရိုးညွှန်တမ်းကိုပြင်ဆင်ရန် ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းတချို့သည် နောင်အနာဂတ်တွင် ဗုဒ္ဓဘာသာဝင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအတွက် ကြီးမားသောအကျိုးကျေးဇူး ဖြစ်ထွန်းနိုင်ပါသည်။

နောက်ဆုံးအနေဖြင့် IHL နှင့် စာပေကျမ်းဂန်လာ ဗုဒ္ဓဘာသာတို့၏ သဟဇာတဖြစ်မှုကို ဆန်းစစ်ရန် အရေးကြီးသည်မှာ သံသယဖြစ်ဖွယ်မရှိသော်လည်း *EBTAF* ကို ပုံဖော်ခဲ့သူများအတွက် ဗုဒ္ဓဘာသာဝင် တိုက်ပွဲဝင်စစ်သည်များ၏ ရှင်သန်နေသော လက်တွေ့ဘဝအရှိတရားနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် ဗုဒ္ဓဘာသာ၏ သီးခြားယဉ်ကျေးမှုသမိုင်းတို့က ဗုဒ္ဓဘာသာနှင့် IHL တို့ နှစ်ခု ဆုံနိုင်မည့်နယ်ပယ်များကိုရှာဖွေသည့်အခါ ဒေသတစ်ခု၏ အခြေအနေတိကျမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုထားပါသည်။ ယင်းနှင့်ပတ်သက်၍ ကွဲပြားခြားနားသော ဗုဒ္ဓဘာသာ ဗဟုဝါဒများ၏ လက်တွေ့အစစ်အမှန် အရှိတရားများကို အပြည့်အဝနားလည်နိုင်ရန် အတွက်လည်းကောင်း၊ အချို့သော အဓိကကျသည့် အခြေခံမူသဘောတရားများကို ၎င်းတို့ တတ်နိုင်သည့် အတိုင်းအတာ ဝေမျှနိုင်ရန်အတွက်လည်းကောင်း လက်တွေ့မျက်မြင်ကိုအခြေခံသော အချက်အလက်များနှင့်အတူ နောက်ထပ်သုတေသန ရှိသင့်ပါသည်။

**မှတ်စုများ**

1. ရည်ညွှန်းဖော်ပြရာတွင် ကိုရီးယားဘာသာကို ရိုမန်အက္ခရာဖြင့်ဖော်ပြရာတွင် မက်ခ်ကျူးန်-ရိုင်းချောင်းဝါ (McCune-Reischauer) စနစ်ကို လိုက်နာပြီး တရုတ်အက္ခရာများကို ရိုမန်အက္ခရာဖြင့်ဖော်ပြရာတွင် ပင်းယင် (Pinyin) စနစ်ကို အသုံးပြုထားပါသည်။ K. သည် ကိုရီးယားဝေါဟာရ ဖြစ်ပါသည်။ Ch. သည် တရုတ်ဝေါဟာရ ဖြစ်ပါသည်။ Skt. သက္ကတဝေါဟာရ ဖြစ်ပါသည်။ J. သည် ဂျပန်ဝေါဟာရ ဖြစ်ပါသည်။ ဤဆောင်းပါးတွင် ပါရှိသော ကိုရီးယားစကားလုံးများအားလုံးကို တရုတ်သင်္ကေတများဖြင့် ရေးသားနိုင်သောကြောင့် ရိုမန်အက္ခရာများဖြင့်သာ ဖော်ပြထားပြီး ထိုရိုမန်အက္ခရာများနောက်တွင် ယင်းဝေါဟာရ၏ အင်္ဂလိပ်ဘာသာပြန်နှင့် တရုတ်အက္ခရာများကို ဖော်ပြထားပါသည်။

2. ကိုရီးယားဗုဒ္ဓဘာသာ ချိုဂျီဂိုဏ်းအတွက် ပညာရေးဗဟိုဌာနမှ ချိုဂျီဂိုဏ်းသမိုင်း အမည်ရှိစာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ (Education Centre for the Chogye Order of Korean Buddhism 대한불교조계종교육원 2001) အင်္ဂလိပ်ဘာသာဖြင့် ထိုဂိုဏ်းကို အတိုချုပ် မိတ်ဆက်နိဒါန်းအတွက် ဘတ်စ်ဝဲလ် - Buswell နှင့် လိုပက်ဇ် - Lopez (2014, 185) ကို ကြည့်ပါ။ မျက်မှောက်ခေတ် ကိုးရီးယား ဗုဒ္ဓဘာသာ ဖွံ့ဖြိုးတိုးတက်မှုသမိုင်းအတွက် ပတ်ခ် - Park (2014) ကို ကြည့်ပါ။ ချိုဂျီဂိုဏ်း၏ ခေတ်ပြိုင်သာသနာ့ဘောင်ရဟန်းဘဝကျင့်သုံးမှုအလေ့အထများကို ဘတ်စ်ဝဲလ် - Buswell (1992) တွင် ကြည့်ပါ။

3. အခြား ဘာသာရေးဂိုဏ်းသုံးဂိုဏ်းမှာ ပရိုတက်စတင့်အသင်းတော် (Protestant Church)၊ ကက်သလစ်အသင်းတော် (Catholic Church)နှင့် ဝန်း (Won) ဗုဒ္ဓဘာသာတို့ ဖြစ်ပါသည်။ ဝန်းဗုဒ္ဓဘာသာဂိုဏ်းကို ၁၉၁၆ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ ထိုဂိုဏ်းနှင့်ပတ်သက်၍ ဘာသာရေးအသစ်တစ်ခု သို့မဟုတ် ဗုဒ္ဓဘာသာ၏ပုံစံတစ်ခုအဖြစ် အခြေအတင်ငြင်းခုံမှုများ ရှိနေပါသည်။ ထိုဂိုဏ်းသည် ၂၀၀၇ခုနှစ်တွင် စစ်တပ်ဘုန်းကြီးအမှုထမ်းခြင်း၌ ပါဝင်ခဲ့ပါသည်။

4. ကိုးရီးယားဗုဒ္ဓဘာသာ၏ ချိုဂျီဂိုဏ်းက တည်ထောင်ခဲ့ပြီး ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ရဟန်းမများအတွက် အဆင့်မြင့်ပညာရေးတက္ကသိုလ်

5. ချိုဂျီဂိုဏ်းက တည်ထောင်ခဲ့ပြီး ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကတက္ကသိုလ်။ ဂျွန်းအန်း(Joongang) သံဃာ့တက္ကသိုလ်နှင့် ဆန့်ကျင်ဘက်အားဖြင့် သာသနာ့ဘောင်မဝင်သည့် အများပြည်သူအတွက်လည်း ယင်းကို ဖွင့်လှစ်ထားပါသည်။ ချိုဂျီဂိုဏ်းသည် ဆန္ဒပြင်းပြသောဗုဒ္ဓဘာသာဝင်စစ်မှုထမ်းဘုန်းကြီးများအတွက် စစ်မှုထမ်းဘုန်းကြီးများအား ကျောင်းလခ လွတ်ငြိမ်းခွင့်ပေးခြင်းဖြင့် လူသစ်စုဆောင်းပါသည်။

6. ၂၀၁၄ခုနှစ်တွင် ပထမဆုံး ဗုဒ္ဓဘာသာဝင်ရဟန်းမကို စစ်မှုထမ်းဘုန်းကြီးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ ထိုဘုန်းကြီးစစ်မှုထမ်းအသင်း၏ မကြာသေးမီက ထုတ်ဝေခဲ့သော ဗုဒ္ဓဘာသာဝင်စစ်မှုထမ်းရဟန်းတော်များ၏ နှစ်(၅၀)သမိုင်း စာစောင်တွင် အမျိုးသမီးစစ်မှုထမ်းရဟန်းလေးပါးနှင့် တွေ့ဆုံမေးမြန်းမှုများ ပါဝင်ပါသည်။

7. ဗုဒ္ဓဘာသာစစ်တပ်ဘုန်းကြီးအသင်း၏ တရားဝင်စာမျက်နှာကိုကြည့်ပါ။ www.gunindra.com.

8. ကျွန်ုပ်၏သုတေသနနှင့်သက်ဆိုင်သော IHL စာအုပ်စာတမ်းများနှင့်ပတ်သက်၍ အကြံပြုချက်များအတွက် Noel Trew အား ကျေးဇူးအထူးတင်ရှိပါသည်။

9. http://www.hyunbulnews.com/news/articleView.html?idxno=294124.

10. ပန်းကုံးသုတ္တန် - Flower Garland Sutra (Skt. အဝဋံသကသုတ် - Avatam _ saka Sūtra; Ch. hua yan jing 華嚴經) တိပိဋက ကိုးရီးယား - Tripit _ aka Koreana K0079; K0080; K1262. https://kabc.dongguk.edu/.

11. *EBTAF* တွင် ပါရှိသော ဤစာပိုဒ်၏ ကိုးရီးယားဘာသာပြန်သည် မူရင်းဖြစ်သော *Tripiṭaka Koreana* မှ ကွဲပြားခြားနား၍ ဒေါင်းဂုခ်(Dongguk)တက္ကသိုလ်တွင် ဗုဒ္ဓဘာသာစာပေဘာသာပြန်မှုအတွက် ထိုတက္ကသိုလ်၏ ကိုးရီးယား တိပိဋက (Tripit _ aka Koreana) ၏ စံတစ်ခုမှ မဆိုစလောက် သွေဖည်ကွဲလွဲနေပါသည်။ ဤစာပိုဒ် အတွက် မူရင်းတရုတ်ဘာသာကို ပေးထားခြင်းမရှိပါ။ တချို့နေရာများတွင် *EBTAF* သည် တိတိကျကျ ၎င်း၏ မူလ ကျမ်းရင်းဇာစ်မြစ်အတွက် စာစုစာရင်း သတင်းအချက်အလက်အတိအကျကို ချန်လှပ်ထားပါသည်။ ပန်းကုံးသုတ် (Flower Garland Sutra) ၏ မူကွဲသုံးခုအား နှိုင်းယှဉ်မှုပေါ် အခြေခံပြီး အထက်တွင် ဖော်ပြပေးခဲ့သော ဘာသာပြန် ဆိုချက်သည် ဗုဒ္ဓဘဒြမထေရ် (359-429 CE) က ရှေးဟောင်းတရုတ်ဘာသာသို့ ကနဦး ဘာသာပြန်ဆိုထားသော ကျမ်းအတွဲပေါင်း ၆၀နှင့် အနီးစပ်ဆုံး ဖြစ်ကြောင်း သက်သေဖြစ်ခဲ့ပါသည်။

12. *EBTAF* နှင့်ပတ်သက်၍ သုတေသနမှတ်တမ်းမှတ်ရာမရှိသောကြောင့် *EBTAF* ၏ အင်္ဂလိပ်ဘာသာပြန်အပိုင်း များကို ဖြစ်နိုင်သော မူကွဲများနှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးမှုမရှိဘဲ စာရေးသူက ဆောင်ရွက်ခဲ့ပါသည်။

13. ဂျီနီဗာသဘောတူညီချက် ၁ မှ ၄၊ ဘုံပြဋ္ဌာန်းချက်အပိုဒ် ၃(၁)၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၈၇နှင့် ၈၈။

14. ဂျီနီဗာသဘောတူညီချက် ၂၊ အပိုဒ် ၁၂၊ နောက်ဆက်တွဲ ၁၊ အပိုဒ် ၁၀၊ ICRC ဓလေ့ထုံးတမ်း IHL လေ့လာမှု၊ စည်းမျဉ်း ၅၅။

15. ဂျီနီဗာသဘောတူညီချက် ၁၊ အပိုဒ် ၁၅၊ ဂျီနီဗာသဘောတူညီချက် ၂၊ အပိုဒ် ၁၈၊ ဂျီနီဗာသဘောတူညီချက် ၄၊ အပိုဒ် ၁၆၊ နောက်ဆက်တွဲ ၁၊ အပိုဒ် ၃၄(၁)၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၁၁၃၊ မဲလ်ဇာ - Melzer (2019) မှ ရွတ်ဆိုချက်။

16. လောကီနှင့်သက်ဆိုင်သောငါးပါးသီလအား မတူညီသောဘာသာပြန်ဆိုမှုများအတွက် ယင်မ် - Yim (2014) ကို ကြည့်ပါ။ ၎င်းတို့၏ ကိုယ်ကျင့်သိက္ခာဆိုင်ရာ ကျောထောက်နောက်ခံပြုထားခြင်းများအတွက် အင်မ် - Im (2012)၊ လီး - Lee (1990) နှင့် ယီ - Yi (2014) တို့ကို ကြည့်ပါ။

17. "ဘုန်းတော်ကြီး(ဝန်းဂွမ်း)အား အလေးအမြတ်ထားဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တွဲဖက်ထားသော အဓိကဗုဒ္ဓဘာသာဝင်စစ်တပ်ဘုရားကျောင်းတော်ကြီးကို အမည်ပေးခဲ့ခြင်းသည် မတော်တဆတိုက်ဆိုင်မှု မဟုတ်ချေ" ဟု တီခိုနော့ဗ် (Tikhonov) က မှတ်ချက်ပြုပါသည်။ (Tikhonov 2015, 15–16)

18. လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်း ဤအသုံးအနှုန်းနှင့် ထိုတွဲဖက်လျက်ရှိသောအတွေးအခေါ်သည် ကိုးရီးယားဗုဒ္ဓဘာသာ၏ဝိသေသလက္ခဏာများအား ပြန်လည်ဆန်းစစ်အကဲဖြတ်ခြင်း ဗုဒ္ဓဘာသာ ပညာရပ်ဆိုင်ရာ လေ့လာမှု၏ ဦးတည်ရာနှင့်အတူ ပြင်းပြင်းထန်ထန်ဝေဘန်မှုကို တွေ့ကြုံခဲ့ရပြီး ဖြစ်ပါသည်။ (Kim 2013, 2014; Mohan 2006; Pak 2010; Shim 1989; Sorensen 2008) သို့သော် ပညာရှင်များအကြား လက်ခံမှု လျော့နည်းသွားသော်လည်း SPB ၏ ကလောင်စွမ်းသည် ၎င်းတို့အကြားတွင် ပျံ့နှံ့နေဆဲဖြစ်ပြီး တောင်ကိုးရီးယားပြည်သူတို့၏ ဘာသာရေးပိုင်းဆိုင်ရာ အတွေ့အကြုံကို ဆက်လက်ပုံသွင်းပေးနေပါသည်။ ခေတ်သစ်အကြိုနှင့် ခေတ်သစ်ကာလ အရှေ့အာရှတွင် SPB ၏ မူဝါဒသဘောတရားနှင့် ကျင့်သုံးမှုအလေ့အထများအတွက် ဒါအိုးရု - Daoru (2012) ကို ကြည့်ပါ။

19. မာရ်နတ်ကို ဆန့်ကျင် ဖော်ပြရေးသားချက်ကို ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် မကြာခဏ တွေ့ရလေ့ရှိပါသည်။ သီရိလင်္ကာနိုင်ငံ၏ကိစ္စအတွက် ဆီနီဗီရတ်နဲ - Seneviratne (1999)၊ ဘာသိုလိုမြူးဇ် - Bartholomeusz (2002) နှင့် ဖရိုင်းဒဲန်လွန်း - Frydenlund (2013) ကို ကြည့်ပါ။ ထိုင်းနိုင်ငံအတွက် နီလ်ဆင် - Nilsen (2013)၊ တမ်ဘီယာ - Tambiah (1992) နှင့် ဂျဲရီဆန် - Jerryson (2010, 2011, 2013) ကို ကြည့်ပါ။ မဟာယာနနိုင်ငံများအတွက်ကဲ့သို့ အတ္တမရှိခြင်း သို့မဟုတ် လူ့ကျင့်ဝတ်နှင့်ဆိုင်သော အဘိညာဉ် - ဘုရားလောင်းတို့ ကျင့်သုံးသော ကြောင်းကျိုးဆင်ခြင်မှုကိုကျော်လွန်သည့် စံသတ်မှတ်ထားသော ကိုယ်ကျင့်သီလ (normative ethics) များ - ကဲ့သို့သော အယူအဆများကို တရားသောစစ်ပွဲအတွေးအခေါ်များအဖြစ် အသုံးပြုပါသည်။ ဂျပန်ကိစ္စရပ်အတွက် အော်ရယ်ဘက်ခ် - Auerback (2013)၊ ကလိုင်း - Kleine (2006) နှင့် ဗစ်တိုးရီးယား - Victoria (2003, 2006) ကို ကြည့်ပါ။ တရုတ်အတွက် ယု - Yu (2005, 2010, 2013) ကို ကြည့်ပါ။ တောင်ကိုရီးယားကိစ္စတွင် ဗုဒ္ဓဘာသာကို အကာအကွယ်ပေးသောနိုင်ငံအပေါ် အကျယ်တဝင့်ရေးသားချက်များသည် ဗုဒ္ဓဘာသာနှင့် စစ်ပွဲအပေါ် အငြင်းပွားမှု များတွင် အလွှမ်းမိုးဆုံးဖြစ်ပါသည်။

20. ကြီးမြတ်သောသမားတော်သုတ္တန် (Skt. ဘေသဇ္ဇသုတ္တန်၊ Ch. yaoshi rulai benyuan jing 藥師如來本願經) တိပိဋက ကိုရီးယား (*Tripitaka Koreana* K0176)။ https://kabc.dongguk.edu/

21. အခန်းဆက်အပိုင်း(၃)၊ အခန်း(၂)တွင် အမြဲထာဝရတည်သောခန္ဓာ၊ နိဗ္ဗာနသုတ္တန် (Skt. မဟာယာန မဟာပရိနိဗ္ဗာနသုတ္တန်၊ Ch. Daban niepan jing 大般涅槃經)။ တိုင်းရှိုး တိပိဋက 0374_12.0383b၊ 0384b။ http://21dzk.l.u-tokyo.ac.jp/SAT/ddb-sat2.php.

22. အခန်းဆက်အပိုင်း (၄၁) တွင် ယောဂကျင့်စဉ်အတွက် အဆင့်များနှင့်ပတ်သက်သောစာတမ်း (Skt. ယောဂါစာရ ဘူမိသုတ္တန်၊ Ch. yujia shidi lun 瑜伽師地論)၊ တိုင်းရှိုး တိပိဋက 1579_30.0517b။ http://21dzk.l.u-tokyo.ac.jp/SAT/ddb-sat2.php.

23. ပိုဆာလ်ဂျဲဘွန်ဆို (Posalgyebon so) 菩薩戒本疏 (ဘုရားအလောင်းတော်၏ သီလ ကျင့်စဉ်များကို ရှင်းလင်းဖွင့်ဆိုသော အဋ္ဌကထာ)။ ဟန်ဂုခ်ပူလ်ဂျိုချွန်ဆို (Hanguk pulgyo chonso) (ကိုးရီးယားဗုဒ္ဓဘာသာ စုစည်းမှု) H0036။ https://kabc.dongguk.edu/

24. ကျွန်ုပ်၏ဘာသာပြန်ဆိုမှုများအတွက် ဟ (Ha) နှင့် မင့်တ်ဇ် (Mintz) (2006) ကို ကျေးဇူးတင်ရှိပါသည်။ သို့သော် တစ်စုံတစ်ရာ အမှားရှိခဲ့လျှင် ကျွန်တော်၏ အမှားသာ ဖြစ်ပါကြောင်း။

25. ကြားခံ ကြားနေခြင်း (Agent neutrality) သည် ဗုဒ္ဓဘာသာကိုယ်ကျင့်သီလပိုင်းတွင် မကြာခဏ ငြင်းခုံရသော အကြောင်းအရာ ဖြစ်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာတွင် သတ်ဖြတ်မှုလုပ်ရပ်အား လုပ်နေခိုက်တွင် မကောင်းသော စိတ်ခံစားမှုများ၏ အခြေခံသဘောတရားမရှိခြင်းမှာ မဖြစ်နိုင်ဟု ယူဆပါသည်။ (Gethin 2004)


**ကျေးဇူးတင်လွှာ**

ကျွန်ုပ်၏ ပထမစာမူကြမ်းအပေါ် တန်ဖိုးမဖြတ်နိုင်သော မှတ်ချက်များပေးခဲ့ခြင်းအတွက် ဗုဒ္ဓဘာသာနှင့် IHL အစီအစဉ်တွင် ပါဝင်ကြသည့် ဂျူရီလူကြီးများ၊ ပါဝင်သူများနှင့် အယ်ဒီတာဘုတ်အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကြေငြာချက်**

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။


**ရည်ညွှန်းကိုးကားချက်များ**

Auerback, M. 2013. “A Closer Look at Zen at War: The Battlefield Chaplaincy of Shaku Soen in the Russo-Japanese War (1904-1905).” In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by V. Tikhonov and T. Brekke, 152–171. New York: Routledge.

Bartholomeusz, T. J. 2002. In Defense of Dharma: Just-War Ideology in Buddhist Sri Lanka. London and New York: Routledge Curzon.

Buswell, R. E. 1992. The Zen Monastic Experience: Buddhist Practice in Contemporary Korea. Princeton: Princeton University Press.

Buswell, R. E., and D. S. Lopez. 2014. The Princeton Dictionary of Buddhism. Princeton: Princeton University Press.

Daoru, W., 魏道儒, ed. 2012. Fojiao Huguo Sixiang Yu Shijian 佛教護國思想與實踐 (State-Protecting Buddhism as a Doctrine and Practice). Beijing: Shehui Kexue Wenxian Chubanshe.

Eda, T., 江田俊雄. 1977. Chōsen Bukkyōshi No Kenkyū 朝鮮佛教史の研究 (Research on the History of Chosŏn Buddhism). Tokyo: Kokusho kankōkai.

Editorial Board of Buddhist Chaplaincy 불교군종사 편찬위원회. 2008. Pulgyo kunjong sa: Kunsŭng 40 nyŏnsa 불교군종사 군승 40 년사 (40-year History of the Buddhist Chaplain Service). Seoul: Buddhist Military Ordinariate of the Chogye Order of Korean Buddhism.

Editorial Board of Buddhist Chaplaincy 불교군종사 편찬위원회.2018.Pulgyo Kunjong Sa: Kunsŭng 50 NyŏnSa 불교군종사 군승 50 년사 (50-year History of the Buddhist Chaplain Service). Seoul: Buddhist Military Ordinariate of the Chogye Order of Korean Buddhism.

Education Centre for the Chogye Order of Korean Buddhism 대한불교조계종교육원. 2001. Chogyejong Sa 조계종사 (History of the Chogye Order). Seoul: Chogyejong Press.

Frydenlund, I. 2013. “Canonical Ambiguity and Differential Practices: Buddhism and Militarism in Contemporary Sri Lanka.” In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by V. Tikhonov and T. Brekke, 95–119. New York: Routledge.

Gethin, R. 2004. “Can Killing a Living Being Ever Be an Act of Compassion?” Journal of Buddhist Ethics 11: 162–202.

Ha, T.-H., and G. Mintz, trans. 2006. Samguk Yusa: Legends and History of the Three Kingdoms of Ancient Korea. Seoul: Yonsei University Press.

Im, D., 임동주. 2012. Silla pulkyo yunli sasang yŏn'gu 신라불교 윤리사상 연구 (Study on Ethics of Silla Buddhism). PhD dissertation, Dongguk University.

Jerryson, M. 2010. “Militarizing Buddhism: Violence in Southern Thailand.” In Buddhist Warfare, edited by M. K. Jerrison and M. Juergensmeyer, 179–209. New York: Oxford University Press.

Jerryson, M. 2011. Buddhist Fury. New York: Oxford University Press.

Jerryson, M. 2013. “A Path to Militant Buddhism: Thai Buddhist Monks as Representations.” In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by V. Tikhonov and T. Brekke, 75–94. New York: Routledge.

Jorgensen, J. 1997. "Korean Buddhist Historiography-Lessons from past to the Future." Pulgo yŏn'gu 14: 219–237.

Kamada, S., 鎌田茂雄. 1987. Chōsen Bukkyōshi 朝鮮佛敎史 (History of Chosŏn Buddhism). Tokyo: Tōkyō Daigaku Shuppankai.

Kang, I., 강인철. 2017. Chong'gyo Wa Kundae 종교와 군대 (Religion and Military). Seoul: Hyŏnsil Munhwa.

Kim, J., 김종명. 2013. Kugwang ŭi pulgyogwan kwa ch'igukch'aek 국왕의 불교관과 치 국책(Kings' Perspectives on Buddhism and Their Statecraft). Seoul: Han'guk Haksul Chŏngbo.

Kim, K., and C. Park. 2020. "Married Monastics and Military Life: Contradictions and Conflicted Identities within South Korea's Buddhist Chaplaincy System." Religions 262: 1–9.

Kim, S. 2007. "The Identity of Korean Buddhism within the Context of East Asian Buddhism." In Korean Buddhism in East Asian Perspectives, edited by Geumgang Center for Buddhist Studies, 23–44. Seoul: Jimoondang.

Kim, S., 김상용. 2014. "Han'guk pulgyo ŭi pop'yŏnsŏng kwa t'ŭksusŏng 한국 불교의 보편성과특수성(Universalities and Particularities in Korean Buddhism)." Pulgyo Yŏn'gu 40: 155–191.

Kleine, C. 2006. "Evil Monks with Good Intentions? Remarks on Buddhist Monastic Violence and Its Doctrinal Background." In Buddhism and Violence, edited by M. Zimmermann, 65–98. Lumbini: Lumbini International Research Institute.

Lee, J., 이종학. 1990. "Wŏn'gwang pŏpsa wa sesok ogye e taehan shin koch'al 원광법 사와세속오계에대한신고찰(ANewStudyonWŏn'gwangandhis Five Worldly Precepts)." The Journal of Silla Culture 7: 145–168.

Melzer, N. 2019. International Humanitarian Law: A Comprehensive Introduction. Geneva: International Committee of the Red Cross.

Ministry of Culture, Sports and Tourism 문화체육관광부. 2018. 2018 Nyŏn han'guk ŭi chong'gyo hyŏnhwang 2018 년 한국의 종교현황(TheCurrent State of South Korean Religions in 2018). Seoul: Ministry of Culture, Sports and Tourism.

Mohan, P. N. 2006. "Beyond the Nation-Protecting Paradigm: Recent Trends in the Historical Studies of Korean Buddhism." The Review of Korean Studies 9 (1): 49–68.

Nilsen, M. 2013. "Military Temples and Saffron-Robed Soldiers: Legitimacy and the Securing of Buddhism in Southern Thailand." In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by V. Tikhonov and T.Brekke, 37–53. NewYork: Routledge.

Office of Military Ordinariate. 1997. Kukkun Pŏbyo Chip 국군법요집 (Essential Buddhist Teachings for the Armed Forces). Later revised in 2000, 2010 and 2018. Seoul: Ministry of National Defense.

Pak, C., 박재현. 2010. "Chosn Chŏn'gi Pulgyogye Ŭi InyŏmChŏkPyŏnhwa Kwajŏng Yŏn'gu: Ŭisŭngbyŏng Ŭl Chungsim Ŭro 조선전기불교계의이념적변화과정연구: 의승병을 중심으로 (A Study on the Ideological Change Process in Choson Buddhism: Focusing on Monk Armies Raised in the Cause of Justice)." Pulgyohak Yŏn'gu 26: 329–358.

Park, P. 2014. “Buddhism in Modern Korea.” In The Wiley Blackwell Companion to East and Inner Asian Buddhism, edited by M. Poceski, 466–484. Oxford: Wiley Blackwell.

Seneviratne, H. L. 1999. The Work of Kings: The New Buddhism in Sri Lanka. Chicago: University of Chicago Press.

Shim, J. 1989. “On the General Characteristics of Korean Buddhism– Is Korean Buddhism Syncretic?” Seoul Journal of Korean Studies 2: 147–157.

Sorensen, H. 2008. “Protecting the Nation’: Korean Buddhism under the Rule of Park Chung Hee (1961–79).” In Korea: The Past and the Present, edited by S. Pares and J. Hoare, 191–204. Kent: Global Oriental.

Tambiah, S. J. 1992. Buddhism Betrayed? Religion, Politics, and Violence in Sri Lanka. Chicago: University of Chicago Press.

Tikhonov, V. 2015. “Militarized Masculinity with Buddhist Characteristics: Buddhist Chaplains and Their Role in the South Korean Army.” The Review of Korean Studies 18: 7–33.

Victoria, B. D. 2003. Zen War Stories. London: Routledge Curzon.

Victoria, B. D. 2006. Zen at War. Washington: Rowman and Littlefield.

Yi, C., 이자랑. 2014. “Sesok ogye ŭi salsaeng yut’aek kye wa Won’gwang ŭi kyeyul kwan. 세속오계의 살생유택계와원광의 계율관 (The Precept of Discriminative Killing from Principle of Five Codes for the Secular World and the Perspectives of Wŏn’gwang on Precepts).” Han’guk sasangsa hak 46: 1–27.

Yim, S., 임승택. 2014. “Sesok ogye ŭi paegyŏng kwa gŭn’gŏ 세속오계의 배경과 근거 (A Study on the Rationale of the Five Wordly Precepts).” Tong ashia pulgyo munhwa 18: 93–96.

Yu, X. 2005. Buddhism, War, and Nationalism: Chinese Monks in the Struggle against Japanese Aggression, 1931-1945. New York: Routledge.

Yu, X. 2010. “Buddhists in China during the Korean War (1951-1953).” In Buddhist Warfare, edited by M. K. Jerrison and M. Juergensmeyer, 131–156. New York: Oxford University Press.

Yu, X. 2013. “Buddhism and the Justification of War with Focus on Chinese Buddhist History.” In Buddhism and Violence: Militarism and Buddhism in Modern Asia, edited by V. Tikhonov and T. Brekke, 194–208. New York: Routledge.

# အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် နီချီရန်း(Nichiren) ဗုဒ္ဓဘာသာ

Daiki Kinoshita

## ဆောင်းပါးအကျဉ်းချုပ်

ဤစာတမ်းသည် သီးခြား မဟာယာန ကိုယ်ကျင့်သီလ အတိအကျပြောရသော် ကျိယီ - Zhiyi(၅၃၈-၅၉၇)၊ နီချီရန်း - Nichiren(၁၂၂၂-၁၂၈၂)နှင့် စိုးခဂတ်ကိုင်း - Sōka Gakkai (၁၉၃၀-) တို့၏ ကြာပန်းသုတ္တန်(Lotus Sūtra)အား အဓိပ္ပါယ်ကောက်ယူချက်သည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)၏ အဓိကအခြေခံ မူများနှင့်ဆက်စပ်နိုင်ပုံကို စူးစမ်းလေ့လာထားပါသည်။ အထူးသဖြင့် စိုးခဂတ်ကိုင်း၏ အဓိက အယူဝါဒ သဘော တရားသုံးခု (ဘဝ၏ဂုဏ်သိက္ခာ၊ ဘဝ၏ကွဲပြားမှုနှင့် ဘဝ၏အပြန်အလှန်ဆက်နွယ်မှု) သည် IHL အခြေခံမူ တချို့ နှင့် ထပ်တူညီကြောင်းကိုလည်း ဤစာတမ်းတွင် အကဲဖြတ်ထားပြီး ဆွေးနွေးထားပါသည်။ ထို့နောက် ဤစာတမ်း က ယနေ့ခေတ်ဗုဒ္ဓဘာသာအဖွဲ့အစည်းများသည် IHL အား ထောက်ခံအားပေးသူများ ဖြစ်လာနိုင်ပုံကို ပိုင်းခြား စိတ်ဖြာလေ့လာထားသည့်အပြင် စောခဂတ်ကိုင်းသည် နျူကလီးယားလက်နက်များအသုံးပြုခြင်း၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျိုးသက်ရောက်မှုအရ IHL နှင့် သဘောထားကိုက်ညီပုံ - နှင့် ဆုံးဖြတ်ပြီးဖြစ်ပုံကို အထူးသဖြင့် ကြည့်ရှုလေ့လာပါသည်။

## နိဒါန်း

၁၉၃၀ပြည့်နှစ်တွင် စိုးခကယောအိခုဂတ်ကိုင်း - Sōka Kyōiku Gakkai 創価教育学会(တန်ဖိုးဖန်တီးခြင်း ပညာရေး အသင်း - Society for Value-Creating Education) အဖြစ် တည်ထောင်ခဲ့ပြီး ၁၉၄၆ခုနှစ်တွင် စိုးခဂတ်ကိုင်း - Sōka Gakkai အမည်သို့ ပြောင်းလဲခဲ့သည့် စိုးခဂတ်ကိုင်း - Sōka Gakkai 創価学会 (တန်ဖိုး ဖန်တီးမှုအသင်း - Value-Creation Society) က စွဲကိုင်ထားသော အဆုံးအမများသည် သကျမုနိဗုဒ္ဓမှ ဆင်းသက်လာသော ဗုဒ္ဓဘာသာ လူသားဝါဒ အစဉ်အလာတွင် ပါဝင်ပါသည်။[1] အထူးသဖြင့် မှတ်သားဖွယ်အကောင်းဆုံးမှာ စိုးခဂတ်ကိုင်းသည် ကြာပန်းသုတ္တန် (Skr: သဒ္ဓမ္မပုဏ္ဍရိကသုတ်၊ Ch: Miaofa lianhua jing 妙法 蓮華經; Jp: Myōhō-renge-kyō [T09n0262]) တွင် အဆိုပြုထားသော အယူဝါဒသဘောတရားပေါ်အခြေခံပါသည်။ ကြာပန်းသုတ္တန်၏အဆုံးအမ များကို အိန္ဒိယ၊ တရုတ်နှင့် ဂျပန်ရှိ ဗုဒ္ဓဘာသာစာပေပညာရှင်များနှင့် ဆရာများ အထူးသဖြင့် တရုတ်တွင် ကျိယီ - Zhiyi 智顗 (538–597)[2] နှင့် ဂျပန်တွင် နီချီရန်း - Nichiren (1222-1282)[3] တို့က လက်ဆင့်ကမ်းပျံ့နှံ့စေခဲ့ပြီး ဖွံ့ဖြိုး တိုးတက်စေခဲ့ပါသည်။ ကျိယီ၏ပညာရပ်ဆိုင်ရာလေ့လာမှုက ၎င်းသိမြင်ခဲ့သည့် ထိုသုတ္တန်၏ပထမပိုင်းနှင့် လူသားအားလုံးသည် ဘုရားဖြစ်နိုင်သောအလားအလာနှင့်အတူ မွေးဖွားလာကြသည် ဟူသော ရှုထောင့်အမြင်သစ်အရ နက်နက်နဲနဲလေ့လာထားသည့် ဒုတိယပိုင်းတို့အကြား နက်နဲထင်ရှားသော ကွဲပြားခြားနားမှုကို အဆုံးအမများနှင့် စာပေကျမ်းဂန်များ(panjiao 判教)အား ၎င်း၏အမျိုးအစားခွဲခြားခြင်းနှင့် အတူ ကြာပန်းသုတ္တန်၏ မြင့်မြတ်သာလွန်ကောင်းမွန်မှုကို အတည်ပြုပေးခဲ့ပါသည်။

ဂျပန်နိုင်ငံတွင် ကမာကူရခေတ် (၁၁၈၂-၁၃၃၃) အတွင်း ဗုဒ္ဓဘာသာဘုန်းတော်ကြီး နီချီရန်း(Nichiren) သည် ကြာပန်းသုတ္တန်ကိုအခြေခံသည့် ယင်းသုတ္တန်၏ခေါင်းစဉ်ကို "နာမု-မယောဟိုး-ရန်းဂဲ-ကယော (Namu-myōhō-renge-kyō 南無妙法 蓮華経')"[4] ပုံသေနည်းလမ်းအပြင် ဂိုဟွန်းဇွန်း(Gohonzon)[5] တွင် ၎င်း၏ ကိုယ်စားပြု အလားတူပုံစံ ရွတ်ဆိုခြင်း အပါအဝင် ကျင့်စဉ်ပုံစံသစ်တစ်ခုကို အဆိုပြုခဲ့ပါသည်။

နီချီရန်း၏သွန်သင်ဆုံးမမှုကိုလိုက်နာခြင်းအပြင် တိုးတက်ဖွံ့ဖြိုးစေခြင်းဖြင့်လည်း ဘဝ၏ဂုဏ်သိက္ခာအား လေးစားမှုအပေါ်ဗဟိုပြုသည့် ငြိမ်းချမ်းရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးတို့ကို မြှင့်တင်ပေးသော ဗုဒ္ဓဘာသာ အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် စိုးခဂတ်ကိုင်းကို တည်ထောင်ခဲ့ပါသည်။ ယခုအခါ ၎င်းသည် ကမ္ဘာတစ်ဝှမ်း နိုင်ငံပေါင်း ၁၉၂နိုင်ငံနှင့် နယ်မြေများတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဤစာတမ်းတွင် ကဏ္ဍသုံးခု ပါဝင်ပါသည်။ ပထမပိုင်းသည် အစိုးရ၊ အကြမ်းဖက်မှုနှင့် စစ်ပွဲအပေါ် နိချိရန်းနှင့် စိုးခဂတ်ကိုင်းတို့၏အမြင်များနှင့်သက်ဆိုင်ပြီး၊ ဒုတိယပိုင်းသည် IHL အပေါ် စိုးခဂတ်ကိုင်း၏ အမြင်များကို ရှင်းပြထားကာ နောက်ဆုံးပိုင်းသည် နျူးကလီးယားလက်နက်များအသုံးပြုမှုကိုကန့်သတ်ရန် စိုးခဂတ်ကိုင်း၏ ကြိုးပမ်းအားထုတ်မှုကို စူးစမ်းလေ့လာဖော်ထုတ်ထားပါသည်။

## အစိုးရ၊ အကြမ်းဖက်မှုနှင့် စစ်ပွဲအပေါ် နိချိရန်းနှင့် စိုးခဂတ်ကိုင်း တို့၏အမြင်

နိချိရန်းကို ၁၂၂၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် ဂျပန်နိုင်ငံ၊ ယခု ချိဘ(Chiba) စီရင်စုရှိ ပင်လယ်ကမ်းခြေ ရွာငယ်ဇနပုဒ်လေးတစ်ခုတွင် မွေးဖွားခဲ့ပြီး၊ အသက် ၆၁နှစ်အရွယ် ၁၂၈၂ခုနှစ်၊ အောက်တိုဘာ ၁၃ရက်နေ့တွင် ဇဖ ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ ၎င်း၏ဘဝတစ်လျှောက်လုံးတွင် နိချိရန်းသည် သာမန်ပြည်သူများ၏ ဆင်းရဲဒုက္ခကြောင့် သဘောထားပြောင်းလဲခဲ့ပြီး ပိုမိုငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်အတွက် ဆွေးနွေးမှုကို ဖွံ့စည်းတည်ထောင်မှုတွင် ပါဝင်ရန် ကြိုးပမ်းခဲ့ပါသည်။ ၎င်း၏လူသိအများဆုံးသောကျမ်းသည် “ကမ္ဘာမြေ၏ ငြိမ်းချမ်းရေးအတွက် မှန်ကန်သောအဆုံးအမ တည်ထောင်ခြင်း (On Establishing the Correct Teaching for the Peace of the Land)” (Risshō Ankokuron 立正安国論) ဖြစ်ပြီး အိမ်ရှင်နှင့်ဧည့်သည်ကြား အပြန်အလှန် ဆွေးနွေးမှုပုံစံဖြင့် ရေးသားခဲ့ပြီး ခေတ်ပြိုင်နိုင်ငံရေးခေါင်းဆောင်များ ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ၎င်းတို့အား ငြိမ်းချမ်းရေးကို ရှေ့ဆောင်လမ်းပြမည့် ဘဝကိုလေးစားသည့် ဒဿနအတွေးအခေါ်ပေးရန် ရည်ရွယ်ခဲ့ပါသည်။ ထိုကျမ်းတွင် နိချိရန်းက “သင်၏ ကိုယ်ရေးကိုယ်တာလုံခြုံရေးကို သင် ဂရုစိုက်လျှင် ကမ္ဘာမြေ၏ အရပ်လေးမျက်နှာ တစ်လျှောက် ငြိမ်ဝပ်ပိပြားပြီးတည်ငြိမ်အေးချမ်းအောင် ရှေးဦးစွာဆုတောင်းသင့်ပါသည်။ သင် မလုပ်သင့်ဘူးလား” ဟု ရေးသားခဲ့ပါသည်။ (Sōka Gakkai 1999, 24)

နိချိရန်းသည် စည်းရုံးဆွဲဆောင်မှုနှင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုကို အမြဲတမ်း အသုံးပြုခဲ့ပါသည်။ ၎င်းသည် သုတ္တန်များတွင် ဟောကြားသွန်သင်ဆုံးမတော်မူခဲ့သည့်အတိုင်း သကျမုနိဗုဒ္ဓ၏ မူလရည်ရွယ်ချက်ကို ဆွေးနွေးရန်နှင့်ရှင်းလင်းရန် ဂိုဏ်းကွဲများမှ ယုံကြည်မှုခိုင်မာသော ဗုဒ္ဓဘာသာဝင်များနှင့် အခြေအတင် ဆွေးနွေးပွဲများကို မကြာခဏ ခေါ်ယူလေ့ရှိခဲ့ပါသည်။ ဤအကြောင်းကြောင့် နိချိရန်းကို ထူးထူးခြားခြား ရိုးသားပွင့်လင်းစွာ ဟုတ်တိုင်းမှန်ရာပြောသူအဖြစ် အများကရှုမြင်ခဲ့ကြပါသည်။ သာဓကအားဖြင့် လူ့ဘောင်အဖွဲ့အစည်းကို တည်ငြိမ်စေရန်နှင့် ခံနိုင်ရည်နည်းပါးသည့်ဘေးဖြစ်လွယ်သူများကို ကယ်တင်ရန်အစား ကံကိုယုံသည့်ဝါဒနှင့် မှီခိုမှုခံစားချက်ကို အားပေးသည်ဟု ၎င်းကရှုမြင်သည့် အကျင့်ပျက်ဗုဒ္ဓဘာသာဂိုဏ်းခွဲများနှင့်အတူ ပူးပေါင်းခြင်းဆောင်ရွက်ခြင်းအတွက် ထိုကာလ ဂျပန်အစိုးရကို ၎င်းက အပြစ်မြင်ခဲ့ပါသည်။ ၎င်း၏ ရိုးသားပွင့်လင်းစွာ ဟုတ်တိုင်းမှန်ရာပြောဆိုမှုသည် အခြားဂိုဏ်းများနှင့် အစိုးရအာဏာပိုင်များထံမှ ဆက်တိုက်ဖိနှိပ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။

နိချိရန်းသည် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ ခြိမ်းခြောက်မြောင်းတိုက်ခိုက်မှုများ၊ နောက်ထပ် မောင်းထုတ် ခံရခြင်းနှင့် အဆုံးစွန်အားဖြင့် ကွပ်မျက်ရန်ကြိုးပမ်းမှုကိုပင် ကြုံတွေ့ခဲ့ရပါသည်။ ယင်းသို့သောဥပမာတစ်ခုမှာ ၁၂၆၄ခုနှစ်၊ နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ကိုမတ်ဆုဘာရ(Komatsubara) ညှင်းပန်းနှိပ်စက်မှု ဖြစ်ပါသည်။ ထိုဖြစ်ရပ်ကို ၎င်းက အောက်ပါအတိုင်းဖော်ပြခဲ့ပါသည် - အရေအတွက် ထောင်နှင့်သို့မဟုတ် သောင်းနှင့်ချီသော “နဲမ်ဘုဆု (Nembutsu) ယုံကြည်သူများ[6]နှင့် ၎င်းတို့ကိုထောက်ခံသူများသည်(Sōka Gakkai 1999, 81) နိချိရန်းနှင့် ၎င်းနှင့်အတူပါလာသူ အမျိုးသားဆယ်ဦးကို တိုက်ခိုက်ခဲ့ပြီး သတ်ဖြတ်ရန်ကြိုးစားခဲ့ကြရာတွင် သုံးဦး သို့မဟုတ် လေးဦးကသာ လုံးဝ ခုခံနိုင်စွမ်း ရှိခဲ့ပါသည်။ (Sōka Gakkai 1999, 81) ယင်းသို့သောအခြေအနေတွင်ပင် နိချိရန်း နှင့် ၎င်း၏တပည့်များသည် အကြမ်းဖက်မှုကို အားကိုးအားထားပြုရန် တွန့်ဆုတ်နေခဲ့ကြပါသည်။ ထို့ကြောင့် ကိုယ်ထိလက်ရောက်တိုက်ခိုက်သူများကို

တိုက်ခိုက်ရန် လုံလောက်သောလက်နက်တပ်ဆင်ထားခြင်း မရှိခဲ့ပါ။ “သတ္တဝါတို့၏ ပထမဆုံး တန်ဖိုးသည် အသက်မှလွဲ၍ အခြားမရှိ၊ သူတပါးအသက်ကို သတ်သောသူသည် ငရဲ၊ ဆာလောင်နေသောပြိတ္တာများနှင့် တိရိစ္ဆာန်များဟူသော မကောင်းသည့်လမ်း သုံးသွယ်သို့ ကျရောက်ရန် သေချာ ကြောင်း (Sōka Gakkai 1999, 460) နိချိရန်း၏ယုံကြည်မှုကို ယင်းသဘောထားက ထင်ဟပ်နေပါသည်။ နိချိရန်းသည် လူ့ဘဝ၏ဂုဏ်သိက္ခာနှင့် အကြမ်းမဖက်မှုတွင် ခိုင်မာစွာ ယုံကြည်ခဲ့သောကြောင့် ကိုမတ်ဆုဘာရ နှိပ်စက်ညှဉ်းပန်းမှုကဲ့သို့သော အချို့ ပြင်းထန်သော အခြေအနေများတွင် ၎င်းနှင့် ၎င်း၏တပည့်များသည် ရွေးချယ် စရာမရှိခဲ့သော်လည်း ၎င်းတို့ကို၎င်းတို့ကာကွယ်ရန် အင်အားကို အနည်းဆုံးအဆင့် အသုံးပြုခဲ့ရပါသည်။ စင်စစ် နောက်ဆုံးတွင် ၎င်းကိုယ်၎င်းကာကွယ်ရန် တပည့်တစ်ဦးက ၎င်းကိုပေးသော ဓားတစ်လက်ကို လက်ခံခဲ့ပါသည်။ (Sōka Gakkai, 1999, 451) သို့သော်လည်း နိချိရန်း၏ အလေးထားမှုမှာ ၎င်းနှင့် ၎င်း၏တပည့်များ လက်နက်စွဲကိုင် ရန်ထက် လက်နက်ကိုင်ပဋိပက္ခကို အမြဲတစေ ရှောင်ရှားရန်နှင့် စည်းရုံးဆွဲဆောင်စကားပြောဆိုမှုနှင့် ဆွေးနွေးမှု ပြုလုပ်ရန်ဖြစ်ကြောင်း မတ်ဆုအိုခါ (Matsuoka) 松岡 (2014, 84–85) က ထောက်ပြထားပါသည်။ နိချိရန်း၏ ချဉ်းကပ်မှုနည်းလမ်းသည် ရန်လိုသောပတ်ဝန်းကျင်များမှ လွတ်မြောက်ရန်ဖြစ်သောကြောင့် တွေ့ဆုံဆွေးနွေးမှု၌ ဆက်ရှိနေစဉ် ၎င်းကိုယ်၎င်း အကြမ်းမဖက်သောနည်းဖြင့် ကာကွယ်ခြင်း ဖြစ်ပါသည်။

နိချိရန်း၏ အကြမ်းမဖက်သော အတွေးအခေါ်ဒဿနသည် ဆုနဲဆာဘူရိုး (Tsunesaburō)၊ မာကိဂူချီ (Makiguchi) နှင့် ဂျိုဆေးတိုဒါ(Josei Toda) တို့၏ ၁၉၃၀ပြည့်နှစ်တွင် စိုးခဂတ်ကိုင်းအား တည်ထောင်မှုနှင့်အတူ ခေတ်သစ်ကမ္ဘာတွင် အသုံးချမှုကို တွေ့ရှိခဲ့ပါသည်။ စိုးခဂတ်ကိုင်း၏ပထမဆုံးဥက္ကဋ္ဌအဖြစ် မာကိဂူချီနှင့်အတူ ထိုအဖွဲ့အစည်းသည် ပညာရေးပြုပြင်ပြောင်းလဲမှုကို အဓိကထားသည့် ဆရာများအဖွဲ့အဖြစ် စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် နိချိရန်းဗုဒ္ဓဘာသာကိုအခြေခံသည့် တစ်ဦးချင်းစီ၏ အတွင်းသန္တာန် ပြောင်းလဲမှု အလေ့အကျင့်မှ တဆင့် လူ့ဘောင်အဖွဲ့အစည်း၏ ပိုမိုတိုးတက်ကောင်းမွန်မှုကို မြှုပ်နှံထားသည့် လှုပ်ရှားမှုများအသွင်ဖြင့် ဖွံ့ဖြိုး ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း မာကိဂူချီနှင့် တိုဒါတို့သည် ၎င်းတို့၏ ဘာသာရေးယုံကြည်ချက်များကို စွန့် လွှတ်ရန် ဂျပန်စစ်ဝါဒီအစိုးရ၏ဖိအားပေးမှုကို ခုခံခဲ့ကြပါသည်။ အစိုးရသည် ထိုအချိန်က အာရှတွင် ၎င်း၏ ကျူးကျော်စစ်ပွဲများကို အမွှမ်းတင်ကာ မထောက်ခံသည့် သဘောထားကွဲလွဲဆန့်ကျင်မှု ပုံစံများအားလုံးကို ဖိနှိပ်ရန် ဧကရာဇ်မင်းမြတ်၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်သည့် နိုင်ငံတော် ရှင်တို(Shintō) ဘာသာကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၃ခုနှစ်တွင် မာကိဂူချီနှင့် တိုဒါတို့သည် စစ်ပွဲကိုကူညီသောအစိုးရအား ဆန့်ကျင်ခြင်းကြောင့် “အတွေးအခေါ် ရာဇဝတ်သားများ(thought criminals)”[7]အဖြစ် ဖမ်းဆီးခံခဲ့ရပြီး အကျဉ်းချခံခဲ့ရကာ မာကိဂူချီမှာ ထောင်ထဲတွင် သေဆုံးခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသောအခါ တိုက်ပွဲဝင်စစ်သည်ဟောင်းများ၊ စစ်ပွဲကြောင့်ဒုက္ခရောက်သူ များနှင့် အဏုမြူဗုံးဒဏ်မှ အသက်ရှင်ကျန်လွတ်မြောက်လာသူများသည် စိုးခဂတ်ကိုင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ ဤပြည်သူများသည် ဗုဒ္ဓဘာသာကျင့်စဉ်များကို ကျင့်သုံးခြင်းဖြင့် ၎င်းတို့၏ စစ်ပွဲကာလအတွေ့အကြုံများ၏ နာကျင်မှုနှင့် ဆင်းရဲဒုက္ခများကို ကျော်လွှားခဲ့ကြပါသည်။

စိုးခဂတ်ကိုင်းပဋိညာဉ်စာတမ်း၏ အပိုဒ်(၅)တွင် ဒေသတွင်း ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများအပြင် အဖွဲ့အစည်းအသီးသီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို လေးစားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဖွဲ့အစည်း တစ်ခုချင်းသည် ထိုနိုင်ငံ သို့မဟုတ် ထိုနယ်မြေတွင် ရှိနှင့်ပြီးဖြစ်သောဥပဒေများနှင့် စည်းကမ်းချက်များနှင့်အညီ ၎င်း၏လုပ်ငန်းဆောင်တာများကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ၎င်း၏အဖွဲ့ဝင်များအား တာဝန်သိ နိုင်ငံသားများ အဖြစ် လူ့ဘောင်အဖွဲ့အစည်းကို ပါဝင်ကူညီရန် တိုက်တွန်းပါမည်။ (Sōka Gakkai, 1995) နိုင်ငံသားကောင်း တစ်ယောက်ဆိုသည်မှာ ခေတ်မီနိုင်ငံတော်၏ တရားဥပဒေစနစ်အရ နေထိုင်နေခြင်း ဖြစ်ပါသည်။

စိုးခဂတ်ကိုင်းအဖွဲ့ဝင်များသည် အသက်ရှင်သန်မှု၏ဂုဏ်သိက္ခာအား လေးစားခြင်းနိယာမကို လက်ခံဖက် တွယ်ထားကြသည့်တိုင် စစ်မှုမထမ်းမနေရဥပဒေအရစစ်မှုထမ်းရသောနိုင်ငံများတွင် နေထိုင်သူများသည် စစ်တပ် တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရေးပေါ်အခြေအနေတွင် တပ်ဖြန့်တာဝန်ချထားခြင်းခံရနိုင်သည်မှာ

ပြောစရာမလိုချေ။ စစ်မှုထမ်းရန်ငြင်းဆိုခွင့်ရှိသောနိုင်ငံများတွင် နေထိုင်သူများအား စစ်မှုထမ်းခြင်းကို တစ်ဦးချင်း အနေဖြင့် ငြင်းဆိုနိုင်ရန် ခွင့်ပြုထားပါသည်။

## အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအပေါ် စိုးခဂတ်ကိုင်း(Sōka Gakkai)၏ အမြင်

အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(ဤမှစ၍နောင်တွင် IHL ဟုသုံးပါမည်)၊ ယင်း၏ အဓိက စာချုပ်များဖြစ်သည့် ဂျီနီဗာသဘောတူညီချက်များနှင့် ၎င်းတို့၏နောက်ဆက်တွဲသဘောတူညီချက်များသည် "စစ်ပွဲတွင်အသုံးပြုသည့်လက်နက်များနှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများ" ကို ကန့်သတ်ရန်နှင့် လက်နက်ကိုင်ပဋိပက္ခ၏ အဆင့်များအားလုံးတွင် တစ်ဦးတစ်ယောက်ချင်းစီအား လူသားဆန်စွာပြုမူဆက်ဆံမှုကိုသေချာစေရန်အတွက် အနိမ့်ဆုံးစံနှုန်းများသတ်မှတ်ရန် ကြိုးပမ်းပါသည်(ICRC 2014)။[8] IHL သည် လူသားချင်းစာနာမှုအခြေခံမှုနှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်တို့ကို ဟန်ချက်ညီစေပြီး တိုက်ပွဲဝင်စစ်သည်များနှင့် အရပ်သားများအကြား၊ အရပ်ဘက် အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာရည်မှန်းချက်များအကြား၊ အချိုးအစားညီမျှမှုနှင့် ကြိုတင်သတိထား ကာကွယ်မှုတို့အကြား ခွဲခြားမှုပေါ်မူတည်ကာ ထိုသို့ခွဲခြားခြင်းနည်းလမ်းအားဖြင့် အလွန်အကျွံနှင့် မလိုလားအပ်သော ဆင်းရဲဒုက္ခများကို တားဆီးကာကွယ်ပေးပါသည်။ (ICRC n.d.a)

ဗုဒ္ဓဘာသာရှုထောင့်အရ လူတိုင်းသည် ၎င်းတို့၏ဂုဏ်သိက္ခာနှင့် ၎င်းတို့၏ဘဝတန်ဖိုးပေါ် အခြေခံကာ လေးစားသမှုနှင့် ပြုမူဆက်ဆံခံရရန် ထိုက်တန်ပြီး (လူ့ဂုဏ်သိက္ခာကိုလေးစားခြင်းသည်လည်း IHL ၏ အရေးကြီးသော ကဏ္ဍတစ်ခု ဖြစ်ပါသည်) တစ်ဦးတစ်ယောက်ချင်းစီအား ၎င်းတို့သည် "အရပ်သားများ" သို့မဟုတ် "တိုက်ပွဲဝင်စစ်သည်များ" ဖြစ်ခြင်း၊ မဖြစ်ခြင်းကို ထည့်သွင်းမစဉ်းစားဘဲ ကရုဏာတရားကို ပြသသင့်ပါသည်။ နိချိရန်း၏ နားလည်သဘောပေါက်မှုတွင် ကရုဏာတရားသည် "မိခင်တစ်ဦးက ၎င်း၏ကလေးငယ်အတွက် ခံစားရသည့် သနားကြင်နာမှုနှင့် ကရုဏာကဲ့သို့" ဖြစ်ပြီး "နိချိရန်းနှင့် ၎င်း၏နောက်လိုက်များ၏ သနားကြင်နာမှုနှင့် ကရုဏာ" သည် ထိုနည်းနှင်နှင် ဖြစ်ပါသည်။ (Sōka Gakkai 2004, 43) ထို့ကြောင့် ကရုဏာသည် တစ်ဦးချင်းနှင့် ဝေးကွာသော အရာမဟုတ်သကဲ့သို့ ၎င်းသည် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အခြားသူများ၏ ဘဝကိုယ်စီ၏ မွေးရာပါဂုဏ်သိက္ခာအား အလေးအနက်ထားသည့် လေးစားမှုနှင့် မည်သည့် ထိခိုက်မှု သို့မဟုတ် ဒဏ်ရာဒဏ်ချက်ကိုမဆို ခံစားရခြင်းထက် တန်ဖိုးထားသောဂုဏ်သိက္ခာကို မြင်လိုသောဆန္ဒတို့တွင် အမြစ်တွယ်နေပါသည်။ "သတ္တဝါအားလုံး ခံစားရသော ဆင်းရဲဒုက္ခမျိုးစုံ - ယင်းတို့အားလုံးသည် ရှေးကဘုရားများကဲ့သို့လာခြင်းကောင်းသော တထာဂတဂုဏ်တော် နှင့် ပြည့်စုံတော်မူသည့် (မြတ်ဗုဒ္ဓ၏) တစ်ကိုယ်တည်း ဆင်းရဲဒုက္ခများဖြစ်သည်" ဟု ဆိုထားသော နိဗ္ဗာနသုတ် (Skr: မဟာယာန မဟာပရိနိဗ္ဗာနသုတ်၊ Ch: 大 般涅槃經 [T12n0374]) ကို ရည်ညွှန်းကိုးကားပြီး နိချိရန်းက "သတ္တဝါ အားလုံး ခံစားရသော ဆင်းရဲဒုက္ခမျိုးစုံသည် နိချိရန်း၏ ကိုယ်ပိုင်ဆင်းရဲဒုက္ခများဖြစ်သည်" ဟု အလေးအနက် ဆိုခဲ့ပါသည်။ (Sōka Gakkai 2004, 138) ထို့ကြောင့် ကရုဏာဆိုသည်မှာ အခြားသူများ၏ ဆင်းရဲဒုက္ခကို မိမိ၏ ကိုယ်ပိုင် ဆင်းရဲဒုက္ခကဲ့သို့ ခံစားခြင်းဖြစ်ပြီး မိမိနှင့် အခြားသူများ၏ဆက်နွှယ်မှုကို အသိအမှတ်ပြုခြင်းဖြစ်သည်ဟု ဆိုလိုပါ သည်။

ထိုနည်းတူ စိုးခဂတ်ကိုင်းသည် ကရုဏာကို အခြားသူများနှင့် - ဘဝအားလုံးနှင့်အတူ - အပြန်အလှန် ပျော်ရွှင်ဝမ်းမြောက်မှုနှင့် ကြီးပွားတိုးတက်မှုအတွက် လိုလားသောစိတ်ဆန္ဒမှ ပေါ်ပေါက်လာသည့် သွေးစည်းမှု ခံစားချက်ဖြစ်သည်ဟု မှတ်ယူပါသည်။ (စိုးခဂတ်ကိုင်းလေ့လာမှုဌာန - Sōka Gakkai Study Department 2017, 159) စိုးခဂတ်ကိုင်းသည် ကရုဏာကို ဗုဒ္ဓဘာသာ၏ နှလုံးသားဗဟိုချက်နှင့်မူလဘူတတွင်ထားရှိ ရှုမြင်ပြီး အထူးသဖြင့် အတိုင်းမသိ ကရုဏာ၊ အသိပညာနှင့် ရဲရင့်ခြင်း ဝိသေသလက္ခဏာရှိသည့် ဘုရားလောင်းဘဝ၊ မြင့်မြတ်သော စိတ်ဝိညာဉ်ပိုင်းဆိုင်ရာနှင့် လူသားဝါဒနှင့်သက်ဆိုင်သောဘဝအခြေအနေတို့ကို အသေးစိတ်ရှင်းပြထားသော ကြာပန်းသုတ်တွင် ရှင်းရှင်းလင်းလင်းထုတ်ဖော်ထားသည့်အတိုင်း ကရုဏာသည် ကျား/မ၊ လူမျိုး၊ လူမှုအဆင့် အတန်း သို့မဟုတ် ဉာဏ်ရည်ဉာဏ်သွေးအစွမ်းအစဖြင့် ခွဲခြားမှုမရှိဘဲ လူတိုင်းလူတိုင်း တစ်ဦးချင်းစီတွင်ရှိသည့် မွေးရာပါဗီဇ ဖြစ်ပါသည်။ ကြာပန်းသုတ်တွင် "ဤပြိုင်ဘက်ကင်းသောရတနာအစုအဝေးပန်းခိုင်သည် မရှာဖွေရဘဲ

ကျွန်ုပ်တို့ထံမှောက်သို့ ရောက်လာခဲ့သည်” ဟု ရေးသားဖော်ပြထားပါသည်။ (Watson 2009, 124) ရတနာ အစု အဝေးသည် ဘုရားအဖြစ်ကိုရသောလောကပါဝင်နေသည့် ဘဝကိုယ်တိုင်ဖြစ်ပြီး “ကြာပန်းသုတ္တန်သည် ကျွန်ုပ်တို့ ၏ဘဝရတနာကို အလေးနက်ဆုံး သိမြင်စေပြီး အသိအမှတ်ပြုစေကြောင်း ဤစာပိုဒ်က ဖော်ပြထားပါသည်။ (Ikeda et al. 2003, 37) စိုးခဂတ်ကိုင်းအရ ကြာပန်းသုတ်တွင် ရှင်းလင်းဟောကြားထားသော ရတနာမျှော်စင်[9]ကို နိချီရန်းက အောက်ပါ အတိုင်း ဖွင့်ဆိုထားပါသည် -

> ဤသာသနာတော်၏နောက်ဆုံးနေ့တွင် ကြာပန်းသုတ္တန်ကို လက်ခံယုံကြည်သော အမျိုးသား များ၊ အမျိုးသမီးများမှလွဲ၍ ရတနာမျှော်စင် မတည်ရှိပေ။ ထို့ကြောင့် ထင်ပေါ်ကျော်ကြားလေးစား ခံရသည်ဖြစ်စေ သို့မဟုတ် နိမ့်ချသည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ သို့မဟုတ် နိမ့်သည်ဖြစ်စေ နမ်-မယောဟို-ရဲန်ငဲ-ကယော (Nam-myoho-renge-kyo) ကို ရွတ်ဆိုသူများသည် ၎င်းတို့ကိုယ်တိုင် ရတနာ မျှော်စင်ဖြစ်ပြီး ထို့အတူပင် ၎င်းတို့ ကိုယ်တိုင်သည် ဘုရားရတနာများ ဖြစ်ကြပါသည် ဟု ယင်းက ဆက်လက် ဖော်ပြထားပါသည်။ (Sōka Gakkai 1999, 299)

**အကာအကွယ်ပေးမှု၏အခြေခံမူများနှင့် အသက်ရှင်သန်မှုဘဝ၏ဂုဏ်သိက္ခာ**

အရပ်သားများ၊ ဆေးဘက်ဆိုင်ရာနှင့် ဘာသာရေးဝန်ထမ်းများကဲ့သို့သော တိုက်ပွဲတွင် မပါဝင်သူများအား အကာအကွယ်ပေးရန် IHL က တောင်းဆိုထားပါသည်။ (ICRC n.d.b) IHL သည် ဒဏ်ရာရသူများ၊ သင်္ဘောပျက် ရာတွင် ပါဝင်သူများ၊ ဖျားနာနေသော တိုက်ပွဲဝင်စစ်သည်များနှင့် စစ်သုံ့ပန်းများကိုလည်း ကာကွယ်ပေးပါသည်။ (ICRC 1988) ဗုဒ္ဓဘာသာရှုထောင့်မှကြည့်လျှင် IHL အခြေခံမူတွင် ရှိရင်းစွဲဖြစ်သော အကာအကွယ်ပေးမှုသည် ဗုဒ္ဓဘာသာနှင့် IHL နှစ်ခုစလုံးအတွက် အဓိကဖြစ်သည့် အသက်ရှင်သန်မှုဘဝ၏ဂုဏ်သိက္ခာကိုလေးစားခြင်း ဖြစ်ပါ သည်။

အသက်ရှင်သန်မှုဘဝ၏ဂုဏ်သိက္ခာကိုလေးစားခြင်းဒဿနကျင့်စဉ်ကို ဘုရားလောင်းဘဝတွင် ဆန်းစစ် ကြည့်နိုင်ပါသည်။ မဟာယာနဗုဒ္ဓဘာသာတွင် ဘုရားလောင်းသည် မိမိနှင့်တစ်ပါးသူတို့အတွက် ဉာဏ်အလင်းကို ကြိုးပမ်းရှာဖွေနေသော သက်ရှိတစ်ဦး ဖြစ်ပါသည်။ ဘုရားလောင်းသည် စာပေအရ ဉာဏ်အလင်းရရန်နှင့် ကိုယ်ကျိုးမငဲ့ အများအကျိုးကိုဦးစားပေးသော ကျင့်သုံးမှုများကို ဆောင်ရွက်ရန် ဆန္ဒပြင်းပြသော သက်ရှိတစ်ဦး ဖြစ်ပါသည်။ (စိုးခဂတ်ကိုင်းလေ့လာမှုဌာန - Sōka Gakkai Study Department 2017, 319)

အသက်ရှင်သန်မှုဘဝ၏ဂုဏ်သိက္ခာကိုလေးစားခြင်းသည် ဘုရားလောင်း ဘဝရှင်သန်မှုနည်းလမ်း၏ ဗဟို အချက်အချာမဏ္ဍိုင်တွင် တည်ရှိနေပါသည်။ ဥပမာတစ်ခုမှာ ကြာပန်းသုတ်၏အခန်း(၂၀)တွင် ဖော်ပြထားသည့် မည်သည့်အခါမျှ မတရားသဖြင့်ချိုးနှိမ်ကဲ့ရဲ့ခြင်းမရှိသော ဘုရားလောင်း (Skr: သဒါပါရိဘူတ Sadāparibhūta; Ch: Chang buqing pusa 常不輕菩薩: Jp: Jōkufyō Bosatsu) ဖြစ်ပါသည်။ ၎င်းနှင့်တွေ့ဆုံသောလူတိုင်းကို ရိုသေကျိုးနွံစွာဦးညွှတ်တတ်သူဖြစ်ပြီး ၎င်းတို့၏ မွေးရာပါ ဗုဒ္ဓသဘာဝကို အလေးထားချီးမွမ်းတတ်သူ ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ဤကျင့်သုံးမှုသည် တုံ့ပြန်မှုအဖြစ် အကြမ်းဖက်မှုနှင့် ဆဲရေးခြင်းများ ပြန်လာရန် တွန်းပို့ပေး သော်လည်း ၎င်းသည် မည်သည့်အခါမျှ မည်သူ့ကိုမဆို မတရားသဖြင့်ချိုးနှိမ်ခြင်းမပြုပါ။ ၎င်းအား နှိပ်စက်ညှဉ်းပန်း သူများအတွင်း ကောင်းကျိုးအတွက် စွမ်းပကားကို ဂုဏ်ပြုခြင်းဖြင့် ၎င်းသည် ရိုးရှင်းစွာ နောက်ဆုတ်မည်ဖြစ်ပြီး ၎င်း၏ကျင့်သုံးမှုကို အဖန်တလဲလဲ ပြုလုပ်ပါလိမ့်မည်။ အချိန်ကြာသောအခါ ဤလုပ်ဆောင်မှုများ၏ရလဒ်အဖြစ် ဘုရားလောင်းသည် မည်သည့်အခါမျှ မတရားသဖြင့်ချိုးနှိမ်မှုမပြုခြင်း၏ လူသားချင်းစာနာမှုမှာ ထွန်းတောက်လာ ခဲ့ပြီး ၎င်းအား အထင်အမြင်သေးသူစက်ဆုပ်ရွံရှာသူများသည် ၎င်း၏တပည့်များဖြစ်လာခဲ့ကြကာ ဤအကြောင်း ကြောင့် ၎င်းတို့ကိုယ်တိုင် ဘုရားအဖြစ်ကိုရရှိရန် လမ်းကြောင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။

လက်နက်ကိုင်ပဋိပက္ခကာလများအတွင်း ဗုဒ္ဓဘာသာအခြေခံမှုများက အကြမ်းမဖက်သော ဆုံးဖြတ်ချက်ကို ရွေးချယ်ရန် အကြံပြုပါလိမ့်မည်။ သို့သော်လည်း ယင်းသို့သော ဆုံးဖြတ်ချက်များ ဖြစ်မလာသောအခါနှင့် ထွက်ပေါက်မရှိသောအခြေအနေရောက်ရှိခဲ့သောအခါ ၎င်းတို့သည် ဆင်းရဲဒုက္ခအနည်းဆုံးနှင့် စစ်ပွဲကို အစောဆုံး အဆုံးသတ်နိုင်ခြင်းတို့ ပါဝင်သည့် ရလဒ်တစ်ခုပေါ်ထွက်လာရန်အတွက် ကြိုးပမ်းရှာဖွေပါလိမ့်မည်။ စိုးခဂတ်ကိုင်းကို နမူနာယူ၍ ဤအသိပညာသည် ဆွေးနွေးပြောဆိုမှုတွင်ပါဝင်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနည်းလမ်းများကို အဆိုပြုခြင်းကဲ့သို့သော အကြမ်းမဖက်သည့် ဖြေရှင်းမှုဖြင့် ငြိမ်းချမ်းရေးကိုမြှင့်တင်သော လုပ်ဆောင်မှုကို ဦးဆောင်ပါသည်။ ဥပမာအားဖြင့် ကမ္ဘာတစ်ဝှမ်းရှိ စိုးခဂတ်ကိုင်းအဖွဲ့အစည်းများ၏ အဓိကလုပ်ဆောင်မှုသည် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်ဆောင်ရွက်နေသော ပညာရေးဆိုင်ရာပြပွဲများ၊ နှီးနှောဖလှယ်ပွဲများနှင့် ဟောပြောသူနှင့် အပြန်အလှန်ဆွေးနွေးသည့် ဟောပြောပွဲများမှတစ်ဆင့် သတိမူနားလည်သဘောပေါက်မှုကို မြှင့်တင်ခြင်း ဖြစ်ပါသည်။ ဥပမာတစ်ခုမှာ စိုးခဂတ်ကိုင်း အင်တာနေရှင်နယ် ယူအက်စ်အေ (နောင်တွင် SGI-USA ဟု သုံးပါမည်) ၏ အောင်မြင်ကျော်ကြားသော ဟောပြောသူစီးရီး ငြိမ်းချမ်းရေးယဉ်ကျေးမှု ဖြစ်ပြီး ထိုစီးရီးတွင် ဟောပြောသူများသည် ပရိသတ်ကိုဟောကြားရုံသာမက ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နိုင်ရန် လူငယ်များအား လုပ်ပိုင်ခွင့်အတွက်ကူညီပေးရန် လူငယ်ကိုယ်စားလှယ်များနှင့်အတူ တက်ကြွစွာဆွေးနွေးမှုတွင် ပါဝင်လုပ်ဆောင်ပါသည်။

ထို့အပြင် ထပ်မံ၍ ဘုရားလောင်း၏စံနမူနာနှင့် ဘဝဂုဏ်သိက္ခာ၏အဓိကတန်ဖိုးတို့ပေါ် အခြေခံပြီး စိုးခဂတ်ကိုင်း အဖွဲ့ဝင်များသည် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်း မကျန်းမာမှုကို ခံစားရနိုင်သော တိုက်ပွဲဝင်စစ်သည်ဟောင်းများအား ကူညီပေးရန်လည်း ကတိကဝတ်ပြုပါသည်။ ဥပမာအားဖြင့် SGI-USA သည် တိုက်ပွဲဝင်စစ်သည်ဟောင်းများအတွက် အတွေ့အကြုံများ ဝေမျှနိုင်ရန်နှင့် အချင်းချင်းကူညီပံ့ပိုးပေးနိုင်ရန်အတွက် ၎င်း၏ ဖလော်ရီဒါ သဘာဝနှင့် ယဉ်ကျေးမှု ဗဟိုဌာန (Florida Nature and Culture Center) တွင် အထူးညှိနှိုင်းဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။[10] စိုးခဂတ်ကိုင်းအဖွဲ့ဝင်များသည် အကာအကွယ်ပေးရန်နှင့် အရပ်သားများ၊ ဆေးဘက်ဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ ဝန်ထမ်းများကဲ့သို့သော ခံနိုင်ရည်နည်းပါးသည့်ဘေးဖြစ်လွယ်သူများကိုရော ပဋိပက္ခတွင်ပါဝင်ခြင်းအား ရပ်စဲခဲ့ပြီးဖြစ်သော စစ်မှုထမ်းများ၊ ဒဏ်ရာရသူများ၊ သင်္ဘောပျက်ရာတွင်ပါဝင်သူများနှင့် ဖျားနာနေသော တိုက်ပွဲဝင်စစ်သည်များနှင့် စစ်သုံ့ပန်းများကိုပါ ကယ်တင်ရန် တောင်းဆိုသည့် စည်းမျဉ်းများအားလိုက်နာရန် အရေးကြီးသည်ကို ယုံကြည်ကြောင်းမှာ ပြောစရာမလိုချေ။

**ဘဝ၏ပြောင်းလဲတတ်မှု**

ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁)၏ အပိုဒ်(၃၅)တွင် “လိုသည်ထက်ပိုသော ဒဏ်ရာအနာတရ သို့မဟုတ် မလိုလားအပ်သောဆင်းရဲဒုက္ခ ဖြစ်စေသည့် သဘာဝရှိသော လက်နက်များ၊ ပစ်လွှတ်ရ သော ကျည်ဖူးများနှင့် ပစ္စည်းများအပြင် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများအား အသုံးပြုခြင်းကို တားမြစ်သည်” ဟု တစိတ်တဒေသအားဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ (ICRC n.d.c)

နိချိရန်း ဗုဒ္ဓဘာသာသည် ဘဝ၏ပြောင်းလဲမှုနှင့် ဘဝ၏ဂုဏ်သိက္ခာတို့နှင့်သက်ဆိုင်သောမူများပေါ် အခြေခံသော အပိုဒ်(၃၅)၏အတွေးအခေါ်များကို ထောက်ခံပါသည်။ ဘဝ၏ပြောင်းလဲမှုဟူသည် တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝအခြေအနေမှာ အခိုက်အတန့်တစ်ခုမှ အခိုက်အတန့်တစ်ခုသို့သာမကဘဲ ရေရှည်တွင်ပါ ပြောင်းလဲသည်ကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ရန်လိုသောအမူအကျင့်နှင့် အကြမ်းဖက်သောအမူအကျင့် အထုံပါသူတစ်ဦးသည် ဤယိမ်းယိုင်မှုကို အကြမ်းမဖက်မှုတွင် ပြင်းပြသောယုံကြည်မှုတစ်ခုအဖြစ်နှင့် စစ်ပွဲဆန့်ကျင်မှု ရပ်တည်ချက်ကို လက်ခံမှုသို့ ပြောင်းလဲသွားသည့် အတွေ့အကြုံတစ်ခု ဖြစ်လာနိုင်ပါသည်။[11] လူတစ်ယောက်၏ဘဝသက်တမ်း ပိုမိုရှည်ကြာလေလေ ၎င်းတို့၏ကံကြမ္မာကို ပြောင်းလဲရန် အခွင့်အရေးများ ပိုလေလေ ဖြစ်ပါသည်။ တစ်ဦးချင်းစီ အခြေခံလူ့အခွင့်အရေးဖြစ်သည့် ၎င်းတို့၏ အသက်ရှင်သန်ခွင့်ကို ငြင်းပယ်ခြင်းသည် မိမိကိုယ်ကိုဆင်ခြင် သုံးသပ်ခြင်း၊ အဖွံ့ဖြိုးတွက်စည်းကမ်းနှင့် ယင်းတို့ကြောင့် ပြောင်းလဲခြင်းအတွက် အခွင့်အရေးကို ငြင်းပယ်ခြင်း ဖြစ်ပါသည်။

ကျိယီ(Zhiyi) ၏အဆိုအရ ပြောင်းလဲမှုအတွက် ဤအလားအလာကို ဘုံဆယ်ပါး (Skr: ဒသဓတ္တဝါ/ဒတွာ၊ dasa dhātavah _ ; Ch: shijie 十界; Jp: Jikkai) ၏ ဗုဒ္ဓဘာသာအယူအဆတွင် ရှင်းပြထားပါသည်။ ဘုံဆယ်ပါးသည် အခိုက်အတန့်တစ်ခုစီတွင် သက်ရှိအသီးသီးအတွင်း တန်းတူ မွေးရာပါ ဘဝ၏ အခြေအနေ (၁၀)ခု ဖြစ်ပါသည်။ အခိုက်အတန့်တစ်ခုချင်းတွင် ဘဝသည် ဘုံဆယ်ပါးမှ တစ်ပါးအဖြစ် ထင်ရှားပေါ်လွင်ပါသည်။ ကျိယီက ၎င်း၏ မဟာသမာဓိနှင့် ထိုးထွင်းသိမြင်မှု (The Great Concentration and Insight) (Ch: Mohe zhiguan 摩訶止觀) တွင် ဖော်ပြထားသည့်အတိုင်း “ဘဝသည် ဘုံဆယ်ပါးတွင် တစ်ပါး သို့မဟုတ် နောက်တစ်ပါးတွင် ပုံသေတည်မြဲနေခြင်းမဟုတ်ပါ။ သို့သော် ငရဲဘုံမှ ဘုရားအဖြစ် အခြေအနေအထိ ထိုဆယ်ပါးထဲမှ တစ်ပါးပါးကို ထင်ရှားပေါ်လွင်စေပါသည်။ (Sōka Gakkai 2002, 416, 417) အစဉ်လိုက်အားဖြင့် ဤဘုံများသည် (၁) ငရဲ၊ (၂) ဆာလောင်နေသောပြိတ္တာများ၊ (၃) တိရစ္ဆာန်များ(တိရစ္ဆာန်)၊ (၄) အသူရာ(ဒေါသ)၊ (၅) လူသားများ၊ (၆) အထက်နတ်ပြဟ္မာများ၊ (၇) သာဝကများ/အသံနာကြားသူများ(ဆည်းပူးခြင်း)၊ (၈) ပစ္စေကဗုဒ္ဓါများ/အကြောင်းတရားသတိပြုမိသူများ (အသိတရားဝင်သဘောပေါက်ခြင်း)၊ (၉) ဘုရားလောင်းများနှင့် (၁၀) ဗုဒ္ဓဘုရားရှင်များဟူ၍ ဘုံဆယ်ပါး ဖြစ်ပါသည်။ (စိုးခဂတ်ကိုင်းလေ့လာမှုဌာန - Sōka Gakkai Study Department 2017, 152-153)[12]

ဤဘုံအသီးသီးသည် ကိုယ်စီတစ်ခုချင်းအတွင်းတွင် အားလုံးသော(၁၀)ပါးအတွက် အလားအလာကို ပိုင်ဆိုင်ပါသည်။ အပါယ်လေးဘုံ မကောင်းသောလမ်းလေးသွယ် (ငရဲ၊ ဆာလောင်သောပြိတ္တာများ၊ တိရစ္ဆာန်များနှင့် အသူရကာယ်) ဟုလည်းသိကြသော ပိုမိုနိမ့်ကျသောဘုံများတွင်ရောက်နေသူများ ဖြစ်သည့်တိုင် လူတို့၏ဘဝသည် ရွေ့လျားပြီး ပြောင်းလဲနေသောကြောင့် ကရုဏာနှင့်မင်္ဂဉာဏ်အလင်းရသော ဘုရားလောင်းနှင့် ဘုရားအဖြစ်ကိုရသည့် ဘုံများတွင်ရှိနေသူများကဲ့သို့ဖြစ်ရန် အလားအလာကို ပိုင်ဆိုင်သည်ဟု ဆိုလိုပါသည်။ ဘဝ၏ပြောင်းလဲမှု ဥပမာတစ်ခုကို ကြာပန်းသုတ္တန်၏ အခန်း(၁၂)တွင် မဟာအကုသိုလ်ရှင် ဒေဝဒတ်သည် ဗုဒ္ဓဘာသာကျင့်စဉ်များကို မရေမတွက်နိုင်သောအသင်္ချေကပ်ကမ္ဘာတိုင်အောင် ကျင့်ကြံအားထုတ်ပြီးနောက် ဘုရားအဖြစ်ကိုရနိုင်လိမ့်မည်ဟူသော ဗျာဒိတ်တော်ကို နောက်ဆုံးတွင် ရရှိကြောင်းဖြင့် ဖော်ပြထားပါသည်။

ယင်းကဲ့သို့သော ဗုဒ္ဓဘာသာရှုထောင့်မှကြည့်လျှင် လိုသည်ထက်ပိုသောအနာတရဖြစ်မှုနှင့် မလိုလားအပ်သောဆင်းရဲဒုက္ခခံစားရမှုများကို တားမြစ်ခြင်းဖြင့် အပိုဒ်(၃၅)သည် သေဆုံးမှုအရေအတွက်ကိုလျှော့ချရန် ရည်ရွယ်ပြီး စစ်ပွဲအတွင်း ရောက်နေကြသောအဖွဲ့များအားလုံး ဆင်ခြင်သုံးသပ်ရန်၊ ၎င်းတို့ကိုယ်တိုင် စည်းကမ်းထိန်းသိမ်းကြပ်မတ်ရန်နှင့် ပိုမိုမြင့်မားသောဘဝအခြေအနေကိုရရှိရန် ၎င်းတို့ကိုယ်တိုင် ပြောင်းလဲရန်အတွက် အခွင့်အလမ်းများကို သေချာစေရန် ယင်းကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ဗုဒ္ဓဘာသာကိုကျင့်သုံးခြင်းသည် လက်နက်ကိုင်ပဋိပက္ခအတွင်း လုပ်ဆောင်မှုများမှလာသည့် ၎င်းတို့၏ မကောင်းသောအကုသိုလ်ကံများအား ပြောင်းလဲရန် ၎င်းတို့ကို ထောက်ကူပေးပါသည်။

ဘဝ၏ဂုဏ်သိက္ခာကိုနင်းခြေပြီး လူသားများကိုသတ်ဖြတ်ခြင်းသည် အောင်မြင်သူများဖြစ်စေ၊ ရှုံးနိမ့်သူများဖြစ်စေ၊ ရန်သူများ သို့မဟုတ် ပူးပေါင်းမဟာမိတ်ပြုထားသူများဖြစ်စေ ၎င်းတို့သည် အားလုံး မကောင်းသောအကုသိုလ်ကံကို စုဆောင်းသူများ ဖြစ်ပါသည်။ ၎င်းတို့သည် မကောင်းသောအကုသိုလ်ကံနှင့်သေဆုံးသည့်အခါ ၎င်းတို့သည် သေဆုံးပြီးနောက် ဆင်းရဲဒုက္ခခံစားရပါမည်။ Ikeda က ကြာပန်းသုတ်၏ အသိပညာ - ဆွေးနွေးမှု *(The Wisdom of the Lotus Sutra: A Discussion)* တွင် ဤသို့ ဖော်ပြထားပါသည် -

> လုပ်ရှားလုပ်ဆောင်မှုသည် အသက်ရှင်နေစဉ် တစ်စုံတစ်ဦး၏ ဘဝရေစီးကြောင်း၏ အဓိကဝိသေသလက္ခဏာဖြစ်သော်လည်း သေဆုံးပြီးသည့်နောက် တစ်စုံတစ်ဦး၏ ဘဝရေစီးကြောင်းသည် မလှုပ်မယှက်ငြိမ်သက်သွားပါသည်။ ထိုရှုထောင့်မှကြည့်လျှင် ကျွန်ုပ်တို့ သေဆုံးပြီးသည့်နောက် ကျွန်ုပ်တို့၏ဘဝအခြေအနေကို ကျွန်ုပ်တို့ လွတ်လပ်စွာပြောင်းလဲနိုင်မည် မဟုတ်ပါ။ ဥပမာအားဖြင့် ကျွန်ုပ်တို့ အသက်ရှင်နေစဉ် ကျွန်ုပ်တို့၏ ဖုံးနေသော ယိမ်းယိုင်မှုမှာ ငရဲဘုံဖြစ်သည့်တိုင် အခြားလူများနှင့်ဆက်သွယ်မှုနှင့် ပတ်ဝန်းကျင်၏ ဩဇာလွှမ်းမိုးမှုတို့ကြောင့် အထက်နတ်ပြည်၊ လူ့ဘုံ အစရှိသဖြင့် မတူညီသောဘုံအမျိုးမျိုးကို တွေ့ကြုံခံစားရနိုင်ပါသည်။ သို့သော်

သေဆုံးခြင်း၏အခြေအနေတွင် ကျွန်ုပ်တို့သည် ပြင်ပလှုံ့ဆော်မှုနှင့်အတူ အထိအတွေ့ကို ဆုံးရှုံးသွားပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဘဝများ၏ ငုပ်နေသောအခြေအနေသို့ နဂိုအတိုင်း ပြန်လည်ရောက်ရှိသွားပါသည်။ (Ikeda et al. 2002, 270)

လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသူများအားလုံးအတွက် ၎င်းတို့ သေဆုံးပြီးနောက် ၎င်းတို့ကိုယ်တိုင် ပြောင်းလဲရန် ခက်ခဲပါလိမ့်မည်ဟု ဤရေးသားချက်က အကြံပြုထားပါသည်။ တစ်နည်းအားဖြင့် ဤဘဝတစ်သက်တာသည် တစ်စုံတစ်ဦးအတွက် ပတ်ဝန်းကျင်မှသြဇာလွှမ်းမိုးမှုများနှင့်အတူ ၎င်းတို့၏ဘဝအခြေအနေများတွင် ဖြစ်နိုင်သော အပြောင်းအလဲများကို တွေ့ကြုံခံစားရမည့်အချိန်ကာလ ဖြစ်ပါသည်။ ဤဗုဒ္ဓဘာသာ ဒဿန အတွေးအခေါ် - မပြောင်းလဲသောထာဝရဘဝ - ကို သင်ယူဆည်းပူးခြင်းနှင့် ကျင့်သုံးခြင်းသည် စစ်ပွဲတွင်ပါဝင်သူများအား ၎င်းတို့၏ အပြုအမူအပေါ် အလေးအနက်စဉ်းစားဆင်ခြင်ရန် အထောက်အကူပြုပါသည်။ အလွန်အမင်းအနာတရဖြစ်မှု သို့မဟုတ် မလိုလားအပ်သောဆင်းရဲဒုက္ခခံစားရမှုအား ဖြစ်စေခြင်းကို ရှောင်ရှားနိုင်ရန် ၎င်းတို့သည် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများကို ပြောင်းလဲနိုင်သည်ဖြစ်သောကြောင့် ပါဝင်ပတ်သက်သည့်အဖွဲ့များအားလုံးအတွက် အပြုသဘောဆောင်သည့်ကောင်းသော ပြောင်းလဲမှုအား ကြုံရန် ဖြစ်နိုင်ခြေကို သေချာစေပါသည်။ ထို့ကြောင့် မပြောင်းလဲသောထာဝရဘဝ အယူအဆ ပျံ့နှံ့နေသောကြောင့် IHL ၏ စံနမူနာပြအကောင်းဆုံးများကို ထင်ဟပ်သည့် ရန်သူများ၏သေဆုံးမှုများကိုအနည်းဆုံးဖြစ်စေသင့်ပြီး စစ်ပွဲတွင်ပါဝင်သည့်အဖွဲ့များအားလုံးကို အသက်ရှင်သန်ရန်ခွင့်ပြုသင့်ပြီး ပြောင်းလဲရန်အခွင့်အရေးရှိသင့်ကြောင်း လူအများ သိရှိနားလည်လာမည် ဖြစ်ပါသည်။

### ဘဝ၏အပြန်အလှန်ဆက်သွယ်မှု

ပန်းကုံးသုတ္တန် (Skr: အဝဋံ့သက သုတ်၊ Ch: Huayan jing 華嚴經; Jp: Kegon Kyō [T9n0278]) သည် စကြာဝဠာ၏ဖြစ်စဉ်အားလုံး အချင်းချင်းဆက်စပ်နေပုံကိုပြသသည့် စကြာဝဠာနှင့်ဆိုင်သောအမြင်ကို ပေးပါသည်။ ယင်းသည် လူသားများနှင့် သဘာဝတရားများအပါအဝင် အပြန်အလှန်မှီခို ဆက်နွယ်မှုဖြင့် စကြာဝဠာအတွင်းရှိ အရာခပ်သိမ်း ၏ အတူယှဉ်တွဲတည်ရှိမှုကို သင်ကြားပေးသည့် အမှီသဟဲပြုသောမူလအစပြုမှုအယူအဆ (ပဋိစ္စသမုပ္ပါဒ်) (Skr: pratītya-samutpāda; Ch: yuanqi 緣起) ကို ဖော်ပြထားပါသည်။ ကြာပန်းသုတ်အပါအဝင် အခြားကျမ်းစာများ တွင်လည်း အလားတူ အဆုံးအမ ပါရှိပါသည်။

ဘဝ၏နှင့် ၎င်း၏ပတ်ဝန်းကျင်တို့၏ တစ်သားတည်းဖြစ်မှု (Ch: yizheng bu'er 依正不二; Jp: eshō-funi)[13] ကို ကြာပန်းသုတ်၏အဆုံးအမတရားတော်အခြေခံပေါ်တွင် ကျိယီက ဖော်ထုတ်ထားသည့် "ဘဝ၏ အခိုက်အတန့်တစ်ခုတွင် သုံးထောင်သောဘုံလောကများ" (Ch: yinian sanqian 一念三千; Jp: ichinen sanzen) ၏ သီအိုရီသဘောတရားဆိုင်ရာ မူဘောင်အတွင်း ရှင်းလင်းပြထားပါသည်။ ဤအယူအဆသည် ဘဝ၏ သဘာဝနှင့် ဖြစ်စဉ်များကို ဆက်စပ်လွှမ်းခြုံကာကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပေးပါသည်။ ကျိယီ၏ အတွေးအခေါ်များက ဘဝအားလုံးသည် အပြန်အလှန် ဆက်နွှယ်နေကြောင်း ညွှန်ပြနေပါသည်။ ထို့ကြောင့် လူသားများသည် ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့်လည်း ဆက်စပ်နေပါသည်။ တစ်နည်းအားဖြင့် သက်ရှိသတ္တဝါနှင့် ၎င်း၏ပတ်ဝန်းကျင်သည် တစ်ခုတည်းသော ပေါင်းစည်းခြင်းအင်အားဖြစ်သောကြောင့် အခြေခံအားဖြင့် ခွဲခြားမရနိုင်ပေ။

နိချိရန်းက ဤအယူအဆကို အောက်ပါအတိုင်း ရှင်းပြထားပါသည် - "သာကေပြရလျှင် ပတ်ဝန်းကျင်သည် အရိပ်နှင့်တူပြီး ဘဝသည် ခန္ဓာကိုယ်နှင့်တူပါသည်။ ခန္ဓာကိုယ်မရှိဘဲ အရိပ်မတည်ရှိနိုင်၊ ဘဝမရှိဘဲ ပတ်ဝန်းကျင်မရှိနိုင်။ ထိုနည်းတူ ဘဝကို ၎င်း၏ပတ်ဝန်းကျင်က ပုံဖော်ပေးပါသည်"။ (Sōka Gakkai 1999, 644) ဘဝသည် "ပုဂ္ဂလဓိဋ္ဌာန်ဘဝ(subjective life)" (Ch: zhengbao 正報; Jp: shōhō)ကို ရည်ညွှန်းပြီး၊ ၎င်း၏ပတ်ဝန်းကျင်သည် ၎င်းကိုဝိုင်းရံထားသော "ဓမ္မဓိဋ္ဌာန်လောက(objective world)" (Ch: yibao 依報;Jp: ehō)ကို ဆိုလိုပါသည်။ ဘဝကို ၎င်း၏ပတ်ဝန်းကျင်က ထောက်ကူပေးထားသည့်တိုင် လူသားများသည် သဘာဝတရား၏ အစိတ်အပိုင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ပါသည်။

အလားတူပင် IHL သည်လည်း သဘာဝပတ်ဝန်းကျင်အား အကာအကွယ်ပေးခြင်း၏ အရေးကြီးမှုကို အလေးအနက်ထားပါသည်။ ဂျီနီဗာသဘောတူညီချက်များ၏ ၁၉၇၇ခုနှစ် နောက်ဆက်တွဲသဘောတူညီချက်(၁)၊ အပိုဒ်(၃၅)တွင် "သဘာဝပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် ရေရှည် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးမှု ဖြစ်စေရန် ရည်ရွယ်သော သို့မဟုတ် မျှော်လင့်နိုင်သော စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများ သို့မဟုတ် လက်နက်များအား အသုံးပြုခြင်းကို တားမြစ်သည်" ဟု တစိတ်တဒေသအားဖြင့် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အလားတူပင် အပိုဒ် (၅၅)တွင် "(၈) စစ်ပွဲအတွင်း သဘာဝပတ်ဝန်းကျင်အား ကျယ်ကျယ်ပြန့်ပြန့် ရေရှည် ဆိုးဆိုးရွားရွားထိခိုက်ပျက်စီး ခြင်းမှ အကာအကွယ်ပေးရန် လုပ်ဆောင်ရမည်" ဖြစ်ပြီး "လက်စားချေလက်တုံ့ပြန်ခြင်းနည်းလမ်းဖြင့် သဘာဝ ပတ်ဝန်းကျင်အား တိုက်ခိုက်မှုများကို တားမြစ်သည်" ဟု ပြဋ္ဌာန်းထားပါသည်။ (ICRC n.d.c).

ဤတားမြစ်ချက်သည် နိချိရန်းတွင် ဘဝနှင့်၎င်း၏ပတ်ဝန်းကျင်တို့ တသားတည်းဖြစ်မှု အယူအဆနှင့် ပြိုင်တူ ဖြစ်ပေါ်နေပါသည်။ တစ်ဦးတစ်ယောက်ချင်းစီနှင့် ၎င်းတို့၏ပတ်ဝန်းကျင်အား တသီးတခြား ခွဲခြားခြင်း မရှိပါ။ သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးခြင်းသည် တစ်ဦးတစ်ယောက်ချင်းစီတို့၏ဘဝများကို အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။ "ဤဘဝတွင် ဘုရားအဖြစ်ကိုရရှိခြင်း" (Jp: Isshō jōbutsu shō 一生成仏抄) စာအုပ်တွင် နိချိရန်း ရေးသားထားသကဲ့သို့ - "သတ္တဝါတို့၏ စိတ်များ မစင်ကြယ်လျှင် ၎င်းတို့၏ နယ်မြေသည် လည်း မစင်ကြယ်၊ သို့သော် ၎င်းတို့၏ စိတ်များ စင်ကြယ်ပါက ၎င်းတို့၏နယ်မြေသည်လည်း အလားတူ စင်ကြယ် ပါသည်။ ၎င်းတို့ကိုယ်တိုင်အတွင်း စင်ကြယ်မှု သို့မဟုတ် မစင်ကြယ်မှု ဟူ၍ နယ်မြေနှစ်ခု မရှိပါ။ ကွာခြားချက်မှာ ကျွန်ုပ်တို့၏ စိတ်များ၏ အကောင်း သို့မဟုတ် အဆိုးတွင် လုံးဝဥဿုံ မူတည်ပါသည်"။ (Sōka Gakkai 1999, 4) ဤသည်မှာ ဘဝနှင့် ၎င်း၏ပတ်ဝန်းကျင်တို့၏ တသားတည်းဖြစ်မှုအယူအဆအား သရုပ်ဖော်မှုတစ်ခု ဖြစ်ပါသည်။

**IHL နှင့် စိုးခဂတ်ကိုင်း - နျူကလီးယားလက်နက်များနှင့် စစ်နည်းဗျူဟာများအပေါ် ကန့်သတ်ချက်များ**

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဘဝ၏ဂုဏ်သိက္ခာ၊ ဘဝ၏ပြောင်းလဲတတ်ခြင်းနှင့် ဘဝ၏အပြန်အလှန် ဆက်သွယ်မှုတို့နှင့် သက်ဆိုင်သော ဗုဒ္ဓဘာသာအခြေခံမှုများသည် မလိုလားအပ်သောဆင်းရဲဒုက္ခကိုဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးသော စစ်ပွဲတွင်အသုံးပြုသည့်လက်နက်များနှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများ အား တားမြစ်သည့် အပိုဒ်(၃၅)နှင့် ကိုက်ညီပါသည်။ သို့ရာတွင် ဤဆောင်းပါးသည် တားမြစ်ထားသော လက်နက် များနှင့်နည်းလမ်းများတွင် နျူကလီးယားလက်နက်များအသုံးပြုမှု ပါဝင်ခြင်းရှိမရှိကို အတိအလင်း ဖော်ပြမထား သောကြောင့် ပညာရှင်များနှင့် သက်ဆိုင်သည့်ပါဝင်ပတ်သက်သူများအကြား ကွဲပြားခြားနားသော အဓိပ္ပာယ် ကောက်ယူမှုများကို ဖြစ်စေခဲ့ပါသည်။

နျူကလီးယားလက်နက်များအား အသုံးပြုမှုသည် အခြေအနေပေါ်မူတည်၍ တရားဝင်ဖြစ်နိုင်သည်ဟု အချို့က ငြင်းချက်ထုတ်ခဲ့ကြပါသည်။

၁၈၆၈ခုနှစ်၊ စိန့်ပီတာစဘာ့ခ်ကြေညာစာတမ်း(Saint Petersburg Declaration)၏ ပထမဆုံး တရားဝင် သဘော တူညီချက်တွင် စစ်ပွဲအတွင်း လူမဆန်သော လက်နက်များအား တားမြစ်ခြင်းကို တောင်းဆိုခဲ့ကြပြီး မလိုလားအပ် သောဆင်းရဲဒုက္ခဖြစ်စေနိုင်သည့် လက်နက်များအား အသုံးပြုခြင်းကို အောက်ပါအတိုင်း တားမြစ်ခဲ့ပါသည် -

> ထည့်သွင်းစဉ်းစားခြင်း - . . . စစ်ပွဲအတွင်း နိုင်ငံများအနေဖြင့် ပြီးမြောက်အောင် ကြိုးပမ်းရမည့် တစ်ခုတည်းသော တရားဝင်ရည်မှန်းချက်မှာ ရန်သူ၏ စစ်တပ်ဖွဲ့များကို အားနည်းချိနဲ့စေရန် ဖြစ်ပါသည်၊ ဤရည်ရွယ်ချက်အတွက် လူအရေအတွက် ဖြစ်နိုင်သမျှ အများဆုံးကို မသန်မစွမ်း ဖြစ်သွားစေရန် လုံလောက်ပါသည်၊ မသန်မစွမ်းဖြစ်သွားသူများ၏ ဆင်းရဲဒုက္ခများကို အချည်းနှီး ပိုမိုဆိုးရွားစေမည့် သို့မဟုတ် ၎င်းတို့အား မုချ သေဆုံးစေမည့် လက်နက်များကို အသုံးပြုခြင်းဖြင့်

ဤရည်ရွယ်ချက်ကို ကျော်လွန်သွားလိမ့်မည်၊ ထို့ကြောင့် ယင်းသို့သောလက်နက်များအား အသုံးပြုခြင်းသည် လူသားချင်းစာနာထောက်ထားမှုဥပဒေများနှင့် ဆန့်ကျင်နေလိမ့်မည်။ (ICRC n.d.d)

စစ်ပွဲတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများအား အခိုင်အမာအတည်ပြုရန် လိုအပ်ကြောင်းကို ကြေညာချက်ရေးသားသူများက တွေ့မြင်ခဲ့သောကြောင့် ဤကြေညာချက်သည် ဆန်းသစ်တီထွင်မှု ဖြစ်ခဲ့ပါသည်။ ၎င်းသည် မျက်မှောက်ခေတ် IHL အတွက် အခြေခံအုတ်မြစ်ကိုလည်း ပုံဖော်ပေးခဲ့ပါသည်။ သို့သော်လည်း စိန့်ပီတာစဘာ့ဂ်ကြေညာစာတမ်းတွင် လက်နက်များအားလုံးကို အတိအလင်း ထုတ်ဖော်ပြောဆိုထားခြင်း မရှိသောကြောင့် နိုင်ငံများအား ရန်သူနိုင်ငံ၏ “စစ်တပ်ဖွဲ့များကို အားနည်းချိနဲ့စေရန်” နျူကလီးယားလက်နက်များ အသုံးပြုခြင်းမှ ကာကွယ်တားဆီးထားခြင်း မရှိပါ။

ဤတားမြစ်ချက်များအား ယင်းကဲ့သို့အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် နျူကလီးယားလက်နက်များ တဟုန်ထိုး တိုးပွားလာခြင်းကို စိတ်ကူးပေါက်သလို အားပေးနိုင်ပြီး ဘဝ၏ဂုဏ်သိက္ခာနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အကာအကွယ်ပေးမှုအား လေးစားမှုနှင့် ဆန့်ကျင်ဘက် ဖြစ်စေပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံးက ထုတ်ပြန်ခဲ့သော နျူကလီးယားလက်နက်များဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် ယင်းလက်နက်များ အသုံးပြုခြင်းအပေါ် ၁၉၉၆ခုနှစ် အကြံပေးသဘောထားအမြင်နှင့်ပတ်သက်၍ အလားတူအဓိပ္ပါယ်ဖွင့်ဆိုမှုများကို ပြုလုပ်နိုင်ပါသည်။

ယင်းက အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည် -

နျူကလီးယားလက်နက်များဖြင့်ခြိမ်းခြောက်မှု သို့မဟုတ် ယင်းလက်နက်များအသုံးပြုမှုသည် လက်နက်ကိုင်ပဋိပက္ခနှင့် သက်ဆိုင်သော နိုင်ငံတကာဥပဒေ၏ ပြဋ္ဌာန်းချက်များ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၏ အခြေခံမူများနှင့် စည်းမျဉ်းများနှင့် ကိုက်ညီရမည့်အပြင် နျူကလီးယားလက်နက်များအရေး အထူးတလည်ရည်ရွယ်ကိုင်တွယ်သည့် နိုင်ငံတကာစာချုပ်များနှင့် အခြားသော ကတိများအရ တိတိကျကျသတ်မှတ်ထားသော သီးခြားတာဝန်ဝတ္တရားများနှင့်ပါ ကိုက်ညီရပါမည်။ (ICJ 1996, 266)

အကြံပေးသဘောထားအမြင်၌ နျူကလီးယားလက်နက်များအားအသုံးပြုခြင်းသည် မည်သည့်အခြေအနေများ အောက်တွင်မဆို တရားမဝင်ဟု ဤဥပဒေက လုံလောက်စွာ ရှင်းလင်းဖော်ပြထားခြင်းမရှိကြောင်း ညွှန်ပြခဲ့ပါသည်။ ဥပမာအားဖြင့် မာယားမ - Mayama (2014) က ရည်ညွှန်းထားသောနိုင်ငံသည် ဖြစ်တည်မှုသဘောတရားဆိုင်ရာ ခြိမ်းခြောက်မှုအောက်တွင် ရှိနေသည့်အခါ သို့မဟုတ် နျူကလီးယားတိုက်ခိုက်မှုကိုခံခဲ့ရပြီး ထိုနည်းတူ တုံ့ပြန်ရန် လိုအပ်ကောင်းလိုအပ်နိုင်သည့်အခါ နျူကလီးယားလက်နက်အသုံးပြုမှုသည် တရားဝင်ဖြစ်နိုင်ကြောင်း ထောက်ပြ ထားပါသည်။[14]

နောက်ထပ်ငြင်းချက်မှာ IHL က မည်သည့်အခြေအနေတွင်မဆို နျူကလီးယားလက်နက်များအသုံးပြုမှုကို တားမြစ်ပိတ်ပင်ထားပြီး ထိုသို့တားမြစ်ပိတ်ပင်ခြင်းကို စိုးခရက်ကိုင်းကလည်း အထက်တွင်ဖော်ပြခဲ့ပြီးသည့် ဗုဒ္ဓဘာသာကျင့်ဝတ်များ (ဘဝ၏ဂုဏ်သိက္ခာ၊ ဘဝ၏ပြောင်းလဲတတ်ခြင်းနှင့် ဘဝ၏အပြန်အလှန်ဆက်သွယ်မှု) ပေါ် အခြေခံကာ ထောက်ခံထားပါသည်။ သမိုင်းကြောင်းအရ ဟီရိုရှီးမားနှင့် နာဂါဆာကီတို့အား အနုမြူဗုံးကြဲချမှုများကြောင့် ရလဒ်အဖြစ် မလိုလားအပ်သောဆင်းရဲဒုက္ခများကို ခံစားခဲ့ရပါသည်။ အဆိုပါမြို့နှစ်မြို့ရှိ စုစုပေါင်း သေဆုံးသူ ခန့်မှန်းဦးရေမှာ ၁၉၉,၀၀၀ (အနုမြူမော်ကွန်းတိုက် - Atomic Archive n.d.) ဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏သားသမီးအဆက်အနွယ်များသည် သွေးကင်ဆာ၊ စိတ်ဒဏ်ရာနှင့် လူမှုရေးအရမျက်နှာငယ်ရမှုများ အပါအဝင် နောက်ဆက်တွဲအကျိုးဆက်များကို ခံစားနေရဆဲ ဖြစ်ပါသည်။ အိုကွန်းနော - O’Connor (2014-147) က ဤသို့ ရေးသားထားပါသည် -

နျူကလီးယားလက်နက်များ၏ ရေရှည်အကျိုးသက်ရောက်မှုသည် အသက်ရှင်ကျန်ရစ်သူများ၏ ဘဝတစ်လျှောက်လုံး ကင်ဆာဖြင့် သေဆုံးမှုအန္တရာယ်မှာ သိသိသာသာတိုးလာသည်ဟုလည်း ဆိုလိုပါသည်။ မလိုလားအပ်သော ဆင်းရဲဒုက္ခခံစားရမှုအပေါ် ထိုစည်းမျဉ်း၏ အချိန်ရှုထောင့်

သည် မည်ကဲ့သို့ ချက်ခြင်းဆိုသလို ပေါ်လာခြင်းမရှိပုံကို နားလည်သဘောပေါက်ရန် နောက်ထပ်ခွဲခြမ်းစိတ်ဖြာလေ့လာမှု လိုအပ်ပါသည်။ ခေတ်ရောင်ခြည်သင့်မှုမှ ၎င်းတို့ကိုယ်တိုင် မူလအားဖြင့် ပေါ်လွင်စေမည့် ဝိသေသလက္ခဏာများအရ မလိုလားအပ်သော ဆင်းရဲဒုက္ခခံစားရမှု စည်းမျဉ်းကို အသုံးချရာတွင် ဤပြဿနာကို ထည့်သွင်းစဉ်းစားရမည်ဆိုသည့်အချက်မှာ အခိုင်အမာပြောဆိုရန် သင့်လျော်သည်ဟု ၎င်းက ဆိုပါသည်။

ထို့ကြောင့် ၎င်းတို့အား အသုံးပြုမှုနောက်ကွယ်ရှိ အကြောင်းရင်း သို့မဟုတ် လျော်ကန်ကြောင်းအကြောင်းပြချက်တို့နှင့်မသက်ဆိုင်ဘဲ နျူကလီးယားလက်နက်များပေါက်ကွဲစေခြင်းသည် ကြီးမားလှသောကပ်ဘေး ဖြစ်မည့်အပြင် ကမ္ဘာပေါ်ရှိ အသက်ရှင်သန်မှုဘဝအားလုံး၏ဂုဏ်သိက္ခာကို လုံးဝ အန္တရာယ်ရှိစေပါလိမ့်မည်။ ယင်းသည် ရေရှည်တွင်လည်း ဒုက္ခရောက်သူများကို ထိခိုက်စေပါလိမ့်မည်။ ကျွန်ုပ်၏အမြင်အရ နျူကလီးယားလက်နက်များအား အသုံးပြုခြင်းသည် အရပ်သားများရော တိုက်ပွဲဝင်စစ်သည်များအတွက်ပါ မလိုလားအပ်သော အလွန်အမင်း ဆင်းရဲဒုက္ခများကို ဖြစ်စေမည် ဖြစ်သောကြောင့် ယင်းတို့အားအသုံးပြုခြင်းကို လျော်ကန်သင့်မြတ်သည်ဟု ဆင်ခြေမပေးနိုင်ပါ။

၂၀၁၇ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက နျူကလီးယားလက်နက်များအား တားမြစ်ပိတ်ပင်ရေးဆိုင်ရာ သဘောတူစာချုပ် (Treaty on the Prohibition of Nuclear Weapons) (နောက်ပိုင်းတွင် TPNW ဟု သုံးပါမည်) ကို ဆွေးနွေးညှိနှိုင်းရန်အတွက် သံတမန်ညီလာခံတစ်ရပ်ကျင်းပရန် မော်ကွန်းတွင်မည့် ဆုံးဖြတ်ချက်ကို ပြုလုပ်ခဲ့ပြီး ယင်းစာချုပ်ကို ယခုရေးသားနေချိန်အထိ နိုင်ငံပေါင်း(၆၆)နိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကာ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။ TPNW ၏ နိဒါန်း၌ အခြားသောနိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများအပြင် တစ်သီးပုဂ္ဂလများအကြား အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုကဲ့သို့သော အဖွဲ့အစည်းများက နျူကလီးယားလက်နက်များအား အသုံးပြုမှု၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာသက်ရောက်မှုများကို အာရုံစိုက်လာစေခြင်းဖြင့် နျူကလီးယားလက်နက်များ လုံးဝပပျောက်ရေးတောင်းဆိုမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုထားပါသည်။

ထိုသဘောတူစာချုပ်၏ အပိုဒ်(၈)၊ စာပိုဒ်(၅)တွင် အဆိုပါအဖွဲ့အစည်းများအား "အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးများနှင့် ပြန်လည်သုံးသပ်သည့်ညီလာခံများသို့ လေ့လာသူများအဖြစ် တက်ရောက်ရန် ဖိတ်ကြားရမည်" ဟု ဖော်ပြထားပါသည်။ (UN 2017) TPNW ကို နျူကလီးယားလက်နက်များပိုင်ဆိုင်ထားသည့်နိုင်ငံတစ်နိုင်ငံက သဘောတူလက်ခံခြင်း မရှိသေးသော်လည်း စစ်ပွဲကာလများအတွင်း သို့မဟုတ် စစ်ပွဲမရှိသည့်ကာလများတွင် နျူကလီးယားလက်နက်များအားအသုံးပြုခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံမည်၊ လက်မခံမည်နှင့် ပတ်သက်၍ နိုင်ငံတကာ စကားပြောဆိုဆွေးနွေးမှုတစ်ရပ်ကို ယင်းက ဖြစ်မြောက်စေခဲ့ပြီး ဖြစ်ပါသည်။

ဘဝ၏ဂုဏ်သိက္ခာ၏ အရေးပါမှုကို အားပေးထောက်ခံသည့် ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ် နျူကလီးယားလက်နက်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုအပေါ် နိုင်ငံတကာညီလာခံများတွင် စိုးခဂတ်ကိုင်းသည်လည်း ပါဝင်ခဲ့ပြီး အခြားသော ဘာသာရေးကိုင်းရှိုင်းသည့်အဖွဲ့အစည်းများအပါအဝင် စိတ်တူကိုယ်တူအဖွဲ့အစည်းများနှင့်အတူပူးပေါင်းကာ နျူကလီးယားလက်နက်များပပျောက်ရေးကိုဦးတည်သည့် အောက်ခြေအဆင့် ငြိမ်းချမ်းရေးလှုပ်ရှားလုပ်ဆောင်မှုများတွင် တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ နှစ်ပေါင်း(၄၀)ခန့်ကြာ ၎င်းသည် နျူကလီးယားလက်နက်များဖျက်သိမ်းရေးကို တောင်းဆိုသည့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြပွဲများပြသခြင်းတို့ကို ပြုလုပ်ခဲ့ပြီး(Sōka Gakkai International 2018)၊ ၂၀၁၄ခုနှစ်၊ ဧပြီလတွင် စိုးခဂတ်ကိုင်းသည် ဝါရှင်တန်ဒီစီရှိ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု - United States Institute for Peace (USIP) တွင် ကျင်းပခဲ့သည့် နျူကလီးယားလက်နက်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုနှင့်ပတ်သက်၍ မကြိုးစဖူး ဘာသာပေါင်းစုံ စုဝေးမှုတစ်ခုကိုလည်း စီစဉ်ကျင်းပခဲ့ပါသည်။ (Tullo 2014)

အစောပိုင်း ၁၉၅၇ခုနှစ်တွင် စိုးခဂတ်ကိုင်း၏ ဒုတိယဥက္ကဋ္ဌ တိုဒါ(Toda) သည် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးကို တောင်းဆိုသည့် ကြေငြာစာတမ်းတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ဤသည်မှာ နျူကလီးယားလက်နက်များအား ကမ္ဘာပေါ်မှ ဖယ်ရှားရန် စိုးခဂတ်ကိုင်း၏ လှုပ်ရှားမှုလုပ်ငန်းများ၏ စမှတ် ဖြစ်ခဲ့ပါသည်။

နောက်ပိုင်းတွင် စိုးခဂတ်ကိုင်း၏ တတိယမြောက် ဥက္ကဋ္ဌဖြစ်လာသော ဒိုင်းဆကုအီခဲဒ(Daisaku Ikeda) သည် နျူကလီးယားလက်နက်များဖျက်သိမ်းရေးအတွက် အဖွဲ့၏လှုပ်ရှားမှုကို ဆက်လက်ဦးဆောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်ကတည်းကစတင်ကာ ၎င်း၏ နှစ်စဉ် ငြိမ်းချမ်းရေးအဆိုပြုချက်များတွင် ထိုကြေငြာစာတမ်းကို အစဉ်တစိုက် ရည်ညွှန်းကိုးကားခဲ့ပါသည်။ ၎င်း၏ ၂၀၀၇ခုနှစ်၊ ငြိမ်းချမ်းရေးအဆိုပြုချက်တွင် အီခဲဒသည် နျူကလီးယားလက်နက်များအား အသုံးပြုမည့် မည်သူမဆိုအတွင်း ဖျက်ဆီးသောသဘာဝကို "လူယောင်ဆောင်သော မကောင်းဆိုးဝါး၊ မိစ္ဆာကောင်၊ ဘီလူး" အဖြစ် ဖော်ပြထားသည့် တိုဒ၏ ကြေငြာစာတမ်းအပေါ် မှတ်ချက်ပေးခဲ့ပါသည်။ (Ikeda 2007)

အီခဲဒက ဤသို့ ဖော်ပြထားပါသည် -

> လူသန်းပေါင်းများစွာကို တပြိုင်နက်သေဆုံးစေနိုင်သော နျူကလီးယားလက်နက်များကို အသုံးပြုမည့်သူများသည် ဤရောဂါဗေဒ၏ အဆိုးဝါးဆုံးသော ရောဂါလက္ခဏာများကို ပြသနေပါသည်။ ၎င်းတို့သည် ဘဝ၏ဂုဏ်သိက္ခာ၏ အာရုံခံစားမှုအလုံးစုံကို ဆုံးရှုံးသွားခဲ့ပြီး၊ ၎င်းတို့၏ အတွင်းစိတ်ဝိညာဉ်ဆိုးများ၏ သားကောင်အဖြစ်သို့ ကျရောက်သွားခဲ့ကြပါသည်။ (Ikeda 2007)

အီခဲဒ (၂၀၀၇)၏ အဆိုအရ

> ဗုဒ္ဓဘာသာသည် "အဆိပ်သုံးပါး" . . . ကဲ့သို့သော လောဘ၊ ဒေါသ၊ မောဟ အပြုအမူများ ဖြစ်ပေါ်စေသည့် အရင်းခံ ဖျက်ဆီးတတ်သော စေ့ဆော်မှုများကို အမျိုးအစားခွဲခြားသတ်မှတ်ထားပါသည်။ "ဒေါသနယ်ပယ်"ကို ဤအင်အားစုများအား အခြားသူများထံသို့ အပြင်ပန်းအားဖြင့် ဦးတည်သွားစေခဲ့ခြင်းများ၏ ဘဝအခြေအနေအဖြစ် စိတ်ကူးကြည့်နိုင်ပါသည်။

နိချိရန်း၏ အောက်ပါစကားများသည် ဒေါသနယ်ပယ်ကို ကောင်းစွာ ဖော်ပြနေပါသည် -

> အသူရာ(ဒေါသ)နယ်ပယ်၌ရှိနေသူတစ်ဦး၏စိတ်သည် အခိုက်အတန့်တိုင်းတွင် သူတစ်ပါးထက်သာလွန်လိုသောဆန္ဒရှိနေပြီး သူတစ်ပါးထက် နိမ့်ကျခြင်းကို မခံနိုင်ဖြစ်လျက် ၎င်းသည် သိမ်ငယ်နေကာ သူတစ်ပါးကိုအထင်အမြင်သေးပြီး မိမိကိုယ်ကို မြှောက်ပင့်နေပါသည်။ (Sōka Gakkai 2006, 197)

ဒေါသနယ်ပယ်ထဲတွင်ရှိနေသောအခါ ကျွန်ုပ်တို့သည် အခြားသူများနှင့် အကျပ်ရိုက်စေသော နှိုင်းယှဉ်မှုများတွင် အမြဲတမ်း ပါဝင်နေပြီး အခြားသူများထက် ပိုကောင်းစေရန် အမြဲတမ်း ကြိုးပမ်းနေပါသည်။ ထင်ယောင်ထင်မှားဖြစ်မှုရလဒ်များသည် ကျွန်ုပ်တို့ကို လောကကြီးအား အမှန်အကန် သိမြင်ခြင်းမှ တားဆီးထားပါသည်၊ အနည်းငယ်စိတ်ဆိုးအမျက်ထွက်စေရန်ဆွပေးမှုတွင် အခြားသူများနှင့်အတူ ဦးချိုများကိုမလှုပ်နိုင်အောင်ချုပ်ထားခြင်းဖြင့် ကျွန်ုပ်တို့သည် ပဋိပက္ခအတွင်းသို့ အလွယ်တကူ သက်ဆင်းသွားကြပါသည်။ ယင်းသို့သော ဒေါသ၏ စိုးမိုးချယ်လှယ်မှုအောက်တွင် လူတို့သည် မစဉ်းစားတတ်အောင် ကြီးမားသော အကြမ်းဖက်မှုနှင့် သွေးထွက်သံယိုမှုလုပ်ရပ်များကို ကျူးလွန်နိုင်ကြပါသည်။

တစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်အခြေအနေနှင့် စိတ်နှလုံးသည် မကောင်းမှုလမ်းကြောင်း(၃)ခုအတွင်း၌ရှိနေသောအခါ ၎င်းတို့သည် ကျိုးကြောင်းဆီလျော်သော ဆုံးဖြတ်ချက်များကို ပြုလုပ်နိုင်စွမ်း မရှိတော့ချေ။ ထိုကဲ့သို့ ဒေါသထွက်နေသောအခြေအနေတွင် ဆုံးဖြတ်ချက်ချခြင်းကို မိမိ၏အတ္တက လွှမ်းမိုးချုပ်ကိုင်ထားပါသည်။ ထို့ကြောင့် ယင်းသို့သော တစ်ဦးတစ်ယောက်သည် နျူကလီးယားလက်နက်များကဲ့သို့သော အဖျက်စွမ်းအားကြီးမားသော လက်နက်များကိုအသုံးပြုခြင်းဖြင့် အခြားသူများကို သတ်ဖြတ်ရန် ဝန်လေးတွန့်ဆုတ်နေလိမ့်မည်မဟုတ်ဆိုသည်မှာ ဖြစ်နိုင်ပေသည်။

လူသားများအဖြစ် ကျွန်ုပ်တို့သည် မည်သည့်သတ္တဝါများကို သတ်ဖြတ်နိုင်ပြီး မည်သည်တို့ကို မသတ်ဖြတ်ရသနည်းဟု သကျမုနိမြတ်စွာဘုရားအား တစ်ခါက မေးလျှောက်ခဲ့ပါသည်။ "သတ်ချင်သည့်ဆန္ဒကို ပယ်သတ်မည်ဆိုလျှင်" လုံလောက်ပါပြီဟု ဘုရားရှင်က ပြန်လည်ဖြေကြားပါသည်။ အီခဲဒ(၁၉၉၁)သည် ဟားဗတ်တက္ကသိုလ်တွင် ပို့ချခဲ့သည့် "ပျော့ပြောင်းသောစွမ်းအားခေတ်နှင့် အတွင်းအရှုတ္တသန္တာန်တက်ကြွသော အတွေးအခေါ်ဒဿန (The Age of Soft Power and Inner-Motivated Philosophy)" ဟူသော ၎င်း၏ပို့ချချက်တွင် ဤသို့ မှတ်ချက်ပြုထားပါသည် -

> ဘဝ၏မွန်မြင့်သန့်စင်မှုအား လေးစားခြင်း အတွေးအခေါ်တွင် ဖော်ပြထားသော သဟဇာတ ညီညွတ်မျှတသည့်ဆက်ဆံရေးမျိုးကို ကြိုးပမ်းရှာဖွေရာ၌ ပဋိပက္ခနှင့် ရန်လိုမှုတို့ ငြင်းမရနိုင်အောင် တည်ရှိနေသည့် - ပဋိပက္ခ၊ မည်သည့်သတ္တဝါများအား သတ်ဖြတ်ခြင်းကို လက်ခံနိုင်သည်နှင့် မည်သည်တို့အား သတ်ဖြတ်ခြင်းကို လက်မခံနိုင် ဆိုသည့် ဤကိစ္စ၌ ကျွန်ုပ်တို့သည် ထူးခြားသောအဆင့်အား ကျွန်ုပ်တို့ကိုယ်တိုင် မကန့်သတ်ရဟု မြတ်စွာဘုရား (သကျမုနိဗုဒ္ဓ)က ကျွန်ုပ်တို့ကို ဟောကြားဆုံးမတော်မူပါသည်။ "သတ်လိုသောစိတ်ဆန္ဒကို ပယ်သတ်ရန်" အမှန်တကယ်ဖြစ်နိုင်သည့် နက်နဲသောအဆင့်တစ်ခုကို ကျွန်ုပ်တို့ ကြိုးပမ်းရှာဖွေရပါမည်။ ဤသည်မှာ ဓမ္မဓိဋ္ဌာန်ကျသော အသိတရားကို ကျော်လွန်ခြင်းမျှသာ ဖြစ်ပါသည်၊ မိမိကိုယ်ကိုနှင့် အခြားသူများအကြား ခြားနားချက်များကိုကျော်လွန်၍ သနားကြင်နာမှုကရုဏာအခြေအနေကို ၎င်းက ရည်ညွှန်းပါသည်၊ ၎င်းသည် လူ့ခပ်သိမ်းတို့၏ ပုဂ္ဂလဓိဋ္ဌာန်ဘဝများ၏ နက်ရှိုင်းမှုအတွင်း ရိုက်ခတ်သည့် ကရုဏာစွမ်းအားကို ရည်ညွှန်းပါသည်၊ ဤနေရာတွင် တစ်ဦးတစ်ယောက်ချင်းစီနှင့် အားလုံးနှင့်သက်ဆိုင်သောဘဝတို့ကို ပေါင်းစပ်ထားပါသည်။

၂၀၀၉ခုနှစ်တွင် နျူကလီးယားလက်နက်များ ဖျက်သိမ်းရေးဆီသို့ရှေးရှုသည့် ခြေလှမ်းများ အဆိုပြုချက်တွင် အီခဲဒ (၂၀၀၉) က ဤစိန်ခေါ်မှုသည် လူသားတို့၏စိတ်များကို ပြောင်းလဲခြင်းတစ်ခုလည်း ဖြစ်ကြောင်း ဤသို့ ဖော်ပြခြင်းဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည် -

> နျူကလီးယားအထိတလန့်ဖြစ်မှုခေတ်ကို ကျွန်ုပ်တို့နောက်တွင်ထားမည်ဆိုလျှင် "ရန်သူ"အစစ်အမှန်ကို တွန်းလှန်ရန် ကြိုးစားရန်းကန်ရပါမည်။ ထိုရန်သူသည် နျူကလီးယားလက်နက်များ သက်သက် မဟုတ်သကဲ့သို့ ယင်းတို့ကို ပိုင်ဆိုင်သော သို့မဟုတ် ဖွံ့ဖြိုးစေသော နိုင်ငံများလည်း မဟုတ်ပါ။ ကျွန်ုပ်တို့ ရင်ဆိုင်ရမည့် တကယ့်ရန်သူအစစ်သည် နျူကလီးယားလက်နက်များကို မှန်ကန်မျှတကြောင်းရှင်းလင်းချက်ထုတ်သည့် ၎င်းတို့ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် သို့မဟုတ် ကျွန်ုပ်တို့၏ရည်မှန်းချက်များ ပြည့်မြောက်ရေးတွင် အဟန့်အတားတစ်ခုအဖြစ် ရှုမြင်သောအခါ အခြားသူများကို အမြစ်ပြတ်ချေမှုန်းရန် အဆင်သင့်ဆိုသော စဉ်းစားတွေးခေါ်ပုံနည်းလမ်းများ ဖြစ်ပါသည်။

အခြားရေးသားမှုတွင် အီခဲဒ(၂၀၀၇)က အောက်ပါအတိုင်း ရှင်းပြထားပါသည် -

> ယင်းမှာ နျူကလီးယားလက်နက်များအားအသုံးပြုမှုကို လက်သင့်ခံမည့် ဤစိတ်အခြေအနေ ဖြစ်ပါသည်၊ မီးလောင်ဗုံးများတွင်သုံးသည့်နပမ်း(napalm) သို့မဟုတ် မကြာသေးမီက လျော့နည်း ကုန်ခမ်းလာသည့် ယူရေနီယံနှင့် အဆင့်ဆင့်ပေါက်ကွဲစေသောပြွတ်ခဲဗုံးများကဲ့သို့သော ဆိုးဆိုး ရွားရွား ရက်စက်သော လက်နက်များအား အသုံးပြုခြင်းကို ထောက်ခံအားပေးမည့်သူများ၏ စိတ် သဘောထားတွင် ယင်းကို တူညီစွာ တွေ့မြင်နိုင်ပါသည်။ ယင်းသို့သော ဘဝအခြေအနေမျိုးတွင် လူတို့သည် အကျိုးအပြစ်မမြင်ဘဲ ၎င်းတို့၏လုပ်ဆောင်မှုများက ကြောက်မက်ဖွယ် ဆင်းရဲဒုက္ခ ဖြစ်စေရုံသာမက လူ့ဘဝ၏တန်ဖိုးကိုယ်တိုင်ကိုလည်း ပျက်စီးစေပါသည်။ လူ့ဂုဏ်သိက္ခာအတွက်

ကျွန်ုပ်တို့သည် သောင်းကျန်းသော ဒေါသနယ်ပယ်၏ ထုံထိုင်းစေသော လူ့ဂုဏ်သိက္ခာကင်းမဲ့စေမှုကို မည်သည့်အခါမျှ အရှုံးမပေးရပါ။

နိဂုံးချုပ်အားဖြင့် အီခဲဒ၏ အဆိုအရ ဗုဒ္ဓဘာသာအားကျင့်သုံးမှုသည် တစ်ဦးတစ်ယောက်ချင်းအဆင့်ပေါ်တွင် ၎င်းတို့၏ အတ္တကိုဗဟိုပြုသောသူများလိုက်နာစေရန် လောဘ၊ ဒေါသ၊ မောဟဟူသော "အဆိပ်သုံးပါး"၏ လွှမ်းမိုးမှုကို တဖြည်းဖြည်းလျော့ပါးစေပြီး ဘုရားဖြစ်စေသော ကရုဏာ၊ သတ္တိနှင့် အသိဉာဏ်ပညာအရည်အသွေးများကို ဆောင်ကြဉ်းပေးပါသည်။

## နိဂုံး

IHL နှင့် မဟာယာနဗုဒ္ဓဘာသာမှ အရင်းခံသော အခြေခံမူများအကြား တူညီမှုများ ရှိပါသည်၊ ဤဆောင်းပါးတွင် ကျိုယီ၊ နိချိရန်းနှင့် စိုးခဂတ်ကိုင်းတို့၏ ဗုဒ္ဓဘာသာအဆုံးအမများတွင် တွေ့ရှိခဲ့ရသည့် ကြာပန်းသုတ်တွင် ရှင်းပြထားသော ဘဝ၏ ဂုဏ်သိက္ခာ၊ ပြောင်းလဲမှုနှင့် အပြန်အလှန်ဆက်သွယ်မှု အခြေခံမူများသည် IHL နှင့် အပြိုင်ဖြစ်ပုံကို ဤဆောင်းပါးတွင် အထူးသဖြင့် ရှင်းပြခဲ့ပါသည်။ ထို့အပြင် အကာအကွယ်ပေးရေး အခြေခံမူသည် နျူကလီးယားလက်နက်များအပါအဝင် လက်နက်များအားကန့်သတ်ချက်အထိ အကျုံးဝင်ပါသည်။

ပိုမို၍ တိတိကျကျဆိုရလျှင် ကြာပန်းသုတ်တွင်ဖော်ပြထားသော ဘဝ၏ဂုဏ်သိက္ခာသည် ကျိုယီ၏အမြင်ပေါ် အခြေခံသည့် ဘဝ၏ ဂုဏ်သိက္ခာ၊ ပြောင်းလဲမှုနှင့် အပြန်အလှန်ဆက်သွယ်မှုများကိုထောက်၍ အရပ်သားအသက်ကို အကာအကွယ်ပေးရန်တောင်းဆိုသည့် စစ်ပွဲတွင်အသုံးပြုသောလက်နက်များနှင့် စစ်ပွဲတိုက်ခိုက်ပုံနည်းလမ်းများအား ကန့်သတ်မှုပေါ်ဗဟိုပြုသည့် နောက်ဆက်တွဲသဘောတူညီချက်(၁)၏ အပိုဒ်(၃၅)နှင့် ဆက်စပ်နေသည့် ဂျီနီဗာသဘောတူညီချက်များ၏ ၁၉၇၇ခုနှစ် နောက်ဆက်တွဲသဘောတူညီချက်(၁)၊ အပိုဒ်(၅၁)နှင့် အနှစ်သာရအားဖြင့် ထပ်တူကျသည့်ပုံပေါ်ပါသည်။

TPNW ကို လက်ခံမှုနှင့်အတူ ရှုမြင်သကဲ့သို့ အငြင်းပွားဖွယ်ရာပြဿနာများကို ငြိမ်းချမ်းသောဆုံးဖြတ်ချက်များအတွက် ၎င်းက ထောက်ခံအားပေးသောကြောင့် နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများအကြား ဆွေးနွေးစကားပြောဆိုမှုသည် အရေးကြီးပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက နျူကလီးယားလက်နက်များကို မလိုအပ်တော့ကြောင်းနှင့် ၎င်းတို့အများအပြားတည်ရှိမှုသည် လူသားမျိုးနွယ်အတွက်ခြိမ်းခြောက်မှုဖြစ်ကြောင်း အများဆန္ဒ ကြီးထွားလာသောကြောင့် "လက်နက်ကိုင်ပဋိပက္ခတွင် နျူကလီးယားလက်နက်များကို IHL ၏ အခြေခံမူများနှင့်စည်းမျဉ်းများနှင့်အညီ အသုံးပြုနိုင်ရန်မှာ အလွန့်အလွန် သံသယဖြစ်ဖွယ်ရှိသည်" ဆိုသည့်အချက်မှာ အလွန်အရေးကြီးပါသည်။ (ICRC 2022, 1481).

နိချိရန်းဗုဒ္ဓဘာသာသည် တစ်ဦးတစ်ယောက်ချင်းတို့၏ ဘဝများ၏ဂုဏ်သိက္ခာကို တန်ဖိုးထားသည့်အပြင် တစ်ဦးချင်းတွင် ပြောင်းလဲရန် အလားအလာရှိကြောင်း ဖွဲ့ကိုင်ထားပြီး၊ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့၏ ပတ်ဝန်းကျင်တွင် ပြောင်းလဲမှုပေါ် အကျိုးသက်ရောက်မှု ရှိပါသည်။ ဤအတွေးအခေါ်ဒဿနဆိုင်ရာ ငြင်းခုံမှုနှင့်အပြိုင် IHL သည် စစ်ပွဲကြောင့် ထိခိုက်ခံစားရသူအားလုံးတွင် ၎င်းတို့၏ အခြေခံကျသော အသက်ရှင်သန်ခွင့် လူ့အခွင့်အရေးကို လေးစားခဲ့ရုံသာမက ၎င်းတို့သည် တိုက်ပွဲဝင်စစ်သည်ဟောင်းများ သို့မဟုတ် ခံနိုင်ရည်နည်းပါးသော ဘေးဖြစ်လွယ်သူများကို ၎င်းတို့၏ဘဝဂုဏ်သိက္ခာအတွက်လည်း အကာအကွယ်ပေးပြီး အလေးထားလေးစားကြောင်းကို သေချာအောင် ပါဝင်လုပ်ဆောင်ရန် အလွန်အရေးပါသော အခန်းကဏ္ဍ ရှိပါသည်။

## မှတ်စုများ

1. စိုးခဂတ်ကိုင်းအပေါ် မကြာသေးမီက ပညာရပ်လေ့လာမှုတွင် မက်ထရောက်စ် - Matraux (1996)၊ ဖစ်စ်ခါ နီးလ်ဆန် - Fisker-Nielsen (2012) နှင့် မက်လပ်ဖ်လင် - McLaughlin (2018) တို့ ပါဝင်ပါသည်။

2. ကျိယီ - Zhiyi နှင့် ကြာပန်းသုတ်၏ အစောပိုင်း တီယန်တိုင်း - Tiantai အဓိပ္ပါယ်ဖွင့်ဆိုချက်များအကြောင်း ပိုမိုသိရှိနိုင်စေရန် ဥပမာအားဖြင့် ဇစ်ပိုရင်န် - Ziporyn (2016) ကို ကြည့်ပါ။

3. နိချိရန်း - Nichiren အကြောင်းကို ဥပမာ - ဆာတိုး - Satō 佐藤 (2003, 69–190) ကို ကြည့်ပါ။

4. "ကြာပန်းသုတ္တန်၏ဓမ္မဂုဏ်တော်"ဟု ဘာသာပြန်လေ့ရှိသော ပုံသေနည်းတွင် မိမိ၏ ဗုဒ္ဓသဘာဝကို လက်ခံယုံကြည်ရန်နှင့် ပြရန် အဓိဋ္ဌာန်ပြုမှု ပါဝင်ပါသည်။

5. ဂိုဟွန်ဇွန် - Gohonzon ("ဘာသာရေးကိုင်းရှိုင်း ကိုးကွယ်ဆည်းကပ်မှု") သည် ဘုရားအဖြစ်၏ ဘဝအခြေအနေကို သိရှိစေခြင်းလုပ်ငန်းစဉ်တွင် အထောက်အကူပြုခြင်းကို ရည်ရွယ်သည့် တရုတ်နှင့် သက္ကတ အက္ခရာများ ပါဝင်သော ရေးစာခွေ ဖြစ်ပါသည်။

6. အမိဒ - Amida ၏ နာမည်အား ရွတ်ဆိုမှုကို ကျင့်သုံးသည့် အထူးသဖြင့် သန့်စင်သောမြေဂိုဏ်းများရှိ (Pure Land schools) နောက်လိုက်များ (နမ်ဘုဆု - nembutsu 念仏)။

7. ဒုတိယကမ္ဘာစစ်အတွင်းနှင့် ဒုတိယကမ္ဘာစစ်မဖြစ်မီ ဂျပန်နိုင်ငံတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုဥပဒေအား ချိုးဖောက်သူများကို "အတွေးအခေါ် ရာဇဝတ်ကောင်များ" ဟု ခေါ်ဆိုပါသည်။

8. တစ်ကမ္ဘာလုံးကလက်ခံအတည်ပြုထားသော ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘောတူညီချက်လေးခု (GC I, II, III and IV) သည် IHL ၏ အဓိကစာချုပ်များ ဖြစ်ပါသည်။ နိုင်ငံတကာနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခကြောင့် ဒုက္ခရောက်သူများအား အကာအကွယ်ပေးခြင်းနှင့်သက်ဆိုင်သည့် ၁၉၇၇ခုနှစ်၊ နောက်ဆက်တွဲသဘောတူညီချက်(၁)နှင့် (၂) (AP I and AP II) အပြင် နောက်ထပ် သိသာထင်ရှားသောအမှတ်အသား(ခရစ္စတယ်နီ - the red crystal)နှင့် သက်ဆိုင်သော ၂၀၀၅ခုနှစ်၊ နောက်ဆက်တွဲ သဘောတူညီချက်(၃) (AP III) တို့ဖြင့် ဂျီနီဗာ သဘောတူညီချက်များကို ဖြည့်စွက်ခဲ့ပါသည်။

9. ဝပ်တ်ဆန် - Watson (2009, 209-220) ကို ကြည့်ပါ။

10. ဥပမာအားဖြင့် ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်မှ ၁၃ရက်အထိ ဖလော်ရီဒါ သဘာဝနှင့် ယဉ်ကျေးမှု ဗဟိုဌာနတွင် ကျင်းပသည့် ၎င်း၏ ဆဋ္ဌမအကြိမ်မြောက် စစ်မှုထမ်းဟောင်းများ/တန်းပြည့်စစ်မှုထမ်းတာဝန် ညီလာခံသို့ SGI-USA အဖွဲ့ဝင်(၁၆၅)ဦး တတ်ရောက်ခဲ့ကြပါသည်။ အသေးစိတ်အချက်အလက်များကို https://www.worldtribu ne.org/ 2017/11/carrying-mission-kosen-rufu/ တွင် ရရှိနိုင်ပါသည်။

11. အသောကမင်းကြီး၏ ကျော်ကြားသောဇာတ်လမ်းကလည်း ၎င်း၏ဘဝကိုပြောင်းလဲရန် ဗုဒ္ဓဘာသာက ၎င်းအား လှုံ့ဆော်ပေးခဲ့သည်ဟု ညွှန်ပြထားပါသည်။ ၎င်း၏ဇာတ်လမ်းသည် ဆိုးယုတ်သောလုပ်ရပ်များ၏ ဘဝတစ်ခုအတွင်း ကောင်းမွန်သော အလားအလာကို သရုပ်ဖော်ထားပါသည်။ အိန္ဒိယအုပ်စိုးသူ အသောကမင်း (304-232 BCE) သည် မောရိယအင်ပါယာ၏ အကြင်နာကင်းမဲ့သောဘုရင်ဖြစ်ပြီး စစ်ပွဲအမြောက်အများကို ဆင်နွှဲခဲ့ပါသည်။ ခရစ်တော်မပေါ်မီ ဘီစီအီး၂၆၁ခုနှစ်ဝန်းကျင်တွင် ကလိင်္ဂတိုင်းကို စစ်ခင်းခဲ့ပြီး အောင်နိုင်ခဲ့ပါသည်။ စစ်ပွဲတွင် လူပေါင်း တစ်သိန်း သေဆုံးခဲ့ပြီး အခြားလူပေါင်း တစ်သိန်းငါးသောင်း ပြည်နှင်ဒဏ်ပေးခံခဲ့ရပါသည်။ ဤစစ်ပွဲ၏ ထိတ်လန့်ကြောက်မက်ဖွယ်ရာအနိဋ္ဌာရုံနှင့် ပြုလုပ်ခဲ့သည့်အရာများက ၎င်းအား အလွန်အမင်း စိတ်ဆင်းရဲစေခဲ့ပြီး ၎င်း၏ရက်စက်မှုအတွက် နောင်တရခဲ့သည့်အပြင် နောက်ထပ် မည်သည့်အခါမျှ စစ်မခင်းရန် အဓိဋ္ဌာန်ပြုခဲ့ပါသည်။ ၎င်း၏နိုင်ငံကို ၎င်းစတင်မအုပ်ချုပ်မီ ချက်ချင်းဆိုသလို ၎င်းသည် ဗုဒ္ဓဘာသာအဆုံးအမများကို လေ့လာဆည်းပူးခဲ့သော်လည်း ၎င်းသည် ထိုအဆုံးအမကို နှလုံးသားဆီသို့ ချက်ခြင်းဆိုသလို မဆောင်ကြဉ်းခဲ့ပေ။ နန်းတက်ပြီးနောက် ဆယ်နှစ်ကြာမှ သကျမုနိမြတ်စွာဘုရား သမ္ဗုဒ္ဓတဉာဏ်အလင်းတရားထူးရရှိခဲ့သောနေရာသို့ သွားရောက် ဖူးမျှော်ကာ ဗုဒ္ဓဘာသာနိယာမတရားတော်များကိုရှာဖွေခြင်းဖြင့် အထွတ်အမြတ်ထားရာတစိုက် ၎င်း၏ လှည့်လည်သွား

လာမှုကို စတင်ခဲ့ပါသည်။ ၎င်း၏ထီးနန်းစိုးစံပြီးနောက် ဆယ်စုနှစ်များအတွင်း ရေတွင်းများတည်ဆောက်ခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ လူသားများနှင့်တိရိစ္ဆာန်များအား ကုသမှုပေးရန် ဆေးရုံများဆောက်လုပ်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းများကိုအားပေးခြင်းနှင့် သူ့အသက်သတ်ခြင်းအားသတိပေးခြင်းကဲ့သို့သော အမိန့်ပြန်တမ်းများကို ရေးထွင်းထားသည့် ကျောက်စာတိုင်များ စိုက်ထူခဲ့ပါသည်။ သာပါ - Thapar (1997, 255) ကို ကြည့်ပါ။

12. မိုဟီကျိဂွမ်း - Mohe zhiguan ၏ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုချက်အတွက် ဆွမ်းဆွန် - Swanson (2017) ကို ကြည့်ပါ။

13. ထို့အပြင် ဘဝနှင့်၎င်း၏ပတ်ဝန်းကျင်တို့၏ နှစ်ခုမဟုတ် တသားတည်းဖြစ်မှု၊ ဘဝနှင့် ၎င်း၏ပတ်ဝန်းကျင်သည် မတူညီသောဖြစ်စဉ်နှစ်ခုဖြစ်ပုံပေါ်သော်လည်း အနှစ်သာရအားဖြင့် နှစ်ခုမဟုတ် တသားတည်းဖြစ်သည့် အခြေခံမှု၊ ၎င်းတို့သည် တစ်ခုတည်းသော အမှန်တရား၏ ပေါင်းစပ်ထားသောအဆင့်နှစ်ခု ဖြစ်ပါသည်။ ဂျပန်ဘာသာ အသုံးအနှုန်းဖြင့် အယ်ရှိုး-ဖုနိ(eshō-funi)၊ အယ်ရှိုး(eshō)သည် အသက်/ဘဝ သို့မဟုတ် သက်ရှိ ဟူသော အဓိပ္ပာယ်ရှိသည့် ရှိုးဟိုး(shōhō)နှင့် ၎င်း၏ပတ်ဝန်းကျင် အယ်ဟိုး(ehō)တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ ဖုနိ (Funi)သည် "နှစ်ခုမဟုတ်"ဟုအဓိပ္ပါယ်ရပြီး တစ်သားတည်းဖြစ်ခြင်း သို့မဟုတ် နှစ်ခုမဟုတ်ခြင်းကို ညွှန်ပြပါသည်။ ၎င်းသည် နိနိ-ဖုနိ(nini-funi) ၏ အတိုကောက်ဖြစ်ပြီး "(ဖြစ်စဉ်တွင်) နှစ်ခု ဖြစ်သော်လည်း (အနှစ်သာရအားဖြင့်) နှစ်ခုမဟုတ်" ဟု ဆိုလိုပါသည်။ ရှိုးဟိုး(shōhō) နှင့် အယ်ဟိုး(ehō) ၏ ဟိုး(Hō) သည် ဆုလာဘ် သို့မဟုတ် အကျိုးဆက် ဖြစ်ပါသည်။ "ဘဝ"တွင် ၎င်း၏ အတိတ် လုပ်ဆောင်မှုများ၏ အကျိုးသက်ရောက်မှုများကို တွေ့ကြုံခံစားရသည့် မိမိဟူသော ပုဂ္ဂလဓိဋ္ဌာန် ပါဝင်ဖွဲ့စည်းထားကြောင်းနှင့် "၎င်း၏ပတ်ဝန်းကျင်"သည် တစ်ဦးတစ်ယောက်ချင်းစီတို့၏ ကံအကျိုးပေးဆုလာဘ်များက တွေ့ရှိသည့် ထုတ်ဖော်ပြသမှုတွင်ပါရှိသည့် ဓမ္မဓိဋ္ဌာန်ကျသော နယ်ပယ် တစ်ခုဖြစ်ကြောင်း ၎င်းက ညွှန်ပြပါသည်။ သက်ရှိအသီးသီးတွင် ၎င်း၏ကိုယ်ပိုင်ပတ်ဝန်းကျင် ရှိကြပါသည်။ မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်သည် တစ်ဦးတစ်ယောက်၏ အရေးပါသောအစိတ်အပိုင်းနှစ်ခု ဖြစ်သောကြောင့် ကံ၏အကျိုးဆက်သည် မိမိနှင့် မိမိ၏ ဓမ္မဓိဋ္ဌာန်ကျသောပတ်ဝန်းကျင်တွင် ပေါ်ထွက်လာပါသည်။ စိုးခဂတ်ကိုင်း (2002, 477-478) ကို ကြည့်ပါ။

14. နိရှိမူရ - Nishimura 西村 (2004) ကိုလည်း ကြည့်ပါ။

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## ရည်ညွှန်းကိုးကားချက်များ

Atomic Archive. n.d. The Atomic Bombings of Hiroshima and Nagasaki. San Diego: AJ Software & Multimedia. http://www.atomicarchive.com/Docs/MED/med_chp10. shtml

Fisker-Nielsen, A. M. 2012. Religion and Politics in Contemporary Japan: Soka Gakkai Youth and Komeito. London: Routledge.

ICJ (International Court of Justice). 1996. Legality of the Threat or Use of Nuclear Weapons, Advisory Opinion of 8 July 1996. The Hague: International Court of Justice. https://www.icj-cij.org/public/files/case-related/95/095-19960708-ADV-01 00-EN.pdf

ICRC (International Committee of the Red Cross). 1988. Protection of the Wounded, Sick and Shipwrecked. Geneva: International Committee of the Red Cross. https://www.icrc.org/en/doc/resources/documents/misc/57jmjs.htm

ICRC (International Committee of the Red Cross). 2014. What is International Humanitarian Law. Geneva: International Committee of the Red Cross. https://www.icrc.org/en/doc/assets/files/other/what_is_ihl.pdf

ICRC (International Committee of the Red Cross). 2022. "The ICRC's Legal and Policy Position on Nuclear Weapons." International Review of the Red Cross 104 (919): 1477–1499. doi:10.1017/S1816383122000248.

ICRC (International Committee of the Red Cross). n.d.a. Fundamental Principles of IHL. Geneva: International Committee of the Red Cross. https://casebook.icrc.org/glos sary/fundamental-principles-ihl

ICRC (International Committee of the Red Cross). n.d.b. Protection of the Civilian Population. Geneva: International Committee of the Red Cross. https://ihl-data bases.icrc.org/ihl/WebART/470-750065

ICRC (International Committee of the Red Cross). n.d.c. Basic Rules. Geneva: International Committee of the Red Cross. https://ihl-databases.icrc.org/applic/ihl/ihl.nsf/Article.xsp?action=openDocument&documentId=0DF4B935977689E8C12563CD0051DAE4

ICRC (International Committee of the Red Cross). n.d.d. Declaration Renouncing the Use, in Time of War, of Explosive Projectiles Under 400 Grammes Weight. Saint Petersburg, 29 November/11 December 1868. Geneva: International Committee of the Red Cross. https://ihl-databases.icrc.org/applic/ihl/ihl.nsf/Article.xsp?action=openDocument&documentId=568842C2B90F4A29C12563CD0051547C

Ikeda, D. 1991. The Age of "Soft Power" and Inner-Motivated Philosophy. Tokyo: Sōka Gakkai. https://www.daisakuikeda.org/sub/resources/works/lect/lect-01.html

Ikeda, D. 2007. Restoring the Human Connection: The First Step to Global Peace. Tokyo: Sōka Gakkai. https://www.daisakuikeda.org/assets/files/pp2007.pdf

Ikeda, D. 2009. Nuclear Abolition Proposal 2009. Tokyo: Sōka Gakkai. https://www.daisakuikeda.org/assets/files/disarm_p2009.pdf

Ikeda, D., K. Saito, T. Endo, and H. Suda. 2000. The Wisdom of the Lotus Sutra: A Discussion. 2 vols. Santa Monica: World Tribune.

Ikeda, D., K. Saito, T. Endo, and H. Suda. 2002. The Wisdom of the Lotus Sutra: A Discussion. 4 vols. Santa Monica: World Tribune.

Matsuoka, M. 松岡幹夫.2014.Heiwawotsukurushukyo:Nichiren buppoto Soka Gakkai 平和をつくる宗教：日蓮仏法と創価学会 [Religion to Create Peace: Nichiren Buddhism and Soka Gakkai]. Tokyo: Daisanbunmeisha.

Mayama, A. 2014. "Legality of the Use of Nuclear Weapons and the 2011 Resolution 1 of the Red Cross Movement's Council of Delegates: 'Working towards the Elimination of Nuclear Weapons'." The Journal of Humanitarian Studies 3: 6–18.

McLaughlin, L. 2018. Soka Gakkai's Human Revolution: The Rise of a Mimetic Nation in Modern Japan. Honolulu: University of Hawai'i Press.

Metraux, D. A. 1996. "The Soka Gakkai: Buddhism and the Creation of a Harmonious and Peaceful Society." In Engaged Buddhism: Buddhist Liberation Movements in Asia, edited by C. S. Queen and S. B. King, 365–400. Albany: SUNY Press.

Nishimura, Y. 西村弓. 2004. "Buryoku hunso ho no riko kakuho: Sogo shugi to hukkyu 武力紛争法の履行確保: 相互主義と復仇 [Ensuring Implementation of Law of Armed Conflict: Reciprocity and Reprisal]." In Buryoku hunso no kokusai ho 武力紛 争の国際法[International Law of Armed Conflict], edited by M. Shinya 村瀬信也 and M. Akira 真山全, 685–707. Tokyo: Toshindo.

O'Connor, S. 2014. "Nuclear Weapons and the Unnecessary Suffering Rule." In Nuclear Weapons Under International Law, edited by G. Nystuen, S. Casey-Maslen, and A. G. Bersagel, 128–147. Cambridge: Cambridge University Press.

Satō,H.佐藤弘夫.2003.Nichiren:WareNihonnohashiratonaran 日蓮:われ日本の柱 とならむ[IWill Be the Pillar of Japan]. Kyoto: Mineruva Shobō.

Sōka Gakkai. 1995. Soka Gakkai Charter. Tokyo: Sōka Gakkai. https://www.sokaglobal.org/resources/sgi-charter.html

Sōka Gakkai. 1999. The Writings of Nichiren Daishonin, Volume I. Tokyo: Sōka Gakkai.

Sōka Gakkai. 2002. The Soka Gakkai Dictionary of Buddhism. Tokyo: Sōka Gakkai.

Sōka Gakkai. 2004. The Record of the Orally Transmitted Teachings. Tokyo: Sōka Gakkai.

Sōka Gakkai. 2006. The Writings of Nichiren Daishonin, Volume II. Tokyo: Sōka Gakkai.

Sōka Gakkai International. 2018. People's Decade for Nuclear Abolition II. https://people sdecade2.wixsite.com/nuclear-abolition

Sōka Gakkai Study Department. 2017. Kyōgaku yōgo shu 教学用語 [Glossary of Buddhist Terminology]. Tokyo: Seikyo Shimbun.

Swanson, P. 2017. Clear Serenity, Quiet Insight: T'ien-T'ai Chih-I's Mo-Ho Chih-Kuan. Honolulu: University of Hawai'i Press.

Thapar, R. 1997. Aśoka and the Decline of the Mauryas. Oxford: Oxford University Press.

Tullo, M. 2014. "Interfaith Leaders Jointly Call to Abolish Nuclear Arms." Inter Press Service, April 25. https://www.ipsnews.net/2014/04/interfaith-leaders-jointly-call abolish-nuclear-arms/

UN (United Nations). 2017. "Treaty on the Prohibition of Nuclear Weapons." A/ CONF.229/2017/8, July, 7. https://undocs.org/Home/Mobile?FinalSymbol=A% 2FCONF.229%2F2017%2F8

Watson, B., ed. 2009. The Lotus Sutra and Its Opening and Closing Sutras. Tokyo: Sōka Gakkai.

Ziporyn, B. A. 2016. Emptiness and Omnipresence: An Essential Introduction to Tiantai Buddhism. Bloomington: Indiana University Press.

## လက်နက်ကိုင်ပဋိပက္ခအတွင်း လူမှုရေးတွင်ပါဝင်သောဗုဒ္ဓဘာသာနှင့် မူအရဖြစ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှု

Ha Vinh Tho, Edith Favoreu, Noel Maurer Trew

### ဆောင်းပါးအကျဉ်းချုပ်

ဤစာတမ်းတွင် အထူးသဖြင့် ကွယ်လွန်သူ တစ်ခ်နှက်ဟန်း (Thich Nhat Hanh) ၏ လက်တွေ့ကျင့်သုံးမှုတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသကဲ့သို့ လူမှုရေးတွင်ပါဝင်သောဗုဒ္ဓဘာသာလုပ်ရှားမှုနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ မူလကလက်ခံချမှတ်ခဲ့သော လူသားချင်းစာနာထောက်ထားမှု၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း ဟူသော အဓိကအခြေခံမူများအကြား တစ်ခုနှင့်တစ်ခု ဆက်နွှယ်မှုများကို ကျွန်ုပ်တို့ အလေးပေးဖော်ပြပါမည်။ ဘေးဒုက္ခကယ်ဆယ်ရေးတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် ကျင့်ဝတ်စည်းကမ်းများကို လက်မှတ်ရေးထိုးခဲ့သူများနှင့်အတူ ကုလသမဂ္ဂ၏ အေဂျင်စီများအကြားအမြဲတမ်းကော်မတီနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအရေး ညှိနှိုင်းရေးရုံးတို့၏ ဦးဆောင်မှုအောက်တွင် အလုပ်လုပ်နေသော အေဂျင်စီများက အသုံးပြုသည့် ဤအခြေခံမူများသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုကို ကြားနေသော၊ ခွဲခြားမှုမရှိသော၊ လွတ်လပ်သော ချဉ်းကပ်မှု နည်းလမ်းကို ကျောထောက်နောက်ခံပြုထားပါသည်။ ဤစာတမ်းသည် သာမန် စာတမ်းတစ်စောင်သာ ဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်ပယ်တွင် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအခြေအနေတွင် မတူညီသော ပါဝင်ပတ်သက်နေသူများအကြား ဆွေးနွေးစကားပြောဆိုမှုများ ထွက်ပေါ်လာစေရန်နှင့် ပိုမိုကောင်းမွန်သော နားလည်သဘောပေါက်မှုကို ဖန်တီးရန် အသုံးဝင်သော ပါဝင်အကျိုးပြုမှုဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်သောအခါမှ မငြိမ်းကုန်၊

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊

ဤသို့ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် အမြဲမှန်ကန်သော နိယာမတည်း။

ဓမ္မပဒ၊ အတွဲ၅ (နာရဒမထေရ် ၁၉၇၈)

### နိဒါန်း

မျက်မှောက်ခေတ် လူမှုရေးတွင်ပါဝင်သောဗုဒ္ဓဘာသာ - Socially Engaged Buddhism (SEB) နှင့် ယင်းကို တည်ထောင်သူ ဗီယက်နမ် ဇင်ဆရာ တစ်ခ်နှက်ဟန်း - Thich Nhat Hanh (၁၉၂၆-၂၀၂၂) တို့သည် ကျွန်ုပ်တို့ ခေတ်၏ ဆင်းရဲဒုက္ခများအားတုံ့ပြန်ခြင်းနှင့် လိုအပ်ချက်များအားပြည့်ဝစေခြင်းတို့ကို အလေးထားပါသည်။ (ပလမ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း - Plum Village Monastery n.d.a) ဗီယက်နမ်စစ်ပွဲ၏အတွေ့အကြုံမှ ဖုံးကြဲချခြင်းများနှင့် စစ်ပွဲ၏ ဝရန်းသုန်းကားအခြေအနေများအောက်တွင် ဆင်းရဲဒုက္ခခံစားနေရသူများကို အကူအညီပေးရန်ဆန္ဒဖြင့် တစ်ခ်နှက်ဟန်း၏ပုံစံ ဗုဒ္ဓဘာသာတက်ကြွလှုပ်ရှားမှု ပေါက်ဖွားခဲ့ပါသည်။ ထိုစဉ်ကတည်းကစ၍ ဤလူမှုရေးတွင်ပါဝင်ပတ်သက်သော ဗုဒ္ဓဘာသာလှုပ်ရှားမှုကို တစ်ဦးတစ်ယောက်ချင်းစီတို့နှင့် လူ့ဘောင်အဖွဲ့အစည်း၏အကျိုးအတွက် အတွင်းစိတ်သန္တာန်အား ပြောင်းလဲရေးလုပ်ငန်းတွင် မြှုပ်နှံထားခဲ့ပါသည်။ SBE သည် ၎င်းကို "လှုပ်ရှားမှုအသစ်" ဖြစ်သည်ဟု မှတ်ယူခြင်းမရှိကြောင်းကို စိတ်တွင်စွဲမှတ်ထားရန် အရေးကြီးပါသည်။ တကယ်တမ်းတွင် SBE သည် ယင်း၏ အဆုံးအမများကို အစောပိုင်းကာလ ဗုဒ္ဓဘာသာတရားဒေသနာတော်များအား ပြန်လည်ဖော်ထုတ်မှုအဖြစ် မှတ်ယူပါသည်။ စင်စစ်တွင် "လူမှုရေးတွင် ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာ (Engaged Buddhism) သည် မူလဗုဒ္ဓဘာသာ သာလျှင် ဖြစ်ပါသည်" ဟု တစ်ခ်နှက်ဟန်းက အခိုင်အမာ ဆိုပါသည်။ (Nhat

Hanh in Malkin 2003) တစ်ခ်နှက်ဟန်း နားလည်ထားသကဲ့သို့ ဤလှုပ်ရှားမှုက ဗုဒ္ဓ-ဓမ္မ (ဘုရားတရားတော်များ) သည် သီးခြား နေရာဒေသနှင့် ခေတ်ကာလတစ်ခု၏ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး တို့နှင့်သက်ဆိုင်သော ၎င်း၏ "ကျွမ်းကျင်လိမ္မာမှုနည်းလမ်းများ"(ဥပါယကုသလ)အား အလိုက်သင့်ပြောင်းလဲရန် အမြဲတစေ ပြောင်းလွယ်ပြင်လွယ်ရှိကြောင်းကို အသိအမှတ်ပြုလက်ခံထားပါသည်။ ဤစာတမ်းတွင် ကျွန်ုပ်တို့သည် SEB ၏ အဓိက တန်ဖိုးထားမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများအကြား တစ်ခုနှင့်တစ်ခုဆက်နွယ်မှုကို အတွေးအခေါ်ဒဿနဆိုင်ရာရှုထောင့်မှ စဉ်းစားဆင်ခြင်သုံးသပ်ပါမည်။ ထိုသို့သုံးသပ်ခြင်းဖြင့် တစ်ခုချင်းစီကို ကျောထောက်နောက်ခံပြုထားသည့် စံနှုန်းများ၏ ကမ္ဘာနှင့်အဝှမ်းပျံ့နှံ့မှုကို အားကောင်းလာစေရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

## မျက်မှောက်ခေတ် SEB - ကျွန်ုပ်တို့ခေတ်၏ ဆင်းရဲဒုက္ခများနှင့် လိုအပ်ချက်များကိုပြည့်ဝစေခြင်း

နှစ်ဆယ်ရာစုအလယ်ပိုင်းတွင် ဗဟိုချုပ်ကိုင်မှုမရှိသေးသော်လည်း သိသာထင်ရှားသော လှုပ်ရှားမှုတစ်ခုကို ချစ်ခင်ကြင်နာခြင်းနှင့် ကြင်နာသနားခြင်း (ဖြဟ္မဝိဟာရတရားလေးပါး သို့မဟုတ် မြင့်မြတ်သောနေထိုင်ခြင်းမှ မေတ္တာနှင့် ကရုဏာအဖြစ် သိကြပါသည်) ရှေးဟောင်း အဆုံးအမတရားတော်များကို ဆက်စပ်စဉ်းစားရမည့်အခြေအနေတွင် ထားရှိရန်နှင့် လက်တွေ့လုပ်ဆောင်ရန်အတွက် "မတူညီသောဂိုဏ်းများအကြား ညီညွတ်မှုရှိစေသော" ဗုဒ္ဓဘာသာဝင်၏ ကြိုးပမ်းအားထုတ်မှုတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။ မျက်မှောက်ခေတ်၏ လိုအပ်ချက်များပြည့်ဝစေရန်နှင့် ဆင်းရဲဒုက္ခကို ရည်ရွယ်သည့် ဤလှုပ်ရှားမှုကို "လူမှုရေးတွင် ပါဝင်ပတ်သက်သည့် ဗုဒ္ဓဘာသာ - Socially Engaged Buddhism" သို့မဟုတ် ပါဝင်သည့်ဗုဒ္ဓဘာသာ - Engaged Buddhism" (SEB) ဟု ခေါ်ပါသည်။ SEB လှုပ်ရှားမှုသည် မဟာယာနဗုဒ္ဓဘာသာ (ဆိုလိုသည်မှာ ချာန်/ဇင်ဗုဒ္ဓဘာသာ) တွင် ပထမဆုံး ပေါ်ထွက်လာခဲ့ပြီး ယင်းကို သတ္တဝါများအားလုံး၏ ဆင်းရဲဒုက္ခများ လျော့ပါးသက်သာစေရန် ကြိုးစားအားထုတ်သော စံနမူနာပြ ဘုရားလောင်း မျက်မှောက်ခေတ်ဖော်ပြမှုအဖြစ် နားလည်သဘောပေါက်နိုင်သော်လည်း ပါဝင်သည့်ဗုဒ္ဓဘာသာ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် ဗုဒ္ဓဘာသာဂိုဏ်းများအားလုံးနီးပါးမှ ဆရာများစွာ ပါဝင်ခဲ့ကြပါသည်။[1] ၎င်းတို့၏ တူညီသော ဘုံရည်ရွယ်ချက်သည် လူသားအားလုံး၏ဆင်းရဲဒုက္ခနှင့် သတ္တဝါအားလုံးတို့၏ဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေရန်အလို့ငှာ ဗုဒ္ဓမြတ်စွာ၏အဆုံးအမ ဗဟိုအချက်အချာတွင်ရှိသည့် ပညာနှင့်ကရုဏာကို "ကျွမ်းကျင်လိမ္မာမှု နည်းလမ်းများ" (ဥပါယကုသလ) အဖြစ် ပြောင်းလဲရန် ဖြစ်ပါသည်။

နှစ်ဆယ်ရာစုတွင် လူမှုရေးပြဿနာများကို လက်ဆုပ်လက်ကိုင်ပြနိုင်သော နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဗုဒ္ဓဘာသာ အခြေခံမှုများကို ကျင့်သုံးရန် အစောပိုင်းကာလကြိုးပမ်းမှုများက SEB ကို လွှမ်းမိုးခဲ့ပါသည်။ အိန္ဒိယတွင် ဒေါက်တာဘီအာရ်အမ်ဘေဒကာ - Dr B. R. Ambedkar (1891–1956) ၏ ဗုဒ္ဓဘာသာ လက်သစ်ဝါဒလှုပ်ရှားမှုသည် SEB ၏ ထင်ရှားသော ရှေ့ဆောင် ဖြစ်ပြီး ထိုလှုပ်ရှားမှုသည် အထူးသဖြင့် ဒလစ် - Dalit (ယခင် "ထိတွေ့၍မရနိုင်သော") ခေါ် ဟိန္ဒူအမျိုးဇာတ်လေးခုတွင်မပါဝင်သည့် အနိမ့်ဆုံးလူတန်းစားများအတွက် လူမှုရေး တန်းတူညီမျှမှုကို ရပ်တည်ကာကွယ်ပေးခဲ့ပါသည်။ ထို့အပြင် တရုတ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တိုင်းဇူ Taixu 太虛 (1890–1947) က ဖွံ့ဖြိုးစေခဲ့သော လူသားဝါဒဗုဒ္ဓဘာသာ (Humanistic Buddhism) သည် တိုင်ဝမ်သားများ ပါဝင်သည့် ဗုဒ္ဓဘာသာ၊ အတိအကျပြောရလျှင် ဘုန်းတော်ကြီးများဖြစ်သည့် ဆင်ယွန်း - Hsing Yun 星雲 (b. 1927)၊ ရှဲန်းဂ်ယဲန်း - Sheng Yen 聖嚴 (1931–2009) နှင့် ဝေချူး - Wei Chueh 惟覺 (1928–2016) အပြင် သီလရှင် ချဲန်းဂ်ယဲန်း - Cheng Yen 證嚴 (b. 1937) တို့၏ "လောကပါလနတ်မင်းကြီးလေးပါး" ဟု ခေါ်ဆိုသည့် နောက်ဆုံး လုပ်ဆောင်မှုအတွက် ဉာဏ်ကွန့်မြူးမှုတစ်ခုအဖြစ် ဖြည့်ဆည်းပေးခဲ့ပါသည်။ (Sharkey 2017) ဗီယက်နမ်နိုင်ငံတွင် ၁၉၃၀ပြည့်နှစ်များနှင့် ၁၉၄၀ပြည့်နှစ်များအတွင်း တိုင်းဇူ၏ ရဲန်းကျိယန် ဖိုကျိယောင်း renjian fojiao (人間佛教, ဆိုလိုသည်မှာ "ဤလောကအတွက် ဗုဒ္ဓဘာသာ") အတွေးအခေါ်ကို ဗီယက်နမ် ဇင်ဆရာကြီး တစ်ခ်နှက်ဟန်း၏ အဆုံးအမများနှင့် လုပ်ဆောင်မှုများကို တစ်ပြန်တစ်လှည့်လှုံ့ဆော်မည့် ဗုဒ္ဓဘာသာပြုပြင်ပြောင်းလဲရေးသမားများ က ကောင်းစွာ လက်ခံခဲ့ပါသည်။ (DeVido 2009, 435–439; Gleig

2021) ငယ်ရွယ်သော တစ်ခ်နှက်ဟန်းတွင် ထို့နောက်ပိုင်း အထူးသဖြင့် အရှေ့တောင်အာရှ၌ ရှင်သန်နိုးကြားလာခဲ့သော လူသားဝါဒဗုဒ္ဓဘာသာ၏ တရုတ် လှုပ်ရှားမှုအား နောက်ထပ် အဓိက ထောက်ခံအားပေးသူ ဘုန်းတော်ကြီး ယဲန်းပေး Yen Pei 演培(1917–1996) နှင့် အလွန်နီးကပ်စွာ တုံ့ပြန်ရန် အခွင့်အလမ်းရှိခဲ့သည့်အချက်မှာ လူသိများထင်ရှားပါသည်။[2] နှက်ဟန်းကို SEB အား တည်ထောင်သူဟု ကျယ်ကျယ်ပြန့်ပြန့်ယူဆထားပြီး ဤဂိုဏ်းဂဏစွဲမရှိသူနှင့် ဗုဒ္ဓဘာသာအရေး တက်ကြွလှုပ်ရှား သူကိုဖော်ပြရန် "လူမှုရေးတွင် ပါဝင်ပတ်သက်သော ဗုဒ္ဓဘာသာ" အသုံးအနှုန်းကို ပထမဆုံး အသုံးပြုရန် ဖြစ်ခဲ့ပါ သည်။ (Plum Village Monastery n.d.a) ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုအား တည်ထောင်သူ တက်ကြွသော ဟင်နရီဒူးနန့် (Henri Dunant) နှင့် အလားတူ စိတ်ဓာတ်ဖြင့် တစ်ခ်နှက်ဟန်းအား စစ်ပွဲကြောင့် ဖြစ်ပေါ်သော ဆင်းရဲဒုက္ခခံစားနေရမှုကို တုံ့ပြန်နိုင်ရန် လုပ်ဆောင်မှုဆီသို့ စေ့ဆော်ပေးခဲ့ပါသည် -

> လူတွေအပေါ် ဗုံးတွေစတင်ကျလာတဲ့အခါ တချိန်လုံး တရားထိုင်ခန်းမထဲမှာ သင် နေနိုင်မှာ မဟုတ်ပါဘူး။ တရားထိုင်ခြင်းဟာ သင့်ခန္ဓာကိုယ်နှင့် သင့်စိတ်ခံစားချက်များကိုသာမက သင့် ပတ်ပတ်လည် တစ်ခုလုံး ဘာတွေဖြစ်နေတယ်ဆိုတာကို သတိပြုနေခြင်း ဖြစ်ပါတယ်။ ဗီယက်နမ်မှာ ကျွန်ုပ် ကိုရင်ဘဝရှိစဉ်တုန်းက ကျွန်ုပ်တို့ ရဟန်းပျိုတွေဟာ စစ်ပွဲကြောင့်ဖြစ်တဲ့ ဆင်းရဲဒုက္ခတွေကို ကိုယ်တွေ့ကြုံခဲ့ရပြီး လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့ ကျွန်ုပ်တို့ ယူဆောင် လာနိုင်ခဲ့တဲ့ အဲဒီနည်းလမ်းနဲ့ ဗုဒ္ဓဘာသာကို ကျင့်သုံးဖို့ အင်မတန် စိတ်အားထက်သန်ခဲ့ကြပါ တယ်။ အဲဒါဟာ မလွယ်ကူခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပါဝင်ပတ်သက်တဲ့ဗုဒ္ဓဘာသာကို တိုက်ရိုက်တန်းပေးဖို့ ဓလေ့ထုံးတမ်းအစဉ်အလာကခွင့်မပြုခဲ့တာကြောင့် ကျွန်ုပ်တို့ ကိုယ်တိုင်ပဲ အဲဒါကို လုပ်ခဲ့ကြရပါတယ်။ အဲဒါဟာ ပါဝင်ပတ်သက်တဲ့ဗုဒ္ဓဘာသာရဲ့ အဦးအစပဲ ဖြစ်ပါတယ်။ (Nhat Hanh in Malkin 2003)

၁၉၆၄ခုနှစ် ဗီယက်နမ်-အမေရိကန်စစ်ပွဲအတွင်း စစ်ပွဲကြောင့်သာမက အမျိုးမျိုးသောဘေးအန္တရာယ်ကျရောက်မှု များကြောင့် တိုင်းပြည်ကို ဆိုးဆိုးရွားရွား ဒုက္ခရောက်စေခဲ့ပါသည်။ (ယနေ့ခေတ် "ရှုပ်ထွေးသော အရေးပေါ် အခြေ အနေများ"ကဲ့သို့ ရည်ညွှန်းနိုင်ပါသည်) ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ခြင်းနှင့် ကိစ္စ ရပ်အများစုတွင် ကုန်စည်နှင့်ဝန်ဆောင်မှုများကိုမရရှိခြင်း စသည့် ဤပိုဆိုးစေသော အခက်အခဲအကျပ်အတည်း များကြောင့် တစ်တိုင်းပြည်လုံးရှိပြည်သူများအား ထိခိုက်စေခဲ့ပါသည်။ ထိုအချိန်တွင် သီလရှင်ဆရာကြီး ချန်ခွန်း - Chan Khong (b.1938) နှင့် ၎င်း၏ဆရာ တစ်ခ်နှက်ဟန်းတို့သည် စေတနာ့ဝန်ထမ်းတစ်စုနှင့်အတူ အခြေခံ လူတန်းစားများ ကယ်ဆယ်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် လူငယ်နှင့်လူမှုရေးလုပ်ငန်းသင်တန်းကျောင်း (School of Youth Social Service)ကို တည်ထောင်ခဲ့ပါသည်။ စေတနာ့ဝန်ထမ်း (၁၀,၀၀၀) နီးပါးနှင့်အတူ နိုင်ငံရေးအရ ကြားနေသော ဤလှုပ်ရှားမှုသည် အကြမ်းမဖက်ခြင်းနှင့် ကရုဏာတရားကြီးမားသော လုပ်ဆောင်မှု၏ ဗုဒ္ဓဘာသာ အခြေခံမှုများပေါ် အခြေခံခဲ့ပါသည်။ (Valente 2016) ထို့အပြင် စစ်ပွဲကြောင့် ကြေမွစုတ်ပြတ်သွားသော တိုင်းပြည် တွင် အပြုသဘောပါဝင်အကျိုးပြုမှုတစ်ခုကို ပြုလုပ်ရန်အလိုရှိသူ ငယ်ရွယ်သော ရဟန်းများ၊ သီလရှင်များနှင့် လူဝတ်ကြောင်များအား အထောက်အကူပြုရန် ၁၉၆၀ခုနှစ်များ၏ အစောပိုင်းကာလတွင် လူအချင်းချင်းယှက်နွယ် မှုဂိုဏ်း(Order of Interbeing)ကို ဖွဲ့စည်းခဲ့ပါသည်။ (Eppsteiner 1998) ရေလွှမ်းမိုးမှုပြီးသည့်နောက် ထိုဂိုဏ်း၏ အစောပိုင်း ကြားဝင်ဆောင်ရွက်မှုတစ်ခုအား သီလရှင်ဆရာကြီး ချန်ခွန်းက ဤသို့ ပြန်ပြောင်းပြောပြခဲ့ပါသည် -

> စေတနာ့ဝန်ထမ်းကယ်ဆယ်ရေးလုပ်သားများက အကူအညီပေးရန်လာခဲ့ကြသည့် ရေဘေးသင့် သူများသည် သေလုဆဲဆဲ - အစာငတ်ခြင်း၊ ခိုက်ခိုက်တုန်ခြင်းနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းတို့ ဖြစ်နေခဲ့ ကြပြီး သို့မဟုတ် ၎င်းတို့သည် သေဆုံး၊ ဖောယောင်ပုပ်ပွပြီး ပျက်စီးနေခဲ့ကြပါသည်။ စေတနာ့ ဝန်ထမ်းများကိုယ်တိုင်လည်း အန္တရာယ်ကျရောက်ခဲ့ပါသည်။ ၎င်းတို့သည် အပြန်အလှန်ပစ်ခတ်မှု အတွင်း အချိန်မရွေး သေဆုံးနိုင်ကြောင်းကို သိခဲ့ကြပါသည်။ (Miller 2017 တွင် ကိုးကားသည်)

ဝေးလံခေါင်သီ၍ ဆင်းရဲနွမ်းပါးသောဒေသများသို့ ခရီးသွားရောက်ခြင်းဖြင့် ၎င်းတို့သည် ဆန်များ၊ ပဲများ၊ အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ဝေငှပေးခြင်းကို စတင်ခဲ့ပါသည်။ ထို့အပြင် ဤကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်းဖြင့် ၎င်းတို့သည် မေတ္တာ၊ ကရုဏာ၊ စိတ်တည်ငြိမ်မှုနှင့် အကူအညီပေးခြင်း နည်းလမ်းတစ်ခုကို ဖော်ဆောင်ခဲ့ကြပါသည်။ (Miller 2017)

အခြားသူများ၏ ဘဝများတိုးတက်ကောင်းမွန်စေရန် ၎င်း၏နောက်လိုက်များကို ထိုလှုပ်ရှားမှုက လှုံ့ဆော်ပေးခဲ့စဉ်အတွင်းတချိန်တည်းမှာပင် ပါဝင်ပတ်သက်သည့်ဗုဒ္ဓဘာသာကို အဆင့်သက်မှတ်ခဲ့သည့် ဝေဖန်ချက်တစ်ချို့ကို လက်ခံအသိအမှတ်ပြုရန်လည်း လိုအပ်ပါသည်။ ရှေးရိုးဆန်သော ဗုဒ္ဓဘာသာဝင်အချို့က ဗုဒ္ဓဘာသာ၏ ရည်ရွယ်ချက်သည် သံသရာအရှုပ်အထွေးပြဿနာများ (ဆိုလိုသည်မှာ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ပြန်လည်မွေးဖွားခြင်းလောက) အား ကပ်ငြိတွယ်တာတပ်မက်မှုကင်းသော စိတ်သဘောထားကို ပြုစုပျိုးထောင်ရန်ဟု ငြင်းချက်ထုတ်ကြောင်းနှင့် SEB သည် ၎င်း၏နောက်လိုက်များကို သံသရာတွင် ကပ်ငြိနေစေရန် လှုံ့ဆော်နေကြောင်း ဒေသနာတော်ရှုထောင့်မှ ဆာလီကင်း(Sallie King) က အခိုင်အမာပြောဆိုပါသည်။

ဆက်စပ်မှုအနေဖြင့် ဗုဒ္ဓဘာသာဂိုဏ်းများစွာတွင် ရဟန်းတော်များအား လှူဒါန်းခြင်း (ဆိုလိုသည်မှာ ဒါန) သည် - အလှူခံပုဂ္ဂိုလ် စင်ကြယ်လေလေ ကောင်းလေလေ - လူဝတ်ကြောင်များအတွက် ချီးမွမ်းထိုက်သောလုပ်ရပ်အဖြစ် ယင်းကို ရှုမြင်ပါသည်။ လောကီရေးရာများတွင် ပါဝင်ပတ်သက်နေခြင်း (သို့မဟုတ် ကပ်ငြိနေခြင်း) အားဖြင့် SEB ရှိ တက်ကြွသောရဟန်းတော်များသည် ဒေသခံလူဝတ်ကြောင်များအား ၎င်းတို့၏ဒါနမှတဆင့် ကုသိုလ်ကောင်းမှုအမြောက်အမြားကဲ့သို့ အမြတ်ထွက်ရန်ကို ခွင့်မပြုဆိုသည့် အကြောက်တရားတစ်ခု ရှိပါသည်။ (King 2009, 7–8)

ဤဝေဖန်မှုများသည် ဗုဒ္ဓဘာသာအတွေးအခေါ်ဒဿန၏ အရေးပါသောရှုထောင့်ဖြစ်သည့် အမှန်တရားနှစ်ဆင့်အကြား၊ နှိုင်းယှဉ်ချက်အရ သို့မဟုတ် သမားရိုးကျအမှန်တရား (သမုတိသစ္စာ) နှင့် အဆုံးစွန်ဖြစ်သော အန္တိမအမှန်တရား (ပရမတ္ထသစ္စာ) တို့အကြား ခွဲခြားမှုကို သတိမမူမိဘဲ မျက်စိလျှမ်းသွားပုံရပါသည်။ ပရမတ္ထသစ္စာနယ်ပယ်တွင် ဉာဏ်အလင်းသည်သာ ဆင်းရဲဒုက္ခ၏အရင်းခံအကြောင်းတရားများအား အမှန်တကယ် ကျော်လွှားလွန်မြောက်နိုင်သည်ဖြစ်သောကြောင့် ကျင့်ကြံအားထုတ်မှုကို အာရုံစိုက်သင့်ပါသည်။ သို့သော်လည်း သမုတိသစ္စာနယ်ပယ်တွင် ထိုရည်ရွယ်ချက်သည် နီးကြားတက်ကြွသောကရုဏာအားကျင့်သုံးမှုမှတစ်ဆင့် မိမိနှင့် တစ်ပါးသူတို့အတွက် ပျော်ရွှင်ဝမ်းမြောက်မှုကို ချဲ့ထွင်ရန်နှင့် မိမိနှင့် တစ်ပါးသူတို့ အတွက် ဆင်းရဲဒုက္ခခံစားရမှုကို လျော့ပါးသက်သာစေရန် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာလမ်းကြောင်း၏ ဤရှုထောင့်နှစ်ခုသည် (ပရမတ်သစ္စာနှင့်ဆက်စပ်နေသော) ပညာနှင့် (သမုတိသစ္စာနှင့်ဆက်စပ်နေသော) ကရုဏာတို့ နှစ်ခုမဟုတ်ဘဲ တစ်သားတည်းဖြစ်ခြင်းနှင့် ဆက်စပ်နေပါသည်။

ထို့အပြင် လောက၏အခက်အခဲပြဿနာများတွင် ဗုဒ္ဓဘာသာသည် အမြဲတမ်း ပါဝင်ပတ်သက်နေကြောင်း တစ်ခ်နက်ဟန်းက ငြင်းချက်ထုတ်ထားပါသည်။ ဗုဒ္ဓဘာသာသည် “တစ်ပါးတည်းသီတင်းသုံးသောဗုဒ္ဓများ”၏ ဖြစ်နိုင်ခြေအလားအလာကို ခွင့်ပြုထားသော်လည်း ယင်းသည် သမိုင်းကြောင်း၌ ဗုဒ္ဓဘုရားရှင် မလျှောက်ခဲ့သော လမ်း ဖြစ်ပါသည်။ ဉာဏ်အလင်းရကာဘုရားဖြစ်ပြီးနောက် သိဒ္ဓတ္ထဂေါတမဘုရားရှင်သည် ဗောဓိပင်အောက်တွင် နေခဲ့ခြင်းမဟုတ်ဟု ၎င်းက အခိုင်အမာ ပြောဆိုထားပါသည်။ တကယ်တမ်းတွင် ဘုရားရှင်သည် သာသနာ့နွယ်ဝင်များကိုရော လူဝတ်ကြောင်များကိုပါ သွန်သင်ဆုံးမသင်ကြားပြသရန် ပြန်လာခဲ့ပါသည်။ (King 2009, 9) စင်စစ် ဆာဗိုဒယ ရှရမဒန လှုပ်ရှားမှု (Sarvodaya Shramadana Movement) ကို တည်ထောင်သူ အေတီ အရိယာရတ္တနေ (A.T. Ariyaratana) က ကိုလိုနီခေတ်တိုင်သည်အထိ ဗုဒ္ဓဘာသာရဟန်းတော်များသည် ဆေးပညာ၊ ပညာရေးနှင့် အစိုးရအုပ်ချုပ်ရေး ကဲ့သို့သော လောကီရေးရာများတွင် အလွန်ကြီးမားသောအခန်းကဏ္ဍတွင် ရှိခဲ့လိမ့်မည် ဟု အခိုင်အမာ ဆိုထားပါသည်။ ကိုလိုနီအစိုးရများသည် ၎င်းတို့၏ကိုယ်ပိုင် အနောက်တိုင်းအဖွဲ့အစည်းများကို မျက်နှာသာပေးဘက်လိုက်ကာ ရဟန်းသံဃာများကို လောကီအဝန်းအဝိုင်း၏ပြင်ပသို့ တွန်းထုတ်ခဲ့ပါသည်။ အကျိုးဆက်အဖြစ် လူမှုရေးတွင်ပါဝင်ပတ်သက်သည့်ဗုဒ္ဓဘာသာရဟန်းတော်များကို အသစ်(ခေတ်ပေါ်)တစ်ခု ဆန်းသစ်တီထွင်

ခြင်းထက် လူ့အဖွဲ့အစည်းရှိ ၎င်းတို့၏အခန်းကဏ္ဍကို ရိုးရှင်းစွာ ပြန်လည်တောင်းယူခြင်းအဖြစ် ၎င်းက မှတ်ယူပါသည်။ (King 2009, 10)

လူ့အသက်များကို အကာအကွယ်ပေးခြင်း၊ လူသားများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆင်းရဲဒုက္ခများလျော့ပါးသက်သာစေခြင်းတို့အားလုံးသည် SEB (နှင့် စင်စစ် ပိုမိုယေဘုယျကျဆိုရလျှင် ဗုဒ္ဓဘာသာ) ၏ သမိုင်းကြောင်းအရ အချက်အခြာနှလုံးသည်းပွတ်တွင်ရှိသောကြောင့် ဤအဓိကဆိုလိုရင်းအာဘော်များသည် ကျွန်ုပ်တို့အား အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများနှင့်အတူ ဓလေ့ထုံးတမ်းအစဉ်အလာ၏ တစ်နေရာတည်း၌ပေါင်းဆုံမှုများကို စူးစမ်းလေ့လာရန်အတွက် စမှတ်ကို ပြဋ္ဌာန်းသတ်မှတ်ပေးပါသည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများနှင့် ၎င်းတို့၏ IHL နှင့် ပတ်သက်ဆက်စပ်မှု

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများ၏ မူလအစဇာစ်မြစ်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု (RC/RC) ၏ အခြေခံမူများတွင် သန္ဓေတည်ပါသည်။ ၁၉၆၅ခုနှစ်တွင် အကြိမ်(၂၀)မြောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီညီလာခံ၌ ၎င်းတို့၏ လက်ရှိပုံစံဖြင့် ပထမဆုံး ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သော်လည်း ဤကြက်ခြေနီလခြမ်းနီလှုပ်ရှားမှု၏ရည်မှန်းချက်နှင့် ရာစုနှစ်တစ်ခုပိုစောသည့် ၎င်း၏မူလအစကတည်းက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများအား စနစ်တကျစီစဉ်စုစည်းမှု ဖြစ်စေရန် စဉ်းစားခြင်း ဖြစ်နိုင်ပါသည်။

ထို့နောက် ၁၉၉၁ခုနှစ်တွင် လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် ကြားနေခြင်း အခြေခံမူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်ပယ်တွင် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်သည့် နိုင်ငံတကာကယ်ဆယ်ရေးလုပ်ဆောင်မှုများအား ညှိနှိုင်းပေးရန် တည်ထောင်ခဲ့သော အသစ် ဖွဲ့စည်းခဲ့သည့် အေဂျင်စီ အချင်းချင်း အမြဲတမ်းကော်မတီ Inter-Agency Standing Committee (IASC) ၏ လုပ်ငန်းကို လမ်းညွှန်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ(UNGA) ဆုံးဖြတ်ချက် ၄၆/၁၈၂[3] ဖြင့် အတည်ပြုလက်ခံခဲ့ပါသည်။ ၂၀၀၄ခုနှစ်တွင် UNGA ဆုံးဖြတ်ချက် ၅၈/၁၁၄[4] ဖြင့် လွတ်လပ်ခြင်း အခြေခံမူကို ဤစာရင်း၌ ဖြည့်စွက်ထည့်သွင်းခဲ့ပါသည်။ ဤအခြေခံမူများသည် မြေပြင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်နေသည့်အဖွဲ့များ၏ နေ့စဉ်လုပ်ငန်းများကို ညှိနှိုင်းပေးရန် အထောက်အကူပေးသည့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ လုပ်ငန်းကိုလည်း လမ်းညွှန်ပေးပါသည်။

ထိုစဉ်ကတည်းကစ၍ ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများသည် "ကြားနေသော၊ ခွဲခြားမှုမရှိသောနှင့် လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှု (Neutral, Impartial and Independent Humanitarian Action)" သို့မဟုတ် "နီးဟာ (NIIHA)" ချဉ်းကပ်မှုနည်းလမ်းကို ကျောထောက်နောက်ခံပြုခဲ့ပါသည်။ IASC ၏ ကမကထပြုဦးဆောင်မှုအောက်တွင် လုပ်ငန်းဆောင်ရွက်နေသော အေဂျင်စီများအားလုံးသည် ၎င်းတို့အနေဖြင့် ကြက်ခြေနီ/လခြမ်းနီ (RC/RC) အဖွဲ့အစည်းဖြစ်စေ၊ အစိုးရအချင်းချင်းအဖွဲ့အစည်း (IGO)ဖြစ်စေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ဖြစ်စေ သို့မဟုတ် ဘာသာရေးယုံကြည်မှုကိုအခြေခံသော အဖွဲ့အစည်း(FBO)ဖြစ်စေ၊ တစ်ဦးချင်းသော်လည်းကောင်း၊ အကျိုးတူလုပ်ငန်းစု၏တစ်စိတ်တစ်ပိုင်းအနေဖြင့်သော် လည်းကောင်း လုပ်ဆောင်ခြင်းသည် ဤအခြေခံမူများ၏ လမ်းညွှန်မှုကို သဘောတူညီခဲ့ပြီး ဖြစ်ပါသည်။ ဤအထဲ တွင် ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာအဖွဲ့တစ်ခုအဖြစ် အထူးတလည်ရည်ရွယ်တည်ထောင်ထားသည့်အဖွဲ့အစည်း တစ်ခုဖြစ်သော ဆုချီ(Tzu Chi) ဖောင်ဒေးရှင်း ပါဝင်ပါသည်။

ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများသည် ကြက်ခြေနီ/လခြမ်းနီ (RC/RC) နှင့် NGO ကျင့်ဝတ်စည်းကမ်း[5]များ၊ လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၏ပြင်ပတွင် လူသားချင်းစာနာထောက်ထားမှု

ဆိုင်ရာ လုပ်ဆောင်မှုကို လမ်းညွှန်ပေးသည့် စေတနာ့ဝန်ထမ်း ကျင့်ဝတ်စည်းကမ်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဩဇာလွှမ်းမိုးခဲ့ပြီး ယင်းကို အဖွဲ့အစည်းတစ်ခု၏ IASC နှင့် နီးနွယ်မှု၊ ဆက်သွယ်ပတ်သက်မှုနှင့် မသက်ဆိုင်ဘဲ သဘောတူလက်ခံနိုင်ပါသည်။ ထို့အပြင် နီးဟာ (NIIHA) ချဉ်းကပ်မှုနည်းလမ်းသည် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အခန်းကဏ္ဍတစ်လျှောက် တွင်ကျယ်စွာ အသုံးပြုနေသော နောက်ထပ် စေတနာ့ဝန်ထမ်းကျင့်ဝတ်တစ်ခု ဖြစ်သည့် အရည်အသွေးနှင့် တာဝန်ခံမှုဆိုင်ရာ အဓိကဗဟိုအချက်အချာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံချိန်စံညွှန်း၏ အစိတ်အပိုင်းကိုလည်း ပုံဖော်ပေးပါသည်။ (CHS Alliance, Groupe URD and the Sphere Project 2014, 8)

ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများသည် IHL ၏ တရားဝင်အစိတ်အပိုင်း မဟုတ်ချေ။ သို့သော် လက်နက်ကိုင်ပဋိပက္ခအတွင်း ၎င်းတို့၏ ဝန်ထမ်းများလုံခြုံရေးနှင့် ထိခိုက်ခံစားရသော လူထုများထံ ၎င်းတို့၏သွားရောက်ခွင့်ကိုထိန်းသိမ်းထားခြင်းဖြင့် IHL အရ ၎င်းတို့၏တာဝန်ဝတ္တရားများကို လိုက်နာရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအား ကူညီပေးခြင်းအတွက် မရှိမဖြစ်လိုအပ်နေမှုအဖြစ် ၎င်းတို့ကို အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။ နိုင်ငံတကာပါဝင်သော လက်နက်ကိုင်ပဋိပက္ခများ[6]အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များကို ၎င်းတို့၏ကိုယ်ပိုင်အခွင့်အရေးဖြင့် တိုက်ခိုက်ခြင်းမှ အကာအကွယ်ပေးထားပြီး နိုင်ငံတကာနှင့် နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ နှစ်ခုလုံးအတွင်း ၎င်းတို့ကို ၎င်းတို့၏ ဆေးဘက်ဆိုင်ရာ[7]နှင့်/သို့မဟုတ် အရပ်သားအဆင့်အတန်း[8]ကြောင့် အကာအကွယ်ပေးထားပါသည်။ သို့သော်လည်း ဤအကာအကွယ်ပေးမှုများမှ အကျိုးကျေးဇူးရရှိခံစားရန် "စစ်မက်တိုက်ခိုက်မှုများတွင် တိုက်ရိုက်ပါဝင်ခြင်း"မပြုရ[9] သို့မဟုတ် (ဆေးတပ်ဖွဲ့ကိစ္စရပ်များတွင်) ၎င်းတို့သည် "၎င်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းတာဝန်နှင့်မသက်ဆိုင်သည့် ရန်သူကိုထိခိုက်စေသောလုပ်ရပ်များကို ကျူးလွန်ခြင်း"မပြုနိုင်။[10] ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များ၏ ဘေးအန္တရာယ်ကင်းရှင်းရေးသည် စစ်ရေးစစ်ရာများတွင် ကြားနေခြင်းကို တိတိကျကျ လိုက်နာစောင့်ထိန်းနိုင်စွမ်းပေါ်တွင် မူတည်ပါသည်။

IHL သည် (အလွန်အရေးကြီးသော စစ်ရေးဆိုင်ရာလိုအပ်ချက် အကြောင်းရင်းများကြောင့် ကန့်သတ်ချက်များ ထားရှိသည့်နေရာမှအပ) လိုအပ်နေသော အရပ်သားများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအကူအညီများကို ခွင့်ပြုပေးရန်နှင့် အဆင်ပြေချောမွေ့စေရေးကူညီပေးရန် ပြဋ္ဌာန်းထားပါသည်။[11] အရပ်သားလူထု၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးမှုကို သေချာအောင်လုပ်ဆောင်ရန်မှာ အဓိကအားဖြင့် နိုင်ငံအစိုးရ၏တာဝန် ဖြစ်သော်လည်း နိုင်ငံအစိုးရက ယင်းကဲ့သို့သော အကူအညီပေးရန် ဆန္ဒမရှိလျှင် သို့မဟုတ် ပေးနိုင်စွမ်းမရှိလျှင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များအတွက် သွားရောက်ခွင့်ရရှိရေးသည် အလွန်အမင်း အရေးကြီးလာပါသည်။ (Schwendimann 2011, 997) ၎င်းတို့၏အပိုင်းအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များသည် "၎င်းတို့၏ တာဝန်များကို မကျော်လွန်စေဘဲ"[12] ၎င်းတို့၏ကယ်ဆယ်ရေးလုပ်ငန်းများကို "ခွဲခြားမှုမရှိသော ဝိသေသလက္ခဏာ" ရှိရပါမည်။[13] ထို့ကြောင့် (အထူးသဖြင့် နိုင်ငံတော်ကထိန်းချုပ်ထားသောနယ်မြေများတွင်) ၎င်းတို့၏ သွားရောက်ခွင့်ကို ထိန်းသိမ်းထားနိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များသည် ကြားနေခြင်းနှင့် ခွဲခြားမှုမရှိခြင်း အခြေခံမူများကို ထိန်းသိမ်းထားရန် မျှော်လင့်ပါသည်။ တရားဝင်သဘောအရ IHL ကို လိုက်နာရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအား အထောက်အကူပေးရာတွင် ပါဝင်နေသည့် အခြေခံမူများ၏အခန်းကဏ္ဍအပြင် ဤအခြေခံမူများကို ထိန်းသိမ်းလိုက်နာခြင်းသည် အထူးသဖြင့် တစ်ဖွဲ့ထက်ပိုသော ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များနှင့်အတူ လုပ်ကိုင်နေကြသောအခါ ပိုမိုအလွတ်သဘောဆန်သော နည်းလမ်းဖြင့် ယုံကြည်မှုတည်ဆောက်ရန် ၎င်းတို့အား ကူညီပေးပါသည်။ ဥပမာအားဖြင့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ(NSAGs)နှင့်လုပ်ငန်းဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များ၏ လွတ်လပ်မှု (စစ်မှန်သောလွတ်လပ်မှုနှင့် သိမြင်နားလည်ထားသောလွတ်လပ်မှု နှစ်ခု

လုံး) သည် အထူးသဖြင့် အရေးကြီးလာပြီး သီးခြား NSAG ထိန်းချုပ်မှုအောက်ရှိ နယ်မြေများတွင် ၎င်းတို့ လုပ်ဆောင်နိုင်ခြင်း ရှိမရှိကို ဆုံးဖြတ်နိုင်ပါသည်။ (Geneva Call 2016)

ထို့ကြောင့် SEB လှုပ်ရှားမှုနှင့် ပူးပေါင်းဆောင်ရွက်သူများအပါအဝင် လက်နက်ကိုင်ပဋိပက္ခကာလများတွင် လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများသည် IHL က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများအပေါ် ပေးအပ်ထားသည့် အကာအကွယ်ပေးမှုများနှင့် ရရှိခွင့်များမှ အကျိုးကျေးဇူးခံစားရန် ဆန္ဒရှိလျှင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများကို စောင့်ထိန်းလိုက်နာသင့်သည်မှာ ရှင်းပါသည်။ စိတ်ထဲတွင်ယင်းနှင့်အတူ အဓိက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့်ကိုက်ညီပြီး ညီတူညီမျှ အရေးကြီးသည့် SEB အား သက်ဝင်ယုံကြည်မှုသည် သီးခြား SEB အုပ်စုများအတွက် လက်တွေ့ကျင့်သုံးရန် ကွဲပြားခြားနားနိုင်သည့် သို့မဟုတ် ခက်ခဲနိုင်သည့်နေရာတွင် နောက်ထပ်စူးစမ်းလေ့လာရန် အထောက်အကူ ဖြစ်နိုင်ပါသည်။

## SEB ၏ အဓိက တန်ဖိုးထားမှုများနှင့် လူသားချင်းစာနာမှုဝါဒ

ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို လေးလေးနက်နက်လေ့လာသောအခါ ၎င်းတို့သည် အပျက်သဘောဆောင်သော အပြုအမူများကို နယ်နိမိတ်များသတ်မှတ်ထားခြင်းသာမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်လာပါသည်။ ၎င်းတို့သည် အပြုသဘောဆောင်သော သဘောထားများ သို့မဟုတ် အရစ္စတိုတယ်လ် အတွေးအခေါ်၏ အာရုံခံစားမှုတွင် "သူတော်ကောင်းတရားများ" ပွားများမှုကိုလည်း မြှင့်တင်ပေးပါသည်။ အလားတူ တစ်ချိန်တည်းမှာပင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား IHL အရ ၎င်းတို့၏ တာဝန်ဝတ္တရားများကိုလိုက်နာရေး အကူအညီပေးရန် လက်တွေ့ကျသောလမ်းညွှန်များကို ကိုယ်စားပြုသည့်အပြင် ယုံကြည်မှုတည်ဆောက်ရန်နှင့် လက်နက်ကိုင်ပဋိပက္ခများနှင့် အခြားသောအရေးပေါ်အခြေအနေများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများကို လမ်းညွှန်ပေးရန် ကူညီပေးသည့် အပြုသဘောဆောင်သော တန်ဖိုးထားမှုများကို ကိုယ်စားပြုပါသည်။

မဟာယာနစလေ့ထုံးစံတွင် ဤဗုဒ္ဓဘာသာ သုစရိုက် သီလကျင့်ဝတ်ရှုထောင့်သည် အိန္ဒိယ ဗုဒ္ဓဘာသာ၏ ရွှေခေတ်ဟုမှတ်ယူနိုင်သည့် ခေတ်ဖြစ်သော ခရစ်နှစ် စီအီး ငါးရာစုမှ ဆယ့်နှစ်ရာစုအတွင်း အိန္ဒိယ နိုင်ငံမြောက်ပိုင်း နာလန္ဒာတက္ကသိုလ်တွင် အကြီးအကျယ် ဖွံ့ဖြိုးတိုးတက်မှုကို တောင့်ခံခဲ့ပါသည်။ ဤကာလ၏ အကျော်ကြားဆုံးသော ကျမ်းသည် သျှံတိဒေဝ - Shantideva (c. 685–c. 763) ၏ ဘုရားလောင်းလမ်းစဉ် - The Way of the Bodhisattva (Bodhicaryāvatāra) ဖြစ်နိုင်ခြေ ရှိပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့အများစု၏ လုပ်ငန်းဆောင်ရွက်ခွင့်နှင့်အတူ စိတ်ဝင်စားဖွယ်ကောင်းသော ဆက်စပ်မှုတစ်ခု ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အခန်း(၃)မှ ဂါထာအချို့ကို ကျွန်ုပ်တို့ ကိုးကားလိုပါသည်။

ဂါထာ ၈။

လောက၌ ဖျားနာသောသူအပေါင်းတို့အတွက်

အနာရောဂါငြိမ်းသည့်တိုင်အောင်

သူတို့အတွက် ကျွန်ုပ်ကိုယ်တိုင်

ဆရာဝန်၊ သူနာပြု၊ ဆေးဝါး ဖြစ်ပါရစေ။

ဂါထာ ၉။

အစာရေစာများ မိုးအဖြစ်လျှံကာကျလျက်

> ဆာလောင်မွတ်သိပ်ခြင်း ဘေးဆိုးများကို ကျွန်ုပ်ကိုယ်တိုင် ဖယ်ရှားနိုင်ပါစေ။
>
> ရှားပါးမှု၊ လိုချင်တက်မက်မှုဖြင့် ပြည့်နှက်နေတဲ့ကမ္ဘာမှာ
>
> ကျွန်ုပ်ကိုယ်တိုင် အစားအသောက်အဖြစ် ပေါ်လာပါရစေ။ ...
>
> ဂါထာ ၁၀။
>
> အကာအကွယ်မဲ့သူတွေအတွက် ကျွန်ုပ်ကိုယ်တိုင် အစောင့်အရှောက်ဖြစ်ပါစေ၊
>
> ခရီးသွားများအတွက် လမ်းပြဖြစ်ပါစေ။
>
> ရေပြင်ကို ကျော်ဖြတ်လိုသူများအတွက်
>
> ကျွန်ုပ်ကိုယ်တိုင် လှေ၊ ဖောင်၊ တံတား ဖြစ်ပါစေ။ (သျှံတိဒေဝ-Shantideva 2011, 48–49)

ဤဂါထာသုံးပုဒ်သည် ဘုရားလောင်းလမ်းစဉ်အား လမ်းညွှန်နေသော အခြေခံမှုဖြစ်သည့် နက်နဲသောကရုဏာ၏ ခံစားချက်ကို ပေးပါသည်။ သျှံတိဒေဝ၏ ဤဂါထာများကို လုပ်ဆောင်မှုအား တိုက်ရိုက်တောင်းဆိုမှုထက် တင်စားမှုတစ်ခုအဖြစ် အချို့က ယူဆကြပါသည်။ သို့သော်လည်း လူမှုရေးတွင် ပါဝင်ပတ်သက်သည့် ဗုဒ္ဓဘာသာဝင်များအတွက် ၎င်းသည် အခြားလောကီ သူတော်ကောင်းတရားများအား ရိုးရှင်းသော ကဗျာဆန်ဆန် ဖော်ပြချက်တစ်ခုမဟုတ်သော်လည်း ၎င်းတို့၏ဘဝများကိုလုပ်ဆောင်ပုံနှင့် ဤလောကနှင့်ထိတွေ့ဆက်ဆံပုံအပေါ် လမ်းညွှန်တစ်ခု ဖြစ်ပါသည်။

အလားတူ မျက်မှောက်ခေတ် လူသားချင်းစာနာထောက်ထားမှုဝါဒသည် မြင့်မြတ်သောတန်ဖိုးထားမှုများအတွက် လက်တွေ့ကျသော အကျိုးသက်ရောက်မှုပေးသည့်နည်းလမ်းကို ကိုယ်စားပြုပါသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမှုများအား ၎င်း၏ ရှင်းလင်းချက်တွင် ICRC ဥပဒေ ပညာရှင် ယွန်ပစ်တေး - Jean Pictet (1914–2002) က လူသားချင်းစာနာထောက်ထားမှုဝါဒကို အောက်ပါအသုံးအနှုန်းများဖြင့် ဖွင့်ဆိုခဲ့ပါသည် -

> လူသားချင်းစာနာထောက်ထားမှုဝါဒသည် လူသားမျိုးစိတ်၏ပျော်ရွှင်မှုကို ဦးတည်သည့် အယူဝါဒတစ်ခု ဖြစ်ပါသည် သို့မဟုတ် ပိုမိုနှစ်သက်မည်ဆိုလျှင် ကမ္ဘာနှင့်အဝှမ်းပျံ့နှံ့မှု အခြေခံပေါ်တွင် လူသားမျိုးနွယ်ကို ဦးတည်ရှေးရှုသည့် လူသားချင်းစာနာမှုသဘောထား ဖြစ်ပါသည်။
>
> ခေတ်သစ် လူသားချင်းစာနာထောက်ထားမှုဝါဒသည် ပေးကမ်းစွန့်ကြဲမှုဒါနနှင့် တရားမျှတမှု၏ ခေတ်ရွေ့ပြေးပြီး ယုတ္တိတန်သော ပုံစံတစ်ခု ဖြစ်ပါသည်။
>
> ထိုဝါဒသည် တဒင်္ဂ ဆင်းရဲဒုက္ခခံစားရမှုကို တိုက်ဖျက်ရန်နှင့် သီးခြား တစ်ဦးတစ်ယောက်ချင်းစီတို့ကို ကူညီခြင်းအတွက်သာ တိုက်ရိုက်ဦးတည်ခြင်းမဟုတ်ဘဲ ယင်းတွင် လူအမြောက်အများအတွက် ပျော်ရွှင်မှုကို အကြီးမားဆုံး ဖြစ်နိုင်သော အတိုင်းအတာ ရရှိစေရန် ပုံဖော်ထားသည့် ပိုမို၍ အပြုသဘောဆောင်သော ရည်မှန်းချက်များလည်း ရှိပါသည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှုဝါဒသည် ကုသပေးရုံသာမက ကာလကြာရှည်ကပင် မကောင်းမှုများကို တိုက်ဖျက်ရန်၊ ဆင်းရဲဒုက္ခကိုတားဆီးကာကွယ်ရန်လည်း ဖြစ်ပါသည်။ ကြက်ခြေနီသည် ဤချဉ်းကပ်မှုနည်းလမ်း၏ ရှင်သန်နေသော ဥပမာတစ်ခု ဖြစ်ပါသည်။ (Pictet 1979, 13)

အမှန်ပင် ပစ်တေးသည် ကြက်ခြေနီရှုထောင့်မှ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူများသည် ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများတွင် အရင်းခံအခြေတည်ခဲ့ပြီး ထိုမူများပေါ်အခြေခံသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစိတ်ဓာတ်နှင့်ပတ်သက်၍ ၎င်း၏လေ့လာချက်များသည် ကျွန်ုပ်တို့၏ ခွဲခြမ်းစိတ်ဖြာလေ့လာမှုအတွက် မည်သည့်နည်းနှင့်မဆို အထောက်အကူ ဖြစ်စေပါသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူ(၇)ချက်ထက် လူသားချင်းစာနာမှု၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်းနှင့် လွတ်လပ်ခြင်းဟူသော အဓိကကျသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူလေးချက်ကို ဘာသာရေးယုံကြည်မှုအခြေခံသောအဖွဲ့အစည်းများ(FBOs) အပါအဝင် အဖွဲ့အစည်းများ၏ ပိုမိုကျယ်ပြန့်သောအတိုင်းအတာအတွက် လက်နက်ကိုင်ပဋိပက္ခများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများတွင် အဓိကအခန်းကဏ္ဍအဖြစ် ကျွန်ုပ်တို့၏စူးစမ်းလေ့လာမှုကို ကန့်သတ်ထားမည် ဖြစ်ပါသည်။ ဤအခြေခံမူလေးရပ်သည် SEB ကိုယ်ကျင့်တရားများနှင့် တန်ဖိုးထားမှုများနှင့်ကိုက်ညီသည့် စံနှုန်းများနှင့် ကျင့်သုံးမှုများအား ထင်ဟပ်ကြောင်းကို ကျွန်ုပ်တို့ ရည်ညွှန်းထားပါသည်။ ၎င်းတို့သည် "တင်သွင်းလာသော အနောက်တိုင်း စံနှုန်းများ"မျှသာမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခအခြေအနေများနှင့် အခြားသော အရေးပေါ် အခြေအနေများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးခြင်းတွင် ဗုဒ္ဓဘာသာ တန်ဖိုးများ ပါဝင်စေရန် နည်းလမ်းတစ်ခုကို တင်ပြခြင်းလည်း ဖြစ်ပါသည်။

### *လူသားချင်းစာနာမှုအခြေခံမူနှင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ပထမသီလတို့၏ တူညီမှုများ*

လိုရင်းတိုရှင်းဖြစ်သော်လည်း လုပ်ဆောင်မှုအတွက် အားကောင်းသော စေ့ဆော်မှုကိုဖော်ပြသည့် လူသားချင်းစာနာမှု အခြေခံမူအား OCHA ၏ ဖော်ထုတ်မှုနှင့်အတူ ကျွန်ုပ်တို့၏ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို စတင်ရန် အထောက်အကူ ဖြစ်နိုင်ပါသည် -

> လူသားတို့၏ဆင်းရဲဒုက္ခကို တွေ့သည့်နေရာတိုင်းတွင် ကိုင်တွယ်ဖြေရှင်းရပါမည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှု၏ ရည်ရွယ်ချက်မှာ အသက်နှင့် ကျန်းမာရေးကို အကာအကွယ်ပေးရန်နှင့် လူသားများအား လေးစားမှုကို သေချာစေရန် ဖြစ်ပါသည်။ (United Nations 2012).

ကြက်ခြေနီ/လခြမ်းနီနှင့် အင်န်ဂျီအို ကျင့်ဝတ်စည်းကမ်းတွင် တူညီသောအခြေခံမူကို ဖော်ပြလေ့ရှိသော စကားလုံးသည် အနည်းငယ် ပိုရှည်သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှု၏ ရည်ရွယ်ချက်မှာ လူသားတို့၏ ဆင်းရဲဒုက္ခကို လျှော့ချရန်ဖြစ်ကြောင်း တူညီစွာ အသိအမှတ်ပြုလက်ခံထားပါသည် -

> **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပါသောအရာသည် ပထမဆုံး ဖြစ်သည်။**
> လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကို ရယူရန်နှင့် ယင်းကို ကမ်းလှမ်းရန် အခွင့်အရေးသည် နိုင်ငံအားလုံး၏ နိုင်ငံသားများအားလုံးက ခံစားရမည့် အခြေခံကျသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ အဖွဲ့ဝင်များအဖြစ် လိုအပ်သည့်နေရာတိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားကို ကျွန်ုပ်တို့ အသိအမှတ်ပြုလက်ခံထားပါသည်။ .. .. သဘာဝဘေးအန္တရာယ်ကို ကျွန်ုပ်တို့၏ တုံ့ပြန်မှု၏ အဓိက လှုံ့ဆော်မှုမှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ဖိစီးမှုဒဏ်ကို အနည်းဆုံး ကြံ့ကြံ့ခံနိုင်သူများအကြားတွင် လူသားတို့၏ ဆင်းရဲဒုက္ခ လျှော့ပါးသက်သာစေရန်ဖြစ်ပါသည်။ . . .. (အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အိုင်စီအာရ်စီ ၁၉၉၄ - International Federation of Red Cross and Red Crescent Societies and the ICRC 1994)

မှန်ပါသည်။ ဆင်းရဲဒုက္ခပြဿနာသည် ဗုဒ္ဓဘာသာအဆုံးအမတွင် အဓိက ဖြစ်ပါသည်။ အစဉ်အလာအရ မြတ်ဗုဒ္ဓက "အတိတ်မှာရော ပစ္စုပ္ပန်မှာပါ ဆင်းရဲခြင်းနှင့် ဆင်းရဲခြင်းချုပ်ရာ(နိဗ္ဗာန်)ကို ငါဘုရား ထုတ်ဖော်ပြောဆိုတယ် ဟု ဟောတော်မူခဲ့ပါသည်။"[14] ထို့အပြင် ဘုရားဖြစ်ပြီးနောက် ဗုဒ္ဓဟောကြားခဲ့သော ပထမဆုံးတရားဖြစ်သော ဓမ္မစက္က ပဝတ္တနသုတ်တွင် ဗုဒ္ဓဘာသာ၏ဂိုဏ်းများအားလုံးအတွက် ဘုံတူညီသောအခြေခံပုံစံဖြစ်သည့် မြင့်မြတ်သော သစ္စာ လေးပါးကို ဗုဒ္ဓမြတ်စွာက အသေးစိတ်ရှင်းပြခဲ့ပါသည်။[15] ဗုဒ္ဓဘာသာ၏ အခြေခံကျသော ရည်မှန်းချက်ပန်းတိုင် သည် ဆင်းရဲဒုက္ခလျော့ပါးသက်သာစေရန်ဖြစ်သည်ဆိုသည့်အချက်မှာ ဤဒေသနာတော်အဆုံးအမမှလာသည်မှာ ထင်ရှားပါသည်။ ဤရည်ရွယ်ချက်ကို စိတ်ဝိညာဉ်ပိုင်းဆိုင်ရာအဆင့်တစ်ခုတွင် ထိုးထွင်းသိမြင်မှုမဂ်ဉာဏ်ကို ရှေးရှု သည့် ပြင်းပြသောဆန္ဒအဖြစ် နားလည်နိုင်သော်လည်း ၎င်းရည်ရွယ်ချက်သည် လက်နက်ကိုင်ပဋိပက္ခကာလများ တွင်ပင် ဆင်းရဲဒုက္ခ၏ လောကီရှုထောင့်များနှင့်လည်း အကျုံးဝင်သက်ဆိုင်နေပါသည်။ ထို့ကြောင့် SEB ၏ တန်ဖိုး ထားမှုများနှင့် ကျင့်သုံးမှုများသည် လူသားမျိုးနွယ်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုနှင့် အပြည့် အဝ သဟဇာတဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ပထမဆုံးသော သစ္စာနှစ်ပါးဖြစ်သည့် - (၁) ဆင်းရဲခြင်း(ဒုက္ခ)သစ္စာနှင့် (၂) ဆင်းရဲခြင်း၏မူလအကြောင်း (သမုဒယ)သစ္စာတို့က မိမိ မည်သို့ ဖြစ်စေချင်သည်ထက် ဖြစ်နေသည့်အတိုင်း အမှန်တကယ်လက်တွေ့ဘဝကို ဖော်ပြကြောင်း တစ်စုံတစ်ဦးက စောဒကပင် တက်နိုင်ပါသည်။ မိမိက အခြားနည်း ဖြစ်စေလိုသည့် ဆန္ဒရှိနိုင်သည့် တိုင် စစ်ပွဲများနှင့် ပဋိပက္ခများသည် လူသားအခြေအနေ၏ အမှန်တကယ်လက်တွေ့ဘဝဖြစ်ကြောင်း အလားတူစွာ IHL က အသိအမှတ်ပြုထားပါသည်။ တတိယသစ္စာနှင့် စတုတ္ထသစ္စာဖြစ်သည့် - (၃) ဆင်းရဲဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း (နိရောဓ)နှင့် (၄) ဆင်းရဲဒုက္ခတို့၏ ချုပ်ငြိမ်းရာကိုရှေးရှုသည့်လမ်း(မဂ္ဂ) - တို့သည် မိမိကိုယ်တိုင် ခံစားနေရသော ဆင်းရဲဒုက္ခကို ပြောင်းလဲစေရန်နှင့် ပျောက်ကင်းစေရန်အပြင် အခြားသူများကိုလည်း အလားတူ စွမ်းဆောင်နိုင်စေ ရန်နည်းလမ်းကို ပြသပြီး ဆင်းရဲဒုက္ခကို လျော့နည်းစေရန်နှင့် သက်သာစေရန် ရည်ရွယ်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများနှင့် အခြေခံမှုများတို့နှင့် လက်တွေ့ကျသောသက်ဆိုင်မှု ရှိသည်ကို ပြသပါ သည်။

မြင့်မြတ်သော စိတ်အခြေအနေလေးခု(ဗြဟ္မဝိဟာရတရားလေးပါး)ဖြစ်သည့် ချစ်ခင်ကြင်နာခြင်း(မေတ္တာ)၊ ကြင်နာသနားခြင်း(ကရုဏာ)၊ ထပ်တူထပ်မျှခံစားပျော်ရွှင်ခြင်း(မုဒိတာ)နှင့် တုန်လှုပ်မှုကင်းခြင်း(ဥပေက္ခာ)တို့ကို မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါသည်။ ၎င်းတို့သည် သတ္တဝါများအပေါ် မှန်ကန်သော သို့မဟုတ် အကောင်းဆုံးစံနမူနာပြ ပြုမူပုံနည်းလမ်း ဖြစ်သောကြောင့် ဤစိတ်သဘောထားလေးခုတို့ကို အကောင်းဆုံး သို့မဟုတ် အမြင့်မြတ်ဆုံးဟု ဆိုပါသည်။ (ပါဠိ သတ္တေသု သမ ပဋိပတ္တိ - Pali sattesu samma patipatti) ထို့အပြင် "အတိုင်းမသိ လေးပါး" (ဗြဟ္မဝိဟာရတရားများ) ဟု သိကြသော ထိုတရားများကို ပြုစုပျိုးထောင်ပေးလေ့ရှိသည့် ဗုဒ္ဓဘာသာ သူတော် ကောင်းတရားလေးပါးနှင့် ကမ္မဋ္ဌာန်းထိုင်ခြင်းအလေ့အကျင့်များသည် လူမှုရေးဆိုင်ရာဆက်သွယ်မှုမှ ပေါ်ပေါက် လာသော အခြေအနေများအားလုံးနှင့် သက်ဆိုင်သည့်အဖြေများကို ပေးပါသည်။ ၎င်းတို့သည် တင်းမာမှုကို ဖယ်ရှား ပေးသည့် ကြီးမြတ်သူများ၊ လူမှုရေးပဋိပက္ခတွင် ငြိမ်းချမ်းရေးဆောင်ရွက်သူများနှင့် အသက်ရှင်ဖြစ်တည်မှုအတွက် လှုပ်ရှား ရုန်းကန်ရာတွင် ခံစားခဲ့ရသောဒဏ်ရာများကို ကုသပေးသည့် ကြီးမြတ်သူများ ဖြစ်ကြပါသည်။ ၎င်းတို့ သည် လူမှုရေးဆူးငြောင့်ခလုတ်များကိုညှိရန်၊ သဟဇာတရှိသော အသိုင်းအဝိုင်းများကို တည်ဆောက်ရန်၊ အိပ်ပျော် နေသော စိတ်သဘောထားကြီးမှုကို နိုးထစေရန်၊ ပျော်ရွှင်မှုနှင့် မျှော်လင့်ချက်တို့ကို ပြန်လည်ရှင်သန်စေရန်နှင့် အတ္တစွဲဝါဒ၏အင်အားများကိုဆန့်ကျင်သည့် လူသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု ညီရင်းအစ်ကိုစိတ်ဓာတ်ကို မြှင့်တင်ပေးရန် အထောက်အကူပြုပါသည်။ ၎င်းတို့ကို လူသားချင်းစာနာမှုအခြေခံမှု၏ အဓိကကျသော ဗုဒ္ဓဘာသာ ဖော်ထုတ်မှု တစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။

ထို့အပြင် ဗုဒ္ဓဘာသာဝင်လူဝတ်ကြောင်တို့၏ ပထမဆုံးကိုယ်ကျင့်သီလသည် "ကျွန်ုပ်သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရန် အဓိဋ္ဌာန်ပြုပါသည်" ဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သက်ရှိအားလုံးနှင့် ကျွန်ုပ်တို့၏

ဆက်နွယ်မှုကို အသိအမှတ်ပြုလက်ခံထားပြီး မည်သည့်သက်ရှိကိုမဆို အန္တရာယ်ပြုခြင်းသည် မိမိကိုယ်ကို ထိခိုက်နစ်နာစေကြောင်း နားလည်သဘောပေါက်ထားပါသည်။

ဆူလတ်ခ် ဆီဗာရတ်ခ်ဆာ (၁၉၃၃ခုနှစ်ဖွား) - Sulak Sivaraksa (b.1933) ၏ အဆိုအရ မြတ်ဗုဒ္ဓဟောကြားခဲ့သော ပထမဆုံးသီလသည် - "ကျွန်ုပ်တို့ကိုယ်ကို အခြားသူများနှင့် တန်းတူသတ်မှတ်လျှင် ကျွန်ုပ်တို့သည် မည်သည့်အခါမျှ သတ်ဖြတ်ခြင်း သို့မဟုတ် သတ်ဖြတ်စေခြင်းကို မပြုနိုင်"။ (Sivaraksa 1992) ဤသည်မှာ ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာနယ်ပယ်တွင် အသုံးပြုခဲ့သည့် ပထမဆုံးသီလအား ခေတ်မီ ပြောင်းလဲဖော်ထုတ်မှုတစ်ခု ဖြစ်ပါသည် -

> အသက်ကိုတန်ဖိုးထားခြင်းဟူသည် - အသက်ကို ဖျက်ဆီးခြင်းကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခကို သိရှိသတိပြုမိခြင်းဖြင့် အရာအားလုံး၏ အချင်းချင်းဆက်နွယ်ပတ်သက်အမှီသဟဲပြုမှုနှင့် ကရုဏာတရားကို ပြုစုပျိုးထောင်ခြင်း၊ လူများ၊ တိရစ္ဆာန်များ၊ အပင်များနှင့် တွင်းထွက်ပစ္စည်းတို့၏ ရှင်သန်မှုများကို အကာအကွယ်ပေးရန် သင်ယူဆည်းပူးခြင်းနည်းလမ်းများကို ကျွန်ုပ် ကတိပြုပါသည်။ ကျွန်ုပ်၏အယူအဆတွင် သို့မဟုတ် ကျွန်ုပ်၏ဘဝနေထိုင်မှုနည်းလမ်းတွင် သူ့အသက်ကို သတ်ဖြတ်ခြင်းမပြုရန်၊ အခြားသူများကို သတ်ဖြတ်ခွင့်မပြုရန်နှင့် ဤလောကတွင် မည်သည့် သတ်ဖြတ်ခြင်းလုပ်ရပ်ကိုမဆို ထောက်ခံခြင်းမပြုရန် ကျွန်ုပ် ဆုံးဖြတ်ထားပါသည်။ ထိခိုက်စေသော လုပ်ဆောင်မှုများသည် ဒေါသ၊ အကြောက်တရား၊ လောဘနှင့် သည်းမခံမှု၊ တစ်ပြန်တစ်လှည့်အားဖြင့် ဒွန်တွဲမှုနှင့် ခွဲခြားဆက်ဆံသောသဘောထားတို့မှ ပေါ်ပေါက်လာကြောင်းကို တွေ့မြင်ခြင်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်တွင်နှင့် ဤကမ္ဘာလောကတွင် အကြမ်းဖက်မှု၊ တယူသန်မှုနှင့် တရားသေဝါဒစွဲတို့အား ပြောင်းလဲရန် အမြင်များကို ပွင့်လင်းမှု၊ မခွဲမခြားဆက်ဆံမှုနှင့် မကပ်ငြိမှုတို့ကို ကျွန်ုပ် ပြုစုပျိုးထောင်ပါမည်။ (ပလမ်ကျေးရွာဘုန်းကြီးကျောင်း - Plum Village Monastery n.d.b)

ဗုဒ္ဓဘာသာဝင်အများစုသည် သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်းဖြစ်သော ပထမဆုံးသီလအား အာရုံစိုက်မှုကို နားလည်သဘောပေါက်မည်ဖြစ်သော်လည်း လူသားချင်းစာနာမှုအခြေခံမှုတွင် ဖော်ပြထားသော စေ့ဆော်မှုနှင့် တူညီသော အတွေးအခေါ်တစ်ခု ဖြစ်သည့် SEB တွင် "အသက်ကိုတန်ဖိုးထားခြင်း" အယူအဆက ကရုဏာကို ပြုစုပျိုးထောင်ရန်နှင့် အခြားသူများ၏အသက်များကို အကာအကွယ်ပေးရန် အပြုသဘောဆောင်သော တာဝန်တစ်ခုကို သတ်မှတ်ထားပါသည်။ ထိုနှစ်ခုအကြား အဓိကခြားနားချက်သည် ဗုဒ္ဓဘာသာအဆုံးအမများတွင် တိရစ္ဆာန်များကဲ့သို့သော လူသားမဟုတ်သောဘဝပုံစံများပါဝင်မည့် "အားလုံးသောသက်ရှိသတ္တဝါများ" ကို အကာအကွယ်ပေးရန် ဟောကြားပြောဆိုနေစဉ်အတွင်း လူသားမျိုးနွယ်အား တမူထူးခြားသောမျိုးစိတ်အဖြစ် အလေးထားသည့် လူသားချင်းစာနာမှုအခြေခံမှုကို မြင့်တက်စေခဲ့သည့် အနောက်တိုင်းယဉ်ကျေးမှုနောက်ခံ ဖြစ်ပါသည်။ ဤအခြေခံမှုအား အစဉ်အလာဖော်ထုတ်မှုကို မေတ္တသုတ်တွင် ဤသို့ ဖော်ပြထားပါသည် -

> သတ္တဝါတိုင်းပုဂ္ဂိုလ်တိုင်း ပျော်ရွှင်လုံခြုံ ဘေးကင်းပါစေ၊ နှလုံးသားမှာ ပျော်ရွှင်မှုတွေနှင့် ပြည့်နေပါစေ၊ သတ္တဝါအားလုံး လုံခြုံ ငြိမ်းချမ်းပါစေ၊ နုနယ်သော၊ သန်မာသော၊ ရှည်သော၊ တိုသော၊ ကြီးသော၊ ငယ်သော၊ မမြင်နိုင်သော၊ မြင်နိုင်သော၊ နီးသော၊ ဝေးသော၊ မွေးဖွားပြီးသော၊ မမွေးဖွားရသေးသော ပုဂ္ဂိုလ်အားလုံး ငြိမ်သက်ခြင်းနှင့် ပြည့်စုံစွာ နေထိုင်နိုင်ကြပါစေ။ (နှက်ဟန်း ၂၀၁၇ - Nhat Hanh 2017)

### *ခွဲခြားမှုမရှိခြင်းအခြေခံမှုနှင့် အသောကေ၏အမိန့်ပြန်တမ်းနှင့်စိတ်တည်ငြိမ်မှု(ဥပေက္ခာ)တို့နှင့် ကိုက်ညီခြင်း*

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှု နောက်ကွယ်ရှိ စေ့ဆော်မှုကို လူသားချင်းစာနာမှု အခြေခံမှုက မြဲမြံစေသည်နှင့်တပြိုင်တည်းတွင် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများက

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုအား မည်သို့မည်ပုံ လုပ်ဆောင်ရမည်ကို စီစဉ်ပေးထားပါသည်။ ထို့ကြောင့် ခွဲခြားမှုမရှိခြင်း အခြေခံမူသည် အခြားသူများကို အကူအညီပေးရမည့် နည်းလမ်းကို ဖော်ပြထားပါသည်။ ဤမူသည် "လိင်၊ လူမျိုး၊ နိုင်ငံသား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေးအမြင်များ သို့မဟုတ် အခြား အလားတူ သတ်မှတ်ချက်များပေါ် အခြေခံသည့် ဆိုးကျိုးဖြစ်စေသော မည်သည့်ခွဲခြားမှုမဆို မပါရှိဘဲ" နှစ်ဘက်လုံး၏ ဒဏ်ရာရသူများကို ကုသပေးရန် နိုင်ငံများအတွက် IHL အရ ပြဋ္ဌာန်းချက်တွင် အရင်းခံပါသည်။[16] အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပိုင်းခြားစိတ်ဖြာလေ့လာမှုကို ဤအခြေခံမူ၏ OCHA စကားရပ်ဖြစ်သည့် - "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုကို နိုင်ငံသား၊ လူမျိုး၊ ကျား/မ၊ ဘာသာရေးယုံကြည်မှု၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးအမြင်များပေါ်အခြေခံသည့် ခွဲခြားမှုများ မပြုလုပ်ဘဲ အရေးတကြီးအဖြစ်ဆုံး ဒုက္ခရောက်မှုကိစ္စရပ်များကို ဦးစားပေးခြင်းဖြင့် လိုအပ်ချက်တစ်ခုတည်းပေါ် အခြေခံ၍ ဆောင်ရွက်ရပါမည်" နှင့် အတူ စတင်ရပါမည်။ (United Nations 2012)

လူသားချင်းစာနာထောက်ထားသူများက မည်သူ့ကိုကူညီရန်နှင့် ထိုကူညီရမည့်သူများအား ကြည့်ရှုမည့် အစီအစဉ်ကို ဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်သည့် တစ်ခုတည်းသော အခြေခံများမှာ ဘေးအန္တရာယ်ကျရောက်မှု၏ လိုအပ်ချက်နှင့် အဆောတလျင်အရေးတကြီးဖြစ်မှုတို့ ဖြစ်ပါသည်။ ကြက်ခြေနီ/လခြမ်းနီနှင့် အင်န်ဂျီအို ကျင့်ဝတ်စည်းကမ်းသည် ဤအခြေခံမူကို ချဲ့ထားခြင်း ဖြစ်ပါသည် -

> လက်ခံရရှိသူ၏ လူမျိုး၊ ဘာသာအယူဝါဒယုံကြည်မှု သို့မဟုတ် နိုင်ငံသား တို့ကို ထည့်သွင်းမစဉ်းစားသည့်အပြင် မည်သည့် ဆိုးကျိုးဖြစ်စေသော ခွဲခြားမှုမျိုးမဆို မပါရှိဘဲ အကူအညီကို ပေးပါသည်။ အကူအညီအထောက်အပံ့ ဦးစားပေးမှုများကို လိုအပ်ချက်တစ်ခုတည်းပေါ် အခြေခံတွက်ချက်ထားပါသည်။ .... လူသားများ၏ ဆင်းရဲဒုက္ခခံစားရမှုကို တွေ့ရှိသည့်နေရာတိုင်းတွင် လျှော့ပါးသက်သာစေရပါမည်။ အသက်(ဘဝ)သည် တိုင်းပြည်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအလား တန်ဖိုးကြီးမားလှသည့် အခြားတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အကူအညီအထောက်အပံ့ပေးမှုသည် ၎င်းက လျှော့ပါးစေရန် ကြိုးပမ်းသည့် ဆင်းရဲဒုက္ခ၏အတိုင်းအတာကို ထင်ဟပ်ပါလိမ့်မည်။ . . .. (International Federation of Red Cross and Red Crescent Societies and the ICRC 1994)

ခွဲခြားမှုမရှိခြင်းအခြေခံမူ၏ ဤမူကွဲသည် လူသား၏ဆင်းရဲဒုက္ခခံစားရမှုကို တုံ့ပြန်မှုတစ်ခုနှင့်အတူ ဖြည့်ဆည်းပေးရန် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အလွန်အရေးပါသောအရာကို ထပ်မံဖော်ပြပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ "အသက်(ဘဝ)သည် တိုင်းပြည်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအလား တန်ဖိုးကြီးသော အခြားတစ်ခုဖြစ်ကြောင်း" ၎င်းက အခိုင်အမာဆိုပါသည်။ ဤတန်ဖိုးရှိသော အယူအဆသဘောထားသည် နိုင်ငံသား၊ လူမျိုး၊ ကျား/မ၊ ဘာသာရေးယုံကြည်ချက်၊ အဆင့်အတန်း၊ နိုင်ငံရေးအမြင်များ သို့မဟုတ် ငါ့မိတ်ဆွေ/ငါ့ရန်သူ ကဲ့သို့သော တိုက်ရိုက်မသက်ဆိုင်သည့် အပယ်ိကကိစ္စများအပေါ် အခြေမခံဘဲ လိုအပ်ချက်တစ်ခုတည်းနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးခြင်းအတွက် ၎င်းသည် အဘယ့်ကြောင့် အလွန်အရေးကြီးရသည့်အကြောင်းကို ရှင်းပြရန် အထောက်အကူပြုပါသည်။

ဘီစီအီး၂၆၈မှ ၂၃၂အထိ အိန္ဒိယတိုက်ငယ်၏အများစုကို အုပ်စိုးခဲ့သော မောရိယမင်းဆက်၏ ဧကရာဇ် အသောကသည် အုပ်ချုပ်ရေးနှင့် ဥပဒေနယ်ပယ်တွင် ကျင့်သုံးခဲ့သည့် ဗုဒ္ဓဘာသာ ကိုယ်ကျင့်သီလများနှင့် တန်ဖိုးများ၏ ပထမဆုံးနှင့် အထင်ကြီးစရာအကောင်းဆုံး သာဓကကို ကိုယ်စားပြုပါသည်။ (Rattini 2019) အရပ်သားအများအပြား အပါအဝင် လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ပြီး လူပေါင်းတစ်သိန်းခွဲကျော် နိုင်ငံမှနှင်ထုတ်ခံရသည့် အကျိုးဆက်ရှိခဲ့သည်ဆိုသော ကလိင်္ဂတိုင်းနှင့်စစ်ပွဲအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၏ နောက်ပိုင်းတွင် ဗုဒ္ဓဘာသာသို့ ၎င်း၏ အပြည့်အဝပြောင်းလဲခြင်း ဖြစ်လာခဲ့ကြောင်း ၎င်းက ဆိုပါသည်။ "စစ်ရှုံးသော တိုင်းပြည်တစ်ခုကို အနိုင်ရသည့်အခါ သတ်ဖြတ်ခြင်း၊ သေအံ့ဆဲဆဲဖြစ်ခြင်းနှင့် တိုင်းပြည်မှနှင်ထုတ်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်း

က ၎င်းကို နက်နက်ရှိုင်းရှိုင်း နာကျင်ခံစားစေခဲ့သည်” ဟု အသောကမင်းက ရေးသားခဲ့ပါသည်။ (ရတ်တီနီ ၂၀၁၉ တွင် ကိုးကားခဲ့ပါသည် - quoted in Rattini 2019).

၎င်း၏ဗုဒ္ဓဘာသာသို့ကူးပြောင်းပြီးနောက် အသောကမင်းသည် ၎င်း၏ကျော်ကြားသော အသောက အမိန့်ပြန်တမ်းတွင် ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော ကိုယ်ကျင့်သီလနှင့်သက်ဆိုင်သော အခြေခံမူများအား စုစည်းမှုတစ်ခုကို တရားဝင်ဖြစ်စေခဲ့ပါသည်။ (Rattini 2019) ဤအမိန့်ပြန်တမ်းများသည် ဗုဒ္ဓ-ဓမ္မနှင့်အညီ နိုင်ငံနှင့်အစိုးရကို စည်းရုံးစုစည်းရန် လှုံ့ဆော်နိုင်သော ကြိုးပမ်းမှုတစ်ခုကို ကိုယ်စားပြုပါသည်။ ဤသည်မှာ အစိုးရ အုပ်ချုပ်ရေးမှူး များထံ လိပ်မူထားသော ကလိင်္ဂကျောက်စာမှ ကောက်နုတ်ချက်အတိုတစ်ခု ဖြစ်ပါသည် -

> လူတိုင်းဟာ ငါ့ရဲ့သားသမီးတွေပဲ၊ ငါ့ရဲ့သားသမီးတွေအတွက် ငါ့ရဲ့လိုအင်ဆန္ဒက ဒီဘဝမှာရော နောက်ဘဝမှာပါ သူတို့ရဲ့ ချမ်းသာသုခနဲ့ ပျော်ရွှင်မှုကို ငါ အလိုရှိတယ်။ အဲဒါဟာ လူခပ်သိမ်းတို့အတွက် ငါဖြစ်စေချင်တဲ့ဆန္ဒပဲ .... တရားဥပဒေကို ပြည့်ပြည့်ဝဝလိုက်နာနေဆဲမှာပဲ လူတစ်ချို့ဟာ ထောင်သွင်းအကျဉ်းချခံနေရတယ်၊ ကြမ်းတမ်းရက်စက်စွာ ပြုမူဆက်ဆံခံရတဲ့အပြင် အကြောင်းမဲ့ အသတ်တောင်ခံနေကြရတယ်၊ လူမြောက်များစွာ ဆင်းရဲဒုက္ခခံစားနေကြရတယ်။ ဒါ့ကြောင့် သင့်ရည်ရွယ်ချက်ဟာ ခွဲခြားမှုမရှိဘဲ လုပ်ဆောင်ဖို့ ဖြစ်သင့်တယ်။ အဲဒီအရာ (မခွဲခြားဘဲလုပ်ဆောင်ခြင်း) မဖြစ်ပေါ်တာဟာ ဣဿာမစ္ဆရိယ၊ ဒေါသ၊ ရက်စက်ကြမ်းကြုတ်မှု၊ မုန်းတီးမှု၊ လျစ်လျူရှုမှု၊ ပျင်းရိမှု ဒါမှမဟုတ် ပင်ပန်းနွမ်းနယ်မှု စတဲ့ ဒီလိုအရာတွေကြောင့် ဖြစ်တယ်။ (Rattini 2019)

အသောက၏ အမိန့်ပြန်တမ်း(၁၄)ချက်ကို ဗုဒ္ဓဘာသာလောကအတွင်း ရေရှည်အခိုင်အမာ လွှမ်းမိုးမှုရှိခဲ့သည့် ဓလေ့ထုံးတမ်းစည်းမျဉ်းများအဖြစ် နားလည်သဘောပေါက်နိုင်ပါသည်။ ယင်းသို့ဖြင့် အသောက၏ ထိန်းနန်းစိုးစံမှုသည် နောက်ပိုင်းတွင် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် တရားမျှတမှု၏ ဗုဒ္ဓဘာသာအတွေးအမြင်များအပေါ် အလွန်လေးနက်သော အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ ဗုဒ္ဓဘာသာသမိုင်း၏ ဤအစောပိုင်းအဆင့်မှာပင် အခြားသူများအား မခွဲမခြားတပြေးညီ ပြုမူဆက်ဆံခြင်း၏ အရေးပါမှုကို အသိအမှတ်ပြုသည့် ခေါင်းဆောင်တစ်ဦး၏ စံနမူနာကို ခွဲခြားမှုဖြစ်စေနိုင်သော စရိုက်လက္ခဏာများကိုရှေးရှုသည့် အကြောက်တရား သို့မဟုတ် မျက်နှာသာပေးခြင်းတို့ မရှိဘဲ တွေ့ရှိနိုင်ပါသည်။ ဤသို့အောင်မြင်နိုင်ရန် ဗုဒ္ဓဘာသာစာပေတွင် စိတ်၏အဆိပ်အတောက်အဖြစ် သိရှိထားသော မောဟ၊ လောဘနှင့် ဒေါသတို့ကို မိမိသည် ကျော်လွှားလွန်မြောက်ရန်နှင့် ပြောင်းလဲရန် လိုအပ်ပါသည်။ ထို့အတူ “မတုန်မလှုပ်စိတ်တည်ငြိမ်ခြင်း” သာမက “ပါဝင်ခြင်း” သို့မဟုတ် “ခွဲခြားဆက်ဆံမှုမရှိခြင်း” ဟုလည်း အဓိပ္ပာယ်ရသည့် ဥပေက္ခာဟူသော ဗုဒ္ဓဘာသာအခြေခံမူသည် အားလုံးသောလူခပ်သိမ်းကို တန်းတူတပြေးညီ ပြုမူဆက်ဆံရန် လက်တွေ့ကျင့်သုံးသူများကို ဖိတ်ခေါ်နေပါသည်။ အသင်္ဂ(Asanga)[17] ၏အလိုအရ အားလုံးသော သတ္တဝါခပ်သိမ်းကို အတိတ်ဘဝအချို့တွင် ကျွန်ုပ်တို့၏မိခင်ဖြစ်ခဲ့ဖူးသည်ဟု ကျွန်ုပ်တို့ဆင်ခြင်သင့်သည်ဖြစ်ရာ ထိုအကြောင်းကြောင့် သတ္တဝါခမ်းသိမ်းတို့အား ကျွန်ုပ်တို့၏မိခင်ရင်းကို ပြုမူဆက်ဆံသည့်နည်းလမ်းအတိုင်း ပြုမူဆက်ဆံသင့်ပါသည်။ (Wangyal 2002) ဤအချက်သည် မိတ်ဆွေများနှင့် ရန်သူများကို တန်းတူရည်တူ သဘောထားသည့် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းမှုအတွက် အခြေခံအဖြစ် အသုံးဝင်ပါသည်။ တစ်ခ်နှက်ဟန်းသည် ဗီယက်နမ်-အမေရိကန် စစ်ပွဲ၏ အမေရိကန်စစ်မှုထမ်းဟောင်းများနှင့်အတူ လုပ်ကိုင်ခြင်းဖြင့် ဤနားလည်သဘောပေါက်မှုကို လက်တွေ့ကျင့်သုံးခဲ့ပါသည်။ ကင်း (King) က ဤကဲ့သို့ ပြန်ပြောင်းပြောပြပါသည် -

> ဗီယက်နမ်လူမျိုးတစ်ဦးက အမေရိကန်စစ်မှုထမ်းဟောင်းများအတွက် ဒဏ်ရာဒဏ်ချက်ကုစားမှု ဆိတ်ငြိမ်ရိပ်သာများ ကမ်းလှမ်းပေးသင့်သည်ဆိုခြင်းမှာ ထူးဆန်းပုံရနိုင်သော်လည်း ယင်းသည် ဆင်းရဲဒုက္ခကို ကိုင်တွယ်ဖြေရှင်းပုံနည်းလမ်းနှင့်ပတ်သက်သည့် နှက်ဟန်း၏ သွန်သင်ဆုံးမမှုနှင့် ကိုက်ညီပါသည်။ .... စစ်ပွဲမှ အကြီးအကျယ် စိတ်ဒဏ်ရာရရှိခဲ့သော စစ်ပြန် ဗွီကလောက်ဒ်သောမတ်စ် (VClaud Thomas) က ဆိတ်ငြိမ်ရိပ်သာတစ်ခုတွင် နှက်ဟန်းကို ၎င်း ပထမဆုံး မမျှော်လင့်ဘဲဆုံတွေ့ခဲ့ချိန်က ၎င်း၏ ထိတ်လန့်မှုကို ပြောပြပါသည်။ ၎င်းက ဗီယက်နမ်လူမျိုးများ

ကို ရန်သူအဖြစ်မှလွဲ၍ အခြား မည်သည့်နည်းနှင့်မျှ ၎င်း လုံးဝမသိခဲ့ကြောင်း ပြောပြပါသည်။ နက်ဟန်းကိုမြင်ပြီးနောက် နက်ဟန်းသည် ၎င်း၏ရန်သူ မဟုတ်ကြောင်းကို ၎င်း ရုတ်ခြည်း နားလည်သဘောပေါက်ခဲ့ပါသည်။ ထို့နောက် ၎င်းသည် စတင် ငိုကြွေးပါတော့သည်။ (King 2009, 82)

ဥပေက္ခာသည် အခြေအနေတိုင်းတွင် မတုန်လှုပ်ခြင်းကိုပြုစုပျိုးထောင်ခြင်းဟု ဆိုလိုသော်လည်း ၎င်းသည် လူတိုင်း အပေါ် တူညီသောသဘောထားတစ်ခုကို ထိန်းသိမ်းထားခြင်းဟုလည်း ဆိုလိုပါသည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမအရ မည်သည့်လူသားများမဆိုအကြား၌ အခြေခံကျသော ကွဲပြားခြားနားမှု မရှိချေ။ လူတစ်ဦးချင်းစီတိုင်းကို တန်ဖိုး ထားသည်ဖြစ်သောကြောင့် တရားမျှတမှုနှင့်အတူ ၎င်းတို့ကို မျှတစွာ ဆက်ဆံသင့်ပါသည်။ ထို့အပြင် မဟာယာန ဗုဒ္ဓဘာသာအလိုအရ လူတိုင်းကို တန်းတူညီမျှ ဆက်ဆံသင့်ပါသည်။ အကြောင်းမှာ လူအားလုံးတွင် "မြတ်ဗုဒ္ဓ၏ သဘာဝ"၊ ဆိုလိုသည်မှာ တရားထူးတရားမြတ်ဉာဏ်အလင်းရသူဖြစ်လာရန် စွမ်းရည်ရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသား၊ လူမျိုး၊ ကျား/မ၊ ဘာသာရေးယုံကြည်မှု၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးအမြင်များ ကဲ့သို့သော စံသတ်မှတ်ချက်များသည် သက်ဆိုင်မှုမရှိပါ။

## *ကြားနေခြင်းအခြေခံမှုနှင့် လူမှုရေးပါဝင်ပတ်သက်သည့်ဗုဒ္ဓဘာသာ SEB မှ ထင်ဟပ်မှုပုံရိပ်များ*

ခွဲခြားမှုမရှိခြင်း၏ ကြောင်းကျိုးဆက်စပ်ဆင်ခြင်၍ရသောအချက်သည် ကြားနေခြင်းအခြေခံမှု ဖြစ်ပါသည်။

အခြေခံမှုနှစ်ခုစလုံးသည် သီးခြားအရည်အချင်းများကို တပ်မက်ငြိတွယ်မှုမရှိသည့် အဆင့်တစ်ခုကို ရည်ညွှန်း သော်လည်း ကြားနေခြင်းအခြေခံမှုက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့များ သည် (၁) စစ်မက်တိုက်ခိုက်မှုများ/ပဋိပက္ခ (ဆိုလိုသည်မှာ စစ်ရေးဆိုင်ရာကြားနေမှု)နှင့် (၂) လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဝင်ရောက်ခွင့်ကို ကန့်သတ်နိုင်သည့် အငြင်းပွားဖွယ်ရာများ (ဆိုလိုသည်မှာ နိုင်ငံရေး၊ လူမျိုး ရေး၊ ဘာသာရေး၊ အတွေးအခေါ်ဆိုင်ရာကြားနေမှု)ကို ရင်ဆိုင်ရာတွင် ၎င်းတို့ကိုယ်တိုင် မည်သို့ လုပ်ဆောင်သင့် သည်ကို အထူးသဖြင့် ဖော်ပြပါသည်။ ဤအခြေခံမှု၏ OCHA ဖော်ထုတ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

> လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များသည် စစ်မက်တိုက် ခိုက်မှုများတွင် ဘက်လိုက်ခြင်းမပြုရပါ သို့မဟုတ် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အတွေးအခေါ်ဆိုင်ရာသဘောသဘာဝ၏ အငြင်းပွားမှုများတွင် ပါဝင်ခြင်း မပြုရပါ။ (United Nations 2012)

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့်အဖွဲ့များအတွက် ပေးဆပ်ရခြင်းကို ဆက်လက်ခွင့်ပြုရန်၊ လက်နက်ကိုင်ပဋိပက္ခကာလများအတွင်း ၎င်းတို့၏ ရည်ရွယ်ချက်များကို ဆက်လက်လုပ်ဆောင်ရန်သည် တိုက်ပွဲ၏ပြင်ပတွင် ၎င်းတို့ လုံးလုံးလျားလျား ဆက်လက်ကျန်ရှိနေစေရန် ဖြစ်ပါ သည်။ ယင်းနှင့်စပ်လျဉ်း၍ ကြားနေခြင်းအခြေခံမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့် အဖွဲ့များအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ၎င်းတို့အား အကာအကွယ်ပေးမှု သို့မဟုတ် ဝင်ရောက်ခွင့်ကို ထိခိုက်စေနိုင်သည့် မည်သို့သော ရန်လိုသည့်အပြုအမူတွင်မဆို ပါဝင်ပတ်သက်လိမ့်မည် မဟုတ်ကြောင်း အတည် ပြုချက်ကို ကိုယ်စားပြုပါသည်။ ဗီယက်နမ်-အမေရိကန်စစ်ပွဲအတွင်း SEB လှုပ်ရှားမှုနှင့် ဆက်နွှယ်နေသူ များသည် ကြားနေခြင်းကို မည်ကဲ့သို့ အသုံးပြုခဲ့သည့် ခိုင်မာသော သာဓကတစ်ခုအဖြစ် ကင်း(King) က အခိုင်အမာ ဆိုထား ပါသည် -

> ၎င်းတို့၏ တောက်ပသောရွှေဝါရောင်သင်္ကန်းများကို ဆင်မြန်းထားပြီး မြင်သာထင်သာရှိစေရန် အတွက် ဗုဒ္ဓဘာသာအလံများကိုကိုင်ဆောင်ထားသော ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် သီလရှင်များ သည် စစ်ပွဲပါဝင်တိုက်ခိုက်ရန် နှစ်ဖက်စစ်တပ်များ စောင့်ဆိုင်းနေစဉ် ကျေးရွာများအတွင်းသို့ ဝင်ရောက်ပြီး ရွာသားများကို စစ်ပွဲပြင်ပသို့ ထွက်ခွာသွားခဲ့ကြပါသည်။ အခြားအချိန်များတွင်

သာသနာ့ဘောင်မှရဟန်းသံဃာများသည် များပြားလှသော တစ်ဦးချင်းအန္တရာယ်ဖြစ်နိုင်ခြေ၌ နှစ်ဘက်လုံးထံချဉ်းကပ်ခြင်းနှင့် ကျေးရွာမှအလှမ်းဝေးရာတွင် နယ်နိမိတ်များအား နောက်ပြန်ဆုတ်စေရန် ၎င်းတို့ကို စည်းရုံးသိမ်းသွင်းခြင်းဖြင့် ကျေးရွာများ၏အပြင်ဘက်တွင် အပစ်အခတ်ရပ်စဲရေး နယ်နိမိတ်များ သတ်မှတ်ခြင်းကို ကူညီပေးခဲ့ကြပါသည်။ (King 2009, 80)

ဤဖော်ပြချက်သည် လက်နက်ကိုင်ပဋိပက္ခအတွင်း အန္တရာယ်ရှိရာအရပ်ကိုစွန့်ခွာထွက်ပြေးလာသူ အရပ်သားများကို အကာအကွယ်ပေးရာတွင် ၎င်းတို့၏တည်ရှိမှုနှင့် ရည်ရွယ်ချက်များကို တိုက်ပွဲဝင်စစ်သည်များအား သတိပြုမိစေရန် သိသာထင်ရှားသောအမှတ်လက္ခဏာတစ်ခုကို အသုံးပြုခြင်းနည်းလမ်း အပါအဝင် ICRC ၏ အခန်းကဏ္ဍကို ထင်ရှားပေါ်လွင်စေပါသည်။ IHL စာချုပ်များအရ ကြက်ခြေနီအမှတ်အသားနှင့်မတူသည့် ဗုဒ္ဓဘာသာအလံများကို အသိအမှတ်မပြုပါ။ သို့သော်လည်း ဗုဒ္ဓဘာသာအလံများအား အသုံးပြုခြင်းသည် ဤထူးခြားသောအခြေအနေတွင် သီလရှင်များနှင့် ဘုန်းကြီးများသည် တိုက်ခိုက်မှုအတွင်း၌ ပါဝင်ခြင်းမရှိခဲ့ကြောင်းကို တိုက်ပွဲဝင်စစ်သည်များထံ အလွတ်သဘော အချက်ပြခြင်း ဖြစ်ပါလိမ့်မည်။ စစ်မြေပြင်တစ်ဝိုက် အတားအဆီးနည်းနိုင်သမျှနည်းနည်းနှင့် လှုပ်ရှားသွားလာနိုင်ရန်နှင့် ထိခိုက်ခံစားရသောလူထုများထံသို့ သွားရောက်နိုင်ရန် နှစ်ဘက်လုံးမှအဖွဲ့များ၏ စွမ်းရည်ကို ကျောထောက်နောက်ခံပြုထားခြင်းသည် စစ်ရေးစစ်ရာများတွင် အစစ်အမှန်နှင့် သိမြင်မှု နှစ်ခုလုံးဖြစ်သည့် ၎င်းတို့၏ ကြားနေမှု ဖြစ်ပါသည်။

မဟာယာနအစဉ်အလာမှလာသော SEB အဖွဲ့များအတွက် အရေးကြီးသော ကျမ်းဂန်ဆိုင်ရာ မှတ်ကျောက်တစ်ခုမှာ ဝိမလကိတ္တိ(ဝိမလကရတိ) နိဒေသ သုတ္တန် (Vimalakirti Nirdesa Sutra) ဖြစ်ပါသည်။ ဤသုတ်သည် ခရစ်သက္ကရာဇ် စီအီး ပထမရာစုခေတ်က ဖြစ်ပုံရပြီး မြတ်ဗုဒ္ဓကိုယ်တိုင်ပြီးလျှင် ဒုတိယဟုပင် ဆိုလောက်သည့် ဘုရားလောင်းများစွာကိုကျော်လွန်သည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအဆင့်တစ်ခုကိုရရှိထားခဲ့ပြီးဖြစ်သကဲ့သို့ ကျမ်းဂန်တွင် ဖော်ပြထားသော ဝိမလကိတ္တိ(ဝိမလကရတိ)၏ ဇာတ်လမ်းကို ပြန်ပြောင်းဟောကြားထားခြင်း ဖြစ်ပါသည်။

သို့ရာတွင် ဝိမလကိတ္တိအား ပိုမိုမှတ်သားဖွယ်ဖြစ်စေသည်မှာ ၎င်းသည် ရဟန်းတစ်ပါးအဖြစ်ထက် ချမ်းသာကြွယ်ဝသော အိမ်ထောင်သည်တစ်ဦးဖြစ်သည့် လူဝတ်ကြောင်တစ်ဦးအဖြစ် တရားဓမ္မတွင် ပြီးပြည့်စုံခြင်း ဖြစ်ပါသည်။ (Watson 1997)

ဤကျမ်းစာသည် တိုင်းဇူ(Taixu) (Goodell 2008, 105–106) မှ ဆင်ယန်း(Hsing Yan)နှင့် ရှဲန်ယန်း (Sheng Yen)အထိ ရဲန်ကျန်း ဖိုကျောင်း(Renjian Fojiao) (လူသားဝါဒဗုဒ္ဓဘာသာ)အား တရုတ်ဗုဒ္ဓဘာသာ မြှင့်တင်သူများအတွက် အရေးပါသော အကိုးအကားတစ်ခုဖြစ်ပြီး စင်စစ်အားဖြင့် အရှေ့အာရှရှိ လူသားဝါဒ ဗုဒ္ဓဘာသာနှင့် အရှေ့တောင်အာရှနှင့် အနောက်တိုင်းရှိ လူမှုရေးတွင်ပါဝင်သောဗုဒ္ဓဘာသာ SEB အကြား ဘုံတူညီသော မှတ်ကျောက်တစ်ခု ဖြစ်ပါသည်။

"ပညာမဲ့ခြင်းကြောင့် ဆင်းရဲဒုက္ခ ဖြစ်စေသည်" ဟူသော ၎င်း၏ကိုယ်ပိုင်ရေးသားမှုတွင် တစ်ခ်နှက်ဟန်းက ဗုဒ္ဓလမ်းစဉ်နှင့်ပတ်သက်သည့် ဝိမလကိတ္တိသုတ္တန်မှ ဂါထာတစ်ချို့ကို ကိုးကားဖော်ပြထားပါသည်။ ဤဂါထာများသည် လူမှုရေးတွင်ပါဝင်သည့်ဗုဒ္ဓဘာသာ SEB အဖွဲ့များအနေဖြင့် စစ်ရေးဆိုင်ရာကြားနေမှုကို မည်သို့ ချဉ်းကပ်နိုင်ပုံနှင့်ပတ်သက်၍ ဆက်စပ်မှုတစ်ချို့ ရှိနိုင်ပါသည် -

စစ်ပွဲကာလ၌

သင်ကိုယ်တိုင်တွင် ကရုဏာပြည့်ဝသော စိတ်နှလုံးကို မွေးမြူပါ။

သက်ရှိသတ္တဝါများကို ကူညီပါ။

ဒေါသအမျက်ချောင်းချောင်းထွက်သော စစ်ပွဲရှိသည့်နေရာတိုင်းတွင် တိုက်ခိုက်ချင်စိတ်ကို စွန့်လွှတ်ပါ။

သင်၏အစွမ်းရှိသမျှအားလုံးကို သုံးပါ။

နှစ်ဖက်စလုံး၏ အင်အားကိုတန်းတူထားရန်

ပဋိပက္ခအတွင်းသို့ စေ့စပ်ညှိနှိုင်းရန် ဝင်ရောက်ဆောင်ရွက်ပါ။ (Nhat Hanh 1987, 95)[18]

ထို့အပြင် အကြမ်းဖက်မှုသည် အဆိုးအကောင်းဆန့်ကျင်ဘက်တို့ခွန်တွဲသည့်သဘောတရား (ဒွတ္တဝါဒ) ဆိုလိုသည်မှာ "ကျွန်ုပ်တို့ကတစ်ဘက် နှင့် ၎င်းတို့ကတစ်ဘက်" တွေးခေါ်စဉ်းစားခြင်းနည်းလမ်းများမှ ထွက်ပေါ်လာမှုတစ်ခုဖြစ်သောကြောင့် အကြမ်းမဖက်ခြင်းသည် ဗုဒ္ဓဘာသာ၏ သဘောသဘာဝနှင့် လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သင့်ပါသည်။ သို့သော် ကျွန်ုပ်တို့ အမှန်တကယ် သတိရှိနေသောအခါ ဖြစ်စဉ်အားလုံးသည် အပြန်အလှန်မှီခိုခြင်းနှင့် အဆုံးမရှိယှက်နွယ်နေကြောင်းကို ကျွန်ုပ်တို့သိမြင်နားလည်သဘောပေါက်ပါသည်။ ဗုဒ္ဓဘာသာ၌ အထူးသဖြင့် လူမှုရေးတွင်ပါဝင်သောဗုဒ္ဓဘာသာ SEB ကို ဖြစ်ပေါ်စေခဲ့သော ထိုအစဉ်အလာများတွင် သီးခြားတစ်ခုအဖြစ် ယင်းသို့သောအရာ မရှိပါ။ ဤကမ္ဘာလောက၏ မည်သည့်အစိတ်အပိုင်းမျှ အခြားအရာအားလုံးနှင့်ကင်း၍ သီးခြားမတည်ရှိနိုင်သောကြောင့် သီးခြား ရည်မှန်းချက်၊ ဖြစ်ရပ် သို့မဟုတ် အတွေ့အကြုံအဖြစ် ယင်းသို့သောအရာ မရှိပါ။ ယင်းအစား သီးခြားရပ်တည်မှုနှင့်တူသော အရာတိုင်းသည် အခြားအရာအားလုံးအပေါ် မှီခိုနေပြီး အခြားအရာများအားလုံးနှင့် ယှက်နွယ်နေပါသည်။

ထို့ကြောင့် ဤရှုထောင့်မှကြည့်လျှင် မည်သည့်ပဋိပက္ခမျိုးတွင်မဆို ဘက်လိုက်ခြင်းသည် အမြဲတစေအခြေခံအားဖြင့် အပြန်အလှန် မှီခိုနေကြသော အမှန်တရားလက်တွေ့ဘဝရှုထောင့်များအကြား ခွဲခြားဆက်ဆံသည့် အသိပညာကင်းမဲ့သောစိတ်အခြေအနေ၏ အကျိုးဆက် ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် လူအချင်းချင်းယှက်နွယ်မှုဂိုဏ်း(Order of Interbeing) နှင့် အခြား ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာအဖွဲ့များသည် အကြမ်းမဖက်ခြင်း၏ ဗုဒ္ဓဘာသာတန်ဖိုးများနှင့် လူ့ဘောင်အဖွဲ့အစည်းအား ပိုမိုတိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုရန် အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကာလများအတွင်း အသုံးချနိုင်သည့် အပြန်အလှန်အမှီသဟဲပြုမှုအား အသိအမှတ်ပြုမှုကို မျက်မှောက်ခေတ် ဥပမာတစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပါသည်။

စစ်မက်တိုက်ခိုက်မှုများတွင်ပါဝင်ခြင်းမှ ရှောင်ကြဉ်ခြင်းအပြင် ကြားနေခြင်းအခြေခံမှုသည် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အတွေးအမြင်သဘောတရားဆိုင်ရာသဘာဝ၏ အငြင်းပွားမှုများတွင်ပါဝင်လာခြင်းမှ ရှောင်ကြဉ်ရန်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့်အဖွဲ့များအား တာဝန်သက်ရောက်စေပါသည်။

ဤမူသည် တိုင်းပြည်တစ်ခု၏ လူထုတစ်ရပ်လုံး၏ ယုံကြည်မှုကိုရရှိရန်နှင့် နယ်မြေတစ်ခု သို့မဟုတ် အခြေအနေတစ်ခု၏ တာဝန်ခံ မည်သူဆိုသည်နှင့်မသက်ဆိုင်ဘဲ ၎င်းတို့၏ လွတ်လပ်စွာဝင်ရောက်ခွင့်ကို ထိန်းသိမ်းထားနိုင်ရန် ၎င်းတို့အား အထောက်အကူပြုပါသည်။ အချို့သော အင်န်ဂျီအိုများ - အထူးသဖြင့် သီးသန့် နိုင်ငံရေး သို့မဟုတ် ဘာသာရေး အကြောင်းတရားများနှင့် နီးနွယ်ဆက်စပ်သည့်အဖွဲ့များ - သည် ဤအခြေခံမူကို ပိုမို လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း ကြက်ခြေနီ/လခြမ်းနီအဖွဲ့အစည်းများသည် ဤတာဝန်ကို တိတိကျကျ စောင့်ရှောက်ရပါသည်။ ချဉ်းကပ်မှုနည်းလမ်း၌ ဤပြောင်းလဲတတ်မှုသည် ကြက်ခြေနီ/လခြမ်းနီနှင့် အင်န်ဂျီအို ကျင့်ဝတ်စည်းကမ်းတွင် ဤအခြေခံမူအား မည်သို့မည်ပုံထုတ်ဖော်ထားသည်ကို ထင်ဟပ်နေပါသည် -

**အကူအညီသည် နောက်ထပ် သီးခြား နိုင်ငံရေး သို့မဟုတ် ဘာသာရေး ရပ်တည်ချက်တစ်ခုကို အသုံးပြုမည် မဟုတ်ပါ။**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကို တစ်ဦးချင်းများ၊ မိသားစုများနှင့် အသိုင်းအဝိုင်းများ၏ လိုအပ်ချက်အရ ပေးအပ်ပါမည်။ သီးခြား နိုင်ငံရေး သို့မဟုတ် ဘာသာရေးအမြင်များကို ထောက်ခံအားပေးရန် အစိုးရမဟုတ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၏ အခွင့်အရေးဖြစ်သော်ငြားလည်း အကူအညီအထောက်အပံ့သည် လက်ခံသူများ၏ ထိုအမြင်များအား လိုက်နာမှုအပေါ်တွင် တည်မှီလိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်တို့ အတည်ပြုပါသည်။ အကူအညီအထောက်အပံ့ပေးခြင်း သို့မဟုတ် ဖြန့်ဝေပေးခြင်း ကတိကို သီးခြား နိုင်ငံရေး

သို့မဟုတ် ဘာသာရေးအယူဝါဒတစ်ခုအား လက်ခံယုံကြည်ခြင်း သို့မဟုတ် လက်ခံခြင်းနှင့် ချည်နှောင်မည် မဟုတ်ပါ။ (United Nations 2012)

ကျင့်ဝတ်စည်းကမ်းသည် လက်နက်ကိုင်ပဋိပက္ခအခြေအနေများ၏အပြင်ဘက်ရှိ ဘေးဒုက္ခကယ်ဆယ်ရေးနှင့် ဆက်စပ်နေသောကြောင့် စစ်ဘက်နယ်ပယ်တွင် ကြားနေမှုကို ဖော်ပြခြင်းမရှိပါ။ အထက်ပါစာပိုဒ်တွင် အသုံးပြုထားသည့် စကားအသုံးအနှုန်းသည် ကြားနေခြင်းနှင့် ခွဲခြားမှုမရှိခြင်းကို အတိုင်းအတာတစ်ခုအထိ တစ်ထပ်တည်းကျအောင်ပေါင်းစပ်ထားပါသည်။ သို့ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့်အဖွဲ့များအား ၎င်းတို့၏လုပ်ဆောင်မှုများသည် သီးခြား နိုင်ငံရေး သို့မဟုတ် ဘာသာရေး အကြောင်းတရားတစ်ခုကို တိုးတက်စေရန် ပုံဖော်ထားသည်ဆိုသော ထင်မြင်ချက်ခံစားမှုပေးခြင်းကို ရှောင်ရှားရန် တိုက်တွန်းနေဆဲ ဖြစ်ပါသည်။ အမှန်စင်စစ် ကာရီတာ့စ်(Caritas) နှင့် အစ္စလာမ်ကယ်ဆယ်ရေး(Islamic Relief) ကဲ့သို့သော ဘာသာရေးယုံကြည်မှုအခြေခံအဖွဲ့အစည်း(FBOs)အများအပြားသည် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သောကြောင့် ဤအခြေခံမှုကို လိုက်နာရန် သဘောတူခဲ့ကြပါသည်။[19] ဤမှုသည် SEB အဖွဲ့များအတွက် ပြဿနာဖြစ်မလာနိုင်ကြောင်းကို အကြောင်းပြရန် ၎င်းက ခိုင်ခိုင်မာမာရပ်တည်နေပါသည်။

စင်စစ်တွင် SEB ၏ ပါဝင်ပတ်သက်မှုအခြေခံအဖြစ် အသုံးချနိုင်သော တစ်ခ်နက်ဟန်း ဖော်ထုတ်ခဲ့သည့် သတိပဋ္ဌာန် လေ့ကျင့်မှု ဆယ့်လေးပါးတို့အကြား လေ့ကျင့်မှုများစွာသည် တယူသန်မဆန်သော လောကအမြင်အား ထိန်းသိမ်းခြင်း၏ အရေးပါမှုကို အလေးပေးပြီး ပဋိပက္ခကာလများတွင် ဘက်လိုက်ခြင်းမပြုရန်လိုအပ်ချက်ကို ရည်ညွှန်းထားပါသည်။ အောက်တွင်ဖော်ပြထားသော ပထမအချက်ကို ကျွန်ုပ်တို့ အလေးထားအာရုံစိုက်ပါသည် -

**ပထမဆုံး သတိပဋ္ဌာန်လေ့ကျင့်မှု - ရိုးသားပွင့်လင်းမှု**

တယူသန်စွဲလန်းမှုနှင့် သည်းမခံနိုင်မှုတို့က ဖန်တီးသော ဆင်းရဲဒုက္ခများကို သိရှိနားလည်ထားသည့် ကျွန်ုပ်တို့သည် မည်သည့် အယူဝါဒ၊ သီအိုရီအယူအဆ သို့မဟုတ် အတွေးအမြင်နှင့် ပတ်သက်၍ဖြစ်စေ သို့မဟုတ် ဝတ္တရားအရဖြစ်စေ ဗုဒ္ဓဘာသာဝင်များပင် ရုပ်တုကိုးကွယ်ခြင်း မပြုရန် ကျွန်ုပ်တို့ ဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်တို့သည် နားလည်သဘောပေါက်မှုနှင့် ကရုဏာတရားတို့ကို နက်ရှိုင်းစွာကြည့်ရှုရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် သင်ယူဆည်းပူးရာ၌ ကျွန်ုပ်တို့အား အထောက်အကူပြုသည့် လမ်းညွှန်ပေးသောနည်းလမ်းအဖြစ် ဗုဒ္ဓဘာသာအဆုံးအမများကို ရှုမြင်ရန် ကတိပြုပါသည်။ ၎င်းတို့သည် တိုက်ခိုက်ရန်၊ သတ်ဖြတ်ရန် သို့မဟုတ် သေဆုံးစေရန် အားပေး သည့် အယူဝါဒများမဟုတ်ပါ။ ပုံစံအမျိုးမျိုးဖြင့်ရှိနေသော တယူသန်ဝါဒသည် ဆန့်ကျင်ဘက်နှစ်ခု ဒွန်တွဲနေသော သို့မဟုတ် ခွဲခြားဆက်ဆံသော ပုံစံဖြင့် သိမြင်လက်ခံသောအရာများကို ဖြစ်စေ ကြောင်း ကျွန်ုပ်တို့ နားလည်ထားပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ဤကမ္ဘာလောကတွင် တယူသန်ဝါဒနှင့် အကြမ်းဖက်မှုတို့ကို ပြောင်းလဲနိုင်ရန်အတွက် အရာရာတိုင်းကို ရိုးသားပွင့်လင်း မှုနှင့် အပြန်အလှန်ယှက်နွယ်မှုအား ထိုးထွင်းသိမြင်မှုတို့ဖြင့် ကြည့်ရှုရန် ကျွန်ုပ်တို့ကိုယ်တိုင် လေ့ကျင့်ယူရပါမည်။ (Nhat Hanh 2012) [ထပ်ဖြည့်ထားသော အလေးထားဖော်ပြမှု - emphasis added]

ကြားနေခြင်းအခြေခံမှုနှင့် ဤသတိပဋ္ဌာန်လေ့ကျင့်မှုများအကြားတွင် သိသာထင်ရှားသောတူညီမှုတစ်ခု ရှိပါသည်။ ဤသတိပဋ္ဌာန်လေ့ကျင့်မှုများသည် ကျွန်ုပ်တို့ခေတ်တွင် အသုံးချသည့်အနေဖြင့် ရှေးဟောင်းတန်ဖိုးများကို အခြေခံအားဖြင့် ဗုဒ္ဓဘာသာ ပြန်လည်ဖော်ထုတ်မှုများ ဖြစ်ပါသည်။ ကိစ္စရပ်နှစ်ခုလုံးတွင် ဆင်းရဲဒုက္ခလျော့ပါးသက်သာစေရန် တာဝန်အဖြစ်ရှုမြင်သည့် ပိုမိုမြင့်မားသောကောင်းကျိုးသည် နိုင်ငံရေး၊ အမျိုးသားရေး၊ လူမျိုးရေး၊ အတွေးအခေါ်နှင့်ဆိုင်သော သို့မဟုတ် ဘာသာရေးဆိုင်ရာနှီးနွယ်မှုကဲ့သို့သော အထူးသဖြင့် ပိုင်ဆိုင်ခြင်းသဘောအား သစ္စာရှိခြင်းကို အစားထိုးပါသည်။

ဆုချီ(Tzu Chi)ဖောင်ဒေးရှင်းသည် နိုင်ငံရေးအရကြားနေမှုကို ထိန်းသိမ်းထားရန် အတိအလင်း အခိုင်အမာ ပြောဆိုထားသော တိုင်းဗူ၏ ရဲန်ကျန်းဖိုကျောင်းကို အခြေခံထားသော ယုံကြည်ကိုးကွယ်မှုအခြေခံအဖွဲ့အစည်း (FBO) ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပမာတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် မြောက်ကိုရီးယား(King 2009, 6)နှင့် မြန်မာနိုင်ငံသို့ စစ်အုပ်ချုပ်ရေးကာလအတွင်း ယင်းကို ဝင်ရောက်ခွင့်ပြုထားပါသည်။ (The Economist 2008) ဆုချီ (Hsing 2017, 188–192) နှင့် အခြား တိုင်ဝမ် လူသားဝါဒ ဗုဒ္ဓဘာသာအဖွဲ့၊ ဖိုဂွမ်ရှန်း - Fo Guang Shan (Johnson 2017) တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နိုင်သော တိုင်ဝမ်အဖွဲ့အစည်း အနည်းငယ်ထဲမှ နှစ်ခု ဖြစ်ပါသည်။ ၎င်းတို့သည် တရုတ်ကွန်မြူနစ်ပါတီကို စိန်ခေါ်မှုပြုနိုင်သည့်နည်းလမ်းဖြင့် နိုင်ငံရေးအရတက်ကြွလှုပ်ရှားခြင်း မရှိသောကြောင့် အာဏာပိုင်များက ၎င်းတို့၏ရှိနေမှုကို သည်းခံနေခြင်း ဖြစ်ပါ သည်။ သို့ရာတွင် ၎င်းတို့၏ ဂုဏ်သတင်းသည် ပြည်ပ၌ ကြားနေခြင်း ဆိုသော်လည်း ဆုချီနှင့် ဖိုဂွမ်ရှန်းသည် တိုင်ဝမ်နိုင်ငံအတွင်းတွင် ပို၍ နိုင်ငံရေးအရ တတ်ကြွပုံပေါ်သည်ကို သတိပြုသင့်ပါသည်။[20]

ပိုမိုခိုင်မာသောလူမှုရေးဆိုင်ရာ သို့မဟုတ် ဂေဟစနစ်ဆိုင်ရာလုပ်ငန်းစဉ်တစ်ခုရှိပြီး ထိုသို့ရှိခြင်းကြောင့် လူမှုရေးဆိုင်ရာ/ဂေဟစနစ်ဆိုင်ရာ တရားမျှတမှုအတွက် ထောက်ခံရန် ကြိုးစားသောအခါ တိတိကျကျကြားနေရန် အခက်အခဲရှိသည်ကို တွေ့မြင်နိုင်ကြောင်း လူမှုရေးတွင်ပါဝင်သည့်ဗုဒ္ဓဘာသာဝင်များ၏ နိုင်ငံတကာကွန်ရက် အဖွဲ့ဝင်အချို့ကဲ့သို့သော လူမှုရေးတွင်ပါဝင်သည့် အခြား ဗုဒ္ဓဘာသာအဖွဲ့အစည်းများ သေချာပေါက် ရှိပါသည်။ ဤအဖွဲ့များသည် ဖိနှိပ်မှုကြောင့် ဒုက္ခရောက်သူများနှင့် ဖယ်ကြဉ်ခံထားရသူများကို ပိုမို ယေဘုယျဆန်စွာ အထောက်အကူပေးနိုင်ရန် လိုအပ်သည့်အတိုင်း နိုင်ငံရေးအရ ဖြစ်နိုင်ခြေရှိသော အငြင်းပွားဖွယ်ရာကိစ္စများတွင် ပါဝင်ပတ်သက်ခြင်းဟု ယူဆနိုင်ပါသည်။

SEB သည် ဘုံတူညီသောအုပ်ချုပ်မှုနှင့်အတူ တရားဝင်နည်းလမ်းတကျ ဖွဲ့စည်းတည်ဆောက်ထားသော လှုပ်ရှားမှုတစ်ခုမဟုတ်သည့်အပြင် ဗုဒ္ဓဘာသာလောကအတွင်းရှိ မတူကွဲပြားသောအဖွဲ့အစည်းအများအပြားကို ၎င်း၏ အခြေခံဖြစ်သော မူများက လှုံ့ဆော်ပေးပါသည်။ ၎င်းတို့အားလုံးသည် စစ်မက်တိုက်ခိုက်မှုများတွင် ပါဝင်ခြင်းမှ သေချာပေါက် ရှောင်ကြဉ်ပါသည်။ သို့ရာတွင် အဖွဲ့အစည်းအချို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်ပယ်တွင် ကြားနေခြင်းကို တိတိကျကျ လိုက်နာကြပြီး အခြားသောအဖွဲ့အစည်းများသည် ပိုမိုတက်ကြွလှုပ်ရှားသူ နည်းလမ်းကို လုပ်ဆောင်ကြပါသည်။

လက်တွေ့ကိစ္စရပ်အဖြစ် နိုင်ငံရေးနယ်ပယ်တွင် ကြားနေခြင်းကို တိတိကျကျ လိုက်နာသော အဖွဲ့အစည်းများသည် လက်နက်ကိုင်ပဋိပက္ခရှိသည့်နေရာတွင် ထိုနယ်မြေတစ်ခုလုံးကိုဖြတ်ကျော်၍ ထိခိုက်ခံစားရသောလူထုထံသို့ သွားရောက်ခွင့် သေချာစေရေးတွင် အခက်အခဲများ ပိုမိုနည်းပါးနိုင်ပါသည်။ သို့ရာတွင် IHL က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သူများအား စစ်ရေးနယ်ပယ်၌ အကြွင်းမဲ့ ကြားနေခြင်းကို ထိန်းသိမ်းထားရန် ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း ထိုဥပဒေက ထိုလုပ်ဆောင်သူများအား ၎င်းတို့၏ အကာအကွယ်ပေးမှုအတွက် စည်းကမ်းချက်တစ်ခုအနေဖြင့် နိုင်ငံရေးအရ ကြားနေခြင်းကို လိုက်နာရန် သတ်မှတ်ထားခြင်း မရှိကြောင်း စိတ်တွင် မှတ်သားထားရန် အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံရေးအရ ကြားနေခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို တိတိကျကျဖြစ်စေ သို့မဟုတ် တက်ကြွလှုပ်ရှားသူအနေဖြင့်ဖြစ်စေ လိုက်နာသော SEB အကူအညီပေးရေးအဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှုဝါဒနှင့် စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ လူသားချင်းစာနာထောက်ထားမှုဝါဒ၏ တရားဝင် ဖော်ပြချက်များကို တန်းတူညီမျှ ကိုယ်စားပြုပါသည်။

### *လွတ်လပ်ခြင်းအခြေခံမှုနှင့် SEB မှ နောက်ထပ်သုံးသပ်ဆင်ခြင်ထင်ဟပ်မှုများ*

လမ်းညွှန်ပေးသော အခြေခံမူတစ်ခုအဖြစ် “လွတ်လပ်ခြင်း” ကို အမြဲတမ်း လက်ခံယုံကြည်ရန် သက်ရှိအားလုံး၏ အခြေခံကျသော အပြန်အလှန်အမှီသဟဲပြုမှုကို အလေးထားသည့် အစဉ်အလာတစ်ခုအတွက် ထူးခြားမှုကို အပေါ်ယံအားဖြင့် ရှာဖွေတွေ့ရှိနိုင်ပါသည်။ သို့သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှု

၏ ဆက်စပ်စဉ်းစားရမည့်အကြောင်းအရာတွင် ဤအခြေခံမှု၏ တိကျသော ဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်ရန် အရေးကြီးပါသည်။

အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်ပယ်တွင် ၎င်းတို့၏ သက်ဆိုင်ရာအစိုးရများ၏ အရန်အင်အားများဖြစ်သောကြောင့် ထိုအခြေခံမှုအားမူရင်း ဖော်ထုတ်မှုသည် ဤအဖွဲ့အစည်းများအတွက် ၎င်းတို့အနေဖြင့် အချိန်တိုင်းတွင် အခြားသော အခြေခံမှုများနှင့်အညီ လုပ်ဆောင်နိုင်ရန် ၎င်းတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ချက်ကို အလေးပေးဖော်ပြထားပါသည်။ (ဥပမာ - လူမျိုးစုတစ်ခုတည်းကိုသာ အကူအညီပေးရန် အစိုးရထံမှ တောင်းဆိုမှုသည် ခွဲခြားမှုမရှိခြင်း အခြေခံမှုကို ချိုးဖောက်ရာရောက်မည်ဖြစ်သောကြောင့် အမျိုးသားကြက်ခြေနီအသင်းသည် ထိုတောင်းဆိုမှုကို လိုက်နာရန် မည်သည့်အခါမျှ တာဝန်မရှိစေရပါ။) လွတ်လပ်ခြင်း အခြေခံမှုကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းတစ်ခု၏အလုပ်တွင် အစိုးရထံမှဖြစ်စေ သို့မဟုတ် အခြားသော အဖွဲ့ထံမှဖြစ်စေ လာသည့် တရားလွန် ဝင်ရောက်စွက်ဖက်မှု တစ်ခုခုကို ပါဝင်ထည့်သွင်းရန် ပိုမိုကျယ်ပြန့်စွာပင် အဓိပ္ပာယ်ကောက်ယူခြင်းလည်း ရှိနိုင်ပါသည်။ ဤပိုမိုကျယ်ပြန့်သောနားလည်သဘောပေါက်မှုကို ဤအခြေခံမှုအား OCHA ၏ အောက်ပါစကားရပ်အသုံးအနှုန်းဖြင့် ဆွဲဆောင်သိမ်းဆည်းထားပါသည် -

> လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုကို အကောင်အထည်ဖော်နေသည့်နယ်ပယ်များနှင့်စပ်လျဉ်း၍ မည်သည့်လုပ်ဆောင်သူကမဆို ချုပ်ကိုင်ထားနိုင်သည့် အခြားသော ရည်ရွယ်ချက်များမှ ကင်းလွတ်ကာ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရှိရပါမည်။ (United Nations 2012)

ကြက်ခြေနီ/လခြမ်းနီနှင့် အင်န်ဂျီအို ကျင့်ဝတ်စည်းကမ်းတွင် အသုံးပြုသော စကားရပ်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့်အဖွဲ့များသည် အကူအညီအထောက်အပံ့ပေးပို့နှင့်ပတ်သက်၍ ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ပြုလုပ်ရန် လွတ်လွတ်လပ်လပ် ဖြစ်သင့်သည်ဟူသော ဤအတွေးအခေါ်အား ထပ်လောင်းအတည်ပြုထားပါသည်။ ထို့အပြင် ဖုံးကွယ်ထားသောရည်ရွယ်ချက်များကို အသုံးချနိုင်သည့်နည်းလမ်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းစဉ်တစ်လျှောက်လုံးကို ထိန်းကျောင်းရန် ကြိုးစားနိုင်သည့် အလားအလာရှိသော လုပ်ဆောင်သူများစာရင်းတွင် အလှူရှင်များလည်း အထူးသဖြင့် ပါဝင်ပါသည်။

> **ကျွန်ုပ်တို့သည် အစိုးရ နိုင်ငံခြားရေးမူဝါဒ၏ အသုံးချခံများအဖြစ် မလုပ်ဆောင်မိစေရန် ကြိုးပမ်းကြရပါမည်။** . . .
>
> ကျွန်ုပ်တို့သည် သိလျက်ဖြင့် - သို့မဟုတ် ပေါ့ပေါ့ဆဆဖြင့် - ကျွန်ုပ်တို့ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကျွန်ုပ်တို့၏ဝန်ထမ်းများအားဖြစ်စေ အစိုးရများ သို့မဟုတ် အခြားသော အဖွဲ့အစည်းများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရည်ရွယ်ချက်သက်သက်ထက် အခြားရည်ရွယ်ချက်များအတွက် အသုံးချနိုင်သော နိုင်ငံရေး၊ စစ်ရေး သို့မဟုတ် စီးပွားရေး တို့အရ အကဲဆတ်သော သဘောသဘာဝရှိသည့် သတင်းအချက်အလက်များ စုဆောင်းရန် အသုံးပြုခြင်းကို လုံးဝခွင့်ပြုမည် မဟုတ်ပါ၊ သို့မဟုတ် ကျွန်ုပ်တို့သည် အလှူရှင်အစိုးရများ၏ နိုင်ငံခြားရေးမူဝါဒ၏ အသုံးချခံများအဖြစ် လုံးဝ လုပ်ဆောင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့ လက်ခံရရှိသည့် အထောက်အပံ့ကို လိုအပ်ချက်များအား တုံ့ပြန်ကူညီရန် ကျွန်ုပ်တို့ အသုံးပြုပါမည်။ ထို့အပြင် ဤအထောက်အပံ့သည် အလှူရှင်၏ ပစ္စည်းပိုလျှံမှုများကို စွန့်ပစ်ရန် လိုအပ်ချက်ကြောင့် တိုက်တွန်းလှုံ့ဆော်ခြင်း သို့မဟုတ် သီးခြားအလှူရှင်တစ်ဦးတစ်ဖွဲ့၏ နိုင်ငံရေးအမြတ်ထုတ်မှုကြောင့် တိုက်တွန်းလှုံ့ဆော်ခြင်း မဖြစ်စေရပါ။ . . .. ကျွန်ုပ်တို့၏ လွတ်လပ်မှုကို ကာကွယ်ရန် ကျွန်ုပ်တို့သည် တစ်ခုတည်းသော ရန်ပုံငွေရင်းမြစ်အပေါ် မှီခိုမှုကို ရှောင်ရှားရန် ကြိုးပမ်းပါမည်။ (အပြည်ပြည်ဆိုင်ရာ

ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အိုင်စီအာရ်စီ ၁၉၉၄ခုနှစ် - International Federation of Red Cross and Red Crescent Societies and the ICRC 1994)

ဤလွတ်လပ်ခြင်းအား နားလည်သဘောပေါက်ခြင်းကို အောက်တွင်ဖော်ပြထားသော တစ်ခ်နှက်ဟန်း၏ ဒဿမ မြောက် သတိပဋ္ဌာန်လေ့ကျင့်မှုတွင် ထပ်ဟပ်နေပါသည် -

**ဒဿမမြောက် သတိပဋ္ဌာန်လေ့ကျင့်မှု - သံဃာကို အကာအကွယ်ပေးခြင်းနှင့် ထောက်ပံ့ခြင်း**

သံဃာ၏အနှစ်သာရနှင့် ရည်ရွယ်ချက်သည် သိမြင်နားလည်သဘောပေါက်မှုနှင့် ကရုဏာကို ကျင့်သုံးခြင်းဖြစ်သည် ဟူသောအသိဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို နိုင်ငံရေး အသုံးချခံအဖြစ် ပုဂ္ဂိုလ်ရေးအာဏာ သို့မဟုတ် အကျိုးအမြတ် သို့မဟုတ် ပြောင်းလဲရန်အတွက် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းကို အသုံးမပြုရန် ဆုံးဖြတ်ထားပါသည်။ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ အသိုင်း အဝိုင်း၏ အဖွဲ့ဝင်များအဖြစ် မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့သည် ဖိနှိပ်မှုနှင့် မတရားမှုကို ပြတ်ပြတ်သားသား ဆန့်ကျင် ရပ်တည်သင့်ပါသည်။ ကျွန်ုပ်တို့သည် ပဋိပက္ခတွင် ဘက်လိုက်ခြင်း မရှိဘဲ အခြေအနေကိုပြောင်းလဲရန် ကြိုးပမ်းသင့်ပါသည်။ ကျွန်ုပ်တို့သည် အပြန်အလှန်ဆက်နွယ် မှီခိုမှု၏မျက်လုံးများနှင့်ကြည့်ရှုခြင်းကို သင်ယူဆည်းပူးရန်နှင့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အခြားသူ များကို သံဃာ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ ကလာပ်စည်းများအဖြစ် ရှုမြင်ရန် သန္နိဋ္ဌာန်ပြုပါသည်။

သံဃာ့အဖွဲ့အစည်းအတွင်းရှိ စစ်မှန်သောကလာပ်စည်းတစ်ခုအဖြစ် သတိတရား၊ သမာဓိနှင့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အသိုင်းအဝိုင်းတစ်ခုလုံးအား ဖွံ့ဖြိုးရင့်သန်စေရန် ထိုးထွင်းသိမြင်မှုတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် ကျွန်ုပ်တို့တစ်ဦးချင်းစီသည် တစ်ချိန်တည်းတွင် မြတ်ဗုဒ္ဓ၏ခန္ဓာကိုယ်တွင်းရှိ ကလာပ်စည်းတစ်ခု ဖြစ်နေပါသည်။ ကျွန်ုပ်တို့သည် စုပေါင်း နိုးကြားခြင်းကို နားလည်သဘော ပေါက်ရန်အတွက် ညီရင်းအကိုဘဝနှင့် မောင်ရင်းနှမစိတ်ဓာတ်တို့ကို တက်ကြွစွာ တည်ဆောက် မည်ဖြစ်ပြီး မြစ်တစ်စင်းကဲ့သို့ စီးဆင်းကာ နားလည်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် ဒုက္ခဝေဒနာများမှ ဖောက်ထွက်ခြင်း ဟူသည့် စစ်မှန်သော စွမ်းအား သုံးပါးကို ဖွံ့ဖြိုးတိုးတက်စေရန် ကျင့်ကြံ အားထုတ်ပါမည်။ (Nhat Hanh 2012)

သံဃာအား အသုံးချခံပစ္စည်းအဖြစ်ပြုလုပ်ခြင်းမှ အကာအကွယ်ပေးရန် နှက်ဟန်းထံမှ ဤတိကျသော သင်ကြား ပြသမှုအပြင် ရှုထောင့်အမြင်သဘောထားများအား ကပ်ငြိတွယ်တာမှုမရှိခြင်းဆီသို့ရှေးရှုသော ယေဘုယျကျသည့် ဗုဒ္ဓဘာသာ၏ အထုံဗီဇပင်ကိုသဘောကို မည်သည့်ရာထူးမဆို ပြင်ပမှလုပ်ဆောင်သူတို့၏ သဘောဆန္ဒအား ကပ်ငြိ တွယ်တာမှုမရှိခြင်းကို အားပေးခြင်းအဖြစ် ရှုမြင်နိုင်ပါသည်။

## လူမှုရေးတွင် ပါဝင်ပတ်သက်သည့် ဗုဒ္ဓဘာသာ SEB အဖွဲ့များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများ၏ လက်တွေ့တန်ဖိုး

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများ၏ လက်တွေ့အသုံးဝင်ပုံနှင့် ယေဘုယျအားဖြင့် SEB နှင့် ထိုအခြေခံမူများ၏ လိုက်လျောညီထွေရှိမှုအပေါ် SEB အဖွဲ့များ၏ ရှုမြင်ပုံကို ပိုမိုကောင်းမွန်စွာ နားလည်သဘော ပေါက်စေရန် စာရေးသူတို့သည် လူမှုရေးတွင်ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာ၏ နိုင်ငံတကာကွန်ရက်(INEB)၏ အတွင်းရေးမှူးဖြစ်သူ ဆွန်ဘွန်း ချွန်ပရမ်ပရီး (Somboon Chungprampree) ထံသို့ အခြေခံမူတစ်ခုချင်းအပေါ် ၎င်း၏ အတွေးအမြင်များကို သိရှိနိုင်ရန် ချဉ်းကပ်ခဲ့ပါသည်။[21] ၎င်း၏ တုံ့ပြန်မှုသည် အထက်တွင်ဖော်ပြခဲ့သော အချက် အတော်များများနှင့် ဆင်တူပါသည်။ INEB သည် လူသားချင်းစာနာမှုအခြေခံမူကို အဓိကကျသော မူလ အခြေခံအဖြစ် ရှုမြင်ပါသည်။ အလားတူပင် ခွဲခြားမှုမရှိခြင်းကို ခပ်သိမ်းသောအခြေအနေအားလုံးတွင် အကြွင်းမဲ့ လိုက်နာရမည့် အခြေခံမူအဖြစ် မှတ်ယူပါသည်။

သို့သော် ချွန်ပရမ်ပရီးသည် ကြားနေခြင်းနှင့် လွတ်လပ်ခြင်း အခြေခံမူများနှင့်ပတ်သက်၍ INEB က မသိမသာကွဲပြားသော ချဉ်းကပ်မှုနည်းလမ်းကိုယူကြောင်း ညွှန်ပြပါသည်။

၎င်းက ဤအခြေခံမူများအား အသုံးချမှုကို ထိုအချိန်တွင်ပျံ့နှံ့နေပြီး တစ်ဘက်ကဖြစ်စေ သို့မဟုတ် အခြားတစ်ဘက်ကဖြစ်စေ ဗုဒ္ဓဘာသာနှင့်/သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးများကို အတည်ပြုထိန်းသိမ်းထားသော သီးခြားအခြေအနေများအပေါ် မူတည်ခြင်းအဖြစ် ရှုမြင်ပါသည်။ အခြားသော ယုံကြည်ကိုးကွယ်မှုအခြေခံအဖွဲ့အစည်းများ(FBOs)နှင့် အင်န်ဂျီအိုများကဲ့သို့ပင် အချို့သော SEB အဖွဲ့များသည် ထောက်ခံအားပေးမှုနှင့် ဆန္ဒပြမှုတွင် ပါဝင်ရန်နှင့် လိုအပ်သလို အဖိနှိပ်ခံရသူများကို ထောက်ကူရန်အတွက် ဘက်လိုက်ရန်အခွင့်အရေး ရှိပါသည်။ သို့သော်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအသိစိတ်ဖြင့် ထိုသို့ လုပ်ဆောင်ရန် လက်တွေ့ကျလျှင် ဥပမာအားဖြင့် ဖျန်ဖြေမှုနှင့် ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးမှုများတွင် ပါဝင်ပတ်သက်လျှင် အဖွဲ့တစ်ဖွဲ့သည် ကြားနေခြင်းနှင့် လွတ်လပ်ခြင်းတို့ကို ပိုမို၍ တိတိကျကျ လိုက်နာနိုင်ပါသည်။ အချို့ SEB အဖွဲ့များသည် အခြားအဖွဲ့များထက် ကြားနေခြင်းနှင့် လွတ်လပ်ခြင်း အခြေခံမူများအား ပိုမို လွတ်လပ်သော နားလည်သဘောပေါက်မှုကို လက်ခံအတည်ပြုနိုင်သော်လည်း မည်သည့် SEB အဖွဲ့ကမျှ စစ်မက်တိုက်ခိုက်မှုများတွင် ပါဝင်မှု မရှိသည်ကို အမြဲ အတည်ပြု/ထောက်ခံကြောင်း ဆိုရပါမည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများနှင့် SEB တန်ဖိုးများအကြား တူညီမှုအား ကျွန်ုပ်တို့၏ ကိုယ်ပိုင်ခွဲခြမ်းစိတ်ဖြာမှုနှင့် ပေါင်းစပ်ထားသော ချွန်ပရမ်ပရီး၏မှတ်ချက်များသည် SEB သို့မဟုတ် အခြားသော ပါဝင်ပတ်သက်သည့်ဗုဒ္ဓဘာသာအဖွဲ့များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများကို လူသိရှင်ကြားလက်ခံရန်နှင့် ၎င်းတို့၏လုပ်ဆောင်မှုနည်းလမ်းများတွင် ၎င်းတို့ကိုအသုံးချရန် စိန်ခေါ်မှုမဖြစ်သင့်ကြောင်း ပြသနေပါသည်။ လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် လုပ်ငန်းဆောင်ရွက်နေသည့်အခါ ဤအခြေခံမူများကို လိုက်နာခြင်းသည် တစ်ပြန်တစ်လှည့်အနေဖြင့် IHL အရ အချို့သော အကာအကွယ်ပေးမှုများနှင့် လွယ်ကူချောမောစေမှုများအတွက် ဘောင်ဝင်အခွင့်ရစေရန် ယင်းသို့သောအဖွဲ့များကို ကူညီနိုင်ပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့် နီးဟား(NIIHA) ချဉ်းကပ်မှုနည်းလမ်းကို ပိုမိုအားပေးမြှင့်တင်သူများသည် ၎င်းတို့၏အစိတ်အပိုင်းအတွက် အနောက်နိုင်ငံမဟုတ်သော ဘာသာရေးများနှင့် အစဉ်အလာများတွင် အချို့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးများကို နားလည်ပုံအား ပိုမိုကောင်းမွန်သော နားလည်သဘောပေါက်ခြင်းမှ အကျိုးကျေးဇူး ရရှိနိုင်ပါသည်။ ဤလေ့လာမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများ၏ အရင်းခံအကြောင်းတရားများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့်အဖွဲ့များကရော အာဏာပိုင်များကပါ တူညီစွာကျင့်သုံးရာတွင် ၎င်းတို့ကို နေရာမရွေးအကြွင်းမဲ့ ပိုမိုလက်ခံနိုင်စေရန်အတွက် မတူကွဲပြားမှုများအတူဒွန်တွဲမှုကို လက်ခံသော ဗဟုဝါဒအား နားလည်မှုကို အားပေးမြှင့်တင်ရာတွင် အထောက်အကူဖြစ်စေမည် ဆိုသည့်အချက်မှာ ကျွန်ုပ်တို့မျှော်လင့်ချက် ဖြစ်ပါသည်။

## နိဂုံး

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများကိုထည့်သွင်းစဉ်းစားခြင်းဖြင့် ၎င်းတို့သည် SEB ၏ လမ်းညွှန်အခြေခံမူများနှင့် မြင့်မားစွာ ဆက်စပ်မှုရှိကြောင်းကို ကျွန်ုပ်တို့ လက်ခံနိုင်ပါသည်။ ၎င်းတို့နှစ်ခုစလုံးသည် လူတို့အား စေတနာနှင့် စေတနာ၊ စေတနာများနှင့် လုပ်ဆောင်မှုများကို ချိန်ညှိရန် ရှေ့ဆောင်နေသော လုပ်ဆောင်မှု၏ ကျင့်ဝတ်တစ်ခုနှင့်သက်ဆိုင်ပါသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်သည့် လက်တွေ့ကျသောနည်းလမ်းများသည် ထိုအခြေခံမူများက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်မှုကို ချဉ်းကပ်သည့် SEB အဖွဲ့များ၏ ချဉ်းကပ်မှုနည်းလမ်းနှင့်အညီလည်း အားပေးထောက်ခံမြှင့်တင်ပေးပါသည်။ ကျွန်ုပ်တို့ ပြသခဲ့သည့်အတိုင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများ၏ တိကျသော ဖော်ထုတ်မှုများနှင့် SEB ဗုဒ္ဓဘာသာအဆုံးအမများအကြား တထပ်တည်းကျမှုအချို့ပင် ရှိကြပါသည်။

နိဂုံးချုပ်အနေဖြင့် အခြေခံဗုဒ္ဓဘာသာတန်ဖိုးများ၏ အသိပညာပြန့်ပွားခြင်းနှင့် ပိုရှုနက်ရှိုင်းခြင်းအပြင် သတိပဋ္ဌာန်နှင့် မေတ္တာကမ္မဋ္ဌာန်းကျင့်စဉ်ကို အထောက်အကူပေးခြင်းသည် ပညာရှင်ဆန်သော သို့မဟုတ် ရိုးရာ ဓလေ့နည်းလမ်း တစ်ခုတည်းသာမဟုတ်ဘဲ လူမှုရေးအရထိတွေ့ဆက်ဆံမှု၏ အခြေခံတစ်ခုအဖြစ်ပါ ဗုဒ္ဓဘာသာ ဝင်လူထုများအတွင်း IHL အား နားလည်သဘောပေါက်ခြင်းနှင့် လိုက်နာမှုကို အားပေးမြှင့်တင်ရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

ထို့အပြင် ယင်းသို့သော ဗုဒ္ဓဘာသာတန်ဖိုးများကို ပြန့်ပွားစေခြင်းသည် ဗုဒ္ဓဘာသာ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လုပ်သားများ၏ လုပ်ဆောင်မှုနှင့် နိုင်ငံတကာ အသိအမှတ်ပြုထားသော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအခြေခံမူများကို အားပေးထောက်ခံထိန်းသိမ်းထားရန် ၎င်းတို့ကို အထောက်အကူပေးခြင်းဖြင့် လက်နက် ကိုင်ပဋိပက္ခအခြေအနေများတွင် ယုံကြည်ကိုးကွယ်မှုအခြေခံအဖွဲ့အစည်းများ (FBOs) များကို အထောက်အကူ ဖြစ်စေပါလိမ့်မည်။

SEB ၏ ဘုရားလောင်းရည်မှန်းချက်များကို အကျဉ်းချုပ်ထားသော သျှာန္တိဒေဝ(Shantideva) ထံမှ အောက်ပါ အကိုးအကားနှင့် ကျွန်ုပ်တို့ အဆုံးသတ်လိုက်ပါသည် -

အလုံးစုံသော သတ္တဝါအပေါင်း လွတ်မြောက်လိုသောဆန္ဒဖြင့်
ဉာဏ်အလင်းပြည့်စုံသည့်အထိ
ဘုရား၊ တရား၊ သံဃာကို
အမြဲကိုးကွယ်ဆည်းကပ်ပါမည်။

ဉာဏ်ပညာနှင့် ကရုဏာတရားတို့ဖြင့် စိတ်ထက်သန်သော
ယနေ့မြတ်စွာဘုရား၏ မျက်မှောက်၌ ငါသည်
အသက်ရှိသော သတ္တဝါအပေါင်း၏ အကျိုးစီးပွားအတွက်
နိုးကြားမှုအပြည့်ရှိသောစိတ်ကို ထားပါသည်။

ကောင်းကင်တည်ရှိနေသမျှ ကာလပါတ်လုံး
သက်ရှိသတ္တဝါများ ကျန်ရှိနေသမျှ ကာလပါတ်လုံး
လောက၏ ဆင်းရဲဒုက္ခများကို ပယ်ရှားပေးရန်
ငါသည်လည်း တည်ရှိနေပါစေ။ (Shantideva in HH The Dalai Lama 2012, 115–116)

**မှတ်စုများ**

1. သာဓကအနေဖြင့် ထေရဝါဒ၊ မဟာယာန၊ ဝဇီရယာနနှင့် ဂိုဏ်းဂဏစွဲကင်းသော ဗုဒ္ဓဘာသာ၏ အခက်အလက် များတွင် ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာ(Engaged Buddhism)၏ အစိတ်အပိုင်းများကို ရှာဖွေတွေ့ရှိနိုင်သော အခြေခိုင်နေပြီဖြစ်သည့် မည်သည့်ဗုဒ္ဓဘာသာဂိုဏ်းများနှင့်နိုင်ငံများမဆိုကို ကျော်လွန်ရန် ပါဝင်ပတ်သက်သော ဗုဒ္ဓဘာသာ၏ ပိုမိုကျယ်ပြန့်သော လှုပ်ရှားမှုကို သုံးသပ်ဆင်ခြင်သူ King (2009, 1) ကို ကြည့်ပါ။ SEB လှုပ်ရှားမှုတွင် ပါဝင်သော ထင်ရှားသူတစ်ဦးချင်းများထဲ၌ လူမှုရေးတွင်ပါဝင်ပတ်သက်သည့်ဗုဒ္ဓဘာသာ နိုင်ငံတကာကွန်ရက်အား တည်ထောင်သူ ထိုင်းနိုင်ငံမှ ဆုလတ်ခ် ဆီဝရတ်ခ်ဆာ - Sulak Sivaraksa (သမ္မာအာဇီဝ ဖောင်ဒေးရှင်း - The Right

Livelihood Foundation n.d)၊ "ဓမ္မခရီး - Dhammayietra" (ခမာ-ဗုဒ္ဓဘာသာ ပညာရေးဆိုင်ရာ အကူအညီပေးရေး စီမံကိန်း - Khmer-Buddhist Edu-cational Assistance Project n.d.) ဟု သိကြသော ငြိမ်းချမ်းရေး ဘုရားဖူးခရီး အတော်များများကို ဦးဆောင်ခဲ့သူ ကမ္ဘောဒီးယားနိုင်ငံမှ မဟာဂေါစနန္ဒ - Maha Ghosananda၊ တိုင်ဝမ်နိုင်ငံမှ ဆူချီ (Tzu Chi) တည်ထောင်သူ ချန်းယဲန်း - Cheng Yen (Tzu Chi 2014)နှင့် သီရိလင်္ကာတွင် ဆာဗိုဒါယ (Sarvodaya) ကို တည်ထောင်သူ ဒေါက်တာ အဟန်ဂမာ့ဂ် ကျူဒေါ် အရိယာရတန - Dr. Ahangamage Tudor Ariyaratana (Sarvodaya n.d.) တို့ ပါဝင်ပါသည်။ ထို့အပြင် အခြားသူများထဲတွင် ဘာနီးဂလပ်စ်မင်းန် (ဇင် ငြိမ်းချမ်းရေး ဖော်ဆောင်သူများ) - Bernie Glassman (Zen Peacemakers n.d.) နှင့် ဂျွန်ဟာလီဖက်စ် (ဥပါယ တက္ကသိုလ်နှင့် ဇင် ဗဟိုဋ္ဌာန) - John Halifax (Upaya Institude and Zen Center n.d.) ကဲ့သို့သော အနောက်နိုင်ငံများမှ ဓမ္မဆရာများ ပါဝင်ပါသည်။

2. ရန်ပေး(Yen Pei)သည် ဗီယက်နမ်၊ ထိုင်းနှင့် စင်္ကာပူတို့တွင် လူသားဝါဒဗုဒ္ဓဘာသာ(Humanistic Buddhism) နှင့်ပတ်သက်၍ ၎င်း၏ခရီးသွားများနှင့် ဟောပြောပို့ချမှုများအပေါ်လည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားပြီး ၎င်း၏ကိုယ်ရေးအတ္ထုပ္ပတ္တိ (Yen Pei 演培 1989,300–301) တွင် ရဟန်းငယ်တစ်ခ်နက်ဟန်းနှင့် ၎င်း၏ဆုံစည်းမှုကို အမှတ်တရဖော်ပြထားပါသည်။ ချီးယား Chia (2020, 91) ကိုလည်း ကြည့်ပါ။

3. ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် ၄၆/၁၈၂သည် အေဂျင်စီအချင်းချင်း အမြဲတမ်းကော်မတီ (IASC) အတွင်း လုပ်ငန်းဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်သည့်အဖွဲ့များ အားလုံး အတွက် အဓိက အခြေခံမူများအဖြစ် လူသားချင်းစာနာမှု၊ ခွဲခြားမှုမရှိခြင်းနှင့် ကြားနေခြင်း အခြေခံမူများကို အခိုင်အမာ ချမှတ်ခဲ့ပါသည်။ (United Nations 1991)

4. ကုလသမဂ္ဂအထွေထွေညီလာခံ(UNGA) ဆုံးဖြတ်ချက် ၅၈/၁၁၄ သည် လွတ်လပ်ခြင်းကို ထပ်ပေါင်းထည့်သွင်းခဲ့ပါသည်။

5. အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အိုင်စီအာရ်စီ(၁၉၉၄)ကို ကြည့်ပါ။ ဤကျင့်ဝတ်စည်းကမ်းတွင် ပါဝင်လက်မှတ်ရေးထိုးထားသူများစာရင်းအပြည့်အစုံကို အောက်ပါ ဝက်ဘ်ဆိုက်တွင် တွေ့နိုင်ပါသည်။ https://media.ifrc.org/ifrc/who-we-are/the-movement/code-of-conduct/signatories-to-the-code-of-conduct/

6. နောက်ဆက်တွဲ(၁) အပိုဒ် ၇၁(၂)၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၃၁ (ICRC n.d.)၊

7. နောက်ဆက်တွဲ(၁) အပိုဒ် ၁၅၊ နောက်ဆက်တွဲ(၂) အပိုဒ် ၉၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၂၅ (ICRC n.d.)၊

8. နောက်ဆက်တွဲ(၁) အပိုဒ် ၄၈၊ နောက်ဆက်တွဲ(၂) အပိုဒ် ၁၃(၁)၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၁ (ICRC n.d.)၊

9. နောက်ဆက်တွဲ(၁) အပိုဒ် ၅၁(၃)၊ နောက်ဆက်တွဲ(၂) အပိုဒ် ၁၃(၃)၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၅ (ICRC n.d.)၊

10. နောက်ဆက်တွဲ(၁) အပိုဒ် ၁၃(၁) (ICRC n.d.)၊

11. နောက်ဆက်တွဲ(၁) အပိုဒ် ၇၀၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၅၅နှင့် ၅၆ (ICRC n.d.)၊

12. နောက်ဆက်တွဲ(၁) အပိုဒ် ၇၁(၄) (ICRC n.d.)၊

13. နောက်ဆက်တွဲ(၁) အပိုဒ် ၇၀၊ ဓလေ့ထုံးတမ်း IHL စည်းမျဉ်း ၅၅ (ICRC n.d.)၊ (နီကာရာဂွာ နှင့် အမေရိကန် ပြည်ထောင်စု ၁၉၈၆၊ စာပိုဒ် ၂၃၉ ၂၄၅ - Nicaragua v United States 1986, paras 239 245)

14. သံယုတ်နိကာယ် ၂၂ ၈၆ - SN XXII 86 (သုဇာတု ၂၀၁၈ - Sujatu 2018)

15. သံယုတ်နိကာယ် - SN LVI 11 (ဗောဓိ ၂၀၀၀ - Bodhi 2000)

16.  ဂျီနီဗာသဘောတူညီချက်(၁) အပိုဒ် ၁၂ (ICRC n.d.)

17.  အသင်္ဃ(Asanga) သည် လေးရာစု ဗုဒ္ဓဘာသာဆရာတစ်ဆူနှင့် ဒဿနပညာရှင်ဖြစ်ပြီး ၎င်း၏အဖေတူအမေကွဲ /အမေတူအဖေကွဲညီအစ်ကိုဖြစ်သူ ဝသုဗန္ဓု (Vasubandhu) နှင့်အတူတကွ ယောဂစာရ မဟာယာနဗုဒ္ဓဘာသာ ဂိုဏ်းကို တည်ထောင်သူများထဲမှ တစ်ဦး ဖြစ်ပါသည်။

18. ဝိမလကိတ္တိ(ဝိမလကိရတိ)သုတ္တန် (Vimalakīrti Sutra) မှ တူညီသောဂါထာများ၏ နောက်ထပ်ပေါင်းထည့်ထားသော ဘာသာပြန်များအတွက် ဝပ်ဆန် - Watson (1997, 101) ၏ အခန်း (၈) ကိုလည်း ကြည့်ပါ။

19. ကဲရစ်တပ်စ်အင်တာနေရှင်နယ်(Caritas International)သည် ကြက်ခြေနီနှင့် အင်န်ဂျီအို ကျင့်ဝတ်စည်းကမ်းကို မူလ ကမကထပြုသူများထဲမှ တစ်ဖွဲ့ဖြစ်ပြီး ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုနေ့(World Humanitarian Day)အတွက် ကြားနေခြင်း အပါအဝင် မကြာသေးမီက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမှုများနှင့် သက်ဆိုင်သည့် ဘလော့ဂ်ကို အွန်လိုင်းတွင် ထုတ်ဝေခဲ့ပါသည်။ (Caritas 2020) အစ္စလာမ်မစ် ကယ်ဆယ်ရေးအဖွဲ့ (Islamic Relief)သည် ကြက်ခြေနီနှင့် အင်န်ဂျီအို ကျင့်ဝတ်စည်းကမ်းကို ပါဝင်လက်မှတ်ရေးထိုးသည့်အဖွဲ့တစ်ခု ဖြစ်ပြီး ဤအခြေခံမှုများကို ဖောက်ဖျက်ခဲ့သည့်အပြုအမူအတွက် ယုံမှတ်အပ်နှံထားသောအုပ်ထိန်းရေးအဖွဲ့ကို ထုတ်ပစ်ပြီးနောက် ကြားနေခြင်းအပေါ် ၎င်း၏ကတိကဝတ်ကို မကြာသေးမီက ထပ်လောင်းအတည်ပြုခဲ့ပါသည်။ (Islamic Relief 2020)

20.  တိုင်ဝမ်အစိုးရနှင့်နိုင်ငံရေးအား အဆိုပါအဖွဲ့များ၏ထိတွေ့ဆက်ဆံမှုအပေါ် ဝေဖန်ဆန်းစစ်သော ပိုင်းခြားစိတ်ဖြာလေ့လာမှုကို ပိုမို ယေဘုယျကျစွာ သိရှိနိုင်ရန် လာလီဘတ်တဲ(၂၀၀၄) - Laliberté (2004) ကို ကြည့်ပါ။

၂၁။  ဆွန်ဘွန်း ချွန်ပရမ်ပရီး (Somboon Chungprampree)၊ အင်န်ဒရူး ဘာတဲလ်စ် စမစ်၏ တွေ့ဆုံမေးမြန်းမှု၊ ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ ၃၀ရက်

## ကြေငြာချက်

ဤဆောင်းပါးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)က ကူညီပေးပါသည်။

## အတိုကောက်ကျမ်းညွှန်းစကားလုံးများ

API    Additional Protocol I to the Geneva Conventions of 1949 and relating to the Protection of Victims of International Armed Conflicts, 8 June 1977 (accessed from ICRC n.d.) နိုင်ငံတကာပါဝင်သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒုက္ခရောက်သူများအား အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်သည့် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၁)၊ ၁၉၇၇ခုနှစ် ဇွန်လ ၈ရက် (အိုင်စီအာရ်စီထံမှ ရရှိခဲ့သည်)

APII    Additional Protocol II to the Geneva Conventions of 1949 and relating to the Protection of Victims of Non-International Armed Conflicts, 8 June 1977 (accessed from ICRC n.d.) နိုင်ငံတကာ အရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခကြောင့် ဒုက္ခရောက်သူများအား အကာအကွယ်ပေးခြင်း နှင့် သက်ဆိုင်သည့် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲသဘောတူညီချက်(၂)၊ ၁၉၇၇ခုနှစ် ဇွန်လ ၈ရက် (အိုင်စီအာရ်စီထံမှ ရရှိခဲ့သည်)

CIHL    ICRC Study on Customary IHL (accessed from ICRC n.d.) ဓလေ့ထုံးတမ်း IHL အပေါ် အိုင်စီအာရ်စီ လေ့လာမှု

FBO    faith-based organization ယုံကြည်ကိုးကွယ်မှုအခြေခံအဖွဲ့အစည်း

GCI Geneva Convention I for the Amelioration of the Condition of the Wounded and Sick in Armed Forces in the Field. Geneva, 12 August 1949 (accessed from ICRC n.d.) မြေပြင်တွင် လက်နက်ကိုင်တပ်ဖွဲ့များရှိ ဒဏ်ရာရသူများနှင့် နာမကျန်းသူများ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် ဂျီနီဗာ သဘောတူညီချက်(၁)၊ ၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက် (အိုင်စီအာရ်စီထံမှ ရရှိခဲ့သည်)

IASC UN Interagency Standing Committee ကုလသမဂ္ဂအေဂျင်စီအချင်းချင်း အမြဲတမ်းကော်မီတီ

ICRC International Committee of the Red Cross အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မီတီ

IGO inter-governmental organisation အစိုးရအချင်းချင်းနှင့်ဆိုင်သောအဖွဲ့အစည်း

IHL international humanitarian law အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ

INEB International Network of Engaged Buddhists ပါဝင်ပတ်သက်သောဗုဒ္ဓဘာသာဝင်များ နိုင်ငံတကာ ကွန်ရက်

NGO non-governmental organisation အစိုးရမဟုတ်သောအဖွဲ့အစည်း

NIIHA neutral, impartial and independent approach to humanitarian action လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လုပ်ဆောင်မှုအတွက် ကြားနေသော၊ ခွဲခြားမှုမရှိသော၊ လွတ်လပ်သောချဉ်းကပ်မှုနည်းလမ်း

NSAG non-state armed group အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စု

OCHA UN Office for the Coordination of Humanitarian Affairs ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအရေး ညှိနှိုင်းရေးရုံး

RC/RC International Red Cross and Red Crescent Movement အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီ လှုပ်ရှားမှု

SEB Socially Engaged Buddhism လူမှုရေးတွင်ပါဝင်ပတ်သက်သည့်ဗုဒ္ဓဘာသာ

SN Sam _ yukta Nikāya သံယုတ်နိကာယ်

## ရည်ညွှန်းကိုးကားချက်များ


Bodhi, B., trans. 2000. "Setting in Motion the Wheel of the Dhamma Sam _ yutta Nikāya." Sutta Central. https://suttacentral.net/sn56.11/en/bodhi

Caritas. 2020. Neutrality, impartiality and independence. https://www.caritas.lu/en/car itas-news/actualites/neutrality-impartiality-and-independence

Chia, J. M. 2020. Monks in Motion: Buddhism and Modernity Across the South China Sea. Oxford: Oxford University Press.

CHS Alliance, Groupe URD and the Sphere Project. 2014. Core Humanitarian Standard on Quality and Accountability. https://corehumanitarianstandard.org/files/files/Core%20Humanitarian%20Standard%20-%20English.pdf

DeVido, E. 2009. "The Influence of Chinese Master Taixu." Journal of Global Buddhism 10: 413–458.

Eppsteiner, F. 1998. ”Editor’s Introduction.” In Interbeing: Fourteen Guidelines for Engaged Buddhism, edited by T. Nhat Hanh, vii. Berkeley: Parallax. https://orderofin terbeing.org/about/our-history/

Geneva Call. 2016. “In Their Words: Perceptions of Armed Non-State Actors on Humanitarian Action.” https://reliefweb.int/sites/reliefweb.int/files/resources/ WHS_Perception-of-armed-non-State-actors-on-humanitarian-action.pdf

Gleig, A. 2021. “Engaged Buddhism.” Oxford Research Encyclopedia of Religion. doi:10. 1093/acrefore/9780199340378.001.0001/acrefore-9780199340378-e-755.

Goodell, E. 2008. “Taixu’s Youth and Years of Romantic Idealism, 1890–1914.” Chung Hwa Buddhist Journal 21: 77–121.

HH The Dalai Lama. 2012. From Here to Enlightenment: An Introduction to Tsong-Kha Pa’s Classic Text the Great Treatise of the Stages of the Path to Enlightenment. Boston: Snow Lion.

Hsing, Y. 2017. “Social Entrepreneurialism and Social Media in Post–developmental State.” In Taiwan and China: Fitful Embrace, edited by L. Dittmer, 175–193. Oakland: University of California Press.

ICRC. n.d. ICRC databases on international humanitarian law. https://www.icrc.org/en/ icrc-databases-international-humanitarian-law

International Federation of Red Cross and Red Crescent Societies and the ICRC. 1994. Code of Conduct for the International Red Cross and Red Crescent Movement and Non-Governmental Organizations in Disaster Relief. https://media.ifrc.org/ifrc/who-we-are /the-movement/code-of-conduct/

Islamic Relief. 2020. Islamic Relief Worldwide strongly condemns anti-semitic posts and removes trustee. 24 July. https://www.islamic-relief.org.uk/islamic-relief-worldwide strongly-condemns-anti-semitic-posts-and-removes-trustee/

Johnson, I. 2017. “Is a Buddhist Group Changing China? Or is China Changing It?” New York Times, 24 June. https://www.nytimes.com/2017/06/24/world/asia/china buddhism-fo-guang-shan.html

Khmer-Buddhist Educational Assistance Project. n.d. Venerable Preah Maha Ghosananda. http://www.keap-net.org/about-venerable-maha-ghosananda.html

King, S. B. 2009. Socially Engaged Buddhism. Honolulu: University of Hawaiʻi Press.

Laliberté, A. 2004. The Politics of Buddhist Organizations in Taiwan, 1989-2003: Safeguard the Faith, Build a Pure Land, Help the Poor. Oxford: Routledge.

Malkin, J. 2003. “An Interview with Thich Nhat Hanh.” Lion’s Roar, July 1. https://www. lionsroar.com/in-engaged-buddhism-peace-begins-with-you/

Miller, A. 2017. “The Life and Teachings of Sister Chan Khong.” Lion’s Roar, May 8. https://www.lionsroar.com/path-of-peace-the-life-and-teachings-of-sister-chan khong-may-2012/

Narada Thera, trans. 1978. The Twin Verses (Yamaka Vagga) of the Dhammapada. Kuala Lumpur: Buddhist Missionary Society.

Nhat Hanh, T. 1987. The Miracle of Mindfulness: An Introduction to the Practice of Meditation. Translated by M. Ho. Boston: Beacon.

Nhat Hanh, T. 2012. "The Fourteen Mindfulness Trainings." Plum Village Monastery. https://plumvillage.org/mindfulness-practice/the-14-mindfulness-trainings/

Nhat Hanh, T. 2017. "Discourse on Love." Plum Village Monastery. https://plumvillage.org/sutra/discourse-on-love/

Nicaragua v United States. 1986. "1986 ICJ 14." International Court of Justice, June 27.

Pictet, J. 1979. The Fundamental Principles of the Red Cross: Commentary. Geneva: International Federation of Red Cross and Red Crescent Societies. https://www.ifrc.org/PageFiles/40669/Pictet%20Commentary.pdf

Plum Village Monastery. n.d.a. The Life Story of Thich Nhat Hanh. https://plumvillage.org/about/thich-nhat-hanh/biography/

Plum Village Monastery. n.d.b. The Five Mindfulness Trainings. https://plumvillage.org/ mindfulness-practice/the-5-mindfulness-trainings/

Rattini, K. B. 2019. "'Who Was Ashoka?' The Most Influential Figures of Ancient History." National Geographic, April 1. https://www.nationalgeographic.com/culture/people/ reference/ashoka/

Sarvodaya. n.d. Founder. https://www.sarvodaya.org/founder

Schwendimann, F. 2011. "The Legal Framework of Humanitarian Access in Armed Conflict." International Review of the Red Cross 93 (884): 993–1008. doi:10.1017/ S1816383112000434.

Shantideva. 2011. The Way of the Bodhisattva. Translated by Padmakara Translation Group. Boulder:

Shambala. Sharkey, G. 2017. "Buddhism in a New Key: The Roots and Growth of Engaged Buddhism." Rangjung Yeshe Institute Symposium. Kathmandu. https://www.ryi.org/ files/documents/symposium/SharkeyRYI2017Symposium.pdf

Sivaraksa, S. 1992. "The First Precept." Tricycle, Summer. https://tricycle.org/magazine/ first-precept/

Sujatu, B., trans. 2018. "With Anurādha." Sutta Central. https://suttacentral.net/sn22.86/ en/sujato

The Economist. 2008. "Help with a Bow." 29 May. https://www.economist.com/asia/ 2008/05/29/help-with-a-bow

The Right Livelihood Foundation. n.d. Sulak Sivaraksa. https://www.rightlivelihoodaward.org/laureates/sulak-sivaraksa

Tzu Chi. 2014. Biography of Dharma Master Cheng Yen. https://www.tzuchi.org.tw/en/ index.php?option=com_content&view=article&id=159&Itemid=198&lang=en

United Nations. 1991. “Strengthening of the Coordination of Humanitarian Emergency Assistance of the United Nations.” UNGA Res 46/182, New York. http://www.oas. org/dil/Res_46-182_UN_eng.pdf

United Nations. 2004. “Strengthening of the Coordination of Emergency Humanitarian Assistance of the United Nations.” UNGA Res 58/114, New York. https://www.ifrc. org/docs/idrl/I577EN.pdf

United Nations. 2012. “OCHA on Message: Humanitarian Principles.” Office for the Coordination of Humanitarian Affairs. https://www.unocha.org/sites/dms/ Documents/OOM-humanitarianprinciples_eng_June12.pdf

Upaya Institute and Zen Center. n.d. Roshi Joan Halifax. https://www.upaya.org/about/roshi/

Valente, M. 2016. “Mindfulness in Times of War: The School of Youth for Social Service.” Leadership for Sustainability, 2 February. https://eccemarco.wordpress.com/2016/ 02/02/mindfulness-in-times-of-war-the-school-of-youth-for-social-service/

Wangyal, G. 2002. The Door of Liberation: Essential Teachings of the Tibetan Buddhist Tradition. 2nd ed. Somerville: Wisdom.

Watson, B., trans. 1997. Vimalakirti Sutra. New York: Columbia University Press.

Yen Pei 演培. 1989. Yige Fanyu Seng de Zibai 一個凡愚僧的自白. Taipei: Zhengwen.

Zen Peacemakers. n.d. Bernie Glassman, Zen Master. https://zenpeacemakers.org/ber nie-glassman/